بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကျမ်းမြတ်ကုရ်အာန် ဘာသာပြန် ဒုတိယ အကြိမ် တည်းဖြတ်ခြင်း အမှာစာ-

ကျွန်ုပ်၏ ပထမ အကြိမ် ကျမ်းမြတ်ကုရ်အာန် (စ-ဆုံး) ဘာသာပြန်အား www.islammyanmar.com မှ အများ ပြည်သူ လေ့လာဖတ်ရှုနိုင်ရန် ၂၀၀၈ ခုနှစ်တွင် အခမဲ့ စတင် ဖြန့်ချီပေးခဲ့ပါသည်။ (ကျွန်ုပ်သည် လူသား ဖြစ်သည့် အလျောက် ဘာသာပြန်ဆိုရာတွင် လိုအပ်ချက်များ၊ ချွတ်ချော်မှုများ ရှိမည်ဟု ခံယူလျက် တတ်နိုင်သမျှ ချွတ်ချော်တိမ်းပါးမှု နည်းရန် ပြန်လည် တည်းဖြတ်သွားမည်ဟုလည်း ဆုံးဖြတ်ခဲ့ပါသည်။)

သို့သော် ၂၀၁၃ မှ စ၍ သံတမန် နိုင်ငံရေး အလုပ်များ၊ တရားဥပဒေ ယိုယွင်းနေသော မြန်မာနိုင်ငံအဝှမ်းမှ လူသား အပေါင်းအား ဥပဒေ စိုးမိုးမှုများ ဖြစ်လာစေရန် တတ်အားသ၍ ကူညီပေးနိုင်ရေး အလုပ်များဖြင့် လုံးပန်းနေရသဖြင့်- ပြန်လည် တည်းဖြတ်နိုင်မှု အချိန်များစွာ နောက်ကျခဲ့ရပါသည်။

ထို့ပြင် - ကျမ်းမြတ်ကုရ်အာန်ပါ ဝေါဟာရ တစ်လုံးချင်းစီသည် ကျမ်းတော်တွင် အကြိမ်ပေါင်းမည်မျှ ပါဝင်သည်၊ မည်သည့် ရင်းမြစ်မူလ မှ ဆင့်ပွားခြင်း ဖြစ်သည်- ဆိုသည့် အချက်ကိုပါ ထည့်သွင်း စဉ်းစားရပြန်သည်။ ထို့ အတွက် ဝေါဟာရ တစ်လုံးချင်းစီနှင့် ပါဝင်သည့် ကျမ်းချက်များကိုပါ- ဘာသာပြန်ဆိုမှု ရှေ့-နောက် ကိုက်ညီမှု ရှိ မရှိ ပြန်လည် စီစစ်ရပါတော့သည်။ ထို့ အတွက် ကျမ်းချက်တော်စဉ် ဝေါဟာရ အဘိဓာန်ကိုပါ တစ်ပြိုင်နက် လုံ့လပြုရတော့သည် ဖြစ်ရာ- ဤ ဒုတိယ အကြိမ် တည်းဖြတ်မှု အတွက် အချိန်များစွာ နောက်ကျခဲ့ရပါတော့သည်။

အမှာစာ မရေးခိုင်းခြင်း

ကျွန်ုပ်တွင် အလွန်းရင်းနှီးချစ်ခင်သော- အာလင်မ်ပညာရှင် မော်လဝီ၊ မောင်လာနာ၊ ဟာဖီး၆ ပေါင်း များစွာ ရှိပါသည်။ အဆိုပါ ဆရာတော်များအား လည်းကောင်း-

မြန်မာစာ၊ မြန်မာစာပေတွင် ရင်းနှီးကျွမ်းဝင်သော မြန်မာစာ ဆရာများ၊ ပါမောက္ခများလည်း ရင်းနှီးပတ်သက်မှုများ ရှိပါသည်- အဆိုပါ ဆရာကြီးများအား လည်းကောင်း-

လူသား အကျိုးကို ဆောင်နေသော- စာပေအရာ၌ လိမ္မာကျွမ်းကျင်သော ရင်းနှီးချစ်ခင်သည့်- ဗုဒ္ဓဘာသာ ရဟန်းသံဃာများ လည်း ရှိပါသည်- အဆိုပါ သံဃာတော်များအား လည်းကောင်း-

ဤဘာသာပြန် အတွက် အမှာစာ ရေးပေးပါရန် မေတ္တာရပ်ခံလျှင်- လက်နှေးနေမည် မဟုတ်ပါ။ လိုလိုလားလား ရေးပေးကြ မည်သာ ဖြစ်သည်။

သို့သော်- ပုဂ္ဂိုလ်ခင်၍ တရားမင် သဘော- အမှာစာရေးပေးခြင်းမျိုးကို ကျွန်ုပ် အားနာလှပါသည်။ မိမိ ဘာသာပြန် အတွက် မိမိကသာ အာမခံရမည် ဖြစ်၍- အခြား ဆရာတော်များ၏ အမည်နာမများအား အလွဲသုံးစား မပြုလိုသည်က တစ်ကြောင်း-

အမှာစာရေးသားပေးရမည့် ဆရာတော်များ အနေဖြင့်- ဘာသာပြန်ကျမ်းအား စ-ဆုံး သေချာဖတ်ပြီးမှ- ထို့တင်မက အာရ်ဗီ မြန်မာ ဘာသာရပ် နှစ်ခုလုံးအား သေချာစေ့ငှ ကျွမ်းကျင်လိမ္မာမှသာ သူတို့ အနေဖြင့်လည်း စ-ဆုံး သေချာ မှတ်ထားလျှက် အမှာစာရေးရမည်က တစ်ကြောင်း-ကြောင့် ထို ဆရာတော်တို့အား ဒုက္ခမပေးလိုသည့် ဆန္ဒဖြင့် မည်သူ့ကိုမှ အမှာစာ မရေးသား စေခြင်း ဖြစ်ပါသည်။ (တနည်းအားဖြင့်- အပေါ်ယံ အဖုံးကြည့် ဆုံးဖြတ်ချက်ဖြင့် ရေးသားသည့် အပေါစား အမှာစာများကို ကျွန်ုပ် မလိုလားပါ။)

ကျွန်ုပ်သည် - လူသား တစ်ဦးသာ ဖြစ်၍ ဘာသာရေး ကျမ်းတစ်ဆူအား ဘာသာပြန်ရာတွင် ၁၀၀ ရာနှုန်း မှန်ရမည်ဟု အာမ မခံနိုင်ပါ။ သို့သော် ခေတ်ကာလ တစ်ခု အတွက် အတတ်နိုင်ဆုံး မှန်ကန်တိကျရန် ဘာသာပြန်ထားသည်ဟု ကျွန်ုပ် အနေဖြင့် အာမခံနိုင်ပါသည်။

စာပေလေ့လာသူ အနေဖြင့် - ဘာသာပြန်ဆိုရာတွင် လွဲချော်နေသည်ဟု သံသယ ဖြစ်သည့် ဝေါဟာရများအား- ဤ ဝေါဟာရ၏ ရင်းမြစ်သည် မည်သည့် စကားလုံးဖြစ်သည်၊ ကျမ်းတော်တွင် အကြိမ် မည်မျှပါဝင်သည် ဟူသည်ကို ကိုယ်တိုင် လေ့လာနိုင်ရန် www.islammyanmar.com ကုရ်အာန် ကျမ်းချက်စဉ် ဝေါဟာရ အဘိဓာန်တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

ကုရ်အာန်ဘာသာပြန်နှင့် ဝေါဟာရ အဘိဓာန်များအား Website တင်ပေးနိုင်ရန် ပံ့ပိုး ကူညီသော - ညီလေး ကျော်ကျော်၊ ညီမလေး ဆုမွန်သွယ် နှင့် မောင်မောင် တို့အား ကမည်းထိုးအပ်ပါသည်။

ကျွန်ုပ်၏ လုပ်ငန်းစဉ်များ အတွင်း ပါရမီဖြည့်ပေးသူ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မုဟမ္မဒ် တွာဟေရ် (ဌေးလွင်ဦး)

စူရာဟ် (၁) သော့ (အာလ် ဖာတ်ဟာ)

ဝဟီဗျာဒိတ် အမှတ်စဉ် (၅)၊ အာယတ်တော် (၇)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

၁။	**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ** ကရုဏာရှင် အကြင်နာရှင်ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏၎ ဂုဏ်တော်အားဖြင့်–

---

(၁) ကရုဏာ **الرَّحْمَنِ အရ်ရဟ်မန်**နှင့် အကြင်နာ **الرَّحِيمِ အရ်ရဟီးမ်** ဆိုသော စကားလုံးများမှာ သနားကြင်နာမှု အဓိပ္ပါယ်ကို ဆောင်သည့် ရင်းမြစ် ဝေါဟာရ **رَحمتَ ရဟာမတ်** တစ်လုံးတည်းမှ ဆင့်ပွားလာခြင်း ဖြစ်၍ ကျမ်းတော်တွင် မူရင်း ဆင့်ပွား စကားလုံး စုစုပေါင်း ၃၃၅ ကြိမ် ဖေါ်ပြသည်။ **الرَّحْمَنِ အရ်ရဟ်မန်** သည် စကြာဝဠာ ခပ်သိမ်းကုန်နှင့် သဗ္ဗ လုံးစုံအား ဆင့်ကဲပြည့်စုံ ဖြစ်တည်လာစေရန် ပြဋ္ဌာန်းပေးသော ကရုဏာတော် ဖြစ်၍ **الرَّحِيمِ အရ်ရဟီးမ်** မှာ ထိုဖြစ်တည်လာသော အရာ အားလုံးအတွက် ခံစား၊ စံစားရစေရန် ဘုံအဆင့်ဆင့်ကို ဆက်လက် ပြဋ္ဌာန်း ဖြစ်တည်ပေးသည့် ကြင်နာမှုကို ဆိုလိုပေသည်။

(၂) **الله အလ္လာဟ်** ဟူသည့် ဂုဏ်တော်သည် ကျမ်းတော်တွင် ၂၆၉၉ ကြိမ်နှင့် اللَّهُمَّ ဟူသည့် ဆုတောင်း စကားလုံးအနေဖြင့် ၅ ကြိမ် စုစုပေါင်း ၂၇၀၄ ကြိမ် ပါဝင်သည်၊ **အလ္လာဟ်**အား မူရင်း အဓိပ္ပါယ်မှ တိမ်းပါးသွားမည်ကို စိုးရိမ်မကင်း ဖြစ်သောကြောင့် ဆရာတော်ကြီး အများစုက ဘာသာပြန်ခြင်းမှ ရှောင်ကြဉ်ကြလျက် မူရင်း အသံထွက်အတိုင်း **အလ္လာဟ်** ဟု သာ မွေးစားဝေါဟာရ အဖြစ် သုံးစွဲကြပေသည်။ ကျွန်ုပ် အနေဖြင့်လည်း မူရင်း အနှစ်သာရ ပျောက်ပျက် သွားမည်ကို မလိုလားပါ၊ သို့သော် ဤနေရာ၌ ရှင်းပြပြန်ရန် လိုပေလိမ့်မည်၊ မရှင်းပြပြန်က အစွယ်လာမ်တို့ ယုံကြည် လက်ခံသော **အလ္လာဟ်** ဆိုသည်ကို ခရစ်ယာန်များ ပြောဆိုသော ထာဝရဘုရားနှင့် အတူတူပင် ဖြစ်သည်ဟု လည်းကောင်း၊ ကောင်းကင်ဘုံရှိ ရာဇပလ္လင်ပေါ်တွင် စိုးစံနေလျက် လူ့ပြည်လူ့ရွာအား မိန့်ခွေ့ လမ်းညွှန်နေသည်၊ မြန်မာတို့ နားလည်ထားသော နတ်ဘုရားကြီး ပုံစံမျိုးဟု လည်းကောင်း၊ အရာရာကို "ဥုံ–ဖွ" ဖြစ်စေဟု ပစ္စလက် ဆရာကြီး ကဲ့သို့ ဖန်ဆင်းလေ့ရှိသော ဣသရ ဖန်ဆင်းရှင် အဖြစ်လည်းကောင်း နားလည် ထားကြသူများမှာ ထိုသို့ လွဲမှားသော အထင်အမြင်ထဲမှ ကျွတ်လွတ်နိုင်ရန် အခွင့်အရေး နည်းပါးလှပေသည်။

အစွယ်လာမ် သာသနာက လက်ခံယုံကြည်သော **အလ္လာဟ်** ဆိုသည်မှာ "ပညတ်ဖြစ်တည်မှု ခန္ဓာကိုယ်" ပညတ္တိကာယ မဟုတ်ပေ။ ပရမတ္ထကာယ "ပရမတ်အဖြစ်" ရှိနေပြီး မံသစက္ခု (သာမန် မျက်စိ) ဖြင့် သိမြင်ခံစားနိုင်မှုမှ ကင်းလွတ်ပေသည်။ ထိုသို့ ပရမတ်အဖြစ် တည်ရှိသော ပရမတ် ဘုရားရှင် **အလ္လာဟ်** သည် သဗ္ဗညုတ ဉာဏ်စဉ်တော်၏ မူလအစ ဇစ်မြစ်တော် ဖြစ်ပေသည်။ မဟာယန ဗုဒ္ဓဘာသာဝင်များ လက်ခံသော ဓမ္မကာယ "မူလဖစ်မြစ် တရားကိုယ်" ဆိုသည်နှင့် နီးစပ်မှု ရှိသော်လည်း မဟာယနတို့၏ အယူအရ ဓမ္မကာယသည် လောက လူသားတို့အား ကယ်တင်ရန် အလို့ငှာ သံဘောဂကာယ (ဗောဓိသတ္တ) "လူသားဘုရား" အဖြစ် ခံယူကာ လောကသို့ ကြွလာသည်ဟု ဆိုထားသဖြင့်၊ လူသားဘုရား အဖြစ် လောကၽွ ဝင်စားခြင်း မရှိသော **အလ္လာဟ်** အား ဓမ္မကာယဟု ဘာသာ ပြန်ဆိုလျှင် အဓိပ္ပါယ် နီးကပ်မှု အားနည်းနိုင်မည် ဖြစ်သည်။ (၁၁း၄ တွင်ကြည့်ပါ။)

အလ္လာဟ် ဟူသည်မှာ **သော ဘဂဝါ သယမ္ဘုတိ – အကြင်မြတ်စွာဘုရားသည် အလိုလို ဖြစ်တော်မူ၏**– ဟူသောဂုဏ်တော်နှင့် သဘောသဘာဝ အလျောက် အလိုလို ဖြစ်တည်နေတော်မူ၍– ပညတ္တိကာယ မဟုတ်သော **ပရမတ်ဘုရားရှင်** ဖြစ်သည်ဟု ထေရဝါဒ ဗုဒ္ဓဘာသာ၌ ရင်းနှီးကျွမ်းဝင်ပြီးသား မြန်မာများအတွက် အောက်ပါ ကျမ်းညွှန်းများအရ အနီးစပ်ဆုံး နားလည်ခံစားနိုင်ပေမည်။

နိုင်ငံကျော် ဓမ္မစေတီ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော သမစိတ္တ ဘာသာကျမ်း သံဃာစစ်တမ်း အလင်းကျမ်း သံဃာဟုတ်မဟုတ် မေးခွန်းထုတ်ကျမ်း (၇၆မာပုံနှိပ် တိုက်မှထုတ်ဝေသည်)တွင် "လူကဖြစ်သော ဥပဇ္ဈာဗုရား၊ ပုဂ္ဂလဓိဋ္ဌာန် ဗုရားတို့ကို ပါဃ်၍ ဗုဒ္ဓါန ဗုရားအစစ် ဓမ္မဓိဋ္ဌာန် သဗ္ဗညုတဉာဏ် နိယတ အမြဲဗုရားကို ပြဦးအံ့။ လောကေ၊ လောကဒ္ဓါ၊ ဇကောရေ၀၊ တဆူသာလျှင်၊ ဥပ္ပဇ္ဇန္တိ ဖြစ်ကုန်၏၊ ကိ်ကရဏံ

၂။	**الْحَمْدُ للهِ رَبِّ الْعَالَمِينَ۝** ရည်သန်စူးစိုက်မှုတည်ရာ၄ အလွှာတ်အရှင်သည် -ကပ်ကမ္ဘာအပါင်း၏၄ ကံကြွမွာရှင်၅

အဘယ်ကဲ့သို့နည်း ဟူမူကား၊ မဟန္တံ ကြီးမြတ်သော သဗ္ဗညုတဉာဏ်၊ သဗ္ဗညုတဉာဏ်ကို အစိုးရသော ဓမ္မဓိဌာန် နိယတ အမြဲဗုရားသည်၊ ဂုဏာနံ ဂုဏ်ပေါင်းတကာတို့၏ တည်ရာဖြစ်သော၊ ဇေန္တ ထိုသဗ္ဗညုတအရှင် နိယတသခင် တဆူတည်း အမြဲဗုရားသည်သာလျှင် ဟောတိ ဖြစ်၏၊ ဣတိ ဤသို့ ဂဏှိတဗ္ဗံ ယူမှတ်အပ်၏။" ဟူ၍လည်းကောင်း၊

သုံးဆယ်မြို့ ဘုရားဒကာ ဦးလူငယ် ရေးသားသော သဗ္ဗညုတ စိန္တာမဏိကျမ်း စာမျက်နှာ (၂)တွင် "သဗ္ဗညုတ ဘုရားသခင်သည် အမိမရှိ အဘ မရှိ ကိုယ်ထက်မြတ်သော သူမရှိ၊ ပါရမီဆယ်ပါးကို မဖြည့် ဒါန သီလ ဘာဝနာတို့ကို မပြုလုပ်ဘဲ၊ အလိုလို ဖြစ်တော်မူကြောင်း၊ သက်သေကား–သယံ၊ အလိုလို၊ ဘူတံ၊ ထင်ရှား၊ ဇာရတိ ဖြစ်တော်မူ၏၊ သယံအဘိညာယ ကာရဿေရန္တိ ဆရာမိဘကင်း၍ ဖြစ်သော ပါဠိသက်သေ၊ သဗ္ဗညုတ ဘုရားတဆူတည်း ဖြစ်ကြောင်း သက်သေခံ ပါဠိကား သာရတ္တ သင်္ဂဟကျမ်း၌–ဗုဒ္ဓါနုပန၊ ဇေနာရေဝ ဥပဂဒ္ဓန္တိ၊ ကိံကရဏံ၊ မဟန္တံတာရ၊ သဗ္ဗညုတ ဉာဏ ဂုဏာနံ၊ မဟန္တံဟောတိ၊ ဇေံတံရေဝ၊ ဂဏှိတဗ္ဗံ။ ဗုဒ္ဓါနုပန ဘုရားမည်သည်ကား၊ လောကေ လောကဒ္ဓ၊ ဇေနာရေဝ တဆူတည်းသာလျှင်၊ ဥပဂဒ္ဓန္တိ ဖြစ်ကုန်၏၊ ကိံကရဏံ အဘယ်ကဲ့သို့နည်း ဟူမူကား၊ မဟန္တံ ကြီးမြတ်သော သဗ္ဗညုတဉာဏ်၊ သဗ္ဗညုတဉာဏ်တော်သည် ဂုဏာနံ ဂုဏ်တို့ ၏ တည်ရာဖြစ်သော၊ ဇေံတံ ထိုသဗ္ဗညုတဉာဏ် တဆူတည်းသာလျှင်၊ ဟောတိ ဖြစ်၏၊ ဣတိ ဤသို့ ဂဏှိတဗ္ဗံ ယူအပ်၏။" ဟူ၍လည်းကောင်း ဖေါ်ပြထားပေသည်။

ထိုထေရဝါဒ ဗုဒ္ဓဘာသာ ဆရာတော်များ ရှင်းထားသည့် သဗ္ဗညုတ ဘုရားရှင် ဆိုသည်မှာ ပရမတ်ဘုရား ဖြစ်၍ လူသားပညတ်ဘုရား၊ ဥပဇ္ဈာ ဘုရားများနှင့် မသက်ဆိုင်ပေ။ ထိုပရမတ်ဘုရားရှင်က လူသား အဖြစ် ဝင်စား၍ လောကသို့ ကြွလာတော်မူသည်ဟုလည်း မဟာယန ဗုဒ္ဓဘာသာကဲ့သို့ ခံယူမှုထားသည်ကို မတွေ့ရပေ။ လောကလူသားမှ ပွင့်ပေါ်သော ဘုရားများမှာ ထိုပရမတ်ဘုရားရှင်မှ ချီးမြှင့်သော ဉာဏ်စဉ်တော် ကိန်းဝပ်ခြင်းကို ခံရသည့် လူသားစင်စစ်များ (ဘုရားကပြားများ မဟုတ်) ဖြစ်ကြောင်းကို သဗ္ဗညုတ စိန္တာမဏိကျမ်း စာမျက်နှာ (၁၅)တွင် "ရှင်ဂေါဓမဘုရား သဗ္ဗညုတ ကိန်းအောင်း၍ ပွင့်တော်မူ သကဲ့သို့ အခြား စကြာဝဠာများမှာလည်း ရှင်ဂေါဓမ အရှင်မြတ်ကဲ့သို့ သဗ္ဗညုတ ကိန်းအောင်း၍ ပွင့်တော်မူသော ဘုရားပေါင်းကား အနန္တပင် ရှိချေမည်။"ဟု လည်းကောင်း၊ စာမျက်နှာ (၁၇)တွင် "မနိမဠူ ဇီကာကျမ်း၌—သဗ္ဗညုတ ဉာဏသ၊ သဗ္ဗညုတ ဉာဏ်တော်ကို ပတိလာဘ ရခြင်းကြောင့် တသ ထိုခန္ဓာငါးပါး အစဉ်ကို ဗုဒ္ဓေါတိ ဘုရားဟူ၍ ပညတ္တာ ပညတ်သည်၏ အကြောင်းကြောင့် တည်း"ဟု ဆိုထားပေသည်။ အစွလာမ် သာသနာတွင်မူ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိသော ပုဂ္ဂိုလ်မြတ်တို့အား ပညတ်ဘုရား ဟူ၍ မခေါ်ဆိုပေ၊ ဉာဏ်စဉ်ဆောင် (ရဟူလ)၊ သတင်းတော်ဆောင်(နဗီ) များဟု ခေါ်ပေသည် (၂း၆၁)။ သို့သော် အစွလာမ် သာသနာက လက်ခံသော အလွှာတ် ဆိုသည်မှာ ထိုဆရာတော်ကြီးများ ရှင်းပြသော ပရမတ်ဘုရားရှင်နှင့် အနှစ်သာရခြင်း နီးကပ် နားလည်နိုင်ပေသည်။ (၂း၂၁ တွင် ကြည့်ပါ)

(၃) **အလ်ဟမ်ဒိို့ الْحَمْدُ** ကို ဆရာတော်ကြီး အများစုက ချီးမွမ်း ထောမနာပြုခြင်း ခံထိုက်မှုဟု ဘာသာပြန်ဆိုကြပေသည်။ ထိုသို့ ပြန်ဆိုခြင်းမှာ ဘုရားသခင်၏ နာမတော်များကို ဓမ္မတေးသွား အဖြစ် စပ်ဆိုပြီး ချီးမွမ်းထောမနာပြု ဝတ်ပြုဆုတောင်းလေ့ရှိသော ခရစ်ယာန်တို့၏ ဓလေ့ထုံးထမ်းကို အခြေခံ၍ ပြန်ဆိုခြင်း ဖြစ်ပေသည်။ **အလ်ဟမ်ဒိို့ الْحَمْدُ** ၏ ရင်းမြစ် စကားလုံးမှာ ဒ မ ဒ **ဟမိဒ** ဖြစ်၍ ကျမ်းတော်တွင် သဒ္ဒါပုံစံ ၅ မျိုးဖြင့် ၆၃ ကြိမ် ဖေါ်ပြထားသည်။ အနက်မှာ Praise, eulogy သို့မဟုတ် Aim, upmost exertion ဟူ၍ ဖြစ်သည်၊ (ကော်ဆမိုး– အင်္ဂလိပ် အရိဗီ အဘိဓာန်)။ အစွလာမ် သာသနာဝင်တို့သည် အလွှာတ်ရှင်၏ ဂုဏ်တော်များ အား ချီမွမ်းထောမနာ ပြုနေယုံမျှဖြင့် ရောင့်ရဲနေကြခြင်း မရှိပေ၊ အလွှာတ်ရှင်အား ဝိဉာဏ စက္ခုဖြင့် ဖူးမျှော်နိုင်ရန် အတွက် ရည်သန်စူးစိုက်မှု၌ ပျော်ပိုက်ကြပေသည်။ အခြေခံအားဖြင့် ဆွလတ်ဟု ခေါ်သည် စိတ်လေ့ကျင့်ခြင်းကို နေ့စဉ်နှင့်အမျှ ငါးကြိမ်ကျ ဆောင်ရွက်နေရပေသည်။ ဤစိတ် လေ့ကျင့်မှုကို ဘုရားရှိခိုးသည်ဟု အလွယ်တကူ ပြောဆိုသုံးနှုန်းကြသော်လည်း၊ ဘုရားရှင်အား ကြောက်ရွံ့သောကြောင့် ဘူးထောက် ဦးချ ကန်တော့နေရခြင်း မဟုတ်ပေ။ (၂း၃ တွင် ကြည့်ပါ)။

(၄) **အလ်လမီးန် الْعَالَمِينَ** ၏ အနက် အဓိပ္ပါယ်မှာ ကမ္ဘာများ၊ စကြာဝဠာများ၊ လောကခပ်သိမ်းဟု ဖြစ်၍ ကျမ်းတော်တွင် ၇၃ ကြိမ်ဖေါ်ပြသည်၊ ၎င်း၏ ရင်းမြစ် စကားလုံး **အလမ عَلَم** "ဝိဉာဏ"မှ ဆင့်ပွားလာခြင်း ဖြစ်၍ ကျမ်းတော်တွင် ၈၅၄ ကြိမ် ဖေါ်ပြပါသည်။ အစွလာမ်သာသနာက လူ့လောက စကြာဝဠာ မဖြစ်မှီကပင် မူလဇစ်မြစ် ဉာဏ်စဉ်တော် အလွှာတ်အရှင် က ပြဋ္ဌာန်းထားသော ပရမတ္ထမွေသည် အလျှင်အဦး တည်ရှိနေပြီး စကြာဝဠာ အသစ်၌ အသစ်ကျသော အသိတရား (ဝိဉာဏ) ကွန် ယက်၌ သတ်မှတ်ချက် အတိုင်း စည်းချိန်ကျစွာ မှီတည်လည်ပတ် နေသည်ဟု ယုံကြည်လက်ခံပေသည်။

(၅) သဒ္ဒါပုံစံ ၅ မျိုး ကျမ်းတော်တွင် အကြိမ်ပေါင်း ၉၈၀ ဖေါ်ပြသော **ရဗ် ربّ** ၏ အဓိပ္ပါယ်မှာ စည်းစနစ်တကျ ဆင့်ကဲပြည့်စုံ ဖြစ်တည်စေသော အရှင်ဟု ဖြစ်၍ အလွှာတ်အရှင်၏ ဂုဏ်တော် တစ်ပါး ဖြစ်သည်။ ကျမ်းတော်တွင် **ရဗ်** ကို သူ၏၊ သူမ၏၊ သူတို့၏၊ သင်၏၊ ကျွန်ုပ်၏၊ စသည်ဖြင့် ပိုင်ဆိုင်မှုပြု စကားလုံးဖြင့် တွဲဆက်၍ သုံးပေသည်။ သို့ဖြစ်၍–**ရဗ်** ဆို သည်မှာ– ပြုလုပ်သူ၏၊ ပြုလုပ်ခြင်း ကံအား ပြန်သင့်နေစေရန် ပြဋ္ဌာန်းပေးထားသော အရှင်ဟု ဖြစ်ပေသည်။ အလွှာတ်အရှင်သည် အစွလမ် ဟုတ်သူရော မဟုတ်သူရော လူသားအားလုံး၏ ကံကြွမွာရှင် ဖြစ်ပေသည်။ ဤဘာသာပြန်၌ နားလည်ပြီးသား နေရာများတွင် ရှေ့မှ ကျွန်ုပ်တို့၏၊ သင်တို့၏၊ သူတို့၏ ဆိုသော ပိုင်ဆိုင်မှုပြု စကားလုံးများကို ထည့်မသုံးတော့ဘဲ "ကံကြွမွာရှင်"ဟု

၃။	**الرَّحْمنِ الرَّحِيمِ**۞ ကရုဏာရှင် အကြင်နာရှင်–
၄။	**مَالِكِ يَوْمِ الدِّينِ**۞ စီရင်မိန့်ချသည့် နေ့၏[၆] အရှင်သခင် ဖြစ်တော်မူ၏၇
၅။	**إِيَّاكَ نَعْبُدُ وإِيَّاكَ نَسْتَعِينُ**۞ အရှင့်ကိုသာ ကိုးကွယ်ပါ၏[၈] အရှင့် ပံ့ပိုးမှုကိုသာ မျှော်ကိုးပါ၏။
၆။	**اهدِنَــا الصِّرَاطَ المُستَقِيمَ**۞ တပည့်တော်တို့အား မြဲမြံနေသော ဝါဒလမ်းစဉ်သို့[၉] ညွှန်တော်မူပါ။

မြန်မာစကား ပြေပြစ်စေရန် ချန်လှပ်ခဲ့သည်များ ရှိပါသည်။ သို့သော် ထိုနေရာများ၌ နားလည်ပြီးသား ဖြစ်၍ အဓိပ္ပါယ် လုံးဝ တိမ်းပါးသွားခြင်း မရှိပါ။ ကျမ်းတော်ပါ စကားလုံးများကို ထိန်ချန်ခြင်း လည်း မဟုတ်ပါ။ အာရဗစကားနှင့် မြန်မာစကားတို့၏ ပြောနည်းပြောဟန် မတူညီခြင်းသာ ဖြစ်ပေသည်။ အစ္စလာမ် သာသနာက ကံဆိုသည်မှာ မိမိ လုပ်ကိုင် ဆောင်ရွက်မှု၏ အကျိုးဆက်ဟု လက်ခံသော်လည်း၊ ထိုအကြောင်းကို လုပ်လျှင် ထိုအကျိုးကို ခံစားရမည်ဟူသည့် ပင်မ ပြဋ္ဌာန်းချက် ရှိနေ သည်ဟု ယုံကြည်၍ ထိုပင်မဖစ်မြစ် ပြဋ္ဌာန်းချက်တို့၏ အရှင်မှာ အလွှာဟ်အရှင်သာ ဖြစ်သည်ဟု အစ္စလမ်သာသနာက လက်ခံပေသည်။ ပိုရှကတ်တော်တွင် **"ကံကြောင့် သတ္တဝါ၏ ပဋိသန္ဓေသည် ဖြစ်၏" "သတ္တဝါတို့သည် ကံသာလျှင် အမွေခံရှိကုန်၏"** (ကထာဝတ္ထု ၇၄၂) ဟု ဆိုထားပြီး ထို သတ္တဝါတို့ ပဋိသန္ဓေတည် လည်ပတ်ရသော သံသရာ၏အစ (ကံ၏ ဖစ်မြစ်)ကိုမူ၊ **"သတ္တဝါတို့ ဖြစ်စဉ်တည်းဟူသည့် သံသရာကြီး သည်ကား မသိအပ် မသိနိုင်သော အစရှိ၏"**ဟု ဆိုထားပေသည် (နိဒါနဝဂ္ဂ သံယုတ် ဝေပုလ္လသုတ်)။ ကုရ်အာန်ကမူ ကံ၏ ဖစ်မြစ်ရှင်သည် လူသားတို့၏ သာမန် အသိဉာဏ်ဖြင့် မငုံမိနိုင်ဟု ဆိုပေသည် (၂း၂၅၅)။

(၆) **ယောင်မက်ဒ်ဒီး يَوْمِ الدِّينِ** ကို ကျမ်းတော်တွင် ၁၃ ကြိမ် ဖေါ်ပြသည်။ ဆရာတော်ကြီး အများစုက နောက်ဆုံးနေ့တော်ကြီးဟု ဘာသာပြန်ဆိုကြပေသည်။ ဤသို့ ပြန်ဆိုခြင်းသည် လုံးဝမှားယွင်းမှု မရှိသော်လည်း မြန်မာတို့ နားလည်ထားသော ဘာသာရေး ဝေါဟာရ အရ ပြည့်စုံလုံလောက်မှုမှာ အားနည်း နေပေသည်။ နောက် ဆုံးနေ့တော်ကြီးဟု ဘာသာပြန်ဆိုသောကြောင့် လောကလူသက်တမ်း ကုန်ဆုံး၍ အနိစ္စရောက်ရသောနေ့ဟု နားလည်မှု လွဲချော်နိုင်ပါသည်။ **يَوْمِ الدِّينِ** မှာ **ယောင်းမွန် يَوْمِ** "ရက်၊ ကာလ"နှင့် **ဒီးန် الدِّينِ**"သာသနာ၊ ဥပဒေ၊ ချမှတ်ထားသော စည်းကမ်း၊ ကျင့်ဆောင်မှု တစ်ခု၏ တန်ပြန်ခံရခြင်း" ဆိုသည့် ဝေါဟာရ နှစ်ခုကို ပေါင်းထားသော စကားလုံး ဖြစ်၍ မိမိကျင့်ကြံသော လမ်းစဉ်၌ အန္တိမ ပန်းတိုင်ကို နှလုံး အကြည်ဓါတ်တွင်း ဆိုက်ရောက်သော ကာလကို ခေါ်ပေသည်။ ထို့ကြောင့် လူသားတစ်ဦး၏ သက်တမ်း အတွင်းတွင်လည်း ဖြစ်နိုင်၍ ခန္ဓာကိုယ် စွန့်လွှတ်ပြီးနောက်လည်း ဖြစ်နိုင်ပေသည်။ အစ္စလာမ် သာသနာဝင် အများစုက ဝိဉာဉ်တိုင်းသည် မိမိ၏ ကောင်းမှု ဆိုးမှုအလျောက် စီရင်ချက်ချ ခံရမည်ဟု ယုံကြည် ပေသည်။ ဤကြားကာလများတွင် စီရင်ချက်ချ မခံရလျှင်သော်လည်း နောက်ဆုံး "ကပ်ကမ္ဘာများ ချုပ်ငြိမ်းသောနေ့၌ ဝိဉာဉ်တိုင်းသည် မိမိတို့ ပြုကျင့်ခဲ့သည့် ကုသိုလ်၊ အကုသိုလ် အလျောက် စံစား၊ ခံစားရခြင်းကို သတ်မှတ်ခံရမည်"ဟု နဉ်းလည် လက်ခံထားပေသည်။

(၇) **မာလိကီ مَالِكِ** ၏ အဓိပ္ပါယ်မှာ အရှင်သခင်၊ ဘုရင် ဟု ဖြစ်၍ ၎င်း၏ ဆင့်ပွားအနက်မှာ နောက်ဆုံးအပြီးသတ် ဆုံးဖြတ်ပိုင်ခွင့်ရှိသော အာဏာ၊ အချုပ်အခြာ ဖြစ်ပေသည်။ ကျမ်းတော်တွင် သဒ္ဒါပုံစံ ၁၀ မျိုးဖြင့် ၂၀၆ ကြိမ် ဖေါ်ပြထားပေသည်။

(၈) **နအ်ဗို့ဒို့ نَعْبُدُ** ကျွန်ုပ်တို့ကိုးကွယ်ပါ၏၊ ဟူသော စကားလုံးသည် **عبد အဗဒ** ဝတ်ပြုသည်၊ အမှုတော်ထမ်းဆောင်သည်၊ ကိုးကွယ်သည် ဟူသော ရင်းမြစ် စကားလုံးမှ ဆင့်ပွားလာခြင်း ဖြစ်သည်၊ **အဗဒ** ၏ မူရင်း အဓိပ္ပါယ်မှာ မိမိဆောင်ရွက်ရမည့် ဝန်တာအား ပုံမှန် ဖြည့်ဆည်း ဆောင်ရွက်မှုကို ရည်ညွှန်းပေသည်။ ထို့အပြင် အစ္စလာမ် သာသနာ၏ ကိုးကွယ်ပုံကြည်မှု သဘောတရားတွင် လက်တွေ့လုပ်ဆောင်မှု သဘော ပါဝင်ပေသည်။ အလွှာဟ်ရှင်အား လူသားက ကိုးကွယ်သည် ဖြစ်စေ၊ မကိုးကွယ်သည် ဖြစ်စေ အလွှာဟ်ရှင်၌ ထိခိုက်နစ်နာမှု မရှိချေ။ လူသား အနေဖြင့်လည်း ကိုးကွယ်ပါသည်ဟု နှတ်မှ ဆိုယုံမျှဖြင့် အကျိုးထူးလာမည် မဟုတ်ပေ။ အလုပ် မပါသော အပြောကို အစ္စလာမ် သာသနာက အသိအမှတ် မပြုပေ။ ထို့ကြောင့် "အရှင့်ကိုသာ ကိုးကွယ်ပါ၏" ဆိုသည်မှာ အရှင်၏ ပညတ် ပြဋ္ဌာန်းထားသော လောက နိယမနှင့် အညီ ဤလောက၌ ကျွန်ုပ်တို့သည် ကျင်လည် ကျက်စားပါမည်ဟု မိမိကိုယ်မိမိ သံဓိဋ္ဌာန် ပြုခြင်းပင် ဖြစ်ပေသည်။ ب ع ဒ ကို သဒ္ဒါပုံစံ ၆ မျိုးဖြင့် ကျမ်းတော်တွင် ၂၇၅ ကြိမ် တွေ့ရပေသည်။

(၉) အစ္စလာမ် သာသနာဝင်များက ဤစကြာဝဠာ အနန္တ ကျင်လည်ကျက်စားနိုင်ရန်၊ စကြာဝဠာများ အတွက် အလွှာဟ်ရှင်၏ ပြဋ္ဌာန်းချက် ဓမ္မသည် လူသား ပညတ်ဘုရား (ရဏ္ဍလ်)များ မပွင့်ပေါ်မီ အလျှင်ကပင် တည်ရှိနေသည်ဟု လက်ခံယုံကြည်ကြပေသည်၊ ထိုပြဋ္ဌာန်းချက် ဓမ္မများသည် စကြဝဠာ အားလုံး ဖြစ်တည်မှု အတွက် မရှိမဖြစ် လိုအပ်သော ပြဋ္ဌာန်းချက် ဖြစ်သည့်အတွက် လူသားဘဝ ကျင်လည်မှုတွင် အဖုအထစ် ရှိနိုင်သည့် နိယာမများ ပါဝင်နေပေသည်။ ထို့ကြောင့် လောက၌ ရှိနေသော အရာများမှ လူသားများ ဆောင်ရန်၊ ရှောင်ရန်ကို လူသား ရဏ္ဍလ်များ ပွင့်ပေါ်စေကာ ပြန်ဌာန်းပေးပေသည်။ ထိုပြဋ္ဌာန်းချက်များမှ ငိုကာချဲ့မှကင်းသော၊ ဂိဏ်းအယူအဆ ကင်းသော မူလဓမ္မ သို့မဟုတ် လမ်းစဉ်ကို "မြဲမံသော

၇။	**صِرَاطَ الَّذِينَ أَنعَمتَ عَلَيهِمْ غَيرِ المَغضُوبِ عَلَيهِمْ وَلاَ الضَّالّينَ۞**
	အရှင်၏ ဂုဏ်ပေးခံရသော∞ သူများ၏ လမ်းစဉ်မျိုးဖြစ်၍–ကံကြီးသင့်သူ∞ လမ်းလွဲရသူတို့၏¤ အဖြစ်မှ ကင်းရပါလိုပါ၏။

လမ်းစဉ်''ဟု ခေါ်ပေသည်။ ထိုလမ်းစဉ်မျိုးကို အရှင်၏ ဂုဏ်တော် ချီးမြှင့်ခြင်း ခံရသော ပုဂ္ဂိုလ်မြတ်များ၏ ကျင့်ဆောင်သည့် လမ်းစဉ်မျိုး ဟု လွယ်ကူစွာ နားလည်သဘောပေါက်နိုင်ရန် အာယတ်တော် (၁း၆) တွင် ဖေါ်ပြထားပေသည်။

(၁၀) **နေအ်မတ် نَعمَت** ၏ အဓိပ္ပါယ်မှာ ဂုဏ်ပေးခြင်း၊ ဘုန်းပေးခြင်းဟု ဖြစ်ပေသည်၊ ဤအာယတ်တော်၌ ဆိုသော အရှင့်ထံတော်မှ ဂုဏ်ပေးခြင်း ခံရသူများ ဆိုသည်မှာ အလွှာဟ်အရှင်ထံမှ သဗ္ဗညုတ ဩဇာဏ်တော်ကို ချီးမြှင့်ခံရသော သတင်းတော်ဆောင် (နဗီ)များ၊ သမာဓိ ခိုင်မာသော ဖြောင့်မတ်သူများ၊ သစ္စာဓမ္မ၌ ပေးဆပ်သက်သေတည်သူများ၊ မိမိကိုယ်မိမိ ကောင်းမှုသို့ ပြုပြင်ပြောင်းလဲသူများပင် ဖြစ်သည်ဟု ကျမ်းတော်၏ (၄း၆၉) တွင် ဆိုထားပေသည်။ ن ع م ကို သဒ္ဒါပုံစံ ၉ မျိုးဖြင့် ကျမ်းတော်တွင် ၁၀၄ ကြိမ် ဖေါ်ပြထားသည်။

(၁၁) **မဂ်သူ့ဘ် مَغضُوب** ကို ဆရာတော်ကြီးများက ဘုရားသခင်ထံ၏ ကျိန်ဆဲခံရသူများဟု လည်းကောင်း ဘုရားသခင်၏ အမျက်တော်သင့် ခံရသူများဟု လည်းကောင်း ဘာသာပြန်ဆို ကြပေသည်။ ထိုသို့ ဘာသာပြန်ဆိုမှုမှာ ခရစ်ယာန်နှင့် ဂျူးဘာသာပြန်များမှ ဝေါဟာရ ပုံစံများကို မှီ၍ ဘာသာပြန်ဆိုမှု ဖြစ်ပြီး အလွှာဟ်အရှင်သည် မေတ္တာတော်ရှင်၊ ကရုဏာတော်ရှင် ဆိုသည့် ဂုဏ်တော်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ပင် ရှိသည်၊ မြန်မာ စကားတွင် ပြောဆိုလေ့ရှိသော ''ဘုရား ကျိန်စာ သင့်တော့မှာပဲ'' ဆိုသည့် ဥပစာ စကားလုံးမျိုးပင် ဖြစ်သည်။ အမှန်မှာ **မဂ်သူ့ဘ်** ဆိုသည့် စကားလုံး၏ ရင်းမြစ်သည် ب ض ဂ် **ဂသွဘ** ကို သဒ္ဒါပုံစံ ၅ မျိုးဖြင့် ကျမ်းတော်တွင် ၂၄ ကြိမ် ဖေါ်ပြ၍ ဘုရားရှင်က လူသားအား ကျိန်ဆဲခြင်း မဟုတ်ပေ။ လူသားက ဘုရားရှင် ချမှတ်သော တရား ဓမ္မအား ကြီးစွာ စော်ကားမိသောကြောင့် မိမိ၏ကံက မိမိအား ပြန်သင့်ခြင်းကို ခေါ်ပေသည်။ ပါရာဇိကံ သင့်ခြင်းမျိုး ဖြစ်သည်။ ဤစကားလုံး **မဂ်သူ့ဘ်** သည် ကျိန်စာသင့်နေသော လူမျိုးဟု မည်သည့် လူမျိုးတစ်မျိုးကိုမှ ရည်ညွှန်းခြင်း မရှိပေ မည်သူမဆို ဘုရားတရားအား စော်ကား မော်ကားပြုသော်၊ လောကဓမ္မကို ဆန့်ကျင်သော် ဆိုးကျိုးဆက်ကို ခံစားရမည် ဖြစ်ပေသည်၊ (၃၃း၆၁)။

(၁၂) **သွွာလီးန် ضَالّينَ** မှာ မူလမှန်နေသော လမ်းကြောင်းပေါ်မှ လွဲချော်သွားသူများကို ဆိုလိုပေသည်။ လမ်းလွဲရသူဟူသည့် ဤစကားလုံး သည်လည်း မည်သည့် လူမျိုးဖြစ်သည်ဟု လူမျိုးတစ်မျိုးလုံးကို ကျမ်းတော်က မရည်ညွှန်းပေ၊ လမ်းစဉ်မှန်မှ လွဲချော်သွားသော သူ မည်သူ့ကိုမဆို ဆိုလိုပေသည်။ ရင်းမြစ် ض ل ကို သဒ္ဒါပုံစံ ၈ မျိုးဖြင့် ကျမ်းတော်တွင် ၁၉၁ ကြိမ် တွေ့ရပေသည်။

ဓမ္မခန္ဓာ (၂) "ထိန္သားပျိုမ" (အာလဝကရာ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၇)၊ သုတ်ဒေသနာ (၂၈၆)ပါး

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။	**الم** ۞ အလက်ဖ်၊ လမ်၊ မင် (ငါသည် ကုန်စင်သိနေတော်မူသော ပရမတ်ဘုရားရှင် ဖြစ်တော်မူ၏။)[၁၃]
၂။	**ذَلِكَ الْكِتَابُ لاَ رَيْبَ فِيهِ هُدًى لِّلْمُتَّقِينَ** ۞ ဤသည်[၁၄] သံသယ ဝင်နိုင်ဘွယ်ရာ အလျဉ်းမရှိသော၊ စည်းစောင့်သူများအတွက် လမ်းညွှန် ကျမ်းတော်ဖြစ်၏။[၁၅]

---

(၁၃) "ငါသည် ကုန်စင်သိနေတော်မူသော ပရမတ်ဘုရားရှင် ဖြစ်၏" ဟု အနက်ကို ပေးသည့်အာရ်ဗီ စကားလုံး အတိုကောက် **အလက်ဖ်၊ လမ်၊ မင် الم** ကို အရှင်မြတ်သာ သိသည်ဟု ဆရာတော်များက သဘောတူ လက်ခံကာ ရေးသား ဖွင့်ဆိုခဲ့ကြခြင်း အပေါ် အခွင့်ကောင်းယူ၍ ခရစ်ယာန် သာသနာပြု ဆရာတော် ဂိုလီးယပ်စ်က ဤစကားလုံး **အလက်ဖ်၊ လမ်၊ မင် الم** ကို **အမာလိမုဟမ္မဒ်** "မုဟမ္မဒ်၏ အမိန့်တော်"ဟု ပြန်ဆိုထားပေသည်။ ယင်းမှာ ကိုလိုနီပြုရာ ဒေသများ၌ ဘာသာရေးကို နိုင်ငံရေး လက်နက် အဖြစ် အသုံးချလျက် ခရစ်ယာန် သာသနာပြုရန် ရည်ရွယ်ချက်ဖြင့် ကုရ်အာန်ကျမ်းကို ဘာသာပြန် အစာသွပ်ခဲ့ကြသည့် ရော့ဒဝဲလ်၊ ပါလ်မာလ်၊ ဆေးလ်နှင့် ၎င်း ဂိုလီးယပ်စ် ကိုယ်တိုင်တို့၏ ဆန္ဒသာ ဖြစ်ပေသည်။ အစွလာမ် သာသနာဝင်များသည် ကုရ်အာန်ကျမ်းတော်အား ကိုယ်တော်မုဟမ္မဒ်၏ အမိန့်တော်၊ ပညတ်တော်၊ စကားတော်ဟူ၍ မည်သည့် အခြေအနေတွင်မှ လက်မခံခဲ့ပေ။ ပရမတ်ဘုရားရှင်ထံမှ ကိုယ်တော်မုဟမ္မဒ်၏ ထံ၌ သဗ္ဗညုတဉာဏ်စဉ်တော် ကိန်းဝပ်လျက် ပညတ်ပေးသော ကျမ်းတော်၊ ပညတ်တော်၊ စကားတော်ဟုသာ ယတိုပြတ် လက်ခံထားပေသည် (၂း၉၇)။ ထို့အပြင် ၎င်းက သူဘက်ဆွဲလိုသည့် "မုဟမ္မဒ်၏ အမိန့်တော်" ဟူသည့် အဓိပ္ပါယ် ဖြစ်ရန် **အမာလိမုဟမ္မဒ်** ဟု ဆိုခြင်းမှာလည်း ၎င်းကိုယ်တိုင် အာရ်ဗီစာပေ၌ လိမ္မာတတ်ကျွမ်းမှု အားနည်းကြောင်းကို ဖေါ်ပြနေပေသည်။ မုဟမ္မဒ်၏ အမိန့်တော်ဟူသည့် အဓိပ္ပါယ် ဖြစ်ရန် အာရ်ဗီဘာသာဖြင့် **ဗိအမွရိ မုဟမ္မဒ်** ဟုသာ ဆိုရမည် ဖြစ်ပြီး၊ ကျမ်းမြတ် ကုရ်အာန်တွင် ဖေါ်ပြသော အတိုကောက် စကားလုံး **အလက်ဖ်၊ လန်၊ မင်၊ الم** ကို **ဗိအမွရိ မုဟမ္မဒ်** ဟု စာလုံး ကောက်ယူ၍ မရပေ။ ဆရာတော် ရော့ဒဝဲလ်က ဓမ္မခန္ဓာ (၆၈) ၏ အစ အတိုကောက် အက္ခရာ **န် ဂ** ကို "ဤစကားလုံး အပါအဝင် ကုရ်အာန်တစ်အုပ်လုံးရှိ အတိုကောက် စာလုံးများကို အစွလာမ် သာသနာပေါ်ပြီး ပထမ ရာစုနှစ် ကုန်သည်အထိ မဟာမေဒင် (ခရစ်ယာန် သာသနာပြုများက အစွလာမ် သာသနာဝင်တို့အား ခေါ်သော အမည်) များ ကိုယ်တိုင် မသိခဲ့"ဟု ကျမ်းတော်၏ အချို့အစအနများကို နောက်ပိုင်းတွင်မှ ဖြည့်စွပ်ထားသယောင် စွပ်စွဲထားပေသည်။ ဤ စွပ်စွဲချက်မှာလည်း အစွလာမ် သာသနာအား မှေးမှိန်စေလိုသော ဆန္ဒမှအပ အစွလာမ် သာသနာနှင့် ကုရ်အာန်ကျမ်းတော်အား မည်သို့မည်ပုံမှတ်တမ်းတင်ခဲ့သည် ဆိုသော သမိုင်းကြောင်းအား မနှံ့စပ်၍သာ ဖြစ်ပေသည်၊ (၂း၂)။ အထက (ကျောင်း)၊ ခလရ (တပ်ရင်း) စသည် ကဲ့သို့ ဘာသာ စကားတိုင်းတွင် အတိုကောက် စာလုံးများ ရှိပေသည်။ အာရ်ဗီနေ့စဉ်သုံး စကားတွင်ပင် "မင်းလာဦးမလား၊"ဟု မေးသောအခါ၊ **ف** "ဖ" ဟု ပြန် ဖြေလျှင် ထို "ဖ"၏ အဓိပ္ပါယ်မှာ **ف ذهبَا** "**ဖ**သဟဘ်ဘ်နာ" ကျွန်ုပ်နဲ့အတူ သူလာပါစေဟု ပြန်ဖြေခြင်း ဖြစ်သည်၊ (E.W Lane အာရ်ဗီ အင်္ဂလိပ် ဝေါဟာရကျမ်း)။ ဤသို့ပင် ကျမ်းတော်၏ ဓမ္မခန္ဓာ (၂၊ ၃၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂) တို့တွင် ဖေါ်ပြသော **အလက်ဖ် လမ် မင် الم** မှ **အလက်ဖ် ا** သည် **ئا ا အန** ငါသည်၊ **လမ် ل** သည် **အလ္လာဟ် الله** ပရမတ်ဘုရားရှင်၊ **မင် م** သည် **အအာလာမု عَلَم ا** အသိဆုံးသော၊ ကုန်စင်သိသော ဟု ဆိုသည့် စကားလုံးများ၏ အတိုကောက် ဖြစ်သည်ဟု အိဗနိမာဆ်အုနှင့် အိဗနိအဗ္ဗာစ်တို့က သဘောတူ ဖွင့်ဆိုကြပေသည်၊ (အဘူယေယွန်ကျမ်း၊ အိဗနိ ဂျဗား ကျမ်း)။ ကျမ်းမြတ်ကုရ်အာန်အား မြန်မာဘာသာသို့ ပထဦးဆုံး ပြန်ဆိုခဲ့သော ဆရာကြီး ဦးကာလူ၏ လုံးချင်း အဖွင့်ကျမ်း ပထမတွဲတွင်လည်း ဤ အတိုင်းပင် ဖွင့်ဆိုထားပေသည်။ ထို့ကြောင့် **အလက်ဖ် လမ် မင် الم** ကို ဤ ဘာသာပြန်၌ **ငါသည် သိနေတော်မူသော ပရမတ်ဘုရားရှင် ဖြစ်တော်မူ၏** ဟု ပြန်ဆိုခြင်း ဖြစ်သည်။

၃။	**الَّذِينَ يُؤْمِنُونَ بِالْغَيْبِ وَيُقِيمُونَ الصَّلاةَ وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ۞** သူတို့သည်ကား စက္ခုလွန်များကို[၁၆] ယုံကြည်ကြ၏။ ဝတ်ပြု မြဲကြ၏[၁၇] ငါအရှင်ပေးရာ ရိက္ခာများမှ[၁၈] သုံးစွဲကြကုန်၏။
၄။	**والَّذِينَ يُؤْمِنُونَ بِمَا أُنزِلَ إِلَيْكَ وَمَا أُنزِلَ مِن قَبْلِكَ وَبِالآخِرَةِ هُمْ يُوقِنُونَ۞** သူတို့သည်ကား သင့်ထံသို့ ချမှတ်ပေးရာ၊ သင့် ရှေ့အလျင် ချမှတ်ပေးရာများကို[၁၉] ယုံကြည်ကြ၏။ နောင်ဘဝကိုလည်း ဒိဋ္ဌယုံကြည်ကြကုန်၏။[၂၀]

---

(၁၄) အာရဗီစကားတွင် အနီးညွှန်စကားလုံး 'ဤအရာ' ကို **ဟာဿာ** ဟုပြော၍၊ အဝေးညွှန် စကားလုံး 'ထိုအရာ'ကို **ဿာလိက ذٰلِكَ** ဟု ပြောပေသည်။ သို့သော် ဂုဏ်ဒြဗိမြင့်သော အရာ၏ အနီးညွှန်သော "ဤအရာ" ကို **ဿာလိက** ဟု ဆိုပေသည်၊ (E.W Lane အာရဗီ အင်္ဂလိပ် ဝေါဟာရကျမ်း)။

(၁၅) အစွယ်လာမ် မဟုတ်သော သာသနာပြု ဆရာတော်ကြီးများက ကုရ်အာန်ကျမ်းတော်သည် ကိုယ်တော်မုဟမ္မဒ် လက်ထက်တော်က မရှိသေးဘဲ ကိုယ်တော် ပရိနိဗ္ဗာန်ပြုပြီး ကာလကြာမှ တပည့်သာဝကများက စုဆောင်း မှတ်တမ်းတင်ကြသည်ဟု သူတို့လက်ကိုင်ပြုထားသော ကျမ်းစာများနှင့် အဆင့်တူရန် ရည်ရွယ်၍ အကြီးအကျယ် ပြောဆိုကြသည်။ ဉာဏ်စဉ်ဆောင် တစ်ပါး ပရိနိဗ္ဗာန်ပြုပြီးမှ တပည့်သာဝကများက မှတ်တမ်းတင်သော ကျမ်းစာသည် သဗ္ဗညုတဉာဏ်ဖြင့် ကိန်းဝပ်ပညတ်သည့် ဓမ္မတော်များမှာ မူရင်း စစ်စစ်မှ တိမ်းပါးသွားနိုင်သည် ဟူ၍ စောဒက ဝင်နိုင်ရန် ဖြစ်ပေသည်။ အချို့အစွယ်လာမ် ပညာရှင်များကလည်း ကုရ်အာန်ကျမ်းကို မူလအစတွင် နှတ်ငုံဆောင် ပုဂ္ဂိုလ်များ၏ နှတ်ငုံဆောင် လက်ဆင့်ကမ်းခဲ့၍ တတိယသမ္မတကြီး အူဆ်မန် လက်ထက်တွင်မှ ပေထက်အက္ခရာ တင်ခဲ့သည်ဟု လက်ခံထားကြပေသည်။ ထိုမျှပင် မကပေ၊ အစွယ်လာမ် သာသနာ၏ အဓိက ဂိုဏ်းကြီး နှစ်ဂိုဏ်းဖြစ်သော ဆွန္နီနှင့် ရှီယာ သည်ပင် ကုရ်အာန်ကျမ်းစာခြင်း မတူညီကြဟု ဝါဒဖြန့်ချိမှုများလည်း ရှိပေသည်။ ဤသို့ ရေးသားမှုများမှာ ရိုးသားဖြူစင်မှု မပါပေ။ ထိုအယူအဆ အားလုံးသည် မမှန်ကန်ကြောင်း ကျမ်းတော်၏ အစအဦး ဖြစ်သည့် ဤသုတ်တော်ကပင် ထောက်ပြထားပေသည်။ ဤသုတ်တော်က ကျမ်းတော်အား **အာ့လ်ကိတာ့ဘ် ٱلْكِتَٰب** (ဤစာအုပ်) ဟု ပြောထား၍ **အလ်ကိတာ့ဘ်** ဆိုသည်မှာ မြင်သာ ထင်ရှားသော စာလုံးများဖြင့် မှတ်တမ်းတင်ပြီး စာအုပ်အဖြစ် ပြည့်စုံစွာ စုစည်းပြီးသားကို ခေါ်ပေသည်။ နှတ်ငုံဆောင်ထားခြင်း တစ်မျိုးတည်း သို့မဟုတ် စာအုပ် အဖြစ် မစုပေါင်းရသေးသော စာရွက်စာတမ်း မှတ်တမ်းများကို **ကိတာ့ဘ်** ဟု ခေါ်ဆို၍ မရပေ။

(၁၆) စက္ခုလွန်။ မျက်ကွယ်ဟု အနက်ပေးသော **ဂိုက်ဘ် غَيْب** ကို ကျမ်းတော်တွင်း ပုံစံ ၆ မျိုး ဖြင့် အကြိမ် ၆၀ ဖော်ပြသည်။ ကန်းနေ၍ သို့မဟုတ် အမှန်တကယ် မရှိ၍ မမြင်ရခြင်းမျိုး မဟုတ်ပေ။ လူသား၏ မံသမျက်စိ (သာမန်မျက်စိ) ဖြင့် မြင်နိုင်အား မရှိသော– ပရမတ်ဘုရားရှင်၊ ဉာဏ်စဉ်တော်၊ နိဗ္ဗာန် နှင့် ငရဲများကို ဆိုပေသည်။ **غَيْب ဂိုက်ဘ်**၏ ရင်းမြစ်တူ စကားလုံး **بِغَائِبِينَ** ကို ၈၂း၁၃ တွင် "မျက်ကွယ်စီရင်ချက်" ဟု ဖော်ပြသည်။ မျက်ကွယ်စီရင်ချက် ဆိုသည်မှာ– စီရင်ချက်ချသည့် တရာရုံးသည်လည်းကောင်း၊ စီရင်ချက် ချခံရသည့်သူသည် လည်းကောင်း အမှန်တကယ် ရှိ၏၊ သို့သော် တရားခံဖြစ်သူမှာ အကြောင်း အမျိုးမျိုးကြောင့် ရုံးချိန်းလာရန် ပျက်ကွက်ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် အစွယ်လာမ် သာသနာက လက်ခံယုံကြည်စေသော **غَيْب ဂိုက်ဘ်** ဆိုသည်မှာ မသေချာသော ယောင်ဝါးဝါး ထင်မြင်ယူဆချက် မဟုတ်ပေ။

(၁၇) အာရဗီစကားလုံး **ဆွလာတ် صلاة** ကို ဖာရ်စီစကားလုံး **နမာ့ဇ်** ဆိုသည်နှင့် ဖလှယ်၍ နားလည်ထားကြသည်။ **ص ل و** မှ ဆင့်ပွားသော ဆွလာတ်ကို ကျမ်းတော်တွင် ပုံစံ ၄ မျိုးဖြင့် ၉၉ ကြိမ် ဖော်ပြသည်။ ဆွလာတ်ဝတ်ပြုသည်ဟု လည်းကောင်း၊ ဘုရားရှိခိုးသည်ဟု လည်းကောင်း ပြောဆိုမှုများလည်း ရှိသည်။ အစွယ်လာမ် သာသနာတွင် အကြောက်တရားဖြင့် ဒူးထောက်ဦးချ ကန်တော့ရန် အဆင်း သဏ္ဌာန်ရှိသော ဘုရား ဟူ၍ မရှိပေ။ ဆွလာတ်၏ အဓိပ္ပါယ်မှာ "ကွေးကောက်သည်ကို ဖြောင့်ခြင်း၊ မေတ္တာထားခြင်း၊ တသားတည်း ဖြစ်ရန်ပြုခြင်း"ဟူ၍ဖြစ်သည်၊ (၃း၅၄။ ၁၁း၈၇)။ အစွယ်လာမ်က ပြောဆိုသော ဆွလာတ် ဟူသည်– ကုရ်အာန်ကျမ်းမှ ပြဋ္ဌာန်းသည့် ကျမ်းချက်များအား လူတစ်ဦးချင်းမှ နားလည်ရန် သင်တန်းပေး၍ ထိုကျမ်းချက်မှ ကျင့်ဆောင်စေသည်များနှင့် တစ်သားတည်း ဖြစ်လာစေရန် လေ့ကျင့်မှုကို ခေါ်ဆိုသည်။ မေတ္တာထားတတ်မှုနှင့် တစ်လုံးတစ်ဝတည်း ဖြစ်ရန် ကျင့်ဆောင်ရသည့် ကျင့်စဉ်ဖြစ်သည်။

(၁၈) **ရဇ့ဂ်ိ رَزَق** ရိက္ခာဆိုသည်မှာ အစားအစာကိုသာ ဆိုလိုခြင်း မဟုတ်ပေ။ စားရေရိက္ခာ၊ ရွှေ၊ ငွေ၊ ရတနာ၊ အကြံ ဉာဏ်၊ ပညာ အားလုံးကို သဗ္ဗသတ္တာ သတ္တာဝါများအတွက် "စီးကြောင်း"ဟု အစွယ်လာမ်က သတ်မှတ်ပေသည်။ ကမ္ဘာ စကြာဝဠာ အလုံးစုံ၏ လည်ပတ် ရှင်သန်ရာ စီးကြောင်းသည် တနေရာရာတွင် ပိတ်ဆို့နေပါက လောကတစ်ခုလုံး အတွက် ပြဿနာ ပေါ်မည်ပင်၊ ထို့ကြောင့် အရာရာသော စီးကြောင်းများသည် သမမျှတစွာ စီးဆင်းနိုင်ရန် အစွယ်လာမ်က သွန်သင်ခြင်း ဖြစ်၍ ပရမတ်ဘုရားရှင်၏ ဓမ္မတော်ကို လိုက်နာ ကျင့်ဆောင်သူများသည်၊ လောက နိယမ၏ စီးကြောင်းများကို ဝေဂုနေကြပေသည်။ ထိုသို့သော လူသားများသည်သာ ပေါက်မြောက် အောင်မြင်ရမည်ဖြစ်သည်။ (၂း၅)

၅။	**أُوْلَـئِكَ عَلَى هُدًى مِّن رَّبِّهِمْ وَأُوْلَـئِكَ هُمُ الْمُفْلِحُونَ۞** ကံကြမ္မာရှင်၏ လမ်းညွှန်မှုၦ ရှိသော ထိုသူတို့သည်ကား အောင်မြင်ပေါက်မြောက်သူများ ဖြစ်ကြ၏။
၆။	**إِنَّ الَّذِينَ كَفَرُواْ سَوَاءٌ عَلَيْهِمْ أَأَنذَرْتَهُمْ أَمْ لَمْ تُنذِرْهُمْ لاَ يُؤْمِنُونَ۞** ဖုံးကွယ်သောသူတို့သည်၂၀ သူတို့အား သတိပေးသည် ဖြစ်စေ၊ သို့တည်းမဟုတ် သတိမပေးသည် ဖြစ်စေ အလားတူပင်၊ ယုံကြည်ကြမည် မဟုတ်ပေ။
၇။	**خَتَمَ اللّهُ عَلَى قُلُوبِهِمْ وَعَلَى سَمْعِهِمْ وَعَلَى أَبْصَارِهِمْ غِشَاوَةٌ وَلَهُمْ عَذَابٌ عظِيمٌ۞** ပရမတ်ဘုရားရှင်သည် သူတို့၏နှလုံးသားများ၊ သူတို့၏ကြားနာမှုများကို အဆုံးသတ်လိုက်ပြီ၂၁ သူတို့၏ အမြင်များ အပေါ် လွှမ်းခြုံမှု ရှိနေ၏။ သူတို့အတွက် မဟာ ဝဋ်ကြွေးကြီး ရှိနေ၏။
၈။	**وَمِنَ النَّاسِ مَن يَقُولُ آمَنَّا بِاللّهِ وَبِالْيَوْمِ الآخِرِ وَمَا هُم بِمُؤْمِنِينَ۞** လူတစ်ချို့က ''ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ပါ၏''ဟု ပြောကြ၏၊ သူတို့သည်ကား ယုံကြည်သူများ မဟုတ်ချေ။

---

(၁၉) **အွန်ဖိလ أُنزِلَ** သည် ရင်းမြစ် နဇလ **نزل** မှ ဖြစ်၍ အဓိပ္ပါယ်မှာ ချမှတ်သည်၊ သွန်းချသည်၊ အပေါ်မှ အောက်သို့ချပေးသည်ဟု အနက်ပေးသည်။ ထို့အပြင် ဉာဏ်စဉ်ဆောင်များထံသို့ သဗ္ဗညုတဉာဏ်တော် ကိန်းဝပ်ခံရခြင်းကိုလည်း ဤစကားလုံးကိုပင် သုံးပေသည်။ ဤသုတ်တော်၌ ''သင့်ထံသို့ ချမှတ်ပေးရာ'' ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်ထံမှ တစ်ဆင့် ကိန်းဝပ်ပြဋ္ဌာန်းပေးသော ကုရ်အာန်ကျမ်းတော်ကို ဆိုလို၍ ''သင့်အလျင်က ချမှတ်ပေးရာများ'' ဆိုသည်မှာ ဤဘဒ္ဒကမ္ပာ၌ ကိုယ်တော်မုဟမ္မဒ် မတိုင်မီ ရှေးက ဉာဏ်စဉ်ဆောင် (ပညတ်ဘုရားများ) များစွာ ပွင့်ပေါ်ခဲ့၍ ထို ကိုယ်တော်များ၏ထံသို့ ဉာဏ်စဉ်တော်အားဖြင့် ကိန်းဝပ်ပေးခဲ့သော တရားဓမ္မများကို ဆိုလိုပေသည်။ အစ္စလာမ်သာသနာဝင်များက ဘာသာရေး၌ အယူသည်းကြသည်ဟု ဆိုခြင်းကို မဟုတ်မှန်ကြောင်း ဤသုတ်တော်က ထောက်ပြထားပေသည်။ အစ္စလာမ်သာသနာသည် အခြားသော မည်သည့် ဘာသာတရားကိုမျှ မစော်ကား မပုတ်ခတ်သည့် အပြင် ထိုဘာသာတရားများရှိ မူရင်းစစ်စစ်တရား ဓမ္မများကိုပင် ယုံကြည်ရမည် ဟု သွန်သင်ပေသည်။

(၂၀) **ယုအ်ကိနူး يُوقِنُونَ** သည် ကျမ်းတော်တွင်း ပုံစံ ၅ မျိုးဖြင့် ၂၈ ဖေါ်ပြသော **ن ق ي ယကန** မှ ဆင်းသက်လာပြီး အဓိပ္ပါယ်မှာ ''စမ်းတဝါးဝါး မဟုတ်ဘဲ မျက်မြင်ဒိဋ္ဌ ယုံကြည်မှု''ကို ဆိုလိုသည်။

(၂၁) **ကာဖရ် كَفَرُواْ** ကို မိန္ဒာဒိဋ္ဌများ ဟု ဘာသာပြန်ကြလည်း ရှိပေသည်။ မူရင်း အဓိပ္ပါယ်နှင့် အလွန်တရာ နီးကပ်မှု ရှိသော်လည်း မူရင်းအနက်နှင့် တစ်ထပ်တည်း မကျပေ။ ၎င်း၏ ရင်းမြစ် စကားလုံးမှာ **ကဖရ** **كَفَر** ဖြစ်၍ ကျမ်းတော်တွင် ပုံစံ ၁၄ မျိုးဖြင့် ၅၂၅ ကြိမ် ဖေါ်ပြထားသည်။ တစ်စုံတစ်ရာအား သိလျက်နှင့် ဖုံးကွယ်ခြင်း၊ မယုံကြည်ခြင်း၊ ကျေးဇူးကန်းခြင်းများကို ဆိုပေသည်။ ကျမ်းတော်၌ **ကာဖရ်**ကို သာမန် အခြေအနေတွင် ''အမှန်တရားအား လက်ခံရန် ငြင်းပယ်သူ''ဟု သုံး၍ အမှန်တရားပေါ်၌ လက်ခံယုံကြည်သူတို့အား မလိုမုန်းထားပြု စစ်မက် တိုက်ခိုက်လာသော အခြေအနေတွင် ''ရန်သူ'' ဟူ၍ သုံးပေသည်။ မြန်မာလူမျိုးအချင်းချင်း– အုပ်စုကွဲစစ်ဖြစ်ကြသောအခါ အချင်းချင်း တစ်ဦးကို တစ်ဦး ရန်သူဟု သုံးသကဲ့သို့ပင်။ သို့သော် စစ်ဖြစ်နေသော အချိန် မဟုတ်ခဲ့လျှင် ''ရန်သူ'' ဟူ၍ လုံးဝ မသုံးသည့်အပြင် မပေါင်းမသင်းရဟုလည်း တားမြစ်ထားခြင်း မရှိပေ။

(၂၂) ''နားလည်မှုများအား အဆုံးသတ်လိုက်ပြီ'' မည်သူတစ်ဦးတစ်ယောက်ဟု ရွေးချယ် ပညတ်ထားခြင်း မဟုတ်ပေ။ ပရမတ်ဘုရားရှင် ပြဋ္ဌာန်းထားသော မူလ ပရမတ်ဓမ္မ အတိုင်းသာ အရာရာသည် ဖြစ်တည်နေပေသည်။ ရေခဲကို ကိုင်လျှင်အေးမည်၊ မီးကိုထိလျှင် ပူမည်ဟူသော အခြေခံသဘောတရားကို မည်သည့် အခြေအနေတွင်မှ မပြောင်းလဲစေပေ။ ''ဖုံးကွယ်သူတို့၏ ခံစားနိုင်မှု၊ နားလည် သဘောပေါက်နိုင်မှု စွမ်းရည်များကို အဆုံးသတ်ထားသည်'' ဆိုခြင်းမှာ တစ်စုံတစ်ရာ၏ အမှန်ကို သိလာငြားလည်း ၎င်းတို့ဘာသာ ၎င်းတို့ ဖုံးကွယ် ငြင်းပယ်ခြင်းကြောင့်သာ ဖြစ်ပေသည်။ အမှန်နှင့် အမှားကို ခွဲခြား သိလိုစိတ် မရှိသော၊ စူးစမ်းလိုစိတ် မရှိသောသူ၏ ဦးနှောက် အရည်အသွေးမှာ ရပ်တန့် ပိတ်ဆို့နေမည်သာ ဖြစ်ပေသည်။

၉။	**يُخَادِعُونَ اللهَ وَالَّذِينَ آمَنُوا وَمَا يَخْدَعُونَ إِلاَّ أَنفُسَهُم وَمَا يَشْعُرُونَ۞** ပရမတ်ဘုရားရှင်နှင့် ယုံကြည်သောသူတို့အား လှည့်စားလိုသော ထိုသူတို့သည် မိမိတို့၏ ဉာဉ်စရိုက်ကိုသာ[၃၃] လှည့်စားမိကြပြီ၊ သူတို့ကား သတိမမူနိုင်ကြပေ။
၁၀။	**فِي قُلُوبِهِم مَّرَضٌ فَزَادَهُمُ اللهُ مَرَضاً وَلَهُم عَذَابٌ أَلِيمٌ بِمَا كَانُوا يَكْذِبُونَ۞** သူတို့၏နှလုံးသားဦး ရောဂါရှိနေ၏၊ ပရမတ်ဘုရားရှင်သည် သူတို့၏ရောဂါကို တိုးစေတော်မူပြီ၊ သူတို့၏ ငြင်းဆန်မှုများကြောင့် စူးနစ်သော ဝဋ်ကြွေးသည် ရှိနေ၏။[၃၄]
၁၁။	**وَإِذَا قِيلَ لَهُمْ لاَ تُفْسِدُواْ فِي الأَرْضِ قَالُواْ إِنَّمَا نَحْنُ مُصْلِحُونَ۞** သူတို့အား ''မြေကမ္ဘာ၌ အဖျက်မလုပ်နှင့်၊''ဟု ပြောသောအခါ၊ ''ကျွန်ုပ်တို့သည် ပြုပြင်သူများ ဖြစ်ကြ၏၊''ဟု ပြောကြ၏။
၁၂။	**أَلا إِنَّهُمْ هُمُ الْمُفْسِدُونَ وَلَكِن لاَّ يَشْعُرُونَ۞** သူတို့သည် အဖျက်ကောင်များသာ ဖြစ်ကြ၏။ ၊ သို့သော် သူတို့ကား သတိမမူနိုင်ကြပေ။
၁၃။ ရူးမိုက်သူ	**وَإِذَا قِيلَ لَهُمْ آمِنُواْ كَمَا آمَنَ النَّاسُ قَالُواْ أَنُؤْمِنُ كَمَا آمَنَ السُّفَهَاء أَلا إِنَّهُمْ هُمُ السُّفَهَاء وَلَكِن لاَّ يَعْلَمُونَ۞** ယုံကြည်သူတို့ ကဲ့သို့ ယုံကြည်ကြရန် သူတို့အား ပြောသောအခါ၊ ''**တုံးအသူ**များကဲ့သို့ ကျွန်ုပ်တို့ ယုံကြည်ရမည်လော၊''ဟု ပြန်ပြောကြ၏၊ သူတို့သည်သာ **တုံးအသူ**များ ဖြစ်ချေပြီ၊ သို့သော် သူတို့သည် သိကြသည်မဟုတ်ပေ။
၁၄။	**وَإِذَا لَقُواْ الَّذِينَ آمَنُواْ قَالُواْ آمَنَّا وَإِذَا خَلَوْاْ إِلَى شَيَاطِينِهِمْ قَالُواْ إِنَّا مَعَكُمْ إِنَّمَا نَحْنُ مُسْتَهْزِؤُونَ۞** တဖန်၊ ယုံကြည်သောသူများနှင့် ဆုံသောအခါ၊ ''ကျွန်ုပ်တို့လည်း ယုံကြည်ကြ၏၊''ဟု ပြောလျက်၊ သူတို့ မကောင်းဆိုးဝါးချည်း[၃၅] စုမိလျှင် ''သင်တို့နှင့် ကျွန်ုပ်တို့ အတူတူပင်ရှိ၏၊ ကျွန်ုပ်တို့သည် လှောင်ပြောင်သူများပင်၊''ဟု ပြောကြ၏။

---

(၃၃) **အနိုးဖုဆဟွမိး နံဖ်ဆဲ** **أَنفُسَهُم** သည် ကျမ်းတော်တွင် ပုံစံ ၄ မျိုးဖြင့် ၂၉၈ ကြိမ် ဖော်ပြသော **နာ့ဖ်ဆွန်** **نفس** ၏ အများပြုဖြစ်၍ ''မိမိကိုယ်မိမိ''ဟု ခန္ဓာကိုယ်ကို ရည်ညွှန်း၍ ဘာသာပြန်ဆိုကြသည်လည်း ရှိပေသည်။ ထိုသို့ပြန်ဆိုခြင်းမှာ ကျမ်းတော်၏ ရှေ့နောက် ကိုက်ညီမှု အတွက် မှန်ကန်သော ဘာသာပြန်မှု ဖြစ်သော်လည်း ခန္ဓာကိုယ်ကို ရည်ညွှန်းခြင်းမှာ ကိုက်ညီမှု မရှိပေ။ အဘယ်ကြောင့်ဆိုသော် ကျမ်းတော်တွင် **နာ့ဖ်ဆွန်**ကို ပရမတ်ဘုရားရှင် အတွက် (၆)ကြိမ် သုံးထားပေသည်။ ''အရှင်သည် မိမိ၏ဉာဉ်တော်အား ကရုဏာတော် အဖြစ် ပြဋ္ဌာန်းထားတော်မူသည်၊'' (၆း၁၂)၊ ဟု ဆိုထားသည်။ ပရမတ်ဘုရားရှင်သည် ခန္ဓာကိုယ်တော် (အတွင်း)အဖြစ် တည်ရှိခြင်း မဟုတ်ပေ။ ထို့ကြောင့် ခန္ဓာကိုယ်ဟု ကောက်ယူ၍ မရချေ၊ **နာ့ဖ်ဆွန်** ဆိုသည်မှာ ''သဘောထား ခံယူချက်''ကို ကိုယ်စားပြုသည့် ''ဉာဉ်စရိုက်'' သို့မဟုတ် ''စိတ်ဆန္ဒ'' သာလျှင် ဖြစ်ပေသည်။ ရံဖန်ရံခါ ''စရိုက် တူသော လူမျိုးစု''ကိုလည်း ခေါ်ပေသည်။

(၃၄) **အဿဒ့ဘ် ဗဲဒ်ဒ်** **عَذَابٌ** (အချို့က အဇ့ဘ်ဟု အသံထွက်) ကို အပြစ်ဒဏ်ချမှတ်သည်၊ ပြစ်ဒဏ်ခံရသည်ဟု ဘာသာ ပြန်ဆိုကြသည်၊ ပရမတ်ဘုရားရှင်က တရားသူကြီးကဲ့သို့ လူသားအား ချမှတ်သော ပြစ်ဒဏ် မဟုတ်ပေ။ ပြဋ္ဌာန်းသတ်မှတ်ပြီးသား ပြစ်ဒဏ် ဖြစ်သည်။ လူသားသည် မိမိ၏ လုပ်ရပ် အကျိုးအတွက် မိမိဖာသာမိမိ ဆွတ်ခူးရရှိသော ဆုလဒ်သာ ဖြစ်ပေသည်။ ထို့ကြောင့် ဤနေရာ၌ ဝဋ်ကြွေးဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် ဝဋ်ဒုက္ခတစ်ခုကို ပြောတိုင်း အဘယ့်ကြောင့်ဟူသော အကြောင်းပြချက်ကို တင်ပြမြဲ ဖြစ်ပေသည်။

(၃၅) မကောင်းဆိုးဝါး **ရွိုင်တွန် ဗဲယာ်ဒ်** **شَيَاطِينِهِمْ** ဆိုသည်မှာ တရွေ့၊ သရဲ၊ နာနာဘာဝများကို ဆိုလိုခြင်း မဟုတ်ပေ။ မကောင်းမှုဌ၌ လှုံ့ဆော်သော သူများကို ခေါ်ပေသည် (၃း၁၇၅)။ နှုတ်သရမ်းသော၊ အမိန့်မနာခံသောသူများကို အာရဗ်များက မကောင်းဆိုးဝါး **ရွိုင်တွန်** ဟု ခေါ်ပေသည်(ရာဗိကျမ်း)။ မကောင်းဆိုးဝါးမှာ နှစ်မျိုးရှိ၍ သူတစ်ပါးကို လမ်းမှားသို့ မြှူဆွယ်သောသူတို့အား **ရွိုင်တွန်**ဟု ခေါ်ကာ၊ မိမိကိုယ်မိမိသာ မာနတက်လျက် လမ်းမှားထဲ၌ ရှိနေသူကို **အီဗလီးဆ်** ဟုခေါ်ပေသည်။ (၂း၃၄)၏ ရှင်းလင်းချက်တွင် အီဗလီးဆ်၏ အဓိပ္ပါယ်ကို ကြည့်ပါ။

၁၅။	**اللّهُ يَسْتَهْزِىءُ بِهِمْ وَيَمُدُّهُمْ فِي طُغْيَانِهِمْ يَعْمَهُونَ۝** ပရမတ်ဘုရားရှင်သည် လှောင်ပြောင်မှုကို သူတို့ဘက်သို့ တိုးရွေ့စေပြီ၊ သူတို့မှာ စည်းဖျက်မှုထဲ၌ မျက်ကန်းတောတိုး ဖြစ်ကြ၏။
၁၆။	**أُوْلَئِكَ الَّذِينَ اشْتَرُواْ الضَّلاَلَةَ بِالْهُدَى فَمَا رَبِحَت تِّجَارَتُهُمْ وَمَا كَانُواْ مُهْتَدِينَ۝** သူတို့သည် လမ်းညွှန်မှန်ကို လမ်းလွဲဖြင့် ဖလှယ်သောသူတို့ဖြစ်၏၊ သူတို့၏ ရောင်းဝယ်မှု၌ အမြတ်မရှိ၊ လမ်းညွှန်ခံ ရမည့်သူများ မဟုတ်ချေ။
၁၇။	**مَثَلُهُمْ كَمَثَلِ الَّذِي اسْتَوْقَدَ نَاراً فَلَمَّا أَضَاءتْ مَا حَوْلَهُ ذَهَبَ اللّهُ بِنُورِهِمْ وَتَرَكَهُمْ فِي ظُلُمَاتٍ لاَّ يُبْصِرُونَ۝** သူတို့၏ပမာကား မီးမွှေးသောသူကဲ့သို့ ဖြစ်၏၊ သူ၏ပတ်လည်၌ မီးရောင်တောက်ပစဉ် ပရမတ်ဘုရားရှင်က ၎င်း၏ အထဲမှ အလင်းကို သိမ်းယူလိုက်ပြီး သူတို့အား မှောင်အတိတွင် ချန်ထားလိုက်၏၊ သူတို့ မြင်နိုင်တော့မည် မဟုတ်ချေ။[၂၆]
၁၈။	**صُمٌّ بُكْمٌ عُمْيٌ فَهُمْ لاَ يَرْجِعُونَ۝** ပင်းသူ၊ အသူ၊ ကန်းသူ၊ ထိုသူတို့သည် ဦးလှည့်ကြမည် မဟုတ်ချေ။
၁၉။	**أَوْ كَصَيِّبٍ مِّنَ السَّمَاء فِيهِ ظُلُمَاتٌ وَرَعْدٌ وَبَرْقٌ يَجْعَلُونَ أَصَابِعَهُمْ فِي آذَانِهِم مِّنَ الصَّوَاعِقِ حَذَرَ الْمَوْتِ واللّهُ مُحِيطٌ بِالْكافِرِين۝** သို့တည်းမဟုတ် ကောင်းကင်ယံမှ ထိခိုက်မှုအလား အမှောင်စီး၊ မိုးကြိုးပစ်၊ လျှပ်ပြက်ချိန်၌ လျှပ်စစ်ကွင်းကြောင့် ထွက်သက်ကို သတိဝင်လျက် သူတို့၏ နားများကို လက်ချောင်းများဖြင့် စီစဉ်နေကြ၏၊ ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သူတို့အား ဝိုင်းဝန်းထားလေ၏။[၂၇]
၂၀။ ✡ ၂၇၀	**يَكَادُ الْبَرْقُ يَخْطَفُ أَبْصَارَهُمْ كُلَّمَا أَضَاء لَهُم مَّشَوْاْ فِيهِ وَإِذَا أَظْلَمَ عَلَيْهِمْ قَامُواْ وَلَوْ شَاء اللّهُ لَذَهَبَ بِسَمْعِهِمْ وَأَبْصَارِهِمْ إِنَّ اللّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ۝** သူတို့၏ အမြင်အား သိမ်းသွား လုနီး ဖြစ်သော လျှပ်စက်ကွင်း၌၊ လင်းလက်စဉ် သွားလာကြ၍၊ သူတို့အား အမိုက် မှောင်စီးတိုင်း ရပ်နေကြ၏၊ ပရမတ်ဘုရားရှင်သည် စံချိန်အတိုင်း✡ သူတို့၏ အကြား အမြင်ကို ရုတ်သိမ်းနိုင်တော်မူ၏

---

(၂၆) မီးရောင်ထဲမှ အလင်းဓါတ်ကို သိမ်းယူလိုက်သည်ဟု ဆိုခြင်းမှာ တရားဓမ္မထဲမှ ဉာဏ်စဉ်တော်ဓါတ်ကို ရုတ်သိမ်းလိုက်ခြင်း ဖြစ်သည်။ တနည်း အားဖြင့် ပဋိသန္ဓိဒါခေတ် ကုန်ဆုံးခြင်းကို ခေါ်ပေသည်။ ဉာဏ်စဉ်ဆောင်တစ်ပါး ပွင့်ပေါ်ပြီး သူ၏ပတ်ဝန်းကျင် လူမျိုးများအတွက် တရား အလင်း ရောင် တောက်ပနေစဉ် ထိုတရားအလင်းရောင်အား မိရိုးဖလာ အပါယ်တရားများဖြင့် ရောယှက် ဖလှယ်သောကြောင့် လမ်းညွှန် ပျောက်ရခြင်း တရားအလင်းရောင် ပျောက်ရခြင်းကို သုတ်တော် (၁၆–၁၇) တို့က တင်ပြခြင်း ဖြစ်သည်။ အစွယ်လာမ် သာသနာတွင် မူရင်းဓမ္မ ကျမ်းမြတ် ကုရ်အာန်မှာ ခိုင်မာစွာ တည်ရှိနေခြင်းဖြင့် အတ္တပဋိသန္ဓိဒါ (တရားကိုယ်ကို ထိုးထွင်းသိနိုင်မှု)၊ ဓမ္မပဋိသန္ဓိဒါ (တရားဓမ္မကို ထိုးထွင်းသိနိုင်မှု)၊ နိဂ္ဂတ္ထိ ပဋိသန္ဓိဒါ (တရားစာ၏ သဒ္ဒါအား ထိုးထွင်းသိနိုင်မှု)၊ ပဋိဘာနပဋိသန္ဓိဒါ (တရားဓမ္မအား နက်နဲစွာ ထိုးထွင်းသိနိုင်မှု) တို့ ကွယ်ပျောက် နိုင်မည် မဟုတ်ပေ။

(၂၇) ကောင်းကင် ဆိုသည်မှာ မြင့်မြတ်သောနေရာကို တင်စား၍ မိုးကြိုးသွန်းသည် ဆိုခြင်းမှာ ဉာဏ်စဉ်တော် သွန်းဖြိုး ကိန်းဝပ်ခြင်းကို ပမာပေးခြင်း ဖြစ်ပေသည်။ အမှောင်စီးခြင်း၊ မိုးချုန်းခြင်းများမှာ အမှန်တရားနှင့် အတူအကွ ပါမြဲဖြစ်သော ကိုယ်စိတ်နှစ်ပါး ပင်ပန်းရမှုများ ဖြစ်သည့် စမ်းသပ်မှု၊ ပူဆွေးရမှုကို ပုံဆောင်ခြင်း ဖြစ်ပေသည်။ လျှပ်ပြက်သည် လျှပ်စီးလက်သည် ဆိုခြင်းမှာ အမှန်တရားနှင့် ပါလာသော ကောင်းသတင်း သို့မဟုတ် မျှော်လင့်ချက်ရောင်ခြည် ဖြစ်၍ အမှန်တရားသည် မပေးဆပ်ဘဲ ရနိုင်သောအရာ မဟုတ်ဆိုသည်ကို ပုံဆောင်ခြင်း ဖြစ်သည်။ ထိုထွန်းလင်း တောက်ပသော အမှန်တရားကြောင့် မိမိ၏ အယူစွဲ အယူဟောင်းများကို ပါယ်သတ်ရမည်ဟု ဖြစ်၍ ထိပ်တိုက်တိုး လာသောအခါ အချို့သောသူများမှာ ထိုအမှန်တရားဆိုသည်ကို မကြားလို မနာလိုကြတော့ဘဲ ဖုံးကွယ်ရန် ကြိုးစားတော့၏ဟု ကျမ်းမြတ်ကုရ်အာန်က ဆိုသည်။

	ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။[၂၈]
၂၁။	**يَا أَيُّهَا النَّاسُ اعْبُدُواْ رَبَّكُمُ الَّذِي خَلَقَكُمْ وَالَّذِينَ مِن قَبْلِكُمْ لَعَلَّكُمْ تَتَّقُونَ۝** အို–လူသားတို့၊ သင်တို့ စည်းစောင့်နိုင်အံ့ဌာ– သင်တို့နှင့် သင်တို့၏ ရှေ့အလျင် ဖြစ်သူများအား ဖြစ်တည်စေသည့်၊ သင်တို့၏ ကံကြမ္မာရှင်အား ကိုးကွယ်ကြကုန်လော့။[၂၉]
၂၂။	**الَّذِي جَعَلَ لَكُمُ الأَرْضَ فِرَاشاً وَالسَّمَاء بِنَاء وَأَنزَلَ مِنَ السَّمَاء مَاء فَأَخْرَجَ بِهِ مِنَ الثَّمَرَاتِ رِزْقاً لَّكُمْ فَلاَ تَجْعَلُواْ لِلّهِ أَندَاداً وَأَنتُمْ تَعْلَمُونَ۝** အရှင်သည် သင်တို့အတွက် မြေပြင်ကို နားခိုရာနှင့်၊ ကောင်းကင်ကို ထပ်ခိုးအဖြစ်[၃၀] စီစဉ်ပေးသော အရှင်ဖြစ်၏၊ ကောင်းကင်ယံမှ ချပေးသော ရေဖြင့် ပေါက်ပွားစေသည့် သီးနှံများမှ သင်တို့အတွက် အစာရိက္ခာ ဖြစ်စေ၏၊ သို့–သိနေပါလျက် ပရမတ်ဘုရားရှင်အား ဂုဏ်တုပြိုင်ဘက် မစီစဉ်ကြနှင့်။
၂၃။	**وَإِن كُنتُمْ فِي رَيْبٍ مِّمَّا نَزَّلْنَا عَلَى عَبْدِنَا فَأْتُواْ بِسُورَةٍ مِّن مِّثْلِهِ وَادْعُواْ شُهَدَاءكُم مِّن دُونِ اللّهِ إِنْ كُنْتُمْ صَادِقِينَ۝** ငါ၏ အမှုတော်ဆောင်သို့ ချမှတ်ပေးရာ၌ သင်တို့ သံသယဖြစ်ကြလျှင် ၎င်းမှ ဓမ္မခန္ဓာ တစ်ခုကဲ့သို့ ပေးအပ်ကြလော့၊ သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့၏ သက်သေများကို ခေါ်ကြလော့။[၃၀]

---

(၂၈) ဤသုတ်တော်သည် စိတ်နှစ်ခွရှိသော သီလကြောင်များ၏ သဘာဝကို ပမာပေးခြင်း ဖြစ်၏။ သူတို့သည် သူတို့ လိုဘပြည့်သည်ဟု ယူဆသော အခါ အမှန်တရားကို ကြိတ်မှိတ်မြိုချကြ၍၊ သူတို့ ရမက်နှင့် မကိုက်ညီသောအခါ အမှန်တရားကို စွန့်ပစ်ကြကုန်သည်။ ဤသဘောမျိုးကို ကျမ်းတော်၏ (၂၂း၁၁)တွင်လည်း ''လူတို့အနက် **လှည့်ပြောင်းနိုင်သောနေရာမှ** ပရမတ်ဘုရားရှင်အား ကိုးကွယ်ဆည်းကပ်သူ ရှိ၏။ သူ့အား ကောင်းကျိုး ထိသက်လျှင် ထို၌ ဘဝင်ကျလျက်၊ သူ့အား စမ်းသပ်မှု ထိသက်လျှင် မျက်နှာမူ ဦးလှည့်၏။''ဟု ဆိုထားပေသည်။

(၂၉) ဤသုတ်တော်က ပရမတ်ဘုရားရှင်သည် လူသားအပေါင်းအား ဖြစ်တည်စေသော အရှင်ဖြစ်သည်ဟု ဆိုထားသည့် မြောက်များစွာသော သုတ်တော်များအနက်မှ ပထဦးဆုံး သုတ်တော် ဖြစ်ပေသည်။ သုတ်တော် (၂၀)တွင်လည်း '' ဇကန်ပင် ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား စည်းချိန်ချမှတ် နိုင်ပေသတည်း၊''ဟု ဖေါ်ပြခဲ့သည့်အတွက် မြန်မာထေရဝါဒ ဗုဒ္ဓဘာသာဝင် စာဖတ်သူများ အတွက် စိမ်းနေကောင်း စိမ်းနေနိုင်ပေသည်။ ဤအယူအဆမျိုးကို ထေရဝါဒ ဗုဒ္ဓဘာသာ၏ အဓိပတိ ဆရာတော်ကြီး ဖြစ်သည့် ရှင်ဗုဒ္ဓဃောသ ပြုပြင်စီရင်သော ''အဋ္ဌသာလိနီကျမ်း၊ ဝိသတိဝန္ဒနာ''တွင် **ဂရုဏာဝိယ သတ္တေသု၊ ပညာရသမဟေသိနော၊ ညေယမ္မေသု၊ ယထ္ထာယုဇိ၊ ပဝတ္တိတ္ထ၊ မဟေသိနော၊** ဘုရားသခင်သည် ဂရုဏာတော်အားဖြင့်၊ သတ္တဝါအပေါင်းတို့နှင့် ညေယဓံတရားငါးပါးတို့ကို ယထ္ထာယုဇိ အလိုတော်ရှိသည် အတိုင်း ပဝတ္တိတ္ထ ဖြစ်တော် မူလေကုန်ပြီ။ ဟု ရှင်းထားပေသည်။ ဤသည်နှင့် အယူအဆ တူညီသော ရှင်းလင်းချက်များကို သုံးဆယ်မြို့ ဘုရားဒကာ ဦးလူငယ် ပြုစုသော သဗ္ဗညုတ ဓိဇ်ဆာ မဏိကျမ်း၏ စာမျက်နှာ (၄–၅)တွင် ပြဆိုထားသည်ကို တွေ့ရပေသည်။ ကမ္ဘာ စကြာဝဠာသည် ဖြစ်တည်စေသော မူလအစ လက်သည် မရှိဘဲ ကျိုးကြောင်း တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာရသည်ဟု ဆိုခြင်းကို သေကျွတောင်ဆရာတော် အရှင်တိလောကကလည်း လက်မခံပေ။ ဆရာတော် ရေးသားပြုစုသော ပဏ္ဏိတဝေဒနီယ ဒီပနီကျမ်း၏ စာမျက်မှာ ၁၈၈ မှ ၁၉၁ တွင် အကျယ်တဝန်း ရှင်းပြထားပေသည်။

(၃၀) ဤနေရာတွင် ထပ်ခိုး ဟု ဘာသာပြန်သော **ဘနားအံ့ ဧ၌** သည် ကိုယ်ထည်တည်ဆောက်မှု ဍ ဏ ဗ မှ ဆင့်ပွားခြင်း ဖြစ်၍ ကျမ်းတော်တွင် ထိုရင်းမြစ် ဝေါဟာရမှ ဆင့်ပွား စကားလုံး ၁၈၄ ကြိမ်ပါဝင်သည်။ မိဘမှ ကိုယ်ထည်တည်ဆောက်ပေးရသော သား။ သမီး– ဆိုသည့် စကားလုံးများ ကိုလည်း သုံးပေသည်။ ကြယ်၊ လ၊ နေ နှင့် အာကာသအတွင်း ပါဝင်သော အရာအပေါင်းသည် အချင်းချင်း တည်မှီဆက်စပ်နေသာ ကိုယ်ထည် တစ်ခု ဖြစ်သည် ဟု တိကျစွာ ဖေါ်ပြထားခြင်း ဖြစ်ပေသည်၊ အချင်းချင်း ဆက်စပ်မှီတည်မှုမှ ကင်းလွတ်နိုင်ခြင်း မရှိချေ။ ထို့အပြင် မိုးရွာသွန်းခြင်းသည် အာကာသ ကောင်းကင် တစ်ပြင်လုံးမှ ရွာသွန်းခြင်း မဟုတ်ဘဲ မိုးတိမ်မိုးသား အဖြစ် ကိုယ်ထည် တည်ဆောက်ထားသော မိုးသားထုမှ ရွာသွန်းခြင်း ဖြစ်သည်ဟုလည်း နားလည်နိုင်ပေသည်။

(၃၁) ငါ၏အမှုတော်ဆောင်သို့ ချမှတ်ပေးရာ ဆိုသည်မှာ ဤကုရ်အာန်ကျမ်းတော်ကို ဆိုလို၍ (၂း၄)၊ အလားတူ ကြေငြာချက်မျိုးကို (၁၀း၃၈) ၌ တွေ့ရပြီး၊ (၁၁း၁၃)တွင် သံသယဖြစ်သူတို့အား ဓမ္မခန္ဓာ(၁၀)ခု ထုတ်လုပ်ကြရန် ကြေငြာထားပေသည်။ (၁၇း၈၈)တွင် လူမျိုးနွယ် အားလုံးသည် ဤကုရ်အာန်ကဲ့သို့ ကျမ်းစာတစ်အုပ်ကို မထုတ်လုပ်နိုင်ကြောင်းကို ကြေငြာထားပေသည်။ စာသွားစာဟန်၊ စာအုပ်ပုံစံကို ဆိုလိုခြင်း မဟုတ်ပေ။ သဗ္ဗညုတဉာဏ်စဉ်တော်အား တိုက်ရိုက် မှတ်တမ်းတင်ထားခြင်း ဖြစ်၍ စာပေ၏ သြဇာညောင်းမှု၊ လမ်းညွှန်တရားပေးမှု၊ အတုမဲ့ ပြိုင်ဘက်ကင်းမှု၊

၂၄။	**فَإِن لَّمْ تَفْعَلُواْ وَلَن تَفْعَلُواْ فَاتَّقُواْ النَّارَ الَّتِي وَقُودُهَا النَّاسُ وَالْحِجَارَةُ أُعِدَّتْ لِلْكَافِرِينَ۞** သင်တို့ မပြုလုပ်နိုင်ခဲ့၊ ပြုလုပ်နိုင်မည်လည်း မဟုတ်ချေ။ ထို့ကြောင့် လူသားများ၊ ကျောက်သားများကို လောင်စာလုပ်လျက် ဖုံးကွယ်သူများအတွက် တွက်ချက်ပြင်ဆင်ထားသော မီးမှ ကင်းရန် စည်းစောင့်ကြလော့။[၃၂]
☆၂း၃၉	**وَبَشِّرِ الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ أَنَّ لَهُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ كُلَّمَا رُزِقُواْ مِنْهَا مِن ثَمَرَةٍ رِّزْقاً قَالُواْ هَذَا الَّذِي رُزِقْنَا مِن قَبْلُ وَأُتُواْ بِهِ مُتَشَابِهاً وَلَهُمْ فِيهَا أَزْوَاجٌ مُّطَهَّرَةٌ وَهُمْ فِيهَا خَالِدُونَ۞** ယုံကြည်၍ ပြုပြင်ပြောင်းလဲမှုကျင့်ကြံသောသူ၊ ထိုသူတို့အတွက် ရိက္ခာများ ရှိသည့် အောက်ခင်း၌ စမ်းချောင်းရေသွင်စီးဆင်းနေသော ဥယျာဉ်များ[၃၃] ထို၌ ''ရှေ့ယခင်က ကျွန်ုပ်တို့ ရိက္ခာရဘူးပါ၏။''ဟု အချိန်တိုင်း ပြောရလောက်သော ဆင်တူ သီးနှံ ရိက္ခာများဖြင့် ချီးမြှင့်ခံရမည့် အကြောင်း၊ သန့်စင်သည့် စုဖွဲ့ဖော်များ[၃၄]ရှိကြောင်း၊ အစဉ်စံစားရမည်ဖြစ်ကြောင်း☆ သတင်းကောင်းကိုပါးလော့။
၂၆။	**إِنَّ اللَّهَ لاَ يَسْتَحْيِي أَن يَضْرِبَ مَثَلاً مَّا بَعُوضَةً فَمَا فَوْقَهَا فَأَمَّا الَّذِينَ آمَنُواْ فَيَعْلَمُونَ أَنَّهُ الْحَقُّ مِن رَّبِّهِمْ وَأَمَّا الَّذِينَ كَفَرُواْ فَيَقُولُونَ مَاذَا أَرَادَ اللَّهُ بِهَذَا مَثَلاً يُضِلُّ بِهِ كَثِيراً وَيَهْدِي بِهِ كَثِيراً وَمَا يُضِلُّ بِهِ إِلاَّ الْفَاسِقِينَ۞** ပရမတ်ဘုရားရှင်သည် မည်သည့် ပမာဖြင့် ဥပမာပေးမှုကို မဆို– ခြင်မတစ်ကောင်မျှ ထိုထက်မကပင် ဖြစ်စေကာမူ ရှက်ဘွယ်လိလိဟု မသတ်မှတ်ပေ။ ယုံကြည်သောသူများကမူ ၎င်းသည်ပင် ကံကြမ္မာရှင်၏ထံမှ သစ္စာတရားဟု သိကြလတ္တံ့၊ ဖုံးကွယ်သောသူများကမူ ''ပရမတ်ဘုရားရှင်က ဤပမာဖြင့် ဘာကို ဆိုလိုသနည်း၊''ဟု ပြောလိုကြ၏။

လိုတိုးပိုလျော့ တည်းဖြတ်ခြင်းမှ ကင်းမှန်ခဲ့ အစဉ်အမြဲ ခေတ်မှီနေမှုများကို ဆိုလိုခြင်း ဖြစ်ပေသည်။ အယူအဆကွဲ ဂိုဏ်းများစွာ ရှိနေငြားသော်လည်း လူသန်းပေါင်းများစွာက ချွင်းချက်မရှိ တစ်လုံး တစ်ပါဒမလွဲ လက်ခံ ယုံကြည်နေခြင်းက ဤကြေငြာချက် ခိုင်မာကြောင်း သက်သေတစ်ရပ်ပင်။

(၃၂) ကျောက်သားဆိုသည်မှာ အမြင်တို့၍ မောက်မာသောသူများ၊ မာကြောခက်ထန်သော နှလုံးသားများကို ကိုယ်စားပြုပေသည် (၂း၇၄)။ မီးဆိုသည်မှာ စစ်မက် ဖြစ်ပွားခြင်းကို ကိုယ်စားပြုပေသည် (၅း၆၄)

(၃၃) ပိဋကတ်တော်မှ ဗောဓိ ဆိုသည်ကို ''ဗောဓိပင်၊ အရိယမဂ်၊ သမ္မာသမ္ဗောဓိဆုနှင့် နိဗ္ဗာန်''တို့ဟု ဖွင့်ဆိုသကဲ့သို့ (စရိယာပိဋကတ်ဋ္ဌကထာ၊ နိဒါန ကထာ ၁၈)။ ကုရ်အာန်ကျမ်းတော်တွင်လည်း ဥယျာဉ် ဆိုသည်မှာ သာယာသောဘဝ၊ သုခဘုံနှင့် စနစ်တကျ စိုက်ပျိုးထားသော အပင်များကို ကိုယ်စားပြုပေသည်၊ ဤသုတ်တော်မှ ''ဥယျာဉ်''သည် ကောင်းမှုဆောင်တာ ပြုသူများ ခံစားရမည့် အသီးအပွင့်များကို တင်စားခြင်း ဖြစ်ပြီး၊ ''စမ်းချောင်း''မှာ ထိုသူတော်ကောင်းများ ပြုကျင့်ခဲ့သည့် ကောင်းမှုမျိုးစေ့များ ပေါက်ပွားစေမည့် ''ကုသိုလ်အကျိုးဆက်''ကို တင်စားခြင်း ဖြစ်ပေသည်။ ကောင်းမှုကုသိုလ်များ ပြုကျင့်သောကြောင့် ပီတိခါတ်စာများ ခံစားရမှုမျိုး နောင်ဘဝတွင်လည်း ထိုသို့ ပီတိခါတ်စာများ ခံစားရမည်ကို ယခင်က သုံးဆောင် မှီဝဲပြီးသော ရိက္ခာကဲ့သို့ဟု ဤသုတ်တော်က ဖေါ်ပြခြင်း ဖြစ်ပေသည်။

(၃၄) ဤသုတ်တော်တွင်ပါရှိသည့် သန့်စင်သည့် ဘဝဖော်များ ဆိုသည်ကို အစွယ်လာမ် ကျမ်းတော်များ အတွင်း ပုံတိုပတ်စနှင့် ဒဏ္ဍာရီများအား ရိုက်သွင်းသော အစွယ်လာမ် မဟုတ်သည့် ဆရာတော်များက (၅၂း၂၀) မှ **ဟွာ် ဟူရ်** ဟူသော စကားလုံးဖြင့် ရောယှက်ကာ နတ်သမီးများဟု ဘာသာပြန်ဆိုကြပေသည်။ အစွယ်လာမ်ဘာသာတွင် နိဗ္ဗာန်ဘုံ၌ နတ်သမီး တစ်ဘက် ၅၀ နှင့် စံစားရမည်ဟု သွန်သင်ထားခြင်း လုံးဝ မရှိပေ။ **ဟူရ်** ဆိုသည်မှာလည်း နတ်သမီး မဟုတ်ပေ (၅၂း၂၀)။ သန့်စင်သော အစုအဖေါ်များကိုသာ ဆိုလို၍– လူသားတို့ သဘာဝ လိုလားတောင့်တ လေ့ရှိသော ''မသန့်ရှင်းမှု၊ ကလိန်ကကျစ်မှု၊ စိတ်ဒုက္ခပေးမှု၊ စိတ်မတိုက်ဆိုင်မှုတို့ လုံးဝ ကင်းစင်သော ပြီးပြည့်စုံသည့် အဖေါ်၊ စိတ်တူ သဘောတူ မိတ်ကောင်းဆွေကောင်းများ'' ကို ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုဘဝဖော် ဆိုရာ၌ လိင်ခွဲခြားမှု မရှိပေ။(**ဇွဉ်** ကို ၂း၃၅ နှင့် ၃၃း၃၇ တို့တွင်ကြည့်ပါ။)

	၎င်းဖြင့် များစွာတို့မှာ လမ်းလွဲကြ၍၊ ၎င်းဖြင့်ပင် များစွာတို့မှာ လမ်းညွှန်မှန်ကိုရကြ၏။ ယုတ်မာသူများသည်သာ ၎င်းအားဖြင့် လမ်းလွဲကြကုန်၏။[၃၁]
၂၇။	**الَّذِينَ يَنقُضُونَ عَهْدَ اللَّهِ مِن بَعْدِ مِيثَاقِهِ وَيَقْطَعُونَ مَا أَمَرَ اللَّهُ بِهِ أَن يُوصَلَ وَيُفْسِدُونَ فِي الْأَرْضِ أُولَئِكَ هُمُ الْخَاسِرُونَ** ۝ ပရမတ်ဘုရားရှင်၏ ပဋိညာဉ်အား အာမဘန္တေ ပြုပြီးနောက်မှ ချိုးဖေါက်ကြ၍၊ ပရမတ်ဘုရားရှင်က ပူးပေါင်းကြဟု ညွှန်ကြားသည်ကို ဖြတ်တောက်လျက်၊ ကမ္ဘာအဝှန်း အဖျက်လုပ်ကြသော ထိုသူတို့သည် ဆုံးရှုံးရမည့် သူများပင်။
၂၈။	**كَيْفَ تَكْفُرُونَ بِاللَّهِ وَكُنتُمْ أَمْوَاتاً فَأَحْيَاكُمْ ثُمَّ يُمِيتُكُمْ ثُمَّ يُحْيِيكُمْ ثُمَّ إِلَيْهِ تُرْجَعُونَ** ۝ သင်တို့အား သေခြင်းမှ ရှင်ခြင်းသို့ ဖြစ်စေသော ပရမတ်ဘုရားရှင်အား သင်တို့ မည်သို့ ဖုံးကွယ်အံ့နည်း၊ သင်တို့အား တဖန် သေစေ၍၊ တဖန် ရှင်စေတော်မူမည်၊ ထို့နောက် အရှင့်ထံသို့ လှည့်ပြန်ရမည်ပင်။[၃၆]
၂၉။ ☆၂:၂၁	**هُوَ الَّذِي خَلَقَ لَكُم مَّا فِي الْأَرْضِ جَمِيعاً ثُمَّ اسْتَوَى إِلَى السَّمَاء فَسَوَّاهُنَّ سَبْعَ سَمَاوَاتٍ وَهُوَ بِكُلِّ شَيْءٍ عَلِيمٌ** ۝ ထိုအရှင်သည် ကမ္ဘာအဝှန်းမှ အားလုံးကို သင်တို့အတွက် ဖြစ်တည်စေ၏☆ တဖန်[၃၇] အလားတူ ကောင်းကင်ယံသို့ အာကာသ ခုနစ်ဆက် ပုံစံချခဲ့၏[၃၈] ထိုအရှင်သည် သဗ္ဗလုံးစုံအား သိနေတော်မူသော အရှင်ဖြစ်၏။

---

(၃၅) ဤသုတ်တော်၌ ဖေါ်ပြသော ပမာပေးမှုမှာ အစွယ်လာမ် သာသနာ မတိုင်မီက လူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အားနည်းမှုကို ပမာပေးခြင်း ဖြစ်သည့် (၂၉း၄၁)မှ "ပမာဆောင်သော်– ပရမတ်ဘုရားရှင်မှ အပ ဦးဆောင်နာယကတို့အား အယူထားသူများသည် အိမ်ဆောက်သော ပင့်ကူ ကဲ့သို့–" နှင့် (၂၂း၇၃)မှ "ပမာဆောင်သော်–ပရမတ်ဘုရားရှင်မှအပ သင်တို့ ရွတ်ဖတ် ဆုတောင်းနေကြသော အရာများသည် ယင် တစ်ကောင်ကိုသော်မျှ မဖြစ်တည် ပေးနိုင်ချေ–" ဆိုသည့် ဥပမာ မျိုးပင်ဖြစ်ပေသည်။ အာရဗီများက **ဘအူသ္စတန် بَعُوضَةً** ဟု ခေါ်သည့် ခြင်မတစ်ကောင် သို့မဟုတ် ဖြုတ်မကောင်ကို အလွန် အင်အားချိနဲ့သော အရာများဖြင့် ခိုင်းနှိုင်း ပြောဆို လေ့ရှိပေသည်။ ဥပမာ "ဒီကောင် ဖြုတ်လောက်တောင် အင်အား မရှိဘူး၊"ဟူ၍ပင်၊ ဤသို့ သေးနုတ်သော သတ္တဝါကလေးများဖြင့် ပမာပေး ပြောဆိုခြင်းသည် အလွန်တရာ မြင့်မြတ်သော ဘုရားရှင်၏ စကားတော် မဟုတ်ဟု ဖုံးကွယ်သူများက စွပ်စွဲပြောဆို ကြပေသည်၊ ပရမတ်ဘုရားရှင်သည် လူ့လောကမှ လူသားများ တရား ရစေရန် လောက အသုံးအနှုံး နားလည်လွယ်သော ဥပမာများ ဖြင့်သာ သွန်သင်ဆုံးမသည် ဆိုခြင်းကို ထိုသူတို့ မစဉ်းစားမိကြောင်းကို ဤသုတ်တော်မှ တင်ပြပေသည်။ **بَعُوضَة** သည် ض ع ب ရင်းမြစ်မှ ဆင့်ပွားသောကြောင့် အလွန်သေးငယ်သော အစိတ်အပိုင်းဟုလည်း အဓိပ္ပါယ် ဖြစ်ပေသည်။

(၃၆) သေခြင်း၊ ရှင်ခြင်းများ လည်ပတ်မှု ဖြစ်စဉ် သံသရာသည် လူသားတို့၏ အန္တိမပန်းတိုင် ချုပ်ငြိမ်းမှု မဟုတ်ကြောင်းကို ဤသုတ်တော်မှ ထင်ရှားစွာ ပြဆို၍ ချုပ်ငြိမ်းမှု တည်ရာသည် ပရမတ်ဘုရားရှင်၌ ပေါင်းစည်းမှု ဟုလည်း ဆိုထားပေသည်။ သို့သော် သံသရာ လည်ပတ်မှုတွင် လူသားသည် တိရိစ္ဆာန်ဘဝ၊ နတ်ဘဝ၊ ပြိတ္တာဘဝ စသည်ဖြင့် ကျင်လည်ရမည်ဟု အစွယ်လာမ် သာသနာက မသွန်သင်ပေ။ ဉာဏ်စဉ်ရေးရာ သေနေသူများသည် လည်း ဉာဏ်စဉ်ရှင်ပြန်လျက် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်၌ ဉာဏ်စေစား ပေါင်းဆုံနိုင်ပေသည်။

(၃၇) ဤသုတ်တော်မှ တဖန် **ဆွမ်းမ ثُمَّ** သည်၊ **နောက်မှ** ဟု အဓိပ္ပါယ် မသက်ရောက်ပေ၊ တဖန် ပြန်သုံးသပ်သော် ဆိုသည့် မြန်မာစကားမှ **တဖန်၊ ထို့ပြင်** မျိုးဖြစ်ပေသည်၊ ပြန်သုံးသပ်စရာ အကြောင်းရင်းမှာ နဂိုကတည်းက ရှိပြီးသား ဖြစ်ပေသည်။ အာရဗီစကားတွင်လည်း ထိုကဲ့သို့ အရင်ဖြစ်တည်ပြီးသား အရာအား ပြန်လည် ဖေါ်ပြလိုလျှင် **ثُمَّ ဆွမ်းမ** တဖန်ဟု သုံးလေ့ရှိပေသည်။ ဥပမာ ၃၉း၆ တွင် "သင်တို့အား ဉာဉ် တစ်မျိုးတည်းမှ ဖြစ်တည် စေတော်မူ၏၊ **တဖန်** ၎င်းမှ ၎င်း၏ အဖေါ်ကို စီမံတော်မူ၏။" ဟူသော သုတ်တော်တွင် "၎င်းမှ ၎င်း၏ အဖေါ်ပေါင်း" ဆိုသည်မှာ ရှေ့တွင် ဖြစ်တည်ပြီးသား "သင်တို့" ဆိုသည့် အထဲ၌ ပါဝင်ပြီးသား ဖြစ်သည်။ ထိုသို့ နဂိုရှိပြီးသားကို တဖန် ဟု ပြန်သုံးခြင်း ဖြစ်ပေသည်။ ဤသုတ်တော်မှ "တဖန်" ဟူသော စကားလုံးက အာကာသ ကောင်းကင်သည် အလျင်ကနဦး ကတည်းက ရှိပြီး ဖြစ်ကြောင်းကို ဆိုလိုပေသည်၊ ထိုအချက်ကို (၇၉း၂၇–၃၀) ၌လည်း အတိအကျ ဆိုထားပေသည်။

(၃၈) ဤတိုတောင်းလှသော စာများက်နှာတွင် ကျမ်းမြတ်ကုရ်အာန်က ပြဆိုသော စကြာဝဠာများ အတွင်းရှိ ဂြိုလ်များ၏ ဖြစ်တည်မှုကို ဖွင့်ဆိုရန်မှာ လုံလောက်မည် မဟုတ်ပေ။ သို့သော် အာကာခုနစ်ဆက် ဆိုသည်ကို အနည်းငယ် ရှင်းပြရန် လိုပေမည်။ သို့မဟုတ်က မိရိုးဖလာ နားလည်ပြီးသား အတိုင်း မိုးခုနစ်ထပ် မြေခုနစ်ထပ်ဟု ကမ္ဘာဂြိုလ်ရှိ မြေသားအထပ်များကိုသာ နားလည် သွားနိုင်ပေသည်။ **ပထမအနေဖြင့်** ခုနစ်ဆက်ဆိုသည်မှာ ကိန်းဂဏန်း (၇)ကိုသာ ဆိုလိုခြင်း မဟုတ်ပေ။ မြန်မာစကား "ဆွေစဉ်မျိုးဆက် ခုနစ်ဆက်ကို သတ်စေ"ဟူသော စကားစဉ်၌ "ခုနစ်ဆက်" ဆိုသည်

၃၀။	**وَإِذْ قَالَ رَبُّكَ لِلْمَلاَئِكَةِ إِنِّي جَاعِلٌ فِي الأَرْضِ خَلِيفَةً قَالُواْ أَتَجْعَلُ فِيهَا مَن يُفْسِدُ فِيهَا وَيَسْفِكُ الدِّمَاء وَنَحْنُ نُسَبِّحُ بِحَمْدِكَ وَنُقَدِّسُ لَكَ قَالَ إِنِّي أَعْلَمُ مَا لاَ تَعْلَمُونَ۝** သင်၏ကံကြမ္မာရှင်က နိမိတ်ဆောင်တို့အား၃၉ ''မြေကမ္ဘာ၌ သမ္မတမင်းကို၄၀ ငါ စီစဉ်မည်''ဟု မိန့်ဆိုသော်၊ ''အဖျက်လုပ် သွေးထွက်သံယိုဖြစ်စေသူအား အရှင် စီစဉ်ပါမည်လော၊ တပည့်တော်တို့ကား အရှင်၏ မြင့်မြတ်မှုကို ရည်သန်စူးစိုက် ဦးထိပ်ထားပါသည်''ဟု လျှောက်ကြ၏။ အရှင်က ''ငါသည်ကား သင်တို့ မသိသည်ကို သိနေတော်မူ၏။''ဟု မိန့်တော်မူ၍–၄၀

မှာ ''ရှိသမျှသော (ခုနစ်ဆက်မကသော) မျိုးစဉ် မျိုးဆက်များကို'' ဆိုလိုသကဲ့သို့ပင်။ အာရ်ဗီစကားတွင်လည်း ခုနစ်၊ ခုနစ်ဆယ်၊ ခုနစ်ရာ ကိန်းဂဏန်းများမှာ မရေမတွက်နိုင်သော အများကိန်းကို စာဖွဲ့ခြင်း ဖြစ်ပေသည်။ **ဒုတိယအနေဖြင့်** အာကာသ ဆိုသည်မှာ အထက်ကောင်းကင်၊ အောက် မြေသား ဆက်စပ်နေသော တစ်ခုတည်းသော အရာကို ခေါ်ပေသည် (၂း၂၂)။ ၎င်းကို ဖြေးခ၂ တွင် ''အာကာခုနစ်ဆက်နှင့် ကမ္ဘာမြေ၏ ၎င်းတို့နှင့် အလားတူများ၊''ဟု ဆိုထား၍၊ ကမ္ဘာဂြိုလ်ကဲ့သို့ ခုနစ်စဉ် ခုနစ်ဆက် (အများ) မြေသား ဂြိုလ်များကို ဆိုခြင်း ဖြစ်ကာ။ မြေကမ္ဘာ တစ်ခုတိုင်းတွင် ကောင်းကင်ယံ တစ်ခုစီ ရှိကြောင်းကို ဆိုထားပေသည်။ တတိယအနေဖြင့် (၂၃း၁၇)၌ ဂြိုလ်ပတ် လမ်းကြောင်းများ အကြောင်းကို ''သင်တို့၏ အထက်၌ လမ်းကြောင်း ခုနစ်ဆက်ကို ဖြစ်တည်ပေးထား၏။''ဟု ဆိုထားသည်။ ထို့ကြောင့် ဤသုတ်တော်တွင် ဆိုထားသော အာကာခုနစ်ဆက် ဆိုသည်မှာ မြောက်များစွာ အစဉ်အဆက်ရှိသော အာကာသများနှင့်၊ ၎င်းတို့၏ နယ်နိမိတ်အတွင်းရှိ ဂြိုလ်များကို ဆိုလိုခြင်း ဖြစ်ပေသည်။

(၃၉) **မလာအိကာဟ် مَلاَئِكَة** အနည်းပြုပုဒ် မလာ့က် **مَلَك** မှာ ''စွမ်းအား၊ အခွင့်အာဏာ''ဟု အနက်ရသော မာလက်ခ် **مَلَك** နှင့် ရင်းမြစ်တူ ဝေါဟာရမှ ဆင့်ပွားလာခြင်း ဖြစ်သည်။ **မလာအိကာဟ်** ကို ဆရာတော်များက နတ်ဒေဝါဟု အနက်ဆောင်သည့် ''ကောင်းကင်တမန်များ'' ဟု ရှေးဟောင်း ဝေါဟာရဖြင့် ဘာသာ ပြန်ဆိုကြသဖြင့် သာမန်မျက်စိဖြင့် မမြင်နိုင်သော ဓါတ်ဘူတ ဖြစ်တည်မှုဟု အဓိပ္ပါယ် သက်ရောက်သွားပေသည်။ ထို့ကြောင့် အစွယ်လာမ်သာသနာသည် နတ်ဒေဝတာ (Angel) များ အရေးပါသော ဘာသာဟု ခေတ်သစ် အစွယ်လာမ် ဆန့်ကျင်ရေးသမားများက ရေးသားကြပေသည်။ ထို့အပြင် ထိုခေတ်ထိုအခါက လူသားများနှင့် လက်ပွန်းတတီးနီးပါး၊ သို့မဟုတ် ဉာဏ်စဉ်ဆောင်များနှင့် အဆင့်တူနီးပါး ရှိနေခဲ့သည့် ထိုနတ်ဒေဝတာများ ယခုခေတ်တွင် အဘယ်သို့ ရောက်သွားကြပြီနည်းဟု မေးလာစရာ အကြောင်းလည်း ရှိပေသည်။ ခေတ်ကာလတိုင်းတွင် စနစ်တစ်ခုကို ပြောင်းလဲရာ၌ ဖြစ်စေ၊ လူ့ဘောင်တစ်ခုကို တည်ဆောက်ရာ၌ ဖြစ်စေ၊ အဓိကပင်မ ခေါင်းဆောင်တစ်ဦးတည်းသာ အထင်အရှား ကျန်ရစ်နေလေ့ရှိသော်လည်း ထိုခေတ်စနစ် အတွက် တည်ဆောက်ကြရန် ကြိုးစားကြစဉ် ထိုခေါင်းဆောင်အဆင့်သို့ မမှီတမှီ လူသားများ၊ ထိုထက်အဆင့်ဆင့် နိမ့်လာသော လူသားများနှင့် နောက်ဆုံး သာမာန်လူသားများ ဟူ၍ ရှိမြဲ ဖြစ်ပေသည်။ ဉာဏ်စဉ်ရေးရာ နယ်ပယ်၌လည်း ခေတ်တစ်ခေတ် အတွက် ကိုယ်စားပြုသော ဉာဏ်စဉ်ဆောင်များ ပွင့်ပေါ်ကြစဉ်၊ ပင်မ ပွင့်ပေါ်ရာ နေရာနှင့် အလှမ်းဝေးသော ဒေသများ၌ ဖြစ်စေ၊ ခေတ်ပြိုင်ဖြစ်စေ ဉာဏ်စဉ်ရေးရာ ရင့်ကျက်မှု အဆင့်ဆင့်ရှိသော ပုဂ္ဂိုလ်များ ရှိနေမြဲ ဖြစ်ပေသည်၊ ထိုပုဂ္ဂိုလ်များမှာ ဉာဏ်စဉ်ဆောင် (ရဏ္ဍလ်)၊ သတင်းတော်ဆောင် (နဗီ)များ ကဲ့သို့ လူသားများအတွက် စည်းကမ်း၊ ဝိနည်း ဥပဒေများကို ချမှတ်နိုင်လောက်သော ဉာဏ်စဉ်အဆင့်ကို မရရှိသော်လည်း မိမိကိုယ် မိမိတရားပေါက်ပြီး၊ လူသားများအတွက် လျှပ်တပြက် ဖြစ်ပေါ်လာမည့် အချင်းအရာများ အတွက် ကြိုတင်နိမိတ် ရနိုင်ပေသည်။ ထိုသို့သော ပုဂ္ဂိုလ်များကို **မလာအိကာဟ်**ဟု ခေါ်ပေသည်။ လူတစ်စု၊ လူတစ်မျိုးအား သွန်သင်ဆုံးမနိုင်ရန် အခွင့်ပေးခံရသော **အုပ်စု တာဝန်ခံများ၊ တတ်သိပညာရှင်များ** ဖြစ်ပေသည်။ ဣသရေလ (အစွယ်ရေး) လူမျိုးတို့အား နာမ်ပိုင်းဆိုင်ရာအတွက် တာဝန်ယူဆောင်ရွက် ပေးရသော ပုဂ္ဂိုလ်များကို မလာအိ **مَلاَئِ** ဟု ခေါ်ဆိုပေသည် ၂း၂၄၆။ **မလာအိကာဟ်**မှာ လူသားစင်စစ် ဖြစ်၍ ဓါတ်ဘူတ ဖြစ်တည်မှု နတ်ဒေဝတာ မဟုတ်ပေ။ ထို့ကြောင့် ဤသုတ်တော်တွင် **မလာအိကာဟ်**ကို နိမိတ်ဆောင်များဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ **မလာအိကာဟ်** မှာ လိင်ခွဲခြားမှု မရှိပေ။ အမျိုးသားသော်လည်းကောင်း အမျိုးသမီးသော်လည်းကောင်း ဖြစ်နိုင်ပေသည်။ (၁၅း၈ နှင့် ၃၇း၆၉ တွင် ကြည့်ပါ။)

(၄၀) သမ္မတမင်း ဆိုသည်မှာ အာရ်ဗီစကားလုံး **ခလီဖာဟ် خَلِيفَةً** ဖြစ်၍ အဓိပ္ပါယ်မှာ ကွယ်လွန်သူ၊ ကျဆုံးသွားသူ၏ နေရာ၌ ဆက်ခံသူ၊ အချုပ်အခြာ အာဏာကို ဆက်လက်ရယူသူ ဟူ၍ ဖြစ်ပေသည်။ ထို့ကြောင့် သမ္မတမင်းဟု ရည်ညွှန်းသော အာဒံသည် ခရစ်ယာန် သမ္မာကျမ်းစာတွင် ရည်ညွှန်းသော ကမ္ဘာ့ပထမဆုံး လူသား ဖြစ်သည် ဆိုသော အယူအဆကို အစွယ်လာမ်က လက်မခံပေ။ သူသည် သူ့ရှေး မျိုးဆက်အား ဆက်ခံသူသာ ဖြစ်ပေသည်။ ဤနေရာတွင်ပြောသော သမ္မတ ခန့်အပ်သည့် စကားလုံးသည် ၃၈း၂၆ တွင် ဒါဝိဒ်အား သမ္မတ ခန့်အပ်မှုနှင့် စကားလုံးအတူတူပင် ဖြစ်သည်။ ထို့အပြင် သမ္မတမင်း ဆိုသည့် ဘွဲ့မှာ ဇနီးမောင်နှံ နှစ်ဦး၏ လင်မယား ပေါင်းစပ်မှု၌ ခံယူလေ့ရှိသည့် ဘွဲ့မဟုတ်ပေ။ တိုင်းနိုင်ငံတစ်ခု တည်ထောင်မှ သာလျှင် ခံယူရသော ဘွဲ့ ဖြစ်ပေသည်။ ပိုင်္ဂကတ်တော်ရှိ ပါတိကဝဂ် အဂ္ဂညသုတ်တွင်လည်း ကမ္ဘာဖြစ်တည်မှု လူများဖြစ်လာ မှု၊ သမ္မတမင်း တင်မြှောက်မှုများကို ဖေါ်ပြထားပေသည်။

(၄၁) ဤသုတ်တော်မှ''အဖျက်အနှောင့်နှင့် သွေးထွက်သံယိုမှု ပြုမည့်သူ'' ဆိုသည်မှာ လူ့အသိုက်အမြုံ စနစ်တကျ မပေါ်ပေါက်မီက ဥပဒေ မရှိသေးဘဲ အချင်းချင်း သတ်ဖြတ် ဖိလ်လုမှုများကို လည်းကောင်း၊ လူများစုက လူနည်းစုအပေါ် နှိမ်နှင်းသတ်ဖြတ်မှု များကိုလည်းကောင်း ရည်ညွှန်း

၃၁။	**وَعَلَّمَ آدَمَ الأَسْمَاء كُلَّهَا ثُمَّ عَرَضَهُمْ عَلَى الْمَلاَئِكَةِ فَقَالَ أَنبِئُونِي بِأَسْمَاء هَؤُلاء إِن كُنتُمْ صَادِقِينَ۝** အရှင်သည် အာဒံအား၄၂ အမည်များ ကိုယ်စီကို သင်ပေးကာ၊ နိမိတ်ဆောင်များ၏ အပေါ် ဘောင်ဝင်စေရန်၊ ''သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ ၎င်းတို့၏ အမည်များကို ငါ့အား သတင်းပေးကြလော့၊''ဟု မိန့်ဆို၏။
၃၂။	**قَالُواْ سُبْحَانَكَ لاَ عِلْمَ لَنَا إِلاَّ مَا عَلَّمْتَنَا إِنَّكَ أَنتَ الْعَلِيمُ الْحَكِيمُ۝** သူတို့က ''အရှင်သည် ဦးထိပ်ထားရာ ဖြစ်ပါ၏၊ တပည့်တော်တို့သည် သင်ပေးခံခဲ့ရသည်မှ အပ အသိပညာ မရှိပါ၊ အရှင်သည်သာ သိနေသောအရှင်၊ ဓမ္မသတ်ရှင် ဖြစ်ပါသည်၊''ဟု လျှောက်တင်ကြ၏။
၃၃။	**قَالَ يَا آدَمُ أَنبِئْهُم بِأَسْمَآئِهِمْ فَلَمَّا أَنبَأَهُمْ بِأَسْمَآئِهِمْ قَالَ أَلَمْ أَقُل لَّكُمْ إِنِّي أَعْلَمُ غَيْبَ السَّمَاوَاتِ وَالأَرْضِ وَأَعْلَمُ مَا تُبْدُونَ وَمَا كُنتُمْ تَكْتُمُونَ۝** အရှင်က ''အေ–အာဒံ၊ ၎င်းတို့၏ အမည်များကို သတင်းထုတ်ပြန်လော့၊''ဟု မိန့်ဆို၏။ သို့ဖြစ်၍ သူသည် ထိုအမည်များကို သတင်းထုတ်ပြန်သော်၊ အရှင်က ''ကောင်းကင်များနှင့် မြေကမ္ဘာ၏ စကျွတ်လွန်များကို ငါသိနေကြောင်း၊ သင်တို့၏ ဖွင့်ဟရာနှင့် ထိန်ဝှက်လေ့ရှိရာများကို ငါသိနေကြောင်း၊ သင်တို့အား ငါ မပြောခဲ့သလော၊''ဟု မိန့်ဆို၏။[၄၃]

ပေသည်။ ထိုအခြေအနေသည် သမ္မတမင်း (အာဒံ) မတိုင်မီကပင် ရှိနေသောကြောင့် စနစ်ကျသော စုပေါင်းလူနေမှု တိုင်းဒေသတစ်ခု မဖြစ်ပေါ်မီက ရှိနေသော မိသားစုတစ်ခု မျိုးနွယ်တစ်ခု အတွင်းရှိ နိမိတ်ဆောင်များ၏ ခံစားချက်ကို ဖေါ်ပြခြင်း ဖြစ်ပေသည်။ အကယ်၍ လူသားများသည် ထို အခြေအနေနှင့် မရှိနေခဲ့လျှင် လူသားတို့၏ သဘာဝကို ၎င်းတို့က တင်ပြနိုင်မည် မဟုတ်ပေ၊ ထိုအကြောင်းကို သုတ်အမှတ် (၃၂) ပါ ''–တပည့်တော်တို့သည် အသိပေး ခံခဲ့ရသည်မှအပ ကြိုသိနိုင်မှု မရှိပါ'' ဆိုသည့် စကားက ထောက်ပြလျက် ရှိပြီး၊ ကျွန်ုပ်တို့သည် လွန်ခဲ့သော အတွေ့အကြုံများ အရ၊ သိခြင်းဖြစ်၍ နောင်ဖြစ်မည်ကို ကြိုမသိနိုင်ပါဟု ဆိုခြင်း ဖြစ်သည်။ ဤသုတ်တော်တွင် ဖေါ်ပြသော စကားပြောဟန်မှာ ပရမတ် ဘုရားရှင်က နိမိတ်ဆောင်များနှင့် နီးနှောတိုင်ပင်ခြင်း မဟုတ်ပေ၊ သီးခြား မျိုးနွယ်အုပ်စုများတွင် လောကုတ္တရာ အားပြုသော အသိများဖြင့်သာ ဦးဆောင်နေသည့် သူများအား ရုပ်နာမ် လောကီ၊ လောကုတ္တရာ ဥပဒေသ မျှတသည့် ဥပဒေဖြင့် ဦးဆောင်မည့် သူတစ်ဦးအား ရွေးချယ်မည်ဟု ပြောလိုက်လျှင် (စုပေါင်းလူနေမှု စနစ်တစ်ခု ဖြစ်တည်စေ၍ ဘုံသမ္မတမင်း တင်မြောက်လေလျှင်) လက်ရှိသူတို့၏ အရေးပါမှုမှာ လျော့ကျသွားမည်ဟု သူတို့ခံစားရပေသည်။ ထို့ကြောင့် သူတို့ရင်ထဲမှ လိုလားမှု အားနည်းကြောင်းကို စကားပြောဟန် ဖေါ်ပြခြင်းသာ ဖြစ်ပေသည်။ ဤအဖြစ်မျိုးကို မာရိသခင်မအား ရွေးကောက်စဉ်တွင် လည်းကောင်း (၃း၄၃)၊ ကိုယ်တော်မုဟမ္မဒ်အား ရွေးကောက်၍ ကုရ်အာန် ကျမ်းတော်အား ကိန်းဝပ်ချီးမြှင့် စဉ်တွင် လည်းကောင်း (၃၈း၆၉) တွေ့ရပေသည်။

ထို့အပြင် ဤသုတ်တွင် ပြောသော မြေကမ္ဘာ ဆိုသည်မှာလည်း ကမ္ဘာဂြိုလ် တစ်ခုလုံးကို ရည်ညွှန်းခြင်း မဟုတ်ပေ။ သတ်မှတ် ရည်ညွှန်းသော တိုင်း နိုင်ငံ၊ နေရာဒေသ တစ်ခုကိုသာ ဖြစ်ပေသည်။

(၄၂) အာဒံသည် ကမ္ဘာ့ပထမဦးဆုံးလူသား ဟုလည်းကောင်း၊ ဤကမ္ဘာကြီးသည် လွန်ခဲ့သော နှစ်ပေါင်း (၆၀၀၀) ကျော်ကမှ ဖြစ်တည်လာရသည် ဟုလည်းကောင်း ခရစ်ယာန်သမ္မာကျမ်းစာ၏ အယူအဆမျိုးကို ကုရ်အာန်ကျမ်းတော်၌ ဖေါ်ပြခြင်း လုံးဝ မရှိပေ။ အာဒံနှင့် ပတ်သက်၍ ရည်ညွှန်းသမျှတွင် ''ဥယျာဉ်'' ဟူသောစကားကို တွဲ၍ ပြထားသောကြောင့် အာဒံသည် လူ့အသိုင်းအဝိုင်း စတင်အခြေချ နေထိုင်သည့် စိုက်ပျိုးရေးခေတ်ကို ဦးဆောင်တည်ထောင်သော စိုက်ပျိုးရေးခေတ်၏ ဖခင်ကြီး ဖြစ်ကြောင်းကို ထောက်ပြထားပေသည်။ စိုက်ပျိုးရေး ခေတ်ကာလာ မတိုင်မီမှ လူသားများသည် အတည်တကျ နေထိုင်ခြင်း မရှိသေးဘဲ သစ်ဥသစ်ဖုရရာ ဒေသများသို့ ရှာဖွေသွားလာ ကျက်စားနေ သောကြောင့် တိကျသော လူ့အသိုက်အမြုံ ဟူ၍ မရှိသေးပေ။ သူတို့အား ရိုးရာယုံကြည်မှုများနှင့် နိမိတ်ဆောင်များ၏ သွန်သင်ချက်ဖြင့် ဘဝကို တည်ဆောက်နေရပေသည်။ ထိုခေတ်ကို သမိုင်းမတင်မီခေတ်ဟု ခေါ်တွင်သည်။ လက်ရှိလူသားများ လက်လှမ်းမမှီသော သမိုင်းမတင်မီခေတ် ရှိခဲ့ကြောင်းကို (၇ဖြး၁)တွင် ဖေါ်ပြထားသည်။ ကမ္ဘာ့လူသားများ၏ လူ့သမိုင်းစတင်သော စိုက်ပျိုးရေးခေတ်ကို အရှေ့အလယ်ပိုင်းမှ စတင်ပြီး၊ စက်မှုခေတ်ကို အင်္ဂလန်မှ စတင်ကာ နည်းပညာခေတ် (သို့မဟုတ်) စက်မှုလွန်ခေတ်ကို အမေရိကန်မှ စတင်သည်ဟု ပညာရှင်များက သဘောတူ လက်ခံထားပေသည်။

(၄၃) ဤသုတ်တော်က အာဒံသည် ခေတ်တစ်တခေတ်၏ ဦးဆောင်ဖြစ်ကြောင်းကို အတိအလင်း ထောက်ပြထားပေသည်၊ အရာဝတ္ထုများအား အမည်ပေးခြင်း (အမည်များကို သိနေခြင်း) ဆိုသည်မှာ၊ ဗဟုသုတ ထူးကဲခြင်း စံပြ လူ့အသိုက်အမြုံ တစ်ခုကို ဦးဆောင်တည်ထောင်နိုင်သော အဋ္ဌာရသ ပညာရပ်များကို တတ်ကျွမ်းခြင်းဟုလည်းကောင်း အရာသစ်များကို တီထွင်ခြင်းဟုလည်းကောင်း ဆိုလိုပေသည်။ ထို့ကြောင့် အရာ တစ်ခုအား တီထွင်နိုင်သူသည် ထိုအရာ၏ အာဒံ ဖြစ်ပေသည်။ အာဒံခေတ်သည် မည်သည့်အခါမှ ကုန်လွန်သွားခြင်း မရှိချေ။

၃၄။	**وَإِذْ قُلْنَا لِلْمَلاَئِكَةِ اسْجُدُواْ لآدَمَ فَسَجَدُواْ إِلاَّ إِبْلِيسَ أَبَى وَاسْتَكْبَرَ وَكَانَ مِنَ الْكَافِرِينَ۞** ငါက နိမိတ်ဆောင်တို့ကို ''အာဒံအား ဦးချကြလော့၊''ဟု[၄၄] မိန့်မြွက်သော် ဦးချကြကုန်၏။ သို့သော် ရှေးရိုးစွဲ[၄၅] သူသည် ဖီဆန်၍ မောက်မာ၏၊ သူသည်ကား ဖုံးကွယ်သူတို့၏အနက်မှ ဖြစ်ရပြီ။
၃၅။	**وَقُلْنَا يَا آدَمُ اسْكُنْ أَنتَ وَزَوْجُكَ الْجَنَّةَ وَكُلاَ مِنْهَا رَغَداً حَيْثُ شِئْتُمَا وَلاَ تَقْرَبَا هَذِهِ الشَّجَرَةَ فَتَكُونَا مِنَ الظَّالِمِينَ۞** အစု အဖွဲ့ ငါက ''အေ–အာဒံ၊ သင်နှင့် သင့်**အဖော်**သည်[၄၆] ဥယျာဉ်မြေ၌ စံချိန်အတိုင်း အခြေချ၍ နေရာတိုင်း၌ ပေါပေါသီသီ စားသုံးကြလော့၊ သို့သော် ဤအပင်သို့ မချဉ်းကပ်နှင့်[၄၇] သို့မဟုတ်က အမိုက်ကောင်များမှ ဖြစ်ချေမည်၊''ဟု မိန့်မြွက်၏။
၃၆။	**فَأَزَلَّهُمَا الشَّيْطَانُ عَنْهَا فَأَخْرَجَهُمَا مِمَّا كَانَا فِيهِ وَقُلْنَا اهْبِطُواْ بَعْضُكُمْ لِبَعْضٍ عَدُوٌّ وَلَكُمْ فِي الأَرْضِ مُسْتَقَرٌّ وَمَتَاعٌ إِلَى حِينٍ۞** ထို့နောက် မကောင်းဆိုးဝါးသည် သူတို့အား ချော်ထွက်စေ၏၊ သူတို့ကို ရှိနေရာမှ ပယ်ထုတ်ခဲ့၏။ ထို့ကြောင့် ငါက ''ဆင်းသွားကြလော့၊ သင်တို့မှ အချို့သည် အချို့အား စည်းဖေါက်သူများ ဖြစ်စေလော့၊ မြေကမ္ဘာ၌ တည်ငြိမ်

(၄၄)''အာဒံအား ဦးချကြလော့'' ဆိုသည်မှာ အာဒံထံ၌ သစ္စာခံကြလော့၊ အရာဝတ္ထု တစ်ခုအား တီထွင်နိုင်သူအား အသိအမှတ်ပြုကြလော့ ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

(၄၅) ဤဂါထာသည် ရှေ့၌ **အိလာ ဒီ** ကိုသုံးထားသောကြောင့် သီးခြား ဂါထာဖြစ်ပေသည်။ ရှေးရိုးစွဲဟု ဘာသာပြန်ဆိုသော **အိဗလီးဆ် إِبْلِيسَ** ကို ဆရာတော်ကြီးများက နတ်ဒေဝါများနှင့် လိုက်လျော ညီထွေ ဖြစ်စေရန် ရှေးဟောင်း ဝေါဟာရအတိုင်း မာရန်တ်ဟု ဘာသာပြန်ဆိုကြပေသည်။ ထိုသို့ ပြန်ဆိုခြင်းသည် သူ့တွင် သားစဉ်မြေးဆက် ရှိသည် (၁၈း၅၀) ဆိုသော အချက်ကို လုံးဝ မေ့လျော့ထားခြင်းပင် ဖြစ်သည်။ သားစဉ်မြေးဆက် ရှိရန် လူ့သဘာဝအတိုင်း အိမ်ထောင်မျိုးဆက်တည်ရန် လိုအပ်သည်။ ထို့ကြောင့် **အိဗလီးဆ်**သည် လူသားစင်စစ် ဖြစ်၍ ဓါတ်ဘူတ မာရန်တ် မဟုတ်ပေ။ **အိဗလီးဆ်** မှာ ရင်းမြစ် စကားလုံး **ဘလဆ بلس** မှ ဆင့်ပွားလာ၍ သူသည် ခြေလှမ်းကို နောက်သို့ တွန့်ဆုတ်နေသည်၊ သူသည် တွေဝေခဲ့သည် (၃၀း၁၂) ဟူသော အနက်ကို မေ့ထား၍ မရပေ။ ထို့ကြောင့် ဤဘာသာပြန်တွင် **ရှေ့ရိုးစွဲ**ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

(၄၆) ကုရ်အာန်ကျမ်းတော်တွင် အာဒံ၏ အဖော်ကို အမျိုးသမီး ဇဝ ဖြစ်သည်ဟု ဖေါ်ပြခြင်း မရှိပေ။ ဆရာတော်ကြီးများက ခရစ်ယာန်သမ္မာကျမ်း နောက်သို့ လိုက်လျက် အာဒံ၏ အဖော်သည် ဇဝ ဖြစ်ရမည်ဟု ဖွင့်ဆိုပြီး အာရ်ဗီစကားလုံး **ဇ၀် زَوْج** ကိုလည်း ဇနီးမယား ဖြစ်ရမည်ဟု ရိုးရာစဉ် အတိုင်း ပြောဆိုပေသည်။ ရိုးရာအစဉ်တွင် မည်သို့ရှိစေ ကျမ်းတော်အား ဖွင့်ဆိုနားလည်ရာတွင် ကျမ်းတော်ပါ အဓိပ္ပါယ် အတိုင်းသာ ဖွင့်ဆို နားလည်သင့်ပေသည်၊ **ဇ၀် زَوْج** ကို ကျမ်းတော်တွင် စုဖွဲ့မှု ဟူသည့် အဓိပ္ပါယ်ကိုသာ ပေးပေသည်၊ (၈း၇) စုဖွဲ့နိုင်သည့် ဂုဏ်သတ္တိတူရာများ စုဖွဲ့ခြင်း၊ စုဖွဲ့နိုင်သည့် အဖော်အပေါင်းများကို ခေါ်ဆိုခြင်း ဖြစ်ပေသည်။ တဖန် ဤသုတ်တော်မှ ''ဥယျာဉ်'' ကို ဆရာတော် အများစုက ခရစ်ယာန် သမ္မာကျမ်းစာ၏ ဖွင့်ဆိုမှု နောက်သို့ လိုက်ကာ၊ ကောင်းကင်ဘုံရှိ နိဗ္ဗာန်တော်ဟု ဘာသာပြန်ဆို ကြလေသည်။ ဤသည်မှာ ကုရ်အာန်ကျမ်းတော်၏ အဆိုအား ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ခြင်းပင်။ သုတ်တော် ၃၀–၃၁တွင် အာဒံ စံမြန်းရမည့် နေရာသည် ဤ ကမ္ဘာမြေ၌ ရှိသောနေရာ ဖြစ်သည်ဟု အတိအကျ ပြောထားသဖြင့် ဥယျာဉ်မြေ ဆိုသည်မှာ စိုက်ပျိုးရေးခေတ်ကို ရည်ညွှန်းပြီး၊ အတည်တကျ နေထိုင်မှုကို စတင်ကြောင်း ဖေါ်ပြပေသည်။ ၎င်းကို ''အခြေချ၍'' ဆိုသော စကားလုံးက ထင်ရှားစေပေသည်။

(၄၇) **ဤအပင်** – ကမ္ဘာဦး အစမှ အပင်ကို ပိုင်္ဂကတော်တွင် **မူလေးစပါးပင်**ဟု ဆိုပေသည် (အဂ္ဂညသုတ်)။ ဆရာတော်ကြီး အများ စုက ခရစ်ယာန် သမ္မာကျမ်းစာ၏ အယူနောက်သို့ လိုက်လျက် ယောကျ်ားဖြစ်သူက အပင်မှ အသီးကို စားလိုက်သည်၊ ထိုအခါ အသီးနှင့်၍ လည်ပင်း၌ ဂျို့ထွက်နေရသည် ဟု ဒီကာခွဲလေတော့သည်။ ကုရ်အာန် ကျမ်းတော်တွင် ထိုအချင်းအရာများကို လုံးဝ မဖေါ်ပြပေ။ ကျမ်းတော်က မည်သည့် အပင်ဟု (အမည်ကို) ဆိုထားခြင်း မရှိပေ၊ သို့သော် ထိုအပင်သည် မကောင်းမှုကို လွှဲဆော်သော မျှော်လင့်ချက် **false hope** အပင် ဖြစ်သည်ဟု ဆိုပေသည် (၇း၂၀။ ၂၀း၁၂၀)။ ထို့ကြောင့် အပင်ကဲ့သို့ အမြစ်တွယ်တတ်သော မကောင်းမှု၊ အစွဲ၊ ဒုစရိုက်၊ မိရိုးဖလာဓလေ့နှင့် မျှော်လင့်ချက်မှား **false hope** တို့နောက်သို့မလိုက်ရန် သွန်သင်ခြင်း ဖြစ်သည်။

	ချမ်းမြေ့ရာ ကာလတစ်ခု ရှိနေ၏။''ဟု မိန့်မြွက်၏။[၄၈]
၃၇။	**فَتَلَقَّى آدَمُ مِن رَّبِّهِ كَلِمَاتٍ فَتَابَ عَلَيْهِ إِنَّهُ هُوَ التَّوَّابُ الرَّحِيمُ۞** ထို့နောက် အာဒံသည် ကံကြမ္မာရှင်၏ထံမှ မုကွပါတ်တော်အား ခင်းကျင်းခံရ၏၊ သို့ဖြစ်၍ သူသည် အရှင့်ထံ၌ ခဝါချလေ၏၊ အရှင်သည်ကား သင်ပုန်းချေပေးသောအရှင် အကြင်နာရှင် ဖြစ်၏။[၄၉]
၃၈။	**قُلْنَا اهْبِطُواْ مِنْهَا جَمِيعاً فَإِمَّا يَأْتِيَنَّكُم مِّنِّي هُدًى فَمَن تَبِعَ هُدَايَ فَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ۞** ငါ မိန့်သည်မှာ ''အားလုံး–ဆင်းသွားကြလော့၊ ငါ၏ ထံမှ လမ်းညွှန်ချက်များ သင့်တို့ထံသို့ ချီးမြှင့်သောအခါ၊ ငါ၏ လမ်းညွှန်ချက်ကို လိုက်နာသူ၊ ထိုသူတို့အား ကြောက်ရွံ့ရစေမည်မဟုတ်၊ သောကရောက်ရစေမည်လည်း မဟုတ်ချေ။
၃၉။ ۞ ၂း၂၄	**وَالَّذِينَ كَفَرواْ وَكَذَّبُواْ بِآيَاتِنَا أُولَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ۞** သို့သော် ဖုံးကွယ်သောသူ၊ ငါ၏ သုတ်ဒေသနာများကို ငြင်းဆန်သူ ထိုသူများသည် အပူမီး၏۞ ပေါင်းဖော်များ ဖြစ်ကြ၏၊ အစဉ်စံမြန်းရလတ္တံ့။[၅၀]
၄၀။	**يَا بَنِي إِسْرَائِيلَ اذْكُرُواْ نِعْمَتِيَ الَّتِي أَنْعَمْتُ عَلَيْكُمْ وَأَوْفُواْ بِعَهْدِي أُوفِ بِعَهْدِكُمْ وَإِيَّايَ فَارْهَبُونِ۞** အို–ဣသရေလူမျိုးတို့၊ သင်တို့အား ငါ ဂုဏ်ပေးသည့် ဂုဏ်ပုဒ်များကို သတိရကြလော့၊ ငါ့ထံရှိ ပဋိညာဉ်ကို ပြီးပြည့်စေလော့၊ ငါသည်လည်း သင်တို့ အပေါ်ရှိ ပဋိညာဉ်ကို ပြီးပြည့်စေပြီ၊ ငါ့ကိုသာလျှင် ကြောက်ရွံ့ကြလော့။[၅၁]

---

(၄၈) အာဒံသည် လက်ပါးစေတို့၏ မကောင်းသော အကြံပေးမှုများကို လက်ခံကာ မတရားမှု၌ နစ်မွန်းမိသောကြောင့် ဦးစီးဦးဆောင် နေရာမှ ယိမ်းယိုင်ရခြင်း၊ အေးချမ်းတည်ငြိမ်သော လူ့အသိုင်းအဝိုင်းမှာ ကွဲထွက်ကုန်ခြင်း၊ အချင်းချင်း စစ်မက်များ ဖြစ်ပွားရခြင်း၊ အချိန် အပိုင်းအခြား တစ်ခုအထိ ပြည်လည် စုစည်းနိုင်မှု မရှိဘဲ၊ လူမျိုးစုကိုယ်စီတို့ သီးခြားစီ နေထိုင်ခဲ့ရခြင်းကို ဤသုတ်တော်က ထောက်ပြထားသည်။ ဤသုတ်တော်တွင် ဖေါ်ပြသော ''ဆင်းသွားကြလော့'' ဆိုသည်မှာ မြင့်မြတ်သော နေရာမှ နိမ့်ကျသောနေရာသို့ လျော့ကျခြင်း (ရာထူးကျခြင်း) ကို ဆိုပေသည်။ ဤစကားကို ဆရာတော်ကြီးများက အာဒံသည် အထက်ကောင်းကင် မြင့်မြတ်သော နိဗ္ဗာန်ဘုံမှ နိမ့်ကျသော မြေကမ္ဘာသို့ ဆင်းလာရသည် ဟု ဋီကာချဲ့ ကြပေသည်။ အကယ်၍''နိဗ္ဗာန်ဘုံ''သာဖြစ်ခဲ့လျှင်၊ ထိုဘုံနန်း၌ ဘယ်မကောင်းဆိုးဝါးက ရှိချေမည်နည်း၊ နိဗ္ဗာန်၌ စံမြန်းနေသော သူတို့အား အဘယ် မကောင်းဆိုးဝါးက ဖျားယောင်းနိုင်အံ့နည်း ဟု ထည့်စဉ်းစားမိဟန် မရှိချေ။ ဤစကားလုံး ''ဆင်းသွားလော့'' ကို ၂း၆၁နှင့် ၁၁း၄၈ တွင်လည်း တွေ့နိုင်ပြီး အထက်မိုးကောင်းကင်မှ မြေပြင်သို့ ဆင်းခြင်း မဟုတ်ကြောင်း နားလည်နိုင်ပေသည်။

(၄၉) ဤသုတ်တော်၌ ''ခဝါချလေ၏။'' ဟူသော စကားလုံးနှင့် ''သင်ပုန်းချေတော်မူသော အရှင်၊'' ဟု ဘာသာပြန်ဆိုသော စကားလုံးသည် ရင်းမြစ် ဝေါဟာရ **တာဘ ဟ်ပ** တစ်လုံးတည်းဖြစ်၍၊ **တာဘ** ''ခဝါချလေ၏'' ဆိုသည်မှာ၊ မိမိ၏ အပြစ်များကို ဆေးကြောလျှော်ပစ်သည်ဟု ဖြစ်ပြီး၊ **တောင်းဝါးဘွန် ဟ်ထွာ်** ''သင်ပုန်းချေတော်မူသော အရှင်၊'' ဆိုသည်မှာ အပြစ်များအား ဖွေမယူဘဲ လျှော်ပစ်တော်မူသော အရှင် ဟု ဖြစ်ပေသည်။

(၅၀) **ခါလီဒူးန ခဒ်ဒုဝ်** ကို ထာဝရ ဟု ပြန်ဆိုသည်လည်း ရှိပေသည်။ ထိုစကားလုံးသည် မူရင်း ''နေထိုင်သည်၊ ကြာမြင့်စွာ နေထိုင်သည်''ဟု အနက်ရသော **အကာမ**နှင့် အဓိပ္ပါယ် တူညီပေသည်။ ကျေးလက်ဒေသများရှိ အိမ်များတွင် ထမင်းဟင်းချက်သည့် မီးဖို (ဖို ခနောက်) ကျောက်ခဲသုံးလုံးကိုလည်း ၎င်း၏ ကြာမြင့်စွာ ခံသော သဘောကြောင့် **ခလဒ**၏ အမျာ်ပြ **ခေါင်ဝ်လီဒ်** ဟု ခေါ်ပေသည်။ ကြာမြင့်စွာ၊ ကြာရှည်စွာ ဆိုသောစကားမှာ အဆုံးအစ ရှိသော အဓိပ္ပါယ်ကို ဆောင်ပေသည်။ ထို့ကြောင့် **ခါလီဒူးန** ကို ကာလမဲ့ Out of Time and Sapce ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ ကျမ်းတော်အရ အစွမ်းလာမ် ဒသနတွင် ဝိဉာဉ်တိုင်းသည် ပရမတ်ဘုရားရှင်နှင့် ပေါင်းဆုံသွားမှ သာလျှင် **ထာဝရ** ဖြစ်သွားပေသည်။

(၅၁) ဘနီးအစ္စရာအီးလ် (ဣသရေလ၏ သားမြေးများ) ဆိုသည်မှာ ဂျူးလူမျိုးများကို ခေါ်ခြင်း ဖြစ်သည်။ ဤသုတ်တော်သည် ဂျူးလူမျိုးများကို ပြောဆိုသော အပိုဒ် ဖြစ်သောကြောင့် ယခင်အပိုဒ်များနှင့် အကြောင်းအရာ ပြောင်းသွားခြင်း မဟုတ်ပေ။ ခေါင်းဆောင်နှင့် နောက်လိုက်များ ထားရှိရမည့် သဘောထားကို ယခင်အပိုဒ်တော်များ အတိုင်း ဆက်လက် တင်ပြခြင်း ဖြစ်သည်။ မြို့ပြလူနေမှု ပုံစံကို စတင်ထူထောင်သော ကိုယ်တော် မုဟမ္မဒ် ပွင့်ပေါ်လာသောအခါ ယဉ်ကျေးမှု ပေါင်းစုံ နေထိုင်သော စနစ်၌ ခေါင်းဆောင်အား သစ္စာခံရန်၊ ခွဲထွက်ဆန့်ကျင်သူများ မဖြစ်ကြရန်၊ သွန်သင်ကြောင်းကို အောက်၌ ဆက်လက်ပါလာသော သုတ်တော်များက ဖေါ်ပြထားပေသည်။ ဂျူးလူမျိုးများ အတွက် ကိုယ်တော် မုဟမ္မဒ်သည် အသစ် အဆန်း မဟုတ်ပေ။ ကိုယ်တော်သည့် ဂျူးလူမျိုးများ အတွက် ရန်သူလည်း မဟုတ်ပေ။ ဤအကြောင်းအရာကို ၎င်းတို့ လက်ခံယုံကြည်သော ဓမ္မဟောင်းကျမ်း၏ တရားဟောရာကျမ်း ၂၆း၁၇–၁၉ တွင် ''အစ္စရေးတို့သည် ထာဝရဘုရားရှင်ကို ဘုရားအဖြစ် ကိုးကွယ်ပါမည်ဟုလည်းကောင်း၊ ဘုရားရှင်၏ လမ်းစဉ်တော်ကို လိုက်နာပါမည်ဟုလည်းကောင်း၊ ပညတ်တရားတော်ကို လိုက်နာပါမည်ဟုလည်းကောင်း၊

၄၁။ နည်း	**وَآمِنُواْ بِمَا أَنزَلْتُ مُصَدِّقاً لِّمَا مَعَكُمْ وَلاَ تَكُونُواْ أَوَّلَ كَافِرٍ بِهِ وَلاَ تَشْتَرُواْ بِآيَاتِي ثَمَناً قَلِيلاً وَإِيَّايَ فَاتَّقُونِ۞** သင်တို့နှင့်အတူရှိသည်ကို ဖြောင့်မှန်စေသည့် ငါ ချမှတ်ပေးရာ၌ ယုံကြည်ကြလော့။ ၎င်းအား ရှေ့ဆုံးမှ ဖုံးကွယ်သူ မဖြစ်ကြနှင့်၊ ငါ၏ သုတ်ဒေသနာများကို တန်ဘိုး**ချ** မရောင်းစားကြနှင့်၊ ငါ့အားသာလျှင် စည်းစောင့်ကြလော့။[၁၂]
၄၂။	**وَلاَ تَلْبِسُواْ الْحَقَّ بِالْبَاطِلِ وَتَكْتُمُواْ الْحَقَّ وَأَنتُمْ تَعْلَمُونَ۞** အမှန်ကို အမှားဖြင့် မဆင်ယင်ကြနှင့်၊ သင်တို့ သိနေလျက် အမှန်ကို မထိန်ဝှက်ကြနှင့်။
၄၃။ ☆ ၂း၃	**وَأَقِيمُواْ الصَّلاَةَ وَآتُواْ الزَّكَاةَ وَارْكَعُواْ مَعَ الرَّاكِعِينَ۞** ဝတ်ပြုခြင်း၌ မြဲကြလော့☆၊ အခွန်ငွေဖြူ ပေးကြလော့[၃၃] ဦးညွှတ်သူများနှင့် အတူ ဦးညွှတ်ကြကုန်လော့။[၁၄]
၄၄။	**أَتَأْمُرُونَ النَّاسَ بِالْبِرِّ وَتَنسَوْنَ أَنفُسَكُمْ وَأَنتُمْ تَتْلُونَ الْكِتَابَ أَفَلاَ تَعْقِلُونَ۞** သင်တို့၏ စရိုက်ကို သင်တို့မေ့လျက် လူသားတို့အား ကောင်းမှုဆောင်တာ ညွှန်ကြားကြသလော၊ သင်တို့သည် ကျမ်းတော်ကို ရွတ်ဖတ်လျက် အတွေးအခေါ် မရှိကြသလော။

စကားတော်ကို နားထောင်ပါမည်ဟု လည်းကောင်း ထာဝရဘုရားရှင်၏ ထံတော်၌ ကတိတော် ထားခဲ့ကြောင်း။ ထာဝရဘုရားရှင် ကလည်း သူတို့၏ မျိုးနွယ်ထဲမှ ဉာဏ်စဉ်ဆောင်တစ်ပါး ပွင့်ပေါ်စေဦးမည်ဟု ကတိတော်ထားခဲ့ပေသည်၊'' (တရားဟောရာကျမ်း ၁၈း၁၈)။ ဤသုတ်တော်က ''ငါသည်လည်း သင် တို့ အပေါ်တွင် ကတိတည်စေပြီ''ဟု၊ ထိုအချိန် ထိုကာလက သူတို့အတွက် လိုအပ်နေသော ခေါင်းဆောင်တစ်ပါး အဖြစ် ကိုယ်တော် မုဟမ္မဒ်အား ပွင့်ပေါ်စေခြင်းဖြင့် ဘုရားရှင်က ကတိတော်အား ဖြည့်ဆီးခြင်း ဖြစ်ပေသည်။

(၅၂) ဤသုတ်တော်သည် ဂျူးလူမျိုးတို့အား ကိုယ်တော်မုဟမ္မဒ်အားဖြင့် ပရမတ်ဘုရားရှင် ချမှတ်ပေးသော ကုရ်အာန်ကျမ်းတော်ကို ယုံကြည်လိုက်နာကြရန်၊ ထိုကျမ်းတော်အား ရှေ့ဆုံးမှ ဦးဆောင်၍ ဖုံးကွယ်ထားသူများ မဖြစ်ကြရန် ပြောထားပြီး၊ ထိုကုရ်အာန်ကျမ်းတော်သည်၊ သူတို့နှင့် အတူ ရှိနေသည့် တရားဓမ္မကို ပြန်လည် ဖြောင့်မှန်စေသည် ဟု ကြေငြာပေသည်။ ဤနေရာ၌ ဖြောင့်မှန်စေသည့်ဟု ဘာသာပြန်ဆိုသော **مُصَدِّقاً لِّمَا مَعَكُمْ** ကို အချို့က ''ထောက်ခံသည်''ဟု ပြန်ဆိုကြပေသည်။ ၎င်းစကားလုံး **مُصَدِّقاً لِّمَا مَعَكُمْ**မှာ ကျမ်းတော်တွင် ပုံစံ ၁၉ မျိုးဖြင့် ၁၅၅ ကြိမ် ပေါ်ပြထားသော ရင်းမြစ်ဝေါဟာရ **ق د ص ဆွဒက** မှ ဆင့်ပွားခြင်း ဖြစ်၍၊ ဖြောင့်မှန်ခဲ့သည်။ ဖြောင့်မတ်ခဲ့သည်ဟု ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်သည် လူ့လက်ရာစွက်ဖက်၍ မှုရင်းပျက်နေသော မည်သည့် ကျမ်းကိုမှ ထောက်ခံခြင်း မရှိပေ။ ထိုကျမ်းများကို လူ့လက်ရာ မစွက်ဖက်မီက မူရင်းမမှအတိုင်း ပြန်လည် ဖြောင့်မှန် စေခြင်းသာ ဖြစ်ပေသည်။ ဓမ္မဟောင်းကျမ်း၏ တရားဟောရာကျမ်း ၁၈း၁၈ တွင် ''သင်နှင့်တူသော ပရော်ဖက် တပါးကို သူတို့အဘို့ ငါပေါ်ထွန်းစေ၍ ထိုပရော်ဖက် နှုတ်၌ ငါ့ စကားကို ငါအပ် သဖြင့် ငါမှာထားသမျှကို သူတို့အား ဆင့်ဆိုရလိမ့်မည်၊''ဟု သတင်းတော်ဆောင် မူဆာ (မောရှေ)အား ပရမတ်ဘုရားရှင်က ပြောခဲ့ပေသည်။ ကမ္ဘာပေါ်တွင် ကိုယ်တော်မူဆာ၏ နောက်၌ သတင်းတော်ဆောင်များ ပွင့်ပေါ်ခဲ့ကြသော်လည်း၊ ကိုယ်တော် မုဟမ္မဒ်မှ လွဲ၍ မည်သည့် သတင်းတော်ဆောင်ကမှ ငါသည် မူဆာ (မောရှေ)ကဲ့သို့ ပွင့်ပေါ်လာသော သတင်းတော်ဆောင် (ပရော်ဖက်) ဖြစ်သည် ဟု ကြေငြာခဲ့ခြင်း မရှိပေ။ ကိုယ်တော် မုဟမ္မဒ်သည်သာ ဖာရိုးမင်းဆက်ထံသို့ ပွင့်ပေါ်စေသော သတင်းတော်ဆောင် (မူဆာ) ကဲ့သို့ ဖြစ်သည် ဟု တရားဝင် ကြေငြာခဲ့ပေသည်၊ (ကုရ်အာန် ၇၃း၁၅)။ ထို့အပြင် တရားဟောရာကျမ်း ၁၈း၁၈ တွင် ''ထိုပရော်ဖက်နှုတ်၌ ငါ့စကားကို အပ်သဖြင့်၊'' ဟူသော ပရမတ်ဘုရားရှင်၏ စကားကိုလည်း၊ ဤသုတ်တော်မှ ''ငါချမှတ်ပေးရာ (ကုရ်အာန်ကျမ်းတော်)'' ဆိုသည့်စကားက သက်သေတည်လျက် ရှိပေသည်။ ထို့ကြောင့် သူတို့ ယုံကြည်သော ဘုရားရှင်က သူတို့၏ အမျိုးသားထဲမှ ခေါင်းဆောင်တစ်ပါး ပွင့်ပေါ်ပေးသည်ကို နာခံကြ၍ သာယာသော လူ့ဘောင်တစ်ခု တည်ဆောက်ကြရန် ရှေးမှ အာဒံနှင့် သူ့ အသိုင်းအဝိုင်းကဲ့သို့ ညွှန်ပြနေခြင်းပင် ဖြစ်ပေသည်။

(၅၃) **زَكَاة ဇကာတ်** သည် ပုံစံ ၇ မျိုးဖြင့် ကျမ်းတော်တွင် ၃၉ ကြိမ် ပေါ်ပြသော **ز ك و ဇကဝ** ၏ ဆင့်ပွား စကားလုံး ဖြစ်သည်။ သန့်ရှင်းစင်ကြယ်ခြင်း ဟု အနက်ပေးသည်။ မိမိတို့၏ ဝင်ငွေများမှာ သန့်ရှင်း စင်ကြယ်ရန် လိုအပ်သည်။ ထိုသို့ သန့်ရှင်းစင်ကြယ်၍ ငွေဖြူဖြစ်ရန် အတွက် အခွန်ငွေကို ပုံမှန်ပေးရန် အရေးကြီးသည်။ ထို့ကြောင့် ''အခွန်ငွေဖြူ'' ဟု ဘာသာပြန်ခြင်း ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်တွင် အလျှဒါနနှင့် ပတ်သက်၍ အကြိမ်အကြိမ်အခါခါ တိုက်တွန်း သွန်သင်ထားပေသည်၊ သို့သော် ထိုအလှူ အမျိုးမျိုးကို **ဇကာတ်** ဟု မခေါ်ပေ။

(၅၄) ''ဦးညွှတ်သူများနှင့် အတူ ဦးညွှတ်ကြလော့၊'' ဆိုသည်မှာ အခြားသစ္စာခံသူများကဲ့သို့ ဂျူးလူမျိုးတို့သည်လည်း ကိုယ်တော် မုဟမ္မဒ်အား သစ္စာခံကြလော့ ဟု ဆိုထားခြင်း ဖြစ်ပေသည်။ အာဒံအား သစ္စာခံရန် အခြားသော အုပ်စု ခေါင်းဆောင်များအား (၂း၃၄)တွင် ပြောဆိုသကဲ့သို့ပင်။

၄၅။ အပန်းကြီးလှ	**وَاسْتَعِينُواْ بِالصَّبْرِ وَالصَّلاَةِ وَإِنَّهَا لَكَبِيرَةٌ إِلاَّ عَلَى الْخَاشِعِينَ۞** သည်းခံခြင်း၊ ဝတ်ပြုခြင်းဖြင့် ပံ့ပိုးမှုကိုရှာကြလော့၊ ၎င်းသည် ကျွဲငဲ့သူများအတွက်မှ အပ **ဝန်ကြီးလှ**၏။
၄၆။	**الَّذِينَ يَظُنُّونَ أَنَّهُم مُّلاَقُو رَبِّهِمْ وَأَنَّهُمْ إِلَيْهِ رَاجِعُونَ۞** သူတို့သည် ကံကြမ္မာရှင်နှင့် ဆုံတွေ့ရမည်၊ အရှင့်ထံသို့သာ ဦးလှည့်ပြန်ရမည်ဟု စဉ်းစားကြကုန်၏။
၄၇။	**يَا بَنِي إِسْرَائِيلَ اذْكُرُواْ نِعْمَتِيَ الَّتِي أَنْعَمْتُ عَلَيْكُمْ وَأَنِّي فَضَّلْتُكُمْ عَلَى الْعَالَمِينَ۞** အို–ဂျူးလူမျိုးတို့ သင်တို့အား ငါ ဂုဏ်ပေးသည့် ဂုဏ်ပုဒ်များကို သတိရကြလော့၊ ငါသည် သင်တို့ကို လောက ခပ်သိမ်း အပေါ် သိက္ခာပေးခဲ့ပြီ။[၅၁]
၄၈။	**وَاتَّقُواْ يَوْماً لاَّ تَجْزِي نَفْسٌ عَن نَّفْسٍ شَيْئاً وَلاَ يُقْبَلُ مِنْهَا شَفَاعَةٌ وَلاَ يُؤْخَذُ مِنْهَا عَدْلٌ وَلاَ هُمْ يُنصَرُونَ۞** ဥဉ်တစ်ခုက ဥဉ်တစ်ခု အတွက် တစ်စုံတစ်ရာ အစားမပေးနိုင်သော၊ အမျှဝေ၍ အကိုးမပြည့်သော၊ တန်ရာတန်ကြေးကို လက်မခံသော၊ အကူအညီမဲ့ နေ့ကာလအတွက် စည်းစောင့်ကြလော့။[၅၆]
၄၉။	**وَإِذْ نَجَّيْنَاكُم مِّنْ آلِ فِرْعَوْنَ يَسُومُونَكُمْ سُوءَ الْعَذَابِ يُذَبِّحُونَ أَبْنَاءكُمْ وَيَسْتَحْيُونَ نِسَاءكُمْ وَفِي ذَلِكُم بَلاء مِّن رَّبِّكُمْ عَظِيمٌ۞** ထို့ပြင် သင်တို့၏ သားယောကျ်ားများကို သုတ်သင်ကာ၊ မိန်းမများကိုသာ အသက်ဆက်ခွင့်ပေးသည့် ဖါရိုး မင်းဆက်၏ အကုသိုလ် ဝဋ်ကြွေး အမှတ်သညှာဖြစ်စေသူများမှ သင်တို့အား ငါ လွတ်မြောက်စေခဲ့ပြီ၊ ထို၌ သင်တို့အား သင်တို့၏ ကံကြမ္မာရှင်မှ မဟာ စုံစမ်းမှုကြီး ရှိနေ၏။[၅၇]

---

(၅၅) ကမ္ဘာ့ လူမျိုးတိုင်း အတွက် ဥဇၨာစဉ်ဆောင် ပုဂ္ဂိုလ်များ ပွင့်ပေါ် ပေးခဲ့သော်လည်း၊ ကမ္ဘာ့လူမျိုးများ အနက် ဂျူးလူမျိုးတို့မှ ပွင့်ပေါ်သော ဥဇၨာစဉ်ဆောင်များမှာ ပိုမိုများပြားပြီး၊ ဇေရာဇ်မင်းပေါင်း များစွာမှာလည်း ထိုလူမျိုးနွယ်ထဲမှ ပေါ်ထွန်းစေခဲ့သည်။ (၅း၂၀) ယခုကမ္ဘာ့ နောက်ဆုံး ပွင့် ဥဇၨာစဉ်ဆောင် ကိုယ်တော်မုဟမ္မဒ်မှာလည်း ထိုလူမျိုးနွယ်ပင် ဖြစ်သည်။

(၅၆) ဤသုတ်တော်က အစွလာမ်သာသနာသည် ကိုယ်စား အပြစ်ခံယူပေးမှုကို ယတိပြတ် ငြင်းထားပေသည်။ လူတိုင်းသည် မိမိပြုကျင့်သော ကုသိုလ်၊ အကုသိုလ်အမှု အလျောက် ခံစားရမည် ဖြစ်သည်။ လောကၠ ပွင့်ပေါ်သော ဥဇၨာစဉ်ဆောင်၊ သတင်းတော်ဆောင်များသည်ပင် ပရမတ် ဘုရားရှင် ပြဋ္ဌာန်းပြီးသား လမ်းစဉ်အား လူသားများ အတွက် စံပြကျင့်ဆောင် လမ်းပြမှုကိုသာ လုပ်ဆောင်နိုင်ပြီး မည်သည့် လူသား အတွက်မျှ ဝဋ်ကြွေးမှ လွတ်မြောက်နိုင်ရန် အမျှဝေပေး၍ မရနိုင်ပေ။

(၅၇) **آلِ فِرْعَوْنَ အာလိဖိရ်အောင်န်**ကို ဖိရ်အောင်၏ နောက်လိုက်နောက်ပါများ ဟု ဘာသာပြန်သည်များ ရှိပေသည်။ ၎င်းမှာ ဖာရိုး၏ အမွေစားများဟု အနက်ရ၍ ထိုခေတ်ထိုအခါက သားစဉ် မြေးဆက် ထီးနန်းဆက်ခံကြ သောကြောင့် ဤနေရာ၌ **ဖာရိုး မင်းဆက်**ဟု ဘာသာ ပြန်ခြင်း ဖြစ်ပေသည်၊ ဖာရိုး ဆိုသည်မှာ အီဂျစ်စကားဖြင့် (ဖာရွတ်) ဘုရင်ဘွဲ့ကို ခေါ်ခြင်း ဖြစ်ပေသည်၊ လူတစ်ဦး တစ်ယောက်၏ အမည်နာမ မဟုတ်ပေ။ ၁၉၄၉–၅၀ အရှေ့အလယ်ပိုင်း ဒေသများ လွတ်လပ်ရေးရသည့် အချိန်အထိ အီဂျစ်နိုင်ငံကို ဘုရင်စနစ်ဖြင့် အုပ်ချုပ်၍ နောက်ဆုံး ဘုရင်ကိုလည်း ဖာရွတ် ဟုပင် ခေါ်၍ သမ္မတကြီး နာဆာ အာဏာသိမ်းလိုက်သော အခါမှ ဖာရိုးမင်းဆက် ပြုတ်သွားခြင်း ဖြစ်သည်။ ဤသုတ်တော်၌ ဖေါ်ပြသော ဖာရိုးမင်းဆက် ဆိုသည်မှာ ကိုယ်တော်မူဆာ (မောရှေ) ပွင့်ပေါ်သော ကာလ၌ အုပ်ချုပ်နေသည့် အာဏာပိုင် မင်းဆက်ကိုသာ ရည်ညွှန်း၍ အီဂျစ်နိုင်ငံ သမိုင်းတလျှောက် နှစ်ပေါင်း (၆၀၀)ကျော် ရှိခဲ့သည့် မင်းဆက် အားလုံးကို မဆိုလိုပေ။ ကိုယ်တော်မူဆာ မတိုင်မီက အုပ်ချုပ်သည့် မင်းဆက်များအား မာလိက်ခ် **الملك** ဟု သုံးသည် (၁၂း၄၃)။ ဖာရိုးများက ဂျူးမျိုးနွယ် များအား ညှင်းပန်းနှိပ်စက်ခဲ့သည်ကို ပြန်လည် ဖေါ်ပြခြင်းမှာ ရန်ငြိုးထား၍ သမိုင်းကြောင်း လှန်ရန် မဟုတ်ပေ။ ထိုသို့ ဒုက္ခပင်လယ်ဝေ၍ ကျေးကျွန် ဘဝသို့ ရောက်နေစဉ်တွင် ခေါင်းဆောင်ကောင်း တစ်ပါး ပေါ်ထွန်းလာကာ ထိုခေါင်းဆောင်၏ ဦးဆောင်မှုကြောင့် ဒုက္ခအပေါင်းမှ လွတ်မြောက်ခဲ့ရသည်ကို ထောက်ပြရန်သာ ဖြစ်ပေသည်။ ထိုကာလတွင် ခေါင်းဆောင်အပေါ် အပြည့်အဝ မယုံကြည်မှုကြောင့် လည်းကောင်း၊ သူတို့၏ လောကီ ရမက်များကြောင့် လည်းကောင်း ကိုယ်ကျိုး စွန့်ရမည်ကို ကြောက်၍ ခေါင်းဆောင်၏ ရုန်းကန်လှုပ်ရှားနေရသော ဘဝတွင် ငြိငြင်မှုများ၊ အပြစ်တင် စောမှုများကြောင့် ကျေးကျွန်ဘဝမှ လွတ်မြောက်ရန် အခက်အခဲ မျိုးစုံကို ရင်ဆိုင်ခဲ့ရကြောင်းကို "ထို၌ သင်တို့အား--စုံစမ်းမှုကြီး ရှိနေသည်" ဟု ဆိုထားခြင်း ဖြစ်ပေသည်။ ဤအကြောင်း အရာကို ဓမ္မဟောင်းကျမ်း၊ ထွက်မြောက်ရာကျမ်း ၁း၁၁–၂၂ တွင် အသေးစိတ် တွေ့ရပေသည်။

၅၀။	**وَإِذْ فَرَقْنَا بِكُمُ الْبَحْرَ فَأَنجَيْنَاكُمْ وَأَغْرَقْنَا آلَ فِرْعَوْنَ وَأَنتُمْ تَنظُرُونَ۝** ထို့ပြင် ငါသည် သင်တို့အတွက် ပင်လယ်ပြင်ကို ခွဲခဲ့ပြီ၊ သင်တို့အား လွတ်မြောက်စေ၍ သင်တို့ ကြည့်နေစဉ်ပင် ဖာရိုးမင်းဆက်အား နစ်စေခဲ့ပြီ။[၅၈]
၅၁။	**وَإِذْ وَاعَدْنَا مُوسَى أَرْبَعِينَ لَيْلَةً ثُمَّ اتَّخَذْتُمُ الْعِجْلَ مِن بَعْدِهِ وَأَنتُمْ ظَالِمُونَ۝** ငါသည် မူဆာအား[၁၉] ညပေါင်းလေးဆယ် ကတိထားစဉ်[၆၀] သူ့နောက်ကွယ်၌ ဥာန်ဘားငယ်အား သင်တို့ အယူထားကြ၏။[၆၀] သင်တို့သည် အမိုက်ကောင်များ ဖြစ်ကြ၏။

---

(၅၈) ဓမ္မဟောင်းကျမ်း၏ ထွက်မြောက်ရာကျမ်း ၁၄း၂၂ တွင်ပါသော "ငင်းတို့ ဖြတ်သွားစဉ် ရေများသည် ဝဲမှ ယာမှ ကျောက်ထရံ ကဲ့သို့ ရှိနေ၏" ဟူသော အယူအဆကို ကိုးကားသော ဘာသာပြန်များ၏ အလိုသို့လိုက်၍ ပြုစုကြသော ဘာသာပြန်များတွင် ပင်လယ်ကြီးကို အမှန်တကယ် ခွဲပစ်ကြောင်း ဖွင့်ဆိုကြသည်။ ကုရ်အာန်ကျမ်းတော်တွင် ထိုကဲ့သို့ ဒဏ္ဍာရီဆန်သော အယူအဆမျိုး လုံးဝ မရှိပေ။ ဤသုတ်တော်တွင် ဖေါ်ပြထားသော ဘဟာရ် **بَحْر** ဆိုသည်မှာ "ပင်လယ်ပြင်" သို့မဟုတ် "ဒီရေ အတက်အကျ ရှိသော ပင်လယ်ဝ မြစ်ရေပြင်၊"ဟု အနက်ရပေသည်။ ဂျူး လူမျိုးများနှင့် ဖာရိုးမင်းဆက်တို့ အခင်းဖြစ်သော နေရာမှာ ပင်လယ်နီ အနီးတွင် ဖြစ်သောကြောင့် ဤသုတ်တော်မှ **ဘဟာရ်** ကို ပင်လယ် သမုဒ္ဒရာ ရေပြင်ကြီးဟု ဘာသာပြန်၍ မဖြစ်နိုင်ပေ။ ပထဝီအနေ အထားအရ ဒီရေ အတက်အကျ ရှိသော ပင်လယ်ဝ မြစ်ရေပြင် သာလျှင် ဖြစ်ပေသည်။ ထို့အပြင် ပထဝီပညာအရ ရှေးနှစ်ပေါင်းများစွာက ပင်လယ်နီတွင် ကျွန်းစုတန်းများစွာ ရှိနေခဲ့ပေသည်။ ပင်လယ်နီ၏ မြောက်ဘက်အစွန်ဆုံး အပိုင်း (အထက်ဖေါ်ပြပါ ဓမ္မဟောင်းကျမ်းချက်အရ အခင်းဖြစ်ရာ နေရာ) သည် ကျွန်းစုများကြားရှိ ရေလက်ကြား ဖြစ်၍ ရေနက်ပိုင်း မဟုတ်ခဲ့ပေ။ ဒီရေကျနေစဉ်တွင် ရေခမ်းနေပြီး၊ ဒီရေ တက်လာသောအခါမှသာ ရေပြည့်လျှံခြင်း ဖြစ်ပေသည်။ ထိုနေရာသည် (ယခုခေတ် စူးအက်တူးမြောင်းတူးထားသည့်) Sea of Reed နေရာဖြစ်သည်ဟု ဥရောပ မှတ်တမ်းတင် သမ္မာကျမ်းများထက် လွန်စွာ ရှေးကျသော အီသီယိုပီး သမ္မာကျမ်းတွင် ဖေါ်ပြထားသည်။ ကိုယ်တော်မူဆာ (မောရှေ) နှင့် နောက်လိုက်များ ဖြတ်သွားစဉ်တွင် ဒီရေကျ၍ ရေခမ်းနေခြင်း ဖြစ်ပေသည်။ ထိုအချက်ကို ကျမ်းတော်၏ (၂၀း၇၇) တွင် သူတို့ ဖြတ်သွားသော လမ်းသည် "ခြောက်သွေ့သော လမ်းကြောင်း" **طَرِيقًا جَدَدًا فِي الْبَحْرِ** ဟု အခိုင်အမာ ပြောထားပေသည်။ သူတို့၏ နောက်မှ လိုက်လာသော ဖာရိုးနှင့် အပေါင်းပါများ ထိုနေရာသို့ ဖြတ်သန်းစဉ် ဒီရေ အတက်နှင့် ထိပ်ဆိုင်တိုးရခြင်း ဖြစ်ပေသည်။ ထိုအချက်ကို ဤသုတ်တော်ရှိ ဖာရိုးမင်းဆက်အား နှစ် (နစ်စေ) ခဲ့ပြီ ဆိုသည့် စကားက ထောက်ပြနေပေသည်။ ဤကဲ့သို့ လျှပ်တပြက် ဒီရေတက်၍ လူအများ သေကြေရသည့် အဖြစ်မျိုးကို မြန်မာနိုင်ငံတွင် စစ်တောင်း မြစ်ဝ၌ မကြာခဏ ကြုံရတတ်ပေသည်။

(၅၉) မူဆာကို သမ္မာကျမ်းစာတွင် မောရှေဟု ရေးသား၍၊ အစ္စရေးလ်များ အတွက် ပွင့်ပေါ်သော ဥာဏ်စဉ်ဆောင် တစ်ပါး ဖြစ်ပေသည်။ ဂျူး လူမျိုးများသည် ထိုစဉ်က ပါဠိဘာသာစကားဖြင့် "ဂေါဏ"ဟု ခေါ်သည့် နွားကို သရဏဂုံတင် ကိုးကွယ်နေခဲ့ပေသည်။ ထိုသို့သော ကိုးကွယ်မှားအား ပစ်ပါယ်၍ ပရမတ်ဘုရားရှင်ကိုသာ သဏရဂုံတည် ကိုးကွယ်ကြရန် ကိုယ်တော်က ဆောင်ကြည်းပေးခဲ့သည်။ ကိုယ်တော်မူဆာကို ဖာရိုး မင်းဆက်က မြစ်ထဲမှ ကောက်ယူမွေးစားသောကြောင့် ထီးနန်းတွင်းတွင် ကြီးပြင်းလာခဲ့သည်။ (၂း၈၊၉)။ ကိုယ်တော်မူဆာအား မြစ်ထဲရှိ သဖန်းပင် အနီးမှ ရရှိသဖြင့် ကိုယ်တော်၏ အမည်မှာ ဟီးဘရူး ဘာသာစကားဖြင့် **မူ** "ရေ" **ဆာ** "သဖန်းပင်"ဟု ဖြစ်၏။ (ဆရာတော်ဃာဇီဟာရှင်၏ ကုရ်အာန် အလင်းပြကျမ်း အတွဲ ၁)။ ဗုဒ္ဓဘာသာ တရားတော်တွင် ဖေါ်ပြသော ဘဒ္ဒကမ္မာဌ် ပွင့်ပေါ်ခဲ့သည် ဘုရားရှင်များတွင် ဂေါဏာဂုံ (ဂေါဏာဂုဏ်) ဘုရားရှင်သည်လည်း ရေသဖန်းပင်ကို ကိုယ်စားပြုသောကြောင့် စိတ်ဝင်စားဘွယ် တိုက်ဆိုင်နေပါသည်။ ကျွန်ုပ် အနေဖြင့် စေ့စုံလုံလောက်စွာ သုတေသန မပြုနိုင်သေးသောကြောင့် ကိုယ်တော်မူဆာအား ဂေါဏာဂုဏ် ဘုရားရှင် ဖြစ်သည်ဟု တိုက်ရိုက် ပြောဆိုနိုင်သော အင်အား မရှိပါ။ ဒဏ္ဍာရီ ဆန်ဆန် ဖြစ်နေသော ဇာတ်လမ်းများကို အမှန်တရား စင်မြင့်ပေါ်သို့ ပို့ဆောင်လိုသော နောင်လာ နောက်သား ပညာရှင်များ အတွက် သုတေသနပြုလိုက ပြုနိုင်စေရန် ကျွန်ုပ်လေ့လာ ဖတ်ရှုခဲ့သမျှမှ လမ်းစရနိုင်မည့် အချက်အလက်များကို ဖေါ်ပြပေးခြင်းသာ ဖြစ်ပါသည်။
ထို့အပြင် (၁) ဗုဒ္ဓဘာသာတရားတော်တွင် ဖေါ်ပြသော ဘဒ္ဒကမ္မာ ဆိုသည်မှာ ဤလက်ရှိကမ္ဘာကိုသာ ခေါ်ခြင်း။ (၂) ဘုရားရှင် ဆိုသည်မှာ နိုင်ငံရေးခေါင်းဆောင် ဆိုသည်ထက် သာသနာ တစ်ခု၏ ခေါင်းဆောင်နာယက ဖြစ်ခြင်း။ (၃) ဗုဒ္ဓတရားတော်၌ ဤကမ္ဘာ၌ ဘုရားရှင်ပေါင်း မရေမတွက်နိုင်အောင် ပွင့်ပေါ်ခဲ့သော်လည်း ထင်ရှားသော ပင်မဘုရားကြီး ငါးဆူကိုသာ အဓိက ရည်ညွှန်းထား၍၊ လက်တွေ့ ဘဝတွင် ဤကမ္ဘာ၌ ဘာသာတရားပေါင်း ဂိုဏ်းပေါင်း မြောက်မြားစွာ ပေါ်ထွန်းခဲ့သော်လည်း ထင်ရှားသော ဘာသာတရားကြီးမှာ (ဟိန္ဒူ၊ ဂျူး၊ ဗုဒ္ဓ၊ ခရစ်ယာန်နှင့် အစ္စလာမ်) ငါးခုသာ ရှိခြင်း။ (၄) ကိုယ်တော်မူဆာ၏နောက်ပိုင်း သမ္မာကျမ်းစာ၏ ဓမ္မဟောင်းကျမ်းမှ ကျမ်းစာများကို မှတ်တမ်းတင်သော ကာလ (ဗုဒ္ဓမပွင့်မှီ သို့မဟုတ် ပွင့်ပေါ်ဆဲနှင့် ခေတ်ပြိုင်) ကတည်းက အရှေ့အလယ်ပိုင်းနှင့် အိန္ဒိယမှာ ဆက်စပ်မှုရှိနေခြင်း (ဓမ္မဟောင်းကျမ်း၏ ဇေတာဝတ္ထု ၁း၁)နှင့် ဗုဒ္ဓကျမ်းစာတွင် ရေဝတီအမျိုးသမီးတစ်ဦး အကြောင်းကို ဖေါ်ပြထား၍ (ပါဠို ကထာဝတ္ထု၊ မြန်မာပြန် ပေတဝတ္ထု၊ ရေဝတီပေတဝတ္ထု မြန်မာပြန် စာမျက်နှာ ၂၀၃) ထိုခေတ်ကပင် ဗုဒ္ဓဘာသာနှင့် ရေဝတီ (ဂျူး) ဘာသာမှာ ဆက်စပ်မှု ရှိနေကြောင်းတို့ ဖြစ်ပေသည်။

(၆၀) ဤသုတ်တော်ရှိ **عجل** ဝအဇ မှာ တရားအားထုတ်ရန် နေရာချထားသည်။ ချိန်းချက်သတ်မှတ်ထားသည် ဟု အနက်ပေးပေသည်။

၅၂။	**ثُمَّ عَفَوْنَا عَنكُم مِّن بَعْدِ ذَٰلِكَ لَعَلَّكُمْ تَشْكُرُونَ۝** တဖန် ထို့နောက်တွင် သင်တို့အား ကျေအေးပေးခြင်းမှာ သင်တို့ ကျေးဇူးသိတတ်အံ့ငှာ–
၅၃။	**وَإِذْ آتَيْنَا مُوسَى الْكِتَابَ وَالْفُرْقَانَ لَعَلَّكُمْ تَهْتَدُونَ۝** မူဆာအား ကျမ်းတော်နှင့် ခွဲခြမ်းစိတ်ဖြာဖွင့်ဆိုမှုကို ပေးအပ်ခြင်းမှာ သင်တို့ လမ်းညွှန်ကိုရအံ့ငှာ ဖြစ်၏။
၅၄။	**وَإِذْ قَالَ مُوسَى لِقَوْمِهِ يَا قَوْمِ إِنَّكُمْ ظَلَمْتُمْ أَنفُسَكُمْ بِاتِّخَاذِكُمُ الْعِجْلَ فَتُوبُوا إِلَىٰ بَارِئِكُمْ فَاقْتُلُوا أَنفُسَكُمْ ذَٰلِكُمْ خَيْرٌ لَّكُمْ عِندَ بَارِئِكُمْ فَتَابَ عَلَيْكُمْ إِنَّهُ هُوَ التَّوَّابُ الرَّحِيمُ۝** မူဆာက သူ့လူမျိုးအား ''အို– ကျွန်ုပ်၏ လူမျိုးတို့ သင်တို့သည် ထိုနွားငယ်ကို အယူပိုက်၍ သင်တို့စရိုက်ကို သင့်တို့မိုက်ကြေးခွဲကြပြီ၊ ထိုစရိုက်ကို သတ်၍ စင်ကြယ်သည့်အရှင်၌ ခဝါချကြလော့၊ ယင်းသည် စင်ကြယ်သော အရှင့်ထံ၌ သင်တို့အတွက် ပိုကောင်း၏၊ အရှင်သည် သင်တို့အပေါ်တွင် သင်ပုန်းချောတော်မူပြီ၊ အရှင်သည်ကား သင်ပုန်းချော သော အရှင် အကြင်နာရှင် ဖြစ်၏။''ဟု ပြောသောအခါ–
၅၅။	**وَإِذْ قُلْتُمْ يَا مُوسَىٰ لَن نُّؤْمِنَ لَكَ حَتَّىٰ نَرَى اللَّهَ جَهْرَةً فَأَخَذَتْكُمُ الصَّاعِقَةُ وَأَنتُمْ تَنظُرُونَ۝** သင်တို့က ''ဟေး–မူဆာ၊ ပရမတ်ဘုရားရှင်ကို ပေါ်ပေါ်ထင်ထင် မမျှမြင်ရသ၍သင့်ကို ကျွန်ုပ်တို့ မယုံကြည်နိုင်ပါ။'' ဟု ပြောကြသဖြင့်၊ သင်တို့ စောင့်ကြည့်နေစဉ်၌ တော်လည်းသံကြီးဖြင့်[၆၂] သင်တို့အား ဖမ်းယူလေပြီ။
၅၆။	**ثُمَّ بَعَثْنَاكُم مِّن بَعْدِ مَوْتِكُمْ لَعَلَّكُمْ تَشْكُرُونَ۝** တဖန် သင်တို့ ကျေးဇူးသိတတ်အံ့ငှာ– သင်တို့အား ဘဝသေပြီးနောက် နိုးကြွစေခဲ့ပြီ။[၆၃]
၅၇။	**وَظَلَّلْنَا عَلَيْكُمُ الْغَمَامَ وَأَنزَلْنَا عَلَيْكُمُ الْمَنَّ وَالسَّلْوَىٰ كُلُوا مِن طَيِّبَاتِ مَا رَزَقْنَاكُمْ وَمَا ظَلَمُونَا وَلَٰكِن كَانُوا**

---

(၆၀) **اتَّخَذْتُمُ الْعِجْلَ** ''ဤနွားငယ်အား သင်တို့ အယူထားကြ၏'' ဟု ဘာသာပြန်သော စကားစုမှ နွားငယ် ဟု ဘာသာပြန်သည့် **الْعِجْلَ** သည် စိတ်စောသည်၊ အလျင်စလို ဖြစ်သည်ဟု အနက်ပေးသော ရင်းမြစ် ع ج ل မှ ဆင့်ပွားခြင်း ဖြစ်၍ ''စိတ်အလျင်စလိုဖြင့် မစီမစစ်ဘဲ အယူထားကိုးကွယ်မှုများ'' ဟုလည်း ဆိုလိုပေသည်။ သူတို့အတွက် ပွင့်ပေါ်သော ကိုယ်တော်မူဆာ (မောရှေ)၏ နောက်ကွယ်တွင် သူတို့သည် နွားကိုးကွယ်မှု အယူအား စွဲကိုင်ကြကြောင်းကို ကျမ်းတော်၏ (၂၀း၈၆–၉၇)တွင် ဖေါ်ပြထားပြီး။ ခရစ်ယာန်သမ္မာကျမ်းစာ၏ ထွက်မြောက်ရာကျမ်း အခန်း ၃၂ တွင်လည်း တွေ့နိုင်ပေသည်။ သို့သော် အစ္စလာမ်နှင့် ခရစ်ယာန်တို့၏ အရေးကြီးသော ကွဲလွဲချက်မှာ ခရစ်ယာန်တို့ကမူ အစ္စရေးလ် (ဂျူး)တို့၏ နွားကိုးကွယ်မှုမှာ သတင်းတော်ဆောင် ဟာရွန် (ကိုယ်တော်မူဆာ၏ အစ်ကို ဖြစ်ပြီး ကိုယ်တော်၏ ဘာသာရေး ဆောင်ရွက်မှုများ အတွက် အရေးကြီးသော ကဏ္ဍမှ ကူညီသူ၊ ကိုယ်တော် မူဆာနှင့် ခေတ်ပြိုင်ပွင့်ပေါ်သော ပညတ်ဘုရားငယ်) နှင့်ပတ်သက်သည်ဟု ဆိုထား၍၊ အစ္စလာမ် သာသနာကမူ ဤသို့သော မဘွယ်မရာ ကိုးကွယ်မှုများသည်၊ ဉာဏ်စဉ်ဆောင်၊ သတင်းတော်ဆောင်များနှင့် လားလားမှ မပတ်သက်ချေဟု သွန်သင်ခြင်း ဖြစ်ပေသည်။ ထိုနွား ကိုးကွယ်မှုကို ဦးဆောင်သူမှာ **စာမရီ** ဖြစ်သည်ဟု ကျမ်းတော်၏ (၂၀း၈၆) တွင် ပြောထားပေသည်။ အစ္စရေးလ် (ဂျူး)တို့၏ နွားကိုးကွယ်မှု အယူမှာ သူတို့ကို ကျွန်ပြုခဲ့ရသော ရှေးဟောင်း အီဂျစ်တို့၏ အယူမှ ကူးစက်လာသည်ဟု သမ္မာကျမ်း ဆိုင်ရာ သုတစွယ်စုံ၌ ဖေါ်ပြထားပေသည်။ ရှေးဟောင်း အီဂျစ် တို့၏ အယူသည် အစ္စရေးလ်များသို့ သာမက အာရှတခွင်သို့ လည်းကောင်း၊ ဂရိ–ရောမတို့သို့လည်းကောင်း များစွာပင် ဩဇာ သက်ခဲ့ပေသည်။ မြန်မာနိုင်ငံတွင် လက်ရှိအထိ လူသားတို့၏ နှလုံးသားထဲ၌ နေရာယူထားသော ရုပ်ပွားတော် (ဥပမာ–မနုသီဟ) များမှာ ရှေး အီဂျစ်ယဉ်ကျေးမှု၏ အမွေအနှစ်များပင် ဖြစ်ပေသည်။

(၆၂) **ဆွာအိကတု ဇ်ဳဳ الصَّاعِقَةُ** ကို မိုးကြိုး ဟုလည်းကောင်း မိုးချိန်းသံကြီး ဟု လည်းကောင်း မယူသင့်ပေ။ ၎င်းသည် မိုးအထိ မြည်ဟီးသော တော်လည်းသံကို ခေါ်ပေသည် (၇း၁၄၃)။ ဤသုတ်တော်တွင် ဖေါ်ပြသော တော်လည်းသံကြီး ဆိုသည်က အရေးအခင်း ဖြစ်ပွားသော ပွက်လော ရိုက် သံကြီးကို ဆိုလိုခြင်း ဖြစ်ပေသည်။ သူတို့သည် ကိုယ်တော်မူဆာ၏ စကားကို နားမထောင်သောကြောင့် ဒုက္ခပင်လယ်ဝေနေရသည်၊ အချင်းချင်း ပဋိပက္ခ ဖြစ်နေရသည်၊ အရေးအခင်းကြီး ဖြစ်ပွားရ ဘဝဂ်ထိုညံ့အောင် ဟစ်ကြွေးရသည်ကို ဖေါ်ပြခြင်း ဖြစ်ပေသည်။ (၂း၅၉ အောက်ခြေတွင် ကြည့်ပါ)

(၆၃) သူ့ကျွန်ဘဝအောက်၌ အတွေးအခေါ်များ သေဆုံးနေရခြင်းကို ကိုယ်တော်မူဆာ(မောရှေ) ပွင့်ပေါ် ဦးဆောင်ခြင်းဖြင့် သူတို့၏ အတွေးအခေါ်များ ပြန်လည် ရှင်သန်လာခြင်းကို ဆိုလိုပေသည်။

	أَنفُسَهُمْ يَظْلِمُونَ۝ သင်တို့အား တိမ်လိပ်ဖြင့် ငါ အရိပ်ပေးတော်မူ၏၊ သုဓာနှင့် ငုံးငှက်တို့ကို ချပေးတော်မူ၏။[၆၄] ငါပေးသည့် ရိက္ခာများမှ စင်ကြယ်ရာကို စားသုံးကြလော့၊ သင်တို့အား ငါက အဝိဇ္ဇာသင့်စေသည် မဟုတ်၊ သို့ရာတွင် သူတို့၏စရိုက်ကို သူတို့ မိုက်ကြေးခဲ့ခြင်း ဖြစ်ကြပြီ။
၅၈။	**وَإِذْ قُلْنَا ادْخُلُواْ هَذِهِ الْقَرْيَةَ فَكُلُواْ مِنْهَا حَيْثُ شِئْتُمْ رَغَداً وَادْخُلُواْ الْبَابَ سُجَّداً وَقُولُواْ حِطَّةٌ نَّغْفِرْ لَكُمْ خَطَايَاكُمْ وَسَنَزِيدُ الْمُحْسِنِينَ۝** ငါက သူတို့အား "ဤအရပ်သို့ ဝင်လော့၊ စံချိန်အတိုင်း နေရာတိုင်း၌ ပေါပေါသီသီ စားသုံးလော့၊ သံဝေဂစကား ပြောဆိုလျက်၊ တံခါးပေါက်၌ နှိမ့်ချ၍ ဝင်ကြလော့၊ သင်တို့အား အမှားများမှ ငါ လွှတ်ငြိမ်းစေမည်၊ သုမင်္ဂလာပြုသူများ အား တိုးပွားစေမည်၊" ဟု မိန့်မြွက်၏။[၆၅]
၅၉။	**فَبَدَّلَ الَّذِينَ ظَلَمُواْ قَوْلاً غَيْرَ الَّذِي قِيلَ لَهُمْ فَأَنزَلْنَا عَلَى الَّذِينَ ظَلَمُواْ رِجْزاً مِّنَ السَّمَاء بِمَا كَانُواْ يَفْسُقُونَ۝** မိုက်ကြေးခဲ့သောသူများသည် သူတို့အတွက် မဟုတ်သော စကားတော်ကို လွှဲပြောင်း ပြောဆိုကြ၏၊ သူတို့၏ ယုတ်မာလေ့ရှိခြင်းများကြောင့် ထိုမိုက်ကြေးခဲ့သော သူများအတွက် ကောင်းကင်ယံမှ ဆိုးကျိုးကို ငါ ချမှတ်တော်မူ၏။[၆၆]
၆၀။	**وَإِذِ اسْتَسْقَى مُوسَى لِقَوْمِهِ فَقُلْنَا اضْرِب بِّعَصَاكَ الْحَجَرَ فَانفَجَرَتْ مِنْهُ اثْنَتَا عَشْرَةَ عَيْناً قَدْ عَلِمَ كُلُّ أُنَاسٍ مَّشْرَبَهُمْ كُلُواْ وَاشْرَبُواْ مِن رِّزْقِ اللّهِ وَلاَ تَعْثَوْاْ فِي الأَرْضِ مُفْسِدِينَ۝** မူဆာက သူ့လူမျိုးအတွက် သောက်ရေရရန် ဆုတောင်းသော် "သင့်လက်ထောက်ကို ကျောက်တောင်သို့ ခရီးနှင်စေလော့၊" ဟု[၆၇] ငါ မိန့်၏၊ ထို၌ စိမ့်စမ်း ဆယ့်နှစ်သွယ် စီးထွက်၍ လူစုကိုယ်စီ[၆၈] သောက်ရေရှိရာကို သိကြပြီ၊ ပရမတ်ဘုရားရှင်၏ ရိက္ခာများမှ စားကြသောက်ကြလော့၊ ကမ္ဘာ၌ ညစ်ညမ်းစုတ်ပဲ့၊ အဖျက်ကောင်များ မဖြစ်ကြနှင့်။

---

(၆၄) **တိမ်သား** ဆိုသည်မှာ တရားဓမ္မကို ဆိုလိုသည်၊ ကျမ်းတော်တွင် ဉာဏ်စဉ်တော်၊ တရားဓမ္မကို ကောင်းကင်နှင့် မကြာခဏ တင်စားပြောဆို၏။ (၂း၁၉)။ **مَنّ وَالسَّلْوَىٰ** ဆိုသည်မှာ အလွယ်တကူရနိုင်သော အစားအစာ၊ အရသာအဟာရနှင့် ပြည့်စုံသာအစားအစာကို ခေါ်ပေသည်။ ထို့ကြောင့် **သုဓာ**ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ ထိုစကားလုံးသည် **မင်းအာလိုင်းဟိ** "သူ့အား မျက်နှာသာပေးခဲ့သည်" ဟူသည့်စကား၏ အတိုကောက် ဖြစ်သည်။ (E.W Lane အာရဗီအင်္ဂလိပ် ဝေါဟာရကျမ်း)။ ထိုသုဓာနှင့် ငုံးငှက် များသည် ကောင်းကင်မှ ကျလာသော အစားအစာများ မဟုတ်ပေ။ အာဒံခေတ်က ဥယျာဉ်စိုက်ပျိုးသည့် နည်းပညာများကို သွန်သင်ပေး သကဲ့သို့ ကိုယ်တော်မူဆာ၏ ခေတ်တွင် စားကောင်း သောက်ဘွယ် (သုဓာ) ပြုလုပ်နည်းများ၊ ကြက်ငှက်မွေးမြူနည်းများကို သွန်သင်ပေးသည်ဟု ဆိုလိုပြီး၊ ထိုအစားအသောက်များမှ တရားတော်နှင့် ညီရာတို့ကို စားသုံးနိုင်ကြောင်း ခွင့်ပြုခြင်း ဖြစ်ပေသည်။

(၆၅) ဤသုတ်တော်မှ တံခါးပေါက်၌ ဦးချလျက် ဝင်ကြလော့ ဆိုသည်မှာ တံခါးပေါက်တွင် ဒူးထောက်လျက် ဦးချရှိခိုး ခိုင်းခြင်း မဟုတ်ပေ။ ဤဒေသ၏ စည်ကမ်းများကို လိုက်နာနေထိုင်ပါမည်ဟု နေရာဒေသ တစ်ခုသို့ အဝင်တွင် သစ္စာပြုခိုင်းခြင်း ဖြစ်ပေသည်။

(၆၆) ကောင်းကင်ယံမှ ဆိုးကျိုးဆက်များ ချတ်မှတ်သည်ဆိုခြင်းမှာ သူတို့၏ စိတ်တွင်းတွင် ဒေါသများ၊ အချင်းချင်း သည်းမခံနိုင်မှုများ ပေါ်ပေါက်စေခြင်း၍ ဘဝဂ်ထိုက်သည့် အော်ဟစ်သံများဖြင့် (၂း၅၅) အရေးအခင်းကြီး ဖြစ်ရခြင်းကို ဆိုလိုပေသည်။ သို့ဖြင့် လူပေါင်းများစွာ သေကြေခဲ့ရ လေသည်။ ယင်းကို ဓမ္မဟောင်းကျမ်း၏ တောလည် ရာကျမ်း ၂၅း၉ တွင် လူပေါင်း ၂၄၀၀၀ သေသည်ဟု ဆိုထားပေသည်။

(၆၇) ဤသုတ်တော်မှ **အိဿရိစ်၊ ဗိအဆွာကလ် ဟဂျရ اضْرِب بِّعَصَاكَ الْحَجَرَ** ၏ တိုက်ရိုက် ဘာသာပြန်မှာ "သင့်တောင်ဒူးဖြင့် ကျောက်တုံးကို ရိုက်လော့၊" ဟု ဖြစ်၍ "သင့်လက်ထောက်ကို ကျောက်တောင်သို့ သွားစေလော့၊" ဟုလည်း ဆိုလိုပေသည်။ ထို့အတွက် ဤဂါကျွှဲ့ ပါဝင်သော စကားလုံး သုံးလုံးကို ရှင်းပြရန်လိုပေသည်။ ပထမအနေဖြင့် **ရိုက်လော့**ဟု အများက ဘာသာပြန်သည့် **အိဿရိစ် ဝရ်ဗ** (မူရင်း **သွရဗ ဗရ်ဗ**) မှာ ရိုက်ခြင်း၊ ထိခိုက်ခြင်းဟူသော အဓိပ္ပါယ်ကိုသာ ပေးသည် မဟုတ်ပေ။ **ခရိုးသွားသည်၊ သွားလာရာဖွေသည်** ဟူသည့် အဓိပ္ပါယ်ကိုလည်း ပေးပေသည်။ ကျမ်းတော်၏ နေရာပေါင်းများစွာ၌ **သွရဗ အော့က်သ်။ သွရဗ်ဖီးလ် အော့က်သ်** မြေပေါ်၌ ခရိုးသွားလာခဲ့သည်၊ မြေအနှံ့ သွားလာခဲ့သည်ဟု ဆိုထားပေသည်။ ဤစကားလုံးနှင့် ဤအဓိပ္ပါယ်ကို ၂း၂၇ တွင်လည်း ထင်ရှားစွာ တွေ့နိုင်ပေသည်။ ထို့ကြောင့် ဤသုတ်တော်တွင် **အိဿ**

၆၁။	**وَإِذْ قُلْتُمْ يَا مُوسَى لَن نَّصْبِرَ عَلَى طَعَامٍ وَاحِدٍ فَادْعُ لَنَا رَبَّكَ يُخْرِجْ لَنَا مِمَّا تُنبِتُ الأَرْضُ مِن بَقْلِهَا وَقِثَّآئِهَا وَفُومِهَا وَعَدَسِهَا وَبَصَلِهَا قَالَ أَتَسْتَبْدِلُونَ الَّذِي هُوَ أَدْنَى بِالَّذِي هُوَ خَيْرٌ اهْبِطُواْ مِصْراً فَإِنَّ لَكُم مَّا سَأَلْتُمْ وَضُرِبَتْ عَلَيْهِمُ الذِّلَّةُ وَالْمَسْكَنَةُ وَبَآؤُوْاْ بِغَضَبٍ مِّنَ اللهِ ذَلِكَ بِأَنَّهُمْ كَانُواْ يَكْفُرُونَ بِآيَاتِ اللهِ وَيَقْتُلُونَ النَّبِيِّينَ بِغَيْرِ الْحَقِّ ذَلِكَ بِمَا عَصَواْ وَّكَانُواْ يَعْتَدُونَ۞**
မရောင့်ရဲ	သင်တို့က ''အို– မူဆာ၊ ကျွန်ုပ်တို့သည် အစာတစ်မျိုးတည်းနှင့် **သည်းမခံ**နိုင်ပါ။ သင့်ကံကြမ္မာရှင်၌ ကျွန်ုပ်တို့အဘို့ မြေမှ ဖြစ်ထွန်းသော ဟင်းရွက်၊ သခွား၊ ဂျုံ၊ ပဲ၊ ကြက်သွန်များ ပေါက်ရောက်စေရန် ဆုတောင်းလော့၊''ဟု ဆိုသော် သူက ''ပိုကောင်းရာကို လောဘရမက်ဖြင့် သင်တို့ လွဲပြောင်းလိုသလော၊ မြို့ဘက်သို့ ၆၉ ဆင်းသွားလော့၊ သို့မှသာ သင်တို့ တောင်းဆိုခြင်းများ ရနိုင်ကောင်း၏၊''ဟု ပြန်ပြော၏။ ထို့နောက် သူတို့အား နှိမ်ခံရခြင်း နွမ်းပါးခြင်းတို့ ထိစေပြီ၊ ပရမတ်ဘုရားရှင်၏ ထံတော်မှ ကံကြီးသင့်မှုကို ဆွဲယူကြပြီ၊ ဤသည်မှာ ပရမတ်ဘုရားရှင်၏ သုတ်ဒေနာများကို ဖုံးကွယ်ခြင်း၊ သတင်းတော်ဆောင်များကို ၇၀ သစ္စာမဲ့စွာ သတ်ဖြတ်ခြင်းတို့ကြောင့်ဖြစ်၏၊ ၇၁ ယင်းမှာ သူတို့၏ အာခံမှုနှင့် စည်းဖေါက်မှုကြောင့် ဖြစ်၏။
၆၂။	**إِنَّ الَّذِينَ آمَنُواْ وَالَّذِينَ هَادُواْ وَالنَّصَارَى وَالصَّابِئِينَ مَنْ آمَنَ بِاللهِ وَالْيَوْمِ الآخِرِ وَعَمِلَ صَالِحاً فَلَهُمْ**

ရိမ် (**သွေရဗ**၏ စေခိုင်းခြင်းစကားလုံး)ကို သွားလာစေလော့၊ ခရီးနှင်စေလော့၊ လိုက်လံရှာဖွေ စေလော့ဟု အနက်ကို ပေးသည့် **''ခရီးနှင်စေလော့''** ဟု ဘာသာပြန်ခြင်း ဖြစ်သည်။ ဒုတိယ စကားလုံး **ဗိအဆွာက ڪاصَبَ** မှ **အဆွာ** ဆိုသည်မှာ တောင်ဝှေး၊ လက်ကိုင်တုတ် ဆိုသည့်အပြင် အားကိုး အားထားရသော လူ့အသိုင်းအဝိုင်း၊ လူ့အသိုက်အမြုံကို တင်စားပြောဆို ရာ၌လည်း သုံးပေသည်။ ဥပမာ ခိုင်မာသော လူ့အသိုင်းအဝိုင်းအား ဗီလာဆန့်ကျင်ပြုခြင်းကို **ရွာ့က်ကုလ် အဆွာ** ဟု ဆို၍ ဤစကား၌ **အဆွာ** ဆိုသည်မှာ လူ့အသိုင်းအဝိုင်းကို ဆိုပေသည်။ ထို့ကြောင့် ဤသုတ်တော်၌ လူကို ကိုယ်စားပြုသည့် **သင့်လက်ထောက်**ဟု (သင့်တောင်ဝှေးအစား) ဘာသာပြန်ခြင်း ဖြစ်၏။ **ဟဂျရ ژَجَر** ဆိုသည်ကို အထူး ရှင်းနေရန် မလိုပါ။ ၎င်း၏ အဓိပ္ပါယ်ကိုယ်တိုင်က ကျောက်တောင်၊ ကျောက်ခဲဟု ဖြစ်ပေသည်။

(၆၈) လူစုကိုယ်စီ ဆိုသည်မှာ လူမျိုးစုကိုယ်စီကို ဆိုလိုသည်။ ဤသုတ်တော်တွင် လူစုကိုယ်စီ စမ်းချောင်းရေ တစ်ခုစီ ရသည်ဟု ပြောသောကြောင့် စမ်းချောင်း ဆယ့်နှစ်သွယ်နှင့် အညီ လူမျိုးစု ဆယ့်နှစ်စု ရှိကြောင်းကို ဖေါ်ပြပေသည်။ ဓမ္မဟောင်းကျမ်း၏ ထွက်မြောက်ရာကျမ်း ၁၅း၂၇ တွင်လည်း ထိုလူမျိုးစု အရေအတွက်ကို ဖေါ်ပြထားပေသည်။

(၆၉) ခရစ်ယာန်ဆရာတော် ဆေးလ်၏ ဘာသာပြန်၌ **ٱمِصْر မိဆ်ရမ်** ကို အဓိဂျစ်ပြည်ဟု ပြန်ဆိုခြင်းမှာ မမှန်ပေ။ ဤနေရာ၌ ဖေါ်ပြသော **မိဆ်ရမ်** မှာ မည်သည့် မြို့ကို မဆို ကိုယ်စားပြုသော ''မြို့'' ဟူသည့် အများပိုင်နမ် ဖြစ်၏။

(၇၀) ဤဘာသာပြန်၌ **နဗီ** ကို ရှေးပေါရာဏ စကားလုံးအတိုင်း တမန်တော်ဟု ဘာသာမပြန်ဆိုဘဲ၊ သတင်းတော်ဆောင်ဟု ဘာသာပြန်ဆိုခြင်းမှာ၊ တမန်တော် ဆိုသော စကားလုံးသည် အစွယ်လာမ်သာသနာဝင် မဟုတ်သည့် အဂ်လိပ် ဆရာတော်ကြီးများ၏ ဘာသာပြန်များကို မှီငြမ်းရာမှ ဖြစ်ပေါ်လာသော ဝေါဟာရ ဖြစ်သည်။ ထိုဆရာတော်ကြီးများက အစွယ်လာမ်တို့ အထွဋ်အမြတ်ထားသည့် ရဏ္ဍလ၊ နဗီများကို သူတို့၏ ကျမ်းစာ၌ အဆင့်နိမ့် (ယေရှုလောက် အဆင့်မမြင့်ဟု ခံစားကာ သုံးနှုံးပြောဆိုသည့်) ပုဂ္ဂိုလ်မြတ်တို့အား သုံးနှုံးသည့် Prophet ဟူသည့်စကားမှ ပြန်ဆိုခြင်း ဖြစ်ပေသည်။ အစွယ်လာမ်ပညာရှင်များ ဘာသာပြန်ဆိုသည့် ကျမ်းများတွင် Prophet ဟု ဘာသာမပြန်ပေ၊ Messenger ဟုသာ ပြန်ဆိုပေသည်။ ကျွန်ုပ်၏ ဤဘာသာပြန်တွင် **နဗဃ** (သတင်းကြီး)မှ ဆင့်ပွားလာသော **နဗီ** ကို **သတင်းတော်ဆောင်**ဟု ဘာသာပြန်၍ **ရဆလ** (စေလွှတ်ခြင်းခံရသည်) မှ ဆင့်ပွားလာသော **ရဏ္ဍလ** ဆိုသည်ကို လူသားများအတွက် တရားဓမ္မကို သဗ္ဗညုတဉာဏ်စဉ်တော် အားဖြင့် ဆောင်ကြည်းလာသော ကြောင့် **ဉာဏ်စဉ်ဆောင်** ဟု ဘာသာပြန်ဆို ပေသည်။

(၇၁) ဂျူးတို့သည် သူတို့၏ အမျိုးသားရေးစိတ်ကို အကြောင်းပြကာ သူတို့လူမျိုးများ အတွက် ပေါ်ထွန်းလာခဲ့သော ခေါင်းဆောင်ကောင်းများ၊ သူတော်စင် သူတော်ကောင်းများကို သတ်ပစ်လေ့ရှိပေသည်။ ထိုအကြောင်းကို ဓမ္မသစ်ကျမ်း၏ ရှင်မဿဲခရစ်ဝင် ၂၃း၃၅ တွင် ''ဖြောင့်မတ်သော အာဗေလမှ စ၍---ဇာခရိသား ဇာခရိ၏ အသွေးတိုင်အောင်၊''ဟု ဆိုထားပေသည်။ သူတို့သည် ယေရှုခရစ်တော်ကိုလည်း ကားစင်တင်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ဂျူးတို့၏ နောက်ပိုင်း သမိုင်းများ အရ ဗတ္တိဇံဆရာ ယောဟန်ကိုလည်း သူတို့သတ်ခဲ့ကြောင်းကို အငြင်းမပွားဘဲ မှတ်တမ်းတင်ထားပေသည်။ သို့သော် လူတစ်စု၏ ဆိုးသွမ်းမှုကြောင့် ထိုလူမျိုးအားလုံးကို သိမ်းကြုံး၍ ဒုစရိုက်လူမျိုး၊ ဂရုပြည်သို့ လားရမည့်လူမျိုးဟု ကုရ်အာန် ကျမ်းတော်က လုံးဝ ဆိုမထားပေ။ ထိုအချက်ကို ဆက်လက်ဖေါ်ပြပါ သုတ်တော် (၆၂) က ထင်ရှား စေပေသည်။

	أَجْرُهُمْ عِندَ رَبِّهِمْ وَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ۝ ဇကနဲပင်– ယုံကြည်သောသူ၊ ရေဝတီ၊ ခရစ်ယာန်နှင့် ရေသန့်အယူရှိသောသူများ၇၂ မည်သူမဆို ပရမတ်ဘုရားရှင်နှင့် နောင်ဘဝ နေ့ကာလကို ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ကျင့်ကြံ၏၊ ထိုသူတို့ အတွက် ဆုလဒ်သည် ကံကြမ္မာရှင်၏ ထံ၌ရှိ၏။ သူတို့အား ကြောက်ရွံ့ရစေမည်မဟုတ်၊ သောကရောက်ရစေမည်လည်း မဟုတ်ချေ။
၆၃။	**وَإِذْ أَخَذْنَا مِيثَاقَكُمْ وَرَفَعْنَا فَوْقَكُمُ الطُّورَ خُذُواْ مَا آتَيْنَاكُم بِقُوَّةٍ وَاذْكُرُواْ مَا فِيهِ لَعَلَّكُمْ تَتَّقُونَ۝** ထို့ပြင် ငါသည် သင်တို့၏ ကတိခံဝန်ချက်ကိုယူ၍၊ သင်တို့အပေါ်၌ တောင်တော်ကို မြှောက်စားခဲ့ပြီ၇၄ သင်တို့သည် စည်းစောင့်နိုင်အံ့ငှာ– ငါအရှင် ပေးအပ်ရာ၌ အစွမ်းရှိရှိ အယူမြဲလော့၊ ထို၌ သတိတရ ရှိကြလော့။
၆၄။	**ثُمَّ تَوَلَّيْتُم مِّن بَعْدِ ذَلِكَ فَلَوْلاَ فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُ لَكُنتُم مِّنَ الْخَاسِرِينَ۝** တဖန် သည့်နောက်တွင်မှ သင်တို့ ပြန်လှည့်ခဲ့၏၊ သင်တို့အပေါ်သို့ ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုနှင့် ကရုဏာတော် မသက်ခဲ့လျှင် သင်တို့သည် ဆုံးရှုံးသူများမှ ဖြစ်ချေပြီ။
၆၅။ ဥပသ်နေ့	**وَلَقَدْ عَلِمْتُمُ الَّذِينَ اعْتَدَواْ مِنكُمْ فِي السَّبْتِ فَقُلْنَا لَهُمْ كُونُواْ قِرَدَةً خَاسِئِينَ۝** ငါက သင်တို့မှ **သီတင်းနေ့၌** စည်းဖေါက်သောသူအား "သင်တို့သည် ရှက်ဘွယ်လိလိ မျောက်များ ဖြစ်ကြလော့၊"၇၄ ဟု မိန့်ဆိုသည်ကို သင်တို့ သိကြ၏။
၆၆။ ပစ္စုပ္ပန်	**فَجَعَلْنَاهَا نَكَالاً لِّمَا بَيْنَ يَدَيْهَا وَمَا خَلْفَهَا وَمَوْعِظَةً لِّلْمُتَّقِينَ۝** **လက်ရှိ ရှေ့မှောက်**၊ နောက်ကာလအတွက် နမူနာအဖြစ်၊ စည်းစောင့်သူများ အတွက် သြဝါဒအဖြစ် ငါ စီစဉ်တော်မူ၏။
၆၇။	**وَإِذْ قَالَ مُوسَى لِقَوْمِهِ إِنَّ اللّهَ يَأْمُرُكُمْ أَن تَذْبَحُواْ بَقَرَةً قَالُواْ أَتَتَّخِذُنَا هُزُواً قَالَ أَعُوذُ بِاللّهِ أَنْ أَكُونَ مِنَ الْجَاهِلِينَ۝** မူဆာက သူ့လူမျိုးအား "သင်တို့သည် နွားမကို လိမ်းသတ်လော့၊"ဟု ပရမတ်ဘုရားရှင်၏ ညွှန်ကြားမှုကို ပြောဆို

---

(၇၂) ယုံကြည်သူ ဆိုသည်မှာ ဤကုရ်အာန် ကျမ်းတော်၏ အဆုံးအမများကို လက်ခံ ယုံကြည်သူများကို ရည်ညွှန်း၍။ ရေဝတီ ဆိုသည်မှာ ဂျူးလူမျိုးတို့ ကိုးကွယ်သော ဘာသာကို ခေါ်ပေသည်။ ခရစ်ယာန်နှင့် အတူတကွ ဖေါ်ပြသော **ဆာဘီးအီးန်** ဆိုသည်ကို ဗြိတိဋိကာ ဗဟုသုတ ဟင်းလေးအိုးကြီး (Encyclopedia Britannica) တွင် ဘတ္တိဇ်ဆရာ ယောဟန်၏ ခရစ်ယာန်ဂိုဏ်း ဖြစ်သည်ဟု ယူဆထားပေသည်။ အဘယ်ကြောင့်ဆိုသော် ဘတ္တိဇ် ဆိုသည်မှာ ရေ (နှစ်ခြင်း) ဖြစ်သည်ဟု ဖွင့်ဆိုခြင်းကြောင့် ဖြစ်ပေသည်။ သို့သော် ကုရ်အာန်ကျမ်းတော်တွင် ခရစ်ယာန်ဘာသာဝင် အားလုံးကို မည်သည့် ဂိုဏ်းဖြစ်စေ ခရစ်ယာန် (အာရ်ဗီဖြင့် **နဆ္စရာ**) ဟုသာ ခေါ်ဆိုပြီး ဂိုဏ်းကွဲများကို သီးခြား ပြောဆိုခြင်း မရှိပေ။ ထို **ဆာဘီအီးန်** ဆိုသည့် ဝေါဟာရသည် ရှေ့ပေါ်ရဏ ဘာသာစကား အာရာမစ် စကားလုံးမှ ဆင်းသက်လာ၍ အစွလာမ်သာသနာ မပေါ်မီ ကာလထက် အလွန်တရာ ရှေးကျနေကြောင်းကို ဖေါ်ပြပေသည်။ အာရာမစ် ဘာသာစကားအားဖြင့် ထိုစကား၏ အဓိပ္ပါယ်မှာ "သူတို့ကိုယ်သူတို့ ရေဖြင့် ဆေးကြော သန့်စင်သူများ"ဟု ဖြစ်ပေသည်။ ထို့ကြောင့် နှစ်ဟောင်းမှ အပြစ်များကို ရေဖြင့်ဆေးကြော သန့်စင်လေ့ ရှိသော ဟိန္ဒူ၊ ဗုဒ္ဓဘာသာ မည်သူ့ကိုမဆို ခေါ်ဆိုခြင်း ဖြစ်ပေသည်။ ဟိန္ဒူတို့သည် ဂင်္ဂါမြစ်၌ ရေသန့် အပြစ်လျော်လေ့ရှိပြီး၊ ဗုဒ္ဓဘာသာဝင်များသည် သင်္ကြန်ရေဖြင့် အပြစ်များကို ဆေးကြောကြသည် ဆိုခြင်းမှာ ယခုအခါ ကမ္ဘာအဝှမ်းက သိနေပြီ ဖြစ်ပေသည်။ မည်သို့ပင် ဖြစ်စေ ဤသုတ်တော်၏ အဓိက ဆိုလိုချက်မှာ အစွလာမ် ဘာသာဝင်များမှ မဟုတ် မည်သည့်ဘာသာဝင် ဖြစ်စေကာမူ ပရမတ်ဘုရားရှင်နှင့် နောင်ဘဝကာလအား သက်ဝင်ယုံကြည်လျက် ရိုးရိုးသားသား ကျင့်ကြံသူများ ဖြစ်လျှင် ပူဆွေးရခြင်း သောကရောက်ရခြင်း ဆိုသည့် ဂရဲဘုံသို့ ရောက်မည် မဟုတ်ဟူသည်ပင်။

(၇၃)"တောင်တော်ကို မြှောက်စားခဲ့ပြီ" ဆိုသည်မှာ "ဆိုင်းနိုင်းတောင်၏ အမည်အားဖြင့် သူတို့လူမျိုးစုအားလုံးကို ထင်ရှားစေခဲ့ပြီ"ဟု ဆိုခြင်း ဖြစ်သည်။ ဂျူးလူမျိုးများတွင် လူမျိုးစု ၁၂ စုရှိသည် (၂း၆၀)လူမျိုးစုများ စုပေါင်းနေထိုင်သော ဒေသတစ်ခုအား လူမျိုးတစ်မျိုး၏ အမည်ကို ပေးခြင်းဖြင့် ကျန်လူမျိုးများက ကျေနပ်နိုင်မည် မဟုတ်ဘဲ စုစည်းညီညွတ်ခြင်းဆိုသည့် အင်အားသည်လည်း ဖြစ်လာမည် မဟုတ်တော့ပေ။ စုစည်းညီညွတ်မှု မရှိဘဲ တိုးတက်ဖွံ့ဖြိုး ဂုဏ်သတင်း ကျော်ဇောသော လူမျိုးလည်း ဖြစ်လာမည် မဟုတ်ပေ။ သိနတောင်သည် ဂျူးလူမျိုးများ စုပေါင်း၍ ပဋိဉာဉ်ပြုကြသော နေရာ ဖြစ်သည်။ ကုရ်အာန် ကျမ်းတော်တွင် ကမ္ဘာ့ ဘာသာကြီးများကို နေရာဒေသ အားဖြင့် ခေါ်တွင် ပမာပေးလေ့ ရှိပေသည်။ (၉၅း၁–၃)

(၇၄) ဥပသ်သီတင်းဖျက်သူများကို မျောက်များဖြစ်ကြကုန်လော့ ဆိုသည်မှာ လူစင်စစ်မှ မျောက်သတ္တဝါသို့ ရုပ်သဏ္ဌာန် ပြောင်းလဲသွားခြင်း မဟုတ်ပေ။ "သူတို့၏ စိတ်ဂဏာ မငြိမ်မှုကို" ဆိုလိုပေသည်၊ (အိဗနိဂျဃး)။ ၆၂း၅ တွင် "မြည်းကဲ့သို့"ဟု လည်းကောင်း၊ ၅း၆၀ တွင် "မျောက်များ၊ ဝက်များ"ဟုလည်းကောင်း၊ ၄း၄၇ တွင် "မျက်နှာကို ပြောင်းလဲပစ်မည်၊"ဟု လည်းကောင်း ဥပမာပေးခြင်းများကို တွေ့နိုင်ပေသည်။

	သော် ''ကျွန်ုပ်တို့ကို လှောင်ပြောင် ဖမ်းစားနေသလော၊''ဟု ပြန်ပြောကြ၏။ သူက ''ကျွန်ုပ်သည် ပညာမဲ့တို့မှ မဖြစ်ရန် ပရမတ်ဘုရားရှင်ထံ ခိုလှုံပါ၏၊''ဟု ပြန်ပြော၏။
၆၈။ နွားမ	**قَالُواْ ادْعُ لَنَا رَبَّكَ يُبَيِّن لَّنَا مَا هِيَ قَالَ إِنَّهُ يَقُولُ إِنَّهَا بَقَرَةٌ لاَّ فَارِضٌ وَلاَ بِكْرٌ عَوَانٌ بَيْنَ ذَلِكَ فَافْعَلُواْ مَا تُؤْمَرونَ**۞ သူတို့က ''ဘယ် **သူမ**နည်း၊ ကျွန်ုပ်တို့ ရှင်းလင်းစေရန် သင့်ကြမ္မာရှင်၌ ဆုတောင်းလော့၊''ဟု ပြောကြ၏။ သူက ''အရှင် မိန့်သည်မှာ **သူမ**သည် အသုံးပြုပြီး မဟုတ် နလွန်းသည်လည်း မဟုတ် ယင်းကြားမှ ပုံပိုးနိုင်သော နွားမ ဖြစ်၏၊ ညွှန်ကြားချက် အတိုင်း ပြုလုပ်ကြလော့၊''ဟု ပြန်ပြော၏။
၆၉။	**قَالُواْ ادْعُ لَنَا رَبَّكَ يُبَيِّن لَّنَا مَا لَوْنُهَا قَالَ إِنَّهُ يَقُولُ إِنَّهَا بَقَرَةٌ صَفْرَاء فَاقِعٌ لَّوْنُهَا تَسُرُّ النَّاظِرِينَ**۞ သူတို့က ''ဘယ် အရောင်နည်း၊ ကျွန်ုပ်တို့ ရှင်းလင်းစေရန် သင့်ကြမ္မာရှင်၌ ဆုတောင်းလော့၊''ဟု ပြောပြန်သော် ''အရှင် မိန့်သည်မှာ၊ ကြည့်သူတို့ ကြိတ်ကြည်နူးကြသည့် ရွှေအိုရောင် နွားမပင်၊''ဟု ဆို၏။
၇၀။	**قَالُواْ ادْعُ لَنَا رَبَّكَ يُبَيِّن لَّنَا مَا هِيَ إِنَّ البَقَرَ تَشَابَهَ عَلَيْنَا وَإِنَّآ إِن شَاء اللّهُ لَمُهْتَدُونَ**۞ ''နွားမများမှာ ကျွန်ုပ်တို့ အဘို့ ဆင်တူများဖြစ်ပါ၏၊ ဘယ်သူမ ဖြစ်ကြောင်း ကျွန်ုပ်တို့ ရှင်းလင်းစေရန် ဆုတောင်းလော့၊ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့သော် ကျွန်ုပ်တို့သည် လမ်းညွှန်ခံရမည့်သူများ ဖြစ်၏''ဟု ပြောကြ၏။[၇]
၇၁။ နွားပျိုမ	**قَالَ إِنَّهُ يَقُولُ إِنَّهَا بَقَرَةٌ لاَّ ذَلُولٌ تُثِيرُ الأَرْضَ وَلاَ تَسْقِي الْحَرْثَ مُسَلَّمَةٌ لاَّ شِيَةَ فِيهَا قَالُواْ الآنَ جِئْتَ بِالْحَقِّ فَذَبَحُوهَا وَمَا كَادُواْ يَفْعَلُونَ**۞ သူက ''အရှင်မိန့်သည်မှာ သူမသည် မြေနှိမ့်ကို တူးဖော်ခြင်းမရှိ၊ ထွန်ယက်မျိုးချ စိုက်ပျိုးခြင်းမရှိ အေးအေးလူလူ အပြစ်အနာ ကင်းသော၊ နွားမပင်၊''ဟု ပြောသောအခါ၊ ''ယခုမှ သင်သည် အမှန်တရားဖြင့် ရောက်လာပြီ၊''ဟု ပြောကြလျက် **သူမ**ကို လိုးသတ်လိုက်၏၊ သို့သော် ပြုလုပ်ရန် မနီးစပ်လိုကြချေ။[၇၆]
၇၂။	**وَإِذْ قَتَلْتُمْ نَفْساً فَادَّارَأْتُمْ فِيهَا وَاللّهُ مُخْرِجٌ مَّا كُنتُمْ تَكْتُمُونَ**۞ သင်တို့သည် စရိုက်တစ်ခုကို သတ်ခဲ့၍၊ ငင်း၌ ပလပ်လိုကြ၏၊ ပရမတ်ဘုရားရှင်သည် သင်တို့၏ ထိန်ဝှက်ထားလေ့ ရှိရာကို ဖေါ်ထုတ်ခဲ့လေပြီ။[၇၇]

---

(၇၅) **အင်ရှာအလ္လာဟ်** ဆိုသော စကားကို ဆရာတော်ကြီးများက ''အလ္လာဟ် သဘောတူလျှင်၊ အလ္လာဟ် အလိုတော်ရှိလျှင်၊''ဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံး၏ ဆိုလိုချက်မှာ ပရမတ်ဘုရားရှင်က အရာရာကို အတိုင်းအတာ စံချိန်ဖြင့် ပြဋ္ဌာန်းပြီးသား ရှိ၏။ ဥပမာအားဖြင့် ''ရေသည် မည်သည့် စံချိန်တွင် အေးခဲမည်။ မည်သည့်စံချိန်တွင် ဆူပွက်မည် ဟူသော သတ်မှတ်ချက် စံချိန်သည် ထိုရေ မခဲမီ၊ မဆူမီကပင် သတ်မှတ်ချက်၊ ကြိုတင်ပြဋ္ဌာန်းမှု ရှိပြီး ဖြစ်ပေသည်။ အလားတူပင် မည်သည့်အရာသည် မဆို သူ့စံချိန်ပြည့်သလောက် ဖြစ်တည်လာရပေသည်။ ထိုစကားကို အစ္စလာမ်ဘာသာရေး ဝေါဟာရတွင် ''အလ္လာဟ် အလိုတော်တူလျှင်၊''ဟု သုံးပေသည်။

(၇၆) သုတ်တော် ၆၇ မှ ၇၁ သည် ဂျူးလူမျိုးများ၏ နွားကိုးကွယ်မှု အစဉ်အလာအား ပယ်သတ်စေခိုင်းသော သွန်သင်ဆုံးမှု ဖြစ်သည်။ ဤသုတ်တော်များမှ ပြောသော နွားပျိုမမှာ သက်ရှိနွားမ မဟုတ်ပေ၊ သူတို့ ဆည်းကပ်ကိုးကွယ်သည့် နွားရုပ်ထုကို ဆိုခြင်း ဖြစ်ပေသည်။ ဤအချက်ကို ''အသုံးပြုပြီးမဟုတ်၊ နလွန်းသည်လည်း မဟုတ်၊ ကြည့်သူတို့ ကြည်နူးစေသည့် ရွှေအိုရောင် ဖြစ်၏၊ မြေနှိမ့်ကို တူးဖော်ခြင်းမရှိ၊ ထွန်ယက်မျိုးချ စိုက်ပျိုးခြင်းမရှိ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်၍ အပြစ်အနာ ကင်းသော (ပုပ်သိုးဆွေးမြေခြင်း မရှိ)'' ဆိုသည် များက ထင်ရှားစေသည်။ နွားကိုးကွယ်မှုအား ပါယ်သတ်ခိုင်းခြင်းမှာ ခရစ်ယာန် သမ္မာကျမ်းစာ၏ တရားဟောရာကျမ်း (၂၁း၁–၉)မှ ''မသေချာသော လူသတ်သမား အတွက် အလျော်ပေးသော အားဖြင့် နွားမအား သတ်စေမှု''ကို လည်းကောင်း၊ တောလည်ရာကျမ်း ၁၉း၁–၁၉ မှ ''လူသေကောင်အား ထိမိသော မသန့်စင်သူအတွက် သန့်စင်သွားစေရန် နွားနီမကို သတ်၍ မီးရှို့ ပြာချကာ ထိုပြာဖြင့် ထိတို့ သန့်စင်စေသည်'' ဟူသည့် အယူကို လည်းကောင်း ကိုယ်စားမပြုပေ။ မိမိတို့မက်မောသော အရာများကို စွန့်လွှတ်ရမည့် အချိန်၌ မစွန့်လွှတ်လိုသောကြောင့် အမျိုးမျိုး စောဒကဝင်လေ့ ရှိကြောင်းကို ပမာဆောင်ခြင်း သာ ဖြစ်ပေသည်။

(၇၇) **နာဖ်ဆ်** ဆိုသည်ကို ''ဥဉ်စရိုက်'' ဟု ၂း၉ ၏ အောက်ခြေတွင် ရှင်းခဲ့ပေပြီ။ **နာဖ်ဆ်** ကို လူ (ခန္ဓာကိုယ်)ဟု ဘာသာ ပြန်ဆိုကြသော ဆရာတော်ကြီးများက ''သင်တို့သည် လူတစ်ယောက်ကို သတ်ခဲ့၍၊''ဟု ပြန်ဆိုကြပြီး၊ ကိုယ်တော်မုဟမ္မဒ်၏ လက်ထက်က ဂျူး တစ်ယောက်က

๗๑။	**فَقُلْنَا اضْرِبُوهُ بِبَعْضِهَا كَذَٰلِكَ يُحْيِي اللَّهُ الْمَوْتَىٰ وَيُرِيكُمْ آيَاتِهِ لَعَلَّكُمْ تَعْقِلُونَ۝** သို့ဖြင့် ငါက ''ထိုမှ အချို့ဖြင့် နည်းလမ်းရှာလော့၊''ဟု[၇၈] မိန့်ခြွေ၏။ ဤသို့ ပရမတ်ဘုရားရှင်သည် သေနေရာမှ ရှင်ပြန်စေတော်မူပြီ၊ သင်တို့ အတွေးအခေါ် ရှိအံ့ငှာ၊ သင်တို့အား အရှင်၏ သုတ်ဒေသနာများကို ပြသတော်မူ၏။
๗๒။	**ثُمَّ قَسَتْ قُلُوبُكُم مِّن بَعْدِ ذَٰلِكَ فَهِيَ كَالْحِجَارَةِ أَوْ أَشَدُّ قَسْوَةً وَإِنَّ مِنَ الْحِجَارَةِ لَمَا يَتَفَجَّرُ مِنْهُ الْأَنْهَارُ وَإِنَّ مِنْهَا لَمَا يَشَّقَّقُ فَيَخْرُجُ مِنْهُ الْمَاءِ وَإِنَّ مِنْهَا لَمَا يَهْبِطُ مِنْ خَشْيَةِ اللَّهِ وَمَا اللَّهُ بِغَافِلٍ عَمَّا تَعْمَلُونَ۝** ၂း၂၄ တဖန် ထို့နောက်တွင် သင်တို့၏နှလုံးသားများသည် ခက်ထန်လာ၏၊ ၎င်းသည် ကျောက်တုံးကဲ့သို့ သို့တည်းမဟုတ် ထို့ထက်ပင် ခက်ထန်ကြ၏။ ကျောက်ခဲများ၌ စမ်းချောင်း စီးထွက်သည်လည်း ရှိ၏၊ အက်ကွဲ၍ ရေများ စိမ့်ယိုသည်လည်း ရှိ၏၊ ပရမတ်ဘုရားရှင်အား ကြောက်ရွံ့၍ ပြုဆင်းသည်လည်း ရှိ၏။ ပရမတ်ဘုရားရှင်သည်ကား ကျင့်ကြံလေသမျှကို မေ့လျော့ထားသည် မဟုတ်ပေ။
๗๓။	**أَفَتَطْمَعُونَ أَن يُؤْمِنُواْ لَكُمْ وَقَدْ كَانَ فَرِيقٌ مِّنْهُمْ يَسْمَعُونَ كَلاَمَ اللَّهِ ثُمَّ يُحَرِّفُونَهُ مِن بَعْدِ مَا عَقَلُوهُ وَهُمْ**

မွတ်ဆလင် အမျိုးသမီး တစ်ဦးကို သတ်ခဲ့သည်ဟု၊ ဘိုခါရီကျမ်းတွင် ဖေါ်ပြသော အဖြစ်အပျက်ကို ထောက်၍ ဖွင့်ဆိုကြပေသည်။ အချို့ဆရာတော်များကလည်း မည်သည့် အထောက်ထေားမှ မရှိဘဲလျက် ဂျူးတို့တွင် လူတစ်ယောက်က သူ၏ ဦးလေးကို သတ်မှုဖြင့် လက်သည် မပေါ်သောကြောင့်၊ အထက် သုတ်တော်များတွင် ဖေါ်ပြသည့် သူတို့သတ်လိုက်သော နွားပျိုမ၏ အသားဖြင့် သတ်ခံရသော လူသေအလောင်းကို ရိုက်လိုက်ရာ (၂း၇၃) ထိုနွားသေက ထပြီး စကားပြောလျက် လူသတ်တရားခံကို ဖေါ်ပေးသည်ဟု ဒဏ္ဍာရီမြောက်အောင် ဖွင့်ဆိုကြပေသည်။ အချို့အုပ်စုများကမူ၊ အထက်ပါ ရှင်းလင်းချက်များသည် ကျမ်းကိုး ကျမ်းကားအရ အလွန် အားနည်းကြောင်း၊ ဂျူးတို့၏ လောကတွင် အထင်ရှားဆုံးသော သမိုင်းတွင် သည့် လူသတ်မှုမှာ ယေရှုခရစ်အား သတ်ခဲ့ခြင်းသာ ဖြစ်ကြောင်း သူတို့သည် ယေရှုအား သတ်၍ ကားစင်ပေါ်၌ ယေရှုသေသည် မသေသည်ကို အငြင်းပွားခြင်း ဖြစ်ကြောင်း ကုရ်အာန်ကျမ်းတော်၏ ၄း၁၅၇–၁၅၇ ကို ထောက်ပြ၍ ရှင်းလင်းထားပေသည်။ ဤဘာသာပြန်၌မူ **နာဖ်ဆ်** ကို စရိုက်ဟု ဘာသာပြန်ဆိုပေသည်၊ မည်သည့် လူမျိုးမဆို မိမိတို့ ကျင့်သားရပြီး အလေ့အထတစ်ခု စိတ်စရိုက်တစ်ခုကို ပယ်သတ်၍ အခြားသော အလေ့အထ တစ်ခုကို ကူးပြောင်းရသော ''အကျင့်စရိုက် တော်လှန်ရေး'' လုပ်ရသည့်အ ချိန်တွင် အချင်းချင်း အဘောထား ကွဲလွဲကြသည်မှာ ဓမ္မတာပင်။ ဂျူး လူမျိုးများသည်လည်း သူတို့မြတ်နိုးစွာ ကိုးကွယ်နေကြသော ရိုးရာဓလေ့တစ်ခု (စိတ် စရိုက်တစ်ခု)ကို ပယ်သတ်ရသည့်အခါ ရိုးရာဓလေ့ကို မတွန်းလှန်လိုသောကြောင့် ထို စိတ်ဓါတ်တော်လှန်ရေးအား ပလပ် လို၍ အချင်းချင်း သဘောထား ကွဲလွဲကြကြောင်းကို ဖေါ်ပြခြင်း ဖြစ်ပေသည်။ ''သင်တို့၏ ထိန်ဝှက်ထားရာကို ဖေါ်ထုတ်ခဲ့ပြီ'' ဆိုသည်မှာ သူတို့သည် လုပ်ဆောင်လိုမှု မရှိဘဲ နွားပျိုမအား လှီးသတ်ခဲ့ရသည့် ဆန္ဒကို ဆိုလိုခြင်း ဖြစ်ပေသည်။ فَادَّارَأْتُمْ မှာ أ د ر ء မှ ဆင့်ပွားဝေါဟာရဖြစ်၍– ပလပ်သည်။ ဖယ်ရှားသည် ဟုသာ အဓိပ္ပါယ်ကို ပေးပေသည်။

(၇၈) ရင်းမြစ် **ضرب الشيء** ၏ အမိန့်ပေးစကားလုံး **اضربوه** ကို အချို့က **ရိုက်ကြလော့** ဟု ဘာသာပြန်၍ ''(နွားသေ၏) အစိတ်အပိုင်း အားဖြင့် (ထိုလူသေအား) ရိုက်လော့''ဟု။ ထိုသို့ နွားသေ၏ အစိတ်အပိုင်းဖြင့် ရိုက်ပုတ်ခံရသော လူသေသည် သေရာမှ ပြန်ရှင်လာသည်ဟု ဖွင့်ဆိုကြပေသည်။ ဤသို့ ဖွင့်ဆိုချက်များမှာ ယုတ္တိဗေဒနှင့် လွန်စွာကင်းကွာပြီး ကုရ်အာန်ကျမ်းတော်၏ သွန်သင်မှုနှင့် လုံးဝ မပတ်သက်ပေ။ **သွေးရဗ** သည် ရိုက်သည်ဟု အဓိပ္ပါယ် တစ်ခုတည်းကိုသာဆောင်ခြင်း မဟုတ်ဘဲ သွားလာသည်၊ လိုက်လုံးထွေးစမ်းသည် ဟုလည်း ဖြစ်၏၊ (၂း၆၀) ထို့ပြင် **သွေးရဗ**သည် ''ဥပမာ''ဟုလည်း အဓိပ္ပါယ်ရပေသည်၊ (၁၄း၂၄)။ ဤနေရာ၌ ဘာသာပြန်ဆိုသော ''အချို့'' ဆိုသည် မှာ **ဗအာသွေ** (အစိတ်အပိုင်းချို့၊ အခန်း ကဏ္ဍာချို့၊ လူအချို့၊ စိတ်အချို့) စသည်ဖြင့် **အချို့**ကိုသာ ဆိုလိုပြီး ''အစိတ်အပိုင်း၊ အပိုင်းအစ'' ဟူသည့် ဩဇာဝတ္ထုကို မဆိုလိုပေ၊ ၎င်းကို ကျမ်းတော်၏ မြောက်များစွာသော နေရာများတွင် တွေ့နိုင်ပေသည်။ ထို့အပြင် **ဘိဗအာသွီဟာ بَبَعْضِهَا** မှ **هَا ဟာ** သည် လိင်မ (နွားမ)ကို ပြောသည် မဟုတ်ပေ၊ ပြုလုပ်သူ၏ လှုပ်ရှားမှု (Action) ကိုသာ ညွှန်းပေသည်။ ထို့ကြောင့် ဤသုတ်တော်တွင် ဖေါ်ပြသော ''ထိုမှ အချို့ဖြင့် နည်းလမ်း ရှာကြလော့'' ဆိုသည်မှာ မူလ မိရိုးဖလာ အစွဲ စရိုက်နှင့် ပြောင်းလဲ လက်ခံရမည့် စရိုက်သစ် (စိတ်ဓါတ် တော်လှန်ရေး) အတွက် စိတ်ဓါတ်ကို စိတ်ဓါတ်ချင်း၊ အတွေးအခေါ်ကို အတွေးအခေါ်ခြင်း အနုလုံ ပဋိလုံ အပြန်အလှန် သုံးသပ်ဆင်ခြင် နည်းလမ်း ရှာကြစေရန် သွန်သင်ခြင်းပင် ဖြစ်သည်။ သို့ဖြင့် သေနေသော ဘဝများမှာ ပြန်လည် ရှင်သန်ဖွံ့ဖြိုး လာစေခြင်း ဖြစ်ပေသည်။ ထိုအချင်း အရာကို ကျမ်းတော်၏ ''လူမျိုးတစ်မျိုးသည် သူတို့၏ ဉာဉ်စရိုက်ကို မပြောင်းလဲသမျှ ပရမတ်ဘုရားရှင်က သူတို့အား ပြောင်းလဲပေးမည် မဟုတ်ပေ''ဟု ဆိုသည့် သုတ်တော်အားဖြင့် နားလည် နိုင်ပေသည်၊ (၁၃း၁၁)။

	يَعْلَمُونَ۝ သူတို့မှ တစ်ဖွဲ့သည် သင်တို့ကို ယုံကြည်လိမ့်မည်ဟု သင်တို့ မျှော်လင့်နေသလော၊ သူတို့သည် ပရမတ် ဘုရားရှင်၏ ဓမ္မတော်များကို နာယူ၍၊ ပြီးနောက်မှ အတွေးအခေါ်ရှိပါလျက်၊ သိနေပါလျက် ၎င်းကို လှည့်ပြောင်းကြ၏။[၃၉]
၇၆။	**وَإِذَا لَقُواْ الَّذِينَ آمَنُواْ قَالُواْ آمَنَّا وَإِذَا خَلاَ بَعْضُهُمْ إِلَىَ بَعْضٍ قَالُواْ أَتُحَدِّثُونَهُم بِمَا فَتَحَ اللّهُ عَلَيْكُمْ لِيُحَآجُّوكُم بِهِ عِندَ رَبِّكُمْ أَفَلاَ تَعْقِلُونَ۝** ယုံကြည်သောသူများနှင့် ဆုံသောခါ ''ကျွန်ုပ်တို့လည်း ယုံကြည်၏''ဟု ပြောကြလျက် သူတို့မှ အချို့က အချို့ကို ''သင်တို့အား ပရမတ်ဘုရားရှင်က ထွက်ပေါက်ပေးထားသည်ကို ဆင့်ပြန်လိုက်သလော၊ သူတို့က ၎င်းအားဖြင့် ကံကြမ္မာရှင်၏ ထံ၌ သင်တို့ကို စောကြောနိုင်ရာ၏၊ သင်တို့၌ အတွေးအခေါ် မရှိကြသလော၊''ဟု ပြောဆိုကြ၏။[၈၀]
၇၇။	**أَوَلاَ يَعْلَمُونَ أَنَّ اللّهَ يَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ۝** ပရမတ်ဘုရားရှင်သည် သူတို့၏ ကြိတ်ကြံရာ၊ လူသိရှင်ကြားပြုရာများကို သိနေတော်မူကြောင်း သူတို့ မသိကြသလော။
၇၈။	**وَمِنْهُمْ أُمِّيُّونَ لاَ يَعْلَمُونَ الْكِتَابَ إِلاَّ أَمَانِيَّ وَإِنْ هُمْ إِلاَّ يَظُنُّونَ۝** သူတို့၌ ဆန္ဒရမက် စွက်သော စဉ်းစားချက်မှအပ ကျမ်းတော်ကို မသိကြသော စာမတတ်သူများရှိ၏။[၈၁]
၇၉။ နည်း	**فَوَيْلٌ لِّلَّذِينَ يَكْتُبُونَ الْكِتَابَ بِأَيْدِيهِمْ ثُمَّ يَقُولُونَ هَذَا مِنْ عِندِ اللّهِ لِيَشْتَرُواْ بِهِ ثَمَناً قَلِيلاً فَوَيْلٌ لَّهُم مِّمَّا كَتَبَتْ أَيْدِيهِمْ وَوَيْلٌ لَّهُمْ مِّمَّا يَكْسِبُونَ۝** တန်ဘိုးချ ရောင်းစားရန်အလို့ငှာ သူတို့၏လက်ဖြင့် ပြဋ္ဌာန်းသော ကျမ်းစာကို ''ဤသည် ပရမတ်ဘုရားရှင်၏ ထံမှ တည်း၊''ဟု ပြောဆိုသော သူတို့သည်၊ ပျက်စီးရမည်သာတည်း။ သူတို့၏လက်ဖြင့် ပြဋ္ဌာန်းသောကြောင့် ပျက်စီးရမည်သာတည်း၊ သူတို့၏ ကျင့်ဆောင်မှုကြောင့် ပျက်စီးရမည်သာတည်း။
၈၀။ ۞ ၂း၂၄	**وَقَالُواْ لَن تَمَسَّنَا النَّارُ إِلاَّ أَيَّاماً مَّعْدُودَةً قُلْ أَتَّخَذْتُمْ عِندَ اللّهِ عَهْدًا فَلَن يُخْلِفَ اللّهُ عَهْدَهُ أَمْ تَقُولُونَ عَلَى اللّهِ مَا لاَ تَعْلَمُونَ۝** သူတို့က ''အပူမီးမှာ۞ ကျွန်ုပ်တို့အား တွက်ချက်သတ်မှတ်ထားသော ရက်များမျှသာ ထိကပ်နိုင်မည်''ဟု[၈၂] ဆိုကြ၏။ သူတို့အား ''ပရမတ်ဘုရားရှင်၏ ထံမှ ပဋိညာဉ်ကို သင်တို့ ရယူထားကြသလော၊ သို့ဖြစ်လျှင် ပရမတ်ဘုရားရှင်က

---

(၇၉) ဤသုတ်တော်က သူတစ်ပါး၏ဘက်မှ မှန်မှန် မမှန်မှန် လုံးဝလက်ခံ မည်မဟုတ်၊ ခဲ့ဘက်ကိုသာ လက်ခံရမည်ဟု ယတိပြတ် ဆုံးဖြတ်ပြီးမှ မိမိအား လာရောက်တွေ့ဆုံသော သံတမန်များကို ဆိုလိုပေသည်။ ထိုကဲ့သို့ လူတန်းစားများကို ''သူတို့တော့ အမှန်တရားကို လက်ခံနိုင်မှာပဲ၊'' ဟု မယုံစားမိရန် လူထုအကျိုးဆောင် လူသားများအား သတိပေးထားခြင်း ဖြစ်ပေသည်။

(၈၀) ရံဖန်ရံခါ အချင်းချင်း ဆွေးနွေးရင်း ပရမတ် အမှန်တရားများ ပါလာတတ်သည်။ ထိုအမှန်တရားအား ငြင်းနိုင်သူ မရှိပါ။ သို့သော် ထိုပရမတ် အမှန်တရားကို ဖုံးကွယ်ထားနိုင်ပေသည်။ မသမာသူများက မိမိတို့ပါးစပ်မှ မမျှော်လင့်ဘဲ ထွက်ဆိုမိသော အမှန်တရားကို အဘယ်ကြောင့် ထိန်ဝှက်မထားရလေသနည်း၊ သူတပါးက အကိုးအကားရသွားလိမ့်မည်ဟု အပြစ်တင်ကြောင်းကို ဖေါ်ပြထားခြင်း ဖြစ်ပေသည်။

(၈၁) ဤသုတ်တော်တွင် ဖေါ်ပြသော စာမတတ်သူများ ဆိုသည်မှာ ဂျူးလူမျိုး မဟုတ်သူများကို ဆိုလို၏ဟု ခရစ်ယာန် ဘုန်းတော်ကြီး ရော့ဒ်ဝဲလ်နှင့် လိန်းတို့က ဖွင့်ဆိုထားသည်။ ထိုအယူအဆမှာ လွန်စွာ မှားယွင်းပေသည်။ စာမတတ်သူများ ဆိုသည်မှာ လုံးဝမဖတ်တတ်၊ မရေးတတ်သော သူများကို ဆိုလိုခြင်း မဟုတ်ပေ။ ဗဟုသုတ မပြည့်စုံသူများကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။ မြန်မာစကားတွင်လည်း ဗဟုသုတပြည့်စုံဘဲ ထင်ရာမြင်ရာဖြင့် ဝင်ရောက်စွက်ဖက် ပြောဆိုသောသူများကို ''ဒီကောင် စာမတတ် ပေမတတ်ဘဲ ဘာတွေဝင်ပြော နေတာလဲ၊''ဟု ပြောဆိုမှုများ ရှိပေသည်။ ထို့ကြောင့် အကြောင်းအရာ တစ်ခုကို ပြည့်ပြည့်စုံစုံမသိဘဲ ထင်မြင်ယူဆချက်ဖြင့် ဝင်စွက်ဖက်တတ်သည့် မည့်သည့် လူသား၊ လူမျိုးကို မဆို ဆိုလိုခြင်း ဖြစ်သည်။ ဤအကြောင်းကို သုတ်တော် (၇၉)ပါ ''သူတို့လက်ဖြင့် ရေးသော ကျမ်းစာ'' ဆိုသည်က ခိုင်မာစွာ ထောက်ပြထားပေသည်။

	ပဋိညာဉ်အား ပေါ့ပျက်မည် မဟုတ်၊ သို့တည်းမဟုတ် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ သင်တို့မသိသည်ကို ပြောနေကြသလော၊''ဟု မေးမြန်းလော့။
၈၁။ ☆၂း၃၉	**بَلَى مَن كَسَبَ سَيِّئَةً وَأَحَاطَتْ بِهِ خَطِيئَتُهُ فَأُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ۞** အမှန်မှာ အကုသိုလ် ကျင့်ဆောင်သူအား၊ သူ၏ အမှားက ဝိုင်းထားလေပြီ၊ သူတို့သည် အပူမီး၏ ပေါင်းဖော်များဖြစ်ကြ၏ ထိုဥ္ဒ အစဉ်ခံစားရမည်ပင်။☆
၈၂။	**وَالَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ أُولَئِكَ أَصْحَابُ الْجَنَّةِ هُمْ فِيهَا خَالِدُونَ۞** ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသော သူတို့သည်ကား သုခဘုံ၏ ပေါင်းဖော်များ ဖြစ်ကြ၏၊ ထိုဥ္ဒ အစဉ်စံစားရမည်ပင်။
၈၃။	**وَإِذْ أَخَذْنَا مِيثَاقَ بَنِي إِسْرَائِيلَ لاَ تَعْبُدُونَ إِلاَّ اللّهَ وَبِالْوَالِدَيْنِ إِحْسَاناً وَذِي الْقُرْبَى وَالْيَتَامَى وَالْمَسَاكِينِ وَقُولُواْ لِلنَّاسِ حُسْناً وَأَقِيمُواْ الصَّلاَةَ وَآتُواْ الزَّكَاةَ ثُمَّ تَوَلَّيْتُمْ إِلاَّ قَلِيلاً مِّنكُمْ وَأَنتُم مُّعْرِضُونَ۞** ငါသည် ဂျူးတို့ထံမှ ''ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ရန်၊ မွေးမိဘများ၊ ဆွေမျိုးနီးစပ်များ၊ မိဘမဲ့များနှင့် နွမ်းပါးသူများ အပေါ် သုမင်္ဂလာပြုရန်၊ လူသားတို့အား တင့်တင့်တယ်တယ် ပြောဆိုကြရန်၊ ဝတ်ပြု မြဲကြရန်၊ အခွန်ငွေဖြူ ပေးကြရန်'' ပဋိဉာဉ်ကို ယူခဲ့၏။ တဖန် သင်တို့အနက် အနည်းငယ်မှအပ လှည့်သွားကြလေပြီ၊ သင်တို့သည်ကား ဘောင်ကန့်ထားသူများ ဖြစ်ကြ၏။
၈၄။	**وَإِذْ أَخَذْنَا مِيثَاقَكُمْ لاَ تَسْفِكُونَ دِمَاءكُمْ وَلاَ تُخْرِجُونَ أَنفُسَكُم مِّن دِيَارِكُمْ ثُمَّ أَقْرَرْتُمْ وَأَنتُمْ تَشْهَدُونَ۞** ငါသည် သင်တို့ထံမှ သွေးထွက်သံယို မပြုရန်၊ သင်တို့၏ စရိုက်များကို ဗိမာန်တော်မှ မောင်းမထုတ်ရန် ပဋိဉာဉ်ကို ယူခဲ့ပြီ၊[၈၃] သင်တို့ အတည်ပြုခဲ့သည်မှာ သင်တို့ကိုယ်တိုင် သက်သေပင်။
၈၅။	**ثُمَّ أَنتُمْ هَؤُلاء تَقْتُلُونَ أَنفُسَكُمْ وَتُخْرِجُونَ فَرِيقاً مِّنكُم مِّن دِيَارِهِمْ تَظَاهَرُونَ عَلَيْهِم بِالإِثْمِ وَالْعُدْوَانِ وَإِن يَأْتُوكُمْ أُسَارَى تُفَادُوهُمْ وَهُوَ مُحَرَّمٌ عَلَيْكُمْ إِخْرَاجُهُمْ أَفَتُؤْمِنُونَ بِبَعْضِ الْكِتَابِ وَتَكْفُرُونَ بِبَعْضٍ فَمَا جَزَاء مَن يَفْعَلُ ذَلِكَ مِنكُمْ إِلاَّ خِزْيٌ فِي الْحَيَاةِ الدُّنْيَا وَيَوْمَ الْقِيَامَةِ يُرَدُّونَ إِلَى أَشَدِّ الْعَذَابِ وَمَا اللّهُ بِغَافِلٍ عَمَّا تَعْمَلُونَ۞** တဖန် သင်တို့သည် စရိုက်ကောင်းများကို သုတ်သင်ပစ်၏၊ သင်တို့မှ တစ်ဖွဲ့ကို သူတို့၏ ဗိမာန်များမှ နှင်ထုတ်ကြ၏၊ ပြစ်မှုနှင့် စည်းဝေါက်မှုဥ္ဒ ကျောထောက်နောက်ခံ ပြုကြ၏။ သင်တို့ထံသို့ သံုပန်းများ ရောက်လာလျှင် သူတို့ကို

---

(၈၂) ခရစ်ယာန် ဆရာတော် ဆေးလ်၏ အဆိုအရ ဂျူးလူမျိုးများသည် ထာဝရဘုရားနှင့် ငရဲပြည်တွင် ထွန့်ထွန့်လူးအောင် ခံစားရမည့် ဒါဿမ်၊ အဘီရမ်ကို မယုံကြည်သူများမှအပ၊ ဂျူးဖြစ်လျှင် မည်မျှပင် ဆိုးသွမ်းစေ၊ မည်သည့် ဂိဏ်းဝင်ဖြစ်စေ ငရဲပြည်ဥ္ဒ (၁၁) လ သို့မဟုတ် (၁)နှစ်နီးပါးသာ ခံစားရမည်ဟု အယူ ရှိကြပေသည်။ ဤအဆိုမျိုးကို အစ္စလာမ်ဘာသာက မသွန်သင်ကြောင်း ဤသုတ်တော်နှင့် အောက်ဖော်ပြပါ သုတ်တော်များဥ္ဒ ထင်ရှားစွာ တွေ့မြင်နိုင်ပေသည်။

(၈၃) သင်တို့၏စရိုက်များကို ဗိမာန်တော်မှ မထုတ်ပစ်ရန် ဆိုသည်ကို ဆရာတော်ကြီးများက **နာ့ဖ်ဆ်**ကို လူ (ခန္ဓာ)ဟု ယူဆလျက် သင်တို့၏ လူမျိုးများကို နေအိမ်များမှ မထုတ်ပစ်ရန်ဟု ဘာသာပြန်ဆို ကြပေသည်။ **နာ့ဖ်ဆ်**ကို ဥဉ်စရိုက်ဟု ကျွန်ုပ်အနေဖြင့် ဘာသာပြန်ကြောင်း ရှင်းပြပြီး ဖြစ်သည်၊ (၂း၉)။ ထို့အပြင် ရင်းမြစ် **ဒဝရ** မှဆင့်ပွားလာသော **ဒီယားရီ** သည် လွှတ်တော် (အစိုးရအဆောက်အဦး အိမ်တော်)၊ ထည်ဝါသည့် အိမ်တော်၊ လူမျိုးစု၊ ခရိုင်၊ လွှတ်တော်(အမတ်)နေရာ ဟူ၍ အဓိပ္ပါယ်ကိုပေးပေသည်။ သာယာအေးချမ်းသော နေရာထိုင်ခင်းများကိုသာ ကိုယ်စားပြုပေသည်။ ထို့ကြောင့် အစ္စလာမ် သာသနာဝင်များက အေးချမ်းသာယာသော မြို့တော်များကို **ဒါရိုလ်ဆလာမ်** ဟု ခေါ်လေ့ရှိပေသည်။ ဤသုတ်တော်က မိမိ၏စရိုက် မိမိ၏ခလေ့များအား ပဋိပက္ခ (သွေးထွက်သံယို) မှုများကို လိုလားသော သွေးဆာနေသည့် အကျင့်စရိုက် အဖြစ် မမွေးမြူကြရန် သို့မဟုတ် အေးချမ်းသာယာသော အခြေအနေမှ မိမိကိုယ်မိမိ မောင်းနှင် ထုတ်ပစ်သလို မပြုလုပ်ကြရန် သွန်သင်ခြင်း ဖြစ်ပေသည်။

☆၂း၁၇၄	ရွေးယူသင့်၏၊ သူတို့အား မောင်းထုတ်ခြင်းမှ သင်တို့အား တားမြစ်ပြီးဖြစ်၏။ သင်တို့သည် ကျမ်းတော်မှ တစ်ချို့ကို ယုံကြည်၍ တစ်ချို့ကို ဖုံးကွယ်ကြသလော၊ သင်တို့၌ ထိုသို့ပြုလုပ်သူ၏ အစားရမှုမှာ လောကီသက်တမ်း၌ အရှက်ရစေ၍၊ ရပ်တည်ရသောနေ့၌☆ ပြင်းထန်သော ဝဋ်ကြွေးဆီသို့ ပြန်ပို့ခံရလတ္တံ့။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို မမေ့လျော့ထားသည် မဟုတ်ပေ။
၈၆၊	**أُولَئِكَ الَّذِينَ اشْتَرَوُاْ الْحَيَاةَ الدُّنْيَا بِالآخِرَةِ فَلاَ يُخَفَّفُ عَنْهُمُ الْعَذَابُ وَلاَ هُمْ يُنصَرُونَ۞**
	နောင်ဘဝအား လောကီဘဝဖြင့် ရောင်းစားသောသူတို့၊ ထိုသူတို့နှင့်စပ်လျဉ်းသည့် ဝဋ်ကြွေးကို ပေါ့ပါးစေမည် မဟုတ်၊ သူတို့သည် ကူညီခံရမည်လည်း မဟုတ်ချေ။
၈၇။ ၂း၆၀	**وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ وَقَفَّيْنَا مِن بَعْدِهِ بِالرُّسُلِ وَآتَيْنَا عِيسَى ابْنَ مَرْيَمَ الْبَيِّنَاتِ وَأَيَّدْنَاهُ بِرُوحِ الْقُدُسِ أَفَكُلَّمَا جَاءكُمْ رَسُولٌ بِمَا لاَ تَهْوَى أَنفُسُكُمُ اسْتَكْبَرْتُمْ فَفَرِيقاً كَذَّبْتُمْ وَفَرِيقاً تَقْتُلُونَ۞**
	ဇကနဲမုချ၊ ငါသည် မူဆာအား ကျမ်းတော် ပေးအပ်ခဲ့၏၊[၈၄] သူ၏နောက် ဉာဏ်စဉ်ဆောင်များကို စဉ်ဆက် ထပ်ဆင့် ပွင့်ပေါ်စေခဲ့ပြီ၊ မာရိ၏သား ယေရှုကိုလည်း ရှင်းလင်းချက်များ ပေးအပ်၍ မြတ်သော ဉာဏ်စဉ်တော်ဖြင့်[၈၅] ထောက်ပံ့ခဲ့၏၊ ဉာဏ်စဉ်ဆောင်တစ်ပါးသည် သင်တို့၏ စရိုက် လိုဘ မကိုက်ညီရာနှင့် သင်တို့ထံသို့ ရောက်လာတိုင်း သင်တို့ မာနတက်နေကြသည် မဟုတ်လော၊ သင်တို့သည် တစ်ဖွဲ့ကို ငြင်းဆန်ပြီး၊ တစ်ဖွဲ့ကို **သတ်ခဲ့ကြချေပြီ**။
၈၈။	**وَقَالُواْ قُلُوبُنَا غُلْفٌ بَل لَّعَنَهُمُ اللّهُ بِكُفْرِهِمْ فَقَلِيلاً مَّا يُؤْمِنُونَ۞**
	သူတို့က ''ကျွန်ုပ်တို့၏ နှလုံးသားကို ပိတ်ထားပြီးပြီ၊''ဟု[၈၆] ဆိုကြ၏၊ အမှန်မှာ သူတို့၏ ဖုံးကွယ်မှုနှင့် အနည်းငယ်မျှပင် မယုံကြည်မှုတို့ကြောင့် ပရမတ်ဘုရားရှင်က သူတို့အား မေတ္တာဝေးစေပြီ။
၈၉။	**وَلَمَّا جَاءهُمْ كِتَابٌ مِّنْ عِندِ اللّهِ مُصَدِّقٌ لِّمَا مَعَهُمْ وَكَانُواْ مِن قَبْلُ يَسْتَفْتِحُونَ عَلَى الَّذِينَ كَفَرُواْ فَلَمَّا**

---

(၈၄) ကိုယ်တော်မူဆာ (မေရှေ) ထံတော်သို့ ကိန်းဝပ်သည့် ဉာဏ်စဉ်အား မှတ်တမ်းတင်ထားသည့် ကျမ်းတော်မှာ တောင်ရတ် (တိုရာဟ်) ကျမ်းတော် ဖြစ်၍ (ဒုး၃၊ ၅း၄၅၊ ၆း ၁၅) ကျောက်ထက် အက္ခရာ တင်ထားခဲ့ခြင်း ဖြစ်သည်၊ (ဂုး၁၄၅)။ ယခုအခါ၌ မူရင်း မရှိတော့ပြီ။

(၈၅) ဤသုတ်တော်တွင် ဖေါ်ပြသော **ရူးဟိကုဒုဆ် رُوحِ الْقُدُسِ** ကို ခရစ်ယာန်ဆရာတော် ဆေးလ်က ခရစ်ယာန် အသုံးအနှုန်းအတိုင်းပင် Holy Gost သန့်ရှင်းသော ဝိဉာဉ်တော်ဟု လည်းကောင်း အချို့သော ဆရာတော်ကြီးများက ''ကောင်းကင်တမန်မင်းကြီး''ဟု လည်းကောင်း ပြန်ဆို ကြပေသည်။ ထိုသို့ ဘာသာပြန်ဆို ကြခြင်းမှာ **ရူးဟ်** ၏ ပကတိ ဆိုလိုချက်ကို မရောက်နိုင်ပေ၊ ဝိဉာဉ်ဆိုသည်မှာ သက်ရှိ ဖြစ်တည်ရန် အတွက် မရှိမဖြစ် လိုအပ်သော အရာဟု မြန်မာတို့က သတ်မှတ်ထားပြီး၊ ပိုဆိုးသည်က သန့်ရှင်းသော ဝိဉာဉ်တော်ဟု ဆိုလိုက်လျှင် တစ်စုံတစ်ဦးက ခန္ဓာကြော်ပြီး မကျွတ်မလွတ်သော ဝိဉာဉ်ဟု နားလည်မိခြင်းပင်။ တဖန် ကောင်းကင်တမန်မင်းကြီးဟု ဘာသာပြန်ခြင်းသည်လည်း နတ်ဒေဝါကဲ့သို့ ခံစားရခြင်းပင်။ **ရူးဟ်** မှာ သက်ရှိ ဖြစ်တည်ရန် အတွက် မရှိမဖြစ် လိုအပ်သော ဝိဉာဉ် မဟုတ်ပေ။ ကျမ်းမြတ်ကုရ်အာန် အရ ကမ္ဘာပေါ်ရှိ အရာအားလုံးသည် အသက် ရှိနေပေသည်။ နောက်ဆုံး ကမ္ဘာမြေသည်ပင် အသက်ရှိသည်ဟု မိုးရေအားဖြင့် သေနေသော ကမ္ဘာ မြေကို ပြန်ရှင်စေသည် (၂း၁၆၄) ဖေါ်ပြထားပေသည်။ ဆိုလိုသည်မှာ သက်ရှိတိုင်းတွင် အသက် ဖြစ်တည်ရန် ဝိဉာဉ် ကိုယ်စီ ရှိနေသော်လည်း **ရူးဟ်** ကို လူသားမှအပ အခြား သက်ရှိသတ္တဝါများအား ပေးအပ်သည် ဟူ၍ ကျမ်းတော်၌ လုံးဝ မဖေါ်ပြပေ။ လူသား ကိုယ်တိုင်လည်း သက်ရှိဖြစ်ရန် ရရှိခြင်း မဟုတ်ဘဲ၊ သန္ဓေသား ဘဝ ပြီးပြည့်စုံပြီး တနည်းအားဖြင့် အသက်ဝင်ပြီးမှ ကြားတတ်၊ မြင်တတ်၊ နားလည် ခံစားတတ်စေရန် **ရူးဟ်** ကို ချီးမြှင့်ခြင်းခံရသည်ဟု (၃၂း၉)တွင် ဆိုပေသည်။ ထို့အပြင် **ရူးဟ်** ကို ကျမ်းတော်မှ တိုက်ရိုက် ဖွင့်ဆိုသည်မှာ ''ကံ ကြမ္မာရှင်၏ အသိ ကွန်ခြာတော်မှ သင်တို့ကို ချီးမြှင့်သည့် အနည်းငယ်မျှသောအရာ၊''ဟု ဆိုပေသည်၊ (၁၇း၈၅) ထို့ကြောင့် **ရူးဟ်** ဆိုသည်မှ ''ဉာဏ်၊ အသိဉာဏ်'' သို့မဟုတ် အသိဉာဏ်ရသော လူသား၏ ဘွဲ့ကို ခေါ်ပေသည်။ လူသားထံ၌ ကိန်းဝပ်ခံရသော **ရူးဟ်** ကို မည်သည့် နည်းနှင့်မှ ကောင်းကင်တမန်မင်းကြီးဟု မှတ်ယူ၍ မဖြစ်နိုင်ပေ။ လူသား၏ အထဲသို့ ကောင်းကင်တမန်မင်းကြီးကို မှုတ်သွင်းခြင်း မဟုတ်ချေ။

(၈၆) **ဂို့လ်ဖွန် غُلْفٌ** ပိတ်ထားပြီးပြီ ဆိုသည်မှာ အရာတစ်ခုအား အဖုံးအပိတ်တစ်ခု အတွင်း၌ လုံခြုံစွာ ပိတ်၍ သိမ်းထားသည်ဟု ဖြစ်ပေသည်။ ပုလင်း တစ်လုံးထဲ၌ အရာတစ်ခုကို ထည့်ထားသကဲ့သို့ပင်။ ပညာဗဟုသုတတည်း ဟူသော ပြင်ပ အတွေ့အကြုံများ၊ လောက ယုတ္တိဗေဒများဖြင့် ပြင်ပ သဏ္ဌာန်ကို လူကြီးလူကောင်း ဖြစ်ရန် မွမ်းမံနေသော်လည်း ပုလင်းကို အပြင်မှ ဆေးကြောသန့်စင်သကဲ့သို့ပင်၊ သူတို့၏ နှလုံးသားထဲမှ သိမ်းဆည်းထားသော အစွဲကို မည်သည့်နည်းနှင့်မျှ ယုတ္တိဗေဒဖြင့် ဆေးကြောခြင်း ပြုမည် မဟုတ်ပေ။

	جَاءهُم مَّا عَرَفُواْ كَفَرُواْ بِهِ فَلَعْنَةُ اللّهِ عَلَى الْكَافِرِينَ۝ သူတို့ထံ၌ရှိရာကို ဖြောင့်မှန်စေသည့် ကျမ်းတော်တစ်ပါးသည် ပရမတ်ဘုရားရှင်ထံမှ သူတို့ထံသို့ ရောက်လာစဉ်၊ ရှေ့အလျင်ကပင် ဖုံးကွယ်လေ့ရှိသောသူတို့အား ဖွင့်ပေးလိုချင်ကြ၏၊ သို့သော် သူတို့ သိမှတ်ရာ ရောက်လာသော် ၎င်းကို သူတို့ကိုယ်တိုင် ဖုံးကွယ်ကြ၏၊ သို့ဖြစ်၍ ပရမတ်ဘုရားရှင်က ထိုဖုံးကွယ်သူတို့အား မေတ္တာဝေးစေပြီ။[၈၇]
၉၀။	**بِئْسَمَا اشْتَرَوْاْ بِهِ أَنفُسَهُمْ أَن يَكْفُرُواْ بِمَا أَنزَلَ اللّهُ بَغْياً أَن يُنَزِّلُ اللّهُ مِن فَضْلِهِ عَلَى مَن يَشَاء مِنْ عِبَادِهِ فَبَآؤُواْ بِغَضَبٍ عَلَى غَضَبٍ وَلِلْكَافِرِينَ عَذَابٌ مُّهِينٌ۝** သူတို့သည် ပရမတ်ဘုရားရှင် ချမှတ်ပေးသည်ကို ဖုံးကွယ်ခြင်း၊ ပရမတ်ဘုရားရှင်က စံချိန်ပြည့် အမှုတော်ဆောင်များအား သိက္ခာပေးခြင်းကို အပြစ်ရှာလျက် သူတို့၏ စရိုက်ကို အမင်္ဂလာဖြင့် ရောင်းစားခြင်းဖြင့် ကံကြီးသင့်ခြင်း ကံကြီးသင့်မှုကို ဆွဲယူကြပြီ၊ ထို့ကြောင့် ဖုံးကွယ်သူများအတွက် နိမ့်ကျသော ဝဋ်ကြွေးသည် ရှိနေ၏။
၉၁။ ၂ဖြာ	**وَإِذَا قِيلَ لَهُمْ آمِنُواْ بِمَا أَنزَلَ اللّهُ قَالُواْ نُؤْمِنُ بِمَآ أُنزِلَ عَلَيْنَا وَيَكْفُرونَ بِمَا وَرَاءهُ وَهُوَ الْحَقُّ مُصَدِّقاً لِّمَا مَعَهُمْ قُلْ فَلِمَ تَقْتُلُونَ أَنبِيَاء اللّهِ مِن قَبْلُ إِن كُنتُم مُّؤْمِنِينَ۝** “ပရမတ်ဘုရားရှင် ချမှတ်ပေးရာ၌ ယုံကြည်ကြလော့၊”ဟု ပြောသောအခါ၊ “ကျွန်ုပ်တို့အား ချမှတ်ပေးသည်ကိုသာ ယုံကြည်ပေပြီ၊”ဟု ပြန်ပြောကြလျက်၊ သူတို့၌ ရှိသည်ကို ဖြောင့်မှန်စေသည့် သစ္စာတရားအား ဖုံးကွယ်ငြင်းဆန်၍ ကွယ်ကာပစ်လိုက် သူတို့အား “သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင်– ရှေ့အလျင်က ပရမတ်ဘုရားရှင်၏ သတင်းတော်ဆောင်များကို အဘယ့်ကြောင့် **သတ်ခဲ့**လေသနည်း၊”ဟု မေးမြန်းလော့။
၉၂။	**وَلَقَدْ جَاءكُم مُّوسَى بِالْبَيِّنَاتِ ثُمَّ اتَّخَذْتُمُ الْعِجْلَ مِن بَعْدِهِ وَأَنتُمْ ظَالِمُونَ۝** သင်တို့ထံသို့ မူဆာသည် ရှင်းလင်းချက်များဖြင့် မုချ ရောက်လာပြီ၊ တဖန် သူနောက်တွင်မှ သင်တို့သည် နွားငယ်ကို အယူထားလျက် အမိုက်ကောင်များ ဖြစ်ကြပြီ။
၉၃။ သောက်	**وَإِذْ أَخَذْنَا مِيثَاقَكُمْ وَرَفَعْنَا فَوْقَكُمُ الطُّورَ خُذُواْ مَا آتَيْنَاكُم بِقُوَّةٍ وَاسْمَعُواْ قَالُواْ سَمِعْنَا وَعَصَيْنَا وَأُشْرِبُواْ فِي قُلُوبِهِمُ الْعِجْلَ بِكُفْرِهِمْ قُلْ بِئْسَمَا يَأْمُرُكُمْ بِهِ إِيمَانُكُمْ إِن كُنتُمْ مُّؤْمِنِينَ۝** ထို့ပြင် “သင်တို့အပေါ်၌ တောင်တော်ကို မြှောက်စားခဲ့ပြီ၊ ငါ ပေးအပ်ရာ၌ အစွမ်းရှိရှိ အယူမြဲလော့၊ နာယူကြလော့၊”ဟု သင်တို့၏ ကတိခံဝန်ချက်ကို ငါ ယူသောအခါ၊” “တပည့်တော်တို့ နားထောင်သော်လည်း အာခံရပါမည်၊”ဟု ပြောကြ၏၊ ထိုသို့ သူတို့၏ ဖုံးကွယ်မှုများကြောင့် ထိုနွားငယ်က သူတို့၏ နှလုံးသွေးကို **စုပ်**လေပြီ၊ “သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် သင်တို့၏ ယုံကြည်မှုက သင်တို့အား အမင်္ဂလာကို ညွှန်ကြားထားပြီ၊”ဟု ဟောလော့။
၉၄။	**قُلْ إِن كَانَتْ لَكُمُ الدَّارُ الآخِرَةُ عِندَ اللّهِ خَالِصَةً مِّن دُونِ النَّاسِ فَتَمَنَّوُاْ الْمَوْتَ إِن كُنتُمْ صَادِقِينَ۝** “ပရမတ်ဘုရားရှင်၏ ထံ၌ ရှိသော နောက်ဆုံးစွန် ဗိမာန်သည် လူသားအပေါင်း မှလွဲ၍ သင်တို့အတွက် သီးသန့် ဖြစ်သော်၊ သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် သေလိုသည့်ဇော ရှိကြကုန်၊”ဟု ပြောကြားလော့။

---

(၈၇) ဖုံးကွယ်သူ သို့မဟုတ် သိနေလျက်နှင့် လက်မခံသူ ဆိုသည်များမှာ ခေတ်တိုင်းခေတ်တိုင်းတွင် ရှိနေပေသည်။ သူတို့ (အစွယ်လာမ် မတိုင်မီ ရှေးသူများ)၏ ခေတ်တွင်လည်း သာသနာတော်များ ပေါ်ထွန်းခဲ့ပြီး ထိုခေတ်ထိုအချိန်က ထိုအမှန်တရားကို ငြင်းဆန် ဖုံးကွယ်ခဲ့သူများ ရှိနေပေသည်။ ရှေးသာသနာဝင်တို့သည် ထိုဖုံးကွယ်သူများကို လမ်းဖွင့်ပေးလိုချင်ကြ၏၊ သူတို့လက်ခံယုံကြည်သော ကျမ်းစာများကို ဘုရားဟော ကျမ်းစာ အဖြစ် မြတ်မြတ်နိုးနိုး သက်ဝင်ကြလေ၏၊ ထိုကျမ်းစာတိုင်း၌ ဤဘဒ္ဒကမ္ပာတွင် နောက်ဆုံး ပညတ်ဘုရားတစ်ပါး (ဉာဏ်စဉ်ဆောင်တစ်ပါး) ပွင့်ပေါ် ဦးမည်ဟု အသိအမှတ်ပြုထားကြောင်းကိုလည်း ယုံကြည်ခဲ့ကြလေ၏၊ သို့သော် ထိုရည်ညွှန်းခဲ့ရာ ဉာဏ်စဉ်ဆောင်ပွင့်ပေါ်၍ ထိုကိုယ်တော် အားဖြင့် ယခင် မူလဘုတကျမ်းတော်များကို လူ့လက်ရာ ဖြည့်စွက်ထားမှုများမှ ကင်းစင် (ဖြောင့်မှန်)စေသည့် ကျမ်းတော်တစ်ပါး ရောက်ရှိ လာသောအခါ သူတို့ ကိုယ်တိုင်က ငြင်းပယ်ဖုံးကွယ် နေကြလေပြီဟု ဤသုတ်တော်က တင်ပြခြင်း ဖြစ်ပေသည်။

၉၅။	**وَلَن يَتَمَنَّوْهُ أَبَدًا بِمَا قَدَّمَتْ أَيْدِيهِمْ وَاللهُ عَلِيمٌ بِالظَّالِمِينَ۞** သူတို့၏ စုံရပ်ခံခဲ့သော လက်ချက်များကြောင့် မည်သည့်ခါမှ သေလိုသည့်စေ့ာ မရှိကြပေ၊ ပရမတ်ဘုရားရှင်သည် အမိုက်ကောင်များကို သိနေတော်မူသော အရှင်ဖြစ်၏။
၉၆။	**وَلَتَجِدَنَّهُمْ أَحْرَصَ النَّاسِ عَلَى حَيَاةٍ وَمِنَ الَّذِينَ أَشْرَكُواْ يَوَدُّ أَحَدُهُمْ لَوْ يُعَمَّرُ أَلْفَ سَنَةٍ وَمَا هُوَ بِمُزَحْزِحِهِ مِنَ الْعَذَابِ أَن يُعَمَّرَ وَاللهُ بَصِيرٌ بِمَا يَعْمَلُونَ۞** သူတို့သည် ရောပြွန်းကိုးကွယ်သော သူများထက်ပင်[၈၈] ဤလောကီအား ဆန္ဒဇောကပ်နေသော လူသားများ ဖြစ်ကြောင်း သင် တွေ့ရလိမ့်မည်၊ သူတို့ တစ်ယောက်ချင်းစီ နှစ်တစ်ထောင် ဘဝသံသရာကို ရလိုကြ၏၊ ထိုသို့ ဘဝသံသရာကို ရခြားသော်လည်း ဝဋ်ကြွေးမှ ဖယ်ရှားခံရမည် မဟုတ်ပေ။ ပရမတ်ဘုရားရှင်သည် သူတို့၏ ကျင့်ကြံသမျှအား မြင်နေသော အရှင် ဖြစ်၏။
၉၇။	**قُلْ مَن كَانَ عَدُوًّا لِّجِبْرِيلَ فَإِنَّهُ نَزَّلَهُ عَلَى قَلْبِكَ بِإِذْنِ اللهِ مُصَدِّقاً لِّمَا بَيْنَ يَدَيْهِ وَهُدًى وَبُشْرَى لِلْمُؤْمِنِينَ۞** ဟောပြောလော့ ''ပရမတ်ဉာဏ်စဉ်အား[၈၉] စည်းဖေါက်သူသည် မည်သူ ဖြစ်သနည်း၊'' ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် သင်၏ နှလုံးသား၌ ၎င်းကို ချမှတ်ပေး၍၊ လက်ရှိ–ရှေ့မှောက်များကို ဖြောင့်မှန်စေ၍၊ ယုံကြည်သူများအတွက် လမ်းညွှန်မှန်နှင့် သတင်းကောင်းပင် ဖြစ်၏။
၉၈။	**مَن كَانَ عَدُوًّا لِّلّهِ وَمَلآئِكَتِهِ وَرُسُلِهِ وَجِبْرِيلَ وَمِيكَالَ فَإِنَّ اللهَ عَدُوٌّ لِّلْكَافِرِينَ۞** မည်သူမဆို ပရမတ်ဘုရားရှင်၊ အရှင်၏နိမိတ်ဆောင်များ၊ အရှင်၏ဉာဏ်စဉ်ဆောင်များ၊ ပရမတ်ဉာဏ်စဉ်နှင့် လောကပါလဓမ္မ[၉၀]တို့အား စည်းဖေါက်သူဖြစ်ခဲ့–ဧကန်ပင် ပရမတ်ဘုရားရှင်သည် ဗိုးကွယ်သူများအတွက် တန်ပြန်စည်းဖေါက်သူ ဖြစ်၏။

---

(၈၈) ရောပြွန်းကိုးကွယ်သူများဆိုသည်မှာ **မုဂ္ဂရိက်ခ်**ကို ပြန်ဆိုခြင်း ဖြစ်ပေသည်။ ဆရာတော်ကြီးများက ထိုစကားလုံးကို ရုပ်ပွား ကိုးကွယ်သူများဟု ဘာသာပြန်ကြပေသည်။ ထိုစကားလုံး၏ အဓိပ္ပါယ်မှာ ဘုရားတစ်ဆူတည်း သီးသန့် ကိုးကွယ်မှု၏ ဆန့်ကျင်ဘက်၊ ဘုရားအများ ကိုးကွယ်မှု၊ ဘုရားကို ကိုးကွယ်သည့်အပြင် အခြားသော ကောင်းနိုးရာရာ နတ်များကိုပါ ကိုးကွယ်မှု၊ ပရမတ်ဘုရားအပြင် လူသားအား ဘုရား၏ သားတော်ဟု လည်းကောင်း၊ ပရမတ်ဘုရား၏ ကိုယ်စားဟု လည်းကောင်း ခံယူ၍ ပရမတ်ဘုရားနှင့် လူသားနာယကများအား တွဲဘက်ကိုးကွယ်မှု အားလုံးကို ဆိုလိုပေသည်။ အစွလာမ်ဘာသာတွင် ပန်းချီ ပန်းပု မထုလုပ်ရဟု လည်းကောင်း၊ အမှတ်တရ ရုပ်ပုံများ မပြုလုပ်ရဟု လည်းကောင်း တားမြစ်ထားခြင်း မရှိပေ။ သို့သော် ထိုထုဆစ်ထားသော ရုပ်ပွားများကို အမှတ်တရ အဖြစ်မှ လွဲ၍ ကိုးကွယ်ပုံကြည်မှုဖြင့် မတည်ထားရဟူ၍သာ တားမြစ်ထားပေသည်။ ရုပ်ပွားဆင်းထု မထားရှိသည့်တိုင် ဘိုးတော် (ဘာဘာကြီး)များအား ဘုရားကဲ့သို့ ဆည်းကပ်ပူဇော်သူများလည်း ရောပြွန်းကိုးကွယ်သူများ၌ အကြုံးဝင်ပေသည်။

(၈၉) ဤသုတ်တော်မှ **ဂျီဗရာအီးလ်** **جِبْرِيلَ** သည် **မလာအိကာဟ်** ဖြစ်သည်ဟု ယူဆရာမှ ကောင်းကင်တမန်မင်းကြီးဟု၊ ဘာသာပြန်ကြသည်များ ရှိပေသည်။ ထိုအယူအဆမှာ ဓမ္မဟောင်းကျမ်းစာ၏ ဒံယေလအနာဂတ်ဟိကျမ်း ၈း၁၆ ပါ ''အခြားသော သူက၊ အို**ဂေဗြေလ**၊ ထိုသူသည် ယခုမြင်သော ဗျာဒိတ်ရူပါရုံကို နားလည်စေခြင်းငှာ အနက်ကို ပြန်ပြောလော့၊--'' ဟူသော သွန်သင်ချက်၏ သြဇာမကင်းပေ။ သမ္မာကျမ်းစာပါ ဤသွန်သင်ချက်သည် ထာဝရဘုရား၏ ဗျာဒိတ်တော်ကို **ဂေဗြေလ** (အာရ်ဗီအသံထွက်–**ဂျီဗရာအီးလ်**)က တဆင့် ဉာဏ်စဉ်ရသော လူသားကို ပြန်လည် ရှင်းပြရသည်ဟု ဆိုလိုပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် ဤအယူအဆမျိုး လုံးဝ မဖေါ်ပြပေ။ **မလာအိကာဟ်**သည် ကောင်းကင်တမန် (နတ်ဒေဝါ)များ မဟုတ်ကြောင်းကို အေက်ခြေအမှတ် (၂း၃၀)တွင် ဖေါ်ပြပြီး ဖြစ်ပေသည်။ ထိုထက်ပို၍ ခိုင်မာသည်က **ဂျီဗရာအီးလ်** သည် **မလာအိကာဟ်** ဖြစ်သည်ဟု ကုရ်အာန်ကျမ်းတော်၏ မည်သည့်နေရာတွင်မှ ဆိုမထားခြင်းပင်။ ထို့အပြင် **ဂျီဗရာအီးလ်** ဆိုသည်မှာ အာရ်ဗီစကား မဟုတ်ပေ။ ၎င်းသည် ဟီးဗရူး စကားဖြစ်၍ ဂျူးလူမျိုးများကို ဟောကြားသောအခါ ထိုဂျူး လူမျိုးများ အလွယ်တကူ နားလည်စေရန် သူတို့နားယဉ်သည့် သူတို့၏ ဘာသာစကားဖြင့် ပြောလေ့ရှိပေသည်။ **ဂျီဗရာအီးလ်** ကို ကုရ်အာန်ကျမ်းတော်တွင် (၂း၉၇၊၆၆၊၈၄နှင့် ၆၆း၄) ၌ သုံးကြိမ် ဖေါ်ပြ၍ ထိုစကား၏ အဓိပ္ပါယ်ကို အာရ်ဗီစကားဖြင့် **ရူးဟို့အမီးန်** ပရမတ်ဉာဏ်စဉ်ဟု ကျမ်းတော်၏ ၂၆း၁၉၃ တွင် ဖေါ်ပြထားပေသည်။ ထို့ကြောင့် ဤသုတ်တော်၌ ၎င်းကို ပရမတ်ဉာဏ်စဉ် ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။

၉၉။	**وَلَقَدْ أَنزَلْنَآ إِلَيْكَ آيَاتٍ بَيِّنَاتٍ وَمَا يَكْفُرُ بِهَا إِلاَّ الْفَاسِقُونَ۝** ငါသည် သင့်အား ရှင်းလင်းသော သုတ်ဒေသနာများကို ချမှတ်ပေးတော်မူပြီ၊ ယုတ်မာသူများသည်သာ ၎င်းကို ဖုံးကွယ်ကြလိမ့်မည်။
၁၀၀။	**أَوَكُلَّمَا عَاهَدُواْ عَهْداً نَّبَذَهُ فَرِيقٌ مِّنْهُم بَلْ أَكْثَرُهُمْ لاَ يُؤْمِنُونَ۝** ပဋိညာဉ်ပြု ပဋိညာဉ်ထားတိုင်း သူတို့မှ တစ်ဖွဲ့သည် ၎င်းကို စွန့်ပစ်ကြသည် မဟုတ်လော၊ အမှန်မှာ သူတို့မှ အများစုသည် ယုံကြည်မှု မရှိကြပေ။
၁၀၁။	**وَلَمَّا جَاءهُمْ رَسُولٌ مِّنْ عِندِ اللهِ مُصَدِّقٌ لِّمَا مَعَهُمْ نَبَذَ فَرِيقٌ مِّنَ الَّذِينَ أُوتُواْ الْكِتَابَ كِتَابَ اللهِ وَرَاء ظُهُورِهِمْ كَأَنَّهُمْ لاَ يَعْلَمُونَ۝** သူတို့၌ ရှိရာကို ဖြောင့်မှန်စေသည့် ပရမတ်ဘုရားရှင်၏ထံမှ ဉာဏ်စဉ်ဆောင်တစ်ပါး သူတို့ထံသို့ ရောက်လာစဉ် ကျမ်းပေးခံရသောသူများမှ တစ်ဖွဲ့သည် စွန့်ပစ်လျက်၊ ပရမတ်ဘုရားရှင်၏ ကျမ်းတော်ဟု မသိသယောင် ကျောခိုင်းကွယ်ကာပစ်ကြ၏။
၁၀၂။ ☆၅၁း၄၉၊ ၂း၃၅၊ ၃၃း၃၇ **ဝိဏ်းခွဲခြင်း**	**وَاتَّبَعُواْ مَا تَتْلُواْ الشَّيَاطِينُ عَلَى مُلْكِ سُلَيْمَانَ وَمَا كَفَرَ سُلَيْمَانُ وَلَكِنَّ الشَّيْاطِينَ كَفَرُواْ يُعَلِّمُونَ النَّاسَ السِّحْرَ وَمَا أُنزِلَ عَلَى الْمَلَكَيْنِ بِبَابِلَ هَارُوتَ وَمَارُوتَ وَمَا يُعَلِّمَانِ مِنْ أَحَدٍ حَتَّى يَقُولاَ إِنَّمَا نَحْنُ فِتْنَةٌ فَلاَ تَكْفُرْ فَيَتَعَلَّمُونَ مِنْهُمَا مَا يُفَرِّقُونَ بِهِ بَيْنَ الْمَرْءِ وَزَوْجِهِ وَمَا هُم بِضَآرِّينَ بِهِ مِنْ أَحَدٍ إِلاَّ بِإِذْنِ اللهِ وَيَتَعَلَّمُونَ مَا يَضُرُّهُمْ وَلاَ يَنفَعُهُمْ وَلَقَدْ عَلِمُواْ لَمَنِ اشْتَرَاهُ مَا لَهُ فِي الآخِرَةِ مِنْ خَلاَقٍ وَلَبِئْسَ مَا شَرَوْاْ بِهِ أَنفُسَهُمْ لَوْ كَانُواْ يَعْلَمُونَ۝** သူတို့သည် ဆိုလိုင်မံ၏ ဩဇာအာဏာကို ကျော်၍ မကောင်းဆိုးဝါးတို့ ရွတ်ဖတ်ရာကိုသာ လိုက်နာကြ၏၊ ဆိုလိုင်မံသည် ဖုံးကွယ်သည်မဟုတ်၊ သို့သော် မကောင်းဆိုးဝါးတို့သည်သာ ဖုံးကွယ်ကြ၏၊ သူတို့သည် ဘေဘီလုံနိမိတ်ဆောင် နှစ်ဦးဖြစ်သော ဟာရူးတ်နှင့် မာရူးတ်တို့ထံသို့ ချမှတ်ပေးရာ ဖြစ်သည့် လူသားတို့အား လှည့်စားမှုကို သင်ပေးကြ၏၊ သူတို့က ''ကျွန်ုပ်တို့သည် စမ်းသပ်ခြင်းသာ ဖြစ်၏၊ ဖုံးကွယ်ခြင်း မဟုတ်ပါ''ဟု မပြောဘဲ တစ်ဦးတစ်ယောက်ကိုမှ သင်မပေးခဲ့ချေ၊ ၎င်းတို့သည် သူတို့နှစ်ဦးထံမှ လူသားတို့၏စုဖွဲ့မှုကြား☆ **ခွဲပစ်ခြင်း**ကိုသာ သင်ယူကြ၏၊ သူတို့သည် ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက် မရှိဘဲ တစ်စုံတစ်ယောက်ကိုမှ မနစ်နာစေနိုင်သော၊ သူတို့ကိုယ်သာ

---

(၉၀) နိမိတ်ဆောင်များ ဆိုသည်ကို ၂း၃၀ တွင် ကြည့်ပါ။ ၎င်းတို့သည် ခေတ်ကာလတိုင်းတွင် ရှိနေမည် ဖြစ်သည်၊ သတင်းတော်ဆောင်၊ ဉာဏ်စဉ်ဆောင်များ ပွင့်ပေါ်သော ခေတ်တွင်လည်း ထိုကိုယ်တော်များ၏ လက်အောက်တွင် လည်းကောင်း၊ ထိုကိုယ်တော်များနှင့် အလှမ်းဝေးသော အရပ်များတွင် လည်းကောင်း ရှိနေမည် ဖြစ်၍၊ ထိုကိုယ်တော်များ၏ နောက်ပိုင်း ကာလများတွင်လည်း နေရာဒေသ အသီးသီး၌ ရှိနေမည် ဖြစ်သည်။ ဤသုတ်တော်တွင် ဖေါ်ပြသော ပရမတ်ဉာဏ်စဉ် ဆိုသည်ကို အထက်တွင် ရှင်းပြပြီး ဖြစ်သည်၊ ဤသုတ်တော်မှ **လောကပါလဓမ္မ** ဆိုသည်မှာ **မီကိုင်းလ် ပါရှယ်** ကိုဘာသာပြန်ခြင်း ဖြစ်ပေသည်။ ၎င်းကို **ဂျီဗရာအီးလ်** ကဲ့သို့ပင် ကောင်းကင်တမန် မင်းကြီးတစ်ပါးဟု အယူရှိသူ များလည်း တွေ့ရသည်။ သို့သော် ကုရ်အာန်ကျမ်းတွင် ၎င်းကို ဤတစ်ကြိမ် တည်းသာ ဖေါ်ပြ၍ **မလာအိကာဟ်** ဟု လုံးဝ ပြောမထားပေ။ ၎င်းသည်လည်း အာရ်ဗီစကား မဟုတ်ဘဲ ဟီးဗရူးစကား သာလျှင် ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ ၎င်းကို ''လောက အပေါင်းအား စောင့်ရှောက်သော မင်းကြီး'' ဟု ခရစ်ယာန် သမ္မာကျမ်းစာကရော ဆရာတော်အများစုကပါ လက်ခံထားသောကြောင့် သူတို့နားလည်သည့် နတ်မင်းကြီး ဆိုသည့် အယူကို ပါယ်လိုက်လျှင် ၎င်းသည် လောက အပေါင်းအား စောင့်ရှောက်သော အရာဆိုသည်မှာ ထင်ရှားပေသည်၊ ထို့ကြောင့် ဤသုတ်တော်၌ **လောကပါလဓမ္မ**ဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။ ထို့အပြင် အစွလာမ်သာသနာဝင် အများစုက ကမ္ဘာကြီးပျက် ချိန်တန်လျှင် လောကသား အပေါင်းတို့အား တံပိုးခရာမှုတ်၍ အသိပေးမည်ဆိုသည့် **အီဆရာဖီးလ်**၊ သတ္တဝါတို့၏ အသက်ဝိညာဉ်ကို နှတ်ယူမည့် **အီးစရာအီးလ်** ဆိုသည့် ကောင်းကင်တမန်မင်းကြီးများ ရှိသည်ဟု ဆရာတော်ကြီးများ၏ ပုံတိုပတ်စ သွန်သင်မှုများ အတိုင်း ယုံကြည် လက်ခံထားကြပေသည်။ ဝမ်းနည်းစရာကောင်းသည်မှာ ထိုအမည်များ ဖြစ်သည့် **အီစရာအီးလ်**နှင့် **အီစရာဖီးလ်** ဆိုသည်များကို ကုရ်အာန်ကျမ်းတော်တွင် ဖေါ်ပြထားခြင်း လုံးဝ မရှိသည့် အပြင် ထိုအယူအဆမျိုးကို သွန်သင်ထားခြင်းလည်း မရှိပေ။

	နစ်နာစေမည့် အကျိုးမရှိရာကို သင်ယူကြလေပြီ၊ ထိုအရာကို ရောင်းဝယ်သူတို့အတွက် အနာဂါတ် ဖြစ်တည်မှု မရှိကြောင်း သူတို့ မုချ သိကြကုန်၏။ သူတို့၏ စရိုက်များကို အမင်္ဂလာဖြင့် ရောင်းစားကြပြီ၊ သူတို့ သိကြပါလေစ။
၁၀၃။	**وَلَوْ أَنَّهُمْ آمَنُواْ واتَّقَوْا لَمَثُوبَةٌ مِّنْ عِندِ اللّهِ خَيْرٌ لَّوْ كَانُواْ يَعْلَمُونَ۞** အကယ်၍ သူတို့သည် သက်ဝင်ယုံကြည်လျက် စည်းစောင့်ကြလျှင် ပရမတ်ဘုရားရှင်၏ထံမှ အကျိုးဆက်သည် ပို၍ကောင်း၏၊ သူတို့ သိကြပါလေစ။
၁၀၄။	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَقُولُواْ رَاعِنَا وَقُولُواْ انظُرْنَا وَاسْمَعُواْ وَلِلكَافِرِينَ عَذَابٌ أَلِيمٌ۞** အို–ယုံကြည်သောသူတို့ ''ကျွန်ုပ်တို့ကို ထိန်းကျောင်းပါ။''ဟု[၉၁] မပြောကြနှင့်၊ ''ကျွန်ုပ်တို့အား ကြည့်ရှုပါ။''ဟု ပြောကြလော့၊ ကြားနာကြလော့ ဖုံးကွယ်သူများအတွက် စူးနစ်နာကျင်သော ဝဋ်ကြွေးသည် ရှိနေ၏။
၁၀၅။ ☆ ၂:၇၀	**مَّا يَوَدُّ الَّذِينَ كَفَرُواْ مِنْ أَهْلِ الْكِتَابِ وَلاَ الْمُشْرِكِينَ أَن يُنَزَّلَ عَلَيْكُم مِّنْ خَيْرٍ مِّن رَّبِّكُمْ وَاللّهُ يَخْتَصُّ بِرَحْمَتِهِ مَن يَشَاء وَاللّهُ ذُو الْفَضْلِ الْعَظِيمِ۞** ကျမ်းစာဝိုင်းသားများမှ ဖုံးကွယ်သောသူနှင့် ရောပြွန်းကိုးကွယ်သူများသည်၊ သင်တို့အား ကံကြမ္မာရှင်ထံမှ ချမှတ်ပေးသည့် အကောင်းကို မလိုလားကြပေ၊ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား☆ ကရုဏာဖြင့် ရွေးကောက်တော်မူ၏၊ ပရမတ်ဘုရားရှင်သည် မဟာ့မဟာ သိက္ခာပေးသော အရှင် ဖြစ်၏။
၁၀၆။ မေ့ပစ်စေသည်	**مَا نَنسَخْ مِنْ آيَةٍ أَوْ نُنسِهَا نَأْتِ بِخَيْرٍ مِّنْهَا أَوْ مِثْلِهَا أَلَمْ تَعْلَمْ أَنَّ اللّهَ عَلَىَ كُلِّ شَيْءٍ قَدِيرٌ۞** ငါသည် မည်သည့် သုတ်ဒေသနာကိုမဆို ကမည်းထိုးစေသည်ဖြစ်စေ၊ **ပယ်ဖျက်စေသည်**ဖြစ်စေ ထို့ထက်ပိုကောင်းရာ သို့မဟုတ် ပမာဏရာကို ပေးအပ်တော်မူ၏။ ဇကနပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူကြောင်း သင်တို့ မသိကြလေသလော။[၉၂]
၁၀၇။	**أَلَمْ تَعْلَمْ أَنَّ اللّهَ لَهُ مُلْكُ السَّمَاوَاتِ وَالأَرْضِ وَمَا لَكُم مِّن دُونِ اللّهِ مِن وَلِيٍّ وَلاَ نَصِيرٍ۞** ဇကနပင် ပရမတ်ဘုရားရှင်သည် ကောင်းကင်များနှင့် မြေတို့၏ အရှင်သခင် ဖြစ်ကြောင်း သင်တို့ မသိကြသလော၊ ပရမတ်ဘုရားရှင် မှလွဲ၍ မဟာမိတ်၊ ကူညီသူ ဟူ၍ သင်တို့အတွက် မရှိပေ။

---

(၉၁) **ရာအိနာ رَاعِنَا** ဟူသောစကားမှာ ''စားကျက်မြေ၊ စာကျက်မြေတွင် ကျက်စားစေသည်၊ သိုးထိန်း ဆိတ်ကျောင်းသား''ဟု အဓိပ္ပါယ်ရပေသည်၊ ခရစ်ယာန်ဘုန်းတော်ကြီးများကိုလည်း သိုးထိန်း ဟု ၅၇း၂၇ တွင် ပြောဆိုထားသည်။ နဂိုရင်းစွဲ အရှေ့အလယ်ပိုင်းဒေသ ယဉ်ကျေးမှု အလျောက် မိမိကိုယ်မိမိ တပည့်တကာ သိုးများ အဖြစ် ခံယူကာ– ဘာသာရေး ခေါင်းဆောင်တို့အား သိုးထိန်း ဖြစ်သည်ဟူသည့် ဓလေ့ ဆက်လက် ရှင်သန်ခြင်း မရှိစေရန် အစွမ်းလာမ်ဘာသာက ဘုန်းတော်ကြီးလူတန်းစား ဖြစ်တည်မှုကို ပိတ်ပင်တားမြစ်လိုက်ခြင်း ဖြစ်သည်။

(၉၂) ပုံတိုပတ်စများ၏ နောက်သို့လိုက်ရင်း ဤသုတ်တော်အား အချို့၏ ဖွင့်ဆိုချက်မှာ လွန်စွာ ဝမ်းနည်းဘွယ်ရာ ဖြစ်သည်။ ၎င်းတို့က ကုရ်အာန် ကျမ်းတော်မှ သုတ်တော် ၅ ပါးထက် မနည်း၊ သို့မဟုတ် အချို့က သုတ်တော်ပေါင်း ၁၀၀ မကကို ပယ်ဖျက်ထားပြီး ဖြစ်၍ အတည်ယူရန် မလိုဟု ဆိုသည်။ ထိုအဆိုမှာ လုံးဝ အမှားတရား သာလျှင် ဖြစ်သည်။ မည်သည့် ကျမ်းချက်တော်ကို ပယ်ဖျက်ထား သနည်းဟု မေးလိုက်လျှင် ၎င်းတို့ ကိုယ်တိုင် ဝေဝေါးဝါးပင် အတိအကျ မသိကြပေ။ ဤအဆိုကို ကျမ်းမြတ်ကုရ်အာန် ကိုယ်တိုင်က လုံးဝ ဆိုမထားသည့် အပြင် ကိုယ်တော် မုဟမ္မဒ် ကိုယ်တိုင်လည်း လုံးဝ ပြောမထားပေ။ ဤသုတ်တော်ပါ ''သုတ်ဒေသနာများအား ကမည်းထိုးသည်၊–ပယ်ဖျက်စေသည်၊'' ဆိုခြင်းမှာ၊ ကိုယ်တော် မုဟမ္မဒ်၏ အလျင် ဉာဏ်စဉ်ဆောင်များမှ တဆင့် ချမှတ်ပေးသည့် ဥပဒေများ၊ ရှေးကျမ်းများမှ အချို့သုတ်တော်များကို ဆိုခြင်း ဖြစ်ပေသည်။ ၎င်းကို ၂:၉၀ တွင် သုတ်တော်များအား သူတို့ဖာသာ သူတို့ ဖုံးကွယ်ကြသည်ဟု ဆိုထားပြီး၊ ၂:၉၁ တွင် သူတို့အား သုတ်တော်သစ် (အစားထိုး လိုက်သော ဥပဒေ)ကို လိုက်နာရန် ဖိတ်ခေါ်သောအခါ၊ သူတို့က ဥပဒေဟောင်းကိုသာ ယုံကြည်ကြောင်း၊ ၂:၁၀၅ တွင် သင်တို့အား **ကောင်းမှုကို မလိုလားကြ** ဆိုသည်မှာ သင်ထံသို့ ဉာဏ်စဉ်တော်အားဖြင့် ဥပဒေသစ်များ (ပရမတ္ထသစ္စာ) ချီးမြှင့်ခံရသည်ကို မလိုလားကြကြောင်း စသည့် သုတ်တော်များက ထောက်ပြထားပေသည်။ ကျမ်းတော်ပါ သုတ်တော် တစ်ချို့အား ပယ်ဖျက်လိုက်ပြီဟု ယုံကြည်သော သူများမှာ ကုရ်အာန် ကျမ်းတော်၌ သူတို့၏ ယုံကြည်မှုမှာ ၁၀၀ ရာနှုန်း ပြည့်တော့မည် မဟုတ်ပေ။ ကျမ်းတော်မှ သူတို့ယုံကြည်သလို ပယ်ဖျက်သော ကျမ်းချက်များအား နှတ်ပစ်ရမည် ဖြစ်တော့သည်။ ထို့ကြောင့် မိမိကိုယ် မိမိ အစွမ်းလာမ် သာသနာဝင် ဖြစ်ပါသည်ဟု ခံယူသော သူများ အနေဖြင့် မည်သည့် ယုံကြည်ချက်အား မဆို ဤကုရ်အာန်ကျမ်းတော်ဖြင့် စစ်ဆေးတိုက်ဆိုင်ကြည့်ရမည်မှာ အရေးကြီးလှပေသည်။

၁၀၈။	**أَمْ تُرِيدُونَ أَن تَسْأَلُواْ رَسُولَكُمْ كَمَا سُئِلَ مُوسَى مِن قَبْلُ وَمَن يَتَبَدَّلِ الْكُفْرَ بِالإِيمَانِ فَقَدْ ضَلَّ سَوَاء السَّبِيلِ۞** သို့တည်းမဟုတ်၊ သင်တို့အတွက် ပွင့်ပေါ်သော ဉာဏ်စဉ်ဆောင်အား၊ ရှေ့အလျင်က မူဆာအား တောင်းဆိုသကဲ့သို့ တောင်းဆိုလိုကြသလော၊ ယုံကြည်ချက်အစား ဖုံးကွယ်ခြင်းဖြင့် လဲလှယ်သောသူအတွက် မုချပင် ပုံစံချိုး လမ်းစဉ်မှ လွဲချော်ရလတ္တံ့။[၉၃]
၁၀၉။	**وَدَّ كَثِيرٌ مِّنْ أَهْلِ الْكِتَابِ لَوْ يَرُدُّونَكُم مِّن بَعْدِ إِيمَانِكُمْ كُفَّاراً حَسَدًا مِّنْ عِندِ أَنفُسِهِم مِّن بَعْدِ مَا تَبَيَّنَ لَهُمُ الْحَقُّ فَاعْفُواْ وَاصْفَحُواْ حَتَّى يَأْتِيَ اللّهُ بِأَمْرِهِ إِنَّ اللّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ۞** ကျမ်းစာဝိုင်းသားများမှ အများစုသည် သူတို့စရိုက်၏ မနာလိုမှုများကြောင့်– သူတို့အတွက် သစ္စာတရားကို ရှင်းလင်း စေပြီးနောက်မှ သင်တို့အား ယုံကြည်ပြီးနောက်မှ ဖုံးကွယ်သူအဖြစ် ပြန်လှည့် စေလိုကြ၏၊ ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက် ပေးရောက်သည့်တိုင် ကျေအေး၍ ဥက္ခာပြုထားလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၁၁၀။	**وَأَقِيمُواْ الصَّلاَةَ وَآتُواْ الزَّكَاةَ وَمَا تُقَدِّمُواْ لأَنفُسِكُم مِّنْ خَيْرٍ تَجِدُوهُ عِندَ اللّهِ إِنَّ اللّهَ بِمَا تَعْمَلُونَ بَصِيرٌ۞** ဝတ်ပြု မြဲကြလော့၊ အခွန်ငွေဖြူ ပေးကြလော့။ သင်တို့၏ စရိုက်အတွက် ကောင်းစွာ စုံရပ်ခံခွဲခြင်းတို့အား ပရမတ်ဘုရားရှင်၏ ထံ၌ တွေ့ရလတ္တံ့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။
၁၁၁။	**وَقَالُواْ لَن يَدْخُلَ الْجَنَّةَ إِلاَّ مَن كَانَ هُوداً أَوْ نَصَارَى تِلْكَ أَمَانِيُّهُمْ قُلْ هَاتُواْ بُرْهَانَكُمْ إِن كُنتُمْ صَادِقِينَ۞** “ရေဝတီ သို့မဟုတ် ခရစ်ယာန် မဟုတ်သူသည် သုခဘုံသို့ မဝင်ရ”ဟု ပြောကြ၏။[၉၄] ၎င်းသည် သူတို့၏ ဇောဆန္ဒပေတည်း၊ “သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် သက်သေပြချက် ယူခဲ့ကြ၊”ဟု ပြောကြားလော့။
၁၁၂။	**بَلَى مَنْ أَسْلَمَ وَجْهَهُ لِلّهِ وَهُوَ مُحْسِنٌ فَلَهُ أَجْرُهُ عِندَ رَبِّهِ وَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ۞** အမှန်မှာ ပရမတ်ဘုရားရှင်အား မျက်နှာမူ၍ ငြိမ်းချမ်းရေးပြုသော– ထိုသုမင်္ဂလာပြုသူအတွက် ဆုလဒ်မှာ ကံကြမ္မာရှင်၏ ထံ၌ ရှိနေပြီ၊ သူတို့အား ကြောက်ရွံ့ရစေမည်မဟုတ်၊ သောကရောက်ရစေမည်လည်း မဟုတ်ချေ။
၁၁၃။ ☆၂း၁၇၄	**وَقَالَتِ الْيَهُودُ لَيْسَتِ النَّصَارَى عَلَى شَيْءٍ وَقَالَتِ النَّصَارَى لَيْسَتِ الْيَهُودُ عَلَى شَيْءٍ وَهُمْ يَتْلُونَ الْكِتَابَ كَذَلِكَ قَالَ الَّذِينَ لاَ يَعْلَمُونَ مِثْلَ قَوْلِهِمْ فَاللّهُ يَحْكُمُ بَيْنَهُمْ يَوْمَ الْقِيَامَةِ فِيمَا كَانُواْ فِيهِ يَخْتَلِفُونَ۞** ရေဝတီတို့က ခရစ်ယာန်တို့အား “မဟုတ်မဟတ်”ဟု ပြောကြ၍၊ ခရစ်ယာန်တို့ကလည်း ရေဝတီတို့ကို “မဟုတ်မဟတ်”ဟု ပြောကြ၏၊ သူတို့သည် ကျမ်းစာကို ရွတ်ဖတ်နေကြလျက် ဤသို့ အသိမရှိသောသူများ ပြောသည့်ပမာ

---

(၉၃) ဤသုတ်တော်မှ ပေးသော ဥပမာသည် လွန်စွာရိုးရှင်းသော ဥပမာ ဖြစ်ပေသည်၊ မည်သည့် လူမျိုး မည့်သည့် အရပ်ကပင်ဖြစ်စေ ဉာဏ်စဉ်ဆောင် ပုဂ္ဂိုလ်တစ်ပါး ပွင့်ပေါ်ခဲ့သည်နှင့် သူ့ကို အဓိက ပြသနာရှာသူများမှာ သူ့လူမျိုးများ ကိုယ်တိုင်ပင် ဖြစ်ပေသည်။ ယခု နောက်ဆုံး ပွင့်ပေါ်လာသော ကိုယ်တော်မုဟမ္မဒ်နှင့် ပတ်သက်၍ စောဒကတက်ကြသည်မှာ အသစ်အဆန်း မဟုတ်တော့ပေ၊ ကိုယ့်တော်၏ အလျင်က ဉာဏ်စဉ်ဆောင် (ပညတ်ဘုရားများ) အားလုံးသည်လည်း ဤကဲ့သို့ စောဒကတက်ခံ ခဲ့ကြရသည်ပင်။ ထိုသို့ဖြစ်ရခြင်းမှာ မနာလို ဝန်တိုမှုကြောင့် ဖြစ်သည် ဟု သုတ်တော် (၁၀၉)တွင် ထောက်ပြထားပေသည်။

(၉၄) မည်သည့် ဘာသာကို ကိုးကွယ်၍ ငရဲကျမည်ဟူသော အယူအား အစွဲလာမ်သာသနာက လုံးဝ လက်မခံပေ၊ ဘာသာတရား၏ ခေါင်းစဉ်ထက် လူတစ်ဦးချင်းစီ၏ အကျင့်စရိုက်က အဓိကကျသည် ဟုသာ သွန်သင်ပေသည်။ ၎င်းကို သုတ်တော် (၂း၆၂) ရှင်းလင်းစွာ ပြောထားပေသည်။

	ပြောဆိုနေကြ၏။ သို့ဖြစ်၍ ပရမတ်ဘုရားရှင်သည် သူတို့ချင်းကြား ရှိသော ကွဲလွဲချက်များကို ရပ်တည်ရသောနေ့၌☆ စီရင်ထုံး ချတော်မူမည်။
၁၁၄။	**وَمَنْ أَظْلَمُ مِمَّن مَّنَعَ مَسَاجِدَ اللهِ أَن يُذْكَرَ فِيهَا اسْمُهُ وَسَعَى فِي خَرَابِهَا أُوْلَئِكَ مَا كَانَ لَهُمْ أَن يَدْخُلُوهَا إِلاَّ خَآئِفِينَ لهُمْ فِي الدُّنْيَا خِزْيٌ وَلَهُمْ فِي الآخِرَةِ عَذَابٌ عَظِيمٌ۞** အရှင်၏ ဂုဏ်တော်များအား သတိရရှုမှတ်သော သူများကို ပရမတ်ဘုရားရှင်၏ ဝတ်ကျောင်းတော်မှ ပိတ်ပင်၍၊ သူတို့အား ဖြိုဖျက်ရန် လုံးပန်းနေသူထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း၊ သူတို့ကိုယ်တိုင် စိုးရိမ်ကြီးစွာဖြင့်သာ ဝင်လာသူများ ဖြစ်သင့်၏၊ သူတို့အတွက် လောကီ၌ အရှက်ရခြင်းနှင့် နောင်ဘဝ၌ မဟာ ဝဋ်ကြွေးကြီး ရှိနေ၏။
၁၁၅။	**وَلِلهِ الْمَشْرِقُ وَالْمَغْرِبُ فَأَيْنَمَا تُوَلُّواْ فَثَمَّ وَجْهُ اللهِ إِنَّ اللهَ وَاسِعٌ عَلِيمٌ۞** နေထွက်ရာ၊ နေဝင်ရာတိုင်းသည် ပရမတ်ဘုရားရှင်၏အချုပ်အခြာ၌ ရှိ၏၊ သင်တို့၏ လှည့်ရာဘက်တိုင်းသည် ပရမတ်ဘုရားရှင်၏ မျက်မှောက်တော်ဖြစ်၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် အသိဉာဏ်တော် ဖြန့်ကျက်ထားသော အရှင်ဖြစ်၏။[၉၁]
၁၁၆။	**وَقَالُواْ اتَّخَذَ اللهُ وَلَدًا سُبْحَانَهُ بَل لَّهُ مَا فِي السَّمَاوَاتِ وَالأَرْضِ كُلٌّ لَّهُ قَانِتُونَ۞** ''ပရမတ်ဘုရားရှင်သည် ကိုယ်ပွား ထားရှိ၏၊''ဟု[၉၆] ပြောကြ၏။ အမှန်မှာ အရှင်သည် ဦးထိပ်ထားရာ ဖြစ်၏၊ မိုးမြေ၌ ရှိသမျှတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ခပ်သိမ်းကုန်သည် အရှင့်အား နာခံနေရ၏။
၁၁၇။	**بَدِيعُ السَّمَاوَاتِ وَالأَرْضِ وَإِذَا قَضَى أَمْراً فَإِنَّمَا يَقُولُ لَهُ كُن فَيَكُونُ۞** မိုးမြေတို့၏ မူလအရှင်က ၇၇ အပြီးသတ် ညွှန်ကြားချက် ''ဖြစ်၊''ဟု မိန့်သော် သို့ဖြင့် ဖြစ်လာရမည်ပင်။[၉၈]

---

(၉၅) ဝါးဆေအွန် **وَاسِعٌ** ဆိုသည်မှာ ပတ်လည်ပိုင်းထားသည်၊ ပတ်ပတ်လည်တွင် တည်ရှိသည်ဟု ဖြစ်၍ ဉာဏ်စေစားနေသည် ဟုလည်း ဖြစ်သောကြောင့် ဤသုတ်တော်မှ ''သိနေတော်မူ၏'' ဆိုသည့် စကားလုံးက ထိုသို့ ပြန်ဆိုရန် အကိုက်ညီဆုံး ဖြစ်ပေသည်။

(၉၆) ကိုယ်ပွားဟု ဘာသာပြန်သော **ဝ လ ဒန် وَلَدًا** မှာ တိုက်ရိုက် အဓိပ္ပါယ်အားဖြင့် 'သားတော်'ဟု ဖြစ်ပေသည်။ သို့သော် သူတို့ဆိုလိုသော သားတော် ဆိုသည်မှာ ပရမတ်ဘုရားရှင်၏ ကိုယ်စားလောကၠ၌ ပွင့်ပေါ်ရသော သားတော်ဟု ဖြစ်သောကြောင့် ကိုယ်ပွားဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ သားသမီးရတနာကိုလည်း ကိုယ်ပွားများဟု ဆိုသောကြောင့် ဘာသာပြန်ဆိုမှုမှာ လုံးဝမှားယွင်းခြင်း မရှိပေ။ အစွလာမ်သာသနာက ပရမတ်ဘုရားရှင်၌ ကိုယ်ပွားရှိသည် ဆိုသည့် အယူအဆကို လုံးဝ လက်ခံပေ။ ထိုကိုယ်ပွားဟု ဂုဏ်ပုဒ်တပ်ခံရသူများ၊ ဉာဏ်စဉ်ဆောင်များ အပါအဝင် လောကၠ၌ ရှိလေသမျှသော အရာများသည် အရှင့်အား ကျိုးနွံနာခံ နေရသည်ဟု ပွင့်ပွင့်လင်းလင်းပင် ဆိုထားပေသည်။

(၉၇) **ဗဒီ بَدِيعُ** ဆိုသည်မှာ မရှိရာမှ ရှိရာသို့ဖြစ်လာသည်ဟု အနက်ပေးပေသည်။ ပရမတ်ဘုရားရှင်သည် လောကအပေါင်း ဖြစ်တည်လာစေရန် စီစဉ်မှု၌ ရုပ်ပြောင်းဖန်ဆင်းခြင်း မဟုတ်ကြောင်းကို (၂း၂၁)တွင် ရှင်းပြပြီးဖြစ်သည်။ အရှင်၏ ဆန္ဒတော်ကသာ စကြာဝဠာ အပေါင်း ဖြစ်တည်လာခြင်း အတွက် အခရာ ဖြစ်ပေသည်။ ဤရှင်းလင်းချက်ကဲ့သို့ ပိဋကတ်တော်၏ သံယုတ်ပါဠိ၊ သဂါထာဝဂ္ဂ၌ ''စိတ္တေန၊ နိယျတိ၊ လောကော၊ စိတ္တေန၊ ပရိကဿတိ၊ စိတ္တဿ၊ ဧကမ္မဿ၊ သဗ္ဗေ၀ အနွဂူ။'' **လောကော လောကကို၊ စိတ္တေန စိတ်သည်၊ နိယိတိ ဖြစ်အောင်ဆောင်အပ်၏၊ နိယျတိ ဖျက်လည်းဖျက်ဆီးအပ်၏၊ လောကော လောကကို၊ စိတ္တေန စိတ်သည်၊ ပရိကဿတိ ပြုပြင်၏၊ စိတ္တဿ စိတ်ဟုဆိုအပ်သော၊ ဧကမ္မဿ တစ်ခုတည်းသော တရား၏၊ ဝဿံ အလိုသို့၊ သဗ္ဗေ၀ အလုံးစုံသောတရားတို့သည်ပင်၊ အနွဂူ အစဉ်လိုက်ကြရကုန်၏၊** ဟု ပေါ်ပြထားသည်ကို တွေ့ရပေသည်။ ထို့ကြောင့် အစွလာမ်ဘာသာက ပြဆိုသော လောကအပေါင်းအား ဖြစ်တည်မှုသည် မြန်မာ ဗုဒ္ဓဘာသာဝင်များ အတွက် အလွန်တရာ အလှမ်းဝေးနေသည် မဟုတ်ပေ။

(၉၈) **ဥ် ဖြဲယိုဥ် كُن فَيَكُونُ ကွန်း၊ ဖ–ယကူးန**၊ ဖြစ်ဟုဆိုလျှင် ဖြစ်ရမည်တည်း၊ ဆိုသည်မှာ ဖြစ်ဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ဝုန်း ဒိုင်း ဖြစ်လာသည် မဟုတ်ပေ။ စီမံကိန်းတစ်ခုကို တည်ဆောက် ဖြစ်တည်စေသည့် ပုံစံပင် ဖြစ်ပေသည်။ ထိုအချက်ကို အပြီးသတ် ညွှန်ကြားချက်ဟု ဆိုသော စကားလုံး **قَضَى ကသွာ** က ထောက်ပြထားပေသည်။ **ကသွာ** ဆိုသည်မှာ ပြန်လည် ဖြည့်စွက်သည်ဟု အနက်ပေးသောကြောင့် အစွလာမ် ဘာသာဝင်များက စိတ်လေ့ကျင့်မှု (ဆွလတ်) ငါးကြိမ်မှ ပျက်ကွက်သော အကြိမ်များကို ပြန်လည် ဖြည့်စွပ်ခြင်းကို **ကသွာ** ဖြည့်သည်ဟု ဆိုကြပေသည်။ ဖြစ်တည်ရန် လိုအပ်ချက်များကို ဖြည့်ဆီးလျက် လောက စကြာဝဠာအပေါင်းအား ဖြစ်တည်လာစေခြင်း ဖြစ်ပေသည်။ ထို့အတွက် အခြား အထောက်

၁၁၈။ ✡ ၂:၄	**وَقَالَ الَّذِينَ لاَ يَعْلَمُونَ لَوْلاَ يُكَلِّمُنَا اللهُ أَوْ تَأْتِينَا آيَةٌ كَذَلِكَ قَالَ الَّذِينَ مِن قَبْلِهِم مِّثْلَ قَوْلِهِمْ تَشَابَهَتْ قُلُوبُهُمْ قَدْ بَيَّنَّا الآيَاتِ لِقَوْمٍ يُوقِنُونَ۞** အသိမရှိသောသူများက ''ပရမတ်ဘုရားရှင်က ကျွန်ုပ်တို့အား မကွပါတ်တော် သို့မဟုတ် သုတ်ဒေသနာတော် အဘယ်ကြောင့် မပေးသနည်း၊''ဟု ပြောကြ၏။[၉၉] သူတို့ မတိုင်မီ သူများ ပြောသည့် ပမာ ဤအတိုင်းပင် ပြောကြ၏။ သူတို့၏ နှလုံးသားမှာ ဆင်တူနေ၏၊ ဒိဋ္ဌယုံသော✡ လူမျိုးအတွက် သုတ်ဒေသနာများကို ငါ ရှင်းလင်းထားပြီး ဖြစ်၏။
၁၁၉။ စေလွှတ် ☆ ၉:၃၃	**إِنَّا أَرْسَلْنَاكَ بِالْحَقِّ بَشِيرًا وَنَذِيرًا وَلاَ تُسْأَلُ عَنْ أَصْحَابِ الْجَحِيمِ۞** ငါသည် သင့်အား သစ္စာတရားအားဖြင့် သတင်းကောင်းပါးသူ၊ သတိပေးသူအဖြစ် **စေစား**တော်မူ၏။☆ ငရဲမီး ပေါင်းဖေါ်များနှင့် စပ်လျဉ်း၍ သင့်အား စစ်ကြောမည် မဟုတ်ပေ။
၁၂၀။	**وَلَن تَرْضَى عَنكَ الْيَهُودُ وَلاَ النَّصَارَى حَتَّى تَتَّبِعَ مِلَّتَهُمْ قُلْ إِنَّ هُدَى اللهِ هُوَ الْهُدَى وَلَئِنِ اتَّبَعْتَ أَهْوَاءهُم بَعْدَ الَّذِي جَاءكَ مِنَ الْعِلْمِ مَا لَكَ مِنَ اللهِ مِن وَلِيٍّ وَلاَ نَصِيرٍ۞** ရေဝတီများ ခရစ်ယာန်များက သူတို့၏ ကျင့်စဉ်ကို မလိုက်နာသရွေ့ သင့်အား ကျေနပ်မည် မဟုတ်ပေ။ ''ပရမတ်ဘုရားရှင်၏ လမ်းညွှန်မှုသည်သာ လမ်းညွှန်မှန် ဖြစ်၏။''ဟု ဟောပြောလော့၊ သင့်ထံသို့ အသိပညာ ရောက်လာပြီးမှ သူတို့၏ လိုဘများကို လိုက်နာလျှင် ပရမတ်ဘုရားရှင်၏ ထံမှ မဟာမိတ်နှင့် ကူညီသူသည် သင့်အတွက် မရှိပြီ။
၁၂၁။	**الَّذِينَ آتَيْنَاهُمُ الْكِتَابَ يَتْلُونَهُ حَقَّ تِلاَوَتِهِ أُوْلَئِكَ يُؤْمِنُونَ بِهِ وَمن يَكْفُرْ بِهِ فَأُوْلَئِكَ هُمُ الْخَاسِرُونَ۞** ငါက ကျမ်းစာပေးသောသူများသည်၊ ၎င်းကို မှန်မှန်ကန်ကန် ဖတ်ခြင်းဖြင့် ရွှတ်ဖတ်ကြသော် ၎င်း၌ ယုံကြည်သူများဖြစ်ကြ၏၊ ၎င်းကို ဖုံးကွယ်သူများသည် ဆုံးရှုံးသူများ ဖြစ်ချေပြီ။
၁၂၂။ ၂:၄၇	**يَا بَنِي إِسْرَائِيلَ اذْكُرُواْ نِعْمَتِيَ الَّتِي أَنْعَمْتُ عَلَيْكُمْ وَأَنِّي فَضَّلْتُكُمْ عَلَى الْعَالَمِينَ۞** အို–ဣသရေလူမျိုးတို့ သင်တို့အား ငါ ဂုဏ်ပေးသည့် ဂုဏ်ပုဒ်များကို သတိရကြလော့၊ ငါသည် သင်တို့ကို လောက ခပ်သိမ်းအပေါ် သိက္ခာပေးခဲ့ပြီ။
၁၂၃။ ၂:၄၈	**وَاتَّقُواْ يَوْماً لاَّ تَجْزِي نَفْسٌ عَن نَّفْسٍ شَيْئاً وَلاَ يُقْبَلُ مِنْهَا عَدْلٌ وَلاَ تَنفَعُهَا شَفَاعَةٌ وَلاَ هُمْ يُنصَرُونَ۞** ဥဉ်တစ်ခုက ဥဉ်တစ်ခုအတွက် တစ်စုံတစ်ရာ အစားမပေးနိုင်သော၊ တန်ရာတန်ကြေး အကိုးမပြည့်သော၊ အမျှဝေခြင်း အကျိုးမဖြစ်သော၊ အကူအညီမဲ့ နေ့ကာလအတွက် စည်းစောင့်ကြလော့။
၁၂၄။ ၂:၁၂၄	**وَإِذِ ابْتَلَى إِبْرَاهِيمَ رَبُّهُ بِكَلِمَاتٍ فَأَتَمَّهُنَّ قَالَ إِنِّي جَاعِلُكَ لِلنَّاسِ إِمَامًا قَالَ وَمِن ذُرِّيَّتِي قَالَ لاَ يَنَالُ عَهْدِي الظَّالِمِينَ۞** အီဗရာဟီးမ်အား၁၀၀ ကံကြမ္မာရှင်က မကွပါတ်တော်ဖြင့် စုံစမ်းသောအခါ သူသည် ပြည့်စုံစေခဲ့၏။ အရှင်က ''ငါသည်

အထားမှာ ချက်ခြင်း ဖြစ်တည်ခြင်း မဟုတ်သော ''**ဖယကူးန်**'' သို့ပြီးနောက် အဆင့်ဆင့်ဖြစ်လာမည်ဟု အနာဂါတ်ပြ ကြိုယာကို သုံးထားခြင်း ဖြစ်သည်။ ဤစကားလုံးကို ကိုယ်တော်ယေရှုအား ဖြစ်တည်စေမှုဖွဲ့လည်း တွေ့ရပေသည်၊ (၃း၄၇)။ သို့သော် ''ဖြစ်၊''ဟု ပြောလိုက်သည်နှင့် ကိုယ်တော် ယေရှုမှာ မိခင်မာရိ၏ ရှေ့၌ ပုန်းကွယ် ပေါ်လာခြင်း မဟုတ်ပေ။ သူ့အား ကိုယ်ဝန်ဆောင်ရသည်။ မွေးဘွားရသည်၊ ငယ်ရာမှ ကြီးပြင်းရသည် (၁၉း၂၂–၃၂) စသည်ဖြင့် အဆင့်ဆင့် ဖြစ်ရလာရခြင်း ဖြစ်ပေသည်။

(၉၉) ကိုယ်တော် မုဟမ္မဒ် ပွင့်ပေါ်လာသောအခါ မလိုသူများက မိမိထံ၌ အဘယ်ကြောင့် ဥဇာဏ်စဉ်တော် မကိန်းဝပ်လေသနည်း၊ မိမိ၏ အမျိုးသားချင်းထဲမှ အဘယ်ကြောင့် ဥဇာဏ်စဉ်ဆောင် မပွင့်ပေါ်လေသနည်းဟု စောဒက တက်ကြပေသည်။ ပညတ်ဘုရားရှင် (ဥဇာဏ်စဉ်ဆောင်) ဖြစ်ခွင့်ကို မူပိုင်ဆွဲထား၍ မရပေ။ အထုံပါရမီသာလျှင် အဓိက ဖြစ်ပေသည်။ မည်သို့ဆိုစေ ပညတ်ဘုရားရှင် (ဥဇာဏ်စဉ်ဆောင်) ဆိုသည်မှာ လမ်းပြခေါင်းဆောင် တစ်ပါး ဖြစ်၍ လူမျိုးမှာ အဓိကမဟုတ်၊ ထိုကိုယ်တော် ညွှန်ကြားပြသသော လမ်းစဉ်သည်သာ အဓိကဖြစ်ကြောင်းကို နားလည် သင့်ပေသည်။

	သင့်အား လူသားတို့၏ ရှေ့ဆောင်အဖြစ် စီစဉ်တော်မူပြီ''ဟု မိန့်ဆိုသော်၊ သူက ''တပည့်တော်၏ သားမြေးများမှ ကော၊''ဟု ပြန်လျှောက်၏။ ''ငါ့ ပဋိညာဉ်အား အမိုက်ကောင်များ မဆွတ်ခူးနိုင်၊''ဟု မိန့်တော်မူ၏။
၁၂၅။ ပြဿဒ်	**وَإِذْ جَعَلْنَا الْبَيْتَ مَثَابَةً لِّلنَّاسِ وَأَمْناً وَاتَّخِذُواْ مِن مَّقَامِ إِبْرَاهِيمَ مُصَلًّى وَعَهِدْنَا إِلَى إِبْرَاهِيمَ وَإِسْمَاعِيلَ أَن طَهِّرَا بَيْتِيَ لِلطَّائِفِينَ وَالْعَاكِفِينَ وَالرُّكَّعِ السُّجُودِ** ۞ ငါသည် **အိမ်တော်**အား လူသားအပေါင်း၏ အကျိုးနှင့် ယုံကြည်စိတ်ချရာအဖြစ် စီစဉ်တော်မူ၏၊ အဗြဟာဟိမ်၏ ရပ်တည်ချက်အား ဝတ်ပြုသည့်နေရာ အဖြစ် ယူမှတ်ကြလော့၊ ငါသည် အဗြဟာဟိမ်နှင့် အိမ္ဘမာအီးလ်တို့အား ''လှည့်လည်သူ၊ ဝဇီပိတ်ကျင့်သူ၊ ဦးညွှတ်သူ၊ ဦးချသူတို့အတွက် ငါ၏ **အိမ်တော်**ကို သန့်စင်စေကြလော့၊''ဟု[၁၀၀] ပဋိညာဉ်ပြုထား၏။
၁၂၆။ ၂း၂၄	**وَإِذْ قَالَ إِبْرَاهِيمُ رَبِّ اجْعَلْ هَذَا بَلَدًا آمِنًا وَارْزُقْ أَهْلَهُ مِنَ الثَّمَرَاتِ مَنْ آمَنَ مِنْهُم بِاللهِ وَالْيَوْمِ الآخِرِ قَالَ وَمَن كَفَرَ فَأُمَتِّعُهُ قَلِيلاً ثُمَّ أَضْطَرُّهُ إِلَى عَذَابِ النَّارِ وَبِئْسَ الْمَصِيرُ** ۞ အဗြဟာဟိမ်က ''အို–ကံကြမ္မာရှင် ဤမြို့တော်အား မြို့သားများ ယုံကြည်စိတ်ချရရန် စီစဉ်တော်မူပါ၊ ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သူတို့အား သီးနှံရိက္ခာများ ပြည့်စေတော်မူပါ၊''ဟု လျှောက်တင်သော်၊ အရှင်က ''ဖုံးကွယ်သူကိုလည်း အနည်းငယ်မျှ ချမ်းမြေ့စေမည်၊ ထို့နောက် အမင်္ဂလာ ပန်းတိုင်ဖြစ်သည့် **စစ်မီး** ဝင့်ကြွေးသို့ တွန်းပို့ခံရမည်၊''ဟု မိန့်၏။

---

(၁၀၀) အဗြဟာဟိမ် ဆိုသည်မှာ လူမျိုးများ၏ ဖခင်ဟု အနက်ရပေသည် (ဓမ္မဟောင်းကျမ်း၏ ကမ္ဘာဦးကျမ်း ၁၇း၆)။ ဤသုတ်တော်တွင် ဆိုသည့် ''အမိုက်ကောင်များနှင့် မဆိုင်ပေ'' ဆိုသည်မှာ သူ့မျိုးနွယ်အားလုံးကို ဆိုလိုခြင်း မဟုတ်ပေ၊ သူမျိုးနွယ်ထဲမှ မကောင်းမှုဆောင်သူ၊ အဝိဇ္ဇာစီးသူများကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။ နောက်ဆုံးပွင့် ဉာဏ်စဉ်ဆောင် ကိုယ်တော်မုဟမ္မဒ်သည် သူ၏မျိုးနွယ်ထဲမှ ဖြစ်ပေသည်။ ဤနေရာ၌ အလျဉ်းသင့်၍ တင်ပြစရာ အနည်းငယ် ရှိပေသည်။ မြန်မာ ဗုဒ္ဓဘာသာများ အနေဖြင့်လည်း ဤဘဒ္ဒကမ္ဘာ၌ နောက်ဆုံးပွင့် ပညတ်ဘုရား တစ်ပါး ပွင့်ပေါ်ရန် ရှိပေသည်။ ထို ကိုယ်တော်၏ အလျင် စကြာဝတေးမင်းကြီး သခီ ပွင့်ပေါ်လာမည်ဟု ပိဋကတ်တော် စက္ကဝတ္တိသုတ်၌ ဆိုထားပေသည်။ ထိုမင်းကြီးတွင် အခြွေအရံ မိဘုရားများနှင့် ပြည့်စုံသည့် အပြင် အဖိုးထိုက်လှသော သားဦးရတနာနှင့် သားသမီးများ အထောင်အသောင်း ရှိလိမ့်မည်ဟု ဆိုထားပေသည်၊ (စက္ကဝတ္တိသုတ် ၁၀၆)။ ပိဋကတ်တော်တွင် ဖော်ပြသော စကားလုံးများအား ရှေးသုံး ပေါရာဏ ဝေါဟာရများနှင့် မကောက်ယူခဲ့သော် မင်းကြီး သခီ၏ သမိုင်းသည် အီးဗရာဟီးမ်၏ သမိုင်းနှင့် လွန်စွာ နီးကပ်မှု ရှိလှပေသည်။ ထိုသုတ်နံပါတ်၌ မင်းကြီးပေါ်ထွန်းမည့် အရပ်သည် **ဇဗ္ဗူဒီပါ ကျွန်း**ဟု ဆိုထားပြီး၊ **ထိုကျွန်းသည် ကျူပင် မြက်ပင်နှင့် တောတောင် ထူထပ်မှုတို့ ကင်းသည့် လူအများ နေထိုင်ရာ အရပ်**ဟု ဆိုထားသဖြင့် ထို အရပ်သည် တောတောင်များ အလွန်ထူပြောသည့် ဟိမဝန္တာနှင့် နီးစပ်သည့် အရပ်ဒေသ မဖြစ်နိုင်ပေ။ ကျွန်းဆွယ် တစ်ခုခုသာ ဖြစ်နိုင်စရာရှိပေသည်။ ထိုအချက်ကို အဆိုပါ သုတ်တော်၏ ဖော်ပြချက်အရ **ပင်လယ်လေးတန်နှင့် ဝန်းရံလျက် ရှိသည်** ဆိုသည်က ခိုင်မာစေပေသည်။ တဖန် **မင်းကြီးတွင် သားသမီး အထောင်အသောင်း ရှိမည်** ဟူသော အချက်မှာလည်း၊ **အီဗရာဟီးမ်အား ကောင်းကင်မှ ကြယ်များ၏ အရေအတွက်ကို မရေတွက်နိုင် သကဲ့သို့ သားသမီးမျိုးနွယ် များပြားစေမည်** (ဓမ္မဟောင်း၊ ကမ္ဘာဦး ၁၅း၅ နှင့်) ကိုက်ညီ နေပြန်သည်။ **မင်းကြီးတွင် အဖိုးထိုက်တန်သော သားဦးရတနာ ရှိလိမ့်မည်** ဟူသော အချက်မှာလည်း၊ **အီဗရာဟီးမ်တွင် တန်ဘိုး မဖြတ်နိုင်သော သားဦးရတနာ အီဗ္ဘမာအီးလ်** (ကုရ်အာန် ၂း၁၂၇) ရှိခြင်းနှင့် တိုက်ဆိုင်ပြန်ပါသည်။ **မင်းကြီးမှာ ထိုဇဗ္ဗူဒီပါကျွန်းမှ ကေတုမတီမည်သော နေပြည်တော်မှ ပြည့်ရှင်မင်း ဖြစ်မည်** ဟူသော အချက်ကိုလည်း ဤသုတ်တော်ပါ **သင့်အား လူသားတို့၏ ရှေ့ဆောင် အဖြစ် ခန့်အပ်တော်မူပြီ** ဟူသော အချက်နှင့် **သူပြန်လည် ထူထောင်ခဲ့သော မက္ကာဟ်မြို့မှာ မြို့ရွာတို့၏ မိခင်**ဟု ကုရ်အာန်ကျမ်းတော်က ဆိုပေသည်၊ (၆း၉၂)။ **မင်းကြီးသည် စကြာဝတေးမင်းကြီး** ဖြစ်သည် ဆိုခြင်းကို **သင့်အား လူမျိုးကြီး ဖြစ်စေမည်၊ သင်၏ နာမကို ကြီးမြတ်စေတော်မူမည်** (ဓမ္မဟောင်း၊ ကမ္ဘာဦးကျမ်း ၁၂း၂) နှင့် **ခါနန်ပြည် (ယခု အာရပ်ကမ္ဘာ) ကို သင်၏ မျိုးနွယ်အား အစဉ်အမြဲ အပိုင်ပေးမည်၊** (ကမ္ဘာဦး ၁၇း၁၀) ဟူ၍ တိုက်ဆိုင် ပြန်သည်။ အံ့သြစရာကောင်းသည်က **မင်းကြီးသခီသည် ရှေးရှေးက မင်းကြီး မဟာပန်နဒ အတွက် တည်ဆောက်ခဲ့သော အဆောက်အဦးတော် (ပြဿဒ်)ကို ပြန်လည် မြှင့်တင်တော်မူလိမ့်မည်** ဟူသော အချက်ပင်တည်း၊ **အီဗရာဟီးမ်သည် သူ၏ သားဦးရတနာ နှင့် အတူ ရှေးဟောင်း လူသားတို့ အမြတ်တနိုးထားသော အဆောက်အဦး (အိမ်တော်) ကို ပြန်လည် မြှင့်တင်တော်မူခဲ့သည်** ဆိုသော တိုက်ဆိုင်မှုပင်ဖြစ်၏။ (၂း၁၂၇)

(၁၀၁) အိမ်တော် (ပြဿဒ်) ဆိုသည်မှာ မက္ကာဟ်မြို့ရှိ **ကာအ်ဘာ** ဝတ်ကျောင်းတော်ကို ဆိုလိုခြင်း ဖြစ်ပေသည်။ အိမ်တော်ကို သန့်စင်စေသည် ဆိုသည်မှာ ပရမတ်ဘုရားရှင်အား တုဘက်၍ သို့မဟုတ် ဂုဏ်တော်ပွား၊ ဓါတ်တော်ပွားဟု ယူဆ၍ ထုဆစ်ထားသော ရုပ်ပွားဆင်းတုများကို ကင်းသန့်ပစ်ခြင်း ဖြစ်ပေသည်။ ထိုရပ်တည်ချက်အား လူသားများ၏ စိတ်၌ စွဲကပ်စေရန် စိတ်လေ့ကျင့်မှု ပြုလုပ်ရန် သွန်သင်သည်။

၁၂၇။ ဖြဆဒ်	**وَإِذْ يَرْفَعُ إِبْرَاهِيمُ الْقَوَاعِدَ مِنَ الْبَيْتِ وَإِسْمَاعِيلُ رَبَّنَا تَقَبَّلْ مِنَّا إِنَّكَ أَنتَ السَّمِيعُ الْعَلِيمُ۞** အီဗရာဟီးမ်နှင့် အီစ္မာအီးလ်တို့သည် **အိမ်တော်**၏ အုတ်မြစ်ကို မြှင့်တင်သောအခါ[၁၀၂] ''အို ကံကြမ္မာရှင် တပည့်တော်တို့အား ဆန္ဒပြည့်စေတော်မူပါ။ အရှင်သည် ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်ပါ၏။''–
၁၂၈။	**رَبَّنَا وَاجْعَلْنَا مُسْلِمَيْنِ لَكَ وَمِن ذُرِّيَّتِنَا أُمَّةً مُّسْلِمَةً لَّكَ وَأَرِنَا مَنَاسِكَنَا وَتُبْ عَلَيْنَآ إِنَّكَ أَنتَ التَّوَّابُ الرَّحِيمُ۞** ''အို–ကံကြမ္မာရှင် တပည့်တော်တို့အား ငြိမ်းချမ်းရေးပြုသူများ အဖြစ်၊ တပည့်တော်တို့၏ သားမြေးတို့အား ငြိမ်းချမ်းရေးပြုသူ အသိုင်းအဝိုင်းအဖြစ် စီစဉ်ပေးပါ။ တပည့်တော်တို့၏ ဝတ်ဖြည့်နည်းကို ပြသပေးပါ။ တပည့်တော်တို့အား သင်ပုန်းချေပေးတော်မူပါ၊ အရှင်သည် သင်ပုန်းချေပေးသော၊ ကရုဏာသက်သော အရှင် ဖြစ်ပါ၏။''
၁၂၉။	**رَبَّنَا وَابْعَثْ فِيهِمْ رَسُولاً مِّنْهُمْ يَتْلُو عَلَيْهِمْ آيَاتِكَ وَيُعَلِّمُهُمُ الْكِتَابَ وَالْحِكْمَةَ وَيُزَكِّيهِمْ إِنَّكَ أَنتَ العَزِيزُ الحَكِيمُ۞** ''အို–ကံကြမ္မာရှင် သူတို့အား အရှင်၏ သုတ်ဒေသနာများကို ရွတ်ဖတ်ပြရန်၊ ကျမ်းတော်နှင့် စိရင်ထုံးကို သင်ကြားပေးရန်၊ သန့်ရှင်းဖြူစင်စေရန်အတွက် ဉာဏ်စဉ်ဆောင်တစ်ပါးကို သူတို့အထဲမှပင် ပွင့်ပေါ်စေတော်မူပါ၊ အရှင်သည် ဘုန်းတော်အရှင်၊ ဓမ္မသတ်ရှင် ဖြစ်ပါ၏။''ဟု လျှောက်ထားကြ၏။[၁၀၃]

---

(၁၀၂) သတင်းတော်ဆောင် အီဗရာဟီးမ်နှင့် သားတော် အီစ္မာအီလ်တို့သည် **ကာအ်ဘာ** ဝတ်ကျောင်းတော်ကို စတင် တည်ဆောက်သူများ မဟုတ်ပေ။ ထိုကျောင်းတော်ကြီးသည် ရှေးယခင်ကပင် လူသားတို့ အမြတ်တနိုးထား ဘုရားဝတ်ပြုရာ အဖြစ် တည်ရှိနေခဲ့သော ရှေးဟောင်း အိမ်တော်ကြီး ဖြစ်ပေသည် (၃း၉၆)။ ကိုယ်တော်တို့သားအဖသည် ထိုကျောင်းတော်ကြီးအား ပြန်လည်မွန်းမံ မြှင့်တင်ခြင်းသာ ဖြစ်ပေသည်။

(၁၀၃) ဤသုတ်တော်တွင် ကိုယ်တော်တို့ သားအဖသည် သူတို့၏ သားစဉ်မြေးဆက်ထဲမှ ဉာဏ်စဉ်ဆောင်တစ်ပါး ပွင့်ပေါ်စေရန် ဆုတောင်းပတ္ထနာ ပြုခဲ့၏။ နောက်ဆုံးပွင့် ဉာဏ်စဉ်ဆောင် ကိုယ်တော် မုဟမ္မဒ် ပွင့်ပေါ်ခြင်းဖြင့် သူတို့၏ ဆုတောင်း ပြည့်ခဲ့ပေသည်၊ (၃၃း၄၀)။ ကိုယ်တော်မုဟမ္မဒ် အမည်၏ အဓိပ္ပါယ်မှာ ချီးမွမ်းတသ ခံထိုက်သူ၊ မေတ္တာပို့ခြင်း ခံထိုက်သူဟူ၍ ဖြစ်ပြီး၊ လောကအပေါင်း၏ မေတ္တာတော်ရှင် ဟူသော ဘွဲ့တော်ကို လည်း ချီမြှင့်ခံရသူ ဖြစ်ပေသည်၊ (၂၁း၁၀၇)။ ထိုအဓိပ္ပါယ်မှာ ပါဠိစာပေလာ ''မေတ္တေယျ'' ဆိုသည်နှင့် လွန်စွာ တူညီနေပေသည်။ အစ္စလာမ် သာသနာဝင်တို့သည် ပညတ်ဘုရား (လူသားမှ ပွင့်ပေါ်သော ဘုရား) များကို **ရစူလ်** ဉာဏ်စဉ်ဆောင် ဟုသာ ခေါ်ကြောင်း (၂း၆၁) ၏ အောက်ခြေတွင် ရှင်းပြပြီး ဖြစ်ပေသည်။ ကိုယ်တော် မုဟမ္မဒ်ပွင့်ပေါ်ခြင်းကြောင့် အီဗရာဟီးမ်၏ သွေးသားများသည် အကူအညီမဲ့သူများကို စောင့်ရှောက်သော၊ ခရီးသည်များကို ကူညီသော နွမ်းပါးသူများကို ပေးကမ်းသော လူသားများ ဖြစ်လာကြကြောင်း ကုရ်အာန်ကျမ်းတော်၏ နေရာပေါင်း များစွာတွင် ဖော်ပြထားပေရာ၊ ပိုင်္ဂမတ်တော်လာ စက္ကဝတ္တိသုတ် (၁၀၈)တွင် ဖော်ပြသော မေတ္တေယျနှင့် တူညီနေကြောင်း တိုက်တိုက်ဆိုင်ဆိုင် တွေ့ရပေသည်။ ပိုမို၍ တိုက်ဆိုင်နေသည်မှာ ဤဘဒ္ဒကမ္ပာတွင် ထင်ရှားသော ဘာသာကြီးများ အားလုံး၏ ကျမ်းတော်များက လောကၠ ပညတ် ဘုရားရှင် (ဉာဏ်စဉ်ဆောင်) နောက်ထပ်တစ်ပါး ပွင့်ဦးမည်ဟု ဟောခဲ့ခြင်းပင်၊ ထိုဘာသာတရားများမှ ဘုရားရှင်များသည် တိုင်ပင်နှီးနှော၍ တစ်သံတည်း ထွက်ခဲ့ခြင်း မဟုတ်ပေ။ ဟိန္ဒူဘာသာ၏ အယူဋ္ဌ လောကတွင် ဘုရား ဆယ်ပါး ပွင့်ပေါ်မည် ဖြစ်ပြီး ကိုးပါးမြောက် ပွင့်ပေါ်ပြီး ဖြစ်သည်၊ ကျန်တစ်ပါးမှာ ကလ္လကိ မည်သော ဘုရားရှင် ဖြစ်သည်၊ (ကလ္လကိ ပုရဏ်ကျမ်း၊ ဟတ္တူမက ဝတရကျမ်း)။ ရေဝတီ (ဂျူး) ဘာသာကလည်း မောရှေနှင့်တူသော ပရောဖက်တစ်ပါး ပွင့်ပေါ်ဦးမည်ဟု ကြေငြာခဲ့ပေသည်၊ (ဓမ္မဟောင်းကျမ်း၏ တရားဟောရာကျမ်း ၁၈း၁၈)။ ခရစ်ယာန် ဘာသာ၌လည်း ဂါ၏ဘုန်းကို ထင်ရှားစေမည့် ဥပဇ္ဈာယ်ဆရာသည် သင်တို့ထံသို့ ရောက်လာလိမ့်မည်ဟု ဆိုပေသည်၊ (ဓမ္မသစ်၊ ရှင်ယောဟန် ၁၆း၇–၁၅)။ ဗုဒ္ဓဘာသာ၌ လောကၠ ဘုရားရှင် လေးပါးပွင့်ပြီးပြီ ဖြစ်ကြောင်း (ဝေပုလ္လသုတ်)၊ နောက်ဆုံးတစ်ပါး ပွင့်ပေါ်ဦးမည် ဖြစ်ကြောင်း (စက္ကဝတ္တိသုတ်) ဆိုထားပေသည်။ ဤကမ္ဘာ၌ ရှိသော ဘာသာတရားများတွင် ဦးဆောင်ဦးရွက် လူသားဘုရားများမှ ကိုယ်တော် မုဟမ္မဒ် တစ်ပါးတည်းသာလျှင် ''နောက်ဆုံးပွင့်ပေါ်သော ဉာဏ်စဉ်ဆောင် ဖြစ်သည်''ဟု ကြေငြာထားသည်ကို တွေ့ရပေသည် (၃၃း၄၀)။ ကုရ်အာန်ကျမ်းတော်အရ လူသားအပေါင်းက မျှော်လင့်နေသူ ပွင့်မလာပြီ တကားဟု စောဒက မတက်နိုင်ရန် ပွင့်ပေါ်လာခြင်း ဖြစ်သည်ဟု ဆိုထားပေသည်၊ (၅း၁၉)။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ အနေဖြင့်မူ ရိုးသားဖြူစင်သော နှလုံးသားကို ထား၍ နောင်လာနောက်သားများ၏ အကျိုးကို မျှော်ကိုးကာ ရှေးဟောင်း ဝေါဟာရများကို ပါယ်လျက် သုတေသန လုပ်သင့်သော အချက် ဖြစ်ပေသည်။ ထိုကိုယ်တော်နှစ်ဦး၏ အယူဝါဒမှ (အောက်ခြေ ၁၀၀)– သခီသည် ကိုယ်တော် မေတ္တေယျ၏ ရှေ့ပြေး နိမိတ်သဖွယ် ဖြစ်မှ (တနည်းအားဖြင့် မေတ္တေယျ ပွင့်ပေါ်စေမည့် အရပ်ဒေသ၏ စကြားဝတေးမင်း ဖြစ်နေမှု၊) နေရာဒေသ တူညီမှုများမှာ တစ်ထပ်တည်း တူညီနေပေသည်။ သို့သော် ပိုင်္ဂမတ်တော်နှင့် ကုရ်အာန်ကျမ်းစာအား ယေဘုယျသာ ဖတ်သူတို့က ပိုင်္ဂမတ်တော်တွင် မင်းကြီး သခီနှင့် မေတ္တေယျသည် ခတ်ပြိုင် ပွင့်ပေါ်ခဲ့၍၊ ကုရ်အာန်ကျမ်းတော်တွင် အီဗရာဟီးမ်နှင့် မုဟမ္မဒ်တို့မှာ ခေတ်ကာလ

၁၃၀။	**وَمَن يَرْغَبُ عَن مِّلَّةِ إِبْرَاهِيمَ إِلاَّ مَن سَفِهَ نَفْسَهُ وَلَقَدِ اصْطَفَيْنَاهُ فِي الدُّنْيَا وَإِنَّهُ فِي الآخِرَةِ لَمِنَ الصَّالِحِينَ۞** စရိုက်ပျက်မိုက်မဲသူသည်သာ အီဗရာဟီးမ်၏ ကျင့်စဉ်တော်ကို ဦးစားမပေး၊ ငါသည် သူ့အား ဤဘဝ၌ ရွေးချယ်၍ နောင်ဘဝအတွက် ပြုပြင်ပြောင်းလဲသူများ၏ အနက်မှ ဖြစ်စေတော်မူမည်။
၁၃၁။	**إِذْ قَالَ لَهُ رَبُّهُ أَسْلِمْ قَالَ أَسْلَمْتُ لِرَبِّ الْعَالَمِينَ۞** သူ့အား ကံကြမ္မာရှင်က ''ငြိမ်းချမ်းစေလော့၊''ဟု မိန့်သောအခါ၊ ''လောကခပ်သိမ်း၏ ကံကြမ္မာရှင်အတွက် ငြိမ်းချမ်းရေး ပြုနေကြောင်းပါ၊''ဟု သူက လျှောက်ထား၏။
၁၃၂။	**وَوَصَّى بِهَا إِبْرَاهِيمُ بَنِيهِ وَيَعْقُوبُ يَا بَنِيَّ إِنَّ اللّهَ اصْطَفَى لَكُمُ الدِّينَ فَلاَ تَمُوتُنَّ إَلاَّ وَأَنتُم مُّسْلِمُونَ۞** အီဗရာဟီးမ်နှင့် ယာကုဗ်တို့က[၁၀၄] သားမြေးတို့အား ''အို–သားမြေးတို့၊ ပရမတ်ဘုရားရှင်သည် သင်တို့အတွက် သာသနာတော်ကို ရွေးချယ်ပြီ၊ သင်တို့သည် ငြိမ်းချမ်းရေးပြုသူ အဖြစ်မှအပ ဘဝမပြောင်းကြစေနှင့်၊''ဟု မှာကြား၏။
၁၃၃။ အသင့်ဖြစ်ချိန်	**أَمْ كُنتُمْ شُهَدَاء إِذْ حَضَرَ يَعْقُوبَ الْمَوْتُ إِذْ قَالَ لِبَنِيهِ مَا تَعْبُدُونَ مِن بَعْدِي قَالُواْ نَعْبُدُ إِلَـهَكَ وَإِلَـهَ آبَائِكَ إِبْرَاهِيمَ وَإِسْمَاعِيلَ وَإِسْحَقَ إِلَـهًا وَاحِدًا وَنَحْنُ لَهُ مُسْلِمُونَ۞** သို့တည်းမဟုတ် ယာကုဗ်၏ အာယုသခ်ီရလွှတ်ချိန်၌ သင်တို့သည် မျက်မြင်သက်သေ ဖြစ်ကြသလော၊ သားမြေးတို့အား ''ကျွန်ုပ်၏နောက်၌ မည်သူ့အား သင်တို့ ကိုးကွယ်ကြမည်နည်း၊''ဟု သူကမေးသော်၊ ''ကိုယ်တော်၏ ဘုရားရှင်၊ သင်၏ ဘဘိုးများဖြစ်သော အီဗရာဟီးမ်၊ အီစွမာအီလ်၊ အီစွဟာက်တို့၏ တစ်ပါးတည်း ဘုရားရှင်ကိုသာ ကိုးကွယ်ကြပါမည်၊ ကျွန်ုပ်တို့သည် အရှင့် အတွက် ငြိမ်းချမ်းရေးပြုသူများ ဖြစ်ပါ၏၊''ဟု ပြောကြပြီ။
၁၃၄။	**تِلْكَ أُمَّةٌ قَدْ خَلَتْ لَهَا مَا كَسَبَتْ وَلَكُم مَّا كَسَبْتُمْ وَلاَ تُسْأَلُونَ عَمَّا كَانُوا يَعْمَلُونَ۞** ဤအသိုင်းအဝိုင်းသည် လွန်ခဲ့လေပြီ၊ သူတို့၏ ကျင့်ဆောင်မှုသည် သူတို့အတွက်၊ သင်တို့၏ ကျင့်ဆောင်မှုသည် သင်တို့ အတွက်ပင် ဖြစ်၏။ သူတို့၏ ကျင့်ကြံလေ့ရှိရာများကြောင့် သင်တို့အား စစ်ကြောမည် မဟုတ်ပေ။
၁၃၅။ ယဟူဒ	**وَقَالُواْ كُونُواْ هُودًا أَوْ نَصَارَى تَهْتَدُواْ قُلْ بَلْ مِلَّةَ إِبْرَاهِيمَ حَنِيفًا وَمَا كَانَ مِنَ الْمُشْرِكِينَ۞** ''လမ်းညွှန်တရားရရန် ရေတို သို့မဟုတ် ခရစ်ယာန်များ ဖြစ်ကြလော့၊''ဟု ပြောသည်တို့အား၊ ပြန်ပြောလော့ ''အီဗရာဟီးမ်၏ ကျင့်စဉ်သည် ဇောကန်ပင် အယူသန့်၏၊ သူသည် **ရောပြွန်းကိုးကွယ်သူမှ** မဟုတ်ပေ။''
၁၃၆။	**قُولُواْ آمَنَّا بِاللّهِ وَمَآ أُنزِلَ إِلَيْنَا وَمَا أُنزِلَ إِلَى إِبْرَاهِيمَ وَإِسْمَاعِيلَ وَإِسْحَقَ وَيَعْقُوبَ وَالأَسْبَاطِ وَمَا أُوتِيَ مُوسَى وَعِيسَى وَمَا أُوتِيَ النَّبِيُّونَ مِن رَّبِّهِمْ لاَ نُفَرِّقُ بَيْنَ أَحَدٍ مِّنْهُمْ وَنَحْنُ لَهُ مُسْلِمُونَ۞** ''ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်၊ ကျွန်ုပ်တို့ထံသို့ ချမှတ်ပေးရာ၊ အီဗရာဟီးမ်၊ အီစွမာအီလ်၊ အီစွဟာက်၊ ယာကုဗ်နှင့် လူမျိုးစုများထံသို့ ချမှတ်ပေးရာ၊ မူဆာနှင့် ယေရှုတို့ထံသို့ ပေးအပ်ရာနှင့် သတင်းတော်ဆောင်တိုင်းအား ကံ

ကွာခြားနေသည်ဟု ထောက်ပြနိုင်ပေသည်။ ပိဋကတ်တော်အရ မေတ္တေယျ ပွင့်ပေါ်မည့် ကာလသည် လူ့သက်တမ်း တစ်သောင်း ဖြစ်သည်ဟု ဆိုထားပေသည်။ ကုရ်အာန်ကျမ်းတော်နှင့် ခိုင်လုံသော သမိုင်းများ အရ ကိုယ်တော် အီဗရာဟီးမ်နှင့် ကိုယ်တော်မုဟမ္မဒ်တို့မှာ နှစ် ၁၅၀၀ ခန့်မျှ သာ ကွာခြားနေပေသည်။ ပိဋကတ်တော်က တင်စားသုံးနှုံးသော သက်တမ်းအရ ကြည့်လျှင် ခေတ်ကွာခြားနေသည်ဟု ပြော၍ မသင့်တော်ချေ။

(၁၀၃) ယာကုဗ်သည် အီဗရာဟီးမ်၏ ဒုတိယသား အီစွဟာက်မှ မွေးသောသားဖြစ်၍ သူ့အမည်မှာ ''ပရိယာယ် ကြွယ်သူ''ဟု အနက်ရပေသည်၊ ဖခင်အားလှည့်စားပြီး အမွေဆက်ခံခဲ့သည် သို့မဟုတ် လှည့်စား၍ အစ်ကို ဧသော ရမည့် အရိုက်အရာကို ယူခဲ့သည်ဟု ဓမ္မဟောင်းကျမ်း၏ ကမ္ဘာဦးကျမ်း အခန်း ၂၇ ပါ အဆိုကို ထောက်ခံအတည်ပြုသည့် အချက်အလက်များ ကျမ်းမြတ်ကုရ်အာန်တွင် ဖေါ်ပြထားခြင်း မရှိပေ။

	ကြမ္မာရှင်၏ထံမှ ပေးအပ်ရာတို့ကို ယုံကြည်ကြ၏၊ ထိုကိုယ်တော်များကြား တစ်ပါးနှင့်တစ်ပါး ခွဲခြားမှု မပြုပါ၊ ကျွန်ုပ်တို့သည် အရှင့်အတွက် ငြိမ်းချမ်းရေးပြုသူများ ဖြစ်ကြ၏၊''ဟု ပြောဦးလော့။
၁၃၇။	**فَإِنْ آمَنُواْ بِمِثْلِ مَا آمَنتُم بِهِ فَقَدِ اهْتَدَواْ وَّإِن تَوَلَّوْاْ فَإِنَّمَا هُمْ فِي شِقَاقٍ فَسَيَكْفِيكَهُمُ اللّهُ وَهُوَ السَّمِيعُ الْعَلِيمُ۞** သူတို့သည် သင်တို့ယုံကြည်သကဲ့သို့ ယုံကြည်ကြလေလျှင် လမ်းညွှန်တရားကို မှုချ ရပေအံ့၊ အကယ်၍ လှည့်သွားကြလေလျှင် ဂိုဏ်းခွဲသူများမှ ဖြစ်ကြ၏၊ သူတို့နှင့်ပတ်သက်၍ ပရမတ်ဘုရားရှင်သည် လုံလောက်တော်မူ၏၊ အရှင်သည် ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်၏။
၁၃၈။	**صِبْغَةَ اللّهِ وَمَنْ أَحْسَنُ مِنَ اللّهِ صِبْغَةً وَنَحْنُ لَهُ عَابِدونَ۞** ''ပရမတ်ဘုရားရှင်၏ ဓါတ်တော်အား ကူးကြလော့[၁၀၅] ဓါတ်တော်ကူးပေးရာ၌ ပရမတ်ဘုရားရှင်ထက် မည်သူက ပို၍ တင့်တယ်စေအံ့နည်း၊ ကျွန်ုပ်တို့သည်ကား အရှင့်ကိုသာ ကိုးကွယ်သူများ ဖြစ်ကြ၏။''
၁၃၉။	**قُلْ أَتُحَآجُّونَنَا فِي اللّهِ وَهُوَ رَبُّنَا وَرَبُّكُمْ وَلَنَا أَعْمَالُنَا وَلَكُمْ أَعْمَالُكُمْ وَنَحْنُ لَهُ مُخْلِصُونَ۞** ''ပရမတ်ဘုရားရှင်၊''ဟု ဟောၗ၍ ကျွန်ုပ်အား စောကြောကြသလော၊ အရှင်သည် သင်တို့၏ ကံကြမ္မာရှင်၊ ကျွန်ုပ်၏ ကံကြမ္မာရှင် ဖြစ်၏၊ သင်တို့ ကျင့်ကြံမှုသည် သင်တို့အတွက် ကျွန်ုပ် ကျင့်ကြံမှုသည် ကျွန်ုပ်အတွက်ပင် ဖြစ်၏၊ ကျွန်ုပ်တို့သည် အရှင့်ကိုသာ သန့်သန့်ထား ကိုးကွယ်ပါ၏။
၁၄၀။	**أَمْ تَقُولُونَ إِنَّ إِبْرَاهِيمَ وَإِسْمَاعِيلَ وَإِسْحَقَ وَيَعْقُوبَ وَالأَسْبَاطَ كَانُواْ هُودًا أَوْ نَصَارَى قُلْ أَأَنتُمْ أَعْلَمُ أَمِ اللّهُ وَمَنْ أَظْلَمُ مِمَّن كَتَمَ شَهَادَةً عِندَهُ مِنَ اللّهِ وَمَا اللّهُ بِغَافِلٍ عَمَّا تَعْمَلُونَ۞** ''သို့တည်းမဟုတ် အီးဗရာဟီမ်၊ အီစွမာအီးလ်၊ အီစွဟာၗ်၊ ယာကုပ်နှင့် လူမျိုးစုတို့သည် ရေဝတီသို့မဟုတ် ခရစ်ယာန်များ ဖြစ်ကြ၏ဟု ပြောကြသလော၊ သို့တည်းမဟုတ် သင်တို့သည် ပရမတ်ဘုရားရှင်ထက် ပို၍သိကြကုန်သလော၊''ဟု မေးမြန်းလော့။ ပရမတ်ဘုရားရှင်၏ သက်သေတော် သူ့ထံ၌ရှိလျက် ထိန်ဝှက်ထားသူထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှကို မေ့လျော့ထားသည် မဟုတ်ပေ။
၁၄၁။	**تِلْكَ أُمَّةٌ قَدْ خَلَتْ لَهَا مَا كَسَبَتْ وَلَكُم مَّا كَسَبْتُمْ وَلاَ تُسْأَلُونَ عَمَّا كَانُواْ يَعْمَلُونَ۞** ဤအသိုင်းအဝိုင်းသည် လွန်ခဲ့လေပြီ၊ သူတို့၏ ကျင့်ဆောင်မှုသည် သူတို့အတွက်၊ သင်တို့၏ ကျင့်ဆောင်မှုသည် သင်တို့ အတွက်ပင် ဖြစ်၏၊ သူတို့၏ ကျင့်ကြံလေ့ရှိရာများကြောင့် သင်တို့အား စစ်ကြောမည် မဟုတ်ပေ။
၁၄၂။	**سَيَقُولُ السُّفَهَاء مِنَ النَّاسِ مَا وَلاَّهُمْ عَن قِبْلَتِهِمُ الَّتِي كَانُواْ عَلَيْهَا قُل لِّلّهِ الْمَشْرِقُ وَالْمَغْرِبُ يَهْدِي**

---

(၁၀၅) **ဆွိဗ်ဂါတ် صِبْغَة** ဆိုသည်မှာ အရောင်ဆိုးခြင်း၊ အရောင်တင်ခြင်း (၂၃း၂၀) ဟု တိုက်ရိုက် အဓိပ္ပါယ်ရပေသည်၊ ရွှေရည်၊ ငွေရည်စိမ် သော အခါ စိမ်မည့် အရာအား ရွှေရည် ငွေရည်ထဲ၌ နှစ်မြှုပ်ထားခြင်းကိုလည်း ခေါ်ပေသည်။ သူတော်စင် သူတော်ကောင်း တစ်ဦး ဖြစ်ရန် မိမိ၏ အကျင့်စရိုက်၌ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်များကို တပ်ဆင်ခြင်း၊ ပရမတ်ဘုရားရှင်၏ ဥပဒေသ အတိုင်း ကျင့်ကြံ နေထိုင်ခြင်းကို ဆိုပေသည်။ ဥာဏ်စဉ်ဆောင်များ အပါအဝင် မည်သည့် လူသား တစ်ဦး၏ ဂုဏ်နာမည်၏ အောက်၌ အရောင်တင်ခြင်း၊ နှစ်ခြင်းခံခြင်း၊ ဓါတ်တော်ကူးခြင်းများသည် ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုနှင့်၊ ဂိုဏ်းဃန ကွဲပြားစေခြင်းကိုသာ ဦးတည်စေမည် ဖြစ်ပြီး တူညီသည့် အောင်လံအောက်၌ စုစည်းမိမည် မဟုတ်ပေ။ အသားအရောင် အမျိုး အနွယ် ဂုဏ်ဖြစ်တို့ မတူညီကြသည့် လူသားများ စုပေါင်းနေထိုင်ရမည့် အနာဂါတ် ကမ္ဘာကြီးသည် ပုဂ္ဂိုလ်ရေး ကိုးကွယ်မှု၊ အယူသည်း လွန်းသော ဂိုဏ်းဃန ကွဲပြားမှုများ ကင်းစင်မှသာလျှင် ပကတိငြိမ်းချမ်းမှုကို ရရှိနိုင်မည် ဖြစ်ပေသည်။ ပရမတ်ဘုရားရှင် ဆိုသည်မှာ သိပြီးသူရော၊ မသိသေးသူပါ မကျန်၊ ယုံကြည်သူ၊ မယုံကြည်သေးသူ အားလုံး၏ ဘုံဘုရားရှင် ဖြစ်သောကြောင့် ပရမတ်ဘုရားရှင်၏ အရောင်ကို ဆိုးခြင်း (ဓါတ်တော်ကူးခြင်း)သည် ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုကို ပယ်သတ်နိုင်မည် ဖြစ်ပြီး ဘာသာရေး အငြင်းပွားမှုများလည်း ကင်းစင်နိုင်တော့မည် ဖြစ်သည်။ ပရမတ်ဘုရားရှင်ကို မည် သည့် ဘာသာကမှ မူပိုင်ဆွဲထား၍ မရပေ။

	مَن يَشَاء إِلَى صِرَاطٍ مُّسْتَقِيمٍ۝ လူသားတို့အနက် တုံးအသူများက ''သူတို့၏ ရှိနေခဲ့သော ရှေ့ရှုမှုကို ဘယ်အရာက ဘက်လှည့်စေသနည်း၊''ဟု မေးကြလတ္တံ့၊ ဟောပြောလော့ ''နေထွက်ရာ နေဝင်ရာတိုင်းသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊ စံချိန်ပြည့် သူအား မြဲမြံတည်တံ့သော လမ်းစဉ်သို့ ညွှန်တော်မူသတည်း။''
၁၄၃။	**وَكَذَلِكَ جَعَلْنَاكُمْ أُمَّةً وَسَطًا لِّتَكُونُواْ شُهَدَاء عَلَى النَّاسِ وَيَكُونَ الرَّسُولُ عَلَيْكُمْ شَهِيدًا وَمَا جَعَلْنَا الْقِبْلَةَ الَّتِي كُنتَ عَلَيْهَا إِلاَّ لِنَعْلَمَ مَن يَتَّبِعُ الرَّسُولَ مِمَّن يَنقَلِبُ عَلَى عَقِبَيْهِ وَإِن كَانَتْ لَكَبِيرَةً إِلاَّ عَلَى الَّذِينَ هَدَى اللّهُ وَمَا كَانَ اللّهُ لِيُضِيعَ إِيمَانَكُمْ إِنَّ اللّهَ بِالنَّاسِ لَرَؤُوفٌ رَّحِيمٌ۝** ငါသည် သင်တို့အား ဤသို့ တော်ဝင်[၁၀၆] အသိုင်းအဝိုင်းအဖြစ် စီစဉ်ပေးခြင်းမှာ သင်တို့သည် လူသားတို့ အပေါ်၌ သက်သေ ဖြစ်အံ့သောငှာ၊ ဉာဏ်စဉ်ဆောင်သည် သင်တို့ အပေါ်၌ သက်သေ ဖြစ်အံ့သောငှာ ဖြစ်၏။ သင်တို့၏ ရှိနေခဲ့သော ရှေ့ရှုခဲ့မှုကို ငါ စီစဉ်ခဲ့သည်မဟုတ်၊ သို့သော် မည်သူသည် ဉာဏ်စဉ်ဆောင်အား လိုက်နာ၍ မည်သူသည် သူ့နိဂုံးသို့ ဦးလှည့်သည်ကို သိနိုင်ရန်သာ ဖြစ်၏၊ အမှန်သော် ပရမတ်ဘုရားရှင်၏ လမ်းညွှန်ခံရသောသူ၏ အတွက် မှအပ ဝန်ကြီးလှပေ၏။ ပရမတ်ဘုရားရှင်သည် သင်တို့၏ ယုံကြည်ချက်ကို အလဟသ မဖြစ်စေပေ။ ပရမတ်ဘုရားရှင် သည် လူသားတို့ အပေါ်၌ ညှာတာသောအရှင်၊ ကြင်နာသောအရှင် ဖြစ်၏။
၁၄၄။ ☆မြင့်မြတ်ခြင်းသို့	**قَدْ نَرَى تَقَلُّبَ وَجْهِكَ فِي السَّمَاء فَلَنُوَلِّيَنَّكَ قِبْلَةً تَرْضَاهَا فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ وَحَيْثُ مَا كُنتُمْ فَوَلُّواْ وُجُوهَكُمْ شَطْرَهُ وَإِنَّ الَّذِينَ أُوْتُواْ الْكِتَابَ لَيَعْلَمُونَ أَنَّهُ الْحَقُّ مِن رَّبِّهِمْ وَمَا اللّهُ بِغَافِلٍ عَمَّا يَعْمَلُونَ۝** ☆ကောင်းကင်ယံသို့ သင် မျက်နှာမူ ဦးလှည့်နေသည်ကို ငါ မြင်တော်မူ၏၊ သို့ဖြင့် သင်စိတ်ကျေနပ်သည့် ရှေ့ရှုမှုသို့ ဘက်လှည့်စေတော်မူပြီ၊ ''ဘေးမဲ့ဝတ်ကျောင်းတော် ဘက်သို့ မျက်နှာမူ လှည့်လော့၊ သင်တို့သည် မည်သည့်အရပ်၌ ရှိစေ ထိုဘက်သို့ မျက်နှာမူ လှည့်လော့၊ ကျမ်းစာပေးခံရသောသူတို့က ၎င်းသည် ကံကြမ္မာရှင်၏ ထံမှ သစ္စာတရား ဖြစ်သည်ဟု ဇကန် သိကြလတ္တံ့၊'' ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှကို မေ့လျော့ထားသည် မဟုတ်ပေ။[၁၀၇]

---

(၁၀၆) **وَسَطًا ဝဆတန်** ဆိုသည်မှာ ''အလယ်အလတ်ကျသော (မဇ္ဈိမပဋိပဒါကျသော)၊ မြင့်မြတ်ကောင်းမွန်သော'' ဟု ဖြစ်ပေသည်။ စံဖြစ်သော လူ့အသိုင်းအဝိုင်းဟု ဖြစ်ပေသည်၊ ထို့ကြောင့် ဤနေရာ၌ အဓိပ္ပါယ် ငုံမိစေရန် တော်ဝင်အသိုင်းအဝိုင်း ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ သို့သော် မဟာလူမျိုးကြီး ဝါဒကို ကိုယ်စားပြုသော အသိုင်းအဝိုင်း မဟုတ်ချေ။ အစွန်လာမ်သည် ကမ္ဘာ့သမိုင်းတွင် လူမျိုးနွယ်၊ အသားအရောင် များခွဲခြားခြင်းများကို နိဒ္ဒိတ်စေသည့် ပထမဆုံးစံပြ လူ့အသိုင်းအဝိုင်းကို တည်ဆောက် ခဲ့နိုင်ကြောင်း အနောက်နိုင်ငံ ပညာရှင်များကပင် လက်ခံထားရပေသည်။ ကိုယ်တော်မုဟမ္မဒ်၏ ဦးဆောင်မှု သွန်သင်မှုကို လိုက်နာကြသူများတွင် အကျိုးစီးပွားလိုလားသူ၊ မျိုးရိုးဂုဏ်ကို ထိမ်းသိမ်းလိုသူများ ပါဝင်နေခဲ့ပေသည်။ ပရမတ်ဘုရားရှင်က သုတ်ဥပဒေ တစ်ခုစီ ပြဋ္ဌာန်းတိုင်း၊ ထိုအပေါ်၌ ရိုးသားစွာပင် လိုက်နာကျင့်ကြံသူ၊ လိုက်နာကျင့်ကြံနိုင်ရန် ကြိုးစားသူနှင့် မိရိုးဖလာကို အလိုလိုက်၍ ''ဤဥပဒေသည် ငါတို့ မိရိုးဖလာနှင့် မကိုက်ညီဘူးဟု'' လိုက်နာလိုစိတ် ရှိသူ ဟူ၍ ကွဲပြားစွာရှိသည်မှာ သဘာဝပင်၊ ဘေးမဲ့ ဝတ်ကျောင်းတော်ဘက်သို့ ဦးတည်ကြရန် ပြဋ္ဌာန်းသောအခါ၌လည်း ဤအတိုင်းပင် ဖြစ်ကြောင်း ဤသုတ်တော်၌ ဖေါ်ပြထားခြင်း ဖြစ်သည်။

(၁၀၇) ဤသုတ်တော်သည် ဝတ်ပြုသောအခါ အစွန်လာမ်သာသနာဝင်များအား ဘေးမဲ့ဝတ်ကျောင်းတော်သို့ ဗဟိုထား မျက်နှာမူ၍ ပြုကြရန် ပညတ်တော်မူသည်ဟု ဆရာတော်ကြီး အများစုက ဖွင့်ဆိုကြပေသည်။ ဤဖွင့်ဆိုချက်မှာ ရုပ်ပိုင်းဆိုင်ရာအတွက် အကြောင်းမဲ့ မှန်ကန်သော ဖွင့်ဆိုချက် ဖြစ်သည့် အပြင် မည်သူမျှ မငြင်းနိုင်သော၊ ဘုံသဘောတူညီချက် ဖြစ်သည်။ ၎င်းကို ဝိပသနာ ရှုဒေါင့်မှ နားလည်မှု တချို့လည်း ရှိပေသည်။ ၎င်းမှာ အစွန်လာမ်များ ကမ္ဘာနှင့်အဝှမ်း ရုပ်သဏ္ဌာန် ညီညွတ်မှု ရှိရန် ဘေးမဲ့ဝတ်ကျောင်းတော်ဘက်သို့ ရှေ့ရှု ဗဟိုပြု၍ ဝတ်ပြုရမည်၊ သို့သော် သူတို့၏ နှလုံးသားများ ကိုယ်တိုင်က သူတို့၏ ဘေးမဲ့ ဝတ်ကျောင်းတော်များ ဖြစ်ရန် ကျင့်ကြံသင့်သည်၊ သူတော်စင်တို့၏ နှလုံးသားသည် ပရမတ် ဘုရားရှင် ကိန်းဝပ်စံမြန်းရာ ပလ္လင်တော် ဖြစ်သည်၊ ထို့ကြောင့် ရုပ်သဏ္ဌာန်အားဖြင့် ဝတ်ကျောင်းတော် ဘက်သို့ လှည့်နေ ယုံမျှဖြင့် မပြီးပေ၊ နာမ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုသည်လည်း အရေးကြီးလှသည်၊ ထိုအတွက် မိမိ၏ နာမ်ပိုင်းဆိုင်ရာ မြင့်မားအောင်လည်း လေ့ကျင့်ရမည် ဟု အစွန်လာမ်ပိပသနာ ဆရာတော်ကြီးများက ဆိုကြပေသည်။ ဤအချက်ကို သုတ်နံပါတ် (၁၇၇)ကလည်း ''အရှေ့၊ အနောက် အရပ်များသို့ ရှေ့ရှု ခြင်းဖြင့် သင်တို့အတွက် သီလရှိသည် မမည်သေး။ ပရမတ်ဘုရားရှင်၊ နောက်ဘဝကာလ၊ နိမိတ်ဆောင်များ၊ ကျမ်းတော်နှင့် သတင်းတော်ဆောင် များကို ယုံကြည်သူ၊ မိမိမြတ်နိုးပါလျက် ဥစ္စာပစ္စည်းကို ဆွေမျိုး၊ မိဘမဲ့၊ နွမ်းပါးသူ၊ ခရီးသည်၊ သူတောင်စားနှင့် လွတ်မြောက်လိုသူတို့ အတွက် သုံးစွဲသူ၊ ဝတ်ပြုခြင်း၌မြဲ၍

၁၄၅။	**وَلَئِنْ أَتَيْتَ الَّذِينَ أُوْتُواْ الْكِتَابَ بِكُلِّ آيَةٍ مَّا تَبِعُواْ قِبْلَتَكَ وَمَا أَنتَ بِتَابِعٍ قِبْلَتَهُمْ وَمَا بَعْضُهُم بِتَابِعٍ قِبْلَةَ بَعْضٍ وَلَئِنِ اتَّبَعْتَ أَهْوَاءهُم مِّن بَعْدِ مَا جَاءكَ مِنَ الْعِلْمِ إِنَّكَ إِذاً لَّمِنَ الظَّالِمِينَ۞** ကျမ်းပေးခံရသူတို့ ထံသို့ ရှိသမျှ သုတ်ဒေသနာများကို သင် ယူဆောင်ခဲ့သော်လည်း သင်၏ ရှေ့ရှုမူသို့ သူတို့ လိုက်နာသူများ မဟုတ်ချေ၊ သင်လည်း သူတို့၏ ရှေ့ရှုမှုကို လိုက်နာသူ မဟုတ်ပေ။ သူတို့မှ အချို့၏ ရှေ့ရှုမှုကို အချို့က လိုက်နာကြမည် မဟုတ်ပေ၊ သင့်ထံသို့ အသိပညာ ရောက်လာပြီးမှ သူတို့၏ လိုဘသို့ လိုက်လေလျှင် သင်သည် အမိုက်ကောင်များမှ ဖြစ်ချေပြီ။
၁၄၆။ ကိုယ်စား အား	**الَّذِينَ آتَيْنَاهُمُ الْكِتَابَ يَعْرِفُونَهُ كَمَا يَعْرِفُونَ أَبْنَاءهُمْ وَإِنَّ فَرِيقاً مِّنْهُمْ لَيَكْتُمُونَ الْحَقَّ وَهُمْ يَعْلَمُونَ۞** ကျမ်းပေးခံရသူတို့သည် သူတို့၏သားမြေးများကို သိမှတ်သကဲ့သို့ **သူ့အား** သိမှတ်သင့်၏၊ သူတို့မှ တစ်ဖွဲ့သည် အမှန်တရားကို သိနေလျက်နှင့် ဇကန် ထိန်ဝှက်နေကြ၏။
၁၄၇။	**الْحَقُّ مِن رَّبِّكَ فَلاَ تَكُونَنَّ مِنَ الْمُمْتَرِينَ۞** အမှန်တရားသည် သင်၏ ကံကြမ္မာရှင်ထံမှဖြစ်၏၊ သို့ဖြစ်၍ သင်တို့သည် အချင်းများသူတို့မှ မဖြစ်သင့်ပေ။
၁၄၈။	**وَلِكُلٍّ وِجْهَةٌ هُوَ مُوَلِّيهَا فَاسْتَبِقُواْ الْخَيْرَاتِ أَيْنَ مَا تَكُونُواْ يَأْتِ بِكُمُ اللّهُ جَمِيعًا إِنَّ اللّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ۞** ဦးတည် မျက်မှောက်ပြုမှု ကိုယ်စီ ရှိကြ၏၊ သို့ဖြစ်ရာ ကောင်းမှုများ၌ ပြိုင်ဆိုင်ကြလော့၊ သင်တို့သည် မည်သည့်နေရာ၌ရှိစေ ပရမတ်ဘုရားရှင်သည် သင်တို့အား အတူစုရာ ရှိစေပြီ။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။[၁၀၈]
၁၄၉။	**وَمِنْ حَيْثُ خَرَجْتَ فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ وَإِنَّهُ لَلْحَقُّ مِن رَّبِّكَ وَمَا اللّهُ بِغَافِلٍ عَمَّا تَعْمَلُونَ۞** မည်သည့်နေရာသို့ ထွက်ခွာသည်ဖြစ်စေ သင်တို့သည် ဘေးမဲ့ ဝတ်ကျောင်းတော်ဘက်သို့ ရှေ့ရှု၍ လှည့်လော့၊ မှတ်သားလော့ အမှန်တရားသည် ကံကြမ္မာရှင်၏ထံမှ ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် ကျွင်းကြံလေသမျှကို မေ့လျော့ထားသည် မဟုတ်ပေ။
၁၅၀။	**وَمِنْ حَيْثُ خَرَجْتَ فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ وَحَيْثُ مَا كُنتُمْ فَوَلُّواْ وُجُوهَكُمْ شَطْرَهُ لِئَلاَّ يَكُونَ لِلنَّاسِ عَلَيْكُمْ حُجَّةٌ إِلاَّ الَّذِينَ ظَلَمُواْ مِنْهُمْ فَلاَ تَخْشَوْهُمْ وَاخْشَوْنِي وَلأُتِمَّ نِعْمَتِي عَلَيْكُمْ وَلَعَلَّكُمْ تَهْتَدُونَ۞** မည်သည့်နေရာသို့ ထွက်ခွာသည်ဖြစ်စေ သင်တို့သည် ဘေးမဲ့ဝတ်ကျောင်းတော်သို့ မျက်နှာမူ လှည့်လော့၊ မည်သည့်နေရာ၌ ရှိသည်ဖြစ်စေ လူသားတို့ အကျိုး ရှိစေရန် ထိုဘက်သို့ မျက်နှာမူ လှည့်လော့၊ သူတို့မှ မိုက်ကြေးခွဲသော

အခွန်ငွေဖြူပေးသူ၊ ကတိပြုမှု၌ ကတိတည်ကြည်သူ၊ စိတ်ကျဉ်းကျပ်မှု ပဋိပက္ခနှင့် ကြုံမှုတို့၌ သည်းခံပါရမီ ရှိသူသည်သာ သီလရှိသူ မည်၏။"ဟု ထောက်ပြထားပေသည်။

(၁၀၈) လူအများ လိုက်နာဆောင်ရွက်နိုင်သော ဘုံ ရှေ့ရှုဦးတည်မှုကို သတ်မှတ်သော်လည်း ဆန့်ကျင်ဘက် အင်အားစု ဆိုသည်မှာ ရှိနေမည်ပင်၊ သို့သော် ထိုဆန့်ကျင်ဘက် အင်အားစုများကို ရန်သူ အဖြစ် အစွဲလာမိက မသတ်မှတ်ပေ၊ ၎င်းကို လောကဓမ္မတာဟု သတ်မှတ်ယုံမျှမက သူ့ထက်ငါ လောကအကျိုးပြု လုပ်ငန်းများ၌ ပြိုင်ဆိုင် လုပ်ကိုင်ရန် လှေ့ကျင့်ဘက်များဟု သတ်မှတ်ပေသည်၊ အချင်းချင်း ခိုက်ရန် ဒေါသဖြစ်မှု၊ စောင်းမြောင်း ပြောဆိုမှု၊ ပုတ်ခတ်ဝေဖန်မှုများ ဟူသည့် မကောင်းမှု၌ အားမထုတ်ကြရန်၊ ကောင်းမှုများ၌သာ အချင်းချင်း ပြိုင်ဆိုင်ကြရန် ဤသုတ်တော်မှ ရိုးရှင်းစွာ သွန်သင်ထားပေသည်။

	သူများမှ လွဲ၍ သင်တို့ကို မစောကြောနိုင်ရန် ဖြစ်၏၊ သူတို့အား မကြောက်ကြနှင့် ငါ့ကိုသာ ကြောက်ကြလော့၊ သင်တို့သည် လမ်းညွှန်မှန်ကို ရကောင်းအံ့ငှာ သင်တို့အား ဂုဏ်မင်္ဂလာဖြင့် ပြည့်စုံစေတော်မူပြီ။[၁၀၉]
၁၅၁။ ☆၉း၃၃ ကိုယ်တော်သည်	**كَمَا أَرْسَلْنَا فِيكُمْ رَسُولاً مِّنكُمْ يَتْلُو عَلَيْكُمْ آيَاتِنَا وَيُزَكِّيكُمْ وَيُعَلِّمُكُمُ الْكِتَابَ وَالْحِكْمَةَ وَيُعَلِّمُكُم مَّا لَمْ تَكُونُواْ تَعْلَمُونَ۞** သင်တို့၏အနက်မှ ဉာဏ်စဉ်ဆောင် တစ်ပါးအား **စေစား**☆သကဲ့သို့ပင်၊ **သူသည်** ငါ၏ သုတ်ဒေသနာများကို သင်တို့အား ရွတ်ဖတ်ပြ၏၊ သင်တို့အား သန့်ရှင်းဖြူစင်စေ၏၊ ကျမ်းတော်နှင့် စီရင်ထုံးကို သင်ကြားပေး၏၊ သင်တို့မသိခဲ့သည်များကို သင်ပေး၏။
၁၅၂။	**فَاذْكُرُونِي أَذْكُرْكُمْ وَاشْكُرُواْ لِي وَلاَ تَكْفُرُونِ۞** ငါ့ကိုသာ အာရုံပြုလော့၊ ငါသည် သင်တို့အား အာရုံပြုတော်မူမည်၊ ကျေးဇူးသိကြကုန်လော့၊ မဖုံးကွယ်ကြကုန်နှင့်။
၁၅၃။	**يَا أَيُّهَا الَّذِينَ آمَنُواْ اسْتَعِينُواْ بِالصَّبْرِ وَالصَّلاَةِ إِنَّ اللّهَ مَعَ الصَّابِرِينَ۞** အို–ယုံကြည်သောသူတို့၊ ဝတ်ပြုခြင်း၊ သည်းခံခြင်းများဖြင့် ပံ့ပိုးမှုကိုရှာကြလော့၊ ဇောန်ပင် ပရမတ်ဘုရားရှင်သည် ခန္တီပါရမီရှင်တို့နှင့် အတူ ရှိတော်မူ၏။
၁၅၄။	**وَلاَ تَقُولُواْ لِمَنْ يُقْتَلُ فِي سَبِيلِ اللّهِ أَمْوَاتٌ بَلْ أَحْيَاء وَلَكِن لاَّ تَشْعُرُونَ۞** ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌[၁၁၀] လုပ်ကြံခံရသူများအား သေကြပြီဟု မပြောဆိုနှင့်၊ သူတို့သည် ရှင်နေလျက်ပင်သို့သော် သင်တို့ သတိမမူနိုင်ကြပေ။
၁၅၅။	**وَلَنَبْلُوَنَّكُمْ بِشَيْءٍ مِّنَ الْخَوفْ وَالْجُوعِ وَنَقْصٍ مِّنَ الأَمَوَالِ وَالأنفُسِ وَالثَّمَرَاتِ وَبَشِّرِ الصَّابِرِينَ۞** ငါသည် သင်တို့အား ကြောက်ရွံ့မှု၊ ဝတ်မှတ်မှု၊ ဥစ္စာပစ္စည်း ဥဉ်စရိုက် သီးနှံများ ယုတ်လျော့မှု စသောအရာများဖြင့် စုံစမ်းတော်မူမည်၊ ခန္တီပါရမီရှင်တို့အား သတင်းကောင်းပါးလော့။[၁၁၁]

---

(၁၀၉) ဤသုတ်တော်များတွင် မည်သည့်နေရာ၌ ရှိသည်ဖြစ်စေ ဘေးမဲ့ဝတ်ကျောင်းတော်ဘက်သို့ လှည့်လော့ဟု ထပ်ခါထပ်ခါ သတိပေးထားခြင်းမှာ၊ ဘေးမဲ့ဝတ်ကျောင်းတော် သို့မဟုတ် (ကအ်ဘာ)တွင် ထိုစဉ်က ရုပ်ပွားဆင်းထုများ များစွာ ရှိနေခဲ့ပေသည်၊ ထိုဆင်းတုရုပ်ပွားကို ရှင်းလင်းပယ်ဖျက်ပစ်ရမည် ဖြစ်ကြောင်း ကြိုတင် နိမိတ်ပေးခြင်းမှာ သံသယ မဖြစ်နိုင်ပေ။ ထို့အပြင် ဤသုတ်တော်က ပေးသော ဒသန အရ လူအများသည် မိမိတို့လွတ်မြောက်ကောင်းစားသော အခါတွင် မိမိတို့၏ အရပ်ဒေသ၊ မိခင်ဇာတိနယ်မြေ၌ ကျန်နေရစ်သော လူသားများ၏ နိမ့်ကျနေသော ဘဝအား ကူညီကယ်တင်ရမည် ဖြစ်သည်။ မိမိတို့သာ လွတ်မြောက်ကောင်းစားနေခြင်းသည် အဓိပ္ပါယ်ရှိသော လွတ်မြောက်မှု မဟုတ်ချေ။

(၁၁၀) ကျမ်းတော်တွင် မကြာခဏ ဖော်ပြသော "ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော် **ဖီးဆဖီးလ်လိလာဟ် اللهِ سَبِيلِ فِي**" ဆိုသည်မှာ "မိစ္ဆာလမ်းစဉ် **ဖီးဆဖီးလ် တ္ဂာဂူ(တ်) الطَّاغُوتِ فِي سَبِيلِ** (၄း၇၆)" ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် **သမ္မာလမ်းစဉ်** သို့မဟုတ် **သစ္စာလမ်းစဉ်**ဟု အဓိပ္ပါယ်ကို ပေးပေသည်။ အစွလာမ် သာသနာသည် အမှန်တရားအတွက်၊ တရားမျှတမှု အတွက်၊ လူ့အခွင့်အရေး အတွက် တော်လှန်ရမှုကို ခွင့်ပြုပေသည်။ သို့သော် ဤစကားလုံး "ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌" ဆိုသည်ကို ကောက်ကြောင်းဆွဲ၍ အစွလာမ် မဟုတ်သူ သာသနာပြု ဆရာတော်ဆေးလ်က "ထိုစကားလုံး၏ ဆိုလိုချက်မှာ မဟာမေဒင် ဘာသာကို ဖြန့်ချိရာ၌ မယုံကြည်သူများအား တိုက်သောစစ်"ဟု စွပ်စွဲထားပေသည်။ ထိုစွပ်စွဲမှုမှာ ရိုးသားမှုမပါ ဝင်ပေ၊ ထိုစွပ်စွဲချက်အား ကျမ်းတော်၏ (၂း၂၅၆)ပါ "သာသနာရေး၌ အဓမ္မ မရှိရ" ဟူသော စကားက ယတိပြတ် ငြင်းပယ်ထားပေသည်။

(၁၁၁) ကျူးကျော်သူများက မတရားသဖြင့် အနိုင်ကျင့်သောအခါ ပြန်လည် တော်လှန်ရပေမည်၊ ထိုအချိန်ကာလများတွင် ကျူးကျော်သူများဘက်မှ အင်အားသာပါက တော်လှန်ရေးသမားများကို ထောက်ခံသော အင်အားစုများ၊ ရွာသူရွာသားများကို ကျူးကျော်သူများဘက်မှ အကြောင်းပြချက်မျိုးစုံဖြင့် အနိုင်ကျင့်မည်၊ သူတို့၏ ရိက္ခာ ဆန်ရေများကို သိမ်းပိုက်မည်၊ ဥစ္စာပစ္စည်း ကောက်ပဲသီးနှံများကို ဖျက်ဆီးကြပေမည်၊ လူထုအား ထိုသို့ဖိနှိပ်ခြင်းဖြင့် တော်လှန်ရေးသမားတို့အား ပိတ်ဆို့ ချိနဲ့အောင် ပြုလုပ်ကြပေမည်၊ ထိုအခါ စိတ်ဓါတ် မခိုင်မာသောသူများက သစ္စာဖောက်ကြပေတော့မည်၊ ထိုသူများ အတွက် သူ့ကျွန်ဘဝမှ လွတ်မြောက်ရန် အကြောင်း မရှိချေ။ အကျပ်အတည်းပေါင်း များစွာကို ကြံ့ကြံ့ခံနိုင်သော စိတ်ဓါတ်ခိုင်မာသည့် ခန္တီပါရမီရှိသူများ အတွက်သာ အောင်ပွဲခံခွင့်၊ သူ့ကျွန်ဘဝမှ လွတ်မြောက်ခွင့် သတင်းကောင်းများ ရှိသည်ဟု ဤသုတ်တော်မှ သွန်သင်ပေသည်။

၁၅၆။	**الَّذِينَ إِذَا أَصَابَتْهُم مُّصِيبَةٌ قَالُواْ إِنَّا لِلّهِ وَإِنَّـا إِلَيْهِ رَاجِعونَ۝** သူတို့အား ထိခိုက်မှုတစ်ခု ထိခိုက်စေသောအခါ၊ သူတို့က“ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင် အတွက်ပင်၊ အရှင့်ထံသို့သာ ကျွန်ုပ်တို့ ဦးလှည့်ရမည်သာတည်း၊”ဟု ရင့်ကျူးကြ၏။
၁၅၇။	**أُولَئِكَ عَلَيْهِمْ صَلَوَاتٌ مِّن رَّبِّهِمْ وَرَحْمَةٌ وَأُولَئِكَ هُمُ الْمُهْتَدُونَ۝** သူတို့အပေါ်သို့ ကံကြမ္မာရှင်၏ မေတ္တာတော်နှင့် ကရုဏာတော်သည် သက်၏၊ သူတို့သည် လမ်းညွှန်ခံရသူများဖြစ်၏။
၁၅၈။	**إِنَّ الصَّفَا وَالْمَرْوَةَ مِن شَعَآئِرِ اللّهِ فَمَنْ حَجَّ الْبَيْتَ أَوِ اعْتَمَرَ فَلاَ جُنَاحَ عَلَيْهِ أَن يَطَّوَّفَ بِهِمَا وَمَن تَطَوَّعَ خَيْرًا فَإِنَّ اللّهَ شَاكِرٌ عَلِيمٌ۝** ဇကန်ပင် ဆွဖာရ်နှင့် မရ်ဝါတို့သည်[၁၅၂] ပရမတ်ဘုရားရှင် သတ်မှတ်သည့် သတိမူစေရာများမှ ဖြစ်၏၊ မည်သူမဆို ဝတ်ကျောင်းတော်၌ ကံဆောင်ပရိဝုါသ်ပြုသော်ငြား[၁၅၃] သို့မဟုတ် ဂါယာပြုသော်[၁၅၄] ထိုအရာတို့အား လှည့်လည်ခြင်းကြောင့် အပြစ်မတင်ထိုက်ပေ၊ စိတ်ပြတ်စွာဖြင့် အကောင်းလုပ် သူအတွက်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကျေးဇူးပြန်သော အရှင်၊ သိနေသောအရှင် ဖြစ်၏။
၁၅၉။	**إِنَّ الَّذِينَ يَكْتُمُونَ مَا أَنزَلْنَا مِنَ الْبَيِّنَاتِ وَالْهُدَى مِن بَعْدِ مَا بَيَّنَّاهُ لِلنَّاسِ فِي الْكِتَابِ أُولَئِكَ يَلعَنُهُمُ اللّهُ وَيَلْعَنُهُمُ اللَّاعِنُونَ۝** ရှင်းလင်းသော လမ်းညွှန်များကို ငါ ချမှတ်ပေးပြီးနောက်၊ လူသားတို့အတွက် ကျမ်းစာမှ ရှင်းလင်းချက်များကို ထိန်ဝှက်ထားသောသူတို့၏ အပေါ်သို့ ပရမတ်ဘုရားရှင်က မေတ္တာဝေးစေပြီ။ မေတ္တာမဲ့ခွင့်ရှိသူတို့၏ မေတ္တာဝေးစေပြီ။[၁၅၅]

---

(၁၅၂) **ဆွဖာရ်၊ မရ်ဝါ** ဆိုသည်မှာ ဘေးမဲ့ဝတ်ကျောင်းတော် အနီးရှိ တောင်ပူစာ နှစ်ခု၏ အမည် ဖြစ်သည်။ အစ္စလာမ်သာသနာဝင် အပေါင်းသည် ကံဆောင်ပရိဝုါသ်ပြုကြသောအခါ ထိတောင်ပူစာများသို့ သွားရောက် လှည့်ပတ် ကြည့်ကြသည်ကို လောကီစိတ် မပြတ်ဟု ဤသုတ်တော်အား မပြဋ္ဌာန်းပေးမီက ဥပဒါန်စွဲနေ ကြပေသည်၊ ဤသည်ကို ပရမတ်ဘုရားရှင်က ထိုသို့သော အပြုအမူ အတွက် အပြစ်မထိုက်ဟု လူသားများ စိတ်၌ ရှင်းလင်း ပေါ်ပါးသွားစေရန် ပညတ်ထားခြင်း ဖြစ်ပေသည်။

(၁၅၃) ဤဘာသာပြန်၌ အစ္စလာမ် သာသနာဝင်တို့၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် **ဟာဂ်ျ** ကို **ကံဆောင်ပရိဝုါသ်ပြုခြင်း** ဟု ပြန်ဆိုခြင်းမှာ၊ ဟာဂ်ျ၏ ကျင့်စဉ်များ၊ စည်းကမ်းဝိနည်းများသည် ဗုဒ္ဓရဟန်းသံဃာများ ကံဆောင် ပရိဝုါသ်ပြုခြင်းနှင့် ပုံစံတူသောကြောင့် ဖြစ်သည်၊ ကံဆောင်ရမည်မှာ ဟာဂ်ျ ပြုသူသည်၊ ဆံပါယ်ရမည်၊ မေထုန်မှု ရှောင်ကြဉ်ရမည်၊ (၂း၁၉၆) ဝတ်ကြောင် စွန့်ရမည် (၅း၁)၊ ဒေါသဖြစ်စေသော၊ ညစ်ညမ်းသော၊ ကာမကို နှိုးဆွသော ဝစီကံများကို ရှောင်ကြဉ်ရမည် (၂း၁၉၅)၊ အသက်သတ်ခြင်း အမဲလိုက်ခြင်းကို ရှောင်ရမည် (၅း၁) လောကုတ္တရာ၌ ရှုသော စိတ်ကို ပွားများရမည် ဖြစ်သည်။ ပရိဝုါသ်ပြုရာသို့ အခြားသူများ ဝင်ရောက်စွပ်ဖက်ခွင့် မရှိသကဲ့သို့၌ ဟာဂ်ျသို့ အစ္စလာမ်သာသနာဝင်များမှ အပ အခြားသူများ ဝင်ရောက်စွပ်ဖက်ခွင့် မရှိချေ။ ထိုစုပေါင်းပြုလုပ်သော ပွဲတော်သို့ လာရောက်သူများအား ရက်ရောစွာ အလှူအဒါန်းကြီး ပြုလုပ် ကျွေးမွေးရမည် ဖြစ်သည်။

(၁၅၄) လည်ပတ်ခြင်း (လည်ပတ်သော်–ဂါယာပြုသော်) ဆိုသည်မှာ အွန်မရာ ကိုဘာသာပြန်ခြင်း ဖြစ်ပေသည်။ ကံဆောင် ပရိဝုါသ်ပြုမှု အသေးစား ဟု သတ်မှတ်ကြပေသည်၊ သို့သော် ထိုလည်ပတ်မှုတွင် ပရိဝုါသ်ပြုခြင်းကဲ့သို့ ကျင့်ဝတ်ဝိနည်း မများပေ။ ထိုသို့ ဂါယာပြုခြင်းနှင့် ပရိဝုါသ်ပြုမှုကြီးကို တစ်ပြိုင်နက် ပြုနိုင်ပေသည်။ ထိုပုဂ္ဂိုလ်သည် ဥပုသ် (၁၀) ရက် ဆောက်တည်ရပေမည်။

(၁၅၅) ပုံစံ ၆ မျိုးဖြင့် ကျမ်းတော်တွင် ၄၁ ကြိမ် ဖော်ပြသော **ဴလအန** ကို ကျိန်ဆဲသည်ဟု ဘာသာပြန်သည်များ ရှိပေသည်။ ဤသို့ ဘာသာပြန်ခြင်းမှာ ခရစ်ယာန်နှင့် (ဂျူး) ရေဝတီ ဘာသာတို့၏ ကျမ်းစာများ၏ အသုံးအနှုန်းကို လိုက်၍ ဘာသာပြန်ခြင်း ဖြစ်ပေသည်။ အစ္စလာမ် သာသနာဝင်တို့ ကိုးကွယ်ယုံကြည်သော ပရမတ်ဘုရားရှင် (အလ္လာဟ်) ဆိုသည်မှာ လူပုဂ္ဂိုလ်သတ္တဝါ (အတ္တ) မဟုတ်ပေ၊ သမ္မာကျမ်းစာ၏ ပုံပေါ်နားလည်ထားမှုနှင့် လုံးဝ မအပ်စပ်ကြောင်းကို ဤဘာသာပြန်၏ ရှင်းချက်ပေါင်းများစွာ၌ ရှင်းပြထားပါသည်၊ ထိုပရမတ်ဘုရားရှင်(အလ္လာဟ်)သည် ကရုဏာရှင်၊ အကြင်နာရှင် ဖြစ်ကြောင်း ကျမ်းတော်၏ ပထမဦးဆုံး သုတ်တော်တွင် ဆိုထားပြီး ဖြစ်သည်။ ထို့အပြင် ကျမ်းတော်၏ (၆း၁၂)တွင် “အရှင်သည် မိမိ၏ ဉာဉ်တော်အား ကရုဏာ အဖြစ် ပြဋ္ဌာန်းထားတော်မူ၏။”ဟု ရှင်းရှင်းလင်းလင်း ဆိုထားသည်။ အရှင် ပြဋ္ဌာန်းထားသော ကရုဏာတော် မေတ္တာတော် ဆိုသည်မှာ ပရမတ် ဖြစ်၍ လူသားသည် မိမိ၏ ကျင့်ဆောင်အားထုတ်မှု အလျောက် မေတ္တာတော်အား ပို၍ နီးစပ်ခြင်းနှင့် မေတ္တာတော်နှင့် ဖြေးဖြေး ဝေးကွာခြင်းများကို ခံစားခွင့် ရှိပေသည်။ အရှင်၏ မေတ္တာတော်မှာ ပြောင်းလဲခြင်း မရှိချေ။ အလားတူပင် လူသားတို့ သည်လည်း ဗီဇအားဖြင့် သနားကြင်နာ တတ်သော သဘောရှိသည်၊ အခြားသူတစ်ဦး၏ ပြုလုပ်ကျင့်ဆောင်မှုပေါ် မူတည်၍ မိမိ၏ မေတ္တာသက်မှု၊ မေတ္တာမဲ့မှုများ ဖြစ်ပေါ်လေ့ရှိပေသည်။ မေတ္တာရှိမှု၊ မေတ္တာမဲ့မှုမှာ ထိုမေတ္တာရှိခံရသူ၏ ထံမှ ရိုက်ခတ်လာသော

၁၆၀။	**إِلاَّ الَّذِينَ تَابُواْ وَأَصْلَحُواْ وَبَيَّنُواْ فَأُوْلَئِكَ أَتُوبُ عَلَيْهِمْ وَأَنَا التَّوَّابُ الرَّحِيمُ۞** ခဝါချ၊ ပြုပြင်၊ ရှင်းရှင်းလင်းလင်းရှိသော သူတို့အပေါ် သင်ပုန်းချေပေးလတ္တံ့။ ငါသည် သင်ပုန်းချေပေးသော အရှင်အကြင်နာရှင် ဖြစ်၏။
၁၆၁။	**إِنَّ الَّذِينَ كَفَرُواْ وَمَاتُواْ وَهُمْ كُفَّارٌ أُوْلَئِكَ عَلَيْهِمْ لَعْنَةُ اللّهِ وَالْمَلآئِكَةِ وَالنَّاسِ أَجْمَعِينَ۞** ဖုံးကွယ်သောသူ၊ ထိုဖုံးသွယ်သူ အဖြစ်နှင့်ပင် ဘဝပြောင်း၏ ထိုသူတို့အား ပရမတ်ဘုရားရှင်၊ နိမိတ်ဆောင်များနှင့် လူသား အပေါင်း၏ မေတ္တာဝေးစေခြင်း–
၁၆၂။ ☆၂း၃၉	**خَالِدِينَ فِيهَا لاَ يُخَفَّفُ عَنْهُمُ الْعَذَابُ وَلاَ هُمْ يُنظَرُونَ۞** –၌ အစဉ်အမြဲ ဖြစ်၏။☆ သူတို့အတွက် ဝဋ်ကြွေးမှာ ပေါ့ပါးစေမည်မဟုတ်၊ စောင့်ကြည့်ခွင့်ပေးမည်လည်း မဟုတ်ပေ။
၁၆၃။	**وَإِلَـهُكُمْ إِلَهٌ وَاحِدٌ لاَّ إِلَهَ إِلاَّ هُوَ الرَّحْمَنُ الرَّحِيمُ۞** သင်တို့၏ဘုရားရှင်မှာ တစ်ဆူတည်းသာ ဖြစ်၏၊ ထိုကရုဏာရှင် အကြင်နာရှင်မှ အပ အခြားဘုရားဟူ၍ မရှိပြီ။
၁၆၄။	**إِنَّ فِي خَلْقِ السَّمَاوَاتِ وَالأَرْضِ وَاخْتِلاَفِ اللَّيْلِ وَالنَّهَارِ وَالْفُلْكِ الَّتِي تَجْرِي فِي الْبَحْرِ بِمَا يَنفَعُ النَّاسَ وَمَا أَنزَلَ اللّهُ مِنَ السَّمَاء مِن مَّاء فَأَحْيَا بِهِ الأَرْضَ بَعْدَ مَوْتِهَا وَبَثَّ فِيهَا مِن كُلِّ دَآبَّةٍ وَتَصْرِيفِ الرِّيَاحِ وَالسَّحَابِ الْمُسَخِّرِ بَيْنَ السَّمَاء وَالأَرْضِ لآيَاتٍ لِّقَوْمٍ يَعْقِلُونَ۞** မိုးမြေများကို ဖြစ်တည်စေခြင်း၊ နေ့ညများကို အလှည့်ကျဖြစ်စေခြင်း၊ လူသားတို့အကျိုးငှာ လှေသင်္ဘောများကို ပင်လယ်ပြင်၌ ရွက်လွှင့်စေခြင်း၊ သေနေပြီးသော မြေကမ္ဘာကို မိုးတိမ်တိုက်မှ ပရမတ်ဘုရားရှင်က ချပေးသည့် ရေဖြင့် ပြန်ရှင်စေလျက် သတ္တဝါမျိုးစုံ ပြန့်ပွားစေခြင်း၊ လေလမ်းကြောင်းများအား ဘက်ပြန်စေခြင်းနှင့် မိုးနှင့်မြေကြား ရှိသမျှအား အသုံးခံဖြစ်စေခြင်းတို့မှာ အတွေးအခေါ် ရှိသောလူမျိုးအတွက် သုတ်ဒေသနာများပင် ဖြစ်ချေ၏။
၁၆၅။	**وَمِنَ النَّاسِ مَن يَتَّخِذُ مِن دُونِ اللّهِ أَندَاداً يُحِبُّونَهُمْ كَحُبِّ اللّهِ وَالَّذِينَ آمَنُواْ أَشَدُّ حُبًّا لِّلّهِ وَلَوْ يَرَى الَّذِينَ ظَلَمُواْ إِذْ يَرَوْنَ الْعَذَابَ أَنَّ الْقُوَّةَ لِلّهِ جَمِيعاً وَأَنَّ اللّهَ شَدِيدُ الْعَذَابِ۞** လူသားတို့အနက် ပရမတ်ဘုရားရှင် မှလွဲ၍ ဂုဏ်တုပြိုင်လျက် အယူထားသူတို့ ရှိ၏၊ သူတို့အား ပရမတ်ဘုရားရှင်အား နှစ်သက်သလို နှစ်သက်နေကြ၏၊ ယုံကြည်သောသူတို့သည်ကား ပရမတ်ဘုရားရှင်၌ နှစ်သက်မှုမှာ ပြတ်သား လှချေ၏၊ ဝဋ်ကြွေးကို မြင်တွေ့ရသောအခါ၊ အစွမ်းသတ္တိ အားလုံးသည် ပရမတ်ဘုရားရှင်၌သာ ရှိ၏၊ ပရမတ်ဘုရားရှင်သည် ပြင်းထန်စွာ ဝဋ်ဒဏ်သင့်စေ၏ဟု မိုက်ကြွေးခွဲသောသူတို့ မြင်တွေ့ရလတ္တံ့။[၁၁၆]

အပြုအမူကြောင့် တန်ပြန်သက်ရောက်မှု သာဖြစ်၍ လူသား၏ စိတ်သဏ္ဌာန်၌ မွေးရာပါ ကိန်းဝပ်လာသော စရိုက် မဟုတ်ချေ။ အာရဗီစကား **လအာနတ်** (**لعنة**) ဆိုသည်မှာ အဆိုးပြု လုပ်သူ ထံသို့ တန်ပြန် သက်ရောက်သော အဆိုးတရားဟု ဖြစ်သောကြောင့် ဤနေရာ၌ မေတ္တာဝေး စေသည်ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။

(၁၁၆) ဤသုတ်တော်က ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုများ၏ အကျိုး မရှိမှုများကို သွန်သင်ပေသည်၊ ပိုင်္ဂကတ်တော်တွင်လည်း ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုသည် အရာမထင်ကြောင်းကို ရှင်ဝဂ္ဂလိက ကိုယ်တော်ဂေါတမ၏ ရုပ်ပုံတော် (အဆင်း)၌ မွေ့လျော်ခြင်းကို သိ၍ ကိုယ်တော်က **"ဝက္ကလိ၊ မသင့်လျော်၊ သူမိုက်တို့သာ နှက်သက်အပ်သော ရုပ်အဆင်း၌ သင်သည် အဘယ်ကြောင့် မွေ့လျော်ဘိသနည်း၊ ပညာရှိသော အကြင်သူသည် သူတော် ကောင်းတရားကို မြင်၏၊ ထိုသူသည် ငါ့ကို မြင်သည်သာတည်း သူတော်ကောင်းတရားကို မမြင်သောသူသည် ငါ့ကိုမြင်သော်လည်း မမြင်သည် မည်၏၊ ကိုယ်ခန္ဓာသည် အဆုံးအပိုင်းအခြား မရှိသော အပြစ်ရှိပေ၏၊ အဆိပ်ပင်နှင့်တူသော ဥပမာရှိ၏၊ အလုံးစုံသော ရောဂါတို့၏ တည်ရာဖြစ်၏၊ အလုံးစုံသော ဆင်းရဲခြင်း၏ အစုအပုံ ဖြစ်၏၊"** ဟု ဆိုထားပေသည်၊ (ထေရာအပါဒါန် ၅၃၊ ၅၅)။ အစွယ်လာမ် ဘာသာကမူ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို ဤထက်ပင် ပြတ်သားစွာ တားမြစ်ပေသည်။ ရှေ့ဆောင်ဓမ္မဆရာများ၊ ဘုန်းတော်ကြီးများသည် နောက်လိုက်ဒကာတို့အား နိဗ္ဗာန်သို့ ပို့နိုင်သူများ မဟုတ်၊ ငရဲသို့ ဆွဲခေါ်နိုင်သူများ မဟုတ်ပေ။ သူတို့လေ့လာထားသော ဘုရားဟောကျမ်းဂန်များမှ ကောင်းနိုးရာရာများကိုသာ ဟောကြားသူများ ဖြစ်၏၊ သူတို့သည်ပင် ဂိုဏ်းကန အစွဲမကင်းကြပေ၊ ပရမတ်ဘုရားရှင်၏ တရားတော်စစ် ဆိုသည်ထက် မိမိအားသန်ရာ ဂိုဏ်းအယူကိုသာ မှန်သည်ဟု

၁၆၆။ ရစ်ပတ်	**إِذْ تَبَرَّأَ الَّذِينَ اتُّبِعُواْ مِنَ الَّذِينَ اتَّبَعُواْ وَرَأَوُاْ الْعَذَابَ وَتَقَطَّعَتْ بِهِمُ الأَسْبَابُ۝** ကိုးကွယ်ခံများသည်[၁၇] တပည့်ဒကာတို့မှ[၁၈] ကင်းရှင်းကုန်အံ့၊ ဝဋ်ကြွေးကို မြင်တွေ့ရကုန်အံ့၊ ထိုအခါ သူတို့၏ **နှောင်ဖွဲ့**မှုများ ပြတ်တောက်သွားလတ္တံ့။
၁၆၇။	**وَقَالَ الَّذِينَ اتَّبَعُواْ لَوْ أَنَّ لَنَا كَرَّةً فَنَتَبَرَّأَ مِنْهُمْ كَمَا تَبَرَّؤُواْ مِنَّا كَذَلِكَ يُرِيهِمُ اللّهُ أَعْمَالَهُمْ حَسَرَاتٍ عَلَيْهِمْ وَمَا هُم بِخَارِجِينَ مِنَ النَّارِ۝** တပည့်ဒကာများက ''အကယ်၍သာ ကျွန်ုပ်တို့အဘို့ အလှည့်ပြန်ရလျှင် ကျွန်ုပ်တို့အား ကင်းရှင်းခဲ့သလို သူတို့ကို ကင်းရှင်းပစ်ကြမည်၊''ဟု ပြောဆိုလတ္တံ့၊ ပရမတ်ဘုရားရှင်သည် သူတို့၏ ကျင့်ကြံခဲ့ရာမှာ သူတို့အတွက် ကြေကွဲစရာ ဖြစ်ကြောင်း မြင်တွေ့စေမည်၊ သူတို့သည် အပူမီးမှ ထွက်ကြရမည့် သူများ မဟုတ်ပေ။
၁၆၈။ ၂း၁၇၂ ☆၂း၁၄	**يَا أَيُّهَا النَّاسُ كُلُواْ مِمَّا فِي الأَرْضِ حَلاَلاً طَيِّباً وَلاَ تَتَّبِعُواْ خُطُوَاتِ الشَّيْطَانِ إِنَّهُ لَكُمْ عَدُوٌّ مُّبِينٌ۝** အို၊ လူသားအပေါင်းတို့–မြေကမ္ဘာ၌ **တရားဝင် စင်ကြယ်ရာကို** စားသုံးကြလော့၊ မကောင်းဆိုးဝါး၏☆ ခြေရာနောက်သို့ မလိုက်နာကြနှင့်၊ သူသည် သင်တို့အတွက် ရှင်းလင်းထင်ရှားစွာ စည်းဖေါက်သူ ဖြစ်၏။
၁၆၉။	**إِنَّمَا يَأْمُرُكُمْ بِالسُّوءِ وَالْفَحْشَاء وَأَن تَقُولُواْ عَلَى اللّهِ مَا لاَ تَعْلَمُونَ۝** သူသည် သင်တို့အား အကုသိုလ်မှု ကိုယ်ကျင့်ပျက်မှုနှင့် ပရမတ်ဘုရားရှင်အပေါ် သင်တို့မသိသည်များကို ပြောဆိုရန် ညွှန်ကြားလိမ့်မည်။
၁၇၀။	**وَإِذَا قِيلَ لَهُمُ اتَّبِعُواْ مَا أَنزَلَ اللّهُ قَالُواْ بَلْ نَتَّبِعُ مَا أَلْفَيْنَا عَلَيْهِ آبَاءنَا أَوَلَوْ كَانَ آبَاؤُهُمْ لاَ يَعْقِلُونَ شَيْئاً وَلاَ يَهْتَدُونَ۝** သူတို့အား ''ပရမတ်ဘုရားရှင် ချမှတ်ပေးသည်ကို လိုက်နာကြလော့၊''ဟု ပြောသောအခါ၊ ''ကျွန်ုပ်တို့တွေ့ရှိရာ မိရိုးဖလာကို လိုက်နာပါပြီ၊''ဟု ပြန်ပြောကြ၏၊ အမှန်မှာ သူတို့၏ ဘဘိုးများသည် အတွေးအခေါ် တစ်စုံတစ်ရာ မရှိ၊ လမ်းညွှန်မှန်၌ မရှိချေ။
၁၇၁။	**وَمَثَلُ الَّذِينَ كَفَرُواْ كَمَثَلِ الَّذِي يَنْعِقُ بِمَا لاَ يَسْمَعُ إِلاَّ دُعَاء وَنِدَاء صُمٌّ بُكْمٌ عُمْيٌ فَهُمْ لاَ يَعْقِلُونَ۝** ဖုံးကွယ်သောသူများအတွက် ဥပမာကား ဖိတ်ကြားသံ အော်ခေါ်သံမှအပ ကြားနိုင်စွမ်း မရှိသော အော်ဟောက်ရ

ယူဆသူများ ဖြစ်ကြပေသည်။ လူသားများက သူတို့အား ကိုးကွယ်ရာ အဖြစ် မယူဆမိသော် သူတို့၏ ယုံကြည်ယူဆမှုမှာ ပြဿနာ မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် သူတို့ကိုယ်တိုင် ပုတ္တဇဉ်များ ဖြစ်သောကြောင့် ဖြစ်၏။ သူတို့အား ကိုးကွယ်ရာ အဖြစ် ယူဆမိသည်နှင့် သူတို့၏ ပုတ္တဇဉ် သဘာဝ အမှားများမှာ မိမိတို့၏ သန့်စင်သော ယုံကြည်မှုထဲသို့ ဝင်ရောက်၍ မလာနိုင်ဟု အာမခံနိုင်သူ မရှိပေ။ မိမိ၏ ကောင်းဆိုး လုပ်ပိုင်ခွင့် သက်တမ်း ကုန်လွန်သောအခါမှ အမှားတရားကို သိကြရလျှင် ပြန်ပြင်ရန် နောက်ကျလွန်းနေပြီ ဖြစ်ကြောင်း သုတ်နံပါတ် ၁၆၆ နှင့် ၁၆၇ တို့က ရှင်းပြထားပေသည်။ သို့သော် မိဘဆရာသမားများအား မလေးစား မကြည်ညိုရဟု ကျမ်းတော်က မသွန်သင်ပေ။ ကြည်ညို လေးစားခြင်းနှင့် ကိုးကွယ်ဆည်းကပ်ခြင်း ဆိုသည်ကို ခွဲခြားသိနိုင်ရန်သာ အရေးကြီးပေသည်။

(၁၀၇) **ဣတ္ထံဘူတာ တဗေဒန္တူး** ဆိုသော စကားလုံးသည် နောက်လိုက်သည်၊ နာခံသည် ဟု အနက်ပေးသည့် **''တဗဒန''**၏ လူသားကို ပြသည့် ကံပုဒ် ဖြစ်သည်၊ အင်္ဂလိပ်သဒ္ဒါတွင် Passive ဖြစ်၍ နောက်လိုက်ခြင်းကို ခံရသူ၊ ကိုးကွယ်ခံရသူဟု ဖြစ်သည်၊ သို့သော် အာရ်ဗီစကားတွင် ရှေ့ဆောင်၊ ရှေ့ရပ်ကို အေမန်ဟု ခေါ်သဖြင့် ၎င်းနှင့် အဓိပ္ပါယ် ကွဲပြားပြန်သည်။ တဖန် လူသားများ ရွေးချယ် တင်မြှောက်သော သူလည်း မဟုတ်ပေ။ အများသဘောတူ ရွေးချယ်တင်မြှောက်မှု၊ ရွေးကောက်မှုကို **ကဖိုင်း**ဟု ခေါ်ပေသည်။ လူတစ်ဦက သို့မဟုတ် ဂိုဏ်းတစ်ဂိုဏ်းက မိမိတို့၏ ဆရာတော်အား ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုကို ခံရသူအား ခေါ်ပေသည်။ ကျမ်းတော်က **ပုဂ္ဂိုလ်ကိုးကွယ်ခြင်းသည်** ကိုးကွယ်သူများ ကိုယ်တိုင်က မဆင်မခြင် မြှောက်စား ခြင်းမှ အခြေခံသည်ဟု ဆိုပေသည်။

(၁၀၈) **ဣတ္ထံ တဗေဒန္တူး** ဆိုသည်မှာ နာခံသူ၊ လိုက်နာသူ ဟူ၍ ဖြစ်သည်။ ထို့ကြောင့် တပည့်ဒကာများဟု ဘာသာပြန်ခြင်း ဖြစ်သည်။

	သောသူ ပမာ ဖြစ်၏၊ ပင်းသူ၊ အသူ၊ ကန်းသူ ထိုသူတို့သည် တွေးခေါ်နိုင်ကြမည် မဟုတ်ချေ။
၁၇၂။	**يَا أَيُّهَا الَّذِينَ آمَنُواْ كُلُواْ مِن طَيِّبَاتِ مَا رَزَقْنَاكُمْ وَاشْكُرُواْ لِلّهِ إِن كُنتُمْ إِيَّاهُ تَعْبُدُونَ۞** အို–ယုံကြည်သောသူတို့၊ သင်တို့အား ငါပေးရာ ရိက္ခာမှ စင်ကြယ်ရာကို[၁၀၉] စားသုံးကြလော့၊ သင်တို့သည် ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ကြလျှင် အရှင့်အား ကျေးဇူးသိကြကုန်လော့။
၁၇၃။	**إِنَّمَا حَرَّمَ عَلَيْكُمُ الْمَيْتَةَ وَالدَّمَ وَلَحْمَ الْخِنزِيرِ وَمَا أُهِلَّ بِهِ لِغَيْرِ اللّهِ فَمَنِ اضْطُرَّ غَيْرَ بَاغٍ وَلاَ عَادٍ فَلا إِثْمَ عَلَيْهِ إِنَّ اللّهَ غَفُورٌ رَّحِيمٌ۞** အရှင် တားမြစ်သည်မှာ အသေသား၊ သွေး၊ ဝက်သား၊ ပရမတ်ဘုရားရှင် မှကင်း၍ အခြားအရာကို တိုင်တည်လိုသတ်သော အသားတို့ ဖြစ်၏၊ အပြစ်ရှာခြင်းကင်းလျက် စည်းမဖေါက်လိုဘဲ တွန်းပို့ခံရသူအတွက် အကုသိုလ် မဟုတ်ချေ။ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။[၁၂၀]
၁၇၄။	**إِنَّ الَّذِينَ يَكْتُمُونَ مَا أَنزَلَ اللّهُ مِنَ الْكِتَابِ وَيَشْتَرُونَ بِهِ ثَمَنًا قَلِيلاً أُولَئِكَ مَا يَأْكُلُونَ فِي بُطُونِهِمْ إِلاَّ النَّارَ وَلاَ يُكَلِّمُهُمُ اللّهُ يَوْمَ الْقِيَامَةِ وَلاَ يُزَكِّيهِمْ وَلَهُمْ عَذَابٌ أَلِيمٌ۞**
နည်း	ပရမတ်ဘုရားရှင် ချမှတ်ပေးသည့် ကျမ်းတော်မှ တစ်စိတ်တစ်ပိုင်းကို ထိန်ဝှက်လျက် ၎င်းကို တန်ဘိုး**ချ** ရောင်းစားသော သူတို့သည် သူတို့၏ ဝမ်းတွင်းသို့ မီးကိုသာ စားမြို့ခြင်း မည်၏၊ ရပ်တည်ရသော နေ့၌[၁၂၀] ပရမတ်ဘုရားရှင်က

---

(၁၀၉) စင်ကြယ်ရာ ဆိုသည်မှာ ကျမ္မာရေးကို ထိခိုက်နိုင်သည့် မသန့်ရှင်းသော အရာများ၏ ဆန့်ကျင်ဘက်ကို ဆိုပေသည်။ ထိုကြောင့် ကုရ်အာန်ကျမ်းတော်တွင် အမည်နာမဖြင့် တိုက်ရိုက်ပြောထားခြင်း မရှိသော်လည်း လူသားတို့၏ ကျမ္မာရေးကို ထိခိုက်နိုင်သည့် အရာ အားလုံးသည်လည်း အစ္စလာမ် ဘာသာဝင်များအတွက် စားသုံးရန် တရားဝင်ခြင်း မရှိချေ။

(၁၂၀) ဗုဒ္ဓဘာသာ ရဟန်းတော်များအတွက် လူ၊ ဆင်၊ မြင်း၊ ကျား၊ ခြင်္သေ့၊ ခွေး၊ ဝံ၊ သစ်၊ အောင်း၊ မြွေ ကို တားမြစ် ထားသကဲ့သို့ (မဟာဝဂ္ဂ–၂၈၀၊၂၈၁)၊ ဘာသာတရားတိုင်းတွင် မစားသင့် မစားထိုက်သော **အကပ္ပိယ** အသားများကို တားမြစ်ထားပေသည်၊ အစ္စလာမ် သာသနာဝင်များအတွက် ဝက်သားကို တားမြစ်ထားသော်လည်း ဝက်သည် အလွန်ရွံရှာ ဘွယ်ကောင်းသော သတ္တဝါ ဖြစ်သည်၊ မကိုင်ရ မတို့ရ၊ အသေကောင်ကိုပင် မထိတို့ရဟူသော ဓမ္မဟောင်းကျမ်း၏ ဝတ်ပြုရာကျမ်း ၁၁း၈ တွင် သွန်သင်သကဲ့သို့ ကုရ်အာန်ကျမ်းတော်တွင် သွန်သင်ထားခြင်း မရှိပေ။ မိမိသာသနာ၏ စောင့်စည်းရမည့် သီလအရ မစားသုံးရသော်လည်း သူတစ်ပါးစားသုံးသည်ကို ရွံရှာဘွယ်ကောင်းသည် စက်ဆုတ်ဘွယ် ကောင်းသည် ဟု ကျမ်းတော်က မသွန်သင်ပေ။

(၁၂၀) **ယောင်းမွန်လ်ကီးယာမတ်** ကို ဆရာတော်ကြီးများက ရှင်ပြန်ထမြောက်ရမည့်နေ့ဟု ဘာသာပြန်ဆို ကြပေသည်။ အစ္စလာမ် သာသနာဝင် အများစုကမူ ကမ္ဘာကြီးပျက်မည့်နေ့ဟု အစဉ်အလာ အတိုင်း ယုံကြည်ထားကြပေသည်၊ ထိုစကားလုံး၏ မူရင်း အဓိပ္ပါယ်မှာ ရပ်တည်သည်၊ ခိုင်မာစွာရပ်တည်သည်၊ လည်ပတ်နေသော သံသရာသည် ခိုင်မာစွာ ရပ်တည်သွားသောနေ့ (ချုပ်ငြိမ်းသောနေ့) ဟူ၍ ဖြစ်ပေသည်။ ဝိဉာဉ်တိုင်း အတွက် ကျင့်ဆောင်ခဲ့ရာကို စီရင်ချက်ချသောနေ့ (ယောင်းမွန်လ်ဒီးန်) (မိမိ၏ ကျင့်ဆောင်ခဲ့ရာများက မိမိအား စီရင်ချက်ချခြင်း ဖြစ်သည်)၊ ဝိဉာဉ်တိုင်း အတွက် နောက်ဆုံးနေ့ (ယောင်းမွန်လ် အာခီရ်) နှင့် ဘဝသံသရာ ချုပ်ငြိမ်းသောနေ့ (ယောင်းမွန်လ်ကီးယာမတ်) ဟု ရှိကြောင်း ကျမ်းတော်က မကြာခဏ ဖေါ်ပြပေသည်။ ထို နေ့သုံးနေ့မှာ အပေါ်ယံ အဓိပ္ပါယ်အားဖြင့် တူညီသော်လည်း လေးနက်သော အနက်တွင်မူ ကွဲပြားပေသည်။ ''စီရင် ချက်ချသောနေ့'' ဆိုသည်မှာ တရားပေါက်မြောက် အောင်မြင်မှုပေါ် မူတည်၍ လောကီသက်တမ်း သက်ရှိထင်ခြား ရှိနေစဉ်ပင် ကြုံရနိုင်ပေသည်။ အကယ်၍ တရားသဘောကို ထိုးထွင်း မသိခဲ့လျှင်မှ သက်တမ်းကုန်သောနေ့တွင် ကျင့်ဆောင်ခဲ့မှုအတိုင်း စီရင်ချက် ချခံရမည်ဟု ဖြစ်ပေသည်။ ''နောက်ဆုံးနေ့'' ဆိုသည်မှာ လက်ရှိသက်တမ်း ကုန်လွန်သောနေ့ကို ဆိုလိုခြင်း ဖြစ်သည်။ အာခီရတ် ဆိုသည်မှာ လက်ရှိ ပစ္စုပ္ပန်ကာလ၏ နောက်ပိုင်း အနာဂါတ် အားလုံးကိုလည်း ခေါ်ပေသည်။ ထို့ကြောင့် နောက်စကွန့်တိုင်းသည် အာခီရတ် ဖြစ်ပေသည် မြဲမြံသောနေ့'' ဆိုသည်မှာ ဘဝသံသရာ လည်ပတ်ခြင်းများ လုံးဝရပ်တန့် ချုပ်ငြိမ်းသော နေ့ကို ဆိုလိုသည့် အပြင် မိမိ၏ မိရိုးဖလာ အမှောင်မှ တရားအလင်းရောင် ပေါက်သွားသော၊ လူတစ်ဦး၊ လူမျိုးတစ်စု၊ တိုင်းပြည်တစ်ပြည်၏ ခေတ်ပြောင်းလဲသွားခြင်းကိုလည်း ခေါ်ပေသည်။ ဆိုလိုသည်မှာ ထိုလူ၊ လူမျိုး၊ တိုင်းသူ ပြည်သားများသည် ခေတ်ဟောင်း အတွေးအခေါ်များကို ရပ်တန့်ပစ်လိုက်၍ ခေတ်သစ် အတွေးအခေါ်များ၌ ရပ်တည်ခြင်းဟု ဖြစ်သည်။ တဖန် အစဉ်အလာ အတိုင်း ယုံကြည်ထားသော **ကီယာမတ်** ဆိုသည်မှာ ကမ္ဘာကြီးပျက်သောနေ့ဟု ဖြစ်ပေသည်။ သို့သော် ဆင်ခြင်ရန်မှာ ဤကမ္ဘာကြီး ပျက်သွားသောကြောင့် သက်ရှိမျိုးဆက်များ အကုန် နိဗ္ဗာန်သွားခြင်း မဟုတ်ချေ။ ကျမ်းတော်က ဤကမ္ဘာကြီးသည် ပျက်ရမည်၊ ပျက်ရမည် ဟု မကြာခဏ သတိပေးခြင်းမှာ နောက်ကမ္ဘာတစ်ခုသို့ ပြောင်းလွှေ့သွားနိုင်ရန် ကြိုတင် သတိပေးနေခြင်းသာ ဖြစ်ပေသည်။ (၁၄း၄၈ ကိုကြည့်ပါ။)

	ဗျာဒိတ်တော်ပေးမည် မဟုတ် သန့်ရှင်းဖြူစင်စေမည်လည်း မဟုတ်ပေ။ သူတို့အတွက် စူးနစ်သော ဝဋ်ကြွေးသည် ရှိ၏။
၁၇၅။	**أُولَئِكَ الَّذِينَ اشْتَرَوُاْ الضَّلاَلَةَ بِالْهُدَى وَالْعَذَابَ بِالْمَغْفِرَةِ فَمَآ أَصْبَرَهُمْ عَلَى النَّارِ۞** လမ်းလွဲအား လမ်းညွှန်မှန်ကို ဝဋ်ကြွေးအား လွတ်ငြိမ်းခွင့်ဖြင့် ရောင်းဝယ်သောသူတို့သည် မည်သို့မည်ပုံ အပူမီး၌ ကြံကြံ ခံနိုင်အံ့နည်း။
၁၇၆။	**ذَلِكَ بِأَنَّ اللّهَ نَزَّلَ الْكِتَابَ بِالْحَقِّ وَإِنَّ الَّذِينَ اخْتَلَفُواْ فِي الْكِتَابِ لَفِي شِقَاقٍ بَعِيدٍ۞** ဤသည်မှာ ပရမတ်ဘုရားရှင်သည် သစ္စာတရားအားဖြင့် ကျမ်းတော်အား ချမှတ်ပေးသောကြောင့်တည်း၊ ဇကန်ပင် ကျမ်းတော်၌ သဘောကွဲသော သူတို့သည် ဂိုဏ်းခွဲ နောက်ကျန်ရစ်ကြ၏။
၁၇၇။	**لَّيْسَ الْبِرَّ أَن تُوَلُّواْ وُجُوهَكُمْ قِبَلَ الْمَشْرِقِ وَالْمَغْرِبِ وَلَـكِنَّ الْبِرَّ مَنْ آمَنَ بِاللّهِ وَالْيَوْمِ الآخِرِ وَالْمَلآئِكَةِ وَالْكِتَابِ وَالنَّبِيِّينَ وَآتَى الْمَالَ عَلَى حُبِّهِ ذَوِي الْقُرْبَى وَالْيَتَامَى وَالْمَسَاكِينَ وَابْنَ السَّبِيلِ وَالسَّآئِلِينَ وَفِي الرِّقَابِ وَأَقَامَ الصَّلاةَ وَآتَى الزَّكَاةَ وَالْمُوفُونَ بِعَهْدِهِمْ إِذَا عَاهَدُواْ وَالصَّابِرِينَ فِي الْبَأْسَاء والضَّرَّاء وَحِينَ الْبَأْسِ أُولَئِكَ الَّذِينَ صَدَقُوا وَأُولَـئِكَ هُمُ الْمُتَّقُونَ۞** အရှေ့၊ အနောက်တို့အား ရှေ့ရှု မျက်နှာလှည့်ခြင်းဖြင့် သင်တို့အတွက် ကောင်းမှု မမည်သေး။ သို့ရာတွင် ကောင်းမှုဟူသည်မှာ– ပရမတ်ဘုရားရှင်၊ နောင်ဘဝ နေ့ကာလ၊ နိမိတ်ဆောင်များ၊ ကျမ်းတော်နှင့် သတင်းတော်ဆောင်များကို ယုံကြည်သူ၊ မိမိ နှစ်သက်သော ဥစ္စာပစ္စည်းကို ဆွေမျိုးနီးစပ်၊ မိဘမဲ့၊ နွမ်းပါးသူ၊ ခရီးသည်၊ တောင်းခံသူနှင့် ကျွန်စနစ် ဖျက်သိမ်းရေးအတွက် ပေးကမ်းသူ၊ ဝတ်ပြု မြဲ၍ အခွန်ငွေဖြူ ပေးသူ၊ ပဋိညာဉ်ပြုသောအခါ ပဋိညာဉ်၌ ပြီးပြည့်စေသူ၊ အမင်္ဂလာ နစ်နာရခြင်းနှင့် အမင်္ဂလာ ခေတ်ဆိုး၌ ခွန်ပါရမီရှိသူတို့သည်သာ သီလရှိသူ မည်၏။ သူတို့သည်ကား ဖြောင့်မှန်သောသူများ ဖြစ်ကြ၏၊ သူတို့သည်ကား စည်းစောင့်သူများ ဖြစ်ကြ၏။
၁၇၈။	**يَا أَيُّهَا الَّذِينَ آمَنُواْ كُتِبَ عَلَيْكُمُ الْقِصَاصُ فِي الْقَتْلَى الْحُرُّ بِالْحُرِّ وَالْعَبْدُ بِالْعَبْدِ وَالأُنثَى بِالأُنثَى فَمَنْ عُفِيَ لَهُ مِنْ أَخِيهِ شَيْءٌ فَاتِّبَاعٌ بِالْمَعْرُوفِ وَأَدَاء إِلَيْهِ بِإِحْسَانٍ ذَلِكَ تَخْفِيفٌ مِّن رَّبِّكُمْ وَرَحْمَةٌ فَمَنِ اعْتَدَى بَعْدَ ذَلِكَ فَلَهُ عَذَابٌ أَلِيمٌ۞** အို–ယုံကြည်သောသူတို့၊ လူသတ်မှုများအတွက် ဖေါ်ပြမှုမှာ လူလွတ်အတွက် လူလွတ်၊ ဝန်ထမ်းအတွက် ဝန်ထမ်း၊ လိင်မ အတွက် လိင်မဟူ၍ သင်တို့အား ပြဋ္ဌာန်းပြီ။ သို့သော် ခံရသူ၏ သားချင်းများက လျော်ကြေး တစ်စုံတစ်ရာဖြင့် ကျေအေးရန် ကမ်းလှမ်းလျှင် အသိအမှတ်ပြု လိုက်နာ၍ သူ့ကို တင့်တယ်စွာ ဆက်ဆံရမည်။ ဤသည် ကံကြမ္မာရှင်၏ ထံမှ ပေါ်ပါးစေခြင်းနှင့် ကရုဏာသက်ခြင်းပင် ဖြစ်၏၊ မည်သူမဆို တဖန် စည်းဖေါက်သူဖြစ်လျှင် စူးနစ်သော ဝဋ်ကြွေးသည် ရှိ၏။[၁၂၂]

---

(၁၂၂) ကျမ်းတော်တွင် ပုံစံ ၃ မျိုးဖြင့် အကြိမ် ၃၀ ဖေါ်ပြသည့် ရင်းမြစ် **ص ص ق** မှ ဆင့်ပွားသည့် **ကီဆ္ဆာဆို့** ကို ရှေးဝေါဟာရ အတိုင်း လက်စားချေမှုဟု ဘာသာပြန်ဆိုသည်လည်း ရှိ၏။ **ကီဆ္ဆာဆို့**၏ အနက်မှာ အရေးယူမှုကို ခေါ်ပေသည်။ အရေးယူမှုကို ဒေါသအလျောက် ဖြေရှင်းခွင့် မရှိပေ၊ ဥပဒေ အတိုင်းသာ ဆောင်ရွက်ရမည် ဖြစ်သည်။ ဤသုတ်တော်တွင် ''လူသတ်မှုများ၌ အရေးယူမှုကို လူလွတ်အတွက် လူလွတ် ဝန်ထမ်း အတွက် ဝန်ထမ်း လိင်မအတွက် လိင်မ၊'' ဟူ၍သာ ပြောထားပြီး၊ ''သတ်စေ''ဟု လုံးဝ ဆို မထားပေ။ အချို့ဆရာတော်များက အစ္စလာမ် သာသနာအား မှိုင်းတိုက်ကျမ်းများကို မစိစစ်ဘဲ ထိုကျမ်းများ၏ အလိုအတိုင်း လိုက်၍ ဘာသာ ပြန် ဆိုမိရာမှ အစ္စလာမ်သာသနာတွင် လူသတ်မှု၌ သတ်သူကို ပြန်သတ်စေရန် ဥပဒေရှိသည် ဟူ၍ ဖြစ်လာပေတော့သည်၊ ဤအယူအဆမှာ သုတ် နံပါတ် (၁၇၉) ''အရေးယူခြင်း၌ အသက်ဆက်ခွင့် ရှိသည်၊''ဟူသည့် အမိန့်တော်ကို တိုက်ရိုက် ဆန့်ကျင်ပေသည်။ ကျမ်းတော်တွင် မပါဝင်သည့် ''သတ်စေ'' ဆိုသည့် စကားလုံးကို အစာသွပ်ပြီး၊ ကျမ်းတော်တွင် သွန်သင်သည့် ''အသက်ဆက်ခွင့် ရှိသည်'' ဆိုသောစကားလုံးကို ထိန်ချန်ထား ခြင်းမှာ ရိုးသားမှု မရှိပေ။ ဤသုတ်တော်တွင် ပြော သော ''လူလွတ်ကို လူလွတ်၊ ဝန်ထမ်းကို ဝန်ထမ်း၊ လိင်မကို လိင်မ'' ဆိုသည်မှာ အမှု ကျူးလွန်သော သူကိုသာ အရေးယူရန် ဆိုခြင်းဖြစ်၍

၁၇၉။	**وَلَكُمْ فِي الْقِصَاصِ حَيَاةٌ يَا أُولِي الأَلْبَابِ لَعَلَّكُمْ تَتَّقُونَ۞** ထိုဖေါ်ပြမှု၌ သင်တို့အတွက် အသက်ဆက်ခွင့်ရှိ၏။ အို– သဘောပေါက်နိုင်စွမ်း ရှိသူတို့၊ သင်တို့ စည်းစောင့်အံ့ငှာ ဖြစ်၏။
၁၈၀။	**كُتِبَ عَلَيْكُمْ إِذَا حَضَرَ أَحَدَكُمُ الْمَوْتُ إِن تَرَكَ خَيْرًا الْوَصِيَّةُ لِلْوَالِدَيْنِ وَالأَقْرَبِينَ بِالْمَعْرُوفِ حَقًّا عَلَى الْمُتَّقِينَ۞** သင်တို့မှ တစ်စုံတစ်ဦးသည် အနိစ္စရောက်ချိန်တန်လျှင်၊ မွေးမိဘများ ဆွေမျိုးနီးစပ်များ အတွက် ကောင်းမွန်စွာ အသိအမှတ်ပြု သေတမ်းစာ ချန်ထားခဲ့ရန် သင်တို့အား ပြဋ္ဌာန်းသည်မှာ– စည်းစောင့်သူတို့အတွက် သစ္စာ ဖြစ်၏။
၁၈၁။	**فَمَن بَدَّلَهُ بَعْدَمَا سَمِعَهُ فَإِنَّمَا إِثْمُهُ عَلَى الَّذِينَ يُبَدِّلُونَهُ إِنَّ اللّهَ سَمِيعٌ عَلِيمٌ۞** မည်သူမဆို ၎င်းကို ကြားနာပြီးမှ လွဲပြောင်းခဲ့သော် ထိုလွဲပြောင်းသောသူများ အပေါ်၌သာ အပြစ်ရှိ၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် သိနေသောအရှင် ဖြစ်ပေ၏။
၁၈၂။	**فَمَنْ خَافَ مِن مُّوصٍ جَنَفًا أَوْ إِثْمًا فَأَصْلَحَ بَيْنَهُمْ فَلاَ إِثْمَ عَلَيْهِ إِنَّ اللّهَ غَفُورٌ رَّحِيم۞** သို့သော် သေတမ်းစာရေးသူ၏ မှားယွင်းမှု သို့မဟုတ် ပြစ်မှုကို စိုးရိမ်၍ သူတို့၏ကြား ပြုပြင်လိုသောသူသည် အပြစ်မရှိချေ။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်၏။
၁၈၃။	**يَا أَيُّهَا الَّذِينَ آمَنُواْ كُتِبَ عَلَيْكُمُ الصِّيَامُ كَمَا كُتِبَ عَلَى الَّذِينَ مِن قَبْلِكُمْ لَعَلَّكُمْ تَتَّقُونَ۞** အို–ယုံကြည်သောသူတို့၊ သင်တို့ ရှေ့အလျင် သူများအား ပြဋ္ဌာန်းသကဲ့သို့ သင်တို့အပေါ်၌ ဥပုသ်စောင့်ရန် ပြဋ္ဌာန်းတော်မူပြီ၊ သင်တို့ စည်းစောင့်အံ့ငှာ ဖြစ်၏။
၁၈၄။	**أَيَّامًا مَّعْدُودَاتٍ فَمَن كَانَ مِنكُم مَّرِيضًا أَوْ عَلَى سَفَرٍ فَعِدَّةٌ مِّنْ أَيَّامٍ أُخَرَ وَعَلَى الَّذِينَ يُطِيقُونَهُ فِدْيَةٌ طَعَامُ مِسْكِينٍ فَمَن تَطَوَّعَ خَيْرًا فَهُوَ خَيْرٌ لَّهُ وَأَن تَصُومُواْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ۞** တွက်ချက်ထားသော ရက်များပင်။[၁၂] အကြင်သူသည် ဖျားနာနေ သို့မဟုတ် လမ်းခရီးဦးရှိနေလျှင် နောင်၌ တွက်ချက်ရက် ဖြည့်ရမည်၊ အင်အားရှိသောသူ၏ အပေါ်၌ နွမ်းပါးသူအား ကျွေးမွေး၍ အစားထိုးနိုင်၏၊ စိတ်ပြတ်စွာဖြင့် အကောင်းလုပ်သူ၏– ထိုကောင်းမှုသည် သူ့အတွက်ပင် ဖြစ်၏၊ ဥပုသ်စောင့်ခြင်းသည် ပိုကောင်း၏ သင်တို့ သိကြပါလေစ။
၁၈၅။	**شَهْرُ رَمَضَانَ الَّذِيَ أُنزِلَ فِيهِ الْقُرْآنُ هُدًى لِّلنَّاسِ وَبَيِّنَاتٍ مِّنَ الْهُدَى وَالْفُرْقَانِ فَمَن شَهِدَ مِنكُمُ الشَّهْرَ فَلْيَصُمْهُ وَمَن كَانَ مَرِيضًا أَوْ عَلَى سَفَرٍ فَعِدَّةٌ مِّنْ أَيَّامٍ أُخَرَ يُرِيدُ اللّهُ بِكُمُ الْيُسْرَ وَلاَ يُرِيدُ بِكُمُ الْعُسْرَ**

ထိုပြစ်မှုကျူးလွန်သူ၏ မျိုးရိုး၊ ကိုးကွယ်ရာဘာသာ၊ ယုံကြည်ရာဝါဒ အားလုံးကို ပညာမဲ့စွာဖြင့် ယမယ်ရှာခြင်း တားမြစ်ထားခြင်း ဖြစ်ပေသည်။ လူသတ်မှုကို စီရင်ချက်ချသော တရားသူကြီးသည် စီရင်ခွင့် အာဏာကို အလွဲသုံးစား လုပ်၍ အခြားသူတို့အား နစ်နာအောင် လုပ်ဆောင်ခွင့် မရှိချေ၊ (၁၇း၃၃)။

(၁၂) တွက်ချက်ထားသော ရက် ဆိုသည်မှာ ရမ်သွန်လက်ို ဆိုခြင်း ဖြစ်သည် (သုတ်နံပါတ် ၁၈၅)။ အစွယ်လာမ် သာသနာသည် ခုနှစ် သက္ကရာဇ်ကို အာရဗီလ၊ နှစ်အားဖြင့် သတ်မှတ်၍၊ အာရဗီလသည် မြန်မာလများကဲ့သို့ လ ကို အခြေပြု ရေတွက် သတ်မှတ်ခြင်း ဖြစ်ကြောင်း သုတ်နံပတ် (၁၈၉) တွင် ဖေါ်ပြထားပေသည်။ (အင်္ဂလိပ်လများမှာ နေကို အခြေပြုရေတွက် သတ်မှတ်ကြသည်)။ ထို့ကြောင့် အချို့လသည် ၂၉ ရက် ရှိ၍ အချို့လသည် ရက် ၃၀ ရှိပေသည်။ သို့သော် အာရဗီလသည် မြန်မာလများကဲ့သို့ ဝါထပ်ခြင်းဖြင့် ခုနှစ်အား ပြန်လည် ညှိယူခြင်း မရှိပေ။ ထို့ကြောင့် အာရဗီလများသည် တစ်နှစ်လျှင် (၁၀) ရက်မျှ ရွေ့နေပေသည်။ ဝါဝင်၊ ဝါထွက်များကို "လ"ကြည့်၍ ဆောင်ရွက်နေခြင်းမှာ မတိကျနိုင်ကြောင်း ရက်လများကို တွက်ချက်သတ်မှတ်ရမည် ဖြစ်ကြောင်း ဤသုတ်တော်ပါ "တွက်ချက်ထားသော ရက်များ"ဆိုသည်က ထောက်ပြနေပေသည်။

	وَلِتُكْمِلُواْ الْعِدَّةَ وَلِتُكَبِّرُواْ اللّهَ عَلَى مَا هَدَاكُمْ وَلَعَلَّكُمْ تَشْكُرُونَ۞ ရမ်သွန်လ၊ ထိုလ၌ လူသားတို့အား လမ်းညွှန်ချက်၊ လမ်းညွှန်တော်မှ ရှင်းလင်းချက်များနှင့် ခွဲခြမ်းစိတ်ဖြာဖွင့်ဆိုသည့် ကုရ်အာန်အား ချမှတ်ပေးတော်မူ၏၊ သင်တို့အနက် ထိုလအား မျက်မှောက်သက်သေ ရှိသူသည် ဥပုသ် စောင့်ရမည်၊ အကြင်သူသည် ဖျားနာနေ သို့မဟုတ် လမ်းခရီး၌ရှိနေလျှင် နောင်၌ တွက်ချက် ရက်ဖြည့်ရမည်၊ ပရမတ်ဘုရားရှင်သည် သင်တို့အား လွယ်ကူစေလိုး၍ သင်တို့အတွက် ခက်ခဲစေလိုတော် မမူခြင်းမှာ သင်တို့သည် တွက်ချက် ဖြည့်ဆီးနိုင်ရန်၊ ပရမတ်ဘုရားရှင်– ကြီးကျယ်ကြောင်းကို မှတ်နိုင်ရန်၊ သင်တို့လမ်းညွှန်မှန်ရန်နိုင်ရန်နှင့် ကျေးဇူးသိတတ် အံ့ဌာ ဖြစ်၏။
၁၈၆။	**وَإِذَا سَأَلَكَ عِبَادِي عَنِّي فَإِنِّي قَرِيبٌ أُجِيبُ دَعْوَةَ الدَّاعِ إِذَا دَعَانِ فَلْيَسْتَجِيبُواْ لِي وَلْيُؤْمِنُواْ بِي لَعَلَّهُمْ يَرْشُدُونَ۞** ငါနှင့် ပတ်သက်၍ ငါ၏ အမှုတော်ဆောင်ထံ၌ သင်တို့မေးမြန်းကြပြီ၊ ငါသည်ကား နီးကပ်စွာရှိ၏၊ ငို့အား တသ၍ တသ ဆုတောင်းသူ၏ တသခြင်းကို ငါ တုန့်ပြန်တော်မူ၏၊ သူတို့သည်လည်း ဖြောင့်မတ်အံ့ဌာ ငို့အား ယုံကြည်မှုဖြင့် တုန့်ပြန်စေလော့။
၁၈၇။	**أُحِلَّ لَكُمْ لَيْلَةَ الصِّيَامِ الرَّفَثُ إِلَى نِسَآئِكُمْ هُنَّ لِبَاسٌ لَّكُمْ وَأَنتُمْ لِبَاسٌ لَّهُنَّ عَلِمَ اللّهُ أَنَّكُمْ كُنتُمْ تَخْتانُونَ أَنفُسَكُمْ فَتَابَ عَلَيْكُمْ وَعَفَا عَنكُمْ فَالآنَ بَاشِرُوهُنَّ وَابْتَغُواْ مَا كَتَبَ اللّهُ لَكُمْ وَكُلُواْ وَاشْرَبُواْ حَتَّى يَتَبَيَّنَ لَكُمُ الْخَيْطُ الأَبْيَضُ مِنَ الْخَيْطِ الأَسْوَدِ مِنَ الْفَجْرِ ثُمَّ أَتِمُّواْ الصِّيَامَ إِلَى اللَّيْلِ وَلاَ تُبَاشِرُوهُنَّ وَأَنتُمْ عَاكِفُونَ فِي الْمَسَاجِدِ تِلْكَ حُدُودُ اللّهِ فَلاَ تَقْرَبُوهَا كَذَلِكَ يُبَيِّنُ اللّهُ آيَاتِهِ لِلنَّاسِ لَعَلَّهُمْ يَتَّقُونَ۞** ဥပုသ်ညများ၌ သင်တို့၏ အမျိုးသမီးများနှင့် မေထုံပြုခြင်းသည် သင်တို့အတို့ တရားဝင်၏။[၁၄၄] သူတို့သည် သင်တို့အတွက် ဆင်ယင်စရာ၊ သင်တို့သည် သူတို့အတွက် ဆင်ယင်စရာပင် ဖြစ်၏၊ သင်တို့၏ဥာဉ်၌ သစ္စာမခိုင် ဖြစ်ခဲ့ရသည်ကို ပရမတ်ဘုရားရှင် သိတော်မူ၍ သင်တို့အား သင်ပုန်းချောတော်မူပြီ၊ သင်တို့အား ကျေအေးတော်မူပြီ၊ သို့ဖြစ်၍ သူမတို့နှင့် ပေါင်းသင်းနိုင်၏၊ သင်တို့အတွက် ပရမတ်ဘုရားရှင် ပြဋ္ဌာန်းထားသည်ကို ရှာဖွေကြလော့၊ အဖြူမျှင်သည် အမည်းမျှင်မှ[၁၄၅] ရှင်းလင်းစေသည့် ဖြာထွက်ချိန် အထိ စားကြ သောက်ကြကုန်လော့၊ ထို့နောက် ညသို့တိုင်[၁၄၆]

---

(၁၄၄) အစ္စလာမ် သာသနာသည် တရားဝင် အိမ်ထောင်ပြုခြင်းကို ခွင့်ပြုပေသည်၊ သဘာဝတရား အတိုင်း တရားဝင် ဖိုမ ပေါင်းသင်းခြင်းကို မသတီဘွယ်ရာ အညစ်အကြေးဟု သွန်သင်ခြင်း မရှိပေ၊ သို့သော် ဥပုသ်သီလ ဆောက်တည်နေသော ကာလ (နံနက်မှ ညအထိ နေ့ပိုင်း)၊ ဝဇ်ပိတ် ကျင့်ကြံနေသော ကာလ၊ ကံဆောင်ပရိဝါသ်ပြုသောကာလ၊ ဘေးမဲ့ကျောင်းတော်သို့ လည်ပတ်စဉ်ကာလနှင့် အမျိုးသမီးများ၏ ဓမ္မတာ ကာလများတွင် မေထုံမှုကို တားမြစ်ထားပေသည်၊ သဘာဝတရားမှ ကျော်လွန်သော မတွယ်မရာ သွားလာခြင်းများကိုလည်း တားမြစ်ထားပေသည်၊

(၁၄၅) အဖြူမျှင် အမည်းမျှင် ဆိုသည်ကို ဆရာတော်ကြီးများက အပ်ချည်ကြိုး အဖြူမျှင်၊ အပ်ချည်ကြိုး အမည်းမျှင်ဟု ဘာသာပြန်ဆိုသည်ကို တွေ့ရပေသည်၊ ဤနေရာ၌ အပ်ချည်ကြိုး ဆိုသည်မှာ နားလည်လွယ်ရန် ဖြည့်စွက်ထားသော ဘာသာပြန်ဆိုချက်သာ ဖြစ်ပေသည်၊ မူရင်း အာရ်ဗီ စကားတွင် အမျှင် ဟုသာသုံး၍ အပ်ချည်ကြိုး၊ ဆံပင်ချည် စသည်ဖြင့် မပါဝင်ပေ၊ အလင်းသည်လည်း အမျှင်တန်းပင် ဖြစ်သည်။

(၁၄၆) ဥပုသ်ဆောက်တည်ရမည့် အချိန်ကာလမှာ အလင်း ဖြာထွက်ချိန်မှ ညသို့တိုင်အောင်ဟု ဆိုထားသည်၊ အာရ်ဗီစကား **ဖဂ့ရ်ရိ** ဆိုသည်မှာ ဖတ်ကနဲ ဟ သွားခြင်း ကွဲသွားခြင်းကို ဆိုလိုသည်။ စက်ဝိုင်းခြမ်း ပုံသဏ္ဌာန်ရှိသော ဂုံးခွံနှစ်ခြမ်း ဆတ်ကနဲ ကွဲသွားခြင်းမျိုးကို ဆိုလို၍ **အေလာ လိုင်း** ညဆီသို့ ဆိုသည်မှာ ည ဟု ဆိုအပ်သော အချိန်ဆီသို့ ကျရောက်လာသည့် အချိန်အတွင်းကိုသာ ဆိုလိုပေသည်။ ထို့အပြင် အလင်း တစ်လှည့်၊ အမှောင် တစ်လှည့်၊ တစ်ပတ်ပတ်မိလျှင် တစ်ရက်ဟု သတ်မှတ်စေခြင်း မရှိချေ။ ကျမ်းတော်က ပြဋ္ဌာန်းသည့် နိယာမမှာ ရက်၊ လ၊ နှစ်ကို သတ်မှတ် စေရာ၌ ကမ္ဘာနှင့် လ၏ လည်ပတ်သည့် ဟန်ချက်ပေါ်၌ တည်၍သာ သတ်မှတ်စေပေသည်။ ၂:၁၈၉၊ ၉:၃၆။ ထို့နောက် ဥပုပ်သီလ စောင့်တည်ရမည့် အချိန်ကိုလည်း နေထွက် **မဂ့ရိ်ဗ်** နေဝင်ခြင်း **မဂ့ဂ်ရိ်ဗ်** များဖြင့် မသတ်မှတ်ပေ။ လုံးနေသော အရာတစ်ခုအား ထိပ်ဆုံးမှ ဖတ်ကနဲ ခွဲလိုက်သည်နှင့် အလင်းမျှင်တို့သည် အနားအထိ ဖြာထွက် သွားသကဲ့သို့ အမှောင်နှင့် အလင်းကို ဖတ်ကနဲ ခွဲလိုက်သည့် အချိန် **ဖဂ့ဂ်ရိ်** သည် နေပတ် လမ်းကြောင်းအား ဗဟိုပြုနေပေသည်။ တနည်းအားဖြင့် ကီကွေတာ မျဉ်းပေါ်၌သာ စံချိန်ယူ သတ်မှတ်ရသည်။ နေထွက် နေဝင် နောက်ကျသော သို့မဟုတ် မြန်သော တောင်၊ မြောက် ဝန်ရိုးစွန်းနိုင်ငံများနှင့် အီကွေတာ မျဉ်းပေါ်မှ နိုင်ငံများသည် ဥပုပ်ဝင်၊ ဥပုပ်ထွက် အချိန်အတူတူပင် ဖြစ်သည်။

	ဥပုသ်သီလ ပြီးပြည့်စေလော့၊ သင်တို့သည် ဝတ်ကျောင်းတော်များ၌ ဝဇီပိတ်ကျင့်နေစဉ်[၁၂] သူမတို့နှင့် မပေါင်းသင်းရ၊ ယင်းသည် ပရမတ်ဘုရားရှင်၏ စည်မျဉ်းဖြစ်၍ ထိုအပါးသို့ မချည်းကပ်ကြနှင့်၊ ပရမတ်ဘုရားရှင်သည် လူသားတို့အတွက် သုတ်ဒေသနာများကို ဤကဲ့သို့ ရှင်းလင်းထားခြင်းမှာ သူတို့ စည်းစောင့်နိုင်အံ့ငှာ ဖြစ်၏။
၁၈၈။	**وَلاَ تَأْكُلُواْ أَمْوَالَكُم بَيْنَكُم بِالْبَاطِلِ وَتُدْلُواْ بِهَا إِلَى الْحُكَّامِ لِتَأْكُلُواْ فَرِيقًا مِّنْ أَمْوَالِ النَّاسِ بِالإِثْمِ وَأَنتُمْ تَعْلَمُونَ۝**
	သင်တို့ချင်းကြား ဥစ္စာပစ္စည်းများကို အမှားပြုလျက် မစားသုံးကြနှင့်၊ လူသားတို့၏ ဥစ္စာ ခွဲတမ်းဟု[၁၂၈] သိနေပါလျက် အပြစ်သင့်စွာ စားသုံးရန် စီရင်ထုံးချသူတို့ထံ[၁၂၉] မဖားကြနှင့်။
၁၈၉။	**يَسْأَلُونَكَ عَنِ الأهِلَّةِ قُلْ هِيَ مَوَاقِيتُ لِلنَّاسِ وَالْحَجِّ وَلَيْسَ الْبِرُّ بِأَنْ تَأْتُوْاْ الْبُيُوتَ مِن ظُهُورِهَا وَلَكِنَّ الْبِرَّ مَنِ اتَّقَى وَأْتُواْ الْبُيُوتَ مِنْ أَبْوَابِهَا وَاتَّقُواْ اللّهَ لَعَلَّكُمْ تُفْلِحُونَ۝**
ဆိုက်ရောက်	လဆန်းပက္ခများအကြောင်း မေးကြသူတို့အား၊ ပြောလော့ ‘‘၎င်းတို့သည် လူသားတို့အတွက် ပြက္ခဒိန်ပြဋ္ဌာန်းရန်နှင့် ကံဆောင်ပရိဝါသ အတွက် ဖြစ်၏’’‘‘အိမ်များကို နောက်မှ **ချဉ်းကပ်ခြင်း**သည် ကောင်းမှု မဟုတ်ချေ။ သို့သော် စည်းစောင့် ခြင်းသည်သာ ကောင်းမှု ဖြစ်၏၊ အိမ်များကို တံခါးပေါက်များမှ **ဝင်**ကြလော့၊ အောင်မြင်ပေါက်မြောက် အံ့ငှာ ပရမတ် ဘုရားရှင်အား စည်းစောင့်ကြလော့။’’[၁၃၀]
၁၉၀။	**وَقَاتِلُواْ فِي سَبِيلِ اللّهِ الَّذِينَ يُقَاتِلُونَكُمْ وَلاَ تَعْتَدُواْ إِنَّ اللّهَ لاَ يُحِبِّ الْمُعْتَدِينَ۝**
☆၂း၁၉၄	သင်တို့အား တိုက်ခိုက်သောသူများကို ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌☆ ခုခံတိုက်ကြလော့၊ သို့သော် စည်းမဖေါက်ကြနှင့်၊ ပရမတ်ဘုရားရှင်သည် စည်းဖေါက်သူများအား နှစ်သက်တော်မမူချေ။[၁၃၁]

---

(၁၂၇) **عَاكِفُونَ အာကိဖူးန်** ဆိုသည်မှာ စကားပြောဆိုခြင်း မပြုရဘဲ ကျင့်ဆောင်ရသည် (အီတီကာ့ဖ်) ကိုခေါ်ပေသည်။ ဤကျင့်ဆောင်မှုကို ဝတ်ကျောင်းတော်၌ သို့မဟုတ် သင့်လျော်သောနေရာ၌ သီးခြားနေရာပြုလုပ်၍ စကားပြောဆိုရခြင်းမှ ရှောင်ကြဉ်ကာ အကျင့်ဘာဝနာ ကျင့်ဆောင်ရသော ကျင့်စဉ် ဖြစ်ပေသည်။ ၎င်းကို ဆရာတော်ကြီးများက ဘာသာမပြန်ဘဲ **အီတီကာ့ဖ်** ကျင့်သည်ဟုသာ ရေးသားပြောဆို ကြပေသည်။ **အီတီကာ့ဖ်** ကျင့်ဆောင်စဉ်တွင် စကားပြောဆိုခြင်းကို ရှောင်ကြဉ်ရသောကြောင့် ဝဇီပိတ်ကျင့်စဉ်ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ အချို့ ရိုးရာကိုးကွယ်မှုများသည် မည်မျှပင် မှားယွင်းနေ၍ အများသူငါက မည်မျှပင် ထောက်ပြ ပြောဆိုစေကာမူ ကြိတ်မှိတ်၍ (ပြန်မပြော နားမထောင်ဘဲ) အယူစွဲခြင်းကိုလည်း **အာကိဖူးန်** ဟု သုံးပေသည်၊ (၂၀း၉၁)။

(၁၂၈) လူသားတို့၏ ဥစ္စာ ခွဲတမ်း ဆိုသည်မှာ ဤသုတ်တော်ပါ အာရ်ဗီစကားလုံး၏ အဓိပ္ပါယ်ကို တိုက်ရိုက် ပြန်ဆိုခြင်းဖြစ်၍ ၎င်းကို ဆရာတော်ကြီး များက သူတပါးတို့၏ ဥစ္စာပစ္စည်းများဟု ဘာသာ ပြန်ဆိုကြပေသည်။ ဤစကားလုံး၏ အဓိပ္ပါယ်၌ ပြည်သူပိုင် ပစ္စည်းများသည်လည်း အကြုံးဝင် ပေသည်။

(၁၂၉) စီရင်ထုံးချသူများ ဆိုသည်မှာ အာဏာပိုင်များ၊ တရားသူကြီးများ၊ ရှေ့နေရှေ့ရပ်များကို ဆိုလိုသည်။ အရေးကိစ္စတစ်ခုအား ကိုင်တွယ်ဆောင်ရွက် ခွင့်ရှိသူ၊ လုပ်ငန်းတစ်ခုအား လုပ်ပိုင်ခွင့် ပေးပိုင်ခွင့်ရှိသူ၊ ထိုသူများကို လာဘ်ထိုး၍ မမှန်ကန်သောနည်းဖြင့် စီးပွားရှာခွင့်ကို အစွမ်းသာသနာ၌ ခွင့်မပြုပေ။

(၁၃၀) အစွမ်းသာသနာ၏ အစပိုင်း ရှေးလူကြီးများသည် ကံဆောင်ပရိဝါသ်ပြုစဉ် (အဟ်ရမ်ဝတ်ရုံ) သင်္ကန်းဝတ်ရုံဖြင့် အကြောင်းအားလျော်စွာ မိမိအိမ်သို့ သွားလာကြစဉ် လူအများ ကဲ့ရဲ့ ရှုချမည်ကို စိုးရိမ်၍ အိမ်၏ နောက်ဘေးပေါက်များမှ တိတ်တဆိတ် ဝင်ထွက်ကြလေသည်။ အစွမ်းသာသနာသည် မပွင့်မလင်း ခိုးကြောင်ခိုးဝှက် လုပ်ဆောင်ခြင်းကို ခွင့်မပြုပေ၊ ထိုအချင်းအရာအား မရိုးသား မဖြူစင်ဟု သတ်မှတ်ပေသည်။ ထို့ကြောင့် အစွမ်းသာသနာဝင်တို့အား သင်္ကန်းရုံထားလင့်ကစား အကြောင်းရှိ၍ မိမိအိမ်သို့ ဝင်ထွက်လိုလျှင် ပွင့်ပွင့်လင်းလင်းပင် ဝင်ထွက် နိုင်ကြောင်း စည်းစောင့်မှုသည်သာ ဖြူစင်ရိုးသားမှု ဖြစ်ကြောင်းကို ဤသုတ်တော်က သွန်သင်ထားခြင်း ဖြစ်ပေသည်။

(၁၃၁) ဤသုတ်တော်က အစွမ်းသာသနာဝင်တို့အား မတော်မတရား ကျူးကျော်တိုက်ခိုက်သူတို့အား ပြန်လည် တော်လှန်နိုင်ခွင့် ရှိကြောင်း မိန့်ဆိုထားခြင်း ဖြစ်ပေသည်။ ထိုသို့တော်လှန်ရေးဆင်နွှဲရာ၌ မတရားသဖြင့် မိမိဘက်မှ မကျူးလွန်ကြရန် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ တော်လှန်လော့ဟု ဆိုထားခြင်း ဖြစ်ပေသည်။ အစွမ်းသာသနာအား နာမည် ဖျက်လိုသူများက ဤစကားတော်ကို ကောက်ယူလျက် အစွမ်းသာသနာပြုရန် အစွမ်းသာသနာအား လက်မခံသော သူများအား တိုက်ခိုက်ချေမှုန်းရန် မိန့်ဆိုထားကြောင်း လှည့်ပတ်ရေးသား ဝါဒဖြန့်ကြပေသည်။ ထိုသူတို့၏ ဝါဒဖြန့်ချိမှုမှာ မမှန်ကန်ကြောင်းကို သုတ်နံပတ် ၁၉၀ မှ ၁၉၄ အထိ သေချာစွာ ဖတ်ရှုသူများနှင့် စာတတ်သူများ အဘို့ လုံလောက်ပေသည်။ ထို့အပြင် ဥပုသ်သီလဆောက်တည်မှု၊ ကံဆောင်ပရိဝါသ်ပြုမှုနှင့် တော်လှန်ရေးလုပ်မှုများမှာ ရောထွေးနေသည်ဟု ကျမ်းတော်

၁၉၁။	**وَاقْتُلُوهُمْ حَيْثُ ثَقِفْتُمُوهُمْ وَأَخْرِجُوهُم مِّنْ حَيْثُ أَخْرَجُوكُمْ وَالْفِتْنَةُ أَشَدُّ مِنَ الْقَتْلِ وَلاَ تُقَاتِلُوهُمْ عِندَ الْمَسْجِدِ الْحَرَامِ حَتَّى يُقَاتِلُوكُمْ فِيهِ فَإِن قَاتَلُوكُمْ فَاقْتُلُوهُمْ كَذَلِكَ جَزَاء الْكَافِرِينَ۞** သူတို့အား ထိပ်ဆိုင်တိုးရာနေရာတိုင်း၌ ခုခံတိုက်ကြလော့၊[၃၆] သင်တို့အား နှင်ထုတ်သောနေရာများမှ သူတို့အား နှင်ထုတ်ကြလော့၊ သွေးတိုးစမ်းခြင်းသည် သတ်ဖြတ်ခြင်းထက် ပို၍ ပြင်းထန်၏၊ ဘေးမဲ့ဝတ်ကျောင်းတော်၏ အပါး၌ သင်တို့အား မတိုက်ခိုက်သ၍ သူတို့အား မတိုက်ခိုက်ကြနှင့်၊ သို့သော် သူတို့က တိုက်ခိုက်လာလျှင် သူတို့အား ခုခံတိုက်ခိုက်ကြလော့၊ ဤသည်မှာ **ဖုံးကွယ်သူ**များအတွက် အစားပေးခြင်း ဖြစ်၏။
ရန်သူ	
၁၉၂။	**فَإِنِ انتَهَوْاْ فَإِنَّ اللّهَ غَفُورٌ رَّحِيمٌ۞** သို့သော် သူတို့ဘက်က ရပ်စဲကြလျှင်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်၏။[၃၇]
၁၉၃။	**وَقَاتِلُوهُمْ حَتَّى لاَ تَكُونَ فِتْنَةٌ وَيَكُونَ الدِّينُ لِلّهِ فَإِنِ انتَهَواْ فَلاَ عُدْوَانَ إِلاَّ عَلَى الظَّالِمِينَ۞** သွေးတိုးစမ်းခြင်း မရှိတော့သည်ထိ သူတို့အား ခုခံတိုက်ခိုက်ကြလော့၊ သာသနာသည် ပရမတ်ဘုရားရှင် အတွက်သာ ဖြစ်သင့်၏၊ သို့သော် သူတို့ဘက်က ရပ်စဲကြသော်၊ အမိုက်ကောင်များအပေါ် မှလွဲ၍ စည်းမဖေါက်ကြနှင့်။[၃၈]
၁၉၄။	**الشَّهْرُ الْحَرَامُ بِالشَّهْرِ الْحَرَامِ وَالْحُرُمَاتُ قِصَاصٌ فَمَنِ اعْتَدَى عَلَيْكُمْ فَاعْتَدُواْ عَلَيْهِ بِمِثْلِ مَا اعْتَدَى عَلَيْكُمْ وَاتَّقُواْ اللّهَ وَاعْلَمُواْ أَنَّ اللّهَ مَعَ الْمُتَّقِينَ۞** ဘေးမဲ့လများသည် ဘေးမဲ့လများနှင့် အခြားသော ဘေးမဲ့ပေးထားသည့် ဖေါ်ပြမှုများ အတွက် ဖြစ်၏၊ သင်တို့ အပေါ် စည်းဖေါက်သူအား သင်တို့ကို စည်းဖေါက်မှုနှင့် အလားတူ စည်းဖေါက်နိုင်၏၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြကုန်လော့၊ သိကြကုန်လော့ ပရမတ်ဘုရားရှင်သည် စည်းစောင့်သူများနှင့် အတူ ရှိတော်မူ၏။
၁၉၅။	**وَأَنفِقُواْ فِي سَبِيلِ اللّهِ وَلاَ تُلْقُواْ بِأَيْدِيكُمْ إِلَى التَّهْلُكَةِ وَأَحْسِنُوَاْ إِنَّ اللّهَ يُحِبُّ الْمُحْسِنِينَ۞** ပရမတ်ဘုရားရှင်၏ လမ်းစဉ်၌ သုံးစွဲကြလော့၊ သင်တို့လက်များကြောင့် တိမ်ကောမှုဆီသို့ မဆုံတွေ့စေနှင့်၊ သုမင်္ဂလာ

ကို မကျေညက်သူများက ဝေဖန်ပုတ်ခတ်ရန် ဆန္ဒစောလျက် ရှိပေသည်။ ဤပုဂ္ဂိုလ်များအနေဖြင့် ကျမ်းတော်၌ ဆက်တိုက်ဖေါ်ပြသော သုတ်တော်များကို အမှတ်စဉ် မကျော်ဘဲ စေ့စေ့စပ်စပ် လေ့လာသင့်ပါသည်။

(၁၃၂) သူတို့အား ဆုံသော ထိပ်ဆိုင်တိုးရာတိုင်း၌ ခုခံတိုက်ကြလော့ ဆိုသည်မှာ အစွလာမ်သာသနာအား လက်မခံသူအားလုံးကို တိုက်ခိုက်ချေမှုန်းရမည်ဟု လုံးဝ မဆိုလိုပေ။ သုတ်နံပတ် ၁၉၀ တွင်ဆိုထားသော "သင်တို့အား တိုက်ခိုက်လာသူများ" ကိုသာ ပြောဆိုခြင်း ဖြစ်ပေသည်။ သင်တို့အား နှင်ထုတ်သော နေရာများမှ ပြန်နှင်ထုတ်ကြလော့ ဆိုသည်မှာလည်း အစွလာမ် မဟုတ်သူ အားလုံးအား ပြန်နှင်ထုတ် ခိုင်းခြင်း မဟုတ်ပေ၊ "သင်တို့အား နှင်ထုတ်ခဲ့သူများ" ကိုသာ ပြန်နှင်ထုတ်ခိုင်းခြင်း ဖြစ်ပေသည်။ အပြစ်မဲ့ပြည်သူများနှင့် လားလားမှ မပတ်သက်ချေ။

(၁၃၃) ဤသုတ်တော်က အစွလာမ်သာသနာသည် ပြည်တွင်းစစ်၊ ဝါဒကွဲပြားမှုကြောင့် ဖြစ်ရသောစစ်၊ မည်သည့် စစ်ပွဲကိုမဆို စတင်ကျူးကျော်တိုက်ခိုက်သူ မဟုတ်သလို ကျူးကျော်သူဘက်မှ စစ်ပွဲရပ်စဲလိုလျှင်လည်း မည်သည့် အခြေအနေ၌ မဆို ခွင်းချက်မရှိ လက်ံ သဘောတူကြောင်းကို ကြေငြာထားပေသည်။

(၁၃၄) ဤသုတ်တော်သည် အစွလာမ်သာသနာဝင်တို့ အဘယ်ကြောင့် စစ်ပွဲထဲ၌ ပါဝင်ရသည်ကို ရှင်းလင်းစွာ ဖွင့်ဆိုထားသော သုတ်တော်များအနက်မှ သုတ်တော် တစ်ပါး ဖြစ်သည်၊ "သွေးတိုးစမ်းခြင်း မရှိသည့်တိုင်အောင် တော်လှန်ကြလော့၊"""သွေးတိုးစမ်းခြင်းသည် သတ်ဖြတ်ခြင်းထက် ပို၍ ပြင်းထန် (ဆိုးဝါး)၏" (သုတ်–၁၉၁) ဆိုသော စကားများက အစွလာမ်တို့ စစ်ပွဲ၌ ပါဝင်ပတ်သက်ရမှု၊ အသက်ပေး၍ တော်လှန်ရေး ဆင်နွှဲကြမှုများကို နားလည်ရန် လုံလောက်ပေသည်။ အကယ်၍ ရန်သူသည် စစ်ပြေငြိမ်းလိုလျှင် အစွလာမ် သာသနာဘက်မှ စစ်ပြေငြိမ်းရန် အဆင်သင့်ပင်၊ သို့သော် စစ်ပြေငြိမ်းစကား ဆို၍ စည်းဖေါက်သူတို့အား ပြန်လည်တိုက်ခိုက် ခွင့်ရှိပေသည်၊ ၎င်းကို "အမိုက်စီးသူများ၏ အပေါ်မှလွဲ၍ စည်း မဖေါက်ကြနှင့်။"ဟု ဆိုထားပေသည်၊ အဓိပ္ပါယ်မှာ အမိုက်စီးသူ စည်းကမ်းဖေါက်သူကို ပြန်လည် တုံ့ပြန်ခွင့်ရှိသည်ဟု ဆိုခြင်း ဖြစ်ပေသည်။ "ဘာသာတရားသည် ပရမတ်ဘုရားရှင် အတွက်သာ ဖြစ်သင့်၏။"ဟု ဆိုခြင်းမှာ လူသားအားလုံး အစွလာမ် ခေါင်းစဉ်အောက်သို့ ဝင်ရမည်ဟု ဆိုလိုခြင်း လုံးဝ မဟုတ်ချေ။ ၂၂၄၀ ၌ ဘာသာတရားများ အကြောင်းကို ပြည့်စုံစွာ ထောက်ပြထားပေသည်။

	ပြုကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သုမင်္ဂလာပြုသူများအား နှစ်သက်တော်မူ၏။
၁၉၆။	**وَأَتِمُّواْ الْحَجَّ وَالْعُمْرَةَ لِلّهِ فَإِنْ أُحْصِرْتُمْ فَمَا اسْتَيْسَرَ مِنَ الْهَدْيِ وَلاَ تَحْلِقُواْ رُؤُوسَكُمْ حَتَّى يَبْلُغَ الْهَدْيُ مَحِلَّهُ فَمَن كَانَ مِنكُم مَّرِيضاً أَوْ بِهِ أَذًى مِّن رَّأْسِهِ فَفِدْيَةٌ مِّن صِيَامٍ أَوْ صَدَقَةٍ أَوْ نُسُكٍ فَإِذَا أَمِنتُمْ فَمَن تَمَتَّعَ بِالْعُمْرَةِ إِلَى الْحَجِّ فَمَا اسْتَيْسَرَ مِنَ الْهَدْيِ فَمَن لَّمْ يَجِدْ فَصِيَامُ ثَلاثَةِ أَيَّامٍ فِي الْحَجِّ وَسَبْعَةٍ إِذَا رَجَعْتُمْ تِلْكَ عَشَرَةٌ كَامِلَةٌ ذَلِكَ لِمَن لَّمْ يَكُنْ أَهْلُهُ حَاضِرِي الْمَسْجِدِ الْحَرَامِ وَاتَّقُواْ اللّهَ وَاعْلَمُواْ أَنَّ اللّهَ شَدِيدُ الْعِقَابِ۞** မသွား လာနိုင် လျှင် လက်ရှိ ကံဆောင်ပရိဝဏ်သိန္ဒ်ု ဂါယာပြုခြင်းကို ပရမတ်ဘုရားရှင်အတွက် ပြီးပြည့်စေလော့၊[၁၃၅] သို့သော် သင်တို့ **ထိန်းချုပ်ခံထားရလျှင်** လွယ်ကူသော အလျှူဝတ္ထုကို ပို့လော့၊ အလျှူဝတ္ထုများ ဘောင်ဝင်ရာသို့ မဆိုက်မြို့က်မီ ဦးခေါင်းများကို မရိတ်ကြနှင့်၊ သင်တို့မှ ဖျားနာသူ၊ ဦးခေါင်း ထိခိုက်ထားသူတို့ ဖြစ်လျှင် ဥပုသ်စောင့်ခြင်း၊ အလှူပေးခြင်း၊ ဝတ်ဖြည့်ခြင်း များဖြင့် အစားထိုးနိုင်၏။ စိတ်ချမ်းမြေ့စွာ၊ ဂါယာပြုရင်း ပရိဝဏ်သိပြုသောအခါ သင်တို့အတွက် လွယ်ကူသော ဝတ္ထုကို လှူလော့၊ ကိုယ်တွေ့မဖြစ်နိုင် သူသည် ပရိဝဏ်သိအတွင်း ဥပုသ် သုံးရက်၊ ပြန်လာသောအခါ ခုနှစ်ရက် စုပေါင်း ဆယ်ရက်ပြည့် စောင့်ရမည်၊ ၎င်းသည် ဘေးမဲ့ကျောင်းတော်၏ **အာသင့်** နယ်ခံသား မဟုတ်သူတို့ အတွက် ဖြစ်၏။[၁၃၆] ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ သိကြကုန်လော့ ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ ချုပ်ကိုင်နိုင်တော်မူ၏။
၁၉၇။	**الْحَجُّ أَشْهُرٌ مَّعْلُومَاتٌ فَمَن فَرَضَ فِيهِنَّ الْحَجَّ فَلاَ رَفَثَ وَلاَ فُسُوقَ وَلاَ جِدَالَ فِي الْحَجِّ وَمَا تَفْعَلُواْ مِنْ خَيْرٍ يَعْلَمْهُ اللّهُ وَتَزَوَّدُواْ فَإِنَّ خَيْرَ الزَّادِ التَّقْوَى وَاتَّقُونِ يَا أُوْلِي الأَلْبَابِ۞** ကံဆောင်ပရိဝဏ်သိပြုရန် လများမှာ သိရှိစေပြီး ဖြစ်၏။[၁၃၇] ထိုလများ၌ ကံဆောင်ပရိဝဏ်သိပြုရန် တာဝန်ရှိသူသည် ပရိဝဏ်သိတွင်း၌ မေထုန်မပြုရ၊ မယုတ်မာရ၊ မငြင်းခုံရပေ။ မည်သည့် ကောင်းမှုကိုမဆို ပြုလုပ်အံ့၊ ပရမတ်ဘုရားရှင်က သိနေတော်မူ၏၊ ပြင်ဆင်စီမံကြလော့၊ အကောင်းဆုံး ပြင်ဆင်စီမံမှုမှာ စည်းစောင့်မှုပင် ဖြစ်၏၊ အို– သဘောပေါက်နိုင်စွမ်း ရှိသူတို့၊ ငါ့အား စည်းစောင့်ကြကုန်လော့။
၁၉၈။	**لَيْسَ عَلَيْكُمْ جُنَاحٌ أَن تَبْتَغُواْ فَضْلاً مِّن رَّبِّكُمْ فَإِذَا أَفَضْتُم مِّنْ عَرَفَاتٍ فَاذْكُرُواْ اللّهَ عِندَ الْمَشْعَرِ الْحَرَامِ**

---

(၁၃၅) အစ္စလာမ်သာသနာ၏ သာသနာရေး ဆောင်ရွက်ဖြည့်ဆည်းမှုများကို "စုရုံးကျင်းပသော ပျော်ပွဲရွှင်ပွဲ ပွဲလမ်းသဘင်၊" အဖြစ်လည်းကောင်း၊ "ပွဲတော်ကျင်းပကာ စီးပွားကူးသန်းခြင်း၊" အဖြစ်သို့ လည်းကောင်း မကူးပြောင်းရစေရန် ပရမတ်ဘုရားရှင်အတွက် ဝတ်ကျေကြလော့ဟု မိန့်ဆိုထားခြင်း ဖြစ်သည်။ ထို့ကြောင့် နှစ်စဉ်ကျင်းပသော ကမ္ဘာ့အကြီးဆုံးနှင့် ရက်အကြာဆုံး ဘာသာရေး ပွဲတော်ကြီး ဖြစ်သည့် အစ္စလာမ့် ကံဆောင်ပရိဝဏ်သိပြုပွဲ (ဟာဂ်)တွင် မတော်တဆ ထိခိုက်နာကျင် ပျက်စီးရမှုမှ လွဲ၍ ပျော်ပါးသောက်စားကာ ခိုက်ရန်ဖြစ်ပွားလျှက် ထိခိုက်သေကြေကြသည်ဟု လုံးဝမရှိပေ။

(၁၃၆) ဦးခေါင်း၌ အနာရောဂါ တစ်ခုခု ဖြစ်နေ၍ ဆံချရန် အခက်အခဲရှိသူကို ဆိုလိုသည်။ လှည့်ပတ် ဂါယာပြုရင်း ပရိဝဏ်သိပြုခြင်းကို ဘေးမဲ့ဝတ်ကျောင်းတော်၏ အနီးအနားတွင် နေထိုင်သူတို့အား ခွင့်မပြုပေ။ သူတို့ အနေဖြင့် ထိုဝတ်ကျောင်းတော်သို့ အချိန်မရွေး သွားလာ လှည့်ပတ် ဂါယာပြုနိုင်သောကြောင့် ပရိဝဏ်သိပြုစဉ် အတွင်း၌ လှည့်ပတ်ဂါယာပြုနေရန် မလိုချေ။ ထို့ကြောင့် ကံဆောင်ပရိဝဏ်သိပြုမှု တစ်ခုတည်း အတွက် ဥပုသ်ဆယ်ရက် စောင့်ရန် မလိုချေ။

(၁၃၇) သတ်မှတ်သိရှိပြီး လများ ဆိုသည်မှာ ရှောင်ဝါလ်လ သူလ်ကအ်ဒါဟ်လ နှင့်သူလ်ဟာ့ဂ်္ဂ်လ၏လဆန်း ၉ ရက်နေ့ အထိဖြစ်သည်။

	وَاذْكُرُوهُ كَمَا هَدَاكُمْ وَإِن كُنتُم مِّن قَبْلِهِ لَمِنَ الضَّآلِّينَ۝ သင်တို့၏ ကံကြမ္မာရှင်ထံမှ သိက္ခာရမှုကို ရှာဖွေသူတွင် အပြစ်မရှိပေ။ အာရာဖတ်ရင်ပြင်မှ[၁၃၈] သင်တို့စုပြုံလာစဉ် ဘေးမဲ့မှတ်တိုင်၌[၁၃၉] ပရမတ်ဘုရားရှင်အား သတိရရှုမှတ်ကြလော့၊ သင်တို့အား လမ်းညွှန်ထားသည့်အတိုင်း အရှင့်အား သတိရ ကြလော့၊ ရှေ့အလျင်က သင်တို့သည် လမ်းလွဲသူများမှ ဖြစ်ခဲ့ကြ၏၊
၁၉၉။	**ثُمَّ أَفِيضُواْ مِنْ حَيْثُ أَفَاضَ النَّاسُ وَاسْتَغْفِرُواْ اللّهَ إِنَّ اللّهَ غَفُورٌ رَّحِيمٌ۝** တဖန် လူအများ စုပြုံလာသော နေရာမှ စုပြုံလာကြ၍ ပရမတ်ဘုရားရှင်၏ထံ၌ လွတ်ငြိမ်းဆုပန်ကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။
၂၀၀။	**فَإِذَا قَضَيْتُم مَّنَاسِكَكُمْ فَاذْكُرُواْ اللّهَ كَذِكْرِكُمْ آبَاءكُمْ أَوْ أَشَدَّ ذِكْرًا فَمِنَ النَّاسِ مَن يَقُولُ رَبَّنَا آتِنَا فِي الدُّنْيَا وَمَا لَهُ فِي الآخِرَةِ مِنْ خَلاَقٍ۝** သင်တို့၏ ဝတ်ဖြည့်မှုများ ပြီးပြတ်သော် ပရမတ်ဘုရားရှင်အား သင်တို့၏ ဖခင်များကို သတိရသကဲ့သို့ သတိရကြလော့၊ သို့မဟုတ် ထို့ထက် ပြတ်သားစွာ သတိရကြလော့။ လူသားတို့အနက် ‘‘အို–ကံကြမ္မာရှင် တပည့်တော်တို့အား လောကီဆုကိုသာပေးပါ’’ဟု တောင်းဆိုသူများ အတွက်၊ အနာဂါတ် ဖြစ်တည်မှု မရှိပေ။[၁၄၀]
၂၀၁။	**وَمِنْهُم مَّن يَقُولُ رَبَّنَا آتِنَا فِي الدُّنْيَا حَسَنَةً وَفِي الآخِرَةِ حَسَنَةً وَقِنَا عَذَابَ النَّارِ۝** သူတို့မှ ‘‘အို–ကံကြမ္မာရှင် တပည့်တော်တို့အား လောကီဘဝ၌ တင့်တယ်မှုနှင့် နောင်ဘဝ၌ တင့်တယ်မှုကို ပေးတော်မူပါ၊ အပူမီး ဝင့်ကြွေးမှ ကာကွယ်တော်မူပါ’’ဟု တသသူများ ရှိ၏။
၂၀၂။	**أُولَئِكَ لَهُمْ نَصِيبٌ مِّمَّا كَسَبُواْ وَاللّهُ سَرِيعُ الْحِسَابِ۝** ထိုသူများအတို့ သူတို့ကျင့်ဆောင်ခဲ့ရာ၏ ပင်ပန်းရကျိုးသည် ရှိနေ၏၊ ပရမတ်ဘုရားရှင်သည် အချိန်နှင့်တပြေးညီ စရင်းစစ်နေတော်မူ၏။
၂၀၃။	**وَاذْكُرُواْ اللّهَ فِي أَيَّامٍ مَّعْدُودَاتٍ فَمَن تَعَجَّلَ فِي يَوْمَيْنِ فَلاَ إِثْمَ عَلَيْهِ وَمَن تَأَخَّرَ فَلا إِثْمَ عَلَيْهِ لِمَنِ اتَّقَى وَاتَّقُواْ اللّهَ وَاعْلَمُوا أَنَّكُمْ إِلَيْهِ تُحْشَرُونَ۝**

---

(၁၃၈) **အာရဖတ်** ဆိုသည်မှာ အစွယ်လာမ်ဘာသာဝင်များ ကံဆောင်ပါရိဝုါသ်ပြုရာ ဘေးမဲ့ဝတ်ကျောင်းတော် (ကအ်ဘာ)၏ အရှေ့ဘက် ၁၂ မိုင်ခန့် အကွာတွင် ရှိသော **အာရာဖတ်** ဟုခေါ်သည့် တောင်ပူစာကို အစွဲပြုကာ ခေါ်တွင်သော ကွင်းပြင်ကြီး၏ အမည်ဖြစ်သည်။ ကမ္ဘာအရပ်ရပ်မှ ကံဆောင်ပရိဝုါသ် ပြုရန် လာကြသော အစွယ်လာမ်ဘာသာဝင်များမှာ ထိုအရပ်၌ လာရောက် တည်းခို စုဆုံကြပေသည်။

(၁၃၉) ဘေးမဲ့မှတ်တိုင် ဆိုသည်မှာ အာရာဖတ်နှင့် ဘေးမဲ့ကျောင်းတော်၏ ခရီးတစ်ဝက် ကျောင်းတော်၏ အရှေ့ဘက် (၆)မိုင်ခန့် အကွာတွင် ရှိသည်။ ကံဆောင်ပုဂ္ဂိုလ်များ ထိုနေရာ၌ ခရီးတစ်ထောက်နား၍ တည်းခိုကြသည်၊ ထိုအချိန်တွင် ပေါ့ပေါ့လျော့လျော့ မနေဘဲ ပရမတ်ဘုရားရှင်အား အောင့်မေ့ရှုမှတ်ခြင်းဖြင့် ဘာဝနာပွားနေကြရန် သွန်သင်ထားခြင်း ဖြစ်ပေသည်။

(၁၄၀) ဤသုတ်တော်မှ ပြောဆိုသော သင်တို့၏ ဖခင်များ ဆိုသည်မှာ အတိတ်ကာလမှ သူတို့ ဆည်းကပ်ကိုးကွယ်ခဲ့သော သူတို့ သတ်မှတ်သည့် ဘုရားများကို ဆိုခြင်း ဖြစ်သည်။ သူတို့သည် သူတို့ကိုယ်သူတို့ ဘုရား၏ သားတော်များဟု ဘွဲ့ခံယူ လေ့ရှိပေသည်။ အတိတ် ဘာသာများ အနက် အချို့က သူတို့ကိုးကွယ်ဆည်းကပ်သည့် ဘုရားအား သူတို့အား သာသနာ့ အမွေပေးသည့် အမွေတော်ပေး ဖခင်ဟု လည်းကောင်း၊ အချို့က သူတို့ ယုံကြည်လက်ခံသော ဘာသာရေး ဦးသျှောင်သည် ထာဝရဘုရားသခင်၏သားတော် (တနည်းအားဖြင့် သူတို့၏ ဘုရားသည် ဖခမည်းတော်) ဟု လည်းကောင်း သတ်မှတ်ခဲ့ကြပေသည်။ ထို့ကြောင့် အစွယ်လာမ်သာသနာသို့ ယုံကြည်လက်ခံ လာသော သူများအား ပရမတ်ဘုရားရှင်အား မည်သို့ မည်ပုံ အောင့်မေ့ရှုမှတ် ဘာဝနာပွားရမည်ကို သွန်သင်သောအခါ ထိုလူသစ်များအတွက် လွယ်ကူစွာ နားလည်နိုင်ရန် ဤသုတ်တော်က သင်တို့၏ ဖခင်များကို အောင့်မေ့ ရှုမှတ် သကဲ့သို့ဟု ဥပမာ အလင်္ကာဖြင့် တင်ပြထားခြင်း ဖြစ်ပေသည်။ အစွယ်လာမ်သာသနာကမူ မိမိတို့၏ ဘာသာရေး ဦးသျှောင်အား ဖခင်ဟု လည်းကောင်း၊ မိမိတို့ကိုယ် မိမိတို့သာသနာ့ အမွေခံ သားတော်များဟု လည်းကောင်း ခံယူသွင့် မရှိပေ။ အစွယ်လာမ် သာသနာ၏ ဦးသျှောင် ကိုယ်တော်မှဟမ္မဒ်ကိုပင် ‘‘မဟမ္မဒ်သည် မည်သူ၏ ဖခင်မှ မဟုတ်၊’’ဟု ယတိပြတ် ပြောဆိုထားပေသည်၊ (၃၃း၄၀)။

	တွက်ချက်ထားသော ရက်များတွင် ပရမတ်ဘုရားရှင်အား သတိတရရှိလော့၊ စည်းစောင့်သူဖြစ်လျှင် နှစ်ရက် အလျင်စော၍ ပြန်သူအတွက် အပြစ်မရှိပေ၊ နောက်ကျသူအတွက်လည်း အပြစ်မရှိပေ။ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ သင်တို့သည် အရှင့်ထံသို့သာ စုစည်းခံရမည်ကို သိကြကုန်လော့။
၂၀၄။	**وَمِنَ النَّاسِ مَن يُعْجِبُكَ قَوْلُهُ فِي الْحَيَاةِ الدُّنْيَا وَيُشْهِدُ اللّهَ عَلَى مَا فِي قَلْبِهِ وَهُوَ أَلَدُّ الْخِصَامِ۞** လူတို့အနက် သင်တို့အား လောကီသက်တမ်း၌ အံ့သြလောက်အောင် ပြော၍ သူ၏နှလုံးသားကိုပင် ပရမတ်ဘုရားရှင်၌ သက်သေထားပြသူ ရှိ၏၊ သူသည် ရန်လို အချေအတင်ပြုသူများ ဖြစ်၏။
၂၀၅။	**وَإِذَا تَوَلَّى سَعَى فِي الأَرْضِ لِيُفْسِدَ فِيهَا وَيُهْلِكَ الْحَرْثَ وَالنَّسْلَ وَاللّهُ لاَ يُحِبُّ الفَسَادَ۞** သူသည် အလှည့်ပေးသောခါ[၁၄၀] နယ်မြေတလျှောက် အဖျက်လုပ်ငန်း လုံ့ပန်းကြ၏၊ စိုက်ပျိုးထားရာများ၊ စုဆောင်းထားရာများကို[၁၄၂] တိမ်ကောစေ၏၊ ပရမတ်ဘုရားရှင်သည် အဖျက်လုပ်ခြင်းကို နှစ်သက်တော်မမူပေ။
၂၀၆။	**وَإِذَا قِيلَ لَهُ اتَّقِ اللّهَ أَخَذَتْهُ الْعِزَّةُ بِالإِثْمِ فَحَسْبُهُ جَهَنَّمُ وَلَبِئْسَ الْمِهَادُ۞** ပရမတ်ဘုရားရှင်အား စည်းစောင့်ရန် သူ့ကို ပြောဆိုသောအခါ၊ သူ၏ ဘုန်းကံက သူ့အား အကုသိုလ်သို့ ဆွဲယူသွား၏၊ အမင်္ဂလာ ညှိမ့်ညောင်းရာ ငရဲဘုံသည် သူ့အတွက် စရင်းချုပ် ဖြစ်၏။[၁၄၃]
၂၀၇။	**وَمِنَ النَّاسِ مَن يَشْرِي نَفْسَهُ ابْتِغَاء مَرْضَاتِ اللّهِ وَاللّهُ رَؤُوفٌ بِالْعِبَادِ۞** လူတို့အနက် မိမိ၏ဥာဉ်စရိုက်အား ပရမတ်ဘုရားရှင်၏ နှစ်သက်ကျေနပ်မှုကို ရှာဖွေရန် ရောင်းချသူ ရှိ၏၊ ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များအတွက် ညှာတာတော်မူသော အရှင် ဖြစ်၏။[၁၄၄]
၂၀၈။	**يَا أَيُّهَا الَّذِينَ آمَنُواْ ادْخُلُواْ فِي السِّلْمِ كَآفَّةً وَلاَ تَتَّبِعُواْ خُطُوَاتِ الشَّيْطَانِ إِنَّهُ لَكُمْ عَدُوٌّ مُّبِينٌ۞** အို–ယုံကြည်သောသူတို့ အစွမ်းလာမ်သာသနာတွင်းသို့ ယတိပြတ် ဝင်ကြကုန်လော့၊ မကောင်းဆိုးဝါး၏ ခြေရာကို မလိုက်နာကြနှင့်၊ သူသည် သင်တို့အတွက် ရှင်းလင်းထင်ရှားစွာ စည်းဖေါက်သူ ဖြစ်၏။[၁၄၅]

---

(၁၄၀) **تَوَلَّى တဝလ္လီ** ဟူသည် ''လှည့်ပြန်သည်၊ အာဏာရသည်'' ဟူသော အနက် နှစ်ခုကို ဆောင်ပေသည်၊ (ရူးဟုလ် ဗယာန်)။ ဘာသာပြန်အများစုက ''သူသည် လှည့်ပြန်သောအခါ''ဟု ဘာသာပြန်ဆို ကြပေသည်။ လှည့်ပြန်သူတစ်ဦး အနေဖြင့် လူသားတို့၏ စိုက်ပျိုးမြေများ၊ စုဆောင်းထားရာများကို ဖျက်ဆီးနိုင်ခြင်းမှာ အာဏာရှိသူထက် အခွင့်အရေး နည်းလှပေသည်။ ထို့ကြောင့် ဤနေရာ၌ အာဏာရှိလာခြင်းနှင့် အနက် တူညီသော ''အလှည့်ပေးသောခါ''ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။

(၁၄၂) **النَّسْلَ နှာ့ဆ်လ** ဆိုသည်မှာ စုဆောင်းထားသော ကွဲ၊ နွားတိရိစ္ဆာန်များ၊ အစုရှယ်ရာများကို ခေါ်ပေသည်။

(၁၄၃) ဤသုတ်တော်က– လူသားတို့သည် မိမိဆည်းပူးသော ပညာ၊ အတွေ့အကြုံ၊ ယုတ္တိဗေဒအရ၊ ကိုက်ညီသော အမှန်တရားကို စိတ်ထဲမှ မည်မျှပင် သိလာစေကာမူ၊ မိရိုးဖလာအသိုင်းအဝိုင်းတွင် မိမိ၏ ဂုဏ်သိက္ခာ ထိခိုက်မည်ကို စိုးရိမ်၍ ထိုသိနေသော အမှန်တရားအား လက်ခံယုံကြည်ရန် ခက်ခဲမှု၊ ဂုဏ်သိက္ခာ ဘုန်းတန်ခိုး ဆိုသော မာယာအား မလွန်ဆန်နိုင်မှုများကို ပွင့်ပွင့်လင်းလင်း သွန်သင်ထားပေသည်။ ထို့အပြင် ထိုဂုဏ်သိက္ခာ ဘုန်းတန်ခိုးသည် အမှန်တရားကို လက်ကိုင် မပြုသော ဂုဏ်သိက္ခာ ဖြစ်ခြင်းကြောင့် အကုသိုလ်သင့်သော ဂုဏ်သိက္ခာဟု ဆိုပေသည်။

(၁၄၄) ဤသုတ်တော်သည် အထက်ပါသုတ်တော် (၂၀၆)တွင် ဖေါ်ပြသော လူသားနှင့် ဆန့်ကျင်ဘက် စိတ်ဓါတ်ရှိသူတို့ အကြောင်းကို ဖေါ်ပြသည်၊ လူတစ်ဦးတစ်ယောက်သည် မိမိ၏ စိတ်မှ မဆောင်ရွက်လိုသော်လည်း မိမိ၏ ဆန္ဒအလိုကို စတေးလျက် မာယာဂုဏ်သိက္ခာကို ရောင်းချ၍၊ အမှန်တရားကို လက်ခံနိုင်ရန် ကြိုးစားအားထုတ်ခြင်း ဖြစ်သည်။

(၁၄၅) ဤသုတ်တော်က ပရမတ်ဘုရားရှင် (အလ္လာဟ်)မှလွဲ၍ ကိုးကွယ်ရာဟူ၍မရှိ၊ ကိုယ်တော်မိုဟာမ္မဒ်သည် ပရမတ်ဘုရားရှင်၏ ဥာဏ်စဉ်တော်ဆောင်ဖြစ်၏ ဟု ယုံကြည်လက်ခံသူများသည်ပင် ၎င်းတို့၏ မိရိုးဖလာ အစွဲများဖြင့် ကျမ်းတော်ပါ သုတ္တန်တော်များကို ဘက်ဆွဲမှု၊ အစာသွပ် ဘာသာ ပြန်ယူမှု၊ တိုက်ရိုက်ရှင်းလင်းပြီးသား သုတ်တော်ကိုပင် ဤသုတ်တော်၏ အလိုသဘောက ဤသို့ ဖြစ်၏ဟု မိမိ၏ စိတ်ဆန္ဒအား အလိုလိုက်မှု ရှိကြောင်းကို ဝန်ဝတ္တိအလင်္ကာဖြင့် တင်ပြထားပြီး၊ အစွမ်းလာမ်သာသနာ၏ သွန်သင်ချက် အစစ်အမှန် ဖြစ်သည့် ကျမ်းမြတ်ကုရ်အာန်အား ယတိ

၂၀၉။	**فَإِن زَلَلْتُمْ مِّن بَعْدِ مَا جَاءتْكُمُ الْبَيِّنَاتُ فَاعْلَمُواْ أَنَّ اللّهَ عَزِيزٌ حَكِيمٌ۞** သင်တို့၏ထံသို့ ရှင်းလင်းချက်များ ရောက်လာစေပြီးမှ သင်တို့ ချော်ထွက်ခဲ့သော်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်အရှင်၊ ဓမ္မသတ်ရှင် ဖြစ်ကြောင်းကို သိကြကုန်လော့။
၂၁၀။	**هَلْ يَنظُرُونَ إِلاَّ أَن يَأْتِيَهُمُ اللّهُ فِي ظُلَلٍ مِّنَ الْغَمَامِ وَالْمَلآئِكَةُ وَقُضِيَ الأَمْرُ وَإِلَى اللّهِ تُرْجَعُ الأُمُورُ۞** ပရမတ်ဘုရားရှင်က တိမ်လိပ် အရိပ်ထဲမှ အပြီးသတ် ညွှန်ကြားချက်ကို နတ်ဒေဝါများဖြင့် ရောက်လာစေမည်ဟုသာ စောင့်ကြည့်နေကြသလော၊ အမှန်မှာ ညွှန်ကြားချက်များသည် ပရမတ်ဘုရားရှင်၏ ထံသို့သာ ဦးလှည့်ရမည် သာတည်း။[၁၄၆]
၂၁၁။	**سَلْ بَنِي إِسْرَائِيلَ كَمْ آتَيْنَاهُم مِّنْ آيَةٍ بَيِّنَةٍ وَمَن يُبَدِّلْ نِعْمَةَ اللّهِ مِن بَعْدِ مَا جَاءتْهُ فَإِنَّ اللّهَ شَدِيدُ الْعِقَابِ۞** ရှင်းလင်းသော သုတ်ဒေသနာများမှ သူတို့အား မည်၍မည်မျှ ပေးအပ်ခဲ့သည်ကို ဣသရေလူမျိုးတို့အား သင် မေးမြန်းလော့၊ ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှု ရောက်လာစေပြီးမှ မည်သူမဆို ၎င်းကို လွှဲပြောင်းခဲ့သော် ဇကန်ပင် ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ ချုပ်ကိုင်နိုင်တော်မူ၏။
☆ ၂း၁၇၄ ✡ ၂း၇၀	**زُيِّنَ لِلَّذِينَ كَفَرُواْ الْحَيَاةُ الدُّنْيَا وَيَسْخَرُونَ مِنَ الَّذِينَ آمَنُواْ وَالَّذِينَ اتَّقَواْ فَوْقَهُمْ يَوْمَ الْقِيَامَةِ وَاللّهُ يَرْزُقُ مَن يَشَاء بِغَيْرِ حِسَابٍ۞** လောကီသက်တမ်း၏ ဖမ်းစားခံထားရသော[၁၄၇] ဖုံးကွယ်သူတို့က ယုံကြည်သောသူတို့အား ပျက်ရယ်ပြုကြ၏။ ရပ်တည်ရသော နေ့ကာလတွင်☆ စည်းစောင့်သောသူတို့သည် အသာစီးရမည်ပင်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား✡ စာရင်းမဲ့ ရိကွာထောက်တော်မူ၏။
၂၁၃။	**كَانَ النَّاسُ أُمَّةً وَاحِدَةً فَبَعَثَ اللّهُ النَّبِيِّينَ مُبَشِّرِينَ وَمُنذِرِينَ وَأَنزَلَ مَعَهُمُ الْكِتَابَ بِالْحَقِّ لِيَحْكُمَ بَيْنَ النَّاسِ فِيمَا اخْتَلَفُواْ فِيهِ وَمَا اخْتَلَفَ فِيهِ إِلاَّ الَّذِينَ أُوتُوهُ مِن بَعْدِ مَا جَاءتْهُمُ الْبَيِّنَاتُ بَغْيًا بَيْنَهُمْ فَهَدَى اللّهُ الَّذِينَ آمَنُواْ لِمَا اخْتَلَفُواْ فِيهِ مِنَ الْحَقِّ بِإِذْنِهِ وَاللّهُ يَهْدِي مَن يَشَاء إِلَى صِرَاطٍ مُّسْتَقِيمٍ۞** လူသည် အသိုင်းအဝိုင်း တစ်ခုတည်းမှ ဖြစ်ခဲ့၏။[၁၄၈] ပရမတ်ဘုရားရှင်သည် သတင်းတော်ဆောင်များကို သတင်းကောင်း ပါးသူများ သတိပေးသူများ အဖြစ် ပွင့်ပေါ်စေတော်မူ၏။ လူသားတို့အကြား ကွဲလွဲမှုများကို စီရင်ထုံးချနိုင်ရန်

ပြတ်လိုက်နာရန်၊ အစွလာမ်သာသာဝင်ဟု အမည်ခံထားပြီး၊ ကျမ်းတော်၏ သွန်သင်ချက်ကို ဇဝေဇဝါ မဖြစ်ရန် ထင်ထင်ရှားရှား ဆုံးမခြင်း ဖြစ်သည်။

(၁၄၆) ဤနေရာ၌ **မလာအိကဟ်**ကို နတ်ဒေဝါဟု ဘာသာ ပြန်ဆိုခြင်းမှာ၊ ဤသုတ်တော်သည် အစွလာမ်ဘာသာဝင်များ၏ ယုံကြည်ချက်အား ပြောဆိုနေခြင်း မဟုတ်ပေ၊ အစွလာမ်သာသနာ မတိုင်မီမှ လူမျိုးတို့၏ ယုံကြည် စောင့်မျှော်နေမှုကို သူတို့၏ ခံစားချက်အတိုင်း ပြန်လည် ဖော်ပြ ပြောဆိုခြင်း ဖြစ်ပေသည်။ သူတို့သည် ဘုရားရှင် ဆိုသည်ကိုလည်း လူပုဂ္ဂိုလ်ကဲ့သို့ နားလည်ခံစားသည့်အပြင် သူတို့ ယုံကြည်နေသော နတ်ဒေဝါများ ဆိုသည်မှာလည်း ဘုရားရှင်၏ အဆွေအရံများဟု လက်ခံထားပေသည်။ ထို့အပြင် တချို့နှိုင်းယှဉ်တွင် ဘုရားရှင်သည် မိုးတိမ်မိုးသားကို စီးကာ နတ်ဒေဝတာခြံရံလျက် သူတို့ထံသို့ ကြွလာမည်ဟု မျှော်လင့်နေကြပေသည်၊ ဤအယူအဆမျိုးကို ခရစ်ယာန်နှင့် ရေဝတီ (ဂျူး)များ၏ ယုံကြည်ချက်တွင် တွေ့နိုင်ပေသည်။ (ဆာလံ ၁၀၄း၂–၃။ ဟေရာယ ၁၉း၁။ ယေဇကျေလ ၁၀း၄)။ အစွလာမ်များက ပရမတ်ဘုရားရှင် ဟူသည် အနာဒိကော အစမရှိ၊ အနန္တကော အဆုံး မရှိ၊ အတုလော အတုမရှိ၊ အစိန္တယျာ မကြံစည်အပ်သော အရှင်ဖြစ်သည်ဟု အကြွင်းမဲ့ လက်ခံယုံကြည် ပြီးသား ဖြစ်ပေသည်။ ပရမတ်ဘုရားရှင်အား အတ္တ ကိုယ်ထည် အဖြစ် အစွလာမ်က မယုံကြည်သည့် အပြင် ထိုကဲ့သို့ ဒဏ္ဍာရီများကိုလည်း မယုံကြည်ပေ။ ထို့ကြောင့် ဤသုတ်တော်က ထို့ကဲ့သို့ ယုံကြည်စောင့်မျှော်နေခြင်းသည် လုံးဝ ဖြစ်လာမည် မဟုတ်ဟု ပြောထားခြင်း ဖြစ်ကြောင်း သေချာစွာ ဖတ်သူများ အတွက် နားလည်နိုင်ပေသည်။ အစွလာမ်တို့လက်ခံယုံကြည်သော **မလာအိကာဟ်**ကို (၂း၃၀)တွင်ကြည့်ပါ။

(၁၄၇) **زُيِّنَ ဇုံ(ယီး)ယီးင်န** ၏ အနက်မှာ ''လှပတင့်တယ်သည်ဟု ထင်မှတ်သည်၊ ထို၌သာယာနေသည်၊''ဟု ဖြစ်ပေသည်၊ ထိုအရာ၌ သာယာနေသည်ကို ပိုမိုလေးနက်စေရန် ''ဖမ်းစားခံထားရသည်''၏ နာမဝိသေသန စကားလုံး ''ဖမ်းစားခံထားရသော''ဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။

	အလို့ငှာ ထိုကိုယ်တော်များဖြင့် သစ္စာဓမ္မကျမ်းတော်ကို ကိန်းဝပ် ချမှတ်ပေးတော်မူ၏။ ယင်း၌ ကွဲလွဲမှု အလျဉ်းမရှိ၊ ပေးအပ်ခံရ သော သူတို့ထံသို့ ရှင်းလင်းချက်တော်များ ရောက်လာစေပြီးမှသာ သူတို့ချင်းကြား အပြစ်ရှာလိုကြ၏။ ပရမတ် ဘုရားရှင်သည် ကွဲလွဲမှုများနှင့် စပ်လျဉ်း၍ ယုံကြည်သောသူတို့အား သစ္စာတရားကို အရှင့်ခွင့်ပြုချက် အလျောက် လမ်းညွှန်တော်မူပြီ၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား ဖြောင့်မှန်သော လမ်းစဉ်သို့ ညွှန်တော်မူပေသတည်း။
၂၁၄။	**أَمْ حَسِبْتُمْ أَن تَدْخُلُواْ الْجَنَّةَ وَلَمَّا يَأْتِكُم مَّثَلُ الَّذِينَ خَلَوْاْ مِن قَبْلِكُم مَّسَّتْهُمُ الْبَأْسَاء وَالضَّرَّاء وَزُلْزِلُواْ حَتَّى يَقُولَ الرَّسُولُ وَالَّذِينَ آمَنُواْ مَعَهُ مَتَى نَصْرُ اللّهِ أَلا إِنَّ نَصْرَ اللّهِ قَرِيبٌ۝** သို့တည်းမဟုတ် သင်တို့သည် သုခဘုံသို့ ဝင်ရလိမ့်မည်ဟု စိတ်ကူးယဉ်နေကြသလော၊ အမှန်မှာ လွန်ခဲ့သော သင်တို့ ရှေ့အလျှင် ဖြစ်သူများထံသို့ ထိသက်သော အမင်္ဂလာ၊ နစ်နာရမှု၊ တုန်လှုပ်ရမှု ကဲ့သို့ သင်တို့ထံသို့ မရောက်သေးပေ၊ ဉာဏ်စဉ်ဆောင်နှင့် အပါးတော်မှ ယုံကြည်သော သူအပေါင်းသည်ပင် ‘‘ပရမတ်ဘုရားရှင်၏ ကူညီစောင်မမှူ မည်သည့် အခါ ရအံ့နည်း၊’’ဟု တသ ခဲ့ရ၏၊ ယခုမူ– ဇကန်ပင် ပရမတ်ဘုရားရှင်၏ ကူညီစောင်မမှုမှာ နီးကပ်လျက်ပင် ရှိချေပြီ။
၂၁၅။	**يَسْأَلُونَكَ مَاذَا يُنفِقُونَ قُلْ مَا أَنفَقْتُم مِّنْ خَيْرٍ فَلِلْوَالِدَيْنِ وَالأَقْرَبِينَ وَالْيَتَامَى وَالْمَسَاكِينِ وَابْنِ السَّبِيلِ وَمَا تَفْعَلُواْ مِنْ خَيْرٍ فَإِنَّ اللّهَ بِهِ عَلِيمٌ۝** ‘‘မည်သည့်အရာအား သုံးစွဲရမည်နည်း၊’’ဟု မေးကြသူတို့အား ‘‘ကောင်းမွန်ရာမှ မည်သည့်အရာကိုမဆို မွေးမိဘများ၊ ဆွေမျိုးနီးစပ်များ၊ မိဘမဲ့များ၊ နွမ်းပါးသူများ၊ ခရီးသည်များအတွက် သုံးစွဲကြလော့၊ ပြုလုပ်သော ကောင်းမှုများကို ပရမတ်ဘုရားရှင်က ဇကန်မုချ သိနေတော်မူသော အရှင်ဖြစ်၏။’’ဟု ဟောကြားလော့။
၂၁၆။	**كُتِبَ عَلَيْكُمُ الْقِتَالُ وَهُوَ كُرْهٌ لَّكُمْ وَعَسَى أَن تَكْرَهُواْ شَيْئًا وَهُوَ خَيْرٌ لَّكُمْ وَعَسَى أَن تُحِبُّواْ شَيْئًا وَهُوَ شَرٌّ لَّكُمْ وَاللّهُ يَعْلَمُ وَأَنتُمْ لاَ تَعْلَمُونَ۝** သင်တို့ မကြိုက်သော်လည်း ခုခံစစ်ဆင်ခွင့်ရန် သင်တို့အား ပြဋ္ဌာန်းတော်မူပြီ၊ သင်တို့ မကြိုက်သော အရာသည် သင်တို့အတွက် အကောင်းဖြစ်နိုင်၍ သင်တို့ နှစ်သက်သော အရာသည် သင်တို့အတွက် အဆိုးဖြစ်နိုင်ရာ၏၊ ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏၊ သင်တို့သည်ကား သိကြသည် မဟုတ်ချေ။[၁၄၉]
၂၁၇။	**يَسْأَلُونَكَ عَنِ الشَّهْرِ الْحَرَامِ قِتَالٍ فِيهِ قُلْ قِتَالٌ فِيهِ كَبِيرٌ وَصَدٌّ عَن سَبِيلِ اللّهِ وَكُفْرٌ بِهِ وَالْمَسْجِدِ الْحَرَامِ وَإِخْرَاجُ أَهْلِهِ مِنْهُ أَكْبَرُ عِندَ اللّهِ وَالْفِتْنَةُ أَكْبَرُ مِنَ الْقَتْلِ وَلاَ يَزَالُونَ يُقَاتِلُونَكُمْ حَتَّىَ يَرُدُّوكُمْ عَن دِينِكُمْ إِنِ اسْتَطَاعُواْ وَمَن يَرْتَدِدْ مِنكُمْ عَن دِينِهِ فَيَمُتْ وَهُوَ كَافِرٌ فَأُوْلَئِكَ حَبِطَتْ أَعْمَالُهُمْ فِي الدُّنْيَا وَالآخِرَةِ**

---

(၁၄၈) အာရ်ဗီစကားတွင် **ကာန ဃ်ာ** ကို ဖြစ်ခဲ့သည် ဟု အတိတ်ကာလပြ ကြိယာဖြင့် ယေဘုယျ ဘာသာပြန်သော်လည်း ‘‘လူသည် အသိုင်းအဝိုင်း တစ်ခုတည်းမှ ဖြစ်၏၊’’ဟု အဓိပ္ပါယ်ကိုပေးသော **ကာနန်နားဆု အုမ္မတ်တောင်ဝ် ဝဟိဒတန်** မှ **ကာန** သည် ဖြစ်ခဲ့သည်ဟု အနက်ကို မပေးပေ၊ အာရ်ဗီစကားတွင် သော်လည်းကောင်း၊ ကုရ်အာန်ကျမ်းတော်တွင် သော်လည်းကောင်း **ကာန** ကို အမြဲအမှန်တရား အတွက် နေရာပေါင်းများစွာ၌ သုံးစွဲပေသည်။

(၁၄၉) အစွယ်ဝမ်းသာသနာအား စစ်သွေးကြွသော ဘာသာဟု ဝါဒဖြန့်ချီ သူတို့အား ဤသုတ်တော်က ယတိပြတ် ငြင်းဆို ထားပေသည်၊ စစ်တိုက်ရခြင်းကို မည်သူမှ မနှစ်သက်ကြပေ။ သို့သော် အခြေအနေ တရပ်၌ သူရဲဘောကြောင်နေပါကလည်း၊ သေရသည်ထက်ပို၍ ဆိုးဝါးသော သူ့ကျွန် ဘဝအောက်၌ လူမျိုးဆက်လိုက် ဘဝများ သေကြေရ ပေတော့မည်၊ ထို့ကြောင့် ‘‘သင်တို့ မကြိုက်သော်လည်း ခုခံစစ် ဆင်ခွင့်ရန် သင်တို့အား ပြဋ္ဌာန်းတော်မူပြီ၊’’ဟု ဆိုထားခြင်း ဖြစ်ပေသည်။ အကြောင်းမဲ့ အချည်းနှီး မည်သူကမှ စစ်မတိုက်ချင်ကြပေ၊ ထို့ကြောင့် လူသား၏ ပင်ကိုယ် သဘာဝကို ‘‘သင်တို့ မကြိုက်သော်လည်း’’ဟု ပွင့်လင်းစွာ ဆိုထားပေသည်။ ‘‘ဘယ်သူသေသေ ငတေမာပြီးရော’’ ဆိုသည့် တခဏ ကောင်းစားမှုကို လူသားတိုင်း၏ ပင်ကိုယ်သဘာဝ၌ ခုံမင်ကြပေသည်၊ သို့သော် ထိုစိတ်အလိုကို မြတ်နိုးမိခြင်းသည်၊ မိမိနိုင်ငံအတွက် မိမိလူမျိုးအတွက်၊ တိုင်းသူ ပြည်သားများအတွက် အကောင်းတရား ဟုတ်ချင်မှ ဟုတ်ပေမည်၊ အနစ်နာခံရမည့် အချိန်အခါမျိုးတွင် မိမိတို့၏ တကိုယ်ကောင်း အတ္တစိတ်ကို ပါယ်သတ်ကြရန် သွန်သင်ခြင်းသာ ဖြစ်ပေသည်။

	وَأُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ۝ ဘေးမဲ့လများ၌ စစ်ခံတိုက်ခြင်းနှင့် ပတ်သက်၍ မေးလာသူတို့အား၊ ဟောပြောလော့ ‘‘စစ်ခံတိုက်ခြင်းသည် ကြီးလေးလှ၏၊ သို့ရာတွင် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဖယ်ခိုင်းခြင်း၊ ၎င်းကို ဖုံးကွယ်ခြင်း၊ ဘေးမဲ့ဝတ်ကျောင်းတော်မှ ကျောင်းတော်သားများကို မောင်းထုတ်ခြင်းများသည် ပရမတ်ဘုရားရှင်၏ ထံတော်၌ ပို၍ ကြီးလေးလှချေ၏၊ သွေးတိုးစမ်းခြင်းသည် သတ်ဖြတ်ခြင်းထက် ပို၍ ကြီးလေး၏၊ တတ်နိုင်လျှင် သင်တို့သည် သင်တို့၏သာသနာမှ လှည့်မပြန်သ၍ သင်တို့အား တိုက်ခိုက်ခြင်းကို ရပ်နားကြမည် မဟုတ်ချေ။ သင်တို့အနက် သာသနာတော်မှ ဖေါက်ပြန်၍ ဖုံးကွယ်သူ အဖြစ်ဖြင့် အနိစ္စရောက်သော သူသည် သူတို့၏ ကျင့်ကြံခဲ့မှုများမှာ ဤဘဝ နောင်ဘဝအတွက် အချည်းနှီးပင် ဖြစ်၏၊ သူတို့သည် အပူမီး၏ ပေါင်းဖေါ်များ ဖြစ်ကြ၍ ထိုဌ် အစဉ်ခံစားရမည်ပင်။’’
၂၁၈။	**إِنَّ الَّذِينَ آمَنُواْ وَالَّذِينَ هَاجَرُواْ وَجَاهَدُواْ فِي سَبِيلِ اللّهِ أُوْلَئِكَ يَرْجُونَ رَحْمَتَ اللّهِ وَاللّهُ غَفُورٌ رَّحِيمٌ۝** ဇကန်ပင် ယုံကြည်သောသူ၊ ထို့နောက် ပြောင်းရွှေ့ခဲ့ရ၍ ပရမတ်ဘုရားရှင်၏ လမ်းစဉ်၌ အားစိုက်ဆောင်ရွက်သော သူတို့သည်[၁၅၀] ပရမတ်ဘုရားရှင်၏ ကရုဏာတော်ကို မျှော်ကိုးကြကုန်၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၂၁၉။	**يَسْأَلُونَكَ عَنِ الْخَمْرِ وَالْمَيْسِرِ قُلْ فِيهِمَا إِثْمٌ كَبِيرٌ وَمَنَافِعُ لِلنَّاسِ وَإِثْمُهُمَآ أَكْبَرُ مِن نَّفْعِهِمَا وَيَسْأَلُونَكَ مَاذَا يُنفِقُونَ قُلِ الْعَفْوَ كَذَلِكَ يُبيِّنُ اللّهُ لَكُمُ الآيَاتِ لَعَلَّكُمْ تَتَفَكَّرُونَ۝** ယစ်မှုခြင်းနှင့် လောင်းကစားခြင်း အကြောင်းကို မေးကြသူတို့အား၊ ဟောပြောလော့ ‘‘ထိုနှစ်မျိုးလုံးတွင် ကြီးသော အကုသိုလ်ရှိ၏၊ လူသားတို့အတွက် အကျိုးရှိသော်လည်း[၁၅၁] ၎င်းတို့၏ အကုသိုလ်မှာ အကျိုးတရားထက် ပို၍ ကြီး၏၊’’ ‘‘မည်သည်ကို စွန့်လှူသုံးစွဲရမည်နည်း၊’’ဟု မေးလာသူတို့အား၊ ‘‘ခွင့်လွှတ်လိုက်ကြ၊’’ဟု ပြန်ပြောလော့။ ဤသို့ပင် ပရမတ်ဘုရားရှင်သည် သင်တို့ စဉ်းစားသုံးသပ်နိုင်ရန် အလို့ငှာ သုတ်ဒေသနာများကို ရှင်းလင်းထင်ရှားစေ၏။
၂၂၀။	**فِي الدُّنْيَا وَالآخِرَةِ وَيَسْأَلُونَكَ عَنِ الْيَتَامَى قُلْ إِصْلاَحٌ لَّهُمْ خَيْرٌ وَإِنْ تُخَالِطُوهُمْ فَإِخْوَانُكُمْ وَاللّهُ يَعْلَمُ الْمُفْسِدَ مِنَ الْمُصْلِحِ وَلَوْ شَاء اللّهُ لأَعْنَتَكُمْ إِنَّ اللّهَ عَزِيزٌ حَكِيمٌ۝** ပစ္စုပ္ပန် အနာဂါတ်၌။ မိဘမဲ့တို့နှင့် စပ်လျဉ်း၍ မေးကြသူတို့အား၊ ဟောပြောလော့ ‘‘သူတို့အတွက် ပြုပြင်ပေးခြင်းသည် ကောင်း၏၊ သူတို့နှင့် ပူးပေါင်းကြလျှင် သင်တို့၏ သားချင်းများ ဖြစ်ကြ၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည်

---

(၁၅၀) **جَاهَدُواْ** (ဂျာဟီဒူး) ဂျီဟဒ်–၏ ပကတိ အဓိပ္ပါယ်မှာ ‘‘မဆုတ်မနစ်သောဇွဲ’’ ‘‘အားစိုက်ဆောင်ရွက်မှု’’ဟု ဖြစ်ပေသည်။ ၎င်းကို အစွန်လာမ် ဆန့်ကျင်ရေး ဆရာတော်ကြီးများက ‘‘သာသနာပြုစစ်’’ဟု ဘာသာပြန်ဆို ဝါဒဖြန့်ချီ ကြပေသည်၊ ထိုဘာသာပြန်ကို မှီငြမ်းမိ၍ သို့မဟုတ် ထိုစာပေများ၏ သြဇာမိ၍ ကျမ်းတော်အား ဘာသာပြန်ဆိုကြသော အစွန်လာမ်သာသနာဝင် ဆရာတော်ကြီး တချို့ကလည်း သာသနာပြုမှ ‘‘ပြု’’ကို ဖြုတ်၍‘‘သာသနာ့ စစ်’’ဟု ဘာသာပြန်ဆို ထားကြောင်း ဝမ်းနည်းစွာ တွေ့ရပေသည် (၅း၃၅ တွင် ကြည့်ပါ)။ ဂျီဟဒ် ဆိုသော အသုံးအနှုံးသည် အစွန်လာမ် သာသနာ စတင်ချိန် အေဒီ ၅၇၀– ၆၀၀ ကတည်းက ကျမ်းတော်တွင် ပါရှိပြီး ဖြစ်သော်လည်း ဤစကားလုံး၏ အဓိပ္ပါယ်အား ‘‘သာသနာပြုစစ်၊ သို့မဟုတ် သာသနာ့စစ်’’ဟု နားလည်ခံစားမှုမှာ အေဒီ ၈၀၀ကျော် ပထမ ကရူးဆိတ် စစ်ပွဲကာလတွင်မှ စတင်ခဲ့ခြင်း ဖြစ်ပေသည်။ ထိုခေတ် ထိုအခါက အစွန်လမ်တို့အား တိုက်ခိုက်ခဲ့သူများ၏ ဘက်မှ ‘‘ကရူးဆိတ်’’ (သာသနာပြုခြင်း)ဟု ကြေငြာကာ တိုက်ခိုက်ခဲ့ခြင်း ဖြစ်၍ ထိုစစ်ပွဲတွင် လက်နက်အင်အား လူအင်အား၊ ငွေကြေးအင်အား၊ နည်းပညာအင်အား မမျှသော ရန်သူများကို အစွန်လာမ် သာသနာဝင်များက ‘‘မဆုတ်မနစ် ဇွဲလုံ့လ (ဂျီဟဒ်)’’ ဖြင့် ပြန်လည် ခုခံရခြင်းသာ ဖြစ်ပေသည်။ ကျူးကျော်သူများ၏ ဘက်မှ ဝါဒဖြန့်ချီမှု အားကောင်းသောကြောင့် သူတို့ စကားလုံး ကရူးဆိတ် (သာသနာပြုခြင်း)ကို ကမ္ဘာက မသိခဲ့ဘဲ၊ အစွန်လာမ်တို့၏ စကားလုံး မဆုတ်မနစ် (သောဇွဲ) ဂျီဟဒ်ကိုသာ သာသနာပြု စစ်ဟု ပြောင်းပြန် နားလည်ထားကြသည်မှာ ဝမ်းနည်းစရာပင်။ မည်သို့ပင် ဖြစ်စေ ယခုခေတ်တိုင် သူတို့၏ သာသနာပြု အစုအဖွဲ့လေးများ၏ လှည့်လည် သာသနာပြုခြင်း၊ သာသနာသင်ယူခြင်းကို **ကရူးဆိတ်**ဟု ခေါ်နေသေး၏၊ ဆိုသည်မှာ ထိန်ဝှက် ထား၍မရပေ။

(၁၅၁) အစွန်လာမ်သာသနာ၏ ပညတ်တော်တိုင်းသည် ယုတ္တိဗေဒ ရှိပြီး၊ ပြေပြစ်သော အဓိပ္ပါယ်ကို ဆောင်လျက်ရှိပေသည်။ ယစ်မူးခြင်းနှင့် လောင်းကစားမှုများကို မသုံးဆောင် မမှီဝဲရဟု ပညတ်ထားသည်တွင်ပင်၊ ထိုအရာများ၌ အဆိုးတရားချည်း သက်သက်ရှိနေသည်ဟု တဖက်သတ်ပြောမထားချေ။ ထိုအရာများ၌ အကျိုးတရား ရှိနေ၏၊ သို့သော် အဆိုးတရား (အကုသိုလ်)က ပို၍ကြီးမား၏ ဟုသာ ဆိုထားပေသည်။ ပညာရှင်များ အနေဖြင့် ဤဥပဒေ၏ လှပမှုကို နားလည်နိုင်ပေသည်။

	အဖျက်ကောင်နှင့် ပြုပြင်သူများကို သိနေတော်မူ၏၊ ပရမတ်ဘုရားရှင်သည် စံချိန်အလျောက် သင်တို့အား စိတ်ပင်ပန်းစေနိုင်၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်၏။''
၂၂၁။	**وَلاَ تَنكِحُواْ الْمُشْرِكَاتِ حَتَّى يُؤْمِنَّ وَلأَمَةٌ مُّؤْمِنَةٌ خَيْرٌ مِّن مُّشْرِكَةٍ وَلَوْ أَعْجَبَتْكُمْ وَلاَ تُنكِحُواْ الْمُشْرِكِينَ حَتَّى يُؤْمِنُواْ وَلَعَبْدٌ مُّؤْمِنٌ خَيْرٌ مِّن مُّشْرِكٍ وَلَوْ أَعْجَبَكُمْ أُوْلَئِكَ يَدْعُونَ إِلَى النَّارِ وَاللّهُ يَدْعُوَ إِلَى الْجَنَّةِ وَالْمَغْفِرَةِ بِإِذْنِهِ وَيُبَيِّنُ آيَاتِهِ لِلنَّاسِ لَعَلَّهُمْ يَتَذَكَّرُونَ۞** ရောပြွန်းကိုးကွယ်သောသူမအား ယုံကြည်သူ မဖြစ်သ၍ မသိမ်းဆည်းကြကုန်နှင့်၊ သင်တို့ အံ့သြစေလောက်သော်လည်း ယုံကြည်သူ အိမ်ဖေါ်မသည် ရောပြွန်းကိုးကွယ်သူမထက် ပို၍ ကောင်း၏၊ ရောပြွန်းကိုးကွယ်သောသူဖြင့်–သူသည် ယုံကြည်သူ မဖြစ်သ၍ မသိမ်းဆည်းစေနှင့်၊ သင်တို့ အံ့သြစေလောက်သော်လည်း ယုံကြည်သူ ဝန်ထမ်းသည် ရောပြွန်းကိုးကွယ်သူထက် ပို၍ ကောင်း၏၊ သူတို့သည် အပူမီးထဲသို့ ဖိတ်ခေါ်နေကြ၏၊ ပရမတ်ဘုရားရှင်သည်ကား သုခဘုံနှင့် လွတ်ငြိမ်းခွင့်ဆီသို့ အရှင့်ခွင့်ပြုချက်အလျောက် ဖိတ်ခေါ်နေ၏၊ လူသားတို့အတွက် ဆင်ခြင် သတိရှိစေအံ့ငှာ သုတ်ဒေသနာများကို ရှင်းလင်းစေတော်မူပြီ။[၁၅၂]
၂၂၂။	**وَيَسْأَلُونَكَ عَنِ الْمَحِيضِ قُلْ هُوَ أَذًى فَاعْتَزِلُواْ النِّسَاء فِي الْمَحِيضِ وَلاَ تَقْرَبُوهُنَّ حَتَّىَ يَطْهُرْنَ فَإِذَا تَطَهَّرْنَ فَأْتُوهُنَّ مِنْ حَيْثُ أَمَرَكُمُ اللّهُ إِنَّ اللّهَ يُحِبُّ التَّوَّابِينَ وَيُحِبُّ الْمُتَطَهِّرِينَ۞** ရာသီပန်းအကြောင်းအား မေးကြသူတို့အား၊ ဟောပြောလေ့ ''၎င်းသည် ကိုယ်စိတ်နာကျင်မှုဖြစ်၏၊''[၁၅၃] ရာသီပန်းပွင့်ချိန်၌ အမျိုးသမီးများမှ ခွာ၍ နေကြလော့၊ ပြန်လည်သန့်စင်သည်အထိ သူမတို့ထံ မချဉ်းကပ်ကြနှင့်၊ သန့်စင်သောအခါ ပရမတ်ဘုရားရှင်၏ ညွှန်ကြားထားသည့် အတိုင်း သူမတို့ ရှိနေရာသို့ ဝင်နိုင်ကြ၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ခဝါချသူများကို နှစ်သက်၏၊ သန့်စင်သူများကို နှစ်သက်တော်မူ၏။
၂၂၃။	**نِسَآؤُكُمْ حَرْثٌ لَّكُمْ فَأْتُواْ حَرْثَكُمْ أَنَّى شِئْتُمْ وَقَدِّمُواْ لأَنفُسِكُمْ وَاتَّقُواْ اللّهَ وَاعْلَمُواْ أَنَّكُم مُّلاَقُوهُ وَبَشِّرِ**

---

(၁၅၂) အစ္စလာမ်သာသနာ၌ အိမ်ထောင်ဘက် ပေါင်းသင်းခွင့် ဖြစ်သော ဤသုတ်တော်ကို ဘာသာတရားတို့၌ မနှံ့စပ်သူများက အစ္စလာမ် သာသနာဝင်တို့သည် လူမျိုးရေး ခွဲခြားသည် အယူသည်းကြသည်ဟု စွပ်စွဲပြစ်တင် ကြပေသည်။ အစ္စလာမ်သည် လူသားချင်း အကြား ပဋိပက္ခကို အတတ်နိုင်ဆုံး ရှောင်ကြဉ်စေပေသည်။ အယူအဆ ညီမရအောင် ကွဲပြားသူနှင့် အိမ်ထောင်ဘက် အဖြစ် ပေါင်းသင်းလျှင် နှစ်ဘက်သော မိဘ ဆွေမျိုးများ၏ ပရောဂကြောင့် အိမ်ထောင်ပျက်နိုင်သည် ကွဲကွာရနိုင်သည်၊ ထိုအခါ အပြစ်မဲ့သော သားသမီးများ၏ ဘဝမှာ မျက်နှာငယ်ရပေတော့မည်၊ ထို့ကြောင့် ဤသုတ်တော်က အိမ်ထောင်မပြုမီ အလျင် ညှိခိုင်းခြင်းသာ ဖြစ်ပေသည်၊ မည်သည့် လူမျိုးကြောင့် လုံးဝ အိမ်ထောင် မပြုရဟု ယတိပြတ် တားမြစ်ထားခြင်း မဟုတ်ပေ၊ အယူအဆ တူညီသွားလျှင် အိမ်ထောင်ပြုခွင့် ရှိပေသည် (ဖဝ်း၁၀)။ ထို့အပြင် ဤသုတ်တော်တွင် ပြောသော ရောပြွန်း ကိုးကွယ်သူများ ဆိုသည်မှာ ဘာသာ မတူသူ အားလုံးကို မဆိုလိုပေ၊ အစ္စလာမ်သာသနာက လူသား အချင်းချင်း ဘာသာ မတူလင့် ကစား အယူသန့်သူများကို တန်ဘိုးထားပေသည်၊ ''ရှေ့ကျမ်းရသူများမှ အိန္ဒြေရှိသူ အမျိုးသမီးများကို အစ္စလာမ်သာသနာမှ အိန္ဒြေရှိသူ အမျိုးသမီးများနှင့် တပြေးညီ သတ်မှတ်ပေသည်'' (၅း၅)။ ဤသို့ ဘာသာမတူသူများ အပေါ်တွင် အိမ်ထောင်ပြုမှုနှင့် ပတ်သက်၍ ပြဋ္ဌာန်းသော သုတ်တော်များကို မသိဘဲလျက် သမ္မာကျမ်းစာပါ ''သူတို့ (ဘာသာမတူသူများ)နှင့် စုံဘက်ခြင်းကို မပြုရ'' တရားဟောရာကျမ်း ဂုဏ နှင့် ''မယုံကြည်သော သူတို့နှင့် တွဲဘက်၍ ဆန့်ကျင်ဘက် ဖြစ်သော ထမ်းပိုးကို မထမ်းကြနှင့်'' (၃)ကောရိန္တ၊ ၆း၁၄။ ဟူသည်များကို အစ္စလာမ်ကျမ်းစာက သွန်သင်သယောင် ထင်မှတ်နေခြင်းမှာ ဝမ်းနည်းဘွယ်ရာ ဖြစ်ပေသည်။ ယုံကြည်သူများက ရောပြွန်းကိုးကွယ်သူများထက် ပိုမိုကောင်းသည် ဆိုခြင်းမှာလည်း အခြားသူတစ်ဦး၏ ကိုးကွယ်ယုံကြည်မှုကို စော်ကားခြင်း မဟုတ်ပေ။ အယူမသန့်ဘဲလျက် ထင်ယောင်ထင်မှားကို ဘုရားရှင်အစား တွဲဘက်၍ ကိုးကွယ်ခြင်းကို မည်သည့် ဘာသာတရားကမှ ခွင့်မပြုပေ၊ ဗုဒ္ဓဘာသာတွင်လည်း ထိုသို့ ရောပြွန်းကိုးကွယ်ခြင်းကို ဘေးကင်းသော ကိုးကွယ်မှု မဟုတ် ဒုက္ခ ခပ်သိမ်းမှ မလွတ်မြောက်နိုင်ဟု ပွင့်လင်းစွာပင် ဆိုထားပေသည်၊ ဓမ္မပဒ (၁၈၈)။

(၁၅၃) **ဒၠံ အဿမ်** ဆိုသည်မှာ ဒဏ်ရာအသေးစား၊ စိတ်ဖိစီးသည်ဟု အနက်ရပေသည်။ ရာသီကာလတွင် အမျိုးသမီးများ ကိုယ်ခန္ဓာ နာကျင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ မကြည်မလင် ဖြစ်မှုများကြောင့် ''သူမတို့နှင့် ခွာ၍နေလော့'' – အလိုက်အထာကြည့်နေလော့ ဟု သွန်သင်ထားခြင်း ဖြစ်သည်။ ထို့ပြင် ကာမဆက်ဆံခြင်း မပြုကြနှင့်ဟု ယဉ်ကျေးစွာ ပြောဆိုခြင်း ဖြစ်၍ သူမတို့နှင့် မထိရ မတို့ရ တစ်အိပ်ယာထဲ၌ မအိပ်ရ မတူမတန် စွန့်ပစ်ထားရမည်ဟု ဆိုလိုခြင်း မဟုတ်ချေ။

	الْمُؤْمِنِينَ۝ အမျိုးသမီးများသည် သင်တို့အဘို့ စိုက်ပျိုးမြေများ ဖြစ်၏၊ သင်တို့၏ စံချိန်အလျောက် ဝင်ရောက် ထွန်ယက်စိုက်ပျိုးကြကုန်၊ သင်တို့၏ ဉာဉ်စရိုက်အတွက် စုံရပ်ခံကြလော့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ သင်တို့သည် အရှင်နှင့် ဆုံတွေ့ရမည်ကို သိကြကုန်လော့၊ ယုံကြည်သူများအား သတင်းကောင်းကိုပါးလော့။ [၁၅၄]
၂၂၄။	**وَلاَ تَجْعَلُواْ اللّهَ عُرْضَةً لِّأَيْمَانِكُمْ أَن تَبَرُّواْ وَتَتَّقُواْ وَتُصْلِحُواْ بَيْنَ النَّاسِ وَاللّهُ سَمِيعٌ عَلِيمٌ۝** လူသားများအကြား သင်တို့၏ ကုသိုလ်ကောင်းမှု၊ စည်းစောင့်မှု၊ ပြုပြင်မှုများကို ပရမတ်ဘုရားရှင်ထံ၌ ဘောင်ဝင်ရန် အတင်း မစီစဉ်ကြနှင့်၊ ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် သိနေသောအရှင် ဖြစ်၏။[၁၅၅]
၂၂၅။	**لاَّ يُؤَاخِذُكُمُ اللّهُ بِاللَّغْوِ فِيَ أَيْمَانِكُمْ وَلَكِن يُؤَاخِذُكُم بِمَا كَسَبَتْ قُلُوبُكُمْ وَاللّهُ غَفُورٌ حَلِيمٌ۝** ပရမတ်ဘုရားရှင်သည် သင်တို့၏ ပွစိပွစိ အားစိုက်မှုအား အရေးယူမည် မဟုတ်၊ နှလုံးလှိုက်လဲ ကျင့်ဆောင်မှုကို အရေးယူတော်မူမည်၊ ပရမတ်ဘုရားရှင်သည်ကား လွတ်ငြိမ်းစေသော အရှင် နူးညံ့သိမ်မွေ့သော အရှင် ဖြစ်၏။[၁၅၆]
၂၂၆။	**لِّلَّذِينَ يُؤْلُونَ مِن نِّسَآئِهِمْ تَرَبُّصُ أَرْبَعَةِ أَشْهُرٍ فَإِنْ فَآؤُوا فَإِنَّ اللّهَ غَفُورٌ رَّحِيمٌ۝** ဇနီးမိန်းမထံသို့ မသွားလာပါဟု ကိုးထားသော သူသည်[၁၅၇] လေးလ စောင့်ဆိုင်းရမည်။ ထို့နောက် ပြန်ယိမ်းညွတ်လျှင် ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၂၂၇။	**وَإِنْ عَزَمُواْ الطَّلاَقَ فَإِنَّ اللّهَ سَمِيعٌ عَلِيمٌ۝** အကယ်၍ ကွာရှင်းမှုကို[၁၅၈] ဆုံးဖြတ်ကြလျှင် ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် သိနေသော အရှင် ဖြစ်၏။

---

(၁၅၄) ဤသုတ်တော်ပါ ပြဋ္ဌာန်းချက် ဖြစ်သည့် ''သင်တို့ စံချိန်အလျောက် ဝင်ရောက်ကြကုန်၊'' ဆိုသည်ကို အခွင့်ကောင်းယူ၍ မဘွယ်မရာသော သဘာဝတရားနှင့် ဆန့်ကျင်သည့် ပေါင်းသင်းဆက်ဆံခြင်းကို အစွဲလာမ် သာသနာက ခွင့်မပြုချေ။ ၎င်းကို သုတ်နံပါတ်တော် (၂၂၂)တွင် ''ပရမတ်ဘုရားရှင်၏ မိန့်ညွှန်ထားသည့်အတိုင်း သူမတို့ထံ သွားလာနိုင်၏''ဟူသော ဥပဒေက ရှင်းလင်းပြီးသားပင်၊ လူသား၏ အဂီါ အစိတ်အပိုင်းများသည် သူ့နေရာနှင့်သူ စည်းစနစ်တကျ အသုံးပြုနိုင်ရန် ပြဋ္ဌာန်းထားပြီး ဖြစ်သည်၊ အရာဝတ္ထုများအား ကြည့်မြင်နိုင်ရန် ပြဋ္ဌာန်းထားသော မျက်လုံးအစုံအား ပါးစပ်၏ တာဝန်ကိုထမ်းဆောင်စေရန် တစ်စုံတရာအား စားခိုင်း၍ မရပေ၊ အလားတူပင် သတ်မှတ်ထားသော အဂီါ အစိတ်အပိုင်းများသည် သူ့နေရာနှင့်သူသာ အသုံးပြုရမည်မှာ နည်းနာစည်းကမ်း သတ်မှတ်ချက်ပင် ဖြစ်ပေသည်။

(၁၅၅) အလွန်လှပသော သွန်သင်ချက်ပင်၊ မိမိတို့ ကောင်းမှုပြုခဲ့ခြင်းများကို အခွင့်အရေး အဖြစ် အသုံးချလျက် ပရမတ်ဘုရားရှင်ထံ၌၊ သာသနာ့ဥပဒေ၌ ဘောင်ဝင်စေရန် အတင်းလုပ်ယူခြင်းအား တားမြစ်ခြင်းဖြစ်သည်။ ကောင်းမှုပြုခြင်းသည် အခွင့်အရေးယူရန် မဟုတ်ပေ။ ဆက်လက် ဖော်ပြသည့် သုတ်တော်များမှ လင်မယား ကွာရှင်းမှု၌ မဆီလျော်သြဇာများသုံးလျက် အားစိုက်မှုများအား တားမြစ်ခြင်းပင် ဖြစ်သည်။

(၁၅၆) ဤသုတ်တော်ပါ ပွစိပွစိ အားစိုက်မှု ဆိုသည်မှာ ရည်ရွယ်မရှိဘဲ ကျိန်ဆိုခြင်းကို ဆိုလို၍ နှလုံးလှိုက်လဲ ကျင့်ဆောင်မှု ဆိုသည်မှာ ရည်ရွယ်ချက် ရှိရှိဖြင့် ကျိန်ဆိုခြင်းကို ဆိုလိုပေသည်။

(၁၅၇) **يُؤْلُونَ يلوءون** သည် ကျေးဇူးပြုခြင်း၊ ဆုပေးမည်ဟု ထုတ်ပြန်ခြင်း ဟု အနက်ပေးသော **أ ل و** **အလဝ** မှ ဆင့်ပွားခြင်း ဖြစ်၍ တစ်စုံတစ်ယောက်အား အကိုးထိုးသည်ဟု ဖြစ်သည်၊ ဤနေရာ၌ ဇနီးမိန်းမထံ မသွားတော့ပါ ဟု တိုင်တည်ကျိန်ဆိုခြင်းဟု အနက်ပေးသည်။ အစွဲလာမ် သာသနာ မထွန်းကားမီ ကာလက အာရဗ်လူမျိုးများသည်၊ ထိုသို့သော ကျိန်ဆိုမှုများကို မကြာခဏ ကြိမ်ဆို လေ့ရှိကြပြီး ကာလ အပိုင်းအခြား သတ်မှတ်မှု မရှိချေ။ အမျိုးသမီးများ အနေဖြင့် ခြေချုပ်ကျ သလိုဖြစ်နေရပြီး နောက်အိမ်ထောင် ပြုခွင့်လည်း မရှိချေ။ ထိုသို့သော ဆိုဝါးသည့် ဓလေ့ထုံးတမ်းထဲ၌ ရှင်သန်နေရသော အမျိုးသမီးများကို ကျမ်းမြတ်ကုရ်အာန်က ဤဥပဒေအားဖြင့် လွတ်လပ်ခွင့် ပေးလိုက်ပေသည်၊ ရည်ရွယ်ချက် ရှိရှိဖြင့် ထိုကဲ့သို့ ကျိန်ဆိုလျှင် လေးလအတွင်း ယောကျ်ားဖြစ်သူက ပြန်ပေါင်းနိုင်ပြီး၊ လေးလကျော်လျှင် အလိုအလျောက် တရားဝင် ကွာရှင်းပြတ်စဲပြီး ဖြစ်ပေသည်၊ အမျိုးသမီး အနေဖြင့်လည်း လွတ်လပ်သော အမျိုးသမီး ဖြစ်သွားလေပြီ။ ဤစောင့်ဆိုင်း ရသောလေးလ ကာလသည် ယာယီ ကင်း နေသောကာလ ဖြစ်ပေသည်။

(၁၅၈) ပုံစံ ၄ မျိုးဖြင့် ကျမ်းတော်တွင် ၂၃ ကြိမ် ဖော်ပြသော ရင်းမြစ် **طَ ل ق** **တွလက** မှ ဆင့်ပွားသည့် **الطَّلاَق တွလာ့က်** ၏ အဓိပ္ပါယ်မှာ''သူမသည် သူမ၏ လမ်းကို လွတ်လပ်စွာ သွားနိုင်သည် သို့မဟုတ် သူမ၏ ခင်ပွန်း ထံမှ သီးခြား ဖြစ်သည်''ဟု ဖြစ်သည်။ ဤကွာခြင်းမှုသည် ယာယီ စောင့်ဆိုင်းရသော ကာလပြီးမှ ဆုံးဖြတ်ရမည် ဖြစ်သည်၊ အကယ်၍ အမျိုးသား အနေဖြင့် မတော်မတရား ကြံစည် ကျင့်ဆောင်လေလျှင် အပြစ်ခံရမည် ဖြစ်သည်၊ ၎င်းကို ''ပရမတ်ဘုရားရှင်သည် ကြားနေသော အရှင် သိနေသောအရှင်''ဟု ခိုင်မာစွာ သတိပေးထားပေသည်။ အခြေအနေ

၂၂၈။	**وَالْمُطَلَّقَاتُ يَتَرَبَّصْنَ بِأَنفُسِهِنَّ ثَلَاثَةَ قُرُوَءٍ وَلَا يَحِلُّ لَهُنَّ أَن يَكْتُمْنَ مَا خَلَقَ اللَّهُ فِي أَرْحَامِهِنَّ إِن كُنَّ يُؤْمِنَّ بِاللَّهِ وَالْيَوْمِ الْآخِرِ وَبُعُولَتُهُنَّ أَحَقُّ بِرَدِّهِنَّ فِي ذَٰلِكَ إِنْ أَرَادُوا إِصْلَاحًا وَلَهُنَّ مِثْلُ الَّذِي عَلَيْهِنَّ بِالْمَعْرُوفِ وَلِلرِّجَالِ عَلَيْهِنَّ دَرَجَةٌ وَاللَّهُ عَزِيزٌ حَكِيمٌ** ۝ ကွာရှင်းခံ အမျိုးသမီးသည် ခမ္မတာသုံးကြိမ်အထိ[၁၅၉] မိမိကိုယ်မိမိ စောင့်ဆိုင်းရမည်၊ ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သက်ဝင်ကြလျှင် သူမတို့၏ ဝမ်းကြောတိုက်၌ ပရမတ်ဘုရားရှင်၏ ဖြစ်တည်ပေးမှုကို ထိန်ဝှက်ထားခြင်းမှာ တရားမဝင်ပေ။[၁၆၀] သူမတို့၏ လင်ယောကျ်ားများက ပြုပြင်မှုကို လိုလားကြလျှင် ထိုအတောအတွင်း ပြန်လည်ပေါင်းစည်းခြင်းမှာ ပို၍မှန်ကန်၏။ သူမတို့အား အလားတူ အသိအမှတ်ပြုရမည်။[၁၆၀] အမျိုးသားများတွင် သူမတို့ထက် အခွင့်အလမ်း ပိုရှိ၏။[၁၆၂] ဇောနပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင်၊ ခမ္မသတ်ရှင် ဖြစ်တော်မူ၏။

တစ်ရပ်ပေါ်၌ လင်မယား ကွာရှင်းမှုကို တားဆီး ပိတ်ပင်ထား၍ မရချေ။ ဤအချက်ကို ကျမ်းတော်၏ "၃၃း၃၇ တွင် ဇိုက်ဒ်နှင့် သူ၏ ဇနီးသည်အား ကွဲကွာမည်ကို စိုးရိမ်သောကြောင့် ကိုယ်တော်မုဟမ္မဒ်က ဖျောင်းဖျခဲ့ပေသည်၊ သို့သော် ပရမတ်ဘုရားရှင် ကိုယ်တော်တိုင် ကွာရှင်းမှုကို အတည်ပြုပေးခဲ့ပေသည်၊" ဟု ဆိုခြင်းက ထောက်ပြထားပေသည်။ သို့သော် ကျမ်းတော်က မိန့်ဆိုသော လင်ခန်းမယားခန်း ကွာရှင်းပြတ်စဲမှုကို ရိုးရာယဉ်ကျေးမှုများဖြင့် ဖုံးဖိမထားသင့်ပေ။

(၁၅၉) ဤ ခမ္မတာသုံးကြိမ် စောင့်ဆိုင်းရမည် ဆိုသည်မှာ အစွယ်လာမ် ဥပဒေအရ လင်မယားကွာရှင်းရန် လိုက်နာရမည့် ပထမ ဥပဒေ ဖြစ်သည်။ အကယ်၍ ခမ္မတာ မပွင့်သော သူမများမှာ သုံးလ စောင့်ဆိုင်းရပေမည်၊ (၆၅း၄)။ ဤနေရာတွင် သုံးသော قُرُوء ခမ္မတာ ဆိုသည့် စကားလုံးသည် ရွှတ်ဖတ်သည်ဟု အနက်ပေးသော أ ر ق ء ဆင့်ပွားခြင်း ဖြစ်၍ – ရက်ကို သေချာ ရွှတ်ဖတ်ရေတွက်ခြင်းဟု ဖြစ်သည်။ ထို့ကြောင့် ရက်ကို သေချာ ရေတွက်ရမည် ဖြစ်သည်။ ထိမ်းမြားပြီးသော်လည်း မပေါင်းသင်းရသေးသော အမျိုးသမီးများမှာ စောင့်ဆိုင်းရန် မလိုချေ။ (၃၃း၄၉)။ ဤစောင့်ဆိုင်းနေရသော ကာလအတွင်း အမျိုးသမီးတို့အား မတရားသဖြင့် လက်လွတ်စပယ် မောင်းထုတ်ခွင့် မရှိချေ။ သူမတို့အား ရာသီပန်း သုံးကြိမ်ပွင့်ပြီးသည် အထိ မိမိ၏ ညီမရင်း တစ်ယောက်ကဲ့သို့ ပြုစုစောင့်ရှောက်ထားရပေမည်၊ သို့သော် နောက်မီးလင်းသော၊ ဖေါက်ပြန်သော အမျိုးသမီးများအား ထိုအခြေအနေမှ ခွင်းချက် ဖြစ်သည်၊ (၆၅း၁)။ ထိုသို့ ဖေါက်ပြန် လော်မာမှု မရှိဘဲ လူသားတို့၏ သဘာဝ စိတ်ကောက် စိတ်ဆိုးပြီး ခွဲခွာသွားလိုခြင်း ဖြစ်လျှင် အသွားလွန် အပြန်ခက်နိုင်ပေသည်၊ ထို့ကြောင့် ထိုအခြေအနေ၌ စိတ်အလို လိုက်ခွင့် မပြုရချေ။ (၆၅း၁)။ လင်ယောကျ်ား ဖြစ်သူသည် စိတ်စေတနာ ဖြူစင်စွာဖြင့် ပြုစုစောင့်ရှောက်ထားရမည် ဖြစ်သည်။ ဤပထမ အဆင့် ကာလတွင် ထိုသို့ရင်းနှီးစွာ နေထိုင်ခြင်းဖြင့် မလိုအပ်ဘဲ လင်မယားကင်းကွာ အိမ်ထောင်ပျက်ရခြင်းမှ ကင်းလွတ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအတောအတွင်းတွင် ဇနီးမောင်နှံ ကြည်ဖြူ၍ ပြန်လည် ပေါင်းသင်းလိုက ပေါင်းသင်းနိုင်ကြောင်း ဤသုတ်တော်ပင် ဆိုထားသည်။

(၁၆၀) အမျိုးသမီး၌ ကိုယ်ဝန်ရှိလျှင် ထို ကိုယ်ဝန်အား ထိန်ဝှက်ထားခွင့် မရှိချေ။ အကယ်၍ ကိုယ်ဝန်ရှိနေခဲ့သော် သူမတို့၏ စားဝတ်နေရေးကို ယောကျ်ားဖြစ်သူက တာဝန်ယူ ဖြေရှင်းရမည်၊ (၆၅း၅)။ မွေးလာသောကလေးနှင့် ကလေးကို စောင့်ထိန်းရသော မိခင်၏ တာဝန်ကို ယောကျ်ား ဖြစ်သူက တာဝန်ယူရမည်၊ (၂း၂၃၃) ယောကျ်ားတစ်ဦး အနေဖြင့် နောက်အိမ်ထောင်ပြုလိုဇောဖြင့် ကွာရှင်းလိုက်သော အမျိုးသမီး အပေါ်၌ တာဝန်ဖျက်ကွက်ခွင့် လုံးဝ မရှိချေ။

(၁၆၁) "သူမတို့အား အလားတူ အသိအမှတ်ပြုရမည်" ဆိုခြင်းမှာ လင်မယား ကွာရှင်းခြင်း၊ ပြန်လည် ပေါင်းသင်းခြင်းများတွင် ယောကျ်ား ဘက်ကချည်း တဖက်သတ် မဟာဖိဝါဒကို လက်ကိုင်ထားခွင့် မရှိချေ။ ထိုအခွင့်အရေးများတွင် အမျိုးသားနှင့် အမျိုးသမီးများမှာ တန်းတူ အခွင့်အရေး ရှိသည်ဟု တိကျစွာ ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။ အမျိုးသမီးများအား ကျေးကျွန်များသဖွယ်၊ တိရိစ္ဆာန်များသဖွယ် သဘောထားသော အာရဗ်တို့၏ အရိုးစွဲ ယဉ်ကျေးမှုကို ဤဥပဒေအားဖြင့် ချေမှုန်းပစ်လိုက်ပေသည်။ ဤကဲ့သို့ အခွင့်အရေးကို ကမ္ဘာပေါ်ရှိ မည်သည့် ဘာသာရေး ကျမ်းစာတွင်မှ မတွေ့ရပေ။ ဤသည် အစွယ်လာမ် ဥပဒေ လင်မယားကွာရှင်းခန်း၏ ဒုတိယ ဥပဒေသ ဖြစ်ပေသည်။

(၁၆၂) دَرَجَةٌ ဒရိဂျားတွန် ဆိုသည်မှာ ဆောင်ရွက်နိုင်စွမ်း အဆင့် ပိုရှိသည်ဟု ဖြစ်ပေသည်။ ဤစကားလုံးသည် ယောကျ်ားက မိန်းမထက် ပို၍ မြင့်မြတ်သည် ဟူသည့် အယူအဆကို မပေးသည့်အပြင်၊ သဘာဝတရားကို အံတု၍ မိန်းမနှင့် ယောကျ်ားသည် အရာရာတွင် တူညီသည် ဟူသော ခေတ်ကြိုက် အဓိပ္ပါယ်ကိုလည်း မဆောင်ပေ။ လူအခွင့်အရေးနှင့် ပတ်သက်၍ အစွယ်လာမ်သာသနာက လိင် မခွဲဘဲလျက် တန်းတူ အခွင့်အရေးကို ပေးပေသည်။ အစွယ်လာမ်အား ပုတ်ခေတ် သရော်သော ဘာသာတရားများတွင် ဤသို့တန်းတူ အခွင့်အရေး ပေးထားသည်ကို မတွေ့ရချေ။ သို့သော် သဘာဝ၊ စိတ်နေစိတ်ထားနှင့် ခန္ဓာကိုယ် ဖွဲ့စည်းမှုများအရ မိန်းမနှင့် ယောကျ်ားမှာ အလိုအလျောက် ကွဲပြားပြီးသား ဖြစ်ပေသည်။ ဤ လင်မယား ပေါင်းစည်းမှုတွင် အမျိုးသား ဖြစ်သူဘက်မှ အခြေအနေအရ ဖန်တီးပိုင်ခွင့် အခွင့်အလမ်းမှာ အမျိုးသမီးထက် ပိုများပေသည်။ ကွဲလုကွဲခင် အိမ်ထောင်တစ်ခုအား ပြန်လည်ပေါင်းစည်းရေး အတွက် အမျိုးသမီးဘက်မှ ဆောင်ရွက်ပိုင်ခွင့်မှာ၊ ပတ်ဝန်းကျင် အခြေအနေ၊ မိန်းမ သဘာဝ စိတ်နေ စိတ်ထားအရ စိတ်ကောက်တတ်မှု၊ မည်မျှပင် ချစ်ခင်နှစ်သက်စေကာမူ ယောကျ်ားဖြစ်သူအား ပြန်မချော့လိုမှုများ ရှိနေပေသည်၊ ထိုအခြေအနေတွင် လင်မယား ပြန်လည် ပေါင်းသင်းရေးအတွက် ဆောင်ရွက်ရမည့် အခွင့်အရေးမှာ အမျိုးသားဘက်က ပိုမို အခွင့်ရှိနေပေသည်။ တနည်းအားဖြင့် "အမျိုးသား၌ ပြန်လည် ကမ်းလှမ်းရန် ပို၍ တာဝန်ရှိပေသည်၊" (၄း၃၄ တွင် ကြည့်ပါ)။

၂၂၉။ ☆၆၀း၁၀	**الطَّلَاقُ مَرَّتَانِ فَإِمْسَاكٌ بِمَعْرُوفٍ أَوْ تَسْرِيحٌ بِإِحْسَانٍ وَلاَ يَحِلُّ لَكُمْ أَن تَأْخُذُواْ مِمَّا آتَيْتُمُوهُنَّ شَيْئًا إِلاَّ أَن يَخَافَا أَلاَّ يُقِيمَا حُدُودَ اللهِ فَإِنْ خِفْتُمْ أَلاَّ يُقِيمَا حُدُودَ اللهِ فَلاَ جُنَاحَ عَلَيْهِمَا فِيمَا افْتَدَتْ بِهِ تِلْكَ حُدُودُ اللهِ فَلاَ تَعْتَدُوهَا وَمَن يَتَعَدَّ حُدُودَ اللهِ فَأُوْلَئِكَ هُمُ الظَّالِمُونَ۞** ကွာရှင်းမှုသည် နှစ်ကြိမ် ဖြစ်နိုင်၏။[၁၆၃] ထို့နောက် အသိအမှတ်ပြု၍ ထိန်းထားရမည် သို့မဟုတ် တင့်တင့် တယ်တယ် လွှတ်လပ်ခွင့်ပေးရမည်။ ပရမတ်ဘုရားရှင်၏ စည်းမျဉ်းတော်များ၌ သူတို့နှစ်ဦး ရပ်တည်နိုင်မည် မဟုတ်ဟု စိုးရိမ်ရခြင်းမှအပ အမျိုးသမီးအား ပေးပြီးသည်မှ တစ်စုံတစ်ရာ ပြန်ယူခြင်းသည် တရားမဝင်ချေ။ သင်တို့သည် ပရမတ်ဘုရားရှင်၏ စည်းမျဉ်းတော်များကို ရပ်တည်ရန် စိုးရိမ်မကင်း ဖြစ်ခဲ့လျှင် အမျိုးသမီးဘက်မှ လျော်ကြေးပေးခဲ့သော် သူတို့နှစ်ဦးအား အပြစ်မတင်ထိုက်ပေ။☆ ဤသည် ပရမတ်ဘုရားရှင်၏ စည်းမျဉ်းတော်များပင် ဖြစ်၏။ ၎င်းတို့ကို စည်းမဖေါက်ကြနှင့်၊ ပရမတ်ဘုရားရှင်၏ စည်းမျဉ်းတော်များအား စည်းဖေါက်သူ– သူတို့သည် အမိုက်ကောင်များ ဖြစ်ကြ၏။
၂၃၀။	**فَإِن طَلَّقَهَا فَلاَ تَحِلُّ لَهُ مِن بَعْدُ حَتَّىَ تَنكِحَ زَوْجًا غَيْرَهُ فَإِن طَلَّقَهَا فَلاَ جُنَاحَ عَلَيْهِمَا أَن يَتَرَاجَعَا إِن ظَنَّا أَن يُقِيمَا حُدُودَ اللهِ وَتِلْكَ حُدُودُ اللهِ يُبَيِّنُهَا لِقَوْمٍ يَعْلَمُونَ۞** အကယ်၍ ကွာရှင်းပြီးလျှင် အခြား တွဲဘက် တစ်ဦးနှင့် ပေါင်းဘက်သည့်တိုင် သူ့အတွက် တရားမဝင်ပေ။[၁၆၄] တဖန် ခွဲခွာကြပြန်၍ သူတို့နှစ်ဦးသည် ပရမတ်ဘုရားရှင်၏ စည်းမျဉ်းတော်များ၌ ရပ်တည်နိုင်မည်ဟု စဉ်းစားလျက် ပြန်လည် ပေါင်းစည်းကြလျှင် သူတို့အား အပြစ်မတင်ထိုက်ပေ။[၁၆၅] ဤသည် အသိရှိသော လူမျိုး အတွက် ရှင်းလင်းထားသည့် ပရမတ်ဘုရားရှင်၏ စည်းမျဉ်းတော်များ ဖြစ်၏။

---

(၁၆၃) ဤသည် လင်ခန်းမယားခန်း ပြတ်စဲမှု၏ တတိယ ဥပဒေသ ဖြစ်ပေသည်၊ ဇနီးမောင်နှံ နှစ်ဦးအကြား ကွာရှင်းပြတ်စဲမှုကို အလျင်စလို စိတ်လိုက် မာန်ပါ မဆုံးဖြတ်နိုင်ရန် အတွက် စောင့်ဆိုင်း ကာလနှင့် ယာယီ ကင်းကွာခွင့် ကာလကို နှစ်ကြိမ် အခွင့်အရေး ပေးထားပေသည်။ ဤသုတ်တော်တွင် ပြောသော **မရ်ရတာနိ مَرَّتَانِ** ဆိုသည်မှာ အကြိမ် နှစ်ကြိမ်မြောက်ကို ပြောခြင်း ဖြစ်၍ တစ်ချိန် တစ်ခါတည်းတွင် တစ်၊ နှစ် ရေတွက်သော ကိန်း ဂဏန်း "နှစ်" လုံးဝ မဟုတ်ချေ။ အကြိမ်မြောက် ဆိုသည်ကို တစ်ကြိမ်မြောက် ပြီးမှ နောက်တစ်ကြိမ်မြောက် အစီအစဉ်အတိုင်း လုပ်ဆောင်ရပေသည်။ နှစ်ဦးနှစ်ဘက် စိတ်အေးအေးဖြင့် စဉ်းစားသုံးသပ်ပြီးမှ လမ်းခွဲလိုက လမ်းခွဲနိုင်ကြောင်း ပညတ်ထားခြင်း ဖြစ်ပေသည်။ စိတ်လိုက် မာန်ပါဖြင့် ရန်သူအဖြစ် လမ်းခွဲခြင်းကို အစွလာမ်က လက်မခံပေ၊ ၎င်းကို "ကောင်းမွန်စွာ စွန့်ခွာရမည်"ဟူသော စကားက အခိုင်အမာ ထောက်ပြထားပေသည်။ လင်မယားကွဲကွာခြင်းကို အစွလာမ်က လက်ခံသော်လည်း ရန်သူအဖြစ် ခွဲခွာခြင်းကို အစွလာမ်က လက်မခံပေ၊ နှစ်ဦး နှစ်ဘက် မည်သို့မှ ညှိမရတော့သည် အခြေအနေတစ်ခုတွင် မိတ်မပျက်ဘဲ အိန္ဒြေရရ လမ်းခွဲနိုင်ရန်သာ သွန်သင်ပေသည်။ (❖)စတုတ္ထဥပဒေအရ နှစ်ကြိမ်မြောက် ကွာရှင်းခြင်းကို ပြုလုပ်ပြီးနောက် နှစ်ဦးနှစ်ဘက် ပြန်လည်ပေါင်းသင်းမည်လော၊ ရည်ငံစွာ စွန့်ခွာမည်လော ဟူသည်ကို ပြတ်သားစွာ ရွေးချယ်ရပေမည်။ အမျိုးသမီး၏ အခွင့်အရေးအား တန်ဘိုးထား လေးစားရပေမည်။ အမျိုးသမီးများတွင်လည်း သူတို့၏ ရွေးချယ် ပိုင်ခွင့်များ ရှိနေပေသည်၊ ထို့ကြောင့် အမှုကို ရှည်သည်ထက်ရှည် ကြာသည်ထက်ကြာအောင် ဆွဲထားခွင့် မရှိချေ။

(❖) ပစ္ဆမဥပဒေ အရ လင်ယောကျ်ားဘက်မှ ကွာရှင်းလိုသော် အမျိုးသမီးတို့အား ပေးအပ်ခဲ့သည့် ဥစ္စာပစ္စည်းများမှ တစ်စုံ တစ်ရာကိုမျှ ပြန်ယူခွင့် မရှိချေ။ အမျိုးသမီးဘက်မှ ယောကျ်ားအား ကွာရှင်းခဲ့သော် နှစ်ဦးသဘောတူ ရရှိထားသော ပစ္စည်းတို့အား စွန့်လွှတ်၍ ကွာရှင်း နိုင်ပေသည်။

(၁၆၄) ဆဌမ ဥပဒေသည်၊ အလွန်ပြတ်သား၍ လွှတ်လပ်မှုကင်းမဲ့နေရသော အမျိုးသမီးများအား လွှတ်လပ်ခွင့် အပြည့်ပေးလိုက်ခြင်းပင် ဖြစ်သည်။ သူမသည် လင်ယောကျ်ား တစ်ဦးနှင့် ကွာရှင်းပြီးလျှင် အခြားသော ယောကျ်ားကို လွှတ်လပ်စွာ ထိမ်းမြားခွင့် ရှိသည်။ ထိုအကြောင်းကို "အကယ်၍ ကွာရှင်းပြီးလျှင် အခြား တွဲဘက်တစ်ဦးနှင့် ထိမ်းမြားသည့်တိုင် သူ့အတွက် (ကွာရှင်းခဲ့သော လင်ဟောင်းအတွက်) တရားမဝင်တော့ပေ"ဟု အတိအကျ ဆိုထားပေသည်။ အတိတ်ကာလ အရိုင်းခေတ်၌ ယောကျ်ားများသည် မိန်းမတို့အပေါ်၌ နည်းမျိုးစုံဖြင့် ချုပ်ချယ် ဖိနှိပ်ကြပေသည်၊ အမျိုးသမီးတစ်ဦးအား မိမိက မတရားသဖြင့် စွန့်ပစ်သည့်အပြင် နောက်အိမ်ထောင်ပြုခွင့်ကိုလည်း နည်းမျိုးစုံဖြင့် ပိတ်ပင် တားဆီးကြပေသည်။ ထို အကျင့်ဆိုးအား ကျမ်းမြတ်ကုရ်အာန်က ဤဥပဒေသအားဖြင့် ပါယ်ဖျက်လိုက်ပေသည်။

(၁၆၅) အဆိုပါ အိမ်ထောင်သစ်နှင့်လည်း အခန့်မသင့်သောကြောင့် အကြောင်းအမျိုးမျိုးဖြင့် အထက်ပေါ်ပြပါ ဥပဒေများနှင့်အညီ ကွာရှင်းပြတ်စဲခဲ့ပြီးနောက်၊ အရင်ပထမ အိမ်ထောင်ဘက် လင်ဟောင်းဖြင့် ပြန်လည်တွေ့ဆုံကာ စည်းကမ်းတကျ အိမ်ထောင်ဘက်အဖြစ် ပြန်လည် တည်ဆောက်လိုကလည်း သူတို့အတွက် တရားဝင်ကြောင်း ဤသတ္တမ ဥပဒေက ပြဋ္ဌာန်းထားပေသည်။ ဤဥပဒေများအား အလွဲသုံးစားလုပ်၍ အိမ်ထောင်

၂၃၁။	**وَإِذَا طَلَّقْتُمُ النِّسَاء فَبَلَغْنَ أَجَلَهُنَّ فَأَمْسِكُوهُنَّ بِمَعْرُوفٍ أَوْ سَرِّحُوهُنَّ بِمَعْرُوفٍ وَلاَ تُمْسِكُوهُنَّ ضِرَارًا لِّتَعْتَدُواْ وَمَن يَفْعَلْ ذَلِكَ فَقَدْ ظَلَمَ نَفْسَهُ وَلاَ تَتَّخِذُوَاْ آيَاتِ اللّهِ هُزُوًا وَاذْكُرُواْ نِعْمَتَ اللّهِ عَلَيْكُمْ وَمَا أَنزَلَ عَلَيْكُمْ مِّنَ الْكِتَابِ وَالْحِكْمَةِ يَعِظُكُم بِهِ وَاتَّقُواْ اللّهَ وَاعْلَمُواْ أَنَّ اللّهَ بِكُلِّ شَيْءٍ عَلِيمٌ۞** အမျိုးသမီးများအား ကွာရှင်း၍ သူမတို့၏ သတ်မှတ်ကာလ ဆိုက်ရောက်သောအခါ၊ သူမတို့အား အသိအမှတ်ပြု၍ ထိန်းထားကြလော့၊ သို့မဟုတ် အသိအမှတ်ပြု လွှတ်လပ်စေကြလော့။ စည်းဖေါက်ရန် စေတနာယုတ်ဖြင့် မထိန်းထားကြနှင့်၊ ထိုသို့ ပြုလုပ်သူသည် သူ၏ဉာဉ်ကိုသာ မုချ မိုက်ကြေးခွဲ၏၊ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများအား လှောင်ပြောင်ဘွယ်ရာ မယူမှတ်ကြနှင့်၊ ပရမတ်ဘုရားရှင်က သင်တို့ကို ဂုဏ်ပေးသည့် သင်တို့အား ချမှတ်ပေးရာ ကျမ်းတော်မှ စီရင်ထုံးနှင့်၊ ၎င်းမှ အဆုံးအမများကို သတိရကြလော့။ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား သိနေတော်မူသော အရှင် ဖြစ်ကြောင်း သိကြကုန်လော့။[၁၆၆]
၂၃၂။	**وَإِذَا طَلَّقْتُمُ النِّسَاء فَبَلَغْنَ أَجَلَهُنَّ فَلاَ تَعْضُلُوهُنَّ أَن يَنكِحْنَ أَزْوَاجَهُنَّ إِذَا تَرَاضَوْاْ بَيْنَهُم بِالْمَعْرُوفِ ذَلِكَ يُوعَظُ بِهِ مَن كَانَ مِنكُمْ يُؤْمِنُ بِاللّهِ وَالْيَوْمِ الآخِرِ ذَلِكُمْ أَزْكَى لَكُمْ وَأَطْهَرُ وَاللّهُ يَعْلَمُ وَأَنتُمْ لاَ تَعْلَمُونَ۞** အမျိုးသမီးများအား ကွာရှင်းပြီး သူမတို့၏ သတ်မှတ်ကာလ ဆိုက်ရောက်သောအခါ၊ သူတို့ချင်းကြား ကျေနပ်၍ သူမတို့၏ စုဖွဲ့ဖေါ်မျာနှင့် အသိအမှတ်ပြု ပေါင်းဘက်ကြသော် သင်တို့ မချုပ်ချယ်ကြကုန်နှင့်။ ဤသည် သင်တို့မှ ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သူအတွက် အဆုံးအမပင် ဖြစ်၏။ ဤသည်မှာ သင်တို့အတွက် ပိုမို သန့်စင်စေ၏ ပိုမို ဖြူစင်စေ၏၊ သင်တို့ မသိသည်ကို ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏။[၁၆၇]
၂၃၃။	**وَالْوَالِدَاتُ يُرْضِعْنَ أَوْلاَدَهُنَّ حَوْلَيْنِ كَامِلَيْنِ لِمَنْ أَرَادَ أَن يُتِمَّ الرَّضَاعَةَ وَعلَى الْمَوْلُودِ لَهُ رِزْقُهُنَّ وَكِسْوَتُهُنَّ بِالْمَعْرُوفِ لاَ تُكَلَّفُ نَفْسٌ إِلاَّ وُسْعَهَا لاَ تُضَآرَّ وَالِدَةٌ بِوَلَدِهَا وَلاَ مَوْلُودٌ لَّهُ بِوَلَدِهِ وَعَلَى الْوَارِثِ مِثْلُ ذَلِكَ فَإِنْ أَرَادَا فِصَالاً عَن تَرَاضٍ مِّنْهُمَا وَتَشَاوُرٍ فَلاَ جُنَاحَ عَلَيْهِمَا وَإِنْ أَرَدتُّمْ أَن تَسْتَرْضِعُواْ أَوْلاَدَكُمْ فَلاَ جُنَاحَ عَلَيْكُمْ إِذَا سَلَّمْتُم مَّآ آتَيْتُم بِالْمَعْرُوفِ وَاتَّقُواْ اللّهَ وَاعْلَمُواْ أَنَّ اللّهَ بِمَا تَعْمَلُونَ بَصِيرٌ۞** ကာလအပြည့် နို့တိုက်လိုသော မွေးမိခင်များသည် ရင်သွေးများအား နှစ် နှစ်ပတ်လည် နို့တိုက်နိုင်၏၊ သူမတို့၏ စားဝတ်နေရေးအား အသိအမှတ်ပြုရန် မွေးဖခင်၌ဝတ္တရားရှိ၏။ ဥဉ်တစ်ခုသည် မနိုင်ဝန်ကို မထမ်းစေရ။ ရင်သွေးကြောင့် မွေးမိခင်သည်–ထို့အတူ ရင်သွေးကြောင့် မွေးဖခင်သည် မနစ်နာစေရ။ အမွေဆိုင်တို့သည် ထို၌ အလားတူပင် ဖြစ်၏။ နှစ်ဦးနှစ်ဘက် ဆွေးနွေး၍ နို့ဖြတ်လိုလျှင် သူတို့အား အပြစ်မတင်ထိုက်ပေ။ အကယ်၍ သင်တို့ရင်သွေးကို နို့ထိန်း၌ အပ်လိုကလည်း ငြိမ်းချမ်းစွာဖြင့် အသိအမှတ်ပြု ပေးကမ်းလျှင် အပြစ်မတင်ထိုက်ပေ။ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ သိကြကုန်လော့– ပရမတ်ဘုရားရှင်သည် သင်တို့ကျင့်ကြံသမျှကို မြင်နေသော အရှင် ဖြစ်၏။

ကဲ့ကွာခွင့်၊ အိမ်ထောင်သစ် ထူထောင်ခွင့်ကို အစွလာမ်သာသနာက ခွင့်မပြုချေ။ လင်မယားကွာရှင်း ပြတ်စဉ်မှတွင် ဤဥပဒေများသည် ပြည့်စုံလုံလောက်ကြောင်းကို ဥပဒေပညာရှင်များ သိနားလည်ကြပေသည်။

(၁၆၆) အစွလာမ်သာ သနာဝင်ပါဟု ပြောဆိုကြသူများ ထဲတွင်ပင် မိမိတို့၏ မိရိုးဖလာများအား သာသနာထဲသို့ ရောသွပ်ရန် ကြိုးစားကြလျက် ကမောက်ကမနိုင်သော ဓလေ့များကို လက်ခံထားသူ များစွာ ရှိပေသည်၊ အချို့လူများကလည်း အမျိုးသမီးတို့အား ပေးအပ်ထားသည့် မင်္ဂလာ လက်ဆောင်ပစ္စည်းအား ပေးရမည်ကို စိုးရိမ်၍ အမျိုးသမီးအား ကွာမပေးဘဲထား ကြပေသည်။ ထိုအပြုအမူသည် အစွလာမ့် ဥပဒေနှင့် တရားမဝင်ချေ၊ ၎င်းကို "ကျူးလွန်စော်ကားရန် စေတနာယုတ်ဖြင့် မထိန်းသိမ်းကြကုန်နှင့်" "ပရမတ်ဘုရားရှင်၏ သုတ်တော်များကို ပျက်ရယ်ဘွယ်ရာ မယူမှတ်ကြနှင့်"ဟု ပြင်းထန်ပြတ်သားစွာ သတိပေးထားပေသည်။ (ဖရး၁ တွင် ဆက်ကြည့်ပါ)။

(၁၆၇) အခန့်မသင့်၍ လင်မယား ကတောက်ကဆ ဖြစ်ရာမှ နှစ်ဘက်သော အသိုင်းအဝိုင်းများကြောင့် ကဲ့ကွာရသော အဖြစ်မျိုးကို မဖြစ်ရစေရန် တားမြစ်ပေးသော ဥပဒေ ဖြစ်သည်။ လင်မယားပြန်လည် ပေါင်းသင်းခြင်းကို အကြောင်း အမျိုးမျိုးပြလျက် အနှောင့်အယှက် ပေးခြင်းအား အစွလာမ် သာသနာက လက်မခံပေ။ ကာယကံရှင် နှစ်ဦးအား လွတ်လပ်သော အခွင့်အရေးကို ပေးရပေမည်။

၂၃၄။	**وَالَّذِينَ يُتَوَفَّوْنَ مِنكُمْ وَيَذَرُونَ أَزْوَاجًا يَتَرَبَّصْنَ بِأَنفُسِهِنَّ أَرْبَعَةَ أَشْهُرٍ وَعَشْرًا فَإِذَا بَلَغْنَ أَجَلَهُنَّ فَلاَ جُنَاحَ عَلَيْكُمْ فِيمَا فَعَلْنَ فِي أَنفُسِهِنَّ بِالْمَعْرُوفِ وَاللّهُ بِمَا تَعْمَلُونَ خَبِيرٌ۞**
ကွယ်လွန်	သင်တို့မှ **သက်တမ်းကုန်သော**သူ၏ ချန်ခဲ့သော ပေါင်းဖော်တို့၊ သူမတို့ကိုယ်သူမတို့ လေးလနှင့် ဆယ်ရက် စောင့်ဆိုင်းရမည်။[၁၆၈] သတ်မှတ်ကာလ ဆိုက်ရောက်သော် သူမတို့စိတ်ဖြင့် အသိအမှတ်ပြု ပြုလုပ်မှုများကို အပြစ် မတင်ထိုက်ပေ။ ဇနပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှအား သတင်းရနေတော်မူ၏။
၂၃၅။	**وَلاَ جُنَاحَ عَلَيْكُمْ فِيمَا عَرَّضْتُم بِهِ مِنْ خِطْبَةِ النِّسَاء أَوْ أَكْنَنتُمْ فِي أَنفُسِكُمْ عَلِمَ اللّهُ أَنَّكُمْ سَتَذْكُرُونَهُنَّ وَلَـكِن لاَّ تُوَاعِدُوهُنَّ سِرًّا إِلاَّ أَن تَقُولُواْ قَوْلاً مَّعْرُوفًا وَلاَ تَعْزِمُواْ عُقْدَةَ النِّكَاحِ حَتَّىَ يَبْلُغَ الْكِتَابُ أَجَلَهُ وَاعْلَمُواْ أَنَّ اللّهَ يَعْلَمُ مَا فِي أَنفُسِكُمْ فَاحْذَرُوهُ وَاعْلَمُواْ أَنَّ اللّهَ غَفُورٌ حَلِيمٌ۞**
	အမျိုးသမီးတို့အား ဘောင်ဝင်စေရန် တဆင့်နားဖေါက်ခြင်း သို့မဟုတ် ပရမတ်ဘုရားရှင် သိနေသော၊ သင်တို့ ဇနဆတ်ဆတ် သတိရနေသည့် သူမတို့အား စိတ်ထဲ၌ ကွယ်ထားခြင်းများသည် အပြစ်မရှိပေ။ သို့သော် သူမတို့နှင့် လက်တွဲခြင်းကြိတ် ပဋိညာဉ်မပြုကြနှင့်၊ အသိအမှတ်ပြု ပြောဆိုခြင်းကိုသာ ပြောဆိုကြလော့။ မှတ်တမ်းတင် သတ်မှတ်ကာလ မဆိုက်ရောက်မီ သိမ်းဆည်း ထုံးဖွဲ့မှုကို မဆုံးဖြတ်ကြနှင့်၊ သိကြကုန်လော့ သင်တို့၏ ဉာဉ်စရိုက်၌ ရှိရာကို ပရမတ်ဘုရားရှင်က ဇနန် သိနေတော်မူ၏။ အရှင်နှင့် ပတ်သက်၍ သတိထားကြကုန်လော့၊ သိကြကုန်လော့ ပရမတ်ဘုရားရှင်သည် ဇနပင် လွတ်ငြိမ်းစေသော အရှင် နူးညံ့သိမ်မွေ့သော အရှင် ဖြစ်၏။
၂၃၆။	**لاَّ جُنَاحَ عَلَيْكُمْ إِن طَلَّقْتُمُ النِّسَاء مَا لَمْ تَمَسُّوهُنُّ أَوْ تَفْرِضُواْ لَهُنَّ فَرِيضَةً وَمَتِّعُوهُنَّ عَلَى الْمُوسِعِ قَدَرُهُ وَعَلَى الْمُقْتِرِ قَدْرُهُ مَتَاعًا بِالْمَعْرُوفِ حَقًّا عَلَى الْمُحْسِنِينَ۞**
	သင်တို့ မထိတွေ့ခဲ့သော အမျိုးသမီးများ၊ သို့မဟုတ် ဝတ္တရားကို သင်တို့ တာဝန်မသတ်မှတ်သေးသော သူမတို့အား၊ ခွဲခွာခဲ့သော် အပြစ်မတင်ထိုက်ချေ။ သို့သော် မျက်နှာကြီးသူသည် သူ့စည်းချိန် အလျောက်၊ မျက်နှာမဲ့သူသည် သူ့စည်းချိန် အလျောက် သူမတို့အား ချမ်းမြေ့စေရမည်။ အသိအမှတ်ပြု၍ ချမ်းမြေ့စေရန်မှာ သုမဂ်လာပြု သူများ အတွက် သစ္စာပင် ဖြစ်၏။
၂၃၇။	**وَإِن طَلَّقْتُمُوهُنَّ مِن قَبْلِ أَن تَمَسُّوهُنَّ وَقَدْ فَرَضْتُمْ لَهُنَّ فَرِيضَةً فَنِصْفُ مَا فَرَضْتُمْ إِلاَّ أَن يَعْفُونَ أَوْ يَعْفُوَ الَّذِي بِيَدِهِ عُقْدَةُ النِّكَاحِ وَأَن تَعْفُواْ أَقْرَبُ لِلتَّقْوَى وَلاَ تَنسَوُاْ الْفَضْلَ بَيْنَكُمْ إِنَّ اللّهَ بِمَا تَعْمَلُونَ بَصِيرٌ۞**
	သူမတို့အတွက် ဝတ္တရားကို တာဝန်သတ်မှတ်ပြီးနောက် သင်တို့ မထိတွေ့မီအလျင် သူမတို့အား ခွဲခွာခဲ့သော် သူမက ကျေအေးခြင်း သို့မဟုတ် သိမ်းဆည်းထုံးဖွဲ့မှုကို လက်ဝယ်ထားသော သူဘက်မှ ကျေအေးခြင်းမှ အပ တာဝန်သတ်မှတ်မှု၏ ထက်ဝက်ကို သင်တို့ ပေးရမည်။ ဇနပင် ကျေအေးခြင်းသည် စည်းစောင့်မှုနှင့် ပိုမိုနီးစပ်၏။ သင်တို့ချင်း ကြား သိက္ခာပေးခြင်းကို မမေ့လျော့ကြနှင့်၊ ဇနပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင် ဖြစ်၏။[၁၆၉]

---

(၁၆၈) သူမတို့ကိုယ်သူမတို့ လေးလနှင့် ဆယ်ရက် စောင့်ဆိုင်းရမည် ဆိုသည်မှာ အကယ်၍ သူမတို့အနေဖြင့် နောက်အိမ် ထောင်ပြုလိုသည့် စိတ်ဆန္ဒ ဖြစ်ခဲ့လျှင် ပထမ ယောကျ်ား အနီစွရောက်ပြီးနောက် လေးလနှင့် ဆယ်ရက် မပြည့်ဘဲ အိမ်ထောင်သစ် မတည်ထောင်ရဟု ဆိုခြင်း ဖြစ်ပေသည်။ လင်ကွာ အမျိုးသမီးအတွက် အိမ်ထောင်သစ် ပြန်ထူထောင်လိုက ဓမ္မတာ သုံးကြိမ် (၂း၂၂၈)၊ သုံးလ (၆၅း၄) စောင့်ဆိုင်းရမည်။ မုဆိုးမနှင့် လင်ကွာ အမျိုးသမီး စောင့်ဆိုင်းရမည့် ကာလ အပိုင်းအခြား မတူညီပေ။

(၁၆၉) **တာဝန်သတ်မှတ်မှု** ဆိုသည်မှာ မဂ်လာလက်ဆောင်ကို ဆိုခြင်း ဖြစ်သည်၊ အစွလာမ်သာသနာသည် သဘာဝအရ အားနဲ့မှုရှိသော အမျိုးသမီးတို့အား အိမ်ထောင်ပြုခြင်းကြောင့် ထိခိုက်နစ်နာမှု မရှိရစေရန် ကာကွယ်ပေးထားခြင်း ဖြစ်သည့် အမျိုးသမီး ဘဝလုံခြုံမှု အာမခံ

၂၃၈။ ၂၃	**حَافِظُواْ عَلَى الصَّلَوَاتِ والصَّلاَةِ الْوُسْطَى وَقُومُواْ لِلّهِ قَانِتِينَ۝** **ဝတ်ပြုခြင်း၊** အလယ်အလတ်ကျသော ဝတ်ပြုခြင်း၌ စောင့်ထိန်းကြလော့၊ ပရမတ်ဘုရားရှင်အား ရိုကျိုး နာခံသူ အဖြစ် ရပ်ကြလော့။
၂၃၉။	**فَإِنْ خِفْتُمْ فَرِجَالاً أَوْ رُكْبَانًا فَإِذَا أَمِنتُمْ فَاذْكُرُواْ اللّهَ كَمَا عَلَّمَكُم مَّا لَمْ تَكُونُواْ تَعْلَمُونَ۝** သင်တို့သည် စိုးရိမ်ရမှု၌ ရှိစဉ် လူချည်းဖြစ်စေ အစီးအနင်းပေါ်၌ ဖြစ်စေ၊ သင်တို့ လုံခြုံစိတ်ချရသောအခါ သင်တို့ မသိခဲ့သည်ကို သင်ပေးသည့် ပုံစံအတိုင်း ပရမတ်ဘုရားရှင်အား သတိရကြကုန်လော့။
၂၄၀။	**وَالَّذِينَ يُتَوَفَّوْنَ مِنكُمْ وَيَذَرُونَ أَزْوَاجًا وَصِيَّةً لِّأَزْوَاجِهِم مَّتَاعًا إِلَى الْحَوْلِ غَيْرَ إِخْرَاجٍ فَإِنْ خَرَجْنَ فَلاَ جُنَاحَ عَلَيْكُمْ فِي مَا فَعَلْنَ فِيَ أَنفُسِهِنَّ مِن مَّعْرُوفٍ وَاللّهُ عَزِيزٌ حَكِيمٌ۝** သင်တို့မှ သက်တမ်းကုန်သောသူ၏ ချန်ခဲ့သော ပေါင်းဖော်တို့၊ ထိုပေါင်းဖော်များအား နှင်ထုတ်ခြင်း မပြုဘဲ စိတ်ချမ်း မြေ့စွာ ဆက်နေခွင့်ရှိသော သေတမ်းစာ ရှိစေရမည်၊ သူမတို့စိတ်ဖြင့် ထွက်သွား၍ အသိအမှတ်ပြု ပြုလုပ်မှုများ၌ သင်တို့ကို အပြစ်မတင်ထိုက်ပေ၊ ပရမတ်ဘုရားရှင်သည်ကား ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။[၁၇၀]
၂၄၁။	**وَلِلْمُطَلَّقَاتِ مَتَاعٌ بِالْمَعْرُوفِ حَقًّا عَلَى الْمُتَّقِينَ۝** ကွာရှင်းခံအမျိုးသမီးများအား အသိအမှတ်ပြု၍ စိတ်ချမ်းမြေ့စေရန်မှာ စည်းစောင့်သူများအတွက် သစ္စာပင် ဖြစ်၏။
၂၄၂။	**كَذَلِكَ يُبَيِّنُ اللّهُ لَكُمْ آيَاتِهِ لَعَلَّكُمْ تَعْقِلُونَ۝** သင်တို့ အတွေးအခေါ် ရှိအံ့သောငှာ ပရမတ်ဘုရားရှင်က သုတ်ဒေသနာများကို သင်တို့အတွက် ဤသို့ ရှင်းလင်း တော်မူ၏။
၂၄၃။	**أَلَمْ تَرَ إِلَى الَّذِينَ خَرَجُواْ مِن دِيَارِهِمْ وَهُمْ أُلُوفٌ حَذَرَ الْمَوْتِ فَقَالَ لَهُمُ اللّهُ مُوتُواْ ثُمَّ أَحْيَاهُمْ إِنَّ اللّهَ لَذُو فَضْلٍ عَلَى النَّاسِ وَلَكِنَّ أَكْثَرَ النَّاسِ لاَ يَشْكُرُونَ۝**

ဖြစ်ပေသည်။ သို့သော် နှစ်ဦးနှစ်ဘက် ချစ်ကြိုက်၍ တစ်ဦးနှင့်တစ်ဦး ရိုးမြေကျ ချစ်ချစ်ခင်ခင် ပေါင်းသင်းပါမည်ဟု ယုံကြည်စိတ်ချလျှင် မင်္ဂလာ လက်ဆောင်ကို အမျိုးသမီး ဘက်မှ ကင်းလွတ်ခွင့်ပေးခြင်း၊ လျှော့ပေါ့ခြင်းကို ပြုနိုင်ပေသည်။

(၁၇၀) အချို့သော အဋ္ဌကထာ ပညာရှင်များက ၂း၃၄ နှင့် ၄း၁၂ တို့ကို ပညတ်ပြီးနောက် ဤသုတ်နံပါတ်တော်ကို ပလပ်လိုက်ပြီဟု **ဘိုခါရီကျမ်း**လာ အုဆ်မန်နှင့် အိဗနိဇူဘိုင်းတို့၏ ကောက်ချက်ကို အခြေခံ၍ ပြောဆိုကြပေသည်။ ကုရ်အာန်ကျမ်းတော်၏ ၄း၁၂ ၌ ဇနီးမိန်းမများ ခံစားခွင့်ရှိသည့် အမွေကို ထည့်သွင်း ဖေါ်ပြထားသည်နှင့် ၂း၂၄၀ တွင် မုဆိုးမများ၏ နောက်အိမ်ထောင်ပြုပိုင်ခွင့်ကို ပြောဆိုသည်မှုများသည် ဤသုတ် အမှတ်တော် ၂၄၀ အား မည်သို့မှ ချေဖျက်၍ မရပေ၊ ဤသုတ်တော်က နောက်အိမ်ထောင် မပြုလိုသော မုဆိုးမများ အနေဖြင့် သေဆုံးသွားသော လင်ယောကျ်ား၏ အမွေဆိုင် အိမ်၌ ဆက်လက် နေထိုင်ပိုင်ခွင့် ရှိသော ကာလကို ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ သူ၏ စိတ်ဆန္ဒအလျောက် ထွက်ခွာ သွားလျှင် သွားနိုင်ပေသည်။ သူမတို့အား နှင်ထုတ်ခွင့် မရှိပေ။ ဤသုတ်တော်၌ ဆိုသော သူတို့ကိုယ်သူတို့ ထွက်သွားနိုင်သည် ဆိုခြင်းမှ နောက်အိမ်ထောင် ပြုသွားခြင်းကိုသာ ဆိုလိုခြင်း မဟုတ်ချေ။ နောက်အိမ်ထောင်ပြုသည် ဖြစ်စေ၊ မပြုသည် ဖြစ်စေ သူတို့၏ စိတ်ဆန္ဒအရ လွတ်လပ်ခွင့် ရှိပေသည်။ အထက်၌ ဖေါ်ပြခဲ့သော ဘိုခါရီကျမ်းမှာ အစွလာမ်တို့ အနေဖြင့် ပရမတ်ဘုရားရှင် (အလ္လာဟ်)က ပညတ်ချမှတ်ပေးသော ကျမ်းဖြစ်သည်ဟု ယုံကြည်သူ မရှိပေ။ ပရမတ်ဘုရားရှင်သည် ဉာဏ်စဉ်ဆောင် မုဟမ္မဒ်ကိုယ်တော်၏ ထံသို့ မည်သည့် သုတ်တော်များအား မည်သည့် အချိန်၊ မည်သည့် အခါတွင် ကျိန်းဝပ် ချမှတ်ပေးကြောင်း ထိုသုတ်တော်ပေါ်၌ ကိုယ်တော်မုဟမ္မဒ်က မည်သို့ ရှင်းပြခဲ့သည်ဟု **ကြား သိရကြောင်း** မှတ်တမ်းတင်ထားသည့် **သမိုင်းကျမ်း**ပေါင်း များစွာတို့ အနက်မှ ထင်ရှားသော သမိုင်းကျမ်း တစ်ခု ဖြစ်ပေသည်။ ထိုကျမ်းတွင် ဖေါ်ပြသော ဤသုတ်တော်အား ပလပ်သည် ဟူသော အယူအဆနှင့် ပါတ်သက်၍ အုဆ်မန်အား အိဗနိဇူဘိုင်းက "သို့ဖြစ်လျှင် ဤကျမ်းချက်အား ကုရ်အာန်ကျမ်းတော်မှ ဖြုတ်ပစ်လိုက်မည်၊" ဟု ပြောသောအခါ၊ ယင်းသည် သူ၏ ကိုယ်ပိုင် အတွေးအခေါ်သာ ဖြစ်ကြောင်း ကိုယ်တော်မုဟမ္မဒ် စီစဉ်ခဲ့သည်ကို ပြောင်းလဲခွင့် မရှိကြောင်း ပြန်ပြောပေသည်။ ဉာဏ်စဉ်တော်အား ကိုယ်တိုင်ရရှိသော ကိုယ်တော်မုဟမ္မဒ်သည် ကျမ်းတော်အား ကိုယ်တိုင် စီစဉ်ခဲ့ခြင်း ဖြစ်ပေသည်။ ကုရ်အာန်သည် တဆင့်ကျမ်း မဟုတ်ပေ။ ကိုယ်တော် အနေဖြင့်လည်း ဤသုတ်တော်အား ပလပ်သွားပြီဟု မည်သည့် နေရာတွင်မှ ပြောမထားပေ။

	သေဘေးကို သတိဝင်၍ ထောင်နှင့်ချီသော သူများ သူတို့၏ အိမ်များမှ ထွက်ပြေးရသည်ကို အသင် မမြင်သလော၊ ထို့နောက် ပရမတ်ဘုရားရှင်က ''အသင်တို့ သေကြလော့၊'' ဟု ဆိုလျက်၊ တဖန် သူတို့အား ပြန်လည် ရှင်သန်စေခဲ့ပြီ၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လူသားတို့အား သိက္ခာပေးသော အရှင် ဖြစ်၏၊ သို့သော် လူများစုသည် ကျေးဇူး မသိတတ်ချေ။
၂၄၄။	**وَقَاتِلُواْ فِي سَبِيلِ اللّهِ وَاعْلَمُواْ أَنَّ اللّهَ سَمِيعٌ عَلِيمٌ۞** ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ခုခံတိုက်ကြလော့၊ သိကြကုန်လော့ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသော အရှင် သိနေသောအရှင် ဖြစ်၏။
၂၄၅။	**مَّن ذَا الَّذِي يُقْرِضُ اللّهَ قَرْضًا حَسَنًا فَيُضَاعِفَهُ لَهُ أَضْعَافًا كَثِيرَةً وَاللّهُ يَقْبِضُ وَيَبْسُطُ وَإِلَيْهِ تُرْجَعُونَ۞** ပရမတ်ဘုရားရှင်အား တင့်တင့်တယ်တယ် ဆက်ကပ်ခြင်းဖြင့် ဆက်ကပ်သောသူ၊ ထိုသူအား မြောက်များစွာ ထပ်တိုးစေမည်ပင်။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ဆုတ်ယုတ်စေတော်မူ၏၊ တိုးပွားစေတော်မူ၏၊ အရှင်ထံသို့သာ ဦးလှည့်ရမည်ပင်။
၂၄၆။ ☆၂၅၁	**أَلَمْ تَرَ إِلَى الْمَلإِ مِن بَنِي إِسْرَائِيلَ مِن بَعْدِ مُوسَى إِذْ قَالُواْ لِنَبِيٍّ لَّهُمُ ابْعَثْ لَنَا مَلِكًا نُّقَاتِلْ فِي سَبِيلِ اللّهِ قَالَ هَلْ عَسَيْتُمْ إِن كُتِبَ عَلَيْكُمُ الْقِتَالُ أَلاَّ تُقَاتِلُواْ قَالُواْ وَمَا لَنَا أَلاَّ نُقَاتِلَ فِي سَبِيلِ اللّهِ وَقَدْ أُخْرِجْنَا مِن دِيَارِنَا وَأَبْنَآئِنَا فَلَمَّا كُتِبَ عَلَيْهِمُ الْقِتَالُ تَوَلَّوْاْ إِلاَّ قَلِيلاً مِّنْهُمْ وَاللّهُ عَلِيمٌ بِالظَّالِمِينَ۞** မူဆာ၏☆ နောက်ပိုင်း၌ ဂျူးလူမျိုးမှ အကြံပေးများကို သင် မမြင်သလော၊ သူတို့အတွက် သတင်းတော်ဆောင်အား ''ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ကျွန်ုပ်တို့ စစ်တိုက်ရန် ကျွန်ုပ်တို့အတွက် ဘုရင်တစ်ပါး ပေါ်ထွန်းစေပါ။'' ဟု ပြောကြ၏၊ ကိုယ်တော်က ''စစ်တိုက်ရန် ပြဋ္ဌာန်းလျှင် သင်တို့သည် တော်လှန်သူများ မဖြစ်တန်ပေလော၊'' ဟု မိန့်၏။ သူတို့က ''ကျွန်ုပ်တို့နှင့် သားသမီးများသည် အိမ်များမှ၊ မောင်းထုတ်ခံရပြီ၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ အဘယ်ကြောင့် စစ်မတိုက်ရမည်နည်း၊'' ဟု ပြန်ပြောကြ၏။ သူတို့ထံ စစ်တိုက်ခြင်းကို ပြဋ္ဌာန်းလေသော် သူတို့တွင် အနည်းစုမှ အပ လှည့်ပြေးကြ၏၊ ပရမတ်ဘုရားရှင်သည်ကား အမိုက်ကောင်များကို သိနေသော အရှင် ဖြစ်၏။
၂၄၇။	**وَقَالَ لَهُمْ نَبِيُّهُمْ إِنَّ اللّهَ قَدْ بَعَثَ لَكُمْ طَالُوتَ مَلِكًا قَالُوَاْ أَنَّى يَكُونُ لَهُ الْمُلْكُ عَلَيْنَا وَنَحْنُ أَحَقُّ بِالْمُلْكِ مِنْهُ وَلَمْ يُؤْتَ سَعَةً مِّنَ الْمَالِ قَالَ إِنَّ اللّهَ اصْطَفَاهُ عَلَيْكُمْ وَزَادَهُ بَسْطَةً فِي الْعِلْمِ وَالْجِسْمِ وَاللّهُ يُؤْتِي مُلْكَهُ مَن يَشَاء وَاللّهُ وَاسِعٌ عَلِيم۞** သတင်းတော်ဆောင်က ''ပရမတ်ဘုရားရှင်သည် သင်တို့အတွက် တွာလု(တ်)အား[၁၇၀] ဘုရင်အဖြစ် ပေါ်ထွန်းစေပြီ'' ဟု ပြော၏၊ သူတို့က ''သူသည် ကျွန်ုပ်တို့အတွက် မည်သို့ ဘုရင် ဖြစ်နိုင်မည်နည်း၊ ကျွန်တို့သည် သူ့ထက် ဘုရင်ဖြစ်သင့်သည်မှာ ပို၍မှန်ကန်၏၊ သူသည် ဥစ္စာဓန ဖြန့်ကျက်နိုင်မှု ချို့မြှင့်ခံရသူလည်း မဟုတ်၊'' ဟု ပြန်ပြောကြ၏၊ ''ဇကန်ပင် ပရမတ်ဘုရားရှင်သည် သူ့ကို သင်တို့ အထက်မှ ရွေးချယ်တော်မူ၏၊ သူ့အား အသိပညာ၊ ကာယဗလ တိုးပွားဖွံ့ဖြိုးစေပြီ၊ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား ဘုရင်အရာကို ပေးတော်မူ၏၊ ပရမတ်ဘုရားရှင်သည် အသိဉာဏ်တော် ဖြန့်ကျက်ထားသော အရှင် ဖြစ်၏။'' ဟု မိန့်ဆို၍။
၂၄၈။	**وَقَالَ لَهُمْ نَبِيُّهُمْ إِنَّ آيَةَ مُلْكِهِ أَن يَأْتِيَكُمُ التَّابُوتُ فِيهِ سَكِينَةٌ مِّن رَّبِّكُمْ وَبَقِيَّةٌ مِّمَّا تَرَكَ آلُ مُوسَى وَآلُ**

(၁၇၀) တွာလု(တ်)ကို သမ္မာကျမ်းစာ၌ ရှောလုဟု ခေါ်သည်၊ ရင်းမြစ်စကားလုံး တွလ ဖြစ်၍ သူသည်/ထိုအရာသည် မြင့်သည်၊ (အရပ်ရှည်သည်) ဟု ဖြစ်ပေသည်။

☆၂၄၀	**هَارُونَ تَحْمِلُهُ الْمَلآئِكَةُ إِنَّ فِي ذَلِكَ لآيَةً لَّكُمْ إِن كُنتُم مُّؤْمِنِينَ۞** သူတို့အား သတင်းတော်ဆောင်က ''သူ၏ ဘုရင်ဖြစ်ထိုက်မှု နိမိတ်မှာ သင်တို့အား နှလုံးရည်၁၂ ပေးအပ်မှုပေတည်း၊ ယင်း၌ မူဆာ၏ အဆက်များ၊ ဟာရွန်၏ အဆက်များ ချန်ထားခဲ့သည့်၊ နိမိတ်ဆောင်များက☆ သယ်ပိုး တည်တံ့စေခဲ့သည့် သင်တို့၏ ကံကြမ္မာရှင်ထံမှ တည်ငြိမ်စေမှုများ ရှိ၏၊ သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် ဤသည်၌ သုတ်ဒေသနာ တစ်ရပ်ရှိနေ၏။''ဟု မိန့်ဆို၏။
၂၄၉။	**فَلَمَّا فَصَلَ طَالُوتُ بِالْجُنُودِ قَالَ إِنَّ اللّهَ مُبْتَلِيكُم بِنَهَرٍ فَمَن شَرِبَ مِنْهُ فَلَيْسَ مِنِّي وَمَن لَّمْ يَطْعَمْهُ فَإِنَّهُ مِنِّي إِلاَّ مَنِ اغْتَرَفَ غُرْفَةً بِيَدِهِ فَشَرِبُواْ مِنْهُ إِلاَّ قَلِيلاً مِّنْهُمْ فَلَمَّا جَاوَزَهُ هُوَ وَالَّذِينَ آمَنُواْ مَعَهُ قَالُواْ لاَ طَاقَةَ لَنَا الْيَوْمَ بِجَالُوتَ وَجُنودِهِ قَالَ الَّذِينَ يَظُنُّونَ أَنَّهُم مُّلاَقُو اللّهِ كَم مِّن فِئَةٍ قَلِيلَةٍ غَلَبَتْ فِئَةً كَثِيرَةً بِإِذْنِ اللّهِ وَاللّهُ مَعَ الصَّابِرِينَ۞** တွာလု(တ်)သည် စစ်တပ်ဖြင့် စစ်ချီစဉ် ''ဇကန်ပင် ပရမတ်ဘုရားရှင်က သင်တို့အား မြစ်တစ်ခုဖြင့် စုံစမ်းတော်မူမည်၊ ထိုမှ သောက်သုံးသူသည် ကျွန်ုပ်နှင့် မဆိုင်၊ မမြိုမိသူ၊ လက်ဖြင့် တစ်ခုပ်စာမျှ ခပ်ယူမိသူသည်သာ ကျွန်ုပ်နှင့် ဆိုင်၏။'' ဟု ရှင်းလင်းဆုံးဖြတ် ပြောဆို၏။ သူတို့၌ အနည်းငယ်မှအပ သောက်သုံးကြလေပြီ။ ၎င်းကို ဖြတ်ကျော်ပြီးစဉ် သူနှင့် အတူရှိသော ယုံကြည်သော သူများက ''ယနေ့၌ ကျွန်ုပ်တို့မှာ ဂျာလု(တ်)နှင့်၁၃ သူ၏စစ်တပ် အတွက် အင်အား မရှိပါ။''ဟု ဆိုကြ၏။ ပရမတ်ဘုရားရှင်နှင့် ဆုံတွေ့ရမည်ဟု စဉ်းစားသောသူများက ပြောသည်မှာ''ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် တပ်အနည်းက တပ်အများကို အကြိမ်မည်မျှ အနိုင်ယူခဲ့ပြီနည်း၊ ပရမတ်ဘုရားရှင်သည်ကား ခန္တီပါရမီရှင်များနှင့် အတူ ရှိ၏။''ဟု ဖြစ်၏။
၂၅၀။	**وَلَمَّا بَرَزُواْ لِجَالُوتَ وَجُنُودِهِ قَالُواْ رَبَّنَا أَفْرِغْ عَلَيْنَا صَبْرًا وَثَبِّتْ أَقْدَامَنَا وَانصُرْنَا عَلَى الْقَوْمِ الْكَافِرِينَ۞** သူတို့သည် ဂျာလု(တ်)နှင့် သူ၏စစ်တပ်ဆီသို့ ထွက်လာရသောအခါ ''အို–ကံကြမ္မာရှင် တပည့်တော်တို့အား ခန္တီပါရမီဖြင့် အားဖြည့်ပေးတော်မူပါ၊ စုံရုပ်ခံမှုကို ခိုင်မာစေတော်မူပါ ဖိုးကွယ်သော လူမျိုးအား လှုပ်မိုးရန် ကူညီတော်မူ

---

(၁၇၂) **အလ်တာဗုတ်(တ်) التَّابُوتُ** ၏ အဓိပ္ပါယ်မှာ သေတ္တာ သို့မဟုတ် ရင်ဘတ် ဟု ဖြစ်၍၊ ဘာသာပြန် ဆရာတော်ကြီး အများစုက သမ္မာကျမ်းစာပါ ဣသရေလ (အစ္စရေးလ်)လူမျိုးတို့၏ ဘာသာရေး အမွေအနှစ်များကို သိုထားခဲ့သည့် သေတ္တာ ဖြစ်သည်ဟု ပြန်ဆို ကြပေသည်။ ထိုမှဆက်၍ နူးဟ် (နောဧ)လက်ထက်မှ ကမ္ဘာကြီး ရေမြုပ်ချိန်တွင် စီးခဲ့သည့် လှေကြီးဟု ဖွင့်ဆိုကြမှုများလည်း တွေ့ရပြန်ပေသည်။ သို့သော် ဤဘာသာပြန်တွင် ကုရ်အာန်ကျမ်းတော်၌ ပြောဆိုသော စကားလုံးများသည် သမ္မာကျမ်းပါ ရည်ညွှန်းချက်များနှင့် မကြာခဏ ကွဲလွဲသည်ဟု ရှင်းပြမြဲ ဖြစ်ရာ ဤစကားလုံး **တာဗုတ်(တ်)**နှင့်ပါတ်သက်၍ အီဒယူလိန်း အာရ်ဗီအင်္ဂလိပ် ဝေါဟာရကျမ်းတွင် လက်ဘတစ်ခုမှာ **မာအောင်း(ဝ်) ဒအတ်၊ *တာဗုတ်၊* ရွိုင်းဒ်၊ ဖကဒ် တဟ်** ''ကျွန်ုပ်၌ ပျောက်ဆုံးသွားသော **ကျွန်ုပ်ရင်ထဲမှ** ဗဟုသုတများ အတွက် ကျွန်ုပ်လုံခြုံစွာ မထားမိခဲ့ပါ။''ဟု ကိုးကားလျက် **တာဗုတ်(တ်)**ကို ရင်ဘတ်၊ နှလုံးသားဟု ဖွင့်ဆိုခြင်း ဖြစ်သည်။ ရာဃီ (အေမန် မုဖရာဒါ)ကလည်း **တာဗုတ်(တ်)**သည် **ကလဗ့်ဖ်** နှလုံးသားကို ဆိုကြောင်း ပြောထားပေသည်။ ဤသို့ပြန်ဆိုမှုသည် ကျမ်းမြတ်ကုရ်အာန်၏ ဤသုတ်တော်ပါ ''ယင်း၌ သင်တို့၏ ကံကြမ္မာရှင်ထံမှ **တည်ငြိမ်မှု**နှင့် မူဆာ၏ နောက်လိုက်များ၊ ဟာရွန်၏နောက်လိုက်များ ချန်ထားခဲ့သည့်--ပါရှိ၏'' ဟူသည့် စကားတော်နှင့် ရှင်းလင်းစွာပင် ကိုက်ညီပေသည်။ ''**တည်ငြိမ်မှု၊ စိတ်ငြိမ်းချမ်းမှု**''ဟူသည့် ခံစားချက်သည် သေတ္တာထဲတွင် သိမ်းဆည်းထားရသော အရာ မဟုတ်ချေ။ တည်ငြိမ်မှု၏ ကိန်းဝပ်ရာ နေရာမှန်မှာ နှလုံးသား သာလျှင် ဖြစ်ပေသည်။'' တည်ငြိမ်မှုသည် နှလုံးသားမှသာ ကိန်းဝပ်ကြောင်းကို ကုရ်အာန်ကျမ်းတော်၌ မကြာခဏ ဖေါ်ပြထားပေသည်။ ထို့ပြင် ဤသုတ်တော်တွင် ''မူဆာ၏ နောက်လိုက်များ၊ ဟာရွန်၏ နောက်လိုက်များ ချန်ထားခဲ့ရာမှ–''ကို ကောက်ယူ၍ ထိုကိုယ်တော်များ ချန်ထား (အမွေထားခဲ့)သည့် အကောင်းဆုံးသော အရာများကို သေတ္တာတွင်းတွင် ထည့်၍ဟု ယူဆကာ ''သေတ္တာ''ဟု ဘာသာပြန်ဆိုမှုကို ပိုမိုခိုင်မြဲစေရန် အတွက် ဖွင့်ဆိုမှု များလည်း ရှိပေသည်။ ဤသည်တို့မှာ သမ္မာကျမ်းစာနောက်သို့ ကောက်ကောက်ပါအောင် လိုက်မိသည်သာ ဖြစ်ပေသည်။ သတင်းတော်ဆောင်၊ ဉာဏ်စဉ်ဆောင်များ ဖြစ်သည့် မူဆာနှင့် ဟာရွန်တို့မှာ သူတို့၏ နောက်လိုက်များ အတွက် အမွေပေးခဲ့သည်တွင် စိတ်နှလုံး အေးငြိမ်းစေမှု သည်သာ အကောင်းဆုံး (တော်ဝင်) ဖြစ်သည် ဆိုခြင်းမှာ သံသယ ဖြစ်ဘွယ် မရှိပေ။ ဂျူးလူမျိုးများ၏ သောကကို ကုရ်အာန်ကျမ်းတော်၏ နေရာများစွာတွင် ဖေါ်ပြထားပေသည်။ သူတို့အတွက် နှလုံးရည်နှင့် ပြည့်ဝသော ခေါင်းဆောင်ကောင်း ပေါ်ပေါက်လာခြင်း သည်ပင် အကောင်းဆုံးသော ချန်ထားခဲ့မှု ဖြစ်ပေသည်။

(၁၇၃) ဂျာလု(တ်) ဆိုသည်မှာ ဂျာလ (ဇီးလ် ဟာ့ရ်ဘ်) (စစ်ပွဲ၌) အပြင်းအထန်တိုက်ခိုက်သူ ဟူ၍ ဖြစ်ပေသည်။ သမ္မာကျမ်းစာ၌ ဂေါလျတ် ဟု ခေါ်ပေသည်။

	ပါ၊''ဟု လျှောက်ထားကြ၏။
၂၅၁။ ☆၂၄၀	**فَهَزَمُوهُم بِإِذْنِ اللهِ وَقَتَلَ دَاوُدُ جَالُوتَ وَآتَاهُ اللهُ الْمُلْكَ وَالْحِكْمَةَ وَعَلَّمَهُ مِمَّا يَشَاء وَلَوْلاَ دَفْعُ اللهِ النَّاسَ بَعْضَهُمْ بِبَعْضٍ لَّفَسَدَتِ الأَرْضُ وَلَـكِنَّ اللهَ ذُو فَضْلٍ عَلَى الْعَالَمِينَ۞** ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် သူတို့သည် ချေမှုန်းနိုင်ခဲ့ပြီ၊ ဒါဝိဒ်က ဂျာ(လုတ်)အား ကွပ်မျက်ခဲ့ပြီ၊ ပရမတ်ဘုရားရှင်သည် သူ့အား ဘုရင်အရာ ပေးအပ်ပြီး၊ စီရင်ထုံးနှင့် စံချိန်ပြည့်မှီရာကို☆ သင်ပေးခဲ့ပြီ၊ ပရမတ်ဘုရားရှင်သည် လူသားတို့တွင်– သူတို့မှ အချို့ကို အချို့ဖြင့် မခုခံစေခဲ့မူ၊ ကမ္ဘာမြေသည် အဖျက်ခံရပြီးဖြစ်လတ္တံ့၊ သို့ရာတွင် ပရမတ်ဘုရားရှင်သည် လောကခပ်သိမ်းအား သိက္ခာပေးသော အရှင် ဖြစ်၏။
၂၅၂။	**تِلْكَ آيَاتُ اللهِ نَتْلُوهَا عَلَيْكَ بِالْحَقِّ وَإِنَّكَ لَمِنَ الْمُرْسَلِينَ۞** ဤသည် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများဖြစ်၏၊ သင့်အား ထင်းတို့ကို သစ္စာတရားဖြင့် ရွတ်ဖတ်စေပြီ၊ သင်သည်ကား ဉာဏ်စဉ်ဆောင်များအနက်မှ မုချဖြစ်၏။
၂၅၃။	**تِلْكَ الرُّسُلُ فَضَّلْنَا بَعْضَهُمْ عَلَى بَعْضٍ مِّنْهُم مَّن كَلَّمَ اللهُ وَرَفَعَ بَعْضَهُمْ دَرَجَاتٍ وَآتَيْنَا عِيسَى ابْنَ مَرْيَمَ الْبَيِّنَاتِ وَأَيَّدْنَاهُ بِرُوحِ الْقُدُسِ وَلَوْ شَاء اللهُ مَا اقْتَتَلَ الَّذِينَ مِن بَعْدِهِم مِّن بَعْدِ مَا جَاءتْهُمُ الْبَيِّنَاتُ وَلَـكِنِ اخْتَلَفُواْ فَمِنْهُم مَّنْ آمَنَ وَمِنْهُم مَّن كَفَرَ وَلَوْ شَاء اللهُ مَا اقْتَتَلُواْ وَلَـكِنَّ اللهَ يَفْعَلُ مَا يُرِيدُ۞** ငါသည် ဉာဏ်စဉ်ဆောင်များအား ဤသို့ အချို့ကို အချို့ထက် သိက္ခာပေးတော်မူ၏[၁၇၄] ပရမတ်ဘုရားရှင်က ဗျာဒိတ်ပေးသူများနှင့်[၁၇၅] သူတို့မှ အချို့အား အခွင့်အလမ်းများ ချီးမြှင့်မြောက်စားသည်လည်း ရှိ၏။[၁၇၆] ငါသည် မာရိ၏သား

---

(၁၇၄) **ဖဿ္လလ فَضَّل** ဆိုသည်မှာ မေတ္တာသက်သည်၊ ကောင်းချီးပေးသည်ဟု အဓိပ္ပါယ်ပေးသော်လည်း၊ မျက်နှာလိုက်၍ မြောက်စားသော အဓိပ္ပါယ်ကို မပေးပေ။ ကျောင်းခန်းတစ်ခုတွင် စာတော်သော ကလေးအား ဂုဏ်တက်စေရန် ချီးမွမ်းသိက္ခာတင်ပေးသော သဘောမျိုး ဖြစ်ပေသည်။ ထို့ကြောင့် ဤနေရာ၌ ဂုဏ်ပေါ်စေတော်မူ၏ဟု ပြန်ဆိုခြင်း ဖြစ်သည်။ အချို့သော ဆရာတော်ကြီးများက ''အချို့ကို အချို့ထက် ဂုဏ်ဒြပ်ချီး မြှင့်ခဲ့ပြီ'' ''အချို့ကို အချို့ထက် သာလွန်မြင့်မြတ် စေခဲ့ပြီ''ဟု ပြန်ဆို ကြပေသည်၊ ထိုစကားလုံးစု၏ အဓိပ္ပါယ်ကို စာဖတ်သူများ နားလည်မှု လွဲသွားပါက ကျမ်းတော်၏(၂း၂၈၅) ပါ ''တပည့်တော်တို့သည် အရှင်၏ ဉာဏ်စဉ်ဆောင်များ အကြား ခွဲခြားမှု မပြုပါ။''ဟု ဆိုသော သီလယူ ကတိပေးရသည့် ကတိကဝတ်အား ချေဖျက်ရာ ရောက်ပေလိမ့်မည်၊ ဤသုတ်တော်ပါ ''အချို့ကို အချို့ထက် သိက္ခာပေးတော်မူပြီ။'' ဆိုသည်မှာ ဤ ဘဒ္ဒကမ္ပာ၌ ပွင့်ပေါ်ကြကုန်သော ဉာဏ်စဉ်ဆောင်ပေါင်း မြောက်များစွာ အနက် အချို့သည် အချို့သော ဉာဏ်စဉ်ဆောင်များထက် သမိုင်းမှတ်တမ်းတင်ကျန်ရစ်သည်၊ ဂုဏ်သတင်းပိုမို ထင်ရှားသည်၊ လူသိများသည်ဟုသာ ဆိုလို၍ ဉာဏ်စဉ်ဆောင်များ အကြား အချို့က အချို့ထက် ပိုမိုမြင့်မြတ်သည်ဟု မဆိုလိုပေ။

(၁၇၅) ဉာဏ်စဉ်ဆောင်များ အားလုံးသည် ပရမတ်ဘုရားရှင်၏ ထံတော်မှ ဗျာဒိတ်တော်ပေးခြင်း ခံရသူများ ဖြစ်ပေသည်၊ ဗျာဒိတ်တော်အား သဗ္ဗညုတဉာဏ်စဉ်အားဖြင့်၊ စကားဗျာဒိတ်အားဖြင့်၊ အရှင်၏ ခွင့်ပြုချက်ဖြင့် ဉာဏ်စဉ်ဆောင်တစ်ပါး စေလွှတ်၍ သဗ္ဗညုတဉာဏ် ဆင့်ပြန်ခြင်းအားဖြင့် ပေးတော်မူပေသည်၊ (၄၂း၅၁)၊ ဤသုတ်တော်၌ ဗျာဒိတ်တော်ကို စကားတော် **ကလ်လမ ﻛَلَّمَ** ဟု သုံးထားသောကြောင့် ''ပရမတ်ဘုရားရှင်က ဗျာဒိတ်တော်ပေးသူများ၊'' ဆိုရာ၌ ကိုယ်တော်မူဆာ(မောရှေ) တစ်ပါးတည်းကိုသာ အသားပေးပြီး၊ တဖန် **ဖဿ္လလ** ကိုလည်း မြင့်မြတ်သည်ဟု ပြန်ဆိုကာ ကိုယ်တော်မူဆာသည် တိုက်ရိုက်စကားတော်ဖြင့် ဗျာဒိတ်ပေးခံရခြင်းကြောင့် (၄း၁၆၄)၊ အခြားသော ဉာဏ်စဉ်ဆောင်များထက် ပိုမိုမြင့်မြတ်သည်ဟု ကောက်ကြောင်း ဆွဲခြင်းများကို ဝမ်းနည်းဘွယ်ရာ တွေ့ရပေသည်။ ထိုသို့ကောက်ကြောင်းဆွဲသော ဆရာတော်များသည် ကုရ်အာန်(၂း၃၇)ပါ အာဒံအား စကားဗျာဒိတ်ပေးသည် ဆိုခြင်းကိုလည်းကောင်း၊ (၂း၁၂၄)ပါ ကိုယ်တော် အီဗရာဟီမ်အား စကားဗျာဒိတ်ပေးသည် ဆိုခြင်းကို လည်းကောင်း သူတို့၏ ကောက်ကြောင်းထဲ၌ ဝေါ်ပြပြောဆိုခြင်း မရှိပေ။

(၁၇၆) **ဒရ်ဇာတ် دَرَجَات ဒရ်ဂျား** ကို အခွင့်အလမ်း၊ ဆောင်ရွက်နိုင်ခွင့် အခွင့်အလမ်း ဖြစ်သည်ဟု (၂း၂၂၈)၏ အောက်ခြေတွင် ရှင်းခဲ့ပြီး ဖြစ်သည်။ အခွင့်အလမ်း ပိုရှိသည်၊ အခွင့်အလမ်းဖြင့် ချီးမြှင့်မြောက်စားခံရသည် ဆိုခြင်းကြောင့် ဉာဏ်စဉ်ဆောင်များ အကြား အဆင့်အတန်း ကွာခြားသွားခြင်း မရှိပေ၊ ဉာဏ်စဉ်ဆောင်များသည် တစ်ချိန်တည်း၊ တစ်နေရာတည်း၌ တူညီသော လူမျိုး လူ့အဖွဲ့အစည်း အတွက် စုပြုံပွင့်ပေါ်ကြခြင်း မဟုတ်ပေ၊ ကိုယ်တော်များ ပွင့်ပေါ်ရာ ခေတ်ကာလ၊ ပတ်ဝန်းကျင်၊ နောက်လိုက်သာဝက၊ တပည့်ဒကာများ၏ အနေအထားအရ အချို့မှာ တရားဟောပြောနိုင်ခွင့်၊ လူ့အသင်းအဖွဲ့အား စံပြတည်ဆောက်နိုင်ခွင့် မရရှိခဲ့ပေ။ ဤသို့ပြုလုပ်နိုင်ခွင့် မရခဲ့သောကြောင့် ထိုကိုယ်တော်မှာ အဆင့်နိမ့်သည်ဟု ပြောခွင့် မရှိချေ။ ထို့ကြောင့် ဤသုတ်တော်၌ ဆိုသော ''သူတို့မှ အခွင့်အလမ်း ချီးမြှင့်မြောက်စားခံရသူများ'' ဆိုသည်မှာ ဉာဏ်စဉ်ဆောင်များ အကြား ခွဲခြား

✡၂:၇၀ ၂:၈၇	ယေရှုအား ရှင်းလင်းချက်များ ပေးခဲ့၍သူ့အား **မြတ်သော ဉာဏ်စဉ်အားဖြင့်** ထောက်ပံ့ခဲ့ပြီ၊ အကယ်၍ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့လျှင်✡ သူတို့ထံသို့ ရှင်းလင်းချက်များ ရောက်လာစေပြီးမှ နောက်ပိုင်း အချင်းချင်း စစ်ဖြစ်ကြမည် မဟုတ်ပေ၊ သို့ရာတွင် သဘောထားကွဲပြားကြကုန်၏၊ သူတို့မှ ယုံကြည်သူများ ရှိ၍၊ သူတို့အနက် ဖုံးကွယ်သူများလည်း ရှိ၏။ အကယ်၍ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့လျှင် အချင်းချင်း စစ်ဖြစ်ကြမည် မဟုတ်ပေ၊ သို့ရာတွင် ပရမတ်ဘုရားရှင်သည် အလိုတော်ရှိသည်ကို ပြုလုပ်တော်မူမည်ပင်။
၂၅၄။	**يَا أَيُّهَا الَّذِينَ آمَنُواْ أَنفِقُواْ مِمَّا رَزَقْنَاكُم مِّن قَبْلِ أَن يَأْتِيَ يَوْمٌ لاَّ بَيْعٌ فِيهِ وَلاَ خُلَّةٌ وَلاَ شَفَاعَةٌ وَالْكَافِرُونَ هُمُ الظَّالِمُونَ۞**
	အို–ယုံကြည်သောသူတို့၊ ငါအရှင်ပေးရာ ရိက္ခာများမှ ပေးကမ်းနိုင်မှု မရှိသော၊ အတွင်းလူအဖြစ် ကတိသစ္စာ မရှိနိုင်သော အမျှအတန်းမဝေနိုင်သော နေ့ မကျရောက်မီ သုံးစွဲကြကုန်လော့၊ ဖုံးကွယ်သော–ထိုသူများသည် အမိုက်ကောင်များ ဖြစ်ကြ၏။
၂၅၅။	**اللّهُ لاَ إِلَـهَ إِلاَّ هُوَ الْحَيُّ الْقَيُّومُ لاَ تَأْخُذُهُ سِنَةٌ وَلاَ نَوْمٌ لَّهُ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ مَن ذَا الَّذِي يَشْفَعُ عِنْدَهُ إِلاَّ بِإِذْنِهِ يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَلاَ يُحِيطُونَ بِشَيْءٍ مِّنْ عِلْمِهِ إِلاَّ بِمَا شَاء وَسِعَ كُرْسِيُّهُ السَّمَاوَاتِ وَالأَرْضَ وَلاَ يَؤُودُهُ حِفْظُهُمَا وَهُوَ الْعَلِيُّ الْعَظِيمُ۞**
	ပရမတ်ဘုရားရှင်မှအပ အခြားဘုရားဟူ၍ မရှိ၊ အရှင်သည် နိစ္စဓုဝဖြစ်၏၊ အရှင်အား မှိန်းစက်ခြင်း၊ ကျိန်းစက်ခြင်းက မဖမ်းယူနိုင်၊ မိုးများမြေများ၌ ရှိသမျှတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ အထံတော်၌ အရှင့်ခွင့်ပြုချက် မရှိဘဲ အဘယ်သူက အမျှဝေနိုင်အံ့နည်း၊ အရှင်သည် သူတို့၏ ပစ္စုပ္ပန်၊ အနာဂါတ် အရာများကို ကုန်စင်သိနေတော်မူ၏၊ သူတို့သည် အရှင်၏ စံချိန်ပြည့်သည်မှအပ အရှင့် အသိဉာဏ်စဉ်တော် အနက် တစ်စုံတစ်ရာကိုမျှ ခြုံငုံနိုင်ခြင်း မရှိချေ၊ မိုးများ မြေများအား အရှင့် စိုးစံရာက[၁၇၇] ဖြန့်ကျက်ထား၏၊ ၎င်းတို့အား စောင့်ရှောက်ရခြင်းသည် အရှင့်အတွက် အပန်းမကြီးပေ၊ အရှင်သည် မဟာ့မဟာ အထွဋ်အထိပ်ဖြစ်တော်မူ၏၊
၂၅၆။	**لاَ إِكْرَاهَ فِي الدِّينِ قَد تَّبَيَّنَ الرُّشْدُ مِنَ الْغَيِّ فَمَنْ يَكْفُرْ بِالطَّاغُوتِ وَيُؤْمِن بِاللّهِ فَقَدِ اسْتَمْسَكَ بِالْعُرْوَةِ الْوُثْقَى لاَ انفِصَامَ لَهَا وَاللّهُ سَمِيعٌ عَلِيمٌ۞**
မှိုင်းတိုက်မှု	သာသနာ၌ **အဓမ္မ**[၁၇၈] မရှိစေရ၊ ဖြောင့်မတ်ခြင်းသည် တိမ်းပါးခြင်းမှ ရှင်းလင်းလျက် ရှိနေ၏၊ မည်သူမဆို မိစ္ဆာတရားကို ဖုံးကွယ်ငြင်းဆန်၍ ပရမတ်ဘုရားရှင်အား ယုံကြည်အံ့၊ ထိုသူသည် ကျိုးပျက်ခြင်း မရှိသော လက်ကိုင်ကို ဆုပ်ကိုင်သည် မည်၏၊ ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်၏။

သော မိန့်ဆိုချက် မဟုတ်ပေ၊ သူတို့၏ နောက်လိုက်ဒကာ၊ ပတ်ဝန်းကျင် အနေအထားကိုသာ ပြောဆိုခြင်း ဖြစ်ပေသည်၊ ၎င်းကို (၂:၈၇) တွင် ဆိုသော ''— သင်တို့သည် တစ်စုကို ငြင်းဆန်ပြီး တစ်စုကို သတ်ခဲ့ကြချေပြီ'' ဆိုသော စကားတော်က ခိုင်မာစေပေသည်။

(၁၇၇) **ကုရ်စီ ကုဒ်ဆီ** ဆိုသည်မှာ– သာမာန်အားဖြင့် ကုလားထိုင် ဟု အဓိပ္ပါယ်ကို ပေးသော်လည်း မင်းစိုးရာဇာ ဘုရင်မင်းမြတ်များ အတွက် ရာဇပလ္လင်ဟု ပြောဆို သုံးစွဲပေသည်၊ ရာဇပလ္လင် ဆိုသည်မှာ အမိန့်တန်ခိုး အာဏာ ဖြန့်ကျက်စေသော မူလနေရာ ဖြစ်ပေသည်၊ ထို့ကြောင့် ဤနေရာ၌ ''စိုးစံရာ'' ဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။

(၁၇၈) **အိဂ်ရာဟ ဒ်ဒ်ဂ်ျ** ကို ဘာသာပြန် အများစု၌ အတင်းအဓမ္မ၊ အတင်းအကျပ်ဟု ပြန်ဆိုကြပေသည်၊ ထိုစကားလုံးသည် **ကရိဟ** မှ ဆင့်ပွားခြင်း ဖြစ်၍ အနုနည်းနှင့်ဖြစ်စေ၊ အကြမ်းနည်းနှင့်ဖြစ်စေ စည်းရုံးသိမ်းသွင်းခြင်း၊ စိတ်ငြိုငြင် မုန်းတီးစေခြင်းကို ဆိုပေသည်၊ အတင်းအကျပ် နိုင်ထက်စီးနင်းပြု၍ မိမိ၏ အယူအဆကို သူတပါးအား သွပ်သွင်းခြင်း၊ ဥပါယ်တမည်ဖြင့် လှည့်စား၍ အယူဝါဒသွပ်သွင်းခြင်း အားလုံးသည် အကြုံးဝင်ပေသည်။ အစွလာမ် သာသနာသည် လူအများ ဘုံလက်ခံနိုင်သော သဘောတရားနှင့် လူအများ အတွက် ကောင်းကျိုး ဖြစ်စေနိုင်သော အယူဝါဒကို ပြောဆိုညွှန်ကြားခြင်း သဘောတရား ဖလှယ်ခြင်းဖြင့် သာသနာပြုခြင်းအား ခွင့်ပြုထားပေသည်၊ သို့သော် လူတစ်ဦးအား ထောက်ပံ့ ကူညီခြင်းဖြင့် အကူညီခံရသူ၏ အားနည်းချက်ပေါ်၌ အားကျိုးအားနာဖြစ်ကာ သာသနာအတွင်းသို့ ဝင်လာစေရန် စိတ်ပိုင်းဆိုင်ရာ ဖိအားပေးခြင်းကိုလည်း

၂၅၇။	**اللهُ وَلِيُّ الَّذِينَ آمَنُواْ يُخْرِجُهُم مِّنَ الظُّلُمَاتِ إِلَى النُّورِ وَالَّذِينَ كَفَرُواْ أَوْلِيَآؤُهُمُ الطَّاغُوتُ يُخْرِجُونَهُم مِّنَ النُّورِ إِلَى الظُّلُمَاتِ أُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ۝** ပရမတ်ဘုရားရှင်သည် ယုံကြည်သောသူများ၏ မဟာမိတ် ဖြစ်၏၊ သူတို့အား အမိုက်မှောင်မှ အလင်းရောင်သို့ ထုတ်ယူ၏၊ မိစ္ဆာသည်ကား ဖုံးကွယ်သောသူတို့၏ မဟာမိတ်ဖြစ်၍ သူတို့အား အလင်းရောင်မှ အမိုက်မှောင်သို့ ဆွဲထုတ်၏၊ သူတို့ သည် အပူမီး၏ ပေါင်းဖော်များ ဖြစ်ရလျက် ထိုဥ္စ အစဉ်ခံစားရမည်ပင်။
၂၅၈။ ☆၂း၁၄၄	**أَلَمْ تَرَ إِلَى الَّذِي حَآجَّ إِبْرَاهِيمَ فِي رِبِّهِ أَنْ آتَاهُ اللهُ الْمُلْكَ إِذْ قَالَ إِبْرَاهِيمُ رَبِّيَ الَّذِي يُحْيِي وَيُمِيتُ قَالَ أَنَا أُحْيِي وَأُمِيتُ قَالَ إِبْرَاهِيمُ فَإِنَّ اللهَ يَأْتِي بِالشَّمْسِ مِنَ الْمَشْرِقِ فَأْتِ بِهَا مِنَ الْمَغْرِبِ فَبُهِتَ الَّذِي كَفَرَ وَاللهُ لاَ يَهْدِي الْقَوْمَ الظَّالِمِينَ۝** ပရမတ်ဘုရားရှင်က သူ့အား ဘုရင်အရာကို ပေးအပ်ထားသောကြောင့်–ကံကြမ္မာရှင်နှင့် ပတ်သက်၍ အီဗရာဟီးမ်အား☆ စောကြောသောသူကို သင် မမြင်ယောင်မိသလော၊ အီဗရာဟီးမ်က ''ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ရှင်ခြင်း သေခြင်း၏ အရှင်ဖြစ်၏။''ဟု ပြောသောအခါ၊ သူက ''ကျွန်ုပ်သည်လည်း ရှင်စေနိုင် သေစေနိုင်၏။''ဟု ဆို၏၊ အီဗရာဟီးမ်က ''သို့ဖြစ်လျှင် ပရမတ်ဘုရားရှင်သည်ကား နေကို အရှေ့ဘက်မှ ထွက်ရောက်စေ၏ ၎င်းကို သင်က အနောက်ဘက်မှ ထွက်ရောက်စေလော့၊''ဟု ပြောလျက် ဖုံးကွယ်သောသူအား အရှိုက်ထိစေ၏၊ ပရမတ်ဘုရားရှင်သည် မိုက်ကြေးခွဲသော လူမျိုးအား လမ်းညွှန်တော် မမူချေ–[၁၇၉]
၂၅၉။	**أَوْ كَالَّذِي مَرَّ عَلَى قَرْيَةٍ وَهِيَ خَاوِيَةٌ عَلَى عُرُوشِهَا قَالَ أَنَّى يُحْيِي هَذِهِ اللهُ بَعْدَ مَوْتِهَا فَأَمَاتَهُ اللهُ مِئَةَ عَامٍ ثُمَّ بَعَثَهُ قَالَ كَمْ لَبِثْتَ قَالَ لَبِثْتُ يَوْمًا أَوْ بَعْضَ يَوْمٍ قَالَ بَل لَّبِثْتَ مِئَةَ عَامٍ فَانظُرْ إِلَى طَعَامِكَ وَشَرَابِكَ لَمْ يَتَسَنَّهْ وَانظُرْ إِلَى حِمَارِكَ وَلِنَجْعَلَكَ آيَةً لِّلنَّاسِ وَانظُرْ إِلَى العِظَامِ كَيْفَ نُنشِزُهَا ثُمَّ نَكْسُوهَا لَحْمًا فَلَمَّا تَبَيَّنَ لَهُ قَالَ أَعْلَمُ أَنَّ اللهَ عَلَى كُلِّ شَيْءٍ قَدِيرٌ۝** သို့တည်းမဟုတ် အထပ်များ ပြိုပျက်နေသည့် ဒေသတစ်ခုကို ဖြတ်သွားသောသူ၏ ကဲ့သို့၊ သူက ''ဤသေပြီးသည်ကို ပရမတ်ဘုရားရှင်က မည်သို့ ပြန်ရှင်စေသနည်း၊''ဟု ဆို၏၊ သို့ဖြင့် ပရမတ်ဘုရားရှင်သည် သူ့အား ရာစုနှစ်တစ်ခု သေနေစေ၍ တဖန် နိုးကြွစေခဲ့ပြီး[၁၈၀] ''မည်မျှ စောင့်ဆိုင်းခဲ့ရသနည်း၊''ဟု မေးသော်၊ သူက ''တစ်နေ့ သို့မဟုတ် တစ်

ကောင်း၊ အင်အားသုံး၍ အတင်းအဓမ္မ သာသနာပြုခြင်းကိုလည်းကောင်း လုံးဝ ခွင့်မပြုပေ။ ဤစကားလုံး **ကရိဟ**ကို ''တွေဝေသွားစေရန် ပြုခြင်း၊''ဟူသည့် အနက်မိပျံယ်ပေးသည့် နေရာများတွင်လည်း သုံးစွဲပေသည်။

(၁၇၉) ဤသုတ်တော်တွင် ပြောသော ''သေခြင်း ရှင်ခြင်း'' သည် မြို့ရွာဒေသ တစ်ခုအား ရည်ညွှန်းပေသည်။ ၎င်းကို သုတ်နံပါတ်တော် ၂၅၉ ၌ ရှင်းလင်းစွာ ဆိုထားပေသည်။ သေခြင်း ဆိုသည်မှာ မြို့ရွာဒေသ တစ်ခုတွင် လူနေထိုင်မှုများ ဆုတ်ယုတ်သွားပြီး တိမ်ကောလာခြင်းကို ဆိုလို၍၊ ရှင်ခြင်း ဆိုသည်မှာ တိမ်ကောပြိုပျက်နေသော မြို့ရွာတစ်ခု ပြန်လည် ဖွံ့ဖြိုးလာခြင်းကို ဆိုလိုပေသည်။ ကိုယ်တော် အီဗရာဟီးမ်၏ အတိုက်အခံသည် နေကိုးကွယ်သော မျိုးနွယ်မှ ဖြစ်၏၊ ကိုယ်တော်က သေခြင်း ရှင်ခြင်းကို ပရမတ်ဘုရားရှင်ကသာ ပြဋ္ဌာန်းထားကြောင်း ပြောသောအခါ၊ သူသည် လည်း ဘုရင် ဖြစ်နေခြင်းကြောင့် မြို့သစ်တစ်ခုကို တည်ထောင်နိုင်သည် သို့မဟုတ် စည်ကားသိုက်မြိုက်နေသော မြို့ရွာတစ်ခုကို ဖျက်ဆီးပစ်နိုင်သည်ဟု ဆိုခြင်း ဖြစ်ပေသည်။ ကိုယ်တော်က ပရမတ်ဘုရားရှင်သည် နေကိုအရှေ့ဘက်မှ ထွက်စေကြောင်းပြော၍ သူ့အား နေ၏ ဦးတည်မှုကို ပြောင်းလဲစေ၏၊ ထိုစကားဖြင့် အတိုက်အခံမှာ အငိုက်မိသွားခြင်းမှာ အကယ်၍ ''ငါသည် နေကို အရှေ့ဘက်မှ ထွက်စေ၏ သင်၏ ဘုရားရှင်အား နေကို အနောက်ဘက်သို့ ပြောင်း၍ ထွက်စေလော့၊''ဟု စကားနိုင်လုလျှင်–သူကိုးကွယ်နေသော နေနတ်ဘုရားသည် သူ၏ အမိန့်အတိုင်း အရှေ့ဘက်မှနေကို ထွက်နေစေရသည်ဟု အဓိပ္ပါယ်သက်ရောက်ပေမည်၊ ထိုအခါ သူကိုးကွယ်နေသော နေဘုရားမှာ သူ့လောက်ပင် အစွမ်း မရှိကြောင်း ဝန်ခံပြီးသား ဖြစ်သွားပေမည်။ သို့အတွက် ထိုသူ၌ ကိုယ်တော်အီဗရာဟီးမ်အား စကားပြန်ပြောနိုင်ခြင်း အခွင့်အလမ်း ကင်းမဲ့သွားပြီး၊ အငိုက်မိသွားခြင်း ဖြစ်ပေသည်။

(၁၈၀) **ဘအာဆဟု ဗဓ်ဒဟ်** ကို ဆရာတော်ကြီးများက ပြန်လည် ရှင်သည်စေသည်ဟု ပြန်ဆိုကြပေသည်၊ ကျမ်းတော်တွင် အပင်မျိုးစေ့များ ပေါက်ရောက်လာခြင်းကို လည်းကောင်း ခေါင်းဆောင်ကောင်းများ ပေါ်ပေါက်လာခြင်းကို လည်းကောင်း ဤစကားလုံး **ဘအာဆ** ဖြင့် မကြာခဏ သုံးစွဲပြောဆိုပေသည်။ မျိုးစေ့ပေါက်လာခြင်းမှာ နဂိုက မျိုးစေ့ တည်ရှိပြီးသား ဖြစ်ပြီး၊ ခေါင်းဆောင်ကောင်း ပေါ်လာခြင်းမှာလည်း ထိုခေါင်းဆောင် ဆို

	နေ့၏ အချို့ စောင့်ဆိုင်းခဲ့ရပါသည်၊''ဟု ပြန်ဖြေ၏။ အရှင်က ''သင်သည် ရာစုနှစ်တစ်ခုတိုင် စောင့်ဆိုင်းခဲ့ရပြီ၊ သင်၏ အစား အသောက်ကို ကြည့်လော့၊ နှစ်ပရိစ္ဆေဒက ၎င်းအား တိုက်စားခြင်းမရှိ သင်၏ မြည်းကို ကြည့်လော့၊ ငါသည် သင့်အား လူသားများအတွက် နိမိတ်လက္ခဏာအဖြစ် စီစဉ်ပြီ။ အရိုးများကို ကြည့်လော့– ငါသည် ၎င်းတို့ကို မည်သို့ ထရပ်စေ၍ တဖန် အသားအရေဖြင့် မည်သို့ ဆင်ယင်ပေးသနည်း။''ဟု[၁၈၁] မိန့်၍၊ သူ့အတွက် ရှင်းလင်းထင်ရှားစေသောအခါ သူက ''ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူကြောင်း တပည့်တော် သိပါ၏။''ဟု လျှောက်လေ၏။
၂၆၀။	**وَإِذْ قَالَ إِبْرَاهِيمُ رَبِّ أَرِنِي كَيْفَ تُحْيِي الْمَوْتَى قَالَ أَوَلَمْ تُؤْمِن قَالَ بَلَى وَلَكِن لِّيَطْمَئِنَّ قَلْبِي قَالَ فَخُذْ أَرْبَعَةً مِّنَ الطَّيْرِ فَصُرْهُنَّ إِلَيْكَ ثُمَّ اجْعَلْ عَلَى كُلِّ جَبَلٍ مِّنْهُنَّ جُزْءًا ثُمَّ ادْعُهُنَّ يَأْتِينَكَ سَعْيًا وَاعْلَمْ أَنَّ اللهَ عَزِيزٌ حَكِيمٌ۞**
	အဓိဗရာဟီးမ်က ''ဒို–ကံကြမ္မာရှင် သက်မဲ့အား မည်သို့ ရှင်စေသည်ကို တပည့်တော်အား ပြတော်မူပါ။''ဟု[၁၈၂] လျှောက်သောအခါ–''သင် မယုံသလား။''ဟု အရှင်က မိန့်၏။ သူက ''မဟုတ်ရပါ၊ သို့သော် တပည့်တော်၏ နှလုံး၌ ဘဝင်ကျလိုပါ၏။''ဟု လျှောက်လေ၏။ အရှင်က ''ငှက်တို့မှ လေးကောင်ကိုယူကာ သင့်ထံသို့ လိုက်ရန် လေ့ကျင့်ပြီး[၁၈၃]

သည့် အခြေအနေကို မရောက်ခင်ကတည်းက ထိုပုဂ္ဂိုလ်သည် လောကဌ မွေးဘွားပြီးသား ဖြစ်နေပေသည်။ ထို့ကြောင့် ဤနေရာ၌ **ဘအဆ** ကို နိုးကြွစေခဲ့သည်ဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။ နဂိုပကတိ အသက် ရှိပြီးသား ဖြစ်ပြီး၊ အတွေးအခေါ် အကြံဉာဏ် မပွင့်နိုင်၍ ဦးနှောက် ရပ်နေသော အဖြစ်မှ လျှပ်တပြက် အကြံကောင်းဝင်လာကာ အသက်ဝင်သွားသော သဘောမျိုးကို ဆိုလိုပေသည်။ ဤသုတ်တော်တွင် ပြောသော ရာစု တစ်ခု သေနေစေသည် ဆိုခြင်းမှာ အသက်သေခြင်း မဟုတ်ပေ၊ အတွေးအခေါ် အယူအဆမှာ ခေတ်တစ်တခတ် ရာစုတစ်ခုလောက် နေကျ နေခြင်းကို ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုသို့ အတွေးအခေါ်သေ– နောက်ကျနေရာမှ ပြန်လည်ဖွံ့ဖြိုးလာခြင်း ဖြစ်ကြောင်း **ဘအဆ** ဆိုသည့် စကားမှ ခိုင်မာ စေပေသည်။ ထို့အပြင် အစားအသောက်တို့အား နှစ်ပရိစ္ဆေဒက တိုက်စားခြင်း မရှိ ဆိုသည်ကလည်း ထိုမြို့ပြု မြို့ပျက်ကြီးသည် အစား အသောက်များ စိုက်ပျိုးစားသောက်မှု၊ ပြုလုပ်စားသောက်မှုမှာ တိုးတက်ဖွံ့ဖြိုးလာခြင်း မရှိဘဲ ခေတ်နောက်ကျခဲ့ကြောင်းကို သက်သေခံလျက် ရှိပေသည်။ ထိုထက်ခိုင်လုံသော အချက်မှာ သူ၏ မြည်းပင် ဖြစ်သည်၊ ဤသုတ်တော်၌ သူ၏ မြည်းသည် နှစ်တစ်ရာသေခဲ့၍ သူ ပြန်ရှင်လာသောအခါ မြည်းသည်လည်း ပကတိ အကောင်းအတိုင်း ဖြစ်နေသည်ဟု လုံးဝ ဆိုမထားပေ။

(၁၈၁) အရိုးများကို ကြည့်လော့ ဟူသည်ကို ''သင်စီးလာသော မြည်း၏ အရိုးများကို ကြည့်လော့၊'' ဘာသာပြန်ဆိုကာ ထိုပုဂ္ဂိုလ် သေဆုံးနေစဉ် မြည်းလည်း သေဆုံးနေပြီး သူ ပြန်ရှင်လာသောအခါ သူ၏ မြည်းသည် အရိုးတစ်စစီ ဖြစ်နေလျက် ဘုရားရှင်က သူ၏ ရှေ့တွင်ပင် အရိုးများ အသားများကို တပ်ဆင်ပေးသည်ဟု ပုံဝင်အောင် ဇတ်လမ်း ဖန်တီးခြင်းသာ ဖြစ်ပေသည်။ ဤနေရာ ဤသုတ်တော်တွင် အရိုးများ ဆိုသည်မှာ သူစီးလာသော မြည်း၏ အရိုးများဟု လုံးဝ ပြောထားခြင်း မရှိပေ။ မြည်းကို ကြည့်ရှုစူးစမ်းစေခြင်းမှာ မွေးမြူရေး စနစ် နောက်ကျခဲ့မှုကို ပုံဖော်သည်။ မြည်းကို ပြောသော ဝါကျနှင့် အရိုးကိုပြောသော ဝါကျသည် သီးခြား ဖြစ်ပေသည်။ အရိုးများကို ပြောသော ဝါကျသည် အရိုးတခြား အသားတခြား ဖြစ်ပြီး ပျက်စီးနေသည်မှာ နေရာဒေသ (မြို့ရွာ) တစ်ခုသာ ဖြစ်ကြောင်း ရှင်းရှင်း လင်းလင်း ပြောထားပေသည်။ ကျမ်းတော်တွင် နေရာဒေသ၊ မြို့ရွာ၊ ကမ္ဘာမြေကို သေရာမှ ပြန်ရှင်စေသည်ဟု မကြာခဏ သုံးစွဲ ပြောဆိုပေသည်။ ထိုပုဂ္ဂိုလ်သည် အတွေးအခေါ်များ ဖွံ့ဖြိုးလာသောအခါ မြို့ရွာအား ပြန်လည်စိုပြေ ရှင်သန်လာစေရန် စွမ်းဆောင်နိုင်သော ဉာဏ်ကို ဘုရားရှင်က ချီးမြှင့်ပေးခြင်း ဖြစ်ပေသည်။ သို့မဟုတ် အတွေးအခေါ် အယူအဆ ဖွံ့ဖြိုးလာသောအခါ မြို့ရွာဒေသများပါ တိုးတက်ဖွံ့ဖြိုး စိုပြေလာသည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ဤအကြောင်းအရာအား ဘာသာရေး သမိုင်း ပညာရှင်များက ပျက်စီးယိုယွင်းနေသော ဂျေရုဆင်မြို့အား ပြန်လည် ပြုပြင် တည်ဆောက်သည့် သမိုင်းကြောင်းကို ညွှန်းသည်ဟု ဆိုကြပေသည်။

(၁၈၂)(၂၅၈၊ ၂၅၉၊ ၂၆၀)သုတ်တော်သုံးပါးတွင် သေခြင်း ရှင်ခြင်း ဆိုသည်မှာ မြို့ရွာ နေရာဒေသ တစ်ခု ဖြစ်ကြောင်း ရှင်းပြပြီး ဖြစ်ပေသည်။ ပရမတ် ဘုရားရှင်သည် ကိုယ်တော် အဓိဗရာဟီးမ်၏ သားစဉ်မြေးဆက်တို့အား ကြီးမားထည်ဝါသော နေပြည်တော်ကို ပေးအပ်ခဲ့ကြောင်း ၄း၅၄ တွင် ဖေါ်ပြထားပေသည်။ တနည်းအားဖြင့် လူသူကင်းမဲ့ပြီး ပျက်စီးယိုယွင်းနေသော (သေနေသော) နေရာဒေသအား ပြန်လည်ထွန်းကားစေ၍ ထိုတိုင်းပြည်အား ကိုယ်တော်၏ သားမြေးများက အုပ်ချုပ်ခွင့်ရလာမည်၊ ''သင့်အား လူသားအပေါင်း၏ ရှေ့ဆောင်ဖြစ်စေမည်၊'' ဟူသည့် နိမိတ်တော်အား ဘဝင် ကျလိုရန် လျှောက်ထားခြင်း ဖြစ်ပေသည်၊

(၁၈၃) فَصُرْهُنَّ إِلَيْكَ ဆုရ်ဟ္ဝန်းန အေလိုင်းက ကို ''မိမိထံ၌ အပိုင်းပိုင်း ဖြတ်တောက်၍'' ဟု ဘာသာပြန်ဆိုမှုမျိုးကို ဝမ်းနည်းစွာ တွေ့ရှိရပေသည်၊ **ဆွရဟု** နှင့် **အဆ်ဆွရဟု** မှ **ဆွရ်**သည် အမိန့်ပေးစကားလုံး ဖြစ်၍ ''သူသည် ၎င်းကို တိမ်းညွတ်စေရန် ပြုလုပ်သည်၊ ပုံစံကျစေသည်''ဟု အနက်ကို ပေးပေသည်။ ဤနေရာတွင် ကိုယ်တော် အဓိဗရာဟီးမ်က ငှက်များကို သူ့အား တိမ်းညွတ်စေရန် ပြုလုပ်သည်၊ ယဉ်ပါးစေရန် ပြုလုပ်သည်၊ လေ့ကျင့်ပေးသည်ဟု အနက်ကိုသာပေးပေသည်။ ''ကိုယ်တော်အဓိဗရာဟီးမ်က ငှက်လေးကောင်ကိုယူကာ ထိုငှက်များကို အပိုင်းပိုင်း ဖြတ်တောက် ခုတ်ပိုင်း၍ တောင်များ ပေါ်၌ တင်ထားလျက်– ၎င်းတို့ကို ပြန်ခေါ်လိုက်သောအခါ ကိုယ်တော့်ထံသို့ပြန်၍ ပြေးလာကြသည်၊ ဤသို့ အစိတ်စိတ်

	တောင်ကိုယ်စီ၌ ၎င်းတို့ကို ခွဲ၍ စီစဉ်လော့၊ တဖန် ၎င်းတို့အား ခေါ်လော့ သင့်ထံသို့ လုံးပန်း၍ လာကြလိမ့်မည်၊ ၎င်းပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်ကြောင်းကို သိမှတ်လော့၊''ဟု မိန့်ဆို၏။
၂၆၁။	**مَّثَلُ الَّذِينَ يُنفِقُونَ أَمْوَالَهُمْ فِي سَبِيلِ اللهِ كَمَثَلِ حَبَّةٍ أَنبَتَتْ سَبْعَ سَنَابِلَ فِي كُلِّ سُنبُلَةٍ مِّئَةُ حَبَّةٍ وَاللهُ يُضَاعِفُ لِمَن يَشَاء وَاللهُ وَاسِعٌ عَلِيمٌ۞**
	ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ မိမိတို့ ဥစ္စာပစ္စည်းများအား သုံးစွဲသောသူတို့၏ ပမာသည်ကား အစေ့ပေါင်း တစ်ရာစီ ရှိသော ကောက်နှံ ခုနှစ်နှံတို့ ဖြစ်ထွန်းစေ သကဲ့သို့ ဖြစ်၏၊ ပရမတ်ဘုရားရှင်သည်ကား စံချိန်ပြည့်သူအား နလံထူ တိုးပွားစေ၏၊ ၎င်းပင် ပရမတ်ဘုရားရှင်သည် အသိဉာဏ်တော် ဖြန့်ကျက်ထားသော အရှင် ဖြစ်၏။
၂၆၂။	**الَّذِينَ يُنفِقُونَ أَمْوَالَهُمْ فِي سَبِيلِ اللهِ ثُمَّ لاَ يُتْبِعُونَ مَا أَنفَقُواْ مَنًّا وَلاَ أَذًى لَّهُمْ أَجْرُهُمْ عِندَ رَبِّهِمْ وَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ۞**
	မိမိတို့၏ ဥစ္စာပစ္စည်းကို ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ သုံးစွဲ၍ တဖန် ထိုသုံးစွဲမှု၌ အသားယူလျက် စိတ်ထိခိုက်မှုကို မလိုက်သော သူများအတွက် ကံကြမ္မာရှင်၏ ထံမှ ဆုလဒ် ရှိနေ၏၊ သူတို့အား ကြောက်ရွံ့ရစေမည် မဟုတ်၊ သောကရောက်ရစေမည်လည်း မဟုတ်ချေ။
၂၆၃။	**قَوْلٌ مَّعْرُوفٌ وَمَغْفِرَةٌ خَيْرٌ مِّن صَدَقَةٍ يَتْبَعُهَآ أَذًى وَاللهُ غَنِيٌّ حَلِيمٌ۞**
	အသိအမှတ်ပြု ပြောဆို၍ လွှတ်ငြိမ်းခွင့်ပေးခြင်းသည် ဒါနပြု၍ စိတ်ဒဏ်ရာဖြစ်ရန် လိုက်နာစေခြင်းထက် ပို၍ ကောင်း၏၊ ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံသောအရှင် နူးညံ့သိမ်မွေ့သောအရှင် ဖြစ်၏။
၂၆၄။	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تُبْطِلُواْ صَدَقَاتِكُم بِالْمَنِّ وَالأَذَى كَالَّذِي يُنفِقُ مَالَهُ رِئَاء النَّاسِ وَلاَ يُؤْمِنُ بِاللهِ وَالْيَوْمِ الآخِرِ فَمَثَلُهُ كَمَثَلِ صَفْوَانٍ عَلَيْهِ تُرَابٌ فَأَصَابَهُ وَابِلٌ فَتَرَكَهُ صَلْدًا لاَّ يَقْدِرُونَ عَلَى شَيْءٍ مِّمَّا كَسَبُواْ وَاللهُ لاَ يَهْدِي الْقَوْمَ الْكَافِرِينَ۞**
	အို–ယုံကြည်သောသူတို့၊ သင်တို့၏ အလှူဒါနကို အသားယူခြင်း စိတ်ဒဏ်ရာပေးခြင်းများဖြင့် အမှား မဖြစ်စေနှင့်၊ ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့ကို မယုံကြည်ဘဲလျက် လူမြင်ကောင်းရန် လှူဒါန်းသောသူ၏ ဥစ္စာသည်ကား–အကျိုးဆက် ထိခိုက်၍ အပေါ်ယံ မြေမှုန့်များကို ချန်ထားခဲ့ရသော ကျောက်ချောတုံး ပမာကဲ့သို့ ဖြစ်၏၊ ကျင့်ဆောင်ခဲ့

ဖြတ်တောက်ပြီးသား (သေပြီးသား) ၄င်္ဂါတို့မှ ပြန်ရှင်လာခြင်းဖြင့် ပရမတ်ဘုရားရှင်က သေရာမှ ပြန်ရှင်အောင် လုပ်ဆောင်နိုင်ခြင်းကို သက်သေဖြစ်စေသည်'' ဟူသည့် ကလေးဆန်သော ဇာတ်လမ်းမျိုးသည် ကြီးကျယ်မြင့်မြတ်သော ကျမ်းမြတ်ကုရ်အာန်နှင့် လားလားမှ မအပ်စပ်ပေ။

ဤသုတ်တော်တွင် ပြောဆိုသော ၄င်္ဂါ **الطَّيْر တွင်း၏** ဆိုသည်ကို အနည်းငယ်ရှင်းပြ လိုပေသည်၊ ကျမ်းတော်တွင် ကောင်းကျိုး ဆိုးကျိုး၏ အကြောင်းရင်းကို လည်းကောင်း (၇း၁၃၁)၊ နာမ်ပိုင်းဆိုင်ရာ လေ့ကျင့်ပျိုးထောင်ပေး၍ ရသော လူအမျိုးအစားကိုလည်းကောင်း (၆း၃၈) **الطَّيْر တွင်း၏** ဟု သုံးစွဲပေသည်။ ''တောင်'' ဆိုသည်မှာလည်း ကျမ်းတော်၌ လူသားတို့၏ နှလုံးသားကို မကြာခဏ ရည်ညွှန်းပေသည်၊ ဤနေရာ၌ ဤမျှ တို တောင်းသော ကာလအတွင်း ကိုယ်တော် အီဗရာဟီးမ်က ဤ၄င်္ဂါများ (လူသားများ)ကို မည်သို့ လေ့ကျင့်ပေးသနည်းဟု မေးလာနိုင်ပေသည်၊ ဤသုတ်တော်က ကိုယ်တော့်အား သင်သည် ထိုသို့လေ့ကျင့်ပေးလျှင် သင့်ထံသို့ သူတို့ ပြန်လာကြလိမ့်မည် (သင့်အလိုကို သူတို့ နာခံလိမ့်မည်) ဟု သာ ပရမတ်ဘုရားရှင်က ဆို၍ ကိုယ်တော်သည် လက်တွေ့လေ့ကျင့်ပြီးမှ ယုံကြည်လာသည်ဟု ကျမ်းတော်၌ မဆိုထားပေ၊ ''မီးကို ကိုင်ကြည့်လော့ ပူလိမ့်မည်'' ဟူသော အဓိပ္ပါယ်မျိုးပင် ပြုပျက်နေသော (ခေတ်ပျက်နေသော) ပြိုကွဲရာ ဒေသအား ပြန်လည် ရှင်သန်လာစေရန်မှာ ကောင်းခြင်း ဆိုးခြင်း၏ အကြောင်းဖစ်မြစ်ကို ဖန်တီးနိုင်သည့် နှလုံးသား ပိုင်ရှင် လူသားတို့၏ ယဉ်ကျေးသိမ်မွေ့မှုသည် အခရာ ဖြစ်ကြောင်း ဤသုတ်တော်က ထောက်ပြထားခြင်း သွန်သင်ထားခြင်း ဖြစ်ပေသည်။

	သမျှအား တစ်စုံတစ်ရာမျှ ကြေပ်မတ်နိုင်မည် မဟုတ်ပေ၊ ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သော လူမျိုးအား လမ်းညွှန်တော်မမူချေ။[၁၈၄]
၂၆၅။	**وَمَثَلُ الَّذِينَ يُنفِقُونَ أَمْوَالَهُمُ ابْتِغَاء مَرْضَاتِ اللهِ وَتَثْبِيتًا مِّنْ أَنفُسِهِمْ كَمَثَلِ جَنَّةٍ بِرَبْوَةٍ أَصَابَهَا وَابِلٌ فَآتَتْ أُكُلَهَا ضِعْفَيْنِ فَإِن لَّمْ يُصِبْهَا وَابِلٌ فَطَلٌّ وَاللهُ بِمَا تَعْمَلُونَ بَصِيرٌ** ۞ ပရမတ်ဘုရားရှင်၏ ကျေနပ်နှစ်သက်မှုကို ရှာဖွေရန်၊ စိတ်ဓါတ်ရေးရာ ခိုင်မာစေရန် မိမိတို့၏ ဥစ္စာများကို သုံးစွဲသော သူ၏ ပမာသည်ကား– အကျိုးဆက် ထိခိုက်လျှင်လည်း အစားအစာ နှစ်ဆ၊ မိုးပါး၍ အကျိုးဆက်မ ထိခိုက်လျှင်လည်း နှစ်ဆ ပေးသည့် ဥယျာဉ်သာ ကဲ့သို့ ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် သင်တို့ ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။
၂၆၆။	**أَيَوَدُّ أَحَدُكُمْ أَن تَكُونَ لَهُ جَنَّةٌ مِّن نَّخِيلٍ وَأَعْنَابٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ لَهُ فِيهَا مِن كُلِّ الثَّمَرَاتِ وَأَصَابَهُ الْكِبَرُ وَلَهُ ذُرِّيَّةٌ ضُعَفَاء فَأَصَابَهَا إِعْصَارٌ فِيهِ نَارٌ فَاحْتَرَقَتْ كَذَلِكَ يُبَيِّنُ اللهُ لَكُمُ الآيَاتِ لَعَلَّكُمْ تَتَفَكَّرُونَ** ۞ သင်တို့အနက်၊ သားမြေးများလည်း မသန်စွမ်း– မိမိသည်လည်း ဇရာထောင်းချိန်၌ မီးငွေ့ ထိ၍ လောင်ကျွမ်းရသော– အောက်ခြေ၌ စမ်းချောင်းရေသွင် စီးဆင်းနေသည့် စွံ့ပလွန်၊ စပျစ် သီးနှံမျိုးစုံ ဥယျာဉ်မျိုးကို လိုလားသူ တစ်ဦး တစ်ယောက် ရှိကြသလော၊ သင်တို့ စဉ်းစားသုံးသပ်အံ့ဌာ ပရမတ်ဘုရားရှင်သည် သင်တို့အား သုတ်ဒေသနာများကို ဤသို့– ရှင်းလင်းထင်ရှားစေပြီ။
၂၆၇။ ပေးကမ်းရန်	**يَا أَيُّهَا الَّذِينَ آمَنُواْ أَنفِقُواْ مِن طَيِّبَاتِ مَا كَسَبْتُمْ وَمِمَّا أَخْرَجْنَا لَكُم مِّنَ الأَرْضِ وَلاَ تَيَمَّمُواْ الْخَبِيثَ مِنْهُ تُنفِقُونَ وَلَسْتُم بِآخِذِيهِ إِلاَّ أَن تُغْمِضُواْ فِيهِ وَاعْلَمُواْ أَنَّ اللهَ غَنِيٌّ حَمِيدٌ** ۞ အို–ယုံကြည်သောသူတို့၊ သင်တို့ကျင့်ဆောင်ရှာဖွေရာမှ စင်ကြယ်ရာနှင့် ငါအရှင်က သင်တို့အတွက် မြေကမ္ဘာမှ ထုတ်ပေးရာကို[၁၈၅] သုံးစွဲကြလော့၊ သင်တို့ကိုယ်တိုင် မယူလိုသော– မကောင်းသည်များအား **သုံးစွဲရန်** မရည်ရွယ်နှင့် ဇကန်ပင် ပရမတ်ဘုရားရှင်သည် ပြည့်စုံသောအရှင် ရည်သန်ရူးစိုက်မှုတည်ရာ အရှင် ဖြစ်ကြောင်း သိကြကုန်လော့။
၂၆၈။	**الشَّيْطَانُ يَعِدُكُمُ الْفَقْرَ وَيَأْمُرُكُم بِالْفَحْشَاء وَاللهُ يَعِدُكُم مَّغْفِرَةً مِّنْهُ وَفَضْلاً وَاللهُ وَاسِعٌ عَلِيمٌ** ۞ သင်တို့အား မကောင်းဆိုးဝါးက ဆင်းရဲသွားလိမ့်မည်ဟု ကတိပေး၍၊ ကိုယ်ကျင့်ပျက်ရန် ညွှန်ကြား၏။[၁၈၆] ပရမတ်ဘုရားရှင်သည် သင်တို့အား အထံတော်မှ လွတ်ငြိမ်းခွင့်နှင့် သိက္ခာပေးခြင်းကို ကတိထားတော်မူ၏၊ ပရမတ်ဘုရားရှင်သည် အသိဉာဏ်တော် ဖြန့်ကျက်ထားသော အရှင် ဖြစ်၏။
၂၆၉။	**يُؤْتِي الْحِكْمَةَ مَن يَشَاء وَمَن يُؤْتَ الْحِكْمَةَ فَقَدْ أُوتِيَ خَيْرًا كَثِيرًا وَمَا يَذَّكَّرُ إِلاَّ أُوْلُواْ الأَلْبَابِ** ۞ စံချိန်ပြည့်သူအား ဓမ္မသတ်ကို ပေးတော်မူ၏၊ ဓမ္မသတ်ကို ပေးအပ်ခြင်း ခံရသူသည် များစွာသော ကောင်းခြင်းတရားကို မုချ ပေးအပ်ခံရသည် မည်၏။ သဘောပေါက်နိုင်စွမ်း ရှိသူတို့မှအပ ဆင်ခြင်သတိ မရှိကြချေ။

---

(၁၈၄) ဤသုတ်တော်များက အစွလာမ်သာသနာမှ သွန်သင်သော အလှူဒါန အကြောင်းကို သွန်သင်ပေသည်။ အလှူဒါနပြုရာတွင် အမည်နာမ ကျော်ကြားလိုသူ စေတနာ မပါဘဲ လှူဒါန်းခြင်းများကို မြတ်သော လှူဒါန်းခြင်း မဟုတ်ဟု ဆိုပေသည်။

(၁၈၅) မြေကမ္ဘာမှ ထုတ်ပေးရာ ဆိုသည်မှာ မြေမှပေါက်သော ကောက်ပဲသီးနှံများ၊ တွင်းထွက်ပစ္စည်း ကျောက်သံ ပတ္တမြား ရွှေ ငွေ စိန်ကျောက်များ အားလုံးကို ဆိုလိုပေသည်။ အစွလာမ်သာသနာက မိမိသည် သူတစ်ပါးအား ပစ္စည်းတစ်ခုကို လှူဒါန်းလိုလျှင်–ထိုပစ္စည်းအား မလှူဒါန်းမှီ၊ အကယ်၍ သူတစ်ပါးက မိမိအား ဤပစ္စည်းကို လှူဒါန်းသော်၊ လက်ဆောင်ပေးသော် မိမိအနေဖြင့် အမှန်တကယ် လိုလား တန်ဘိုးထားနိုင်ပါ့မလား ဆိုသည်ကို အလျှင် ဆန်းစစ်ရမည်ဟု သွန်သင်ပေသည်။ မိမိက မလိုချင်သော ဥစ္စာပစ္စည်းများကို သူတစ်ပါးအား ပေးကမ်းခြင်းသည် ဖြူစင်ရိုးသားသူတို့၏ အလုပ် မဟုတ်ပေ။ (၃း၉၁)တွင်ကြည့်ပါ။

(၁၈၆) **ဖဟ်ရှာ ၏ၑ်** ၏ အနက်မှာ မဖွယ်မရာ၊ **ကိုယ့်ကျင့်ပျက်မှု**ဟု ဖြစ်ပေသည်၊ များစွာသော ဆရာတော်ကြီးများက ဤသုတ်တော်မှ **ဖဟ်ရှာ**၏ အနက်မှာ **ဘခေရ်** ကပ်စီးနည်းခြင်းဟု ဖွင့်ဆို၍ "ကပ်စီးနည်းကြရန် တိုက်တွန်းလိမ့်မည်၊"ဟု ပြန်ဆိုကြခြင်းမှာ တစ်ဆင့်ခံ ပြန်ခြင်းသာ ဖြစ်သည်။

၂၇၀။	**وَمَا أَنفَقْتُم مِّن نَّفَقَةٍ أَوْ نَذَرْتُم مِّن نَّذْرٍ فَإِنَّ اللّهَ يَعْلَمُهُ وَمَا لِلظَّالِمِينَ مِنْ أَنصَارٍ۞** သင်တို့၏ သုံးစွဲသော မည်သည့် သုံးစွဲမှု သို့မဟုတ် ရည်သန်သော မည်သည့် ရည်သန်မှုကို[၁၈၇] မဆို ဇကန်ပင် ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏၊ အမှိုက်ကောင်များအတွက် ကူညီမည့်သူ မရှိပြီ။
၂၇၁။	**إِن تُبْدُواْ الصَّدَقَاتِ فَنِعِمَّا هِيَ وَإِن تُخْفُوهَا وَتُؤْتُوهَا الْفُقَرَاء فَهُوَ خَيْرٌ لَّكُمْ وَيُكَفِّرُ عَنكُم مِّن سَيِّئَاتِكُمْ وَاللّهُ بِمَا تَعْمَلُونَ خَبِيرٌ۞** ပွင့်ပွင့်လင်းလင်း အလှူဒါနပြုလျှင် ဂုဏ်ရှိ၏၊ ဆင်းရဲသားတို့အား သိုသိုသိပ်သိပ် ပေးကမ်းလျှင် သင်တို့အတွက် ပို၍ကောင်း၏၊ ယင်းသည် သင်တို့ထံမှ အကုသိုလ်များကို ဖုံးကွယ်ပေးလတ္တံ့၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို သတင်းရနေတော်မူ၏။[၁၈၈]
၂၇၂။	**لَّيْسَ عَلَيْكَ هُدَاهُمْ وَلَكِنَّ اللّهَ يَهْدِي مَن يَشَاء وَمَا تُنفِقُواْ مِنْ خَيْرٍ فَلأنفُسِكُمْ وَمَا تُنفِقُونَ إِلاَّ ابْتِغَاء وَجْهِ اللّهِ وَمَا تُنفِقُواْ مِنْ خَيْرٍ يُوَفَّ إِلَيْكُمْ وَأَنتُمْ لاَ تُظْلَمُونَ۞** သူတို့အား လမ်းညွှန်မှန်ရစေဟု သင်သည် တာဝန်ခံရသူ မဟုတ်၊ သို့ရာတွင် ပရမတ်ဘုရားရှင်သည် စံချိန်ပြည့် သူအား လမ်းညွှန်မှန်ရစေ၏၊ မည်သည့် ကောင်းခြင်းမှ မဆို သုံးစွဲကြအံ့ သင်တို့၏ ဉာဉ်အတွက်သာတည်း၊ ပရမတ်ဘုရားရှင်၏ မျက်မှောက်ပြုမှုကို ရှာဖွေရန်မှအပ သုံးစွဲကြခြင်း မဟုတ်၊ မည်သည့် ကောင်းခြင်းမှမဆို သုံးစွဲကြအံ့ သင်တို့ထံ ပြန်လည် ပြီးပြည့်စေတော်မူမည်၊ သင်တို့အား အဝိဇ္ဇာသင့်စေခြင်း မရှိချေ။
၂၇၃။	**لِلْفُقَرَاء الَّذِينَ أُحصِرُواْ فِي سَبِيلِ اللّهِ لاَ يَسْتَطِيعُونَ ضَرْبًا فِي الأَرْضِ يَحْسَبُهُمُ الْجَاهِلُ أَغْنِيَاء مِنَ التَّعَفُّفِ تَعْرِفُهُم بِسِيمَاهُمْ لاَ يَسْأَلُونَ النَّاسَ إِلْحَافًا وَمَا تُنفِقُواْ مِنْ خَيْرٍ فَإِنَّ اللّهَ بِهِ عَلِيمٌ۞** မည်သည့် ကောင်းသော သုံးစွဲမှုကို မဆို ပရမတ်ဘုရားရှင်သည် သိနေတော်မူသော အရှင် ဖြစ်၏။ ၎င်းကို ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ချုပ်မိနေသောကြောင့်[၁၈၉] မြေကမ္ဘာ၌ သွားလာရန် မတတ်နိုင်၍[၁၉၀] ဆင်းရဲသောသူတို့အတွက် ဖြစ်စေရမည်၊ သူတို့၏ တည်ငြိမ်မှု၊ လူသားများထံမှ အခွင့်အရေးယူ တောင်းခံသည်ဟု သိမှတ်စရာ

---

(၁၈၇) **နသ်ရ် ر نَذَر** ရည်သန်သည် ဆိုသည်မှာ မိမိ၏ တာဝန် မရှိဘဲလျက် တာဝန်ယူ ခေါင်းခံ၍ လုပ်ဆောင်ပေးခြင်းဟု ဖြစ်သည်။

(၁၈၈)"ပွင့်ပွင့် လင်းလင်း အလှူပေးလျှင်" ဆိုသည်မှာ ပြည်သူလူထုရေးရာ ကိစ္စများတွက် သို့မဟုတ် အမျိုးသား (နိုင်ငံတော်) ကာကွယ်ရေး အတွက် ထည့်ဝင် ပေးဆောင်သော ရံပုံငွေများကို ဆိုလိုပြီး၊ "နွမ်းပါးသူတို့အား သိုသိုသိပ်သိပ် ပေးကမ်းလျှင်၊" ဆိုသည်မှာ တသီးပုဂ္ဂလ အလှူအဒါန်းများကို ဆိုလိုပေသည်။

(၁၈၉) ချုပ်မိနေသောကြောင့် ဆိုသည်မှာ– လူသားများ ကောင်းရာကောင်းကြောင်းအတွက် (အမှန်တရားအတွက်) မိမိကိုယ်မိမိ ပြဋ္ဌာန်းကာ အနစ်နာခံ ကြိုးပမ်းနေသောကြောင့် မြေကမ္ဘာ၌ လုပ်ကိုင်စားသောက်ရန် အချိန် မပေးနိုင်ခြင်းကို ဆိုလိုပေသည်။ သို့မဟုတ် ဘာသာရေး လွတ်လပ်ခွင့် မရှိခြင်း။ ဗီဇာမပေးခြင်း။ ခရီးသွားခွင့် ပိတ်ပင်ခံရခြင်းများလည် အကြုံးဝင်သည်။ ထိုကြောင့် ထိုကဲ့သို့သော လူသားများသည် မိမိ၏ သိက္ခာဖြင့် မိမိနေပြီး သူတစ်ပါးထံမှလည်း တောင်းရမ်း စားသောက်ခြင်း မပြုကြပေ။ ထိုကဲ့သို့ လူသားများကို သူတို့၏ ဂုဏ် သိက္ခာကို ငဲ့လျက် လျှို့ဝှက်စွာ ကူညီကြရန် ကျမ်းတော်က သွန်သင်ပေသည်၊ အမှန်တရား၌ လုံးပန်းနေသူကို ကူညီခြင်းသည် မြတ်သော ကုသိုလ် ဖြစ်ပေသည်။

(၁၉၀) **သွရ်တန် ဗီးလ် အောက်သ် ضَرْبًا فِي الأَرْضِ** ကို ခရစ်ယာန် သာသနာပြုဆရာတော် ပါလ်မာက "မြေပေါ်၌ လိုက်ခေါက်နေသည်" knocking about in the land ဟု ပြန်ဆိုထားသည်ကို စိတ်မကောင်းဘူယ် တွေ့ရပေသည်။ အင်္ဂလိပ် အရပ်သုံးစကားအရ knock about ဆိုသည်မှာ "ရည်ရွယ်ချက်မဲ့၊ ဖြစ်ချင်ရာဖြစ် ကြမ်းတမ်းစွာ ဟိုဒီလှည့်လည်သွားလာသည်၊"ဟု ဖြစ်ပေသည်။ ထိုစကားအရ ကျမ်းတော်ပါ ဤသုတ်တော်၏ အဓိပ္ပါယ်မှာ ထိုသို့ မသွားလာ သူသည် ဘာသာရေးသမား ဖြစ်၍ ကျန်သူများသည် ထိုကဲ့သို့ ဦးတည်ရာမရှိသော သူများဖြစ်သည်ဟု လူသားအပေါင်းကို စော်ကားနေသယောင် ဖြစ်ပေသည်။ ထိုဆရာတော်သည် အာရ်ဗီစကား **သွရ်တာ** ကို ရိုက်သည်၊ ထုသည်ဟု အဓိပ္ပါယ် တစ်ခုတည်းသာ ရှိသည်ဟု တရားသေ သတ်မှတ်ကာ **သွရ်တာ** ကို knock ထုသည်၊ တံခါးကိုထု၍ တောင်းစားသည် ဟု ဖြစ်အောင် ဖန်တီးခြင်း ဖြစ်ပေသည်။ **သွရ်တာ**၏ အနက်မှာ သွားလာသည်၊ ခရီးထွက်သည်၊ ခရီးနှင်သည်၊ ပုံဆောင်သည် ဆိုသည့်အပြင် အခြားသော ထင်ရှားသည့် အဓိပ္ပါယ်ပေါင်း များစွာ ရှိနေသည်ကို ထိုဆရာတော် နားလည်ခြင်း မရှိသည်က ဝမ်းနည်းစရာပင်။

	မရှိမှုကြောင့် ပညာမဲ့တို့က သူတို့အား ပြည့်စုံသူများဟု စဉ်းစားကြ၏။
၂၇၄။	**الَّذِينَ يُنفِقُونَ أَمْوَالَهُم بِاللَّيْلِ وَالنَّهَارِ سِرًّا وَعَلاَنِيَةً فَلَهُمْ أَجْرُهُمْ عِندَ رَبِّهِمْ وَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ۞**
	မိမိတို့၏ ဥစ္စာပစ္စည်းများကို နေ့ညမရွေး လက်တွင်းကြိတ်၍တစ်မျိုး၊ လူသိရှင်ကြားတဖုံ သုံးစွဲသော သူတို့အတွက် ကံကြမ္မာရှင်၏ထံ၌ ဆုလဒ် ရှိ၏။ သူတို့အား ကြောက်ရွံ့ရစေမည်မဟုတ်၊ သောကရောက်ရစေမည်လည်း မဟုတ်ချေ။
၂၇၅။	**الَّذِينَ يَأْكُلُونَ الرِّبَا لاَ يَقُومُونَ إِلاَّ كَمَا يَقُومُ الَّذِي يَتَخَبَّطُهُ الشَّيْطَانُ مِنَ الْمَسِّ ذَلِكَ بِأَنَّهُمْ قَالُواْ إِنَّمَا الْبَيْعُ مِثْلُ الرِّبَا وَأَحَلَّ اللّهُ الْبَيْعَ وَحَرَّمَ الرِّبَا فَمَن جَاءهُ مَوْعِظَةٌ مِّن رَّبِّهِ فَانتَهَىَ فَلَهُ مَا سَلَفَ وَأَمْرُهُ إِلَى اللّهِ وَمَنْ عَادَ فَأُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ۞**
☆ ၂း၁၄	ထပ်ပြန်တိုးစားသော သူတို့သည်[၁၉၀] မကောင်းဆိုးဝါး☆ ထိကပ်၍ ရှုပ်ထွေးနေသောသူတို့၏ ရုပ်တည်ခြင်းမျိုးဖြင့် ရပ်တည် ရင်ဆိုင်ရပေမည်၊ ယင်းမှာ "ကူးသန်းရောင်းဝယ်မှုသည် ထပ်ပြန်တိုး ကဲ့သို့သာ ဖြစ်၏။"ဟု သူတို့၏ အပြောကြောင့်ပင်၊ ပရမတ်ဘုရားရှင်သည် ကူးသန်းရောင်းဝယ်မှုကို တရားဝင်ဖြစ်စေ၍ ထပ်ပြန်တိုးစနစ်ကို တားမြစ်တော်မူ၏။ သူ၏ ထံသို့ ကံကြမ္မာရှင်၏ ဆုံးမသြဝါဒတော် ရောက်လာ၍ ရပ်စဲလိုက်လျှင် အတိတ်မှပြီးဆုံးခဲ့သည်နှင့် သူ့အတွက် ညှန်ကြားချက်သည် ပရမတ်ဘုရားထံ၌ ရှိ၏။ ဆက်လုပ်သူများသည် အပူပြီး၏ ပေါင်းဖော်များ ဖြစ်ကြ၏၊ ထို၌ အစဉ်ခံစားရမည်ပင်။
၂၇၆။	**يَمْحَقُ اللّهُ الْرِّبَا وَيُرْبِي الصَّدَقَاتِ وَاللّهُ لاَ يُحِبُّ كُلَّ كَفَّارٍ أَثِيمٍ۞**
	ပရမတ်ဘုရားရှင်သည် ထပ်ပြန်တိုးစနစ်ကို မှေးမှိန်စေတော်မူမည်၊[၁၉၁] အလှူဒါနအဖြစ်လျော်ခြင်းကို တိုးပွားစေတော်မူမည်၊ ပရမတ်ဘုရားရှင်သည် မည်သည့် ဖိုးကွယ်သူ အကုသိုလ်ကောင်ကိုမှ နှစ်သက်တော် မမူချေ။

---

(၁၉၀) **ရီဘာ الرِّبَا** ၏ မူရင်း အနက်မှာ ထပ်ပေါင်းခြင်း၊ ထည့်ဖြည့်ခြင်းဟု ဖြစ်ပေသည်။ မူရင်းပင်မ ချေးငှားထားခြင်း အပေါ်၌ ထပ်လောင်း ပေါင်းထည့်သော ပမာဏဟု ဖြစ်ပေသည် ထို့ကြောင့် ဆရာတော်ကြီးများက အတိုးစားခြင်းဟု ဘာသာပြန်ကြပေသည်။ သို့သော် ယခုခေတ်တွင် ငွေသည်ပင် ရောင်းကုန်တစ်ခု ဖြစ်လာခြင်း၊ နိုင်ငံရေးနှင့်မြို့ပြထွန်းကားမှုပေါ်၌ ငွေကြေးဖေါင်းပွမှုနှန်းများ မတည်ငြိမ်ခြင်း၊ ဘဏ်လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာခြင်းများ အပေါ်၌ "အတိုး"ဟူသော ဝေါဟာရမှာ မပြည့်စုံတော့ပေ။ ငွေဖြစ်စေ၊ မ တည်မှု တစ်ခုကိုဖြစ်စေ ထုတ်ပေးပြီး ငှင်းကို အခွင့်အရေး တစ်ရပ်အဖြစ် အသုံးပြုလျက် မတော်မတရား ဂုတ်သွေးစုပ်သည့်၊ အရင်းအနှီးရယူသူ သို့မဟုတ် ငွေချေးယူသူမှာ နလံမထူနိုင်အောင် ဖိနှိပ်ခံရသည့် စနစ်ကို ခေါ်ပေသည်။ ငှင်းကို ဉးဘဉ ဆင့်ပွား ဆင့်ပွားထည့်ပေါင်းခြင်းဟု အတိအကျ ပြောထားပေသည်။ ထို့ကြောင့် ဤစကားလုံး **ရီဘာ الرِّبَا** ကို ထပ်ပြန်တိုးဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ "**ရီဘာ**"၏ သဘောမှာ ကူးသန်း ရောင်းဝယ်ခြင်းနှင့် မတူညီပေ အရှုံးလုံးဝ မရှိပေ၊ ကူသန်းရောင်းဝယ်မှုတွင် အမြတ်ကို မျှော်လင့်သော်လည်း အရှုံး ရှိနိုင်ပေသည်။ ငွေအရင်းအနှီး တစ်ခုကို မ တည်၍ အရှုံးလုံးဝမရှိ ဟူသော အသိတရားကို လက်ကိုင်ထားသူသည်၊ သူတစ်ပါးထံမှ ရသောငွေကို အချိန်မှန်မှန် ထိုင်စားနေခြင်းဖြင့် တွေးခေါ်ကြံဆမှု အားနည်းလာကာ မတော်လောဘ အောက်၌ လောင်းရိုပ်မိ ချိုနဲ့ လာပေသည်၊ ထိုအကြောင်းအရာကို "မကောင်းဆိုးဝါး ထိကပ်၍ တွေဝေ မူးနောက်နေသူတို့ ကဲ့သို့"ဟု ဆိုထားခြင်း ဖြစ်ပေသည်။ ငွေရောင်းဝယ်မှု အစုစပ်လုပ်ငန်းများကို ကျမ်းတော်က မတားမြစ်ပေ၊ ငှင်းတွင် အရှုံးအမြတ်ဟူ၍ ရှိနေပေသည်။ သို့သော် ငွေလိုသူများအား ငွေထုတ်ချေး၍ အမြတ်သက်သက်ယူစားမှု (ငွေယူမိသူမှာ လုပ်ငန်းမှ မြတ်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ငွေစိုက်ထုတ် သူအား အမြတ် ပေးနေရမှု) မျိုးကို တားမြစ်ပေသည်။ ငွေကြေးဖေါင်းပွစေမှု စနစ်အား မထိန်းချုပ်တတ်သော စီးပွားရေးပညာရှင်များသည်လည်း အတိုးစနစ်၏ တရားခံများ ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ဆင်းရဲသားများကို လည်းကောင်း မြန်မာ့သမိုင်းတွင် ဆင်းရဲနွမ်းပါးသူတို့အပေါ် ဂုတ်သွေးဖေါက်စုပ်အမြတ်ထုတ် အတိုးကြီးစားသူများသည် လည်းကောင်း အစွလာမ် ဘာသာဝင်များ လုံးဝ မဟုတ် ဆိုသည်ကို ဤသုတ်တော်မှ အခိုင်အမာ သက်သေခံလျက်ရှိပေသည်။

(၁၉၂) **ယန်းမ်ဟာကို့ ُيَمْحَق** ဆိုသည်မှာ "သူသည် ကောင်းကြီးမင်္ဂလာနှင့် ဝေးကွာစေသည်၊"သို့မဟုတ် "သူသည် ဖြေးဖြေးခြင်း သေးသိမ်သွားသည်၊"ဟု ဖြစ်ပေသည်။ ဤသုတ်တော်က အမြတ်ကြီးစား ခေါင်းပုံဖြတ်သော စနစ်သည် တဖြေးဖြေးခြင်း မှေးမှိန်ပျောက်ကွယ်သွားမည်ဟု ဟော ထားပေသည်။

၂၇၇။ ☆ ၂၈	**إِنَّ الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ وَأَقَامُواْ الصَّلاَةَ وَآتَوُاْ الزَّكَاةَ لَهُمْ أَجْرُهُمْ عِندَ رَبِّهِمْ وَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ۞** ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံ၍ ဝတ်ပြု☆ မြဲကြလျက် အခွန်ငွေဖြူ ပေးသောသူတို့၏ ဆုလဒ်သည် သူတို့၏ ကံကြမ္မာရှင်ထံ၌ ရှိ၏။ သူတို့အား ကြောက်ရွံ့ရစေမည်မဟုတ်၊ သောကရောက်ရစေမည်လည်း မဟုတ်ချေ။
၂၇၈။	**يَا أَيُّهَا الَّذِينَ آمَنُواْ اتَّقُواْ اللّهَ وَذَرُواْ مَا بَقِيَ مِنَ الرِّبَا إِن كُنتُم مُّؤْمِنِينَ۞** အို–ယုံကြည်သောသူတို့၊ သင်တို့သည် ဇကန်ပင် ယုံကြည်သူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ထပ်ပြန်တိုးမှ လက်ကျန်များကို ချန်ပစ်ကြလော့။
၂၇၉။	**فَإِن لَّمْ تَفْعَلُواْ فَأْذَنُواْ بِحَرْبٍ مِّنَ اللّهِ وَرَسُولِهِ وَإِن تُبْتُمْ فَلَكُمْ رُؤُوسُ أَمْوَالِكُمْ لاَ تَظْلِمُونَ وَلاَ تُظْلَمُونَ۞** အကယ်၍ သင်တို့ မပြုလုပ်ကြလျှင်– ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်ထံမှ စစ်ကြေငြာခြင်းကို ခံရလတ္တံ့၊ သင်တို့ ခဝါချခဲ့လျှင်၊ အဦးဆုံး မတည်မှုများကို ပြန်ယူလော့၊ မိုက်ကြေးမခွဲကြနှင့်၊ မိုက်ကြေးခွဲမခံကြနှင့်။[၁၉၃]
၂၈၀။	**وَإِن كَانَ ذُو عُسْرَةٍ فَنَظِرَةٌ إِلَى مَيْسَرَةٍ وَأَن تَصَدَّقُواْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ۞** သို့သော် သူသည် ခက်ခဲသူဖြစ်လျှင် လွယ်ကူသည်အထိ စောင့်ကြည့်ပေးရမည်၊ အလှူအဖြစ်လျော်ပေးကြလျှင် သင်တို့အတွက် ကောင်း၏၊ သင်တို့ သိကြပါလေစ။
၂၈၁။	**وَاتَّقُواْ يَوْمًا تُرْجَعُونَ فِيهِ إِلَى اللّهِ ثُمَّ تُوَفَّى كُلُّ نَفْسٍ مَّا كَسَبَتْ وَهُمْ لاَ يُظْلَمُونَ۞** ပရမတ်ဘုရားရှင်ထံသို့ ဦးလှည့်ပြန်၍ ဉာဉ်တိုင်းကိုယ်စီ ကျင့်ဆောင်ခဲ့ရာကို စုဆုံ ပြီးပြည့်စေမည့် နေ့ကာလအတွက် စည်းစောင့်ကြကုန်လော့၊ သင်တို့ မိုက်ကြေးခွဲခံရမည် မဟုတ်ချေ။
၂၈၂။	**يَا أَيُّهَا الَّذِينَ آمَنُواْ إِذَا تَدَايَنتُم بِدَيْنٍ إِلَى أَجَلٍ مُّسَمًّى فَاكْتُبُوهُ وَلْيَكْتُب بَّيْنَكُمْ كَاتِبٌ بِالْعَدْلِ وَلاَ يَأْبَ كَاتِبٌ أَنْ يَكْتُبَ كَمَا عَلَّمَهُ اللّهُ فَلْيَكْتُبْ وَلْيُمْلِلِ الَّذِي عَلَيْهِ الْحَقُّ وَلْيَتَّقِ اللّهَ رَبَّهُ وَلاَ يَبْخَسْ مِنْهُ شَيْئًا فَإِن كَانَ الَّذِي عَلَيْهِ الْحَقُّ سَفِيهًا أَوْ ضَعِيفًا أَوْ لاَ يَسْتَطِيعُ أَن يُمِلَّ هُوَ فَلْيُمْلِلْ وَلِيُّهُ بِالْعَدْلِ وَاسْتَشْهِدُواْ شَهِيدَيْنِ من رِّجَالِكُمْ فَإِن لَّمْ يَكُونَا رَجُلَيْنِ فَرَجُلٌ وَامْرَأَتَانِ مِمَّن تَرْضَوْنَ مِنَ الشُّهَدَاء أَن تَضِلَّ إْحْدَاهُمَا فَتُذَكِّرَ إِحْدَاهُمَا الأُخْرَى وَلاَ يَأْبَ الشُّهَدَاء إِذَا مَا دُعُواْ وَلاَ تَسْأَمُوْاْ أَن تَكْتُبُوْهُ صَغِيرًا أَو كَبِيرًا إِلَى أَجَلِهِ ذَلِكُمْ أَقْسَطُ عِندَ اللّهِ وَأَقْومُ لِلشَّهَادَةِ وَأَدْنَى أَلاَّ تَرْتَابُواْ إِلاَّ أَن تَكُونَ تِجَارَةً حَاضِرَةً تُدِيرُونَهَا بَيْنَكُمْ فَلَيْسَ عَلَيْكُمْ جُنَاحٌ أَلاَّ تَكْتُبُوهَا وَأَشْهِدُوْاْ إِذَا تَبَايَعْتُمْ وَلاَ يُضَآرَّ كَاتِبٌ وَلاَ شَهِيدٌ وَإِن تَفْعَلُواْ فَإِنَّهُ فُسُوقٌ بِكُمْ وَاتَّقُواْ اللّهَ وَيُعَلِّمُكُمُ اللّهُ وَاللّهُ بِكُلِّ شَيْءٍ عَلِيمٌ۞** အို–ယုံကြည်သောသူတို့၊ သင်တို့ချင်းကြား ကာလသတ်မှတ်၍ အကြွေးဖြင့် ဝယ်ရောင်း ချုပ်ဆိုသောအခါ မှတ်တမ်းတင်ကြလော့၊ သင်တို့၏အကြား၌ စာရေးသူအား တန်းတူညီမျှ မှတ်တမ်းတင်စေလော့၊ စာရေးသူသည် ပရမတ်

---

(၁၉၃) **لاَ تَظْلِمُونَ وَلاَ تُظْلَمُونَ လာတဲ့ဆွိလီမူးန ဝလာ တို့ဆွိ လမူးန** ဆိုသည့် စကားမှ **تَظْلِمُونَ တဲ့ဆွိလီမူးန** သည် သူတစ်ပါးအား နစ်နာအောင်လုပ်သည်ဟု ဖြစ်သည်၊ ထို့ကြောင့် ၎င်းကို မတရားမပြုကြနှင့် (သူတပါးအပေါ် အဝိဇ္ဇာမစီးနှင့်)ဟု ဘာသာပြန်၍ **تُظْلَمُونَ တို့ဆွိလမူးန** ဆိုသည်မှာ မိမိကိုယ် ဆုံးရှုံးနစ်နာစေသည် (အဝိဇ္ဇာစီးစေသည်) ဟု ဖြစ်ပေသည်။ ဤဝါကျမှ သူတစ်ပါးအား မတရားမပြုကြနှင့် ဆိုသည်မှာ ကြွေးယူထားသူ၊ ကြွေးတင်နေသူကို မနစ်နာစေနှင့် (သူထံမှ အတိုးကို မယူနှင့်) ဟု ပြောဆို၍၊ မိမိကိုလည်း မနစ်နာစေနှင့် ဆိုသည်မှာ အ ရင်းများကိုပါ အဆုံးရှုံး ခံပစ်ရန်မလို၊ ထုတ်ချေးထားသော အရင်းများကို ပြန်ယူပိုင်ခွင့်ရှိသည်ဟု ဆိုလိုခြင်း ဖြစ်သည်။ သို့သော် ထုတ်ချေးငွေအား အတင်းအကျပ် ပြန်တောင်းခွင့် မရှိပေ၊ (ဗုဒ္ဓ၀ဝ)။

ယုက်ကွက်	ဘုရားရှင် သင်ပေးသည့် နည်းမှန် အတိုင်း သူ့အား မှတ်တမ်းတင်စေခြင်းကို မဖီဆန်ဘဲ မှတ်တမ်းတင်စေလေ၍၊ အကြွေးယူသူက စာချစေလေ၍ သူ၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင်အား စည်းစောင့် သစ္စာမြဲစေလေ၍ တစ်စုံတစ်ရာမျှ လျော့ပေါ့ခြင်း မပြုရ။ အကယ်၍ သူသည် မှန်ကန်စွာ နားလည်နိုင်စွမ်း မရှိသူ ဖြစ်လျှင် သို့မဟုတ် အားနည်းချက်ရှိသူ သို့မဟုတ် နည်းကျရန် တတ်နိုင်သူ မဟုတ်လျှင် သူ၏ မဟာမိတ်က ညီမျှစွာ နည်းချပေးစေလေ၍၊ သင်တို့အနက် အမျိုးသားများမှ သက်သေနှစ်ဦးကို သက်သေထားစေလော့၊ အကယ်၍ အမျိုးသားနှစ်ဦး မရှိခဲ့သော် အမျိုးသား တစ်ဦးနှင့်– သက်သေများအနက် သင်တို့ စိတ်ကျေနပ်သော အမျိုးသမီး နှစ်ဦးကို ထားရှိစေလော့၊ သူမတို့မှ တစ်ဦးဦးက **ချွတ်ချော်ခဲ့**သော်[၁၉၄] ကျန်တစ်ဦးက သတိပေးနိုင်၏၊ ဖိတ်ခေါ်ခံရသော သက်သေများသည် မဖီဆန်ရ။ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ကာလသတ်မှတ် မှတ်တမ်းတင်ခြင်းကို စိတ်မပင်ပန်းကြနှင့်၊ ဤသည် ပရမတ်ဘုရားရှင်၏ ထံတော်၌ အမျှတဆုံး ဖြစ်၏၊ သက်သေ အခိုင်မြဲဆုံး ဖြစ်၏၊ သံသယ မဖြစ်စေရန် အနီးစပ်ဆုံး ဖြစ်၏၊ သို့သော် သင်တို့ချင်းကြား အသင့် အပေးအယူ ဖလှယ်ရောင်းဝယ်ခြင်းခဲ့၌ မှတ်တမ်းတင်ခြင်း မရှိလျှင်လည်း အပြစ် မရှိပေ၊ သို့သော် သင်တို့ စပ်ကြား သက်သေများ ထားကြကုန်လော့၊ သင်တို့ ကတိသစ္စာပြုသော အခါ စာရေးသူနှင့် သက်သေများကို မနစ်နာစေနှင့်၊ အကယ်၍ သင်တို့သည် **ကျူးလွန်အံ့**၊ သူသည် သင်တို့အနက် ယုတ်မာသူ ဇကန်ဆတ်ဆတ် ဖြစ်၏၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ပရမတ်ဘုရားရှင်သည်ကား သင်တို့အား သင်ကြားတော်မူပြီ၊ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား သိနေတော်မူသော အရှင် ဖြစ်၏။[၁၉၅] နစ်နာစေအံ့
၂၈၃။	**وَإِن كُنتُمْ عَلَى سَفَرٍ وَلَمْ تَجِدُواْ كَاتِبًا فَرِهَانٌ مَّقْبُوضَةٌ فَإِنْ أَمِنَ بَعْضُكُم بَعْضًا فَلْيُؤَدِّ الَّذِي اؤْتُمِنَ أَمَانَتَهُ وَلْيَتَّقِ اللّهَ رَبَّهُ وَلاَ تَكْتُمُواْ الشَّهَادَةَ وَمَن يَكْتُمْهَا فَإِنَّهُ آثِمٌ قَلْبُهُ وَاللّهُ بِمَا تَعْمَلُونَ عَلِيمٌ۝**

---

(၁၉၄) ဤဘာသာပြန်တွင် ပြန်ဆိုသော **ချွတ်ချော်သည်** ဆိုသည့် စကားကို ဆရာတော်ကြီးများက မေ့လျော့သည်ဟု ဘာသာပြန်ခြင်းကြောင့် အဓိပ္ပါယ် တစ်မျိုးပြောင်းသွားပေသည်။ ထိုစကားမှာ **تَضِلَّ** **တသွိလ** မှာ ချွတ်ချော်သည်၊ မူလနေရာမှ ဝေးကွာသည်၊ လမ်းလွဲသည်။ အပါယ်သို့ ရောက်သည်၊ ဟူသော အနက်ကိုပေးသည့် စကားလုံး **ضِلَّ** **သွလ** မှ ဆင့်ပွားခြင်း ဖြစ်၍။ မေ့လျော့သည်ဟု အနက်ကို မပေးပေ။ အကယ်၍ တရားရုံး သို့မဟုတ် အမှုဖြေရှင်းရမည့် နေရာသည် ဝေးကွာနေခဲ့သော် အမျိုးသမီး တစ်ဦးအနေဖြင့် ကျွမ်းကျင်ရေးကိစ္စ အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် သက်သေထွက်ဆိုရန် မရောက်နိုင်ခဲ့လျှင် အခြားတစ်ဦးက သက်သေထွက်ဆိုပေးနိုင်ရန် စီစဉ်ပေးခြင်းသာ ဖြစ်ပေသည်။

(၁၉၅) ဤသုတ်တော်မှ စာရေးသူ–ဆိုသည်မှာ ဥပဒေကို နားလည်သော တတ်သိပညာရှင်ကို ဆိုလိုပေသည်၊ ထိုအချက်ကို **စာရေးသူသည် ပရမတ်ဘုရားရှင် သွန်သင်သည့်အတိုင်း ရေးသားစေခြင်းကို ဖီဆန်ခြင်း မပြုရ။ တရား (ဥပဒေ)နှင့်အညီ ရေးစေလော့၊** ဟူသည့် အချက်များက ခိုင်မာစွာ ထောက်ပြထားပေသည်။ ဥပဒေပညာရှင်များ မရှိသည့် အရပ်များတွင် သင်တို့ (လူသားများ)အကြား အတတ်သိဆုံးလူကို ရေးသားခိုင်းရပေမည်။

(❖) နားလည်နိုင်စွမ်း မရှိသူ၊ စာချနိုင်စွမ်း မရှိသူ ဆိုသည်မှာ ဥပဒေကို နားမလည်သောကြောင့် သော်လည်းကောင်း၊ ဘာသာစကား အခက်အခဲကြောင့်သော်လည်းကောင်း၊ အခြေခံ မှတ်သားနိုင်မှု အားနည်းသောကြောင့် သော်လည်းကောင်း ဖြစ်နိုင်၍၊ အုပ်ထိန်းသူ ဆိုသည်မှာ မိဘ ညီအစ်ကို မောင်နမသော်လည်းကောင်း ဌာနရမ်းထားသည့် အကျိုးတော်ဆောင် ရှေ့နေရှေ့ရပ်သော်လည်းကောင်း ဖြစ်နိုင်ပေသည်။

(❖) ဤဥပဒေပါ အမျိုးသား တစ်ဦးအစား အမျိုးသမီး နှစ်ဦးကို သက်သေထားခိုင်းခြင်းမှာ အမျိုးသားနှင့် အမျိုးသမီး တန်ဘိုး နှိုင်းယှဉ်ခြင်း မဟုတ်ပေ၊ ထို့အပြင် ဤဥပဒေကို သေချာစွာ လေ့လာလျှင် အမှန်တကယ် သက်သေလိုက်သော အခါ အမျိုးသား တစ်ဦးအစား အမျိုးသမီး နှစ်ဦးလည်း မဟုတ်ချေ။ ဤဥပဒေသည် နိုင်ငံရပ်ခြား လုပ်ငန်းရှင် ဖက်စပ်လုပ်ငန်းများနှင့်လည်း သက်ဆိုင်ပေသည်။ ထိုအချက်ကို ဘာသာစကား အခက်အခဲဖြစ်သည့် **နားလည် နိုင်စွမ်းမရှိသူ၊ စာချနိုင်စွမ်းမရှိသူ** ဆိုသော စကားလုံးများများ၊ သုတ်တော် ၁၈၃ ပါ **ခရီးဦ၌ ရှိစဉ်** ဆိုသော စကားလုံးများက ထောက်ပြနေပေသည်။ ထိုအခြေအနေတွင် သက်သေလိုက်ပေးရန် ခရီးသွားလာနိုင်မှုမှာ ယေဘုယျအားဖြင့် အမျိုးသမီးများသည် အမျိုးသား လောက် လွယ်ကူမှု မရှိချေ။ ထိုကြောင့် ထိုအခြေအနေမျိုးတွင် အမျိုးသား တစ်ဦး၏ နေရာတွင် အမျိုးသမီး နှစ်ဦးဖြင့် အစားထိုး သက်သေ လိုက်ခိုင်းခြင်း ဖြစ်ပေသည်။ သို့သော် အမှုအခင်း ဖြစ်လျှင်သက်သေ လိုက်ပေးရန်အတွက် အမျိုးသမီး နှစ်ဦးသည် ရုံးတော်သို့ တစ်ပြိုင်နက် သွားရောက် သက်သေ ထွက်ဆိုရန် မလိုပေ၊ တစ်ဦးသွားလျှင် ပြည့်စုံပေသည်။ ၎င်းကို "သူမတို့မှ တစ်ဦးဦး ချွတ်ချော်ခဲ့သော် ကျန်တစ်ဦးက သတိပေးနိုင်၏" ဆိုသည်က ထောက်ပြထားပေသည်။ ဤစကားတွင် "သတိပေးသည်၊" ဆိုခြင်းမှာ ထိုသက်သေ မိန်းမအချင်းချင်း မေ့လျော့နေသည်ကို သတိဖေါ်ပေးခြင်း မဟုတ်ချေ။ ရုံးခ်ဳ "သက်သေထွက်ဆိုခြင်း၊" ကိုသာ ဆိုလိုပေသည်။ ထို့ကြောင့် အမှန်တကယ် ရုံးတော်၌ သက်သေ ထွက်ဆိုသော အခါ၊ အမျိုးသား တစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်မှာ အတူတူပင် ဖြစ်ပေသည်။ တစ်ယောက်အစား နှစ်ယောက် မဟုတ်တော့ပေ။

	အကယ်၍ သင်တို့သည် လမ်းခရီးခဲ့ဖြစ်၍ စာရေးသူ မတွေ့ရှိခဲ့လျှင် အာမခံပစ္စည်းကို လက်ဆုပ်လက်ကိုင်ပြုစေလော့၊ အကယ်၍ သင်တို့မှ အချို့သည် အချို့ကို ယုံကြည်စိတ်ချကြလျှင် ယုံကြည်ခြင်းခံရသောသူက ယုံကြည်မှုအပ်ထည်ကို ပေးအပ်စေလော့၊ သူ၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင်အား စည်းစောင့်စေလော့။ သက်သေသက်ကန်ကို ထိန်ဝှက်ဖျောက်ဖျက်ခြင်း မပြုရ၊ ထိန်ဝှက်ဖျောက်ဖျက်ခဲ့မူ သူသည် အပြစ်ရှိသော နှလုံးသားပိုင်ရှင် ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို သိနေတော်မူသော အရှင် ဖြစ်၏။
၂၈၄။	**لِّلَّهِ ما فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَإِن تُبْدُواْ مَا فِي أَنفُسِكُمْ أَوْ تُخْفُوهُ يُحَاسِبْكُم بِهِ اللّهُ فَيَغْفِرُ لِمَن يَشَاء وَيُعَذِّبُ مَن يَشَاء وَاللّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ۞** မိုးများနှင့်မြေ၌ ရှိသမျှသည် ပရမတ်ဘုရားရှင်က အချုပ်အခြာ၌ ရှိ၏၊ သင်တို့၏ ဉာဉ်စရိုက်မှ ဖွင့်ဟရာ၊ သို့မဟုတ် ထိန်ဝှက်ထားရာတို့အတွက် ပရမတ်ဘုရားရှင်က စရင်းစစ်တော်မူမည်၊ စံချိန်ပြည့်သူအား* လွတ်ငြိမ်းစေ၍၊ စံချိန်ပြည့်သူအား ဝင့်ကြွေးသင့်စေတော်မူမည်၊ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၂၈၅။	**آمَنَ الرَّسُولُ بِمَا أُنزِلَ إِلَيْهِ مِن رَّبِّهِ وَالْمُؤْمِنُونَ كُلٌّ آمَنَ بِاللّهِ وَمَلآئِكَتِهِ وَكُتُبِهِ وَرُسُلِهِ لاَ نُفَرِّقُ بَيْنَ أَحَدٍ مِّن رُّسُلِهِ وَقَالُواْ سَمِعْنَا وَأَطَعْنَا غُفْرَانَكَ رَبَّنَا وَإِلَيْكَ الْمَصِيرُ۞** ဉာဏ်စဉ်ဆောင်နှင့် ယုံကြည်သူများသည် သူ၏ကံကြမ္မာရှင်က သူ့ထံသို့ ချမှတ်ပေးရာကို ယုံကြည်ကြ၏။ သူတို့အားလုံးသည် ပရမတ်ဘုရားရှင်၊ အရှင်၏နိမိတ်ဆောင်များ၊ အရှင်၏ ကျမ်းဂန်တော်များ၊ အရှင်၏ ဉာဏ်စဉ်ဆောင်များကို ယုံကြည်ကြ၏။ တပည့်တော်တို့သည် အရှင်၏ ဉာဏ်စဉ်ဆောင်များကြား တစ်ပါးနှင့် တစ်ပါးခွဲခြားမှု မရှိပါ။* ထို့နောက် သူတို့က "တပည့်တော်တို့ ကြားနာပါ၏၊ နာခံပါ၏၊ တပည့်တော်တို့အား လွတ်ငြိမ်းစေတော်မူပါ၊ အို ကံကြမ္မာရှင် အရှင့်ထံသို့သာ အန္တိမပန်းတိုင် ဖြစ်ပါ၏၊" ဟု ရင့်ကျူးကြ၏။
၂၈၆။	**لاَ يُكَلِّفُ اللّهُ نَفْسًا إِلاَّ وُسْعَهَا لَهَا مَا كَسَبَتْ وَعَلَيْهَا مَا اكْتَسَبَتْ رَبَّنَا لاَ تُؤَاخِذْنَا إِن نَّسِينَا أَوْ أَخْطَأْنَا رَبَّنَا وَلاَ تَحْمِلْ عَلَيْنَا إِصْرًا كَمَا حَمَلْتَهُ عَلَى الَّذِينَ مِن قَبْلِنَا رَبَّنَا وَلاَ تُحَمِّلْنَا مَا لاَ طَاقَةَ لَنَا بِهِ وَاعْفُ عَنَّا وَاغْفِرْ لَنَا وَارْحَمْنَآ أَنتَ مَوْلاَنَا فَانصُرْنَا عَلَى الْقَوْمِ الْكَافِرِينَ۞** ပရမတ်ဘုရားရှင်သည် မည်သည့် ဉာဉ်စရိုက်ကိုမှ မနိုင်ဝန် မထမ်းစေပေ၊ သူ့အတွက် သူကျင့်ဆောင်ရာသည် ရှိ၍၊ သူ့အပေါ်၌ သူကျင့်ဆောင်ရာသည် တင်ရှိ၏၊ "အို ကံကြမ္မာရှင် တပည့်တော်တို့၏ မေ့လျော့ မှားယွင်းမှု၌ အရေးမယူပါနှင့်၊ အို ကံကြမ္မာရှင် တပည့်တော်တို့ မတိုင်မီ ဖြစ်သောသူများအား သယ်ပိုးစေသကဲ့သို့ တပည့်တော်တို့အား ဝန်ထုတ်ဝန်ပိုး မသယ်ပိုးစေပါနှင့်၊ အို ကံကြမ္မာရှင် တပည့်တော်တို့ အင်အားမမျှသည်ကို တပည့်တော်တို့အား မသယ်ပိုးစေပါနှင့်၊ တပည့်တော်တို့အား ကျေအေးပေးတော်မူပါ၊ လွတ်ငြိမ်းစေတော်မူပါ ကရုဏာသက်တော်မူပါ၊ အရှင်သည် တပည့်တော်တို့၏ မဟာမိတ် ဖြစ်တော်မူပါ၏ ဖုံးကွယ်သော လူမျိုးထက်သာရန် ကူညီတော်မူပါ၊" ဟု တောင်းဆုပြုလော့။

ဤတွင် ဓမ္မခန္ဓ ၂ ပြီး၏။ ဤဓမ္မခန္ဓအား ကိုယ်တော်မြတ် မဒီနာမြို့တွင် နေစဉ် ချမှတ်ပေးခြင်း ဖြစ်သည်။

ဓမ္မခန္ဓာ (၃) "အင်မ်ရာမ်၏ မျိုးနွယ်" (အာလိ အင်မ်ရာမ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၉)၊ သုတ်ဒေသနာ အပါး (၂၀၀)၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။ ❖ [၃း၁]	**الم** ۞ **အလက်ဖ်၊ လမ်၊ မင်** (ငါသည် ကုန်စင်သိနေတော်မူသော ပရမတ်ဘုရားရှင် ဖြစ်တော်မူ၏။) ❖
၂။	**اللهُ لا إِلَـهَ إِلاَّ هُوَ الْحَيُّ الْقَيُّومُ** ۞ ပရမတ်ဘုရားရှင်–နိစ္စရူဝဖြစ်တော်မူသော ထိုအရှင် မှအပ အခြားဘုရားဟူ၍ မရှိ၊
၃။ ☆ပစ္စုပ္ပန်	**نَزَّلَ عَلَيْكَ الْكِتَابَ بِالْحَقِّ مُصَدِّقاً لِّمَا بَيْنَ يَدَيْهِ وَأَنزَلَ التَّوْرَاةَ وَالإِنجِيلَ** ۞ အရှင်သည် သင့်အား လက်ရှိ–ရှေ့မှောက်☆[၁၉] ဖြောင့်မှန်စေသည့် ကျမ်းတော်ကို ပရမတ္ထသစ္စာဖြင့် ချမှတ်ပေး၍ တိုရာဟ်နှင့် ဇဝံဂလိကိုလည်း[၁၉၇] ချမှတ်ပေးခဲ့ပြီ၊–
၄။	**مِن قَبْلُ هُدًى لِّلنَّاسِ وَأَنزَلَ الْفُرْقَانَ إِنَّ الَّذِينَ كَفَرُواْ بِآيَاتِ اللهِ لَهُمْ عَذَابٌ شَدِيدٌ وَاللهُ عَزِيزٌ ذُو انتِقَامٍ** ۞ ရှေ့အလျင်ကလည်း လူသားတို့အတို့ လမ်းညွှန်နှင့်၊ ခွဲခြမ်းစိတ်ဖြာဖွင့်ဆိုချက်အား ချမှတ်ပေးခဲ့ပြီ၊ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများအား ဝံုးကွယ်သော သူများအတွက် ပြင်းထန်သော ဝဋ်ကြွေးသည် မုချ ရှိနေ၏၊ ပရမတ်ဘုရားရှင်သည် ဘုန်းတော်အရှင် တန်ပြန်စေသောအရှင် ဖြစ်၏။
၅။	**إِنَّ اللهَ لاَ يَخْفَى عَلَيْهِ شَيْءٌ فِي الأَرْضِ وَلاَ فِي السَّمَاء** ۞ ဇကေပင် မိုးများနှင့် မြေ၌ ရှိရာတို့သည် ပရမတ်ဘုရားရှင်၏ ထံတော်တွင် ထိန်ဝှက်ထားနိုင်ခြင်း မရှိပေ။
၆။ ✡[၃း၇]	**هُوَ الَّذِي يُصَوِّرُكُمْ فِي الأَرْحَامِ كَيْفَ يَشَاء لاَ إِلَـهَ إِلاَّ هُوَ الْعَزِيزُ الْحَكِيمُ** ۞ ထိုအရှင်သည် မည်သို့ စံချိန်ပြည့်သည်နှင့်အညီ✡ သင်တို့အား ဝမ်းကြောတိုက်၌ ပုံစံချပေး၏၊ ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်သော ထိုအရှင်မှ အပ အခြားဘုရားဟူ၍ မရှိပြီ။

---

(၁၉၆) **يَدَيْه بَيْنَ ဘိုင်းန–ယဒိုင်းဟိ** ကို ရှေ့ကျမ်းများဟု ဘာသာပြန်သည်များလည်း ရှိပေသည်။ ရှေးယခင်ကပင် လက်ရှိ အချိန်ထိ သယ်ဆောင်လာသည့်ကျမ်းစာ၊ လက်ဝယ်ရှိပြီးသားကျမ်းစာ–ဟု ဆိုလိုသည်။ **يَدَيْه بَيْنَ ဘိုင်းန–ယဒိုင်းဟိ** ၏ တိုက်ရိုက် အဓိပ္ပါယ်မှာ– **بَيْنَ ဘိုင်းန** "နှစ်ခုကြား၊ မျက်နှာချင်းဆိုင်၊ ရှေ့မှောက်" နှင့် **يَدَي ယဒိုင်း** "လက်" ကို ပေါင်းထားသည့် စကားလုံးတွဲ "လက်ရှိ–ရှေ့မှောက်" ပစ္စုပ္ပန်ကာလဟု ဖြစ်သည်။

(၁၉၇) **တိုရာဟ်**– ဟီဗရူး (အီဗရာနီ)စာပေအရ "ထာဝရဘုရား၏ အလိုတော် စိတ်ကြိုက်၊"ဟု ဖြစ်၍ လက်ရှိ သမ္မာကျမ်းရှိ ဓမ္မဟောင်းမှ အားလုံးအကြုံးမဝင်ပေ။ **အင်ဂျီးလ်** လက်ရှိ ဓမ္မသစ်ကျမ်းမှ ဇဝံဂလိ ကျမ်းများကို ဆိုလိုပေသည်၊ ထိုဇဝံဂလိ (မဿဲ၊ မာကု၊ လုကာ၊ ယောဟန်–ခရစ်ဝင်ကျမ်း) များကိုပင် ဇဝံဂလိ စစ်စစ်ဟု လက်ခံပေ၊ ထိုကျမ်းများ၌ လူ့လက်ရာ တည်းဖြတ် ဖြည့်စွက်ထားမှုများ ရှိနေသည်ဟု ဆိုပေသည်။

၇။	**هُوَ الَّذِيَ أَنزَلَ عَلَيْكَ الْكِتَابَ مِنْهُ آيَاتٌ مُّحْكَمَاتٌ هُنَّ أُمُّ الْكِتَابِ وَأُخَرُ مُتَشَابِهَاتٌ فَأَمَّا الَّذِينَ في قُلُوبِهِمْ زَيْغٌ فَيَتَّبِعُونَ مَا تَشَابَهَ مِنْهُ ابْتِغَاء الْفِتْنَةِ وَابْتِغَاء تَأْوِيلِهِ وَمَا يَعْلَمُ تَأْوِيلَهُ إِلاَّ اللهُ وَالرَّاسِخُونَ فِي الْعِلْمِ يَقُولُونَ آمَنَّا بِهِ كُلٌّ مِّنْ عِندِ رَبِّنَا وَمَا يَذَّكَّرُ إِلاَّ أُوْلُواْ الأَلْبَابِ۞**
	အရှင်သည် သင့်အား ကျမ်းတော်ကို ချမှတ်ပေးသော အရှင် ဖြစ်၏၊ ထိုဌ္ဌ ကျမ်းတော်၏ မိခင်ရင်းမြစ် စီရင်ထုံးသုတ်ဒေသနာများနှင့် နောက်ဆက် ဆင်တူများ ပါရှိ၏၊ စိတ်နလုံး၌ တိမ်းပါးလိုသူများကမူ သွေးတိုးစမ်းရန် ရှာဖွေလျက် ဆင်တူများကို လိုက်၍ ရှာဖွေ ဖွင့်ဆိုကြ၏။ ဖွင့်ဆိုနည်းကို ပရမတ်ဘုရားရှင်သည်သာ သိတော်မူ၏။ အသိပညာ သဘာရင့်သူများက "ငင်းတို့ အားလုံးသည် ကံကြမ္မာရှင်၏ထံမှ ဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်ပါ၏၊" ဟု ရင့်ကျူးကြ၏၊ သဘောပေါက်နိုင်စွမ်း ရှိသူတို့မှအပ ဆင်ခြင်သတိ မရှိကြချေ။[၁၉၈]

---

(၁၉၈) ကျမ်းမြတ်ကုရ်အာန်သည် **အာယားတွန် မုဟ်ကမာတွန် ဟွန်န အွမ်မွန်လ် ကီတဗ်ဘ် الْكِتَابِ هُنَّ أُمُّ مُّحْكَمَاتٌ آيَاتٌ** ဟုခေါ်သည့် ကျမ်းတော်၏ မိခင်ရင်းမြစ် ဥပဒေ သုတ်တော်များနှင့် **အုခရူ မုတရှာ ဗီ ဟာတွန် مُتَشَابِهَاتٌ أُخَرُ** ဟု ခေါ်သည့် နောက်ဆက် ဆင်တူ သုတ်တော်များဖြင့် ပေါင်းစပ် ဖွဲ့စည်းထားသည်ဟု ရှင်းလင်းစွာ ပြောထားပေသည်၊ ဤအကြောင်းကို ကျမ်းတော်၏ ၁၁း၁ တွင် ရှင်းလင်းပြတ်သားသော သုတ်တော်များဖြင့် ဖွဲ့စည်းထားသော ကျမ်းတော်ဟုလည်းကောင်း၊ ၃၉း၂၃ တွင် ဆင်တူ ဒေါက်တိုင်များဖြင့် ကျမ်းတော်ဟု လည်းကောင်း ဖော်ပြထားပေသည်။ ဤနေရာ၌ အနည်းငယ် ရှင်းပြရန် ရှိသည်မှာ ဆရာတော်တချို့က ဤသုတ်တော်၏ ရှေ့ပိုင်း "မိခင်ရင်းမြစ် ဥပဒေသုတ်တော်များ" ဆိုသည်ကို ကောက်ယူ၍ နောက်ပိုင်း တင်ပြသော "နောက်ဆက် ဆင်တူများ" ဆိုသည်ကို "အဓိပ္ပါယ်များပြားသော၊ ရှင်းလင်းပြတ်သားမှု မရှိသော သုတ်တော်များ"ဟု ဖွင့်ဆိုကြပေသည်။ ဤသို့ ဖွင့်ဆိုမှုမှာ လုံးဝလွဲမှားသော အယူအဆ ဖြစ်ပေသည်။ ဤကဲ့သို့အာန် ကျမ်းတော်တွင် အဓိပ္ပါယ် မပြတ်သားသော သုတ်တော်ဟူ၍ အလျဉ်း မပါရှိပေ။ ဆင်တူ ဆိုခြင်းမှာ ရှင်းလင်းသည်ထက် ရှင်းလင်းစေရန် ထပ်ဆင့် ရှင်းပြခြင်းပင် ဖြစ်ပေသည်။ ဤသုတ်တော်တွင် ဖော်ပြသော "ဆင်တူများ" ဆိုသည့် စကားရှေ့၌ "နောက်ဆက်"ဟု သုံးထားပေသည်။ ၎င်းကို အာရ်ဗီဘာသာဖြင့် **အုခရူ أُخَرُ** ဟု ဆိုထားပြီး **အုခရူ أُخَرُ** ၏ အနက်မှာ "ရှေ့မှ ဖြစ်တည်ပြီးသား၏ အတား အဆီး၊ ဘောင်၊ ကာဆီးထားခြင်း မရှိသော နောက်ဆက်တွဲ"ဟု အဓိပ္ပါယ်ကို ပေးပေသည်။ ထို့ကြောင့် ဤဘဝ (လောကီဘဝ)၏ တဆက်တည်းသော နောင်ဘဝကိုလည်း **အာခီရတ်** ဟု ခေါ်ဝေါ်ခြင်း ဖြစ်ပေသည်။ တဖန် ဤသုတ်တော်တွင် ပုံစံတူ ဟု သုံးသော **တရှာဗ် تَشَابُه** ၏ အနက်မှာ ပုံစံတူသည်၊ သဏ္ဌာန်တူသည် ဟူသော အနက်ကို ဆောင်၍ (၂း၇၀)– နားလည်လွယ်ကူစေရန် တင်ပြခြင်းသာ ဖြစ်သည်။ ထို့ကြောင့် "မိခင်ရင်းမြစ် ဥပဒေသုတ်တော်များနှင့် နောက်ဆက် ဆင်တူများ" ဆိုသည်မှာ "မိခင်ရင်းမြစ် ဥပဒေ သုတ်တော်များနှင့် တဆက်တည်း ဖြစ်သော ဆင်တူ သုတ်တော်များ"ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ အချို့သော ဆရာတော်များက ကျမ်းတော်၏ ရှေ့နောက် ဆိုလိုချက်ကို တိကျသေချာစွာ မဖတ်ဘဲလျက်၊ သို့မဟုတ် မိမိဆန္ဒ အလျောက် ကိုးကားလိုမှုအတွက် ရှင်းပြချက်၏ တစ်စိတ်တစ်ပိုင်းကိုသာ စာဖတ်သူတို့အား တင်ပြကာ အခြား အစိတ်အပိုင်းကို ဖုံးကွယ်ထားပြီး ဝိုကာချဲ့ကျမ်းပြမှုများ၊ ဂိုဏ်းကဏ အတွက် အသုံးချမှုများကို ဤသုတ်တော်က "စိတ်နလုံး၌ တိမ်းပါးလိုသူများက သွေးတိုးစမ်းရန် ရှာဖွေလျက် ဆင်တူများကို လိုက်၍ ရှာဖွေ ဖွင့်ဆိုကြကုန်၏"ဟု ဆိုထားခြင်း ဖြစ်ပေသည်။ မူလ ပင်မ ပြောဆိုသည်ကို ချန်ထားလျက် ဥပမာပေးခြင်းကိုသာ လိုက်လျက် ဝိုကာချဲ့နေခြင်းများ မပြုကြရန်၊ ပြုသူများကိုလည်း မလိုက်နာကြရန် ဤသုတ်တော်က သွန်သင်ခြင်း ဖြစ်သည်။ "ဖွင့်ဆိုနည်းကို ပရမတ်ဘုရားရှင်သည်သာ သိတော်မူ၏" ဆိုသည်မှာ ဘာသာတရားကို လေ့လာဆည်းပူးရာ၌ တရားမှန် တရားစစ်ကို လူသားများ သိမြင်စေရန် အတွက် အလွန်တရာ ပြောင်မြောက် လှပသော သွန်သင်ချက်ပင် ဖြစ်ပေသည်။ အလွန်တရာ နက်နဲသိမ်မွေ့သော ဤကျမ်းတော်၏ သွန်သင်ချက်များကို ထားဘိဦး၊ အတွေးအခေါ် ဒသန ပြောင်မြောက်သော အဆိုအမိန့် များကိုပင် ထပ်ဆင့် ရှင်းပြသော ရှင်းလင်းချက်များ ရှိပါမှ သာမန် လူသားတို့ အဘို့ နားလည်ရ လွယ်ကူပေသည်။ အလားတူပင် ဘာသာရေး အဆိုအမိန့်များမှာလည်း ထပ်ဆင့်ရှင်းပြချက်များ ရှိနေရပေသည်။ ယခုခေတ်အခါ၌ ဘာသာတရားနှင့် ပတ်သက်၍ ရှင်းလင်းဖွင့်ဆိုသော စာအုပ် စာပေများမှာ အသိန်း အသန်း ရှိနေ၍ လူတစ်ဦးအနေဖြင့် ထိုစာအုပ်များကို ဖတ်ရှုလေ့လာရင်း ဘာသာတရား၏ မူရင်းကျမ်းဂန်ဆီသို့ ရောက်နိုင်ရန် (လေ့လာနိုင်ရန်) သက်တမ်း မမှီတော့ပေ။ ကမ္ဘာ့ထင်ရှားသော ဘာသာကြီးတိုင်းတွင် မူရင်းကျမ်းဂန်မှာ တစ်အုပ်တည်းစီသာ (အဆိုအမိန့် များသောကြောင့် အတွဲများ ခွဲထားနိုင်သည် ဥပမာ ဝိဋကတ် ကဲ့သို့) ရှိကြ၍၊ ဘာသာဝင် ကိုယ်စီမှာ မိမိတို့၏ မူရင်းကျမ်းစာကို ဖတ်နိုင်ခြင်း၊ ဖတ်ရှုလေ့လာရကောင်းမှန်း သိခြင်း၊ ဖတ်ရှုလေ့လာကြရန် တိုက်တွန်းနှိုးဆော်ခြင်းများ အလွန် အားနည်းလျက် အသိန်းအသန်း မကသော ဘာသာရေး ရှင်းတမ်းများမှ လက်လှမ်း မှီရာကိုသာ ဖတ်ရှုကြကာ ထိုဖတ်မိသော စာအုပ်မှ အယူအဆကို ဘုရားရှင်ဟောသော အယူအဆမှန်ဟု နှလုံးပိုက်၍ သက်ဝင်ယုံကြည် နေကြရပေသည်။ ထိုသို့သော ထင်ယောင်ထင်မှား အမှန်တရား သို့မဟုတ် မိမိသိနေသော အမှန်တရား (ပကတိ အမှန်တရား ဖြစ်ချင်မှ ဖြစ်မည်) ၌ ကျင်လည်နေရသော လူသားမျိုးဆက်များ၏ ဘဝများကို လွတ်မြောက်စေရန် ပရမတ်ဘုရားရှင်က တိုက်ရိုက် ဉာဏ်စဉ်ပေး သွန်သင်သည့် ကျမ်းစစ်၊ ကျမ်းရင်းများကိုသာ လေ့လာဆည်းပူးကြရန် ကျမ်းတော်က "ဖွင့်ဆိုနည်းများကို ပရမတ်ဘုရားရှင်သည်သာ သိတော်မူ၏" ဟု သွန်သင်ခြင်း ဖြစ်ပေသည်။ ထိုအချက်ကို ပညာရှိ စစ်စစ်များက ငင်းတို့အားလုံး (ရှင်းလင်းပြတ်သားသော သုတ်တော်များ၊ ပုံစံတူ သုတ်တော်များ) သည် ကံကြမ္မာရှင် (ပရမတ်ဘုရားရှင်)၏ ထံမှ ဖြစ်ကြောင်း ကျွန်ုပ်တို့ အလုံးစုံကို ယုံကြည်ပါ၏–ဟု ရင့်ကျူးခြင်းက ထောက်ပြထားပေသည်။ ဆိုလိုသည်မှာ

၈။	**رَبَّنَا لاَ تُزِغْ قُلُوبَنَا بَعْدَ إِذْ هَدَيْتَنَا وَهَبْ لَنَا مِن لَّدُنكَ رَحْمَةً إِنَّكَ أَنتَ الْوَهَّابُ۞** အို–ကံကြမ္မာရှင် တပည့်တော်တို့အား လမ်းညွှန်ပြီးနောက် တပည့်တော်တို့၏ နှလုံးသားများကို မတိမ်းပါးစေပါနှင့်၊ အရှင့်ထံတော်မှ ကရုဏာတော်အားဖြင့် ချီးမြှင့်တော်မူပါ။ အရှင်သည် ချီးမြှင့်ရက်ရောသော အရှင် ဖြစ်ပါ၏။
၉။	**رَبَّنَا إِنَّكَ جَامِعُ النَّاسِ لِيَوْمٍ لاَّ رَيْبَ فِيهِ إِنَّ اللّهَ لاَ يُخْلِفُ الْمِيعَادَ۞** အို–ကံကြမ္မာရှင်၊ အရှင်သည် လူသားတို့အား အတူစုစေမည့် နေ့ကို သံသယဖြစ်ဘွယ် မရှိပါ၊ ပရမတ်ဘုရားရှင်သည် ကတိတော်အား ပေါ်လျော့စေမည် မဟုတ်ပါ။
၁၀။ စစ်ပွဲ၏ သားကောင်များ	**إِنَّ الَّذِينَ كَفَرُواْ لَن تُغْنِيَ عَنْهُمْ أَمْوَالُهُمْ وَلاَ أَوْلاَدُهُم مِّنَ اللّهِ شَيْئًا وَأُولَئِكَ هُمْ وَقُودُ النَّارِ۞** ဇကန်ပင် ဖုံးကွယ်သောသူတို့၏ ဥစ္စာပစ္စည်းများ၊ ရင်သွေးများသည် ပရမတ်ဘုရားရှင်၏ ထံ၌ တစ်စုံတစ်ရာမျှ ပြည့်စုံမည် မဟုတ်ပေ။ သူတို့သည် **မီး လောင်စာများ** ဖြစ်ကြ၏။
၁၁။ ☆၂:၄၉	**كَدَأْبِ آلِ فِرْعَوْنَ وَالَّذِينَ مِن قَبْلِهِمْ كَذَّبُواْ بِآيَاتِنَا فَأَخَذَهُمُ اللّهُ بِذُنُوبِهِمْ واللّهُ شَدِيدُ الْعِقَابِ۞** ဖာရိုး မင်းဆက်နှင့်☆ သူတို့၏ ရှေ့အလျင် ဖြစ်သောသူတို့၏ အလေ့အထကဲ့သို့– သူတို့သည် ငါ၏ သုတ်ဒေသနာများကို ငြင်းဆန်ကြ၏၊ သူတို့၏ ပြစ်မှုကြောင့် ပရမတ်ဘုရားရှင်သည် သူတို့အား အရေးယူလိုက်ပြီ၊ ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ ချုပ်ကိုင်နိုင်တော်မူ၏။
၁၂။ ရှုံးနိမ့်ရ၍	**قُل لِّلَّذِينَ كَفَرُواْ سَتُغْلَبُونَ وَتُحْشَرُونَ إِلَى جَهَنَّمَ وَبِئْسَ الْمِهَادُ۞** ဖုံးကွယ်သောသူတို့အား ဟောလော့ "သင်တို့သည် **အနိုင်ယူခံရ၍** အမင်္ဂလာ ညိမ့်ညောင်းရာ ငရဲဘုံဆီသို့ မောင်းထည့်၌ စုစည်းခံရစေမည်ပင်၊"
၁၃။ ☆၃:၁၀	**قَدْ كَانَ لَكُمْ آيَةٌ فِي فِئَتَيْنِ الْتَقَتَا فِئَةٌ تُقَاتِلُ فِي سَبِيلِ اللّهِ وَأُخْرَى كَافِرَةٌ يَرَوْنَهُم مِّثْلَيْهِمْ رَأْيَ الْعَيْنِ وَاللّهُ يُؤَيِّدُ بِنَصْرِهِ مَن يَشَاء إِنَّ فِي ذَلِكَ لَعِبْرَةً لِّأُوْلِي الأَبْصَارِ۞** ရင်ဆိုင်ဆုံတွေ့သော တပ်နှစ်ခု၌ သင်တို့အတွက် နိမိတ်လက္ခဏာတစ်ရပ် အတိအကျ ရှိခဲ့၏၊ တပ်တစ်ခုသည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ခုခံတိုက်ခိုက်၏ နောက်တစ်ဘက်မှာ **သူတို့ထက်** နှစ်ဆ ပိုများသည်ဟု မျက်လုံးဖြင့် မြင်ရသော ဖုံးကွယ်မှောင်ခိုသူများမှ ဖြစ်၏၊[၁၉၉] ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မှီသူအား☆ အရှင်၏ ကူညီမှုဖြင့် ထောက်ပံ့တော်မူ၏၊ ဇကန်ပင်– ဒိဗ္ဗစက္ခုရှိသူတို့ အတွက် ဤ၌ သင်ခန်းစာ တစ်ရပ် ရှိနေ၏။
၁၄။	**زُيِّنَ لِلنَّاسِ حُبُّ الشَّهَوَاتِ مِنَ النِّسَاء وَالْبَنِينَ وَالْقَنَاطِيرِ الْمُقَنطَرَةِ مِنَ الذَّهَبِ وَالْفِضَّةِ وَالْخَيْلِ الْمُسَوَّمَةِ وَالأَنْعَامِ وَالْحَرْثِ ذَلِكَ مَتَاعُ الْحَيَاةِ الدُّنْيَا وَاللّهُ عِندَهُ حُسْنُ الْمَآبِ۞**

ပညာရှိစစ်စစ်တို့သည်၊ ကျမ်းတော်ပါ ဥပမာပေးမှုများကို နားလည်ရန် အတွက် စကားလုံး တစ်လုံးအား ဘယ်ဆရာတော်ကြီးက ဘယ်သို့ ဖွင့်ဆို၏ဟု ဆိုသည့်နောက်သို့ မလိုက်ဘဲ၊ ထိုဥပမာပေးမှုကို နားလည်ရန် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်စစ်စစ် ကျမ်းတော်ကိုသာ စေ့စပ် သေချာစွာ ဖတ်ခြင်း မျိုးဖြင့် ဆည်းပူးကြပေသည်။ (၃၉း၂၃) တွင် ကြည့်ပါ။

(၁၉၉) ဤသုတ်တော်သည် ဘဒ္ဒိစစ်ပွဲအကြောင်းကို ကိုးကားတင်ပြခြင်း ဖြစ်ပေသည်၊ ထိုစစ်ပွဲတွင် မွတ်ဆလင်များက ရန်သူများသည် သူတို့ထက် နှစ်ဆ ဖြစ်သည်ဟု မျက်ဝါးထင်ထင် မြင်တွေ့ရသည်၊ ၎င်းသည် ဂး၄၄ ၌ "အရှင်သည် သင်တို့အား သူတို့ကို ပြသလေပြီ၊ သင်တို့ တွေ့မြင်သော အခါ သင်တို့၏ မျက်လုံး၌ **လျော့နည်းစေ၍** သူတို့မျက်လုံး၌လည်း သင်တို့ကို အနည်းငယ်ဟု ဖြစ်စေ၏၊"ဟု ဆိုသောစကားနှင့် ဆန့်ကျင်ခြင်း မရှိပေ။ ထိုစစ်ပွဲတွင် မွတ်ဆလင် အင်အား ၃၁၃ ယောက်ဖြစ်၍၊ ရန်သူ အင်အား ၁၀၀၀ ခန့် ဖြစ်ပေသည်။ မွတ်ဆလင်တို့၏ အမြင်၌ ရန်သူ အင်အားသည် မိမိတို့ထက်နှစ်ဆဟု မြင်ခြင်းကြောင့် ရန်သူ့အင်အားကို ဖြ၀၀ ခန့်ဟု ထင်မှတ်စေသည်၊ အမှန် တကယ်ရှိသော အင်အားထက် နည်းပေသည်၊ ထို့ကြောင့် ဤသုတ်တော်ပါ **နှစ်ဆမြင်ခြင်းသည်** ဂး၄၄ ပါ **လျော့နည်းစေသည်** ဆိုခြင်းနှင့် တိုက်ရိုက် ကိုက်ညီပေသည်။ ဤသုတ်တော်ပါ ရန်သူ အင်အားနှစ်ဆ ဆိုသည်ကို ဂးဖြ၀ ပါ "သင်တို့အနက် သီးခံနိုင်စွမ်းသူ တစ်ရာရှိလျှင် သူတို့သည် နှစ်ရာ အပေါ်၌ အောင်နိုင်စွမ်း၏၊ တစ်ထောင်ရှိလျှင် နှစ်ထောင်ပေါ်၌ အောင်နိုင်စွမ်း၏"ဟူသည့် စကားတော်က နားလည်မှု လွယ်ကူစေရန် ထောက်ပံ့လျက် ရှိပေသည်။

	နှစ်သက်စေလောက်သည့် အမျိုးသမီးများ၊ သားသမီးများ၊ စုဆောင်း သိုမှီးထားရာ ရွှေထည် ငွေထည်များ၊ တံဆိပ်ထုထားသော မြင်းများ၊ ခွာကွဲစားမြုံပြုန်တိရိစ္ဆာန်များ စိုက်ပျိုးမြေများက လူသားတို့အား ဖမ်းစားထားစေ၏၊ ဤသည်တို့သည် လောကီဘဝ၏ ချမ်းမြေ့စရာများသာ ဖြစ်၏၊ ပရမတ်ဘုရားရှင်– အရှင့်ထံ၌သာ အတင့်တယ်ဆုံး အပြန်ခရီးသည် ရှိနေ၏။
၁၅။ ☆၂း၂၁	**قُلْ أَؤُنَبِّئُكُم بِخَيْرٍ مِّن ذَلِكُمْ لِلَّذِينَ اتَّقَوْا عِندَ رَبِّهِمْ جَنَّاتٌ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا وَأَزْوَاجٌ مُّطَهَّرَةٌ وَرِضْوَانٌ مِّنَ اللهِ وَاللهُ بَصِيرٌ بِالْعِبَادِ۞** ဟောလော့ “ဤအရာများထက် ပိုကောင်းသည်ကို ကျွန်ုပ် သတင်းထုတ်ပြန်ရမည်လော၊ စည်းစောင့်သော သူများအတွက် သူတို့၏ ကံကြမ္မာရှင်ထံ၌ အောက်ခင်းတွင် စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများ ရှိနေ၏၊ ထို၌ သူတို့အား အစဉ်စံစားစေ၍ သန့်စင်သော စုဖွဲ့ဖော်များနှင့်☆ ပရမတ်ဘုရားရှင်ထံမှ အားရကျေနပ်စရာ ရှိနေ၏၊ ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များအား မြင်နေသော အရှင်ဖြစ်၏။”
၁၆။	**الَّذِينَ يَقُولُونَ رَبَّنَا إِنَّنَا آمَنَّا فَاغْفِرْ لَنَا ذُنُوبَنَا وَقِنَا عَذَابَ النَّارِ۞** “အို– ကံကြမ္မာရှင် တပည့်တော်တို့ ယုံကြည်ပါ၏၊ တပည့်တော်တို့အား အပြစ်များမှ လွတ်ငြိမ်းစေ၍ အပူမီး ဝင့်ကြွေးမှ ကာကွယ်တော်မူပါ။”ဟု လျှောက်ထားသူများမှာ–
၁၇။	**الصَّابِرِينَ وَالصَّادِقِينَ وَالْقَانِتِينَ وَالْمُنفِقِينَ وَالْمُسْتَغْفِرِينَ بِالأَسْحَارِ۞** ခန္တီပါရမီရှိသူ၊ ဖြောင့်မှန်သူ၊ နာခံသူ၊ ထည့်ဝင်သုံးစွဲသူ၊ လှည့်စားခံရမှုမှ လွတ်ငြိမ်းဆုပန်သူများ ဖြစ်ကြ၏။
၁၈။ ☆၂း၃၀	**شَهِدَ اللهُ أَنَّهُ لاَ إِلَـهَ إِلاَّ هُوَ وَالْمَلاَئِكَةُ وَأُوْلُواْ الْعِلْمِ قَآئِمَاً بِالْقِسْطِ لاَ إِلَـهَ إِلاَّ هُوَ الْعَزِيزُ الْحَكِيمُ۞** ပရမတ်ဘုရားရှင်ကိုယ်တိုင်နှင့် နိမိတ်ဆောင်များ☆ အသိပညာ ရှိသူများ၊ သမာသမတ်ဖြင့် ရပ်သူများက အရှင်မြတ်မှ အပ အခြားဘုရားဟူ၍ မရှိကြောင်း သက်သေတည်၏။ ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်သော အရှင်မြတ်မှ အပ အခြား ဘုရားဟူ၍ မရှိပြီ။
၁၉။ အစ္စလာမ်	**إِنَّ الدِّينَ عِندَ اللهِ الإِسْلاَمُ وَمَا اخْتَلَفَ الَّذِينَ أُوْتُواْ الْكِتَابَ إِلاَّ مِن بَعْدِ مَا جَاءهُمُ الْعِلْمُ بَغْيَاً بَيْنَهُمْ وَمَن يَكْفُرْ بِآيَاتِ اللهِ فَإِنَّ اللهِ سَرِيعُ الْحِسَابِ۞** ကောန်ပင် ပရမတ်ဘုရားရှင်၏ ထံ၌ စစ်မှန်သော သာသနာမှာ **သန္တိသုခလမ်းစဉ်ပင်**[၂၀၀] ဖြစ်၏၊ အသိပညာ ရောက်လာပြီးမှ ကျမ်းပေးခံရသော သူများသည် သူတို့ချင်းကြား အပြစ်ရှာမှုကြောင့်သာ ကွဲလွဲခြင်း ဖြစ်၏၊ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို ပုံးကွယ်သော မည်သူ့ကိုမဆို ကောန်ပင် ပရမတ်ဘုရားရှင်သည် အချိန်နှင့်တပြေးညီ စရင်းစစ်နေတော်မူ၏။
၂၀။	**فَإِنْ حَآجُّوكَ فَقُلْ أَسْلَمْتُ وَجْهِيَ لِلهِ وَمَنِ اتَّبَعَنِ وَقُل لِّلَّذِينَ أُوْتُواْ الْكِتَابَ وَالأُمِّيِّينَ أَأَسْلَمْتُمْ فَإِنْ أَسْلَمُواْ فَقَدِ اهْتَدَواْ وَّإِن تَوَلَّوْاْ فَإِنَّمَا عَلَيْكَ الْبَلاَغُ وَاللهُ بَصِيرٌ بِالْعِبَادِ۞** သင့်အား စောကြောကြလျှင် “ကျွန်ုပ်သည် ပရမတ်ဘုရားရှင်အား မျက်နှာမူလျက် ငြိမ်းချမ်းရေး ပြော၍၊ ကျွန်ုပ်၏

(၂၀၀) အစ္စလာမ်ဆိုသည်မှာ–ငြိမ်းချမ်းခြင်း၊ အပ်နှံနာခံခြင်းဟု အဓိပ္ပါယ်ကိုပေးသည့် **ဆလမ** မှ ဆင်းသက်လာခြင်း ဖြစ်ပေသည်၊ ထို့ကြောင့် အစ္စလာမ်ကို ဤနေရာ၌ သန္တိသုခလမ်းစဉ် (အေးငြိမ်းမှုအတိလမ်းစဉ်) ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ ကျမ်းတော်က ဤလမ်းစဉ်သည် ကမ္ဘာစဉ်ဆက် ပွင့်ပေါ်တော်မူခဲ့သည့် လူသား ပညတ်ဘုရားအားလုံး၏ မူလဘူတ ဒေသနာတော်ဟူ၍ တိကျပြတ်သားစွာ ဆိုထားပေသည်။ လက်ရှိ ခေတ်ကမ္ဘာတွင် ကိုယ်တော်မှဟမ္မဒ် သယ်ဆောင် သွန်သင်တော်မူသော သာသနာကို ခေါ်ပေသည်။ ကျမ်းဂန်ရသူများ သို့မဟုတ် ပညတ်ဘုရားများ ပွင့်ပေါ်ရာ ပရဂုဏ် အသိုင်းအဝိုင်းမှ လူသားများသည် သူတို့၏ အချင်းချင်း မနာလိုမှု ဝန်တိုမှုများကြောင့်သာ လမ်းစဉ်အမျိုးမျိုး နည်းအဖုံဖုံ ကွဲလွဲခဲ့ရခြင်း ဖြစ်ကြောင်း မူလဘူတ တရားဒေသနာတော်မှာ အတူတူပင်ဖြစ်ကြောင်း ရှင်းလင်းစွာ ပြောထားပေသည်။

သတင်းပေးရန်	ဒကာများသည်လည်း အတူတူပင်၊''ဟု ဟောကြားလော့၊ ကျမ်းပေးခံရသောသူများနှင့် စာပေကင်းကွာ သူတို့အား ''သင်တို့သည် ငြိမ်းချမ်းစေလိုကြသလော၊'' အကယ်၍ ငြိမ်းချမ်းစေလိုကြလျှင် လမ်းညွှန်မှန်ကို လိုက်နာသူ မည်၏၊ လှည့်သွားကြလျှင်၊ သင်၏ ဝန်တာမှာ– ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များကို မြင်နေသော အရှင်ဖြစ်ကြောင်း **ဆိုက်ရောက်စေရန်**သာ ဖြစ်၏၊
၂၁။	**إِنَّ الَّذِينَ يَكْفُرُونَ بِآيَاتِ اللهِ وَيَقْتُلُونَ النَّبِيِّينَ بِغَيْرِ حَقٍّ وَيَقْتُلُونَ الَّذِينَ يَأْمُرُونَ بِالْقِسْطِ مِنَ النَّاسِ فَبَشِّرْهُم بِعَذَابٍ أَلِيمٍ۝** ကောန်ပင် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို ဖုံးကွယ်လျက်၊ သတင်းတော်ဆောင်များအား သစ္စာမဲ့စွာ လုပ်ကြံသော သူများ လူသားတို့ကြား သမာသမတ်ဖြင့် ညွှန်ကြားသူတို့အား သတ်ဖြတ်သောသူများ၏ ထံသို့ စူးနစ်သော ဝဋ်ကြွေးအကြောင်း သတင်းကောင်းကို ပါးလော့။[၂၀၀]
၂၂။	**أُولَئِكَ الَّذِينَ حَبِطَتْ أَعْمَالُهُمْ فِي الدُّنْيَا وَالآخِرَةِ وَمَا لَهُم مِّن نَّاصِرِينَ۝** သူတို့၏ ကျင့်ကြံမှုသည် ဤဘဝ နောင်ဘဝ၌ အချည်းနှီးပင်၊ ထိုသို့သော သူတို့အတွက် ကူညီမည့်သူ မရှိချေ။
၂၃။	**أَلَمْ تَرَ إِلَى الَّذِينَ أُوتُواْ نَصِيبًا مِّنَ الْكِتَابِ يُدْعَوْنَ إِلَى كِتَابِ اللهِ لِيَحْكُمَ بَيْنَهُمْ ثُمَّ يَتَوَلَّى فَرِيقٌ مِّنْهُمْ وَهُم مُّعْرِضُونَ۝** ပင်ပန်းခံရကျိုးအား ပေးအပ်ခံရသောသူများကို ကျမ်းတော်၌ အသင် မရှုစားမိသလော၊ သူတို့အကြား စီရင်ထုံးဖြုရန် အလို့ငှာ ပရမတ်ဘုရားရှင်၏ ကျမ်းတော်ဆီသို့ ဖိတ်ခေါ် သောအခါ၊ ထို့နောက် သူတို့မှ တစ်ဖွဲ့သည် လှည့်သွားကြကုန်၏၊ သူတို့သည် ဘောင်ကန့်ထားသူများ ဖြစ်ကြ၏။
၂၄။ ☆၃း၈၀	**ذَلِكَ بِأَنَّهُمْ قَالُواْ لَن تَمَسَّنَا النَّارُ إِلاَّ أَيَّامًا مَّعْدُودَاتٍ وَغَرَّهُمْ فِي دِينِهِم مَّا كَانُواْ يَفْتَرُونَ۝** ယင်းမှာ– ''ငရဲမီးသည် ကျွန်ုပ်တို့အား ရေတွက်ထားသော ရက်များမှအပ ထိကပ်မည် မဟုတ်၊''ဟု☆ ဆိုခြင်းကြောင့်၊ သူတို့၏ သာသနာရေး၌ သူတို့၏ လုပ်ကြံဖန်တီးလေ့ရှိရာများက မြှုဆွယ်ထားခြင်း ဖြစ်၏။
၂၅။	**فَكَيْفَ إِذَا جَمَعْنَاهُمْ لِيَوْمٍ لاَّ رَيْبَ فِيهِ وَوُفِّيَتْ كُلُّ نَفْسٍ مَّا كَسَبَتْ وَهُمْ لاَ يُظْلَمُونَ۝** သံသယဖြစ်ဘွယ် အလျဉ်းမရှိ၊ သူတို့ကို စုပေါင်းစေမည့် နေ့ကာလ၌ မည်သို့ ဖြစ်ကြအံ့နည်း၊ ဉာဉ်စရိုက်ကိုယ်စီ၏ ကျင့်ဆောင်ခဲ့သမျှ ပြီးပြည့်စေလတ္တံ့၊ သူတို့သည် မိုက်ကြေးခဲ့ခံရမည် မဟုတ်ပေ။
၂၆။ ၂း၇၀	**قُلِ اللَّهُمَّ مَالِكَ الْمُلْكِ تُؤْتِي الْمُلْكَ مَن تَشَاء وَتَنزِعُ الْمُلْكَ مِمَّن تَشَاء وَتُعِزُّ مَن تَشَاء وَتُذِلُّ مَن تَشَاء بِيَدِكَ الْخَيْرُ إِنَّكَ عَلَىَ كُلِّ شَيْءٍ قَدِيرٌ۝** ရင့်ကျူးလော့ ''အို– ပရမတ်ဘုရားရှင်၊ ဩဇာအာဏာ အရှင်သခင်၊ အရှင်သည် **စံချိန်ပြည့်သူအား** ဩဇာအာဏာကို ပေးတော်မူ၍၊ **စံချိန်ပြည့်သူအား** ဩဇာအာဏာမှ ဖယ်ပစ်ပါ၏၊ **စံချိန်ပြည့်သူအား** ဘုန်းတန်ခိုးကို ပေး၍၊ **စံချိန်ပြည့်သူအား** နိမ့်ပါးစေပါ၏၊ ကောင်းခြင်းများသည် အရှင့်လုပ်ပိုင်ခွင့်၌ ရှိတော်မူပါ၏၊ အရှင်သည်သာ သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူပါ၏။''

(၂၀၀) ဤသုတ်တော်တွင် ''လူသားတို့အကြား တရားမျှတစွာ မိန့်ဆိုသူများ'' ဆိုသည်မှာ မည်သည့် ဘာသာဝင်မှ ဖြစ်ရမည်ဟု မဆိုထားချေ၊ ထို့ကြောင့် အစွန်လာမ် ဘာသာဝင်များ အနေဖြင့် လူမျိုးစုံနေထိုင်သည့် ယဉ်ကျေးသိမ်မွေ့သော မြို့ပြ လူဘောင် အသိုင်းအဝိုင်းတွင် လူသား အချင်းချင်း အကြား တရားမျှတစွာ ပြုမူဆက်ဆံသော မည်သည့် ခေါင်းဆောင်ကို မဆို၊ မျိုးနွယ် ဘာသာ အသားအရောင် ကျား မ အသင်းအဖွဲ့ ခွဲခြားမှု မရှိဘဲ နာခံရမည် ထောက်ခံရမည် ဖြစ်သည်၊ ထိုသို့သော ပုဂ္ဂိုလ်များအား သတ်ခြင်း၊ လုပ်ပိုင်ခွင့်ကို သတ်ခြင်း၊ ပစ်ပါယ်ခြင်းများသည် သာသနာ့သွန်သင်ချက်နှင့် မကိုက်ညီပေ။

၂၇။	**تُولِجُ اللَّيْلَ فِي النَّهَارِ وَتُولِجُ النَّهَارَ فِي اللَّيْلِ وَتُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَتُخْرِجُ الْمَيَّتَ مِنَ الْحَيِّ وَتَرْزُقُ مَن تَشَاء بِغَيْرِ حِسَابٍ۝** “အရှင်သည် နေ့ကို ညထဲသို့ တိုးဝင်စေ၏၊ ညကို နေ့ထဲသို့ တိုးဝင်စေ၏၊ သေခြင်းမှ ရှင်ခြင်းကို ထုတ်ယူတော်မူပါ၏၊ ရှင်ခြင်းမှ သေခြင်းကို ထုတ်ယူတော်မူပါ၏၊ စံချိန်ပြည့်သူအား စရင်းမဲ့ ရိက္ခာထောက်တော်မူပါ၏။”[၂၀၂]
၂၈။ ရန်သူများမှ	**لاَّ يَتَّخِذِ الْمُؤْمِنُونَ الْكَافِرِينَ أَوْلِيَاء مِن دُوْنِ الْمُؤْمِنِينَ وَمَن يَفْعَلْ ذَلِكَ فَلَيْسَ مِنَ اللّهِ فِي شَيْءٍ إِلاَّ أَن تَتَّقُواْ مِنْهُمْ تُقَاةً وَيُحَذِّرُكُمُ اللّهُ نَفْسَهُ وَإِلَى اللّهِ الْمَصِيرُ۝** ယုံကြည်သူများသည် ယုံကြည်သူချင်းမှ လွဲ၍ ဖိုးကွယ်သူတို့အား မဟာမိတ်အဖြစ် မယူမှတ်စေရ[၂၀၃] ပြုလုပ်သူမည်သူမဆို ပရမတ်ဘုရားရှင်ထံမှ ပတ်သက်မှု တစ်စုံတစ်ရာမျှ မရှိပေ။ သို့သော်[၂၀၄] သင်တို့ကိုယ်သင်တို့ **သူတို့မှ** ကာကွယ်သင့်၏ ပရမတ်ဘုရားရှင်၊ အရှင်၏ စရိုက်တော်သည် သင်တို့အား စည်းစောင့်ရန် သတိပေးနေ၏၊ ပရမတ်ဘုရားရှင် ထံသို့သာ နောက်ဆုံး ပန်းတိုင်ဖြစ်၏။
၂၉။	**قُلْ إِن تُخْفُواْ مَا فِي صُدُورِكُمْ أَوْ تُبْدُوهُ يَعْلَمْهُ اللّهُ وَيَعْلَمُ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَاللّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ۝** ဟောလော့၊ “သင်တို့၏ ရင်တွင်း၌ ထိန်ဝှက်ထားရာ သို့မဟုတ် ဖွင့်ဟရာကို ပရမတ်ဘုရားရှင်က သိနေတော်မူ၏၊ အရှင်သည် မိုးများနှင့် မြေ၌ ရှိသည်များကို သိနေတော်မူ၏၊ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။”
၃၀။	**يَوْمَ تَجِدُ كُلُّ نَفْسٍ مَّا عَمِلَتْ مِنْ خَيْرٍ مُّحْضَرًا وَمَا عَمِلَتْ مِن سُوَءٍ تَوَدُّ لَوْ أَنَّ بَيْنَهَا وَبَيْنَهُ أَمَدًا**

---

(၂၀၂) သုတ်တော် (၂၆) ၌ အခွင့်အာဏာအား လူမျိုးတစ်မျိုးမှ အခြား လူမျိုးတစ်မျိုးကို လွှဲပြောင်းပေးကြောင်း ဖေါ်ပြထားပေသည်။ ကျမ်းတော်က ပြောသည့် လူမျိုး ဆိုသည်မှာ လမ်းစဉ်တစ်ခုကို လက်ခံ၊ ကျင့်သုံးသော အုပ်စုတစ်စု ဖြစ်ပေသည်။ ယခုခေတ်အခါတွင် ဓနရှင်ဝါဒကို လက်ခံ ယုံကြည်သူ၊ ဆိုရှယ်လစ်ဝါဒကို လက်ခံယုံကြည်သူ၊ ဒီမိုကရေစီဝါဒကို လက်ခံယုံကြည်သူ စသည်ဖြင့် လက်ခံယုံကြည်သော ဝါဒအုပ်စု (အွမွတ်)ကို ဆိုလိုး၍ မွေးဘွားရာဇာတိ မျိုးနွယ်ဖဖြစ်မြစ်ကို ကိုယ်စားမပြုပေ။ အစွလာမ်သာသနာကို လက်ခံယုံကြည်သူများတွင် လူမျိုးစုံ၊ ဒေသစုံ၊ အသားအရောင်အစုံမှ လူသားများ ပါဝင်ပေသည်။ ခရစ်ယာန် ဆရာတော် ရော့ဒဲလ်က ဤသုတ်တော် (၂၇)သည် ကုရ်အာန်ကျမ်းတော်ကို စီစဉ်ရာ၌ မွတ်ဆလင်များ အနေဖြင့် နေရာမှားကာ စီစဉ်ထားသည်ဟု ထင်မှတ်သုံးနှုံး ဖွင့်ဆိုထားခြင်းမှာ လုံးဝ မှားယွင်းပေသည်။ အထက်သုတ်တော် ၂၆ နှင့် တိုက်ရိုက် ဆက်စပ်နေကြောင်းကို ဆရာတော် သတိမထားမိခြင်းသာ ဖြစ်ပေသည်။ အထက်ပါ သုတ်တော်တွင် ဂုဏ်သိက္ခာမဲ့နေသော၊ သြဇာအာဏာမဲ့နေသော အစွလာမ်များအား အခွင့်အာဏာအား လွှဲပြောင်းပေးမည့် နိမိတ်ကို ပြောထားပြီး ဖြစ်၍ ဤသုတ်တော်ပါ “နေ့ကို ညထဲသို့ တိုးဝင်စေ၏၊ ညကို နေ့ထဲသို့ တိုးဝင်စေ၏၊ သေခြင်းမှ ရှင်ခြင်းကို ထုတ်ယူတော်မူ၏၊ ရှင်ခြင်းမှ သေခြင်းကို ထုတ်ယူတော်မူ၏၊” ဆိုသည်မှာ ၎င်းတို့အား လွှမ်းမိုးထားသော ရောမအင်ပါယာ၏ သြဇာတည်းဟူသည့် နေ့ အင်ပါယာ ဆုတ်ယုတ် ပြိုကွဲရမှုတည်းဟူသည့် ညကို ဖြစ်စေကာ၊ သူ့ကျွန်ဘဝသို့ရောက်ကာ အမှောင်ကျနေရသော အစွလာမ်တို့အား ဂုဏ်ရောင်ထည်ဝါခြင်း ဟူသည့် နေ့ကာလ ဖြစ်ပေါ်စေခြင်းကို တင်စားပြောဆိုခြင်း ဖြစ်ပေသည်။ ဤအကြောင်းအရာကို ကိုယ်တော် ယေရှုကိုယ်တိုင်က ကြိုတင် နိမိတ်ဖတ်ထားသည်မှာ“ထို့ကြောင့် ငါဆိုသည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို သင်တို့မှ နှတ်၍ နိုင်ငံတော်၏ အသီးကို သီးအံ့သော လူမျိုးအား ပေးလတံ့၊”ဟု ဖြစ်သည်၊ (မဿဲ ၂၁း၄၃)၊ ထိုအကြောင်း အရာကို ကုရ်အာန်ကျမ်းတော်၏ ၄း၅၄ တွင် ကိုယ်တော်အိဗရာဟိန်း၏ သားမြေးများအား ဂုဏ်ဒြင်ကြီးသော အာဏာကို ပေးခဲ့ပြီ ဟု တိုက်ရိုက် ဆိုထားပေသည်။

(၂၀၃) ဤပညတ်တော်သည် အစွလာမ် သာသနာဝင်တို့အား မျိုးပြုတ်သုတ်သင် စစ်မက်တိုက်ခိုက်နေသော ရန်သူများကိုသာ မဟာမိတ် အဖြစ် မသတ်မှတ်ရဟု ပညတ်ခြင်း ဖြစ်၍၊ အစွလမ် မဟုတ်သူ အားလုံးကို ရန်သူ အဖြစ် သတ်မှတ်ကာ ထိုလူသားများကို မပေါင်းသင်းရဟု တားမြစ်ထားခြင်း လုံးဝ မဟုတ်ပေ၊ အထက်ပါ သုတ်တော်နှစ်ခုက ဝါဒ အားပြိုင်၍ အာဏာ လွန်ဆွဲသော အကြောင်းအရာကို ပြောထားပြီး ဖြစ်၍ ဤသုတ်တော်က စစ်မက် ဖြစ်ပွားနေသော ကာလများ အတွင်း ရန်၊ ငါ စည်းပြတ်ရန် ပြောကြားခြင်း ဖြစ်ပေသည်၊ မိမိတို့အား မတိုက်ခိုက်သော၊ ပျက်စီးရာ ပျက်စီးကြောင်း မကြံစီသော၊ အသိုင်းအဝိုင်းကောင်း မိတ်ဆွေကောင်းများကို လွှတ်လပ်စွာ ပေါင်းသင်းခွင့် ရှိ၍ မိမိတို့အား တိုက်ခိုက်သုတ်သင်သော သူများကိုသာ မပေါင်းသင်းရကြောင်း ဖြစ်ပေသည် ၎င်းကို (၆း၈၊ ၉)တွင် ထင်ရှားရှင်းလင်းစွာ တွေ့နိုင်ပေသည်။

(၂၀၄) သို့သော်--- **ဳ်ါ့ အိလာ** ကိုသုံးထားသောကြောင့် သီးခြားဝါကျ ဖြစ်သည်။ (၂း၃၀)

	بَعِيدًا وَيُحَذِّرُكُمُ اللهُ نَفْسَهُ وَاللهُ رَؤُوفُ بِالْعِبَادِ۞ ဥဉ်စရိုက်ကိုယ်စီ၊ ကျင့်ကြံခဲ့သမျှအတွက် အသင့်ဖြစ်သော ကုသိုလ်နှင့်– ကျင့်ကြံခဲ့သမျှ အကုသိုလ် ထိပ်တိုက် တွေ့သော နေ့တွင်– သူ၏ကြား ၎င်း၏ကြား၌ နောက်ကျန်ရစ် လိုကြလတ္တံ့၊ ပရမတ်ဘုရားရှင်– အရှင်၏ စရိုက် တော်သည် သင်တို့အား သတိပေးနေ၏၊ ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များကို ညှာတာတော်မူ၏။
၃၁။	**قُلْ إِن كُنتُمْ تُحِبُّونَ اللهَ فَاتَّبِعُونِي يُحْبِبْكُمُ اللهُ وَيَغْفِرْ لَكُمْ ذُنُوبَكُمْ وَاللهُ غَفُورٌ رَّحِيمٌ۞** ဟောလော့ ‘‘သင်တို့သည် ပရမတ်ဘုရားရှင်အား ချစ်ခင်လေ့ရှိလျှင် ကျွန်ုပ်၏နောက်သို့ လိုက်လော့၊ ပရမတ် ဘုရားရှင်သည် သင်တို့အား ချစ်မြတ်နိုးလိမ့်မည်၊ သင်တို့၏ အပြစ်များကို လွှတ်ငြိမ်းစေလိမ့်မည်၊ ပရမတ်ဘုရားရှင် သည် လွှတ်ငြိမ်းစေသောအရှင် ကြင်နာသောအရှင် ဖြစ်၏။’’
၃၂။	**قُلْ أَطِيعُواْ اللهَ وَالرَّسُولَ فإِن تَوَلَّوْاْ فَإِنَّ اللهَ لاَ يُحِبُّ الْكَافِرِينَ۞** ဟောလော့ ‘‘ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်အား နာခံကြလော့၊ အကယ်၍ ဘက်လှည့်ကြလျှင်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သူများအား နှစ်သက်မှု မရှိချေ။’’
၃၃။	**إِنَّ اللهَ اصْطَفَى آدَمَ وَنُوحًا وَآلَ إِبْرَاهِيمَ وَآلَ عِمْرَانَ عَلَى الْعَالَمِينَ۞** ဇကန်ပင် ပရမတ်ဘုရားရှင်သည် အာဒံ၊ နူးဟ်၊ အီဗရာဟီးမ်၏ အဆက်များ၊ အင်မရမ်၏ အဆက်များအား လောကခပ်သိမ်းဝယ် ရွေးချယ်တော်မူ၏။[၂၀၅]
၃၄။	**ذُرِّيَّةً بَعْضُهَا مِن بَعْضٍ وَاللهُ سَمِيعٌ عَلِيمٌ۞** သူတို့မှ အချို့သည် အချို့၏ သားစဉ်မြေးဆက် ဖြစ်ကြ၏၊ ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် သိနေသော အရှင် ဖြစ်၏။
၃၅။	**إِذْ قَالَتِ امْرَأَةُ عِمْرَانَ رَبِّ إِنِّي نَذَرْتُ لَكَ مَا فِي بَطْنِي مُحَرَّرًا فَتَقَبَّلْ مِنِّي إِنَّكَ أَنتَ السَّمِيعُ الْعَلِيمُ۞** အင်မရမ်၏မျိုးနွယ် အမျိုးသမီးတစ်ဦးက[၂၀၆] ‘‘အို–ကံကြမ္မာရှင် တပည့်တော်မသည် ဝမ်းကြောတိုက်မှ အရာအား အရှင့်အတွက် အနှောင်အဖွဲ့ကင်းစွာ ရည်သန်ပါ၏၊ တပည့်တော်မအား အကိုးပြည့်စေတော်မူပါ၊ ဇကန်ပင် အရှင်သည် ကြားနေသောအရှင် သိနေသောအရှင် ဖြစ်ပါ၏’’ဟု ဆုပန်၏။
၃၆။	**فَلَمَّا وَضَعَتْهَا قَالَتْ رَبِّ إِنِّي وَضَعْتُهَا أُنثَى وَاللهُ أَعْلَمُ بِمَا وَضَعَتْ وَلَيْسَ الذَّكَرُ كَالأُنثَى وَإِنِّي سَمَّيْتُهَا مَرْيَمَ وإِنِّي أُعِيذُهَا بِكَ وَذُرِّيَّتَهَا مِنَ الشَّيْطَانِ الرَّجِيمِ۞** သို့ဖြင့် သူမသည် မီးဖွားသန့်စင်သောအခါ ‘‘အို–ကံကြမ္မာရှင် တပည့်တော်မသည် မိန်းကလေးကို ဖွားမြင်ပါ၏၊

---

(၂၀၅) အာဒံ (၃း၃၁)၊ အီဗရာဟီးမ် (၃း၁၂၄)တွင် ကြည့်ပါ။ နူးဟ် ကိုယ်တော်၏ အကြောင်းကို ကျမ်းတော်တွင် ၄၃ ကြိမ်ဖော်ပြပြီး အထင်ရှားဆုံး ဖြစ်ရပ်မှာ ထိုကိုယ်တော်၏ လက်ထက်၌ ကမ္ဘာကြီးအား ရေလွှမ်းမိုးခြင်း ဟူသည့် ရာဇဝင်ပင် ဖြစ်သည်။ ကိုယ်တော်အား သမ္မာကျမ်းစာတွင် ‘‘နောဧ’’ ဟု ခေါ်တွင်သည်။ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာတို့၏ ရာဇဝင်များတွင် မနုဟာမင်းကြီး လက်ထက်၌ ကမ္ဘာကြီးအား ရေလွှမ်းမိုးခဲ့သည်ဟု ဆိုကြသည်။ ဤသို့ ထင်ရှားသည့် ဖြစ်ရပ်မျိုး တိုက်ဆိုင်နေသည်ကို ဘာသိဘာသာ မထားဘဲ သုတေသနပြု ရူးစမ်းလေ့လာသင့်ပေသည်။
ကိုယ်တော် အင်မရမ်၏ အမည်ကို ကျမ်းတော်တွင် သုံးကြိမ် (၃း၃၅၊ ၆း၁၉။ ၆း၁၂)ဖော်ပြထားသည်ကို တွေ့ရပြီး ဆရာတော်ကြီး အများစုက ကိုယ် တော်မူဆာ (မောရှေ)နှင့် ဟာရွန် (အာရွန်)တို့၏ အဆက်အနွယ် ဖြစ်သည်ဟု ဆိုပေသည်။ ထိုအဆိုကို ဆက်လက်ဖော်ပြပါ သုတ်တော်ကလည်း အတည်ပြုထားပေသည်။

(၂၀၆) **အင်မ်ရအတ် ဴအ်ရာ်** ၏ အဓိပ္ပါယ်မှာ အမျိုးသမီးဟု ဖြစ်၍ ဇနီးမိန်းမ ဟုလည်း ဖြစ်ပေသည်၊ ဤနေရာ၌ **အင်မ်ရအတု အင်မ် ရမ် ဂိအ်ရာန်** ကို အင်မရမ်၏မျိုးနွယ် အမျိုးသမီးတစ်ဦး ဟု ပြန်ဆိုခြင်းမှာ အထက်ဖော်ပြပါ သုတ်တော် အမှတ် ၃၂နှင့် ကိုက်ညီစေရန် ဖြစ်ပေသည်။ အဆိုပါ သုတ် တော်တွင် အင်မရမ်၏ မျိုးဆက်များမှာ ရွေးကောက်ခံရသူများ ဖြစ်သည်ဟု ဆိုထားပေသည်၊ ကျမ်းတော်တွင် ဂုဏ်ပေး၍ ဖော်ပြခံရသူများမှာ ရွေး ကောက် ခံရသူများ ဖြစ်ပေသည်။ ယခု မာရိ၏ မိခင်လောင်း ဖြစ်သော အမျိုးသမီးမှာလည်း အရှင်၏ ရွေးကောက်ခံရသူများ အနက် တစ်ဦးအပါ အဝင် ဖြစ်ပေသည်။ သူမသည် အင်မရမ်ကိုယ်တော်၏ ဇနီးလည်း ဖြစ်ပေသည်၏ (ဖြဲ့း၁၂)။

☆၂း၁၄	ပရမတ်ဘုရားရှင်သည် သူမအား ဖွားမြင်မှုကို အသိဆုံး ဖြစ်တော်မူ၏။[၂၀၇] မိန်းကလေးသည် ယောကျ်ားလေး ကဲ့သို့ မဟုတ်ပါ၊ တပည့်တော်မသည် သူမအား မာရိဟု အမည်ပေးပါ၏၊ သူမနှင့် သူမ၏ သားစဉ်မြေးဆက်တို့အား[၂၀၈] ပစ်ထုတ်ခံရသော[၂၀၉] မကောင်းဆိုးဝါးတို့မှ☆ အကာအကွယ်ရရန် အရှင့်ထံ၌ ခိုလှုံစေပါ၏။ ''ဟု ဆုပန်၏။
၃၇။ ☆၂း၇၀	**فَتَقَبَّلَهَا رَبُّهَا بِقَبُولٍ حَسَنٍ وَأَنبَتَهَا نَبَاتًا حَسَنًا وَكَفَّلَهَا زَكَرِيَّا كُلَّمَا دَخَلَ عَلَيْهَا زَكَرِيَّا الْمِحْرَابَ وَجَدَ عِندَهَا رِزْقاً قَالَ يَا مَرْيَمُ أَنَّى لَكِ هَذَا قَالَتْ هُوَ مِنْ عِندِ اللهِ إِنَّ اللهَ يَرْزُقُ مَن يَشَاء بِغَيْرِ حِسَابٍ۞** သို့ဖြင့် သူမ၏ ကံကြမ္မာရှင်သည် သူမအား တင့်တယ်သော အကိုးပြည့်ခြင်းဖြင့် အကိုးပြည့်စေ၍ တင့်တင့်တယ်တယ် ဖြစ်ထွန်း အရွယ်ရောက်စေလျက် ဇက္ကရိယာ၏[၂၀၀] ထိန်းကျောင်းမှုအောက်၌ ထားခဲ့ပြီ။ ဇက္ကရိယာသည် စခန်းသို့ ဝင်လေတိုင်း သူမထံ၌ အစားအသောက်များကို တွေ့ရ၍၊ ''အို–မာရိ သင့်အတွက် ဤအရာမှာ ဘယ်က လာသနည်း၊''ဟု ဆိုသော် သူမက ''ထိုအရာကား ပရမတ်ဘုရားရှင်၏ ထံမှတည်း။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား☆ စရင်းမဲ့ ရိက္ခာထောက်တော်မူ၏''ဟု ပြန်ပြော၏။ [၂၀၁]
၃၈။	**هُنَالِكَ دَعَا زَكَرِيَّا رَبَّهُ قَالَ رَبِّ هَبْ لِي مِن لَّدُنْكَ ذُرِّيَّةً طَيِّبَةً إِنَّكَ سَمِيعُ الدُّعَاء۞** ထိုနေရာ၌ ဇက္ကရိယာသည် သူ၏ကံကြမ္မာရှင်ထံ ဆုပန်၍ ''အို–ကံကြမ္မာရှင်၊ အရှင့်ထံမှတော် စင်ကြယ်သော သားမြေးရတနာ တပည့်တော်အား ချီးမြှင့်တော်မူပါ၊ အရှင်သည် ဆုတောင်းခြင်းများအား ကြားနေသော အရှင် ဖြစ်ပါသည်၊''ဟု ရင့်ကျူး၏။[၂၀၂]
၃၉။	**فَنَادَتْهُ الْمَلآئِكَةُ وَهُوَ قَائِمٌ يُصَلِّي فِي الْمِحْرَابِ أَنَّ اللهَ يُبَشِّرُكَ بِيَحْيَى مُصَدِّقًا بِكَلِمَةٍ مِّنَ اللهِ وَسَيِّدًا وَحَصُورًا وَنَبِيًّا مِّنَ الصَّالِحِينَ۞**

---

(၂၀၇) ပရမတ်ဘုရားရှင်သည် သူမ၏ မီးဖွားသန့်စင်မှုကို အသိဆုံး ဖြစ်တော်မူ၏၊ ဆိုသည်မှာ စကားညွှန် ဖြစ်ပေသည်။ သူမသည် ကိုယ်ဝန်ဆောင်နေစဉ်ကာလအတွင်း ဖွားမြင်လာမည့် ကလေးအား ရိုးရာဘုရားကျောင်းတွင် ရှင်သာမဏေပြု၍ ဝေယျာဝစ္စများကို ဆောင်ရွက်စေရန် အဓိဋ္ဌာန်ထားခဲ့ပေသည် (၃၄)၊ ယခု မွေးဖွားလာသည်မှာ မိန်းကလေး ဖြစ်နေသောကြောင့် ယောကျ်ားလေးကဲ့သို့ မဟုတ်ပါဟု ပြောဆိုမှုကို ဖေါ်ပြထားခြင်း ဖြစ်ပေသည်။

(၂၀၈) မာရိသည် သဘာဝအတိုင်း သားသမီး မြေးမြစ်ထွန်းကားမည်ကို ဤသုတ်တော်က ကြိုတင် ပြောထားပေသည်။ မာရိ၏ မိခင်ကိုယ်တိုင်က သူမ၏ သမီးသည် အပျိုစင်ဘဝဖြင့် ရာသက်ပန် အားထုတ်စေရန် တိုင်တည်ခဲ့ခြင်း မရှိသလို၊ သဘာဝအတိုင်း အိမ်ထောင်တည်၍ မိခင်ဘဝကို ရောက်လာရမည်ဟု ကြိုတင် နားလည်ခဲ့ပေသည်။

(၂၀၉) **ရေဇ္ဇီး ရဂျင်းန်** သည် ရင်းမြစ် **ရဂျင်းန်** မှ ဆင့်ပွားလာပြီး ''ပစ်သည် ဟု အဓိပ္ပါယ်ကို ပေးပေသည်။ ပစ်သည် ဆိုခြင်းမှာ ခဲဖြင့် ပစ်သည်။ သေနတ်ဖြင့် ပစ်သည်။ ဒုံးကျည်ဖြင့် ပစ်သည် (၆း၅)။ လက်မခံဘဲ ပစ်ထုတ်သည်'' စသည်ဖြင့် ဖြစ်သည်။

(၂၀၀) ဇက္ကရိယာကိုယ်တော်အား သမ္မာကျမ်းတွင် ဇာခရီးဟု ခေါ်၍ သားတော်မှာ ယာဟ်ယာ (ယောဟန်) ဖြစ်သည်။ ကိုယ်တော် ဇက္ကရိယာသည်လည်း အင်မ်ရမ်ကိုယ်တော်၏ မျိုးနွယ်မှပင် ဖြစ်သည်။

(၂၀၁) ဇက္ကရိယာ၏ မေးခွန်းအား၊ မာရိကပြန်ဖြေသည့် ''ထိုအရာကား ပရမတ်ဘုရားရှင်၏ထံမှတည်း'' ဟူသည့် ဝါကျအား အစားအသောက်များမှာ မာရိ၏ အခန်းထဲသို့ အလိုလို တန်ခိုးကြီးပါဒါဖြင့် ရောက်လာသကဲ့သို့ ဒဏ္ဍာရီဆန်ဆန် ဖွင့်ဆိုမှုများကို တွေ့ရပေသည်။ ထိုသို့ ဒဏ္ဍာရီမျိုးကို ကျမ်းတော်က ထောက်ခံအားပေးမှု မရှိပေ။ မာရိ၏ အဖြေမှာ သာမန် ဘုရားတရား ကြည်ညိုလေးစားသူ တစ်ဦး၏ အဖြေထက် ပိုမိုထူးကဲခြင်း မရှိပေ။ ဘုရားတရားကို လေးစားကြည်ညိုသူတိုင်းက မိမိ၌ ရရှိလေသော အရာအား ''ဒါ–ဘုရားပေးတာပဲ၊ ဘုရား မ တာပဲ၊''ဟု ပြောလေ့ ရှိစမြဲပင်။ ကျမ်းတော်၏ အသုံးအနှုံးတွင် မာရိထံသို့ရောက်လာသော စားသောက်ဘွယ်ရာများကိုသာ ပရမတ်ဘုရားရှင်၏ **ထံတော်မှ** ဟု သုံးစွဲခြင်း မဟုတ်ပေ။ လောကဘ္ဂ ''ပရမတ်ဘုရားရှင်၏ **အထံတော်မှ** မဟုတ်သော အရာဟူ၍ မရှိ၊''ဟု ရှင်းရှင်းလင်းလင်း ပြောထားပေသည် (၁၅း၂၁)။ မာရိသည် တရားစခန်း၌ ဝေယျာဝစ္စများကို လုပ်ကိုင်ဆောင်ရွက်ပေးနေသည်၊ သို့အတွက် စုဝေးရောက်ရှိသူများက လက်ဆောင်များ ပေးကြမည်မှာ ဓမ္မတာပင်။ ထိုလက်ဆောင်များမှာ သူမက တောင်းရမ်းသောကြောင့် ပေးကမ်းကြခြင်း မဟုတ်ဘဲ စုဝေးရောက်ရှိသူများက စေတနာ သဒ္ဓါတရားဖြင့် ပေးကြခြင်း ဖြစ်ပေသည်။ သာသနာ့ စခန်း၌ ဘုရားအလုပ်ကို လုပ်သောကြောင့် ရသည့် ပစ္စည်းများဖြစ်၍ သူမက ''ထိုအရာသည် ပရမတ် ဘုရားရှင်၏ ထံမှတည်း၊''ဟု ပြောဆိုခြင်း ဖြစ်ပေသည်။

(၂၀၂) အသက်အရွယ် နုနယ်သော်လည်း မာရိ၏ ဘုရားတရား ကြည်ညိုလေးစားမှုက ကိုယ်တော်ဇက္ကရိယာအား ထိုကဲ့သို့ ဘုရားတရား ကြည်ညိုလေးစားသည့် သားသမီးရတနာ လိုချင်စိတ်ကို ဖြစ်ပေါ်စေခြင်း ဖြစ်၍ မာရိထံတွင် ရှိနေသော အစားအသောက်များကြောင့် မဟုတ်ပေ။

☆၂၄ ဘဏ္ဍိဖ် ဆရာ ယောဟန်	သို့ဖြင့် သူသည် စခန်း၌ ဝတ်ပြု☆ရပ်တည်စဉ် နိမိတ်ဆောင်များက သူ့အား ‘‘ပရမတ်ဘုရားရှင်သည် သင့်အား ပရမတ်ဘုရားရှင်၏ထံမှ ဓမ္မတော်အား ဖြောင့်မှန်စေသော၊ ဦးစီးခေါင်းဆောင်ဖြစ်သော၊ စိတ်ထိန်းနိုင်သော၊ ပြုပြင်သူတို့မှဖြစ်သော သတင်းတော်ဆောင် **ယာဟ်ယာ** အကြောင်း သတင်းကောင်းကို ပါးလေပြီ။’’ဟု ကြေငြာ၏။
၄၀။ ☆၂း၇၀	**قَالَ رَبِّ أَنَّىٰ يَكُونُ لِي غُلَامٌ وَقَدْ بَلَغَنِيَ الْكِبَرُ وَامْرَأَتِي عَاقِرٌ قَالَ كَذَٰلِكَ اللَّهُ يَفْعَلُ مَا يَشَاءُ** ۞ သူက ‘‘အို–ကံကြမ္မာရှင် တပည့်တော်မှာ မည်သို့ ကလေး ရဦးမည်နည်း တပည့်တော်သည် အသက်ကြီးပိုင်း ဆိုက်ရောက်ပါပြီ၊ အမျိုးသမီးသည်လည်း မြုံအသူ ဖြစ်ပါ၏။’’ဟု ပြန်လျှောက်သော်၂၃ အရှင်က ‘‘ဤအတိုင်းပင်၊ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မှီရာအား☆ စီမံတော်မူ၏။’’ဟု မိန့်ဆို၏။
၄၁။	**قَالَ رَبِّ اجْعَل لِّيَ آيَةً قَالَ آيَتُكَ أَلَّا تُكَلِّمَ النَّاسَ ثَلَاثَةَ أَيَّامٍ إِلَّا رَمْزًا وَاذْكُر رَّبَّكَ كَثِيرًا وَسَبِّحْ بِالْعَشِيِّ وَالْإِبْكَارِ** ۞ သူက ‘‘အို– ကံကြမ္မာရှင် တပည့်တော်အတွက် နိမိတ်တစ်ရပ် စီစဉ်ပေးတော်မူပါ။’’ဟု ဆုပန်သော်၊ အရှင်က ‘‘သင်၏ နိမိတ်လက္ခဏာမှာ သင်သည် လူသားတို့အား သုံးရက်တိုင် အရိပ်အယောင်ပြခြင်းမှအပ စကား မပြောရခြင်းပင်တည်း၊ သင့်ကံကြမ္မာရှင်အား မြောက်များစွာ သတိရရွတ်မှတ်လော့၊ ညဦး နံနက် ဦးထိပ်ထားလော့၊’’ဟု မိန့်၏။၂၄
၄၂။ ☆၂း၃၀	**وَإِذْ قَالَتِ الْمَلَائِكَةُ يَا مَرْيَمُ إِنَّ اللَّهَ اصْطَفَاكِ وَطَهَّرَكِ وَاصْطَفَاكِ عَلَىٰ نِسَاءِ الْعَالَمِينَ** ۞ နိမိတ်ဆောင်များက☆ ပြောသည်မှာ ‘‘အို–မာရိ၊ ဇကနိပင် ပရမတ်ဘုရားရှင်သည် သင့်အား ရွေးချယ်တော်မူပြီ၊ သန့်စင်စေတော်မူပြီ၊ အမျိုးသမီးထု၏ လောကခပ်သိမ်း အပေါ် ရွေးချယ်တော်မူလေပြီ။’’–
၄၃။	**يَا مَرْيَمُ اقْنُتِي لِرَبِّكِ وَاسْجُدِي وَارْكَعِي مَعَ الرَّاكِعِينَ** ۞ ‘‘အို–မာရိ၊ သင့် ကံကြမ္မာရှင်အား နာခံလော့၊ နှိမ့်ချလော့၊ ဦးညွတ်သူများနှင့်အတူ ဦးညွတ်လော့။’’
၄၄။ မုဟမ္မဒ်	**ذَٰلِكَ مِنْ أَنبَاءِ الْغَيْبِ نُوحِيهِ إِلَيْكَ وَمَا كُنتَ لَدَيْهِمْ إِذْ يُلْقُونَ أَقْلَامَهُمْ أَيُّهُمْ يَكْفُلُ مَرْيَمَ وَمَا كُنتَ لَدَيْهِمْ إِذْ يَخْتَصِمُونَ** ۞ ဤသည် **သင့်**အား ငါအရှင် အာရုံစူးစိုက်ပေးသော စကျွလွန်မှ၂၅ သတင်းများပင်၊ မာရိအား မည်သူမည်ဝါ ထိန်းကျောင်းရမည်ကို ကလောင် ခင်းကျင်းသည့်အခါ၊ သူတို့နှင့်အတူ **သင်** မရှိချေ။ သူတို့ချင်း အချေအတင် ဖြစ်စဉ်၌လည်း သူတို့နှင့် အတူ **သင်**မရှိချေ။၂၆

---

(၂၁) ဇက္ကရိယာ၏ မေးခွန်းမှာ မယုံကြည်မှု သံသယဖြစ်မှု မဟုတ်ချေ၊ အသက်အရွယ် ထောက်မှ သားရတနာ ရဦးမည်ကို အံ့အားသင့်မှု အာမေဋိတ် မေးခွန်းသာ ဖြစ်ပေသည်။

(၂၃) ကိုယ်တော် ဇက္ကရိယာသည် သုံးရက်တိုင် စွဲအ နေသည်ဟု ကျမ်းတော်က လုံးဝ မပြောပေ။ ၎င်းမှာ သမ္မာကျမ်းစာ၏ အဆိုသာ ဖြစ်သည်။ ကိုယ်တော်သည် တရားဘာဝနာ ကျင့်ကြံနေရမည် ဖြစ်သောကြောင့် လောကီရေးရာ စကားများကို သုံးရက်မျှ မပြောဆိုရန် သတ်မှတ်ခြင်းသာ ဖြစ်ပေသည်။ ဤနေရာ၌ ‘‘ဦးထိပ်ထားလော့’’ ဘာသာပြန်ဆိုသည့် **ဆဗီဟ** မှာ ‘‘ပရမတ်ဘုရားရှင်၏ အစွမ်းသတ္တိ ဂုဏ်တော်အား ရေရွတ်တသခြင်း’’ ဟု လည်း အနက်ကိုပေးပေသည်။ အကယ်၍ ကိုယ်တော်မှာ စွဲအနေပါက– ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အား မည်သို့ ရေရွတ်နိုင်အံ့နည်း။

(၂၈) စကျွလွန် ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ် မတိုင်မီ ပွင့်ပေါ်ခဲ့သော သတင်းတော်ဆောင်များ၏ ကိုယ်ရေး ရာဇဝင်များကို ရည်ညွှန်းခြင်း မဟုတ်ချေ။ အမှန်တကယ် ဖြစ်တည်လာမည့် မျက်ဝါးထင်ထင် မဖြစ်သေးသော အရာကိုသာ စကျွလွန်ဟု ခေါ်ဆိုပေသည်။ လောကအပေါင်းအပေါ်၌ ကိုယ်တော်မုဟမ္မဒ်အား ရွေးကောက်တင်မြှောက်မည်ကို မာရိအား ရွေးကောက် တင်မြှောက်ပုံနှင့် ပမာဆောင် နိမိတ်ပေးခြင်း ဖြစ်ပေသည်။

(၂၆) အထကထာ ဆရာတော်များက ဤနေရာ၌ ရည်ညွှန်းသော နာမ်စား ‘‘သူတို့’’ ဆိုသည်ကို ဂျူးဘုန်းတော်ကြီးများဟု ယူဆကြ၍ မာရိအား ထိန်းကျောင်းခွင့် ရရှိရန် အချင်းချင်း မုတိတာ မထားနိုင်ဘဲ ငြင်းခုံကြကာ နောက်ဆုံးတွင် မဲခွဲ ဆုံးဖြတ်ပြီး ကိုယ်တော်ဇက္ကရိယာက မာရိအား ထိန်းကျောင်းခွင့် ရရှိသွားသည်ဟု ဆိုကြပေသည်။ ကိုယ်တော်ဇက္ကရိယာသည် ပရမတ်ဘုရားရှင်၏ သတင်းတော်ဆောင် တစ်ပါး ဖြစ်၍ ထိုခေတ်ထိုအခါမှ သူတို့၏ ဘုန်းကြီးများနှင့် တန်းတူ သဘောထားကာ ကလောင်ပစ် ကံစမ်းနေရန် မလိုပေ။ ရှေ့နောက် ဆက်တိုက်သုတ်တော်များတွင်လည်း ကိုယ်တော်ဇက္ကရိယာနှင့် ဘုန်းတော်ကြီးများ အကြောင်းကို ဖေါ်ပြထားခြင်း မရှိပေ။ အမှန် ဖေါ်ပြထားသည်မှာ **နိမိတ်ဆောင်များ**သာ ဖြစ်ပေသည်။

၄၅။	**إِذْ قَالَتِ الْمَلآئِكَةُ يَا مَرْيَمُ إِنَّ اللّهَ يُبَشِّرُكِ بِكَلِمَةٍ مِّنْهُ اسْمُهُ الْمَسِيحُ عِيسَى ابْنُ مَرْيَمَ وَجِيهًا فِي الدُّنْيَا وَالآخِرَةِ وَمِنَ الْمُقَرَّبِينَ۞** နိမိတ်ဆောင်များက ပြောသည်မှာ ''အို–မာရိ၊ ဇကနဉ်ပင် ပရမတ်ဘုရားရှင်က သင့်အားပေးသော– အရှင်၏ စကားတော်နှင့်အတူ သတင်းကောင်းမှာ၊ ဤဘဝ နောင်ဘဝတွင် မျက်နှာသာရသော၊ ချည်းကပ်ခွင့်ရသူတို့မှ ဖြစ်သော အမည်နာမ အားဖြင့် မာရိ၏သား ယေရှု ခရစ်၏ အကြောင်းပင်တည်း၊''[၂၀၇]
၄၆။ သာယာ သောဘဝ	**وَيُكَلِّمُ النَّاسَ فِي الْمَهْدِ وَكَهْلاً وَمِنَ الصَّالِحِينَ۞** သူသည် **ပုခက်**မှလည်းကောင်း အရွယ်ရောက်သော်လည်းကောင်း လူသားတို့အား စကားပြော၍၊ ပြုပြင်ပြောင်းလဲသူတို့အနက်မှ ဖြစ်လိမ့်မည်။[၂၀၈]
၄၇။ ✡ ၂း၇၀ ★ ၂း၁၁၇	**قَالَتْ رَبِّ أَنَّى يَكُونُ لِي وَلَدٌ وَلَمْ يَمْسَسْنِي بَشَرٌ قَالَ كَذَلِكِ اللّهُ يَخْلُقُ مَا يَشَاء إِذَا قَضَى أَمْرًا فَإِنَّمَا يَقُولُ لَهُ كُن فَيَكُونُ۞** သူမက ''ကံကြမ္မာရှင်– မည်သည့်လူပုဂ္ဂိုလ်သည်မှ မထိတွေ့သေးဘဲလျက် တပည့်တော်မသည် မည်သို့ ရင်သွေးရှိနိုင်အံ့နည်း၊''ဟု[၂၀၉] လျှောက်လေသော်၊ သူ ပြန်ပြောသည်မှာ အရှင်က ''ဤသို့ပင်–။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်စေရာကို✡ ဖြစ်တည်စေ၏၊ အရှင်သည် ညွှန်ကြားချက်ကို အပြီးသတ် ချသောအခါ– ၎င်းကို ဖြစ်ဟု မိန့်လိုက်သည်နှင့် ထို့နောက် ဖြစ်လာရမည်သာတည်း။''★

ကိုယ်တော်မုဟမ္မဒ်အား ရွေးကောက်စဉ်တွင် ''နိမိတ်ဆောင်ကြီးများ'' မုတိတာ မထားနိုင်ကြကြောင်းကို ၃၈း၆၃ တွင်လည်းကောင်း၊ အာဒံအား ရွေးကောက်သောစဉ်တွင် နိမိတ်ဆောင်များက မုတိတာ မထားနိုင် ကြကြောင်းကိုလည်းကောင်း ၂း၃၀၊ ကျမ်းတော်က ဥပစာထား တင်ပြသည်ကို ယှဉ်၍ လေ့လာသင့်ပေသည်။ ထို့ကြောင့် ''သူတို့''ဟူသည့် နာမ်စားမှာ နိမိတ်ဆောင် များကိုသာ ရည်ညွှန်းပေသည်။ (၂း၃၀ တွင် ကြည့်ပါ)။

(၂၀၇) ကိုယ်တော် ယေရှုအား အမည်နာမ သုံးခုဖြင့် ကျမ်းတော်၌ ဖော်ပြပေသည်။ ထိုအမည်နာမ သုံးခုလုံးကို တစ်ပေါင်းတည်း ဤသုတ်တော်၌ တွေ့ရပေသည်။ ၎င်းတို့မှ– ဂရိစကားမှ ဆင်းသက်လာသော အင်္ဂလိပ်အသံထွက် ''ခရစ်''ကို အာရဗီဖြင့် **မဆီးဟ်** ဟု ဖော်ပြပြီး ယင်းသည် ရှေးအာရာမစ် ဘာသာတွင် **မေရှိ** ဟု ဖြစ်သည်။ အဓိပ္ပါယ်မှာ ခရီးဝေးသွားနေသူ၊ သို့မဟုတ် ဘိုက်သိုက်ခံ ဟု ဖြစ်ပေသည် **မဆီးဟ်** မှာ အမည်ဆိုသည် ထက် (–ဦး၊ ဆရာ၊ သခင်—တို့ကဲ့သို့) ဘဲ့ ဂုဏ်ပုဒ် အသွင် ဆောင်ပေသည်။ ဒုတိယ ဖြစ်သော အာရဗီ အသံထွက် **အီဆာဟ်** ဆိုသည်ကို ဂရိတို့က ''ရီးဆာဟ်'' ဟု ရေးသားရမှ ဟီဗရူး အသံထွက် (ယောရှွာ) ဖြစ်၍ မြန်မာပြန် သမ္မာကျမ်းစာ၌ **ယေရှု** ဟု ရေးသားပေသည်။ ယေရှုသည် ကိုယ်တော်၏ အမည် ဖြစ်သည်။ နောက်ဆုံး (မြန်မာပြန်တွင် ရှေ့ဆုံး) **မာရိ၏သား** ဆိုသည်မှာ ကိုယ်တော်ယေရှုအား မည်သူမည်ဝါဟု တိုက်ရိုက် သိစေရန် မိဘနှစ်ပါး အနက် ထင်ရှားသော မိခင်၏ အမည်ဖြင့် **မာရိ၏ သား** ဟု ဖော်ပြခြင်း ဖြစ်သည်။ ဥပမာ ထင်ရှားသော ဆရာမကြီး တစ်ဦး၏ သားက သူ့ကိုယ်သူ မိတ်ဆက်သော အခါ ''ကျွန်ုပ် ဒေါ်ဘယ်သူ၏ သားပါ''ဟု ဆိုသကဲ့သို့ပင်။ ထို့အတွက် သူ၌၌ အဖေပျောက်သွားခြင်း မဟုတ်ပေ။ ကျမ်းတော်တွင် ကိုယ်တော် မူဆာ (မောရှေ)၏ အဘအမည်၊ ကိုယ်တော် ယေရှု၏ အဘအမည်၊ ကိုယ်တော် မုဟမ္မဒ်၏ အဘအမည်များကို ဖော်ပြထားခြင်း မရှိသောကြောင့် ထိုကိုယ်တော်များသည် ဖခင် မရှိဘဲလျက် အပျိုစင်မှ မွေးဖွားသန့်စင်လာသည်ဟု မစွပ်စွဲအပ်ပေ၊ ကုရ်အာန် ကျမ်းတော်၏ ဖေးဝဝ ပါ ''ကြင်ယာကြင်ဘက်မရှိဘဲ ကလေး မရရှိနိုင်၊''ဟု ဆိုသော ဘုရားရှင်၏ သဘာဝဓမ္မ ပညတ်တော်ကိုလည်း ဗီဆန်ရာ ရောက်ပေသည်။ (ဖေးဂဇ၏ အောက်ခြေတွင် ဆက်ကြည့်ပါ။)

(၂၀၈) ကိုယ်တော်ယေရှုသည် ''ပုခက်မှလည်းကောင်း အရွယ်ရောက်ပြီးသော်လည်းကောင်း လူသားတို့အား စကားပြောသည်၊''ဟု ဆိုခြင်းမှာ တန်ခိုးကိုဇွဲပါဒိ တစ်ရပ် မဟုတ်ပေ။ စွဲအခြင်း မရှိ ကျမ္မာသန့်စွမ်းသော လူသားတိုင်း ပုခက်ထဲကပင် အိုမင်းရင့်ရော်သည်အထိ စကားပြောကြသည်မှာ ဓမ္မတာပင်။ ဤသတင်းတော်မှာ မာရိအား၊ မွေးလာမည့် ကလေး၏ ကျမ္မာရေးနှင့် အသက်ရှည်မည်ဟု ကြိုတင် သတင်းကောင်း ပေးခြင်း သာ ဖြစ်ပေသည်။ ထို့ပြင် ပုခက်ဟု ဘာသာပြန်သော **အလ်မီဟ်ဒ် الْمَهْدِ** သည် ရင်းမြစ် د ه م မှ ဆင့်ပွားဖြစ်၍ သာသာယာယာ နားခိုရာနေရာ ဟု အနက်ပေး၍ အသက်အရွယ်နှင့် မသက်ဆိုင်ဘဲ သက်ကြီးပိုင်းများ၏ သာသာသောဘဝကိုလည်း ကျမ်းတော်က ပြောဆိုသည်၊ (**وَمَهَّدْتُ لَهُ تَمْهِيدًا** ၇၄း၁၄)။ ဤ ကမ္ဘာကိုလည်း **الْمَاهِدُونَ** ဟု ပြောဆိုပေသည်။ (၅၁း၄၈)

(၂၀၉) အိမ်ထောင် မပြုရသေးသော မိန်းကလေးတိုင်းအား ''အသင်သည် သားသမီးရလိမ့်မည်၊''ဟု ဟောကိန်းထုတ်လိုက်လျှင် ယခု မာရိ ပြောသကဲ့သို့ ပြန်ပြောကြမည်ပင်။ ထိုစကားကို ကောက်ယူ၍ သူမသည် ရာသက်ပန် အိမ်ထောင်မပြုဘဲ နေသည်ဟု သက်သေ မပြနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် သူမတွင် အခြားသော သားသမီးများ ရှိနေသေးသည်မှာ အိမ်ထောင်ရှိကြောင်း သက်သေပင် ဖြစ်၏။ (သမ္မာကျမ်း မဿဲ ၂၇း၅၆)

၄၈။ ☆ ၃း၃	**وَيُعَلِّمُهُ الْكِتَابَ وَالْحِكْمَةَ وَالتَّوْرَاةَ وَالإِنجِيلَ۞** အရှင်သည် သူ့အား ကျမ်းတော်၊ ဓမ္မသတ်တော်၊ တိုရာဟ် နှင့် ဇဝံဂလိ ☆ တို့ကို သင်ပေးတော်မူမည်။
၄၉။	**وَرَسُولاً إِلَى بَنِي إِسْرَائِيلَ أَنِّي قَدْ جِئْتُكُم بِآيَةٍ مِّن رَّبِّكُمْ أَنِّي أَخْلُقُ لَكُم مِّنَ الطِّينِ كَهَيْئَةِ الطَّيْرِ فَأَنفُخُ فِيهِ فَيَكُونُ طَيْرًا بِإِذْنِ اللهِ وَأُبْرِىءُ الأَكْمَهَ والأَبْرَصَ وَأُحْيِي الْمَوْتَى بِإِذْنِ اللهِ وَأُنَبِّئُكُم بِمَا تَأْكُلُونَ وَمَا تَدَّخِرُونَ فِي بُيُوتِكُمْ إِنَّ فِي ذَلِكَ لآيَةً لَّكُمْ إِن كُنتُم مُّؤْمِنِينَ۞** သူ့အား ဣသရေလယ်အတွက် ဉာဏ်စဉ်ဆောင် ဖြစ်စေ၍၊ ''ကျွန်ုပ်သည် သင်တို့ထံ သင်တို့၏ ကံကြမ္မာရှင်ထံမှ သုတ်ဒေသနာကို မုချ ရောက်လာစေပြီ၊ ကျွန်ုပ်သည် သင်တို့အတွက် မြေမှ ငှက် ပုံစံချ ဖန်တီးလျက် သက်ဝင်စေလျှင်၂၂ ၎င်းသည် ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် ငှက်ဖြစ်လာလိမ့်မည်၊ အကန်းနှင့် အနာကြီးရောဂါသည်တို့ကို ရောဂါကင်းစေနိုင်၍ ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် အသေအား ရှင်သန်စေမည်၊ သင်တို့အား မည်သည်တို့ကို စားသုံးရမည်– မည်သည်တို့ကို အိမ်များ၌ သိုလှောင်ရမည်ကို သတင်းထုတ်ပြန်မည်၊ သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် ဇကန်ပင် ဤ၌ သုတ်ဒေသနာ တစ်ရပ် ရှိနေ၏။၂၂

---

(၂၂) ''မြေမှ ငှက် ပုံစံ ဖန်တီးလျက် သက်ဝင်စေလျှင်၊'' ဟူသော စကားစုမှ ဝေါဟာရ လေးလုံးကို ဖြေရှင်းစရာ ရှိနေပေသည်။ ကျမ်းတော်တွင် လူသာမန်အားလုံးကို မြေမှ ဖြစ်တည်စေသည်ဟု မကြာခဏပြော၍ ထိုလူသာမန်များအား အရှင်၏ ဉာဏ်စဉ်တော်ဖြင့် ကိန်းဝပ်ခြင်းဖြင့် အသိဉာဏ်ရှိသော လူသား ဖြစ်လာပေသည်။ (၃၈း၇၃။ ၃၂း၉)။ ထို့အပြင် ငှက် ဆိုသည်မှာ ဉာဏ်စဉ်ရေးရာ အဆင့်မြင့်သော လူသားများကို တင်စားပြောဆို၍ (၆း၃၈)။ အသိဉာဏ်နိမ့်သောသူများကို မြေကမ္ဘာ (လေကီ)၌ ကပ်တွယ်နေသော တိရိစ္ဆာန်များနှင့် ခိုင်းနှိုင်းပေသည်(ဂုဒ၁၉၊ ၂၃း၄၄)။ ဤနေရာ၌ အဓိက အရေးကြီးသော စကားလုံးမှာ ''ဖန်တီးလျက်''ဟု ဘာသာပြန်သည့် **ခလာ့ဂ်** ဟူသည့် ဝေါဟာရပင် ဖြစ်ပေသည်။ ၎င်းကို များစွာသော နေရာများ၌ ဖြစ်တည်စေသည်၊ ဖန်ဆင်းသည် ဟု သုံးပေသည်။ သို့သော် မူရင်း အဓိပ္ပါယ်မှာ ''စိတ်ကူးဖြင့် ပုံစံချသည်၊ အတိုင်းအတာ သတ်မှတ်သည်၊ ပုံဖော်သည်၊''ဟု ဖြစ်ပေသည်။ ထို စကားလုံးကို ဤနေရာ၌ ဖန်ဆင်းသည်၊ ဖြစ်တည်စေသည်ဟု ဘာသာပြန်၍ လုံးဝ မရရော့။ အဘယ်ကြောင့်ဆိုသော် ပရမတ်ဘုရားရှင်သည်သာ အရာခပ်သိမ်းကုန်အား ဖြစ်တည်စေသော အရှင် ဖြစ်သည်ဟု ကျမ်းတော်က အတိအကျ ပြောထားပေသည်။ ''သင်တို့ ကိုးကွယ်ပသသော အရာများသည် တစ်စုံတစ်ရာကိုမျှ ဖြစ်တည်ပေနိုင်ခြင်း မရှိ''ဟု ပြောထားသော (၁၆း၂၀။၂၅း၃)မှ ၁၆း၂၀ တွင် သင်တို့ ကိုးကွယ်ပသသော အရာများကို **အလသိီးန** ဟု သုံးထားသောကြောင့် ယေရှုအပါအဝင် လူသားအားလုံး အကြုံးဝင်ပေသည်။ ထို့အပြင် ဘုရားသားတော် ဆိုသည့် အယူအဆကိုလည်း ကျမ်းတော်က လုံးဝ လက်မခံပေ၊ (၆း၁၀၁)။

ထို့ကြောင့် ဤစကားစု တစ်ခုလုံး၏ ဆိုလိုချက်မှာ ကိုယ်တော် ယေရှုသည်၊ လူသာမန်တို့အား သူရရှိသော ဉာဏ်စဉ်တော်ဖြင့် ဘာသာရေးပိုင်းဆိုင်ရာ၌ အဆင့်မြင့်သော ပုဂ္ဂိုလ်များကို မွေးထုတ်ပေးရန် စိတ်ကူးစိတ်သန်းရှိမှုကို ပုံဆောင် ပြောဆိုခြင်း ဖြစ်ပေသည်။

(၂၂) အကန်းနှင့် အနာကြီးရောဂါကို ကုသသည် ဆိုခြင်းကို ခရစ်တော်၏ ဇရာမ တန်ခိုးတော်ကြီးဟု ပုံကြီးချဲ့ရန် မသင့်ပေ။ သမ္မာကျမ်းစာတွင် လည်းကောင်း (မဿဲ ၁၅း၁၃–၁၆)၊ ကုရ်အာန်ကျမ်းတော်တွင်လည်းကောင်း (၂း၁၈) ပင်းသူ၊ အသူ၊ ကန်းသူ များဆိုသည်မှာ အမှန်တကယ် မံသမျက်စိကန်းနေခြင်းကို မရည်ညွှန်းပေ၊ ဘာသာတရားနှင့် ပတ်သက်၍ မှောင်ကျနေခြင်းကိုသာ ရည်ညွှန်းပေသည်။ အလားတူပင် အနာကြီးဆိုသည်မှာလည်း စိတ်နှလုံး၌ ရောဂါရှိနေသူများဟု ကျမ်းတော်က မကြာခဏ ဖေါ်ပြပေသည်။ ကိုယ်တော်ယေရှုသည် ပရမတ်ဘုရားရှင် ချီးမြှင့်သော ဉာဏ်စဉ်တော်ဖြင့် နောက်လိုက် အပေါင်း၏ နှလုံးသားကို ဆေးကုပေးခြင်း ဖြစ်ပေသည်။ ကျမ်းတော်တွင် ဤကုရ်အာန်ကျမ်းတော်ကိုလည်း ''စိတ်နှလုံးမှ ဝေဒနာအတွက် ဆေးတစ်ဖုံ ဖြစ်သည်၊''ဟု ဖေါ်ပြထားပေသည်၊ (၁၀း၅၇)။ ထို့ကြောင့် ကိုယ်တော် ယေရှု အနေဖြင့် အနာကြီးရောဂါ ဖြစ်နေသူများအား ''ဥ–ဖွ၊ ပျောက်စေ၊''ဟု ကုသပေးခြင်းကို မဆိုလိုပေ။ သူ့အား ကားစင်မှ ချစဉ် ဒဏ်ရာရနေသော ခြေလက်တို့အား သူ့ကိုယ်သူပင် မန်းမှတ် ကုသနိုင်စွမ်း မရှိခဲ့ပေ။

အသေအား ရှင်သန်စေသည် ဟူသည်မှာလည်း အလားတူပင်။ ကမ္ဘာပေါ်၌ မည်သည့် ဘာသာတရားကမှ သေနေသော အသေကောင်သည် လောကၠ ပြန်လည် ရှင်ထလာသည်ဟု လက်မခံပေ။ ကျမ်းတော်ကလည်း ''(နောင်ဘဝ) ရှင်ပြန်ထရသည့် ကာလထိတိုင် သူတို့၏နောက်၌ အကာအရံရှိနေ၏။''ဟု အတိအကျ ပြောထားပေသည်။ သို့သော်ကျမ်းတော်တွင် ဘဝသေနေသော၊ အမှောင်ကျနေသော လူ၊ လူမျိုးများကို သေနေသည် ဟု မကြာခဏသုံးစွဲပြီး၊ သူတို့ထံသို့ ခေါင်းဆောင်များ၊ သတင်းတော်ဆောင်များ၊ ဉာဏ်စဉ်ဆောင်များ စေစားကာ ဘဝကို ပြန်လည် ရှင်သန်စေသည်ဟု ပြောလေ့ရှိပေသည်။ ၎င်းကို ''သင်တို့အား အသက်ရှင်ခြင်း ဆီသို့ ဖိတ်ခေါ်သော အခါ––'' (၈း၂၄) ဆိုသည့် စကားတော်က အတိအကျ ထောက်ပြနေပေသည်။ ဖိတ်ခေါ်ခံရသော သင်တို့သည် အသက်ဝိဉာဉ် လုံးဝမဲ့နေသော အသေကောင်များ မဟုတ်ကြပေ။ အနာဂါတ် ပန်းတိုင်ကို

၅၀။	**وَمُصَدِّقًا لِّمَا بَيْنَ يَدَيَّ مِنَ التَّوْرَاةِ وَلِأُحِلَّ لَكُم بَعْضَ الَّذِي حُرِّمَ عَلَيْكُمْ وَجِئْتُكُم بِآيَةٍ مِّن رَّبِّكُمْ فَاتَّقُواْ اللّهَ وَأَطِيعُونِ۞** ကျွန်ုပ်သည် လက်ရှိ–ရှေ့မှောက် တိုရာဟ်ကျမ်းကို ဖြောင့်မှန်စေပြီ၊ သင်တို့အပေါ်၌ တားမြစ်သည်မှ အချို့ကို တရားဝင်စေပြီ၊[၁၁၁] သင်တို့၏ ကံကြမ္မာရှင်ထံမှ သုတ်ဒေသနာများကို သင်တို့ထံသို့ ရောက်လာစေပြီ။ သို့ဖြစ်၍ ပရမတ်ဘုရားရှင်ကိုသာ စည်းစောင့်ကြလော့၊ အကျွန်ုပ်အား နာခံကြလော့။
၅၁။	**إِنَّ اللّهَ رَبِّي وَرَبُّكُمْ فَاعْبُدُوهُ هَذَا صِرَاطٌ مُّسْتَقِيمٌ۞** ဇကေပင် ပရမတ်ဘုရားရှင်သည် ကျွန်ုပ်၏ ကံကြမ္မာရှင်၊ သင်တို့၏ ကံကြမ္မာရှင် ဖြစ်၏။ အရှင့်ကိုသာ ကိုးကွယ်ကြလော့၊ ဤသည် ဖြောင့်မှန်သော လမ်းစဉ် ဖြစ်၏။
၅၂။ မွတ်ဆလင်များ	**فَلَمَّا أَحَسَّ عِيسَى مِنْهُمُ الْكُفْرَ قَالَ مَنْ أَنصَارِي إِلَى اللّهِ قَالَ الْحَوَارِيُّونَ نَحْنُ أَنصَارُ اللّهِ آمَنَّا بِاللّهِ وَاشْهَدْ بِأَنَّا مُسْلِمُونَ۞** ယေရှုသည် သူတို့မှ ဖုံးကွယ်မှုများကို ရင်ဆိုင်တွေ့သော်–"ပရမတ်ဘုရားရှင်အလို့ငှာ ကျွန်ုပ်အား မည်သူ ကူညီမည်နည်း၊"ဟု မေးမြန်းသော်၊ ဝတ်ရုံဖြူများက[၁၁၂] "ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်အလို့ငှာ ကူညီသူများ ဖြစ်ပါ၏၊ ပရမတ်ဘုရားရှင်၌ ယုံကြည်သက်ဝင်ပါ၏၊ ကျွန်ုပ်တို့သည် **သစ္စာသုခဝါဒီများ**ဖြစ်ကြောင်း သက်သေပြုပါ၏၊"ဟု ကြွေးကြော်လျက်–
၅၃။	**رَبَّنَا آمَنَّا بِمَا أَنزَلْتَ وَاتَّبَعْنَا الرَّسُولَ فَاكْتُبْنَا مَعَ الشَّاهِدِينَ۞** "အို၊ ကံကြမ္မာရှင် တပည့်တော်တို့သည် အရှင် ချမှတ်ပေးသည်ကို ယုံကြည်သက်ဝင်ပါ၏၊ ဉာဏ်စဉ်ဆောင်အား လိုက်နာပါ၏၊ သို့ဖြစ်၍ သက်သေပြုသူများနှင့်အတူ မှတ်တမ်းတင်ပေးတော်မူပါ၊"ဟု ဆုပန်ကြ၏။
၅၄။ ဂျူးတို့	**وَمَكَرُواْ وَمَكَرَ اللّهُ وَاللّهُ خَيْرُ الْمَاكِرِينَ۞** **သူတို့**သည် ကြံစည်ကြ၏။ ပရမတ်ဘုရားရှင်သည်လည်း ကြံစည်နေ၏၊ ပရမတ်ဘုရားရှင်သည် အကောင်းဆုံး ကြံစည်နိုင်သောရှင် ဖြစ်၏။[၁၁၄]
၅၅။ ☆၃း၁၇၅	**إِذْ قَالَ اللّهُ يَا عِيسَى إِنِّي مُتَوَفِّيكَ وَرَافِعُكَ إِلَيَّ وَمُطَهِّرُكَ مِنَ الَّذِينَ كَفَرُواْ وَجَاعِلُ الَّذِينَ اتَّبَعُوكَ فَوْقَ الَّذِينَ كَفَرُواْ إِلَى يَوْمِ الْقِيَامَةِ ثُمَّ إِلَيَّ مَرْجِعُكُمْ فَأَحْكُمُ بَيْنَكُمْ فِيمَا كُنتُمْ فِيهِ تَخْتَلِفُونَ۞** ပရမတ်ဘုရားရှင်က "အေ– ယေရှု၊ ငါသည် သင့်အား သက်တမ်းကုန်စေ၍၊ ငါ့အထံတော်၌ မြှောက်စားတော်မူမည်၊ ဖုံးကွယ်သောသူများမှ သင့်အား သန့်စင်စေတော်မူမည်၊ သင့်ကို လိုက်နာသောသူတို့အား ရပ်တည်ရသောနေ့☆

တိကျသေချာစွာ မသိခြင်းသာ ဖြစ်ပေသည်။ ကိုယ်တော်ယေရှုသည်လည်း သူ့ခေတ်သူ့အခါက လူသား အပေါင်းအား အနာဂါတ်လမ်းပြ တစ်ဦးသာ ဖြစ်ပေသည်။ လူသေကောင်အား ပြန်လည် ရှင်ထလာအောင် လုပ်ပြနေသောသူ မဟုတ်ပေ။

(၁၁၁) ကိုယ်တော်မူဆာ၏ လက်ထက်တော်၌ ပညတ်ခဲ့သော ဥပဒေများကို အစွမ်းရေးလ် လူမျိုးတို့သည် စွဲမြဲစွာ လက်ကိုင်ပြုခဲ့ကြပေသည်။ သို့သော် ခေတ်ကာလအလိုက် ပြုပြင်ပြောင်းလဲရန် လိုအပ်သော ဥပဒေများကို ကိုယ်တော်ယေရှု၏ လက်ထက်တွင် ပြောင်းလဲလိုက်ခြင်း ဖြစ်သည်။ သမ္မာကျမ်းစာ (ရှင်မဿဲ ၅း၂၁ မှ ၄၈)တွင် ထိုပြောင်းလဲလိုက်သော ဥပဒေများကို တွေ့နိုင်ပေသည်။

(၁၁၃) **ဟဝါးရီယူးနှ် الْحَوَارِيُّونَ** ၏ အနက်မှာ ဖြူစင်သူများ။ အဖြူထည်များဟု ဖြစ်သည်။ ထိုစကားလုံး **ဟဝါးရီယူးနှ်** ဆိုသည်မှာ ခရစ်ယာန် ဆရာတော်များက နတ်ကညာများဟု ဘာသာပြန်သော **ဟူရ် حُور** ဆိုသည့် စကားလုံးမှ ဆင့်ပွားလာခြင်း ဖြစ်သည်။ ၄၄း၅၄ကို ကြည့်ပါ။

(၁၁၄) ဂျူးတို့သည် ကိုယ်တော်ယေရှုအား လုပ်ကြံသတ်ဖြတ်ရန် နည်းမျိုးစုံဖြင့် ကြံစည်နေကြပေသည်။ ကိုယ်တော်ယေရှုအား ကယ်တင်ရန် ပရမတ်ဘုရားရှင် ကလည်း သူတို့၏ ကြံစည်မှုနည်းမျိုးစုံကို တန်ပြန်လျက်ရှိပေသည်။ အရိုဗီစကားတွင် သက်ရောက်မှုနှင့် တန်ပြန်သက်ရောက်မှုကို စကားလုံး တစ်လုံးတည်းကိုသာ သုံးစွဲပေသည်။ ထို့ကြောင့် ဤသုတ်တော်၌ ပရမတ်ဘုရားရှင်သည်လည်း ကြံစည်နေ၏ ဟု ပြောဆိုခြင်း ဖြစ်ပေသည်။ အလားတူ သဒ္ဒါအသုံးအနှုန်းကို ကျမ်းတော်၏ မြောက်များစွာသော နေရာများတွင် တွေ့နိုင်ပေသည်။

	ထိတိုင် ဖုံးကွယ်သောသူတို့ထက် အပေါ်စီးမှ စီစဉ်ပေးတော်မူမည်၊ တဖန် သင်တို့၏ အပြန်ခရီးသည် ငါထံသို့ဖြစ်၏၊ သင်တို့၏ အကြား ကွဲလွဲခြင်း ရှိခဲ့ရာများကို ငါအရှင် စီရင်ထုံးချတော်မူမည်။''ဟု၂၂၅ မိန့်၏။
၅၆။	**فَأَمَّا الَّذِينَ كَفَرُواْ فَأُعَذِّبُهُمْ عَذَابًا شَدِيدًا فِي الدُّنْيَا وَالآخِرَةِ وَمَا لَهُم مِّن نَّاصِرِينَ۞** သို့ဖြင့် ဖုံးကွယ်သော သူတို့အတွက်မူ ဤဘဝ နောင်ဘဝ၌ ပြင်းထန်သော ဝဋ်ကြွေးဖြင့် ဝဋ်ခံရစေမည်၊ သူတို့ အတွက် ကူညီမည့်သူ မရှိချေ။
၅၇။	**وَأَمَّا الَّذِينَ آمَنُوا وَعَمِلُواْ الصَّالِحَاتِ فَيُوَفِّيهِمْ أُجُورَهُمْ وَاللّهُ لاَ يُحِبُّ الظَّالِمِينَ۞** ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသောသူတို့ အတွက်မူ သူတို့၏ ဆုလဒ်ကို ပြီးပြည့်စေလတ္တံ့၊ ပရမတ် ဘုရားရှင်သည် အမိုက်ကောင်များအား နှစ်သက်တော်မမူပေ။
၅၈။	**ذَلِكَ نَتْلُوهُ عَلَيْكَ مِنَ الآيَاتِ وَالذِّكْرِ الْحَكِيمِ۞** ဤသည် သင့်အား ငါအရှင် ရွတ်ဖတ်ပြသည့် သုတ်ဒေသနာများမှ သတိရစေသော ဓမ္မသတ်များ ဖြစ်၏။
၅၉။	**إِنَّ مَثَلَ عِيسَى عِندَ اللّهِ كَمَثَلِ آدَمَ خَلَقَهُ مِن تُرَابٍ ثُمَّ قَالَ لَهُ كُن فَيَكُونُ۞** ဇကန်ပင် ပရမတ်ဘုရားရှင်၏ ထံတော်၌ ယေရှု၏ ပမာသည်ကား အာဒံ ကဲ့သို့ ဖြစ်၏၊ သူ့အား မြေမှုန့်မှ ဖြစ်တည်စေပြီး–''ဖြစ်၊''ဟု မိန့်လိုက်သော် ''ဖြစ်တည်လာရမည်တည်း။''၂၂၆

---

(၂၂၅) အထက်ပါသုတ်တော် (၃း၅၄)တွင် ဂျူးတို့က ကိုယ်တော်ယေရှုအား သတ်ဖြတ်ရန် ကြံစည်မှုကို ပရမတ်ဘုရားရှင်က ကာကွယ်စောင့်ရှောက်ပေးထားသည်ဟု ဆို၍၊ ဤသုတ်တော်တွင် ''သင့်အား သက်တမ်းကုန်စေ၍'' ဟု ပြောဆိုခြင်းကြောင့်၊ ရှေ့နောက်ကွဲလွဲသွားသည်ဟု မစွပ်စွဲသင့်ပေ။ ဤနေရာ၌ ပြောသော ''သက်တမ်းကုန်စေ၍'' ဆိုသည့် **ဝဖာဟ်** ၏ အဓိပ္ပါယ်မှာ ပြီးပြည့်စုံစွာကုန်ဆုံးသည်၊ ခန္ဓာဝန်ချသည်၊ ပရိနိဗ္ဗာန်ပြုသည်ဟု ဖြစ်သည်။ အသတ်ခံရခြင်းကို **ကုတိလ**ဟု သုံးပေသည်၊ ထို့ကြောင့် ကိုယ်တော်ယေရှုသည် ရန်သူများ သတ်ဖြတ်ခံရ၍ သေရမည် မဟုတ်ဘဲ၊ လောကသက်တမ်းစေ့၍ သဘာဝအလျောက် ခန္ဓာဝန်ချသွားရမည် ဖြစ်ကြောင်း၊ ထာဝရ အသက်ကို ပိုင်ဆိုင်ထားသူ မဟုတ်ကြောင်းကို ပြောခြင်း ဖြစ်ပေသည်။ ထို့အပြင် ''အထံတော်၌ မြှောက်စားတော်မူမည်'' ဆိုသည်ကိုလည်း ကိုယ်တော်အား လောကီ အသက် မသေဘဲလျက် အရှင်လတ်လတ် ကောင်းကင်သို့ ပင့်ချီသွားသည်ဟု ဒဏ္ဍာရီမြောက်အောင် မဖွင့်ဆိုသင့်ပေ။ ကျမ်းတော်တွင် လူသားကို ''သေမျိုး'' ဟု လည်းကောင်း၊ ''ကိုယ်တော်မုဟမ္မဒ် မတိုင်မီ ရှေ့ကိုယ်တော်အားလုံး ပရိနိဗ္ဗာန်ပြုခဲ့ရပြီ''ဟုလည်းကောင်း (၃း၁၄၄)၊ ကိုယ်တော်ယေရှုသည် ''ကွယ်လွန်ခဲ့ပြီ၊''ဟု လည်းကောင်း (၅း၁၁၇)တွင် တိကျစွာ ပြောထားပေသည်။

(၂၂၆) ဤသုတ်တော်သည် အာဒံ၊ ယေရှုအပါအဝင် လူသားအားလုံး၏ ဖြစ်စဉ်ကို ပြည့်စုံနက်နဲစွာ တင်ပြထားသော သုတ်တော်တစ်ပါး ဖြစ်ပေသည်။ ကိုယ်တော်ယေရှုသည် ဖခင် မရှိဘဲလျက် မိခင်တစ်ဦးတည်းမှ မွေးဘွားလာသည်ဟု ခရစ်ယာန် အကြိုက်လိုက်လျက် ဖွင့်ဆိုသူများက ဤသုတ်တော်မှ ''အာဒံ ကဲ့သို့'' ဟူသည်ကို ကောက်ယူလျက် ''အာဒံ'' တွင် မိဘမရှိ၊ မြေကြီးမှ လူပုံပြုလုပ်၍ ဘုရားရှင်က အသက်မှုတ်သွင်းပေးလိုက်ပြီး လောကသို့ လွှတ်လိုက်သည်ဟု ဖွင့်ဆိုပြီး၊ ယေရှုတွင် အဖေမရှိဘဲ မွေးသည်ဟု ဖွင့်ဆိုကြပေသည်။ ထိုဆရာတော်ကြီးများ၏ ဖွင့်ဆိုချက်များသည် အမြီးအမောက် မတည့်ကြချေ။ ''အာဒံကဲ့သို့'' ဆိုသော စကားသည် အာဒံ၌ မိဘမရှိလျှင် ယေရှု၌လည်း မိဘမရှိဘဲ ဖြစ်ရမည်၊ အာဒံသည် ဤကမ္ဘာလောက၌ သေခဲ့ရလျှင် ယေရှုသည်လည်း သေခဲ့ရပေမည်၊ မသေဘဲ ကောင်းကင်ဘုံသို့ တက်သွားရသည်ဟု ကောက်ယူ၍ မရပေ။ ဤသို့ မဆင်မခြင်ဘဲ မိမိဖြစ်ချင်ရာဘက်သို့ အတင်း ဆွဲယူခြင်းသည် ဤသုတ်တော်၏ သဘာဝအလှကို ဖျက်ဆီးရာ ရောက်ပေသည်။ ကျမ်းတော်၌ အာဒံအား လူသား အားလုံးကို ကိုယ်စားပြုလျက် မကြာခဏ ဖေါ်ပြသည်၊ လူသားအားလုံးကို မြေမှ ဖြစ်တည်စေသည်၊ (၁၈း၃၇။ ၂၂း၅။၃၀း၂၀)၊ ဆိုလိုသည်မှာ ဗိမ နှစ်ဦးသည် ပေါင်းဘက် မျိုးပွားနိုင်ရန်အတွက် မြေမှ ဖြစ်ထွန်းသော အဟာရများကို မှီဝဲလျက် မြေခါတ်ကို အလျင် စုဆောင်းရပေသည်။ မျိုးဆက်ပွားများရန် မြေခါတ် မလုံလောက်သေးသော (အရွယ်မရောက်သေးသော) လူမမယ် ကလေးနှစ်ဦးကို ပေါင်းဆက်စေခြင်းဖြင့် မျိုးဆက် မပွားနိုင်ပေ။ စုဆောင်းသိုမှီးလာသော မြေခါတ် အဆီအနှစ်မှ မျိုးစေ့ရည် ဖြစ်လာရပေသည်။ ထို့မှ အဆင့်ဆင့် ပြောင်းလဲခြင်းဖြင့် လူ သန္ဓေသား ဖြစ်လာနိုင်ပေသည်။ ထို့ကြောင့် လူသားကို မြေမှ ဖြစ်တည်စေသည်ဟု ပြောဆိုခြင်း ဖြစ်ပေသည်။ ထို လူသားမျိုးစေ့ ဖြစ်တည် လာမည့် အဆီအနှစ်ကို မိခင်သို့မဟုတ် ဘခင် တစ်ဘက်တည်းမှ စုဆောင်းခြင်းဖြင့်လည်း မျိုးမအောင်နိုင်ချေ။ မိနှင့်ဘ ပေါင်းစပ်ရန် လိုအပ်ပေသည်။ (၆း၁၀၁)။ ကုရ်အာန်ကျမ်းတော်တွင် ယေရှုအား ''မြေဖြင့် ရုပ်ပုံလုပ်လျက် အသက်မှုတ်သွင်းလိုက်ခြင်းဖြင့် လူဖြစ်လာသည်''ဟု လုံးဝပြော မထားသည့် အပြင် သူ့အား လူသားတိုင်း၏ သဘာဝအတိုင်း မိခင်မှ ကိုယ်ဝန်ယူ မွေးရသည်ဟု ၁၉း၂၂–၂၅ တွင် အတိအကျ ပြောထားပေသည်။ သို့ဖြစ်လျှင် ယေရှု ကဲ့သို့ ဖြစ်သော အာဒံသည်လည်း မိဘ မရှိဘဲ လူဖြစ်လာရသည်ဟု မည်သို့မှ အဓိပ္ပါယ် ကောက်ယူ၍ မရပေ။ ထိုကဲသို့ သွန်သင်ချက်မျိုးကို ဤ ကုရ်အာန်ကျမ်းတော်၌ လုံးဝ ဥဿုံ မပါရှိချေ။ အာဒံ၏ သမိုင်း မတိုင်မီ လူသားတို့ လက်လှမ်းမမှီသော သမိုင်းများ ရှိခဲ့လေပြီ၊ (၇း၁၀)။ (၂း၃၁–အာဒံကို ကြည့်ပါ)

၆၀။	**الْحَقُّ مِن رَّبِّكَ فَلاَ تَكُن مِّن الْمُمْتَرِينَ۞** သစ္စာဓမ္မသည် သင်၏ကံကြမ္မာရှင် ထံမှ ဖြစ်၏၊ သို့ဖြစ်၍ အချင်းများသူများတွင် မပါဝင်နှင့်၊
၆၁။ ခံယူချက် တူသူများ	**فَمَنْ حَآجَّكَ فِيهِ مِن بَعْدِ مَا جَاءكَ مِنَ الْعِلْمِ فَقُلْ تَعَالَوْاْ نَدْعُ أَبْنَاءنَا وَأَبْنَاءكُمْ وَنِسَاءنَا وَنِسَاءكُمْ وَأَنفُسَنَا وأَنفُسَكُمْ ثُمَّ نَبْتَهِلْ فَنَجْعَل لَّعْنَةُ اللهِ عَلَى الْكَاذِبِينَ۞** အသိပညာမှ သင့်ထံသို့ ရောက်လာပြီးနောက် သင့်အား စောကြောလာသူ ရှိလျှင်– ''လာကြလော့၊ ကျွန်ုပ်တို့၏ သားမြေးများ၊ သင်တို့၏သားမြေးများ၊ ကျွန်ုပ်တို့၏ အမျိုးသမီးများ၊ သင်တို့၏ အမျိုးသမီးများနှင့် ကျွန်ုပ်တို့၏ **ဉာဉ်စရိုက်များ** သင်တို့၏ **ဉာဉ်စရိုက်များ**ကို ဆင့်ခေါ်၍ လိမ်ညာသူများ၏ အပေါ်သို့ ပရမတ်ဘုရားရှင်၏ မေတ္တာဝေးမှ စီစဉ်ပါစေဟု ရိုကျိုးစွာကျိန်ဆိုကြစို့၊''ဟု ကြေညာလော့။[၂၇]
၆၂။	**إِنَّ هَذَا لَهُوَ الْقَصَصُ الْحَقُّ وَمَا مِنْ إِلَـهٍ إِلاَّ اللهُ وَإِنَّ اللهَ لَهُوَ الْعَزِيزُ الْحَكِيم۞** ဇကန်ပင် ဤသည်မှာ တိကျမှန်ကန်သော ဖေါ်ပြချက်ပင် ဖြစ်၏၊ ပရမတ်ဘုရားရှင်မှ အပ အခြား ဘုရားဟူ၍ မရှိပြီ၊ လုံးဝဇကန်– ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်၏။
၆၃။	**فَإِن تَوَلَّوْاْ فَإِنَّ اللهَ عَلِيمٌ بِالْمُفْسِدِينَ۞** အကယ်၍ လှည့်သွားခဲ့ကြလျှင်– ဇကန်ပင် ပရမတ်ဘုရားရှင်သည် အဖျက်ကောင်များကို သိနေသော အရှင်ဖြစ်၏။
၆၄။ မွတ် ဆလင်	**قُلْ يَا أَهْلَ الْكِتَابِ تَعَالَوْاْ إِلَى كَلَمَةٍ سَوَاء بَيْنَنَا وَبَيْنَكُمْ أَلاَّ نَعْبُدَ إِلاَّ اللهَ وَلاَ نُشْرِكَ بِهِ شَيْئًا وَلاَ يَتَّخِذَ بَعْضُنَا بَعْضاً أَرْبَابًا مِّن دُونِ اللهِ فَإِن تَوَلَّوْاْ فَقُولُواْ اشْهَدُواْ بِأَنَّا مُسْلِمُونَ۞** ဖိတ်ခေါ်လော့ ''အို၊ ကျမ်းစာဝိုင်းသားတို့–လာကြလော့၊ ပရမတ်ဘုရားရှင်မှအပ အခြားကို မကိုးကွယ်ပါ၊ အရှင်နှင့် တစ်စုံတစ်ရာကို ရောပွနှံးခြင်း မပြုပါ၊ ပရမတ်ဘုရားရှင် မှလွဲ၍ ကျွန်ုပ်တို့မှ အချို့ကို အချို့က အရှင်ဘုရား ဟူ၍ အယူမထားပါ ဟု ကျွန်ုပ်တို့ကြား သင်တို့ကြား တူမျှသော ကတိသစ္စာပြုကြစို့၊'' သူတို့ လှည့်သွားခဲ့လျှင် ''ကျွန်ုပ်တို့သည် **သန္တိသုခဝါဒီ**များ ဖြစ်ကြ၏''ဟု ပြောလျက် သင်တို့ သက်သေပြုကြလော့။[၂၈]

---

(၂၇) ခရစ်ယာန်ဘာသာဝင်တို့၏ အယူ ဖြစ်သော– ကိုယ်တော်ယေရှုသည် အဖေမရှိဘဲ မွေးဘွားလာသည်ဟုလည်းကောင်း၊ လောကၠ အသက်မသေဘဲလျက် ကောင်းကင်ယံသို့ ကြွမြန်းသွားသည်ဟု လည်းကောင်း လူသားတို့၏ ပကတိ သဘာဝတရားကို ကျော်လွန်၍ ယုံကြည်မှုများကို ကုရ်အာန်ကျမ်းတော်က ထောက်ခံကြဆိုခြင်း မရှိချေ။ ထိုအကြောင်းအရာများကို လက်ကိုင်ထားလျက် အစ္စလာမ်ပြက္ခဒိန် ဟစ်ဂျရီ (ပြောင်းရွှေ့) ၉ ခုနှစ်တွင် ဘာသာရေး ဆွေးနွေးရန် ရောက်လာကြသော နဂ္ဂရန်မြို့ မှ အဖွဲ့ဝင် (၁၄) ဦးပါ ခရစ်ယာန် ကိုယ်စားလှယ် အဖွဲ့နှင့် ဆွေးနွေးသောအခါ မည်မျှပင် ယုတ္တိဗေဒဖြင့် ရှင်းပြစေကာမူ လက်ခံခြင်း မရှိဘဲ ၎င်းတို့၏ မိရိုးဖလာ အစွဲကိုသာ လှေနံဝါးထစ် သတ်မှတ်ထားသောကြောင့် ကိုယ်တော်မုဟမ္မဒ်ထံသို့ ဤသုတ်တော် ကိန်းဝပ်လာခြင်း ဖြစ်ပေသည်။ ထိုသို့ တိုင်တည်ဆုတောင်းကြမည်ဟု ဆင့်ဆိုသော အခါတွင်မှ ခရစ်ယာန်များဘက်က အလျှော့ပေးခဲ့ပေသည်။ ထိုအကြောင်းအရာအား ''ကိုယ်တော်မုဟမ္မဒ်၏ ယုံကြည်မှု ခိုင်မာကြောင်း– ခရစ်ယာန်တို့ဘက်မှ ပြောဆိုချက်များသည် တွေးတောကြံဆ မှုသာဖြစ်၍ ယုံကြည်မှု မခိုင်မာကြောင်း'' ဆာဝီလျံမွရေး က ''Life of Mohammed မုဟမ္မဒ်၏ ဘဝတာ'' စာအုပ် စာမျက်နှာ ၂၆၀ တွင် ဝန်ခံ ရေးသားထားသည်ကို တွေ့ရပေသည်။

(၂၈) ဤသုတ်ဒေသနာတော်သည် အစ္စလာမ်သာသနာ၏ သာသနာပြုနည်းကို သင်ကြားပေးသော သုတ်တော် တစ်ပါး ဖြစ်ပေသည်။ အကြောင်းအရာတစ်ခုအား ဆွေးနွေးသောအခါ– ငါမှန်သည် သင်မှားသည်ဟု ပုံသေကားချပ် သတ်မှတ်ထားခြင်းမှာ တဘက်သား၏ ယုံကြည်မှုကို စော်ကားရာ ရောက်ပေသည် ထိုသို့သော အပြုအမူအား အစ္စလာမ်သာသနာက လုံးဝ ခွင့်မပြုပေ၊ (၂း၂၅၆)။ အစ္စလာမ်သာသနာသည် မည်သူတစ်ဦး တစ်ယောက်၏ ကိုးကွယ်ယုံကြည်မှုကိုမျှ စော်ကားခြင်း မရှိပေ။ ဘာသာတရားတိုင်း၏ ပင်မမူလ အနှစ်ဖြစ်သည့် ''ဘုရားတစ်ဆူဝါဒ''ကိုသာ ဘုံ သတ်မှတ်ကြရန် အစဉ်အမြဲ အဆိုပြု တင်ပြပေသည်။ သမ္မာကျမ်းစာတွင်လည်းကောင်း၊ ဗုဒ္ဓဘာသာတို့၏ သီလတွင်လည်းကောင်း ''ဘုရားမှလွဲ၍ ကိုးကွယ်ရာမရှိ'' ဆိုသည်ကို ထင်ထင်ရှားရှား တွေ့နိုင်ပေသည်။ ဤသုတ်တော်တွင်ပင် ကြည့်ပါ၊ ''သင်သည် ကျွန်ုပ်၏ သာသနာထဲသို့ဝင်ပါ၊''ဟု ဆွဲဆောင် ခေါ်ယူခြင်း မရှိပေ။ သင်နှင့် ကျွန်ုပ်အကြား၌ ဘုံသဘောတူညီချက်ကို အရင်ထားပြီး စေ့စပ်ဆွေးနွေးရန်သာ တိုက်တွန်း ဆင့်ဆိုပေသည်။

၆၅။ ❖ ၃း၃	**يَا أَهْلَ الْكِتَابِ لِمَ تُحَآجُّونَ فِي إِبْرَاهِيمَ وَمَا أُنزِلَتِ التَّوْرَاةُ وَالإِنجِيلُ إِلاَّ مِن بَعْدِهِ أَفَلاَ تَعْقِلُونَ۞** အို– ကျမ်းစာပိုင်းသားတို့ အီဗရာဟီးမ်နှင့် ပတ်သက်လျက် အဘယ်ကြောင့် စောကြောနေကြသနည်း၊ တိုရာဟ် ကျမ်း– ဗေဝင်ကျမ်း❖တို့ကို သူ့ခေတ်နောက်တိုင် ချမှတ်သေးသည် မဟုတ်ချေ။ အတွေးအခေါ် မရှိကြသလော။
၆၆။	**هَاأَنتُمْ هَؤُلاء حَاجَجْتُمْ فِيمَا لَكُم بِهِ عِلمٌ فَلِمَ تُحَآجُّونَ فِيمَا لَيْسَ لَكُم بِهِ عِلْمٌ وَاللّهُ يَعْلَمُ وَأَنتُمْ لاَ تَعْلَمُونَ۞** သင်တို့သည် မိမိတို့မသိသည့် အရာကို စောကြောနေသူများ ဖြစ်ကြ၏၊ အသင်တို့ အသိမရှိသော အရာ၌ အဘယ်ကြောင့် စောကြောနေကြသနည်း၊ သင်တို့မသိသည်ကို ပရမတ်ဘုရားရှင်က သိနေတော်မူ၏။
၆၇။ မွတ်ဆလင်	**مَا كَانَ إِبْرَاهِيمُ يَهُودِيًّا وَلاَ نَصْرَانِيًّا وَلَكِن كَانَ حَنِيفًا مُّسْلِمًا وَمَا كَانَ مِنَ الْمُشْرِكِينَ۞** အီဗရာဟီးမ်သည် ရေဝတီမဟုတ်၊ ခရစ်ယာန်လည်း မဟုတ်၊ သို့ရာတွင် သူသည် အယူသန့်သော **သစ္စာသုခဝါဒီ** ဖြစ်၏၊ သူသည် ရောပြွန်းကိုးကွယ်သူများ၌ မပါဝင်ချေ။
၆၈။ မုဟမ္မဒ်	**إِنَّ أَوْلَى النَّاسِ بِإِبْرَاهِيمَ لَلَّذِينَ اتَّبَعُوهُ وَهَذَا النَّبِيُّ وَالَّذِينَ آمَنُواْ وَاللّهُ وَلِيُّ الْمُؤْمِنِينَ۞** ဇကန်ပင် အီဗရာဟီးမ်ထံသို့ ပိုလှည့်သော လူသားများမှာ သူနှင့် **ဤသတင်းတော်ဆောင်**အား လိုက်နာသော သူများ၊ ယုံကြည်သောသူများ ဖြစ်ကြ၏၊ ပရမတ်ဘုရားရှင်သည် ယုံကြည်သူများအတွက် မဟာမိတ် ဖြစ်၏။
၆၉။	**وَدَّت طَّآئِفَةٌ مِّنْ أَهْلِ الْكِتَابِ لَوْ يُضِلُّونَكُمْ وَمَا يُضِلُّونَ إِلاَّ أَنفُسَهُمْ وَمَا يَشْعُرُونَ۞** ကျမ်းစာပိုင်းသားများမှ တစ်စုသည် သင်တို့အား လွဲချော်စေ လိုကြ၏၊ သူတို့၏ ဉာဉ်ကိုသာ သူတို့ လွဲချော်စေပြီ၊ သတိမမူနိုင်ကြချေ။
၇၀။	**يَا أَهْلَ الْكِتَابِ لِمَ تَكْفُرُونَ بِآيَاتِ اللهِ وَأَنتُمْ تَشْهَدُونَ۞** အို– ကျမ်းစာပိုင်းသားတို့ သင်တို့သည် သက်သေများဖြစ်လျက်[၂၂၉] ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို အဘယ်ကြောင့် ဖုံးကွယ်ကြသနည်း။
၇၁။	**يَا أَهْلَ الْكِتَابِ لِمَ تَلْبِسُونَ الْحَقَّ بِالْبَاطِلِ وَتَكْتُمُونَ الْحَقَّ وَأَنتُمْ تَعْلَمُونَ۞** အို– ကျမ်းစာပိုင်းသားတို့ အဘယ်ကြောင့် အမှန်ကို အမှားဖြင့် ဆင်ယင်နေကြသနည်း၊ သင်တို့ သိနေပါလျက် အမှန်ကို အဘယ်ကြောင့် ထိန်ဝှက်ကြသနည်း။
၇၂။ ယုံကြည်သူတို့	**وَقَالَت طَّآئِفَةٌ مِّنْ أَهْلِ الْكِتَابِ آمِنُواْ بِالَّذِيَ أُنزِلَ عَلَى الَّذِينَ آمَنُواْ وَجْهَ النَّهَارِ وَاكْفُرُواْ آخِرَهُ لَعَلَّهُمْ يَرْجِعُونَ۞** ကျမ်းစာပိုင်းသားများမှ တစ်စုက နှိုးဆော်သည်မှာ ''**သူတို့** ဦးလှည့်စေခြင်းငှာ ယုံကြည်သောသူများ အပေါ် ချမှတ်ပေးရာအား နေ့ပိုင်း မျက်နှာစာ အယုံပြု၍ နောက်ပိုင်း ဖုံးကွယ်ငြင်းဆန်ပစ်ကြလော့–
၇၃။	**وَلاَ تُؤْمِنُواْ إِلاَّ لِمَن تَبِعَ دِينَكُمْ قُلْ إِنَّ الْهُدَى هُدَى اللهِ أَن يُؤْتَى أَحَدٌ مِّثْلَ مَا أُوتِيتُمْ أَوْ يُحَآجُّوكُمْ عِندَ رَبِّكُمْ قُلْ إِنَّ الْفَضْلَ بِيَدِ اللهِ يُؤْتِيهِ مَن يَشَاء وَاللهُ وَاسِعٌ عَلِيمٌ۞** သင်တို့ လိုက်နာသော သာသနာဝင်မှ အပ မယုံကြည်ကြနှင့်၊''ဟု ဖြစ်၏။ ဟောကြားလော့ ''ပရမတ်ဘုရားရှင်၏

(၂၂၉) ဘာသာတရား တစ်ခုကို လက်ကိုင်ထားသော ကျမ်းရှိသူအားလုံးသည် ကျမ်းတော်ဆိုသည်မှာ သဗ္ဗညုတ ဉာဏ်စဉ်တော်ဖြင့် ကိန်းဝပ်ပညတ်ပေးသည့် ပညတ်တော်များ ဖြစ်သည်ကို လည်းကောင်း၊ နောက်ဆုံးပွင့် ဉာဏ်စဉ်ဆောင် ပွင့်ပေါ်မည်ကို လည်းကောင်း ယုံကြည် သက်သေပြုထားကြပေသည်။ ထို့ကြောင့် ကျမ်းရှိသူ အပေါင်းကို သက်သေများဟု ဆိုခြင်း ဖြစ်ပေသည်။

☆၂၇၀	လမ်းညွှန် သာလျှင် လမ်းညွှန်မှန်ဖြစ်၏၊ သင်တို့အား ပေးအပ်သကဲ့သို့ တစ်စုံတစ်ယောက်အား ပေးအပ်ချီးမြှင့်နိုင်၏ သို့မဟုတ် သင်တို့၏ ကံကြမ္မာရှင်ထံ၌ သင်တို့အား စောကြောနိုင်၏။'' ပြောဦးလော့ ''ဇကန်ပင် သိက္ခာပေးမှုသည် ပရမတ်ဘုရားရှင်၏ လုပ်ပိုင်ခွင့်၌ ရှိ၏၊ အရှင်သည် စံချိန်ပြည့်သူအား☆ ချီးမြှင့်တော်မူ၏၊ ပရမတ်ဘုရားရှင်သည် အသိဉာဏ်တော် ဖြန့်ကျက်ထားသော အရှင် ဖြစ်၏။''
၇၄။ ☆၂၇၀	**يَخْتَصُّ بِرَحْمَتِهِ مَن يَشَاء وَاللّهُ ذُو الْفَضْلِ الْعَظِيمِ۞** စံချိန်ပြည့်သူအား☆ ကရုဏာတော်ဖြင့် သီးသန့်ရွေးကောက်၏၊ ပရမတ်ဘုရားရှင်သည် မဟာ့မဟာ သိက္ခာပေးသော အရှင် ဖြစ်၏။
၇၅။ အမှုဖွင့်	**وَمِنْ أَهْلِ الْكِتَابِ مَنْ إِن تَأْمَنْهُ بِقِنطَارٍ يُؤَدِّهِ إِلَيْكَ وَمِنْهُم مَّنْ إِن تَأْمَنْهُ بِدِينَارٍ لاَّ يُؤَدِّهِ إِلَيْكَ إِلاَّ مَا دُمْتَ عَلَيْهِ قَآئِمًا ذَلِكَ بِأَنَّهُمْ قَالُواْ لَيْسَ عَلَيْنَا فِي الأُمِّيِّينَ سَبِيلٌ وَيَقُولُونَ عَلَى اللّهِ الْكَذِبَ وَهُمْ يَعْلَمُونَ۞** ကျမ်းစာဝိုင်းသားများအနက် သင် ယုံကြည်အပ်နှံသော စုငွေများမှ သင့်အား ပြန်ပေးသူ ရှိ၏၊ သူတို့အနက် သင် ယုံကြည်အပ်နှံသော ငွေတစ်ပြားကိုပင် သင့်အား ပြန်မပေးလိုသောကြောင့် သူ့အပေါ် ယှဉ် **ရပ်ရသူ၂၀** ရှိ၏၊ ၎င်းမှာ ''စာမတတ်သူများနှင့် ပတ်သက်၍ နည်းလမ်းမလို၊''ဟု ဆိုသောကြောင့် ဖြစ်၏၊ သူတို့သည် သိနေပါလျက် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်လည် ပြောဆိုကြကုန်၏။
၇၆။	**بَلَى مَنْ أَوْفَى بِعَهْدِهِ وَاتَّقَى فَإِنَّ اللّهَ يُحِبُّ الْمُتَّقِينَ۞** အမှန်မှာ– မည်သူမဆို ပဋိညာဉ်အား ပြီးပြည့်စေအံ့၊ စည်းစောင့်အံ့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် စည်းစောင့်သူများအား နှစ်သက်တော်မူ၏။
၇၇။ နည်း	**إِنَّ الَّذِينَ يَشْتَرُونَ بِعَهْدِ اللّهِ وَأَيْمَانِهِمْ ثَمَنًا قَلِيلاً أُوْلَئِكَ لاَ خَلاَقَ لَهُمْ فِي الآخِرَةِ وَلاَ يُكَلِّمُهُمُ اللّهُ وَلاَ يَنظُرُ إِلَيْهِمْ يَوْمَ الْقِيَامَةِ وَلاَ يُزَكِّيهِمْ وَلَهُمْ عَذَابٌ أَلِيمٌ۞** ပရမတ်ဘုရားရှင်၏ ပဋိညာဉ်အား၊ သူတို့ကိုယ်တိုင် အားသန်စွာ တန်ဘိုး**ချ** ရောင်းစားသောသူတို့ အဘို့ အနာဂါတ် ဖြစ်တည်မှု မရှိပေ၊ သူတို့အား ပရမတ်ဘုရားရှင်က ဗျာဒိတ်ခြွေမည် မဟုတ်၊ ရပ်တည်ရသော နေ့၌ ကြည့်တော့မည် မဟုတ်၊ သန့်ရှင်းဖြူစင်စေမည် မဟုတ် သူတို့အဘို့ စူးနစ်သော ဝဋ်ကြွေးသည် ရှိနေ၏။
၇၈။	**وَإِنَّ مِنْهُمْ لَفَرِيقًا يَلْوُونَ أَلْسِنَتَهُم بِالْكِتَابِ لِتَحْسَبُوهُ مِنَ الْكِتَابِ وَمَا هُوَ مِنَ الْكِتَابِ وَيَقُولُونَ هُوَ مِنْ عِندِ اللّهِ وَمَا هُوَ مِنْ عِندِ اللّهِ وَيَقُولُونَ عَلَى اللّهِ الْكَذِبَ وَهُمْ يَعْلَمُونَ۞** ဇကန်ပင် သူတို့မှ တစ်ဖွဲ့သည် ကျမ်းတော်အား **နှတ်လျှာကိုလှည့်လျက်** ကျမ်းတော်၌ မပါသည်ကို ကျမ်းတော်၌ ပါသည်ဟု စဉ်းစားစေရန်ပြု၏၊ ပရမတ်ဘုရားရှင်၏ထံပါးမှ မဟုတ်သည်ကို ပရမတ်ဘုရားရှင်၏ ထံပါးမှ–ဟု ပြော ဆိုကြ၏၊ သူတို့သည် သိနေပါလျက် ပရမတ်ဘုရားရှင်၏ အပေါ်၌ လိမ်လည် ပြောဆိုကြ၏။
၇၉။ ☆ ၃း၁၄၆	**مَا كَانَ لِبَشَرٍ أَن يُؤْتِيَهُ اللّهُ الْكِتَابَ وَالْحُكْمَ وَالنُّبُوَّةَ ثُمَّ يَقُولَ لِلنَّاسِ كُونُواْ عِبَادًا لِّي مِن دُونِ اللّهِ وَلَكِن كُونُواْ رَبَّانِيِّينَ بِمَا كُنتُمْ تُعَلِّمُونَ الْكِتَابَ وَبِمَا كُنتُمْ تَدْرُسُونَ۞** ပရမတ်ဘုရားရှင်က ကျမ်းတော်၊ ဓမ္မသတ်တော်နှင့် သတင်းတော်ဆောင်ဘွဲ့ကို ချီးမြှင့်သော မည်သည့် လူပုဂ္ဂိုလ်ဖြစ်သူမှ– ပရမတ်ဘုရားရှင် မှလွဲ၍ အကျွန်ုပ်အား ကိုးကွယ်ကြဟု ပြောဆိုမည် မဟုတ်ချေ။ သို့ရာတွင် သင်တို့သည် ကျမ်းတော်အား သင်ပေးသူများ အဖြစ်၊ သင်တို့သည် လေ့လာသူများ အဖြစ် ကံကြမ္မာရှင်အားဆည်းကပ်သူများ☆

(၂၃၀) **မာဒွန်းမိတ အလိုင်းဟိ ကာအိမန်မ်** ''သူ့အပေါ် ယှဉ် ရပ်နိုင်မှသာ၊'' ဆိုသည်မှာ ''တရားစွဲမှသာ''ဟု ဖြစ်သည်။

	ဖြစ်ကြလော့ဟု ပြောလိမ့်မည်။
၈၀။ ☆၂း၃၀။ ၂း၆၀ မွတ်ဆလင်	**وَلاَ يَأْمُرَكُمْ أَن تَتَّخِذُواْ الْمَلاَئِكَةَ وَالنَّبِيِّيْنَ أَرْبَابًا أَيَأْمُرُكُم بِالْكُفْرِ بَعْدَ إِذْ أَنتُم مُّسْلِمُونَ۞** နိမိတ်ဆောင်များနှင့် သတင်းတော်ဆောင်များအား☆ အရှင်ဘုရား အဖြစ် အယူထားကြရန်လည်း ညွှန်ကြားမည် မဟုတ်ပေ။ သင်တို့သည် **သွန်သိုခါဒီ**များ ဖြစ်ပြီးနောက်မှ ဗုံးကွယ်ကြရန် ညွှန်ကြားဦးမည်လော။
၈၁။ ☆ကျမ်းတော်များ ★၃း၇	**وَإِذْ أَخَذَ اللّهُ مِيثَاقَ النَّبِيِّيْنَ لَمَا آتَيْتُكُم مِّن كِتَابٍ وَحِكْمَةٍ ثُمَّ جَاءكُمْ رَسُولٌ مُّصَدِّقٌ لِّمَا مَعَكُمْ لَتُؤْمِنُنَّ بِهِ وَلَتَنصُرُنَّهُ قَالَ أَأَقْرَرْتُمْ وَأَخَذْتُمْ عَلَى ذَلِكُمْ إِصْرِي قَالُواْ أَقْرَرْنَا قَالَ فَاشْهَدُواْ وَأَنَاْ مَعَكُم مِّنَ الشَّاهِدِينَ۞** ပရမတ်ဘုရားရှင်က သတင်းတော်ဆောင်တို့အား ''ငါသည် သင်တို့အား ကျမ်းတော်မှ ဓမ္မသတ်ကို ပေးအပ်ပြီ၊ တဖန် သင်တို့၌ ရှိသည်ကို☆ ဖြောင့်မှန်စေမည့် ဉာဏ်စဉ်ဆောင် တစ်ပါး သင်တို့ ထံသို့ ရောက်လာစေမည် သူ့အား ယုံကြည်ကြလော့၊ သူ့အား ကူညီကြလော့၊''ဟု ကတိခံဝန်ကို ယူ၍ ''ငါ၏ တာဝန်ကို သင်တို့ အတည်ပြုသလော၊ လက်ခံကြသလော၊''ဟု မေးမြန်းသော်၊ ''တပည့်တော်တို့ အတည်ပြုပါသည်၊''ဟု လျှောက်ထားကြ၏။ အရှင်က ''သက်သေများ ဖြစ်ကြလော့၊ ငါအရှင်သည်လည်း သက်သေများနှင့်အတူ ရှိတော်မူ၏၊''ဟု မိန့်ဆို၏။★
၈၂။	**فَمَن تَوَلَّى بَعْدَ ذَلِكَ فَأُوْلَئِكَ هُمُ الْفَاسِقُونَ۞** သည်နောက်တွင်မှ လှည့်သွားခဲ့သူ ထိုသူတို့သည် ယုတ်မာသူများ ဖြစ်ကြ၏။
၈၃။	**أَفَغَيْرَ دِينِ اللّهِ يَبْغُونَ وَلَهُ أَسْلَمَ مَن فِي السَّمَاوَاتِ وَالأَرْضِ طَوْعًا وَكَرْهًا وَإِلَيْهِ يُرْجَعُونَ۞** ပရမတ်ဘုရားရှင်၏ သာသနာမှအပ အခြားကို ရှာဖွေလိုကြသလော၊ မိုးများနှင့် မြေ၌ ရှိသူတို့သည် သဘောတူသည် ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ အရှင့်အတွက် ငြိမ်းငြိမ်းချမ်းချမ်းနေပေးရ၏၊ အရှင့်ထံသို့သာ ပြန်ရကြမည်ပင်။
၈၄။ ☆ ၂း၁၃၆	**قُلْ آمَنَّا بِاللّهِ وَمَا أُنزِلَ عَلَيْنَا وَمَا أُنزِلَ عَلَى إِبْرَاهِيمَ وَإِسْمَاعِيلَ وَإِسْحَقَ وَيَعْقُوبَ وَالأَسْبَاطِ وَمَا أُوتِيَ مُوسَى وَعِيسَى وَالنَّبِيُّونَ مِن رَّبِّهِمْ لاَ نُفَرِّقُ بَيْنَ أَحَدٍ مِّنْهُمْ وَنَحْنُ لَهُ مُسْلِمُونَ۞** ''ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်၊ ကျွန်ုပ်တို့ထံသို့ ချမှတ်ပေးရာ၊ အီဗရာဟီးမ်၊ အီစ္မာအီလ်၊ အီစ္စဟာက်၊ ယာကုဗ်နှင့် လူမျိုးစုများထံသို့ ချမှတ်ပေးရာ၊ မူဆာနှင့် ယေရှုတို့ထံသို့ ပေးအပ်ရာနှင့် သတင်းတော်ဆောင်တိုင်းအား ကံကြမ္မာရှင်၏ထံမှ ပေးအပ်ရာတို့ကို ယုံကြည်ကြ၏၊ ထိုကိုယ်တော်များကြား တစ်ပါးနှင့် တစ်ပါး မခွဲခြားပါ။ ကျွန်ုပ်တို့သည် အရှင့်အတွက် ငြိမ်းချမ်းရေးပြုသူများ ဖြစ်ကြ၏၊''ဟု ပြောဦးလော့။☆
၈၅။ ☆၃း၁၉	**وَمَن يَبْتَغِ غَيْرَ الإِسْلاَمِ دِينًا فَلَن يُقْبَلَ مِنْهُ وَهُوَ فِي الآخِرَةِ مِنَ الْخَاسِرِينَ۞** သွန်သိုခလမ်းစဉ်☆မှအပ အခြား သာသနာ တစ်ခုခုအား ရှာဖွေသူသည် သူ့အလို အကိုးပြည့်မည် မဟုတ်ချေ၊ ထိုသူတို့သည် နောင်ဘဝ၌ ဆုံးရှုံးရသူများ ဖြစ်ရမည်။
၈၆။	**كَيْفَ يَهْدِي اللّهُ قَوْمًا كَفَرُواْ بَعْدَ إِيمَانِهِمْ وَشَهِدُواْ أَنَّ الرَّسُولَ حَقٌّ وَجَاءهُمُ الْبَيِّنَاتُ وَاللّهُ لاَ يَهْدِي الْقَوْمَ الظَّالِمِينَ۞** သက်ဝင်ယုံကြည်ပြီးနောက်၊ ဉာဏ်စဉ်ဆောင်သည် မှန်ကန်ကြောင်း သက်သေပြုပြီးနောက်၊ သူတို့ထံသို့ ရှင်းလင်းချက်များ ရောက်လာစေပြီ၊ ဗုံးကွယ်ကြသော လူမျိုးစုအား ပရမတ်ဘုရားရှင်က မည်သို့ လမ်းညွှန်အံ့နည်း၊ ပရမတ်ဘုရားရှင်သည် မိုက်ကြေးခွဲသော လူမျိုးအား လမ်းညွှန်တော်မမူချေ။

၈၇။ ✡ ၂း၁၆၁	**أُوْلَـئِكَ جَزَآؤُهُمْ أَنَّ عَلَيْهِمْ لَعْنَةَ اللهِ وَالْمَلآئِكَةِ وَالنَّاسِ أَجْمَعِينَ۞** သူတို့ အစားရမည်မှာ ပရမတ်ဘုရားရှင်၊ နိမိတ်ဆောင်များနှင့် လူသား အပေါင်း၏ မေတ္တာဝေးစေခြင်းပင် ဖြစ်၏✡
၈၈။ ☆ ၂း၃၉	**خَالِدِينَ فِيهَا لاَ يُخَفَّفُ عَنْهُمُ الْعَذَابُ وَلاَ هُمْ يُنظَرُونَ۞** ထိုဥ္စ အစဉ်အမြဲ ဖြစ်၏။☆ သူတို့၏ ဝဋ်ကြွေးကို ပေါ့ပါးစေမည် မဟုတ်၊ စောင့်ကြည့်ခွင့်ပေးမည်လည်း မဟုတ်ပေ။
၈၉။	**إِلاَّ الَّذِينَ تَابُواْ مِن بَعْدِ ذَلِكَ وَأَصْلَحُواْ فَإِنَّ اللهَ غَفُورٌ رَّحِيمٌ۞** သို့သော် ထိုသို့ ပြုမိပြီးနောက် ခဝါချလျက် ပြုပြင်သော သူများအတွက်– ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်၏။
၉၀။	**إِنَّ الَّذِينَ كَفَرُواْ بَعْدَ إِيمَانِهِمْ ثُمَّ ازْدَادُواْ كُفْرًا لَّن تُقْبَلَ تَوْبَتُهُمْ وَأُوْلَـئِكَ هُمُ الضَّآلُّونَ۞** သူတို့ထံ ယုံကြည်မှု ရောက်ပြီးမှ ဖုံးကွယ်ကြလျက် ထိုဖုံးကွယ်ခြင်းကို တိုးပွားသောသူ၏ ခဝါချမှုကို အကိုးပြည့်စေမည် မဟုတ်၊ သူတို့သည် လွဲမှားသူများ ဖြစ်ကြ၏။
၉၁။	**إِنَّ الَّذِينَ كَفَرُواْ وَمَاتُواْ وَهُمْ كُفَّارٌ فَلَن يُقْبَلَ مِنْ أَحَدِهِم مِّلْءُ الأَرْضِ ذَهَبًا وَلَوِ افْتَدَى بِهِ أُوْلَـئِكَ لَهُمْ عَذَابٌ أَلِيمٌ وَمَا لَهُم مِّن نَّاصِرِينَ۞** ဇကန် ဖုံးကွယ်သောသူများမှ– ဖုံးကွယ်သူ အဖြစ်နှင့်ပင် သေဆုံးသွားသူ တစ်ဦးဦးအတွက် ကမ္ဘာမြေ အပြည့်ရှိသော ရွှေသားအတိ လျော်ကြေး ပေးသော်လည်း အကိုးပြည့်မည် မဟုတ်ချေ။ သူတို့အတွက် စူးနစ်သော ဝဋ်ကြွေးသည် ရှိနေ၏၊ ကူညီမည့်သူ မရှိပြီ။
၉၂။	**لَن تَنَالُواْ الْبِرَّ حَتَّى تُنفِقُواْ مِمَّا تُحِبُّونَ وَمَا تُنفِقُواْ مِن شَيْءٍ فَإِنَّ اللهَ بِهِ عَلِيمٌ۞** သင်တို့နှစ်သက်ရာကို စွန့်လှူသုံးစွဲခြင်း မရှိသ၍ ကောင်းမှုကို ဆွတ်ခူးနိုင်မည် မဟုတ်၊ သင်တို့ စွန့်လှူသုံးစွဲသော တစ်စုံတစ်ရာအား ဇကန်ပင် ပရမတ်ဘုရားရှင်က သိနေတော်မူသော အရှင် ဖြစ်၏။[၂၃၀]
၉၃။ ယာကုဗ ☆ ၃း၂	**كُلُّ الطَّعَامِ كَانَ حِلاًّ لِّبَنِي إِسْرَائِيلَ إِلاَّ مَا حَرَّمَ إِسْرَائِيلُ عَلَى نَفْسِهِ مِن قَبْلِ أَن تُنَزَّلَ التَّوْرَاةُ قُلْ فَأْتُواْ بِالتَّوْرَاةِ فَاتْلُوهَا إِن كُنتُمْ صَادِقِينَ۞** တိုရာဟ်ကျမ်းအား မချမှတ်မီ **အစ္စရေးလ်**က သူ့စရိုက်ကို တားမြစ်သည်မှအပ အစားအစာတိုင်းသည် ဂျူးလူမျိုးများအတွက် တရားဝင် ဖြစ်၏ ဟု ဆိုသူတို့အား ''သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် တိုရာဟ်ကျမ်းကို☆ ယူခဲ့လျက် ဖတ်ပြကုန်လော့၊'' ဟု တောင်းဆိုလော့။[၂၃၂]
၉၄။	**فَمَنِ افْتَرَىَ عَلَى اللهِ الْكَذِبَ مِن بَعْدِ ذَلِكَ فَأُوْلَـئِكَ هُمُ الظَّالِمُونَ۞**

---

(၂၃၀) ကပ်စီးနဲခြင်း၊ မိမိမလိုချင်သော အရာကိုမှ သူတစ်ပါးအား ပေးကမ်းခြင်းများကို ကျမ်းတော်က အကြီးအကျယ် ရှုချပေသည်။ လှူဒါန်းရန် တွန့်တိုသူ၊ မိမိတွင် လှူဒါန်းနိုင်ရန် အင်အားမရှိလျှင် သူတစ်ပါးအား လှူဒါန်းရန် တိုက်တွန်းခြင်း မရှိသူ ကိုယ်ချင်းစာ စိတ်မရှိသူ ထိုသူများသည် သာသနာတော်အား လိမ်လည်လှည့်စား နေသူများ ဖြစ်သည်ဟု ဆိုပေသည်။ (ကုရ်အာန်–၁၀၇)

(၂၃၂) အစ္စရေးလ် ဆိုသည်မှာ ကိုယ်တော် ယာကုဗ်၏ အမည်ပင် ဖြစ်သည်။ ကိုယ်တော် ယာကုဗ် မစားသုံးခဲ့သည့် ကုလားအုပ်သားကို ဂျူးလူမျိုးများအတွက် တားမြစ်ထားသည်ဟု အထကထာ ပညာရှင်များက ဖွင့်ဆိုကြပေသည်။ သူတို့အတွက် ပွင့်ပေါ်ခဲ့သော သတင်းတော်ဆောင် တစ်ပါး ဖြစ်သည့် ကိုယ်တော်ယာကုဗ်၏ တစ်သီးပုဂ္ဂလ ရောင်ကြည်သော အစားအစာများကို ဂျူးတို့က ဘုရားရှင်မှ တားမြစ်သကဲ့သို့ ခံယူချက်များမှာ မမှန်ကန်ကြောင်း ဤသုတ်တော်မှ သွန်သင်ခြင်း ဖြစ်ပေသည်။ သတင်းတော်ဆောင်ဖြစ်စေ၊ ဉာဏ်စဉ်ဆောင် ဖြစ်စေ ကျမ္မရေးအရ သော်လည်းကောင်း အကျင့်စရိုက်အရ သော်လည်းကောင်း မနှစ်သက် မကြိုက်သော အစားအစာများ ရှိနိုင်ပေသည်။ ထိုအရာသည် နောက်လိုက်ဒကာ အားလုံးနှင့် မသက်ဆိုင်ပေ၊ သူ၏ တစ်သီးပုဂ္ဂလ မနှစ်သက်ခြင်းသာ ဖြစ်ပေသည်။ ဂျူးဘာသာဝင်များ အတွက် တားမြစ်ခဲ့သော အစားအစာများကို (ဖိးဒင်ဂ္ဂ) တွင် တွေ့နိုင်ပေသည်။

	သည့်နောက်တွင်မှ ပရမတ်ဘုရားရှင်နှင့်စပ်လျဉ်း၍ လုပ်ကြံဖန်တီး လိမ်လည်သော မည်သူမဆို၊ သူတို့သည် အမိုက်ကောင်များ ဖြစ်ကုန်၏။
၉၅။	**قُلْ صَدَقَ اللهُ فَاتَّبِعُواْ مِلَّةَ إِبْرَاهِيمَ حَنِيفًا وَمَا كَانَ مِنَ الْمُشْرِكِينَ۞** “ပရမတ်ဘုရားရှင်က ဖြောင့်မှန်စေသည့် အယူသန့်သော အီဗရာဟီးမ်၏ ပဋိပါတ်ကျင့်စဉ်သို့ လိုက်ကြလော့၊ သူသည် ရောပြွန်းကိုးကွယ်သူများမှ မဟုတ်ချေ”ဟု ဟောကြားလော့။
၉၆။ မဏ္ဍာတ်	**إِنَّ أَوَّلَ بَيْتٍ وُضِعَ لِلنَّاسِ لَلَّذِي بِبَكَّةَ مُبَارَكًا وَهُدًى لِّلْعَالَمِينَ۞** ဇကနပင် လူသားတို့အတွက် အဦးဆုံး စတည်ခဲ့သော အိမ်တော်မှာ **ဗကာဟ်မြို့**၌ ဖြစ်၍၊[၂၄၃] လောကခပ်သိမ်းအတွက် ကျက်သရေမင်္ဂလာနှင့် လမ်းညွှန်ရာ ဖြစ်၏။
၉၇။ *၂း၁၅၈	**فِيهِ آيَاتٌ بَيِّنَاتٌ مَّقَامُ إِبْرَاهِيمَ وَمَن دَخَلَهُ كَانَ آمِنًا وَلِلّهِ عَلَى النَّاسِ حِجُّ الْبَيْتِ مَنِ اسْتَطَاعَ إِلَيْهِ سَبِيلاً وَمَن كَفَرَ فَإِنَّ الله غَنِيٌّ عَنِ الْعَالَمِينَ۞** ဤမြို့၌ ထင်ရှားသော နိမိတ်လက္ခဏာတို့ ရှိ၏၊ အီဗရာဟီးမ်၏ ရပ်တည်ခဲ့ရာ ရှိ၏။ ထိုအရပ်သို့ ဝင်ရောက်သူသည် ယုံကြည်စိတ်ချရ၏၊ ခရီးလမ်းသွားရန် တတ်နိုင်သူအဘို့ ထိုအိမ်တော်၌ ပရမတ်ဘုရားရှင်အတွက် ကံဆောင်ပရိဝါသ်ပြုရန်* လူလားတို့အပေါ်၌ ပြဋ္ဌာန်း၏၊ အကယ်၍ ဖုံးကွယ်သူရှိသော် ဇကနပင် ပရမတ်ဘုရားရှင်သည် လောက ခပ်သိမ်းအပေါ်၌ ကုံလုံပြည့်စုံတော်မူ၏။
၉၈။	**قُلْ يَا أَهْلَ الْكِتَابِ لِمَ تَكْفُرُونَ بِآيَاتِ اللهِ وَاللهُ شَهِيدٌ عَلَى مَا تَعْمَلُونَ۞** ဟောလော့ “အို–ကျမ်းစာဝိုင်းသားတို့ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများအား အဘယ်ကြောင့် ဖုံးကွယ်ကြသနည်း၊ ပရမတ်ဘုရားရှင်သည် သင်တို့ ကျင့်ကြံသမျှ၌ သက်သေပင် ဖြစ်၏။”
၉၉။	**قُلْ يَا أَهْلَ الْكِتَابِ لِمَ تَصُدُّونَ عَن سَبِيلِ اللهِ مَنْ آمَنَ تَبْغُونَهَا عِوَجًا وَأَنتُمْ شُهَدَاء وَمَا اللهُ بِغَافِلٍ عَمَّا تَعْمَلُونَ۞** ဟောလော့ “အို–ကျမ်းစာဝိုင်းသားတို့၊ သင်တို့ကိုယ်တိုင် သက်သေများ ဖြစ်ပါလျက် ယုံကြည်သူတို့အား ကောက်ကျစ်မှုကို ရှာစေ၍ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ အဘယ်ကြောင့် ရှောင်ဖယ်နေသနည်း။” ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှအား မေ့လျော့ထားသည် မဟုတ်ပေ။
၁၀၀။	**يَا أَيُّهَا الَّذِينَ آمَنُواْ إِن تُطِيعُواْ فَرِيقًا مِّنَ الَّذِينَ أُوتُواْ الْكِتَابَ يَرُدُّوكُم بَعْدَ إِيمَانِكُمْ كَافِرِينَ۞** အို–ယုံကြည်သောသူတို့၊ ကျမ်းပေးခံရသော သူများမှ တစ်ဖွဲ့အား နာခံကြလျှင်၊ သူတို့က သင်တို့အား ယုံကြည်ပြီးမှ ဖုံးကွယ်သူများအဖြစ် ပြန်လှည့်စေလိုကြ၏။
၁၀၁။	**وَكَيْفَ تَكْفُرُونَ وَأَنتُمْ تُتْلَى عَلَيْكُمْ آيَاتُ اللهِ وَفِيكُمْ رَسُولُهُ وَمَن يَعْتَصِم بِاللهِ فَقَدْ هُدِيَ إِلَى صِرَاطٍ مُّسْتَقِيمٍ۞** သင်တို့အား ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို ဖတ်ပြနေပါလျက်၊ အရှင်၏ ဉာဏ်စဉ်ဆောင်သည် သင်တို့အထဲ၌ ရှိနေပါလျက်– သင်တို့ မည်သို့ ဖုံးကွယ်ခဲ့နည်း၊ ပရမတ်ဘုရားရှင်ဘက်မှ မားမားရပ်သူအား ဖြောင့်မှန်သော လမ်းစဉ်သို့ မုချ ညွှန်ခြင်းခံရစေလတ္တံ့။

(၂၄၃) **ဗကာဟ်** ဆိုသည်မှာ မက္ကာဟ်မြို့ကို ရှေးကျမ်း ရှိသူများက ခေါ်သော အသံ ဖြစ်သည် (သမ္မာကျမ်း–ဆာလံ ၈၄း၆)။ ၎င်းသည် မက္ကာဟ် ဖြစ်သည် ဆိုခြင်းမှာ ဆက်လက်ဖေါ်ပြပါ သုတ်တော် (၃း၉၇) က အတည်ပြုနေပေသည်။ (၂း၁၂၅ ကိုကြည့်ပါ)။

၁၀၂။ မွတ်ဆလင်များ	**يَا أَيُّهَا الَّذِينَ آمَنُواْ اتَّقُواْ اللّهَ حَقَّ تُقَاتِهِ وَلاَ تَمُوتُنَّ إِلاَّ وَأَنتُم مُّسْلِمُونَ۝** အို–ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်အား မှန်ကန်စွာ စည်းစောင့်ခြင်းဖြင့် စည်းစောင့်ကြလော့၊ သင်တို့သည် **သစ္စာသုခဝါဒီများ** အဖြစ်မှအပ ကံမကုန်ကြစေနှင့်။
၁၀၃။	**وَاعْتَصِمُواْ بِحَبْلِ اللّهِ جَمِيعًا وَلاَ تَفَرَّقُواْ وَاذْكُرُواْ نِعْمَةَ اللّهِ عَلَيْكُمْ إِذْ كُنتُمْ أَعْدَاء فَأَلَّفَ بَيْنَ قُلُوبِكُمْ فَأَصْبَحْتُم بِنِعْمَتِهِ إِخْوَانًا وَكُنتُمْ عَلَى شَفَا حُفْرَةٍ مِّنَ النَّارِ فَأَنقَذَكُم مِّنْهَا كَذَلِكَ يُبَيِّنُ اللّهُ لَكُمْ آيَاتِهِ لَعَلَّكُمْ تَهْتَدُونَ۝** ပရမတ်ဘုရားရှင်၏ ကတိကြိုးဘက်မှ မားမားရပ်ကြလော့၊ စုစည်းကြလော့ မခွဲခြားကြနှင့်၊ သင်တို့ချင်း စည်းဖေါက်သူများ အဖြစ် ရှိနေရာမှ အရှင်၏ ဂုဏ်ပေးမှုဖြင့် သင်တို့၏ စိတ်နှလုံးချင်းကြား ညီအစ်ကိုအဖြစ် စည်းလုံးမှုဖြစ်လာစေသည့်– ယခင် မူလက မီးလျှံ ကမ်းပါးခဲ့ ရှိနေသော သင်တို့အား ကယ်ဆယ်ခဲ့သည့်– ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို သတိရလော့၊ သင်တို့ အတွက် လမ်းညွှန်မှန်ရအံ့သောငှာ ပရမတ်ဘုရားရှင်က သုတ်ဒေသနာများကို ဤသို့ရှင်းလင်းစေ၏၊
၁၀၄။	**وَلْتَكُن مِّنكُمْ أُمَّةٌ يَدْعُونَ إِلَى الْخَيْرِ وَيَأْمُرُونَ بِالْمَعْرُوفِ وَيَنْهَوْنَ عَنِ الْمُنكَرِ وَأُوْلَئِكَ هُمُ الْمُفْلِحُونَ۝** သင်တို့အနက် အကောင်းသို့ ဖိတ်ခေါ်သော၊ အသိအမှတ်ပြု ညွှန်ကြားသော၊ သူစိမ်းဆန်ခြင်းကို ဟန့်တားသော အသိုင်းအဝိုင်း ရှိလိမ့်မည်၊ သူတို့သည် အောင်မြင်ပေါက်မြောက်သူများ ဖြစ်ရလတ္တံ့။
၁၀၅။	**وَلاَ تَكُونُواْ كَالَّذِينَ تَفَرَّقُواْ وَاخْتَلَفُواْ مِن بَعْدِ مَا جَاء هُمُ الْبَيِّنَاتُ وَأُوْلَئِكَ لَهُمْ عَذَابٌ عَظِيمٌ۝** အချင်းချင်း ခွဲခြားနေလျက် သူတို့ထံသို့ ရှင်းလင်းချက်များ ရောက်လာစေပြီးမှ သဘောထားကွဲသောသူများ ကဲ့သို့ မဖြစ်ကြနှင့်၊ သူတို့အဘို့ မဟာ ဝဋ်ကြွေးကြီး ရှိနေ၏။
၁၀၆။	**يَوْمَ تَبْيَضُّ وُجُوهٌ وَتَسْوَدُّ وُجُوهٌ فَأَمَّا الَّذِينَ اسْوَدَّتْ وُجُوهُهُمْ أَكَفَرْتُم بَعْدَ إِيمَانِكُمْ فَذُوقُواْ الْعَذَابَ بِمَا كُنْتُمْ تَكْفُرُونَ۝** မျက်နှာများ ဖြူစင်တောက်ပသော၊ သို့မဟုတ် မျက်နှာများ သုန်မှုန်မဲမှောင်သော နေ့ကာလ၌၊ မျက်နှာ မဲမှောင်သော သူတို့မှာမူ အသင်တို့သည် ယုံကြည်ပြီးမှ ဖုံးကွယ်ခဲ့သည် မဟုတ်လော၊ သင်တို့ ဖုံးကွယ်လေ့ရှိခဲ့သည့် ဝဋ်ကြွေးကိုသာ မြည်းကြလော့ ဟု စေခံရ၍–
၁၀၇။	**وَأَمَّا الَّذِينَ ابْيَضَّتْ وُجُوهُهُمْ فَفِي رَحْمَةِ اللّهِ هُمْ فِيهَا خَالِدُونَ۝** သို့သော် မျက်နှာ ဖြူစင်သောသူတို့မှာမူ ပရမတ်ဘုရားရှင်၏ ကရုဏာရိပ်၌ ဝင်ရလျက် ထိုး၌ အစဉ်ခံစားစေလတ္တံ့။
၁၀၈။	**تِلْكَ آيَاتُ اللّهِ نَتْلُوهَا عَلَيْكَ بِالْحَقِّ وَمَا اللّهُ يُرِيدُ ظُلْمًا لِّلْعَالَمِينَ۝** ဤသည် ပရမတ်ဘုရားရှင်က သင့်အား သစ္စာတရားဖြင့် ရွတ်ဖတ်ဆင့်ပြန်သော သုတ်ဒေသနာများ ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် လောကခပ်သိမ်းအား အမိုက်သင့်စေလိုသည် မဟုတ်ချေ။
၁၀၉။	**وَلِلّهِ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَإِلَى اللّهِ تُرْجَعُ الأُمُورُ۝** မိုးများနှင့် မြေအတွင်း ရှိသမျှသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ရှိ၏၊ အရေးအရာတိုင်းသည် ပရမတ်ဘုရားရှင်၏ ထံသို့ ဦးလှည့်ရမည်သာတည်း။
၁၁၀။	**كُنتُمْ خَيْرَ أُمَّةٍ أُخْرِجَتْ لِلنَّاسِ تَأْمُرُونَ بِالْمَعْرُوفِ وَتَنْهَوْنَ عَنِ الْمُنكَرِ وَتُؤْمِنُونَ بِاللّهِ وَلَوْ آمَنَ أَهْلُ**

	الْكِتَابِ لَكَانَ خَيْرًا لَّهُم مِّنْهُمُ الْمُؤْمِنُونَ وَأَكْثَرُهُمُ الْفَاسِقُونَ۞ သင်တို့သည် လူသားတို့အတွက် ပေါ်ထွန်းလာသော အကောင်းဆုံး အသိုင်းအဝိုင်းပင် ဖြစ်၏၊ အသိအမှတ်ပြု ညွှန်ကြားကြကုန်၊ သူစိမ်းဆန်ခြင်းကို ဟန့်တားကြကုန်၊ ပရမတ်ဘုရားရှင်အား ယုံကြည်ကြကုန်လော့၊ ကျမ်းစာဝိုင်း သားများသည် ယုံကြည်ကြလျှင် သူတို့အတွက် သာ၍ကောင်းပေ၏၊ သူတို့အနက် ယုံကြည်သူများလည်း ရှိ၏၊ အများစုမှာ ယုတ်မာသူများ ဖြစ်ကြ၏။
၁၁၀။	**لَن يَضُرُّوكُمْ إِلاَّ أَذًى وَإِن يُقَاتِلُوكُمْ يُوَلُّوكُمُ الأَدْبَارَ ثُمَّ لاَ يُنصَرُونَ۞** ထိခိုက်နာကျင်မှုမှအပ သင်တို့အား မနစ်နာစေနိုင်၊ အကယ်၍ သင်တို့နှင့် တိုက်ပွဲဖြစ်ကြလျှင် သင်တို့ဘက်မှ လှည့်၍ နောက်တန်းသို့ထွက်ပြေးလတ္တံ့၊ သူတို့သည် အကူအညီရမည် မဟုတ်ပေ။
၁၁၂။	**ضُرِبَتْ عَلَيْهِمُ الذِّلَّةُ أَيْنَ مَا ثُقِفُواْ إِلاَّ بِحَبْلٍ مِّنْ اللهِ وَحَبْلٍ مِّنَ النَّاسِ وَبَآؤُوا بِغَضَبٍ مِّنَ اللهِ وَضُرِبَتْ عَلَيْهِمُ الْمَسْكَنَةُ ذَلِكَ بِأَنَّهُمْ كَانُواْ يَكْفُرُونَ بِآيَاتِ اللهِ وَيَقْتُلُونَ الأَنبِيَاء بِغَيْرِ حَقٍّ ذَلِكَ بِمَا عَصَوا وَّكَانُواْ يَعْتَدُونَ۞** ပရမတ်ဘုရားရှင်မှ ကတိကြိုးနှင့် လူသားတို့မှ ကတိကြိုးမှအပ သူတို့အား ထိပ်တိုက်တိုးရာ၌ သိမ်ငယ်ခြင်းကို ရိုက်ခတ်စေပြီ၊[၂၄၄] ပရမတ်ဘုရားရှင်၏ထံမှ ကံကြီးသင့်မှုနှင့် သူတို့အပေါ်၌ နွမ်းပါးခြင်းကို ရိုက်ခတ်စေပြီ၊ ဤသည်မှာ သူတို့သည် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများအား ဖုံးကွယ်လေ့ရှိခြင်း၊ သတင်းတော်ဆောင်များအား သစ္စာမဲ့စွာ သတ်ဖြတ်ခြင်းများကြောင့် ဖြစ်၏၊ ဤသည် သူတို့၏ အာခံမှုနှင့် စည်းဖေါက်လေ့ရှိမှုများကြောင့် ဖြစ်၏။
၁၁၃။	**لَيْسُواْ سَوَاء مِّنْ أَهْلِ الْكِتَابِ أُمَّةٌ قَآئِمَةٌ يَتْلُونَ آيَاتِ اللهِ آنَاء اللَّيْلِ وَهُمْ يَسْجُدُونَ۞** အားလုံး တူညီသည် မဟုတ်ပေ၊[၂၄၅] ကျမ်းစာဝိုင်းသားများအနက် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို ညည့်ယံ အချိန်များ၌ ရွတ်ဖတ်လျက် ဦးချဝပ်တွားသော ရပ်တည်ချက် ခိုင်မာသည့် အသိုင်းအဝိုင်းလည်း ရှိနေ၏။
၁၁၄။	**يُؤْمِنُونَ بِاللهِ وَالْيَوْمِ الآخِرِ وَيَأْمُرُونَ بِالْمَعْرُوفِ وَيَنْهَوْنَ عَنِ الْمُنكَرِ وَيُسَارِعُونَ فِي الْخَيْرَاتِ وَأُوْلَئِكَ مِنَ الصَّالِحِينَ۞** ပရမတ်ဘုရားရှင်နှင့် နောင်ဘဝ နေ့ကာလကို ယုံကြည်ကြ၏၊ အသိအမှတ်ပြု ညွှန်ကြားကြ၏၊ သူစိမ်းဆန်ခြင်းကို ဟန့်တားကြ၏၊ ကောင်းခြင်းတရား၌ အလျင်စလိုရှိကြ၏၊ သူတို့သည်ကား ပြုပြင်ပြောင်းလဲသူများ ဖြစ်ကြ၏။
၁၁၅။	**وَمَا يَفْعَلُواْ مِنْ خَيْرٍ فَلَن يُكْفَرُوْهُ وَاللهُ عَلِيمٌ بِالْمُتَّقِينَ۞** ကောင်းမှုဆောင်တာ ပြုလုပ်ကြခြင်းကို ဖုံးကွယ်ပစ်မည် မဟုတ်ချေ၊ ပရမတ်ဘုရားရှင်သည် စည်းစောင့်သူတို့အား သိနေတော်မူသော အရှင် ဖြစ်၏။
၁၁၆။	**إِنَّ الَّذِينَ كَفَرُواْ لَن تُغْنِيَ عَنْهُمْ أَمْوَالُهُمْ وَلاَ أَوْلاَدُهُم مِّنَ اللهِ شَيْئًا وَأُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ۞**

---

(၂၄၄) ပရမတ်ဘုရားရှင်ထားသော ကတိကြိုး (ပဋိညာဉ်) ဆိုသည်မှာ ကောင်းသူ ဆိုးသူ မဟူ သာတူညီမျှစွာ ခံစားနိုင်သည့် လောကဓမ္မကို ဆိုလိုပြီး၊ လူသားအပေါင်းတို့ထားသော ကတိကြိုး ဆိုသည်မှာ လူယဉ်ကျေးမှု လူအသိုင်းအဝိုင်း အလျောက် ဆက်ဆံရမည့် အရေးကို ဆိုလိုသည်၊ မကောင်းမှု ပြုထားသူသည် လောကဓမ္မနှင့် လူအသိုင်းအဝိုင်းထဲ၌ လွတ်လပ်စွာ နေထိုင်ခွင့် ရှိသော်လည်း ပတ်ဝန်းကျင်မှ အကြည့်နှင့် မိမိကိုယ်မိမိ လိပ်ပြာချောက်မှုများမှ မကာကွယ်နိုင်ပေ၊ အချိန်မရွေး သိမ်ငယ်စိတ် ဝင်နေလေ့ ရှိပေသည်။

(၂၄၅) အထက်ပါ သုတ်တော်များတွင် မွတ်ဆလင်များအား ရန်ရှာလိုသူများ အကြောင်းကို တင်ပြသော်လည်း ကျမ်းတော်သည် လူမျိုးတစ်စုလုံးအား သိမ်းကြုံး၍ အဆိုးမြင်မှုကို ဟန့်တားပေသည်။ လူမျိုးတိုင်းတွင် လူဆိုးနှင့် လူကောင်း၊ ရန်သူနှင့် မိတ်ဆွေဟူသည် ရှိနေမြဲဖြစ်ပေသည်။

	ဖုံးကွယ်သော သူများအတွက် သူတို့၏ ဥစ္စာပစ္စည်းများ၊ ရင်သွေးများသည် ပရမတ်ဘုရားရှင်၏ ထံတော်၌ တစ်စုံတစ်ရာမျှ ပြည့်စုံမည် မဟုတ်။ သူတို့သည် အပူမီး၏ ပေါင်းဖေါ်များ ဖြစ်ကြ၏၊ ထို၌ အစဉ်ခံစားရမည်ပင်။
၁၁၇။	**مَثَلُ مَا يُنفِقُونَ فِي هِذِهِ الْحَيَاةِ الدُّنْيَا كَمَثَلِ رِيحٍ فِيهَا صِرٌّ أَصَابَتْ حَرْثَ قَوْمٍ ظَلَمُواْ أَنفُسَهُمْ فَأَهْلَكَتْهُ وَمَا ظَلَمَهُمُ اللّهُ وَلَـكِنْ أَنفُسَهُمْ يَظْلِمُونَ۝** ဤလောကီ ဘဝ၌ ထိုသူတို့၏ သုံးစွဲခြင်း ဥပမာသည်ကား စိတ်စရိုက် မိုက်ကြေးခွဲနေသည့် လူမျိုး၏ စိုက်ပျိုးမြေအား ထိခိုက် တိမ်ကောစေသည့် ဇွတ်တိုးတိုက်နေသော လေကဲ့သို့ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် သူတို့အား အဝိဇ္ဇာသင့်စေသည် မဟုတ်ချေ၊ သူတို့စရိုက်ကို သူတို့က မိုက်ကြေးခွဲနေကြ၏။
၁၁၈။	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَتَّخِذُواْ بِطَانَةً مِّن دُونِكُمْ لاَ يَأْلُونَكُمْ خَبَالاً وَدُّواْ مَا عَنِتُّمْ قَدْ بَدَتِ الْبَغْضَاء مِنْ أَفْوَاهِهِمْ وَمَا تُخْفِي صُدُورُهُمْ أَكْبَرُ قَدْ بَيَّنَّا لَكُمُ الآيَاتِ إِن كُنتُمْ تَعْقِلُونَ۝** အို–ယုံကြည်သောသူတို့၊ သင်တို့ချင်း မှလွဲ၍ သင်တို့အား ဆုတ်ယုတ်စေရန် ကိုးထားသူတို့အား အတွင်းလူ အဖြစ် မစွဲယူကြနှင့်၊ သူတို့က သင်တို့အား စိတ်ပင်ပန်းစေလိုဏ်၊ သူတို့၏ ပါးစပ်များမှ အာဃာတများ ပွင့်ထွက်၏၊ သူတို့၏ ရင်တွင်း၌ ပို၍ကြီးသော ထိန်ဝှက်မှုများ ရှိနေ၏၊ သင်တို့ အတွေးအခေါ် ရှိကြလျှင်– သင်တို့အတွက် ငါအရှင်သည် သုတ်ဒေသနာများကို မုချဇောန် ရှင်းလင်းစေတော်မူပြီ။
၁၁၉။	**هَاأَنتُمْ أُوْلاء تُحِبُّونَهُمْ وَلاَ يُحِبُّونَكُمْ وَتُؤْمِنُونَ بِالْكِتَابِ كُلِّهِ وَإِذَا لَقُوكُمْ قَالُواْ آمَنَّا وَإِذَا خَلَوْاْ عَضُّواْ عَلَيْكُمُ الأَنَامِلَ مِنَ الْغَيْظِ قُلْ مُوتُواْ بِغَيْظِكُمْ إِنَّ اللّهَ عَلِيمٌ بِذَاتِ الصُّدُورِ۝** သင်တို့သည် ကျမ်းတော်အား အလုံးစုံ ယုံကြည်သောကြောင့်၊ သင်တို့ ချစ်ခင်သော သူတို့က သင်တို့အား ချစ်ခင်ခြင်း မရှိပေ၊ သင်တို့အား ဆုံသောခါ သူတို့က "ကျွန်ုပ်တို့လည်း ယုံကြည်ကြပါ၏"ဟု ပြောဆိုလျက်၊ သူတို့ချည်းဖြစ်သော် သင်တို့အပေါ် ဒေါသဖြစ်လျက် ပုရွက်ဆိတ်ကိုက် ကိုက်ကြကုန်၏၊ "သင်တို့ဒေါသဖြင့် သင်တို့သေကြကုန်၊"ဟု ပြောလေ့။ သူတို့၏ ရင်တွင်း၌ရှိသည်ကို ပရမတ်ဘုရားရှင်သည် သိနေတော်မူသော အရှင်ဖြစ်၏။
၁၂၀။	**إِن تَمْسَسْكُمْ حَسَنَةٌ تَسُؤْهُمْ وَإِن تُصِبْكُمْ سَيِّئَةٌ يَفْرَحُواْ بِهَا وَإِن تَصْبِرُواْ وَتَتَّقُواْ لاَ يَضُرُّكُمْ كَيْدُهُمْ شَيْئًا إِنَّ اللّهَ بِمَا يَعْمَلُونَ مُحِيطٌ۝** အကယ်၍ သင်တို့အား သုမင်္ဂလာ သက်လျှင် သူတို့အတွက် အကုသိုလ် ဝေဒနာ ဖြစ်၏၊ သင်တို့အား အကုသိုလ် ထိလျှင် သူတို့ ဝမ်းသာအားရ ဖြစ်ကြ၏၊ သည်းခံပါရမီထား၍ စည်းစောင့်လျှင် သူတို့၏ ကြံစည်မှုသည် သင်တို့အား တစ်စုံတစ်ရာ နစ်နာစေမည် မဟုတ်ပေ၊ ဇကနပင် ပရမတ်ဘုရားရှင်သည် သူတို့ ကျင့်ကြံသမျှကို ဝိုင်းရံထားတော်မူ၏။
၁၂၁။	**وَإِذْ غَدَوْتَ مِنْ أَهْلِكَ تُبَوِّىءُ الْمُؤْمِنِينَ مَقَاعِدَ لِلْقِتَالِ وَاللّهُ سَمِيعٌ عَلِيمٌ۝** စစ်ပြင်ရန်အတွက်၊ ယုံကြည်သူများ တပ်စွဲရာ၌ အထိုင်ချရန် သင်သည် မိသားစုမှခွဲလျက် မနက်စောစော ထွက်သွားသောအခါ–ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် သိနေသောအရှင် ဖြစ်၏။[၂၃၆]

(၂၃၆) ဤဖြစ်ရပ်သည် အိုဟွဒ်စစ်ပွဲ အကြောင်းကို တင်ပြခြင်း ဖြစ်သည်။ အစ္စလာမ် ဟစ်ဂျရီ သက္ကရာဇ် ၃ ခုနှစ်တွင် မဒီနာမြို့နှင့် မြောက်ဘက် (၃) မိုင်တွင် ရှိသော အိုဟွဒ် တောင်ခြေ၌ ရန်သူများနှင့် မွတ်ဆလင်များ ဖြစ်ပွားသော စစ်ပွဲဖြစ်သည်။ ရန်သူများ ဆိုသည်မှာ ဂျူးများ ခရစ်ယာန်များ မဟုတ်ပေ၊ ကိုယ်တော်မုဟမ္မဒ်၏ လက်ထက်တော်တွင် ဂျူးများ ခရစ်ယာန်များနှင့် စစ်ဖြစ်ခဲ့သည်ဟူ၍ ထင်ရှားစွာ မရှိပေ၊ ဂျူးများက မွတ်ဆလင်များကို လူသဘာဝ အလျောက် အယူအဆ မတူသူများ တိုးပွားလာမည်ကို မနာလို ဖြစ်သောကြောင့် မွတ်ဆလင့် ရန်သူများကို အားပေး ထောက်ခံခြင်းများ ရှိခဲ့သော်လည်း ကျမ်းတော်အရ မွတ်ဆလင်များနှင့် သင့်တင့်ညီညွတ်သော ဂျူးများလည်း မြောက်များစွာ ရှိပေသည်။ အမှန်တကယ် မွတ်ဆလင်များကို အမြစ်ပြုတ်သုတ်သင်ရန် မနေမနား ကြိုးစားသူများမှာ လူမျိုးတူ အာရပ်များသာ ဖြစ်ပေသည်။ ထိုအချက်ကို

၁၂၂။	**إِذْ هَمَّت طَّآئِفَتَانِ مِنكُمْ أَن تَفْشَلاَ وَاللّهُ وَلِيُّهُمَا وَعَلَى اللّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ۝** သင်တို့မှ လူစုနှစ်စုက၂၇ စိတ်ခါတ်ကျလျက် ကြံမိကြံရာဖြစ်သောအခါ– ပရမတ်ဘုရားရှင်သည် သူတို့၏ မဟာမိတ်ဖြစ်၏၊ ယုံကြည်သူများ အနေဖြင့် ပရမတ်ဘုရားရှင်အား ကိုးစားထိုက်၏။
၁၂၃။	**وَلَقَدْ نَصَرَكُمُ اللّهُ بِبَدْرٍ وَأَنتُمْ أَذِلَّةٌ فَاتَّقُواْ اللّهَ لَعَلَّكُمْ تَشْكُرُونَ۝** သင်တို့ဘက်မှ အနှိမ်ခံရသော်လည်း ပရမတ်ဘုရားရှင်သည် သင်တို့အား ဘဒရ်စစ်ပွဲ၌ မုချ ကူညီခဲ့၏၊ သင်တို့ကျေးဇူးသိတတ်အံ့ငှာ ပရမတ်ဘုရားရှင်အား စည်စောင့်ကြလော့။
၁၂၄။	**إِذْ تَقُولُ لِلْمُؤْمِنِينَ أَلَن يَكْفِيَكُمْ أَن يُمِدَّكُمْ رَبُّكُم بِثَلاَثَةِ آلاَفٍ مِّنَ الْمَلآئِكَةِ مُنزَلِينَ۝** ယုံကြည်သူတို့အား “သင်တို့၏ ကံကြမ္မာရှင်သည် သင်တို့အား တိုးပွားစေရန် နိမိတ်ဆောင် သုံးထောင်အား တာဝန်ချခဲ့သည်မှာ မလုံလောက်သလော၊”ဟု ပြောလျက်–၂၄
၁၂၅။	**بَلَى إِن تَصْبِرُواْ وَتَتَّقُواْ وَيَأْتُوكُم مِّن فَوْرِهِمْ هَذَا يُمْدِدْكُمْ رَبُّكُم بِخَمْسَةِ آلافٍ مِّنَ الْمَلآئِكَةِ مُسَوِّمِينَ۝**

အာရုဝ်များက မွေထားရန် ကြိုးစားသော်လည်း ကျမ်းမြတ်ကုရ်အာန်သည် မျက်နှာ မလိုက်ပေ၊ ရန်သူ အာရုဝ်များနှင့် မွတ်ဆလင်များ ဖြစ်ပွားခဲ့သည့် စစ်ပွဲကြီး ဘဒါရ်နှင့် အိုဟွဒ် တို့ကို ကျမ်းတော်၌ တိတိကျကျ မှတ်တမ်းတင်ထားပေသည်။ သို့သော် မွတ်ဆလင် မဟုတ်ဘဲ ကြွင်းကျန်သည် အာရုဝ်များအား လက်စားချေရန် အတွက် မှတ်တမ်းတင်ထားပေးခြင်း မဟုတ်ဆိုသည်ကို ကောင်းစွာ သဘောပေါက်သင့်ပေသည်။ စစ်ပွဲတစ်ပွဲတွင် ခေါင်းဆောင်၏ အမိန့်ကို နာခံမှုမှာ အလွန် အရေးကြီးကြောင်း ဘဒါရ်စစ်ပွဲတွင် မွတ်ဆလင်ဘက်မှ စစ်သည်အင်အား အလွန်တရာ နည်းသော်လည်း ခေါင်းဆောင်၏ အမိန့်ကို နာခံသောကြောင့် အောင်မြင်ခဲ့၍ အိုဟွဒ် စစ်ပွဲတွင် မွတ်ဆလင်ဘက်မှ အသာစီးရနေသော်လည်း ခေါင်းဆောင်၏ စကားကို မနာခံသောကြောင့် အထိနာခဲ့ရမှု များကို တင်ပြထားပေသည်။

(၂၃၇) သမိုင်းအရ ဗနူစလိမာဟ် နှင့်ဗနူဟာ ရိစာဟ် ဆိုသည့် မျိုးနွယ် နှစ်စု ဖြစ်သည်၊

(၂၃၈) အချို့က **မလာအိကာဟ်**ကို (နတ်ဒေဝတာ) ကောင်းကင်တမန်မင်းများဟု ဘာသာပြန်လျက် ဤသုတ်တော်နှင့် ၃း၁၂၅၊ ၈း၉ တို့တွင် ဖော်ပြသည့် စစ်ပွဲများအတွင်း မွတ်ဆလင် စစ်သည်များအား အင်အားတိုးစေသည့် မလာအိကာဟ်များကို ကောင်းကင်တမန် (နတ်)များက လူယောင်ဖန်ဆင်းကာ မွတ်ဆလင်များဘက်မှ စစ် ဝင်တိုက်ပေးသည်ဟု ဖွင့်ဆိုကြပေသည်။ အကယ်၍ နတ်မင်းကြီးက လူယောင်ဖန်ဆင်း၍ စစ်တိုက်လျှင် တစ်ပါးတည်းနှင့် ပြည့်စုံနိုင်ပေသည် စစ်သည် သုံးထောင်၊ ငါးထောင်၊ တစ်ထောင် စသည်ဖြင့် ရန်သူ အရေအတွက်နှင့် တူညီစေရန် အမြောက်အများ ဖန်ဆင်းနေရန် လိုမည်မဟုတ် ဆိုသည်ကို စဉ်းစားသင့်ပေသည်။ ဤတိုးရွေ့စေသော အင်အားများမှာ ရန်သူအင်အားနှင့် ထပ်တူထပ်မျှ တူညီနေပေသည်။ ဘဒါရ် စစ်ပွဲတွင် ရန်သူအင်အား တစ်ထောင်ရှိသောအခါ၊ နိမိတ်ဆောင်တစ်ထောင်ဖြင့် တိုးရွေ့စေ၍၊ ရန်သူအင်အား သုံးထောင် တိုးလာသည်ဟု သတင်းထွက် လာသောအခါ ပရမတ်ဘုရားရှင်က သင်တို့အား နိမိတ်ဆောင် သုံးထောင်ဖြင့် တိုးရွေ့စေရမည်ဟု ကတိပေးခြင်း ဖြစ်ပေသည်၊ အကယ်၍ ရန်သူ အင်အား ငါးထောင်ဖြစ်သော် နိမိတ်ဆောင် ငါးထောင် အင်အားဖြင့် တိုးရွေ့စေမည်ဟု ကတိပေးပြန်သည်၊ ဤသို့ ရန်သူ အင်အားနှင့် ထပ်တူထပ်မျှ တူညီစေသော ကတိမှာ ရန်သူတို့အား အင်အားမည်မျှပင် ရှိစေ တူညီစွာ တုံ့ပြန်နိုင်သော အင်အား၊ စွမ်းအား ရှိကြောင်းကိုသာ ဖော်ပြခြင်း ဖြစ်ပေသည်။ **မလာအိကာဟ်** ဆိုသည်မှာ စွမ်းဆောင်နိုင်သူ၊ စွမ်းဆောင်နိုင်စွင့် ရှိသူဟု ဖြစ်ပေသည် (၂း၃၀)။ လူ တစ်ဦး တစ်ယောက်၏ စွမ်းဆောင်နိုင်မှု အင်အားသည် လူဆယ်ယောက်၊ အယောက်တစ်ရာ စသည်ဖြင့် တူညီနိုင်ပေသည်၊ သို့မဟုတ် လူနည်းစု ဖြစ်သော်လည်း ညီညွတ်မှု ရှိလျှင် ကြီးမားသော ရန်သူ အင်အားကို ဖြိုနိုင်ပေသည်၊ ၎င်းကို ပုံဆောင်ခြင်းသာ ဖြစ်ပေသည် (၈း၆၅။၆၆)။ ဤအကြောင်းကို ၈း၁၂ တွင် ရန်သူတို့၏ စိတ်နလုံး၌ ကြောက်ရွံ့မှုကို ဖြစ်စေ၍၊ ၈း၁၀ နှင့် ၃း၂၆ ၌ မွတ်ဆလင်တို့အား စိတ်ချမ်းသာမှု၊ စိတ်အေးရမှုကို ထည့်ပေးသည် ဟု ဆိုထားပေသည်။ ထိုကြောင့် လူအင်အား နည်းသော်လည်း မွတ်ဆလင် စစ်သူရဲကောင်းများ၏ စွမ်းဆောင်နိုင်မှု၊ စစ်ပွဲကို အောင်မြင်စေရန် တိုက်နိုင်သော “အောင်နိမိတ်ဆောင်”မှုကို ပုံဆောင် ဖော်ပြခြင်း ဖြစ်ပေသည်။ ကောင်းကင်မှ နတ်များကို စေလွှတ်ခြင်း မဟုတ်ပေ၊ ၎င်းကို သုတ် ၁၂၆ တွင် “သင်တို့အား သတင်းကောင်းနှင့် စိတ်နှလုံး အေးစေရန်သာ ဖြစ်၏” ဟု အတိအကျ ဆိုထားပေသည်။ ထိုထက်ပို၍ တိကျစွာ ပုံဆောင်သည်မှာ “ညီညွတ်မှုပြုကွဲပြီး၊ အမိန့် မနာခံကြသောအခါ လုံး၀ ကျဆုံးနိုင်ကြောင်း”ကို သုတ်တော် ၁၅၂ တွင် တွေ့ရပေသည်။ ထို့ကြောင့် နိမိတ်ဆောင်များဖြင့် အားဖြည့်သည် ဆိုခြင်းမှာ ခေါင်းဆောင်များ၏ အမိန့်ကို နာခံခြင်း၊ စည်းလုံးညီညွတ်မှု ရှိခြင်း၊ စိတ်ဓါတ်ခိုင်မာခြင်း၊ ကိုယ်ကျိုး စွန့်အနစ်နာခံခြင်း ရှိလျှင် ထို သူရဲကောင်းတို့ ကိုယ်တိုင် တစ်ဦးချင်းစီ၏ အရည်အသွေးမှာ နိမိတ်ဆောင်နိုင်သော သူများ ဖြစ်သွားကို သာ ဆိုလိုပေသည်။ ဤသုတ်တော်များ၌ **ယုမိဒကွန်** အား “သင်တို့အား တိုးရွေ့စေရန်”ဟု ပြန်ဆိုခြင်းမှာ “တိုးရွေ့နေခြင်း၊ တဖြေးဖြေး ကျယ်ဝန်းနေခြင်း” သဘောကိုဆောင်သော ရင်းမြစ်စကားလုံး **မဒ်ဒ** ကြောင့် ဖြစ်ပေသည်။ ဤစကားလုံးကို ၃း၃၃ တွင် ကမ္ဘာမြေ အတွက် သုံးထား၍၊ ကမ္ဘာသည် တစ်ခုမှ နှစ်ခု သုံးခုသို့ ဖြစ်သွားခြင်း မဟုတ်ပေ။ ထိုမြေသားထုမှ တစ်ရွေ့ရွေ့ ရွေ့လျောနေခြင်း ကျယ်ပြန့်နေခြင်းကိုသာ အဓိပ္ပါယ်ဆောင်ပေသည်။ အလား တူပင် နဂိုရှိနေသော မွတ်ဆလင် စစ်သား အရေအတွက်သည်လည်း မလာအိကာဟ်များကြောင့် စစ်သည် အရေအတွက် ပို၍ များသွားခြင်း မဟုတ်ချေ။ ၎င်းတို့၏ စွမ်းဆောင်နိုင်အားသာလျှင် ပို၍ အင်အားကောင်းလာခြင်း ဖြစ်ပေသည်။

☆၂း၃၀	အမှန်မှာ သင်တို့သည် သည်းခံပါရမီမြဲ၍ စည်းစောင့်ကြလျှင် သူတို့သည် သင်တို့ထံ ပွက်လောရိုက် ဝင်ရောက်လာသော်လည်း သင်တို့၏ ကံကြမ္မာရှင်က ဘက်တံဆိပ်ရှိသော နိမိတ်ဆောင်☆ ငါးထောင်ဖြင့် တိုးပွားစေလတ္တံ့။
၁၂၆။	**وَمَا جَعَلَهُ اللهُ إِلاَّ بُشْرَى لَكُمْ وَلِتَطْمَئِنَّ قُلُوبُكُم بِهِ وَمَا النَّصْرُ إِلاَّ مِنْ عِندِ اللهِ الْعَزِيزِ الْحَكِيمِ۞** ပရမတ်ဘုရားရှင်သည် ၎င်းအားဖြင့် သင်တို့အား သတင်းကောင်းနှင့် စိတ်နှလုံး အေးငြိမ်းရန်သာ စီစဉ်ပေးတော်မူ၏၊ ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်သော ပရမတ်ဘုရားရှင်၏ ထံမှအပ အကူအညီဟူ၍ မရှိခြင်းမှာ–
၁၂၇။ ရန်သူ	**لِيَقْطَعَ طَرَفًا مِّنَ الَّذِينَ كَفَرُواْ أَوْ يَكْبِتَهُمْ فَيَنقَلِبُواْ خَآئِبِينَ۞** **ဖုံးကွယ်သောသူ**တို့– မျက်ခြည်ပြတ်ရန် သို့မဟုတ် စိတ်ပျက် အရှက်ကွဲလျှက် ဦးလှည့်ပြေးစေရန် ဖြစ်၏။
၁၂၈။	**لَيْسَ لَكَ مِنَ الأَمْرِ شَيْءٌ أَوْ يَتُوبَ عَلَيْهِمْ أَوْ يُعَذِّبَهُمْ فَإِنَّهُمْ ظَالِمُونَ۞** သူတို့အား သင်ပုန်းချေပေးသည် ဖြစ်စေ၊ ဝဋ်ဒဏ်သင့်စေသည် ဖြစ်စေ၊ သင်၏ ညွှန်ကြားချက် တစ်စုံတစ်ရာမျှ မဟုတ်ချေ။ ဇကန်ပင် သူတို့သည် အမိုက်ကောင်များ ဖြစ်ကြ၏။
၁၂၉။ ☆၂း၇၀	**وَلِلّهِ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ يَغْفِرُ لِمَن يَشَاء وَيُعَذِّبُ مَن يَشَاء وَاللّهُ غَفُورٌ رَّحِيمٌ۞** မိုးများနှင့် မြေ၌ ရှိသမျှတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊ အရှင်သည် စံချိန်ပြည့်သူအား လွတ်ငြိမ်းစေ၍ စံချိန်ပြည့်သူအလျောက်☆ ဝဋ်သင့်စေ၏၊ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်၏။
၁၃၀။ ☆၂း၂၅၅	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَأْكُلُواْ الرِّبَا أَضْعَافًا مُّضَاعَفَةً وَاتَّقُواْ اللّهَ لَعَلَّكُمْ تُفْلِحُونَ۞** အို– ယုံကြည်သောသူတို့၊ ထပ်ထပ်တိုးလျက် ထပ်ပြန်တိုး☆ မစားကြနှင့်၊ သင်တို့ အောင်မြင်ပေါက်မြောက်အံ့ငှာ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့။
၁၃၁။	**وَاتَّقُواْ النَّارَ الَّتِي أُعِدَّتْ لِلْكَافِرِينَ۞** ဖုံးကွယ်သူများအတွက် တွက်ချက်ပြင်ဆင်ထားသော အပူမီးမှ ကင်းရန် စည်းစောင့်ကြလော့။
၁၃၂။	**وَأَطِيعُواْ اللّهَ وَالرَّسُولَ لَعَلَّكُمْ تُرْحَمُونَ۞** သင်တို့အပေါ်သို့ ကရုဏာသက်အံ့သောငှာ ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်အား နာခံကြလော့။
၁၃၃။	**وَسَارِعُواْ إِلَى مَغْفِرَةٍ مِّن رَّبِّكُمْ وَجَنَّةٍ عَرْضُهَا السَّمَاوَاتُ وَالأَرْضُ أُعِدَّتْ لِلْمُتَّقِينَ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ လွတ်ငြိမ်းခွင့်နှင့် စည်းစောင့်သူများအတွက် တွက်ချက်ပြင်ဆင်ထားသည့် မိုးနှင့်မြေဘောင်အနှံ့ သုခဘုံသို့ အလျင်စလိုရှိကြလော့။[၂၃၉]
၁၃၄။ စည်းစောင့်သူတို့သည်	**الَّذِينَ يُنفِقُونَ فِي السَّرَّاء وَالضَّرَّاء وَالْكَاظِمِينَ الْغَيْظَ وَالْعَافِينَ عَنِ النَّاسِ وَاللّهُ يُحِبُّ الْمُحْسِنِينَ۞** **သူတို့သည်** အဆင်ပြေသည်ဖြစ်စေ နစ်နာနေသည်ဖြစ်စေ လျူဒါန်းသုံးစွဲကြ၏၊ ဒေါသဖြစ်မိသော် ယူကြုံးမရဖြစ်၏၊ လူသားတို့အား ကျေအေးပေးကြ၏၊ ပရမတ်ဘုရားရှင်သည် ထိုသုမင်္ဂလာပြုသူတို့အား နှစ်သက်တော်မူ၏။
၁၃၅။	**وَالَّذِينَ إِذَا فَعَلُواْ فَاحِشَةً أَوْ ظَلَمُواْ أَنْفُسَهُمْ ذَكَرُواْ اللّهَ فَاسْتَغْفَرُواْ لِذُنُوبِهِمْ وَمَن يَغْفِرُ الذُّنُوبَ إِلاَّ اللّهُ**

---

(၂၃၉) ကျမ်းတော်က ဖေါ်ပြသော သုခဘုံ သို့မဟုတ် ဥယျာဉ်ဆိုသည်မှာ ကောင်းကင်ဘုံတွင် ရှိသော သတ်မှတ်ထားသည့် နေရာတစ်ခု မဟုတ်ပေ။ ၎င်းသည် မိုမြေအနှံ့ ကျယ်ပြောသည်ဟု ဤနေရာနှင့် ၅၇း၂၁ တွင် ဆိုထားပေသည်။ တနည်းအားဖြင့် သာယာသော ဌာနကို ဖေါ်ပြခြင်းဖြစ်သည်။ ဤသို့ သုခဘုံသည် မိုးမြေအနှံ့ ကျယ်ပြောသည်ဟု ဆိုလျှင် ဒုက္ခဘုံ (ငရဲ)က အဘယ်မှာ ရှိသနည်းဟု ကိုယ်တော်မုဟမ္မဒ်အား မေးလျှောက်ခဲ့ရာ ကိုယ်တော်က "ည ရောက်လာလျှင် နေ့အဘယ်သို့ ပျောက်သွားသနည်း"ဟု ပြန်လည် ဖြေကြားခဲ့ပေသည်။ ထို့ကြောင့် သုခနှင့် ဒုက္ခ ဆိုသည်မှာ အခြေအနေ အပြောင်းအလဲ သာလျှင် ဖြစ်၍ သီးခြား နယ်နိမိတ် သတ်မှတ်ထားမှု မရှိချေ။

	وَلَمْ يُصِرُّواْ عَلَى مَا فَعَلُواْ وَهُمْ يَعْلَمُونَ۝ သူတို့သည် ကိုယ်ကျင့်ပျက်ခြင်း ပြုလုပ်မိသည်ဖြစ်စေ၊ သူတို့စရိုက်ကိုသူတို့ မိုက်ကြေးခွဲမိသည်ဖြစ်စေ ပရမတ်ဘုရားရှင်အား သတိရရှုမှတ်ကြ၏။ သူတို့၏ အပြစ်များမှ လွတ်ငြိမ်းဆုများပန်ကြ၏။ ပရမတ်ဘုရားရှင်မှအပ မည်သူက အပြစ်များကို လွတ်ငြိမ်းစေမည်နည်း၊ သူတို့သည် သိနေလျက် ဇွတ်တိုး ပြုလုပ်နေသည် မဟုတ်ချေ။
၁၃၆။	**أُوْلَئِكَ جَزَآؤُهُم مَّغْفِرَةٌ مِّن رَّبِّهِمْ وَجَنَّاتٌ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا وَنِعْمَ أَجْرُ الْعَامِلِينَ۝** သူတို့အတွက် အစားရမည်မှာ ကံကြမ္မာရှင်၏ထံမှ လွတ်ငြိမ်းစေခြင်းနှင့်– သူတို့ အစဉ်စံမြန်းရန် အောက်ခြေ၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်များဖြစ်၏။ ကျင့်ကြံသူများ အတွက် ဂုဏ်ပေးခြင်း ဆုလဒ်သည် ရှိ၏။
၁၃၇။	**قَدْ خَلَتْ مِن قَبْلِكُمْ سُنَنٌ فَسِيرُواْ فِي الأَرْضِ فَانْظُرُواْ كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ۝** သင်တို့၏ ရှေ့အလျင်က ဓလေ့အဖုံဖုံ ပျောက်ကွယ်ခဲ့ပြီ၊ သို့ဖြစ်၍ သင်တို့သည် ကမ္ဘာမြေအနှံ့ သွားလာလျက် ငြင်းဆန်သူတို့ နိဂုံးချုပ် မည်သို့ ဖြစ်သည်ကို ကြည့်ကြလော့။
၁၃၈။	**هَذَا بَيَانٌ لِّلنَّاسِ وَهُدًى وَمَوْعِظَةٌ لِّلْمُتَّقِينَ۝** ဤ ရှင်းလင်းချက်သည် လူသားအပေါင်းအား လမ်းညွှန်တော်နှင့် စည်းစောင့်သူများအတွက် သြဝါဒတော် ဖြစ်၏။
၁၃၉။	**وَلاَ تَهِنُوا وَلاَ تَحْزَنُوا وَأَنتُمُ الأَعْلَوْنَ إِن كُنتُم مُّؤْمِنِينَ۝** အားမလျော့ကြနှင့် စိတ်မပူကြနှင့် သင်တို့သည် ယုံကြည်သူ စင်စစ်ဖြစ်သော် အပေါ်စီးမှဖြစ်လာလတ္တံ့။
၁၄၀။ ရန်သူများ	**إِن يَمْسَسْكُمْ قَرْحٌ فَقَدْ مَسَّ الْقَوْمَ قَرْحٌ مِّثْلُهُ وَتِلْكَ الأَيَّامُ نُدَاوِلُهَا بَيْنَ النَّاسِ وَلِيَعْلَمَ اللهُ الَّذِينَ آمَنُواْ وَيَتَّخِذَ مِنكُمْ شُهَدَاء وَاللهُ لاَ يُحِبُّ الظَّالِمِينَ۝** သင်တို့အား ဒဏ်ရာဒဏ်ချက် ထိသက်ခဲ့လျှင်– **ထိုလူမျိုး** အပေါ်သို့ အလားတူ ဒဏ်ရာဒဏ်ချက် ထိသက်ခဲ့ပြီ။ လူသားချင်းကြား၌ ဤသို့ အတုံ့အလှည့် ရက်ကာလများကို သတ်မှတ်ခြင်းမှာ ပရမတ်ဘုရားရှင်သည် သင်တို့မှ ယုံကြည်သောသူများနှင့် အယူမြဲ သက်သေတည်သွားသူများကို သိစေရန် ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် အမိုက်ကောင်များအား နှစ်သက်တော်မမူချေ။
၁၄၁။	**وَلِيُمَحِّصَ اللهُ الَّذِينَ آمَنُواْ وَيَمْحَقَ الْكَافِرِينَ۝** ပရမတ်ဘုရားရှင်က ယုံကြည်သောသူများအား စင်ကြယ်စေရန်၊ ဖုံးကွယ်သူတို့အား မှေးမှိန်စေရန် အလို့ငှာ ဖြစ်၏။
၁၄၂။ ကိုဟန်ပြု သူများ ၂း၂၁၈	**أَمْ حَسِبْتُمْ أَن تَدْخُلُواْ الْجَنَّةَ وَلَمَّا يَعْلَمِ اللهُ الَّذِينَ جَاهَدُواْ مِنكُمْ وَيَعْلَمَ الصَّابِرِينَ۝** သို့တည်းမဟုတ် ပရမတ်ဘုရားရှင်က သင်တို့အနက် **အားစိုက်ဆောင်ရွက်သော သူများကို** သိတော်မမူသေးဘဲ၊ ခွန်အိပါရမီကြီးသူများကို သိတော်မမူသေးဘဲ သုခဘုံသို့ ဝင်ကြရမည်ဟု သင်တို့ စိတ်ကူးယဉ်နေကြသလော။
၁၄၃။ စစ်ပွဲကို	**وَلَقَدْ كُنتُمْ تَمَنَّوْنَ الْمَوْتَ مِن قَبْلِ أَن تَلْقَوْهُ فَقَدْ رَأَيْتُمُوهُ وَأَنتُمْ تَنظُرُونَ۝** သင်တို့သည် မဆုတ်တွေ့မီကပင် **သေခြင်းတရားကို** မုချ ဆန္ဒရှိကုန်၏၊ သို့ဖြင့် သင်တို့ ကြည့်နေစဉ်ပင် မျက်မြင်ဒိဋ္ဌတွေ့ကြရလေပြီ။
၁၄၄။	**وَمَا مُحَمَّدٌ إِلاَّ رَسُولٌ قَدْ خَلَتْ مِن قَبْلِهِ الرُّسُلُ أَفَإِن مَّاتَ أَوْ قُتِلَ انقَلَبْتُمْ عَلَى أَعْقَابِكُمْ وَمَن يَنقَلِبْ**

☆၃း၂၉ ၄၇း၂	**عَلَىَ عَقِبَيْهِ فَلَن يَضُرَّ اللهَ شَيْئًا وَسَيَجْزِي اللهُ الشَّاكِرِينَ۞** မေတ္တေယျသည်☆ ဉာဏ်စဉ်ဆောင် တစ်ပါးသာ ဖြစ်၏၊ သူ့ မတိုင်မီ ဉာဏ်စဉ်ဆောင်များလည်း ကွယ်လွန်ခဲ့ကြပြီ၊ အကယ်၍ သူ ပရိနိဗ္ဗာန်ပြုသည် ဖြစ်စေ၊ ခန္ဓာကြွေရသည် ဖြစ်စေ[၂၄၀] သင်တို့သည် သင်တို့၏ နိဂုံးချုပ်ရာသို့ ဦးလှည့်ကြမည်လော၊ မည်သူသည် သူ့ နိဂုံးသို့ ဦးလှည့်သည်ဖြစ်စေ ပရမတ်ဘုရားရှင်အား တစ်စုံတစ်ရာမျှ မနစ်နာစေနိုင်၊ ပရမတ်ဘုရားရှင်သည် ကျေးဇူးသိတတ်သူများအား အစားပေးတော်မူလတ္တံ့။
၁၄၅။	**وَمَا كَانَ لِنَفْسٍ أَنْ تَمُوتَ إِلاَّ بِإِذْنِ اللهِ كِتَابًا مُّؤَجَّلاً وَمَن يُرِدْ ثَوَابَ الدُّنْيَا نُؤْتِهِ مِنْهَا وَمَن يُرِدْ ثَوَابَ الآخِرَةِ نُؤْتِهِ مِنْهَا وَسَنَجْزِي الشَّاكِرِينَ۞** ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက် မရှိဘဲ မည်သည့် ဉာဉ်စရိုက်သည်မှ နိဋ္ဌိတံခွင့်မရှိ၊ ပြဋ္ဌာန်းထားသော သတ်မှတ်ကာလ ရှိ၏၊ ဤလောကီ အကျိုးကို လိုသော သူအား ငါသည် ၎င်းကိုပေးလတ္တံ့၊ လောကုတ္တရာ အကျိုးကို လိုသော သူအား ငါသည် ၎င်းကိုပေးလတ္တံ့၊ ငါအရှင်သည် ကျေးဇူးသိသူများအား အစားပေးတော်မူမည်။
၁၄၆။	**وَكَأَيِّن مِّن نَّبِيٍّ قَاتَلَ مَعَهُ رِبِّيُّونَ كَثِيرٌ فَمَا وَهَنُواْ لِمَا أَصَابَهُمْ فِي سَبِيلِ اللهِ وَمَا ضَعُفُواْ وَمَا اسْتَكَانُواْ وَاللهُ يُحِبُّ الصَّابِرِينَ۞** သတင်းတော်ဆောင် တစ်ပါးနှင့် အတူ ခုခံတိုက်ခဲ့ရသော ကံကြမ္မာရှင်အားဆည်းကပ်သူ များစွာ ရှိ၏၊[၂၄၀] သို့ဖြင့် သူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်၌ ထိခိုက်ခြင်းကြောင့် အားမလျော့ကြ၊ မချိနဲ့ကြ၊ စိတ်မလျော့ကြချေ၊ ပရမတ်ဘုရားရှင်သည် ခွန်အားပါရမီရှိသူတို့အား နှစ်သက်တော်မူ၏။
၁၄၇။	**وَمَا كَانَ قَوْلَهُمْ إِلاَّ أَن قَالُواْ رَبَّنَا اغْفِرْ لَنَا ذُنُوبَنَا وَإِسْرَافَنَا فِي أَمْرِنَا وَثَبِّتْ أَقْدَامَنَا وانصُرْنَا عَلَى الْقَوْمِ الْكَافِرِينَ۞** သူတို့က ‘‘အို–အရှင်၊ တပည့်တော်တို့အား အပြစ်များနှင့်– အလွဲသုံးစားဖြစ်စေသည့် အရေးအရာများမှ တပည့်တော်တို့အား လွတ်ငြိမ်းစေပါ၊ တပည့်တော်တို့၏ စုံရပ်ခံမှုကို ခိုင်မာစေတော်မူပါ၊ ဖုံးကွယ်သော လူမျိုးအား လွှမ်းမိုးနိုင်ရန် ကူညီတော်မူပါ၊’’ဟု လျှောက်ထားခြင်းမှအပ အခြား ညီးညူခြင်း မရှိချေ။
၁၄၈။	**فَآتَاهُمُ اللهُ ثَوَابَ الدُّنْيَا وَحُسْنَ ثَوَابِ الآخِرَةِ وَاللهُ يُحِبُّ الْمُحْسِنِينَ۞** သို့ဖြင့် ပရမတ်ဘုရားရှင်သည် သူတို့အား ဤဘဝ၌ အကျိုးကိုလည်းကောင်း နောင်ဘဝ၌ ပို၍ တင့်တယ်သော အကျိုးကိုလည်းကောင်း ချီးမြှင့်လတ္တံ့၊ ပရမတ်ဘုရားရှင်သည် သုမင်္ဂလာပြုသူတို့အား နှစ်သက်တော်မူ၏။

---

(၂၄၀) မြန်မာစကားကဲ့သို့ပင် သေခြင်းနှင့်ပတ်သက်၍ ‘‘သေဆုံးသည်၊ ကွယ်လွန်သည်၊ အနိစ္စရောက်သည်၊ နတ်ရွာစံသည်၊ ပရိနိဗ္ဗာန်ပြုသည်’’ စသည်ဖြင့် သုံးစွဲသကဲ့သို့ အာရိဗီစကားတွင်လည်း **ခလာဟ်၊ ဝဖာ့ဟ်၊ မောက်သ်** စသည်ဖြင့် သုံးပေသည်။ အလားတူ လုပ်ကြံခံရမှုကြောင့် အသက်ပေးရသူများကို **ရှဟီးဒ်** အာဇာနည် သို့မဟုတ် (ယုံကြည်ချက်အတွက်) သက်သေတည် သွားသူများဟုသုံးပြီး လုပ်ကြံခြင်း၊ သတ်ဖြတ်ခြင်းကို **ကုတိလ** ဟုသုံးပေသည်။ ဤနေရာတွင် ကိုယ်တော် မုဟမ္မဒ် (မေတ္တေယျ)အား လုပ်ကြံခံရသည်ဖြစ်စေ **ကုတိလ**ကို **ခန္ဓာကြွေရသည် ဖြစ်စေ** ဟု ဘာသာ ပြန်ထားပါသည်။ ဤသုတ်တော်သည် ကိုယ်တော် မုဟမ္မဒ် အပါအဝင် ဘဒ္ဒကမ္ပာ၌ ပွင့်ပေါ်ကြကုန်သော ဉာဏ်စဉ်ဆောင် အပေါင်းသည် လူဇာတိကို ခံယူထားသူများ ဖြစ်၍ လူသဘာဝအတိုင်း (မည်သည့်နည်းဖြင့် မဆို) အနိစ္စရောက်ရမည် ဖြစ်ပြီး အာယုသခ်ါရ မလွတ်ဘဲ နေထိုင်ခွင့် မရှိကြောင်း ရှင်းလင်းထားသော သုတ်တော် ဖြစ်ပေသည်။ ထို့အပြင် ကိုယ်တော် မတိုင်မီမှ ပွင့်ပေါ်ခဲ့သည့် အရှင်ဂေါတမ၊ မောရှေ၊ ယေရှု အပါအဝင် အားလုံးသော ဉာဏ်စဉ်ဆောင်များသည် အာယုသခ်ါရ လွှတ်ပြီးပြီ ဖြစ်ကြောင်း တိတိကျကျ မိန့်ထားသော သုတ်တော် တစ်ပါးလည်း ဖြစ်ပေသည်။

(၂၄၀) **ရိဗီ** ဆိုသည်မှာ ‘‘မြဲမြံစွာ ဘုရားရှိခိုးသူ– ဘာသာတရားကိုင်းရှိုင်းသူ’’ဟု အနက်ရပေသည်။ ဤသုတ်တော်အား မွတ်ဆလင် မဟုတ်သော ဆရာတော်များဖြစ်သည့် ဆေးလ်၊ ရော့ဒ်ဝဲလ် နှင့် ပါလ်မာလ်တို့က ‘‘များစွာသော ပရောဖက်များသည် မရေမတွက်နိုင်သော စစ်သည်အင်အားရှိသောသူများအား မမျှော်လင့်ဘဲ တန်ပြန် တိုက်ခိုက်ခဲ့ကြသည်၊’’ဟု ပြန်ဆိုထားသည်ကို တွေ့ရပေသည်။ ဤဘာသာပြန်ဆိုချက်အား ထောက်ခံသည့် မွတ်ဆလင် အထကထာများ မရှိသလို ဤပါဂျအား ထိုသို့ ပြန်ဆို၍လည်း မရပေ။

၁၄၉။	**يَا أَيُّهَا الَّذِينَ آمَنُوٓاْ إِن تُطِيعُواْ الَّذِينَ كَفَرُواْ يَرُدُّوكُمْ عَلَى أَعْقَابِكُمْ فَتَنقَلِبُواْ خَاسِرِينَ۝** အို–ယုံကြည်သောသူတို့၊ သင်တို့သည် ဖုံးကွယ်သောသူတို့အား နာခံကြလျှင်၊ သူတို့က သင်တို့အား သင်တို့၏ နိဂုံးများသို့ ဦးလှည့်စေလိုကြ၏၊ သို့ဖြင့် သင်တို့သည် ဆုံးရှုံးသူများ ဖြစ်ရလတ္တံ့။
၁၅၀။	**بَلِ اللَّهُ مَوْلَاكُمْ وَهُوَ خَيْرُ النَّاصِرِينَ۝** အမှန်မှာ၊ ပရမတ်ဘုရားရှင်သည် သင်တို့အတွက် မဟာမိတ်ဖြစ်၏၊ အကောင်းဆုံး ကူညီသောအရှင် ဖြစ်၏။
၁၅၁။	**سَنُلْقِي فِي قُلُوبِ الَّذِينَ كَفَرُواْ الرُّعْبَ بِمَا أَشْرَكُواْ بِاللَّهِ مَا لَمْ يُنَزِّلْ بِهِ سُلْطَانًا وَمَأْوَاهُمُ النَّارُ وَبِئْسَ مَثْوَى الظَّالِمِينَ۝** ငါသည် ထိုဖုံးကွယ်သောသူတို့၏ စိတ်နှလုံး၌ ကြောက်လန့်မှုကို ဆုံတွေ့စေလတ္တံ့၊ ယင်းမှာ သူတို့သည် အခွင့်အာဏာ ချမှတ်ပေးခြင်း မရှိသော အရာနှင့် ပရမတ်ဘုရားရှင်အား ရောပြွန်းကိုးကွယ်သောကြောင့် ဖြစ်၏။[၂၄၂] အပူမီးသည် သူတို့အတွက် ခိုလှုံရာ ဖြစ်၍၊ အမိုက်ကောင်များအတွက် အမင်္ဂလာ တည်းခိုရာ ဖြစ်၏။
၁၅၂။	**وَلَقَدْ صَدَقَكُمُ اللَّهُ وَعْدَهُ إِذْ تَحُسُّونَهُم بِإِذْنِهِ حَتَّى إِذَا فَشِلْتُمْ وَتَنَازَعْتُمْ فِي الأَمْرِ وَعَصَيْتُم مِّن بَعْدِ مَا أَرَاكُم مَّا تُحِبُّونَ مِنكُم مَّن يُرِيدُ الدُّنْيَا وَمِنكُم مَّن يُرِيدُ الآخِرَةَ ثُمَّ صَرَفَكُمْ عَنْهُمْ لِيَبْتَلِيَكُمْ وَلَقَدْ عَفَا عَنكُمْ وَاللَّهُ ذُو فَضْلٍ عَلَى الْمُؤْمِنِينَ۝** အရှင်၏ ခွင့်ပြုချက်ဖြင့် သူတို့အား ရင်ဆိုင်ရစဉ် သင်တို့၏ စိတ်ဓါတ်ကျမှုနှင့် ညှဉ်းကြားချက် ဖယ်ပစ်မှု၊ အာခံမှုတို့ ဖြစ်သည့်တိုင် ပရမတ်ဘုရားရှင်သည် ကတိတော်ကို သင်တို့အဘို့ မုချ ဖြောင့်မှန်စေခဲ့၏။ သင်တို့ နှစ်သက်ရာကို မြင်စေပြီးနောက် သင်တို့အနက် ဤလောကီကို လိုလား သူရှိ၏၊ သင်တို့မှ လောကုတ္တရာကို လိုလား သူလည်း ရှိ၏၊ တဖန် အသင်တို့အား စုံစမ်းရန် အလို့ငှာ သူတို့မှ ဝေးရာသို့ သင်တို့ကို ပြန်လှည့်စေခဲ့ပြီ၊ သင်တို့အား မုချ ကျေအေးပေးခဲ့ပြီ၊ ပရမတ်ဘုရားရှင်သည် ယုံကြည်သူများအား သိက္ခာပေးသော အရှင် ဖြစ်၏။
၁၅၃။	**إِذْ تُصْعِدُونَ وَلاَ تَلْوُونَ عَلَى أَحَدٍ وَالرَّسُولُ يَدْعُوكُمْ فِي أُخْرَاكُمْ فَأَثَابَكُمْ غَمَّاً بِغَمٍّ لِّكَيْلاَ تَحْزَنُواْ عَلَى مَا فَاتَكُمْ وَلاَ مَا أَصَابَكُمْ وَاللَّهُ خَبِيرٌ بِمَا تَعْمَلُونَ۝** တစ်ဦးတစ်ယောက်ကိုမှ လှည့်မကြည့်တော့ဘဲ တက်ပြေးကြစဉ်– ဉာဏ်စဉ်ဆောင်သည် သင်တို့အား နောက်မှ အော်ခေါ်ခဲ့၏၊ သင်တို့ လက်လွတ်ရသော အရာများ၊ သင်တို့ထံ ကျရောက်လာသော အရာများ သင်တို့အား ထိခိုက်မှုများ အတွက် ဝမ်းနည်းမှုအစား– တလိုက်လိုက် တလိုက်လိုက်သာ ဖြစ်စေခဲ့ပြီ၊[၂၄၃] ပရမတ်ဘုရားရှင်သည် သင်တို့ ကျင့်ကြံလေသမျှကို သတင်းရနေတော်မူ၏။

---

(၂၄၂) "အခွင့်အာဏာ ချမှတ်ပေးခြင်း မရှိသောအရာ" ဆိုသည်မှာ ဂုဏ်သတ္တိ မရှိသော ရုပ်ပွားများ သို့မဟုတ် လူသားထက် ဂုဏ်ရည်နိမ့်သော အရာများကို ဆိုလို၍ ထိုအရာများကို လူသားအနေဖြင့် ကိုးကွယ်ဆည်းကပ်ခြင်းမှာ ပညာတတ် ပါမောက္ခတစ်ဦးက မှုကြိုကျောင်းသား ထံတွင် ပညာရရန် တပည့်ခံ ဆည်းပူးသကဲ့သို့သာ ဖြစ်၍ ထိုပါမောက္ခ၏ ဂုဏ်သိက္ခာမှာ မြင့်တက်လာမည် မဟုတ်ချေ။ သတ္တဝါတို့၌ ဉာဏ်စဉ်အမြင့်ဆုံး လူသားသည် စကြာဝဠာအပေါင်း၏ ဉာဏ်စဉ်ဇစ်မြစ် ပရမတ်ဘုရားရှင်၏ ဂုဏ်တော်ကိုသာ ပို၍ပို၍ နီးစပ်ရန် ဆည်းကပ်ရမည်ဟု အစွမ်းသတ္တိ ဘာသာက သွန်သင်ပေသည်။

(၂၄၃) ကျမ်းတော်သည် ဘက်လိုက်မှု မရှိဘဲ လူသားအပေါင်းတို့ နမူနာ ယူနိုင်ရန်အတွက် ပွင့်လင်းစွာ သွန်သင်သည်။ ဤသုတ်တော်တွင် အိုဟ္ဒဒ် စစ်ပွဲ၌ အမိန့်မနာခံဘဲ ထွက်ပြေးသူများ၏ စိတ်သဘောထားကို ဖွင့်ပြထားသည်။ လူသားတို့၏ စိတ်သဘောထားကို သိနေမှသာလျှင် လူ့အသင်း အဖွဲ့တစ်ခုကို ဦးဆောင်ရသူတို့ အတွက် ဖြေရှင်းရ လွယ်ကူစေရန် ဖြစ်သည်။ ဉာဏ်စဉ်ဆောင် ကိုယ်တော်များသည်ပင် စိတ်သဘောထား အမျိုးမျိုး ရှိသော တပည့်ဒကာများကို ကြုံတွေ့ရလျှင် သာမန်လူ ခေါင်းဆောင်များမှာ ပို၍ပင် ခက်ခဲနိုင်ကြောင်း ဆင်ခြင်နိုင်ရန် ဖြစ်ပေသည်။ ဤသုတ်တော်တွင် "တစ်ဦးတစ်ယောက်ကိုမှ လှည့်မကြည့်တော့ဘဲ တက်ပြေးကြစဉ်" ဆိုသည်မှာ ကိုယ်တော် မုဟမ္မဒ်၏ နောက်လိုက် အားလုံး ထွက်ပြေးကြသဖြင့် ကိုယ်တော်က နောက်မှ လိုက်ခေါ် နေရသည်ဟု မဆိုလိုပေ၊ ကိုယ်တော့်နောက်လိုက် ဆိုသူများမှ ထွက်ပြေးသူများ ကိုသာ ဆိုလိုပေသည်။ ကိုယ်တော့်အတွက် အသက် ပေးမည့်သူများ၊ စစ်ပွဲအတွင်း ကြံကြံခံ ရပ်တည်သူများနှင့် အမှတ်တမဲ့ ထွက်ပြေးမိပြီးမှ ပြန်လည် သတိဝင်ကာ

၁၅၄။	**ثُمَّ أَنزَلَ عَلَيْكُم مِّن بَعْدِ الْغَمِّ أَمَنَةً نُّعَاسًا يَغْشَى طَآئِفَةً مِّنكُمْ وَطَآئِفَةٌ قَدْ أَهَمَّتْهُمْ أَنفُسُهُمْ يَظُنُّونَ بِاللهِ غَيْرَ الْحَقِّ ظَنَّ الْجَاهِلِيَّةِ يَقُولُونَ هَل لَّنَا مِنَ الأَمْرِ مِن شَيْءٍ قُلْ إِنَّ الأَمْرَ كُلَّهُ لِلَّهِ يُخْفُونَ فِي أَنفُسِهِم مَّا لاَ يُبْدُونَ لَكَ يَقُولُونَ لَوْ كَانَ لَنَا مِنَ الأَمْرِ شَيْءٌ مَّا قُتِلْنَا هَاهُنَا قُل لَّوْ كُنتُمْ فِي بُيُوتِكُمْ لَبَرَزَ الَّذِينَ كُتِبَ عَلَيْهِمُ الْقَتْلُ إِلَى مَضَاجِعِهِمْ وَلِيَبْتَلِيَ اللهُ مَا فِي صُدُورِكُمْ وَلِيُمَحَّصَ مَا فِي قُلُوبِكُمْ وَاللهُ عَلِيمٌ بِذَاتِ الصُّدُورِ۞** တလှိုက်လှိုက် ဖြစ်ရပြီးနောက် အရှင်သည် သင်တို့အပေါ်သို့ ယုံကြည်စိတ်ချရခြင်းကို တဖန် ချမှတ်ပေးပြီး၊ သင်တို့မှ တစ်စုအား မှေးစက်ခြင်းကို လွှမ်းခြုံစေခဲ့၏။ အခြားတစ်စုမှာ သူတို့စိတ်က ကြံစည်လျက် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ ပညာမဲ့တို့ စဉ်းစားချက်မျိုး သစ္စာမဲ့စွာ စဉ်းစားလျက် "ကျွန်ုပ်တို့၌ တစ်စုံတစ်ရာ ညွှန်ကြားခွင့် မရှိဘူးလား၊"ဟု ဆိုကြ၏။ "ညွှန်ကြားချက် အလုံးစုံသည် ပရမတ်ဘုရားရှင်ထံမှ ဖြစ်၏။"ဟု ပြန်ပြောလော့၊ သူတို့၏ စိတ်တွင်း၌ ထိန်ဝှက်ထားရာကို သင့်အား မဖွင့်ဟဘဲလျက် "ကျွန်ုပ်တို့၌ ညွှန်ကြားခွင့် တစ်စုံတစ်ရာ ရှိခဲ့ပါမူ၊ ဤနေရာ၌ ကျွန်ုပ်တို့ ကျဆုံးရမည် မဟုတ်၊"ဟု ဆိုကြ၏။ ဟောလော့ "အကယ်၍ သင်တို့သည် အိမ်တွင်း၌ ရှိနေငြားလည်း၊ ကျဆုံးရရန် ပြဋ္ဌာန်းပြီးသော သူများသည်ကား ကျောချရမည့်နေရာသို့ ထွက်လာရလတ္တံ့၊ ပရမတ်ဘုရားရှင်သည် သင်တို့၏ ရင်တွင်းမှ အရာများကို စုံစမ်းတော်မူ၏။ သင်တို့၏ စိတ်နလုံးအတွင်းကို စင်ကြယ်စေတော်မူ၏။ ပရမတ်ဘုရားရှင်သည် သင်တို့၏ ရင်ဘတ် ခံစားချက်များအားဖြင့် သိနေတော်မူသော အရှင် ဖြစ်၏။
၁၅၅။	**إِنَّ الَّذِينَ تَوَلَّوْاْ مِنكُمْ يَوْمَ الْتَقَى الْجَمْعَانِ إِنَّمَا اسْتَزَلَّهُمُ الشَّيْطَانُ بِبَعْضِ مَا كَسَبُواْ وَلَقَدْ عَفَا اللهُ عَنْهُمْ إِنَّ اللهَ غَفُورٌ حَلِيمٌ۞** တပ်စုနှစ်ခု ရင်ဆိုင်တွေ့သောနေ့၌ သင်တို့အနက် လှည့်ပြေးသော သူတို့၏ ကျင့်ဆောင်မှု အချို့ကြောင့် မကောင်းဆိုးဝါးက✡ သူတို့အား ချော်ထွက်စေခဲ့၏။ သို့သော် ပရမတ်ဘုရားရှင်သည် သူတို့အား မုချ ကျေအေးပေးခဲ့ပြီ၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် ညှာတာသောအရှင် ဖြစ်၏။ ✡ ၂း၁၄၄
၁၅၆။	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَكُونُواْ كَالَّذِينَ كَفَرُواْ وَقَالُواْ لإِخْوَانِهِمْ إِذَا ضَرَبُواْ فِي الأَرْضِ أَوْ كَانُواْ غُزًّى لَّوْ كَانُواْ عِندَنَا مَا مَاتُواْ وَمَا قُتِلُواْ لِيَجْعَلَ اللهُ ذَلِكَ حَسْرَةً فِي قُلُوبِهِمْ وَاللهُ يُحْيِي وَيُمِيتُ وَاللهُ بِمَا تَعْمَلُونَ بَصِيرٌ۞** အို–ယုံကြည်သောသူတို့၊ သားချင်းများနှင့် ပတ်သက်၍ မြေကမ္ဘာ၌ ခရီးထွက်နေစဉ်– သို့မဟုတ် စစ်ထွက်နေစဉ် "အကယ်၍သာ ကျွန်ုပ်တို့နှင့် အတူ ရှိနေခဲ့မူ၊ ဤသို့ သေရမည်မဟုတ်၊ ကျဆုံးရမည်မဟုတ်၊"ဟု ပြောဆိုကြသော ဖုံးကွယ်သောသူများကဲ့သို့ သင်တို့ မဖြစ်ကြနှင့်၊ ပရမတ်ဘုရားရှင်သည် သူတို့၏ စိတ်နလုံး၌ ကြေကွဲစရာ စီစဉ်ရာ၏၊ ပရမတ်ဘုရားရှင်သည် ရှင်သန်စေ၏၊ သေဆုံးစေ၏။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင် ဖြစ်၏။
၁၅၇။	**وَلَئِن قُتِلْتُمْ فِي سَبِيلِ اللهِ أَوْ مُتُّمْ لَمَغْفِرَةٌ مِّنَ اللهِ وَرَحْمَةٌ خَيْرٌ مِّمَّا يَجْمَعُونَ۞** အကယ်၍ ပရမတ်ဘုရားရှင်၏ လမ်းတော်၌ ကျဆုံးရသည် ဖြစ်စေ၊ အနိစ္စရောက်ရသည် ဖြစ်စေ၊ ပရမတ်ဘုရားရှင်၏ ထံမှ လွတ်ငြိမ်းခွင့်နှင့် ကရုဏာတော်သည် သူတို့ စုဆောင်းထားသည်ထက် ပို၍ကောင်းပေ၏။
၁၅၈။	**وَلَئِن مُّتُّمْ أَوْ قُتِلْتُمْ لإِلَى اللهِ تُحْشَرُونَ۞**

တိုက်ပွဲဆီသို့ ပြန်ဝင်လာသူများ များစွာ ရှိပေသည်။ ထိုအချက်ကို သုတ်တော် ၁၅၂ ၌ပင် လောကီကို လိုလားသူများ ရှိ သကဲ့သို့ လောကုတ္တရာအတွက် လိုလားသူများ ရှိသည်ဟု တင်ပြပြီး ဖြစ်ပေသည်။

✡၂း၂၈	သင်တို့ အနိစ္စရောက်သည်ဖြစ်စေ၊ ကျဆုံးရသည်ဖြစ်စေ ပရမတ်ဘုရားရှင်ထံသို့သာ စုစည်းခံရစေမည်။✡
၁၅၉။	**فَبِمَا رَحْمَةٍ مِّنَ اللهِ لِنتَ لَهُمْ وَلَوْ كُنتَ فَظًّا غَلِيظَ الْقَلْبِ لاَنفَضُّواْ مِنْ حَوْلِكَ فَاعْفُ عَنْهُمْ وَاسْتَغْفِرْ لَهُمْ وَشَاوِرْهُمْ فِي الأَمْرِ فَإِذَا عَزَمْتَ فَتَوَكَّلْ عَلَى اللهِ إِنَّ اللهَ يُحِبُّ الْمُتَوَكِّلِينَ۞** ပရမတ်ဘုရားရှင်၏ ကရုဏာတော်ကြောင့် သင်သည် သူတို့နှင့် ပျော့ပြောင်းစွာ ဆက်ဆံခဲ့ပြီ၊ အကယ်၍ သင်သည် နှလုံးသား အရိုင်းစိတ်ဖြင့် တိကျပြတ်သားလေ့ ရှိခဲ့လျှင် သူတို့သည် သင့်အား ဝန်းရံနေခြင်းမှ ငွေ့ရှာရန်သွားကြလေလတ္တံ့ သို့ဖြစ်၍ သူတို့အား ကျေအေး၍ သူတို့အတွက် လွတ်ငြိမ်းဆုပန်ပေးလော့၊ အရေးအရာများ၌ သူတို့အား တိုင်ပင်ဆွေးနွေးလော့၊ သင် ဆုံးဖြတ်သောအခါ ပရမတ်ဘုရားရှင် အပါ၌ ကိုးစားလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကိုးစားသူတို့အား နှစ်သက်တော်မူ၏။
၁၆၀။	**إِن يَنصُرْكُمُ اللهُ فَلاَ غَالِبَ لَكُمْ وَإِن يَخْذُلْكُمْ فَمَن ذَا الَّذِي يَنصُرُكُم مِّن بَعْدِهِ وَعَلَى اللهِ فَلْيَتَوَكِّلِ الْمُؤْمِنُونَ۞** ပရမတ်ဘုရားရှင်က သင်တို့အား ကူညီခဲ့သော် သင်တို့အား အနိုင်ရသူဟူ၍ မရှိတော့ပြီ၊ အကယ်၍ သင်တို့အား စွန့်ပစ်ထားလျှင် အရှင်၏နောက် သင်တို့အား မည်သူက ကူညီနိုင်အံ့နည်း။ ယုံကြည်သူများ အနေဖြင့် ပရမတ်ဘုရားရှင်ကိုသာ ကိုးစားထိုက်၏။
၁၆၁။ ✡၂း၁၇၄	**وَمَا كَانَ لِنَبِيٍّ أَن يَغُلَّ وَمَن يَغْلُلْ يَأْتِ بِمَا غَلَّ يَوْمَ الْقِيَامَةِ ثُمَّ تُوَفَّى كُلُّ نَفْسٍ مَّا كَسَبَتْ وَهُمْ لاَ يُظْلَمُونَ۞** ချုပ်ကိုင်ထားသော သတင်းတော်ဆောင်ဟူ၍ မရှိချေ၊ ချုပ်ကိုင်ထားသူသည် သူ၏ ချုပ်ကိုင်ထားမှုအား ရပ်တည်ရသော နေ့၌✡ ယူဆောင်ခဲ့ရလတ္တံ့၊ တဖန် ဉာဉ်စရိုက်ကိုယ်စီ ကျင့်ဆောင်ခဲ့သည့်အတိုင်း ပြီးပြည့်စေလတ္တံ့၊ သူတို့အား မိုက်ကြေးခွဲမည် မဟုတ်ပေ။
၁၆၂။	**أَفَمَنِ اتَّبَعَ رِضْوَانَ اللهِ كَمَن بَاء بِسَخْطٍ مِّنَ اللهِ وَمَأْوَاهُ جَهَنَّمُ وَبِئْسَ الْمَصِيرُ۞** ပရမတ်ဘုရားရှင်၏ နှစ်မြို့မှုကို လိုက်သူသည် ပရမတ်ဘုရားရှင်၏ အမျက်တော်ရှခြင်းအား ဆွဲယူသူ ကဲ့သို့ မည်သို့ဖြစ်နိုင်အံ့နည်း၊[၂၄၄] သူ၏ ခိုလှုံရာမှာ ငရဲဘုံ ဖြစ်၍ အမင်္ဂလာ ခရီးဆုံးဖြစ်၏။
၁၆၃။	**هُمْ دَرَجَاتٌ عِندَ اللهِ واللهُ بَصِيرٌ بِمَا يَعْمَلُونَ۞** သူတို့၏ အခွင့်အလမ်းများသည် ပရမတ်ဘုရားရှင်၏ ထံ၌ ရှိ၏၊ ပရတ်မတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။
၁၆၄။	**لَقَدْ مَنَّ اللهُ عَلَى الْمُؤمِنِينَ إِذْ بَعَثَ فِيهِمْ رَسُولاً مِّنْ أَنفُسِهِمْ يَتْلُو عَلَيْهِمْ آيَاتِهِ وَيُزَكِّيهِمْ وَيُعَلِّمُهُمُ الْكِتَابَ وَالْحِكْمَةَ وَإِن كَانُواْ مِن قَبْلُ لَفِي ضَلالٍ مُّبِينٍ۞** ပရမတ်ဘုရားရှင်သည် ယုံကြည်သူတို့အား သူတို့၏အထဲ သူတို့၏ စရိုက်တူမှ ဉာဏ်စဉ်ဆောင် တစ်ပါးကို ပွင့်ပေါ်စေခြင်းဖြင့် မျက်နှာသာပေးခဲ့ပြီ၊ သူတို့အား အရှင်၏ သုတ်ဒေသနာများကို ဖတ်ပြ၏၊ သူတို့အား သန့်ရှင်းဖြူစင်စေ၏၊ သူတို့အား ကျမ်းတော်နှင့် စီရင်ထုံးကို သင်ကြားပေး၏၊ ဇကန်ပင် သူတို့သည် ရှေ့အလျင်က ရှင်းလင်းထင်ရှားသော အပါယ်လမ်း၌ ရှိခဲ့ကြလေ၏။
၁၆၅။	**أَوَلَمَّا أَصَابَتْكُم مُّصِيبَةٌ قَدْ أَصَبْتُم مِّثْلَيْهَا قُلْتُمْ أَنَّى هَذَا قُلْ هُوَ مِنْ عِندِ أَنْفُسِكُمْ إِنَّ اللهَ عَلَى كُلِّ**

(၂၄၄) ပရမတ်ဘုရားရှင်၏ နှစ်မြို့မှု ဆိုသည်မှာ လောကမမွှကို ဆိုခြင်း ဖြစ်ပေသည်။ အရာရာအား မိမိ ဖတ်မှတ်မိ သလောက် ပေတံဖြင့် တိုင်း၍ ဤအရာကား ဘုရားဟောနှင့် ဆန့်ကျင်သည်။ ဟိုအရာအား ဘုရား မကြိုက်ဟူ၍ ဘာသာရေး ဆရာများ၏ ခြိမ်းချောက်မှုများကို မဆိုလိုချေ။

	شَيْءٍ قَدِيرٌ ۞ သင်တို့အား ထိခိုက်မှုတစ်ခု ထိခိုက်စေခဲ့သော်၊ သင်တို့က ထိုထက်နှစ်ဆ ထိခိုက်စေခဲ့လျက် ဤသည် အဘယ်မှ နည်းဟု သင်တို့ ပြောလိုကြ၏။ ဟောလော့ ''ငင်းသည် သင်တို့၏ ဉာဉ်စရိုက်များမှ ဖြစ်၏ ဇကန်ပင် ပရမတ် ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။''[၂၄၅]
၁၆၆။	**وَمَا أَصَابَكُمْ يَوْمَ الْتَقَى الْجَمْعَانِ فَبِإِذْنِ اللهِ وَلِيَعْلَمَ الْمُؤْمِنِينَ ۞** တပ်စုနှစ်ခု ရင်ဆိုင်ဆုံတွေ့သောနေ့၌ သင်တို့အား ထိခိုက်စေခြင်းမှာ ယုံကြည်သူတို့အား သိနိုင်ရန် ပရမတ် ဘုရားရှင်၏ ခွင့်ပြုချက်အတိုင်း ဖြစ်၏။
၁၆၇။ ★ ခရိုနီ	**وَلْيَعْلَمَ الَّذِينَ نَافَقُواْ وَقِيلَ لَهُمْ تَعَالَوْاْ قَاتِلُواْ فِي سَبِيلِ اللهِ أَوِ ادْفَعُواْ قَالُواْ لَوْ نَعْلَمُ قِتَالاً لاَّتَّبَعْنَاكُمْ هُمْ لِلْكُفْرِ يَوْمَئِذٍ أَقْرَبُ مِنْهُمْ لِلإِيمَانِ يَقُولُونَ بِأَفْوَاهِهِم مَّا لَيْسَ فِي قُلُوبِهِمْ وَاللهُ أَعْلَمُ بِمَا يَكْتُمُونَ ۞** သိလက္ကြောင်ဖြစ်သော သူတို့အား★ သိနိုင်ရန်လည်း ဖြစ်၏၊ သူတို့အား ''ပရမတ်ဘုရားရှင်၏ လမ်းစဉ်၌ စစ်တိုက်ကြရန် သို့မဟုတ် ခုခံရန် လာကြလော့''ဟု ပြောသောအခါ၊ ''အကယ်၍ တိုက်ပွဲဖြစ်မည်ကို[၂၄၆] သိခဲ့ရလျှင် သင်တို့၏ နောက်မှ သေချာပေါက် လိုက်ခဲ့မည်၊''ဟု ပြန်ပြောကြ၏၊ ထိုနေ့၌ သူတို့သည် ယုံကြည်ခြင်းထက် ဖုံးကွယ်ခြင်းသို့ ပိုမိုနီးကပ်နေ၏။ သူတို့၏ နှလုံးသား၌ မရှိသည်ကို ပါးစပ်များဖြင့် ပြောဆိုကြ၏၊ ပရမတ်ဘုရားရှင်သည် သူတို့၏ ထိန်ဝှက်မှုကို အသိဆုံး ဖြစ်တော်မူ၏။
၁၆၈။	**الَّذِينَ قَالُواْ لإِخْوَانِهِمْ وَقَعَدُواْ لَوْ أَطَاعُونَا مَا قُتِلُوا قُلْ فَادْرَؤُوا عَنْ أَنفُسِكُمُ الْمَوْتَ إِن كُنتُمْ صَادِقِينَ ۞** မိမိကိုယ်တိုင် ထိုင်နေပါလျက် ညီအစ်ကိုများနှင့် ပတ်သက်၍ ''ကျွန်ုပ်တို့အား နာခံခဲ့လျှင် ကျဆုံးရမည် မဟုတ်၊'' ဟု ပြောဆိုသောသူတို့အား– သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် သင်တို့၏ ဉာဉ်များမှ သေခြင်းတရားကို ဖယ်ရှားပစ်ကြလော့၊''ဟု ဟောပြောလော့။
၁၆၉။ ၂၁၅	**وَلاَ تَحْسَبَنَّ الَّذِينَ قُتِلُواْ فِي سَبِيلِ اللهِ أَمْوَاتًا بَلْ أَحْيَاء عِندَ رَبِّهِمْ يُرْزَقُونَ ۞** ပရမတ်ဘုရားရှင်၏ လမ်းစဉ်၌ ကျဆုံးရသောသူတို့အား သေကြကုန်ပြီဟု မစဉ်းစားနှင့်၊ အမှန်မှာ သူတို့ ကံကြမ္မာရှင်၏ ထံ၌ ရှင်သန် ရိကွာရလျက် ရှိကြ၏။
၁၇၀။	**فَرِحِينَ بِمَا آتَاهُمُ اللهُ مِن فَضْلِهِ وَيَسْتَبْشِرُونَ بِالَّذِينَ لَمْ يَلْحَقُواْ بِهِم مِّنْ خَلْفِهِمْ أَلاَّ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ ۞** ပရမတ်ဘုရားရှင်က အရှင်၏ သိက္ခာတော် ချီးမြှင့်ခြင်းဖြင့် သူတို့ ဝမ်းမြောက်ကြကုန်၏၊ သူတို့၏နောက်မှ သူတို့ထံ ပူးပေါင်းခြင်း မရှိသေးသောသူများ အတွက်လည်း ထိုသူတို့အား ကြောက်ရွံ့ရစေမည် မဟုတ်၊ သောကရောက်ရစေမည် မဟုတ်ကြောင်း သတင်းကောင်းရှိကုန်၏။

---

(၂၄၅) အိုဟ္ဒ စစ်ပွဲတွင် ခေါင်းဆောင်၏ အမိန့်ကို မနာခံသောကြောင့် မွတ်ဆလင်တို့ အထိနာခဲ့ရသည်ကို အချို့သော သူများက ပရမတ်ဘုရားရှင်ကို ယုံကြည်ပါလျက် အဘယ်ကြောင့် ထိခိုက်ရပါသနည်းဟု မေးကြသည်ကို ပြန်လည် တင်ပြခြင်း ဖြစ်ပေသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ဤစစ်ပွဲ မတိုင်မီ ဘဒါရ် စစ်ပွဲ၌ ရန်သူများဘက်မှ သူတို့သည် သူတို့၏ ခေါင်းဆောင်များကို မနာခံသောကြောင့် အကြီးအကျယ် အထိနာခဲ့ကြောင်း ပြန်လည် တင်ပြခြင်းဖြင့် ဖြေကြားခြင်း ဖြစ်ပေသည်။ မွတ်ဆလင် ဖြစ်စေ၊ မွတ်ဆလင် မဟုတ်သူ ဖြစ်စေ မည်သူမဆို ခေါင်းဆောင်၏ တရားမျှတသော အမိန့်ကို မလိုက်နာလျှင် ထိခိုက်ရမည်ပင်။ ထိုအချင်းအရာမှာ သူတို့၏ စရိုက်များကြောင့်သာ ဖြစ်၍ ပရမတ်ဘုရားရှင်နှင့် မဆိုင်ပေ။

(၂၄၆) သိလက္ကြောင် (မိုနာဖိက်) များက စစ်ပွဲသို့ မလိုက်လိုကြပေ၊ သူတို့က ယုံကြည်သူတို့၏ တပ်မတော် အနေဖြင့် အင်အား အလွန်ကွာလှသော ရန်သူ့တပ်အား မည်သို့မှ ခံတိုက်နိုင်မည် မဟုတ် သို့အတွက် သူတို့က ၎င်းကို တိုက်ပွဲဟု အသိအမှတ် မပြုလိုဘဲ ဟန်ရေးပြလျက် ထွက်ပြေးကြမည် တိုက်ပွဲ ဖြစ်မှာ မဟုတ်ဟု အကြောင်းပြလျက် ရှောင်နေခဲ့ပေသည်။ نَافَقُوا ရင်းမြစ် ن ف ق သုံးစွဲလှုဒါန်းသည်မှ ဆင့်ပွားခြင်း ဖြစ်၍ အကျိုးအမြတ် အတွက် ငွေကြေးလှုဒါန်း၍ ဟိုဘက် ဒီဘက်ပေါင်းထားသူ (ခရိုနီ) ဟုလည်း အဓိပ္ပါယ်ကို ဆောင်ပေသည်။

၁၇၁။	**يَسْتَبْشِرُونَ بِنِعْمَةٍ مِّنَ اللهِ وَفَضْلٍ وَأَنَّ اللهَ لاَ يُضِيعُ أَجْرَ الْمُؤْمِنِينَ۞** ပရမတ်ဘုရားရှင်၏ထံမှ ဂုဏ်ပေးမှုနှင့် သိက္ခာပေးမှုကြောင့်၊ ကောန်ပင် ပရမတ်ဘုရားရှင်သည် ယုံကြည်သူတို့၏ ဆုလဒ်အား အလဟသ ဖြစ်စေမည် မဟုတ်ကြောင်း သတင်းကောင်းရှိကုန်၏။
၁၇၂။	**الَّذِينَ اسْتَجَابُواْ لِلّهِ وَالرَّسُولِ مِن بَعْدِ مَآ أَصَابَهُمُ الْقَرْحُ لِلَّذِينَ أَحْسَنُواْ مِنْهُمْ وَاتَّقَواْ أَجْرٌ عَظِيمٌ۞** သူတို့အနက် ဒဏ်ရာဒဏ်ချက် ထိသက်ပြီးနောက်၊ ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်ထံမှ အဖြေကိုခံယူသော သူ သုမဂ်ီလာပြု စည်းစောင့်သော သူတို့အတွက် မဟာ ဆုလဒ်ကြီး ရှိ၏။
၁၇၃။	**الَّذِينَ قَالَ لَهُمُ النَّاسُ إِنَّ النَّاسَ قَدْ جَمَعُواْ لَكُمْ فَاخْشَوْهُمْ فَزَادَهُمْ إِيمَاناً وَقَالُواْ حَسْبُنَا اللهُ وَنِعْمَ الْوَكِيلُ۞** လူအများပြောသော ''သင်တို့ကို ဆန့်ကျင်ရန် လူများ စုနေကြပြီ၊ ၎င်းတို့ကို ကြောက်ရွံ့ကြလော့၊''ဟု ပြောဆိုမှုက သူတို့၏ ယုံကြည်မှုကို တိုးပွားစေလျက် ''ကျွန်ုပ်တို့အတွက် ပရမတ်ဘုရားရှင်သည် စရင်းချုပ် ဖြစ်၏၊ အရှင်သည် ဂုဏ်ရှိသော ကိုးစားထိုက်သည့် အရှင် ဖြစ်၏၊''ဟု ကြွေးကြော်ကြ၏။
၁၇၄။	**فَانقَلَبُواْ بِنِعْمَةٍ مِّنَ اللهِ وَفَضْلٍ لَّمْ يَمْسَسْهُمْ سُوءٌ وَاتَّبَعُواْ رِضْوَانَ اللهِ وَاللهُ ذُو فَضْلٍ عَظِيمٍ۞** သို့ဖြင့် သူတို့သည် ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုနှင့် သိက္ခာပေးမှုသို့ ဦးလှည့်ခဲ့၏၊ အကုသိုလ် ထိသက်မှု မရှိချေ၊ ပရမတ်ဘုရားရှင်၏ နှစ်မြို့မှုကို လိုက်နာကြ၏၊ ပရမတ်ဘုရားရှင်သည် မဟာ့မဟာ သိက္ခာပေးသော အရှင် ဖြစ်၏။
၁၇၅။	**إِنَّمَا ذَلِكُمُ الشَّيْطَانُ يُخَوِّفُ أَوْلِيَاءهُ فَلاَ تَخَافُوهُمْ وَخَافُونِ إِن كُنتُم مُّؤْمِنِينَ۞** သင်တို့ ကြောက်ရွံ့စေရန် မကောင်းဆိုးဝါးကS၇ သူ၏ မဟာမိတ်များကို လှုံ့ဆော်ခိုင်း၏၊ သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် သူတို့အား မကြောက်ရွံ့နှင့်၊ ငါအရှင်ကိုသာ ကြောက်ရွံ့ကြလော့။
၁၇၆။	**وَلاَ يَحْزُنكَ الَّذِينَ يُسَارِعُونَ فِي الْكُفْرِ إِنَّهُمْ لَن يَضُرُّواْ اللهَ شَيْئاً يُرِيدُ اللهُ أَلاَّ يَجْعَلَ لَهُمْ حَظًّا فِي الآخِرَةِ وَلَهُمْ عَذَابٌ عَظِيمٌ۞** ဖုံးကွယ်မှုဌ အလျင်လိုနေသောသူတို့ကြောင့် သင့်အား စိတ်သောက မရောက်စေရ၊ ကောန်ပင် သူတို့သည် ပရမတ်ဘုရားရှင်အား တစ်စုံတစ်ရာမျှ မနစ်နာစေနိုင်၊ ပရမတ်ဘုရားရှင်သည် သူတို့အတွက် နောင်ဘဝ၌ ကံကောင်းခြင်းကို စီစဉ်လိုသည် မရှိပေ၊ သူတို့အတွက် မဟာ ဝဋ်ကြွေးကြီး ရှိနေပြီ။
၁၇၇။	**إِنَّ الَّذِينَ اشْتَرَوُاْ الْكُفْرَ بِالإِيمَانِ لَن يَضُرُّواْ اللهَ شَيْئًا وَلهُمْ عَذَابٌ أَلِيمٌ۞** ယုံကြည်မှုကို ဖုံးကွယ်ခြင်းဖြင့် ရောင်းစားသောသူတို့သည် ပရမတ်ဘုရားရှင်အား တစ်စုံတစ်ရာ မနစ်နာစေနိုင် သူတို့ အတွက် စူးနစ်သော ဝဋ်ကြွေးသည် ရှိနေပြီ။
၁၇၈။	**وَلاَ يَحْسَبَنَّ الَّذِينَ كَفَرُواْ أَنَّمَا نُمْلِي لَهُمْ خَيْرٌ لِّأَنفُسِهِمْ إِنَّمَا نُمْلِي لَهُمْ لِيَزْدَادُواْ إِثْمًا وَلَهُمْ عَذَابٌ مُّهِينٌ۞** အချိန်ပေးထားခြင်းကို သူတို့၏ ဉာဉ်စရိုက် အတွက် ကောင်းသည်ဟု ဖုံးကွယ်သောသူတို့အား မစဉ်းစားစေနှင့်၊ သူတို့အား အချိန်ပေးထားခြင်းမှာ ပြစ်မှုများ တိုးပွားစေရန် ဖြစ်၏၊ သူတို့အတွက် နိမ့်ကျသော ဝဋ်ကြွေးသည်

(S၇) ယုံကြည်သူများက ရန်သူများကို ကြောက်ရွံ့စေရန် သတင်းဝါဒ ဖြန့်ချိသူများကို ဤနေရာ၌ မကောင်းဆိုးဝါး (ရှိုင်တွန်)ဟု သုံးပေသည်။ ကိုယ်တော်မုဟမ္မဒ်၏ လက်ထက်တော်က ဤအကြောင်းအရာအား ဝါဒဖြန့်ခဲ့သူမှာ အဘူဆွဖီယန် သို့မဟုတ် သူစေလွှတ်လိုက်သော နအီးမ် အိဗန မဆ်အုဒ် ဖြစ်သည်ဟု အစ္စလာမ်သမိုင်းတွင် တွေ့ရပေသည်။ မည်သို့ဆိုစေ ရှိုင်တွန် ဆိုသည်မှာ သရဲသဘက် နာနာဘာဝများ မဟုတ် ဆိုသည်ကို ဤသုတ်တော်က သက်သေတစ်ရပ်ပင်။ (၂း၁၄ ကိုကြည့်ပါ)။

	ရှိနေပြီ။
၁၇၉။ ☆၂၊၇၀	**مَّا كَانَ اللهُ لِيَذَرَ الْمُؤْمِنِينَ عَلَى مَآ أَنتُمْ عَلَيْهِ حَتَّىَ يَمِيزَ الْخَبِيثَ مِنَ الطَّيِّبِ وَمَا كَانَ اللهُ لِيُطْلِعَكُمْ عَلَى الْغَيْبِ وَلَكِنَّ اللهَ يَجْتَبِي مِن رُّسُلِهِ مَن يَشَاء فَآمِنُواْ بِاللهِ وَرُسُلِهِ وَإِن تُؤْمِنُواْ وَتَتَّقُواْ فَلَكُمْ أَجْرٌ عَظِيمٌ۞** ယုံကြည်သူများ – သင်တို့အား မသန့်သူများကို စင်ကြယ်သူများမှ သီးခြား ဖြစ်စေသည့်တိုင် ပရမတ်ဘုရားရှင်က ဤအတိုင်း ချန်ထားမည် မဟုတ်ချေ။ ပရမတ်ဘုရားရှင်သည် စကျွလွန်များကို ထုတ်ဖော်ပေးမည်လည်း မဟုတ်ပေ၊ သို့သော် ပရမတ်ဘုရားရှင်သည် ဉာဏ်စဉ်ဆောင်များမှ စံချိန်ပြည့်သူအား☆ ရွေးချယ်တော်မူ၏။ သို့ဖြစ်၍ ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်ဆောင်တို့အား ယုံကြည်ကြလော့၊ အကယ်၍ ယုံကြည်ကြလျှင် စည်းစောင့်ကြလျှင် သင်တို့အတွက် မဟာ ဆုလဒ်ကြီး ရှိနေ၏။
၁၈၀။	**وَلاَ يَحْسَبَنَّ الَّذِينَ يَبْخَلُونَ بِمَا آتَاهُمُ اللهُ مِن فَضْلِهِ هُوَ خَيْرًا لَّهُمْ بَلْ هُوَ شَرٌّ لَّهُمْ سَيُطَوَّقُونَ مَا بَخِلُواْ بِهِ يَوْمَ الْقِيَامَةِ وَلِلهِ مِيرَاثُ السَّمَاوَاتِ وَالأَرْضِ وَاللهُ بِمَا تَعْمَلُونَ خَبِيرٌ۞** ပရမတ်ဘုရားရှင်က အရှင်၏ သိက္ခာ ချီးမြှင့်ခြင်းကို ကပ်စီးနဲသောသူတို့အား ၎င်းသည် သူတို့အတွက် အကောင်းဟု မစဉ်းစားစေနှင့်၊[၂၄၈] အမှန်မှာ ၎င်းသည် အဆိုးသက်သက် ဖြစ်၏။ ရပ်တည်ရမည့်နေ့၌ သူတို့၏ ကပ်စီးနဲမှုသည် လည်ပင်းကို အားဖြင့်ညှစ်ခံရစေလတ္တံ့၊ မိုးမြေအပေါင်း၏ အမွေများသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှအား သတင်းရနေတော်မူ၏။
၁၈၁။	**لَّقَدْ سَمِعَ اللهُ قَوْلَ الَّذِينَ قَالُواْ إِنَّ اللهَ فَقِيرٌ وَنَحْنُ أَغْنِيَاء سَنَكْتُبُ مَا قَالُواْ وَقَتْلَهُمُ الأَنبِيَاء بِغَيْرِ حَقٍّ وَنَقُولُ ذُوقُواْ عَذَابَ الْحَرِيقِ۞** “ဧကန်ပင် ပရမတ်ဘုရားရှင်သည် ဆင်းရဲ၏ ကျွန်ုပ်တို့သာ ပြည့်စုံကြွယ်ဝပေ၏။”ဟု ဆိုသောသူတို့က ဆိုကြသည်ကို ပရမတ်ဘုရားရှင်သည် ကြားနေတော်မူ၏၊ ငါအရှင်သည် သူတို့၏ ပြောဆိုမှုများ၊ သတင်းတော်ဆောင်များအား သစ္စာမဲ့စွာ သတ်ဖြတ်မှုများကို မှတ်တမ်းတင်လျက် “လောင်ကျွမ်းရခြင်း ဝဋ်ကြွေးကို မြည်းစမ်းကြလော့၊”ဟု မိန့်တော်မူမည်ပင်။[၂၄၉]
၁၈၂။ ဝဋ်ကြွေးသည်	**ذَلِكَ بِمَا قَدَّمَتْ أَيْدِيكُمْ وَأَنَّ اللهَ لَيْسَ بِظَلاَّمٍ لِّلْعَبِيدِ۞** **ဤသည်** သင်တို့၏ စုံရပ်ခံခဲ့သော လက်ချက်များ ဖြစ်၏၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များအား အဝိဇ္ဇာသင့်စေခြင်း မရှိပေ။
၁၈၃။	**الَّذِينَ قَالُواْ إِنَّ اللهَ عَهِدَ إِلَيْنَا أَلاَّ نُؤْمِنَ لِرَسُولٍ حَتَّىَ يَأْتِيَنَا بِقُرْبَانٍ تَأْكُلُهُ النَّارُ قُلْ قَدْ جَاءكُمْ رُسُلٌ مِّن**

---

(၂၄၈) ဤသုတ်တော်သည် ပေးကမ်းလှူဒါန်းခြင်း မရှိသော လူကုံတန်များအား သွန်သင်ထားသော သုတ်တော်ပေါင်း များစွာ အနက်မှ သုတ်တော်တစ်ပါး ဖြစ်ပေသည်။ ထိုသူဌေးဆိုသူများသည် “ငါတို့က ဘုရားပေးလို့ ချမ်းသာတာ၊”ဟု ဂုဏ်ယူလေ့ရှိသော်လည်း ဘုရားဟော နည်းနာ အတိုင်း နွမ်းပါးသူများအား ဘဝထူထောင်ပေးရမည်ကို အမြဲမေ့လျော့နေကြသည်ပင်။

(၂၄၉) အများအကျိုးကို ဆောင်ရွက်ရန် အမှန်တရားလမ်းစဉ် ငွေကြေးလိုအပ်မှုများ၌ အလှူခံသောအခါ မပါဝင်လို၊ မပံ့ပိုးလိုသူများက သရော်လှောင်ပြောင်မှုကို ပုံဆောင်တင်ပြခြင်း ဖြစ်ပေသည်။ ထိုကဲ့သို့ အကြောင်းအရာများသည် ခေတ်တိုင်း ကာလတိုင်းတွင် ရှိနေမည် ဖြစ်သည်။

	قَبْلِي بِالْبَيِّنَاتِ وَبِالَّذِي قُلْتُمْ فَلِمَ قَتَلْتُمُوهُمْ إِن كُنتُمْ صَادِقِينَ۝ “မိုးစားပူဖော်ချည်းကပ်မှုကို ကျွန်ုပ်တို့အတွက် မပေးဆောင်သော မည်သည့် ဉာဏ်စဉ်ဆောင်ကိုမျှ မယုံကြည်ရ ဟု ပရမတ်ဘုရားရှင်က ကျွန်ုပ်တို့အပေါ် ပဋိညာဉ်ရှိပြီ၊”ဟု[၂၈၀] ဆိုသောသူတို့အား “သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် ကျွန်ုပ်မတိုင်မီ သင်တို့ တောင်းဆိုခဲ့ရာ– ရှင်းလင်းချက်များ ရောက်လာစေသည့် ဉာဏ်စဉ်ဆောင်များ အား အဘယ်ကြောင့် သတ်ခဲ့ကြသနည်း၊”ဟု မေးမြန်းလော့။
၁၈၄။ ☆၁၀း၅၅	**فَإِن كَذَّبُوكَ فَقَدْ كُذِّبَ رُسُلٌ مِّن قَبْلِكَ جَآؤُوا بِالْبَيِّنَاتِ وَالزُّبُرِ وَالْكِتَابِ الْمُنِيرِ۝** သင့်အား ငြင်းဆန်ကြလျှင်–သင့် ရှေ့အလျင်က ရှင်းလင်းချက်များ၊ ကျမ်းငယ်များ၊☆ တရားရောင်ဝါရှိသော ကျမ်း တော်ဖြင့် ရောက်လာခဲ့သော ဉာဏ်စဉ်ဆောင်များသည်လည်း ငြင်းဆန်ခံခဲ့ရပြီ။
၁၈၅။ ☆၂း၁၅၄	**كُلُّ نَفْسٍ ذَآئِقَةُ الْمَوْتِ وَإِنَّمَا تُوَفَّوْنَ أُجُورَكُمْ يَوْمَ الْقِيَامَةِ فَمَن زُحْزِحَ عَنِ النَّارِ وَأُدْخِلَ الْجَنَّةَ فَقَدْ فَازَ وَمَا الْحَيَاةُ الدُّنْيَا إِلاَّ مَتَاعُ الْغُرُورِ۝** ဉာဉ်စရိုက်တိုင်း နိဗ္ဗိတ်ခြင်းကို မြည်းစမ်းရမည်ပင်၊ ရပ်တည်ရသောနေ့၌☆ သင်တို့၏ ဆုလဒ်များကို ဖြည့်ဆည်း ခံရပေမည်၊ အပူမီးမှ ဖယ်ရှားခံရ၍ သုခဘုံသို့ ဝင်ရောက်ရသူသည် မုချ အောင်ပွဲခံလေပြီ၊ ဤလောကီဘဝသည် သာယာသည်ဟု မြူဆွယ်မှုမျှသာ ဖြစ်၏။
၁၈၆။	**لَتُبْلَوُنَّ فِي أَمْوَالِكُمْ وَأَنفُسِكُمْ وَلَتَسْمَعُنَّ مِنَ الَّذِينَ أُوتُواْ الْكِتَابَ مِن قَبْلِكُمْ وَمِنَ الَّذِينَ أَشْرَكُواْ أَذًى كَثِيرًا وَإِن تَصْبِرُواْ وَتَتَّقُواْ فَإِنَّ ذَلِكَ مِنْ عَزْمِ الأُمُورِ۝** သင်တို့၏ ဥစ္စာပစ္စည်းများ ဉာဉ်စရိုက်များ၌ စုံးစမ်းခြင်းကို ခံရပေမည်၊ သင်တို့၏ ရှေ့အလျင် ကျမ်းပေးခံရသော သူများနှင့် ရောပြွန်းကိုးကွယ်သောသူများ၏ ထံမှ စိတ်ဒဏ်ရာဖြစ်စရာ များစွာကို ကြားရပေမည်၊ သည်းခံကြလျှင်၊ စည်းစောင့်ကြလျှင် ၎င်းသည်ပင် ညွှန်ကြားချက်များအား ဆုံးဖြတ်နည်း ဖြစ်၏။
၁၈၇။ ပေးခဲ့သည့် ကတိ ☆ နည်း	**وَإِذْ أَخَذَ اللّهُ مِيثَاقَ الَّذِينَ أُوتُواْ الْكِتَابَ لَتُبَيِّنُنَّهُ لِلنَّاسِ وَلاَ تَكْتُمُونَهُ فَنَبَذُوهُ وَرَاء ظُهُورِهِمْ وَاشْتَرَوْاْ بِهِ ثَمَناً قَلِيلاً فَبِئْسَ مَا يَشْتَرُونَ۝** ပရမတ်ဘုရားရှင်သည် ကျမ်းပေးခံရသောသူများထံမှ “သင်တို့သည် **ၶင်း**ကို လူသားတို့အတွက် ရှင်းလင်းတင်ပြ ရမည်၊ **ၶင်း**ကို ထိန်ဝှက်မထားရ”ဟု ပဋိညာဉ်ကို ယူခဲ့၏၊ သို့သော် သူတို့သည် ကျောခိုင်း ကွယ်ကာ စွန့်ပစ်ကြ၏၊ မင်္ဂလာ မရှိဆုံး ရောင်းစားမှု ဖြစ်သည့် တန်ဘိုး**ချ**☆ ရောင်းစားကြ၏။
၁၈၈။	**لاَ تَحْسَبَنَّ الَّذِينَ يَفْرَحُونَ بِمَا أَتَواْ وَّيُحِبُّونَ أَن يُحْمَدُواْ بِمَا لَمْ يَفْعَلُواْ فَلاَ تَحْسَبَنَّهُمْ بِمَفَازَةٍ مِّنَ الْعَذَابِ وَلَهُمْ عَذَابٌ أَلِيمٌ۝** မစဉ်းစားနှင့်၊ ဝမ်းမြောက်ဝမ်းသာ အသားယူတတ်သော၊ မပြုလုပ်သည်ကို ချီးကျူးခံရန် နှစ်သက်သော ထိုသူတို့ သည် ဝဋ်ကြွေးမှ အောင်ပွဲခံနေပြီဟု အလျဉ်း စိတ်ကူးမယဉ်စေနှင့်၊ သူတို့အတွက် ရူးနစ်သော ဝဋ်ကြွေး ရှိနေ၏။

---

(၂၅၀) **بِمَفَازَةٍ مِّنَ الْعَذَابِ** ၏ လုံးကောက် အဓိပ္ပါယ်မှာ “မီး စားသော အလှူဝတ္ထု ဟု ဖြစ်သည်။” ကိုယ်တော်မုဟမ္မဒ်သည် ဂျူးလူမျိုးများအတွက် ကိုယ်တော်မူဆာ (၂း၅၁) ကဲ့သို့ဖြစ်သည်ဟု (၂း၁၂၉) ကြေငြာသောအခါ– ဂျူးလူမျိုးများက သူတို့၏ ဓလေ့ မီးယဇ်ပူဇော်မှု (တရားဟောရာကျမ်း– ၃၃း၁၀)– မောရှေကလည်း ထိုအမှုကို ခွင့်ပြုခဲ့သည့် (ဝတ်ပြုရာကျမ်း ၉း၄–၈)ကို စွဲကိုင်လျက် ကိုယ်တော်မုဟမ္မဒ်သည် ကိုယ်တော်မူဆာကဲ့သို့ ဖြစ်လျှင် သူတို့အား မီးယဇ်ပူဇော်မှုကို ခွင့်ပြု အားပေးမည်၊ ယခုမူ သူတို့၏ မီးယဇ် ပူဇော်မူအား အစွန်လာမ်သာသနာက တားမြစ်လိုက်ခြင်းကြောင့် ကိုယ်တော်မုဟမ္မဒ်အား အပြစ်ဆိုကြခြင်းကို ဖေါ်ပြခြင်း ဖြစ်ပေသည်။ အစွန်လာမ် သာသနာသည် သတ္တဝါများအား သတ်ဖြတ်၍ ယဇ်ပူဇော်ခြင်းကို လုံးဝခွင့်မပြုပေ။ ကုရ်ဘာနီ ပြုလုပ်ခြင်းမှာ ယဇ်ပူဇော်ခြင်း မဟုတ်ပေ (၂၂း၃၇ တွင်ကြည့်ပါ။)

၁၈၉။	**وَلِلَّهِ مُلْكُ السَّمَاوَاتِ وَالأَرْضِ وَاللّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ۞** ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ အချုပ်အခြာ အရှင်သခင် ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန် ချမှတ်တော်မူ၏။
၁၉၀။	**إِنَّ فِي خَلْقِ السَّمَاوَاتِ وَالأَرْضِ وَاخْتِلاَفِ اللَّيْلِ وَالنَّهَارِ لآيَاتٍ لِّأُوْلِي الأَلْبَابِ۞** မိုးများနှင့် မြေကမ္ဘာအား ဖြစ်တည်စေခြင်း၊ နေ့နှင့်ညကို အလှည့်ကျဖြစ်စေခြင်း၌ သဘောပေါက်နိုင်စွမ်း ရှိသူတို့အဘို့ သုတ်ဒေသနာများ ရှိနေ၏။
၁၉၁။ ပါရမီရှင်များသည် ☆ အကြောင်းခံ	**الَّذِينَ يَذْكُرُونَ اللّهَ قِيَامًا وَقُعُودًا وَعَلَى جُنُوبِهِمْ وَيَتَفَكَّرُونَ فِي خَلْقِ السَّمَاوَاتِ وَالأَرْضِ رَبَّنَا مَا خَلَقْتَ هَذا بَاطِلاً سُبْحَانَكَ فَقِنَا عَذَابَ النَّارِ۞** **သူတို့သည်** ပရမတ်ဘုရားရှင်အား ရပ်လျက်၊ ထိုင်လျက်၊ နံဘေးများပေါ်လဲလျက် သတိရရှုမှတ်ကြ၏၊ မိုးများနှင့် မြေကမ္ဘာအား ဖြစ်တည်စေခြင်း၌ သုံးသပ်ကြလျက် ''အို– ကံကြမ္မာရှင် အရှင်သည် ဤအရာအား မှားယွင်းစွာ☆ ဖြစ်တည်စေသည် မဟုတ်ပေ၊ အရှင့်အား ဦးထိပ်ထားပါ၏၊ တပည့်တော်တို့အား အပူမီး ဝဠုံကြွေးမှကာကွယ်တော်မူပါ။
၁၉၂။	**رَبَّنَا إِنَّكَ مَن تُدْخِلِ النَّارَ فَقَدْ أَخْزَيْتَهُ وَمَا لِلظَّالِمِينَ مِنْ أَنصَارٍ۞** အို– ကံကြမ္မာရှင် အရှင်က အပူမီးထဲသို့ ဝင်စေသောသူသည် အရှက်ကွဲရသူ ဖြစ်၏၊ အမိုက်ကောင်များ အတွက် ကူညီမည့်သူ မရှိချေ။–
၁၉၃။	**رَّبَّنَا إِنَّنَا سَمِعْنَا مُنَادِيًا يُنَادِي لِلإِيمَانِ أَنْ آمِنُواْ بِرَبِّكُمْ فَآمَنَّا رَبَّنَا فَاغْفِرْ لَنَا ذُنُوبَنَا وَكَفِّرْ عَنَّا سَيِّئَاتِنَا وَتَوَفَّنَا مَعَ الأَبْرَارِ۞** အို– ကံကြမ္မာရှင် တပည့်တော်တို့သည် ''သင်တို့၏ ကံကြမ္မာရှင်အား ယုံကြည်ကြလော့၊''ဟု ယုံကြည်မှုဆီသို့ ဖိတ် ခေါ်သော ဖိတ်ခေါ်သူအား ကြားနာလျက်၊ ယုံကြည်ခဲ့ပါပြီ၊ ''အို ကံကြမ္မာရှင် တပည့်တော်တို့၏ အပြစ်များကို လွှတ်ငြိမ်းစေတော်မူပါ၊ အကုသိုလ်များကို ဖုံးကွယ်ပေးတော်မူပါ၊ ကောင်းမှုပြုသူများနှင့်အတူ သက်တမ်းကုန်စေတော်မူပါ၊
၁၉၄။	**رَبَّنَا وَآتِنَا مَا وَعَدتَّنَا عَلَى رُسُلِكَ وَلاَ تُخْزِنَا يَوْمَ الْقِيَامَةِ إِنَّكَ لاَ تُخْلِفُ الْمِيعَادَ۞** အို– ကံကြမ္မာရှင်–အရှင်၏ ဉာဏ်စဉ်ဆောင်များမှ တဆင့် ကတိတော်ထားသည်ကို တပည့်တော်တို့အား ပေးတော် မူပါ၊ ရပ်တည်ရသော နေ့၌ တပည့်တော်တို့အား အရှက်မကွဲစေပါနှင့်၊ ဇကန်ပင် အရှင်သည် ကတိတော်အား ပေါ်ပျက်စေခြင်း မရှိချေ၊''ဟူသော–
၁၉၅။	**فَاسْتَجَابَ لَهُمْ رَبُّهُمْ أَنِّي لاَ أُضِيعُ عَمَلَ عَامِلٍ مِّنكُم مِّن ذَكَرٍ أَوْ أُنثَى بَعْضُكُم مِّن بَعْضٍ فَالَّذِينَ هَاجَرُواْ وَأُخْرِجُواْ مِن دِيَارِهِمْ وَأُوذُواْ فِي سَبِيلِي وَقَاتَلُواْ وَقُتِلُواْ لأُكَفِّرَنَّ عَنْهُمْ سَيِّئَاتِهِمْ وَلأُدْخِلَنَّهُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ ثَوَابًا مِّن عِندِ اللّهِ وَاللّهُ عِندَهُ حُسْنُ الثَّوَابِ۞** သူတို့၏ ရင့်ကျူးမှုအား ကံကြမ္မာရှင်က တုန့်ပြန်တော်မူ၏၊ ငါအရှင်သည် သင်တို့အနက် ကျင့်ကြံသူ၏ ကျင့်ကြံမှုကို အလဟသ မဖြစ်စေပေ၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ သင်တို့မှ အချို့သည် အချို့ကို မှီတည်နေ၏၊ သူတို့သည် ပြောင်းရွှေ့ခဲ့ရ၏၊ အိမ်များမှ နှင်ထုတ်ခံရ၏၊ ငါ၏ လမ်းစဉ်တော်၌ ထိခိုက်ခဲ့ရ၏၊ ခုခံတိုက်ခဲ့ရ၏၊ ကျဆုံးခဲ့ရ၏၊ သူတို့၏ အကုသိုလ်မှုများကို ဖုံးကွယ်ပစ်တော်မူလတ္တံ့၊ အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော သုခဘုံများသို့ ဝင်ရောက်စေတော်မူလတ္တံ့၊ ပရမတ်ဘုရားရှင်၏ထံမှ အကျိုးထူးပင် ဖြစ်၏၊ ပရမတ်ဘုရားရှင် အရှင်၏ ထံတော်၌ အတင့်တယ်ဆုံးသော အကျိုးထူးသည် ရှိနေ၏။

၁၉၆။	**لاَ يَغُرَّنَّكَ تَقَلُّبُ الَّذِينَ كَفَرُواْ فِي الْبِلاَدِ۞** မြို့ပြများ၌ ဖုံးကွယ်သောသူတို့၏ ဦးတည်လှုပ်ရှားမှုက သင့်အား မမြူဆွယ်စေနှင့်–
၁၉၇။	**مَتَاعٌ قَلِيلٌ ثُمَّ مَأْوَاهُمْ جَهَنَّمُ وَبِئْسَ الْمِهَادُ۞** အနည်းငယ်မျှ သာယာနေစေလော့။ ထို့နောက် သူတို့၏ ခိုလှုံရာမှာ အမင်္ဂလာ ညိမ့်ညောင်းရာ ငရဲပြည်ပင် ဖြစ်၏၊
၁၉၈။	**لَكِنِ الَّذِينَ اتَّقَوْاْ رَبَّهُمْ لَهُمْ جَنَّاتٌ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا نُزُلاً مِّنْ عِندِ اللهِ وَمَا عِندَ اللهِ خَيْرٌ لِّلأَبْرَارِ۞** သို့ရာတွင် ကံကြမ္မာရှင်၌ စည်းစောင့်သောသူ၊ ထိုသူတို့အတွက် အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော သုခဘုံများ ရှိ၏၊ ထို၌ အစဉ်စံစားစေခြင်း အဆင့်ဆင့်မှာ ပရမတ်ဘုရားရှင်၏ထံမှ ဖြစ်၍၊ ကောင်းမှုပြုသူများ အဘို့ အကောင်းဆုံးသည် ပရမတ်ဘုရားရှင်၏ ထံ၌ ရှိ၏။
၁၉၉။ နည်း	**وَإِنَّ مِنْ أَهْلِ الْكِتَابِ لَمَن يُؤْمِنُ بِاللهِ وَمَا أُنزِلَ إِلَيْكُمْ وَمَآ أُنزِلَ إِلَيْهِمْ خَاشِعِينَ لِلهِ لاَ يَشْتَرُونَ بِآيَاتِ اللهِ ثَمَنًا قَلِيلاً أُوْلَئِكَ لَهُمْ أَجْرُهُمْ عِندَ رَبِّهِمْ إِنَّ اللهَ سَرِيعُ الْحِسَابِ۞** ဇကန်ပင် ကျမ်းစာဝိုင်းသားများ၌ ပရမတ်ဘုရားရှင်အား လည်းကောင်း၊ သင်တို့ထံ၌ ချမှတ်ပေးရာ၊ သူတို့ထံ၌ ချမှတ်ပေးရာများကို ယုံကြည်ကြလျက် ပရမတ်ဘုရားရှင်အား ကျိုးငဲ့ကြ၍၊ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို တန်ဘိုး**ချ** ရောင်းချခြင်းလည်း မရှိ– သူတို့အတွက် ဆုလဒ်မှာ သူတို့၏ ကံကြမ္မာရှင် ထံ၌ ရှိ၍၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် အချိန်နှင့်တပြေးညီ စာရင်းစစ်နေတော်မူ၏။
၂၀၀။	**يَا أَيُّهَا الَّذِينَ آمَنُواْ اصْبِرُواْ وَصَابِرُواْ وَرَابِطُواْ وَاتَّقُواْ اللهَ لَعَلَّكُمْ تُفْلِحُونَ۞** အို– ယုံကြည်သောသူတို့ သည်းခံကြလော့၊ ခံနိုင်ရည်ရှိကြလော့၊ တက်တက်ကြွကြွရှိကြလော့၊ အောင်မြင်ပေါက်မြောက်အံ့ငှာ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့။

ဓမ္မခန္ဓာ (၄) "ထိုအမျိုးသမီးများ" (အာလ်န် နိဆားအိ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၉၂)၊ သုတ်ဒေသနာ (၁၇ဖ)ပါး

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။ ☆၂၊၂၀	**يَا أَيُّهَا النَّاسُ اتَّقُواْ رَبَّكُمُ الَّذِي خَلَقَكُم مِّن نَّفْسٍ وَاحِدَةٍ وَخَلَقَ مِنْهَا زَوْجَهَا وَبَثَّ مِنْهُمَا رِجَالاً كَثِيرًا وَنِسَاء وَاتَّقُواْ اللهَ الَّذِي تَسَاءلُونَ بِهِ وَالأَرْحَامَ إِنَّ اللهَ كَانَ عَلَيْكُمْ رَقِيبًا۞** အို– လူသားတို့၊ သင်တို့၏ ကံကြမ္မာရှင်အား စည်းစောင့်ကြလော့၊ အရှင်သည် သင်တို့အား ဉာဉ်စရိုက် တစ်မျိုးထဲမှ ဖြစ်တည်စေ၏၊ ထိုမှ ၎င်း၏ စုဖွဲ့ဖော်ကို☆ ဖြစ်တည်စေ၏၊ ထို့နောက် ယောကျ်ား မိန်းမ များစွာကို ပြန့်ပွားစေ၏။၂၀ ပရမတ်ဘုရားရှင်နှင့် သင်တို့အား အချင်းချင်း တောင်းဆိုခွင့်ပေးသော မွေးရာပါ အခွင့်အရေးကို။၂၁ စည်းစောင့်ကြလော့၊ ဇနပဒ ပရမတ်ဘုရားရှင်သည် သင်တို့အား စောင့်ကြည့်နေသော အရှင် ဖြစ်၏။
၂။ ၁၇း၃၄	**وَآتُواْ الْيَتَامَى أَمْوَالَهُمْ وَلاَ تَتَبَدَّلُواْ الْخَبِيثَ بِالطَّيِّبِ وَلاَ تَأْكُلُواْ أَمْوَالَهُمْ إِلَى أَمْوَالِكُمْ إِنَّهُ كَانَ حُوبًا كَبِيرًا۞** မိဘမဲ့တို့အား သူတို့၏ ဥစ္စာပစ္စည်းများကို ပေးအပ်ကြလော့၊ စင်ကြယ်ရာကို မသန့်ရာဖြင့် လဲမထားကြနှင့်၊ သူတို့၏ ဥစ္စာပစ္စည်းများကို သင်တို့၏ ဥစ္စာပစ္စည်းထဲသို့ ထည့်လျက် မစားသုံးကြနှင့်၊ ၎င်းသည် ကြီးမားသော ပြစ်မှုဒုစရိုက် ဖြစ်၏။။၂၃

---

(၂၅၁) ဤသုတ်တော်သည် လူသားအပေါင်း ဖြစ်တည်မှုနှင့် လူ့မျိုးနွယ် ဆိုသည်ကို အလွန် ရှင်းလင်းထင်ရှားစွာ သွန်သင်သော သုတ်တော် တစ်ပါး ဖြစ်သည်။ လူသားဟူသည် လူသားမျိုးနွယ်မှ ဖြစ်တည်လာပေသည်၊ ဝက်၊ နွား၊ မျောက်၊ ဆိတ် မျိုးနွယ်များမှ ဘဝပြောင်း ဖြစ်တည်လာခြင်း မဟုတ်ပေ၊ ၎င်းကို ငို့ကာချဲ့ခြင်းဖြင့်– လူသားတို့သည် အာဒံတည်း ဟူသော လူ တစ်ဦးထဲမှ ဖြစ်လာသည်၊ "ထိုအာဒံမှပင် သူ၏ဖနီး ဇဝကို ဆင့်ပွား ဖြစ်တည်ပေးသည်၊ ထိုဖနီးမောင်နှံ နှစ်ဦးထဲမှ ကမ္ဘာ့ လူသားအပေါင်း ဖြစ်လာရသည်ဟု တင်ပြခြင်းကို၊" ကျမ်းတော်က လုံးဝ လက်မခံပေ (၂၃၁)။ ဤသုတ်တော်ပါ **خَلَقَكُم مِّن نَّفْسٍ وَاحِدَةٍ** ဉာဉ်စရိုက် တမျိုးတည်းမှ (ရှေးသုံးအရ အသက်ဝိဉာဉ် တစ်ခုတည်းမှ) ဆိုသည်မှာ အာဒံအား ရည်ညွှန်းခြင်း လုံးဝ မဟုတ်ချေ။ ဖြူဖြူမွဲမဲ ရှည်ရှည် ပုပု ကျားမ မဟူ လူ ဟူသည်မှာ လူပင် ဖြစ်သည် ဆိုသည့် အမျိုးအစား တစ်ခု တည်းကိုသာ ရည်ညွှန်းခြင်း ဖြစ်ပေသည်။ ထိုမှ စုဖွဲ့ဖော်ကို ဖြစ်တည်ပေးသည် ဆိုခြင်းမှာလည်း အာဒံမှ နံရိုးကို ယူကာ ဇဝကို ဖန်ဆင်းပေးသည်ဟု ပြောခြင်း လုံးဝ မဟုတ်ပေ။ လူသည် လူနှင့်ပင် အိမ်ထောင်ပြုရမည် ဆိုသည့် လောကဓမ္မကို တင်ပြခြင်း ဖြစ်သည်။ ၎င်းကို ၁၆း၇၂ တွင် "သင်တို့၏ စုဖွဲ့ဖော်များကို သင်တို့မှပင် ဖြစ်တည်ပေးသည်၊"ဟု ရှင်းရှင်း လင်းလင်း ပြောထားပေသည်။ ထို့ကြောင့် ကျမ်းတော်တွင် မဖော်ပြသော မစပ်မဟပ် သည့် အယူများကို ကျမ်းတော်အတွင်းသို့ အစာသွပ်ခြင်းမှ လုံးဝ ရှောင်ကြဉ်သင့်ပေသည်။

(၂၅၂) **الأَرْحَامَ အာရ်ဟာမ** ဆိုသည်မှာ မေတ္တာ ကရုဏာဟု အနက်ပေးသော **ရဟာမ** မှ ဆင့်ပွားခြင်း ဖြစ်၍ မိခင်တို့၏ သားအိမ် (ဝမ်းကြောတိုက်) ဟု အနက်ကို ပေးပေသည်။ ၎င်းသည် လူသားတို့၏ မွေးဖွားရာ ပင်မမူလနှင့် မွေးရာပါ လက္ခဏာကို ရည်ညွှန်းပေသည်။ ဤသုတ်တော်တွင် လူသားများသည် မိမိတို့၏ ဆက်နွယ်သော အခွင့်ရေးကို တောင်းဆိုနိုင်သည် ဟူသည့် **تَسَاءلُونَ တဆားအလူးန** ကို ဖော်ပြထားသောကြောင့် **အာရ်ဟာမ** ကို **မွေးရာပါ အခွင့်အရေး** ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။

(၂၅၃) ကျမ်းတော်တွင် မိဘမဲ့ ကလေးများနှင့် ပတ်သက်၍ မကြာခဏ တင်ပြပေသည်။ အစွယ်လာမ် သာသနာသည် လူ့အကျိုးပြု အယူအဆသစ် များကို ခေတ်နှင့် အပ်စပ်ကိုက်ညီစွာ ဖေါ်ဆောင်နိုင်ရန် ဥပမာ အမျိုးမျိုးဖြင့် တင်ပြသော သာသနာ ဖြစ်၍ မိရိုးဖလာ အစွဲရှိသူများနှင့် အတိုက်အခံ အမြဲ ရှိနေမည်ပင်၊ သဘောထား တင်းမာသော အာဏာပိုင်များက သူတို့၏ သြဇာအာဏာကို ထိခိုက်မည် စိုးရိမ်သောကြောင့် အတိုက်အခံများ

၃။ ☆ ၂၄း၃၃	**وَإِنْ خِفْتُمْ أَلاَّ تُقْسِطُواْ فِي الْيَتَامَى فَانكِحُواْ مَا طَابَ لَكُم مِّنَ النِّسَاء مَثْنَى وَثُلاَثَ وَرُبَاعَ فَإِنْ خِفْتُمْ أَلاَّ تَعْدِلُواْ فَوَاحِدَةً أَوْ مَا مَلَكَتْ أَيْمَانُكُمْ ذَلِكَ أَدْنَى أَلاَّ تَعُولُواْ۞** သင်တို့သည် မိဘမဲ့များနှင့် ပတ်သက်၍ မျှတနိုင်မည် မဟုတ်ဟု စိုးရိမ်မိလျှင် သင်တို့အတွက် ကြည်ဖြူသော အမျိုးသမီးများမှ နှစ်ဦးဖြစ်စေ၊ သုံးဦးဖြစ်စေ၊ လေးဦးဖြစ်စေ သိမ်းဆည်းကြကုန်လော့၊ သို့သော် တန်းတူထားနိုင်မည် မဟုတ်ဟု ကြောက်ရွံ့မိလျှင် တစ်ဦးတည်း သို့မဟုတ် သင်တို့၏ လက်အောက် ဩဇာခံသာ☆ ဖြစ်ရမည်၊ ဤသည် မဟာဖို၀ါဒ မဖြစ်ရန် ပိုမိုနီးစပ်၏။[၂၅၇]
၄။ နား မ လည်သူ	**وَآتُواْ النِّسَاء صَدُقَاتِهِنَّ نِحْلَةً فَإِن طِبْنَ لَكُمْ عَن شَيْءٍ مِّنْهُ نَفْسًا فَكُلُوهُ هَنِيئًا مَّرِيئًا۞** အမျိုးသမီးများအား ထိုက်တန်သော လက်ဆောင်ပဏ္ဏာ ပေးအပ်ကြလော့၊ သို့သော် သူမတို့စိတ်ဖြင့် ၎င်းမှ သင်တို့အား တစ်စုံတစ်ရာ ကြည်ဖြူလျှင် ကျေကျေနပ်နပ် နှစ်ဦးတူ စားသုံးနိုင်၏။
၅။ နား မ လည်သူ	**وَلاَ تُؤْتُواْ السُّفَهَاء أَمْوَالَكُمُ الَّتِي جَعَلَ اللّهُ لَكُمْ قِيَاماً وَارْزُقُوهُمْ فِيهَا وَاكْسُوهُمْ وَقُولُواْ لَهُمْ قَوْلاً مَّعْرُوفًا۞** ပရမတ်ဘုရားရှင်က သင်တို့အား ရပ်တည်နိုင်ရန် စီစဉ်ပေးသော ဥစ္စာပစ္စည်းများကို **တုံးအသူ**တို့အား မပေးအပ်ကြနှင့်၊ ၎င်းမှ သူတို့အား ရိက္ခာထောက်လော့၊ ဆင်ယင်ပေးလော့၊ သူတို့အား အသိအမှတ်ပြု စကား ပြောဆိုကြလော့။

ကို မတရား ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ သတ်ပစ်ခြင်းများ ကြုံရနိုင်ပေသည်။ ထိုအခါ ကျန်ရစ်သော သားသမီးများမှာ မိဘမဲ့များ ဖြစ်ကြရပြီး လူပုံအလယ်၌ မျက်နှာငယ်ရခြင်း၊ သို့မဟုတ် လုပ်ငန်း ဖက်စပ်လုပ်သူများက မတော်လောဘ တက်လျက် သေဆုံး(ထောင်ကျ) သွားသော မိဘတို့၏ အစုရှယ်ရာများအား စာရင်းဖျောက်ကာ ကျန်ရစ်သော သားသမီးများကို ပြန်မပေးခြင်းများ ဖြစ်နိုင်ပေသည်။ ထိုသို့ မတော်မတရားလုပ်မှုကို အစွလာမ် သာသနာက ပြတ်ပြတ်သားသား ပိတ်ပင်ထားပေသည်။

(၂၅၄) ကျမ်းတော်၏ ဆိုလိုချက်အား စနစ်တကျ လေ့လာသုံးသပ်မှ မရှိဘဲလျက် **နေကာဟ် ၁၄း** ဟူသော စကားလုံးကို **ထိမ်းမြား လက်ထပ်သည်** ဟု အလွယ်တကူပင် ဘာသာပြန်ဆို လိုက်သောကြောင့်၊ အစွလာမ်ဘာသာသည် မိန်းမအများ ယူနိုင်သော ဥပဒေကို ပြန်ဌာန်းထားသည်ဟု နားလည်းမှု လွဲမှားနေကြပေသည်။ အမှန်တကယ်တွင် ဤသုတ်တော်ပါ **နေကာဟ်** ဟူသည့် စကားလုံးအား ထိမ်းမြားလက်ထပ်သည်ဟု ဘာသာပြန်ယူ၍ မရပေ။ အဘယ်ကြောင့်ဆိုသော် **၀အင်းခိဖ်တွမ် ဝၤ့ ခိဒ်ဒ်ဝ် သင်တို့သည်---- စိုးရိမ်မိလျှင်၊** ဟူသော စကားမှ **သင်တို့သည်** ဆိုသည်မှာ **မိန်းမ**ရော **ယောကျ်ား** ကိုပါ ရည်ညွှန်းသည်။ အလားတူ သုံးနှုံးမှုကို ၂း၂၃၉၊ ၄း၃၅၊ ၄း၁၀၁၊ ၉း၂၈ တွင် တွေ့ရပြီး နေရာတိုင်းတွင် **မိန်းမ**ရော **ယောကျ်ား** ကိုပါ ပြောထားပေသည်။ ထို့ကြောင့် **၀အင်းခိဖ်တွမ်** ကို ဤသုတ်တော် တစ်ပါးတည်းတွင်သာ **ယောကျ်ားများ** ဟု ဘာသာပြန်ခြင်းမှာ လုံး၀သင့်လျော်မှု မရှိပေ။

တဖန် **နေကာဟ်** ဆိုသည်ကို မိရိုးဖလာအတိုင်း **ကာမ ဆက်ဆံမှုကို အခြေခံ၍ အိမ်ထောင်မှုပြုသည်၊** ဟု နားလည်ထားမှုမှာလည်း ရာနှုန်းပြည့် မမှန်ကန်ပေ။ **နေကာဟ်** ပြုထားလျက် ကာမမှု မပြုသည် များလည်း ရှိနေသည်ကို ၂း၂၃၆ မှ **သင်တို့ မထိယှက်ရသေးသော မိန်းမတို့အား ကွာရှင်းသောအခါ၊** ဆိုသည်နှင့်၊ ၄း၂၃ **သင်တို့ မ၀င်ရသေးသော မိန်းမများ** ဆိုသည်က ခိုင်မြဲစွာ ထောက်ပြလျက် ရှိသည်။ ၂း၂၃၆ နှင့် ၄း၂၃ တွင် ဖေါ်ပြသော အမျိုးသမီးများသည် **နေကာဟ်** ပြုပြီးဖြစ်၍ ကာမစပ်ယှက်မှု မရှိသော အမျိုးသမီးများ ဖြစ်ပြီး၊ အတူတကွ စုစည်းနေထိုင်သော အခြေအနေကိုသာ ဖေါ်ညွှန်းပေသည်။ **နေကာဟ်**ပြုပြီးနောက် **စားဝတ်နေရေးကို တာ၀န်မယူဘဲ ပစ်ပါယ်ထား၍လည်း မရချေ။** ထို့အပြင် **နေကာဟ်** ၏ ဆန့်ကျင်ဘက်မှာ **တွလာ့က်** ခေါ် **ကွာရှင်းပြတ်စဲခြင်း** ဖြစ်သည်၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ လူတစ်ဦး၊ လူတစ်စုက အတူနေထိုင်သော လူ့အသင်း အဖွဲ့အစား လမ်းခွဲသွားခြင်းကို သုံးသည် (၄း၁၅)။ ကာမပေါင်းသင်း ဆက်ဆံခြင်းနှင့် မသက်ဆိုင်ပေ။ ထို့ကြောင့် **နေကာဟ်** ဆိုသည်မှာ **လိင်ဆက်ဆံခြင်းကို အခြေမခံသော အတူတကွ နေထိုင်မှု** ကိုလည်း ဆိုလိုကြောင်း ထင်ရှားပေသည်။ အကယ်၍ ဤအာယတ်တော်မှ **နေကာဟ်**ကို **ထိမ်းမြားလက်ထပ်သည်**ဟု ပြန်ဆိုလျှင် **သင်တို့သည် စိုးရိမ်ကြောက်ရွံ့ခဲ့သော်** ဆိုသော စကားမှ **သင်တို့** ဆိုသည်မှာ ယောကျ်ား တစ်မျိုးတည်းကိုသာ ရည်ညွှန်းသလို ဖြစ်နေ၍ အမျိုးသမီးများ အနေဖြင့် မိဘမဲ့ သူငယ်များ အတွက် စိုးရိမ်ပူပန်ခွင့် မရှိ၊ သနားကြင်နာခွင့် မရှိ သကဲ့သို့ ဖြစ်နေပေသည်၊ ထိုကဲ့သို့ တဖက်စောင်းနင်း ခွဲခြားမှုများကို ကျမ်းမြတ်ကုရ်အာန်က ပညတ်ခြင်း မရှိချေ။ အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ မိဘမဲ့တို့အား သနားပိုင်ခွင့် စာနာပိုင်ခွင့် ရှိပေသည်။ ထိုမိဘမဲ့များမှ မိန်းကလေးများကို သူတို့၏ အနာဂါတ် စားဝတ်နေရေး ပညာရေး အကာအကွယ် ပေးရန် ဖြည့်ဆည်းနိုင်စွမ်းရှိသော အမျိုးသား အမျိုးသမီး မည်သူမဆို ခေါ်ယူ **သိမ်းဆည်း** မွေးစားပိုင်ခွင့် ရှိပေသည်။ ဤပညတ်သည် မိဘမဲ့ ယောကျ်ားလေးများကို မမွေးစားရဟုလည်း မဆိုချေ၊ မိန်းကလေးနှင့် ယောကျ်ားလေးများ၏ ဘ၀လုံခြုံမှု အခြေအနေမှာ တူညီခြင်း မရှိချေ၊ ယောကျ်ားလေးများကို အခြားနည်းလမ်းများဖြင့် ကြည့်ရှုနိုင်ပေသည် မိဘမဲ့ (ယောကျ်ား၊ မိန်းမ) များကို သားသမီး အရင်းကဲ့သို့ သဘောထားရန် သွန်သင်ချက်ပေါင်း များစွာရှိနေသည်။(၂၄း၃၃ တွင် ကြည့်ပါ)။ ဤသုတ်တော်မှ ရင်းမြစ် **ل و ع** မှ ဆင့်ပွားသော **تَعُولُواْ** သည် ကျမ်းတော်တွင် ဤတစ်ကြိမ်သာ ပါ၀င်၍ သင်တို့ (ယောကျ်ားများ) ဖိနှိပ်ထားသည်ဟု အဓိပ္ပါယ်ပေးသောကြောင့် ဤဘာသာပြန်တွင် **မဟာဖို၀ါဒ** ဟု ဘာသာပြန်ထားပါသည်။

၆။ ☆ငးဍ ၨဂူးၨဍ ဖးၨ၅၂ သူတို့၏ အမွေ	**وَابْتَلُواْ الْيَتَامَى حَتَّىَ إِذَا بَلَغُواْ النِّكَاحَ فَإِنْ آنَسْتُم مِّنْهُمْ رُشْدًا فَادْفَعُواْ إِلَيْهِمْ أَمْوَالَهُمْ وَلاَ تَأْكُلُوهَا إِسْرَافًا وَبِدَارًا أَن يَكْبَرُواْ وَمَن كَانَ غَنِيًّا فَلْيَسْتَعْفِفْ وَمَن كَانَ فَقِيرًا فَلْيَأْكُلْ بِالْمَعْرُوفِ فَإِذَا دَفَعْتُمْ إِلَيْهِمْ أَمْوَالَهُمْ فَأَشْهِدُواْ عَلَيْهِمْ وَكَفَى بِاللّهِ حَسِيبًا۞** မိဘမဲ့တို့အား စီစစ်လျက် သူတို့သည် ဖြောင့်မတ်တည်ငြိမ်စွာ သိမ်းဆည်းနိုင်သည့် အရွယ်ရောက်သည်ထိ သူတို့၏ ဥစ္စာပစ္စည်းများကို စောင့်ရှောက်ပေးကြလော့၊ သူတို့ ကြီးပြင်းလာမည်ဟု **ၚင်းတို့အား** အလွဲသုံးစား မစားသုံးကြနှင့်၊ ပြည်စုံသူသည် **ၚင်းကို** ရှောင်ကြဉ်ရမည်၊ ဆင်းရဲသူသည် အသိအမှတ်ပြုသလောက် စားသုံးနိုင်၏၊ သူတို့၏ ဥစ္စာပစ္စည်းများကို သူတို့အား စောင့်ရှောက်ပေးစဉ် သူတို့နှင့်အတူ သက်သေများထားကြလော့၊ ပရမတ်ဘုရားရှင်သည် စရင်းစစ် အဖြစ် လုံလောက်တော်မူ၏။
၇။	**لِّلرِّجَالِ نَصِيبٌ مِّمَّا تَرَكَ الْوَالِدَانِ وَالأَقْرَبُونَ وَلِلنِّسَاء نَصِيبٌ مِّمَّا تَرَكَ الْوَالِدَانِ وَالأَقْرَبُونَ مِمَّا قَلَّ مِنْهُ أَوْ كَثُرَ نَصِيبًا مَّفْرُوضًا۞** ယောကျ်ားများ အတွက် မွေးမိဘများနှင့် ဆွေမျိုးနီးစပ်များ ချန်ခဲ့ရာမှ ပင်ပန်းရကျိုးသည် ရှိ၏၊ မိန်းမများ အတွက်လည်း မွေးမိဘများနှင့် ဆွေးမျိုးနီးစပ်များ ချန်ခဲ့ရာမှ ပင်ပန်းရကျိုးသည် ရှိ၏၊ ၎င်းမှ နည်းများမဟူ တာဝန်သတ်မှတ်ပြီး– ပင်ပန်းရကျိုး ရှိနေ၏။[၂၅]
၈။ အမွေမှ	**وَإِذَا حَضَرَ الْقِسْمَةَ أُوْلُواْ الْقُرْبَى وَالْيَتَامَى وَالْمَسَاكِينُ فَارْزُقُوهُم مِّنْهُ وَقُولُواْ لَهُمْ قَوْلاً مَّعْرُوفًا۞** တိုင်တည် ချိန်ရောက် သောအခါ **ၚင်းမှ** ဆွေမျိုးနီးစပ်မှ ရှိသူများ၊ မိဘမဲ့များ၊ နွမ်းပါးသူများအား ရိက္ခာထောက်လော့၊ သူတို့အား အသိအမှတ်ပြု စကား ပြောဆိုကြလော့။
၉။ မိဘမဲ့များ	**وَلْيَخْشَ الَّذِينَ لَوْ تَرَكُواْ مِنْ خَلْفِهِمْ ذُرِّيَّةً ضِعَافًا خَافُواْ عَلَيْهِمْ فَلْيَتَّقُوا اللّهَ وَلْيَقُولُواْ قَوْلاً سَدِيدًا۞** သူတို့အား သူတို့၏ ချိုနဲ့သော သားမြေးများကို ချန်ခဲ့မည့်အရေး ကဲ့သို့ **ၚင်းတို့**အပေါ်၌ စိုးရိမ်စေလော့၊ ပရမတ်ဘုရားရှင်၌ စည်းစောင့်စေလော့၊ ခိုင်မာတည်ကြည်သော စကားကိုသာ ပြောဆိုစေလော့။
၁၀။	**إِنَّ الَّذِينَ يَأْكُلُونَ أَمْوَالَ الْيَتَامَى ظُلْمًا إِنَّمَا يَأْكُلُونَ فِي بُطُونِهِمْ نَارًا وَسَيَصْلَوْنَ سَعِيرً۞** မိဘမဲ့များ၏ ဥစ္စာပစ္စည်းများကို မိုက်ကြေးခွဲ၍ စားသုံးသောသူတို့သည် သူတို့၏ ဝမ်းတွင်းသို့ မီးကို စားမျိုခြင်းပင် ဖြစ်၏၊ မီးလောင်စာ၌ လောင်ကျွမ်းရမည်ပင်။
၁၁။	**يُوصِيكُمُ اللّهُ فِي أَوْلاَدِكُمْ لِلذَّكَرِ مِثْلُ حَظِّ الأُنثَيَيْنِ فَإِن كُنَّ نِسَاء فَوْقَ اثْنَتَيْنِ فَلَهُنَّ ثُلُثَا مَا تَرَكَ وَإِن كَانَتْ وَاحِدَةً فَلَهَا النِّصْفُ وَلأَبَوَيْهِ لِكُلِّ وَاحِدٍ مِّنْهُمَا السُّدُسُ مِمَّا تَرَكَ إِن كَانَ لَهُ وَلَدٌ فَإِن لَّمْ يَكُن لَّهُ وَلَدٌ وَوَرِثَهُ أَبَوَاهُ فَلأُمِّهِ الثُّلُثُ فَإِن كَانَ لَهُ إِخْوَةٌ فَلأُمِّهِ السُّدُسُ مِن بَعْدِ وَصِيَّةٍ يُوصِي بِهَا أَوْ دَيْنٍ آبَآؤُكُمْ وَأَبناؤُكُمْ لاَ تَدْرُونَ أَيُّهُمْ أَقْرَبُ لَكُمْ نَفْعاً فَرِيضَةً مِّنَ اللّهِ إِنَّ اللّهَ كَانَ عَلِيما حَكِيمًا۞** သင်တို့၏ ရင်သွေးများနှင့် ပတ်သက်၍ ပရမတ်ဘုရားရှင်၏ မိန့်မှာချက်မှာ သား၏ ဘုန်းကံသည် သမီးနှစ်ဦး ကဲ့သို့ ဖြစ်၏။ အမျိုးသမီးများမှ နှစ်ဦး အပေါ်၌ ဖြစ်လျှင် သူမတို့အတွက် ချန်ထားခဲ့ရာ၏ သုံးပုံနှစ်ပုံ ဖြစ်၏။ တစ်ဦးတည်း ဖြစ်သော် သူမ အတွက် ထက်ဝက်ဖြစ်၏။ မိဘနှစ်ပါးအတွက်–အကယ်၍ သူ၌ ရင်သွေးတစ်ယောက် ရှိခဲ့သော် မိဘမှ တစ်ဦးစီ အတွက် ချန်ထားခဲ့ရာ၏ ခြောက်ပုံတစ်ပုံ၊ သူ၌ အမွေခံ ရင်သွေးမရှိ၊ မိဘသာ ရှိလျှင် မိခင် အတွက် သုံးပုံ

(၂၅) အမျိုးသမီးများအား မတရား ဖိနှိပ်ချုပ်ချယ်ခြင်း၊ မတော်မတရား စွန့်ပစ်ထားခြင်း စသည့် ခွဲခြား ဆက်ဆံမှု မှန်သမျှကို တရားဝင် ဖျက်သိမ်းသော ဥပဒေများ အနက်မှ တစ်ခုဖြစ်၍ အမျိုးသမီးနှင့် အမျိုးသားများမှ တန်းတူရည်တူ အမွေဆက်ခံပိုင်ခွင့် ရှိကြောင်းကို တရားဝင် ကြေငြာထားသည်။

	တစ်ပုံ၊ သို့သော် ညီအစ်ကိုမောင်နှမများ ရှိခဲ့လျှင် မိခင်အတွက် ခြောက်ပုံတစ်ပုံတို့ကို သူ့သေတမ်းစာပါ မှာကြားချက်နှင့် ကြွေးမြည်များကို ဆပ်ပြီးနောက် ဖြစ်စေရမည်။ သင်တို့၏ မိဘများ၊ သားသမီးများမှ မည်သူသည် သင်တို့ အတွက် ကောင်းကျိုးနှင့် နီးစပ်မည်ကို သင်တို့ မမှန်းနိုင်ကြချေ။ ဤသည် ပရမတ်ဘုရားရှင်၏ ထံမှ တာဝန်သတ်မှတ်ချက် ဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်၏။[၂၅၆]
၁၂။	**وَلَكُمْ نِصْفُ مَا تَرَكَ أَزْوَاجُكُمْ إِن لَّمْ يَكُن لَّهُنَّ وَلَدٌ فَإِن كَانَ لَهُنَّ وَلَدٌ فَلَكُمُ الرُّبُعُ مِمَّا تَرَكْنَ مِن بَعْدِ وَصِيَّةٍ يُوصِينَ بِهَا أَوْ دَيْنٍ وَلَهُنَّ الرُّبُعُ مِمَّا تَرَكْتُمْ إِن لَّمْ يَكُن لَّكُمْ وَلَدٌ فَإِن كَانَ لَكُمْ وَلَدٌ فَلَهُنَّ الثُّمُنُ مِمَّا تَرَكْتُم مِّن بَعْدِ وَصِيَّةٍ تُوصُونَ بِهَا أَوْ دَيْنٍ وَإِن كَانَ رَجُلٌ يُورَثُ كَلاَلَةً أَوِ امْرَأَةٌ وَلَهُ أَخٌ أَوْ أُخْتٌ فَلِكُلِّ وَاحِدٍ مِّنْهُمَا السُّدُسُ فَإِن كَانُوَاْ أَكْثَرَ مِن ذَلِكَ فَهُمْ شُرَكَاء فِي الثُّلُثِ مِن بَعْدِ وَصِيَّةٍ يُوصَى بِهَآ أَوْ دَيْنٍ غَيْرَ مُضَآرٍّ وَصِيَّةً مِّنَ اللهِ وَاللهُ عَلِيمٌ حَلِيمٌ۞** သင်တို့အတွက်ကား– သင်တို့၏ ပေါင်းဖော်ကြင်ဘက်များ၌ ရင်သွေး မရှိလျှင် သူမတို့ ချန်ခဲ့ရာ၏ ထက်ဝက်၊ ရင်သွေး ရှိလျှင် သူမတို့ ချန်ခဲ့ရာ၏ လေးပုံတစ်ပုံကို သူမတို့၏ သေတမ်းစာပါ မှာကြားချက်နှင့် ကြွေးမြည်များကို ဆပ်ပြီးနောက် ဖြစ်စေရမည်၊ သူမတို့အတွက်မူ သင်တို့၌ ရင်သွေး မရှိလျှင် သင်တို့ချန်ခဲ့ရာ၏ လေးပုံတစ်ပုံ၊ သင်တို့၌ ရင်သွေး ရှိခဲ့လျှင် သင်တို့ ချန်ခဲ့ရာ၏ ရှစ်ပုံတစ်ပုံ၊ သေတမ်းစာပါ သင်တို့၏ မှာကြားချက်နှင့် ကြွေးမြည်များကို ဆပ်ပြီးနောက် ဖြစ်စေရမည်၊ အမွေထားခဲ့သူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မိဘ သားသမီး မရှိ အကိုအမသာ ရှိလျှင်[၂၅၇] သူတို့ နှစ်ဦးအနက် တစ်ဦးစီ အတွက် ခြောက်ပုံတစ်ပုံ၊ မောင်နှစ်မ အများရှိလျှင် သုံးပုံတစ်ပုံကို အစုစပ်အဖြစ် သေတမ်းစာပါ မှာကြားချက်နှင့် ကြွေးမြည်များကို ဆပ်ပြီးနောက် ဖြစ်စေရမည်၊ နစ်နာဆုံးရှုံးခြင်း မဖြစ်စေရ၊ ဤသြဝါဒသည် ပရမတ်ဘုရားရှင်၏ ထံမှဖြစ်၏၊ ပရမတ်ဘုရားရှင်သည် သိနေသော အရှင်၊ နူးညံ့သိမ်မွေ့သော အရှင် ဖြစ်၏။
၁၃။	**تِلْكَ حُدُودُ اللهِ وَمَن يُطِعِ اللهَ وَرَسُولَهُ يُدْخِلْهُ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا وَذَلِكَ الْفَوْزُ الْعَظِيمُ۞** ဤသည် ပရမတ်ဘုရားရှင်၏ စည်းမျဉ်းတော်ပင် ဖြစ်၏၊ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား နာခံ

---

(၂၅၆) အစ္စလာမ်ဥပဒေတွင် အမွေပိုင်ဆိုင်ခွင့်သည် သားသမီးများ အတွက် သာလျှင် မဟုတ်ချေ၊ သေဆုံးသွားသူတွင် မိဘများ ကျန်ရှိနေသေးလျှင် ထိုမိဘများအတွက်လည်း တရားဝင် အမွေရရှိရမည် ဖြစ်သည်။ အမွေသည် လောဘ ရမက်တက်စရာ ဝတ္ထု မဟုတ်ချေ၊ ကျန်ရှိနေသော လူသားများ အတွက် စားဝတ်နေရေး ပြေလည်စေရန် ဖြေရှင်းပေးခြင်းသာ ဖြစ်ပေသည်။ ထို့ပြင် အမွေဆိုသည်မှာ ငွေကြေး ဥစ္စာပစ္စည်းများသာ မဟုတ်ပေ။ ထမ်းဆောင်ရန် ကျန်ရှိနေသော တာဝန်များလည်း ဖြစ်နိုင်ပေသည်။ ဤသုတ်တော်၌ **ဘုန်းကံ** ဟု ဘာသာပြန်သော حَظِّ ကို အချို့က အမွေ ဝေစု ဟုလည်း ပြန်ဆိုကြပေသည်။ حَظِّ ၏ အနက်မှာ ကံကောင်းခြင်း၊ အစိတ်အပိုင်း ဝေစု ဟု ဖြစ်၍ ကျမ်းတော်တွင် ၇ ကြိမ်ဖော်ပြထားသည်။ ၂၈း၇၉ နှင့် ၄၁း၃၅ တွင် ကံကြီးသူ– ရာထူးတာဝန်ကြီးသူဟု သုံးပေသည်။ ဤသုတ်တော်မှ لِلذَّكَرِ مِثْلُ حَظِّ الأُنثَيَيْنِ သား၏ ဘုန်းကံသည် သမီးနှစ်ဦး ကဲ့သို့ ဖြစ်၏ ဆိုခြင်းမှာ သားတစ်ဦးအား သမီးနှစ်ဦးနှင့် တူညီသော အမွေ ဥစ္စာငွေကြေး ပေးရမည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ မိဘနှင့် စပ်လျဉ်း၍ ကျန်ရှိနေခဲ့သော တာဝန် ဝတ္တရား လုပ်ငန်းဆောင်တာများအား တာဝန်ခံ၍ လုပ်ဆောင်စေရန်သာ ဖြစ်သည်။ ဥစ္စာပစ္စည်းအား အမွေပေးရာတွင် တန်းတူပင် ဖြစ်သည်။ ဤအချက်ကို **"အမျိုးသမီးများမှ နှစ်ဦး အပေါ်၌ ဖြစ်လျှင် သူမတို့ အတွက် ချန်ထားခဲ့ရာ၏ သုံးပုံနှစ်ပုံ ဖြစ်၏။ တစ်ဦးတည်း ဖြစ်သော် သူမ အတွက် ထက်ဝက်ဖြစ်၏။"** ဟု ဖော်ပြထားသည်။ သား တစ်ယောက်ကို မူတည်၍ တွက်ချက်ရာ၌ သား နှင့် သမီးနှစ်ယောက် အပေါ် အမွေပေးရမည့် ခွဲတမ်းမှာ فَلَهُنَّ ثُلُثَا مَا تَرَكَ **ချန်ထားခဲ့ရာ၏ သုံးပုံ နှစ်ပုံ**ဟု ပြောခြင်းဖြစ်ပြီး၊ သားတစ်ယောက် သမီးတစ်ယောက် ဖြစ်သော် သမီးရမည့် ခွဲတမ်းမှာ وَإِن كَانَتْ وَاحِدَةً فَلَهَا النِّصْفُ **ထက်ဝက်** ဖြစ်သည်။ အကယ်၍ حَظِّ အား အမွေဝေစု ဟု ဘာသာပြန်ခဲ့လျှင်– သမီးတစ်ဦးအား ထက်ဝက်ပေးရမည် ဟု ပညတ်ချက်နှင့် တက်တက်စင် လွဲချော်နိုင်ပေသည်။

(၂၅၇) လူသားတစ်ဦးတွင် အစ်ကို အစ်မ တော်စပ်မှုမှာ သုံးမျိုး ဖြစ်နိုင်သည်၊ (၁) မိတူဘတူ မောင်နှမ (၂) မိတူဘကွဲမောင်နှမ (၃) ဘတူမိကွဲ မောင်နှမ ဟူ၍ ဖြစ်သည်၊ ဤသုတ်တော်တွင် ဆိုသော အစ်ကို အစ်မ (မောင်နှမ) ဆိုသည်မှာ မိတူ ဘကွဲမောင်နှမကို ဆိုလိုပေသည်၊ (အုဆ်မာနီ)။ မိတူ ဘတူ မောင်နှမများနှင့် ဘတူမိကွဲမောင်နှမများအတွက် အမွေပိုင်ဆိုင်ခွင့်ကို ၄း၁၇၆ တွင် ဖော်ပြထားပေသည်။

	သူသည် အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော အစဉ်စိမ်မြန်းရမည့် သုခဘုံများသို့ ဝင်ရောက်ရလတ္တံ့၊ ဤသည် မဟာ အောင်ပွဲ ဖြစ်၏။
၁၄။	**وَمَن يَعْصِ اللّهَ وَرَسُولَهُ وَيَتَعَدَّ حُدُودَهُ يُدْخِلْهُ نَارًا خَالِدًا فِيهَا وَلَهُ عَذَابٌ مُّهِينٌ۞** ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား အာခံ၍ စည်းမျဉ်းတော်ကို စည်းဖေါက်သူအား အပူမီးထဲသို့ ဝင်စေလျက် ထို၌ အစဉ်ခံစားစေလတ္တံ့၊ သူ့အတွက် နိမ့်ကျသော ဝဠုံကြွေးသည် ရှိနေ၏။
၁၅။ အိမ်များအတွင်း၌	**وَاللاَّتِي يَأْتِينَ الْفَاحِشَةَ مِن نِّسَآئِكُمْ فَاسْتَشْهِدُواْ عَلَيْهِنَّ أَرْبَعةً مِّنكُمْ فَإِن شَهِدُواْ فَأَمْسِكُوهُنَّ فِي الْبُيُوتِ حَتَّىَ يَتَوَفَّاهُنَّ الْمَوْتُ أَوْ يَجْعَلَ اللّهُ لَهُنَّ سَبِيلاً۞** သင်တို့၏ အမျိုးသမီးများအနက် ကိုယ်ကျင့်ပျက်သော သူမတို့အတွက် သင်တို့မှ အသိသက်သေ လေးဦးရှိစေလော့၊ သက်သေခိုင်မာလျှင် သူမတို့အား သက်တမ်းကုန်သည်ထိ သို့မဟုတ် ပရမတ်ဘုရားရှင်မှ သူမတို့အား နည်းလမ်းစီစဉ်ပေးသည်ထိ **အကျယ်ချုပ်ဖြင့်** ထိန်းထားကြလော့။[၂၅၈]
၁၆။	**وَاللَّذَانَ يَأْتِيَانِهَا مِنكُمْ فَآذُوهُمَا فَإِن تَابَا وَأَصْلَحَا فَأَعْرِضُواْ عَنْهُمَا إِنَّ اللّهَ كَانَ تَوَّابًا رَّحِيمًا۞** သင်တို့မှ ထိုအမှုကို အထမြောက်သောသူ နှစ်ဦးလုံးအား ဒဏ်ပေးကြလော့၊ သူတို့ ခဝါချကြလျှင်၊ ပြုပြင်ကြလျှင် လည်း ဘောင်ထားလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သင်ပုန်းချေသောအရှင် အကြင်နာရှင် ဖြစ်၏။
၁၇။	**إِنَّمَا التَّوْبَةُ عَلَى اللّهِ لِلَّذِينَ يَعْمَلُونَ السُّوءَ بِجَهَالَةٍ ثُمَّ يَتُوبُونَ مِن قَرِيبٍ فَأُوْلَئِكَ يَتُوبُ اللّهُ عَلَيْهِمْ وَكَانَ اللّهُ عَلِيماً حَكِيماً۞** သင်ပုန်းချေခြင်းသည် ပရမတ်ဘုရားရှင်၏ အပေါ်၌တည်၏၊ ပညာမဲ့စွာဖြင့် အကုသိုလ်ကို ကျင့်ကြံမိသောသူတို့– မရှေးမနှောင်းပင် သူတို့ ခဝါချကြလျှင် ပရမတ်ဘုရားရှင်သည် သူတို့အား သင်ပုန်းချေပေးတော်မူလတ္တံ့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်၏။
၁၈။	**وَلَيْسَتِ التَّوْبَةُ لِلَّذِينَ يَعْمَلُونَ السَّيِّئَاتِ حَتَّى إِذَا حَضَرَ أَحَدَهُمُ الْمَوْتُ قَالَ إِنِّي تُبْتُ الآنَ وَلاَ الَّذِينَ يَمُوتُونَ وَهُمْ كُفَّارٌ أُوْلَئِكَ أَعْتَدْنَا لَهُمْ عَذَابًا أَلِيمًا۞** သူတို့မှ တစ်စုံတစ်ယောက်သည် ခဝါချခြင်းမရှိ၊ အကုသိုလ်မှုကို ကျင့်ကြံသောသူ ဖြစ်လျက် သေတွင်းသို့ ရောက်ချိန်မှ

---

(၂၅၈) အစွလာမ် သာသနာတွင် အမျိုးသမီးများအား အိမ်တွင်းပုန်း နေစေရမည်ဟု ပညတ်ထားခြင်း လုံးဝ မရှိပေ။ အိမ်တွင်းပုံးဝါဒမှာ အစွလာမ်မှ အပ ဖြစ်သော အယူအဆများသာ ဖြစ်ပေသည်။ အမျိုးသမီးများအား အိမ်များအတွင်း (အိမ်ခန်းထဲဟု အဓိပ္ပါယ်မရပေ) ထားရခြင်းမှာ အပြစ်ပေးခြင်း တစ်မျိုးဖြစ်ကြောင်း ဤသုတ်တော်က ရှင်းရှင်းလင်းလင်း တင်ပြထားပေသည်။ ထိုအခြေအနေသည် ခွင်းချက်ဖြစ်ပေသည်။ မိဘ ညီအစ်ကို မောင်နှမ အမျိုးအဆွေတို့၏ ဂုဏ်သိက္ခာကို မထောက်ဘဲလျက် လော်မာ ဖေါက်ပြန်နေသော အမျိုးသမီးများကိုသာ သက်သေ အတိအကျဖြင့် မိလျှင် သူမအား အကျယ်ချုပ်ဖြင့် ထားရမည်ဟု ဆိုလိုပေသည်။ သာမန်လုပ်ကိုင် စားသောက်သော မိန်းကလေးများ၊ အမျိုးကောင်းသမီးများကို မည်သည့် အကြောင်းပြချက်နှင့်မျှ ချုပ်ချယ်ထားခွင့် မရှိချေ။ ဤသုတ်တော်မှ **ကိုယ်ကျင့်ပျက်သော** ဆိုသည်မှာ **ကာမဧသု ကျူးလွန်သော အဆင့် (ပြည့်တန်ဆာ) အဆင့်**ကို ဆိုလိုပေသည်– ၎င်းကို **သက်သေလေးယောက်** ထားရခြင်းက အခိုင်အမာပြုထားပေသည်။ အစွလာမ် ဥပဒေတွင် အမျိုးသမီးကျူးလွန်သော အမှုများနှင့် ပတ်သက်၍ **သက်သေလေးယောက်** ပြရခြင်းမှ ဤအမှု တစ်ခုတည်းသာ ရှိပေသည်။ ထိုအခြေအနေတွင်ပင် **အကယ်၍ ပရမတ်ဘုရားရှင်က နည်းလမ်းပြုလုပ်ပေးသော်** (ဆိုလိုသည်မှာ– နောင်တရ၍ မိမိကိုယ်မိမိ ပြန်ပြင်ခဲ့သော်– အိမ်ထောင်ရာသားကောင်းမွန်စွာ ထူထောင်ခဲ့သော်) သူမတို့အား ချုပ်ချယ်ထားခွင့် မရှိတော့ပေ။ ဤဥပဒေသည် အမျိုးသမီး အတွက်သာ မဟုတ်ချေ။ အမျိုးသားများအတွက်လည်း အလားတူ ကျူးလွန်သူများကို တန်းတူညီမျှစွာ အပြစ်ပေးရပေမည်၊ ၎င်းကို သုတ်အမှတ်တော် (၁၆) ရှိ **ထိုအမှုကို ကျူးလွန်သူ နှစ်ဦးလုံးအား အပြစ်ပေးကြကုန်လော့။** ဟူသည့် စကားက အခိုင်အမာ ထောက်ပြထားပေသည်။ ထို့ကြောင့် ဤကုရ်အာန် ဥပဒေသည် အမျိုးသမီးအမျိုးသား ခွဲခြားထားခြင်း မဟုတ်ပေ။ သုတ်တော် ၁၆ တွင် အပြစ်ပေးလော့ ဟူသည့် အမိန့်ကို **ﻭﺍ'ذ ا** **အာသူး** ဟု သုံးသည့် အတွက် အသေသတ် ခိုင်းခြင်း မဟုတ်ပေ၊ ထို စကားလုံးသည် ي أ ذ ا မှ ဆင့်ပွားစကားလုံးဖြစ်၍ အနည်းငယ်နာကျင်စေသည် ဟုသည် ဖြစ်သည်။ ၂၂၂၂ တွင် ရာသီသွေးပေါ်ခြင်းနှင့် ပတ်သက်၍ အနည်းငယ် နာကျင်မှု ဟု သုံးထားသည်ကို တွေ့နိုင်ပေသည်။

	“ယခုပင် တပည့်တော်သည် ခဝါချပါ၏။”ဟု ဆိုသူ၊ သူတို့မှ ဖုံးကွယ်သူ အဖြစ်နှင့်ပင် သေဆုံးသူ ထိုသူများအတွက် စူးနစ်သော ဝဋ်ကြွေးကို ပြင်ဆင်ထား၏။
၁၉။	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ يَحِلُّ لَكُمْ أَن تَرِثُواْ النِّسَاء كَرْهًا وَلاَ تَعْضُلُوهُنَّ لِتَذْهَبُواْ بِبَعْضِ مَا آتَيْتُمُوهُنَّ إِلاَّ أَن يَأْتِينَ بِفَاحِشَةٍ مُّبَيِّنَةٍ وَعَاشِرُوهُنَّ بِالْمَعْرُوفِ فَإِن كَرِهْتُمُوهُنَّ فَعَسَى أَن تَكْرَهُواْ شَيْئًا وَيَجْعَلَ اللّهُ فِيهِ خَيْرًا كَثِيرًا۞**
	အခို– ယုံကြည်သော သူတို့၊ အမျိုးသမီးတို့ထံမှ အဓမ္မ အမွေသိမ်းခြင်းသည် တရားမဝင်ချေ။ သူမတို့သည် ကိုယ်ကျင့်ပျက်သည်ဟု ရှင်းလင်းစွာ ရှိသည်မှအပ သူမတို့အား **ပေးခဲ့သည်**မှ အချို့ကို သိမ်းယူရန် အလို့ငှာ မချုပ်ချယ်ကြနှင့်၊ သူမတို့အတွက် တင်းပြည့်ကျပ်ပြည့် အသိအမှတ်ပြုပေးကြလော့၊ သူမတို့အား တစ်စုံတစ်ရာ ငြိုငြင်မိလျှင် ပရမတ်ဘုရားရှင်က ကောင်းခြင်း များစွာ စီစဉ်ပေးသည်ကို ငြိုငြင်မိနိုင်၏။
၂၀။ ဥစ္စာပစ္စည်း	**وَإِنْ أَرَدتُّمُ اسْتِبْدَالَ زَوْجٍ مَّكَانَ زَوْجٍ وَآتَيْتُمْ إِحْدَاهُنَّ قِنطَارًا فَلاَ تَأْخُذُواْ مِنْهُ شَيْئًا أَتَأْخُذُونَهُ بُهْتَاناً وَإِثْماً مُّبِيناً۞**
	သင်တို့သည် ပေါင်းဖော်တစ်ဦး နေရာတွင် အခြား ပေါင်းဖော်ကို ပြောင်းလိုလျှင်၊ သူမတို့မှ တစ်ဦး တစ်ယောက်အား ပေးထားသည့် **စုငွေ**များကို တစ်စုံတစ်ရာမျှ ပြန်ယူခွင့် မရှိပေ၊ ပုတ်ခတ်စွပ်စွဲခြင်း၊ ရှင်းလင်းထင်ရှားသော ပြစ်မှုပြုခြင်း ဖြင့် ပြန်ယူလိုကြသလော။
၂၁။ ဝိုင်ဆိုင်မှု	**وَكَيْفَ تَأْخُذُونَهُ وَقَدْ أَفْضَى بَعْضُكُمْ إِلَى بَعْضٍ وَأَخَذْنَ مِنكُم مِّيثَاقًا غَلِيظًا۞**
	သင်တို့မှ အချို့သည် အချို့ကို စပ်ယှက်ပတ်သက်ခဲ့ပြီး၊ သင်တို့ထံမှ တိကျပြတ်သားသော ကတိခံဝန်ချက်ကို ရယူခဲ့ပြီးမှ **ဂင်း**ကို မည်သို့ ပြန်ယူကြအံ့နည်း။
၂၂။	**وَلاَ تَنكِحُواْ مَا نَكَحَ آبَاؤُكُم مِّنَ النِّسَاء إِلاَّ مَا قَدْ سَلَفَ إِنَّهُ كَانَ فَاحِشَةً وَمَقْتًا وَسَاء سَبِيلاً۞**
	အတိတ်ဖြစ်ရပ်မှအပ သင်တို့၏ အဖေများ သိမ်းဆည်းခဲ့ပြီး အမျိုးသမီးတို့အား မသိမ်းဆည်းကြနှင့်၊ ဂင်းသည် ကိုယ်ကျင့်ပျက်မှု၊ ရွံမုန်းဘွယ်ရာနှင့်၊ အကုသိုလ် လမ်းစဉ် ဖြစ်၏။
၂၃။ ကျောရိုးမှ ဖြစ်သောသား ❖ ၄း၂၃၊၂၄	**حُرِّمَتْ عَلَيْكُمْ أُمَّهَاتُكُمْ وَبَنَاتُكُمْ وَأَخَوَاتُكُمْ وَعَمَّاتُكُمْ وَخَالاَتُكُمْ وَبَنَاتُ الأَخِ وَبَنَاتُ الأُخْتِ وَأُمَّهَاتُكُمُ اللاَّتِي أَرْضَعْنَكُمْ وَأَخَوَاتُكُم مِّنَ الرَّضَاعَةِ وَأُمَّهَاتُ نِسَآئِكُمْ وَرَبَائِبُكُمُ اللاَّتِي فِي حُجُورِكُم مِّن نِّسَآئِكُمُ اللاَّتِي دَخَلْتُم بِهِنَّ فَإِن لَّمْ تَكُونُواْ دَخَلْتُم بِهِنَّ فَلاَ جُنَاحَ عَلَيْكُمْ وَحَلاَئِلُ أَبْنَائِكُمُ الَّذِينَ مِنْ أَصْلاَبِكُمْ وَأَن تَجْمَعُواْ بَيْنَ الأُخْتَيْنِ إَلاَّ مَا قَدْ سَلَفَ إِنَّ اللّهَ كَانَ غَفُورًا رَّحِيمًا۞**
	သင်တို့အတွက် တားမြစ်ထားသည်မှာ– သင်တို့၏ အမေများ၊ သမီးများ၊ အမနှမများ၊ အရီးများ၊ အဒေါ်များ၊ ညီအကိုတို့၏ သမီးများ၊ အမနှမတို့၏ သမီးများ၊ နို့တိုက်သောမိခင်များ၊ နို့စို့ဘက် အမနှမများ၊ ဇနီးသည်တို့၏ မိခင်များ၊ သင်တို့ အခိုင်အမာစောင့်ရှောက်ထားသည့် သင်တို့ ဝင်ထွက်ပြီးသော အမျိုးသမီးတို့၏ သမီးများ ဖြစ်၍– သင်တို့သည် သူမထံသို့ ဝင်ခဲ့ခြင်း မရှိသော် သင်တို့အား အပြစ်မတင်ထိုက်ပေ– ထို့ပြင် အတိတ်ဖြစ်ရပ်မှ အပ သင်တို့ **သားအရင်း၏** တရားဝင်ဇနီးများနှင့် ညီအမ နှစ်ဦးကြား အတူစုရှု ယူခြင်းများ ဖြစ်၏။ ဇနပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်၏။❖
၂၄။	**وَالْمُحْصَنَاتُ مِنَ النِّسَاء إِلاَّ مَا مَلَكَتْ أَيْمَانُكُمْ كِتَابَ اللّهِ عَلَيْكُمْ وَأُحِلَّ لَكُم مَّا وَرَاء ذَلِكُمْ أَن تَبْتَغُواْ بِأَمْوَالِكُم مُّحْصِنِينَ غَيْرَ مُسَافِحِينَ فَمَا اسْتَمْتَعْتُم بِهِ مِنْهُنَّ فَآتُوهُنَّ أُجُورَهُنَّ فَرِيضَةً وَلاَ جُنَاحَ عَلَيْكُمْ**

လင်ရှိ	**فِيمَا تَرَاضَيْتُم بِهِ مِن بَعْدِ الْفَرِيضَةِ إِنَّ اللّهَ كَانَ عَلِيمًا حَكِيمًا۞** –သင်တို့လက်အောက် ဩဇာခံ အမျိုးသမီးများမှ အပ **ထိမ်းသိမ်းစောက်ရှောက်ခံ**များ ဖြစ်၏။ ပရမတ်ဘုရားရှင်က သင်တို့အတွက် ဤသို့ တရားဝင် ပြဋ္ဌာန်းခြင်းအား ကွယ်ကာထားရန် မရှိ။ သို့ဖြစ်၍ ကာမဂုဏ်မြူးရန် မဟုတ်ဘဲ ထိန်းသိမ်းစောင့်ရှောက်ရန် သင်တို့၏ ဥစ္စာပစ္စည်းများဖြင့် ရှာဖွေကြလော့။ သူမတို့အနက် သင်တို့ စိတ်ချမ်းသာသော သူအား ဝတ္တရားရှိသော မင်္ဂလာဆုလဒ်ကို ပေးအပ်ကြလော့။ ဝတ္တရားရှိ ပြီးနောက် သင်တို့ချင်း ကျေနပ်ကြလျှင် အပြစ်မထိုက်ပေ၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။(၂၁၉)
၂၅။	**وَمَن لَّمْ يَسْتَطِعْ مِنكُمْ طَوْلاً أَن يَنكِحَ الْمُحْصَنَاتِ الْمُؤْمِنَاتِ فَمِن مِّا مَلَكَتْ أَيْمَانُكُم مِّن فَتَيَاتِكُمُ الْمُؤْمِنَاتِ وَاللّهُ أَعْلَمُ بِإِيمَانِكُمْ بَعْضُكُم مِّن بَعْضٍ فَانكِحُوهُنَّ بِإِذْنِ أَهْلِهِنَّ وَآتُوهُنَّ أُجُورَهُنَّ بِالْمَعْرُوفِ مُحْصَنَاتٍ غَيْرَ مُسَافِحَاتٍ وَلاَ مُتَّخِذَاتِ أَخْدَانٍ فَإِذَا أُحْصِنَّ فَإِنْ أَتَيْنَ بِفَاحِشَةٍ فَعَلَيْهِنَّ نِصْفُ مَا عَلَى الْمُحْصَنَاتِ مِنَ الْعَذَابِ ذَلِكَ لِمَنْ خَشِيَ الْعَنَتَ مِنْكُمْ وَأَن تَصْبِرُواْ خَيْرٌ لَّكُمْ وَاللّهُ غَفُورٌ رَّحِيمٌ۞** သင်တို့အနက် ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် ယုံကြည်သူမတို့အား သိမ်းဆည်းထိမ်းမြားနိုင်ရန် ဓန အင်အားတတ်နိုင်မှု မရှိသူ အတို့ သင်တို့ လက်အောက် ဩဇာခံ ယုံကြည်သူ လုံမများ ရှိ၏။ ပရမတ်ဘုရားရှင်သည် သင်တို့၏ သက်ဝင်ယုံကြည်မှုကို အသိဆုံးဖြစ်တော်မူ၏။ သင်တို့မှ အချို့သည် အချို့နှင့် ဆက်စပ်နေ၏။ သူမတို့၏ မိသားစုများ ခွင့်ပြုချက်ဖြင့် သိမ်းဆည်းထိမ်းမြားကြလော့၊ အသိအမှတ်ပြု မင်္ဂလာဆုလဒ်ကို ပေးအပ်ကြလော့၊ ကာမဂုဏ်မြူးရန် မဟုတ်ဘဲ၊ လျှို့ဝှက်မသိမ်းပိုက်ဘဲ ထိန်းသိမ်းစောင့်ရှောက်ကြလော့၊ သူမတို့အား ထိန်းသိမ်းစောင့်ရှောက် ပြီးနောက် ကိုယ်ကျင့်ပျက်ခဲ့သော် လွတ်လပ်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်သော သူမတို့အား ပေးသည့် ပြစ်ဒဏ်၏ ထက်ဝက်ကို ပေးလော့၊ ဤသည် သင်တို့အနက် ကာမသုကံ အတွက် စိတ်ပင်ပန်းရသူတို့ အဘို့ ဖြစ်၏။ အကယ်၍ သင်တို့သည် သည်းခံပါရမီ ရှိကြလျှင် ပို၍ကောင်း၏။ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်၏။
၂၆။	**يُرِيدُ اللّهُ لِيُبَيِّنَ لَكُمْ وَيَهْدِيَكُمْ سُنَنَ الَّذِينَ مِن قَبْلِكُمْ وَيَتُوبَ عَلَيْكُمْ وَاللّهُ عَلِيمٌ حَكِيمٌ۞** ပရမတ်ဘုရားရှင်သည် သင်တို့အတွက် ရှင်းလင်းစေလို၏။ သင်တို့၏ ရှေ့ ဖြစ်သောသူတို့၏ ဓလေ့များကို ညွှန်တော်မူ၏။ သင်တို့အား သင်ပုန်းချေပေးတော်မူ၏။ ပရမတ်ဘုရားရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၂၇။	**وَاللّهُ يُرِيدُ أَن يَتُوبَ عَلَيْكُمْ وَيُرِيدُ الَّذِينَ يَتَّبِعُونَ الشَّهَوَاتِ أَن تَمِيلُواْ مَيْلاً عَظِيمًا۞**

---

(၂၅၉) သင်တို့အတွက် ထိမ်းမြားနိုင်ခြင်း မပြုနိုင်သူများကို သုတ်တော် ၂၂၊ ၂၃ နှင့် ၂၄ ၏ ပထမဝါကျတွင် ဖွင့်ဆိုထားပြီး ကျန်အမျိုးသမီးများကို ထိမ်းမြားနိုင်ခွင့် ရှိကြောင်း ပြဋ္ဌာန်းထားပေသည်။ ဤနေရာ၌ သင်တို့၏ ဩဇာခံ အမျိုးသမီးများမှ အပ အခြားကာမပိုင် မိန်းမများကို လက်မထပ်ရ ဆိုသည်မှာ နားလည်မှု ရှုပ်ထွေးသွား နိုင်ပေသည်။ **أَيْمَانُكُمْ مَا مَا မလကတ် အိုင်းမာနိုကွမ်** ကို များစွာသော ဆရာတော်ကြီးများက စစ်သုံ့ပန်းလက်ရ အမျိုးသမီးများဟု ပြန်ဆိုကြပေသည်။ ဤစကားလုံးကို ကျမ်းတော်တွင် စစ်သုံ့ပန်းများနှင့် ပတ်သက်၍ သုံးလေ့ရှိသောကြောင့် ဆရာတော်ကြီးများ၏ ဘာသာပြန်ဆိုမှုသည် မှန်ကန်သော ပြန်ဆိုမှု တစ်ရပ်ပင် ဖြစ်ပေသည်။ ထို့ကြောင့် စစ်သုံ့ပန်း အမျိုးသမီးများသည် သူမတို့၌ လင်ရှိခဲ့လင့်ကစား လက်ထပ်နိုင်သည်ဟု အဓိပ္ပါယ် သက်ရောက်ပေသည်။ ထိုအချက်ကို ရှင်းလင်းရန် လိုသည်မှာ စစ်ပွဲတွင် ဖမ်းမိသောကြောင့် သူမတို့၏ အလိုတူမှု မတူမှုကို ဂရုစိုက်ရန် မလိုဘဲ မိမိသဘောဖြင့် သိမ်းပိုက်ပိုင်ခွင့် ရှိသည်ဟု အဓိပ္ပါယ် လုံးဝ မသက်ရောက်ပေ၊ **အမျိုးသမီးတို့အား အလိုမတူဘဲ (မကြည်ဖြူဘဲ) အတင်းအဓမ္မ သိမ်းပိုက်ခြင်းကို အစ္စလာမ်က လုံးဝ လက်မခံချေ။ (၄း၁၉)**။ အစ္စလာမ်၏ **ရန်သူများနှင့် လက်မထပ်ရဟူသည့် ဥပဒေ သည်လည်း ရှိနေပေသည် (၂း၂၂၁)**၊ ထို့ကြောင့် စစ်သုံ့ရ အမျိုးသမီးများ အနေဖြင့် သူတို့၏ စိတ်ဆန္ဒ မရှိခဲ့လျှင်၊ အစ္စလာမ်ကို ဆန့်ကျင်သော (ရန်)သူ ဖြစ်နေသေးလျှင် သူတို့အား လက်ထပ်ပိုင်ခွင့် မရှိချေ။ သို့သော် အစ္စလာမ့် စစ်သုံ့ပန်း လဲလှယ်မှု ဥပဒေ (၄း၄) အရ သူမတို့သည် သူမတို့ကိုယ် သူမတို့ ရွေးပိုင်ခွင့် ရှိပေသည်။ ထိုသို့ သူမတို့ကိုယ် သူမတို့ ရွေးယူလျှင် သို့မဟုတ် အစ္စလာမ်သို့ ကူးပြောင်းလျှင် သူမတို့အား ရန်သူဘက်သို့ ပြန်ပို့ပိုင်ခွင့် မရှိချေ။ ထိုအခြေအနေမျိုးတွင် သူမတို့အဘို့ လင်ဟောင်းများသည် တရားမဝင်တော့ပေ၊ ထိုသို့သော မိန်းမများကို လက်ထပ်ထိမ်းမြား ပိုင်ခွင့် ရှိပေသည်။ သို့သော် အစ္စလာမ် သာသနာတွင် အမျိုးသမီး တစ်ဦးအား သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းရမည် ဆိုသည့် ဥပဒေကို ဤသုတ်တော်၌ပင် အတိအကျ ဖေါ်ပြထားပေသည်။ ဤဥပဒေသည် တဖက်သတ်ဆန်သော ဥပဒေ မဟုတ်ပေ၊ အစ္စလာမ်များမှ ရန်သူဘက်သို့ ကူးပြောင်းသွားသူများကိုလည်း အလားတူပင် ပညတ်ထားပေသည် (၆း၁၀)။

	ပရမတ်ဘုရားရှင်သည် သင်တို့အား သင်ပုန်းချေပေးလို၏၊ သို့သော် မိမိတို့၏ အာသာရမက်ကို လိုက်လိုကြသော သူတို့သည် မဟာ ချွတ်ချော် တိမ်းပါးမှုဖြစ်၏။
၂၈။	**يُرِيدُ اللهُ أَن يُخَفِّفَ عَنكُمْ وَخُلِقَ الإِنسَانُ ضَعِيفًا۞** ပရမတ်ဘုရားရှင်သည် သင်တို့နှင့်ပတ်သက်၍ ပေါ့ပါးစေလို၏၊ အမှန်သော် လူသားသည် ချိနဲ့ခြင်းဖြင့် ဖြစ်တည်ခံရ၏။
၂၉။ စရိုက်တူ လုပ်ဖော် ကိုင်ဘက် ချင်း	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَأْكُلُواْ أَمْوَالَكُمْ بَيْنَكُمْ بِالْبَاطِلِ إِلاَّ أَن تَكُونَ تِجَارَةً عَن تَرَاضٍ مِّنكُمْ وَلاَ تَقْتُلُواْ أَنفُسَكُمْ إِنَّ اللهَ كَانَ بِكُمْ رَحِيمًا۞** အို– ယုံကြည်သောသူတို့– သင်တို့၏ ကျေနပ်စွာ ရောင်းဝယ်ခြင်း မှတပါး သင်တို့ချင်းကြား ဥစ္စာပစ္စည်းများကို အမှား ပြု၍ မစားသုံးကြနှင့်၊ **သင်တို့၏ စရိုက်တူချင်း** မလုပ်ကြံကြနှင့်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သင်တို့အား အကြင်နာ သက်နေတော်မူ၏။
၃၀။ ☆ပြည်တွင်းစစ်	**وَمَن يَفْعَلْ ذَلِكَ عُدْوَانًا وَظُلْمًا فَسَوْفَ نُصْلِيهِ نَارًا وَكَانَ ذَلِكَ عَلَى اللهِ يَسِيرًا۞** ဤသို့ စည်းဖေါက်– မိုက်ကြေးခွဲ ပြုလုပ်သူအား များမကြာမီ အပူမီး၌☆ လောင်ကျွမ်းစေလတ္တံ့။ ဤသည် ပရမတ်ဘုရားရှင် အတွက် လွယ်ကူတော်မူ၏။
၃၁။	**إِن تَجْتَنِبُواْ كَبَآئِرَ مَا تُنْهَوْنَ عَنْهُ نُكَفِّرْ عَنكُمْ سَيِّئَاتِكُمْ وَنُدْخِلْكُم مُّدْخَلاً كَرِيمًا۞** ဟန့်တားထားသော ကြီးလေးသည့် အကုသိုလ်များမှ ကင်းသန့်ကြလျှင် သင်တို့၏ အပြစ်များကို ဖုံးကွယ်ပေးတော်မူလျက် ကျက်သရေရှိသော တံခါးတော်မှ ဝင်ရောက်စေတော်မူမည်ပင်။
၃၂။	**وَلاَ تَتَمَنَّوْاْ مَا فَضَّلَ اللهُ بِهِ بَعْضَكُمْ عَلَى بَعْضٍ لِّلرِّجَالِ نَصِيبٌ مِّمَّا اكْتَسَبُواْ وَلِلنِّسَاء نَصِيبٌ مِّمَّا اكْتَسَبْنَ وَاسْأَلُواْ اللهَ مِن فَضْلِهِ إِنَّ اللهَ كَانَ بِكُلِّ شَيْءٍ عَلِيمًا۞** ပရမတ်ဘုရားရှင်က သင်တို့မှ အချို့ကို အချို့ထက် သိကွာပေးသည်ကို ရမက်မဖက်ကြနှင့်၊ ယောကျ်ားများ အတွက် သူတို့ ကျင့်ဆောင်ခဲ့ရာ ပင်ပန်းရကျိုး ရှိ၍၊ မိန်းမတို့အတို့လည်း သူမတို့ ကျင့်ဆောင်ခဲ့ရာ ပင်ပန်းရကျိုး ရှိနေ၏၊ ပရမတ်ဘုရားရှင်၏ သိကွာပေးခြင်းကို တောင်းခံကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား သိနေသောအရှင် ဖြစ်၏။
၃၃။	**وَلِكُلٍّ جَعَلْنَا مَوَالِيَ مِمَّا تَرَكَ الْوَالِدَانِ وَالأَقْرَبُونَ وَالَّذِينَ عَقَدَتْ أَيْمَانُكُمْ فَآتُوهُمْ نَصِيبَهُمْ إِنَّ اللهَ كَانَ عَلَى كُلِّ شَيْءٍ شَهِيدًا۞** ငါသည် သင်တို့ကိုယ်စီအား မွေးမိဘ၊ ဆွေမျိုးနီးစပ်များ ချန်ခဲ့သည်၏ အလှည့်ကျဆက်ခံသူများ အဖြစ် စီစဉ်ပေးပြီ၊ သင်တို့၏ ကတိထုံးဖွဲ့ထားသော လက်အောက်ခံတို့ကိုလည်း သူတို့၏ ပင်ပန်းရကျိုးရှိစေလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ၏ သက်သေ ဖြစ်တော်မူ၏။
၃၄။	**الرِّجَالُ قَوَّامُونَ عَلَى النِّسَاء بِمَا فَضَّلَ اللهُ بَعْضَهُمْ عَلَى بَعْضٍ وَبِمَا أَنفَقُواْ مِنْ أَمْوَالِهِمْ فَالصَّالِحَاتُ قَانِتَاتٌ حَافِظَاتٌ لِّلْغَيْبِ بِمَا حَفِظَ اللهُ وَاللاَّتِي تَخَافُونَ نُشُوزَهُنَّ فَعِظُوهُنَّ وَاهْجُرُوهُنَّ فِي الْمَضَاجِعِ وَاضْرِبُوهُنَّ فَإِنْ أَطَعْنَكُمْ فَلاَ تَبْغُواْ عَلَيْهِنَّ سَبِيلاً إِنَّ اللهَ كَانَ عَلِيًّا كَبِيرًا۞** ပရမတ်ဘုရားရှင်သည် သူတို့မှ အချို့ကို အချို့ထက် သိကွာပေးခြင်း၊ သူတို့၏ ဥစ္စာပစ္စည်းများကို သုံးစွဲစေခြင်းဖြင့် အမျိုးသားတို့အား အမျိုးသမီးများ အပေါ်ဝယ် ရပ်တည်ပေးသူများ ဖြစ်စေ၏၊ သို့ဖြစ်၍ ပြုပြင်လိုသော သူမတို့သည် လိုက်နာကြ၏၊ ပရမတ်ဘုရားရှင်က မျက်ကွယ်ဖြစ်ရန် ထိန်းသိမ်းစေသည်များကို ထိန်းသိမ်းစောင့်ရှောက်ကြ၏၊

	အကယ်၍ သူမတို့၏ ရောင့်တက်မှုကို စိုးရိမ်ခဲ့သော် သူမတို့အား ဆိုဆုံးမလော့၊ သူတို့နှင့် အိပ်ယာ ခွဲခွာထားလော့၊ သူမတို့ အတွက် လမ်းစရှာစေလော့၊[၂၆၀] အကယ်၍ သင်တို့အား နာခံသူမ ဖြစ်လျှင် သူတို့အား ဆန့်ကျင်ရန် နည်းလမ်း မရှာကြနှင့်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် အထွင့်အထိပ်ဖြစ်တော်မူ၏၊ ကြီးကျယ်တော်မူ၏။
၃၅။	**وَإِنْ خِفْتُمْ شِقَاقَ بَيْنِهِمَا فَابْعَثُواْ حَكَمًا مِّنْ أَهْلِهِ وَحَكَمًا مِّنْ أَهْلِهَا إِن يُرِيدَا إِصْلاَحًا يُوَفِّقِ اللّهُ بَيْنَهُمَا إِنَّ اللّهَ كَانَ عَلِيمًا خَبِيرًا۞** သင်တို့သည် သူတို့နှစ်ဦးကြား ကွဲလွဲမှုကို စိုးရိမ်ခဲ့သော် အိမ်ရှင်ဘက်မှ စီရင်ထုံးပြုသူတစ်ဦး၊ အိမ်ရှင်မဘက်မှ စီရင်ထုံးပြုသူ တစ်ဦးကို ဖေါ်ထုတ်ကြလော့၊ ထိုသူတို့သည် ပြန်လည်ပေါင်းစည်း လိုပါက ပရမတ်ဘုရားရှင်သည် သူတို့ကြား သင့်တင့်စေတော်မူအံ့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင်၊ သတင်းရနေသောအရှင် ဖြစ်၏။
၃၆။	**وَاعْبُدُواْ اللّهَ وَلاَ تُشْرِكُواْ بِهِ شَيْئًا وَبِالْوَالِدَيْنِ إِحْسَانًا وَبِذِي الْقُرْبَى وَالْيَتَامَى وَالْمَسَاكِينِ وَالْجَارِ ذِي الْقُرْبَى وَالْجَارِ الْجُنُبِ وَالصَّاحِبِ بِالجَنبِ وَابْنِ السَّبِيلِ وَمَا مَلَكَتْ أَيْمَانُكُمْ إِنَّ اللّهَ لاَ يُحِبُّ مَن كَانَ مُخْتَالاً فَخُورًا۞** အိမ်နီးချင်းများ ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ကြလော့၊ အရှင်နှင့် ရောပြွန်းတုပခြင်း တစ်စုံတစ်ရာ မပြုကြနှင့်၊ မွေးမိဘများ ဆွေမျိုးနီးစပ်များ၊ မိဘမဲ့များ၊ နွမ်းပါးသူများ၊ အနီးကပ် **ကာကွယ်သူများ**၊ နံဘေးမှ **ကာကွယ်သူများ**၊ နံဘေးမှ ပေါင်းဖော်သင်းဘက်များ၊ လမ်းစဉ်တော်၏ သားသမီးများနှင့် သင်တို့၏ လက်အောက် ဩဇာခံများအား တင့်တင့် တယ်တယ် ဆက်ဆံကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ဝံ့ဝါ မော်ကြွားသူအား နှစ်သက်တော်မမူချေ။
၃၇။	**الَّذِينَ يَبْخَلُونَ وَيَأْمُرُونَ النَّاسَ بِالْبُخْلِ وَيَكْتُمُونَ مَا آتَاهُمُ اللّهُ مِن فَضْلِهِ وَأَعْتَدْنَا لِلْكَافِرِينَ عَذَابًا مُّهِينًا۞** မိမိကိုယ်တိုင်စေးနဲ့၍၊ လူသားအပေါင်းအား စေးနဲ့ရန် ညွှန်ကြားယုံမျှမက၊ ပရမတ်ဘုရားရှင်က ချီးမြှင့် သိက္ခာပေးထားသည်ကိုလည်း ထိန်ဝှက်ထားသော သူတို့၊ ထို ဖုံးကွယ်သူတို့အတို့ နိမ့်ကျသော ဝဋ်ကြွေးကို ပြင်ဆင်ထား၏။
၃၈။	**وَالَّذِينَ يُنفِقُونَ أَمْوَالَهُمْ رِئَاء النَّاسِ وَلاَ يُؤْمِنُونَ بِاللّهِ وَلاَ بِالْيَوْمِ الآخِرِ وَمَن يَكُنِ الشَّيْطَانُ لَهُ قَرِينًا فَسَاء قَرِينًا۞** ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့အား ယုံကြည်မှု မရှိဘဲလျက် လူ မြင်ကောင်းရန် မိမိတို့၏ ဥစ္စာပစ္စည်းများကို သုံးစွဲကြသောသူတို့– သူတို့အဘို့ မကောင်းဆိုးဝါးသည် အဆက်အနွယ် ဖြစ်အံ့၊ ၎င်းသည် အကုသိုလ်ကောင် အဆက်အနွယ်ပင် ဖြစ်၏။

---

(၂၆၀) **اضْرِبُوهُنَّ အိသ္ဓိရာဘူး ဟွန်န** ကို ဆရာတော်ကြီးများက **သူမတို့အား ရိုက်နှက်ဆုံးမကြလော့** ဟု ဘာသာပြန်ဆိုကြပေသည်။ ထိုသို့ ပြန်ဆိုခြင်းမှာ မှားယွင်းမှု မရှိသော်လည်း ကျမ်းတော်၏ ရှေ့နောက်ကိုက်ညီမှုအရ အားနည်းလှပေသည်။ **သွေရဗ** ဆိုသော စကားလုံး၏ အဓိပ္ပါယ်မှာ ရိုက်သည် ထုသည်ဟူသော အဓိပ္ပါယ် တစ်မျိုးတည်းကိုသာ ဆောင်ခြင်း မဟုတ်ကြောင်း ၂း၆၀ တွင် ရှင်းထားပြီး ဖြစ်သည်။ ၎င်းသည် ခရီးနှင်သည်၊ လမ်းစရှာသည်၊ ပမာဆောင်သည်ဟုလည်း အဓိပ္ပါယ်ကို ပေးပေသည်၊ ဤအဓိပ္ပါယ်ကို ၂း၂၇၃ တွင်လည်း ထင်ရှားစွာ တွေ့နိုင်ပေသည်။ ထို့အပြင် ကျမ်းတော်၌ တရားမဝင် ဖေါက်ပြန်သူတို့အား ထိရောက်စွာ အရေးယူကြလော့ ဟု ၂၄း၂ တွင် ဆိုရာ၌ ရိုက်နှက်ခြင်းကို **ဂျလိဒ** ဟု သုံးထားသည်ကို တွေ့ရပြီး **သွေရဗ** ကို မသုံးပေ။ တဖန် ကျမ်းတော်၏ ၆၅း၁ တွင် ဖေါက်ပြန်လော်မာသော သူမတို့အား ထွက်သွားခွင့် ပြုထားသည်ကို တွေ့ရပေသည်။ ထိုအဆိုသည် အမျိုးသမီးအား ပြောမရတော့သည့် နောက်ဆုံး အခြေအနေတွင် ခွင့်ပြုလိုက်ရခြင်းဖြစ်၍ ဤသုတ်တော်ပါ နောက်ဆုံး အခြေအနေနှင့် တစ်ထပ်တည်း ကိုက်ညီနေပေသည်။ တဖန် ဤသုတ်တော်ပါ သူတို့သည် နာခံခဲ့လျှင် သူမတို့အား ဆန့်ကျင်ရန် နည်းလမ်းမရှာကြကုန်နှင့် ဆိုသည့်စကားက ရှေ့မှ ဖေါ်ပြထားသော **အိသ္ဓရိ**ကို နည်းလမ်းရှာစေခြင်း (လမ်းစရှာစေခြင်း) ဖြစ်သည်ဟု အတိအကျ ထောက်ပြနေပေသည်။ အကယ်၍ မနာခံသူကို "ရိုက်လော့"ဟု ဘာသာပြန်လျှင် နာခံသူကို "မရိုက်နှင့်" ဟုသာ ဆိုထားမည် ဖြစ်ပေသည်။ ထို့ကြောင့် ဤသုတ်တော်ပါ **အိသ္ဓရိ (သွေရဗ**၏ စေခိုင်းခြင်းစကားလုံး)ကို လမ်းစရှာစေသည်၊ လွတ်လပ်စွာ ခွင့်ပြုလိုက်သည် ဟု ဘာသာပြန်ဆိုခြင်း ဖြစ်သည်။

၃၉။	**وَمَاذَا عَلَيْهِمْ لَوْ آمَنُواْ بِاللّهِ وَالْيَوْمِ الآخِرِ وَأَنفَقُواْ مِمَّا رَزَقَهُمُ اللّهُ وَكَانَ اللّهُ بِهِم عَلِيمًا۞** ပရမတ်ဘုရားရှင်နှင့်၊ နောက်ဆုံးနေ့အား ယုံကြည်ကြလျှင်၊ ပရမတ်ဘုရားရှင်က ရိက္ခာထောက်ရာမှ ပေးကမ်းသုံးစွဲကြလျှင် မည်သို့ နစ်နာအံ့နည်း၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သူတို့အား သိနေသောအရှင် ဖြစ်၏။
၄၀။ မတရားမြဲသည်	**إِنَّ اللّهَ لاَ يَظْلِمُ مِثْقَالَ ذَرَّةٍ وَإِن تَكُ حَسَنَةً يُضَاعِفْهَا وَيُؤْتِ مِن لَّدُنْهُ أَجْرًا عَظِيمًا۞** ဇကန်ပင် ပရမတ်ဘုရားရှင်သည် ပရမံနုမြူ အလေးချိန်မျှပင် **အဝိဇ္ဇာသင့်စေသည်** မဟုတ်ချေ၊ အကယ်၍ မင်္ဂလာတစ်ခုရှိအံ့၊ အရှင်က ၎င်းအား နလံထူစေ၍ အထံတော်မှ မဟာ ဆုလဒ်ကြီးကို ချီးမြှင့်တော်မူလတ္တံ့။
၄၁။	**فَكَيْفَ إِذَا جِئْنَا مِن كُلِّ أُمَّةٍ بِشَهِيدٍ وَجِئْنَا بِكَ عَلَى هَؤُلاء شَهِيدًا۞** အသိုင်းအဝိုင်းတိုင်းမှ သက်သေခံတစ်ဦးကို ငါ ရောက်လာစေ၍၊ သင့်အားလည်း သူတို့အတွက် သက်သေခံ အဖြစ် ရောက်လာစေတော်မူလျှင် မည်သို့ဖြစ်အံ့နည်း။
၄၂။	**يَوْمَئِذٍ يَوَدُّ الَّذِينَ كَفَرُواْ وَعَصَوُاْ الرَّسُولَ لَوْ تُسَوَّى بِهِمُ الأَرْضُ وَلاَ يَكْتُمُونَ اللّهَ حَدِيثًا۞** ထို့နေ့၌–ဉာဏ်စဉ်ဆောင်အား ဖုံးကွယ်၍ အာခံသောသူများက သူတို့ကိုယ်တိုင် မြေသားနှင့်အညီ ဖြစ်လိုငြားလည်း၊ ပရမတ်ဘုရားရှင်ထံ၌ မည်သည့် ဆင့်ပြန်ချက်ကိုမှ ထိန်ဝှက်ထား၍ မရချေ။
၄၃။ ရေချိုးရမည် ❖၂၃ ☆၅၆	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَقْرَبُواْ الصَّلاَةَ وَأَنتُمْ سُكَارَى حَتَّىَ تَعْلَمُواْ مَا تَقُولُونَ وَلاَ جُنُبًا إِلاَّ عَابِرِي سَبِيلٍ حَتَّىَ تَغْتَسِلُواْ وَإِن كُنتُم مَّرْضَى أَوْ عَلَى سَفَرٍ أَوْ جَاء أَحَدٌ مِّنكُم مِّن الْغَآئِطِ أَوْ لاَمَسْتُمُ النِّسَاء فَلَمْ تَجِدُواْ مَاء فَتَيَمَّمُواْ صَعِيدًا طَيِّبًا فَامْسَحُواْ بِوُجُوهِكُمْ وَأَيْدِيكُمْ إِنَّ اللّهَ كَانَ عَفُوًّا غَفُورًا۞** အို–ယုံကြည်သောသူတို့၊ အသင်တို့ ယစ်မူးနေစဉ်၊ ပြောဆိုမှုကို မသိသမျှ[၂၆၀] **သန့်ရှင်းပစ်ရမည်**ဖြစ်သော်[၂၆၂] လမ်းခရီး၌ မဟုတ်ခဲ့လျှင် မဆေးကြောသမျှ ဝတ်ပြုခြင်းသို့❖ မချည်းကပ်ကြနှင့်၊ အကယ်၍ သင်တို့သည် ဖျားနာနေလျှင် သို့မဟုတ် သင်ခန်းစာဖြစ်စေသည့် လမ်းခရီး၌ ဖြစ်လျှင် သို့မဟုတ် သင်တို့မှ တစ်စုံတစ်ယောက်သည် ကျင်ငွန့်ရာမှ ရောက်လာလျှင်၊ သို့မဟုတ် အမျိုးသမီးများနှင့် ထိတွေ့နီးနှောခဲ့၍ ရေ မတွေ့ခဲ့သော် သင်တို့၏ မျက်နှာပြင်များ☆ သင်တို့၏ လက်များအား စင်ကြယ်သော အပေါ်မြေကို ကိုင်လျက် ပွတ်သပ်ကြလော့။[၂၆၃] ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကျေအေးသော အရှင် လွတ်ငြိမ်းစေသော အရှင် ဖြစ်၏။
၄၄။	**أَلَمْ تَرَ إِلَى الَّذِينَ أُوتُواْ نَصِيبًا مِّنَ الْكِتَابِ يَشْتَرُونَ الضَّلاَلَةَ وَيُرِيدُونَ أَن تَضِلُّواْ السَّبِيلَ۞** ကျမ်းတော်၌ ပင်ပန်းခံရကျိုးအား ပေးအပ်ခံရသောသူများကို သင် မရှုစားမိသလော၊ သူတို့သည် လမ်းလွဲကို ရောင်းဝယ်နေကြ၏၊ သင်တို့အားလည်း အပါယ်ကျရန် လိုလားကြ၏။
၄၅။	**وَاللّهُ أَعْلَمُ بِأَعْدَائِكُمْ وَكَفَى بِاللّهِ وَلِيًّا وَكَفَى بِاللّهِ نَصِيرًا۞**

---

(၂၆၀) **سُكَارَى ဆိုကာရာ** ၏ အနက်မှာ မူးတူး ထိုင်းမှိုင်းခြင်း၊ အရက်သေစာ သောက်စားခြင်း ဟူ၍ ဖြစ်သည်၊ ဤနေရာ၌ မည်သည့် အခြေအနေကြောင့်ဖြစ်စေ မိမိရွတ်ဆိုရာကို တိကျမှန်ကန်စွာ မရွတ်ဆိုနိုင်လျှင် ကျမ်းစာသင်တန်းသည် အရာမဝင်ချေ၊ ထို့ကြောင့် အိပ်ချင်မူးတူး ဖြစ်နေလျှင် သို့မဟုတ်၊ တစ်စုံတစ်ရာ ရမက်ဇောကပ်၍ စိတ်ဆောင်နေလျှင်လည်း ကျမ်းစာသင်တန်းသည် ထိရောက်မည် မဟုတ်ချေ။ အရက်သေစာ သောက်စားထားခြင်းသည် အဆိုးဆုံး ဖြစ်သော်လည်း အရက်သေစာ သောက်စားထားခြင်း တစ်ခုတည်းကို ရည်ရွယ်ပြောဆိုခြင်း မဟုတ်ပေ။ အရက်သေစာ သောက်စားခြင်းကို ကျမ်းတော်၌ ပြတ်သားစွာ တားမြစ်ပြီး ဖြစ်သည်၊ (၅း၉၁)။

(၂၆၁) **جُنُبًا** သည် ပ ဝ ဇ မှ ဆင့်ပွားခြင်း ဖြစ်၍ အညစ်အကြေးမှ ကင်းသန့်စေသည်ဟု အနက်ပေးသည်

(၂၆၃) **فَتَيَمَّمُوا ဖတယမ်မမူး** ကို ဆရာတော်ကြီးများက ဘာသာမပြန်ကြဘဲ အသံထွက် မွေးစားစကားလုံး **တယမွန်** ပြောလေ့ရှိသည်။ ၎င်း၏ အဓိပ္ပါယ်မှာ ‘‘ရည်ရွယ်ချက်ဖြင့်’’ ဟု အနက်ပေး၍ (၂း၂၆၇)။ ၎င်းမှ ရင်းမြစ်တူ စကားလုံးမှာ– ပင်လယ်၊ မြစ်၊ ချောင်း ဟု ဖြစ်သည် (၇း၁၃၆။ ၅၁း၄၀)။ ပင်လယ်၊ ချောင်း၊ မြစ်များမှ ရေ ကို စိတ်ကူးရည်ရွယ်လျက်ဟု နားလည်နိုင်ပေသည်။

	ပရမတ်ဘုရားရှင်သည် သင်တို့မှ စည်းဖေါက်သူများကို အသိဆုံးဖြစ်တော်မူ၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် မဟာမိတ် အဖြစ် လုံလောက်တော်မူ၏၊ ကူညီသူအဖြစ် လုံလောက်တော်မူ၏။
၄၆။ ☆ ၂း၁၀၄	**مِّنَ الَّذِينَ هَادُواْ يُحَرِّفُونَ الْكَلِمَ عَن مَّوَاضِعِهِ وَيَقُولُونَ سَمِعْنَا وَعَصَيْنَا وَاسْمَعْ غَيْرَ مُسْمَعٍ وَرَاعِنَا لَيًّا بِأَلْسِنَتِهِمْ وَطَعْنًا فِي الدِّينِ وَلَوْ أَنَّهُمْ قَالُواْ سَمِعْنَا وَأَطَعْنَا وَاسْمَعْ وَانظُرْنَا لَكَانَ خَيْرًا لَّهُمْ وَأَقْوَمَ وَلَكِن لَّعَنَهُمُ اللّهُ بِكُفْرِهِمْ فَلاَ يُؤْمِنُونَ إِلاَّ قَلِيلاً۞** ရေဝတီတို့အနက် ဓမ္မတော်များကို မူရင်းမှလှည့်၍ ပြောဆိုလျက်[၂၆၄] ''ကျွန်ုပ်တို့ ကြားရပါ၏၊ အာခံရပါမည်၊ အာရုံမရှိဘဲ နားထောင်ရပါ၏။''ဟု လည်းကောင်း လျှာကိုလိပ်လျက် ''ထိန်းကျောင်းပါ။''☆ ဟုလည်းကောင်း သာသနာတော်အား နာမည်ဖျက်သောသူတို့ ရှိ၏။ အကယ်၍ သူတို့သည် ''ကျွန်ုပ်တို့ ကြားနာပါ၏၊ နာခံလျက် နားထောင်ပါ၏၊ ကျွန်ုပ်တို့ကို ကြည့်ရှုပေးပါ။''ဟု ပြောဆိုကြလျှင် သူတို့အတွက် ပို၍ကောင်း၏၊ ပို၍ခိုင်မြဲ၏၊ သို့ရာတွင် သူတို့၏ ဖုံးကွယ်မှု၊ အနည်းငယ်မျှပင် မယုံကြည်မှုတို့ကြောင့် ပရမတ်ဘုရားရှင်က သူတို့အား မေတ္တာဝေးစေပြီ။
၄၇။ ရှိသည့် ကျမ်းစာ	**يَا أَيُّهَا الَّذِينَ أُوتُواْ الْكِتَابَ آمِنُواْ بِمَا نَزَّلْنَا مُصَدِّقًا لِّمَا مَعَكُم مِّن قَبْلِ أَن نَّطْمِسَ وُجُوهًا فَنَرُدَّهَا عَلَى أَدْبَارِهَا أَوْ نَلْعَنَهُمْ كَمَا لَعَنَّا أَصْحَابَ السَّبْتِ وَكَانَ أَمْرُ اللّهِ مَفْعُولاً۞** အို– ကျမ်းပေးခံရသောသူတို့၊ ရှေ့အလျင်က သင်တို့၌ **ရှိသည်ကို** ဖြောင့်မှန်စေသော ငါ ချမှတ်ပေးသည့် အရာအား၊ မျက်နှာများကို အရေကွာစေ၍ ရှေ့နောက် မလှန်ပစ်မီ၊ သတင်းသိလ ဖေါက်ဖျက်သော ပေါင်းဖေါ်များအား မေတ္တာဝေးစေသကဲ့သို့ မေတ္တာမဝေးစေမီ သက်ဝင်ယုံကြည်ကြလော့၊ ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်သည် စီမံပြီးဖြစ်၏။
၄၈။ ☆ ၂း၇၀	**إِنَّ اللّهَ لاَ يَغْفِرُ أَن يُشْرَكَ بِهِ وَيَغْفِرُ مَا دُونَ ذَلِكَ لِمَن يَشَاء وَمَن يُشْرِكْ بِاللّهِ فَقَدِ افْتَرَى إِثْمًا عَظِيمًا۞** ပရမတ်ဘုရားရှင်သည် အရှင်နှင့် ရောပြွမ်းလျက် ကိုးကွယ်မှုအား လွတ်ငြိမ်းစေတော် မမူချေ၊ ထိုမှအပသော အရာမှစိုချိန်ပြည့်သူအား☆ လွတ်ငြိမ်းစေတော်မူအံ့၊ ပရမတ်ဘုရားရှင်အား ရောပြွမ်းကိုးကွယ်သော သူသည် မဟာ ပြစ်မှုကြီးအကြောင်းကို လုပ်ကြံဖန်တီးပြီ။[၂၆၅]
၄၉။	**أَلَمْ تَرَ إِلَى الَّذِينَ يُزَكُّونَ أَنفُسَهُمْ بَلِ اللّهُ يُزَكِّي مَن يَشَاء وَلاَ يُظْلَمُونَ فَتِيلاً۞** ဥာဉ်စရိုက် သန့်ရှင်းဖြူစင်သည်ဟု ဟန်လုပ်သောသူတို့အား သင် မရှုစားမိသလော၊ အမှန်မှာ ပရမတ်ဘုရားရှင်သာလျှင် စိုချိန်ပြည့်သူအား သန့်ရှင်းဖြူစင်စေ၏၊ အမှုံအမွှားမျှပင် မိုက်ကြေးခွဲခံရမည် မဟုတ်ချေ။
၅၀။	**انظُرْ كَيفَ يَفْتَرُونَ عَلَى اللّهِ الكَذِبَ وَكَفَى بِهِ إِثْمًا مُّبِينًا۞** ပရတ်မတ်ဘုရားရှင် အပေါ်၌ မည်သို့ လုပ်ကြံဖန်တီး လိမ်လည်ကြသည်ကို ကြည့်လော့၊ ၎င်းသည်ပင် ရှင်းလင်းထင်ရှား

---

(၂၆၄) ကျမ်းတော်ပါ စကားတော်များကို ပြောင်းလဲကြောင်းကို ၂း၇၅–၇၉၊ ၅း၁၃၊ ၄၁။ နှင့် ဤသုတ်တော်၌ တွေ့ရပေသည်။

(၂၆၅) အစွလာမ်သာသနာက အကြီးဆုံးသော အကုသိုလ်မှုမှာ ''လူခေါင်းဆောင်ကိုဖြစ်စေ၊ သဏ္ဌာန် ပြုလုပ်ထားသော အရာကို ဖြစ်စေ ဘုရားရှင်နှင့် ရောပြွမ်းကိုးကွယ်ခြင်း ဖြစ်၏''ဟု သွန်သင်ပေသည်။ ဤသို့ သွန်သင်ခြင်းမှာ ပရမတ်ဘုရားရှင် အရှင့်ကိုသာ သီးသန့် မကိုးကွယ်ဘဲ လျက် အခြားအရာကိုပါ ဘုရားအရာ၌ ထားသောကြောင့် သဝန်တိုခြင်း သို့မဟုတ် အာဏာပါဝါကို ထိပါးစေခြင်း ဖြစ်သည်ဟု ခံယူမှုကြောင့် မဟုတ်ပေ။ ကိုးကွယ်သည်ဟု ပြန်ဆိုသုံးစွဲနေသော စကားကို အာရဗီဘာသာဖြင့် ''အီဗာဒတ်'' ဟု ခေါ်တွင်ပြီး အနက်အဓိပ္ပါယ် အစစ်မှာ ''တာဝန်ထမ်းဆောင်ခြင်း'' ဖြစ်ပေသည်၊ လူသားသည် ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စကြာဝဠာ အနန္တ၌ ပရမတ်တည်ရှိပြီး ဖြစ်သည့် ဓမ္မကို လိုက်နာထမ်းဆောင်နေရပေသည်။ လူတစ်ဦးချင်းသည် သဘာဝဓမ္မထဲမှ အရာများကို ထိုးဖေါက်သိရှိလျက် ဥာဏ်စဉ်ပေါက်မြောက် နိုင်စွမ်း ရှိပေသည်၊ ခေါင်းဆောင် ဖြစ်နိုင်စွမ်း ရှိပေသည်၊ ထို့ကြောင့် ထိုသဘာဝဓမ္မထဲမှ အရာများကို ဘုရားဟုသတ်မှတ် ကိုးကွယ်လိုက်လျှင် ထိုကိုးကွယ်သူသည် မိမိကိုယ်မိမိ အဆင့်နှိမ့်လိုက်ခြင်းသာ ဖြစ်၍။ မိမိ၏ လူသားသဘာဝ ရရှိပိုင်ခွင့် ပိုင်ဆိုင် အားထုတ်နိုင်ခွင့်များကို ဖျက်သိမ်းလိုက်ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် လူသား၏ မိမိကိုယ်မိမိ ဖျက်ဆီးသည့် ရောပြွမ်းကိုးကွယ်ခြင်း (ရှုရိခ်က်) ကို ဤသာသနာတော်၌ အပြင်းထန်ဆုံး တားမြစ်ထားခြင်း ဖြစ်ပေသည်။ အခြားသော ပြစ်မှုများမှာ သီလပျက်ခြင်း ဖြစ်၍ သီလပြန်လည်စောင့်တည်လျှင် ပြေပျက်သွားနိုင်ပေသည်။ မိမိကိုယ်မိမိ အလုံးစုံ ဖျက်ဆီးလိုက်လျှင် မည်သည့်သီလကိုမှ ပြန်လည် တည်ဆောက်နိုင်စွမ်း မရှိတော့ပေ။

	၍ လုံလောက်သော ပြစ်မှု ဖြစ်၏။
၅၁။ တစ်ပိုင်းတစ်စ	**أَلَمْ تَرَ إِلَى الَّذِينَ أُوتُواْ نَصِيبًا مِّنَ الْكِتَابِ يُؤْمِنُونَ بِالْجِبْتِ وَالطَّاغُوتِ وَيَقُولُونَ لِلَّذِينَ كَفَرُواْ هَؤُلاء أَهْدَى مِنَ الَّذِينَ آمَنُواْ سَبِيلاً۞** ကျမ်းတော်၌ ပင်ပန်းခံရကျိုး ပေးအပ်ခံရသောသူများအား အသင် မရှုစားမိသလော၊ သူတို့သည် ဆင်းတုများ[၂၆၆] နှင့် မိစ္ဆာများကို[၂၆၇] ယုံကြည်လျက် ဖုံးကွယ်သောသူများအား "သူတို့သည် ယုံကြည်သောသူများထက် လမ်းစဉ်မှန်ကို ပိုညွှန်ခံရသည်၊"ဟု ဆိုကြ၏။
၅၂။	**أُوْلَئِكَ الَّذِينَ لَعَنَهُمُ اللّهُ وَمَن يَلْعَنِ اللّهُ فَلَن تَجِدَ لَهُ نَصِيرًا۞** သူတို့သည် ပရမတ်ဘုရားရှင်က မေတ္တာဝေးစေ သောသူတို့ ဖြစ်၏၊ ပရမတ်ဘုရားရှင်က မေတ္တာဝေးစေသူသည် သူ့အတွက် ကူညီနိုင်သူကို တွေ့ရမည် မဟုတ်ပေ။
၅၃။	**أَمْ لَهُمْ نَصِيبٌ مِّنَ الْمُلْكِ فَإِذًا لاَّ يُؤْتُونَ النَّاسَ نَقِيرًا۞** သို့တည်းမဟုတ် သူတို့၌ ပင်ပန်းခံရကျိုး ဩဇာအာဏာရှိကြသလော၊ ရှိငြားသော်လည်း လူသားတို့အား လေဖြင့်မှုတ်သလောက်ပင် ပေးကမ်းလိမ့်မည် မဟုတ်ချေ။
၅၄။	**أَمْ يَحْسُدُونَ النَّاسَ عَلَى مَا آتَاهُمُ اللّهُ مِن فَضْلِهِ فَقَدْ آتَيْنَآ آلَ إِبْرَاهِيمَ الْكِتَابَ وَالْحِكْمَةَ وَآتَيْنَاهُم مُّلْكًا عَظِيمًا۞** သို့တည်းမဟုတ်–သူတို့သည် ပရမတ်ဘုရားရှင်က အရှင်၏ သိက္ခာပေးခြင်းမှ လူသားတို့အား ချီးမြှင့်ခြင်း၌ မနာလို ဖြစ်ကြသလော။ ငါသည် အီဗရာဟီမ်၏ အဆက်အနွယ်အား ကျမ်းတော်နှင့် စီရင်ထုံးကို မုချ ချီးမြှင့်ခဲ့ပြီ၊ သူတို့အား ဂုဏ်ဒြဗိကြီးသော အာဏာကိုလည်း ပေးခဲ့ပြီ။
၅၅။ ကိုယ်တော့	**فَمِنْهُم مَّنْ آمَنَ بِهِ وَمِنْهُم مَّن صَدَّ عَنْهُ وَكَفَى بِجَهَنَّمَ سَعِيرًا۞** သူတို့အနက် **သူ့**အား ယုံကြည်သူ ရှိ၍ သူတို့အနက် **သူ့**ကို ရှောင်ဖယ်သူလည်း ရှိ၏၊ ငရဲမီးသည် လောင်စာဖြင့် ပြည့်စုံလျက် ရှိ၏။[၂၆၈]
၅၆၊ စစ်ထဲ၌	**إِنَّ الَّذِينَ كَفَرُواْ بِآيَاتِنَا سَوْفَ نُصْلِيهِمْ نَارًا كُلَّمَا نَضِجَتْ جُلُودُهُمْ بَدَّلْنَاهُمْ جُلُودًا غَيْرَهَا لِيَذُوقُواْ الْعَذَابَ إِنَّ اللّهَ كَانَ عَزِيزًا حَكِيمًا۞** ဇကန်ပင် ငါ၏ သုတ်ဒေသနာများကို ဖုံးကွယ်သောသူတို့အား **မီးထဲ၌** လောင်ကျွမ်းစေလတ္တံ့၊ သူတို့၏ အရေပြားများ မီးကျက်သွားတိုင်း ဝဋ်ကြွေးကို မြည်းစမ်းစေရန် အခြားသော အရေပြားဖြင့် လွှဲပြောင်းပေးလတ္တံ့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။[၂၆၉]

---

(၂၆၆) အာရ်ဗီစကား **ဇဲဗ့ ဂျီတ်တိ** ဆိုသည်မှာ ဂုဏ်သတ္တိ မရှိသော ရုပ်ပွားဆင်းတုများကို ဆိုလိုပေသည်။ ၎င်းတို့၏ တန်ဘိုးများကို သက်ဆိုင်ရာ လူသားများက ဇာတ်လမ်း အမျိုးမျိုး ခွဲကားတီထွင်လျက် လူသားကိုယ်တိုင် ကိုးကွယ်နေခြင်းသာ ဖြစ်သည်။ မှန်ကန်သော အကြည့်၊ မှန်ကန်သော ထိုးထွင်းမှုဖြင့် ကြည့်လျှင် ၎င်းတို့သည် ဂုဏ်တန်ဘိုး လုံးဝ မရှိပေ။

(၂၆၇) **တ္ဂွာဂုတ်(တ်)** ဆိုသည်မှာ မကောင်းဆိုးဝါးနှင့် လူသားတို့အား မောက်မာစေသည့် အရာများကို ဆိုလိုသည် (ကုရ်တုဘီကျမ်း)။

(၂၆၈) ဤသုတ်တော်မှ **သူ** ဆိုသည်မှာ ကိုယ်တော် အီဗရာဟီမ်အား ဆိုလို၍၊ ဤကျမ်းတော်ပါ ရှေးဥာဏ်စဉ်ဆောင်များ အားလုံးနှင့် ကိုယ်တော်တို့၏ နောက်လိုက်များသည် ကိုယ်တော်မုဟမ္မဒ်နှင့် နောက်လိုက်များအတွက် နမူနာ ဆောင်ပေသည်။

(၂၆၉) သတင်းမှောင်ချသူ၊ အမှန်တရားကို လက်မခံသူနှင့် သူတို့၏ အပေါင်းပါများသည် လောကဒုက္ခထဲ၌ တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ခံစားနေရမည်ကို လောက ဓမ္မတာ အဖြစ် ပြဋ္ဌာန်းထားပြီး ဖြစ်ပေသည်။ မည်သူမှ ကံကြမ္မာကို နောက်ပြောင်၍ မရနိုင်ပေ။

၅၇။	**وَالَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ سَنُدْخِلُهُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا أَبَدًا لَّهُمْ فِيهَا أَزْوَاجٌ مُّطَهَّرَةٌ وَنُدْخِلُهُمْ ظِلاًّ ظَلِيلاً۞** ယုံကြည်လျက် ပြုပြင်မှု ကျင့်ကြံသောသူသည် အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော သုခဘုံများသို့ ဝင်၍ ထို၌ ကာလပိုင်းခြားမဲ့ အစဉ်စံစားရလတ္တံ့၊ ထို၌ သူတို့အတွက် သန့်စင်သော စုဖွဲ့ဖော်များ ရှိနေ၏၊ သူတို့အား အရိပ်စစ်စစ် အရိပ်ထဲသို့ ဝင်စေလတ္တံ့။
၅၈။	**إِنَّ اللّهَ يَأْمُرُكُمْ أَن تُؤدُّواْ الأَمَانَاتِ إِلَى أَهْلِهَا وَإِذَا حَكَمْتُم بَيْنَ النَّاسِ أَن تَحْكُمُواْ بِالْعَدْلِ إِنَّ اللّهَ نِعِمَّا يَعِظُكُم بِهِ إِنَّ اللّهَ كَانَ سَمِيعًا بَصِيرًا۞** ယုံကြည်စွာအပ်နှံသော ပစ္စည်းများကို ပိုင်ဆိုင်ခွင့်ရှိသူထံ ပေးအပ်ကြရန် သင်တို့အား ပရမတ်ဘုရားရှင်က ဇကန်ညွှန်ကြားတော်မူပြီ၊ လူသားချင်းကြား စီရင်ထုံး၌ တန်းတူစွာ စီရင်ထုံးချရမည်။ ဇကန်ပင် ပရမတ်ဘုရားရှင်၏ သြဝါဒတော်သည် ဂုဏ်ရှိလှ၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် မြင်နေသောအရှင် ဖြစ်ပေ၏။
၅၉။ ၂၃၀	**يَا أَيُّهَا الَّذِينَ آمَنُواْ أَطِيعُواْ اللّهَ وَأَطِيعُواْ الرَّسُولَ وَأُوْلِي الأَمْرِ مِنكُمْ فَإِن تَنَازَعْتُمْ فِي شَيْءٍ فَرُدُّوهُ إِلَى اللّهِ وَالرَّسُولِ إِن كُنتُمْ تُؤْمِنُونَ بِاللّهِ وَالْيَوْمِ الآخِرِ ذَلِكَ خَيْرٌ وَأَحْسَنُ تَأْوِيلاً۞** အို– ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်အား နာခံကြလော့၊ ဉာဏ်စဉ်ဆောင်နှင့် သင်တို့မှ **ညွှန်ကြားခွင့် ရှိသူတို့**အား နာခံကြလော့၊ သင်တို့သည် ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့အား သက်ဝင်ယုံကြည်ကြလျှင် သင်တို့ချင်းမည်သည့် ဖယ်ပစ်နေသည်များ ကိုမဆို ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်ဘက်သို့ ဆက်သကြလော့၊ ဤသည်အကောင်းဆုံး အတင့်တယ်ဆုံး ဖွင့်ဆိုမှု ဖြစ်၏။
၆၀။	**أَلَمْ تَرَ إِلَى الَّذِينَ يَزْعُمُونَ أَنَّهُمْ آمَنُواْ بِمَا أُنزِلَ إِلَيْكَ وَمَا أُنزِلَ مِن قَبْلِكَ يُرِيدُونَ أَن يَتَحَاكَمُواْ إِلَى الطَّاغُوتِ وَقَدْ أُمِرُواْ أَن يَكْفُرُواْ بِهِ وَيُرِيدُ الشَّيْطَانُ أَن يُضِلَّهُمْ ضَلاَلاً بَعِيدًا۞** သင့်ထံ၌ ချမှတ်ပေးရာနှင့် သင့် ရှေ့အလျင် ချမှတ်ပေးရာတို့ကို ယုံကြည်ပါ၏ဟု ရပ်တည်ပြောဆိုသောသူများ ဖြစ်ပါလျက် မိစ္ဆာဒိဋ္ဌထံ၌ စီရင်ထုံး လိုလားကြသောသူများကို သင် မမြင်မိသလော၊ ၎င်းအား ငြင်းပယ်ရန် မိန့်ညွှန်ပြီး ဖြစ်၏၊ မကောင်းဆိုးဝါးသည် သူတို့အား နောက်ကျန် လွဲချော် လွဲမှားစေလို၏။
၆၁။ ★ ၃း၁၆၇	**وَإِذَا قِيلَ لَهُمْ تَعَالَوْاْ إِلَى مَا أَنزَلَ اللّهُ وَإِلَى الرَّسُولِ رَأَيْتَ الْمُنَافِقِينَ يَصُدُّونَ عَنكَ صُدُودًا۞** ပရမတ်ဘုရားရှင် ချမှတ်ပေးရာသို့၊ ဉာဏ်စဉ်ဆောင်၏ ဘက်သို့၊ လာကြလော့ ဟု သူတို့အား ပြောဆိုသော်၊ အသင့်အား ရှောင်ဖယ် ရှောင်ဖယ် ပြုသော သိလက္ကြောင်များကို★ မြင်တွေ့ရလတ္တံ့။
၆၂။	**فَكَيْفَ إِذَا أَصَابَتْهُم مُّصِيبَةٌ بِمَا قَدَّمَتْ أَيْدِيهِمْ ثُمَّ جَآؤُوكَ يَحْلِفُونَ بِاللّهِ إِنْ أَرَدْنَا إِلاَّ إِحْسَانًا وَتَوْفِيقًا۞** သူတို့၏ စုံရပ်ခံခဲ့သော လက်ချက်များကြောင့် ထိခိုက်မှုတစ်ခု သူတို့အား ထိခိုက်သောအခါ မည်သို့ ဖြစ်အံ့နည်း၊ ‘‘သုမင်္ဂလာနှင့် ပြန်လည်ပေါင်းစည်းခြင်းကိုသာ ကျွန်ုပ်တို့ လိုလားခဲ့ပါ၏၊’’ဟု ပရမတ်ဘုရားရှင်အား တိုင်တည်ပြုလျက် သင့်ထံသို့ ရောက်လာကြလတ္တံ့။
၆၃။	**أُولَئِكَ الَّذِينَ يَعْلَمُ اللّهُ مَا فِي قُلُوبِهِمْ فَأَعْرِضْ عَنْهُمْ وَعِظْهُمْ وَقُل لَّهُمْ فِي أَنفُسِهِمْ قَوْلاً بَلِيغًا۞** သူတို့သည်– သူတို့၏ စိတ်နလုံးထဲမှ အရာအား ပရမတ်ဘုရားရှင်က သိနေသော သူများ ဖြစ်၏၊ သူတို့အား ဘောင်ထားလော့၊ ဆုံးမလော့ သူတို့၏ စရိုက်များ အတွင်းထိ စကား ဆိုက်ရောက်အောင် ဟောပြောလော့။
၆၄။	**وَمَا أَرْسَلْنَا مِن رَّسُولٍ إِلاَّ لِيُطَاعَ بِإِذْنِ اللّهِ وَلَوْ أَنَّهُمْ إِذ ظَّلَمُواْ أَنفُسَهُمْ جَآؤُوكَ فَاسْتَغْفَرُواْ اللّهَ وَاسْتَغْفَرَ**

☆၉း၃၃	**لَهُمُ الرَّسُولُ لَوَجَدُواْ اللّهَ تَوَّابًا رَّحِيمًا۞** ပရမတ်ဘုရားရှင်၏ ကြေငြာချက်အား နာခံစေရန်မှအပ ဉာဏ်စဉ်ဆောင် တစ်ပါးကိုမျှ စေစားတော်မူသည်☆ မဟုတ်၊ အကယ်၍ သူတို့မှ မိမိတို့၏ စရိုက်အား မိုက်ကြေးခွဲ၍ သင့်ထံသို့ လာလျက် ပရမတ်ဘုရားရှင်၏ ထံ၌ လွတ်ငြိမ်းဆုပန်သော်၊ ဉာဏ်စဉ်ဆောင်ကလည်း သူတို့အတွက် လွတ်ငြိမ်းဆုပန်သော် ပရမတ်ဘုရားရှင်သည် သင်ပုန်းချော်သောအရှင် ကရုဏာရှင် ဖြစ်ကြောင်း သင် တွေ့ရလတ္တံ့။
၆၅။ မတင်မြောက်	**فَلاَ وَرَبِّكَ لاَ يُؤْمِنُونَ حَتَّىَ يُحَكِّمُوكَ فِيمَا شَجَرَ بَيْنَهُمْ ثُمَّ لاَ يَجِدُواْ فِي أَنفُسِهِمْ حَرَجًا مِّمَّا قَضَيْتَ وَيُسَلِّمُواْ تَسْلِيمًا۞** အမှန်မှာ– သင်၏ ကံကြမ္မာရှင်အားဖြင့်၊– သူတို့အကြား ကွဲလွဲချက်၌ သင့်အား ခုံသမ္မာဓိအဖြစ် **မစိုက်ထူ**သမျှ၊ သင်၏ အပြီးသတ်ဆုံးဖြတ်ရာကို သူတို့၏ ဉာဉ်စရိုက်၌ အခက်အခဲမရှိ ငြိမ်းငြိမ်းချမ်းချမ်း အေးအေးလူလူ မတွေ့ရသမျှ၊ သူတို့သည် ယုံကြည်သူများ မဟုတ်ချေ။
၆၆။	**وَلَوْ أَنَّا كَتَبْنَا عَلَيْهِمْ أَنِ اقْتُلُواْ أَنفُسَكُمْ أَوِ اخْرُجُواْ مِن دِيَارِكُم مَّا فَعَلُوهُ إِلاَّ قَلِيلٌ مِّنْهُمْ وَلَوْ أَنَّهُمْ فَعَلُواْ مَا يُوعَظُونَ بِهِ لَكَانَ خَيْرًا لَّهُمْ وَأَشَدَّ تَثْبِيتًا۞** အကယ်၍ ငါအရှင်က သူတို့အား "သင်တို့၏ ဉာဉ်စရိုက်များကို ပါယ်သတ်ကြကုန်–၂၇၀ သို့တည်းမဟုတ် သင်တို့၏ အိမ်များမှ ထွက်သွားကြကုန်၊"ဟု ပြဋ္ဌာန်းခဲ့လျှင် သူတို့အနက် အနည်းငယ်မှအပ ပြုလုပ်ကြမည် မဟုတ်ချေ၊ အကယ်၍ သူတို့သည် ဩဝါဒအတိုင်း ပြုလုပ်ခဲ့ကြလျှင် သူတို့အတွက် ပို၍ကောင်း၏၊ ပို၍တည်တံ့ ခိုင်မာ၏။
၆၇။	**وَإِذاً لَّآتَيْنَاهُم مِّن لَّدُنَّا أَجْراً عَظِيمًا۞** ထိုအခါ သူတို့အား ငါ့ထံတော်မှ မဟာ ဆုလဒ်ကြီးကို ချီးမြှင့်ပေအံ့–
၆၈။ ၁း၅	**وَلَهَدَيْنَاهُمْ صِرَاطًا مُّسْتَقِيمًا۞** သူတို့အား **မြဲမြံတည်တံ့သော လမ်းစဉ်တော်အား** ညွှန်တော်မူပေအံ့–
၆၉။ ၁း၆	**وَمَن يُطِعِ اللّهَ وَالرَّسُولَ فَأُوْلَـئِكَ مَعَ الَّذِينَ أَنْعَمَ اللّهُ عَلَيْهِم مِّنَ النَّبِيِّينَ وَالصِّدِّيقِينَ وَالشُّهَدَاء وَالصَّالِحِينَ وَحَسُنَ أُولَـئِكَ رَفِيقًا۞** ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်အား နာခံသူသည် ပရမတ်ဘုရားရှင်မှ ဂုဏ်ပေးသောသူများ ဖြစ်သည့် သတင်းတော်ဆောင်များ၊ ဖြောင့်မှန်သူများ၊ သက်သေတည်သူများ၊ ပြုပြင်သူများနှင့်အတူ ဖြစ်ရပေအံ့၊ သူတို့သည် အတင့်တယ်ဆုံး အကျွမ်းဝင်သူများ ဖြစ်ကြ၏။
၇၀။	**ذَلِكَ الْفَضْلُ مِنَ اللّهِ وَكَفَى بِاللّهِ عَلِيمًا۞** ဤသည် ပရမတ်ဘုရားရှင်မှ သိက္ခာပေးမှု ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် သိနေသောအရှင် အဖြစ် လုံလောက်၏။
၇၁။	**يَا أَيُّهَا الَّذِينَ آمَنُواْ خُذُواْ حِذْرَكُمْ فَانفِرُواْ ثُبَاتٍ أَوِ انفِرُواْ جَمِيعًا۞** အို– ယုံကြည်သောသူတို့၊ အသင်တို့သည် လက်နက်များအသင့် သတိရှိလော့၊ အသုတ်လိုက် ချီတက်လော့ သို့မဟုတ် အတူစု၍ ချီတက်ကြလော့၊

(၂၇၀) ဉာဉ်စရိုက်များကို ပါယ်သတ်ကြကုန် ဆိုသည်မှာ စိတ်ပိုင်းဆိုင်ရာ တော်လှန်ရေး လုပ်ဆောင်ခြင်းကို ဆိုလိုပေသည်၊ လူသားသည် မိမိ၏ ကျင့်သား ရင်းဖြီး ဖြစ်သည့် အစွဲပေါ်၌ သာယာနေတတ်သည်၊ ၎င်းကို တော်လှန်ရပေမည်၊ မိမိကိုယ်မိမိ ဦးစွာ ပြုပြင်ရပေမည်။ ထိုသို့ မိမိကိုယ်မိမိ အလျှင် ပြုပြင်ထားသူသာလျှင် လူ့ဘောင်ကောင်းကျိုးအတွက် ရုပ်ပိုင်းဆိုင်ရာ တော်လှန်ရေး လုပ်ဆောင်ရာ၌ တည်ကြည်ပြတ်သားစွာ ထမ်းဆောင်နိုင်ပေမည်။ အောက်ဖော်ပြပါ သုတ်တော်များက ရုပ်ပိုင်းဆိုင်ရာ တော်လှန်ရေး သဏ္ဌာန်ကို သွန်သင်ထားပေသည်။ (၂း၇၂။၇၃)

၇၂။	**وَإِنَّ مِنكُمْ لَمَن لَّيُبَطِّئَنَّ فَإِنْ أَصَابَتْكُم مُّصِيبَةٌ قَالَ قَدْ أَنْعَمَ اللهُ عَلَيَّ إِذْ لَمْ أَكُن مَّعَهُمْ شَهِيدًا**۞ သင်တို့၏ အထဲ၌ ချောင်ခိုသူများရှိ၏၊ အကယ်၍ ထိခိုက်မှုတစ်ခု သင်တို့အား ထိခိုက်ခဲ့လျှင် ‘‘ပရမတ်ဘုရားရှင်က ကျွန်ုပ်အား ဂုဏ်ပေးခဲ့၏ သို့ဖြစ်၍ ကျွန်ုပ်သည် သူတို့နှင့်အတူ မျက်မှောက်၌ မရှိခဲ့၊’’ဟု ရင့်ကျူး၏။
၇၃။	**وَلَئِنْ أَصَابَكُمْ فَضْلٌ مِّنَ اللهِ لَيَقُولَنَّ كَأَن لَّمْ تَكُن بَيْنَكُمْ وَبَيْنَهُ مَوَدَّةٌ يَا لَيْتَنِي كُنتُ مَعَهُمْ فَأَفُوزَ فَوْزًا عَظِيمًا**۞ အကယ်၍ သင်တို့အား ပရမတ်ဘုရားရှင်ထံမှ သိက္ခာပေးခြင်း သက်သော်၊ သူ့ကြား သင်တို့ကြား လိုလားမှု မရှိဘဲ ‘‘ကျွန်ုပ်သည် သူတို့နှင့် အတူဖြစ်ခဲ့လျှင် ကောင်းလေစွ၊ ကျွန်ုပ်သည်လည်း မဟာ အောင်ပွဲကို အောင်ပွဲခံရ လတ္တံ့၊’’ဟု ညည်းညူ၏။
၇၄။	**فَلْيُقَاتِلْ فِي سَبِيلِ اللهِ الَّذِينَ يَشْرُونَ الْحَيَاةَ الدُّنْيَا بِالآخِرَةِ وَمَن يُقَاتِلْ فِي سَبِيلِ اللهِ فَيُقْتَلْ أَو يَغْلِبْ فَسَوْفَ نُؤْتِيهِ أَجْرًا عَظِيمًا**۞ ဤလောကီဘဝကို လောကုတ္တရာအတွက် ရောင်းဝယ်သောသူများသည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ခုခံတိုက်ခိုက်ကြ၏၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ခုခံတိုက်ခိုက်သူတို့သည် ကျဆုံးရသည် ဖြစ်စေ– အနိုင်ယူနိုင်သည် ဖြစ်စေ မဟာ ဆုလဒ်ကြီးကို တမဟုတ်ချင်း ချီးမြှင့်ခံရလတ္တံ့။
၇၅။	**وَمَا لَكُمْ لاَ تُقَاتِلُونَ فِي سَبِيلِ اللهِ وَالْمُسْتَضْعَفِينَ مِنَ الرِّجَالِ وَالنِّسَاء وَالْوِلْدَانِ الَّذِينَ يَقُولُونَ رَبَّنَا أَخْرِجْنَا مِنْ هَذِهِ الْقَرْيَةِ الظَّالِمِ أَهْلُهَا وَاجْعَل لَّنَا مِن لَّدُنكَ وَلِيًّا وَاجْعَل لَّنَا مِن لَّدُنكَ نَصِيرًا**۞ ‘‘အို– ကံကြမ္မာရှင် တပည့်တော်တို့အား ဤမိုက်ကြေးခွဲနေသော ဤဒေသသားတို့ထံမှ ထွက်နိုင်ခွင့်ပေးပါ။ တပည့်တော်တို့အတွက် အရှင့်ထံတော်မှ မဟာမိတ် တစ်ဦးအား စီစဉ်ပေးပါ။ အရှင့်ထံတော်မှ ကူညီနိုင်သူ တစ်ဦးကို စီစဉ်ပေးပါ။’’ဟု ဆုပန်နေကြသော အင်အားချိနဲ့သည့် အမျိုးသား အမျိုးသမီး၊ ရင်သွေးငယ်များအတွက် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ အသင်တို့ စစ်မတိုက်ရန် အဘယ်အကြောင်း ရှိနေသနည်း။[၂၃]
၇၆။	**الَّذِينَ آمَنُواْ يُقَاتِلُونَ فِي سَبِيلِ اللهِ وَالَّذِينَ كَفَرُواْ يُقَاتِلُونَ فِي سَبِيلِ الطَّاغُوتِ فَقَاتِلُواْ أَوْلِيَاء الشَّيْطَانِ إِنَّ كَيْدَ الشَّيْطَانِ كَانَ ضَعِيفًا**۞ ယုံကြည်သောသူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ခုခံတိုက်ခိုက်ကြ၍၊ ဖုံးကွယ်သောသူတို့သည်ကား မိစ္ဆာလမ်းစဉ်၌ စစ်ခင်းကြ၏၊ မကောင်းဆိုးဝါး၏ မဟာမိတ်များကို ခုခံတိုက်ခိုက်ကြလော့၊ ဇာနပ်ပင် မကောင်းဆိုးဝါး၏ နည်းဗျူဟာသည် ချိနဲ့လှပေ၏။[၂၄]
၇၇။	**أَلَمْ تَرَ إِلَى الَّذِينَ قِيلَ لَهُمْ كُفُّواْ أَيْدِيَكُمْ وَأَقِيمُواْ الصَّلاَةَ وَآتُواْ الزَّكَاةَ فَلَمَّا كُتِبَ عَلَيْهِمُ الْقِتَالُ إِذَا فَرِيقٌ**

---

(၂၃) ဤသုတ်တော်သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ အဘယ်ကြောင့် ခုခံတိုက်ခိုက်ရသည်ကို ရှင်းလင်းစွာ ဖွင့်ဆိုထားသော သုတ်တော်ပင် ဖြစ်၏။ အစွယ်လာမ်သာသနာအား မလိုမုန်းထားပြုသူများ၏ ဝါဒဖြန့်ချိမှုသည် လီဆည်မူသာ ဖြစ်ကြောင်း လွန်စွာ ထင်ရှားလှပေသည်။ အစွယ်လာမ် သာသနာဝင် အစစ်တို့သည် မိမိတို့၏ သာသနာအား ဖြန့်ချိရန် သူတစ်ပါး ထိခိုက် ပုတ်ခတ် အနိုင်ကျင့်ခြင်းမျိုးဖြင့် သာသနာပြုခြင်း စစ်တိုက်ခြင်း မလုပ်ရပေ၊ အဖိနှိပ်ခံနေရသော မည်သည့် လူသားအတွက် မဆို အမှန်တရားဘက်မှ မားမားမတ်ရပ်တည်၍ ခုခံတိုက်ခိုက်ခြင်း သည်သာ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ တော်လှန်ခြင်း မည်ပေသည်။

(၂၄) မကောင်းဆိုးဝါးဆိုသည်မှာ မိစ္ဆာ အယူ (လွဲမှားသော လမ်းစဉ်ကို ကျင့်သုံးသောအယူ) ကို စွဲကိုင်လျက် ပြည်သူလူထုအား မထီမဲ့မြင် အနိုင်ကျင့်နေသော သူများကို ဆိုလို၍ သူတို့၏ ကာကွယ်သူများ ဆိုသည်မှာ သူတို့အား ကာကွယ်ပေးထားသည့် လက်ကိုင်တုတ်များ အခြေအရံများ သူတို့၏ တပ်သားများကို ဆိုလိုပေသည်။ ပရမတ်ဘုရားရှင်ကို ယုံကြည်သူတိုင်းသည် ထိုမင်းဆိုးမင်းယုတ်များ သူတို့၏ လက်ကိုင်တုတ်များကို ချေမှုန်းရန် တာဝန်ရှိပေသည်။

	مِّنْهُمْ يَخْشَوْنَ النَّاسَ كَخَشْيَةِ اللهِ أَوْ أَشَدَّ خَشْيَةً وَقَالُواْ رَبَّنَا لِمَ كَتَبْتَ عَلَيْنَا الْقِتَالَ لَوْلا أَخَّرْتَنَا إِلَى أَجَلٍ قَرِيبٍ قُلْ مَتَاعُ الدُّنْيَا قَلِيلٌ وَالآخِرَةُ خَيْرٌ لِّمَنِ اتَّقَى وَلاَ تُظْلَمُونَ فَتِيلاً۞
	"သင်တို့၏ လက်များကို ထိန်းချုပ်ဟန့်တားလျက် ဝတ်ပြု မြဲကြလော့၊ အခွန်ငွေဖြူ ပေးကြလော့၊"ဟု ပြောထားရသော သူများကို သင် မရှုစားမိသလော၊ သူတို့အား စစ်တိုက်ရန် ပြဋ္ဌာန်းလိုက်စဉ် သူတို့မှ တစ်ဖွဲ့က ပရမတ်ဘုရားရှင်အား ကြောက်ရွံ့သကဲ့သို့ လူသားများကို ကြောက်ရွံ့လျက် သို့မဟုတ် ထိုထက် ပြင်းထန်စွာ ကြောက်ရွံ့လျက် "အိုကံကြမ္မာရှင် တပည့်တော်တို့အား အဘယ်ကြောင့် စစ်တိုက်ရန် ပြဋ္ဌာန်းရပါသနည်း၊ အဘယ်ကြောင့် နောက်ထပ် သတ်မှတ်ကာလ နီးကပ်လှပါသနည်း၊"ဟု လျှောက်ထားကြ၏။[၂၇] ဟောကြားလော့ "လောကီ ပျော်ပါးမှုသည် အနည်းငယ် မျှသာ ဖြစ်၏၊ စည်းစောင့်သူများအတွက် နောင်ဘဝသည်သာ ပို၍ကောင်း၏၊ အမှုံအမွှားမျှပင် မိုက်ကြေးခွဲခံရမည် မဟုတ်ချေ–**
၇။	**أَيْنَمَا تَكُونُواْ يُدْرِككُّمُ الْمَوْتُ وَلَوْ كُنتُمْ فِي بُرُوجٍ مُّشَيَّدَةٍ وَإِن تُصِبْهُمْ حَسَنَةٌ يَقُولُواْ هَذِهِ مِنْ عِندِ اللهِ وَإِن تُصِبْهُمْ سَيِّئَةٌ يَقُولُواْ هَذِهِ مِنْ عِندِكَ قُلْ كُلٌّ مِّنْ عِندِ اللهِ فَمَا لِهَؤُلاء الْقَوْمِ لاَ يَكَادُونَ يَفْقَهُونَ حَدِيثًا۞**
	သင်တို့သည် မည်သည့်နေရာ၌ ရှိစေ မြင့်မားသော မျော်စင်ထဲတွင်[၂၈] ဖြစ်စေ သေခြင်းတရားသည် သင်တို့ထံသို့ ခြုံလွှမ်းလာလတ္တံ့၊ သူတို့ထံသို့ သုမင်္ဂလာ ထိသက်လျှင် "ဤသည် ပရမတ်ဘုရားရှင်၏ ထံမှ ဖြစ်၏၊"ဟု ပြောဆိုလျက်၊ သူတို့အား အကုသိုလ် ထိခိုက်လျှင် "ဤသည် သင့်ထံမှ၊"ဟု စွပ်စွဲကြ၏။ ဟောကြားလော့ "ခပ်သိမ်းကုန်သည် ပရမတ်ဘုရားရှင်၏ ထံမှ ဖြစ်၏၊" ဤလူမျိုးသည် မည်သည့် ဆင့်ပြန်ချက်ကို မဆို အဘယ်ကြောင့် နားလည်မှု မနီးစပ်ကြသနည်း။[၂၉]
၇၉။ ၂၉း ၅၁၅၂ ☆ ၉း၃၃	**مَّا أَصَابَكَ مِنْ حَسَنَةٍ فَمِنَ اللهِ وَمَا أَصَابَكَ مِن سَيِّئَةٍ فَمِن نَّفْسِكَ وَأَرْسَلْنَاكَ لِلنَّاسِ رَسُولاً وَكَفَى بِاللهِ شَهِيدًا۞**
	သင့်အား ထိသက်ရာ သုမင်္ဂလာသည် ပရမတ်ဘုရားရှင်၏ ထံမှ ဖြစ်၍ သင့်အား ထိခိုက်ရာ အကုသိုလ်သည် သင့်စရိုက်ကြောင့်သာ ဖြစ်၏၊ ငါသည် သင့်အား လူသားတို့အတွက် ဉာဏ်စဉ်ဆောင် တစ်ပါးအဖြစ် စေစားတော်မူပြီ၊☆ ပရမတ်ဘုရားရှင်သည် သက်သေအဖြစ် လုံလောက်တော်မူ၏။
၈၀။ ☆၉း၃၃ စေလွှတ်	**مَّنْ يُطِعِ الرَّسُولَ فَقَدْ أَطَاعَ اللهَ وَمَن تَوَلَّى فَمَا أَرْسَلْنَاكَ عَلَيْهِمْ حَفِيظًا۞**
	ဉာဏ်စဉ်ဆောင်အား နာခံသောသူသည် ပရမတ်ဘုရားရှင်အား နာခံသည် မည်၏၊ လှည့်သွားသူ– သူတို့ အတွက် သင့်အား စောင့်ရှောက်ရသူ အဖြစ် **စေစား**သည် မဟုတ်ချေ။
၈၁။	**وَيَقُولُونَ طَاعَةٌ فَإِذَا بَرَزُواْ مِنْ عِندِكَ بَيَّتَ طَآئِفَةٌ مِّنْهُمْ غَيْرَ الَّذِي تَقُولُ وَاللهُ يَكْتُبُ مَا يُبَيِّتُونَ**

---

(၂၇၃) ဤသို့ ဟန်ရေးပြသော လူတန်းစားမျိုးသည် လူ့အသင်းအဖွဲ့တိုင်းတွင် ရှိပေသည်။ ပြဿနာတစ်ခုအား ရောက်မလာမီ လူတွင်ကျယ်လုပ်လျက် ဟန်ရေးပြကြပြီး ပြဿနာအား အမှန်တကယ် ရင်ဆိုင်ရသောအခါ အကြောင်းပြချက် မျိုးစုံဖြင့် ခေါင်းရှောင်လေ့ ရှိပေသည်။ ဤလူတန်းမျိုးကို အစ္စလာမ်က "သီလကြောင်၊ နှစ်ဘက်ခွ" များဟု ခေါ်ပေသည်။

(၂၇၄) **ဗုဇ္ဈ ဘိုရူးဂျိ** ကို မြင်သာထင်သာဖြစ်ခြင်း ၂၄း၃၃ ဖြစ်ပါသည်။ ကိုယ်ဟန်ပြခြင်း ၃၃း၃၃ နှင့် ဟင်းလင်းပြင်၌ သေချာ စနစ်ကျစွာ ဖွဲ့စည်းတည်ဆောက်ထားသော ကိုယ်ထည် ဖြစ်သည်ဟု ကျမ်းတော်က ဖေါ်ပြသည်၊ ထို့ကြောင့် အာကာသ ဟင်းလင်း ပြင်တွင် စနစ်တကျ ခိုင်မာစွာ စုဖွဲ့သော ကြယ်တာရာစု နဂါးငွေ့တန်းကို **ဘိုရူးဂျိ** ဟု ကျမ်းတော်က သုံးနှုံးသည်၊ ၁၅း၁၆၊ ၂၅း၆၊ ၈၅း၁။

(၂၇၅) ကောင်းမှု ဆိုးမှု အားလုံး၏ အကျိုးသက်ရောက်မှုသည် မူလဇစ်မြစ်ကပင် ပညတ်ပြဋ္ဌာန်းပြီး ဖြစ်ပေသည်၊ ထို့ကြောင့် ထိုအရာအားလုံးကို ပရမတ်ဘုရားရှင်၏ ထံမှဖြစ်သည်ဟု ကျမ်းတော်၌ မကြာမဏ ဖေါ်ပြပေသည်။ မိမိထံရောက်လာသော အကျိုးတရားသည် မိမိ လုပ်ဆောင်မှု၏ အကျိုးဆက်သာဖြစ်ကြောင်း ကုရ်အာန်ကျမ်းတော်က ရှင်းလင်းစွာ ပြဋ္ဌာန်းထားပေသည်၊ ၄၂း၃၀။ ၆၄း၁၁။

	فَأَعْرِضْ عَنْهُمْ وَتَوَكَّلْ عَلَى اللهِ وَكَفَى بِاللهِ وَكِيلاً۞ “နာခံပါ၏”ဟု ပြောကြလျက်၊ သူတို့မှ တစ်စုသည် သင့်ထံမှ ထွက်လာသောအခါ သူတို့ပြောဆိုခဲ့ရာနှင့် ဆန့်ကျင်ဘက်ကို မှောင်ချကြံစည်ကြ၏၊ ပရမတ်ဘုရားရှင်သည် သူတို့၏ မှောင်ချကြံစည်ချက်ကို မှတ်တမ်းတင်ထားတော်မူပြီ၊ သို့ဖြစ်၍ သူတို့အား ဘောင်ထားလော့၊ ပရမတ်ဘုရားရှင်အား ကိုးစားလော့၊ ပရမတ်ဘုရားရှင်သည် ကိုးစားထိုက်သည့် အရှင် အဖြစ် လုံလောက်တော်မူ၏။
၈၂။ ကွဲပြားမှု	**أَفَلاَ يَتَدَبَّرُونَ الْقُرْآنَ وَلَوْ كَانَ مِنْ عِندِ غَيْرِ اللهِ لَوَجَدُواْ فِيهِ اخْتِلاَفًا كَثِيرًا۞** ဤကုရ်အာန်အား အရင်းအမြစ်မစစ်ကြကုန်သလော၊ အကယ်၍ ၎င်းသည် ပရမတ်ဘုရားရှင်၏ ထံတော်မှ မဟုတ်ခဲ့လျှင် ယင်း၌ **မညီညွတ်မှု**ပေါင်းများစွာကို တွေ့ကြရကုန်လတ္တံ့။[၂၇၆]
၈၃။	**وَإِذَا جَاءهُمْ أَمْرٌ مِّنَ الأَمْنِ أَوِ الْخَوْفِ أَذَاعُواْ بِهِ وَلَوْ رَدُّوهُ إِلَى الرَّسُولِ وَإِلَى أُوْلِي الأَمْرِ مِنْهُمْ لَعَلِمَهُ الَّذِينَ يَسْتَنبِطُونَهُ مِنْهُمْ وَلَوْلاَ فَضْلُ اللهِ عَلَيْكُمْ وَرَحْمَتُهُ لاَتَّبَعْتُمُ الشَّيْطَانَ إِلاَّ قَلِيلاً۞** သူတို့ထံသို့ ယုံကြည်စိတ်ချဘွယ်ရာ သို့မဟုတ် ချောက်ချားဘွယ်ရာ အရေးအကြောင်း ရောက်လာခဲ့သော် ၎င်းကို ဖြန့်ချီကြကုန်၏၊ ထိုအကြောင်းကို ဉာဏ်စဉ်ဆောင်၏ထံသို့ သို့မဟုတ် သူတို့မှ ညွှန်ကြားခွင့် ရှိသူ၏ ထံသို့ ပြန်ပို့လျက် သူတို့အနက် ၎င်းကို သိသူများက ၎င်းကို– ဆန်းစစ်သောသူများ ဖြစ်သင့်၏၊ အကယ်၍ ပရမတ်ဘုရားရှင်သည် သူတို့အား သိက္ခာမပေးခဲ့၊ ကရုဏာမသက်ခဲ့လျှင် အနည်းစုမှအပ မကောင်းဆိုးဝါး၏ နောက်သို့ လိုက်ကြရလတ္တံ့။[၂၇၇]
၈၄။ ရန်သူ	**فَقَاتِلْ فِي سَبِيلِ اللهِ لاَ تُكَلَّفُ إِلاَّ نَفْسَكَ وَحَرِّضِ الْمُؤْمِنِينَ عَسَى اللهُ أَن يَكُفَّ بَأْسَ الَّذِينَ كَفَرُواْ وَاللهُ أَشَدُّ بَأْسًا وَأَشَدُّ تَنكِيلاً۞** ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ခုခံတိုက်ခိုက်လော့၊ သင့်စရိုက်အတွက်သာ သင့်ကို ဝန်ဆောင်စေပြီ၊ ယုံကြည်သူတို့အား သွေးနွေးစေလော့၊ ပရမတ်ဘုရားရှင်သည် **ဖိုးကွယ်သောသူ**တို့ထံမှ အမင်္ဂလာများကို ထိန်းချုပ်ဟန့်တားနိုင်ရာ၏၊ ပရမတ်ဘုရားရှင်သည်ကား အမင်္ဂလာတန်ပြန်ရာ၌ ပြတ်သားတော်မူ၏၊ နမူနာပေးရာ၌ ပြတ်သားတော်မူ၏။
၈၅။	**مَّن يَشْفَعْ شَفَاعَةً حَسَنَةً يَكُن لَّهُ نَصِيبٌ مِّنْهَا وَمَن يَشْفَعْ شَفَاعَةً سَيِّئَةً يَكُن لَّهُ كِفْلٌ مِّنْهَا وَكَانَ اللهُ عَلَى كُلِّ شَيْءٍ مُّقِيتًا۞** ကြားဝင်မှုကို တင့်တယ်စွာ ကြားဝင်ဆောင်ရွက်သူ သူ့အတွက် ထို၌ ပင်ပန်းရကျိုးရှိ၏၊ အကုသိုလ် ကြားဝင်မှုဖြင့် ကြားဝင်ဆောင်ရွက်သူ သူ့အတွက် ထိုမှ ထိန်းထားရာ ရှိ၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား ထိန်းညှိထားသော အရှင် ဖြစ်၏။
၈၆။	**وَإِذَا حُيِّيْتُم بِتَحِيَّةٍ فَحَيُّواْ بِأَحْسَنَ مِنْهَا أَوْ رُدُّوهَا إِنَّ اللهَ كَانَ عَلَى كُلِّ شَيْءٍ حَسِيبًا۞**

---

(၂၇၆) ဤသုတ်တော်သည် ဤကျမ်းတော်မှာ ပရမတ်ဘုရားရှင်၏ ထံတော်မှ ဉာဏ်စဉ်ကိန်းဝပ်ပေးသည်ကို တိတိကျကျ မှတ်တမ်းတင်ထားသော၊ လူ့လက်ရာ (အတွေးအခေါ်)များ ပေါင်းစပ်ဖွဲ့စည်းထားသည့် ကျမ်းတစ်စောင် ပေတစ်မူ မဟုတ်ကြောင်းကို ခိုင်မာစွာ ပြောဆိုထားသော သုတ်တော်ပေါင်းများစွာ အနက်မှ သုတ်တော်တစ်ပါး ဖြစ်ပေသည်။ ဤကျမ်းတော်သည် စာအုပ်စာပေများ မထွန်းကားမီကာလမှပင် စတင်မှတ်တမ်းတင်ခဲ့သော်လည်း လက်ရှိအချိန်ထိ တစ်လုံးတစ်ပါဒမှ ပြင်ဆင်ပြောင်းလဲမှု မရှိကြောင်း၊ သုတ်ဒေသနာအချင်းချင်း ရှေ့နောက် ကွဲလွဲချက် မရှိကြောင်း၊ ယုတ္တိဗေဒကင်းမဲ့သည့် ဒဏ္ဍာရီများ မပါဝင်ကြောင်းကို ရိုးသားသည့် ကမ္ဘာ့စာပေ ပညာရှင်တိုင်းက အသိအမှတ် ပြုထားရပေသည်။ မည်သည့် အမျိုးသားရေးဝါဒနှင့် မုန်းတီးမှုများကမှ ကျမ်းတော်၏ ဖြောင့်မှန်မှုကို မလွှမ်းမိုးနိုင်ပေ။

(၂၇၇) အတည်မပြုနိုင်သော သတင်းတစ်စုံတစ်ခုအား ဝေဖန်ပိုင်းခြားခြင်း မရှိဘဲ ကြားနာရသူအပေါင်း စိတ်လှုပ်ရှားစေရန် ဝါဒဖြန့်ချိခြင်း၊ မတိကျမခိုင်မာဘဲလျက် သတင်းဖြန့်ချိခြင်းကို အစွလာမ်သာသနာက ရှုံ့ချပေသည်။ ၎င်းသည် သတင်းကျင့်ဝတ်နှင့်လည်း မညီညွတ်ပေ။ အုပ်ချုပ်သူများ ဘက်မှလည်း နိုင်ငံရေးကစားရန် ပေါ်လစီချမှတ် မမှန်သတင်းလွှင့်ခြင်းမျိုးကို အစွလာမ်သသနာမှ တားမြစ်ပေသည်။ အပြစ်မဲ့ပြည်သူအပေါင်းအား (စိတ်အေးဘွယ်ရာ) မျှော်လင့်ချက်ပေးခြင်း၊ (ချောက်ချားဘွယ်ရာ) ချောက်လှန့်ခြင်း ပြုလုပ်ခြင်းသာ ဖြစ်ပေသည်၊ ကောင်းမှုမဟုတ်ပေ။

	သင်တို့အား နှတ်ခွန်းဆက်သော အခါ၊ ပို၍တင့်တယ်စွာ နှတ်ဆက်ကြလော့၊ သို့မဟုတ် ပြန်လည်၍ နှတ်ဆက်ကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စစ်ဆေးနေသောအရှင် ဖြစ်၏။
၈၇။ ☆ ၂း၁၇၄	**اللهُ لا إِلَـهَ إِلاَّ هُوَ لَيَجْمَعَنَّكُمْ إِلَى يَوْمِ الْقِيَامَةِ لاَ رَيْبَ فِيهِ وَمَنْ أَصْدَقُ مِنَ اللهِ حَدِيثًا۞** ပရမတ်ဘုရားရှင်– အရှင်မှအပ အခြားဘုရားဟူ၍ မရှိ၊ သံသယ အလျဉ်း မဝင်နိုင်သော ရပ်တည်ရမည့် နေ့၌☆ သင်တို့အား စုပေါင်းစေတော်မူမည် ပရမတ်ဘုရားရှင်ထက် မည်သူက ဖြောင့်မှန်စွာ ဆင့်ပြန်နိုင်အံ့နည်း။
၈၈။ ၄း၁၆၇	**فَمَا لَكُمْ فِي الْمُنَافِقِينَ فِئَتَيْنِ وَاللهُ أَرْكَسَهُم بِمَا كَسَبُواْ أَتُرِيدُونَ أَن تَهْدُواْ مَنْ أَضَلَّ اللهُ وَمَن يُضْلِلِ اللهُ فَلَن تَجِدَ لَهُ سَبِيلاً۞** သို့ဖြင့် သင်တို့သည် **သီလကြောင်များ**အတွက် အဘယ်ကြောင့် နှစ်တပ် ကွဲနေကြသနည်း၊ ပရမတ်ဘုရားရှင်သည် သူတို့၏ ကျင့်ဆောင်မှုများကြောင့် သူတို့ကို ဦးချိုးထားတော်မူပြီ၊ ပရမတ်ဘုရားရှင်က အပါယ်ရောက်စေသူအား လမ်းညွှန်ရစေလိုသလော၊ ပရမတ်ဘုရားရှင်က အပါယ်ရောက်စေသူ အတွက် မည်သည့်လမ်းကိုမှ တွေ့ရမည် မဟုတ်ချေ။
၈၉။ ရန်သူများ	**وَدُّواْ لَوْ تَكْفُرُونَ كَمَا كَفَرُواْ فَتَكُونُونَ سَوَاء فَلاَ تَتَّخِذُواْ مِنْهُمْ أَوْلِيَاء حَتَّىَ يُهَاجِرُواْ فِي سَبِيلِ اللهِ فَإِن تَوَلَّوْاْ فَخُذُوهُمْ وَاقْتُلُوهُمْ حَيْثُ وَجَدتَّمُوهُمْ وَلاَ تَتَّخِذُواْ مِنْهُمْ وَلِيًّا وَلاَ نَصِيرًا۞** သူတို့သည် **ဖုံးကွယ်သူများ** ဖြစ်ခဲ့သည့်နည်းတူ အလားတူ သင်တို့အား **ဖုံးကွယ်သူများ** ဖြစ်စေလိုသ၏၊ ထို့ကြောင့် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ပြောင်းရွှေ့မလာသမျှ– သူတို့အနက်မှ မဟာမိတ်များ အဖြစ် မမှတ်ယူနှင့်၊ သို့သော် သူတို့သည် လှည့်လာကြလျှင် သူတို့အားတွေ့သည့် နေရာတိုင်း၌ ဖမ်းဆီးကြလော့၊ ခုခံတိုက်ကြလော့၊ သူတို့မှ မဟာမိတ် အဖြစ် သို့မဟုတ် ကူညီသူအဖြစ် မယူမှတ်ကြကုန်နှင့်။
၉၀။	**إِلاَّ الَّذِينَ يَصِلُونَ إِلَىَ قَوْمٍ بَيْنَكُمْ وَبَيْنَهُم مِّيثَاقٌ أَوْ جَآؤُوكُمْ حَصِرَتْ صُدُورُهُمْ أَن يُقَاتِلُونَكُمْ أَوْ يُقَاتِلُواْ قَوْمَهُمْ وَلَوْ شَاء اللهُ لَسَلَّطَهُمْ عَلَيْكُمْ فَلَقَاتَلُوكُمْ فَإِنِ اعْتَزَلُوكُمْ فَلَمْ يُقَاتِلُوكُمْ وَأَلْقَوْاْ إِلَيْكُمُ السَّلَمَ فَمَا جَعَلَ اللهُ لَكُمْ عَلَيْهِمْ سَبِيلاً۞** သင်တို့နှင့် ပူးပေါင်းထားသော လူမျိုးများထံသို့ သို့မဟုတ် သင်တို့အား တိုက်ခိုက်လိုခြင်း သို့မဟုတ် သင်တို့ ကြား သူတို့၏ လူမျိုး အကြား စစ်ဖြစ်လိုခြင်းဟူသည့် ရင်ဘတ်ကို ချုပ်ထိန်း၍ သင်တို့ထံ ရောက်လာသူများသည် ခွင်းချက်ဖြစ်၏။ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့လျှင် အရှင်သည် သူတို့အား သင်တို့ထက် အခွင့်အာဏာပေးနိုင်တော်မူ၏၊ သို့ဖြစ်လျှင် သူတို့သည် သင်တို့ကို တိုက်ခိုက်နိုင်ရာ၏၊ သို့ဖြစ်၍ သင်တို့ကို မတိုက်ခိုက်ကြဘဲ စစ်ရှောင်လျက် ငြိမ်းချမ်းရေး ကမ်းလှမ်းလျှင် သူတို့အား ဆန့်ကျင်ရန်အတွက် ပရမတ်ဘုရားရှင်က သင်တို့အား နည်းလမ်း မစီစဉ်ပေးပေ။[၂၇၈]
၉၁။	**سَتَجِدُونَ آخَرِينَ يُرِيدُونَ أَن يَأْمَنُوكُمْ وَيَأْمَنُواْ قَوْمَهُمْ كُلَّ مَا رُدُّوَاْ إِلَى الْفِتْنِةِ أُرْكِسُواْ فِيهَا فَإِن لَّمْ يَعْتَزِلُوكُمْ وَيُلْقُواْ إِلَيْكُمُ السَّلَمَ وَيَكُفُّوَاْ أَيْدِيَهُمْ فَخُذُوهُمْ وَاقْتُلُوهُمْ حَيْثُ ثِقِفْتُمُوهُمْ وَأُوْلَـئِكُمْ جَعَلْنَا لَكُمْ عَلَيْهِمْ سُلْطَانًا مُّبِينًا۞** သင်တို့ထံမှ ယုံကြည်ရမှု၊ သူတို့၏ လူမျိုးချင်းထံမှ ယုံကြည်ရမှုများကို လိုလားသော အခြားသူများကို တွေ့ရလတ္တံ့၊ သူတို့အား ပြန်လည် သိမ်းသွင်းခဲ့သော် သွေးတိုးစမ်းမှု ဘက်သို့ အချိန်တိုင်း ဦးစိုက်နေကြ၏၊ အကယ်၍ သူတို့သည်

(၂၇၈) ဤသုတ်တော်သည် ရှေးမှ သုတ်တော် (၈၉)အား ရှင်းလင်းခြင်း ဖြစ်၍၊ သီလကြောင် ဖြစ်သော်ငြားလည်း သူသည် စစ်မက်ဖြစ်ပွားမှုကို မလိုလားခဲ့သော် သူ့အား သတ်ခွင့် တိုက်ခွင့် မပေးချေ။ ၂း၉၃–၉၄ တွင် တော်လှန်စစ်ဖြစ်ရမည့် အခြေအနေများကို တင်ပြထားပြီး၊ ၂၂း၄၀ တွင် မည်သည့် ဘာသာတရားတို့၏ ဘုရားကျောင်းများကို ဖြစ်စေ "ပရမတ်ဘုရားရှင်၏ ဂုဏ်တော်များကို ရွှမ့တ်ဘာဝနာပြုရာများ အဖြစ် အစွယ်လာမ်သာသနာက အသိအမှတ်ပြုထား၍" ထိုနေရာများကို ကာကွယ်ရန် တာဝန်ရှိနေပေသည်။ ထို့ကြောင့် အစွယ်လာမ်၏ ခေါင်းစဉ်အောက်တွင် မရှိသော်လည်း ငြိမ်းချမ်းရေးကို လိုလားသော မည်သူကို မဆို တိုက်ခိုက်ချေမှုန်း ပိုင်ခွင့် မရှိချေ။

လုပ်ရပ်	သင်တို့အား စစ်ရှောင်ခြင်း၊ ငြိမ်းချမ်းရေး ကမ်းလှမ်းခြင်း၊ **လက်များ**ကို ထိန်းချုပ်ဟန့်တားခြင်းများ မပြုကြသော် သူတို့အား ထိပ်တိုက်တိုးရာ နေရာ၌ ဖမ်းဆီးကြလော့၊ ခုခံတိုက်ကြလော့၊ သင်တို့က သူတို့အပေါ် ထိုသို့ပြုရန် ရှင်းလင်းထင်ရှားစွာ အခွင့်အာဏာ ငါ စီစဉ်ပေး၏။
၉၂။	**وَمَا كَانَ لِمُؤْمِنٍ أَن يَقْتُلَ مُؤْمِنًا إِلاَّ خَطَئًا وَمَن قَتَلَ مُؤْمِنًا خَطَئًا فَتَحْرِيرُ رَقَبَةٍ مُّؤْمِنَةٍ وَدِيَةٌ مُّسَلَّمَةٌ إِلَى أَهْلِهِ إِلاَّ أَن يَصَّدَّقُواْ فَإِن كَانَ مِن قَوْمٍ عَدُوٍّ لَّكُمْ وَهُوَ مُؤْمِنٌ فَتَحْرِيرُ رَقَبَةٍ مُّؤْمِنَةٍ وَإِن كَانَ مِن قَوْمٍ بَيْنَكُمْ وَبَيْنَهُمْ مِّيثَاقٌ فَدِيَةٌ مُّسَلَّمَةٌ إِلَى أَهْلِهِ وَتَحْرِيرُ رَقَبَةٍ مُّؤْمِنَةً فَمَن لَّمْ يَجِدْ فَصِيَامُ شَهْرَيْنِ مُتَتَابِعَيْنِ تَوْبَةً مِّنَ اللهِ وَكَانَ اللهُ عَلِيمًا حَكِيمًا۞** မှားယွင်းစွာမှအပ–ယုံကြည်သူအား လုပ်ကြံခြင်းသည် ယုံကြည်သူတစ်ဦး၏ ဂုဏ်အင်္ဂါ မဟုတ်ချေ။ ယုံကြည်သူတစ်ဦးအား မှားယွင်းစွာ လုပ်ကြံမိသူသည် သေသူ အိမ်သားတို့ဘက်အား ဖြောင့်မှန်စွာ ပြေငြိမ်းကြေးပေးရမည်၊ ယုံကြည်သူ ကျွန်တစ်ဦးအား လွှတ်ပေးရမည်၊ အကယ်၍ သေသူသည် ယုံကြည်သူဖြစ်၍ သင်တို့အား စည်းဖေါက်သော လူမျိုးမှ ဖြစ်အံ့၊ ယုံကြည်သူ ကျွန်တစ်ဦးအား လွှတ်ပေးရမည်၊ သေသူသည် သင်တို့ကြား သူတို့ကြား ညွှန့်ပေါင်းစာချုပ်ရှိသော လူမျိုးမှ ဖြစ်လျှင် သူ၏ အိမ်သားတို့အား ပြေငြိမ်းကြေးပေးရမည်၊ ယုံကြည်သူ ကျွန်တစ်ဦးအား လွှတ်ပေးရမည်၊ ၎င်းတို့အား ကိုယ်တွေ့မဖြစ်နိုင်သူ အတွက် ပရမတ်ဘုရားရှင်၏ထံမှ ခဝါချရန် နည်းနာမှာ နှစ်လတို ဥပုသ်စောင့်တည်ရမည်။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သိနေသော အရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၉၃။ ဦးတည်၍	**وَمَن يَقْتُلْ مُؤْمِنًا مُّتَعَمِّدًا فَجَزَآؤُهُ جَهَنَّمُ خَالِدًا فِيهَا وَغَضِبَ اللهُ عَلَيْهِ وَلَعَنَهُ وَأَعَدَّ لَهُ عَذَابًا عَظِيمًا۞** ယုံကြည်သူအား **မတ်မှိုင်ထား၍** လုပ်ကြံသူ၏ အစားရခြင်းမှာ ဂရေမီးပင် ဖြစ်၏၊ ထို၌ အစဉ်ခံစားရလတ္တံ့၊ ပရမတ်ဘုရားရှင်က မေတ္တာဝေးစေမည်၊ ကရုဏာဝေးစေမည်ပင်၊ သူ့အတွက် မဟာ ဝဋ်ကြွေးကြီးကို တွက်ချက်ပြင်ဆင်ထားပြီ။
၉၄။	**يَا أَيُّهَا الَّذِينَ آمَنُواْ إِذَا ضَرَبْتُمْ فِي سَبِيلِ اللهِ فَتَبَيَّنُواْ وَلاَ تَقُولُواْ لِمَنْ أَلْقَى إِلَيْكُمُ السَّلاَمَ لَسْتَ مُؤْمِنًا تَبْتَغُونَ عَرَضَ الْحَيَاةِ الدُّنْيَا فَعِندَ اللهِ مَغَانِمُ كَثِيرَةٌ كَذَلِكَ كُنتُم مِّن قَبْلُ فَمَنَّ اللهُ عَلَيْكُمْ فَتَبَيَّنُواْ إِنَّ اللهَ كَانَ بِمَا تَعْمَلُونَ خَبِيرًا۞** အို–ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်၌ ခရီးထွက်ကြသောအခါ– ရှင်းရှင်းလင်းလင်းဖြစ်စေလော့၊ သင်တို့အား ငြိမ်းချမ်းရေ ကမ်းလှမ်းသူကို "သင်သည် ယုံကြည်သူမဟုတ်၊"ဟု မပြောကြနှင့်၊ လောကီဘဝ ဘောင်ကို ရှာဖွေကြသလော၊ ပရမတ်ဘုရားရှင်၏ထံ၌ စစ်လျှော်ကြေးများစွာ ရှိကုန်၏။ သင်တို့သည်လည်း ရှေ့အလျင်က ထိုကဲ့သို့ပင် ဖြစ်ခဲ့၍ ပရမတ်ဘုရားရှင်က မျက်နှာသာပေးခဲ့ပြီ။ သို့ဖြစ်၍ ရှင်းရှင်းလင်းလင်း ရှိကြလော့၊ သင်တို့၏ ကျင့်ကြံသမျှကို ပရမတ်ဘုရားရှင်က ဇကန် သတင်းသိနေတော်မူ၏။[၂၇၉]
၉၅။	**لاَّ يَسْتَوِي الْقَاعِدُونَ مِنَ الْمُؤْمِنِينَ غَيْرُ أُوْلِي الضَّرَرِ وَالْمُجَاهِدُونَ فِي سَبِيلِ اللهِ بِأَمْوَالِهِمْ وَأَنفُسِهِمْ فَضَّلَ اللهُ الْمُجَاهِدِينَ بِأَمْوَالِهِمْ وَأَنفُسِهِمْ عَلَى الْقَاعِدِينَ دَرَجَةً وَكُلاًّ وَعَدَ اللهُ الْحُسْنَى وَفَضَّلَ اللهُ الْمُجَاهِدِينَ عَلَى الْقَاعِدِينَ أَجْرًا عَظِيمًا۞** ယုံကြည်သူများအနက် အနာတရ ရှိသူ မဟုတ်ဘဲ ထိုင်နေသူများနှင့် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ဥစ္စာ၊ စရိုက်များစွန့်၍ အားစိုက်ဆောင်ရွက်သူများ တူညီကြသည် မဟုတ်ချေ။ ပရမတ်ဘုရားရှင်သည် ဥစ္စာ စရိုက်များစွန့်၍

(၂၇၉) ရန်သူများအား တော်လှန်စစ်ခင်းရန် စစ်ချီသွားစဉ်ပင် မွတ်ဆလင် မဟုတ်သူတို့အား ရန်သူဟုတ် မဟုတ် စီစစ်လေ့လာမှု မပြုဘဲ သတ်ဖြတ်ခြင်းကို အစွလာမ်က ခွင့်မပြုကြောင်း ဤသုတ်တော်က အတိအကျ သွန်သင်ထားပေသည်။ ထိုစကားကို "သင်တို့သည်လည်း ယခင်က ထိုကဲ့သို့ပင် ဖြစ်ခဲ့၍" ဟူသော စကားရပ်က ရှင်းလင်းထားပေသည်။ ယခု မွတ်ဆလင်များသည် ယခင်က မွတ်ဆလင်များ မဟုတ်ခဲ့ပေ။ ထိုစကားကို ၄၉း၁၇ အားဖြင့် ယှဉ်တွဲ နားလည်သင့်ပေသည်။ မွတ်ဆလင် မဟုတ်သော်လည်း ရန်သူ မဟုတ်လျှင် စစ်မြေပြင်၌ပင် သူ့အား တိုက်ခိုက်ခွင့် မရှိချေ။

	အားစိုက်ဆောင်ရွက်သူများကို ထိုင်နေသူများထက် သိက္ခာတင် အခွင့်အလမ်းပေးခဲ့ပြီ။ သူတို့ကိုယ်စီအား ပရမတ်ဘုရားရှင်က အတင့်တယ်ဆုံး ကတိထားတော်မူပြီ၊ ပရမတ်ဘုရားရှင်သည် အားစိုက်ဆောင်ရွက်သူတို့အား ထိုင်နေသူများထက် သိက္ခာပေးမည့် မဟာ ဆုလဒ်ကြီးမှာ–
၉၆။	**دَرَجَاتٍ مِّنْهُ وَمَغْفِرَةً وَرَحْمَةً وَكَانَ اللهُ غَفُورًا رَّحِيمًا۞** အခွင့်အလမ်းများ၊ လွတ်ငြိမ်းခွင့်နှင့် ကရုဏာတို့ ဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၉၇။	**إِنَّ الَّذِينَ تَوَفَّاهُمُ الْمَلآئِكَةُ ظَالِمِي أَنْفُسِهِمْ قَالُواْ فِيمَ كُنتُمْ قَالُواْ كُنَّا مُسْتَضْعَفِينَ فِي الأَرْضِ قَالْوَاْ أَلَمْ تَكُنْ أَرْضُ اللهِ وَاسِعَةً فَتُهَاجِرُواْ فِيهَا فَأُوْلَـئِكَ مَأْوَاهُمْ جَهَنَّمُ وَسَاءتْ مَصِيرًا۞** မိမိ စရိုက်ကို မိမိ မိုက်ကြေးခွဲနေကြစဉ် နိမိတ်ဆောင်တို့က ဇီဝိန်ချေပစ်သောသူတို့အား ''သင်တို့ မည်သို့ ရပ်တည်ခဲ့သနည်း၊''ဟု ဆိုသော်၊ ''ကျွန်ုပ်တို့သည် ဤမြေ၌ အဖိနှိပ်ခံများ ဖြစ်ပါ၏၊''ဟု ပြန်ဖြေ၏။ သူတို့အား ''သင်တို့ ပြောင်းရွှေ့နေထိုင်ရန် ပရမတ်ဘုရားရှင်က ကမ္ဘာမြေအား ဖြန့်ကျက်ပေးထားသည် မဟုတ်လော၊''ဟု မေးမြန်း၏။ သူတို့အတွက် ခိုလှုံရာမှာ ငရဲဘုံပင် ဖြစ်တော့၏၊ ယင်းသည် အကုသိုလ် ပန်းတိုင် ဖြစ်၏။[၂၈၀]
၉၈။	**إِلاَّ الْمُسْتَضْعَفِينَ مِنَ الرِّجَالِ وَالنِّسَاء وَالْوِلْدَانِ لاَ يَسْتَطِيعُونَ حِيلَةً وَلاَ يَهْتَدُونَ سَبِيلاً۞** ဖိနှိပ်ခံ ဖြစ်နေသော အမျိုးသား အမျိုးသမီး၊ ရင်သွေးငယ်များသည် တတ်နိုင်သည့် ဝန်းကျင် မရှိ၊ လမ်းညွှန် လမ်းစဉ် မရှိလျှင်၊
၉၉။	**فَأُوْلَـئِكَ عَسَى اللهُ أَن يَعْفُوَ عَنْهُمْ وَكَانَ اللهُ عَفُوًّا غَفُورًا۞** ပရမတ်ဘုရားရှင်သည် သူတို့အား ကျေအေးပေးနိုင်ရာ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကျေအေးပေးသော အရှင်၊ လွတ်ငြိမ်းစေသော အရှင် ဖြစ်၏။
၁၀၀။	**وَمَن يُهَاجِرْ فِي سَبِيلِ اللهِ يَجِدْ فِي الأَرْضِ مُرَاغَمًا كَثِيرًا وَسَعَةً وَمَن يَخْرُجْ مِن بَيْتِهِ مُهَاجِرًا إِلَى اللهِ وَرَسُولِهِ ثُمَّ يُدْرِكْهُ الْمَوْتُ فَقَدْ وَقَعَ أَجْرُهُ عَلى اللهِ وَكَانَ اللهُ غَفُورًا رَّحِيمًا۞** ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ပြောင်းရွှေ့သူသည် မြေကမ္ဘာ၌ ခိုလှုံရာများစွာနှင့် ဖြန့်ကျက်နိုင်မှု မြောက်များစွာကို တွေ့ရလတ္တံ့၊ နေအိမ်မှ ထွက်ခွာ၍ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဇာစဉ်ဆောင်အတွက် ပြောင်းရွှေ့ခဲ့ရသူသည် အနိစ္စတရား ခြုံလွှမ်းလာသော် သူ့အတွက် ဆုလဒ်မှာ ပရမတ်ဘုရားရှင်၏ထံ၌ တည်ရှိပြီး ဖြစ်၏။ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၁၀၁။	**وَإِذَا ضَرَبْتُمْ فِي الأَرْضِ فَلَيْسَ عَلَيْكُمْ جُنَاحٌ أَن تَقْصُرُواْ مِنَ الصَّلاَةِ إِنْ خِفْتُمْ أَن يَفْتِنَكُمُ الَّذِينَ كَفَرُواْ إِنَّ الْكَافِرِينَ كَانُواْ لَكُمْ عَدُوًّا مُّبِينًا۞**

---

(၂၈၀) **မလာအိုကာဟ်** ဆိုသည်မှာ ရှေးလူကြီးများ ထင်မှတ်သကဲ့သို့ နတ်ဒေဝတာ (ကောင်းကန် တမန်) မဟုတ်ကြောင်းကို ဤသုတ်တော်က အတိအကျ ဖေါ်ပြပေသည်။ ဤသုတ်တော်သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ တော်လှန်ရေး စစ်ဆင်နွှဲနေရသော ကာလနှင့် စစ်ပွဲ၌ ပါဝင်နေရသော နှစ်ဘက် ဆန့်ကျင်ဘက်အုပ်စုမှ လူများအကြောင်းကို ဖေါ်ပြထားသည်။ ဤနေရာတွင် အမိုက်စီးသူများ ဆိုသည်မှာ ဘုရားရှင်၏ ဘက်တော်သားများကို ဆန့်ကျင်သည့် အုပ်စုမှ လူများဖြစ်၍ သူတို့အား တော်လှန်တိုက်ခိုက်ရသည့် သူများမှာ **မလာအိုကာဟ်** (နာမ်ပိုင်းဆိုင်ရာ အဆင့်မြင့်သူများ) ဘုရားရှင်အတွက် အောင်နိမိတ်ကို ဆောင်သူများ ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ပြောဆိုထားပေသည်။ သူတို့သည် ယုံကြည်ချက် ရေခဲနှင်ကြီးမားမှုကြောင့် သာမန်လူများထက် လက်ရုံးရည် နှလုံးရည် သာလွန်နေပေသည်။ ထို့ကြောင့် သူတို့အား စွမ်းအားရှင် (မလာအိကာဟ်)များဟု ကျမ်းတော်က သုံးခြင်း ဖြစ်ပေသည်။ အသက်နှတ်သည် ဆိုခြင်းမှာ အယူဝါဒဟောင်းကို ပယ်သတ်သည် ဟု ဖြစ်ပေသည်။ ခေတ်စနစ် ပြောင်းသောအခါ အယူဝါဒဟောင်း၌ တွယ်ကပ် ဘဝသေနေခဲ့သူများမှာ နိမ့်ကျသော ဘဝတွင် နေရမည် ဖြစ်၍၊ အယူဝါဒသစ်ကို လက်ခံသူများမှာ အောင်မြင်သော ဘဝကို ပိုင်ဆိုင်ရပေသည်။

❖၂၃	မြေကမ္ဘာ၌ ခရီးသွားနေစဉ် ဇကန်စင်စစ် သင်တို့အား ရှင်းလင်းထင်ရှားစွာ စည်းဖေါက်သူဖြစ်သည့် ပုံးကွယ်သော သူများ၊ ထိုဖုံးကွယ်သူတို့၏ သွေးတိုးစမ်းမည်ကို စိုးရိမ်၍ ဝတ်ပြုခြင်းအား❖ ရပ်စဲထားလျှင် သင်တို့တွင် အပြစ်မရှိပေ။
၁၀၂။	**وَإِذَا كُنتَ فِيهِمْ فَأَقَمْتَ لَهُمُ الصَّلاَةَ فَلْتَقُمْ طَآئِفَةٌ مِّنْهُم مَّعَكَ وَلْيَأْخُذُواْ أَسْلِحَتَهُمْ فَإِذَا سَجَدُواْ فَلْيَكُونُواْ مِن وَرَآئِكُمْ وَلْتَأْتِ طَآئِفَةٌ أُخْرَى لَمْ يُصَلُّواْ فَلْيُصَلُّواْ مَعَكَ وَلْيَأْخُذُواْ حِذْرَهُمْ وَأَسْلِحَتَهُمْ وَدَّ الَّذِينَ كَفَرُواْ لَوْ تَغْفُلُونَ عَنْ أَسْلِحَتِكُمْ وَأَمْتِعَتِكُمْ فَيَمِيلُونَ عَلَيْكُم مَّيْلَةً وَاحِدَةً وَلاَ جُنَاحَ عَلَيْكُمْ إِن كَانَ بِكُمْ أَذًى مِّن مَّطَرٍ أَوْ كُنتُم مَّرْضَى أَن تَضَعُواْ أَسْلِحَتَكُمْ وَخُذُواْ حِذْرَكُمْ إِنَّ اللّهَ أَعَدَّ لِلْكَافِرِينَ عَذَابًا مُّهِينًا۞**
❖၂၃ ရန်သူ	သူတို့၏အထဲ၌ သင်ရှိနေ၍ သူတို့အတွက် ဝတ်ပြုခြင်း၌❖ ရပ်တည်ရလျှင်၊ သူတို့မှ တစ်စုအား လက်နက်များကို ယူထားစေ၍ သတိရှိစေလျက် သင်နှင့်အတူ ရပ်စေလော့၊ ဦးချပြီးသောအခါ သူတို့အား ကွယ်ရာသို့ ဆုတ်စေကာ၊ ဝတ်မပြုသေးသော အခြား တစ်စုအား လက်နက်များကို ယူထားစေ၍ သတိရှိလျက်ပင် ပေးရောက်စေကာ သင်နှင့်အတူ ဝတ်ပြုရမည်။ **ဖုံးကွယ်သောသူ**တို့သည် သင်တို့အား ချွတ်ချော် တိမ်းပါးစေရန် သင်တို့အား လက်နက်များ၊ သည်းခြေကြိုက်များကို မေ့လျော့စေလိုကြ၏။ သို့သော် မိုးသည်းထဲ၌ ဒဏ်ရာရနေသော်၊ သို့မဟုတ် ဖျားနာနေသော် သင်တို့၏ လက်နက်များကို ချထားခြင်းကြောင့် အပြစ်မတင်ထိုက်ချေ၊ သို့သော် လက်နက်များကို ယူဆောင်ထားကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် **ရန်သူ**များအတွက် နိမ့်ကျသော ဝဋ်ကြွေးကို တွက်ချက် ပြင်ဆင်ထားတော်မူ၏။[၂၈၁]
၁၀၃။	**فَإِذَا قَضَيْتُمُ الصَّلاَةَ فَاذْكُرُواْ اللّهَ قِيَامًا وَقُعُودًا وَعَلَى جُنُوبِكُمْ فَإِذَا اطْمَأْنَنتُمْ فَأَقِيمُواْ الصَّلاَةَ إِنَّ الصَّلاَةَ كَانَتْ عَلَى الْمُؤْمِنِينَ كِتَابًا مَّوْقُوتًا۞**
	သင်တို့၏ ဝတ်ပြုခြင်း ပြီးပြတ်သော်၊ ပရမတ်ဘုရားရှင်အား ရပ်လျက်၊ ထိုင်လျက်၊ နံဘေးများပေါ်လှဲလျက် သတိရရှုမှတ်ကြလော့၊ သင်တို့သည် ငြိမ်းအေးသောအခါ ဝတ်ပြု မြဲကြလော့၊ ဇကန်ပင် ဝတ်ပြုခြင်းသည် ယုံကြည်သူများအတွက် ချိန်ကိုက် ပြဋ္ဌာန်းပြီး ဖြစ်၏။
၁၀၄။	**وَلاَ تَهِنُواْ فِي ابْتِغَاء الْقَوْمِ إِن تَكُونُواْ تَأْلَمُونَ فَإِنَّهُمْ يَأْلَمُونَ كَمَا تَأْلَمونَ وَتَرْجُونَ مِنَ اللّهِ مَا لاَ يَرْجُونَ وَكَانَ اللّهُ عَلِيمًا حَكِيمًا۞**
ရန်သူတို့အား	**ထိုလူမျိုးအား** လိုက်ရှာမှုကို အားမလျော့ကြနှင့်၊ သင်တို့သည် ထိခိုက်ကြလျှင် သင်တို့ထိခိုက်သကဲ့သို့ သူတို့လည်း ထိခိုက်ကြ၏၊ သို့သော် သူတို့ မမျှော်ကိုးသော အရာများကို သင်တို့က ပရမတ်ဘုရားရှင်၏ထံမှ မျှော်ကိုးကြ၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်၏။
၁၀၅။	**إِنَّا أَنزَلْنَا إِلَيْكَ الْكِتَابَ بِالْحَقِّ لِتَحْكُمَ بَيْنَ النَّاسِ بِمَا أَرَاكَ اللّهُ وَلاَ تَكُن لِّلْخَآئِنِينَ خَصِيمًا۞**
	ဇကန်ပင် ပရမတ်ဘုရားရှင်သည်– သင့်ကို မြင်တွေ့စေသည့်အတိုင်း လူသားချင်းကြား၌ စီရင်ထုံးချရန်၊ သစ္စာဖေါက်သူတို့ဘက်မှ အချေအတင်ပြုပေးသူ မဖြစ်ရန်၊ ဤကျမ်းတော်အား ပရမတ္ထသစ္စာဖြင့် သင့်၌ ချမှတ်ပေးတော်မူပြီ။
၁၀၆။	**وَاسْتَغْفِرِ اللّهَ إِنَّ اللّهَ كَانَ غَفُورًا رَّحِيمًا۞**

(၂၈၁) အစ္စလာမ်သာသနာဝင်တို့သည် စစ်မြေပြင် ရှေ့တန်း ထွက်နေရသော ကာလတွင်ပင် ဘုရား တရားအား မေ့ပစ်ထားခွင့် မရှိချေ။ တနည်းအားဖြင့် စစ်တိုက်ရခြင်းသည်ပင် မိမိ၏ ကိုယ်ကျိုးအတွက် မဟုတ်ချေ၊ လူသားအပေါင်း၏ ဘဝငြိမ်းချမ်းရေးအတွက် လူဆိုးလူယုတ်တို့အား တော်လှန်ရခြင်းသာလျှင် ဖြစ်ပေသည်။ အကယ်၍ ဘုရားရှင်၏ လမ်းစဉ်တော်ဘက်မှ ရပ်တည်လျက် တော်လှန် စတေးမည့်သူများ မရှိလျှင် ဤကမ္ဘာ၌ ဂျူးဘုရားကျောင်းများ၊ ခရစ်ယာန် ဘုရားကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ အစ္စလာမ် ဝတ်ပြုကျောင်းများသည် ရှိတော့မည် မဟုတ်ပေ ၂၂:၄၀။ ထို့ကြောင့် လူသားတို့၏ လွတ်လပ်ခွင့်၊ လူ့အခွင့်အရေးအတွက် ကာကွယ်စောင့်ရှောက်သည့် စစ်ပွဲကို ရှောင်လွဲနေခြင်းသည် အကုသိုလ်သင့်သည်ဟု အစ္စလာမ် သာသနာက သွန်သင်ပေသည်။

	ပရမတ်ဘုရားရှင်၌ လွတ်ငြိမ်းဆုပန်လော့၊ ကောန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင်ဖြစ်၏။
၁၀၇။	**وَلاَ تُجَادِلْ عَنِ الَّذِينَ يَخْتَانُونَ أَنفُسَهُمْ إِنَّ اللّهَ لاَ يُحِبُّ مَن كَانَ خَوَّانًا أَثِيمًا۞** မိမိတို့၏ ဥဉ်စရိုက်များကိုယ်တိုင် သစ္စာမဲ့သောသူတို့ဘက်မှ စောဒကတက်မပေးကြနှင့်၊ ကောန်ပင် ပရမတ်ဘုရားရှင်သည် သစ္စာဖေါက် အပြစ်ကောင်တို့အား နှစ်သက်တော်မမူချေ။
၁၀၈။	**يَسْتَخْفُونَ مِنَ النَّاسِ وَلاَ يَسْتَخْفُونَ مِنَ اللّهِ وَهُوَ مَعَهُمْ إِذْ يُبَيِّتُونَ مَا لاَ يَرْضَى مِنَ الْقَوْلِ وَكَانَ اللّهُ بِمَا يَعْمَلُونَ مُحِيطًا۞** သူတို့သည် လူသားတို့မှ ပုန်းကွယ်လိုကြ၏ ပရမတ်ဘုရားရှင်ထံမှ ပုန်းကွယ် ၍မရချေ။ အရှင် မနှစ်သက်ရာများကို မှောင်ချကြံစည် ပြောဆိုကြစဉ် သူတို့၏ကြားဌ အရှင်ရှိနေ၏။ ကောန်ပင် ပရမတ်ဘုရားရှင်သည် သူတို့ကျင့်ကြံသမျှကို ဝန်းရံထားတော်မူ၏။
၁၀၉။	**هَاأَنتُمْ هَؤُلاء جَادَلْتُمْ عَنْهُمْ فِي الْحَيَاةِ الدُّنْيَا فَمَن يُجَادِلُ اللّهَ عَنْهُمْ يَوْمَ الْقِيَامَةِ أَم مَّن يَكُونُ عَلَيْهِمْ وَكِيلاً۞** သင်တို့သည် ဤလောကီဘဝ၌ သူတို့အတွက် စောဒကတက်ပေးကြ၏၊ ရပ်တည်ရသော နေ့၌ ပရမတ်ဘုရားရှင် ထံဝယ် အဘယ်သူက သူတို့အတွက် စောဒကတက်နိုင်အံ့နည်း၊ သို့တည်းမဟုတ် သူတို့အတွက် အဘယ်သူက ကိုးစားထိုက်သူ ဖြစ်အံ့နည်း။
၁၁၀။	**وَمَن يَعْمَلْ سُوءًا أَوْ يَظْلِمْ نَفْسَهُ ثُمَّ يَسْتَغْفِرِ اللّهَ يَجِدِ اللّهَ غَفُورًا رَّحِيمًا۞** အကုသိုလ်ကို ကျင့်ကြံမိ၏၊ သို့မဟုတ် မိမိဥဉ်ကို မိမိမိုက်ကြေးခွဲမိ၏၊ ထို့နောက် ပရမတ်ဘုရားရှင်၏ ထံ၌ လွတ်ငြိမ်းဆုပန်သူအား ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်သည်ကို တွေ့ရလတ္တံ့။
၁၁၁။	**وَمَن يَكْسِبْ إِثْمًا فَإِنَّمَا يَكْسِبُهُ عَلَى نَفْسِهِ وَكَانَ اللّهُ عَلِيمًا حَكِيمًا۞** ပြစ်မှုကို ကျင့်ဆောင်သူသည် သူ၏ စရိုက်အတွက်သာ ကျင့်ဆောင်သူ ဖြစ်၏၊ ကောန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၁၁၂။	**وَمَن يَكْسِبْ خَطِيئَةً أَوْ إِثْمًا ثُمَّ يَرْمِ بِهِ بَرِيئًا فَقَدِ احْتَمَلَ بُهْتَانًا وَإِثْمًا مُّبِينًا۞** အမှားနှင့် ပြစ်မှုကို ကျင့်ဆောင်လျက် ကင်းလွတ်သူအပေါ် လေပစ်စွပ်စွဲသူသည် သိက္ခာမဲ့မှုနှင့် ရှင်းလင်းထင်ရှားသော ပြစ်မှုအား သယ်ပိုးသူ ဖြစ်၏။
၁၁၃။	**وَلَوْلاَ فَضْلُ اللّهِ عَلَيْكَ وَرَحْمَتُهُ لَهَمَّت طَّآئِفَةٌ مِّنْهُمْ أَن يُضِلُّوكَ وَمَا يُضِلُّونَ إِلاَّ أَنفُسَهُمْ وَمَا يَضُرُّونَكَ مِن شَيْءٍ وَأَنزَلَ اللّهُ عَلَيْكَ الْكِتَابَ وَالْحِكْمَةَ وَعَلَّمَكَ مَا لَمْ تَكُنْ تَعْلَمُ وَكَانَ فَضْلُ اللّهِ عَلَيْكَ عَظِيمًا۞** ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုနှင့် ကရုဏာတော် သင့်အပေါ်သို့ မသက်ခဲ့လျှင် သူတို့မှ တစ်စုံ၏ စိတ်၌ သင့်အား လမ်းလွဲစေရန် ကြံစည်ကြ၏၊ အမှန်မှာ သူတို့စရိုက်ကိုသာ သူတို့လမ်းလွဲမိကြပြီ၊ သင့်အား တစ်စုံတစ်ရာမျှ နစ်နာစေနိုင်သည် မဟုတ်ချေ၊ ပရမတ်ဘုရားရှင်သည် သင့်အား ကျမ်းတော်နှင့် ဓမ္မသတ်ကို ချမှတ်ပေးခြင်းဖြင့် သင်မသိခဲ့သော အရာများကို သင်ပေးတော်မူ၏၊ ကောန်ပင် သင့်အား ပရမတ်ဘုရားရှင်၏ သိက္ခပေးမှုသည် ဂုဏ်ဒြပ်ကြီးလှ၏။
၁၁၄။	**لاَّ خَيْرَ فِي كَثِيرٍ مِّن نَّجْوَاهُمْ إِلاَّ مَنْ أَمَرَ بِصَدَقَةٍ أَوْ مَعْرُوفٍ أَوْ إِصْلاَحٍ بَيْنَ النَّاسِ وَمَن يَفْعَلْ ذَلِكَ ابْتَغَاء مَرْضَاتِ اللّهِ فَسَوْفَ نُؤْتِيهِ أَجْرًا عَظِيمًا۞**

	လူသားချင်းကြား လှုဒါန်းဒါနပြုရန်၊ အသိအမှတ်ပြုရန်၊ ပြုပြင်ပြောင်းလဲရန် ညွှန်ကြားသူမှအပ သူတို့၏ သီးခြားတိုင်ပင်ခြင်းများ အနက် များစွာမှာ အကောင်းဘက်သို့ မဆောင်ပေ၊ ပရမတ်ဘုရားရှင်၏ နှစ်မြို့မှုကို ရှာဖွေ၍ ထိုသို့ ပြုလုပ်သူအတွက် မဟာ ဆုလဒ်ကြီးကို တမဟုတ်ချင်း ပေးအပ်လတ္တံ့။
၁၁၅။	**وَمَن يُشَاقِقِ الرَّسُولَ مِن بَعْدِ مَا تَبَيَّنَ لَهُ الْهُدَى وَيَتَّبِعْ غَيْرَ سَبِيلِ الْمُؤْمِنِينَ نُوَلِّهِ مَا تَوَلَّى وَنُصْلِهِ جَهَنَّمَ وَسَاءتْ مَصِيرًا۞** လမ်းညွှန်မှန်သည် ရှင်းလင်းထင်ရှားပြီးမှ ဉာဏ်စဉ်ဆောင်အား ဂိုဏ်းခွဲသူ၊ ယုံကြည်သူတို့၏ လမ်းစဉ် မဟုတ်သည်ကို လိုက်နာသူတို့အား၊ သူလှည့်လိုရာ လောင်ကျွမ်းခြင်း အကုသိုလ် ပန်းတိုင် ငရဲဘုံသို့ လှည့်ပေး၏၊
၁၁၆။ ☆ ၂၇၀	**إِنَّ اللهَ لاَ يَغْفِرُ أَن يُشْرَكَ بِهِ وَيَغْفِرُ مَا دُونَ ذَلِكَ لِمَن يَشَاء وَمَن يُشْرِكْ بِاللهِ فَقَدْ ضَلَّ ضَلاَلاً بَعِيدًا۞** ဇကန်ပင် ပရမတ်ဘုရားရှင်သည် အရှင်နှင့် ရောပြွန်းကိုးကွယ်ခြင်းကို လွှတ်ငြိမ်းစေတော် မမူ၊ ထိုမှအပေသော အရာမှ စိုချိန်ပြည့်သူအား☆ လွှတ်ငြိမ်းစေတော်မူ၏၊ ပရမတ်ဘုရားရှင်အား ရောပြွန်းကိုးကွယ်သူသည် မုချ နောက်ကျန် လွဲချော်လမ်းလွဲရသူ ဖြစ်လေ၏။
၁၁၇။	**إِن يَدْعُونَ مِن دُونِهِ إِلاَّ إِنَاثًا وَإِن يَدْعُونَ إِلاَّ شَيْطَانًا مَّرِيدًا۞** အမှန်မှာ အရှင် မှလွဲ၍ ''မယ်တော်''များတွင် ဆုတောင်းပန်ထွာကြ၏၊ ထကြွနေသော မကောင်းဆိုးဝါးများ၌သာ ဆုတောင်းပန်ထွာကြကုန်၏။[၂၅၂]
၁၁၈။	**لَّعَنَهُ اللهُ وَقَالَ لَأَتَّخِذَنَّ مِنْ عِبَادِكَ نَصِيبًا مَّفْرُوضًا۞** ပရမတ်ဘုရားရှင်က သူ့အား မေတ္တာဝေးစေပြီ။ သူရင့်ကျူးသည်မှာ ''တပည့်တော်သည် အရှင်၏ အမှုတော်ဆောင်များ အတွက် ဝတ္တရားရှိပြီး ပင်ပန်းရကျိုးကို ရယူပါမည်–[၂၅၃]
၁၁၉။	**وَلأُضِلَّنَّهُمْ وَلأُمَنِّيَنَّهُمْ وَلآمُرَنَّهُمْ فَلَيُبَتِّكُنَّ آذَانَ الأَنْعَامِ وَلآمُرَنَّهُمْ فَلَيُغَيِّرُنَّ خَلْقَ اللهِ وَمَن يَتَّخِذِ الشَّيْطَانَ وَلِيًّا مِّن دُونِ اللهِ فَقَدْ خَسِرَ خُسْرَانًا مُّبِينًا۞** တပည့်တော်သည် သူတို့အား လမ်းလွဲစေမည်၊ လောဘရမက်တက်စေမည်၊ ကပ်ဝါယသတ္တဝါတို့၏ နားရွက်များကို ဖြတ်ရန်[၂၅၄] အမိန့်ပေးမည်၊ ပရမတ်ဘုရားရှင်၏ ဖြစ်တည်စေခြင်းကို ပြောင်းလဲပစ်ရန်[၂၅၅] အမိန့်ပေးမည်၊''ဟု ဖြစ်၏၊

---

(၂၈၂) အာရဗီဝေါဟာရ **ဃ်ဂါ့ အင်နားဆ်** သည် အသက်မရှိသော ကွိုထွိလိင်များကို ဆိုလိုပေသည်။ အာရဗ်လူမျိုးများသည် တိုင်းရင်းသားကိုယ်စီ၌ ကိုးကွယ် ပသကြသည့် ''မယ်တော်'' များကို အယူထား ကိုးကွယ်ကြပေသည်။ အစ္စလာမ်သာသနာသည် ကိုးကွယ်မှု ရောပြွန်းခြင်းကို လုံးဝ လက်မခံချေ၊ ထို့ကြောင့် ''ဘုရားမှအပ ကိုးကွယ်ရာမရှိ'' ဟူသော ခေါင်းစဉ်အောက်၌ ခိုလှုံလျက် ရိုးရာ နတ်၊ မယ်တော်များအား ကိုးကွယ်ပသခြင်း၊ တိုင်တည် ပူဇော်ခြင်းများကို ပွင့်ပွင့်လင်းလင်း ပစ်ပယ်ရန် သွန်သင်ပေသည်။

(၂၈၃) ပရမတ်ဘုရားရှင်သည် မူလအစ ပညတ်ပြဋ္ဌာန်းပြီးသော သဘာဝမွန်နှင့် လူသတ္တဝါ သက်ရှိ သက်မဲ့တိုင်း၏ ရုပိုင်ခွင့်ကို အသိအမှတ် ပြုကြောင်း၊ တချက်လွှတ် အာဏာဖြင့် အဓမ္မ ချုပ်တီးထားမှု မရှိကြောင်းကို ဤသုတ်တော်က ထင်ထင်ရှားရှား ပြဆိုပေသည်။ ကောင်းသူရော မကောင်းသူပါ အကောင်း အဆိုးကို လုပ်ပိုင်ခွင့် အခွင့်အာဏာသည် ဝေစုအဖြစ် ရရှိပြီးသား ဖြစ်ပေသည်။ ထိုသို့ လုပ်ဆောင်မှုပေါ်၌သာ ခံစားရမည့် အကျိုးဆက်ကို ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။

(၂၈၄) အာရဗ်လူမျိုးများသည် သူတို့၏ ကိုးကွယ်ယုံကြည်မှုအရ ခြေလေးချောင်းသတ္တဝါတို့၏ နားရွက်များကို ဖြတ်တောက်လျက် ယတြာချေ၊ ဆည်းကပ်ပူဇော်လေ့ ရှိကြပေသည်၊ ထိုသို့သော ယစ်ပူဇော်မှု ယတြာချေမှုများသည် ဘုရားတရား အဆုံးအမ မဟုတ်ဘဲ မကောင်းဆိုးဝါး၏ လှုံ့ဆော်မှုသာ ဖြစ်သည်ဟု အစ္စလာမ်သာသနာက သွန်သင်ပေသည်။

(၂၈၅) ''ပရမတ်ဘုရားရှင်၏ ဖြစ်တည်စေမှုအား ပြောင်းလဲစေရန် အမိန့်ပေးမည်'' ဆိုသည်မှာ ယုတ္တိဗေဒ မရှိသော ဖြစ်တည်မှုဆိုင်ရာ ယုံကြည်မှုမျိုးကို သက်ဝင်ယုံကြည်လာစေရန် လှုံ့ဆော်မည်ဟု ဆိုလိုပေသည်၊ ဥပမာအားဖြင့် သိကြားမင်းကြီး လက်ဆေးသောကြောင့် မိုးရွာခြင်းဖြစ်သည်၊ ဖိုမ ဆက်ဆံ မျိုးပွားမှု မရှိဘဲလျက် သဘာဝလွန် ဖြစ်ရပ်များဖြင့် ကလေးမွေးသည်၊ လူစင်စစ်မှ သတ္တဝါတမျိုးအဖြစ် ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲ သွားသည် စသည်ဖြင့် ဒဏ္ဍာရီပုံပြင် ယုံကြည်မှုများကို ဘာသာတရားများက သွန်သင်သည်ဟု လက်ခံ ယုံကြည်လာစေရန် လှုံ့ဆော်ခြင်းများကို ဆိုလို

	ပရမတ်ဘုရားရှင် မှလွဲ၍ မကောင်းဆိုးဝါးအား မဟာမိတ် အဖြစ် အယူထားသူသည် ရှင်းလင်းထင်ရှားစွာ ဆုံးရှုံးခြင်း ဖြင့် ဆုံးရှုံးရသူ ဖြစ်၏။
၁၂၀။	**يَعِدُهُمْ وَيُمَنِّيهِمْ وَمَا يَعِدُهُمُ الشَّيْطَانُ إِلاَّ غُرُورًا۞** ကတိပေးမှု၊ လောဘစိတ်သွင်းမှု– မကောင်းဆိုးဝါး၏ ထိုကတိပေးမှုများသည် မြှုဆွယ်မှုသာ ဖြစ်၏။
၁၂၁။	**أُوْلَئِكَ مَأْوَاهُمْ جَهَنَّمُ وَلاَ يَجِدُونَ عَنْهَا مَحِيصًا۞** သူတို့၏ ခိုလှုံရာ ပန်းတိုင်မှာ ငရဲဘုံဖြစ်၍ ထိုမှအပ လွတ်လမ်းကို တွေ့ရမည် မဟုတ်ချေ။
၁၂၂။	**وَالَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ سَنُدْخِلُهُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا أَبَدًا وَعْدَ اللهِ حَقًّا وَمَنْ أَصْدَقُ مِنَ اللهِ قِيلاً۞** ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသောသူများသည် အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများသို့ ဝင်ရောက်၍ ကာလပိုင်းခြားမဲ့ အစဉ် စံမြန်းရလတ္တံ့၊ ပရမတ်ဘုရားရှင်၏ ကတိတော်သည် သစ္စာပင် ဖြစ်၏၊ မိန့်ဆိုရာ၌ ပရမတ်ဘုရားရှင်ထက် မည်သူက ဖြောင့်မှန်ပေအံ့နည်း။
၁၂၃။	**لَّيْسَ بِأَمَانِيِّكُمْ وَلا أَمَانِيِّ أَهْلِ الْكِتَابِ مَن يَعْمَلْ سُوءًا يُجْزَ بِهِ وَلاَ يَجِدْ لَهُ مِن دُونِ اللهِ وَلِيًّا وَلاَ نَصِيرًا۞** သင်တို့၏ ဆန္ဒအတိုင်း၊ ကျမ်းစာဝိုင်းသားတို့၏ ဆန္ဒအတိုင်း ဖြစ်မည် မဟုတ်ချေ။ အကုသိုလ် ကျင့်ကြံသူအတွက် အစားပေးမှုသည် ရှိပြီး ဖြစ်၏၊ ပရမတ်ဘုရားရှင် မှလွဲ၍ ကူညီသူ မဟာမိတ် ဟူ၍ တွေ့ရမည် မဟုတ်ချေ။
၁၂၄။	**وَمَن يَعْمَلْ مِنَ الصَّالِحَاتَ مِن ذَكَرٍ أَوْ أُنثَى وَهُوَ مُؤْمِنٌ فَأُوْلَئِكَ يَدْخُلُونَ الْجَنَّةَ وَلاَ يُظْلَمُونَ نَقِيرًا۞** အမျိုးသား အမျိုးသမီးမဟူ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသူ၊ သက်ဝင်ယုံကြည်သူ မည်သူမဆို သုခဘုံသို့ ဝင်ရလတ္တံ့၊ လေဖြင့်မှုတ်သလောက်ပင် မိုက်ကြေးခွဲခံရမည် မဟုတ်ချေ။
၁၂၅။ ☆ ၄း၁၂၄	**وَمَنْ أَحْسَنُ دِينًا مِّمَّنْ أَسْلَمَ وَجْهَهُ لله وَهُوَ مُحْسِنٌ واتَّبَعَ مِلَّةَ إِبْرَاهِيمَ حَنِيفًا وَاتَّخَذَ اللهُ إِبْرَاهِيمَ خَلِيلاً۞** ပရမတ်ဘုရားရှင်အား မျက်နှာမူလျက် ငြိမ်းချမ်းမှုပြုသူ၊ သုမင်္ဂလာပြုသူ၊ အယူသန့်သော အဓိဇ္ဈာဟီးမ်၏☆ ပဋိပါတ်ကျင့်စဉ်ကို လိုက်နာသူထက် မည်သူက သာသနာတော်၌ ပိုမို တင့်တယ်စေအံ့နည်း၊ ပရမတ်ဘုရားရှင်သည် အဓိဇ္ဈာဟီးမ်အား အတွင်းလူ အဖြစ် မှတ်ယူတော်မူ၏။
၁၂၆။	**وَلله مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَكَانَ اللهُ بِكُلِّ شَيْءٍ مُّحِيطًا۞** မိုးများအတွင်း မြေများအတွင်း ရှိသမျှသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား ဝန်းရံထားတော်မူ၏။
၁၂၇။	**وَيَسْتَفْتُونَكَ فِي النِّسَاء قُلِ اللهُ يُفْتِيكُمْ فِيهِنَّ وَمَا يُتْلَى عَلَيْكُمْ فِي الْكِتَابِ فِي يَتَامَى النِّسَاء اللَّاتِي لاَ تُؤْتُونَهُنَّ مَا كُتِبَ لَهُنَّ وَتَرْغَبُونَ أَن تَنكِحُوهُنَّ وَالْمُسْتَضْعَفِينَ مِنَ الْوِلْدَانِ وَأَن تَقُومُواْ لِلْيَتَامَى بِالْقِسْطِ وَمَا تَفْعَلُواْ مِنْ خَيْرٍ فَإِنَّ اللهَ كَانَ بِهِ عَلِيمًا۞** အမျိုးသမီးများနှင့် စပ်လျဉ်း၍ ရူးစမ်းကြသော် ပြောကြားလော့ ‘‘ပရမတ်ဘုရားရှင်ထံ သင်တို့ ရူးစမ်းသည့် သူမတို့နှင့် စပ်လျဉ်းသော အကြောင်းသည်၊ သင်တို့အား ရွတ်ဖတ်ပြသော ကျမ်းတော်၌ ပါရှိ၏၊ မိဘမဲ့ အမျိုးသမီးများ အကြောင်း လည်း ပါရှိ၏။ သူမတို့အား သင်တို့သိမ်းဆည်းလိုခြင်းကို ဦးစားပေးသော်လည်း သူမတို့အပေါ် ပြဋ္ဌာန်းချက်အတိုင်း

ပေသည်။ ထိုသို့ ယုံကြည်မှုများသည် ဘုရားရှင်၏ သွန်သင်ချက်များ မဟုတ်ဘဲ မကောင်းဆိုးဝါး သောင်းကျန်းသူတို့၏ ဝါဒဖြန့်ချိမှုသာ ဖြစ်ကြောင်း ဤသုတ်တော်က ပြတ်ပြတ်သားသား ဖေါ်ပြပေသည်။

	သင်တို့ မပေးအပ်ပေ။ ရင်သွေးများမှ ချိန့်သူများ၏ အကြောင်းလည်း ပါရှိ၏။ မိဘမဲ့များနှင့်စပ်လျဉ်း၍ သမာသမတ်ဖြင့် ရပ်တည်ကြလော့၊ ကောင်းနိုးရာရာ ပြုလုပ်မှု ဟူသမျှကို ပရမတ်ဘုရားရှင်သည် သိနေသော အရှင် ဖြစ်၏။
၁၂၈။	**وَإِنِ امْرَأَةٌ خَافَتْ مِن بَعْلِهَا نُشُوزًا أَوْ إِعْرَاضًا فَلاَ جُنَاْحَ عَلَيْهِمَا أَن يُصْلِحَا بَيْنَهُمَا صُلْحًا وَالصُّلْحُ خَيْرٌ وَأُحْضِرَتِ الأَنفُسُ الشُّحَّ وَإِن تُحْسِنُواْ وَتَتَّقُواْ فَإِنَّ اللّهَ كَانَ بِمَا تَعْمَلُونَ خَبِيرًا۞** အကယ်၍ အမျိုးသမီးသည် လင်ယောကျ်ားဘက်မှ ရောင့်တက်ခြင်း၊ စွန့်ပစ်ခံရခြင်းကို စိုးရိမ်ခဲ့သော် သူတို့နှစ်ဦးကြား ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်မှုအား အပြစ်မတင်ထိုက်ချေ၊ အကောင်းဆုံး ပြုပြင်မှုဖြင့် ပြုပြင်ရာ၏၊ စိတ်စရိုက်များသည် အလိုရမက်ကြီးမှု၌ ဘောင်ကန့်ထိုက်၏၊ သို့သော် သုမင်္ဂလာပြု စည်းစောင့်ကြလျှင် ပရမတ်ဘုရားရှင်သည် ကျွင့်ကြံသမျှကို သတင်းရတော်မူပေ၏။
၁၂၉။	**وَلَن تَسْتَطِيعُواْ أَن تَعْدِلُواْ بَيْنَ النِّسَاء وَلَوْ حَرَصْتُمْ فَلاَ تَمِيلُواْ كُلَّ الْمَيْلِ فَتَذَرُوهَا كَالْمُعَلَّقَةِ وَإِن تُصْلِحُواْ وَتَتَّقُواْ فَإِنَّ اللّهَ كَانَ غَفُورًا رَّحِيمًا۞** မည်မျှပင် ဆန္ဒရှိသော်လည်း အမျိုးသမီးများကြား၌ တန်းတူထားရန် တတ်နိုင်မည် မဟုတ်ချေ၊ တစ်ဘက်သို့ အမျှင်အတန်းကဲ့သို့ ချန်ထား၍ တစ်ဘက်စီအား ချွတ်ချော် တိမ်းပါးခြင်း မဖြစ်စေနှင့်၊ ပြုပြင်ပြောင်းလဲ၍ စည်းစောင့်ကြလျှင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။[၂၈၆]
၁၃၀။	**وَإِن يَتَفَرَّقَا يُغْنِ اللّهُ كُلاًّ مِّن سَعَتِهِ وَكَانَ اللّهُ وَاسِعًا حَكِيمًا۞** သူတို့ ခွဲခွာကြလေလျှင် ပရမတ်ဘုရားရှင်က အရှင်၏ ဖြန့်ကျက်ထားခြင်းမှ ကိုယ်စီကိုယ်ငှ ပြည့်စုံစေလတ္တံ့၊ ပရမတ်ဘုရားရှင်သည် ဓမ္မသတ်တော် ဖြန့်ကျက်ထားသော အရှင် ဖြစ်၏။
၁၃၁။	**وَلِلّهِ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَلَقَدْ وَصَّيْنَا الَّذِينَ أُوتُواْ الْكِتَابَ مِن قَبْلِكُمْ وَإِيَّاكُمْ أَنِ اتَّقُواْ اللّهَ وَإِن تَكْفُرُواْ فَإِنَّ لِلّهِ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَكَانَ اللّهُ غَنِيًّا حَمِيدًا۞** မိုးများအတွင်း မြေအတွင်း ရှိမျှသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊ အရှင်သည် သင်တို့၏ ရှေ့အလျင် ကျမ်းပေးခံရသော သူတို့ကို ဖြစ်စေ သင်တို့ကို ဖြစ်စေ ပရမတ်ဘုရားရှင်အား စည်းစောင့်ရန် မှာကြားတော်မူ၏၊ သင်တို့ ဖုံးကွယ်ကြသော် ဇကန်ပင် မိုးများအတွင်း မြေအတွင်းရှိမျှသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံတော်မူ၏၊ ရည်သန်စူးစိုက်ရာ ဖြစ်တော်မူ၏။
၁၃၂။	**وَلِلّهِ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَكَفَى بِاللّهِ وَكِيلاً۞** မိုးများအတွင်း မြေအတွင်း ရှိမျှသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ပရမတ်ဘုရားရှင်သည် ကိုးစားထိုက်သည့် အရှင် အဖြစ် လုံလောက်တော်မူ၏၊
၁၃၃။ ☆ ၂း၇၀	**إِن يَشَأْ يُذْهِبْكُمْ أَيُّهَا النَّاسُ وَيَأْتِ بِآخَرِينَ وَكَانَ اللّهُ عَلَى ذَلِكَ قَدِيرًا۞** အရှင်၏ စံချိန်ပြည့်လျှင်၊☆ အိုလူသားတို့– သင်တို့အား ရုပ်သိမ်းပြီး နောက်မျိုးဆက်ကို ယူဆောင်ခဲ့နိုင်၏၊ ဇကန်ပင် ဤအချင်းအရာအား ပရမတ်ဘုရားရှင်သည် စည်းချိန်ချမှတ်နိုင်၏။

(၂၈၆) အစွယ်လာမ်သာသနာ၌ ဇနီးမယားအများ ယူခွင့်ရှိသည်ဟု ထင်ယောင်မှားနေခြင်းကို ဤသုတ်တော်က ယတိပြတ် ပယ်ချသည်။ ယောကျ်ား တစ်ဦး အနေဖြင့် ဇနီးမိန်းမ အများ လက်ထပ်လျှင်လည်း တရားမျှတစွာ ထားနိုင်မည်ဟု ဆန္ဒရှိခြင်းသည် လုံးဝ မဖြစ်နိုင်ဟု ဤသုတ်တော်က ရှင်းလင်းစွာ ပြောထားပေသည်။ ထို့အပြင် ပထမ ဇနီးအား မပြတ်မသားဘဲ သို့မဟုတ် ပြတ်သားရန် တွန့်ဆုတ်နေလျက် အခြားမိန်းမကို လက်ထပ်ယူခြင်းကိုလည်း တားမြစ်ထားပေသည်။ ဤအဆိုမှာ နောက်မိန်းမ ယူရန်အတွက် ပထမဇနီးကို မတရား စွန့်ပစ်ရန် ပြောဆိုခြင်း မဟုတ်ပေ၊ အိမ်ထောင်တစ်ခု၌ ပြန်လည်ညှိနှိုင်း၍ မရသော ကွာရှင်းမှုများတွင်သာ နောက်အိမ်ထောင် ပြုနိုင်ခွင့်ကို ပြောဆိုခြင်း ဖြစ်ကြောင်း ဤသုတ်တော်ပါ "ပြုပြင်ပြောင်းလဲကြလျှင် စည်းစောင့်ကြလျှင်" ဟူသော စကားက ခိုင်မာစွာ ထောက်ပြထားပေသည်။

၁၃၄။	**مَّن كَانَ يُرِيدُ ثَوَابَ الدُّنْيَا فَعِندَ اللهِ ثَوَابُ الدُّنْيَا وَالآخِرَةِ وَكَانَ اللهُ سَمِيعًا بَصِيرًا** မည်သူမဆို လောကီ အကျိုးကို လိုလားကြသော်– ပရမတ်ဘုရားရှင်၏ ထံတော်၌ လောကီ လောကုတ္တရာ အကျိုးသည် ရှိနေ၏၊ ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင်၊ မြင်နေသော အရှင် ဖြစ်၏။
၁၃၅။	**يَا أَيُّهَا الَّذِينَ آمَنُواْ كُونُواْ قَوَّامِينَ بِالْقِسْطِ شُهَدَاء لِلّهِ وَلَوْ عَلَى أَنفُسِكُمْ أَوِ الْوَالِدَيْنِ وَالأَقْرَبِينَ إِن يَكُنْ غَنِيًّا أَوْ فَقِيرًا فَاللّهُ أَوْلَى بِهِمَا فَلاَ تَتَّبِعُواْ الْهَوَى أَن تَعْدِلُواْ وَإِن تَلْوُواْ أَوْ تُعْرِضُواْ فَإِنَّ اللّهَ كَانَ بِمَا تَعْمَلُونَ خَبِيرًا** အို–ယုံကြည်သောသူတို့ သမာသမတ်ဖြင့် ရပ်တည်သူများဖြစ်ကြလော့။ သင်တို့စရိုက်၊ မွေးမိဘ၊ ဆွေမျိုးနီးစပ်များနှင့် ဆန့်ကျင်သည် ဖြစ်စေ ပရမတ်ဘုရားရှင်အား ရည်စူးလျက် သက်သေ ထွက်ဆိုကြကုန်။ ဆင်းရဲသူ ပြည့်စုံသူမခွဲ၊ ပရမတ်ဘုရားရှင်သည် နှစ်ဦးလုံးထံ လှည့်နေတော်မူ၏၊ တန်းတူမဖြစ်ရန် လိုဘကို မလိုက်နာကြနှင့်၊ အကယ်၍ သင်တို့သည် လှည့်ပတ်သော် သို့မဟုတ် ဘောင်ထားသော်– ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို သတင်းရနေတော်မူ၏။
၁၃၆။	**يَا أَيُّهَا الَّذِينَ آمَنُواْ آمِنُواْ بِاللهِ وَرَسُولِهِ وَالْكِتَابِ الَّذِي نَزَّلَ عَلَى رَسُولِهِ وَالْكِتَابِ الَّذِيَ أَنزَلَ مِن قَبْلُ وَمَن يَكْفُرْ بِاللهِ وَمَلآئِكَتِهِ وَكُتُبِهِ وَرُسُلِهِ وَالْيَوْمِ الآخِرِ فَقَدْ ضَلَّ ضَلاَلاً بَعِيدًا** အို–ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်ဆောင်၊ အရှင့်ဉာဏ်စဉ်ဆောင်၌ ချမှတ်ပေးရာ ကျမ်းတော်၊ သင်တို့၏ ရှေ့အလျင်က ချမှတ်ပေးရာ ကျမ်းတော်တို့အား ယုံကြည်ကြလော့။ ပရမတ်ဘုရားရှင်အား၊ အရှင်၏ နိမိတ်ဆောင်များအား၊ ကျမ်းဂန်များအား၊ ဉာဏ်စဉ်ဆောင်များအား၊ ရပ်တည်ရမည့် နေ့အား ဖုံးကွယ်ကြလျှင် ဇောန်ပင် နောက်ကျန် လွဲချော် လမ်းလွဲရချေပြီ။
၁၃၇။	**إِنَّ الَّذِينَ آمَنُواْ ثُمَّ كَفَرُواْ ثُمَّ آمَنُواْ ثُمَّ كَفَرُواْ ثُمَّ ازْدَادُواْ كُفْرًا لَّمْ يَكُنِ اللهُ لِيَغْفِرَ لَهُمْ وَلاَ لِيَهْدِيَهُمْ سَبِيلاً** အကြင်သူသည် ယုံကြည်၏ ထို့နေက် ဖုံးကွယ်၏၊ ထို့နောက် ယုံကြည်ပြန်၏၊ ထို့နောက် ဖုံးကွယ်ပြန်၏၊ တဖန် ဖုံးကွယ်မှု၌ ထပ်တိုးသွားပြန်၏ သူတို့အား ပရမတ်ဘုရားရှင်ထံမှ လွတ်ငြိမ်းစေမည်မဟုတ်၊ လမ်းညွှန်ရာရကြောင်း နည်းလမ်းရှိစေမည် မဟုတ်ချေ။
၁၃၈။ ★ ၃း၁၆၇	**بَشِّرِ الْمُنَافِقِينَ بِأَنَّ لَهُمْ عَذَابًا أَلِيمًا** စူးနစ်သော ဝဋ်ကြွေးသည် သူတို့အတွက် ဖြစ်ကြောင်း သိလကြောင်တို့အား★ သတင်းကောင်းပါးလော့။
၁၃၉။ ရန်သူတို့အား	**الَّذِينَ يَتَّخِذُونَ الْكَافِرِينَ أَوْلِيَاء مِن دُونِ الْمُؤْمِنِينَ أَيَبْتَغُونَ عِندَهُمُ الْعِزَّةَ فَإِنَّ العِزَّةَ لِلّهِ جَمِيعًا** ယုံကြည်သူချင်း မှလွဲ၍ **ဖုံးကွယ်သူတို့အား** မဟာမိတ် အဖြစ် မှတ်ယူသောသူတို့–၂၈၇ သူတို့ထံ၌ ဘုန်းကံကို ရှာဖွေကြသလော၊ အမှန်မှာ ဘုန်းကံ အားလုံးသည် ပရမတ်ဘုရားရှင်၌သာ ရှိ၏၊
၁၄၀။ ★ ၆း၆၈	**وَقَدْ نَزَّلَ عَلَيْكُمْ فِي الْكِتَابِ أَنْ إِذَا سَمِعْتُمْ آيَاتِ اللهِ يُكَفَرُ بِهَا وَيُسْتَهْزَأُ بِهَا فَلاَ تَقْعُدُواْ مَعَهُمْ حَتَّى يَخُوضُواْ فِي حَدِيثٍ غَيْرِهِ إِنَّكُمْ إِذًا مِّثْلُهُمْ إِنَّ اللهَ جَامِعُ الْمُنَافِقِينَ وَالْكَافِرِينَ فِي جَهَنَّمَ جَمِيعًا**

(၂၈၇) ကျမ်းတော်တွင် ''ယုံကြည်သူချင်း အတိုက်အခံပြုလျက် **ဖုံးကွယ်သူတို့အား** ကွပ်ကဲသူအဖြစ် မှတ်ယူသောသူတို့/မမှတ်ယူကြကုန်နှင့်''ဟု ဖော်ပြလေ သမျှတွင် ''ဖုံးကွယ်သူ'' ဆိုသည်မှာ အစွလာမ် မဟုတ်သူများ အားလုံးကို ဆိုခြင်း မဟုတ်ပေ။ ထိုအသုံးအနှုံးဖော်ပြသော အကြောင်းအရာတိုင်းသည် စစ်ပွဲ အခြေအနေကို ဖော်ပြ၍ စစ်ပွဲကာလတွင် အစွလာမ်သာသနာဝင်တို့အား သုတ်သင်ပစ်လိုသည့် ရန်သူများကိုသာ ရည်ညွှန်းပေသည်။ စစ်ပွဲကာလ ဖြစ်သော်လည်း အစွလာမ် မဟုတ်သူအားလုံးကို ရန်သူဖြစ်သည်ဟူ၍ ကျမ်းတော်က မသတ်မှတ်ကြောင်းကို (၄း၁၄၆) ၌ အတိအကျ ပြောထားပေသည်။

	မုချဇကန် သင်တို့ထံသို့ ကျမ်းတော်မှ ချမှတ်ထားတော်မူသည်မှာ၊ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို ဖုံးကွယ်၊ ပြောင်လှောင်သည်ကို ကြားသောအခါ ထိုပြက်လုံးထုတ် ဆင့်ပြန်ချက်များကို မပြောင်းသ၍ သူတို့နှင့် ထိုင်ဝိုင်းမဖွဲ့ကြနှင့်၊★ သို့မဟုတ်က သင်တို့လည်း သူတို့ကဲ့သို့ပင် ဖြစ်သွားချေမည်။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သီလကြောင်များ၊ ဖုံးကွယ်သူများ အားလုံးကို ငရဲဘုံ၌ အတူစုစေမည်။
၁၄၁။	**الَّذِينَ يَتَرَبَّصُونَ بِكُمْ فَإِن كَانَ لَكُمْ فَتْحٌ مِّنَ اللهِ قَالُواْ أَلَمْ نَكُن مَّعَكُمْ وَإِن كَانَ لِلْكَافِرِينَ نَصِيبٌ قَالُواْ أَلَمْ نَسْتَحْوِذْ عَلَيْكُمْ وَنَمْنَعْكُم مِّنَ الْمُؤْمِنِينَ فَاللهُ يَحْكُمُ بَيْنَكُمْ يَوْمَ الْقِيَامَةِ وَلَن يَجْعَلَ اللهُ لِلْكَافِرِينَ عَلَى الْمُؤْمِنِينَ سَبِيلاً۞**
	သင်တို့အား စောင့်ကြည့်နေသော သူတို့က၊ ပရမတ်ဘုရားရှင်ထံတော်မှ ထွက်ပေါက်သည် သင်တို့တွက် ဖြစ်ခဲ့သော် "ကျွန်ုပ်တို့သည် သင်တို့နှင့်အတူ မဖြစ်ခဲ့ဘူးလော၊" ဟု ပြောဆိုကြပြီး၊ ဖုံးကွယ်သူများအတွက် ပင်ပန်းရကျိုး တစ်စုံတစ်ရာ ရှိခဲ့လျှင်၊ "သင်တို့ အောင်နိုင်မှုအတွက် ကျွန်ုပ်တို့က ပံ့ပိုးခဲ့သည် မဟုတ်လော၊ ယုံကြည်သူများထံမှ ဟန့်တားပေးခဲ့သည် မဟုတ်လော၊" ဟု သွားပြောကြ၏။ သင်တို့ကြားမှ ဖြစ်ပျက်မှုကို ရပ်တည်ရသော နေ့၌ ပရမတ်ဘုရားရှင်က စီရင်ချက် ချတော်မူမည်။ ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သူများအား ယုံကြည်သူများအပေါ် လွှမ်းမိုးနိုင်သည့် နည်းလမ်း စီစဉ်တော်မူမည် မဟုတ်ချေ။
၁၄၂။ ❖၂၃	**إِنَّ الْمُنَافِقِينَ يُخَادِعُونَ اللهَ وَهُوَ خَادِعُهُمْ وَإِذَا قَامُواْ إِلَى الصَّلاَةِ قَامُواْ كُسَالَى يُرَآؤُونَ النَّاسَ وَلاَ يَذْكُرُونَ اللهَ إِلاَّ قَلِيلاً۞**
	သီလကြောင်များသည် ပရမတ်ဘုရားရှင်အား လှည့်စားကြကုန်၏၊ အရှင်က သူတို့ကိုသာ လှည့်စားမှုသင့်စေပြီ၊ သူတို့သည် ဝတ်ပြုခြင်း၌❖ ရပ်တည်သော် စိတ်မပါဘဲ လူ မြင်ကောင်းစေရန် ရပ်တည်ကြကုန်၏၊ ပရမတ်ဘုရားရှင်အား သတိရရှုမှတ်ခြင်း အနည်းငယ်မျှပင် မရှိချေ။
၁၄၃။	**مُّذَبْذَبِينَ بَيْنَ ذَلِكَ لاَ إِلَى هَؤُلاء وَلاَ إِلَى هَؤُلاء وَمَن يُضْلِلِ اللهُ فَلَن تَجِدَ لَهُ سَبِيلاً۞**
	ဟိုဘက် သည်ဘက် စပ်ကြား၌ ယိမ်းထိုးနေစေ၏၊ ပရမတ်ဘုရားရှင်က အပါယ်၌ ပစ်ထားသူအား သူ့အတွက် နည်းလမ်းဟူ၍ တွေ့ရမည် မဟုတ်ချေ။
၁၄၄။	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَتَّخِذُواْ الْكَافِرِينَ أَوْلِيَاء مِن دُونِ الْمُؤْمِنِينَ أَتُرِيدُونَ أَن تَجْعَلُواْ لِلّهِ عَلَيْكُمْ سُلْطَانًا مُّبِينًا۞**
	အို– ယုံကြည်သောသူတို့၊ ယုံကြည်သူချင်း ပြိုင်ဆိုင်၍ ဖုံးကွယ်သူတို့အား မဟာမိတ် အဖြစ် မယူမှတ်ကြနှင့်၊ ပရမတ်ဘုရားရှင်၏ စီစဉ်ပေးသည်ထက် ရှင်းလင်းသော အခွင့်အာဏာကို သင်တို့ လိုလားကြသလော။
၁၄၅။ ★ ခုံး၁၆၇	**إِنَّ الْمُنَافِقِينَ فِي الدَّرْكِ الأَسْفَلِ مِنَ النَّارِ وَلَن تَجِدَ لَهُمْ نَصِيرًا۞**
	ဇကန်ပင် သီလကြောင်တို့သည်★ ငရဲမီး၏ အနိမ့်ဆုံး၌ ခြုံလွှမ်းခံရလတ္တံ့၊ သူတို့အတွက် ကူညီနိုင်သူ တွေ့ရမည် မဟုတ်ချေ။
၁၄၆။	**إِلاَّ الَّذِينَ تَابُواْ وَأَصْلَحُواْ وَاعْتَصَمُواْ بِاللهِ وَأَخْلَصُواْ دِينَهُمْ لِلّهِ فَأُوْلَئِكَ مَعَ الْمُؤْمِنِينَ وَسَوْفَ يُؤْتِ اللهُ الْمُؤْمِنِينَ أَجْرًا عَظِيمًا۞**
	ခဝါချ။ ပြုပြင်သော သူများ၊ ပရမတ်ဘုရားရှင်အား အယူသန့်လျက် သူတို့၏ သာသနာ၌ မားမားရပ်သူများသည်သာ– ယုံကြည်သူများနှင့် အတူဖြစ်၏။ ပရမတ်ဘုရားရှင်သည် ယုံကြည်သူတို့အား မဟာ ဆုလဒ်ကြီးကို ချီးမြှင့်တော်မူလတ္တံ့။
၁၄၇။	**مَّا يَفْعَلُ اللهُ بِعَذَابِكُمْ إِن شَكَرْتُمْ وَآمَنتُمْ وَكَانَ اللهُ شَاكِرًا عَلِيمًا۞**

	သင်တို့သည် ယုံကြည်လျက် ကျေးဇူးသိတတ်လျှင် အဘယ်ကြောင့် ပရမတ်ဘုရားရှင်က ဝဋ်ကြွေးကို စီမံအံ့နည်း၊ ပရမတ်ဘုရားရှင်သည် ကျေးဇူးတော်အရှင် သိနေသောအရှင် ဖြစ်၏။
၁၄၈။	**لاَّ يُحِبُّ اللّهُ الْجَهْرَ بِالسُّوَءِ مِنَ الْقَوْلِ إِلاَّ مَن ظُلِمَ وَكَانَ اللّهُ سَمِيعًا عَلِيمًا۞** မိုက်ကြွေးခွဲခံရသူမှအပ အကုသိုလ် စကားလုံးဖြင့် အော်ကြီးဟစ်ကျယ်လုပ်ခြင်းကို ပရမတ်ဘုရားရှင်က မနှစ်သက်ချေ၊ ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် သိနေသောအရှင် ဖြစ်၏။
၁၄၉။	**إِن تُبْدُواْ خَيْرًا أَوْ تُخْفُوهُ أَوْ تَعْفُواْ عَن سُوَءٍ فَإِنَّ اللّهَ كَانَ عَفُوًّا قَدِيرًا۞** ကောင်းမှုကို ဖေါ်ကျူး၍ အကုသိုလ်ကို မြိုသိပ် ကျေအေးကြလျှင်၊ ပရမတ်ဘုရားရှင်သည် ကျေအေးသောအရှင် စည်းချိန်ချမှတ်သော အရှင် ဖြစ်၏။
၁၅၀။	**إِنَّ الَّذِينَ يَكْفُرُونَ بِاللّهِ وَرُسُلِهِ وَيُرِيدُونَ أَن يُفَرِّقُواْ بَيْنَ اللّهِ وَرُسُلِهِ وَيَقُولُونَ نُؤْمِنُ بِبَعْضٍ وَنَكْفُرُ بِبَعْضٍ وَيُرِيدُونَ أَن يَتَّخِذُواْ بَيْنَ ذَلِكَ سَبِيلاً۞** ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်များအား ဖုံးကွယ်သော သူတို့သည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်များ အကြား ခွဲခြားလိုကြပြီး "ကျွန်ုပ်တို့သည် အချို့ကို လက်ခံယုံကြည်၍ အချို့ကို ငြင်းပယ်ဖုံးကွယ်ပါ၏။" ဟု ပြောဆိုကာ ထိုစပ်ကြား၌ နည်းလမ်းတစ်ခုကို ရယူလိုကြ၏။
၁၅၁။	**أُوْلَئِكَ هُمُ الْكَافِرُونَ حَقًّا وَأَعْتَدْنَا لِلْكَافِرِينَ عَذَابًا مُّهِينًا۞** သူတို့သည် ဖုံးကွယ်သူများ စင်စစ် ဖြစ်၏၊ ငါသည် ဖုံးကွယ်သူများအတွက် နိမ့်ကျသော ဝဋ်ကြွေးကို ပြင်ဆင်ထားပြီ။
၁၅၂။	**وَالَّذِينَ آمَنُواْ بِاللّهِ وَرُسُلِهِ وَلَمْ يُفَرِّقُواْ بَيْنَ أَحَدٍ مِّنْهُمْ أُوْلَئِكَ سَوْفَ يُؤْتِيهِمْ أُجُورَهُمْ وَكَانَ اللّهُ غَفُورًا رَّحِيمًا۞** ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်များအား ယုံကြည်သက်ဝင်၍ ကိုယ်တော်များအကြား တစ်ပါးနှင့်တစ်ပါး ခွဲခြားမှု မရှိသော ထိုသူတို့သည် သူတို့၏ ဆုလဒ်ကို ချီးမြှင့်ခြင်း ခံရလတ္တံ့၊ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၁၅၃။ ☆၂၄၁ ဩဇာ	**يَسْأَلُكَ أَهْلُ الْكِتَابِ أَن تُنَزِّلَ عَلَيْهِمْ كِتَابًا مِّنَ السَّمَاء فَقَدْ سَأَلُواْ مُوسَى أَكْبَرَ مِن ذَلِكَ فَقَالُواْ أَرِنَا اللّهِ جَهْرَةً فَأَخَذَتْهُمُ الصَّاعِقَةُ بِظُلْمِهِمْ ثُمَّ اتَّخَذُواْ الْعِجْلَ مِن بَعْدِ مَا جَاءتْهُمُ الْبَيِّنَاتُ فَعَفَوْنَا عَن ذَلِكَ وَآتَيْنَا مُوسَى سُلْطَانًا مُّبِينًا۞** ကျမ်းစာဝိုင်းသားများက "သူတို့ထံသို့ ကောင်းကင်ယံမှ ကျမ်းစာတစ်အုပ် ချမှတ်ပေးရန်" အသင့်ထံ၌ တောင်းဆိုလိမ့်မည်၊ အမှန်ပင် မူဆာ၏ ထံ၌ ဤထက်ပို၍ ကြီးမားစွာ တောင်းဆိုခဲ့သည်မှာ "ပရမတ်ဘုရားရှင်အား ပေါပေါထင်ထင် ရှုမြင်ခွင့်ပေးပါ၊" ဟု ဆိုခြင်းပင်။ သို့ဖြင့် သူတို့၏ မိုက်ကြွေးခွဲမှုကြောင့် ငါသည် သူတို့အား တော်လည်းသံကြီးဖြင့် ဖမ်းဆီးခဲ့ပြီ။ တဖန် သူတို့ထံသို့ ရှင်းလင်းချက်များ ရောက်လာစေပြီးမှ ထိုနွားငယ်၌ အယူထားခဲ့သည်ကို☆ ငါအရှင် ကျေအေးပေးခဲ့၏၊ မူဆာအား ရှင်းလင်းသော **အခွင့်အာဏာ**ကို ပေးအပ်ခဲ့ပြီ။
၁၅၄။ ၂း၆၃၊ ၂း၅၈၊ ၂း၆၅၊ ၂း၈၃	**وَرَفَعْنَا فَوْقَهُمُ الطُّورَ بِمِيثَاقِهِمْ وَقُلْنَا لَهُمُ ادْخُلُواْ الْبَابَ سُجَّدًا وَقُلْنَا لَهُمْ لاَ تَعْدُواْ فِي السَّبْتِ وَأَخَذْنَا مِنْهُم مِّيثَاقًا غَلِيظًا۞** သူတို့၏ ကတိခံဝန်ချက်ဖြင့် ငါသည် သူတို့အပေါ်၌ တောင်တော်ကို မြှောက်စားခဲ့၍၊ ငါက "တံခါးကို နိမ့်ချ၍ ဝင်ကြလော့" ဟု သူတို့အား မိန့်မြွက်၍ "သတင်းနေ့၌ စည်းမဖေါက်ကြနှင့်၊" ဟု မိန့်ကြား၏။ တဖန် ငါသည် တိကျပြတ်သားသော ကတိခံဝန်ကို ယူခဲ့ပြီ။

၁၅၅။	**فَبِمَا نَقْضِهِم مِّيثَاقَهُمْ وَكُفْرِهِم بِآيَاتِ اللهِ وَقَتْلِهِمُ الأَنْبِيَاء بِغَيْرِ حَقٍّ وَقَوْلِهِمْ قُلُوبُنَا غُلْفٌ بَلْ طَبَعَ اللهُ عَلَيْهَا بِكُفْرِهِمْ فَلاَ يُؤْمِنُونَ إِلاَّ قَلِيلاً۞** သို့ဖြင့် သူတို့၏ – ကတိခံဝန်အား ချိုးဖောက်မှု၊ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို ဖုံးကွယ်မှု၊ သတင်းတော်ဆောင်များအား သစ္စာမဲ့စွာ သတ်ဖြတ်မှုနှင့် ကျွန်ုပ်တို့၏ နှလုံးသားသည် ပိတ်ထားပြီး ဟု ပြောဆိုမှုကြောင့်– အမှန်မှာ ပရမတ်ဘုရားရှင်က သူတို့အား ဖုံးကွယ်မှုဖြင့် တံဆိပ်ထုထားလေပြီ၊ အနည်းငယ်မှ အပ ယုံကြည်ကြမည် မဟုတ်ချေ။–
၁၅၆။	**وَبِكُفْرِهِمْ وَقَوْلِهِمْ عَلَى مَرْيَمَ بُهْتَانًا عَظِيمًا۞** သူတို့၏ ဖုံးကွယ်မှု– မာရိအား အကြီးအကျယ် ပုတ်ခတ် ပြောဆိုမှုများ–[၂၈၈]
၁၅၇။ ۞ ၃း၄၅	**وَقَوْلِهِمْ إِنَّا قَتَلْنَا الْمَسِيحَ عِيسَى ابْنَ مَرْيَمَ رَسُولَ اللهِ وَمَا قَتَلُوهُ وَمَا صَلَبُوهُ وَلَكِن شُبِّهَ لَهُمْ وَإِنَّ الَّذِينَ اخْتَلَفُواْ فِيهِ لَفِي شَكٍّ مِّنْهُ مَا لَهُم بِهِ مِنْ عِلْمٍ إِلاَّ اتِّبَاعَ الظَّنِّ وَمَا قَتَلُوهُ يَقِينًا۞** ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင် ဖြစ်သော မာရိ၏သား ယေရှု ခရစ်အား۞ သတ်ဖြတ်ခဲ့သည် ဟု ဆိုခြင်းများကြောင့် ဖြစ်၏။ သူ့အား သတ်နိုင်ခဲ့သည် မဟုတ်၊ ကားစင်တင်နိုင်ခဲ့သည်လည်း မဟုတ်ဘဲ၊ သို့ရာတွင် သူတို့အဘို့ ဆင်တူသာ ဖြစ်၏။ ဇကန်ပင် ၎င်း၌ သဘောကွဲပြားသော သူတို့သည် ဒိဋ္ဌိသာရှိ၏၊ ထို၌ စဉ်းစားချက်ကို လိုက်နေသည်မှအပ အသိ မရှိကြပေ။ သူ့အား တိတိကျကျ သတ်နိုင်ခဲ့သည် မဟုတ်ချေ။[၂၈၉]
၁၅၈။	**بَل رَّفَعَهُ اللهُ إِلَيْهِ وَكَانَ اللهُ عَزِيزًا حَكِيمًا۞** ပရမတ်ဘုရားရှင်သည် သူ့အား အပါးတော်၌ မြှောက်စားခဲ့ပြီ၊[၂၉၀] ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၁၅၉။	**وَإِن مِّنْ أَهْلِ الْكِتَابِ إِلاَّ لَيُؤْمِنَنَّ بِهِ قَبْلَ مَوْتِهِ وَيَوْمَ الْقِيَامَةِ يَكُونُ عَلَيْهِمْ شَهِيدًا۞** သူမသေမီက[၂၉၁] ကျမ်းစာ ဝိုင်းသားများသည် ထိုအကြောင်းကို ယုံကြည်ခဲ့သည်သာ ဖြစ်၏။[၂၉၂] ရပ်တည်ရသော နေ့၌ သူသည် ၎င်းတို့အပေါ်၌ သက်သေဖြစ်ရလိမ့်မည်။[၂၉၃]

---

(၂၈၈) ဣသရေလူမျိုးများက မာရိအား အသရေဖျက် ပြောဆိုခြင်းကို ၁၉း၂၈ တွင် အတိအကျ ပေါ်ပြပေသည်။ သူတို့၏ အထင်ဖြင့် မာရိသည် "လင်ကောင် မပေါ်ဘဲ ကလေး (ယေရှုကို) မွေးသည်ဟု ကဲ့ရဲ့ စော်ကားခြင်းပင် ဖြစ်သည်။ ထိုအချင်းအရာကို ကျမ်းမြတ်ကုရ်အာန်က လုံးဝ လက်မခံပေ။ သူတို့၏ ထင်မြင်ချက်မှာ အမှားတရားများသာ ဖြစ်ကြောင်း ကျမ်းတော်၏ ၁၉း၁၆ မှ ၂၇ အထိတွင် အသေးစိတ် ရှင်းပြထားပေသည်။

(၂၈၉) ဤသုတ်တော်က ကိုတော်ယေရှုအား လက်ဝါးကပ်တိုင်သို့ တင်ခံရခြင်း၊ ကားစင်ပေါ်၌ သူတစ်ပါးသတ်၍ သေရခြင်း ဆိုသည့် ကမ္ဘာ့ လူသားအများစု မှိုင်းတိုက်ခံထားရခြင်းကို ယတိပြတ် ပယ်ချထားပေသည်။ ကိုယ်တော်ယေရှုသည် ကားစင်ပေါ်၌ အသတ်ခံခဲ့ရခြင်း မဟုတ်ချေ။

(၂၉၀) ဤသုတ်တော်မှ "သူ့အား အပါးတော်၌ မြှောက်စားခဲ့ပြီ" ဆိုသည်ကို "ယေရှုအား ကားစင်ပေါ်၌ လူသားများ မသတ်နိုင်၊ ပရမတ်ဘုရားရှင်က သူ့အား ကောင်းကင်ပေါ်သို့ ပင့်မ သယ်ဆောင်သွားသည်ဟု မဖွင့်ဆိုသင့်ပေ။ အကြောင်းမှာ ဤသုတ်တော်၌ ကောင်းကင် ဆိုသည့် စကားလုံးကို မသုံးထားသည့် အပြင် ကျမ်းတော်တွင် ယေရှုသည် အသက်မသေဘဲ ကောင်းကင်ဘုံ၌ စံမြန်းနေလျက် ကမ္ဘာ့ နောက်ဆုံးနေ့ မတိုင်မီ လောကသို့ ပြန်လည် ကြွရောက်လာမည်ဟုလည်း လုံးဝ ပြောမထားပေ။ ဤသုတ်တော်မှ "မြှောက်စားခဲ့ပြီ" ဟူသော စကားသည် ၄း၁၅ မှ တောင်တော်အား "မြှောက်စားခဲ့၍" ဟူသော စကားနှင့် အာရဗီ ဝေါဟာရ **ရဖအ** တစ်လုံးတည်း ဖြစ်၍ ဂုဏ်ပေးသည်၊ ချီးမြှင့်သည်၊ ဟုသာ အနက်ပေးပြီး "ရူပါဒြဗိ"တစ်ခုလုံးကို မိုးပေါ်သို့ ပင့်ချီသွားသည်ဟု အဓိပ္ပါယ် ဖွင့်ဆို၍ မရပေ။ ကိုယ်တော် ယေရှုသည် အတိုက်အခံများ၏ ဒဏ်ကို မည်မျှပင် ခံရသော်လည်း ဂုဏ်သိက္ခာအရ အမြဲ ရှင်သန်နေမည်ကို ဆိုလိုခြင်းသာ ဖြစ်ပေသည်။

(၂၉၁) ဤစကားလုံး **သူမသေမီက** ဆိုသော စကားလုံးသည် ကိုယ်တော်ယေရှု သေသွားပြီ ဖြစ်ကြောင်းကို ရှင်းလင်းစွာ ပြောထားခြင်း ဖြစ်ပေသည်။ (ယခု သေသွားခဲ့ပြီး ဟု ပြောခြင်းဖြစ်သည်၊) သို့သော် အသတ်ခံရ၍ သေခြင်းမျိုး မဟုတ်ပေ၊ သဘာဝအလျောက် သက်တမ်းစေ့ ကွယ်လွန်ခြင်းကို ပြောသော **မောက်တ်** ဆိုသည့် အာရဗီ ဝေါဟာရကို သုံးထားပေသည်။ ကိုယ်တော်ယေရှုသည် အတိုက်အခံများ၏ သေဒဏ်ပေးခြင်းကြောင့် လက်ဝါးကပ်တိုင်ပေါ်တွင် သေရသည် ဆိုခြင်းကို ကုရ်အာန်ကျမ်းတော်က လက်မခံသည့် အပြင် ယေရှုသည် ဤလောက၌ မသေအသက်ဖြင့် နေသည် ဆိုသော ဒဏ္ဍာရီကိုလည်း ကျမ်းတော်က လုံးဝ ပယ်ချပေသည်။ ကိုယ်တော်ယေရှုသည် အခြားသော ဉာဏ်စဉ်ဆောင်များကဲ့သို့ ခန္ဓာဝန်ချသွားခဲ့ကြောင်း ကျမ်းတော်တွင် အတိအကျ ပေါ်ပြပေသည်။ (၃း၁၄၄။ ၅း၁၁၇)။

၁၆၀။	**فَبِظُلْمٍ مِّنَ الَّذِينَ هَادُواْ حَرَّمْنَا عَلَيْهِمْ طَيِّبَاتٍ أُحِلَّتْ لَهُمْ وَبِصَدِّهِمْ عَن سَبِيلِ اللهِ كَثِيرًا۞** စင်ကြယ်၍ ဘောင်ဝင်ခဲ့သည်များမှ ရေဝတီဖြစ်သူတို့အတွက် တားမြစ်မှုများ ရှိသည်မှာ သူတို့၏ မိုက်ကြေးခဲ့မှု၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်မှ မြောက်များစွာ ဖယ်ရှားမှုများကြောင့် ဖြစ်၏။၂၉၄
၁၆၁။ ၄:၂၇၅၊ ၃၃:၂၉	**وَأَخْذِهِمُ الرِّبَا وَقَدْ نُهُواْ عَنْهُ وَأَكْلِهِمْ أَمْوَالَ النَّاسِ بِالْبَاطِلِ وَأَعْتَدْنَا لِلْكَافِرِينَ مِنْهُمْ عَذَابًا أَلِيمًا۞** သူတို့အား ဟန့်တားထားသည့် **ထပ်ပြန်တိုးစနစ်ဖြင့်** သိမ်းယူမှု၊ လူသားတို့၏ ဥစ္စာပစ္စည်းများကို အမှားပြု စားသုံးမှုများကြောင့်– ငါအရှင်သည် ဖုံးကွယ်သူတို့အတွက် ဂူးနစ်သော ဝဋ်ကြွေးကို ပြင်ဆင်ထား၏။
၁၆၂။ ❖၂၃	**لَّكِنِ الرَّاسِخُونَ فِي الْعِلْمِ مِنْهُمْ وَالْمُؤْمِنُونَ يُؤْمِنُونَ بِمَا أُنزِلَ إِلَيْكَ وَمَا أُنزِلَ مِن قَبْلِكَ وَالْمُقِيمِينَ الصَّلاَةَ وَالْمُؤْتُونَ الزَّكَاةَ وَالْمُؤْمِنُونَ بِاللهِ وَالْيَوْمِ الآخِرِ أُوْلَئِكَ سَنُؤْتِيهِمْ أَجْرًا عَظِيمًا۞** သို့သော် သူတို့အနက် အသိပညာ သဘာရင့်သူများနှင့် ယုံကြည်သူများက သင်ထံ၌ ချမှတ်ပေးရာကို လည်းကောင်း သင့် ရှေ့အလျင်က ချမှတ်ပေးရာကိုလည်းကောင်း သက်ဝင်ယုံကြည် ကြကုန်၏၊ ဝတ်ပြု❖ မြဲသူများ ဖြစ်ကြ၏၊ အခွန်ငွေဖြူ ပေးသူတို့ ဖြစ်ကြ၏၊ ပရမတ်ဘုရားရှင်နှင့် ရပ်တည်မြဲမြံသောနေ့ကို ယုံကြည်သူတို့ ဖြစ်ကြ၏၊ သူတို့အား မဟာ ဆုလဒ်ကြီးကို ချီးမြှင့်လတ္တံ့။
၁၆၃။ ☆ ၁၇:၅၅	**إِنَّا أَوْحَيْنَا إِلَيْكَ كَمَا أَوْحَيْنَا إِلَى نُوحٍ وَالنَّبِيِّينَ مِن بَعْدِهِ وَأَوْحَيْنَا إِلَى إِبْرَاهِيمَ وَإِسْمَاعِيلَ وَإِسْحَقَ وَيَعْقُوبَ وَالأَسْبَاطِ وَعِيسَى وَأَيُّوبَ وَيُونُسَ وَهَارُونَ وَسُلَيْمَانَ وَآتَيْنَا دَاوُودَ زَبُورًا۞** ငါအရှင်က သင့်အား အာရုံစျာန်ပေးသည်မှာ နူးဟ် နှင့် သူ၏နောက် သတင်းတော်ဆောင်များအား အာရုံစျာန်ပေးသကဲ့သို့၊ အီဗရာဟီး၌၊ အီစမာလ်အီးလ်၊ အီစဟာက်၊ ယာကုဗ် နှင့် မျိုးနွယ်စုများ၊ ယေရှု၊ အိုင်ယွာ်၊ ယူနုစ်၊ ဟာရွန်၊ ဆိုလိုင်မံ တို့အား အာရုံစျာန်ခြင်းမျိုး ဖြစ်၏။ ငါအရှင်သည် ဒါဝိဒ်အား ကျမ်းငယ်ကို☆ ပေးတော်မူ၏။၂၉၁

---

(၂၉၂) **ကိုယ်တော်ယေရှုမသေမီ ကျမ်းစာရသူများမှ တစ်ယောက်မကျန် ထိုအကြောင်းကို ယုံကြည်ကြ၏** ဆိုသော သုတ်တော်မှ "ထိုအကြောင်း" ဆိုသည်မှာ **ကိုယ်တော်ယေရှုအား လက်ဝါးကပ်တိုင်တွင် သတ်ခဲ့ကြသည်ဆိုသော ထင်မြင်ချက်** ကို ဆိုလိုပေသည်။ ခရစ်ယာန်များ အနေဖြင့် ကိုယ်တော် ယေရှုသည် လက်ဝါးကပ်တိုင်တွင် အသတ်ခံရသည်ဟု ယုံကြည်မှသာလျှင် ၎င်းတို့၏ ယုံကြည်ချက်ဖြစ်သော **ကိုယ်တော်၏ သွေးကို ပေးဆပ်၍ ခရစ်တော်၌ ယုံကြည်သူများကို အပြစ်မှ ကယ်တယ်မည်** ဟူသည့် ခံစားထင်မြင်ချက် ခိုင်မာစေရန်။ ဂျူးလူမျိုးများ အနေဖြင့်လည်း **ယေရှုသည် မေရှိယ (ခရစ်တော်) မဟုတ်၊ ဘုရားသခင်၏ ကျိန်စာသင့်သူသာ ဖြစ်၏ ထို့ကြောင့် သူသည် လက်ဝါးကပ်တိုင်တွင် အသတ်ခံရခြင်း ဖြစ်၏** (တရားဟောရာကျမ်း ၂၁:၂၃) ဟူသည့် အချက်ကို သက်သေပြနိုင်ရန် သူတို့အနေဖြင့် ယေရှုအား လက်ဝါးကပ်တိုင်ပေါ်တွင် သေစေလိုသောဇောဖြင့် ယုံကြည်နေကြခြင်းကို ဤသုတ်တော်က ထောက်ပြခြင်း ဖြစ်ပေသည်။

(၂၉၃) (ရပ်တည်ရသော နေ့ သို့မဟုတ် သံသရာလည်ပတ်မှု ရပ်တန့်သောကာလ) **ယောင်းမုလ် ကေယာမတ်** တွင် ယေရှုသည် သူတို့အပေါ်၌ သက် သေ ဖြစ်စေမည် ဆိုသည်ကို ဒဏ္ဍာရီပုံ မွတ်ဆလင် ဆရာတော်များကလည်း ယေရှုသည် ကေယာမတ်ခေါ် မြဲမြံတည်တံ့သော ကာလမတိုင်မီ လောကသို့ ပြန်ကြွလာပြီး မွတ်ဆလင်အပေါင်းအား ကယ်တင်မည်ဟု အခြေအမြစ်မရှိ ဖွင့်ဆို ယုံကြည်ကြပေသည်။ ဤသုတ်တော်တွင် ကေယာမတ် **မတိုင်မီ** ဟု လုံးဝ ပြောမထားပေ။ ကေယာမတ်နေ့တွင် သက်သေဖြစ်မည် ဟုသာ ပြောထားပေသည်။ ထိုသို့ ပြောဆိုမှုမှာ လူတိုင်းအား ကေယာမတ်နေ့တွင် ပြန်လည် ရှင်ပြန်ရမည်ဟု ပြောဆိုထားသော ကုရ်အာန် ကျမ်းတော်မှ မြောက်များစွာသော အဆိုများနှင့် အတူတူပင် ဖြစ်၍ တစ်မှု ထူးခြားမှု မရှိပေ။ ကျမ်းတော်မှ အပသော အပိုထွင် တရားများကို မိမိသာ မစဉ်းစား မဆင်ခြင် ယုံကြည်သည်မျှမက သူတစ်ပါးတို့အား လည်း ယုံကြည်စေရန် ဝါဒဖြန့်ချီခြင်းသည် ပြစ်မှုဖြစ်ကြောင်း ပြန်လည် သုံးသပ်သင့်ပေသည်။

(၂၉၄) **စင်ကြယ်၍ ဘောင်ဝင်ခဲ့သည်များမှ တားမြစ်မှုရှိပြီ** ဆိုသည်မှာ ခွင့်ပြုခဲ့သမျှ အားလုံးအား ပြန်လည် တားမြစ်လိုက်ခြင်း မဟုတ်ပေ။ သူတို့၏ တရားပျက်မှုများကြောင့် ဥပဒေပြု ခွင့်ပြုခဲ့ရာများမှ တချို့ကို ထားမြစ်လိုက်ခြင်းသာ ဖြစ်ပေသည်။

(၂၉၅) ဤသုတ်တော်တွင် သတင်းတော်ဆောင် (၁၁) ပါး အား အမည်နာမဖြင့် ဖော်ပြထားပေသည်။ ဤကိုယ်တော်များအနက်မှ **နူးဟ်** ကိုယ်တော်၏ အကြောင်းကို (၃:၃၄) တွင်။ အီဗရာဟီး၌၊ အီစမာအီးလ်၊ အီစဟာက်၊ ယာကုဗ် နှင့် မျိုးနွယ်စုများ၏ အကြောင်းကို (၂:၁၂၄၊ ၂:၁၃၀) တွင်။ ကိုယ်တော် ဟာရွန်၏ အကြောင်းကို (၂:၅၁) တွင် ရှင်းထားပါသည်။ ကျန်ကိုယ်တော်များမှ ယေရှုနှင့် ဆိုလိုင်မံ မင်းကြီး၏ အကြောင်းသည်လည်း စာဖတ်သူများအတွက် ရင်းနှီးပြီး ဖြစ်နိုင်သည်။ ဤဘာသာပြန်ကျမ်းတွင် ထိုကိုယ်တော်များ အကြောင်း နေရာများများ၌ တင်ပြထားပါသည်။ ဤနေရာ၌ ကျန်ကိုယ်တော် သုံးပါးဖြစ်သည့် အိုင်ယုဗ်၊ ယူနုစ် နှင့် ဒါဝိဒ် တို့ အကြောင်းကို အနည်းငယ် တင်ပြလိုသည်။ (၁) ကိုယ်တော် **အိုင်ယုဗ်**ကို ကုရ်အာန်ကျမ်းတော်တွင် အမည်နာမဖြင့် (၄)ကြိမ် ဖော်ပြထားပေသည်။ သူ့အား သမ္မာကျမ်း၌ **ယောဘ** ဟု ခေါ်ပြီး ဥဇာက်ပြည်သား ဖြစ်သည်

၁၆၄။	**وَرُسُلاً قَدْ قَصَصْنَاهُمْ عَلَيْكَ مِن قَبْلُ وَرُسُلاً لَّمْ نَقْصُصْهُمْ عَلَيْكَ وَكَلَّمَ اللّهُ مُوسَى تَكْلِيمًا ۞** သင့် ရှေ့အလျှင်က ဉာဏ်စဉ်ဆောင်များမှ သင့်အား ဖေါ်ပြသော ဉာဏ်စဉ်ဆောင်များ ရှိ၍၊ သင့်အား ဖေါ်မပြသည်လည်း ရှိ၏။ ပရမတ်ဘုရားရှင်က မူဆာအား ဆွေးနွေးစကား ပြောဆိုရန် မိန့်၏။[၂၉၆]
၁၆၅။	**رُّسُلاً مُّبَشِّرِينَ وَمُنذِرِينَ لِئَلاَّ يَكُونَ لِلنَّاسِ عَلَى اللّهِ حُجَّةٌ بَعْدَ الرُّسُلِ وَكَانَ اللّهُ عَزِيزًا حَكِيمًا ۞** ပရမတ်ဘုရားရှင်အား မစောကြောနိုင်ရန်၊ ဉာဏ်စဉ်ဆောင်များ၏နောက် ဉာဏ်စဉ်ဆောင်များကို လူသားတို့ အတွက် သတင်းကောင်းပါးသူ၊ သတိပေးသူများ ဖြစ်စေ၏။ ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်၏။
၁၆၆။	**لَّكِنِ اللّهُ يَشْهَدُ بِمَا أَنزَلَ إِلَيْكَ أَنزَلَهُ بِعِلْمِهِ وَالْمَلآئِكَةُ يَشْهَدُونَ وَكَفَى بِاللّهِ شَهِيدًا ۞** သို့ရာတွင် ပရမတ်ဘုရားရှင်သည် သင့်ထံအား ချမှတ်ပေးရာ၌ သက်သေတည်တော်မူ၏။ ၎င်းကို အရှင်၏ အသိဖြင့် ချမှတ်ပေး၏၊ နိမိတ်ဆောင်များသည်လည်း သက်သေများ ဖြစ်ကြ၏၊ သက်သေအဖြစ် ပရမတ်ဘုရားရှင်သည် လုံလောက်တော်မူ၏။
၁၆၇။	**إِنَّ الَّذِينَ كَفَرُواْ وَصَدُّواْ عَن سَبِيلِ اللّهِ قَدْ ضَلُّواْ ضَلاَلاً بَعِيدًا ۞** ဇကန်ပင် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ရှောင်ဖယ် ဖုံးကွယ်သော သူတို့သည် မုချပင် နောက်ကျန် လွဲချော်လမ်းလွဲကြကုန်၏။
၁၆၈။	**إِنَّ الَّذِينَ كَفَرُواْ وَظَلَمُواْ لَمْ يَكُنِ اللّهُ لِيَغْفِرَ لَهُمْ وَلاَ لِيَهْدِيَهُمْ طَرِيقًا ۞** ဇကန်ပင်၊ ဖုံးကွယ်သောသူ မိုက်ကြေးခွဲသူတို့အား ပရမတ်ဘုရားရှင်သည် လွှတ်ငြိမ်းစေမည် မဟုတ်ချေ။ သူတို့အတွက် သာယာသော လမ်းညွှန်လည်း မရှိပေ။

ဟု ဆိုပေသည်၊ (ယောဘာဝတ္ထု ၁း၁–၂)။ ကိုယ်တော်သည် တပည့်သားမြေးများအား မည်သို့ ဦးဆောင်ခဲ့သည် ဆိုသော သမိုင်းအား ကျယ်ဝန်းစွာ ဖေါ်ပြထားခြင်း မရှိပေ။ သို့သော် မိမိအပေါ် ဖိစီးသော စိတ်ပင်ပန်းမှုအား မည်သို့ သည်းခံ ပါရမီ ကြီးခဲ့သည်ကို ဖေါ်ပြထားပေ၍ ပါးစပ်ရာဇဝင်အားဖြင့် နားလည်ထားသော "ကိုယ်တော်သည် နူနာရောဂါ စွပ်ကပ်ခံခဲ့ရသည်" ဆိုခြင်း မှာ ကျမ်းတော်၌ မပါဝင်ပေ။ (၂) ကိုယ်တော် **ယူန္နစ်**အား အမည်နာမအားဖြင့် ကျမ်းတော်တွင် (၄)ကြိမ် ဖေါ်ပြပေသည်။ သမ္မာကျမ်းစာတွင် **ယောန** ဟု ခေါ်တွင်ပြီး ဗုဒ္ဓရာဇဝင်မှ ရှင်ဗါကုလ၏ အတိတ်ဘဝကဲ့သို့ "ငါးမြိုခံခဲ့ရသည်" (ဝိသုဒ္ဓိမဂ် မြန်မာပြန် တတိယတွဲ စာ–၂၂) သည်ဟု ဆိုပေသည်။ သို့သော် ကုရ်အာန်ကျမ်းတော်တွင် ငါးမြိုခံရသည် ဆိုခြင်းမှာ "တံငါများနှင့် အတူနေခဲ့ရသည်ကို တင်စားကြောင်း" (၃၇း၁၃၉–၁၄၈) အောက်ခြေ ရှင်းချက်များ၌ ကြည့်ပါ။ (၃) ကိုယ်တော် ဒါဝိဒ်၏ အကြောင်းကို (၆း၈၅) အောက်ခြေတွင် ကြည့်ပါ။ ကိုယ်တော် ဒါဝိဒ် ရရှိခဲ့သော ကျမ်းကို သမ္မာကျမ်းစာတွင် ဆာလံကျမ်း အဖြစ် ဖေါ်ပြပေသည်။

(၂၉၅)"ပရမတ်ဘုရားရှင်က မူဆာအား ပြောဆိုရန် ပြော၏" ဆိုသည်မှာ ပရမတ်ဘုရားရှင်သည် ကိုယ်မူဆာအား သဗ္ဗညုတဉာဏ်စဉ် ကိန်းဝပ်ပေးခြင်းဖြင့် သူ့နောက်လိုက်များအား သွန်သင်ဆုံးမ၊ မှာကြားခိုင်းခြင်း ဖြစ်ပေသည်။ ၎င်းကို "ပရမတ်ဘုရားရှင်က မူဆာနှင့် စကားပြော၏"ဟု ခရစ်ယာန် အယူအဆအတိုင်း ပရမတ်ဘုရားရှင်သည် ကိုယ်တော်မူဆာနှင့် "တိုက်ရိုက် အပြန်အလှန် စကားပြော" ဆိုသယောင် ဖွင့်ဆိုမှုပေါင်းများစွာကို ဝမ်းနည်းဘွယ် တွေ့ရပေသည်။ ကမ္ဘာပေါ်တွင် ပွင့်လေသမျှသော ကိုယ်တော် အပေါင်းသည် နောက်လိုက် ဒကာတို့အား "ငါ့ ကဲ့သို့ နောက် တစ်ပါး ပွင့်ဦးမည်"ဟု မိန့်မှာ သကဲ့သို့ ကိုယ်တော်မူဆာသည်လည်း တမန်တော်ဝတ္ထု ၃း၂၂ တွင် ပြောဆိုပေသည်။ ၎င်းအား ထို့မတိုင်မီ ကျမ်းချက်ဖြစ်သည့် ၃း၂၁ တွင် "ကမ္ဘာဦးမှ စ၍ သန့်ရှင်းသော ပရောဖက်ဆရာတို့ နှုတ်ဖြင့် ဘုရားသခင် ဗျာဒိတ်ပေးသော–"ဟု ဆိုထားခြင်းက ဘုရားရှင်သည် ကိုယ်တော်မူဆာအား တိုက်ရိုက် စကားပြောခြင်း မဟုတ်ကြောင်း ကိုယ်တော်မူဆာ၏ နှုတ်မှတဆင့် ကိုယ်တော် မုဟမ္မဒ်ပွင့်ပေါ်မည့် အကြောင်းကိုသာ ပြောခဲ့ခြင်း ဖြစ်ကြောင်းကို ရှင်းလင်းစွာ နားလည်နိုင်ပေသည်။ ဉာဏ်စဉ်ရေးရာ ကျက်စား ကွန့်မြူးသော အခါ သဗ္ဗညုတဉာဏ်စဉ်၏ ဇစ်မြစ်တော်နှင့် သဗ္ဗညုတဉာဏ်စဉ်ကို ဆွတ်ခူးသော ဉာဏ်စဉ်ဆောင်တို့၏ ဉာဏ် နယ်နိမိတ်၌ အနလုံ ပဋိလုံ စောကြောမှုများကို အပြန်အလှန် စကားပြောဟန်ဖြင့် ဖေါ်ပြသော်လည်း လူတစ်ဦးနှင့် တစ်ဦးကြား ပြောသကဲ့သို့ အပြန်အလှန် စကားပြောသည်ဟု မကောက်ယူနိုင်ပေ။ ကျမ်းမြတ် ကုရ်အာန်တွင် ပရမတ်ဘုရားရှင်နှင့် လူသားအကြား အပြန်အလှန်စကား ပြောဟန်ပေါင်းများစွာ ပါဝင်ပေသည်။ ၎င်းမှာ အနလုံ ပဋိလုံ ဈာန်ဝင်ခြင်းသဘော ဖြစ်သည်။ ကိုယ်တော် မူဆာ တစ်ပါးတည်းသာ မဟုတ်ပေ။ ထို့ကြောင့် ပရမတ်ဘုရားရှင်အား "လူသားတစ်ဦး တစ်ယောက်ပုံစံ" ဖြင့် ခံစား ယုံကြည်ခြင်းကို အစွဲလာမ် သာသနာက တားမြစ်ပေသည်။ ပရမတ်ဘုရားရှင် ဆိုသည်မှာ ဉာဏ်စဉ်တော်၏ ဇစ်မြစ်သာလျှင် ဖြစ်ပေသည်။

၁၆၉။	**إِلاَّ طَرِيقَ جَهَنَّمَ خَالِدِينَ فِيهَا أَبَدًا وَكَانَ ذَلِكَ عَلَى اللهِ يَسِيرًا۞** ငရဲဘုံ၌ ကာလပိုင်းခြားမဲ့ အစဉ်ခံစားရန် ပြေပြစ်သော လမ်းသာ ရှိချေ၏၊ သို့ပြုရန် ပရမတ်ဘုရားရှင် အတွက် လွယ်ကူလှ၏။
၁၇၀။	**يَا أَيُّهَا النَّاسُ قَدْ جَاءكُمُ الرَّسُولُ بِالْحَقِّ مِن رَّبِّكُمْ فَآمِنُواْ خَيْرًا لَّكُمْ وَإِن تَكْفُرُواْ فَإِنَّ لِلَّهِ مَا فِي السَّمَاوَاتِ وَالأَرْضِ وَكَانَ اللهُ عَلِيمًا حَكِيمًا۞** အို– လူသားတို့ ဉာဏ်စဉ်ဆောင်သည် သင်တို့ထံသို့ ကံကြမ္မာရှင်၏ ထံမှ ပရမတ္ထသစ္စာကို ရောက်လာစေပြီ၊ သို့ဖြစ်၍ ယုံကြည်ကြလော့၊ ယင်းသည် သင်တို့အတွက် ပို၍ကောင်း၏၊ ငြင်းပါယ်ဖုံးကွယ်ကြလျှင်– မိုးများနှင့် မြေအတွင်း ရှိသမျှသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ပရမတ်ဘုရားရှင်သည် သိနေသော အရှင်–ဓမ္မသတ်ရှင် ဖြစ်၏။
၁၇၁။ ☆ ၂း၁၁၆	**يَا أَهْلَ الْكِتَابِ لاَ تَغْلُواْ فِي دِينِكُمْ وَلاَ تَقُولُواْ عَلَى اللهِ إِلاَّ الْحَقَّ إِنَّمَا الْمَسِيحُ عِيسَى ابْنُ مَرْيَمَ رَسُولُ اللهِ وَكَلِمَتُهُ أَلْقَاهَا إِلَى مَرْيَمَ وَرُوحٌ مِّنْهُ فَآمِنُواْ بِاللهِ وَرُسُلِهِ وَلاَ تَقُولُواْ ثَلاَثَةٌ انتَهُواْ خَيْرًا لَّكُمْ إِنَّمَا اللهُ إِلَـهٌ وَاحِدٌ سُبْحَانَهُ أَن يَكُونَ لَهُ وَلَدٌ لَّهُ مَا فِي السَّمَاوَات وَمَا فِي الأَرْضِ وَكَفَى بِاللهِ وَكِيلاً** အို– ကျမ်းစာဝိုင်းသားတို့၊ သင်တို့၏ သာသနာ၌ မချဲ့ထွင်ကြနှင့်၊ ပရမတ်ဘုရားရှင်နှင့်စပ်လျဉ်း၍ အမှန်မှအပ မပြောကြနှင့်၊ မာရိ၏သား ယေရှုခရစ်သည် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်ဆောင် တစ်ပါးသာ ဖြစ်၏၊ မာရိထံ မျက်မှောက်ပြုစေသော အရှင့် စကားတော် ဖြစ်၏၊ အရှင့်ထံမှ ဉာဏ်ဘွဲ့ ဖြစ်၏၊ သို့ဖြစ်၍ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား ယုံကြည်ကြလော့၊ သုံးပါးတစ်ဆူ မပြောကြဘဲ ရပ်စဲကြလျှင် သင်တို့အတွက် ကောင်းလှ၏၊ ပရမတ်ဘုရားရှင်သည် ဇကောဒိ ဘုရားရှင် ဖြစ်၏၊ ဦးထိပ်ထားရာ ဖြစ်၏၊ ကိုယ်ပွား မရှိချေ။☆ မိုးများအတွင်း မြေအတွင်း ရှိသမျှတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ပရမတ်ဘုရားရှင်သည် ကိုးစားထိုက်သည့် အရှင် အဖြစ် လုံလောက်တော်မူ၏။
၁၇၂။ ☆ ၂း၃၀	**لَّن يَسْتَنكِفَ الْمَسِيحُ أَن يَكُونَ عَبْداً لِّلّهِ وَلاَ الْمَلآئِكَةُ الْمُقَرَّبُونَ وَمَن يَسْتَنكِفْ عَنْ عِبَادَتِهِ وَيَسْتَكْبِرْ فَسَيَحْشُرُهُمْ إِلَيهِ جَمِيعًا۞** ခရစ်တော်သည်ဖြစ်စေ၊ ချည်းကပ်ခွင့်ရသော နိမိတ်ဆောင်များသည်☆ ဖြစ်စေ ပရမတ်ဘုရားရှင်၏ အမှုတော်ဆောင်ဖြစ်ရခြင်းကို အားမငယ်ကြချေ။ အရှင်၏ အမှုတော်ဆောင် ဖြစ်ခြင်းကို သေးသိမ်သည်ဟု မာန ထောင်လွှားသူတို့အား အရှင့်ထံ၌ အားလုံးကို စုစည်းခံရစေလတ္တံ့။
၁၇၃။	**فَأَمَّا الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ فَيُوَفِّيهِمْ أُجُورَهُمْ وَيَزِيدُهُم مِّن فَضْلِهِ وَأَمَّا الَّذِينَ اسْتَنكَفُواْ وَاسْتَكْبَرُواْ فَيُعَذِّبُهُمْ عَذَابًا أَلِيمًا وَلاَ يَجِدُونَ لَهُم مِّن دُونِ اللهِ وَلِيًّا وَلاَ نَصِيرًا۞**

---

(၂၉၆) **ဝ်ိုဂ့ ရူးဟ်** ကို ခရစ်ယာန်တို့၏ အယူမှိုင်းမိသော ဆရာတော်များက ''သန့်ရှင်းသော ဝိညာဉ်တော်'' ကဲ့သို့ ခံစား၍ ဘာသာပြန်ပေ၏။ တဖန် သန့်ရှင်းသော ဝိညာဉ်တော် ဆိုသည်မှာ နတ်ဒေဝတာ ဟု အဓိပ္ပါယ်ဆောင်သော ''ကောင်းကင်တမန်တော်'' ဟု လည်းကောင်း၊ မာရိအား ယောကျ်ား မျိုးစေ့ မပေါင်းစပ်ဘဲ သားတော် ယေရှုကို မွေးစေသော အရာ ဟုလည်းကောင်း ဖွင့်ဆို ရေးသားကြပြန်၏။ ယင်းတို့မှာ အစွယ်လာမ့် အယူမဟုတ်ကြောင်း ဤသုတ်တော်က ထင်ရှားစွာ ထောက်ပြပေသည်။ ဤသုတ်တော်တွင် ကိုယ်တော် ယေရှုကို **ရူးဟ်** ဟု ဆိုထားသည်။ (၁) **ရူးဟ်** ဖြစ်သော ကိုယ်တော်ယေရှုအား **ကောင်းကင်တမန်တော် ယေရှု** (နတ်ဒေဝတာ ယေရှု) ဟု မှတ်ယူ၍ မရပေ။ မည်သည့် ဆရာတော်မှလည်း ထိုသို့ ဘာသာ မပြန်ကြချေ။ (၂) **ရူးဟ်** ဖြစ်သော ကိုယ်တော်ယေရှု ဟူသည် အမျိုးသမီးတို့လင်ယောကျ်ား မပေါင်းစပ်ဘဲ ကလေးရနိုင်ရန် မှတ်သွင်း ခံရသော ဝတ္ထုပစ္စည်း မဟုတ်ပေ။ ကိုယ်တော်ယေရှုသည် လူသားစင်စစ်သာ ဖြစ်ပေသည်။ ထို့ကြောင့် လူသားစင်စစ်ကို **ရူးဟ်** ဟု ခေါ် ကြောင်း ဤသုတ်တော်က အတိအကျထောက်ပြခြင်း ဖြစ်သည်။ ထို့အပြင် ယောကျ်ား မိန်းမ မပေါင်းစပ်ဘဲ အမျိုးသမီးတို့အား **ရူးဟ်** မှတ်သွင်း သော နည်းဖြင့် ပဋိသန္ဓေတည် နိုင်သည်ဟု ကျမ်းတော်၏ မည်သည့်နေရာတွင်မှ မဆိုပေ။ ကိုယ်တော် ယေရှုတစ်ပါးတည်း သာလျှင် **ရူးဟ်** ဖြစ်သည် မဟုတ်ပေ။ လူသား အားလုံးသည် **ရူးဟ်** ဖြစ်ပေသည်၊ (၃၂း၉)။

	ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသောသူများမှာမူ– သူတို့အတွက် ဆုလဒ်ကို ပြီးပြည့်စုံစေမည်။ အရှင်၏ သိက္ခာပေးခြင်းကို တိုးပွားလတ္တံ့။ သေးသိမ်သည်ဟု မောက်မာသော သူတို့မှာမူ စူးနစ်သော ဝဋ်ကြွေးဖြင့် ဝဋ်သင့်ရစေလတ္တံ့။ ပရမတ်ဘုရားရှင် မှလွဲ၍ ကူညီမည့်သူ မဟာမိတ်ကို တွေ့ရမည် မဟုတ်ချေ။
၁၇၄။	**يَا أَيُّهَا النَّاسُ قَدْ جَاءكُم بُرْهَانٌ مِّن رَّبِّكُمْ وَأَنزَلْنَا إِلَيْكُمْ نُورًا مُّبِينًا۞** အို– လူသားတို့ သင်တို့ထံသို့ ကံကြမ္မာရှင်၏ ထံမှ ခိုင်မာသော သက်သေပြချက်နှင့် ရှင်းလင်းထင်ရှားသော အလင်းတော်ကို ချမှတ်ပေးတော်မူပြီ။
၁၇၅။	**فَأَمَّا الَّذِينَ آمَنُواْ بِاللّهِ وَاعْتَصَمُواْ بِهِ فَسَيُدْخِلُهُمْ فِي رَحْمَةٍ مِّنْهُ وَفَضْلٍ وَيَهْدِيهِمْ إِلَيْهِ صِرَاطًا مُّسْتَقِيمًا۞** သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား ယုံကြည်လျက် ထိုၟ် မားမားရပ်တည်သူမှာမူ အရှင်၏ ကရုဏာတော်ၟ် ခိုဝင်ရလတ္တံ့၊ သိက္ခာပေးလျက် အရှင်၏ဆီသို့ ဖြောင့်မတ်သော လမ်းစဉ်ကို ပြည္ဆန်တော်မူလတ္တံ့။
၁၇၆။	**يَسْتَفْتُونَكَ قُلِ اللّهُ يُفْتِيكُمْ فِي الْكَلاَلَةِ إِنِ امْرُؤٌ هَلَكَ لَيْسَ لَهُ وَلَدٌ وَلَهُ أُخْتٌ فَلَهَا نِصْفُ مَا تَرَكَ وَهُوَ يَرِثُهَآ إِن لَّمْ يَكُن لَّهَا وَلَدٌ فَإِن كَانَتَا اثْنَتَيْنِ فَلَهُمَا الثُّلُثَانِ مِمَّا تَرَكَ وَإِن كَانُواْ إِخْوَةً رِّجَالاً وَنِسَاء فَلِلذَّكَرِ مِثْلُ حَظِّ الأُنثَيَيْنِ يُبَيِّنُ اللّهُ لَكُمْ أَن تَضِلُّواْ وَاللّهُ بِكُلِّ شَيْءٍ عَلِيمٌ۞** သင့်ထံ၌ စူးစမ်းကြသော်၊ ပြောလော့ ‘‘ပရမတ်ဘုရားရှင်ထံ သင်တို့ စူးစမ်းသည့် အိမ်ထောင်မဲ့များ[၂၉၈] အကြောင်းမှာ– ရင်သွေး မရှိသော ကွယ်လွန်သူ တစ်ဦးတွင် နှမ ရှိအံ့– သူမ၏အတွက် သူ ချန်ခဲ့ရာ၏ ထက်ဝက်သည် ဖြစ်၏။ သူမတွင်

(၂၉၈) အိမ်ထောင်မဲ့များ ဆိုသည်မှာ အိမ်ထောင် မပြုဘဲနေသော အပျိုကြီး လူပျိုကြီးများ ဖြစ်နိုင်သည်၊ ကိုယ်ကျမ္မာရေး စိတ်ကျမ္မာရေးအရ အိမ်ထောင်မပြုနိုင်သူများ၊ အိမ်ထောင်ပြုခဲ့သော်လည်း အိမ်ထောင်ပျက်များ၊ မိန်းမလျှာ ယောကျ်ားလျှာများဖြစ်နိုင်သည်၊ အစွလာမ် သာသနာက မည်သူ့ကိုမှ ခွဲခြားဆက်ဆံခွင့် မပြုပေ၊ မည်သူ့အတွက် မဆို ထိုလူသား၏ ရသင့်ရထိုက်သော အခွင့်အရေးအား ပြဋ္ဌာန်းပေးထားပေသည်။

၄း၂	ရင်သွေး မရှိခဲ့သော် သူသည် သူမထံမှ အလားတူ အမွေဆိုင်၏။ နှမ နှစ်ယောက် ဖြစ်လျှင် သူမတို့ အတွက် သူ ချန်ခဲ့ရာ၏ သုံးပုံ နှစ်ပုံသည် ဖြစ်၏။ ညီအကိုမောင်နှမများ ရှိကြလျှင် အမျိုးသားများ၏ ဘုန်းကံသည် အမျိုးသမီး နှစ်ဦး ကဲ့သို့ ဖြစ်၏။ သင်တို့ မလွဲမှားစေခဲ့ဌာ ပရမတ်ဘုရားရှင်က ရှင်းလင်းထားတော်မူ၏။ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏။

မဓုခန္ဓာ (၅) “စတုဒိသာ” (အာလ် မာအိဒါဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၁၂)၊ သုတ်ဒေသနာ (၁၂၀)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။ ထိုကြောင့် စွန့်ထားစဉ်	**يَا أَيُّهَا الَّذِينَ آمَنُواْ أَوْفُواْ بِالْعُقُودِ أُحِلَّتْ لَكُم بَهِيمَةُ الأَنْعَامِ إِلاَّ مَا يُتْلَى عَلَيْكُمْ غَيْرَ مُحِلِّي الصَّيْدِ وَأَنتُمْ حُرُمٌ إِنَّ اللهَ يَحْكُمُ مَا يُرِيدُ۞** အို– ယုံကြည်သောသူတို့၊ သင်တို့၏ ကတိထုံးဖွဲ့မှုကို ပြီးပြည့်ကြစေလော့၊ သင်တို့အား ရွတ်ဖတ်ပြသော၊ ကပ္ပိယ အသားများမှအပ သင်တို့အဘို့ တရားဝင် ဖြစ်၏။ သင်တို့သည် **သင်္ကန်းရုံထားစဉ်**[၂၉၉] အမဲလိုက်ခြင်းသည် တရားမဝင်ပေ၊ ဇောန်ပင် ပရမတ်ဘုရားရှင်သည် အလိုတော်ရှိသည်ကို စီရင်ထုံးပြုတော်မူ၏။[၃၀၀]
၂။	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تُحِلُّواْ شَعَآئِرَ اللهِ وَلاَ الشَّهْرَ الْحَرَامَ وَلاَ الْهَدْيَ وَلاَ الْقَلآئِدَ وَلا آمِّينَ الْبَيْتَ الْحَرَامَ يَبْتَغُونَ فَضْلاً مِّن رَّبِّهِمْ وَرِضْوَانًا وَإِذَا حَلَلْتُمْ فَاصْطَادُواْ وَلاَ يَجْرِمَنَّكُمْ شَنَآنُ قَوْمٍ أَن صَدُّوكُمْ عَنِ الْمَسْجِدِ الْحَرَامِ أَن تَعْتَدُواْ وَتَعَاوَنُواْ عَلَى الْبرِّ وَالتَّقْوَى وَلاَ تَعَاوَنُواْ عَلَى الإِثْمِ وَالْعُدْوَانِ وَاتَّقُواْ اللهَ إِنَّ اللهَ شَدِيدُ الْعِقَابِ۞** အို– ယုံကြည်သောသူတို့ ပရမတ်ဘုရားရှင် သတ်မှတ်သည့် နေရာများ[၃၀၁] ဘေးမဲ့လများ၊ အလှူဝတ္ထုများ၊[၃၀၂] ပန်းကုံးဆွဲရွေးချယ်ရာများ၊ ကံကြမ္မာရှင်၏ သိက္ခာပေးမှု၊ နှစ်မြို့မှုကို ရှာဖွေရန် ဘေးမဲ့ဝတ်ကျောင်းတော်သို့ ဦးတည်လာသူတို့

---

(၂၉၉) ၂း၁၅၊ ၁၉း၆ တွင် **ဟာ့ရ်ျ** ကို ကံဆောင်ပရိဝါသ်ပြုခြင်း ဟု ဘာသာပြန်ခဲ့၍ ဤသုတ်တော်တွင် ပရိဝါသ်ပြုစဉ် ဝတ်ရသော ဝတ်ရုံအား **သင်္ကန်း**ဟု ပြန်ဆိုပါသည်။ အကြောင်းမှာ ထိုဝတ်ရုံ၏ အမည်ကို အာရ်ဗီစကား **ဟုရ္မွန်** ဟု ဖြစ်၍၊ အဓိပ္ပါယ်မှာ မကောင်းမှုကို တားမြစ်ခြင်း၊ ဒုစရိုက်မှ ရှောင်ကြဉ်ခြင်း ဟူသော စကား **ဟရမ်** မှ ဆင့်ပွားခြင်း ဖြစ်ပေသည်။ ထိုသို့မကောင်းမှုကို တားမြစ်ထားသောကြောင့် မြင့်မြတ်သော အရာများကိုလည်း (ဟရမ်) ဟု သုံးပေသည်။ ထို့အပြင် ထိုဝတ်ရုံသည် ဝတ်ကြောင် ဖြစ်ခွင့် မရှိပေ။ ပကတိအဖြူ သို့မဟုတ် အမဲရောင်သာ ဖြစ်ရပေသည်။ ထိုဝတ်ရုံအား အင်္ဂိုချုပ်ဝတ် သကဲ့သို့ ဝတ်ဆင်ခြင်း မဟုတ်ဘဲ သင်္ကန်းရုံ သကဲ့သို့ ရုံပေသည်။

(၃၀၀) ဤသုတ်တော်မှ ရွတ်ဖတ်ပြသော ကပ္ပိယ အသားများ ဆိုသည်မှာ “ယဉ်ပါးရန်မွေးမြူထားသော တိရိစ္ဆာန်တို့၏ အသားများ” ဖြစ်သည် (၂း၁၇၃)၊ ထို့အပြင် ၅း၃ ပါ အချက်အလက်များနှင့် ငြိစွန်းသော အသားများသည်လည်း အစွလာမ် သာသနာဝင်တို့ အတွက် တားမြစ်ထားပေသည်။ ဤ ကျမ်းတော်တွင် ပညတ် ရွတ်ဖတ်ပြသော တိရိစ္ဆာန်များမှအပ ကျန် ခြေလေးချောင်း တိရိစ္ဆာန်တို့ကို အစွလာမ် သာသနာဝင်တို့ အတွက် သုံးဆောင် ခွင့်ပြုထားပေသည်။

(၃၀၁) ပရမတ်ဘုရားရှင်၏ သတ်မှတ်သော နေရာများ ဆိုသည်မှာ ဆရ်ဖာ နှင့် မရ်ဝါ တောင်ပူစာ နှစ်ခု (၂း၁၅၈) နှင့် အလျှဝတ္ထုတွင် အပါအဝင် ဖြစ်သည့် သားကောင်များကို အသားဖြစ်ရန် ပြုလုပ်သော သတ်မှတ်သည့် နေရာများကို ဆိုလိုပေသည်၊ (၂၂း၃၆)။ လူသားသန်းပေါင်းများစွာ စုပေါင်း၍ ကျင်းပသော ကံဆောင်ပွဲကြီးတွင် နားနေရန်၊ အစားအသောက် စီစဉ်ရန် နေရာများကို စနစ်တကျ သတ်မှတ်ထားခြင်းမှာ ပြီးပြည့် စုံသော ဥပဒေ ပညတ်ပင် ဖြစ်ပေသည်။

(၃၀၂) အလှူဝတ္ထုများ ဆိုသည်မှာ စုပေါင်းကံဆောင်ရန် လာသော လူသားအပေါင်းအား စားသောက်ရေး ပြေလည်စေရန် အတွက် ပေးပို့သော အလှူဒါနများနှင့် သီးသန့်ဂုဏ်ပြု သတ်မှတ်ထားသော လှုဘွယ်များ ဖြစ်သည်။ ဆရာတော်ကြီးများက **အလ်ဟဒ်ယ** ကို **ကုရ်ဘာနီ** သားကောင် ဟု

	အပေါ် ဥပဒေမဲ့မပြုမူရ။ သင်တို့အား တရားဝင်ပြဋ္ဌာန်းပေးသောအခါ အမဲလိုက်နိုင်၏။ သင်တို့အား ဘေးမဲ့ဝတ်ကျောင်းတော်မှ ဖယ်ခိုင်းခဲ့သည့် လူမျိုးအား စည်းဖေါက်လျက် ရာဇဝတ်မှုမပြုရ[၃၀၃] ကောင်းမှုနှင့် စည်းစောင့်မှု၌သာ ပံ့ပိုးကြလော့၊ အကုသိုလ်မှု စည်းဖေါက်မှုများကို မပံ့ပိုးကြနှင့်၊ ပရမတ်ဘုရားရှင်၌ စည်းစောင့်ကြလော့၊ ဇကန်ပင် ပရမတ် ဘုရားရှင်သည် ပြတ်သားစွာ ချုပ်ကိုင်နိုင်တော်မူ၏။
၃။ ဣ၁၇၃ အစ္စလာမ်	**حُرِّمَتْ عَلَيْكُمُ الْمَيْتَةُ وَالْدَّمُ وَلَحْمُ الْخِنْزِيرِ وَمَا أُهِلَّ لِغَيْرِ اللهِ بِهِ وَالْمُنْخَنِقَةُ وَالْمَوْقُوذَةُ وَالْمُتَرَدِّيَةُ وَالنَّطِيحَةُ وَمَا أَكَلَ السَّبُعُ إِلاَّ مَا ذَكَّيْتُمْ وَمَا ذُبِحَ عَلَى النُّصُبِ وَأَن تَسْتَقْسِمُواْ بِالأَزْلاَمِ ذَلِكُمْ فِسْقٌ الْيَوْمَ يَئِسَ الَّذِينَ كَفَرُواْ مِن دِينِكُمْ فَلاَ تَخْشَوْهُمْ وَاخْشَوْنِ الْيَوْمَ أَكْمَلْتُ لَكُمْ دِينَكُمْ وَأَتْمَمْتُ عَلَيْكُمْ نِعْمَتِي وَرَضِيتُ لَكُمُ الإِسْلاَمَ دِينًا فَمَنِ اضْطُرَّ فِي مَخْمَصَةٍ غَيْرَ مُتَجَانِفٍ لِّإِثْمٍ فَإِنَّ اللهَ غَفُورٌ رَّحِيمٌ۞** သင်တို့အား တားမြစ်သည်များမှာ၊ အသေကောင်၊ သွေး၊ ဝက်သား၊✡ ပရမတ်ဘုရားရှင် မှအပ အခြားအရာအား တိုင်တည်လိုသတ်ရာများ၊ လည်ညှစ်သတ်ရာ၊ ရိုက်သတ်ရာ၊ ကျသေရာ၊ တိုက်သေရာ[၃၀၄] သင်တို့ လိုးဖြတ်ရန် မမှီသော သားရဲကိုက်စားရာ၊ အကိုးထိုးရန်[၃၀၅] လိုးသတ်ရာနှင့် တိုင်တည် ကံစမ်းမြှားပစ်ခြင်းများ ဖြစ်၏။ ၎င်းတို့သည် ကောက်ကျစ်ယုတ်မာမှုများ ဖြစ်၏၊ ဤနေ့တွင် ဖုံးကွယ်သော သူတို့သည် သင်တို့၏ သာသနာအား လက်လျော့ရပြီ၊ သူတို့အား မကြောက်ကြကုန်နှင့်၊ ငါ့ကိုသာ ကြောက်ရွံ့ကြလော့။ ဤနေ့၌ ငါသည် သင်တို့ အတွက် သာသနာကို ငါ၏ ဂုဏ်ပေး နှစ်သက်မှုဖြင့် သင်တို့အပေါ် ပြည့်စုံစေပြီ။ သင်တို့အတွက် **သွန်သုခလမ်းစဉ်**ကို သာသနာ အဖြစ် သတ်မှတ်တော်မူပြီ၊ အမှား အပြစ် ကင်းလျက် တွန်းပို့ခံရသူ အတွက် ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်၏။
၄။	**يَسْأَلُونَكَ مَاذَا أُحِلَّ لَهُمْ قُلْ أُحِلَّ لَكُمُ الطَّيِّبَاتُ وَمَا عَلَّمْتُم مِّنَ الْجَوَارِحِ مُكَلِّبِينَ تُعَلِّمُونَهُنَّ مِمَّا عَلَّمَكُمُ اللهُ فَكُلُواْ مِمَّا أَمْسَكْنَ عَلَيْكُمْ وَاذْكُرُواْ اسْمَ اللهِ عَلَيْهِ وَاتَّقُواْ اللهَ إِنَّ اللهَ سَرِيعُ الْحِسَابِ۞** ဘယ်အရာက တရားဝင်သနည်းဟု မေးကြသူတို့အား ''စင်ကြယ်သည်များမှာ သင်တို့အတွက် တရားဝင်၏။'' ဟု ပြောကြားလော့။ ပရမတ်ဘုရားရှင်က သင်တို့အား သင်ပေးသည့်အတိုင်း သင်ပေးထားသော သင်တို့၏ သင်ပေးခံ အမဲလိုက်ခွေးများက ဖမ်းဆီးထားသော အသားများကို– စားသုံးရာတွင် ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အား သတိရကြကုန်၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြကုန်။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် အချိန်နှင့် တပြေးညီ စရင်းစစ်နေတော်မူ၏။

ဘာသာပြန်ကြသည်။ ၎င်းမှာ မပြည့်စုံပေ အဘယ်ကြောင့်ဆိုသော် ၂း၁၉ဖ တွင် ''ကံဆောင်ပရိဝါသ်'' ပြုရန် သွားသူများ အတွက် ပေးပို့သော အလှူဝတ္ထုများမှာ သားကောင်များ ဖြစ်သည်ဟု ဆိုမထားပေ။ သို့သော် စားသုံးရန် အတွက် သားကောင်များကို မလှူရ ဟုလည်း တားမြစ်မထားပေ။ ထို့ကြောင့် အလှူဝတ္ထုတွင် သားကောင်များလည်း ပါနိုင်ပေသည်။ ပန်းကုံးများ ဆိုသည်မှာ ဂုဏ်ပြု ပန်းကုံးစွပ်ခြင်း ကဲ့သို့ အထူးဂုဏ်ပြုဖေါ်ပြသော အဓိက ဖြစ်သည်ဟု သတ်မှတ်ထားသော အလှူဝတ္ထုများကို ခေါ်ပေသည်။

(၃၀၃) ဤအချင်းအရာသည် စုပေါင်း ပရိဝါသ်ပြုပြီးသူ တစ်ဦး၏ စောင့်ထိန်းရမည့် သီလများအနက်မှ အရေးအကြီးဆုံး သီလတစ်ပါး ဖြစ်သည်။ လူတစ်ဦး တစ်ယောက်သည် မိမိ ''ဟာဂျီ'' ဖြစ်လာလျှင် အနည်းဆုံး အနေဖြင့် မိမိအား ဘာသာရေးအရပင် ဖြစ်စေ ရန်ပြုခဲ့သည့် ရန်သူကိုပင် မုန်းတီးစိတ် ထားခွင့် မရှိတော့ပေ။ မိမိ၏စိတ်ကို တရားမျှတမှု ကုသိုလ်ပွားမှု စသည့် ကောင်းမှုများကိုသာ ပြုရန် အမြဲ တိုက်တွန်းနေရပေမည်။

(၃၀၄) အရဗီစကား **النَّطِيحَة** ဆိုသည်မှာ ဦးခေါင်းဖြင့် တိုက်သည်ဟု အနက်ရပေသည်။ ထို့ကြောင့် ကျွဲ၊ နွား စသော တိရိစ္ဆာန်တို့ ဦးချိုဖြင့် ခတ်၍ သေသော အသား၊ ကား၊ ရထားတိုက်၍ သေသော အသားအားလုံး အကျုံးဝင်ပေသည်။

(၃၀၅) ဤသုတ်တော်မှ **النُّصُبِ** ကို ဆရာတော်ကြီးများက ယဇ်ပူဇော်သည်ဟု ဘာသာပြန်ကြသည်။ ၎င်းသည် ရင်းမြစ် ب ص ن မှ ဆင့်ပွားခြင်းဖြစ်၍ ကျမ်းတော်တွင် စုစုပေါင်း ၃၂ ကြိမ် ပါဝင်သည်။ အကြီးအကျယ် အပင်ပန်းခံရာမှ ရလာသော အကျိုးဆက်အား ဝေစုခွဲခြင်း သို့မဟုတ် ဝေစုခွဲပေးခြင်းဟု အဓိပ္ပါယ်ကို ဆောင်ပေသည်။ ထိုရပ်ဝိုင်းခွင့် ဝေစုမှ အာဏာပိုင်တို့အား ဖား၍ လာဘ်ထိုးခြင်း။ ရုပ်ပွားဆင်းတုများ တည်၍ အကိုးထိုး လာဘ်ထိုးခြင်း (ဝေစုခွဲပေးခြင်း)များကို ဆိုလိုပေသည်။ ၅း၉၀။ ၁၆း၅၆။

၅။ ☆၂၄း၃၃	**الْيَوْمَ أُحِلَّ لَكُمُ الطَّيِّبَاتُ وَطَعَامُ الَّذِينَ أُوتُواْ الْكِتَابَ حِلٌّ لَّكُمْ وَطَعَامُكُمْ حِلٌّ لَّهُمْ وَالْمُحْصَنَاتُ مِنَ الْمُؤْمِنَاتِ وَالْمُحْصَنَاتُ مِنَ الَّذِينَ أُوتُواْ الْكِتَابَ مِن قَبْلِكُمْ إِذَا آتَيْتُمُوهُنَّ أُجُورَهُنَّ مُحْصِنِينَ غَيْرَ مُسَافِحِينَ وَلاَ مُتَّخِذِي أَخْدَانٍ وَمَن يَكْفُرْ بِالإِيمَانِ فَقَدْ حَبِطَ عَمَلُهُ وَهُوَ فِي الآخِرَةِ مِنَ الْخَاسِرِينَ۞** ဤနေ့၌ စင်ကြယ်ရာများသည် သင်တို့အတွက် တရားဝင်၏။ ကျမ်းပေးခံရသောသူတို့၏ အစာများသည် သင်တို့အတွက် တရားဝင်၍ သင်တို့၏ အစာများသည်လည်း သူတို့အတွက် တရားဝင်၏။ ယုံကြည်သူမများမှ ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိသူများ၊ ရှေ့အလျင် ကျမ်းပေးခံရသောသူမများမှ ထိန်းသိမ်းစောင့်ရှောက်ခွင့် ရှိသူများအား မင်္ဂလာဆုလင်္ဒ ပေးကြလော့၊ လျှို့ဝှက်သိမ်းပိုက်၍ ကာမမြူးရန် မဟုတ်ဘဲ ထိမ်းသိမ်းစောင့်ရှောက်ကြလော့။☆ သက်ဝင်ယုံကြည်မှုကို ဖုံးကွယ်သူ၏ ကျင့်ကြံမှုသည် အချည်းနှီး ဖြစ်၏။ သူသည် နောင်ဘဝ၌ ဆုံးရှုံးရသူ ဖြစ်၏။
၆။ ☆၂း၃ ရေချိုးရေဆေးရမည် ☆၄း၄၃	**يَا أَيُّهَا الَّذِينَ آمَنُواْ إِذَا قُمْتُمْ إِلَى الصَّلاةِ فاغْسِلُواْ وُجُوهَكُمْ وَأَيْدِيَكُمْ إِلَى الْمَرَافِقِ وَامْسَحُواْ بِرُؤُوسِكُمْ وَأَرْجُلَكُمْ إِلَى الْكَعْبَينِ وَإِن كُنتُمْ جُنُبًا فَاطَّهَّرُواْ وَإِن كُنتُم مَّرْضَى أَوْ عَلَى سَفَرٍ أَوْ جَاء أَحَدٌ مِّنكُم مِّنَ الْغَائِطِ أَوْ لاَمَسْتُمُ النِّسَاء فَلَمْ تَجِدُواْ مَاء فَتَيَمَّمُواْ صَعِيدًا طَيِّبًا فَامْسَحُواْ بِوُجُوهِكُمْ وَأَيْدِيكُم مِّنْهُ مَا يُرِيدُ اللّهُ لِيَجْعَلَ عَلَيْكُم مِّنْ حَرَجٍ وَلَكِن يُرِيدُ لِيُطَهِّرَكُمْ وَلِيُتِمَّ نِعْمَتَهُ عَلَيْكُمْ لَعَلَّكُمْ تَشْكُرُونَ۞** အို– ယုံကြည်သောသူတို့ ဝတ်ပြုရန်☆ ရပ်တည်မှုဆီသို့ သွားသော်– မျက်နှာများနှင့် လက်များကို တံတောင်ဆစ်အထိ၊ ဦးခေါင်းကို ပွတ်သပ်လျက် ခြေများကို ခြေမျက်စေ့ အထိ၊ ဆေးကြလော့၊ **သန့်ရှင်းပစ်ရမည်**ဖြစ်လျှင် သန့်စင်ပစ်ကြလော့။ အကယ်၍ သင်တို့သည် ဖျားနာနေလျှင် သို့မဟုတ် လမ်းခရီး၌ ဖြစ်လျှင် သို့မဟုတ် သင်တို့မှ တစ်စုံတစ်ယောက်သည် ကျင်ငယ်နှင့်ရာမှ ရောက်လာလျှင်၊ သို့မဟုတ် အမျိုးသမီးများနှင့် ထိတွေ့နီးနှောခဲ့၍ ရေ မတွေ့ခဲ့လျှင် စင်ကြယ်သော အပေါ်မြေဖြင့် ရည်ရွယ်လျက်☆ မျက်နှာပြင်များ လက်များကို ပွတ်သပ်ကြလော့။[၃၀၆] ပရမတ်ဘုရားရှင်သည် သင်တို့အား ခက်ခဲခြင်းကို မစီစဉ်လိုပေ။ သို့သော် သင်တို့အား သန့်စင်စေလိုသည်။ ကျေးဇူးသိတတ်အံ့ငှာ အရှင်၏ ဂုဏ်ပေးမှုကို ပြည့်စုံစေတော်မူ၏။
၇။	**وَاذْكُرُواْ نِعْمَةَ اللّهِ عَلَيْكُمْ وَمِيثَاقَهُ الَّذِي وَاثَقَكُم بِهِ إِذْ قُلْتُمْ سَمِعْنَا وَأَطَعْنَا وَاتَّقُواْ اللّهَ إِنَّ اللّهَ عَلِيمٌ بِذَاتِ الصُّدُورِ۞** သင်တို့သည် ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးခြင်းနှင့် သင်တို့က ''တပည့်တော်တို့ နာယူပါ၏။ နာခံပါ၏။''ဟု ပြောဆို၍ ကတိခံဝန်ချက်ရှိသော ပဋိညာဉ်တို့ကို သတိရကြလော့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သင်တို့၏ ရင်ဘတ်ခံစားချက်အားဖြင့် သိနေသော အရှင် ဖြစ်၏။
၈။	**يَا أَيُّهَا الَّذِينَ آمَنُواْ كُونُواْ قَوَّامِينَ لِلّهِ شُهَدَاء بِالْقِسْطِ وَلاَ يَجْرِمَنَّكُمْ شَنَآنُ قَوْمٍ عَلَى أَلاَّ تَعْدِلُواْ اعْدِلُواْ هُوَ أَقْرَبُ لِلتَّقْوَى وَاتَّقُواْ اللّهَ إِنَّ اللّهَ خَبِيرٌ بِمَا تَعْمَلُونَ۞** အို ယုံကြည်သောသူတို့ ပရမတ်ဘုရားရှင်၏ သမာသမတ်ဖြင့် ရပ်တည်သော သက်သေများ ဖြစ်ကြလော့၊ ရန်ညှိုးစိတ်ဖြင့် လူမျိုးတစ်မျိုးအား ရာဇဝတ်မှုမပြုကြနှင့်။ တန်းတူမှု တန်းတူညီမျှမှုသည် စည်းစောင့်ခြင်းနှင့် နီးကပ်၏။

---

(၃၀၆) ဤသုတ်တော်တွင် သုံးသော တံတောင်ဆစ် ဆိုသည့် စကားလုံး **اَلْمَرَافِقِ မရာဖိကိ** သည် အလွယ်တကူ ရင်းနှီးကျွမ်းဝင်ပြီးသော အစိတ်အပိုင်းဆိုသည့် စကားလုံးမှ ဆင့်ပွားခြင်း ဖြစ်သည်။ ရေမရနိုင်၍ သန့်စင်စေရန် ပွတ်သပ်သုတ်သင်ရမည့် ခန္ဓာကိုယ်၏ အစိတ်အပိုင်းမှာ ညစ်ပေခဲ့သော နေရာ၏ မျက်နှာပြင်ကို ဆိုလိုပေသည်။ လူခန္ဓာကိုယ်တွင် ရှိသော မျက်နှာကို ဆိုလိုခြင်း မဟုတ်ပေ။ ကျင်ငွန့်သူ တစ်ဦးသည် ညစ် ပေသော အစိတ်အပိုင်းကို မသန့်စင်ဘဲ မျက်နှာအား ပွတ်သပ် ခြင်းဖြင့် သန့်စင်လာမည် မဟုတ်ပေ။ ထိုသို့ သန့်စင်ရာတွင် လက်ကိုပါ ထိပေနိုင်သောကြောင့် ''မျက်နှာပြင်များ လက်များကို သန့်စင်ခိုင်းခြင်း'' ဖြစ်ပေသည်။

	ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို သတင်းရနေတော်မူ၏။[၃၀၇]
၉။	**وَعَدَ اللهُ الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ لَهُم مَّغْفِرَةٌ وَأَجْرٌ عَظِيمٌ۞** ပရမတ်ဘုရားရှင်၏ ကတိတော်မှာ၊ ယုံကြည်၍ ပြုပြင်မှု ကျင့်ကြံသောသူတို့အတွက် လွတ်ငြိမ်းခွင့်နှင့် မဟာ ဆုလဒ်ကြီး ရှိနေ၏။
၁၀။	**وَالَّذِينَ كَفَرُواْ وَكَذَّبُواْ بِآيَاتِنَا أُوْلَئِكَ أَصْحَابُ الْجَحِيمِ۞** ဖုံးကွယ်သောသူ၊ ငါ၏ သုတ်ဒေသနာများအား ငြင်းဆန်သူ၊ ထိုသူတို့သည် ငရဲမီး၏ ပေါင်းဖော်များ ဖြစ်ကြ၏။
၁၁။	**يَا أَيُّهَا الَّذِينَ آمَنُواْ اذْكُرُواْ نِعْمَتَ اللهِ عَلَيْكُمْ إِذْ هَمَّ قَوْمٌ أَن يَبْسُطُواْ إِلَيْكُمْ أَيْدِيَهُمْ فَكَفَّ أَيْدِيَهُمْ عَنكُمْ وَاتَّقُواْ اللهَ وَعَلَى اللهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ۞** အို– ယုံကြည်သောသူတို့– သင်တို့အပေါ်၌ ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို သတိရကြလော့။ အရှင်သည် လူမျိုးတစ်မျိုးက သင်တို့အား လက်ပါးစေဖြစ်ရန် သင်တို့အပေါ် ကြံရွယ် ဆန့်ထုတ်သော သူတို့၏ လက်များကို ထိန်းချုပ်ဟန့်တားခဲ့ပြီ။ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ယုံကြည်သူတို့သည် ပရမတ်ဘုရားရှင်အား ကိုးစားကြလော့။
၁၂။	**وَلَقَدْ أَخَذَ اللهُ مِيثَاقَ بَنِي إِسْرَآئِيلَ وَبَعَثْنَا مِنهُمُ اثْنَيْ عَشَرَ نَقِيبًا وَقَالَ اللهُ إِنِّي مَعَكُمْ لَئِنْ أَقَمْتُمُ الصَّلاَةَ وَآتَيْتُمُ الزَّكَاةَ وَآمَنتُم بِرُسُلِي وَعَزَّرْتُمُوهُمْ وَأَقْرَضْتُمُ اللهَ قَرْضًا حَسَنًا لَّأُكَفِّرَنَّ عَنكُمْ سَيِّئَاتِكُمْ وَلأُدْخِلَنَّكُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ فَمَن كَفَرَ بَعْدَ ذَلِكَ مِنكُمْ فَقَدْ ضَلَّ سَوَاء السَّبِيلِ۞** မုချဇကန် ပရမတ်ဘုရားရှင်သည် ဂျူးလူမျိုးတို့ထံမှ ကတိခံဝန်ချက်ကို ယူ၍ သူတို့အထဲမှ ထိုးဖေါက်သူ ဆယ့်နှစ်ဦးကို ပေါ်ထွန်းစေပြီး၊ ပရမတ်ဘုရားရှင်က "ငါသည် သင်တို့ဘက်မှ ဖြစ်၏၊ သင်တို့သည် ဝတ်ပြုခြင်း မြဲကြလျှင်၊ အခွန်ငွေဖြူ ပေးကြလျှင်၊ ငါ၏ ဉာဏ်စဉ်ဆောင်များကို ယုံကြည်လျက် လေးစားဂုဏ်ပေးကြလျှင် ပရမတ်ဘုရားရှင်အား တင့်တင့်တယ်တယ် ဆက်ကပ်ခြင်းဖြင့် ဆက်ကပ်ကြလျှင် သင်တို့၌ သင့်နေသော အကုသိုလ်များကို ဖုံးကွယ်၍ အောက်ခင်း၌ စမ်းချောင်းရေသွင် စီးနေသော ဥယျာဉ်ဘုံများသို့ ဝင်ရလတ္တံ့၊ ထို့နောက်တွင်မှ သင်တို့အနက် ဖုံးကွယ်သူသည် ပုံစံချပြီး လမ်းစဉ်မှ လွဲရလတ္တံ့၊"ဟု မိန့်ဆို၏။
၁၃။ ပယ်ပစ်	**فَبِمَا نَقْضِهِم مِّيثَاقَهُمْ لَعَنَّاهُمْ وَجَعَلْنَا قُلُوبَهُمْ قَاسِيَةً يُحَرِّفُونَ الْكَلِمَ عَن مَّوَاضِعِهِ وَنَسُواْ حَظًّا مِّمَّا ذُكِّرُواْ بِهِ وَلاَ تَزَالُ تَطَّلِعُ عَلَى خَآئِنَةٍ مِّنْهُمْ إِلاَّ قَلِيلاً مِّنْهُمُ فَاعْفُ عَنْهُمْ وَاصْفَحْ إِنَّ اللهَ يُحِبُّ الْمُحْسِنِينَ۞** ပဋိညာဉ်ကို ချိုးဖောက်ခြင်းကြောင့် သူတို့အား မေတ္တာဝေးစေပြီ။ သူတို့၏ နှလုံးသားများ ခက်ထန်မှုကို ငါ စီစဉ်ပြီ၊ သူတို့သည် ဓမ္မတော်များကို မူရင်းမှ လှည့်ပြောင်းကြ၏၊ သူတို့အား သတိရစေသော အရာမှ တစ်စိတ်တစ်ပိုင်းကို **မေ့ပစ်**ကြ၏၊ သူတို့အနက် အနည်းငယ်မှအပ သူတို့၏ မရပ်မနား သစ္စာမဲ့မှုကို သင် မြင်သာလာလိမ့်မည်။ သူတို့အား ကျေအေး၍ ဥက္ခာပြုထားလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သုမင်္ဂလာပြုသူများကို နှစ်သက်တော်မူ၏။
၁၄။	**وَمِنَ الَّذِينَ قَالُواْ إِنَّا نَصَارَى أَخَذْنَا مِيثَاقَهُمْ فَنَسُواْ حَظًّا مِّمَّا ذُكِّرُواْ بِهِ فَأَغْرَيْنَا بَيْنَهُمُ الْعَدَاوَةَ وَالْبَغْضَاء**

(၃၀၇) အစ္စလာမ်သည် အစဉ်သဖြင့် ငြိမ်းချမ်းရေးကို ဦးတည်ပေသည်။ ငြိမ်းချမ်းရေးကို လုပ်ဆောင်သော အခါ ရပ်တည်မှု မရှိဘဲ ပွဲကြည့် ပရိတ်သပ်လုပ်နေခြင်းကို သော်လည်းကောင်း မိမိနှင့် ရန်သူ ဖြစ်သည်ဟူသည့် အငြိုးတရားဖြင့် မမှန်ကန်မှုဘက်သို့ ဘက်လိုက်ခြင်းကို သော်လည်းကောင်း မပြုလုပ်ကြရန် ဤသုတ်တော်နှင့် ၄း၁၃၅ က ပြတ်သားစွာ တားမြစ်ပေသည်။

☆၂း၁၇ ပယ်ပစ်	**إِلَى يَوْمِ الْقِيَامَةِ وَسَوْفَ يُنَبِّئُهُمُ اللهُ بِمَا كَانُواْ يَصْنَعُونَ۝** ကျွန်ုပ်တို့သည် ခရစ်ယာန်များ ဖြစ်ကြ၏ဟု ဆိုသောသူများမှ ကတိခံဝန်ကို ငါ ယူခဲ့၏၊ သို့သော် သူတို့အား သတိရစေသော အရာမှ တစ်စိတ်တစ်ပိုင်းကို **မေ့ပစ်**ကြ၏၊ သို့ဖြစ်၍ သူတို့၏ကြားဌာန ရပ်တည်ရသောနေ့☆ ထိတိုင် အားပြိုင်မှု စည်းဖေါက်မှုနှင့် အာဃာတကို ဖြစ်စေပြီ။ သူတို့ မည်သည့် တည်ဆောက်လေ့ရှိခဲ့သည်ကို မဆို ပရမတ်ဘုရားရှင်က သူတို့အား သတင်းထုတ်ပြန်တော်မူလတ္တံ့။
၁၅။ ကုရ်အာန်	**يَا أَهْلَ الْكِتَابِ قَدْ جَاءكُمْ رَسُولُنَا يُبَيِّنُ لَكُمْ كَثِيرًا مِّمَّا كُنتُمْ تُخْفُونَ مِنَ الْكِتَابِ وَيَعْفُو عَن كَثِيرٍ قَدْ جَاءكُم مِّنَ اللهِ نُورٌ وَكِتَابٌ مُّبِينٌ۝** အို– ကျမ်းစာဝိုင်းသားတို့ ငါ၏ ဉာဏ်စဉ်ဆောင်သည် သင်တို့ထံသို့ ရောက်လာခဲ့ပြီ၊ ကျမ်းဂန်မှ သင်တို့၏ ထိန်ဝှက်မှုရှိရာတို့အနက် များစွာတို့ကို ရှင်းလင်းစေပြီး မြောက်များစွာ ကျေအေးခဲ့ပြီ၊ မုချပင် သင်တို့ထံသို့ ပရမတ်ဘုရားရှင်ထံမှ အလင်းတော်နှင့် ရှင်းလင်းထင်ရှားသော **ကျမ်းတော်**သည် ရောက်လာခဲ့ပြီ။
၁၆။	**يَهْدِي بِهِ اللهُ مَنِ اتَّبَعَ رِضْوَانَهُ سُبُلَ السَّلاَمِ وَيُخْرِجُهُم مِّنِ الظُّلُمَاتِ إِلَى النُّورِ بِإِذْنِهِ وَيَهْدِيهِمْ إِلَى صِرَاطٍ مُّسْتَقِيمٍ۝** ၎င်းအားဖြင့်၊ ပရမတ်ဘုရားရှင်သည် အရှင်၏ နှစ်မြို့မှုကို လိုက်သောသူတို့အား သွန်သခ လမ်းစဉ်များသို့ ညွှန်တော်မူပြီ၊ အရှင်၏ ခွင့်ပြုချက်ဖြင့် အမှိုက်မှောင်မှ အလင်းရောင်ဆီသို့ ထုတ်ယူတော်မူပြီ၊ သူတို့အား ဖြောင့်မတ်မှန်ကန်သော လမ်းဆီသို့ လမ်းညွှန်တော်မူပြီ။
၁၇။ ☆ ၅း၄၅	**لَّقَدْ كَفَرَ الَّذِينَ قَآلُواْ إِنَّ اللهَ هُوَ الْمَسِيحُ ابْنُ مَرْيَمَ قُلْ فَمَن يَمْلِكُ مِنَ اللهِ شَيْئًا إِنْ أَرَادَ أَن يُهْلِكَ الْمَسِيحَ ابْنَ مَرْيَمَ وَأُمَّهُ وَمَن فِي الأَرْضِ جَمِيعًا وَلِلّهِ مُلْكُ السَّمَاوَاتِ وَالأَرْضِ وَمَا بَيْنَهُمَا يَخْلُقُ مَا يَشَاء وَاللهُ عَلَى كُلِّ شَيْءٍ قَدِيرٌ۝** "မာရိ၏သား ခရစ်တော်သည် ပရမတ်ဘုရားရှင် ဖြစ်၏"ဟု☆ ဆိုသောသူတို့သည် ဖုံးကွယ်သူ မုချ ဖြစ်၏။ ဟောလေ့ "ပရမတ်ဘုရားရှင်သည် မာရိ၏သား ခရစ်တော်ကို ဖြစ်စေ၊ သူ၏မိခင်ကို ဖြစ်စေ၊ မြေကမ္ဘာ၌ ရှိသမျှ အားလုံးကို ဖြစ်စေ၊ တိမ်ကောစေလိုလျှင် အရှင့်အား တစ်စုံတစ်ရာ အာဏာသက်ရောက်နိုင်သူ ရှိသလော။ ဇကန်ပင် မိုးများနှင့် မြေထိုနှစ်ခုကြား ရှိသမျှတို့၏ သြဇာအာဏာသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် စံချိန်ပြည့်မှီရာကို ဖြစ်တည်စေ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။"[၃၀၈]

(၃၀၈) အစ္စလာမ်သာသနာသည် လူသားအား ပရမတ်ဘုရား ဖြစ်သည်ဟု ဆိုခြင်းကို လက်မခံသည့် အပြင် ထိုသို့သက်ဝင်ယုံကြည်မှုသည်လည်း မှားယွင်းသော ယုံကြည်မှုဟု ပွင့်ပွင့်လင်းလင်း ပြောဆိုသည်။ ထို့အပြင် သုံးပါးတစ်ဆူ ဝါဒကိုလည်း လက်မခံပေ (၄း၁၇၁၊ ၅း၇၃၊၇၄)။ ထိုသို့ လက်မခံခြင်း၊ အခြားသူတို့အား ထိုသို့လက်မခံစေခြင်းသည် သာသနာတစ်ခုအား ကိုယ်စားပြုသော ဉာဏ်စဉ်ဆောင်တို့အား အသိအမှတ် မပြု၍ မဟုတ်ပေ၊ ဉာဏ်စဉ်ဆောင်များအား မခွဲမခြား လက်ခံ၍ သက်ဝင်ယုံကြည်စေရန်သာ ဖြစ်ပေသည်။ ကိုယ်တော်ယေရှုအား ပရမတ်ဘုရားဟု လက်ခံသော အုပ်စုက အခြားသော ဉာဏ်စဉ်ဆောင်များ၏ တန်ဘိုးနှင့် ဂုဏ်သတ္တိကို အသိအမှတ်ပြုမှု အားနည်းမည်မှာ သေချာပေသည်။ အလားတူပင် အခြားသော ဉာဏ်စဉ်ဆောင် တစ်ပါးအား ပရမတ်ဘုရားဟု လက်ခံသော လူမျိုးစုကလည်း ကိုယ်တော် ယေရှု၏ နောက်လိုက်များကို သော်လည်းကောင်း ကိုယ်တော်ယေရှု ကိုယ်တိုင်ကိုသော်လည်းကောင်း အသိအမှတ်ပြု လက်ခံခြင်းမှာ အားနည်းလှပေမည်။ အစ္စလာမ် သာသနာကမူ ကမ္ဘာပေါ်တွင် ပွင့်ပေါ်သော ဉာဏ်စဉ်တော်ရ ကိုယ်တော်တိုင်းသည် ဂုဏ်ရည်အဆင့် တူညီကြသည်၊ ခေတ်ကာလနှင့် ဦးဆောင်ရမည့် လူမျိုးများ အပေါ်မူတည်၍သာ ဂုဏ်သတင်း ဝန်တာ ကွဲပြားလျက် ပွင့်ပေါ်ခြင်း ဖြစ်သည်။ လူသားအပေါင်း၏ ဘုံဘုရားရှင်မှာ ထိုဉာဏ်စဉ်ဆောင်များအား ဉာဏ်စဉ်တော်ကိန်းဝပ်ပေးသည့် ပရမတ်ဘုရားရှင် ဖြစ်သည်ဟုသာ ယုံကြည်ရန် တိုက်တွန်းသည်။ ဉာဏ်စဉ်ဆောင်များအား ပရမတ်ဘုရား ဖြစ်သည်ဟု ဆိုခြင်းသည် စွပ်စွဲချက် တစ်ရပ်သာ ဖြစ်ပေသည်။ နောက်လိုက် ဒကာအပေါင်း၏ အလွန်အမင်း ပုဂ္ဂိုလ်ရေး တင်စားချက်သာ ဖြစ်၍ ကမ္ဘာပေါ်ရှိ မည်သည့် ဉာဏ်စဉ်ဆောင်ကမှ "မိမိသည် ပရမတ်ဘုရားရှင် ဖြစ်၏"ဟု သက်သေပြခဲ့ကြောင်း မူရင်းဖြစ်သော မည်သည့် ဘာသာရေးစာပေတွင်မှ မပါဝင်ချေ။ ယေရှုကိုယ်တိုင်ပင် "သူ့ကိုယ်သူ ဘုရားဖြစ်သည်"ဟူသော အသုံးကို ငြင်းခဲ့ပေသည်၊ (ရှင်ယောဟန် ၁၀း ၃၃–၃၆)

၁၈။	**وَقَالَتِ الْيَهُودُ وَالنَّصَارَى نَحْنُ أَبْنَاء اللهِ وَأَحِبَّاؤُهُ قُلْ فَلِمَ يُعَذِّبُكُم بِذُنُوبِكُم بَلْ أَنتُم بَشَرٌ مِّمَّنْ خَلَقَ يَغْفِرُ لِمَن يَشَاء وَيُعَذِّبُ مَن يَشَاء وَلِلّهِ مُلْكُ السَّمَاوَاتِ وَالأَرْضِ وَمَا بَيْنَهُمَا وَإِلَيْهِ الْمَصِيرُ۞**
☆၂၇၀	ရေဝတီနှင့် ခရစ်ယာန်တို့က ''ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်၏ သားတော်များ၊ အရှင်၏ အချစ်တော်များ ဖြစ်ကြသည်၊''ဟု[၃၀၉] ဆိုကြ၏။ ဟောပြောလေ့ ''သို့ဖြစ်လျှင် သင်တို့၏ အပြစ်များအတွက် အဘယ်ကြောင့် ဝဋ်ကြွေးသည် ရှိနေသနည်း၊'' အမှန်မှာ သင်တို့သည် ဖြစ်တည်ခံ လူပုဂ္ဂိုလ်များ ဖြစ်ကြ၏၊ စံချိန်ပြည့်သူအလျောက် လွတ်ငြိမ်းခွင့်ရစေ၍၊ စံချိန်ပြည့်သူအလျောက်☆ ဝဋ်ကြွေးသင့်စေမည် ဖြစ်၏၊ ဇကန်ပင် မိုးများနှင့် မြေ ထိုနှစ်ခုကြား ရှိသမျှတို့၏ သြဇာအာဏာသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ခရီးဆုံးပန်းတိုင်သည် အရှင့်ထံသို့သာ ဖြစ်၏။
၁၉။	**يَا أَهْلَ الْكِتَابِ قَدْ جَاءكُمْ رَسُولُنَا يُبَيِّنُ لَكُمْ عَلَى فَتْرَةٍ مِّنَ الرُّسُلِ أَن تَقُولُواْ مَا جَاءنَا مِن بَشِيرٍ وَلاَ نَذِيرٍ فَقَدْ جَاءكُم بَشِيرٌ وَنَذِيرٌ وَاللهُ عَلَى كُلِّ شَيْءٍ قَدِيرٌ۞**
	အို– ကျမ်းစာဝိုင်းသားတို့၊ ''တပည့်တော်တို့ထံသို့ သတင်းကောင်းပါးသူ၊ သတိပေးသူ ရောက်မလာပြီတကား၊''ဟု မပြောဆိုနိုင်ရန် ဉာဏ်စဉ်ဆောင်များ ဆိတ်ငြိမ်ကာလတွင် ငါအရှင်၏ ဉာဏ်စဉ်ဆောင်သည်[၃၁၀] သင်တို့ထံသို့ ရှင်းလင်းထင်ရှားစွာ ရောက်လာစေပြီ။ မုချဇကန် သင်တို့ထံသို့ သတင်းကောင်းပါးသူ၊ သတိပေးသူ ရောက်လာလေပြီ။ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၂၀။	**وَإِذْ قَالَ مُوسَى لِقَوْمِهِ يَا قَوْمِ اذْكُرُواْ نِعْمَةَ اللهِ عَلَيْكُمْ إِذْ جَعَلَ فِيكُمْ أَنبِيَاء وَجَعَلَكُم مُّلُوكًا وَآتَاكُم مَّا لَمْ يُؤْتِ أَحَدًا مِّن الْعَالَمِينَ۞**
	မူဆာက သူ့လူမျိုးတို့အား ပြောသည်မှာ ''အို– ကျွန်ုပ်၏ လူမျိုးတို့ သင်တို့အား ပရမတ်ဘုရားရှင်က ဂုဏ်ပေးခဲ့သည့် သင်တို့ထဲမှ သတင်းတော်ဆောင်များ စီစဉ်ခဲ့ခြင်း၊ အုပ်ချုပ်သူများ စီစဉ်ပေးခဲ့ခြင်း၊ လောကခပ်သိမ်း၌ တစ်ဦးတစ်ယောက်ကိုမှ မပေးအပ်ခဲ့သည်ကို ပေးအပ်ချီးမြှင့်ခြင်းအား သတိတရရှိလော့–
၂၁။	**يَا قَوْمِ ادْخُلُوا الأَرْضَ المُقَدَّسَةَ الَّتِي كَتَبَ اللهُ لَكُمْ وَلاَ تَرْتَدُّوا عَلَى أَدْبَارِكُمْ فَتَنقَلِبُوا خَاسِرِينَ۞**
	အို– ကျွန်ုပ်၏ လူမျိုးတို့ သင်တို့အဘို့ ပရမတ်ဘုရားရှင် ပြဋ္ဌာန်းထားသည့် မြတ်သောမြေသို့ ဝင်ကြလော့၊ နောက်ခံဘက်သို့ ပြန်မပြေးကြနှင့်၊ ဦးလှည့်ခဲ့သော် ရှုံးနိမ့်သူများဖြစ်လတ္တံ့၊''ဟု ဖြစ်၏။
၂၂။	**قَالُوا يَا مُوسَى إِنَّ فِيهَا قَوْمًا جَبَّارِينَ وَإِنَّا لَن نَّدْخُلَهَا حَتَّىَ يَخْرُجُواْ مِنْهَا فَإِن يَخْرُجُواْ مِنْهَا فَإِنَّا**

---

(၃၀၉) လူတစ်မျိုး သို့မဟုတ် လူတန်းစား တစ်ရပ် အနေဖြင့် မိမိကိုယ်မိမိ ''ဘုရားသားတော်''ဟု သတ်မှတ်ခြင်း၊ သို့မဟုတ် မိမိတို့ကိုသာ ဘုရားရှင်က ရွေးကောက်ပြီး ချစ်သက္ခဲသို့ ''ဘုရားရှင်၏ အချစ်တော်များ'' ဆိုသည်ကို အစွဲလာမ်သာသနာက ပယ်ချပေသည်။ သာသနာ့ အမွေကို ဆက်ခံခြင်း ဟူသည့် ခေါင်းစဉ်အောက်၌ ထိုသို့ ယူဆခြင်းကို လူတန်းစားတရပ် တီထွင်၍ နေရာယူခြင်းဟု သတ်မှတ်ပေသည်။ အမွေးအမျှင် ထားခြင်း၊ မထားဘဲ ရိတ်ပယ်ခြင်း၊ ဝတ်ရုံ အဖြူသက်သက်၊ အနီသက်သက်၊ အမဲသက်သက်၊ အဝါသက်သက် ဝတ်ဆင်သော်လည်း လူဟူသော ဇာတိမှာ ပျောက်ပျယ် သွားခြင်း မရှိပေ။ ထို့ကြောင့် ဤသုတ်တော်မှ ''လူပုဂ္ဂိုလ်များသာ'' ဖြစ်သည်ဟု ထောက်ပြထားပေသည်။ လူတစ်ဦးချင်း အနေဖြင့် မိမိ၏ကျင့်ဆောင်မှု ဒီကရီပေါ်မူတည်၍ ကောင်းခြင်း ဆိုးခြင်း အကျိုးဆက်ကို ခံစားရမည်မှာ မလွဲပေ။ ဤသုတ်တော် အပါအဝင် ကျမ်းတော် တစ်အုပ်လုံးတွင် သုံးသော ''စံချိန်ပြည့်မှု အလျောက်'' ဆိုသည်မှာ ကျင့်ဆောင်မှု ရေချိန် ဒီကရီပြည့်မှီခြင်းကို ဆိုပေသည်။ သမ္မာကျမ်းစာတွင် ယေရှုသည် ''ဒါဝိဒ်၏ အမြစ် ဒါဝိဒ်၏ အနွယ်'' ဟု ဆိုပေသည် (ဗျာဒိတ်ကျမ်း ၂၂း၁၆)။ ထိုသို့ ဒါဝိဒ်၏ အမျိုးရင်း ဖြစ်ရန်မှာ မိခင်မာရိ ဘက်မှ စပ်၍ မည်သို့မှ မရချေ။ အဘယ်ကြောင့်ဆိုသော် သမ္မာကျမ်းစာတွင် မယ်တော်မာရိကို အမည်နာမအားဖြင့် ၃၂ ကြိမ်ဖော်ပြ၍ ဒါဝိဒ်နှင့် အမျိုးတော်ကြောင်း လုံးဝ မပါရှိပေ။ သူမသည် ဒါဝိဒ်၏ အမျိုး ယောသပ်နှင့် ထိမ်းမြားခြင်းဖြင့်သာ (လုကာ ၁း၂၇) ယေရှုသည် ဒါဝိဒ်၏ အမြစ် အနွယ် ဖြစ်ရပေသည်။ ယေရှုသည် ယောသပ်၏ အမျိုးသမီးဘက်မှပါသောသား၊ သားရင်း မဟုတ်ခဲ့လျှင်၊ ''ယေရှုသည် ဒါဝိဒ်၏ အမြစ်အနွယ် ဖြစ်သည်။'' ဆိုသော စကားမှာ အသုံးဝင်တော့မည် မဟုတ်ပေ။ (ဂြာဝ၀၊ ၃၁) တွင်လည်း ဤအယူအဆကို ဖေါ်ပြထားပေသည်။

(၃၁၀) ''ငါအရှင်၏ ဉာဏ်စဉ်ဆောင်'' ဆိုသည်မှာ နောက်ဆုံးပွင့် ဉာဏ်စဉ်ဆောင် ကိုယ်တော်မုဟမ္မဒ်ကို ဆိုလိုပေသည်။ ကိုယ်တော်သည် ကမ္ဘာ့ဘာသာကြီးတိုင်းက ဟောခဲ့သည့် နောက်ဆုံး တစ်ပါးပင် ဖြစ်ပေသည်။ (၂း၁၂၉ ၏ အောက်ခြေ ရှင်းတမ်းကို ကြည့်ပါ)။

	دَاخِلُونَ۝ သူတို့က ''အို– မူဆာ၊ ထိုနေရာ၌ ပုန်ကန်သော လူမျိုးသည် ရှိနေ၏။[၉၀] သူတို့ကို မမောင်းထုတ်သရွေ့ ကျွန်ုပ်တို့ ဝင်နိုင်မည် မဟုတ်ပါ။ သူတို့အား မောင်းထုတ်ခဲ့လျှင် ကျွန်ုပ်တို့ ဝင်နိုင်ပါမည်၊''ဟု ပြန်ပြောကြ၏။
၂၃။	**قَالَ رَجُلاَنِ مِنَ الَّذِينَ يَخَافُونَ أَنْعَمَ اللهُ عَلَيْهِمَا ادْخُلُواْ عَلَيْهِمُ الْبَابَ فَإِذَا دَخَلْتُمُوهُ فَإِنَّكُمْ غَالِبُونَ وَعَلَى اللهِ فَتَوَكَّلُواْ إِن كُنتُم مُّؤْمِنِينَ۝** ကြောက်ရွံ့ကြသောသူများ အနက်[၉၁] ပရမတ်ဘုရားရှင်က ဂုဏ်ပေးသော လူနှစ်ဦးက[၉၂] ''သူတို့အား တံခါးမှ ဝင်ကြလော့၊ ထိုမှ ဝင်နိုင်လျှင် သင်တို့သည် အနိုင်ရသူများ ဖြစ်ချေပြီ၊ သင်တို့သည် ယုံကြည်သူများ ဖြစ်လျှင် ပရမတ်ဘုရားရှင်ကိုသာ၊ ကိုးစားကြလော့၊''ဟု ရင့်ကျူး၏။
၂၄။	**قَالُواْ يَا مُوسَى إِنَّا لَن نَّدْخُلَهَا أَبَدًا مَّا دَامُواْ فِيهَا فَاذْهَبْ أَنتَ وَرَبُّكَ فَقَاتِلا إِنَّا هَاهُنَا قَاعِدُونَ۝** သူတို့က ''အို မူဆာ၊ ၎င်းတို့ ရှိနေသမျှ ကျွန်ုပ်တို့ ဘယ်သောအခါမှ ဝင်မည် မဟုတ်ပါ။ သို့ဖြစ်၍ သင်နှင့် သင်၏ကံကြမ္မာရှင်သည် သုတ်ခြေတင်လျက် စစ်ခင်းပါ။ ကျွန်ုပ်တို့ ဤနေရာမှပင် ထိုင်စောင့်နေပါမည်၊''ဟု ဆိုကြ၏။
၂၅။	**قَالَ رَبِّ إِنِّي لا أَمْلِكُ إِلاَّ نَفْسِي وَأَخِي فَافْرُقْ بَيْنَنَا وَبَيْنَ الْقَوْمِ الْفَاسِقِينَ۝** သူက ''အို ကံကြမ္မာရှင် တပည့်တော်သည် မိမိစိတ်နှင့် နောင်တော်မှ အပ သြဇာ မလွှမ်းမိုးနိုင်ပါ။ တပည့်တော်တို့ကြားနှင့် ယုတ်မာသော လူမျိုးအကြား ခွဲခြားပေးတော်မူပါ၊''ဟု ဆုတောင်း၏။
၂၆။	**قَالَ فَإِنَّهَا مُحَرَّمَةٌ عَلَيْهِمْ أَرْبَعِينَ سَنَةً يَتِيهُونَ فِي الأَرْضِ فَلاَ تَأْسَ عَلَى الْقَوْمِ الْفَاسِقِينَ۝** အရှင်က ''သို့ဖြစ်၍ သူတို့အား နှစ်ပေါင်းလေးဆယ် တားမြစ်လိုက်ပြီ၊ သူတို့သည် မြေကမ္ဘာ၌ တဝဲလည်လည် ဖြစ်ရလတ္တံ့။ ယုတ်မာသော လူမျိုးအတွက် အသင်သည် ဝမ်းနည်းခြင်း မရှိနှင့်၊''ဟု မိန့်တော်မူ၏။[၉၄]
၂၇။	**وَاتْلُ عَلَيْهِمْ نَبَأَ ابْنَيْ آدَمَ بِالْحَقِّ إِذْ قَرَّبَا قُرْبَانًا فَتُقُبِّلَ مِن أَحَدِهِمَا وَلَمْ يُتَقَبَّلْ مِنَ الآخَرِ قَالَ لَأَقْتُلَنَّكَ قَالَ إِنَّمَا يَتَقَبَّلُ اللهُ مِنَ الْمُتَّقِينَ۝** သူတို့အား အာဒံ သားနှစ်ယောက်၏[၉၅] သတင်းကို မှန်ကန်စွာ ရွတ်ပြလော့၊ သူတို့သည် ပူဇော်ချည်းကပ်၍ ချည်းကပ်ကြစဉ် သူတို့အနက် တစ်ဦးအား အကိုးပြည့်စေ၏[၉၆] အကိုးမပြည့်သည့် နောက်တစ်ဦးက ''အသင့်အား

---

(၉၀) သုတ်တော် ၂၁ တွင် ကိုယ်တော်မူဆာနှင့် နောက်လိုက်များ ဝင်ရောက်ရမည့်နယ်မြေကို မြတ်သောမြေဟု သုံးထား၏။ ဆိုလိုသည်မှာ သူတို့သည် အီဂျစ်ပြည်၌ ကျွန်ခံခဲ့ရသည်မှ လွတ်မြောက်လာ၍ လွတ်လပ်စွာ နေထိုင်နိုင်သော မြေဟု ဖြစ်သည်။ ထိုဒေသသည် လူသူ မရှိသော တောကြီးမျက်မဲ မဟုတ်ပေ။ ဒေသခံ ပါလက်စတိုင်း ဒေသခံများ ရှိနေသည်။ ထိုတိုင်းရင်းသားများအား သမ္မာကျမ်း၌ ''အလွန်အရပ်မြင့်သော လူမျိုး'' ဟု တွေ့ရသည်။ (တောလည်ရာကျမ်း ၁၃း၃၂)

(၉၁) ကိုယ်တော်မူဆာ၏ နောက်လိုက်များသည် ထိုဒေသသို့ဝင်ရန် တိုင်းရင်းသားများနှင့် စက်မက် ဖြစ်ပွားရန် ကြောက်ရွံ့နေကြ၏။ ဤ အကြောင်းကို သုတ်တော် (၂၄) တွင်လည်း တွေ့နိုင်ပြီး၊ သမ္မာကျမ်းစာ၏ တောလည်ရာကျမ်း ၁၄း၁–၄ တွင်လည်း ဖော်ပြထားပေသည်။

(၉၁၂) သူတို့အနက် သူရဲကောင်း နှစ်ဦး ပေါ်လာ၍ ထိုဒေသတို့ ရောက်အောင်ဝင်ရန် ဆုံးဖြတ်ခဲ့ကြောင်း သမ္မာကျမ်းစာ၏ တောလည်ရာကျမ်း ၁၄း ၆–၉ တွင်လည်း တွေ့နိုင်သည်။

(၉၁၄) ဤသုတ်တော်သည် ခေါင်းဆောင်အား ပြည့်ဝစွာ မနာခံဘဲ အချောင်ခိုသူများ အတွက် ထိသော ပြစ်ဒဏ် ဖြစ်ပေသည်။ လွတ်လပ်ရေး လိုချင်သော လူမျိုးတိုင်းတွင် အမှန်တကယ် စွမ်းစွမ်းတမံ ဆောင်ရွက်သူနှင့် အချောင်ခို နေရာယူသူများ ရှိမြဲ ဓမ္မတာကို ကျမ်းတော်က တိတိကျကျ ဖော်ပြသည်။ အချောင်ခိုသော လူများကြောင့် အချိန်ကာလ ကြံ့ကြာမြဲ ဖြစ်ပေသည်။ ဤအကြောင်းအရာကို သမ္မာကျမ်းစာ တောလည်ရာကျမ်း ၁၄း၂၃ တွင်လည်း ''သူတို့ဘိုးဘေးတို့အား ငါကျိန်ဆိုသော ပြည်ကို တကယ်စင်စစ် သူတို့ မမြင်ရကြ ငါ့ကို မရိုမသေ ပြုသောသူ တစုံတယောက်မျှ မမြင်ရ''ဟု ဆိုထားသည်ကို တွေ့ရပေသည်။ (၂း၅၁ မှ ၅၉) တွင် ကြည့်ပါ။

(၉၁၅) ဤသုတ်တော် ၂၉ မှ ၃၁ အထိသည် ဂျူးလူမျိုးများ နမူနာယူစေရန် ပြန်လည် တင်ပြသော သမိုင်းကြောင်း ဖြစ်ပေသည်။ ဤနေရာ၌ အာဒံ၏ သားနှစ်ဦး ဆိုသည်မှာ သမ္မာကျမ်းစာ ကမ္ဘာဦးကျမ်း ၄း၃–၁၂ ကို ကိုးကားလျက် **အာဗေလ** နှင့် **ကာဣန** ဖြစ်၍ အာဒံ၏ သားအရင်းများ ဖြစ်ကြသည်ဟု မသတ်မှတ်နိုင်ပေ။ ကုရ်အာန်ကျမ်းတော်တွင် အာဒံ၏ သားနှစ်ဦး ဆိုသည်ကို အမည်နာမဖြင့် ဖော်ပြခြင်း မရှိပေ။ ထို့အပြင် လူသား

	တိုက်ခိုက်မည်၊''ဟု ဆိုသော်၊ ကျန်တစ်ဦးက ပြောသည်မှာ ''ပရမတ်ဘုရားရှင်သည် စည်းစောင့်သူများ ထံမှသာ အကိုးပြည့်စေ၏–
၂၈။	**لَئِن بَسَطتَ إِلَيَّ يَدَكَ لِتَقْتُلَنِي مَا أَنَاْ بِبَاسِطٍ يَدِيَ إِلَيْكَ لأَقْتُلَكَ إِنِّي أَخَافُ اللهَ رَبَّ الْعَالَمِينَ۞** –အကယ်၍ ကျွန်ုပ်အား တိုက်ရန် သင်၏လက်ကို ဆန့်သော်လည်း၊ သင့်ကို တိုက်ရန် ကျွန်ုပ်လက်ကို ဆန့်ထုတ်မည် မဟုတ်ပေ။ ကျွန်ုပ်သည်ကား စကြာဝဠာများ၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင်အား ကြောက်ရွံ့ပါ၏–
၂၉။	**إِنِّي أُرِيدُ أَن تَبُوءَ بِإِثْمِي وَإِثْمِكَ فَتَكُونَ مِنْ أَصْحَابِ النَّارِ وَذَلِكَ جَزَاء الظَّالِمِينَ۞** –ကျွန်ုပ်၏ အကုသိုလ်၊ သင်၏ အကုသိုလ်တို့ကို သင် ဆွဲယူလိုဏ်။ သင်သည် အပူမီး၏ ပေါင်းဖော်များ ဖြစ်ရလိမ့်မည်၊ ဤသည် အမိုက်ကောင်တို့၏ အစားရခြင်းပင် ဖြစ်သည်၊''ဟု ဖြစ်သော်လည်း–
၃၀။	**فَطَوَّعَتْ لَهُ نَفْسُهُ قَتْلَ أَخِيهِ فَقَتَلَهُ فَأَصْبَحَ مِنَ الْخَاسِرِينَ۞** သတ်ဖြတ်မှုကို နာခံသော သူ့စရိုက်ဖြင့်၊ နောင်တော်ကို သတ်ဖြတ်၏၊ သို့ဖြင့်သူသည် ဆုံးရှုံးသူတို့မှ ဖြစ်သွားခဲ့၏။
၃၁။	**فَبَعَثَ اللهُ غُرَابًا يَبْحَثُ فِي الأَرْضِ لِيُرِيَهُ كَيْفَ يُوَارِي سَوْءةَ أَخِيهِ قَالَ يَا وَيْلَتَا أَعَجَزْتُ أَنْ أَكُونَ مِثْلَ هَذَا الْغُرَابِ فَأُوَارِيَ سَوْءةَ أَخِي فَأَصْبَحَ مِنَ النَّادِمِينَ۞** နောင်တော်၏ အသုဘအား မည်သို့ ကွယ်ရမည်ကို သူ့အား ပြသရန် ပရမတ်ဘုရားရှင်သည် မြေကို တူးဆွသည့် ကျီးတစ်ကောင်အား ပေါ်လာစေ၏။ သူက ''ကျွန်ုပ်မှာ၊ ကျွန်ုပ်နောင်တော်၏ အသုဘအား ကွယ်စေရန် ဤကျီးကဲ့သို့ပင် မစွမ်းပြိတကား၊''ဟု ညည်းညူ၏။[၉၇] သို့ဖြင့် သူသည် ယူကြုံးမရသူတို့မှ ဖြစ်သွားခဲ့၏။
၃၂။	**مِنْ أَجْلِ ذَلِكَ كَتَبْنَا عَلَى بَنِي إِسْرَائِيلَ أَنَّهُ مَن قَتَلَ نَفْسًا بِغَيْرِ نَفْسٍ أَوْ فَسَادٍ فِي الأَرْضِ فَكَأَنَّمَا قَتَلَ النَّاسَ جَمِيعًا وَمَنْ أَحْيَاهَا فَكَأَنَّمَا أَحْيَا النَّاسَ جَمِيعًا وَلَقَدْ جَاء تْهُمْ رُسُلُنَا بِالبَيِّنَاتِ ثُمَّ إِنَّ كَثِيرًا مِّنْهُم بَعْدَ ذَلِكَ فِي الأَرْضِ لَمُسْرِفُونَ۞** ထိုသို့ အကြောင်းခံ၍ ငါသည်သည် ဣဿရေလအမျိုးအား ပြဋ္ဌာန်းမှု သတ်မှတ်ကာလရှိခဲ့သည်မှာ ဥဉ်တစ်ခုအစား ဥဉ်တစ်ခု ကို သို့မဟုတ် မြေကမ္ဘာတွင် အဖျက်မလုပ်ဘဲ တိုက်ခိုက်အံ့၊ လူသား အားလုံးကို တိုက်သည် မည်၏၊ အသက်ဆက် ခွင့်ပေးအံ့ လူသား အားလုံးကို အသက်ဆက်ခွင့်ပေးသည် မည်၏။ ငါ၏ ဉာဏ်စဉ်ဆောင်များကို

အားလုံးကို အာဒံ၏ သားသမီးများဟု ခေါ်ပေသည်။ တဖန် ဘာသာရေး၊ နိုင်ငံရေး စကားလုံးတွင် မိမိ၏ တပည့်၊ နောက်လိုက်များကိုလည်း ''သား၊ သမီးများ'' ဟု ခေါ်ပေသည်။ ဤသုတ်တော်များက အဓိကအားဖြင့် တရားရှိသူနှင့် တရားမဲ့ဉာဏ်နဲသူ၏ ဖြစ်ရပ်များကို ဆင်ခြင် နမူနာ ယူနိုင်ရန် တင်ပြ ခြင်းသာ ဖြစ်ပေသည်။

(၃၁၆) ဤသုတ်တော်တွင် ပေးဆပ်စတေးသည်ဟု ဘာသာပြန်သော စကားလုံးမှာ **ကုရိဘာနန်** ဟု ဖြစ်သည်၊ ဆရာတော်ကြီးများက ပူဇော်သက္ကာရ ဝတ္ထု ဟု ဖွင့်ဆိုကြပေသည်။ ကုရိအာန်ကျမ်းတော်နှင့် သမ္မာကျမ်းစာ၏ အဓိက ကွဲပြားသည့် အယူအဆမှာ ရည်စူး ဆက်ကပ်ရာ ''ပရမတ်ဘုရားရှင်''ပင် ဖြစ်၍ သမ္မာကျမ်းစာက ''ဘုရားရှင်'' ကို လူသားအသွင် ပူဇော်သက္ကာရ ပြုကြောင်း တင်ပြသည် (ကမ္ဘာဦးကျမ်း ၄း၃–၁၂)။ ကုရိအာန်ကျမ်းကမူ ပရမတ်ဘုရားရှင်သည် လူ၊ ပုဂ္ဂိုလ် သဏ္ဌာန်မဟုတ်– ဘုရားတရားကို ရည်စူး၍ ကောင်းမှုကုသိုလ် ပြုခြင်းကိုသာ ရည်ညွှန်းပေသည်။ ဤသို့ ကောင်းမှုပြုသော အခါ တောင်းဆုပြည့်သည် မပြည့်သည် ဆိုသည်မှာလည်း စီးပွား လာဘ်လာဘ တိုးတက်ခြင်း မတိုးတက်ခြင်း အပေါ်မှာသာ ယေဘုယျ သတ်မှတ်ကြပြီး၊ စီးပွားကျသူက စီးပွားဖြစ်ထွန်းသူအား မနာလိုဖြစ် သတ်ဖြတ် တိုက်ခိုက်ခြင်းကို ဥပမာပေး ပြောဆိုခြင်း ဖြစ်ပေသည်။

(၃၁၇) ကျီးတစ်ကောင်၏ ထံမှရသော ဗဟုသုတ အဖြစ်အပျက်သည် သမ္မာကျမ်းစာ၌ မဖော်ပြပေ။ ထို့ကြောင့် ကုရိအာန်ကျမ်းစာ၌ ဖော်ပြသမျှသော အကြောင်းအရာတိုင်းအား သမ္မာကျမ်းစာကို ကိုးကားလျက် ဘာသာပြန်ဆိုမှုမှာ မမှန်ကန်နိုင်ပေ။ ကျမ်းမြတ်ကုရိအာန် အရ လူသားသည် သဗ္ဗညုဘုရားရှင် မဟုတ်ပေ၊ သဗ္ဗညုဘုရားရှင်က လူသားအား– သတ္တဝါများ အပါအဝင် ပတ်ဝန်ကျင်းရှိ အဖြစ်အပျက်များမှကို အခြေခံ၍ သင်ပေးသော အသိတရားပေါင်း များစွာ ရှိနေကြောင်းကို ထောက်ပြနေသည်။ တနည်းအားဖြင့် လူသားသည် သတ္တဝါများအနက် ဉာဏ်စဉ် အမြင့်ဆုံး သင်ပေးခံ သတ္တဝါတစ်မျိုးသာ ဖြစ်ပေသည်။

	ရှင်းလင်းသော ဒေသနာများဖြင့် သူတို့ထံ၌ ရောက်လာစေခဲ့ပြီ၊ သို့ပြီးနောက်မှ သူတို့အနက် အများစုမှာ အလွဲသုံးစားပြုသူများ ဖြစ်ကြ၏။[၃၈]
၃၃။	**إِنَّمَا جَزَاء الَّذِينَ يُحَارِبُونَ اللهَ وَرَسُولَهُ وَيَسْعَوْنَ فِي الأَرْضِ فَسَادًا أَن يُقَتَّلُواْ أَوْ يُصَلَّبُواْ أَوْ تُقَطَّعَ أَيْدِيهِمْ وَأَرْجُلُهُم مِّنْ خِلافٍ أَوْ يُنفَوْاْ مِنَ الأَرْضِ ذَلِكَ لَهُمْ خِزْيٌ فِي الدُّنْيَا وَلَهُمْ فِي الآخِرَةِ عَذَابٌ عَظِيمٌ** ۞ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား စစ်ဆင်၍ မြေကမ္ဘာ၌ အဖျက်လုပ်ရန် လုံးပန်းနေသော သူတို့အား[၃၉] အစားပေးခြင်း အဖြစ် ခုခံတိုက်ခိုက်ကြလော့၊[၃၀] သို့မဟုတ် ကားစင်တင်ကြလော့၊[၃၁] သို့မဟုတ် ဆက်လုပ်နိုင်မည့် လက်များ ခြေများအား ဖြတ်တောက်ကြလော့၊[၃၂] သို့မဟုတ် ဤလောကမှ ၎င်းတို့ အရှက်ရရန် ထိမ်းသိမ်းရေးမြေသို့ ပို့ကြလော့၊[၃၃] နောင်ဘဝ၌လည်း သူတို့ အတွက် မဟာ ဝဋ်ကြွေးကြီး ရှိနေ၏။

---

(၃၈) လူသတ်မှု တစ်ခုအား ကျူးလွန်သူကို အပြစ်ဒဏ်သတ်မှတ်ခြင်း၊ သို့မဟုတ် အဖျက်အနှောင့် ပြုသူများအား တော်လှန် တိုက်ခိုက်ခြင်းတို့မှ အပ အခြား အပြစ်မဲ့တစ်ဦးအား တမင် အမုန်းထားလျက် ရည်ရွယ်ချက်ဖြင့် သတ်ဖြတ်ခြင်းသည် လူသားမျိုးနွယ်အား စော်ကားခြင်း ဖြစ်သည်ဟု ဆိုခြင်းမှာ လူသား၏ တန်ဘိုးကို နားလည်စေရန်နှင့် ကောင်းမွန်သော လမ်းစဉ် တစ်ခုအား ဦးဆောင်ချမှတ်သည့် ခေါင်းဆောင်တစ်ဦးအား သတ်ဖြတ်ခြင်း မပြုရန် ရည်ရွယ်ပေသည်။ ထို့ကြောင့် ဤသုတ်တော်၌ **နှာဖိဆ်** ဟူသော စကားလုံးကို သုံးထားခြင်း ဖြစ်ပေသည်။ ထိုစကားလုံး၏ အဓိပ္ပါယ်မှာ ဉာဉ်စရိုက်ဟုဖြစ်၍ လူတို့၏ အကျင့် စရိုက်များကို ပြုပြင်ပြောင်းလဲနိုင်သော ပုဂ္ဂိုလ်မျိုးကိုလည်း ခေါ်ပေသည်။

(၃၉) "ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား စစ်ကြေငြာသူ–"ဆိုသည်မှာ အစွလာမ်သာသနာအား လက်မခံသောသူများဟု လုံးဝ မဆိုလိုပေ။ အစွလာမ်သာသနာအား မယုံကြည်မှုကြောင့် ထိုလူအား စစ်ကြေငြာခွင့် မရှိပေ ထိုအကြောင်းကို အစွလာမ်သာသနာက ပေးသော ဘာသာရေး လွတ်လပ်ခွင့် "သစ္စတရားသည် ကံကြမ္မာရှင်ထံမှ ဖြစ်၏၊ သို့ဖြစ်၍ ယုံကြည်လိုသူသည် ယုံကြည်ပါစေ၊ မယုံကြည် လိုသူသည်လည်း မယုံကြည်ခွင့် ရှိပါစေ"(၁၈း၂၉)၊ ဟူသည်က ရှင်းလင်းစွာ ပြောထားပေသည်။ ဤသုတ်တော်တွင်ပြောသော အရှင်အား စစ်ကြေငြာသူ ဆိုသည်မှာ ခိုး၊ ဆိုး၊ သောင်းကျန်း၍ နိုင်ငံတော်အား ဆူပူအောင် လုပ်နေသူများကို ဆိုလိုကြောင်း အစွလာမ် ဆရာတော်ကြီးများ ဖွင့်ဆိုသော ကျမ်းအားလုံးတွင် အကွဲအလွဲ မရှိပေ။ ထိုသူတို့အား အရေးယူရာတွင် အောက်ပါ ပြစ်ဒဏ်များမှ တစ်ခု သို့မဟုတ် တစ်ခု ကိုပေးရမည် ဖြစ်သည်။

(၃၀) **"ယုကတ်တလူး (နှ်)"** ကို အချို့က သတ်ပစ်ကြလော့၊ ဘာသာပြန်ကြပေသည်။ သို့သော် သုတ်တော် (၃၄) တွင် လက်နက်ချ သူတို့အား ချွင်းချက်ပေးသည် ဆိုသော စကားက လက်နက် မချသူတို့အား စစ်ရေးအရ အရေးယူခြင်းကို ရှင်းလင်းစွာ ပြောဆိုထားပေသည်။ ကျမ်းတော်တွင် **"ယုကတ်တလူး(နှ်)"**ကို တော်လှန်ခြင်း၊ စစ်ဆင်နွှဲခြင်း" ဟု နေရာပေါင်း များစွာတွင် သုံးစွဲပေသည်။

(၃၂) **"ဆွလ်လဘူး"** ဆိုသည်မှာ ကြိုးစင်၊ ကားစင်၊ လက်ဝါးကပ်တိုင် ဟု အနက်ပေး ပေသည်။ သို့သော် သေဒဏ်ချမှတ်မှုတွင် လွှတ်ငြိမ်းချမ်းသာခွင့် ရှိနေကြောင်းကို သတိထားရမည် ဖြစ်သည်။ (၂း၁၇၈ ကို ကြည့်ပါ)

(၃၂) ဘာသာပြန် အများစုတွင် **လက်များ ခြေများအား ဆန့်ကျင်ဘက် ဖြတ်တောက်ကြလော့** ဟူသည်ကို လက်နှင့် ခြေအား ဆန့်ကျင်ဘက် **ဘယ်ခြေ၊ ညာလက်၊ သို့မဟုတ် ညာခြေ၊ ဘယ်လက်** ကို ဖြတ်ပြစ်ရမည်ဟု ဝမ်းနည်းဘွယ်တော့ ရပေသည်။ ထိုသို့ဖြစ်လျှင် **ဘယ်ခြေ ညာလက်အား ဖြတ်မည်လော**၊ သို့မဟုတ် **ညာခြေ ဘယ်လက်အား ဖြတ်မည်လော** ဆိုသည်မှာ အငြင်းပွားစရာ ဖြစ်လာပေမည်။ ဤသုတ်တော်၏ ဤမိမိပွါယ်မှာ **ဆက်လုပ်နိုင်မည့် လက်များ ခြေများအား ဖြတ်တောက်ကြလော့** ဟု ဖြစ်သည်၊ – **လုပ်ပိုင်ခွင့်များ လျှပ်ရှားနိုင်ခွင့်များကို ဖြတ်တောက် ခိုင်းခြင်းသာ ဖြစ်ပေသည်။ ဆက်လုပ်နိုင်မည့်** ဟု ဘာသာပြန်သော خِلَافٍ သည် ဆက်ခံသည်၊ တစ်ခုခု ပြုလုပ်ရမှ ဆက်လက်ဖြစ်ပေါ်သော အကျိုးဆက် ဟု အနက်ကို ပေးသည့် ရင်းမြစ် စကားလုံး ف ل خ မှ ဆင့်ပွားခြင်း ဖြစ်သည်။ ဆက်ခံသူ သမ္မတ ခလီဖာဟ် خَلِيفَةٌ နှင့် ရင်းမြစ်တူသည်။ ရှေးဆရာတော်ကြီးများ မကောင်းမှုကို ပြုလုပ်မည့် **ဆန့်ကျင်ဘက်**ဟု ဆိုလိုဟန်တူပေသည်။ နဂိုလုပ်ဆောင်မှုအား ဆန့်ကျင်ဘက်ဖြစ်ရန် ဖြတ်တောက်ပစ်ရမည်။ **ပိတ်ဆို့ အရေးယူရမည်** ဟုသာ ဆိုလိုခြင်း ဖြစ်ပေသည်။ (၅း၃၈ တွင်ကြည့်ပါ)

(၃၂) **"ယွန်းဖေါင်း (ဝ်)မင် အောက်သ်"**ကို ဆရာတော်ကြီးများက **ပြည်နှင်ဒဏ်ပေးကြလော့** ဟု ဖွင့်ဆိုသည်က များပေသည်။ များစွာသော ပညာရှင်များက **အကျဉ်းထောင်၌ ချထားခြင်း**ကို ဆိုလိုသည်ဟု တက်ဗိစီ ကဗီးရ် (အကျယ်ဖွင့် အလင်းပြကျမ်း)တွင် ဆိုသည်။ ဤစကားလုံးမှ **ယွန်းဖေါင်း (ဝ်)** ၏ အဓိပ္ပါယ်မှာ ပတ်ဝန်းကျင်နှင့် အဆက်အသွယ်ပြတ်သောနေရာ– လူ့အသိုင်းအဝိုင်း၏ အပြင်ဘက် ဟု ဖြစ်၍ ယခုခေတ် အခါတွင် ထိုစကားလုံးအတွက် အစစ်မှန်ဆုံး အဓိပ္ပါယ်မှာ **အကျဉ်းထောင်** သို့မဟုတ် **ထိမ်းသိမ်းရေး စခန်း** သာလျှင် ဖြစ်ပေသည်။

၃၄။	**إِلاَّ الَّذِينَ تَابُواْ مِن قَبْلِ أَن تَقْدِرُواْ عَلَيْهِمْ فَاعْلَمُواْ أَنَّ اللّهَ غَفُورٌ رَّحِيمٌ۞** သင်တို့ စည်းမကြပ်မှီ ခဝါချသောသူတို့အား၊ သိကြကုန်လော့– ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် မေတ္တာတော်ရှင် ဖြစ်တော်မူ၏။၃၄
၃၅။ ❖၂း၁၅၄	**يَا أَيُّهَا الَّذِينَ آمَنُواْ اتَّقُواْ اللّهَ وَابْتَغُواْ إِلَيهِ الْوَسِيلَةَ وَجَاهِدُواْ فِي سَبِيلِهِ لَعَلَّكُمْ تُفْلِحُونَ۞** အို– ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ အရှင်မြတ်အပါးသို့ နီးကပ်မှုကို၃၅ ရှာဖွေကြလော့၊ အောင်မြင်ပေါက်မြောက်အံ့ငှာ အရှင်၏ လမ်းစဉ်တော်၌❖ အားစိုက်ဆောင်ရွက်ကြလော့။၃၆
၃၆။ ☆၂း၁၆၇	**إِنَّ الَّذِينَ كَفَرُواْ لَوْ أَنَّ لَهُم مَّا فِي الأَرْضِ جَمِيعًا وَمِثْلَهُ مَعَهُ لِيَفْتَدُواْ بِهِ مِنْ عَذَابِ يَوْمِ الْقِيَامَةِ مَا تُقُبِّلَ مِنْهُمْ وَلَهُمْ عَذَابٌ أَلِيمٌ۞** ဇကန်ပင် ဖုံးကွယ်သောသူများ– သူတို့၏ မြေကမ္ဘာ၌ ရှိသမျှအားလုံး၊ ထိုပမာဏာခန့် သူတို့ပိုင်လျက် ရပ်တည်ရသော နေ့၏☆ ဝဋ်ကြွေးအတွက် လျော်ကြေးပေးသော်လည်း အကိုးပြည့်စေမည် မဟုတ်ချေ။ စူးနစ်သော ဝဋ်ကြွေးသည် သူတို့အတွက် ရှိနေ၏။
၃၇။ ၂း၂၄၇ ☆ မကျွတ်သော	**يُرِيدُونَ أَن يَخْرُجُواْ مِنَ النَّارِ وَمَا هُم بِخَارِجِينَ مِنْهَا وَلَهُمْ عَذَابٌ مُّقِيمٌ۞** သူတို့သည် **အပူမီး**မှ ထွက်လိုကြသော်လည်း ထိုမှ ရုန်းထွက်နိုင်မည် မဟုတ်ပေ၊ သူတို့အတွက် **မြဲမြံသော**☆ ဝဋ်ကြွေးသည် ရှိနေပြီ။
၃၈။	**وَالسَّارِقُ وَالسَّارِقَةُ فَاقْطَعُواْ أَيْدِيَهُمَا جَزَاء بِمَا كَسَبَا نَكَالاً مِّنَ اللّهِ وَاللّهُ عَزِيزٌ حَكِيمٌ۞** သူခိုး၊ သူခိုးမတို့အား သူတို့ ကျင့်ဆောင်ရာအား အစားပေးရန် သူတို့၏ လုပ်ပိုင်ခွင့်ကို၃၇ ဖြတ်တောက်ကြလော့၊ ပရမတ်ဘုရားရှင်၏ ထံမှ နမူနာဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် အဆုံးအဖြတ်ရှင် ဖြစ်၏။

---

(၃၄) ဤသုတ်တော်သည် အထက်ဖော်ပြပါ ပြစ်ဒဏ်များမှ၊ သတိသံဝေဂရလျက် တစ်စုံတစ်ဦး၏ တွန်းအားမပါဘဲ စိတ်စေတနာ အလျောက် ကောင်းမှုဘက်သို့ ဦးတည်လာသူတို့အား သနားကြင်နာရန် လွတ်ငြိမ်းချမ်းသာခွင့် ပြစ်ဒဏ်လျော့ပေါ့ခွင့် ပေးရန်များကို သွန်သင်ပေသည်။ စိတ်အလိုကို လိုက်လျက် သတ်မည် ဖြတ်မည် တကဲကဲ ပြုနေသူများကိုလည်း ပြင်းထန်စွာ သတိပေးသော သွန်သင်မှု ဖြစ်ပေသည်။

(၃၅) ဤသုတ်တော်ပါ စကားလုံးများဖြစ်သည့် **ဝဆီလာဟ်** နှင့် **ဂျီဟဒ်** တို့ကို အူရ်ဂျ ဘာသာစကားတွင် ဆိုသော **ဝဆီလာဟ်** နှင့် **ဂျီဟဒ်** တို့၏ အဓိပ္ပါယ်များ အတိုင်း လွဲမှားစွာ နားလည် နေမှုမှာ ဝမ်းနည်းစရာပင်။ အူရ်ဂျစကားတွင် **ဝဆီလာဟ်** ကို ဉာဏ်စဉ်ဆောင်၊ သတင်းတော်ဆောင်၊ ကွပ်ကဲသူ (ရဒူလ်၊ နဗီ၊ ဝလီ) များကို အကူအညီတောင်းခံခြင်း၊ သို့မဟုတ် ထိုပုဂ္ဂိုလ်မြတ်များ၏ အကူအညီ (ဝဆီလာဟ်) ဖြင့် ဆုတောင်းကြခြင်း ဖြစ်၍ အာရ်ဗီစကား **ဝဆီလာဟ်**နှင့် လုံးဝခြားနားပေသည်။ အာရ်ဗီစကား **ဝဆီလာဟ်**မှာ နီးကပ်မှုရရန် ကြိုးစားခြင်း ဖြစ်ပေသည်။ (အိန္ဒိယရှိရှိ၊ ဆရာတော် ဃာဇီဟာရှင်၏ အကျယ်ဖွင့် ဆဌမအစောင် စာမျက်နှာ ၁၆၆)။

(၃၆) အလားတူပင် **ဂျီဟဒ်** ဟူသော စကားလုံးကိုလည်း အူရ်ဂျစာပေ လောကတွင် သာသနာရေးၨ၌ စစ်ပြိုင်တိုက်ခိုက်ခြင်းကို ခေါ်ပေသည်။ သို့သော် ကျွန်ုပ်တို့ လက်ခံယုံကြည် လိုက်နာသော ကုရ်အာန်ကျမ်းတော်မှာ အာရ်ဗီစာပေဖြင့် မူရင်း ဖြစ်ကြောင်း သတိထားရန်မှာ အရေးကြီးလှပေသည်။ အရ်ဗီစကား "ဂျီဟဒ်"၏ အနက်ကို (၂း၂၁၈) တွင် ကြည့်ပါ။ "တရားဒေသနာ ဟောပြောခြင်းသည်သာ အကြီးဆုံး ဂျီဟဒ် ဖြစ်သည်" ဟု (၂၅း၅၂) တွင် ပြောထားပေသည်။ သို့ဖြစ်၍ ဂျီဟဒ်ကို သာသနာပြုစစ် ဟု နားလည် ပြောဆို ခံစားနေခြင်းမှာ လုံးဝ မှန်ကန်မှု မရှိပေ။

(၃၇) ဤသုတ်တော်မှ "**အိုင်းယ်ယီးဒီးယာဟူမာ**" ဆိုသော စကားလုံးသည် **ယဒါ** လက်၊ လုပ်ပိုင်ခွင့် ဟူသော စကားမှ ဆင်းသက်လာပေသည်။ ဆရာတော်ကြီး အများစုက **လက်များကို ဖြတ်ကြလော့** ဟု မူရင်းစာပေ၏ ဝက်ဝုတ္တိ အလင်္ကာ အတိုင်း ပြန်ဆိုကြသောကြောင့် အစွယ်လာမ်သာသနာ၏ လှပသော ဥပဒေများမှာ စာပေအားနည်း သူများအတွက် အကျည်းတန်သွားရပေသည်။ ခိုးသူတိုင်းအား လက်ဖြတ်ရလျှင် ဤကမ္ဘာ၌ လက်ရှိသော လူဟူ၍ ရှိတော့မည် မဟုတ်ပေ။ ငယ်စဉ်ကလေးဘဝက လူတိုင်းနီးပါးသည် မိမိတို့၏ မိဘများထံဖြစ်စေ ကစားဖော်ခြင်း ဖြစ်စေ ငွေကြေးစလေးများ၊ ကစားစရာလေးများကို ခိုးယူဘူးခဲ့သည့် သူများ ဖြစ်ပေသည်။ အခြားတဖက်တွင် ခိုးတတ်သော သူအား ခန္ဓာကိုယ် အစိတ်အပိုင်း ဖြစ်သည့် လက်အား ဖြတ်ပစ်ရုံနှင့် ခိုးတတ်သည့် အကျင့် ပျောက်သွားမည် မဟုတ်ပေ။ ဥပမာအားဖြင့် ငွေကြေး၊ ဥစ္စာ ကိုင်တွယ်ရသော ဌာနတစ်ခုမှ အရာရှိတစ်ဦးသည် ပြည်သူ့ ဘဏ္ဍာများအား ခိုးဝှက်ခဲ့လျှင် သူ့အား လက်ကိုသာ ဖြတ်ပစ်လျက် ထိုဌာနခဲ့ ဆက်လက် ခန့်အပ်ထားပါက သူသည် ဆက်လက် ခိုးနေဦးမည်ပင်။ အမှန်အားဖြင့် သူ၏ လုပ်ပိုင်ခွင့်ကို ဖြတ်တောက် ပစ်ရမည်သာ ဖြစ်ပေသည်။ (ဌာနမှ ထုတ်ပယ်ခြင်း အရေးယူခြင်းများ ပြုလုပ်ရမည် ဖြစ်သည်)။ ဤသုတ်တော်ပါ စကားလုံးများ အတိုင်း (၁၂း၃၂) တွင် **ကိုယ်တော် ယူဆွဖ်ကို မြင်တွေ့သောအခါ– အမျိုး**

၃၉။	**فَمَن تَابَ مِن بَعْدِ ظُلْمِهِ وَأَصْلَحَ فَإِنَّ اللّهَ يَتُوبُ عَلَيْهِ إِنَّ اللّهَ غَفُورٌ رَّحِيمٌ۞** မိုက်မဲခဲ့ပြီးနောက် ခဝါချလျက် ပြုပြင်ပြောင်းလဲ သူတို့အား ဇကနပင် ပရမတ်ဘုရားရှင်သည် သင်ပုန်းချေတော်မူမည်၊ ဇကနပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၄၀။ ☆ ၂း၇၀	**أَلَمْ تَعْلَمْ أَنَّ اللّهَ لَهُ مُلْكُ السَّمَاوَاتِ وَالأَرْضِ يُعَذِّبُ مَن يَشَاء وَيَغْفِرُ لِمَن يَشَاء وَاللّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ۞** ဇကနပင် မိုးများနှင့် မြေ၏ ဩဇာအာဏာသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိခြင်းကို သင်တို့ မသိကြသလော၊ စံချိန်ပြည့်သူအလျောက်☆ ဝဋ်ကြွေးသင့်စေ၏၊ စံချိန်ပြည့်သူအား☆ လွတ်ငြိမ်းစေတော်မူ၏၊ ဇကနပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၄၁။	**يَا أَيُّهَا الرَّسُولُ لاَ يَحْزُنكَ الَّذِينَ يُسَارِعُونَ فِي الْكُفْرِ مِنَ الَّذِينَ قَالُواْ آمَنَّا بِأَفْوَاهِهِمْ وَلَمْ تُؤْمِن قُلُوبُهُمْ وَمِنَ الَّذِينَ هِادُواْ سَمَّاعُونَ لِلْكَذِبِ سَمَّاعُونَ لِقَوْمٍ آخَرِينَ لَمْ يَأْتُوكَ يُحَرِّفُونَ الْكَلِمَ مِن بَعْدِ مَوَاضِعِهِ يَقُولُونَ إِنْ أُوتِيتُمْ هَذَا فَخُذُوهُ وَإِن لَّمْ تُؤْتَوْهُ فَاحْذَرُواْ وَمَن يُرِدِ اللّهُ فِتْنَتَهُ فَلَن تَمْلِكَ لَهُ مِنَ اللّهِ شَيْئًا أُوْلَئِكَ الَّذِينَ لَمْ يُرِدِ اللّهُ أَن يُطَهِّرَ قُلُوبَهُمْ لَهُمْ فِي الدُّنْيَا خِزْيٌ وَلَهُمْ فِي الآخِرَةِ عَذَابٌ عَظِيمٌ۞** အို–ဥဏှစဉ်ဆောင်၊ ဖုံးကွယ်မှုဌ္ဌ အလျင်လိုနေကြသော– နှလုံးသား၌ မယုံကြည်ဘဲ ပါးစပ်များဖြင့် ယုံကြည်ပါသည်ဟု ပြောသောသူများ၊ ရေဝတီဖြစ်သူများမှ မုသားစကားကိုသာ နားဝင်ချိုသူများ၊ နောက် လူမျိုးကို နားယောင်သူများ၊ သင့်ထံသို့ လာသူတို့အား မူရင်းမှ သူတို့ လှည့်ပြောင်းပြီး တရားများကို ပေးအပ်ပြီးနောက် လက်ခံကြရန်၊ မပေးအပ် လျှင် ရှောင်ဖယ်ကြရန် ပြောဆိုသူများကြောင့် သင် သောကမဖြစ်နှင့်။ သတိထားလော့၊ ပရမတ်ဘုရားရှင်က စမ်းသပ်လိုသူ အတွက် ပရမတ်ဘုရားရှင်နှင့် ဆန့်ကျင်၍ အသင့်၌ သြဇာအာဏာ တစ်စုံတစ်ရာ မရှိချေ၊ ပရမတ်ဘုရားရှင်သည် သူတို့၏ နှလုံးသားအား သန့်စင်စေလိုသော သူများ မဟုတ်ပေ၊ သူတို့အတွက် ဤဘဝ၌ အရှက်ရခြင်းနှင့် နောင်ဘဝ၌ မဟာ ဝဋ်ကြွေးကြီး ရှိနေ၏။
၄၂။	**سَمَّاعُونَ لِلْكَذِبِ أَكَّالُونَ لِلسُّحْتِ فَإِن جَآؤُوكَ فَاحْكُم بَيْنَهُمْ أَوْ أَعْرِضْ عَنْهُمْ وَإِن تُعْرِضْ عَنْهُمْ فَلَن يَضُرُّوكَ شَيْئًا وَإِنْ حَكَمْتَ فَاحْكُم بَيْنَهُمْ بِالْقِسْطِ إِنَّ اللّهَ يُحِبُّ الْمُقْسِطِينَ۞** မုသားစကားကိုသာ နားဝင်ချိုသူများ၊ တားမြစ်သည်ကို စားသုံးသူများ– သင့်ထံသို့ရောက်လာလျှင် သူတို့ကြား၌ စီရင်ထုံးပြု ပေးလော့၊ သို့မဟုတ် သူတို့အား ဘောင်ထားလော့၊ ဘောင်ထားလျှင် သင့်အား တစ်စုံတရာ နစ်နာစေမည် မဟုတ်ချေ။ အကယ်၍ စီရင်ထုံးပြုလျှင် သူတို့ကြား၌ သမာသမတ်ဖြင့် စီရင်ထုံးပြုလော့၊ ပရမတ်ဘုရားရှင်သည် သမာ သမတ်ရှိသူတို့အား နှစ်သက်တော်မူ၏။[၃၈]

သမီးများသည် မိမိတို့လက်ကို မိမိတို့ ဖြတ်မိကြသည် ဟု သုံးထားသည်ကို ထိုအမျိုးသမီးများ လက်ပြတ်ကျသွားသည် ဟု မည်သူကမှ လက်ခံယုံကြည်မှု မရှိပေ။ ဆိုလိုသည်မှာ ကိုယ်တော် ယူဆွဖ်၏ ဥပတိကိုတွေ့၍ ငေးမောကာ မိမိတို့ လုပ်ဆောင်နေသော အလုပ်များကို မေ့လျော့ ရပ်တန့်ကုန်ကြသည်ဟု ကိုယ်တော်ယူစွဖ်၏ ခန့်ထည်မှုကို တင်စားခြင်း ဖြစ်ပေသည်။ အလားတူပင် ဤသုတ်တော်မှ ခိုးသားများအား ပေးသော ပြစ်ဒဏ်မှာ သူတို့၏ လုပ်ဆောင်နေမှုအား ရပ်တန့်သွားရန် လုပ်ပိုင်ခွင့်အား ဖြတ်တောက် ပစ်ရမည်သာ ဖြစ်ပေသည်။ ထိုအကြောင်းကို သုတ်တော် ၃၉ ပါ **မိုက်မဲခဲ့ပြီးနောက် ခဝါချလျက် ပြုပြင်ပြောင်းလဲသူတို့အား ဇကနပင် ပရမတ်ဘုရားရှင်သည် သင်ပုန်းချေတော်မူ၏** ဆိုသည်က ထင်ရှားစေပေသည်။ အကယ်၍ လက်ကို ဖြတ်ခဲ့ပြီးလျှင် ပြန်ဆက်ပေး၍ ရတော့မည် မဟုတ်ပေ။ (ခွင့်လွှတ်သည် ဆို၍ ရတော့မည် မဟုတ်ပေ)။ ထို့ကြောင့် ခိုးတတ်သူတို့အား လက်များကို ဖြတ်ပစ်ကြလော့ ဟု ဆိုသော ဤသုတ်တော်နှင့် **တရားမဝင်ကာမမှုကို ကျူးလွန်သူတို့အား ကြိမ်ဖြင့် ရိုက်လော့** ဟု ဆိုသော ၁၄း၂ တို့သည် ထိုရောက်စွာ အရေးယူခြင်းတည်းဟူသည့် ဝက်ဝုတ္တိအလင်္ကာများသာ ဖြစ်ပေသည်။

(၃၈) ဤသုတ် ဥပဒေသည် ကိုယ်ပိုင် ဥပဒေပြဋ္ဌာန်းခွင့် ရှိသော သူများ အကြား ဝင်ရောက် ဖြေရှင်းပေးသော အခါ ကျင့်သုံးရမည့် ကျင့်ထုံး ဖြစ်သည်။ ကိုယ်တော်၏ လက်ထက်တွင် မဒီနာနေ ဂျူးလူမျိုး အကြောင်းကို ပမာပေး၍ ပြောခြင်း ဖြစ်သည်။ ထိုစဉ်က သူတို့သည် ကိုယ်ပိုင် ဥပဒေဖြင့် နေခဲ့ခြင်း ဖြစ်၍– ဆုံးဖြတ်ရမည့် ကိစ္စများမှာလည်း နိုင်ငံတစ်ခုလုံးနှင့် မသက်ဆိုင်ဘဲ ပုဂ္ဂလိက အကျိုးစီးပွားများသာ ဖြစ်ပေသည်။ ထိုအခြေအနေ

၄၃။ ✡ ၃း၃	**وَكَيْفَ يُحَكِّمُونَكَ وَعِندَهُمُ التَّوْرَاةُ فِيهَا حُكْمُ اللهِ ثُمَّ يَتَوَلَّوْنَ مِن بَعْدِ ذَلِكَ وَمَا أُوْلَـئِكَ بِالْمُؤْمِنِينَ۞** သူတို့၌ ပရမတ်ဘုရားရှင်က စီရင်ထုံးပြုပေးထားသော တိုရာဟ်ကျမ်း ရှိနေပါလျက်၊✡ တဖန် ဤနောက်တွင် သင့်ထံမှ လှည့်သွားသူတို့အား အသင်က မည်သို့ စီရင်ထုံးပြုပေးနိုင်အံ့နည်း၊ သူတို့သည် ယုံကြည်သူများ မဟုတ်ပေ။
၄၄။ ☆၅း၆၃ ဣဿာဘုန်းကြီး ★ နည်း	**إِنَّا أَنزَلْنَا التَّوْرَاةَ فِيهَا هُدًى وَنُورٌ يَحْكُمُ بِهَا النَّبِيُّونَ الَّذِينَ أَسْلَمُواْ لِلَّذِينَ هَادُواْ وَالرَّبَّانِيُّونَ وَالأَحْبَارُ بِمَا اسْتُحْفِظُواْ مِن كِتَابِ اللهِ وَكَانُواْ عَلَيْهِ شُهَدَاء فَلاَ تَخْشَوُاْ النَّاسَ وَاخْشَوْنِ وَلاَ تَشْتَرُواْ بِآيَاتِي ثَمَنًا قَلِيلاً وَمَن لَّمْ يَحْكُم بِمَا أَنزَلَ اللهُ فَأُوْلَـئِكَ هُمُ الْكَافِرُونَ۞** ဇကေန်ပင် ငါသည် လမ်းညွှန်နှင့် အလင်းဆောင်သည့် တိုရာဟ်ကျမ်းကို၃၂ ချမှတ်ပေးခဲ့ပြီ၊ ငြိမ်းချမ်းရေးပြုသော သတင်းတော်ဆောင်များက ၎င်းဖြင့် ရေဝတီဖြစ်သူများအား စီရင်ထုံးပြုကြကုန်၏၊ ဆရာတော်များ☆ ဓမ္မစရိယများကိုလည်း ပရမတ်ဘုရားရှင်၏ ကျမ်းတော်ကို စောင့်ထိန်းစေခဲ့၏။ သူတို့သည် ယင်း၌ သက်သေများ ဖြစ်ကြ၏။ လူသားတို့အား မကြောက်ရွံ့နှင့်၊ ငါ့ကိုသာ ကြောက်ရွံ့ကြလော့၊ ငါ၏ သုတ်ဒေသနာများအား တန်ဘိုးချ★ ရောင်းမစားကြလင့်၊ ပရမတ်ဘုရားရှင်က ချမှတ်ပေးရာနှင့် စီရင်ထုံးမပြု သူသည် ဖုံးကွယ်သူများ ဖြစ်ကြ၏။
၄၅။	**وَكَتَبْنَا عَلَيْهِمْ فِيهَا أَنَّ النَّفْسَ بِالنَّفْسِ وَالْعَيْنَ بِالْعَيْنِ وَالأَنفَ بِالأَنفِ وَالأُذُنَ بِالأُذُنِ وَالسِّنَّ بِالسِّنِّ وَالْجُرُوحَ قِصَاصٌ فَمَن تَصَدَّقَ بِهِ فَهُوَ كَفَّارَةٌ لَّهُ وَمَن لَّمْ يَحْكُم بِمَا أَنزَلَ اللهُ فَأُوْلَـئِكَ هُمُ الظَّالِمُونَ۞** ထိုကျမ်း၌ သူတို့အား ဉာဉ်စရိုက်ဆိုလျှင် ဉာဉ်စရိုက်၊ မျက်လုံးဆိုလျှင် မျက်လုံး၊ နှာခေါင်းဆိုလျှင် နှာခေါင်း၊ နားရွက်ဆိုလျှင် နားရွက်၊ သွားဆိုလျှင် သွား၃၃၀ ဒဏ်ရာဒဏ်ချက်အလိုက် ပြဋ္ဌာန်း ဖေါ်ပြပေးထား၏။ အကယ်၍ ၎င်းကို အလှူအဖြစ်လျော်ပေးသူ– သူ့အတွက် ပလပ်ခွင့် ရှိ၏။ ပရမတ်ဘုရားရှင် ချမှတ်ပေးသည့်အတိုင်း စီရင်ထုံးမပြုခဲ့လျှင် သူတို့သည် အမိုက်ကောင်များ ဖြစ်ကြ၏။
၄၆။ ☆ ၅း၄၅	**وَقَفَّيْنَا عَلَى آثَارِهِم بِعِيسَى ابْنِ مَرْيَمَ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ التَّوْرَاةِ وَآتَيْنَاهُ الإِنجِيلَ فِيهِ هُدًى وَنُورٌ وَمُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ التَّوْرَاةِ وَهُدًى وَمَوْعِظَةً لِّلْمُتَّقِينَ۞** ငါသည် သူတို့၏ ရိုးရာလိုက်မြဖြစ်သော လက်ရှိ–ရှေ့မှောက် တိုရာဟ်ကျမ်းအား ဖြောင့်မှန်စေအံ့ငှာ မာရိ၏သား ယေရှုအား☆ ထပ်ဆင့်ပွင့်ပေါ်စေခဲ့၏။ သူအား စည်းစောင့်သူများအတွက် လမ်းညွှန် အဆုံးအမဖြစ်သော လက်ရှိ–ရှေ့မှောက် တိုရာဟ် ကျမ်းအား ဖြောင့်မှန်စေသည့် လမ်းညွှန် အလင်းရောင် ဧဝံဂလိကို ချီးမြှင့်ခဲ့ပြီ။၃၃၀
၄၇။ ☆ ၃း၃	**وَلْيَحْكُمْ أَهْلُ الإِنجِيلِ بِمَا أَنزَلَ اللهُ فِيهِ وَمَن لَّمْ يَحْكُم بِمَا أَنزَلَ اللهُ فَأُوْلَـئِكَ هُمُ الْفَاسِقُونَ۞** ဧဝံဂလိ☆ အသင်းသားများသည် ထိုကျမ်းပါ ပရမတ်ဘုရားရှင် ချမှတ်သည့်အတိုင်း စီရင်ထုံးပြုရပေမည်။ ပရမတ်

မျိုးတွင် ထိုကိုယ်ပိုင် ဥပဒေ ပြဋ္ဌာန်းခွင့်ရ လူမျိုးတို့မှာ သူတို့၏ ဓလေ့ထုံးတမ်းဖြင့် ဆုံးဖြတ်လိုက ဆုံးဖြတ်နိုင်ကြောင်းကို သွန်သင်ခြင်း ဖြစ်ပေသည်။ သို့သော် နိုင်ငံတော် တစ်ခုလုံး အတွက် ဖြစ်လာလျှင် လူမျိုးတိုင်းအတွက် ဖွဲ့စည်းပုံ ကုရ်အာန်ဖြင့် ဆုံးဖြတ်ရမည် ဖြစ်ပြီး သီးခြား ဥပဒေဖြင့် ဆုံးဖြတ်ရန် ခွင့်ပြုနိုင်ခြင်း မရှိပေ (၅း၄၉)။ ဤဥပဒေနှစ်ရပ်ကို သေချာစွာ နားမလည်ဘဲလျက် အချို့သော ဆရာတော်ကြီးများက ၅း၄၉ အား ချမှတ်ပေးပြီးနောက် ဤသုတ်တော် ၅း၄၂ မှာ ပလပ်သွားပြီဟု စွပ်စွဲခြင်းမှာ ကျမ်းတော်အား အကြီးအကျယ် စော်ကားခြင်းသာ ဖြစ်၍၊ ကျမ်းတော်က ပြဋ္ဌာန်းပေးသော ပြည်ထောင်စုမူ ဆိုသည်ကိုလည်း နားမလည်ခြင်းသာ ဖြစ်တော့သည်။

(၃၂၉) တိုရာဟ်ကျမ်းကို လမ်းညွှန်နှင့် အလင်းဟု ကုရ်အာန်ကျမ်းတော်က တင်ပြပေသည်၊ ထိုအချက်ကို အစ္စလာမ်သာသနာဝင်များက ငြင်းဆိုခြင်း မရှိပေ။ သို့သော် တိုရာဟ်ကျမ်းသည် ဣဿာလူမျိုးများအတွက်သာ ဖြစ်ပြီး၊ အချိန်ကာလ တစ်ခုအတွက်သာ ဖြစ်သည်ဟု အစ္စလာမ်သာသနာက လက်ခံခြင်း ဖြစ်ပေသည်။ ၎င်းသည် ကမ္ဘာ့ လူမျိုးတိုင်းအတွက်သော်လည်းကောင်း၊ အမြဲတမ်း ခေတ်ကာလတိုင်းအတွက် လည်းကောင်း ဖြစ်သည်ဟု မည်သည့် နေရာတွင်မှ အာမခံချက် မရှိ ဆိုသည်ကိုသာ အစ္စလာမ်သာသနာက တင်ပြခြင်း ဖြစ်ပေသည်။ ထို့အပြင် တိုရာဟ်ကျမ်း (ယခုသိနေသော ဓမ္မဟောင်းကျမ်း) အားလုံးသည်လည်း ကိုယ်တော်မူဆာ ထံ၌ ချမှတ်ပေးခဲ့သည့်ကျမ်း ဖြစ်သည်ဟု မည်သည့်နေရာတွင်မှ မတွေ့ရပေ။

(၃၃၀) သမ္မာကျမ်းစာ၏ ထွက်မြောက်ရာကျမ်း ၂၁း၂၃–၂၅ နှင့် ဝတ်ပြုရာကျမ်း ၂၄း၁၉–၂၁ နှင့် နှိုင်းယှဉ်ကြည့်ရှု၀။

(၃၃၀) ဧဝံဂလိ ကို လမ်းညွှန် အလင်းရောင်ဟု ပြောဆိုခြင်းမှာ ၅း၄၄ တွင် တိုရာဟ်ကျမ်းအား ပြောဆိုသကဲ့သို့ပင် ဖြစ်၏။

	ဘုရားရှင် ချမှတ်ပေးသည့်အတိုင်း စီရင်ထုံးမပြုခဲ့လျှင် သူတို့သည် ယုတ်မာသူများ ဖြစ်ကြ၏။
၄၈။	**وَأَنزَلْنَا إِلَيْكَ الْكِتَابَ بِالْحَقِّ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ الْكِتَابِ وَمُهَيْمِنًا عَلَيْهِ فَاحْكُم بَيْنَهُم بِمَا أَنزَلَ اللهُ وَلاَ تَتَّبِعْ أَهْوَاءهُمْ عَمَّا جَاءكَ مِنَ الْحَقِّ لِكُلٍّ جَعَلْنَا مِنكُمْ شِرْعَةً وَمِنْهَاجًا وَلَوْ شَاء اللهُ لَجَعَلَكُمْ أُمَّةً وَاحِدَةً وَلَكِن لِّيَبْلُوَكُمْ فِي مَآ آتَاكُم فَاسْتَبِقُوا الخَيْرَاتِ إِلَى اللهِ مَرْجِعُكُمْ جَمِيعًا فَيُنَبِّئُكُم بِمَا كُنتُمْ فِيهِ تَخْتَلِفُونَ**۞ ငါသည် လက်ရှိ-ရှေ့မှောက် ကျမ်းများထက် ဖြောင့်မှန်စေသည့် ပရမတ္ထသစ္စာဖြင့် စောင့်ရှောက်ထားသည့် ကျမ်းတော်ကို အသင့်အား ချမှတ်ပေးတော်မူ၏။ သူတို့၏ကြားဌာ ပရမတ်ဘုရားရှင် ချမှတ်ပေးရာဖြင့် စီရင်ထုံးပြုလော့။ သင့်အပေါ်၌ သစ္စာတရားအား ရောက်လာစေပြီ၊ သူတို့၏ လိုဘနောက်သို့ မလိုက်နှင့်။ ငါသည် သင်တို့အဘို့ တရားဥပဒေနှင့် နည်းဥပဒေကိုယ်စီ စီစဉ်ပေးပြီ။ အကယ်၍ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့လျှင် သင်တို့အား အသိုင်းအဝိုင်း တစ်ခုတည်း စီစဉ်တော်မူခဲ့လတ္တံ့။ သို့ရာတွင် သင်တို့အား ချီးမြှင့်ပေးရာ အားဖြင့် စုံစမ်းတော်မူပြီ။ ကောင်းမှုဌာ ပြိုင်ဆိုင်ကြကုန်လော့၊ သင်တို့ အားလုံး ပရမတ်ဘုရားရှင်၏ ထံသို့သာ အပြန်ခရီးရှိ၏။ အရှင်သည် သင်တို့၏ ကွဲလွဲမှု ရှိခဲ့ရာအား သတင်းထုတ်ပြန်တော်မူလတ္တံ့။
၄၉။	**وَأَنِ احْكُم بَيْنَهُم بِمَآ أَنزَلَ اللهُ وَلاَ تَتَّبِعْ أَهْوَاءهُمْ وَاحْذَرْهُمْ أَن يَفْتِنُوكَ عَن بَعْضِ مَا أَنزَلَ اللهُ إِلَيْكَ فَإِن تَوَلَّوْاْ فَاعْلَمْ أَنَّمَا يُرِيدُ اللهُ أَن يُصِيبَهُم بِبَعْضِ ذُنُوبِهِمْ وَإِنَّ كَثِيرًا مِّنَ النَّاسِ لَفَاسِقُونَ**۞ သူတို့ကြားဌာ ပရမတ်ဘုရားရှင် ချမှတ်ပေးသည့်အတိုင်း စီရင်ထုံးပြုလော့၊ သူတို့၏ လိုဘနောက်သို့ မလိုက်နှင့်၊ ပရမတ်ဘုရားရှင်က သင့်ထံ ချမှတ်ပေးသည်၏ တစ်ချို့မှ သူတို့က သင့်အား သွေးတိုးစမ်းလိုသည်ကို သတိထားလော့၊ အကယ်၍ လှည့်သွားခဲ့ကြလျှင် ပရမတ်ဘုရားရှင်သည် သူတို့၏ ပြစ်မှုများအတွက် အချို့အား ထိသက်စေလိုသည်ကို သိကြလော့၊ လူသားတို့အနက် များစွာမှာ ယုတ်မာသူများ ဖြစ်ကြ၏။
၅၀။	**أَفَحُكْمَ الْجَاهِلِيَّةِ يَبْغُونَ وَمَنْ أَحْسَنُ مِنَ اللهِ حُكْمًا لِّقَوْمٍ يُوقِنُونَ**۞ ပညာမဲ့ခေတ်မှ စီရင်ထုံးများကို ရှာဖွေလိုကြသလော၊ ဒိဋ္ဌယုံသော လူမျိုးတို့ အတွက် ပရမတ်ဘုရားရှင်ထက် ပိုမို တင့်တယ်သော ဓမ္မသတ်ရှင်သည် အဘယ်သူ ရှိအံ့နည်း။
၅၁။ ☆ ၃း၂၈	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَتَّخِذُواْ الْيَهُودَ وَالنَّصَارَى أَوْلِيَاء بَعْضُهُمْ أَوْلِيَاء بَعْضٍ وَمَن يَتَوَلَّهُم مِّنكُمْ فَإِنَّهُ مِنْهُمْ إِنَّ اللهَ لاَ يَهْدِي الْقَوْمَ الظَّالِمِينَ**۞ အို- ယုံကြည်သောသူတို့၊ ရေဝတီနှင့် ခရစ်ယာန်တို့အား မဟာမိတ် အဖြစ် မယူမှတ်ကြနှင့်၊ သူတို့မှ အချို့သည် အချို့၏ မဟာမိတ်များ ဖြစ်ကြ၏၊ သင်တို့အနက် သူတို့ထံ လှည့်သူသည် သူတို့၏ အဖွဲ့ဝင်ဖြစ်၏။☆ ဇကနပင် ပရမတ်ဘုရားရှင်သည် မိုက်ကြေးခွဲသော လူမျိုးအား လမ်းညွှန်တော်မမူချေ။
၅၂။ ဖြိုင်ဆိုင်	**فَتَرَى الَّذِينَ فِي قُلُوبِهِم مَّرَضٌ يُسَارِعُونَ فِيهِمْ يَقُولُونَ نَخْشَى أَن تُصِيبَنَا دَآئِرَةٌ فَعَسَى اللهُ أَن يَأْتِيَ بِالْفَتْحِ أَوْ أَمْرٍ مِّنْ عِندِهِ فَيُصْبِحُواْ عَلَى مَا أَسَرُّواْ فِي أَنْفُسِهِمْ نَادِمِينَ**۞ ၵင်းတို့ထဲသို့ **ပြေး**ပေါင်းကြသော၊ စိတ်နှလုံး၌ ရောဂါရှိသူတို့အား သင် မြင်ရလတ္တံ့၊ သူတို့က "ကျွန်ုပ်တို့သည် ရုံးတင်ခံရခြင်း ထိမည်ကို ကြောက်မိ၏၊" ဟု ဆိုကြ၏။ ပရမတ်ဘုရားရှင်သည် ထွက်ရပ်လမ်း[၃၂] သို့မဟုတ် သူတို့၏ ဉာဉ်စရိုက်၌ ကြိတ်ကြံစည်သည်ကို ယူကြုံးမရဖြစ်သွားစေမည့်- အရှင့်ထံမှ ညွှန်ကြားချက်ကို ရောက်စေနိုင်ရာ၏။

(၃၂) ထွက်ရပ်လမ်း-(အောင်မြင်မှု) ဆိုသည်မှာ ယုံကြည်သူ သမာဓိ ခိုင်မြဲသူများကို ချီးမြှင့်မည့် နိမိတ်ဖြစ်၍ ဤသုတ်တော်ပါ ပူဆွေးစေမည့် အစီအမံတစ်ရပ် ဆိုသည်မှာ သစ္စာဖောက်များ ကြုံတွေ့ရမည့် သောကကို နိမိတ်ပေးခြင်း ဖြစ်ပေသည်။

၅၃။	**وَيَقُولُ الَّذِينَ آمَنُواْ أَهَؤُلاء الَّذِينَ أَقْسَمُواْ بِاللّهِ جَهْدَ أَيْمَانِهِمْ إِنَّهُمْ لَمَعَكُمْ حَبِطَتْ أَعْمَالُهُمْ فَأَصْبَحُواْ خَاسِرِينَ۞** စိတ်ဓေ ဒနာရှင် ယုံကြည်သောသူများအား– ပရမတ်ဘုရားရှင်ကို အင်တိုက်အားတိုက် အားသန်စွာဖြင့် တိုင်တည်သော ထိုသူတို့က “သူတို့သည် သင်တို့နှင့်အတူ ဖြစ်ခဲ့ကြောင်း”ဟု ဆိုကြ၏။ **သူတို့**၏ ကျင့်ကြံမှုများသည် အချည်းနှီးပင်၊ သူတို့သည် ဆုံးရှုံးရသူများ ဖြစ်သွားခဲ့ကြ၏။
၅၄။ ☆၂၇၀	**يَا أَيُّهَا الَّذِينَ آمَنُواْ مَن يَرْتَدَّ مِنكُمْ عَن دِينِهِ فَسَوْفَ يَأْتِي اللّهُ بِقَوْمٍ يُحِبُّهُمْ وَيُحِبُّونَهُ أَذِلَّةٍ عَلَى الْمُؤْمِنِينَ أَعِزَّةٍ عَلَى الْكَافِرِينَ يُجَاهِدُونَ فِي سَبِيلِ اللّهِ وَلاَ يَخَافُونَ لَوْمَةَ لآئِمٍ ذَلِكَ فَضْلُ اللّهِ يُؤْتِيهِ مَن يَشَاء وَاللّهُ وَاسِعٌ عَلِيمٌ۞** အို– ယုံကြည်သောသူတို့၊ သင်တို့အနက် သာသနာတော်မှ လှည့်ပြေးသောသူ အစား၊ ပရမတ်ဘုရားရှင် နှစ်သက်သော– သူတို့ကလည်း အရှင့်အား နှစ်သက်သော လူမျိုးတစ်မျိုးကို ဆောင်ကြဉ်းယူလတ္တံ့၊ သူတို့သည် ယုံကြည်သူတို့ အပေါ်၌ နိမ့်ချကြ၍ ဖုံးကွယ်သူများ အပေါ်တွင် ဘုန်းကံကိုပြလျက် ပရမတ်ဘုရားရှင်၏ လမ်းစဉ်၌ အားစိုက် ဆောင်ရွက်ကြ၏။ အပြစ်တင်သူ၏ ပြစ်တင်မှုကိုလည်း **မတုန်လှုပ်**ကြချေ။ ဤသည် ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်သူ အလျောက်☆ သိက္ခာကို ချီးမြှင့်ခံရ၏။ ပရမတ်ဘုရားရှင်သည် အသိဉာဏ်တော် ဖြန့်ကျက်ထားသော အရှင် ဖြစ်၏။
၅၅။ ☆၂၄၃	**إِنَّمَا وَلِيُّكُمُ اللّهُ وَرَسُولُهُ وَالَّذِينَ آمَنُواْ الَّذِينَ يُقِيمُونَ الصَّلاَةَ وَيُؤْتُونَ الزَّكَاةَ وَهُمْ رَاكِعُونَ۞** အသင်တို့အတွက် မဟာမိတ်သည်ကား ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်ဆောင်နှင့် ဝတ်ပြု မြဲကြသော အခွန်ငွေဖြူ ပေးကြသော☆ ယုံကြည်သူများပင် ဖြစ်၏။ သူတို့သည် ဦးညွတ်သူများ ဖြစ်ကြ၏။
၅၆။	**وَمَن يَتَوَلَّ اللّهَ وَرَسُولَهُ وَالَّذِينَ آمَنُواْ فَإِنَّ حِزْبَ اللّهِ هُمُ الْغَالِبُونَ۞** ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်ဆောင်နှင့် ယုံကြည်သောသူတို့ထံ လှည့်သူသည် ပရမတ်ဘုရားရှင်၏ အသင်းသားများ ဖြစ်ကြ၍ သူတို့သည် အနိုင်ရသူများ ဖြစ်ကြ၏။
၅၇။	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَتَّخِذُواْ الَّذِينَ اتَّخَذُواْ دِينَكُمْ هُزُوًا وَلَعِبًا مِّنَ الَّذِينَ أُوتُواْ الْكِتَابَ مِن قَبْلِكُمْ وَالْكُفَّارَ أَوْلِيَاء وَاتَّقُواْ اللّهَ إِن كُنتُم مُّؤْمِنِينَ۞** အို–ယုံကြည်သောသူတို့၊ သင်တို့၏ ရှေ့အလျင် ကျမ်းပေးခံရသောသူများနှင့် ဖုံးကွယ်သူများ အနက်မှ သင်တို့၏ သာသနာအား လှောင်ပြောင် ဟာသလုပ်စရာဟု မှတ်ယူသော သူများအား မဟာမိတ် အဖြစ် မယူမှတ်နှင့်၊ သင်တို့သည် ယုံကြည်သူ စင်စစ်ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့။
၅၈။ ☆၂၃၃	**وَإِذَا نَادَيْتُمْ إِلَى الصَّلاَةِ اتَّخَذُوهَا هُزُوًا وَلَعِبًا ذَلِكَ بِأَنَّهُمْ قَوْمٌ لاَّ يَعْقِلُونَ۞** သင်တို့အား ဝတ်ပြုခြင်းသို့☆ ဖိတ်ခေါ်သောအခါ လှောင်ပြောင် ဟာသလုပ်စရာဟု ယူမှတ်ကြ၏ ၎င်းမှာ သင်တို့သည် အတွေးအခေါ် မရှိသော လူမျိုးကြောင့် ဖြစ်၏။
၅၉။	**قُلْ يَا أَهْلَ الْكِتَابِ هَلْ تَنقِمُونَ مِنَّا إِلاَّ أَنْ آمَنَّا بِاللّهِ وَمَا أُنزِلَ إِلَيْنَا وَمَا أُنزِلَ مِن قَبْلُ وَأَنَّ أَكْثَرَكُمْ فَاسِقُونَ۞** ဟောပြောလော့ “အို– ကျမ်းစာဝိုင်းသားတို့၊ ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်၊ ကျွန်ုပ်တို့အား ချမှတ်ပေးရာ၊ ရှေ့အလျင်က ချမှတ်ပေးရာတို့ကိုသာ ယုံကြည်သောကြောင့် ကျွန်ုပ်တို့အား လက်တုံ့ပြန်ကြသလော၊ သင်တို့အနက် အများစုမှာ ယုတ်မာသူများ ဖြစ်ကြ၏။”

၆၀။ ★၂း၁၅၉ ☆၂း၆၅	**قُلْ هَلْ أُنَبِّئُكُم بِشَرٍّ مِّن ذَلِكَ مَثُوبَةً عِندَ اللهِ مَن لَّعَنَهُ اللهُ وَغَضِبَ عَلَيْهِ وَجَعَلَ مِنْهُمُ الْقِرَدَةَ وَالْخَنَازِيرَ وَعَبَدَ الطَّاغُوتَ أُوْلَئِكَ شَرٌّ مَّكَاناً وَأَضَلُّ عَن سَوَاء السَّبِيلِ۞** ဟောပြောလေ့ “ပရမတ်ဘုရားရှင်ထံမှ ဤထက် ဆိုးဝါးသော အကျိုးဆက်ဖြစ်သည့် အရှင့်ထံမှ မေတ္တာဝေးသော၊★ ပရမတ်ဘုရားရှင်က ကံကြီးသင့်စေသော၊ သူတို့အနက်မှ မျောက်များ၊ ဝက်များ၊☆ မိစ္ဆာကောင်အား ကိုးကွယ်သူ အဖြစ် စီစဉ်ခံရ သူ၏ အကြောင်းကို သတင်းထုတ်ပြန်ရမည်လော၊ သူတို့၏ ဘဝဆက်သည် ပိုမိုဆိုးဝါးလှ၏၊ ပုံစံချိုးလမ်းစဉ်မှ ပို၍လွဲချော်ကြကုန်၏။”
၆၁။	**وَإِذَا جَآؤُوكُمْ قَالُوَاْ آمَنَّا وَقَد دَّخَلُواْ بِالْكُفْرِ وَهُمْ قَدْ خَرَجُواْ بِهِ وَاللهُ أَعْلَمُ بِمَا كَانُواْ يَكْتُمُونَ۞** သင်တို့ထံသို့ လာသောအခါ “ကျွန်ုပ်တို့သည် သက်ဝင်ယုံကြည်ပါ၏။”ဟု ဆိုကြ၏၊ ဇနပင် သူတို့သည် ဖုံးကွယ်ခြင်းဖြင့် ဝင်ချီ ထွက်ချီ ပြုကြ၏၊ ပရမတ်ဘုရားရှင်သည် သူတို့ ထိန်ဝှက်လေ့ရှိသည်များကို အသိဆုံးဖြစ်တော်မူ၏။
၆၂။	**وَتَرَى كَثِيرًا مِّنْهُمْ يُسَارِعُونَ فِي الإِثْمِ وَالْعُدْوَانِ وَأَكْلِهِمُ السُّحْتَ لَبِئْسَ مَا كَانُواْ يَعْمَلُونَ۞** သူတို့အနက်မှ များစွာတို့သည် ပြစ်မှု၊ စည်းဖေါက်မှုနှင့် တားမြစ်သည်ကို စားသုံးမှုများ၌ အလျင်လိုနေကြသည်ကို သင်မြင်ရလတ္တံ့၊ သူတို့သည် အမင်္ဂလာကိုသာ ကျင့်ကြံလေ့ရှိ၏။
၆၃။	**لَوْلاَ يَنْهَاهُمُ الرَّبَّانِيُّونَ وَالأَحْبَارُ عَن قَوْلِهِمُ الإِثْمَ وَأَكْلِهِمُ السُّحْتَ لَبِئْسَ مَا كَانُواْ يَصْنَعُونَ۞** ဆရာတော်များနှင့် ဓမ္မစရိယများသည်[၃၃] အကုသိုလ် စကား ပြောခြင်း၊ တားမြစ်ထားသည်ကို စားသုံးခြင်းများမှ အဘယ်ကြောင့် မဟန့်တားကြသနည်း၊ သူတို့သည် အမင်္ဂလာကိုသာ တည်ဆောက်လေ့ရှိ၏။
၆၄။ ★၂း၂၈၄ ဖကျမ်းတော် ☆၂း၁၇၄	**وَقَالَتِ الْيَهُودُ يَدُ اللهِ مَغْلُولَةٌ غُلَّتْ أَيْدِيهِمْ وَلُعِنُواْ بِمَا قَالُواْ بَلْ يَدَاهُ مَبْسُوطَتَانِ يُنفِقُ كَيْفَ يَشَاء وَلَيَزِيدَنَّ كَثِيرًا مِّنْهُم مَّا أُنزِلَ إِلَيْكَ مِن رَّبِّكَ طُغْيَانًا وَكُفْرًا وَأَلْقَيْنَا بَيْنَهُمُ الْعَدَاوَةَ وَالْبَغْضَاء إِلَى يَوْمِ الْقِيَامَةِ كُلَّمَا أَوْقَدُواْ نَارًا لِّلْحَرْبِ أَطْفَأَهَا اللهُ وَيَسْعَوْنَ فِي الأَرْضِ فَسَادًا وَاللهُ لاَ يُحِبُّ الْمُفْسِدِينَ۞** “ပရမတ်ဘုရားရှင်၏ လက်ကို ချုပ်ကိုင်ထား၏”ဟု[၃၃] ပြောကြသော ရေဝတီတို့၊ သူတို့၏ လက်များသည်သာ ချုပ်ကိုင်ခံထားရပြီ၊ ထိုပြောဆိုမှုကြောင့် မေတ္တာဝေးစေပြီ။ အမှန်မှာ အရှင်၏လက်တော်များသည် ဆန့်လျက် မည်သို့ စံချိန်အလျောက်★ ပေးကမ်းသုံးစွဲလျက်ရှိ၏။ ထိုအပြင် ကံကြမ္မာရှင်မှ သင့်အား ချမှတ်ပေးရာကြောင့်ဖ သူတို့မှ အများစုသည် စည်းဖျက်မှု၊ ဖုံးကွယ်မှုများ တိုးပွားကြလိမ့်မည်။ သူတို့၏ကြား၌ စည်းဖေါက်မှု အာဃာတကို ရပ်တည်ရသော နေ့ထိတိုင်☆ ခင်းကျင်းထားတော်မူ၏။ သူတို့သည် စစ်ပွဲမီးလျှံကို မွှေးသည့်အခါတိုင်း ပရမတ်ဘုရားရှင်သည် ငြိမ်းစေတော်မူခဲ့ပြီ။ သူတို့သည် မြေကမ္ဘာ၌ အဖျက်လုပ်ရပ်ကို လုံးပန်းကြ၏၊ ပရမတ်ဘုရားရှင်သည် အဖျက်ကောင်များအား နှစ်သက်တော် မမူချေ။
၆၅။	**وَلَوْ أَنَّ أَهْلَ الْكِتَابِ آمَنُواْ وَاتَّقَوْاْ لَكَفَّرْنَا عَنْهُمْ سَيِّئَاتِهِمْ وَلأَدْخَلْنَاهُمْ جَنَّاتِ النَّعِيمِ۞** ကျမ်းစာဝိုင်းသားများသည် ယုံကြည်၍ စည်းစောင့်ကြလေလျှင် သူတို့၏ အကုသိုလ်အား ဖုံးကွယ်၍ ဂုဏ်ရှိသော သုခဘုံများသို့ ဝင်ရလတ္တံ့။
၆၆။	**وَلَوْ أَنَّهُمْ أَقَامُواْ التَّوْرَاةَ وَالإِنجِيلَ وَمَا أُنزِلَ إِلَيهِم مِّن رَّبِّهِمْ لأَكَلُواْ مِن فَوْقِهِمْ وَمِن تَحْتِ أَرْجُلِهِم مِّنْهُمْ**

---

(၃၃) ဤသုတ်တော်မှ **ဆရာတော်များ**ဟု ဘာသာပြန်သော **ရဗ်ဗားနီယူးန** ဆိုသည်မှာ ဂျူးဘာသာစကား ရဗ်ဘိုင် (ဘုန်းတော်ကြီး)၏ အများပြဖြစ်၍။ **အဟ်ဘရ်ရှ** ဆိုသည်မှာ ဘာသာရေး ပညာရှင်များ (ဓမ္မစရိယများ)ကို ခေါ်ပေသည်။

(၃၃) ယုံကြည်သူများသည် သူတို့လောက် မကြွယ်ဝ မပြည့်စုံသောကြောင့် ယုံကြည်သူများ ကိုးကွယ်သည့် ဘုရားသည် ပေးကမ်းခြင်း မရှိဟု သရော် ပြောင်လှောင်ခြင်း ဖြစ်သည်။ ဤသို့ ပြောင်လှောင်ခြင်းကို ၃း၁၈၀ တွင်လည်း ဖေါ်ပြပေသည်။

၃း၃	**أُمَّةٌ مُّقْتَصِدَةٌ وَكَثِيرٌ مِّنْهُمْ سَاء مَا يَعْمَلُونَ۝** သူတို့သည် တိုရာဟ်၊ ဇဝံဂလိနှင့် သူတို့ထံသို့ ကံကြမ္မာရှင် ချမှတ်ပေးရာများ၌ ရပ်တည်ကြလျှင် သူတို့၏ အပေါ်မှ၊ ခြေများအောက်မှ စားစရာများရှိလတ္တံ့။[၃၃၅] သူတို့အနက် အလယ်အလတ်ကျသော အသိုင်းအဝိုင်းသည် ရှိ၏။ သို့သော် အများစုမှာ အကုသိုလ်မှုကိုသာ ကျင့်ကြံနေကြ၏။[၃၃၆]
၆၇။ ☆ အိုမုဟမ္မဒ်	**يَا أَيُّهَا الرَّسُولُ بَلِّغْ مَا أُنزِلَ إِلَيْكَ مِن رَّبِّكَ وَإِن لَّمْ تَفْعَلْ فَمَا بَلَّغْتَ رِسَالَتَهُ وَاللّهُ يَعْصِمُكَ مِنَ النَّاسِ إِنَّ اللّهَ لاَ يَهْدِي الْقَوْمَ الْكَافِرِينَ۝** အိုး– ဥဉ္ဇာစဉ်တော်ဆောင်၊☆ သင့်ကံကြမ္မာရှင်၏ထံမှ သင့်ထံသို့ ချမှတ်ပေးရာကို ဆိုက်ရောက်စေလော့၊ အကယ်၍ မပြုလုပ်ခဲ့လျှင် အရှင်၏ စေပို့ချက်များကို မဆိုက်ရောက်စေခြင်း မည်၏။ လူသားမှကင်းရန် ပရမတ်ဘုရားရှင်သည် သင့်ဘက်မှ မားမားရပ်ပေးလတ္တံ့။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သော လူမျိုးတို့အား လမ်းညွှန်တော်မမူချေ။
၆၈။	**قُلْ يَا أَهْلَ الْكِتَابِ لَسْتُمْ عَلَى شَيْءٍ حَتَّىَ تُقِيمُواْ التَّوْرَاةَ وَالإِنجِيلَ وَمَا أُنزِلَ إِلَيْكُم مِّن رَّبِّكُمْ وَلَيَزِيدَنَّ كَثِيرًا مِّنْهُم مَّا أُنزِلَ إِلَيْكَ مِن رَّبِّكَ طُغْيَانًا وَكُفْرًا فَلاَ تَأْسَ عَلَى الْقَوْمِ الْكَافِرِينَ۝** ဟောပြောလော့ ''အိုး– ကျမ်းစာဝိုင်းသားတို့ သင်တို့သည် တိုရာဟ်၊ ဇဝံဂလိနှင့် ကံကြမ္မာရှင်ထံမှ သင်တို့ထံ ချမှတ်ပေးရာများကို မရပ်တည်သ၍ သင်တို့သည် တစ်စုံတစ်ရာမှ မဟုတ်ချေ။''[၃၃၇] သူတို့အနက် များစွာမှာ ကံကြမ္မာရှင်မှ သင့်ထံသို့ ချမှတ်ပေးရာ၌ စည်းဖျက်ရန် ဖုံးကွယ်ရန်သာ တိုးပွားနေကြ၏၊ ဖုံးကွယ်သော လူမျိုးအတွက် သင် ဝမ်းမနည်းလေနှင့်။
၆၉။ ☆ ၂း၆၂	**إِنَّ الَّذِينَ آمَنُواْ وَالَّذِينَ هَادُواْ وَالصَّابِؤُونَ وَالنَّصَارَى مَنْ آمَنَ بِاللّهِ وَالْيَوْمِ الآخِرِ وعَمِلَ صَالِحًا فَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ۝** ယုံကြည်သောသူများ၊ ရေဝတီဖြစ်သူများ၊ ရေသန့်အယူရှိသူများ၊ ခရစ်ယာန်များမှ မည်သူမဆို ပရမတ်ဘုရားရှင်နှင့် နောင်ဘဝ နေ့ကာလကို ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသူများအား ကြောက်ရွံ့ရစေမည်မဟုတ်၊ သောက ရောက်ရစေမည်လည်း မဟုတ်ချေ။

(၃၃၅) ''သူတို့၏ အထက်မှ ခြေများ အောက်မှ စားစရာများ ရှိလတ္တံ့'' ဆိုသည်မှာ အာရ်ဗီစာ အသုံးအနှုံးအရ တိုက်ရိုက်ပြန်ဆိုခြင်း ဖြစ်သည်။ ၎င်း၏ ဆိုလိုချက်မှာ ရုပ်ဝတ္ထု သဘောတရားအရ မိုးလေ ရာသီဥတုကောင်းမွန်၍ မြေဆီဩဇာ ကောင်းမွန်စေမည်ဟု လည်းကောင်း၊ အထက်မိဘ ဘိုးဘွားများ ထားခဲ့သော အမွေဥစ္စာများနှင့် နောင်လာ သားစဉ်မြေးဆက်တို့၏ ကြွယ်ဝမှုကိုလည်းကောင်း ဝက်ဝုတ္တိအလင်္ကာဖြင့် ဖေါ်ညွှန်းခြင်း ဖြစ်ပေသည်။ နာမ်ပိုင်းဆိုင်ရာ အားဖြင့် ရှေးယခင်က ချမှတ်ပေးသော ကျင့်စဉ်များနှင့် ၎င်းတို့ သားစဉ်မြေးဆက်ဖြစ်သည့် ကိုယ်တော်မုဟမ္မဒ်ထံ၌ ချမှတ်ပေးသော ကျင့်စဉ်များကို ရရှိစေမည်ဖြစ်ကြောင်းကို သွန်သင်ခြင်း ဖြစ်ပေသည်။

(၃၃၆) အစ္စလာမ်သာသနာသည် လူမျိုးစု တစ်ခုလုံးကို ရန်သူ၊ မကောင်းမှု ဒုစရိုက်ကျင့်သူ ဟူ၍ မည်သည့် အခါတွင်မှ မပြောပေ။ လူမျိုးတိုင်းတွင် လူကောင်း သူကောင်းများ ရှိနေကြောင်းကို အမြဲသတိပေးပေသည်။ ထိုကြောင့် နိုင်ငံရေးပရောဂ၊ စီးပွားရေးပရောဂနှင့် အခြားသော ပရောဂ အမျိုးမျိုးကြောင့် လူမျိုး တစ်မျိုးလုံးအား မုန်းတီးရမည် တော်လှန်ရမည် ဟု မည်သည့်အခါတွင်မှ မပြောဆိုပေ။

(၃၃၇) မိမိဘာသာတရား၏ အဓိက မူရင်းကျမ်းတော်များကို မလိုက်နာဘဲလျက် မိမိစိတ်ကူးတွေ့ရာ စာတိုပေစများကိုသာ လိုက်နာကြပြီး ဘာသာတရားတစ်ခု၏ သာသနာဝင် ဖြစ်ကြောင်း ကြေငြာချက်ကို ကျမ်းတော်က ပယ်ချပေသည်။ ထိုသို့သော လူမျိုးကို ''ဘာတစ်ခုမှ မဟုတ်''ဟု ဆိုလိုသည်မှာ မည်သည့် ဘာသာဝင်မှ မဟုတ်ဟု ယတိပြတ် ပြောထားပေသည်။

၇၀။	**لَقَدْ أَخَذْنَا مِيثَاقَ بَنِي إِسْرَائِيلَ وَأَرْسَلْنَا إِلَيْهِمْ رُسُلاً كُلَّمَا جَاءهُمْ رَسُولٌ بِمَا لاَ تَهْوَى أَنْفُسُهُمْ فَرِيقًا كَذَّبُواْ وَفَرِيقًا يَقْتُلُونَ۞**
★၉း၃၃ ☆၂၆၀	ငါသည် ဣသရေလူမျိုးများထံမှ ပဋိဉာဉ်ကို ရယူလျက် သူတို့ထံသို့ ဉာဏ်စဉ်ဆောင်များကို စေစားပြီ၊★ ဉာဏ်စဉ်ဆောင်တစ်ပါးပါးသည် သူတို့၏ စရိုက် လိုဘ မကိုက်ညီရာဖြင့် ရောက်လာလေတိုင်း၊ သူတို့သည် တစ်ဖွဲ့ကို ငြင်းဆန်ကြပြီး တစ်ဖွဲ့ကို လုပ်ကြံသတ်ဖြတ်ကြ၏။☆
၇၁။	**وَحَسِبُواْ أَلاَّ تَكُونَ فِتْنَةٌ فَعَمُواْ وَصَمُّواْ ثُمَّ تَابَ اللهُ عَلَيْهِمْ ثُمَّ عَمُواْ وَصَمُّواْ كَثِيرٌ مِّنْهُمْ وَاللهُ بَصِيرٌ بِمَا يَعْمَلُونَ۞**
	သို့အတွက် စမ်းသပ်ခံရမည် မဟုတ်ဟု သူတို့ စဉ်းစားကြ၏၊ သူတို့အား အကန်း အပင်းများ ဖြစ်စေပြီ၊ တဖန် ပရမတ်ဘုရားရှင်သည် သူတို့အား သင်ပုန်းချေပေးတော်မူ၏၊ တဖန် သူတို့အနက်မှ များစွာသည် အကန်း အပင်းများ ဖြစ်ကြပြန်၏။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။
၇၂။ ☆၅း၁၇၊ ★၁း၄၅	**لَقَدْ كَفَرَ الَّذِينَ قَالُواْ إِنَّ اللهَ هُوَ الْمَسِيحُ ابْنُ مَرْيَمَ وَقَالَ الْمَسِيحُ يَا بَنِي إِسْرَائِيلَ اعْبُدُواْ اللهَ رَبِّي وَرَبَّكُمْ إِنَّهُ مَن يُشْرِكْ بِاللهِ فَقَدْ حَرَّمَ اللهُ عَلَيهِ الْجَنَّةَ وَمَأْوَاهُ النَّارُ وَمَا لِلظَّالِمِينَ مِنْ أَنصَارٍ۞**
	‘‘ပရမတ်ဘုရားရှင်သည် မာရိ၏သား ခရစ်တော်ပင် ဖြစ်၏’’ဟု ဆိုသောသူသည် ဖုံးကွယ်သူဖြစ်၏။☆ ခရစ်တော်က★ ‘‘အို–ဣသရေလူမျိုးတို့ ကျွန်ုပ်၏ ကံကြမ္မာရှင် သင်တို့၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ကြလော့၊ မည်သူမဆို ပရမတ်ဘုရားရှင်အား ရောပြွန်းကိုးကွယ်အံ့ ပရမတ်ဘုရားရှင်က သူ့အတွက် သုခဘုံကို တားမြစ်ထား၏။ အပူမီးသည်သာ သူ့အတွက် ခိုလှုံရာ ဖြစ်၏၊ အမှိုက်ကောင်များအတွက် ကူညီမည့်သူ မရှိချေ၊’’ဟု ဆို၏။
၇၃။ ☆၄း၁၇၁	**لَّقَدْ كَفَرَ الَّذِينَ قَالُواْ إِنَّ اللهَ ثَالِثُ ثَلاَثَةٍ وَمَا مِنْ إِلَـهٍ إِلاَّ إِلَـهٌ وَاحِدٌ وَإِن لَّمْ يَنتَهُواْ عَمَّا يَقُولُونَ لَيَمَسَّنَّ الَّذِينَ كَفَرُواْ مِنْهُمْ عَذَابٌ أَلِيمٌ۞**
	‘‘ပရမတ်ဘုရားရှင်သည် တြိကာယမှ တတိယမြောက် ဖြစ်၏’’ဟု☆ ဆိုသောသူသည် ဖုံးကွယ်သူဖြစ်၏၊ တစ်ပါးတည်းသော ဘုရားရှင်မှအပ အခြားဘုရားဟူ၍ မရှိပြီ၊ သူတို့၏ အပြောအဆိုများကို မရပ်စဲလျှင် သူတို့အနက် ဖုံးကွယ်သော သူများအား စူးနစ်သော ဝဋ်ကြွေးသည် ထိလတ္တံ့။
၇၄။	**أَفَلاَ يَتُوبُونَ إِلَى اللهِ وَيَسْتَغْفِرُونَهُ وَاللهُ غَفُورٌ رَّحِيمٌ۞**
	သူတို့သည် ပရမတ်ဘုရားရှင်ထံ၌ ခဝါချခြင်း လွတ်ငြိမ်းဆုပန်ခြင်းကို မပြုကြသလော၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၇၅။ ★ ၃း၁၄၄	**مَّا الْمَسِيحُ ابْنُ مَرْيَمَ إِلاَّ رَسُولٌ قَدْ خَلَتْ مِن قَبْلِهِ الرُّسُلُ وَأُمُّهُ صِدِّيقَةٌ كَانَا يَأْكُلاَنِ الطَّعَامَ انظُرْ كَيْفَ نُبَيِّنُ لَهُمُ الآيَاتِ ثُمَّ انظُرْ أَنَّى يُؤْفَكُونَ۞**
	မာရိ၏သား ယေရှု ခရစ်သည် ဉာဏ်စဉ်ဆောင် တစ်ပါးမျှသာ ဖြစ်၏၊ သူ့ ရှေ့အလျင် ဉာဏ်စဉ်ဆောင်များလည်း ပရိနိဗ္ဗာန်ပြုခဲ့ရပြီ၊★ သူ၏ မိခင်သည် သမာဓိရှင် ဖြစ်၏၊ သူတို့နှစ်ဦးလုံး အစာ စားသုံးလေ့ရှိ၏။[၃၃၈] ၎င်းတို့အား

(၃၃၈) ကုရ်အာန်ကျမ်းတော်သည် မည်သူ့ကိုမှ မစော်ကားပေ။ ကိုယ်တော်ယေရှုအား ဉာဏ်စဉ်ဆောင်ဟု ဆိုထားခြင်းသည်ပင် အစွယ်လာမ်သာသနာက အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်ဟု သတ်မှတ်ထားသော ကိုယ်တော်မုဟမ္မဒ်နှင့် အဆင့် အတူတူပင် ဖြစ်နေပေပြီ။ ထိုအပြင် မာရိအားလည်း သမာဓိရှင် ဖြစ်သည်ဆိုခြင်းမှာ မှတ်တမ်းတင် ဂုဏ်ပြုပေးထားခြင်း သက်သက်မျှ မဟုတ်ပေ၊ ထိုအတိုင်း ယုံကြည်လက်ခံရပေသည်။ သို့သော် နောက်လိုက် ဒကာ အပေါင်း၏ ပုဂ္ဂိုလ်ရေး အလွန်အကျူး တင်စားခြင်းကို ကျမ်းတော်က ပြတ်ပြတ်သားသား တားမြစ်ပေသည်။ ဤသုတ်တော်တွင် ကိုယ်တော် ယေရှုရော သူ၏မိခင် မာရိပါ အဟာရသိဒ္ဓိ ပြည့်နေသော၊ သူတို့ယုံကြည်သည့် နတ်သိကြား အဆင့်ရှိ လူသားများ၊ လူဘုရား လူတန်းစားများ မဟုတ်ကြောင်း၊ လူသားစင်စစ်များသာ ဖြစ်ကြောင်း ‘‘သူတို့နှစ်ဦးလုံး အစားအစာ စားသုံးရ၏’’ဟု ရှင်းလင်းစွာ သွန်သင်ထားခြင်း

	သူတ်ဒေသနာများအား မည်သို့ ရှင်းလင်းပြသည်ကို သင်ကြည့်လော့၊ တဖန် မည်သို့ လှည့်စားခံနေရကြောင်း သင်ကြည့်လော့။
၇၆။	**قُلْ أَتَعْبُدُونَ مِن دُونِ اللهِ مَا لاَ يَمْلِكُ لَكُمْ ضَرًّا وَلاَ نَفْعًا وَاللهُ هُوَ السَّمِيعُ الْعَلِيمُ۞** ''ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့အား ကောင်းကျိုး ဆိုးကျိုးသက်ရန် သြဇာအာဏာ မရှိရာများကို ကိုးကွယ်ကြ မည်လော၊'' ဟု မေးမြန်းလော့၊ ပရမတ်ဘုရားရှင်–ထိုအရှင်သည် ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်၏။
၇၇။	**قُلْ يَا أَهْلَ الْكِتَابِ لاَ تَغْلُواْ فِي دِينِكُمْ غَيْرَ الْحَقِّ وَلاَ تَتَّبِعُواْ أَهْوَاء قَوْمٍ قَدْ ضَلُّواْ مِن قَبْلُ وَأَضَلُّواْ كَثِيرًا وَضَلُّواْ عَن سَوَاء السَّبِيلِ۞** ဟောပြောလော့ ''အို– ကျမ်းစာဝိုင်းသားတို့၊ သင်တို့၏ သာသနာအား သစ္စာမဲ့စွာ မချဲ့ထွင်ကြနှင့်၊ ရှေ့အလျင်က လမ်းလွဲသွားသော၊ များစွာတို့ကို လမ်းလွဲစေသော၊ ပုံစံချိုး လမ်းစဉ်မှ လွဲချော်သွားသော လူမျိုးတို့၏ လိုဘနောက် သို့ မလိုက်နာကြနှင့်၊''
၇၈။	**لُعِنَ الَّذِينَ كَفَرُواْ مِن بَنِي إِسْرَائِيلَ عَلَى لِسَانِ دَاوُودَ وَعِيسَى ابْنِ مَرْيَمَ ذَلِكَ بِمَا عَصَوا وَّكَانُواْ يَعْتَدُونَ۞** ဣသရေလူမျိုးတို့အနက် ဖုံးကွယ်သော သူများသည် ဒါဝိဒ်နှင့် မာရိ၏သားယေရှုတို့၏[၃၃] နှတ်လျာမှ မေတ္တာမဲ့ခြင်းကို ခံရ၏၊ ၎င်းမှာ အာခံမှုနှင့် စည်းဖေါက်လေ့ရှိမှုများကြောင့် ဖြစ်၏။
၇၉။	**كَانُواْ لاَ يَتَنَاهَوْنَ عَن مُّنكَرٍ فَعَلُوهُ لَبِئْسَ مَا كَانُواْ يَفْعَلُونَ۞** သူတို့သည် သူစိမ်းဆန်သည့် ပြုလုပ်ခြင်းကို ဟန့်တားလေ့ မရှိ၊ အမင်္ဂလာကိုသာ ပြုလုပ်လေ့ရှိကြ၏။
၈၀။	**تَرَى كَثِيرًا مِّنْهُمْ يَتَوَلَّوْنَ الَّذِينَ كَفَرُواْ لَبِئْسَ مَا قَدَّمَتْ لَهُمْ أَنفُسُهُمْ أَن سَخِطَ اللهُ عَلَيْهِمْ وَفِي الْعَذَابِ هُمْ خَالِدُونَ۞** သူတို့အနက် များစွာသည် ဘက်လှည့်သွားသော ဖုံးကွယ်သောသူများ ဖြစ်ကြကြောင်း သင်မြင်တွေ့ရလိမ့်မည်။ သူတို့၏ စရိုက်သည် အမင်္ဂလာ၌ စုံရပ်ခံကြ၏။ ပရမတ်ဘုရားရှင်က သူတို့အား အမျက်တော်ရှ၏၊ သူတို့သည် ဝဋ်ကြွေးထဲ၌ အစဉ်ခံစားရမည်ပင်။
၈၁။	**وَلَوْ كَانُوا يُؤْمِنُونَ بِالله والنَّبِيِّ وَمَا أُنزِلَ إِلَيْهِ مَا اتَّخَذُوهُمْ أَوْلِيَاء وَلَكِنَّ كَثِيرًا مِّنْهُمْ فَاسِقُونَ۞** အကယ်၍ သူတို့သည် ပရမတ်ဘုရားရှင်၊ သတင်းတော်ဆောင်နှင့် သူ့ထံ၌ ချမှတ်ပေးရာကို ယုံကြည်ခြင်း ရှိလျှင် ထိုသူတို့အား မဟာမိတ်များ အဖြစ် ယူမှတ်မည် မဟုတ်ချေ။ သို့ရာတွင် သူတို့မှ အများစုသည် ယုတ်မာသူများ ဖြစ်

ဖြစ်ပေသည်။ ကိုယ်တော်ယေရှုသည်လည်း အစားအစာ စားရန် မလိုသော ခန္ဓာကိုယ်ဖြင့် ကောင်းကင်ယံ၌ လောကီအသက်ဖြင့် ရှိနေသည် ဆိုခြင်းကို ဤသုတ်တော် အရ အစွယ်လာမ် သာသနာက လက်မခံပေ။

(၃၃) ဤသုတ်တော်တွင် မာရိ၏သား ယေရှု (၃း၄၅ တွင်ကြည့်ပါ) နှင့် ဒါဝိဒ်မင်းကြီးကို ပူးတွဲဖေါ်ပြခြင်းမှာ ဣသရေလူမျိုးများ အနေဖြင့် ဒါဝိဒ် မင်းကြီး၏ အဆက်အနွယ်မှ ပရော်ဖက်တစ်ပါး ပွင့်ပေါ်မည်ဟု ယုံကြည်ထားကြပြီး (ဟေရှာယ ၇း၁၄)၊ ခရစ်ယာန်များကလည်း ယေရှုခရစ်သည် ဒါဝိဒ်မင်းကြီး၏ အမြစ်အနွယ် ဖြစ်သည်ဟု ခွင်းချက်မရှိ လက်ခံထားသောကြောင့် ဖြစ်ပေသည် (ရောမ ၁း၃၊ ဗျာဒိတ်ကျမ်း ၂၂း၂၆)။ ဤသုတ်တော်သည် ယေရှုခွဲ လူသားဖခင် ရှိကြောင်းကို ပြဆိုသော သက်သေများအနက် သက်သေ တစ်ရပ်ပင် ဖြစ်သည်၊ ယေရှုသည် ဒါဝိဒ်မင်းကြီးနှင့် အမျိုး တော်စပ်ရန်မှာ သမ္မာကျမ်းစာ အရ မိခင်မာရိဘက်မှ မည်သို့မှ ဆက်စပ်မှု မရှိပေ။ သမ္မာကျမ်းစာတွင် ယေရှု၏ မိခင်မာရိကို အမည်နာမအားဖြင့် ၃၂ ကြိမ် ဖေါ်ပြ ထားပြီး သူမသည် ဒါဝိဒ်မင်းကြီးနှင့် အမျိုးတော်စပ်သည်ဟု ဖေါ်ပြခြင်း လုံးဝ မရှိပေ။ သူမ၏ ခင်ပွန်း ယောသပ်သည်သာ ဒါဝိဒ်မင်းကြီးနှင့် အမျိုးတော်ကြောင်း မဿဲ ၁း၂၀၊ လုကာ ၁း၂၇ တွင် ထင်ရှားစွာ ပြောထားပေသည်။ မာရိသည် ယောသပ်နှင့် ထိမ်းမြားသောကြောင့်သာ ဒါဝိဒ်မင်းကြီး၏ အမျိုးအနွယ်နှင့် ပတ်သက်ခွင့်ရကြောင်း တွေ့ရပေသည်။ ကိုယ်တော် ယေရှုသည် ယောသပ်၏ သားအရင်း မဟုတ်လျှင် ဒါဝိဒ် မင်းကြီးနှင့် အမျိုးရင်း တော်စပ်ရန် မည်သို့မှ မဖြစ်နိုင်ပေ။ (ဖိ၁၈ တွင် ဆက်ကြည့်ပါ)။

	ကြ၏။
၈၂။	**لَتَجِدَنَّ أَشَدَّ النَّاسِ عَدَاوَةً لِّلَّذِينَ آمَنُواْ الْيَهُودَ وَالَّذِينَ أَشْرَكُواْ وَلَتَجِدَنَّ أَقْرَبَهُمْ مَّوَدَّةً لِّلَّذِينَ آمَنُواْ الَّذِينَ قَالُوَاْ إِنَّا نَصَارَى ذَلِكَ بِأَنَّ مِنْهُمْ قِسِّيسِينَ وَرُهْبَانًا وَأَنَّهُمْ لاَ يَسْتَكْبِرُونَ۞** ယုံကြည်သောသူများအပေါ် အပြင်းထန်ဆုံး စည်းဖေါက်သည့် လူသားများမှာ ရေဝတီများနှင့် ရောပြွန်းကိုးကွယ်သော သူများ ဖြစ်သည်ကို သင်တွေ့ရလတ္တံ့၊ ယုံကြည်သော သူများအပေါ် အနီးဆုံး လိုလားသူများမှာ ‘‘ကျွန်ုပ်တို့သည် ခရစ်ယာန်များပင်၊’’ဟု ဆိုသော သူများကို တွေ့ရလတ္တံ့၊ ၎င်းမှာ သူတို့၌ ရှိသော ပညာတတ်များနှင့်၉၀ ဘုန်းတော်ကြီးများကြောင့် ဖြစ်၏။ သူတို့သည် မာနထောင်လွှားခြင်း မရှိကြချေ–[1]
၈၃။	**وَإِذَا سَمِعُواْ مَا أُنزِلَ إِلَى الرَّسُولِ تَرَى أَعْيُنَهُمْ تَفِيضُ مِنَ الدَّمْعِ مِمَّا عَرَفُواْ مِنَ الْحَقِّ يَقُولُونَ رَبَّنَا آمَنَّا فَاكْتُبْنَا مَعَ الشَّاهِدِينَ۞** ဉာဏ်စဉ်ဆောင်အား ချမှတ်ပေးရာကို ကြားနာရသောအခါ သစ္စာတရား ဖြစ်သည်ဟု သိမှတ်လျက် မျက်လုံးများမှ မျက်ရည်များ ပြည့်လျှံလာသည်ကို သင် မြင်ရလိမ့်မည်။ သူတို့ ဆုတောင်းသည်မှာ ‘‘အို– ကံကြမ္မာရှင် တပည့်တော်တို့ ယုံကြည်ပါ၏၊ တပည့်တော်တို့အား သက်သေတည်သူများနှင့်အတူ မှတ်တမ်းတင်တော်မူပါ။–
၈၄။	**وَمَا لَنَا لاَ نُؤْمِنُ بِاللّهِ وَمَا جَاءنَا مِنَ الْحَقِّ وَنَطْمَعُ أَن يُدْخِلَنَا رَبُّنَا مَعَ الْقَوْمِ الصَّالِحِينَ۞** သစ္စာတရားမှ တပည့်တော်တို့ထံ ရောက်လာသည့် အရာနှင့် ပရမတ်ဘုရားရှင်အား တပည့်တော်တို့ မယုံကြည်နိုင်ရန် မရှိပါ၊ အို– ကံကြမ္မာရှင်၊ တပည့်တော်တို့အား ပြုပြင်သော လူမျိုးနှင့်အတူ ဝင်ခွင့်ရရန် မျှော်လင့်ပါ၏။’’ဟု ဖြစ်၏။
၈၅။	**فَأَثَابَهُمُ اللّهُ بِمَا قَالُواْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا وَذَلِكَ جَزَاء الْمُحْسِنِينَ۞** ထိုရင့်ကျူးမှုများကြောင့် ပရမတ်ဘုရားရှင်သည် အစဉ်စံစားစေရန် အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများကို သူတို့၏ အကျိုးဆက် ဖြစ်စေပြီ။ ဤသည် သုမင်္ဂလာပြုသူတို့ အတွက် အစားပေးခြင်းဖြစ်၏။
၈၆။	**وَالَّذِينَ كَفَرُواْ وَكَذَّبُواْ بِآيَاتِنَا أُوْلَئِكَ أَصْحَابُ الْجَحِيمِ۞** ငါ၏ သုတ်ဒေသနာများကို ဖုံးကွယ်သောသူများ၊ ငြင်းဆန်သူများ–ထိုသူများသည် ငရဲမီး၏ ပေါင်းဖော်များ ဖြစ်ကြ၏။
၈၇။	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تُحَرِّمُواْ طَيِّبَاتِ مَا أَحَلَّ اللّهُ لَكُمْ وَلاَ تَعْتَدُواْ إِنَّ اللّهَ لاَ يُحِبُّ الْمُعْتَدِينَ۞** အို– ယုံကြည်သောသူတို့ ပရမတ်ဘုရားရှင်က သင်တို့အတွက် တရားဝင်ပြုထားသည့် စင်ကြယ်ရာများကို မတားမြစ်နှင့်၊ စည်းမဖေါက်ကြနှင့်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် စည်းဖေါက်သူများကို နှစ်သက်တော်မမူချေ။
၈၈။	**وَكُلُواْ مِمَّا رَزَقَكُمُ اللّهُ حَلاَلاً طَيِّبًا وَاتَّقُواْ اللّهَ الَّذِيَ أَنتُم بِهِ مُؤْمِنُونَ۞** ပရမတ်ဘုရားရှင်က သင်တို့အတွက် တရားဝင်ပြုသော စင်ကြယ်ရာ ရိက္ခာများကို စားသုံးကြလော့၊ သင်တို့သည် ယုံကြည်မှု၌ ရှိသူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်အား စည်းစောင့်ကြကုန်လော့၊
၈၉။	**لاَ يُؤَاخِذُكُمُ اللّهُ بِاللَّغْوِ فِي أَيْمَانِكُمْ وَلَكِن يُؤَاخِذُكُم بِمَا عَقَّدتُّمُ الأَيْمَانَ فَكَفَّارَتُهُ إِطْعَامُ عَشَرَةِ مَسَاكِينَ مِنْ أَوْسَطِ مَا تُطْعِمُونَ أَهْلِيكُمْ أَوْ كِسْوَتُهُمْ أَوْ تَحْرِيرُ رَقَبَةٍ فَمَن لَّمْ يَجِدْ فَصِيَامُ ثَلاَثَةِ أَيَّامٍ ذَلِكَ كَفَّارَةُ أَيْمَانِكُمْ إِذَا حَلَفْتُمْ وَاحْفَظُواْ أَيْمَانَكُمْ كَذَلِكَ يُبَيِّنُ اللّهُ لَكُمْ آيَاتِهِ لَعَلَّكُمْ تَشْكُرُونَ۞** ပရမတ်ဘုရားရှင်သည် သင်တို့၏ ပွစိပွစိ အားစိုက်မှု အတွက် အရေးယူမည် မဟုတ်ချေ။ သို့သော် ကတိထုံးဖွဲ့

(၃၄၀) **قِسِّيسِ ကီဆီးဆေ့ဆ်** ဆိုသည်မှာ ညဉ့်ယံ၌ တရားဘာဝနာ အားထုတ်သော သူတော်ကောင်း ပညာတတ်များကို ခေါ်ပေသည်။

	အားစိုက်မှုများကို အရေးယူတော်မူမည်။ ထိုအတွက် ပလပ်ခွင့်မှာ သင်တို့၏ အိမ်သားများကို ကျွေးမွေးသည့် တန်းတူ နွမ်းပါးသူ ဆယ်ဦးကို ကျွေးမွေးရမည်။ သို့မဟုတ် ဆင်ယင်ပေးရမည်။ သို့မဟုတ် ကျွန်တစ်ဦးကို လွှတ်ပေးရမည်။ ထိုသို့ ကိုယ်တွေ့မဖြစ်နိုင်သူသည် ဥပုသ် သုံးရက် စောင့်တည်ရမည်။ ဤသည် အားသန်စွာတိုင်တည် ထားစဉ် ထို အားစိုက်မှု အတွက် ပလပ်စေခြင်းပင်။ သင်တို့၏ တိုင်တည်မှုကို စောင့်ထိန်းကြလော့။ ဤသည်တို့မှာ ပရမတ် ဘုရားရှင်က သင်တို့ ကျေးဇူးသိတတ်အံ့ငှာ သင်တို့အတွက် သုတ်ဒေသနာများကို ရှင်လင်းချက်ပင် ဖြစ်၏။
၉၀။ ★၅း၃	**يَا أَيُّهَا الَّذِينَ آمَنُواْ إِنَّمَا الْخَمْرُ وَالْمَيْسِرُ وَالأَنصَابُ وَالأَزْلاَمُ رِجْسٌ مِّنْ عَمَلِ الشَّيْطَانِ فَاجْتَنِبُوهُ لَعَلَّكُمْ تُفْلِحُونَ۞** အို– ယုံကြည်သောသူတို့– ယစ်မူးခြင်း၊ လောင်းကစားခြင်း၊ အကိုးထိုးခြင်း၊★ ကံစမ်းမြှားပစ်ခြင်းများသည် မကောင်းဆိုးဝါး၏ ကျင့်ကြံမှု အညစ်အကြေးများ ဖြစ်၏။ သင်တို့ အောင်မြင်ပေါက်မြောက်အံ့ငှာ ၎င်းတို့မှ ကင်းသန့်ကြလော့။
၉၁။ ၂း၂၁၉ ☆ ၂း၃	**إِنَّمَا يُرِيدُ الشَّيْطَانُ أَن يُوقِعَ بَيْنَكُمُ الْعَدَاوَةَ وَالْبَغْضَاء فِي الْخَمْرِ وَالْمَيْسِرِ وَيَصُدَّكُمْ عَن ذِكْرِ اللّهِ وَعَنِ الصَّلاَةِ فَهَلْ أَنتُم مُّنتَهُونَ۞** မကောင်းဆိုးဝါးသည် မူးယစ်သေစာ၊ လောင်းကစားတို့၌ သင်တို့ချင်းကြား စည်းဝေါက်မှုနှင့် အာဃာတ တည်တံ့စေရန်သာ လိုလား၏။ ပရမတ်ဘုရားရှင်အား သတိရရှုမှတ်ခြင်း ဝတ်ပြုခြင်းများကို☆ ဖယ်ခိုင်း၏။ သင်တို့သည် ချင့်ချိန်သူများ ဖြစ်ကြမည်လော။
၉၂။ ရှင်းလင်းချက်	**وَأَطِيعُواْ اللّهَ وَأَطِيعُواْ الرَّسُولَ وَاحْذَرُواْ فَإِن تَوَلَّيْتُمْ فَاعْلَمُواْ أَنَّمَا عَلَى رَسُولِنَا الْبَلاَغُ الْمُبِينُ۞** ပရမတ်ဘုရားရှင်အား နာခံကြလော့၊ ဉာဏ်စဉ်ဆောင်အား နာခံကြလော့၊ အမြဲသတိရှိကြလော့၊ အကယ်၍ သင်တို့ လှည့်သွားကြလျှင် သိကြကုန်လော့ ငါ့ ဉာဏ်စဉ်ဆောင်၏ ဝန်တာမှာ **ဓမ္မ**ကို ဆိုက်ရောက်စေရန်သာ ဖြစ်၏။
၉၃။	**لَيْسَ عَلَى الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ جُنَاحٌ فِيمَا طَعِمُواْ إِذَا مَا اتَّقَواْ وَّآمَنُواْ وَعَمِلُواْ الصَّالِحَاتِ ثُمَّ اتَّقَواْ وَّآمَنُواْ ثُمَّ اتَّقَواْ وَّأَحْسَنُواْ وَاللّهُ يُحِبُّ الْمُحْسِنِينَ۞** စားမိခဲ့သည်များကြောင့် ယုံကြည်လျက် ပြုပြင်မှု ကျင့်ကြံသောသူများ အပေါ်၌ အပြစ်မရှိပေ၊ စည်းစောင့်ယုံကြည်သောအခါ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံကြလော့၊ တဖန် စည်းစောင့် ယုံကြည်ကြလော့၊ တဖန် စည်းစောင့်၍ သုမင်္ဂလာပြုကြလော့၊ ပရမတ်ဘုရားရှင်သည် သုမင်္ဂလာပြုသူများကို နှစ်သက်တော်မူ၏။
၉၄။	**يَا أَيُّهَا الَّذِينَ آمَنُواْ لَيَبْلُوَنَّكُمُ اللّهُ بِشَيْءٍ مِّنَ الصَّيْدِ تَنَالُهُ أَيْدِيكُمْ وَرِمَاحُكُمْ لِيَعْلَمَ اللّهُ مَن يَخَافُهُ بِالْغَيْبِ فَمَنِ اعْتَدَى بَعْدَ ذَلِكَ فَلَهُ عَذَابٌ أَلِيمٌ۞** အို– ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်အား မည်သူက စကျွလွန်၍ ကြောက်ရွံ့ရိုကျိုးမှုရှိသည်ကို သိစေအံ့ငှာ ပရမတ်ဘုရားရှင်သည် သင်တို့၏ လက်များ သို့မဟုတ် ကရိယာများဖြင့် ဖမ်းဆီးရမိသော အမဲများ စသောအရာများဖြင့် စုံစမ်းတော်မူမည်။ ဤနောက်တွင်မှ စည်းဝေါက်သော မည်သူ့အတွက်မဆို ဈေးနှစ်သော ဝဋ်ကြွေးသည် ရှိနေ၏။
၉၅။	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَقْتُلُواْ الصَّيْدَ وَأَنتُمْ حُرُمٌ وَمَن قَتَلَهُ مِنكُم مُّتَعَمِّدًا فَجَزَاء مِّثْلُ مَا قَتَلَ مِنَ النَّعَمِ يَحْكُمُ بِهِ ذَوَا عَدْلٍ مِّنكُمْ هَدْيًا بَالِغَ الْكَعْبَةِ أَوْ كَفَّارَةٌ طَعَامُ مَسَاكِينَ أَو عَدْلُ ذَلِكَ صِيَامًا لِّيَذُوقَ وَبَالَ**

☆၅း၁	**أَمْرِهِ عَفَا اللهُ عَمَّا سَلَفَ وَمَنْ عَادَ فَيَنتَقِمُ اللهُ مِنْهُ وَاللهُ عَزِيزٌ ذُو انْتِقَامٍ۞** အို– ယုံကြည်သောသူတို့၊ သင်တို့သည် သင်္ကန်းဝတ်ရုံထားစဉ် အမဲလိုက် သတ်ဖြတ်မှု မပြုကြနှင့်၊☆ သင်တို့အနက် မတော်တဆ သတ်ဖြတ်သူသည် သတ်မိသည်နှင့် ညီမျှသော ကပ်ဒယသတ္တဝါများကို အစားပေးရမည်။[၄၄] ထိုအမှုကို သင်တို့မှ တန်းတူစိတ်ရှိသူ နှစ်ဦးက စီရင်ထုံးဖြတ်ရ၍ ကာအ်ဘာကျောင်းတော်သို့ အလှူဝတ္ထုအဖြစ် ဆိုက်ရောက်စေရမည်။ သို့မဟုတ် နွမ်းပါးသူတို့အား ကျွေးမွေးခြင်းဖြင့် ပလပ်စေရမည်။ သို့မဟုတ် ထိုနှင့်အညီ ဥပုသ်စောင့်တည်ရမည်။ ဤသည် သူ့အစီအမံ၏ အကျိုးဆက်ကိုသူ မြည်းစမ်းရခြင်းပင်။ ပရမတ်ဘုရားရှင်သည် အတိတ်ဖြစ်ရပ်များကို ကျေအေးတော်မူ၏၊ ပရမတ်ဘုရားရှင်သည် ဆက်လုပ်သူအား တန်ပြန်စေတော်မူမည်၊ ပရမတ်ဘုရားရှင်သည် ဘုန်းတော် အရှင် တန်ပြန်စေသော အရှင် ဖြစ်၏။
၉၆။	**أُحِلَّ لَكُمْ صَيْدُ الْبَحْرِ وَطَعَامُهُ مَتَاعًا لَّكُمْ وَلِلسَّيَّارَةِ وَحُرِّمَ عَلَيْكُمْ صَيْدُ الْبَرِّ مَا دُمْتُمْ حُرُمًا وَاتَّقُواْ اللهَ الَّذِيَ إِلَيْهِ تُحْشَرُونَ۞** သင်တို့နှင့် ခရီးသည်တို့၏ ချမ်းမြေ့အံ့ငှာ ရေသတ္တဝါများကို တံငါလုပ် စားခြင်းသည် သင်တို့အတွက် တရားဝင်၏၊ သင်္ကန်းဝတ်ရုံထားသမျှ ကုန်းမြေတွင် အမဲလိုက်ခြင်းကို တားမြစ်တော်မူပြီ၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ အရှင့်ထံ၌သာ စုစည်းခံရမည်သာတည်း။
၉၇။ ★၂း၁၉၇ ☆၅း၂	**جَعَلَ اللهُ الْكَعْبَةَ الْبَيْتَ الْحَرَامَ قِيَامًا لِّلنَّاسِ وَالشَّهْرَ الْحَرَامَ وَالْهَدْيَ وَالْقَلآئِدَ ذَلِكَ لِتَعْلَمُواْ أَنَّ اللهَ يَعْلَمُ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَأَنَّ اللهَ بِكُلِّ شَيْءٍ عَلِيمٌ۞** ပရမတ်ဘုရားရှင်သည် လူသားတို့အတွက် ရပ်တည်ရန် ဘေးမဲ့ ကျောင်းတော်အဖြစ် ကအ်ဘာ၊[၄၂] ဘေးမဲ့လများ၊★ အလှူဝတ္ထုများ၊ ပန်းကုံးများကို☆ စီစဉ်တော်မူ၏။ ဤသည်မှာ ပရမတ်ဘုရားရှင်သည် မိုးများအတွင်း မြေအတွင်း ရှိနေသည်များကို သိနေတော်မူကြောင်း သင်တို့ သိကြစေရန် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား သိနေသော အရှင် ဖြစ်၏၊
၉၈။	**اعْلَمُواْ أَنَّ اللهَ شَدِيدُ الْعِقَابِ وَأَنَّ اللهَ غَفُورٌ رَّحِيمٌ۞** သိကြလော့၊ ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ ချုပ်ကိုင်သောအရှင်၊ လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်၏။
၉၉။ သတင်းပေးရန်	**مَّا عَلَى الرَّسُولِ إِلاَّ الْبَلاَغُ وَاللهُ يَعْلَمُ مَا تُبْدُونَ وَمَا تَكْتُمُونَ۞** ဉာဏ်စဉ်ဆောင်၌ ဝန်တာမှာ– ပရမတ်ဘုရားရှင်သည် ဖွင့်ဟရာများ၊ ထိန်ဝှက်ရာများကို သိနေတော်မူကြောင်း ဆိုက်ရောက်စေရန်သာ ဖြစ်၏။

(၃၄၁) အစွယ်လာမ်ဘာသာ၌ သက်သတ်လွတ်စားရန် တိုက်တွန်းထားသော သွန်သင်ချက်များ မရှိပေ။ သက်သတ်လွတ် စားသုံးများအား ပြစ်တင်ပုတ်ခတ်ခြင်းလည်း မရှိပေ။ လူသား၌ လိုအပ်သော အစားအဟာရများမှ ကျမ္မာသန့်စင်သော အရာများကို ခွင့်ပြုထားပေသည်။ သို့သော် သတ္တဝါများအား အချိန်အခါရွေး လိုက်လံသတ်ဖြတ်ခြင်းကို တားမြစ်ပေသည်။ အထူးသဖြင့် ဤသုတ်တော်သည် တောရိုင်းတိရိစ္ဆာန် ကာကွယ် စောင့်ရှောက်ရေးကို သွန်သင်ခြင်း ဖြစ်သည်။ ကံဆောင်ပရိဝါသ်ပြုရန် ရည်ရွယ်၍ ခရီးသွားစဉ် လမ်းခရီး၌ အလွန်တရာ အရေးကြုံ၍ အသက် ဆက်ရန် တောတိရိစ္ဆာန်များကို အမဲလိုက်စားမိသည်မှ အပ၊ ရည်ရွယ်ချက်ဖြင့် အမဲလိုက်ခြင်းကို တားမြစ်သည့်အပြင် သတ်မိသော အမဲနှင့် အညီ အိမ်မွေးတိရိစ္ဆာန်ကို အစားပြန်ပေးရမည် ဖြစ်သည်။ ထိုစဉ်က ကအ်ဘာကျောင်းတော်သည် လူအများ စုပေါင်းဆုံဆည်းရာ ထင်ရှားသော မြို့ပြဖြစ်၍ မြို့ပြပတ်ဝန်းကျင်၌ သဘာဝထိန်းသိမ်းမှုများ ပျောက်ကွယ် မသွားစေရန်လည်း ရည်ရွယ်ပေသည်။ ကျမ်းတော်သည် လူသား အပေါင်းတို့ အတွက် နမူနာယူနိုင်စေရန် သွန်သင်သောကြောင့် မည်သည့် မြို့ပြတည်ဆောက်မှုများကို မဆို တည်ဆောက်ရာ၌ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းထားမှုများလည်း မလုပ်မဖြစ် ပြုလုပ်ရမည့် တာဝန်ဖြစ်ကြောင်းကို သွန်သင်ခြင်း ဖြစ်ပေသည်။

(၃၄၂) ကျမ်းမြတ်ကုရ်အာန်တွင် မြင့်မြတ်သော ဌာန၊ ဗိမာန်အဖြစ် ကအ်ဘာ ဝတ်ကျောင်းတော် တစ်ခုတည်းကိုသာ အသိအမှတ် ပြုပြောဆိုပေသည် အခြားသော ဝတ်ကျောင်းတော်များ ဌာနခွဲများ အဖြစ် သတ်မှတ်နိုင်သော်လည်း ကအ်ဘာ ကျောင်းတော်ကဲ့သို့ မြင့်မြတ်သော ကျောင်းတော် အဖြစ် တတန်းတစားတည်း မမှတ်ယူသင့်ပေ။ ထိုသို့မှတ်ယူခြင်းကြောင့် အယူသည်းမှုများ ဖြစ်လာကာ နိုင်ငံရေး ပရောဂဠ် မွတ်ဆလင်များ နစ်မွန်းနေရသည်မှာ ငြင်းနိုင်ဘွယ် မရှိချေ။

၁၀၀။	**قُل لاَّ يَسْتَوِي الْخَبِيثُ وَالطَّيِّبُ وَلَوْ أَعْجَبَكَ كَثْرَةُ الْخَبِيثِ فَاتَّقُواْ اللّهَ يَا أُوْلِي الأَلْبَابِ لَعَلَّكُمْ تُفْلِحُونَ۝** ဟောပြောလော့ ‘‘မသန့်ပြန့်ရာများ ပေါများခြင်းကြောင့် သင့်အား အံ့ဩစေလောက်သော်လည်း မသန့်ပြန့်ရာသည် စင်ကြယ်ရာနှင့် မတူညီချေ။ အို သဘောပေါက်နိုင်စွမ်း ရှိသူတို့– အောင်မြင်ပေါက်မြောက်အံ့ဌာ ပရမတ်ဘုရားရှင်အား သင်တို့ စည်းစောင့်ကြလော့။
၁၀၁။	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَسْأَلُواْ عَنْ أَشْيَاء إِن تُبْدَ لَكُمْ تَسُؤْكُمْ وَإِن تَسْأَلُواْ عَنْهَا حِينَ يُنَزَّلُ الْقُرْآنُ تُبْدَ لَكُمْ عَفَا اللّهُ عَنْهَا وَاللّهُ غَفُورٌ حَلِيمٌ۝** အို– ယုံကြည်သောသူတို့၊ သင်တို့အား ဖွင့်ပြောလိုက်လျှင် အကုသိုလ်သင့်နိုင်မည့် အရာများကို သင်တို့ မမေးကြကုန်နှင့်၊ သို့သော် ကုရ်အာန်ကို ကိန်းဝပ်ချမှတ်ပေးနေစဉ် မေးမြန်းကြလျှင် သင်တို့အတွက် ဖေါ်ပြနိုင်၏။ ထိုၤ ပရမတ်ဘုရားရှင်သည် ကျေအေးတော်မူ၏။ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် နူးညံ့သိမ်မွေ့သောအရှင် ဖြစ်၏။
၁၀၂။	**قَدْ سَأَلَهَا قَوْمٌ مِّن قَبْلِكُمْ ثُمَّ أَصْبَحُواْ بِهَا كَافِرِينَ۝** မုချပင် သင်တို့၏ ရှေ့အလျင် လူမျိုးသည်လည်း မေးမြန်းခဲ့ကြပြီ၊ ပြီးနောက်မှ ၎င်း၌ ဖုံးကွယ်သူများ ဖြစ်သွားခဲ့၏။
၁၀၃။	**مَا جَعَلَ اللّهُ مِن بَحِيرَةٍ وَلاَ سَآئِبَةٍ وَلاَ وَصِيلَةٍ وَلاَ حَامٍ وَلَكِنَّ الَّذِينَ كَفَرُواْ يَفْتَرُونَ عَلَى اللّهِ الْكَذِبَ وَأَكْثَرُهُمْ لاَ يَعْقِلُونَ۝** **နို့ကိုး၊ အသက်ကိုး၊ အမနှစ်ကြိမ်မွေး၊ သက်စေ့မျိုးစပ်တို့အား ပသရမည်ဟု**[၃၄] ပရမတ်ဘုရားရှင်က စီစဉ်တော်မမူချေ။ သို့သော် ဖုံးကွယ်သော သူတို့သည်ကား ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်လည် လုပ်ကြံဖန်တီးကြကုန်၏။ သူတို့အနက် အများစုသည် အတွေးအခေါ် မရှိကြချေ။
၁၀၄။	**وَإِذَا قِيلَ لَهُمْ تَعَالَوْاْ إِلَى مَا أَنزَلَ اللّهُ وَإِلَى الرَّسُولِ قَالُواْ حَسْبُنَا مَا وَجَدْنَا عَلَيْهِ آبَاءنَا أَوَلَوْ كَانَ آبَاؤُهُمْ لاَ يَعْلَمُونَ شَيْئًا وَلاَ يَهْتَدُونَ۝** သူတို့အား ‘‘ပရမတ်ဘုရာရှင် ချမှတ်ပေးရာဘက်သို့၊ ဉာဏ်စဉ်ဆောင်၏ ဘက်သို့ လာကြလော့’’ဟု ပြောသောအခါ၊ ‘‘ကျွန်ုပ်တို့၏ မိရိုးဖလာ ထွေ့ရှိမှုသည် ကျွန်ုပ်တို့အတွက် စရင်းချုပ်နေပြီ’’ဟု ပြန်ပြောကြ၏။ သူတို့၏ ရှိရင်းစွဲ မိရိုးဖလာသည် အသိပညာ တစ်စုံတစ်ရာမျှ မရှိ၊ လမ်းညွှန်မှန်လည်း မရှိခဲ့ချေ။
၁၀၅။	**يَا أَيُّهَا الَّذِينَ آمَنُواْ عَلَيْكُمْ أَنفُسَكُمْ لاَ يَضُرُّكُم مَّن ضَلَّ إِذَا اهْتَدَيْتُمْ إِلَى اللّهِ مَرْجِعُكُمْ جَمِيعًا فَيُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ۝** အို– ယုံကြည်သောသူတို့ သင်တို့၏ ဉာဉ်စရိုက်အတွက် သင်တို့၌သာ ဝတ္တရားရှိ၏။ သင်တို့သည် လမ်းညွှန်ခံနေရလျှင် လမ်းလွဲသူသည် သင်တို့အား မနစ်နာစေနိုင်ပေ၊ သင်တို့ အားလုံး ပရမတ်ဘုရားရှင်၏ထံသို့သာ အပြန်ခရီးရှိ၏၊ သင်တို့၏ ကျင့်ကြံလေ့ရှိခဲ့ရာတို့အား သတင်းထုတ်ပြန်တော်မူလတ္တံ့။
၁၀၆။	**يا أَيُّهَا الَّذِينَ آمَنُواْ شَهَادَةُ بَيْنِكُمْ إِذَا حَضَرَ أَحَدَكُمُ الْمَوْتُ حِينَ الْوَصِيَّةِ اثْنَانِ ذَوَا عَدْلٍ مِّنكُمْ أَوْ آخَرَانِ مِنْ غَيْرِكُمْ إِنْ أَنتُمْ ضَرَبْتُمْ فِي الأَرْضِ فَأَصَابَتْكُم مُّصِيبَةُ الْمَوْتِ تَحْبِسُونَهُمَا مِن بَعْدِ الصَّلاَةِ فَيُقْسِمَانِ**

(၃၄) ရိုးရာကိုးကွယ်သည့် ဆင်းတုများ အတွက် နို့ရည် လှူ၍ ကိုးထားသော တိရိစ္ဆာန်မများကို **ဗဟီရားဟ် (နို့ပင်လယ်)**။ ဇိဝိတ ဒါန ဘေးမဲ့ပေး ကိုးထားသော တိရိစ္ဆာန်များကို **ဆာအိဘတ်**။ အမနှစ်ကြိမ် ဆက်တိုက်မွေး၍ ဘေးမဲ့ကပ်လှူထားသော တိရိစ္ဆာန်များကို **ဝဆ်ဒီးလဟ်**၊ သတ်မှတ်သော အရေအတွက် ပြည့်အောင် မျိုးစပ်ပြီးဖြစ်၍ ဘေးမဲ့ကပ်လှူထားသော တိရိစ္ဆာန်အထီးများကို **ဟမ်း** (အပူကောင်) ဟု ခေါ်ပေသည်။ ထိုသို့ ရိုးရာ ပသမှုများကို ပရမတ်ဘုရားရှင်က ပညတ်ခြင်း မဟုတ်ကြောင်းကို ဤသုတ်တော်က ရှင်းလင်းတင်ပြခြင်း ဖြစ်ပေသည်။

တိုင်း တပါး သို့ ☆၂း၃	**بِاللهِ إِنِ ارْتَبْتُمْ لاَ نَشْتَرِي بِهِ ثَمَنًا وَلَوْ كَانَ ذَا قُرْبَى وَلاَ نَكْتُمُ شَهَادَةَ اللهِ إِنَّا إِذًا لَّمِنَ الآثِمِينَ۞** အို– ယုံကြည်သောသူတို့၊ သင်တို့အနက် တစ်စုံတစ်ယောက်သည် ကွယ်လွန်ချိန် တန်လာ၍ သေတမ်းစာရေး သောအခါ သင်တို့မှ တန်းတူစိတ်ရှိသူ နှစ်ဦးကို မျက်မှောက်သက်သေ အဖြစ်ထားရမည်။ သို့တည်းမဟုတ် **ကမ္ဘာမြေ၌** ခရီးသွားနေစဉ် သေခြင်းကျရောက် ထိသက်လာလျှင် သင်တို့ မဟုတ်သောသူများထဲမှ ဖြစ်နိုင်သည်။ သူတို့အား သံသယရှိကြလျှင် သူတို့အား ဝတ်ပြုပြီးသည်ထိ☆ ချုပ်ထိန်းထားပြီး ပရမတ်ဘုရားရှင်အား တိုင်တည်လျက် ''ဆွေမျိုးနီးစပ် ဖြစ်လင့်ကစား၎င်းကို တန်ဘိုးဖြင့် မရောင်းစားပါ၊ ပရမတ်ဘုရားရှင်၏ သက်သေတည်စေသော ပညတ်ကို မထိန်ဝှက်ပါ၊ ဤသို့ပြုခဲ့သော်၊ ကျွန်ုပ်တို့သည် အကုသိုလ်သင့်သူများမှ ဖြစ်ပါစေ၊''ဟု ကျမ်းကျိန်စေလော့။
၁၀၇။	**فَإِنْ عُثِرَ عَلَى أَنَّهُمَا اسْتَحَقَّا إِثْمًا فَآخَرَانِ يِقُومَانُ مَقَامَهُمَا مِنَ الَّذِينَ اسْتَحَقَّ عَلَيْهِمُ الأَوْلَيَانِ فَيُقْسِمَانِ بِاللهِ لَشَهَادَتُنَا أَحَقُّ مِن شَهَادَتِهِمَا وَمَا اعْتَدَيْنَا إِنَّا إِذًا لَّمِنَ الظَّالِمِينَ۞** အကယ်၍ ထိုနှစ်ဦးသည် အပြစ်ရှိကြောင်း အမှန်ကို ရှာဖွေတွေ့ရှိစေလျှင်၊ ထိုရပ်တည်သူနှစ်ဦး အစား သူတို့အတွက် အမှန်တရားသို့ ဘက်လှည့်သော နှစ်ဦးအား ရပ်တည်စေ၍ ''ကျွန်ုပ်တို့၏ သက်သေခံချက်သည် ထိုနှစ်ဦး သက်သေခံချက်ထက် ပို၍ မှန်ပါသည်၊ အကယ်၍ ကျွန်ုပ်တို့သည် စည်းဖေါက်ကြပါမူ၊ အမိုက်ကောင်များမှ ဖြစ်ကြပါစေ၊''ဟု ပရမတ်ဘုရားရှင်ထံ တိုင်တည်စေလော့။
၁၀၈။	**ذَلِكَ أَدْنَى أَن يَأْتُواْ بِالشَّهَادَةِ عَلَى وَجْهِهَا أَوْ يَخَافُواْ أَن تُرَدَّ أَيْمَانٌ بَعْدَ أَيْمَانِهِمْ وَاتَّقُوا اللهَ وَاسْمَعُواْ وَاللهُ لاَ يَهْدِي الْقَوْمَ الْفَاسِقِينَ۞** ဤသည် မျက်နှာရသောစေ သက်သေခံချက်ကို ဆိုက်ရောက်စေရန် သို့မဟုတ် သူတို့၏ ကျမ်းကျိန်ပြီးနောက် ထပ်ဆင့် ကျမ်းကျိန်ခံရခြင်းမှ စိုးကြောက်စေရန် အနီးစပ်ဆုံးပင် ဖြစ်၏။ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ နာယူကြလော့၊ ပရမတ်ဘုရားရှင်သည် ယုတ်မာသော လူမျိုးအား လမ်းညွှန်တော်မမူချေ။
၁၀၉။	**يَوْمَ يَجْمَعُ اللهُ الرُّسُلَ فَيَقُولُ مَاذَا أُجِبْتُمْ قَالُواْ لاَ عِلْمَ لَنَا إِنَّكَ أَنتَ عَلاَّمُ الْغُيُوبِ۞** ပရမတ်ဘုရားရှင်က ဉာဏ်စဉ်ဆောင်များအား စုပေါင်းစေသောနေ့၌ ''မည်သို့ တုန့်ပြန်ခံရသနည်း၊''ဟု မေးသော်၊ ''တပည့်တော်တို့သည် အသိပညာ မရှိပါ၊ အရှင်သည်သာ စကွဲလွန်များကို သိနေသော အရှင် ဖြစ်ပါ၏''ဟု လျှောက်ကြလတ္တံ့။
၁၁၀။ ☆၃း၄၅ ★၂း၈၇ ❖ ၃း၄၆ ✡၄း၄၉	**إِذْ قَالَ اللهُ يَا عِيسى ابْنَ مَرْيَمَ اذْكُرْ نِعْمَتِي عَلَيْكَ وَعَلَى وَالِدَتِكَ إِذْ أَيَّدتُّكَ بِرُوحِ الْقُدُسِ تُكَلِّمُ النَّاسَ فِي الْمَهْدِ وَكَهْلاً وَإِذْ عَلَّمْتُكَ الْكِتَابَ وَالْحِكْمَةَ وَالتَّوْرَاةَ وَالإِنجِيلَ وَإِذْ تَخْلُقُ مِنَ الطِّينِ كَهَيْئَةِ الطَّيْرِ بِإِذْنِي فَتَنفُخُ فِيهَا فَتَكُونُ طَيْرًا بِإِذْنِي وَتُبْرِىءُ الأَكْمَهَ وَالأَبْرَصَ بِإِذْنِي وَإِذْ تُخْرِجُ الْمَوتَى بِإِذْنِي وَإِذْ كَفَفْتُ بَنِي إِسْرَائِيلَ عَنكَ إِذْ جِئْتَهُمْ بِالْبَيِّنَاتِ فَقَالَ الَّذِينَ كَفَرُواْ مِنْهُمْ إِنْ هَذَا إِلاَّ سِحْرٌ مُّبِينٌ۞** ပရမတ်ဘုရားရှင်က ''အို မာရိ၏သား ယေရှု ငါအရှင်က သင်နှင့် သင်၏ မွေးမိခင်အပေါ်၌ ဂုဏ်ပေးမှုကို သတိရကြလော့၊☆ သင့်အား မြတ်သောဉာဏ်စဉ်အားဖြင့် ထောက်ပံ့ခဲ့ပြီ၊★ သင်အား လူသားတို့နှင့် ပုခက်တွင်းမှလည်းကောင်း၊ အရွယ်ရောက်သော်လည်းကောင်း စကားပြောစေ၏။❖ သင့်အား ကျမ်းတော်၊ ဓမ္မသတ်တော်နှင့် တိုရာဟ်၊ ဇဝံဂလိများကို သင်ပေးတော်မူ၏၊ သင့်အား မြေမှ ငှက် ပုံစံချ ဖန်တီးလျက် ငါ၏ ခွင့်ပြုချက်ဖြင့် သက်ဝင်စေလျှင် ၎င်းသည် ငါ၏ ခွင့်ပြုချက်ဖြင့် ငှက်ဖြစ်လာလတ္တံ့။ ငါ၏ ခွင့်ပြုချက်ဖြင့် အကန်းနှင့် အနာကြီးရောဂါသည်တို့အား ရောဂါ ကင်းစေလတ္တံ့၊ ငါ၏ ခွင့်ပြုချက်ဖြင့် သူသေများကို ပြန်လည် ထွန်းပေါက်စေခဲ့၏။✡ အသင်သည် ဂျူးလူမျိုးတို့ထံသို့ ရှင်းလင်းချက်များကို ရောက်လာစေသောအခါ၊ သင့်ကို အန္တရာယ်ပေးခြင်းမှ သူတို့အား ထိန်းချုပ်ဟန့်တားထား၏၊''ဟု မိန့်သော်– သူတို့အနက် ဖုံးကွယ်သောသူများက ''ဤသည် ရှင်းလင်းထင်ရှားသော မှော်အတတ်သာ

	ဖြစ်၏။''ဟု ပြောဆိုကြ၏။
၁၁၁။ ☆၃း၅၂	**وَإِذْ أَوْحَيْتُ إِلَى الْحَوَارِيِّينَ أَنْ آمِنُواْ بِي وَبِرَسُولِي قَالُوَاْ آمَنَّا وَاشْهَدْ بِأَنَّنَا مُسْلِمُونَ۞** ဝတ်ရုံဖြူများထံသို့☆ ''ငါအရှင်နှင့်၊ ငါ့ ဉာဏ်စဉ်ဆောင်အား ယုံကြည်ကြလော့၊''ဟု ငါ အာရုံပေးသော် ''တပည့်တော်တို့ ယုံကြည်ပါ၏၊ တပည့်တော်တို့သည် သန္တိသုခဝါဒီများ အဖြစ် သက်သေဖြစ်ပါ၏''ဟု ပြန်ပြောကြ၏။
၁၁၂။	**إِذْ قَالَ الْحَوَارِيُّونَ يَا عِيسَى ابْنَ مَرْيَمَ هَلْ يَسْتَطِيعُ رَبُّكَ أَن يُنَزِّلَ عَلَيْنَا مَآئِدَةً مِّنَ السَّمَاء قَالَ اتَّقُواْ اللّهَ إِن كُنتُم مُّؤْمِنِينَ۞** ဝတ်ရုံဖြူများက ''အို– မာရိ၏သား ယေရှု၊ ကျွန်ုပ်တို့အတွက် စတုဒိသာကို၄၄၄ သင်၏ ကံကြမ္မာရှင်က ကောင်းကင်ယံမှ ချမှတ်ပေးရန် တတ်နိုင်သလော၊''ဟု တောင်းဆိုသောအခါ၊ သူက ''အသင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊''ဟု ဟောပြော၏။
၁၁၃။	**قَالُواْ نُرِيدُ أَن نَّأْكُلَ مِنْهَا وَتَطْمَئِنَّ قُلُوبُنَا وَنَعْلَمَ أَن قَدْ صَدَقْتَنَا وَنَكُونَ عَلَيْهَا مِنَ الشَّاهِدِينَ۞** သူတို့က ''ကျွန်ုပ်တို့သည် ၎င်းမှ စားသုံးနိုင်ရန်၊ ကျွန်ုပ်တို့၏ စိတ်နလုံးၭ ဘဝင်ကျနိုင်ရန်၊ အသင်သည် ဖြောင့်မှန်သည်ကို သိနိုင်စေရန်၊ ထိုအပေါ်၌ ကျွန်ုပ်တို့ သက်သေတည်သူများ ဖြစ်ရန် လိုလားကြ၏''ဟု ပြန်ပြောကြ၏။
၁၁၄။	**قَالَ عِيسَى ابْنُ مَرْيَمَ اللَّهُمَّ رَبَّنَا أَنزِلْ عَلَيْنَا مَآئِدَةً مِّنَ السَّمَاء تَكُونُ لَنَا عِيداً لِّأَوَّلِنَا وَآخِرِنَا وَآيَةً مِّنكَ وَارْزُقْنَا وَأَنتَ خَيْرُ الرَّازِقِينَ۞** မာရိ၏သား ယေရှုက ''အို– ကံကြမ္မာရှင် ပရမတ်ဘုရားရှင်၊ တပည့်တော်တို့ အတွက် ကောင်းကင်ယံမှ စတုဒိသာကို ချမှတ်ပေးပါ၊ တပည့်တော်တို့၏ ရှေ့လူ နောက်လူများ အတွက် အရှင့်ထံမှ နိမိတ်လက္ခဏာ အဖြစ် တပည့်တော်တို့အား ဆက်ဖြစ်စေတော်မူပါ၊ ရိက္ခာထောက်တော်မူပါ၊ အရှင်သည် အကောင်းဆုံး ရိက္ခာထောက်သည့် အရှင်ဖြစ်ပါ၏၊''ဟု ဆုပန်သော်–
၁၁၅။	**قَالَ اللّهُ إِنِّي مُنَزِّلُهَا عَلَيْكُمْ فَمَن يَكْفُرْ بَعْدُ مِنكُمْ فَإِنِّي أُعَذِّبُهُ عَذَابًا لاَّ أُعَذِّبُهُ أَحَدًا مِّنَ الْعَالَمِينَ۞** ပရမတ်ဘုရားရှင်က ''သူတို့အပေါ်၌ ၎င်းကို ငါ ချပေးတော်မူပြီ၊ သို့နောက်မှ သင်တို့အနက် ဖုံးကွယ်သူအား လောကခပ်သိမ်း၌ တစ်ဦးတစ်ယောက်ကိုမျှ မသင့်သည့်ဝဋ်ကြွေးဖြင့် ဝဋ်ကြွေးသင့်စေမည်၊''ဟု မိန့်လေ၏။
၁၁၆။	**وَإِذْ قَالَ اللّهُ يَا عِيسَى ابْنَ مَرْيَمَ أَأَنتَ قُلتَ لِلنَّاسِ اتَّخِذُونِي وَأُمِّيَ إِلَـهَيْنِ مِن دُونِ اللّهِ قَالَ سُبْحَانَكَ مَا يَكُونُ لِي أَنْ أَقُولَ مَا لَيْسَ لِي بِحَقٍّ إِن كُنتُ قُلْتُهُ فَقَدْ عَلِمْتَهُ تَعْلَمُ مَا فِي نَفْسِي وَلاَ أَعْلَمُ مَا فِي نَفْسِكَ إِنَّكَ أَنتَ عَلاَّمُ الْغُيُوبِ۞** ပရမတ်ဘုရားရှင်က မာရိ၏သား ယေရှုအား လူသားတို့အား ''ပရမတ်ဘုရားရှင် မှလွဲ၍ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိခင်အား ဘုရားနှစ်ပါးအဖြစ် ယူမှတ်ရန် သင် ဟောသလော၊''ဟု မိန့်သောအခါ၊ သူ လျှောက်ထားသည်မှာ ''အရှင်အား ဦးထိပ်ထားပါ၏၊ အမှန်တရားမှ အပ တပည့်တော် မပြောသင့်သော မအပ်မရာကို မပြောပါ၊ အကယ်၍ ပြောခဲ့မိလျှင် အရှင် သိပြီးသား ဖြစ်ပါ၏၊ တပည့်တော်၏ ဉာဉ်ထဲ၌ ရှိသည်ကို အရှင် သိပါ၏၊ အရှင်၏ စရိုက်တော်အား တပည့်တော် မသိနိုင်ပါ၊ ဇာန်ပင် အရှင်သည်သာ စက္ခုလွန်များကို သိနေသော အရှင် ဖြစ်၏။–

(၃၄၄) အာရိဗီဘာသာဖြင့် **မာအိဒဟ်** ဆိုသော ဤစကားလုံးသည် ကြီးကျယ်စွာ တည်ခင်းကျွေးမွေးသော စားပွဲကြီး ဟု ဖြစ်ပေသည်။ ဤဓမ္မခန္ဓာ၏ ခေါင်းစီး အမည်နာမကို ဤစကားလုံးဖြင့် အမည်ပေးထားပေသည်။ ဆိုလိုသည်မှာ လူသားအပေါင်း လွတ်လပ်ပျော်ရွှင်စွာ စားသုံးနိုင်သော စတုဒိသာ ပင် ဖြစ်ပေသည်။ စတုဒိသာအား ကောင်းကင်မှ ချပေးသည် ဆိုခြင်းမှာ အစားအသောက်များကို ကောင်းကင်မှ ချပေးခြင်းကို မဆိုလိုပေ၊ စတုဒိသာသည် မြင့်မြတ်သော အလှဒါန ဖြစ်ကြောင်းနှင့် မိုလေဝသ ကောင်း၍ စာရေးရိက္ခာပေါများခြင်းကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။

၁၁၇။	**مَا قُلْتُ لَهُمْ إِلاَّ مَا أَمَرْتَنِي بِهِ أَنِ اعْبُدُواْ اللّهَ رَبِّي وَرَبَّكُمْ وَكُنتُ عَلَيْهِمْ شَهِيدًا مَّا دُمْتُ فِيهِمْ فَلَمَّا تَوَفَّيْتَنِي كُنتَ أَنتَ الرَّقِيبَ عَلَيْهِمْ وَأَنتَ عَلَى كُلِّ شَيْءٍ شَهِيدٌ۞** –တပည့်တော်အား ညွှန်ကြားသည့်အတိုင်း ကျွန်ုပ်၏ ကံကြမ္မာရှင် သင်တို့၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ကြရန် သူတို့အား ဟောပြောပါ၏။ တပည့်တော်သည် သူတို့နှင့်အတူ ရှိနေခဲ့သမျှ သူတို့ အတွက် သက်သေဖြစ်ပါ၏။ တပည့်တော်အား သက်တမ်းကုန်စေခဲ့ သောအခါ၊ အရှင်သည် သူတို့အား စောင့်ကြည့်သော အရှင် ဖြစ်ပါ၏၊ အရှင်သည်သာ သဗ္ဗလုံးစုံအား အသိသက်သေ ဖြစ်ပါ၏–၉၅
၁၁၈။	**إِن تُعَذِّبْهُمْ فَإِنَّهُمْ عِبَادُكَ وَإِن تَغْفِرْ لَهُمْ فَإِنَّكَ أَنتَ الْعَزِيزُ الْحَكِيمُ۞** –သူတို့သည်ကား အရှင်၏ အမှုတော်ဆောင်များ ဖြစ်ကြ၏၊ အရှင်က သူတို့အား ဝဋ်ကြွေးသင့်စေနိုင်၏၊ လွှတ်ငြိမ်းခွင့် ပေးနိုင်ပါ၏၊ ဇကန်ပင် အရှင်သည်သာ ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူပါ၏”
၁၁၉။	**قَالَ اللّهُ هَذَا يَوْمُ يَنفَعُ الصَّادِقِينَ صِدْقُهُمْ لَهُمْ جَنَّاتٌ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا أَبَدًا رَّضِيَ اللّهُ عَنْهُمْ وَرَضُواْ عَنْهُ ذَلِكَ الْفَوْزُ الْعَظِيمُ۞** ပရမတ်ဘုရားရှင် မိန့်တော်မူသည်မှာ “ဤသည်ကား ဖြောင့်မှန်သူများအတွက် ဖြောင့်မှန်သော အကျိုးရှိမည့်နေ့ပင်တည်း၊ သူတို့အတို့ အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျဉ်ဘုံများ ရှိ၏၊ ထို၌ ကာလပိုင်းခြားမဲ့ အစဉ်စံစားရမည်ပင်” ပရမတ်ဘုရားရှင်သည် သူတို့အား နှစ်မြို့တော်မူ၏၊ သူတို့ကလည်း ပရမတ်ဘုရားရှင်အား နှစ်မြို့ကြကုန်၏၊ ဤသည် မဟာ အောင်ပွဲ ဖြစ်၏။
၁၂၀။	**لِلّهِ مُلْكُ السَّمَاوَاتِ وَالأَرْضِ وَمَا فِيهِنَّ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ۞** မိုးများနှင့်မြေ ထိုနှစ်ခုတွင်ရှိရာတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ အာဏာ၌ ရှိ၏၊ အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။

(၉၄၅) ဤသုတ်တော်တွင် ပြောဆိုသော “တပည့်တော်သည် သူတို့နှင့်အတူ ရှိနေခဲ့သမျှ သူတို့အတွက် သက်သေ ဖြစ်ပါ၏။ တပည့်တော်အား အနိစ္စဖြစ်စေသောအခါ၊ အရှင်သည် သူတို့အား ကာကွယ်သော အရှင် ဖြစ်ပါ၏၊” ဟူသည့် စကားက– ကိုယ်တော်ယေရှုသည် လောကီသက်တမ်း၌ အနိစ္စရောက်သွားပြီ ဖြစ်ကြောင်း အတိအကျ ပြောဆိုထားပေသည်။ ထိုစကား၏ အဓိပ္ပါယ်မှာ “သုံးပါးတစ်ဆူ” ဖြစ်တည်လာရသည့် အကြောင်းရင်းအား စီစစ်သော အခါ– ကိုယ်တော်ယေရှုမှ ဖြေကြားဟန် ဖြစ်သည်။ ကိုယ်တော်ယေရှု ကိုယ်တော်တိုင်က “တပည့်တော်သည် သူတို့နှင့် အတူ ရှိနေခဲ့သမျှ ခမည်းတော်၊ သားတော်၊ မယ်တော် ဟူ၍ တည်ထားကိုးကွယ်ရန် မသွန်သင်ခဲ့ကြောင်းနှင့် သူတို့လုပ်သမျှ အပေါ်၌ သက်သေဖြစ်ကြောင်း၊ တပည့်တော် သေဆုံးသွားပြီးနောက် ဖြစ်ပေါ်လာသော ကိစ္စများ အတွက် တပည့်တော် မသိရှိကြောင်း တပည့်တော် သေဆုံးပြီးနောက်ပိုင်း သူတို့၏ လုပ်ရပ်များ အတွက် အရှင်သည်သာ သိတော်အမှုဆုံးသော သက်သေပင် ဖြစ်ကြောင်း ပြန်လည်လျှောက်တင်ဟန် ဖေါ်ပြသည့် သုတ်တော် တစ်ပါး ဖြစ်သည်။ ထိုထက်ပို၍ ရှင်းရလျှင် ကိုယ်တော်ယေရှု အသက်ထင်ရှား ရှိနေစဉ် ကိုယ်တော်ယေရှု၏ နောက်လိုက်များသည် သုံးပါးတစ်ဆူ ကိုးကွယ်ခြင်း မရှိသေးကြောင်း ဖြစ်၍– သုံးပါးတစ်ဆူ ဝါဒ ဖြစ်တည်နေခြင်းသည်ပင် ကိုယ်တော်ယေရှု သေဆုံးသွားခဲ့ပြီ ဖြစ်ကြောင်း သက်သေထင်ရှား ဖြစ်တော့သည်။

ဓမ္မခန္ဓာ (၆) "ခွာကွဲ စားမြုံ့ပြန် တိရိစ္ဆာန်များ" (အန်အာမ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၅၅)၊ သုတ်ဒေသနာ (၁၆၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။ ★၁း၂ ☆၂း၂၁	**الْحَمْدُ لِلّهِ الَّذِي خَلَقَ السَّمَاوَاتِ وَالأَرْضَ وَجَعَلَ الظُّلُمَاتِ وَالنُّورَ ثُمَّ الَّذِينَ كَفَرُواْ بِرَبِّهِم يَعْدِلُونَ۝** ရည်သန်စူးစိုက်မှု အပေါင်းသည်★ မိုးများနှင့် မြေအား ဖြစ်တည်စေသော၊☆ အမှောင်နှင့် အလင်းကို စီစဉ်ပေးသော ပရမတ်ဘုရားရှင် အဘို့သာတည်း။ တဖန်– ဖုံးကွယ်သောသူတို့သည် ကံကြမ္မာရှင်ဖြင့် တန်းတူပြုလိုကြ၏။[၃၄၆]
၂။ သင်္ကန်းရှိ တို့အား ☆၃း၅၉	**هُوَ الَّذِي خَلَقَكُم مِّن طِينٍ ثُمَّ قَضَى أَجَلاً وَأَجَلٌ مُّسمًّى عِندَهُ ثُمَّ أَنتُمْ تَمْتَرُونَ۝** အရှင်သည် **သင်တို့အား** မြေမှ ဖြစ်တည်စေ၏။☆ ထို့ပြင် သင်္ကန်းကို ဆုံးဖြတ်ထား၏၊ သင်္ကန်းသည် အရှင့်ထံ၌ သတ်မှတ်ချက်ရှိ၏။[၃၄၇] တဖန်– သင်တို့သည် အချင်းများလိုကြ၏။
၃။	**وَهُوَ اللهُ فِي السَّمَاوَاتِ وَفِي الأَرْضِ يَعْلَمُ سِرَّكُمْ وَجَهرَكُمْ وَيَعْلَمُ مَا تَكْسِبُونَ۝** အရှင်သည် မိုးများအတွင်း မြေအတွင်း ရှိသမျှတို့၏ ပရမတ်ဘုရားရှင် ဖြစ်၏၊ အရှင်သည် သင်တို့၏ ကြိတ်၍ဖြစ်ခြင်း၊ ကျယ်လောင်စွာဖြစ်ခြင်းများကို သိနေတော်မူ၏၊ သင်တို့ ကျင့်ဆောင်ရာများကိုလည်း သိနေတော်မူ၏။
၄။	**وَمَا تَأْتِيهِم مِّنْ آيَةٍ مِّنْ آيَاتِ رَبِّهِمْ إِلاَّ كَانُواْ عَنْهَا مُعْرِضِينَ۝** သူတို့ကံကြမ္မာရှင်၏ သုတ်ဒေသနာများမှ သူတို့ထံ ပေးရောက်စေသော မည်သည့် သုတ်တော်ကို မဆို၊ ထို၌ သူတို့ ဘောင်ကန့်ထားသူများသာ ဖြစ်ကြ၏။
၅။	**فَقَدْ كَذَّبُواْ بِالْحَقِّ لَمَّا جَاءهُمْ فَسَوْفَ يَأْتِيهِمْ أَنبَاء مَا كَانُواْ بِهِ يَسْتَهْزِؤُونَ۝**

---

(၃၄၆) အစွယ်လာမ်သာသနာသည် ဘုရားတစ်ဆူဝါဒ၌ အသန့်ရှင်းဆုံး ရပ်တည်နေသော သာသနာ ဖြစ်ပေသည်။ အစွယ်လာမ်၏ အမှန်တရားကို သိလျက်နှင့် ဖုံးကွယ်ထားသူများက ဘုရားတရား၌ ကိုးကွယ်ပါသည်ဟု ဆိုသော်လည်း အစိန္တယျ (မတုန်ရွံ့းအပ်သော) ဘုရားရှင်အား နည်းလမ်း မျိုးစုံဖြင့် တုဘက်မှ ပြုလျက် ကိုးကွယ်နေကြသည်ကို ဤသုတ်တော်က တင်ပြခြင်း ဖြစ်၍ ကိုးကွယ်မှု မှန်သည်ထက်မှန်နိုင်ရန် လမ်းပြခြင်း ဖြစ်ပေသည်။

(၃၄၇) သင်္ကန်းတို့သင်္ကန်းကို ကာလအပိုင်းအခြား နှစ်ခုဖေါ်ပြခြင်းမှာ လောကီသင်္ကန်းနှင့် ခန္ဓာဝန်ချပြီး ကပ်ကမ္ဘာအလုံးစုံ ချုပ်ငြိမ်းမည့်နေ့ထိ ဆိုင်းနေသော ကာလဟု ဆိုပေသည်။ ထိုသင်္ကန်း နှစ်ခုပေါင်းမှ သင်္ကန်းတို့၏ ဘဝသင်္ကန်းဟု အစွယ်လာမ်က သွန်သင်ပေသည်။ သင်္ကန်း တစ်ခုချင်း၏ အသက်သည် ဓါတ်ခဲ တစ်လုံးထဲတွင် ထည့်ထားသော ပါဝါကဲ့သို့ ဖြစ်၍၊ ထို ပါဝါအား၏ တည်တံ့မှုမှာ ဓါတ်ခဲ၏ ခံနိုင်ရည်ပေါ်၌ တည်နေသကဲ့သို့ပင် ဖြစ်သည်။ အကြောင်း အမျိုးမျိုးကြောင့် ဓါတ်ခဲသည် ပျက်စီးပျိုယွင်းခဲ့သော် ထိုဓါတ်ခဲ၏ ယေဘုယျ သတ်မှတ်ကာလ မပြည့်မှီတွင်ပင် ဓါတ်ခဲအား ကုန်သွားနိုင် သကဲ့သို့ သတ္တဝါတို့၏ သင်္ကန်းသည်လည်း အလားတူပင် ဖြစ်ပေသည်။ ထို့ကြောင့် ကျမ်းတော်၌ ဤလောကီ သင်္ကန်းဟု ခေါ်သော မြင်နေရသည့် သင်္ကန်းသည် မည်သို့မှ အစိုးမရကြောင်း၊ အလွယ်တကူ ပျက်စီးသွားနိုင်ကြောင်းကို မကြာခဏ သတိပေးထားပေသည်။ လူသားသည် လောကီ အသက်ရှင်မှုကိုသာ သင်္ကန်းဟု သတ်မှတ်လျက် ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းမှုအား ငြင်းခုံနေကြသည်မှာ မှန်ကန်သော သုံးသပ်မှု မဟုတ်သေးပေ။

	သူတို့ထံသို့ သစ္စာတရား ရောက်လာစေတိုင်း မုချ ငြင်းဆန်ကြ၏၊ မကြာမီ– သူတို့ လှောင်ပြောင်လေ့ရှိရာ၏ သတင်းများအား သူတို့ထံ၌ ပေးအပ်လေလတ္တံ့။
၆။ ☆၂း၁၉	**أَلَمْ يَرَوْاْ كَمْ أَهْلَكْنَا مِن قَبْلِهِم مِّن قَرْنٍ مَّكَّنَّاهُمْ فِي الأَرْضِ مَا لَمْ نُمَكِّن لَّكُمْ وَأَرْسَلْنَا السَّمَاء عَلَيْهِم مِّدْرَارًا وَجَعَلْنَا الأَنْهَارَ تَجْرِي مِن تَحْتِهِمْ فَأَهْلَكْنَاهُم بِذُنُوبِهِمْ وَأَنْشَأْنَا مِن بَعْدِهِمْ قَرْنًا آخَرِينَ۞** သူတို့၏ ရှေ့အလျင်– မည်မျှသော မျိုးဆက်များအား တိမ်ကောစေခဲ့သည်ကို သူတို့ မမြင်ကြသလော၊ မြေကမ္ဘာ၌ သင်တို့အား ထူထောင်ပေး သကဲ့သို့ သူတို့အား ထူထောင်ပေးခဲ့သည် မဟုတ်ချေ။ ငါအရှင်သည် သူတို့ပေါ်သို့ အကျိုးကျေးဇူး များစွာကို ကောင်းကင်မှ စေစားခဲ့၏၊ သူတို့၏ အောက်မှ မြစ်ချောင်းကြီးများ စီးဆင်းရန် စီစဉ်ခဲ့၏။☆ သူတို့၏ အပြစ်များကြောင့် သူတို့အား တိမ်ကောစေခဲ့၏၊ သူတို့နောက် အခြားသော မျိုးဆက်ကို ပေါ်ထွန်းစေခဲ့ပြီ။[၉၈]
၇။ ☆၄း၁၅၃	**وَلَوْ نَزَّلْنَا عَلَيْكَ كِتَابًا فِي قِرْطَاسٍ فَلَمَسُوهُ بِأَيْدِيهِمْ لَقَالَ الَّذِينَ كَفَرُواْ إِنْ هَذَا إِلاَّ سِحْرٌ مُّبِينٌ۞** သင့်ထံသို့ စာရွက်စာတမ်းဖြင့် ကျမ်းတော်ကို ချမှတ်ပေးလျက်၊ ၎င်းကို သူတို့၏ လက်များဖြင့် ထိတွေ့ရသော်လည်း ဖုံးကွယ်သောသူများက ''ဤသည် ရှင်းလင်းထင်ရှားသော မှော်အတတ်သာ ဖြစ်၏''ဟု ဆိုကြလတ္တံ့။☆
၈။ ☆၂း၃၀၊ ၂း၂၀	**وَقَالُواْ لَوْلا أُنزِلَ عَلَيْهِ مَلَكٌ وَلَوْ أَنزَلْنَا مَلَكًا لَّقُضِيَ الأَمْرُ ثُمَّ لاَ يُنظَرُونَ۞** ''သူ့အား အဘယ်ကြောင့် နတ်တစ်ပါး☆ ဝန်တာ မချမှတ်သနည်း၊''ဟု ပြောကြ၏၊ အကယ်၍ နတ်တစ်ပါး အဖြစ် တာဝန်ချခဲ့သော် ညွှန်ကြားချက်သည် အပြီးသတ်ပြီးလေပြီ၊ စောင့်ကြည့်ခွင့်ပေးမည်လည်း မဟုတ်ပေ။
၉။	**وَلَوْ جَعَلْنَاهُ مَلَكًا لَّجَعَلْنَاهُ رَجُلاً وَلَلَبَسْنَا عَلَيْهِم مَّا يَلْبِسُونَ۞** ငါသည် သူ့အား နတ်တစ်ပါးအဖြစ် စီစဉ်ခဲ့သော် ၎င်းကို လူသားအဖြစ်သာ စီစဉ်တော်မူ၍။ သူတို့အား အဆင်အယင်များဖြင့် ဆင်ယင်စေလတ္တံ့။[၉၉]
၁၀။	**وَلَقَدِ اسْتُهْزِىءَ بِرُسُلٍ مِّن قَبْلِكَ فَحَاقَ بِالَّذِينَ سَخِرُواْ مِنْهُم مَّا كَانُواْ بِهِ يَسْتَهْزِؤُونَ۞** သင့် ရှေ့အလျင် ဉာဏ်စဉ်ဆောင်များသည်လည်း မုချပင် လှောင်ပြောင်ခံခဲ့ရ၏၊ ထိုပျက်ရယ်ပြုသောသူတို့အား သူတို့၏ လှောင်ပြောင်လေ့ရှိသည်များက ပိတ်ဖုံးလိုက်လေပြီ။
၁၁။	**قُلْ سِيرُواْ فِي الأَرْضِ ثُمَّ انظُرُواْ كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ۞** ငြင်းဆန်သူတို့၏ နိဂုံးချုပ် မည်သို့ ဖြစ်ရသည်ကို ကမ္ဘာအနှံ့သွားလာ၍ ကြည့်ကြကုန် ဟု ဟောပြောလော့။
၁၂။	**قُل لِّمَن مَّا فِي السَّمَاوَاتِ وَالأَرْضِ قُل لِلّهِ كَتَبَ عَلَى نَفْسِهِ الرَّحْمَةَ لَيَجْمَعَنَّكُمْ إِلَى يَوْمِ الْقِيَامَةِ لاَ رَيْبَ فِيهِ الَّذِينَ خَسِرُواْ أَنفُسَهُمْ فَهُمْ لاَ يُؤْمِنُونَ۞** မိုးများနှင့် မြေအတွင်း ရှိသမျှသည် မည်သူ၏ အချုပ်အခြာ၌ ရှိသနည်း ဟု မေးမြန်းလော့၊ ဟောကြားလော့ ပရမတ်

---

(၃၄၈) ဤသုတ်တော်ပါ ''မျိုးဆက်များအား တိမ်ကောစေခဲ့သည်''ကို လူမျိုးစုများ အစုလိုက်အပြုံလိုက် မျိုးပြုတ်သွားသည်ဟု မယူဆသင့်ပေ၊ သူတို့အား တရားရေအေး မည်မျှပင် ချီးမြှင့်သော်လည်း ထိုတရားဒေသနာများကို မလိုက်နာဘဲလျက် အကုသိုလ်မှ၌ နစ်မွန်းကြသောကြောင့် မျိုးပိုးဂုဏ် သိက္ခာ တိမ်ကော ပပျောက်ရပြီး၊ နောက်ထပ် တရားစောင့်သိသော မျိုးဆက်သစ်များ ပေါ်ပေါက်လာခြင်းကို ဖေါ်ပြခြင်းသာ ဖြစ်ပေသည်။
(၃၄၉) သုတ်ဒေသနာ အမှတ်စဉ် ၆း၈–၉ တွင် ကိုယ်တော် မုဟမ္မဒ်အား အဘယ့်ကြောင့် ''နတ်တစ်ပါး'' အဖြစ် လောကသို့ မစေလွှတ်သနည်း ဟု ပြောခြင်းမှာ အစွလာမ်သာသနာ မတိုင်မီမှ လူသားများ၏ ရိုးရာ ယုံကြည်မှုအတိုင်း ''မလာ့က်'' ကို ခံစား ပြောဆိုခြင်း ဖြစ်သည်။ အစွလာမ် သာသနာကမူ ''မလာ့က်'' ဆိုသည်မှာ ပကတိလူသားပင် ဖြစ်သည်ဟု ၆း၉ တွင် အတိအကျ ဖေါ်ပြပေသည်။ ထိုသို့ ရှင်းလင်းစွာ သွန်သင်သည်ကိုပင် နားလည်မှု ရှုပ်ထွေးနေသူများမှာ ရိုးသားဖြူစင်စွာ နားလည်လိုမှု မရှိဘဲ မိရိုးဖလား ဦးဏှောက်ဖြင့် ဆက်လက် သုံးသပ် အဖြေ ထုတ်နေပါက နားလည်မှု ရှုပ်ထွေးမှုနေမှုမှ ကျွတ်လွတ်နိုင်မည် မဟုတ်ပေ။ မြန်မာဘာသာရေး ဝေါဟာရတွင်လည်း အရှင်ဂေါတမကို ''ဝိသုဒ္ဓိနတ်''ဟုပင် သုံးနှုံး ထားသည်ကို တွေ့ရပေသည်။ (၁၉၉၁–မြန်မာ၊ မြန်မာ အဘိဓါန်) အရှင်ဂေါတမသည် လူသားစင်စစ်ပင် ဖြစ်ကြောင်း မြန်မာ ဗုဒ္ဓဘာသာတိုင်း လက်ခံပြီးသားပင်။

	ဘုရားရှင်၏ အချုပ်အခြာဥစ္စာသာ ရှိ၏၊ အရှင်သည် မိမိ၏ စရိုက်တော်အား ကရုဏာအဖြစ် ပြဋ္ဌာန်းထားတော်မူ၏၊ သံသယဖြစ်ဘွယ် အလျဉ်းမရှိသော ရပ်တည်ရသော နေ့၌ သင်တို့အားလုံးကို စုပေါင်းစေတော်မူမည်၊ မိမိ၏ စရိုက်အား ပျက်စီးစေသောသူတို့သည် မယုံကြည်သူများ ဖြစ်ကြ၏။
၁၃။	**وَلَهُ مَا سَكَنَ فِي اللَّيْلِ وَالنَّهَارِ وَهُوَ السَّمِيعُ الْعَلِيمُ۞** ညဉ့် နေ့၌ ကျက်စားသော အရာအားလုံးသည် အရှင်၏ အချုပ်အခြာဥစ္စာ ရှိ၏၊ အရှင်သည် ကြားနေသောအရှင် သိနေသောအရှင် ဖြစ်၏။
၁၄။ ☆ မွတ်ဆလင် ★ပုဒ္ဓ	**قُلْ أَغَيْرَ اللهِ أَتَّخِذُ وَلِيًّا فَاطِرِ السَّمَاوَاتِ وَالأَرْضِ وَهُوَ يُطْعِمُ وَلاَ يُطْعَمُ قُلْ إِنِّيَ أُمِرْتُ أَنْ أَكُونَ أَوَّلَ مَنْ أَسْلَمَ وَلاَ تَكُونَنَّ مِنَ الْمُشْرِكِينَ۞** ဟောပြောလော့၊ မိုးများနှင့် မြေကမ္ဘာ၏ မူလလက်သည် ဖြစ်သော ပရမတ်ဘုရားရှင်မှအပ အခြားကို မဟာမိတ်အဖြစ် အယူထားမည်လော၊ အရှင်သည် ကျွေးမွေးသူ ဖြစ်၏၊ ဆွမ်းကပ်ခံ မဟုတ်ချေ၊ ဟောပြောလော့ ကျွန်ုပ်သည် သွန်သင်သခဝါဒ☆ ဦးသျှောင် ဖြစ်ရန် ရောပြွန်းကိုးကွယ်သူတို့မှ★ မဖြစ်ရန် ညွှန်ကြားခံရ၏။
၁၅။	**قُلْ إِنِّيَ أَخَافُ إِنْ عَصَيْتُ رَبِّي عَذَابَ يَوْمٍ عَظِيمٍ۞** ကျွန်ုပ်၏ ကံကြမ္မာရှင်အား အာခံမိလျှင် ဝဋ်ကြွေးသင့် နေ့ကြီးကို ကျွန်ုပ် ကြောက်ရွံ့ပါ၏၊ ဟု ဟောပြောလော့၊
၁၆။ ☆ ဝဋ်မှ	**مَّن يُصْرَفْ عَنْهُ يَوْمَئِذٍ فَقَدْ رَحِمَهُ وَذَلِكَ الْفَوْزُ الْمُبِينُ۞** ထိုနေ့၌ ၎င်းမှ☆ ပြန်လှည့်ခံရသူသည် မုချကေန် အရှင်၏ ကရုဏာသက်ခံရသူ ဖြစ်၏၊ ဤသည်ပင် ရှင်းလင်းထင်ရှားသော အောင်ပွဲ ဖြစ်၏။
၁၇။	**وَإِن يَمْسَسْكَ اللهُ بِضُرٍّ فَلاَ كَاشِفَ لَهُ إِلاَّ هُوَ وَإِن يَمْسَسْكَ بِخَيْرٍ فَهُوَ عَلَى كُلِّ شَيْءٍ قَدُيرٌ۞** အသင့်အား ပရမတ်ဘုရားရှင်က ဆိုးကျိုးသက်စေသည် ဖြစ်စေ၊ ကောင်းခြင်း သက်စေသည် ဖြစ်စေ အရှင်မှအပ ဖယ်ရှားနိုင်သူ ဟူ၍ မရှိချေ။ အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၁၈။	**وَهُوَ الْقَاهِرُ فَوْقَ عِبَادِهِ وَهُوَ الْحَكِيمُ الْخَبِيرُ۞** အရှင်၏ အမူတော်ဆောင်များ အပေါ်မှ အရှင်သည် ဖူးခြာ ဖြစ်၏၊ အရှင်သည် ဓမ္မသတ်ရှင်၊ သတင်းရနေသော အရှင် ဖြစ်တော်မူ၏။
၁၉။	**قُلْ أَيُّ شَيْءٍ أَكْبَرُ شَهَادةً قُلِ اللهِ شَهِيدٌ بِيْنِي وَبَيْنَكُمْ وَأُوحِيَ إِلَيَّ هَذَا الْقُرْآنُ لأُنذِرَكُم بِهِ وَمَن بَلَغَ أَئِنَّكُمْ لَتَشْهَدُونَ أَنَّ مَعَ اللهِ آلِهَةً أُخْرَى قُل لاَّ أَشْهَدُ قُلْ إِنَّمَا هُوَ إِلَـهٌ وَاحِدٌ وَإِنَّنِي بَرِيءٌ مِّمَّا تُشْرِكُونَ۞** သက်သေတော်အတွက် မည်သည့်အရာသည် အကြီးမြတ်ဆုံး ဖြစ်သနည်း ဟု မေးမြန်းလော့။ ဟောလော့၊ ပရမတ်ဘုရားရှင်ပင်တည်း၊ အရှင်သည် ကျွန်ုပ်၏ကြား သင်တို့ကြား၌ သက်သေ ဖြစ်၏၊ သင်တို့နှင့် သာသနာပြုခံ သူတို့အား[၃၀] သတိပေးရန် ဤကုရ်အာန်ကျမ်းတော်ကို ကျွန်ုပ်ထံသို့ အာရုံစူးစိုက်ပေး၏။ သင်တို့သည် ပရမတ် ဘုရားရှင်နှင့် တွဲဘက်လျက် အခြားသော ဘုရားများရှိသည်ဟု သက်သေခံရဲကြသလော၊ ‘‘ကျွန်ုပ်သော်ကား သက်သေ မဟုတ်

(၃၀) ဤသုတ်တော်က ကမ္ဘာတွင် ရှိသမျှ လူသားအားလုံး ထံသို့ ကျမ်းတော်၊ သာသနာတော်ကို သူကိုယ်တိုင် အရောက်ပို့ ဖြန့်ချီခဲ့သည်ဟု ကိုယ်တော် မုဟမ္မဒ်သည် သူ့ကိုယ်သူ မည်သည့် အခါမှ မပြောဆိုခဲ့ကြောင်း ရိုးသားစွာ ဝန်ခံချက် ဖြစ်သည်။ ကိုယ်တော်သည် နောက်ဆုံးပွင့် ကျမ်းရ ဉာဏ်စဉ်တော်ဆောင် တစ်ပါးမျှသာ ဖြစ်သည်။ ကိုယ်တော်ပွင့်ပေါ်ရာ အရပ်နှင့် လက်လှမ်း မမှီသော ဒေသများသို့ ကျမ်းတော်အား နားလည်သော ဘာသာစကားဖြင့် အရောက်ပို့ သာသနာ ဖြန့်ချီရမည်မှာ သစ္စာရှိသော တပည့် နောက်လိုက်တိုင်းအတွက် တာဝန်ရှိပေသည်။ ကျမ်းမြတ် ကုရ်အာန်ကို ဘာသာစကားတိုင်းနှင့် နားလည်စေရန် ဘာသာပြန်မည့်အစား အခြားသော ဂိုဏ်းအယူအဆများကိုသာ သာသနာပြုရန် ပြိုင်ဆိုင်ထုတ်ဝေနေကြသည်လျှင် မသင့်လျော်လှပေ။

	ချေ''ဟု ပြောလော့။ ဟောလော့ အရှင်သည်သာ တစ်ဆူတည်းသော ဘုရားရှင် ဖြစ်၏၊ ကျွန်ုပ်သည်ကား ရောပြွန်းကိုးကွယ်မှုမှ ကင်းသန့်၏။[၃၅]
၂၀။ ကိုယ်တော် မုဟမ္မဒ်	**الَّذِينَ آتَيْنَاهُمُ الْكِتَابَ يَعْرِفُونَهُ كَمَا يَعْرِفُونَ أَبْنَاءهُمُ الَّذِينَ خَسِرُواْ أَنفُسَهُمْ فَهُمْ لاَ يُؤْمِنُونَ۝** ကျမ်းတော်အား ပေးအပ်ခံရသောသူများက **သူ့အား** သူတို့၏ သားမြေးများကို သိမှတ် သကဲ့သို့ သိမှတ်ကြ၏။ သူတို့၏ ဉာဉ်စရိုက်အား ဆုံးရှုံးစေသောသူများသည် ယုံကြည်ကြမည် မဟုတ်ချေ။
၂၁။	**وَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللهِ كَذِبًا أَوْ كَذَّبَ بِآيَاتِهِ إِنَّهُ لاَ يُفْلِحُ الظَّالِمُونَ۝** ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီး ငြင်းဆန်ကြ၏၊ အရှင်၏ သုတ်ဒေသနာတော်အား ငြင်းဆန်နေသူများထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း၊ ဇကန်ပင် အမိုက်ကောင်များသည် အောင်မြင်ပေါက်မြောက်မည် မဟုတ်ချေ။
၂၂။	**وَيَوْمَ نَحْشُرُهُمْ جَمِيعًا ثُمَّ نَقُولُ لِلَّذِينَ أَشْرَكُواْ أَيْنَ شُرَكَآؤُكُمُ الَّذِينَ كُنتُمْ تَزْعُمُونَ۝** သူတို့ အားလုံးကို စုစည်းစေသောနေ့၌၊ ရောပြွန်းကိုးကွယ်သောသူများအား ''သင်တို့ ရပ်တည်ပြောဆိုလေ့ရှိသော ရောပြွန်းကိုးကွယ်ခံများသည် အဘယ်မှာနည်း၊''ဟု မေးလတ္တံ့။
၂၃။	**ثُمَّ لَمْ تَكُن فِتْنَتُهُمْ إِلاَّ أَن قَالُواْ وَاللهِ رَبِّنَا مَا كُنَّا مُشْرِكِينَ۝** ကျွန်ုပ်တို့၏ ကံကြမ္မာရှင်၊ ပရမတ်ဘုရားရှင် အားဖြင့်၊ ''ကျွန်ုပ်တို့သည် ရောပြွန်းကိုးကွယ်သူများမှ မဟုတ်ခဲ့ပါ၊''ဟု ပြောနိုင်ခြင်းမှအပ သူတို့ သွေးတိုးမစမ်းနိုင်တော့ပေ။[၃၆]
၂၄။	**انظُرْ كَيْفَ كَذَبُواْ عَلَى أَنفُسِهِمْ وَضَلَّ عَنْهُم مَّا كَانُواْ يَفْتَرُونَ۝** သူတို့၏ စရိုက်အား သူတို့ လိမ်ခဲ့ကြသည့်၊ ထို လုပ်ကြံဖန်တီးလေ့ရှိရာများက[၃၇] သူတို့ထံမှ မည်သို့ သွေဖယ်သွားသည်ကို သင် ကြည့်လော့။
၂၅။	**وَمِنْهُم مَّن يَسْتَمِعُ إِلَيْكَ وَجَعَلْنَا عَلَى قُلُوبِهِمْ أَكِنَّةً أَن يَفْقَهُوهُ وَفِي آذَانِهِمْ وَقْرًا وَإِن يَرَوْاْ كُلَّ آيَةٍ لاَّ يُؤْمِنُواْ بِهَا حَتَّى إِذَا جَآؤُوكَ يُجَادِلُونَكَ يَقُولُ الَّذِينَ كَفَرُواْ إِنْ هَذَآ إِلاَّ أَسَاطِيرُ الأَوَّلِينَ۝** သူတို့အနက် သင့်အား နားစွင့်သူတို့ ရှိ၏၊ ငါသည် သူတို့၏ နားလည်မှု ချိနဲ့စေရန် နှလုံးသားခြုံ ကွယ်ကာမှုနှင့် သူတို့၏ နားများ လေးနေခြင်းကို စီစဉ်ထား၏၊ သူတို့သည် သုတ်ဒေသနာ အလုံးစုံကို မြင်တွေ့ငြားသော်လည်း ထိုခြုံ ယုံကြည်ကြမည် မဟုတ်ချေ။ ဤသို့ သင့်ထံသို့ ရောက်လာကြသည့်တိုင် သင့်အား စောဒကတက်ကြလျက်၊ ဖုံးကွယ်သော သူများက ''ဤသည် ရှေ့သရောအခါက ဒဏ္ဍာရီများသာ ဖြစ်၏၊''ဟု ဆိုကြ၏။
၂၆။ နားစွင့်ခြင်းမှ	**وَهُمْ يَنْهَوْنَ عَنْهُ وَيَنْأَوْنَ عَنْهُ وَإِن يُهْلِكُونَ إِلاَّ أَنفُسَهُمْ وَمَا يَشْعُرُونَ۝** သူတို့သည် **ငင်းမှ** ဟန့်တားကြ၏၊ **ငင်းမှ** ကင်းကင်းနေကြ၏၊ သူတို့သည် မိမိ၏စရိုက်ကိုသာ တိမ်ကောစေ၏။ သူတို့သတိမမူနိုင်ကြချေ။
၂၇။	**وَلَوْ تَرَى إِذْ وُقِفُواْ عَلَى النَّارِ فَقَالُواْ يَا لَيْتَنَا نُرَدُّ وَلاَ نُكَذِّبَ بِآيَاتِ رَبِّنَا وَنَكُونَ مِنَ الْمُؤْمِنِينَ۝** အပူမီးပေါ်၌ ရပ်စေသောအခါ၊ ''ကျွန်ုပ်တို့မှာ ပြန်ပို့ခံရလျှင် ကံကြမ္မရှင်၏ သုတ်ဒေသနာများကို မငြင်းဆန်တော့ပါ၊

---

(၃၅) ကုရ်အာန်သည် အစွယ်လာမ် သာသနာဝင်များ အတွက် အဓိကပင်မ လိုက်နာရမည့် ကျမ်းတော် ဖြစ်ကြောင်း ဤသုတ်တော်က ယတိပြတ်ဆိုပေသည်။ အခြားသော ကျမ်းများကြောင့် အငြင်းပွားနေခြင်းမှာ ဂိုဏ်းအစွဲများကြောင့်သာ ဖြစ်၍ သာသနာတော်အား အကျိုးမပေးပေ။

(၃၆) **ဖီတ်တနာဟ်** ၏ အနက်မှာ အဖြေဟုလည်း ဖြစ်၍ အဖြေမပေးနိုင်တော့ပေ ဟုလည်း နားလည်နိုင်ပေသည်။ (အိဗနိ ဂျာဘားကျမ်း)

(၃၇) မအပ်မရာသော အရာများကို ကိုးကွယ်ရာများ ဖြစ်သည်ဟု မိမိကိုယ် မိမိ မုသားပြုလျက် ကိုးကွယ်ခဲ့သော အရာများက သူတို့အား ဖယ်ခွာလေသော အခါ– ဟု ဆိုလိုသည်။

	ဇကနပင် ယုံကြည်သူများအနက်၌ ပါဝင်ပေတော့မည်၊''ဟု ညီးညူကြသည်ကို သင်မြင်ရလတ္တံ့။
၂၈။	**بَلْ بَدَا لَهُم مَّا كَانُواْ يُخْفُونَ مِن قَبْلُ وَلَوْ رُدُّواْ لَعَادُواْ لِمَا نُهُواْ عَنْهُ وَإِنَّهُمْ لَكَاذِبُونَ۝** အမှန်မှာ ရှေ့အလျင်က သူတို့ ထိန်ဝှက်လေ့ရှိရာများသည် သူတို့အဘို့ ဖေါ်ပြခြင်း ဖြစ်၏၊ သူတို့အား ပြန်ပို့ခဲ့လျှင်လည်း ဟန့်တားသည်ကို ဆက်လုပ်အံ့၊ သူတို့မှာ လိမ်ညာသူများသာ ဖြစ်ချေ၏။
၂၉။	**وَقَالُواْ إِنْ هِيَ إِلاَّ حَيَاتُنَا الدُّنْيَا وَمَا نَحْنُ بِمَبْعُوثِينَ۝** သူတို့က ''လောကီသက်တမ်းသည်သာ ရှိ၏၊ ကျွန်ုပ်တို့သည် နိုးထရမည် မဟုတ်ချေ၊''ဟု ပြောဆိုကြ၏။
၃၀။	**وَلَوْ تَرَى إِذْ وُقِفُواْ عَلَى رَبِّهِمْ قَالَ أَلَيْسَ هَذَا بِالْحَقِّ قَالُواْ بَلَى وَرَبِّنَا قَالَ فَذُوقُواْ الْعَذَابَ بِمَا كُنتُمْ تَكْفُرُونَ۝** သူတို့အား ကံကြမ္မာရှင်၏ ရှေ့မှောက်၌ ရပ်စေသောအခါ၊ ''ဤသည် အမှန်တရားပင် မဟုတ်လော၊''ဟု မေးမြန်းခံရလတ္တံ့၊ သူတို့က ''မှန်လှပါ ကံကြမ္မာရှင်၊''ဟု ဖြေကြားလိမ့်မည်၊ ထိုအခါ ''အသင်တို့ ဖုံးကွယ်လေ့ရှိသည့် ဝဋ်ကြွေးအား မြည်းစမ်းကြလော့၊''ဟု မိန့်တော်မူသည်ကို သင်မြင်ရလတ္တံ့။
၃၁။ ☆၁၆း၆၂	**قَدْ خَسِرَ الَّذِينَ كَذَّبُواْ بِلِقَاء اللّهِ حَتَّى إِذَا جَاءتْهُمُ السَّاعَةُ بَغْتَةً قَالُواْ يَا حَسْرَتَنَا عَلَى مَا فَرَّطْنَا فِيهَا وَهُمْ يَحْمِلُونَ أَوْزَارَهُمْ عَلَى ظُهُورِهِمْ أَلاَ سَاء مَا يَزِرُونَ۝** ပရမတ်ဘုရားရှင်အား ဖူးတွေ့ရမည်ကို ငြင်းဆန်သောသူတို့သည် ဆုံးရှုံးရသူများ ဖြစ်၏။ ရုတ်တရက် အချိန်နာရီဆိုက်ရောက်လာသည့်တိုင် သူတို့က ''ကျွန်ုပ်တို့၏ လက်လွတ်စပယ်မှုများ☆ အတွက် ကြေကွဲရလေခြင်း၊''ဟု ညီးညူကြလတ္တံ့။ သူတို့သည် အကုသိုလ် ဝန်ထုတ်ဝန်ပိုးများကို ကျောကုန်းထက်၌ ထမ်းလျက် သယ်ပိုးရလတ္တံ့။
၃၂။	**وَمَا الْحَيَاةُ الدُّنْيَا إِلاَّ لَعِبٌ وَلَهْوٌ وَلَلدَّارُ الآخِرَةُ خَيْرٌ لِّلَّذِينَ يَتَّقُونَ أَفَلاَ تَعْقِلُونَ۝** လောကီဘဝသည် မြူးထူးပျော်ပါးစရာ ဟာသမျှ ဖြစ်၏၊ စည်းစောင့်သောသူများအတွက် နောင်ဘဝ ဘုံဗိမာန်သည် အကောင်းဆုံးဖြစ်၏၊ အတွေးအခေါ် မရှိကြသလော။
၃၃။	**قَدْ نَعْلَمُ إِنَّهُ لَيَحْزُنُكَ الَّذِي يَقُولُونَ فَإِنَّهُمْ لاَ يُكَذِّبُونَكَ وَلَكِنَّ الظَّالِمِينَ بِآيَاتِ اللّهِ يَجْحَدُونَ۝** အမှန်မှာ သင် လိမ်နေသည် မဟုတ်လောဟု ပြောဆိုသောသူများကြောင့် သင့်အား သောကဖြစ်စေသည်ကို ငါအရှင်မုချ သိနေတော်မူ၏၊ သို့ရာတွင် အမိုက်ကောင်များသည် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို ပယ်ပစ်နေခြင်းပင် ဖြစ်၏။[၃၅]
၃၄။	**وَلَقَدْ كُذِّبَتْ رُسُلٌ مِّن قَبْلِكَ فَصَبَرُواْ عَلَى مَا كُذِّبُواْ وَأُوذُواْ حَتَّى أَتَاهُمْ نَصْرُنَا وَلاَ مُبَدِّلَ لِكَلِمَاتِ اللّهِ وَلَقَدْ جَاءكَ مِن نَّبَإِ الْمُرْسَلِينَ۝** သင့် ရှေ့အလျင် ဉာဏ်စဉ်ဆောင်များသည်လည်း မုချ ငြင်းဆန်ခြင်း ခံခဲ့ရပြီ။ သို့သော် ငါ၏ ကူညီမှုများ ပေးအပ်သည်အထိ ငြင်းဆန်မှုများ၊ ထိခိုက်နစ်နာများကို ကြုံကြံ့ခံခဲ့ရပြီ။ ပရမတ်ဘုရားရှင်၏ ဓမ္မတော်အား လွှဲပြောင်းနိုင်သူ မရှိချေ။[၃၆] မုချပင် ဉာဏ်စဉ်ဆောင်များ၏ သတင်းများ သင့်ထံသို့ ရောက်လာစေပြီ။

---

(၃၅) ကိုယ်တော်မုဟမ္မဒ်၏ ဘဝတာတွင် လိမ်လည်သည်ဟူ၍ မရှိခဲ့သောကြောင့် ကိုယ်တော့်အား လက်ခံသူရော၊ လက်မခံသူရောများက ကိုယ်တော့်အား သစ္စာရှင် ''အာလ်အမီးန်'' ဟု ခေါ်ကြပေသည်။ သို့သော် ကိုယ်တော်ရရှိသော ဉာဏ်စဉ်ကိုသာ လိမ်လည်ခြင်း ဖြစ်သည်ဟု စွပ်စွဲခြင်း ဖြစ်ပေသည်။ (၆း၅၇)

(၃၆) ပရမတ်ဘုရားရှင်၏ ဓမ္မတော်ကို ပြောင်းလဲနိုင်သူ မရှိ ဆိုသည်မှာ ပရမတ်ဘုရားရှင်က နောက်ဆုံးတစ်ပါး ပွင့်ပေါ် ဦးမည်ဟု ကြိုတင်ပေးထားသော ဗျာဒိတ်တော်ကို ဆိုလိုခြင်း ဖြစ်ပေသည်။

၃၅။	**وَإِن كَانَ كَبُرَ عَلَيْكَ إِعْرَاضُهُمْ فَإِنِ اسْتَطَعْتَ أَن تَبْتَغِيَ نَفَقًا فِي الأَرْضِ أَوْ سُلَّمًا فِي السَّمَاء فَتَأْتِيَهُم بِآيَةٍ وَلَوْ شَاء اللّهُ لَجَمَعَهُمْ عَلَى الْهُدَى فَلاَ تَكُونَنَّ مِنَ الْجَاهِلِينَ۞**
	သင်သည် တတ်နိုင်၍ မြေသျှိုးနိုင်ရန် လည်းကောင်း မိုးပျံနိုင်ရန်[၃၆]လည်းကောင်း နိမိတ်လက္ခဏာကို ရှာဖွေ ယူလာခဲ့သော်လည်း သူတို့၏ ဘောင်ကန့်ခြင်းသည် သင့်အတွက် ဝန်ကြီးလှလျှင်၊ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီလျှင် သူတို့အား လမ်းညွှန်မှန်ပေါ် အတူစုပေးပြီ။ သင်သည် ပညာမဲ့တို့၏ အနက်မှ မဖြစ်စေနှင့်။
၃၆။	**إِنَّمَا يَسْتَجِيبُ الَّذِينَ يَسْمَعُونَ وَالْمَوْتَى يَبْعَثُهُمُ اللّهُ ثُمَّ إِلَيْهِ يُرْجَعُونَ۞**
	နာယူသောသူများသည်သာ ဖြေကြားခံရသူများ ဖြစ်ကြ၏၊ ပရမတ်ဘုရားရှင်သည် ဘဝသေနေသူများကို နိုးကြစေတော်မူ၏၊ ထို့နောက် အရှင့်ထံသို့သာ ဦးလှည့်ရမည်သာတည်း။
၃၇။	**وَقَالُواْ لَوْلاَ نُزِّلَ عَلَيْهِ آيَةٌ مِّن رَّبِّهِ قُلْ إِنَّ اللّهَ قَادِرٌ عَلَى أَن يُنَزِّلَ آيَةً وَلَكِنَّ أَكْثَرَهُمْ لاَ يَعْلَمُونَ۞**
	ကံကြမ္မာရှင်၏ထံမှ နိမိတ်လက္ခဏာ တစ်ပါးပါး သူ့ထံသို့ အဘယ်ကြောင့် မချမှတ်သနည်းဟု ပြောဆိုကြကုန်၏၊ ဟောလော့၊ ပရမတ်ဘုရားရှင်သည် ချမှတ်ပေးသည့် သုတ်ဒေသနာ၌ စည်းကြပ်မတ်ထား၏၊ သို့ရာတွင် သူတို့အနက်များစွာတို့မှာ မသိကြချေ။
၃၈။ ☆၁၆း၆၂	**وَمَا مِن دَآبَّةٍ فِي الأَرْضِ وَلاَ طَائِرٍ يَطِيرُ بِجَنَاحَيْهِ إِلاَّ أُمَمٌ أَمْثَالُكُم مَّا فَرَّطْنَا فِي الكِتَابِ مِن شَيْءٍ ثُمَّ إِلَى رَبِّهِمْ يُحْشَرُونَ**
	မြေ၌ တွားသွား သတ္တဝါနှင့် အတောင်နှစ်ဘက်ဖြင့် ပျံသော ငှက်တို့သည် သင်တို့ကဲ့သို့ အသိုင်းအဝိုင်းများဖြင့် ဖြစ်ကြ၏။ ငါ၏ ကျမ်းတော်၌ လက်လွတ်စပယ်☆ တစ်စုံတစ်ရာမျှ မရှိချေ။ ထို့နောက် သူတို့၏ ကံကြမ္မာရှင်ထံသို့သာ စုစည်းခံရစေမည်ပင်။[၃၇]
၃၉။ ☆၂း၇၀	**وَالَّذِينَ كَذَّبُواْ بِآيَاتِنَا صُمٌّ وَبُكْمٌ فِي الظُّلُمَاتِ مَن يَشَإِ اللّهُ يُضْلِلْهُ وَمَن يَشَأْ يَجْعَلْهُ عَلَى صِرَاطٍ مُّسْتَقِيمٍ۞**
	ငါ၏ သုတ်ဒေသနာများအား ငြင်းဆန်သော သူတို့သည် အမှောင်၌ ရှိသော ပင်းသူ၊ အသူများ ဖြစ်ကြ၏၊ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မှီသူအား☆ အပါယ်သို့ရောက်စေ၍ စံချိန်ပြည့်မှီသူအား☆ ဖြောင့်မတ်မှန်ကန်သော လမ်း၌ ရှိရန် စီစဉ်တော်မူ၏။
၄၀။	**قُلْ أَرَأَيْتَكُمْ إِنْ أَتَاكُمْ عَذَابُ اللّهِ أَوْ أَتَتْكُمُ السَّاعَةُ أَغَيْرَ اللّهِ تَدْعُونَ إِن كُنتُمْ صَادِقِينَ۞**
	ဟောပြောလော့၊ ‘‘သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ ပရမတ်ဘုရားရှင်၏ ဝဠုဂ္ဂြေးဒဏ်သည် သင်တို့ထံသို့ ပေးရောက်သော် သို့မဟုတ် သတ်မှတ်ချိန်အား ပေးရောက်ခဲ့သော် ပရမတ်ဘုရားရှင် မှကင်း၍ ဆုတောင်းစရာကို မြင်ကြသလော၊’’
၄၁။ ☆၂း၂၈၄	**بَلْ إِيَّاهُ تَدْعُونَ فَيَكْشِفُ مَا تَدْعُونَ إِلَيْهِ إِنْ شَاء وَتَنسَوْنَ مَا تُشْرِكُونَ۞**
	အမှန်မှာ အရှင့်ထံ၌သာ ဆုတောင်းကြလတ္တံ့၊ ဆုတောင်းမှုများပေါ်၌ ဖယ်ရှားတော်မူအံ့၊ စံချိန်ပြည့်လျှင်☆ သင်တို့သည် ရောပြွန်းကိုးကွယ်ခဲ့သည်များကို မေ့ပစ်ကြလတ္တံ့။
၄၂။	**وَلَقَدْ أَرْسَلنَآ إِلَى أُمَمٍ مِّن قَبْلِكَ فَأَخَذْنَاهُمْ بِالْبَأْسَاء وَالضَّرَّاء لَعَلَّهُمْ يَتَضَرَّعُونَ۞**

---

(၃၆) فَنَفَقًا فِي الْأَرْضِ أَوْ سُلَّمًا فِي السَّمَاءِ မှာ ‘‘မြေကို ငွေ့ကြေးသုံး၍ လိုင်ဂူဖေါက်သည် သို့မဟုတ် မိုးသို့ တက်ရန် လှေကားတစ်ခုကို ယူဆောင်ခဲ့သည်’’ ဟု ဖြစ်သည်။ သို့သော် ၎င်း၏ အဓိပ္ပါယ်မှာ မဖြစ်နိုင်သော မြေသျှိုး မိုးပျံခြင်း။ ဈာန်ရခြင်း ကို ဆိုလိုခြင်း ဖြစ်ပေသည်။ ၅၂း၃၈ တွင်ကြည့်ပါ။

(၃၇) ဤသုတ်တော်တွင် ဖေါ်ပြသော သတ္တဝါနှစ်မျိုးမှာ လောကီ(မြေ)၌ နစ်မွန်းနေသော သာမန်လူတန်းစားနှင့် ဉာဏ်စဉ်ရေးရာ မြင့်မားစေရန် (ပျံတက်နိုင်ရန်) အားထုတ်သော လူတန်းစားကို ပုံဆောင်ခြင်း ဖြစ်ပေသည်။

☆၉၃၃ စေလွှတ်	ငါသည် သင့် ရှေ့အလျင် အသိုင်းအဝိုင်းတို့ထံ ဉာဏ်စဉ်ဆောင်များ စေစား၏။☆ ထို့နောက် သူတို့အား နိဝါတတရား ရှိအံ့သောငှာ အမင်္ဂလာ ဆိုးကျိုးများဖြင့် အရေးယူခဲ့၏၊
၄၃။ ✡၂၁၄	**فَلَوْلا إِذْ جَاءهُمْ بَأْسُنَا تَضَرَّعُواْ وَلَـكِن قَسَتْ قُلُوبُهُمْ وَزَيَّنَ لَهُمُ الشَّيْطَانُ مَا كَانُواْ يَعْمَلُونَ۞** သူတို့ထံ အမင်္ဂလာ ရောက်လာစေပြီး ထိသက်စေသော်လည်း နှိမ့်ချခြင်း မရှိကြချေ။ သူတို့၏ နှလုံးသားသည် ခက်ထန်ကြ၏။ မကောင်းဆိုးဝါးက✡ သူတို့၏ ကျင့်ကြံလေ့ရှိရာများကြောင့် ဖမ်းစားထား၏။
၄၄။	**فَلَمَّا نَسُواْ مَا ذُكِّرُواْ بِهِ فَتَحْنَا عَلَيْهِمْ أَبْوَابَ كُلِّ شَيْءٍ حَتَّى إِذَا فَرِحُواْ بِمَا أُوتُواْ أَخَذْنَاهُم بَغْتَةً فَإِذَا هُم مُّبْلِسُونَ۞** သူတို့အား သတိရစေသည်ကို မေ့ပစ်ကြကုန်၏၊ သူတို့အား ပေးအပ်ရာများ၌ ဝမ်းသာအားရဖြစ်နေသည့်တိုင် ငါသည် သူတို့အပေါ်၌ ခပ်သိမ်းသော ထွက်ပေါက်များကို ဖွင့်ထားတော်မူ၍၊ သူတို့အား ရုတ်တရက် အရေးယူလိုက်သော် တွေဝေသွားကြကုန်၏။
၄၅။	**فَقُطِعَ دَابِرُ الْقَوْمِ الَّذِينَ ظَلَمُواْ وَالْحَمْدُ لِلّهِ رَبِّ الْعَالَمِينَ۞** မိုက်ကြွေးခွဲသော လူမျိုးတို့၏ အခြေအမြစ်များကို ဖြတ်တောက်ပစ်တော်မူ၏။ ရည်သန်ရူးစိုက်မှု အပေါင်းသည် စကြာဝဠာများ၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင် အဘို့သာ ဖြစ်၏။
၄၆။	**قُلْ أَرَأَيْتُمْ إِنْ أَخَذَ اللّهُ سَمْعَكُمْ وَأَبْصَارَكُمْ وَخَتَمَ عَلَى قُلُوبِكُم مَّنْ إِلَـهٌ غَيْرُ اللّهِ يَأْتِيكُم بِهِ انظُرْ كَيْفَ نُصَرِّفُ الآيَاتِ ثُمَّ هُمْ يَصْدِفُونَ۞** ဟောလော့ ‘‘ပရမတ်ဘုရားရှင်သည် သင်တို့၏ အကြား အမြင်ကို သုတ်ယူပစ်၍၊ သင်တို့၏ နှလုံးသားကို အဆုံးသတ်လိုက်လျှင်၊ ပရတ်မတ်ဘုရားရှင်မှအပ ၎င်းကို သင်တို့ထံသို့ ချီးမြှင့်နိုင်သော အခြား ဘုရားဟူ၍ ရှိသေးသည် ဟု သင်တို့ ရှုစားမိကြသလော၊’’ အရှင်သည် သုတ်ဒေသနာများကို မည်သို့ ထပ်ပြန်တလဲလဲရှင်းပြသည်ကို ကြည့်လော့၊ ထို့နောက် သူတို့သည် ဘက်လှည့်ပြေးကြကုန်၏။
၄၇။	**قُلْ أَرَأَيْتَكُمْ إِنْ أَتَاكُمْ عَذَابُ اللّهِ بَغْتَةً أَوْ جَهْرَةً هَلْ يُهْلَكُ إِلاَّ الْقَوْمُ الظَّالِمُونَ۞** ဟောလော့ ‘‘ပရမတ်ဘုရားရှင်ထံမှ ဝဋ်ကြွေးဒဏ်သည် သင်တို့ထံသို့ ရုတ်တရက် သို့မဟုတ် ပေါ်ပေါ်ထင်ထင် ပေးရောက်ခဲ့သော်၊ မိုက်ကြွေးခွဲသော လူမျိုးမှအပ အခြားသူအား တိမ်ကောစေမည်ဟု သင်တို့ မြင်ကြသလော၊’’
၄၈။ ☆၉၃၃	**وَمَا نُرْسِلُ الْمُرْسَلِينَ إِلاَّ مُبَشِّرِينَ وَمُنذِرِينَ فَمَنْ آمَنَ وَأَصْلَحَ فَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ۞** ငါသည် ဉာဏ်စဉ်ဆောင်များအား သတင်းကောင်းပါးသူ၊ သတိပေးသူများ အဖြစ်မှ အပ စေစားသည်☆ မဟုတ်၊ ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ပြုသူ မည်သူမဆို သူတို့အား ကြောက်ရွံ့ရစေမည် မဟုတ်၊ သောကဖြစ်ရစေမည်လည်း မဟုတ်ချေ။
၄၉။	**وَالَّذِينَ كَذَّبُواْ بِآيَاتِنَا يَمَسُّهُمُ الْعَذَابُ بِمَا كَانُواْ يَفْسُقُونَ۞** ငါ၏ သုတ်ဒေသနာများကို ငြင်းဆန်သော သူတို့အား၊ သူတို့၏ ယုတ်မာလေ့ရှိမှုများကြောင့် ဝဋ်ကြွေးဒဏ်များ ထိစေမည်။
၅၀။ ☆၂၂၀	**قُل لاَّ أَقُولُ لَكُمْ عِندِي خَزَآئِنُ اللّهِ وَلا أَعْلَمُ الْغَيْبَ وَلا أَقُولُ لَكُمْ إِنِّي مَلَكٌ إِنْ أَتَّبِعُ إِلاَّ مَا يُوحَى إِلَيَّ قُلْ هَلْ يَسْتَوِي الأَعْمَى وَالْبَصِيرُ أَفَلاَ تَتَفَكَّرُونَ۞** ဟောလော့ ‘‘ပရမတ်ဘုရားရှင်၏ ဘဏ္ဍာများ၊ စကြာလွန်များကို သိနိုင်စွမ်းများ ကျွန်ုပ်၌ ရှိသည်ဟု သင်တို့အား ပြောခဲ့သလော၊ ကျွန်ုပ်သည် နတ်မင်းကြီးတစ်ပါး☆ ဖြစ်သည်ဟုလည်း မပြောခဲ့ပေ။ ကျွန်ုပ်အား အာရုံစူးစိုက်ပေးသည်ကိုသာ

	လိုက်နာ၏။'' ''အကန်းနှင့် မြင်နိုင်သူသည် တူညီသလော၊ စဉ်းစားသုံးသပ်နိုင်စွမ်း မရှိကြသလော၊''ဟု မေးမြန်းလော့။
၅၁။	**وَأَنذِرْ بِهِ الَّذِينَ يَخَافُونَ أَن يُحْشَرُواْ إِلَى رَبِّهِمْ لَيْسَ لَهُم مِّن دُونِهِ وَلِيٌّ وَلاَ شَفِيعٌ لَّعَلَّهُمْ يَتَّقُونَ۞** အရှင် မှလွဲ၍ သူတို့အတွက် မဟာမိတ် မရှိ၊ ကြားဝင်ပေးနိုင်သူ မရှိ၊ ကံကြမ္မာရှင်၏ ထံသို့သာ စုစည်းခံရစေမည်ဟု စိုးကြောက်သောသူများအား စည်းစောင့်အံ့ဌာ သတိပေးလော့၊
၅၂။	**وَلاَ تَطْرُدِ الَّذِينَ يَدْعُونَ رَبَّهُم بِالْغَدَاةِ وَالْعَشِيِّ يُرِيدُونَ وَجْهَهُ مَا عَلَيْكَ مِنْ حِسَابِهِم مِّن شَيْءٍ وَمَا مِنْ حِسَابِكَ عَلَيْهِم مِّن شَيْءٍ فَتَطْرُدَهُمْ فَتَكُونَ مِنَ الظَّالِمِينَ۞** မနက်စောစောနှင့် ညဦး၌ ကံကြမ္မာရှင်အား မျက်မှောက်ပြု၍ ဝတ်ပြုဆုတောင်းလိုသော သူတို့အား မောင်းမထုတ်နှင့် သူတို့အတွက် သင်သည် တစ်စုံတစ်ရာမျှ စစ်ဆေးခံရမည်မဟုတ်၊ သူတို့သည်လည်း သင့်အတွက် တစ်စုံတစ်ရာမျှ စစ်ဆေးခံရမည် မဟုတ်ပေ။ သူတို့အား မောင်းထုတ်ခဲ့လျှင် သင်သည် အမိုက်ကောင်များမှ ဖြစ်ရချေပြီ။[၃၅]
၅၃။	**وَكَذَلِكَ فَتَنَّا بَعْضَهُم بِبَعْضٍ لِّيَقُولواْ أَهَؤُلاء مَنَّ اللّهُ عَلَيْهِم مِّن بَيْنِنَا أَلَيْسَ اللّهُ بِأَعْلَمَ بِالشَّاكِرِينَ۞** ''ကျွန်ုပ်တို့အနက် ဤသူများကိုသာ ပရမတ်ဘုရားရှင်က မျက်နှာသာပေးသလော၊''ဟု မေးမြန်းရရန် ငါသည် သူတို့မှ အချို့ကို အချို့အားဖြင့် ဤသို့ စမ်းသပ်တော်မူ၏။ ပရမတ်ဘုရားရှင်သည် ကျေးဇူးသိသူတို့အား အသိဆုံးပင် မဟုတ်လော။
၅၄။	**وَإِذَا جَاءكَ الَّذِينَ يُؤْمِنُونَ بِآيَاتِنَا فَقُلْ سَلاَمٌ عَلَيْكُمْ كَتَبَ رَبُّكُمْ عَلَى نَفْسِهِ الرَّحْمَةَ أَنَّهُ مَن عَمِلَ مِنكُمْ سُوءًا بِجَهَالَةٍ ثُمَّ تَابَ مِن بَعْدِهِ وَأَصْلَحَ فَأَنَّهُ غَفُورٌ رَّحِيمٌ۞** ငါ၏ သုတ်ဒေသနာတို့အား ယုံကြည်သောသူများသည် သင့်ထံသို့ ရောက်လာသောအခါ၊ ''သင်တို့၌ ငြိမ်းချမ်းမှုခပါစေ၊ သင်တို့၏ ကံကြမ္မာရှင်သည် အရှင်၏ စရိုက်တော်အား ကရုဏာအဖြစ် ပြဋ္ဌာန်းထား၏။ သင်တို့အနက် ပညာမဲ့စွာ အကုသိုလ် ကျင့်ကြံမိသူသည် ပြီးနောက်မှ ခဝါချလျက် ပြုပြင်ကြလျှင် အရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။''ဟု ဆိုကြလတ္တံ့။
၅၅။	**وَكَذَلِكَ نفَصِّلُ الآيَاتِ وَلِتَسْتَبِينَ سَبِيلُ الْمُجْرِمِينَ۞** ရာဇဝတ်ကောင်တို့၏ လမ်းစဉ်ကို ရှင်းလင်းစေရန် သုတ်ဒေသနာများကို ဤသို့ ရှင်းလင်းဆုံးဖြတ်ပေးတော်မူ၏။
၅၆။	**قُلْ إِنِّي نُهِيتُ أَنْ أَعْبُدَ الَّذِينَ تَدْعُونَ مِن دُونِ اللّهِ قُل لاَّ أَتَّبِعُ أَهْوَاءكُمْ قَدْ ضَلَلْتُ إِذًا وَمَا أَنَاْ مِنَ الْمُهْتَدِينَ۞** ဟောလော့''ပရမတ်ဘုရားရှင် မှလွဲ၍ ဝတ်ပြုဆုတောင်းရာတို့အား ကိုးကွယ်ခြင်းမှ ကျွန်ုပ်အား ဟန့်တားတော်မူ၏။'' ''ကျွန်ုပ်အား လမ်းညွှန်ရသူတို့မှ မဖြစ်နိုင်သော အသင်တို့၏ လွဲမှားစေသည့်– လိုဘများသို့ ကျွန်ုပ် လိုက်နာမည် မဟုတ်ချေ။''ဟု ထပ်ပြောလော့။
၅၇။	**قُلْ إِنِّي عَلَى بَيِّنَةٍ مِّن رَّبِّي وَكَذَّبْتُم بِهِ مَا عِندِي مَا تَسْتَعْجِلُونَ بِهِ إِنِ الْحُكْمُ إِلاَّ لِلّهِ يَقُصُّ الْحَقَّ وَهُوَ**

(၃၅) အစွလာမ်သမိုင်းပညာရှင်အားလုံးနှင့် ကျမ်းတော်ကို ဖွင့်ဆိုသော ကျမ်းအားလုံး၏ သဘောတူညီချက်မှာ ဤသုတ်တော်မှာ ''ကိုယ်တော်မုဟမ္မဒ်သည် သူဆင်းရဲများ၊ အစွလာမ်သာသနာကြောင့် ကျန်ဘဝမှ လွတ်မြောက်လာသူများကို သာသနာမှ မောင်းထုတ်ပေးလျှင် အချို့သော ကုရိုက်ရှ် (လူမျိုးကြီး) ခေါင်းဆောင်များက အစွလာမ် သာသနာကို လက်ခံမည်'' ဟု ကမ်းလှမ်းလာသော အချိန်၌ ကိန်းဝပ်ပညတ်ပေးသော ဥပဒေတော် ဖြစ်သည်။ အစွလာမ် သာသနာသည် အကျင့်သီလအပေါ်၌သာ လူတစ်ဦး၏ အဆင့်အတန်းကို သတ်မှတ်၍ ဆင်းရဲ ချမ်းသာ၊ အဖြူ အမဲ၊ မျိုးရိုးဇာတိ၊ ကျား၊ မ ပေါ်၌ လူတန်းစား ခွဲခြားမှုကို တားမြစ်ထားသောကြောင့် ထိုခေါင်းဆောင်များ၏ ကမ်းလှမ်းချက်ကို လက်မခံဘဲ ဘုရား တရား ကြည်ညိုသော သူဆင်းရဲများကို သာသနာ (အသိုင်းအဝိုင်း)မှ မောင်းထုတ်ခြင်းကို တားမြစ်ခြင်း ဖြစ်သည်။

	خَيْرُ الْفَاصِلِينَ۝ ဟောလေ့ ‘‘ကျွန်ုပ်သည် သင်တို့က ငြင်းဆန်သော ကံကြမ္မာရှင်၏ ရှင်းလင်းချက်တော်၌ ရှိ၏၊ သင်တို့ အလျင်လိုသည့် အရာသည် ကျွန်ုပ်ထံ၌ မရှိချေ။ သစ္စာတရားအား ဖေါ်ပြပေးသော ပရမတ်ဘုရားရှင်သည်သာ စီရင်ထုံးပြုပေးတော်မူ၏၊ အရှင်သည်သာ အကောင်းဆုံး ရှင်းလင်းဆုံးဖြတ်ပေးသော အရှင် ဖြစ်၏။’’
၅၈။	**قُل لَّوْ أَنَّ عِندِي مَا تَسْتَعْجِلُونَ بِهِ لَقُضِيَ الأَمْرُ بَيْنِي وَبَيْنَكُمْ وَاللّهُ أَعْلَمُ بِالظَّالِمِينَ۝** ဟောပြောလေ့ ‘‘သင်တို့ အလျင်လိုနေသော အရာသည် ကျွန်ုပ်ထံ၌ ရှိခဲ့လျှင် ကျွန်ုပ်၏ကြား သင်တို့ကြား၌ ညွှန်ကြားချက်ကို ဆုံးဖြတ်ပြီးလတ္တံ့။ ပရမတ်ဘုရားရှင်သည် အမိုက်ကောင်တို့အား အသိဆုံး ဖြစ်တော်မူ၏။’’[၃၉]
၅၉။	**وَعِندَهُ مَفَاتِحُ الْغَيْبِ لاَ يَعْلَمُهَا إِلاَّ هُوَ وَيَعْلَمُ مَا فِي الْبَرِّ وَالْبَحْرِ وَمَا تَسْقُطُ مِن وَرَقَةٍ إِلاَّ يَعْلَمُهَا وَلاَ حَبَّةٍ فِي ظُلُمَاتِ الأَرْضِ وَلاَ رَطْبٍ وَلاَ يَابِسٍ إِلاَّ فِي كِتَابٍ مُّبِينٍ۝** အရှင်မှ အပ သိနိုင်သူ မရှိသော စက္ခုလွန်များ အတွက် သော့များသည် အရှင့်ထံ၌ ရှိနေ၏။[၄၀] အရှင်သည် မြေ ရေနှစ်ပါး၌ ရှိသည်တို့ကို သိနေတော်မူ၏၊ သစ်တစ်ရွက် ကြွေကျလေလျှင် အရှင်သိနေသည်သာ ဖြစ်၏၊ မြေကမ္ဘာ၏ အမှောင်တွင်းမှ သစ်စေ့တစ်စေ့၊ လတ်ဆတ်ခြင်း၊ ခြောက်သွေ့ခြင်းတို့သည် ရှင်းလင်းထင်ရှားသော မှတ်တမ်း၌ ရှိနေသည်သာ ဖြစ်၏။[၄၁]
၆၀။	**وَهُوَ الَّذِي يَتَوَفَّاكُم بِاللَّيْلِ وَيَعْلَمُ مَا جَرَحْتُم بِالنَّهَارِ ثُمَّ يَبْعَثُكُمْ فِيهِ لِيُقْضَى أَجَلٌ مُّسَمًّى ثُمَّ إِلَيْهِ مَرْجِعُكُمْ ثُمَّ يُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ۝** ထိုအရှင်သည် ညှဉ်၌ သင်တို့အား အားပြည့်စေတော်မူ၍၊ နေ့၌ သင်တို့ လုပ်လိုက်သမျှကို သိနေသော အရှင် ဖြစ်၏၊ တဖန် သတ်မှတ် သက်တမ်းအား ပြီးဆုံးစေရန် သင်တို့အား နိုးကြွစေ၏။ ထို့နောက် သင်တို့သည် အရှင့် ထံသို့သာ အပြန်ခရီး ရှိ၍၊ အသင်တို့၏ ကျင့်ကြံခြင်း ရှိခဲ့သည်ကို သတင်းထုတ်ပြန်တော်မူလတ္တံ့။
၆၁။	**وَهُوَ الْقَاهِرُ فَوْقَ عِبَادِهِ وَيُرْسِلُ عَلَيْكُم حَفَظَةً حَتَّى إِذَا جَاء أَحَدَكُمُ الْمَوْتُ تَوَفَّتْهُ رُسُلُنَا وَهُمْ لاَ**

---

(၃၅၉) အလျင်လိုနေသောအရာများ ဆိုသည်မှာ ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်အားဖြင့် ကိုယ်တော် ဟောပြောသော ဝဋ်ကြွေးနှင့် သုခ ခံစားခွင့်ကို ဆိုလိုပေသည်။ မိစ္ဆာဒိဋ္ဌိများသည် ကိုယ်တော်တရား ဟောသောအခါတွင် အသင်ပြောသော ငရဲ၊ ဝဋ်ကြွေးကို ကျွန်ုပ်တို့ထံသို့ ချက်ချင်း ပို့လော့ ဟု စောဒကတက် ကပ်ဖက်ခံ တောင်းဆိုသောကြောင့် ‘‘သင်တို့ အစောတလျင် တောင်းဆိုသောအရာ’’ ဟု ကျမ်းတော်က သုံးပေသည်။ ဝဋ်ကြွေး ခံရမှုသည်လည်းကောင်း၊ သုခစံရမှုသည်လည်းကောင်း သတ်မှတ်ချက် ရေချိန်ပြည့်မှု အပေါ်၌သာ တည်နေပေသည်။ ၂၊၇၀ တွင် ကြည့်ပါ။

(၃၆၀) သာမန် မံသမျက်စိဖြင့် မမြင်နိုင်သော (ဉာဏ်မျက်စိဖြင့်သာ မြင်နိုင်သော) အရာများကို သိနိုင်သော သော့ချက်များမှာ ပရမတ်ဘုရားရှင်၏ ထံ၌သာ ရှိပေသည်။ အရှင်သည် ဉာဏ်စဉ်အပေါင်း၏ ဇစ်မြစ် ဖြစ်၏။ ထို့ကြောင့် ပရမတ်ဘုရားရှင်အား အမှုတော်ဆောင်ခြင်းဖြင့် ဉာဏ်စဉ်ရေးရာ ရင့်ကျက်လာစေရန် ကျင့်ကြံသင့်ပေသည်။ ဉာဏ်စဉ်ရင့်ကျက်လေလေ သာမန်လူသားများထက် ပိုမို သိရှိလေလေပင် ဖြစ်ပေသည်။ ပရမတ်ဘုရားရှင်အား ချည်းကပ်နည်း၊ ဉာဏ်စဉ်ရေးရာ ကျင့်ဆောင်နည်းများသည် လူသားများ စိတ်ကူးဖြင့် ရေးသား တည်းဖြတ်ထားသော ကျမ်းများ၌ တွေ့ရမည် မဟုတ်ချေ။

(၃၆၁) ဤသုတ်တော်မှ သစ်ရွက်၊ သစ်စေ့၊ စိမ်းလန်းမှု ခြောက်သွေ့မှုများအား ရုက္ခဗေဒ ပညာရှင်များ အနေဖြင့်လည်း ၎င်းတို့၏ ဗဟုသုတ အလျောက် ဖွင့်ဆိုနိုင်ပါသည်။ ဤဘာသာပြန်တွင် အစွယ်လာမ်သမိုင်း၊ ခေါင်းဆောင်နှင့် နောက်လိုက်တို့၏ စိတ်နေသဘောထားနှင့် ဒဏ္ဍာရီ ကင်းသော ဝိပဿနာ သဘောတရားများကို ဦးစားပေး ဖွင့်ဆိုသောကြောင့် –စိမ်းလန်းခြင်း ခြောက်သွေ့ခြင်းကို ထင်ရှားစွာ မှတ်တမ်းတင်ထားပြီး ဆိုသည်မှာ လောက ဓမ္မ၏ ဖြစ်ပျက်နိယာမကို ဖေါ်ညွှန်း၍ သစ်ရွက် ကြွေကျခြင်း ဟူသည့် မဟာလူမျိုးကြီး ကုရိုက်ရှ်တို့၏ ကျဆုံးခန်း၊ အာရဗ်တို့၏ အမိုက်မှောင်တွင်းမှ မျိုးစေ့တည်ခဲ့ရသော အစွယ်လာမ်မျိုးစေ့၏ ရှင်သန်ထွန်းပေါ်လာရန် နိမိတ်တို့ကို ဝက်ဝုတ္တိအလင်္ကာဖြင့် တင်ပြခြင်း ဖြစ်ပေသည်။

☆၉း၃၃	**يُفَرِّطُونَ۝** အရှင်သည် အမှုတော်ဆောင်များ အပေါ်မှ ဖူးခြာ ဖြစ်၏၊ သင်တို့အနက် တစ်စုံတစ်ယောက်ထံသို့ အနိစ္စတရား ရောက်လာသည့်တိုင် စောင့်ရှောက်သူအား စေထားတော်မူ၍၊☆ သူ့အား ငါ၏ ဉာဏ်စဉ်ဆောင်များက သက်တမ်းကုန်စေ၏၊ သူတို့သည် လက်လွတ်စပယ် မရှိချေ။[၃၆၂]
၆၂။	**ثُمَّ رُدُّواْ إِلَى اللهِ مَوْلاَهُمُ الْحَقِّ أَلاَ لَهُ الْحُكْمُ وَهُوَ أَسْرَعُ الْحَاسِبِينَ۝** ထို့နောက် အစစ်အမှန် အားကိုးရမည့် အရှင်[၃၆၃] ဖြစ်သော ပရမတ်ဘုရားရှင်၏ ဘက်သို့ ပြန်ပို့ခံရလတ္တံ့၊ ဓမ္မသတ်သည် အရှင်၏ အချုပ်အခြာဥစ္ဆာ ရှိ၍၊ အရှင်သည် အချိန်နှင့်တပြေးညီ စရင်းစစ်နေတော်မူ၏။
၆၃။	**قُلْ مَن يُنَجِّيكُم مِّن ظُلُمَاتِ الْبَرِّ وَالْبَحْرِ تَدْعُونَهُ تَضَرُّعاً وَخُفْيَةً لَّئِنْ أَنجَانَا مِنْ هَذِهِ لَنَكُونَنَّ مِنَ الشَّاكِرِينَ۝** ဟောကြားလော့ "သင်တို့အား ရေ မြေ အမှောင်ထုမှ မည်သူက လွတ်မြောက်စေခဲ့သနည်း၊ "ကျွန်ုပ်တို့အား ဤမှ လွတ်မြောက်စေလျှင် ကျွန်ုပ်တို့သည် ကျေးဇူးသိတတ်သူများမှ ဖြစ်ကြမည်"ဟု အရှင့်အား လျှိုဝှက် နှိမ့်ချ၍ ဆုတောင်းခဲ့ကြ၏၊"
၆၄။ အမှောင်	**قُلِ اللهُ يُنَجِّيكُم مِّنْهَا وَمِن كُلِّ كَرْبٍ ثُمَّ أَنتُمْ تُشْرِكُونَ۝** ဟောလော့၊ ပရမတ်ဘုရားရှင်သည် **ထို**မှ– ချောက်ချားစေမှုတိုင်းမှ လွတ်မြောက်စေခဲ့၏၊ တဖန် သင်တို့သည် ရောပြွန်းကိုးကွယ်သူများ ဖြစ်ကြကုန်သတည်း။
၆၅။	**قُلْ هُوَ الْقَادِرُ عَلَى أَن يَبْعَثَ عَلَيْكُمْ عَذَابًا مِّن فَوْقِكُمْ أَوْ مِن تَحْتِ أَرْجُلِكُمْ أَوْ يَلْبِسَكُمْ شِيَعاً وَيُذِيقَ بَعْضَكُم بَأْسَ بَعْضٍ انظُرْ كَيْفَ نُصَرِّفُ الآيَاتِ لَعَلَّهُمْ يَفْقَهُونَ۝** ဟောလော့၊ အရှင်သည် အသင်တို့၏ အပေါ်မှ၊ ခြေထောက်များ အောက်မှ ဝင့်ကြွေး ပြစ်ဒဏ်ကို ပေါ်ပေါက်စေရန်၊ သို့တည်းမဟုတ် သင်တို့ချင်း ဂိုဏ်းကွဲမှုကို ဆင်ယင်လျက် အချို့၏ အတိုက်အခိုက်ကို အချို့အား မြည်းစမ်းစေရန်

---

(၃၆၂) ဤသုတ်တော်မှ "**ရှိဆို့လိုနာ**" ကို အချို့က "ငါအရှင်၏ ကောင်းကင်တမန်များ" ဟု ဘာသာပြန်လျက် အသက်နှုတ်သော သေမင်းများဟု ဆိုကြပေသည်။ ဤသတ္တလောကာ၌ သေမင်းသည် **တစ်ပါးတည်း** ရှိသည်ဟု ယုံကြည် ရေးသားနေကြသော ထိုဆရာတော်များက ယခုဝါကျမှ "**ရှိဆို့လိုနာ**" ကို **သေမင်းများ**ဟု လိုလိုလားလား ဘာသာပြန် ယုံကြည်ခြင်းမှာ ကမောက်ကမ ယုံကြည်သော သူတို့၏ အလေ့အကျင့်ကို သိပြီးသား ပညာတတ်မျိုးဆက်များ အဘို့ရာ အံ့သြစရာ မဟုတ်တော့ချေ။ ဤဝါကျ အပါအဝင် ကျမ်းတော် တစ်အုပ်လုံးရှိ **ရှိဆို့လိုနာ**မှာ "ငါအရှင်၏ ဉာဏ်စဉ်ဆောင်များ"ဟုသာ အနက်ကို ပေးပေသည်။ လူသားများအတွက် ပွင့်ပေါ်သော ရုပ္ပလ "ဉာဏ်စဉ်ဆောင်" ဆိုသည်မှာ သူတို့ အဆိုဖြစ်သော ကောင်းကင်တမန် (နတ်ဒေဝတာ) မဟုတ်ချေ။ လူသားစင်စစ်များသာ ဖြစ်ပေသည် (၆း၉)။ ဉာဏ်စဉ်ဆောင်များက သူတို့အား နိဗ္ဗိတ်စေသည် ဆိုခြင်းမှာ သူတို့၏ အယူဝါဒဆိုးများကို ပယ်သတ်ပေးခြင်း ဖြစ်ပေသည်။ ဤအကြောင်းအား တရားမရှိ အမှောင်ကျစဉ် သေနေသော သူများအား တရားအလင်းရောင် ပေါ်ထွန်းခြင်း နေ့၌ ပြန်လည် ရှင်သန်စေသည် ဟူသည့် ၆း၆၀ က ရှင်းလင်းစွာ ထောက်ပြထားပေသည်။

(၃၆၃) **အားကိုးရမည့် အရှင်** ဆိုသော စကားကို အာရဗီဘာသာဖြင့် "မောင်(ဝ်)လာ"ဟု ခေါ်၍၊ ထိုဝေါဟာရမှ မော်လဝီ (ငါ့သခင်) မောင်(ဝ်)လာနာ (ငါတို့ ၏ သခင်) ဟူ၍ ဆင့်ပွားလာခြင်း ဖြစ်သည်။ ထိုဘဲ့ကို ကိုယ်တော်၏ သာဝက အရင်းကြီးများ(ဆွာဟာဗာများ) ကိုယ်တိုင် မခံယူခဲ့ချေ။ ကိုယ်တော် ပရိနိဗ္ဗာန်ပြုပြီး နှစ် ၅၀၀ နောက်ပိုင်းတွင် အစ္စလာမ် တက္ကသိုလ်ကြီးများမှ ပေးသော ဘဲ့ကို ဆွန်နာ (ဆနာ) ဟုခေါ်၍ ဘဲ့ရရန်မှာ သိပ်ပညာ၊ ပထဝီ ပညာ၊ သချိာပညာ၊ အတွေးအခေါ် ဒဿနပညာ၊ နက္ခတ္တဗေဒပညာ၊ ဆေးပညာ၊ စိုက်ပျိုးရေးပညာနှင့် နိုင်ငံရေးသိပ္ပံ အပါအဝင် လူမှုဗေဒ အားလုံးကို တတ်ကျွမ်းစုံလင်ရပေသည်။ ပထဦးဆုံး တက္ကသိုလ်ကြီးကို ဖာတီမိုက်မင်းဆက် က အေဒီ ၁၀၀၅ တွင် အီဂျစ်၌ စတင်ထူထောင်ခဲ့ခြင်း ဖြစ်သည်။။ မရှေးမနှောင်းပင် အစ္စလာမ် တက္ကသိုလ်ကြီးများမှာ ဥရောပ (စပိန်)၊ အာဖရိကနှင့် အန္ဒိယတိုက်သို့ ပျံနှံ့သွားပြီး အန္ဒိယတိုက်တွင် ဘဲ့ရများကို မော်လဝီ၊ မောင်ဝ်လာနာ ဟူ၍ ခေါ်ပေတော့သည်။ စဉ်းပိုင်း အစ္စလာမ်တက္ကသိုလ်ကြီးများတွင် ဘာသာမရွေး သင်ကြားနိုင်ပေသည်။ စကားလုံးအရ သခင်စိတ်သွင်းပေးသော်လည်း၊ လူသားသည် လူသားတို့၏ အရှင်သခင် မဟုတ်ပေ။

	စည်းချိန်ချမှတ်နိုင်၏။ သင်တို့ နားလည်စေခဲ့ငှာ ငါ၏ သုတ်ဒေသနာများကို မည်သို့ ထပ်ပြန်တလဲလဲ ရှင်းပြသည်ကို ကြည့်ကြကုန်လော့။[၃၄]
၆၆။	**وَكَذَّبَ بِهِ قَوْمُكَ وَهُوَ الْحَقُّ قُل لَّسْتُ عَلَيْكُم بِوَكِيلٍ۞** ဎင်းကို သင့်လူမျိုးတို့က ငြင်းဆန်ခဲ့ကြပြီ၊ ဎင်းသည် ပကတိအမှန်တရား ဖြစ်၏၊ ဟောလော့ ''ကျွန်ုပ်သည် သင်တို့၏ ကိုးစားခံရသူ မဟုတ်ချေ။–
၆၇။	**لِّكُلِّ نَبَإٍ مُّسْتَقَرٌّ وَسَوْفَ تَعْلَمُونَ۞** –သတင်းတိုင်းအတွက် တည်နေချိန်သည် ရှိ၏၊ မကြာမီ အသင်တို့ သိကြရလတ္တံ့။''
၆၈။	**وَإِذَا رَأَيْتَ الَّذِينَ يَخُوضُونَ فِي آيَاتِنَا فَأَعْرِضْ عَنْهُمْ حَتَّى يَخُوضُواْ فِي حَدِيثٍ غَيْرِهِ وَإِمَّا يُنسِيَنَّكَ الشَّيْطَانُ فَلاَ تَقْعُدْ بَعْدَ الذِّكْرَى مَعَ الْقَوْمِ الظَّالِمِينَ۞** ငါ၏ သုတ်ဒေသနာများအား ပြက်လုံးထုတ်သော သူတို့ကို မြင်တွေ့သော် သူတို့သည် ဆင့်ပြန်ချက်အား ပြက်လုံး မထုတ်တော့သည်အထိ သင် ဘောင်ကန့်ထားလော့၊ အကယ်၍ မကောင်းဆိုးဝါးက သင့်အား မေ့လျော့နေစေခဲ့လျှင် သတိဝင်ပြီးနောက် သင်သည် မိုက်ကြေးခွဲသော လူမျိုးနှင့်အတူ ထိုင်ဝိုင်းမဖွဲ့နှင့်။
၆၉။	**وَمَا عَلَى الَّذِينَ يَتَّقُونَ مِنْ حِسَابِهِم مِّن شَيْءٍ وَلَـكِن ذِكْرَى لَعَلَّهُمْ يَتَّقُونَ۞** စည်းစောင့်သော သူများ အပေါ်၌ စာရင်းရှင်းခြင်း တစ်စုံတစ်ရာမျှ ရှိမည် မဟုတ်ချေ။ သို့ရာတွင် စည်းစောင့်နိုင်အံ့ငှာ သတိဖေါ်ပေးရန်သာ ရှိ၏။
၇၀။	**وَذَرِ الَّذِينَ اتَّخَذُواْ دِينَهُمْ لَعِبًا وَلَهْوًا وَغَرَّتْهُمُ الْحَيَاةُ الدُّنْيَا وَذَكِّرْ بِهِ أَن تُبْسَلَ نَفْسٌ بِمَا كَسَبَتْ لَيْسَ لَهَا مِن دُونِ اللّهِ وَلِيٌّ وَلاَ شَفِيعٌ وَإِن تَعْدِلْ كُلَّ عَدْلٍ لاَّ يُؤْخَذْ مِنْهَا أُوْلَئِكَ الَّذِينَ أُبْسِلُواْ بِمَا كَسَبُواْ لَهُمْ شَرَابٌ مِّنْ حَمِيمٍ وَعَذَابٌ أَلِيمٌ بِمَا كَانُواْ يَكْفُرُونَ۞** သူတို့၏ သာသနာအား မြူးထူးပျော်ပါး ဟာသလုပ်စရာ အဖြစ် ယူမှတ်သော သူများနှင့် လောကီဘဝ၏ မြူဆွယ်ခံ ထားရသူတို့အား အသင် ချန်ထားခဲ့လော့၊ သို့သော် ကျင့်ဆောင်မှုကြောင့် စရိုက်ကို ဖျက်စေမည့်သူအား သတိ ဖေါ်ပေးလော့၊ ပရမတ်ဘုရားရှင် မှလွဲ၍ အမျှဝေနိုင်သူ မဟာမိတ်ဟု မရှိချေ။ အလုံးစုံကို တန်းတူညီမျှ တန်းတူ လျော်သော်လည်း လက်ခံမည် မဟုတ်ချေ။ သူတို့သည် မိမိတို့၏ ကျင့်ဆောင်မှုများကြောင့် ဖျက်သိမ်းခံရသော သူတို့ ဖြစ်၏၊ ဖုံးကွယ်လေ့ရှိခြင်းများကြောင့် သူတို့အတွက် သောက်စေရန် ရေနွေးပူနှင့်၊ စူးနစ်သော ဝဋ်ကြွေးသည် ရှိနေ၏။
၇၁။	**قُلْ أَنَدْعُو مِن دُونِ اللّهِ مَا لاَ يَنفَعُنَا وَلاَ يَضُرُّنَا وَنُرَدُّ عَلَى أَعْقَابِنَا بَعْدَ إِذْ هَدَانَا اللّهُ كَالَّذِي اسْتَهْوَتْهُ الشَّيَاطِينُ فِي الأَرْضِ حَيْرَانَ لَهُ أَصْحَابٌ يَدْعُونَهُ إِلَى الْهُدَى ائْتِنَا قُلْ إِنَّ هُدَى اللّهِ هُوَ الْهُدَى وَأُمِرْنَا لِنُسْلِمَ لِرَبِّ الْعَالَمِينَ۞** ဟောလော့ ''ပရမတ်ဘုရားရှင် မှလွဲ၍ ကျွန်ုပ်တို့အား ကောင်းကျိုး ဆိုးကျိုးမပြုသော အရာများကို ဝတ်ပြုဆုတောင်း ရမည်လော၊ ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့အား လမ်းညွှန်ပြီးနောက်၊ လမ်းညွှန်မှန်ရှိရာ ကျွန်ုပ်တို့ ထံသို့ လာလော့

(၃၄) ဤသုတ်တော်တွင် ပြစ်ဒဏ်သုံးမျိုးမှ ''သင်တို့၏ အပေါ်မှ'' ဆိုသည်မှာ အထက်မျိုးဆက်များ ပြုလုပ်သွားသောကြောင့် သင်တို့ ခံရသော အကျိုးဆက် သို့မဟုတ် မိုးလေဝသ ဖေါက်ပြန်သောကြောင့် ခံရသော ဒုက္ခများ ကိုလည်းကောင်း၊ ''အသင်တို့၏ ခြေထောက်များ အောက်မှ'' မှာ သားစဉ်မြေးဆက်များ ပြုသောကြောင့် ခံရသော ဒုက္ခ သို့မဟုတ် ရေမြေ ဖေါက်ပြန်သောကြောင့် ခံရသော အကျိုးဆက်နှင့် သင်တို့ချင်း ဂိုဏ်းကွဲ လျက် ဆိုသည်မှာ လူသားချင်းကြား လူမျိုးရေးကြောင့်၊ အယူအဆကြောင့်၊ ဇာတ်စနစ်ကြောင့်၊ ဆင်းရဲ ချမ်းသာ ကွာဟမှုကြောင့် အာဏာလုပ်မှုများကြောင့် စသည်ဖြင့် ဖြစ်ရသော အဓိကရုန်းများ၊ စစ်ပွဲများ၏ ခံရသော ဒုက္ခများကို ဆိုလိုပေသည်။

	ဟု ဖိတ်ခေါ်သည့် ပေါင်းဖော်များရှိလျက် မြေကမ္ဘာ၌ မကောင်းဆိုးဝါး၏ လိုဘနောက်ကိုလိုက်သော ဝေတွေသူ ကဲ့သို့ နိဂုံးများသို့ ကျွန်ုပ်တို့ ပြန်လှည့်ရမည်လော၊'' ''ပရမတ်ဘုရားရှင်၏ လမ်းညွှန်သာလျှင် လမ်းညွှန်မှန် ဖြစ်၏၊ ကျွန်ုပ်တို့ အား စကြာဝဠာများ၏ ကံကြမ္မာရှင်အတွက် ငြိမ်းချမ်းရေးပြုရန် ညွှန်ကြားခံရ၏၊''ဟု ဟောပြောလေ့။
၇၂။ ☆ ၂၃	**وَأَنْ أَقِيمُواْ الصَّلاَةَ وَاتَّقُوهُ وَهُوَ الَّذِي إِلَيْهِ تُحْشَرُونَ۝** ဝတ်ပြု☆ မြဲကြလေ့၊ အရှင့်အား စည်းစောင့်ကြလေ့၊ ထိုအရှင်သည် သင်တို့အား အရှင့်ထံသို့ စုစည်းစေလတ္တံ့။
၇၃။ ☆ ၂၁၁ ★ ၂၁၁၇	**وَهُوَ الَّذِي خَلَقَ السَّمَاوَاتِ وَالأَرْضَ بِالْحَقِّ وَيَوْمَ يَقُولُ كُن فَيَكُونُ قَوْلُهُ الْحَقُّ وَلَهُ الْمُلْكُ يَوْمَ يُنفَخُ فِي الصُّوَرِ عَالِمُ الْغَيْبِ وَالشَّهَادَةِ وَهُوَ الْحَكِيمُ الْخَبِيرُ۝** ထိုအရှင်သည် မိုးများနှင့် မြေကို တိကျမှန်ကန်စွာ ဖြစ်တည်စေခဲ့၏။☆ ''ဖြစ်''ဟု မိန့်သော ကာလ၌ ''ဖြစ်တည်လာရ၏''★ အရှင်၏ စကားတော်သည် ပရမတ္ထသစ္စာ ဖြစ်၏၊ ပုံစံ သက်ဝင်စေသော[၃၅]ကာလ၏ သြဇာအာဏာသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ စက္ခုလွန်နှင့် မျက်မှောက်ရှိသည်များကို သိနေသော အရှင်– ထိုအရှင်သည် ဓမ္မသတ်ရှင် ဘုန်းတော်ရှင် ဖြစ်တော်မူ၏။
၇၄။	**وَإِذْ قَالَ إِبْرَاهِيمُ لأَبِيهِ آزَرَ أَتَتَّخِذُ أَصْنَامًا آلِهَةً إِنِّي أَرَاكَ وَقَوْمَكَ فِي ضَلاَلٍ مُّبِينٍ۝** အဗီဗရာဟီးမ်က သူ့၏ ခမည်းတော် အဇာရ်အား ''ဆင်းတုများကို ဘုရားရှင်များ အဖြစ် အယူထားပါသလော၊ ကျွန်ုပ် သည် သင်နှင့် သင့်လူမျိုးတို့အား ရှင်းလင်းထင်ရှားသော လွဲမှားမှု၌ မြင်ရပြီ၊''ဟု ပြောဆိုသောအခါ–
၇၅။	**وَكَذَلِكَ نُرِي إِبْرَاهِيمَ مَلَكُوتَ السَّمَاوَاتِ وَالأَرْضِ وَلِيَكُونَ مِنَ الْمُوقِنِينَ۝** ဤနည်းဖြင့်၊ အဗီဗရာဟီးမ်အား ဒိဌယုံကြည်သူတို့မှ ဖြစ်စေခဲ့ဌာ ငါသည် မိုးများနှင့် မြေအား အစိုးရသော အရှင် ဖြစ်ကြောင်း ပြသခဲ့၏။
၇၆။ ဝင်သွား	**فَلَمَّا جَنَّ عَلَيْهِ اللَّيْلُ رَأَى كَوْكَبًا قَالَ هَذَا رَبِّي فَلَمَّا أَفَلَ قَالَ لا أُحِبُّ الآفِلِينَ۝** ည၏ အရိပ်သည် သူ့အား လွှမ်းသောအခါ ကြယ်တစ်ပွင့်ကို မြင်၍ သူက ''ဤသည် ကျွန်ုပ်၏ ကံကြမ္မာရှင် ဖြစ်၏၊'' ဟု ရေရွတ်လျက်၊ **ပျယ်သွား**သော် ''ကျွန်ုပ်သည် **ပျယ်**တတ်သည်ကို နှစ်သက်ခြင်း မရှိချေ။''ဟု ရင့်ကျူးဏ်။
၇၇။ ဝင်သွား	**فَلَمَّا رَأَى الْقَمَرَ بَازِغًا قَالَ هَذَا رَبِّي فَلَمَّا أَفَلَ قَالَ لَئِن لَّمْ يَهْدِنِي رَبِّي لأَكُونَنَّ مِنَ الْقَوْمِ الضَّالِّينَ۝** လ ထွက်လာသည်ကို မြင်သော်၊ ''ဤသည် ကျွန်ုပ်၏ ကံကြမ္မာရှင် ဖြစ်၏၊''ဟု ရေရွတ်၍၊ **ပျယ်သွား**ပြန်သော်၊ ''ကံ ကြမ္မာရှင်သည် တပည့်တော်အား လမ်းမညွှန်လျှင်၊ လမ်းလွဲသော လူမျိုးမှ ဖြစ်ရလိမ့်မည်၊''ဟု ညီးညူ၏။
၇၈။ ဝင်သွား	**فَلَمَّا رَأَى الشَّمْسَ بَازِغَةً قَالَ هَذَا رَبِّي هَذَا أَكْبَرُ فَلَمَّا أَفَلَتْ قَالَ يَا قَوْمِ إِنِّي بَرِيءٌ مِّمَّا تُشْرِكُونَ۝** နေ ထွက်လာသည်ကို မြင်သောအခါ ''ဤသည် ကျွန်ုပ်၏ ကံကြမ္မာရှင်ဖြစ်၏၊ ဤသည် အကြီးဆုံးဖြစ်၏၊''ဟု ရေ ရွတ်၍၊ **ပျောက်ကွယ်သွား**သော်၊ ''အို– ကျွန်ုပ်၏ လူမျိုးတို့ ကျွန်ုပ်သည် သင်တို့ ရောပြွန်းကိုးကွယ်သည်များမှ ကင်းသန့်ပေ၏၊''ဟု ကြွေးကြော်သည်မှာ။[၃၆]

---

(၃၆၅) ဆီဟာဟ်၊ ကာမူးဆ်၊ မူးဟ်ကမ် ကျမ်းများနှင့် အီးဒဗယူလိန်း– အာရ်ဗီ အင်္ဂလိပ် ဝေါဟာရ ကျမ်းများ အတိုင်း ပုံစံ (**ဆူး**)၏ အများပြု **ဆူးရ်** ကို ပုံစံများဟု ဤဘာသာပြန်တွင် ပြန်ဆိုခြင်းကြောင့် ဖြစ်တည်စေသော ပုံသဏ္ဌာန်များအား သက်ဝင်စေသော ကာလဟု ဖြစ်ပေသည်။ **ဆူးရ်** ကို တံပိုးခရာဟုလည်း ပြန်ဆိုနိုင်ပြီး ရှင်သန်စုပေါင်းစေသောကာလ၌ အလုံးစုံသော အရာများ ရှင်သန်လှုပ်ရှားစေရန် တံပိုးခရာမှတ်၍ အချက်ပေးခြင်း ဟု တင်စားပြောဆိုခြင်း ဖြစ်ပေသည်။

(၃၆၆) ကိုယ်တော်အီဗရာဟီးမ်က ယခုမှ ကြယ်၊ လ နေ များကို မြင်ဘူးခြင်း မဟုတ်ချေ။ ငယ်စဉ်ကပင် မြင်ဘူးပြီးသား ဖြစ်ပေသည်။ ဤသုတ် တော်များတွင် ပြောဆိုသော ကြယ် လ နေ ဆိုသည်များမှာ ကြယ်နက္ခတ်အား ကိုးကွယ်သော ဘာသာရေးဂိုဏ်းမှာ အင်အား ကြီးထွားလာခြင်း၊ သြဇာအာဏာကျဆုံးခြင်း၊ လ ကိုးကွယ်သော အုပ်စုမှ အာဏာရလာခြင်း အာဏာကျဆုံးရခြင်း၊ နေကိုးကွယ်သော အုပ်စုမှာ မင်းမူအုပ်ချုပ်ခြင်း၊ အုပ်ချုပ်မှုပြုကွဲရခြင်း စသော မတည်မြဲသည့် သဘောတရားများကို ပမာဆောင်ခြင်း ဖြစ်၍ ထိုအုပ်စုများ အာဏာရလာသည် ဖြစ်စေ၊ ကြီးထွားလာ

၇၉။	**إِنِّي وَجَّهْتُ وَجْهِيَ لِلَّذِي فَطَرَ السَّمَاوَاتِ وَالأَرْضَ حَنِيفًا وَمَا أَنَاْ مِنَ الْمُشْرِكِينَ۞** ကျွန်ုပ်၏ မျက်နှာမူရာ အဖြစ် မိုးများနှင့် မြေကမ္ဘာ၏ မူလလက်သည် အရှင်ဘက်သို့ အယူသန်စွာ မျက်မှောက်ပြုပါ၏။ ကျွန်ုပ်သည် ရောပြွန်းကိုးကွယ်သူများမှ မဟုတ်ပြီ။
၈၀။ ★၂:၇၀	**وَحَآجَّهُ قَوْمُهُ قَالَ أَتُحَاجُّونِّي فِي اللهِ وَقَدْ هَدَانِ وَلاَ أَخَافُ مَا تُشْرِكُونَ بِهِ إِلاَّ أَن يَشَاء رَبِّي شَيْئًا وَسِعَ رَبِّي كُلَّ شَيْءٍ عِلْمًا أَفَلاَ تَتَذَكَّرُونَ۞** သူ့လူမျိုးက စောကြောသောအခါ၊ သူက ''ကျွန်ုပ်အား လမ်းညွှန်ပေးသော ပရမတ်ဘုရားရှင်၌ သင်တို့ စောကြောကြသလော၊'' ဟု ဆို၏။ ကျွန်ုပ်သည် ကံကြမ္မာရှင် စံချိန်ပြည့်စေသည်မှအပ★ သင်တို့၏ ရောပြွန်းကိုးကွယ်ရာများကို မကြောက်ပေ၊ ကံကြမ္မာရှင်သည် အရာအားလုံးကို ဖြန့်ကျက်ထား၍၊ သဗ္ဗလုံးစုံသည် အရှင့် အသိတော်၌ ရှိ၏၊ ဆင်ခြင်သတိ ရှိကြပါလေစ။
၈၁။ ရောပြွန်းကိုးကွယ်ရန်	**وَكَيْفَ أَخَافُ مَا أَشْرَكْتُمْ وَلاَ تَخَافُونَ أَنَّكُمْ أَشْرَكْتُم بِاللهِ مَا لَمْ يُنَزِّلْ بِهِ عَلَيْكُمْ سُلْطَانًا فَأَيُّ الْفَرِيقَيْنِ أَحَقُّ بِالأَمْنِ إِن كُنتُمْ تَعْلَمُونَ۞** သင်တို့အား အခွင့်အာဏာ ချမှတ်ပေးခြင်း မရှိ[၃၇] သင်တို့ကိုယ်တိုင် ပရမတ်ဘုရားရှင်နှင့် ရောပြွန်းကိုးကွယ်ရမည်ကို ကြောက်ရွံ့မှု မရှိသော သင်တို့၏ ရောပြွန်းကိုးကွယ်ရာများကို ကျွန်ုပ် မည်သို့ ကြောက်ရွံ့အံ့နည်း၊ သင်တို့၌ အသိရှိကြလျှင် အဖွဲ့ခွဲနှစ်ခုမှ မည်သူက ပို၍မှန်ကန်စွာ ယုံကြည်စိတ်ချရမှုရှိသနည်း၊''[၃၈]
၈၂။	**الَّذِينَ آمَنُواْ وَلَمْ يَلْبِسُواْ إِيمَانَهُم بِظُلْمٍ أُوْلَئِكَ لَهُمُ الأَمْنُ وَهُم مُّهْتَدُونَ۞** မိမိတို့၏ ယုံကြည်မှုအား မိုက်ကြေးခွဲခြင်းဖြင့် မဆင်ယင်သည့် ယုံကြည်သောသူများ၊ ထိုသူများသည်သာ ယုံကြည်စိတ်ချရ၏။ လမ်းညွှန်ခံရသူတို့ ဖြစ်ကြ၏။
၈၃။ ★၂:၇၀ ☆၂:၂၂၈	**وَتِلْكَ حُجَّتُنَا آتَيْنَاهَا إِبْرَاهِيمَ عَلَى قَوْمِهِ نَرْفَعُ دَرَجَاتٍ مَّن نَّشَاء إِنَّ رَبَّكَ حَكِيمٌ عَلِيمٌ۞** ထိုအရာသည် အီဗရာဟီးမ်အား သူ့လူမျိုးတို့က စောကြောကြစဉ် ချီးမြှင့်ခြင်း ဖြစ်၏။ စံချိန်ပြည့်သူအား★ အခွင့်အလမ်း☆ မြောက်စားတော်မူ၏၊ ကံကြမ္မာရှင်သည် ဓမ္မသတ်ရှင် သိနေသောအရှင် ဖြစ်၏။
၈၄။ ☆၂:၁၃၂ ❖၃:၃၄ ✡၅:၇၈ ⁕၄:၁၆၃ ★၂:၅၁	**وَوَهَبْنَا لَهُ إِسْحَقَ وَيَعْقُوبَ كُلاًّ هَدَيْنَا وَنُوحًا هَدَيْنَا مِن قَبْلُ وَمِن ذُرِّيَّتِهِ دَاوُودَ وَسُلَيْمَانَ وَأَيُّوبَ وَيُوسُفَ وَمُوسَى وَهَارُونَ وَكَذَلِكَ نَجْزِي الْمُحْسِنِينَ۞** သူ့အား အီစွဟာ့ဂ်နှင့် ယာကုပ်ကို☆ ချီးမြှင့်တော်မူ၏။ သူတို့ကိုယ်စီအား ငါ လမ်းညွှန်ပေး၏။ ရှေ့အလျင် နူးဟ်❖နှင့် သူ၏ သားစဉ်မြေးဆက် ဖြစ်သော ဒါဝိဒ်✡ စိုလိုင်မံ၊ အိုင်ယုဘ်*၊ ယူဆွဖ်၊ မူဆာ★ နှင့် ဟာရွန်တို့ကို ငါ လမ်းညွှန်ပေး၏။ ဤသည်မှာ သုမဂ်လာပြုသူတို့အတွက် အစားပေးမှုပင်တည်း။
၈၅။ ★၆:၈၆။ ✡၃:၃၉	**وَزَكَرِيَّا وَيَحْيَى وَعِيسَى وَإِلْيَاسَ كُلٌّ مِّنَ الصَّالِحِينَ۞** ဇက္ကရိယာ၊ ယာဟ်ယာ★ ယေရှုနှင့် အီးလ်ယာ့ဆ်✡ တို့ ကိုယ်စီအား ပြုပြင်ပြောင်းလဲသူများမှ ဖြစ်စေ၏။

သည် ဖြစ်စေ ထိုသူများ၏ အကြိုက်ကို လိုက်၍ ကိုးကွယ်ယုံကြည်မှု မရှိဘဲ ပရမတ်ဘုရားရှင် ပြဋ္ဌာန်းသော လောကမမွေ တရားကိုသာ ရှာမှီးဆည်းကပ်ကြောင်းကို ဖော်ပြခြင်း ဖြစ်ပေသည်။

(၃၇) သူတို့ကိုးကွယ်သော ကြယ်၊ လ၊ နေ နှင့် ရုပ်ပွားများအား သဗ္ဗညုတဉာဏ်စဉ် ကိန်းဝပ်ပေးလျက် လူသားတို့အား တရားပေးသည်ဟူ၍ မရှိချေ။ ထို့ကြောင့် ထိုမအပ်မရာ ကိုးကွယ်သူများ ကိုယ်တိုင်က မည်မျှပင် ပူဇော်ပသ နေကြသော်လည်း၊ ထိုအရာများမှာ သက်မဲ့များ၊ လူသားအား ကောင်းကျိုး ဆိုးကျိုး မပေးနိုင်သော အရာများဟု မသိစိတ်မှ သိနေပြီး ဖြစ်သည်။

(၃၈) ထိုဘုရားအများ ကိုးကွယ်ဆည်းကပ်သူများနှင့် ဘုရားတစ်ဆူတည်းကိုသာ ကိုးကွယ်ဆည်းကပ်သူတို့ အနက် မည်သူသည် ပို၍ ဘေးကင်းလုံခြုံ သနည်း–ဟု ဆိုလိုခြင်း ဖြစ်သည်။

၈၆။ ☆၃၈း၄ ✡၇း၈၀	**وَإِسْمَاعِيلَ وَالْيَسَعَ وَيُونُسَ وَلُوطًا وَكُلاًّ فَضَّلْنَا عَلَى الْعَالَمِينَ۞** အိစမာအီးလ်၊ ယာဆ်အ☆၊ ယူနုတ်စ်နှင့် လု(တ်)✡တို့ကိုယ်စီအား လောကခပ်သိမ်းအပေါ်ဝယ် သိက္ခာပေးခဲ့၏။
၈၇။	**وَمِنْ آبَائِهِمْ وَذُرِّيَّاتِهِمْ وَإِخْوَانِهِمْ وَاجْتَبَيْنَاهُمْ وَهَدَيْنَاهُمْ إِلَى صِرَاطٍ مُّسْتَقِيمٍ۞** သူတို့၏ အဖေများ၊ သားစဉ်မြေးဆက်များ၊ ညီအစ်ကိုမောင်နှမများမှ ငါအရှင် ရွေးချယ်သူများ ရှိ၍ သူတို့အား ဖြောင့်မှန်သော လမ်းတော်သို့ လမ်းညွှန်ခဲ့၏။[၃၆]
၈၈။ ☆၂၇း၀ ★၆း ၂၀း၁၇	**ذَلِكَ هُدَى اللهِ يَهْدِي بِهِ مَن يَشَاء مِنْ عِبَادِهِ وَلَوْ أَشْرَكُواْ لَحَبِطَ عَنْهُم مَّا كَانُواْ يَعْمَلُونَ۞** ဤကား ပရမတ်ဘုရားရှင်၏ လမ်းညွှန်ပင် ဖြစ်၏၊ အရှင်သည် အမှုတော်ဆောင်များအနက် စံချိန်ပြည့်သူအား☆ လမ်းညွှန်တော်မူ၏၊ သူတို့မှ ရောပြွန်းကိုးကွယ်ကြသော်– သူတို့၏ ကျင့်ကြံလေ့ရှိရာများသည် အချည်းနှီးဖြစ်ရလတ္တံ့၊★
၈၉။	**أُوْلَئِكَ الَّذِينَ آتَيْنَاهُمُ الْكِتَابَ وَالْحُكْمَ وَالنُّبُوَّةَ فَإِن يَكْفُرْ بِهَا هَؤُلاء فَقَدْ وَكَّلْنَا بِهَا قَوْمًا لَّيْسُواْ بِهَا بِكَافِرِينَ۞** ကျမ်းတော်၊ ဓမ္မသတ်တော်နှင့် သတင်းတော်ဆောင်ဘွဲ့ ချီးမြှင့်ခံရသော ထိုသူများသည် ၎င်းတို့ကို ဖုံးကွယ်ခဲ့လျှင် မုချပင် ငါသည် ထိုအရာအား မဖုံးကွယ်သော လူမျိုးထံ၌ ကိုးစားစေလတ္တံ့။
၉၀။	**أُوْلَئِكَ الَّذِينَ هَدَى اللهُ فَبِهُدَاهُمُ اقْتَدِهْ قُل لاَّ أَسْأَلُكُمْ عَلَيْهِ أَجْرًا إِنْ هُوَ إِلاَّ ذِكْرَى لِلْعَالَمِينَ۞** ပရမတ်ဘုရားရှင်က လမ်းညွှန်သော ထိုသူတို့အား ထိုလမ်းညွှန်မှု၌ လိုက်စေလော့၊ ‘‘ကျွန်ုပ်သည် ထို့အတွက် အကျိုးဆုလဒ် မတောင်းခဲ့ချေ။ ၎င်းသည် လောကခပ်သိမ်းအတွက် သတိပေးတရားတော်သာ ဖြစ်၏။’’ဟု ဟောလော့။
၉၁။	**وَمَا قَدَرُواْ اللهَ حَقَّ قَدْرِهِ إِذْ قَالُواْ مَا أَنزَلَ اللهُ عَلَى بَشَرٍ مِّن شَيْءٍ قُلْ مَنْ أَنزَلَ الْكِتَابَ الَّذِي جَاء بِهِ مُوسَى نُورًا وَهُدًى لِّلنَّاسِ تَجْعَلُونَهُ قَرَاطِيسَ تُبْدُونَهَا وَتُخْفُونَ كَثِيرًا وَعُلِّمْتُم مَّا لَمْ تَعْلَمُواْ أَنتُمْ وَلاَ آبَاؤُكُمْ قُلِ اللهُ ثُمَّ ذَرْهُمْ فِي خَوْضِهِمْ يَلْعَبُونَ۞** ပရမတ်ဘုရားရှင်အား မှန်ကန်သော ချင့်ချိန်မှုဖြင့် ချင့်ချိန်ကြသည် မဟုတ်၊ လူပုဂ္ဂိုလ်အပေါ်၌ မည်သည့် တစ်စုံတစ်ရာကိုမှ ချတ်မှတ်ပေးခြင်း မရှိဟု ပြောကြသောအခါ၊ ‘‘ဖေါ်ပြခြင်း များစွာကို ထိန်ဝှက်ထားသော သင်တို့ စီစဉ်သည့် စာရွက်စာတမ်းများနှင့် သင်တို့သည် မိရိုးဖလာဝါဒီများသာ ဖြစ်ကြ၏။ သင်တို့ မသိရာကို သင်ပေးခံရသော– လူသားတို့ အတွက် လမ်းညွှန် အလင်းရောင်– ဖြစ်သော မူဆာဖြင့် ရောက်လာစေသည့် ကျမ်းတော်အား မည်သူက ချမှတ်ပေးသနည်း၊’’ဟု မေးမြန်းလျက် ‘‘ပရမတ်ဘုရားရှင်ပင် ဖြစ်၏၊’’ဟု ပြောပြလော့၊ ထို့နောက် သူတို့အား ဟာသလုပ် ပြက်လုံးထုတ်နေခြင်း၌ ချန်ထားခဲ့လော့။
၉၂။	**وَهَذَا كِتَابٌ أَنزَلْنَاهُ مُبَارَكٌ مُّصَدِّقُ الَّذِي بَيْنَ يَدَيْهِ وَلِتُنذِرَ أُمَّ الْقُرَى وَمَنْ حَوْلَهَا وَالَّذِينَ يُؤْمِنُونَ بِالآخِرَةِ**

---

(၃၆၉) သုတ်တော် ၈၃မှ ၈၆ ထိတွင် ဉာဏ်စဉ်ဆောင် (၁၈) ပါး၏ အမည်များကို ဖေါ်ပြ၍၊ သုတ်တော် ၈၇ တွင် သူတို့၌ အဖေများ၊ သားစဉ်မြေးဆက်များ၊ ညီအစ်ကိုမောင်နှမများ ရှိသည်ဟု ရှင်းလင်းစွာပင် ဆိုထားသည်။ ထိုအမည်နာမဖြင့် ဖေါ်ပြသော ကိုယ်တော်များ၏ စရင်းတွင် ကိုယ်တော်ယေရှု၏ အမည်သည် သုတ်တော် (၈၅)တွင် အတိအကျ ပါနေပေသည်။ ထို့ကြောင့် ကိုယ်တော် (၁၈)ပါးလုံးကို ရည်ညွှန်းသော **သူတို့၏** အဖေများ၊ **သူတို့၏** သားစဉ်မြေးဆက်များ၊ **သူတို့၏** ညီအစ်ကိုမောင်နှမများ ဆိုသည်မှ နာမ်စား ‘‘သူတို့၏’’ ဆိုသည်မှာ ကိုယ်တော် ယေရှုမှ လွဲ၍ ကျန်သော ကိုယ်တော်များကိုသာ ဆိုလိုသည်ဟု ဆွဲယူခြင်းမှာ ကျမ်းတော်အား လွှန်စွာ စော်ကားခြင်းသာ ဖြစ်ပေသည်။ ကျမ်းတော်သည်၊ မေ့မှားခြင်း၊ ပြင်ဆင်ခြင်း၊ တည်းဖြတ်ခြင်း မရှိသော မူရင်းစစ် ကျမ်းတော် ဖြစ်သည်။ ထို့ကြောင့် ကျမ်းတော်က ကိုယ်တော်ယေရှု တွင် လူသားအဖေ ရှိကြောင်း သားစဉ်မြေးဆက်များ ရှိခဲ့ကြောင်း၊ ညီအစ်ကို မောင်နှစ်မများ ရှိခဲ့ကြောင်းကို ထင်ရှားစွာ ဆိုထားပေသည်။ ကိုယ်တော် မုဟမ္မဒ်မတိုင်မီ ဉာဏ်စဉ်ဆောင် အားလုံးတွင် လူပျိုကြီး ဟူ၍ မရှိဟု ၁၃း၃၈ တွင် အတိအကျ ဆိုထားသောကြောင့် ကိုယ်တော်ယေရှုအား လူပျို စင်စစ် ဖြစ်သည် ဇနီးသားသမီးမရှိခဲ့ ဟု ဆိုခြင်းမှာလည်း ကျမ်းတော်၏ အဆို အစွယ်လာမ်၏ အယူအဆနှင့် လွှန်စွာ ဆန့်ကျင်ပေသည်၊ (၁၃း၃၈)။

ကုရ်အာန် ☆ ၂း၃	**يُؤْمِنُونَ بِهِ وَهُمْ عَلَى صَلاَتِهِمْ يُحَافِظُونَ۞** ငါ ချမှတ်ပေးသည့် ကျက်သရေရှိသော **ဤ** ကျမ်းတော်သည် လက်ရှိ–ရှေ့မှောက်များကို ဖြောင့်မှန်စေ၍ မြို့ပြဒေသနှင့် ၎င်း၏ ဝန်းကျင်တို့အား သတိပေးဘို့ရာ ဖြစ်၏၊ နောင်ဘဝကို ယုံကြည်သောသူတို့သည် ၎င်းအား ယုံကြည်ကြ၏၊ သူတို့သည် ဝတ်ပြုခြင်းကို ☆ စောင့်ထိန်းကြ၏။[၃၇၀]
၉၃။	**وَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللهِ كَذِبًا أَوْ قَالَ أُوْحِيَ إِلَيَّ وَلَمْ يُوحَ إِلَيْهِ شَيْءٌ وَمَن قَالَ سَأُنزِلُ مِثْلَ مَا أَنَزلَ اللهُ وَلَوْ تَرَى إِذِ الظَّالِمُونَ فِي غَمَرَاتِ الْمَوْتِ وَالْمَلآئِكَةُ بَاسِطُواْ أَيْدِيهِمْ أَخْرِجُواْ أَنفُسَكُمُ الْيَوْمَ تُجْزَوْنَ عَذَابَ الْهُونِ بِمَا كُنتُمْ تَقُولُونَ عَلَى اللهِ غَيْرَ الْحَقِّ وَكُنتُمْ عَنْ آيَاتِهِ تَسْتَكْبِرُونَ۞** ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီး လိမ်လည်သူ၊ သို့မဟုတ် သူ့ထံ အာရုံစူးစိုက်ခြင်း တစ်စုံတစ်ရာ မရှိဘဲ ကျွန်ုပ်ထံ အာရုံစူးစိုက်ရသည်ဟု ပြောသူ၊ ပရမတ်ဘုရားရှင်က ချမှတ်ပေးသက့ဲသို့ ကျွန်ုပ်သည်လည်း ချမှတ်ပေးအံ့ဟု ဆိုသူများထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း၊ ထို အမိုက်ကောင်များထံ ကတုန်ကယင် သေခြင်းတရား ဆိုက်စေ၍ နိမိတ်ဆောင်များက လက်များဆန့်လျက် သင်တို့သည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ မမှန်မကန် ပြောဆိုလေ့ရှိသောကြောင့်၊ သင်တို့သည် သုတ်ဒေသနာများ အပေါ် မောက်မာရှိသောကြောင့် သင်တို့၏ ဉာဉ်စွရိက်များကို ယနေ့ ထုတ်ပစ်လော့၊ နိမ့်ကျသော ဝဋ်ကြွေးအား အစားယူလော့ဟု ဆိုသည်ကို သင် မြင်ရပါလေစ။[၃၇၀]
၉၄။ လောကီစည်းဓိမ်	**وَلَقَدْ جِئْتُمُونَا فُرَادَى كَمَا خَلَقْنَاكُمْ أَوَّلَ مَرَّةٍ وَتَرَكْتُم مَّا خَوَّلْنَاكُمْ وَرَاء ظُهُورِكُمْ وَمَا نَرَى مَعَكُمْ شُفَعَاءكُمُ الَّذِينَ زَعَمْتُمْ أَنَّهُمْ فِيكُمْ شُرَكَاء لَقَد تَّقَطَّعَ بَيْنَكُمْ وَضَلَّ عَنكُم مَّا كُنتُمْ تَزْعُمُونَ۞** ပထမအကြိမ် သင်တို့ကို ဖြစ်တည်စေသည့်အတိုင်း ငါ့ထံသို့ သင်တို့ချည်း ရောက်လာခဲ့ပြီ။ ငါ **နှစ်သိမ့်ခဲ့သည်**များကို သင်တို့၏နောက်၌ ကွယ်လျက် သင်တို့ ချန်ခဲ့ရပြီ။ သင်တို့ ရောပွနိုးကိုးကွယ်ရာဟု ရပ်တည်ပြောဆိုခဲ့သော အမျှဝေပေးမည့် သူများကို သင်တို့နှင့် အတူ ငါ မြင်တွေ့တော် မမူချေ။ မုချပင် သင်တို့ကြား၌ ပြတ်တောက်သွားကြလေပြီ၊ သင်တို့၏ ရပ်တည်ပြောဆိုလေ့ရှိသည်များ သင်တို့ထံမှ ချောင်လွဲသွားကြလေပြီ။
၉၅။ အညှောင့်ထွက်စေ	**إِنَّ اللهَ فَالِقُ الْحَبِّ وَالنَّوَى يُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَمُخْرِجُ الْمَيِّتِ مِنَ الْحَيِّ ذَلِكُمُ اللهُ فَأَنَّى تُؤْفَكُونَ۞** ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကောက်ပဲသီးနှံ၊ သစ်စေ့များကို **အက်ကွဲစေ**တော်မူ၏၊ သက်ရှိကို သက်မဲ့မှ ထုတ်ယူတော်မူ၏၊ သက်မဲ့ကို သက်ရှိမှ ထုတ်ယူတော်မူ၏၊ ယင်းသို့ပြုစေခြင်းမှာ ပရမတ်ဘုရားရှင်ပင် ဖြစ်၏၊ သို့ဖြင့် အသင်တို့သည် မည်သို့ လှည့်စားခံနေကြကုန်သနည်း။
၉၆။	**فَالِقُ الإِصْبَاحِ وَجَعَلَ اللَّيْلَ سَكَنًا وَالشَّمْسَ وَالْقَمَرَ حُسْبَانًا ذَلِكَ تَقْدِيرُ الْعَزِيزِ الْعَلِيمِ۞** နံနက်စကို ကွဲဖြာထွက်စေ၏၊ အနားယူရန် ညနှင့် နေ လကို စီစစ်တွက်ချက် စီစဉ်တော်မူ၏၊ ဤသည် ဘုန်းတော်အရှင် သိနေသော အရှင်၏ စည်းချိန်ချမှတ်မှုပင် ဖြစ်၏။

---

(၃၇၀) ဤသုတ်တော်၌ မြို့ပြဟု ဘာသာ ပြန်ဆိုသော "အွမ်မလ်ကုရာဟ်" ကို အချို့က မကာဟ်မြို့တော်ဟု ပြန်ဆိုကြပေသည်။ အစွာလမ်သာသနာအား စတင် ဖြန့်ချီသည့် အချိန်တွင် မက္ကာမြို့တော်မှာ လူမျိုးစုံ ဘာသာစုံသော စံပြမြို့ပြ ယာဉ်ကျေးမှုကို ထူထောင်သော မြို့ ဖြစ်၍ မမှားယွင်းပေ။ သို့သော် ထိုစကားလုံး "အွမ်မလ်ကုရာဟ်" ၏ အဓိပ္ပါယ်မှာ မြို့ပြ (မြို့များ၏ မိခင်) ဟု ဖြစ်၍၊ ဤဘာသာပြန်၌ ထိုစကားလုံး အတိုင်းပင် ဘာသာပြန်ခြင်း ဖြစ်ပေသည်။ ယခုခေတ်တွင် ကမ္ဘာ၏ မြို့တိုင်းနယ်တိုင်းသည် မြို့ပြများ ဖြစ်နေပြီ ဖြစ်၍ ထိုမြို့ပြများမှ တဆင့် ကျေးလက် ဒေသများသို့ ဤကျမ်းတော်အား ဖြန့်ချီလေ့လာစေရန်မှာ သာသနာ၌ မွေ့လျော်သူများ၏ ဝန်တာပင် ဖြစ်ပေသည်။

(၃၇၁) နိမိတ်ဆောင်များ ဆိုသည်မှာ ပကတိရိုးသားဖြူစင်သော ပညာရှင်များကို ခေါ်ပေသည် (၂း၃၀)။ သူတို့သည် စာတစ်စောင်၊ ပေတစ်ရွက်ကို ဖတ်လိုက်သည်နှင့် ဤစာသည် မူရင်းဖြစ်သည် မဖြစ်သည်ကိုလည်းကောင်း၊ စကားတစ်ခွန်းကို နားထောင်လိုက်သည်နှင့် ဤစကားသည် ဖြောင့်မတ်သည် ကောက်ကျစ်သည်ကို လည်းကောင်း သိကြပေသည်။ ထိုပုဂ္ဂိုလ်များ၏ ရှေ့တွင် အရည်အသွေး မပြည့်မီဘဲ မိမိကိုယ်မိမိ လိမ်ညာလည့်စားနေသူများသည် အရှက်ကွဲရမည်ပင်၊ ဂုဏ်သိက္ခာများ သေဆုံးရမည်ပင် ဖြစ်သည်။ ဤသုတ်တော်မှ "လက်များကို ဆန့်လျက်" ဆိုသည်မှာ လက်ရုံးရည် သို့မဟုတ် လုပ်ပိုင်ခွင့်အလျောက်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

၉၇။	**وَهُوَ الَّذِي جَعَلَ لَكُمُ النُّجُومَ لِتَهْتَدُواْ بِهَا فِي ظُلُمَاتِ الْبَرِّ وَالْبَحْرِ قَدْ فَصَّلْنَا الآيَاتِ لِقَوْمٍ يَعْلَمُونَ۞** သင်တို့ အတွက် ရေမြေ အမှောင်ထုၭ လမ်းညွှန်ဖြစ်စေရန် ကြယ်တာရာများကို စီစဉ်တော်မူသော ထိုအရှင်သည်– အသိရှိသော လူမျိုးတို့အတွက် သုတ်ဒေသနာများကို မုချ၌ သို့ ရှင်းလင်းဆုံးဖြတ်ပေးထားပြီ။
၉၈။ ☆၄း၁	**وَهُوَ الَّذِيَ أَنشَأَكُم مِّن نَّفْسٍ وَاحِدَةٍ فَمُسْتَقَرٌّ وَمُسْتَوْدَعٌ قَدْ فَصَّلْنَا الآيَاتِ لِقَوْمٍ يَفْقَهُونَ۞** အရှင်သည် သင်တို့အား ဥဉ်စရိုက် တစ်မျိုးတည်းမှ☆ ပေါက်ပွားစေသော အရှင် ဖြစ်၏။ တည်ငြိမ်စွာနေရန် ကင်းရှင်းစွာနေရန်တို့ ရှိစေ၏။ နားလည်မှုရှိသော လူမျိုးအတွက် သုတ်ဒေသနာများကို မုချ၌ သို့ ရှင်းလင်းဆုံးဖြတ်ပေးထားပြီ။
၉၉။ ☆၂း၂၂	**وَهُوَ الَّذِيَ أَنزَلَ مِنَ السَّمَاء مَاء فَأَخْرَجْنَا بِهِ نَبَاتَ كُلِّ شَيْءٍ فَأَخْرَجْنَا مِنْهُ خَضِرًا نُّخْرِجُ مِنْهُ حَبًّا مُّتَرَاكِبًا وَمِنَ النَّخْلِ مِن طَلْعِهَا قِنْوَانٌ دَانِيَةٌ وَجَنَّاتٍ مِّنْ أَعْنَابٍ وَالزَّيْتُونَ وَالرُّمَّانَ مُشْتَبِهًا وَغَيْرَ مُتَشَابِهٍ انظُرُواْ إِلِى ثَمَرِهِ إِذَا أَثْمَرَ وَيَنْعِهِ إِنَّ فِي ذَلِكُمْ لآيَاتٍ لِّقَوْمٍ يُؤْمِنُونَ۞** အရှင်သည် ကောင်းကင်မှ☆ ရေကို သွန်းချစေသော၊ ၎င်းဖြင့် သီးနှံဖြစ်ထွန်းခြင်း အလုံးစုံအား ထွက်ပေါ်စေ၍၊ ထိုမှ စိမ်းလန်းခြင်းကို ထွက်ပေါ်စေသော အရှင် ဖြစ်။ ထိုမှ ကောက်ပဲသီးနှံများကို ကုန်စည်ဖြစ်စေ၏။ စွံ့ပလွန်ပင်၏ ဝတ်ဆံမှ အဖူးအခိုင်များမှာ အနီးကပ်ရှိစေ၏။ စပျစ်၊ သံလွင်၊ သလဲသီး ဥယျာဉ်များကို အသွင်တူ အသွင်ကွဲ ဖြစ်စေ၏။ ထိုမှ သီးသည့် အသီးမှည့်များကို ကြည့်ကြလော့၊ ထိုၭ မျက်တွေ့ယုံသော လူမျိုးများအတွက် သုတ်ဒေသနာများ ရှိနေ၏။
၁၀၀။ ☆၂း၂၁ ★၂း၁၀၆	**وَجَعَلُواْ لِلّهِ شُرَكَاء الْجِنَّ وَخَلَقَهُمْ وَخَرَقُواْ لَهُ بَنِينَ وَبَنَاتٍ بِغَيْرِ عِلْمٍ سُبْحَانَهُ وَتَعَالَى عَمَّا يَصِفُونَ۞** သူတို့သည် ဖြစ်တည်ခံ☆ ပုတ္တဇ၌များကို[၃၂] ပရမတ်ဘုရားနှင့် ရောပြွန်းကိုးကွယ်ရာအဖြစ် စီစဉ်ကြ၏။ အသိပညာ မရှိဘဲလျက် အရှင့်ၭ ကိုယ်ပွား သားသမီးများ ရှိသည်ဟု သတင်းမှားဖေါက်ခွဲကြ၏။★ အရှင်သည် ဦးထိပ်ထားရာ ဖြစ်၏၊ အရှင်သည် သူတို့ တင်ပြသည်ထက် အထွဋ်အထိပ်ဖြစ်တော်မူ၏။
၁၀၁။	**بَدِيعُ السَّمَاوَاتِ وَالأَرْضِ أَنَّى يَكُونُ لَهُ وَلَدٌ وَلَمْ تَكُن لَّهُ صَاحِبَةٌ وَخَلَقَ كُلَّ شَيْءٍ وهُوَ بِكُلِّ شَيْءٍ عَلِيمٌ۞** အရှင်သည် မိုးများနှင့် မြေ၏ မူလအရှင် ဖြစ်၏၊ ငါအရှင်တွင် ပေါင်းဖေါ်သင်းဘက် မရှိချေ။ ၎ၭ် မည်သို့ ရင်သွေး ရှိပေအံ့နည်း။[၃၃] အရှင်သည် သဗ္ဗလုံးစုံကို ဖြစ်တည်စေ၏၊ ထိုအရှင်သည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏၊

---

(၃၂) **الْجِنَّ** ဂျင် များကို ရှေးဒဏ္ဍာရီ ယုံကြည်မှုများအရ တစ္ဆေ၊ သရဲ၊ နာနာဘာဝ စာရင်းဝင်၊ လူသားတို့က မမြင်နိုင်ဘဲ လူသားများအား ပြုစားနိုင်သော သတ္တဝါတစ်မျိုး ဖြစ်သည်ဟု ယူဆကြပေသည်။ နောက်ပိုင်းတွင် ၎င်းတို့သည် ဂျူးလူမျိုးများမှ လူမျိုးစုတစ်စု ဖြစ်သည်ဟု ဖွင့်ဆိုချက်များလည်း များစွာ ပေါ်ထွက်လာပေသည်။ ကျမ်းတော်တွင် ၎င်းတို့အား မီးဖြင့် ဖြစ်တည်စေသည်ဟု ဆိုခြင်းကြောင့် စစ်သွေးကြွများဟု အချို့က ဖွင့်ဆိုကြပေသည်။ ကျမ်းတော်ကို သေချာတိကျစွာ လေ့လာသောအခါ သူတို့သည် လူသားစင်စစ်များသာ ဖြစ်ကြောင်း တွေ့ရသည်။ ပိုၚကတ်တော်တွင် လူသားများကို အမျိုးလေးပါး သတ္တဝါများဟု ခွဲခြားသတ်မှတ် သကဲ့သို့ ကုရ်အာန်တွင်လည်း လူသားများကို (၁) **အာဒံ** မျိုးနွယ် ၂း၃၁။ (၂) **မလာအိကာဟ်** မျိုးနွယ် ၂း၃၀။ (၃) **အိဗလီဆ်** မျိုးနွယ် ၂း၃၄ နှင့် (၄) **ဂျင်** မျိုးနွယ် ဟူ၍ တွေ့ရပေသည်။ **ဂျင်** သည် နာနာဘာဝ မဟုတ်ချေ။ မီးဖြင့် ဖြစ်တည်စေသည့် ဆိုခြင်းကို ပိုၚကတ်တော် စကားအရ မီးဖြင့် ချက်ပြုတ်စားသောက်သော လူမျိုး ဟု နားလည်နိုင်ပေသည်၊ (ပါထိကဝတ် ပါဠိတော် အဂ္ဂညသုတ်)။ **ဂျင်** များသည် လူသားစင်စစ် ဖြစ်သည် ဆိုခြင်းကို ကျမ်းတော်အရ ထင်ရှားသော သက်သေများမှာ (၁) **ဂျင်**တို့မှ ဉာဏ်စဉ်တော် ဆောင် (ရဂူလ)များ ပွင့်ပေါ်ခြင်း (၆း၁၃၁)။ **ဂျင်** အုပ်စုဝင်ဖြစ်သော အီဗလီးဆ်သည် အိမ်ထောင်ယူ သားမွေးမှုပြုခြင်း (၁၈း၅၀)။ ကိုယ်တော် မုဟမ္မဒ် ထံ၌ သစ္စာခံ ယုံကြည်သက်ဝင်ကြခြင်း (၄၆း၂၉–၃၁)တို့ ဖြစ်ပေသည်။ (၂း၃၀၊ ၃၁၊ ၃၄ ၏ အောက်ခြေများတွင် အာဒံ၊ မလာအိကာဟ်၊ အီဗလီးဆ်များ အကြောင်းကို ပြန်လည် လေ့လာစေလိုပါသည်။ ထို့ကြောင့် ဤဘာသာပြန်တွင် **ဂျင်** ကို ပုတ္တဇ၌ ဟု ဘာသာပြန်ခြင်း ဖြစ်သည်။

(၃၃) အဖေါ် ကြင်ယာကြင်ဘက် မရှိဘဲ သားသမီး မရနိုင် ဟူသည့် ထင်ရှားသော ဤဥပဒေကို ရွှတ်ဖတ်နေကြသော မွတ်ဆလင် အများစုသည်ပင် ယေရှု ခရစ်နှင့် ပတ်သက်လျှင် ရောမဒဏ္ဍာရီ လွှမ်းမိုးသော ခရစ်ယာန်တို့၏ အယူအဆ နောက်သို့ လိုက်နေကြသည်မှာ အလွန် အံ့သြစရာ ကောင်းလှ သည်။ (သီရိပုံချီ ဦးဘသောင်း၊ မောင်လာနာ မဟ်မူးဒ် ဒါဂူး ဟာရှင်မ် ယူစုဖ်၊ မောင်လာနာ အီဗရာဟီမ် အဟ်မဒ် မဇ္ဈာဟေရီ၊ ဟာရှိမ်ရ် စူလိုင်မာန်၊ မောင်လာနာ ဗရှီရွလ္လာဟ်၊ ဦးဖေစိန် (ကယားပြည်နယ် အတွင်းဝန်ဟောင်း) သီရိပုံချီ အဟ်ဟဂ်ျ မောင်လာနာ ဃာဇီ မိုဟမ္မဒ်ဟာရှင်မ်၊ မောင်လာနာ မက္ကဆူဒ် အာမက်ခန်းတို့ ဦးစီး ပြန်ဆို တည်းဖြတ် ထုတ်ဝေသော ကုရ်အာန်ကျမ်းမြတ်၏ အလင်းပြကျမ်း အစောင် (၇) ၁၉ဖြဲ ခု

၁၀၂။	**ذَلِكُمُ اللّهُ رَبُّكُمْ لا إِلَـهَ إِلاَّ هُوَ خَالِقُ كُلِّ شَيْءٍ فَاعْبُدُوهُ وَهُوَ عَلَى كُلِّ شَيْءٍ وَكِيلٌ۞** အရှင်သည် သင်တို့၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင် ဖြစ်၏။ သဗ္ဗလုံးစုံအား ဖြစ်တည်စေသော ထိုအရှင် မှအပ အခြား ဘုရားရှင်ဟူ၍ မရှိ၊ အရှင့်အား ကိုးကွယ်ကြလော့၊ အရှင်သည် အလုံးစုံ ကိုးစားခံထိုက်သော အရှင် ဖြစ်၏။
၁၀၃။	**لاَّ تُدْرِكُهُ الأَبْصَارُ وَهُوَ يُدْرِكُ الأَبْصَارَ وَهُوَ اللَّطِيفُ الْخَبِيرُ۞** အမြင်များဖြင့် အရှင့်အား ခြုံလွှမ်းနိုင်သည် မဟုတ်ချေ၊ အရှင်သည်သာ အမြင်များကို ခြုံလွှမ်း၏၊ အရှင်သည် သက်ညှာတော်မူ၏၊ သတင်းသိနေတော်မူ၏။[၃၇]
၁၀၄။ ၇း၂၀၃ ကုရ်အာန်	**قَدْ جَاءكُم بَصَآئِرُ مِن رَّبِّكُمْ فَمَنْ أَبْصَرَ فَلِنَفْسِهِ وَمَنْ عَمِيَ فَعَلَيْهَا وَمَا أَنَاْ عَلَيْكُم بِحَفِيظٍ۞** ကံကြမ္မာရှင်၏ထံမှ သင်တို့ထံသို့ **အမြင်ပေါက်ခြင်း** ရောက်လာစေပြီ၊ မြင်တတ်သူသည် သူ့၏ စရိုက် အတွက် ဖြစ်၍၊ ကန်းနေသူသည် သူ့အပေါ်၌သာ သင့်စေ၏။ ကျွန်ုပ်သည်ကား သင်တို့အား စောင့်ရှောက်ရသူ မဟုတ်ချေ။
၁၀၅။ ၇း၁၇၂	**وَكَذَلِكَ نُصَرِّفُ الآيَاتِ وَلِيَقُولُواْ دَرَسْتَ وَلِنُبَيِّنَهُ لِقَوْمٍ يَعْلَمُونَ۞** ငါသည် သုတ်ဒေသနာများကို ဤသို့ ထပ်ပြန်တလဲလဲရှင်းပြ၍၊ သူတို့က "သင်သည် ဖတ်ရှုလေ့လာထားပြီ"ဟု ဆို ကြ၏၊ အသိရှိသော လူမျိုးတို့အတွက် ငါသည် ဤသို့ ရှင်းလင်းပေးတော်မူ၏။[၃၈]
၁၀၆။	**اتَّبِعْ مَا أُوحِيَ إِلَيْكَ مِن رَّبِّكَ لا إِلَـهَ إِلاَّ هُوَ وَأَعْرِضْ عَنِ الْمُشْرِكِينَ۞** ကံကြမ္မာရှင်ထံတော်မှ သင့်အား အာရုံစူးစိုက်ပေးသည်ကိုသာ လိုက်နာလော့၊ အရှင်မှအပ အခြား ဘုရား ဟူ၍ မရှိ၊ ရောပြွန်းကိုးကွယ်သူများအား ဘောင်ထားလော့။
၁၀၇။ ☆၆း၇၀	**وَلَوْ شَاء اللّهُ مَا أَشْرَكُواْ وَمَا جَعَلْنَاكَ عَلَيْهِمْ حَفِيظًا وَمَا أَنتَ عَلَيْهِم بِوَكِيلٍ۞** ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့လျှင်☆ သူတို့သည် ရောပြွန်းကိုးကွယ်သူများ ဖြစ်ကြမည် မဟုတ်ချေ။ ငါသည် သင့်အား သူတို့အပေါ် စောင့်ရှောက်သူအဖြစ် မစီစဉ်ခဲ့၊ သင်သည် သူတို့၏ ကိုးစားခံရသူလည်း မဟုတ်ချေ။
၁၀၈။	**وَلاَ تَسُبُّواْ الَّذِينَ يَدْعُونَ مِن دُونِ اللّهِ فَيَسُبُّواْ اللّهَ عَدْوًا بِغَيْرِ عِلْمٍ كَذَلِكَ زَيَّنَّا لِكُلِّ أُمَّةٍ عَمَلَهُمْ ثُمَّ إِلَى رَبِّهِم مَّرْجِعُهُمْ فَيُنَبِّئُهُم بِمَا كَانُواْ يَعْمَلُونَ۞** ပရမတ်ဘုရားရှင်မှ အပသော ဆုတောင်းသည်များကို **မရစ်ကြနှင့်**၊ သို့ဖြစ်လျှင် အသိမရှိ စည်းဝေါက်လျက် ပရမတ် ဘုရားရှင်အား ပြန်ရစ်ကြလိမ့်မည်။ အသိုင်းအဝိုင်း ကိုယ်စီ၏ ကျင့်ကြံမှုများကို ဤသို့ ဖမ်းစားထားစေး၏။ ထို့နောက်

အောက်တိုဘာလထုတ် စာမျက်နှာ ၄၃၉ အောက်ခြေ ရှင်းချက် ၁၀၅၄ တွင်လည်း ကြင်ယာကြင်ဘက်မရှိဘဲ ကလေး မမွေးနိုင်ကြောင်းကို ဖော်ပြ ထားပေသည်)။ အထက်ဖော်ပြပါ ဆရာတော်ကြီးများသည် မြန်မာနိုင်ငံ၏ အဓိက အစွလှမ်း အသင်းအဖွဲ့ကြီးများ၏ ဦးစီးခေါင်းဆောင်များ ဖြစ်၍ မြန်မာမွတ်ဆလင် တစ်ဦး အနေဖြင့် အယူအဆ အရ ထိုဆရာတော်ကြီးများ အနက် အနည်းဆုံး တစ်ဦး သို့မဟုတ် တစ်ဦးနှင့် ဆက်စပ် ပတ်သက် နေသည်မှာ သေချာပေသည်။ ထို့ကြောင့် မိမိတို့၏ ဆရာတော်ကြီး ကိုယ်တိုင်က ရှင်းလင်း မိန့်ဆိုထားသည်ကို စောဒက မတက်သင့်ပေ။

(၃၇) ဘုရားရှင် ဆိုသည်မှာ သဗ္ဗညူ ဖြစ်၍ မံသမျက်စိဖြင့် မမြင်စွမ်းနိုင် ဟု မနိမဉ္ဇကျမ်းနှင့် မြောက်များစွာသော ပိဋကတ်တော်၏ အဖွင့်ကျမ်းများ တွင် တွေ့ရပေသည်။ (၁း၁ ၏အောက်ခြေတွင် အကျယ်ကို ကြည့်ပါ)။

(၃၈) "သင်သည် ဖတ်ရှုလေ့လာထားပြီ" ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်သည် "စာပေသဘောတရားဖြင့် သုံးသပ်ခြင်ဆင် စီစစ်၍ ကုရ်အာန် ကျမ်းတော်ပါ သုတ်ဒေသနာများကို ပြုစုသူ" ဟူသည့် စွပ်စွဲချက်ဖြစ်သည်။ ထိုအချက်ကို ဆက်လက်ဖော်ပြပါ သုတ်တော် (၁၀၆) မှ "သင့်အား အာရုံစူးစိုက် ကိန်းသက်ပေးသည်ကိုသာ လိုက်နာလော့" ဟူသည်က လုံးဝပယ်ဖျက်လိုက်သည်။ နက်နဲသော ဝိပဿနာအား ထိုးဖောက်ဆိုက်မြိုက် နိုင်ရန်မှာ ပညာသိသည် ခရီးဆုံးထိ မရောက်နိုင်ပေ။ ဘာဝနာသိ သည်သာ အခရာဖြစ်ကြောင်း မြန်မာ ဘာသာရေးသမားတိုင်း သိကြပေသည်။ ကိုယ်တော်သည် ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် သစ္စာဓမ္မကို သိကြောင်း အောက်ဖော်ပြပါ သုတ်တော် ၁၀၆ က တိကျစွာ ဆိုထားသည်။

	သူတို့အားလုံး ကံကြမ္မာရှင်ထံသို့သာ အပြန်ခရီးရှိ၍၊ သူတို့၏ ကျင့်ကြံလေ့ရှိရာများကို သတင်းထုတ်ပြန်တော်မူလတ္တံ့။[၃၇၆]
၁၀၉။	**وَأَقْسَمُواْ بِاللّهِ جَهْدَ أَيْمَانِهِمْ لَئِن جَاءتْهُمْ آيَةٌ لَّيُؤْمِنُنَّ بِهَا قُلْ إِنَّمَا الآيَاتُ عِندَ اللّهِ وَمَا يُشْعِرُكُمْ أَنَّهَا إِذَا جَاءتْ لاَ يُؤْمِنُونَ۝** သူတို့ထံသို့ သုတ်ဒေသနာတစ်ပါး ရောက်လာသော် "၎င်းကို ယုံကြည်ပါ၏။"ဟု ပရမတ်ဘုရားရှင်အား အင်တိုက်အားတိုက် တိုင်တည် ကျိန်ဆိုကြ၏။ ဟောပြောလေ့ "သုတ်ဒေသနာများသည် ပရမတ်ဘုရားရှင်၏ ထံ၌သာရှိ၏။" ထိုသို့ ရောက်လာသောအခါ သူတို့ ယုံကြည်မည် မဟုတ်သည်ကို သင်တို့အား မည်သည်က သတိမူမိစေမည်နည်း။
၁၁၀။	**وَنُقَلِّبُ أَفْئِدَتَهُمْ وَأَبْصَارَهُمْ كَمَا لَمْ يُؤْمِنُواْ بِهِ أَوَّلَ مَرَّةٍ وَنَذَرُهُمْ فِي طُغْيَانِهِمْ يَعْمَهُونَ۝** ပထမ အကြိမ်က မယုံကြည်ခဲ့ကြ သကဲ့သို့ သူတို့၏ စိတ်နှလုံးများ အမြင်များကို ဦးလှည့်စေပြီ၊ သူတို့အား မျက်ကန်းတောတိုးဘဝဖြင့် စည်းဖျက်မှုထဲ၌ ချန်ထားလေပြီ။
၁၁၁။	**وَلَوْ أَنَّنَا نَزَّلْنَا إِلَيْهِمُ الْمَلآئِكَةَ وَكَلَّمَهُمُ الْمَوْتَى وَحَشَرْنَا عَلَيْهِمْ كُلَّ شَيْءٍ قُبُلاً مَّا كَانُواْ لِيُؤْمِنُواْ إِلاَّ أَن يَشَاء اللّهُ وَلَـكِنَّ أَكْثَرَهُمْ يَجْهَلُونَ۝** ငါသည် သူတို့ထံသို့ နိမိတ်ဆောင်များကို တာဝန်ချပေးသည် ဖြစ်စေ၊ သူသေများကို စကားပြောစေသည် ဖြစ်စေ၊ ခပ်သိမ်းသော အရာများကို မျက်နှာချင်းဆိုင် စုစည်းခဲ့သည် ဖြစ်စေ၊ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်လျှင်မှ အပ ယုံကြည် လာကြမည် မဟုတ်ချေ။ သို့ရာတွင် များစွာတို့သည် ပညာမဲ့များ ဖြစ်ကြ၏။
၁၁၂။ ★၆း၁၀၀ ☆၂း၇၀	**وَكَذَلِكَ جَعَلْنَا لِكُلِّ نَبِيٍّ عَدُوًّا شَيَاطِينَ الإِنسِ وَالْجِنِّ يُوحِي بَعْضُهُمْ إِلَى بَعْضٍ زُخْرُفَ الْقَوْلِ غُرُورًا وَلَوْ شَاء رَبُّكَ مَا فَعَلُوهُ فَذَرْهُمْ وَمَا يَفْتَرُونَ۝** ဤသို့ပင် ငါသည် သတင်းတော်ဆောင် ကိုယ်စီ အတွက် စည်းဖေါက်သူ အဖြစ် လူသားနှင့် ပုတုဇဉ်မှ★ မကောင်းဆိုးဝါးများကို စီစဉ်ထားတော်မူ၏၊ ၎င်းတို့မှ အချို့သည် အချို့အား မြှူဆွယ်ရန် ရွေကွပ်သော စကားဖြင့် အာရုံဖြစ်စေ၏။ သင့် ကံကြမ္မာရှင်၏ စံချိန်ပြည့်မှီခဲ့လျှင်☆ ပြုလုပ်နိုင်ကြမည် မဟုတ်ချေ။ သူတို့အား လုပ်ကြံဖန်တီးမှု၌ ချန်ထားခဲ့လော့။[၃၇၇]

---

(၃၇၆) ရုပ်ပွားဆင်းတု မကိုးကွယ်သောကြောင့် အစွလာမ်သာသနာဝင်တို့အား အခြားသူတို့ ကိုးကွယ်နေကြသော ရုပ်ပွားဆင်းတုများကို စော်ကား မော်ကား ပြုသူများဟု မြင်နေခြင်းမှာ လွန်စွာ မှားယွင်းပေသည်။ အစွလာမ်တွင် အဘယ်ကြောင့် မကိုးကွယ် မဆည်းကပ်ကြောင်းကို ရှင်းပြရန် အခွင့်အရေးသာ ရှိ၍ သူတစ်ပါးကိုးကွယ်သော အရာများကို ပုတ်ခတ်စော်ကားရန် အခွင့်အရေး မရှိကြောင်းကို ဤသုတ်တော်က ရှင်းလင်းစွာ ဆိုထားပေသည်။ မဂ္ဂာမြို့ရှိ ကအ်ဘာဝတ်ကျောင်းတော်သည် ကိုယ်တော်မုဟမ္မဒ်၏ လက်ထဲသို့ကျရောက် သောအခါ ဝတ်ကျောင်းတော်တွင်းရှိ ဆင်းတုရုပ်ပွားများကို ဖျက်သိမ်းလိုက်ခြင်းသည် ဤသုတ်တော်နှင့် ဆန့်ကျင်သည်ဟု အစွလာမ် မဟုတ်သည့် သာသနာပြုများက စွပ်စွဲခြင်းမှာ ဥပဒေများကို သေချာစွာ နားမလည်သောကြောင့် ဖြစ်ပေသည်။ ဖျက်သိမ်းခြင်းနှင့် ဆဲရေးတိုင်းထွာ စော်ကားခြင်းမှာ မတူညီချေ။ မဂ္ဂာမြို့သားများ ကိုယ်တိုင်က အစွလာမ်သာသနာအား လက်ခံယုံကြည်လာခြင်းကြောင့် သူတို့သည် ပရမတ်ဘုရားရှင်မှ အပ အခြားသော ကိုးကွယ်ရာများကို မလိုအပ်သောကြောင့် ဖျက်သိမ်းလိုက်ခြင်းသာ ဖြစ်ပေသည်။ မလိုအပ်တော့သော အရာအား ဖျက်သိမ်းခြင်းသည် စော်ကားခြင်း မဟုတ်ပေ။ ဤသုတ်တော်တွင် ဖေါ်ပြသော ကိုးကွယ်ရာများကို တင့်တယ်သယောင်ပြုထားသည် ဆိုခြင်းကို ၆း၄၃ နှင့် ၆း၁၃၇ တွင်လည်း တွေ့နိုင်ပေသည်။

(၃၇၇) ဤသုတ်တော်တွင် လူသား နှင့် ဂျင် ကို ခွဲခြား ပြောသောကြောင့် ဂျင်ကို လူသား မဟုတ်ဟု မှတ်ယူသူများ ရှိပေသည်။ ကျမ်းတော်တွင် လူသားများကို လေးမျိုးခွဲ ထားကြောင်း ၆း၁၀၀ တွင် ရှင်းခဲ့ပြီး ဖြစ်ပေသည်။ ထိုလေးမျိုးအနက်မှ အာဒံမျိုးနွယ် "လူသား" (ရုပ်နာမ် စံချိန်မှီသော လူ) နှင့် ဂျင် (ရုပ်ဖို့ဖြိုးသော်လည်း နာမ်ပိုင်းဆိုင်ရာ အားနည်းချက် ရှိနေသေးသော လူ ၆း၁၂၈) နစ်မျိုးလုံးမှ ခေါင်းဆောင်တိုင်းအတွက် အဖျက်သမားများ ရှိနေလေ့ရှိသည့် လောကဓမ္မကို ဖေါ်ပြခြင်း ဖြစ်ပေသည်။ ဤသုတ်တော်တွင်ပင် ထိုနှစ်မျိုးလုံးအား လူသား အဖြစ် တိကျစွာ ဖေါ်ပြထားသည်မှာ "သူတို့အား လိမ်ညာမှုခ်သာ စွန့်ထားလော့" ဟူသော စကားပင်တည်း။

၁၁၃။ လိမ်ညာမှုမြို့	**وَلِتَصْغَى إِلَيْهِ أَفْئِدَةُ الَّذِينَ لاَ يُؤْمِنُونَ بِالآخِرَةِ وَلِيَرْضَوْهُ وَلِيَقْتَرِفُواْ مَا هُم مُّقْتَرِفُونَ۝** နောင်ဘဝအား မယုံကြည်သော သူများ၏ စိတ်နှလုံးတို့သည် **ထိုဌ္ဌ** တိမ်းညွတ်ကြလျက် သူတို့၏ အသားကျမြဲ အသားကျခြင်းဌ္ဌ ကျေနပ်နှစ်သက်နေကြ၏။[၃၇၈]
၁၁၄။ ကျမ်းတော်	**أَفَغَيْرَ اللهِ أَبْتَغِي حَكَمًا وَهُوَ الَّذِي أَنزَلَ إِلَيْكُمُ الْكِتَابَ مُفَصَّلاً وَالَّذِينَ آتَيْنَاهُمُ الْكِتَابَ يَعْلَمُونَ أَنَّهُ مُنَزَّلٌ مِّن رَّبِّكَ بِالْحَقِّ فَلاَ تَكُونَنَّ مِنَ الْمُمْتَرِينَ۝** ပရမတ်ဘုရားရှင်မှအပ ဓမ္မသတ်ရှင် ရှာဖွေဦးမည်လော၊ အရှင်သည် ရှင်းလင်းဆုံးဖြတ်ချက် ကျမ်းတော်ကို သင်တို့အား ချမှတ်ပေးလေပြီ၊ ကျမ်းပေးခံရသော သူများက **ၚင်း**အား သင့်ကံကြမ္မာရှင်၏ ထံမှ သစ္စာတရားဖြင့် ချမှတ်ပေးကြောင်း သိကြကုန်၏။ သို့ဖြစ်၍ သင်သည် အချင်းများသူများမှ မဖြစ်စေနှင့်။
၁၁၅။ စကား	**وَتَمَّتْ كَلِمَتُ رَبِّكَ صِدْقًا وَعَدْلاً لاَّ مُبَدِّلِ لِكَلِمَاتِهِ وَهُوَ السَّمِيعُ الْعَلِيمُ۝** သင့်ကံကြမ္မာရှင်၏ **ဓမ္မ**တော်သည် ဖြောင့်မှန်မှု၊ တန်းတူညီမျှမှုဌ္ဌ ပြီးပြည့်စုံ၏၊ အရှင်၏ **ဓမ္မတော်**အား လွှဲပြောင်းနိုင်သူ မရှိချေ။ အရှင်သည် ကြားနေသောအရှင် သိနေသောအရှင် ဖြစ်၏။
၁၁၆။	**وَإِن تُطِعْ أَكْثَرَ مَن فِي الأَرْضِ يُضِلُّوكَ عَن سَبِيلِ اللهِ إِن يَتَّبِعُونَ إِلاَّ الظَّنَّ وَإِنْ هُمْ إِلاَّ يَخْرُصُونَ۝** မြေကမ္ဘာမှ များစွာသော သူတို့အား နာခံလျှင် အသင့်အား ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ လွှဲဖယ်စေခဲ့၊ သူတို့သည် စဉ်းစားချက်ကိုသာ လိုက်နာနေကြ၏၊ သူတို့သည်ကား မှန်းဆသူများသာ ဖြစ်ကုန်၏။
၁၁၇။	**إِنَّ رَبَّكَ هُوَ أَعْلَمُ مَن يَضِلُّ عَن سَبِيلِهِ وَهُوَ أَعْلَمُ بِالْمُهْتَدِينَ۝** ဧကန်ပင် သင့်ကံကြမ္မာရှင်သည် မည်သူက အရှင်၏ လမ်းစဉ်တော်မှ လွှဲဖယ်သွားသည်ကို အသိဆုံး ဖြစ်တော်မူ၏၊ အရှင်သည် လမ်းညွှန်ခံရမည့်သူများကိုလည်း အသိဆုံး ဖြစ်တော်မူ၏၊
၁၁၈။ ဂုဏ်တော်ဌ္ဌ	**فَكُلُواْ مِمَّا ذُكِرَ اسْمُ اللهِ عَلَيْهِ إِن كُنتُمْ بِآيَاتِهِ مُؤْمِنِينَ۝** အသင်တို့သည် အရှင်၏ သုတ်ဒေသနာများကို ယုံကြည်သူများ ဖြစ်လျှင် ပရမတ်ဘုရားရှင်၏ ဂုဏ်တော်**ဌ္ဌ** သတိရ ရည်စူးသည့် အရာများကို စားသုံးကြလော့။
၁၁၉။ ☆၅း၃၊ ၂း၁၇၃	**وَمَا لَكُمْ أَلاَّ تَأْكُلُواْ مِمَّا ذُكِرَ اسْمُ اللهِ عَلَيْهِ وَقَدْ فَصَّلَ لَكُم مَّا حَرَّمَ عَلَيْكُمْ إِلاَّ مَا اضْطُرِرْتُمْ إِلَيْهِ وَإِنَّ كَثِيرًا لَّيُضِلُّونَ بِأَهْوَائِهِم بِغَيْرِ عِلْمٍ إِنَّ رَبَّكَ هُوَ أَعْلَمُ بِالْمُعْتَدِينَ۝** ပရမတ်ဘုရားရှင်၏ ဂုဏ်တော်ဌ္ဌ သတိရရည်စူးသည့် အရာအား မစားသုံးရန် အဘယ်အကြောင်းရှိသနည်း၊ တွန်းပို့ခံရသည်မှအပ သင်တို့အတွက် တားမြစ်သည်များကို မုချကောန် ရှင်းလင်းဆုံးဖြတ်ပေးထားပြီ။☆ များစွာတို့သည် လိုဘများကြောင့် အသိမရှိဘဲ လွှဲချော်ကြကုန်၏။ ဧကန်ပင် သင့်ကံကြမ္မာရှင်သည် စည်းဖေါက်သူများအား အသိဆုံး ဖြစ်တော်မူ၏၊
၁၂၀။ အပြင်အတွင်း	**وَذَرُواْ ظَاهِرَ الإِثْمِ وَبَاطِنَهُ إِنَّ الَّذِينَ يَكْسِبُونَ الإِثْمَ سَيُجْزَوْنَ بِمَا كَانُواْ يَقْتَرِفُونَ۝** **ဗဟိဌ္ဌ၊ အဇ္ဈတ္တ** ပြစ်မှုများကို ချန်ပစ်ကုန်လော့၊ ဧကန်ပင် အကုသိုလ်အား ကျင့်ဆောင်သော သူများသည် သူတို့၏ အသားကျလေ့ရှိသည်များ အတွက် အစားပေးခံရလတ္တံ့။
၁၂၁။	**وَلاَ تَأْكُلُواْ مِمَّا لَمْ يُذْكَرِ اسْمُ اللهِ عَلَيْهِ وَإِنَّهُ لَفِسْقٌ وَإِنَّ الشَّيَاطِينَ لَيُوحُونَ إِلَى أَوْلِيَآئِهِمْ لِيُجَادِلُوكُمْ وَإِنْ**

(၃၇၈) "ထိုဌ္ဌ တိမ်းညွတ် ကြည်နူးကြလျက် အသားကျမြဲ အသားကျ ကျေနပ်နေကြကုန်၏" ဆိုသည်မှာ သုတ်တော် ၁၁၂ ဌ္ဌ ဆိုသော ပျားရည်ဆမ်း စကားများကို ပြောလျက် လိမ်ညာလှည့် စားနေမှုအား ဆက်လက် လုပ်ဆောင် နေမြဲဖြစ်ကြောင်းပင် ဖြစ်ပေသည်။

	أَطَعْتُمُوهُمْ إِنَّكُمْ لَمُشْرِكُونَ۝ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်၌ သတိရခြင်း မရှိသော အရာအား မစားသုံးကြနှင့်၊ ၎င်းတွင် ကောက်ကျစ် ယုတ်မာမှု ရှိနေ၏၊ သင်တို့အား စောဒကတက်ရန် မကောင်းဆိုးဝါးသည် သူ၏ မဟာမိတ်များကို အာရုံဖြစ်စေ၏။ သူတို့အား နာခံလျှင် သင်တို့သည် ရောပြွန်းကိုးကွယ်သူများမှ ဖြစ်ရလတ္တံ့။
၁၂၂။	**أَوَ مَن كَانَ مَيْتًا فَأَحْيَيْنَاهُ وَجَعَلْنَا لَهُ نُورًا يَمْشِي بِهِ فِي النَّاسِ كَمَن مَّثَلُهُ فِي الظُّلُمَاتِ لَيْسَ بِخَارِجٍ مِّنْهَا كَذَلِكَ زُيِّنَ لِلْكَافِرِينَ مَا كَانُواْ يَعْمَلُونَ۝** သေနေခဲ့သူအား ငါအရှင်က ရှင်ပြန်စေလျက် သူ့အတွက် အလင်းရောင်ကို စီစဉ်ပေး၍၊ ၎င်းဖြင့် လူဘုံအလယ်၌ သွားလာနိုင်သောသူသည် အမိုက်မှောင်ထဲ၌ ထွက်ပေါက်မဲ့ရသော သူ ကဲ့သို့ ဖြစ်သလော။ ဤနည်းအတိုင်းပင် ဖုံးကွယ်သူတို့အဘို့ သူတို့၏ ကျင့်ကြံလေ့ရှိရာများကြောင့် ဖမ်းစားခံရစေ၏။
၁၂၃၊	**وَكَذَلِكَ جَعَلْنَا فِي كُلِّ قَرْيَةٍ أَكَابِرَ مُجْرِمِيهَا لِيَمْكُرُواْ فِيهَا وَمَا يَمْكُرُونَ إِلاَّ بِأَنفُسِهِمْ وَمَا يَشْعُرُونَ۝** ဤသို့ပင် ငါသည် ဒေသတိုင်း၌ အကြီးအကဲတို့အား သူတို့၏ ကြံစည်မှုများကြောင့် ရာဇဝတ်ကောင်များ အဖြစ် စီစဉ်တော်မူ၏။ သူတို့သည် သူတို့၏ စရိုက်ကိုသာ မကောင်းကြံကြ၏၊ သတိမမူနိုင်ကြချေ။[၃၇၉]
၁၂၄။	**وَإِذَا جَاءتْهُمْ آيَةٌ قَالُواْ لَن نُّؤْمِنَ حَتَّى نُؤْتَى مِثْلَ مَا أُوتِيَ رُسُلُ اللّهِ اللّهُ أَعْلَمُ حَيْثُ يَجْعَلُ رِسَالَتَهُ سَيُصِيبُ الَّذِينَ أَجْرَمُواْ صَغَارٌ عِندَ اللّهِ وَعَذَابٌ شَدِيدٌ بِمَا كَانُواْ يَمْكُرُونَ۝** သူတို့ထံသို့ သုတ်ဒေသနာတစ်ပါး ရောက်လာစေသော် "ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်ဆောင်များထံသို့ ချီးမြှင့်သကဲ့သို့ ကျွန်ုပ်တို့အား မချီးမြှင့်သမျှ ယုံကြည်မည် မဟုတ်ချေ၊" ဟု ဆိုကြ၏။ ပရမတ်ဘုရားရှင်သည် မည်သည့်နေရာ၌ အရှင်၏ ဉာဏ်စဉ်ဆောင်ဘွဲ့နှင့် စီစဉ်ရမည်ကို အသိဆုံး ဖြစ်တော်မူ၏။[၃၈၀] ရာဇဝတ်မှုပြုသော သူတို့အား သူတို့၏ ကြံစည်အားထုတ်လေ့ရှိရာများကြောင့် ပရမတ်ဘုရားရှင်၏ ထံတော်မှ သေးသိမ်ရခြင်းနှင့် ပြင်းထန်သော ဝဋ်ကြွေးကို ထိသက်စေတော်မူလတ္တံ့။
၁၂၅။	**فَمَن يُرِدِ اللّهُ أَن يَهْدِيَهُ يَشْرَحْ صَدْرَهُ لِلإِسْلاَمِ وَمَن يُرِدْ أَن يُضِلَّهُ يَجْعَلْ صَدْرَهُ ضَيِّقًا حَرَجًا كَأَنَّمَا يَصَّعَّدُ فِي السَّمَاء كَذَلِكَ يَجْعَلُ اللّهُ الرِّجْسَ عَلَى الَّذِينَ لاَ يُؤْمِنُونَ۝** ပရမတ်ဘုရားရှင်က လမ်းညွှန်လိုသော သူအား သွန်သုခလမ်းစဉ်အတွက် သူ၏ ရင်ကို ကျယ်ဝန်းစေ၍၊ အပါယ်၌ ထားလိုသောသူအား မိုးကောင်းကင်အား တက်ရသူကဲ့သို့ သူ၏ရင်ကို ကျဉ်းမြောင်း ခက်ခဲရန် စီစဉ်တော်မူ၏။[၃၈၁] ဤသို့ပင် ပရမတ်ဘုရားရှင်သည် ယုံကြည်မှု မရှိသော သူတို့အား အညစ်အကြေးများဖြင့် စီစဉ်ထားတော်မူ၏။
၁၂၆။	**وَهَذَا صِرَاطُ رَبِّكَ مُسْتَقِيمًا قَدْ فَصَّلْنَا الآيَاتِ لِقَوْمٍ يَذَّكَّرُونَ۝** ဤသည် ကံကြမ္မာရှင်ထံမှ ဖြောင့်မတ်မှန်ကန်သော လမ်းတော်ဖြစ်၏။ ဆင်ခြင်သတိရှိသော လူမျိုးတို့အတွက် သုတ်ဒေသနာများအား ရှင်းလင်းဆုံးဖြတ်ပေးထားပြီ။

---

(၃၇၉) ဉာဏ်စဉ်ဆောင်၊ သတင်းတော်ဆောင်နှင့် ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းရာ အရပ်များရှိ အာဏာပိုင်များကို ဆိုလိုခြင်း ဖြစ်၏၊ သူတို့သည် ထိုခေါင်းဆောင်များအား လုပ်ကြံရန်၊ လူ့အသိုင်းနှင့် ဖြတ်တောက်ရန် အမြဲကြံစည်လျက် ရှိကြ၏။ ထိုသို့ ကြံစည်သော အာဏာပိုင်များ၏ ကြံစည်မှုသည် ရာဇဝတ်မှုသင့်သော ကြံစည်မှုသာ ဖြစ်၏။ သူတို့သည် အမှန်တရားအား အမြစ်ပြုတ် သုတ်သင်နိုင်မည် မဟုတ်ချေ။

(၃၈၀) နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ပွင့်ပေါ်လာသော အခါ ငါတို့လူမျိုး၊ ငါတို့မိရိုးဖလာ သာသနာတွင်းမှ အဘယ်ကြောင့် မပွင့်ပေါ်ရလေသနည်း၊ ထိုသို့ ပွင့်ပေါ်ခြင်း မဟုတ်သောကြောင့် ငါတို့ မယုံကြည်နိုင်ဟု ပြောဆိုသော လူသားများကို ဤသုတ်တော်က ရည်ညွှန်းပေသည်။ သူတို့အထဲမှ ပွင့် ပေါ်ခဲ့လျှင်လည်း ဒေဝဒတ်ကဲ့သို့ လူသားများ များစွာ ရှိမည်ပင်။

(၃၈၁) မိုးကောင်းကင်နှင့် ပိုမိုနီးကပ်လေလေ အောက်စီဂျင်ပြတ်၍ အသက်ရှူ ကြပ်လာလေလေ ဖြစ်ရခြင်းဖြင့် ထပ်တူပြု ပေါ်ပြထားခြင်း ဖြစ်သည်။

၁၂၇။	**لَهُمْ دَارُ السَّلاَمِ عِندَ رَبِّهِمْ وَهُوَ وَلِيُّهُمْ بِمَا كَانُواْ يَعْمَلُونَ۝** သူတို့အတွက် ကံကြမ္မာရှင်၏ ထံတော်၌ သွန်သုခဘုံနန်းသည် ရှိနေ၏။ သူတို့၏ ကျင့်ကြံလေ့ရှိရာများကြောင့် အရှင်သည် သူတို့၏ မဟာမိတ် ဖြစ်တော်မူ၏။
၁၂၈။	**وَيَوْمَ يِحْشُرُهُمْ جَمِيعًا يَا مَعْشَرَ الْجِنِّ قَدِ اسْتَكْثَرْتُم مِّنَ الإِنسِ وَقَالَ أَوْلِيَآؤُهُم مِّنَ الإِنسِ رَبَّنَا اسْتَمْتَعَ بَعْضُنَا بِبَعْضٍ وَبَلَغْنَا أَجَلَنَا الَّذِيَ أَجَّلْتَ لَنَا قَالَ النَّارُ مَثْوَاكُمْ خَالِدِينَ فِيهَا إِلاَّ مَا شَاء اللّهُ إِنَّ رَبَّكَ حَكِيمٌ عَلِيمٌ۝** သူတို့ အားလုံးကို စုစည်းစေသော နေ့၌ ‘‘အို– တစ်ကျိတ်တစ်ကြဲတည်းဖြစ်သော အန္ဓပုတုဇဉ်တို့၊ သင်တို့သည် လူဖြစ်ခြင်းမှ များစွာလိုသေး၏။’’ သူတို့၏ မဟာမိတ် လူသားများက ‘‘အို– ကံကြမ္မာရှင် တပည့်တော်တို့မှ အချို့သည် အချို့ကြောင့် စိတ်ချမ်းမြေ့ခဲ့ရ၍၊ တပည့်တော်တို့အတွက် သတ်မှတ်ကာလ၊ ထို သတ်မှတ်ချိန်သည် ဆိုက်ရောက်ပါပြီ၊’’ဟု ဆိုကြသော်၊ ‘‘ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ရာမှအပ သင်တို့ အစဉ်စံစား တည်ဒိုရမည်မှာ အပူမီးပင် ဖြစ်လေ၏။’’ဟု မိန့်တော်မူ၏။ ဇကန်ပင် ကံကြမ္မာရှင်သည် ဓမ္မသတ်ရှင်၊ သိနေသောအရှင် ဖြစ်၏။
၁၂၉။	**وَكَذَلِكَ نُوَلِّي بَعْضَ الظَّالِمِينَ بَعْضًا بِمَا كَانُواْ يَكْسِبُونَ۝** သူတို့၏ ကျင့်ဆောင်လေ့ရှိရာများကြောင့်၊ ဤသို့ပင် အမိုက်ကောင်များ အချို့သည် အချို့အား အလှည့်ပေးကြ၏။
၁၃၀။ ☆ဖြး၁၀၀၊ ဖြး၁၂	**يَا مَعْشَرَ الْجِنِّ وَالإِنسِ أَلَمْ يَأْتِكُمْ رُسُلٌ مِّنكُمْ يَقُصُّونَ عَلَيْكُمْ آيَاتِي وَيُنذِرُونَكُمْ لِقَاء يَوْمِكُمْ هَذَا قَالُواْ شَهِدْنَا عَلَى أَنفُسِنَا وَغَرَّتْهُمُ الْحَيَاةُ الدُّنْيَا وَشَهِدُواْ عَلَى أَنفُسِهِمْ أَنَّهُمْ كَانُواْ كَافِرِينَ۝** အို– တစ်ကျိတ်တစ်ကြဲတည်းဖြစ်သော ကလျာဏနှင့် အန္ဓပုတုဇဉ်တို့☆ သင်တို့အား ငါ၏ သုတ်ဒေသနာတော်များနှင့် သင်တို့အား သတိပေးသော ဤ သင်တို့ ဆုံတွေ့ရမည့်နေ့အား ဖေါ်ပြပေးရန် သင်တို့အနက် ဉာဏ်စဉ်ဆောင်များ မချီးမြှင့်ခဲ့သလော။– ‘‘တပည့်တော်တို့၏ ဉာဉ်စရိုက်အပေါ်၌ တပည့်တော်တို့ သက်သေဖြစ်ပါ၏။’’ဟု လျှောက်တင်ကြ၏။ သူတို့အား လောကီဘဝက မြှူဆွယ်ထားခဲ့ပြီ၊ သူတို့သည် ဖုံးကွယ်သူများ ဖြစ်ကြောင်း သူတို့စရိုက်အပေါ်၌ သူတို့သည် သက်သေများဖြစ်ကြ၏။
၁၃၁။	**ذَلِكَ أَن لَّمْ يَكُن رَّبُّكَ مُهْلِكَ الْقُرَى بِظُلْمٍ وَأَهْلُهَا غَافِلُونَ۝** ဤသည်မှာ သင်၏ကံကြမ္မာရှင်သည် သူတို့အား တိမ်ကောစေ မဟုတ်။ မေ့လျော့နေသော အရပ်ဒေသများအား သူတို့၏ မိုက်ကြေးခွဲများကြောင့် ဖြစ်စေ၏။
၁၃၂။	**وَلِكُلٍّ دَرَجَاتٌ مِّمَّا عَمِلُواْ وَمَا رَبُّكَ بِغَافِلٍ عَمَّا يَعْمَلُونَ۝** သူတို့ကျင့်ကြံသည်နှင့် အညီ အခွင့်အလမ်းကိုယ်စီ ရှိ၏။ ကံကြမ္မာရှင်သည် ကျင့်ကြံသမျှကို မေ့လျော့ထားသည် မဟုတ်ပေ။
၁၃၃။ ☆၂၀၇	**وَرَبُّكَ الْغَنِيُّ ذُو الرَّحْمَةِ إِن يَشَأْ يُذْهِبْكُمْ وَيَسْتَخْلِفْ مِن بَعْدِكُم مَّا يَشَاء كَمَآ أَنشَأَكُم مِّن ذُرِّيَّةِ قَوْمٍ آخَرِينَ۝** သင်၏ကံကြမ္မာရှင်သည် ကုံလုံပြည့်စုံသော အရှင်၊ ကရုဏာအပေါင်း၏ အရှင် ဖြစ်၏။ အရှင်၏ စံချိန်ပြည့်လျှင်☆ သင်တို့အား အခြားသော လူမျိုးတို့မှ သားမြေး အဖြစ် ပေါက်ပွားစေခဲ့ သကဲ့သို့ သင်တို့အား ရုပ်သိမ်း၍ စံချိန်ပြည့်သော☆ သင်တို့၏နောက်မျိုးဆက်ကို ဆက်ခံစေတော်မူမည်။
၁၃၄။	**إِنَّ مَا تُوعَدُونَ لآتٍ وَمَا أَنتُم بِمُعْجِزِينَ۝** သင်တို့က မချိနဲ့စေနိုင်သော ကတိတော်အား ပေးရောက်စေမည်ပင်။

၁၃၅။	**قُلْ يَا قَوْمِ اعْمَلُواْ عَلَى مَكَانَتِكُمْ إِنِّي عَامِلٌ فَسَوْفَ تَعْلَمُونَ مَن تَكُونُ لَهُ عَاقِبَةُ الدَّارِ إِنَّهُ لاَ يُفْلِحُ الظَّالِمُونَ۞** ဟောလေ့ “အို– ကျွန်ုပ်၏လူမျိုးတို့ သင်တို့ နေသားကျပြီးအတိုင်း ကျင့်ကြံကြလော့၊ ကျွန်ုပ်လည်း ကျင့်ကြံသူ ဖြစ်၏။ ချုပ်ငြိမ်းရာ ဘုံသည် မည်သူ့အတွက် ဖြစ်သည်ကို သိကြရကုန်လတ္တံ့။ ဇကန်ပင် အမိုက်ကောင်များသည် အောင်မြင်ပေါက်မြောက်မည် မဟုတ်ချေ။”
၁၃၆။	**وَجَعَلُواْ لِلّهِ مِمَّا ذَرَأَ مِنَ الْحَرْثِ وَالأَنْعَامِ نَصِيبًا فَقَالُواْ هَذَا لِلّهِ بِزَعْمِهِمْ وَهَذَا لِشُرَكَآئِنَا فَمَا كَانَ لِشُرَكَآئِهِمْ فَلاَ يَصِلُ إِلَى اللّهِ وَمَا كَانَ لِلّهِ فَهُوَ يَصِلُ إِلَى شُرَكَآئِهِمْ سَاء مَا يَحْكُمُونَ۞** ပရမတ်ဘုရားရှင်အတွက်– အရှင်က ပွားများစေသည့် စိုက်ပျိုးမြေများနှင့် ကပ္ပိယသတ္တဝါများမှ ပင်ပန်းရက်ခြုံး စီစဉ်လျက်၊ သူတို့၏ ရပ်တည်ပြောဆိုချက်ဖြင့် “ဤသည် ပရမတ်ဘုရားရှင် အတွက်၊ ဤသည်ကား ကျွန်ုပ်တို့၏ ရောပြွန်းကိုးကွယ်ရာတို့ အတွက်”ဟု ဆိုကြ၏။ ပရမတ်ဘုရားအရှင်၏ အတွက်မှ သူတို့၏ ရောပြွန်းကိုးကွယ်မှုများသို့ ပေါင်းထည့်ကြ၍၊ ရောပြွန်းကိုးကွယ်ရာများ၏ အတွက်မှ ပရမတ်ဘုရားရှင်သို့ မပေါင်းထည့်ကြချေ။ စီရင်ထုံးပြုမှုများသည် အကုသိုလ်သာ ဖြစ်၏။
၁၃၇။	**وَكَذَلِكَ زَيَّنَ لِكَثِيرٍ مِّنَ الْمُشْرِكِينَ قَتْلَ أَوْلاَدِهِمْ شُرَكَآؤُهُمْ لِيُرْدُوهُمْ وَلِيَلْبِسُواْ عَلَيْهِمْ دِينَهُمْ وَلَوْ شَاء اللّهُ مَا فَعَلُوهُ فَذَرْهُمْ وَمَا يَفْتَرُونَ۞** ဤသို့ပင် ရောပြွန်းကိုးကွယ်ခံများက ရောပြွန်းကိုးကွယ်သူ များစွာအား ကျရှုံးစေရန်၊ သူတို့၏ သာသနာက သူတို့အား အဆင်အယင်ဖြစ်နေစေရန်၊ သူတို့၏ရင်သွေးများအား လုပ်ကြံနေရန် ဖမ်းစားထားစေ၏။ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့လျှင် ယင်းသို့ ပြုလုပ်နိုင်ကြမည် မဟုတ်ချေ။ သူတို့၏ လုပ်ကြံဖန်တီးမှု၌ သူတို့အား ချန်ထားပစ်လော့။[၃၅]
၁၃၈။	**وَقَالُواْ هَذِهِ أَنْعَامٌ وَحَرْثٌ حِجْرٌ لاَّ يَطْعَمُهَا إِلاَّ مَن نَّشَاء بِزَعْمِهِمْ وَأَنْعَامٌ حُرِّمَتْ ظُهُورُهَا وَأَنْعَامٌ لاَّ يَذْكُرُونَ اسْمَ اللّهِ عَلَيْهَا افْتِرَاء عَلَيْهِ سَيَجْزِيهِم بِمَا كَانُواْ يَفْتَرُونَ۞** “ထို ကပ္ပိယသတ္တဝါများ၊ စိုက်ပျိုးထွက်ကုန်များကို ကျွန်ုပ်တို့ စံချိန်သတ်မှတ်သူမှအပ[၃၆] မစားကြရန် တံတိုင်းပိတ်ထား၏၊ ထိုကပ္ပိယသတ္တဝါများ၏ ကျောကုန်းကိုလည်း တားမြစ်ထား၏၊”[၃၇] ဟု သူတို့၏ ရပ်တည်ပြောဆိုချက်

---

(၃၅) ဤသုတ်တော်များ (၁၃၆ နှင့် ၁၃၇)သည် ဘုရားတစ်ဆူထက် ပို၍ ကိုးကွယ်သူများ၏ သဘာဝကို ဖော်ပြခြင်း ဖြစ်ပေသည်။ ဘုရားရှင်အတွက် ဟု ဆိုသည်မှာ ကလေးသူငယ်များအား ဘဝရှင်သန် မြှင့်တင်ပေးရန် ဖြစ်ပြီး၊ အခြားသော ကိုးကွယ်ရာများ ဆိုသည်မှာ နားလည်ပြီးသား အတိုင်း ဘုရားရှင်မှ အပ ဘုရားရှင်၏ အမည်နာမ အောက်၌ ခိုလှုံနေသော အခြားသော ကိုးကွယ်ခံများကို ဆိုလိုပေသည်။ ရောပြွန်းကိုးကွယ်သူများသည် မိမိတို့ကိုယ် မိမိတို့ စိတ်သက်သာရစေရန် အကြောင်းပြချက် အမျိုးမျိုးဖြင့် လူဒါန်းနေမှုများကို ပြန်လည် သုံးသပ်ရန် လိုပေသည်။ အခြားအရာများအား လူလိုက်သည်များမှာ လူသား အကျိုးပြု အတွက် ပြန်လာသည် ဟူ၍ မရှိပေ။ ထိုကိုးကွယ်ခံများကသာ စားသုံးလိုက် ကြပေသည်။ များစွာသော လူများသည် ကလေးသူငယ်များကို စနစ်တကျ လေ့ကျင့် ပျိုးထောင်ရမည်ကို သတိပင်မရပေ၊ သို့သော် သက်မဲ့သက်ရှိ ကိုးကွယ်ခံတို့အား စွန့်ကြဲလှူဒါန်းရန်ကိုသာ အမြဲ သတိရနေကြပေသည်။ ထိုအကြောင်းအရာကို ကိုးကွယ်ခံများက –သာသနာကို ဖုံးဖိလွှမ်းမိုးစေ၏။ (သာသနာကို အရေခြုံ၍ မိမိတို့ အလှူရရန် သူတစ်ပါးအား မြှင်းတိုက်၏) ဆိုသော စကားနှင့် ၁၃၆ ပါ၊ ဘုရားရှင်အတွက်သည် သူတို့ထံသို့ မျှကြ၍ (ဘုရားရှင် အတွက် ဟု တင်စားသော ကလေးသူငယ်များအား ပြုစုရေးအတွက် ဝေစုများမှ ထိုကိုးကွယ်ခံများအား မျှပေးလိုက်ရ၍)၊ ဟူသော စကားကား ရှင်းလင်းစေပေသည်။ မိမိတို့သားသမီးများအား အလှူစားသုံးသော လူတန်းစားဖြစ်ရန် ပျိုးထောင်းခြင်း၊ သို့မဟုတ် မဆင်မခြင် အလှူပေးခြင်း၌ နစ်မွန်းတတ်စေရန် ဦးဆောင်လမ်းပြပြုခြင်း အားလုံးသည် သားသမီးများအား ဘဝသတ်ခြင်း မည်ပေသည်။ အစွလာမ် သာသနာသည် လူမှုဝန်ထမ်းများ ဗဟုသုတ ကြွယ်ဝစေသော သင်တန်းများအား ထောက်ပံ့ခြင်းကို အားပေးပေသည်။ သို့သော် ကြေးစား ဘာသာရေးသမားများ၊ မိမိကိုယ် မိမိ ဆရာသခင်ကြီး ဝါဒထူထောင်သူများကို လုံးဝ အားမပေးချေ။

(၃၆) သူတို့၏ စံချိန်ပြည့်သော သူများမှာ ရှုပ်ပွားဆင်းတု သို့မဟုတ် ယဇ်ပူဇော်ရာ တစ်ခုအတွက် ဦးဆောင် ဆရာတော်များနှင့် ယောကျ်ားများသာ ဖြစ်သည်။ အမျိုးသမီးများ မပါဝင်ချေ။

	အတိုင်း ပြောဆိုကြ၏။ ထိုကပ္ပိယသတ္တဝါများအား လိုးဖြတ်ရာ၌ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အား သတိရခြင်း မရှိချေ။ ထို၌ သူတို့ လုပ်ကြံဖန်တီးကြ၏။ လုပ်ကြံဖန်တီးလေ့ရှိမှုများကြောင့် သူတို့သည် အစားပေးခြင်း ခံရလတ္တံ့။
၁၃၉။	**وَقَالُواْ مَا فِي بُطُونِ هَذِهِ الأَنْعَامِ خَالِصَةٌ لِّذُكُورِنَا وَمُحَرَّمٌ عَلَى أَزْوَاجِنَا وَإِن يَكُن مَّيْتَةً فَهُمْ فِيهِ شُرَكَاء سَيَجْزِيهِمْ وَصْفَهُمْ إِنَّهُ حِكِيمٌ عَلِيمٌ۞** ဤကပ္ပိယသတ္တဝါ၏ ဝမ်းတွင်းရှိ အရာများသည် ကျွန်ုပ်တို့ ယောကျ်ားများအတွက် သီးသန့်ဖြစ်၍၊ ကျွန်ုပ်တို့၏ ပေါင်းဖော်များ အတွက် တားမြစ်ပြီး ဖြစ်၏၊ အကယ်၍ အသေဖြစ်နေလျှင် ထို၌ သူတို့အားလုံး အစုစပ်များပင် ဖြစ်၏ဟု သူတို့၏ ပြောဆို တင်ပြမှုများ အတွက် အစားပေးခြင်း ခံရလတ္တံ့။ အရှင်သည် ဓမ္မသတ်ရှင် သိနေသောအရှင် ဖြစ်၏။
၁၄၀။	**قَدْ خَسِرَ الَّذِينَ قَتَلُواْ أَوْلاَدَهُمْ سَفَهًا بِغَيْرِ عِلْمٍ وَحَرَّمُواْ مَا رَزَقَهُمُ اللّهُ افْتِرَاء عَلَى اللّهِ قَدْ ضَلُّواْ وَمَا كَانُواْ مُهْتَدِينَ۞** အသိပညာ မရှိဘဲ မိမိတို့၏ ရင်သွေးများအား ရူးမိုက်စွာ သတ်ခဲ့ကြသောသူတို့သည် မုချ ဆုံးရှုံးရသူများ ဖြစ်၏။ ပရမတ်ဘုရားရှင်က ရိက္ခာပေးခဲ့သည်များကိုလည်း ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီးလျက် တားမြစ်ခဲ့ကြ၏။ သူတို့သည် လမ်းညွှန်ခံရသူများ မဟုတ်ခဲ့ခြင်းကြောင့် လမ်းလွဲရသူများ ဖြစ်ကြ၏။
၁၄၁။	**وَهُوَ الَّذِي أَنشَأَ جَنَّاتٍ مَّعْرُوشَاتٍ وَغَيْرَ مَعْرُوشَاتٍ وَالنَّخْلَ وَالزَّرْعَ مُخْتَلِفًا أُكُلُهُ وَالزَّيْتُونَ وَالرُّمَّانَ مُتَشَابِهًا وَغَيْرَ مُتَشَابِهٍ كُلُواْ مِن ثَمَرِهِ إِذَا أَثْمَرَ وَآتُواْ حَقَّهُ يَوْمَ حَصَادِهِ وَلاَ تُسْرِفُواْ إِنَّهُ لاَ يُحِبُّ الْمُسْرِفِينَ۞** အရှင်သည် အထပ်ထပ်တက်သော အပင်၊ အထပ်ထပ်မတက်သော အပင်၊ စွံ့ပလွန်ပင်၊ အစားအစာ ကွဲပြားသော သီးနှံပင် ဥယျာဉ်များ အသွင်တူ အသွင်မတူ သံလွင်ပင်၊ သလဲသီးပင်များကို စိုက်ပျိုးပင်များ ဖြစ်စေ၏။ ထိုမှသီးသည့် အသီးများကို စားသုံးကြလော့၊ ရိတ်သိမ်းသော နေ့တွင် မှန်ကန်စွာ ပေးကမ်းကြလော့၊ အလွဲသုံးစားမပြုကြနှင့် အရှင်သည် အလွဲသုံးစား ပြုသူများအား နှစ်သက်တော်မမူချေ။
၁၄၂။ သားစား မွေးထား	**وَمِنَ الأَنْعَامِ حَمُولَةً وَفَرْشًا كُلُواْ مِمَّا رَزَقَكُمُ اللّهُ وَلاَ تَتَّبِعُواْ خُطُوَاتِ الشَّيْطَانِ إِنَّهُ لَكُمْ عَدُوٌّ مُّبِينٌ۞** ဝန်တင်သော၊ **အနားပေးထား**သော ကပ္ပိယသတ္တဝါမှ၊ ပရမတ်ဘုရားရှင်က ရိက္ခာပေးရာကို စားသုံးကြလော့၊ မကောင်းဆိုးဝါး၏ ခြေရာကို မလိုက်ကြနှင့်၊ သူသည် သင်တို့အား ရှင်းလင်းထင်ရှားစွာ စည်းဖေါက်သူဖြစ်၏။
၁၄၃။ ဒီဂျ أَزْوَاجٍ	**ثَمَانِيَةَ أَزْوَاجٍ مِّنَ الضَّأْنِ اثْنَيْنِ وَمِنَ الْمَعْزِ اثْنَيْنِ قُلْ آلذَّكَرَيْنِ حَرَّمَ أَمِ الأُنثَيَيْنِ أَمَّا اشْتَمَلَتْ عَلَيْهِ أَرْحَامُ الأُنثَيَيْنِ نَبِّؤُونِي بِعِلْمٍ إِن كُنتُمْ صَادِقِينَ۞** **အစုဖွဲ့**ရှစ်ကောင်။ သိုးမှ နှစ်ကောင်၊ ဆိတ်မှ နှစ်ကောင်။ ဟောပြောလော့ ‘‘အရှင်သည် အထီးနှစ်ကောင် သို့တည်း မဟုတ် အမ နှစ်ကောင် သို့တည်းမဟုတ် အမနှစ်ကောင်၏ ဝမ်းတွင်းဘယ်ဘက်မှအရာကို တားမြစ်ခဲ့လေသလော၊ သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် အသိတရားဖြင့် ငါ့ထံသို့ သတင်းတင်ပြကြလော့။’’
၁၄၄။	**وَمِنَ الإِبِلِ اثْنَيْنِ وَمِنَ الْبَقَرِ اثْنَيْنِ قُلْ آلذَّكَرَيْنِ حَرَّمَ أَمِ الأُنثَيَيْنِ أَمَّا اشْتَمَلَتْ عَلَيْهِ أَرْحَامُ الأُنثَيَيْنِ أَمْ كُنتُمْ شُهَدَاء إِذْ وَصَّاكُمُ اللّهُ بِهَذَا فَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللّهِ كَذِبًا لِيُضِلَّ النَّاسَ بِغَيْرِ عِلْمٍ إِنَّ اللّهَ**

---

(၃၈၄) ကျောကုန်းများကို တားမြစ်ထားသည် ဆိုခြင်းမှာ စီးနင်း ခိုင်းစေခြင်းမှ ကင်းလွတ်ခွင့်ပေးထားသည် ဟု ဆိုလို၍ ထိုတိရိစ္ဆာန်များကို (၅း၁၀၃) တွင်ကြည့်ပါ။ အစ္စလာမ် သာသနာတွင် ယဇ်ပူဇော်ခြင်းကို တားမြစ်ထားပြီး ထိုယဇ်ကောင်၏ အသားကိုလည်း စားပိုင်ခွင့် မရှိချေ။ ကုရ်ဘာနီမှာ ယဇ်ပူဇော်ခြင်း မဟုတ်ချေ။ (၂၂း၃၇)။ ထို့အပြင် မည်သည့် ကိစ္စ၌မဆို လိင်ခွဲခြားခြင်းကိုလည်း ခွင့်မပြုချေ။

	لاَ يَهْدِي الْقَوْمَ الظَّالِمِينَ۝ ကုလားအုပ်မှ နှစ်ကောင်၊ နွားမများမှ နှစ်ကောင်။ ဟောပြောလော့ ‘‘အရှင်သည် အထီးနှစ်ကောင် သို့တည်းမဟုတ် အမနှစ်ကောင် သို့တည်းမဟုတ် အမနှစ်ကောင်၏ ဝမ်းတွင်းဘယ်ဘက်မှအရောကို တားမြစ်ခဲ့သလော၊ သို့တည်းမဟုတ် ပရမတ်ဘုရားရှင်က သင်တို့အား ဤပညတ်ကို မှာကြားစဉ် သင်တို့သည် မျက်မှောက်သက်သေ ဖြစ်သလော။ အသိပညာ မရှိဘဲ လူသားအပေါင်းအား လွဲမှားစေရန် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီးလိမ်လည်သူထက် မည်သူက ပို၍ အမှိုက်စီးဘိသနည်း၊ ပရမတ်ဘုရားရှင်သည် မိုက်ကြေးခွဲသော လူမျိုးအား လမ်းညွှန်တော် မမူချေ။[၃၅၅]
၁၄၅။ ☆ ၂၁၇ ၅၃	**قُل لاَّ أَجِدُ فِي مَا أُوْحِيَ إِلَيَّ مُحَرَّمًا عَلَى طَاعِمٍ يَطْعَمُهُ إِلاَّ أَن يَكُونَ مَيْتَةً أَوْ دَمًا مَّسْفُوحًا أَوْ لَحْمَ خِنزِيرٍ فَإِنَّهُ رِجْسٌ أَوْ فِسْقًا أُهِلَّ لِغَيْرِ اللهِ بِهِ فَمَنِ اضْطُرَّ غَيْرَ بَاغٍ وَلاَ عَادٍ فَإِنَّ رَبَّكَ غَفُورٌ رَّحِيمٌ۝** ဟောကြားလော့၊ ကျွန်ုပ်အား အာရုံစူးစိုက်ဖြစ်ရာ၌– အသေကောင်၊ ကာမရာဂကြွစေသော သွေး၊ ဝက်သား၊ မသန့်ပြန့်သော သို့မဟုတ် ကောက်ကျစ်ယုတ်မာသော အရာ၊ ပရမတ်ဘုရားရှင်မှအပ အခြားကို တိုင်တည်ကိုးသတ်ရာ– များမှအပ စားသူ အတွက် တားမြစ်ထားသည့် စားစရာကို မတွေ့ရပေ။ အပြစ်မသင့်လို၊ စည်းမဖေါက်လိုဘဲ တွန်းပို့ခံရသူအတွက် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။☆
၁၄၆။	**وَعَلَى الَّذِينَ هَادُواْ حَرَّمْنَا كُلَّ ذِي ظُفُرٍ وَمِنَ الْبَقَرِ وَالْغَنَمِ حَرَّمْنَا عَلَيْهِمْ شُحُومَهُمَا إِلاَّ مَا حَمَلَتْ ظُهُورُهُمَا أَوِ الْحَوَايَا أَوْ مَا اخْتَلَطَ بِعَظْمٍ ذَلِكَ جَزَيْنَاهُم بِبَغْيِهِمْ وَإِنَّا لَصَادِقُونَ۝** ရေဝတီဖြစ်သူတို့အပေါ်၌ ခွာဆက် တိရိစ္ဆာန်တိုင်းကို[၃၆၆] တားမြစ်၏။ နွား၊ သိုးများမှ ကျောကုန်း၊ အူများနှင့် အရိုးတွင်ပိုးနေသော အဆီများမှအပ အခြားသော အဆီများကိုလည်း တားမြစ်၏။[၃၈၇] သူတို့၏ အပြစ်ရှာမှုကြောင့် ဤသို့အစားပေးတော်မူ၏။ ငါသည် ဖြောင့်မတ်မှန်ကန်ဆုံးသော အရှင် ဖြစ်၏။
၁၄၇။	**فَإِن كَذَّبُوكَ فَقُل رَّبُّكُمْ ذُو رَحْمَةٍ وَاسِعَةٍ وَلاَ يُرَدُّ بَأْسُهُ عَنِ الْقَوْمِ الْمُجْرِمِينَ۝** အကယ်၍ သင့်အား ငြင်းဆန်ကြလျှင်၊ ဟောပြောလော့ ‘‘သင်တို့၏ ကံကြမ္မာရှင်သည် ကရုဏာတော် ဖြန့်ကျက်ထားသော အရှင်ဖြစ်၏။ သို့သော် ရာဇဝတ်ကောင် လူမျိုးတို့၏ အမင်္ဂလာကို ပြန်လှည့်ပေးမည် မဟုတ်ချေ။
၁၄၈။ ☆ ၂၁၇	**سَيَقُولُ الَّذِينَ أَشْرَكُواْ لَوْ شَاء اللهُ مَا أَشْرَكْنَا وَلاَ آبَاؤُنَا وَلاَ حَرَّمْنَا مِن شَيْءٍ كَذَلِكَ كَذَّبَ الَّذِينَ مِن قَبْلِهِم حَتَّى ذَاقُواْ بَأْسَنَا قُلْ هَلْ عِندَكُم مِّنْ عِلْمٍ فَتُخْرِجُوهُ لَنَا إِن تَتَّبِعُونَ إِلاَّ الظَّنَّ وَإِنْ أَنتُمْ إِلاَّ تَخْرُصُونَ۝** ရောပြွန်းကိုးကွယ်သောသူများက ‘‘ပရမတ်ဘုရားရှင်သာ စံချိန်ပြည့်ခဲ့လျှင်☆ ကျွန်ုပ်တို့၊ ကျွန်ုပ်တို့၏ မိရိုးဖလာသည် ရောပြွန်းကိုးကွယ်မည် မဟုတ်ပါ။ တစ်စုံတစ်ရာကိုမျှ တားမြစ်တော့မည် မဟုတ်ပါ။’’ဟု ဆိုကြလတ္တံ့။ ဤသို့ပင် သူတို့၏ ရှေ့အလျင် ဖြစ်သူများလည်း အမင်္ဂလာကို မြည်းစမ်းရသည်အထိ ငြင်းဆန်ကြ၏။ ဟောလော့ ‘‘သင်တို့၌ ကျွန်ုပ်အား ထုတ်ပြနိုင်ရန် အသိပညာ ရှိကြသလော၊ သင်တို့သည် စဉ်းစားချက်ကိုသာ လိုက်နာနေကြ၏၊ သင်တို့သည် မှန်းဆသူများသာ ဖြစ်ကြ၏။

---

(၃၅၅) အစ္စလာမ် သာသနာဝင်များ အတွက် စားသုံးရန် တားမြစ်ထားသော အစားအစာများကို အောက်ဖေါ်ပါပြု သုတ်တော်တွင် တွေ့နိုင်ပေသည်။ ဤသုတ်တော် နှစ်ပါးတွင် တိရစ္ဆာန် ရှစ်ကောင်၏ အကြောင်းကိုသာ ဖေါ်ပြခြင်းမှာ အစ္စလာမ်သို့ ကူးပြောင်း လာသော်လည်း ရိုးရာ စရိုက်များ ဆက်လက် ရှိနေမြဲ ဖြစ်သော အာရဗ်ရပ်တို့၏ အငြင်းပွားနေမှုကို ဖြေရှင်း တင်ပြခြင်းပင် ဖြစ်ပေသည်။

(၃၆၆) **ظُفُر ဇူဖူးရ်** ဆိုသည်မှာ ခြေသည်း လက်သည်းရှိသော တိရိစ္ဆာန်များ၊ ခွာဆက်နေသော တိရိစ္ဆာန်များကို ခေါ်ပေသည်။ ထိုအထဲတွင် ကုလားအုပ်၊ ငှက်ကုလားလုပ်၊ ဘဲ၊ ဘဲငန်း စသည်တို့လည်းပါဝင်ပေသည်။

(၃၈၇) ရေဝတီ (ဂျူး) လူမျိုးများအား အဆီများမစားရန် တားမြစ်ထားမှုကို သမ္မာကျမ်းစာ၏ ဝတ်ပြုရာကျမ်း ၇း၂၃ တွင်လည်းတွေ့နိုင်ပေသည်။

၁၄၉။	**قُلْ فَلِلّهِ الْحُجَّةُ الْبَالِغَةُ فَلَوْ شَاء لَهَدَاكُمْ أَجْمَعِينَ۞** ဟောလော့ ‘‘စောကြောမှုတို့၏ ဆိုက်ရောက်ရာသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာသို့ ဖြစ်၏။ စံချိန်ပြည့်ခဲ့လျှင် သင်တို့ အားလုံးကို လမ်းညွှန်တော်မူပေအံ့။
၁၅၀။	**قُلْ هَلُمَّ شُهَدَاءكُمُ الَّذِينَ يَشْهَدُونَ أَنَّ اللّهَ حَرَّمَ هَذَا فَإِن شَهِدُواْ فَلاَ تَشْهَدْ مَعَهُمْ وَلاَ تَتَّبِعْ أَهْوَاء الَّذِينَ كَذَّبُواْ بِآيَاتِنَا وَالَّذِينَ لاَ يُؤْمِنُونَ بِالآخِرَةِ وَهُم بِرَبِّهِمْ يَعْدِلُونَ۞** ဟောလော့ ‘‘ပရမတ်ဘုရားရှင်က ဤသည်ကို တားမြစ်ထားသည်ဟု သက်သေခံနိုင်သော သင်တို့၏ သက်သေများကို ရှေ့ထွက်စေလော့။’’ မဖြစ်နိုင်ဘဲ သက်သေခံကြလျှင် သူတို့နှင့်အတူ သက်သေ မဖြစ်ကြနှင့်။ ငါ၏ သုတ်ဒေသနာများအား ငြင်းဆန်သောသူ၊ နောင်တမလွန်အား မယုံကြည်သောသူ၊ ကံကြမ္မာရှင်ဖြင့် တန်းတူပြုလိုသူတို့၏ လိုဘများကို မလိုက်နာကြနှင့်။
၁၅၁။	**قُلْ تَعَالَوْاْ أَتْلُ مَا حَرَّمَ رَبُّكُمْ عَلَيْكُمْ أَلاَّ تُشْرِكُواْ بِهِ شَيْئًا وَبِالْوَالِدَيْنِ إِحْسَانًا وَلاَ تَقْتُلُواْ أَوْلاَدَكُم مِّنْ إمْلاَقٍ نَّحْنُ نَرْزُقُكُمْ وَإِيَّاهُمْ وَلاَ تَقْرَبُواْ الْفَوَاحِشَ مَا ظَهَرَ مِنْهَا وَمَا بَطَنَ وَلاَ تَقْتُلُواْ النَّفْسَ الَّتِي حَرَّمَ اللّهُ إِلاَّ بِالْحَقِّ ذَلِكُمْ وَصَّاكُمْ بِهِ لَعَلَّكُمْ تَعْقِلُونَ۞** ဟောလော့ ‘‘လာကြကုန်လော့၊ သင်တို့အား ကံကြမ္မာရှင်က တားမြစ်ထားသည်များကို ကျွန်ုပ် ရွတ်ပြပေအံ့၊ အရှင်နှင့် ရေပြွန်းကိုးကွယ်ခြင်း တစ်စုံတစ်ရာ မပြုရ။ မွေးမိဘတို့အပေါ် တင့်တယ်စေရမည်။ ချို့တဲ့မှုကြောင့် ရင်သွေးတို့အား မသတ်ဖြတ်ရ၊ ငါသည် သူတို့အား ရိက္ခာထောက်တော်မူမည်။ အပြင် အရာ၊ အတွင်း အရာများမှ ကိုယ်ကျင့်ပျက်ခြင်းကို မချည်းကပ်ရ။ တရားမျှတရန်မှအပ ပရမတ်ဘုရားရှင်က တားမြစ်ထားသော ဉာဉ်စရိုက်ကို မသတ်ဖြတ်ရ။ သင်တို့ အတွေးအခေါ်ရှိစေအံ့ငှာ ဤသို့ မှာကြားတော်မူပြီ။’’
၁၅၂။	**وَلاَ تَقْرَبُواْ مَالَ الْيَتِيمِ إِلاَّ بِالَّتِي هِيَ أَحْسَنُ حَتَّى يَبْلُغَ أَشُدَّهُ وَأَوْفُواْ الْكَيْلَ وَالْمِيزَانَ بِالْقِسْطِ لاَ نُكَلِّفُ نَفْسًا إِلاَّ وُسْعَهَا وَإِذَا قُلْتُمْ فَاعْدِلُواْ وَلَوْ كَانَ ذَا قُرْبَى وَبِعَهْدِ اللّهِ أَوْفُواْ ذَلِكُمْ وَصَّاكُم بِهِ لَعَلَّكُمْ تَذَكَّرُونَ۞** မိဘမဲ့တို့ တင့်တင့်တယ်တယ် အရွယ်ရောက် ရင့်ကျက်သည့်တိုင် သူတို့၏ ဥစ္စာပစ္စည်းများသို့ မချည်းကပ်ရ။ ချိန်တွယ်ရာ၌ ပြည့်စေလော့။ ချိန်ခွင်ကို သမာသမတ်ဖြစ်စေလော့။ ငါသည် မည်သည့် ဉာဉ်ကိုမှ မနိုင်ဝန်ကို မထမ်းစေပေ။ ဆွေမျိုးနီးချင်း ဖြစ်သည့်တိုင် တန်းတူစွာ ပြောဆိုရမည်။ ပရမတ်ဘုရားရှင်နှင့် ပဋိညာဉ်အား ပြီးပြည့်စေရမည်။ သင်တို့ ဆင်ခြင်သတိ ရှိအံ့ငှာ ဤသို့ မှာကြားတော်မူပြီ။
၁၅၃။	**وَأَنَّ هَذَا صِرَاطِي مُسْتَقِيمًا فَاتَّبِعُوهُ وَلاَ تَتَّبِعُواْ السُّبُلَ فَتَفَرَّقَ بِكُمْ عَن سَبِيلِهِ ذَلِكُمْ وَصَّاكُم بِهِ لَعَلَّكُمْ تَتَّقُونَ۞** ဤသည် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ် မုချ ဖြစ်၏။ ၎င်းကို လိုက်နာကြလော့။ ထိုလမ်းစဉ်နှင့် သင်တို့အား ခွဲခွာစေမည့် လမ်းစဉ်များကို မလိုက်နာကြကုန်နှင့်။ သင်တို့သည် စည်းစောင့်အံ့သောငှာ ဤသို့ မှာကြားတော်မူပြီ။
၁၅၄။	**ثُمَّ آتَيْنَا مُوسَى الْكِتَابَ تَمَامًا عَلَى الَّذِيَ أَحْسَنَ وَتَفْصِيلاً لِّكُلِّ شَيْءٍ وَهُدًى وَرَحْمَةً لَّعَلَّهُم بِلِقَاء رَبِّهِمْ يُؤْمِنُونَ۞** တဖန် ငါသည် မူဆာအား ကျမ်းတော်ကို ချီးမြှင့်တော်မူ၏။ သုမင်္ဂလာပြုသောသူအား ပြည့်စုံစေတော်မူ၏။ သတ္တလုံးစုံအား ရှင်းလင်းဆုံးဖြတ်ပေးတော်မူ၏။ သက်ဝင်ယုံကြည်သော– ကံကြမ္မာရှင်အား ဖူးတွေ့ရအံ့ငှာ သူတို့အား လမ်းညွှန်ကရုဏာကို သက်စေတော်မူ၏။

၁၅၅။ ကုရ်အာန်	**وَهَٰذَا كِتَابٌ أَنزَلْنَاهُ مُبَارَكٌ فَاتَّبِعُوهُ وَاتَّقُواْ لَعَلَّكُمْ تُرْحَمُونَ۞** ဤသည် ငါ ချမှတ်ပေးသော ကျက်သရေမဂ်လာ ကျမ်းတော် ဖြစ်၏။ ၎င်းအား လိုက်နာကြလော့၊ ကရုဏာသက် ခံရအံ့ဘ၍ စည်းစောင့်ကြကုန်လော့။
၁၅၆။	**أَن تَقُولُواْ إِنَّمَا أُنزِلَ الْكِتَابُ عَلَى طَآئِفَتَيْنِ مِن قَبْلِنَا وَإِن كُنَّا عَن دِرَاسَتِهِمْ لَغَافِلِينَ۞** သို့မဟုတ်က "ကျမ်းစာသည် ကျွန်ုပ်တို့၏ ရှေ့အလျင် အုပ်စု နှစ်စုအား ချမှတ်ပေးခြင်းသာ ဖြစ်၍၊ သူတို့၏ လေ့လာခြင်းကို ကျွန်ုပ်တို့ မေ့လျော့ပေါ့ပျက်လေ့ရှိခဲ့ပြီ ဟု ပြောကြလိမ့်မည်။"[၃၈]
၁၅၇။	**أَوْ تَقُولُواْ لَوْ أَنَّا أُنزِلَ عَلَيْنَا الْكِتَابُ لَكُنَّا أَهْدَى مِنْهُمْ فَقَدْ جَاءكُم بَيِّنَةٌ مِّن رَّبِّكُمْ وَهُدًى وَرَحْمَةٌ فَمَنْ أَظْلَمُ مِمَّن كَذَّبَ بِآيَاتِ اللهِ وَصَدَفَ عَنْهَا سَنَجْزِي الَّذِينَ يَصْدِفُونَ عَنْ آيَاتِنَا سُوءَ الْعَذَابِ بِمَا كَانُواْ يَصْدِفُونَ۞** သို့တည်းမဟုတ် အကယ်၍သာ ကျွန်ုပ်တို့အား ကျမ်းတော် ချမှတ်ပေးခဲ့လျှင် ကျွန်ုပ်တို့သည်လည်း လမ်းညွှန်ပို၍ရှိသူတို့ အထဲမှပင် ဖြစ်ချေမည် ဟု ပြောကြလိမ့်မည်။ မုချပင် သင်တို့ထံသို့ ကံကြမ္မာရှင်၏ ထံမှ ရှင်းလင်းချက်၊ လမ်းညွှန်ချက်နှင့် ကရုဏာတော်များ ရောက်လာစေပြီ။ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများအား ငြင်းဆန်သူ၊ ထိုမှဘက်လှည့်သူထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း၊ ငါ၏ သုတ်ဒေသနာများမှ ဘက်လှည့်သော သူများအား သူတို့၏ ဘက်လှည့်လေ့ရှိခြင်းကြောင့် အကုသိုလ် ဝဋ်ကြွေးကို အစားပေးတော်မူလတ္တံ့။
၁၅၈။ ❖၂၂၀	**هَلْ يَنظُرُونَ إِلاَّ أَن تَأْتِيهُمُ الْمَلآئِكَةُ أَوْ يَأْتِيَ رَبُّكَ أَوْ يَأْتِيَ بَعْضُ آيَاتِ رَبِّكَ يَوْمَ يَأْتِي بَعْضُ آيَاتِ رَبِّكَ لاَ يَنفَعُ نَفْسًا إِيمَانُهَا لَمْ تَكُنْ آمَنَتْ مِن قَبْلُ أَوْ كَسَبَتْ فِي إِيمَانِهَا خَيْرًا قُلِ انتَظِرُواْ إِنَّا مُنتَظِرُونَ۞** သူတို့ထံသို့ သိကြားမင်းကြီး❖ ရောက်လာမည်ဟု၊ သင်၏ကံကြမ္မာရှင် ရောက်လာမည်ဟု၊ ကံကြမ္မာရှင်၏ထံမှ သုတ်ဒေသနာတစ်ချို့ ရောက်လာမည်ဟုသာ စောင့်ကြည့်နေကြသလော။ ကံကြမ္မာရှင်၏ထံမှ သုတ်ဒေသနာတချို့ ရောက်လာသော နေ့၌ ရှေ့အလျင်က ယုံကြည်ခြင်း မရှိခဲ့သော၊ ယုံကြည်မှု၌ အကောင်းကို မကျင့်ဆောင်ခဲ့သော စရိုက်အတွက် ယုံကြည်ခြင်းသည် အကျိုး မဖြစ်ထွန်းချေ။ "စောင့်ကြည့်ကြလော့၊ ကျွန်ုပ်တို့လည်း စောင့်ကြည့်နေသူများ ဖြစ်၏။" ဟု ဟောကြားလော့။
၁၅၉။	**إِنَّ الَّذِينَ فَرَّقُواْ دِينَهُمْ وَكَانُواْ شِيَعًا لَّسْتَ مِنْهُمْ فِي شَيْءٍ إِنَّمَا أَمْرُهُمْ إِلَى اللهِ ثُمَّ يُنَبِّئُهُم بِمَا كَانُواْ يَفْعَلُونَ۞** ဇကန်ပင် သူတို့သည် သာသနာအား ဂိုဏ်းအမျိုးမျိုးဖြစ်ရန် ခွဲကြသောသူတို့ ဖြစ်၏။ သင်သည် ထိုသူတို့အထဲမှ တစ်စုံတစ်ရာ မပါဝင်ချေ။[၃၉] သူတို့၏ အရေးအရာများသည် ပရမတ်ဘုရားရှင်၏ထံ၌ ရှိ၏။ သူတို့၏ ပြုလုပ်လေ့ရှိများကို သူတို့အား သတင်းထုတ်ပြန်တော်မူလတ္တံ့။

---

(၃၈) သုတ်တော် ၁၅၄–ရေဝတီများ ခရစ်ယာန်များ လိုက်နာရန် ကျမ်းတော်ကို ချမှတ်ပေးထားကြောင်းနှင့် ၁၅၅–၁၅၆ တွင် ကျမ်းစာကို နားမလည်သော သူများအတွက် စောဒက တက်မလာနိုင်ရန် ကျမ်းတော် ချမှတ်ပေးကြောင်းကို တင်ပြထားပေသည်။ မြန်မာနိုင်ငံတွင်လည်း ကျမ်းစာများကို နားမလည်သေးသော သူများအား နားလည်သော ဘာသာစကားဖြင့် ပြန်ဆိုပေးရန်မှာ ဘာသာရေးတာဝန် တစ်ရပ်ပင် ဖြစ်ပေသည်။

(၃၉) ယခုခေတ်တွင် သာသနာတိုင်း၌ ဂိုဏ်းများ ကွဲလျက် ရှိနေပေပြီ။ ထိုအချင်းအရာထဲတွင် မည်သည့် ဉာဏ်စဉ်ဆောင်မျှ မပါဝင်ချေ။ အစွန်လာမ်သာသနာတွင်လည်း ဆွန်နီ၊ ရှီယာ၊ အီဗာဒီ (ယနေ့ ယူအေအီး နိုင်ငံတွင် လူများစု) နှင့် အခြားသော၊ အဟာမဒ္ဒီယာ (ကာဒယာနီ ဟု လူသိများ)၊ ပရဝေဇီ၊ ဝါဟာဘီ စသည်ဖြင့် မြောက်များစွာ ရှိနေပေသည်။ ကိုယ်တော်မုဟမ္မဒ်သည် မည့်သည့် ဂိုဏ်း၏ ခေါင်းဆောင်မှ မဟုတ်ချေ။ ကျွန်ုပ်တို့သည်လည်း ကိုယ်တော် မုဟမ္မဒ်အား အမှန်တကယ် လက်ခံလျှင် ဂိုဏ်းခေါင်းစဉ်များအား စွန့်ပစ်ရပေမည်။ ထိုသတ္တိသည် အစွန်လာမ်သာသနာဝင် စစ်စစ်တိုင်း၌ ရှိရပေမည်။

၁၆၀။	**مَن جَاء بِالْحَسَنَةِ فَلَهُ عَشْرُ أَمْثَالِهَا وَمَن جَاء بِالسَّيِّئَةِ فَلاَ يُجْزَى إِلاَّ مِثْلَهَا وَهُمْ لاَ يُظْلَمُونَ۞** သုမဂီလာ ရောက်လာစေသူအတွက် ၎င်း၏ ဆယ်ဆသည် ရှိ၏။ အကုသိုလ်ကို ရောက်လာစေသူအတွက် ၎င်း၏ ဆတူမျှသာ အစားပေးခံရမည်။ သူတို့သည် မိုက်ကြေးခွဲခံရမည် မဟုတ်ချေ။
၁၆၁။	**قُلْ إِنَّنِي هَدَانِي رَبِّي إِلَى صِرَاطٍ مُّسْتَقِيمٍ دِينًا قِيَمًا مِّلَّةَ إِبْرَاهِيمَ حَنِيفًا وَمَا كَانَ مِنَ الْمُشْرِكِينَ۞** ဟောကြားလော့ ‘‘ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကျွန်ုပ်အား အယူသန့်သော အဓိဗရာဟီး၏ ကျင့်စဉ်နှင့် ခိုင်မြဲသော သာသနာ၊ ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်သို့ ညွှန်ခဲ့ပြီ။ သူသည် ရောပြွန်းကိုးကွယ်သူများ၌ မပါဝင်ချေ’’
၁၆၂။ ☆ ၂၃	**قُلْ إِنَّ صَلاَتِي وَنُسُكِي وَمَحْيَايَ وَمَمَاتِي لِلّهِ رَبِّ الْعَالَمِينَ۞** ဟောလော့၊ ‘‘ကျွန်ုပ်၏ ဝတ်ပြုမှု☆ ဝတ်ဖြည့်မှု၊ ရှင်သန်မှု၊ သေဆုံးမှုတို့သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင်၏ အဘို့သာတည်း။’’
၁၆၃။ သန္ဓိသုခ ဝါဒီ	**لاَ شَرِيكَ لَهُ وَبِذَلِكَ أُمِرْتُ وَأَنَاْ أَوَّلُ الْمُسْلِمِينَ۞** အရှင်နှင့် ရောပြွန်းကိုးကွယ်ရာ မရှိ။ ကျွန်ုပ်အား ဤသို့ ညွှန်ကြား၏။ ကျွန်ုပ်သည်ကား မူရင်း **မွတ်ဆလင်** ဖြစ်၏။
၁၆၄။	**قُلْ أَغَيْرَ اللهِ أَبْغِي رَبًّا وَهُوَ رَبُّ كُلِّ شَيْءٍ وَلاَ تَكْسِبُ كُلُّ نَفْسٍ إِلاَّ عَلَيْهَا وَلاَ تَزِرُ وَازِرَةٌ وِزْرَ أُخْرَى ثُمَّ إِلَى رَبِّكُم مَّرْجِعُكُمْ فَيُنَبِّئُكُم بِمَا كُنتُمْ فِيهِ تَخْتَلِفُونَ۞** ဟောကြားလော့၊ ‘‘ကျွန်ုပ်သည် ပရမတ်ဘုရားရှင်မှ အပ အခြား ကံကြမ္မာရှင်အား ရှာဖွေရမည်လော၊ အရှင်သည် သဗ္ဗလုံးစုံ၏ ကံကြမ္မာရှင် ဖြစ်၏။ စရိုက်ကိုယ်စီအတွက် သူ၏ကျင့်ဆောင်ခဲ့ရာသည် ရှိ၏။ မိမိအတွက် ဝန်ထမ်းနေရသူသည် အခြားသူ၏ ဝန်အား မထမ်းပေးနိုင်ချေ။ သင်တို့အားလုံး ကံကြမ္မာရှင်ထံသို့သာ အပြန်ခရီးရှိ၍။ သို့နောက် သင်တို့၏ ကွဲလွဲလေ့ရှိခဲ့ခြင်းအား သတင်းထုတ်ပြန်တော်မူလတ္တံ့။
၁၆၅။ ကိုယ်စားလှယ်	**وَهُوَ الَّذِي جَعَلَكُمْ خَلاَئِفَ الأَرْضِ وَرَفَعَ بَعْضَكُمْ فَوْقَ بَعْضٍ دَرَجَاتٍ لِّيَبْلُوَكُمْ فِي مَا آتَاكُمْ إِنَّ رَبَّكَ سَرِيعُ الْعِقَابِ وَإِنَّهُ لَغَفُورٌ رَّحِيمٌ۞** အရှင်သည် သင်တို့အား မြေကမ္ဘာ၏ **သမ္မတများ**အဖြစ် စီစဉ်သော အရှင်ဖြစ်၏။[၃၉၀] ချီးမြှင့်ပေးသည်တို့၌ စုံစမ်းတော်မူရန် သင်တို့မှ အချို့ကို အချို့ထက် အဆွင့်အလမ်း မြှောက်စားတော်မူ၏။ ဇောနပင် ကံကြမ္မာရှင်သည် လျင်မြန်စွာ ချုပ်ကိုင်နိုင်တော်မူ၏။ ဇောနပင် အရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။

(၃၉၀) ဤသုတ်တော်သည် လူသားတို့၏ ဂုဏ်ရည်ကို ဖေါ်ပြထား၏၊ လူသားတိုင်းသည် မြေကမ္ဘာ၌ အရိုက်အရာ ဆက်ခံသူများ ဖြစ်ကြ၍၊ အရိုက်အရာ ဟူသည့် ထိုစကားလုံး ‘‘ခလီဖဟ်’’ သမ္မတဟုလည်း ဖြစ်ပေသည်။ ထို့ကြောင့် အာဒံ တစ်ပါးတည်းကိုသာ မြေကမ္ဘာအတွက် အရိုက်အရာ ဆက်ခံသူ သမ္မတ ဟု ထင်မှတ်နေခြင်းမှာ မှားယွင်းကြောင်း ကျမ်းတော်က ရှင်းလင်းစွာ ထောက်ပြထားသည့်အပြင် ဤသုတ်တော်က ပရမတ်ဘုရားရှင်သည် သတ္တလောက၌ လူသားဟူသည် အဘယ်ကြောင့် ဖြစ်တည်လာရသည် ဆိုသော လူကို ဖြစ်တည်စေခြင်း ရည်ရွယ်ချက်အား ဖေါ်ပြထားပေသည်။ လောက၌ လူ ဖြစ်တည်လာရခြင်းမှာ ဒုက္ခဝဋ်ကြွေးများ ပေးဆပ်ရန်အတွက် မဟုတ်ချေ။ လူသားဟူသည် ပရမတ်ဘုရားရှင်၏ ကိုယ်စားလှယ်အဖြစ် စကြာဝဠာအပေါင်းအား စိုးမိုးအုပ်ချုပ် ထိန်းကျောင်းပေးရန် အဆွင့်အရေးဖြင့် ဖြစ်တည်လာရခြင်း ဖြစ်သည်။ ထိုသို့ လောကအပေါင်းအား အုပ်ချုပ် ထိန်းသိမ်းနိုင်ရန်လည်း ဉာဏ်စဉ်ဆောင် ပုဂ္ဂိုလ်များ ပွင့်ပေါ်ခွင့် နိယာမဓမ္မကို ပြဋ္ဌာန်းပေးထားပေသည်။ လူသားသည် ဉာဏ်စဉ်ဆောင် ပုဂ္ဂိုလ်တို့မှ သွန်သင်နည်းပြသော နည်းနာအတိုင်း ကျင့်ဆောင်လျှင် လောကအပေါင်းအား အုပ်စိုးထိန်းကျောင်းနိုင်မည် ဖြစ်ပေသည်၊ သို့သော် ထိုသို့မဟုတ်ဘဲ လူလူချင်း ကိုးကွယ်ခံချင်သော စိတ်၊ လူလူချင်း မင်းမှအုပ်စိုးချင်သော စိတ်များကြောင့် ထိုလူသားသည်ပင် လူလူချင်း မနာလိုဝန်တိုစိတ်များ ကိန်းဝပ်လာခြင်း၊ လူလူချင်း ပြိုင်ဆိုင်လိုသော စိတ်ဖြင့် လောဘရမက်များ ကြီးစိုးလာခြင်းဖြင့် မိမိကိုယ်မိမိ အမိုက်မှောင်စီးလျက် မိမိ၏ စိတ်က မိမိအား အလိုမကျမှု မရောင့်ရဲနိုင်မှုများ ဖြစ်လျက် ဒုက္ခဝဋ်ကြွေးများကို ခံစားလာရခြင်းသာ ဖြစ်ပေသည်။ လူသည် လူလူချင်း ပြိုင်ဆိုင်မှုကြောင့်သာ ထိုသို့သော အကုသိုလ်စိတ်များ ဖိစီးလာရခြင်း ဖြစ်ကြောင်းကို သတိထားသင့်ပေသည်။ လူသားသည် လမ်းဘေးမှ ကျောက်ခဲနှင့်သော်လည်းကောင်း အခြားသော သက်ရှိများဖြစ်သည့် ကျွဲ၊ နွား၊ မြင်း၊ ဝက်များနှင့် ပြိုင်ဆိုင်ဂုဏ်တက်နေခြင်း မရှိချေ။ ထို့ကြောင့် လူသားတို့ ခံစားပြောဆိုနေသော ဒုက္ခဝဋ်ကြွေးများ ဆိုသည်မှာ လူ၏ ခန္ဓာကိုယ်ကြောင့်မဟုတ်ဘဲ လူလူချင်းပြိုင်ဆိုင် မာန်တက် မနာလို ဖြစ်ရာမှ

ရရှိလာသော ရလဒ်သာ ဖြစ်သည်၊ ခန္ဓာရှိလျှင် ဒုက္ခ ရှိရမည်ဆိုသော အယူအဆအား အစွဲလာမ်က လက်မခံပေ၊ ကျောက်ခဲတစ်လုံးသည်လည်း ခန္ဓာ ရှိနေသည် ဖြစ်၍ ထိုကျောက်ခဲတွင် ယခု လူသားတို့ ခံစားပြောဆိုနေသည့် ဒုက္ခသော်လည်းကောင်း၊ သုခ သော်လည်းကောင်း ခံစားနေရခြင်း မရှိချေ။

သို့ဖြစ်၍ လူသားသည် လောကအပေါင်းအား မင်းမူ အုပ်ချုပ်နိုင်ရန်သာ အားထုတ်သင့်လျက် လူလူချင်းအာဏာလု ဥစ္စာလု နေရာလု ပြိုင်ဆိုင်နေခြင်းများကို စွန့်ပါယ်သင့်လှသည်။ လောက အပေါင်းအား မင်းမူအုပ်ချုပ်ခြင်း ဆိုသည်မှာ လူသား အနေဖြင့် တစ်သီးပုဂ္ဂလ စိတ်ဓါတ်ရေးရာ ပေါက်မြောက် အောင်မြင်ရန်သာ အရေကြီးလှပေသည်။ ထိုသို့ ပေါက်မြောက်အောင်မြင်ပြီးသော ပုဂ္ဂိုလ်များသည် သူနှင့်သက်ဆိုင်ရာ လောက အလယ်၌ ဘုရင်တစ်ဆူ ဖြစ်နေတော့သည်။ ဥပမာ အားဖြင့် ပထဝီ ပညာရပ်၌ ပေါက်မြောက် အောင်မြင် လောက်အောင် ကျွမ်းကျင်သော သူအား ပထဝီပညာရပ်၌ သူ့ခေတ် အတွက် ပညာရှင်ကြီး၊ ပထဝီပညာရပ် သီအိုရီ တစ်ခု၏ ဖခင်ကြီးအဖြစ် သတ်မှတ်ရမည်ပင်၊ အလားတူပင် လောက၌ မရေ မတွက်နိုင်သော ပညာရပ်တို့သည် ရှိနေသည်– ခေတ်စနစ်အလျောက် ပေါ်ပေါက်လာမည့် ပညာရပ်များလည်း ရှိနေသည်၊ ထိုပညာရပ်လောက တစ်ခုစီ၌ လူသားသည် သူ့ပညာရပ်နှင့်သူ ဘုရားတစ်ဆူ ဂူတစ်လုံး ဖြစ်ခွင့် ရှိနေပေသည်။ ထိုသို့ ပေါက်မြောက်အောင်မြင်ရန် လျှောက်လှမ်းသော အခါ ကြုံတွေ့ရမည့် အခက်အခဲများသည် ဒုက္ခဝင်ကြေးများ မဟုတ်ချေ။ အောင်မြင်ပေါက်မြောက်မှု အတွက် ပါရမီ ဖြည့်ဆီးရခြင်းများသာ ဖြစ်ပေသည်။ စာမေးပွဲအောင်မည့် ကျောင်းသားတစ်ဦး စာကြိုးစားရခြင်းကို ဒုက္ခဝင်ကြေးဟု သတ်မှတ်၍ မရနိုင်ပေ။

ဓမ္မခန္ဓာ (၇) "အသိအမှတ်ပြုခြင်း" (အာရာဖ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၉)၊ သုတ်ဒေသနာ (၂၀၆)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။	**المص**۞ အလက်ဖ်၊ လမ်၊ မင်၊ ဆွာဒ်။[၃၈]
၂။	**كِتَابٌ أُنزِلَ إِلَيْكَ فَلاَ يَكُن فِي صَدْرِكَ حَرَجٌ مِّنْهُ لِتُنذِرَ بِهِ وَذِكْرَى لِلْمُؤْمِنِينَ**۞ သင့်ထံ၌ ချမှတ်ပေးသော ကျမ်းတော်၊ ၎င်းကြောင့် သင်၏ရင်ကို ခက်ခဲစေသည် မဟုတ်။[၃၉] ယုံကြည်သူတို့အား သတိပေးဘို့ရာ ဆင်ခြင်သတိဖြစ်စေဘို့ရာ ဖြစ်၏။
၃။	**اتَّبِعُواْ مَا أُنزِلَ إِلَيْكُم مِّن رَّبِّكُمْ وَلاَ تَتَّبِعُواْ مِن دُونِهِ أَوْلِيَاء قَلِيلاً مَّا تَذَكَّرُونَ**۞ သင်တို့၏ ကံကြမ္မာရှင်ထံမှ သင်တို့အား ချမှတ်ပေးရာကို လိုက်နာကြလော့။ အရှင့် မှအပ အခြားမဟာမိတ်များကို မလိုက်နာကြနှင့်။ အနည်းစုသည်သာ ဆင်ခြင်သတိရှိကြ၏။
၄။	**وَكَم مِّن قَرْيَةٍ أَهْلَكْنَاهَا فَجَاءهَا بَأْسُنَا بَيَاتًا أَوْ هُمْ قَآئِلُونَ**۞ ထို့ပြင် ငါသည် ဒေသမည်မျှကို တိမ်ကော့စေခဲ့သနည်း။ အမင်္ဂလာသည် မှောင်ကျနေစဉ် သို့မဟုတ် နေ့ မှိန်းစက်ချိန်၌ ရောက်လာ၏။
၅။	**فَمَا كَانَ دَعْوَاهُمْ إِذْ جَاءهُمْ بَأْسُنَا إِلاَّ أَن قَالُواْ إِنَّا كُنَّا ظَالِمِينَ**۞ ငို့ထံမှ အမင်္ဂလာ ရောက်လာသောအခါ "တပည့်တော်တို့သည် အမှိုက်ကောင်များ ဖြစ်ခဲ့၏။"ဟု ဆိုခြင်းမှ အပ ကြွေးကြော်နိုင်မှု မရှိချေ။[၄၀]

---

(၃၈) ဤသုတ်တော်တွင် ဖေါ်ပြသော အတိုကောက် စကားလုံးများ ဖြစ်သည့် **အလက်ဖ်၊ လမ်၊ မင်၊ ဆွာဒ်** မှ **အလက်ဖ်၊ လမ်** နှင့် **မင်** ကို ၂၁ တွင် ရှင်းခဲ့ပြီး ဖြစ်သည်။ အတိုကောက် စကားလုံး **ဆွာဒ် ص** မှာ **ဆွာဒီးက်** ဖြောင့်မတ်မှန်ကန်သော အရှင် ကို ကိုယ်စားပြုပေသည်။ (အဘူဟေယ္ယန်)။ ထို့ကြောင့် **المص** အနက်မှာ **"ငါသည် ကုန်စင် သိတော်မူသော ဖြောင့်မတ်မှန်ကန်ဆုံးသော ပရမတ်ဘုရားရှင် ဖြစ်၏။"** ဟု ဖြစ်ပေသည်။

(၃၉) ခရစ်ယာန်သာသနာပြု ဆရာတော် ဆေးလ်က **ဇ်ဉ်ရ ဟရဂ်ျ** ကို **သံသယဝင်ဘွယ် မဟုတ်** ဟု ဘာသာပြန်ပြီး၊ သူ့နောက်သို့ လိုက်သော အခြား သာသနာပြုများက ကိုယ်တော်မှဟမ္မဒ်သည် မိမိထံသို့ ကိန်းဝပ်လာသော သဗ္ဗညုတဉာဏ်စဉ်တော်အား သံသယရှိနေသယောင် (မှန်မမှန် ဝေခွဲ မရဖြစ်နေသယောင်) "ငင်းကြောင့် သင်၏ ရင်၌ သံသယ ဖြစ်စေသည် မဟုတ်" ဟု ရေးသားခြင်းမှာ လုံးဝ မှားယွင်းပေသည်။ **ဟရဂ်ျ** ၏ အဓိပ္ပါယ်မှာ **ခက်ခဲစေသည်၊ မွန်းကျပ်စေသည်** ဟု ဖြစ်၍ ကျမ်းတော် အပေါ်၌ ကိုယ်တော်သည် မွန်းကျပ်မှု မရှိကြောင်းကို စကားညွှန်တင်ပြခြင်း ဖြစ်ပေသည်။ "ငင်းကြောင့် သင်၏ရင်ကို ခက်ခဲစေသည် မဟုတ်" ဆိုသည်မှာ ကိုယ်တော်သည် ကျမ်းတော်အားဖြင့် သာသနာပြုခြင်းကြောင့် မည်သည့်အခါတွင်မှ ခက်ခဲ မွန်းကျပ်မှု မရှိကြောင်း ကိုသာ ဖေါ်ပြခြင်း ဖြစ်ပေသည်။

၆။ ☆ ၉း၃၃	**فَلَنَسْأَلَنَّ الَّذِينَ أُرْسِلَ إِلَيْهِمْ وَلَنَسْأَلَنَّ الْمُرْسَلِينَ۝** ဉာဏ်စဉ်ဆောင် စေစားခံရသော☆ သူတို့အား ငါ မေးမြန်းတော်မူမည်။ ဉာဏ်စဉ်ဆောင်တို့ကိုလည်း မေးမြန်းတော်မူမည်ပင်။
၇။	**فَلَنَقُصَّنَّ عَلَيْهِم بِعِلْمٍ وَمَا كُنَّا غَآئِبِينَ۝** ထို့နောက် သူတို့အား ငါ သိနေတော်မူကြောင်းကို ဖေါ်ပြတော်မူမည်။ ငါ၏ မျက်ကွယ်ဟု မရှိချေ။
၈။	**وَالْوَزْنُ يَوْمَئِذٍ الْحَقُّ فَمَن ثَقُلَتْ مَوَازِينُهُ فَأُوْلَئِكَ هُمُ الْمُفْلِحُونَ۝** ထိုနေ့တွင် ချိန်ခွင်လျှာ လုံးဝမှန်ကန်၏၊ ချိန်ခွင်၌ အလေးစီးသော မည်သူမဆို၊ သူတို့သည် အောင်မြင်ပေါက်မြောက်သူများ ဖြစ်ကြ၏။[၃၉၄]
၉။ ☆ ၂း၉	**وَمَنْ خَفَّتْ مَوَازِينُهُ فَأُوْلَئِكَ الَّذِينَ خَسِرُواْ أَنفُسَهُم بِمَا كَانُواْ بِآيَاتِنَا يِظْلِمُونَ۝** ချိန်ခွင်လျှာ အလေးပေါ့သော မည်သူမဆို၊ သူတို့သည် ငါ၏ သုတ်ဒေသနာများအား မိုက်ကြေးခွဲလေ့ ရှိသောကြောင့် သူတို့၏ဉာဉ်ကို☆ ဆုံးရှုံးသူများ ဖြစ်ကြ၏၊
၁၀။	**وَلَقَدْ مَكَّنَّاكُمْ فِي الأَرْضِ وَجَعَلْنَا لَكُمْ فِيهَا مَعَايِشَ قَلِيلاً مَّا تَشْكُرُونَ۝** သင်တို့အား မြေကမ္ဘာ၌ ငါ ထူထောင်စေပြီး[၃၅] ထို၌ ဘဝတည်ဆောက်နည်းကို စီစဉ်ပေးတော်မူ၏။ အနည်းစု သည်သာ ကျေးဇူးသိတတ်ကြကုန်၏။
၁၁။ ☆ ၂း၃၀ ★ ၂း၃၁ ☆ ၂း၃၄	**وَلَقَدْ خَلَقْنَاكُمْ ثُمَّ صَوَّرْنَاكُمْ ثُمَّ قُلْنَا لِلْمَلآئِكَةِ اسْجُدُواْ لآدَمَ فَسَجَدُواْ إِلاَّ إِبْلِيسَ لَمْ يَكُن مِّنَ السَّاجِدِينَ۝** မုချကေန သင်တို့ကို ငါ ဖြစ်တည်စေ၏၊ ထို့နောက် ပုံစံချပေး၏။ ထို့ပြင်– နိမိတ်ဆောင်တို့ကို☆ ''အာဒံအား★ ဦးချလော့၊''ဟု မိန့်သော်၊ ဦးချကြ၏။ သို့သော် ရှေးရိုးစွဲ၊☆ သူသည် ဦးချသူများ၌ မပါချေ။[၃၆]
၁၂။	**قَالَ مَا مَنَعَكَ أَلاَّ تَسْجُدَ إِذْ أَمَرْتُكَ قَالَ أَنَاْ خَيْرٌ مِّنْهُ خَلَقْتَنِي مِن نَّارٍ وَخَلَقْتَهُ مِن طِينٍ۝** ''ငါ ညွှန်ကြားလျှင်၊ ဦးမချရန် သင့်အား အဘယ်အရာက ဟန့်တားထားသနည်း၊''ဟု မိန့်သော်၊ သူက ''အရှင်က မီးမှ ဖြစ်တည်စေသော တပည့်တော်သည်၊ မြေမှ ဖြစ်တည်စေသော သူ့ထက် ပို၍ကောင်း၏။''ဟု ပြန်ပြော၏။[၃၇]

---

(၃၉၃) ကျမ်းတော်က သေပြီးသည်၏ နောက်ပိုင်းထက် လောကီ ဖြစ်စဉ်များကို မကြာခဏပမာပေး တင်ပြပေသည်။ ကိုယ်တော်သည် မက္ကာဟ် ကို အောင်နိုင်သော အခါတွင် အစွယ်လာမ်၏ ဆန့်ကျင်ဘက် အုပ်စုများမှာ ဤအတိုင်းပင်– ကျွန်ုပ်တို့ မှားခဲ့ပါသည် ကြွေးကြော်ခဲ့ရပေသည်။ လူသား အပေါင်းအား မတရားပြုသူ အားလုံး၏ နိဂုံးသည် ဤနည်းအတိုင်းပင် ဖြစ်ရမည်ပင်။

(၃၉၄) ချိန်စစ်တိုင်းတွာမှု ဆိုသည်မှာ တရားမျှတမှု၊ တရားဆုံးဖြတ်မှုကို ဆိုလိုပေသည်။ အလေးစီးသော သူ ဆိုသည်မှာ ကောင်းမှုဌ အလေးသာသော သူများကို ဆိုလိုပေသည်။

(၃၉၅) **مَكَّنَّاكُمْ မကန်း** ဆိုသည်မှာ ဘဝထူထောင် အခြေချသည်၊ နေထိုင်သည်၊ သြဇာအာဏာတည်သည် ဟု အနက်ပေးပေသည်။ ထို့ကြောင့် ဤနေရာ၌ **ထူထောင်သည်**ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

(၃၉၆) ဤသုတ်တော်က အာဒံသည် ကမ္ဘာ့မထဦးဆုံး လူသား မဟုတ်ကြောင်းကို ရှင်းလင်းစေပေသည်။ ထိုအကြောင်းကို ''သင်တို့ကို ငါ ဖြစ်တည်စေ၏၊ ထို့နောက်---၊'' ဆိုသည်က ထောက်ပြထားပေသည်။ ဤသုတ်တော်မှ **သင်တို့ကို** ဆိုသည်မှာ အာဒံ တစ်ဦးတည်းဟု သတ်မှတ်သော် သတ်မှတ်သူသည် စာမတတ်သူသာ ဖြစ်ပေလိမ့်မည်။ ထိုစကားလုံး **သင်တို့** ဆိုသည်မှာ လူသားအားလုံးကို ဆိုလိုပေသည်။

(၃၉၇) အများစုက ဤသုတ်တော် အပါအဝင် ကျမ်းတော်၏ နေရာတော်တော်များများတွင် ဖေါ်ပြသော အာဒံကို မြေမှ ဖြစ်တည်စေပြီး၊ အီဗလီးဆ်နှင့် ဂျင်ကို မီးမှ ဖြစ်တည်စေသည် ဆိုသည်အား စာပေ၏ အလင်္ကာကို မစဉ်းစားတော့ပဲ ကောက်ယူသောကြောင့် အာဒံသည် လူသား စင်စစ် ဖြစ်ပြီး၊ အီဗလီးဆ်နှင့်ဂျင်မှာ လူသားများ မဟုတ်ဘဲ ဓါတ်ဘူတ မကောင်းဆိုးဝါးလိုလို ဖွင့်ဆိုကြပေသည်။ အထက်ဖေါ်ပြ ပါ သုတ်တော် ၁၁ တွင် ''သင်တို့ကို'' ဆိုသည်မှာ လူသားအားလုံး၊ လူသားမျိုးနွယ်အားလုံးကို ဆိုလိုပြီး၊ (နိမိတ်ဆောင်) မလာအိကဟ်နှင့် (ရှေးရိုး စွဲ) အီဗလီးဆ်တို့သည် ထိုအထဲ၌ပင် ပါဝင်ကြောင်း ဤသုတ်တော်များကို စနစ်တကျ သေချာစွာ ဖတ်လျှင် တွေ့နိုင်ပေသည်။ ကျမ်းတော်တွင် မီးဆို သည်မှာ စစ်ပွဲကို ရည်ညွှန်းသောကြောင့် (၅း၆၄)မီးမှ ဖြစ်တည်စေသည် ဆိုသည်မှာ ပြည်တွင်းစစ်ကြား၌ မွေးဖွားသူ၊ စစ်ပွဲကိုလိုလားသူ၊ စစ်မင်းကြီး ဝါဒလွှမ်းမိုးသူ ဟု အနက်ကို ဆောင်ပေသည်။ အလားတူပင် မြေမှ ဖြစ်တည်ဆိုသည်မှာ တရားသဖြင့် အာဏာရထား၍ နယ်မြေများကို ပိုင်ဆိုင်သူ၊ စစ်ပွဲမလိုလားပဲ

၁၃။ ☆ ၂း၃၈	**قَالَ فَاهْبِطْ مِنْهَا فَمَا يَكُونُ لَكَ أَن تَتَكَبَّرَ فِيهَا فَاخْرُجْ إِنَّكَ مِنَ الصَّاغِرِينَ۝** အရှင်က ‘‘ထိုမှ ဆင်းသွားလော့၊ သင့်အတွက် မာနတက်နေစရာ မရှိ၊ သို့ဖြစ်၍ ထိုမှ ထွက်သွားလော့၊ သင်သည် သေးသိမ်သူတို့၏ အနက်မှ ဖြစ်၏၊’’[၃၉] ဟု မိန့်၏။☆
၁၄။	**قَالَ فَأَنظِرْنِي إِلَى يَوْمِ يُبْعَثُونَ۝** သူက ‘‘တပည့်တော်အား နိုးကြွစေသည့်နေ့အထိ[၃၉] စောင့်ကြည့်ခွင့်ပေးပါ၊’’ဟု လျှောက်တင်သော်။
၁၅။	**قَالَ إِنَّكَ مِنَ الْمُنظَرِينَ۝** အရှင်က ‘‘အသင်သည် စောင့်ကြည့်နေခွင့်ရသူတို့မှ ဖြစ်၏၊’’ဟု မိန့်လေ၏။
၁၆။ ☆၁၅း၃၉	**قَالَ فَبِمَا أَغْوَيْتَنِي لَأَقْعُدَنَّ لَهُمْ صِرَاطَكَ الْمُسْتَقِيمَ۝** သူက ‘‘အရှင်သည် တပည့်တော်အား တိမ်းပါးရစေသဖြင့်☆ သူတို့အား ဖြောင့်မှန်သော အရှင်၏ လမ်းတော်မှ ပိတ်၍ ထိုင်နေမည်၊’’ဟု ပြန်ပြော၏။[၄၀]
၁၇။	**ثُمَّ لَآتِيَنَّهُم مِّن بَيْنِ أَيْدِيهِمْ وَمِنْ خَلْفِهِمْ وَعَنْ أَيْمَانِهِمْ وَعَن شَمَآئِلِهِمْ وَلَا تَجِدُ أَكْثَرَهُمْ شَاكِرِينَ۝** ထို့နောက် တပည့်တော်သည် သူတို့ထံသို့ သူတို့၏ လက်ရှိ–ရှေ့တင်မှ၊ နောက်မှ၊ သူတို့၏ လက်ယာ၊ လက်ဝဲမှ ထိရောက်စေမည်။ အရှင်သည် ကျေးဇူးသိတတ်သူများအဖြစ် အများစုကို တွေ့ရမည် မဟုတ်ပါ။[၄၀]
၁၈။	**قَالَ اخْرُجْ مِنْهَا مَذْؤُومًا مَّدْحُورًا لَّمَن تَبِعَكَ مِنْهُمْ لَأَمْلَأَنَّ جَهَنَّمَ مِنكُمْ أَجْمَعِينَ۝** အရှင် မိန့်သည်မှာ‘‘သိက္ခာမဲ့ ပစ်ပယ်ခံရသူ အဖြစ် ထိုမှ ထွက်သွားလော့၊ သူတို့မှ သင့်အားလိုက်နာသူ အားလုံးကို သင်နှင့်အတူ ငရဲဘုံတွင် ဖြည့်တော်မူမည်၊’’
၁၉။ ☆ ၂း၃၅	**وَيَا آدَمُ اسْكُنْ أَنتَ وَزَوْجُكَ الْجَنَّةَ فَكُلاَ مِنْ حَيْثُ شِئْتُمَا وَلاَ تَقْرَبَا هَذِهِ الشَّجَرَةَ فَتَكُونَا مِنَ الظَّالِمِينَ۝** အေ– အာဒံ၊ သင်နှင့် သင့်ပေါင်းဖော်သည် ဥယျာဉ်တွင် အခြေချ၍၊ နေရာတိုင်း၌ စံချိန်အလျောက် စားသုံးကြလော့၊ သို့သော် ဤအပင်နားသို့ မချည်းကပ်နှင့်၊ သို့မဟုတ်က အမှိုက်ကောင်များမှ ဖြစ်ရလတ္တံ့’’ဟု ဖြစ်၏။☆

အေးချမ်းစွာတည်ငြိမ်စွာ နေထိုင်လိုသူ အနက်ကို ဆောင်ပေသည်။ အာဒံသည် ဥယျာဉ်မြေတွင် အာဏာရလာသူ ဖြစ်ကြောင်း ၂း၃၀ မှ ၃၉ တွင် တွေ့နိုင်ပေသည်။ ရှိုင်တွန်၊ မလာအိကာဟ် အားလုံးကို မြေမှ ဖြစ်တည်စေသည်ဟု ၃၇း၁၁ တွင် ဆိုထားပေသည်။

(၃၉) ဤသုတ်တော်မှ **ထိုမှ** ဆိုသည်မှာ အထက်ကောင်းကင်ဘုံကို ရည်ညွှန်းသော နိဗ္ဗာန်ဘုံ မဟုတ်ချေ။ သူကိုယ်သူ ရည်ညွှန်းခဲ့သော (၇း၁၂) မှ စစ်မင်းကြီး၀ါဒဖြင့် ရထားသော ရာထူးအာဏာ ဌာနန္တရကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။

(၃၉) **ယောင်းမ် ယုဘ်အဆူးန** ကို ဆရာတော်ကြီးများက ရှင်ပြန်ထမြောက်သည့်နေ့ဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံး၏ ရင်းမြစ် စကားလုံးမှ **ဘအဆ** ဖြစ်၍၊ ပေါက်ပွားသည်၊ ပွင့်ပေါ်သည်၊ နိုးထစေသည်ဟု ဖြစ်ပေသည်။ ၎င်းသည် နောင်ဘ၀တွင် ဟု ဆိုမထားသည့် အပြင် များသော အားဖြင့် ဤ လောကီ ဘ၀တွင် ဖြစ်သော ရှင်သန်မှုများ၌ သုံးလေ့ရှိသည်ကို ကျမ်းတော်၌ မြောက်များစွာ တွေ့ရပေသည်။ ဤ သုတ်တော်နှင့် အထက်အောက် ဖေါ်ပြပါ သုတ်တော်များ အရ **အီဗလီးဆ်** (ရေးရိုးစွဲ)သည်၊ စစ်မင်းကြီး၀ါဒကြီးစိုးသူ၊ ပြုပြင်ပြောင်းလဲရေးကို လက်မခံလိုသူ ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်သူများသည် သူ့အား တော်လှန်ရန် အင်အားကောင်းရမည်၊ စည်းလုံးရမည်၊ အနစ်နာခံရမည်။ ညီညွတ်စွာ နိုးကြား တော်လှန်ရမည် ဖြစ်သည်။ ထို့ကြောင့် ရှင်သန်ပွင့်ပေါ်သည်ဟု အနက်ရသော **ဘအဆ**ကို ဤသုတ်တော်၌ နိုးကြားထကြွသည် ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

(၄၀၀) ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်ဟု တင်စားသော လူအများ ကောင်းစားရေး လမ်းစဉ်တွင် စစ်မင်းကြီးများ၏ အာဏာသည် မှေးမှိန် လာသောကြောင့် ရှေးရိုးစွဲများက ထိုလမ်းစဉ်အား ချီတက်ကြသော သူများအား အခက်အခဲ ဖြစ်စေရန် ထိုလမ်းတွင် ပိတ်ဆို့ထားမည်ဟု သူတို့၏ ဆန္ဒ ကို ထုတ်ဖေါ်ခြင်း ဖြစ်ပေသည်။ တနည်းအားဖြင့် အမှန်တရား ပေါ်ပေါက် ဖွံ့ဖြိုးလာသောအခါ မိမိတို့၏ လမ်းစဉ်ကို မပြုပြင်ဘဲ မိရိုးဖလာထဲ၌ အနယ်ထိုင်သောသူ၊ ထိုမိရိုးဖလာအား နည်းမျိုးစုံဖြင့် ကာကွယ်ထိမ်းသိမ်းနေသော သူများသည် အီဗလီးဆ် (ရေးရိုးစွဲ) များ ဖြစ်ပေသည်။

(၄၀၀) ကောင်းသော လမ်းစဉ်တစ်ခုအား ချီတက်သောအခါ အဖျက်အနှောင့် မျိုးစုံကို ဘက်ပေါင်းစုံမှ ကြုံရပေမည်။ ထိုအခါ လူအများစုမှ စိတ်ခါတ် ခိုင်မာမှုမရှိဘဲ စိတ်ပျက်အားငယ်ခြင်း၊ သစ္စာဖေါက်ခြင်းများကို ကြုံရမည်မှာ လုံး၀ မလွဲချေ။ ထိုသစ္စာဖေါက်သူများသည် လမ်းစဉ်တော်အား ကျေးဇူး ကန်းသူများ ဖြစ်ပေသည်။

၂၀။ ☆၂း၃၀	**فَوَسْوَسَ لَهُمَا الشَّيْطَانُ لِيُبْدِيَ لَهُمَا مَا وُورِيَ عَنْهُمَا مِن سَوْءَاتِهِمَا وَقَالَ مَا نَهَاكُمَا رَبُّكُمَا عَنْ هَذِهِ الشَّجَرَةِ إِلاَّ أَن تَكُونَا مَلَكَيْنِ أَوْ تَكُونَا مِنَ الْخَالِدِينَ۞** မကောင်းဆိုးဝါးက သူတို့၏ ကွယ်နေသည်များကို ဖေါ်ထုတ်ပေးနိုင်သည်ဟု တီးတိုးလှုံ့ဆော်၍၊ ''သင်တို့၏ ကံကြမ္မာရှင်က သင်တို့အား ဤသစ်ပင်မှ ဟန့်တားခြင်းမှာ သင်တို့သည် နိမိတ်ဆောင်များ မဖြစ်စေရန်☆ သို့မဟုတ် အစဉ်အမြဲ မဖြစ်ရစေရန်အတွက်သာ၊''[၄၁] –ဟု ပြော၍
၂၁။	**وَقَاسَمَهُمَا إِنِّي لَكُمَا لَمِنَ النَّاصِحِينَ۞** – ''ကျွန်ုပ်သည် သင်တို့အတွက် စိတ်ထားဖြူစင်သူများမှ ဖြစ်သည်''ဟု တိုင်တည်၏။
၂၂။ ☆၂း၁၄	**فَدَلاَّهُمَا بِغُرُورٍ فَلَمَّا ذَاقَا الشَّجَرَةَ بَدَتْ لَهُمَا سَوْءَاتُهُمَا وَطَفِقَا يَخْصِفَانِ عَلَيْهِمَا مِن وَرَقِ الْجَنَّةِ وَنَادَاهُمَا رَبُّهُمَا أَلَمْ أَنْهَكُمَا عَن تِلْكُمَا الشَّجَرَةِ وَأَقُل لَّكُمَا إِنَّ الشَّيْطَآنَ لَكُمَا عَدُوٌّ مُّبِينٌ۞** သို့သော် သူသည် သူတို့အား မြှူဆွယ်၍ ညွှန်ပြ၏။ သို့ဖြင့် သူတို့သည် အပင်အား မြည်းစမ်းသောအခါ ရှေ့တင်၌ ကိုယ်ထည်များ ပေါ်သွားတော့၏။ သူတို့သည် ဥယျာဉ်မှ အရွက်များဖြင့် သူတို့ကိုယ်သူတို့ စတင်ဖုံးအုပ်ကြလေ၏။[၄၀] ထိုအခါ သူတို့၏ ကံကြမ္မာရှင်က ''သင်တို့အား ဤအပင်မှ ငါ မဟန့်တားခဲ့သလော၊ သင်တို့အတွက် မကောင်းဆိုးဝါးသည်☆ ရှင်းလင်းထင်ရှား စည်းဖေါက်သူဟု ငါ မပြောခဲ့သလော၊''ဟု မိန့်မြွက်သော်–
၂၃။	**قَالاَ رَبَّنَا ظَلَمْنَا أَنفُسَنَا وَإِن لَّمْ تَغْفِرْ لَنَا وَتَرْحَمْنَا لَنَكُونَنَّ مِنَ الْخَاسِرِينَ۞** သူတို့က ''အို– ကံကြမ္မာရှင် တပည့်တော်တို့သည် မိမိစရိုက်ကိုမိမိ မိုက်ကြေးခွဲမိပါပြီ။ အရှင်သည်သာ လွှတ်ငြိမ်းခွင့် မပေးခဲ့လျှင်၊ ကရုဏာမသက်ခဲ့လျှင် တပည့်တော်တို့သည် ဆုံးရှုံးသူများမှ ဖြစ်ရချေပါပြီ၊''ဟု လျှောက်တင်ကြ၏။
၂၄။ ☆၂း၃၆	**قَالَ اهْبِطُواْ بَعْضُكُمْ لِبَعْضٍ عَدُوٌّ وَلَكُمْ فِي الأَرْضِ مُسْتَقَرٌّ وَمَتَاعٌ إِلَى حِينٍ۞** အရှင်က ''ဆင်းသွားကြလော့၊ သင်တို့မှ အချို့သည် အချို့အတွက် စည်းဖေါက်သူများ ဖြစ်စေလော့၊ မြေကမ္ဘာ၌ ချမ်းမြေ့ တည်ငြိမ်ရာ ကာလတစ်ခုထိ ရှိနေ၏၊''ဟု မိန့်မြွက်၏။☆

(၄၀) အစဉ်အမြဲ ဖြစ်ရစေသည် ဆိုသည်မှာ ဩဇာအာဏာအား မျိုးစဉ်မျိုးဆက် ထိမ်းသိမ်းထားခြင်းကို ဆိုလိုပေသည်။ လူသက်တမ်းကို မဆိုလိုပေ။ လူသက်တမ်းအား အရှင်က သတ်မှတ်ပြီးကြောင်းကို ၂း၃၆ တွင် ပြောပြီး ဖြစ်ပေသည်။ ထို့အပြင် အာဒံမျိုးနွယ်သည် မလာအီကာဟ် ဖြစ်နိုင်ကြောင်း ဤသုတ်တော်က ထောက်ပြပေသည်။ ''သင်တို့သည် မလာအီကာဟ် (နိမိတ်ဆောင် တတ်သိပညာရှင်များ) မဖြစ်စေရန်'' ဆိုခြင်းမှာ အပြန်အလှန် အဓိပ္ပါယ်အရ သူတို့သည် မလာအီကာဟ်ခေါ် တတ်သိပညာရှင်များ ဖြစ်ချင်ကြကြောင်း ဖြစ်နိုင်ခွင့် ရှိ ကြောင်းကို ထောက်ပြနေခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် မလာအီကာဟ် ဆိုသည်မှာ လူသားစင်စစ်မှ ပါရမီထွန်းတောက်သော ပညာရှင်သာ လျှင် ဖြစ်ကြောင်း ထင်ရှားစွာ တွေ့နိုင်ပေသည်။

(၄၀၃) ဤအပင်ဆိုသည်ကို ၂း၃၅ တွင် ရှင်းခဲ့ပြီး ဖြစ်သည်။ အစွယ်လာမ်သာသနာတွင် အဝတ်အစား ဝတ်စားဆင်ယင်မှုကို ဂုဏ်ဖြ တွင် တွေ့ရပေသည်။ ဤသုတ်တော်မှ ဆိုလိုသော ကိုယ်ထည်များ ပေါ်ကုန်သောကြောင့် အရွက်များဖြင့် စတင်ဖုံးအုပ်ကြသည် ဆိုခြင်းမှာ သူတို့သည် နဂို မူလက အဝတ်အစား မဝတ်စားခဲ့ ယခုမှ အဝတ်အစား စတင်ဝတ်ဆင်ဟု ပြောခြင်း မဟုတ်ချေ။ ၎င်းကို ''သူတို့၏ အဆင်အယင်များကို ချွတ်သည်'' ဆို သည့် ဂုဏ်၇ ကထောက်ပြထားပေသည်။ နဂိုမူလက အဆင်အယင် အဝတ်အစား ရှိနေ၍သာ ချွတ်နိုင်ခြင်း ဖြစ်ပေသည်။ ဤနေရာတွင် ဆိုလိုသော အရွက်ကို စတင် လွှမ်းခြုံသည် ဆိုခြင်းမှာ သိက္ခာစောင့်စည်းခြင်း အဝတ်တန်ဆာကို စတင်ဝတ်ဆင်ကြခြင်း ဖြစ်ပေသည်။ ၎င်းကို သုတ်တော် ၂၆ တွင် ''စည်းစောင့်ခြင်း အဆင်အယင်သည်သာ အကောင်းဆုံး ဖြစ်သည်''ဟု ဆိုထားပြီး ဆက်လက်ဖေါ်ပြပါ သုတ်တော် ၂၃ မှ ဆုတောင်းခြင်းက ခိုင်မာစေပေသည်။ လူကျင့်ဝတ်ကို စနစ်တကျ ဥပဒေ ချမှတ်၍ စည်းကမ်းလိုက်နာခြင်းကို စည်းစောင့်ခြင်း အဝတ်ဟု ခေါ်ပေသည်။ တနည်း အားဖြင့် အာဒံ၏ လက်ထက်တွင် သမိုင်းဝင်၊ အမိုင်းတင် ဥပဒေ ချမှတ်မှုများ စတင်ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ဆိုလိုပေသည်။

၂၅။	**قَالَ فِيهَا تَحْيَوْنَ وَفِيهَا تَمُوتُونَ وَمِنْهَا تُخْرَجُونَ۝** အရှင်က ''သင်တို့သည် ထိုၦ ရှင်သန်ကြရမည်၊ ထိုၦပင် သေဆုံးရမည်၊ ထိုမှပင် ထွက်ခွာကြရမည်၊''ဟု မိန့်ဆိုဏ်။[၄၀၄]
၂၆။ ☆ ၂:၃၅	**يَا بَنِي آدَمَ قَدْ أَنزَلْنَا عَلَيْكُمْ لِبَاسًا يُوَارِي سَوْءَاتِكُمْ وَرِيشًا وَلِبَاسُ التَّقْوَىٰ ذَٰلِكَ خَيْرٌ ذَٰلِكَ مِنْ آيَاتِ اللهِ لَعَلَّهُمْ يَذَّكَّرُونَ۝** အိုု– အာဒံဏ်။☆ မျိုးနွယ်တို့ ဇကေန်ပင် ငါသည် သင်တို့အား ထည်ဝါစေရန် ကွယ်ကာစေရန်၊ အဆင်အယင်ကို ချမှတ်တော်မူဏ်။ စည်းစောင့်ခြင်း အဆင်အယင်– ယင်းသည် အကောင်းဆုံးဖြစ်ဏ်။ ဤသည် သင်တို့ ဆင်ခြင်သတိရှိအံ့ငှာ ပရမတ်ဘုရားရှင်ဏ်၊ သုတ်ဒေသနာများမှ ဖြစ်ဏ်။[၄၀၅]
၂၇။ ☆ ၂:၁၁၄ ★ ၄၉:၁၃	**يَا بَنِي آدَمَ لاَ يَفْتِنَنَّكُمُ الشَّيْطَانُ كَمَا أَخْرَجَ أَبَوَيْكُم مِّنَ الْجَنَّةِ يَنزِعُ عَنْهُمَا لِبَاسَهُمَا لِيُرِيَهُمَا سَوْءَاتِهِمَا إِنَّهُ يَرَاكُمْ هُوَ وَقَبِيلُهُ مِنْ حَيْثُ لاَ تَرَوْنَهُمْ إِنَّا جَعَلْنَا الشَّيَاطِينَ أَوْلِيَاء لِلَّذِينَ لاَ يُؤْمِنُونَ۝** အိုု– အာဒံဏ်၊ မျိုးနွယ်တို့[၄၀၆] မကောင်းဆိုးဝါးသည်☆ သင်တို့ဏ်၊ အဘများအားး[၄၀၇] သူတို့ဏ်၊ အဆင်အယင်များကို ချွတ်လျက် သူတို့ဏ်၊ အရှက်များကို ပြသစေသည့် အတွက် ဥယျာဉ်ဘုံမှ မောင်းထုတ်သကဲ့သို့ သင်တို့အား သွေးတိုးစမ်းခွင့်မပေးနှင့်။ သူသည် သင်တို့အား မြင်နေဏ်၊ သူဏ်၊ မူလလူမျိုးတို့သည်★ သင်တို့ မမြင်နိုင်သော နေရာမှ ရှိနေကြဏ်။ ဂါသည် မကောင်းဆိုးဝါးအား မယုံကြည်သောသူတို့အတွက် မဟာမိတ် အဖြစ် စီစဉ်ထားပြီ။ [၄၀၈]
၂၈။	**وَإِذَا فَعَلُواْ فَاحِشَةً قَالُواْ وَجَدْنَا عَلَيْهَا آبَاءنَا وَاللهُ أَمَرَنَا بِهَا قُلْ إِنَّ اللهَ لاَ يَأْمُرُ بِالْفَحْشَاء أَتَقُولُونَ عَلَى اللهِ مَا لاَ تَعْلَمُونَ۝**

---

(၄၀၄) ဤသုတ်တော်မှ **ևեւ ဇီးဟာ** ''ထိုၦ၊ ထိုမှ'' ဆိုသည်မှာ မြေကမ္ဘာကို နာမ်စားဖြင့် သုံးခြင်း ဖြစ်ပေသည်။ ထို့ကြောင့် လူသားတိုင်းသည် မြေကမ္ဘာၦ မွေးဘွားရှင်သန်လျက် မြေကမ္ဘာၦပင် သေဆုံးကြရမည် ဖြစ်သည်။ လူသားအား ကောင်းကင်ဘုံၦ စတင်ဖြစ်တည်စေပြီး၊ အပြစ်ကျူးလွန်မိသောကြောင့် မြေကမ္ဘာသို့ မောင်းချလိုက်သည်ဟူသော အယူအဆနှင့် လူသားအား မသေစေဘဲ ကောင်းကင်ဘုံသို့ သယ်ဆောင်ပင့်မ သွားသည်ဟူသော အယူအဆကို ကျမ်းတော်က လက်မခံချေ။

(၄၀၅) ဤသုတ်တော်သည် အစွလာမ်များကို သာမက လူသားအပေါင်းအား အဝတ်အစား ဝတ်ဆင်ရမည်ကို ပညတ်သော ဥပဒေဖြစ်၍ မည်သို့ အဝတ်တန်ဆာ ဝတ်ဆင်ရမည်ကိုလည်း တိကျစွာ ရှင်းထားပေသည်။ အင်္ကျီတိုခြင်း၊ ရှည်ခြင်းနှင့် အရောင်သည် အဓိကမဟုတ်ပေ။ မိမိ နှစ်သက်ရာကို ဝတ်ဆင်နိုင်သည်။ သို့သော် ပတ်ဝန်းကျင် မျက်လုံးများ အတွက် အမြင်ကပ်ခြင်းမှ ကင်းရပေမည်။ နာမံပိုင်းဆိုင်ရာအရ စည်းစောင့်ခြင်း အဆင်အယင်သည် အကောင်းဆုံး ဖြစ်ပေသည်။ လူအထင်ကြီးစေရန် တင့်တင့်တယ်တယ်ဝတ်၍ လူအပေါင်းအား ဖျားယောင်းခြင်း၊ မကောင်းမှုပြုခြင်းကို အစွလာမ်သာသနာက လုံးဝ ရှုံ့ချပေသည်။

(၄၀၆) အာဒံဏ်၊ မျိုးနွယ်တို့ ဆိုသည်မှာ လူသားမျိုးနွယ်အားလုံးကို ဆိုလိုပေသည်။ ထို့ကြောင့် အီဗလီးဆ်၊ ရှိုင်တန်၊ ဂျင် တို့မှာ လူသားများ မဟုတ်ဟု မစွပ်စွဲအပ်ပေ။ ကျမ်းတော်တွင် ဂျူးလူမျိုးများ ဟူသည်ကို ဘာနီးအစ္စရေးလ်း ဟု ပင် သုံးပြီး။ ဘာနီးအာဒံ ဟူသည်အား အာဒံဏ်၊ သားမြေး အပေါင်းတို့ဟု ဘာသာပြန်ဆိုမှုမှာ– ထိုအာဒံနှင့် ဇနီး ဇဝ နှစ်ဦးတည်းမှာ အခြားလူသားများ မွေးဖွားလာရသည်ဟု ဖြစ်နေသည်မှာ ကျမ်းတော်အား မနှံ့စပ်၍သာ ဖြစ်သည်။ အာဒံဏ်၊ မျိုးနွယ်များ ဆိုသည်မှာ လူ့ကျင့်ဝတ်ကို လိုက်နာသော မျိုးရိုးမှ ဆင်းသက်လာသူများ၊ မကောင်းမှုအား တော်လှန်လိုစိတ် ရှိသူများ၊ အနစ်နာခံ၍ ဦးဆောင်လိုသူများ၊ အရာတစ်ခုအား အများ အကျိုးငှာ တီထွင် လိုသူများကို အဓိကထား ရည်ညွှန်းကြောင်း ကျမ်းတော်၌ စေ့စပ်သူတိုင်း နားလည်နိုင်ပေသည်။ ထိုနှင့်ဆန့်ကျင်ဘက် လူသားများ၊ မိရိုးဖလာကို စုံမက်သော လူသားများသည်လည်း မြောက်များစွာပင် ရှိနေသည်မှာ ကျမ်းတော်ကို နားလည်သူတိုင်း သိကြပေသည်။

(၄၀၇) **အာ့ဘ်ဝိုင်းကွမ် أَبَوَيْكُم** ကို ဆရာတော်ကြီးများက ''သင်တို့ဏ်၊ မိဘနှစ်ပါး'' ဟု ဘာသာပြန်ခြင်းမှာလည်း လူသားတို့သည် အာဒံနှင့် ဇဝ ဇနီးမောင်နှံ နှစ်ဦးတည်းမှ မွေးဘွား ပျံ့ပွားလာရသည်ဟု နားလည်မှု လွဲမှားစေပေသည်။ ထိုစကားလုံးသည် **အာဘွန်** ''အဖေ'' ဟူသော စကားမှ ဆင့်ပွားခြင်းသာ ဖြစ်၍ အဓိပ္ပါယ်မှာ အဘများ၊ အဖေများ၊ မိရိုးဖလာ ဟု ဖြစ်ပေသည်။ ထိုစကားလုံးကို သုတ်တော် ၂၈ တွင် **အာဘာအနာ** ''ကျွန်ုပ်တို့ဏ်၊ မိရိုးဖလာ'' ဟု ရှင်းရှင်းလင်းလင်း ဖေါ်ပြထားပေသည်။

(၄၀၈) မကောင်းဆိုးဝါးကို သင်တို့ မမြင်နိုင် ဆိုသည့် ဤသုတ်တော်ကို ဆွဲယူလျက် မကောင်းဆိုးဝါး ရှိုင်တန်ဆိုသည်မှာ နာနာဘာဝ တဩ္ဈ သရဲဖြစ်သည်ဟု ဦးကာချဲခြင်းမှာ ကျမ်းတော်နှင့် လုံးဝ မကိုက်ညီချေ။ မကောင်းဆိုးဝါးဆိုသည်မှာ မကောင်းမှုကို ကြံစည်နေသော သူဖြစ်၍ လူတစ်ဦး၏ လှုံ့ဆော်သော အကြံအစည်ကို အခြားသူတစ်ဦးက မမြင်နိုင်ခြင်းကို ဆိုလိုပေသည်။ အရပ်သုံးစကားတွင် ''သူခိုးမှာ ဂျို မပါဘူး'' ဟု ဆိုသကဲ့သို့ပင်။

	ကိုယ်ကျင့်ပျက်ခြင်းကို ပြုလေတိုင်း ‘‘ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မိရိုးဖလာ၌ ဤသို့ပင် တွေ့ပါ၏၊ ပရမတ်ဘုရားရှင်က လည်း ကျွန်ုပ်တို့အား ဤသို့ပင် ညွှန်ကြား၏။’’ဟု ဆိုကြကုန်၏။ ‘‘ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကိုယ်ကျင့်ပျက်ရန် ညွှန်ကြားခြင်း မရှိ၊ ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ သင်တို့ မသိသောအရာကို ပြောဆိုကြမည်လော၊’’ဟု မေးမြန်း၍။
၂၉။ ☆ဇုး၁၀၇ –၁၀၈	**قُلْ أَمَرَ رَبِّي بِالْقِسْطِ وَأَقِيمُواْ وُجُوهَكُمْ عِندَ كُلِّ مَسْجِدٍ وَادْعُوهُ مُخْلِصِينَ لَهُ الدِّينَ كَمَا بَدَأَكُمْ تَعُودُونَ۞** ဟောလော့၊ ‘‘ကံကြမ္မာရှင်က ကျွန်ုပ်အား ညွှန်ကြားသည်မှာ သမာသမတ်ကျသည့် ဝတ်ကျောင်းတော်တိုင်းတွင် မျက်မှောက်ပြု ရပ်တည်ရန် သာသနာတော်၌ အရှင့်အား သန့်သန့်ထား ဆုပန်ရန် ဖြစ်၏။☆ သင်တို့အား စတည်စေခဲ့သည့် နည်းတူ ဆက်ဖြစ်ရလတ္တံ့။’’
၃၀။	**فَرِيقًا هَدَى وَفَرِيقًا حَقَّ عَلَيْهِمُ الضَّلاَلَةُ إِنَّهُمُ اتَّخَذُواْ الشَّيَاطِينَ أَوْلِيَاء مِن دُونِ اللّهِ وَيَحْسَبُونَ أَنَّهُم مُّهْتَدُونَ۞** အဖွဲ့ခွဲတစ်ခုအား လမ်းညွှန်ပေး၏၊ တစ်ဖွဲ့ကိုကား လမ်းလွဲသည် သူတို့အတွက် အမှန်တရား ဖြစ်စေ၏၊ သူတို့သည် ပရမတ်ဘုရားရှင် မှလွဲ၍ မကောင်းဆိုးဝါးကို မဟာမိတ် အဖြစ် အယူထားကြ၏၊ လမ်းညွှန်ရကြသူ– ထိုသူတို့အား စဉ်းစားစေ၏။
၃၁။	**يَا بَنِي آدَمَ خُذُواْ زِينَتَكُمْ عِندَ كُلِّ مَسْجِدٍ وكُلُواْ وَاشْرَبُواْ وَلاَ تُسْرِفُواْ إِنَّهُ لاَ يُحِبُّ الْمُسْرِفِينَ۞** အို– အာဒံ၏ မျိုးနွယ်တို့၊ ဝတ်ကျောင်းတော်တိုင်းသို့ ချည်းကပ်တိုင်း စွဲမက်စေရာများကို သိမ်းထားကြလော့၊ စားကြလော့၊ သောက်ကြလော့၊ အလွဲသုံးစားမလုပ်ကြနှင့်၊ အလွဲသုံးစားပြုသူတို့အား အရှင် မနှစ်သက်ချေ။[၄၀၉]
၃၂။	**قُلْ مَنْ حَرَّمَ زِينَةَ اللّهِ الَّتِي أَخْرَجَ لِعِبَادِهِ وَالْطَّيِّبَاتِ مِنَ الرِّزْقِ قُلْ هِيَ لِلَّذِينَ آمَنُواْ فِي الْحَيَاةِ الدُّنْيَا خَالِصَةً يَوْمَ الْقِيَامَةِ كَذَلِكَ نُفَصِّلُ الآيَاتِ لِقَوْمٍ يَعْلَمُونَ۞** ဟောလော့ ‘‘ပရမတ်ဘုရားရှင်က အရှင်၏ အမှုတော်ဆောင်များ အတွက် ထုတ်လုပ်ပေးသော စွဲမက်စေရာများ ရိက္ခာများမှ စင်ကြယ်ရာကို မည်သူက တားမြစ်လေသနည်း၊’’ ‘‘ယင်းသည် ဤဘဝနှင့် ရပ်တည်ရမည့်နေ့ကို အယူသန့်သန့် ယုံကြည်သောသူများ အတွက် ဖြစ်၏။ အသိရှိသော လူမျိုးအတွက် သုတ်ဒေသနာများကို ဤသို့ ရှင်းလင်းဆုံးဖြတ်ပေးတော်မူ၏၊’’ဟု ဆိုလော့။
၃၃။	**قُلْ إِنَّمَا حَرَّمَ رَبِّيَ الْفَوَاحِشَ مَا ظَهَرَ مِنْهَا وَمَا بَطَنَ وَالإِثْمَ وَالْبَغْيَ بِغَيْرِ الْحَقِّ وَأَن تُشْرِكُواْ بِاللّهِ مَا لَمْ يُنَزِّلْ بِهِ سُلْطَانًا وَأَن تَقُولُواْ عَلَى اللّهِ مَا لاَ تَعْلَمُونَ۞** ဟောလော့ ‘‘ကံကြမ္မာရှင်သည် အပြင် အရာ၊ အတွင်း အရာများမှ ကိုယ်ကျင့်ပျက်မှုများ၊ အကုသိုလ်မှုများ၊ သစ္စာမဲ့စွာ အပြစ်ရှာမှုများ၊ အရှင့်ထံမှ အခွင့်အာဏာ ချမှတ်မထားသည်များကို ပရမတ်ဘုရားရှင်နှင့် ရောပြွန်းကိုးကွယ်ခြင်းများနှင့် အသိပညာမရှိဘဲ ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ ပြောဆိုမှုများကိုသာ တားမြစ်တော်မူ၏၊’’

(၄၀၉) ဤသုတ်တော်တွင် ‘‘ဝတ်ကျောင်းတော်တိုင်း၌ စွဲမက်စရာများကို သိမ်းထားကြကုန်လော့’’ ဆိုသည်ကို အချို့က ‘‘လက်ဝတ် တန်ဆာများကို ဝတ်ထားကြကုန်လော့’’ ဟု ပြန်ဆိုကြပေသည်။ အဓိပ္ပါယ်မှာ အတူတူပင် ဖြစ်ပေသည်။ ဤသုတ်တော်သည် ယောကျ်ားလေးများ လက်ဝတ်တန်ဆာများ မဝတ်ရဟု တားမြစ်သော ဘာသာရေးဇီကာ ခဲ့မှုများကို တိတိကျကျ ကန့်ကွက်ပေသည်။ ယောကျ်ား မိန်းမ မဟူ မိမိနှစ်သက်သော လက်ဝတ်တန်ဆာများကို လွတ်လပ်စွာ ဝတ်ဆင်နိုင်ပေသည်။ လက်ဝတ်ဆန်ဆာများ မဝတ်ရ ဟူသော ဓမ္မသတ်အောက်၌ လျှို့ဝှက်စွာ ဝတ်ဆင်နေရသော ဘဝမှ လူသားများကို ဤသုတ်တော်မှ ထင်ထင်ရှားရှား ကယ်နှုတ်ပေးပေသည်။ ထို့ကြောင့် ဘုရားကျောင်းကန်သို့ သွားသောအခါ ဆရာတော်များ သို့မဟုတ် လူအများက သမုတ်မည်ကို ကြောက်ရွံ့စရာ မလိုတော့ပေ။ သို့သော် ထိုစကားလုံး **ဖုံး** ‘‘ရူသူ’’ ဆိုသည်မှာ ထိမ်းထိမ်းသိမ်းသိမ်း ရှိခြင်းကိုလည်း ရည်ညွှန်းသောကြောင့် မောက်မာပလွှားရန် ဝတ်ဆင်ခြင်းကို တားမြစ်ပေသည်။ မပျောက်စေရန်လည်း မိမိပစ္စည်းကို မိမိထိမ်းသိမ်းရပေမည်။ သဘောရိုးဖြင့် ဝတ်ဆင်သူများ အတွက် မည်သို့မှ မထိခိုက်ချေ။

၃၄။	**وَلِكُلِّ أُمَّةٍ أَجَلٌ فَإِذَا جَاء أَجَلُهُمْ لاَ يَسْتَأْخِرُونَ سَاعَةً وَلاَ يَسْتَقْدِمُونَ۞** အသိုင်းအဝိုင်းတိုင်း အတွက် သတ်မှတ်ချိန် ရှိ၏။ သတ်မှတ်ချိန်သို့ ရောက်လာသောအခါ၊ တစ်နာရီမျှပင်[၄၁] နောက်မဆုတ်နိုင်၊ ရပ်မထားနိုင်ချေ။
၃၅။	**يَا بَنِي آدَمَ إِمَّا يَأْتِيَنَّكُمْ رُسُلٌ مِّنكُمْ يَقُصُّونَ عَلَيْكُمْ آيَاتِي فَمَنِ اتَّقَى وَأَصْلَحَ فَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ۞** အို– အာဒံ၏ မျိုးနွယ်တို့၊ ငါ၏ သုတ်ဒေသနာများကို ဖေါ်ပြရန် သင်တို့၏ထံသို့ သင်တို့၏ အနက်မှပင် ဉာဏ်စဉ်ဆောင်များကို ပေးရောက်စေခဲ့သော် စည်းစောင့်သူ၊ ပြုပြင်ပြောင်းလဲသူ မည်သူမဆို၊ ထိုသူတို့သည် ကြောက်ရွံ့ရမည် မဟုတ်၊ သောကဖြစ်ရမည်လည်း မဟုတ်ချေ။
၃၆။ စစ်ပွဲ၏ ၂း၃၉	**وَالَّذِينَ كَذَّبُواْ بِآيَاتِنَا وَاسْتَكْبَرُواْ عَنْهَا أُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ۞** ငါ၏ သုတ်ဒေသနာများအား ငြင်းဆန်၍ မာနတက်သောသူ၊ ထိုသူတို့သည် **အပူမီး၏** ပေါင်းဖော်များ ဖြစ်၏။ ထို၌ အစဉ်ခံစားရမည်ပင်။
၃၇။ ☆၆း၆၀	**فَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللّهِ كَذِبًا أَوْ كَذَّبَ بِآيَاتِهِ أُوْلَئِكَ يَنَالُهُمْ نَصِيبُهُم مِّنَ الْكِتَابِ حَتَّى إِذَا جَاءتْهُمْ رُسُلُنَا يَتَوَفَّوْنَهُمْ قَالُواْ أَيْنَ مَا كُنتُمْ تَدْعُونَ مِن دُونِ اللّهِ قَالُواْ ضَلُّواْ عَنَّا وَشَهِدُواْ عَلَى أَنفُسِهِمْ أَنَّهُمْ كَانُواْ كَافِرِينَ۞** ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီး ငြင်းဆန်သူ၊ သို့တည်းမဟုတ် အရှင်၏ သုတ်ဒေသနာများကို လိမ်လည်သူထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း။ သူတို့အား သက်တမ်းကုန်စေမည့် ငါ၏ ဉာဏ်စဉ်ဆောင်များ ရောက်လာသည့်တိုင်☆ ပင်ပန်းရက်ကျိုးကို ကျမ်းတော်မှ ဆွတ်ခူးစေ၍[၄၁] ''ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့ ဆုပန်ချည်းကပ်ခဲ့ရာများ အဘယ်မှာနည်း၊''ဟု မေးကြသော်၊ ''ကျွန်ုပ်တို့အား ဖယ်ခွာသွားကြပါပြီ''ဟု ပြောခြင်းဖြင့် ဖုံးကွယ်သူများ ဖြစ်ကြောင်း သူတို့စရိုက်ကို သူတို့ သက်သေတည်ကြ၏။
၃၈။ စစ်မီးထဲမှ ☆၆း၁၁၀ အယူတူ ချင်းချင်း	**قَالَ ادْخُلُواْ فِي أُمَمٍ قَدْ خَلَتْ مِن قَبْلِكُم مِّنَ الْجِنِّ وَالإِنسِ فِي النَّارِ كُلَّمَا دَخَلَتْ أُمَّةٌ لَّعَنَتْ أُخْتَهَا حَتَّى إِذَا ادَّارَكُواْ فِيهَا جَمِيعًا قَالَتْ أُخْرَاهُمْ لأُولاَهُمْ رَبَّنَا هَؤُلاء أَضَلُّونَا فَآتِهِمْ عَذَابًا ضِعْفًا مِّنَ النَّارِ قَالَ لِكُلٍّ ضِعْفٌ وَلَكِن لاَّ تَعْلَمُونَ۞** အရှင်က ''သင်တို့မတိုင်မီ လွန်လေပြီးသော– **အပူမီး**ထဲမှ ကလျာဏနှင့် အန္ဓပုတုဇဉ်များ၏☆ အသိုင်းအဝိုင်းထဲသို့ ဝင်ကြကုန်လော့၊''ဟု မိန့်တော်မူ၏။ ''အသိုင်းအဝိုင်းတစ်ခုထံ ဝင်ရောက်စေတိုင်း ထို၌ ခြုံလွှမ်း စုမိကြသောအခါ နောက်မျိုးဆက်က ရှေးလူများအား၊ အို– ကံကြမ္မာရှင် ''ဤသူများသည် တပည့်တော်တို့အား လွဲမှားစေပါ၏၊ သူတို့အတွက် အပူမီးကို ဝဋ်ကြွေးနှစ်ဆ ပေးပါ'' ဟု လျှောက်တင်သော **ညီနောင်**ချင်း မေတ္တာမဲ့နေသူတို့အား၊ အရှင်က ''ကိုယ်စီ အတွက် နှစ်ဆဖြစ်စေပြီ၊ သို့ရာတွင် အသိပညာ မရှိကြချေ''ဟု မိန့်တော်မူ၍–
၃၉။	**وَقَالَتْ أُولاَهُمْ لأُخْرَاهُمْ فَمَا كَانَ لَكُمْ عَلَيْنَا مِن فَضْلٍ فَذُوقُواْ الْعَذَابَ بِمَا كُنتُمْ تَكْسِبُونَ۞** ရှေးလူများက နောက်မျိုးဆက်အား ''သင်တို့သည်လည်း ကျွန်ုပ်တို့ထက် ပို၍ သိကွှာမရှိချေ၊ သို့ဖြစ်၍ သင်တို့

---

(၄၁၀) **سَاعَةً** ဆာအတ်တန် ၏ တိုက်ရိုက်အဓိပ္ပါယ်မှာ ''တစ်နာရီ'' ဟု ဖြစ်သော်လည်း အာရဗီစကားတွင် ခဏတဖြုတ် ဆိုသော အသုံးအနှုံးဖြင့် သုံးလေ့ ရှိပေသည်။

(၄၁၁) ကျမ်းတော်ပါ ပင်ပန်းရက်ကျိုး ဆိုသည်မှာ ကျမ်းတော်တွင် ဖေါ်ပြသော ကောင်းသူများအတွက် အကျိုးဆက်၊ မကောင်းသူများအတွက် အကျိုးဆက် များကို ဆိုလိုပေသည်။

	ကျင့်ဆောင်လေ့ ရှိသော ဝဋ်ကြွေးအား မြည်းစမ်းကြလော့၊''ဟု ဆိုလေ၏။
၄၀။	**إِنَّ الَّذِينَ كَذَّبُواْ بِآيَاتِنَا وَاسْتَكْبَرُواْ عَنْهَا لاَ تُفَتَّحُ لَهُمْ أَبْوَابُ السَّمَاء وَلاَ يَدْخُلُونَ الْجَنَّةَ حَتَّى يَلِجَ الْجَمَلُ فِي سَمِّ الْخِيَاطِ وَكَذَلِكَ نَجْزِي الْمُجْرِمِينَ۞** ငါ၏ သုတ်ဒေသနာများအား ငြင်းဆန်သူ၊ ၎င်းနှင့်စပ်လျဉ်း၍ မာနတက်နေသောသူတို့ အဘို့ ကုလားအုပ်အတန်းသည် အပ်ချည်ပေါက်တွင်းသို့ တိုးဝင်နိုင်သည့်တိုင် သုခဘုံသို့ ဝင်ရမည် မဟုတ်၊ သူတို့အတွက် ကောင်းကင် တံခါးများကိုလည်း ဖွင့်မည် မဟုတ်ချေ။[၈၁] ဤသည် ရာဇဝတ်ကောင်များ အတွက် အစားပေးမှုပေတည်း။
၄၁။	**لَهُم مِّن جَهَنَّمَ مِهَادٌ وَمِن فَوْقِهِمْ غَوَاشٍ وَكَذَلِكَ نَجْزِي الظَّالِمِينَ۞** သူတို့အတွက် ညိမ့်ညောင်းစေရာ ငရဲဘုံ၊ သူတို့အပေါ်မှ လွှမ်းခြုံထား၏။ ဤသည် အမိုက်ကောင်များအား အစားပေးခြင်းပင်။
၄၂။	**وَالَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ لاَ نُكَلِّفُ نَفْسًا إِلاَّ وُسْعَهَا أُوْلَئِكَ أَصْحَابُ الْجَنَّةِ هُمْ فِيهَا خَالِدُونَ۞** ယုံကြည်၍ ပြုပြင်မှု ကျင့်ကြံသောသူတို့အတွက်၊ ဉာဉ်စရိုက်ဖြင့် မနိုင်ဝန်ကို မထမ်းဆောင်စေရ၊ သူတို့သည် သုခဘုံ၏ ပေါင်းဖော်များ ဖြစ်ကြ၏၊ ထိုဌ အစဉ်စံစားရမည်ပင်။
၄၃။	**وَنَزَعْنَا مَا فِي صُدُورِهِم مِّنْ غِلٍّ تَجْرِي مِن تَحْتِهِمُ الأَنْهَارُ وَقَالُواْ الْحَمْدُ لِلّهِ الَّذِي هَدَانَا لِهَذَا وَمَا كُنَّا لِنَهْتَدِيَ لَوْلا أَنْ هَدَانَا اللّهُ لَقَدْ جَاءتْ رُسُلُ رَبِّنَا بِالْحَقِّ وَنُودُواْ أَن تِلْكُمُ الْجَنَّةُ أُورِثْتُمُوهَا بِمَا كُنتُمْ تَعْمَلُونَ۞** ငါသည် သူတို့၏ ရင်ဘတ်တွင်း၌ ချုပ်တီးထားရသည်များကို ဖယ်ပစ်တော်မူ၏၊ သူတို့၏ အောက်ခြေ၌ စမ်းချောင်းရေသွင် စီးဆင်းလျက်ရှိ၍၊ သူတို့က ''ရည်သန်စူးစိုက်မှု အပေါင်းသည် တပည့်တော်တို့အား ဤနေရာသို့ လမ်းညွှန်တော်မူသော၊ ပရမတ်ဘုရားရှင် အဘို့သာ ဖြစ်၏၊ ပရမတ်ဘုရားရှင်ကသာ လမ်းမညွှန်ခဲ့လျှင်၊ တပည့်တော်တို့သည် လမ်းညွှန်မှန်ရသူများ မဖြစ်နိုင်ပါ၊ ကံကြမ္မာရှင်၏ ဉာဏ်စဉ်ဆောင်များသည် ပရမတ္ထသစ္စာဖြင့် မုချဇကန် ရောက်လာခဲ့၏၊''ဟု ဆိုကြ၏။ ''ဤသည် သင်တို့၏ ကျင့်ကြံမှုများကြောင့် သုခဘုံသည် သင်တို့၏ အမွေ ဖြစ်၏။''ဟု ကြေငြာနေ၏၊
၄၄။	**وَنَادَى أَصْحَابُ الْجَنَّةِ أَصْحَابَ النَّارِ أَن قَدْ وَجَدْنَا مَا وَعَدَنَا رَبُّنَا حَقًّا فَهَلْ وَجَدتُّم مَّا وَعَدَ رَبُّكُمْ حَقًّا قَالُواْ نَعَمْ فَأَذَّنَ مُؤَذِّنٌ بَيْنَهُمْ أَن لَّعْنَةُ اللّهِ عَلَى الظَّالِمِينَ۞** သုခဘုံ ပေါင်းဖော်များက အပူမီး ပေါင်းဖော်များအား ''ကျွန်ုပ်တို့အား ကံကြမ္မာရှင်က ကတိထားခဲ့သည်မှာ မှန်ကန်ကြောင်း ကျွန်ုပ်တို့ တွေ့ရ၏၊ သင်တို့ကော ကံကြမ္မာရှင်က ကတိထားသည်မှာ မှန်ကန်ကြောင်း တွေ့ကြသလော၊''

(၄၁) ကျမ်းတော်ပါ စကားလုံးများ၏ တင်စားမှု ပမာပေးမှုများကို ကျနစွာ မသိဘဲ ကျမ်းစာကို မကျေညက်ဘဲ ဤသုတ်တော်ပါ ကောင်းကင် တံခါး ပေါက်ပွင့်မည် မဟုတ် ဆိုသည်ကို ဆွဲယူ၍ နိဗ္ဗာန်ဘုံသည် ကောင်းကင်တွင် ရှိသည်ဟု ကလေးတွေး မတွေးသင့်ပေ။ ဖြး၁၅ တွင် လမ်းများသူသည် ကောင်းကင်ကို တက်ရသကဲ့သို့ အသက်ရှူကြပ်လာရသည်ဟု ပမာပေးပြောသည့် နည်းတူ၊ ဤသုတ်တော်တွင်လည်း လမ်းမှန်အား မလိုက်လိုသူ အတွက် ထွက်လမ်းရှာတွေ့မည် မဟုတ်ကြောင်းကို ရထားကဲ့သို့ အုပ်စုအတန်းလိုက်သွားနေသော ကုလားအုပ်တန်းသည် အပ်ချည် ပေါက် အတွင်း ဝင်နိုင်သည့်တိုင် ဟု တင်စားပြောဆိုခြင်း ဖြစ်သည်။ الْجَمَلُ သည် ကုလားအုပ် အကောင်ကို ဆိုလိုခြင်း မဟုတ်ဘဲ လှပတင့်တယ်စွာ တန်းစီသွားနေသော ကုလားအုပ် အတန်းလိုက်ကို ပြောခြင်း ဖြစ်သည်။ ၇၇း၃၃။

	ဟု အော်မေးသော်၊ ''ဟုတ်ကဲ့ပါ'' ဟု ဆိုကြ၏။ သူတို့ကြားမှ ကြေငြာသူက ''အမိုက်ကောင်များ အပေါ်၌ ပရမတ်ဘုရားရှင်သည် မေတ္တာဝေးစေပြီ၊''ဟု ကြေငြာနေ၏။[၄၃၃]
၄၅။	**الَّذِينَ يَصُدُّونَ عَن سَبِيلِ اللهِ وَيَبْغُونَهَا عِوَجًا وَهُم بِالآخِرَةِ كَافِرُونَ۞**
	ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ရှောင်ဖယ်သော သူတို့သည် ထိုဌ် ကောက်ကျစ်မှုကိုသာ ရှာဖွေခဲ့၏၊ နောင်ဘဝကိုလည်း ဖုံးကွယ်သူများ ဖြစ်ကြ၏။
၄၆။	**وَبَيْنَهُمَا حِجَابٌ وَعَلَى الأَعْرَافِ رِجَالٌ يَعْرِفُونَ كُلاًّ بِسِيمَاهُمْ وَنَادَوْاْ أَصْحَابَ الْجَنَّةِ أَن سَلاَمٌ عَلَيْكُمْ لَمْ يَدْخُلُوهَا وَهُمْ يَطْمَعُونَ۞**
	ထိုနှစ်ခုကြားဌ် စည်းခြားမှု ရှိနေ၏။[၄၃၄] အသိအမှတ်ပြုခြင်း[၄၃၅] အပေါ်ဌ်လည်း အမှတ်သညာကိုယ်စီဖြင့် အသိအမှတ်ပြုခံရသော လူသားများ ရှိနေ၍၊ သုခဘုံ ပေါင်းဖေါ်တို့အား ''သင်တို့အပေါ်သို့ ငြိမ်းချမ်းသာယာမှု ခပါစေ၊''ဟု ကြေငြာနေ၏။ ထိုနေရာသို့ မဝင်ရသေးသော်လည်း သူတို့ဌ် မျော်လင့်ချက် ရှိနေ၏။
၄၇။	**وَإِذَا صُرِفَتْ أَبْصَارُهُمْ تِلْقَاء أَصْحَابِ النَّارِ قَالُواْ رَبَّنَا لاَ تَجْعَلْنَا مَعَ الْقَوْمِ الظَّالِمِينَ۞**
	သူတို့၏ အမြင်များအား အပူမီး ပေါင်းဖေါ်များဘက်သို့ လှည့်ဆုံစေသောအခါ၊ ''ကံကြမ္မာရှင်သည် တပည့်တော်တို့အား မိုက်ကြေးခွဲသော လူမျိုးထဲမှ မစီစဉ်ပေ၊''ဟု ဆိုကြ၏။
၄၈။	**وَنَادَى أَصْحَابُ الأَعْرَافِ رِجَالاً يَعْرِفُونَهُمْ بِسِيمَاهُمْ قَالُواْ مَا أَغْنَى عَنكُمْ جَمْعُكُمْ وَمَا كُنتُمْ تَسْتَكْبِرُونَ۞**
	ထိုပြင် အမှတ်သညာများဖြင့် အသိအမှတ်ပြုခံရသော၊ အသိအမှတ်ပြုခံရခြင်းဌ် ရှိသူ ပေါင်းဖေါ်– လူသားများက အော်လျက် ''သင်တို့၏ အုပ်စုကြီးမှာ ပြည့်စုံမှု မရှိတော့ပြီ၊ သင်တို့သည် မာနမကြီးနိုင်တော့ပေ။''ဟု ဆိုကြ၏။
၄၉။	**أَهَؤُلاء الَّذِينَ أَقْسَمْتُمْ لاَ يَنَالُهُمُ اللهُ بِرَحْمَةٍ ادْخُلُواْ الْجَنَّةَ لاَ خَوْفٌ عَلَيْكُمْ وَلاَ أَنتُمْ تَحْزَنُونَ**
	သူတို့သည်ကား ပရမတ်ဘုရားရှင်က သူတို့အား ကရုဏာ ဆွတ်ခူးစေလိမ့်မည် မဟုတ်ဟု၊ သင်တို့ကို တိုင်တည်ခဲ့သော သူများ မဟုတ်လော၊ ''သင်တို့ သုခဘုံသို့ ဝင်ကြလော့၊ ကြောက်ရွံ့ရစေမည်မဟုတ်၊ သောကဖြစ်ရစေမည်လည်း မဟုတ်ပေ၊''
၅၀။	**وَنَادَى أَصْحَابُ النَّارِ أَصْحَابَ الْجَنَّةِ أَنْ أَفِيضُواْ عَلَيْنَا مِنَ الْمَاء أَوْ مِمَّا رَزَقَكُمُ اللهُ قَالُواْ إِنَّ اللهَ حَرَّمَهُمَا عَلَى الْكَافِرِينَ۞**
	အပူမီး ပေါင်းဖေါ်များက သုခဘုံ ပေါင်းဖေါ်တို့ထံ ''ကျွန်ုပ်တို့အား ရေ သို့မဟုတ်၊ ပရမတ်ဘုရားရှင်က သင်တို့အား ရိက္ခာပေးသည်မှ စုပြုံလောင်းချပေးပါ၊''ဟု အော်ပြောကြသော် ''ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သူများ အတွက်ငင်းတို့အား တားမြစ်ထားပြီ၊''ဟု ပြန်ပြောကြ၏။
၅၁။	**الَّذِينَ اتَّخَذُواْ دِينَهُمْ لَهْوًا وَلَعِبًا وَغَرَّتْهُمُ الْحَيَاةُ الدُّنْيَا فَالْيَوْمَ نَنسَاهُمْ كَمَا نَسُواْ لِقَاء يَوْمِهِمْ هَذَا وَمَا**

---

(၄၁၃) ဤသုတ်တော်မှ **ကြေငြာသူ** ဆိုသည်မှာ ''ကောင်းကင်တမန်'' ဖြစ်သည်ဟု အချို့က ဖွင့်ဆိုကြပေသည်။ ထိုသို့ ဖွင့်ဆိုခြင်းမှာ မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုကြေငြာသူသည် ''သူတို့စပ်ကြားမှ'' ဟု သုံးထားခြင်းက သူသည် သုခဘုံသားများမှ ကြားဝင်ပြောသူ တစ်စုံတစ်ဦး ဖြစ်ကြောင်းကို အတိအကျ ရည်ညွှန်းနေပေသည်။

(၄၁၄) သုခဘုံနှင့် ငရဲဘုံ၏ စပ်ကြား ဆိုသည်မှာ အကွယ်အကာ တစ်ခု သို့မဟုတ် မြင်နိုင်စွမ်းနှင့် မြင်ပိုင်ခွင့် တစ်ခုသာ စည်းခြားထားပေသည်။ သီးခြား နေရာဌာနများ မဟုတ်ချေ။

(၄၁၅) **အာ့အ်ရ့ဖ် الأَعْرَاف** သည် အသိအမှတ်ပြုသည်၊ မှတ်မိစေသည် ဟု အနက်ပေးသော ရင်းမြစ် ع ر ف မှ ဆင့်ပွားခြင်း ဖြစ်၍ ဖြစ်၏။ အသိအမှတ်ပြုလောက်အောင် အောင်မြင်ပေါက်မြောက်သည့် အဆင့်ကို ဆိုလိုပေသည်။

ပယ်ပစ်	**كَانُواْ بِآيَاتِنَا يَجْحَدُونَ۝** သူတို့၏ သာသနာအား မြူးထူးပျော်ပါး ဟာသလုပ်စရာ အဖြစ် ယူမှတ်လျက် ဤလောကီဘဝ၏ မြူဆွယ်ခံနေရသော သူများအား၊ ဤနေ့၌– သူတို့က ဤဆုံတွေ့ရမည့်နေ့ကို မေ့ထား၍၊ ငါ၏ သုတ်ဒေသနာများကို **မေ့ပစ်**ထား လေ့ရှိသကဲ့သို့ ငါသည် သူတို့အား ပယ်ပစ်ထားလိုက်ပြီ။
၅၂။	**وَلَقَدْ جِئْنَاهُم بِكِتَابٍ فَصَّلْنَاهُ عَلَى عِلْمٍ هُدًى وَرَحْمَةً لِّقَوْمٍ يُؤْمِنُونَ۝** ငါသည် အသိပညာ ရှင်းလင်းဆုံးဖြတ်ချက် ကျမ်းတော်ကို သူတို့ထံသို့ မုချ ရောက်လာစေပြီ။ ယုံကြည်သော လူမျိုးအတွက် လမ်းညွှန် ကရုဏာ ဖြစ်၏။
ကျမ်းတော်	**هَلْ يَنظُرُونَ إِلاَّ تَأْوِيلَهُ يَوْمَ يَأْتِي تَأْوِيلُهُ يَقُولُ الَّذِينَ نَسُوهُ مِن قَبْلُ قَدْ جَاءتْ رُسُلُ رَبِّنَا بِالْحَقِّ فَهَل لَّنَا مِن شُفَعَاء فَيَشْفَعُواْ لَنَا أَوْ نُرَدُّ فَنَعْمَلَ غَيْرَ الَّذِي كُنَّا نَعْمَلُ قَدْ خَسِرُواْ أَنفُسَهُمْ وَضَلَّ عَنْهُم مَّا كَانُواْ يَفْتَرُونَ۝** ထိုမှအပ ဖွင့်ဆိုမှုများကိုသာ စောင့်ကြည့်နေကြသလော၊ ဖွင့်ဆိုရှင်းလင်းချက် ပေးအပ်သောနေ့၌ "**ဂင်း**အား မေ့ထားသော သူများက ယခင်က ကံကြမ္မာရှင်၏ ထံမှ ဥဏ္ဍာစဉ်ဆောင်များသည် ပရမတ္ထသစ္စာဖြင့် ရောက်လာခဲ့ပြီ။ ကျွန်ုပ်တို့ အတွက် အမျှဝေပေးမည့် အမျှဝေပေးနိုင်သူ ရှိလေသလော၊ သို့တည်းမဟုတ် ကျင့်ကြံလေ့ရှိရာမှ ဆန့်ကျင်လျက် ကျင့်ကြံနိုင်ရန် ပြန်လည်ပို့ပေးခြင်း ခံရမည်လော၊"ဟု ဆိုကြလတ္တံ့။ ဇကန်ပင် သူတို့သည် ဥဉ်စရိုက်ကို ဆုံးရှုံးစေခဲ့ပြီ၊ သူတို့၏ လုပ်ကြံဖန်တီးလေ့ ရှိရာများသည်လည်း သူတို့ထံမှ ဖယ်ခွာသွားကြလေပြီ။[၄၁၆]
★၁း၄ ❖၂း၂၁ ☆၂း၂၉ ✡၁၀း ၃	**إِنَّ رَبَّكُمُ اللهُ الَّذِي خَلَقَ السَّمَاوَاتِ وَالأَرْضَ فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَى عَلَى الْعَرْشِ يُغْشِي اللَّيْلَ النَّهَارَ يَطْلُبُهُ حَثِيثًا وَالشَّمْسَ وَالْقَمَرَ وَالنُّجُومَ مُسَخَّرَاتٍ بِأَمْرِهِ أَلاَ لَهُ الْخَلْقُ وَالأَمْرُ تَبَارَكَ اللهُ رَبُّ الْعَالَمِينَ۝** ဇကန်ပင် သင်တို့၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကမ္ဘာကို ကာလ★ ခြောက်ခုဖြင့် ဖြစ်တည်စေသော အရှင်ဖြစ်၏။❖ တဖန်☆ ထပ်ဆင့်ကွပ်ကဲမှုကို ပုံစံချ၏။✡ အရှင်သည် စဉ်ဆက်မပြတ် အမှီလိုက်နေသော ဖုံးအုပ်သည့် ညကို နေ့ပေါ်သို့ လွှမ်းခြုံစေ၏။ နေ၊ လ၊ ကြယ်တာရာများအား အရှင်၏ ညွှန်ကြားမှုဖြင့် စဉ်ဆက်အသုံးခံစေ၏၊ ဖြစ်တည်စေမှု၊ ညွှန်ကြားမှုတို့သည် အရှင်၏ အချုပ်အခြာဥစ္စာ ရှိ၏။ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင်သည် ဂုဏ်ကျက်သရေ အပေါင်းနှင့် ပြည့်စုံတော်မူ၏။
၅၅။	**ادْعُواْ رَبَّكُمْ تَضَرُّعًا وَخُفْيَةً إِنَّهُ لاَ يُحِبُّ الْمُعْتَدِينَ۝** သင်တို့၏ ကံကြမ္မာရှင်ထံ၌ နှိမ့်ချလျက် လျှို့ဝှက်စွာ ဆုပန်ကြလော့။ အရှင်သည် စည်းဖေါက်သူများအား နှစ်သက်တော် မမူချေ။
၅၆။	**وَلاَ تُفْسِدُواْ فِي الأَرْضِ بَعْدَ إِصْلاَحِهَا وَادْعُوهُ خَوْفًا وَطَمَعًا إِنَّ رَحْمَتَ اللهِ قَرِيبٌ مِّنَ الْمُحْسِنِينَ۝** ပြုပြင်ပြောင်းလဲ ပြီးနောက် မြေကမ္ဘာ၌ အဖျက်မလုပ်ကြနှင့်၊ အရှင့်အား အကြောက်ထား၍၊ မျှော်လင့်ချက်ဖြင့် ဆုပန်လော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်၏ ကရုဏာတော်သည် သုမင်္ဂလာပြုသူများနှင့် နီးကပ်လှချေ၏။
၅၇၊	**وَهُوَ الَّذِي يُرْسِلُ الرِّيَاحَ بُشْرًا بَيْنَ يَدَيْ رَحْمَتِهِ حَتَّى إِذَا أَقَلَّتْ سَحَابًا ثِقَالاً سُقْنَاهُ لِبَلَدٍ مَّيِّتٍ فَأَنزَلْنَا بِهِ الْمَاء فَأَخْرَجْنَا بِهِ مِن كُلِّ الثَّمَرَاتِ كَذَلِكَ نُخْرِجُ الْمَوْتَى لَعَلَّكُمْ تَذَكَّرُونَ۝**

(၄၁၆) ဤသုတ်တော်မှ ပြောသော ထိုမှအပ ဖွင့်ဆိုမှု ဆိုသည်မှာ အထက်ပါ သုတ်တော် ၇း၅၂ မှ ရည်ညွှန်းသော ကုရ်အာန်ကျမ်းတော် အပြင် အခြားသော ဖွင့်ဆို ရှင်းလင်းချက်များကို ဆိုလိုပေသည်။ အခြားသော ဖွင့်ဆိုမှုများ အတိုင်း လိုက်မိသူများမှာ ဆုံးရှုံးရသူများ ဖြစ်ရလေပြီဟု ဆိုလိုပေသည်။

☆၂း၁၉	အရှင်သည် မျက်မှောက်တော်မှ ကရုဏာအဖြစ် သတင်းကောင်းဆောင် လေများကို စေပို့တော်မူ၏၊ ၎င်းတို့အား လေးလံသော မိုးတိမ်တိုက်ကို လွှင့်စေ၍ မြေသေ မြို့ရွာများအထိ မောင်းနှင်လျက် ထိုမှ ရေကို သွန်းချစေ၏၊ ၎င်းဖြင့် သစ်သီးဝလံမျိုးစုံကို ပေါက်ရောက်ထွက်ပေါ်စေ၏၊ ဤကဲ့သို့ပင် သင်တို့သည် ဆင်ခြင်သတိ ရှိအံ့သောငှာ အသေများကို ပြန်လည်ထွက်ပေါ်စေတော်မူ၏။☆
၅၈။	**وَالْبَلَدُ الطَّيِّبُ يَخْرُجُ نَبَاتُهُ بِإِذْنِ رَبِّهِ وَالَّذِي خَبُثَ لاَ يَخْرُجُ إِلاَّ نَكِدًا كَذَلِكَ نُصَرِّفُ الآيَاتِ لِقَوْمٍ يَشْكُرُونَ۝**
	ကံကြမ္မာရှင်၏ ခွင့်ပြုချက်ဖြင့်– စင်ကြယ်သောမြို့ဒေသမှ သီးနှံဖြစ်ထွန်း ထွက်စေ၍၊ ညံ့သောမြေမှ ခဲယဉ်းစွာ ထွက်စေ၏။ ဤသို့ပင် ငါသည် ကျေးဇူးသိသော လူမျိုးတို့အား သုတ်ဒေသနာများကို ထပ်တလဲလဲရှင်းပြတော်မူ၏။
၅၉။ ☆ ၇း၃၃ ☆၉း၃၃	**لَقَدْ أَرْسَلْنَا نُوحًا إِلَى قَوْمِهِ فَقَالَ يَا قَوْمِ اعْبُدُواْ اللَّهَ مَا لَكُم مِّنْ إِلَـهٍ غَيْرُهُ إِنِّيَ أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ عَظِيمٍ۝**
	ဇကေနပင် ငါသည် နူးဟ်ကို☆ သူ၏ လူမျိုးအတွက် စေစားတော်မူ၏။☆ သူက ‘‘အို– ကျွန်ုပ်၏ လူမျိုးတို့၊ ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ကြလော့၊ သင်တို့အတွက် အရှင်မှအပ အခြားဘုရားဟူ၍ မရှိပြီ၊ ကျွန်ုပ်သည် သင်တို့အတွက် ဝဋ်ကြွေးသင့်မည့် နေ့ကြီးကို ကြောက်ရွံ့မိပါ၏၊’’ဟု ဆို၏။
၆၀။	**قَالَ الْمَلأُ مِن قَوْمِهِ إِنَّا لَنَرَاكَ فِي ضَلاَلٍ مُّبِينٍ۝**
	သူ့လူမျိုး အကြံပေးများက ‘‘ကျွန်ုပ်တို့သည် သင့်အား ရှင်းလင်းထင်ရှားသော လွဲချော်မှုဌာန မြင်ရပြီ’’ဟု ပြောသော်။
၆၁။	**قَالَ يَا قَوْمِ لَيْسَ بِي ضَلاَلَةٌ وَلَكِنِّي رَسُولٌ مِّن رَّبِّ الْعَالَمِينَ۝**
	သူ ပြောသည်မှာ ‘‘အို– ကျွန်ုပ်၏ လူမျိုးတို့ ကျွန်ုပ်သည် လမ်းလွဲ၌ မရှိပါ၊ ကျွန်ုပ်သည် စကြာဝဠာများ၏ ကံကြမ္မာရှင်ထံမှ ဉာဏ်စဉ်ဆောင်ပင် ဖြစ်ပါ၏–
၆၂။	**أُبَلِّغُكُمْ رِسَالاَتِ رَبِّي وَأَنصَحُ لَكُمْ وَأَعْلَمُ مِنَ اللهِ مَا لاَ تَعْلَمُونَ۝**
	ကံကြမ္မာရှင်၏ထံမှ စေပို့ချက်များကို သင်တို့ထံသို့ ဆိုက်ရောက်စေ၏၊ သင်တို့အပေါ် ကျွန်ုပ် စိတ်ထားဖြူစင်၏၊ ပရမတ်ဘုရားရှင်၏ ထံမှ သင်တို့မသိသည်များကို ကျွန်ုပ်သိပါ၏။
၆၃။	**أَوَعَجِبْتُمْ أَن جَاءكُمْ ذِكْرٌ مِّن رَّبِّكُمْ عَلَى رَجُلٍ مِّنكُمْ لِيُنذِرَكُمْ وَلِتَتَّقُواْ وَلَعَلَّكُمْ تُرْحَمُونَ۝**
	ကံကြမ္မာရှင်၏ထံမှ သတိပေးခြင်းများကို သင်တို့အနက် လူတစ်ယောက်မှ တဆင့် ရောက်လာစေသည်ကို အံ့ဩကြကုန်သလော၊ သင်တို့အား ကရုဏာသက်စေအံ့ငှာ သတိပေးရန်၊ စည်းစောင့်စေရန်သာ ဖြစ်၏။’’
၆၄။	**فَكَذَّبُوهُ فَأَنجَيْنَاهُ وَالَّذِينَ مَعَهُ فِي الْفُلْكِ وَأَغْرَقْنَا الَّذِينَ كَذَّبُواْ بِآيَاتِنَا إِنَّهُمْ كَانُواْ قَوْماً عَمِينَ۝**
	သို့ဖြင့် သူ့အား ငြင်းဆန်ကြလေ၏၊ သို့ဖြစ်၍ ငါသည် သူ၊ သူနှင့်အတူ သင်္ဘောပေါ်၌ ရှိသောသူတို့ကို လွတ်မြောက်စေ၍၊ ငါ၏ သုတ်ဒေသနာများကို ငြင်းဆန်သော သူတို့အား နစ်မြုပ်စေတော်မူ၏၊ သူတို့သည်ကား ကန်းနေသော လူမျိုး ဖြစ်၏။

၆၅။	**وَإِلَى عَادٍ أَخَاهُمْ هُوداً قَالَ يَا قَوْمِ اعْبُدُواْ اللّهَ مَا لَكُم مِّنْ إِلَـهٍ غَيْرُهُ أَفَلاَ تَتَّقُونَ۞** အာဒ်[၄၈]တို့ထံသို့ သူတို့၏ ညီနောင်ဖြစ်သော ဟု–ဒ်အား "အို– ကျွန်ုပ်၏ လူမျိုးတို့ ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ကြလော့၊ အရှင်မှ အပ အခြား ဘုရားဟူ၍ သင်တို့အတွက် မရှိ၊ သင်တို့စည်းစောင့်ပါလေစ၊" ဟု ဟောခိုင်း၏။
၆၆။	**قَالَ الْمَلأُ الَّذِينَ كَفَرُواْ مِن قَوْمِهِ إِنَّا لَنَرَاكَ فِي سَفَاهَةٍ وِإِنَّا لَنَظُنُّكَ مِنَ الْكَاذِبِينَ۞** သူ့လူမျိုးမှ ဖုံးကွယ်သော အကြံပေးများက "ကျွန်ုပ်တို့သည် သင့်အား တုံးအသူအဖြစ် မြင်ရ၏၊ ကျွန်ုပ်တို့သည် သင့်အား လိမ်ညာသူများမှ ဟု စဉ်းစားမိ၏၊" ဟု ဆိုကြ၏။
၆၇။	**قَالَ يَا قَوْمِ لَيْسَ بِي سَفَاهَةٌ وَلَكِنِّي رَسُولٌ مِّن رَّبِّ الْعَالَمِينَ۞** သူ ပြောသည်မှာ "အို– ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည် တုံးအသူ မဟုတ်ချေ။ သို့သော် စကြာဝဠာများ၏ ကံကြမ္မာရှင်ထံမှ ဉာဏ်စဉ်ဆောင် ဖြစ်၏–၊
၆၈။	**أُبَلِّغُكُمْ رِسَالاتِ رَبِّي وَأَنَاْ لَكُمْ نَاصِحٌ أَمِينٌ۞** ကံကြမ္မာရှင်၏ထံမှ စေပို့ချက်များကို သင်တို့ထံသို့ ဆိုက်ရောက်စေ၏၊ ကျွန်ုပ်သည် သင်တို့အတွက် ယုံကြည်စိတ်ချ လောက်သည့် စိတ်ထားဖြူစင်သူ ဖြစ်၏၊
၆၉။ ☆ ၃း၃၃	**أَوَعَجِبْتُمْ أَن جَاءكُمْ ذِكْرٌ مِّن رَّبِّكُمْ عَلَى رَجُلٍ مِّنكُمْ لِيُنذِرَكُمْ وَاذْكُرُواْ إِذْ جَعَلَكُمْ خُلَفَاء مِن بَعْدِ قَوْمِ نُوحٍ وَزَادَكُمْ فِي الْخَلْقِ بَسْطَةً فَاذْكُرُواْ آلاء اللّهِ لَعَلَّكُمْ تُفْلِحُونَ۞** သင်တို့ သတိတရရှိစေရန် ကံကြမ္မာရှင်၏ထံမှ သတိပေးခြင်းများကို သင်တို့အနက် လူတစ်ယောက်မှ တဆင့် ရောက်လာစေသည်ကို အံ့သြကြကုန်သလော၊ နူးဟ်၏☆ လူမျိုးများနောက်တွင် သင်တို့အား ဆက်ခံသူများအဖြစ် စီစဉ်ပေးခဲ့ခြင်း အင်အားတောင့်တင်း တိုးပွားမှု ဖြစ်တည်စေခဲ့ခြင်းကို[၄၈] သတိရကြလော့။ သင်တို့သည် အောင်မြင်ပေါက်မြောက်အံ့ဌာ ပရမတ်ဘုရားရှင်၏ ကျေးဇူးပြုခြင်းများအား သတိရကြလော့။"
၇၀။	**قَالُواْ أَجِئْتَنَا لِنَعْبُدَ اللّهَ وَحْدَهُ وَنَذَرَ مَا كَانَ يَعْبُدُ آبَاؤُنَا فَأْتِنَا بِمَا تَعِدُنَا إِن كُنتَ مِنَ الصَّادِقِينَ۞** သူတို့က "သင်သည် ကျွန်ုပ်တို့အတွက် ပရမတ်ဘုရားရှင် တစ်ပါးတည်းကိုသာ ကိုးကွယ်စေ၍၊ ကျွန်ုပ်တို့၏ မိရိုးဖလာ ကိုးကွယ်လေ့ ရှိသည်ကို ချန်ခဲ့စေသလော၊ သင်သည် ဖြောင့်မှန်သူများမှ ဖြစ်လျှင် ကျွန်ုပ်တို့အား ကတိပေးသည်ကို ဆိုက်လာစေလော့၊" ဟု ဆိုကြ၏။
၇၁။	**قَالَ قَدْ وَقَعَ عَلَيْكُم مِّن رَّبِّكُمْ رِجْسٌ وَغَضَبٌ أَتُجَادِلُونَنِي فِي أَسْمَاء سَمَّيْتُمُوهَا أَنتُمْ وَآبَآؤُكُم مَّا نَزَّلَ اللّهُ**

---

(၄၁၇) ကျမ်းတော်တွင် **အာဒ်** ဟူသောအမည်ကို (၂၄)နေရာ၌ တွေ့ရပေသည်။ သုတေသီများ၏ အဆိုအရ ၎င်းတို့သည် ရှေးဟောင်း အာရဗ်လူမျိုးတစ်မျိုးဖြစ်သည်ဟု ဆိုကြပေသည်။ မည်သို့ဆိုစေ သူတို့သည် သူတို့အတွက် ပေါ်ပေါက်လာသော ခေါင်းဆောင်ကောင်းအား လက်မခံငြင်းဆန်သောကြောင့် သူတို့လူမျိုးသည်လည်း တိမ်ကောပပျောက်သွားခဲ့ရပေသည်။ သူတို့၏ ခေါင်းဆောင်မှာ ဟူဒ် ဖြစ်ပေသည်။

(၄၁၈) အာဒ် လူမျိုးများသည် ရှေးအာရဗ် လူမျိုးများတွင် အင်အားတောင့်တင်း ခိုင်မာလျက် တန်ခိုးအာဏာ ထွားခဲ့သော လူမျိုးတစ်မျိုး ဖြစ်ပေသည်။ သို့သော် သူတို့သည် မြန်မာနိုင်ငံတွင် ပျူလူမျိုးများ ကွယ်ပျောက်တိမ်ကောသွား သကဲ့သို့ တိမ်ကောသွားခြင်း သို့မဟုတ် လူမျိုးသစ်တစ်ခုအဖြစ် ပြောင်းလည်းသွားခြင်း ဖြစ်၍ လူမျိုးတုံး သေကြေပျောက်ပျက်သွားခြင်း မဟုတ်ချေ။ ကျမ်းတော်တွင် လူမျိုးတစ်မျိုးသည် လူ့ကျင့်ဝတ် လူယဉ်ကျေးမှုကို မလိုက်နာဘဲ မာန်မာနတက်နေလျှင် အခြားသော မျိုးဆက်သစ်ဖြင့် အစားထိုးမည်ဟု မကြာခဏ မိန့်ဆိုလေ့ရှိပေသည်။ ဆက်လက်ဖေါ်ပြပါ သုတ်တော်များတွင် သမုဒ်လူမျိုးများ အကြောင်း ပါရှိပေသည်။ ထိုလူမျိုးများမှာ အရှေ့အလယ်ပိုင်းတွင် နိုင်ငံထူထောင် အားကောင်းခဲ့သော လူမျိုးများဖြစ်၍ ကျမ်းတော်တွင် သူတို့၏ ရာဇဝင်အား အသေးစိတ် မဖေါ်ပြပေ။ သူတို့တွင် ပေါ်ပေါက်ခဲ့သော ခေါင်းဆောင်များနှင့် နောက်လိုက်များ၏ အမိန့်နာခံမှု၊ အာဏာဖီဆန်မှုနှင့် မိရိုးဖလာ အစွဲများကို နောင်လာနောက်သားများ နမူနာယူနိုင်ရန် ပမာပေး သွန်သင်ခြင်းသာ ဖြစ်ပေသည်။

	بِهَا مِن سُلْطَانٍ فَانتَظِرُواْ إِنِّي مَعَكُم مِّنَ الْمُنتَظِرِينَ۝ သူက ''ကံကြမ္မာရှင်ထံမှ သင်တို့အား မသန့်ပြန့်မှုနှင့် ကံကြီးသင့်မှုကို တည်ရှိစေပြီ၊ ပရမတ်ဘုရားရှင်က အခွင့်အာဏာ ချမှတ်ပေးခြင်း မရှိဘဲ၊ သင်တို့၏ မိရိုးဖလာက ကင်ပွန်းတပ်ထားသော ဂုဏ်တော်များနှင့် စပ်လျဉ်း၍ သင်တို့သည် ကျွန်ုပ်အား စောဒကတက်ကြမည်လော။ စောင့်ကြည့်ကြလော့၊ ကျွန်ုပ်သည်လည်း သင်တို့နှင့်အတူ စောင့်ကြည့်နေသူများမှ ဖြစ်၏။''ဟု ဟောကြား၏။[၄၁]
၇၂။	**فَأَنجَيْنَاهُ وَالَّذِينَ مَعَهُ بِرَحْمَةٍ مِّنَّا وَقَطَعْنَا دَابِرَ الَّذِينَ كَذَّبُواْ بِآيَاتِنَا وَمَا كَانُواْ مُؤْمِنِينَ۝** သူ– သူနှင့်အတူရှိသောသူများကို ကရုဏာတော်အားဖြင့် ငါ လွတ်မြောက်စေ၍။ ငါ၏ သုတ်ဒေသနာများအား ငြင်းဆန်သောသူတို့အား သူတို့၏ ယုံကြည်လေ့မရှိမှုများကြောင့် သူတို့၏ အခြေအမြစ်များကို ဖြတ်တောက်တော်မူ၏။
၇၃။	**وَإِلَى ثَمُودَ أَخَاهُمْ صَالِحًا قَالَ يَا قَوْمِ اعْبُدُواْ اللّهَ مَا لَكُم مِّنْ إِلَـهٍ غَيْرُهُ قَدْ جَاءتْكُم بَيِّنَةٌ مِّن رَّبِّكُمْ هَذِهِ نَاقَةُ اللّهِ لَكُمْ آيَةً فَذَرُوهَا تَأْكُلْ فِي أَرْضِ اللّهِ وَلاَ تَمَسُّوهَا بِسُوَءٍ فَيَأْخُذَكُمْ عَذَابٌ أَلِيمٌ۝** သူတို့၏ညီနောင်ဖြစ်သော ဆွာလေဟ်က သမု–ဒ်တို့အား ဟောသည်မှာ ''အို– ကျွန်ုပ်၏ လူမျိုးတို့၊ ပရမတ်ဘုရားရှင်အား ကိုးကွယ်ကြလော့၊ သင်တို့အတွက်အရှင်မှအပ အခြားသော ဘုရားဟူ၍ မရှိ၊ သင်တို့ထံသို့ ကံကြမ္မာရှင်၏ထံမှ ရှင်းလင်းချက်များ ရောက်လာလတ္တံ့၊ ဤသည် သင်တို့အတွက် နိမိတ်လက္ခဏာဖြစ်သော ပရမတ်ဘုရားရှင်၏ ကုလားအုပ်မပင်တည်း[၄၀] သို့ဖြစ်၍ သူမအား ချန်ထားပေး၍ ပရမတ်ဘုရားရှင်၏ မြေကမ္ဘာ၌ စားသုံးစေလော့၊ သူမအား အကုသိုလ်ဖြင့် မထိနှင့်၊ သို့မဟုတ်က စူးနစ်သော ဝဋ်ကြွေးဖြင့် သင်တို့အား အရေးယူလိမ့်မည်။
၇၄။	**وَاذْكُرُواْ إِذْ جَعَلَكُمْ خُلَفَاء مِن بَعْدِ عَادٍ وَبَوَّأَكُمْ فِي الأَرْضِ تَتَّخِذُونَ مِن سُهُولِهَا قُصُورًا وَتَنْحِتُونَ الْجِبَالَ بُيُوتًا فَاذْكُرُواْ آلاء اللّهِ وَلاَ تَعْثَوْا فِي الأَرْضِ مُفْسِدِينَ۝** အာဒ်၏ နောက် သင်တို့အား ဆက်ခံသူများအဖြစ် စီစဉ်ပေးခဲ့သည်ကို၊ မြေကမ္ဘာ၌ သင်တို့အား နေရာချပေးခဲ့သည်ကို သတိရကြလော့။ သင်တို့သည် လွင်ပြင်များမှ ရပ်နားရာများကို သိမ်းပိုက်ခဲ့၍[၄၁] တောင်များကို ထုဆစ်လျက် အိမ်များတည်ခဲ့ပြီ။ ပရမတ်ဘုရားရှင်၏ ကျေးဇူးပြုခြင်းများအား သတိရကြလော့၊ ကမ္ဘာ၌ ညစ်ညမ်းစုတ်ပဲ့၊ အဖျက်ကောင်များ မဖြစ်ကြနှင့်၊''ဟု ဖြစ်၏။
၇၅။ ☆၉း၃၃	**قَالَ الْمَلأُ الَّذِينَ اسْتَكْبَرُواْ مِن قَوْمِهِ لِلَّذِينَ اسْتُضْعِفُواْ لِمَنْ آمَنَ مِنْهُمْ أَتَعْلَمُونَ أَنَّ صَالِحًا مُّرْسَلٌ مِّن رَّبِّهِ قَالُواْ إِنَّا بِمَا أُرْسِلَ بِهِ مُؤْمِنُونَ۝** သူ့လူမျိုးမှ မောက်မာသည့် အကြံပေးများက ယုံကြည်သူများအနက် ချိုနဲ့သည်ဟု ထင်ရသောသူတို့အား''ဆွာလေဟ်သည် ကံကြမ္မာရှင်၏ ထံမှ ဉာဏ်စဉ်ဆောင်ဟု သိကြကုန်သလော၊''ဟု မေးကြသော်၊ ''ကျွန်ုပ်တို့သည် သူ့အားဖြင့် စေစားမှုကို☆ ယုံကြည်ကြပါ၏။''ဟု ပြန်ပြောကြ၏။

---

(၄၁၉) ဤသုတ်တော်မှ ''သင်တို့၏ မိရိုးဖလာက အမည် ကင်းပွန်းတပ်ခဲ့သည့် အမည်များ'' ဆိုသည်မှာ၊ မိရိုးဖလာ ကိုးကွယ်ယုံကြည်သော ရိုးရာနတ်ဘုရားများကို ဆိုလိုပေသည်။ သူတို့သည် ထိုနတ်ဘုရားများကို မိမိတို့ဘာသာ မိမိတို့ အမျိုးမျိုး သိမ်္ဘိတင်နေခြင်း ဖြစ်၍၊ ထိုနတ်ဘုရားများက သူတို့အား တစ်စုံတစ်ရာမှ ဉာဏ်စဉ် မပေးနိုင်ချေ။

(၄၂၀) **ကုလားအုပ်မ** ဆိုသည်မှာ တိရိစ္ဆာန်တစ်ကောင်အား ရည်ညွှန်းခြင်း မဟုတ်ချေ။ ကိုယ်တော်ဆွာလေဟ်၏ နောက်လိုက်များကိုသာ ရည်ညွှန်းပေသည်။ **သိုးများ၊ သိုးမည်းများ** ဟု ခရစ်ယာန်ဘာသာများ သုံးစွဲလေ့ရှိ သကဲ့သို့ပင်။ ကုလားအုပ်မအား သတ်ဖြတ်သည် ဆိုခြင်းမှာလည်း အမှန်တရားအား လက်မခံ ပါယ်သတ်ခြင်း၊ သို့မဟုတ် ကိုယ်တော်ဆွာလေဟ်နှင့် သူ၏ နောက်လိုက်များအား နှိပ်စက်ညှင်းပန်းခြင်းအား မရဝ်စဲခြင်းကို ဆိုလိုပေသည်။ ၅၄း၂၈ တွင်ကြည့်ပါ။

(၄၂၀) **تَتَّخِذُونَ တတ်တခီသူးန** ကို အချို့က **ဆောက်လုပ်သည်၊ တည်ထောင်သည်**ဟု ဘာသာပြန်ဆိုကြပေသည်။ ထိုစကား၏ တိုက်ရိုက်အဓိပ္ပါယ်မှာ သိမ်းယူသည်၊ သုတ်ယူသည်၊ ဟု အနက်ရပေသည်။ ထို့ကြောင့် ဤနေရာတွင် တိုက်ရိုက် အဓိပ္ပါယ်အတိုင်းပင် ပြန်ဆိုထားပေသည်။

၇၆။	**قَالَ الَّذِينَ اسْتَكْبَرُواْ إِنَّا بِالَّذِيَ آمَنتُمْ بِهِ كَافِرُونَ۝** မောက်မာသောသူများက ‘‘ကျွန်ုပ်တို့သည် သင်တို့ ယုံကြည်သည့်အရာကို ငြင်းပါယ်သူများ ဖြစ်၏။’’ဟု ဆိုကြ၍–
၇၇။	**فَعَقَرُواْ النَّاقَةَ وَعَتَوْاْ عَنْ أَمْرِ رَبِّهِمْ وَقَالُواْ يَا صَالِحُ ائْتِنَا بِمَا تَعِدُنَا إِن كُنتَ مِنَ الْمُرْسَلِينَ۝** သို့ဖြင့် ကုလားအုပ်မအား မျိုးအစေကြလျက်၄၂ ကံကြမ္မာရှင်၏ ညွှန်ကြားမှုကို အာခံကာ၊ ‘‘အို– ဆွာလေဟ်၊ သင်သည် ဉာဏ်စဉ်ဆောင်များမှ ဖြစ်လျှင်၊ သင် ကတိပေးသည်ကို ကျွန်ုပ်တို့ထံ ဆိုက်ရောက်စေလော့၊’’ဟု ဆိုကြ၏။
၇၈။	**فَأَخَذَتْهُمُ الرَّجْفَةُ فَأَصْبَحُواْ فِي دَارِهِمْ جَاثِمِينَ۝** သို့ဖြင့် သူတို့အား ငလျင်ကြီးဖြင့် သိမ်းယူလိုက်၍ နံနက်၌ သူတို့၏ အိမ်များတွင် ရုပ်ကလပ်များ ဖြစ်သွားစေ၏။။၄၃
၇၉။	**فَتَوَلَّى عَنْهُمْ وَقَالَ يَا قَوْمِ لَقَدْ أَبْلَغْتُكُمْ رِسَالَةَ رَبِّي وَنَصَحْتُ لَكُمْ وَلَكِن لاَّ تُحِبُّونَ النَّاصِحِينَ۝** သူသည် ၎င်းတို့ထံမှ လှည့်ပြန်ခဲ့ပြီး ‘‘အို– ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည် ကံကြမ္မာရှင်၏ထံမှ စေပို့ချက်များကို သင်တို့ထံ ဆိုက်ရောက်စေခဲ့ပြီ၊ သင်တို့အပေါ် ကျွန်ုပ် စိတ်ထားဖြူစင်၏၊ သို့ရာတွင် သင်တို့က စိတ်ထားဖြူစင်သူအား မနှစ်သက်ကြချေ။’’ဟု ဆို၏။
၈၀။	**وَلُوطًا إِذْ قَالَ لِقَوْمِهِ أَتَأْتُونَ الْفَاحِشَةَ مَا سَبَقَكُم بِهَا مِنْ أَحَدٍ مِّن الْعَالَمِينَ۝** လု–တ်က၄၄ သူ့ လူမျိုးအား ပြောသည်မှာ ‘‘လောကခပ်သိမ်းတွင် တစ်စုံတစ်ယောက်ကမှ သင်တို့အား မသတ်မှတ်ပေးခဲ့သည့် ကိုယ်ကျင့်ပျက်မှုကို သင်တို့ ယူခဲ့ကြမည်လော၊
၈၁။	**إِنَّكُمْ لَتَأْتُونَ الرِّجَالَ شَهْوَةً مِّن دُونِ النِّسَاء بَلْ أَنتُمْ قَوْمٌ مُّسْرِفُونَ۝** –အသင်တို့သည် အမျိုးသမီးများကို ပ’လျက် ယောကျ်ားများထံ၌ အာသာရမက်ဖြေရန် ချည်းကပ်၏၊ အမှန်မှာ သင်တို့သည် အလွဲသုံးစားပြုသော လူမျိုး ဖြစ်ကြ၏၊’’
၈၂။	**وَمَا كَانَ جَوَابَ قَوْمِهِ إِلاَّ أَن قَالُواْ أَخْرِجُوهُم مِّن قَرْيَتِكُمْ إِنَّهُمْ أُنَاسٌ يَتَطَهَّرُونَ۝** သူ့လူမျိုးများထံမှ ‘‘ထိုသန့်စင်သည်ဟူသည့် လူသားများအား သင်တို့၏ အရပ်ဒေသများမှ မောင်းထုတ်ပစ်ကြ၊’’ဟု ဆိုခြင်းမှအပ အခြား အဖြေပြန်မရချေ။
၈၃။	**فَأَنجَيْنَاهُ وَأَهْلَهُ إِلاَّ امْرَأَتَهُ كَانَتْ مِنَ الْغَابِرِينَ۝** ငါသည် သူ့ အိမ်ရှင်မမှ အပ၊ သူနှင့် သူ့ဒကာတို့အား လွတ်မြောက်စေတော်မူ၏၊ သူမသည် ကျန်ရစ်သူများမှ ဖြစ်၏။
၈၄။	**وَأَمْطَرْنَا عَلَيْهِم مَّطَرًا فَانظُرْ كَيْفَ كَانَ عَاقِبَةُ الْمُجْرِمِينَ۝** ငါသည် သူတို့အပေါ်၌ ပြည်ဖျက်မိုးကို ရွာသွန်းစေ၏။ ရာဇဝတ်ကောင်များ၏ နိဂုံး မည်သို့ ချုပ်ရသည်ကို ကြည့်ကြလော့။

---

(၄၂) **عَقَرُواْ** **အကျိုး** ကို အချို့က သတ်ခဲ့ကြသည်ဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံး၏ အဓိပ္ပါယ်မှာ တကောက်ကြောကို ဖြတ်သည် ဟုလည်းကောင်း၊ ကလေး မမွေးနိုင်သော အမြို ဖြစ်သည်ဟုလည်းကောင်း ဖြစ်ပေသည်၊ (၃၄၀)။ ကုလားအုပ်မ ဆိုသည်မှာ လူမျိုး တစ်မျိုးကို ရည်ညွှန်းသောကြောင့် (အောက်ခြေ ၄၂၀)၊ ထိုလူမျိုးအား လုပ်ပိုင်ခွင့်မပေးခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းကို ဆိုလိုပေသည်။ ထို့ကြောင့် ဤနေရာ၌ ‘‘မျိုးအ’စေခဲ့သည်’’ ဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။

(၄၂) သူတို့ထိသော ပြစ်ဒဏ်မှာ တိုက်ရိုက်အားဖြင့် မင်း မကောင်းသောကြောင့် ရေမြေဖေါက်ပြန်သည်ဟု ဆိုနိုင်သကဲ့သို့၊ အင်ပါယာပြိုလဲသည်ဟုလည်း ဆိုနိုင်ပေသည်။ ၂၃၅၅ တွင် ကိုယ်တော်မူဆာ၏ နောက်လိုက်များ ထိသော ပြစ်ဒဏ်မျိုး ဖြစ်ပေသည်။

(၄၄) ကိုယ်တော်လု(တ်)၏ အကြောင်းကို ကျမ်းတော်တွင် ဤသုတ်တော်များအပြင် ဒေ၈၇၊ ၁၁း၇၇–၈၃၊ ၁၅း၆၂–၇၄၊ ၂၁း၁၆–၁၇၃၊ ၂၆း၁၆၀–၁၇၃၊ ၂၇း၅၄–၅၈၊ ၂၉း၃၂–၃၅၊ ၃၃း၃၂–၃၄၊ ၅၀း၁၂–၁၃၊ ၅၁း၁၉–၂၇၊ ၅၄း၁၀ တို့တွင် ဖေါ်ပြထားပြီး၊ သမ္မာကျမ်း ကမ္ဘာဦးကျမ်း ၁၉း၃၀–၃၈ တွင် ဖေါ်ပြ သကဲ့သို့ ကိုယ်တော်သည် အရက်မူးနေလျက် သမီးရင်းများနှင့် မေထုန်မှုပြုသည်ဟူသည့် စွပ်စွဲချက်မျိုးကို လုံးဝ ဖေါ်ပြခြင်း မရှိပေ။

၈၅။	**وَإِلَى مَدْيَنَ أَخَاهُمْ شُعَيْبًا قَالَ يَا قَوْمِ اعْبُدُواْ اللّهَ مَا لَكُم مِّنْ إِلَـهٍ غَيْرُهُ قَدْ جَاءتْكُم بَيِّنَةٌ مِّن رَّبِّكُمْ فَأَوْفُواْ الْكَيْلَ وَالْمِيزَانَ وَلاَ تَبْخَسُواْ النَّاسَ أَشْيَاءهُمْ وَلاَ تُفْسِدُواْ فِي الأَرْضِ بَعْدَ إِصْلاَحِهَا ذَلِكُمْ خَيْرٌ لَّكُمْ إِن كُنتُم مُّؤْمِنِينَ۝**
✡ ၉၃၀	သူတို့၏ ညီနောင်ဖြစ်သော ရှုအိုက်(ဘ်)က✡ မိဒီယံတို့အား ပြောသည်မှာ ''အို– ကျွန်ုပ်၏ လူမျိုးတို့၊ ပရမတ်ဘုရားရှင် ကိုသာ ကိုးကွယ်ကြလော့၊ သင်တို့အတွက် အရှင်မှအပ အခြားဘုရား ဟူ၍ မရှိ၊ သင်တို့ထံသို့ ကံကြမ္မာရှင်၏ ထံမှ ရှင်းလင်းချက်များ ရောက်လာပြီ။ ချိန်တွယ်ရာ၌ ပြည့်စေလော့၊ လူသားတို့၏ အရာဝတ္ထုများကို ချိန်ခွင် မလျော့စေနှင့်၊ ပြုပြင်ပြောင်းလဲပြီးနောက် မြေကမ္ဘာ၌ အဖျက်မလုပ်ကြနှင့်၊ သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် ဤသည်မှာ ပို၍ ကောင်းလေ၏။
၈၆။	**وَلاَ تَقْعُدُواْ بِكُلِّ صِرَاطٍ تُوعِدُونَ وَتَصُدُّونَ عَن سَبِيلِ اللّهِ مَنْ آمَنَ بِهِ وَتَبْغُونَهَا عِوَجًا وَاذْكُرُواْ إِذْ كُنتُمْ قَلِيلاً فَكَثَّرَكُمْ وَانظُرُواْ كَيْفَ كَانَ عَاقِبَةُ الْمُفْسِدِينَ۝**
	ပရမတ်ဘုရားရှင်၌ ယုံကြည်သူအား အရှင့်လမ်းစဉ်၌ ကတိထားသည်ကို ဖယ်ခိုင်းခြင်းနှင့် ထို၌ ကောက်ကျစ်မှုကို ရှာဖွေလျက် မည်သည့် လမ်းတော်တွင်မှ ပိတ်–မထိုင်ကြကုန်နှင့်။ သင်တို့အား အနည်းစုမှ အများစု ဖြစ်စေခဲ့သည်ကို သတိရကြလော့၊ အဖျက်ကောင်များ၏ နိဂုံး မည်သို့ ချုပ်ရသည်ကို ကြည့်ကြလော့၊''ဟု ဖြစ်၏။
၈၇။	**وَإِن كَانَ طَآئِفَةٌ مِّنكُمْ آمَنُواْ بِالَّذِي أُرْسِلْتُ بِهِ وَطَآئِفَةٌ لَّمْ يُؤْمِنُواْ فَاصْبِرُواْ حَتَّى يَحْكُمَ اللّهُ بَيْنَنَا وَهُوَ خَيْرُ الْحَاكِمِينَ۝**
✡ ၉၃၃	သင်တို့မှ တစ်စုသည် ကျွန်ုပ်အား စေစားရာ၌✡ သက်ဝင်ယုံကြည်၍၊ တစ်စုသည် ယုံကြည်ခြင်း မရှိခဲ့လျှင်၊ ကျွန်ုပ်တို့ စပ်ကြား ပရမတ်ဘုရားရှင်က စီရင်ထုံးဖြတ်သည်ထိ သည်းခံကြလော့၊ အရှင်သည် အကောင်းဆုံး ဓမ္မသတ်ချုပ် ဖြစ်၏။
၈၈။	**قَالَ الْمَلأُ الَّذِينَ اسْتَكْبَرُواْ مِن قَوْمِهِ لَنُخْرِجَنَّكَ يَا شُعَيْبُ وَالَّذِينَ آمَنُواْ مَعَكَ مِن قَرْيَتِنَا أَوْ لَتَعُودُنَّ فِي مِلَّتِنَا قَالَ أَوَلَوْ كُنَّا كَارِهِينَ۝**
	သူ့လူမျိုးမှ မောက်မာသော အကြံပေးများက ''အို– ရှုအိုက်(ဘ်) အသင်၊ အသင်နှင့်အတူ ယုံကြည်သောသူများကို ကျွန်ုပ်တို့၏ အရပ်ဒေသမှ မောင်းထုတ်ပစ်မည်၊ သို့မဟုတ်က ကျွန်ုပ်တို့၏ ကျင့်စဉ်၌ ဆက်ကျင့်လော့၊''ဟု ဆိုသော်၊ သူက ''မည်သို့နည်း၊ ကျွန်ုပ်တို့က အောင့်သက်သက်ခံစားရမည်လော။''၄၂၅ ဟု ပြန်ပြော၏။
၈၉။	**قَدِ افْتَرَيْنَا عَلَى اللّهِ كَذِبًا إِنْ عُدْنَا فِي مِلَّتِكُم بَعْدَ إِذْ نَجَّانَا اللّهُ مِنْهَا وَمَا يَكُونُ لَنَا أَن نَّعُودَ فِيهَا إِلاَّ أَن يَشَاء اللّهُ رَبُّنَا وَسِعَ رَبُّنَا كُلَّ شَيْءٍ عِلْمًا عَلَى اللّهِ تَوَكَّلْنَا رَبَّنَا افْتَحْ بَيْنَنَا وَبَيْنَ قَوْمِنَا بِالْحَقِّ وَأَنتَ خَيْرُ الْفَاتِحِينَ۝**
✡ ၉၃၀	ပရမတ်ဘုရားရှင်က ကျွန်ုပ်တို့အား သင်တို့၏ ကျင့်စဉ်ထဲမှ လွတ်မြောက်စေပြီးမှ ထိုသို့ ကျွန်ုပ်တို့ ဆက်လုပ်လျှင် ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီး လိမ်လည်ခြင်းသာ ဖြစ်လိမ့်မည်။ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီခြင်းဖြင့်သာ✡ ကျွန်ုပ်တို့သည် ထိုသို့ ဆက်လုပ်ရန် မဖြစ်နိုင်ချေ။ ကံကြမ္မာရှင်သည် ဖြန့်ကျက်နေတော်မူ၏၊ ကံကြမ္မာရှင်သည် သဗ္ဗလုံးစုံ သိနေတော်မူ၏။ ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်ကိုသာ ကိုးစားလေပြီ၊ ''အို– ကံကြမ္မာရှင် တပည့်တော်တို့၏ကြား တပည့်တော်တို့၏ လူမျိုးများအကြား ပရမတ္ထသစ္စာဖြင့် ထွက်ပေါက်ပေးတော်မူပါ။ အရှင်သည် အကောင်းဆုံး ထွက်ပေါက်ပေးတော်မူသည့် အရှင် ဖြစ်ပါ၏။''ဟု ဆုတောင်း၏။

(၄၂၅) **كَارِهِينَ** ကာရီဟီးန ဆိုသည်မှာ မချစ်မနှက်သက်ခြင်း၊ စက်ဆုပ်ရွံရှာခြင်း၊ အော့နှလုံးနာခြင်းများကို ဆိုလိုပေသည်။

၉၀။	**وَقَالَ الْمَلأُ الَّذِينَ كَفَرُواْ مِن قَوْمِهِ لَئِنِ اتَّبَعْتُمْ شُعَيْباً إِنَّكُمْ إِذاً لَّخَاسِرُونَ۝** သူ့လူမျိုးမှ ဖုံးကွယ်သော အကြံပေးများက ''အကယ်၍ သင်တို့သည် ရှုအိုက်(ဘ်)အား လိုက်နာသူများ ဖြစ်ကြလျှင်၊ သင်တို့သည် ဆုံးရှုံးရသူများ ဖြစ်လေပြီ၊''ဟု ဆိုကြ၏။
၉၁။ ☆ဂုဂ၈။ ၁၁း၉၄	**فَأَخَذَتْهُمُ الرَّجْفَةُ فَأَصْبَحُواْ فِي دَارِهِمْ جَاثِمِينَ۝** သို့ဖြင့် သူတို့အား ငလျင်ကြီးဖြင့် သိမ်းယူလိုက်၍ သူတို့၏ အိမ်များတွင် နံနက်၌ ရုပ်ကလပ်များ ဖြစ်သွားစေ၏။☆
၉၂။	**الَّذِينَ كَذَّبُواْ شُعَيْبًا كَأَن لَّمْ يَغْنَوْاْ فِيهَا الَّذِينَ كَذَّبُواْ شُعَيْبًا كَانُواْ هُمُ الْخَاسِرِينَ۝** ရှုအိုက်(ဘ်)အား ငြင်းဆန်သောသူတို့သည် ထိုဌာန ပြည့်စုံမှုများ မရှိတော့ပြီ၊ ရှုအိုက်(ဘ်)အား ငြင်းဆန်သော သူတို့သည် ဆုံးရှုံးသူများ ဖြစ်ရ၏။
၉၃။	**فَتَوَلَّى عَنْهُمْ وَقَالَ يَا قَوْمِ لَقَدْ أَبْلَغْتُكُمْ رِسَالاَتِ رَبِّي وَنَصَحْتُ لَكُمْ فَكَيْفَ آسَى عَلَى قَوْمٍ كَافِرِينَ۝** သူသည် ၎င်းတို့ထံမှ လှည့်ပြန်ခဲ့ပြီး ''အို ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည် ကံကြမ္မာရှင်၏ထံမှ စေပို့ချက်များကို သင်တို့ထံသို့ ဆိုက်ရောက်စေခဲ့ပြီ၊ သင်တို့အပေါ် ကျွန်ုပ် စိတ်ထားဖြူစင်၏၊ ကျွန်ုပ်သည်ကား ငြင်းပါယ်ဖုံးကွယ်သော လူမျိုးတို့ အတွက် မည်သို့ ဝမ်းနည်းပေးရမည်နည်း၊''ဟု ဆို၏။
၉၄။ ☆၉း၃၃	**وَمَا أَرْسَلْنَا فِي قَرْيَةٍ مِّن نَّبِيٍّ إِلاَّ أَخَذْنَا أَهْلَهَا بِالْبَأْسَاء وَالضَّرَّاء لَعَلَّهُمْ يَضَّرَّعُونَ۝** ငါက အရပ်ဒေသတစ်ခုသို့ သူတို့သည် နိဝါတတရား ရှိစေအံ့ငှာ– ဒေသသားတို့အား အမင်္ဂလာသင့်ခြင်း၊ ဘေးဥပဒ် ဖြစ်ခြင်းများဖြင့် သိမ်းယူတော်မူရန်မှ အပ သတင်းတော်ဆောင်တစ်ပါးပါးကို စေစားခြင်း☆ မရှိချေ။[၄၂]
၉၅။	**ثُمَّ بَدَّلْنَا مَكَانَ السَّيِّئَةِ الْحَسَنَةَ حَتَّى عَفَواْ وَّقَالُواْ قَدْ مَسَّ آبَاءنَا الضَّرَّاء وَالسَّرَّاء فَأَخَذْنَاهُم بَغْتَةً وَهُمْ لاَ يَشْعُرُونَ۝** တဖန် ငါသည် သူတို့ကို ကျေအေးပေး၍ ''ဘေးဒုက္ခနှင့် အဆင်ပြေမှုသည် ကျွန်ုပ်တို့ ဘဘိုးများကိုသာ ထိခဲ့၏၊''ဟု ပြောဆိုနိုင်သည် အထိ သူတို့၏ ဘဝဆက်ကို အကုသိုလ်မှ သုမင်္ဂလာသို့ လွှဲပြောင်းပေးခဲ့၏။ ထို့နောက် သူတို့ သတိမမူမိစဉ် ရုတ်တရက် သိမ်းယူပစ်လိုက်၏။[၄၃]
၉၆။	**وَلَوْ أَنَّ أَهْلَ الْقُرَى آمَنُواْ وَاتَّقَواْ لَفَتَحْنَا عَلَيْهِم بَرَكَاتٍ مِّنَ السَّمَاء وَالأَرْضِ وَلَكِن كَذَّبُواْ فَأَخَذْنَاهُم بِمَا كَانُواْ يَكْسِبُونَ۝** အကယ်၍ အရပ်ဒေသသားများသည် ယုံကြည်လျက် စည်းစောင့်ကြလေလျှင်၊ ငါသည် သူတို့အား မိုးနှင့်မြေများမှ ကျက်သရေအပေါင်းနှင့် ဖွင့်ပေးလတ္တံ့။ သို့သော် ငြင်းဆန်သူတို့အား သူတို့၏ ကျင့်ဆောင်လေ့ရှိရာများကြောင့် သိမ်းယူတော်မူဒ၌။
၉၇။	**أَفَأَمِنَ أَهْلُ الْقُرَى أَن يَأْتِيَهُمْ بَأْسُنَا بَيَاتاً وَهُمْ نَآئِمُونَ۝** အရပ်သားတို့သည် မှောင်ကျ အိပ်စက်နေစဉ် ငါ့ထံမှ အမင်္ဂလာ ဆိုက်ရောက်စေမည်ကို လုံခြုံသည်ဟု ယုံကြည်နေ

---

(၄၂) ဤဥပမာပေး ရာဇဝင်များသည် မာန်မာနတက်နေသော လူမျိုးကြီးဝါဒ ရှိသူများကို သတိပေးခြင်း ဖြစ်ပေသည်။ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးလာပြီး နာပိုင်းဆိုင်ရာ ယိုယွင်းလာသော လူမျိုးများထံသို့ ခေါင်းဆောင်ကောင်းများ ပေါ်ပေါက်လာလျှင် သူတို့သည် ထိုခေါင်းဆောင်အား လက်မခံ ဒုက္ခ ပေးကြသည်သာမက၊ မိမိတို့ကိုယ်တိုင်လည်း ထိုခေါင်းဆောင် ပေါ်လာမှုဌ် စိတ်ကျပ်တည်းခြင်း၊ အားမလိုအားမရ ဖြစ်ခြင်းများ ခံစားရလေ့ ရှိကြောင်း ဖြစ်သည့် လူသားတို့၏ သဘာဝကို ကျမ်းတော်က ထောက်ပြခြင်း ဖြစ်ပေသည်။

(၄၂) အကြောင်းတိုက်ဆိုင်မှု အလျောက် သို့မဟုတ် ခေါင်းဆောင်ကောင်းများ၏ ခေတ်ပြောင်းခေတ်လဲ အလျောက် တိုးတက်ကြီးပွားလာမှုကို ရေရှည်ထိမ်းသိမ်းရန် မစဉ်းစားဘဲ၊ ဘဝင်မြင့် စိတ်ကြီးဝင်၍ ဘဝမေ့သော လူမျိုးများသည် အောင်မြင်မှု ရေရှည် မခံနိုင်ကြောင်း ဤသုတ်တော်က သင်ခန်းစာ ပေးထားပေသည်။

	ကြသလော။
၉၈။	**أَوَ أَمِنَ أَهْلُ الْقُرَى أَن يَأْتِيَهُمْ بَأْسُنَا ضُحًى وَهُمْ يَلْعَبُونَ۞** သို့တည်းမဟုတ် အရပ်သားတို့သည် နေထိန်ထိန်ပူချိန်၌ ပွဲလုပ်နေကြစဉ် ငှဲ့ထံမှ အမင်္ဂလာဆိုက်ရောက်စေမည်ကို လုံခြုံသည် ဟု ယုံကြည်နေကြသလော။။[၄၈]
၉၉။	**أَفَأَمِنُواْ مَكْرَ اللهِ فَلاَ يَأْمَنُ مَكْرَ اللهِ إِلاَّ الْقَوْمُ الْخَاسِرُونَ۞** ပရမတ်ဘုရားရှင်၏ ဗျူဟာမှ လုံခြုံပြီဟု ယုံကြည်နေကြသလော။ ဆုံးရှုံးရမည့် လူမျိုးမှအပ အလွှာတ်ရှင်၏ ဗျူဟာမှ လုံခြုံပြီဟု ယုံကြည်နေသူ မရှိချေ။
၁၀၀။ ☆၂၇၀	**أَوَلَمْ يَهْدِ لِلَّذِينَ يَرِثُونَ الأَرْضَ مِن بَعْدِ أَهْلِهَا أَن لَّوْ نَشَاء أَصَبْنَاهُم بِذُنُوبِهِمْ وَنَطْبَعُ عَلَى قُلُوبِهِمْ فَهُمْ لاَ يَسْمَعُونَ۞** မြေကမ္ဘာ၌ ယခင် နေခဲ့သူများ၏နောက် အမွေဆက်ခံသော သူတို့ အဘို့၊ အကယ်၍ ငှဲ့ စံချိန်ပြည့်ခဲ့လျှင်☆ သူတို့၏ အပြစ်များအတွက် ထိခိုက်စေနိုင်ကြောင်း ညွှန်ပြမခံရသလော။ သူတို့၏ နှလုံးသားကို ငါအရှင် တံဆိပ်ထုထား၏၊ သူတို့သည် နာယူနိုင်သူများ မဟုတ်ချေ။
၁၀၁။	**تِلْكَ الْقُرَى نَقُصُّ عَلَيْكَ مِنْ أَنبَآئِهَا وَلَقَدْ جَاءتْهُمْ رُسُلُهُم بِالْبَيِّنَاتِ فَمَا كَانُواْ لِيُؤْمِنُواْ بِمَا كَذَّبُواْ مِن قَبْلُ كَذَلِكَ يَطْبَعُ اللهُ عَلَى قُلُوبِ الْكَافِرِينَ۞** ဤသည် သင့်အား ငါ သတင်းထုတ်ပြန် ဖေါ်ပြပေးသော အရပ်ဒေသတို့၏ အကြောင်းပေတည်း။ သူတို့ထံသို့ ငါ၏ **ဉာဏ်စဉ်ဆောင်များ**ကို ရှင်းလင်းချက်များဖြင့် ရောက်လာစေပြီ။ သို့သော် သူတို့သည် ဤမတိုင်မီကပင် ယုံကြည်လေ့မရှိ ငြင်းဆန်ကြသည်သာ။ ဤသို့ပင် ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သူတို့၏ နှလုံးသားကို တံဆိပ်ထုထား၏။
၁၀၂။	**وَمَا وَجَدْنَا لأَكْثَرِهِم مِّنْ عَهْدٍ وَإِن وَجَدْنَا أَكْثَرَهُمْ لَفَاسِقِينَ۞** အများစုအား ပဋိညာဉ်ပေါ်၌ ရှိသည်ကို ငါ မတွေ့ရ၊ အများစုအား ယုတ်မာသူများ အဖြစ်သာ ငါ တွေ့ရ၏။
၁၀၃။ ★၂၅၁ ☆၂၄၉	**ثُمَّ بَعَثْنَا مِن بَعْدِهِم مُّوسَى بِآيَاتِنَا إِلَى فِرْعَوْنَ وَمَلَئِهِ فَظَلَمُواْ بِهَا فَانظُرْ كَيْفَ كَانَ عَاقِبَةُ الْمُفْسِدِينَ۞** တဖန်၊ သူတို့၏နောက် မူဆာအား★ ငါ၏ သုတ်ဒေသနာများဖြင့် ဖာရိုးနှင့်☆ သူ၏ အကြံပေးများထံသို့ ပွင့်ပေါ်စေ၏။ သူတို့သည် ထိုပြု မိုက်ကြေးခဲ့ကြ၏။ ထို့ကြောင့် အဖျက်ကောင်များ၏ နိဂုံး မည်သို့ ချုပ်ရသည်ကို ကြည့်ကြလော့။
၁၀၄။	**وَقَالَ مُوسَى يَا فِرْعَوْنُ إِنِّي رَسُولٌ مِّن رَّبِّ الْعَالَمِينَ۞** မူဆာက ပြောသည်မှာ "အို ဖာရိုးမင်း၊ ကျွန်ုပ်သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်ထံမှ ဉာဏ်စဉ်ဆောင်ပင် ဖြစ်၍–
၁၀၅။	**حَقِيقٌ عَلَى أَن لاَّ أَقُولَ عَلَى اللهِ إِلاَّ الْحَقَّ قَدْ جِئْتُكُم بِبَيِّنَةٍ مِّن رَّبِّكُمْ فَأَرْسِلْ مَعِيَ بَنِي إِسْرَائِيلَ۞** ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ အမှန်ကို ပြောခြင်းသည်သာ ကျွန်ုပ်၌ ရှိသော သစ္စာတရား ဖြစ်၏။ သင်တို့ထံသို့ ကံကြမ္မာရှင်၏ထံမှ ရှင်းလင်းချက်များ ရောက်လာစေပြီ၊ သို့ဖြစ်၍ ဣသရေလူမျိုးတို့အား ကျွန်ုပ်နှင့်အတူ ထည့်ပေးလိုက်လော့၊"ဟု ဖြစ်သော်–
၁၀၆။	**قَالَ إِن كُنتَ جِئْتَ بِآيَةٍ فَأْتِ بِهَا إِن كُنتَ مِنَ الصَّادِقِينَ۞**

(၄၈) သုတ်တော် (၉၇)နှင့် (၉၈)များက ခေါင်းဆောင်ကောင်း မပွင့်ပေါ်မီ အမှောင်ကျ၊ အိပ်မောကျနေသော အခြေအနေနှင့်၊ ခေါင်းဆောင်ကောင်း ပေါ်ထွန်းစ အချိန်၌ ထိုခေါင်းဆောင်အား နာခံရမှန်း မသိဘဲ မိမိတို့ဘာသာ အချိန်ဖြုန်းနေသော သူများ၏ စိတ်နေသဘောထားကို ဖေါ်ပြခြင်း ဖြစ်ပေသည်။

	သူက ''အသင်သည် သုတ်ဒေသနာကို ရောက်လာစေသူ ဖြစ်လျှင်၊ ဖြောင့်မှန်သူတို့မှ ဖြစ်လျှင် ၎င်းကို ပေးအပ်လော့''ဟု ဆို၏။
၁၀၇။	**فَأَلْقَى عَصَاهُ فَإِذَا هِيَ ثُعْبَانٌ مُّبِينٌ۝** သို့ဖြင့် သူ၏ လက်ထောက်အား ခင်းကျင်းသော်၄၂ ၎င်းသည် ရှင်းလင်းထင်ရှားသော မြွေနဂါး ဖြစ်လာ၏။၄၃
၁၀၈။	**وَنَزَعَ يَدَهُ فَإِذَا هِيَ بَيْضَاء لِلنَّاظِرِينَ۝** သူ၏လက်ကို ဆွဲထုတ်လိုက်သော အခါ၊ ၎င်းသည် စောင့်ကြည့်သူတို့အဘို့ ဖြူစဉ်လျက် ဖြစ်၏။၄၄
၁၀၉။	**قَالَ الْمَلأُ مِن قَوْمِ فِرْعَوْنَ إِنَّ هَذَا لَسَاحِرٌ عَلِيمٌ۝** ဖာရိုး၏ လူမျိုး အကြံပေးများမှ ပြောသည်မှာ ''ဧကန်ပင် ဤသည် မှော် ပညာရှင်သာ ဖြစ်၏–၄၅
၁၁၀။	**يُرِيدُ أَن يُخْرِجَكُم مِّنْ أَرْضِكُمْ فَمَاذَا تَأْمُرُونَ۝** သူသည် သင်တို့အား သူတို့၏နယ်မြေမှ ထုတ်ယူလိုခြင်းပင် ဖြစ်၏၊ မည်သို့ ညွှန်ကြားကြမည်နည်း။'' ဟု ဖြစ်၏။
၁၁၁။ ☆၂၅၁ ★၉း၃၃	**قَالُواْ أَرْجِهْ وَأَخَاهُ وَأَرْسِلْ فِي الْمَدَآئِنِ حَاشِرِينَ۝** ပြန်ပြောကြသည်မှာ ''သူနှင့် သူ့အစ်ကိုအား☆ စောင့်ခိုင်းထားပြီး၊ မြို့နယ်များ အတွင်း စည်းရုံးရေးမှူးများ စေစား၍★–
၁၁၂။	**يَأْتُوكَ بِكُلِّ سَاحِرٍ عَلِيمٍ۝** –မှော် ပညာရှင်ကိုယ်စီအား သင့်ထံသို့ စုရောက်စေကြလော့၊''ဟု ဖြစ်၏။
၁၁၃။	**وَجَاء السَّحَرَةُ فِرْعَوْنَ قَالُواْ إِنَّ لَنَا لأَجْرًا إِن كُنَّا نَحْنُ الْغَالِبِينَ۝** ဖာရိုးထံသို့ မှော်ဆရာများ ရောက်လာ၍၊ ''ကျွန်ုပ်တို့သည် အနိုင်ရသူများ ဖြစ်ကြလျှင် ကျွန်ုပ်တို့ အတွက် အကျိုးဆုလဒ်များ ရှိမည်လော၊''ဟု မေးကြ၏။
၁၁၄။	**قَالَ نَعَمْ وَإِنَّكُمْ لَمِنَ الْمُقَرَّبِينَ۝** သူက ''ကောင်းပြီ၊ သင်တို့သည် ချည်းကပ်ခွင့်ရသူများ ဖြစ်ရစေမည်၊''ဟု ဆို၏။

---

(၄၂၉) **أَلْقَى عَصَاهُ** အလ်ကာဟ်သည် မူရင်းစကားလုံး **လ၊က၊ယ** ဖြစ်၍ **တွေ့သည်၊ ကြုံသည်၊ ခင်းကျင်းပြသည်၊ တင်ပြသည်၊ ကမ်းလှမ်းသည်** ဟု ဖြစ်ပေသည်။ ဤစကားလုံး၏ ဆင့်ပွားများကို ကျမ်းတော်၏ မြောက်များစွာသော နေရာများတွင် တွေ့နိုင်ပေသည်။ ၄း၉၄ တွင် **ငြိမ်းချမ်းရေး ကမ်းလှမ်းသူ---** ဆိုသော စကားတွင်ပင် လွယ်လွယ်ကူကူ တွေ့နိုင်ပေသည်။ ထို့ကြောင့် ဤနေရာ၌ အချို့ဘာသာပြန်ဆရာများ ဘာသာပြန်သကဲ့သို့ ပစ်ချသည် ဟု ဘာသာ မပြန်ဘဲလျက် ''ခင်းကျင်းသည်'' ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ ပစ်ချသည် ဟူသောစကားတွင် လေသံအနည်းငယ် တင်းမာမှုရှိ၍ ရန်စသည်၊ မဟုတ်မခံ စိတ်လိုက်မာန်ပါပြုမူသည် ဟူသော သဘောမျိုးသက်ရောက်ပေသည်။ ကိုယ်တော်မူဆာသည် ဖာရိုးမင်းအား ရန်စ၊ ရန်ရှာရန် သွားတွေ့ခြင်း မဟုတ်ချေ။ တရားဟော ဖျောင်းဖျရန် သွားခြင်းသာလျှင် ဖြစ်ပေသည်။

(၄၃၀) **عَصَاهُ** **အဆွာဟု** ၏ တိုက်ရိုက်အနက်မှာ သူ၏ တောင်ဝှေးဟု ဖြစ်သော်လည်း ၎င်းသည် သူ၏ လူ့အဖွဲ့အစည်း ဖြစ်ကြောင်း ၂၆း၀ တွင် ရှင်းခဲ့ပြီး ဖြစ်၏။ မြွေနဂါး ဆိုသည်မှာ အမှန်တကယ် နဂါးတစ်ကောင် မဟုတ်ချေ။ ၎င်းကို ၂၇း၁၀ နှင့် ၂၈း၃၁ တွင် **ဇိန် ဂျားန္နန်** မြွေတစ်ကောင် ဟုသာ ဆိုထားပေသည်။ ဆိုလိုသည်မှာ အသက်မဲ့နေသော သူ၏ လူမျိုး၊ သူ့နောက်လိုက်များသည် ထိုစဉ်က အီဂျစ်လူမျိုးများ ကိုးကွယ်အားထားကြသည့် မြွေနတ်ဘုရားကဲ့သို့ တန်ခိုးထွားလာကြောင်းကို ဝက်ဝုတ္တိ အလင်္ကာဖြင့် ပြောဆိုခြင်းပင် ဖြစ်ပေသည်။

(၄၃၁) သူ၏ လုပ်ပိုင်ခွင့် လုပ်နိုင်စွမ်းအားသည် ဘုရားရှင်၏ အလုပ်ဖြစ်သောကြောင့် ကောက်ကျစ်စဉ်းလဲမှုမရှိ အဖြူထည်သက်သက် ဖြစ်ကြောင်းကို ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုအကြောင်းကို ''စောင့်ကြည်သူတို့အဘို့'' ဆိုသော စကားက ရှင်းလင်းစေပေသည်။

(၄၃၂) ကျမ်းတော်၏ ဖေါ်ပြချက်အရ ကိုယ်တော်မူဆာ တစ်ပါးတည်းကိုသာလျှင် ပရောဂဆရာ ဟု စွပ်စွဲခံရခြင်း မဟုတ်ချေ။ ထိုစကားလုံးကြောင့် ကိုယ်တော်မူဆာသည် အရာဝတ္ထုတစ်ခုအား ဉီ၊ ဖွ ဟု ပြောင်းလဲ နိုင်ခြင်းမျိုး မမှတ်ယူသင့်ချေ။ ကိုယ်တော်မူဆာ၏ စည်းရုံးရေးအင်အားကို တွေ့သောအခါ၊ ဖာရိုး၏ လက်ပါးစေများက ကိုယ်တော်အား စွပ်စွဲခြင်းသာ ဖြစ်ပေသည်။ ပရောဂဆရာ ဆိုသည်မှာ ''လူသားတို့အား လိမ်လည်လှည့်စား၍ စည်းရုံးသူ၊'' ဟူသော အနက်ကို ဆောင်ပေသည်။ ကိုယ်တော်မူဆာသည် သူတို့စွပ်စွဲသကဲ့သို့ မဟုတ်ချေ။

၁၁၅။	**قَالُواْ يَا مُوسَى إِمَّا أَن تُلْقِيَ وَإِمَّا أَن نَّكُونَ نَحْنُ الْمُلْقِينَ۞** သူတို့က ‘‘အို မူဆာ၊ သို့မဟုတ် အသင်က ခင်းကျင်းမည်လော၊ သို့မဟုတ် ကျွန်ုပ်တို့သည် ခင်းကျင်းသူများ ဖြစ်ရမည်လော၊’’ ဟု ဆိုသော်။
၁၁၆။ ☆ ၂၀း၆၆	**قَالَ أَلْقُوْاْ فَلَمَّا أَلْقَوْاْ سَحَرُواْ أَعْيُنَ النَّاسِ وَاسْتَرْهَبُوهُمْ وَجَاءوا بِسِحْرٍ عَظِيمٍ۞** သူက ‘‘ခင်းကျင်းကြလော့’’ဟု ဆို၍၊ သူတို့ ခင်းကျင်းသောအခါ☆ လူသားတို့၏ မျက်လုံးကို ပြုစား၍ ကြောက်ရွံ့စေ၏။ သူတို့သည် ကြီးမားသော ပြုစားမှုကို ရောက်လာစေ၏။
၁၁၇။ ☆၂း၆၀	**وَأَوْحَيْنَا إِلَى مُوسَى أَنْ أَلْقِ عَصَاكَ فَإِذَا هِيَ تَلْقَفُ مَا يَأْفِكُونَ۞** ငါက မူဆာထံ အာရုံဖြစ်စေလျက် ‘‘သင်၏ လက်ထောက်ကို☆ ခင်းကျင်းလော့၊ ထိုအခါ ၎င်းသည် သူတို့၏ လှည့်စားမှုတို့အား မြိုတော့၏။’’[၄၃]
၁၁၈။	**فَوَقَعَ الْحَقُّ وَبَطَلَ مَا كَانُواْ يَعْمَلُونَ۞** သို့ဖြင့် ပရမတ္ထသစ္စာသည် အတည်ဖြစ်၍ သူတို့၏ ကျင့်ကြံလေ့ ရှိသည်များမှာ အမှားဖြစ်ရ၏။
၁၁၉။	**فَغُلِبُواْ هُنَالِكَ وَانقَلَبُواْ صَاغِرِينَ۞** သူတို့သည် ထိုနေရာ၌ပင် အနိုင်ယူခံရလျက်၊ သေးသိမ်စွာဖြင့် ဦးလှည့်ပြန်ရကုန်၏။
၁၂၀။	**وَأُلْقِيَ السَّحَرَةُ سَاجِدِينَ۞** ခင်းကျင်းသော မှော်ဆရာများသည် ဦးချကြလျက်–
၁၂၁။	**قَالُواْ آمَنَّا بِرَبِّ الْعَالَمِينَ۞** ပြောကြသည်မှာ ‘‘ကျွန်ုပ်တို့သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်အား သက်ဝင်ယုံကြည်ကြပါပြီ–
၁၂၂။	**رَبِّ مُوسَى وَهَارُونَ۞** –အရှင်သည် မူဆာနှင့် ဟာရွန်တို့၏ ကံကြမ္မာရှင် ဖြစ်ပါ၏’’ဟု ဖြစ်၏။
၁၂၃။	**قَالَ فِرْعَوْنُ آمَنتُم بِهِ قَبْلَ أَن آذَنَ لَكُمْ إِنَّ هَذَا لَمَكْرٌ مَّكَرْتُمُوهُ فِي الْمَدِينَةِ لِتُخْرِجُواْ مِنْهَا أَهْلَهَا فَسَوْفَ تَعْلَمُونَ۞** ဖာရိုးက ကြုံးဝါးသည်မှာ ‘‘သင်တို့သည် ကျွန်ုပ်၏ ကြေငြာချက် မထုတ်မီ၊ ၎င်းအား ယုံကြည်ကြသလော၊ ဤသည် သင်တို့၏ အကြံအစည်သာ ဖြစ်၏၊ သင်တို့သည် မြို့အတွင်း နေသူတို့အား ထုတ်ယူရန် အလို့ငှာ ထိုအကြံအစည်အား လျှို့ဝှက်တိုင်ပင်ခဲ့သည် မဟုတ်လော၊ မကြာမီ သင်တို့ သိကြရလတ္တံ့–
၁၂၄။ ☆၅း၃၃	**لأُقَطِّعَنَّ أَيْدِيَكُمْ وَأَرْجُلَكُم مِّنْ خِلاَفٍ ثُمَّ لأُصَلِّبَنَّكُمْ أَجْمَعِينَ۞** –သင်တို့၏ ဆက်လုပ်မည့် လက်များ၊ ခြေများကို ဖြတ်တောက်ပစ်မည်၊ ထို့နောက် သင်တို့အားလုံးကို ကားစင်သို့ တင်မည်၊’’ဟု ဖြစ်၏။☆

(၄၃) ကိုယ်တော်မူဆာ၏ တောင်ဝှေး ဆိုသည်မှာ ကိုယ်တော်မူဆာ အားကိုးအားထား ပြုနိုင်သော နောက်လိုက်များကို ဆိုလိုကြောင်း ၂း၆၀ တွင် ရှင်းပြပြီး ဖြစ်သည်။ ဖာရိုး၏ နောက်လိုက်များ ပြသသည်ကို (၂၀း၆၆) တွင် တောင်ဝှေးများ ကြိုးများ ဟု ဆိုပေသည်။ ၎င်းတို့ကို ၂၆း၄၄ ၏ အောက်ခြေ ရှင်းလင်းချက်တွင် ဆက်လက်ဖတ်ရှုပါ။ ဤနေရာ၌ သူတို့၏ လှည့်စားမှုများကို ဝါးမြိုလိုက်သည် ဆိုခြင်းမှာ သူတို့၏ အမှန်တကယ် မဟုတ်သော လှည့်စားထားသော အင်အားကို ကိုယ်တော်မူဆာ၏ အင်အားက အလွယ်တကူ အနိုင်ယူလိုက်သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ သမ္မာကျမ်းစာ၏ ထွက်မြောက်ရာကျမ်း ၇း၁၂ နောက်သို့လိုက်လျက် မှော်၊ စုန်း၊ ဂါထာ မန်းတရား ထဲမှ မထွက်နိုင်လျှင် ကုရ်အာန်ကျမ်းတော်၏ အမှန်တရားသည် မည်သည့်အခါတွင်မှ ထင်ပေါ်လာတော့မည် မဟုတ်ချေ။

၁၂၅။	**قَالُواْ إِنَّا إِلَى رَبِّنَا مُنقَلِبُونَ۝** သူတို့က ပြန်ပြောသည်မှာ ‘‘ကောန်ပင် ကျွန်ုပ်တို့သည် ကံကြမ္မာရှင်၏ ထံသို့သာ ဦးလှည့်ရမည့်သူများ ဖြစ်၏။–
၁၂၆။	**وَمَا تَنقِمُ مِنَّا إِلاَّ أَنْ آمَنَّا بِآيَاتِ رَبِّنَا لَمَّا جَاءتْنَا رَبَّنَا أَفْرِغْ عَلَيْنَا صَبْرًا وَتَوَفَّنَا مُسْلِمِينَ۝** –ကံကြမ္မာရှင်မှ ကျွန်ုပ်တို့ထံသို့ ရောက်လာစေသည့် သုတ်ဒေသနာများကို ကျွန်ုပ်တို့ ယုံကြည်သည့် အကြောင်းမှအပ သင် လက်တုန့်ပြန်နိုင်မည် မဟုတ်ချေ’’ဟု ဖြစ်၏။ ‘‘အို– ကံကြမ္မာရှင် တပည့်တော်တို့အား သည်းခံနိုင်မှု စွမ်းရည်ကို အားပြည့်စေတော်မူပါ၊ ငြိမ်းချမ်းရေးဝါဒီများအဖြစ်နှင့် သက်တမ်းကုန်စေတော်မူပါ၊’’ဟု ဆုပန်ကြ၏။
၁၂၇။ ☆၂၄၉	**وَقَالَ الْمَلأُ مِن قَوْمِ فِرْعَونَ أَتَذَرُ مُوسَى وَقَوْمَهُ لِيُفْسِدُواْ فِي الأَرْضِ وَيَذَرَكَ وَآلِهَتَكَ قَالَ سَنُقَتِّلُ أَبْنَاءهُمْ وَنَسْتَحْيِي نِسَاءهُمْ وَإِنَّا فَوْقَهُمْ قَاهِرُونَ۝** ဖာရိုး၏ လူမျိုး အကြံပေးများက ‘‘သင်သည် မူဆာနှင့် သူ့လူမျိုးအား မြေကမ္ဘာ၌ အဖျက်လုပ်နိုင်ရန်၊ သင့်ကိုးကွယ်ရာတို့အား သင် ချန်ပစ်မိရန် သူ့ကို လွှတ်ထားမည်လော၊’’ဟု ဆိုသော်။ သူက ‘‘ကျွန်ုပ်တို့သည် သူတို့၏ သားယောကျ်ားများကို သတ်၍၊ သူတို့၏ အမျိုးသမီးများကို အသက်ဆက်ခွင့်ပေးလတ္တံ့၊☆ ကျွန်ုပ်တို့က သူတို့အပေါ်မှ ဖူးခြာများ ဖြစ်၏၊’’ဟု ကြိမ်းဝါး၏။
၁၂၈။	**قَالَ مُوسَى لِقَوْمِهِ اسْتَعِينُوا بِاللهِ وَاصْبِرُواْ إِنَّ الأَرْضَ لِلّهِ يُورِثُهَا مَن يَشَاء مِنْ عِبَادِهِ وَالْعَاقِبَةُ لِلْمُتَّقِينَ۝** မူဆာက သူ့လူမျိုးတို့အား ‘‘ပရမတ်ဘုရားရှင်၌ ပံပိုးမှုကိုရှာကြလော့၊ သည်းခံကြလော့၊ မြေကမ္ဘာသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ကောန် ရှိ၏။ အရှင်သည် စိုချိန်ပြည့်သော အမှုတော်ဆောင်များအား အမွေပေးတော်မူ၏၊ ချုပ်ငြိမ်းခြင်းသည် စည်းစောင့်သူတို့အတွက်သာ ဖြစ်၏’’ဟု ဆိုသောအခါ။
၁၂၉။	**قَالُواْ أُوذِينَا مِن قَبْلِ أَن تَأْتِينَا وَمِن بَعْدِ مَا جِئْتَنَا قَالَ عَسَى رَبُّكُمْ أَن يُهْلِكَ عَدُوَّكُمْ وَيَسْتَخْلِفَكُمْ فِي الأَرْضِ فَيَنظُرَ كَيْفَ تَعْمَلُونَ۝** သူတို့က ‘‘ဤမတိုင်မီနှင့် ကျွန်ုပ်တို့ထံသို့ သင်ရောက်လာ ပြီးနောက် ဒဏ်ပေးခံနေရပါ၏၊’’ဟု ဆိုကြ၏။ သူက ‘‘ကံကြမ္မာရှင်သည် သင်တို့အပေါ်၌ စည်းဖေါက်သူအား မကြာမီ တိမ်ကောစေတော်မူ၍၊ သင်တို့ကို မြေကမ္ဘာ၌ ဆက်ခံသူများ ဖြစ်စေနိုင်ရာ၏။ သူတို့ မည်သို့ ကျင့်ကြံသည်ကို စောင့်ကြည့်ကြလော့၊’’ဟု ဟောကြား၏။
၁၃၀။	**وَلَقَدْ أَخَذْنَا آلَ فِرْعَونَ بِالسِّنِينَ وَنَقْصٍ مِّن الثَّمَرَاتِ لَعَلَّهُمْ يَذَّكَّرُونَ۝** ငါသည် ဖာရိုး မင်းဆက်အား ၎င်းတို့ ဆင်ခြင်သတိရှိဒဏ်ခံစေရာ သစ်သီးဝလံများ ယုတ်လျော့ခြင်း နှစ်များဖြင့် သိမ်းဆီးတော်မူ၏။
၁၃၁။	**فَإِذَا جَاءتْهُمُ الْحَسَنَةُ قَالُواْ لَنَا هَذِهِ وَإِن تُصِبْهُمْ سَيِّئَةٌ يَطَّيَّرُواْ بِمُوسَى وَمَن مَّعَهُ أَلا إِنَّمَا طَائِرُهُمْ عِندَ اللهِ وَلَكِنَّ أَكْثَرَهُمْ لاَ يَعْلَمُونَ۝** သူတို့ထံ သုမင်္ဂလာ ရောက်လာစေသောအခါ၊ ‘‘ဤသည် ကျွန်ုပ်တို့ကြောင့်၊’’ဟု ပြောဆိုကြ၍။ အကုသိုလ် ထိသက်လျှင်– မူဆာ၊ သူနှင့်အတူ ရှိသူများ၏ လူးလာဆန်ခတ်လုပ်မှုကြောင့်ဟု ဖြစ်၏။ မှတ်သားလော့ လူးလာဆန်ခတ်ဖြစ်စေခြင်းများသည် ပရမတ်ဘုရားရှင်၏ထံမှ ဖြစ်၏။ သို့ရာတွင် အများစုသည် အသိမရှိကြချေ။
၁၃၂။	**وَقَالُواْ مَهْمَا تَأْتِنَا بِهِ مِن آيَةٍ لِّتَسْحَرَنَا بِهَا فَمَا نَحْنُ لَكَ بِمُؤْمِنِينَ۝** ထို့အပြင် သူတို့က ‘‘ကျွန်ုပ်တို့အား ပြုစားရန် မည်သည့် သုတ်ဒေသနာကို မဆို၊ သင် ယူလာသော်လည်း၊ သင့်အား ယုံကြည်မည် မဟုတ်ချေ။’’ ဟုဆိုကြ၏။

၁၃၃။ ☆၉း၃၃	**فَأَرْسَلْنَا عَلَيْهِمُ الطُّوفَانَ وَالْجَرَادَ وَالْقُمَّلَ وَالضَّفَادِعَ وَالدَّمَ آيَاتٍ مُّفَصَّلَاتٍ فَاسْتَكْبَرُواْ وَكَانُواْ قَوْمًا مُّجْرِمِينَ۞** သို့ဖြင့်၊ ရှင်းလင်းဆုံးဖြတ်ချက် နိမိတ်လက္ခဏာ အဖြစ် သူတို့အပေါ်၌ လေဘေးမုန်တိုင်း၊ နှံကောင်များ၊ သန်းများ၊ ဖားများ၊ သွေးများကို ငါ စေပို့၏။☆ သို့သော် သူတို့သည် မာန်တက်လျက် ရာဇဝတ်ကောင် လူမျိုး ဖြစ်နေဆဲပင်။၄၄
၁၃၄။	**وَلَمَّا وَقَعَ عَلَيْهِمُ الرِّجْزُ قَالُواْ يَا مُوسَى ادْعُ لَنَا رَبَّكَ بِمَا عَهِدَ عِندَكَ لَئِن كَشَفْتَ عَنَّا الرِّجْزَ لَنُؤْمِنَنَّ لَكَ وَلَنُرْسِلَنَّ مَعَكَ بَنِي إِسْرَآئِيلَ۞** သူတို့အပေါ်၌ ဆိုးကျိုးသည် တည်လာသောအခါ၊ "အို– မူဆာ၊ သင်ထံ၌ ပဋိညာဉ်ရှိသည့်အတိုင်း ကျွန်ုပ်တို့အတွက် ကံကြမ္မာရှင်ထံ၌ ဆုတောင်းလော့၊ ဆိုးကျိုးကို ကျွန်ုပ်တို့မှ ဖယ်ရှားပေးလျှင် ကျွန်ုပ်တို့သည် သင့်အား ယုံကြည်လျက်၊ သင်နှင့်အတူ ဣသရေလူမျိုးများကို စေလွှတ်ပေးပါမည်၊"ဟု ပြောဆိုကြ၏။
၁၃၅။	**فَلَمَّا كَشَفْنَا عَنْهُمُ الرِّجْزَ إِلَى أَجَلٍ هُم بَالِغُوهُ إِذَا هُمْ يَنكُثُونَ۞** သတ်မှတ်ကာလ တစ်ခုထိ သူတို့ထံမှ ဆိုးကျိုးကို ဖယ်ရှားပေးသောအခါ၊ ထိုအချိန် ဆိုက်ရောက်သည်နှင့် သူတို့သည် ကတိဖေါက်ဖျက်ကြကုန်၏။၄၅
၁၃၆။ ☆၂း၅၀	**فَانتَقَمْنَا مِنْهُمْ فَأَغْرَقْنَاهُمْ فِي الْيَمِّ بِأَنَّهُمْ كَذَّبُواْ بِآيَاتِنَا وَكَانُواْ عَنْهَا غَافِلِينَ۞** သို့ဖြင့် သူတို့သည် ငါ၏ သုတ်ဒေသနာများကို ငြင်းဆန်မှုကြောင့် သူတို့အား တန်ပြန်စေ၍၊ သူတို့အား မြစ်ထဲ၌ နစ်စေခဲ့ပြီ။☆ သူတို့သည် မေ့လျော့နေသူများ ဖြစ်ကြ၏။
၁၃၇။ အင်ပါယာ	**وَأَوْرَثْنَا الْقَوْمَ الَّذِينَ كَانُواْ يُسْتَضْعَفُونَ مَشَارِقَ الأَرْضِ وَمَغَارِبَهَا الَّتِي بَارَكْنَا فِيهَا وَتَمَّتْ كَلِمَتُ رَبِّكَ الْحُسْنَى عَلَى بَنِي إِسْرَآئِيلَ بِمَا صَبَرُواْ وَدَمَّرْنَا مَا كَانَ يَصْنَعُ فِرْعَوْنُ وَقَوْمُهُ وَمَا كَانُواْ يَعْرِشُونَ۞** ငါသည် အင်အားချိန်ခွဲခဲ့သည့် လူမျိုးအား ထိုမြေ၏ နေထွက်ရာ နေဝင်ရာ ဒေသများကို အမွေပေးခဲ့ပြီ၊ ထိုမြေအား ကျက်သရေအဖြာဖြာနှင့် ပြည့်စုံစေပြီ။ ဣသရေလူမျိုးများ အပေါ်၌ သူတို့၏ သည်းခံမှုများကြောင့် ကံကြမ္မာရှင်၏ တင့်တယ်သော ကတိဗျာဒိတ်တော်ကို ဖြည့်ဆီးပေးခဲ့ပြီ။ ဖာရိုးနှင့် သူ့လူမျိုးတို့၏ **အရိုက်အရာ** အထပ်ထပ်ကို လုံးဝ ပျက်စီးစေတော်မူပြီ။၄၆

---

(၄၃၄) **الطُّوفَانَ တူဖန်း** ဆိုသည်မှာ လူ အသေအပျောက်များသော တိုင်ဖုန်းမုန်တိုင်းကြီး ဖြစ်သည်။ **الْجَرَادَ ဣရာဒ်** ဆိုသည်မှာ ကောက်ပဲသီးနှံများကို ဖျက်ဆီးသည့် သီးနှံဖျက်ပိုးဖြစ်၍ **الْقُمَّلَ ကွမ်မာလ်** တယ်ကပ်၍ သွေးစုပ်တတ်သည့် မွှား၊ သန်းကောင်များကို ဆိုလိုသည်။ **الضَّفَادِعَ သ္ဆဖာဒါအ်** ဆိုသည်မှာ သောက်သုံးရေများကို ဖျက်ဆီးသည့် ဖားတစ်မျိုး ဖြစ်၍ သွေးဆိုသည်မှာ သတ္တဝါများ အသေဆိုးနှင့် သေရခြင်းကို ဆိုလိုပေသည်။ ဤလက္ခဏာများအားလုံးသည် လူသားတို့၏ စည်းပျက်မှု၊ လောကစည်းကမ်းကို မလိုက်နာမှုများကြောင့် ဖြစ်ပေါ်လာသည့် ဖြစ်ရပ်ဆိုးများ ဖြစ်ပေသည်။ ကျမ်းတော်တွင် လူသားတို့ စည်းမပျက်ဘဲ လူ့လက်ရာမပါဘဲ ဖြစ်လာရသော ဆိုးကျိုးဆက်ဟူ၍ ဖေါ်ပြပြောဆိုလေ့မရှိချေ။ ဥပမာ အားဖြင့် အနုမြူဗုံးအား လူ့စည်းကမ်းကို မလိုက်နာသည့် ကြီးနိုင်ငယ်ညှင်း ပြုမည့်သူ၏ လက်ထဲတွင်ထား၍၊ ထိုလူမျိုးကပင် စည်းဖေါက်လျက် ပရမ်းပတာ ပြုလုပ် လျှင် အနုမြူဗုံး ပေါက်ကွဲသည့် ဒဏ်ကို သူတို့ကိုယ်တိုင် ခံရမည် ဖြစ်ပေသည်။

(၄၃၅) ဖာရိုး၏ တိုင်းသူပြည်သားများ အပေါ်သို့ ကျရောက်သော ဆိုးကျိုးဆက်များမှာ ကျွန်ုပ်တို့ စိတ်ကူးစိတ်သန်းဖြင့် ပုံဖေါ်မိသော "ဝုန်း ကနဲ" ပေါ်လာပြီး၊ ကိုယ်တော်မူဆာက ဆုတောင်းလိုက်သော အခါတွင် "ဝုန်း ကနဲ" ပြန်ပျောက်သွားသည် မဟာတန်ခိုးတော်ကြီး မဟုတ်ပေ။ ထိုသို့ ဒဏ္ဍာရီပုံပြင် တန်ခိုးများကိုလည်း ကျမ်းတော်တွင် မည်သည့် အခါတွင်မှ မဖေါ်ပြချေ။ ဆိုးကျိုးဆက်၊ ကောင်းကျိုးဆက်များ ဖြစ်ရန် ပြုလုပ်မှု၏ နောက် အချိန်တစ်ခု ရှိပေသည်။ အလားတူပင် ဆိုးကျိုးဆက်များအား ပြန်လည် ပြုပြင်၍ နဂိုမူလ အခြေအနေသို့ ပြန်ရောက်ရန်လည်း အချိန်တစ်ခု ပေးဆပ်ရပေသည်။ တိုအကြောင်းကို "သတ်မှတ်ကာလ တစ်ခုထိ" ဟူသော စကားက ခိုင်ခိုင်မာမာ ပြောဆိုပေသည်။

(၄၃၆) **يَعْرِشُونَ** ကို ဆရာတော်ကြီးများက နန်းတော် သို့မဟုတ် ရဲတိုက်များဟု ဘာသာပြန်ကြသည်။ ထိုစကားလုံးမှာ **ဟ်ရ အရ်ရေ့်** အာဏာပိုင်စိုးခြင်း အနက်ကို ပေးသည့် စကားလုံးမှ ဆင့်ပွားခြင်း ဖြစ်၍ ဤဘာသာပြန်တွင် **အရိုက်အရာ၊ ဆက်ခံမှု မျိုးဆက် အင်ပါယာ** ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

၁၃၈။	**وَجَاوَزْنَا بِبَنِي إِسْرَآئِيلَ الْبَحْرَ فَأَتَوْاْ عَلَى قَوْمٍ يَعْكُفُونَ عَلَى أَصْنَامٍ لَّهُمْ قَالُواْ يَا مُوسَى اجْعَل لَّنَا إِلَـهًا كَمَا لَهُمْ آلِهَةٌ قَالَ إِنَّكُمْ قَوْمٌ تَجْهَلُونَ۝**
☆၂၅၀	ငါသည် ဣသရေလအမျိုးတို့အား ပင်လယ်ဝကို ဖြတ်ကျော်စေ၍၊☆ ရုပ်ပွားဆင်းတုအပေါ် ဝဇီပိတ်လက်ခံနေသော လူမျိုးထံသို့ ရောက်စေ သောအခါ၊ "အို– မူဆာ၊ ကျွန်ုပ်တို့အတွက်လည်း သူတို့၏ ကိုးကွယ်စရာကဲ့သို့ ကိုးကွယ်ရာတစ်ခု စီစဉ်ပေးပါ၊"ဟု တောင်းဆိုကြ၏။ သူက ဟောပြောသည်မှာ "သင်တို့သည် ပညာမဲ့သော လူမျိုးပင် ဖြစ်၏၊–
၁၃၉။	**إِنَّ هَؤُلاء مُتَبَّرٌ مَّا هُمْ فِيهِ وَبَاطِلٌ مَّا كَانُواْ يَعْمَلُونَ۝**
	–ထိုသူတို့သည်ကား ဖျက်ဆီးခံရမည့်သူများ ဖြစ်၏၊ သူတို့၏ ကျင့်ဆောင်မှုများကြောင့် အမှားထဲမှ ဖြစ်ရ၏။"
၁၄၀။	**قَالَ أَغَيْرَ اللهِ أَبْغِيكُمْ إِلَـهًا وَهُوَ فَضَّلَكُمْ عَلَى الْعَالَمِينَ۝**
	သူက "သင်တို့အတွက် ပရမတ်ဘုရားရှင်မှအပ အခြား ဘုရားကို ရှာပေးရမည်လော၊ အရှင်သည် သင်တို့အား လောကခပ်သိမ်းထက် သိက္ခာပေးခဲ့ပြီး ဖြစ်၏။"ဟု ဆို၏။
၁၄၁။	**وَإِذْ أَنجَيْنَاكُم مِّنْ آلِ فِرْعَونَ يَسُومُونَكُمْ سُوَءَ الْعَذَابِ يُقَتِّلُونَ أَبْنَاءكُمْ وَيَسْتَحْيُونَ نِسَاءكُمْ وَفِي ذَلِكُم بَلاء مِّن رَّبِّكُمْ عَظِيمٌ۝**
☆၂၄၉	ထို့ပြင် သင်တို့၏ သားယောကျ်ားများကို သုတ်သင်ကာ၊ အမျိုးသမီးများကိုသာ အသက်ဆက်ခွင့်ပေးသည့် ဖိရိုးမင်းဆက်၏ အကုသိုလ် ဝဋ်ကြွေး အမှတ်သညာ ဖြစ်စေသူများမှ သင်တို့အား ငါ လွတ်မြောက်စေခဲ့ပြီ၊ ထို၌ သင်တို့အား သင်တို့၏ ကံကြမ္မာရှင်မှ မဟာစုံစမ်းမှုကြီး ရှိနေ၏။☆
၁၄၂။	**وَوَاعَدْنَا مُوسَى ثَلاَثِينَ لَيْلَةً وَأَتْمَمْنَاهَا بِعَشْرٍ فَتَمَّ مِيقَاتُ رَبِّهِ أَرْبَعِينَ لَيْلَةً وَقَالَ مُوسَى لأَخِيهِ هَارُونَ اخْلُفْنِي فِي قَوْمِي وَأَصْلِحْ وَلاَ تَتَّبِعْ سَبِيلَ الْمُفْسِدِينَ۝**
☆၂၅၁	ငါသည် မူဆာအား ညပေါင်းသုံးဆယ် ကတိထား၍၊ ထို၌ ဆယ်ညကို ထပ်ဖြည့်စေလျက် ကံကြမ္မာရှင်၏ ပြဋ္ဌာန်းကာလသည် ညပေါင်း လေးဆယ် ပြည့်စေ၏။☆ မူဆာက သူ့အကို ဟာရွန်အား "ကျွန်ုပ်၏ လူမျိုး၌ သင်သည် ကျွန်ုပ်ကိုယ်စား ဖြစ်၏။ ပြုပြင်ပြောင်းလဲလော့။ အဖျက်ကောင်တို့၏ လမ်းစဉ်အား မလိုက်နာနှင့်၊"ဟု ဆို၏။
၁၄၃။	**وَلَمَّا جَاء مُوسَى لِمِيقَاتِنَا وَكَلَّمَهُ رَبُّهُ قَالَ رَبِّ أَرِنِي أَنظُرْ إِلَيْكَ قَالَ لَن تَرَانِي وَلَـكِنِ انظُرْ إِلَى الْجَبَلِ فَإِنِ اسْتَقَرَّ مَكَانَهُ فَسَوْفَ تَرَانِي فَلَمَّا تَجَلَّى رَبُّهُ لِلْجَبَلِ جَعَلَهُ دَكًّا وَخَرَّ موسَى صَعِقًا فَلَمَّا أَفَاقَ قَالَ سُبْحَانَكَ تُبْتُ إِلَيْكَ وَأَنَاْ أَوَّلُ الْمُؤْمِنِينَ۝**
	မူဆာသည် ငါ၏ ပြဋ္ဌာန်းကာလ စေ့ရောက်သော်၊ သူ့အား ကံကြမ္မာရှင်က ဗျာဒိတ်ခြွေ၏။ သူက "အို– ကံကြမ္မာရှင် တပည့်တော်အား ကိုယ်ရုံပြတော်မူပါ၊ အရှင့်ထံ ဖူးမျှော်လိုပါ၏၊"ဟု ဆုပန်သော်၊ အရှင်က "ငါ့အား ရှုမြင်နိုင်သည် မဟုတ်၊ သို့ရာတွင် တောင်ဆီသို့ ကြည့်လော့၊ ၎င်းသည် ထိုနေရာ၌ တည်ရှိနေလျှင်၊ ငါ့အား ရှုမြင်နိုင်မည်၊"ဟု မိန့်၍၊ သူ၏ ကံကြမ္မာရှင်သည် တောင်ပေါ်၌ ဘုန်းတော်ကို တောက်ပစေလျက်၊ ၎င်းအား ကြေမွအောင် စီစဉ်တော်မူ၏။ မူဆာသည်လည်း အသံကြောင့်လဲကျ မိန်းမောသွား၍၊ ပြန်ထသောအခါ "အရှင်သည် ဦးထိပ်ထားရာ ဖြစ်ပါ၏၊ တပည့်တော်သည် အရှင့်ထံ ခဝါချလျက် ဦးဦးဖျားဖျား သက်ဝင်ယုံကြည်ပါ၏။"ဟု ရင့်ကျူး၏။[၄၄၇]

---

(၄၄၇) ပရမတ်ဘုရားရှင်သည် ကိုယ်ထည် အတွေ့ သဏ္ဌာန်ဖြင့် တည်နေခြင်း မဟုတ်ချေ။ အရှင်သည် ဉာဏ်စဉ်တော်၏ ဇစ်မြစ်၊ စကြာဝဠာများ၏ ကံကြမ္မာ၏ ဇစ်မြစ် ဖြစ်၏။ ကိုယ်တော်မူဆာက ဖူးမျှော်ရန် ဆုတောင်းသည် ဆိုခြင်းမှ ၂၀၅ တွင် ဖေါ်ပြသကဲ့သို့ သူ့လူမျိုးများမှ အကြီးအကဲများ၏ ဆန္ဒကို ပြလည်တင်ပြခြင်းသာ ဖြစ်ပေသည်။ "တောင်" ဆိုသည်မှာ မာနကြီးသော အတွေ့ကြီးသော မာပြင်းသည် နှလုံးသားပိုင်ရှင် လူသားများ၊ စစ်မင်းကြီးများကို ဆိုလိုကြောင်း ကျမ်းတော်တွင် မကြာခဏ ဖေါ်ပြပေသည်။ ထိုသူများပင် ပွင့်ပေါ်လာသော ခေါင်းဆောင်များကို လက်မခံသည့် တိုင် လောကမွမွ၏ အမှန်တရားပေါ်၌ ခေါင်းမာနိုင်စွမ်း မရှိကြောင်းကို မူဆာကိုယ်တိုင်တွေ့ရကြောင်းကို ပြန်လည် ထင်ယပ်စေခြင်း ဖြစ်ပေသည်။

၁၄၄။	**قَالَ يَا مُوسَى إِنِّي اصْطَفَيْتُكَ عَلَى النَّاسِ بِرِسَالاَتِي وَبِكَلاَمِي فَخُذْ مَا آتَيْتُكَ وَكُن مِّنَ الشَّاكِرِينَ۞** အရှင်က ''အေ–မူဆာ၊ ငါသည် သင့်အား လူသားတို့ အပေါ်၌ ငါ၏ ဉာဏ်စဉ်ဆောင်၊ ငါ့ ဗျာဒိတ်ဆောင် အဖြစ် ရွေး ချယ်တော်မူပြီ။ သို့ဖြစ်၍ ငါ ချီးမြှင့်ရာအား အယူထားလော့၊ ကျေးဇူးသိတတ်သူတို့မှ ဖြစ်လော့။''ဟု မိန့်ခြေ၏။
၁၄၅။	**وَكَتَبْنَا لَهُ فِي الأَلْوَاحِ مِن كُلِّ شَيْءٍ مَّوْعِظَةً وَتَفْصِيلاً لِّكُلِّ شَيْءٍ فَخُذْهَا بِقُوَّةٍ وَأْمُرْ قَوْمَكَ يَأْخُذُواْ بِأَحْسَنِهَا سَأُرِيكُمْ دَارَ الْفَاسِقِينَ۞** ငါသည် သူ့အဘို့ ခပ်သိမ်းကုန်၏ အဆုံးအမများနှင့် ခပ်သိမ်းကုန်အတွက် ရှင်းလင်းဆုံးဖြတ်ချက်ကို ကျောက်ပြား၌ ရေးမှတ်စေခဲ့ပြီ။ သို့ဖြစ်၍ ၎င်းအား အစွမ်းရှိရှိ အယူမြဲလော့၊ တင့်တယ်သော အယူရှိရန် သင့်လူမျိုးအား ညွှန်ကြား လော့။ အသင်တို့အား ယုတ်မာသူများ၏ ဗိမာန်အား ပြသတော်မူလတ္တံ့။
၁၄၆။	**سَأَصْرِفُ عَنْ آيَاتِيَ الَّذِينَ يَتَكَبَّرُونَ فِي الأَرْضِ بِغَيْرِ الْحَقِّ وَإِن يَرَوْاْ كُلَّ آيَةٍ لاَّ يُؤْمِنُواْ بِهَا وَإِن يَرَوْاْ سَبِيلَ الرُّشْدِ لاَ يَتَّخِذُوهُ سَبِيلاً وَإِن يَرَوْاْ سَبِيلَ الْغَيِّ يَتَّخِذُوهُ سَبِيلاً ذَلِكَ بِأَنَّهُمْ كَذَّبُواْ بِآيَاتِنَا وَكَانُواْ عَنْهَا غَافِلِينَ۞** မြေကမ္ဘာ၌ သစ္စာမဲ့စွာဖြင့် မာနကြီးနေသောသူတို့အား ငါ၏ သုတ်ဒေသနာတိုင်းမှ ဘက်လှည့်ထားတော်မူလတ္တံ့။ သူတို့သည် နိမိတ်လက္ခဏာများကို မြင်ရငြားလည်း၊ ထို၌ ယုံကြည်ကြမည် မဟုတ်ချေ။ ဖြောင့်မတ်သော လမ်းစဉ်အား မြင်ရငြားလည်း၎င်းကို လမ်းစဉ်အဖြစ် ယူမှတ်မည် မဟုတ်ချေ။ တိမ်းပါးသော လမ်းစဉ်ကို မြင်ရသော်၎င်းကိုသာ လမ်းစဉ်အဖြစ် ယူမှတ်ကြပေအံ့။ ဤသည်မှာ သူတို့သည် ငါ၏ သုတ်ဒေသနာများကို ငြင်းဆန်မှု၊ ထို၌ မေ့လျော့နေသူများ ဖြစ်ခြင်းကြောင့်ပင်တည်း။
၁၄၇။	**وَالَّذِينَ كَذَّبُواْ بِآيَاتِنَا وَلِقَاء الآخِرَةِ حَبِطَتْ أَعْمَالُهُمْ هَلْ يُجْزَوْنَ إِلاَّ مَا كَانُواْ يَعْمَلُونَ۞** ငါ၏ သုတ်ဒေသနာများ၊ နောင်ဘဝ၏ ဆုံတွေ့ရခြင်းများအား ငြင်းဆန်သောသူတို့၏ ကျင့်ကြံမှုများသည် အချည်းနှီး ပင် ဖြစ်၏။ မိမိတို့သည် ကျင့်ကြံခဲ့ခြင်း မရှိသည်ကိုသာ အစားပေး လိုချင်ကြသလော။
၁၄၈။	**وَاتَّخَذَ قَوْمُ مُوسَى مِن بَعْدِهِ مِنْ حُلِيِّهِمْ عِجْلاً جَسَدًا لَّهُ خُوَارٌ أَلَمْ يَرَوْاْ أَنَّهُ لاَ يُكَلِّمُهُمْ وَلاَ يَهْدِيهِمْ سَبِيلاً اتَّخَذُوهُ وَكَانُواْ ظَالِمِينَ۞** မူဆာ၏ လူမျိုးများသည် သူ့နောက်ကွယ်တွင် သူတို့၏ လက်ဝတ်တန်ဆာများဖြင့် နွားငယ် ကိုယ်ထည်နှင့် ထိုမှ အသံ ထွက်ရန် လုပ်ယူကြ၏၊ ၎င်းသည် သူတို့အား စကားလည်းမပြော၊ မည်သည့် လမ်းစဉ်ကိုမှလည်း ညွှန်ပြခြင်း မရှိ သည်ကို မမြင်ကြသလော။ ၎င်းအား အယူထားသူသည် အမှိုက်ကောင်များပင် ဖြစ်၏။
၁၄၉။	**وَلَمَّا سُقِطَ فِي أَيْدِيهِمْ وَرَأَوْاْ أَنَّهُمْ قَدْ ضَلُّواْ قَالُواْ لَئِن لَّمْ يَرْحَمْنَا رَبُّنَا وَيَغْفِرْ لَنَا لَنَكُونَنَّ مِنَ الْخَاسِرِينَ۞** သူတို့သည် စိတ်ပျက် လက်ပန်း ကျလျက်၊ လမ်းလွဲနေကြပြီ ဖြစ်ကြောင်း တွေ့မြင်သောအခါ၊ ''ကျွန်ုပ်တို့၏ ကံကြမ္မာရှင်သည် ကျွန်ုပ်တို့အား ကရုဏာမသက်ခဲ့လျှင်၊ လွတ်ငြိမ်းခွင့်မပေးခဲ့လျှင် ကျွန်ုပ်တို့သည် ဆုံးရှုံးသူများမှ ဖြစ်ရေချေပြီ၊''ဟု ညီးညူကြ၏။
၁၅၀။	**وَلَمَّا رَجَعَ مُوسَى إِلَى قَوْمِهِ غَضْبَانَ أَسِفًا قَالَ بِئْسَمَا خَلَفْتُمُونِي مِن بَعْدِيَ أَعَجِلْتُمْ أَمْرَ رَبِّكُمْ وَأَلْقَى الأَلْوَاحَ وَأَخَذَ بِرَأْسِ أَخِيهِ يَجُرُّهُ إِلَيْهِ قَالَ ابْنَ أُمَّ إِنَّ الْقَوْمَ اسْتَضْعَفُونِي وَكَادُواْ يَقْتُلُونَنِي فَلاَ تُشْمِتْ بِيَ**

ထိုကဲ့သို့ အချင်းအရာကို မူဆာကိုယ်တိုင် ကြုံတွေ့ရကြောင်း သုတ်တော် ၁၃၄ တွင် ဖေါ်ပြပြီး ဖြစ်ပေသည်။ လောကဓံ အမှန်တရား ဓမ္မသည် တည်မြဲနေကြောင်း မူဆာကိုယ်တော်တိုင် ကိုယ်တွေ့ အတွေ့အကြုံဖြင့် ပြန်လည်သုံးသပ် သိမြင်နိုင်ရန် သတိပြန်ဝင်စေခြင်း ဖြစ်ပေသည်။

၇း၁၀၇	**الأَعْدَاء وَلاَ تَجْعَلْنِي مَعَ الْقَوْمِ الظَّالِمِينَ۝** မူဆာသည် သူ့လူမျိုးများထံသို့ ပြန်လာသောအခါ၊ ထူပူ ဒေါသဖြင့်[၄၃]“ သင်တို့သည် ကျွန်ုပ်၏ ကိုယ်စားလှယ် အဖြစ်မှ ကျွန်ုပ်၏ နောက်ကွယ်၌ အမင်္ဂလာကို စီစဉ်ခဲ့ပြီ။ ကံကြမ္မာရှင်၏ ညှာနှာခေါင်းမှမရှိမှီ သင်တို့ အလျင်လိုလှချေ တကား၊”ဟု ဆို၍ ကျောက်စာကို **ခင်းကျင်းပြင်၏။** ထို့နောက် သူ့အကိုဏ္ဍ ဦးခေါင်းကို သူ့ထံသို့ ဆွဲယူသော်၊[၄၄]★ “အို– အမေဏ်သား၊ ဤလူမျိုးသည် ကျွန်ုပ်အား ချိနဲ့သူဟု သတ်မှတ်လျက်၊ ကျွန်ုပ်အား သတ်ဖြတ်ရန် တကဲကဲပြု ကြ၏။ သို့ဖြစ်၍ စည်းဖေါက်သူများ အားရအောင် မပြုပါနှင့်၊ ကျွန်ုပ်အား မိုက်ကြေးခွဲသော လူမျိုးများထဲမှဖြစ်ရန် မစီစဉ်ပါနှင့်၊”ဟု ဆို၏။
၁၅၁။	**قَالَ رَبِّ اغْفِرْ لِي وَلأَخِي وَأَدْخِلْنَا فِي رَحْمَتِكَ وَأَنتَ أَرْحَمُ الرَّاحِمِينَ۝** သူက “အို– ကံကြမ္မာရှင်၊ တပည့်တော်နှင့် တပည့်တော်၏ အစ်ကိုအား လွှတ်ငြိမ်းစေတော်မူပါ။ အရှင်၏ ကရုဏာတွင်းသို့ ဝင်ခွင့်ပြုတော်မူပါ၊ အရှင်သည် ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူပါ၏။”ဟု ဆုပန်လေ၏။
၁၅၂။ နွားကိုးကွယ်မှု	**إِنَّ الَّذِينَ اتَّخَذُواْ الْعِجْلَ سَيَنَالُهُمْ غَضَبٌ مِّن رَّبِّهِمْ وَذِلَّةٌ فِي الْحَياةِ الدُّنْيَا وَكَذَلِكَ نَجْزِي الْمُفْتَرِينَ۝** ဇကေပင် **နွားငယ်ကို** အယူထားသောသူတို့အား ကံကြမ္မာရှင်၏ထံမှ ကံကြီးသင့်ခြင်း ဆွတ်ခူးစေလတ္တံ့။ ဤလောကီဘဝ၌ ဂုဏ်သိမ်နိမ့်ပါးစေလတ္တံ့။ ဤသည် လုပ်ကြံဖန်တီးသူတို့အတွက် အစားပေးမှုပင် ဖြစ်၏။
၁၅၃။	**وَالَّذِينَ عَمِلُواْ السَّيِّئَاتِ ثُمَّ تَابُواْ مِن بَعْدِهَا وَآمَنُواْ إِنَّ رَبَّكَ مِن بَعْدِهَا لَغَفُورٌ رَّحِيم۝** အကုသိုလ်များကို ကျင့်ကြံမိသော သူတို့သည်၊ တဖန် ထို့နောက်တွင်မှ ချဝါချလျက် သက်ဝင်ယုံကြည်အံ့။ ဤပြီးနောက်တွင် ကံကြမ္မာရှင်သည်– ဇကေပင် လွှတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။
၁၅၄။ ၇း၁၅၀	**وَلَمَّا سَكَتَ عَن مُّوسَى الْغَضَبُ أَخَذَ الأَلْوَاحَ وَفِي نُسْخَتِهَا هُدًى وَرَحْمَةٌ لِّلَّذِينَ هُمْ لِرَبِّهِمْ يَرْهَبُونَ۝** မူဆာသည် **စိတ်ဒေါသ** ပျယ်ပျောက်သွားသော အခါ။ ကံကြမ္မာရှင်အား ကြောက်ရွံ့သောသူတို့ အတွက် လမ်းညွှန်နှင့် ကရုဏာတော်အား ကမည်းထိုးထားသော ကျောက်ပြားကို သိမ်းယူလိုက်၏။
၁၅၅။ ☆၂း၅၅ ★၂း၂၀၄	**وَاخْتَارَ مُوسَى قَوْمَهُ سَبْعِينَ رَجُلاً لِّمِيقَاتِنَا فَلَمَّا أَخَذَتْهُمُ الرَّجْفَةُ قَالَ رَبِّ لَوْ شِئْتَ أَهْلَكْتَهُم مِّن قَبْلُ وَإِيَّايَ أَتُهْلِكُنَا بِمَا فَعَلَ السُّفَهَاء مِنَّا إِنْ هِيَ إِلاَّ فِتْنَتُكَ تُضِلُّ بِهَا مَن تَشَاء وَتَهْدِي مَن تَشَاء أَنتَ وَلِيُّنَا فَاغْفِرْ لَنَا وَارْحَمْنَا وَأَنتَ خَيْرُ الْغَافِرِينَ۝** မူဆာသည် သူ့လူမျိုးမှ ယောကျ်ား ခုနှစ်ဆယ်ကို ငါ့ ရက်ချိန်းအတွက် ရွေးချယ်ခဲ့၏။ သူတို့အား ငလျင်ကြီးဖြင့် အရေးယူသောအခါ။☆ သူ ဆုပန်သည်မှာ“အို ကံကြမ္မာရှင်၊ အရှင့် စံချိန်ပြည့်ခဲ့လျှင်★ တပည့်တော်ကို ဖြစ်စေ၊ သူတို့ကို ဖြစ်စေ ရှေ့အလျင်ကပင် တိမ်ကောပပျောက်ပြီး ဖြစ်စေလတ္တံ့။ တပည့်တော်တို့၏ အနက်မှ တုံးအသူများ၏ ပြုလုပ်မှုကြောင့် တပည့်တော်တို့အား တိမ်ကောစေမည်လော။ ၎င်းသည် စံချိန်ပြည့်သူအလျောက် လွှဲမှားစေသော၊ စံချိန်ပြည့်သူအလျောက် လမ်းညွှန်ပေးသော အရှင့် စမ်းသပ်မှုသာ ဖြစ်၏။ အရှင်သည် တပည့်တော်တို့၏ မဟာမိတ်ဖြစ်ပါ၏၊ တပည့်တော်တို့အား လွှတ်ငြိမ်းစေတော်မူပါ၊ ကရုဏာသက်တော်မူပါ၊ အရှင်သည် အကောင်းဆုံး လွှတ်ငြိမ်းစေသော အရှင် ဖြစ်ပါ၏။–
၁၅၆။	**وَاكْتُبْ لَنَا فِي هَذِهِ الدُّنْيَا حَسَنَةً وَفِي الآخِرَةِ إِنَّا هُدْنَا إِلَيْكَ قَالَ عَذَابِي أُصِيبُ بِهِ مَنْ أَشَاء وَرَحْمَتِي**

---

(၄၃၈) **غَضْبَانَ أَسِفًا** ဂါတ်သွတ္တာနာန အာ **ဆေဖန်** သည် **ဂသွတ္တ** အမျက်ဒေါသ၊ ကံသင့်စေသည် နှင့် **အဆေဖန်** စိတ်ပူပန်၊ စိုးရိမ်သည် ဟူသော ဝေါဟာရ နှစ်လုံးပေါင်း၍ “ကရုဏာဒေါသ” ဟု အဓိပ္ပါယ်ပေးပေသည်။

(၄၃၈☆) ကိုယ်တော်မူဆာက ဟာရွန်အား ဦးခေါင်းကို ဆွဲသည် ဆိုခြင်းမှာ မုတ်ဆိတ်ကို ကိုင်၍ ဦးခေါင်းကို ဆွဲခြင်း ဖြစ်သည်၊ ၂၀း၉၄။

☆၂၄၃	**وَسِعَتْ كُلَّ شَيْءٍ فَسَأَكْتُبُهَا لِلَّذِينَ يَتَّقُونَ وَيُؤْتُونَ الزَّكَاةَ وَالَّذِينَ هُم بِآيَاتِنَا يُؤْمِنُونَ۝** –တပည့်တော်တို့ အတွက် ဤဘဝ နောင်ဘဝတွင် တင့်တယ်မှုကို ပြဋ္ဌာန်းပေးတော်မူပါ။ တပည့်တော်တို့သည် အရှင်ထံသို့သာ ဦးညွတ်ခဲ့ပါပြီ”ဟု ဖြစ်၏။ အရှင်က “ငါ၏ ဝဋ်ကြွေးဒဏ်ကို စံချိန်ပြည့်သူ အတွက်သာ ထိသက်စေ၏။ ငါ၏ ကရုဏာတော်သည် သဗ္ဗလုံးစုံသို့ ဖြန့်ကျက်နေတော်မူ၍၊ ၎င်းအား စည်းစောင့်၍ အခွန်ငွေဖြူ ပေးသော သူတို့☆ အတွက် ပြဋ္ဌာန်းထားတော်မူ၏။ ထိုသူတို့သည် ငါ၏ သုတ်ဒေသနာများအား သက်ဝင်ယုံကြည်ကြ၏။”ဟု မိန့်တော်မူ၏။
၁၅၇။	**الَّذِينَ يَتَّبِعُونَ الرَّسُولَ النَّبِيَّ الْأُمِّيَّ الَّذِي يَجِدُونَهُ مَكْتُوبًا عِندَهُمْ فِي التَّوْرَاةِ وَالإِنْجِيلِ يَأْمُرُهُم بِالْمَعْرُوفِ وَيَنْهَاهُمْ عَنِ الْمُنكَرِ وَيُحِلُّ لَهُمُ الطَّيِّبَاتِ وَيُحَرِّمُ عَلَيْهِمُ الْخَبَآئِثَ وَيَضَعُ عَنْهُمْ إِصْرَهُمْ وَالأَغْلاَلَ الَّتِي كَانَتْ عَلَيْهِمْ فَالَّذِينَ آمَنُواْ بِهِ وَعَزَّرُوهُ وَنَصَرُوهُ وَاتَّبَعُواْ النُّورَ الَّذِيَ أُنزِلَ مَعَهُ أُوْلَئِكَ هُمُ الْمُفْلِحُونَ۝** သူတို့၏ အပေါ်၌ ချုပ်ကိုင်ထားသည့် ဝန်ထုပ်များကို လျော့ချပေးသော၊ စင်ကြယ်ရာများကို တရားဝင်ပြုပေး၍၊ မသန့်စင်ရာများကို တားမြစ်ပေးသော၊ သူစိမ်းဆန်ခြင်းအား ဟန့်တားသော၊ အသိအမှတ်ပြု ညွှန်ကြားသော၊ သူတို့ထံရှိ တိုရာဟ်နှင့် ဇံဝဂလိကျမ်းတွင် မှတ်တမ်းတင်ထားသည်ကို တွေ့ရသော၊[၄၃၉] စာပေသမားမဟုတ်[၄၄၀] သတင်းတော်ဆောင် ဖြစ်သည့် ဉာဏ်စဉ်ဆောင်အား လိုက်နာသည့်သူများ၊ သူ့အား ယုံကြည်သောသူများ၊ လေးစားဂုဏ်ပေးသူများ၊ ကူညီသူများ၊ သူနှင့်အတူ ချမှတ်ပေးသည့် အရာမှ အလင်းတော်အား လိုက်နာသူများ၊ ထိုသူများသည် အောင်မြင်ပေါက်မြောက်သူများ ဖြစ်ရလတ္တံ့။
၁၅၈။	**قُلْ يَا أَيُّهَا النَّاسُ إِنِّي رَسُولُ اللهِ إِلَيْكُمْ جَمِيعًا الَّذِي لَهُ مُلْكُ السَّمَاوَاتِ وَالأَرْضِ لا إِلَـهَ إِلاَّ هُوَ يُحْيِـي وَيُمِيتُ فَآمِنُواْ بِاللهِ وَرَسُولِهِ النَّبِيِّ الأُمِّيِّ الَّذِي يُؤْمِنُ بِاللهِ وَكَلِمَاتِهِ وَاتَّبِعُوهُ لَعَلَّكُمْ تَهْتَدُونَ۝** ဟောလော့ “အို လူသားတို့ ဇကန်ပင် ကျွန်ုပ်သည် အသင်တို့ အားလုံးအတွက် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်ဆောင် ဖြစ်၏။ အရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ အရှင်သခင် ဖြစ်၏။ နိစ္စ အနိစ္စကို ဖြစ်စေသော ထိုအရှင်မှအပ အခြား ဘုရားဟူ၍ မရှိပြီ။ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား ယုံကြည်ကြလော့။ သူသည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဓမ္မတော်အား ယုံကြည်သော စာပေသမား မဟုတ်သည့် သတင်းတော်ဆောင် ဖြစ်၏။ လမ်းညွှန်ရအံ့သောငှာ သူ့အား လိုက်နာကြလော့။”

---

(၄၃၉) ဤသုတ်ဒေသနာတွင် ပြောဆိုသည့် သတင်းတော်ဆောင်၊ ဉာဏ်စဉ်ဆောင်ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်အား ဆိုခြင်း ဖြစ်ပေသည်။ ကိုယ်တော် ပွင့်ပေါ်မည့် အကြောင်းကို တိုရာဟ်ကျမ်းနှင့် ခရစ်ယာန်သမ္မာကျမ်းစာ၏ ခရစ်ဝင်ကျမ်းများဖြစ်သည့် ဇံဝဂလိကျမ်းတွင် မှတ်တမ်းတင် ထားပြီး ဖြစ်သည်ဟု ကုရ်အာန်ကျမ်းတော်က အတိအကျ ဆိုပေသည်။ တိုရာဟ်ကျမ်းများကို စုစည်းထားသည့် ဓမ္မဟောင်းကျမ်းနှင့် ဇံဝဂလိကျမ်းများ ပါဝင်သည် ဓမ္မသစ်ကျမ်းများကို သေချာစွာ လေ့လာကြည့်သောအခါ– တရားဟောရာကျမ်း ၁၈း၁၅–၁၈ တွင် ကိုယ်တော်မူဆာက ငါနှင့်တူသော ပရောဖက် တစ်ပါး ပွင့်ပေါ်မည်ဟု လည်းကောင်း၊ ဓမ္မသစ် မဿဲ ၁၃း၃၁။ ၂၁း၃၃–၃၄။ လုကာ ၂၀း၉–၁၈။ ယောဟန် ၁း၂၂၊ ၁၄း၁၆ နှင့် ၁၄း၂၆ တို့တွင် အတိအကျ ဟောထားသည်ကို တွေ့ရပေသည်။

(၄၄၀) **အ္မီ၊ အ္မမ်မီ** ဆိုသော ဝေါဟာရအား အချို့က **စာမတတ်သူ**ဟု ဘာသာ ပြန်ဆိုကြပေသည်။ ထိုစကားလုံးဖြင့် ဂျူးလူမျိုးများအား ရည်ညွှန်း၍ ၂း၇၈ တွင် ပြောခဲ့ပေသည်။ ထိုစကားလုံးသည် **မိခင်**ဟု အဓိပ္ပါယ်ရသည့် **အ္မမ်မွန်** မှ ဆင့်ပွားလာခြင်း ဖြစ်၍ မွေးရာပါ ဖြူစင်သန့်ရှင်းကြောင်းကို ဖေါ်ပြသည်ဟုလည်း ဆရာတော်အချို့က ဖွင့်ဆိုကြပေသည်။ ဤစကားလုံးဖြင့် ကိုယ်တော်မုဟမ္မဒ်အား ဖေါ်ပြခြင်းမှာ ကိုယ်တော်သည် မည်သည့် ဒသန စာပေများ၏ လောင်းရိုပ်မိခြင်းမှ မဟုတ်ဘဲ၊ တပည့်ခံပညာသင်၍ ဉာဏ်စဉ်ကို ရရှိခြင်း မဟုတ်ကြောင်းကို တင်ပြခြင်းသာ ဖြစ်ပေသည်။ အဓိက ဆိုလိုသည်မှာ ဤကျမ်းမြတ်ကုရ်အာန်ကို ဆောင်လာသော ကိုယ်တော်သည် ကျမ်းတော်အား မိမိ ရရှိသော ဉာဏ်စဉ်တော် စစ်စစ်ဖြင့် ရွတ်အံ့ မှတ်တမ်းတင်ခြင်း ဖြစ်ကြောင်းကို သက်သေဖြစ်စေရန် ဖြစ်ပေသည်။ ၎င်းကို ၆း၁၀၅ တွင်လည်း ကိုယ်တော်သည် ဖတ်ရှုလေ့လာ ထားသူ မဟုတ်ကြောင်း အတိအကျ ပြောထားပေသည်။ ၆၂း၂ တွင် စာပေသမားများ မဟုတ်သော၊ ကျမ်းစာ ဥပဒေ မရှိသေးသော အာရဗ်များကိုလည်း **အ္မမ်မီ** ဟူ၍ ခေါ်ပေသည်။ ထိုအာရဗ်များသည် စာပေလုံး၀ မတတ်သူများ မဟုတ်သောပေ။ ထိုခေတ် ထိုအခါ မတိုင်မီကပင် အာရဗီစာပေမှာ ထွန်းကားနေပြီး ဖြစ်ပေသည်။

၁၅၉။	**وَمِن قَوْمِ مُوسَى أُمَّةٌ يَهْدُونَ بِالْحَقِّ وَبِهِ يَعْدِلُونَ۝** မူဆာ၏ လူမျိုးတွင် သစ္စာတရားဖြင့် လမ်းညွှန်ကြလျက်၊ တန်းတူညီမျှဖြစ်စေသော အသိုင်းအဝိုင်းသည် ရှိ၏။[၄၄]
၁၆၀။ ☆၂း၆၀ ★၂း၅၇	**وَقَطَّعْنَاهُمُ اثْنَتَيْ عَشْرَةَ أَسْبَاطًا أُمَمًا وَأَوْحَيْنَا إِلَى مُوسَى إِذِ اسْتَسْقَاهُ قَوْمُهُ أَنِ اضْرِب بِّعَصَاكَ الْحَجَرَ فَانبَجَسَتْ مِنْهُ اثْنَتَا عَشْرَةَ عَيْنًا قَدْ عَلِمَ كُلُّ أُنَاسٍ مَّشْرَبَهُمْ وَظَلَّلْنَا عَلَيْهِمُ الْغَمَامَ وَأَنزَلْنَا عَلَيْهِمُ الْمَنَّ وَالسَّلْوَى كُلُواْ مِن طَيِّبَاتِ مَا رَزَقْنَاكُمْ وَمَا ظَلَمُونَا وَلَكِن كَانُواْ أَنفُسَهُمْ يَظْلِمُونَ۝** ငါသည် သူတို့အား အသိုင်းအဝိုင်း အဖြစ် လူမျိုးနွယ် ဆယ့်နှစ်စု ခွဲခဲ့ပြီ။ သူ၏ လူမျိုးတို့က သောက်ရေရရန် တောင်းသောအခါ၊ ငါသည် မူဆာထံ "သင့်လက်ထောက်ကို ကျောက်တောင်သို့ ခရီးနှင်စေလော့၊"☆ ဟု အာရုံဖြစ်စေ၏၊ သို့ဖြင့် စိမ့်စမ်း ဆယ့်နှစ်သွယ် စီးထွက်၍ လူစုကိုယ်စီ သောက်ရေရှိရာကို သိကြပြီ။ ငါသည် သင်တို့အား တိမ်လိပ်ဖြင့် အရိပ်ပေးတော်မူ၏၊ သုခာနှင့် ငုံးငှက်တို့ကို ချပေးတော်မူ၏။★ ငါပေးသည့် ရိက္ခာများမှ စင်ကြယ်ရာများကို စားသုံးကြလော့၊ သူတို့သည် ငါ့အား မိုက်ကြေးခွဲနိုင်သည် မဟုတ်၊ သို့ရာတွင် သူတို့စရိုက်ကို သူတို့ကသာ မိုက်ကြေးခွဲကြပြီ။
၁၆၁။ ★၂း၅၈	**وَإِذْ قِيلَ لَهُمُ اسْكُنُواْ هَذِهِ الْقَرْيَةَ وَكُلُواْ مِنْهَا حَيْثُ شِئْتُمْ وَقُولُواْ حِطَّةٌ وَادْخُلُواْ الْبَابَ سُجَّدًا نَّغْفِرْ لَكُمْ خَطِيئَاتِكُمْ سَنَزِيدُ الْمُحْسِنِينَ۝** သူတို့အား "ဤအရပ်၌ အခြေချ၍၊ နေရာတိုင်း၌ စံချိန်အလျောက် စားသုံးလော့၊ သံဃေစကား ပြောဆို၍၊ တံခါးပေါက်၌ နှိမ့်ချ၍ ဝင်ကြလော့၊ သင်တို့အား အမှားများမှ ငါ လွှတ်ငြိမ်းစေမည်၊ သုမင်္ဂလာပြုသူများအား တိုးပွားစေမည်၊"ဟု မိန့်သောအခါ ★
၁၆၂။ ☆၂း၅၉	**فَبَدَّلَ الَّذِينَ ظَلَمُواْ مِنْهُمْ قَوْلاً غَيْرَ الَّذِي قِيلَ لَهُمْ فَأَرْسَلْنَا عَلَيْهِمْ رِجْزًا مِّنَ السَّمَاء بِمَا كَانُواْ يَظْلِمُونَ۝** သို့သော် မိုက်ကြေးခွဲသောသူများသည် သူတို့အား မိန့်ဆိုခဲ့ခြင်း မဟုတ်သည်ကို ပြောဆိုကြ၏။ သူတို့၏ မိုက်ကြေးခွဲလေ့ရှိခြင်းများကြောင့် ကောင်းကင်ယံမှ ဆိုးကျိုးကို ထိုသူများ၏ အပေါ်သို့ ငါ စေပို့တော်မူ၏။☆
၁၆၃။	**وَاسْأَلْهُمْ عَنِ الْقَرْيَةِ الَّتِي كَانَتْ حَاضِرَةَ الْبَحْرِ إِذْ يَعْدُونَ فِي السَّبْتِ إِذْ تَأْتِيهِمْ حِيتَانُهُمْ يَوْمَ سَبْتِهِمْ شُرَّعاً وَيَوْمَ لاَ يَسْبِتُونَ لاَ تَأْتِيهِمْ كَذَلِكَ نَبْلُوهُم بِمَا كَانُوا يَفْسُقُونَ۝** သူတို့ကို ပင်လယ် ကမ်းစပ် ရှိရာ ဒေသတစ်ခုအား စောကြောစေလော့။ သီတင်းနေ့တွင် ငါးများ ပေါပေါက် ပေးရောက်စေသောအခါ ထိုသီတင်းနေ့၏ ဥပဒေအား သူတို့ စည်းဖေါက်ကြ၏။ သတင်းနေ့မဟုတ်သော နေ့များတွင် ၎င်းတို့ကို ပေးရောက်စေခြင်း မရှိချေ။ သူတို့၏ ယုတ်မာမှုများကြောင့် သူတို့အား စုံစမ်းခြင်းပင် ဖြစ်၏။[၄၅]

---

(၄၄) ကိုယ်တော်မူဆာ၏ လူမျိုးဆိုသည်မှာ ဂျူးလူမျိုးများကို ဆိုလိုပေသည်။ ကျမ်းတော်တွင် အစ္စလာမ် မဟုတ်သောကြောင့် မည်သည့် လူမျိုးကိုမှ လူမျိုးတစ်မျိုးလုံး မကောင်းဟု မစွပ်စွဲပေ။ အကယ်၍ ကျွန်ုပ်တို့ အစ္စလာမ်များ အနေဖြင့်လည်း အာဏာပိုင်များနှင့် သွေးထိုးလှုံဆော်သူများ၏ ပရောဂကို လိုက်လျက် ဂျူးလူမျိုးအားလုံးကို မကောင်းသောလူမျိုး၊ မုန်းစရာကောင်းသော လူမျိုး မေတ္တာထားရန် မလိုသော လူမျိုးဟု ကိုယ်နှတ်နှလုံးမှ ပြစ်မှားမိလျှင် ထို သူသည် ကျမ်းမြတ်ကုရ်အာန်၏ ဤဥပဒေအား အကြီးအကျယ်စော်ကား သူသာဖြစ်ပေသည်။ လူမျိုးတိုင်းတွင် လူဆိုး လူကောင်းဟူ၍ ရှိနေသည့် ဓမ္မတာကို မမှေလျော့ကြရန် ကျမ်းတော်က သတိပေးထားခြင်း ဖြစ်ပေသည်။

(၄၄) ဤသုတ်တော်သည် ကိုယ်တော်မူဆာ၏ နောက်လိုက်များမှ လူတစ်စု၏ စည်းဖေါက်မှုကို တင်ပြခြင်း ဖြစ်ပေသည်။ ကိုယ်တော်၏ နောက်လိုက် ရေဝတီဘာသာဝင်များအား သီတင်းဥပုသ်နေ့ ဖြစ်သော စနေနေ့တွင် သားငါးဖမ်းဆီးခြင်းကို တားမြစ်ထားပေသည်။ သို့သော် ပင်လယ်ကမ်းခြေရှိ "ဧလိယ" မြို့နေလူများသည် ဝိနည်းရှောင်သော အနေဖြင့် စနေနေ့ရောတက်တွင် ပေါ်လာသော ငါးများကို တာတမံလုပ် ပိတ်ထားလျက် နောက်နေ့ တနင်္ဂနွေနေ့တွင်မှ ဖမ်းဆီးသည့် ဖြစ်ရပ်ကို ပြန်လည် သတိရစေခြင်း ဖြစ်ပေသည်။ ထိုသို့ သတိဖေါ်ပေးသော အကြောင်းမှာ လိုက်နာရန် ချမှတ်ထားသော စည်းမျဉ်း ဥပဒေသအား မည်သည့်နည်းနှင့်မှ ဝိနည်းရှောင် လိမ်ညာခြင်း မရှိဘဲ တည့်မတ် တည်ကြည်စွာ လိုက်နာဆောင်သော သူများသည်သာ ဖြူစင်ရိုးသားသူများ ဖြစ်ကြောင်းကို သတိပေးရန် ဖြစ်ပေသည်။ စည်းကမ်း ချိုးဖေါက်သော နောက်လိုက်များသည် စိတ်မငြိမ်သော မျောက်များ ဖြစ်သည်ဟု ၂း၆၅–၆၆ တွင်လည်း ဖေါ်ပြပေသည်။

၁၆၄။	**وَإِذْ قَالَتْ أُمَّةٌ مِّنْهُمْ لِمَ تَعِظُونَ قَوْمًا اللهُ مُهْلِكُهُمْ أَوْ مُعَذِّبُهُمْ عَذَابًا شَدِيدًا قَالُواْ مَعْذِرَةً إِلَى رَبِّكُمْ وَلَعَلَّهُمْ يَتَّقُونَ۝** သူတို့မှ အသိုင်းအဝိုင်းတစ်ခုက ''ပရမတ်ဘုရားရှင်သည် တိမ်ကောစေမည့်၊ သို့မဟုတ် ပြင်းထန်သော ဝဋ်ကြွေးဖြင့် ဝဋ်သင့်စေမည့် လူမျိုးအား အဘယ်ကြောင့် ဆုံးမနေကြသနည်း၊''ဟု ဆိုသော်၊ သူတို့က ''သူတို့သည် ကံကြမ္မာရှင်ထံ တောင်းပန်လျက် စည်းစောင့်နိုင်အံ့ငှာ ဖြစ်၏''ဟု ပြန်ပြောကြ၏။
၁၆၅။	**فَلَمَّا نَسُواْ مَا ذُكِّرُواْ بِهِ أَنجَيْنَا الَّذِينَ يَنْهَوْنَ عَنِ السُّوءِ وَأَخَذْنَا الَّذِينَ ظَلَمُواْ بِعَذَابٍ بَئِيسٍ بِمَا كَانُواْ يَفْسُقُونَ۝** သူတို့ကို သတိပေးသည်ကို မေ့နေစဉ်၊ အကုသိုလ်များကို ဟန့်တားသော သူတို့အား ငါသည် လွတ်မြောက်စေ၍၊ မိုက်ကြွေးခွဲသောသူတို့အား သူတို့၏ ယုတ်မာမှုများကြောင့် အမင်္ဂလာ ဝဋ်ကြွေးဖြင့် အရေးယူတော်မူ၏။
၁၆၆။ ☆၂း၆၅	**فَلَمَّا عَتَوْاْ عَن مَّا نُهُواْ عَنْهُ قُلْنَا لَهُمْ كُونُواْ قِرَدَةً خَاسِئِينَ۝** သူတို့အား ဟန့်တားသည်များကို အာခံကြသောအခါ၊ ငါက သူတို့အား ''သင်တို့သည် ရှက်ဘွယ်လိလိ မျောက်များ ဖြစ်ကြကုန်လော့၊''ဟု မိန့်လေ၏။☆
၁၆၇။	**وَإِذْ تَأَذَّنَ رَبُّكَ لَيَبْعَثَنَّ عَلَيْهِمْ إِلَى يَوْمِ الْقِيَامَةِ مَن يَسُومُهُمْ سُوءَ الْعَذَابِ إِنَّ رَبَّكَ لَسَرِيعُ الْعِقَابِ وَإِنَّهُ لَغَفُورٌ رَّحِيمٌ۝** ကံကြမ္မာရှင်သည် ''သူတို့အပေါ်၌ ရပ်တည်ရသောနေ့ထိတိုင်၊ သူတို့အား ဖိနှိပ်သော အကုသိုလ် ဝဋ်ကြွေး အမှတ်သညာ ဖြစ်စေသူများကို ပေါ်ပေါက်စေတော်မူအံ့၊''ဟု ကြေငြာ၏။ ဇနပင် ကံကြမ္မာရှင်သည် လျင်မြန်စွာ ချုပ်ကိုင်နိုင်တော်မူ၏။ ဇနပင် အရှင်မြတ်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၁၆၈။	**وَقَطَّعْنَاهُمْ فِي الأَرْضِ أُمَمًا مِّنْهُمُ الصَّالِحُونَ وَمِنْهُمْ دُونَ ذَلِكَ وَبَلَوْنَاهُمْ بِالْحَسَنَاتِ وَالسَّيِّئَاتِ لَعَلَّهُمْ يَرْجِعُونَ۝** ငါသည် သူတို့အနက် မြေကမ္ဘာ၌ ပြုပြင်သူများနှင့် ထိုမှအပသော အတိုက်အခံအုပ်စု အဖြစ် သူတို့ကို အသိုင်းအဝိုင်းများ ခွဲတော်မူ၍၊ သူတို့သည် ဦးလှည့်စေအံ့ငှာ တင့်တယ်သန့်ရှင်းမှု၊ အကုသိုလ်မှ–များဖြင့် စုံးစမ်းတော်မူ၏။
၁၆၉။ အကန့်အသတ်	**فَخَلَفَ مِن بَعْدِهِمْ خَلْفٌ وَرِثُواْ الْكِتَابَ يَأْخُذُونَ عَرَضَ هَذَا الأَدْنَى وَيَقُولُونَ سَيُغْفَرُ لَنَا وَإِن يَأْتِهِمْ عَرَضٌ مِّثْلُهُ يَأْخُذُوهُ أَلَمْ يُؤْخَذْ عَلَيْهِم مِّيثَاقُ الْكِتَابِ أَن لاَّ يِقُولُواْ عَلَى اللهِ إِلاَّ الْحَقَّ وَدَرَسُواْ مَا فِيهِ وَالدَّارُ الآخِرَةُ خَيْرٌ لِّلَّذِينَ يَتَّقُونَ أَفَلاَ تَعْقِلُونَ۝** တဖန် သူတို့၏နောက် သူတို့ကို ဆက်ခံသူတို့အား ဆက်ခံစေ၏။ ကျမ်းတော်ကို အမွေရစေသော်လည်း ဤလောကီဘောင်ကိုသာ စွဲမက်ယူကြလျက် ''ကျွန်ုပ်တို့အား လွတ်ငြိမ်းစေမည်ပင်၊''ဟု ပြောကြသေး၏။ သူတို့အား ထိုဘောင်နှင့် အလားတူ ပေးအပ်လျှင်လည်း ၎င်းကို သူတို့ ယူကြမည်ပင်။ ကျမ်းတော်တွင် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ မှန်ကန်သည်ကိုသာ ပြောဆိုပါမည်ဟူသော သူတို့ထံမှ ယူခဲ့သည့် ကတိခံဝန် ရှိနေသည်သာမက ထိုဥပါဝင်သည်ကို သူတို့ကိုယ်တိုင် လေ့လာပြီး ဖြစ်၏။ စည်းစောင့်သောသူများအတွက် နောင်ဘဝ ဗိမာန်သည် ပိုကောင်းသည်ဟု သူတို့တွင် အတွေးအခေါ် မရှိကြသလော။
၁၇၀။ ☆ ၂း၃	**وَالَّذِينَ يُمَسَّكُونَ بِالْكِتَابِ وَأَقَامُواْ الصَّلاَةَ إِنَّا لاَ نُضِيعُ أَجْرَ الْمُصْلِحِينَ۝** ကျမ်းတော်အားဖြင့် ဆုပ်ကိုင်လျက် ဝတ်ပြု☆ မြဲကြသောသူတို့၊ ဇနပင် ငါသည် ပြုပြင်သူတို့၏ ဆုလဒ်ကို

	အလဟသ ဖြစ်စေတော် မမူချေ။
၁၇၁။	**وَإِذْ نَتَقْنَا الْجَبَلَ فَوْقَهُمْ كَأَنَّهُ ظُلَّةٌ وَظَنُّواْ أَنَّهُ وَاقِعٌ بِهِمْ خُذُواْ مَا آتَيْنَاكُم بِقُوَّةٍ وَاذْكُرُواْ مَا فِيهِ لَعَلَّكُمْ تَتَّقُونَ۞** ငါသည် သူတို့အပေါ်၌ အရိပ်စီးစေရန် တောင်အား မြှင့်မိုးပေးသော် ၎င်းသည် သူတို့အပေါ်သို့ ပြိုကျလိမ့်မည် ဟု သူတို့ စဉ်းစား၏။ အသင်တို့အား ငါအရှင် ချီးမြင့်ရာ၌ အစွမ်းရှိရှိ အယူ တည်မြဲလော့၊ စည်းစောင့်နိုင်အံ့ငှာ ထို၌ သတိတရ ရှိကြလော့။[၄၄၃]
၁၇၂။	**وَإِذْ أَخَذَ رَبُّكَ مِن بَنِي آدَمَ مِن ظُهُورِهِمْ ذُرِّيَّتَهُمْ وَأَشْهَدَهُمْ عَلَى أَنفُسِهِمْ أَلَسْتُ بِرَبِّكُمْ قَالُواْ بَلَى شَهِدْنَا أَن تَقُولُواْ يَوْمَ الْقِيَامَةِ إِنَّا كُنَّا عَنْ هَذَا غَافِلِينَ۞** ကံကြမ္မာရှင်သည် အာဒံ၏ သားမြေးတို့အား သူတို့၏ ကျောကုန်းများနှင့် သူတို့၏ မျိုးဆက်များမှ ထုတ်ယူခဲ့လျက်၊ ရပ်တည်ရသောနေ့၌ တပည့်တော်တို့သည် ဤသည်တို့အတွက် မေ့လျော့ခဲ့ပါသည်ဟု ပြောရစေရန် အမှန်မှာ တပည့်တော်တို့ ကိုယ်တိုင် သက်သေများ ဖြစ်ပါသည်ဟု ပြောရစေရန်၊ "ငါသည် သင်တို့၏ ကံကြမ္မာရှင် မဟုတ်တုံလော၊" ဟု သူတို့၏ ဥာဉ်အတွက် သူတို့အား သက်သေတည်ခဲ့ပြီ။
၁၇၃။	**أَوْ تَقُولُواْ إِنَّمَا أَشْرَكَ آبَاؤُنَا مِن قَبْلُ وَكُنَّا ذُرِّيَّةً مِّن بَعْدِهِمْ أَفَتُهْلِكُنَا بِمَا فَعَلَ الْمُبْطِلُونَ۞** သို့မဟုတ်က "တပည့်တော်တို့၏ မိရိုးဖလာသည်လည်း ရှေ့အလျင်ကပင် ရောပြွန်းကိုးကွယ်ခဲ့သည်သာ ဖြစ်၏။ တပည့်တော်တို့သည် သူတို့၏နောက်မှ သားစဉ်မြေးဆက်များသာ ဖြစ်ပါ၏။ မိစ္ဆာဒိဋ္ဌများ၏ ပြုလုပ်မှုကြောင့် တပည့်တော်တို့အား တိမ်ကောစေမည်လော၊" ဟု လျှောက်တင်ကြလတ္တံ့။[၄၄၄]
၁၇၄။	**وَكَذَلِكَ نُفَصِّلُ الآيَاتِ وَلَعَلَّهُمْ يَرْجِعُونَ۞** သူတို့ ဦးလှည့်စေအံ့ငှာ သုတ်ဒေသနာများကို ဤသို့ ရှင်းလင်းဆုံးဖြတ်ပေးတော်မူ၏။
၁၇၅။	**وَاتْلُ عَلَيْهِمْ نَبَأَ الَّذِيَ آتَيْنَاهُ آيَاتِنَا فَانسَلَخَ مِنْهَا فَأَتْبَعَهُ الشَّيْطَانُ فَكَانَ مِنَ الْغَاوِينَ۞** ငါ၏ သုတ်ဒေသနာတော်အား ချီးမြှင့်ပေးသော်လည်း သူ့ကိုယ်သူ ထိုမှ ဖြတ်ကျော်၍ မကောင်းဆိုးဝါးအား လိုက်နာလျက် တိမ်းပါးရသူတို့၌ ဖြစ်သွားရသော သူ၏ သတင်းအား အသင် ရွတ်ပြလော့။
၁၇၆။	**وَلَوْ شِئْنَا لَرَفَعْنَاهُ بِهَا وَلَكِنَّهُ أَخْلَدَ إِلَى الأَرْضِ وَاتَّبَعَ هَوَاهُ فَمَثَلُهُ كَمَثَلِ الْكَلْبِ إِن تَحْمِلْ عَلَيْهِ يَلْهَثْ أَوْ تَتْرُكْهُ يَلْهَث ذَّلِكَ مَثَلُ الْقَوْمِ الَّذِينَ كَذَّبُواْ بِآيَاتِنَا فَاقْصُصِ الْقَصَصَ لَعَلَّهُمْ يَتَفَكَّرُونَ۞** ငါ၏ စံချိန်ပြည့်ခဲ့လျှင် သူ့အား ထို၌ မြှောက်စားပြီးဖြစ်လတ္တံ့။ သို့သော် မြေကြီးသို့ ဖက်တွယ်လျက် လိုဘကို လိုက်သော သူ၏ ပမာသည် သင်က ဝန်ပိစေလျှင်လည်း ဟဲထိုး လျှာထုတ်နေသော၊ ချန်ထားလျှင်လည်း ဟဲထိုး လျှာထုတ်နေသော ခွေးကဲ့သို့ ဖြစ်၏။ ငါ၏ သုတ်ဒေသနာများအား ငြင်းဆန်သော လူမျိုး၏ ဥပမာသည် ဤသို့ပင်

---

(၄၄၃) ဤသုတ်တော်တွင်ဖေါ်ပြသော တောင်ပြိုကျမည်ဟု သူတို့ထင်မြင်ခြင်းမှာ သုတ်တော် ၁၅၅ ပါ သူတို့မှ လူကြီးများအား အာဏာထိပါးခြင်း ငလျင်လှုပ်သော အခါ ခံစားစေသော ခံစားချက်ပင် ဖြစ်ပေသည်။

(၄၄၄) ဤသုတ်တော် နှစ်ပါးဖြစ်သော ၁၇၃ နှင့် ၁၇၄ သည်– လူသားတို့၏ ကမ္ဘာဦး မိဘနှစ်ပါး ဖြစ်သည့် အာဒံနှင့် ဧဝ တို့ ကျူးလွန်ခဲ့သည့် အကုသိုလ်ကြွေးကို ကျွန်ုပ်တို့လူသား အပေါင်းက ဆပ်ရမည်၊ သို့မှသာ နိဗ္ဗာန်ဘုံသို့ ပြန်လည်ရောက်နိုင်မည် ဟူသည့် မရေမရာသော ပုံပြင် ယုံကြည်ချက်များကို အပြီးသတ် ပါယ်ချပေထားပေသည်။ လူတိုင်းသည် မိမိပြုကျင့်သည်ကိုသာ မိမိ ခံစား စံစားရမည် ဖြစ်ပေသည်။ အရာရာအား မိရိုးဖလာ၌ ထိုးချ၍ မရချေ။ အထူးသဖြင့် သုတ်တော် ၁၇၄ တွင် မိရိုးဖလာက မှားခဲ့သောကြောင့် တပည့်တော်တို့ မှားရခြင်း ဖြစ်ပါသည် ဟူသည့် အတွေးအခေါ်အား မျိုးဆက်သစ်များ မခံယူမိစေရန် သွန်သင်ခြင်း ဖြစ်ပေသည်။ မိရိုးဖလာ လမ်းစဉ်သည် လက်တွေ့ ဘဝနှင့် မကိုက်ညီတော့လျှင် ပြောရဲ ဆိုရဲ တွေးခေါ် ပြုပြင်ရဲရမည်ပင်။ သို့မဟုတ်က အချိုးနှိုးပြခဲ့သော သူများ၏ ကျင့်ကြံခဲ့မှုကြောင့် မျိုးဆက် တိမ်ကော ပပျောက်မည့် အဖြစ်သို့ ကြုံမည်မှာ မုချ မလွဲပင်။

	ဖြစ်၏။ ဖေါ်ပြချက်ကို စဉ်းစားသုံးသပ်အံ့ငှာ သူတို့အား ပြန်လည်ဖေါ်ပြလော့။
၁၇၇။	**سَاء مَثَلاً الْقَوْمُ الَّذِينَ كَذَّبُواْ بِآيَاتِنَا وَأَنفُسَهُمْ كَانُواْ يَظْلِمُونَ۝** ငါ၏ သုတ်ဒေသနာများအား ငြင်းဆန်သော၊ မိမိစရိုက်ကို မိမိမိုက်ကြေးခွဲသော လူမျိုးသည် အကုသိုလ်ကောင်များပမာ ဖြစ်၏။
၁၇၈။	**مَن يَهْدِ اللّهُ فَهُوَ الْمُهْتَدِي وَمَن يُضْلِلْ فَأُوْلَئِكَ هُمُ الْخَاسِرُونَ۝** ပရမတ်ဘုရားရှင်က လမ်းညွှန်သော သူသည် လမ်းညွှန်ခံရသူ ဖြစ်၏။ လမ်းလွဲစေသောသူ– ထိုသူတို့သည် ဆုံးရှုံးရသူများ ဖြစ်၏။
၁၇၉။ ☆ဖေး၁၀၀	**وَلَقَدْ ذَرَأْنَا لِجَهَنَّمَ كَثِيرًا مِّنَ الْجِنِّ وَالإِنسِ لَهُمْ قُلُوبٌ لاَّ يَفْقَهُونَ بِهَا وَلَهُمْ أَعْيُنٌ لاَّ يُبْصِرُونَ بِهَا وَلَهُمْ آذَانٌ لاَّ يَسْمَعُونَ بِهَا أُوْلَئِكَ كَالأَنْعَامِ بَلْ هُمْ أَضَلُّ أُوْلَئِكَ هُمُ الْغَافِلُونَ۝** ဇကနပင် ငါသည် များစွာသော ပုတုဇဉ်နှင့် လူသားတို့အတွက်☆ ငရဲဘုံကို ပွားများစေ၏။ သူတို့၌ နှလုံးသား ရှိ၏၊ ၎င်းဖြင့် ခံစားနားလည်မှုမရှိ။ သူတို့၌ မျက်လုံးများရှိ၏၊ ၎င်းဖြင့် အမြင်မရှိ။ သူတို့၌ နားများရှိ၏၊ ၎င်းဖြင့် အကြားမရှိကြချေ။ ထိုသူများသည် တိရိစ္ဆာန်များကဲ့သို့ဖြစ်၍ ထို့ထက်ပင် ပို၍ လွဲမှားနေကြ၏။ ထိုသူများသည်ကား မေ့လျော့နေသူများ ဖြစ်ကြ၏။
၁၈၀။	**وَلِلّهِ الأَسْمَاء الْحُسْنَى فَادْعُوهُ بِهَا وَذَرُواْ الَّذِينَ يُلْحِدُونَ فِي أَسْمَآئِهِ سَيُجْزَوْنَ مَا كَانُواْ يَعْمَلُونَ۝** ပရမတ်ဘုရားရှင်အတွက် အလွန် သပ္ပါယ်သော ဂုဏ်တော်များ ရှိ၏။ ၎င်းတို့အားဖြင့် တသဆုတောင်းကြလော့။ အရှင်၏ ဂုဏ်တော်များအား လှီးလွဲသောသူများ၏ အဖြစ်ကို ချန်ခဲ့ကြလော့။ ကျင့်ကြံလေ့ရှိမှုများကြောင့် အစားပေးခြင်း ခံရလတ္တံ့။
၁၈၁။	**وَمِمَّنْ خَلَقْنَا أُمَّةٌ يَهْدُونَ بِالْحَقِّ وَبِهِ يَعْدِلُونَ۝** ငါ ဖြစ်တည်ပေးသည့် အသိုင်းအဝိုင်းများတွင် အမှန်တရားအား လမ်းညွှန်လျက် တန်းတူညီမျှဖြစ်စေသူတို့ ရှိ၏။
၁၈၂။	**وَالَّذِينَ كَذَّبُواْ بِآيَاتِنَا سَنَسْتَدْرِجُهُم مِّنْ حَيْثُ لاَ يَعْلَمُونَ۝** ငါ၏ သုတ်ဒေသနာများအား ငြင်းဆန်သောသူများကို သူတို့မသိသော နေရာမှ အခွင့်အလမ်းလျော့ပါးနေစေ၏။
၁၈၃။	**وَأُمْلِي لَهُمْ إِنَّ كَيْدِي مَتِينٌ۝** သူတို့အတွက် အချိန်ပေးထား၏။ ဇကနပင် ငါ၏ နည်းဗျူဟာသည် အင်အားကောင်းတော်မူ၏။
၁၈၄။ ကိုယ်ဆော်	**أَوَلَمْ يَتَفَكَّرُواْ مَا بِصَاحِبِهِم مِّن جِنَّةٍ إِنْ هُوَ إِلاَّ نَذِيرٌ مُّبِينٌ۝** **သူတို့၏ ပေါင်းဖော်**သည် ရူးနေသူ မဟုတ်ကြောင်း သူသည် ရှင်းလင်းထင်ရှားသော သတိပေးသူသာ ဖြစ်ကြောင်း စဉ်းစားသုံးသပ်မိခြင်း မရှိသလော။
၁၈၅။ ☆ ကုရ်အာန်အပြင်	**أَوَلَمْ يَنظُرُواْ فِي مَلَكُوتِ السَّمَاوَاتِ وَالأَرْضِ وَمَا خَلَقَ اللّهُ مِن شَيْءٍ وَأَنْ عَسَى أَن يَكُونَ قَدِ اقْتَرَبَ أَجَلُهُمْ فَبِأَيِّ حَدِيثٍ بَعْدَهُ يُؤْمِنُونَ۝** မိုးများနှင့် မြေကမ္ဘာအား အစိုးရခြင်း၊ ပရမတ်ဘုရားရှင်၏ ဖြစ်တည်ပေးသမျှသော အရာအားလုံးနှင့်၊ သူတို့၏ သတ်မှတ်ကာလသည် နီးကပ်လာ နိုင်ရာ၏ ဟူသည်ကို၊ မကြည့်မိကြသလော။ ဤသည်၏နောက်☆ မည်သည့် ဆင့်ပြန်ချက်အား သက်ဝင်ယုံကြည်ကြမည်နည်း။
၁၈၆။	**مَن يُضْلِلِ اللّهُ فَلاَ هَادِيَ لَهُ وَيَذَرُهُمْ فِي طُغْيَانِهِمْ يَعْمَهُونَ۝**

	ပရမတ်ဘုရားရှင်က အပါယ်၌ထားသော သူအတွက် လမ်းညွှန်သူ မရှိချေ။ သူတို့အား မျက်ကန်းတောတိုးဘဝဖြင့် စည်းဖျက်မှုထဲ၌ ချန်ထားခဲ့၏။
၁၈၇။ ထိုအချိန်	**يَسْأَلُونَكَ عَنِ السَّاعَةِ أَيَّانَ مُرْسَاهَا قُلْ إِنَّمَا عِلْمُهَا عِندَ رَبِّي لاَ يُجَلِّيهَا لِوَقْتِهَا إِلاَّ هُوَ ثَقُلَتْ فِي السَّمَاوَاتِ وَالأَرْضِ لاَ تَأْتِيكُمْ إِلاَّ بَغْتَةً يَسْأَلُونَكَ كَأَنَّكَ حَفِيٌّ عَنْهَا قُلْ إِنَّمَا عِلْمُهَا عِندَ اللهِ وَلَـكِنَّ أَكْثَرَ النَّاسِ لاَ يَعْلَمُونَ۝** (၉၄၅) ရပ်တန့်နေမည့် အချိန်နာရီ(၄၅) အကြောင်း မေးမြန်းသူတို့အား၊ ဟောလော့၊ "ငင်းအား သိခြင်းပညာသည် ကံကြမ္မာရှင်၏ ထံ၌သာ ရှိ၏။ ရက်ချိန်းစေ့လျှင် အရှင်မှအပ **ငင်း**အား တောက်ပစေနိုင်သူ ဟူ၍ မရှိ။ **ငင်း**သည် မိုးများနှင့် မြေအား အလေးစီးလျက် သင်တို့ထံသို့ ရုတ်တရက် ဆိုက်ရောက်လာလိမ့်မည်။" ငင်း၌ သင့်အား တွန်းတိုက်(၄၄၆) မေးလာသူတို့အား ဟောလော့ "ထိုအရာအား သိခြင်းပညာမှာ ပရမတ်ဘုရားရှင်၏ ထံ၌သာ ရှိ၏။ သို့ရာတွင် လူသားအများစုသည် သိကြသည် မဟုတ်ချေ။"
၁၈၈။	**قُل لاَّ أَمْلِكُ لِنَفْسِي نَفْعًا وَلاَ ضَرًّا إِلاَّ مَا شَاء اللهُ وَلَوْ كُنتُ أَعْلَمُ الْغَيْبَ لاَسْتَكْثَرْتُ مِنَ الْخَيْرِ وَمَا مَسَّنِيَ السُّوءُ إِنْ أَنَاْ إِلاَّ نَذِيرٌ وَبَشِيرٌ لِّقَوْمٍ يُؤْمِنُونَ۝** (၉၄၇) ဟောလော့ "ကျွန်ုပ်သည် ပရမတ်ဘုရားရှင် စံချိန်ပြည့်စေသည်မှအပ ကျွန်ုပ်၏စရိုက်အတွက် ကောင်းကျိုး ဆိုးကျိုး ကိုပင် အစိုးရခြင်း မရှိချေ။ အကယ်၍ ကျွန်ုပ်သည် မျက်ကွယ်များကို သိနိုင်ခဲ့လျှင် အကောင်းပေါင်းများစွာကို ရယူပြီး ဖြစ်၍၊ ကျွန်ုပ်၌ အကုသိုလ် ထိသက်မည်ဟူ၍ မရှိချေ။ ဇကန်ပင် ကျွန်ုပ်သည် သက်ဝင်ယုံကြည်သော လူမျိုး အတွက် သတိပေးသူ သတင်းကောင်းပါးသူ မျှသာ ဖြစ်၏။(၄၄၇)
၁၈၉။ ☆၄း၁ ☆ ကလေး	**هُوَ الَّذِي خَلَقَكُم مِّن نَّفْسٍ وَاحِدَةٍ وَجَعَلَ مِنْهَا زَوْجَهَا لِيَسْكُنَ إِلَيْهَا فَلَمَّا تَغَشَّاهَا حَمَلَتْ حَمْلاً خَفِيفًا فَمَرَّتْ بِهِ فَلَمَّا أَثْقَلَت دَّعَوَا اللهَ رَبَّهُمَا لَئِنْ آتَيْتَنَا صَالِحاً لَّنَكُونَنَّ مِنَ الشَّاكِرِينَ۝** အရှင်သည် သင်တို့အား ဥဉ်စရိုက် တစ်မျိုးထဲမှ ဖြစ်တည်စေ၏။☆ သူသည် သူမထံ အခြေချစေရန် စုဖွဲ့မှုကို စီစဉ်တော်မူ၏။ သူသည် သူမအား လွှမ်းခြုံသောအခါ သူမသည် ပေါ့ပါးသော ကိုယ်ဝန်ကို သယ်ပိုးလျက် ဆက်လက် သွားလာ၏။ အလေးစီးလာသော် ပရမတ်ဘုရားရှင်ထံ၌ "အို– ကံကြမ္မာရှင် တပည့်တော်တို့အား ပြုပြင်ပြောင်းလဲ သူကို☆ ပေးအပ်လေလျှင် တပည့်တော်တို့သည် ကျေဇူးသိတတ်သူများမှ ဖြစ်ရပါမည်၊" ဟု ဆုပန်၏။(၄၄၈)

---

(၄၄၅) **يَسْأَلُونَكَ عَنِ السَّاعَةِ أَيَّانَ مُرْسَاهَا စာအာတိ အိုင်းယာန မုရ်ဆဟာ** ခိုင်ခိုင်မာမာသတ်မှတ်ထားသော အချိန်နာရီဟု ဖြစ်ပေသည်၊ အချို့က အရာရာ ချုပ်ငြိမ်းသွားသော ကေယာမတ်နေ့ ကျရောက်သော အချိန် ဟု ဘာသာ ပြန်ဆိုကြပေသည်။ လောကခပ်သိမ်းသည် အမြဲတမ်း အနာဂါတ်သို့ ရွေ့နေသော အချိန်ကို ဆိုလိုပေသည်။ ထိုအချိန်သည် လောကအပေါင်းအား အတိတ်ကို ပြန်လည် ရယူနိုင်ခွင့် မရှိတော့ချေ။

(၄၄၆) ကိုယ်တော့်အား မည်သည့် အနာဂါတ် ဖြစ်ကိန်းမျှ ဖိအားပေး မေးမြန်း၍ မရနိုင်ပေ၊ အနာဂါနှင့် စပ်လျဉ်း၍ ဉာဏ်စဉ်ဖြင့် သိသည်ကိုသာ ပြောနိုင်စွမ်းရှိသူ ဖြစ်ပေသည်။

(၄၄၇) ကိုယ်တော် မုဟမ္မဒ်သည် ပုဂ္ဂိုလ်ရေး တည်ဆောက်မှု မရှိသော ပကတိဖြူစင်သော ခေါင်းဆောင်ကောင်း တစ်ဦး ဖြစ်ပေသည်။ သူသည် မဟာတန်ခိုးတော်ရှင်ကြီး မဟုတ်ကြောင်းကို ရိုးသားပွင့်လင်းစွာပင် ဥဿုတ်တော်၌ ဆိုထားပေသည်။ ကောင်းမှုဆောင်သူများ အောင်မြင်ရမည် ဖြစ်ပြီး၊ မသူတော်များ ရှုံးနိမ့်ရမည်ကို အသိပေးဟောပြောသူသာ ဖြစ်ပေသည်။ သူကိုယ်တိုင် ဉာဏ်စဉ်ဆောင် ဖြစ်လျက် ဥပဒေသည် သူ့ အပေါ်၌ ဖြစ်ကြောင်းကို ဥဿုတ်တော်က သွန်သင်ပေသည်။

(၄၄၈) ဥဿုတ်တော်သည် ဖိုမ ပေါင်းသင်းခြင်း မရှိဘဲ ကိုယ်ဝန်ဆောင် သားမွေးခြင်း မရှိဟူသော လောက ဓမ္မကို အတိအကျ ပြောဆိုခြင်း ဖြစ်ပေသည်။ ထို့ကြောင့် အာဒံ သည်လည်းကောင်း ယေရှုသည်လည်းကောင်း အခြား မည်သူမဆို မိဘ မရှိဘဲ လူဖြစ်လာရသည် ဆိုသည့် ဒဏ္ဍာရီအား ကျမ်းမြတ် ကုရ်အာန်က လုံးဝ လက်မခံချေ။ ထို့ကြောင့် ကျွန်ုပ်တို့ ယုံကြည်မှု စီးကြောင်းထဲ၌ ဒဏ္ဍာရီများ ကင်းရှင်းရန် လွန်စွာ အရေးကြီးပေသည်။

၁၉၀။	**فَلَمَّا آتَاهُمَا صَالِحاً جَعَلاَ لَهُ شُرَكَاء فِيمَا آتَاهُمَا فَتَعَالَى اللّهُ عَمَّا يُشْرِكُونَ۞** သို့သော် ပြုပြင်သူကို သူတို့အား ငါ ပေးသောအခါ၊ ငါ ပေးသော အရာနှင့် ငဲ့အား ရောပြွန်းကိုးကွယ်မှုကို စီစဉ်ကြ၏။ ပရမတ်ဘုရားရှင်သည် သူတို့ ရောပြွန်းကိုးကွယ်သော အရာထက် အထွဋ်အထိပ် ဖြစ်တော်မူ၏။[၄၄]
၁၉၁။	**أَيُشْرِكُونَ مَا لاَ يَخْلُقُ شَيْئاً وَهُمْ يُخْلَقُونَ۞** တစ်စုံတစ်ရာကိုမှ ဖြစ်တည်နိုင်ခြင်း မရှိ၊ ဖြစ်တည်ခံဖြစ်သော အရာများကို ရောပြွန်းကိုးကွယ်ကြကုန်သလော။
၁၉၂။	**وَلاَ يَسْتَطِيعُونَ لَهُمْ نَصْرًا وَلاَ أَنفُسَهُمْ يَنصُرُونَ۞** ငင်းတို့သည် ကူညီရန် မတတ်နိုင်ကြ၊ မိမိဉာဉ်ကိုပင် မိမိ ကူညီနိုင်ခြင်း မရှိကြ။
၁၉၃။	**وَإِن تَدْعُوهُمْ إِلَى الْهُدَى لاَ يَتَّبِعُوكُمْ سَوَاء عَلَيْكُمْ أَدَعَوْتُمُوهُمْ أَمْ أَنتُمْ صَامِتُونَ۞** ငင်းတို့အား လမ်းညွှန်မှုဆီသို့ ဖိတ်ခေါ်သောအခါ၊ သင်တို့ကို မလိုက်နာကြချေ။ သူတို့အား ဖိတ်ခေါ်သည် ဖြစ်စေ သို့တည်းမဟုတ် ဘာသိဘာသာနေသည် ဖြစ်စေ အလားတူပင် ဖြစ်၏။
၁၉၄။	**إِنَّ الَّذِينَ تَدْعُونَ مِن دُونِ اللّهِ عِبَادٌ أَمْثَالُكُمْ فَادْعُوهُمْ فَلْيَسْتَجِيبُواْ لَكُمْ إِن كُنتُمْ صَادِقِينَ۞** သင်တို့က ပရမတ်ဘုရားရှင် မှလွဲ၍ ချည်းကပ်ဆုတောင်းနေကြသော သူများသည် သင်တို့ကဲ့သို့ အမှုဆောင်များ သာလျှင် ဖြစ်ကြ၏။ သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် သူတို့၌ ဆုတောင်း၍၊ သူတို့အား အဖြေပေးစေလော့။
၁၉၅။	**أَلَهُمْ أَرْجُلٌ يَمْشُونَ بِهَا أَمْ لَهُمْ أَيْدٍ يَبْطِشُونَ بِهَا أَمْ لَهُمْ أَعْيُنٌ يُبْصِرُونَ بِهَا أَمْ لَهُمْ آذَانٌ يَسْمَعُونَ بِهَا قُلِ ادْعُواْ شُرَكَاءكُمْ ثُمَّ كِيدُونِ فَلاَ تُنظِرُونِ۞** သူတို့၌ သွားလာနိုင်ရန် ခြေများရှိကြသလော။ သို့တည်းမဟုတ် ကိုင်တွယ်နိုင်ရန် လက်များရှိကြသလော။ သို့တည်းမဟုတ် အမြင်ရရန် မျက်လုံးများ ရှိကြသလော။ သို့တည်းမဟုတ် ကြားနာမှတ်သားနိုင်ရန် နားများရှိကြ သလော။ ဟောလော့ "သင်တို့၏ ရောပြွန်းကိုးကွယ်ရာများ၌ ဆုတောင်းကြလော့၊ ငဲ့အား စောင့်ကြည့်နေခွင့် မရှိစေဘဲ ဆန့်ကျင်ရန် ကြံစည်ကြလော့။"
၁၉၆။	**إِنَّ وَلِيِّيَ اللّهُ الَّذِي نَزَّلَ الْكِتَابَ وَهُوَ يَتَوَلَّى الصَّالِحِينَ۞** ကျမ်းတော်ကို ချမှတ်ပေးသော အရှင်– ပရမတ်ဘုရားရှင်သည် ကျွန်ုပ်၏ အရှင်သခင် ဖြစ်၏။ အရှင်သည် ပြုပြင်သူတို့ထံ လှည့်တော်မူ၏။
၁၉၇။	**وَالَّذِينَ تَدْعُونَ مِن دُونِهِ لاَ يَسْتَطِيعُونَ نَصْرَكُمْ وَلآ أَنفُسَهُمْ يَنْصُرُونَ۞** အရှင့် မှလွဲ၍ ဆုတောင်းခံများသည်ကား အသင်တို့အား ကူညီရန် မတတ်နိုင်ကြ။ သူတို့ စရိုက်ကိုလည်း သူတို့ မကူညီနိုင်ကြချေ။
၁၉၈။	**وَإِن تَدْعُوهُمْ إِلَى الْهُدَى لاَ يَسْمَعُواْ وَتَرَاهُمْ يَنظُرُونَ إِلَيْكَ وَهُمْ لاَ يُبْصِرُونَ۞** အကယ်၍ အသင်တို့က လမ်းညွှန်မှုဆီသို့ ဖိတ်ခေါ်လျှင်လည်း ကြားနိုင်ကြသည် မဟုတ်ချေ။ သူတို့က အသင့်ထံ ကြည့်နေသည်ဟု သင် မြင်ရသော်လည်း အမြင်ရှိကြသူများ မဟုတ်ချေ။

---

(၄၄) **ဆွာလေဟ်** ဆိုသည်မှာ ပြုပြင်ပြောင်းလဲသူ ဟု ဖြစ်သည်။ သာမန် လူသားတို့၏ သဘာဝသည် ပုဂ္ဂိုလ်ရေး ကိုးကွယ်ဆည်းကပ်မှုကို လိုက်တတ်၍ ပြုပြင်ပြောင်းလဲသူ၊ သို့မဟုတ် အချို့ သူတော်စင် (ဆွာလေဟ်) များကို ဘုရားနှင့် တစ်ဝိုဏ်းတည်းထားလျက် ကိုးကွယ်လေ့ ရှိတတ်ပေသည်။ ထိုအလေ့အထသည် မှားယွင်းသော အလေ့အထ ဖြစ်ကြောင်းကို ကျမ်းတော်က သွန်သင်ခြင်း ဖြစ်ပေသည်။

၁၉၉။	**خُذِ الْعَفْوَ وَأْمُرْ بِالْعُرْفِ وَأَعْرِضْ عَنِ الْجَاهِلِينَ۝** ကျေအေးခြင်းကို စွဲယူလျက် အသိအမှတ်ပြုအောင် ညွှန်ကြားလော့၊ ပညာမဲ့တို့နှင့်စပ်လျဉ်း၍ ဘောင်ထားလော့။
၂၀၀။ ☆၂း၁၄	**وَإِمَّا يَنزَغَنَّكَ مِنَ الشَّيْطَانِ نَزْغٌ فَاسْتَعِذْ بِاللّهِ إِنَّهُ سَمِيعٌ عَلِيمٌ۝** မကောင်းဆိုးဝါး၏☆ သွေးခွဲခြင်းဖြင့် သင့်အား သွေးခွဲခံရသော်၊ ပရမတ်ဘုရားရှင်၌ ခိုလှုံလော့။ ဇကန်ပင် အရှင်သည် ကြားနေသော အရှင် သိနေသော အရှင်ဖြစ်၏။
၂၀၁။	**إِنَّ الَّذِينَ اتَّقَواْ إِذَا مَسَّهُمْ طَائِفٌ مِّنَ الشَّيْطَانِ تَذَكَّرُواْ فَإِذَا هُم مُّبْصِرُونَ۝** စည်းစောင့်သောသူတို့သည် မကောင်ဆိုးဝါး၏ လှည့်ပတ်မှု ထိသက်သောအခါ၊ ဆင်ခြင်သတိရှိကြ၏။ သို့ဖြင့် ခွဲခြားမြင်နိုင်ကြ၏။
၂၀၂။	**وَإِخْوَانُهُمْ يَمُدُّونَهُمْ فِي الْغَيِّ ثُمَّ لاَ يُقْصِرُونَ۝** သူတို့၏ ညီနောင်သားချင်းများသည် သူတို့အား တိမ်းပါးမှုသို့ တိုးရွေ့စေ၏၊ သူတို့သည် မရပ်တန့် နိုင်ကြချေ။
၂၀၃။ ☆ ကုရ်အာန်သည်	**وَإِذَا لَمْ تَأْتِهِم بِآيَةٍ قَالُواْ لَوْلاَ اجْتَبَيْتَهَا قُلْ إِنَّمَا أَتَّبِعُ مَا يوحَى إِلَيَّ مِن رَّبِّي هَذَا بَصَآئِرُ مِن رَّبِّكُمْ وَهُدًى وَرَحْمَةٌ لِّقَوْمٍ يُؤْمِنُونَ۝** သူတို့အား နိမိတ်လက္ခဏာ တစ်ရပ် မပေးရောက်လျှင် "သင်သည် အဘယ်ကြောင့် မရွေးချယ်သနည်း၊" ဟု ဆိုကြ၏။ ဟောလော့ "ကျွန်ုပ်သည်ကား ကံကြမ္မာရှင်က ကျွန်ုပ်ထံ အာရုံစူးစိုက်ပေးသည်ကိုသာ လိုက်နာသူ ဖြစ်၏။ ဤသည်☆ ယုံကြည်သော လူမျိုးအတွက် ကံကြမ္မာရှင်၏ထံမှ **အမြင်ပေါက်ခြင်း** လမ်းညွှန် ကရုဏာတော် ဖြစ်၏။"
၂၀၄။	**وَإِذَا قُرِىءَ الْقُرْآنُ فَاسْتَمِعُواْ لَهُ وَأَنصِتُواْ لَعَلَّكُمْ تُرْحَمُونَ۝** ကုရ်အာန်ကျမ်းအား ရွတ်ဖတ်နေစဉ်၊ ကရုဏာသက် ခံရဒဒ်ဉာ ၎င်းအား ဂရုတစိုက် ကြားနာကြလော့။
၂၀၅။	**وَاذْكُر رَّبَّكَ فِي نَفْسِكَ تَضَرُّعاً وَخِيفَةً وَدُونَ الْجَهْرِ مِنَ الْقَوْلِ بِالْغُدُوِّ وَالآصَالِ وَلاَ تَكُن مِّنَ الْغَافِلِينَ۝** သင်၏ စိတ်တွင်း၌ နိဝါတတရား၊ ကြောက်ရွံ့ရိုသေမှုတရားဖြင့် မနက်စောစောနှင့် နေကျချိန်များ၌ စကားသံ မကျယ်ဘဲ ကံကြမ္မာရှင်အား ရွှမှတ်သတိရလော့။ မေ့လျော့နေသူများမှ မဖြစ်စေနှင့်။
၂၀၆။ အတုမရှိသော	**إِنَّ الَّذِينَ عِندَ رَبِّكَ لاَ يَسْتَكْبِرُونَ عَنْ عِبَادَتِهِ وَيُسَبِّحُونَهُ وَلَهُ يَسْجُدُونَ۝** ကံကြမ္မာရှင်၏ ထံ၌ ရှိသောသူများသည်[၄၅] အမှုတော်ထမ်းခြင်းနှင့် အရှင်အား ဦးထိပ်ထားခြင်းကို အံတုလျက် မာနတက်နေသူများ မဟုတ်ချေ။ အရှင့်အား ဦးချရိုကျိုးလျက် ရှိ၏။

(၄၅) ကံကြမ္မာရှင်၏ ထံ၌ ရှိသူများဆိုသည်မှာ ကံကြမ္မာရှင် ချမှတ်ထားသော လောကမမ္မအား လိုက်နာနေသူများ ဟု ဆိုလိုချ၏၊ နတ်ဒေဝတာ (ကောင်းကင်တမန်တော်) များဟု ဆိုလိုခြင်း မဟုတ်ချေ။

ဓမ္မခန္ဓာ (၈) "အပိုထည့်ဝင်ခြင်း" (အာလ် အန်ဖာလ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၈)၊ သုတ်ဒေသနာ (၇၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂုဏ် အကြင်နာဂုဏ် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**يَسْأَلُونَكَ عَنِ الأَنفَالِ قُلِ الأَنفَالُ لِلّهِ وَالرَّسُولِ فَاتَّقُواْ اللّهَ وَأَصْلِحُواْ ذَاتَ بَيْنِكُمْ وَأَطِيعُواْ اللّهَ وَرَسُولَهُ إِن كُنتُم مُّؤْمِنِينَ۝** အပိုထည့်ဝင်ခြင်းများနှင့် စပ်လျဉ်း၍ မေးမြန်းလာလျှင် ဟောကြားလော့ "အပိုထည့်ဝင်ခြင်းများသည် ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်တို့ အဘို့ဖြစ်၏။[၄၅] ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ သင်တို့ စပ်ကြား အခြေအနေကို ပြုပြင်ကြလော့၊ သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား နာခံကြလော့။
၂။	**إِنَّمَا الْمُؤْمِنُونَ الَّذِينَ إِذَا ذُكِرَ اللّهُ وَجِلَتْ قُلُوبُهُمْ وَإِذَا تُلِيَتْ عَلَيْهِمْ آيَاتُهُ زَادَتْهُمْ إِيمَانًا وَعَلَى رَبِّهِمْ يَتَوَكَّلُونَ۝** ပရမတ်ဘုရားရှင်အား သတိယူရှုမှတ်သောအခါ စိတ်နှလုံး တုန်လှုပ်ခြင်းရှိသောသူ၊ အရှင်၏ သုတ်ဒေသနာများအား ရွတ်ဖတ်သောအခါ ယုံကြည်သက်ဝင်ခြင်း၌ တိုးပွား၍၊ ယုံကြည်သူများသည် ကံကြမ္မာရှင်အား ကိုးစားကြ၏။
၃။ ☆ ၂း၃	**الَّذِينَ يُقِيمُونَ الصَّلاَةَ وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ۝** သူတို့သည် ဝတ်ပြု မြဲကြ၏။☆ ငါအရှင်ပေးရာ ရိက္ခာများမှ ပေးကမ်းသုံးစွဲကြကုန်၏။
၄။ ☆ ၂း၂၈	**أُوْلَئِكَ هُمُ الْمُؤْمِنُونَ حَقًّا لَّهُمْ دَرَجَاتٌ عِندَ رَبِّهِمْ وَمَغْفِرَةٌ وَرِزْقٌ كَرِيمٌ۝** ထိုသူများသည်သာ ယုံကြည်သူ စင်စစ်များ ဖြစ်၏။ သူတို့အတွက် ကံကြမ္မာရှင်၏ထံပါး၌ အခွင့်အလမ်း၊☆ လွတ်ငြိမ်းခွင့်နှင့် ကျက်သရေရှိသော ရိက္ခာကောင်းများ ရှိနေ၏။

---

(၄၅) **الأَنفَال အာလ် အန်ဖာလိလ်** ကို အချို့က စစ်သုံ့ရပစ္စည်းများဟု ဘာသာပြန်ကြပေသည်။ ထိုစကားလုံးသည် ل ف ن မှ ဆင့်ပွားခြင်း ဖြစ်၍ အပို၊ သို့မဟုတ် အကျိုးအမြတ် ဟု အဓိပ္ပါယ်ရပေသည် –ထို့ကြောင့် အစွယ်လာမ် သာသနာဝင်များသည် သတ်မှတ်ထားသော ဆွေလတ် (ဝတ်ပြုမှု) အပြင် အပိုကျင့်ဆောင်သော ဆွေလတ်များကို နဖီလ် ဆွေလတ်ဟု ခေါ်ခြင်း ဖြစ်ပေသည် (၁၇း၇၉)။ ဤစကားလုံး အန်ဖာလိလ် ဆိုသည်မှာ ခွဲတမ်းသတ်မှတ်သည်ထက် ပို၍ စိတ်စေတနာလျှော့ကာ ထပ်ဆောင်းထည့်ဝင်သော အလှူငွေ၊ ပစ္စည်းနှင့် အသုံးအဆောင်များ အားလုံးကို ခေါ်ပေသည်။ ထိုလိုအပ်သည်ထက် ပိုနေသော ပစ္စည်းများကို ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်တော်ဆောင် မုဟမ္မဒ်က ပိုင်ဆိုင်သည် ဆိုခြင်းမှာ ကိုယ်တော်သည် မောင်ပိုင်စီးခြင်း မဟုတ်ချေ။ ထိုပစ္စည်းများအား မည်သို့ ခွဲဝေသည်၊ မည်သို့ စစ်လျှော်ကြေးပေးသည် စသည်များကို စီမံရန် အတွက် ဖြစ်ပေသည်။ ၎င်းကို ၈း၄၁ နှင့် ၈း၇၀ တွင် ထင်ရှားစွာ တွေ့နိုင်ပေသည်။

၅။	**كَمَا أَخْرَجَكَ رَبُّكَ مِن بَيْتِكَ بِالْحَقِّ وَإِنَّ فَرِيقاً مِّنَ الْمُؤْمِنِينَ لَكَارِهُونَ۞** ကံကြမ္မာရှင်က သင့်အား သင်၏အိမ်မှ[၄၁] အမှန်အကန် ထွက်ခွာစေသကဲ့သို့ ယုံကြည်သူများမှ တစ်ဖွဲ့သည် စိတ်ပြတ်သားမှု မရှိကြချေ။[၄၃]
၆။	**يُجَادِلُونَكَ فِي الْحَقِّ بَعْدَمَا تَبَيَّنَ كَأَنَّمَا يُسَاقُونَ إِلَى الْمَوْتِ وَهُمْ يَنظُرُونَ۞** ထိုအမှန်တရားအား ရှင်းလင်းထင်ရှားစေပြီးနောက်– ကြည့်နေစဉ်ပင် သူတို့အား သေခြင်းတရား ဆီသို့ မောင်းထည့်ခံရသည့်အလား သင့်အား စောဒကတက်ကြ၏။
၇။	**وَإِذْ يَعِدُكُمُ اللّهُ إِحْدَى الطَّائِفَتَيْنِ أَنَّهَا لَكُمْ وَتَوَدُّونَ أَنَّ غَيْرَ ذَاتِ الشَّوْكَةِ تَكُونُ لَكُمْ وَيُرِيدُ اللّهُ أَن يُحِقَّ الحَقَّ بِكَلِمَاتِهِ وَيَقْطَعَ دَابِرَ الْكَافِرِينَ۞** ပရမတ်ဘုရားရှင်က အုပ်စုနှစ်စုမှ တစ်စုသည် သင်တို့အတွက်ဟု ကတိတော်ထားသောအခါ၊ သင်တို့သည် လက်နက်မကိုင်သော အုပ်စုကိုသာ သင်တို့အတွက် ဖြစ်စေလိုကြ၏။ ပရမတ်ဘုရားရှင်သည် အရှင်၏ သစ္စာတရားတော်အား အမှန်အတိုင်းဖြစ်စေရန်၊ ရန်သူတို့၏[၄၄] အခြေအမြစ်များကို ဖြတ်တောက်ပစ်ရန် လိုလား၏။
၈။	**لِيُحِقَّ الْحَقَّ وَيُبْطِلَ الْبَاطِلَ وَلَوْ كَرِهَ الْمُجْرِمُونَ۞** ရာဇဝတ်ကောင်များက မကြိုက်လျှင်လည်း၊ အမှန်သည် အမှန်ပင် ဖြစ်၍၊ အမှားသည် အမှားပင် ဖြစ်၏။
၉။ ☆ ၃း၁၄	**إِذْ تَسْتَغِيثُونَ رَبَّكُمْ فَاسْتَجَابَ لَكُمْ أَنِّي مُمِدُّكُم بِأَلْفٍ مِّنَ الْمَلآئِكَةِ مُرْدِفِينَ۞** သင်တို့သည် ကံကြမ္မာရှင်ထံ အသနားခံသောအခါ၊ အရှင်သည် သင်တို့အား ကျောမှကပ်လျက် နိမိတ်ဆောင်တစ်ထောင်ဖြင့် တိုးပွားစေမည်ဟု တုန့်ပြန်ခဲ့၏။
၁၀။	**وَمَا جَعَلَهُ اللّهُ إِلاَّ بُشْرَى وَلِتَطْمَئِنَّ بِهِ قُلُوبُكُمْ وَمَا النَّصْرُ إِلاَّ مِنْ عِندِ اللّهِ إِنَّ اللّهَ عَزِيزٌ حَكِيمٌ۞** ပရမတ်ဘုရားရှင်သည် ၎င်းကို သတင်းကောင်း အဖြစ်နှင့် သင်တို့၏ စိတ်နှလုံးများ ဘဝင်ကျစေရန်မှအပ စီစဉ်ပေးခြင်းမဟုတ်ချေ။ ကူညီမှုများသည် ပရမတ်ဘုရားရှင်၏ ထံမှသာ ဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၁၁။	**إِذْ يُغَشِّيكُمُ النُّعَاسَ أَمَنَةً مِّنْهُ وَيُنَزِّلُ عَلَيْكُم مِّن السَّمَاء مَاء لِّيُطَهِّرَكُم بِهِ وَيُذْهِبَ عَنكُمْ رِجْزَ الشَّيْطَانِ وَلِيَرْبِطَ عَلَى قُلُوبِكُمْ وَيُثَبِّتَ بِهِ الأَقْدَامَ۞** သင်တို့အား ယုံကြည်စိတ်ချစွာ မှေးစက်ခြင်းကို လွှမ်းခြုံပေး၏။ သန့်စင်နိုင်ရန်၊ မကောင်းဆိုးဝါး၏ ဆိုးကျိုးများကို ရုပ်သိမ်းစေရန်၊ စိတ်နှလုံးများ တက်ကြွစေရန် စုံရပ်ခံမှုကို ခိုင်မာစေရန် သင်တို့အပေါ်သို့ ကောင်ကင်းယံမှ ရေကို သွန်းချပေးတော်မူ၏။[၄၅]

---

(၄၁) သင်၏အိမ်မှ ဆိုသည်မှာ သင်၏မြို့မှ၊ သင်၏နိုင်ငံမှ၊ သင်၏ မိခင်မြေမှ ဟု အနက်ကို ဆောင်ပေသည်။

(၄၃) **كَارِهُونَ ကာရီဟူးန** ဆိုသည်မှာ မလိုလားခြင်း၊ မုန်းတီးခြင်း၊ ဝါဒမှိုင်းမိခြင်းများကို ဆိုလိုသည် **ကရီဟ** မှ ဆင့်ပွားခြင်း ဖြစ်၍ ဤသုတ်တော်တွင် အမှန်တကယ် တော်လှန်ရေး အတွက် လိုအပ်သည့်အခါ တော်လှန်ရမည်ကို စိတ်၌ မလိုလားခြင်းကို ပြောဆိုသောကြောင့် စိတ်ပြတ်သားမှု မရှိကြချေ ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။

(၄၄) ဤနေရာတွင် **ရန်သူ**များဟု ဘာသာပြန်ဆိုသော စကားလုံးမှာ **ဖုံးကွယ်ငြင်းပါယ်သူ**များဟု အနက်ကို ပေးသည့် **ကာဖရ်**များကို ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။ ကျမ်းတော်တွင် စစ်ဖြစ်နေသော ကာလ၌ အစွလာမ် သာသနာဝင်တို့အား စစ်တိုက်သောသူများ၊ အမြစ်ပြုတ်ချေမှုန်းရန် ကြိုးပမ်းသော သူများ **ကာဖရ်**ကို **ရန်သူ**ဟု သုံး၍၊ ရန်မလိုသူ၊ မကျူးကျော်သူများဖြစ်သည့် အစွလာမ်ဘာသာဝင် မဟုတ်သူ အားလုံးကို ရန်သူဟု မည်သည့် အခါတွင်မှ ပြောမထားချေ။ ဤသုတ်တော်သည် စစ်ကာလကို ဖော်ညွှန်းသောကြောင့် ရန်သူများဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ ထို အခြေအနေတွင် ထိုရန်သူများ၏ သားသမီးများနှင့် လက်ဆက်ခြင်းကိုလည်း တားမြစ်ပေသည်။ သို့သော် အချိန်တိုင်းအတွက် မဟုတ်ချေ။ စစ်မဖြစ်သော အချိန်၊ သို့မဟုတ် စစ်ဖြစ်ရန် မလိုလားသူများ၏ သားသမီးများ မပါဝင်ချေ။

၁၂။ ဖုံးကွယ်သောသူ	**إِذْ يُوحِي رَبُّكَ إِلَى الْمَلآئِكَةِ أَنِّي مَعَكُمْ فَثَبِّتُواْ الَّذِينَ آمَنُواْ سَأُلْقِي فِي قُلُوبِ الَّذِينَ كَفَرُواْ الرَّعْبَ فَاضْرِبُواْ فَوْقَ الأَعْنَاقِ وَاضْرِبُواْ مِنْهُمْ كُلَّ بَنَانٍ۞** ကံကြမ္မာရှင်က နိမိတ်ဆောင်များထံ အာရုံဖြစ်စေသည်မှာ ''ငါအရှင်သည် သင်တို့နှင့်အတူရှိ၏။ သို့ဖြစ်၍ သင်တို့သည် ယုံကြည်သောသူများအား ရပ်တည်ချက်ခိုင်မာစေလော့၊ **ရန်သူ**တို့၏ စိတ်နှလုံးသို့ ကြောက်လန့်မှုကို ငါ ခင်းကျင်းပေးလတ္တံ့၊ သို့ဖြစ်၍ သူတို့၏ တပ်ဦးများကို ဖြတ်တိုက်ကြလော့၊ တပ်ဆွယ်ကိုယ်စီအား ဖြတ်တိုက်ကြလော့။ ၄၅၆
၁၃။	**ذَلِكَ بِأَنَّهُمْ شَآقُّواْ اللهَ وَرَسُولَهُ وَمَن يُشَاقِقِ اللهَ وَرَسُولَهُ فَإِنَّ اللهَ شَدِيدُ الْعِقَابِ۞** ဤသည်မှာ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား ဂိုဏ်းခွဲမှုကြောင့်ပင်။ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား ဂိုဏ်းခွဲသော မည်သူ့အား မဆို၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ ချုပ်ကိုင်နိုင်တော်မူ၏။
၁၄။ ☆ ၂၂၆	**ذَلِكُمْ فَذُوقُوهُ وَأَنَّ لِلْكَافِرِينَ عَذَابَ النَّارِ۞** ဤသို့– ၎င်းအား မြည်စမ်းကြလော့၊ ယင်းသည် ရန်သူများအတွက် အပူမီး☆ ဝင့်ကြွေးပင် ဖြစ်၏။
၁၅။ ဖုံးကွယ်သူ	**يَا أَيُّهَا الَّذِينَ آمَنُواْ إِذَا لَقِيتُمُ الَّذِينَ كَفَرُواْ زَحْفاً فَلاَ تُوَلُّوهُمُ الأَدْبَارَ۞** အို– ယုံကြည်သောသူတို့ အသင်တို့သည် **ရန်သူ** ထိုးစစ်နှင့် ထိပ်တိုက်ဆုံသော် နောက်တန်းသို့ ဘက်မလှည့်ကြနှင့်။
၁၆။	**وَمَن يُوَلِّهِمْ يَوْمَئِذٍ دُبُرَهُ إِلاَّ مُتَحَرِّفاً لِّقِتَالٍ أَوْ مُتَحَيِّزاً إِلَى فِئَةٍ فَقَدْ بَاء بِغَضَبٍ مِّنَ اللهِ وَمَأْوَاهُ جَهَنَّمُ وَبِئْسَ الْمَصِيرُ۞** ထိုကာလ၌ စစ်ချီ စစ်ပြောင်း စစ်ကူပေါင်းရန်မှ တပါး တပ် နောက်တန်းသို့ လှည့်သူသည် ပရမတ်ဘုရားရှင်၏ ထံမှ ကံကြီး သင့်မှုကို ဆွဲယူနေ၍ အမင်္ဂလာ ခရီးဆုံးဖြစ်သည့် ငရဲဘုံသည် သူ၏ ခိုလှုံရာဖြစ်၏။
၁၇။	**فَلَمْ تَقْتُلُوهُمْ وَلَـكِنَّ اللهَ قَتَلَهُمْ وَمَا رَمَيْتَ إِذْ رَمَيْتَ وَلَـكِنَّ اللهَ رَمَى وَلِيُبْلِيَ الْمُؤْمِنِينَ مِنْهُ بَلاء حَسَناً إِنَّ اللهَ سَمِيعٌ عَلِيمٌ۞** သင်တို့သည် သူတို့အား ခုခံတိုက်ခိုက်သည် မဟုတ်၊ ပရမတ်ဘုရားရှင်က သူတို့အား ခုခံတိုက်ခိုက်ခြင်း ဖြစ်၏။ ၄၅၇ သင်သည် သူတို့အား ပစ်ခတ်သောအခါ သင်ပစ်ခတ်သည် မဟုတ် ပရမတ်ဘုရားရှင်က ပစ်ခတ်ခြင်းသာ ဖြစ်၏။ အရှင်သည် ယုံကြည်သူတို့အား တင့်တယ်သော စုံစမ်းခြင်းဖြင့် စုံစမ်းတော်မူ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် သိနေသော အရှင် ဖြစ်၏။

---

(၄၅၅) ကောင်းကင်ယံမှ မိုးရေကို သွန်းချပေးတော်မူ၏။ ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ အားဖြင့် ပင်ပန်းနွမ်းနယ်နေသော စစ်သည်တော်များ အတွက် လန်းဆန်းသွားစေရန် အေးမြသော မိုးရေ ဖြစ်သကဲ့သို့ နာမ်ပိုင်း ဆိုင်ရာအားဖြင့် မြင့်မြတ်သော နေရာမှ အကြံသစ် ဉာဏ်သစ်များကို ဖြစ်ပေါ်စေသော ဉာဏ်စဉ် အတွေးအခေါ်များကိုလည်း ဝင်္ကဝတ္တိ အလင်္ကာဖြင့် ဆိုထားခြင်း ဖြစ်ပေသည် (၂၂၉)။

(၄၅၆) **فَوْقَ الأَعْنَاقِ** ဖေါင်းက အင်္ဂနားကို နှင့် **كُلَّ بَنَانٍ** ကုလဘနားနှင် ကို အချို့က ''လည်ကုပ်၏အထက်'' နှင့် ''လက်ချောင်းများ'' ဟု ဘာသာပြန်ကြပြီး ''သူတို့၏ လည်ကုပ်၏အထက်များနှင့် လက်ချောင်းများကို ဖြတ်တောက်ကြလော့''ဟု ပြန်ဆို ရေးသားကြပေသည်။ လည်ကုပ်၏ အထက် ဦးခေါင်းများကို ဖြတ်ပြီးသော သူအား လက်ချောင်းများကို ဖြတ်တောက်ရန် မလိုတော့ပေ။ ထိုသူသည် သေနေပြီးဖြစ်၍ မိမိအား ပြန်တိုက်နိုင်ခြင်း မရှိတော့ပေ။ ထို့ကြောင့် ထိုသို့ ဘာသာပြန်ဆိုမှုသည် ယုတ္တိ လွန်စွာ အားနည်းပေသည်။ လယ်ကုပ်၏ အထက် ဆိုသည်မှာ ဦးခေါင်းကို ခေါ်၍ ရန်သူစစ်တပ်၏ တပ်ဦး ဖြစ်၍ လက်ချောင်းများဆိုသည်မှာ ရန်သူစစ်တပ်၏ တပ်ဆွယ် တပ်ထောက် စစ်ကူများကို ခေါ်ပေသည် ထို့ကြောင့် ဤဘာသာပြန်၌ **တပ်ဦး၊ တပ်ဆွယ်များကို ဖြတ်တိုက်ကြလော့** ဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။

(၄၅၇) **အသင်တို့သည် တော်လှန်သည်မဟုတ် ပရမတ်ဘုရားရှင်က တော်လှန်ခြင်း ဖြစ်သည်** ဆိုခြင်းမှာ လောကဓမ္မနှင့်အညီ လူသား အပေါင်းတို့သည် ငြိမ်းချမ်းစွာ နေထိုင်နိုင်ရန် လမ်းစဉ်အတွက် မတရား အနိုင်ကျင့် စော်ကားနေသော ရာဇဝတ်ကောင်များကို တော်လှန်ချေမှုန်းခြင်းသည် တရားဝင်သော တော်လှန်ရေးဟု ဆိုခြင်း ဖြစ်ပေသည်။ ဤသုတ်တော်မှ ပစ်ခတ်သည် ဆိုသောစကားကို သဲနှင့်ပက်သည်ဟု မယူဆသင့်ပေ။

၁၈။	**ذَلِكُمْ وَأَنَّ اللهَ مُوهِنُ كَيْدِ الْكَافِرِينَ۞** ဤသည်မှာ ပရမတ်ဘုရားရှင်အား ရန်သူတို့၏ နည်းဗျူဟာအား အားပျော့စေခဲ့ဌာ ဖြစ်၏။
၁၉။	**إِن تَسْتَفْتِحُواْ فَقَدْ جَاءكُمُ الْفَتْحُ وَإِن تَنتَهُواْ فَهُوَ خَيْرٌ لَّكُمْ وَإِن تَعُودُواْ نَعُدْ وَلَن تُغْنِيَ عَنكُمْ فِئَتُكُمْ شَيْئًا وَلَوْ كَثُرَتْ وَأَنَّ اللهَ مَعَ الْمُؤْمِنِينَ۞** ထွက်ပေါက်ကို တောင်းဆိုကြလျှင် ထွက်ပေါက်သည် သင်တို့ထံသို့ မုချ ရောက်လာပေဒ့ဲ။ အကယ်၍ စစ်ရပ်စဲကြလျှင် သင်တို့အဘို့ ပို၍ကောင်း၏။ အကယ်၍ ဆက်တိုက်ကြလျှင် ငါသည်လည်း ဆက်တိုက်တော်မူအံ့၊ ထိုအခါ သင်တို့သည် မည်မျှပင် များပြားစေကာမူ သင်တို့၏တပ်သည် တစ်စုံတစ်ရာ ပြည့်စုံမည် မဟုတ်ချေ။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ယုံကြည်သူများနှင့် အတူတကွ ရှိတော်မူ၏။
၂၀။	**يَا أَيُّهَا الَّذِينَ آمَنُواْ أَطِيعُواْ اللهَ وَرَسُولَهُ وَلاَ تَوَلَّوْا عَنْهُ وَأَنتُمْ تَسْمَعُونَ۞** အို– ယုံကြည်သောသူတို့ ပရတ်ဘုရားရှင်နှင့် အရှင့် ဉာဏ်စဉ်ဆောင်အား နာခံကြလော့၊ သင်တို့သည် ကြားနာလျက် ဘက်မလှည့်ကြကုန်နှင့်။
၂၁။	**وَلاَ تَكُونُواْ كَالَّذِينَ قَالُوا سَمِعْنَا وَهُمْ لاَ يَسْمَعُونَ۞** ကျွန်ုပ်တို့ ကြားပါသည်ဟု ဆိုလျက် မနာယူသော ထိုသူတို့ကဲ့သို့ မဖြစ်စေနှင့်။
၂၂။	**إِنَّ شَرَّ الدَّوَابَّ عِندَ اللهِ الصُّمُّ الْبُكْمُ الَّذِينَ لاَ يَعْقِلُونَ۞** ဇကန်ပင် ပရမတ်ဘုရားရှင်၏ ထံ၌ အဆိုးဆုံးသော သတ္တဝါမှာ ပင်း၊ အ၊ အတွေးအခေါ် မရှိသော ပြိတ္တာပင်ဖြစ်၏။
၂၃။	**وَلَوْ عَلِمَ اللهُ فِيهِمْ خَيْرًا لَّأَسْمَعَهُمْ وَلَوْ أَسْمَعَهُمْ لَتَوَلَّواْ وَّهُم مُّعْرِضُونَ۞** ပရမတ်ဘုရားရှင်သည် သူတို့ထံ၌ ကောင်းမှုတစ်စုံတစ်ရာကို သိခဲ့ရလျှင် သူတို့အား ကြားနာစေတော်မူအံ့၊ အကယ်၍ သူတို့အား ကြားနာစေတော် မူငြားလည်း သူတို့သည် ဘက်လှည့်၍ ဘောင်ကန့်ထားသူများ ဖြစ်ကြ၏။
၂၄။	**يَا أَيُّهَا الَّذِينَ آمَنُواْ اسْتَجِيبُواْ لِلّهِ وَلِلرَّسُولِ إِذَا دَعَاكُم لِمَا يُحْيِيكُمْ وَاعْلَمُواْ أَنَّ اللهَ يَحُولُ بَيْنَ الْمَرْءِ وَقَلْبِهِ وَأَنَّهُ إِلَيْهِ تُحْشَرُونَ۞** အို– ယုံကြည်သောသူတို့ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်က သင်တို့အား အသက်ရှင်ကြောင်း တရားသို့ ဖိတ်ခေါ်သောအခါ အဖြေပေးကြလော့၊ ပရမတ်ဘုရားရှင်သည် ရုပ်နှင့် နာမ်စပ်ကြား စည်း ဖြစ်ကြောင်း၄၅ သိကြကုန် လော့၊ ဇကန်ပင် အရှင်၏ထံသို့သာ စုစည်းခံရစေမည် ဖြစ်၏။
၂၅။	**وَاتَّقُواْ فِتْنَةً لاَّ تُصِيبَنَّ الَّذِينَ ظَلَمُواْ مِنكُمْ خَآصَّةً وَاعْلَمُواْ أَنَّ اللهَ شَدِيدُ الْعِقَابِ۞** သင်တို့အနက် မိုက်ကြေးခွဲသောသူများ အတွက်သာ ရွေးချယ်၍ စမ်းသပ်ခံရမည် မဟုတ်သော ဆိုးကျိုးဆက်မှ စည်းစောင့်ကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ ချုပ်ကိုင်နိုင်တော်မူသည်ကို သိကြကုန်လော့။
၂၆။	**وَاذْكُرُواْ إِذْ أَنتُمْ قَلِيلٌ مُّسْتَضْعَفُونَ فِي الأَرْضِ تَخَافُونَ أَن يَتَخَطَّفَكُمُ النَّاسُ فَآوَاكُمْ وَأَيَّدَكُم بِنَصْرِهِ**

---

(၄၅) လူသားသည် နာမ်ပိုင်းဆိုင်ရာ အောင်မြင်ပေါက်မြောက်ပြီးမှ ပရမတ်ဘုရားရှင်အား သိနိုင်သည် ဆိုခြင်းကို ပါယ်ချပေသည်။ လူသားသည် ရုပ်လောကအား စနစ်တကျ သိနားလည်လျှင်ပင် ပရတ်ဘုရားရှင်အား ဉာဏ်မျက်စိဖြင့် သိမြင်နိုင်၍ နာမ်လောကအား သိမြင်နိုင်ရန် အလို အလျောက် လိုက်ကာတံခါး ပွင့်သွားပြီဟု ဆိုထားပေသည်။ ထို့ကြောင့် ရုပ်လောက ဖြစ်တည်တိုးတက်မှုအား ပစ်ပါယ်ထားလျက် ဒုက္ခစရိယကျင့်ဆောင်နေခြင်းမျိုး၊ ဖျာပေါ်ထိုင် ပုတီးစိတ်နေခြင်းမျိုးကို ကျမ်းတော်က အားမပေးချေ။ ထို့အပြင် ဤသုတ်တော်ရှိ အသက်ရှင်ကြောင်း တရားဆိုသည်မှာ ဤကျမ်းမြတ်ကုရ်အာန်ကို ရည်ညွှန်းခြင်း ဖြစ်၍ ကျမ်းမြတ်ကုရ်အာန်ကို သိနားလည်အောင် အားထုတ်လျက် ကျမ်းတော်ပါ စည်းကမ်းများကို လိုက်နာလျှင် ရုပ် နာမ် တည်မြဲခြင်း၊ အပြီးသတ် ချုပ်ငြိမ်းသော ဘဝကို ရရှိနိုင်ပြီဟု အာမခံထားပေသည်။

	وَرَزَقَكُم مِّنَ الطَّيِّبَاتِ لَعَلَّكُمْ تَشْكُرُونَ۞ သင်တို့သည် မြေကမ္ဘာ၌ အားအင်ရှိနဲ့သော အနည်းစုဖြစ်ခဲ့၍ လူသားများက သင်တို့အား အင်အားသုံး သုတ်ငင်ပစ်မည်ကို ကြောက်ရွံ့နေရစဉ် အရှင်သည် သင်တို့အား ခိုလှုံရာပေးခဲ့ခြင်း၊ ကူညီထောက်ပံ့ခဲ့ခြင်း၊ သင်တို့ ကျေးဇူးသိတတ်အံ့ငှာ စင်ကြယ်ရာများမှ ရိက္ခာပေးခဲ့ခြင်းများကို သတိရကြလော့။
၂၇။	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَخُونُواْ اللّهَ وَالرَّسُولَ وَتَخُونُواْ أَمَانَاتِكُمْ وَأَنتُمْ تَعْلَمُونَ۞** အို– ယုံကြည်သောသူတို့ သင်တို့သည် ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်အား သစ္စာမဲ့ကြနှင့်၊ သင်တို့၌ ယုံကြည်စွာ အပ်နှံထားသည်များကို သိနေလျက်နှင့် သစ္စာမဲ့ကြကုန်နှင့်၊
၂၈။	**وَاعْلَمُواْ أَنَّمَا أَمْوَالُكُمْ وَأَوْلاَدُكُمْ فِتْنَةٌ وَأَنَّ اللّهَ عِندَهُ أَجْرٌ عَظِيمٌ۞** သိကြကုန်လော့၊ သင်တို့၏ ဥစ္စာပစ္စည်းများ၊ ရင်သွေးများသည် စမ်းသပ်မှုတစ်ရပ်ပင် ဖြစ်၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်၏ ထံပါး၌ မဟာဆုလဒ်ကြီး ရှိ၏။[၄၁၉]
၂၉။	**يَا أَيُّهَا الَّذِينَ آمَنُواْ إِن تَتَّقُواْ اللّهَ يَجْعَل لَّكُمْ فُرْقَاناً وَيُكَفِّرْ عَنكُمْ سَيِّئَاتِكُمْ وَيَغْفِرْ لَكُمْ وَاللّهُ ذُو الْفَضْلِ الْعَظِيمِ۞** အို– ယုံကြည်သောသူတို့ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလေလျှင်၊ အရှင်သည် သင်တို့အတွက် ခွဲခြမ်းစိတ်ဖြာဖွင့်ဆိုချက်ကို စီစဉ်ပေးတော်မူလတ္တံ့၊ သင်တို့၏ အကုသိုလ်များကို ဖုံးကွယ်ပေးလျက် သင်တို့အား လွတ်ငြိမ်းစေတော်မူလတ္တံ့၊ ပရမတ်ဘုရားရှင်သည်ကား မဟာ့မဟာ သိက္ခာပေးသော အရှင် ဖြစ်၏။
၃၀။ ဖုံးကွယ်သောသူ	**وَإِذْ يَمْكُرُ بِكَ الَّذِينَ كَفَرُواْ لِيُثْبِتُوكَ أَوْ يَقْتُلُوكَ أَوْ يُخْرِجُوكَ وَيَمْكُرُونَ وَيَمْكُرُ اللّهُ وَاللّهُ خَيْرُ الْمَاكِرِينَ۞** **ရန်သူ**တို့သည် သင့်အား မလွှပ်ရှားနိုင်ရန်၊ သတ်ဖြတ်ရန်၊ ပြည်နှင်ရန် ကြံစည်ကြသောအခါ၊ သူတို့ကြံစည်သည်နှင့် အညီ၊ ပရမတ်ဘုရားရှင်သည် ကြံစည်နေတော်မူ၏။ ပရမတ်ဘုရားရှင်သည် အကောင်းဆုံး ကြံစည်နိုင်သော အရှင် ဖြစ်၏။
၃၁။ ✡ ၂း၇၀	**وَإِذَا تُتْلَى عَلَيْهِمْ آيَاتُنَا قَالُواْ قَدْ سَمِعْنَا لَوْ نَشَاء لَقُلْنَا مِثْلَ هَذَا إِنْ هَذَا إِلاَّ أَسَاطِيرُ الأَوَّلِينَ۞** သူတို့အား ငါ၏ သုတ်ဒေသနာများကို ရွတ်ဖတ်ပြသောအခါ၊ ကျွန်ုပ်တို့ ကြားဘူးပြီး ဖြစ်၏၊ ကျွန်ုပ်တို့လည်း စံချိန်ပြည့်ခဲ့လျှင်✡ ဤကဲ့သို့ ပြောပြနိုင်၏၊ ဤသည် ရှေးသရောအခါက ဒဏ္ဍာရီများသာ ဟု ဆိုကြလေ၏။
၃၂။ ဓမ္မတော်သည်	**وَإِذْ قَالُواْ اللَّهُمَّ إِن كَانَ هَذَا هُوَ الْحَقَّ مِنْ عِندِكَ فَأَمْطِرْ عَلَيْنَا حِجَارَةً مِّنَ السَّمَاء أَوِ ائْتِنَا بِعَذَابٍ أَلِيمٍ۞** သူတို့က အို– ပရမတ်ဘုရားရှင် **ဤသည်** အရှင်၏ထံတော်မှ အစစ်အမှန် ဖြစ်ခဲ့သော် တပည့်တော်တို့ အပေါ်သို့ ကျောက်တုံးများကို ကောင်းကင်ထက်မှ ရွာသွန်းစေတော်မူပါ၊ သို့မဟုတ် အလွန်စူးနစ်သော ဝဋ်ကြွေးကို ဆိုက်ရောက်စေပါ ဟု ဆိုကြ၏။
၃၃။	**وَمَا كَانَ اللّهُ لِيُعَذِّبَهُمْ وَأَنتَ فِيهِمْ وَمَا كَانَ اللّهُ مُعَذِّبَهُمْ وَهُمْ يَسْتَغْفِرُونَ۞** သူတို့အထဲတွင် သင်ရှိနေသဖြင့် ပရမတ်ဘုရားရှင်က သူတို့အား ဝဋ်ကြွေးသင့်စေမည် မဟုတ်။ ပရမတ်ဘုရားရှင်က သူတို့အား ဝဋ်ကြွေးသင့်သူများ မဖြစ်စေပေ၊ သူတို့သည် လွတ်ငြိမ်းဆုပန်နေကြ၏။[၄၆၀]

---

(၄၅၉) ဤသုတ်တော်သည် လူလောကအတွက် လွန်စွာ အရေးကြီးသော သွန်သင်ချက် ဖြစ်၍ ကျမ်းတော်တွင် လူသားတို့အား မကြာခဏ သတိပေးထားပေသည်။ လူသားတို့သည် သားသမီးများအား အနာဂါတ်ဘဝ တိုးတက်ရန် တာဝန် မယူပေးဘဲ ပစ်ထားခြင်းသည် လည်းကောင်း၊ သားသမီး သားမယား အတွက် လာဘ်စားနေခြင်းသည် လည်းကောင်း ကြီးမားသော ပြစ်မှုများ ဖြစ်ကြောင်း ပြင်းထန်စွာ သတိပေးထားပေသည်။

(၄၆၀) ဤသုတ်တော်နှင့် သုတ်အမှတ်တော် ၈း၂၅ သည် တိုက်ရိုက် ဆက်စပ်မှု ရှိနေပေသည်။ ၈း၂၅ တွင် အမိုက်ကောင်များ အတွက်သာ သီးသန့်ကျရောက်မည် မဟုတ်သော အပြစ်ဒဏ် ဆိုသည်မှာ လူဆိုးလူမိုက်များကို အမှန်းခံ၍ မပြုပြင် မဆုံးမလျှင် ထိုလူဆိုးလူမိုက်တို့အား

၃၄။	**وَمَا لَهُمْ أَلاَّ يُعَذِّبَهُمُ اللهُ وَهُمْ يَصُدُّونَ عَنِ الْمَسْجِدِ الْحَرَامِ وَمَا كَانُواْ أَوْلِيَاءهُ إِنْ أَوْلِيَآؤُهُ إِلاَّ الْمُتَّقُونَ وَلَـكِنَّ أَكْثَرَهُمْ لاَ يَعْلَمُونَ۝** သို့သော် သူတို့အား ပရမတ်ဘုရားရှင်က ဝဋ်ဒဏ် မသင့်စေရန် အကြောင်းမရှိချေ။ သူတို့သည် ဘေးမဲ့ ဝတ်ကျောင်းတော်မှ ဖယ်ခိုင်းကြ၏။ သူတို့သည် ၎င်း၏ မဟာမိတ်များ မဟုတ်ချေ။ စည်းစောင့်သူများသည်သာ မဟာမိတ်များ ဖြစ်ကြ၏၊ သို့ရာတွင် အများစုကြီးမှာ အသိ မရှိကြချေ။
၃၅။ ☆ ၂၃	**وَمَا كَانَ صَلاَتُهُمْ عِندَ الْبَيْتِ إِلاَّ مُكَاء وَتَصْدِيَةً فَذُوقُواْ الْعَذَابَ بِمَا كُنتُمْ تَكْفُرُونَ۝** အမှန်မှာ အိမ်တော်၌ သူတို့၏ ဝတ်ပြုခြင်းသည်☆ လေချွန်ခြင်း လက်ခုပ်တီးခြင်းမျှသာ ဖြစ်၏၊ သင်တို့သည် ဗုံးကွယ်လေ့ရှိသည့်အတွက် ဝဋ်ကြွေးဒဏ်အား မြည်းကြလော့။[၄၆]
၃၆။ အရှုံးပေးရ	**إِنَّ الَّذِينَ كَفَرُواْ يُنفِقُونَ أَمْوَالَهُمْ لِيَصُدُّواْ عَن سَبِيلِ اللهِ فَسَيُنفِقُونَهَا ثُمَّ تَكُونُ عَلَيْهِمْ حَسْرَةً ثُمَّ يُغْلَبُونَ وَالَّذِينَ كَفَرُواْ إِلَى جَهَنَّمَ يُحْشَرُونَ۝** ဗုံးကွယ်သောသူတို့သည် သူတို့၏ ဥစ္စာပစ္စည်းများကို ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ရှောင်ဖယ်စေရန် သုံးစွဲကြကုန်၏၊ သို့သုံးစွဲလျက်ပင် ၎င်းတို့သည် သူတို့အတွက် ကြေကွဲစရာ ဖြစ်ရလတ္တံ့၊ သူတို့သည် **အနိုင်ယူခံရ**လတ္တံ့၊ ထို့နောက် ဗုံးကွယ်သောသူတို့အား ငရဲဘုံသို့ စုစည်းခံရစေမည်ပင်။
၃၇။	**لِيَمِيزَ اللهُ الْخَبِيثَ مِنَ الطَّيِّبِ وَيَجْعَلَ الْخَبِيثَ بَعْضَهُ عَلَىَ بَعْضٍ فَيَرْكُمَهُ جَمِيعاً فَيَجْعَلَهُ فِي جَهَنَّمَ أُوْلَـئِكَ هُمُ الْخَاسِرُونَ۝** ပရမတ်ဘုရားရှင်သည် မသန့်သူများကို စင်ကြယ်သူများမှ သီးခြား စီစဉ်၍၊ အချို့ မသန့်သူများ အပေါ် အချို့ကို ဆင့်ကာ ငရဲဘုံတွင်း အားလုံး စုပြုံသူများ အဖြစ် စီစဉ်လတ္တံ့။ သူတို့သည် ဆုံးရှုံးရသူတို့ ဖြစ်၏။
၃၈။	**قُل لِّلَّذِينَ كَفَرُواْ إِن يَنتَهُواْ يُغْفَرْ لَهُم مَّا قَدْ سَلَفَ وَإِنْ يَعُودُواْ فَقَدْ مَضَتْ سُنَّةُ الأَوَّلِينَ۝** ဗုံးကွယ်သောသူများအား ဟောကြားလော့၊ စစ်ရပ်စဲကြလျှင်၊ အတိတ်ဖြစ်ရပ်များမှ သူတို့အား လွှတ်ငြိမ်းစေလတ္တံ့၊ ဆက်တိုက်ကြလျှင် ရှေးလူများအတွက် ဆုံးဖြတ်ပြီး ဓလေ့အတိုင်း ဖြစ်စေလတ္တံ့။
၃၉။	**وَقَاتِلُوهُمْ حَتَّى لاَ تَكُونَ فِتْنَةٌ وَيَكُونَ الدِّينُ كُلُّهُ لِلّهِ فَإِنِ انتَهَوْاْ فَإِنَّ اللهَ بِمَا يَعْمَلُونَ بَصِيرٌ۝** သွေးတိုးစမ်းခြင်း မရှိတော့သည်ထိ သူတို့အား ခုခံတိုက်ကြလော့၊ သာသနာ အလုံးစုံသည် ပရမတ်ဘုရားရှင်အတွက်သာ ဖြစ်သင့်၏၊ အကယ်၍ သူတို့ဘက်မှ ရပ်စဲကြလျှင် ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။[၄၇]

အားပေး အားမြှောက်ရာ ရောက်ပေသည်။ ထို လူ့အသိုင်းအဝိုင်းအား ပျက်ဆီးဆုံးရှုံးရခြင်းသည် ဆိုက်ရောက်လာမည်မှာ မလွဲပေ။ သို့သော် ထို လူဆိုးလူမိုက်များအား အမုန်းခံ အဆင်းရဲခံလျက် ပြုပြင်ပြောင်းလဲရန် တိုက်တွန်းနှိုးဆော်မည့်သူ ပေါပေါက်လာလျှင် ထိုသူများမှာ တစ်ချို့သည် လည်းကောင်း မျိုးဆက်သစ် တစ်ခုသည်လည်းကောင်း ပေါ်ထွန်းလာနိုင်ပေသည်။ ထိုအခါ သူတို့၏ မျိုးဆက်သည် တိုးတွက် ဖို့ဖြိုးလာမည် ဖြစ်ပေသည်၊ တနည်းအားဖြင့် ပျက်စီးမှုမှာ နောက်သို့ ဆုတ်သွားမည် ဖြစ်ပေသည်။

(၄၆၀) ဤသုတ်တော်သည် အနှစ်သာရ မရှိသော နမာ့ဇ် ခေါ် ဆွလတ်ဝတ်ပြုမှုကို ပြတ်သားစွာ သရော် ရှုချထားသော သတိပေးချက် ဖြစ်ပေသည်။ ယခုခေတ်တွင်လည်း အနှစ်သာရမရှိဘဲ ဆွလတ်ပြုခြင်းသည် နားရွက်ဆွဲ ထိုင်ထ လုပ်ခြင်းမျှသာ ဖြစ်၍ အကျိုး မရှိကြောင်းကို ကြီးစွာ ဆင်ခြင်သင့်ပေသည်။ မိဘမဲ့များအား မစောင့်ရှောက် မကျွေးမွေး၊ သူဆင်းရဲများအာ မကူညီ မပံ့ပိုး ရေကလေး တစ်ခွက်မျှပင် မတိုက်ကျွေးသော သူသည်၏ ဆွလတ်ဝတ်ပြုမှုသည် ပျက်စီးဆုံးရှုံးရမည်၊ သူသည် လူသားအပေါင်းအား ပြစားရန်သည် ဆွလတ်ပြုဖြင်း ဖြစ်သည်ဟု ဓမ္မခန္ဓာတော် (၁၀၇) တွင် အတိအကျ ဆိုထားပေသည်။

(၄၆၂) သာသနာတော်သည် ပရမတ်ဘုရားရှင် အတွက်သာ ဖြစ်သင့်၏ ဆိုသည်မှာ မိမိကိုးကွယ်ယုံကြည်သည်ကို လွှတ်လပ်စွာ ကိုးကွယ်ခွင့်ရသည် အထိ ဟု အနက်ရပေသည်။ အစွလာမ်သာသနာ၏ တော်လှန်ရေးသည် သာသနာပြုစစ် မဟုတ်ချေ။။ လူသားတိုင်းသည် လွှတ်လပ်စွာ ကိုးကွယ်

၄၀။	**وَإِن تَوَلَّوْاْ فَاعْلَمُواْ أَنَّ اللّهَ مَوْلاَكُمْ نِعْمَ الْمَوْلَى وَنِعْمَ النَّصِيرُ۝** အကယ်၍ သင်တို့သည် ဘက်လှည့်ခံခဲ့ရလျှင်၊ ဇကနပင် ပရမတ်ဘုရားရှင်သည် သင်တို့အတွက် မဟာမိတ်ဖြစ်ကြောင်း သိကြကုန်လော့။ အရှင်သည် ဂုဏ်ပေးသော မဟာမိတ်၊ ဂုဏ်ပေးသော ကူညီသူ ဖြစ်၏။
၄၁။	**وَاعْلَمُواْ أَنَّمَا غَنِمْتُم مِّن شَيْءٍ فَأَنَّ لِلّهِ خُمُسَهُ وَلِلرَّسُولِ وَلِذِي الْقُرْبَى وَالْيَتَامَى وَالْمَسَاكِينِ وَابْنِ السَّبِيلِ إِن كُنتُمْ آمَنتُمْ بِاللّهِ وَمَا أَنزَلْنَا عَلَى عَبْدِنَا يَوْمَ الْفُرْقَانِ يَوْمَ الْتَقَى الْجَمْعَانِ وَاللّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ۝** ငါ ပရမတ်ဘုရားရှင်က ခွဲခြားသိသောနေ့နှင့်[၄၆၃] တပ်စုနှစ်ခု ရင်ဆိုင်တွေ့သောနေ့၌ ငါ၏ အမှုတော်ဆောင်အား ချမှတ်ပေးသည်တို့ကို သင်တို့ ယုံကြည်ကြလျှင် စစ်လျော်ကြေးရသည်များမှ[၄၆၄] ငါးပုံတစ်ပုံသည် ပရမတ်ဘုရားရှင်၊ ဉာဏ်စဉ်ဆောင်၊ ကိုယ်စောင့်တပ်များ[၄၆၅] မိဘမဲ့များ၊ နွမ်းပါးသူများနှင့် လမ်းစဉ်တော်၏သားများ[၄၆၆] အတွက် ဖြစ်သည်ကို သင်တို့ သိကြကုန်လော့။ ဇကနပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၄၂။ الرَّكْبُ	**إِذْ أَنتُم بِالْعُدْوَةِ الدُّنْيَا وَهُم بِالْعُدْوَةِ الْقُصْوَى وَالرَّكْبُ أَسْفَلَ مِنكُمْ وَلَوْ تَوَاعَدتُّمْ لاَخْتَلَفْتُمْ فِي الْمِيعَادِ وَلَكِن لِّيَقْضِيَ اللّهُ أَمْراً كَانَ مَفْعُولاً لِّيَهْلِكَ مَنْ هَلَكَ عَن بَيِّنَةٍ وَيَحْيَى مَنْ حَيَّ عَن بَيِّنَةٍ وَإِنَّ اللّهَ لَسَمِيعٌ عَلِيمٌ۝** သင်တို့က ဤမှာဘက်၊ သူတို့က ဝေးကွာသောဘက်နှင့် **ကုန်သည်ယာဉ်တန်းက** သင်တို့ထက် အနိမ့်ဘက်တွင် ရှိနေသောအခါ၊ အကယ်၍သာ သင်တို့သည် ထိုသို့ ကတိထားလျှင်ပင်၊ ထိုကတိသည် လွဲခဲ့ကြမည်ပင်။ သို့ရာတွင် ပျက်သုဉ်းစေမည့်သူအား ရှင်းလင်းစွာ ပျက်သုဉ်းစေရန်၊ ရှင်သန်သူအား ရှင်းလင်းစွာ ရှင်သန်နိုင်ရန် ပရမတ်ဘုရားရှင်သည် ညွှန်ကြားချက်အား ဆုံးဖြတ်ပြီး ဖြစ်၏။ ဇကနပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် သိနေသော အရှင် ဖြစ်တော်မူ၏။[၄၆၇]
၄၃။	**إِذْ يُرِيكَهُمُ اللّهُ فِي مَنَامِكَ قَلِيلاً وَلَوْ أَرَاكَهُمْ كَثِيرًا لَّفَشِلْتُمْ وَلَتَنَازَعْتُمْ فِي الأَمْرِ وَلَكِنَّ اللّهَ سَلَّمَ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ۝** ပရမတ်ဘုရားရှင်သည် သင် အိပ်စက်စဉ်၌ သူတို့၏ အင်အားကို အနည်းငယ်သာ မြင်စေ၏၊ အကယ်၍ သူတို့၏ အင်အားကို များစွာ မြင်စေခဲ့လျှင် သင်တို့သည် စိတ်ဓါတ်ကျမည့် အပြင်၊ ထိုအရေး၌ သင်တို့အချင်းချင်း

ယုံကြည်ခွင့်ရှိလျှင် တော်လှန်ရေး ပြုလုပ်ရန် မလိုပေ။ မိမိအား တိုက်ခိုက်သူဘက်မှ တိုက်ခိုက်ခြင်းကို ရပ်တန့်လျှင်လည်း မိမိဘက်မှ တော်လှန်ခြင်းကို ရပ်တန့်ရမည် ဖြစ်ပေသည်။

(၄၆၃) ခွဲခြားသိသောနေ့ ဆိုသည်မှာ မည်သူသည် မိတ်ဆွေအစစ် ဖြစ်သည်၊ မည်သူသည် ရန်သူဖြစ်သည်။ မည်သူသည် ရန်သူလူ ဖြစ်သည်ကို ကွဲပြားစွာ သိရသော နေ့ကို ဆိုပေသည်။

(၄၆၄) ဂနင်မ်တွန်း (ဂနီမတ်) غَنِمْتُم သည် လူသားများကြိုးပမ်းအားထုတ်၍ ရှာဖွေဆည်းပူးရရှိသော အရာဟူ၍ လည်းဖြစ်သည်။ (ကုရ်တုဗီ)

(၄၆၅) သီးလ ကုရ်ဘာ لِذِي الْقُرْبَى ကို အချို့က ဆွေမျိုးနီးစပ်များဟု ဘာသာပြန်ကြပေသည်။ ထိုအဆိုမှာ အကြွင်းမဲ့မှန်ကန်မှု မရှိပေ။ ကိုယ်တော်မုဟမ္မဒ်၏ ဆွေမျိုးနီးစပ်များတွင် ရန်သူဘက်မှလည်း အများအပြား ရှိနေပေသည်။ ထို့ကြောင့် ဤဘာသာပြန်၌ ဆွေမျိုးနီးစပ်ဟု ဘာသာ မပြန်ဘဲ စကားလုံး၏ တိုက်ရိုက်အဓိပ္ပါယ်အတိုင်း နီးစပ်သူများ၊ အပါးတော်ပြုများ၊ ကိုယ်စောင့်တပ်များ ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

(၄၆၆) အိဗနီ ဆဘီးလ ابْنِ السَّبِيلِ ကို အချို့က ခရီးသည်များဟု ပြန်ဆိုကြပေသည်။ ကမ္ဘာပေါ်ရှိ ခရီးသည်အားလုံးကို မဆိုလိုပေ။ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ သို့မဟုတ် လူသားများ၏ ငြိမ်းချမ်းရေးအတွက် သွားလာနေသော ခရီးသည်များကို ဆိုလိုပေသည်။

(၄၆၇) ဤသုတ်တော်ပါ အကြောင်းအရာသည် ဘဒရ်စစ်ပွဲကို ဥပမာပေး၍ သွန်သင်ခြင်း ဖြစ်ပေသည်။ ထိုစစ်ပွဲ ဖြစ်ခဲ့စဉ်က မည်သို့ဖြစ်သည်ဟု ပုံပြင် အဖြစ် နားထောင်ရန် မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံ၊ အသင်းတစ်သင်း၊ အယူအဆ တစ်ခုအား ထူထောင်သောအခါ၊ ဖြစ်ပေါ်လာတတ်သော အတိုက်အခံ၏ အင်အား၊ အတိုက်အခံမှ ရန်သူ အဖြစ် ပြောင်းလဲတတ်ပုံနှင့် ထိုသို့ ရန်သူနှင့် ထိပ်တိုက်တိုးသောအခါများတွင် မည်သို့ ဖြေရှင်းရမည်ကို ဥပမာပေး သွန်သင်ခြင်းသာ ဖြစ်ပေသည်။ ဤသုတ်တော်တွင် တိုက်ပွဲ ဖြစ်နေသော တပ်နှစ်တပ်နှင့် ကြားမှ စစ်ထဲတွင် မပါသော ကုန်သည်များ အကြောင်းကို ဖေါ်ပြပေသည်။ ဤသို့ ဖေါ်ပြခြင်းမှာ မိမိဘက်မှ မဟုတ်သူတိုင်းသည် မိမိ၏ ရန်သူ မဟုတ်ကြောင်း ကြားနေ လူတန်းစားများလည်း ရှိကြောင်းကို သတိပေးခြင်းသာ ဖြစ်ပေသည်။ မိမိဘက်မှ မဟုတ်၍၊ မိမိအယူအား လက်မခံ၍ ကျန်သူအားလုံးကို စစ်ပွဲကာလ၌ ရောကြိတ်ရမည်ဟူသည့် လူဆိုးလူမိုက်ဝါဒကို အစွဲလာမ်သာသနာက လက်မခံချေ။

	ဖယ်ပစ်နေကြမည်ပင်၊ သို့ရာတွင် ပရမတ်ဘုရားရှင်သည် သင်တို့အား ငြိမ်ချမ်းစေတော်မူ၏။ ဇကန်ပင် အရှင်မြတ်သည် သူတို့၏ ရင်ဘတ် ခံစားချက်များအားဖြင့် သိနေသော အရှင် ဖြစ်၏၊
၄၄။ ☆ ၃း၁၂၂	**وَإِذْ يُرِيكُمُوهُمْ إِذِ الْتَقَيْتُمْ فِي أَعْيُنِكُمْ قَلِيلاً وَيُقَلِّلُكُمْ فِي أَعْيُنِهِمْ لِيَقْضِيَ اللهُ أَمْرًا كَانَ مَفْعُولاً وَإِلَى اللهِ تُرْجَعُ الأُمُورُ۞** သင်တို့ ဆုံတွေ့သောအခါ သင်တို့ မျက်လုံးတွင် သူတို့၏ အင်အားကို အနည်းငယ်ဟု မြင်စေ၏၊ သင်တို့သည်လည်း အနည်းငယ်မျှသာဟု သူတို့မျက်လုံးတွင် ထင်စေ၏၊ ပရမတ်ဘုရားရှင်က ညွှန်ကြားချက်အား ဆုံးဖြတ် စီမံပြီး ဖြစ်၏၊ အရေးအရာများသည် ပရမတ်ဘုရားရှင်၏ထံသို့သာ ဦးလှည့်ရမည်သာတည်း။☆
၄၅။	**يَا أَيُّهَا الَّذِينَ آمَنُواْ إِذَا لَقِيتُمْ فِئَةً فَاثْبُتُواْ وَاذْكُرُواْ اللهَ كَثِيرًا لَّعَلَّكُمْ تُفْلَحُونَ۞** အို– ယုံကြည်သောသူတို့၊ တပ်တစ်ခုနှင့် ထိပ်တိုက်ဆုံသောအခါ၊ ရပ်တည်ချက် ခိုင်မာကြလော့၊ အောင်မြင်ပေါက် မြောက်အံ့ငှာ ပရမတ်ဘုရားရှင်အား မြောက်များစွာ သတိရရွတ်ကြလော့။
၄၆။	**وَأَطِيعُواْ اللهَ وَرَسُولَهُ وَلاَ تَنَازَعُواْ فَتَفْشَلُواْ وَتَذْهَبَ رِيحُكُمْ وَاصْبِرُواْ إِنَّ اللهَ مَعَ الصَّابِرِينَ۞** ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား နာခံကြလော့၊ မဖယ်ပစ်ကြနှင့်၊ စိတ်ခါတ်မကျကြနှင့် သို့ဖြစ်လျှင် လေလျော့နည်းနိုင်၏။[၄၆]သည်းခံပါရမီရှိကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သည်းခံပါရမီရှိသူများနှင့် အတူ ရှိနေတော်မူ၏။
၄၇။ ☆ ၈း၅	**وَلاَ تَكُونُواْ كَالَّذِينَ خَرَجُواْ مِن دِيَارِهِم بَطَرًا وَرِئَاء النَّاسِ وَيَصُدُّونَ عَن سَبِيلِ اللهِ وَاللهُ بِمَا يَعْمَلُونَ مُحِيطٌ۞** လူသားတို့အား ပြစားရန် သူတို့၏ အိမ်များမှ☆ ဟန်ရေးထုတ် ထွက်ခွာလာကြလျက် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ရှောင်ဖယ်ကြသော သူများကဲ့သို့ မဖြစ်ကြကုန်နှင့်၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေ့သမျှအား ဝိုင်းဝန်းထားတော်မူ၏၊
၄၈။ ☆ ၂း၁၄	**وَإِذْ زَيَّنَ لَهُمُ الشَّيْطَانُ أَعْمَالَهُمْ وَقَالَ لاَ غَالِبَ لَكُمُ الْيَوْمَ مِنَ النَّاسِ وَإِنِّي جَارٌ لَّكُمْ فَلَمَّا تَرَاءتِ الْفِئَتَانِ نَكَصَ عَلَى عَقِبَيْهِ وَقَالَ إِنِّي بَرِيءٌ مِّنكُمْ إِنِّي أَرَى مَا لاَ تَرَوْنَ إِنِّيَ أَخَافُ اللهَ وَاللهُ شَدِيدُ الْعِقَابِ۞** သူတို့၏ ကျင့်ကြံမှုအား မကောင်းဆိုးဝါးက☆ ဖမ်းစားထားလျက်၊ ''ဤနေ့၌ သင်တို့အား အနိုင်ရမည့်သူ တစ်ဦးတစ်ယောက်မှ မရှိ၊ ကျွန်ုပ်သည်ကား သင်တို့အား ကာကွယ်ထားသူ ဖြစ်၏။''ဟု ကြွေးကြော်၏၊ သို့သော် တပ်နှစ်ခု ပက်ပင်းတိုးသောအခါ၊ သူသည် သူ့နိဂုံးသို့ လှည့်ပြေးလျက် ''ကျွန်ုပ်သည် သင်တို့ထံမှ ကင်းရှင်း၏၊ သင်တို့ မမြင်နိုင်သည်များကို ကျွန်ုပ် မြင်၏၊ ကျွန်ုပ်သည် ပရမတ်ဘုရားရှင်အား ကြောက်ရွံပါ၏၊ ပရမတ်ဘုရားရှင်သည်ကား ပြတ်သားစွာ ချုပ်ကိုင်နိုင်တော်မူ၏။''ဟု ဆိုလေ၏။
၄၉။ ★ ၃း၁၆၇	**إِذْ يَقُولُ الْمُنَافِقُونَ وَالَّذِينَ فِي قُلُوبِهِم مَّرَضٌ غَرَّ هَؤُلاء دِينُهُمْ وَمَن يَتَوَكَّلْ عَلَى اللهِ فَإِنَّ اللهَ عَزِيزٌ حَكِيمٌ۞** သီလကြောင်များ★နှင့် စိတ်နလုံးသွဲ့ ရောဂါရသူများက၊ ''ဤသူတို့အား သူတို့၏ သာသနာက မြူဆွယ်ထားလေပြီ၊''ဟု ဆိုကြ၏၊ ပရမတ်ဘုရားရှင်အား ကိုးစားသော မည်သူမဆို၊ ''ဇကန်ပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။''

---

(၄၆၈) တတ်သိ ဟာဘာ ရီးဟိ ဇေ့ **تَذْهَبَ** ဆိုသည်မှာ ''လေလျော့သွားသည်၊ လေများ အလျှင်အမြန်ထွက်သွားသည်'' ဟု ဖြစ်သည်။ ဘော်လုံးမှ လေကိုလျော့လိုက်လျှင် ဘော်လုံးသည် မရပ်တည်နိုင် သကဲ့သို့ စိတ် ပါဝါကျသွားခြင်းကို ခိုင်းနှိုင်း ပြောဆိုခြင်း ဖြစ်သည်၊

၅၀။	**وَلَوْ تَرَى إِذْ يَتَوَفَّى الَّذِينَ كَفَرُواْ الْمَلآئِكَةُ يَضْرِبُونَ وُجُوهَهُمْ وَأَدْبَارَهُمْ وَذُوقُواْ عَذَابَ الْحَرِيقِ۞** ဖုံးကွယ်သောသူတို့အား နိမိတ်ဆောင်များက သူတို့၏ မျက်နှာချင်းဆိုင်မှ၊ ကျောနောက်မှ ဗျူဟာချ သက်တမ်းကုန်စေသောအခါ ဤလောင်ကျွမ်းရခြင်း ဝဋ်ကြွေးအား မြည်းစမ်းကြကုန်လော့ ဟု ဆိုကြသည်ကို သင် တွေ့မြင်ရလေပြီ။[၄၆၉]
၅၁။	**ذَلِكَ بِمَا قَدَّمَتْ أَيْدِيكُمْ وَأَنَّ اللّهَ لَيْسَ بِظَلاَّمٍ لِّلْعَبِيدِ۞** ဤသည် သင်တို့၏ စုံရပ်ခံခဲ့သော လက်ချက်များပင် ဖြစ်၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များအား အဝိဇ္ဇာသင့်စေခြင်း မရှိချေ။
၅၂။	**كَدَأْبِ آلِ فِرْعَوْنَ وَالَّذِينَ مِن قَبْلِهِمْ كَفَرُواْ بِآيَاتِ اللّهِ فَأَخَذَهُمُ اللّهُ بِذُنُوبِهِمْ إِنَّ اللّهَ قَوِيٌّ شَدِيدُ الْعِقَابِ۞** ဖာရိုး၏ မင်းဆက်နှင့် သူတို့၏ ရှေ့အလျင် ဖြစ်သူတို့၏ အလေ့အထများသည်ကား သူတို့သည် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို ဖုံးကွယ်ကြ၏၊ သူတို့၏ ပြစ်မှုများကြောင့် ပရမတ်ဘုရားရှင်က သူတို့အား အရေးယူတော်မူပြီ၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် တန်ခိုးတော်ရှင် ဖြစ်၏၊ ပြတ်သားစွာ ချုပ်ကိုင်နိုင်တော်မူ၏။
၅၃။	**ذَلِكَ بِأَنَّ اللّهَ لَمْ يَكُ مُغَيِّرًا نِّعْمَةً أَنْعَمَهَا عَلَى قَوْمٍ حَتَّى يُغَيِّرُواْ مَا بِأَنفُسِهِمْ وَأَنَّ اللّهَ سَمِيعٌ عَلِيمٌ۞** ဤသို့ပင်– လူမျိုးတစ်မျိုးသည် သူတို့၏ စရိုက်များကို မပြောင်းလဲသ၍ ပရမတ်ဘုရားရှင်သည် သူတို့အပေါ်သို့ ဂုဏ်ပေးခြင်းဖြင့် ပြောင်းလဲပေးမည် မဟုတ်ပေ။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသော အရှင်၊ သိနေသော အရှင် ဖြစ်တော်မူ၏။[၄၇၀]
၅၄။	**كَدَأْبِ آلِ فِرْعَوْنَ وَالَّذِينَ مِن قَبْلِهِمْ كَذَّبُواْ بِآيَاتِ رَبِّهِمْ فَأَهْلَكْنَاهُم بِذُنُوبِهِمْ وَأَغْرَقْنَا آلَ فِرْعَونَ وَكُلٌّ كَانُواْ ظَالِمِينَ۞** ဖာရိုး၏ မင်းဆက်နှင့် သူတို့၏ ရှေ့အလျင် ဖြစ်သူတို့၏ အလေ့အထများသည်ကား ကံကြမ္မာရှင်၏ သုတ်ဒေသနာများ

---

(၄၆၉) ဤသုတ်တော်သည် **မလာအိကာဟ်** ဆိုသည်မှာ လူသားစင်စစ် ဖြစ်ကြောင်းကို ပြဆိုသော သုတ်တော်ပေါင်းများစွာ အနက်မှ သုတ်တော်တစ်ပါး ဖြစ်ပေသည်။ အကယ်၍ မလာအိကာဟ်သည် နတ်ဒေဝတာများ ဖြစ်လျှင် ရန်သူများအား ရှေးမှ နောက်မှ ဗျူဟာချ တိုက်နေစရာ မလိုတော့ပေ၊ တစ်ခါတည်း အသက်နှတ်လိုက်၍ ရပေသည်။ တဖန် ဤသုတ်တော်မှ **ယာ့သ္ဒ်ရဘူးန** (သွရာ) ဟူသည်၊ နည်းလမ်းရှာသည် ဗျူဟာချသည် ဟု ဖြစ်၍၊ ထိုးကို ရိုက်နှက်သည်ဟု ဘာသာ မပြန်သင့်ပေ။ **သွရာ** ၏ အဓိပ္ပါယ်မှာ ရိုက်နှက်သည်ဟု တစ်မျိုးတည်း မဟုတ်ကြောင်း ၂း၆၊ ၄း၃၄ တွင် ရှင်းပြခဲ့ပြီး ဖြစ်ပေသည်။ အချို့ဆရာတော်များက ဘဒရိစစ်ပွဲတွင် "နတ်ဒေဝတာ (ကောင်းကင်တမန်)က ရန်သူတို့အား မျက်နှာများကျောကုန်းများကို ရိုက်နှက်၍ အသက်နှတ်လိုက်သည်" ဟု ပြန်ဆိုကြသည်ကိုလည်း စိတ်မကောင်းဘူယ်ရာ တွေ့ရပေသည်။ ယခုခေတ်ကဲ့သို့ မတိုးတက်သေးသော်လည်း ထိုစစ်ပွဲတွင် စစ်သည်များမှာ ဒူးလေး၊ လုံ၊ ဓါး၊ မြင်းစီး အတတ်များကို ကျွမ်းကျင်စွာ တတ်မြောက်နေကြပြီ ဖြစ်သည်။ ထိုသို့ လက်နှက် အပြည့်အစုံဖြင့် တိုက်ခိုက်နေကြသော ရန်သူများအား လက်နှက်မပါဘဲ မည်သို့ ရိုက်သတ်နိုင်အံ့နည်း။ အဘယ်ကြောင့်ဆိုသော် ကျမ်းတော်တွင် မလာအိကာဟ်များကို စစ်သည်တော်များ အဖြစ် စေပို့သည် ဟု အတိအကျ ပြောထားပေသည် (၃း၁၂၅)။ ဤသုတ်တော်ပါ အခြေအနေသည် သာမန် အခြေအနေထက် စစ်ပွဲ အခြေအနေကို ရည်ညွှန်းကြောင်း လောင်ကျွမ်းရခြင်း ဝဋ်ကြွေးဆိုသော စကားလုံးက ပြောဆိုပေသည်။ ထိုအခြေအနေတွင် စစ်ဗျူဟာအား စနစ်တကျ ချမှတ်နိုင်သော စစ်မက် အထူးကျွမ်းကျင်သူများကို မလာအိကာဟ် (နိမိတ်ဆောင်)များဟု ခေါ်ပေသည်။ သူတို့သည် ရှေးအတွေ့ အကြုံများဖြင့် စစ်ဗျူဟာကို လိမ္မာစွာ ချမှတ်နိုင်ကြ၏။ (၂း၃၀၊ ၃း၁၂၄၊ ၈း၆၅) ကိုကြည့်ပါ။ မလာအိကာဟ် ဆိုသည်မှာ အရှေးအတွေ့အကြုံများကို အခြေခံ၍၊ ပညာရပ်ထုတ်ယူနိုင်သူများကို ခေါ်ပေသည်။

(၄၇၀) ဤသုတ်တော်သည် ပရမတ်ဘုရားရှင် ဟု ဘာသာပြန်ဆိုသော အလ္လာဟ် ဆိုသည်ကို ဉာဏ်မျက်လုံးဖြင့် နားလည်နိုင်သော သုတ်တော်တစ်ပါး ဖြစ်ပေသည်။ အလ္လာဟ် ဆိုသည်မှာ လုပ်လိုစိတ်အား (ကောင်းမှု၌ ဖြစ်စေ မကောင်းမှု၌ ဖြစ်စေ) တွန်းအားပေးနေသော အရာဖြစ်ပေသည်။ သို့သော် ကိုးကွယ်သည်ဟု သုံးနှုံးပြောဆိုသော စကားအောက်တွင် "အရှင်" ဟု သုံးနှုံးပြောဆိုနေခြင်းသာ ဖြစ်ပေသည်။ သို့သော် မကောင်းမှုသို့ ရွေ့နေသော သူသည် နောက်ဆုံးတွင် မကောင်းမှု၏ ရလဒ်ကို ခံစားရမည် ဖြစ်ကြောင်း၊ ကောင်းမှု၌ ရွေ့နေသော သူသည် ကောင်းမှု၏ ရလဒ်အား ခံစားရမည် ဖြစ်ကြောင်း လောကဓမ္မကို ပြဌာန်းမှု၏ ဇစ်မြစ်လည်း ဖြစ်၍၊ ဉာဏ်စဉ်တော်ဆောင်များ ပွင့်ပေါ်စေလျက် ထိုလောကဓမ္မအား ဖေါ်ထုတ်သွန်သင်နိုင်သော ဉာဏ်စဉ်၏ ဇစ်မြစ်လည်း ဖြစ်ပေသည်။ ထို့ကြောင့် အလ္လာဟ် ဆိုသည်ကို စကားလုံးအားဖြင့် ပုံဖွဲ့၍ မရနိုင်ပေ။ လူတစ်ဦး လူတစ်စု လူမျိုးတစ်မျိုးသည် ကောင်းမှုဘက်သို့ ဦးတည်လိုက်သည်နှင့် ထိုလူမျိုးသည် ကောင်းမှုဘက်သို့ တစ်ဖြေးဖြေး ရွေ့သွားပေသည်။ ထိုသို့ ရွေ့မျောမှုတွင် လောက၏ အခက်အခဲများ၊ ရင်ဆိုင်ဖြတ်သန်းရမှုများ များစွာရှိနေသည်။ ထိုအခက်အခဲများ၏ ဖြေရှင်းနည်း နည်းဗျူဟာများကို ကျမ်းမြတ်ကုရ်အာန်သည် ဥပမာပေါင်းများစွာဖြင့် ဒဏ္ဍာရီကင်းရှင်းစွာ သွန်သင်ထားပေသည်။

	အား ငြင်းဆန်ပယ်ချကြ၏။ သူတို့၏ ပြစ်မှုများကြောင့် သူတို့အား တိမ်ကောပပျောက်စေပြီ၊ သူတို့ကိုယ်စီ အမိုက်ကောင်များ ဖြစ်ခြင်းကြောင့် ဖာရိုး မင်းဆက်အား နစ်မြုပ်စေခဲ့ပြီ၊
၅၅။	**إِنَّ شَرَّ الدَّوَابِّ عِندَ اللهِ الَّذِينَ كَفَرُواْ فَهُمْ لاَ يُؤْمِنُونَ۞**
	ပရမတ်ဘုရားရှင်၏ ထံတော်၌ အဆိုးဆုံးသော သတ္တဝါမှာ ယုံကြည်ခြင်းမရှိသော ဖုံးကွယ်သောသူများပင် ဖြစ်၏။
၅၆။	**الَّذِينَ عَاهَدتَّ مِنْهُمْ ثُمَّ يَنقُضُونَ عَهْدَهُمْ فِي كُلِّ مَرَّةٍ وَهُمْ لاَ يَتَّقُونَ۞**
	သင်နှင့် ပဋိညာဉ်ပြုသောသူများသည် သူတို့၏ ပဋိညာဉ် အကြိမ်တိုင်းအား ချိုးဖောက်ကြ၏၊ သူတို့သည် စည်းစောင့်ကြသည် မဟုတ်ချေ။
၅၇။	**فَإِمَّا تَثْقَفَنَّهُمْ فِي الْحَرْبِ فَشَرِّدْ بِهِم مَّنْ خَلْفَهُمْ لَعَلَّهُمْ يَذَّكَّرُونَ۞**
	သို့ဖြစ်၍ စစ်ပွဲ၌ သင်သည် သူတို့အား ထိပ်တိုက်တိုးသော်၊ ထိုသူများ ဆင်ခြင်သတိရှိလာအံ့ငှာ သူတို့၏ နောက်ခံလူများအား အင်အားဖြိုခွဲလေ၌။
၅၈။	**وَإِمَّا تَخَافَنَّ مِن قَوْمٍ خِيَانَةً فَانبِذْ إِلَيْهِمْ عَلَى سَوَاء إِنَّ اللهَ لاَ يُحِبُّ الخَائِنِينَ۞**
	လူတစ်မျိုးထံမှ သစ္စာဖေါက်မည်ကို သင်တို့ စိုးရိမ်ရစဉ်၊ သူတို့အား အလားတူ စွန့်ပစ်နိုင်၏၊ ပရမတ်ဘုရားရှင်သည်ကား သစ္စာဖေါက်တို့အား နှစ်သက်တော်မမူချေ။[၄၇]
၅၉။	**وَلاَ يَحْسَبَنَّ الَّذِينَ كَفَرُواْ سَبَقُواْ إِنَّهُمْ لاَ يُعْجِزُونَ۞**
	ရန်သူဖြစ်သော သူတို့သည် သတ်မှတ်ချက်ရှိသည်ဟု[၄၈] မစဉ်းစားစေနှင့်၊ သူတို့ ဇကော် မစွမ်းနိုင်ကြချေ။
၆၀။	**وَأَعِدُّواْ لَهُم مَّا اسْتَطَعْتُم مِّن قُوَّةٍ وَمِن رِّبَاطِ الْخَيْلِ تُرْهِبُونَ بِهِ عَدْوَّ اللهِ وَعَدُوَّكُمْ وَآخَرِينَ مِن دُونِهِمْ لاَ تَعْلَمُونَهُمُ اللهُ يَعْلَمُهُمْ وَمَا تُنفِقُواْ مِن شَيْءٍ فِي سَبِيلِ اللهِ يُوَفَّ إِلَيْكُمْ وَأَنتُمْ لاَ تُظْلَمُونَ۞**
	ပရမတ်ဘုရားရှင်အား စည်းဖေါက်သူများ၊ သင်တို့အား စည်းဖေါက်သူများနှင့် အခြားသော ပရမတ်ဘုရားရှင်သာသိနိုင်၍ သင်တို့ မသိနိုင်သော သူတို့အား အရှိန်အဝါပြထားနိုင်ရန်[၄၉] သူတို့ မှလွဲ၍ သင်တို့၏ တတ်နိုင်သမျှသော

---

(၄၇) သုတ်တော် ၅၆၊ ၅၇၊ ၅၈ တို့သည် မဟာမိတ် စာချုပ်သဘောတရားကို သွန်သင်ထားပေသည်။ ဤမဟာမိတ်စာချုပ် သဘောတရားသည် လွန်စွာ တရားမျှတပြီး၊ လူ့ဘောင်လောက ငြိမ်းချမ်းမှုကို စောင့်ရှောက်နိုင်သော စည်းကမ်းဥပဒေ ဖြစ်ကြောင်းကို စစ်ဥပဒေ ပညာရှင်တိုင်း နားလည်နိုင်ပေသည်။ မဟာမိတ်တို့သည် စာချုပ်ပါ စည်းကမ်းချက်များကို ဖေါက်ဖျက်သော် သူတို့၏ စစ်အင်အား ချိနဲ့သွားသည်အထိ ပြုလုပ် နိုင်ခွင့်ရှိသည်သို့သော် မဟာမိတ်များ အနေဖြင့် သစ္စာရှိနေခဲ့လျှင် မိမိက အင်အားကြီးသော်လည်း မဟာမိတ်တို့၏ ဖြစ်တည်မှုကို မည်သို့မှ စော်ကားမော်ကားပြုလုပ်ခွင့် မရှိချေ။ ထို့အပြင် စည်းဖေါက်သူအား စည်းဖေါက်မှုနှင့် ညီမျှသလောက်ကိုသာ တန်ပြန်ပိုင်ခွင့် ပေးထားပေသည်။ မတရား ကျူးကျော်ခွင့် မရှိချေ။ အစွလာမ်တရားတော်၏ ဤစစ်ဥပဒေအား ရိုးသားဖြူစင်သော စစ်ဥပဒေပညာရှင်တိုင်းက မလေးစားဘဲ မနေနိုင်ချေ။

(၄၈) **ဆဘာကူး** **سَبَقُواْ** ဆိုသည်မှာ "သူတို့တွင် ကြိုတင် စီမံချက်ရှိသည်။ ကြိုတင်သတ်မှတ်ချက်ရှိသည်" ဟု အနက်ပေးပေသည်။ အချို့ ဆရာတော်များက ဤသုတ်တော်ပါ သူတို့ လွတ်မြောက်ခြင်း မရှိကြချေ ဟူသော စကားကို ထောက်၍ "သူတို့အား လွတ်မြောက်နိုင်ကြသည် ဟု မထင်မှတ်စေနှင့်" ဟု ပြန်ဆိုကြပေသည်။ ထိုစကားမှာ သူတို့သည် ထွက်ပြေးရန် ကြံစည်ကြသည်၊ ၎င်းကို မွတ်ဆလင်များက နှိမ်နင်းလိုက်သဖြင့် ထိုသို့ အစီအစဉ်မှာ မအောင်မြင်တော့ပေ ဟု ဖြစ်ပေသည်။ ထိုအယူအဆမှာ မှားယွင်းပေသည်။ ရန်သူများက လက်ဦးမှုကို ယူ၍ သစ္စာဖေါက်လိုကြသည်။ ထိုအခြေအနေကို မွတ်ဆလင် တပ်မတော်က သိ၍ အချိန်မှီ ထိမ်းသိမ်းလိုက်သည်ဟုသာ ဆိုလိုကြောင်း ဤသုတ်တော် မတိုင်မီ သုတ်တော်များက ရှင်းလင်းပြီး ဖြစ်ပေသည်။ အရှုံးပေး ထွက်ပြေးသူများအား လိုက်လံသတ်ဖြတ် နှိပ်စက်ခြင်း ဓလေ့ကို အစွလာမ် သာသနာက မသွန်သင်ချေ။

(၄၉) **အရှိန်အဝါပြထားနိုင်ရန်** ဟု ဘာသာပြန်ဆိုသော **တုရ်ဟီဘူးန** **تُرْهِبُونَ** သည် **ရဟီဘ** မှ ဆင့်ပွားဖြစ်၍ ကြောက်လန့်အောင်ပြုသည်၊ ကြောက်လန့်စေသည်ဟု ဖြစ်ပေသည်။ ချောက်လှန့်ထားနိုင်ရန် ဟုလည်း အချို့က ဘာသာပြန်ဆိုကြပေသည်။ သို့သော် သူတပါးအား မတော်မတရား အနိုင်ကျင့်ရန် ချောက်လှန့်ခြင်းမျိုးကို မဆိုပေ။ သူတပါးက မိမိအား မတရား အနိုင်မကျင့်နိုင်စေရန် အင်အားပြင်ဆင်ထား၍ အရှိန်အဝါတည်ဆောက်ထားခြင်းကိုသာ ဆိုလိုပေသည်။ အဘယ်ကြောင့် ဆိုသော် ရန်သူများသည် မည်သည့် ငြိမ်းချမ်းရေး စာချုပ်ကို မဆို အရှိန်မရွေး ဖျက်တတ်လေ့ရှိကြောင်း အထက်ပါ သုတ်တော်များတွင် ဖေါ်ပြပြီး ဖြစ်သည်။ ထိုသို့ ကတိ မတည်ကြည်သော လူမျိုးများ၏ အောက်တွင် လည်စင်း

	အစွမ်းဖြင့် တက်ကြွသော အစီးအနင်းများကို[၄၈] တွက်ချက်ပြင်ဆင်ထားလော့၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ မည်သည့် အရာကို သုံးစွဲသည်ဖြစ်စေ သင်တို့ထံ ပြန်ပြည့်စေလတ္တံ့၊ သင်တို့သည် မိုက်ကြေးခွဲခံရမည် မဟုတ်ချေ။
၆၁။	**وَإِن جَنَحُواْ لِلسَّلْمِ فَاجْنَحْ لَهَا وَتَوَكَّلْ عَلَى اللهِ إِنَّهُ هُوَ السَّمِيعُ الْعَلِيمُ۝** အကယ်၍ သူတို့ဘက်မှ ငြိမ်းချမ်းရေးကို ယိမ်းညွတ်ခဲ့သော် ၎င်းကို ယိမ်းညွတ်ကြ၍ ပရမတ်ဘုရားရှင်အား ကိုးစားလော့၊ အရှင်သည် ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်၏။
၆၂။	**وَإِن يُرِيدُواْ أَن يَخْدَعُوكَ فَإِنَّ حَسْبَكَ اللهُ هُوَ الَّذِيَ أَيَّدَكَ بِنَصْرِهِ وَبِالْمُؤْمِنِينَ۝** အကယ်၍ သူတို့သည် သင့်အား လှည့်စားလိုကြလျှင်၊ ပရမတ်ဘုရားရှင်သည် အသင့်အတွက် စရင်းချုပ်ဖြစ်တော်မူ၏၊ အရှင်သည် အသင့်အား အရှင်၏ အကူအညီများဖြင့်၊ ယုံကြည်သူများအားဖြင့် ထောက်ပံ့ခဲ့ပြီ။[၄၈]
၆၃။	**وَأَلَّفَ بَيْنَ قُلُوبِهِمْ لَوْ أَنفَقْتَ مَا فِي الأَرْضِ جَمِيعاً مَّا أَلَّفْتَ بَيْنَ قُلُوبِهِمْ وَلَـكِنَّ اللهَ أَلَّفَ بَيْنَهُمْ إِنَّهُ عَزِيزٌ حَكِيمٌ۝** သူတို့၏စိတ်နှလုံးချင်းကြား စည်းလုံးစေလော့၊ သင်သည် မြေကမ္ဘာမှ အားလုံးကို ပုံ၍ သုံးသော်လည်း သူတို့၏ စိတ်နှလုံးချင်းကြား စည်းလုံးစေနိုင်မည် မဟုတ်ချေ။ သို့ရာတွင် ပရမတ်ဘုရားရှင်သည် သူတို့ချင်းကြား စည်းလုံးစေခဲ့ပြီ။ အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။[၄၆]
၆၄။	**يَا أَيُّهَا النَّبِيُّ حَسْبُكَ اللهُ وَمَنِ اتَّبَعَكَ مِنَ الْمُؤْمِنِينَ۝** အို– သတင်းတော်ဆောင်၊ ပရမတ်ဘုရားရှင်နှင့်၊ သင့်နောက်လိုက်ဖြစ်သော ယုံကြည်သူများသည် အသင့်အတွက် စရင်းလုံလောက်၏။
၆၅။	**يَا أَيُّهَا النَّبِيُّ حَرِّضِ الْمُؤْمِنِينَ عَلَى الْقِتَالِ إِن يَكُن مِّنكُمْ عِشْرُونَ صَابِرُونَ يَغْلِبُواْ مِئَتَيْنِ وَإِن يَكُن مِّنكُم مِّئَةٌ يَغْلِبُواْ أَلْفًا مِّنَ الَّذِينَ كَفَرُواْ بِأَنَّهُمْ قَوْمٌ لاَّ يَفْقَهُونَ۝** အို– သတင်းတော်ဆောင်၊ ယုံကြည်သူများအား ခုခံတိုက်ခိုက်ရန် သွေးနွေးစေလော့၊ အကယ်၍ သင်တို့၌ သည်းခံပါရမီရှိသူ နှစ်ဆယ် ရှိလျှင် လူနှစ်ရာကို အနိုင်ယူနိုင်၏။ အသင်တို့၌ လူတစ်ရာ ရှိလျှင် ဗုံးကွယ်သော သူများမှ တစ်ထောင်ကို အနိုင်ယူနိုင်၏ အဘယ်ကြောင့်ဆိုသော် သူတို့သည် နားလည်ခြင်းမရှိသော လူမျိုးတစ်မျိုး ဖြစ်၏။[၄၇]

ခံရခြင်းသည် လူတစ်မျိုးလုံးအား ဒုက္ခရောက်စေနိုင်သည်မှာ မည်သူမှ ငြင်းပယ်၍ မရချေ။ ထိုသို့သော အခြေအနေတွင် ကျူးကျော်လာမည့် သူများအား ကာကွယ်နိုင်ရန် စစ်ပြင်ထားရန်အတွက် အစွမ်းလမ်းက သွန်သင်ပေသည်။

(၄၇၄) အစီးအနင်းများ ဟု ဘာသာပြန်ဆိုသော **ခိုင်းလိ الْخَيْل** ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ် လက်ထက်တော်က စစ်မြေပြင်အတွက် လက်သပ်မွေးထားသော မြင်းများကို ခေါ်ဆိုပေသည်။ သို့သော် ထိုစကားလုံးမှ ဆင့်ပွားဖြစ်သော **မုခ်တားးလမ် مُخْتَالاً** ဆိုသော စကားကို ကျမ်းတော်တွင် မော်ကြွားစေနိုင်သော ဂုဏ်သတ္တိ တစ်ခု အဖြစ် သုံးပေသည်၊ (၄း၃၆) ထို့ကြောင့် ထိုစကားလုံးသည် မြင်းဆိုသော သတ္တဝါ တစ်ခုထက် မိမိ အတွက် ဂုဏ်ယူ နိုင်လောက်အောင် အသုံးဝင်သော ဝတ္ထုတစ်ခု အဖြစ် မြင်တတ်ရန် အရေးကြီးပေသည်။ မိမိနိုင်ငံအား ကာကွယ်နိုင်ရန် စစ်သည်များ စိတ်ချလက်ချ စီးနင်းနိုင်သော ဂုဏ်သိက္ခာရှိစေသော အစီးအနင်းများကို ဆိုလိုခြင်း ဖြစ်ပေသည်။ ယခုခေတ်တွင် စစ်သုံး အစီးအနင်းပေါင်းများစွာကို ခေါ်ဆို နိုင်ပေသည်။ ထို့ကြောင့် ဤဘာသာပြန်တွင် **အစီးအနင်း** ဟုသာ ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။

(၄၇၅) လူ့ဘောင်အသိုင်းအဝိုင်းတွင် မရှိမဖြစ် လိုအပ်သော စစ်ရေး၊ နိုင်ငံရေး၊ ကျင့်စဉ်ရေးရာ ဥပဒေများကို စုံစေ့စွာ သွန်သင်သောကြောင့် အစွမ်းသာသနာဝင်များအား စစ်သွေးကြွများဟု စွပ်စွဲခြင်းမှာ တိုင်းပြည်အတွက် စစ်ရေး လိုအပ်လာသောအခါ စစ်ရေးဥပဒေ၊ စစ်ရေးပညာများကို ပညတ်ထားမှုဌ် အားနည်းချက်ရှိသော သာသနာဝင်အုပ်စုများက မနာလိုဖြစ်မှု တစ်ရပ်သာ ဖြစ်ပေသည်။ ဤသုတ်တော်နှစ်ခု ဖြစ်သော ၆၁ နှင့် ၆၂ က အစွမ်းလာမ်များသည် ငြိမ်းချမ်းရေး၌ မည်မျှ မြတ်နိုးရမည်ကို အတိအကျ သွန်သင်ပေသည် ရန်သူသည် မိမိထက် အားနည်းသော်လည်းကောင်း၊ လိမ်ညာလှည့်စားလို၍ လည်းကောင်း မည်သည့်နည်းဖြင့် ဖြစ်စေ ငြိမ်းချမ်းရေးကို ကမ်းလှမ်းခဲ့သော် ထိုသူတို့အား လက်စားချေခွင့်၊ ရန်လိုခွင့် အမြစ်ပြုတ်ခြေမှုန်းခွင့်များ လုံးဝ မရှိကြောင်းကို တိကျ သေချာစွာ ပြဋ္ဌာန်းထားပေသည်။

(၄၇၆) ငြိမ်းချမ်းရေးဖြင့်သာ လူသားတို့၏ စပ်ကြား၌ ညီညွတ်စေနိုင်သည်ဟု ဤသုတ်တော်က ထောက်ပြထားပေသည်။

၆၆။	**الآنَ خَفَّفَ اللهُ عَنكُمْ وَعَلِمَ أَنَّ فِيكُمْ ضَعْفًا فَإِن يَكُن مِّنكُم مِّئَةٌ صَابِرَةٌ يَغْلِبُواْ مِئَتَيْنِ وَإِن يَكُن مِّنكُمْ أَلْفٌ يَغْلِبُواْ أَلْفَيْنِ بِإِذْنِ اللهِ وَاللهُ مَعَ الصَّابِرِينَ۞** လက်ရှိအခြေအနေ၌ ပရမတ်ဘုရားရှင်သည် သင်တို့အား ပေါ့ပါးစေခဲ့ပြီ။ အရှင်သည် သင်တို့၌ အားနည်းသည်ကို သိရှိ၏၊ သို့ဖြစ်၍ သင်တို့၌ သည်းခံပါရမီကြီးသူ တစ်ရာရှိသော် လူနှစ်ရာကို အနိုင်ယူနိုင်၏၊ သင်တို့၌ လူတစ်ထောင် ရှိလျှင် ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် လူနှစ်ထောင်ကို အနိုင်ယူနိုင်၏၊ ပရမတ်ဘုရားရှင်သည် သည်းခံသူများနှင့် အတူရှိနေတော်မူပေ၏။[၄၇၈]
၆၇။	**مَا كَانَ لِنَبِيٍّ أَن يَكُونَ لَهُ أَسْرَى حَتَّى يُثْخِنَ فِي الأَرْضِ تُرِيدُونَ عَرَضَ الدُّنْيَا وَاللهُ يُرِيدُ الآخِرَةَ وَاللهُ عَزِيزٌ حَكِيمٌ۞** မြေကမ္ဘာ၌ တိုက်ပွဲမနိုင်သော မည်သည့် သတင်းတော်ဆောင်မှ စစ်သုံ့ပန်းများ ပိုင်ဆိုင်ခွင့် မရှိချေ။ သင်တို့သည် လောကီ ဘောင်ကို လိုလားကြ၏။ ပရမတ်ဘုရားရှင်သည် သင်တို့အား လောကုတ္တရာကိုသာ လိုလားစေလို၏။ ပရမတ်ဘုရားရှင်သည်ကား ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။[၄၇၉]
၆၈။	**لَّوْلاَ كِتَابٌ مِّنَ اللهِ سَبَقَ لَمَسَّكُمْ فِيمَا أَخَذْتُمْ عَذَابٌ عَظِيمٌ۞** အကယ်၍ ပရမတ်ဘုရားရှင်၏ထံမှ ပြဋ္ဌာန်းမှုသည် သတ်မှတ်ချက် မရှိခဲ့လျှင် သင်တို့၏ အယူကြောင့် မဟာဝဠုံကြွေးကြီး ထိသက်ပြီးလတ္တံ့။
၆၉။	**فَكُلُواْ مِمَّا غَنِمْتُمْ حَلاَلاً طَيِّبًا وَاتَّقُواْ اللهَ إِنَّ اللهَ غَفُورٌ رَّحِيمٌ۞** သင်တို့၏ စစ်လျော်ကြေးရသည်များမှ စင်ကြယ်ရာများကို တရားဝင် စားသုံးကြလော့၊[၄၈၀] ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဇောန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။

---

(၄၇၇) ဤသုတ်တော်သည် ယုံကြည်သူများအား **မလာအိကာဟ်** အားဖြင့် အားဖြည့်ပေးသည် ဟု ဆိုသော ၃း၁၄၄ နှင့် ဤဓမ္မခန္ဓာ၏ အစပိုင်းများ ဖြစ်သော သုတ်တော်များမှ **မလာအိကာဟ်** ဆိုသည်ကို နားလည်စေနိုင်သော သုတ်တော်တစ်ပါး ဖြစ်ပေသည်။ မလာအိကာဟ် ဆိုသည်မှာ ယုံကြည်သူများတွင်မှ လုံးဝဥဿုံ ယုံကြည်ခြင်းရှိပြီး သည်းခံပါရမီ အားကြီးသူ တနည်းအားဖြင့် ဇွဲနပဲကြီး၍ ထိုးထွင်းနားလည် နိုင်စွမ်းရှိသော ပညာရှင်များ ဖြစ်ကြောင်း ဤသုတ်တော်က အတိအကျ ထောက်ပြပေသည်။ လူတစ်ဦးသည် လူဆယ်ဦးထက်ပို၍ စွမ်းဆောင်နိုင်သော လူသားများ ဖြစ်ပေသည်။ ဤသုတ်တော်တွင် ရန်သူ (ဖုံးကွယ်သူ) များသည် သိနားလည်ခြင်း မရှိသော သူများဟု ဆိုထားသဖြင့် စစ်မက်ရေးရာ၌ နလပိန်းတုံးများဖြစ်ကြောင်း ထင်ရှား၍ သူတို့အား အနိုင်ယူနိုင်မည့် လူမျိုးမှာ စစ်မက်ရေးရာ၌ ကျွမ်းကျင်လိမ္မာကြောင်းကို အပြန်အလှန် အဓိပ္ပါယ်အားဖြင့် ထောက်ပြထားပေသည်။ ထိုသူများမှ တစ်ဦးချင်းစီသည် ရန်သူ ဆယ်ဦးထက် သာကြောင်းကိုလည်း ထောက်ပြထားပေသည်။ ထို့ကြောင့် ထိုကဲ့သို့ တတ်သိပညာရှင်များဖြင့် ကူညီစောင်မခြင်းကို မလာအိကာဟ်များဖြင့် ကူညီစောင်မသည်ဟု ဆိုလိုပေသည်။ (၃း၁၄၄ တွင် ကြည့်ပါ)။

(၄၇၈) သုတ်တော် ၆၅ တွင် တတ်သိပညာရှင် တစ်ဦး၏ အစွမ်းသည် လူဆယ်ဦး၏ အင်အားနှင့် ညီမျှသည် ဟု ပြော၍၊ သုတ်တော် ၆၆ တွင် တစ်ဦး၏ အင်အားသည် နှစ်ဦးနှင့် ညီမျှသည်ဟု ဆိုခြင်းကြောင့် ကျမ်းတော်အား ရှေ့နောက် မညီညွတ်ဟု စွပ်စွဲလျှင် ထိုစွပ်စွဲမှုမှာ ကျမ်းတော်၏ တိကျမှုကို နားမလည်သောကြောင့်သာ ဖြစ်ပေသည်။ ကျမ်းတော်သည် လူသား၏ သဘာဝကို အတိအကျ ဖေါ်ပြခြင်းသာ ဖြစ်ပေသည်။ ပညာရှင်တို့၏ အစွမ်းသည် တစ်ဦးနှင့် တစ်ဦး မတူညီနိုင်ကြပေ။ အချို့သော ပညာရှင်သည် လူဆယ်ဦးထက်သာ၍ အချို့သည် လူတစ်ရာ၊ တစ်ထောင်ထက် သာလွန်နိုင်ကာ အချို့မှာ လူနှစ်ဦးထက်သာ သာလွန်နိုင်ကြောင်းကို ပွင့်ပွင့်လင်းလင်း ဖေါ်ပြထားခြင်း ဖြစ်ပေသည်။ ကျမ်းတော်၏ ၃း၁၃၉ တွင် တတ်သိ ပညာရှင် ခေါ် မလာအိကာဟ်များ၏ လက်ရုံးရည်သည် မတူညီကြကြောင်းကို တိကျစွာ ဖေါ်ပြထားပေသည်။

(၄၇၉) ဤသုတ်တော်သည် နိုင်ငံအား မောင်ပိုင်စီး၍ ခေါင်းပုံဖြတ်နေသော အာဏာရှင် လူတန်းစားကို သတိပေးခြင်း ဖြစ်ပေသည်။ ကိုယ်တော် မုဟမ္မဒ်သည်ပင် ခွေးနည်းစာ မပါဘဲ စစ်ပွဲနိုင် စစ်လျော်ကြေးများကို အလကား အချောင် ပိုင်ဆိုင်ခွင့် မရှိကြောင်းကို ဤသုတ်တော်က ရှင်းပြထားပေသည်။ ထို့အပြင် လူသားများသည် စစ်လျော်ကြေးများဖြင့် စွဲမက်လျက် လောကီ ဂုဏ်ပြိုင်မှုများကိုလည်း အစွမ်းလာမ် သာသနာက လက်မခံကြောင်း အတိအလင်း ကြေငြာထားပေသည်။

(၄၈၀) စစ်ပွဲဖြစ်ရာဒေသမှ လူသားများ၏ ပစ္စည်းများကို မတော်မတရား သိမ်းဆည်းစားသုံးခြင်းကို ကျမ်းတော်က ခွင့်မပြုပေ။ စစ်သုံ့ဖြစ်သည့်တိုင် တရားတော်နှင့်ညီသော၊ သမာအာဇီဝဖြစ်သော အရာများကိုသာ သုံးစွဲ စားသုံးခွင့်ကို ပြုထားခြင်း ဖြစ်ပေသည်။ ထို့ကြောင့် မွတ်ဆလင် စစ်စစ်တို့၏ စစ်သုံ့သိမ်းဆည်းမှုသည် လွန်စွာ သန့်ရှင်းရမည် ဖြစ်ပေသည်။

၇၀။	**يَا أَيُّهَا النَّبِيُّ قُل لِّمَن فِي أَيْدِيكُم مِّنَ الأَسْرَى إِن يَعْلَمِ اللهُ فِي قُلُوبِكُمْ خَيْرًا يُؤْتِكُمْ خَيْرًا مِّمَّا أُخِذَ مِنكُمْ وَيَغْفِرْ لَكُمْ وَاللهُ غَفُورٌ رَّحِيمٌ۞** အိုဗ်– သတင်းတော်ဆောင်၊ သင်တို့လက်ဝယ်ရှိ စစ်သုံ့ပန်းများအား "ပရမတ်ဘုရားရှင်သည် သင်တို့၏ စိတ်နှလုံးတွင်းရှိ စေတနာကောင်းကို သိရှိလျှင် အရှင်သည် သင်တို့ထံမှ ယူခဲ့သည်ထက် ပို၍ကောင်းသည်ကို သင်တို့အား ချီးမြှင့်တော်မူအံ့၊ သင်တို့အား လွှတ်ငြိမ်းစေအံ့၊ ပရမတ်ဘုရားရှင်သည်ကား လွှတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။" ဟု ဟောပြောလော့။[၄၈၁]
၇၁။	**وَإِن يُرِيدُواْ خِيَانَتَكَ فَقَدْ خَانُواْ اللهَ مِن قَبْلُ فَأَمْكَنَ مِنْهُمْ وَاللهُ عَلِيمٌ حَكِيمٌ۞** အကယ်၍ သူတို့သည် သင့်အား သစ္စာမဲ့စွာ ကြံစည်လိုကြလျှင်၊ ဇကနံပင် သူတို့သည် ရှေ့အလျင်ကလည်း ပရမတ်ဘုရားရှင်အား သစ္စာမဲ့စွာ ကြံစည်ခဲ့စဉ်၊ အရှင်သည် သူတို့ထက် သင့်အား ထူထောင်ပေးလတ္တံ့။ ပရမတ်ဘုရားရှင်သည်ကား သိနေသောအရှင် ဓမ္မသတ်ရှင်ဖြစ်တော်မူ၏။
၇၂။	**إِنَّ الَّذِينَ آمَنُواْ وَهَاجَرُواْ وَجَاهَدُواْ بِأَمْوَالِهِمْ وَأَنفُسِهِمْ فِي سَبِيلِ اللهِ وَالَّذِينَ آوَواْ وَّنَصَرُواْ أُوْلَـئِكَ بَعْضُهُمْ أَوْلِيَاء بَعْضٍ وَالَّذِينَ آمَنُواْ وَلَمْ يُهَاجِرُواْ مَا لَكُم مِّن وَلاَيَتِهِم مِّن شَيْءٍ حَتَّى يُهَاجِرُواْ وَإِنِ اسْتَنصَرُوكُمْ فِي الدِّينِ فَعَلَيْكُمُ النَّصْرُ إِلاَّ عَلَى قَوْمٍ بَيْنَكُمْ وَبَيْنَهُم مِّيثَاقٌ وَاللهُ بِمَا تَعْمَلُونَ بَصِيرٌ۞** ဇကနံပင် သက်ဝင်ယုံကြည်လျက်၊ ပြောင်းရွှေ့ခဲ့ရ၍ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ သူတို့၏ ဉာဉ်စရိုက် ဥစ္စာပစ္စည်းအားဖြင့် အားစိုက်ဆောင်ရွက်ကြသော သူများနှင့်၊ ခိုလှုံရာပေး၍ ကူညီစောင်မသည့် သူတို့မှ အချို့သည် အချို့၏ မဟာမိတ်များ ဖြစ်ကြ၏။ ယုံကြည်သော်လည်း ပြောင်းရွှေ့ခြင်းမရှိသော သူတို့အဘို့ သူတို့သည် မပြောင်း ရွှေ့ခဲ့သမျှ သူတို့အတွက် အလှည့်ကျစီမံပေးရန် တစ်စုံတစ်ရာမရှိချေ။ သို့သော် သာသနာရေး အတွက် အကူအညီတောင်းခဲ့သော် သင်တို့၏ကြား မဟာမိတ်ချုပ်ဆိုထားသော လူမျိုးတို့ကြား မဆက်စပ်သည့် အကူအညီများကိုပေးလော့၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။[၄၈၂]
၇၃။	**وَالَّذِينَ كَفَرُواْ بَعْضُهُمْ أَوْلِيَاء بَعْضٍ إِلاَّ تَفْعَلُوهُ تَكُن فِتْنَةٌ فِي الأَرْضِ وَفَسَادٌ كَبِيرٌ۞** ဖုံးကွယ်သောသူများမှ အချို့သည် အချို့၏ မဟာမိတ်များ ဖြစ်ကြ၏။ အကယ်၍သာ သင်တို့သည် စီမံမှု မရှိလျှင် မြေကမ္ဘာတွင် သွေးတိုးစမ်းခံခြင်းနှင့် ကြီးကျယ်စွာ အဖျက်လုပ်လာကြလတ္တံ့။
၇၄။	**وَالَّذِينَ آمَنُواْ وَهَاجَرُواْ وَجَاهَدُواْ فِي سَبِيلِ اللهِ وَالَّذِينَ آوَواْ وَّنَصَرُواْ أُولَـئِكَ هُمُ الْمُؤْمِنُونَ حَقًّا لَّهُم مَّغْفِرَةٌ وَرِزْقٌ كَرِيمٌ۞** သက်ဝင်ယုံကြည်လျက် ပြောင်းရွှေ့ခဲ့၍ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ အားစိုက်ဆောင်ရွက်ကြသော သူများနှင့် ခိုလှုံရာပေး၍ ကူညီစောင်မသောသူများ ထိုသူများသည် စစ်မှန်သော သက်ဝင်ယုံကြည်သူများ ဖြစ်ကြ၏။ သူတို့

---

(၄၈၁) အစ္စလာမ် စစ်သည်တော်များသည် မတတ်သာ၍ စစ်သုံ့ပန်းများ ဖမ်းရခြင်း၊ စစ်သုံ့ပစ္စည်းများ သိမ်းရခြင်းများကို ပြုလုပ်ရသော်လည်း၊ အကယ်၍ ထိုစစ်သုံ့ပန်းများသည် ငြိမ်းချမ်းသော လူဘောင်အား မတိုက်ခိုက် မဖျက်ဆီးဘဲ စိတ်စေတနာကောင်း ပြန်၍ ဝင်လာခဲ့လျှင် သူတို့ ဆုံးရှုံးနစ်နာခဲ့ရသည်ထက် ပိုမိုကောင်းမွန်သော ဥစ္စာပစ္စည်းများကို ရရှိမည် ဖြစ်ကြောင်း တနည်းအားဖြင့် သာလွန်ကောင်းမြတ်သော အရာဖြင့် စစ်လျော်ကြေးကို ပေးဆောင်မည် ဖြစ်ကြောင်း ကျမ်းတော်က တရားဝင်ကြေငြာထားပေသည်။ ထို့ကြောင့် မလိုအာဃာတ ထားခြင်း၊ ခွင့်မလွှတ်ဘဲ လက်တုံ့ပြန်ခြင်းများကို အစ္စလာမ်က သွန်သင်ခြင်း မရှိချေ။

(၄၈၂) အစ္စလာမ် သာသနာဝင်များသည် စစ်ရေးအရ မည်မျှ ထိမ်းချုပ်ရမည်ကို ဤသုတ်တော်က စနစ်တကျ သွန်သင်ပေသည်။ အစ္စလာမ်သာသနာဝင်ချင်း တူသော်လည်း အခြားသူများ လက်အောက်တွင် နေထိုင်နေရသော မွတ်ဆလင်များ၏ အရေးကို စဉ်းစားရာ၌ ဘာသာရေးမှ အပ အခြားသော အုပ်ချုပ်ရေးရာ ပေါ်လစီများကို ဝင်ရောက် စွပ်ဖက်ခွင့် မရှိချေ။ ဤသို့ယဉ်ကျေးသည့် နိုင်ငံရေးကျင့်ဝတ်ကို အစ္စလာမ်သာသနာ စတင်ချိန် ကတည်းကပင် ချမှတ်ပြီးသား ဖြစ်ပေသည်။

	အတွက် လွတ်ငြိမ်းခွင့်နှင့် ကျက်သရေရှိသော ရိကွာများသည် ရှိနေ၏။
၇၅။	**وَالَّذِينَ آمَنُواْ مِن بَعْدُ وَهَاجَرُواْ وَجَاهَدُواْ مَعَكُمْ فَأُوْلَئِكَ مِنكُمْ وَأُوْلُواْ الأَرْحَامِ بَعْضُهُمْ أَوْلَى بِبَعْضٍ فِي كِتَابِ اللّهِ إِنَّ اللّهَ بِكُلِّ شَيْءٍ عَلِيمٌ۝** နောက်ပိုင်းတွင်မှ သက်ဝင်ယုံကြည်လာလျက် ပြောင်းရွှေ့ခဲ့၍ သင်တို့နှင့်အတူ အားစိုက်ဆောင်ရွက်ကြသော သူများသည် သင်တို့၏ အထဲမှ ဖြစ်၏။ ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းမှုဌ သူတို့မှ အချို့အား အချို့ကို မွေးရာပါအခွင့်ရေး[၄၇] အလှည့်ပေးစေ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏။

(၄၈၃) **الأَرْحَامِ အရိဟာမ** အနက်ကို ၄း၁ တွင် ရှင်းပြပြီး ဖြစ်ပေသည်။ အချို့ကက ထိုစကားလုံးကို ဆွေမျိုးရင်းချာများဟု ပြန်ဆိုကြပေသည်။ သို့သော် ၎င်းသည် ထိုအဓိပ္ပါယ်ထက်ပို၍ လေးနက်ပေသည်။ ဆိုလိုသည်မှာ **အရိဟာမ** ဆိုသည် မွေးရာပါအခွင့်အရေး တောင်းပိုင်ခွင့်ရှိသော လူမျိုးတူဟု ဖြစ်ပေသည်။ လူမျိုးနွယ်စု တူသည့် အုပ်စုနွယ်တို့အား သူတို့ချင်း စိတ်ကျေနပ်သည့် ဒေသိက အုပ်ချုပ်ရေးမှုးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ အခွင့်အလမ်း ပေးရမည် ဖြစ်သည်။

ဓမ္မခန္ဓာ (၉) “ကင်းလွတ်ခွင့်” (အာလ ဘရိအတ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၁၃)၊ သုတ်ဒေသနာ (၁၂၇)ပါး၊

ဤဓမ္မခန္ဓာ၏ အမည်ကို (အလ် တောင်ဘာ) “ခဝါချခြင်း” ဟုလည်း ခေါ်၍၊ ဓမ္မခန္ဓာ (၈)၏ အဆက် ဖြစ်သောကြောင့် အဖွင့်ဂုဏ်တော် ဗိဆ်မိလ္လာဟ် (ပရမတ်ဘုရားရှင်၏ ဂုဏ်တော်ဖြင့်) မပါဝင်ပေ။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

၁။ ☆၂၃၆	**بَرَاءةٌ مِّنَ اللهِ وَرَسُولِهِ إِلَى الَّذِينَ عَاهَدتُّم مِّنَ الْمُشْرِكِينَ۞** သင်တို့နှင့် ပဋိညာဉ်ရှိသော ရောပြွန်းကိုးကွယ်သူများထံ☆ ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်တော်ဆောင်မှ ကင်းလွတ်ခွင့်။[၄၈၄]
၂။ ရန်သူ	**فَسِيحُواْ فِي الأَرْضِ أَرْبَعَةَ أَشْهُرٍ وَاعْلَمُواْ أَنَّكُمْ غَيْرُ مُعْجِزِي اللهِ وَأَنَّ اللهَ مُخْزِي الْكَافِرِينَ۞** သူတို့အား ဤမြေ၌ လေးလတိုင် စောင့်တည်စေနိုင်၏၊ သိကြလော့ သင်တို့က ပရမတ်ဘုရားရှင်အား ချိနဲ့စေနိုင်သည် မဟုတ်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် **ဖုံးကွယ်သူ**တို့အား အရှက်ရစေလတ္တံ့။
၃။ ☆၂၁၉ ★၂၃၇ ရန်သူ–၂၆	**وَأَذَانٌ مِّنَ اللهِ وَرَسُولِهِ إِلَى النَّاسِ يَوْمَ الْحَجِّ الأَكْبَرِ أَنَّ اللهَ بَرِيءٌ مِّنَ الْمُشْرِكِينَ وَرَسُولُهُ فَإِن تُبْتُمْ فَهُوَ خَيْرٌ لَّكُمْ وَإِن تَوَلَّيْتُمْ فَاعْلَمُواْ أَنَّكُمْ غَيْرُ مُعْجِزِي اللهِ وَبَشِّرِ الَّذِينَ كَفَرُواْ بِعَذَابٍ أَلِيمٍ۞** ကံဆောင်ပရိဝါသ်☆ နေ့ကြီးကာလ၌ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်မှ လူသားတို့ထံသို့ ကြေငြာချက်– “ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်သည် ရောပြွန်းကိုးကွယ်သူများနှင့် စပ်လျဉ်း၍ ကင်းလွတ်ကြောင်း” သို့သော် ခဝါချကြလျှင်★ သင်တို့အတွက် အကောင်းဆုံးဖြစ်၏။ အကယ်၍ သင်တို့ လှည့်သွားကြလျှင်– သိကြကုန်လော့၊ သင်တို့က ပရမတ်ဘုရားရှင်အား ချိနဲ့စေနိုင်သည် မဟုတ်၊ **ဖုံးကွယ်သောသူ**တို့ အတွက် စူးနစ်သော ဝဋ်ကြွေးသည်ရှိကြောင်း သတင်းကောင်းကိုပါးလော့။
၄။	**إِلاَّ الَّذِينَ عَاهَدتُّم مِّنَ الْمُشْرِكِينَ ثُمَّ لَمْ يَنقُصُوكُمْ شَيْئًا وَلَمْ يُظَاهِرُواْ عَلَيْكُمْ أَحَدًا فَأَتِمُّواْ إِلَيْهِمْ عَهْدَهُمْ إِلَى مُدَّتِهِمْ إِنَّ اللهَ يُحِبُّ الْمُتَّقِينَ۞** သို့သော် သင်တို့နှင့် ပဋိညာဉ်ရှိလျက် သင်တို့အပေါ်၌ တစ်စုံတစ်ရာ ယုတ်လျော့မှုမရှိ၊ သင်တို့၏ ဆန့်ကျင်ဘက် တစ်ဦးတစ်ယောက်ကိုမှ ကျောထောက်နောက်ခံ မပြုသော– ရောပြွန်းကိုးကွယ်သူများထံ၊ သူတို့နှင့်ထားသည့် ပဋိညာဉ်ကို ဆက်တိုး ပြည့်စုံစေလော့၊ ပရမတ်ဘုရားရှင်သည် စည်းစောင့်သူများအား နှစ်သက်တော်မူ၏။
၅။	**فَإِذَا انسَلَخَ الأَشْهُرُ الْحُرُمُ فَاقْتُلُواْ الْمُشْرِكِينَ حَيْثُ وَجَدتُّمُوهُمْ وَخُذُوهُمْ وَاحْصُرُوهُمْ وَاقْعُدُواْ لَهُمْ كُلَّ مَرْصَدٍ فَإِن تَابُواْ وَأَقَامُواْ الصَّلاَةَ وَآتَوُاْ الزَّكَاةَ فَخَلُّواْ سَبِيلَهُمْ إِنَّ اللهَ غَفُورٌ رَّحِيمٌ۞**

---

(၄၈၄) ဤကြေငြာချက်သည် မွတ်ဆလင်များနှင့် စစ်ပြေငြိမ်းစာချုပ် ချုပ်ဆိုထားပါလျက် ကတိဖျက်သော ရန်သူများအပေါ် စာချုပ်ပါအတိုင်း ဆက်၍ ထိမ်းသိမ်းနေထိုင်ရန် မလိုတော့ကြောင်း ကင်းလွတ်ခွင့် ကြေငြာချက် ဖြစ်ပေသည်။ သို့သော် မွတ်ဆလင်များ အနေဖြင့် ထို စာချုပ်ဖျက်ထားသော ရန်သူများကိုပင် သူတို့၏ သွားလာဆောင်ရွက်ခွင့်များကို အချိန်သတ်မှတ်ပေးထားကြောင်း အံ့အားသင့်ဘွယ် တွေ့နိုင်ပေသည်၊ ရန်သူဖြစ်သော်လည်း စာချုပ်စည်းကမ်းကို ဆက်လက်ထိမ်းသိမ်းသူများကို မိမိဘက်ကလည်း ကတိတည်ရမည် ဖြစ်ကြောင်း ၉း၄ တွင် တွေ့နိုင်ပေသည်။ ရန်သူများသည် မွတ်ဆလင်များအပေါ် စစ်စည်းကမ်းချိုးဖောက်မှုကို ၈း၅၆ တွင် ဖော်ပြထားပေသည်။ စစ်စည်းကမ်းဖောက်သော ရန်သူများသည် ဘာသာရေးစော်ကားမှုကြောင့် ဖြစ်ကြောင်း ဤကြေငြာချက်အား ထုတ်ပြန်သည့် နေ့ရက်ကို ကြည့်လျှင် သိနိုင်ပေသည်။

☆၂၁၇ ☆၂၃	သို့ဖြစ်၍ ဤဘေးမဲ့လများ☆ ကျော်ခဲ့သော် ရောပြွန်းကိုးကွယ်သူများအား ထိပ်ဆိုင်တွေ့သည့် နေရာ၌ ခုခံတိုက်ကြလော့၊ ဖမ်းဆီးကြလော့၊ ချုပ်နှောင်ကြလော့၊ သူတို့အတွက် ကင်းစောင့်စခန်း ကိုယ်စီ အထိုင်ချလော့၊ အကယ်၍ သူတို့သည် ခဝါချကြလျက် ဝတ်ပြု မြဲကြ၍☆ အခွန်ငွေဖြူ ပေးကြသော် သွားလိုရာလမ်းကို ထွက်သွားစေလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။[၄၅၅]
၆။	**وَإِنْ أَحَدٌ مِّنَ الْمُشْرِكِينَ اسْتَجَارَكَ فَأَجِرْهُ حَتَّى يَسْمَعَ كَلاَمَ اللهِ ثُمَّ أَبْلِغْهُ مَأْمَنَهُ ذَلِكَ بِأَنَّهُمْ قَوْمٌ لاَّ يَعْلَمُونَ۝** ရောပြွန်းကိုးကွယ်သူတစ်ဦးသည် သင့်ထံ၌ အကာအကွယ် ရလိုခဲ့လျှင် သူ့အား ပရမတ်ဘုရားရှင်၏ ဓမ္မတော် ကြားနာရသည်ထိ ကာကွယ်ထားလော့၊[၄၅၆] ထို့နောက် ယုံကြည်စိတ်ချရာသို့ ဆိုက်ရောက်စေလော့၊ ဤသည် အသိပညာ မရှိသော လူမျိုး၏ အကြောင်းကြောင့်တည်း။
၇။	**كَيْفَ يَكُونُ لِلْمُشْرِكِينَ عَهْدٌ عِندَ اللهِ وَعِندَ رَسُولِهِ إِلاَّ الَّذِينَ عَاهَدتُّمْ عِندَ الْمَسْجِدِ الْحَرَامِ فَمَا اسْتَقَامُواْ لَكُمْ فَاسْتَقِيمُواْ لَهُمْ إِنَّ اللهَ يُحِبُّ الْمُتَّقِينَ۝** ဘေးမဲ့ကျောင်းတော်၌ သင်တို့ ပဋိညာဉ်ရှိသောသူများမှ အပ အခြား ရောပြွန်းကိုးကွယ်သူများသည် ပရမတ်ဘုရားရှင် ထံ၌၊ အရှင်၏ ဉာဏ်စဉ်ဆောင်ထံ၌ မည်သို့ ပဋိညာဉ်ပြုနိုင်အံ့နည်း။ သင်တို့ အပေါ်၌ ရပ်တည်နေသမျှ သူတို့အပေါ်၌လည်း ရပ်တည်ကြလော့။ ပရမတ်ဘုရားရှင်သည် စည်းစောင့်သူများကို နှစ်သက်တော်မူ၏။
၈။	**كَيْفَ وَإِن يَظْهَرُوا عَلَيْكُمْ لاَ يَرْقُبُواْ فِيكُمْ إِلاًّ وَلاَ ذِمَّةً يُرْضُونَكُم بِأَفْوَاهِهِمْ وَتَأْبَى قُلُوبُهُمْ وَأَكْثَرُهُمْ فَاسِقُونَ۝** ပေါ်ပြူလာဖြစ်လာလျှင် သင်တို့အပေါ် အမျိုးတော်သည်ကိုပင် မထောက်ထားသူများနှင့် မည်သို့ ဖြစ်နိုင်အံ့နည်း၊ သူတို့သည် ပါးစပ်များဖြင့် ကျေနပ်စေလျက် စိတ်နှလုံးမှ ဖီဆန်နေကြ၏၊ သူတို့မှ အများစုသည် ယုတ်မာသူများ ဖြစ်ကြ၏။
၉။ နည်း	**اشْتَرَوْاْ بِآيَاتِ اللهِ ثَمَنًا قَلِيلاً فَصَدُّواْ عَن سَبِيلِهِ إِنَّهُمْ سَاء مَا كَانُواْ يَعْمَلُونَ۝** ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာတော်များအား တန်ဘိုးချ ရောင်းစားကြ၏၊ အရှင်၏ လမ်းစဉ်တော်မှ ရှောင်ဖယ်ကြ၏၊ သူတို့၏ ကျင့်ကြံလေ့ရှိရာများကြောင့် ဇကန် သူတို့ အကုသိုလ်သင့်ရ၏။
၁၀။	**لاَ يَرْقُبُونَ فِي مُؤْمِنٍ إِلاًّ وَلاَ ذِمَّةً وَأُوْلَـئِكَ هُمُ الْمُعْتَدُونَ۝**

---

(၄၅၅) ဤသုတ်တော်တွင် ဖမ်းဆီးခံထားရသော သူများအား ဝတ်ပြု မြဲကြလျှင်၊ အခွန်ငွေဖြူပေးလျှင် လွှတ်ပေးလိုက်လော့ ဟု ဆိုသည့် အတွက် ထိုသူသည် အစွလာမ်သို့ ဝင်မှ လွှတ်ပေးလိုက်လော့ ပြောခြင်း မဟုတ်ပေ၊ ဤသုတ်တော်၌ အစွလာမ်သို့ သက်ဝင် ယုံကြည်စေသည့် ယုံကြည်ချက် "ပရမတ်ဘုရားရှင်မှ အပ အခြားဘုရားဟူ၍မရှိ၊ မုဟမ္မဒ်သည် အရှင်၏ ဉာဏ်စဉ်တော်ဆောင် ဖြစ်၏" ဟူသည် ကို ယုံကြည်ခိုင်ခြင်း လုံးဝ မပါရှိချေ။ ဝတ်ပြုခြင်း အခွန်ငွေပေးခြင်းသည် ဂရုမစိုက်လ ဖြစ်၍ အစွလာမ် မတိုင်မီ ရှေးဘာသာတရားများကလည်း ပြဋ္ဌာန်းပြီး ဖြစ်သည်။ ထိုကြောင့် ဤသုတ်တော်ပါ ဆိုလိုချက်မှာ သူသည် အခြားဘာသာ ဖြစ်သော်လည်း အစွလာမ်ဘာသာအား မစော်ကား မတိုက်ခိုက်ဘဲ သူ့ ဘာသာ အလျောက် ကောင်းမှုပြုသူ ဖြစ်လျှင် လွှတ်ပေးလိုက်လော့၊ လွှတ်ငြိမ်းခွင့်ပေးလိုက်လော့ ဟု ဖြစ်ပေသည်။ အစွလာမ်သာသနာသည် မိမိ ကိုယ်တိုင် ဘာသာရေးလွှတ်လပ်ခွင့်ကို နှစ်သက် သကဲ့သို့ သူတစ်ပါး ဘာသာရေး လွှတ်လပ်ခွင့်ကိုလည်း အပြည့်အဝ ထောက်ခံပေသည်။ ထို အကြောင်းကို သုတ်တော် ၆ တွင် အတိအကျ တွေ့နိုင်ပေသည်။

(၄၅၆) သူ့အား ပရမတ်ဘုရားရှင်၏ ဓမ္မတော်အား ကြားနာရသည်အထိ ကာကွယ်ထားလော့ ဆိုသည်မှာ ထိုသူသည် အစွလာမ်သာသနာအား လက်ခံယုံကြည်သည် အထိ ဟု လုံးဝ မဆိုလိုချေ။ သူနှင့်ပတ်သက်၍ မည်သို့ဆုံးဖြတ်ရမည်ကို ပရမတ်ဘုရားရှင်၏ ထံမှ ဉာဏ်စဉ် ကိန်းဝပ် ချမှတ်ပေးသည် အထိ ဟု ဖြစ်ပေသည်။ သူနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ကို ထိုဝါကျ၏ နောက်တွင် တစ်ဆက်တည်းပေးထားပေသည်၊ ထို အဖြေမှာ သူ့အား ဘေးကင်းလုံခြုံသည့် နေရာသို့ ပို့ပေးရမည် ဖြစ်သည်။ ဤသို့ အစွလာမ်သာသနာ၏ သဘောထားကြီးမှု၊ ခွင့်လွှတ်မှုများကို အစွလာမ်အား ပုတ်ခတ်စွပ်စွဲနေသူများ အနေဖြင့် လေ့လာသင့်ပေသည်။

	ယုံကြည်သူနှင့် ပတ်သက်၍ အမျိုးတော်သည်ကိုပင် မထောက်ထားကြ၊ သူတို့သည်ကား စည်းဖေါက်သူများ ဖြစ်ကြ၏။
၁၁။	**فَإِن تَابُواْ وَأَقَامُواْ الصَّلاَةَ وَآتَوُاْ الزَّكَاةَ فَإِخْوَانُكُمْ فِي الدِّينِ وَنُفَصِّلُ الآيَاتِ لِقَوْمٍ يَعْلَمُونَ۞** အကယ်၍ သူတို့သည် ခဝါချကြလျက် ဝတ်ပြု မြဲကြ၍ အခွန်ငွေဖြူ ပေးကြသော် သူတို့သည် သာသနာရေး၌ သင်တို့၏ ညီနောင်များ ဖြစ်ကြ၏။[၄၈၇] ငါသည် အသိပညာ ရှိသော လူမျိုးအတို့ သုတ်ဒေသနာများအား ဤသို့ ရှင်းလင်းဆုံးဖြတ်ပေးတော်မူ၏။
၁၂။	**وَإِن نَّكَثُواْ أَيْمَانَهُم مِّن بَعْدِ عَهْدِهِمْ وَطَعَنُواْ فِي دِينِكُمْ فَقَاتِلُواْ أَئِمَّةَ الْكُفْرِ إِنَّهُمْ لاَ أَيْمَانَ لَهُمْ لَعَلَّهُمْ يَنتَهُونَ۞** အကယ်၍ သူတို့သည် ကတိပြုပြီးနောက်မှ သူတို့၏ အားစိုက်ကျိန်ဆိုမှုအား ဖေါက်ဖျက်လျက် သင်တို့၏ သာသနာအား နာမည်ဖျက်ကြလျှင် ထိုဖုံးကွယ်ခြင်း ရှေ့ဆောင်များ၏ အားစိုက်ကျိန်ဆိုမှုမှာ အချည်းနှီးသာ ဖြစ်၍ သူတို့အား စစ်ရပ်စဲသည်ထိ ခုခံတိုက်ကြလော့။
၁၃။	**أَلاَ تُقَاتِلُونَ قَوْمًا نَّكَثُواْ أَيْمَانَهُمْ وَهَمُّواْ بِإِخْرَاجِ الرَّسُولِ وَهُم بَدَؤُوكُمْ أَوَّلَ مَرَّةٍ أَتَخْشَوْنَهُمْ فَاللّهُ أَحَقُّ أَن تَخْشَوْهُ إِن كُنتُم مُّؤْمِنِينَ۞** မိမိ၏ အားစိုက်ကျိန်ဆိုမှုကို ဖေါက်ဖျက်လျက် ဉာဏ်စဉ်ဆောင်အား မောင်းထုတ်ပစ်ရန် ကြံစည်သော၊ သင်တို့အား ဦးစွာပထမ စတင်တိုက်ခိုက်သော လူမျိုးအား သင်တို့ ခုခံတိုက်ကြမည် မဟုတ်လော၊ သူတို့အား ကြောက်ရွံ့ကြသလော၊ သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်ကိုသာ ကြောက်ရွံ့အပ်သည်မှာ ပိုမို မှန်ကန်၏။
၁၄။	**قَاتِلُوهُمْ يُعَذِّبْهُمُ اللّهُ بِأَيْدِيكُمْ وَيُخْزِهِمْ وَيَنصُرْكُمْ عَلَيْهِمْ وَيَشْفِ صُدُورَ قَوْمٍ مُّؤْمِنِينَ۞** သူတို့အား ခုခံတိုက်ကြလော့၊ ပရမတ်ဘုရားရှင်သည် သူတို့အား သင်တို့၏ လက်များဖြင့် ဝဋ်ဒဏ်သင့်စေခဲ့၊ အရှက်ကွဲစေတော်မူအံ့၊ သူတို့ကို ဆန့်ကျင်၍ သင်တို့အား ကူညီတော်မူအံ့၊ သက်ဝင်ယုံကြည်သော လူမျိုး၏ ရင်ကို သက်သာစေတော်မူ၍–
၁၅။ ☆၂၇၀ ★၂၃၇	**وَيُذْهِبْ غَيْظَ قُلُوبِهِمْ وَيَتُوبُ اللّهُ عَلَى مَن يَشَاء وَاللّهُ عَلِيمٌ حَكِيمٌ۞** –သူတို့၏ စိတ်နှလုံးမှ ဒေါသစိတ်ကို သိမ်းယူပစ်တော်မူအံ့။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား☆ သင်ပုန်းချေပေးတော်မူလတ္တံ့၊★ ပရမတ်ဘုရားရှင်သည်ကား သိနေသောအရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၁၆။ ☆၂၂၁၈	**أَمْ حَسِبْتُمْ أَن تُتْرَكُواْ وَلَمَّا يَعْلَمِ اللّهُ الَّذِينَ جَاهَدُواْ مِنكُمْ وَلَمْ يَتَّخِذُواْ مِن دُونِ اللّهِ وَلاَ رَسُولِهِ وَلاَ الْمُؤْمِنِينَ وَلِيجَةً وَاللّهُ خَبِيرٌ بِمَا تَعْمَلُونَ۞** သို့တည်းမဟုတ် သင်တို့မှ မည်သူသည် အားစိုက်ဆောင်ရွက်လျက်☆ ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်ဆောင်နှင့် ယုံကြည်သူများ မှလွဲ၍ အခြားသူများကို ထဲထဲဝင်ဝင် ယူမှတ်သောသူများအား ပရမတ်ဘုရားရှင်က သိရသော်[၄၈၈]

---

(၄၈၇) အစွလာမ်သာသနာသည် ငြိမ်းချမ်းရေးကို လိုလား၍ ကောင်းမှုဆောင်သော မည်သည့် ဘာသာရေး ဆောင်ရွက်သူကို မဆို ရန်သူ ဟု မသတ်မှတ်သည့်အပြင် ဘာသာရေးအရ (ခေါင်းစဉ်မပါဝင်ချေ) ညီနောင်သားချင်းများဟု သတ်မှတ်ပေသည်။ ဘာသာရေးတွင် ဓမ္မမိတ်ဆွေသာ ရှိရမည် ဖြစ်ပြီး ဘာသာရေး ရန်သူဟု မရှိရစေရန် အစွလာမ် သာသနာက သွန်သင်ပေသည်။ အစွလာမ်သာသနာဝင်များ တော်လှန်ရသော ကျမ်းချက်တိုင်းကို ကြည့်ပါက သူတစ်ပါးက စော်ကား၍ ခုခံရခြင်း၊ ငြိမ်းချမ်းစွာ နေထိုင်သော လူ့အသိုင်းအဝိုင်းအား သောင်းကျန်းသူများက ဖျက်ဆီးသောကြောင့် ခုခံရခြင်းများသာ ဖြစ်၍ မိမိဘက်မှ အင်အားကြီး၍ အနိုင်ကျင့် စော်ကားခြင်း လုံးဝ မရှိသည်ကို တွေ့ရပေမည်။

(၄၈၈) ပရမတ်ဘုရားရှင်က သိရသော် ဆိုသည်ကို ဤနေရာ အပါအဝင် ကျမ်းတော်၏ အခြားသော နေရာများ၌လည်း တွေ့နိုင်ပေသည်၊ ပရမတ်ဘုရားရှင်သည် စလယ်ဆုံး အားလုံးကို သိနေတော်မူသော အရှင် ဖြစ်ခြင်းကြောင့် အရှင့် အနေဖြင့် သိပြီးသား ဖြစ်ပေသည်။ ထို့ကြောင့်

	သင်တို့အား ချန်ပေးထားမည်ဟု စိတ်ကူးယဉ်နေကြသလော၊ ပရမတ်ဘုရားရှင်သည်ကား ကျင့်ကြံသမျှကို သတင်းသိနေတော်မူ၏။
၁၇။ ☆၂း၆။၉ ★၂း၁၅ ★၂း၃၉	**مَا كَانَ لِلْمُشْرِكِينَ أَن يَعْمُرُواْ مَسَاجِدَ اللهِ شَاهِدِينَ عَلَى أَنفُسِهِمْ بِالْكُفْرِ أُوْلَئِكَ حَبِطَتْ أَعْمَالُهُمْ وَفِي النَّارِ هُمْ خَالِدُونَ۞** မိမိစရိုက်ကိုမိမိ ရန်သူဟု☆ သက်သေပြသူ၊ ရောပြွန်းကိုးကွယ်သူတို့သည် ပရမတ်ဘုရားရှင်၏ ဝတ်ကျောင်းတော်အား လည်ပတ်ခွင့် မရှိ။★ သူတို့၏ ကျင့်ကြံမှုသည် အချည်းနှီးပင် ဖြစ်၏၊ သူတို့သည် အပူမီးၭ အစဉ် ခံစားရလတ္တံ့။★
၁၈။ ☆၂း၁၇	**إِنَّمَا يَعْمُرُ مَسَاجِدَ اللهِ مَنْ آمَنَ بِاللهِ وَالْيَوْمِ الآخِرِ وَأَقَامَ الصَّلاَةَ وَآتَى الزَّكَاةَ وَلَمْ يَخْشَ إِلاَّ اللهَ فَعَسَى أُوْلَئِكَ أَن يَكُونُواْ مِنَ الْمُهْتَدِينَ۞** ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့ကို☆ ယုံကြည်လျက် ဝတ်ပြု မြဲကြသော၊ အခွန်ငွေဖြူ ပေးကြသော၊ ပရမတ်ဘုရားရှင်ကိုသာ ကြောက်ရွံ့ရိုးကျိုးကြသော သူတို့သည်သာ ပရမတ်ဘုရားရှင်၏ ဝတ်ကျောင်းတော်အား လည်ပတ်နိုင်၏။ ထိုသူတို့သည်သာ တရားလမ်းညွှန်ရသူတို့မှ ဖြစ်ရန်နိုင်ရာ၏။
၁၉။ ☆၂း၁၆ ဟာ့ဂ်ျ	**أَجَعَلْتُمْ سِقَايَةَ الْحَاجِّ وَعِمَارَةَ الْمَسْجِدِ الْحَرَامِ كَمَنْ آمَنَ بِاللهِ وَالْيَوْمِ الآخِرِ وَجَاهَدَ فِي سَبِيلِ اللهِ لاَ يَسْتَوُونَ عِندَ اللهِ وَاللهُ لاَ يَهْدِي الْقَوْمَ الظَّالِمِينَ۞** ကံဆောင်ပရိဝါသ်ပြုရာၭ☆ သင်တို့၏ သောက်ရေ ဒါနပြုခြင်းနှင့် ဘေးမဲ့ဝတ်ကျောင်းတော်အား လည်ပတ်မှု စီစဉ်ခြင်းများသည် ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့အား ယုံကြည်လျက် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်ၭ အားစိုက်ဆောင်ရွက်ခြင်း ကဲ့သို့ ဖြစ်ကြသလော၊ ပရမတ်ဘုရားရှင်၏ထံၭ အလျဉ်း မတူညီချေ။[၄၇] ပရမတ်ဘုရားရှင်သည် မိုက်ကြေးခွဲသော လူမျိုးအား လမ်းညွှန်တော်မမူချေ။
၂၀။ ☆ ဒါရိုက္ခ ၂း၂၂	**الَّذِينَ آمَنُواْ وَهَاجَرُواْ وَجَاهَدُواْ فِي سَبِيلِ اللهِ بِأَمْوَالِهِمْ وَأَنفُسِهِمْ أَعْظَمُ دَرَجَةً عِندَ اللهِ وَأُوْلَئِكَ هُمُ الْفَائِزُونَ۞** ယုံကြည်လျက် ပြောင်းရွှေ့ခဲ့ရၭ၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်ၭ သူတို့၏ ဥဉ်စရိုက် ဥစ္စာပစ္စည်းများဖြင့် အားစိုက်ဆောင်ရွက်သော သူများ၏ အခွင့်အလမ်းမှာ☆ ပရမတ်ဘုရားရှင်၏ ထံတော်ၭ ဂုဏ်ဒြပ်ပိုကြီး၏၊ ထိုသူတို့သည် အောင်ပွဲခံသူများ ဖြစ်ကြ၏။
၂၁။ ဥယျာဉ်	**يُبَشِّرُهُمْ رَبُّهُم بِرَحْمَةٍ مِّنْهُ وَرِضْوَانٍ وَجَنَّاتٍ لَّهُمْ فِيهَا نَعِيمٌ مُّقِيمٌ۞** သူတို့အတွက် ကံကြမ္မာရှင်၏ထံမှ အရှင်၏ကရုဏာနှင့် အားရကျေနပ်စရာ သတင်းကောင်းမှာ– သူတို့အတွက် ဂုဏ်ရှိခြင်း မြဲမြံတည်တံ့ခြင်း **သုခဘုံများ**ပင် ဖြစ်၏။

ဤစကား၏ အဓိပ္ပါယ်မှာ "ပရမတ်ဘုရားရှင်က မသိသေး၍" ဟူသော အနက်ကို မဆောင်ပေ။ "သင်တို့အနေဖြင့် လက်တွေ့လုပ်ပြခြင်း မရှိသေးမို့" ဆိုသော အနက်ကိုသာ ဆောင်ပေသည်။ ကျမ်းတော်တွင် သုံးသော ပရမတ်ဘုရားရှင်က သိလိုသည်၊ ပရမတ်ဘုရားရှင်က စမ်းသပ်တော်မူသည်၊ ပရမတ်ဘုရားရှင်က စုံစမ်းတော်မူသည် စသော စကားတိုင်းသည် "သင်တို့၏ ယုံကြည်သည် ဆိုခြင်းကို လက်တွေ့ အကောင်အထည် ဖော်ခြင်း ရှိမရှိ သက်သေပြရန် လိုသည်"ဟူသော အနက်မှ လွဲ၍ အခြား မိုပါယ်ကို မပေးပေ။ လက်တွေ့မပါသော ယုံကြည်သည် ဟူသည့် စကားကို အစွဲလာမ်က လက်ခံအတည်ပြုခြင်း မရှိချေ။

(၄၈) ဟာ့ဂ်ျ (ကံဆောင်ပါရိဝါသ်) ပြုရန်သာ စိတ်စောနေပြီး၊ ဟာဂီများအား ပေးကမ်းလှူဒါန်းလျှင် သာမန်လူသားများအား လှူခြင်းထက် ပိုမိုမြင့်မြတ်သည်ဟု အယူစွဲ မိနေသူများ၊ ဟာ့ဂ်ျ သွားလိုစိတ်ကြောင့် စီးပွားရေးက်တက်နေၭ ကျန်သော ဘာသာရေး ကျင့်ဝတ်များကို မေ့လျော့နေသူများ၊ မိမိ ဘာသာတရားအား အဘက်ဘက်မှ သိက္ခာတက်စေရန် စဉ်းစားမိခြင်း မရှိ၊ သိက္ခာတက်စေရန် မကြိုးစားဘဲ မိမိ၏ သိက္ခာတက်ရေး အတွက်သာ ဟာဂီ ဖြစ်လိုသူ များအား ဤသုတ်တော်က သတိပေး ဆုံးမထားခြင်း ဖြစ်ပေသည်။

٢٢	**خَالِدِينَ فِيهَا أَبَدًا إِنَّ اللهَ عِندَهُ أَجْرٌ عَظِيمٌ۝** ထိုဌာန ကာလပိုင်းခြားမဲ့ အစဉ်စံစားရမည်ပင်။ ဇကန်ပင် ပရမတ်ဘုရားရှင်၊ အရှင်၏ထံတော်၌ မဟာဆုလဒ်ကြီး ရှိနေ၏။
٢٣	**يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَتَّخِذُواْ آبَاءكُمْ وَإِخْوَانَكُمْ أَوْلِيَاء إَنِ اسْتَحَبُّواْ الْكُفْرَ عَلَى الإِيمَانِ وَمَن يَتَوَلَّهُم مِّنكُمْ فَأُوْلَئِكَ هُمُ الظَّالِمُونَ۝** အို– ယုံကြည်သောသူတို့၊ သင်တို့၏ အဖေများ၊ သင်တို့၏ ညီနောင်သားချင်းများသည် ယုံကြည်မှုထက် ဖုံးကွယ်မှုကို ပို၍ ချစ်ခင်စုံမက်နေကြလျှင် သူတို့အား မဟာမိတ် အဖြစ် မယူမှတ်ကြနှင့်၊ သင်တို့အနက် သူတို့အား အလှည့်ပေး သူ– ထိုသူတို့သည် အမိုက်ကောင်များမှ ဖြစ်၏။[၄၉၀]
٢٤	**قُلْ إِن كَانَ آبَاؤُكُمْ وَأَبْنَآؤُكُمْ وَإِخْوَانُكُمْ وَأَزْوَاجُكُمْ وَعَشِيرَتُكُمْ وَأَمْوَالٌ اقْتَرَفْتُمُوهَا وَتِجَارَةٌ تَخْشَوْنَ كَسَادَهَا وَمَسَاكِنُ تَرْضَوْنَهَا أَحَبَّ إِلَيْكُم مِّنَ اللهِ وَرَسُولِهِ وَجِهَادٍ فِي سَبِيلِهِ فَتَرَبَّصُواْ حَتَّى يَأْتِيَ اللهُ بِأَمْرِهِ وَاللهُ لاَ يَهْدِي الْقَوْمَ الْفَاسِقِينَ۝** ဟောကြားလော့၊ သင်တို့၏ အဖေများ၊ ညီအစ်ကိုများ၊ အိမ်ထောင်ဘက်များ၊ တစ်ကျိတ်တစ်ကြုံတည်း နီးစပ်သူများ၊ အသားကျနေသော ဥစ္စာပစ္စည်းများ၊ သပိတ်မှောက်ခံရမည်ဟု စိုးရိမ်နေသော ရောင်းဝယ်မှုများ၊ စိတ်ကျေနပ်နေသော အိမ်ဝန်းများသည် သင်တို့အတွက် ပရမတ်ဘုရားရှင်ထက်၊ အရှင့် ဉာဏ်စဉ်ဆောင်ထက်၊ အရှင်၏ လမ်းစဉ်တော်၌ အားစိုက်ဆောင်ရွက်ခြင်းထက် ပို၍ ချစ်စရာများ ဖြစ်နေခဲ့လျှင် ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်ပေးရောက်သည့်တိုင် စောင့်ဆိုင်း၍ နေကြကုန်လော့၊ ပရမတ်ဘုရားရှင်သည် ယုတ်မာသော လူမျိုးအား လမ်းညွှန်တော် မမူချေ။
٢٥	**لَقَدْ نَصَرَكُمُ اللهُ فِي مَوَاطِنَ كَثِيرَةٍ وَيَوْمَ حُنَيْنٍ إِذْ أَعْجَبَتْكُمْ كَثْرَتُكُمْ فَلَمْ تُغْنِ عَنكُمْ شَيْئًا وَضَاقَتْ عَلَيْكُمُ الأَرْضُ بِمَا رَحُبَتْ ثُمَّ وَلَّيْتُم مُّدْبِرِينَ۝** သင်တို့၏ အံ့ဩြလောက်သော အင်အားများပြားမှုသည် သင်တို့အတွက် အသုံးမဝင်၊ တစ်စုံတစ်ရာမျှ ပြည့်စုံခြင်း မရှိ၊ ကျယ်ပြောသော မြေကမ္ဘာသည် သင်တို့အတွက် ကျဉ်းမြောင်းလှ၏၊ သင်တို့ ဘက်လှည့်ရသောအခါ၊ ဇကန်မုချပင် ပရမတ်ဘုရားရှင်သည် သင်တို့အား **ဟိုနန်ဒေသများ**[၄၉၁] နေ့ကာလ၌ မြောက်များစွာ ကူညီခဲ့ပြီ။
٢٦	**ثُمَّ أَنزَلَ اللهُ سَكِينَتَهُ عَلَى رَسُولِهِ وَعَلَى الْمُؤْمِنِينَ وَأَنزَلَ جُنُودًا لَّمْ تَرَوْهَا وَعذَّبَ الَّذِينَ كَفَرُواْ وَذَلِكَ جَزَاء الْكَافِرِي۝** ထို့နောက် ပရမတ်ဘုရားရှင်သည် အရှင်၏ ဉာဏ်စဉ်ဆောင်နှင့် ယုံကြည်သူများ၏ အပေါ်သို့ တည်ငြိမ်အေးချမ်းမှုကို ချမှတ်ပေးတော်မူ၏။ ထို့နောက် ဖုံးကွယ်သောသူများအား ဝဋ်ဒဏ်ခတ်ရန် မမြင်နိုင်သော စစ်သည်တော်များကို

---

(၄၉၀) ဤသုတ်တော်က အစ္စလာမ်သို့ သက်ဝင်ကူးပြောင်းသူသည် အစ္စလာမ်သာသနာဝင် မဟုတ်သော မိဘ ညီအစ်ကို ဆွေမျိုးများအား အဆက် ဖြတ်ရမည်ဟု ဆိုခြင်း မဟုတ်ချေ။ စစ်ပွဲကာလတွင် နှစ်ဦးနှစ်ဘက် ရင်ဆိုင်ရသော အခါများတွင် မိမိနှင့် ဆန့်ကျင်ဘက်၌ ရပ်တည်နေသော သူသည် အဖေဖြစ်စေ၊ ညီအစ်ကိုဖြစ်စေ ဖြစ်နေလျှင် သူတို့၏ အကြံဉာဏ်၊ စီမံကွပ်ကဲမှုကို လက်မခံရန်သာ တားမြစ်ခြင်း ဖြစ်ပေသည်။

(၄၉၁) **ဟိုနန် حُنَيْنٍ** ဆိုသည်ကို မက္ကာဟ်မြို့နှင့် သုံးမိုင်ကွာဝေးသော နေရာတစ်ခု၏ အမည်ဟု သမိုင်းဆရာများက ဆိုကြ၍ ထိုဒေသတွင် မွတ်ဆလင် စစ်တပ် နှင့်ရန်သူတို့ စစ်ဖြစ်ပွားခဲ့သည်ဟု မှတ်တမ်းများ ရှိပေသည်။ သို့သော် ဤကျမ်းချက်တွင် ဆိုလိုသည်မှာ စစ်ပွဲ၏ အကြောင်းကို ဇတ်လမ်း ပြန်ဆင်ရန် မဟုတ်ချေ။ အင်အားများသော်လည်း စည်းကမ်းပျက်ခဲ့လျှင် စစ်ရေးနိမ့်ရုံနှင့် အင်အားနည်းသော်လည်း တရားမျှတမှုဖြင့် (ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌) ခိုင်မာစွာ ရပ်တည်လျှင် အောင်ပွဲများ ရရှိပုံများကို သွန်သင်ရန်သာ ဖြစ်ပေသည်။ ထိုစကာလုံး၏ ရင်းမြစ်တူ ဝေါဟာရ ကို ၁၉း၁၃ တွင် **ဟနားနန်** (မ်) ဟုတွေ့ရပြီး ကရုဏာသက်သောစိတ် ဟု ဆိုပေသည်။ ထို့ကြောင့် ဤနေရာ၌ နေရာတစ်ခု ဆိုသည်ထက် "မိမိက ရန်သူအား ညှာတာသော စစ်ပွဲ၊ သို့မဟုတ် ဘုရားရှင်က ယုံကြည်သူများအား သနားညှာတာသော စစ်ပွဲ" ဟု ဖြစ်ပေသည်။

	ချမှတ်ပေးတော်မူ၏။ ဤသည် ရန်သူများအတွက် အစားပေးမှုပင် ဖြစ်၏။[၄၆၂]
၂၇။ ☆ ၂:၇၀ ★ ၂:၃၇	**ثُمَّ يَتُوبُ اللهُ مِن بَعْدِ ذَلِكَ عَلَى مَن يَشَاء وَاللهُ غَفُورٌ رَّحِيمٌ۞** တဖန် ထို့နောက်တွင်မှ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား☆ သင်ပုန်းချေပေးတော်မူ၏။★ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။
၂၈။ ✡ ၂:၇၀	**يَا أَيُّهَا الَّذِينَ آمَنُواْ إِنَّمَا الْمُشْرِكُونَ نَجَسٌ فَلاَ يَقْرَبُواْ الْمَسْجِدَ الْحَرَامَ بَعْدَ عَامِهِمْ هَذَا وَإِنْ خِفْتُمْ عَيْلَةً فَسَوْفَ يُغْنِيكُمُ اللهُ مِن فَضْلِهِ إِن شَاء إِنَّ اللهَ عَلِيمٌ حَكِيمٌ۞** အို– ယုံကြည်သောသူတို့၊ ရောပြွန်းကိုးကွယ်သူတို့သည် အယူမသန့်သူများ ဖြစ်၏၊ သို့ဖြစ်၍ ဤနှစ်ကုန်ပြီးနောက် သူတို့အား ဘေးမဲ့ကျောင်းတော် အပါးသို့ မချဉ်းကပ်စေရ။ အကယ်၍ သင်တို့သည် ချို့တဲ့မည်ကို စိုးရိမ်ခဲ့သော် ပရမတ်ဘုရားရှင်သည် အရှင်၏ သိက္ခာပေးမှုဖြင့် စံချိန်ပြည့်လျှင်✡ ပြည့်စုံကြွယ်ဝစေလတ္တံ့။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။[၄၆၃]
၂၉။	**قَاتِلُواْ الَّذِينَ لاَ يُؤْمِنُونَ بِاللهِ وَلاَ بِالْيَوْمِ الآخِرِ وَلاَ يُحَرِّمُونَ مَا حَرَّمَ اللهُ وَرَسُولُهُ وَلاَ يَدِينُونَ دِينَ الْحَقِّ مِنَ الَّذِينَ أُوتُواْ الْكِتَابَ حَتَّى يُعْطُواْ الْجِزْيَةَ عَن يَدٍ وَهُمْ صَاغِرُونَ۞** ကျမ်းပေးခံရသော သူများအနက် ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့အား မယုံကြည်၊ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်က တားမြစ်ထားသည်များကို မတားမြစ်၊ မှန်ကန်သော ဖွဲ့စည်းပုံဥပဒေအား ဥပဒေအဖြစ် လက်မခံသော သူတို့အား လက်နက်ချ၍ **ဆက်သ**ရသည်အထိ ခုခံတိုက်ကြလော့။[၄၆၄] သူတို့သည် သေးသိမ်သူများ ဖြစ်ကြ၏။

---

(၄၆၂) မမြင်နိုင်သော စစ်သည်များ ဆိုသည်ကို အချို့က နတ်ဒေဝတာ (မလာအိကာဟ်) များ ဖြစ်သည်ဟု ဖွင့်ဆိုကြပေသည်။ လွန်စွာပင် ဒဏ္ဍာရီဆန်သော ဖွင့်ဆိုမှု ဖြစ်၍ ကျမ်းတော်တွင် ထိုအယူအဆအား ထောက်ခံသော အထောက်အထား မရှိချေ။ ဤသုတ်တော်မှ ပြောသည့် **မမြင်နိုင်သော စစ်သည်များ** ဆိုသည်မှာ နောက်ကွယ်မှ အင်အား၊ နောက်ကွယ်မှ လက် သို့မဟုတ် ချုံခိုတိုက်ခိုက်ရာ၌ ကျွမ်းကျင်သော စစ်သည်တော်များ သို့မဟုတ် ကျည်ကွယ် မျက်ကွယ်မှ (မြင်ကွင်းမှ ကွယ်နေသော စစ်သည်) စစ်သည်များကို ဆိုလိုခြင်းပင် ဖြစ်ပေသည်။

(၄၆၃) အယူမသန့်သူများသည် ဝတ်ကျောင်းတော်တွင် ဘုရားတရားအား အာရုံပြုမှုထက်၊ ထိုဘုရားပွဲတော်ကာလ၌ လူစည်ကားသည်ကို အခွင့်ကောင်းယူ၍ စီးပွားရေးစျေးကွက်အဖြစ် ကုန်ကူးသန်းသော ဓလေ့သည် ထွန်းကားနေ၏ သူတို့အား ဘေးမဲ့ဝတ်ကျောင်းတော်သို့ မချဉ်းကပ်စေခြင်းအားဖြင့် ၎င်းတို့နှင့် စီးပွားဘက်များက စီးပွားရေး ကျမည်ကို စိုးရိမ်နေကြ၏။ သို့သော် သာသနာတော် သန့်ရှင်းစင်ကြယ်စေရန် ဆောင်ရွက်ရာ၌ မည်သည့်အရာကို မဆို အနစ်နာခံရမည် ဖြစ်ကြောင်း ကျမ်းတော်က သွန်သင်ခြင်း ဖြစ်ပေသည်။ ယခုခေတ် ဟာဂျီများ အတွက်လည်း ခွင့်ပြုထားသော ကူးသန်းမှုထက်ပို၍ စီးပွားရေးဆန်လာမှုများကို လွန်စွာ သတိထားသင့်ပေသည်။

(၄၆၄) အစ္စလာမ့် ဆန့်ကျင်ရေး ဝါဒီများက ဤသုတ်တော်အား ထောက်ပြလျက် မွတ်ဆလင်တို့သည် အစ္စလာမ် သာသနာအား လက်မခံသူများကို နိုင်ထက်စီးနင်း ဖိနှိပ်ထားရမည်ဟု– စွပ်စွဲကြသည်။ ထိုသူများ အနေဖြင့် ဤသုတ်တော်အား သေချာစွာ မဖတ်ဘဲလည်းကောင်း၊ တိုင်းပြည်တစ်ခု၏ ပြည်ထောင်စုမူ ဖွဲ့စည်းခြင်း ဥပဒေစည်းမျဉ်းအား နားမလည်၍လည်းကောင်း ဖြစ်ပေသည်၊ ဤသုတ်တော်တွင် ပြောသော ကျမ်းပေးခံရသူများ ဆိုသည်မှာ ကိုယ်ပိုင်ဥပဒေ ရှိသူများ ဖြစ်ကြောင်း (၅း၄၄–၅၀)နှင့် ထိုသူများအား အစ္စလာမ့် သစ္စာဖြစ်သည့် ပရမတ်ဘုရားရှင်မှပ အခြားဘုရားဟူ၍ မရှိ။ ကိုယ်တော်မုဟမ္မဒ်သည် အရှင့် ဉာဏ်စဉ်ဆောင် ဖြစ်၏ ဟူ၍ သစ္စာခံစေရမည်ဟု လုံးဝ ဆိုမထားပေ။ ထို့ပြင် ထိုကျမ်းပေးခံရသူများ အနက်မှပင် သူတို့အားလုံးကို နလံမထူနိုင်အောင် လုပ်ထားရမည်ဟု ဆိုမထားချေ။ ထိုသူများ၏ အနက်မှ နိုင်ငံတော်ဖွဲ့စည်းပုံကို လက်မခံ ဆူပူ သောင်းကျန်းသူများကိုသာ ၎င်းတို့အင်အား ချိနဲ့လျက် တရားသော ဥပဒေ စည်းမျဉ်းအောက်၌ ဩဇာခံ ဖြစ်နေစေရန် ပြုလုပ်ထားရမည် ဖြစ်သည်၊ ထိုသို့ ပြုလုပ်ရန်မှာ စနစ်ကျသော ပြည်ထောင်စုသားတိုင်း၏ ဝန်တာပင် ဖြစ်သည်။ ဤဥပဒေအား ပြည်ထောင်စုမူ စစ်စစ် ရေးဆွဲရာတွင် ပါဝင်သော တိုင်းပြည်၏ စည်းလုံးညီညွတ်ရေးကို ဦးထိပ်ထားသော မည်သည့် ဥပဒေပညာရှင်ကမျှ ငြင်းပယ်နိုင်စွမ်း မရှိချေ။

ဤသုတ်တော်မှ **دِينٌ** ဒီးန် ကို အချို့က **သာသနာ** ဟု ပြန်ဆိုမှုမှာ အပြည့်အဝ မှန်ကန်မှု မရှိချေ၊ **دِينٌ** ဒီးန် ဆိုသည်မှာ မည်သည့် သာသနာ မဆို ဘာသာ။ သာသနာ မေတ္တာရိပ် သက်စွာဖြင့် ရေးဆွဲထားသော ဥပဒေ သို့မဟုတ် နိုင်ငံတော် ဖွဲ့စည်းပုံကိုလည်း ဖေါ်ဆောင်ပေသည်။ ထိုစကားလုံးကို ၁၂း၇၆ ၌ အီဂျစ်ဘုရင်၏ **ဥပဒေ** ပြောဆိုရာတွင် သုံးထားသည်ကို ထင်ထင်ရှားရှား တွေ့နိုင်ပေသည်။ ဤသုတ်တော်မှ **الْجِزْيَةَ** သည် **အစားပေးရသည်** ဟူသည့် ي ز ج မှ ဆင့်ပွားခြင်း ဖြစ်၍ **ဆက်သရသည်** ဟု အနက်ပေးပေသည်။

၃၀။ ☆၅း၁၈	**وَقَالَتِ الْيَهُودُ عُزَيْرٌ ابْنُ اللهِ وَقَالَتْ النَّصَارَى الْمَسِيحُ ابْنُ اللهِ ذَلِكَ قَوْلُهُم بِأَفْوَاهِهِمْ يُضَاهِؤُونَ قَوْلَ الَّذِينَ كَفَرُواْ مِن قَبْلُ قَاتَلَهُمُ اللهُ أَنَّى يُؤْفَكُونَ۞** ရေဝတီများက အုဇိုင်သည်၄၆၅ ပရမတ်ဘုရားရှင်၏ သားတော်ဟု ဆိုကြ၍၊ ခရစ်ယာန်များက ခရစ်တော်သည် ပရမတ်ဘုရားရှင်၏ သားတော်ဟု ပြောကြ၏။☆ ယင်းသည် သူတို့၏ ပါးစပ်များဖြင့် ပြောဆိုခြင်းပင် ဖြစ်၏၊ သူတို့သည် ဤမတိုင်မီက ဖုံးကွယ်သောသူများ၏ အဆိုကို အတုခိုးကြ၏။ ပရမတ်ဘုရားရှင်သည် သူတို့အား ခုခံတော်လှန်တော်မူလတ္တံ့၊ သူတို့သည် မည်သို့ လှည့်စားခံနေကြသနည်း။
၃၁။ ☆ ၅း၃၃	**اتَّخَذُواْ أَحْبَارَهُمْ وَرُهْبَانَهُمْ أَرْبَابًا مِّن دُونِ اللهِ وَالْمَسِيحَ ابْنَ مَرْيَمَ وَمَا أُمِرُواْ إِلاَّ لِيَعْبُدُواْ إِلَـهًا وَاحِدًا لاَّ إِلَـهَ إِلاَّ هُوَ سُبْحَانَهُ عَمَّا يُشْرِكُونَ۞** သူတို့သည် ပရမတ်ဘုရားရှင် မှလွဲ၍ သူတို့၏ ဓမ္မစရိယများ၊ ဘုန်းတော်ကြီးများနှင့်☆ မာရိ၏သား ခရစ်တော်အား အယူထားကြ၏။ သူတို့အား တစ်ပါးတည်း ဘုရားရှင်ကိုသာ ကိုးကွယ်ကြရန် ညွှန်ကြားခြင်းခံခဲ့ရ၏။ ထိုအရှင်မှ အပ အခြား ဘုရားဟူ၍ မရှိချေ။ အရှင်သည် ရောပြွန်းဖက်စပ်ခြင်းမှ ကင်းသည့် ဦးထိပ်ထားရာ ဖြစ်တော်မူ၏။
၃၂။	**يُرِيدُونَ أَن يُطْفِؤُواْ نُورَ اللهِ بِأَفْوَاهِهِمْ وَيَأْبَى اللهُ إِلاَّ أَن يُتِمَّ نُورَهُ وَلَوْ كَرِهَ الْكَافِرُونَ۞** ပရမတ်ဘုရားရှင်၏ ရောင်ခြည်တော်အား သူတို့၏ ပါးစပ်များဖြင့် မှုတ်ငြိမ်းလိုကြ၏၊ ဖုံးကွယ်သူတို့ မကြိုက်လျှင်လည်း ပရမတ်ဘုရားရှင်သည် အတည်ပြုသည်မဟုတ်၊ မိမိ၏ ရောင်ခြည်တော်ကိုသာ ပြည့်စုံစေတော်မူမည်။၄၆၆
၃၃။ စေလွှတ်	**هُوَ الَّذِي أَرْسَلَ رَسُولَهُ بِالْهُدَى وَدِينِ الْحَقِّ لِيُظْهِرَهُ عَلَى الدِّينِ كُلِّهِ وَلَوْ كَرِهَ الْمُشْرِكُونَ** ရောပြွန်းကိုးကွယ်သူများက မကြိုက်သော်လည်း သာသနာ ကိုယ်စီ ပေါ်လွင်စေရန် လမ်းညွှန်တော်၊ စစ်မှန်သော သာသနာတော်အားဖြင့် ဥဏှာစဉ်ဆောင်အား အရှင် **စေစား**တော်မူ၏။၄၆၇
၃၄။ မတော် မတရား	**يَا أَيُّهَا الَّذِينَ آمَنُواْ إِنَّ كَثِيرًا مِّنَ الأَحْبَارِ وَالرُّهْبَانِ لَيَأْكُلُونَ أَمْوَالَ النَّاسِ بِالْبَاطِلِ وَيَصُدُّونَ عَن سَبِيلِ اللهِ وَالَّذِينَ يَكْنِزُونَ الذَّهَبَ وَالْفِضَّةَ وَلاَ يُنفِقُونَهَا فِي سَبِيلِ اللهِ فَبَشِّرْهُم بِعَذَابٍ أَلِيمٍ۞** အို– ယုံကြည်သောသူတို့၊ ဇကန်ပင် များစွာသော ဓမ္မစရိယများ၊ ဘုန်းတော်ကြီးများသည် လူသားတို့၏ ဥစ္စာပစ္စည်းများကို **အမှားပြု၍** စားသုံးလျက်၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ရှောင်ဖယ်ကြ၏၊ ရွှေ၊ ငွေများကို ဥစ္စာစောင့်လျက် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ သုံးစွဲခြင်း မရှိသောသူများလည်း ဖြစ်၏။ သူတို့အား စူးနစ်သော ဝဋ်ကြွေးအကြောင်း သတင်းကောင်းကိုပါးလော့။၄၆၈

---

(၄၆၅) ကိုယ်တော် အုဇိုင်၏ အမည်ကို ကျမ်းတော်တွင် ဤတစ်ကြိမ်တည်းသာ ဖေါ်ပြထားပေသည်။ ဂျူးလူမျိုးများ အတွက် အသည်းစွဲ တမန်တော် တစ်ပါးဖြစ်၍ သူ့အကြောင်းကို Encyclopedia Britannica Vol. 10 စာမျက်နှာ ၁၀၄ ၁၀၅ တွင်လည်း တွေ့နိုင်ပေသည်။

(၄၆၆) ပရမတ်ဘုရားရှင်၏ ရောင်ခြည်တော် ဆိုသည်မှာ တရားဒေသနာတော်ကို ဆိုလိုခြင်း ဖြစ်၍၊ အရှင် ချမှတ်ပြဋ္ဌာန်းသော လောကမမ္မ တရားဒေသနာတော်အား ဖုံးကွယ်ငြင်းပါယ်သူများက မည်မျှပင် မလိုမုန်းထား တိုက်ခိုက်ခြင်း၊ မဟုတ်မတရား ဝါဒဖြန့်ခြင်းများ ပြုလုပ်သော်လည်း တရားဒေသနာစစ်စစ်မှာ ထွန်းတောက်လာရမည်ပင် ဟု ကတိပေးထားသော သုတ်တော် တစ်ပါးပင် ဖြစ်ပေသည်။

(၄၆၇) **أَرْسَلَ အရိဆလ** ကို ဆရာတော်ကြီးများက စေလွှတ်သည်ဟု ပြန်ဆိုကြပေသည်။ ထိုသို့ပြန်ဆိုချက်မှာ လုံးဝမှန်ကန်သော်လည်း မြန်မာစာဖတ်သူ များအတွက် နားလည်းမှု လွဲနိုင်ပေသည်။ ဤနေရာတွင် သုံးသော ထိုစကား၏ အဓိပ္ပါယ်မှာ တစ်နေရာမှ တစ်နေရာသို့ (မူလ အလွှာဟုံ့ အပါးတွင် ခစားနေရာမှ လောကလူသားများသို့) ခန္ဓာကိုယ်အားဖြင့် စေလွှတ်ခံရခြင်း မဟုတ်ချေ။ ပရမတ်ဘုရားရှင်၏ မူလဇစ်မြစ် ဥဏှာစဉ်တော်အား ကိုယ်တော်မုဟမ္မဒ်၏ ဥဏှာတော်မှ ဆိုက်ရောက်ခွင့်ရခြင်း တနည်းအားဖြင့် သဗ္ဗညုတဥဏှာစဉ်ကို ဆိုက်ရောက်ခြင်းသာ ဖြစ်ပေသည်။ ဥဏှာစဉ်တော် အားဖြင့် "လောကမမ္မကို သိခြင်း" ဖြစ်၍ ဤနေရာတွင် "စေလွှတ်သည်" ဟုပြန်မည့်အစား "စေစားသည်" ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

(၄၆၈) ဤသုတ်တော်သည် ဘာသာတရား၏ ခေါင်းစဉ်ကို လုပ်ကိုင်စားသောက်စရာ အဖြစ် အသုံးပြုနေကြသော ဘာသာရေးသမား အမည်ခံ ဘာသာရေး လုပ်စားသူ များအား ပြင်းထန်စွာ သတိပေးထားသော သုတ်တော်တစ်ပါး ဖြစ်၍၊ နောက်လိုက်ဒကာ အပေါင်းကလည်း မိမိတို့၏

၃၅။ စုဆောင်း	**يَوْمَ يُحْمَى عَلَيْهَا فِي نَارِ جَهَنَّمَ فَتُكْوَى بِهَا جِبَاهُهُمْ وَجُنُوبُهُمْ وَظُهُورُهُمْ هَذَا مَا كَنَزْتُمْ لأَنفُسِكُمْ فَذُوقُواْ مَا كُنتُمْ تَكْنِزُونَ۞** ငရဲဘုံ၏ အပူမီးထဲ၌ ရှိမြဲကြက်ခံရသော ကာလ၌ သူတို့၏ နှဖူးများ၊ နံဘေးများနှင့် ကျောကုန်းများကို ၎င်းအားဖြင့် အမှတ်တံဆိပ် ခပ်နှိပ်လတ္တံ့၊ ဤသည် သင်တို့၏ စရိုက်အတွက် သင်တို့၏ ရတနာများ ဖြစ်၏၊ သို့ဖြစ်၍ သင်တို့၏ ရတနာများကို မြည်းစမ်းကြလော့။
၃၆။ ☆၂း၁၉၇ ဓါတ်ငွေ့လ	**إِنَّ عِدَّةَ الشُّهُورِ عِندَ اللهِ اثْنَا عَشَرَ شَهْرًا فِي كِتَابِ اللهِ يَوْمَ خَلَقَ السَّمَاوَاتِ وَالأَرْضَ مِنْهَا أَرْبَعَةٌ حُرُمٌ ذَلِكَ الدِّينُ الْقَيِّمُ فَلاَ تَظْلِمُواْ فِيهِنَّ أَنفُسَكُمْ وَقَاتِلُواْ الْمُشْرِكِينَ كَآفَّةً كَمَا يُقَاتِلُونَكُمْ كَآفَّةً وَاعْلَمُواْ أَنَّ اللهَ مَعَ الْمُتَّقِينَ۞** ပရမတ်ဘုရားရှင်ထံတော်၌ လများ၏ အရေအတွက်မှာ ဆယ့်နှစ်လ ဖြစ်၍၄၉၉ မိုးများနှင့် မြေအား ဖြစ်တည်စေသည့် နေ့ကာလမှ စ၍ ၎င်းတို့မှ လေးလသည်☆ ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းမှု၌ **ဘေးမဲ့လများ** ဖြစ်၏။ ဤသည် တည်တံ့ခိုင်မြဲသော သာသနာပေတည်း။ ထိုလများ အတွင်း မိမိတို့၏ စရိုက်များအား အမိုက်မစီးစေကြနှင့်၊ သင်တို့အား တိုက်ခိုက်ကြသည့်နည်း အားလုံးဖြင့် ရောပွနိုးကိုးကွယ်သူများအား ခုခံတိုက်ကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် စည်းစောင့်သူများနှင့် အပြည့်အဝ ရှိတော်မူကြောင်းကို သိကြကုန်လော့။
၃၇။	**إِنَّمَا النَّسِيءُ زِيَادَةٌ فِي الْكُفْرِ يُضَلُّ بِهِ الَّذِينَ كَفَرُواْ يُحِلّونَهُ عَامًا وَيُحَرّمُونَهُ عَامًا لّيُوَاطِؤُواْ عِدَّةَ مَا حَرَّمَ اللهُ فَيُحِلُّواْ مَا حَرَّمَ اللهُ زُيّنَ لَهُمْ سُوءُ أَعْمَالِهِمْ وَاللهُ لاَ يَهْدِي الْقَوْمَ الْكَافِرِينَ۞** အချိန်ဆွဲထားခြင်းသည် ဖုံးကွယ်ခြင်း၌ တိုးပွားစေခြင်းသာ ဖြစ်၏။ ဖုံးကွယ် လွှဲဖယ်သောသူသည် ၎င်းအား တစ်နှစ်တွင် တရားဝင်ပြုသည်ကို တားမြစ်ကြ၏၊ နောင်နှစ်တွင် ပရမတ်ဘုရားရှင်က တားမြစ်ထားသည်ကို တက်လှမ်း၍ တရားဝင်ပြုကြ၏၊ ဤသို့ တားမြစ်မှု၊ အကုသိုလ် ကျင့်ကြံမှုများကို ပရမတ်ဘုရားရှင်က သူတို့အဘို့ ဖမ်းစားထားစေ၏၊ ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သော လူမျိုးအား လမ်းညွှန်တော်မမူချေ။၅၀၀
၃၈။	**يَا أَيُّهَا الَّذِينَ آمَنُواْ مَا لَكُمْ إِذَا قِيلَ لَكُمُ انفِرُواْ فِي سَبِيلِ اللهِ اثَّاقَلْتُمْ إِلَى الأَرْضِ أَرَضِيتُم بِالْحَيَاةِ الدُّنْيَا مِنَ الآخِرَةِ فَمَا مَتَاعُ الْحَيَاةِ الدُّنْيَا فِي الآخِرَةِ إِلاَّ قَلِيلٌ۞** အို–ယုံကြည်သောသူတို့ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်အတွက် ချီတက်ကြရန် ပြောသောအခါ၊ အဘယ်ကြောင့် မြေ၌ လေးလံနေကြကုန်သနည်း၅၀၀ သင်တို့သည် ဤလောကီဘဝကို နောင်ဘဝထက် ပို၍ ကျေနပ်နှစ်သက်နေသလော၊ ဤလောကီဘဝ၏ ချမ်းမြေ့မှုသည် နောက်ဘဝနှင့်ယှဉ်လျှင် အနည်းငယ်မျှသာ ဖြစ်ချေ၏။
၃၉။	**إِلاَّ تَنفِرُواْ يُعَذّبْكُمْ عَذَابًا أَلِيمًا وَيَسْتَبْدِلْ قَوْمًا غَيْرَكُمْ وَلاَ تَضُرُّوهُ شَيْئًا وَاللهُ عَلَى كُلّ شَيْءٍ قَدِيرٌ۞** ချီမတက်ကြလျှင် သင်တို့အား စူးနစ်သော ဝဋ်ဒဏ်အားဖြင့် ဝဋ်ဒဏ်သင့်စေ၍၊ သင်တို့အား အခြားလူမျိုးဖြင့်

ဦးဆောင်လမ်းပြ အဖြစ် ထင်မှတ်သူအား မျက်စိစုံမှိတ်၍ မကြည်ညိုသင့်ပေ။ မိမိတို့၏ ဘာသာရေး ဆရာတော်များကိုလည်း သုံးသပ်ရဲရန် လိုအပ်ပေသည်။

(၄၉၉) အစ္စလာမ် ပြက္ခဒိန်အား "လ ကို အခြေခံသည့်" တွက်နည်းဖြင့် တွက်ချက်ကြောင်း (၂း၁၈၄) တွင် ရှင်းခဲ့ပြီး ဖြစ်သည်။ ထိုလများ ရေတွက်ရာတွင် လ တိုင်း၌ လဆန်း (၁)ရက် ဆိုသည်မှာ ရှိနေပါလျက် ယခုခေတ် မွတ်ဆလင်များ အနေဖြင့် ရမ်သွန်လ (၁) တစ်ရက်နေ့နှင့် ရှောင် ဝါလ်လ (၁) ရက်နေ့ကိုသာ မဖြစ်မနေ လဆန်း တစ်ရက် ဟုတ်မဟုတ် လကြည့် နေကြသည်မှာ လွန်စွာ အံ့သြစရာပင် ဖြစ်ပေသည်။

(၅၀၀) ဤသုတ်တော်၏ ဆိုလိုချက်မှာ အများ သဘောတူ သတ်မှတ်ထားသော စစ်မတိုက်ရသော လ များကို သူတို့ အလိုကျ ပြုပြင်စီရင်ခြင်း၊ စစ်တိုက်လိုလျှင် ထိုလများကို နောက်ဆုတ်ထား၍ သူတို့စစ်ပန်းလျှင် ထိုလများကို အတည်ပြုခြင်း ကမောက်က မပြုလုပ်ကြခြင်းကို ဆိုလိုပေသည်။

(၅၀၁) မြေပေါ်၌ လေးလံနေခြင်း (ကမ္ဘာ့ ဆွဲအား၌ အလိုက်သင့် ထိုင်ချလိုက်ခြင်း) ဆိုသည်မှာ မိမိမြေ၊ မိမိအိမ်မှ စွန့်ခွာ ခရီးထွက်ရန် ဖင့်နွှဲနေခြင်း၊ ကမ္ဘာ့ဆွဲအားကို လွှန်ဆန်၍ ရင်မဆိုင်ရဲခြင်းကို ဆိုလိုပေသည်။

	ပြောင်းလဲပစ်လတ္တံ့၊ သင်တို့သည် အရှင့်အား တစ်စုံတစ်ရာမျှ နစ်နာစေနိုင်သည် မဟုတ်ချေ၊ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။[၁၀၂]
၄၀။ ကိုယ်တော်မုဟမ္မဒိအား	**إِلاَّ تَنصُرُوهُ فَقَدْ نَصَرَهُ اللّهُ إِذْ أَخْرَجَهُ الَّذِينَ كَفَرُواْ ثَانِيَ اثْنَيْنِ إِذْ هُمَا فِي الْغَارِ إِذْ يَقُولُ لِصَاحِبِهِ لاَ تَحْزَنْ إِنَّ اللّهَ مَعَنَا فَأَنزَلَ اللّهُ سَكِينَتَهُ عَلَيْهِ وَأَيَّدَهُ بِجُنُودٍ لَّمْ تَرَوْهَا وَجَعَلَ كَلِمَةَ الَّذِينَ كَفَرُواْ السُّفْلَى وَكَلِمَةُ اللّهِ هِيَ الْعُلْيَا وَاللّهُ عَزِيزٌ حَكِيمٌ** ۞ သင်တို့သည် **သူ့အား** မကူညီသော်လည်း၊ **သူ့အား** ဖိုးကွယ်သောသူများက နှင်ထုတ်သောအခါ ပရမတ်ဘုရားရှင်က ကူညီခဲ့၏၊ သူသည် နှစ်ယောက်အနက် ဒုတိယဖြစ်၍၊ သူတို့သည် လျှိုထဲ၌ ရှိနေစဉ် သူ၏ ပေါင်းဖော်အား ''စိတ်မပူနှင့် ဧကန်ပင် ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့နှင့် အတူရှိ၏''ဟု ပြောသောအခါ၊ ပရမတ်ဘုရားရှင်သည် သူ့အား စိတ်တည်ငြိမ်မှုကို ချမှတ်ပေး၏၊ သူ့အပေါ်၌ မြင်နိုင်သော စစ်တပ်ကြီးဖြင့် ထောက်ပံ့ပေး၍၊ ဖိုးကွယ်သော သူတို့၏ စကားများကို အနိမ့်ဆုံး ပရမတ်ဘုရားရှင်၏ စကားတော်အား အထွဋ်အထိပ်ဖြစ်ရန် စီစဉ်ပေး၏။ ပရမတ်ဘုရားရှင်သည်ကား ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။[၁၀၃]
၄၁။ လေးလံ	**انْفِرُواْ خِفَافًا وَثِقَالاً وَجَاهِدُواْ بِأَمْوَالِكُمْ وَأَنفُسِكُمْ فِي سَبِيلِ اللّهِ ذَلِكُمْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ** ۞ လျင်မြန်ပေါ့ပါးစွာ ဖြစ်စေ၊ **အေးဆေးတည်ငြိမ်စွာ** ဖြစ်စေ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ချီတက်လျက် မိမိ၏ စရိုက်များ၊ ဥစ္စာများဖြင့် အားစိုက်ဆောင်ရွက်လော့၊ ဤသည် သင်တို့အဘို့ ပိုကောင်း၏၊ သင်တို့ သိကြပါလေစ။[၁၀၄]
၄၂။ တွက်ခြေကိုက်မှု	**لَوْ كَانَ عَرَضًا قَرِيبًا وَسَفَرًا قَاصِدًا لاَّتَّبَعُوكَ وَلَكِن بَعُدَتْ عَلَيْهِمُ الشُّقَّةُ وَسَيَحْلِفُونَ بِاللّهِ لَوِ اسْتَطَعْنَا لَخَرَجْنَا مَعَكُمْ يُهْلِكُونَ أَنفُسَهُمْ وَاللّهُ يَعْلَمُ إِنَّهُمْ لَكَاذِبُونَ** ۞ အကယ်၍ **ဘောင်ဝင်မှု** နီးစပ်လျက် လမ်းခရီးသည်လည်း ဖြတ်လမ်းဖြစ်လျှင် သင့်နောက်သို့ လိုက်ကြကုန်လတ္တံ့၊ သို့သော် သူတို့အတွက် နောက်ကျမည်ဟု စိတ်ပင်ပန်းလျှင်၊ ပရမတ်ဘုရားရှင်အား တိုင်တည်ကာ ''ကျွန်ုပ်တို့သာ တတ်နိုင်ခဲ့ပါက သင်နှင့်အတူ ထွက်ခွာမည်ပင်''ဟု သူတို့၏ စရိုက်များကို တိမ်ကောစေကြပြီ၊ သူတို့သည် မုသားကောင်များ ဖြစ်သည်ကို ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏။

---

(၅၀၂) ဤသုတ်တော်က လူမျိုး တစ်မျိုးသည် မိမိလူမျိုး အတွက်၊ မိမိနိုင်ငံ အတွက် တာဝန်မကျေသော၊ တာဝန်မယူသော၊ တာဝန်ယူရန် စိတ်မရှိသော လူမျိုးဖြစ်ခဲ့လျှင်၊ အခြားသော တာဝန်ယူမည့် မျိုးဆက်သစ်ကို ပေါ်ထွန်းစေမည်ဟု သတိပေးခြင်း ဖြစ်ပေသည်။ ယင်းသည် ကမ္ဘာ့ လူ့သမိုင်း၏ မှန်ကန်သော သစ္စာ တစ်ရပ်ပင် ဖြစ်ပေသည်။ ထိုတာဝန် မကျေသော လူမျိုးသည်လည်း လူ့သမိုင်းတွင် တရားခံ လူမျိုးမှအပ အခြား စံပြလူမျိုး တစ်ရပ် မဖြစ်နိုင်တော့ပေ၊ ၎င်းကို စူးနစ်သော ဝဋ်ဒဏ်အားဖြင့် ဝဋ်ဒဏ်သင့်စေမည် ဟူသည့် စကားတော်က ထောက်ပြလျက်ရှိပေသည်။

(၅၀၃) ဤသုတ်တော်တွင် ပြောသော **သူ** ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်အား နာမ်စားဖြင့် ပြောဆိုခြင်း ဖြစ်ပေသည်။ ရန်သူများက ကိုယ်တော့်အား သုတ်သင်ရန် လိုက်လံလျက် မွေးရပ်မြေမှ နှင်ထုတ်သောအခါ၊ ကိုယ်တော်တွင် အဖော် တစ်ဦးသာ ရှိနေပြီး၊ ကိုယ်တော်တို့ နှစ်ဦး ပုန်းကွယ်ရာ၌ ခိုလှုံနေရစဉ်တွင် ကိုယ်တော်နှင့်အတူ ရှိနေသော အဖော်မှာ အစွမ်းလာဗ်သမိုင်းအရ ကိုယ်တော်၏ အုပ်ချုပ်မှု အရိုက်အရာအား ပထမ ဦးဆုံး ဆက်ခံသည့် **အဘူဗာကရ် ဆွဒီးက်** ပင်ဖြစ်ပေသည်။ ကိုယ်တော်တို့အား မမြင်ရသော စစ်တပ်ကြီးဖြင့် ကူညီသည် ဆိုခြင်းမှာ လူသိရှင်ကြား မဟုတ်သော်လည်း တိတ်တဆိတ် လျှို့ဝှက်၍ ကိုယ်တော့်အား ထောက်ခံနေသော အင်အားစုကြီး သို့မဟုတ် ကိုယ်တော်တို့အား ကြိုဆိုနေမည့် မဒီနာမြို့မှ လူထုကြီးကို ဆိုလိုပေသည်၊ ၎င်းကို ''ဖိုးကွယ်သူတို့၏ စကားများကို အောက်ဆုံးသို့ ကျစေ၍၊ ပရမတ်ဘုရားရှင် စကားတော်အား အမြင့်ဆုံးသို့ တက်စေ၏'' ဆိုသော စကားက သက်သေတည်လျက် ရှိပေသည်။ ဆိုလိုသည်မှာ ရန်သူများ၏ ဝါဒဖြန့်ချိမှုသည့် အချည်းနှီး ဖြစ်ရ၍၊ ဘုရားရှင်၏ ဓမ္မသည်သာ အောင်မြင် ပေါက်မြောက်ရမည် ဟု ဖြစ်ပေသည်။

(၅၀၄) ဤသုတ်တော်မှ ပေါ့ပါးစွာ ဖြစ်စေ၊ လေးလံစွာ ဖြစ်စေ ဆိုသည်ကို အချို့က လက်နက် မရှိဘဲ ပေါ့ပါးစွာ ဖြစ်စေ၊ လက်နက် ကိုင်ဆောင်လျက် လေးလံစွာ ဖြစ်စေ ဟု ဘာသာပြန် ကြပေသည်။ ပရမတ်ဘုရားရှင်၏ လမ်းစဉ်ဆိုသည်ကို စစ်တိုက်ရသည်ဟု တစ်ခုတည်း မြင်ယောင်နေ၍ မရပေ။ ထိုစကားတွင် လူသားအကျိုးပြု လုပ်ငန်းများ အားလုံး ပါဝင်ပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပေါ့ပေါ့ပါးပါး ဆောင်ရွက် နိုင်သော ရေတို စီမံကိန်း၊ အေးဆေးတည်ငြိမ်စွာ စီမံချက်ချရ လုပ်ဆောင်ရမည့် ရေရှည် စီမံကိန်း သဘောတရားများလည်း ပါဝင်နေပေသည်။ လူ့လောက အကျိုးပြု လုပ်ငန်းများကို လုပ်ဆောင်သော အခါ၊ ကောက်ရိုးမီးကဲ့သို့ ခဏတဖြုတ် လုပ်ဆောင်၍ မပြီးသော အရာပေါင်းများစွာ ရှိနေပေသည်။ ထို့ကြောင့် ဤနေရာတွင် လေးလံစွာ ဆိုသော စကားကို အေးဆေးတည်ငြိမ်စွာ ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။

၄၃။	**عَفَا اللّهُ عَنكَ لِمَ أَذِنتَ لَهُمْ حَتَّى يَتَبَيَّنَ لَكَ الَّذِينَ صَدَقُواْ وَتَعْلَمَ الْكَاذِبِينَ۞** ပရမတ်ဘုရားရှင်သည် သင့်အား ကျေအေးပေး၏[၅၅] ဖြောင့်မှန်သောသူများဖြစ်သည်ဟု မရှင်းလင်းမီ အဘယ်ကြောင့် ကျန်နေခွင့်ပြုလေသနည်း၊ သူတို့သည် မုသားကောင်များ ဖြစ်သည်ကို သိကြကုန်လော့။
၄၄။	**لاَ يَسْتَأْذِنُكَ الَّذِينَ يُؤْمِنُونَ بِاللّهِ وَالْيَوْمِ الآخِرِ أَن يُجَاهِدُواْ بِأَمْوَالِهِمْ وَأَنفُسِهِمْ وَاللّهُ عَلِيمٌ بِالْمُتَّقِينَ۞** ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သောသူများက သူတို့၏ ဥစ္စာပစ္စည်းများ ဉာဉ်စရိုက်များအားဖြင့် အားစိုက်ဆောင်ရွက်ခြင်းမှ သင့်ထံ၌ ကင်းလွတ်ခွင့်တောင်းကြသည်မဟုတ်။ ပရမတ်ဘုရားရှင်သည် စည်းစောင့်သူများအား သိနေသော အရှင် ဖြစ်၏။
၄၅။	**إِنَّمَا يَسْتَأْذِنُكَ الَّذِينَ لاَ يُؤْمِنُونَ بِاللّهِ وَالْيَوْمِ الآخِرِ وَارْتَابَتْ قُلُوبُهُمْ فَهُمْ فِي رَيْبِهِمْ يَتَرَدَّدُونَ۞** ပရမတ်ဘုရားရှင်နှင့် နောင်ဘဝ နေ့ကာလကို မယုံကြည်သောသူများသည်သာ ကင်းလွတ်ခွင့်ကို သင့်ထံမှ တောင်းကြ၏။ သူတို့၏ စိတ်နှလုံးများသည် သံသယ၌ ရှိ၏။ သို့ဖြင့် သူတို့၏ သံသယက သူတို့အား နောက်ပြန်ပို့နေ၏။
၄၆။	**وَلَوْ أَرَادُواْ الْخُرُوجَ لأَعَدُّواْ لَهُ عُدَّةً وَلَـكِن كَرِهَ اللّهُ انبِعَاثَهُمْ فَثَبَّطَهُمْ وَقِيلَ اقْعُدُواْ مَعَ الْقَاعِدِينَ۞** အကယ်၍ သူတို့သည် ထွက်ခွာလိုလျှင် တွက်ချက်ပြင်ဆင်ရမည်ကို တွက်ချက်ပြင်ဆင်ထားကြလတ္တံ့၊ သို့ရာတွင် သူတို့၏ ထင်ပေါ်လိုခြင်းကို ပရမတ်ဘုရားရှင် မကြိုက်ချေ။ သို့ဖြစ်၍ သူတို့အား ထားခဲ့လျက် ထိုင်နေသူများနှင့်အတူ ထိုင်နေခဲ့ရန် မိန့်ဆို၏။
၄၇။	**لَوْ خَرَجُواْ فِيكُم مَّا زَادُوكُمْ إِلاَّ خَبَالاً ولأَوْضَعُواْ خِلاَلَكُمْ يَبْغُونَكُمُ الْفِتْنَةَ وَفِيكُمْ سَمَّاعُونَ لَهُمْ وَاللّهُ عَلِيمٌ بِالظَّالِمِينَ۞** သူတို့သည် သင်တို့နှင့်အတူ ထွက်ခွာခဲ့လျှင် သင်တို့အား တိုးပွားစေခြင်း မရှိ၊ ဆုတ်ယုတ်ခြင်းသာ ရှိ၏။ သင်တို့၏ အတွင်း၌ နေရာချလျက် သင်တို့အား သွေးတိုးစမ်းမှုကို ရှာဖွေကာ၊ သူတို့အတွက် နားစွင့်သူများ ဖြစ်ကြ၏[၅၆] ပရမတ်ဘုရားရှင်သည် အမိုက်ကောင်များအား သိနေသော အရှင် ဖြစ်၏။
၄၈။	**لَقَدِ ابْتَغَوُاْ الْفِتْنَةَ مِن قَبْلُ وَقَلَّبُواْ لَكَ الأُمُورَ حَتَّى جَاء الْحَقُّ وَظَهَرَ أَمْرُ اللّهِ وَهُمْ كَارِهُونَ۞** သူတို့သည် ရှေ့အလျင်ကလည်း သွေးတိုးစမ်းမှုကို ရှာဖွေခဲ့ပြီ၊ သင့်အတွက် အမှန်တရားနှင့် ညွှန်ကြားချက် ရောက်လာသည့်တိုင် ဦးလှည့်နေသေး၏၊ သူတို့ မကြည်ဖြူသော်လည်း ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်သည် ပေါ်လွင်လာခဲ့ပြီ။

---

(၅၅) သင့်အား ကျေအေးပေး၏ ဆိုသော စကားကို ထောက်၍ အစွမ်းလာမ်အား စော်ကားသူများက ကိုယ်တော်မုဟမ္မဒ်သည် လုံးဝ ဥဿုံ အပြစ်ကင်းသူမဟုတ်၊ အပြစ်ကို ကျူးလွန်မိ၍ ဘုရားရှင်က ခွင့်လွှတ်ပေးရသည် ဟု ရေးသား ပြောဆိုမှုများသည်၊ ဤဝါကျအား နားမလည်၍သာ ဖြစ်ပေသည်။ ထိုစကား၏ အဓိပ္ပါယ်မှာ ကိုယ်တော်သည် အချို့သော ရေသာခိုသူ (ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ မကြိုးပမ်းလိုသူ) များက လမ်းစဉ်တော် အတွက် လုပ်ဆောင်ရမည်ကို ကြောက်၍ ပရိယာယ်သုံးလျက် ကင်းလွတ်ခွင့် တောင်းသည်များကို ခွင့်ပြုလိုက်ခြင်းသည် အပြစ်မဟုတ်ကြောင်း၊ စိတ်စေတနာ မပါသူအား အတင်းတိုက်တွန်းခြင်းမှ မရှိသည့် အစွမ်းလာမ်သာသနာ၏ မူအရ ထိုသို့ ခွင့်ပြုခြင်းသည် ကိုယ်တော့် အတွက် အပြစ်မထိုက်ကြောင်းကို ကြေငြာခြင်းသာ ဖြစ်ပေသည်။ ထိုအထဲတွင် အမှန်တကယ် စေတနာ ထက်သန်သူများ ရှိနေနိုင်သည် ဆိုခြင်းကိုသာ စီစစ်ရန်လို၍ အလျင်အမြန် ဆုံးဖြတ်ခြင်း မပြုရန်ကိုသာ သွန်သင်ပေသည်။ ထိုအချက်ကို "ဖြောင့်မှန်သော သူများ ဖြစ်သည်ဟု မရှင်းလင်းမီ အဘယ်ကြောင့် ကျန်နေခွင့် ပြုသနည်း၊"ဟု ထောက်ပြထားပေသည်။

(၅၆) ဤဘာသာပြန်တွင် ပြန်ဆိုသော "နားစွင့်သူများ ဖြစ်ကြ၏" ဆိုသည့် စကားလုံး **ဆမ်မာအူးန** (မူရင်စကားလုံး **ဆမီးအွန်** "ကြားသည် နားထောင်သည်) ကို အချို့က သတင်းထောက်များ ဖြစ်ကြ၏ ဟု ဘာသာပြန်ဆိုကြပေသည်။ ထိုသို့ပြန်ဆိုခြင်းမှာ မှားယွင်းခြင်း မရှိသော်လည်း၊ ဤသုတ်တော်ပါ ဆိုလိုချက်ဖြင့် ငုံမိခြင်း အားနည်းပေသည်။ သတင်းထောက်ဆိုသည်မှာ သတင်းတစ်ခုကို ယူ၍ အခြားသို့ ဝါဒ ဖြန့်ချိခြင်း ဖြစ်ပေသည်။ ဤသုတ်တော်ပါ ဆိုလိုချက်တွင် ထိုအကြောင်းအရာလည်း ပါဝင်၍၊ ထိုသူများ အနေဖြင့် မိမိတို့၏ ကိုယ်ကျိုးအတွက် အမြဲ နားစွင့်နေခြင်းများလည်း ပါဝင်ပေသည်။ အချို့ကလည်း **သူလျှိုများ** ဟု ပြန်ဆိုကြပေသည်။

၄၉။	**وَمِنْهُم مَّن يَقُولُ ائْذَن لِّي وَلاَ تَفْتِنِّي أَلاَ فِي الْفِتْنَةِ سَقَطُواْ وَإِنَّ جَهَنَّمَ لَمُحِيطَةٌ بِالْكَافِرِينَ۞** သူတို့အနက် ''ကျွန်ုပ်အား ခွင့်ပြုပေးပါ၊ ကျွန်ုပ်အား သွေးတိုးမစမ်းပါနှင့်''ဟု ပြောသူလည်း ရှိ၏၊ သူတို့သည်သာ သွေးတိုးစမ်းခံရခြင်းသို့ ကျဆင်းကြ၏၊ ဇောနပင် ငရဲဘုံသည် ဖုံးကွယ်သူများအား ဝန်ရံထားလေပြီ။[၅၀၇]
၅၀။	**إِن تُصِبْكَ حَسَنَةٌ تَسُؤْهُمْ وَإِن تُصِبْكَ مُصِيبَةٌ يَقُولُواْ قَدْ أَخَذْنَا أَمْرَنَا مِن قَبْلُ وَيَتَوَلَّواْ وَّهُمْ فَرِحُونَ۞** သင့်အား သုမင်္ဂလာ သက်လျင် သူတို့အတွက် အကုသိုလ် ဖြစ်ကြ၏၊ ထိခိုက်မှုတစ်ခု ထိလျင် ''ကျွန်ုပ်တို့သည် ရှေ့အလျင်ကပင် ညွှန်ကြားချက် ယူထား၏၊''ဟု ဆိုလျက် ဝမ်းမြောက်ဝမ်းသာဖြင့် လှည့်ထွက်သွားကြ၏။[၅၀၈]
၅၁။	**قُل لَّن يُصِيبَنَا إِلاَّ مَا كَتَبَ اللّهُ لَنَا هُوَ مَوْلاَنَا وَعَلَى اللّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ۞** ဟောလော့ ''ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းချက်မှအပ ကျွန်ုပ်တို့အား ထိခိုက်မည်မဟုတ်၊ အရှင်သည် ကျွန်ုပ်တို့အတွက် မဟာမိတ် ဖြစ်၏၊ သက်ဝင်ယုံကြည်သူအပေါင်းသည် ပရမတ်ဘုရားရှင်ကိုသာ ကိုးစားကြကုန်၏။[၅၀၉]
၅၂။	**قُلْ هَلْ تَرَبَّصُونَ بِنَا إِلاَّ إِحْدَى الْحُسْنَيَيْنِ وَنَحْنُ نَتَرَبَّصُ بِكُمْ أَن يُصِيبَكُمُ اللّهُ بِعَذَابٍ مِّنْ عِندِهِ أَوْ بِأَيْدِينَا فَتَرَبَّصُواْ إِنَّا مَعَكُم مُّتَرَبِّصُونَ۞** ဟောကြားလော့ ''အတင့်တယ်ဆုံးသော အရာနှစ်ခုအနက်[၅၁၀] တစ်ခုခုသည် ကျွန်ုပ်တို့အတွက် ဖြစ်၏၊ ဆိုသည်မှအပ အသင်တို့ စောင့်ကြည့်နိုင်ကြသလော၊ ကျွန်ုပ်တို့သည် သင်တို့အား ပရမတ်ဘုရားရှင်၏ ထံမှ သို့မဟုတ် ကျွန်ုပ်တို့၏ လက်များဖြင့် ဝဋ်ဒဏ် ထိစေရန် စောင့်ကြည့်နေကြ၏၊ ထို့ကြောင့် စောင့်ကြည့်ကြလော့၊ ကျွန်ုပ်တို့လည်း သင်တို့နှင့်အတူ စောင့်နေကြ၏။''
၅၃။ မလို လားဘဲ	**قُلْ أَنفِقُواْ طَوْعًا أَوْ كَرْهًا لَّن يُتَقَبَّلَ مِنكُمْ إِنَّكُمْ كُنتُمْ قَوْمًا فَاسِقِينَ۞** ဟောပြောလော့ ''သင်တို့မှ သဘောတူစွာ သို့မဟုတ် **သဘောမတူဘဲ** ထည့်ဝင်သုံးစွဲမှုများအတွက် အကြိုးပြည့်စေမည် မဟုတ်၊ သင်တို့သည် ယုတ်မာသူ လူမျိုးပင် ဖြစ်၏။''
၅၄။	**وَمَا مَنَعَهُمْ أَن تُقْبَلَ مِنْهُمْ نَفَقَاتُهُمْ إِلاَّ أَنَّهُمْ كَفَرُواْ بِاللّهِ وَبِرَسُولِهِ وَلاَ يَأْتُونَ الصَّلاَةَ إِلاَّ وَهُمْ كُسَالَى وَلاَ**

---

(၅၀၇) ဤသုတ်တော်မှ ''ငရဲဘုံသည် ဖုံးကွယ်ငြင်းပါယ်သူများအား ဝိုင်းထားလေပြီ'' ဆိုသော စကားသည်၊ လက်ရှိဘဝ၊ နောင်ဘဝ ငရဲနှင့် နိဗ္ဗာန်ဆိုသည်များကို နားလည်စေနိုင်သော သွန်သင်မှုတစ်ရပ် ဖြစ်ပေသည်။ ငရဲနှင့် နိဗ္ဗာန် ဟူသည် သေပြီးသည်၏ နောက်မှ ထိတွေ့ခံစားရနိုင်သော ဘုံများ မဟုတ်ချေ။ လက်ရှိမျက်မှောက် ဘဝတွင်ပင် ကြုံနေကြရပေသည်။

(၅၀၈) ဤသုတ်တော်များသည် သာသနာ့လမ်းစဉ်တော်၌ လူသားအပေါင်း၏ ငြိမ်းချမ်းရေးအတွက် စွန့်လွှတ် အနစ်နာခံ ထွက်ခွာကြရန် အားပေးထားသော သုတ်တော်များ ဖြစ်ပေသည်။ ထိုအခြေအနေတွင် မိမိ၏ ကိုယ်ကျိုးကိုသာ ကြည့်သူများ၊ သာယာဖင်းများ၏ သဘောထားများကို မချွင်းမချန် သွန်သင်ထားပေသည်။ ထိုသို့ ထွက်ခွာရာတွင် လောကဓမ္မ၏ သဘောတရားအရ အနိုင်ချည်း မရှိနိုင်ပေ၊ ရံဖန်ရံခါ အရှုံးနှင့်လည်းရင် ဆိုင်ရပေမည်။ ထိုအချိန်တွင် မထွက်ခွာဘဲ ရေသာခိုသူများက သူတို့၏ အချောင်ခိုနေခဲ့မှုသည် အမှန်တရားသဖွယ် ဂုဏ်ယူလေ့ ရှိကာ အနစ်နာ ခံရခြင်းအတွက် ထိခိုက်ရသူတို့အား သတင်း မေးဖေါ်ပင် မရဘဲ ကဲ့ရဲ့ရှုချတတ်သည့် သဘောထားကို လူ့အသိုင်းအဝိုင်း အတွက် အနစ်နာခံသော ခေါင်းဆောင်များ၊ တက်ကြွစွာ ဆောင်ရွက်သူများ သိနိုင်စေရန် သွန်သင်ထားခြင်း ဖြစ်ပေသည်။ လူ့သဘာဝ၏ ထိုသဘောထားများကို သိရှိမှသာလျှင် မိမိဦးဆောင်မည့် လူ့အသိုင်းဝိုင်းအား မည်သို့ ဦးဆောင်ရမည်ကို မှန်းဆနိုင်ပေသည်။

(၅၀၉) ဤသုတ်တော်ပါ ဆိုလိုချက်ကို ပြီးစလွယ် ကောက်နှတ်လျက် အောင်နိုင်ခြင်း၊ ရှုံးနိမ့်ခြင်း မှန်သမျှသည် ဘုရားရှင်နှင့်သာ ဆိုင်သည်၊ အရှင်သည် ထိုအတွက် ကြိုတင်ပြဋ္ဌာန်းထားသည်ဟု အပေါ်ယံကိုသာ မတွေးသင့်ပေ။ နှစ်ဦးနှစ်ဘက် ယှဉ်ပြိုင်ရာ၌ ဖြစ်စေ၊ တစ်ဦးတစ်ယောက်တည်း ကြိုးစားရာ၌ ဖြစ်စေ၊ အောင်မြင်ခြင်း မအောင်မြင်ခြင်း ဆိုသည်မှာ ကြိုးစားအားထုတ်သူ၏ ကြိုးစားအားထုတ်မှု စံချိန်၊ အရည်အသွေးသည် အရေးကြီးပေသည်။ ဘုရားရှင်၏ ပြဋ္ဌာန်းမှုတွင် ယေဘုယျအားဖြင့် မည်သည့်အရာအား မည်မျှသော စံချိန်အရည်အသွေးရှိမှ အောင်မြင်မည်ဟု သတ်မှတ်ပြဋ္ဌာန်းပြီးသား ဖြစ်ဟု ဆိုခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် ကိစ္စတစ်ရပ်ကို အောင်မြင်စေရန် လိုအပ်သော အရည်အသွေးများကို ကြိုးစားအားထုတ် ဖြည့်ဆီးခြင်းသည် ယုံကြည်သူများအတွက် တာဝန်တစ်ရပ်ပင် ဖြစ်ပေသည်။

(၅၁၀) အတင့်တယ်ဆုံးသော အရာနှစ်ခု ဆိုသည်မှာ ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းထားသော ဝဋ်ဒဏ် သို့မဟုတ် ကျွန်ုပ်တို့၏ လက်များဖြင့် ပေးသော ဝဋ်ဒဏ် များ ဖြစ်သည်ဟု ဤသုတ်တော်မှပင် ရှင်းလင်းထားပေသည်။

	يُنفِقُونَ إِلاَّ وَهُمْ كَارِهُونَ۝ ပရမတ်ဘုရားရှင်နှင့် အရှင့်ဉာဏ်စဉ်ဆောင်အား ကျေးစွပ်ဖုံးကွယ်ခြင်းကြောင့်သာ သူတို့၏ ထည့်ဝင်သုံးစွဲခြင်းကို အကိုးမပြည့်စေရဟု ဟန့်တားခဲ့ခြင်း ဖြစ်၏၊ သူတို့သည် ဝတ်ပြုခြင်းအား[၅၀] စိတ်မပါဘဲသာ လာကြ၏၊ မကြည်ဖြူဘဲသာ ထည့်ဝင်သုံးစွဲနေကြ၏။
၅၅။	**فَلاَ تُعْجِبْكَ أَمْوَالُهُمْ وَلاَ أَوْلاَدُهُمْ إِنَّمَا يُرِيدُ اللّهُ لِيُعَذِّبَهُم بِهَا فِي الْحَيَاةِ الدُّنْيَا وَتَزْهَقَ أَنفُسُهُمْ وَهُمْ كَافِرُونَ۝** ထို့ကြောင့် သူတို့၏ ဥစ္စာပစ္စည်းများ၊ ရင်သွေးများက သင့်အား အံ့ဩြသလောက်စရာ မဖြစ်စေနှင့်၊ ပရမတ်ဘုရားရှင်သည် ၎င်းတို့အားဖြင့် သူတို့အား ဤဘဝရှင်သန်မှုဌ ဝဋ်ဒဏ်သင့်စေလို၏၊ သူတို့အား ဖုံးကွယ်သူများ အဖြစ်နှင့်ပင် ဥဉ်စရိုက်များကို ခွဲခွာစေတော်မူမည်။
၅၆။	**وَيَحْلِفُونَ بِاللّهِ إِنَّهُمْ لَمِنكُمْ وَمَا هُم مِّنكُمْ وَلَـكِنَّهُمْ قَوْمٌ يَفْرَقُونَ۝** “ကျွန်ုပ်တို့မှာ သင်တို့ထဲမှပင် ဖြစ်၏၊”ဟု ပရမတ်ဘုရားရှင်အား သူတို့ တိုင်တည်ကြ၏၊ သူတို့သည် သင်တို့ထဲမှ မဟုတ်ချေ၊ အမှန်မှာ သူတို့သည် ခွဲနေသော လူမျိုးသာ ဖြစ်ပေ၏။
၅၇။	**لَوْ يَجِدُونَ مَلْجَأً أَوْ مَغَارَاتٍ أَوْ مُدَّخَلاً لَّوَلَّوْاْ إِلَيْهِ وَهُمْ يَجْمَحُونَ۝** အကယ်၍ သူတို့သည် ခိုကပ်စရာ သို့မဟုတ် လျှို သို့ဟုတ် ဝင်ပေါက်တစ်ခုကို တွေ့လေလျှင် ထိုဘက်သို့ လှည့်လျက် တစ်ဟုန်ထိုး ရှောင်ပြေးကြလတ္တံ့။
၅၈။	**وَمِنْهُم مَّن يَلْمِزُكَ فِي الصَّدَقَاتِ فَإِنْ أُعْطُواْ مِنْهَا رَضُواْ وَإِن لَّمْ يُعْطَوْاْ مِنهَا إِذَا هُمْ يَسْخَطُونَ۝** သူတို့အနက် အလှူဒါနနှင့် စပ်လျဉ်း၍ အသင့်အား ဝေဖန်ပုတ်ခတ်သူလည်း ရှိ၏၊ ၎င်းမှ သူတို့အား လက်ဆောင်ပေးလျှင် စိတ်ကျေနပ်ကြ၍၊ သူတို့အား လက်ဆောင်မပေးလျှင် စိတ်ဆိုးကြကုန်၏။
၅၉။	**وَلَوْ أَنَّهُمْ رَضُواْ مَا آتَاهُمُ اللّهُ وَرَسُولُهُ وَقَالُواْ حَسْبُنَا اللّهُ سَيُؤْتِينَا اللّهُ مِن فَضْلِهِ وَرَسُولُهُ إِنَّا إِلَى اللّهِ رَاغِبُونَ۝** ပရမတ်ဘုရားရှင်နှင့် အရှင့် ဉာဏ်စဉ်ဆောင်က ပေးကမ်းသည်ကို ကျေနပ်ကြလျက်၊ “ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့အတွက် စရင်းချုပ်ဖြစ်၏၊ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်သည် အရှင်၏ သိက္ခာပေးခြင်းမှ ကျွန်ုပ်တို့အား ချီးမြှင့်လတ္တံ့၊ ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်ထံသို့သာ ဦးစားပေးသူများ ဖြစ်ပါ၏”ဟု ဆိုကြပါလေစ။
၆၀။	**إِنَّمَا الصَّدَقَاتُ لِلْفُقَرَاء وَالْمَسَاكِينِ وَالْعَامِلِينَ عَلَيْهَا وَالْمُؤَلَّفَةِ قُلُوبُهُمْ وَفِي الرِّقَابِ وَالْغَارِمِينَ وَفِي سَبِيلِ اللّهِ وَابْنِ السَّبِيلِ فَرِيضَةً مِّنَ اللّهِ وَاللّهُ عَلِيمٌ حَكِيمٌ۝** အလှူဒါနများသည် ဆင်းရဲသူများ၊ လိုအပ်သူများ၊ စိတ်နှလုံး စည်းလုံးရန် ကျင့်ကြံသူများနှင့် ကျွန်စနစ် ဖျက်သိမ်းရန် လည်းကောင်း၊ ကြွေးတင်နေရသူများ၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်နှင့် ခရီးသည်များ အတွက် လည်းကောင်း ဖြစ်ရမည်ဟု ပရမတ်ဘုရားရှင်၏ထံမှ တာဝန်ပေး၏။ ပရမတ်ဘုရားရှင်သည် သိနေသော အရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၆၁။	**وَمِنْهُمُ الَّذِينَ يُؤْذُونَ النَّبِيَّ وَيَقُولُونَ هُوَ أُذُنٌ قُلْ أُذُنُ خَيْرٍ لَّكُمْ يُؤْمِنُ بِاللّهِ وَيُؤْمِنُ لِلْمُؤْمِنِينَ وَرَحْمَةٌ لِّلَّذِينَ آمَنُواْ مِنكُمْ وَالَّذِينَ يُؤْذُونَ رَسُولَ اللّهِ لَهُمْ عَذَابٌ أَلِيمٌ۝**

(၅၀) ဤနေရာ၌ ပြောသော ဝတ်ပြုခြင်း ဆိုသည်မှာ သူတို့၏ အကျင့်ဟောင်းများအား ပစ်ပါယ်ခြင်းကို ဆိုလိုပေသည်၊ (၁၁း၈၇)။

	သူတို့အနက်မှ ‘‘သူသည် နားပါးသူသာ ဖြစ်၏’’ဟု ပြောဆို၍ သတင်းတော်ဆောင်အား ထိခိုက်နစ်နာစေသော သူများလည်း ရှိ၏၊ ဟောပြောလေ့ ‘‘ပရမတ်ဘုရားရှင်အား ယုံကြည်သူ၊ သက်ဝင်ယုံကြည်သူများအား ယုံကြည်သူ သင်တို့ အတွက် ကောင်းကျိုးခို့ နားပါးသူ ဖြစ်၏၊ သင်တို့အနက်မှ ယုံကြည်သော သူများအတွက် ကရုဏာလည်း ဖြစ်၏၊ ဉာဏ်စဉ်ဆောင်အား ထိခိုက်စေသောသူများအတွက် ပရမတ်ဘုရားရှင်၏ စူးနစ်သော ဝဋ်ကြွေးဒဏ်သည်ရှိနေ၏။
၆၂။	**يَحْلِفُونَ بِاللَّهِ لَكُمْ لِيُرْضُوكُمْ وَاللَّهُ وَرَسُولُهُ أَحَقُّ أَن يُرْضُوهُ إِن كَانُوا مُؤْمِنِينَ۝** သင်တို့ ကျေနပ်စေရန် ပရမတ်ဘုရားရှင်အား သူတို့ တိုင်တည်ကြ၏၊ သူတို့သည် ယုံကြည်သူ စင်စစ်များ ဖြစ်ကြလျက် အရှင့်အား ကျေနပ်စေလျှင် ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်ဆောင်အား ပိုမိုမှန်ကန်စွာ ချည်းကပ်သင့်၏။
၆၃။	**أَلَمْ يَعْلَمُوا أَنَّهُ مَن يُحَادِدِ اللَّهَ وَرَسُولَهُ فَأَنَّ لَهُ نَارَ جَهَنَّمَ خَالِدًا فِيهَا ذَٰلِكَ الْخِزْيُ الْعَظِيمُ۝** ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အပေါ် မာရေရေကျောရေရှိသော မည်သူမဆို သူ့အတွက် ထိုဥ္စ အစဉ် စံစားရန် ငရဲမီးသည် ရှိနေကြောင်း၊ ယင်းသည် မဟာအရှက်ကွဲရမှု ဖြစ်ကြောင်း သူတို့ မသိကြသလော။
၆၄။ ★ ၃း၁၆၇	**يَحْذَرُ الْمُنَافِقُونَ أَن تُنَزَّلَ عَلَيْهِمْ سُورَةٌ تُنَبِّئُهُم بِمَا فِي قُلُوبِهِمْ قُلِ اسْتَهْزِئُوا إِنَّ اللَّهَ مُخْرِجٌ مَّا تَحْذَرُونَ۝** သူတို့၏ စိတ်နှလုံးတွင်း၌ ရှိသည်ကို ဖေါ်ထုတ်သော ဓမ္မခန္ဓာတစ်ခု သူတို့အတွက် ချမှတ်ပေးမည်ကို သိလကြောင်★ တို့မှာ သတိထားနေကြ၏၊ ဟောလေ့ ‘‘သင်တို့ လှောင်ပြောင်နေလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သင်တို့ သတိထားနေသည်ကိုပင် သတင်းထုတ်ပြန်တော်မူလတ္တံ့၊’’
၆၅။	**وَلَئِن سَأَلْتَهُمْ لَيَقُولُنَّ إِنَّمَا كُنَّا نَخُوضُ وَنَلْعَبُ قُلْ أَبِاللَّهِ وَآيَاتِهِ وَرَسُولِهِ كُنتُمْ تَسْتَهْزِئُونَ۝** သူတို့အား မေးလျှင် ‘‘ကျွန်ုပ်တို့ ဟာသလုပ် ပြက်လုံးထုတ်ခြင်းသာ ဖြစ်၏’’ဟု ဆိုကြလတ္တံ့၊ ‘‘ပရမတ်ဘုရားရှင်၊ အရှင်၏ သုတ်ဒေသနာများနှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား အသင်တို့ လှောင်ပြောင်ကြသည် မဟုတ်လော၊’’ ဟု မေးမြန်းလော့။
၆၆။	**لَا تَعْتَذِرُوا قَدْ كَفَرْتُم بَعْدَ إِيمَانِكُمْ إِن نَّعْفُ عَن طَائِفَةٍ مِّنكُمْ نُعَذِّبْ طَائِفَةً بِأَنَّهُمْ كَانُوا مُجْرِمِينَ۝** မတောင်းပန်ကြနှင့်၊ သင်တို့သည် ယုံကြည်ပါသည်ဟု ဆိုပြီးမှ ဖုံးကွယ်ကြ၏၊ ငါသည် သင်တို့မှ တစ်စုကို ကျေအေးတော်မူမည်၊ တစ်စုအား သူတို့သည် ရာဇဝတ်ကောင်များ ဖြစ်ခဲ့ခြင်းကြောင့် ဝဋ်သင့်စေတော်မူမည်။
၆၇။ ၃း၁၆၇	**الْمُنَافِقُونَ وَالْمُنَافِقَاتُ بَعْضُهُم مِّن بَعْضٍ يَأْمُرُونَ بِالْمُنكَرِ وَيَنْهَوْنَ عَنِ الْمَعْرُوفِ وَيَقْبِضُونَ أَيْدِيَهُمْ نَسُوا اللَّهَ فَنَسِيَهُمْ إِنَّ الْمُنَافِقِينَ هُمُ الْفَاسِقُونَ۝** **သိလကြောင်များ သိလကြောင်မများ**မှ အချို့သည် အချို့ဖြင့် ဆက်စပ်နေ၏၊ သူတို့သည် သူစိမ်းဆန်ခြင်းကို ညွှန်ကြား၍၊ အသိအမှတ်ပြုမှုကို ဟန့်တား၏၊ သူတို့၏ လက်များကို ဆုပ်ထားကြ၏၊ သူတို့သည် ပရမတ်ဘုရားရှင်အား မေ့ပစ်ထား သောကြောင့် သူတို့အား အရှင်က မေ့ထားပစ်၏၊ ဇကန်ပင် သိလကြောင်များသည် ယုတ်မာသူများ ဖြစ်၏။
၆၈။	**وَعَدَ اللَّهُ الْمُنَافِقِينَ وَالْمُنَافِقَاتِ وَالْكُفَّارَ نَارَ جَهَنَّمَ خَالِدِينَ فِيهَا هِيَ حَسْبُهُمْ وَلَعَنَهُمُ اللَّهُ وَلَهُمْ عَذَابٌ مُّقِيمٌ۝** ပရမတ်ဘုရားရှင်သည် သိလကြောင်များ၊ သိလကြောင်မများနှင့် ဖုံးကွယ်သူများအား ငရဲ၏မီးဥ္စ အစဉ် ခံစားရရန် ကတိထားတော်မူ၏၊ ၎င်းသည် သူတို့အတွက် စရင်းချုပ်ဖြစ်၏၊ ပရမတ်ဘုရားရှင်၏ထံမှ မေတ္တာဝေးကွာခြင်းလည်း ဖြစ်၏၊ သူတို့အတွက် မြဲမြံတည်တံ့သော ဝဋ်ကြွေးပင်တည်း။

၆၉။	**كَالَّذِينَ مِن قَبْلِكُمْ كَانُواْ أَشَدَّ مِنكُمْ قُوَّةً وَأَكْثَرَ أَمْوَالاً وَأَوْلاَدًا فَاسْتَمْتَعُواْ بِخَلاَقِهِمْ فَاسْتَمْتَعْتُم بِخَلاَقِكُمْ كَمَا اسْتَمْتَعَ الَّذِينَ مِن قَبْلِكُمْ بِخَلاَقِهِمْ وَخُضْتُمْ كَالَّذِي خَاضُواْ أُوْلَـئِكَ حَبِطَتْ أَعْمَالُهُمْ فِي الدُّنْيَا وَالآخِرَةِ وَأُوْلَـئِكَ هُمُ الْخَاسِرُونَ۞** သင်တို့၏ ရှေ့အလျင် သင်တို့ထက် အစွမ်း ပြတ်သား၍၊ ဥစ္စာပစ္စည်း ရင်သွေး များစွာဖြင့် တည်ဆောက်လျက် ချမ်းမြေ့ သာယာနေသောသူများ ကဲ့သို့၊ သင်တို့သည်လည်း တည်ဆောက် ပျော်ပါးနေကြ၏၊ သင်တို့မတိုင်မီ သူတို့၏ တည်ဆောက်ထားမှုဌ လေပေါနေသောသူများ ကဲ့သို့ သင်တို့သည်လည်း လေပေါနေကြ၏၊ ဤဘဝ နောင်ဘဝ၌ အချည်းနှီးသော ကျင့်ကြံမှုများတွင် ရှိသော သူ၊ ထိုသူတို့သည်ကား ဆုံးရှုံးနစ်နာသူများ ဖြစ်ကြ၏။
၇၀။ ❖၃း၃၄ ဂုဇ္ဈ။၇၃	**أَلَمْ يَأْتِهِمْ نَبَأُ الَّذِينَ مِن قَبْلِهِمْ قَوْمِ نُوحٍ وَعَادٍ وَثَمُودَ وَقَوْمِ إِبْرَاهِيمَ وَأَصْحَابِ مَدْيَنَ وَالْمُؤْتَفِكَاتِ أَتَتْهُمْ رُسُلُهُم بِالْبَيِّنَاتِ فَمَا كَانَ اللّهُ لِيَظْلِمَهُمْ وَلَـكِن كَانُواْ أَنفُسَهُمْ يَظْلِمُونَ۞** သူတို့၏ ရှေ့အလျင်က သတင်းအကြောင်းများ ဖြစ်သည့် နူးဟ်၊ အာဒ်၊ သမူဒ်၏❖ လူမျိုးများ၊ အီဗရာဟီမ်၏ လူမျိုးများ၊ မီဒီယံ ပေါင်းဖေါ်များ[၅၂] ပြောင်းပြန်လန်သွားသော မြို့များအကြောင်း သင်တို့ထံ သတင်း မရောက်သလော၊ သူတို့ ထံသို့ ရှင်းလင်းချက်များဖြင့် ဥာဏ်စဉ်ဆောင်များ ရောက်စေခဲ့ပြီ။ သို့ဖြင့်– ပရမတ်ဘုရားရှင်သည် သူတို့အား အမိုက်စီးစေခဲ့သည်မဟုတ်၊ သူတို့၏ စရိုက်ကိုသာ သူတို့မိုက်ကြေးခွဲခဲ့ခြင်း ဖြစ်၏။
၇၁။ ☆ ၂း၃	**وَالْمُؤْمِنُونَ وَالْمُؤْمِنَاتُ بَعْضُهُمْ أَوْلِيَاء بَعْضٍ يَأْمُرُونَ بِالْمَعْرُوفِ وَيَنْهَوْنَ عَنِ الْمُنكَرِ وَيُقِيمُونَ الصَّلاَةَ وَيُؤْتُونَ الزَّكَاةَ وَيُطِيعُونَ اللّهَ وَرَسُولَهُ أُوْلَـئِكَ سَيَرْحَمُهُمُ اللّهُ إِنَّ اللّهَ عَزِيزٌ حَكِيمٌ۞** ယုံကြည်သူ၊ ယုံကြည်သူမများမှ အချို့သည် အချို့အတွက် မဟာမိတ်များ ဖြစ်ကြ၏။ အသိအမှတ်ပြုမှုကို ညွှန်ကြားကြ၏၊ သူစိမ်းဆန်ခြင်းကို ဟန့်တားကြ၏၊ ဝတ်ပြု☆ မြဲကြ၏၊ အခွန်ငွေဖြူ ပေးကြ၏။ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥာဏ်စဉ်ဆောင်အား နာခံကြ၏၊ ထိုသူတို့အား ပရမတ်ဘုရားရှင်၏ မဟာကရုဏာတော် ကိန်းသက်လတ္တံ့၊ ဇောန်ပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်အရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၇၂။	**وَعَدَ اللّهُ الْمُؤْمِنِينَ وَالْمُؤْمِنَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا وَمَسَاكِنَ طَيِّبَةً فِي جَنَّاتِ عَدْنٍ وَرِضْوَانٌ مِّنَ اللّهِ أَكْبَرُ ذَلِكَ هُوَ الْفَوْزُ الْعَظِيمُ۞** ယုံကြည်သူ၊ ယုံကြည်သူမများအား စမ်းချောင်းရေသွင် စီးဆင်းနေသော သုခဘုံများ ထိုင်၌ အစဉ်စံစားရမည်၊ ထို တည်မြဲခြင်း သုခဘုံများ၌ စင်ကြယ်စွာ အခြေချရမည် ဟု ပရမတ်ဘုရားရှင်က ကတိထားတော်မူ၏။ ဤသည် ပရမတ်ဘုရားရှင် ထံမှ ကြီးကျယ်လွန်းသော ကျေနပ်မှု ဖြစ်၏။ ဤသည် မဟာ အောင်ပွဲပင် ဖြစ်၏။
၇၃။	**يَا أَيُّهَا النَّبِيُّ جَاهِدِ الْكُفَّارَ وَالْمُنَافِقِينَ وَاغْلُظْ عَلَيْهِمْ وَمَأْوَاهُمْ جَهَنَّمُ وَبِئْسَ الْمَصِيرُ۞** အေ– သတင်းတော်ဆောင်၊ ဖုံးကွယ်သူများနှင့် သီလကြောင်များကို ဆန့်ကျင်လျက် အားစိုက်ဆောင်ရွက်လော့၊ သူတို့ အပေါ်၌ တိကျပြတ်သားလော့၊ သူတို့၏ ခိုလှုံရာသည် ငရဲဘုံနှင့် အမင်္ဂလာ ခရီးဆုံး ဖြစ်၏။[၁၀၃]

---

(၅၁၂) မီဒီယံ ဆိုသည်မှာ ကိုယ်တော် အီဗရာဟီး၏ သားအမည် ဖြစ်ပြီး (ကမ္ဘာဦးကျမ်း ၂၅း၂) သူ၏ မျိုးစဉ်မျိုးဆက်များ အခြေချခဲ့ရာ နေရာဆိုင်းနိုင်းတောင်၏ အရှေ့တောင်ဘက် ပင်လယ်နီ ရပ်ဝန်း၌ တည်ရှိရာ ဒေသတစ်ခု၏ အမည် ဖြစ်သည်။ ထိုဒေသသားများ အတွက် ပွင့်ပေါ်လာသော ဥာဏ်စဉ်ဆောင်များတွင် ကိုယ်တော် ရှုအိုက်ဘ်မှာ ထင်ရှားပေသည်။(ဂုဇ၈၅)

(၅၁၃) ဤသုတ်တော်တွင် ရန်သူ (ဖုံးကွယ်သူ) များနှင့် သီလကြောင် (ရန်သူလူ)များ ကို ဂျီဟဒ်လုပ်ကြလော့ ဟု ဆိုထားပေသည်။ ဂျီဟဒ် ၏ အဓိပ္ပါယ်ကို ၂း၂၁၈၊ ၅း၃၅ ၏ အောက်ခြေတွင် ရှင်းပြပြီး ဖြစ်သည်။ သို့သော် ထိုစကားလုံး၏ အဓိပ္ပါယ်ကို မကြာခဏ နားလည်မှု လွဲမှားသည်ကို တွေ့ရပေသည်။ ကျမ်းတော်တွင် လက်နက် အားကိုးဖြင့် ဂျီဟဒ် လုပ်ကြဟု မည်သည့်နေရာတွင်မှာ ဖော်ပြခြင်း မရှိပေ၊ သို့သော် အမှန်တရားတည်းဟူသော တရားဒေသနာ ကျမ်းတော်အားဖြင့် ဂျီဟဒ်လုပ်ကြဟုသာ ထင်ထင်ရှားရှား သွန်သင်ထားသည်ကို တွေ့ရပေသည်။ (၂၅း၅၂) သီလကြောင်များ ကိုလည်း မျက်နှာသာပေးခြင်းမှ ရှောင်ရမည် ဖြစ်သည်။ မိုနာဖက်၏ အဓိပ္ပါယ်ကို ၃း၁၆၇ အောက်ခြေတွင် ကြည့်ပါ။

၇၄။ ကျေးဇူးစွပ်နိုင်ကြမည်	**يَحْلِفُونَ بِاللهِ مَا قَالُواْ وَلَقَدْ قَالُواْ كَلِمَةَ الْكُفْرِ وَكَفَرُواْ بَعْدَ إِسْلاَمِهِمْ وَهَمُّواْ بِمَا لَمْ يَنَالُواْ وَمَا نَقَمُواْ إِلاَّ أَنْ أَغْنَاهُمُ اللهُ وَرَسُولُهُ مِن فَضْلِهِ فَإِن يَتُوبُواْ يَكُ خَيْرًا لَّهُمْ وَإِن يَتَوَلَّوْا يُعَذِّبْهُمُ اللهُ عَذَابًا أَلِيمًا فِي الدُّنْيَا وَالآخِرَةِ وَمَا لَهُمْ فِي الأَرْضِ مِن وَلِيٍّ وَلاَ نَصِيرٍ۞** သူတို့သည် ‘‘မပြောဆိုရပါ’’ဟု ပရမတ်ဘုရားရှင်အား တိုင်တည်ကြ၏၊ အမှန်ပင် သူတို့သည် အစွပ်လာမ် အဖြစ် ခံယူပြီးမှ ဖုံးကွယ်မှုနှင့် ဖုံးကွယ်သော စကားများကို ပြောဆိုကြ၏။ သူတို့ မဆွတ်ခူးနိုင်သည်ကို ကြံစည်ကြ၏၊ ပရမတ်ဘုရားရှင်နှင့် အရှင့် ဉာဏ်စဉ်ဆောင်၏ သိက္ခာပေးခြင်းနှင့် ပြည့်စုံခြင်း မရှိလျှင် **လက်တုန့်ပြန်ကြမည်** မဟုတ်ချေ။ သို့ဖြစ်၍ သူတို့သည် ခဝါချကြလျှင် သူတို့အတွက် ပိုကောင်း၏၊ အကယ်၍ သူတို့ လှည့်သွားခဲ့လျှင် ပရမတ် ဘုရားရှင်က သူတို့အတွက် စီမံထားသည့် ဝဠုကြွေးမှာ ဌာဘဝ နောင်ဘဝ၌ ဈေးနစ်သော ဝဠုကြွေးပင် ဖြစ်၏၊ မြေကမ္ဘာ၌ သူတို့အတွက် ကူညီမည့်သူ မဟာမိတ် ဟူ၍ မရှိပြီ။
၇၅။	**وَمِنْهُم مَّنْ عَاهَدَ اللهَ لَئِنْ آتَانَا مِن فَضْلِهِ لَنَصَّدَّقَنَّ وَلَنَكُونَنَّ مِنَ الصَّالِحِينَ۞** သူတို့အနက် အရှင်၏ သိက္ခာပေးခြင်းမှ ကျွန်ုပ်တို့အား ချီးမြှင့်လျှင် ကျွန်ုပ်တို့သည် အလှူဒါနပြုလျက် ပြုပြင်သူများမှ ဖြစ်ကြပေမည်ဟု ပရမတ်ဘုရားရှင်အား ပဋိညာဉ်ထားသူများ ရှိ၏။
၇၆။	**فَلَمَّا آتَاهُم مِّن فَضْلِهِ بَخِلُواْ بِهِ وَتَوَلَّواْ وَّهُم مُّعْرِضُونَ۞** သို့သော် အရှင်၏ သိက္ခာပေးခြင်းမှ သူတို့အား ချီးမြှင့်သောအခါ၊ ကပ်စီးနဲကြကုန်၏၊ လှည့်ပြန်လျက် သူတို့သည် ဘောင်ကန့်ထားသူများ ဖြစ်ကြ၏။
၇၇။ ★၃း၁၆၇	**فَأَعْقَبَهُمْ نِفَاقًا فِي قُلُوبِهِمْ إِلَى يَوْمِ يَلْقَوْنَهُ بِمَا أَخْلَفُواْ اللهَ مَا وَعَدُوهُ وَبِمَا كَانُواْ يَكْذِبُونَ۞** ပရမတ်ဘုရားရှင်၌ ထားသော ကတိအား ဖြည့်ဆီးရန် ပျေါပျက်ခြင်း၊ လိမ်လည်ခြင်းများကြောင့် အရှင့်အား ဆုံတွေ့ရသည့်နေ့တိုင် သူတို့၏ နှလုံးသား၌ သီလကြောင်စိတ်များ★ ချုပ်ကိုင်ကြလေပြီ။
၇၈။	**أَلَمْ يَعْلَمُواْ أَنَّ اللهَ يَعْلَمُ سِرَّهُمْ وَنَجْوَاهُمْ وَأَنَّ اللهَ عَلاَّمُ الْغُيُوبِ۞** သူတို့၏ ကြိတ်၍ကြံစည်မှုနှင့် သီးခြားတိုင်ပင်ခြင်းများကို ပရမတ်ဘုရားရှင်သည် ကုန်စင်သိနေတော်မူကြောင်း သူတို့ မသိကြသလော၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် စက္ခုလွန်များကို သိနေသော အရှင် ဖြစ်၏။
၇၉။	**الَّذِينَ يَلْمِزُونَ الْمُطَّوِّعِينَ مِنَ الْمُؤْمِنِينَ فِي الصَّدَقَاتِ وَالَّذِينَ لاَ يَجِدُونَ إِلاَّ جُهْدَهُمْ فَيَسْخَرُونَ مِنْهُمْ سَخِرَ اللهُ مِنْهُمْ وَلَهُمْ عَذَابٌ أَلِيمٌ۞** အလှူဒါနအား စိတ်ပြတ်စွာ ပေးကမ်းသည့် ယုံကြည်သော သူများနှင့်၊ ကိုယ်တွေ့မဖြစ်နိုင်၍ မိမိ၏ အားစိုက်ဆောင်ရွက်သော သူတို့အား ဝေဖန်ပုတ်ခတ်သောသူများ– ထိုသူတို့မှ ပျက်ရယ်ပြုခြင်းအား ပရမတ်ဘုရားရှင်က သူတို့၌သာ ပျက်ရယ်မှသင့်စေ၏၊ သူတို့အတွက် စူးနစ်နာကျင်သော ဝဠုကြွေးသည် ရှိနေ၏။
၈၀။ ☆ ၉း၂၉	**اسْتَغْفِرْ لَهُمْ أَوْ لاَ تَسْتَغْفِرْ لَهُمْ إِن تَسْتَغْفِرْ لَهُمْ سَبْعِينَ مَرَّةً فَلَن يَغْفِرَ اللهُ لَهُمْ ذَلِكَ بِأَنَّهُمْ كَفَرُواْ بِاللهِ وَرَسُولِهِ وَاللهُ لاَ يَهْدِي الْقَوْمَ الْفَاسِقِينَ۞** သူတို့အတွက် လွတ်ငြိမ်းခွင့်ပန်သည် ဖြစ်စေ၊ လွတ်ငြိမ်းခွင့် မပန်သည် ဖြစ်စေ၊ အကြိမ် ခုနှစ်ဆယ်☆ လွတ်ငြိမ်းခွင့်ပန်သော်လည်း ပရမတ်ဘုရားရှင်သည် သူတို့အား လွတ်ငြိမ်းစေမည် မဟုတ်ချေ။ ၎င်းမှာ– ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား သူတို့၏ ငြင်းပယ်ဖုံးကွယ်မှုကြောင့် ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် ယုတ်မာသော လူမျိုးအား လမ်းညွှန်တော် မမူချေ။
၈၁။	**فَرِحَ الْمُخَلَّفُونَ بِمَقْعَدِهِمْ خِلاَفَ رَسُولِ اللهِ وَكَرِهُواْ أَن يُجَاهِدُواْ بِأَمْوَالِهِمْ وَأَنفُسِهِمْ فِي سَبِيلِ اللهِ وَقَالُواْ**

	لاَ تَنفِرُواْ فِي الْحَرِّ قُلْ نَارُ جَهَنَّمَ أَشَدُّ حَرًّا لَّوْ كَانُوا يَفْقَهُونَ۝ နောက်ချန်ခဲ့သော သူများသည်၊ ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်ဆောင်၏ နောက်ချန် ထိုင်နေရခြင်းကို ဝမ်းမြောက်၏၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ဥစ္စာပစ္စည်း ဉာဉ်စရိုက်များဖြင့် အားစိုက်ဆောင်ရွက်ရမည်ကို မကြိုက်ကြ၊ ''အပူထဲ၌ ချိမတက်ကြနှင့်'' ဟု ဆိုကြ၏၊ ''ငရဲမီးသည် ပိုမို၍ ပူပြင်းလှ၏၊''ဟု ဟောလော့။ နားလည်ကြပါလေစ။
၈၂။	**فَلْيَضْحَكُواْ قَلِيلاً وَلْيَبْكُواْ كَثِيرًا جَزَاء بِمَا كَانُواْ يَكْسِبُونَ۝** မဖြစ်စလောက် ရယ်မောကြစေလော့၊ သူတို့၏ ကျင့်ဆောင်လေ့ရှိရာများကြောင့် မျက်ရည်များစွာ အစားပေးရလတ္တံ့။
၈၃။	**فَإِن رَّجَعَكَ اللّهُ إِلَى طَآئِفَةٍ مِّنْهُمْ فَاسْتَأْذَنُوكَ لِلْخُرُوجِ فَقُل لَّن تَخْرُجُواْ مَعِيَ أَبَدًا وَلَن تُقَاتِلُواْ مَعِيَ عَدُوًّا إِنَّكُمْ رَضِيتُم بِالْقُعُودِ أَوَّلَ مَرَّةٍ فَاقْعُدُواْ مَعَ الْخَالِفِينَ۝** သို့ဖြင့် ပရမတ်ဘုရားရှင်သည် သင့်အား သူတို့အနက် တစ်စုဆီသို့ ပြန်လာစေ၍၊ သူတို့က သင့်ထံ၌ ချိတက်ခွင့် တောင်းသော် ''သင်တို့သည် ကျွန်ုပ်နှင့်အတူ ချိတက်ရန် မည်သည့်အခါမှ အကြောင်းမရှိ၊ စည်းဝေါက်သူများအား ခုခံတိုက်ရန်လည်း အကြောင်းမရှိ ဇကန်ပင် သင်တို့သည် ပထမ အကြိမ်၌ ထိုင်နေခြင်းဖြင့် ကျေနပ်ခဲ့ပြီ။ သို့ဖြစ်၍ ယခုလည်း နောက်ချန် နေခဲ့သူများနှင့်အတူ ထိုင်၍ပင် နေခဲ့လော့၊''ဟု ဟောကြားလော့။
၈၄။ မရဏတည်	**وَلاَ تُصَلِّ عَلَى أَحَدٍ مِّنْهُم مَّاتَ أَبَدًا وَلاَ تَقُمْ عَلَىَ قَبْرِهِ إِنَّهُمْ كَفَرُواْ بِاللّهِ وَرَسُولِهِ وَمَاتُواْ وَهُمْ فَاسِقُونَ۝** သူတို့မှ သေသူတစ်ဦး၏ ဈာပနသို့ မည်သည့်အခါမှ **မတက်ရောက်**နှင့် ဝတ်မပြုနှင့်၊ ဇကန်ပင် သူတို့သည် ပရမတ်ဘုရားရှင်နှင့် အရှင့် ဉာဏ်စဉ်ဆောင်အား ငြင်းပယ်ကြ၍ ယုတ်မာသူများ အဖြစ်ဖြင့် သေဆုံးခြင်း ဖြစ်၏။[၅၄]
၈၅။	**وَلاَ تُعْجِبْكَ أَمْوَالُهُمْ وَأَوْلاَدُهُمْ إِنَّمَا يُرِيدُ اللّهُ أَن يُعَذِّبَهُم بِهَا فِي الدُّنْيَا وَتَزْهَقَ أَنفُسُهُمْ وَهُمْ كَافِرُونَ** သူတို့၏ ဥစ္စာပစ္စည်း ရင်သွေးများက သင့်အား အံ့သြလောက်စရာ မဖြစ်စေနှင့်၊ ပရမတ်ဘုရားရှင်သည် ထိုအရာများဖြင့် သူတို့အား ဤလောက၌ ဝဋ်ကြွေးသင့်စေလိုသ၏၊ သူတို့သည် ဖုံးကွယ်သူများ ဖြစ်နေစဉ် သူတို့၏ စရိုက်များအား ခွဲခွာစေလိုသ၏။
၈၆။	**وَإِذَآ أُنزِلَتْ سُورَةٌ أَنْ آمِنُواْ بِاللّهِ وَجَاهِدُواْ مَعَ رَسُولِهِ اسْتَأْذَنَكَ أُوْلُواْ الطَّوْلِ مِنْهُمْ وَقَالُواْ ذَرْنَا نَكُن مَّعَ الْقَاعِدِينَ۝** ပရမတ်ဘုရားရှင်အား ယုံကြည်ကြလော့၊ အရှင်၏ ဉာဏ်စဉ်ဆောင်နှင့်အတူ အားစိုက်ဆောင်ရွက်ကြလော့ ဟူသော ဓမ္မခန္ဓာတစ်ခုအား ချမှတ်ပေးသောအခါ၊ သူတို့အနက်မှ ဓနအင်အား ရှိသူတို့က ''ကျွန်ုပ်တို့အား ထိုင်နေခဲ့သူများနှင့်အတူ ချန်ထားခဲ့ပါ၊''ဟု သင့်ထံ၌ ခွင့်တောင်းကြကုန်၏။
၈၇။	**رَضُواْ بِأَن يَكُونُواْ مَعَ الْخَوَالِفِ وَطُبِعَ عَلَى قُلُوبِهِمْ فَهُمْ لاَ يَفْقَهُونَ۝** သူတို့သည် နောက်ချန်ခဲ့သူများနှင့် အတူနေခဲ့ရခြင်းကို ကျေနပ်နေ၏၊ သူတို့၏ နှလုံးသားကို တံဆိပ်ထုထားလေပြီ၊ သူတို့၌ နားလည်နိုင်စွမ်း မရှိကြချေ။
၈၈။	**لَكِنِ الرَّسُولُ وَالَّذِينَ آمَنُواْ مَعَهُ جَاهَدُواْ بِأَمْوَالِهِمْ وَأَنفُسِهِمْ وَأُوْلَئِكَ لَهُمُ الْخَيْرَاتُ وَأُوْلَئِكَ هُمُ الْمُفْلِحُونَ۝** ဉာဏ်စဉ်တော်ဆောင်၊ သူနှင့်အတူရှိသော ယုံကြည်သောသူများသည်ကား သူတို့၏ ဉာဉ်စရိုက် ဥစ္စာပစ္စည်းများဖြင့်

(၅၄) မိမိအား ဖိနှိပ် သတ်ဖြတ်နေသော ရန်သူဘက်မှ တစ်ဦး တစ်ယောက် သေဆုံးလျှင် မျက်နှာလို မျက်နှာရ လုပ်၍ ဝမ်းနည်းကြောင်း သဝဏ်လွှာ ပို့ခြင်း ဈာပနသို့တက်ရောက်ခြင်း မပြုရန်၊ မေတ္တာသုတ်ရွတ် သရဏဂုံတင်းခြင်း မပြုရန် တားမြစ်ခြင်း ဖြစ်သည်။ မိမိ၏ ရဲဘော်ရဲဘက်တို့အား သစ္စာဖေါက်ရာ ရောက်ပေသည်။

	အားစိုက်ဆောင်ရွက်ကြကုန်၏၊ သူတို့သည်သာ ကောင်းသောသူများ ဖြစ်၏၊ သူတို့သည်သာ အောင်မြင် ပေါက်မြောက် သူများ ဖြစ်ကုန်၏။
၈၉။	**أَعَدَّ اللهُ لَهُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا ذَلِكَ الْفَوْزُ الْعَظِيمُ۞** ပရမတ်ဘုရားရှင်သည် သူတို့အတွက် အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများနှင့် ထို၌ အစဉ်စံစားရမည့်ကို တွက်ချက်ပြင်ဆင်ထားတော်မူ၏။ ဤသည် မဟာ အောင်ပွဲပင် ဖြစ်၏။
၉၀။	**وَجَاء الْمُعَذِّرُونَ مِنَ الأَعْرَابِ لِيُؤْذَنَ لَهُمْ وَقَعَدَ الَّذِينَ كَذَبُواْ اللهَ وَرَسُولَهُ سَيُصِيبُ الَّذِينَ كَفَرُواْ مِنْهُمْ عَذَابٌ أَلِيمٌ۞** ကန္တာရတိုင်းရင်းသားများမှ[၅၁] မေတ္တာရပ်ခံသူများ[၅၂] ရောက်လာကြ၍ ပရမတ်ဘုရားရှင်နှင့် အရှင့် ဉာဏ်စဉ်ဆောင် အား လိမ်လည်သောသူများက ထိုင်နေရစ်ခဲ့ကြ၏။ သူတို့မှ ဖုံးကွယ်သောသူတို့ အတွက် စူးနစ်သော ဝဋ်ကြွေးအား ထိသက်စေလတ္တံ့။
၉၁။	**لَّيْسَ عَلَى الضُّعَفَاء وَلاَ عَلَى الْمَرْضَى وَلاَ عَلَى الَّذِينَ لاَ يَجِدُونَ مَا يُنفِقُونَ حَرَجٌ إِذَا نَصَحُواْ لِلّهِ وَرَسُولِهِ مَا عَلَى الْمُحْسِنِينَ مِن سَبِيلٍ وَاللهُ غَفُورٌ رَّحِيمٌ۞** မသန်စွမ်းသူများ၊ ဖျားနာသူများ၊ သုံးစွဲရန် ကိုယ်တွေ့မဖြစ်နိုင်သော သူများသည် ပရမတ်ဘုရားရှင်နှင့် အရှင့် ဉာဏ်စဉ်ဆောင် အပေါ် စိတ်ထားဖြူစင်နေသ၍ အပြစ်မသင့်ချေ။ သုမင်္ဂလာပြုသူတို့အား ခက်ခဲစေတော်မမူ။ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူပေ၏။
၉၂။ ☆သင်တို့အတွက် စီးစရာ	**وَلاَ عَلَى الَّذِينَ إِذَا مَا أَتَوْكَ لِتَحْمِلَهُمْ قُلْتَ لاَ أَجِدُ مَا أَحْمِلُكُمْ عَلَيْهِ تَوَلَّواْ وَّأَعْيُنُهُمْ تَفِيضُ مِنَ الدَّمْعِ حَزَنًا أَلاَّ يَجِدُواْ مَا يُنفِقُونَ۞** သူတို့အား သယ်သွားပါရန်– သင့်ထံသို့ ရောက်စဉ် သင်က **''သင်တို့အား သယ်ဆောင်သွားစရာ**☆ ကျွန်ုပ် ရှာမတွေ့ပါ။''ဟု ဆိုသောကြောင့်၊ သူတို့၌ သုံးစွဲရန် ကိုယ်တွေ့မဖြစ်နိုင်သည်ကို သောကများဖြင့် မျက်ရည်လျှံလျက် လှည့်သွားရသော သူများသည်လည်း (အပြစ် မရှိချေ)။
၉၃။	**إِنَّمَا السَّبِيلُ عَلَى الَّذِينَ يَسْتَأْذِنُونَكَ وَهُمْ أَغْنِيَاء رَضُواْ بِأَن يَكُونُواْ مَعَ الْخَوَالِفِ وَطَبَعَ اللهُ عَلَى قُلُوبِهِمْ فَهُمْ لاَ يَعْلَمُونَ۞** ပြည့်စုံပါလျက် သင့်ထံ၌ လာရောက် ခွင့်တောင်းသော သူများကိုသာ အပြစ်တင်လမ်း ရှိ၏။ သူတို့သည် နောက်ချန်သူများနှင့် အတူ နေခဲ့ခြင်းကို ကျေနပ်ကြ၏၊ ပရမတ်ဘုရားရှင်က သူတို့၏ နှလုံးသားကို တံဆိပ်ထုထားလေပြီ။ သူတို့သိကြမည် မဟုတ်ချေ။
၉၄။	**يَعْتَذِرُونَ إِلَيْكُمْ إِذَا رَجَعْتُمْ إِلَيْهِمْ قُل لاَّ تَعْتَذِرُواْ لَن نُّؤْمِنَ لَكُمْ قَدْ نَبَّأَنَا اللهُ مِنْ أَخْبَارِكُمْ وَسَيَرَى اللهُ عَمَلَكُمْ وَرَسُولُهُ ثُمَّ تُرَدُّونَ إِلَى عَالِمِ الْغَيْبِ وَالشَّهَادَةِ فَيُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ۞** သင်တို့သည် သူတို့ထံသို့ ပြန်လာသော် သင်တို့ထံ၌ ဝန်ရောင်ခွင့် တောင်းပန်ကြလိမ့်မည်။ ''ဝန်ရောင်ခွင့် မတောင်းပန်ကြနှင့်၊ သင်တို့အား ယုံကြည်ရန် ကျွန်ုပ်တို့၌ အကြောင်း မရှိချေ။ သင်တို့၏ သတင်းအကြောင်းကို ပရမတ်

---

(၅၁) **အာလ အာရဗ် الأَعْرَابِ** ဆိုသည်မှာ အာရဗ်လူမျိုးဟု အဓိပ္ပါယ် မသက်ရောက်ပေ။ ၎င်းသည် ယေဘုယျ နာမ်ဖြစ်၍ သဲကန္တာရအတွင်း ကျက်စားနေသော မည်သည့် လူမျိုးကို မဆို ဆိုလိုပေသည်။ ဤနေရာ၌ တိုင်းနိုင်ငံတစ်ခုရှိ လူနည်းစု တိုင်းရင်းသားများကို ဆိုလိုခြင်း ဖြစ်ပေသည်။

(၅၂) **မူအာသိသားရ် الْمُعَذِّرُون** ဆိုသည်မှာ ن ذ ر မှ ဆင့်ပွားခြင်း ဖြစ်၍ သူသည် ခွင့်ပြုချက်တောင်းသည်၊ အကြောင်းပြ၍ ကင်းလွတ် ခွင့်တောင်းသည် ဟူ၍ ဖြစ်ပေသည်။။

	ဘုရားရှင်သည် ကျွန်ုပ်တို့အား သတင်းထုတ်ပြန်လေပြီ။ ပရမတ်ဘုရားရှင်နှင့် အရှင့် ဉာဏ်စဉ်ဆောင်သည် သင့်တို့၏ ကျင့်ကြံမှုများအား မြင်နေတော်မူလတ္တံ့။ စက္ခုလွန်များကို သိနေတော်မူသော အရှင့်ထံသို့ သင်တို့အား ပြန်ပို့လျက် သင်တို့၏ ကျင့်ကြံလေ့ရှိသမျှအား သက်သေဖြစ်စေတော်မူလတ္တံ့၊ သတင်းထုတ်ပြန်တော်မူလတ္တံ့''ဟု ဆိုလော့။
၉၅။	**سَيَحْلِفُونَ بِاللهِ لَكُمْ إِذَا انقَلَبْتُمْ إِلَيْهِمْ لِتُعْرِضُواْ عَنْهُمْ فَأَعْرِضُواْ عَنْهُمْ إِنَّهُمْ رِجْسٌ وَمَأْوَاهُمْ جَهَنَّمُ جَزَاء بِمَا كَانُواْ يَكْسِبُونَ۞** သင်တို့ ဦးလှည့်ပြန်ကြသောအခါ၊ သူတို့အပေါ် ဘောင်မထားရန် ပရမတ်ဘုရားရှင်၌ သူတို့ တိုင်တည်ကြလတ္တံ့။ သူတို့နှင့်စပ်လျဉ်း၍ ဘောင်ထားလော့၊ သူတို့သည် မသန့်စင်သူများ ဖြစ်၏။ သူတို့၏ ကျင့်ဆောင်လေ့ရှိရာများအတွက် ခိုလှုံရာ ငရဲဘုံကိုသာ အစားပေးခံရလတ္တံ့။
၉၆။	**يَحْلِفُونَ لَكُمْ لِتَرْضَوْاْ عَنْهُمْ فَإِن تَرْضَوْاْ عَنْهُمْ فَإِنَّ اللهَ لاَ يَرْضَى عَنِ الْقَوْمِ الْفَاسِقِينَ۞** သူတို့အပေါ် သင်တို့ ကျေနပ်စေရန်လည်း သူတို့ တိုင်တည်ကြလိမ့်မည်။ သင်တို့က သူတို့အား ကျေနပ်ငြားသော်လည်း၊ ပရမတ်ဘုရားရှင်သည် ယုတ်မာသော လူမျိုးအား ကျေနပ်တော်မမူချေ။
၉၇။ တံတိုင်း လုပ်ထား	**الأَعْرَابُ أَشَدُّ كُفْرًا وَنِفَاقًا وَأَجْدَرُ أَلاَّ يَعْلَمُواْ حُدُودَ مَا أَنزَلَ اللهُ عَلَى رَسُولِهِ وَاللهُ عَلِيمٌ حَكِيمٌ۞** ကန္တာရတိုင်းရင်းသားများသည် ဖုံးကွယ်စိတ်နှင့် သီလကြောင်စိတ်၌ ပြင်းထန်လှ၏။ ပရမတ်ဘုရားရှင်က အရှင့် ဉာဏ်စဉ်ဆောင်ထံမှ ချမှတ်ပေးရာအား မသိနိုင်ရန် စည်းမျဉ်းလုပ် **ကာဆီးထား**၏။ ပရမတ်ဘုရားရှင်သည်ကား သိနေသော အရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၉၈။	**وَمِنَ الأَعْرَابِ مَن يَتَّخِذُ مَا يُنفِقُ مَغْرَمًا وَيَتَرَبَّصُ بِكُمُ الدَّوَائِرَ عَلَيْهِمْ دَآئِرَةُ السَّوْءِ وَاللهُ سَمِيعٌ عَلِيمٌ۞** ကန္တာရတိုင်းရင်းသားများအနက် အပိုထည့်ဝင်ရခြင်းကို အကြွေးပိသည်ဟု ယူမှတ်လျက် သင်တို့သည် ရုံးတင်ခြင်းခံရမည်ကို စောင့်ကြည့်သူ ရှိ၏။ သူတို့သည်သာ ရုံးတင်ခံရခြင်း အကုသိုလ်သင့်လတ္တံ့၊ ပရမတ်ဘုရားရှင်သည် ကြားနေသော အရှင် သိနေသောအရှင် ဖြစ်၏။
၉၉။	**وَمِنَ الأَعْرَابِ مَن يُؤْمِنُ بِاللهِ وَالْيَوْمِ الآخِرِ وَيَتَّخِذُ مَا يُنفِقُ قُرُبَاتٍ عِندَ اللهِ وَصَلَوَاتِ الرَّسُولِ أَلا إِنَّهَا قُرْبَةٌ لَّهُمْ سَيُدْخِلُهُمُ اللهُ فِي رَحْمَتِهِ إِنَّ اللهَ غَفُورٌ رَّحِيمٌ۞** ကန္တာရတိုင်းရင်းသားများအနက် ပရမတ်ဘုရားရှင်နှင့် နောင်ဘဝ နေ့ကာလကို ယုံကြည်ကြလျက် အပိုထည့်ဝင်ခြင်းသည် ပရမတ်ဘုရားရှင်ထံ၌ နီးစပ်ခွင့်၊ ဉာဏ်စဉ်ဆောင်၏ မေတ္တာသက်ခြင်းကို ခံစားရမည်ဟု အယူထားသူများ ရှိ၏။ ဇကန်ပင် ၎င်းတို့သည် နီးစပ်ချည်းကပ်မှုဖြစ်၏၊ သူတို့အား ပရမတ်ဘုရားရှင်၏ ကရုဏာတော်သို့ ဝင်စေလတ္တံ့။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်၏။
၁၀၀။	**وَالسَّابِقُونَ الأَوَّلُونَ مِنَ الْمُهَاجِرِينَ وَالأَنصَارِ وَالَّذِينَ اتَّبَعُوهُم بِإِحْسَانٍ رَّضِيَ اللهُ عَنْهُمْ وَرَضُواْ عَنْهُ وَأَعَدَّ لَهُمْ جَنَّاتٍ تَجْرِي تَحْتَهَا الأَنْهَارُ خَالِدِينَ فِيهَا أَبَدًا ذَلِكَ الْفَوْزُ الْعَظِيمُ۞** လက်ဦး ပထမ ပြောင်းရွှေ့လာသူများနှင့် ကူညီသူများ[၅၇] သုမင်္ဂလာပြုရာ၌ သူတို့၏ နောက်သို့ လိုက်သော သူများထိုသူများကို ပရမတ်ဘုရားရှင် အားရကျေနပ်ရှိတော်မူ၍၊ သူတို့ကလည်း အရှင့်အား အားရကျေနပ် ရှိလေ၏။ သူတို့အဘို့ အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများနှင့် ထို၌ ကာလပိုင်းခြားမဲ့ အစဉ်စံစားစေရန် တွက်ချက်ပြင်ဆင်ထား၏။ ဤသည် မဟာ အောင်ပွဲပင် ဖြစ်၏။

(၅၇) **မုဟာဇိရီးန်** ဆိုသည်မှာ နေရာထိုင်ခင်း တစ်ခုအတွက် ရှာဖွေခိုလှုံရသူများဟု အနက်ပေးပြီး၊ **အန်ဆွာရ်** ဆိုသည်မှာ ထိုဒုက္ခသည်များအား စာနာကူညီသော သူများကိုခေါ်ပေသည်။ မက္ကာဟ်ရှိ မွတ်ဆလင်များသည် အယူဝါဒ တစ်ခုအတွက် မက္ကာဟ်သားများ၏ နှိပ်စက်ညှင်းပန်းမှုကြောင့် နဗီ ၁၀ ခုနှစ်တွင် မဒီနာသို့ ပြောင်းရွှေ့ခိုလှုံခဲ့ရပေသည်။ ထိုနှစ်မှ စ၍ အစွလာမ်ပြက္ခဒိန်ကို ဟစ်ဂျိရီ (၁) ခုနှစ်ဟု စတင်သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

၁၀၁။ ★ ခုးၥဖ့ဂ့	**وَمِمَّنْ حَوْلَكُم مِّنَ الأَعْرَابِ مُنَافِقُونَ وَمِنْ أَهْلِ الْمَدِينَةِ مَرَدُواْ عَلَى النِّفَاقِ لاَ تَعْلَمُهُمْ نَحْنُ نَعْلَمُهُمْ سَنُعَذِّبُهُم مَّرَّتَيْنِ ثُمَّ يُرَدُّونَ إِلَى عَذَابٍ عَظِيمٍ۞** သင်တို့ ပတ်ဝန်းကျင်ရှိ ကန္တာရတိုင်းရင်းသားများနှင့် မြို့သားများ အနက် သီလကြောင်များ★ ရှိ၏။ သူတို့သည် ယုံကြည်ဟန်ဆောင်၍ ထကြွနေသည်ကို သင်သည်သူတို့အား မသိပေ၊ ငါသည်သာ သိနေတော်မူ၏၊ သူတို့အား ဝဋ်ကြွေးဒဏ် နှစ်ကြိမ်နှစ်ခါ သင့်စေလတ္တံ့။ တဖန် မဟာ ဝဋ်ကြွေးဆီသို့ ပြန်ပို့ခံရလတ္တံ့။
၁၀၂။	**وَآخَرُونَ اعْتَرَفُواْ بِذُنُوبِهِمْ خَلَطُواْ عَمَلاً صَالِحًا وَآخَرَ سَيِّئًا عَسَى اللّهُ أَن يَتُوبَ عَلَيْهِمْ إِنَّ اللّهَ غَفُورٌ رَّحِيمٌ۞** သူတို့၏အပြစ်များကို မှတ်မိသော အခြားသူများလည်း ရှိ၏။ သူတို့သည် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံမှုတစ်ခုအား သူတို့၏ အခြား အကုသိုလ်ဖြင့် ရောပေါင်းထားကြ၏။ ပရမတ်ဘုရားရှင်သည် သူတို့အား သင်ပုန်းချေပေးနိုင်ရာ၏၊ ဇောန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူပေ၏။
၁၀၃။	**خُذْ مِنْ أَمْوَالِهِمْ صَدَقَةً تُطَهِّرُهُمْ وَتُزَكِّيهِم بِهَا وَصَلِّ عَلَيْهِمْ إِنَّ صَلاَتَكَ سَكَنٌ لَّهُمْ وَاللّهُ سَمِيعٌ عَلِيمٌ۞** သူတို့၏ ဥစ္စာပစ္စည်းမှ အလှူဒါနကို လက်ခံလော့၊ ၎င်းအားဖြင့် သူတို့အား သန့်စင်စေလော့၊ ဖြူစင်စေလော့၊ သူတို့အား မေတ္တာပို့ပေးလော့၊ သင်၏ မေတ္တာသက်ခြင်းသည် သူတို့အား တည်ငြိမ်စေ၏၊ ပရမတ်ဘုရားရှင် သည်ကား ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်တော်မူ၏။
၁၀၄။	**أَلَمْ يَعْلَمُواْ أَنَّ اللّهَ هُوَ يَقْبَلُ التَّوْبَةَ عَنْ عِبَادِهِ وَيَأْخُذُ الصَّدَقَاتِ وَأَنَّ اللّهَ هُوَ التَّوَّابُ الرَّحِيمُ۞** ဇောန်ပင် ပရမတ်ဘုရားရှင်သည် အရှင့် အမှုတော်ဆောင်များထံမှ ခဝါချခြင်းကို အကိုးပြည့်စေတော်မူ၏၊ အလှူဒါန များကို အကိုးပြည့်စေ၏– ဟူသည်ကို မသိကြသလော၊ ဇောန်ပင် ပရမတ်ဘုရားရှင်သည် သင်ပုန်းချေတော်မူသော အရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။
၁၀၅။	**وَقُلِ اعْمَلُواْ فَسَيَرَى اللّهُ عَمَلَكُمْ وَرَسُولُهُ وَالْمُؤْمِنُونَ وَسَتُرَدُّونَ إِلَى عَالِمِ الْغَيْبِ وَالشَّهَادَةِ فَيُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ۞** “ကျင့်ကြံကြလော့၊ အရှင်၏ ဉာဏ်စဉ်ဆောင်နှင့် ယုံကြည်သူ– သင်တို့၏ ကျင့်ကြံမှုတို့အား ပရမတ်ဘုရားရှင်သည် မြင်နေ၏။ သင်တို့သည် စက္ခုလွန်နှင့် ပစ္စုပ္ပန်တို့အား သိနေတော်မူသော အရှင်ထံသို့သာ ပြန်ပို့ခံရလတ္တံ့။ ထို့နောက် သင်တို့ ကျင့်ကြံလေ့ရှိသမျှအား သတင်းထုတ်ပြန်တော်မူလတ္တံ့၊”ဟု ဟောပြောလော့။
၁၀၆။	**وَآخَرُونَ مُرْجَوْنَ لِأَمْرِ اللّهِ إِمَّا يُعَذِّبُهُمْ وَإِمَّا يَتُوبُ عَلَيْهِمْ وَاللّهُ عَلِيمٌ حَكِيمٌ۞** သို့မဟုတ် သူတို့အား ဝဋ်ကြွေးဒဏ်သင့်စေရန်၊ သို့မဟုတ် သင်ပုန်းချေပေးရန် ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်ကို မျော်လင့်နေကြသော အခြားသူများလည်း ရှိ၏။ ဇောန်ပင် ပရတ်ဘုရားရှင်သည် သိနေသော အရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၁၀၇။	**وَالَّذِينَ اتَّخَذُواْ مَسْجِدًا ضِرَارًا وَكُفْرًا وَتَفْرِيقًا بَيْنَ الْمُؤْمِنِينَ وَإِرْصَادًا لِّمَنْ حَارَبَ اللّهَ وَرَسُولَهُ مِن قَبْلُ وَلَيَحْلِفَنَّ إِنْ أَرَدْنَا إِلاَّ الْحُسْنَى وَاللّهُ يَشْهَدُ إِنَّهُمْ لَكَاذِبُونَ۞** ဒုက္ခပေးရန်၊ ဖုံးကွယ်ခြင်းသို့ တိမ်းရန်၊ ယုံကြည်သူများအကြား ခွဲခြားရန်၊ ဤမတိုင်မီက ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင် အတွက် စစ်တိုက်ခဲ့သူအား ကင်းထောက်ရန် **ကျောင်း** တည်ဆောက်သော သူတို့က “ကျွန်ုပ်တို့ သည် သုမင်္ဂလာကိုသာ လိုလားပါ၏၊”ဟု တိုင်တည်သော်လည်း၊ ပရမတ်ဘုရားရှင်က သူတို့သည် လိမ်ညာသူများ ဖြစ်ကြောင်း သက်သေခံတော်မူလတ္တံ့။

၁၀၈။	**لاَ تَقُمْ فِيهِ أَبَدًا لَّمَسْجِدٌ أُسِّسَ عَلَى التَّقْوَى مِنْ أَوَّلِ يَوْمٍ أَحَقُّ أَن تَقُومَ فِيهِ فِيهِ رِجَالٌ يُحِبُّونَ أَن يَتَطَهَّرُواْ وَاللّهُ يُحِبُّ الْمُطَّهِّرِينَ۞** ထိုဌာန မည့်အခါမှ မရပ်တည်ကြနှင့်၊ ရှေးဦး နေ့ကာလကပင် စည်းစောင့်ရန် အလို့ငှာ အုပ်မြစ်ချထားသော ကျောင်းတော်သည်သာ ပိုမိုမှန်ကန်၍၊ ထိုဌာန ရပ်တည်ကြလေ့၊ ထိုဌာန မိမိကိုယ်မိမိ သန့်စင်မှုကို ချစ်မြတ်နိုးသော လူသားတို့ ရှိ၏။ ပရမတ်ဘုရားရှင်သည်ကား၊ သန့်စင်သူတို့အား နှစ်သက်တော်မူ၏။[၅၈]
၁၀၉။	**أَفَمَنْ أَسَّسَ بُنْيَانَهُ عَلَى تَقْوَى مِنَ اللّهِ وَرِضْوَانٍ خَيْرٌ أَم مَّنْ أَسَّسَ بُنْيَانَهُ عَلَىَ شَفَا جُرُفٍ هَارٍ فَانْهَارَ بِهِ فِي نَارِ جَهَنَّمَ وَاللّهُ لاَ يَهْدِي الْقَوْمَ الظَّالِمِينَ۞** ပရမတ်ဘုရားရှင်၏ ကျေနပ်နှစ်သက်ခြင်းကို ရှာမှီးကာ စည်းစောင့်ခြင်း၌ အဆောက်အဦး အုတ်မြစ်ချသူ ရှိ၍၊ သို့တည်းမဟုတ် ပြိုကျသော အဝူစွန်းတွင် အဆောက်အဦး အုတ်မြစ်ချကာ ၎င်းသည် သူနှင့်အတူ အပူ ငရဲမီးထဲသို့ ပြိုကျသွားခြင်း ခံရသူလည်း ရှိ၏။ မည်သူသည် ပို၍ကောင်းသနည်း၊ ပရမတ်ဘုရားရှင်သည် မိုက်ကြေးခွဲသော လူမျိုးအား လမ်းညွှန်တော် မမူချေ။
၁၁၀။	**لاَ يَزَالُ بُنْيَانُهُمُ الَّذِي بَنَوْاْ رِيبَةً فِي قُلُوبِهِمْ إِلاَّ أَن تَقَطَّعَ قُلُوبُهُمْ وَاللّهُ عَلِيمٌ حَكِيمٌ۞** သူတို့ ဆောက်သော အဆောက်အအုံသည် သူတို့အား စိတ်နလုံးအတွင်း သံသယကိုသာ မရပ်မနား ဖြစ်စေ၍၊ နှလုံးသားကို ပြတ်တောက်ကြွမစေလတ္တံ့၊ ပရမတ်ဘုရားရှင်သည် သိနေသော အရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၁၁၁။	**إِنَّ اللّهَ اشْتَرَى مِنَ الْمُؤْمِنِينَ أَنفُسَهُمْ وَأَمْوَالَهُم بِأَنَّ لَهُمُ الجَنَّةَ يُقَاتِلُونَ فِي سَبِيلِ اللّهِ فَيَقْتُلُونَ وَيُقْتَلُونَ وَعْدًا عَلَيْهِ حَقًّا فِي التَّوْرَاةِ وَالإِنجِيلِ وَالْقُرْآنِ وَمَنْ أَوْفَى بِعَهْدِهِ مِنَ اللّهِ فَاسْتَبْشِرُواْ بِبَيْعِكُمُ الَّذِي بَايَعْتُم بِهِ وَذَلِكَ هُوَ الْفَوْزُ الْعَظِيمُ۞** ပရမတ်ဘုရားရှင်သည် ယုံကြည်သူတို့ထံမှ သူတို့၏ ဥဉ်စရိုက်နှင့် ဥစ္စာပစ္စည်းများကို ဝယ်ယူတော်မူပြီ၊ ထို့အတွက် သူတို့အဘို့ သုခဘုံသည် ရှိနေ၏၊ သူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ခုခံတိုက်ကြ၏၊ သို့ဖြစ်၍ ခုခံတိုက်ရခြင်း၊ ကျဆုံးရခြင်းများ ရှိ၏၊ ကတိတော်သည် အရှင်၌ တာဝန်ရှိသည်ဟု တိုရာဟ်၊ ဇေဝလိနှင့် ကုရ်အာန်တွင်လာ၏။[၅၉] ပရမတ်ဘုရားရှင်ထက် သာ၍ မည်သူက ပဋိညာဉ်ကို ပြီးပြည့်စေမည်နည်း။ သင်တို့နှင့် ကတိသစ္စာ

---

(၅၈) အစ္စလာမ် သာသနာတွင် ဝတ်ကျောင်းဆောင်များအား မည်သို့ရည်ရွယ်၍ ဆောက်လုပ်ရမည်။ သံန္နိဋ္ဌာန် မကောင်းဘဲလျက် တည်ဆောက်ထားသော ဝတ်ကျောင်းတော်များတွင် ဝတ်ပြုခွင့် မရှိကြောင်းကိုလည်း ပညတ်ထားပေသည်။ သို့သော် ထိုဥပဒေပေါ်တွင် အခွင့်အရေး ယူ၍ အချင်းချင်း သာသနာပျက်ဟုလည်းကောင်း၊ မိမိနှင့် အယူအဆ မတူသည့် သူများက ဆောက်လုပ်ထားသော ဝတ်ကျောင်းတော်များကို သာသနာပျက်တို့၏ ဝတ်ကျောင်းတော်ဟု သမုတ်ခွင့် လုံးဝ မရှိချေ။ ဝတ်မပြုထိုက်သော ဝတ်ကျောင်းတော်များ၏ ဂုဏ်ပုဒ်များကို သုတ်တော် ၁၀၇ တွင် ရှင်းလင်းစွာတွေ့ရပေသည်။

(၅၉) ခရစ်ယာန်များက ဤသုတ်တော်ပါ ကြေငြာချက်သည် မှန်ကန်မှုမရှိဟု ဝေဖန်ကြ၏။ ဝယ်ရီ Wherry က ဘရင့်မင်း၏ အစ္စလာမ်ပေါ်၌ ကောက်နှတ်ချက် Brinkman's Note on Islam ဆိုသည်ကို ကိုးကားလျက် "ဤကြေငြာချက်သည် ကုရ်အာန်တစ်အုပ်လုံးတွင် မမှန်ကန်ဆုံးသော အရာ ဖြစ်သည်၊"ဟု ဆိုထားပေသည်။ အစ္စလာမ်တို့၏ ကျမ်းမြတ်ကုရ်အာန်သည် မမှန်သော အရာအား လုံးဝ သွန်သင်ထားခြင်း၊ ပညတ်ထားခြင်း မရှိ ဆိုသည်ကို ကျမ်းတော်ကိုယ်တိုင်က အာမခံထားပေသည်။ ဤသုတ်တော် "ပရမတ်ဘုရားရှင်သည် ယုံကြည်သူတို့ထံမှ သူတို့၏ ဥဉ်စရိုက်နှင့် ဥစ္စာပစ္စည်းများကို ဝယ်ယူတော်မူပြီ၊ ထို့အတွက် သူတို့အဘို့ နိဗ္ဗာန်ဘုံသည် ရှိနေ၏၊ သူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ခုခံတော်လှန်ကြ၏၊ သို့ဖြစ်၍ တိုက်ခိုက်ချေမှုန်းရခြင်း၊ သတ်ဖြတ်ချေမှုန်းခံရခြင်း များရှိ၏၊ ကတိတော်သည် အရှင်၌ တာဝန်ရှိသည်၊" မှ **"သူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ခုခံတိုက်ကြ၏၊ သို့ဖြစ်၍ ခုခံတိုက်ရခြင်း၊ ကျဆုံးရခြင်း များရှိ၏၊"** ဆိုသော အပိုဒ်သည် ကတိတော်၏ တစ်ပိုင်းတစ်စ မဟုတ်ချေ။ ၎င်းသည် ရှေ့ဝါကျ **"ပရမတ်ဘုရားရှင်သည် ယုံကြည်သူတို့ထံမှ သူတို့၏ ဥဉ်စရိုက်နှင့် ဥစ္စာပစ္စည်းများကို ဝယ်ယူတော်မူပြီ။"** ဆိုသည်ကို ရှင်းလင်းထားခြင်း ဖြစ်ပေသည်။ သမ္မာကျမ်းစာအား သူတို့လိုသလို မည်သို့ပင် ပြောင်းလဲထားသည် ဖြစ်စေ ယခု အချိန်ထိ "ယေရှုကလည်း သင်သည် စုံလင်ခြင်းသို့ ရောက်လိုလျှင် သွားလော့၊ ကိုယ် ဥစ္စာများကို ရောင်း၍ ဆင်းရဲသောသူတို့အား ပေးလော့။ ထိုသို့ပြုလျှင် ကောင်းကင်ဘုံ၌ ဘဏ္ဍာကို ရလိမ့်မည်၊ သို့ပြီးမှ ငါ့နောက်သို့ လိုက်လော့၊"ဟု ဆိုသော ကတိသည် ရှင်မသဲ (၁၉း၂၁) တွင်

	ပြုသူ အရှင်မြတ်နှင့် ကတိသစ္စာပြုသောသူ အတွက် သတင်းကောင်း ရှိလေပြီ။ ဤအရာသည် မဟာ အောင်ပွဲပင် ဖြစ်၏။
၁၁၂။	**التَّائِبُونَ الْعَابِدُونَ الْحَامِدُونَ السَّائِحُونَ الرَّاكِعُونَ السَّاجِدونَ الآمِرُونَ بِالْمَعْرُوفِ وَالنَّاهُونَ عَنِ الْمُنكَرِ وَالْحَافِظُونَ لِحُدُودِ اللهِ وَبَشِّرِ الْمُؤْمِنِينَ۞** ခဝါချသူများ၊ ကိုးကွယ်ဆည်းကပ်သူများ၊ ရည်သန်ရူးစိုက်သူများ၊ စောင့်တည်သူများ၊ ဦးညွှတ်သူများ၊ ဦးချသူများ၊ အသိအမှတ်ပြုမှုကို မိန့်ညှန်သူများ၊ သူစိမ်းဆန်ခြင်းကို ဟန့်တားသူများ၊ ပရမတ်ဘုရားရှင်၏ စည်းမျဉ်းများအား ထိန်းသိမ်းစောင့်ရှောက်သူများ၊ ထိုယုံကြည်သူများအား သတင်းကောင်းကိုပါးလော့။
၁၁၃။	**مَا كَانَ لِلنَّبِيِّ وَالَّذِينَ آمَنُواْ أَن يَسْتَغْفِرُواْ لِلْمُشْرِكِينَ وَلَوْ كَانُواْ أُوْلِي قُرْبَى مِن بَعْدِ مَا تَبَيَّنَ لَهُمْ أَنَّهُمْ أَصْحَابُ الْجَحِيمِ۞** သူတို့သည် ငရဲမီး၏ ပေါင်းဖော်များ ဖြစ်သည်ဟု ရှင်းလင်းထင်ရှား ပြီးနောက် ဆွေမျိုးနီးစပ် ရှိသူများ ဖြစ်သော်လည်း၊ သတင်းတော်ဆောင်နှင့် ယုံကြည်သောသူတို့သည် ရောပြွန်းကိုးကွယ်သူတို့အတွက် လွတ်ငြိမ်းခွင့်မပန်သင့်ပေ။[၅၀]
၁၁၄။ ဖခင်	**وَمَا كَانَ اسْتِغْفَارُ إِبْرَاهِيمَ لِأَبِيهِ إِلاَّ عَن مَّوْعِدَةٍ وَعَدَهَا إِيَّاهُ فَلَمَّا تَبَيَّنَ لَهُ أَنَّهُ عَدُوٌّ لِّلّهِ تَبَرَّأَ مِنْهُ إِنَّ إِبْرَاهِيمَ لأَوَّاهٌ حَلِيمٌ۞** အီဗရာဟီးမ်သည် သူ့ခမည်းတော်၌ ကတိရှိပြီး ကတိကြောင့်သာ လွတ်ငြိမ်းဆုပန်ပေး၏။ ဇနပင် **သူ**သည် ပရမတ်ဘုရားရှင်အား စည်းဖေါက်သူ ဖြစ်သည်ဟု ရှင်းလင်းသောအခါ၊ သူနှင့် ကင်းရှင်းကြောင်း ကြေငြာ၏။ ဇနပင် အီဗရာဟီးမ်သည် နူးညံ့သိမ်မွေ့၍ သနားတတ်သူဖြစ်၏။
၁၁၅။	**وَمَا كَانَ اللهُ لِيُضِلَّ قَوْمًا بَعْدَ إِذْ هَدَاهُمْ حَتَّى يُبَيِّنَ لَهُم مَّا يَتَّقُونَ إِنَّ اللهَ بِكُلِّ شَيْءٍ عَلِيمٌ** ပရမတ်ဘုရားရှင်သည် လူမျိုးတစ်မျိုးအား လမ်းညွှန်ပြပြီးနောက် သူတို့စည်းစောင့်ရမည့်အရာကို ရှင်းလင်းစေသည့်တိုင် သူတို့အား လမ်းလွဲစေသည် မဟုတ်ချေ။ ဇနပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏၊
၁၁၆။	**إِنَّ اللهَ لَهُ مُلْكُ السَّمَاوَاتِ وَالأَرْضِ يُحْيِي وَيُمِيتُ وَمَا لَكُم مِّن دُونِ اللهِ مِن وَلِيٍّ وَلاَ نَصِيرٍ۞** ဇနပင် ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ အရှင်သခင် ဘုရားရှင် ဖြစ်တော်မူ၏။ နိစ္စ၊ အနိစ္စကို ဖြစ်စေ၏။ ပရမတ်ဘုရားရှင် မှလွဲ၍ ကူညီသူ မဟာမိတ် ဟူ၍ မရှိပြီ။
၁၁၇။	**لَقَد تَّابَ اللهُ عَلَى النَّبِيِّ وَالْمُهَاجِرِينَ وَالأَنصَارِ الَّذِينَ اتَّبَعُوهُ فِي سَاعَةِ الْعُسْرَةِ مِن بَعْدِ مَا كَادَ يَزِيغُ قُلُوبُ فَرِيقٍ مِّنْهُمْ ثُمَّ تَابَ عَلَيْهِمْ إِنَّهُ بِهِمْ رَؤُوفٌ رَّحِيمٌ۞** မုချဇနပ် ပရမတ်ဘုရားရှင်သည် သတင်းတော်ဆောင်နှင့် သူ၏ အခက်အခဲဖြစ်နေသော အချိန်နာရီများတွင် သူ့

ဖျက်ပယ်ခြင်း မရှိသေးချေ။ ဤသမ္မာကျမ်းချက်က ကောင်းကင်နိုင်ငံတော်သို့ ရောက်ရန် မိမိ၏ ကိုယ် ဥစ္စာများအား ဘုရားသခင်၏ လမ်းတော်အတွက် ရောင်းခြင်းပင် ဖြစ်သည် ဆိုခြင်းမှာ ငြင်းပယ် ဖုံးကွယ်၍ မရနိုင်ပေ။ ထို့အပြင် တရားဟောရကျမ်း ၆း၅ တွင်လည်း "သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့၊" ထိုသို့ ချစ်လျှင် ထာဝရဘုရားက ကတိတော်ထားသည်ကို ရမည်ဟု ထိုကျမ်း ၆း၃ တွင် ဖေါ်ပြထားပေသည်။ ထိုကတိစကားများ၏ အဓိပ္ပါယ်သည် ကျမ်းမြတ်ကုရ်အာန်ပါ ဤ ကတိတော်နှင့် အတူတူ မဟုတ်ချေ ဟု အမုန်းတရားအား အခြေခံ၍ မဆုံးဖြတ်သင့်ချေ။

(၅၀) ဤသုတ်တော်သည် အစွလာမ်သာသနာဝင် မဟုတ်သူများအား အပေါ်သို့ ဆုတောင်းမေတ္တာ မပို့ရဟု ပညတ်ထားခြင်း မဟုတ်ချေ။ အစွလာမ် မဟုတ်သူများ အနက်မှ အစွလာမ်၏ ရန်သူ အစစ်အမှန် ဖြစ်သူများ အတွက်သာ ရန်၊ ငါ ပြတ်သားစေရန် ပညတ်ခြင်း ဖြစ်ပေသည်။ ထို အချက်ကို "သူတို့သည် ငရဲ၏ အဖေါ်များ ဖြစ်သည်ဟု ရှင်းလင်းထင်ရှားပြီးနောက်" ဟူသော စကားက ခိုင်လုံစေပေသည်။ အစွလာမ်များ အပေါ် ရန်မလိုသော သူတို့အား မေတ္တာပျက်ရန် သွန်သင်ထားသော ကျမ်းချက် သုတ်တော်ဟူ၍ ဤကုရ်အာန်ကျမ်းတော်၌ မပါဝင်ချေ။

	နောက်မှ လိုက်သော ပြောင်းရွှေ့ရသူများ၊ ကူညီခဲ့သူများကို သင်ပုန်းချေပေးတော်မူ၏။ သူတို့မှ တစ်ဖွဲ့၏ နှလုံးသားများသည် တိမ်းပါးလုမတတ် ဖြစ်သောအခါ၊ သူတို့အား သင်ပုန်းချေပေးတော်မူ၏၊ ဇကန်ပင် အရှင်သည် ညှာတာသော အရှင် ကြင်နာသော အရှင် ဖြစ်တော်မူပေ၏။
၁၁၈။	**وَعَلَى الثَّلاَثَةِ الَّذِينَ خُلِّفُواْ حَتَّى إِذَا ضَاقَتْ عَلَيْهِمُ الأَرْضُ بِمَا رَحُبَتْ وَضَاقَتْ عَلَيْهِمْ أَنفُسُهُمْ وَظَنُّواْ أَن لاَّ مَلْجَأَ مِنَ اللّهِ إِلاَّ إِلَيْهِ ثُمَّ تَابَ عَلَيْهِمْ لِيَتُوبُواْ إِنَّ اللّهَ هُوَ التَّوَّابُ الرَّحِيمُ۞** နောက်မှဆက်ခံသော လူသုံးမျိုးသည်လည်း၅၈ ကျယ်ဝန်းသော မြေကမ္ဘာသည် သူတို့အတွက် ကျဉ်းမြောင်းသောအခါ။ ပရမတ်ဘုရားရှင်ထံမှ အပ ခိုကပ်စရာ မရှိဟု စဉ်းစားစေသည့်တိုင်အောင် သူတို့၏ စိတ်စရိုက်အား ကျပ်တည်းစေ၏။ ထို့နောက် သူတို့သည် ခဝါချခံသောငှာ သူတို့အား သင်ပုန်းချေပေးတော်မူ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သင်ပုန်းချေပေးသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူပေ၏။
၁၁၉။	**يَا أَيُّهَا الَّذِينَ آمَنُواْ اتَّقُواْ اللّهَ وَكُونُواْ مَعَ الصَّادِقِينَ۞** အို–ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဖြောင့်မတ်သူများနှင့် အတူရှိကြလော့။
၁၂၀။	**مَا كَانَ لِأَهْلِ الْمَدِينَةِ وَمَنْ حَوْلَهُم مِّنَ الأَعْرَابِ أَن يَتَخَلَّفُواْ عَن رَّسُولِ اللّهِ وَلاَ يَرْغَبُواْ بِأَنفُسِهِمْ عَن نَّفْسِهِ ذَلِكَ بِأَنَّهُمْ لاَ يُصِيبُهُمْ ظَمَأٌ وَلاَ نَصَبٌ وَلاَ مَخْمَصَةٌ فِي سَبِيلِ اللّهِ وَلاَ يَطَؤُونَ مَوْطِئًا يَغِيظُ الْكُفَّارَ وَلاَ يَنَالُونَ مِنْ عَدُوٍّ نَّيْلاً إِلاَّ كُتِبَ لَهُم بِهِ عَمَلٌ صَالِحٌ إِنَّ اللّهَ لاَ يُضِيعُ أَجْرَ الْمُحْسِنِينَ۞** မြို့သားများနှင့် ၎င်း၏ဝန်းကျင်နေ ကန္တာရတိုင်းသားတို့သည် ပရမတ်ဘုရားရှင်၏ ဥဇ္ဈာစဉ်ဆောင်နောက်ကွယ်၌ မကျန်ရစ်ထိုက်ပေ။ သို့မဟုတ် သူတို့၏စိတ်စရိုက်ကို ကိုယ်တော်၏ စိတ်ဆန္ဒထက် ဦးစားမပေးသင့်ချေ။ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ သူတို့အား ထိသက်သော ရေဆာခြင်း၊ ပင်ပန်းဆင်းရဲခြင်း၊ ဆာလောင်ငတ်မွတ်ခြင်းများ၊ ဖုံးကွယ်သူတို့အား ဒေါသဖြစ်လောက်သည့် တက်လှမ်းမှုများ တက်လှမ်းရခြင်း၊ ရန်သူထံမှ ဖမ်းဆီးရ၍ ထိုဖမ်းဆီးမှုအတွက် မှတ်တမ်းတင်ခံ ရခြင်းတို့သည် သူတို့၏ ပြုပြင်ပြောင်းလဲသော ကျင့်ကြံမှုကြောင့်သာ ဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သုမင်္ဂလာပြုသူတို့၏ ဆုလဒ်ကို အလဟသ ဖြစ်စေတော်မမူချေ။
၁၂၁။	**وَلاَ يُنفِقُونَ نَفَقَةً صَغِيرَةً وَلاَ كَبِيرَةً وَلاَ يَقْطَعُونَ وَادِيًا إِلاَّ كُتِبَ لَهُمْ لِيَجْزِيَهُمُ اللّهُ أَحْسَنَ مَا كَانُواْ يَعْمَلُونَ۞** သူတို့သည် ကြီး ငယ်မဟူ သုံးစွဲရန် မသုံးစွဲနိုင်သော်လည်း၊ ချို့ငဲ့မှုးဒေသအား မဖြတ်သန်းနိုင်သော်လည်း၊ သူတို့၏ သုမင်္ဂလာ ကျင့်ကြံလေ့ရှိရာများကို ပရမတ်ဘုရားရှင်က အစားပြန်ပေးရန်သာ မှတ်တမ်းတင်ထားတော်မူ၏၊
၁၂၂။	**وَمَا كَانَ الْمُؤْمِنُونَ لِيَنفِرُواْ كَآفَّةً فَلَوْلاَ نَفَرَ مِن كُلِّ فِرْقَةٍ مِّنْهُمْ طَآئِفَةٌ لِّيَتَفَقَّهُواْ فِي الدِّينِ وَلِيُنذِرُواْ**

(၅၂၀) များစွာသော ဆရာတော်ကြီးများက သမိုင်းဆရာများ၏ အလိုသို့လိုက်၍ ထိုအချိန်တွင် ရန်သူများအား တော်လှန်ရာ၌ မလိုက်ဘဲ ကျန်နေရစ်သူများဖြစ်သည့် **ကအိုက်ဘင် မလက်ခ်၊ ဟာလ်ဘင် အိုမိုင်ယာ**နှင့် **မာရဝါဘင် ရာဗိ** ဟူသည့် လူသုံးဦး ဖြစ်သည်ဟု ဖွင့်ဆိုကြပေသည်။ သို့သော် အချို့သော ဆရာတော်ကြီးများကလည်း ဤလူသုံးဦး ဆိုသည်မှာ သစ္စာဖောက် ရန်သူများ ဖြစ်ကြောင်းကို ယေဘုယျ ဆိုလိုသည်ဟု တင်ပြပေသည်။ သို့သော် ဤသုတ်တော်နှင့် ဆက်စပ်သော အကြောင်းအရာ အရ သုတ်တော် ၁၀၆၊ ၁၀၇ နှင့် ၁၁၃ တွင် လူအမျိုးအစားများကို တွေ့ရပေသည်။ ထိုသူတို့သည် ထိုစဉ်အချိန်က ပရမတ်ဘုရားရှင်အား လက်မခံခဲ့ကြသော်လည်း နောက်ပိုင်းတွင် ထိုလူမျိုးအကုန် လက်ခံ ယုံကြည်လာခဲ့ပေသည်။ ထို့ကြောင့် ဤဘာသာပြန်တွင် လူသုံးဦးဟု ဘာသာမပြန်ဘဲ၊ အထက်ပါ လူအမျိုးအစားများကို ရည်ညွှန်းသော လူသုံးမျိုးဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။

	قَوْمَهُمْ إِذَا رَجَعُواْ إِلَيْهِمْ لَعَلَّهُمْ يَحْذَرُونَ۝ ယုံကြည်သူများသည် အားလုံးအတူတကွ စစ်မချီအပ်။ တပ်ရင်းတစ်ရင်းမှ တပ်သား တစ်ဖွဲ့စီခွဲ၍ စစ်ချီအပ်၏။ ကျန်သူများက ဉပဒေရေးရာ နားလည်ရန်ပြုအပ်၏။(၁၂၂) သို့ဖြင့် သူတို့၏ လူမျိုးများ ပြန်လာသောအခါ သူတို့အနေဖြင့် သတိမူမိရန် အလို့ငှာ သူတို့အား သတိပေးနိုင်ရာ၏။
၁၂၃။	**يَا أَيُّهَا الَّذِينَ آمَنُواْ قَاتِلُواْ الَّذِينَ يَلُونَكُم مِّنَ الْكُفَّارِ وَلِيَجِدُواْ فِيكُمْ غِلْظَةً وَاعْلَمُواْ أَنَّ اللّهَ مَعَ الْمُتَّقِينَ۝** အို– ယုံကြည်သောသူတို့၊ သင်တို့ထံ လှည့်ကပ်လာသော ဖုံးကွယ်သူတို့မှ ရန်ပြုသောသူတို့အား ခုခံတိုက်ကြလော့၊ သင်တို့၏ တိကျပြတ်သားမှုကို သူတို့အား ကြုံတွေ့စေလော့၊ သိကြလော့– ပရမတ်ဘုရားရှင်သည်ကား စည်းစောင့်သူများနှင့် အတူရှိတော်မူ၏။
၁၂၄။	**وَإِذَا مَا أُنزِلَتْ سُورَةٌ فَمِنْهُم مَّن يَقُولُ أَيُّكُمْ زَادَتْهُ هَذِهِ إِيمَانًا فَأَمَّا الَّذِينَ آمَنُواْ فَزَادَتْهُمْ إِيمَانًا وَهُمْ يَسْتَبْشِرُونَ۝** အသင်တို့ထံသို့ ဓမ္မခန္ဓာတစ်ခု ချမှတ်ပေးတော်မူတိုင်း၊ သူတို့အနက်မှ ‘‘၎င်းမှ မည်သည်က သင်တို့အား ယုံကြည်မှုတိုးပွားစေသနည်း၊’’ဟု ပြောသူတို့ ရှိ၏။ ယုံကြည်သူတို့မှာမူ ၎င်းကြောင့် ယုံကြည်မှုကို တိုးပွားကြ၍ သတင်းကောင်း ရှိလေပြီ။
၁၂၅။	**وَأَمَّا الَّذِينَ فِي قُلُوبِهِم مَّرَضٌ فَزَادَتْهُمْ رِجْسًا إِلَى رِجْسِهِمْ وَمَاتُواْ وَهُمْ كَافِرُونَ** နှလုံးသားခြွေ ရောဂါရှိနေသူတို့မှာမူ ၎င်းကြောင့် ညစ်ညမ်းမှုပေါ် ညစ်ညမ်းမှု တိုးပွားစေ၍၊ သူတို့သည် ဖုံးကွယ်သူများအဖြစ်ဖြင့်သာ သေဆုံးကြမည်ပင်။
၁၂၆။	**أَوَلاَ يَرَوْنَ أَنَّهُمْ يُفْتَنُونَ فِي كُلِّ عَامٍ مَّرَّةً أَوْ مَرَّتَيْنِ ثُمَّ لاَ يَتُوبُونَ وَلاَ هُمْ يَذَّكَّرُونَ۝** နှစ်တိုင်းပင် သူတို့အား တစ်ကြိမ်၊ နှစ်ကြိမ် စမ်းသပ်တော်မူသည်ကို မမြင်မိကြသလော၊ သို့သော် သူတို့သည် ခဝါချခြင်း မရှိကြ၊ ဆင်ခြင်သတိလည်း မရှိကြချေ။
၁၂၇။	**وَإِذَا مَا أُنزِلَتْ سُورَةٌ نَّظَرَ بَعْضُهُمْ إِلَى بَعْضٍ هَلْ يَرَاكُم مِّنْ أَحَدٍ ثُمَّ انصَرَفُواْ صَرَفَ اللّهُ قُلُوبَهُم بِأَنَّهُمْ قَوْمٌ لاَّ يَفْقَهُونَ۝** သူတို့အား ဓမ္မခန္ဓာတစ်ပါး ချမှတ်ပေးတော်မူတိုင်း၊ သူတို့မှ အချို့သည် အချို့အား ငေးကြည့်ကြလျက် ‘‘အသင်တို့အား တစ်စုံ တစ်ယောက်က မြင်ပါသလား၊’’ဟု မေးမြန်းကြ၍၊ ဘက်ပြန်ပြေးကြ၏။ သူတို့သည် နားလည်နိုင်စွမ်းမရှိသော လူမျိုး ဖြစ်သောကြောင့် ပရမတ်ဘုရားရှင်က သူတို့၏ နှလုံးသားအား ဘက်ပြန်နေစေ၏။
၁၂၈။	**لَقَدْ جَاءكُمْ رَسُولٌ مِّنْ أَنفُسِكُمْ عَزِيزٌ عَلَيْهِ مَا عَنِتُّمْ حَرِيصٌ عَلَيْكُم بِالْمُؤْمِنِينَ رَؤُوفٌ رَّحِيمٌ۝** သင်တို့၏ စရိုက်တူမှ ဉာဏ်စဉ်တော်ဆောင်သည် သင်တို့ထံ ရောက်လာခဲ့ပြီ၊ သင်တို့ စိတ်ပင်ပန်းရသည်ကို သူ့ဘုန်းကံသက်၏၊ သင်တို့အပေါ် ဆန္ဒဖောကြီး၏။(၁၂၃) ယုံကြည်သူများ အပေါ်၌ ညှာတာ၏၊ အကြင်နာပွားများ၏။

---

(၁၂၂) ဘာသာရေးအား နားလည်ရန် ဆိုသည်မှာ ကျမ်းမြတ်ကုရ်အာန်အား အသံထွက်ကိုသာ ဖတ်နိုင်ရန်၊ အဓိပ္ပါယ်နားမလည်ဘဲ အလွတ်ကျက်ရန်၊ တစ်ခုတည်းကိုသာ ပြောဆိုခြင်း မဟုတ်ချေ။ အစွယ်လာမ်က ပြောဆိုသော ဘာသာရေး ဗဟုတ ဆိုသည်မှာ လွန်စွာ ကျယ်ပြောပေသည်။ ကျမ်းတော်တွင် သိပ္ပံရေးရာ၊ နည်းပညာရေးရာ၊ သမိုင်း၊ ပထဝီ စသော ပညာရပ်အားလုံးကို လေ့လာကြရန်နှင့် ထိုသို့ပညာရပ်များကို တတ်လေလေ ကျမ်းတော်အား ပိုမို၍ နားလည်သဘောပေါက်လေလေ ဖြစ်ကြောင်း ကျမ်းတော်၏ များစွာသော နေရာများတွင် သတိပေးထားပေသည်။

(၁၂၃) ဤသည် ကိုယ်တော်မုဟမ္မဒ်၏ နှလုံးသားကို ပုံရိပ်ဖော်ပြခြင်း ဖြစ်ပေ၏။ ကိုယ်တော်သည်၊ လူအုပ်စုတစ်ခုတည်း၊ လူတစ်မျိုးတည်း အတွက်သောက ဖြစ်နေခြင်း မဟုတ်ချေ။ လူသားမျိုးနွယ် အားလုံးအတွက် သောကဖြစ် ပူပန်နေကြောင်းကို ဤသုတ်တော်က ရှင်းလင်းစွာ ဖော်ပြထားပေသည်။

၁၂၉။ ဖြေဖျ ☆၁၀း၃	**فَإِن تَوَلَّوْاْ فَقُلْ حَسْبِيَ اللهُ لا إِلَـهَ إِلاَّ هُوَ عَلَيْهِ تَوَكَّلْتُ وَهُوَ رَبُّ الْعَرْشِ الْعَظِيمِ۞** သူတို့သည် လှည့်သွားကြလေလျှင်၊ ‘‘ကျွန်ုပ်အတွက် ပရမတ်ဘုရားရှင်သည် စရင်းချုပ်ဖြစ်၏၊ အရှင်မှ အပ အခြားဘုရား ဟူ၍ မရှိပြီ၊ အရှင့်ကိုသာ ကိုးစားပါ၏။ အရှင်သည် မဟာမဟာထပ်ဆင့်ကွပ်ကဲမှုကြီး၏☆ ကံကြမ္မာရှင်ဖြစ်၏။’’ဟု ပြောလော့။

ဓမ္မခန္ဓာ (၁၀) ယူနွတ်စ်

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၅၁၊ သုတ်ဒေသနာ ၁၀၉ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**الر تِلْكَ آيَاتُ الْكِتَابِ الْحَكِيمِ۝** အလက်ဖ်၊ လမ်၊ ရာ[၁၂၇] ဤသည် ဓမ္မသတ် ကျမ်းတော်၏[၁၂၁] သုတ်ဒေသနာများပင် ဖြစ်၏။
၂။	**أَكَانَ لِلنَّاسِ عَجَبًا أَنْ أَوْحَيْنَا إِلَى رَجُلٍ مِّنْهُمْ أَنْ أَنذِرِ النَّاسَ وَبَشِّرِ الَّذِينَ آمَنُواْ أَنَّ لَهُمْ قَدَمَ صِدْقٍ عِندَ رَبِّهِمْ قَالَ الْكَافِرُونَ إِنَّ هَذَا لَسَاحِرٌ مُّبِينٌ ۝** ငါသည် သူတို့မှ လူတစ်ယောက်၌ အာရုံဖြစ်စေလျက် လူသားတို့ထံသို့ "ယုံကြည်သောသူများ အတွက် သူတို့၏ ကံကြမ္မာရှင်ထံ၌ တည်မြဲဖြောင့်မတ်မှု ရှိသည်ဟု သတင်းကောင်းပေး၊ သတိပေးလော့၊" ဟု စေသည်ကို လူသားတို့ အံ့သြကြသလော၊ ဖုံးကွယ်သူများက "ဤကန်ပင် ဤသည် ရှင်းလင်းထင်ရှားသော မှော်ဆရာပင် ဖြစ်၏။" ဟု ဆိုကြ၏။
၃။	**إِنَّ رَبَّكُمُ اللهُ الَّذِي خَلَقَ السَّمَاوَاتِ وَالأَرْضَ فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَى عَلَى الْعَرْشِ يُدَبِّرُ الأَمْرَ مَا مِن شَفِيعٍ إِلاَّ مِن بَعْدِ إِذْنِهِ ذَلِكُمُ اللهُ رَبُّكُمْ فَاعْبُدُوهُ أَفَلاَ تَذَكَّرُونَ۝** ဤကန်ပင် သင်တို့၏ ကံကြမ္မာရှင်သည် မိုးများနှင့် မြေကမ္ဘာအား ကာလ ခြောက်ခုတွင်း ဖြစ်တည်စေသော အရှင် ဖြစ်၏။ တဖန် ထပ်ဆင့်ကွပ်ကဲမှုကို ပုံစံချ၍[၁၂၆] ညွှန်ကြားချက်များကို ကျောထောက်နောက်ခံ ဖြစ်စေ၏။ ထို့နောက်

---

(၅၂၄) ဤသုတ်တော်တွင် ပါဝင်သော အတိုကောက်အက္ခရာ စာလုံးများဖြစ်သည့် **الر အလက်ဖ်၊လမ်၊ရာ** မှ **အလက်ဖ်** နှင့် **လမ်** အက္ခရာ နှစ်လုံး၏ ကိုယ်စားပြု အဓိပ္ပါယ်အား ၂း၁ ၏ အောက်ခြေတွင် ရှင်းခဲ့ပေပြီ။ ဤ အတိုကောက် အက္ခရာ **الر အလက်ဖ်၊ လမ်၊ ရာ** အား ဓမ္မခန္ဓာ ၁၁၊ ၁၂၊ ၁၄၊ ၁၅ တွင်တွေ့ရပြီး ၁၃ တွင်မူ **အလက်ဖ်၊ လမ်၊ မင်၊ ရာ** ဟု ဖေါ်ပြပေသည်။ ၎င်းမှ အက္ခရာ အတိုကောက် **ာ ရာ** သည်၊ **ရာအီ** မြင်နေသည်၊ သို့မဟုတ် **အ ရာ** ငါမြင်သည်။ ဟူသော ဝေါဟာရကို ကိုယ်စားပြုပေသည်။ ထို့ကြောင့် **အလက်ဖ်၊လမ်၊ရာ** ၏ အနက်မှာ "**ငါသည် ကုန်စင်မြင်နေတော်မူသော ပရမတ်ဘုရားရှင် ဖြစ်၏**။" ဟု ဖြစ်ပေသည်။

(၅၂၅) ကျမ်းမြတ်ကုရ်အာန်အား ဓမ္မသတ်ကျမ်းတော်ဟု ခေါ်ပေသည်။ ဤဓမ္မသတ်ဟု ဘာသာပြန်ဆိုသော မူရင်း အရဗီစကားလုံး **ဟကီးမ်** မှာ အလွန်တရာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံသော၊ ဉာဏ်အမြော်အမြင်ကြီးသော၊ အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး၊ အယုတ်နှင့် အမြတ်တို့အား ခွဲခြားနိုင်သော– ဟုလည်း အနက်ကိုပေးပေသည်။ ထို့ကြောင့် ဤကျမ်းတော်သည်၊ လူသား အပေါင်းအား ဉာဏ်အမြော်အမြင် ကြီးစွာဖြင့် သုံးသပ် ဆင်ခြင် ခွဲခြမ်း စိတ်ဖြာ၍ ဘဝတစ်ခုအား တည်ဆောက်နိုင်ရန်၊ လူ့အသိုင်းအဝိုင်းအား တည်ဆောက်နိုင်ရန် နည်းလမ်းပြပေးသော ကျမ်းတော်ပင် ဖြစ်ပေသည်။ ဤကျမ်းတော်သည် လူ့ကျင့်ဝတ် ဥပဒေအတွက် အသေးစိတ် ရှင်းလင်းပေးထားသော ကျမ်းတော်ပင် ဖြစ်သည်။

(၅၂၆) ဤသုတ်တော်နှင့် ၇း၅၄။ ၁၃း၂။ ၂၀း၅။ ၂၅း၅၉။ ၃၂း၄ တွင် ဖေါ်ပြသော **اسْتَوَى عَلَى الْعَرْشِ အိုစ်တဝီး အလာ အာရ်ရှိ** ကို "ရာဇပလ္လင်ကြီး ပေါ်တွင် စိုးစံ၍" ဟု ဘာသာပြန်ဆိုခြင်းမှာ **အာရ်ရှိ** ဆိုသည်မှာ "အရိပ်ဖြစ်ရန် တည်ဆောက်သောအရာ" (လိန်း– အာရ်ဗီ၊ အင်္ဂလိပ် ဝေါဟာရတွေ ပကာသနိ) ဟု ဖြစ်၍၊ ဘုရင်များထိုင်သည့် ပလ္လင်တွင်လည်း သာမန် ကုလားထိုင်နှင့် မတူဘဲ အပေါ်မှ အမိုးဖြင့် အရိပ်ရအောင် လုပ်ထားသော ထိုင်

	အရှင်၏ ခွင့်ပြုချက် မရှိဘဲ ကြားဝင် အမျှဝေပေးနိုင်သူ ဟူ၍ မရှိချေ။[၁၂၇] အရှင်သည် သင်တို့၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင် ဖြစ်တော်မူ၏။ အရှင့်ကိုသာ ကိုးကွယ်အပ်၏၊ သင်တို့သည် ဆင်ခြင်သတိ ရှိကြမည် မဟုတ်လော။–
၄။	**إِلَيْهِ مَرْجِعُكُمْ جَمِيعًا وَعْدَ اللهِ حَقًّا إِنَّهُ يَبْدَأُ الْخَلْقَ ثُمَّ يُعِيدُهُ لِيَجْزِيَ الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ بِالْقِسْطِ وَالَّذِينَ كَفَرُواْ لَهُمْ شَرَابٌ مِّنْ حَمِيمٍ وَعَذَابٌ أَلِيمٌ بِمَا كَانُواْ يَكْفُرُونَ۞** သင်တို့ အားလုံး၏ အပြန်ခရီးမှာ အရှင်ထံသို့သာ ဖြစ်၏။ ဤသည် ပရမတ်ဘုရားရှင်၏ ပရမတ္တ ကတိသစ္စာ ဖြစ်၏။ အရှင်သည် ဖြစ်တည်စေခြင်းကို အစပြု၏၊ ယုံကြည်၍ သမာသမတ်ဖြင့် ပြုပြင်မှု ကျင့်ကြံသော သူတို့အား အစားပေးရန် ဆက်စီမံထား၏။ ဖုံးကွယ်သော သူတို့ အတွက်မူ၊ သူတို့၏ ဖုံးကွယ်လေ့ရှိမှုများကြောင့် သောက်စေရန် ရေနွေးပူနှင့်၊ စူးနစ်နာကျင်သော ဝင့်ကြွေးသည် ရှိနေ၏။
၅။	**هُوَ الَّذِي جَعَلَ الشَّمْسَ ضِيَاء وَالْقَمَرَ نُورًا وَقَدَّرَهُ مَنَازِلَ لِتَعْلَمُواْ عَدَدَ السِّنِينَ وَالْحِسَابَ مَا خَلَقَ اللهُ ذَلِكَ إِلاَّ بِالْحَقِّ يُفَصِّلُ الآيَاتِ لِقَوْمٍ يَعْلَمُونَ۞** အရှင်သည် နေ အား ထွန်းတောက်ခြင်း၊ လ အား ရောင်ပြန်စေခြင်းကို စီစဉ်ပေးလျက်–[၁၂၈] သင်တို့သည် ခုနှစ်များ တွက်ချက် သိနိုင်အံ့ငှာ ၎င်း၏ အဆင်းများကို စည်းချိန်ချထား၏။ ပရမတ်ဘုရားရှင်သည် မှန်ကန်ညီညွတ်ခြင်းဖြင့်သာ ဤသို့ ဖြစ်တည်စေတော်မူ၍၊ အသိပညာရှိသော လူမျိုးအတွက် ရှင်းလင်းဆုံးဖြတ်ချက် သုတ်ဒေသနာများ ပါရှိ၏။[၁၂၉]
၆။	**إِنَّ فِي اخْتِلاَفِ اللَّيْلِ وَالنَّهَارِ وَمَا خَلَقَ اللهُ فِي السَّمَاوَاتِ وَالأَرْضِ لآيَاتٍ لِّقَوْمٍ يَتَّقُونَ۞** ဇကန်ပင် နေ့နှင့်ညအား အလှည့်ကျဖြစ်စေခြင်း၊ မိုးများနှင့် မြေအတွင်း ပရမတ်ဘုရားရှင်၏ ဖြစ်တည်ပေးခြင်းများ၌၊

ခံဖြစ်၍ **အာရ်ရှိ** ဟု ခေါ်တွင်ရာမှ၊ ထိုစကားလုံး **အာရ်ရှိ** ကို ပလွင်ဟု ထင်မှတ်မှားခြင်း ဖြစ်သည်။ **အာရ်ရှိ** ဟူသည် ပလွင် မဟုတ်ချေ။ ပလွင်ကို ထပ်ဆင့် အုပ်မိုးထားခြင်းကြောင့် ခေါ်သော အသုံးအနှုန်း ဖြစ်၍ ဖြစ်တည်ပြီးသား အရာအား ပို၍ပို၍ ခိုင်မာ ညီညွတ်စေရန်၊ ထပ်ဆင့်ပြုလုပ်ပေးခြင်း ဖြစ်သည်။ ၁၆း၆၈ တွင် ပျားအုံတည်ဆောက်မှုကို **يَعْرِشُونَ** ဟု သုံးသည်၊ ထို့ကြောင့် ဤဘာသာပြန်တွင် **"ထပ်ဆင့် ကွပ်ကဲမှု** ကို ပုံစံချ၍" ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

(၅၂၇) ဤသုတ်တော်က လူသား ကယ်တင်ရှင်၊ လူ တစ်ဦးတစ်ယောက်အား ယုံကြည်သောကြောင့် အပြစ်များမှ လွတ်မြောက်ပြီ ဟူသော အယူကို ပယ်ဖျက်သည်။ "အရှင်၏ ခွင့်ပြုချက် မရှိဘဲ ကြားဝင် အမျှဝေပေးနိုင်သူ ဟူ၍ မရှိချေ" ဆိုသည်ကို နားလည်မှု လွဲမှားလျက်၊ ပရမတ်ဘုရားရှင်သည်၊ အာဏာရှင်ကြီး ဖြစ်၍၊ သူက ခွင့်ပြုသော သူ့လက်ပါးစေများကသာ လူသားပေါင်းအား ကယ်တင်ပိုင်ခွင့် ရှိသည်ဟု မသုံးသပ်အပ်ပေ။ အရှင်၏ ခွင့်ပြုချက် ဆိုသည်မှာ ထိုဝါကျရှေ့တွင် ပေါ်ပြီး "ညွှန်ကြားချက်များကို ကျောထောက်နောက်ခံဖြစ်စေ၏" ဆိုသည်က ရှင်းလင်းပြီး ဖြစ်ပေသည်။ မည်သည့် လူသားသည်မှ ညွှန်ကြားချက်၏ အပေါ်မှ မရှိချေ။ ပရမတ်ဘုရားရှင် ကိုယ်တိုင် မိမိ၏ ဥပဒေအား ကျော်လွန်ခြင်း မရှိကြောင်း ၃၀း၃၀ တွင် အတိအကျ ပေါ်ပြထားပေသည်။

(၅၂၈) ဤသုတ်တော် အပါအဝင် "နေနှင့် လ" တို့၏ အလင်းအကြောင်းကို တင်ပြသော ကျမ်းတော်၏ သုတ်ဒေသနာတိုင်းတွင် "နေ" ၏ အလင်းရောင်အား **သောင် ၎ဖ ကိုယ်တိုင် ထွန်းတောက်သော အလင်း** ဟု ဆို၍၊ **လ** ၏ အလင်းရောင်အား **နူး၎ ၎ဖ** (ကံပုဒ်) တစ်စုံတစ်ခုကို မှီတည်လျက် ပြန်ကန်သောအလင်း၊ **ရောင်ပြန်ဟပ်သော အလင်း** ဟု ဆိုပေသည်။ (၉း၁၁၂ တွင်ကြည့်ပါ။)

(၅၂၉) ကျမ်းတော်သည် ပထဝီဆိုင်ရာ၊ သိပ္ပံဆိုင်ရာ၊ လေ့လာစူးစမ်းမှု ဆိုင်ရာ ပညာရပ်များကို ပြောဆိုတိုင်း အသိပညာရှိသူတို့ အတွက် အသေးစိတ် လက္ခဏာများ၊ **ဖ၎ ဖ** (ဖိုင်ဆွလာ) စီစစ် ဆုံးဖြတ်နိုင်ရန် အဆင့်ဆင့် ရှင်းလင်းချက်များ ရှိသည်ဟု မကြာခဏ ဆိုထားပေသည်။ ထို့ကြောင့် ကျမ်းတော်၏ ရှင်းလင်းချက်များကို နားလည်သည်ထက် နားလည်ရန် ပညာရပ်ပေါင်းများစွာကို လေ့လာရန်၊ စူးစမ်းရန်၊ လောကဓာတ်၏ လျှို့ဝှက်မှုများကို ဖေါ်ထုတ်တီထွင်ရန် အရေးကြီးပေသည်။ သို့မှသာလျှင် ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းထားသော လောကဓမ္မအား နားလည်မှု ပိုမို ရရှိလာမည် ဖြစ်ပေသည်။

	စည်းစောင့်သော လူမျိုးအတွက် နိမိတ်လက္ခဏာများ ပါရှိ၏။
၇။ သုတ် တော်	**إِنَّ الَّذِينَ لاَ يَرْجُونَ لِقَاءنَا وَرَضُواْ بِالْحَياةِ الدُّنْيَا وَاطْمَأَنُّواْ بِهَا وَالَّذِينَ هُمْ عَنْ آيَاتِنَا غَافِلُونَ۞** ဇကန်ပင်၊ ငါအရှင်မြတ်အား ဖူးတွေ့ရန် မမျှော်ကိုး၊ လောကီဘဝအား နှစ်သက်လျက် ၎င်းအား ဘဝင်ကျနေသောသူ၊ ငါ၏ **နိမိတ်လက္ခဏာ**များကို မေ့လျော့နေသောသူ–
၈။ စစ်ပွဲများ	**أُوْلَئِكَ مَأْوَاهُمُ النَّارُ بِمَا كَانُواْ يَكْسِبُونَ۞** သူတို့၏ ကျင့်ဆောင်လေ့ရှိရာများကြောင့် ထိုသူတို့သည် **အပူမီး၌** ခိုလှုံရလတ္တံ့။
၉။	**إِنَّ الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ يَهْدِيهِمْ رَبُّهُمْ بِإِيمَانِهِمْ تَجْرِي مِن تَحْتِهِمُ الأَنْهَارُ فِي جَنَّاتِ النَّعِيمِ۞** ဇကန်ပင် ယုံကြည်လျက် ပြုပြင်မှု ကျင့်ကြံသောသူတို့အား သူတို့၏ ယုံကြည်ခြင်း သီလကြောင့် သူတို့၏ ကံကြမ္မာရှင်က သူတို့အား လမ်းညွှန်တော်မူ၏၊ အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဂုဏ်ရှိသည့် ဥယျာဉ်ဘုံများ ရှိနေ၏။
၁၀။ ၅၆း၂၅။ ၂၆	**دَعْوَاهُمْ فِيهَا سُبْحَانَكَ اللَّهُمَّ وَتَحِيَّتُهُمْ فِيهَا سَلاَمٌ وَآخِرُ دَعْوَاهُمْ أَنِ الْحَمْدُ لِلّهِ رَبِّ الْعَالَمِينَ۞** ထိုနေရာ၌ ''အရှင့်အား ဦးထိပ်ထားပါ၏၊ အို ပရမတ်ဘုရားရှင်၊'' ဟု သူတို့သည် ရင့်ကျူးရွ၍၊ ''ငြိမ်းချမ်းပါစေ၊'' ဟု နှတ်ခွန်းဆက်ကြကာ၊ နောက်ဆုံး၌ ''ရည်သန်စူးစိုက်မှု အပေါင်းသည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်၊ ပရမတ်ဘုရားရှင် အတို့သာတည်း၊'' ဟု ကြွေးကြော်ကြ၏။
၁၁။	**وَلَوْ يُعَجِّلُ اللهُ لِلنَّاسِ الشَّرَّ اسْتِعْجَالَهُم بِالْخَيْرِ لَقُضِيَ إِلَيْهِمْ أَجَلُهُمْ فَنَذَرُ الَّذِينَ لاَ يَرْجُونَ لِقَاءنَا فِي طُغْيَانِهِمْ يَعْمَهُونَ۞** လူသားသည် ကောင်းကျိုးကို အလျင်စလိုဖြစ်သကဲ့သို့၊ ပရမတ်ဘုရားရှင်က သူတို့ရထိုက်သော ဆိုးကျိုးကို အလျင်စလိုဖြစ်ခဲ့လျှင်၊ သူတို့အတွက် သတ်မှတ်ကာလကို ပြီးဆုံးခဲ့ချေပြီ။ ငါ့အား ဖူးတွေ့ရန် မမျှော်ကိုးသော သူတို့အား မျက်ကန်းတောဝတိုးဘဝဖြင့် စည်းဖျက်မှုထဲ၌ ချန်ထားခဲ့ပြီ။
၁၂။	**وَإِذَا مَسَّ الإِنسَانَ الضُّرُّ دَعَانَا لِجَنبِهِ أَوْ قَاعِدًا أَوْ قَآئِمًا فَلَمَّا كَشَفْنَا عَنْهُ ضُرَّهُ مَرَّ كَأَن لَّمْ يَدْعُنَا إِلَى ضُرٍّ مَّسَّهُ كَذَلِكَ زُيِّنَ لِلْمُسْرِفِينَ مَا كَانُواْ يَعْمَلُونَ۞** လူသားအား ဆိုးကျိုး ထိသောအခါ၊ နံဘေးပေါ်လဲလျက်၊ ထိုင်လျက်၊ ရပ်လျက် ငါ့ထံ၌ ဆုတောင်းပန်ထွာ၏။ သို့သော် ဆိုးကျိုးမှ ဖယ်ရှားပေးသည်နှင့် သူသည် မည်သည့် ဆိုးကျိုး ထိခြင်းအတွက်မှ ငါ့ထံ၌ ဆုမပန်ခဲ့ သကဲ့သို့ သွားမြဲလမ်းကို သွားလေ၏၊ ဤသို့ပင် သူတို့၏ ကျင့်ကြံလေ့ရှိရာများကြောင့် အလွဲသုံးစားပြုသူတို့အား ဖမ်းစားထား၏။
၁၃။	**وَلَقَدْ أَهْلَكْنَا الْقُرُونَ مِن قَبْلِكُمْ لَمَّا ظَلَمُواْ وَجَاءتْهُمْ رُسُلُهُم بِالْبَيِّنَاتِ وَمَا كَانُواْ لِيُؤْمِنُواْ كَذَلِكَ نَجْزِي الْقَوْمَ الْمُجْرِمِينَ۞** ငါသည် သင်တို့၏ ရှေ့အလျင် မျိုးဆက်များကို သူတို့ မိုက်ကြေးခွဲနေစဉ် တိမ်ကောစေခဲ့ပြီ။ သူတို့ထံသို့ ဉာဏ်စဉ်ဆောင်များသည် ရှင်းလင်းချက်များဖြင့် ရောက်လာခဲ့ပြီ၊ သူတို့သည် ယုံကြည်ခြင်း မရှိကြ။ ငါသည် ရာဇဝတ်ကောင် လူမျိုးတို့အား ညီမျှသော အစားပေးမှုကိုရစေပြီ။
၁၄။	**ثُمَّ جَعَلْنَاكُمْ خَلاَئِفَ فِي الأَرْضِ مِن بَعْدِهِم لِنَنظُرَ كَيْفَ تَعْمَلُونَ۞** တဖန် ငါသည် သင်တို့ကို၊ သင်တို့ မည်သို့ ကျင့်ကြံကြမည်ကို စောင့်ကြည့်ရန် သူတို့နောက် မြေကမ္ဘာ၌ အမွေခံ

	မျိုးဆက် အဖြစ် စီစဉ်တော်မူခဲ့ပြီ။
၁၅။ ကုရ်အာန်	**وَإِذَا تُتْلَى عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ قَالَ الَّذِينَ لاَ يَرْجُونَ لِقَاءنَا ائْتِ بِقُرْآنٍ غَيْرِ هَذَا أَوْ بَدِّلْهُ قُلْ مَا يَكُونُ لِي أَنْ أُبَدِّلَهُ مِن تِلْقَاء نَفْسِي إِنْ أَتَّبِعُ إِلاَّ مَا يُوحَى إِلَيَّ إِنِّي أَخَافُ إِنْ عَصَيْتُ رَبِّي عَذَابَ يَوْمٍ عَظِيمٍ**۞ ငါ၏ ရှင်းလင်းထင်ရှားသော သုတ်ဒေသနာများအား ရွတ်ဖတ်ပြသောအခါ၊ ငါ့အား ဖူးတွေ့ရမည်ကို မမျှော်ကိုးသော သူများက “ဒီအပြင် ကုရ်အာန် အစားထိုးကျမ်းတော်ကို ယူဆောင်ခဲ့လော့၊ သို့မဟုတ် **ၚင်း**အား ပြောင်းလဲပစ်လော့၊”ဟု ဆိုကြ၏။ “ငင်းကို ကျွန်ုပ်၏ စိတ်ဖြင့် လွှဲပြောင်း ခင်းကျင်းခွင့် မရှိချေ။ ကျွန်ုပ်ထံသို့ အာရုံစူးနှံဖြစ်စေသည်ကိုသာ ကျွန်ုပ် လိုက်နာရ၏၊ ကျွန်ုပ်၏ ကံကြမ္မာရှင်အား အာခံမိလျှင် ဝဉ်ကြွေးသင့်မည့် နေ့ကြီးအား ကျွန်ုပ် ကြောက်ရွံ့ပါ၏။”ဟု ဟောပြောလော့။[၅၃၀]
၁၆။ *၂၊၇၀	**قُل لَّوْ شَاء اللّهُ مَا تَلَوْتُهُ عَلَيْكُمْ وَلاَ أَدْرَاكُم بِهِ فَقَدْ لَبِثْتُ فِيكُمْ عُمُرًا مِّن قَبْلِهِ أَفَلاَ تَعْقِلُونَ**۞ ဟောလော့ “ပရမတ်ဘုရားရှင်၏ စံချိန်မပြည့်ခဲ့သော်၊* ၎င်းကို သင်တို့ထံ၌ ကျွန်ုပ် ရွတ်ပြမည် မဟုတ်၊ သို့မဟုတ် ၎င်းမှ တစ်စုံတစ်ရာကိုသော်မျှ သင်တို့အား မှန်းပြောမည် မဟုတ်ချေ။ ဤအလျှင်က သင်တို့နှင့်အတူ ကျွန်ုပ်သည် ဘဝသံသရာတစ်လျှောက် နေခဲ့ပြီးပြီ၊ သင်တို့၌ အတွေးအခေါ် မရှိကြသလော။”
၁၇။	**فَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللّهِ كَذِبًا أَوْ كَذَّبَ بِآيَاتِهِ إِنَّهُ لاَ يُفْلِحُ الْمُجْرِمُونَ**۞ ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီး လိမ်လည်သူ၊ အရှင်၏ သုတ်ဒေသနာများကို လိမ်လည်သူထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း။ ရာဇဝတ်ကောင်များသည်ကား အောင်မြင်ပေါက်မြောက်မည် မဟုတ်ချေ။
၁၈။	**وَيَعْبُدُونَ مِن دُونِ اللّهِ مَا لاَ يَضُرُّهُمْ وَلاَ يَنفَعُهُمْ وَيَقُولُونَ هَؤُلاء شُفَعَاؤُنَا عِندَ اللّهِ قُلْ أَتُنَبِّئُونَ اللّهَ بِمَا لاَ يَعْلَمُ فِي السَّمَاوَاتِ وَلاَ فِي الأَرْضِ سُبْحَانَهُ وَتَعَالَى عَمَّا يُشْرِكُونَ**۞ ပရမတ်ဘုရားရှင် မှလွဲ၍ သူတို့အား အဆိုး၊ အကျိုးမပြုနိုင်သော အရာများကို ကိုးကွယ်ကြကုန်၍၊ “ဤသည်တို့မှာ ပရမတ်ဘုရားရှင်၏ထံပါး၌ ကျွန်ုပ်တို့အတွက် အမျှဝေပေးပါမည်၊”ဟု ပြောဆိုကြ၏။ “မိုးများနှင့် မြေကမ္ဘာ၌ ပရမတ်ဘုရားရှင် မသိရာရှိသည်ဟု သတင်းထုတ်ပြန်လိုကြသလော၊”ဟု မေးမြန်းလော့။ အရှင်သည် ဦးထိပ်ထားရာ ဖြစ်တော်မူ၏၊ သင်တို့ ရောပြွန်းကိုးကွယ်သည်များထက် အထွဋ်အထိပ်ဖြစ်တော်မူ၏။[၅၃၀]

---

(၅၃၀) ကုရ်အာန်ကျမ်းတော်အား ကိုယ်တော်မုဟမ္မဒ်၏ နောက်ကွယ်တွင်မှ လိုက်လံစုဆောင်းသည် ဟု လည်းကောင်း၊ ကျမ်းတော်သည် ကိုယ်တော် မုဟမ္မဒ်၏ သဘောဖြင့် စီကုံးထားသည် ဟု လည်းကောင်း စွပ်စွဲချက်များကို ဤသုတ်တော်က ကတိပြတ် ပယ်ချထားပေသည်။ ကျမ်းတော်သည် လူ့လက်ရာဝင်ထားသော ကျမ်းတော် မဟုတ်သည့် အပြင်၊ ကိုယ်တော်မုဟမ္မဒ် ကိုယ်တိုင်လည်း ဥပဒေ၏ အပေါ်မှ ရှိနေခြင်း မဟုတ်ချေ။ ကိုယ်တော် မုဟမ္မဒ်ကိုယ်တိုင်လည်း ကျမ်းတော်ပါ ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရပေသည်။ မည်သည့် ဘာသာရေး ခေါင်းဆောင်သည်မှ အချုပ်အခြာ ပိုင်ဆိုင်သော ပရမတ်ဘုရားရှင် အဖြစ် မိမိကိုယ် မိမိထင်မှတ်သည် ဟူ၍ မရှိကြောင်း၊ အချို့သော အယူအဆ လွဲမှားမှုများသည် နောက်ပေါ် ဂိုဏ်းများကြောင့်သာ ဖြစ်ကြောင်းကို ဤသုတ်တော်အားဖြင့် အစွမ်းလာမ်က လူသားအပေါင်းအား ပြန်လည် သတိပေါ်ပေးခြင်းလည်း ဖြစ်ပေသည်။

(၅၃၀) အစွမ်းလာမ်သာသနာသည် ပုဂ္ဂိုလ်ရေး ကိုးကွယ်ဆည်းကပ်မှုကို လုံးဝ လက်မခံသည့်အပြင်၊ လူသားတို့နှင့် ပရမတ်ဘုရားရှင်၏ အကြား ကြားဝင် ဆောင်ရွက်ပေးသယောင် ဖန်တီးထားသော ဘာသာရေး လူတန်းစား လက္ခဏာကိုလည်း လုံးဝ လက်မခံကြောင်း ဤသုတ်တော်မှ ပြတ်သားစွာ ဖေါ်ပြပေသည်။ ထို့ကြောင့် အစွမ်းလာမ် သာသနာဝင်များ အနေဖြင့် ပုဂ္ဂိုလ်ရေး ချည်းကပ်မှုများအား လုံးဝ ပစ်ပယ်ရမည် ဖြစ်ပေသည်။

၁၉။	**وَمَا كَانَ النَّاسُ إِلاَّ أُمَّةً وَاحِدَةً فَاخْتَلَفُواْ وَلَوْلاَ كَلِمَةٌ سَبَقَتْ مِن رَّبِّكَ لَقُضِيَ بَيْنَهُمْ فِيمَا فِيهِ يَخْتَلِفُونَ۝** လူသားသည် အသိုင်းအဝိုင်းတစ်ခုတည်းသာ ဖြစ်ခဲ့၏။ ထို့နောက်မှ သဘောထားကွဲကြကုန်၏။ သင့်ကံကြမ္မာရှင်၏ ထံတော်မှ ဓမ္မတော် မသတ်မှတ်ခဲ့ပြီးလျှင်၊ သူတို့၏ကြား သဘောထားကွဲမှုကို ဆုံးဖြတ်ပြီးလေလတ္တံ့။[၁၃၂]
၂၀။	**وَيَقُولُونَ لَوْلاَ أُنزِلَ عَلَيْهِ آيَةٌ مِّن رَّبِّهِ فَقُلْ إِنَّمَا الْغَيْبُ لِلّهِ فَانْتَظِرُواْ إِنِّي مَعَكُم مِّنَ الْمُنتَظِرِينَ۝** "သူ့ထံသို့ သူ၏ကံကြမ္မာရှင်မှ နိမိတ်လက္ခဏာတစ်ပါး အဘယ်ကြောင့် မချမှတ်ပေးသနည်း၊"ဟု မေးသူတို့အား၊ ဟောလော့၊ "စကျွလွန်များသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ထို့ကြောင့် စောင့်ကြည့်ကြလော့၊ ကျွန်ုပ်လည်း သင်တို့နှင့်အတူ စောင့်ကြည်နေသူများမှ ဖြစ်၏။"
၂၁။	**وَإِذَا أَذَقْنَا النَّاسَ رَحْمَةً مِّن بَعْدِ ضَرَّاء مَسَّتْهُمْ إِذَا لَهُم مَّكْرٌ فِي آيَاتِنَا قُلِ اللّهُ أَسْرَعُ مَكْرًا إِنَّ رُسُلَنَا يَكْتُبُونَ مَا تَمْكُرُونَ۝** ဘေးဒုက္ခ ထိသက်ပြီးနောက် လူသားတို့အား ငါ၏ ကရုဏာတော်ကို မြည်းစမ်းစေသောအခါ၊ ငါ၏ သုတ်ဒေသနာများကို ဆန့်ကျင်ရန် ကြံစည်ကြ၏။ ဟောကြားလော့ "ပရမတ်ဘုရားရှင်သည် ကြံစည်ရာ၌ ပိမိုလျင်မြန်၏၊" ဇကန်ပင် ငါ၏ ဉာဏ်စဉ်ဆောင်များသည် ကြံစည်မှုများကို မှတ်တမ်းတင်နေကြ၏။
၂၂။	**هُوَ الَّذِي يُسَيِّرُكُمْ فِي الْبَرِّ وَالْبَحْرِ حَتَّى إِذَا كُنتُمْ فِي الْفُلْكِ وَجَرَيْنَ بِهِم بِرِيحٍ طَيِّبَةٍ وَفَرِحُواْ بِهَا جَاءتْهَا رِيحٌ عَاصِفٌ وَجَاءهُمُ الْمَوْجُ مِن كُلِّ مَكَانٍ وَظَنُّواْ أَنَّهُمْ أُحِيطَ بِهِمْ دَعَوُاْ اللّهَ مُخْلِصِينَ لَهُ الدِّينَ لَئِنْ أَنجَيْتَنَا مِنْ هَذِهِ لَنَكُونَنِّ مِنَ الشَّاكِرِينَ۝** အရှင်သည် သင်တို့အား ရေ၊ မြေ နှစ်ပါး၌ သွားလာနိုင်စေ၏၊ သင်တို့သည် လှေသင်္ဘောများကို ရွက်လွှင့်စဉ်တွင် စင်ကြယ်သော လေဖြင့် ဝမ်းသာစွာ ရောက်လာနိုင်၏။ သူတို့အား လွှင့်ပါးစေသော လေ ကျရောက်လာ၍၊ လှိုင်းတံပိုးများသည် အဘက်ဘက်မှ လွှမ်းခြုံလာသည်ဟု စဉ်းစားကြသော်၊ သာသနာအားဖြင့် အရှင်ကိုသာ သီးသန့်တိုင်တည်လျက်– ပရမတ်ဘုရားရှင်၌ ဆုတောင်းပန်ထွာကြသည်မှာ "ဤအခြေအနေမှ လွတ်မြောက်စေပါလျှင်၊ တပည့်တော်တို့သည် ကျေးဇူးသိတတ်သူများ၏ အနက်မှ ဖြစ်ရချေမည်။"ဟု ဖြစ်၏။
၂၃။	**فَلَمَّا أَنجَاهُمْ إِذَا هُمْ يَبْغُونَ فِي الأَرْضِ بِغَيْرِ الْحَقِّ يَا أَيُّهَا النَّاسُ إِنَّمَا بَغْيُكُمْ عَلَى أَنفُسِكُم مَّتَاعَ الْحَيَاةِ الدُّنْيَا ثُمَّ إِلَينَا مَرْجِعُكُمْ فَنُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ۝** သို့သော် သူတို့အား လွတ်မြောက်စေသည်နှင့် သူတို့သည် မြေကမ္ဘာ၌ သစ္စာမဲ့ခြင်းကို ရှာဖွေကြ၏။ အို– လူသားတို့၊ သင်တို့၏ အပြစ်ရှာမှုသည် သင်တို့၏ စရိုက်အတွက်သာ ဖြစ်၏။ သင်တို့သည် လောကီဘဝ၌ ချမ်းမြေ့ခဲ့ပြီးနောက် ငါ့ထံသို့သာ အပြန်ခရီးရှိ၏၊ ထို့အခါ သင်တို့၏ ကျင့်ကြံလေ့ရှိခဲ့သမျှကို သတင်းထုတ်ပြန်တော်မူလတ္တံ့။
၂၄။	**إِنَّمَا مَثَلُ الْحَيَاةِ الدُّنْيَا كَمَاء أَنزَلْنَاهُ مِنَ السَّمَاء فَاخْتَلَطَ بِهِ نَبَاتُ الأَرْضِ مِمَّا يَأْكُلُ النَّاسُ وَالأَنْعَامُ حَتَّىَ إِذَا أَخَذَتِ الأَرْضُ زُخْرُفَهَا وَازَّيَّنَتْ وَظَنَّ أَهْلُهَا أَنَّهُمْ قَادِرُونَ عَلَيْهَآ أَتَاهَا أَمْرُنَا لَيْلاً أَوْ نَهَارًا**

---

(၁၃၂) ဤသုတ်တော်အား သေချာစွာ ဆင်ခြင်လျှင်၊ ပရမတ်ဘုရားရှင်၏ သဘာဝနှင့် လောကဓမ္မအကြောင်းကို သဘောပေါက်နိုင်ရာ၏။ ပရမတ်ဘုရားရှင်သည် အရာရာအား စည်းချိန်ချမှတ် ဖြစ်တည်စေသော အရှင် ဖြစ်သော်လည်း၊ ဖြစ်ချင်တိုင်း ဖြစ်စေသော ဥပဖွ နတ်ဘုရားကြီး မဟုတ်ချေ။ ဖြစ်တည်လာစေမည့် အရာများ၏ စည်းချိန်အား ချမှတ်ပြီးသား ဖြစ်ပေသည်။ ကောင်းမှု အတွက် ကောင်းကျိုး၊ ဆိုးမှုအတွက် ဆိုးကျိုး သက်ရောက်မှုများသည် သတ်မှတ်သော ကာလ အတိုင်းအတာကို ကြိုတင်ပြဋ္ဌာန်းပြီး ဖြစ်ပေသည်။ လူသားတို့ ပြုပြင်နိုင်ရန် အချိန်လည်း ဖြစ်ပေသည်။ အဆိုးတစ်ခုကို ပြုလုပ်တိုင်း ချက်ချင်း တန်ပြန်လေလျှင် လောက၌ သက်ရှိသတ္တဝါဟူ၍ ကျန်တော့မည် မဟုတ်ချေ။

	فَجَعَلْنَاهَا حَصِيدًا كَأَن لَّمْ تَغْنَ بِالأَمْسِ كَذَلِكَ نُفَصِّلُ الآيَاتِ لِقَوْمٍ يَتَفَكَّرُونَ۞ ဤလောကီဘဝ၏ ပမာသည်ကား၊ လူနှင့် တိရိစ္ဆာန်များ စားသုံးနိုင်ရန် အပင်မျိုးစုံကို ဖြစ်ထွန်းစေ၍၊ ငါအရှင် သွန်းချစေသည့် ကောင်းကင်၌ စုပ်ယူပေါင်းစပ်နေသော ရေကဲ့သို့ ဖြစ်၏။ ကမ္ဘာမြေကြီးသည် စွဲမက်စဘွယ် ရွှေသား အလား ဖြစ်၍၊ ကမ္ဘာသားတို့က ၎င်းကို စည်းကြပ်နိုင်သည်ဟု စဉ်းစားကြ၏။ ငါ၏ ညွှန်ကြားချက်သည် ညချင်း နေ့ချင်း ဆိုက်ရောက်လာလျက်၊ ယခင်နေ့များက ထိုအရာများ မပြည့်စုံခဲ့ သကဲ့သို့ လုံးဝ ရိတ်သိမ်းကြိတ်နယ်ပြီးသား စီစဉ်လိုက်၏။ ဤသို့ ရှင်းလင်းဆုံးဖြတ်ချက် သုတ်ဒေသနာများကို စဉ်းစားသုံးသပ်သော လူမျိုး အတွက် ဖြစ်စေ၏။
၂၅။ ၁၀း၂၆	**وَاللهُ يَدْعُو إِلَى دَارِ السَّلاَمِ وَيَهْدِي مَن يَشَاء إِلَى صِرَاطٍ مُّسْتَقِيمٍ۞** ပရမတ်ဘုရားရှင်သည် သင်တို့အား သန္တိသုခ ဗိမာန်သို့ ဖိတ်ခေါ်တော်မူ၏။ စံချိန်ပြည့်သူအား ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်သို့ ညွှန်တော်မူ၏။
၂၆။ သာယာသောဘဝ	**لِّلَّذِينَ أَحْسَنُواْ الْحُسْنَى وَزِيَادَةٌ وَلاَ يَرْهَقُ وُجُوهَهُمْ قَتَرٌ وَلاَ ذِلَّةٌ أُوْلَئِكَ أَصْحَابُ الْجَنَّةِ هُمْ فِيهَا خَالِدُونَ۞** သုမင်္ဂလာပြုသော သူများအတွက် သုမင်္ဂလာရှိစေ၍၊ တိုးပွားရမည်ပင်။ သူတို့၏ မျက်နှာများ၌ ဖေါက်ပြန်ခြင်း မရှိ၊ အနှိမ်ခံ မျက်နှာမွဲဖြစ်ရခြင်းများ မရှိချေ။ သူတို့သည် **သုခဘုံ**၏ ပေါင်းဖေါ်များဖြစ်ကြ၍၊ ထို၌ အစဉ်စံစားရမည်ပင်။
၂၇။ စစ်ပွဲ	**وَالَّذِينَ كَسَبُواْ السَّيِّئَاتِ جَزَاء سَيِّئَةٍ بِمِثْلِهَا وَتَرْهَقُهُمْ ذِلَّةٌ مَّا لَهُم مِّنَ اللهِ مِنْ عَاصِمٍ كَأَنَّمَا أُغْشِيَتْ وُجُوهُهُمْ قِطَعًا مِّنَ اللَّيْلِ مُظْلِمًا أُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ۞** အကုသိုလ်မှုကို ကျင့်ဆောင်သောသူတို့ အဘို့၊ ပမာတူ အစားပေး အကုသိုလ်ရှိနေ၍။ နှိမ်ခံရခြင်း ဖိစီးမှုရှိလတ္တံ့။ ပရမတ်ဘုရားရှင်နှင့် ဆန့်ကျင်၍ သူတို့ဘက်မှ မားမားရပ်ပေးနိုင်သူ မရှိ။ သူတို့၏ မျက်နှာများမှာ ညမိုက်ကြီး၏ အစိတ်အပိုင်း လွှမ်းခြုံ သကဲ့သို့ ရှိ၏။ သူတို့သည် **အပူမီး**၏ ပေါင်းဖေါ်များဖြစ်ကြလျက် ထို၌ အစဉ်ခံစားရမည်ပင်။
၂၈။	**وَيَوْمَ نَحْشُرُهُمْ جَمِيعًا ثُمَّ نَقُولُ لِلَّذِينَ أَشْرَكُواْ مَكَانَكُمْ أَنتُمْ وَشُرَكَآؤُكُمْ فَزَيَّلْنَا بَيْنَهُمْ وَقَالَ شُرَكَآؤُهُم مَّا كُنتُمْ إِيَّانَا تَعْبُدُونَ۞** သူတို့ အားလုံးကို စုစည်းစေသော နေ့ကာလ၌၊ ရောပြွန်းကိုးကွယ်သောသူတို့အား ''သင်တို့နှင့် သင်တို့၏ ရောပြွန်းကိုးကွယ်ခံများကြား အဆက်ရပ်လော့၊''ဟု မိန့်တော်မူ၍၊ သပ်သပ်ခွဲပစ်တော်မူအံ့။ ထိုအခါ၊ သူတို့၏ ရောပြွန်းကိုးကွယ်ခံများက ပြောကြမည်မှာ ''သင်တို့သည် ကျွန်ုပ်တို့အား ကိုးကွယ်ခဲ့သည် မဟုတ်–
၂၉။	**فَكَفَى بِاللهِ شَهِيدًا بَيْنَنَا وَبَيْنَكُمْ إِن كُنَّا عَنْ عِبَادَتِكُمْ لَغَافِلِينَ۞** –ကျွန်ုပ်တို့သည် သင်တို့၏ အမှုတော်ဆောင်ခြင်းအား အလေးမထားခဲ့ကြောင်း ကျွန်ုပ်တို့ကြား သင်တို့ ကြား၌ ပရမတ်ဘုရားရှင်သည် သက်သေအဖြစ် လုံလောက်တော်မူ၏။''ဟု ဖြစ်၏။
၃၀။ ★၆း၆၂	**هُنَالِكَ تَبْلُو كُلُّ نَفْسٍ مَّا أَسْلَفَتْ وَرُدُّواْ إِلَى اللهِ مَوْلاَهُمُ الْحَقِّ وَضَلَّ عَنْهُم مَّا كَانُواْ يَفْتَرُونَ۞** ၎င်းသည် စရိုက်ကိုယ်စီ သူတို့၏ အတိတ်များအား စစ်ဆေးခြင်းခံရချိန် ဖြစ်၍။ သူတို့၏ အမှန်တကယ် အားကိုးရမည့် အရှင်☆ ပရမတ်ဘုရားရှင်၏ထံသို့ ပြန်ပို့ခံရလတ္တံ့၊ သူတို့ လုပ်ကြံဖန်တီးလေ့ ရှိသော အရာများသည် သူတို့နှင့် လွဲဖယ်ရလေပြီ။
၃၁။	**قُلْ مَن يَرْزُقُكُم مِّنَ السَّمَاء وَالأَرْضِ أَمَّن يَمْلِكُ السَّمْعَ والأَبْصَارَ وَمَن يُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَيُخْرِجُ الْمَيَّتَ مِنَ الْحَيِّ وَمَن يُدَبِّرُ الأَمْرَ فَسَيَقُولُونَ اللهُ فَقُلْ أَفَلاَ تَتَّقُونَ۞** ''သို့တည်းမဟုတ် သင်တို့အား မိုးများနှင့် မြေမှ စားရေရိက္ခာကို မည်သူပေးသနည်း။ အကြား အမြင်ဂုဏ်ကို မည်သူ

	အစိုးရသနည်း။ သက်မဲ့မှ သက်ရှိသို့ မည်သူထုတ်ပေးသနည်း၊ သက်ရှိမှ သက်မဲ့သို့ မည်သူထုတ်ပေးသနည်း။ ညွှန်ကြားချက်များအား မည်သူက ကျောထောက်နောက်ခံပြုသနည်း၊''ဟု မေးသော်၊ ''ပရမတ်ဘုရားရှင်ပင် ဖြစ်၏၊'' ဟု ဆိုကြလိမ့်မည်။ ''သို့ဖြစ်လျှင် စည်းစောင့်ကြမည်လော၊''ဟု မေးမြန်းလော့။
၃၂။	**فَذَٰلِكُمُ اللَّهُ رَبُّكُمُ الْحَقُّ فَمَاذَا بَعْدَ الْحَقِّ إِلاَّ الضَّلاَلُ فَأَنَّى تُصْرَفُونَ۞** သို့ဖြင့် သင်တို့၏ ပရမတ်ဘုရားရှင်သည် သင်တို့၏ မှန်ကန်သော ကံကြမ္မာရှင် ဖြစ်၏။ ထိုသစ္စာတရားပြီးနောက် လွဲမှားခြင်းများသာရှိ၍၊ သို့ဖြင့် သင်တို့မှာ မည်သို့ ဘက်လှည့်နိုင်အံ့နည်း။
၃၃။	**كَذَٰلِكَ حَقَّتْ كَلِمَتُ رَبِّكَ عَلَى الَّذِينَ فَسَقُواْ أَنَّهُمْ لاَ يُؤْمِنُونَ۞** ဤသို့– သင့်ကံကြမ္မာရှင်၏ ဗျာဒိတ်တော်သည် ယုတ်မာသောသူများ အပေါ်၌ အမှန်ဖြစ်၏၊ သူတို့သည်ကား ယုံကြည်ကြမည် မဟုတ်ချေ။
၃၄။ ၂း၂၀	**قُلْ هَلْ مِن شُرَكَآئِكُم مَّن يَبْدَأُ الْخَلْقَ ثُمَّ يُعِيدُهُ قُلِ اللَّهُ يَبْدَأُ الْخَلْقَ ثُمَّ يُعِيدُهُ فَأَنَّى تُؤْفَكُونَ۞** ''သင်တို့၏ ရောပြွန်းကိုးကွယ်ခံများတွင် **ဖြစ်တည်မှုကို** စတည်ခြင်း၊ ဆက်စိမ်ခြင်းကို ပြုနိုင်သူ ရှိလေသလော၊''ဟု မေးမြန်း၍၊ ဟောလော့ ''ပရမတ်ဘုရားရှင်သည် **ဖြစ်တည်မှုကို** စတည်၏။ တဖန် ဆက်စိမ်၏။ သို့တိုင် သင်တို့သည် မည်သို့ လှည့်စားခံနေကြသနည်း။''
၃၅။	**قُلْ هَلْ مِن شُرَكَآئِكُم مَّن يَهْدِي إِلَى الْحَقِّ قُلِ اللَّهُ يَهْدِي لِلْحَقِّ أَفَمَن يَهْدِي إِلَى الْحَقِّ أَحَقُّ أَن يُتَّبَعَ أَمَّن لاَّ يَهِدِّيَ إِلاَّ أَن يُهْدَى فَمَا لَكُمْ كَيْفَ تَحْكُمُونَ۞** ''သင်တို့၏ ရောပြွန်းကိုးကွယ်ခံများတွင် ပရမတ္ထသစ္စာသို့ ညွှန်ပြနိုင်သူ ရှိလေသလော၊''ဟု မေးမြန်း၍၊ ဟောလော့ ''ပရမတ်ဘုရားရှင်သည်သာ ပရမတ္ထသစ္စာသို့ ညွှန်ပြတော်မူ၏။ မည်သူက သစ္စာတရားအား ပရမတ္ထသစ္စာဖြင့် လမ်းညွှန်နိုင်သနည်း။ သို့တည်းမဟုတ် လမ်းလည်းမညွှန်နိုင် ကိုယ်တိုင် လမ်းညွှန်လိုအပ်သူအား လိုက်နာသင့်သလော၊ သင်တို့၏ စီရင်ထုံးပြုမှုသည် မည်သို့ရှိအံ့နည်း။''
၃၆။	**وَمَا يَتَّبِعُ أَكْثَرُهُمْ إِلاَّ ظَنًّا إِنَّ الظَّنَّ لاَ يُغْنِي مِنَ الْحَقِّ شَيْئًا إِنَّ اللَّهَ عَلِيمٌ بِمَا يَفْعَلُونَ۞** သူတို့မှ အများစုသည် စဉ်းစားချက်ကိုသာ လိုက်နာနေကြ၏။ စဉ်းစားချက်သည် သစ္စာတရားထက် တစ်စုံတစ်ရာမျှ မပြည့်စုံနိုင်ချေ။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ပြုလုပ်သမျှအား သိနေသော အရှင် ဖြစ်၏၊
၃၇။	**وَمَا كَانَ هَذَا الْقُرْآنُ أَن يُفْتَرَى مِن دُونِ اللَّهِ وَلَكِن تَصْدِيقَ الَّذِي بَيْنَ يَدَيْهِ وَتَفْصِيلَ الْكِتَابِ لاَ رَيْبَ فِيهِ مِن رَّبِّ الْعَالَمِينَ۞** ဤသည် ကုရ်အာန် ဖြစ်၏ ပရမတ်ဘုရားရှင်အားတုပ၍ အခြားသူက လုပ်ကြံဖန်တီးခြင်း မဟုတ်။ သို့သော် ၎င်းသည် ပစ္စုပ္ပာန်များကို ဖြောင့်မှန်စေသော ရှင်းလင်းဆုံးဖြတ်ချက် ကျမ်းတော် ဖြစ်၏။ လောက ခပ်သိမ်း၏ ကံကြမ္မာရှင် ထံတော်မှ ဖြစ်၍၊ သံသယဝင်နိုင်ဘွယ် အလျဉ်းမရှိပေ။
၃၈။ ကိုယ်တော်တိုင် ၂း၂၃	**أَمْ يَقُولُونَ افْتَرَاهُ قُلْ فَأْتُواْ بِسُورَةٍ مِّثْلِهِ وَادْعُواْ مَنِ اسْتَطَعْتُم مِّن دُونِ اللَّهِ إِن كُنتُمْ صَادِقِينَ۞** သို့တည်းမဟုတ် ''၎င်းကို **သူက** လုပ်ကြံဖန်တီးထားသည်၊''ဟု ဆိုချင်ကြသလော၊ ''သို့ဖြစ်က သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင် မှလွဲ၍ တတ်နိုင်သူများကို ဖိတ်ခေါ်လျက် ဤမှ ဓမ္မခန္ဓာတစ်ပါး ကဲ့သို့ ယူခဲ့ကြလော့၊''ဟု တောင်းဆိုလော့။
၃၉။	**بَلْ كَذَّبُواْ بِمَا لَمْ يُحِيطُواْ بِعِلْمِهِ وَلَمَّا يَأْتِهِمْ تَأْوِيلُهُ كَذَٰلِكَ كَذَّبَ الَّذِينَ مِن قَبْلِهِمْ فَانظُرْ كَيْفَ كَانَ عَاقِبَةُ الظَّالِمِينَ۞**

★ ၁၀၂၊ ၅၃	အမှန်မှာ သူတို့သည် ခြုံငုံနိုင်သော အသိပညာ မရှိဘဲလျက်၊ ဖွင့်ဆိုရှင်းပြချက်★ မပေးရောက်မီအလျင် ၎င်းကို ငြင်းဆန်ကြကုန်၏။ သူတို့မတိုင်မီ မျိုးဆက်များက ငြင်းဆန်ခဲ့ သကဲ့သို့ပင် ဖြစ်၏။ သို့ဖြစ်၍၊ အမိုက်ကောင်များ၏ နိဂုံး မည်သို့ ချုပ်ရသည်ကို စောင့်ကြည့်ကြကုန်လော့။
၄၀။	**وَمِنهُم مَّن يُؤْمِنُ بِهِ وَمِنْهُم مَّن لاَّ يُؤْمِنُ بِهِ وَرَبُّكَ أَعْلَمُ بِالْمُفْسِدِينَ۝** သူတို့အနက် ၎င်းကို ယုံကြည်သူလည်း ရှိ၏၊ မယုံကြည်သူများလည်း ရှိ၏။ သင်၏ ကံကြမ္မာရှင်သည် အဖျက်ကောင်များအား အသိဆုံး ဖြစ်တော်မူ၏၊
၄၁။	**وَإِن كَذَّبُوكَ فَقُل لِّي عَمَلِي وَلَكُمْ عَمَلُكُمْ أَنتُمْ بَرِيئُونَ مِمَّا أَعْمَلُ وَأَنَاْ بَرِيءٌ مِّمَّا تَعْمَلُونَ۝** သင့်အား ငြင်းဆန်ကြလျှင်၊ ဟောလော့ ‘‘ကျွန်ုပ်၏ ကျင့်ကြံမှုသည် ကျွန်ုပ် အတွက်၊ သင်တို့၏ ကျင့်ကြံမှုသည် သင်တို့၏ အတွက်ပင်။ သင်တို့သည် ကျွန်ုပ်၏ ကျင့်ကြံမှုအတွက်မှ ကင်းရှင်း၏။ ကျွန်ုပ်သည်လည်း သင်တို့၏ ကျင့်ကြံမှု အတွက်မှ ကင်းရှင်း၏။’’
၄၂။	**وَمِنْهُم مَّن يَسْتَمِعُونَ إِلَيْكَ أَفَأَنتَ تُسْمِعُ الصُّمَّ وَلَوْ كَانُواْ لاَ يَعْقِلُونَ۝** သူတို့အနက် သင့်အား နားစွင့်သူများလည်း ရှိ၏။ သို့သော် အတွေးအခေါ်မရှိ၊ နားပင်းနေသူအား သင်သည် ကြားအောင်ပြုနိုင်သလော။
၄၃။	**وَمِنهُم مَّن يَنظُرُ إِلَيْكَ أَفَأَنتَ تَهْدِي الْعُمْيَ وَلَوْ كَانُواْ لاَ يُبْصِرُونَ۝** သူတို့အနက် သင့်အား ကြည့်နေသူများလည်း ရှိ၏၊ သို့သော် အမြင် မရှိကြဘဲ၊ ကန်းနေသူများအား သင်သည် လမ်းညွှန်နိုင်သလော။
၄၄။	**إِنَّ اللّهَ لاَ يَظْلِمُ النَّاسَ شَيْئًا وَلَـكِنَّ النَّاسَ أَنفُسَهُمْ يَظْلِمُونَ۝** ဇကန်ပင် ပရမတ်ဘုရားရှင်သည် လူသားအား တစ်စုံတစ်ရာ အဝိဇ္ဇာသင့်စေသည် မဟုတ်၊ သို့သော် လူသားသည် မိမိတို့၏ စရိုက်ကိုသာ မိမိတို့ မိုက်ကြေးခွဲနေကြကုန်၏။
၄၅။	**وَيَوْمَ يَحْشُرُهُمْ كَأَن لَّمْ يَلْبَثُواْ إِلاَّ سَاعَةً مِّنَ النَّهَارِ يَتَعَارَفُونَ بَيْنَهُمْ قَدْ خَسِرَ الَّذِينَ كَذَّبُواْ بِلِقَاء اللّهِ وَمَا كَانُواْ مُهْتَدِينَ۝** သူတို့အား စုစည်းသော နေ့၌ သူတို့သည် တစ်နေ့တာ၏ တစ်နာရီခန့်သာ နေထိုင်ခဲ့သည်ဟု ခံစားရ၍၊ အချင်းချင်း ကြား မှတ်မိနေကြလတ္တံ့။ ပရမတ်ဘုရားရှင်အား ဖူးတွေ့ရမည်ကို ငြင်းဆန်သော၊ လမ်းညွှန်ခြင်းလည်း မခံရသော သူတို့သည်ကား ပျက်စီးဆုံးရှုံးရလတ္တံ့။
၄၆။	**وَإِمَّا نُرِيَنَّكَ بَعْضَ الَّذِي نَعِدُهُمْ أَوْ نَتَوَفَّيَنَّكَ فَإِلَيْنَا مَرْجِعُهُمْ ثُمَّ اللّهُ شَهِيدٌ عَلَى مَا يَفْعَلُونَ۝** သို့မဟုတ် သူတို့အား ကတိထားသည်များမှ အချို့ကို သင့်အား ငါ ပြသသည် ဖြစ်စေ၊ ထိုမတိုင်မီ သက်တမ်းကုန်စေသည် ဖြစ်စေ၊ သူတို့၏ အပြန်ခရီးသည် ငါ့ ထံသို့သာ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ပြုလုပ်သမျှအား အသိသက်သေ ဖြစ်တော်မူ၏။
၄၇။	**وَلِكُلِّ أُمَّةٍ رَّسُولٌ فَإِذَا جَاء رَسُولُهُمْ قُضِيَ بَيْنَهُم بِالْقِسْطِ وَهُمْ لاَ يُظْلَمُونَ۝** အသိုင်းအဝိုင်းတိုင်း အတွက် ဉာဏ်စဉ်ဆောင်သည် ရှိ၏။[၁၃၃] သူတို့အတွက် ဉာဏ်စဉ်ဆောင် ရောက်လာသော အခါ၊ သူတို့ကြား သမာသမတ်ဖြင့် ဆုံးဖြတ်ပေး၏။ သူတို့အား မိုက်ကြေးခွဲသည် မဟုတ်ချေ။

(၁၃၃) ကျမ်းမြတ်ကုရ်အာန်ကို ‘‘တရားမမျှတ’’ ဟု စွပ်စွဲသူများအား လွန်စွာ အံ့သြဘွယ် ကောင်းလှပေသည်။ ကျမ်းတော်သည် ကမ္ဘာပေါ်တွင် ပွင့်ပေါ်ခဲ့လေသမျှသော လူသား ပညတ်ဘုရား (ဉာဏ်စဉ်တော်ဆောင်)များကို အသိအမှတ်ပြုရန်၊ တစ်ပါးနှင့် တစ်ပါး မခွဲခြားရန် နေရာပေါင်း

၄၈။ နိမိတ်	**وَيَقُولُونَ مَتَى هَذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ۝** “သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ ဤ **ကတိ**တော်သည် မည်သည့် အခါတွင် ဆိုက်ရောက်မည်နည်း၊”ဟု မေးမြန်းကြ၏။
၄၉။ ၂၇၀ ☆၇း၃၄	**قُل لاَّ أَمْلِكُ لِنَفْسِي ضَرًّا وَلاَ نَفْعًا إِلاَّ مَا شَاء اللّهُ لِكُلِّ أُمَّةٍ أَجَلٌ إِذَا جَاء أَجَلُهُمْ فَلاَ يَسْتَأْخِرُونَ سَاعَةً وَلاَ يَسْتَقْدِمُونَ۝** ဟောလော့ “ပရမတ်ဘုရားရှင်ထံ၌ **စံချိန်ပြည့်မှီသည်** မှအပ၊ ကျွန်ုပ်သည် မိမိ၏ ဥဉ်ကိုပင် ဆိုးကျိုး၊ ကောင်းကျိုး အစိုးမရချေ။ အသိုင်းအဝိုင်းတိုင်းအတွက် သတ်မှတ်ချိန်သည် ရှိနေ၏။ သူတို့အတွက် သတ်မှတ်ချိန် ရောက်လာသောအခါ၊ သူတို့သည် ၎င်းကို တစ်နာရီမျှပင် နောက်မဆုတ်နိုင်၊ ရှေ့မထားနိုင်ချေ။”☆
၅၀။	**قُلْ أَرَأَيْتُمْ إِنْ أَتَاكُمْ عَذَابُهُ بَيَاتًا أَوْ نَهَارًا مَّاذَا يَسْتَعْجِلُ مِنْهُ الْمُجْرِمُونَ۝** မေးမြန်းလော့၊ “အရှင်၏ ဝဉ်ကြွေးဒဏ်သည် သင်တို့ထံသို့ မှောင်ချိန်၌၊ သို့မဟုတ် နေ့၌ ဆိုက်ရောက်လာမည်ဟု မြင်မိကြသလော၊ ရာဇဝတ်ကောင်များသည် မည်သည်ကို အလျင်လိုနေကြသနည်း၊”
၅၁။	**أَثُمَّ إِذَا مَا وَقَعَ آمَنْتُم بِهِ آلآنَ وَقَدْ كُنتُم بِهِ تَسْتَعْجِلُونَ۝** တဖန် သင်တို့အား တကယ်ထိတော့မှ ယုံကြည်ကြမည်လော၊ ယခုမူ အဘယ်ကြောင့်နည်း၊ ၎င်း၌ သင်တို့သည် အလျင်လိုနေကြသလော။
၅၂။	**ثُمَّ قِيلَ لِلَّذِينَ ظَلَمُواْ ذُوقُواْ عَذَابَ الْخُلْدِ هَلْ تُجْزَوْنَ إِلاَّ بِمَا كُنتُمْ تَكْسِبُونَ۝** ထို့နောက် မိုက်ကြွေးခွဲသော သူများအား “ဝဉ်ကြွေးအား အစဉ် မြည်းစမ်းကြလော့၊ အသင်တို့ ကျင့်ဆောင်လေ့ရှိခဲ့သည် မှအပ အခြား အစားပေးသလော၊”ဟု မိန့်ဆိုလတ္တံ့။
၅၃။ ဝန်ကြွေး	**وَيَسْتَنبِئُونَكَ أَحَقٌّ هُوَ قُلْ إِي وَرَبِّي إِنَّهُ لَحَقٌّ وَمَا أَنتُمْ بِمُعْجِزِينَ۝** “**၎င်း**သည် အမှန်ပင်လော၊”ဟု သတင်းမေးကြ၏။ ပြောလော့ “မုချ၊ စင်စစ်၊ ကျွန်ုပ်၏ ကံကြမ္မာရှင်အားဖြင့်–ယင်းသည် လုံးဝမှန်ကန်ဖြစ်၏၊ သင်တို့သည် **၎င်း**ကို ချိုနဲ့စေနိုင်မည် မဟုတ်ချေ။”
၅၄။	**وَلَوْ أَنَّ لِكُلِّ نَفْسٍ ظَلَمَتْ مَا فِي الأَرْضِ لاَفْتَدَتْ بِهِ وَأَسَرُّواْ النَّدَامَةَ لَمَّا رَأَوُاْ الْعَذَابَ وَقُضِيَ بَيْنَهُم بِالْقِسْطِ وَهُمْ لاَ يُظْلَمُونَ۝** မိုက်ကြွေးခွဲသော ဥဉ်တိုင်းသည် ကမ္ဘာပေါ်ရှိ အရာအားလုံးကို ပိုင်ဆိုင်လျှင်၊ ၎င်းကို လျော်ကြေးအဖြစ် ကမ်းလှမ်းလိုကြ၏။ ဝဉ်ကြွေးဒဏ်ကို မြင်သောအခါ သူတို့သည် ကြိတ်၍ ယူကြုံးမရဖြစ်ရလတ္တံ့၊ သို့သော် သူတို့၏ကြား သမာသမတ်ဖြင့် ဆုံးဖြတ်ပြီးချေပြီ၊ သူတို့အား မိုက်ကြွေးမခွဲခဲ့ချေ။
၅၅။	**أَلا إِنَّ لِلّهِ مَا فِي السَّمَاوَاتِ وَالأَرْضِ أَلاَ إِنَّ وَعْدَ اللّهِ حَقٌّ وَلَـكِنَّ أَكْثَرَهُمْ لاَ يَعْلَمُونَ۝** မှတ်သားလော့၊ မိုးများနှင့် မြေအတွင်း ရှိသမျှတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ကေန်ပင် ပရမတ်ဘုရားရှင်၏ ကတိတော်သည် သစ္စာတစ်ရပ် ဖြစ်၏။ သို့ရာတွင် အများစုကြီးမှာ သိနိုင်ကြသည် မဟုတ်ချေ။
၅၆။	**هُوَ يُحْيِي وَيُمِيتُ وَإِلَيْهِ تُرْجَعُونَ۝**

မြောက်များစွာ၌ သွန်သင်ပေသည် (၃၅း၂၄)။ ကိုယ်တော်မုဟမ္မဒ်၊ ကိုယ်တော်ယေရှု၊ ကိုယ်တော် ဂေါတမ တို့အား တစ်ပါးနှင့် တစ်ပါး မခွဲခြားရန် သွန်သင်သော (ကုရ်အာန်မှ အပ) အခြား ကျမ်း မရှိပေ။

	အရှင်သည် နိစ္စ၊ အနိစ္စကို ဖြစ်စေ၏၊ အလုံးစုံသည် အရှင့်ထံသို့သာ ဦးလှည့်ရမည်သာတည်း။
၅၇။	**يَا أَيُّهَا النَّاسُ قَدْ جَاءتْكُم مَّوْعِظَةٌ مِّن رَّبِّكُمْ وَشِفَاء لِّمَا فِي الصُّدُورِ وَهُدًى وَرَحْمَةٌ لِّلْمُؤْمِنِينَ۞** အို– လူသားတို့၊ သင်တို့ထံသို့ သင်တို့၏ ကံကြမ္မာရှင်ထံမှ အဆုံးအမတော် ရောက်ရှိလာပြီ။ ရင်ဘတ်အတွင်းမှ ဝေဒနာအတွက် ဆေးတော်တစ်ဖုံလည်း ဖြစ်၏။ သက်ဝင်ယုံကြည်သူများအတွက် လမ်းညွှန် ကရုဏာလည်း ဖြစ်၏။
၅၈။	**قُلْ بِفَضْلِ اللّهِ وَبِرَحْمَتِهِ فَبِذَلِكَ فَلْيَفْرَحُواْ هُوَ خَيْرٌ مِّمَّا يَجْمَعُونَ۞** ဟောကြားလော့ "ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုနှင့် ကရုဏာတော်အားဖြင့်၊ ဝမ်းမြောက်ဝမ်းသာဖြစ်ကြလော့– ၎င်းသည် သူတို့ စုဆောင်းထားသည်များထက် သာလွန်ကောင်းမြတ်၏။"
၅၉။	**قُلْ أَرَأَيْتُم مَّا أَنزَلَ اللّهُ لَكُم مِّن رِّزْقٍ فَجَعَلْتُم مِّنْهُ حَرَامًا وَحَلاَلاً قُلْ آللّهُ أَذِنَ لَكُمْ أَمْ عَلَى اللّهِ تَفْتَرُونَ۞** ဟောလော့၊ "ပရမတ်ဘုရားရှင်သည် သင်တို့အား စားရေရိက္ခာမျိုးစုံ ချမှတ်ပေးတော်မူသည်၊ ၎င်းတို့အား သင်တို့က တားမြစ်ခြင်း၊ တရားဝင်လုပ်ခြင်း စီစဉ်ကြသည်များကို မြင်ကြပြီလော။" မေးမြန်းလော့ "ပရမတ်ဘုရားရှင်က ခွင့်ပြုပြီးပြီလော၊ သို့တည်းမဟုတ် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီးကြသလော။"
၆၀။	**وَمَا ظَنُّ الَّذِينَ يَفْتَرُونَ عَلَى اللّهِ الْكَذِبَ يَوْمَ الْقِيَامَةِ إِنَّ اللّهَ لَذُو فَضْلٍ عَلَى النَّاسِ وَلَكِنَّ أَكْثَرَهُمْ لاَ يَشْكُرُونَ۞** ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီး၊ လိမ်ညာသောသူများသည် ရပ်တည်ရမည့် နေ့ကာလကို မည်သို့ စဉ်းစားချက် ရှိသနည်း။ ဇကော်ပင် ပရမတ်ဘုရားရှင်သည် လူသားတို့အား သိက္ခာပေးသော အရှင်ဖြစ်၏။ သို့ရာတွင် အများစုကြီးမှာ ကျေးဇူး မသိတတ်ချေ။
၆၁။	**وَمَا تَكُونُ فِي شَأْنٍ وَمَا تَتْلُو مِنْهُ مِن قُرْآنٍ وَلاَ تَعْمَلُونَ مِنْ عَمَلٍ إِلاَّ كُنَّا عَلَيْكُمْ شُهُودًا إِذْ تُفِيضُونَ فِيهِ وَمَا يَعْزُبُ عَن رَّبِّكَ مِن مِّثْقَالِ ذَرَّةٍ فِي الأَرْضِ وَلاَ فِي السَّمَاء وَلاَ أَصْغَرَ مِن ذَلِكَ وَلا أَكْبَرَ إِلاَّ فِي كِتَابٍ مُّبِينٍ۞** သင်တို့သည် မည်သည့်ကိစ္စ၌ ရှိနေသည် ဖြစ်စေ၊ ကုရ်အာန်မှ ဖတ်ပြနေသည် ဖြစ်စေ၊ မည်သည့် ကျင့်ကြံမှုကို ကျင့်ကြံနေသည် ဖြစ်စေ၊ ထို၌ **စိတ်စုပြုထားသော်**၊ ငါသည် မျက်မှောက်သက်သေ ဖြစ်၏။ မိုးမျှားနှင့် မြေ အတွင်း ဝယ်၊ ပရမံနုမြူပမာ အလေးချိန်မျှပင်၊ သင့်ကံကြမ္မာရှင်၏ ထံမှ လွတ်ကင်းသည် ဟူ၍ မရှိချေ။ ထို့ထက် သေးငယ်သော အရာ၊ ကြီးသော အရာတို့သည် ရှင်းလင်းထင်ရှားစွာ မှတ်တမ်း၌ ရှိ၏။ **စိတ်နှစ်ထားသော်**
၆၂။	**أَلا إِنَّ أَوْلِيَاء اللّهِ لاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ۞** ပရမတ်ဘုရားရှင်၏ မဟာမိတ်များမှာမူကား၊ သူတို့အား ကြောက်ရွံ့ရစေမည် မဟုတ်၊ သောကဖြစ်ရစေမည်လည်း မဟုတ်ချေ။
၆၃။	**الَّذِينَ آمَنُواْ وَكَانُواْ يَتَّقُونَ۞** သူတို့သည် ယုံကြည်သောသူများဖြစ်၍၊ စည်းစောင့်လေ့ ရှိကြ၏။
၆၄။	**لَهُمُ الْبُشْرَى فِي الْحَياةِ الدُّنْيَا وَفِي الآخِرَةِ لاَ تَبْدِيلَ لِكَلِمَاتِ اللّهِ ذَلِكَ هُوَ الْفَوْزُ الْعَظِيمُ۞** သူတို့အဘို့ ဤဘဝ နောင်ဘဝ၌ သတင်းကောင်းများ ရှိ၏။ ပရမတ်ဘုရားရှင်၏ စကားတော်သည် လွဲပြောင်းခြင်း မရှိ။ ၎င်းသည် သူတို့အတွက် မဟာ အောင်ပွဲ ဖြစ်၏။
၆၅။	**وَلاَ يَحْزُنكَ قَوْلُهُمْ إِنَّ الْعِزَّةَ لِلّهِ جَمِيعًا هُوَ السَّمِيعُ الْعَلِيمُ۞**

	သူတို့၏ ပြောဆိုချက်များကြောင့် စိတ်သောက မဖြစ်နှင့်၊ ဘုန်းကံ အားလုံးသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်တော်မူ၏။
၆၆။	**أَلا إِنَّ لِلّهِ مَن فِي السَّمَاوَاتِ وَمَن فِي الأَرْضِ وَمَا يَتَّبِعُ الَّذِينَ يَدْعُونَ مِن دُونِ اللّهِ شُرَكَاء إِن يَتَّبِعُونَ إِلاَّ الظَّنَّ وَإِنْ هُمْ إِلاَّ يَخْرُصُونَ۞** ဇကနဉ်၊ မိုးများနှင့် မြေအတွင်း ရှိသမျှတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ပရမတ်ဘုရားရှင် မှလွဲ၍ ရောပြွန်းကိုးကွယ်မှုများထံ ဆုတောင်းသော သူတို့သည် မည်သည့်အရာ၏ နောက်လိုက်ဒကာမှ မဟုတ်ချေ။ စဉ်းစားချက်ကိုသာ လိုက်နာနေကြ၏။ သူတို့သည် မှန်းဆသူများသာ ဖြစ်ချေ၏။[၁၃၄]
၆၇။	**هُوَ الَّذِي جَعَلَ لَكُمُ اللَّيْلَ لِتَسْكُنُواْ فِيهِ وَالنَّهَارَ مُبْصِرًا إِنَّ فِي ذَلِكَ لآيَاتٍ لِّقَوْمٍ يَسْمَعُونَ۞** အရှင်သည် နားနေစေရာ ညကို၊ ခွဲခြားမြင်နိုင်ဘို့ရာ နေ့ကို စီစဉ်တော်မူ၏။ ကြားနာနိုင်သော လူမျိုးအတွက် ထိုဥ သက်သေနိမိတ်များ ပါရှိ၏။
၆၈။ ☆ ၂း၁၁၆ ရှိ၏	**قَالُواْ اتَّخَذَ اللّهُ وَلَدًا سُبْحَانَهُ هُوَ الْغَنِيُّ لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ إِنْ عِندَكُم مِّن سُلْطَانٍ بِهَذَا أَتَقُولُونَ عَلَى اللّهِ مَا لاَ تَعْلَمُونَ۞** ‘‘ပရမတ်ဘုရားရှင်၌ ကိုယ်ပွား☆ **ထား၏။**’’ဟု ပြောဆိုကြ၏။ အရှင်သည် ဦးထိပ်ထားရာ ဖြစ်၏၊ ကုံလုံပြည့်စုံတော်မူ၏၊ မိုးများနှင့် မြေအတွင်း ရှိသမျှတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိနေ၏။ သင်တို့၌ ထိုသို့ စွပ်စွဲရန် အခွင့်အာဏာ မရှိချေ။ ပရမတ်ဘုရားရှင်၏ အကြောင်းအား မသိဘဲလျက် ပြောဆိုကြကုန်သလော။
၆၉။	**قُلْ إِنَّ الَّذِينَ يَفْتَرُونَ عَلَى اللّهِ الْكَذِبَ لاَ يُفْلِحُونَ۞** ‘‘ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီး၊ လိမ်ညာသောသူတို့သည် အောင်မြင်ပေါက်မြောက်မည် မဟုတ်’’ ဟု ဟောကြားလော့။
၇၀။	**مَتَاعٌ فِي الدُّنْيَا ثُمَّ إِلَيْنَا مَرْجِعُهُمْ ثُمَّ نُذِيقُهُمُ الْعَذَابَ الشَّدِيدَ بِمَا كَانُواْ يَكْفُرُونَ۞** လောကီ၌ ချမ်းမြေ့မှု ရှိရာ၏၊ ထို့နောက် ငါ့ထံသို့သာ သူတို့ အပြန်ခရီး ရှိ၏။ သူတို့၏ ဖုံးကွယ်လေ့ရှိမှုများကြောင့် ပြင်းထန်သော ဝဋ်ကြွေးကို မြည်းစမ်းစေမည်ပင်။
၇၁။ ✡ ၁၀း၃၇	**وَاتْلُ عَلَيْهِمْ نَبَأَ نُوحٍ إِذْ قَالَ لِقَوْمِهِ يَا قَوْمِ إِن كَانَ كَبُرَ عَلَيْكُم مَّقَامِي وَتَذْكِيرِي بِآيَاتِ اللّهِ فَعَلَى اللّهِ تَوَكَّلْتُ فَأَجْمِعُواْ أَمْرَكُمْ وَشُرَكَاءكُمْ ثُمَّ لاَ يَكُنْ أَمْرُكُمْ عَلَيْكُمْ غُمَّةً ثُمَّ اقْضُواْ إِلَيَّ وَلاَ تُنظِرُونِ۞** နူးဟ်၏✡ သတင်းအကြောင်းကို သူတို့အား ရွတ်ပြလော့၊ သူက သူ့ လူမျိုးတို့အား ပြောသည်မှာ ‘‘အို–ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့သည် ကျွန်ုပ်၏ ရပ်တည်မှုနှင့် ကျွန်ုပ် ကိုးစားသော ပရမတ်ဘုရားရှင်၊ ထိုပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများဖြင့် သတိဖေါ်ပေးခဲ့သည်ကို မာနကြီးနေလျှင်၊ သင်တို့နှင့် သင်တို့၏ ရောပြွန်း ကိုးကွယ်ခံများ အတူပူးပေါင်း၍ ညှနိုင်းကြားကြလော့၊ သင်တို့၏ ညှနိုင်းကြားမှုများသည် တလိုက်လိုက် မဖြစ်စေနှင့်၊ ထို့နောက် ကျွန်ုပ် အတွက် ဆုံးဖြတ်ပေးလော့၊ စောင့်ကြည့်နေခွင့် မပြုကြနှင့်–

(၁၃၄) အစ္စလာမ် သာသနာက လူသား၏ အရေးအကြီးဆုံး ဖြစ်သည့် ဦးနှောက်ပုံအပ်မှု (ကိုးကွယ်မှု) နှင့် စပ်လျဉ်း၍ အလွဲအချော် မရှိရစေရန် မကြာခဏ သွန်သင်ပေသည်။ လူသားသည် အမျိုးဂုဏ်ကြောင့်၊ မာနကြောင့်၊ မိရိုးဖလာ အစွဲကြောင့် အတွေးအခေါ် ထွက်ပေါက်ကို ရှာဖွေရန်၊ မတူညီသည့် အယူဝါဒများအား အကောင်းမြင်ဝါဒနှင့် လေ့လာရန် အားနည်းလျက် မိမိ၏ ထင်မြင်ချက်ကိုသာ အမှန်ဟု တစ်ထစ်ချ စွဲမှတ်၊ ဘဝကို ကုန်ဆုံးစေသည်က များပေသည်။

၇၂။ မွတ်ဆလင်	**فَإِن تَوَلَّيْتُمْ فَمَا سَأَلْتُكُم مِّنْ أَجْرٍ إِنْ أَجْرِيَ إِلاَّ عَلَى اللهِ وَأُمِرْتُ أَنْ أَكُونَ مِنَ الْمُسْلِمِينَ۞** –အကယ်၍ သင်တို့ လှည့်သွားကြလျှင်၊ ကျွန်ုပ်သည် သင်တို့ထံမှ အကျိုးဆုလဒ် မတောင်းခဲ့ချေ။ ကျွန်ုပ်အတွက် ဆုလဒ်သည် ပရမတ်ဘုရားရှင်ထံ၌သာ ရှိ၏။ ကျွန်ုပ်အား **သန္တိသုခဝါဒီ**များမှ ဖြစ်ရန် ညွှန်ကြားခံရ၏။''
၇၃။	**فَكَذَّبُوهُ فَنَجَّيْنَاهُ وَمَن مَّعَهُ فِي الْفُلْكِ وَجَعَلْنَاهُمْ خَلاَئِفَ وَأَغْرَقْنَا الَّذِينَ كَذَّبُواْ بِآيَاتِنَا فَانظُرْ كَيْفَ كَانَ عَاقِبَةُ الْمُنذَرِينَ۞** သို့သော် သူ့အား ငြင်းဆန်ကြ၏။ သို့ဖြင့် ငါသည်၊ သင်္ဘောပေါ်ရှိ သူ၊ သူနှင့် အတူရှိသူများကို လွတ်မြောက်စေတော်မူ၍၊ ဆက်ခံသူများအဖြစ် စီစဉ်တော်မူ၏။ ငါ၏ သုတ်ဒေသနာများအား ငြင်းဆန်သောသူတို့အား နစ်မြုပ်စေပြီ။ သတိပေးခံခဲ့ရသူတို့သည် နိဂုံး မည်သို့ ချုပ်ရသည်ကို ကြည့်ကြကုန်လော့။
၇၄။	**ثُمَّ بَعَثْنَا مِن بَعْدِهِ رُسُلاً إِلَى قَوْمِهِمْ فَجَآؤُوهُم بِالْبَيِّنَاتِ فَمَا كَانُواْ لِيُؤْمِنُواْ بِمَا كَذَّبُواْ بِهِ مِن قَبْلُ كَذَلِكَ نَطْبَعُ عَلَى قُلوبِ الْمُعْتَدِينَ۞** တဖန် သူ့နောက်တွင် သက်ဆိုင်ရာ လူမျိုးများထံသို့ ဥာဏ်စဉ်ဆောင်များကို ပွင့်ပေါ်စေတော်မူ၍၊ သူတို့ထံသို့ ရှင်းလင်းချက်များဖြင့် ရောက်လာစေ၏။ သို့သော် ရှေ့ကပင် ငြင်းဆန်ခဲ့ရာများကို သူတို့ ယုံကြည်ကြမည် မဟုတ်ချေ။ စည်းဖေါက်သူများ၏ နှလုံးသားကို ငါ တံဆိပ်ထုထားတော်မူပြီ။
၇၅။	**ثُمَّ بَعَثْنَا مِن بَعْدِهِم مُّوسَى وَهَارُونَ إِلَى فِرْعَوْنَ وَمَلَئِهِ بِآيَاتِنَا فَاسْتَكْبَرُواْ وَكَانُواْ قَوْمًا مُّجْرِمِينَ۞** သူတို့၏ နောက်တွင် မူဆာနှင့် ဟာရွန်အား ဖာရိုးမင်းဆက်နှင့် သူ၏ အကြံပေးများ ထံသို့ ငါ၏ သုတ်ဒေသနာများအားဖြင့် ပွင့်ပေါ်စေတော်မူ၏။ သို့သော် သူတို့သည် မောက်မာသော ရာဇဝတ်ကောင် လူမျိုးဖြစ်၏။
၇၆။	**فَلَمَّا جَاءهُمُ الْحَقُّ مِنْ عِندِنَا قَالُواْ إِنَّ هَذَا لَسِحْرٌ مُّبِينٌ۞** ငါ၏ထံမှ သစ္စာတရားသည် သူတို့ထံသို့ ရောက်လာစဉ်၊ ''ဤသည် ရှင်းလင်းထင်ရှားသော မှော်အတတ်သာ ဖြစ်၏။''ဟု ဆိုကြ၏။
၇၇။	**قَالَ مُوسَى أَتَقُولُونَ لِلْحَقِّ لَمَّا جَاءكُمْ أَسِحْرٌ هَذَا وَلاَ يُفْلِحُ السَّاحِرُونَ۞** မူဆာက ''သင်တို့ထံသို့ သစ္စာတရား ရောက်လာသည်ကို ထိုသို့ ပြောကြသလော၊ ဤသည် မှော်အတတ် ဖြစ်လေသလော၊ မှော်ဆရာတို့သည် အောင်မြင်ပေါက်မြောက်ကြမည် မဟုတ်ချေ။''ဟု ပြောဆိုသော်။
၇၈။	**قَالُواْ أَجِئْتَنَا لِتَلْفِتَنَا عَمَّا وَجَدْنَا عَلَيْهِ آبَاءنَا وَتَكُونَ لَكُمَا الْكِبْرِيَاء فِي الأَرْضِ وَمَا نَحْنُ لَكُمَا بِمُؤْمِنِينَ۞** သူတို့က ''သင်သည် ကျွန်ုပ်တို့အား တွေ့ရှိလိုက်နာနေသော မိရိုးဖလာမှ နောက်ပြန်လှည့်ရန်၊ သို့မဟုတ် သင်တို့ နှစ်ဦးသည် ဤတိုင်းပြည်၌ အကြီးအကဲဖြစ်လာရန်၊ ရောက်လာကြသလော၊ ကျွန်ုပ်တို့သည် သင်တို့အတွက် ယုံကြည်သူများ ဖြစ်လာမည် မဟုတ်ချေ။''ဟု ပြောကြလျက်၊
၇၉။ ကုရ၁၂	**وَقَالَ فِرْعَوْنُ ائْتُونِي بِكُلِّ سَاحِرٍ عَلِيمٍ۞** ဖာရိုးမင်းက ''မှော် ပညာရှင် ကိုယ်စီအား ကျွန်ုပ်ထံသို့ **ခေစားစေလော့**၊''ဟု မိန့်လေ၏။
၈၀။	**فَلَمَّا جَاء السَّحَرَةُ قَالَ لَهُم مُّوسَى أَلْقُواْ مَا أَنتُم مُّلْقُونَ۞** မှော်ဆရာများ ရောက်လာစဉ်၊ မူဆာက ''အသင်တို့ ခင်းကျင်းစရာအား ခင်းကျင်းလော့၊''ဟု ဆိုလိုက်၍။
၈၁။	**فَلَمَّا أَلْقَواْ قَالَ مُوسَى مَا جِئْتُم بِهِ السِّحْرُ إِنَّ اللهَ سَيُبْطِلُهُ إِنَّ اللهَ لاَ يُصْلِحُ عَمَلَ الْمُفْسِدِينَ۞**

၇း၁၀ဖြ ၂၀းဖြ	သူတို့ ခင်းကျင်းသော်၊ မူဆာက ပြောသည်မှာ ''အသင်တို့ ရောက်လာစေခဲ့သည်မှာ လှည့်စားမှုမျှသာ ဖြစ်၏၊ ပရမတ်ဘုရားရှင်က ၎င်းအား မှောက်မှားစေလတ္တံ့။ ဇောန်ပင် ပရမတ်ဘုရားရှင်သည် အဖျက်ကောင်များ၏ ကျင့်ကြံမှုအား ပြုပြင်ပြောင်းလဲစေတော်မမူချေ။–
၈၂။	**وَيُحِقُّ اللهُ الْحَقَّ بِكَلِمَاتِهِ وَلَوْ كَرِهَ الْمُجْرِمُونَ۝** ရာဇဝတ်ကောင်များက မည်မျှပင် မကြိုက်သော်လည်း၊ ပရမတ်ဘုရားရှင်သည် မိမိ၏ တရားတော်အားဖြင့် သစ္စာတရားအား ပို၍ မှန်ကန်ခိုင်မာစေတော်မူ၏။''ဟု ဖြစ်၏။
၈၃။	**فَمَا آمَنَ لِمُوسَى إِلاَّ ذُرِّيَّةٌ مِّن قَوْمِهِ عَلَى خَوْفٍ مِّن فِرْعَوْنَ وَمَلَئِهِمْ أَن يَفْتِنَهُمْ وَإِنَّ فِرْعَوْنَ لَعَالٍ فِي الأَرْضِ وَإِنَّهُ لَمِنَ الْمُسْرِفِينَ۝** သို့သော် သူလူမျိုးများထဲမှ သူ၏သားမြေးမှအပ မူဆာအား ယုံကြည်သူ မရှိချေ။ ဖာရိုးနှင့် သူ့အကြံပေးများ၏ သွေးတိုးစမ်းမှုကြောင့် ကြောက်စိတ် လွှမ်းနေ၏။ ဇောန်ပင် ဖာရိုးသည် တိုင်းပြည်၌ ထိပ်သီး ဖြစ်၏၊ သူသည် အလွဲသုံးစားပြုသူတို့မှ ဖြစ်၏။
၈၄။	**وَقَالَ مُوسَى يَا قَوْمِ إِن كُنتُمْ آمَنتُم بِاللهِ فَعَلَيْهِ تَوَكَّلُواْ إِن كُنتُم مُّسْلِمِينَ۝** မူဆာက ''အို–ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့သည် ပရမတ်ဘုရားရှင်အား ယုံကြည်သူများ ဖြစ်ကြလျှင်၊ သင်တို့သည် ငြိမ်းချမ်းရေးဝါဒီများ ဖြစ်ကြလျှင်၊ အရှင့်အား ကိုးစားကြလော့၊''ဟု ဟောကြားသော်၊
၈၅။	**فَقَالُواْ عَلَى اللهِ تَوَكَّلْنَا رَبَّنَا لاَ تَجْعَلْنَا فِتْنَةً لِّلْقَوْمِ الظَّالِمِينَ۝** သူတို့ ဆုတောင်းသည်မှာ ''ပရမတ်ဘုရားရှင်၌ ကျွန်ုပ်တို့သည် ကိုးစားပါ၏။''''အို– တပည့်တော်တို့၏ ကံကြမ္မာရှင်၊ တပည့်တော်တို့အား မိုက်ကြေးခွဲနေသော လူမျိုးတို့၏ သွေးတိုးမစမ်းနိုင်ရန် စီစဉ်ပေးတော်မူပါ –
၈၆။	**وَنَجِّنَا بِرَحْمَتِكَ مِنَ الْقَوْمِ الْكَافِرِينَ۝** ဖိုးကွယ်သော လူမျိုးမှ လွတ်မြောက်စေရန် တပည့်တော်တို့အား အရှင့် ကရုဏာသက်တော်မူပါ၊''ဟု ဖြစ်၏။
၈၇။ ☆ ၂း၃	**وَأَوْحَيْنَا إِلَى مُوسَى وَأَخِيهِ أَن تَبَوَّءَا لِقَوْمِكُمَا بِمِصْرَ بُيُوتًا وَاجْعَلُواْ بُيُوتَكُمْ قِبْلَةً وَأَقِيمُواْ الصَّلاَةَ وَبَشِّرِ الْمُؤْمِنِينَ۝** ငါက မူဆာနှင့် သူ့အစ်ကိုထံသို့ ''သင်တို့၏ လူမျိုးများအတွက် အိမ်များကို အဂျစ်၌ နေရာချစေလော့၊ သင်တို့၏ အိမ်များကို ရှေ့ရှုရာ အဖြစ် စီစဉ်ကြလော့။(၅၃) ဝတ်ပြု မြဲကြလော့၊☆ ယုံကြည်သူများအတွက် သတင်းကောင်း ပါးလော့၊''ဟု အာရုံစူးနှိပ်ပေး၏။

(၅၃) ဤသုတ်တော်မှ **قِبْلَةً مَّكِّيَّة** ဆိုသော စကားမှာ မျက်နှာမူရာ အရပ်ဟု ဖြစ်၍။ ''ဘုရားရှိခိုးသောအခါ မျက်နှာမူရာ အရပ်၊''ဟု ကောက်ယူလျက် အချို့က ''ဘုရားရှိခိုးကျောင်း၊ ဝတ်ကျောင်းတော်'' စသည်ဖြင့် ဘာသာပြန်ကြကာ၊ ''သင်တို့၏ နေအိမ်များကို ဘုရားကျောင်းများ အဖြစ်၊ သို့မဟုတ် ဘုရားရှိခိုးရာ နေရာများ ပြုလုပ်ကြလော့၊''ဟု ပြန်ဆိုကြပေသည်။ ဤသို့ ပြန်ဆိုမှုများမှာ မှားယွင်းခြင်း မရှိနိုင်ပေ။ သို့သော် ဤသုတ်တော်၏ ရှေ့နောက်ဆက်စပ်မှုများ အရ ကိုယ်တော်မူဆာနှင့် သူ၏ နောင်တော် ဟာရွန်တို့၏ စိတ်တွင် အဂျစ်ပြည်မှ သူတို့ လူမျိုးများ အကူအညီ ကင်းမဲ့နေမှု၊ ခေါင်းဆောင်ကောင်း လိုအပ်နေမှု၊ များကို ပြန်လည် ငဲ့ကြည့်စေရန်၊ ထိုလူမျိုးများအတွက် ရည်သန်ရှေ့ရှု၍ (ရည်ရွယ်ချက်) ထား၍ အလုပ်လုပ်ရန်၊ အာရုံ ဖြစ်ပေါ်လာခြင်း ဖြစ်သည်ဟု နားလည်နိုင်ပေသည်။ ထို့ကြောင့်လည်း သူတို့လူမျိုးများထံသို့ ပြန်လည် ရောက်လာသည့် ကိုယ်တော်မူဆာသည် သူ့လူမျိုးများကို ဖာရိုး၏ နှိပ်စက်မှုအောက်၌ ပစ်မထားခဲ့ဘဲ ထိုလူမျိုးများ၏ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို တစ်စိုက်မတ်မတ် လုပ်ဆောင်သွားကြောင်း ကျမ်းတော်၏ နေရာပေါင်း များစွာတွင် ဖော်ပြထားပေသည်။

၈၈။	**وَقَالَ مُوسَى رَبَّنَا إِنَّكَ آتَيْتَ فِرْعَوْنَ وَمَلأَهُ زِينَةً وَأَمْوَالاً فِي الْحَيَاةِ الدُّنْيَا رَبَّنَا لِيُضِلُّواْ عَن سَبِيلِكَ رَبَّنَا اطْمِسْ عَلَى أَمْوَالِهِمْ وَاشْدُدْ عَلَى قُلُوبِهِمْ فَلاَ يُؤْمِنُواْ حَتَّى يَرَوُاْ الْعَذَابَ الأَلِيمَ۞** မူဆာက “အို– ကံကြမ္မာရှင်၊ အရှင်သည် ဖာရိုးနှင့် သူ့အကြံပေးတို့အား ဤလောကီ ဘဝ၌ စွဲမက်စရာနှင့် ဥစ္စာကို ပေးထား၏၊ အို– ကံကြမ္မာရှင်၊ သူတို့သည် အရှင်၏ လမ်းစဉ်မှ လွဲဖယ်စေရန်ပြုနေ၏။ အို– ကံကြမ္မာရှင်၊ သူတို့၏ ဥစ္စာများကို အရေကွာစေတော်မူပါ။ စူးနစ်နာကျင်သော ဝဋ်ကြွေးအား မြင်ရသည့်တိုင် ယုံကြည်ခြင်း ကင်းမဲ့စေရန် သူတို့၏ နှလုံးသားကို မာပြင်းစေတော်မူပါ၊”ဟု ဆုတောင်းသော်– ၈၉။ **قَالَ قَدْ أُجِيبَت دَّعْوَتُكُمَا فَاسْتَقِيمَا وَلاَ تَتَّبِعَآنِّ سَبِيلَ الَّذِينَ لاَ يَعْلَمُونَ۞** “အသင်တို့ ညီနောင်၏ ဆုတောင်းကို ငါ တုန့်ပြန်တော်မူပြီ၊ သင်တို့သည် ရပ်တည်မှုရှိလော့၊ အသိပညာ မရှိသောသူများ၏ လမ်းစဉ်အား မလိုက်လေနှင့်၊”ဟု ငါ မိန့်မြွက်၏။ ၉၀။ **وَجَاوَزْنَا بِبَنِي إِسْرَائِيلَ الْبَحْرَ فَأَتْبَعَهُمْ فِرْعَوْنُ وَجُنُودُهُ بَغْيًا وَعَدْوًا حَتَّى إِذَا أَدْرَكَهُ الْغَرَقُ قَالَ آمَنتُ أَنَّهُ لا إِلـهَ إِلاَّ الَّذِي آمَنَتْ بِهِ بَنُو إِسْرَائِيلَ وَأَنَاْ مِنَ الْمُسْلِمِينَ۞** ငါသည် ဂျူးလူမျိုးတို့အား ပင်လယ်ကို ဖြတ်စေ၏။۞ ဖာရိုးနှင့် သူ၏ စစ်တပ်က အပြစ်ရှာ စည်းဖေါက်၍ အမှီလိုက်ကြ၏၊ ရေနစ်ဖုံးလွှမ်းခြင်း ခံရသောအခါမှ “ဂျူးလူမျိုးများ ယုံကြည်သော အရှင် ထိုအရှင်မှအပ အခြားဘုရား မရှိပါ၊ တပည့်တော် ယုံကြည်ပါပြီ၊ ဇကန်ပင် တပည့်တော်သည် ငြိမ်းချမ်းရေးဝါဒီများမှ ဖြစ်ပါပြီ။”ဟု ဝန်ခံ၏။ ۞ ၂း၅၀ ၉၁။ **آلآنَ وَقَدْ عَصَيْتَ قَبْلُ وَكُنتَ مِنَ الْمُفْسِدِينَ۞** အလို – ယခုမှ၊ အသင်သည် အဖျက်ကောင်များမှ ဖြစ်၍ ရှေ့အလျင်ပင် အာခံခဲ့လေပြီ။ ၉၂။ ထိန်းသိမ်းထား **فَالْيَوْمَ نُنَجِّيكَ بِبَدَنِكَ لِتَكُونَ لِمَنْ خَلْفَكَ آيَةً وَإِنَّ كَثِيرًا مِّنَ النَّاسِ عَنْ آيَاتِنَا لَغَافِلُونَ۞** ယနေ့၌ နောင်မျိုးဆက်များ အတွက် လက္ခဏာ တစ်ရပ် ဖြစ်စေရန်၊ သင်၏ ရုပ်ကလပ်ကို ငါ **လွှတ်မြောက်စေ**တော်မူပြီ။ ဇကန်ပင် လူသားတို့မှ အများစုသည် ငါ၏ သက်သေလက္ခဏာများအား မေ့လျော့နေကြ၏။[၅၃၆] ၉၃။ ဆုံးဖြတ် **وَلَقَدْ بَوَّأْنَا بَنِي إِسْرَائِيلَ مُبَوَّأَ صِدْقٍ وَرَزَقْنَاهُم مِّنَ الطَّيِّبَاتِ فَمَا اخْتَلَفُواْ حَتَّى جَاءهُمُ الْعِلْمُ إِنَّ رَبَّكَ يَقْضِي بَيْنَهُمْ يَوْمَ الْقِيَامَةِ فِيمَا كَانُواْ فِيهِ يَخْتَلِفُونَ۞** ငါသည် ဂျူးလူမျိုးတို့အား နေရာထိုင်ခင်းဖြင့် မှန်မှန်ကန်ကန် နေရာချပေးခဲ့၏၊ စင်ကြယ်ရာများမှ ရိက္ခာထောက်ခဲ့၏၊ သူတို့ထံသို့ ဤအသိ ရောက်မလာမီအထိ သဘောထားကွဲမှု မရှိသေးချေ။ သူတို့၏ ကြားဝင် ရှိသော ကွဲလွဲမှုများကို သင်၏ ကံကြမ္မာရှင်သည် ရပ်တည်ရသော နေ့၌ **အပြီးသတ်စေ**လတ္တံ့။ ၉၄။ **فَإِن كُنتَ فِي شَكٍّ مِّمَّا أَنزَلْنَا إِلَيْكَ فَاسْأَلِ الَّذِينَ يَقْرَؤُونَ الْكِتَابَ مِن قَبْلِكَ لَقَدْ جَاءكَ الْحَقُّ مِن رَّبِّكَ فَلاَ تَكُونَنَّ مِنَ الْمُمْتَرِينَ۞** သင့်ထံသို့ ငါ ချမှတ်ပေးရာ၌ ဒွိဟဖြစ်လျှင်၊ သင် ရှေ့အလျင် ကျမ်းစာ ဖတ်သောသူများကို မေးမြန်းလော့၊ ဇကန်ပင် သစ္စာတရားသည် သင့်ထံသို့ သင်၏ကံကြမ္မာရှင်ထံမှ ရောက်လာ၏၊ သို့ဖြစ်၍ သင်သည် အချင်းများသူများ၌ မပါနှင့်။[၅၃၇]

---

(၅၃၆) ကိုယ်တော်မူဆာ လက်ထက်တွင် အုပ်ချုပ်မင်းလုပ်ခဲ့သော် အီဂျစ်ပြည့်ရှင်မင်း (ဖာရိုး) ရာမစ်စီ (၂)၏ ရုပ်ကလပ်အား နိုင်းမြစ်ထဲမှ မတွေ့ရှိမှီ အထိ၊ ဤသုတ်တော်အား အနောက်တိုင်းသားများက အကြီးအကျယ် ဝေဖန်ခဲ့ကြပေသည်။ သို့သော် ကျမ်းတော်ပါ၊ သွန်သင်ချက်များသည် မှုသားမဲ့ကြောင်းကို ဖာရိုးမင်းများ၏ ရုပ်ကလပ်များအား တူးဖေါ်တွေ့ရှိ၍ ပြတိုက်ထဲတွင် ထားလိုက်သည်မှ စ၍ ဝေဖန်မှုများ ရပ်စဲရကုန်ပြီ။

၉၅။	**وَلاَ تَكُونَنَّ مِنَ الَّذِينَ كَذَّبُواْ بِآيَاتِ اللهِ فَتَكُونَ مِنَ الْخَاسِرِينَ۞** ထို့ပြင် သင်သည် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများအား ငြင်းဆန်သောသူများ၌ မပါဝင်နှင့်၊ သို့မဟုတ်က သင်သည် ဆုံးရှုံးသူများမှ ဖြစ်ရလတ္တံ့။
၉၆။	**إِنَّ الَّذِينَ حَقَّتْ عَلَيْهِمْ كَلِمَتُ رَبِّكَ لاَ يُؤْمِنُونَ۞** ဇကန်ပင် သင့်ကံကြမ္မာရှင်၏ စကားတော်သည် သူတို့အပေါ်၌ အမှန်ဖြစ်၏၊ သူတို့သည် ယုံကြည်ကြမည် မဟုတ်ချေ။
၉၇။	**وَلَوْ جَاءتْهُمْ كُلُّ آيَةٍ حَتَّى يَرَوُاْ الْعَذَابَ الأَلِيمَ۞** မည်သည့် သုတ်ဒေသနာများ ရောက်လာသည်ဖြစ်စေ၊ စူးနစ်နာကျင်သော ဝဋ်ကြွေးကို မမြင်ရသ၍ အရေးမပါချေ။
၉၈။	**فَلَوْلاَ كَانَتْ قَرْيَةٌ آمَنَتْ فَنَفَعَهَا إِيمَانُهَا إِلاَّ قَوْمَ يُونُسَ لَمَّآ آمَنُواْ كَشَفْنَا عَنْهُمْ عَذَابَ الخِزْيِ فِي الْحَيَاةَ الدُّنْيَا وَمَتَّعْنَاهُمْ إِلَى حِينٍ۞** ယုံကြည်မှုအတွက် ယုံကြည်မှု၏ အကျိုး မခံစားရသော အရပ်ဒေသဟူ၍ မရှိ။ ယူနုတ်စ်၏[၃၃] လူမျိုး၊ သူတို့၏ ယုံကြည်ချက်ကြောင့် သူတို့သည် ဤလောကီ ဘဝ၌ အရှက်ကွဲရခြင်း ဝဋ်ကြွေးမှ ဖယ်ရှားခံရ၍၊ ချမ်းမြေ့သော ခေတ်ကို ကာလတစ်ခုထိ ပိုင်ခဲ့၏။
၉၉။ ❖၂၂၅၆	**وَلَوْ شَاء رَبُّكَ لآمَنَ مَن فِي الأَرْضِ كُلُّهُمْ جَمِيعًا أَفَأَنتَ تُكْرِهُ النَّاسَ حَتَّى يَكُونُواْ مُؤْمِنِينَ۞** သင့် ကံကြမ္မာရှင်၏ စံချိန်ပြည့်ပြီးဖြစ်လျှင်၊ မြေပေါ်၌ ရှိသမျှသောသူ အားလုံးသည် ယုံကြည်ပြီး ဖြစ်လတ္တံ့။ သင်သည် လူသားတို့အား ယုံကြည်သူများ ဖြစ်သည့်တိုင်အောင် အဓမ္မပြုမည်လော။❖
၁၀၀။	**وَمَا كَانَ لِنَفْسٍ أَن تُؤْمِنَ إِلاَّ بِإِذْنِ اللهِ وَيَجْعَلُ الرِّجْسَ عَلَى الَّذِينَ لاَ يَعْقِلُونَ۞** ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက် မရှိဘဲ မည်သည့် ဥဉ်သည်မှ ယုံကြည်လာမည် မဟုတ်ချေ။ အတွေးအခေါ် မရှိသော သူများကို ညစ်ညမ်းစေရန် စီစဉ်ထားတော်မူလတ္တံ့။
၁၀၁။	**قُلِ انظُرُواْ مَاذَا فِي السَّمَاوَاتِ وَالأَرْضِ وَمَا تُغْنِي الآيَاتُ وَالنُّذُرُ عَن قَوْمٍ لاَّ يُؤْمِنُونَ۞** “မိုးများနှင့် မြေ၌ ရှိသော အရာများကို ကြည့်ကြလော့၊ ယုံကြည်မှု မရှိသော လူမျိုးအတွက် ပြည့်စုံသော သုတ်ဒေသနာများ၊ သတိပေးသူများ ရှိနေသည် မဟုတ်လော၊”ဟု ဟောကြားလော့။
၁၀၂။	**فَهَلْ يَنتَظِرُونَ إِلاَّ مِثْلَ أَيَّامِ الَّذِينَ خَلَوْاْ مِن قَبْلِهِمْ قُلْ فَانتَظِرُواْ إِنِّي مَعَكُم مِّنَ الْمُنتَظِرِينَ۞** သူတို့၏ ရှေ့အလျင် ကွယ်လွန်ခဲ့ပြီးသော သူများ၏ နေ့ကာလများ ကဲ့သို့သာ သူတို့ စောင့်ကြည့်နေကြသလော၊ ဟောလော့ “သင်တို့ စောင့်ကြည့်ကြလော့၊ ကျွန်ုပ်သည်လည်း စောင့်ကြည့်နေသူများမှ ဖြစ်၏။”
၁၀၃။	**ثُمَّ نُنَجِّي رُسُلَنَا وَالَّذِينَ آمَنُواْ كَذَلِكَ حَقًّا عَلَيْنَا نُنجِ الْمُؤْمِنِينَ۞** တဖန် ငါသည် ငါ၏ ဥဇော်စဉ်ဆောင်များနှင့် ယုံကြည်သောသူများအား လွတ်မြောက်စေတော်မူ၏၊ ဤသို့ ယုံကြည်

---

(၅၃၇) ကျမ်းတော်တွင် ပြောသည့် “သင်သည်” ဆိုသော စကားလုံးမှာ အချိန်တိုင်းအခါတိုင်း၌ ကိုယ်တော်မုဟမ္မဒ်အား ရည်ညွှန်းခြင်း မဟုတ်ချေ။ ကျမ်းတော်၏ များစွာသော နေရာများတွင် အသင်၊ အသင်တို့ ဆိုသည်မှာ ကြားနာသူ၊ စာဖတ်သူများကို ညွှန်းပေသည် (၂း၁၃၆။ ၂၁း၁၀)။

(၅၃၈) ကိုယ်တော်**ယူနုစ်**အား အမည်နာမအားဖြင့် ကျမ်းတော်တွင် (၄)ကြိမ် ဖော်ပြသည်။ သမ္မာကျမ်းတွင် **ယောန** ဟု ခေါ်တွင်ပြီး ဗုဒ္ဓရာဇဝင်တွင် “ငါးမြိုခံခဲ့ရသည်မှာ” ရှင်ဗါကုလ ဟု (ဝိသုဒ္ဓိမဂ် မြန်မာပြန် တတိယတွဲ စာ–၂၂) ဟု ဖော်ပြ၍ အချို့ ရာဇဝင်များ တွင် **သောက်ထိသေန** မင်းသား ဟု ဖော်ပြသည်။ ဗုဒ္ဓ ရာဇဝင်အရ ကိုယ်တော်သည် လူဘဝတွင် သောက်ထိသေနပြည်မှ မင်းသားဖြစ်၍ ရဟန်းဘဝ တွင် ရှင်ဗာကုလ ဖြစ်နိုင်သည်။

	သူများအား လွတ်မြောက်စေခြင်းမှာ ငါ၏ မဖေါက်ပြန်သော ပြဋ္ဌာန်းချက်ဖြစ်၏။
၁၀၄။	**قُلْ يَا أَيُّهَا النَّاسُ إِن كُنتُمْ فِي شَكٍّ مِّن دِينِي فَلاَ أَعْبُدُ الَّذِينَ تَعْبُدُونَ مِن دُونِ اللهِ وَلَـكِنْ أَعْبُدُ اللهَ الَّذِي يَتَوَفَّاكُمْ وَأُمِرْتُ أَنْ أَكُونَ مِنَ الْمُؤْمِنِينَ۞** ဟောလော့ "အို– လူသားတို့၊ သင်တို့သည် ပရမတ်ဘုရားရှင် မှလွဲ၍ ကိုးကွယ်နေသော အရာများကို ကိုးကွယ်ခြင်း မရှိသည့် ကျွန်ုပ်၏ သာသနာ၌ ဒိဋ္ဌဖြစ်ကြသလော၊ ကျွန်ုပ်သည် ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်၏၊ အရှင်သည် သင်တို့၏ အသက်တာကိုပိုင်၏၊ ကျွန်ုပ်အား ယုံကြည်သူများ၌ ပါဝင်ရန် ညွှန်ကြားခံရသည်မှာ–
၁၀၅။	**وَأَنْ أَقِمْ وَجْهَكَ لِلدِّينِ حَنِيفًا وَلاَ تَكُونَنَّ مِنَ الْمُشْرِكِينَ۞** –သာသနာ၌ အယူသန့်သူ အဖြစ် မျက်မှောက်ပြု ရပ်တည်လော့၊ ရောပြွန်းကိုးကွယ်သူများမှ မဖြစ်နှင့်–
၁၀၆။	**وَلاَ تَدْعُ مِن دُونِ اللهِ مَا لاَ يَنفَعُكَ وَلاَ يَضُرُّكَ فَإِن فَعَلْتَ فَإِنَّكَ إِذًا مِّنَ الظَّالِمِينَ۞** ပရမတ်ဘုရားရှင် မှလွဲ၍ ကောင်းကျိုး ဆိုးကျိုး မပေးနိုင်သော အရာများ၌ ဆုမတောင်းနှင့်။ အကယ်၍ ပြုလုပ်ခဲ့လျှင် အသင်သည် အမိုက်ကောင်များ၏ အနက်၌ ပါဝင်ရချေပြီ။
၁၀၇။	**وَإِن يَمْسَسْكَ اللهُ بِضُرٍّ فَلاَ كَاشِفَ لَهُ إِلاَّ هُوَ وَإِن يُرِدْكَ بِخَيْرٍ فَلاَ رَآدَّ لِفَضْلِهِ يُصَيبُ بِهِ مَن يَشَاء مِنْ عِبَادِهِ وَهُوَ الْغَفُورُ الرَّحِيمُ۞** အကယ်၍ ပရမတ်ဘုရားရှင်က သင့်အား ဆိုးကျိုး သက်စေသော်၊ အရှင်မှအပ ၎င်းအား ဖယ်ရှားနိုင်သူ မရှိ။ အရှင်က အကောင်းဖြစ်စေလိုလျှင် အရှင်၏ သိက္ခာပေးမှုအား တားဆီးနိုင်သူ မရှိ၊ အရှင်သည် အမှုတော်ဆောင်များမှ စံချိန်ပြည့်သူအား တိုးပွားမှု သက်စေ၏၊ အရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။"
၁၀၈။	**قُلْ يَا أَيُّهَا النَّاسُ قَدْ جَاءكُمُ الْحَقُّ مِن رَّبِّكُمْ فَمَنِ اهْتَدَى فَإِنَّمَا يَهْتَدِي لِنَفْسِهِ وَمَن ضَلَّ فَإِنَّمَا يَضِلُّ عَلَيْهَا وَمَا أَنَاْ عَلَيْكُم بِوَكِيلٍ۞** ဟောလော့ "အို– လူသားတို့၊ သစ္စာတရားသည် သင်တို့၏ ကံကြမ္မာရှင်ထံမှ ရောက်ရှိလာပြီ၊ သို့ဖြစ်၍ လမ်းညွှန်သို့ လိုက်သူသည်၊ သူ၏ ဉာဉ်စရိုက်အတွက် လမ်းညွှန်သို့ လိုက်ခြင်း ဖြစ်၏၊ လမ်းလွဲသို့လိုက်သူသည် သူ့အတွက် လမ်းလွဲသို့ လိုက်ခြင်း ဖြစ်၏၊ ကျွန်ုပ်သည် သင်တို့၏ ကိုးစားခံရသူ မဟုတ်ချေ။"[၁၃၉]
၁၀၉။	**وَاتَّبِعْ مَا يُوحَى إِلَيْكَ وَاصْبِرْ حَتَّىَ يَحْكُمَ اللهُ وَهُوَ خَيْرُ الْحَاكِمِينَ۞** အသင့်ထံသို့ အာရုံစူးစိုက်ပေးရာကို လိုက်နာလော့၊ ပရမတ်ဘုရားရှင်၏ စီရင်ထုံးပြုသည်အထိ သည်းခံလော့၊ အရှင်သည် အကောင်းဆုံး ဓမ္မသတ်ချုပ် ဖြစ်တော်မူ၏။

(၅၃၉) အစ္စလာမ်သာသနာသည် အဓမ္မသာသနာပြုသော စနစ်ဖြင့် ကမ္ဘာကို ဖြန့်ကျက်သည်ဟု စွပ်စွဲခြင်းမှာ လွန်စွာ ခေတ်နောက်ကျသော စွပ်စွဲချက်ဖြစ်သော်လည်း၊ အစ္စလာမ်သာသနာအား မလေ့မလာ၊ မစူးမစမ်းဘဲ အကုသိုလ်သင့်လောက်အောင် မုန်းတီးနေသူများ၏ နှလုံးသား၌ ထိုစွပ်စွဲချက်မှာ အသစ် ဖြစ်နေဆဲပင်။ ထိုသို့ စွပ်စွဲချက်မျိုးကို ကျမ်းတော်ပါ သွန်သင်ချက်များက မကြာခဏ ပယ်ချပေသည်။ ၎င်းတို့အထဲတွင် ဤသုတ်တော်နှင့် သုတ်တော် ၉၉ သည်လည်း အပါအဝင် ဖြစ်ပေသည်။ အစ္စလမ်သာသနာ ပေါ်ထွန်းသော ကာလ အေဒီ ၆ ရာစုကပင် ဘာသာတရား လွတ်လပ်ခွင့်ကို အစ္စလမ်ဘာသာက ဥပဒေ တစ်ရပ် အဖြစ် ပြဋ္ဌာန်းပေးပြီး နေပေပြီ။

ဓမ္မခန္ဓာ (၁၁) “ဟူ–ဒ်”

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၅၂။ သုတ်ဒေသနာ– ၁၂၃ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁း၁

၁။ ✡ ၁၀း၁	**الَر كِتَابٌ أُحْكِمَتْ آيَاتُهُ ثُمَّ فُصِّلَتْ مِن لَّدُنْ حَكِيمٍ خَبِيرٍ۞** အလက်ဖ်၊လမ်၊ရာ✡ ဤသည် ဓမ္မသတ်ရှင်၊ သတင်းသိနေသော အရှင့်၏ထံမှ ရှင်းလင်းဆုံးဖြတ်ချက် သုတ်ဒေသနာများဖြင့် ဥပဒေ ကျမ်းတော် ဖြစ်၏။
၂။	**أَلاَّ تَعْبُدُواْ إِلاَّ اللهَ إِنَّنِي لَكُم مِّنْهُ نَذِيرٌ وَبَشِيرٌ۞** ပရမတ်ဘုရားရှင်မှ အပ မကိုးကွယ်ကြနှင့်၊ သင်တို့အဘို့ ကျွန်ုပ်သည် အရှင့်ထံမှ သတိပေးသူ၊ သတင်းကောင်း ပါးသူပင် ဖြစ်၏။
၃။	**وَأَنِ اسْتَغْفِرُواْ رَبَّكُمْ ثُمَّ تُوبُواْ إِلَيْهِ يُمَتِّعْكُم مَّتَاعًا حَسَنًا إِلَى أَجَلٍ مُّسَمًّى وَيُؤْتِ كُلَّ ذِي فَضْلٍ فَضْلَهُ وَإِن تَوَلَّوْاْ فَإِنِّيَ أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ كَبِيرٍ۞** သင်တို့၏ ကံကြမ္မာရှင်ထံ၌ လွတ်ငြိမ်းဆုများပန်ကြလော့၊ ထို့နောက် အရှင့်ထံသို့ ခဝါချကြလော့၊ အရှင်သည် သင်တို့အား သတ်မှတ်ချိန်ထိ တင့်တယ်သော ချမ်းမြေ့မှုကို ဖြည့်ဆီးတော်မူလတ္တံ့။ သိက္ခာပေးတတ်သူတိုင်းအား သိက္ခာ ပြန်ပေးခြင်း ခံရလတ္တံ့။ အကယ်၍ လှည့်သွားကြလျှင်၊ အသင်တို့အတွက် ဝဋ်ကြွေးသင့်မည့် နေ့တော်ကြီးအား ကျွန်ုပ် စိုးရိမ်လှချေ၏။
၄။	**إِلَى اللهِ مَرْجِعُكُمْ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ۞** သင်တို့၏ အပြန်ခရီးသည် ပရမတ်ဘုရားရှင်ထံသို့သာ ဖြစ်၏၊ အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၅။	**أَلا إِنَّهُمْ يَثْنُونَ صُدُورَهُمْ لِيَسْتَخْفُواْ مِنْهُ أَلا حِينَ يَسْتَغْشُونَ ثِيَابَهُمْ يَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ۞** အရှင့်ထံမှ ထိန်ဝှက်ရန် အလို့ငှာ သူတို့၏ ရင်ဘတ်များကို နှစ်ခေါက်ချိုးထားကြကုန်၏။[၁၄၀] သူတို့ကိုယ် သူတို့ ခြုံထည်ဖြင့် လွှမ်းခြုံစဉ်ကာလ၊ အရှင်သည် သူတို့၏ ကြိတ်ကြုံစည်ရာ၊ လူသိရှင်ကြားပြုရာများကို သိနေတော်မူ၏၊ အရှင်သည် ရင်တွင်း ခံစားချက်များ အားဖြင့် သိနေသော အရှင် ဖြစ်၏။
၆။	**وَمَا مِن دَآبَّةٍ فِي الأَرْضِ إِلاَّ عَلَى اللهِ رِزْقُهَا وَيَعْلَمُ مُسْتَقَرَّهَا وَمُسْتَوْدَعَهَا كُلٌّ فِي كِتَابٍ مُّبِينٍ۞** ဤလောကၦ ရိက္ခာအတွက် ပရမတ်ဘုရားရှင်အား မတည်မှီရသော သတ္တဝါဟူ၍ မရှိချေ။ အရှင်သည် ၎င်း၏ တည်ငြိမ်စွာနေခြင်း ကင်းရှင်းစွာနေခြင်းကို သိနေတော်မူ၏၊ ခပ်သိမ်းကုန်သည် ရှင်းလင်းထင်ရှားသော မှတ်တမ်း၌ ရှိ၏။
၇။ ✡ ၁၀း၃	**وَهُوَ الَّذِي خَلَقَ السَّمَاوَاتِ وَالأَرْضَ فِي سِتَّةِ أَيَّامٍ وَكَانَ عَرْشُهُ عَلَى الْمَاء لِيَبْلُوَكُمْ أَيُّكُمْ أَحْسَنُ عَمَلاً وَلَئِن قُلْتَ إِنَّكُم مَّبْعُوثُونَ مِن بَعْدِ الْمَوْتِ لَيَقُولَنَّ الَّذِينَ كَفَرُواْ إِنْ هَذَا إِلاَّ سِحْرٌ مُّبِينٌ۞** အရှင်သည် မိုးများနှင့် မြေကမ္ဘာအား ကာလ ခြောက်ခုဖြင့် ဖြစ်တည်စေ၏၊ အရှင်၏ ထပ်ဆင့်ကွပ်ကဲမှုကို✡ ရေသို့ လွှမ်းစေ၏။[၁၄၀] ၎င်းမှာ သင်တို့အနက်မှ သုမင်္ဂလာ ကျင့်ကြံမှုအား စစ်ဆေးသိရှိရန် အလို့ငှာ ဖြစ်၏။ သို့သော်

---

(၅၀) ယခုစိန္တန ဆိုဒူးရ်–صُدُور يَثْنُونَ သူတို့၏ ရင်ဘတ်များကို ခေါက်ထားကြ၏ ဟူသည် **သူတို့သည် လျှို့ဝှက်ကြံစည်နေသည်** ဟု ဆိုလိုသည်။

(၅၄၀) ဤကမ္ဘာဂြိုလ်နှင့် ဆက်စပ်နေသော နေမိသားစုကို အချိန်ကာလ ၆ ကာလ ပိုင်ခြား၍ ဖြစ်တည်စေသည်ဟု ကျမ်းတော်က မကြာခဏ ဖေါ်ပြသည် (၇း၅၄။ ၁၀း၃။ ၁၃း၂။ ၂၀း၅။ ၂၅း၅၉။ ၃၂း၄)။ ဤတွင် ကမ္ဘာမြေက သက်ရှိအား လက်ခံနိုင်သည့် အပိုင်းအခြား၊ သက်ရှိများ ဆက်၍ ဖွံ့ဖြိုးစေသည့် အပိုင်းအခြားများ ပါဝင်ပေသည်။ ကမ္ဘာ၏ မိသားစုဝင် ဂြိုလ်များကို ကာလ ၂ ခုဖြင့် ဖြစ်တည်စေသည် (၄း၁၂)။ အာကာသသည် မူလက ခါတ်ငွေ့ထုကြီး ဖြစ်ခဲ့သည် (၄း၁၀)။ ကမ္ဘာနှင့် အခြားဂြိုလ်များသည် တစ်ပေါင်းတည်း ရှိခဲ့ရာမှာ ပေါက်ကွဲ လွင့်စင် ဖြစ်တည်လာခြင်း ဖြစ် သည် (၂၁း၃၀)။ ထိုသို့ အဆင့်ဆင့် ဖြစ်တည် လာရန် ကာလ(၆) ခု ကြာသည်ဟု ကျမ်းတော်က ဆိုပြီး။ သက်ရှိများသည် ဖြစ်တည်ရန် ရေသည်

	''သင်တို့သည် သေပြီးနောက် ပြန်လည် နိုးထရမည်''ဟု သင် ပြောသောအခါ၊ ဖုံးကွယ်သော သူများက ''ဤသည် ရှင်းလင်းထင်ရှားသော မှော်အတတ်ပင်တည်း၊''ဟု ဆိုကြလတ္တံ့။
၈။ ဂးသ္ဂ	**وَلَئِنْ أَخَّرْنَا عَنْهُمُ الْعَذَابَ إِلَى أُمَّةٍ مَّعْدُودَةٍ لَّيَقُولُنَّ مَا يَحْبِسُهُ أَلاَ يَوْمَ يَأْتِيهِمْ لَيْسَ مَصْرُوفًا عَنْهُمْ وَحَاقَ بِهِم مَّا كَانُواْ بِهِ يَسْتَهْزِؤُونَ۞** အသိုင်းအဝိုင်း တစ်ခုအား သူတို့နှင့် စပ်လျဉ်းသည့် ဝဋ်ကြွေးကို တွက်ချက်ထားသည့် အချိန်ထိ ငါ နောက်ဆုတ်ထားတော်မူလျှင်၊ ''မည်သည်က ချုပ်ထိန်းထားသနည်း၊''ဟု မေးကြလတ္တံ့။ အမှန်စင်စစ် သူတို့ထံသို့ ၎င်းတို့အား ဆိုက်ရောက်စေသော နေ့ကာလ၌၊ ဘက်ပြန်နိုင်သူ မရှိချေ။ သူတို့၏ လှောင်ပြောင်လေ့ ရှိသော အရာသည် သူတို့အား ပိတ်ဖုံးထားစေလတ္တံ့။
၉။	**وَلَئِنْ أَذَقْنَا الإِنْسَانَ مِنَّا رَحْمَةً ثُمَّ نَزَعْنَاهَا مِنْهُ إِنَّهُ لَيَئُوسٌ كَفُورٌ۞** ငါ၏ ကရုဏာတော်ကို လူသားအား မြည်စမ်းစေပြီး၊ တဖန် ၎င်းကို သူ့ထံမှ ဖယ်ပစ်သောအခါ၊ သူသည် လက်လျှော့၍၊ ဖုံးကွယ်တော့၏။
၁၀။	**وَلَئِنْ أَذَقْنَاهُ نَعْمَاء بَعْدَ ضَرَّاء مَسَّتْهُ لَيَقُولَنَّ ذَهَبَ السَّيِّئَاتُ عَنِّي إِنَّهُ لَفَرِحٌ فَخُورٌ۞** သူ့အား ဒုက္ခ ထိသက်ပြီးနောက် ဂုဏ်ရှိခြင်းကို မြည်းစေသောအခါ၊''အကုသိုလ်များသည် ကျွန်ုပ်အား မယူသွားနိုင်ပေ၊''ဟု ရင့်ကျူးလျက် အူမြူး ကြွားဝါတော့၏။
၁၁။	**إِلاَّ الَّذِينَ صَبَرُواْ وَعَمِلُواْ الصَّالِحَاتِ أُوْلَئِكَ لَهُم مَّغْفِرَةٌ وَأَجْرٌ كَبِيرٌ۞** သို့သော် သည်းခံလျက်၊ ပြုပြင်မှု ကျင့်ကြံသောသူများမှာ ထိုသို့မဟုတ်။ ထိုသူများအတွက် လွတ်ငြိမ်းခွင့်နှင့် ကြီးမားသော အကျိုးဆုလဒ်ရှိနေ၏။
၁၂။ ဂးသ္ဂ	**فَلَعَلَّكَ تَارِكٌ بَعْضَ مَا يُوحَى إِلَيْكَ وَضَآئِقٌ بِهِ صَدْرُكَ أَن يَقُولُواْ لَوْلاَ أُنزِلَ عَلَيْهِ كَنزٌ أَوْ جَاء مَعَهُ مَلَكٌ إِنَّمَا أَنتَ نَذِيرٌ وَاللّهُ عَلَى كُلِّ شَيْءٍ وَكِيلٌ۞** ''သူ့အပေါ် ရတနာမိုး အဘယ်ကြောင့် မသွန်းဖြိုးသနည်း၊ သို့မဟုတ် သူနှင့်အတူ နတ်ဒေဝတာတစ်ပါး* အဘယ်ကြောင့် မရောက်လာစေသနည်း၊''ဟု ဆိုခြင်းကြောင့်၊ သင့်ထံသို့ အာရုံစူးစိုက်ပေးရာမှ အချို့ကို ချန်ထားနိုင်ရာ၏။ သင့်ရင်ကို ကျပ်တည်းစေရာ၏။ အသင်သည် သတိပေးသူမျှသာ ဖြစ်၏၊ ပရမတ်ဘုရားရှင်သည်ကား သဗ္ဗလုံးစုံ ကိုးစားခံထိုက်သည့် အရှင် ဖြစ်၏။
၁၃။ ကုရ် အာန် ၂း၂၃	**أَمْ يَقُولُونَ افْتَرَاهُ قُلْ فَأْتُواْ بِعَشْرِ سُوَرٍ مِّثْلِهِ مُفْتَرَيَاتٍ وَادْعُواْ مَنِ اسْتَطَعْتُم مِّن دُونِ اللّهِ إِن كُنتُمْ صَادِقِينَ۞** သို့တည်းမဟုတ် ''သူသည် **ဤသည်**ကို လုပ်ကြံဖန်တီးထား၏''ဟု ဆိုကြ သူတို့အား၊ ''အသင်တို့သည် ဤကဲ့သို့ ဓမ္မခန္ဓာ ဆယ်ပါးကို လုပ်ကြံဖန်တီးယူလာပြလော့၊ သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ ထို့အတွက် ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့တတ်နိုင်သူများကို ခေါ်ခဲ့ကြလော့၊''ဟု ပြောလော့။
၁၄။	**فَإِن لَّمْ يَسْتَجِيبُواْ لَكُمْ فَاعْلَمُواْ أَنَّمَا أُنزِلَ بِعِلْمِ اللّهِ وَأَن لاَّ إِلَـهَ إِلاَّ هُوَ فَهَلْ أَنتُم مُّسْلِمُونَ۞** သူတို့မှ တုန့်ပြန်နိုင်ခြင်း မရှိလျှင်၊ ဤသည် ပရမတ်ဘုရားရှင်က အသိပညာဖြင့် ချမှတ်ပေးခြင်းဖြစ်၍၊ အရှင်မှအပ အခြားဘုရားဟူ၍ မရှိကြောင်း သူတို့အား အသိပေးလျက် ''သင်တို့သည် ငြိမ်းချမ်းရေးဝါဒီများ ဖြစ်ကြမည်လော၊''ဟု မေးမြန်းလော့။
၁၅။	**مَن كَانَ يُرِيدُ الْحَيَاةَ الدُّنْيَا وَزِينَتَهَا نُوَفِّ إِلَيْهِمْ أَعْمَالَهُمْ فِيهَا وَهُمْ فِيهَا لاَ يُبْخَسُونَ۞** ဤလောကီဘဝအား လိုလားလျက်၊ စွဲမက်ခြင်း ရှိသူတို့အား၊ သူတို့၏ ကျင့်ကြံမှု လုပ်အားခကို ပြီးပြည့်စေလတ္တံ့၊ လုံးဝလျော့ပေါ့ခြင်း မရှိစေရ။
၁၆။	**أُوْلَئِكَ الَّذِينَ لَيْسَ لَهُمْ فِي الآخِرَةِ إِلاَّ النَّارُ وَحَبِطَ مَا صَنَعُواْ فِيهَا وَبَاطِلٌ مَّا كَانُواْ يَعْمَلُونَ۞**

---

* မရှိမဖြစ်လိုသည် ဟု ဆိုသည်(၂း၃၀) ထို့ကြောင့် ကမ္ဘာဂြိုလ်၏ ဖြစ်တည်မှု အခန်းကဏ္ဍတွင် ရေသည် သက်ရှိများ အတွက် အဓိက အကျဆုံး ဖြစ်၍၊ ''ထပ်ဆင့်ကွပ်ကဲမှုကို ရေသို့ လွှမ်းစေ၏'' ဟု ဆိုထားခြင်း ဖြစ်ပေသည်။ အာကာသနှင့် ဂြိုလ်များ၏ ဖြစ်တည် ဆက်စပ်မှုကို (၂၁၇) တွင် ကြည့်ပါ။

	ထိုသို့သော သူများ၏ အတွက် နောင်ဘဝတွင် အပူမီးမှအပ အခြား မရှိချေ။ သူတို့၏ တည်ဆောက်မှုများသည် အချည်းနှီးသာ ဖြစ်၍၊ သူတို့၏ ကျင့်ကြံလေ့ရှိရာများကြောင့် အမှားချည်းသာ ဖြစ်ရ၏။
၁၇။ ကုရ်အာန် ကျမ်း	**أَفَمَن كَانَ عَلَى بَيِّنَةٍ مِّن رَّبِّهِ وَيَتْلُوهُ شَاهِدٌ مِّنْهُ وَمِن قَبْلِهِ كِتَابُ مُوسَى إِمَامًا وَرَحْمَةً أُوْلَئِكَ يُؤْمِنُونَ بِهِ وَمَن يَكْفُرْ بِهِ مِنَ الأَحْزَابِ فَالنَّارُ مَوْعِدُهُ فَلاَ تَكُ فِي مِرْيَةٍ مِّنْهُ إِنَّهُ الْحَقُّ مِن رَّبِّكَ وَلَكِنَّ أَكْثَرَ النَّاسِ لاَ يُؤْمِنُونَ۞** သူသည် ကံကြမ္မာရှင်၏ထံမှ ရှင်းလင်းချက်ပေးသော **အရာ**ပေါ်၌ ရှိသူ ဖြစ်သလော၊ အရှင့်ထံမှ သက်သေတစ်ပါးက **ရင်း**ကို ရွတ်ဖတ်ပြ၏။ **ဤ** ရှေ့အလျင်က ရှေ့ဆောင်လမ်းပြနှင့် ကရုဏာတော်ဖြစ်သည့် မူဆာ၏ ကျမ်းတော် ရှိ၏။ သူတို့သည် ထိုကျမ်း၌ ယုံကြည်ကြ၏။ ဂိုဏ်းအမျိုးမျိုးမှ ကျမ်းတော်အား ဖုံးကွယ်သူတို့အတွက်– အပူမီးသည် ကတိဖြစ်၏။ ထို့ကြောင့် **ထို၌** အချင်းမများကြနှင့်။ ဤသည် သင့်ကံကြမ္မာရှင်၏ ထံမှ သစ္စာတရားပင် ဖြစ်၏။ သို့သော် လူသား အများစုကြီးမှာ ယုံကြည်ကြသည် မဟုတ်ချေ။
၁၈။	**وَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللهِ كَذِبًا أُوْلَئِكَ يُعْرَضُونَ عَلَى رَبِّهِمْ وَيَقُولُ الأَشْهَادُ هَؤُلاء الَّذِينَ كَذَبُواْ عَلَى رَبِّهِمْ أَلاَ لَعْنَةُ اللهِ عَلَى الظَّالِمِينَ۞** ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီး လိမ်လည်သူထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း၊ သူတို့သည် ကံကြမ္မာရှင်၏ ဘောင်တွင်းမှဖြစ်ရလတ္တံ့။ ထိုအခါ သက်သေများက "ဤသူတို့သည် ကံကြမ္မာရှင်နှင့် စပ်လျဉ်း၍ လိမ်လည်သောသူများ ဖြစ်ကြ၏၊"ဟု ထွက်ဆိုကြ၍။ အမိုက်ကောင်များအပေါ်သို့ ပရမတ်ဘုရားရှင်၏ ထံမှ မေတ္တာဝေးလတ္တံ့။
၁၉။	**الَّذِينَ يَصُدُّونَ عَن سَبِيلِ اللهِ وَيَبْغُونَهَا عِوَجًا وَهُم بِالآخِرَةِ هُمْ كَافِرُونَ۞** သူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဖယ်ခိုင်းကြ၍ ကောက်ကျစ်ခြင်းကို ရှာဖွေကြ၏။ နောင် ဘဝကိုလည်း ဖုံးကွယ်သူများ ဖြစ်ကြ၏။
၂၀။	**أُولَئِكَ لَمْ يَكُونُواْ مُعْجِزِينَ فِي الأَرْضِ وَمَا كَانَ لَهُم مِّن دُونِ اللهِ مِنْ أَوْلِيَاء يُضَاعَفُ لَهُمُ الْعَذَابُ مَا كَانُواْ يَسْتَطِيعُونَ السَّمْعَ وَمَا كَانُواْ يُبْصِرُونَ۞** ကမ္ဘာ၌ သူတို့က ချိနဲ့စေနိုင်သူများ မဟုတ်၊ ပရမတ်ဘုရားရှင်အား တုနိုင်သော မဟာမိတ်များလည်း မရှိချေ။ သူတို့အတွက် ဝဋ်ကြွေးကို နလံထူစေပြီ။ ကြားရန် တတ်နိုင်ခြင်း မရှိကြ။ အမြင်လည်း မရှိကြချေ။
၂၁။	**أُوْلَئِكَ الَّذِينَ خَسِرُواْ أَنفُسَهُمْ وَضَلَّ عَنْهُم مَّا كَانُواْ يَفْتَرُونَ۞** မိမိတို့၏ ဉာဉ်စရိုက်ကိုယ်သာ ဆုံးရှုံးစေသော ထိုသူများအား– သူတို့၏ လုပ်ကြံဖန်တီးလေ့ ရှိသည်များက သူတို့ကို လွှဲဖယ်သွားကြလေပြီ။
၂၂။	**لاَ جَرَمَ أَنَّهُمْ فِي الآخِرَةِ هُمُ الأَخْسَرُونَ۞** ရာဇဝတ်မှုမပြုကြနှင့်၊ ထိုသူတို့သည် နောင်ဘဝ၌ ဆုံးရှုံးမှု ကြီးသူများ ဖြစ်ကြ၏။
၂၃။	**إِنَّ الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ وَأَخْبَتُواْ إِلَى رَبِّهِمْ أُوْلَئِكَ أَصْحَابُ الجَنَّةِ هُمْ فِيهَا خَالِدُونَ۞** ယုံကြည်လျက် ပြုပြင်မှုကို ကျင့်ကြံကာ၊ ကံကြမ္မာရှင်၏ ထံတော်သို့ နှိမ့်ချခြင်းများစွာ ရှိသူ– ထိုသူတို့သည် သုခဘုံ၏ ပေါင်းဖော်များ ဖြစ်ကြ၍၊ ထို၌ ကာလမဲ့စံစားရမည်ပင်။
၂၄။	**مَثَلُ الْفَرِيقَيْنِ كَالأَعْمَى وَالأَصَمِّ وَالْبَصِيرِ وَالسَّمِيعِ هَلْ يَسْتَوِيَانِ مَثَلاً أَفَلاَ تَذَكَّرُونَ۞** အဖွဲ့နှစ်ခု၏ ပမာသည်ကား၊ ကန်းသူ ပင်းသူများနှင့်၊ မြင်သူ ကြားသူများ ကဲ့သို့ ဖြစ်၏။ သူတို့၏ ပမာသည် တူညီကြသလော၊ သို့ဖြစ်လျှင် သင်တို့သည် ဆင်ခြင်သတိ ရှိကြမည်မဟုတ်လော။–
၂၅။ နူးဟ်*	**وَلَقَدْ أَرْسَلْنَا نُوحًا إِلَى قَوْمِهِ إِنِّي لَكُمْ نَذِيرٌ مُّبِينٌ۞** နူးဟ်ကို* သူ့ လူမျိုးထံသို့ ငါ စေပို့လျက် "ကျွန်ုပ်သည် သင်တို့အတွက် ရှင်းလင်းထင်ရှားသော သတိပေးသူပင်–
၂၆။	**أَن لاَّ تَعْبُدُواْ إِلاَّ اللهَ إِنِّيَ أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ أَلِيمٍ۞**

	– ပရမတ်ဘုရားမှအပ အခြားကို သင်တို့ မကိုးကွယ်ကြနှင့်၊ သင်တို့အတွက် စူးနစ်နာကျင်သော နေ့ကာလ၏ ဝဋ်ကြွေးကို ကျွန်ုပ် စိုးရိမ်၏။''ဟု ဟောစေ၏။
၂၇။	**فَقَالَ الْمَلأُ الَّذِينَ كَفَرُواْ مِن قَوْمِهِ مَا نَرَاكَ إِلاَّ بَشَرًا مِّثْلَنَا وَمَا نَرَاكَ اتَّبَعَكَ إِلاَّ الَّذِينَ هُمْ أَرَاذِلُنَا بَادِيَ الرَّأْيِ وَمَا نَرَى لَكُمْ عَلَيْنَا مِن فَضْلٍ بَلْ نَظُنُّكُمْ كَاذِبِينَ۞** သူ့လူမျိုးမှ ဖုံးကွယ်သော အကြံပေးများက ''သင်သည် ကျွန်ုပ်တို့ကဲ့သို့ လူပုဂ္ဂိုလ်မျှသာ ဖြစ်သည်ကို မြင်ရ၏။ ကျွန်ုပ်တို့ အနက် ဉာဏ်နိမ့်သည်ဟု မြင်ရသောသူများသာ သင့်အား လိုက်နာသည်ကို မြင်ရ၏။ သင့်၌ ကျွန်ုပ်တို့ထက် ပေါ်လွင်သော သိက္ခာကို မြင်ရသည် မရှိ၊ သင်တို့သည် လူလိမ်များ ဟုသာ ကျွန်ုပ်တို့ စဉ်းစားမိ၏။''ဟု ဆိုကြ၏။
၂၈။	**قَالَ يَا قَوْمِ أَرَأَيْتُمْ إِن كُنتُ عَلَى بَيِّنَةٍ مِّن رَّبِّي وَآتَانِي رَحْمَةً مِّنْ عِندِهِ فَعُمِّيَتْ عَلَيْكُمْ أَنُلْزِمُكُمُوهَا وَأَنتُمْ لَهَا كَارِهُونَ۞** သူက ပြောသည်မှာ ''အို– ကျွန်ုပ်၏ လူမျိုးတို့၊ ကံကြမ္မာရှင်၏ ထံမှ ရှင်းလင်းချက်ပေါ်၌ ကျွန်ုပ် ရှိသည်ကို သင်တို့ မမြင်မိသလော၊ အရှင့်ထံမှ ကရုဏာတော်ကို ကျွန်ုပ် ဆောင်ခဲ့၏ သို့သော် သင်တို့ စုံလုံးကန်းနေကြ၏၊ သင်တို့က ၎င်းအား မုန်တီးသောအခါ၊ အသင်တို့ကို ကျွန်ုပ် တွန်းအားပေးနိုင်သလော။–
၂၉။	**وَيَا قَوْمِ لا أَسْأَلُكُمْ عَلَيْهِ مَالاً إِنْ أَجْرِيَ إِلاَّ عَلَى اللهِ وَمَآ أَنَاْ بِطَارِدِ الَّذِينَ آمَنُواْ إِنَّهُم مُّلاَقُو رَبِّهِمْ وَلَـكِنِّيَ أَرَاكُمْ قَوْمًا تَجْهَلُونَ۞** အို– ကျွန်ုပ်၏ လူမျိုးတို့၊ ထို့အတွက် သင်တို့ထံမှ ကျွန်ုပ် ဥစ္စာပစ္စည်း တောင်းခံခြင်း မရှိချေ။ ကျွန်ုပ်အတွက် အကျိုးဆုလဒ်မှာ ပရမတ်ဘုရားရှင်၏ ထံ၌ ရှိ၏။ ယုံကြည်သော သူတို့အား ကျွန်ုပ် မောင်းထုတ်မည် မဟုတ်။ ကံကြမ္မာရှင်အား သူတို့ ဖူးတွေ့ရလတ္တံ့။ သင်တို့သည် ပညာမဲ့ လူမျိုး ဖြစ်ကြောင်း ကျွန်ုပ် မြင်ရ၏။–
၃၀။	**وَيَا قَوْمِ مَن يَنصُرُنِي مِنَ اللهِ إِن طَرَدتُّهُمْ أَفَلاَ تَذَكَّرُونَ۞** အို– ကျွန်ုပ်၏ လူမျိုးတို့၊ သူတို့အား ကျွန်ုပ် မောင်းထုတ်ပစ်လျှင်၊ ပရမတ်ဘုရားရှင်ထံ၌ ကျွန်ုပ်အား မည်သူက ကူညီမည်နည်း၊ သင်တို့ ဆင်ခြင်သတိ ရှိကြမည်မဟုတ်လော။–
၃၁။ ☆၂း၃၀	**وَلاَ أَقُولُ لَكُمْ عِندِي خَزَآئِنُ اللهِ وَلاَ أَعْلَمُ الْغَيْبَ وَلاَ أَقُولُ إِنِّي مَلَكٌ وَلاَ أَقُولُ لِلَّذِينَ تَزْدَرِي أَعْيُنُكُمْ لَن يُؤْتِيَهُمُ اللهُ خَيْرًا اللهُ أَعْلَمُ بِمَا فِي أَنفُسِهِمْ إِنِّي إِذًا لَّمِنَ الظَّالِمِينَ۞** –ကျွန်ုပ်ထံ၌ ပရမတ်ဘုရားရှင်၏ ဘဏ္ဍာများသည် ရှိသည်ဟု၊ စက္ခုလွန်ကို သိသည်ဟု မပြောခဲ့ချေ။ ကျွန်ုပ်သည် နတ်ဒေဝတာတစ်ပါးဖြစ်သည်☆ ဟုလည်း မပြောခဲ့ပေ။ အသင်တို့မျက်လုံးများ၌ အဘက်မတန်ဟု မြင်သောသူများကို ပရမတ်ဘုရားရှင်က ကောင်းကျိုးဆုလဒ် ပေးလိမ့်မည်မဟုတ်ဟု ကျွန်ုပ် မဆိုပေ။ ပရမတ်ဘုရားရှင်သည် သူတို့၏ ဥာဉ်စရိုက်ကို အသိဆုံး ဖြစ်တော်မူ၏၊ သို့မဟုတ်က ကျွန်ုပ်သည် အမိုက်ကောင်များမှ ဖြစ်သွားချေမည်၊''ဟု ဖြစ်၏။
၃၂။	**قَالُواْ يَا نُوحُ قَدْ جَادَلْتَنَا فَأَكْثَرْتَ جِدَالَنَا فَأْتِنَا بِمَا تَعِدُنَا إِن كُنتَ مِنَ الصَّادِقِينَ۞** သူတို့က ''အို– နူးဟ်၊ အသင်သည် ကျွန်ုပ်တို့အား စောဒကတက်၏။ စောဒက များစွာတက်၏။ သင်သည် ဖြောင့်မှန်သူများမှ ဖြစ်လျှင် သင်၏ ကတိကို ပေးရောက်စေလော့၊''ဟု ဆိုကြသဖြင့်–
၃၃။	**قَالَ إِنَّمَا يَأْتِيكُم بِهِ اللهُ إِن شَاء وَمَا أَنتُم بِمُعْجِزِينَ۞** သူပြန်ပြောသည်မှာ ''ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်လျှင်၊ အရှင်သည် ၎င်းအား သင်တို့ထံသို့ ပေးရောက်လတ္တံ့။ ၎င်းကို သင်တို့ ချိန့်စေနိုင်မည် မဟုတ်ချေ။
၃၄။	**وَلاَ يَنفَعُكُمْ نُصْحِي إِنْ أَرَدتُّ أَنْ أَنصَحَ لَكُمْ إِن كَانَ اللهُ يُرِيدُ أَن يُغْوِيَكُمْ هُوَ رَبُّكُمْ وَإِلَيْهِ تُرْجَعُونَ۞** သင်တို့အပေါ် ကျွန်ုပ် စိတ်ထားဖြူစင်သော်လည်း ပရမတ်ဘုရားရှင်က သင်တို့အား တိမ်းပါးနေခြင်း၌ ပစ်ထားတော်မူလိုလျှင်၊ ကျွန်ုပ်၏ ဖြူစင်မှုသည် သင်တို့အတွက် အကျိုးထူးမည် မဟုတ်ချေ။ အရှင်သည် သင်တို့၏ ကံကြမ္မာရှင်ဖြစ်၍၊ အရှင့်ထံ သို့သာ သင်တို့ ဦးလှည့်ရမည်ပင်၊''ဟု ဖြစ်၏။
၃၅။	**أَمْ يَقُولُونَ افْتَرَاهُ قُلْ إِنِ افْتَرَيْتُهُ فَعَلَيَّ إِجْرَامِي وَأَنَاْ بَرِيءٌ مِّمَّا تُجْرَمُونَ۞**

ဓမ္မ	သို့တည်းမဟုတ် သူတို့က ''**ၦင်း**ကို သူက လုပ်ကြံဖန်တီး၏။''ဟု ပြောကြလျှင်၊ ဟောလော့ ''ကျွန်ုပ်သာ လုပ်ကြံဖန်တီးလျှင်၊ ကျွန်ုပ်၏ ရာဇဝတ်မှုဖြစ်၏။ အသင်တို့၏ ရာဇဝတ်မှုပြုခြင်းနှင့်ကား ကျွန်ုပ် ကင်းရှင်း၏။''
၃၆။	**وَأُوحِيَ إِلَى نُوحٍ أَنَّهُ لَن يُؤْمِنَ مِن قَوْمِكَ إِلاَّ مَن قَدْ آمَنَ فَلاَ تَبْتَئِسْ بِمَا كَانُواْ يَفْعَلُونَ۝** နူးဟ်ထံသို့ အာရုံစူးစာန်ဖြစ်စေသည်မှာ ''ယုံကြည်ပြီးသူမှအပ အခြားသော သင့်လူမျိုးများသည် ယုံကြည်လာကြမည် မဟုတ်ချေ။ သူတို့၏ ပြုလုပ်လေ့ရှိရာများကြောင့် အမင်္ဂလာမဖြစ်စေနှင့်။
၃၇။	**وَاصْنَعِ الْفُلْكَ بِأَعْيُنِنَا وَوَحْيِنَا وَلاَ تُخَاطِبْنِي فِي الَّذِينَ ظَلَمُواْ إِنَّهُم مُّغْرَقُونَ۝** ငါ အာရုံစူးစာန်ဖြစ်စေသည့် အတိုင်း သင်္ဘောတစ်စီးအား ငှါ စက္ခုရှေ့၌ တည်ဆောက်လော့၊ မိုက်ကြေးခွဲသောသူများအတွက် မလျှောက်တင်နှင့်၊ သူတို့အား နစ်မြုပ်စေလတ္တံ့။
၃၈။	**وَيَصْنَعُ الْفُلْكَ وَكُلَّمَا مَرَّ عَلَيْهِ مَلأٌ مِّن قَوْمِهِ سَخِرُواْ مِنْهُ قَالَ إِن تَسْخَرُواْ مِنَّا فَإِنَّا نَسْخَرُ مِنكُمْ كَمَا تَسْخَرُونَ۝** သင်္ဘောတစ်စီးအား တည်ဆောက်နေစဉ်၊ သူ့အပါးမှ ဖြတ်ကျော်သွားတိုင်း သူ့လူမျိုးမှ အကြံပေးများက သူ့အား ပျက်ရယ်ပြုကြ၏။ သူ ပြောသည်မှာ ''ကျွန်ုပ်ကို သင်တို့ ပျက်ရယ်ပြုကြ၏၊ သင်တို့ ပျက်ရယ်ပြုသည့် နည်းတူ ကျွန်ုပ်လည်း သင်တို့ကို ပျက်ရယ်ပြု၏၊–
၃၉။ မကျွတ်လွတ်	**فَسَوْفَ تَعْلَمُونَ مَن يَأْتِيهِ عَذَابٌ يُخْزِيهِ وَيَحِلُّ عَلَيْهِ عَذَابٌ مُّقِيمٌ۝** –အရှက်ရစေသော ဝဋ်ကြွေးသည် မည်သူ့အား ထိသက်သည်ကို မကြာမီ သင်တို့ သိကြရလတ္တံ့၊ ၎င်းသည် ထိုသူ့အပေါ်၌ **တည်တံ့**စေသော တရားဝင် ဝဋ်ကြွေး ဖြစ်လတ္တံ့။''
၄၀။ သဘော်	**حَتَّى إِذَا جَاء أَمْرُنَا وَفَارَ التَّنُّورُ قُلْنَا احْمِلْ فِيهَا مِن كُلٍّ زَوْجَيْنِ اثْنَيْنِ وَأَهْلَكَ إِلاَّ مَن سَبَقَ عَلَيْهِ الْقَوْلُ وَمَنْ آمَنَ وَمَا آمَنَ مَعَهُ إِلاَّ قَلِيلٌ۝** ငါ၏ ညွှန်ကြားချက် ရောက်လာ၍ တောင်ကြားမှ ရေများ ပွက်လောရိုက်လာသည့်တိုင်[၅၄] ''သင်၏ ဝိုင်းသားများအနက် ငါ ကြိုတင်သတ်မှတ်ပြောပြီးသူမှ အပ၊ အစုဖွဲ့နှစ်ခုစီမှ[၅၅] ယုံကြည်သူများကိုသာ **ၦင်း**အပေါ်၌ သယ်ဆောင်လော့၊''ဟု ငါ မိန့်၏။ သူနှင့်အတူ ယုံကြည်သူများကား နည်းပါးလှချေ၏။
၄၁။	**وَقَالَ ارْكَبُواْ فِيهَا بِسْمِ اللهِ مَجْرَاهَا وَمُرْسَاهَا إِنَّ رَبِّي لَغَفُورٌ رَّحِيمٌ۝** သူက ''ကုန်းပတ်ပေါ်သို့ တက်ကြလော့၊ ၎င်း၏ စီးမျောခြင်း၊ ကျောက်ချခြင်းသည် ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် ဖြစ်စေလော့၊ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်ပေ၏။''ဟု ဆို၏။
၄၂။	**وَهِيَ تَجْرِي بِهِمْ فِي مَوْجٍ كَالْجِبَالِ وَنَادَى نُوحٌ ابْنَهُ وَكَانَ فِي مَعْزِلٍ يَا بُنَيَّ ارْكَب مَّعَنَا وَلاَ تَكُن مَّعَ الْكَافِرِينَ۝**

---

(၅၄) အစွယ်လာမ်သာသနာဝင်များ မဟုတ်သည့် ဆေးလိ၊ ပါလိမာန့် ရော့ဒ်ဝဲလ်တို့၏ ဘာသာပြန်များကို မှီး၍ ထပ်ဆင့် ဘာသာပြန်သူများက **فَارَ التَّنُّورُ** ကို မုန့်ဖိုတွင်းမှ ရေပန်းထွက်လာသည့်တိုင် ဟု ပြန်ဆိုကြပေသည်။ ထိုသို့ ဖြစ်ရခြင်းမှာ **فَارَ ဖာရ** ဆိုသော စကားလုံးကို အဓိပ္ပါယ် ကောက်ယူမှု မှားယွင်းရာမှ ဘာသာပြန်လွဲသွားခြင်း ဖြစ်ပေသည်။ **فَارَ ဖာရ** ၏ အနက်မှာ ''ၦင်း (ရေ) ကို ဆူစေသည်၊ ရုတ်တရက် ပွတ်လောရိုက်သည်''ဟု ဖြစ်ပေသည်။ ထို့ကြောင့် ရေကို ဆူပွက်၍ ပန်းထွက်စေရန် **التَّنُّورُ တနူးန်ရ်** ကို မီးဖို၊ သို့မဟုတ် မီး ဟု ကောက်ယူမိခြင်း ဖြစ်သည်။ သို့သော် **التَّنُّورُ တနူးန်ရ်** ဟူ သည် ''မီး'' ဟု အနက်မရပေ။ ၎င်းအနက်မှာ ကမ္ဘာမြေ သို့မဟုတ် မြေပြင်၏ မြင့်သော အစိတ်အပိုင်း ဟု ဖြစ်သည်။ ထို့အပြင် **فَارَ ဖာရ** ဆိုသည်မှာလည်း မြေပြင်မှ ရေစီးထွက်သည်၊ ဟု အနက်ကိုပေးပေသည်။ ထို့ကြောင့် ထိုစကားတွဲ၏ အနက်ကို ဤဘာသာပြန်၌ တောင်ကြားမှ ရေများ ပွက်လောရိုက်လာသည်ဟု ပြန်ဆိုခြင်း ဖြစ်ပါသည်။ ထိုသို့ပြန်ဆိုခြင်းသည် ဤဓမ္မဓန္ဓာပါ သုတ်တော် ၄၃ နှင့်လည်း ကိုက်ညီပေသည်။

(၅၄) **مِن كُلٍّ زَوْجَيْنِ اثْنَيْنِ အိဟ်မိလ် ဇီးဟာ မင်း ကုလိ ဇောင်းဝ်ဂျိုင်းနိဆ် တိုင်းနိ** ကို အချို့က ကိုယ်တော်နူးဟ်သည် သူ၏ ရေယာဉ်ပေါ်တွင် ကမ္ဘာ၌ရှိသမျှသော ကုန်းသတ္တဝါများ ၏အားလုံးမှ တိရိစ္ဆာန် တစ်စုံစီ တင်ဆောင်သည်ဟု သမ္မာကျမ်းနောက်သို့ လိုက်၍ ပြန်ဆိုကြပေသည်။ ကုရ်အာန်တွင် တိရိစ္ဆာန်များကို တင်သည်ဟု ဘာသာပြန်ရန် တိရိစ္ဆာန်များ ဟူသည့် ဝေါဟာရ မပါဝင်ချေ။ သူ၏ရေယာဉ်မှာလည်း သစ်သား။ သင်္ဘောများဖြင့် ပြုလုပ်ထားသော လေ့သာ ဖြစ်၍ (၅၄း၁၂၃)– ကမ္ဘာ့ ရှိသမျှ တိရိစ္ဆာန်များကို တင်နိုင်သော ကမ္ဘာတင် သင်္ဘောကြီး မဟုတ်ပေ။ ဤသုတ်တော်တွင် ဆိုသော **ဇောင်းဝ်ဂျိုင်း နိဆ်တိုင်းနိ** ဆိုသည်မှာ အစုအဖွဲ့ နှစ်ခုဟုသာ ဖြစ်၍– ထိုအစုအဖွဲ့ နှစ်ခု ဆိုသည်မှာ သူ့အားထောက်ခံသော တိုင်းရင်းသား လူမျိုးစုများသာ ဖြစ်နိုင်ပေသည်။ ထိုလူမျိုးစု နှစ်စုမှ သူ့အား ထောက်ခံသော သူများကို တင်ဆောင်ရန် ပြောခြင်းသာ ဖြစ်သည်။ နူးဟ်သည် လူမျိုးတစ်မျိုးကို ကိုယ်စားပြုသော်လည်း ထိုလူမျိုး ဆိုသည်တွင် တိုင်းရင်းသား လူမျိုးစုများ ရှိနေမြဲ ဖြစ်သည်။ **ဇောင်းဝ်ဂျန်** ဆိုသည်မှာ ပေါင်းစပ်နိုင်သော သတ္တိတူရာများ ဖွဲ့စည်းပေါင်းစပ်ခြင်းကိုသာ ဆိုလိုပေသည်။ ၂း၂၅၅ တွင်ကြည့်ပါ။

	တောင်လုံးပမာ လှိုင်းတံပိုးခ်ိ၍ ၎င်းသည် စီးမျောနေစဉ်၊ နူးဟ်က ရှောင်ခွာခံနေရသော သူ့၏သားအား "အို–ချစ်သား ကျွန်ုပ်တို့နှင့်အတူ ကုန်းပတ်ပေါ်သို့ တက်လော့၊ ဖုံးကွယ်သူများ၌ မပါဝင်နှင့်၊"ဟု ဟစ်အော်သော်–
၄၃။	**قَالَ سَآوِي إِلَى جَبَلٍ يَعْصِمُنِي مِنَ الْمَاء قَالَ لاَ عَاصِمَ الْيَوْمَ مِنْ أَمْرِ اللّهِ إِلاَّ مَن رَّحِمَ وَحَالَ بَيْنَهُمَا الْمَوْجُ فَكَانَ مِنَ الْمُغْرَقِينَ۞**
	"ရေမှကင်းရန် ကျွန်ုပ်မားမားရပ်နိုင်သည့် တောင်ကုန်းသို့ တက်၍ ခိုလှုံပါမည်၊"ဟု ပြန်ပြော၏။ သူက "ယနေ့တွင် ပရမတ်ဘုရားရှင်၏ ကရုဏာ သက်သူမှအပ အရှင်၏ ညွှန်ကြားချက်အား ဆန့်ကျင်၍ မားမားရပ်နိုင်သူ မရှိပြီ၊"ဟု ပြန်ပြောနေစဉ်ပင်၊ သူတို့၏ကြား၌ လှိုင်းတံပိုးက ဝန်းရံလျက် သူ့သားသည် နစ်မြုပ်သူတို့၌ ပါသွားတော့၏။[၅၄]
၄၄။ ၅၄း၁၃ ရေယာဉ်	**وَقِيلَ يَا أَرْضُ ابْلَعِي مَاءكِ وَيَا سَمَاء أَقْلِعِي وَغِيضَ الْمَاء وَقُضِيَ الأَمْرُ وَاسْتَوَتْ عَلَى الْجُودِيِّ وَقِيلَ بُعْداً لِّلْقَوْمِ الظَّالِمِينَ۞**
	အရှင်က "အို– ကမ္ဘာမြေ၊ သင်၏ ရေကို အဖတ်မတင်စေနှင့်၊ အို– ကောင်းကင် သင်လည်း စဲစေလော့၊"ဟု မိန့်တော်မူ၏။ ရေသည် ကျဆင်းသွားပြီး၊ ညွှန်ကြားချက်သည်လည်း အပြီးသတ်၍၏ ၎င်းအား ဂျူဒီတောင်ထိပ်၌ ပုံစံကျစေလျက်၊ "မိုက်ကြေးခဲ့သော လူမျိုးအား နောက်ကျန်ရစ်စေ၊"ဟု မိန့်တော်မူ၏။
၄၅။	**وَنَادَى نُوحٌ رَّبَّهُ فَقَالَ رَبِّ إِنَّ ابْنِي مِنْ أَهْلِي وَإِنَّ وَعْدَكَ الْحَقُّ وَأَنتَ أَحْكَمُ الْحَاكِمِينَ۞**
	သူ့ကံကြမ္မာရှင်၌ နူးဟ်က "အို– ကံကြမ္မာရှင်၊ တပည့်တော်၏ သားသည် တပည့်တော်၏ ဝိုင်းသားများမှ ဖြစ်ပါ၏၊ အရှင်၏ ကတိတော်သည် မှန်ကန်ပါ၏၊ အရှင်သည် ဓမ္မသတ်ချမှတ်ခြင်း၌ ဓမ္မသတ်ချုပ် ဖြစ်ပါ၏။"ဟု ရင့်ကျူးစဉ်–
၄၆။	**قَالَ يَا نُوحُ إِنَّهُ لَيْسَ مِنْ أَهْلِكَ إِنَّهُ عَمَلٌ غَيْرُ صَالِحٍ فَلاَ تَسْأَلْنِ مَا لَيْسَ لَكَ بِهِ عِلْمٌ إِنِّي أَعِظُكَ أَن تَكُونَ مِنَ الْجَاهِلِينَ۞**
	အရှင်က "အေ– နူးဟ်၊ သူသည် သင်၏ ဝိုင်းသားထဲမှ မဟုတ်၊ သူ့ ကျင့်ကြံမှုသည် ပြုပြင်ခြင်း မဟုတ်၊ သင် အသိ မရှိရာကို ငုံထဲ၌ မတောင်းဆိုနှင့်၊ သင့်အား ပညာမဲ့သူတို့မှ မဖြစ်အံ့ငှာ ငါအရှင် ဆုံးမသွန်သင်၏။"ဟု မိန့်သော်။
၄၇။	**قَالَ رَبِّ إِنِّي أَعُوذُ بِكَ أَنْ أَسْأَلَكَ مَا لَيْسَ لِي بِهِ عِلْمٌ وَإِلاَّ تَغْفِرْ لِي وَتَرْحَمْنِي أَكُن مِّنَ الْخَاسِرِينَ۞**
	"အို– ကံကြမ္မာရှင်၊ တပည့်တော်သည် မိမိအသိမရှိရာအား တောင်းဆိုမိခြင်းမှ ကင်းအံ့သောငှာ၊ အရှင့်ထံ၌သာ ခိုလှုံပါ၏။ အရှင်သည် တပည့်တော်အား လွှတ်ငြိမ်းခွင့် မပြုပါလျှင်၊ ကရုဏာ မသက်ပါလျှင်၊ ဆုံးရှုံးသူများမှ ဖြစ်ရပါပြီ၊" ဟု သူ လျှောက်ထား၏။
၄၈။	**قِيلَ يَا نُوحُ اهْبِطْ بِسَلاَمٍ مِّنَّا وَبَرَكَاتٍ عَلَيْكَ وَعَلَى أُمَمٍ مِّمَّن مَّعَكَ وَأُمَمٌ سَنُمَتِّعُهُمْ ثُمَّ يَمَسُّهُم مِّنَّا عَذَابٌ أَلِيمٌ۞**
	အရှင်က "အေ– နူးဟ်၊ သင်နှင့် အသိုင်းအဝိုင်းသည် ငါပေးသော ငြိမ်းချမ်းမှု၊ ဂုဏ်ကျက်သရေဖြင့် ဆင်းသွားကြလော့၊ သူတို့မှ အသိုင်းအဝိုင်းများကို ချမ်းမြေ့သော ကာလတစ်ခု ပေးတော်မူမည်၊ ထို့နောက် နာကျင်သော ဝဋ်ကြွေးကို ထိသက်စေလတ္တံ့၊"ဟု မိန့်ဆို၏။ [၅၅]
၄၉။	**تِلْكَ مِنْ أَنبَاء الْغَيْبِ نُوحِيهَا إِلَيْكَ مَا كُنتَ تَعْلَمُهَا أَنتَ وَلاَ قَوْمُكَ مِن قَبْلِ هَذَا فَاصْبِرْ إِنَّ الْعَاقِبَةَ لِلْمُتَّقِينَ۞**

---

(၅၄) သူနှင့် သူ့သား၏ ကြားတွင် လှိုင်းတက်လာ၍ သူ့သား နစ်မြုပ်သွားခြင်း ဖြစ်သည်။ သူ့သားမှာ တောင်ပေါ်တွင် ရှိနေ၍ တောင်ပေါ်ထိ ရေ မြုပ်သည်ဟု ကျမ်းတော်တွင် ဆိုမထားချေ။ ထို့ကြောင့် ကိုယ်တော်နူးဟ် လက်ထက်တွင် ကမ္ဘာငြိုလ် တစ်ခုလုံး ရေမြုပ်သည်ဟု ကျမ်းတော်တွင် မဖော်ပြပေ။ ထိုအချက်ကို "ဂျူဒီတောင်ထိပ်၌ ဆိုက်စေလျက်" ဆိုသည့် စကားက ခိုင်မာစွာ ထောက်ပြထားပေသည်။

(၅၅) ကျမ်းတော်တွင် တရားပျက်သော လူမျိုးများ အကြောင်းကို ဥပမာပေးတိုင်း၊ သူတို့အား ကာလတစ်ခု သာယာစေမည်၊ ထို့နောက် ဝဋ်ကြွေးသင့်စေမည်ဟု မကြာခဏ ဖော်ပြပေသည်။ ဤနေရာ၌ ရှင်းစရာရှိသည်မှာ မည်သည့်လူမျိုးကို မဆို ခဏပျော်ရွှင်ခွင့်ပေးပြီး၊ ထို့နောက် ဒုက္ခ ရောက်စေရန် ပရမတ်ဘုရားရှင်က ကြိုတင်ပြဋ္ဌာန်းထားခြင်း မဟုတ်ချေ။ လူမျိုးတစ်မျိုးသည် သာယာမှုများနှင့်သာ ခံစားလာရသော် သူတို့သည် ဒုက္ခဆိုသည်ကို မေ့လျော့လျက် ကိုယ်ကျင့်တရားများ ပျက်ပြားလာကြသည်။ ကိုယ်ချင်းစာမှုများ ပျက်ပြားလာကြသည်၊ ထို့နောက် လောက ဓမ္မကိုပါ မေ့လျော့ လာလေ့ရှိပေသည်။ ထိုသို့ ပြစ်မှုများ ကျူးလွန်လာခြင်းဖြင့် မိမိတို့၏ လုပ်ရပ်ကြောင့် မိမိတို့ ခံစားလာရမည့် ဝဋ်ကြွေးကိုသာ ကြိုတင်ဟောထားခြင်း ဖြစ်ပေသည်။ တနည်းအားဖြင့် ကိုယ်ကျင့်တရားများ မပျက်ပြားစေရန် သတိပေးထားခြင်းသာ ဖြစ်ပေသည်။ လူမျိုးတစ်မျိုး၏ သာယာသော ဘဝ ကာလမှာ သတ်မှတ်ထားခြင်း မရှိချေ။ မိမိတို့၏ ကိုယ်ကျင့်တရားပေါ်၌သာ မူတည်နေပေသည်။

	ဤသည် သင့်ထံသို့ အာရုံစူးစိုက်ဖြစ်စေသည့် စကွေ့လွန် သတင်းများမှ ဖြစ်၏။ ဤမတိုင်မီက သင်နှင့် သင့်လူမျိုးသည် ဤအကြောင်းကို သိခဲ့ခြင်း မရှိချေ။ သို့ဖြစ်၍ သည်းခံလော့၊ ချုပ်ငြိမ်းခြင်းသည် စည်းစောင့်သူများ အတွက် ဖြစ်၏။
၅၀။ ✡ ၇း၆၅	**وَإِلَى عَادٍ أَخَاهُمْ هُودًا قَالَ يَا قَوْمِ اعْبُدُواْ اللّهَ مَا لَكُم مِّنْ إِلَـهٍ غَيْرُهُ إِنْ أَنتُمْ إِلاَّ مُفْتَرُونَ۞** အာဒ်တို့ ထံသို့ သူတို့၏ ညီနောင်ဖြစ်သော ဟု–ဒ်ကို စေလွှတ်✡ ပြောစေသည်မှာ ‘‘အို– ကျွန်ုပ်၏ လူမျိုးတို့၊ ပရမတ်ဘုရားရှင်အား ကိုးကွယ်ကြလော့၊ သင်တို့အတွက် အရှင်မှအပ အခြား ဘုရားဟူ၍ မရှိပြီ။ အသင်တို့သည် လုပ်ကြံဖန်တီးသူများသာ ဖြစ်ကြ၏။–
၅၁။	**يَا قَوْمِ لا أَسْأَلُكُمْ عَلَيْهِ أَجْرًا إِنْ أَجْرِيَ إِلاَّ عَلَى الَّذِي فَطَرَنِي أَفَلاَ تَعْقِلُونَ۞** အို– ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည် သင်တို့ထံမှ အကျိုးဆုလဒ် တောင်းခြင်းမရှိ၊ ကျွန်ုပ်အတွက် ဆုလဒ်မှာ ကျွန်ုပ်၏ မူလလက်သည် အရှင့်ထံမှသာ ဖြစ်၏၊ သင်တို့၌ အတွေးအခေါ် မရှိကြသလော၊–
၅၂။	**وَيَا قَوْمِ اسْتَغْفِرُواْ رَبَّكُمْ ثُمَّ تُوبُواْ إِلَيْهِ يُرْسِلِ السَّمَاء عَلَيْكُم مِّدْرَارًا وَيَزِدْكُمْ قُوَّةً إِلَى قُوَّتِكُمْ وَلاَ تَتَوَلَّوْاْ مُجْرِمِينَ۞** အို– ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့၏ ကံကြမ္မာရှင်၌ လွတ်ငြိမ်းဆုပန်ကြလော့၊ အရှင့်ထံ၌ ခဝါချကြလော့။ အရှင်သည် သူတို့ပေါ်သို့ အကျိုးကျေးဇူးများစွာကို ကောင်းကင်မှ စေစားခဲ့၏၊ သင်တို့အား တန်ခိုး အစွမ်းသတ္တိ တိုးပွားစေတော်မူ၏၊ ရာဇဝတ်ကောင်များ အဖြစ် လှည့်မသွားကြကုန်နှင့်၊’’ဟု ဖြစ်၏။
၅၃။	**قَالُواْ يَا هُودُ مَا جِئْتَنَا بِبَيِّنَةٍ وَمَا نَحْنُ بِتَارِكِي آلِهَتِنَا عَن قَوْلِكَ وَمَا نَحْنُ لَكَ بِمُؤْمِنِينَ۞** သူတို့က ပြန်ပြောသည်မှာ ‘‘အို– ဟု–ဒ်၊ သင်သည် ကျွန်ုပ်တို့ထံသို့ ရှင်းလင်းချက်ကို ရောက်လာစေသည် မရှိချေ။ သင်ပြောယုံမျှဖြင့် ကျွန်ုပ်တို့၏ ဘုရားများကို ချန်ပစ်မည် မဟုတ်ပေ၊ ကျွန်ုပ်တို့သည် သင်နှင့်အတူ ယုံကြည်ကြမည်လည်း မဟုတ်ချေ–
၅၄။	**إِن نَّقُولُ إِلاَّ اعْتَرَاكَ بَعْضُ آلِهَتِنَا بِسُوءٍ قَالَ إِنِّي أُشْهِدُ اللّهَ وَاشْهَدُواْ أَنِّي بَرِيءٌ مِّمَّا تُشْرِكُونَ۞** –ပြောရသော် ကျွန်ုပ်တို့၏ ဘုရားတစ်ချို့က သင့်အား အကုသိုလ်ဖြင့် ဖမ်းပြီ’’ဟု ဖြစ်၏။– သူ ပြန်ပြောသည်မှာ ‘‘ကျွန်ုပ်သည် ပရမတ်ဘုရားရှင်အား သက်သေပြုပါ၏၊ ကျွန်ုပ်သည် ရောပြွန်းကိုးကွယ်ခြင်းမှ ကင်းကြောင်း သင်တို့လည်း သက်သေပြုကြလော့–
၅၅။	**مِن دُونِهِ فَكِيدُونِي جَمِيعًا ثُمَّ لاَ تُنظِرُونِ۞** –အရှင် မှလွဲ၍၊ အသင်တို့ အားလုံးသည် ကျွန်ုပ်အား ကြံစည်ကြလော့၊ စောင့်ကြည့်နေခွင့် မပြုနှင့်–
၅၆။ ★ ၅း၄၁	**إِنِّي تَوَكَّلْتُ عَلَى اللّهِ رَبِّي وَرَبِّكُم مَّا مِن دَآبَّةٍ إِلاَّ هُوَ آخِذٌ بِنَاصِيَتِهَا إِنَّ رَبِّي عَلَى صِرَاطٍ مُّسْتَقِيمٍ۞** –ကျွန်ုပ်သည် ကျွန်ုပ်၏ ကံကြမ္မာရှင်၊ သင်တို့၏ ကံကြမ္မာရှင်ဖြစ်သော ပရမတ်ဘုရားရှင်၌သာ ကိုးစားပါ၏၊ အရှင်သည် မည်သည့်သတ္တဝါကိုမဆို ငယ်ထိပ်မှ ဆွဲယူလတ္တံ့။★ ကံကြမ္မာရှင်သည် မြဲမြံတည်တံ့သော လမ်းစဉ်၌ ရှိ၏။ ၁၄၆ –
၅၇။	**فَإِن تَوَلَّوْاْ فَقَدْ أَبْلَغْتُكُم مَّا أُرْسِلْتُ بِهِ إِلَيْكُمْ وَيَسْتَخْلِفُ رَبِّي قَوْمًا غَيْرَكُمْ وَلاَ تَضُرُّونَهُ شَيْئًا إِنَّ رَبِّي عَلَى كُلِّ شَيْءٍ حَفِيظٌ۞** သင်တို့ လှည့်သွားကြလျှင်လည်း သင်တို့ထံသို့ စေပို့သော အကြောင်းများကို ကျွန်ုပ် ဆိုက်ရောက်စေပြီ။ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် သင်တို့အစား အခြားလူမျိုးကို ဆက်ခံစေတော်မူလတ္တံ့။ အရှင့်အား နစ်နာစေမည့် တစ်စုံတစ်ရာ မရှိချေ။ ဇောနပင် ကျွန်ုပ်၏ ကံကြမ္မာရှင်သည် သဗ္ဗလုံးစုံအား ထိန်းသိမ်းစောင့်ရှောက်ထားတော်မူ၏။’’
၅၈။	**وَلَمَّا جَاء أَمْرُنَا نَجَّيْنَا هُودًا وَالَّذِينَ آمَنُواْ مَعَهُ بِرَحْمَةٍ مِّنَّا وَنَجَّيْنَاهُم مِّنْ عَذَابٍ غَلِيظٍ۞** ငါ၏ ညွှန်ကြားချက် ရောက်လာစေစဉ်၊ ငါ၏ ကရုဏာတော်အားဖြင့် ဟု–ဒ်နှင့် ယုံကြည်သောသူများကို လွတ်မြောက်စေ၏။ သူတို့အား တိကျပြတ်သားသော ဝဋ်ကြွေးမှ လွတ်မြောက်စေ၏။
၅၉။	**وَتِلْكَ عَادٌ جَحَدُواْ بِآيَاتِ رَبِّهِمْ وَعَصَوْاْ رُسُلَهُ وَاتَّبَعُواْ أَمْرَ كُلِّ جَبَّارٍ عَنِيدٍ۞**

(၅၄၆) ကံကြမ္မာရှင်သည် မြဲမြံတည်တံ့သော လမ်းစဉ်၌ ရှိ၏၊ ဆိုသည်မှာ ပရမတ်ဘုရားရှင်သည် ချမှတ်ပြဋ္ဌာန်းပြီးသား လောကဓမ္မအား ကမောက်ကမ ဖေါက်လှဲ ဖေါက်ပြန် ပြုလုပ်ခြင်း မရှိဟု ဆိုလိုခြင်း ဖြစ်ပေသည်၊ (၃၀း၃၀)။

	ဤသည် အာဒ်တို့၏ အကြောင်းပင် ဖြစ်၏၊ သူတို့သည် ကံကြမ္မာရှင်ထံမှ သက်သေလက္ခဏာများကို ပယ်ပစ်ကြ၏၊ အရှင့် ဉာဏ်စဉ်ဆောင်များကို အာခံကြ၏။ ခေါင်းမာသော ပုန်ကန်သူတိုင်း၏ ညွှန်ကြားမှုကို လိုက်နာကြ၏။
၆၀။	**وَأُتْبِعُواْ فِي هَذِهِ الدُّنْيَا لَعْنَةً وَيَوْمَ الْقِيَامَةِ أَلا إِنَّ عَادًا كَفَرُواْ رَبَّهُمْ أَلاَ بُعْدًا لِّعَادٍ قَوْمِ هُودٍ۞**
	ထို့ကြောင့် မေတ္တာမဲ့ခံရမှုမှာ သူတို့အား ဤဘဝ၌ဖြစ်စေ၊ ရပ်တည်ရမည့် နေ့ကာလ၌ဖြစ်စေ ထပ်ကြပ်မကွာ လိုက်နေ၏၊ မှတ်သားလော့ အာဒ်တို့သည် သူတို့၏ ကံကြမ္မာရှင်အား ဖုံးကွယ်ကြ၏။ ဟု–ဒ်၏ လူမျိုး အာဒ်တို့အား နောက်ကျန်ရစ်စေပြီ။
၆၁။	**وَإِلَى ثَمُودَ أَخَاهُمْ صَالِحًا قَالَ يَا قَوْمِ اعْبُدُواْ اللّهَ مَا لَكُم مِّنْ إِلَـهٍ غَيْرُهُ هُوَ أَنشَأَكُم مِّنَ الأَرْضِ وَاسْتَعْمَرَكُمْ فِيهَا فَاسْتَغْفِرُوهُ ثُمَّ تُوبُواْ إِلَيْهِ إِنَّ رَبِّي قَرِيبٌ مُّجِيبٌ۞**
ဂုဏ်၃၃	သမု–ဒ် တို့ထံသို့ သူတို့၏ ညီနောင်ဖြစ်သော ဆွာလေဟ်အား စေလွှတ် "အို– ကျွန်ုပ်၏ လူမျိုးတို့၊ ပရမတ်ဘုရားရှင်အား ကိုးကွယ်ကြလော့၊ သင်တို့အတွက် အရှင်မှအပ အခြား ဘုရားဟူ၍ မရှိပြီ။ အရှင်သည် သင်တို့အား မြေကမ္ဘာ၌ ပေါက်ပွားစေ၍၊ ထို၌ပင် ဘဝသံသရာလည်စေ၏၊ သင်တို့သည် အရှင့်ထံ၌ လွှတ်ငြိမ်းဆုပန်ရာ၏၊ တဖန် အရှင့်ထံ၌ ခဝါချအပ်၏၊ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် အနီးဆုံးဖြစ်တော်မူ၍၊ ဖြေကြားပေးနေတော်မူ၏၊" ဟု ဆိုသော်–
၆၂။	**قَالُواْ يَا صَالِحُ قَدْ كُنتَ فِينَا مَرْجُوًّا قَبْلَ هَذَا أَتَنْهَانَا أَن نَّعْبُدَ مَا يَعْبُدُ آبَاؤُنَا وَإِنَّنَا لَفِي شَكٍّ مِّمَّا تَدْعُونَا إِلَيْهِ مُرِيبٍ۞**
လျှာထား	သူတို့က "အို– ဆွာလေဟ်၊ ဤရှေ့အလျင်ထိ၊ သင်သည် ကျွန်ုပ်တို့အထဲ၌ မျှော်လင့်ခံရသူ ဖြစ်ခဲ့၏၊ ကျွန်ုပ်တို့၏ မိရိုးဖလာ ကိုးကွယ်ခဲ့သည်ကို မကိုးကွယ်ရန် ကျွန်ုပ်တို့အား သင် ဟန့်တားသလော၊ သင် ဆင့်ဆိုသော တရား၌ ကျွန်ုပ်တို့ ဒွိဟဖြစ်၏၊ ထို၌ သံသယရှိ၏၊" ဟု ဆိုကြ၏။
၆၃။	**قَالَ يَا قَوْمِ أَرَأَيْتُمْ إِن كُنتُ عَلَى بَيِّنَةً مِّن رَّبِّي وَآتَانِي مِنْهُ رَحْمَةً فَمَن يَنصُرُنِي مِنَ اللّهِ إِنْ عَصَيْتُهُ فَمَا تَزِيدُونَنِي غَيْرَ تَخْسِيرٍ۞**
	သူက ပြောသည်မှာ "အို– ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့ မမြင်မိသလော၊ ကျွန်ုပ်အား ကံကြမ္မာရှင်၏ ထံမှ ရှင်းလင်းချက်တော်နှင့်၊ အရှင့်ထံတော်မှ ကရုဏာတော် ပေးအပ်ခြင်း ဖြစ်၏။ ကျွန်ုပ်သည် အာခံခဲ့မိလျှင် ပရမတ်ဘုရားရှင်အား တုလျက် မည်သူက ကူညီမည်နည်း၊ သင်တို့သည် ကျွန်ုပ်အား ဆုံးရှုံးစေခြင်းမှအပ အခြားကို ပွားစေမည် မဟုတ်ချေ။–
၆၄။	**وَيَا قَوْمِ هَذِهِ نَاقَةُ اللّهِ لَكُمْ آيَةً فَذَرُوهَا تَأْكُلْ فِي أَرْضِ اللّهِ وَلاَ تَمَسُّوهَا بِسُوءٍ فَيَأْخُذَكُمْ عَذَابٌ قَرِيبٌ۞**
✡ ဂုဏ်၃၃	အို– ကျွန်ုပ်၏ လူမျိုးတို့၊ ဤသည် သင်တို့အတွက် နိမိတ်လက္ခဏာဖြစ်သော ပရမတ်ဘုရားရှင်၏ ကုလားအုပ်မ ဖြစ်၏၊ သို့ဖြစ်၍ သူမအား ချန်ထားလျက် ပရမတ်ဘုရားရှင်၏ မြေကမ္ဘာ၌ စားသုံးစေလော့၊ သူမအား အကုသိုလ်ဖြင့် မထိနှင့်၊ သို့မဟုတ်က နီးကပ်သော ဝဋ်ကြွေးသည် သင်တို့အား သိမ်းယူလတ္တံ့၊" ဟု ဖြစ်၏။✡
၆၅။	**فَعَقَرُوهَا فَقَالَ تَمَتَّعُواْ فِي دَارِكُمْ ثَلاَثَةَ أَيَّامٍ ذَلِكَ وَعْدٌ غَيْرُ مَكْذُوبٍ۞**
✡ဂုဏ်၇၇	သို့သော် ကုလားအုပ်မအား မျိုးအ'စေကြ၏။✡ ထိုအခါ သူက "သင်တို့သည် အိမ်များ၌ သုံးရက်မျှသာ ပျော်နေကြလော့၊ ဤကတိတော်သည် လိမ်ညာလိမ်ဆယ်မှု မဟုတ်ချေ၊" ဟု ဆို၏။
၆၆။	**فَلَمَّا جَاء أَمْرُنَا نَجَّيْنَا صَالِحًا وَالَّذِينَ آمَنُواْ مَعَهُ بِرَحْمَةٍ مِّنَّا وَمِنْ خِزْيِ يَوْمِئِذٍ إِنَّ رَبَّكَ هُوَ الْقَوِيُّ الْعَزِيزُ۞**
	ငါ၏ ညွှန်ကြားချက် ရောက်လာစေစဉ်၊ ငါ့ထံမှ ကရုဏာအားဖြင့် ဆွာလေဟ်နှင့် ယုံကြည်သောသူများကို အရှက် ရသည့် နေ့မှ လွတ်မြောက်စေတော်မူ၏၊ သင်၏ ကံကြမ္မာရှင်သည် တန်ခိုးတော်ရှင် ဘုန်းတော်ရှင် ဖြစ်တော်မူ၏။
၆၇။	**وَأَخَذَ الَّذِينَ ظَلَمُواْ الصَّيْحَةُ فَأَصْبَحُواْ فِي دِيَارِهِمْ جَاثِمِينَ۞**
ဂုဏ်၈	အသံလှိုင်းကြီးက မိုက်ကြေးခွဲသောသူများအား သိမ်းယူလိုက်၍ နံနက်၌ သူတို့၏ အိမ်များတွင် ရုပ်ကလပ်များ ဖြစ်သွားစေ၏။
၆၈။	**كَأَن لَّمْ يَغْنَوْاْ فِيهَا أَلاَ إِنَّ ثَمُودَ كَفَرُواْ رَبَّهُمْ أَلاَ بُعْدًا لِّثَمُودَ۞**

	၎င်းသည် သူတို့မပြည့်စုံခဲ့သော အရပ်ကဲ့သို့ ဖြစ်သွားခဲ့၏။ သမု–ဒ်တို့သည် သူတို့၏ ကံကြမ္မာရှင်အား ဖုံးကွယ်၏။ ထို့ကြောင့် သမု–ဒ်တို့အား နောက်ကျန်ရစ်စေပြီ။
၆၉။ ၁၂း၁၀၉	**وَلَقَدْ جَاءتْ رُسُلُنَا إِبْرَاهِيمَ بِالْبُشْرَى قَالُواْ سَلاَمًا قَالَ سَلاَمٌ فَمَا لَبِثَ أَن جَاء بِعِجْلٍ حَنِيذٍ۞** ဝါ၏ ဉာဏ်စဉ်ဆောင်များသည် အီးဗရာဟီးမ်ထံသို့ သတင်းကောင်းဖြင့် ရောက်လာ၍ ''ငြိမ်းချမ်းပါစေ၊''ဟု နှတ်ဆက်သော်– သူကလည်း ''ငြိမ်းချမ်းပါစေ၊''ဟု နှတ်ဆက်လျက် တုံ့ဆိုင်းမနေဘဲ နွားကင်တစ်ကောင်ဖြင့် ရောက်လာ၏။
၇၀။ ☆ ၂၇း၄	**فَلَمَّا رَأَى أَيْدِيَهُمْ لاَ تَصِلُ إِلَيْهِ نَكِرَهُمْ وَأَوْجَسَ مِنْهُمْ خِيفَةً قَالُواْ لاَ تَخَفْ إِنَّا أُرْسِلْنَا إِلَى قَوْمِ لُوطٍ۞** သူတို့သည် ၎င်းအား အကျွမ်းမဝင်☆ လက်မလှမ်းကြဖြစ်သည်ကို မြင်သောအခါ၊ သူသည် စိုးရိမ်စိတ် ခံစားမိ၏၊ သူတို့က ''မစိုးရိမ်လေနှင့် ကျွန်ုပ်တို့သည် လု–တ်၏ လူမျိုးထံသို့ စေပို့ခံရသူများ ဖြစ်၏၊''ဟု ဆို၏။
၇၁။	**وَامْرَأَتُهُ قَآئِمَةٌ فَضَحِكَتْ فَبَشَّرْنَاهَا بِإِسْحَقَ وَمِن وَرَاء إِسْحَقَ يَعْقُوبَ۞** သူ့အပါးတွင် ရပ်နေသော ဇနီးအား အစ္စဟာ့က်နှင့် အစ္စဟာ့က်၏ နောက်မှ ယာကုပ် အကြောင်း သတင်းကောင်းကို ပါးသော် သူမက ရယ်မောလျှက်–
၇၂။	**قَالَتْ يَا وَيْلَتَى أَأَلِدُ وَأَنَاْ عَجُوزٌ وَهَذَا بَعْلِي شَيْخًا إِنَّ هَذَا لَشَيْءٌ عَجِيبٌ۞** ''အလိုလေး–ကျွန်မသည် အဘွားအို‌ဖြစ်ပြီ၊ ရင်သွေးမည်သို့ရအံ့နည်း၊ ဤမှာ ကျွန်မ၏ လင်ယောကျ်ားလည်း အိုလှပြီ။ ဇနပင် ဤသည် အံ့သြစရာ ဖြစ်၏၊''ဟု ဆိုသော်၊
၇၃။	**قَالُواْ أَتَعْجَبِينَ مِنْ أَمْرِ اللهِ رَحْمَتُ اللهِ وَبَرَكَاتُهُ عَلَيْكُمْ أَهْلَ الْبَيْتِ إِنَّهُ حَمِيدٌ مَّجِيدٌ۞** သူတို့က ''သင်တို့သည် ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်အား အံ့သြပါသလော၊ ပရမတ်ဘုရားရှင်၏ ကရုဏာနှင့် ကျက်သရေမင်္ဂလာသည် သင်တို့အပေါ်သို့ သက်ရောက်ပါစေ အိမ်သားအပေါင်းတို့၊ အရှင်သည် ရည်သန်ရူးစိုက်မှုတည်ရာ ဖြစ်၏။ ကြီးကျယ်မြင့်မြတ်တော်မူ၏၊''ဟု ဟောပြော၏။
၇၄။	**فَلَمَّا ذَهَبَ عَنْ إِبْرَاهِيمَ الرَّوْعُ وَجَاءتْهُ الْبُشْرَى يُجَادِلُنَا فِي قَوْمِ لُوطٍ۞** အီဗရာဟီးမ်သည် စိုးရိမ်စိတ်ပြေသွားစဉ်။ သူ့ထံသို့ သတင်းကောင်း ရောက်လာ၏၊ သူသည် လု–တ်၏ လူမျိုး အတွက် ငို‌ထံ၌ ထုချေလှဘတင်ပေး၏။
၇၅။	**إِنَّ إِبْرَاهِيمَ لَحَلِيمٌ أَوَّاهٌ مُّنِيبٌ۞** ဇနပင် အီဗရာဟီးမ်သည် နူးညံ့သိမ်မွေ့၏။ သနားတတ်၏၊ အရှင့်ထံဘက်လှည့်၏။
၇၆။ အသနားခံခြင်းကို	**يَا إِبْرَاهِيمُ أَعْرِضْ عَنْ هَذَا إِنَّهُ قَدْ جَاء أَمْرُ رَبِّكَ وَإِنَّهُمْ آتِيهِمْ عَذَابٌ غَيْرُ مَرْدُودٍ۞** အရှင်က ''အို– အီဗရာဟီးမ်၊ **ဤသည်နှင့်စပ်လျဉ်း၍** ဘောင်ထားလော့၊ သင့်ကံကြမ္မာရှင်၏ ညွှန်ကြားချက်သည် ရောက်လာစေပြီ။ သူတို့ထံ– သူတို့မတန်ပြန်နိုင်သော ဝဋ်ကြွေးအား ပေးရောက်စေပြီ။''
၇၇။ စိတ်ညစ်စရာ	**وَلَمَّا جَاءتْ رُسُلُنَا لُوطًا سِيءَ بِهِمْ وَضَاقَ بِهِمْ ذَرْعًا وَقَالَ هَذَا يَوْمٌ عَصِيبٌ۞** ဝါ၏ ဉာဏ်စဉ်ဆောင်တို့သည် လု–တ်ထံသို့ရောက်လာစဉ်၊ အကုသိုလ် သင့်သူများကြောင့် သူတို့အတွက် လက်ပန်းကျ စိတ်ကျပ်တည်းလျက် ''ဤသည် **အဖွဲ့ဆုံသော**နေ့ပင်တည်း၊''ဟု ညည်းညူ၏။
၇၈။ ☆ ၁၅း၇၁	**وَجَاءهُ قَوْمُهُ يُهْرَعُونَ إِلَيْهِ وَمِن قَبْلُ كَانُواْ يَعْمَلُونَ السَّيِّئَاتِ قَالَ يَا قَوْمِ هَؤُلاء بَنَاتِي هُنَّ أَطْهَرُ لَكُمْ فَاتَّقُواْ اللهَ وَلاَ تُخْزُونِ فِي ضَيْفِي أَلَيْسَ مِنكُمْ رَجُلٌ رَّشِيدٌ۞** သူ့ လူမျိုးများသည် သူ့ထံသို့ အလျင်စလို ရောက်လာကြ၏။ သူတို့သည် ရှေ့ကပင် အကုသိုလ်များ ကျင့်ကြံလျက် ရှိခဲ့၏။ သူက ''အို– ကျွန်ုပ်၏ လူမျိုးတို့၊ ဤမှာ ကျွန်ုပ်သမီးများ ရှိ၏၊☆ သူတို့သည် သင်တို့အတွက် ပိုမို သန့်စင်စေ၏၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဧည့်သည်များကို စော်ကားခြင်းဖြင့် ကျွန်ုပ်အား အရှက်မခွဲကြနှင့်၊ သင်တို့၌ ယောကျ်ားပီသသူ တစ်ဦးမျှ မရှိကြသလော၊''ဟု ဆို၏။[၅၄၇]

---

(၅၄၇) **رَّشِيدٌ رَجُلٌ ရကျိုလွန် ရရှိုးဒွန်** ဆိုသည်မှာ စိတ်ဓါတ် ဖြောင့်မတ်ခိုင်မာသောသူ ဟု အနက်ရပေသည်။ လု–တ်၏ လူမျိုးမှ ယောကျ်ားတို့သည် အမျိုးသမီးများ အစား ယောကျ်ားချင်း ကာမမှုကို ကျူးလွန်ကြသည်။ ထို့ကြောင့် ကိုယ်တော်လု–တ်က သူ၏ ဧည့်သည်များအား စော်ကားမည်ကို စိုးရိမ်မကင်း ဖြစ်၍ သူ့ဧည်သည် ယောကျ်ားများအစား သူ့သမီးများ (နောက်လိုက် အမျိုးသမီးများ)ကို သဘာဝအတိုင်း ဆက်ဆံကြရန် မေတ္တာရပ်ခံ၍။ သဘာဝကို မဖေါက်ပြန်သော စိတ်ဓါတ်ဖြောင့်မတ်သောသူ ဟု ဆိုလိုသောကြောင့် ဤစကားလုံးကို ဤဘာသာပြန်၌ ယေကျ်ားပီသ သောသူ ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

၇၉။	**قَالُواْ لَقَدْ عَلِمْتَ مَا لَنَا فِي بَنَاتِكَ مِنْ حَقٍّ وَإِنَّكَ لَتَعْلَمُ مَا نُرِيدُ۞** သူတို့က ''သင်၏ သမီးများသည် ကျွန်ုပ်တို့အတွက် မဟုတ်ကြောင်း သင် သိ၏။ ကျွန်ုပ်တို့ အမှန်အကန် လိုလားရာ ကိုလည်း သင် သိ၏၊''ဟု ပြောကြ၏။
၈၀။	**قَالَ لَوْ أَنَّ لِي بِكُمْ قُوَّةً أَوْ آوِي إِلَى رُكْنٍ شَدِيدٍ۞** သူက ''ကျွန်ုပ်သည် သင်တို့အား ခုခံရန် အစွမ်းရှိလျှင်၊ သို့မဟုတ် မှီခိုရာ သန်မာသော အမှီရှိလျှင် ကောင်းလေစွ၊'' ဟု ညည်းညူ၏။
၈၁။ ဧည့်သည်များက	**قَالُواْ يَا لُوطُ إِنَّا رُسُلُ رَبِّكَ لَن يَصِلُواْ إِلَيْكَ فَأَسْرِ بِأَهْلِكَ بِقِطْعٍ مِّنَ اللَّيْلِ وَلاَ يَلْتَفِتْ مِنكُمْ أَحَدٌ إِلاَّ امْرَأَتَكَ إِنَّهُ مُصِيبُهَا مَا أَصَابَهُمْ إِنَّ مَوْعِدَهُمُ الصُّبْحُ أَلَيْسَ الصُّبْحُ بِقَرِيبٍ۞** **သူတို့က** ''အို– လု–တ်၊ ကျွန်ုပ်တို့သည် သင့်ကံကြမ္မာရှင်ထံမှ ဥဇၨာစဉ်ဆောင်များ ဖြစ်၏။ သူတို့သည် သင့်ထံ မပူးပေါင်းနိုင်ရာ၊ သင်သည် ဝိုင်းသားများနှင့်အတူ ည အစိတ်အပိုင်း၌ ခရီးနှင်လော့၊ သင့်ဇနီးမှအပ သင်တို့အထဲမှ တစ်ယောက်ကိုမှ နောက်ဆံမတင်းစေနှင့်၊ ဇကန်ပင် သူတို့အား ထိခိုက်စေမည့် အရာသည် သူမအားလည်း ထိခိုက်စေမည်၊ သူတို့အတွက် ကတိထားချိန်သည် နံနက်စ ဖြစ်၏၊ နံနက်သည် နီးကပ်လာနေပြီ မဟုတ်လော၊''ဟု ဆို၏။
၈၂။ ☆ ၁၀၅း၄	**فَلَمَّا جَاء أَمْرُنَا جَعَلْنَا عَالِيَهَا سَافِلَهَا وَأَمْطَرْنَا عَلَيْهَا حِجَارَةً مِّن سِجِّيلٍ مَّنضُودٍ۞** ငါ၏ ညွှန်ကြားချက် ရောက်လာစဉ်၊ သူတို့အား အပေါ်ဆုံးမှ အနိမ့်ဆုံးသို့ စီစဉ်ပစ်၍၊ သူတို့အပေါ်သို့ ဖျက်အား ကောင်းသော လိုမ့်ချသည့် ကျောက်မိုး အထပ်ထပ် ရွာစေ၏။☆
၈၃။	**مُّسَوَّمَةً عِندَ رَبِّكَ وَمَا هِيَ مِنَ الظَّالِمِينَ بِبَعِيدٍ۞** ၎င်းသည် သင့်ကံကြမ္မာရှင်၏ ထံ၌ တံဆိပ်တပ်ပြီး ဖြစ်၍၊ ၎င်းသည် အမိုက်ကောင်များ အတွက် နောက်ကျနေသည် မဟုတ်ချေ။
၈၄။ ဂုးဇ၅	**وَإِلَى مَدْيَنَ أَخَاهُمْ شُعَيْبًا قَالَ يَا قَوْمِ اعْبُدُواْ اللّهَ مَا لَكُم مِّنْ إِلَـهٍ غَيْرُهُ وَلاَ تَنقُصُواْ الْمِكْيَالَ وَالْمِيزَانَ إِنِّيَ أَرَاكُم بِخَيْرٍ وَإِنِّيَ أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ مُّحِيطٍ۞** မိဒီယံတို့ထံသို့ သူတို့၏ ညီနောင်ဖြစ်သော ရှုအိုက်(ဘ်)ကို စေ၍၊ ဟောစေသည်မှာ ''အို– ကျွန်ုပ်၏ လူမျိုးတို့၊ ပရမတ်ဘုရားရှင်အား ကိုးကွယ်ကြလော့။ သင်တို့အတွက် အရှင်မှအပ အခြားဘုရား ဟူ၍ မရှိပြီ။ ချိန်တွယ်ရာ၌ ချိန်ခွင်မလျော့စေနှင့်၊ သင်တို့၌ ကောင်းခြင်းများကို ကျွန်ုပ်မြင်၏။ သင်တို့အတွက် ဝဋ်ကြွေးများ ဝိုင်းဝန်းထားသော နေ့ကာလကို ကျွန်ုပ် ကြောက်မိ၏။–်
၈၅။	**وَيَا قَوْمِ أَوْفُواْ الْمِكْيَالَ وَالْمِيزَانَ بِالْقِسْطِ وَلاَ تَبْخَسُواْ النَّاسَ أَشْيَاءهُمْ وَلاَ تَعْثَوْاْ فِي الأَرْضِ مُفْسِدِينَ۞** အို– ကျွန်ုပ်၏ လူမျိုးတို့၊ အချိန်အတွယ်နှင့်၊ ချိန်ခွင်ကို သမာသမတ်ဖြင့် ပြည့်စေကြလော့၊ လူသားတို့၏ အရာဝတ္ထုများအား မလျော့ပေါ့စေနှင့်၊ ကမ္ဘာ၌ ညစ်ညမ်းစုတ်ပဲ့၊ အဖျက်ကောင်များ မပြုကြနှင့်။
၈၆။	**بَقِيَّةُ اللّهِ خَيْرٌ لَّكُمْ إِن كُنتُم مُّؤْمِنِينَ وَمَا أَنَاْ عَلَيْكُم بِحَفِيظٍ۞** သင်တို့သည် ယုံကြည်သူများ ဖြစ်လျှင် ပရမတ်ဘုရားရှင်၏ တည်ထားပေးရာသည် သင်တို့အဘို့ အကောင်းဆုံး ဖြစ်၏။ ကျွန်ုပ်သည် သင်တို့အား ထိန်းသိမ်းစောင့်ရှောက်ရသူ မဟုတ်ချေ။''ဟု ဖြစ်၏။
၈၇။	**قَالُواْ يَا شُعَيْبُ أَصَلاَتُكَ تَأْمُرُكَ أَن نَّتْرُكَ مَا يَعْبُدُ آبَاؤُنَا أَوْ أَن نَّفْعَلَ فِي أَمْوَالِنَا مَا نَشَاء إِنَّكَ لَأَنتَ الْحَلِيمُ الرَّشِيدُ۞** သူတို့က ''အို– ရှုအိုက်(ဘ်) သင်၏ ဝတ်ပြုခြင်းက[၅၄] ကျွန်ုပ်တို့အား မိရိုးဖလာ ကိုးကွယ်ခြင်းနှင့် ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်းအား စံချိန်ပြည့် ပွားများအောင် လုပ်ခြင်းမှ ချန်ပစ်ရန် ညွှန်ကြားသလော။ ဇကန်ပင် သင်သည် စိတ်နူးညံ့သူ၊ စိတ်ဓါတ်ဖြောင့်မတ်သူ ဖြစ်၏၊''ဟု ဆိုသော်။

---

(၅၄) **صَلاَتُكَ ဆွလာတ်တို့က** ဟူသည် အသင်၏ ဆွလာတ် ဟု ဖြစ်သည်။ ဆွလာတ် ဟူသည် ပရမတ်ဘုရားရှင်ထံမှ ကိန်းဝပ်ပေးသော ဥဇၨာစဉ် ဓမ္မကျမ်းချက်များအား နောက်လိုက်များ၏ ကိုယ်စိတ်နှလုံးတွင် စွဲကပ်သွားစေရန် လေ့ကျင့်ပေးသည့် သင်တန်း။ လေ့ကျင့်မှု ဖြစ်ကြောင်း ၂း၃ တွင် ရှင်းခဲ့ပြီး ဖြစ်သည်။ ကိုယ်တော် ရှုအိုက်(ဘ်)၏ ဝတ်ပြုခြင်း လမ်းညွှန်မှာ မိရိုးဖလာ ဥစ္စာလောဘ တက်နေသူများ အတွက် ထိခိုက်ဘွယ်ရာ ဖြစ်သောကြောင့် သူ၏ လူများမှ ကန့်ကွက်မှု ဖြစ်ပေသည်။

၈၈။	**قَالَ يَا قَوْمِ أَرَأَيْتُمْ إِن كُنتُ عَلَىٰ بَيِّنَةٍ مِّن رَّبِّي وَرَزَقَنِي مِنْهُ رِزْقًا حَسَنًا وَمَا أُرِيدُ أَنْ أُخَالِفَكُمْ إِلَىٰ مَا أَنْهَاكُمْ عَنْهُ إِنْ أُرِيدُ إِلَّا الْإِصْلَاحَ مَا اسْتَطَعْتُ وَمَا تَوْفِيقِي إِلَّا بِاللَّهِ عَلَيْهِ تَوَكَّلْتُ وَإِلَيْهِ أُنِيبُ۞** သူ ဟောပြောသည်မှာ ‘‘အို– ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကျွန်ုပ်အား ရှင်းလင်းစေပြီ၊ အရှင့်ထံမှ ရိကွာများဖြင့် တင့်တယ်စွာ ရိကွာထောက်၏ အသင်တို့ မြင်မိကြသလော၊ သင်တို့အား ကျွန်ုပ် ဟန့်တားရာကို– သင်တို့ကို ဆက်ခံ၍ ကျွန်ုပ်လည်း ကျူးလွန်လိုသည် မဟုတ်။ ကျွန်ုပ်ကိုယ်တိုင် တတ်နိုင်သမျှ ပြုပြင်လို၏။ ကျွန်ုပ်သည် ပရမတ်ဘုရားရှင် ဖြင့်သာ ပေါင်းစည်းလိုပါ၏၊ အရှင့်ကိုသာ ကိုးစားပါ၏၊ အရှင့်ထံသို့ ဘက်လှည့်ကြ၏။
၈၉။ ဂုဇ၄ ဂုဂ၂ ဂုဂ၈ ဂုဈ၄	**وَيَا قَوْمِ لَا يَجْرِمَنَّكُمْ شِقَاقِي أَن يُصِيبَكُم مِّثْلُ مَا أَصَابَ قَوْمَ نُوحٍ أَوْ قَوْمَ هُودٍ أَوْ قَوْمَ صَالِحٍ وَمَا قَوْمُ لُوطٍ مِّنكُم بِبَعِيدٍ۞** အို– ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်၏ ကွဲလွဲမှုများကြောင့် သင်တို့ ရာဇဝတ်ပြုမည်ဆိုက နူးဟ်၏ လူမျိုး၊ ဟု–ဒ်၏ လူမျိုး၊ ဆွာလေဟ်၏ လူမျိုးနှင့် နောက်ကျမကျန်မှိက လု–တ်၏ လူမျိုးများအပေါ်၌ ထိခိုက်စေသကဲ့သို့ သင်တို့အား ထိခိုက်လတ္တံ့[၅၉]–
၉၀။	**وَاسْتَغْفِرُوا رَبَّكُمْ ثُمَّ تُوبُوا إِلَيْهِ إِنَّ رَبِّي رَحِيمٌ وَدُودٌ۞** –သင်တို့၏ ကံကြမ္မာရှင်၌ လွတ်ငြိမ်းဆုပန်ကြလော့၊ အရှင့်ထံ၌ ခဝါချကြလော့၊ အရှင်သည် အကြင်နာရှင်၊ ချစ်ခင်သော အရှင် ဖြစ်တော်မူ၏။’’ဟု ဖြစ်၏။
၉၁။	**قَالُوا يَا شُعَيْبُ مَا نَفْقَهُ كَثِيرًا مِّمَّا تَقُولُ وَإِنَّا لَنَرَاكَ فِينَا ضَعِيفًا وَلَوْلَا رَهْطُكَ لَرَجَمْنَاكَ وَمَا أَنتَ عَلَيْنَا بِعَزِيزٍ۞** သူတို့က ‘‘အို– ရှူအိုက်(ဘ်) သင်၏ ဟောပြောချက် အများစုကို ကျွန်ုပ်တို့ နားမလည်နိုင်ချေ။ သင်သည် ကျွန်ုပ်တို့ အထဲတွင် အင်အားချိနဲ့သူ အဖြစ်သာ မြင်ရ၏၊ သင်၏ မျိုးရိုးကြောင့်သာ မဟုတ်ခဲ့လျှင်၊ သင့်အား ပစ်ထုတ်ပြီးလတ္တံ့၊ သင့်တွင် မည်သည့် ဘုန်းကံမှ မရှိချေ။’’ဟု ပြောကြ၏။
၉၂။	**قَالَ يَا قَوْمِ أَرَهْطِي أَعَزُّ عَلَيْكُم مِّنَ اللَّهِ وَاتَّخَذْتُمُوهُ وَرَاءَكُمْ ظِهْرِيًّا إِنَّ رَبِّي بِمَا تَعْمَلُونَ مُحِيطٌ۞** သူ ပြန်ပြောသည်မှာ ‘‘အို– ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်၏ မျိုးရိုးက ပရမတ်ဘုရားရှင်ထက် ဘုန်းကံမြင့်စေသလော၊ သင်တို့သည် ကျောခိုင်းလျက် ကွယ်ပစ်လိုက်သော အရာကဲ့သို့ အရှင့်အပေါ်၌ အယူမထားကြ၊ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကျင့်ကြံလေသမျှကို ဝိုင်းရံထားတော်မူ၏။–
၉၃။	**وَيَا قَوْمِ اعْمَلُوا عَلَىٰ مَكَانَتِكُمْ إِنِّي عَامِلٌ سَوْفَ تَعْلَمُونَ مَن يَأْتِيهِ عَذَابٌ يُخْزِيهِ وَمَنْ هُوَ كَاذِبٌ وَارْتَقِبُوا إِنِّي مَعَكُمْ رَقِيبٌ۞** အို– ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့ နေသားကျပြီးအတိုင်း ကျင့်ကြံကြလော့၊ ကျွန်ုပ်လည်း ကျင့်ကြံနေ၏၊ မည်သူ့အား အရှက်ရစေသော ဝဋ်ကြွေးသည် ထိမည်၊ မည်သူသည် လူလိမ် ဖြစ်သည်ကို မကြာမီ သိရလတ္တံ့။ စောင့်ကြည့်နေကြလော့၊ ကျွန်ုပ်သည်လည်း သင်တို့နှင့်အတူ စောင့်ကြည့်နေ၏၊’’ဟု ဖြစ်၏။
၉၄။ ဂုဇ၁ လျှင် ကြီး	**وَلَمَّا جَاءَ أَمْرُنَا نَجَّيْنَا شُعَيْبًا وَالَّذِينَ آمَنُوا مَعَهُ بِرَحْمَةٍ مِّنَّا وَأَخَذَتِ الَّذِينَ ظَلَمُوا الصَّيْحَةُ فَأَصْبَحُوا فِي دِيَارِهِمْ جَاثِمِينَ۞** ဝါ၏ ညွှန်ကြားချက် ရောက်ရှိလာစဉ်၊ ငှါထံမှ ကရုဏာတော်အားဖြင့် ရှူအိုက်(ဘ်)နှင့် ယုံကြည်သောသူများကို လွတ်မြောက်စေတော်မူ၏၊ မိုက်ကြေးခွဲသောသူများအား **အသံလွှိုင်းကြီး**ဖြင့် သိမ်းယူလိုက်၍ သူတို့၏ အိမ်များတွင် နံနက်၌ ရုပ်ကလပ်များ ဖြစ်သွားစေ၏။
၉၅။	**كَأَن لَّمْ يَغْنَوْا فِيهَا أَلَا بُعْدًا لِّمَدْيَنَ كَمَا بَعِدَتْ ثَمُودُ۞** သမု–ဒ်တို့သည် ထို၌ သူတို့ မပြည့်မစုံဖြင့် နောက်ကျန်ရစ်သည်မှာ မီဒီယံတို့ နောက်ကျန်ရစ် သကဲ့သို့ ဖြစ်၏၊
၉၆။	**وَلَقَدْ أَرْسَلْنَا مُوسَىٰ بِآيَاتِنَا وَسُلْطَانٍ مُّبِينٍ۞**

(၅၄) ကျမ်းတော်တွင် လွတ်လပ်စွာ အယူအဆ ကွဲပြားမှုကို လူများတရားနိုင် စနစ်ဖြင့် မတော်မတရား အနိုင်ကျင့်သော လူမျိုးတိုင်းသည် ပျက်စီး တိမ်ကောသွားရသည်ကို မကြာခဏ ဥပမာပေး တင်ပြပေသည်။

	ငါသည် ရှင်းလင်းထင်ရှားသော အခွင့်အာဏာနှင့် ငါ၏ သုတ်ဒေသနာများအားဖြင့် မူဆာကို မုချ စေပို့ခဲ့သည်မှာ–
၉၇။	**إِلَى فِرْعَوْنَ وَمَلَئِهِ فَاتَّبَعُواْ أَمْرَ فِرْعَوْنَ وَمَا أَمْرُ فِرْعَوْنَ بِرَشِيدٍ۞** ဖာရိုးနှင့် သူ့အကြံပေးများ ထံသို့ ဖြစ်၏။ သူတို့သည် ဖာရိုး၏ ညွှန်ကြားချက်ကိုသာ လိုက်နာကြ၏၊ ဖာရိုး၏ ညွှန်ကြားချက်သည် ဖြောင့်မတ်မှန်ကန်မှု မရှိချေ။
၉၈။	**يَقْدُمُ قَوْمَهُ يَوْمَ الْقِيَامَةِ فَأَوْرَدَهُمُ النَّارَ وَبِئْسَ الْوِرْدُ الْمَوْرُودُ۞** သူသည် သူ့လူမျိုးအား စုံရပ်ရမည့် ရပ်တည်ရသော နေ့၌ ရဲနေသည့် အမင်္ဂလာ မီး ရဲရဲထဲ၌ မီးခဲရဲရဲဖြစ်စေလတ္တံ့။
၉၉။	**وَأُتْبِعُواْ فِي هَذِهِ لَعْنَةً وَيَوْمَ الْقِيَامَةِ بِئْسَ الرِّفْدُ الْمَرْفُودُ۞** မေတ္တာမဲ့ခံရမှုသည် ဤ၌၎၊ ရပ်တည်ရသော နေ့ကာလ၌ သူတို့နောက်သို့ လိုက်နေ၏။ အမင်္ဂလာ လက်ဆောင်ကိုသာ လက်ဆောင်ပေးခံရလတ္တံ့။
၁၀၀။	**ذَلِكَ مِنْ أَنبَاء الْقُرَى نَقُصُّهُ عَلَيْكَ مِنْهَا قَآئِمٌ وَحَصِيدٌ۞** ဤသည် သင့်အား ဖေါ်ပြပေးသည့်၊ မြေနေသေးသော၊ ရိတ်သိမ်းကြိတ်နယ်ပြီးသော အရပ်ဒေသတို့၏ သတင်းပင်တည်း။
၁၀၁။	**وَمَا ظَلَمْنَاهُمْ وَلَكِن ظَلَمُواْ أَنفُسَهُمْ فَمَا أَغْنَتْ عَنْهُمْ آلِهَتُهُمُ الَّتِي يَدْعُونَ مِن دُونِ اللّهِ مِن شَيْءٍ لَّمَّا جَاء أَمْرُ رَبِّكَ وَمَا زَادُوهُمْ غَيْرَ تَتْبِيبٍ۞** ငါသည် သူတို့အား အမိုက်သင့်စေသည်မဟုတ်၊ သူတို့စရိုက်ကိုသာ သူတို့ မိုက်ကြေးခွဲကြ၏။ သင့်ကံကြမ္မာရှင်၏ ထံမှ ညွှန်ကြားချက် ရောက်ရှိလာစဉ်၊ ပရမတ်ဘုရားရှင် မှလွဲ၍ သူတို့ ဆုတောင်းခဲ့သော ဘုရားများသည် သူတို့အတွက် တစ်စုံတစ်ရာ ပြည့်စုံစေခြင်း မရှိချေ။ သူတို့အတွက် ပျက်စီးဆုံးရှုံးခြင်းမှအပ အခြားကိုသာ တိုးပွားစေသည် မရှိချေ။
၁၀၂။	**وَكَذَلِكَ أَخْذُ رَبِّكَ إِذَا أَخَذَ الْقُرَى وَهِيَ ظَالِمَةٌ إِنَّ أَخْذَهُ أَلِيمٌ شَدِيدٌ۞** ဤသို့၊ အရပ်ဒေသများသည် အယူမှားလျက် အမိုက်စီးနေစဉ်တွင် သင်၏ကံကြမ္မာရှင်က အရေးယူတော်မူ၏၊ ဇကန်ပင် အရှင်၏ အရေးယူခြင်းသည် ပြင်းထန်စူးနစ်လှပေ၏။
၁၀၃။ နောင် ဘဝ	**إِنَّ فِي ذَلِكَ لآيَةً لِّمَنْ خَافَ عَذَابَ الآخِرَةِ ذَلِكَ يَوْمٌ مَّجْمُوعٌ لَّهُ النَّاسُ وَذَلِكَ يَوْمٌ مَّشْهُودٌ۞** ဇကန်ပင် ဤ၌၎၊ နောင်ဘဝ၏ ဝဋ်ကြွေးအား စိုးရိမ်တတ်သူတို့အဘို့ သက်သေလက္ခဏာရပ် ရှိနေ၏။ **ထင်းသည်** လူသားတို့အား အတူစုစေသည့် နေ့ကာလဖြစ်၏၊ ထင်းသည် မျက်မှောက်သက်သေပြုရသော နေ့ကာလဖြစ်၏။
၁၀၄။ နောင် ဘဝ	**وَمَا نُؤَخِّرُهُ إِلاَّ لِأَجَلٍ مَّعْدُودٍ۞** ငါအရှင်သည် **ထင်း**ကို တွက်ချက်၍ အချိန် နောက်ဆုတ်ထားတော်မူ၏။
၁၀၅။	**يَوْمَ يَأْتِ لاَ تَكَلَّمُ نَفْسٌ إِلاَّ بِإِذْنِهِ فَمِنْهُمْ شَقِيٌّ وَسَعِيدٌ۞** ထို ရောက်လာမည့် နေ့ကာလ၌ မည်သည့် ဉာဉ်စရိုက်သည်မှ အရှင်၏ ခွင့်ပြုချက် မရှိဘဲ ပြောဆိုပိုင်ခွင့် မရှိ၊ သူတို့အနက် ကံဆိုးရသူ၊ စိတ်ပျော်သူများ ရှိလတ္တံ့။
၁၀၆။	**فَأَمَّا الَّذِينَ شَقُواْ فَفِي النَّارِ لَهُمْ فِيهَا زَفِيرٌ وَشَهِيقٌ۞** ကံဆိုးရသောသူများမှာမူ အပူမီးထဲသို့ ဖြစ်၍၊ သူတို့အတွက် ထို၌ ညီးတွားရခြင်း၊ ငိုကြွေးရခြင်းတို့ ရှိ၏။
၁၀၇။ ၆း၁၂၉	**خَالِدِينَ فِيهَا مَا دَامَتِ السَّمَاوَاتُ وَالأَرْضُ إِلاَّ مَا شَاء رَبُّكَ إِنَّ رَبَّكَ فَعَّالٌ لِّمَا يُرِيدُ۞** သင့်ကံကြမ္မာရှင်၏ စံချိန်ပြည့်ရာမှ အပ၊ သူတို့သည် ထို၌ မိုးများနှင့် မြေ တည်ရှိသမျှ ကာလမဲ့ခံစားရလတ္တံ့။ သင့်ကြမ္မာရှင်သည် အလိုတော်ရှိသည်ကို စီမံသော အရှင် ဖြစ်၏။[၁၅၀]

(၁၅၀) အစွယ်လာမ်သာသနာက ထောက်ပြသော အပူမီး သို့မဟုတ်၊ ငရဲ သည် ထာဝရ ခံစားရနေရသည့် ဘုံ မဟုတ်ကြောင်းကို ဤသုတ်တော်က ထောက်ပြထားပေသည်။ မိုးများနှင့် မြေကမ္ဘာ တည်ရှိမှုသည် ကာလပိုင်းခြား သတ်မှတ်မှု ရှိကြောင်း ကျမ်းတော်တွင် မြောက်များစွာ ပြောထားပေသည်။ သုခဘုံနှင့် ငရဲဘုံသည် သတ္တဝါတို့၏ နောက်ဆုံးချုပ်ငြိမ်းရာ မဟုတ်ချေ။ နောက်ဆုံးချုပ်ငြိမ်းမှုမှာ ပရမတ်ဘုရားရှင်ထံသို့ ပေါင်းဆုံခြင်းသာ ဖြစ်သည်ဟု ကျမ်းတော်က ဆိုပေသည်။ ကာလမဲ့ အချိန်ဆိုသည်မှာ Out of Time and Sapce ကို ဆိုခြင်းဖြစ်သည်၊ ၂း၃၉ တွင် ကြည့်ပါ။

၁၀၈။	**وَأَمَّا الَّذِينَ سُعِدُواْ فَفِي الْجَنَّةِ خَالِدِينَ فِيهَا مَا دَامَتِ السَّمَاوَاتُ وَالأَرْضُ إِلاَّ مَا شَاء رَبُّكَ عَطَاء غَيْرَ مَجْذُوذٍ۞** စိတ်ပျော်ရသောသူတို့အတွက်မူ သင့်ကံကြမ္မာရှင်၏ စံချိန်ပြည့်သည့် အလျောက် သုခဘုံ၌ ကာလမဲ့စံစားရလျက် ထို၌ မိုးများနှင့် မြေ တည်ရှိသမျှ စံစားရ၍၊ မချိုးဖျက်ခံရသော လက်ဆောင်သည် ရှိလတ္တံ့။
၁၀၉။ နစ်နာမှု	**فَلاَ تَكُ فِي مِرْيَةٍ مِّمَّا يَعْبُدُ هَؤُلاء مَا يَعْبُدُونَ إِلاَّ كَمَا يَعْبُدُ آبَاؤُهُم مِّن قَبْلُ وَإِنَّا لَمُوَفُّوهُمْ نَصِيبَهُمْ غَيْرَ مَنقُوصٍ۞** သင်သည် ထိုသူများ ကိုးကွယ်သည့် အရာများကြောင့် အချင်းမများနှင့်၊ သူတို့သည် သူတို့၏ ရှေ့က မိရိုးဖလာ ကိုးကွယ်ခြင်းကိုသာ ကိုးကွယ်နေကြ၏။ ငါသည် သူတို့ရထိုက်သော **ပင်ပန်းရက္ခိုး**ကို မလျော့မပေါ့ ပြီးပြည့်စေလတ္တံ့။
၁၁၀။	**وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ فَاخْتُلِفَ فِيهِ وَلَوْلاَ كَلِمَةٌ سَبَقَتْ مِن رَّبِّكَ لَقُضِيَ بَيْنَهُمْ وَإِنَّهُمْ لَفِي شَكٍّ مِّنْهُ مُرِيبٍ۞** ငါသည် မူဆာအား ကျမ်းတော်တစ်ဆူ ပေးအပ်တော်မူရာ၊ သူတို့သည် ၎င်း၌ သဘောထားကွဲကြ၏။ သင့်ကံကြမ္မာရှင် ထံမှ စကားတော် သတ်မှတ်ပြီး မဟုတ်ခဲ့လျှင်၊ သူတို့ကြား၌ ဆုံးဖြတ်ပြီး ဖြစ်လတ္တံ့။ ဇနပင် သူတို့သည် ဒွိဟဖြစ်၏၊ ထို၌ သံသယရှိ၏၊
၁၁၁။	**وَإِنَّ كُلاًّ لَّمَّا لَيُوَفِّيَنَّهُمْ رَبُّكَ أَعْمَالَهُمْ إِنَّهُ بِمَا يَعْمَلُونَ خَبِيرٌ۞** သင့်ကံကြမ္မာရှင်သည် သူတို့၏ ကျင့်ကြံမှု ကိုယ်စီအား ဇနဉ် ပြီးပြည့်စေလတ္တံ့၊ အရှင်သည် ကျင့်ကြံသမျှကို သတင်းသိနေတော်မူ၏။
၁၁၂။	**فَاسْتَقِمْ كَمَا أُمِرْتَ وَمَن تَابَ مَعَكَ وَلاَ تَطْغَوْاْ إِنَّهُ بِمَا تَعْمَلُونَ بَصِيرٌ۞** သင်နှင့်အတူ ခဝါချသူများအား သင့်ကို ညွှန်ကြားသည့်အတိုင်း ရပ်တည်စေလော့။ စည်းမဖျက်ကြနှင့်၊ အရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင် ဖြစ်၏။
၁၁၃။	**وَلاَ تَرْكَنُواْ إِلَى الَّذِينَ ظَلَمُواْ فَتَمَسَّكُمُ النَّارُ وَمَا لَكُم مِّن دُونِ اللّهِ مِنْ أَوْلِيَاء ثُمَّ لاَ تُنصَرُونَ۞** သင်တို့အား အပူမီး ထိသက်အံ့ငှာ၊ မိုက်ကြေးခွဲသောသူများ၏ ဘက်သို့ မယိမ်းညွတ်နှင့်၊ ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့ အတွက် မဟာမိတ် မရှိချေ။ ကူညီနိုင်သူလည်း မရှိချေ။
၁၁၄။ ✡ ၂း၃	**وَأَقِمِ الصَّلاَةَ طَرَفَيِ النَّهَارِ وَزُلَفًا مِّنَ اللَّيْلِ إِنَّ الْحَسَنَاتِ يُذْهِبْنَ السَّيِّئَاتِ ذَلِكَ ذِكْرَى لِلذَّاكِرِينَ۞** နေ့၏ မျက်ခြည်ဆုံးချိန်များ၌၊ ညသို့ ချည်းကပ်ချိန်၌ သင်တို့ ဝတ်ပြု✡ မြဲကြလော့၊ သုမင်္ဂလာသည် အကုသိုလ်များကို ဇနဉ် သိမ်းယူပစ်၏။ ဤသည် သတိရရှုမှတ်သူတို့အဘို့ သတိပေးတရားတော် ဖြစ်၏။
၁၁၅။	**وَاصْبِرْ فَإِنَّ اللّهَ لاَ يُضِيعُ أَجْرَ الْمُحْسِنِينَ۞** သည်းခံပါရမီ ရှိကြလော့၊ ဇနပင် ပရမတ်ဘုရားရှင်သည် ကုသိုလ်မှုပြုသူတို့၏ ဆုလဒ်ကို အလဟသ မဖြစ်စေပေ။
၁၁၆။	**فَلَوْلاَ كَانَ مِنَ الْقُرُونِ مِن قَبْلِكُمْ أُوْلُواْ بَقِيَّةٍ يَنْهَوْنَ عَنِ الْفَسَادِ فِي الأَرْضِ إِلاَّ قَلِيلاً مِّمَّنْ أَنجَيْنَا مِنْهُمْ وَاتَّبَعَ الَّذِينَ ظَلَمُواْ مَا أُتْرِفُواْ فِيهِ وَكَانُواْ مُجْرِمِينَ۞** သင်တို့ မတိုင်မီ မျိုးဆက် ဖြစ်သူများ အနက်၊ ကမ္ဘာမြေ၌ အဖျက်လုပ်ရပ် မကြံစည်ဘို့ရာ ဟန့်တားသည့် ပညာရှိများ ရှိခဲ့၏၊ သူတို့မှ အနည်းစုကို ငါအရှင် လွတ်မြောက်စေခဲ့ပြီ။ မိုက်ကြေးခွဲသောသူများသည်ကား စည်းဇိမ်ယစ်မှုများကို လိုက်နေကြ၏။ သူတို့သည် ရာဇဝတ်ကောင်များပင် ဖြစ်ကြ၏။
၁၁၇။ အမိုက်သင့်	**وَمَا كَانَ رَبُّكَ لِيُهْلِكَ الْقُرَى بِظُلْمٍ وَأَهْلُهَا مُصْلِحُونَ۞** သင်၏ ကံကြမ္မာရှင်သည် အရပ်ဒေသသားများ ပြုပြင်ပြောင်းလဲနေစဉ် **အဝိဇ္ဇာသင့်** တိမ်ကောစေသည် ဟူ၍ မရှိချေ။
၁၁၈။	**وَلَوْ شَاء رَبُّكَ لَجَعَلَ النَّاسَ أُمَّةً وَاحِدَةً وَلاَ يَزَالُونَ مُخْتَلِفِينَ۞** သင့်ကံကြမ္မာရှင်၏ စံချိန်ပြည့်ခဲ့လျှင်၊ လူသားတို့အား အသိုင်းအဝိုင်း တစ်ခုတည်း အဖြစ် စီစဉ်ပြီးလတ္တံ့။ သို့သော် မရပ်မနား ငြင်းခုံကွဲလွဲနေကြသည်မှာ–

၁၁၉။ ✡ ၆း၁၀၀	**إِلاَّ مَن رَّحِمَ رَبُّكَ وَلِذَلِكَ خَلَقَهُمْ وَتَمَّتْ كَلِمَةُ رَبِّكَ لأَمْلأَنَّ جَهَنَّمَ مِنَ الْجِنَّةِ وَالنَّاسِ أَجْمَعِينَ۞** သင့်ကံကြမ္မာရှင်၏ ကရုဏာသက်သူတို့မှ အပ ဖြစ်၏၊ ထိုအကြောင်းကြောင့် သူတို့အား ဖြစ်တည်စေ၍ ‘‘ကလျာဏနှင့် အန္ဓပုတုဇဉ်များအား✡ ငရဲဘုံ၌ အားလုံးအတူ ဖြည့်ပစ်မည်’’ဟူသည့် သင့်ကံကြမ္မာရှင်၏ စကားတော်သည် ပြည့်စုံစေလတ္တံ့။
၁၂၀။	**وَكُلاًّ نَّقُصُّ عَلَيْكَ مِنْ أَنبَاء الرُّسُلِ مَا نُثَبِّتُ بِهِ فُؤَادَكَ وَجَاءكَ فِي هَذِهِ الْحَقُّ وَمَوْعِظَةٌ وَذِكْرَى لِلْمُؤْمِنِينَ۞** ဉာဏ်စဉ်ဆောင်များ၏ သတင်း ကိုယ်စီအား သင့်ထံ ဖေါ်ပြပေးခြင်းမှာ စိတ်နှလုံး ရပ်တည်ချက်ခိုင်မာစေရန် ဖြစ်၏။ သင့်ထံသို့ ဤအမှန်တရားများ ရောက်လာစေပြီ။ ၎င်းသည် ယုံကြည်သူများအတွက် အဆုံးအမနှင့် သတိပေးတရားတော် ဖြစ်၏။
၁၂၁။	**وَقُل لِّلَّذِينَ لاَ يُؤْمِنُونَ اعْمَلُواْ عَلَى مَكَانَتِكُمْ إِنَّا عَامِلُونَ۞** မယုံကြည်သောသူတို့အား ဟောလော့‘‘သင်တို့ နေသားကျပြီးအတိုင်း ကျင့်ကြံကြလော့၊ ကျွန်ုပ်လည်း ကျင့်ကြံနေ၏–
၁၂၂။	**وَانتَظِرُوا إِنَّا مُنتَظِرُونَ۞** –စောင့်ကြည့်နေကြလော့၊ ကျွန်ုပ်တို့လည်း စောင့်ကြည့်နေသူများ ဖြစ်၏၊’’
၁၂၃။	**وَلِلّهِ غَيْبُ السَّمَاوَاتِ وَالأَرْضِ وَإِلَيْهِ يُرْجَعُ الأَمْرُ كُلُّهُ فَاعْبُدْهُ وَتَوَكَّلْ عَلَيْهِ وَمَا رَبُّكَ بِغَافِلٍ عَمَّا تَعْمَلُونَ۞** မိုးများနှင့် မြေကမ္ဘာအတွင်း စကျွလွန်များသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင့်ထံသို့သာ ဦးလှည့်ရမည် ဖြစ်၍၊ ညွှန်ကြားချက် အားလုံးသည် အရှင့်ထံမှ ဖြစ်၏။ အရှင့်ကိုသာ ကိုးကွယ်ကြလော့၊ ကိုးစားကြလော့၊ သင်၏ကံကြမ္မာရှင်သည် ကျင့်ကြံလေသမျှအား မေ့လျော့ထားသည် မဟုတ်ပေ။

ဓမ္မခန္ဓာ (၁၂) ယူဆွဖ်

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၅၃၊ သုတ်ဒေသနာ ၁၁၁ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။ ✡ ၁၀း၁	**الر تِلْكَ آيَاتُ الْكِتَابِ الْمُبِينِ۞** အလက်ဖ်၊လမ်၊ရာ✡ ဤသည် ရှင်းလင်းထင်ရှားသော ကျမ်းတော်၏ သုတ်ဒေသနာတော်များ ဖြစ်၏။
၂။ ၄၃း၃၄	**إِنَّا أَنزَلْنَاهُ قُرْآنًا عَرَبِيًّا لَّعَلَّكُمْ تَعْقِلُونَ۞** သင်တို့ အတွေးအခေါ်ရှိအံ့ငှာ ငါသည် ၎င်းကို အာရဗီ ကုရ်အာန်အဖြစ် ချမှတ်ပေး၏။
၃။	**نَحْنُ نَقُصُّ عَلَيْكَ أَحْسَنَ الْقَصَصِ بِمَا أَوْحَيْنَا إِلَيْكَ هَذَا الْقُرْآنَ وَإِن كُنتَ مِن قَبْلِهِ لَمِنَ الْغَافِلِينَ۞** ဤကုရ်အာန်အား သင့်ထံ၌ အာရုံစူးစိုက်ဖြစ်စေခြင်းဖြင့် ငါသည် သင့်အား အတင့်တယ်ဆုံးသော ဖေါ်ပြချက်များကို ဖေါ်ပြပေး၏၊ ဤအလျင်က သင်သည် မေ့လျော့နေသူများမှ ဖြစ်ခဲ့၏။
၄။	**إِذْ قَالَ يُوسُفُ لِأَبِيهِ يَا أَبَتِ إِنِّي رَأَيْتُ أَحَدَ عَشَرَ كَوْكَبًا وَالشَّمْسَ وَالْقَمَرَ رَأَيْتُهُمْ لِي سَاجِدِينَ۞** ယူဆွဖ်က သူ၏ ဖခင်အား "အို– အဖေ၊ ကျွန်ုပ်သည် ဂြိုလ် ဆယ့်တစ်လုံး၊ နေနှင့် လတို့ကို အမြင်ရ၏။ ၎င်းတို့က ကျွန်ုပ်အား ဦးချနေကြောင်း အမြင်ရ၏၊"ဟု ပြောသောအခါ။[၅၅]
၅။ ✡ ၂း၁၄	**قَالَ يَا بُنَيَّ لاَ تَقْصُصْ رُؤْيَاكَ عَلَى إِخْوَتِكَ فَيَكِيدُواْ لَكَ كَيْدًا إِنَّ الشَّيْطَانَ لِلإِنسَانِ عَدُوٌّ مُّبِينٌ۞** သူက ပြောသည်မှာ"အို ချစ်သား၊ သင့်အား ဆန့်ကျင်၍ မကြံစည်အပ်သည်ကို မကြံစည်အံ့ငှာ၊ သင့် အမြင်အား သင့် ညီအစ်ကိုတို့ ထံ မဖေါ်ပြလေနှင့်၊ ဇကန်ပင် မကောင်းဆိုးဝါးသည်✡ လူသားတို့အား ရှင်းလင်းထင်ရှားစွာ စည်းဖေါက်သူ ဖြစ်၏။–
၆။ ✡ ၂း၁၅ ၂း၃၀	**وَكَذَلِكَ يَجْتَبِيكَ رَبُّكَ وَيُعَلِّمُكَ مِن تَأْوِيلِ الأَحَادِيثِ وَيُتِمُّ نِعْمَتَهُ عَلَيْكَ وَعَلَى آلِ يَعْقُوبَ كَمَا أَتَمَّهَا عَلَى أَبَوَيْكَ مِن قَبْلُ إِبْرَاهِيمَ وَإِسْحَقَ إِنَّ رَبَّكَ عَلِيمٌ حَكِيمٌ۞** –ဤသို့ သင်၏ကံကြမ္မာရှင်သည် သင့်အား ရွေးချယ်တော်မူ၏။ ဆင့်ပြန်ချက်တို့အား ဖွင့်ဆိုရှင်းပြနိုင်ရန် သင်ပေးတော်မူ၏။ ရှေ့က သင်၏ ဘဘိုး အီဗရာဟီးမ်နှင့် အီဇွဟာ့က်တို့အား ဂုဏ်ပေးခြင်းကို ပြည့်စုံစေ သကဲ့သို့✡ သင်နှင့်တကွ ယာကုဗ်၏ အနွယ်တို့အပေါ် ပြည့်စုံစေ၏၊ ဇကန်ပင် သင့်ကံကြမ္မာရှင်သည် သိနေသော အရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏၊"ဟု ဖြစ်၏။
၇။	**لَّقَدْ كَانَ فِي يُوسُفَ وَإِخْوَتِهِ آيَاتٌ لِّلسَّائِلِينَ۞** မေးမြန်းတောင်းဆိုသူတို့အဘို့ ယူဆွဖ်နှင့် သူ၏ ညီအစ်ကိုများ၌၊ သက်သေလက္ခဏာများ ရှိနေ၏။

---

(၅၅) ဤသုတ်တော်မှ أَرَ ရ–အ ကို ဆရာတော်ကြီးများက အိပ်မက်–ဟု ဘာသာပြန်ဆိုကြပေသည်။ ထိုစကားလုံး၏ အဓိပ္ပါယ်မှာ ထူးခြားသော အမြင်အာရုံရခြင်းကို ခေါ်ဆို၍ သာမန်ရိုးရိုး အိပ်မက် မဟုတ်ချေ။ အိပ်မက်ကို **أَحْلاَم** ဟု ခေါ်ကြောင်း သုတ်တော် ၄၄ တွင် တွေ့နိုင်သည်။

၈။ အများစုဖြစ်	**إِذْ قَالُواْ لَيُوسُفُ وَأَخُوهُ أَحَبُّ إِلَى أَبِينَا مِنَّا وَنَحْنُ عُصْبَةٌ إِنَّ أَبَانَا لَفِي ضَلاَلٍ مُّبِينٍ۞** သူတို့ ပြောကြသည်မှာ ‘‘ကျွန်ုပ်တို့သည် ပို၍ **အဖွဲ့တောင့်**သော်လည်း၊ ယူဆွဖိနှင့် သူညီက အဖေ၏ အချစ်ကို ပိုရ၏၊ အမှန်ပင် အဖေသည် ရှင်းလင်းထင်ရှားစွာ လမ်းလွဲနေပြီ–’’
၉။ ကမ္ဘာ၏ ဒေသ တစ်ခုခု၌	**اقْتُلُواْ يُوسُفَ أَوِ اطْرَحُوهُ أَرْضًا يَخْلُ لَكُمْ وَجْهُ أَبِيكُمْ وَتَكُونُواْ مِن بَعْدِهِ قَوْمًا صَالِحِينَ۞** ယူဆွဖိအား သတ်ပစ်ကြစို့၊ သို့မဟုတ် **တစ်နေရာရာ၌** ပစ်ထားကြပါစို့၊ အချိန်လွန်လျှင် အဖေသည် သင်တို့အား မျက်နှာသာ ပေးလိမ့်မည်။ ထို့နောက် သင်တို့သည် ပြုပြင်သော လူမျိုးစု ဖြစ်လာလိမ့်မည်၊’’ဟု ဖြစ်သောအခါ။
၁၀။	**قَالَ قَآئِلٌ مِّنْهُمْ لاَ تَقْتُلُواْ يُوسُفَ وَأَلْقُوهُ فِي غَيَابَةِ الْجُبِّ يَلْتَقِطْهُ بَعْضُ السَّيَّارَةِ إِن كُنتُمْ فَاعِلِينَ۞** သူတို့အနက် ပြောသူတစ်ဦးက ‘‘ယူဆွဖိအား မသတ်ပါနှင့်၊ သင်တို့သည် တစ်စုံတစ်ခု ပြုလုပ်ရမည်ဖြစ်လျှင်၊ ခရီးသည်အချို့က ကောက်ယူသွားအံ့ဌာ သူ့အား တွင်းနက် ကွယ်ရာထဲ၌ ချပေးထားလော့၊’’ဟု ဆိုလျက်–
၁၁။	**قَالُواْ يَا أَبَانَا مَا لَكَ لاَ تَأْمَنَّا عَلَى يُوسُفَ وَإِنَّا لَهُ لَنَاصِحُونَ۞** သူတို့ ပြောသည်မှာ ‘‘အို– အဖေ၊ ကျွန်ုပ်တို့သည် စိတ်ထားဖြူစင်သူများ ဖြစ်ပါလျက်၊ ယူဆွဖိနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့အား အဘယ်ကြောင့် မယုံကြည်ပါသနည်း၊–
၁၂။	**أَرْسِلْهُ مَعَنَا غَدًا يَرْتَعْ وَيَلْعَبْ وَإِنَّا لَهُ لَحَافِظُونَ۞۞** –ကျွန်ုပ်တို့နှင့်အတူ ပျော်ရွှင်စွာ ဆော့ကစားနိုင်ရန် မနက်စောစော သူ့အား စေပို့လော့၊ ကျွန်ုပ်တို့သည် သူ့အား စောင့်ရှောက်သူများ ဖြစ်ပါမည်။’’ဟု ဖြစ်၏။
၁၃။ ဖခင်	**သူ**က ‘‘ငေကန်ပင်၊ ကျွန်ုပ်သည် သူ့အား ယူသွားမည်ကို စိတ်ပူမိ၏။ သင်တို့ မေ့လျော့နေစဉ်တွင် သူ့အား ဝံပုလွေစားပစ်မည်ကို စိုးရိမ်၏၊’’ဟု ဆို၏။
၁၄။ အများစု ဖြစ်၏	**قَالُواْ لَئِنْ أَكَلَهُ الذِّئْبُ وَنَحْنُ عُصْبَةٌ إِنَّا إِذًا لَّخَاسِرُونَ۞** သူတို့က ‘‘ကျွန်ုပ်တို့သည် **အုပ်ဖွဲ့တောင့်၏**။ ကျွန်ုပ်တို့ ပျက်စီးပြီးမှ သူ့အား ဝံပုလွေ စားနိုင်လိမ့်မည်။’’ဟု ဆိုကြ၏။
၁၅။	**فَلَمَّا ذَهَبُواْ بِهِ وَأَجْمَعُواْ أَن يَجْعَلُوهُ فِي غَيَابَةِ الْجُبِّ وَأَوْحَيْنَآ إِلَيْهِ لَتُنَبِّئَنَّهُم بِأَمْرِهِمْ هَذَا وَهُمْ لاَ يَشْعُرُونَ۞** သူ့အား ယူသွားကြ သောအခါ၊ သူတို့ အတူပူးပေါင်းကာ သူ့အား တွင်းနက် ကွယ်ရာထဲ၌ စီစဉ်ထား၏။ ငါက သူ့ထံသို့ ‘‘သူတို့ သတိမမူမိသော အချိန်၌ သင်သည် ဤအကြောင်းကို သူတို့အား သတင်းထုတ်ပြန် ညွှန်ကြားရလတ္တံ့၊’’ ဟု အာဝဇ္ဇီဖြစ်ပေါ်စေ၏။
၁၆။	**وَجَاؤُواْ أَبَاهُمْ عِشَاء يَبْكُونَ۞** သူတို့သည် ညဦးတွင် ဖခင်ထံသို့ မျက်ရည်စက်လက်ဖြင့် ရောက်လာကြလျက်–
၁၇။	**قَالُواْ يَا أَبَانَا إِنَّا ذَهَبْنَا نَسْتَبِقُ وَتَرَكْنَا يُوسُفَ عِندَ مَتَاعِنَا فَأَكَلَهُ الذِّئْبُ وَمَا أَنتَ بِمُؤْمِنٍ لَّنَا وَلَوْ كُنَّا صَادِقِينَ۞** ‘‘အို– အဖေ၊ ကျွန်ုပ်တို့သည် ယူဆွဖိအား ကျွန်ုပ်တို့၏ ပစ္စည်းများ အပါး၌ ချန်ထား၍၊ အချင်းချင်း အပြေးပြိုင်ပျော်ပါးနေကြစဉ်၊ သူ့အား ဝံပုလွေ စားသွားပါ၏။ ကျွန်ုပ်တို့သည် ဖြောင့်မှန်သူများ ဖြစ်သော်လည်း၊ ကျွန်ုပ်တို့အား ယုံကြည်မည် မဟုတ်ပါ၊’’ဟု ဆိုကြ၍–

၁၈။	**وَجَآؤُوا عَلَى قَمِيصِهِ بِدَمٍ كَذِبٍ قَالَ بَلْ سَوَّلَتْ لَكُمْ أَنفُسُكُمْ أَمْرًا فَصَبْرٌ جَمِيلٌ وَاللّهُ الْمُسْتَعَانُ عَلَى مَا تَصِفُونَ۝**
ဖခင်	သူတို့သည် သူ့အင်္ကျီ အပေါ်၌ လိမ်ညာသော သွေးများဖြင့် ရောက်လာကြ၏။ **သူ**က ''မဟုတ်တန်ရာ၊ သင်တို့၏ စရိုက်က သင်တို့အား လှုံ့ဆော် ညွှန်ကြားလေပြီ။ သို့သော် သည်းခံခြင်းသည် အမြင်လှ၏၊ သင်တို့၏ တင်ပြမှုများ အပေါ် ပရမတ်ဘုရားရှင်၏ ထံ၌သာ ပံ့ပိုးမှုရှာသူဖြစ်ရတော့မည်၊''ဟု ညည်းတွား၏။
၁၉။	**وَجَاءتْ سَيَّارَةٌ فَأَرْسَلُواْ وَارِدَهُمْ فَأَدْلَى دَلْوَهُ قَالَ يَا بُشْرَى هَذَا غُلاَمٌ وَأَسَرُّوهُ بِضَاعَةً وَاللّهُ عَلِيمٌ بِمَا يَعْمَلُونَ۝**
	ခရီးသွားတစ်စုသည် ထိုအနားသို့ ရောက်လာကြ၍၊ ရေချသူတစ်ဦးအား စေစားလိုက်သော်၊ သူသည် ရေကုန်းခပ်ရန် ခါးကုန်းလိုက်သောအခါ၊ ''သတင်းကောင်းပင်၊ ဤမှာ ကလေးတစ်ဦး''ဟု ဆို၍၊ ရောင်းကုန်အဖြစ် မှောင်ခိုသယ်သွား၏။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှအား သိနေသော အရှင် ဖြစ်၏၊
၂၀။	**وَشَرَوْهُ بِثَمَنٍ بَخْسٍ دَرَاهِمَ مَعْدُودَةٍ وَكَانُواْ فِيهِ مِنَ الزَّاهِدِينَ۝**
	သူတို့သည် ငွေကြေးတန်ဘိုးဖြင့် တွက်ချက်လျက် ရောင်းစားကြ၏။ သူတို့က သူ့အား တန်ဘိုးမထားတတ် သူများမှ ဖြစ်ကြ၏။
၂၁။	**وَقَالَ الَّذِي اشْتَرَاهُ مِن مِّصْرَ لِامْرَأَتِهِ أَكْرِمِي مَثْوَاهُ عَسَى أَن يَنفَعَنَا أَوْ نَتَّخِذَهُ وَلَدًا وَكَذَلِكَ مَكَّنَّا لِيُوسُفَ فِي الأَرْضِ وَلِنُعَلِّمَهُ مِن تَأْوِيلِ الأَحَادِيثِ وَاللّهُ غَالِبٌ عَلَى أَمْرِهِ وَلَـكِنَّ أَكْثَرَ النَّاسِ لاَ يَعْلَمُونَ۝**
	အီဂျစ်ပြည်သားထဲမှ သူ့အား ဝယ်သောသူက ဇနီးသည်အား ''သူ့အား ကျက်သရေရှိစွာ တည်းခိုစေလော့၊ ကျွန်ုပ်တို့ အတွက် သူသည် အကျိုးရှိနိုင်ရာ၏၊ သို့မဟုတ် ရင်သွေးဟု သိမ်းဆည်းသင့်၏၊''ဟု ဆို၏။ သူ့အား ဆင့်ပြန်ချက်တို့ အား ဖွင့်ဆိုရှင်းပြနိုင်ရန် သင်ပေးတော်မူ၍ ငါသည် မြေကမ္ဘာ၌ ယူဆွဖ်အား ဤသို့ ထူထောင်ပေး၏။ ပရမတ် ဘုရားရှင်သည် စီမံချက်များ အပေါ် အနိုင်ရသူ ဖြစ်၏။ သို့သော် လူသား အများစုကြီးကား သိနိုင်ကြသည် မဟုတ်ချေ။
၂၂။	**وَلَمَّا بَلَغَ أَشُدَّهُ آتَيْنَاهُ حُكْمًا وَعِلْمًا وَكَذَلِكَ نَجْزِي الْمُحْسِنِينَ۝**
	သူသည် အရွယ်ရောက် ရင့်ကျက်သောအခါ၊ သူ့အား အသိပညာနှင့် စီရင်ထုံးပြုနိုင်စွမ်းကို ပေးအပ်၏။ ဤသို့ ငါသည် သုမဂ်လာပြုသူများကို အစားပေးတော်မူ၏။
၂၃။	**وَرَاوَدَتْهُ الَّتِي هُوَ فِي بَيْتِهَا عَن نَّفْسِهِ وَغَلَّقَتِ الأَبْوَابَ وَقَالَتْ هَيْتَ لَكَ قَالَ مَعَاذَ اللّهِ إِنَّهُ رَبِّي أَحْسَنَ مَثْوَايَ إِنَّهُ لاَ يُفْلِحُ الظَّالِمُونَ۝**
	သူနေသော အိမ်မှ အိမ်ရှင်မက သူ့အား စိတ်ရိုင်းဝင်ရန် နှိုးဆွ၏။ တံခါးများကို အလုံပိတ်လျက် ''လာခဲ့–ဒီမှာ သင့် အတွက်၊''ဟု ဆိုသော်၊ သူက ''ပရမတ်ဘုရားရှင်ထံ ခိုလှုံပါ၏၊ အရှင်သည် ကျွန်ုပ်၏ ကံကြမ္မာရှင် ဖြစ်၍၊ ကျွန်ုပ်အား သုမဂ်လာရှိသော တည်းခိုရာကို ပေး၏။ အမိုက်ကောင်များသည် အောင်မြင်ပေါက်မြောက်မည် မဟုတ်ချေ၊''ဟု ဆို၏။
၂၄။	**وَلَقَدْ هَمَّتْ بِهِ وَهَمَّ بِهَا لَوْلا أَن رَّأَى بُرْهَانَ رَبِّهِ كَذَلِكَ لِنَصْرِفَ عَنْهُ السُّوءَ وَالْفَحْشَاء إِنَّهُ مِنْ عِبَادِنَا الْمُخْلَصِينَ۝**

	သူမသည် သူ့ကို ကြံစည်မိ၏။ သူ့ကံကြမ္မာရှင်၏ထံမှ သက်သေပြချက်ကို မတွေ့မြင်ခဲ့ရလျှင် သူသည်လည်း သူမအား ကြံစည်မိလတ္တံ့။ ဤသို့ ငါသည် သူ့ထံမှ အကုသိုလ်နှင့် ကိုယ်ကျင့်ပျက်မှုကို ဘက်ပြန်စေ၏။ သူသည် ငါ့အား သန့်သန့်ထား ကိုးကွယ်သူများမှ ဖြစ်၏။
၂၅။	**وَاسْتَبَقَا الْبَابَ وَقَدَّتْ قَمِيصَهُ مِن دُبُرٍ وَأَلْفَيَا سَيِّدَهَا لَدَى الْبَابِ قَالَتْ مَا جَزَاء مَنْ أَرَادَ بِأَهْلِكَ سُوَءًا إِلاَّ أَن يُسْجَنَ أَوْ عَذَابٌ أَلِيمٌ۞**
ယူဆွဖ်	သူတို့နှစ်ဦး တံခါးဝသို့ အပြိုင်ပြေးကြစဉ်၊ သူမက သူ့အကျီအား ကျောဘက်မှ ဆွဲဆုတ်၏။ သူမ၏ အိမ်ထောင်ဦးစီးအား တံခါးဝတွင် တွေ့သောအခါ၊ သူမက "သင့် အိမ်ရှင်မအား အကုသိုလ်မှုပြု လိုသူအား၊ ထောင်ဒဏ် သို့မဟုတ် နာကျင်သော ဝဋ်ကြွေးမှ အပ မည်သည်ကို အစားပေးလိုသနည်း၊"ဟု ဆိုသော်–
၂၆။	**قَالَ هِيَ رَاوَدَتْنِي عَن نَّفْسِي وَشَهِدَ شَاهِدٌ مِّنْ أَهْلِهَا إِن كَانَ قَمِيصُهُ قُدَّ مِن قُبُلٍ فَصَدَقَتْ وَهُوَ مِنَ الكَاذِبِينَ۞**
ယူဆွဖ်	**သူက**"သူမသည် ကျွန်ုပ်၏ စိတ်ကို နှိုးဆွပါ၏။"ဟု ပြောပြ၏၊ သူမ၏ အိမ်သားများထဲမှ သက်သေတစ်ဦးက သက်သေခံသည်မှာ"အကယ်၍ အင်္ကျီသည် ရှေ့မှ စုတ်ပြဲလျှင် သူမသည် ဖြောင့်မှန်၍၊ သူသည် လူလိမ်များမှ ဖြစ်၏–
၂၇။	**وَإِنْ كَانَ قَمِيصُهُ قُدَّ مِن دُبُرٍ فَكَذَبَتْ وَهُوَ مِن الصَّادِقِينَ۞**
	–အကယ်၍၊ အင်္ကျီသည် နောက်မှ စုတ်ပြဲလျှင် သူမသည် လိမ်ညာ၍၊ သူသည် ဖြောင့်မှန်သူမှ ဖြစ်၏။"ဟု ဝင်ပြော၏။
၂၈။	**فَلَمَّا رَأَى قَمِيصَهُ قُدَّ مِن دُبُرٍ قَالَ إِنَّهُ مِن كَيْدِكُنَّ إِنَّ كَيْدَكُنَّ عَظِيمٌ۞**
	အင်္ကျီမှာ နောက်ဘက်မှ စုတ်ပြဲနေသည်ကို အိမ်ရှင် မြင်သောအခါ၊ ပြောသည်မှာ"ဇကနပင် ဤသည်မှာ သင်မ၏ ကြံစည်မှုသာ ဖြစ်၏။ သင်မ၏ ကြံစည်မှုသည် ကြီးမားလှ၏။–
၂၉။	**يُوسُفُ أَعْرِضْ عَنْ هَذَا وَاسْتَغْفِرِي لِذَنبِكِ إِنَّكِ كُنتِ مِنَ الْخَاطِئِينَ۞**
	–ယူဆွဖ်၊ ဤကိစ္စသည် သင်နှင့် ဘောင်ကန့်ထား၏။ သင်မ မှာကား သင့်အပြစ်မှ လွတ်ငြိမ်းဆုပန်လော့၊ သင်မသည် အမှားကျူးလွန်သူများ၌ ပါ၏၊"ဟု ဖြစ်၏။
၃၀။	**وَقَالَ نِسْوَةٌ فِي الْمَدِينَةِ امْرَأَةُ الْعَزِيزِ تُرَاوِدُ فَتَاهَا عَن نَّفْسِهِ قَدْ شَغَفَهَا حُبًّا إِنَّا لَنَرَاهَا فِي ضَلاَلٍ مُّبِينٍ۞**
ဘုန်းကံကြီးသူ	မြို့မှ အမျိုးသမီးများက "**ဝန်ကြီး**၏ ကတော်သည် လုလင်ထံမှ စိတ်ကြွမှုကို တောင်း၏၊ မချပင် သူမသည် ချစ်စိတ်မွန်နေ၏၊ သူမသည် ရှင်းလင်းထင်ရှားစွာ လမ်းလွဲနေသည်ကို ကျွန်ုပ်တို့ မြင်ရပြီ၊"ဟု ဆိုကြသည်ကို–
၃၁။	**فَلَمَّا سَمِعَتْ بِمَكْرِهِنَّ أَرْسَلَتْ إِلَيْهِنَّ وَأَعْتَدَتْ لَهُنَّ مُتَّكَأً وَآتَتْ كُلَّ وَاحِدَةٍ مِّنْهُنَّ سِكِّينًا وَقَالَتِ اخْرُجْ عَلَيْهِنَّ فَلَمَّا رَأَيْنَهُ أَكْبَرْنَهُ وَقَطَّعْنَ أَيْدِيَهُنَّ وَقُلْنَ حَاشَ لِلّهِ مَا هَذَا بَشَرًا إِنْ هَذَا إِلاَّ مَلَكٌ كَرِيمٌ۞**
ယူဆွဖ်အား ❖ဈး၃ ✡၂း၂၀	သူမ ကြားသော်၊ သူမတို့ထံ စေစား၍၊ သူမတို့အတွက် ဗျုဟာချလျက် နောက်မှီစားပွဲဝိုင်း ပြင်ဆင်ကာ တစ်ဦးစီအား ခါးငယ်တစ်ချောင်း ပေးထား၍၊ **သူ့အား** "သူမတို့ဆီသို့ ထွက်သွားလော့၊"ဟု ဆို၏။ သူမတို့သည် **သူ့အား** မြင်ရစဉ်၊ ကြီးကျယ်လှရဲ့ ဟု ရေရွတ်လျက် သူမတို့လက်ကို သူမတို့ ဖြတ်မိကြပြီး၊❖ "အိုး–ဘုရားရေ မပြောကောင်း မဆိုကောင်း၏ဩ ဤသည်မှာ လူပုပွဲလ် မဟုတ်ပေ၊ ကျက်သရေရှိသော နတ်မင်းသားပင်✡ ဖြစ်၏။"ဟု ဆိုကြ၏။

(၅၅၂) **ဟာရှာလိလာဟ် لِلّهِ حَاشَ** ဆိုသည်မှာ အလွန်တရာ အံ့သြခြင်း၊ အလွန်အမင်း ကြည်ညိုလေးစားခြင်းများကို တွေ့သောအခါ၊ "ဘုရားရေ" ဟု တသ သက္ခဲသို့ ယေဘုယျ အသုံးအနှုံး ဖြစ်ပေသည်။

၃၂။	**قَالَتْ فَذَلِكُنَّ الَّذِي لُمْتُنَّنِي فِيهِ وَلَقَدْ رَاوَدتُّهُ عَن نَّفْسِهِ فَاسْتَعْصَمَ وَلَئِن لَّمْ يَفْعَلْ مَا آمُرُهُ لَيُسْجَنَنَّ وَلَيَكُونًا مِّنَ الصَّاغِرِينَ﴿**
	သူမက ''ကျွန်ုပ်အား သင်မတို့ ချစ်မိုက်မှားသည်ဟု ပြစ်တင်ခြင်းမှာ သူ့ကြောင့် ဖြစ်၏။ ကျွန်ုပ်သည် သူ့စိတ်ကို နှိုးဆွမိ၏။ သူ့ကိုယ်သူ ရပ်တည်နိုင်၏။ အကယ်၍ သူသည် ကျွန်ုပ် ညွှန်ကြားသည်ကို မပြုလုပ်လျှင် သူ့အား ထောင်ဒဏ်ကျစေမည်၊ သေးသိမ် အရှက်ကွဲသူများမှ ဖြစ်ရေစေမည်။''ဟု ဆိုသော်၊
၃၃။	**قَالَ رَبِّ السِّجْنُ أَحَبُّ إِلَيَّ مِمَّا يَدْعُونَنِي إِلَيْهِ وَإِلاَّ تَصْرِفْ عَنِّي كَيْدَهُنَّ أَصْبُ إِلَيْهِنَّ وَأَكُن مِّنَ الْجَاهِلِينَ﴿**
ယူဆဖွယ်	သူက ''အို– ကံကြမ္မာရှင်၊ တပည့်တော်အား သူမတို့ ဖိတ်ခေါ်သော အရာထက် ထောင်ကို ပို၍ နှစ်သက်ပါ၏။ အကယ်၍ အရှင်သည် သူမတို့၏ ကြံစည်မှုကို တပည့်တော်ထံမှ ဘက်မပြန်ပေးလျှင် တပည့်တော်သည် ပညာမဲ့သူ အဖြစ် သူမတို့ ဘက်သို့ စိတ်ကစားမိပေမည်။''ဟု ရင့်ကျူး၏။
၃၄။	**فَاسْتَجَابَ لَهُ رَبُّهُ فَصَرَفَ عَنْهُ كَيْدَهُنَّ إِنَّهُ هُوَ السَّمِيعُ الْعَلِيمُ﴿**
	သူ့ကံကြမ္မာရှင်သည် သူ၏ ဆုတောင်းအား တုန့်ပြန်လျက် သူမတို့၏ ကြံစည်မှုမှ ဘက်ပြန်ပေး၏။ ဇကနပင် အရှင်သည် ကြားနေသော အရှင် သိနေသော အရှင် ဖြစ်၏။
၃၅။	**ثُمَّ بَدَا لَهُم مِّن بَعْدِ مَا رَأَوْاْ الآيَاتِ لَيَسْجُنُنَّهُ حَتَّى حِينٍ﴿**
	သို့ဖြင့်၊ သူတို့အား နိမိတ်လက္ခဏာများကို ပေါ်ပြပြီး၊ သူ့အား ကာလတစ်ခုအထိ ထောင်ချထား၏။[၅၃၄]
၃၆။	**وَدَخَلَ مَعَهُ السِّجْنَ فَتَيَانَ قَالَ أَحَدُهُمَآ إِنِّي أَرَانِي أَعْصِرُ خَمْرًا وَقَالَ الآخَرُ إِنِّي أَرَانِي أَحْمِلُ فَوْقَ رَأْسِي خُبْزًا تَأْكُلُ الطَّيْرُ مِنْهُ نَبِّئْنَا بِتَأْوِيلِهِ إِنَّا نَرَاكَ مِنَ الْمُحْسِنِينَ﴿**
ပေါင်းခံ	သူနှင့်အတူ ထောင်ထဲသို့ ဝင်လာသူ လုလင်နှစ်ဦးရှိ၏။ သူတို့မှ တစ်ဦးက ''ကျွန်ုပ်သည် အရက်ရရန် **အင့ွေခံ**နေသည်ဟု အမြင်ရ၏၊''ဟု ဆို၍။ အခြားတစ်ဦးက ''ကျွန်ုပ်သည် မုန့်များကို ခေါင်းပေါ်၌ ရွက်ထားစဉ်၊ ငှက်များ စားနေသည်ကို အမြင်ရ၏။ ၎င်းတို့ကို ဖွင့်ဆို၍ သတင်းထုတ်ပြန်ပေးပါ။ အသင်သည် သုမင်္ဂလာပြုသူများမှ ဖြစ်ကြောင်း ကျွန်ုပ်တို့ မြင်တွေ့ရ၏။''ဟု ဆိုသော်–
၃၇။	**قَالَ لاَ يَأْتِيكُمَا طَعَامٌ تُرْزَقَانِهِ إِلاَّ نَبَّأْتُكُمَا بِتَأْوِيلِهِ قَبْلَ أَن يَأْتِيكُمَا ذَلِكُمَا مِمَّا عَلَّمَنِي رَبِّي إِنِّي تَرَكْتُ مِلَّةَ قَوْمٍ لاَّ يُؤْمِنُونَ بِاللهِ وَهُم بِالآخِرَةِ هُمْ كَافِرُونَ﴿**
	သူက ပြောသည်မှာ''သင်တို့ထံ အစာ ရိက္ခာအား မပေးရောက်သေးသော်လည်း၊ ထိုသို့ မပေးရောက်မှီ သင်တို့အား ကျွန်ုပ် ဖွင့်ဆို၍ သတင်းထုတ်ပြန်ပေးမည်။ ဤသည်တို့မှာ ကျွန်ုပ်၏ ကံကြမ္မာရှင်ထံမှ ကျွန်ုပ်အား သင်ပေးခြင်းမှ ဖြစ်၏။ ဇကနပင် ကျွန်ုပ်သည် ပရမတ်ဘုရားရှင်နှင့် နောင်ဘဝအား မယုံကြည်သော ဖုံးကွယ်သူ လူမျိုးများ၏ ပဋိပတ်ကို ချန်ပစ်ခဲ့၍–
၃၈။	**وَاتَّبَعْتُ مِلَّةَ آبَآئِي إِبْرَاهِيمَ وَإِسْحَقَ وَيَعْقُوبَ مَا كَانَ لَنَا أَن نُّشْرِكَ بِاللهِ مِن شَيْءٍ ذَلِكَ مِن فَضْلِ اللهِ عَلَيْنَا وَعَلَى النَّاسِ وَلَـكِنَّ أَكْثَرَ النَّاسِ لاَ يَشْكُرُونَ﴿**

(၅၃၄) ကိုယ်တော် ယူဆဖွယ်အား ထောင်ချထားခြင်းမှာ ကိုယ်တော်သည် ပြစ်မှု ကျူးလွန်ခြင်းကြောင့် မဟုတ်ချေ။ မြို့ပိုင်မင်း ကတော်၏ စိတ်ဆန္ဒ အလျောက်သာ ဖြစ်ကြောင်းကို သုတ်တော် ၃၂ တွင် ပေါ်ပြထားပြီး ဖြစ်ပေသည်။

	–ကျွန်ုပ်၏ ဘဘိုးဖြစ်သော အီဗရာဟီးမ်၊ အီစ္စဟာက်၊ ယာကုဗ်တို့၏ ပဋိပတ်ကို လိုက်နာ၏။ ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်အား တစ်စုံတစ်ရာဖြင့် ရောပွနှိုးကိုးကွယ်သူများမှ မဟုတ်ချေ။ ကျွန်ုပ်တို့နှင့် လူသားအပေါင်းအား ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုသည် ရှိ၏။ သို့သော် လူသား အများစုသည် ကျေးဇူးမသိတတ်ချေ။–
၃၉။	**يَا صَاحِبَيِ السِّجْنِ أَأَرْبَابٌ مُّتَفَرِّقُونَ خَيْرٌ أَمِ اللهُ الْوَاحِدُ الْقَهَّارُ۞**
	အို– ကျွန်ုပ်၏ ထောင်ကျဖော်တို့၊ ခွဲခြားကွဲပြားနေသော အရှင်သခင်များနှင့် သို့တည်းမဟုတ် တစ်ဆူတည်း ဖူးခြာဖြစ်သော ပရမတ်ဘုရားရှင်မှာ မည်သူက ပို၍ မြတ်သနည်း။–
၄၀။	**مَا تَعْبُدُونَ مِن دُونِهِ إِلاَّ أَسْمَاء سَمَّيْتُمُوهَا أَنتُمْ وَآبَآؤُكُم مَّا أَنزَلَ اللهُ بِهَا مِن سُلْطَانٍ إِنِ الْحُكْمُ إِلاَّ لِلّهِ أَمَرَ أَلاَّ تَعْبُدُواْ إِلاَّ إِيَّاهُ ذَلِكَ الدِّينُ الْقَيِّمُ وَلَـكِنَّ أَكْثَرَ النَّاسِ لاَ يَعْلَمُونَ۞**
	–အရှင့် မှလွဲ၍ သင်တို့၏ ကိုးကွယ်ရာများသည် သင်တို့နှင့် သင်တို့၏ ဘဘိုးတို့က ဂုဏ်တော်သတ်မှတ် အမည်ပေးထားရာများသာ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ထိုအတွက် အခွင့်အာဏာ ချမှတ်ထားခြင်း မရှိချေ။ စီရင်ထိုးအားလုံးသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာဥစ္စာရှိ၏။ အရှင်မှအပ အခြားကို မကိုးကွယ်ကြရန် သင်တို့အား ညွှန်ကြားထား၏။ ဤသည် တည်တံ့ခိုင်မြဲသော သာသနာပေတည်း။ သို့သော် လူသား အများစုမှာ သိနိုင်ကြသည် မဟုတ်ချေ။ –
၄၁။	**يَا صَاحِبَيِ السِّجْنِ أَمَّا أَحَدُكُمَا فَيَسْقِي رَبَّهُ خَمْرًا وَأَمَّا الآخَرُ فَيُصْلَبُ فَتَأْكُلُ الطَّيْرُ مِن رَّأْسِهِ قُضِيَ الأَمْرُ الَّذِي فِيهِ تَسْتَفْتِيَانِ۞**
	အို– ကျွန်ုပ်၏ ထောင်ကျဖော်တို့၊ သင်တို့အနက် တစ်ဦးမှာမူ သူ၏ အရှင်အတွက် အရက်တော် ဆက်ရမည်။ အခြားတစ်ဦးမှာမူကား ကြိုးစင်တင်ခံရလိမ့်မည် သို့ဖြင့် သူ့ဦးခေါင်းမှ ငှက်များ ထိုးဆိတ်စားလိမ့်မည်။ သင်တို့ စူးစမ်းသော အရေးကိစ္စ အပြီးသတ်ဖြစ်လာမည်မှာ ဤအတိုင်း ဖြစ်၏၊''ဟု ဖြစ်၏။
၄၂။ ယူဆဖွယ်သည်	**وَقَالَ لِلَّذِي ظَنَّ أَنَّهُ نَاجٍ مِّنْهُمَا اذْكُرْنِي عِندَ رَبِّكَ فَأَنسَاهُ الشَّيْطَانُ ذِكْرَ رَبِّهِ فَلَبِثَ فِي السِّجْنِ بِضْعَ سِنِينَ۞**
	သူတို့မှ လွတ်မြောက်မည်ဟု စဉ်းစားမိသောသူအား ''သင့်အရှင်၏ ထံ၌ ကျွန်ုပ်အကြောင်းကို သတိပေါ်ပေးလော့၊''ဟု မှာလိုက်၏။ သို့သော် သူ့အရှင်ရှေ့၌ သတိပေါ်ပေးရန် မကောင်းဆိုးဝါးက ထိုသူအား မေ့လျော့လစ်ဟင်းစေ၏။ ထို့ကြောင့် **သူသည်** ထောင်ထဲတွင် နှစ်များ ကူးသန်းရင်း ဆိုင်းနေလိုက်ရ၏။(၅၄)
၄၃။	**وَقَالَ الْمَلِكُ إِنِّي أَرَى سَبْعَ بَقَرَاتٍ سِمَانٍ يَأْكُلُهُنَّ سَبْعٌ عِجَافٌ وَسَبْعَ سُنبُلاَتٍ خُضْرٍ وَأُخَرَ يَابِسَاتٍ يَا أَيُّهَا الْمَلأُ أَفْتُونِي فِي رُؤْيَايَ إِن كُنتُمْ لِلرُّؤْيَا تَعْبُرُونَ۞**
	ဘုရင်မင်းက ''ကျွန်ုပ်သည် အဟာရပြတ်သော နွားမ ခုနစ်ကောင်က အဟာရပြည့်သော ခုနစ်ကောင်ကို စားနေသည်ကို လည်းကောင်း၊ စိမ်းစိုသော စပါးခုနစ်နှံနှင့် အခြား အနှံခြောက်များကိုလည်းကောင်း အမြင်ရ၏။ အို ကျွန်ုပ်၏ အကြံပေးတို့ သင်တို့သည် အမြင်ရမှုများကို သင်ခန်းစာယူတတ်လျှင်၊ ကျွန်ုပ်၏ အမြင်ရမှုအား စူးစမ်းပေးကြလော့၊'' ဟု ဆိုသော်။

(၅၄) ရှေးဟောင်း အီဂျစ်ယဉ်ကျေးမှုတွင် ရှင်ဘုရင်များ၊ မိမိအုပ်ထိန်းစောင့်ရှောက်သူများအား ဘုရားရှင်အား သုံးနှုံးသကဲ့သို့ ''အရှင်'' ရဝ် **ဒ္ဗာ** ဟု ခေါ်ဆိုခဲ့ကြောင်း (သုတ်တော် ၄၂။၅၀)၊ ဘုရင်မင်းမြတ်တို့အား ဦးချကန်တော့ သံတော်ဦးတင်လေ့ ရှိကြောင်း (၁၂း၁၀၀) ကို ဤစမ္မခန္ဓာတွင် တွေ့ရပေသည်။ အစ္စလာမ် သာသနာ ထွန်းပေါ်ပြီးနောက် မည်မျှပင် ရာထူးဂုဏ်သိမ် မြင့်မား စေကာမူ ဘုရားနှင့် တစ်ဂိုဏ်းတည်း ကိုးကွယ်မှုများ၊ သုံးနှုံးပြောဆိုမှုများကို ပယ်ဖျက်လိုက်ပေပြီ။

၄၄။	**قَالُواْ أَضْغَاثُ أَحْلاَمٍ وَمَا نَحْنُ بِتَأْوِيلِ الأَحْلاَمِ بِعَالِمِينَ۞** သူတို့က ''မှုဝါးဝါး အိပ်မက်၊ ကျွန်ုပ်တို့သည် ဤသို့ အိပ်မက်များကို ဖွင့်ဆိုရန် ပညာရှင်များ မဟုတ်ပါ။''ဟု ဆိုကြ၏။
၄၅။	**وَقَالَ الَّذِي نَجَا مِنْهُمَا وَادَّكَرَ بَعْدَ أُمَّةٍ أَنَاْ أُنَبِّئُكُم بِتَأْوِيلِهِ فَأَرْسِلُونِ۞** ထိုအခါ အသိုင်းအဝိုင်း၏ နောက်၊– လွတ်လာသောသူထဲမှ တစ်ယောက်က၊ သတိရလာ၍၊ ''ကျွန်ုပ်သည် ၎င်းကို ဖွင့်ဆို၍ သတင်းထုတ်ပြန်နိုင်၏။ သို့ဖြစ်၍ ကျွန်ုပ်ကို စေစားပါ။''ဟု ဆိုလျက်–
၄၆။	**يُوسُفُ أَيُّهَا الصِّدِّيقُ أَفْتِنَا فِي سَبْعِ بَقَرَاتٍ سِمَانٍ يَأْكُلُهُنَّ سَبْعٌ عِجَافٌ وَسَبْعِ سُنبُلاَتٍ خُضْرٍ وَأُخَرَ يَابِسَاتٍ لَّعَلِّي أَرْجِعُ إِلَى النَّاسِ لَعَلَّهُمْ يَعْلَمُونَ۞** ''ယူဆဖ၊ အို– အဖြောင့်ပြောသူ၊ ကျွန်ုပ်သည် လူသားတို့ထံ ပြန်၍ အသိပေးနိုင်အံ့ဘ၊ အဟာရပြတ်သော နွားမ ခုနစ်ကောင်က အဟာရပြည့်သော ခုနစ်ကောင်ကို စားနေခြင်း၊ စိမ်းစိုသော စပါးခုနစ်နှံနှင့် အခြား အနှံခြောက်များ ဖြစ်နေခြင်းကို ရှုးစမ်းပေးပါ။''ဟု မေးမြန်းသော်–
၄၇။	**قَالَ تَزْرَعُونَ سَبْعَ سِنِينَ دَأَبًا فَمَا حَصَدتُّمْ فَذَرُوهُ فِي سُنبُلِهِ إِلاَّ قَلِيلاً مِّمَّا تَأْكُلُونَ۞** သူ ပြန်ပြောသည်မှာ ''သင်တို့သည် စိုက်ပျိုးရေး အလေ့အထ ခုနစ်နှစ် လုပ်လော့၊ ၎င်းတို့အား ရိတ်သိမ်းသော အခါ၊ သင်တို့စားသုံး သော အနည်းငယ်မှ အပ အနှံအစေ့ မကြွေစေဘဲ ချန်ထားလော့။–
၄၈။	**ثُمَّ يَأْتِي مِن بَعْدِ ذَلِكَ سَبْعٌ شِدَادٌ يَأْكُلْنَ مَا قَدَّمْتُمْ لَهُنَّ إِلاَّ قَلِيلاً مِّمَّا تُحْصِنُونَ۞** –ထို့နောက် ခြောက်သွေ့ပြင်းထန်သော ခုနစ်နှစ် ရောက်လာလိမ့်မည်၊ အနည်းငယ် မျှသာ စားသုံး၍– စုံရပ်ခံလျက် ထိန်းသိမ်းထားကြလော့–၊
၄၉။ အရက်ချက်	**ثُمَّ يَأْتِي مِن بَعْدِ ذَلِكَ عَامٌ فِيهِ يُغَاثُ النَّاسُ وَفِيهِ يَعْصِرُونَ۞** –ထို့နောက် မိုးရွာသော နှစ် ရောက်လာ၍၊ ၎င်းကာလ၌ လူသားများသည် **အင့ွေခံ**ကြလိမ့်မည်၊''ဟု ဖြစ်၏။
၅၀။ ယူဆဖ	**وَقَالَ الْمَلِكُ ائْتُونِي بِهِ فَلَمَّا جَاءهُ الرَّسُولُ قَالَ ارْجِعْ إِلَى رَبِّكَ فَاسْأَلْهُ مَا بَالُ النِّسْوَةِ اللاَّتِي قَطَّعْنَ أَيْدِيَهُنَّ إِنَّ رَبِّي بِكَيْدِهِنَّ عَلِيمٌ۞** ဘုရင်မင်းက ''**သူ့**ကို ကျွန်ုပ်ထံသို့ ယူခဲ့လော့၊''ဟု ဆို၍။ စေစားခံရသူသည် **သူ့**ဆီ ရောက်လာစဉ်၊ ''သင့် အရှင်ထံသို့ သင်ပြန်၍၊ လက်ကို ဖြတ်မိကြသော အမျိုးသမီးများ အခြေအနေကို မေးမြန်းလော့၊ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် သူမတို့၏ ကြံစည်မှုအား သိနေသော အရှင် ဖြစ်သည်ဟု ပြောလော့၊''ဟု မှာ၏။
၅၁။ ✡ ၁၂း၃၁ ဘုန်းကံကြီးသူ	**قَالَ مَا خَطْبُكُنَّ إِذْ رَاوَدتُّنَّ يُوسُفَ عَن نَّفْسِهِ قُلْنَ حَاشَ لِلّهِ مَا عَلِمْنَا عَلَيْهِ مِن سُوءٍ قَالَتِ امْرَأَةُ الْعَزِيزِ الآنَ حَصْحَصَ الْحَقُّ أَنَاْ رَاوَدتُّهُ عَن نَّفْسِهِ وَإِنَّهُ لَمِنَ الصَّادِقِينَ۞** သူက ''သင်တို့သည် ယူဆဖ၏ စိတ်အား နှိုးဆွမိသည်ကို မည်သို့ လျှောက်တင်ကြမည်နည်း၊''ဟု မေးသော်၊ သူတို့က ''အို– ဘုရားရေ၊ မပြောကောင်း မဆိုကောင်း''✡ ''ကျွန်မတို့သည် သူ့ထံမှ မည်သည့် အကုသိုလ်ကိုမှ မသိခဲ့ပါ၊''ဟု ဆိုကြ၏။ ''**ဝန်ကြီး**၏ ကတော်က ''ယခုမှာကား အမှန်တရား ကြည်လင်ပြတ်သားလာပြီ၊ ကျွန်မသည် သူ့ စိတ်ကို နှိုးဆွမိခဲ့၏။ သို့သော် သူသည် ဖြောင့်မှန်သူများမှ ဖြစ်၏၊''ဟု ဆို၏။
၅၂။ အိမ်ရှင်	**ذَلِكَ لِيَعْلَمَ أَنِّي لَمْ أَخُنْهُ بِالْغَيْبِ وَأَنَّ اللّهَ لاَ يَهْدِي كَيْدَ الْخَائِنِينَ۞** (ယူဆဖ၏က) ''ဤသည်မှာ– ကျွန်ုပ်သည် **သူ**၏ မျက်ကွယ်၌ သူ့အား သစ္စာမဖေါက်ကြောင်းကို သိစေတို့ရာ ဖြစ်၏။ ဧကန်ပင် ပရမတ်ဘုရားရှင်သည် သစ္စာဖေါက်တို့၏ အကြံအစည်ကို လမ်းညွှန်တော်မမူချေ။–

၅၃။	**وَمَا أُبَرِّئُ نَفْسِي إِنَّ النَّفْسَ لأَمَّارَةٌ بِالسُّوءِ إِلاَّ مَا رَحِمَ رَبِّيَ إِنَّ رَبِّي غَفُورٌ رَّحِيمٌ**۞ –အပြစ်ကင်းသော စိတ်ဟု မဆိုလိုပါ။ ကံကြမ္မာရှင်၏ ကရုဏာသက် ခံရခြင်းမှ အပ၊ ဇကေပင် စိတ်သည် အကုသိုလ်ကိုသာ ညွှန်ကြားနေ၏။ ကံကြမ္မာရှင်သည်ကား လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်ပေ၏။'' (ဟု ဆို၏။)
၅၄။ သစ္စာရှိသူ	**وَقَالَ الْمَلِكُ ائْتُونِي بِهِ أَسْتَخْلِصْهُ لِنَفْسِي فَلَمَّا كَلَّمَهُ قَالَ إِنَّكَ الْيَوْمَ لَدَيْنَا مَكِينٌ أَمِينٌ**۞ ဘုရင်မင်းက ''စိတ်တိုင်းကျ ရွေးချယ်နိုင်အံ့ငှာ သူ့အား ကျွန်ုပ်ထံသို့ ခစားစေလော့၊''ဟု ဆိုပြီး၊ သူနှင့် ပြောဆိုပြီးသောအခါ၊ ''ယနေ့၌ သင်သည် ကျွန်ုပ်တို့ထံ၌ ယုံကြည်စိတ်ချရသော အမြဲတန် ဖြစ်ပြီ၊''ဟု ဆိုသော်။
၅၅။ နယ်မြေ	**قَالَ اجْعَلْنِي عَلَى خَزَآئِنِ الأَرْضِ إِنِّي حَفِيظٌ عَلِيمٌ**۞ သူက ''ကျွန်ုပ်အား **တိုင်းပြည်**၏၊ ဘဏ္ဍာထိန်းအဖြစ် စီစဉ်ပေးပါ၊ ကျွန်ုပ်သည် စောင့်ထိန်းနည်းကို သိသူ ဖြစ်၏။''ဟု ဆို၏။
၅၆။	**وَكَذَلِكَ مَكَّنَّا لِيُوسُفَ فِي الأَرْضِ يَتَبَوَّأُ مِنْهَا حَيْثُ يَشَاء نُصِيبُ بِرَحْمَتِنَا مَن نَّشَاء وَلاَ نُضِيعُ أَجْرَ الْمُحْسِنِينَ**۞ တိုင်းပြည်၌ သူ့စံချိန်အတိုင်း နေရာချနိုင်ရန်၊ ငါသည် ယူဆွဖိအား ဤသို့ ထူထောင်ပေးတော်မူ၏။ စံချိန်ပြည့်သူအား ငါထံမှ ကရုဏာကို သက်စေ၏။ သုမင်္ဂလာပြုသူတို့၏ အကျိုးဆုလဒ်ကို အလဟသ မဖြစ်စေပေ။
၅၇။	**وَلَأَجْرُ الآخِرَةِ خَيْرٌ لِّلَّذِينَ آمَنُواْ وَكَانُواْ يَتَّقُونَ**۞ ယုံကြည်လျက် စည်းစောင့်လေ့ ရှိသောသူတို့အဘို့ နောင်ဘဝ၏ အကျိုးဆုလဒ်သည် ပို၍ ကောင်းပေ၏။
၅၈။	**وَجَاء إِخْوَةُ يُوسُفَ فَدَخَلُواْ عَلَيْهِ فَعَرَفَهُمْ وَهُمْ لَهُ مُنكِرُونَ**۞ ယူဆွဖိ၏ ညီအစ်ကိုများ ရောက်လာ၍၊ သူထံ၌ ဝင်ရောက်ခစားစဉ် ၎င်းတို့ကို သူ မှတ်မိနေ၏၊ သို့သော် ၎င်းတို့က သူ့ကို သူစိမ်းဖြစ်နေ၏။
၅၉။	**وَلَمَّا جَهَّزَهُم بِجَهَازِهِمْ قَالَ ائْتُونِي بِأَخٍ لَّكُم مِّنْ أَبِيكُمْ أَلاَ تَرَوْنَ أَنِّي أُوفِي الْكَيْلَ وَأَنَاْ خَيْرُ الْمُنزِلِينَ**۞ သူတို့အား အထောက်အပံ့ ထောက်ပံ့ပြီးသောအခါ၊ ပြောလိုက်သည်မှာ''နောင်တစ်ကြိမ်၌ သင်တို့၏ ညီငယ်အား သင်တို့၏ ဖခင်ထံမှ ကျွန်ုပ်ထံသို့ ယူဆောင်ခဲ့လော့။ ကျွန်ုပ်သည် သင်တို့အား ကုန်ဖလှယ်မှုကို အပြည့်အဝပေးသူ၊ အကောင်းဆုံး ကျေပွန်သူများမှ ဖြစ်ကြောင်း သင်တို့ မြင်သည် မဟုတ်လော၊–
၆၀။	**فَإِن لَّمْ تَأْتُونِي بِهِ فَلاَ كَيْلَ لَكُمْ عِندِي وَلاَ تَقْرَبُونِ**۞ အကယ်၍ သူ့အား ကျွန်ုပ်ထံသို့ မယူဆောင်ခဲ့လျှင်၊ သင်တို့အတွက် ကုန်ဖလှယ်ခြင်း ကျွန်ုပ်ထံ၌ မရှိပြီ၊ ချည်းကပ်ခွင့်လည်း ရမည်မဟုတ်၊''ဟု ဖြစ်၏။
၆၁။	**قَالُواْ سَنُرَاوِدُ عَنْهُ أَبَاهُ وَإِنَّا لَفَاعِلُونَ**۞ သူတို့က ''သူ့ကို ဖခင်ထံမှ ရအောင် ကျွန်ုပ်တို့ တိုက်တွန်းပါမည်။ အမှန်ပင် ပြုလုပ်ပါမည်၊''ဟု ပြောကြ၏။
၆၂။	**وَقَالَ لِفِتْيَانِهِ اجْعَلُواْ بِضَاعَتَهُمْ فِي رِحَالِهِمْ لَعَلَّهُمْ يَعْرِفُونَهَا إِذَا انقَلَبُواْ إِلَى أَهْلِهِمْ لَعَلَّهُمْ يَرْجِعُونَ**۞ သူက သူ၏ လုလင်များအား ''သူတို့၏ ရောင်းကုန်များကို(၅၁) သူတို့၏ အထုပ်များအတွင်း စီစဉ်ထားလော့၊ သို့ဖြင့် သူတို့၏ မိသားစုများထံ ဦးလှည့်ပြန်သောအခါ၊ ၎င်းတို့ကို မှတ်မိနိုင်၍၊ ပြန်လာနိုင်ကောင်း၏။''ဟု မှာကြား၏။

(၅၁) **ဘိဿွအတ် بِضَاعَت** ဆိုသည်မှာ ကုန်ကူးသန်း သောအခါ အဖုအထစ်၊ အခက်အခဲမရှိရန် သုံးသော ကြားခံပစ္စည်း။ ရောင်းကုန်ပစ္စည်းဟု ဖြစ်ပေသည်။

၆၃။	**فَلَمَّا رَجِعُوا إِلَى أَبِيهِمْ قَالُواْ يَا أَبَانَا مُنِعَ مِنَّا الْكَيْلُ فَأَرْسِلْ مَعَنَا أَخَانَا نَكْتَلْ وَإِنَّا لَهُ لَحَافِظُونَ۝**
	သူတို့သည် ဖခင်ထံသို့ ပြန်လာ သောအခါ၊ ''အို အဖေ၊ ကျွန်ုပ်တို့ထံမှ ကုန်ဖလှယ်ခြင်းကို ပိတ်ပင်လေပြီ၊ ကျွန်ုပ်တို့ ကုန်ဖလှယ်နိုင်အံ့ငှာ ညီငယ်အား ကျွန်ုပ်တို့နှင့်အတူ ထည့်ပေးလိုက်ပါ။ ကျွန်ုပ်တို့သည် သူ့အား ကောင်းစွာ စောင့်ရှောက်သူများ ဖြစ်ပါမည်။''ဟု ဆိုကြသော်။
၆၄။	**قَالَ هَلْ آمَنُكُمْ عَلَيْهِ إِلاَّ كَمَا أَمِنتُكُمْ عَلَى أَخِيهِ مِن قَبْلُ فَاللّهُ خَيْرٌ حَافِظًا وَهُوَ أَرْحَمُ الرَّاحِمِينَ۝**
ဖခင်က	**သူက** ''ရှေ့အလျင်က သူ့အစ်ကိုနှင့် စပ်လျဉ်း၍ သင့်တို့ကို ယုံကြည်ခဲ့သလို သူ့အတွက် ယုံကြည်ရမည်လော။ ပရမတ် ဘုရားရှင်သည် အကောင်းဆုံး စောင့်ရှောက်သည့် အရှင် ဖြစ်၏။ အရှင်သည် ကရုဏာရှင် အကြင်နာရှင် ဖြစ်၏။''ဟု ဆို၏။
၆၅။	**وَلَمَّا فَتَحُواْ مَتَاعَهُمْ وَجَدُواْ بِضَاعَتَهُمْ رُدَّتْ إِلَيْهِمْ قَالُواْ يَا أَبَانَا مَا نَبْغِي هَذِهِ بِضَاعَتُنَا رُدَّتْ إِلَيْنَا وَنَمِيرُ أَهْلَنَا وَنَحْفَظُ أَخَانَا وَنَزْدَادُ كَيْلَ بَعِيرٍ ذَلِكَ كَيْلٌ يَسِيرٌ۝**
	သူတို့သည် သူတို့၏ အထုပ်အထည်များကို ဖွင့်သောအခါ၊ သူတို့ထံ ပြန်ပေးထားသော ရောင်းကုန်များကို တွေ့ရ၍၊ ''အို– အဖေ ကျွန်ုပ်တို့သည် မည်သည်ကို ရှာဖွေရအံ့နည်း၊ ဤမှာ ရောင်းကုန်များကို ကျွန်ုပ်တို့ထံ ပြန်ပေးလိုက်လေပြီ။ ကျွန်ုပ်တို့သည် မိသားစုများအတွက် စားနပ်ရိက္ခာ ပို၍ ရနိုင်ပါသည်။ ညီငယ်အား စောင့်ရှောက်ပါမည်။ ထို့နောက် ကုလားအုပ်တစ်စီးတင် အလေးချိန်လည်း ထပ်တိုးရရှိပါမည်။ ဤသည် လွယ်ကူသော ကုန်ဖလှယ်ခြင်း ဖြစ်၏။''ဟု ဆိုကြ၏။
၆၆။	**قَالَ لَنْ أُرْسِلَهُ مَعَكُمْ حَتَّى تُؤْتُونِ مَوْثِقًا مِّنَ اللّهِ لَتَأْتُنَّنِي بِهِ إِلاَّ أَن يُحَاطَ بِكُمْ فَلَمَّا آتَوْهُ مَوْثِقَهُمْ قَالَ اللّهُ عَلَى مَا نَقُولُ وَكِيلٌ۝**
ဖခင်က	**သူက** ''သင်တို့အတွက် ထွက်ပေါက်မဲ့သွားသည်မှအပ၊ သင်တို့သည် သူ့အား ကျွန်ုပ်ထံသို့ ယူဆောင်လာမည်ဟု ပရမတ်ဘုရားရှင်၏ ထံ၌ ကတိခံဝန် မပေးလျှင်၊ သင်တို့နှင့်အတူ သူ့အား စေပို့နိုင်မည် မဟုတ်၊''ဟု ဆို၍ – ကတိခံဝန် ပေးကြသော် သူက ''ပရမတ်ဘုရားရှင်သည် ပြောဆိုလေသမျှ၌ ကိုးစားထိုက်သော အရှင် ဖြစ်၏။''ဟု ပြော၏။
၆၇။	**وَقَالَ يَا بَنِيَّ لاَ تَدْخُلُواْ مِن بَابٍ وَاحِدٍ وَادْخُلُواْ مِنْ أَبْوَابٍ مُّتَفَرِّقَةٍ وَمَا أُغْنِي عَنكُم مِّنَ اللّهِ مِن شَيْءٍ إِنِ الْحُكْمُ إِلاَّ لِلّهِ عَلَيْهِ تَوَكَّلْتُ وَعَلَيْهِ فَلْيَتَوَكِّلِ الْمُتَوَكِّلُونَ۝**
	တဖန် သူက ''အို– သားတော်တို့၊ သင်တို့သည် တံခါး တစ်ပေါက်တည်းမှ မဝင်ကြနှင့်၊ တံခါးပေါက်များမှ ခွဲ၍ ဝင်ကြကုန်လော့၊ ပရမတ်ဘုရားရှင်၏ထံရှိ အရာများမှ သင်တို့အဘို့ ကျွန်ုပ် ပြည့်စုံစေနိုင်ခြင်း မရှိ။ ပရမတ်ဘုရားရှင်သည် သာ စီရင်ထုံးပြုပေးတော်မူ၏။ ကျွန်ုပ်သည် အရှင့်ကိုသာ ကိုးစားပါ၏။ ကိုးစားသူတို့သည် အရှင့်ကိုသာ ကိုးစားကြကုန်၏၊''ဟု ဆို၏။
၆၈။	**وَلَمَّا دَخَلُواْ مِنْ حَيْثُ أَمَرَهُمْ أَبُوهُم مَّا كَانَ يُغْنِي عَنْهُم مِّنَ اللّهِ مِن شَيْءٍ إِلاَّ حَاجَةً فِي نَفْسِ يَعْقُوبَ قَضَاهَا وَإِنَّهُ لَذُو عِلْمٍ لِّمَا عَلَّمْنَاهُ وَلَكِنَّ أَكْثَرَ النَّاسِ لاَ يَعْلَمُونَ۝**
	သူတို့သည် ဖခင် ညွှန်ကြားသည့်အတိုင်း နေရာများမှ ဝင်ကြ၏။ သို့သော် ၎င်းသည် ငါ ပရမတ်ဘုရားရှင်၏ ထံရှိ အရာများမှ အပ သင်တို့အဘို့ ပြည့်စုံနိုင်စွမ်း မရှိချေ။ ယာကုဗ်သည် သူ့စိတ်ဆန္ဒပြီးပြည့်ရန် အကြောင်းပြချက်သာ ဖြစ်၏။ သူသည် ငါအရှင် သင်ပေးသည့် တတ်သိပညာရှင် ဖြစ်၏။ သို့ရာတွင် လူသားများစွာသည် သိနိုင်ကြသည် မဟုတ်ချေ။
၆၉။	**وَلَمَّا دَخَلُواْ عَلَى يُوسُفَ آوَى إِلَيْهِ أَخَاهُ قَالَ إِنِّي أَنَاْ أَخُوكَ فَلاَ تَبْتَئِسْ بِمَا كَانُواْ يَعْمَلُونَ۝**

	သူတို့သည် ယူဆွဖ်ထံသို့ ဝင်ရောက်သောအခါ၊ သူညီအား အပါးသို့ ခိုလှုံစေ၍၊ ''ကျွန်ုပ်သည် သင့်အစ်ကို ဖြစ်၏။ သူတို့၏ ကျင့်ဆောင်လေ့ရှိရာများကြောင့် အမင်္ဂလာမဖြစ်စေနှင့်၊''ဟု ပြောပြ၏။
၇၀။	**فَلَمَّا جَهَّزَهُم بِجَهَازِهِمْ جَعَلَ السِّقَايَةَ فِي رَحْلِ أَخِيهِ ثُمَّ أَذَّنَ مُؤَذِّنٌ أَيَّتُهَا الْعِيرُ إِنَّكُمْ لَسَارِقُونَ۝** သူတို့အား အထောက်အပံ့ ထောက်ပံ့ပြီးသောအခါ၊ သူ့သောက်ရေခွက်ကို သူညီ၏ အထုပ်ထဲ၌ စီစဉ်ထား၍၊ ကြေငြာသူတစ်ဦးအား ''အို– ကုန်သည်တို့ သင်တို့သည် သူခိုးများပင် ဖြစ်ကြ၏။''ဟု ကြေငြာစေ၏။
၇၁။	**قَالُواْ وَأَقْبَلُواْ عَلَيْهِم مَّاذَا تَفْقِدُونَ۝** သူတို့က ရှေ့တိုးလာလျက် ''သင်တို့၌ ဘယ်အရာ ပျောက်ဆုံးနေသနည်း၊''ဟု မေးမြန်းကြသော်–
၇၂။	**قَالُواْ نَفْقِدُ صُوَاعَ الْمَلِكِ وَلِمَن جَاء بِهِ حِمْلُ بَعِيرٍ وَأَنَاْ بِهِ زَعِيمٌ۝** ''ကျွန်ုပ်တို့၌ အာဏာပိုင်၏ ဖလားတော် ပျောက်ဆုံးပါ၏၊ ၎င်းအား ပြန်အပ်သူကို ကုလားအုပ် တစ်စီးတင် ပေးပါမည်၊ ကျွန်ုပ်သည် ထို့အတွက် ရပ်တည်ပြောဆိုပေးရပါမည်၊''ဟု ဆို၏။
၇၃။	**قَالُواْ تَاللّهِ لَقَدْ عَلِمْتُم مَّا جِئْنَا لِنُفْسِدَ فِي الأَرْضِ وَمَا كُنَّا سَارِقِينَ۝** သူတို့က ''ဘုရားရေ၊ ကျွန်ုပ်တို့သည် ဤဒေသသို့ အဖျက်လုပ်ရန် လာခြင်းမဟုတ်၊ သူခိုးများလည်း မဟုတ်ကြောင်းကို အသင် မုချသိပါ၏၊''ဟု ပြောကြသော်။
၇၄။	**قَالُواْ فَمَا جَزَآؤُهُ إِن كُنتُمْ كَاذِبِينَ۝** ''သင်တို့သည် လူလိမ်များ ဖြစ်ကြလျှင် မည်သို့ အစားပေးရမည်နည်း၊''ဟု သူတို့အား မေးမြန်း၏။
၇၅။	**قَالُواْ جَزَآؤُهُ مَن وُجِدَ فِي رَحْلِهِ فَهُوَ جَزَاؤُهُ كَذَلِكَ نَجْزِي الظَّالِمِينَ۝** သူတို့က ''အစားပေးမှု အဖြစ်၊ မည်သူ၏ အထုပ်ထဲတွင် တွေ့အံ့၊ ထိုသူအား အစားပေးပါမည်။ ဤသည် အမိုက်ကောင်တို့ အတွက် အစားပေးခြင်းပင် ဖြစ်၏၊''ဟု ပြန်ဖြေ၏။
၇၆။ သာသနာ	**فَبَدَأَ بِأَوْعِيَتِهِمْ قَبْلَ وِعَاء أَخِيهِ ثُمَّ اسْتَخْرَجَهَا مِن وِعَاء أَخِيهِ كَذَلِكَ كِدْنَا لِيُوسُفَ مَا كَانَ لِيَأْخُذَ أَخَاهُ فِي دِينِ الْمَلِكِ إِلاَّ أَن يَشَاء اللّهُ نَرْفَعُ دَرَجَاتٍ مِّن نَّشَاء وَفَوْقَ كُلِّ ذِي عِلْمٍ عَلِيمٌ۝** သို့ဖြင့် ရှေ့အလျင် စတင်၍ သူတို့၏ အိပ်များ –၊ ပြီး– သူညီ၏ အိပ်၊ ထို့နောက် အိပ်ထဲမှ ဆွဲထုတ်လိုက်၏။ ငါသည် ယူဆွဖ်အတွက် ထိုသို့ ဗျူဟာချပေး၏။ ပရမတ်ဘုရားရှင်၏ စံချိန်မပြည့်ဘဲ ရှင်ဘုရင်၏ **ဥပဒေ၌၅၆** သူသည် သူညီအား သိမ်းယူနိုင်မည် မဟုတ်ချေ။ ငါသည် စံချိန်ပြည့်သူအား အခွင့်အလမ်းဖြင့် မြှောက်စားတော်မူ၏။ အရှင် သည် တတ်သိပညာရှင် ကိုယ်စီထက် ပို၍ သိနေတော်မူသော အရှင်ဖြစ်ပေ၏။
၇၇။	**قَالُواْ إِن يَسْرِقْ فَقَدْ سَرَقَ أَخٌ لَّهُ مِن قَبْلُ فَأَسَرَّهَا يُوسُفُ فِي نَفْسِهِ وَلَمْ يُبْدِهَا لَهُمْ قَالَ أَنتُمْ شَرٌّ مَّكَانًا وَاللّهُ أَعْلَمُ بِمَا تَصِفُونَ۝**

(၅၅၆) ရှင်ဘုရင်၏ ဥပဒေ၌ ဟု ပြန်ဆိုသော စကားလုံးသည် မူရင်းအာရဗီ၌ **ဒီးန်နိ မာလိကိ دِينِ الْمَلِكِ** ဟု ဖြစ်၍၊ ထို ရှင်ဘုရင် ကိုးကွယ် ယုံကြည်သော သာသနာ အယူအရ၊ သို့မဟုတ် ထိုရှင်ဘုရင် ချမှတ်ထားသော လမ်းစဉ်အရ ဟု ဖြစ်ပေသည်။ ကိုယ်တော်ယူဆွဖ်သည် အရှင့် သတင်းတော်ဆောင်တစ်ပါး ဖြစ်လျက်နှင့် မိမိ၏ အလိုဆန္ဒ အတွက် သူတစ်ပါးအား လိမ်လည် ဥပါယ်တမည်ပြု၍ အကွက်ဆင်ခဲ့ခြင်း မဟုတ်ချေ။ သူမိ သားစုအား ပြန်လည်ပေါင်းဆုံနိုင်ရန်၊ နွမ်းပါး၍ အစာရေစာ ခေါင်းပါးနေသော သူ့ (ဂျူး) လူမျိုးများအား ကယ်တင်နိုင်ရန် ရှင်ဘုရင်၏ သာသနာထဲမှ ထောက်ကွက်ရှိသည်ကို ဗျူဟာချ အသုံးပြုခဲ့ခြင်းသာ ဖြစ်ပေသည်။ ပရမတ်ဘုရားရှင်က ချမှတ်လမ်းညွှန်ထားခြင်း မရှိသော သာသနာတိုင်းတွင် ဟာကွက် ထောက်ကွက်များ ရှိနေကြောင်းကို သက်သေပြခြင်းလည်း ဖြစ်ပေသည်။

	သူတို့က ‘‘သူသည် ခိုးမှုကျူးလွန်လျှင်၊ သူ့အစ်ကို တစ်ဦးသည်လည်း ရှေ့အလျှင်က ခိုးမှုကို ကျူးလွန်ခဲ့၏။’’ဟု ဆိုကြ၏။ ယူဆွဖ်သည် စိတ်တွင်း၌ ကြိတ်ကြုံ၍ သူတို့အား ဖေါ်ပြခြင်း မရှိဘဲ၊ ‘‘သင်တို့သည် ဆိုးဝါးမှု၌ ရှိကြ၏။ ပရမတ်ဘုရားရှင်သည် သင်တို့၏ တင်ပြချက်ကို အသိဆုံးဖြစ်တော်မူ၏။’’ဟု ဆို၏။[၁၁၇]
၇၈။ ဘုန်းကံကြီးသူ	**قَالُواْ يَا أَيُّهَا الْعَزِيزُ إِنَّ لَهُ أَبًا شَيْخًا كَبِيرًا فَخُذْ أَحَدَنَا مَكَانَهُ إِنَّا نَرَاكَ مِنَ الْمُحْسِنِينَ۞** သူတို့က ‘‘အို– **ဝန်ကြီး**၊ သူ၌ ကြီးရင့် အိုမင်းသော ဖခင် ရှိပါ၏။ သူ့အစား ကျွန်ုပ်တို့မှ ဖြစ်သော တစ်ယောက်ကို ဖမ်းယူထားပါ။ အသင်သည် သုမင်္ဂလာပြုသူတို့မှ ဖြစ်ကြောင်း ကျွန်ုပ်တို့ မြင်ပါ၏။’’ဟု ပြောကြသော်။
၇၉။	**قَالَ مَعَاذَ اللهِ أَن نَّأْخُذَ إِلاَّ مَن وَجَدْنَا مَتَاعَنَا عِندَهُ إِنَّآ إِذًا لَّظَالِمُونَ۞** သူက ‘‘ကျွန်ုပ်တို့၏ သည်းခြေကြိုက်ကို သူ့ထံ၌ တွေ့သူမှအပ အခြားသူကို မဖမ်းယူရန် ပရမတ်ဘုရားရှင်ထံ ခိုလှုံထား၏။ သို့မဟုတ်က ကျွန်ုပ်တို့သည် အမိုက်ကောင်များ ဖြစ်ပေလိမ့်မည်၊’’ဟု ပြန်ပြော၏။
၈၀။ တည်းခိုခြင်းမရပိစဲနိုင်	**فَلَمَّا اسْتَيْأَسُواْ مِنْهُ خَلَصُواْ نَجِيًّا قَالَ كَبِيرُهُمْ أَلَمْ تَعْلَمُواْ أَنَّ أَبَاكُمْ قَدْ أَخَذَ عَلَيْكُم مَّوْثِقًا مِّنَ اللهِ وَمِن قَبْلُ مَا فَرَّطتُمْ فِي يُوسُفَ فَلَنْ أَبْرَحَ الأَرْضَ حَتَّىَ يَأْذَنَ لِي أَبِي أَوْ يَحْكُمَ اللهُ لِي وَهُوَ خَيْرُ الْحَاكِمِينَ۞** သူတို့သည် သူ့အား လက်လျှော့ရသောအခါ၊ သူတို့ချည်း သီးခြားတိုင်ပင်ကြလျက်၊ သူတို့မှ အကြီးဆုံးသူက ပြောသည်မှာ‘‘သင်တို့၏ ဖခင်သည် ပရမတ်ဘုရားရှင်ထံ၌ ကတိခံဝန်ကို သင်တို့ထံမှ ယူထားသည်ကို မသိကြသလော၊ ရှေ့အလျှင်က ယူဆွဖ်အတွက်လည်း သင်တို့ လက်လွှတ်စပယ်ဖြစ်ခဲ့၏။ သို့ဖြစ်၍ ဖခင်၏ ခွင့်ပြုချက် မရသ၍ သို့မဟုတ် ပရမတ်ဘုရားရှင်က စီရင်ထုံးမပြုပေးသ၍ ကျွန်ုပ်သည် ဤဒေသမှ **ထွက်ခွာ**မည်မဟုတ်၊ အရှင်သည် အကောင်းဆုံးသော ဓမ္မသတ်ချုပ် ဖြစ်၏။–
၈၁။	**ارْجِعُواْ إِلَى أَبِيكُمْ فَقُولُواْ يَا أَبَانَا إِنَّ ابْنَكَ سَرَقَ وَمَا شَهِدْنَا إِلاَّ بِمَا عَلِمْنَا وَمَا كُنَّا لِلْغَيْبِ حَافِظِينَ** –သင်တို့သည် ဖခင်ထံသို့ ပြန်ကြ၍၊ ပြောရမည်မှာ ‘‘အို– အဖေ၊ အသင့်သားငယ်သည် ခိုးမှုကျူးလွန်ပါ၏။ ကျွန်ုပ်တို့ မသိသည်ကို ကျွန်ုပ်တို့ သက်သေမခံနိုင်ပါ။ မျက်ကွယ်ကို စောင့်ရှောက်နိုင်သူများလည်း မဟုတ်ပါ။–
၈၂။	**وَاسْأَلِ الْقَرْيَةَ الَّتِي كُنَّا فِيهَا وَالْعِيْرَ الَّتِي أَقْبَلْنَا فِيهَا وَإِنَّا لَصَادِقُونَ۞** –ကျွန်ုပ်တို့ တည်းခိုခဲ့သော အရပ်ဒေသနှင့် ကျွန်ုပ်တို့၏ ရှေ့ဖြစ်သော ကုန်သည်များကို မေးကြည့်ပါ။ ဧကန်ပင် ကျွန်ုပ်တို့သည် ဖြောင့်မှန်သူများ ဖြစ်ပါသည်၊’’ဟု စေလိုက်၏။
၈၃။ ဖခင်	**قَالَ بَلْ سَوَّلَتْ لَكُمْ أَنفُسُكُمْ أَمْرًا فَصَبْرٌ جَمِيلٌ عَسَى اللهُ أَن يَأْتِيَنِي بِهِمْ جَمِيعًا إِنَّهُ هُوَ الْعَلِيمُ الْحَكِيمُ۞** သူက ‘‘မဟုတ်တန်ရာ၊ သင်တို့၏စိတ်စရိုက်က သင်တို့အား လှုံ့ဆော် ညွှန်ကြားလေပြီ။ သည်းခံခြင်းသည်သာ အမြင်လှ၏။ ပရမတ်ဘုရားရှင်သည် သူတို့ အားလုံးကို ကျွန်ုပ်ထံသို့ ပြန်ပေးအပ်နိုင်ရာ၏။ အရှင်သည် သိနေသော အရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။’’ဟု ဆို၍–
၈၄။	**وَتَوَلَّى عَنْهُمْ وَقَالَ يَا أَسَفَى عَلَى يُوسُفَ وَابْيَضَّتْ عَيْنَاهُ مِنَ الْحُزْنِ فَهُوَ كَظِيمٌ۞** သူတို့ထံမှ လှည့်သွားလျက်၊ ‘‘ကျွန်ုပ်မှာ ယူဆွဖ်အတွက် ကြောင့်ကြရပြီ၊’’ဟု ဆိုကာ သောကများဖြင့် မျက်လုံးများ အရောင်လက်လာ၏။[၁၁၈] သူသည် ယူကြုံးမရဖြစ်၏။

---

(၅၅၇) ဤသုတ်တော်မှ ပြောသော သူ့အစ်ကို တစ်ဦး ဆိုသည်မှာ သူတို့ မမှတ်မိတော့သော ကိုယ်တော်ယူဆွဖ်အား ရည်ရွယ် ပြောဆိုခြင်း မဟုတ်ချေ။ ယခု ခိုးမှုကျူးလွန်သည်ဟူသော ညီငယ်အား လူစားလဲလှယ်နိုင်ရန် သူတို့အထဲမှာ အစ်ကိုတစ်ဦးအား ရည်ရွယ်ပြောဆိုခြင်း ဖြစ်သည်။

(၅၅၈) **အိတ်ယဿွတ် အိုင်းနားဟု ابْيَضَّتْ عَيْنَاهُ** ၏ တိုက်ရိုက် လုံးကောက်အားဖြင့် ‘‘သူ့မျက်လုံးများမှာ ဖြူဖွေးလာသည်၊’’ဟု ဖြစ်ပေသည်။ ဆိုလိုသည်မှာ မျက်လုံးများ အတွင်း မျက်ရည်များ လည်လာသောကြောင့် အရောင်လက်လာခြင်း ဖြစ်သည်။ ထို့ကြောင့် ဤဘာသာပြန်တွင် **မျက်**

၈၅။	**قَالُواْ تَاللّهِ تَفْتَأُ تَذْكُرُ يُوسُفَ حَتَّى تَكُونَ حَرَضًا أَوْ تَكُونَ مِنَ الْهَالِكِينَ۝** သူတို့က ''ပရမတ်ဘုရားရှင်အား တိုင်တည်ပါ၏။ အသင်သည် ကိုယ်ပူတက်၍ သို့မဟုတ် ခန္ဓာယွင်းသည့်တိုင်အောင် ယူဆဖွယ်အား သတိရခြင်းကို ဖြေမဆည်နိုင်ချေ။''ဟု ဆိုကြသော်။
၈၆။ ဖခင်	**قَالَ إِنَّمَا أَشْكُو بَثِّي وَحُزْنِي إِلَى اللّهِ وَأَعْلَمُ مِنَ اللّهِ مَا لاَ تَعْلَمُونَ۝** **သူ** ပြောသည်မှာ ''ကျွန်ုပ်၏ သောက ပွားမှုအား ပရမတ်ဘုရားထံ၌သာ လျှောက်လဲပါ၏။ ပရမတ်ဘုရားရှင်ထံမှ သင်တို့ မသိသည်ကို ကျွန်ုပ်သိနေ၏။–
၈၇။	**يَا بَنِيَّ اذْهَبُواْ فَتَحَسَّسُواْ مِن يُوسُفَ وَأَخِيهِ وَلاَ تَيْأَسُواْ مِن رَّوْحِ اللّهِ إِنَّهُ لاَ يَيْأَسُ مِن رَّوْحِ اللّهِ إِلاَّ الْقَوْمُ الْكَافِرُونَ۝** ''သားတော်တို့၊ ယူဆဖွယ်နှင့် သူ့ညီအကြောင်းကို အမြန်သွား၍ ရင်ဆိုင်စုံစမ်းကြလော့၊ ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်သက်ခြင်းအား လက်မလျော့ကြနှင့် ဖုံးကွယ်သော လူမျိုးမှအပ ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်သက်ခြင်းအား လက်လျော့သူ ဟူ၍ မရှိချေ။''ဟု ဖြစ်၏။
၈၈။ ဘုန်းကံကြီးသူ	**فَلَمَّا دَخَلُواْ عَلَيْهِ قَالُواْ يَا أَيُّهَا الْعَزِيزُ مَسَّنَا وَأَهْلَنَا الضُّرُّ وَجِئْنَا بِبِضَاعَةٍ مُّزْجَاةٍ فَأَوْفِ لَنَا الْكَيْلَ وَتَصَدَّقْ عَلَيْنَآ إِنَّ اللّهَ يَجْزِي الْمُتَصَدِّقِينَ۝** သူတို့သည် အထံတော်သို့ ပြန်ဝင်၍၊ ''အို– **ဝန်ကြီး**၊ ကျွန်ုပ်တို့နှင့် မိသားစုများအား ဘေးဒုက္ခကြီး ထိနေပါပြီ၊ လေလွင့်ရောင်းကုန်ဖြင့်သာ ကျွန်ုပ်တို့ ရောက်လာနိုင်ပါ၏။ ကျွန်ုပ်တို့အား ကုန်ဖလှယ်ရာ၌ အပြည့်ပေးတော်မူပါ၊ ကျွန်ုပ်တို့အပေါ်၌ အလှူအဖြစ်ပေးတော်မူပါ၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် အလှူဒါနပြုသူတို့အား အစားပေးတော်မူပါမည်၊'' ဟု လျှောက်ထားကြသော်။
၈၉။	**قَالَ هَلْ عَلِمْتُم مَّا فَعَلْتُم بِيُوسُفَ وَأَخِيهِ إِذْ أَنتُمْ جَاهِلُونَ۝** သူက ''သင်တို့သည် ပညာမဲ့နေစဉ် ယူဆဖွယ်နှင့် သူ့ညီအား မည်သို့ ပြုခဲ့သည်ကို သိနေကြသလော၊''ဟု မေးမြန်း၏။
၉၀။	**قَالُواْ أَإِنَّكَ لَأَنتَ يُوسُفُ قَالَ أَنَاْ يُوسُفُ وَهَذَا أَخِي قَدْ مَنَّ اللّهُ عَلَيْنَا إِنَّهُ مَن يَتَّقِ وَيِصْبِرْ فَإِنَّ اللّهَ لاَ يُضِيعُ أَجْرَ الْمُحْسِنِينَ۝** သူတို့က ''သင်သည်ကား ယူဆဖွယ်ပင် ဖြစ်ရမည်၊''ဟု ပြောသောအခါ၊ သူက ''ကျွန်ုပ်သည် ယူဆဖွယ် ဖြစ်၍၊ ဤသည် ကျွန်ုပ် ညီငယ်ဖြစ်၏၊ ပရမတ်ဘုရားရှင်ထံမှ ကျွန်ုပ်တို့အား မျက်နှာသာပေး၏။ ဧကန်ပင် စည်းစောင့်၍ သည်းခံသူအတွက်၊ ပရမတ်ဘုရားရှင်သည် သုမင်္ဂလာပြုသူတို့၏ အကျိုးဆုလဒ်ကို အလဟသ မဖြစ်စေပေ၊''ဟု ဆို၏။
၉၁။ သမိုင်းဝင်စေ	**قَالُواْ تَاللّهِ لَقَدْ آثَرَكَ اللّهُ عَلَيْنَا وَإِن كُنَّا لَخَاطِئِينَ۝** သူတို့က ''ဘုရားရေ၊ မုချပင် ပရမတ်ဘုရားရှင်သည် သင့်အား ကျွန်ုပ်တို့၏ အပေါ်ဝယ် **အစဉ်အလာဖြစ်စေ**ပြီ။ ကျွန်ုပ်တို့သည်ကား အမှားကျူးလွန်သူများ ဖြစ်ပါ၏၊''ဟု ဝန်ခံကြ၏။
၉၂။	**قَالَ لاَ تَثْرِيبَ عَلَيْكُمُ الْيَوْمَ يَغْفِرُ اللّهُ لَكُمْ وَهُوَ أَرْحَمُ الرَّاحِمِينَ۝** သူ ပြောသည်မှာ ''သင်တို့အပေါ်၌ ယနေ့တွင် စကားနာမထိုးပါ၊ ပရမတ်ဘုရားရှင်သည် သင်တို့အား လွှတ်ငြိမ်းစေအံ့။ အရှင်သည် ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူ၏။–၊

လုံးများ အရောင်လက်လာ၏ ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ အိဗနိ အဘာဒ်စကလည်း မျက်လုံးများမှာ မျက်ရည်များဖြင့် ပြည့်နှက်လာ၏ ဟု ပြန်ဆိုပေသည်။ ယာကုဗ်သည် ပူဆွေးသောက များလွန်းသောကြောင့် မျက်လုံးများကန်းကုန်၏ ဆိုသော ဇော်လမ်းကို ကျမ်းတော်က လက်ခံပေ။

၉၃။	**اذْهَبُواْ بِقَمِيصِي هَذَا فَأَلْقُوهُ عَلَى وَجْهِ أَبِي يَأْتِ بَصِيرًا وَأْتُونِي بِأَهْلِكُمْ أَجْمَعِينَ۞** –ဤ ကျွန်ုပ်၏ အင်္ကျီကို ယူသွား၍၊ ဖခင်၏ မျက်မှောက်၌ ခင်းကျင်းလော့၊ သူသည် အမြင်ကြည်လာလိမ့်မည်။[၁၁၉] ကျွန်ုပ်ထံသို့ သင်တို့ မိသားစုများ အတူစု၍ လာခဲ့ကြလော့၊''ဟု ဖြစ်၏။
၉၄။ လေွ့	**وَلَمَّا فَصَلَتِ الْعِيرُ قَالَ أَبُوهُمْ إِنِّي لَأَجِدُ رِيحَ يُوسُفَ لَوْلاَ أَن تُفَنِّدُونِ۞** ကုန်သည်များ ရှင်းလင်းပြီးဆုံးသော်၊ သူတို့၏ ဖခင်က ''ကျွန်ုပ်အား စိတ်ပျော့သည်ဟု စွပ်စွဲငြားလည်း၊ ကျွန်ုပ်၌ ယူဆဖွယ်၏ **ရန်**့ ထိတွေ့နေ၏၊–
၉၅။	**قَالُواْ تَاللّهِ إِنَّكَ لَفِي ضَلاَلِكَ الْقَدِيمِ۞** ပရမတ်ဘုရားရှင်အား တိုင်တည်ပါ၏။ သင်သည် စုံရပ်ခံမှုသည် လွဲချော်နေပါပြီ''ဟု ပြန်ပြောကြ၏။
၉၆။	**فَلَمَّا أَن جَاء الْبَشِيرُ أَلْقَاهُ عَلَى وَجْهِهِ فَارْتَدَّ بَصِيرًا قَالَ أَلَمْ أَقُل لَّكُمْ إِنِّي أَعْلَمُ مِنَ اللّهِ مَا لاَ تَعْلَمُونَ۞** ထို့နောက် သတင်းကောင်းပါးသူ ရောက်လာ၍၊ သူ့မျက်မှောက်၌ ခင်းကျင်းသော်၊ သူသည် အမြင်ကြည်လာ၍၊ ''ပရမတ်ဘုရားရှင်၏ ထံမှ သင်တို့ မသိသည်ကို ကျွန်ုပ်သိနေသည်ဟု၊ သင်တို့အား ကျွန်ုပ်မပြောခဲ့သလော၊''ဟု ဆို၏။
၉၇။	**قَالُواْ يَا أَبَانَا اسْتَغْفِرْ لَنَا ذُنُوبَنَا إِنَّا كُنَّا خَاطِئِينَ۞** သူတို့က ''အို အဖေ၊ ကျွန်ုပ်တို့သည် အမှားကျူးလွန်သူများ ဖြစ်ပါ၏။ အပြစ်များမှ လွတ်ငြိမ်းဆုပန်ပေးပါ၊''ဟု တောင်းပန်သော်၊
၉၈။	**قَالَ سَوْفَ أَسْتَغْفِرُ لَكُمْ رَبِّيَ إِنَّهُ هُوَ الْغَفُورُ الرَّحِيمُ۞** သူက ''ကျွန်ုပ်၏ ကံကြမ္မာရှင်ထံ၌ သင်တို့အတွက် လွတ်ငြိမ်းဆုပန်ပါမည်။ အရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူသည်၊''ဟု ပြန်ပြော၏။
၉၉။	**فَلَمَّا دَخَلُواْ عَلَى يُوسُفَ آوَى إِلَيْهِ أَبَوَيْهِ وَقَالَ ادْخُلُواْ مِصْرَ إِن شَاء اللّهُ آمِنِينَ۞** ယူဆဖွယ်ထံသို့ ဝင်သောအခါ၊ သူသည် မိဘများကို အပါးသို့ ခိုလှုံစေ၍၊ ''အဲဂျစ်ပြည်သို့ ဝင်ရောက်ရန် ဖိတ်လျက်။ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီလျှင် ဤ၌ ယုံကြည်စိတ်ချရ၏။''ဟု ဆိုလေ၏။
၁၀၀။ ☆ ၂၁၄	**وَرَفَعَ أَبَوَيْهِ عَلَى الْعَرْشِ وَخَرُّواْ لَهُ سُجَّدًا وَقَالَ يَا أَبَتِ هَذَا تَأْوِيلُ رُؤْيَايَ مِن قَبْلُ قَدْ جَعَلَهَا رَبِّي حَقًّا وَقَدْ أَحْسَنَ بَي إِذْ أَخْرَجَنِي مِنَ السِّجْنِ وَجَاء بِكُم مِّنَ الْبَدْوِ مِن بَعْدِ أَن نَّزغَ الشَّيْطَانُ بَيْنِي وَبَيْنَ إِخْوَتِي إِنَّ رَبِّي لَطِيفٌ لِّمَا يَشَاء إِنَّهُ هُوَ الْعَلِيمُ الْحَكِيمُ۞** သူသည် မိဘများအား ကွပ်ကဲမှုအဆင့် တင်မြှောက်၍၊ သူတို့က သူ့အား ပြဝပ် ဦးညွတ်ကြ၏။[၁၂၀] သူ ရင့်ကျူးသည်မှာ''အို အဖေ၊ ဤသည် ရှေ့အလျင်က ကျွန်ုပ် အမြင်ရခဲ့ခြင်း၏ အဓိပ္ပါယ်များပင် ဖြစ်၏။ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် အမှန်တရားဖြင့် သုမင်္ဂလာကို စီစဉ်ခဲ့ပြီ။ ကျွန်ုပ်အား ထောင်တွင်းမှ ထွက်စေခဲ့ပြီ။ မကောင်းဆိုးဝါးသည်☆ ကျွန်ုပ်၏ကြား ညီအစ်ကိုတို့ ကြား၌ သွေးကွဲစေပြီးနောက် အသင့်အား တောသားဘဝမှ ကျွန်ုပ်ထံသို့ ရောက်လာစေ

---

(၅၅၉) **ယာ့အ်တိ ဘဆ္ဒီးရန်မ် يَأْتِ بَصِيرًا** ဆိုသည်မှာ ကန်းနေသောသူ ပြန်မြင်လာသည်ဟု မဆိုလိုပေ။ **ဘဆ္ဒီးရန်မ်** ၏ အနက်မှာ သူသည် အမြင်အာရုံဖြင့် မြင်သည်။ သို့မဟုတ် မြင်သောအရာအား အတွင်းသဘောကို ထိုးဖေါက်သိနိုင်သည် ဟု ဖြစ်ပေသည်။

(၅၆၀) လူသားချင်း မိမိထက်ဘုန်းကြီးသည်ဟု ယူဆသူများကို ဦးချကန်တော့ခြင်း၊ ဘုရားရှင်အား ခေါ်ဝေါ်သုံးစွဲသကဲ့သို့ ကံကြမ္မာရှင်ဟု ခေါ်ဝေါ်သုံးစွဲခြင်းများကို ဤသုတ်တော်နှင့် သုတ်တော်အမှတ် (၅၀)တွင် **ရဓ်** သင့်အရှင် ဟု သုံးစွဲခြင်းမျိုးမှာ ရှေးဟောင်း အီဂျစ်လူမျိုးများ၏ ရိုးရာ ဓလေ့ဖြစ်ခဲ့သည်။ အစ္စလာမ်သာသနာ ပေါ်ပေါက်လာသောအခါ ထိုသို့ လူသားနှင့် ဘုရား တစ်ဂိုဏ်းတည်းထား သတ်မှတ် ပြောဆိုမှုများကို ပယ်ဖျက်လိုက်ပေသည်။ လူသားချင်း ရှိခိုးပူဇော်ရသည့် ဝါဒမှာ ရှိခိုးဦးချရသူအတွက် သေးသိမ်စေသော ဝါဒဟု သွန်သင်သည်။

	ခဲ့ပြီ။ ကံကြမ္မာရှင်သည် စံချိန်အလျောက် သက်ညှာတော်မူ၏။ အရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။”
၁၀၁။ ရာဇဝင်	**رَبِّ قَدْ آتَيْتَنِي مِنَ الْمُلْكِ وَعَلَّمْتَنِي مِن تَأْوِيلِ الأَحَادِيثِ فَاطِرَ السَّمَاوَاتِ وَالأَرْضِ أَنتَ وَلِيِّي فِي الدُّنُيَا وَالآخِرَةِ تَوَفَّنِي مُسْلِمًا وَأَلْحِقْنِي بِالصَّالِحِينَ**۞ အို– ကံကြမ္မာရှင်၊ အရှင်သည် တပည့်တော်အား အာဏာပိုင် အဖြစ် အပ်နှင်း၍၊ ဆင့်ပြန်ချက်အား ဖွင့်ဆိုခြင်းကို သင်ပေး၏၊ မိုးများနှင့် မြေကမ္ဘာ၏ မူလလက်သည် ဖြစ်ပါ၏။ အရှင်သည် ဤဘဝ နောင်ဘဝ၌ တပည့်တော်၏ မဟာမိတ်ဖြစ်ပါ၏။ တပည့်တော်အား ငြိမ်းချမ်းရေးဝါဒီ အဖြစ် သက်တမ်းကုန်စေတော်မူပါ၊ ပြုပြင်သူများဖြင့် အတူဖြစ်စေတော်မူပါ၊”ဟု ဖြစ်၏။
၁၀၂။ မဟာမွန်	**ذَلِكَ مِنْ أَنبَاء الْغَيْبِ نُوحِيهِ إِلَيْكَ وَمَا كُنتَ لَدَيْهِمْ إِذْ أَجْمَعُواْ أَمْرَهُمْ وَهُمْ يَمْكُرُونَ**۞ ဤသည် **သင့်**ထံသို့ ဝါအရှင် အာရုံစူးစိုက်ဖြစ်စေသော စကျွလွန် သတင်းများမှ ဖြစ်၏။ သူတို့သည် အတူပူးပေါင်း၍ ညှန်ကြားကြစဉ်၌ သင်သည် မျက်မှောက်ရှိနေသည် မဟုတ်ချေ။ သူတို့သည် ကြံစည်နေသူများ ဖြစ်လေ၏။
၁၀၃။	**وَمَا أَكْثَرُ النَّاسِ وَلَوْ حَرَصْتَ بِمُؤْمِنِينَ**۞ သင်က မည်မျှပင် ဆန္ဒရှိသော်လည်း လူသား အများစုမှာ ယုံကြည်ကြသည် မဟုတ်ချေ။
၁၀၄။ လစာ	**وَمَا تَسْأَلُهُمْ عَلَيْهِ مِنْ أَجْرٍ إِنْ هُوَ إِلاَّ ذِكْرٌ لِّلْعَالَمِينَ**۞ လောကခပ်သိမ်းအား သတိဖေါ်ပေးခြင်းမှအပ သင်သည် သူတို့ထံမှ **အကျိုးဆုလဒ်** တောင်းဆိုခြင်း မရှိချေ။
၁၀၅။	**وَكَأَيِّن مِّن آيَةٍ فِي السَّمَاوَاتِ وَالأَرْضِ يَمُرُّونَ عَلَيْهَا وَهُمْ عَنْهَا مُعْرِضُونَ**۞ မိုးများနှင့် မြေကမ္ဘာ၌ နိမိတ်လက္ခဏာပေါင်း မည်မျှပင် ရှိသော်လည်း၊ ၎င်းတို့ကို ကျော်လွန်၍ သူတို့သည် ဘောင်ကန့်ထားသူများဖြစ်ကြ၏။
၁၀၆။	**وَمَا يُؤْمِنُ أَكْثَرُهُمْ بِاللهِ إِلاَّ وَهُم مُّشْرِكُونَ**۞ များစွာသောသူတို့မှာ ရောပြွန်းကိုးကွယ်ခြင်းမှ အပ ပရမတ်ဘုရားရှင်အား ယုံကြည်ကြသည် မဟုတ်ချေ။
၁၀၇။	**أَفَأَمِنُواْ أَن تَأْتِيَهُمْ غَاشِيَةٌ مِّنْ عَذَابِ اللهِ أَوْ تَأْتِيَهُمُ السَّاعَةُ بَغْتَةً وَهُمْ لاَ يَشْعُرُونَ**۞ ပရမတ်ဘုရားရှင် သတ်မှတ်သည့် လွှမ်းခြုံမှု ပေးအပ်ထားရာ ဝဋ်ကြွေးမှ သို့မဟုတ် သူတို့ သတိမမူမိစဉ် ရုတ်တရက် ဆိုက်ရောက်လာမည့် အချိန်ကာလမှ လုံခြုံပြီဟု သူတို့ ယုံကြည်နေကြသလော။
၁၀၈။ ဂုဏ်ရည် အာန်	**قُلْ هَذِهِ سَبِيلِي أَدْعُو إِلَى اللهِ عَلَى بَصِيرَةٍ أَنَاْ وَمَنِ اتَّبَعَنِي وَسُبْحَانَ اللهِ وَمَا أَنَاْ مِنَ الْمُشْرِكِينَ**۞ ဟောလော့ “ဤသည် ကျွန်ုပ်၏ လမ်းစဉ် ဖြစ်၏။ ကျွန်ုပ်နှင့် ကျွန်ုပ်၏ နောက်လိုက်တို့သည် **အမြင်ပေါက်ခြင်း**အားဖြင့် ပရမတ်ဘုရားထံသို့ ဖိတ်ခေါ်နေ၏။ ပရမတ်ဘုရားရှင်သည် ဦးထိပ်ထားရာ ဖြစ်၏။ ကျွန်ုပ်တို့သည် ရောပြွန်းကိုးကွယ်သူများမှ မဟုတ်ချေ။”
၁၀၉။	**وَمَا أَرْسَلْنَا مِن قَبْلِكَ إِلاَّ رِجَالاً نُّوحِي إِلَيْهِم مِّنْ أَهْلِ الْقُرَى أَفَلَمْ يَسِيرُواْ فِي الأَرْضِ فَيَنظُرُواْ كَيْفَ كَانَ عَاقِبَةُ الَّذِينَ مِن قَبْلِهِمْ وَلَدَارُ الآخِرَةِ خَيْرٌ لِّلَّذِينَ اتَّقَواْ أَفَلاَ تَعْقِلُونَ**۞ သင့် ရှေ့အလျှင်၊ အရပ်ဒေသသားများမှ လူသားများကိုသာ၊ သူတို့ထံ ဝါအရှင် အာရုံဖြစ်စေ၍ စေစားတော်မူ၏။ သူတို့ ရှေ့အလျှင် မိုးဆက်များ နိဂုံး မည်သို့ ချုပ်ရသည်ကို ကမ္ဘာမြေအနှံ့သွားလာ၍ မကြည့်ကြသလော။ စည်းစောင့်သော သူများ အတွက် နောင်ဘဝ ဗိမာန်သည် အကောင်းဆုံး ဖြစ်ကြောင်း အတွေးအခေါ် မရှိကြကုန်သလော။

၁၁၀။	**حَتَّى إِذَا اسْتَيْأَسَ الرُّسُلُ وَظَنُّواْ أَنَّهُمْ قَدْ كُذِبُواْ جَاءهُمْ نَصْرُنَا فَنُجِّيَ مَن نَّشَاء وَلاَ يُرَدُّ بَأْسُنَا عَنِ الْقَوْمِ الْمُجْرِمِينَ۝** ဉာဏ်စဉ်ဆောင်များသည် လက်လျော့၍၊ သူတို့အား ငြင်းဆန်ခံရသည်ဟု စဉ်းစားမိသောအခါ၊ ငါ၏ ထံမှ ကူညီမှုသည် သူတို့ထံသို့ ရောက်လာစေ၏။ ရာဇဝတ်ကောင် လူမျိုးများအား မတုန့်ပြန်နိုင်သော အမင်္ဂလာထိခိုက်၊ စံချိန်ပြည့်မှီ သူအား ငါ လွှတ်မြောက်စေတော်မူ၏။
၁၁၁။	**لَقَدْ كَانَ فِي قَصَصِهِمْ عِبْرَةٌ لِّأُوْلِي الأَلْبَابِ مَا كَانَ حَدِيثًا يُفْتَرَى وَلَكِن تَصْدِيقَ الَّذِي بَيْنَ يَدَيْهِ وَتَفْصِيلَ كُلَّ شَيْءٍ وَهُدًى وَرَحْمَةً لِّقَوْمٍ يُؤْمِنُونَ۝** မုချပင် သူတို့အကြောင်း ဖေါ်ပြချက်များ၌ သဘောပေါက်နိုင်စွမ်း ရှိသူများ အဘို့ သင်ခန်းစာ ပါရှိ၏။[၅၆၀] ဤသည် လုပ်ကြံဖန်တီးထားသော ဆင့်ပြန်ချက် မဟုတ်ပေ။ သို့ရာတွင် သူတို့၏ ပစ္စပ္ပာန်များကို ဖြောင့်မှန်စေ၏။ သဗ္ဗလုံးစုံအား ရှင်းလင်းဆုံးဖြတ်ထား၏။ ယုံကြည်သူသော လူမျိုးအတွက် လမ်းညွှန်တော်၊ ကရုဏာတော်ဖြစ်၏။

(၅၆၀) ကျမ်းတော်က ပုံတိုပတ်စ ဒဏ္ဍာရီများကို စွန့်၍ သမိုင်းစစ်အား လေ့လာဆည်းပူးရန် အမြဲသွန်သင် အားပေးလျက် ရှိပေသည်။

ဤဓမ္မခန္ဓာ တွင် ဖေါ်ပြသော ကိုယ်တော် ယူဆွဖ် ဟူသည် သမ္မကျမ်းစာတွင် ယောသပ် ဟု ရေးသား ဖေါ်ပြသည်။ သို့သော် မာရိသခင်မ၏ ယောက်ျား ယောသပ် မဟုတ်ပါ။

ဓမ္မခန္ဓာ (၁၃) “မိုးကြိုးသံ” (အာရ်ရာအ်–ဒ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ်– ၉၆၊ သုတ်ဒေသနာ– ၄၃ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**المر تِلْكَ آيَاتُ الْكِتَابِ وَالَّذِي أُنزِلَ إِلَيْكَ مِن رَّبِّكَ الْحَقُّ وَلَكِنَّ أَكْثَرَ النَّاسِ لاَ يُؤْمِنُونَ۝** အလက်ဖ်၊လမ်၊မင်၊ရာ[၅၆၂] ဤသည် ကျမ်းတော်၏ သုတ်ဒေသနာများ ဖြစ်၏။ သင့်ကံကြမ္မာရှင်က သင့်ထံသို့ ချမှတ်ပေးရာသည် ပရမတ္ထသစ္စာပင် ဖြစ်၏။ သို့ရာတွင် လူသား အများစုမှာ ယုံကြည်ကြသည် မဟုတ်ချေ။
၂။ ☆၂း၂၉ ✡၁၀း၃ ❖၂း၄	**اللهُ الَّذِي رَفَعَ السَّمَاوَاتِ بِغَيْرِ عَمَدٍ تَرَوْنَهَا ثُمَّ اسْتَوَى عَلَى الْعَرْشِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَجْرِي لأَجَلٍ مُّسَمًّى يُدَبِّرُ الأَمْرَ يُفَصِّلُ الآيَاتِ لَعَلَّكُم بِلِقَاء رَبِّكُمْ تُوقِنُونَ۝** ပရမတ်ဘုရား အရှင်သည် မိုးများကို မကျိုင် မရှိဘဲ မြင့်တင်ထားတော်မူသည်ကို သင်တို့ မြင်နိုင်၏။ တဖန်☆ ထပ်ဆင့်ကွပ်ကဲမှုကို ပုံစံချ၍✡ နေနှင့်လအား အသုံးခံဖြစ်စေရန် သတ်မှတ်ထားသော အချိန်ကာလအတိုင်း ကိုယ်စီ စီးမျော သွားလာစေ၏။ သင်တို့သည် ကံကြမ္မာရှင်အား ဖူးတွေ့ရမည်ကို ဒိဋ္ဌယုံအဲ့ဌာ❖ ရှင်းလင်းဆုံးဖြတ်ချက် သုတ်ဒေသနာများကို စီမံချက်ဖြင့် ကျောထောက်နောက်ခံပြုထား၏။
၃။	**وَهُوَ الَّذِي مَدَّ الأَرْضَ وَجَعَلَ فِيهَا رَوَاسِيَ وَأَنْهَارًا وَمِن كُلِّ الثَّمَرَاتِ جَعَلَ فِيهَا زَوْجَيْنِ اثْنَيْنِ يُغْشِي اللَّيْلَ النَّهَارَ إِنَّ فِي ذَلِكَ لَآيَاتٍ لِّقَوْمٍ يَتَفَكَّرُونَ۝** အရှင်သည် မြေကမ္ဘာအား တိုးရွေ့စေလျက်[၅၆၃] ထိုဠ် တိုက်ကြီးများ၊ မြစ်များကို စီစဉ်တော်မူ၏။ သီးနှံမျိုးစုံမှ–ထိုအထဲတွင် ဖွဲ့တည်မှု နှစ်မျိုး စီစဉ်ပေးပြီး[၅၆၄] ညည့်ကို နေ့ပေါ်သို့ လွှမ်းခြုံစေ၏။ ဤဠ် စဉ်းစားသုံးသပ်သော လူမျိုးအတွက် သက်သေလက္ခဏာများ ရှိနေ၏။

---

(၅၆၂) ဝါသည် ကုန်စင်သိနေသော၊ ကုန်စင်မြင်နေသော ပရမတ်ဘုရားရှင် ဖြစ်တော်မူ၏။ ဟု အနက်ပေးသည်။ **အလက်ဖ်၊ လမ် الم** ၏ အနက်ကို ၂း၁ တွင်လည်းကောင်း၊ **ရာ ر** ၏ အနက်ကို ၁၀း၁ တွင်လည်းကောင်း ကြည့်ပါ။

(၅၆၃) မြေကမ္ဘာအား တိုးရွေ့နေလျက် ရှိနေစေသည် ဟူသည့် ဤသုတ်တော်သည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကပင် တိုက်မျော သီအိုရီကို ပြောထားပြီး ဖြစ်ပေသည်။ ကမ္ဘာကြီး လုံးကြောင်းကို ကျမ်းတော်၏ များစွာသော နေရာများတွင် ဆိုထားပေသည်။ သုတ်တော် ၂ တွင်လည်း နေနှင့်လသည် လှည့်လည်သွားလာစေသည် ဟူသည်ကလည်း၊ ကမ္ဘာကြီးလုံးကြောင်းကို ဖေါ်ပြခြင်း ဖြစ်ပေသည်။ လုံးမနေဘဲ ပြားနေပါက “လှည့်လည်” သည် ဆိုသော စကားကို သုံး၍ မရပေ။ ကမ္ဘာကြီးလုံးကြောင်းကို အေဒီ ၇ ရာစုကတည်းက အေမန် ရာဇီ ဖွင့်ဆိုခဲ့သော ကျမ်းမြတ် ကုရ်အာန် အကျယ်ဖွင့်တွင် ဖေါ်ပြထားပြီး ဖြစ်ပေသည်၊ (ကဇီရ်)။ (ဆရာတော် ဃာဇီဟာရှင်၏ မြန်မာပြန် အကျယ်ဖွင့်ကျမ်း၊ အတွဲ ၁၃၊ စာမျက်နှာ ၁၄၂)။ (၁၁း၇ တွင်လည်း ကြည့်ပါ။)

(၅၆၄) وَمِن كُلِّ الثَّمَرَاتِ جَعَلَ فِيهَا زَوْجَيْنِ اثْنَيْنِ ကို အချို့က သီးနှံကိုယ်စီအား ဖို။ မ နှစ်မျိုး ပြုလုပ်ပေးသည်ဟု ပြန်ဆိုကြပေသည်၊ သို့သော် ဤဝါကျတွင် အဖို၊ အမ ဟူသော စကားလုံး မပါဝင်ချေ။ **زَوْجَيْنِ** – ဆိုသည့် ဝေါဟာရအား ၅၁း၄၉ တွင် ကြည့်ပါ။ ကျမ်းတော်၏ ၁၃း၃။ ၅၁း၄၅။ ၅၃း၅၅။ ၅၅း၅၂။ ၇၅း၃၉ တွင် ဖေါ်ပြထားသည်။

၄။	**وَفِي الأَرْضِ قِطَعٌ مُّتَجَاوِرَاتٌ وَجَنَّاتٌ مِّنْ أَعْنَابٍ وَزَرْعٌ وَنَخِيلٌ صِنْوَانٌ وَغَيْرُ صِنْوَانٍ يُسْقَى بِمَاء وَاحِدٍ وَنُفَضِّلُ بَعْضَهَا عَلَى بَعْضٍ فِي الأُكُلِ إِنَّ فِي ذَلِكَ لَآيَاتٍ لِّقَوْمٍ يَعْقِلُونَ۞** မြေပေါ်၌ ကာကွယ်ထားသော လယ်ကွက်များ၊ စပျစ်ဥယျာဉ်များ၊ စိုက်ခင်းများ၊ ကိုင်းကူး– မျိုးချ[၅၅] စွဲပလွန်ပင်များသည် ရှိ၏။ ၎င်းတို့သည် တစ်ခုတည်းသော ရေကို သွင်းပေးခြင်းခံရသော်လည်း စားသုံးရာတွင် အချို့ကို အချို့ထက် ထူးကဲစေတော်မူ၏။ ဤ၌ အတွေးအခေါ်ရှိသော လူမျိုးအတွက် သက်သေလက္ခဏာများ ရှိနေ၏။
၅။	**وَإِن تَعْجَبْ فَعَجَبٌ قَوْلُهُمْ أَئِذَا كُنَّا تُرَابًا أَئِنَّا لَفِي خَلْقٍ جَدِيدٍ أُوْلَئِكَ الَّذِينَ كَفَرُواْ بِرَبِّهِمْ وَأُوْلَئِكَ الأَغْلاَلُ فِي أَعْنَاقِهِمْ وَأُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدونَ۞** အသင်သည် အံ့ဩတတ်လျှင်၊ ''ကျွန်ုပ်တို့သည် မြေမှုန့် ဖြစ်ပြီးနောက် အသစ်တဖန် ဖြစ်တည်ခြင်း ခံရမည်လော၊''ဟူသော သူတို့၏ အပြောသည် ပို၍ အံ့ဩစရာပင်။[၅၆] သူတို့သည် သူတို့၏ ကံကြမ္မာရှင်အား ဖုံးကွယ်ကြ၏။ ထိုသူများသည် ဂုတ်ပိုး ချုပ်ကိုင်ခံရသောသူများ ဖြစ်၏။ သူတို့သည် အပူမီး၏ ပေါင်းဖော်များ ဖြစ်ကြ၏။ ထို၌ အစဉ်ခံစားရမည့် သူများ ဖြစ်၏။
၆။	**وَيَسْتَعْجِلُونَكَ بِالسَّيِّئَةِ قَبْلَ الْحَسَنَةِ وَقَدْ خَلَتْ مِن قَبْلِهِمُ الْمَثُلاَتُ وَإِنَّ رَبَّكَ لَذُو مَغْفِرَةٍ لِّلنَّاسِ عَلَى ظُلْمِهِمْ وَإِنَّ رَبَّكَ لَشَدِيدُ الْعِقَابِ۞** တင့်တယ်စေခြင်း မတိုင်မီ အကုသိုလ်ကိုသာ သင့်ထံ၌ အလျင်စလို တောင်းဆိုကြ၏။ သူတို့မတိုင်မီ ကုန်လွန်ခဲ့သော ဥပမာများစွာလည်း ရှိခဲ့ပြီ။ သင်၏ကံကြမ္မာရှင်သည် လူသားတို့၏ မိုက်မဲမှုအား လွတ်ငြိမ်းခွင့် ပိုင်ရှင် ဖြစ်၏။ ဇကန်ပင် သင့်ကံကြမ္မာရှင်သည် ပြတ်သားစွာ ချုပ်ကိုင်နိုင်တော်မူ၏။
၇။ မုဟမ္မဒ်	**وَيَقُولُ الَّذِينَ كَفَرُواْ لَوْلآ أُنزِلَ عَلَيْهِ آيَةٌ مِّن رَّبِّهِ إِنَّمَا أَنتَ مُنذِرٌ وَلِكُلِّ قَوْمٍ هَادٍ۞** ဖုံးကွယ်သောသူများက ''**သူ့**ကံကြမ္မာရှင်၏ထံမှ **သူ့**ထံသို့ သက်သေလက္ခဏာ တစ်ပါး ချမှတ်ပေးပါလေစ၊''ဟု ဆိုကြ၏။ အသင်သည် သတိပေးသူ၊ လူမျိုးကိုယ်စီအား လမ်းညွှန်သူသာ ဖြစ်ပေ၏။

---

(၅၅) **ဆွင်းဝါးနွန် صِنْوَانٌ** ဆိုသည်မှာ အမြစ် တစ်ခုတည်းမှ တစ်ပင်မက ပေါက်သော အပင်ကို ခေါ်၍၊ **ဝိုင်းရို့ ဆွင်းဝါးနင် غَيْرُ صِنْوَانٍ** ဆိုသည်မှာ အမြစ် တစ်ခုမှ တစ်ပင်သာ ပေါက်သော အပင်ကို ခေါ်ပေသည်။ အမြစ်တစ်ခုမှ တစ်ပင်မက ပေါက်ရောက်သော အပင်အား ဤဘာသာပြန်တွင် ကိုင်းကူး၍ ရသောအပင် အဖြစ်လည်းကောင်း၊ အမြစ်တစ်ခုမှ တစ်ပင်သာ ပေါက်သော အပင် သို့မဟုတ် ပင်ထောင်ပင်ကို မျိုးစေ့ချ စိုက်ရသော အပင်အဖြစ် လည်းကောင်း ပြန်ဆိုကာ၊ ''ကိုင်းကူး–မျိုးချ'' ပင်ဟု အပင်အမျိုးအစား နှစ်မျိုးအဖြစ် ပြန်ဆိုရေးသားခြင်း ဖြစ်သည်။

(၅၆) အသင်သည် အံ့ဩတတ်လျှင်၊ ''ကျွန်ုပ်တို့သည် မြေမှုန့် ဖြစ်ပြီးနောက် အသစ်တဖန် ဖြစ်တည်ခြင်း ခံရမည်လော၊''ဟူသော သူတို့၏ အပြောသည် ပို၍ အံ့ဩစရာပင်– ဆိုသည်မှာ ထိုပြန်ပြောသူများ၏ အံ့ဩလောက်အောင် ပညာမဲ့မှုကို ဖော်ပြခြင်း ဖြစ်ပေသည်။ သက်ရှိသတ္တဝါ တစ်ဦး သေကြေပျက်စီးပြီးနောက် ထိုမှ ဖြစ်သွားသော မြေမှုန့်သည် ထိုသတ္တဝါအဖြစ် ပြန်လည် ဖြစ်လာမည်ဟု ကျမ်းတော်က လုံးဝ ဆိုမထားချေ။ ထိုပြန်ပြောသူများမှာ ဥပမာပေး ပြောဆိုသော စကားလုံးအတိုင်း သေကြေပျက်စီးပြီးသား မြေမှုန့်မှ ထိုသေသွားသော သတ္တဝါ၏ ကိုယ်ထည်အဖြစ် ပြန်ဖြစ်လာမည်ဟု ခံစားပြောဆိုခြင်းသာ ဖြစ်ပေသည်။ ဘာသာတရား တစ်ခုခုကို လက်ခံသော မည်သူသည်မဆို ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ အကြောင်းကို နားလည်ပြီး ဖြစ်ပေသည်။ နာမ်ခန္ဓာသည် သေသွားသည်ဟု မည်သည့် ဘာသာကမှ မဆိုချေ။ မချုပ်ငြိမ်းမီ သုခဘုံ သို့မဟုတ် ဒုက္ခဘုံ တစ်ခုခု၌ ဆက်လက် ခံစားရမည်ဟုသာ လက်ခံထားကြပေသည်။ ဤနေရာ၌ ''မြေမှုန့်ဖြစ်ပြီးနောက် အသစ်တဖန် ဖြစ်တည်ရခြင်း'' ဆိုသည်မှာ အနယ်ထိုင်နေသော ဘဝ (မြေမှုန့်)မှ တစ်ဆင့်တက် အတွေးအခေါ် ပြောင်းလဲသော ယဉ်ကျေးမှုခေတ်ပြောင်း ဆင့်ကူးယူရသော ဘဝသို့ တက်လှမ်းခြင်း ဖြစ်သည်။ တနည်းအားဖြင့် မိရိုးဖလာ အတွေးအခေါ်မှ တစ်ဆင့် တက်လှမ်း အတွေးအခေါ်ကို ပြောခြင်း ဖြစ်သည်။ ခေတ် နောက် ကျနေသော ရိုးရာအား တော်လှန်ပယ်သတ်၍ မျိုးဆက်သစ်တို့အား ပို့ဖြိုးစေသည့် ခေါင်းဆောင်ကောင်းများ၏ စကားကို လက်မခံ ပယ်ချသော လူမျိုးများသည် မျိုးဆက် တိမ်ကောသွားရသည်သာ ဖြစ်ပေသည်။ ၎င်းကို နောက်သုတ်တော်ပါ ''သူတို့မတိုင်မီ ကုန်လွန်ခဲ့သော ဥပမာ များစွာ ရှိခဲ့ပြီ'' ဆိုသော စကားက အတိအကျ ထောက်ပြထားပေသည်။ ထိုစကားအား ဉာဏ်မမှီလောက်အောင် ဉာဏ်ပညာအားနည်းသော သူတို့၏ ပညာမဲ့မှုမှာ လွန်စွာပင် အံ့ဩစရာ ဖြစ်ကြောင်းကို ဤသုတ်တော်က ထောက်ပြခြင်း ဖြစ်ပေသည်။

၈။	**اللّهُ يَعْلَمُ مَا تَحْمِلُ كُلُّ أُنثَى وَمَا تَغِيضُ الأَرْحَامُ وَمَا تَزْدَادُ وَكُلُّ شَيْءٍ عِندَهُ بِمِقْدَارٍ۞** ပရမတ်ဘုရားရှင်သည် လိင်မကိုယ်စီ၏ ကိုယ်ဝန်ဆောင်မှု၊ ဝမ်းကြောတိုက်တွင် အဖတ်မတင်ခြင်းနှင့် တိုးပွားခြင်းကို သိနေတော်မူ၏။ အရာခပ်သိမ်းသည် အရှင့်ထံပါး၌ စည်းချိန်ချမှတ်ပြီး ဖြစ်၏။
၉။	**عَالِمُ الْغَيْبِ وَالشَّهَادَةِ الْكَبِيرُ الْمُتَعَالِ۞** စက္ခုလွန်များ၊ မျက်မှောက်သက်သေများကို သိတော်မူသည့် အရှင်သည် အကြီးကျယ်ဆုံး အထွင့်အထိပ်ဖြစ်တော်မူ၏၊
၁၀။	**سَوَاء مِّنكُم مَّنْ أَسَرَّ الْقَوْلَ وَمَن جَهَرَ بِهِ وَمَنْ هُوَ مُسْتَخْفٍ بِاللَّيْلِ وَسَارِبٌ بِالنَّهَارِ۞** သင်တို့အနက် ကြိတ်၍ပြောသူ ကျယ်ကျယ်ဖွင့်ဟသူ၊ ညဉ့် ငြိမ်သက်၍၊ နေ့၌ သွက်လက်သူ မည်သူမဆို အတူတူပင် ဖြစ်၏။
၁၁။	**لَهُ مُعَقِّبَاتٌ مِّن بَيْنِ يَدَيْهِ وَمِنْ خَلْفِهِ يَحْفَظُونَهُ مِنْ أَمْرِ اللّهِ إِنَّ اللّهَ لاَ يُغَيِّرُ مَا بِقَوْمٍ حَتَّى يُغَيِّرُواْ مَا بِأَنْفُسِهِمْ وَإِذَا أَرَادَ اللّهُ بِقَوْمٍ سُوءًا فَلاَ مَرَدَّ لَهُ وَمَا لَهُم مِّن دُونِهِ مِن وَالٍ۞** ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်ဖြင့် သူ့အတွက် သူ့ ပစ္စုပ္ပန် အနာဂတ်မှ ချုပ်ကိုင်ရန် စောင့်ကြပ်ထား၏။ မိမိစရိုက်ကို မပြောင်းလဲသ၍ ထိုလူမျိုးအား ပရမတ်ဘုရားရှင်က ပြောင်းလဲပေးခြင်း မရှိချေ။[၅၆] ပရမတ် ဘုရားရှင်က အကုသိုလ်သင့် စေလိုသော လူမျိုးအတွက် ၎င်းကို ရပ်တန့်နိုင်ရာ မရှိချေ။ သူတို့အတွက် အရှင် မှလွဲ၍ မဟာမိတ် မရှိချေ။
၁၂။ ✡၂၂	**هُوَ الَّذِي يُرِيكُمُ الْبَرْقَ خَوْفًا وَطَمَعًا وَيُنْشِىءُ السَّحَابَ الثِّقَالَ۞** အရှင်သည် သင်တို့အား ထိတ်လန့်ဘွယ်ရာနှင့် မျှော်လင့်ချက် ဖြစ်သော လျှပ်စစ်ရောင်နှင့် ပေါက်ပွားလာသော လေးလံသည့် မိုးတိမ်တိုက်ကို ပြသတော်မူ၏။✡
၁၃။ ☆၂၃၀ ★၂၇၀ ✡၂၂	**وَيُسَبِّحُ الرَّعْدُ بِحَمْدِهِ وَالْمَلاَئِكَةُ مِنْ خِيفَتِهِ وَيُرْسِلُ الصَّوَاعِقَ فَيُصِيبُ بِهَا مَن يَشَاء وَهُمْ يُجَادِلُونَ فِي اللّهِ وَهُوَ شَدِيدُ الْمِحَالِ۞** မိုးကြိုးသံသည် အရှင့်အား ဦးထိပ်ထား ရည်သန်စူးစိုက်၍၊ နိမိတ်ဆောင်တို့သည်လည်း☆ ကြက်သီးမွေးညှင်း ထကြ၏။ တော်လည်းသံအား စေပို့လျက် စံချိန်ပြည့်သူအား★ ၎င်းဖြင့် ထိသက်စေ၏။ သူတို့သည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ စောဒကတက်နေကြ၏။ အရှင်သည်ကား ပြတ်သားသော ဘုန်းတန်ခိုးတော်ရှင် ဖြစ်တော်မူ၏။✡
၁၄။	**لَهُ دَعْوَةُ الْحَقِّ وَالَّذِينَ يَدْعُونَ مِن دُونِهِ لاَ يَسْتَجِيبُونَ لَهُم بِشَيْءٍ إِلاَّ كَبَاسِطِ كَفَّيْهِ إِلَى الْمَاء لِيَبْلُغَ فَاهُ وَمَا هُوَ بِبَالِغِهِ وَمَا دُعَاء الْكَافِرِينَ إِلاَّ فِي ضَلاَلٍ۞** အရှင့်ထံ၌ ဆုတောင်းခြင်းသည် မှန်ကန်မှု ဖြစ်၏။ အရှင် မှလွဲ၍ သူတို့ဆုတောင်းသော အရာများသည် တစ်စုံတစ်ရာ တုန့်ပြန်နိုင်ခြင်း မရှိချေ။ ပါးစပ်ထဲသို့ ရေရောက်မည်လောဟု လက်ကိုချုပ်လျက် ရောက်သို့ ဆန့်ထားသူနှင့် တူ၍ ရေသည် ရောက်လာမည် မဟုတ်ချေ။ ဖုံးကွယ်သူတို့၏ ဆုတောင်းခြင်းသည် လွဲချော်လျက်သာရှိ၏။

(၅၆ က) ဤသုတ်တော်က လူသားသည် ကောင်းမှုကိုသော်လည်းကောင်း၊ ဆိုးမှုကိုသော်လည်းကောင်း လွတ်လပ်စွာ လုပ်နိုင်ခွင့်ရှိကြောင်းကို ကြေငြာထားပေသည်။ ပရမတ်ဘုရားရှင် (အလ္လာဟ်)သည် အာဏာရှင်ကြီး မဟုတ်ပေ။ ကောင်းမှုအတွက် ကောင်းမှု၏ရလဒ်၊ ဆိုးမှုအတွက် ဆိုးမှု၏ ရလဒ်ကို ပြဋ္ဌာန်းထားခြင်းသာ ဖြစ်ပေသည်။ ၎င်းသည် လောကဓမ္မသာ ဖြစ်ပေသည်။ မည်သူတစ်ဦး တစ်ယောက်ကိုမှ နွားကဲ့သို့ နှာဖျားကြိုးထိုး၍ လိုရာသို့ ဆွဲမထားပေ။ သူသည် ကောင်းမှုဘက်သို့ ပြောင်းလိုက ပြောင်းနိုင်၍၊ ဆိုးမှုဌ ပျော်မွေ့လိုက ပျော်မွေ့နိုင်ပေသည်။ ဤကျမ်းတော်သည် လည်း မည်သူ့ကိုမှ အတင်းအဓမ္မ သာသနာပြုသော ကျမ်း မဟုတ်ချေ။ ကောင်းကျိုး ဆိုးကျိုး၏ ရလဒ်အား ရှင်းလင်းပြလျက် လူသားအပေါင်းအား လမ်းညွှန်သော ကျမ်းသာ ဖြစ်ပေသည်။

၁၅။	**وَلِلّهِ يَسْجُدُ مَن فِي السَّمَاوَاتِ وَالأَرْضِ طَوْعًا وَكَرْهًا وَظِلالُهُم بِالْغُدُوِّ وَالآصَالِ۞** မိုးများနှင့် မြေကမ္ဘာ၌ ရှိသမျှတို့သည် သဘောတူသည် ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ ပရမတ်ဘုရားရှင်အား ဦးချနေရ၏။ မနက်စောစောနှင့် နေကျအားဖြင့် သူတို့၏ အရိပ်များလည်းပါ၏။
၁၆။	**قُلْ مَن رَّبُّ السَّمَاوَاتِ وَالأَرْضِ قُلِ اللّهُ قُلْ أَفَاتَّخَذْتُم مِّن دُونِهِ أَوْلِيَاء لاَ يَمْلِكُونَ لِأَنفُسِهِمْ نَفْعًا وَلاَ ضَرًّا قُلْ هَلْ يَسْتَوِي الأَعْمَى وَالْبَصِيرُ أَمْ هَلْ تَسْتَوِي الظُّلُمَاتُ وَالنُّورُ أَمْ جَعَلُواْ لِلّهِ شُرَكَاء خَلَقُواْ كَخَلْقِهِ فَتَشَابَهَ الْخَلْقُ عَلَيْهِمْ قُلِ اللّهُ خَالِقُ كُلِّ شَيْءٍ وَهُوَ الْوَاحِدُ الْقَهَّارُ۞** “မိုးများနှင့် မြေကမ္ဘာ၏ ကံကြမ္မာရှင်သည် မည်သူနည်း၊”ဟု မေး၍။ “ပရမတ်ဘုရားရှင်ပင်ဖြစ်၏။”ဟု ဖြေကြားလော့။ ဟောကြားလော့ “သူတို့၏ စရိုက်အား ကောင်းကျိုး ဆိုးကျိုး အစိုးမရရာများကို ပရမတ်ဘုရားရှင် မှလွဲ၍ မဟာမိတ် အဖြစ် အယူထားကြမည်လော။” မေးမြန်းလော့ “ကန်းနေသူနှင့် မြင်နိုင်သူသည် တူညီကြသလော၊ သို့တည်းမဟုတ် အမှောင်ထုနှင့် အလင်းရောင်သည် တူညီသလော၊” “သို့တည်းမဟုတ် သူတို့သည် ပရမတ်ဘုရားရှင်နှင့် ရောပြွန်း ကိုးကွယ်ရန် စီစဉ်ကြသလော၊ ၎င်းတို့က အရှင်၏ ဖြစ်တည်ပေးခြင်းနှင့် ဆင်တူ ဖြစ်တည်စေနိုင်သလော၊ မည်သည့် ဖြစ်တည်ပေးခြင်းက သူတို့အား မပီပြင်ဖြစ်စေသနည်း၊” ဟောလော့ “ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား ဖြစ်တည်ပေးတော်မူ၏။ အရှင်သည် တစ်ဆူတည်း ဖူးခြာ ဖြစ်တော်မူ၏။”
၁၇။	**أَنزَلَ مِنَ السَّمَاء مَاء فَسَالَتْ أَوْدِيَةٌ بِقَدَرِهَا فَاحْتَمَلَ السَّيْلُ زَبَدًا رَّابِيًا وَمِمَّا يُوقِدُونَ عَلَيْهِ فِي النَّارِ ابْتِغَاء حِلْيَةٍ أَوْ مَتَاعٍ زَبَدٌ مِّثْلُهُ كَذَلِكَ يَضْرِبُ اللّهُ الْحَقَّ وَالْبَاطِلَ فَأَمَّا الزَّبَدُ فَيَذْهَبُ جُفَاء وَأَمَّا مَا يَنفَعُ النَّاسَ فَيَمْكُثُ فِي الأَرْضِ كَذَلِكَ يَضْرِبُ اللّهُ الأَمْثَالَ۞** အရှင်သည် ကောင်းကင်ယံမှ မိုးရေ သွန်းချပေး၍၊ ချိုင့်ဝှမ်းဒေသများသို့ သူ့စည်းချိန်အလျောက် စီးစေလျက် ရေစီးသည် အမြှုပ်များကို သယ်သွား၏။ လက်ဝတ်တန်ဆာများ သို့မဟုတ် စိတ်ပျော်စရာများ ဖြစ်ရန် နည်းလမ်းရှာ မီးထဲ၌ ဖုတ်သည့် အရာများသည်လည်း အလားတူ အမြှုပ်များအချေးများ ရှိကြ၏။ ဤသို့ ပရမတ်ဘုရားရှင်သည် အမှန်နှင့် အမှားကို နည်းလမ်းရှာစေ၏။ အမြှုပ်အချေးမှာမူ အသုံးမဝင် လွင့်သွား၍၊ လူတို့အတွက် အကျိုးရှိရာသည်မူ မြေကမ္ဘာ၌ သောင်တင်ကျန်နေ၏။ ပရမတ်ဘုရားရှင်သည် ဤသို့ ပုံစံတူ ပမာပေးတော်မူ၏။
၁၈။	**لِلَّذِينَ اسْتَجَابُواْ لِرَبِّهِمُ الْحُسْنَى وَالَّذِينَ لَمْ يَسْتَجِيبُواْ لَهُ لَوْ أَنَّ لَهُم مَّا فِي الأَرْضِ جَمِيعًا وَمِثْلَهُ مَعَهُ لاَفْتَدَوْاْ بِهِ أُوْلَـئِكَ لَهُمْ سُوءُ الْحِسَابِ وَمَأْوَاهُمْ جَهَنَّمُ وَبِئْسَ الْمِهَادُ۞** သူတို့၏ ကံကြမ္မာရှင်အား ပြန်လည်ဖြေကြားသော သူသည် မင်္ဂလာရှိ၏။ အရှင့်အား ပြန်ဖြေပေးခြင်း မရှိသောသူ အဘို့ သူတို့သည် ကမ္ဘာမြေ၌ ရှိသမျှအားလုံးကို ပိုင်ဆိုင်ကာ–ထိုနှင့်အတူ ညီတူညီမျှရှိ၍၊ လျော်ကြေးပေးသော်လည်း သူတို့၏ စာရင်းချုပ်သည် အကုသိုလ်ပင် ဖြစ်၏၊ သူတို့အတွက် ခိုလှုံရာမှာ အမင်္ဂလာ ညိမ့်ညောင်းရာ ငရဲပင် ဖြစ်၏။
၁၉။	**أَفَمَن يَعْلَمُ أَنَّمَا أُنزِلَ إِلَيْكَ مِن رَبِّكَ الْحَقُّ كَمَنْ هُوَ أَعْمَى إِنَّمَا يَتَذَكَّرُ أُوْلُواْ الأَلْبَابِ۞** သင့်ထံသို့ သင့်ကံကြမ္မာရှင်က ချမှတ်ပေးရာသည် ပရမတ္ထသစ္စာဖြစ်၏ ဟု သိသူသည် ကန်းသူကဲ့သို့ ဖြစ်သလော။ သို့သော် သဘောပေါက်နိုင်စွမ်း ရှိသူတို့သည်သာ ဆင်ခြင်သတိရှိကြ၏။
၂၀။	**الَّذِينَ يُوفُونَ بِعَهْدِ اللّهِ وَلاَ يِنقُضُونَ الْمِيثَاقَ۞** သူတို့သည် ပရမတ်ဘုရားရှင်အား ထားသော ပဋိညာဉ်ကို ပြီးပြည့်စေကြ၏။ အဓိဌာန်အား ချိုးဖေါက်မှု မရှိချေ။
၂၁။	**وَالَّذِينَ يَصِلُونَ مَا أَمَرَ اللّهُ بِهِ أَن يُوصَلَ وَيَخْشَوْنَ رَبَّهُمْ وَيَخَافُونَ سُوءَ الحِسَابِ۞** သူတို့သည် ပရမတ်ဘုရားရှင်က ပူးပေါင်းစေရန် ညွှန်ကြားချက်အတိုင်း ပူးပေါင်းသောသူများ ဖြစ်ကြ၏။ ကံကြမ္မာရှင်

	အား ရိုကျိုးတုန်လှုပ်ကြ၏။ အကုသိုလ် အချုပ်စာရင်းကို စိုးရိမ်ကြ၏။
၂၂။ ☆ ၂း၃	**وَالَّذِينَ صَبَرُواْ ابْتِغَاء وَجْهِ رَبِّهِمْ وَأَقَامُواْ الصَّلاَةَ وَأَنفَقُواْ مِمَّا رَزَقْنَاهُمْ سِرًّا وَعَلاَنِيَةً وَيَدْرَؤُونَ بِالْحَسَنَةِ السَّيِّئَةَ أُوْلَئِكَ لَهُمْ عُقْبَى الدَّارِ** ۞ သူတို့သည် သူတို့၏ကံကြမ္မရှင်ထံမှ မျက်နှာသာရမှုအား သည်းခံစွာ ရှာဖွေကြ၏။ ဝတ်ပြု☆ မြဲကြ၏။ ငါပေးသည့် ရိက္ခာများမှာ ကြိတ်၍ဖြစ်စေ လူသိရှင်ကြားဖြစ်စေ ပေးကမ်းသုံးစွဲကြ၏။ အကုသိုလ်အား သုမင်္ဂလာဖြင့် ဖယ်ရှားကြ၏။ ထိုသူများအတွက် ချုပ်ငြိမ်းခြင်း ဗိမာန်သည် ရှိနေ၏။
၂၃။	**جَنَّاتُ عَدْنٍ يَدْخُلُونَهَا وَمَنْ صَلَحَ مِنْ آبَائِهِمْ وَأَزْوَاجِهِمْ وَذُرِّيَّاتِهِمْ وَالمَلاَئِكَةُ يَدْخُلُونَ عَلَيْهِم مِّن كُلِّ بَابٍ** ۞ သူတို့၏ ဘဘိုးများ၊ သူတို့၏ အိမ်ထောင်ဘက်များ၊ သူတို့၏ သားစဉ်မြေဆက်များမှ ပြုပြင်ပြောင်းလဲသူများသည် တည်မြဲခြင်း သုခဘုံများသို့ ဝင်ရောက်စံစားရလတ္တံ့။ နိမိတ်ဆောင်များသည်လည်း ၅၆၈ သူတို့ထံသို့ ဝင်ပေါက်တိုင်းမှ ဝင်လာကြ၍။ ဆိုကြသည်မှာ–
၂၄။	**سَلاَمٌ عَلَيْكُم بِمَا صَبَرْتُمْ فَنِعْمَ عُقْبَى الدَّارِ** ۞ “သင်တို့၏ သည်းခံမှုကြောင့် သင်တို့သည် ငြိမ်းချမ်းပါစေသော်၊ ချုပ်ငြိမ်းခြင်း ဗိမာန်သည် မည်မျှ ဂုဏ်ရှိလှသနည်း။”
၂၅။	**وَالَّذِينَ يَنقُضُونَ عَهْدَ اللهِ مِن بَعْدِ مِيثَاقِهِ وَيَقْطَعُونَ مَآ أَمَرَ اللهُ بِهِ أَن يُوصَلَ وَيُفْسِدُونَ فِي الأَرْضِ أُوْلَئِكَ لَهُمُ اللَّعْنَةُ وَلَهُمْ سُوءُ الدَّارِ** ۞ ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်အတိုင်း ပူးပေါင်းကြရန် ပရမတ်ဘုရားရှင်နှင့် အဓိဌာန်ပြုပြီးနောက်၊ ပဋိညာဉ်ကို ဖြတ်တောက် ချိုးဖောက်၍–မြေကမ္ဘာ၌ အဖျက်လုပ်သော ထိုသူတို့အတွက် မေတ္တာမဲ့ခံရမှုသည် ရှိနေ၍၊ သူတို့ အတွက် အကုသိုလ် ဗိမာန်သည် ရှိနေ၏။
၂၆။	**اللهُ يَبْسُطُ الرِّزْقَ لِمَنْ يَشَاء وَيَقْدِرُ وَفَرِحُواْ بِالْحَيَاةِ الدُّنْيَا وَمَا الْحَيَاةُ الدُّنْيَا فِي الآخِرَةِ إِلاَّ مَتَاعٌ** ۞ ပရမတ်ဘုရားရှင်သည် အရှင့် စံချိန်ပြည့်သူအား ရိက္ခာ တိုးပွားပေးခြင်း၊ ကျုပ်တည်းခြင်းကို စည်းကြပ်မတ်တော်မူ၏။ သူတို့သည် ပစ္စုပ္ပန်ဘဝ၌ ဝမ်းမြောက်နေကြ၏။ ပစ္စုပ္ပန်ဘဝ၏ သာယာမှုမှာ အနာဂါတ်ဘဝ၌ အစိတ်အပိုင်းမျှ ဖြစ်၏။[၅၆၉]
၂၇။ မှတ်မှု၆	**وَيَقُولُ الَّذِينَ كَفَرُواْ لَوْلاَ أُنزِلَ عَلَيْهِ آيَةٌ مِّن رَّبِّهِ قُلْ إِنَّ اللهَ يُضِلُّ مَن يَشَاء وَيَهْدِي إِلَيْهِ مَنْ أَنَابَ** ۞ ဗုံးကွယ်သောသူများက “သူ့ကံကြမ္မာရှင်၏ထံမှ သူ့အပေါ် သက်သေလက္ခဏာ တစ်ပါး ချမှတ်ပေးပါစ၊” ဟု ပြောကြ၏။ ဟောလော့ “ငကန်ပင် ပရမတ်ဘုရားရှင်သည် လမ်းလွဲနေသူအား သူ့ စံချိန်အလျောက် လမ်းညွှန်၍ အရှင့်ထံသို့ ဘက်လှည့်သူ ဖြစ်စေ၏။”
၂၈။	**الَّذِينَ آمَنُواْ وَتَطْمَئِنُّ قُلُوبُهُم بِذِكْرِ اللهِ أَلاَ بِذِكْرِ اللهِ تَطْمَئِنُّ الْقُلُوبُ** ۞

---

(၅၆၈) နိမိတ်ဆောင်များ ဆိုသည်မှာ လူသားများပင် ဖြစ်ကြောင်း ၂း၃၀ တွင် ရှင်းပြပြီး ဖြစ်သည်။ သူတို့သည် ဝင်ပေါက်တိုင်းမှ ဝင်လာကြမည် ဆိုသည်မှာ သူတို့သည် လူသားများ ဖြစ်ခြင်းကြောင့် လူသားများအား သူတို့တတ်အားသ၍ သွန်သင်ဩဆောင်ခဲ့မှုများ ရှိပေသည်။ ထို့ကြောင့် သူတို့ သွန်သင်ခဲ့သော လူသားများ ဝင်ရောက်ခံစားရာ သုခဘုံ၌ သူတို့ကဲ့သို့ လူသားများနှင့်အတူ ဝင်ရောက်ခံစားရခြင်းပင် ဖြစ်ပေသည်။

(၅၆၉) **ပစ္စုပ္ပန်ဘဝ၏ သာယာမှုသည် အနာဂါတ်၌ အစိတ်အပိုင်းမျှသာ ဖြစ်၏။** ဟူသော ဤ သုတ်ဒေသနာသည် အနာဂါတ် ဘဝ ဆိုသည်မှာ အတိတ်၊ ပစ္စုပ္ပာန်တို့ အားလုံး အကြုံးဝင်နေသော ကာလ ဖြစ်ကြောင်း– အတိတ် ပစ္စုပ္ပာန်တို့၏ လုပ်ဆောင်ကျင့်ကြံမှု အားလုံးသည် အနာဂါတ်ဘဝတည်း ဟူသော ကာလကြီး၏ အစိတ်အပိုင်းမျှသာ ဖြစ်ကြောင်း ထင်ရှားစွာ ပြောဆိုသော သုတ်ဒေသနာပင် ဖြစ်တော့သည်။ သို့သော် အစွလာမ်သာသနာက အတိတ်ကံကြောင့်၊ မူလဗီဇ အပြစ်ကြောင့်ဟူသော ဇာတိမာန် အားလျော့စေမည့် သွန်သင်ချက်မျိုးကို သွန်သင်ခြင်း မရှိချေ။

	ယုံကြည်သောသူများသည် ပရမတ်ဘုရားရှင်အား ရှုမှတ်သတိရခြင်းဖြင့် နှလုံးဒဟာရ ငြိမ်းအေးကြ၏။ အေးငြိမ်းသော နှလုံးသားဖြင့် ပရမတ်ဘုရားရှင်အား သတိရရှုမှတ်ကြကုန်၏။
၂၉။	**الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ طُوبَى لَهُمْ وَحُسْنُ مَآبٍ۝** ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသောသူတို့အတွက် စင်ကြယ်ခြင်းနှင့် တင့်တယ်သော အပြန်ခရီးသည် ရှိနေ၏။
၃၀။	**كَذَلِكَ أَرْسَلْنَاكَ فِي أُمَّةٍ قَدْ خَلَتْ مِن قَبْلِهَا أُمَمٌ لِّتَتْلُوَ عَلَيْهِمُ الَّذِيَ أَوْحَيْنَا إِلَيْكَ وَهُمْ يَكْفُرُونَ بِالرَّحْمَنِ قُلْ هُوَ رَبِّي لا إِلَـهَ إِلاَّ هُوَ عَلَيْهِ تَوَكَّلْتُ وَإِلَيْهِ مَتَابِ۝** ဤသို့ပင်၊ ငါသည် သင့်အား အသိုင်းအဝိုင်း တစ်ခုထဲသို့ စေစား၏။ ရှေ့မှ လွန်ခဲ့သော အသိုင်းအဝိုင်းများလည်း ရှိခဲ့၏။ သင့်ထံသို့ အာရုံစူးစိုက်ဖြစ်ပေးရာကို သူတို့အား ရွတ်ဖတ်ပြရန် ဖြစ်၏။ ကရုဏာတော် အရှင်အား ဖုံးကွယ်သော ထိုသူတို့အား "အရှင်သည် သင်တို့၏ ကံကြမ္မာရှင် ဖြစ်၏။ အရှင်မှအပ အခြားဘုရားဟူ၍ မရှိပြီ။ အရှင့်ကိုသာ ကိုးစားလေ့၊ အရှင့်ထံသို့သာ ခဝါချအပ်၏"ဟု ဟောကြားလေ့။
၃၁။	**وَلَوْ أَنَّ قُرْآنًا سُيِّرَتْ بِهِ الْجِبَالُ أَوْ قُطِّعَتْ بِهِ الأَرْضُ أَوْ كُلِّمَ بِهِ الْمَوْتَى بَل لِّلّهِ الأَمْرُ جَمِيعًا أَفَلَمْ يَيْأَسِ الَّذِينَ آمَنُواْ أَن لَّوْ يَشَاء اللّهُ لَهَدَى النَّاسَ جَمِيعًا وَلاَ يَزَالُ الَّذِينَ كَفَرُواْ تُصِيبُهُم بِمَا صَنَعُواْ قَارِعَةٌ أَوْ تَحُلُّ قَرِيبًا مِّن دَارِهِمْ حَتَّى يَأْتِيَ وَعْدُ اللّهِ إِنَّ اللّهَ لاَ يُخْلِفُ الْمِيعَادَ۝** အကယ်၍ ကုရ်အာန်သည် တောင်တန်းများကို ရွှေ့လျောစေခြင်း၊ ကမ္ဘာမြေအား အပိုင်းပိုင်းပြတ်စေခြင်း၊ သေနေသူများကို စကားပြောစေခြင်း ဖြစ်ခဲ့သော်၊ အမှန်မှာ ရှိသမျှအားလုံးသည် ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်သာ ဖြစ်၏။ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့သော် လူသား အားလုံးသည် လမ်းညွှန်ခံရလတ္တံ့ ယုံကြည်သောသူများမှာ လက်လျော့စရာ မဟုတ်ပေ။ ဖုံးကွယ်သောသူတို့အတွက် သူတို့၏ တည်ဆောက်မှု ကပ်ဆိုးကြီးသည် ထိသက်နေစေ၏။ သို့မဟုတ် ဥပဒေစိုးမိုးမှုသည် သူတို့၏ အိမ်များသို့ နီးကပ်လာနေ၏။ ပရမတ်ဘုရားရှင်၏ ထားရှိသော ကတိတော် ပေးရောက်လာနေ၏၊ ပရမတ်ဘုရားရှင်သည် ကတိတော်အား ပျက်လျော့ခြင်း မရှိချေ။[၅၇၀]
၃၂။	**وَلَقَدِ اسْتُهْزِىءَ بِرُسُلٍ مِّن قَبْلِكَ فَأَمْلَيْتُ لِلَّذِينَ كَفَرُواْ ثُمَّ أَخَذْتُهُمْ فَكَيْفَ كَانَ عِقَابِ۝** သင့် ရှေ့အလျင် ဉာဏ်စဉ်ဆောင်များသည်လည်း လှောင်ပြောင်ခြင်းကို ခံခဲ့ရ၏။ ငါသည် ဖုံးကွယ်သောသူတို့အား အချိန်ပေးထား၍ တဖန် ငါ၏ ချုပ်ကိုင်မှုမှာ မည်သို့ရှိသည်ဟု သူတို့အား အရေးယူတော်မူ၏။
၃၃။	**أَفَمَنْ هُوَ قَآئِمٌ عَلَى كُلِّ نَفْسٍ بِمَا كَسَبَتْ وَجَعَلُواْ لِلّهِ شُرَكَاء قُلْ سَمُّوهُمْ أَمْ تُنَبِّئُونَهُ بِمَا لاَ يَعْلَمُ فِي الأَرْضِ أَم بِظَاهِرٍ مِّنَ الْقَوْلِ بَلْ زُيِّنَ لِلَّذِينَ كَفَرُواْ مَكْرُهُمْ وَصُدُّواْ عَنِ السَّبِيلِ وَمَن يُضْلِلِ اللّهُ فَمَا لَهُ مِنْ هَادٍ۝** အရှင်သည် ဉာဉ်စရိုက် ကိုယ်စီ၏ ကျင့်ဆောင်ခြင်းပေါ်၌ ရပ်တည်ပေးနေသော အရှင် မဟုတ်လော။ ပရမတ်ဘုရားရှင်နှင့် ရောပြွမ်းကိုးကွယ်မှုကို စီစဉ်ကြသလော။ ဟောလေ့ "ငင်းတို့အား အမည်ပေးကြလေ့၊ သို့တည်းမဟုတ်

(၅၇၀) ကျမ်းတော်တွင် တောင်တန်းများ ကျောက်တောင်များ ဆိုသည်မှာ အစွဲကြီးသော ခေါင်းဆောင်များကိုလည်းကောင်း၊ မြေကမ္ဘာ အပိုင်းပိုင်း ဖြတ်ခြင်း ဆိုသည်မှာ အတွေးအခေါ် တော်လှန်ရေး လုပ်သောကြောင့် ဝါဒမတူသော တိုင်းပြည်များ ပေါ်ပေါက်ခြင်းကို လည်းကောင်း သေသူများကို စကားပြောစေခြင်း ဆိုသည်မှာ ဘဝသေနေသူများ အတွေးအခေါ် ရှိလာခြင်းကိုလည်းကောင်း ဆိုလိုကြောင်း မကြာခဏ ရည်ညွှန်း ပြောဆိုပေသည်။ အကယ်၍ ကျမ်းမြတ်ကုရ်အာန်ကို လေ့လာ၍ လူသားများသည် အတွေးအခေါ်သစ်များ ဝင်လာကြလျှင် ထိုဖြစ်ရပ်သည် ပရမတ်ဘုရားရှင်၏ စီမံမှုသာ ဖြစ်ကြောင်း ဤသုတ်တော်မှ ဆိုလိုခြင်း ဖြစ်ပေသည်၊ ကျမ်းတော်ကို အရှင်ချမှတ်ခြင်းကြောင့် ဖြစ်၏၊ မည်သူ၏ လက်ရာ ပရောဂမှ မဟုတ်ပေ။

	သင်တို့သည် ကမ္ဘာ၌ အရှင် မသိရာရှိသည်ဟု သတင်းထုတ်ပြန်ကြမည်လော။ သို့မဟုတ် အပြင်ပန်းများကို ပြောနေကြသလော။ အမှန်မှာ ဖုံးကွယ်သောသူများ၏ ကြံစည်မှုသည် သူတို့အား ဖမ်းစားထား၏။ သူတို့သည် လမ်းစဉ်တော်မှ လွဲချော်နေကြ၏။ ပရမတ်ဘုရားရှင်က အပါယ်လမ်း၌ ထားသောသူအား လမ်းညွှန်နိုင်ရာ မရှိချေ။
၃၄။	**لَّهُمْ عَذَابٌ فِي الْحَيَاةِ الدُّنْيَا وَلَعَذَابُ الآخِرَةِ أَشَقُّ وَمَا لَهُم مِّنَ اللهِ مِن وَاقٍ۞** သူတို့အတွက် ဤလောကီ သက်တမ်း၌ ဝဋ်ဒုက္ခသည် ရှိ၍။ နောင်ဘဝ၌လည်း ပိုကြေမွသော ဝဋ်ကြွေးသည် ရှိနေ၏။ သူတို့အတွက် ပရမတ်ဘုရားရှင်အား ဆန့်ကျင်၍ ကာကွယ်နိုင်သူ မရှိချေ။
၃၅။	**مَّثَلُ الْجَنَّةِ الَّتِي وُعِدَ الْمُتَّقُونَ تَجْرِي مِن تَحْتِهَا الأَنْهَارُ أُكُلُهَا دَآئِمٌ وِظِلُّهَا تِلْكَ عُقْبَى الَّذِينَ اتَّقَواْ وَّعُقْبَى الْكَافِرِينَ النَّارُ۞** စည်းစောင့်သူများအတွက် ကတိတော်ထားသည့် သုခဘုံ၏ ဥပမာမှာ အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေလျက်၊ အစားအစာများ၊ အရိပ်အဝါသများ အစဉ်ရှိနေ၏။ ဤသည် စည်းစောင့်သောသူများ အတွက် နိဂုံး ဖြစ်၍၊ ဖုံးကွယ်သူများ အတွက် နိဂုံးချုပ်မှာ အပူမီးသာလျှင် ဖြစ်၏။[၅၇]
၃၆။	**وَالَّذِينَ آتَيْنَاهُمُ الْكِتَابَ يَفْرَحُونَ بِمَا أُنزِلَ إِلَيْكَ وَمِنَ الأَحْزَابِ مَن يُنكِرُ بَعْضَهُ قُلْ إِنَّمَا أُمِرْتُ أَنْ أَعْبُدَ اللهَ وَلا أُشْرِكَ بِهِ إِلَيْهِ أَدْعُو وَإِلَيْهِ مَآبِ۞** ငါ၏ ကျမ်းပေးခံရသော သူများသည်၊ သင့်ထံသို့ ချမှတ်ပေးရာတွင် ဝမ်းမြောက်ကြ၏။ ထိုမှ ဂိုဏ်းခွဲများက ၎င်းမှ အချို့ကို အကျွမ်းမဝင်လိုကြပေ။☆ ဟောလော့ "ကျွန်ုပ်အား ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ရန်၊ အရှင့်အား ရောပြွန်း ကိုးကွယ်ခြင်း မပြုရန် ညွှန်ကြားခံရ၏။ ကျွန်ုပ်သည် အရှင့်၌ ဆုပန်၏။ အပြန်ခရီးမှာ အရှင့်ထံသို့သာ ဖြစ်၏။"
၃၇။ ❖ ၄၁း၄၄	**وَكَذَلِكَ أَنزَلْنَاهُ حُكْمًا عَرَبِيًّا وَلَئِنِ اتَّبَعْتَ أَهْوَاءهُم بَعْدَ مَا جَاءكَ مِنَ الْعِلْمِ مَا لَكَ مِنَ اللهِ مِن وَلِيٍّ وَلاَ وَاقٍ۞** ဤသို့ ငါသည် ဓမ္မသတ်ကို အာရ်ဗီဘာသာဖြင့် ချမှတ်ပေးတော်မူ၏။❖ အသိပညာမှ အသင့်ထံသို့ ရောက်လာစေပြီးနောက်၊ အသင်သည် သူတို့၏ လိုဘများကို လိုက်နာခဲ့၊ သင့်အတွက် ပရမတ်ဘုရားရှင်အား ဆန့်ကျင်၍ မဟာမိတ်၊ ကာကွယ်နိုင်သူ မရှိချေ။
၃၈။	**وَلَقَدْ أَرْسَلْنَا رُسُلاً مِّن قَبْلِكَ وَجَعَلْنَا لَهُمْ أَزْوَاجًا وَذُرِّيَّةً وَمَا كَانَ لِرَسُولٍ أَن يَأْتِيَ بِآيَةٍ إِلاَّ بِإِذْنِ اللهِ لِكُلِّ أَجَلٍ كِتَابٌ۞** သင့် အလျင်က ဉာဏ်စဉ်ဆောင်များကို ငါအရှင် စေပို့ခဲ့၍၊ သူတို့အဘို့ အိမ်ထောင်ဘက်များ၊ သားမြေးများကို ငါအရှင်က မုချ စီစဉ်ပေးခဲ့၏။[၅၈] ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက် မရှိဘဲ မည်သည့် ဉာဏ်စဉ်ဆောင်မှ သက်သေလက္ခဏာ တစ်ပါးမျှ ပေးရောက်နိုင်ခွင့် မရှိချေ။ အလုံးစုံအား သတ်မှတ်ကာလ ပြဋ္ဌာန်းပြီး ဖြစ်၏။
၃၉။ ✡ ၁၃း၆	**يَمْحُو اللهُ مَا يَشَاء وَيُثْبِتُ وَعِندَهُ أُمُّ الْكِتَابِ۞** ပရမတ်ဘုရားရှင်သည် ပျက်ပျယ်ခြင်းကို စံချိန်အလျောက် ဖြစ်စေ၏။ ခိုင်မာခြင်းနှင့် အရှင့်ထံတော်၌ မိခင်ရင်းမြစ် ကျမ်း

---

(၅၇) အစွယ်လာမ်သာသနာက ပြောသော သုခဘုံ၊ ဒုက္ခဘုံတို့တွင် ခံစားရခြင်းများ ဆိုသည်မှာ လူသားတို့ နားလည်စေရန် ဥပမာ ပေးခြင်းများသာ ဖြစ်ကြောင်း ဤသုတ်တော်က ဖော်ပြထားပေသည်။

(၅၈) သဘာဝ တရားနှင့်အညီ အိမ်ထောင်ယာသားပြုခြင်းအား ကိလေသာ အညစ်အကြေးမှ မကင်းစင်ဟု အစွယ်လာမ် သာသနာက မသွန်သင်ပေ။ အချိန်အခါနှင့် နေရာ အနေအထားပေါ် မူတည်၍ မေထုန်မှုပြုခြင်းကို စောင့်ထိန်းရမည့် အခြေအနေများကိုသာ သွန်သင်ပေသည်၊ (၂း၁၈၇၊ ၁၉၇၊ ၂၂၂)။ လောကၠ၌ ပွင့်ပေါ်သော လူသားပညတ်ဘုရား (ဉာဏ်စဉ်ဆောင်)များတွင်လည်း လူပျို ဘုရားရှိသည်ဟု လုံးဝ ဆိုမထားပေ။ ထို့ကြောင့် ကိုယ်တော် ယေရှု၌ အိမ်ထောင်မရှိခဲ့၊ သားသမီး မရှိခဲ့ဟု ထင်မြင်မှုများမှာ အစွယ်လာမ်သာသနာ၏ သွန်သင်ချက်များမှ မဟုတ်ပေ။

	တော်သည် ရှိ၏။ ✡ ၅၃၃
၄၀။ ဆတင်း ပါးရန်	**وَإِن مَّا نُرِيَنَّكَ بَعْضَ الَّذِي نَعِدُهُمْ أَوْ نَتَوَفَّيَنَّكَ فَإِنَّمَا عَلَيْكَ الْبَلاَغُ وَعَلَيْنَا الْحِسَابُ** ۞ သူတို့အား ငါ ကတိတော်ထားရာမှ အချို့ကို သင့်အား မြင်စေသည် ဖြစ်စေ၊ သင့်အား သက်တမ်းကုန်စေသည် ဖြစ်စေ၊ သင့် ဝန်တာမှာ– ‘‘စာရင်းချုပ်သည် ငါအရှင် အပေါ်၌သာတည်ကြောင်း’’ **ဆိုက်ရောက်စေရန်**သာ ဖြစ်၏။
၄၁။	**أَوَلَمْ يَرَوْاْ أَنَّا نَأْتِي الأَرْضَ نَنقُصُهَا مِنْ أَطْرَافِهَا وَاللّهُ يَحْكُمُ لاَ مُعَقِّبَ لِحُكْمِهِ وَهُوَ سَرِيعُ الْحِسَابِ** ۞ ငါသည် ကမ္ဘာကို မျက်ခြည်အဆုံးများမှ စ၍ ကျစ်လစ် ပေးစုတော်မူသည်ကို[၅၄] သူတို့ မမြင်ကြသလော။ ပရမတ် ဘုရားရှင်က စီရင်ထုံးပြုမူ၊ ထိုစီရင်ထုံးအား ချုပ်ကိုင်နိုင်သူ မရှိ။ အရှင်သည် အချိန်နှင့်တပြေးညီ စာရင်းစစ်နေတော်မူ၏။
၄၂။	**وَقَدْ مَكَرَ الَّذِينَ مِن قَبْلِهِمْ فَلِلّهِ الْمَكْرُ جَمِيعًا يَعْلَمُ مَا تَكْسِبُ كُلُّ نَفْسٍ وَسَيَعْلَمُ الْكُفَّارُ لِمَنْ عُقْبَى الدَّارِ** ۞ သူတို့၏ ရှေ့အလျင် မျိုးဆက်သည်လည်း ကြံစည်ခဲ့ကြ၏။ သို့သော် ကြံစည်ခြင်း အားလုံးသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာထဲ၌ ရှိ၏။ အရှင်သည် ဥဉ်စရိုက် ကိုယ်စီ၏ ကျင့်ဆောင်ခြင်းကို သိနေတော်မူ၏။ ဖုံးကွယ်သူတို့သည် သူတို့အား ချုပ်ငြိမ်းခြင်း ဗိမာန်သည် မည်သူ့အတွက် ဖြစ်သည်ကို သိကြရလတ္တံ့။
၄၃။	**وَيَقُولُ الَّذِينَ كَفَرُواْ لَسْتَ مُرْسَلاً قُلْ كَفَى بِاللّهِ شَهِيدًا بَيْنِي وَبَيْنَكُمْ وَمَنْ عِندَهُ عِلْمُ الْكِتَابِ** ۞ ဖုံးကွယ်သော သူတို့က အသင်သည် ဥဏ်စဉ်တော်ဆောင် မဟုတ်ဟု ပြောဆိုကြ၏။ ဟောလော့ ‘‘ပရမတ်ဘုရားရှင် နှင့် ကျမ်းတော်၌ အသိပညာ ရှိသူတို့သည် ကျွန်ုပ်၏ကြား သင်တို့ကြား၌ လုံလောက်သော မျက်မှောက် သက်သေများ ဖြစ်ကြ၏။’’[၅၅]

---

(၅၄) ပရမတ်ဘုရားရှင်သည် လောကဓမ္မအား ချမှတ်ပေးသောအရှင် ဓမ္မ၏ ဇစ်မြစ်တော်ဟု ကျမ်းတော်၌ နည်မျိုးစုံဖြင့် တင်ပြနေပေသည်။ အစွလာမ်သာသနာက ပညတ်ဘုရားရှင်များ ပွင့်ပေါ်ပြီးမှ လောကဓမ္မ သို့မဟုတ် ပရမတ္ထသစ္စာ ပေါ်ထွန်းလာသည်ဟုလည်းကောင်း သဘာဝ အလျောက် ဖြစ်လေ့ရှိသော အရာများအား လောကဓမ္မ အဖြစ် ခံယူ၍ သဗ္ဗညုဉာဏ်စဉ်ရ လူသားပညတ်ဘုရားသည်ပင် လိုက်နာနေရသည်ဟု လည်းကောင်း အစွလာမ်က လက်မခံပေ။ လောကဓမ္မအား ပြဋ္ဌာန်းသော ပြဋ္ဌာန်းရှင်မှာ ပရမတ်ဘုရားရှင်သာ ဖြစ်သည်ဟု အစွလာမ်သာသနာက သွန်သင်၍ (၁း၁)။ ထိုအရှင်သည် ရင်းမြစ်ဓမ္မ၏ အရှင်ဖြစ်သည်ဟု သုတ်တော်ကလည်း ဆိုထားပေသည်။ (၁၀း၃)

(၅၅) **နန်းကုဆိုဟာ၊ မင်း အတ်တရ ဖိဟာ ဟျောဖိုး နဲ့ ဟိုဟာ ဟျောဖိုး** ဆိုသည်မှာ မျက်စိတဆုံးမှစ၍ အလည်သို့ စုလာသည်ဟု ဖြစ်ပေသည်။ တင်စားမှု ဥပမာအားဖြင့် အရှင်၏ သာသနာတော်သည် မြို့စွန်ရပ်ဖျားမှ စ၍ တိုင်းပြည်မြို့ရွာရှိ မြို့ကြီးများ အတွင်းသို့ တဖြေးဖြေး ထိုးဖေါက် ဝင်ရောက် လာလျက် မယုံကြည်သူတို့၏ နယ်ပယ်မှာ တဖြေးဖြေး ကျဉ်းလာသည် ဟု ဆိုလို၍။ ရုပ်ပိုင်းဆိုင်ရာအားဖြင့် မိမိဝန်ရိုးပေါ်၌ လည်နေသော ကမ္ဘာသည် လည်ပတ်မှု အဟုန်၌ အတွင်းသားများ ကျစ်လစ်လာနေခြင်းကို ဆိုလိုပေသည်။ မျက်စိတစ်ဆုံး ဆိုသည်မှာ သာမန်မျက်လုံးဖြင့် မြင်နိုင်သော မိုးကုတ်စက်ဝိုင်းကို ဆိုလိုခြင်း မဟုတ်ချေ။ ထိုစကားလုံး **ဟျောဖိုး အတွရဖိုးဟာ** ဆိုသည်မှာ မျက်ခြည်ပြတ်သွားခြင်း ခေါ်ဆိုပေသည်၊ ၃း၁၂၇။ ၁၁း၁၁၄ ထို့ကြောင့် အဆုံး မရှိနိုင်သော အစွန်းဟု အဓိပ္ပါယ်ကို ပေးပေသည်။ ထို့ကြောင့် ဟိုအဝေးဆုံးမှ အရာအား မျက်လုံးမှ ဆွဲယူမြင်သကဲ့သို့ ထိုအဆုံး မရှိနိုင်သော ကမ္ဘာ၏ အစွန်းမှ အရာများထိ ကမ္ဘာက ဆွဲယူထားသည် ဟူသည့် ကမ္ဘာ့ဆွဲအားကိုလည်း ဆိုလိုပေသည်။ မြင်နိုင်သော မျက်လုံးသည် ဝေ၍ ဝေ၍သွားသော မြင်နိုင်အား လျော့ပါးသွားကဲ့သို့ ကမ္ဘာ၏ပရဝုဏ်နှင့် ဝေး၍ဝေ၍သွားသော် ကမ္ဘာ၏ ဆွဲအားမှာ လျော့၍လျော့၍ လာသည်ဟု ထပ်ထူခိုင်းနှိုင်း ပြောဆိုခြင်း ဖြစ်ပေသည်။

(၅၅) မိရိုးဖလာ၌ အစွဲမကုန်သူ၊ အတွေးအခေါ် အယူအဆ တစ်ခုအား ဆင်ခြင်သုံးသပ်ရန် ကြောက်ရွံ့သူများနှင့် မိမိအကျိုး ဆုတ်ယုတ်မည်ကို ကြောက်၍ အများကြိုက်လိုက်လျော ဆင်ခြေမှားကို လိုက်နေသူများက ဤကုရ်အာန်ကျမ်းတော်အား သေချာစွာ မလေ့လာဘဲလျက် ကိုယ်တော် မုဟမ္မဒ်သည် နောက်ဆုံးပွင့် ဥဏ်စဉ်တော်ဆောင် ဖြစ်သည်ကို လက်ခံရန် တစ်စိုက်မတ်မတ် ငြင်းဆန်လျက် ရှိပေသည်။ မည်သူမဆို မိမိ၏ ဆုံးဖြတ်ပိုင်ခွင့်ကို မိမိသာ ခံစားရမည် ဖြစ်ပေသည်။ သို့သော် မိမိ၏ ဆုံးဖြတ်ချက်ကြောင့် မိမိ၏ မျိုးဆက်များကိုပါ ထိခိုက်နစ်နာစေနိုင်ဟု သတိထားမိသူများ အနေဖြင့် အစွဲ သက္ကာယ ကင်းစွာဖြင့် ဤကျမ်းတော်အား လေ့လာသင့်ပေသည်။ ကိုယ်တော် မုဟမ္မဒ်သည် အမှန်တကယ် ဥဏ်စဉ်တော်ဆောင် (ပညတ်ဘုရား) ဟုတ် မဟုတ်ကို သုံးသပ်သင့်ပေသည်။ ထိုသို့ လေ့လာသုံးသပ်ရန်လည်း ဤသုတ်တော်က ဖိတ်ခေါ်လျက် ရှိပေသည်။ ကမ္ဘာပေါ်တွင် ပွင့်ပေါ်လေသမျှသော ဥဏ်စဉ်တော်ဆောင်များတွင် ကိုယ်တော်မုဟမ္မဒ်သည် အတိုက်ခိုက် အပုတ်ခတ်ခံရဆုံးသော ကိုယ်တော် ဖြစ်ပေသည်။ အခြားသော ကိုယ်တော်များမှာ ကိုယ်တော် မုဟမ္မဒ်လောက် ပုတ်ခတ်ခြင်းကို မခံရကြောင်း သက်ဆိုင်ရာ ကျမ်းစာများက သက်သေအဖြစ် ရှိနေသေးပေသည်။ ထိုသို့ပုတ်ခေတ် တိုက်ခိုက်နေသော်လည်း ကိုယ်တော်၏ အမည်နာမမှာ တစ်နေ့တစ်ခြား ကမ္ဘာ့ဒေသအနှံ့သို့ ပြန့်နှံ့လျက်သာ ရှိသည်မှာ မည်သူမှ မငြင်းဆိုနိုင်ပေ။ အလားတူပင် ကိုယ်တော်အား ဥဏ်စဉ်တော် ကိန်းဝပ်ပေးခြင်းဖြင့် ကိုယ်တော် ကြေငြာသော

ဘုရားတစ်ဆူဝါဒနှင့် ကျမ်းမြတ်ကုရ်အာန်မှ ချမှတ်သော ကျင့်ဝတ်နည်းနာများသည် နေ့စဉ် ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့နေသည်ကို မည်သည့်နိုပ်ကွပ်ခြင်းဖြင့် နှိပ်ကွပ်သော်လည်း နောက်တွန့်သွားသည်ဟု မရှိပေ။

ဓမ္မခန္ဓာ (၁၄) "အီဗရာဟီးမ်"

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ်– ၇၂၊ သုတ်ဒေသနာ– ၅၂ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁။]

၁။ ✡ ၁၀း၁	**الَر كِتَابٌ أَنزَلْنَاهُ إِلَيْكَ لِتُخْرِجَ النَّاسَ مِنَ الظُّلُمَاتِ إِلَى النُّورِ بِإِذْنِ رَبِّهِمْ إِلَى صِرَاطِ الْعَزِيزِ الْحَمِيدِ** ۞ အလက်ဖ်၊လမ်၊ရာ✡–လူသားတို့အား သူတို့ ကံကြမ္မာရှင်၏ ခွင့်ပြုချက်ဖြင့်၊ ဘုန်းတော်အရှင်၊ ရည်သန်စူးစိုက်အပ်သော အရှင်၏ လမ်းတော်ဆီသို့၊ အမှောင်မှ အလင်းသို့ ထုတ်ဆောင်သည့် သင့်ထံ၌ ချမှတ်ပေးသော ကျမ်းတော်ဖြစ်၏။
၂။	**اللهِ الَّذِي لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَوَيْلٌ لِّلْكَافِرِينَ مِنْ عَذَابٍ شَدِيدٍ** ۞ မိုးများနှင့် မြေကမ္ဘာအတွင်း ရှိသမျှတို့သည် ပရမတ်ဘုရားရှင်၊ –အရှင်၏ အချုပ်အခြာဌ် ရှိ၏။ ဖုံးကွယ်သူတို့သည်ကား ပြင်းထန်သော ဝဋ်ကြွေးထဲ၌ ပျက်စီးဆုံးရှုံးရလတ္တံ့။
၃။	**الَّذِينَ يَسْتَحِبُّونَ الْحَيَاةَ الدُّنْيَا عَلَى الآخِرَةِ وَيَصُدُّونَ عَن سَبِيلِ اللهِ وَيَبْغُونَهَا عِوَجًا أُوْلَئِكَ فِي ضَلاَلٍ بَعِيدٍ** ۞ နောင်ဘဝထက် ဤလက်ရှိသက်တမ်းကို ချစ်ခင်စုံမက်၍၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဖယ်ခိုင်းလျက် ထို၌ ကောက်ကျစ်မှုကို ရှာဖွေသော[၅၇] ထိုသူတို့သည် နောက်ကျန်ရစ်လျက် လွဲချော်မှု၌ ရှိနေပြီ။
၄။ ၂း၇၀	**وَمَا أَرْسَلْنَا مِن رَّسُولٍ إِلاَّ بِلِسَانِ قَوْمِهِ لِيُبَيِّنَ لَهُمْ فَيُضِلُّ اللهُ مَن يَشَاء وَيَهْدِي مَن يَشَاء وَهُوَ الْعَزِيزُ الْحَكِيمُ** ۞ ငါသည် လူမျိုးတစ်မျိုးထံသို့ သူတို့အား ရှင်းလင်းပြန်ဆိုရန် သူတို့၏ ဘာသာစကားဖြင့်သာ ဥာဏ်စဉ်ဆောင်များကို စေစား၏။ ပရမတ်ဘုရားရှင်သည် လမ်းလွဲသို့ **စံချိန်ပြည့်**သူ လမ်းညွှန်ရန် **စံချိန်ပြည့်**သူကို ပြဋ္ဌာန်းထား၏။ အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၅။	**وَلَقَدْ أَرْسَلْنَا مُوسَى بِآيَاتِنَا أَنْ أَخْرِجْ قَوْمَكَ مِنَ الظُّلُمَاتِ إِلَى النُّورِ وَذَكِّرْهُمْ بِأَيَّامِ اللهِ إِنَّ فِي ذَلِكَ لآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ** ۞ ငါသည် မူဆာအား ငါ၏ သုတ်ဒေသနာများဖြင့် သင့်လူမျိုးအား အမှောင်မှ အလင်းသို့ ကယ်ထုတ်ရန်၊ ပရမတ်ဘုရားရှင်၏ သတ်မှတ်ရက်များကို သတိဖေါ်ပေးရန်ဟု စေစား၏၊ ဤ၌ သည်းခံသူ၊ ကျေးဇူးသိတတ်သူတိုင်း အဘို့ သက်သေလက္ခဏာများ ပါရှိ၏။

---

(၅၇) **ယာ့ဘ်ဂူးနဟာ အေဝါးဂျန်မ် عِوَجًا يَبْغُونَهَا** ဆိုသည်မှာ ရိုးသားဖြူစင်စွာ မတင်ပြဘဲ၊ "ထိုအရာထဲ၌ ကောက်ကျစ်မှုကို ရှာကြံ ဆည်းပူးသည်၊"ဟု အနက်ပေး၏။ အစ္စလာမ် ဆိုသော ခေါင်းစဉ် အောက်တွင်လည်း ပရမတ်ဘုရားရှင် ချမှတ်ပေးသော ကျမ်းမြတ် ကုရ်အာန်အား နားလည်ရန် လေ့လာကြဟု တိုက်တွန်းမည့် အစား ဆရာသခင်ကြီးများ၏ ဓမ္မသတ်များအား နာခံရန် ပုံသွင်းနေခြင်းမှာ ရိုးသားမှု အားနည်းလှပေသည်၊

၆။ ၂း၄၉	**وَإِذْ قَالَ مُوسَى لِقَوْمِهِ اذْكُرُواْ نِعْمَةَ اللّهِ عَلَيْكُمْ إِذْ أَنجَاكُم مِّنْ آلِ فِرْعَوْنَ يَسُومُونَكُمْ سُوءَ الْعَذَابِ وَيُذَبِّحُونَ أَبْنَاءكُمْ وَيَسْتَحْيُونَ نِسَاءكُمْ وَفِي ذَلِكُم بَلاء مِّن رَّبِّكُمْ عَظِيمٌ۞** မူဆာဖြင့် သူ့လူမျိုးအား ပြောစေသောအခါ ''သင်တို့အား ပရမတ်ဘုရားရှင်က ဂုဏ်ပေးမှုများကို သတိရကြလော့၊ သင်တို့၏ သားများကို သုတ်သင်ကာ၊ အမျိုးသမီးများကိုသာ အသက်ဆက်ခွင့်ပေးသည့် ဖါရိုး မင်းဆက်၏ အကုသိုလ်ဝဋ်ကြွေး အမှတ်သညာဖြစ်စေသူများမှ သင်တို့အား ငါ လွတ်မြောက်စေခဲ့ပြီ၊ ထို၌ သင်တို့အား သင်တို့၏ ကံကြမ္မာရှင်မှ မဟာစုံစမ်းမှုကြီး ရှိနေပြီ၊''ဟု ဖြစ်၏။
၇။ ၁၄း၇	**وَإِذْ تَأَذَّنَ رَبُّكُمْ لَئِن شَكَرْتُمْ لأَزِيدَنَّكُمْ وَلَئِن كَفَرْتُمْ إِنَّ عَذَابِي لَشَدِيدٌ۞** သင်တို့၏ ကံကြမ္မာရှင်က ကြေငြာသည်မှာ သင်တို့သည် ကျေးဇူးသိတတ်လျှင် သင်တို့အား တိုးပွားစေမည်။ သင်တို့သည် ဖုံးကွယ်ကြသော် ပြင်းထန်သော ဝဋ်ကြွေးသည် ရှိနေ၏။
၈။ ကျမ်းစွယ်	**وَقَالَ مُوسَى إِن تَكْفُرُواْ أَنتُمْ وَمَن فِي الأَرْضِ جَمِيعًا فَإِنَّ اللّهَ لَغَنِيٌّ حَمِيدٌ۞** မူဆာက ''သင်တို့နှင့် ကမ္ဘာမြေမှ အားလုံးသည် **ဖုံးကွယ်**ငြားသော်လည်း၊ ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံ၏၊ ရည်သန်စူးစိုက်မှုတည်ရာ ဖြစ်၏၊''ဟု ဟောကြား၏။
၉။	**أَلَمْ يَأْتِكُمْ نَبَأُ الَّذِينَ مِن قَبْلِكُمْ قَوْمِ نُوحٍ وَعَادٍ وَثَمُودَ وَالَّذِينَ مِن بَعْدِهِمْ لاَ يَعْلَمُهُمْ إِلاَّ اللّهُ جَاءتْهُمْ رُسُلُهُم بِالْبَيِّنَاتِ فَرَدُّواْ أَيْدِيَهُمْ فِي أَفْوَاهِهِمْ وَقَالُواْ إِنَّا كَفَرْنَا بِمَا أُرْسِلْتُم بِهِ وَإِنَّا لَفِي شَكٍّ مِّمَّا تَدْعُونَنَا إِلَيْهِ مُرِيبٍ۞** သင်တို့၏ ရှေ့အလျင် ဖြစ်သော နူးဟ်၊ အာဒ်၊ သမု–ဒ်နှင့် သူတို့နောက် လူမျိုးများ၏ သတင်းများကို သင်တို့ထံ ငါ မပေးအပ်ခဲ့သလော။ ပရမတ်ဘုရားရှင် မှအပ သူတို့ကို သိသူ မရှိချေ။ သူတို့အတွက် ဉာဏ်စဉ်ဆောင်များသည် ရှင်းလင်းချက်များဖြင့် သူတို့ထံ ရောက်လာ၏၊ သို့သော် သူတို့သည် သူတို့၏ ပါးစပ်များ လက်ချောင်းများဖြင့် တန်ပြန်လျက် ''သင်တို့အား စေစားခြင်းကို ကျွန်ုပ်တို့ လက်မခံ၊ ကျွန်ုပ်တို့အား ဖိတ်ခေါ်မှုဌ ဒိဟဖြစ်၏၊ ၎င်းကို သံသယရှိ၏၊'' ဟု ဆိုကြ၏။
၁၀။ ☆ ၂း၂၁၊ ၁၁၇	**قَالَتْ رُسُلُهُمْ أَفِي اللّهِ شَكٌّ فَاطِرِ السَّمَاوَاتِ وَالأَرْضِ يَدْعُوكُمْ لِيَغْفِرَ لَكُم مِّن ذُنُوبِكُمْ وَيُؤَخِّرَكُمْ إِلَى أَجَلٍ مُّسَمًّى قَالُواْ إِنْ أَنتُمْ إِلاَّ بَشَرٌ مِّثْلُنَا تُرِيدُونَ أَن تَصُدُّونَا عَمَّا كَانَ يَعْبُدُ آبَآؤُنَا فَأْتُونَا بِسُلْطَانٍ مُّبِينٍ** သူတို့၏ ဉာဏ်စဉ်ဆောင်များက ''မိုးများနှင့် မြေကမ္ဘာ၏ ဇစ်မြစ်တော်☆ ပရမတ်ဘုရားရှင်ဌ ဒိဟ ဖြစ်ကြကုန်သလော။ အရှင်သည် သင်တို့အား လွတ်ငြိမ်းခွင့်ပေးရန်၊ သတ်မှတ်ကာလ အချိန်ထိ သင်တို့၏ ပြစ်မှုများကို နောက်ဆုတ်ပေးရန် ဖိတ်ခေါ်၏၊''ဟု ဆိုသော်၊ သူတို့က ''သင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ လူပုဂ္ဂိုလ်မျှသာ ဖြစ်၍၊ ကျွန်ုပ်တို့ ဘဘိုးများ ကိုးကွယ်လေ့ ရှိခဲ့ရာမှ ကျွန်ုပ်တို့အား ဖယ်ရှားလိုသူများသာ ဖြစ်၏။ ရှင်းလင်းထင်ရှားသော အခွင့်အာဏာကို ကျွန်ုပ်တို့အား ပေးအပ်လော့၊''ဟု ဆိုကြ၏။
၁၁။	**قَالَتْ لَهُمْ رُسُلُهُمْ إِن نَّحْنُ إِلاَّ بَشَرٌ مِّثْلُكُمْ وَلَكِنَّ اللّهَ يَمُنُّ عَلَى مَن يَشَاء مِنْ عِبَادِهِ وَمَا كَانَ لَنَا أَن نَّأْتِيَكُم بِسُلْطَانٍ إِلاَّ بِإِذْنِ اللّهِ وَعلَى اللّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ۞** သူတို့၏ ဉာဏ်စဉ်ဆောင်များက သူတို့အား ပြောသည်မှာ ''ကျွန်ုပ်တို့သည် သင်တို့ကဲ့သို့ လူပုဂ္ဂိုလ်မျှသာ ဖြစ်၏။ သို့သော် ပရမတ်ဘုရားရှင်သည် အရှင်၏ အမှုတော်ဆောင်များမှ စံချိန်ပြည့်သူအား မျက်နှာသာရစေတော်မူ၏။ ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက် မရှိဘဲ ကျွန်ုပ်တို့သည် သင်တို့အား အခွင့်အာဏာ ပေးအပ်နိုင်ခြင်း မရှိချေ။ ယုံကြည်သူများသည် ပရမတ်ဘုရားရှင်၌ ကိုးစားအပ်၏။–

၁၂။	**وَمَا لَنَا أَلاَّ نَتَوَكَّلَ عَلَى اللهِ وَقَدْ هَدَانَا سُبُلَنَا وَلَنَصْبِرَنَّ عَلَى مَا آذَيْتُمُونَا وَعَلَى اللهِ فَلْيَتَوَكَّلِ الْمُتَوَكِّلُونَ**۞ –ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်အား အဘယ်ကြောင့် မကိုးစားအပ်သနည်း။ အရှင်သည် ကျွန်ုပ်တို့အား လမ်းစဉ်များကို ညွှန်ပြပြီ။ ကျွန်ုပ်တို့သည် သင်တို့၏ ဒဏ်ပေးမှုကို ကြံ့ကြံ့ခံရပေတော့မည်။ ကိုးစားသူတို့သည် ပရမတ်ဘုရားရှင်ကိုသာ ကိုးစားကြကုန်၏။''ဟု ဖြစ်၏။
၁၃။ ကျန်စဉ်	**وَقَالَ الَّذِينَ كَفَرُواْ لِرُسُلِهِمْ لَنُخْرِجَنَّكُم مِّنْ أَرْضِنَآ أَوْ لَتَعُودُنَّ فِي مِلَّتِنَا فَأَوْحَى إِلَيْهِمْ رَبُّهُمْ لَنُهْلِكَنَّ الظَّالِمِينَ**۞ ဖုံးကွယ်သော သူများက ဉာဏ်စဉ်ဆောင်များအား ''ကျွန်ုပ်တို့၏ **ဘာသာ၌** ဆက်မကျင့်လျှင် ကျွန်ုပ်တို့သည် သင်တို့အား ကျွန်ုပ်တို့ ကမ္ဘာမှ မောင်းထုတ်ရလတ္တံ့၊''ဟု ဆိုသော်။ သူတို့ထံသို့ ကံကြမ္မာရှင်က ''ငါသည် အမိုက်ကောင်များကို တိမ်ကောပျက်စီးစေမည်၊''ဟု အာရုံဖြစ်ပေါ်စေ၏။
၁၄။ တိုင်းမြည်	**وَلَنُسْكِنَنَّكُمُ الأَرْضَ مِن بَعْدِهِمْ ذَلِكَ لِمَنْ خَافَ مَقَامِي وَخَافَ وَعِيدِ**۞ ''သူတို့၏နောက် ထို**ကမ္ဘာ**၌ သင်တို့အား နေရာချပေးလတ္တံ့။ ဤသည် ငါ့ရှေ့၌ ကြောက်ရွံ့စွာ ရပ်တည်သူ၊ ကတိတော်အား ကြောက်ရွံ့သူတို့ အတွက် ဖြစ်၏။
၁၅။	**وَاسْتَفْتَحُواْ وَخَابَ كُلُّ جَبَّارٍ عَنِيدٍ**۞ ထွက်ပေါက်တောင်းဆိုမှုများကြောင့်– ခေါင်းမာ ပုန်ကန်သူတိုင်းသည် စိတ်ပျက်ကျဆုံးရလေ၏။
၁၆။	**مِّن وَرَآئِهِ جَهَنَّمُ وَيُسْقَى مِن مَّاء صَدِيدٍ**۞ ကွယ်နေသော ငရဲက သူ့အား ရေပုပ်ကိုသာ[၂၇] တိုက်ကျွေးလတ္တံ့။
၁၇။	**يَتَجَرَّعُهُ وَلاَ يَكَادُ يُسِيغُهُ وَيَأْتِيهِ الْمَوْتُ مِن كُلِّ مَكَانٍ وَمَا هُوَ بِمَيِّتٍ وَمِن وَرَآئِهِ عَذَابٌ غَلِيظٌ**۞ ၚင်းကို တစ်ကျိုက်ချင်း ခံတွင်းမတွေ့နိုင်။ သေခြင်းသည် သူ့ထံသို့ အဘက်ဘက်မှ ဆိုက်ရောက်နေ၏၊ သေ၍မရနိုင်၊ သူ့အတွက် တိကျပြတ်သားသော ဝဋ်ကြွေးသည် အကွယ်မှ ရှိနေ၏။
၁၈။	**مَّثَلُ الَّذِينَ كَفَرُواْ بِرَبِّهِمْ أَعْمَالُهُمْ كَرَمَادٍ اشْتَدَّتْ بِهِ الرِّيحُ فِي يَوْمٍ عَاصِفٍ لاَّ يَقْدِرُونَ مِمَّا كَسَبُواْ عَلَى شَيْءٍ ذَلِكَ هُوَ الضَّلاَلُ الْبَعِيدُ**۞ ကံကြမ္မာရှင်အား ဖုံးကွယ်သော သူတို့၏ ပမာသည်ကား၊ သူတို့၏ ကျင့်ကြံမှုများသည် လေတိုက်သော နေ့တွင် လွင့်ပါးသော ပြာမှုန်ကဲ့သို့ ဖြစ်၏။ သူတို့၏ ကျင့်ဆောင်မှုကို တစ်စုံတစ်ရာ စည်းမကြပ်မတ်နိုင်ပေ။ ဤသည် နောက်ကျန် လွဲချော်ရခြင်းပင် ဖြစ်၏။
၁၉။ ۞ ၂၇၀	**أَلَمْ تَرَ أَنَّ اللهَ خَلَقَ السَّمَاوَاتِ وَالأَرْضَ بِالْحقِّ إِن يَشَأْ يُذْهِبْكُمْ وَيَأْتِ بِخَلْقٍ جَدِيد**۞ ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကို မှန်ကန်ညီညွတ်စွာ ဖြစ်တည်စေ၏။ စံချိန်ပြည့်လျှင်۞ သင်တို့အား ရုပ်သိမ်းလျက် မျိုးဆက်သစ်ကို ဖြစ်တည် ယူဆောင်လာနိုင်သည်ဟု သင်တို့ မမြင်မိသလော။
၂၀။	**وَمَا ذَلِكَ عَلَى اللهِ بِعَزِيزٍ**۞ ထို့အတွက် ပရမတ်ဘုရားရှင်၏ ဘုန်းတော် မဲ့မသွားချေ။

---

(၂၇) **ဆွဒီးဒ် صَدِيدٍ** ၏ အဓိပ္ပါယ်မှာ ''ပြည်ပုပ်၊ ရေပုပ်၊ ပူသော သို့မဟုတ် ဆူပွက်သော ရေ'' ဟု ဖြစ်ပေသည်။ သို့သော် ''ပြည်ပုပ်'' ဆိုသော စကားကို နောက်မှ **မာအွန်** ရေ ဆိုသော စကားလုံးနှင့် တွဲလေ့ မရှိပေ။ ထို့ကြောင့် **မာအင်–ဆွဒီးဒ် مَّاء صَدِيدٍ** ကိုဤနေရာ၌ ''ရေပုပ်'' ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

၂၁။	**وَبَرَزُواْ لِلّهِ جَمِيعًا فَقَالَ الضُّعَفَاء لِلَّذِينَ اسْتَكْبَرُواْ إِنَّا كُنَّا لَكُمْ تَبَعًا فَهَلْ أَنتُم مُّغْنُونَ عَنَّا مِنْ عَذَابِ اللّهِ مِن شَيْءٍ قَالُواْ لَوْ هَدَانَا اللّهُ لَهَدَيْنَاكُمْ سَوَاء عَلَيْنَآ أَجَزِعْنَا أَمْ صَبَرْنَا مَا لَنَا مِن مَّحِيصٍ۞**
ဒကာများက ဆရာများကို	ပရမတ်ဘုရားရှင်ထံသို့ အားလုံးက ပြန်ထွက်လာရချိန်တွင်၊ **အင်အားချိနဲ့သူများက အကြီးအကဲဖြစ်သူများကို** “ကျွန်ုပ်တို့သည် သင်တို့၏ နောက်လိုက်ဒကာများ ဖြစ်ခဲ့၏။ ပရမတ်ဘုရားရှင် ချမှတ်သော ကျွန်ုပ်တို့ထံမှ ဝဋ်ကြွေးတစ်စုံတစ်ရာသည် သင်တို့အတွက် ပြည့်စုံပါမည်လော၊” ဟု မေးသော်–သူတို့က “ပရမတ်ဘုရားရှင်က ကျွန်ုပ်တို့အား လမ်းညွှန်ခဲ့ဒုံ၊ ကျွန်ုပ်တို့သည် သင်တို့အား လမ်းညွှန်ခဲ့မည်ပင်၊ ကျွန်ုပ်တို့လည်း အတူတူပင် ဖြစ်၏။ ကျွန်ုပ်တို့ ဒဏ်မခံနိုင်ဖြစ်စေ၊ သို့တည်းမဟုတ် သည်းခံနိုင်သည် ဖြစ်စေ လွတ်လမ်း မရှိပေ၊” ဟု ဆိုကြ၏။
☆ ၂း၁၄ ကယ်နိုင် ✡ ၃း၅၄	**وَقَالَ الشَّيْطَانُ لَمَّا قُضِيَ الأَمْرُ إِنَّ اللّهَ وَعَدَكُمْ وَعْدَ الْحَقِّ وَوَعَدتُّكُمْ فَأَخْلَفْتُكُمْ وَمَا كَانَ لِيَ عَلَيْكُم مِّن سُلْطَانٍ إِلاَّ أَن دَعَوْتُكُمْ فَاسْتَجَبْتُمْ لِي فَلاَ تَلُومُونِي وَلُومُواْ أَنفُسَكُم مَّا أَنَاْ بِمُصْرِخِكُمْ وَمَا أَنتُمْ بِمُصْرِخِيَّ إِنِّي كَفَرْتُ بِمَآ أَشْرَكْتُمُونِ مِن قَبْلُ إِنَّ الظَّالِمِينَ لَهُمْ عَذَابٌ أَلِيمٌ۞**
	ညွှန်ကြားချက်အား အပြီးသတ်စဉ် မကောင်းဆိုးဝါးက ☆“ပရမတ်ဘုရားရှင်မှ သင်တို့အား ကတိပြုခြင်းသည် မှန်ကန်သော ကတိပင် ဖြစ်၏။ ကျွန်ုပ်က သင်တို့ကို ပြုသော ကတိအား တည်ရန် ကျွန်ုပ် ပျက်ကွက်ခဲ့၏။ သင်တို့ အပေါ်၌ ကျွန်ုပ် ဩဇာအာဏာ မရှိချေ။ သင်တို့အား ကျွန်ုပ် ဖိတ်ခေါ်သည်ကို သင်တို့က အဖြေပေးပြီးဖြစ်၍ ကျွန်ုပ်ကို အပြစ်မတင်ကြနှင့်၊ သင်တို့၏ စရိုက်ကိုသာ သင်တို့ အပြစ်တင်ကြလော့။ ကျွန်ုပ်သည် သင်တို့အား **သနားနိုင်**သူ မဟုတ်၊ သင်တို့လည်း ကျွန်ုပ်အား **သနားနိုင်**သူ မဟုတ်ပေ။ ဤမတိုင်မီ ကျွန်ုပ်အား သင်တို့က ရောပွနှိုးကိုးကွယ်ခဲ့သည်ကို ကျွန်ုပ် လက်မခံ၊✡ အမိုက်ကောင်များ အဘို့ နာကျင်သော ဝဋ်ဒုက္ခသည် ရှိနေ၏၊” ဟု ပြောတော့၏။
၂၂။	**وَأُدْخِلَ الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا بِإِذْنِ رَبِّهِمْ تَحِيَّتُهُمْ فِيهَا سَلاَمٌ۞**
	ယုံကြည်လျက် ပြုပြင်မှုကို ကျင့်ကြံသော သူတို့သည် အောက်ခင်း၌ စမ်းချောင်း စီးဆင်းနေသော ဥယျာဉ်ဘုံများသို့ ဝင်လော့။ သူတို့ကံကြမ္မာရှင်၏ ခွင့်ပြုချက်ဖြင့် ထို၌ အစဉ်စံစားစေ၍၊ ထို၌ “ငြိမ်းချမ်းပါစေ၊” ဟု နှတ်ခွန်းဆက်သကြကုန်၏။
၂၄။	**أَلَمْ تَرَ كَيْفَ ضَرَبَ اللّهُ مَثَلاً كَلِمَةً طَيِّبَةً كَشَجَرَةٍ طَيِّبَةٍ أَصْلُهَا ثَابِتٌ وَفَرْعُهَا فِي السَّمَاء۞**
	စင်ကြယ်သော စကားတစ်ခွန်းသည် ခိုင်မာစွာ အမြစ်တွယ်လျက် ကောင်းကင်ဘုန်းထိ အခက်ဖြာသော စင်ကြယ်သည့် သစ်ပင်ကဲ့သို့ဖြစ်ကြောင်း ပရမတ်ဘုရားရှင်ပေးသော ပမာသည် မည်သို့ ဥပမာဖြစ်သည်ဟု မမြင်မိကြသလော။
၂၅။ ကာလ	**تُؤْتِي أُكُلَهَا كُلَّ حِينٍ بِإِذْنِ رَبِّهَا وَيَضْرِبُ اللّهُ الأَمْثَالَ لِلنَّاسِ لَعَلَّهُمْ يَتَذَكَّرُونَ۞**
	ကံကြမ္မာရှင်၏ ခွင့်ပြုချက်ဖြင့် ထိုမှ စားစရာများကို **ရာသီ**တိုင်း၌ ပေးလျက်ရှိ၏။ လူသားတို့သည် ဆင်ခြင်သတိရှိအံ့ငှာ ပရမတ်ဘုရားရှင်က ပမာပြု ဥပမာပေးတော်မူ၏။
၂၆။	**وَمَثَلُ كَلِمَةٍ خَبِيثَةٍ كَشَجَرَةٍ خَبِيثَةٍ اجْتُثَّتْ مِن فَوْقِ الأَرْضِ مَا لَهَا مِن قَرَارٍ۞**
	မသန့်စင်သော စကားတစ်ခွန်းသည် ကမ္ဘာမြေပြင်ပေါ်သို့ ဆွဲနှတ်ခံရသော မကောင်းသော အပင်ကဲ့သို့ ဖြစ်၏။ ၎င်းသည် အတည်တကျ မဟုတ်ချေ။
၂၇။ ကတိတော်	**يُثَبِّتُ اللّهُ الَّذِينَ آمَنُواْ بِالْقَوْلِ الثَّابِتِ فِي الْحَيَاةِ الدُّنْيَا وَفِي الآخِرَةِ وَيُضِلُّ اللّهُ الظَّالِمِينَ وَيَفْعَلُ اللّهُ مَا يَشَاء۞**
	ပရမတ်ဘုရားရှင်သည် ယုံကြည်သောသူတို့အား ခိုင်မာသော **ဓမ္မတော်**အားဖြင့် ဤဘဝသက်တမ်းနှင့် နောင်ဘဝတွင်

☆ ၂၇၀	ခိုင်မာစေတော်မူ၏။ ပရမတ်ဘုရားရှင်သည် အမိုက်ကောင်များအား လမ်းလွဲစေလွှတ်ခဲ့။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သည်ကို☆ စီမံတော်မူ၏။
၂၈။	**أَلَمْ تَرَ إِلَى الَّذِينَ بَدَّلُواْ نِعْمَةَ اللهِ كُفْرًا وَأَحَلُّواْ قَوْمَهُمْ دَارَ الْبَوَارِ۞** ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို ဖုံးကွယ်ခြင်းဖြင့် လွဲပြောင်းသော၊ သူတို့၏ လူမျိုးများကို ပျက်စီးကြေမွရခြင်း ဘုံအားဥပဒေပြုပေးသူများကို သင် မမြင်မိသလော။
၂၉။	**جَهَنَّمَ يَصْلَوْنَهَا وَبِئْسَ الْقَرَارُ۞** သူတို့အား လောင်ကျွမ်းစေမည့် ငရဲပြည်သည် အမင်္ဂလာ အတည်တကျရှိ၏။
၃၀။ ✡ ၂း၂၄	**وَجَعَلُواْ لِلّهِ أَندَادًا لِّيُضِلُّواْ عَن سَبِيلِهِ قُلْ تَمَتَّعُواْ فَإِنَّ مَصِيرَكُمْ إِلَى النَّارِ۞** သူတို့သည် ပရမတ်ဘုရားရှင်အား ဂုဏ်တုပြိုင်ဘက် စီစဉ်ကြ၏။ အရှင့်လမ်းစဉ်တော်မှာ လမ်းလွဲကြ၏။ ''ပျော်မြူးနေကြလော့၊ သင်တို့၏ ပန်းတိုင်သည် အပူမီးသို့✡ ဖြစ်၏။''ဟု ဟောကြားလော့။
၃၁။ ☆ ၂း၃	**قُل لِّعِبَادِيَ الَّذِينَ آمَنُواْ يُقِيمُواْ الصَّلاَةَ وَيُنفِقُواْ مِمَّا رَزَقْنَاهُمْ سِرًّا وَعَلاَنِيَةً مِّن قَبْلِ أَن يَأْتِيَ يَوْمٌ لاَّ بَيْعٌ فِيهِ وَلاَ خِلاَلٌ۞** ယုံကြည်ကြသော ငါ၏ အမှုတော်ဆောင်များအား ''ကိုယ်စားခံယူခွင့် မရှိ ၅၇ အတွင်းလူထားခွင့် မရှိသော နေ့ကာလသို့ မဆိုက်ရောက်မီ ဝတ်ပြု☆ မြဲကြရန်၊ သင်တို့အား ငါအရှင် ရိက္ခာပေးရာမှ ကြိတ်၍ဖြစ်စေ၊ လူသိရှင်ကြား ဖြစ်စေ ပေးကမ်းသုံးစွဲကြရန်၊'' ဟောပြောလော့။
၃၂။	**اللهُ الَّذِي خَلَقَ السَّمَاوَاتِ وَالأَرْضَ وَأَنزَلَ مِنَ السَّمَاء مَاء فَأَخْرَجَ بِهِ مِنَ الثَّمَرَاتِ رِزْقًا لَّكُمْ وَسَخَّرَ لَكُمُ الْفُلْكَ لِتَجْرِيَ فِي الْبَحْرِ بِأَمْرِهِ وَسَخَّرَ لَكُمُ الأَنْهَارَ۞** ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကို ဖြစ်တည်စေသော အရှင် ဖြစ်၏။ ကောင်းကင်ယံမှ ရေကို သွန်းချပေး၍ ၎င်းဖြင့် သင်တို့အတွက် သီးနှံ ရိက္ခာများကို ပေါက်ရောက်စေ၏။ အရှင်၏ ညွှန်ကြားချက်ဖြင့် သင်တို့အတွက် ပင်လယ်ပြင်၌ စီးမျောနိုင်သော သင်္ဘောများကို အသုံးခံဖြစ်စေ၏။ သင်တို့၏ အသုံးခံအဖြစ် မြစ်ချောင်းများကို စီမံပေး၏။
၃၃။	**وَسَخَّرَ لَكُمُ الشَّمْسَ وَالْقَمَرَ دَآئِبَينَ وَسَخَّرَ لَكُمُ اللَّيْلَ وَالنَّهَارَ۞** သင်တို့အတွက် အသုံးခံရန် နေနှင့်လကို အလေ့အထဖြစ်စေ၏။ ညနှင့်နေ့ကိုလည်း သင်တို့အတွက် အသုံးခံဖြစ်စေ၏။
၃၄။	**وَآتَاكُم مِّن كُلِّ مَا سَأَلْتُمُوهُ وَإِن تَعُدُّواْ نِعْمَتَ اللهِ لاَ تُحْصُوهَا إِنَّ الإِنسَانَ لَظَلُومٌ كَفَّارٌ۞** အရှင့်ထံမှ သင်တို့ တောင်းခံရာတိုင်းကို ပေးအပ်တော်မူ၏။ အကယ်၍ ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို ရေတွက်လျှင် အမှတ်စဉ်မှတ်နိုင်မည် မဟုတ်ချေ။ ဇကနပင် လူသားသည် မိုက်ကြေးခွဲ ဖုံးကွယ်မှောင်ချသူ ဖြစ်၏။၅၈
၃၅။ ✡	**وَإِذْ قَالَ إِبْرَاهِيمُ رَبِّ اجْعَلْ هَذَا الْبَلَدَ آمِنًا وَاجْنُبْنِي وَبَنِيَّ أَن نَّعْبُدَ الأَصْنَامَ۞**

---

(၅၇၈) **ဘိုင်းအွန် بَيْع** ဆိုသည်မှာ ကတိဖြင့် အပြန်အလှန် ဖလှယ်သည်ဟု ဖြစ်ပေသည်။ တစ်ဦးတစ်ယောက်အား မိမိ၏ ယုံကြည်မှုကို အပ်နှံလျှင်ထို ယုံကြည်ခံရသူက မိမိ၏ အပြစ်များကို ကိုယ်စား ခံယူမည်ဟု အပေးအယူလုပ် ဖလှယ်ခြင်းကို ဆိုလိုသောကြောင့် ဤနေရာတွင် **ဘိုင်းအွန်**ကို ''ကိုယ်စားခံယူသည်'' ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

(၅၇၉) ဤသုတ်တော်တွင် ဖော်ပြသော ''တောင်းခံရာတိုင်းကို ပေးအပ်တော်မူ၏'' ဆိုသည်မှာ လူသားသည် လိုချင်သော အရာ တစ်ခုခု စိတ်ကို တစ်စိုက်မတ်မတ် ထား၍ ဇွဲနပဲဖြင့် စူးစမ်းရှာဖွေလျှင် ထိုအရာ ဖြစ်ပေါ်ရန် လောက၏ လျှို့ဝှက်ချက်များကို သိလာသည်။ ရရှိ လာသည်ကို ရည်ညွှန်းပေသည်။ လူသားသည် မည်သည့် ပညာရပ်ကို မဆို ရှာဖွေကြံဆ နည်းလမ်း ရနိုင်ပေသည်။ သို့သော် ထိုသို့ အဖြေ ရလာ သောအခါ ဉာဏ်စဉ်၏ ဇစ်မြစ်တော် အရှင်အား ကျေးဇူးတင်ရမှန်း မသိကြောင်းကို ဤသုတ်တော်က ထောက်ပြထားပေသည်။

၂း၁၂၄	အီဗရာဟီးမ်က* ရင့်ကျူးသည်မှာ ‘‘အို– ကံကြမ္မာရှင် ဤမြို့တော်အား ယုံကြည်စိတ်ချရရန် စီစဉ်တော်မူပါ။ တပည့်တော်နှင့် သားမြေးတို့အား ရုပ်ပွားဆင်းတု ကိုးကွယ်ခြင်းမှ ကင်းသန့်စေတော်မူပါ။–
၃၆။	**رَبِّ إِنَّهُنَّ أَضْلَلْنَ كَثِيرًا مِّنَ النَّاسِ فَمَن تَبِعَنِي فَإِنَّهُ مِنِّي وَمَنْ عَصَانِي فَإِنَّكَ غَفُورٌ رَّحِيمٌ** ۞ အို– ကံကြမ္မာရှင် ၎င်းတို့သည် လူသားများစွာတို့ကို လွဲမှားစေပါပြီ။ တပည့်တော်အား လိုက်နာသူသည် တပည့်တော်နှင့် အတူဖြစ်၍၊ တပည့်တော်အား အာခံသူအတွက် အရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်ပါ၏။–
၃၇။ ☆ ၂း၃	**رَّبَّنَا إِنِّي أَسْكَنتُ مِن ذُرِّيَّتِي بِوَادٍ غَيْرِ ذِي زَرْعٍ عِندَ بَيْتِكَ الْمُحَرَّمِ رَبَّنَا لِيُقِيمُواْ الصَّلاَةَ فَاجْعَلْ أَفْئِدَةً مِّنَ النَّاسِ تَهْوِي إِلَيْهِمْ وَارْزُقْهُم مِّنَ الثَّمَرَاتِ لَعَلَّهُمْ يَشْكُرُونَ** ۞ အို– ကံကြမ္မာရှင်၊ တပည့်တော်၏ သားမြေးတစ်ချို့ကို အရှင်၏ ဘေးမဲ့ အိမ်တော်ထံပါး စိုက်ပျိုးမဖြစ်သော ချိုင့်ဝှမ်းဒေသ၌ နေရာချထားပါ၏၊ အို– ကံကြမ္မာရှင် သူတို့အား ဝတ်ပြု☆ မြဲတို့ရာ– သို့ဖြင့် လူသားတို့အား နှလုံးပိုက်စေလျက် ၎င်းတို့ဘက်သို့ လိုဘရှိတို့ရာ စီစဉ်တော်မူပါ။ ကျေးဇူးတော်အား သိတတ်အံ့ငှာ သူတို့အား သစ်သီးဝလံရိက္ခာများထောက်တော်မူပါ။[၅၈၀]–
၃၈။	**رَبَّنَا إِنَّكَ تَعْلَمُ مَا نُخْفِي وَمَا نُعْلِنُ وَمَا يَخْفَى عَلَى اللهِ مِن شَيْءٍ فِي الأَرْضِ وَلاَ فِي السَّمَاء** ۞ အို– ကံကြမ္မာရှင် တပည့်တော်၏ ထိန်ဝှက်ထားရာ၊ လူသိရှင်ကြားပြုရာများကို အရှင်သည် အသိဆုံး ဖြစ်ပါ၏။ မြေကမ္ဘာ၌ ကောင်းကင်များ၌ ပရမတ်ဘုရားရှင်၏ထံမှ ထိန်ဝှက်ထားနိုင်ရာ တစ်စုံတစ်ရာ မရှိပါ။–
၃၉။	**الْحَمْدُ لِلّهِ الَّذِي وَهَبَ لِي عَلَى الْكِبَرِ إِسْمَاعِيلَ وَإِسْحَقَ إِنَّ رَبِّي لَسَمِيعُ الدُّعَاء** ۞ –တပည့်တော်၏ ကြီးရင့်ချိန်၌ အိစွမာအိလ်နှင့် အိစွဟာ့ဂ်တို့အား ချီးမြှင့်ခဲ့သော ပရမတ်ဘုရားရှင်သည် ရည်သန်စူးစိုက်မှုတည်ရာ အရှင် ဖြစ်ပါ၏။ ကံကြမ္မာရှင်သည် တောင်းဆုများကို ကြားနေသောအရှင် ဖြစ်ပါ၏။–
၄၀။	**رَبِّ اجْعَلْنِي مُقِيمَ الصَّلاَةِ وَمِن ذُرِّيَّتِي رَبَّنَا وَتَقَبَّلْ دُعَاء** ۞ အို– ကံကြမ္မာရှင် တပည့်တော်နှင့် သားမြေးများမှ ဝတ်ပြု မြဲစေရန် စီစဉ်ပေးတော်မူပါ။ အို ကံကြမ္မာရှင် တောင်းဆုများကို အကိုးပြည့်စေတော်မူပါ။–
၄၁။	**رَبَّنَا اغْفِرْ لِي وَلِوَالِدَيَّ وَلِلْمُؤْمِنِينَ يَوْمَ يَقُومُ الْحِسَابُ** ۞ အို– ကံကြမ္မာရှင် တပည့်တော်နှင့် မွေးမိဘများ၊ ယုံကြည်သူများအား ရပ်တည်ရမည့်နေ့တွင် စရင်းရှင်းရခြင်းမှ လွတ်ငြိမ်းစေတော်မူပါ၊’’ဟု ဖြစ်၏။
၄၂။	**وَلاَ تَحْسَبَنَّ اللهَ غَافِلاً عَمَّا يَعْمَلُ الظَّالِمُونَ إِنَّمَا يُؤَخِّرُهُمْ لِيَوْمٍ تَشْخَصُ فِيهِ الأَبْصَارُ** ۞ အမိုက်ကောင်များ၏ ကျင့်ကြံလေသမျှကို ပရမတ်ဘုရားရှင်သည် မေ့လျော့ထားသည်ဟု မစဉ်းစားလေနှင့်။ သူတို့အား အမြင်များ ကြောင်တောင်ငေးနေရသော နေ့အထိ အချိန်နောက်ဆုတ်ထားတော်မူ၏။
၄၃။	**مُهْطِعِينَ مُقْنِعِي رُءُوسِهِمْ لاَ يَرْتَدُّ إِلَيْهِمْ طَرْفُهُمْ وَأَفْئِدَتُهُمْ هَوَاء** ۞ ပြာပြာသလဲ ဦးခေါင်းများ ရှေ့ထိုးလျက် နောက်မလှည့်နိုင် သူတို့ကိုယ်သူတို့ မျက်ခြည်ပြတ်ကာ စိတ်နှလုံးများမှာ လိုဘဇောတက်နေရ၏။

(၅၈၀) ဤဆုတောင်းပြည့်မှုမှာ အံ့ဩစရာပင် ဆက်သွယ်ရေး မကောင်းလှသော ခေတ်ဖြစ်သည့် လွန်ခဲ့သော နှစ်ပေါင်း လေးထောင်ကျော်ကပင် အီဗရာဟီးမ်၏ သားမြေးများသည် ဘုရားရှင်အား ယုံကြည်အားကိုးသော စိတ်ဖြင့် ထိုသီးနှံကင်းမဲ့သည့် ဒေသတွင် နေခဲ့သော်လည်း စိုက်ပျိုးရန် မလိုဘဲ စားရေ ရိက္ခာများ ပေါကြွယ်ဝလျက် ရှိနေပေသည်။ ကိုယ်တော်မုဟမ္မဒ်သည်လည်း နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် အဖြစ် ထိုဒေသမှ တဆင့် ကမ္ဘာ့ လူသားများသို့ ဉာဏ်စဉ်ရေးရာနှင့် အယူသန့်ကိုးကွယ်နည်း အတတ်တည်း ဟူသည့် ရိက္ခာကို ကမ္ဘာသို့ ဝေငှခဲ့ပေသည်။

၄၄။	**وَأَنذِرِ النَّاسَ يَوْمَ يَأْتِيهِمُ الْعَذَابُ فَيَقُولُ الَّذِينَ ظَلَمُواْ رَبَّنَا أَخِّرْنَا إِلَى أَجَلٍ قَرِيبٍ نُّجِبْ دَعْوَتَكَ وَنَتَّبِعِ الرُّسُلَ أَوَلَمْ تَكُونُواْ أَقْسَمْتُم مِّن قَبْلُ مَا لَكُم مِّن زَوَالٍ۞** ဝဋ်ကြွေးဒဏ်ကြီး ဆိုက်ရောက်မည့်နေ့ကို လူသားတို့အား သတိပေးလော့။ မိုက်ကြေးခွဲသောသူများက ''အို–ကံကြမ္မာရှင် တပည့်တော်တို့အား သတ်မှတ်ချိန်အား နောက်ဆုတ်ပေးပါ။ အရှင့် ဖိတ်ခေါ်မှုအား နီးကပ်စွာ တုန့်ပြန်၍၊ ဉာဏ်စဉ်ဆောင်များကိုလည်း လိုက်နာပါမည်၊''ဟု ဆိုကြ၏။ ကျွန်ုပ်တို့သည် **အဆုံးထိမရွေ့တော့**ဟု ဤရှေ့အလျင်က သင်တို့ တိုင်တည်ခဲ့ကြသည် မဟုတ်လော။ **မသေ ဏော့**
၄၅။	**وَسَكَنتُمْ فِي مَسَاكِنِ الَّذِينَ ظَلَمُواْ أَنفُسَهُمْ وَتَبَيَّنَ لَكُمْ كَيْفَ فَعَلْنَا بِهِمْ وَضَرَبْنَا لَكُمُ الأَمْثَالَ۞** သူတို့၏စရိုက်ကို သူတို့ မိုက်ကြေးခွဲသောသူတို့၏ အခြေချနေရာတွင် သင်တို့အား အခြေချစေခဲ့ပြီ မဟုတ်လော။ ငါသည် သူတို့အား မည်သို့ စီမံခဲ့ကြောင်း၊ သင်တို့အဘို့ မည်သို့ ပမာပြု ဥပမာပေးခဲ့ကြောင်း သင်တို့အား ရှင်းလင်းစေခဲ့ပြီ မဟုတ်လော။
၄၆။	**وَقَدْ مَكَرُواْ مَكْرَهُمْ وَعِندَ اللّهِ مَكْرُهُمْ وَإِن كَانَ مَكْرُهُمْ لِتَزُولَ مِنْهُ الْجِبَالُ۞** သူတို့၏ ကြံစည်မှုကို သူတို့ကြံစည်ကြ၏။ သူတို့ ကြံစည်လေသမျှသည် ပရမတ်ဘုရားရှင်၏ အထံတော်၌ ရှိနေ၏။ သူတို့၏ ကြံစည်မှုမှာ တောတောင်ကို ရွေ့ပစ်မလောက်ပင်။
၄၇။	**فَلاَ تَحْسَبَنَّ اللّهَ مُخْلِفَ وَعْدِهِ رُسُلَهُ إِنَّ اللّهَ عَزِيزٌ ذُو انْتِقَامٍ۞** ပရမတ်ဘုရားရှင်သည် အရှင်၏ ဉာဏ်စဉ်ဆောင်များ၌ ထားသော ကတိကို ပေါ့လျော့ထားမည်ဟု မစဉ်းစားနှင့်၊ ပရမတ်ဘုရားရှင်သည်ကား ဘုန်းတော်အရှင် တန်ပြန်စေသော အရှင် ဖြစ်ပေ၏။
၄၈။	**يَوْمَ تُبَدَّلُ الأَرْضُ غَيْرَ الأَرْضِ وَالسَّمَاوَاتُ وَبَرَزُواْ للّهِ الْوَاحِدِ الْقَهَّارِ۞** ကမ္ဘာအား အခြားကမ္ဘာ အဖြစ်၊ ကောင်းကင်များကိုလည်း ထိုသို့ လွှဲပြောင်းစေသောနေ့၌[၅၁] တစ်ဆူတည်း ဖူးခြာဖြစ်သော ပရမတ်ဘုရားရှင်၏ ထံတော်သို့ ပြန်ထွက်လာရလတ္တံ့။
၄၉။	**وَتَرَى الْمُجْرِمِينَ يَوْمَئِذٍ مُّقَرَّنِينَ فِي الأَصْفَادِ۞**

---

(၅၁) ဤသုတ်တော်ပါ၊ ကမ္ဘာနှင့် ကောင်းကင်ကို အခြားသော ကမ္ဘာသစ် ကောင်းကင်သစ်အဖြစ် ပြောင်းလဲခြင်း ဆိုသည်မှာ ခေတ်ပြောင်းခြင်းကို ဆိုလိုပေသည်။ ထို့အပြင် အခြားသော ရုပ်ပိုင်းဆိုင်ရာ တစ်ရပ်မှာ ဘာသာတရား အားလုံးက ယုံကြည်ထားသည့် ကမ္ဘာပျက်ရခြင်းပင်။ ကမ္ဘာပျက်သောအခါ ကမ္ဘာပေါ်ရှိ သက်ရှိသက်မဲ့ အားလုံးသည် ပြေးရာလမ်းမရှိ အားလုံးသေကြေ ပျက်စီးကုန်မည်ဟူသော ပုံပြင် ဆန်ဆန် ယုံကြည်မှုကို ကျမ်းတော်က မသွန်သင်ပေ။ ကမ္ဘာပျက်ရမည်ဟူသော ကျမ်းတော်ပါ အဆုံးအမမှာ လူသားများအား သတိပေးခြင်းသာ ဖြစ်ပေသည်။ အကယ်၍ ရွာတစ်ရွာ၊ ဒေသတစ်ခုသည် မီးလောင်ခြင်း၊ ရေဖုံးလွှမ်းခြင်း စသော ကပ်အမျိုးမျိုးကြောင့် ပျက်စီးရမည်ကို ကြိုတင် သိခဲ့လျှင် ထိုအရပ်ဒေသမှ လူများသည် သူတို့ပိုင်သော၊ သူတို့အတွက် အသုံးဝင်သော သက်ရှိသက်မဲ့များကို ယူဆောင်လျက် အခြား ဒေသတစ်ခုသို့ ပြောင်းရွှေ့သွားရမည်ပင်။ အလားတူပင်၊ အရာဝတ္ထုတိုင်း ရင်ဆိုင်ရမည့် အနိစ္စတရားအောက်တွင် လက်ရှိ ကျွန်ုပ်တို့နေထိုင်သည့် ကမ္ဘာကြီလည်သည်လည်း ပါဝင်နေပေသည်။ သူ့သက်တမ်းကုန်လျှင် သူသည်လည်း ပျက်စီးပျိုယွင်းရမည်ပင်။ ထိုအချင်းအရာအား ကြိုတင်သိနေလျှင် ကမ္ဘာ၏ ကိုယ်စားလှယ်များဖြစ်သော လူသားများက (၆း၁၆၆) ဦးဆောင်၍ အခြား ကမ္ဘာသစ် တစ်ခုအား ပြောင်းရွှေ့နေထိုင်ရမည်ပင်။ ထိုသို့ ပြောင်းရွှေ့ နေနိုင်ရန်အတွက် လူသားများကို နည်းလမ်းရှာနိုင်ရန် ကြိုတင်ပြင်ဆင်နိုင်ရန် ကြိုတင်နေရာချထားနိုင်ရန် သတိပေးခြင်းသာ ဖြစ်ပေသည်။ (၂း၂၉)၏ အောက်ခြေရှင်းလင်းချက်ကို ကြည့်ပါ။ လူသားများ နေထိုင်အခြေချရန် အဆင်သင့် မဖြစ်ခဲ့သော နေရာများကို နေထိုင် အခြေချနိုင်ရန် ပြုပြင်လျက် လူသားများ နေထိုင်ခဲ့သည်မှာ လက်တွေ့ကျသော အဖြစ်အပျက်များ ဖြစ်ပေသည်။ အလားတူပင် ယခုအချိန်၌ လူသားများ အခြေချ နေထိုင်နိုင်ရန် အဆင်သင့်မဖြစ်သေးသော ကမ္ဘာသစ်များမှာ နောင်တစ်ချိန်၌ အခြေချနိုင်သော အဆင့်သို့ ရောက်လာရမည်ပင်။ လူအများက မိရိုးဖလာအတိုင်း ယုံကြည်နေသော ကမ္ဘာပျက်မည့်နေ့ ဆိုသည်ကို ကျမ်းတော်က **ယောင်းမွန်ကီယာမတ်** ဟု ခေါ်ပေသည်။ အဓိပ္ပါယ်မှာ ''ရပ်တည်ရမည့် နေ့'' ဟု ဖြစ်၍၊ ကမ္ဘာကြိုလ်နှင့် အတူ အလုံးစုံသော အရာများသည် တစ်ပြိုင်တည်း သေကြေပျက်စီးသွားမည်ဟု လုံးဝ မဆိုလိုပေ။ ဤသုတ်တော်ကလည်း ကမ္ဘာသစ်၊ ကောင်းကင်သစ်ကို ပြောင်းလဲပေးမည်ဟု အတိအကျ ပြောထားသည့်အပြင်၊ သင်တို့အား အသစ်တဖန် ပြည်လည် ဖြစ်တည်စေမည်ဟု မကြာခဏ ဆိုထားပေသည် (၁၃း၅)။

	ထိုနေ့၌ ရာဇဝတ်ကောင်များကို ခြေကျင်းများဖြင့် သီထားသည်ကို သင်မြင်ရလတ္တံ့။[၅၂]
၅၀။	**سَرَابِيلُهُم مِّن قَطِرَانٍ وَتَغْشَى وُجُوهَهُمُ النَّارُ ۞** သူတို့၏ အဝတ်အထည်မှာ ကြေးရည်ဖြင့် ပြုလုပ်ထား၍၊ သူတို့၏ မျက်နှာများကို အပူမီးက လွှမ်းခြုံလတ္တံ့။
၅၁။	**لِيَجْزِيَ اللهُ كُلَّ نَفْسٍ مَّا كَسَبَتْ إِنَّ اللهَ سَرِيعُ الْحِسَابِ ۞** ပရမတ်ဘုရားရှင်သည် ဉာဉ်စရိုက် ကိုယ်စီအား သူကျင့်ဆောင်ခဲ့သည့်အတိုင်း အစားပေးတော်မူမည်။ ဇကောန်ပင် ပရမတ်ဘုရားရှင်သည် အချိန်နှင့်တပြေးညီ စရင်းစစ်နေတော်မူ၏။
၅၂။	**هَذَا بَلاَغٌ لِّلنَّاسِ وَلِيُنذَرُواْ بِهِ وَلِيَعْلَمُواْ أَنَّمَا هُوَ إِلَـهٌ وَاحِدٌ وَلِيَذَّكَّرَ أُوْلُواْ الأَلْبَابِ ۞** ဤ လူသားတို့အတွက် ဆိုက်ရောက်စေခြင်းမှာ– “သတိပေးရန်၊ အရှင်သည် ဇကောဒိ ဘုရားရှင် ဖြစ်ကြောင်း သိကြစေရန်၊ သဘောပေါက်နိုင်စွမ်း ရှိသူများ ဆင်ခြင်သတိရှိနိုင်ရန်” – ဖြစ်၏။

(၅၂) ကမ္ဘာသစ် ကောင်းကင်သစ်အား ပြောင်းလွှဲခြင်းကို ငရဲကျမည်၊ ဒုက္ခရောက်မည်ဟု မိရိုးဖလာ၌ အယူသည်းလျက် မာနကြီးနေသူများသည် သူတို့နေသော ကမ္ဘာဟောင်း ပျက်စီးရချိန်တွင် ခြေမကိုင်မိ၊ လက်မကိုင်မိ ဒုက္ခရောက်ရပေလိမ့်မည်၊ သူတို့သည် ပျက်စီးသော ကမ္ဘာနှင့်အတူ မီးလောင်ကျွမ်းခြင်းကို ခံရပေလိမ့်မည်ဟု ဤသုတ်တော်နှင့် ဆက်လက်ဖေါ်ပြသော သုတ်တော် ၅၀ တို့တွင် သတိပေးထားပေသည်။ ကမ္ဘာပြောင်းရန် အာကာသ တံခါးကို ဖွင့်ပေးသော်လည်း မကောင်းဆိုးဝါး၏ နောက်လိုက်များသည် မိရိုးဖလာ၌ စွဲကပ်သောကြောင့် ပစ်ဒုံးများဖြင့် ပစ်ခံရမည်ဟု ၁၅း၁၄—၁၈ တွင် ဆိုထားပေသည်။

မမွခန္ဓာ (၁၅) ကျောက်ဆစ်မြို့ (အလ် ဟဂ်ျရ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၅၄၊ သုတ်ဒေသနာ ၉၉ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။ ✡ ၁၀း၁	**الٓرٰ تِلْكَ آيَاتُ الْكِتَابِ وَقُرْآنٍ مُّبِينٍ۞** အလက်ဖ်၊လမ်၊ရာ၊✡ ဤသည် သုတ်ဒေသနာများနှင့် ရှင်းလင်းထင်ရှားသော ကုရ်အာန် ကျမ်းတော်ပင် ဖြစ်၏။
၂။ သန္ဓိသုခ ဝါဒီ	**رُّبَمَا يَوَدُّ الَّذِينَ كَفَرُواْ لَوْ كَانُواْ مُسْلِمِينَ۞** မကြာခဏပင်၊ ဖုံးကွယ်သောသူများက သူတို့သည် **မွတ်ဆလင်**များ ဖြစ်လိုကြ၏။[၅၄၃]
၃။	**ذَرْهُمْ يَأْكُلُواْ وَيَتَمَتَّعُواْ وَيُلْهِهِمُ الأَمَلُ فَسَوْفَ يَعْلَمُونَ۞** သူတို့အား စားသောက်၊ ပျော်မြူးလျက် မျှော်လင့်ချက်ထဲ၌ ချန်ထားခဲ့လော့၊ မကြာမီ သူတို့ သိကြရလတ္တံ့။
၄။	**وَمَا أَهْلَكْنَا مِن قَرْيَةٍ إِلاَّ وَلَهَا كِتَابٌ مَّعْلُومٌ۞** အသိပေး ပြဋ္ဌာန်းမှု မရှိဘဲ မည်သည့် အရပ်ဒေသ သားများကိုမှ၊ ငါသည် တိမ်ကောစေခြင်း မရှိချေ။
၅။	**مَّا تَسْبِقُ مِنْ أُمَّةٍ أَجَلَهَا وَمَا يَسْتَأْخِرُونَ۞** သတ်မှတ်ကာလအား လွန်ဆန်နိုင်သော၊ နောက်ဆုတ်နိုင်သော အသိုင်းအဝိုင်းဟူ၍ မရှိချေ။
၆။	**وَقَالُواْ يَا أَيُّهَا الَّذِي نُزِّلَ عَلَيْهِ الذِّكْرُ إِنَّكَ لَمَجْنُونٌ۞** သူတို့ ပြောကြသည်မှာ ‘‘အို– သတိပေးတရားကို ချမှတ်ပေးခံရသောသူ၊ အသင်သည် ရူးနေသူသာ ဖြစ်၏။–
၇။ ✡ ၂၃း၀	**لَّوْ مَا تَأْتِينَا بِالْمَلاَئِكَةِ إِن كُنتَ مِنَ الصَّادِقِينَ۞** –သင်သည် ဖြောင့်မှန်သူ ဖြစ်လျှင် အဘယ်ကြောင့် နိမိတ်ဆောင်များရံလျက်✡ မလာရောက်ခဲ့သနည်း၊’’ဟု ဖြစ်၏။
၈။	**مَا نُنَزِّلُ الْمَلاَئِكَةَ إِلاَّ بِالْحَقِّ وَمَا كَانُواْ إِذًا مُّنظَرِينَ۞** ငါသည် နိမိတ်ဆောင်များကို တိကျသော ကိစ္စအတွက်သာ တာဝန်ချပေးတော်မူ၏။ ထိုအခါ စောင့်ကြည့်နေခွင့်ရ တော့မည် မဟုတ်ချေ။[၅၄၄]

---

(၅၄၃) ဤသုတ်တော်သည် နောင်ဘဝတွင် ဖြစ်ပေါ်မည့် ဆန္ဒကိုသာ ကိုယ်စားပြုသည် မဟုတ်ပေ။ အစ္စလာမ်သာသနာ၏ ယုတ္တိဗေဒ ကိုက်ညီမှုနှင့် အင်အားတောင့်တင်းလာမှုကို မြင်တွေ့သော အတိုက်အခံများ၏ ဖြစ်ပေါ်လေ့ရှိသော ဆန္ဒကို ဖေါ်ပြခြင်း ဖြစ်ပေသည်။

(၅၄၄) ဤသုတ်တော်က၊ ဘုရားရှင်သည် နိမိတ်ဆောင်များအား စေစားရသည့် အကြောင်းရင်းကို တိကျစွာ ရှင်းလင်းသည်။ နိမိတ်ဆောင်များ ဆိုသည်မှာ လူသားစင်စစ်များသာ ဖြစ်ကြောင်း (၂၃း၀) တွင် ရှင်းခဲ့ပြီ။ သူတို့သည် ပညာရပ် တစ်ခုစီ၌ ကျွမ်းကျင် လိမ္မာသူများ ဖြစ်ကြသည်။ သူတို့ ကျွမ်းကျင်လိမ္မာသော ပညာရပ်ဖြင့် တွက်ချက်၍ သိနိုင်သော အရာများမှ လူသားတို့အတွက် ဘေးအန္တရာယ် ကျရောက်နိုင်သော အရာများကို ကြိုတင်ဟောပေးလေ့ရှိပေသည်။ ကျမ်းတော်တွင် နိမိတ်ဆောင်များသည် အာဒ်လူမျိုး၊ သမု–ဒ်လူမျိုး လု–တ်၏ လူမျိုးများထံသို့ မြေငလျင်လှုပ်မည့် အကြောင်း၊ မီးတောင်ပေါက်ကွဲမည့် အကြောင်း စသော အရာများကို ကြိုတင်၍ လာပြောကြောင်း မကြာခဏ ဖေါ်ပြပေသည်။ သူတို့၏

၉။ ကုရ် အာန်	**إِنَّا نَحْنُ نَزَّلْنَا الذِّكْرَ وَإِنَّا لَهُ لَحَافِظُونَ۝** ဇကေန်ပင် ငါသည် **သတိပေးတရားတော်**ကို ချမှတ်ပေး၍။ ငါသည်သာ ၎င်းအား စောင့်ရှောက်သော အရှင် ဖြစ်၏။[၅၈၅]
၁၀။ လူအုပ်စု	**وَلَقَدْ أَرْسَلْنَا مِن قَبْلِكَ فِي شِيَعِ الْأَوَّلِينَ۝** သင့် ရှေ့အလျင် ရှေးကျသော **ဂိုဏ်းအုပ်စုများ** ထဲ၌လည်း မုချ စေစားခဲ့ပြီ။
၁၁။	**وَمَا يَأْتِيهِم مِّن رَّسُولٍ إِلَّا كَانُوا بِهِ يَسْتَهْزِؤُونَ۝** ဉာဏ်စဉ်ဆောင်တစ်ပါး သူတို့ထံ ရောက်လာသော်၊ သူ့အား လှောင်ပြောင်ကြသည်သာ ဖြစ်၏။
၁၂။	**كَذَٰلِكَ نَسْلُكُهُ فِي قُلُوبِ الْمُجْرِمِينَ۝** ရာဇဝတ်ကောင်များ၏ စိတ်နှလုံးကို ထိုသို့ ဖေါက်ဝင်စေတော်မူပြီ။
၁၃။	**لَا يُؤْمِنُونَ بِهِ وَقَدْ خَلَتْ سُنَّةُ الْأَوَّلِينَ۝** ကုန်လွန်ခဲ့သော ရှေးလူဟောင်းတို့၏ ဓလေ့ထုံးတမ်းများ ကဲ့သို့ပင်၊ သူ့အား ယုံကြည်ကြသည် မဟုတ်ချေ။
၁၄။ ကောင်း ကင်	**وَلَوْ فَتَحْنَا عَلَيْهِم بَابًا مِّنَ السَّمَاءِ فَظَلُّوا فِيهِ يَعْرُجُونَ۝** ငါသည် သူတို့အပေါ်၌၊ သူတို့ ဆက်၍ တက်သွားနိုင်ရန် **အာကာသ** တံခါးပေါက်ကို ဖွင့်ပေးတော်မူသော်လည်း၊–
၁၅။	**لَقَالُوا إِنَّمَا سُكِّرَتْ أَبْصَارُنَا بَلْ نَحْنُ قَوْمٌ مَّسْحُورُونَ۝** “ကျွန်ုပ်တို့၏ အမြင်များ ယစ်မူးနေခြင်းသာ၊ အမှန်မှာ ကျွန်ုပ်တို့သည် ပြုစားခံရသော လူမျိုးသာ ဖြစ်၏၊”ဟု ဆိုကြလတ္တံ့။[၅၈၆]
၁၆။	**وَلَقَدْ جَعَلْنَا فِي السَّمَاءِ بُرُوجًا وَزَيَّنَّاهَا لِلنَّاظِرِينَ۝** မုချပင် ငါသည် ကောင်းကင်ယံ၌ နဂါးငွေ့တန်းများကို စီစဉ်ထားပြီး၊ ကြည့်သူတို့အား ဖမ်းစားစေပြီ။[၅၈၇]

ပြောစကားကို မယုံကြည်သူတို့သည် ထိုကျရောက်လာသည့် ကပ်ဘေးထဲ၌ ပါသွားရသည်သာ ဖြစ်ပေသည်။ ဤသုတ်တော်တွင်လည်း အကယ်၍ နိမိတ်ဆောင်များသာ ရောက်လာလျှင် သူတို့ အတွက် အဖြေမှန်၊ မမှန် စောင့်ကြည့်နေရန် အချိန် မရှိတော့ ဟု ရှင်းလင်းစွာ ပြောထားပေသည်။

(၅၈၅) ဤသုတ်တော်သည် အုံသြဘွယ် အကောင်းဆုံး ဟောကိန်းများမှ တစ်ခု ဖြစ်၏။ ဤသုတ်တော်မှ သတိပေးချက် ဆိုသည်မှာ လူသား အပေါင်းအား ကောင်း၊ ဆိုးကို သတိပေး ရှင်းပြသော ကျမ်းမြတ်ကုရ်အာန်တော်ကို ကိုယ်စားပြု၍။ ကမ္ဘာပေါ်တွင် ရှိလေသမျှသော စာအုပ်များ အနက် လုံးဝ တည်းဖြတ် ပြုပြင်ရန်မလို၊ တည်းဖြတ်ပြင်ဆင်ခြင်း မရှိသော မူရင်းအတိုင်း တစ်လုံးတစ်ပါဒ မလွဲ ပကတိအတိုင်း တည်ရှိနေသာ စာအုပ် ဟူ၍ ကျမ်းမြတ် ကုရ်အာန် တစ်အုပ်တည်းသာလျှင် ရှိပေသည်။ ထိုသို့ နှစ်ပေါင်း ၁၅၀၀ ကျော်လာသည့်တိုင် မူရင်းစစ်စစ် တည်ရှိနေခြင်း သည်ပင် ထိုစာအုပ်အား ပရမတ်ဘုရားရှင် ကိုယ်တော်တိုင် စောင့်ရှောက်ထားသည် ဆိုခြင်းမှာ လုံးဝလုံလောက်သော သက်သေတစ်ရပ်ပင် ဖြစ်တော့သည်။

(၅၈၆) သုတ်တော် (၁၄–၁၅) သည် ၁၄း၄၈ ပါ။ လူသားမျိုးနွယ်များစွာ ကမ္ဘာသစ် ပြောင်းသွားရမည်ကို ကြိုတင်၍ ရှင်းပြခြင်း ဖြစ်ပေသည်။ လူသား တို့သည် ရှေးနှစ်ပေါင်းများစွာ ယာဉ်ရထားများ မပေါ်မီ ခေတ်ကာလက တိုင်းပြည် တစ်ခုမှ တစ်ခုသို့ သွားရန်မှာ နှစ်၊ လ အချိန်ပေး လမ်းလျှောက်ခဲ့ရ သော်လည်း ယခုခေတ်တွင် လေယာဉ်များ ကား၊ ရထားများဖြင့် သွားလာသောအခါ အလွန်ဝေးကွာခဲ့သော နေရာများသည် အချိန်တိုအတွင်း ရောက်နိုင်ခဲ့ပေပြီ။ အလားတူပင် နောင်လာမည့် ကာလတွင် ဂြိုလ်တစ်ခုမှ အခြားဂြိုလ်တစ်ခုသို့ သွားရန် နာရီပိုင်း ရက်ပိုင်းသာ အချိန်ပေးရ ပေတော့မည်။ ထိုအတွက် ကျမ်းတော်က အာကာသ ကောင်းကင်၌ တံခါးပေါက်ကို ဖွင့်ပေးတော်မူမည်ဟု ဆိုထားပေသည်။ သို့သော် ရှေးဟောင်း ဒဏ္ဍာရီများကိုသာ ခင်မင်ဖက်တွယ်နေသော သူများက ထိုအဖြစ်အပျက်ကို ယုံကြည်လက်ခံနိုင်မည် မဟုတ်ချေ။ သူတို့ကိုယ် သူတို့ စုံးပရောဂ ပြုစားခံရ၍ အမြင်များ မှောက်မှားနေလိမ့်မည်ဟု သုတ်တော် ၁၅ က ဆိုထားပေသည်။

(၅၈၇) ဤသုတ်တော်ပါ နဂါးငွေ့တန်း **ဘိုရူးဂျ် بُرُوجًا** ဆိုသည်မှာ နေ၊ကြယ်၊ နက္ခတ်၊ ဂြိုလ်ပေါင်းများစွာ ပါဝင်သော အုပ်စုကို ဆို၍။ ထိုအရာ များသည် ကျွန်ုပ်တို့လူသားတို့၏ ပိုင်ဆိုင်ရာ၊ အသုံးပြုစရာဟု မြင်တတ်သော သူများက စိတ်ပျော်ရွှင်ခြင်းကို ခံစားကြည်နူးနိုင်ကြောင်း ဖေါ်ပြထား ပေသည်။ ထို့ပြင် **ဘိုရူးဂျ်** ဆိုသည်မှာ သေချာစနစ်တကျ တည်ဆောက်ထားသော ရဲတိုက်ကြီးများ၊ ခံတပ်ကြီးများဟုလည်းကောင်း–၄း၇၈၊ လမ်းပတ်လျှောက်နေသည်ဟုလည်းကောင်း ၃၃း၃၃ ပြောဆိုထားသည်။ ထို့ကြောင့် ကြယ်တာရာစု နဂါးငွေ့တန်းတို့သည် ပရမ်းပတာ ပြန့်ကြဲ

၁၇။ ✡ ၂း၁၄	**وَحَفِظْنَاهَا مِن كُلِّ شَيْطَانٍ رَّجِيمٍ۞** ငါသည် ၎င်းကို ပစ်ထုတ်ခံ မကောင်းဆိုးဝါး ကိုယ်စီမှ✡ ကာကွယ်စောင့်ရှောက်ထား၏။
၁၈။	**إِلاَّ مَنِ اسْتَرَقَ السَّمْعَ فَأَتْبَعَهُ شِهَابٌ مُّبِينٌ۞** ခိုး၍ နားစွင့်သူကိုသာ ရှင်းလင်းထင်ရှားသော မီးပုံးသည် နောက်ယောင်ခံလိုက်စေ၏။[၅၈]
၁၉။	**وَالأَرْضَ مَدَدْنَاهَا وَأَلْقَيْنَا فِيهَا رَوَاسِيَ وَأَنبَتْنَا فِيهَا مِن كُلِّ شَيْءٍ مَّوْزُونٍ۞** တိုးရွေ့နေသော မြေသားဂြိုလ်၊ ၎င်းကို တိုက်ကြီးများဖြင့် ခင်းကျင်းထားပေး၏။[၅၉] သီးနှံများဖြစ်ထွန်းစေ၏၊ သဗ္ဗလုံးစုံ စရွေးကိုက် ဖြစ်စေ၏။
၂၀။	**وَجَعَلْنَا لَكُمْ فِيهَا مَعَايِشَ وَمَن لَّسْتُمْ لَهُ بِرَازِقِينَ۞** သင်တို့အတွက် ဘဝတည်ဆောက်နည်းကို စီစဉ်ပေးတော်မူပြီ၊ ထို့အတွက် သင်တို့သည် ဆွမ်းကပ်ရသူများ မဟုတ်ချေ။
၂၁။	**وَإِن مِّن شَيْءٍ إِلاَّ عِندَنَا خَزَائِنُهُ وَمَا نُنَزِّلُهُ إِلاَّ بِقَدَرٍ مَّعْلُومٍ۞** ငွါထံတော်မှ ကင်းလွတ်နိုင်သော အရာဟူ၍ မရှိ၊ အရှင်၏ ဘဏ္ဍာများသာ ဖြစ်၏။ သူ့စည်းချိန်အလျောက် အရှင်က ချမှတ် အသိပေးတော်မူ၏။
၂၂။	**وَأَرْسَلْنَا الرِّيَاحَ لَوَاقِحَ فَأَنزَلْنَا مِنَ السَّمَاء مَاء فَأَسْقَيْنَاكُمُوهُ وَمَا أَنتُمْ لَهُ بِخَازِنِينَ۞** မြေဆီသြဇာကောင်းသော လေများကို ငါ စေစားတော်မူ၏။ ကောင်းကင်ယံမှ ရေကို သွန်းချပေးတော်မူ၍၊ သင်တို့အတွက် သောက်သုံးရေ ဖြစ်စေ၏။ သင်တို့သည် ၎င်းကို သိုလှောင်ထားရသူများ မဟုတ်ချေ။
၂၃။	**وَإِنَّا لَنَحْنُ نُحْيِي وَنُمِيتُ وَنَحْنُ الْوَارِثُونَ۞** ကောန်ပင် ငါသည်သာ နိစ္စ၊ အနိစ္စကို ဖြစ်စေ၏။ ငါသည် အမွေပေးသော အရှင် ဖြစ်၏။
၂၄။	**وَلَقَدْ عَلِمْنَا الْمُسْتَقْدِمِينَ مِنكُمْ وَلَقَدْ عَلِمْنَا الْمُسْتَأْخِرِينَ۞** သင်တို့အနက် စုံရုပ်နေသူများကို မုချ ငါ သိနေ၏။ နောက်ခေတ်မျိုးဆက်ကိုလည်း ငါ သိနေတော်မူ၏။
၂၅။	**وَإِنَّ رَبَّكَ هُوَ يَحْشُرُهُمْ إِنَّهُ حَكِيمٌ عَلِيمٌ۞** ဇကောန်ပင် သင်၏ ကံကြမ္မာရှင်သည် သူတို့ကို စုစည်းတော်မူမည်။ အရှင်သည် ဓမ္မသတ်ရှင်၊ သိနေသော အရှင် ဖြစ်၏။
၂၆။	**وَلَقَدْ خَلَقْنَا الإِنسَانَ مِن صَلْصَالٍ مِّنْ حَمَإٍ مَّسْنُونٍ۞** ကလျာဏပုတ္တဇဉ်အား ထုသားကြေ မြေသား အမဲမှ ငါ ဖြစ်တည်စေတော်မူ၏။[၆၀]

နေခြင်း မဟုတ်ဘဲ စနစ်တကျ တည်ဆောက်ထားသော ကိုယ်ထည်ဖြင့် သူလမ်းကြောင်းနှင့် ရပ်တည်နေသည်ဟု ကျမ်းတော်က ထောက်ပြထားပေသည်။

(၅၈) မကောင်းဆိုးဝါး ဆိုသည်မှာ လူသားများ ဖြစ်၍၊ ကောင်းမှုပြုလုပ်သူများကို အတိုက်အခံ ပြုသောသူများ ဖြစ်ကြောင်း ၂း၁၄ တွင် ရှင်းပြပြီး ဖြစ်သည်။ လူသားတို့ အကျိုးငှာ ကောင်းမှုပြုသူများအား တိုက်ခိုက် ဖျက်ဆီးလာသော လူသားများ၊ သူတို့၏ အဖျက်လက်နက်များကို တန်ပြန် ချေမှုန်းပစ်၍ လူသားတို့ အတွက် အိုးသစ်၊ အိမ်သစ်၊ ကမ္ဘာသစ် တည်ဆောက်ခြင်းကို အကောင်အထည်ဖော် အောင်မြင်စေရမည်ဟု ကျမ်းတော်ပါ ဤသုတ်တော်က ကတိပေးထားပေသည်။ လူသားများ နေထိုင်နိုင်ရန် ကမ္ဘာတစ်ခု ဖြစ်တည်လာမှု၏ အခြေခံ လိုအပ်ချက်များကို သုတ်တော် ၁၉ မှ ၂၃ အထိတွင် လက်ရှိနေထိုင်သော ကမ္ဘာဂြိုလ်အား နမူနာပြု၍ သွန်သင်ထားပေသည်။

(၅၉) ယခုခေတ်တွင် ဤ သုတ်တော်အား အထူးရှင်းပြရန် မလိုအပ်တော့ပေ။ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ က ကိုယ်တော်မုဟမ္မဒ် အနေဖြင့် ဤအချက်ကို မည်သို့ သိခဲ့လေသနည်းဟု စဉ်းစားမိယုံမျှဖြင့် – သင့် အနေဖြင် ကိုယ်တော်မုဟမ္မဒ်အား ဉာဏ်စဉ်တော်ဆောင် တစ်ပါး အဖြစ် လက်ခံနိုင်ရန် လုံလောက်နေပေပြီ။

၂၇။ ✲ဖြ၁၀၀ ☆၂၊၂၄	**وَالْجَآنَّ خَلَقْنَاهُ مِن قَبْلُ مِن نَّارِ السَّمُومِ۞** ငါသည် ပုတုဇဉ်ကို✲ မီး အပူထု၏☆ ရှေ့မှ ဖြစ်တည်စေတော်မူ၏။
၂၈။	**وَإِذْ قَالَ رَبُّكَ لِلْمَلاَئِكَةِ إِنِّي خَالِقٌ بَشَرًا مِّن صَلْصَالٍ مِّنْ حَمَإٍ مَّسْنُونٍ۞** ငါက နိမိတ်ဆောင်တို့အား မိန့်သည်မှာ ‘‘ငါသည် လူပုဂ္ဂိုလ်ကို ထုသားကြေ မြေသား အမဲမှ ဖြစ်တည်စေခဲ့၏။–
၂၉။ ✲၂၊၈၇	**فَإِذَا سَوَّيْتُهُ وَنَفَخْتُ فِيهِ مِن رُّوحِي فَقَعُواْ لَهُ سَاجِدِينَ۞** သူ့အား ပုံစံချ၍။ ထို့နောက် သူ့ထံ၌ ငါ၏ ဥာဏ်စဉ်✲ သက်ဝင်စေ၏။ သူ့အား ထိုင်လျက် ဦးချလော့။’’ဟု ဖြစ်၏။
၃၀။ ✲၂၊၃၄	**فَسَجَدَ الْمَلآئِكَةُ كُلُّهُمْ أَجْمَعُونَ۞** ထိုအခါ၊ နိမိတ်ဆောင် ကိုယ်စီ အတူစု၍ ဦးချကြကုန်၏။✲
၃၁။ ☆၂၊၃၄	**إِلاَّ إِبْلِيسَ أَبَى أَن يَكُونَ مَعَ السَّاجِدِينَ۞** ရှေးရိုးစွဲသည် ဖီဆန်လျက်။ သူသည် ဦးချသူများ၌ မပါဝင်လိုချေ။☆
၃၂။	**قَالَ يَا إِبْلِيسُ مَا لَكَ أَلاَّ تَكُونَ مَعَ السَّاجِدِينَ۞** အရှင်က ‘‘အို– ရှေးရိုးစွဲ၊ သင်သည် အဘယ်ကြောင့် ဦးချသူများ၌ မပါဝင်လိုသနည်း၊’’ဟု မေးသော်–
၃၃။	**قَالَ لَمْ أَكُن لِّأَسْجُدَ لِبَشَرٍ خَلَقْتَهُ مِن صَلْصَالٍ مِّنْ حَمَإٍ مَّسْنُونٍ۞** ‘‘အရှင်က ထုသားကြေ မြေသား အမဲမှ ဖြစ်တည်ပေးသော လူပုဂ္ဂိုလ်အား တပည့်တော် ဦးမချနိုင်ပါ၊’’ဟု ပြန်ဖြေ၏။
၃၄။	**قَالَ فَاخْرُجْ مِنْهَا فَإِنَّكَ رَجِيمٌ۞** အရှင် မိန့်သည်မှာ ‘‘သို့ဖြစ်လျှင် သင်သည် ထွက်သွားလော့၊ သင်သည်ကား ပစ်ထုတ်ခံရသူ ဖြစ်၏။–
၃၅။	**وَإِنَّ عَلَيْكَ اللَّعْنَةَ إِلَى يَوْمِ الدِّينِ۞** စီရင်မိန့်ချသည့် နေ့ထိတိုင်၊ သင့်အပေါ်၌ မေတ္တာကင်းဝေးစေသတည်း၊’’ဟု ဖြစ်၏။
၃၆။ ✲ ၇း၁၄	**قَالَ رَبِّ فَأَنظِرْنِي إِلَى يَوْمِ يُبْعَثُونَ۞** သူက ‘‘အို– ကံကြမ္မာရှင် တပည့်တော်အား နိုးကြွစေသည့်နေ့ထိ စောင့်ကြည်ခွင့်ပေးပါ။’’ လျှောက်တင်သော်–✲
၃၇။	**قَالَ فَإِنَّكَ مِنَ الْمُنظَرِينَ۞**

---

(၅၉၀) ကျမ်းတော်တွင် လူသားကို **တိုရာဘ်** မြေစေးမှ၊ **တွီးန်** မြေမှုန့်မှ၊ **ဆွလ်ဆွာလ်** သက်စေ့မြေမှ ဖြစ်တည်ပေးသည်ဟု မကြခဏ ပြောဆိုသည်။ **တိုရာဟ်** မြေစေးမှ ဆိုသည်ကို ၅း၅၉ အောက်ခြေတွင် ရှင်းခဲ့ပေပြီ။ **တွီးန်** မြေမှုန့်မှ ဆိုသည်မှာ လူသားသည် မြေကမ္ဘာ၌ မွေးဘွား မျိုးဆက် ပြန့်ပွားခြင်း၊ မိမိကိုယ်မိမိ မြေကဲ့သို့ အေးဆေးတည်ငြိမ် နှိမ့်ချခြင်းကို ဆိုလိုပေသည်။ ဤသုတ်တော်တွင် ပြောသော **ဆွလ်ဆွာလ်** သက်စေ့မြေမှ ဆိုသည်မှာ မြေကမ္ဘာ တစ်ခု ဖြစ်တည်လာပြီးနောက် လူသားများ နေထိုင်မျိုးဆက် ပျံ့နှံ့ရန် တိုင်းတာ သတ်မှတ်ထားသော သက်တမ်းပြည့် ပြီးသည့် မြေမှ ဟု ဆိုလိုပေသည်။ ကမ္ဘာတစ်ခု ဖြစ်တည်ပုံနှင့် သက်ရှိများ နေထိုင်နိုင်ရန် စီမံမှုများကို ရည်ညွှန်း ဖေါ်ပြသည့် အထက်မှ သုတ်တော်များကို ဖတ်ပြီးသူများ အတွက် (အိုးခတ်သမားသုံးသော ပုံသွင်းသည့်) ထုသားကြေ မြေသား အမဲမှ ဆိုသည်ကို သဘောပေါက်ရန် မခဲယဉ်းတော့ပေ။ အိုးခတ်ရှံ့ ဖြစ်စေရန်၊ ရေဓါတ်၊ မြေဓါတ်၊ လေဓါတ်၊ မီးဓါတ် အလုံးစုံပါဝင်ရပေသည်။ ထို့ကြောင့် နေအပူရှိန်နှင့် မြေ ကမ္ဘာတစ်ခု ရှိနေယုံ မျှဖြင့် သက်ရှိ လူသားများ မဖြစ်တည်နိုင်သေးချေ။ အရေးကြီးသော ရေ၊ လေ တို့သည်လည်း မရှိမဖြစ် လိုအပ်ပေသည်။ ထိုအရာများကို ရှိလာစေရန် နည်းလမ်းများ ရှာကြံခွင့်ကို လူသားအား အပြည့်အဝ ပေးထားပေသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆီးနိုင်လျှင် လူသားများ နေထိုင် မျိုးဆက် ပျံ့ပွားရန် မြေ ကမ္ဘာသစ်များ ရရှိလာမည်ပင်။ ဤသုတ်တော်မှ ပြောသော **ထုသားကြေမြေ**ကို ရှေးဆရာတော်ကြီးများက အသံမြည်သော မြေဟု ပြန်ဆိုသောကြောင့် ပညာမဲ့ အတိုက်အခံများက မြေကြီးမှာ အသံမြည်သလောဟု မဆင်မခြင် ပုတ်ခတ်များလည်း ရှိနေသည်၊ ကမ္ဘမြေသည် ညီးတွားခြင်း။ အသံမြည်ခြင်း ရှိသည်ဟု ဆိုခြင်းကို ယခုခေတ် ပညာတတ်လူငယ်တိုင်းက သိနားလည်နေပြီ ဖြစ်သည်။

	အရှင် မိန့်သည်မှာ ‘‘သင်သည် စောင့်ကြည့်နေခွင့်ရသူများမှ ဖြစ်၏။–
၃၈။	**إِلَى يَوْمِ الْوَقْتِ الْمَعْلُومِ**۞ အသိပေးပြီး ရက်ချိန်း နေ့အထိ ဖြစ်၏။’’
၃၉။	**قَالَ رَبِّ بِمَآ أَغْوَيْتَنِي لَأُزَيِّنَنَّ لَهُمْ فِي الْأَرْضِ وَلَأُغْوِيَنَّهُمْ أَجْمَعِينَ**۞ ထိုအခါ သူ ပြောသည်မှာ ‘‘အို– ကံကြမ္မာရှင်၊ တပည့်တော်အား တိမ်းပါးစေသဖြင့် ၎င်းတို့အား မြေကမ္ဘာ၌ ဖမ်းစားထားလျက် သူတို့ အားလုံးကို တိမ်းပါးစေမည်ပင်။–[၁၉]
၄၀။	**إِلَّا عِبَادَكَ مِنْهُمُ الْمُخْلَصِينَ** ۞ –သူတို့အနက် အရှင့်အား အယူသန်စွာ ကိုးကွယ်ဝတ်ပြုသူတို့ကား မပါဝင်ချေ’’ဟု ဖြစ်သော်။
၄၁။	**قَالَ هَذَا صِرَاطٌ عَلَيَّ مُسْتَقِيمٌ**۞ အရှင်က ထပ်မိန့်သည်မှာ ‘‘ယင်းသည် ငါ့ထံ၌ ဖြောင့်မတ်မှန်ကန်သော လမ်းပင် ဖြစ်၏။–
၄၂။	**إِنَّ عِبَادِي لَيْسَ لَكَ عَلَيْهِمْ سُلْطَانٌ إِلَّا مَنِ اتَّبَعَكَ مِنَ الْغَاوِينَ**۞ –သင့်အား လိုက်နာသည့် တိမ်းပါးသူများမှအပ– ငါ့ အမှုတော်ဆောင်များ အပေါ်၌ သင်သည် ဩဇာလုံးဝ မရှိချေ။’’
၄၃။ အပြစ်သင့်ခံ	**وَإِنَّ جَهَنَّمَ لَمَوْعِدُهُمْ أَجْمَعِينَ**۞ –ဂရုပြည်သည် **သူ**တို့ အားလုံးတွက် ကတိထားရာ ဖြစ်၏။
၄၄။	**لَهَا سَبْعَةُ أَبْوَابٍ لِّكُلِّ بَابٍ مِّنْهُمْ جُزْءٌ مَّقْسُومٌ**۞ ၎င်းတွင် တံခါးများ ခုနှစ်ပေါက်ရှိ၍၊ တံခါးများကိုယ်စီ၌ သူတို့အတွက် တိုင်တည်ပြီး ခွဲတမ်းများရှိ၏။[၁၉]
၄၅။	**إِنَّ الْمُتَّقِينَ فِي جَنَّاتٍ وَعُيُونٍ**۞ စည်းစောင့်သူတို့ အတွက် သုခဘုံများ၌ စိမ့်စမ်းများ ရှိနေ၏။
၄၆။	**ادْخُلُوهَا بِسَلَامٍ آمِنِينَ**۞ ထို၌ ငြိမ်းချမ်းမှု၊ ယုံကြည်စိတ်ချရမှုကို ဝင်ရောက်စံစားရမည်ပင်။
၄၇။	**وَنَزَعْنَا مَا فِي صُدُورِهِم مِّنْ غِلٍّ إِخْوَانًا عَلَى سُرُرٍ مُّتَقَابِلِينَ**۞ ငါသည် သူတို့၏ ရင်ဘတ်တွင်း၌ ချုပ်တီးထားရသည်များကို ဖယ်ပစ်လျက် မျက်နှာချင်းဆိုင် ဇိမ်ခံခုံများပေါ်၌ ညီနောင်သားချင်းများ ဖြစ်စေလတ္တံ့။

---

(၅၉) **အာ့ဂ်ဝိုင်း ဖြီးယဲ့ဝါ** သည် **ဂါဟ်ဝါ** ‘‘သူ တိမ်းပါးနေသည်’’ ဟူသော စကားမှ ဆင့်ပွားလာခြင်း ဖြစ်၍၊ ကျွန်ုပ်အား အမှားထဲ၌ ရှိစေသည် ဟု ဖြစ်ပေသည်။ ထိုကြောင့် ဆရာတော်ကြီးများက ‘‘အရှင်က တပည့်တော်အား လမ်းမှား၌ ထားသဖြင့် ထိုလမ်းများကို တင့်တယ် မက်မောဘွယ် အဖြစ် မွမ်းမံ၍ လူသားများကို ထိုလမ်းများသို့ သွေးဆောင်မည်။’’ ဟူ သော အဓိပ္ပါယ်မျိုးဖြင့် ပြန်ဆိုကြပေသည်။ ဤနေရာ၌ ရှင်းပြစရာ ရှိသည်မှာ ပရမတ်ဘုရားရှင်က သူ့အား အမှားထဲ၌ ထားခြင်း မဟုတ်ချေ။ သူသည် ပရမတ်ဘုရားရှင်က ချမှတ်သော မိန့်ညွှန်ကြားချက်များအား နာခံခြင်း မရှိသော မိမိကိုယ်မိမိ မှားသော အမှား လမ်းလွဲခြင်း၌ တိမ်းပါးနေခြင်းသာ ဖြစ်ပေသည်၊ တနည်းအားဖြင့် သူ့ထက်မြင့်မြတ်သော လူသား သို့မဟုတ် ခေါင်းဆောင်၏ အမိန့်အား နာခံခိုင်းသည်ကို မနာခံသောကြောင့် ဖြစ်ရသော ပြစ်ဒဏ်အား ခံရခြင်းသာ ဖြစ်ပေသည်။

(၅၉၂) ကျမ်းတော်တွင် ဂရုပြည်ကို (၁) ဂျဟန်နမ် ဂရဲ။ (၂) မီးတောက်မီးလျှံ၊ ၇ဝးဘ၅။ (၃) ကပ်ဒုက္ခ၊ ၁ဝ၄း၄။ (၄) **ဆီးရ်** လောင်ကျွမ်းသောမီး၊ (၅) **ဆကာ** ဒေါသမီးလျှံ၊ (၆) **ဂျဟင်းမ်** ကြောက်မက်ဘွယ်မီးလျှံ (၇) အဝီစိ၊ ၁ဝ၉း၅၊ ဟု အမည် ခုနှစ်မျိုးဖြင့် ဖေါ်ပြပေသည်။ သို့သော် အာရ်ဗီစကား ခုနှစ် ဟူသည်ကို ၂း၂၉ ၏ အောက်ခြေတွင် ရှင်းခဲ့ပြီ ဖြစ်၍၊ ‘‘များစွာသော’’ ဟူသည့် အနက်ကိုလည်း ပေးပေသည်။ ထို့ကြောင့် ဒုက္ခ ခံစားရသော အရာ အားလုံးကိုလည်း ခေါ်ပေသည်။ ဂရဲဘုံသို့ (ဒုက္ခဘုံ) သို့ ရောက်စေသည့် နည်းလမ်း တံခါးပေါင်းများစွာ ရှိသည်ဟု ဆိုလိုခြင်းပင်။

၄၈။	**لاَ يَمَسُّهُمْ فِيهَا نَصَبٌ وَمَا هُم مِّنْهَا بِمُخْرَجِينَ۝** ထို၌ သူတို့အား ပင်ပန်းဆင်းရဲခြင်း ထိသက်မည်မဟုတ်၊ ထို၌မှ နှင်ထုတ်ခံရမည်လည်း မဟုတ်ချေ။
၄၉။	**نَبِّىءْ عِبَادِي أَنِّي أَنَا الْغَفُورُ الرَّحِيمُ۝** ငါ၏ အမှုတော်ဆောင်များအား သတင်းထုတ်ပြန်လော့– ငါသည် လွတ်ငြိမ်းစေသော အရှင်၊ အကြင်နာရှင် ဖြစ်၏။
၅၀။	**وَ أَنَّ عَذَابِي هُوَ الْعَذَابُ الأَلِيمَ۝** ငွေ့ထံ၌ နာကျင်စေသော ဝဋ်ကြွေး၊ ဝဋ်ဒဏ်လည်း ရှိ၏။''ဟု ဖြစ်၏။
၅၁။ ۞၂း၁၄	**وَنَبِّئْهُمْ عَن ضَيْفِ إِبْرَاهِيمَ۝** အိဗရာဟီး‌မ်၏۞ ဧည့်သည်များ အကြောင်းကို သတင်းထုတ်ပြန်လော့။
၅၂။	**إِذْ دَخَلُواْ عَلَيْهِ فَقَالُواْ سَلاَمًا قَالَ إِنَّا مِنكُمْ وَجِلُونَ۝** သူတို့သည် ''ငြိမ်းချမ်းပါစေ၊''ဟု ဆိုကြလျက် သူ့ထံသို့ ဝင်ရောက်သော်။ သူက ''ကျွန်ုပ်သည် သင်တို့အား တုန်လှုပ်မိ၏။''ဟု ဆို၏။
၅၃။	**قَالُواْ لاَ تَوْجَلْ إِنَّا نُبَشِّرُكَ بِغُلاَمٍ عَلِيمٍ۝** သူတို့က''မတုန်လှုပ်နှင့်၊ ကျွန်ုပ်တို့မှာ သင့်ထံသို့ ပညာရှင် ကလေး ရမည့် သတင်းကောင်းပါးသူများ''ဟု ဆိုကြ၏။
၅၄။	**قَالَ أَبَشَّرْتُمُونِي عَلَى أَن مَّسَّنِيَ الْكِبَرُ فَبِمَ تُبَشِّرُونَ۝** သူက ''ကျွန်ုပ်အား မည်သို့ သတင်းကောင်းပါးနိုင်အံ့နည်း၊ ကျွန်ုပ်ကား ဇရာထောင်းခဲ့ပြီ။ သို့တိုင် သတင်းကောင်းပါးနေဦးမည်လော၊''ဟု ပြန်ပြောသောအခါ။
၅၅။	**قَالُواْ بَشَّرْنَاكَ بِالْحَقِّ فَلاَ تَكُن مِّنَ الْقَانِطِينَ۝** သူတို့က ''သင့်အတွက် သတင်းကောင်းသည် အမှန်တရား ဖြစ်၏။ စိတ်ပျက်သူများမှ မဖြစ်နှင့်၊''ဟု ဆိုကြ၏။
၅၆။	**قَالَ وَمَن يَقْنَطُ مِن رَّحْمَةِ رَبِّهِ إِلاَّ الضَّآلُّونَ۝** သူက ''ကံကြမ္မာရှင်၏ ထံမှ ကရုဏာတော်အား လွဲမှားသူများသည်သာ စိတ်ပျက်၏၊''ဟု ပြန်ပြော၍–
၅၇။	**قَالَ فَمَا خَطْبُكُمْ أَيُّهَا الْمُرْسَلُونَ۝** ''အို– ဉာဏ်စဉ်ဆောင်တို့၊ သင်တို့၌ မိန့်ခွေချက် ရှိပါသလော၊''ဟု မေးသော်–၁၉၃
၅၈။	**قَالُواْ إِنَّا أُرْسِلْنَا إِلَى قَوْمٍ مُّجْرِمِينَ۝**

---

(၅၉၃) ဤသုတ်တော်ပါ– **الْمُرْسَلُونَ မူရ်ဆလူးန်** ကို အချို့က **မလာအိကာဟ်** များဟု ဘာသာပြန်ကြပေသည်၊ **မလာအိကာဟ်** ဆိုသည်မှာ ပညာရပ်တစ်ခု သို့မဟုတ် ပညာရပ်ကဏ္ဍတစ်ခုအတွက် ဉာဏ်စဉ်ရသော တတ်သိပညာရှင် လူသားများ ဖြစ်ကြောင်း ဤဘာသာပြန်တွင် မကြာခဏ ရှင်းပြထားသည်၊ ယခု ကိုယ်တော် လု–တ် ထံသို့ ကူညီရန် ရောက်လာသော ဉာဏ်စဉ်ဆောင်များမှာလည်း တတ်သိပညာရှင်များသာ ဖြစ်၍ ထိုခေတ် ထိုအခါက– မြေအောက်ရှိ ထုံးကျောက်ခဲ ကျောက်တန်းကျောနှင့် ရေနံကြောများ မည်သို့ ထိပ်တိုက်တိုးစေမည်ကို လုပ်နိုင်သည့် နည်းပညာရှင်များ ဖြစ်သည်၊ ထိုသို့ ထုံးကျောက်တန်းကြီးများအား ရေနံကြောများ ထိပ်တိုက်တိုးစေလျှင် အလွန်ကြီးမားပြင်ထန်သော ပေါက်ကွဲမှုကို ဖြစ်စေ၍ ထိုအရပ်ဒေသများကို ဖျက်ဆီးပစ်နိုင်ပေသည်။ ထိုပြစ်ဒဏ်သည် ကောင်းကင်မှ ကျရောက်ခြင်း မဟုတ်ကြောင်း သုတ်တော် ဖဖ တွင် သူတို့၏ အမြစ်များကို ဖြတ်တောက်ပစ်မည်– ဆိုသော အချက်က ထောက်ပြထားပေသည်။ ထိုသို့ကြီးမားပြင်ထန်သော ပေါက်ကွဲမှုများက မြေငလျင်လှုပ်ခြင်းနှင့် ပေါက်ကွဲမှုကြောင့် ကျောက်စရစ်များ ဖြာထွက်လျက် မြို့ရွာများပေါ်သို့ ကျောက်စရစ်မိုးများ ကျသကဲ့သို့ ဖြစ်ခြင်းများ– ဖြစ်နိုင်သည်။

	သူတို့က ပြောသည်မှာ ‘‘ကျွန်ုပ်တို့သည် ရာဇဝတ်ကောင် လူမျိုး ဆီသို့ စေစားခြင်းခံရ၏။–
၅၉။ ၇း၈၀ လု–တ်	**إِلاَّ آلَ لُوطٍ إِنَّا لَمُنَجُّوهُمْ أَجْمَعِينَ**۞ – လု–တ်၏ အဆက်အနွယ်များ၊ ကျွန်ုပ်တို့သည် သူတို့ အားလုံးကို လွတ်မြောက်စေရမည်။
၆၀။ ၇း၈၃	**إِلاَّ امْرَأَتَهُ قَدَّرْنَا إِنَّهَا لَمِنَ الْغَابِرِينَ**۞ – သူဇနီးသည် မပါ။ ငို စည်းချိန်အလျောက် သူမသည် ကျန်ရစ်သူများ၌ ပါဝင်၏။’’ဟု ဖြစ်၏။
၆၁။	**فَلَمَّا جَاء آلَ لُوطٍ الْمُرْسَلُونَ**۞ – ဥဇၨစဉ်ဆောင်များသည် လု–တ်၏ အဆက်အနွယ်များထံသို့ ရောက်လာစဉ်။
၆၂။	**قَالَ إِنَّكُمْ قَوْمٌ مُّنكَرُونَ**۞ သူက ‘‘သင်တို့သည် **မသိကျွမ်း**သော လူမျိုးပင် ဖြစ်၏။’’ဟု ဆို၏။
၆၃။	**قَالُواْ بَلْ جِئْنَاكَ بِمَا كَانُواْ فِيهِ يَمْتَرُونَ**۞ သူတို့က ပြောသည်မှာ ‘‘အမှန်မှာ– သူတို့ အချင်းများနေသော အရာများကို သင့်ထံသို့ ရောက်လာစေပြီ။–
၆၄။	**وَأَتَيْنَاكَ بَالْحَقِّ وَإِنَّا لَصَادِقُونَ**۞ – သင့်အား အမှန်တရားကို ချီးမြှင့်ပြီ။ ကျွန်ုပ်တို့သည် ဖြောင့်မှန်သူများ ဖြစ်၏။’’ဟု ဖြစ်၏။ –
၆၅။ ၁၁း၈၁	**فَأَسْرِ بِأَهْلِكَ بِقِطْعٍ مِّنَ اللَّيْلِ وَاتَّبِعْ أَدْبَارَهُمْ وَلاَ يَلْتَفِتْ مِنكُمْ أَحَدٌ وَامْضُواْ حَيْثُ تُؤْمَرُونَ**۞ သင်သည် ဝိုင်းသားများနှင့်အတူ ည အစိတ်အပိုင်း၌ ခရီးနှင်လော့၊ သင်သည် သူတို့၏ နောက်မှနေ၍၊ မည်သူ တစ်ယောက်ကိုမှ နောက်ဆံမတင်းစေနှင့် သင့်အား ညွှန်ကြားသည့်အတိုင်း ရှေ့ဆက်လော့။’’
၆၆။ လု–တ်၏ ရန်သူ	**وَقَضَيْنَا إِلَيْهِ ذَلِكَ الأَمْرَ أَنَّ دَابِرَ هَؤُلاء مَقْطُوعٌ مُّصْبِحِينَ**۞ သူ့အပေါ် ညွှန်ကြားချက်ကို ဤသို့ ငါ ဆုံးဖြတ်၏။ နံနက်စတွင် **သူတို့**၏ အခြေအမြစ်များကို ဖြတ်တောက်ပစ်လတ္တံ့။
၆၇။	**وَجَاء أَهْلُ الْمَدِينَةِ يَسْتَبْشِرُونَ**۞ မြို့သူမြို့သားများသည် သတင်းကောင်းဖြင့် သူ့ထံသို့ ရောက်လာကြ၏–
၆၈။	**قَالَ إِنَّ هَؤُلاء ضَيْفِي فَلاَ تَفْضَحُونِ**۞ သူ ပြောသည်မှာ ‘‘ဤသူများသည် ကျွန်ုပ်၏ ဧည့်သည်များ ဖြစ်၏။ ကျွန်ုပ်အား မျက်နှာမဖျက်ကြနှင့်။–
၆၉။	**وَاتَّقُوا اللّهَ وَلاَ تُخْزُونِ**۞ –ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား အရှက်မခွဲကြနှင့်၊’’ဟု ဖြစ်၏။
၇၀။ အဆက် ဖြတ်	**قَالُوا أَوَلَمْ نَنْهَكَ عَنِ الْعَالَمِينَ**۞ သူတို့က ‘‘အသင့်အား အပြင်လောကနှင့် **ဟန့်တား**ထားသည် မဟုတ်လော၊’’ဟု ပြောကြ၏။
၇၁။	**قَالَ هَؤُلاء بَنَاتِي إِن كُنتُمْ فَاعِلِينَ**۞ သူက ‘‘အသင်တို့ ပြုလုပ်လိုပါလျှင် ဤမှာ ကျွန်ုပ်၏ သမီးများ ရှိပါ၏။’’[၁၄၄] ဟု ဆို၏။

(၁၄၄) ကိုယ်တော် လု–တ်၏ သမီးများ ဆိုသည်မှာ သူ၏ နောက်လိုက်၊ ဒကာမ အသင်းဝင် အမျိုးသမီးများကို ခေါ်ခြင်း ဖြစ်ပေသည်။

၇၂။ မုဟမ္မဒ်	**لَعَمْرُكَ إِنَّهُمْ لَفِي سَكْرَتِهِمْ يَعْمَهُونَ۝** **သင့်**ဘဝသံသရာအား တိုင်တည်လျက်။ သူတို့သည် မျက်ကန်းတောတိုးဘဝ၌ ယစ်မူးနေကြ၏။(၁၆၁)
၇၃။	**فَأَخَذَتْهُمُ الصَّيْحَةُ مُشْرِقِينَ۝** နံနက်ပိုင်းတွင် သူတို့အား အသံလှိုင်းကြီးဖြင့် အရေးယူလိုက်လေပြီ။
၇၄။ ☆ ၁၀၅၄	**فَجَعَلْنَا عَالِيَهَا سَافِلَهَا وَأَمْطَرْنَا عَلَيْهِمْ حِجَارَةً مِّن سِجِّيلٍ۝** သူတို့အား အပေါ်ဆုံးမှ အနိမ့်ဆုံးသို့ စီစဉ်ပစ်၍ သူတို့အပေါ်သို့ လိမ့်ချသည့် ကျောက်ခဲ မိုးများသွန်းစေ၏။☆
၇၅။	**إِنَّ فِي ذَلِكَ لَآيَاتٍ لِّلْمُتَوَسِّمِينَ۝** ဇကန်ပင် တံဆိပ်ကပ်လိုသူများ အတွက် ဤ၌ သက်သေလက္ခဏာ ရှိနေ၏။
၇၆။	**وَإِنَّهَا لَبِسَبِيلٍ مُّقِيمٍ۝** ထင်းသည် တည်နေဆဲဖြစ်၏၊ လမ်းမပေါ်၌ ဖြစ်၏။
၇၇။	**إِنَّ فِي ذَلِكَ لَآيَةً لِّلْمُؤْمِنِينَ۝** ယုံကြည်သော လူမျိုးအတွက် သက်သေလက္ခဏာ ရှိနေ၏။
၇၈။	**وَإِن كَانَ أَصْحَابُ الْأَيْكَةِ لَظَالِمِينَ۝** တောတွင်းနေ အပေါင်းဖော်တို့သည်လည်း အမှောင်ကျနေသူများ ဖြစ်၏။
၇၉။	**فَانتَقَمْنَا مِنْهُمْ وَإِنَّهُمَا لَبِإِمَامٍ مُّبِينٍ۝** သူတို့အား တန်ပြန်မှုဖြစ်စေပြီ။ သူတို့နှစ်မျိုးလုံးသည် ရှင်းလင်းထင်ရှားသော ရှေ့ဆောင်လမ်းပြများ ဖြစ်ကြ၏။
၈၀။	**وَلَقَدْ كَذَّبَ أَصْحَابُ الْحِجْرِ الْمُرْسَلِينَ۝** ကျောက်တောင်များနေ အပေါင်းဖော်တို့သည် သူတို့၏ ဉာဏ်စဉ်ဆောင်များအား ငြင်းဆန်ခဲ့ကြ၏။
၈၁။	**وَآتَيْنَاهُمْ آيَاتِنَا فَكَانُواْ عَنْهَا مُعْرِضِينَ۝** သူတို့အား သုတ်ဒေသနာများကို ပေးအပ်သော်လည်း သူတို့သည် ဘောင်ကန့်ထားသူများ ဖြစ်ကြ၏။
၈၂။	**وَكَانُواْ يَنْحِتُونَ مِنَ الْجِبَالِ بُيُوتًا آمِنِينَ۝** သူတို့သည် တောင်များကို ထုဆစ်လေ့ရှိလျက် ယုံကြည်စိတ်ချရသော အိမ်များဖြင့် နေထိုင်သူများ ဖြစ်၏။
၈၃။	**فَأَخَذَتْهُمُ الصَّيْحَةُ مُصْبِحِينَ۝** သို့သော် နံနက်စတွင် သူတို့အား အသံလှိုင်းကြီးဖြင့် အရေးယူလိုက်ပြီ။
၈၄။	**فَمَا أَغْنَى عَنْهُم مَّا كَانُواْ يَكْسِبُونَ۝** သူတို့၏ ကျင့်ဆောင်လေ့ရှိသည်များမှာ သူတို့အတွက် ပြည့်စုံခြင်း မရှိပေ။
၈၅။	**وَمَا خَلَقْنَا السَّمَاوَاتِ وَالأَرْضَ وَمَا بَيْنَهُمَا إِلاَّ بِالْحَقِّ وَإِنَّ السَّاعَةَ لآتِيَةٌ فَاصْفَحِ الصَّفْحَ الْجَمِيلَ۝**

(၁၆၁) ဤသုတ်တော်၏ အဓိပ္ပါယ်မှာ သင်သည် ယခု အသက်နှင့်ရှိသည်မှာ မှန်ကန်သကဲ့သို့ သူတို့၏ ရူးမိုက်မှုသည်လည်း မှန်ကန်သည်ဟု အသက်ကို တိုင်တည်ပြောဆိုခြင်း ဖြစ်ပေသည်။

	ငါသည် မိုးများနှင့် မြေ ထိုနှစ်ခုကြား ရှိသမျှကို မှန်ကန်ညီညွတ်စွာဖြင့်သာ ဖြစ်တည်စေပြီ။ သတ်မှတ်ချိန်သည် ရှေ့သို့ လာနေ၏။ သို့ဖြစ်၍၊ အမြင်လှသော ဥပက္ခာပြုခြင်းဖြင့် ဥပက္ခာပြုထားလော့။
၈၆။ ✡၂၂၁ ၂း၁၇	**إِنَّ رَبَّكَ هُوَ الْخَلَّاقُ الْعَلِيمُ** ۞ ဇကန်ပင် သင့်ကံကြမ္မာရှင်သည် ဖြစ်တည်စေသောအရှင်✡ သိနေသော အရှင် ဖြစ်တော်မူ၏။
၈၇။	**وَلَقَدْ آتَيْنَاكَ سَبْعًا مِّنَ الْمَثَانِي وَالْقُرْآنَ الْعَظِيمَ** ۞ ငါသည် သင့်အား ကုရ်အာန်ကျမ်းတော်ကြီးကို မဏ္ဍိုင် ခုနစ်ခုဖြင့် ချီးမြှင့်ပေးတော်မူ၏။[၅၉]
၈၈။ ★၂၂၅ ✡၃၅၁	**لَا تَمُدَّنَّ عَيْنَيْكَ إِلَى مَا مَتَّعْنَا بِهِ أَزْوَاجًا مِّنْهُمْ وَلَا تَحْزَنْ عَلَيْهِمْ وَاخْفِضْ جَنَاحَكَ لِلْمُؤْمِنِينَ** ۞ သူတို့အနက် အစုဖွဲ့★များအား ငါပေးထားသော ချမ်းမြေ့စရာများထံ သင့်မျက်လုံးများ မတိုးရွေ့စေနှင့်၊ သူတို့ကြောင့် စိတ်သောက မဖြစ်နှင့် ယုံကြည်သူများ အပေါ်၌ သင်၏ လက်ရုံးကို✡ နှိမ့်ချမှုရှိလော့။
၈၉။	**وَقُلْ إِنِّي أَنَا النَّذِيرُ الْمُبِينُ** ۞ “ကျွန်ုပ်သည်ကား ရှင်းလင်းထင်ရှားသော သတိပေးသူသာ ဖြစ်၏။”ဟု ဟောကြားလော့။
၉၀။	**كَمَا أَنزَلْنَا عَلَى الْمُقْتَسِمِينَ** ۞ ငါသည် သူ့အား တာဝန်ချပေးတော်မူသည်မှာ တိုင်တည်လျက်–
၉၁။ စောဘကား ၎၈	**الَّذِينَ جَعَلُوا الْقُرْآنَ عِضِينَ** ۞ ကုရ်အာန်အား **အနုတ်နုတ်ဖြစ်ရန်** စီစဉ်ကြသော သူများထံသို့ ဖြစ်၏။
၉၂။	**فَوَرَبِّكَ لَنَسْأَلَنَّهُمْ أَجْمَعِينَ** ۞ သင့်ကံကြမ္မာရှင်အား တိုင်တည်လျက်။ သူတို့ အားလုံးကို မေးမြန်းစုံစမ်းမည်မှာ–
၉၃။	**عَمَّا كَانُوا يَعْمَلُونَ** ۞ သူတို့၏ ကျင့်ကြံလေ့ရှိရာများကြောင့်–
၉၄။	**فَاصْدَعْ بِمَا تُؤْمَرُ وَأَعْرِضْ عَنِ الْمُشْرِكِينَ** ۞ ထို့ကြောင့် သင့်အား ညွှန်ကြားပေးသည်ကို ဖွင့်ထုတ်လော့၊ ရောပွနှံးကိုးကွယ်သူများအား ဘောင်ထားလော့။
၉၅။	**إِنَّا كَفَيْنَاكَ الْمُسْتَهْزِئِينَ** ۞ လှောင်ပြောင်သူများနှင့်စပ်လျဉ်း၍ ငါသည် သင့်အတွက် လုံလောက်တော်မူ၏။

---

(၅၉၆) ဤသုတ်တော်မှ **الْمَثَانِي အလိမဆာနီး** ဆိုသည့် စကားလုံးကို အချို့က “မကြာခဏ ရွတ်ဖတ်သော” ဟု ပြန်ဆိုလျက်။ ကုရ်အာန်ကျမ်းတော်အား မကြာခဏာ ရွတ်ဖတ်သော ဂါထာတော် ခုနစ်ပါးဖြင့် ချမှတ်ပေးတော်မူ၏။ ဟု ပြန်ဆိုသည်လည်း ရှိ၏။ မကြာခဏ ရွတ်ဖတ်သော ဂါထာ ခုနစ်ပါး ဆိုသည်မှာ “ဓမ္မခန္ဓာ (၁) သော့” မည်သော ကဏ္ဍတော်အား ရည်ညွှန်းသည်ဟု ဖွင့်ဆိုကြပေသည်။ **الْمَثَانِي** သည်– နှစ်ဂဏန်းဟု အဓိပ္ပါယ်ပေးသော **اَثْنَيْن** နှင့် ရင်းမြစ်တူ ي ن ث မှ ဆင့်ပွားခြင်း ဖြစ်၍၊ ခုနစ်ခုဖြင့်ထောက်သော တိုင်– မဏ္ဍိုင် ဟု ဖြစ်ပေသည်။ ဤဘာသာပြန်တွင် **အလိမဆာနီး** ကို မူရင်း အနက်အတိုင်း မဏ္ဍိုင်များဟု ဘာသာပြန်ဆိုသော်လည်း ဆရာတော်ကြီးများ၏ အဆိုကို စေဒက တက်ခြင်း မရှိပါ။ ထို “ဓမ္မခန္ဓ (၁) သော့” သည်ပင် ကျမ်းတော်အား အဖွင့် ဖြစ်၍၊ အစွယ်ဟမ်သာသနာဝင်များ အနေဖြင့် ထပ်ပြန်လဲလဲ ရွတ်ဖတ်သော ကဏ္ဍတော် ဖြစ်ပေသည်။ သို့သော် အာရ်ဗီစကားတွင် ၇ (ခုနစ်) ဆိုသည်မှာ မြောက်များစွာဟုလည်း အနက်ရကြောင်း ၂း၂၉ တွင် ရှင်းပြပြီး ဖြစ်ပေရာ၊ ကျမ်းတော်အား မပြုမလဲနိုင်သော ခိုင်မာသည့် မဏ္ဍိုင်များ၊ ကျောထောက်နောက်ခံများ များစွာဖြင့် တည်ဆောက်ထားသည် ဟုလည်း နားလည်နိုင်ပေသည်။

၉၆။	**الَّذِينَ يَجْعَلُونَ مَعَ اللهِ إِلـهًا آخَرَ فَسَوْفَ يَعْلَمُونَ۞** သူတို့သည် ပရမတ်ဘုရားရှင်နှင့်အတူ အခြားဘုရားများကို စီစဉ်ကြ၏။ မကြာမီ သိကြရလတ္တံ့။
၉၇။	**وَلَقَدْ نَعْلَمُ أَنَّكَ يَضِيقُ صَدْرُكَ بِمَا يَقُولُونَ۞** သူတို့ ပြောဆိုမှုများကြောင့် သင့်ရင်ကို ကျပ်တည်းစေကြောင်း– မုချ ငါ သိနေတော်မူ၏။
၉၈။	**فَسَبِّحْ بِحَمْدِ رَبِّكَ وَكُن مِّنَ السَّاجِدِينَ۞** သင့်ကံကြမ္မာရှင်အား ရည်သန်စူးစိုက်လော့၊ ဦးထိပ်ထားလော့၊ ဦးချသူများ၏ အနက်မှ ဖြစ်လော့။
၉၉။	**وَاعْبُدْ رَبَّكَ حَتَّى يَأْتِيَكَ الْيَقِينُ۞** သင့်ထံ၌ ဒိဌယုံကြည်မှု ဆိုက်ကပ်သည်ထိ သင့်ကြမ္မာရှင်အား ကိုးကွယ်ဆည်းကပ်လော့။[၁၉၇]

(၁၉၇) ဤသုတ်တော်သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်ဖြစ်သော (ပရမတ်ဘုရားရှင်) အလ္လာဟ်အရှင်အား ဖူးတွေ့နိုင်ရန် မိမိ၏ လေ့ကျင့်ယုံကြည်မှု ဒီဂရီစံချိန်ကို ညွှန်ပြထားပေသည်။ ပရမတ်ဘုရားရှင် ဖြစ်သော အလ္လာဟ်အရှင်အား နှလုံးသားတွင်း၌ စွဲမှတ်ယုံကြည်သည့်တိုင် အသွေးအသားထဲ၌ စွဲထင်သည့်တိုင် မိမိ၏ ကျင့်ဆောင်ခြင်း။ စည်းစောင့်ခြင်း စံချိန်အား တိုးပွားစေရမည် ဖြစ်သည်။ ထိုသို့သော လူသားအတွက် အရှင်သည် အရှင့်အား ဖူးတွေ့ခြင်း ဟူသည့် တံခါးအား ပိတ်ထားခြင်း မရှိချေ။

ဓမ္မခန္ဓာ (၁၆) ပျား (အန် နာဟ်လ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၇၀၊ သုတ်ဒေသနာ ၁၂၈ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**أَتَى أَمْرُ اللهِ فَلاَ تَسْتَعْجِلُوهُ سُبْحَانَهُ وَتَعَالَى عَمَّا يُشْرِكُونَ۞** ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်ကို ပေးရောက်လတ္တံ့၊ ၎င်းကို အလျင်မလိုကြနှင့်၊ အရှင်သည် ဦးထိပ်ထားရာ ဖြစ်၏၊ ရောပြွန်းကိုးကွယ်ကြရာများထက် အထွဋ်အထိပ်ဖြစ်တော်မူ၏။
၂။ ☆၂း၈၇	**يُنَزِّلُ الْمَلآئِكَةَ بِالْرُّوحِ مِنْ أَمْرِهِ عَلَى مَن يَشَاء مِنْ عِبَادِهِ أَنْ أَنذِرُواْ أَنَّهُ لاَ إِلَـهَ إِلاَّ أَنَاْ فَاتَّقُونِ۞** အရှင်သည် နိမိတ်ဆောင်များအား အရှင့် ညွှန်ကြားချက်များကို ဉာဏ်စဉ်ဖြင့်ဆောင်လျက်☆ အမှုတော်ဆောင်များမှ စံချိန်ပြည့်သူထံသို့ တာဝန်ချ၍၊ သတိပေးစေသည်မှာ– ငါမှအပ အခြားဘုရားဟူ၍ မရှိ၊ ငါ့အား စည်းစောင့်ကြ ဟု ဖြစ်၏။
၃။	**خَلَقَ السَّمَاوَاتِ وَالأَرْضَ بِالْحَقِّ تَعَالَى عَمَّا يُشْرِكُونَ۞** အရှင်သည် မိုးများနှင့် မြေကမ္ဘာအား မှန်ကန်ညီညွတ်ခြင်းဖြင့် ဖြစ်တည်စေ၏၊ အရှင်သည် ရောပြွန်းကိုးကွယ်ရာများထက် အထွဋ်အထိပ်ဖြစ်တော်မူ၏။
၄။ ☆၂း၂၁	**خَلَقَ الإِنسَانَ مِن نُّطْفَةٍ فَإِذَا هُوَ خَصِيمٌ مُّبِينٌ۞** အရှင်သည် လူသားကို သုတ်ပိုးတစ်ကောင်မှ၁၉ဖြစ်တည်စေ၏။☆ သို့သော် သူသည် ဖြောင် ငြင်းခုံသူ ဖြစ်၏။
၅။	**وَالأَنْعَامَ خَلَقَهَا لَكُمْ فِيهَا دِفْءٌ وَمَنَافِعُ وَمِنْهَا تَأْكُلُونَ۞** သင်တို့အဘို့ နွေးထွေးစေရန်၊ အကျိုးဖြစ်ရန်၊ စားသုံးနိုင်ရန် ကပ္ပိယသတ္တဝါများကိုလည်း ဖြစ်တည်စေ၏။
၆။	**وَلَكُمْ فِيهَا جَمَالٌ حِينَ تُرِيحُونَ وَحِينَ تَسْرَحُونَ۞** ၎င်းတို့အား ဝင်စေချိန်၌၊ လွှတ်ပေးချိန်၌ သင်တို့အတွက် အမြင်လှစေ၏။
၇။ မပင်ပန်း	**وَتَحْمِلُ أَثْقَالَكُمْ إِلَى بَلَدٍ لَّمْ تَكُونُواْ بَالِغِيهِ إِلاَّ بِشِقِّ الأَنفُسِ إِنَّ رَبَّكُمْ لَرَؤُوفٌ رَّحِيم۞** သင်တို့သည် စိတ်ထောင်းကိုယ်ကြေမဖြစ်ဘဲ မဆိုက်ရောက်နိုင်သော မြို့များသို့၊ သင်တို့၏ ဝန်ထုပ်များကို ၎င်းတို့က သယ်ဆောင်ပေး၏၊ သင်တို့၏ကံကြမ္မာရှင်သည် ညှာတာသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။
၈။	**وَالْخَيْلَ وَالْبِغَالَ وَالْحَمِيرَ لِتَرْكَبُوهَا وَزِينَةً وَيَخْلُقُ مَا لاَ تَعْلَمُونَ۞** မြင်းများ၊ မြည်းများ၊ လားများကိုလည်း သင်တို့ စီနင်းဘို့ရာ စွဲမက်စေဘို့ရာ ဖြစ်စေ၏၊ သင်တို့ မသိသေးသော

(၅၉၈) အာရ်ဗီဝေါဟာရ **نُّطْفَةٍ** နတ္ထဖာဟ် ဆိုသည်မှာ ရေစင်သန့်ဟု ဖြစ်ပေသည်။ ၎င်းသည် အလွန်သေးငယ်သော ပမာဏဖြစ်၍ ကြီးမားကျယ်ပြန့်သော ဂုဏ်သတ္တိကို ဆောင်ပေသည်။ ၎င်းသည် ပင်လယ်ဟူသော အနက်ကိုလည်းပေးပေသည်။ (တာရ်ဂျူအို–အာရူစ်ကျမ်း)

	အရာများကိုလည်း ဖြစ်တည်စေတော်မူမည်ပင်။[၁၉၉]
၉။ အတားအဆီး	**وَعَلَى اللهِ قَصْدُ السَّبِيلِ وَمِنْهَا جَآئِرٌ وَلَوْ شَاء لَهَدَاكُمْ أَجْمَعِينَ۞** ပရမတ်ဘုရားရှင်သည် လမ်းစဉ်များကို အလယ်အလတ်ကျစေ၍ ၎င်းကို ကာကွယ်ထား၏၊ စံချိန်ပြည့်မှီခဲ့လျှင် အရှင်သည် သင်တို့ အားလုံးကို လမ်းညွှန်တော်မူမည်ပင်။[၆၀၀]
၁၀။	**هُوَ الَّذِي أَنزَلَ مِنَ السَّمَاء مَاء لَّكُم مِّنْهُ شَرَابٌ وَمِنْهُ شَجَرٌ فِيهِ تُسِيمُونَ۞** အရှင်သည် ကောင်းကင်ယံမှ ရေကို သွန်းချစေလျက်၊ ထိုမှ သင်တို့ သောက်သုံးရန်၊ ၎င်းဖြင့် သစ်ပင် သစ်တော စည်းဝိုင်းများကို ဖြစ်စေ၏။
၁၁။	**يُنبِتُ لَكُم بِهِ الزَّرْعَ وَالزَّيْتُونَ وَالنَّخِيلَ وَالأَعْنَابَ وَمِن كُلِّ الثَّمَرَاتِ إِنَّ فِي ذَلِكَ لآيَةً لِّقَوْمٍ يَتَفَكَّرُونَ۞** ၎င်းဖြင့် သံလွင်ပင်များ၊ စွံပလွန်ပင်များ၊ စပျစ်ပင်များနှင့် သစ်သီးဝလံမျိုးစုံကို သင်တို့အတို့၌ စိုက်ပျိုးရေး ဖြစ်ထွန်းစေ၏၊ စဉ်းစားသုံးသပ်သော လူမျိုးအတွက် ဤ၌ သက်သေလက္ခဏာ ရှိနေ၏။
၁၂။	**وَسَخَّرَ لَكُمُ اللَّيْلَ وَالنَّهَارَ وَالشَّمْسَ وَالْقَمَرَ وَالنُّجُومُ مُسَخَّرَاتٌ بِأَمْرِهِ إِنَّ فِي ذَلِكَ لآيَاتٍ لِّقَوْمٍ يَعْقِلُونَ۞** အရှင်၏ ညွှန်ကြားချက်ဖြင့် ညနေ၊ နေ၊ လ တို့ကို သင်တို့အတွက် အသုံးခံဖြစ်စေ၏။ ကြယ်တာရာများကိုလည်း အသုံးခံများဖြစ်စေ၏၊ ဤ၌ အတွေးအခေါ်ရှိသော လူမျိုးအတွက် သက်သေလက္ခဏာ ရှိနေ၏။
၁၃။	**وَمَا ذَرَأَ لَكُمْ فِي الأَرْضِ مُخْتَلِفًا أَلْوَانُهُ إِنَّ فِي ذَلِكَ لآيَةً لِّقَوْمٍ يَذَّكَّرُونَ۞** သင်တို့အား ကမ္ဘာမြေ၌ အသွေးအရောင်များ ကွဲပြားလျက် ပွားများစေ၏၊ ဤ၌ ဆင်ခြင်သတိရှိသော လူမျိုးအတွက် သက်သေလက္ခဏာ ရှိနေ၏။
၁၄။	**وَهُوَ الَّذِي سَخَّرَ الْبَحْرَ لِتَأْكُلُواْ مِنْهُ لَحْمًا طَرِيًّا وَتَسْتَخْرِجُواْ مِنْهُ حِلْيَةً تَلْبَسُونَهَا وَتَرَى الْفُلْكَ مَوَاخِرَ فِيهِ وَلِتَبْتَغُواْ مِن فَضْلِهِ وَلَعَلَّكُمْ تَشْكُرُونَ۞** အရှင်သည် ပင်လယ်သမုဒ္ဒရာကို အသုံးခံဖြစ်စေ၍၊ ထိုမှ လတ်ဆတ်သော အသားများကို စားသုံးဘို့ရာ ဖြစ်စေ၏၊ ဆင်ယင်ဘို့ရာ လက်ဝတ်တန်ဆာများကိုလည်း ထိုမှ ထွက်စေတော်မူ၏၊ ထို၌ ရှုပ်တိုက်သွားလာသော သင်္ဘောများကို မြင်နိုင်ရာ၏၊ သို့ဖြစ်၍ သင်တို့ ကျေးဇူးသိတတ်အံ့ဘို့ရာ အရှင်၏ သိက္ခာပေးခြင်းကို ရှာဖွေကြလော့။
၁၅။ တောင်များ ☆၁၅း၁၉	**وَأَلْقَى فِي الأَرْضِ رَوَاسِيَ أَن تَمِيدَ بِكُمْ وَأَنْهَارًا وَسُبُلاً لَّعَلَّكُمْ تَهْتَدُونَ۞** သင်တို့ လမ်းညွှန်ခံရအံ့သောငှာ– မြေကမ္ဘာ၌ ဖြန့်ကျဲမသွားစေရန် တိုက်ကြီးများကို ငါ ခင်းကျင်းထား၍၊ သင်တို့အတွက် မြစ်များ လမ်းကြောင်းများကို☆ ဖြစ်စေ၏။
၁၆။ စကြာဝဠာများ	**وَعَلامَاتٍ وَبِالنَّجْمِ هُمْ يَهْتَدُونَ۞** **သိနိုင်သောမှတ်တိုင်များ** ကြယ်တာရာများ၊ ၎င်းတို့သည် လမ်းညွှန်များ ဖြစ်ကြ၏။
၁၇။ ☆၂၅း၂၀	**أَفَمَن يَخْلُقُ كَمَن لاَّ يَخْلُقُ أَفَلا تَذَكَّرُونَ۞** ဖြစ်တည်စေသော☆အရှင်သည် ဖြစ်တည်ပေးခြင်း မပြုနိုင်သူ ကဲ့သို့ ဖြစ်သလော။ ဆင်ခြင်သတိ ရှိကြမည် မဟုတ်လော၊

(၁၉၉) လူသားတို့ မသိနိုင်သေးသော စီးနင်းစရာများ နောက်ပိုင်းတွင်လည်း ဖြစ်လာဦးမည်ဟု ဤသုတ်တော်မှ ထင်ရှားစွာ ပြောထားခဲ့ပေသည်။
(၆၀၀) ဤသုတ်တော်မှ လမ်းစဉ်များကို အလယ်အလတ်ကျစေ၍ ၎င်းကို ကာကွယ်ထား၏၊ ဆိုသည်မှာ နဂိုမူလ ဉာဏ်စဉ်ဆောင်များဖြင့် ကိန်းဝပ်ချမှတ်ပေးသော လမ်းစဉ်တိုင်းသည် ဖြောင့်မတ်လျက် ရှိနေပြီး– နောက်ပိုင်းတွင် လူသာမန်တို့၏ စွပ်ဖက်မှုများကြောင့် ဖြောင့်မတ်မှု ကင်းလာခြင်း ဖြစ်၍ ပရမတ်ဘုရားရှင်က ဉာဏ်စဉ်ဆောင်များ ပွင့်ပေါ်စေခြင်းဖြင့် မူရင်းဓမ္မအား ပြန်လည်ဖြောင့်မှန်စေခြင်း ဖြစ်သည်။

၁၈။	**وَإِن تَعُدُّواْ نِعْمَةَ اللّهِ لاَ تُحْصُوهَا إِنَّ اللّهَ لَغَفُورٌ رَّحِيمٌ۝** ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုများကို ရေတွက်လျှင် အမှတ်စဉ်မှတ်နိုင်မည် မဟုတ်ချေ။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။
၁၉။	**وَاللّهُ يَعْلَمُ مَا تُسِرُّونَ وَمَا تُعْلِنُونَ۝** ပရမတ်ဘုရားရှင်သည် ကြိတ်ကြံစည်ရာ လူသိရှင်ကြားပြုရာများကို သိနေတော်မူ၏။
၂၀။ ကိုးကွယ်ခံ	**وَالَّذِينَ يَدْعُونَ مِن دُونِ اللّهِ لاَ يَخْلُقُونَ شَيْئًا وَهُمْ يُخْلَقُونَ۝** ပရမတ်ဘုရားရှင် မှလွဲ၍ **ဆုတောင်းခံ**များသည် တစ်စုံတစ်ရာကိုမျှ ဖြစ်တည်ပေးနိုင်ခြင်းမရှိ၊ သူတို့သည်ပင် ဖြစ်တည်ခံများ ဖြစ်ကြလျက်–
၂၁။	**أَمْوَاتٌ غَيْرُ أَحْيَاء وَمَا يَشْعُرُونَ أَيَّانَ يُبْعَثُونَ۝** သက်မဲ့များသာ ဖြစ်၍၊ အသက်ရှင်ခြင်း မရှိကြချေ။ မည်သည့်အချိန်၌ သူတို့ နိုးထရမည်ကို သတိမမူနိုင်ကြချေ။[၆၀]
၂၂။ တစ်ဆူတည်း	**إِلَـهُكُمْ إِلَهٌ وَاحِدٌ فَالَّذِينَ لاَ يُؤْمِنُونَ بِالآخِرَةِ قُلُوبُهُم مُّنكِرَةٌ وَهُم مُّسْتَكْبِرُونَ۝** သင်တို့၏ ဘုရားရှင်မှာ **ဧကောဒိ** ဘုရားရှင် ဖြစ်၏။ နောင်ဘဝအား မယုံကြည်သော သူတို့မှာ၊ သူတို့၏ နှလုံးသားသည် မကြုံစဖူး မာန်မာနတက်နေကြ၏။
၂၃။	**لاَ جَرَمَ أَنَّ اللّهَ يَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ إِنَّهُ لاَ يُحِبُّ الْمُسْتَكْبِرِينَ۝** ရာဇဝတ်မှုမပြုကြနှင့်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကြိတ်ကြံစည်ရာများ လူသိရှင်ကြားပြုရာများကို သိနေတော်မူ၏၊ အရှင်သည် မာန်မာနတက်နေသူများကို နှစ်သက်တော်မမူပေ။
၂၄။	**وَإِذَا قِيلَ لَهُم مَّاذَا أَنزَلَ رَبُّكُمْ قَالُواْ أَسَاطِيرُ الأَوَّلِينَ۝** သူတို့အား "သင်တို့၏ ကံကြမ္မာရှင်က ချမှတ်ပေးရာသည် မည်သည်နည်း၊"ဟု မေးမြန်းသော်၊ "ရှေးသရောအခါက ဒဏ္ဍာရီများသာ ဖြစ်၏၊"ဟု ဆိုကြလတ္တံ့။
၂၅။ ۝၂၁၄	**لِيَحْمِلُواْ أَوْزَارَهُمْ كَامِلَةً يَوْمَ الْقِيَامَةِ وَمِنْ أَوْزَارِ الَّذِينَ يُضِلُّونَهُم بِغَيْرِ عِلْمٍ أَلاَ سَاء مَا يَزِرُونَ۝** ရပ်တည်ရမည်နေ့၌* သူတို့သည် သူတို့၏ ဝန်ထုပ် အပြည့်အဝနှင့် အသိပညာ မဲ့လျက် သူတို့က လမ်းလွဲစေခဲ့သော သူများ၏ ဝန်ထုပ်တစ်ချို့ကို သယ်ပိုးရလတ္တံ့၊ ထိုဝန်ထုပ်များသည် အကုသိုလ် ဖြစ်၏။
၂၆။	**قَدْ مَكَرَ الَّذِينَ مِن قَبْلِهِمْ فَأَتَى اللّهُ بُنْيَانَهُم مِّنَ الْقَوَاعِدِ فَخَرَّ عَلَيْهِمُ السَّقْفُ مِن فَوْقِهِمْ وَأَتَاهُمُ الْعَذَابُ مِنْ حَيْثُ لاَ يَشْعُرُونَ۝** သူတို့၏ ရှေ့အလျင် မျိုးဆက်သည်လည်း ကြံစည်ခဲ့ကြပြီ၊ သို့သော် ပရမတ်ဘုရားရှင်သည် သူတို့အား ဆိုက်ရောက်စေသည်မှာ သူတို့၏ အဆောက်အအုံအား အုတ်မြစ်မှပင်လှန်၍၊ သူတို့ထံသို့ အပေါ်မှိုးသည် အပေါ်မှ ပြုတ်ကျ၏၊

---

(၆၀) ဤသုတ်တော်တွင် ဖော်ပြသော သူတို့သည် (ကိုးကွယ်ခံများသည်) သက်မဲ့များသာ ဖြစ်ကြ၏ အသက်မရှိကြချေ။ ဆိုသည်မှာ သက်မဲ့ရုပ်ပွားဆင်းတုများကိုသာ ရည်ညွှန်းခြင်း မဟုတ်ချေ။ ယခင်သုတ်တော် (၂၀) တွင် ကိုးကွယ်ခံများကို **الَّذِينَ အလသဓီးန** ဟု ဆိုထားသောကြောင့် သက်ရှိ ကိုးကွယ်ခံ ဘာသာရေး လူတန်းစားများကို ဆိုလိုကြောင်း ထင်ရှားပေသည်။ သူတို့သည် မိရိုးဖလာထဲ၌ သာယာနေလျက် အတွေးအခေါ်များ သေနေကြပြီး နောက်လိုက်ဒကာများ အတွက်လည်း မည်သည့် အကျိုးကိုမှ မသယ်ပိုးနိုင်ပေ။ လူထု၏ ဝန်ထုပ်ဝန်ပိုးများသာ ဖြစ်ပေသည်။ သူတို့သည် မည်သည့်အခါတွင်မှ အတွေးအခေါ်သစ်များ ကိန်းဝပ်လာပြီး ပြန်လည်နိုးကြား လာနိုင်မည်ကို သူတို့ကိုယ် သူတို့ပင် မသိကြဘဲ အိပ်မောကျ နေသူများသာ ဖြစ်သည်ဟု ကျမ်းတော်က ထောက်ပြထားခြင်း ဖြစ်ပေသည်။

	ဝင့်ကြွေးသည် မည်သည့် နေရာမှ ပေးရောက်လာမည်ကို သတိမမူနိုင်ကြချေ။[၆၀၂]
၂၇။	**ثُمَّ يَوْمَ الْقِيَامَةِ يُخْزِيهِمْ وَيَقُولُ أَيْنَ شُرَكَآئِيَ الَّذِينَ كُنتُمْ تُشَاقُّونَ فِيهِمْ قَالَ الَّذِينَ أُوتُواْ الْعِلْمَ إِنَّ الْخِزْيَ الْيَوْمَ وَالْسُّوءَ عَلَى الْكَافِرِينَ۞**
	တဖန် ရပ်တည်ရသော နေ့၌ သူတို့အား အရှက်ရစေလျက် ''ငင်းတို့မှ သင်တို့ ဂိုဏ်းခွဲသူများ ဖြစ်သော ငါနှင့် ဖက်စပ်ခဲ့သူများ အဘယ်မှာနည်း။''ဟု မေးမြန်းသော်၊ အသိပညာ ချီးမြှင့်ခံရသောသူများက ''ဤနေ့တွင် ဖုံးကွယ်သူတို့အား အရှက်ရစေပြီ၊ အကုသိုလ်သင့်စေပြီ၊''ဟု ဆိုကြ၏။
၂၈။	**الَّذِينَ تَتَوَفَّاهُمُ الْمَلآئِكَةُ ظَالِمِي أَنفُسِهِمْ فَأَلْقَوُاْ السَّلَمَ مَا كُنَّا نَعْمَلُ مِن سُوءٍ بَلَى إِنَّ اللهَ عَلِيمٌ بِمَا كُنتُمْ تَعْمَلُونَ۞**
☆၄း၉၇	မိမိ စရိုက်များကိုမိမိ မိုက်ကြေးခွဲနေစဉ် နိမိတ်ဆောင်များက သူတို့ကို သက်တမ်းကုန်စေသော်☆ ''ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေး ကမ်းလှမ်း၏၊ အကုသိုလ် ကျင့်ကြံခဲ့ခြင်း မရှိပါ''ဟု ဆိုကြလတ္တံ့၊ အမှန်မှာ သင်တို့ ကျင့်ကြံလေ့ရှိသမျှအား ဇကန်ပင် ပရမတ်ဘုရားရှင်သည် သိနေသော အရှင် ဖြစ်၏။
၂၉။	**فَادْخُلُواْ أَبْوَابَ جَهَنَّمَ خَالِدِينَ فِيهَا فَلَبِئْسَ مَثْوَى الْمُتَكَبِّرِينَ۞**
	ထို့ကြောင့် ငရဲဘုံ၏ တံခါးများမှ ဝင်၍၊ ထိုဠ္ဌ အစဉ်ခံစားလော့၊ သို့– မာနတက်သူတို့အဘို့ အမင်္ဂလာ တည်းခိုရာ ဖြစ်စေ၏။
၃၀။	**وَقِيلَ لِلَّذِينَ اتَّقَوْاْ مَاذَا أَنزَلَ رَبُّكُمْ قَالُواْ خَيْرًا لِّلَّذِينَ أَحْسَنُواْ فِي هَذِهِ الدُّنْيَا حَسَنَةٌ وَلَدَارُ الآخِرَةِ خَيْرٌ وَلَنِعْمَ دَارُ الْمُتَّقِينَ۞**
	စည်းစောင့်သော သူတို့အား ''သင်တို့၏ ကံကြမ္မာရှင်က ချမှတ်ပေးရာသည် မည်သည်နည်း၊''ဟု မေးမြန်းသော်၊ ''အကောင်းတရားပင်''ဟု ဖြေကြားကြ၏။ သုမင်္ဂလာပြုသော သူများအတွက် ဤလောကီ၌ တင့်တယ်ခြင်း ရှိ၍၊ နောင်ဘဝ၏ ဘုံနန်းသည် သာလွန်ကောင်းပေ၏၊ စည်းစောင့်သူများ၏ ဘုံနန်းသည် ဂုဏ်ရှိလှ၏။
၃၁။	**جَنَّاتُ عَدْنٍ يَدْخُلُونَهَا تَجْرِي مِن تَحْتِهَا الأَنْهَارُ لَهُمْ فِيهَا مَا يَشَآؤُونَ كَذَلِكَ يَجْزِي اللهُ الْمُتَّقِينَ۞**
	သူတို့အား ဝင်စေမည့် တည်မြဲခြင်း သုခဘုံများသည် အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေ၏၊ သူတို့၏ စံချိန်အလျောက် ထိုဠ္ဌ ရှိ၏၊ ဤသည် ပရမတ်ဘုရားရှင်က စည်းစောင့်သူများအား အစားပြန်ပေးခြင်း ဖြစ်၏။
၃၂။	**الَّذِينَ تَتَوَفَّاهُمُ الْمَلآئِكَةُ طَيِّبِينَ يَقُولُونَ سَلامٌ عَلَيْكُمُ ادْخُلُواْ الْجَنَّةَ بِمَا كُنتُمْ تَعْمَلُونَ۞**
☆၄း၉၇	သူတို့အား နိမိတ်ဆောင်တို့က ဘဝပြောင်းစေသော်☆ စင်ကြယ်သူများအား ''သင်တို့သည် ငြိမ်းချမ်းကြပါစေ၊ သင်တို့၏ ကျင့်ကြံလေ့ရှိရာများကြောင့် သုခဘုံသို့ ဝင်ကြလော့၊''ဟု ဆိုလတ္တံ့။
၃၃။	**هَلْ يَنظُرُونَ إِلاَّ أَن تَأْتِيَهُمُ الْمَلائِكَةُ أَوْ يَأْتِيَ أَمْرُ رَبِّكَ كَذَلِكَ فَعَلَ الَّذِينَ مِن قَبْلِهِمْ وَمَا ظَلَمَهُمُ اللهُ وَلَـكِن كَانُواْ أَنفُسَهُمْ يَظْلِمُونَ۞**
☆၁၅း၈	သူတို့ထံသို့ နိမိတ်ဆောင်များအား ဆိုက်ရောက်လာမည်ကို စောင့်ကြည့်နေကြသလော၊☆ သို့မဟုတ် သင့်ကံကြမ္မာရှင်၏ ညွှန်ကြားချက်ကို ဆိုက်ရောက်စေရမည်လော၊ သူတို့မတိုင်မီ ဖြစ်သူများလည်း ဤသို့ ပြုလုပ်ခဲ့ပြီ။ ပရမတ်ဘုရားရှင်က သူတို့အား အမိုက်သင့်စေသည် မဟုတ် သူတို့၏စရိုက်ကိုသာ သူတို့ မိုက်ကြေးခွဲလေ့ရှိကြပြီ။

(၆၀၂) ဤသည် ပြုပြင်ပြောင်းလဲသူတို့အား ဒုက္ခပေးနေကြသူတို့ထံသို့ ဆိုက်ရောက်လာမည့် ဘေးအန္တရာယ်အကြောင်းကို နိမိတ်ပေးခြင်း ဖြစ်ပေသည်။ သူတို့မတိုင်မီ မျိုးဆက်များတွင်လည်း ပြုပြင်ရေး သမားများ ပေါ်ခဲ့၏၊ သို့သော် သူတို့သည် ပြုပြင်ခြင်း မရှိသောကြောင့် သားစဉ်မြေးဆက် နာမည်ပျက်နှင့်ပင် အခြေအမြစ်မဲ့သော ဘဝကို ရင်ဆိုင်ခဲ့ရပေပြီ။ ဧးဒဖ နှင့် ယှဉ်၍ လေ့လာနားလည်သင့်ပေသည်။

၃၄။	**فَأَصَابَهُمْ سَيِّئَاتُ مَا عَمِلُواْ وَحَاقَ بِهِم مَّا كَانُواْ بِهِ يَسْتَهْزِؤُونَ۝** ကျင့်ကြံခဲ့ရာ အကုသိုလ်များက သူတို့အား ထိခိုက်စေပြီ၊ သူတို့၏ လှောင်ပြောင်လေ့ရှိရာများက သူတို့အား ပိတ်ဖုံးနေပြီ။
၃၅။	**وَقَالَ الَّذِينَ أَشْرَكُواْ لَوْ شَاء اللّهُ مَا عَبَدْنَا مِن دُونِهِ مِن شَيْءٍ نَّحْنُ وَلا آبَاؤُنَا وَلاَ حَرَّمْنَا مِن دُونِهِ مِن شَيْءٍ كَذَلِكَ فَعَلَ الَّذِينَ مِن قَبْلِهِمْ فَهَلْ عَلَى الرُّسُلِ إِلاَّ الْبَلاغُ الْمُبِينُ۝** ရောပြွန်းကိုးကွယ်သောသူများက ''ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့လျှင်၊ ကျွန်ုပ်တို့နှင့် ဘဘိုးတို့သည် အရှင် မှလွဲ၍ တစ်စုံတစ်ရာကိုမှ ကိုးကွယ်မည် မဟုတ်ချေ။ အရှင် မှလွဲ၍ တစ်စုံတစ်ရာကိုမှလည်း တားမြစ်ခဲ့မည် မဟုတ်ချေ။''ဟု ဆိုကြ၏။[၆၀၃] သူတို့မတိုင်မီ ဖြစ်သူများလည်း ဤအတိုင်း ပြုလုပ်ခဲ့ပြီ။ ဉာဏ်စဉ်ဆောင်များ၏ ဝန်တာမှာ ရှင်းလင်းချက်များအား ဆိုက်ရောက်စေရန်သာ ဖြစ်၏။
၃၆။	**وَلَقَدْ بَعَثْنَا فِي كُلِّ أُمَّةٍ رَّسُولاً أَنِ اعْبُدُواْ اللّهَ وَاجْتَنِبُواْ الطَّاغُوتَ فَمِنْهُم مَّنْ هَدَى اللّهُ وَمِنْهُم مَّنْ حَقَّتْ عَلَيْهِ الضَّلالَةُ فَسِيرُواْ فِي الأَرْضِ فَانظُرُواْ كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ۝** မုချဇကန် အသိုင်းအဝိုင်း ကိုယ်စီ၌ ဉာဏ်စဉ်ဆောင် ပွင့်ပေါ်စေခဲ့၍၊ ပရမတ်ဘုရားရှင်အား ကိုးကွယ်စေလျက် သူတို့အား မိစ္ဆာဒိဋ္ဌိအဖြစ်မှ ကင်းသန့်စေခဲ့ပြီ၊ သူတို့အနက် သူ့ကိုယ်သူ လမ်းလွဲကို အမှန်ဟုဖြစ်သူ ရှိစဉ်၊ သူတို့အနက် ပရမတ်ဘုရားရှင်က လမ်းညွှန်ခဲ့သူများ ရှိ၏၊ သို့ဖြစ်၍ ငြင်းဆန်သူများသည် နိဂုံး မည်သို့ ချုပ်ရသည်ကို ကမ္ဘာမြေအနှံ့ သွားလာ၍ ကြည့်ကြလော့။
၃၇။	**إِن تَحْرِصْ عَلَى هُدَاهُمْ فَإِنَّ اللّهَ لاَ يَهْدِي مَن يُضِلُّ وَمَا لَهُم مِّن نَّاصِرِينَ۝** သူတို့အား ဆန္ဒဖောဖြင့် လမ်းညွှန်လိုသော်လည်း ပရမတ်ဘုရားရှင်က လမ်းမညွှန်လေလျှင် သူသည် လမ်းလွဲနေမည်ပင်၊ သူတို့အတွက် ကူညီနိုင်သူ မရှိချေ။[၆၀၄]
၃၈။ ☆ဂုဒ၄	**وَأَقْسَمُواْ بِاللّهِ جَهْدَ أَيْمَانِهِمْ لاَ يَبْعَثُ اللّهُ مَن يَمُوتُ بَلَى وَعْدًا عَلَيْهِ حَقًّا وَلَكِنَّ أَكْثَرَ النَّاسِ لاَ يَعْلَمُونَ۝** ပရမတ်ဘုရားရှင်သည် သူသေများအား ပြန်လည် နိုးထစေမည်☆ မဟုတ်ဟု အင်တိုက်အားတိုက် အားသန်စွာဖြင့် ပရမတ်ဘုရားရှင်အား တိုင်တည်ကြ၏၊ အမှန်မှာ အရှင်၏ ကတိတော်သည် သစ္စာတရား ဖြစ်၏၊ သို့သော် လူသားအများစုကြီးမှာကား သိကြသည် မဟုတ်ချေ။
၃၉။	**لِيُبَيِّنَ لَهُمُ الَّذِي يَخْتَلِفُونَ فِيهِ وَلِيَعْلَمَ الَّذِينَ كَفَرُواْ أَنَّهُمْ كَانُواْ كَاذِبِينَ۝** သဘောထားကွဲနေသည်များကို သူတို့ ရှင်းလင်းစေရန်၊ ဖုံးကွယ်သော သူများသည်လည်း သူတို့သည် လိမ်ညာသူများဖြစ်ကြောင်းကို သိနိုင်စေရန် ဖြစ်၏။
၄၀။ ☆၂း၁၁၇	**إِنَّمَا قَوْلُنَا لِشَيْءٍ إِذَا أَرَدْنَاهُ أَن نَّقُولَ لَهُ كُن فَيَكُونُ۝**

---

(၆၀၃) ရောပြွန်းကိုးကွယ်သူများက သူတို့၏ ယခုကျင့်ကြံနေသော အကျင့်အကြံသည် သူတို့ထံ၌ ပွင့်ပေါ်ခဲ့သော ဉာဏ်စဉ်ဆောင် (ပညတ်ဘုရား)က ဟောကြားခဲ့သယောင် ပြောဆိုမှုမှာ လုံးဝ အမှားတရားသာ ဖြစ်ပေသည်။ မည်သည့် လူ့အသိုင်းအဝိုင်း (လူမျိုးများ) အတွက် ပွင့်ပေါ်ခဲ့သော ဉာဏ်စဉ်ဆောင်သည်မှ ရောပြွန်းကိုးကွယ်နိုင်ကြောင်း ထောက်ခံဟောကြားခဲ့သည့် အထောက်အထားဟု တိကျခိုင်လုံစွာ မရှိပေ။ ထိုအတွက် သုတ်တော် ၃၈ တွင် ဉာဏ်စဉ်ဆောင်များသည် ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ကြရန်၊ ရုပ်ပွားဆင်းတုများကို ရှောင်ကြဉ်ကြရန် ဟောကြားခဲ့ကြောင်း ပြောထားပေသည်။ **ပိဋကတော်၏ ဓမ္မပဒ ၁၈၈၊ ၁၈၉ တွင်လည်း တည်ထားကိုးကွယ်မှုများ ''စေတီ'' များကို ကိုးကွယ်ခြင်းကြောင့် ဘေးကင်းသော ကိုးကွယ်မှု မဟုတ်ကြောင်း** သွန်သင်ထားပေသည်။

(၆၀၄) ဤသုတ်တော်က အရာရာအား ဘုရားရှင်၌ လွှဲချထားရမည် လူသားတစ်ဦးအား လမ်းမညွှန်ရဟု တားမြစ်ထားခြင်း မဟုတ်ပေ၊ ဘုရားရှင်၏ အဆုံးအမကို အရေးမစိုက်ဘဲ မိမိ၏ ဒသနဖြင့် သူတစ်ပါးအား လမ်းညွှန်ခြင်းသည် လမ်းမှန်မဟုတ် ဟု ဆိုခြင်းပင် ဖြစ်ပေသည်။

	ဖြစ်လိုရာအား ငါ၏ အဆိုအမိန့် "ဖြစ်"ဟု မိန့်ဆိုရုံမျှသာ၊ သို့ဖြင့် ဆင့်ကဲပြည့်စုံ ဖြစ်လာရမည်သာတည်း။☆
၄၁။	**وَالَّذِينَ هَاجَرُواْ فِي اللّهِ مِن بَعْدِ مَا ظُلِمُواْ لَنُبَوِّئَنَّهُمْ فِي الدُّنْيَا حَسَنَةً وَلَأَجْرُ الآخِرَةِ أَكْبَرُ لَوْ كَانُواْ يَعْلَمُونَ۞** မိုက်ကြေးခွဲခံရပြီးနောက် ပရမတ်ဘုရားရှင်၏ လမ်း၌ ပြောင်းရွှေ့ခဲ့ရသော သူတို့အတွက် လောကီဘဝကို တင့်တယ်စွာ နေရာချပေးတော်မူမည်၊ နောင်ဘဝ၏ အကျိုးဆုလဒ်သည် ပိုမိုကြီးကျယ်၏၊ သိကြပါလေစ။
၄၂။	**الَّذِينَ صَبَرُواْ وَعَلَى رَبِّهِمْ يَتَوَكَّلُونَ۞** သည်းခံ၍ သူတို့၏ကံကြမ္မာရှင်၌ ကိုးစားကြသော သူများကြောင့် ဖြစ်၏။
၄၃။ ကျမ်းစာ	**وَمَا أَرْسَلْنَا مِن قَبْلِكَ إِلاَّ رِجَالاً نُّوحِي إِلَيْهِمْ فَاسْأَلُواْ أَهْلَ الذِّكْرِ إِن كُنتُمْ لاَ تَعْلَمُونَ۞** သင့် မတိုင်မီက သူတို့ထံ အာရုံဖြစ်စေလျက် ငါ စေစားသူများမှာ လူသားစင်စစ်များသာ ဖြစ်၏။[၆၀၅] သင်တို့ အသိမရှိကြလျှင် **သတိပေးတရားတော်** ရသူများကို မေးမြန်းလော့။
၄၄။ ☆၁၇း၅၅ ကုရ်အာန်	**بِالْبَيِّنَاتِ وَالزُّبُرِ وَأَنزَلْنَا إِلَيْكَ الذِّكْرَ لِتُبَيِّنَ لِلنَّاسِ مَا نُزِّلَ إِلَيْهِمْ وَلَعَلَّهُمْ يَتَفَكَّرُونَ۞** ရှင်းလင်းချက်များ၊ ကျမ်းငယ်များအားဖြင့်☆ သူတို့ထံသို့ ချမှတ်ပေးရာအား သူတို့ စဉ်းစားသုံးသပ်အံ့ငှာ သင့်အား **သတိပေးတရားတော်**ကို ငါ ချမှတ်ပေးပြီ။
၄၅။	**أَفَأَمِنَ الَّذِينَ مَكَرُواْ السَّيِّئَاتِ أَن يَخْسِفَ اللّهُ بِهِمُ الأَرْضَ أَوْ يَأْتِيَهُمُ الْعَذَابُ مِنْ حَيْثُ لاَ يَشْعُرُونَ۞** အကုသိုလ် ကြံစည်သော သူတို့အတွက် ပရမတ်ဘုရားရှင်သည် သူတို့ကို မြေကမ္ဘာ၏ မြိုချခြင်းမှ ဖြစ်စေ၊ မည်သည့် နေရာမှ ပေးရောက်လာမည်ဟု သတိမမူနိုင်သော ဝဋ်ကြွေးမှ ဖြစ်စေ လုံခြုံပြီဟု ယုံကြည်နေကြသလော၊[၆၀၆]
၄၆။	**أَوْ يَأْخُذَهُمْ فِي تَقَلُّبِهِمْ فَمَا هُم بِمُعْجِزِينَ۞** သို့မဟုတ် သူတို့ ဦးလှည့်နေစဉ်[၆၀၇] သူတို့အား အရေးယူခြင်းကို ချိုနဲ့စေနိုင်မည် မဟုတ်ချေ။
၄၇။	**أَوْ يَأْخُذَهُمْ عَلَى تَخَوُّفٍ فَإِنَّ رَبَّكُمْ لَرَؤُوفٌ رَّحِيمٌ۞** သို့မဟုတ် သူတို့သည် ကြောက်ရွံ့စိုးရိမ်နေစဉ်တွင် အရေးယူခံရရန်နိုင်၏၊ သင်၏ကံကြမ္မာရှင်သည် ညှာတာသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၄၈။	**أَوَ لَمْ يَرَوْاْ إِلَى مَا خَلَقَ اللّهُ مِن شَيْءٍ يَتَفَيَّأُ ظِلاَلُهُ عَنِ الْيَمِينِ وَالشَّمَآئِلِ سُجَّدًا لِلّهِ وَهُمْ دَاخِرُونَ۞** ပရမတ်ဘုရားရှင်က ဖြစ်တည်စေသော အရာ အလုံးစုံကို သင် မမြင်နိုင်သလော၊ ၎င်းတို့သည် ဝပ်တွားနှိမ့်ချလျက် ၎င်းတို့၏ အရိပ်များ ဘယ်သို့၊ ညာသို့ ယိမ်းညွှတ်လျက် ပရမတ်ဘုရားရှင်အား ဦးချနေကြ၏။

---

(၆၀၅) ပရမတ်ဘုရားရှင် (အလ္လာဟ်) က ဝဟီ (သဗ္ဗညုတ္တဉာဏ်) ကိန်းဝပ်စေသော ပုဂ္ဂိုလ်များမှာ ရာဇဝင်လာ နတ်များ၊ သကြားမင်းများ မဟုတ်ပေ။

(၆၀၆) ဤသုတ်တော်မှ "မြေကမ္ဘာ၏ မြိုခြင်း (မြေမြိုခြင်း)" ဆိုသည်မှာ ဒဏ္ဍာရီလာ စကားလုံး ကမ္ဘာမြေ အက်ကွဲလာလျက် မြိုချလိုက်သည် ဟု ဆိုလိုခြင်း မဟုတ်ပေ။ အာရဗီဝေါဟာရ **خَسِفَ ခဆိဖ** သည် မြိုချသည်၊ ပျောက်ကွယ်စေသည် ဟု ဖြစ်၍ သြဇာအာဏာ တိမ်ကောမှုးမိုန် ရခြင်းများကို တင်စားပြောဆိုလေ့ရှိသော စကားလုံး ဖြစ်ပေသည်။ ထို့ကြောင့် ဤဝါကျ၏ အနက်မှာ ဘုရားရှင်က သူတို့၏ အာဏာ၊ သူတို့၏ ဓလေ့ဆိုးကို မှုးမှိန်ပျောက်ကွယ်စေမည်၊ သို့မဟုတ် တိမ်ကောပပျောက် ခေတ်နောက်ကျသွားစေမည် ဟု ဆိုခြင်း ဖြစ်ပေသည်။

(၆၀၇) ဤသုတ်တော်မှာ စကားလုံး **تَقَلُّب တုကလ်လိဘ** ကို အချို့ဆရာတော်များက "ဟိုဟိုဒီဒီ သွားလာသော ခရီး၌ ရှိစဉ်၊"ဟု လည်းကောင်း အချို့က အိပ်မောကျနေစဉ်ဟု လည်းကောင်း ဘာသာပြန်ဆိုကြပေသည်။ ထိုစကားလုံးကို ကျမ်းတော်၏ ၂၁၄၄ တွင် ကိုယ်တော်သည် စိတ်ငြိမ်စွာဖြင့် တောင့်တရည်မျှော်နေသည် ဟု သည့် အဓိပ္ပါယ်ကိုဆောင်သော **ဦးလှည့်နေသည်**ဟု တွေ့ရပေသည်။ ဤသုတ်တော်တွင် ဆိုလိုသည်မှာ လူမျိုးတစ်မျိုးသည် မိမိ၏ အယူဝါဒ၌ သို့မဟုတ် မိမိ၏ စီးပွားရမက်၌ စုန်းစုန်းမြုပ်နေလျက် အပြင်လောကကို မေ့လျော့လျက်နေစဉ်ဟု ဖြစ်ပေသည်။

၄၉။	**وَلِلَّهِ يَسْجُدُ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ مِن دَآبَّةٍ وَالْمَلآئِكَةُ وَهُمْ لاَ يَسْتَكْبِرُونَ۞** မိုးများအတွင်း မြေအတွင်း ရှိသမျှ သတ္တဝါအပေါင်းနှင့် နိမိတ်ဆောင်တို့၏ ဦးချရိုကျိုးမှုသည် ပရမတ်ဘုရားရှင် အတွက်သာ ဖြစ်၏။ သူတို့သည် မာနတက်မနေကြချေ။
၅၀။	**يَخَافُونَ رَبَّهُم مِّن فَوْقِهِمْ وَيَفْعَلُونَ مَا يُؤْمَرُونَ۞** သူတို့အပေါ်မှ ကံကြမ္မာရှင်အား ကြောက်ရွံ့ရိုကျိုးကြ၏၊ သူတို့အား စီမံမိန့်ဆိုရာကို ပြုလုပ်ကြ၏။
၅၁။	**وَقَالَ اللّهُ لاَ تَتَّخِذُواْ إِلـهَيْنِ اثْنَيْنِ إِنَّمَا هُوَ إِلـهٌ وَاحِدٌ فَإِيَّايَ فَارْهَبُونِ۞** ပရမတ်ဘုရားရှင်က "ဘုရား နှစ်ဆူဟု အယူမထားကြနှင့်၊ အရှင်သည် တစ်ပါးတည်းသာ ဖြစ်၏၊ ငါကိုသာ ကြောက်ရွံ့ ရိုသေကြလော့၊"ဟု မိန့်တော်မူ၏။
၅၂။	**وَلَهُ مَا فِي السَّمَاوَاتِ وَالأَرْضِ وَلَهُ الدِّينُ وَاصِبًا أَفَغَيْرَ اللّهِ تَتَّقُونَ۞** မိုးများနှင့် မြေကမ္ဘာတွင် ရှိသမျှသည် အရှင်၏ အချုပ်အခြာ၌ ရှိ၍၊ သာသနာ၏ အနှစ်သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ထို့ကြောင့် ပရမတ်ဘုရားရှင်မှအပ စည်းစောင့် အားထားရာရှိသလော။
၅၃။	**وَمَا بِكُم مِّن نِّعْمَةٍ فَمِنَ اللّهِ ثُمَّ إِذَا مَسَّكُمُ الضُّرُّ فَإِلَيْهِ تَجْأَرُونَ۞** သင်တို့အတွက် ဂုဏ်ပေးမှုသည် ပရမတ်ဘုရားရှင်၏ ထံမှ ဖြစ်ခဲ့သော်လည်း၊ ထို့နောက် ဘေးဥပဒ် ထိသောအခါမှ အရှင့် ဘက်သို့ အသနားခံကြသလော။
၅၄။	**ثُمَّ إِذَا كَشَفَ الضُّرَّ عَنكُمْ إِذَا فَرِيقٌ مِّنكُم بِرَبِّهِمْ يُشْرِكُونَ۞** တဖန် သင်တို့၏ ဥပဒ်ကို ဖယ်ပေးသည်နှင့် သင်တို့မှ တစ်ဖွဲ့သည် သူတို့၏ ကံကြမ္မာရှင်နှင့် ရောပြွမ်းကိုးကွယ်ရာပြု၏။
၅၅။	**لِيَكْفُرُواْ بِمَا آتَيْنَاهُمْ فَتَمَتَّعُواْ فَسَوْفَ تَعْلَمُونَ۞** သူတို့အား ငါ ပေးအပ်သည်ကို ဖုံးကွယ်ရန် အလို့ငှာ ဖြစ်၏၊ ထိုသို့– သာယာနေပါစေ၊ မကြာမီ သိကြရလတ္တံ့။
၅၆။ ☆၅း၃	**وَيَجْعَلُونَ لِمَا لاَ يَعْلَمُونَ نَصِيبًا مِّمَّا رَزَقْنَاهُمْ تَاللّهِ لَتُسْأَلُنَّ عَمَّا كُنتُمْ تَفْتَرُونَ۞** ငါ ရိက္ခာထောက်ရာမှ သူတို့ မသိရာများကို စီစဉ်၍ ပင်ပန်းခံနေကြ၏။☆ ပရမတ်ဘုရားရှင်အား တိုင်တည်လျက်– သင်တို့၏ လုပ်ကြံဖန်တီးလေ့ ရှိရာများနှင့် စပ်လျဉ်း၍ မေးမြန်းစစ်ဆေးလိမ့်မည်။
၅၇။ ☆ ၄း၁၁၇	**وَيَجْعَلُونَ لِلّهِ الْبَنَاتِ سُبْحَانَهُ وَلَهُم مَّا يَشْتَهُونَ۞** ပရမတ်ဘုရားရှင်၌ သမီးများရှိသည်ဟု စီစဉ်ကြ၏။ အရှင်သည် ဦးထိပ်ထားရာ ဖြစ်တော်မူ၏၊ ၎င်းမှာ သူတို့၏ အာသီသ ဖြစ်၍–☆
၅၈။	**وَإِذَا بُشِّرَ أَحَدُهُمْ بِالأُنثَى ظَلَّ وَجْهُهُ مُسْوَدًّا وَهُوَ كَظِيمٌ۞** သူတို့မှ တစ်စုံတစ်ယောက်အား သမီးရတနာရကြောင်း သတင်းကောင်းပါးသော်၊ မျက်နှာ ကုပ်လျက် မဲသွား၏၊ သူသည် ယူကြုံးမရဖြစ်၏။

၅၉။	**يَتَوَارَى مِنَ الْقَوْمِ مِن سُوءِ مَا بُشِّرَ بِهِ أَيُمْسِكُهُ عَلَى هُونٍ أَمْ يَدُسُّهُ فِي التُّرَابِ أَلاَ سَاء مَا يَحْكُمُونَ۞** ထိုသတင်းအား အကုသိုလ် ဟု၊ သူ့လူမျိုးထံမှ ပုန်းကွယ်နေ၏၊ ၎င်းအား နိမ့်ကျစွာ ထိန်းထားမည်လော သို့တည်း မဟုတ် မြေထဲတွင် မြှုပ်ပစ်မည်လော–၊ စီရင်ထုံးများသည် အကုသိုလ်သာ ဖြစ်၏။[၆၀၈]
၆၀။	**لِلَّذِينَ لاَ يُؤْمِنُونَ بِالآخِرَةِ مَثَلُ السَّوْءِ وَلِلّهِ الْمَثَلُ الأَعْلَى وَهُوَ الْعَزِيزُ الْحَكِيمُ۞** နောင်ဘဝအား မယုံကြည်သော သူတို့၏ ပမာသည် အကုသိုလ် ဖြစ်၍၊ ပရမတ်ဘုရားရှင်၏ ပမာသည်ကား အထွင့်အထိပ် ဖြစ်၏၊ အရှင်သည် ဘုန်းတော်အရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၆၁။ ☆ဂုးခွ	**وَلَوْ يُؤَاخِذُ اللّهُ النَّاسَ بِظُلْمِهِم مَّا تَرَكَ عَلَيْهَا مِن دَآبَّةٍ وَلَكِن يُؤَخِّرُهُمْ إِلَى أَجَلٍ مُّسَمًّى فَإِذَا جَاء أَجَلُهُمْ لاَ يَسْتَأْخِرُونَ سَاعَةً وَلاَ يَسْتَقْدِمُونَ۞** လူသားတို့၏ မိုက်ကြေးခွဲမှုကြောင့် ပရမတ်ဘုရားရှင် အရေးယူခဲ့ပြီး ဖြစ်လျှင်၊ ချန်ထားသော သတ္တဝါဟူ၍ မရှိပြီ၊ သို့သော် ၎င်းတို့အား သတ်မှတ်ကာလ အချိန်ထိ နောက်ဆုတ်ပေးနေ၏၊ သတ်မှတ်ကာလ ရောက်လာသောအခါ တစ်နာရီမျှပင် နောက်မဆုတ်နိုင်၊ ရပ်မထားနိုင်ချေ။☆
၆၂။	**وَيَجْعَلُونَ لِلّهِ مَا يَكْرَهُونَ وَتَصِفُ أَلْسِنَتُهُمُ الْكَذِبَ أَنَّ لَهُمُ الْحُسْنَى لاَ جَرَمَ أَنَّ لَهُمُ النَّارَ وَأَنَّهُم مُّفْرَطُونَ۞** သူတို့မကြိုက်သော အရာများကို ပရမတ်ဘုရားရှင် အတွက်ဟု စီစဉ်ကြ၍၊ အတင့်တယ်ဆုံးများကို သူတို့အတွက် ဟု သူတို့၏နှတ်လျှာမှ လိမ်လည် တင်ပြကြ၏၊ ရာဇဝတ်မှုမပြုကြနှင့်၊ သူတို့အတို့ အပူမီးသာ ရှိ၏၊ သူတို့သည် လက်လွှတ်စပယ်ပြုသူများ ဖြစ်၏။
၆၃။ မကောင်းဆိုးဝါး	**تَاللّهِ لَقَدْ أَرْسَلْنَا إِلَى أُمَمٍ مِّن قَبْلِكَ فَزَيَّنَ لَهُمُ الشَّيْطَانُ أَعْمَالَهُمْ فَهُوَ وَلِيُّهُمُ الْيَوْمَ وَلَهُمْ عَذَابٌ أَلِيمٌ۞** ပရမတ်ဘုရားရှင်အား တိုင်တည်လျက်၊ သင့် ရှေ့အလျင် အသိုင်းအဝိုင်းများထံသို့လည်း ငါ၏စေစားခြင်းကိုပြုခဲ့ပြီ။ သူတို့အား မကောင်းဆိုးဝါးက သူတို့၏ ကျင့်ကြံမှုများကို ဖမ်းစားခဲ့၏၊ ယနေ့၌ **သူ**သည် သူတို့အတွက် မဟာမိတ် ဖြစ်၏၊ သူတို့အတွက် နာကျင်သော ဝဋ်ကြွေးသည် ရှိနေပြီ။
၆၄။	**وَمَا أَنزَلْنَا عَلَيْكَ الْكِتَابَ إِلاَّ لِتُبَيِّنَ لَهُمُ الَّذِي اخْتَلَفُواْ فِيهِ وَهُدًى وَرَحْمَةً لِّقَوْمٍ يُؤْمِنُونَ۞** သဘောထားကွဲ နေသည်များကို သူတို့ ရှင်းလင်းစေရန်၊ ယုံကြည်သော လူမျိုးအား လမ်းညွှန်ပေးရန်၊ ကရုဏာသက်ရန်သာ ငါသည် သင့်အား ဤကျမ်းတော်ကို ချမှတ်ပေးပြီ။
၆၅။	**وَاللّهُ أَنزَلَ مِنَ السَّمَاء مَاء فَأَحْيَا بِهِ الأَرْضَ بَعْدَ مَوْتِهَا إِنَّ فِي ذَلِكَ لآيَةً لِّقَوْمٍ يَسْمَعُونَ۞** မြေကမ္ဘာအား သေပြီးနောက်မှ ရှင်လာစေရန် ကောင်းကင်ယံမှ ရေကို ပရမတ်ဘုရားရှင်သည် သွန်းချစေတော်မူ၏၊ ကြားနာနိုင်စွမ်းရှိသော လူမျိုးအတွက် ဤ၌ သက်သေလက္ခဏာ ရှိနေ၏။

---

(၆၀၈) သမီးမိန်းကလေး မွေးလာလျှင် အကုသိုလ်ဟု လည်းကောင်း၊ မိန်းကလေးသည် ယောကျ်ားလေးလောက် မမြတ်ဟူသော အယူကိုလည်းကောင်း အစွဲလာမ်သာသနာက လုံးဝ လက်မခံကြောင်း ဤသုတ်တော်က အတိအကျကြေငြာသည်။ ဤသုတ်တော်ကို စတင်ကြေငြာသော လွန်ခဲ့သည် နှစ် ၁၅၀၀ (အေဒီ ၆၀၀ မတိုင်မီ)က အာရ်ရပ်လူမျိုးများသည် သမီးမိန်းကလေး မွေးဘွားလာလျှင် ဂြိုလ်ဆိုးဝင်သည်ဟု အယူထားလျက် မွေးလာသော ကလေးများကို လူသိမခံဘဲ အရှင်လတ်လတ် မြေမြှုပ်ပစ်လေ့ရှိသည်၊ မလွဲမချောင်သာ မွေးရလျှင်လည်း ကြည်ကြည်ဖြူဖြူ မရှိခဲ့ချေ။ အထူးသဖြင့် ခေါင်းဆောင်များ၏ အသိုင်းဝိုင်းတွင် ပို၍ ဆိုးဝါးပေသည်၊ ထိုသို့ အရိုးစွဲ မိရိုးဖလာ အယူကြီးအား အစွဲလာမ် သာသနာက အမုန်းခံ၍ ချေဖျက်ပစ်လိုက်ပေသည်။ သို့သော်လည်း မွတ်ဆလင် ခေါင်းစဉ်အောက်၌ ရှိနေသော လူသားတစ်ချို့မှာ ယခု ခေတ်တိုင် မိန်းကလေးများအား အကြောင်းပြချက် မျိုးစုံဖြင့် ဖိနှိပ်နေမှုများကို ဝမ်းနည်းဘွယ် တွေ့ရဆဲ ဖြစ်ပေသည်။ ထို့ကြောင့် ကျမ်းတော်က အစွဲလာမ် သာသနာဝင်များကိုပင် အစွဲလာမ်သို့ ယတိပြတ်ဝင်ကြလော့ ဟု ထပ်ပြန်တလဲလဲ သတိပေးနေပေသည်။

၆၆။	**وَإِنَّ لَكُمْ فِي الأَنْعَامِ لَعِبْرَةً نُّسْقِيكُم مِّمَّا فِي بُطُونِهِ مِن بَيْنِ فَرْثٍ وَدَمٍ لَّبَنًا خَالِصًا سَآئِغًا لِلشَّارِبِينَ۝** ကောန်ပင်၊ ကပ္ပိယသတ္တဝါများ၌ သင်တို့အတွက် သခိန်းစာတစ်ရပ် ရှိနေ၏။ ၎င်း၏ ဝမ်းတွင်း အစာဟောင်းအိမ်နှင့် အသွေးကြားမှ သောက်သုံးသူတို့ ခံတွင်းတွေ့စေသော သောက်ရန် နို့ရည်သန့်ကို သင်တို့ အတွက် ရစေ၏။
၆၇။	**وَمِن ثَمَرَاتِ النَّخِيلِ وَالأَعْنَابِ تَتَّخِذُونَ مِنْهُ سَكَرًا وَرِزْقًا حَسَنًا إِنَّ فِي ذَلِكَ لآيَةً لِّقَوْمٍ يَعْقِلُونَ۝** စုံပလွန် စပျစ်စသော သစ်သီးဝလံများမှ သင်တို့သည် မူးယစ်ရည်နှင့် တင့်တယ်သော ရိက္ခာများကို ရယူကြ၏၊ အတွေး အခေါ်ရှိသော လူမျိုးအတွက် ဤ၌ သုတ်ဒေသနာ တစ်ရပ် ရှိနေ၏။
၆၈။ ပျားအုံ	**وَأَوْحَى رَبُّكَ إِلَى النَّحْلِ أَنِ اتَّخِذِي مِنَ الْجِبَالِ بُيُوتًا وَمِنَ الشَّجَرِ وَمِمَّا يَعْرِشُونَ۝** ထို့ပြင် သင့်ကံကြမ္မာရှင်သည် ပျားထံသို့ အာရုံဖြစ်စေသည်မှာ ‘‘တောင်များ၊ အဆောက်အအုံများ၊ သစ်ပင်များ၌ **အိမ်** များ အထပ်ထပ် တည်ကြလော့၊[၆၀၉]
၆၉။	**ثُمَّ كُلِي مِن كُلِّ الثَّمَرَاتِ فَاسْلُكِي سُبُلَ رَبِّكِ ذُلُلاً يَخْرُجُ مِن بُطُونِهَا شَرَابٌ مُّخْتَلِفٌ أَلْوَانُهُ فِيهِ شِفَاء لِلنَّاسِ إِنَّ فِي ذَلِكَ لآيَةً لِّقَوْمٍ يَتَفَكَّرُونَ۝** ထို့နောက် သစ်သီးဝလံမျိုးစုံမှ စားသုံးလော့၊ သင့်ကံကြမ္မာရှင်၏ လမ်းစဉ်ပေါ်၌ ထဲထဲဝင်ဝင် နှိမ့်ချကြလော့။’’ဟု ဖြစ်၏၊ သူတို့၏ ဝမ်းတွင်းမှ အရောင်များ ကွဲပြားလျက် သောက်သုံးရန် ထုတ်ပေး၏၊ ထို၌ လူသားတို့အတွက် ဆေးကောင်း တလက် ဖြစ်စေ၏၊ ကောန်ပင် စဉ်းစားသုံးသပ်သော လူမျိုးအတွက် ဤ၌ သက်သေလက္ခဏာ ရှိနေ၏။
၇၀။ ယေမူ မြန်လျက်	**وَاللّهُ خَلَقَكُمْ ثُمَّ يَتَوَفَّاكُمْ وَمِنكُم مَّن يُرَدُّ إِلَى أَرْذَلِ الْعُمُرِ لِكَيْ لاَ يَعْلَمَ بَعْدَ عِلْمٍ شَيْئًا إِنَّ اللّهَ عَلِيمٌ قَدِيرٌ۝** ပရမတ်ဘုရားရှင်သည် သင်တို့အား ဖြစ်တည်စေ၏၊ ထို့နောက် သက်တမ်းကုန်စေ၏၊ သင်တို့အထဲမှ **ဘဝသံသရာ နောက်ပြန်လျက်** သိခဲ့ပြီးနောက် တစ်စုံတစ်ရာမျှ မသိနိုင်တော့သည်ထိ ဖြစ်သူလည်း ရှိစေ၏။ ကောန်ပင် ပရမတ် ဘုရားရှင်သည် သိနေသော အရှင် စည်းချိန်ချမှတ်သော အရှင် ဖြစ်တော်မူ၏။
၇၁။ ☆၂၃	**وَاللّهُ فَضَّلَ بَعْضَكُمْ عَلَى بَعْضٍ فِي الْرِّزْقِ فَمَا الَّذِينَ فُضِّلُواْ بِرَآدِّي رِزْقِهِمْ عَلَى مَا مَلَكَتْ أَيْمَانُهُمْ فَهُمْ فِيهِ سَوَاء أَفَبِنِعْمَةِ اللّهِ يَجْحَدُونَ۝** ပရမတ်ဘုရားရှင်သည် သင်တို့မှ အချို့ကို အချို့ထက် ရိက္ခာထောက်☆ သိက္ခာပေးခဲ့၏၊ ထို သိက္ခာပေးခံရသော သူများသည် ရိက္ခာများကို သူတို့၏ လက်အောက် ဩဇာခံများနှင့် တူညီစွာခံစားလိုခြင်း မရှိချေ။ ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို ပယ်ပစ်ကြသလော။
၇၂။ ☆၂၃	**وَاللّهُ جَعَلَ لَكُم مِّنْ أَنفُسِكُمْ أَزْوَاجًا وَجَعَلَ لَكُم مِّنْ أَزْوَاجِكُم بَنِينَ وَحَفَدَةً وَرَزَقَكُم مِّنَ الطَّيِّبَاتِ أَفَبِالْبَاطِلِ يُؤْمِنُونَ وَبِنِعْمَتِ اللّهِ هُمْ يَكْفُرُونَ۝** ပရမတ်ဘုရားရှင်သည် သင်တို့၏ စရိုက်တူထဲမှပင် စုဖွဲ့ဖော်ကို☆ စီစဉ်ပေးတော်မူပြီ၊ သင်တို့၏ အိမ်ထောင်ဘက်များမှ သင်တို့အတွက် သားသမီး၊ မြေးမြစ်များကို စီစဉ်ပေးတော်မူ၍၊ သင်တို့အတွက် စင်ကြယ်များမှ ရိက္ခာထောက်၏၊ ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို ဖုံးကွယ်လျက် အမှားတရားကို ယုံကြည်ကြမည်လော။
၇၃။	**وَيَعْبُدُونَ مِن دُونِ اللّهِ مَا لاَ يَمْلِكُ لَهُمْ رِزْقًا مِّنَ السَّمَاوَاتِ وَالأَرْضِ شَيْئًا وَلاَ يَسْتَطِيعُونَ۝** သို့ပါလျက် ပရမတ်ဘုရားရှင် မှလွဲ၍ မိုးများနှင့် မြေကမ္ဘာမှ သူတို့အတွက် ရိက္ခာထောက်ခွင့် ဩဇာအာဏာ

(၆၀၉) – ပျားသတ္တဝါကိုလည်း ပရမတ်ဘုရားရှင်က အာရုံစူးနက်ကိန်းသက်ပေးကြောင်းကို ထင်ရှားစွာ ပြဆိုသည်၊ ထို့ကြောင့် စကြာဝဠာ၌ အာရုံသိ မရှိသော အရာဟူ၍ မရှိကြောင်း။ အရှင်၏ ဉာဏ်စဉ်အာရုံခံတ်တော်မှာ ကွန့်မြူးဖြန့်ကျက်လျက် ရှိကြောင်းကို ရှင်းလင်းစွာ သိနိုင်ပေသည်။ အာရုံစူးနက်ဉာဏ်စဉ်နှင့် **ရူးဟ်** ခေါ် ပွင့်လင်းသိမြင်မှုဉာဏ်စဉ်မှာ မတူသေးကြောင်း သိမြင်နိုင်ရန် အစွမ်းလာမ့်ဝိပသနာ၌ ရင့်ကျက်ရန်လိုအပ်ပါသည်။

	တစ်စုံတစ်ရာမရှိ၊ တတ်နိုင်ခြင်းမရှိသော အရာတို့အား ကိုးကွယ်နေကြ၏။
၇၄။	**فَلاَ تَضْرِبُواْ لِلّهِ الأَمْثَالَ إِنَّ اللّهَ يَعْلَمُ وَأَنتُمْ لاَ تَعْلَمُونَ۞** ပရမတ်ဘုရားရှင်အား ပမာတူ ဥပမာ မပြုကြနှင့်၊ ပရမတ်ဘုရားရှင်သည် သင်တို့ မသိသည်ကို ဇကန် သိနေတော်မူ၏။
၇၅။	**ضَرَبَ اللّهُ مَثَلاً عَبْدًا مَّمْلُوكًا لاَّ يَقْدِرُ عَلَى شَيْءٍ وَمَن رَّزَقْنَاهُ مِنَّا رِزْقًا حَسَنًا فَهُوَ يُنفِقُ مِنْهُ سِرًّا وَجَهْرًا هَلْ يَسْتَوُونَ الْحَمْدُ لِلّهِ بَلْ أَكْثَرُهُمْ لاَ يَعْلَمُونَ۞** တစ်စုံတစ်ရာမျှ စည်းကြပ်မတ်နိုင်ခွင့် မရှိသော[၆၁၀] လက်အောက်ဝန်ထမ်းနှင့်– ငါအရှင်က ရိက္ခာဖြင့် တင့်တယ်စွာ ရိက္ခာထောက်သောကြောင့် လက်တွင်းကြိတ်၍၊ ကျယ်လောင်စွာဖွင့်ဟ၍ ပေးကမ်းသုံးစွဲသူ ထိုသူတို့ ပမာတူ ဖြစ်ကြသလော ဟု ပရမတ်ဘုရားရှင်က ဥပမာပေး၏။ ရည်သန်ရူးစိုက်မှုတည်ရာသည် ပရမတ်ဘုရားရှင်၌ ဖြစ်၏။ အမှန်မှာ သူတို့မှ အများစုသည် သိကြသည် မဟုတ်ချေ။
၇၆။	**وَضَرَبَ اللّهُ مَثَلاً رَّجُلَيْنِ أَحَدُهُمَا أَبْكَمُ لاَ يَقْدِرُ عَلَى شَيْءٍ وَهُوَ كَلٌّ عَلَى مَوْلاهُ أَيْنَمَا يُوَجِّههُّ لاَ يَأْتِ بِخَيْرٍ هَلْ يَسْتَوِي هُوَ وَمَن يَأْمُرُ بِالْعَدْلِ وَهُوَ عَلَى صِرَاطٍ مُّسْتَقِيمٍ۞** ပရမတ်ဘုရားရှင်သည် လူနှစ်ဦးကို ဥပမာပေး၏။ တစ်ဦးသည် အ'သူ– တစ်စုံတစ်ရာကိုမှ စည်းမကြပ်မတ်နိုင်ဘဲ မဟာမိတ်ထံ၌ အလုံးစုံ မှီခိုနေရ၏။ မည်သည်ကို မျက်နှာလွှဲသည် ဖြစ်စေ အကောင်းကို ပြန်မပေးနိုင်သော ထိုသူသည် တန်းတူညီမျှ ညွှန်ကြားလျက် မြဲမြံသော ဝါဒ၌ ရှိသူ ကဲ့သို့ ဖြစ်သလော။[၆၁၀]
၇၇။ ☆ဂုဏ် မျက်စိ တစ်မှိတ်	**وَلِلّهِ غَيْبُ السَّمَاوَاتِ وَالأَرْضِ وَمَا أَمْرُ السَّاعَةِ إِلاَّ كَلَمْحِ الْبَصَرِ أَوْ هُوَ أَقْرَبُ إِنَّ اللّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ۞** မိုးများနှင့် မြေကမ္ဘာတွင်း စကျွလွန်များသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အချိန်နာရီစေ့ရောက်မည့်☆ ညွှန်ကြားချက်သည် **အမြင် တစ်ဖွေ့** သို့မဟုတ် ထို့ထက် ပို၍နီးကပ်၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၇၈။	**وَاللّهُ أَخْرَجَكُم مِّن بُطُونِ أُمَّهَاتِكُمْ لاَ تَعْلَمُونَ شَيْئًا وَجَعَلَ لَكُمُ السَّمْعَ وَالأَبْصَارَ وَالأَفْئِدَةَ لَعَلَّكُمْ تَشْكُرُونَ۞** ပရမတ်ဘုရားရှင်သည် သင်တို့အား သင်တို့မိခင်များ၏ ဝမ်းကြောတိုက်မှ တစ်စုံတစ်ရာ မသိသော ဘဝဖြင့် ထုတ်ယူတော်မူ၏၊ ထို့နောက် သင်တို့ ကျေးဇူးသိတတ်အံ့ငှာ အကြား– အမြင်– စိတ်နှလုံးများကို စီစဉ်ပေးတော်မူ၏။
၇၉။	**أَلَمْ يَرَوْاْ إِلَى الطَّيْرِ مُسَخَّرَاتٍ فِي جَوِّ السَّمَاء مَا يُمْسِكُهُنَّ إِلاَّ اللّهُ إِنَّ فِي ذَلِكَ لآيَاتٍ لِّقَوْمٍ يُؤْمِنُونَ۞** ကောင်းကင် ဟင်းလင်းပြင်တွင် ပျက်ရယ်ပြုနိုင်သော ငှက်များကို သင်တို့ မမြင်မိသလော၊ ၎င်းတို့အား ပရမတ်ဘုရားရှင်သည်သာ ထိုသို့ ထိန်းထားစေနိုင်၏၊ ယုံကြည်သော လူမျိုးအတွက် ဤ၌ သက်သေလက္ခဏာ ရှိနေ၏။
၈၀။	**وَاللّهُ جَعَلَ لَكُم مِّن بُيُوتِكُمْ سَكَنًا وَجَعَلَ لَكُم مِّن جُلُودِ الأَنْعَامِ بُيُوتًا تَسْتَخِفُّونَهَا يَوْمَ ظَعْنِكُمْ وَيَوْمَ إِقَامَتِكُمْ وَمِنْ أَصْوَافِهَا وَأَوْبَارِهَا وَأَشْعَارِهَا أَثَاثًا وَمَتَاعًا إِلَى حِينٍ۞**

(၆၁၀) ဆရာတော်ကြီးများက ပြုလုပ်နိုင်သည်၊ ပြုနိုင်စွမ်းသည်ဟု ဘာသာပြန်ဆိုသော **ကဒရ်** ၏ အနက်မှာ အရာရာကို စည်းချိန်ကျကျ ဟန်ချက်ညီညီ ဥပဒေသ သတ်မှတ်ပြဋ္ဌာန်းလျက် လုပ်နိုင်စွမ်းသည်ဟု ကျမ်းတော်က ဖေါ်ပြပေသည်။ ထို့ကြောင့် ဤသုတ်တော်အပါအဝင် ကျမ်းတော်တစ်အုပ်လုံးတွင် ပါဝင်သော **ကဒရ်** ကို ဤဘာသာပြန်၌ စည်းချိန်ချနိုင်သည်ဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။

(၆၁၀) ဤသုတ်တော်မှ ပြောသော မျက်မမြင် ဆိုသည်မှာ တရားမရ အမှောင်ကျနေသော သူကို ဆိုလိုခြင်း ဖြစ်ပေသည်။

	ပရမတ်ဘုရားရှင်သည် သင်တို့အတွက် အခြေချရန် အိမ်များကို စီစဉ်ပေး၍၊ သင်တို့ ခရီးသွားနေ့၊ ရပ်နား နေ့များအတွက် ပေါ့ပါးလွတ်လပ်စွာ အသုံးပြုရန် တိရိစ္ဆာန်သားရေဖြင့် တဲအိမ်များကို စီစဉ်ပေးတော်မူ၏။ ၎င်းတို့၏ အမွေးနု၊ အမွေးညှင်း၊ အမွေးအမျှင်များကို အသုံးအဆောင်ပြု၍ ကာလတစ်ခုထိ ချမ်းမြေ့စေတော်မူ၏။
၈၁။	**وَاللّهُ جَعَلَ لَكُم مِّمَّا خَلَقَ ظِلاَلاً وَجَعَلَ لَكُم مِّنَ الْجِبَالِ أَكْنَانًا وَجَعَلَ لَكُمْ سَرَابِيلَ تَقِيكُمُ الْحَرَّ وَسَرَابِيلَ تَقِيكُم بَأْسَكُمْ كَذَلِكَ يُتِمُّ نِعْمَتَهُ عَلَيْكُمْ لَعَلَّكُمْ تُسْلِمُونَ۞**
	ဖြစ်တည်ပေးထားရာများမှ သင်တို့ အရိပ်ရစေရန် ပရမတ်ဘုရားရှင်က စီစဉ်ပေးသည်လည်း ရှိ၏။ သင်တို့အတွက် တောတောင်အတွင်း အကာအကွယ်များကို စီစဉ်ပေး၏၊ အပူမှ ခံနိုင်ရည်ရှိရန် အဝတ်အထည်များ၊ အတိုက်အခိုက်များ၌ သင်တို့အတွက် ကာကွယ်ရန် အဝတ်အထည်များကို စီစဉ်ပေးတော်မူ၏၊ သင်တို့သည် ငြိမ်းချမ်းရေးပြုအံ့သောငှာ သင်တို့အပေါ်၌ ဤသို့ ဂုဏ်ပေးခြင်းကို ပြည့်စုံစေ၏။
၈၂။	**فَإِن تَوَلَّوْاْ فَإِنَّمَا عَلَيْكَ الْبَلاَغُ الْمُبِينُ۞**
	သူတို့ လှည့်သွားကြလျှင်လည်း အသင်၏ ဝန်တာမှာ ဓမ္မကို ဆိုက်ရောက်စေရန်သာ ဖြစ်၏။
၈၃။	**يَعْرِفُونَ نِعْمَتَ اللّهِ ثُمَّ يُنكِرُونَهَا وَأَكْثَرُهُمُ الْكَافِرُونَ۞**
	သူတို့သည် ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို အသိအမှတ်ပြုသော်လည်း တဖန် ၎င်းကို အကျွမ်းမဝင်လိုကြပေ၊ သူတို့မှ အများစုသည် ဖုံးကွယ်သူများပင် ဖြစ်ကြ၏။
၈၄။	**وَيَوْمَ نَبْعَثُ مِن كُلِّ أُمَّةٍ شَهِيدًا ثُمَّ لاَ يُؤْذَنُ لِلَّذِينَ كَفَرُواْ وَلاَ هُمْ يُسْتَعْتَبُونَ۞**
	အသိုင်းအဝိုင်း ကိုယ်စီမှ သက်သေတော်များကို ပေါ်ပေါက်စေသော နေ့ကာလ၌၊ ဖုံးကွယ်သော သူများသည် ခွင့်ပြုချက်မရှိ အယူခံခွင့်ရှိသူများလည်း မဟုတ်ချေ။
၈၅။	**وَإِذَا رَأَى الَّذِينَ ظَلَمُواْ الْعَذَابَ فَلاَ يُخَفَّفُ عَنْهُمْ وَلاَ هُمْ يُنظَرُونَ۞**
	မိုက်ကြေးခွဲသော သူတို့သည် ဝဋ်ဒုက္ခကို မြင်တွေ့ရသော အခါ၊ သူတို့နှင့် စပ်လျဉ်း၍ ပေါ့ပါးစေမည် မဟုတ်၊ သူတို့သည် စောင့်ကြည့်နေခွင့်လည်း မရှိတော့ပြီ။
၈၆။	**وَإِذَا رَأَى الَّذِينَ أَشْرَكُواْ شُرَكَاءهُمْ قَالُواْ رَبَّنَا هَؤُلاء شُرَكَآؤُنَا الَّذِينَ كُنَّا نَدْعُوْ مِن دُونِكَ فَأَلْقَوْا إِلَيْهِمُ الْقَوْلَ إِنَّكُمْ لَكَاذِبُونَ۞**
	ရောပြွန်းကိုးကွယ်သော သူများက သူတို့ ရောပြွန်းကိုးကွယ်ခဲ့ရာများကို မြင်တွေ့သောအခါ ‘‘အို– ကံကြမ္မာရှင် တပည့်တော်တို့သည် အရှင် မှလွဲ၍ ရောပြွန်းကိုးကွယ် ဆုတောင်းလေ ရှိခဲ့သောသူတို့မှာ သူတို့ပင် ဖြစ်၏၊’’ဟု ဆိုသော်၊ ၎င်းတို့က သူတို့အား ‘‘သင်တို့သည် လိမ်ညာ ပြောဆိုသူများသာ ဖြစ်၏၊’’ဟု ရင်ဆိုင် ပြန်ပြောကြလတ္တံ့။
၈၇။	**وَأَلْقَوْاْ إِلَى اللّهِ يَوْمَئِذٍ السَّلَمَ وَضَلَّ عَنْهُم مَّا كَانُواْ يَفْتَرُونَ۞**
	ထိုနေ့ကာလ၌ သူတို့သည် ပရမတ်ဘုရားရှင် အတွက်သာ ငြိမ်းချမ်းရေး ကမ်းလှမ်းကြ၏၊ သူတို့ လုပ်ကြံဖန်တီးလေ့ရှိခဲ့ရာများသည် သူတို့ထံမှ လွှဲဖယ်သွားလေပြီ။
၈၈။	**الَّذِينَ كَفَرُواْ وَصَدُّواْ عَن سَبِيلِ اللّهِ زِدْنَاهُمْ عَذَابًا فَوْقَ الْعَذَابِ بِمَا كَانُواْ يُفْسِدُونَ۞**
	ဖုံးကွယ်လျက် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဖယ်ခိုင်းသော သူတို့သည် သူတို့၏ အဖျက်လုပ်လေ့ရှိသောကြောင့် ဝဋ်ဒဏ် အပေါ် ဝဋ်ဒဏ် တိုးပွားစေ၏။
၈၉။	**وَيَوْمَ نَبْعَثُ فِي كُلِّ أُمَّةٍ شَهِيدًا عَلَيْهِم مِّنْ أَنفُسِهِمْ وَجِئْنَا بِكَ شَهِيدًا عَلَى هَؤُلاء وَنَزَّلْنَا عَلَيْكَ الْكِتَابَ**

	تِبْيَانًا لِّكُلِّ شَيْءٍ وَهُدًى وَرَحْمَةً وَبُشْرَى لِلْمُسْلِمِينَ۝ အသိုင်းအဝိုင်း ကိုယ်စီမှ သက်သေများကို သူတို့၏ စရိုက်တူများ အတွက် ရောက်လာစေသော နေ့ကာလ၌၊ သင့်ကို လည်း ထိုသူများ အပေါ်၌ သက်သေ ဖြစ်စေပြီ။ သဗ္ဗလုံးစုံအား ရှင်းလင်းချက်၊ လမ်းညွှန်ချက်၊ ကရုဏာနှင့် ငြိမ်းချမ်းရေး ဝါဒီများအတွက် သတင်းကောင်း အဖြစ် ဤကျမ်းတော်ကို သင့်ထံ၌ ချမှတ်ပေးပြီ။[၆၁၂]
၉၀။	**إِنَّ اللهَ يَأْمُرُ بِالْعَدْلِ وَالإِحْسَانِ وَإِيتَاء ذِي الْقُرْبَى وَيَنْهَى عَنِ الْفَحْشَاء وَالْمُنكَرِ وَالْبَغْيِ يَعِظُكُمْ لَعَلَّكُمْ تَذَكَّرُونَ۝** ဇကန်ပင် ပရမတ်ဘုရားရှင်သည် တန်းတူညီမျှဖြစ်ရန်၊ တင့်တယ်စွာပြုမူရန်၊ နီးစပ်သူများကို ပေးကမ်းဝေငှရန် ညွှန်ကြား တော်မူ၏၊ သူစိမ်းဆန်မှု၊ ကိုယ်ကျင့်ပျက်မှု၊ အပြစ်ရှာမှုကို ဟန့်တားတော်မူ၏၊ သင်တို့ ဆင်ခြင်သတိ ရှိနိုင်အံ့ငှာ သြဝါဒများ ဖြစ်၏။
၉၁။	**وَأَوْفُواْ بِعَهْدِ اللهِ إِذَا عَاهَدتُّمْ وَلاَ تَنقُضُواْ الأَيْمَانَ بَعْدَ تَوْكِيدِهَا وَقَدْ جَعَلْتُمُ اللهَ عَلَيْكُمْ كَفِيلاً إِنَّ اللهَ يَعْلَمُ مَا تَفْعَلُونَ۝** သင်တို့သည် ပဋိညာဉ်ပြုသောအခါ၊ ပရမတ်ဘုရားရှင်၏ ပဋိညာဉ်ကို ပြီးပြည့်စေလော့၊ သေချာစေပြီးမှ ချိုးဖောက်မှုကို အားမသန်ကြရန် သင်တို့ကိုယ်သင်တို့ စီစဉ်ကြလော့၊ ပရမတ်ဘုရားရှင်သည် သင်တို့အအား ထိန်းကျောင်းသူ ဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ပြုလုပ်သမျှကို သိနေတော်မူပေ၏။
၉၂။	**وَلاَ تَكُونُواْ كَالَّتِي نَقَضَتْ غَزْلَهَا مِن بَعْدِ قُوَّةٍ أَنكَاثًا تَتَّخِذُونَ أَيْمَانَكُمْ دَخَلاً بَيْنَكُمْ أَن تَكُونَ أُمَّةٌ هِيَ أَرْبَى مِنْ أُمَّةٍ إِنَّمَا يَبْلُوكُمُ اللهُ بِهِ وَلَيُبَيِّنَنَّ لَكُمْ يَوْمَ الْقِيَامَةِ مَا كُنتُمْ فِيهِ تَخْتَلِفُونَ۝** ချည်ကြိုးကို စွမ်းရန်လုပ်ပြီးနောက် အမျှင်ဖတ်ထုတ်သည့် **ကြိုးလွန်းဖျက်**သော သူမကဲ့သို့ မဖြစ်ကြနှင့်၊ သင်တို့ချင်း ကြား အသိုင်းအဝိုင်းတစ်ခုက အသိုင်းအဝိုင်းတစ်ခုကို ဝင်ရောက် မောင်ပိုင်စီးရန် အယူ သန်နေကြ၏၊ ပရမတ် ဘုရားရှင်သည် ဤအမှုဖြင့် သင်တို့အား စစ်ဆေးတော်မူမည်၊ ထို၌ သင်တို့၏ ကွဲလွဲငြင်းခုံလေ့ရှိရာများကို ရပ်တည် ရသော နေ့၌ သင်တို့အတွက် ရှင်းလင်းထင်ရှားစေမည်ပင်။[၆၁၃]

---

(၆၁၂) ဤသုတ်တော်သည် အသိုင်းအဝိုင်း၊ သတ်မှတ်သော နယ်နိမိတ် အတွင်းရှိ နိုင်ငံသားတိုင်း အတွက် ဦးဆောင်လမ်းပြများ ပေါ်ထွန်းခဲ့ပြီး၊ ပေါ်ထွန်းနေမည် ဟု ပြော၍၊ ထိုခေါင်းဆောင်များ ခံရမည့် အနစ်နာခံရမှုမျိုး အတွက် ကိုယ်တော် မုဟမ္မဒ်သည် စံပြခေါင်းဆောင် တစ်ဦးဖြစ်ကြောင်း အတိအကျ ပြောဆိုထားပေသည်။ ကိုယ်တော်၏ နောက်လိုက်များသည်လည်း ခေါင်းဆောင်၏ အမိန့်ကိုနာခံသော စွမ်းစွမ်းတမံ ဆောင်ရွက်တတ်သော နောက်လိုက်များအဖြစ– ပေါ်ထွန်းလာသမျှသော ခေါင်းဆောင်များ၏ နောက်လိုက်များ နမူနာ ယူနိုင်သော နောက်လိုက်များ ဖြစ်ကြောင်း ကျမ်းတော်တွင် ဖေါ်ပြထားပေသည်၊ (၂း၁၄၃)။

(၆၁၃) ဤသုတ်တော်မှ ချည်ကြိုး ဟု သုံးသော أَنكَاثًا မှာ"ဖေါက်ဖျက်နိုင်သည်"ဟု အနက်ပေးသော ث ك ن မှ ဆင့်ပွားခြင်း ဖြစ်၍– ကျစ်ထားသော ကြိုး ဟု အဓိပ္ပါယ်ဖြစ်သည်။ လူမျိုးနွယ်စုံ ဖွဲ့စည်းတည်ထောင်သော ပြည်ထောင်စု နိုင်ငံတစ်ခုအတွက် ကျမ်းတော်က သွန်သင်သော ဤဥပဒေသည် အလွန်လှပသော ဥပဒေ တစ်ရပ်ပင် ဖြစ်သည်။ ဥပဒေ ဆိုသည်မှာ ကျစ်ထားသော ကြိုးကဲ့သို့ ဖြစ်၍– လူယုတ်မာများက အာဏာကို ကိုင်ထားသော အခါ ဖျက်ပစ်နိုင်သည့် သဘောဖြစ်သည်။ စည်းလုံးညီညွတ်စွာ ဖွဲ့စည်းထားသော ပြည်ထောင်စုအား အစိတ်စိတ်ကွဲစေရန် မပြုကြနှင့် ဟု ကြိုးလွန်းဖျက်သော သူမ၏ ဥပမာနှင့် သွန်သင်သည်။ ဤနေရာ၌ ဘာသာပြန်သည့် ကြိုးလွန်းဖျက်သော نَقَضَتْ ဟူသည်မှာလည်း ن ق ض ကတိကဝတ်ကို ဖျက်သည်မှ ဆင့်ပွားခြင်း ဖြစ်သည်။ လူများစုများကလည်း လူနည်းစုများနှင့် သဘောတူ ချုပ်ဆိုထားသော စာချုပ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ သို့မဟုတ် ကတိကဝတ်များကို ဖျက်ဆီးရန် ကြိတ်၍ ကြံစည်နေမှု၊ သို့မဟုတ် နိုင်ထက်စီးနင်းပြု ဖွဲ့စည်းပုံရေးဆွဲမှုများကို (မပြုရန်) သတိပေးထားပေသည်။ ထိုအမှုကို ပရမတ်ဘုရားရှင်က စစ်ဆေးတော်မူမည်ဟုလည်း ထောက်ပြထားပေသည်။ ဆိုလိုသည်မှာ ထိုကိစ္စများကို အစွလာမ် သာသနာက လုံးဝ လက်မခံဟု ဆိုလိုခြင်း ဖြစ်ပေသည်။ အစွလာမ်သာသနာဝင်များ လူများစုဖြစ်သော တိုင်းနယ်နိမိတ်များတွင်လည်း အစွလာမ် အစိုးရများ အနေဖြင့် အလွန်အရေးကြီးသော သွန်သင်ချက်ဖြစ်သည့် ဤသုတ်တော်အတိုင်း လိုက်နာရန် အရေးကြီးပေသည်။

၉၃။	**وَلَوْ شَاء اللّهُ لَجَعَلَكُمْ أُمَّةً وَاحِدَةً وَلكِن يُضِلُّ مَن يَشَاء وَيَهْدِي مَن يَشَاء وَلَتُسْأَلُنَّ عَمَّا كُنتُمْ تَعْمَلُونَ۞** ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့လျှင် သင်တို့ကို အသိုင်းအဝိုင်း တစ်ခုတည်းအဖြစ် စီစဉ်ပြီးလတ္တံ့၊ သို့ရာတွင် စံချိန်ပြည့်သူအလျောက် လမ်းလွဲစေ၍၊ စံချိန်ပြည့်သူအလျောက် လမ်းညွှန်ရစေ၏။ သင်တို့ ကျင့်ကြံလေ့ ရှိခဲ့သမျှကို မေးမြန်းစစ်ဆေး ခံရလတ္တံ့။
၉၄။	**وَلاَ تَتَّخِذُواْ أَيْمَانَكُمْ دَخَلاً بَيْنَكُمْ فَتَزِلَّ قَدَمٌ بَعْدَ ثُبُوتِهَا وَتَذُوقُواْ الْسُّوءَ بِمَا صَدَدتُّمْ عَن سَبِيلِ اللّهِ وَلَكُمْ عَذَابٌ عَظِيمٌ۞** သင်တို့ချင်းကြား ဝင်ရောက်စွပ်ဖက်ရန် အယူ မသန်ကြနှင့်၊ ယင်းသည် စုံရပ်ခံမှု ခိုင်မာစေပြီးနောက်မှ ချော်ထွက်စေ၏။ ပရမတ်ဘုရားရှင်၏ လမ်းစဉ်မှ ဖယ်ခိုင်းမှုကြောင့် အကုသိုလ်ကို မြည်းစမ်းရလိမ့်မည်၊ သင်တို့အတွက် မဟာ ဝဋ်ကြွေးကြီး ရှိနေပြီ။[၆၄]
၉၅။	**وَلاَ تَشْتَرُواْ بِعَهْدِ اللّهِ ثَمَنًا قَلِيلاً إِنَّمَا عِندَ اللّهِ هُوَ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ۞** ပရမတ်ဘုရားရှင်နှင့်ရှိသော ပဋိညာဉ်အား တန်ဘိုး**ချ** မရောင်းစားကြနှင့်၊ ဇကန်ပင် ပရမတ်ဘုရားရှင်၏ ထံတော်၌ ရှိသောအရာသည် သင်တို့အတွက် ပို၍ ကောင်း၏၊ သင်တို့ သိကြပါလေစ။
နည်း	
၉၆။	**مَا عِندَكُمْ يَنفَدُ وَمَا عِندَ اللّهِ بَاقٍ وَلَنَجْزِيَنَّ الَّذِينَ صَبَرُواْ أَجْرَهُم بِأَحْسَنِ مَا كَانُواْ يَعْمَلُونَ۞** သင်တို့ထံ၌ ရှိရာသည် တခဏ၊ ပရမတ်ဘုရားရှင်၏ ထံတော်၌ ရှိရာသည်သာ ထာဝရ ဖြစ်၏၊ သည်းခံမှုကြီးသော သူများအား သူတို့၏ ကျင့်ကြံလေ့ ရှိရာများကြောင့် တင့်တယ်သော ဆုလဒ်ဖြင့် အစားပေးတော်မူမည်ပင်။
၉၇။	**مَنْ عَمِلَ صَالِحًا مِّن ذَكَرٍ أَوْ أُنثَى وَهُوَ مُؤْمِنٌ فَلَنُحْيِيَنَّهُ حَيَاةً طَيِّبَةً وَلَنَجْزِيَنَّهُمْ أَجْرَهُم بِأَحْسَنِ مَا كَانُواْ يَعْمَلُونَ۞** ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသူ အမျိုးသား၊ အမျိုးသမီး မဟူ၊ သူ့အား စင်ကြယ်သော ဘဝကို ချီးမြှင့်တော်မူမည်၊ သူတို့၏ ကျင့်ကြံလေ့ ရှိရာများကြောင့် တင့်တယ်သော ဆုလဒ်ဖြင့် အစားပေးတော်မူမည်ပင်။
၉၈။	**فَإِذَا قَرَأْتَ الْقُرْآنَ فَاسْتَعِذْ بِاللّهِ مِنَ الشَّيْطَانِ الرَّجِيمِ۞** ကုရ်အာန်အား ရွတ်ဖတ်သောအခါ၊ ပစ်ထုတ်ခံ မကောင်းဆိုးဝါးမှ ကင်းရန် ပရမတ်ဘုရားရှင်၌ ခိုလှုံလော့။[၆၅]
၉၉။	**إِنَّهُ لَيْسَ لَهُ سُلْطَانٌ عَلَى الَّذِينَ آمَنُواْ وَعَلَى رَبِّهِمْ يَتَوَكَّلُونَ۞** ဇကန်ပင်၊ ကံကြမ္မာရှင်အား ယုံကြည်လျက် ကိုးစားသောသူတို့ အပေါ်၌ မကောင်းဆိုးဝါးသည် လုပ်ပိုင်ခွင့် မရှိချေ။
၁၀၀။	**إِنَّمَا سُلْطَانُهُ عَلَى الَّذِينَ يَتَوَلَّوْنَهُ وَالَّذِينَ هُم بِهِ مُشْرِكُونَ۞** သူ့ဘက်သို့ လှည့်သောသူများနှင့် သူ့အား ရောပြွန်းကိုးကွယ်ကြသော သူတို့ အပေါ်၌သာ ဩဇာညောင်းနိုင်၏။
၁၀၁။	**وَإِذَا بَدَّلْنَا آيَةً مَّكَانَ آيَةٍ وَاللّهُ أَعْلَمُ بِمَا يُنَزِّلُ قَالُواْ إِنَّمَا أَنتَ مُفْتَرٍ بَلْ أَكْثَرُهُمْ لاَ يَعْلَمُونَ۞** သုတ်ဒေသနာတစ်ပါး နေရာတွင် သုတ်တော်တစ်ပါးကို လွှဲပြောင်းသောအခါ၊ ပရမတ်ဘုရားရှင်သည် ချမှတ်ပေးခဲ့

(၆၁၄) ဤသုတ်တော်များမှ ကျိန်ဆို ယူမှတ်သည် ဟု ဆိုသော **တတ်တခီသူး အိုင်းမာနိုကွမ်** ဆိုသည်မှာ အချင်းချင်း စုပေါင်း ကတိသစ္စာပြုသော ဖွဲ့စည်းပုံ၊ သို့မဟုတ် ကတိကဝတ် စာချုပ်စာတမ်းကို ဆိုလိုပေသည်။

(၆၁၅) ကုရ်အာန်ကျမ်းတော်သည် နားလည်အောင် ဖတ်သူအပေါင်းကို စိတ်ဓါတ်တော်လှန်ရေး၊ ရုပ်ပိုင်းဆိုင်ရာ တော်လှန်ရေးကို အလွန်ဖြစ်စေပေသည်၊ ကျမ်းတော်ကို ဖတ်လေလေ သူတွေ့သမျှ အမှန်ကို ပြောချင်၊ ဆိုချင်၊ လုပ်ဆောင်လိုချင်စိတ် ဖြစ်ပေါ်လေလေ ဖြစ်၍၊ အရိုးစွဲ မိရိုးဖလာ ဝါဒဖြင့် ထိပ်တိုက်တိုးမိသည်က များပေသည်၊ ထိုမိရိုးဖလာဝါဒီများက ဒုက္ခပေးလေ့ရှိပေသည်။ ထိုသို့ ဒုက္ခပေးခံရခြင်းမှ ကင်းလွတ်ရန် ပရမတ်ဘုရားထံ၌ သာ ခိုလှုံလော့ဟု သွန်သင်ခြင်း ဖြစ်ပေသည်။ တနည်းအားဖြင့် မိရိုးဖလာဝါဒီများကို ဝါဒရေးရာ၌ အလျော့မပေးရန် သွန်သင်ခြင်း ဖြစ်ပေသည်။

	သည်ကို အသိဆုံးဖြစ်တော်မူ၏။ သူတို့က ''သင်သည် လုပ်ကြံဖန်တီးသူ ဖြစ်၏''ဟု ဆိုကြ၏။ အမှန်မှာ သူတို့မှ အများစုသည် သိကြသည် မဟုတ်ချေ။[၆၁၆]
၁၀၂။ ☆ ၂း၈၇	**قُلْ نَزَّلَهُ رُوحُ الْقُدُسِ مِن رَّبِّكَ بِالْحَقِّ لِيُثَبِّتَ الَّذِينَ آمَنُواْ وَهُدًى وَبُشْرَى لِلْمُسْلِمِينَ۞** ''ယုံကြည်သော သူတို့အား ရပ်တည်မှုခိုင်မာစေရန်၊ ငြိမ်းချမ်းရေးဝါဒီများအတွက် လမ်းညွှန်နှင့် သတင်းကောင်းဖြစ်ရန် ၎င်းကို သင်၏ကံကြမ္မာရှင်ထံမှ မြတ်သော ဉာဏ်စဉ်က☆ မှန်ကန်စွာ ချမှတ်ပေးခြင်းပင်၊''ဟု ဟောလော့။
၁၀၃။ ကုရ်အာန်	**وَلَقَدْ نَعْلَمُ أَنَّهُمْ يَقُولُونَ إِنَّمَا يُعَلِّمُهُ بَشَرٌ لِّسَانُ الَّذِي يُلْحِدُونَ إِلَيْهِ أَعْجَمِيٌّ وَهَذَا لِسَانٌ عَرَبِيٌّ مُّبِينٌ۞** ''လူပုဂ္ဂိုလ်တစ်ဦးက သူ့အား သင်ပေးနေသည်၊''ဟု ပြောစကားများကို ငါ သိနေ၏။ သူတို့ လှိုင်လှဲ့ ပြောလိုသူ၏ ဘာသာစကားမှာ လူမျိုးခြားဖြစ်၍၊ ဤသည် ရှင်းလင်းထင်ရှားသော အာရဗီ ဘာသာစကား ဖြစ်၏။[၆၁၇]
၁၀၄။	**إِنَّ الَّذِينَ لاَ يُؤْمِنُونَ بِآيَاتِ اللهِ لاَ يَهْدِيهِمُ اللهُ وَلَهُمْ عَذَابٌ أَلِيمٌ۞** ဇကန်ပင် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို မယုံကြည်သော သူတို့၊ ထိုသူတို့အား ပရမတ်ဘုရားရှင်က လမ်းညွှန်မည် မဟုတ် သူတို့အတို့ စူးနစ်သော ဝဋ်ကြွေးသည် ရှိနေ၏။
၁၀၅။	**إِنَّمَا يَفْتَرِي الْكَذِبَ الَّذِينَ لاَ يُؤْمِنُونَ بِآيَاتِ اللهِ وَأُوْلَئِكَ هُمُ الْكَاذِبُونَ۞** လိမ်ညာ လုပ်ကြံဖန်တီး သူများသည်သာ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို မယုံကြည်သောသူတို့ ဖြစ်၏၊ ထိုသူများသည် လိမ်ညာသူများ ဖြစ်ကြ၏။
၁၀၆။ ✡ ၁၆း၇	**مَن كَفَرَ بِاللهِ مِن بَعْدِ إِيمَانِهِ إِلاَّ مَنْ أُكْرِهَ وَقَلْبُهُ مُطْمَئِنٌّ بِالإِيمَانِ وَلَـكِن مَّن شَرَحَ بِالْكُفْرِ صَدْرًا فَعَلَيْهِمْ غَضَبٌ مِّنَ اللهِ وَلَهُمْ عَذَابٌ عَظِيمٌ۞** နှလုံးသား၌ ယုံကြည်ခြင်းကို ဘဝင်ကျပြီးနောက် အဓမ္မနှိပ်ကွပ်ခံရသူမှ အပ၊ သက်ဝင်ယုံကြည်ပြီးမှ ပရမတ်ဘုရားရှင်နှင့်စပ်လျဉ်း၍ ဖုံးကွယ်သူ၊ သူ၏ ရင်အား ဖုံးကွယ်ခြင်းအတွက် လမ်းဖွင့်ထားသူ ထိုသူတို့အား ပရမတ်ဘုရားရှင်၏ ထံမှ ကံကြီးသင့်မှုသက်စေ၏။✡ သူတို့အတွက် မဟာဝဋ်ကြွေးကြီး ရှိနေပြီ။

---

(၆၁၆) သာသနာတော်အား နည်းမျိုးစုံဖြင့် တိုက်ဖျက်လိုသူများက ဤသုတ်တော်ကို မှီ၍၊ ကိုယ်တော်မုဟမ္မဒ်သည် မဒီနာသို့ရောက်သောအခါ မက္ကာဟ်တွင် ချီးမြှင့်ကိန်းဝပ်ခံရသော သုတ်တော်တစ်ချို့ကို ပါယ်ဖျက်လိုက်သည်ဟု စွပ်စွဲကြပေသည်။ ဘုရားရှင် ချမှတ်ပေးသော ကျမ်းမြတ် ကုရ်အာန်ပါ ဒေသနာများကို ကိုယ်တော့် လက်ထက်တော်တွင် ချေဖျက်ပစ်သည်ဟု မည်သည့် သမိုင်း အထောက်အထားတွင်မှ မရှိပေ။ ဤသုတ်တော်၏ အဆိုမှာ ကိုယ်တော်မတိုင်မီက ပွင့်ပေါ်ခဲ့သော ရှေး ဉာဏ်စဉ်တော်ဆောင်များ၏ ဒေသနာခေတ်သည် တိမ်ကောသွားပြီဖြစ်၍၊ ထိုဒေသနာခေတ်တွင် လူသားတို့အတွက် ချမှတ်ပေးသော သုတ်တော်များ၏ နေရာ၌ ယခု ကျမ်းမြတ်ကုရ်အာန်ပါ သုတ်တော်အားဖြင့် အစားထိုး လိုက်ပြီဟု ဆိုလိုခြင်းသာ ဖြစ်ပေသည်၊ ၂း၁၀၆ တွင်ကြည့်ပါ။ ထို့ကြောင့် ရှေးမှ မိရိုးဖလာဝါဒီများက ကျမ်းတော်ပါ သုတ်တော် တစ်ခုချင်းစီအား ချမှတ်တိုင်း သင်၏ လုပ်ကြံဖန်တီးခြင်း ဖြစ်သည်ဟု စွပ်စွဲလေ့ရှိပေသည်။ ထိုသို့စွပ်စွဲခြင်းကို ယခုခေတ်ထိတိုင် ခံနေခြင်းက သက်သေတစ်ရပ် ဖြစ်ပေသည်။

(၆၁၇) ဤကျမ်းတော်ပါ သွန်သင်ချက်များနှင့် စပ်လျဉ်း၍ ကိုယ်တော်မုဟမ္မဒ်အား နောက်ကွယ်မှ သမ္မာကျမ်းစာအား ကျွမ်းကျင်သူ တစ်စုံ တစ်ယောက်က သွန်သင်ပေးနေသည်ဟု လည်းကောင်း၊ ကျမ်းတော်သည် သမ္မာကျမ်းစာအား ကောင်းနိုးရာရာများကို ခိုးကူးယူထားသည်ဟု လည်းကောင်း စွပ်စွဲမှုများကို ဤသုတ်တော်က ပယ်ချပေသည်။ ထိုသူများစွပ်စွဲသည့် ကိုယ်တော့်အား သွန်သင်သူဆိုသည်မှာ အာရဗီစကားပြောသူ မဟုတ်ပေ၊ ထို့အပြင် ကိုယ်တော်သည်လည်း ''စာသမားပေသမားမဟုတ်'' ဟု ၇း၁၅၇ တွင် အတိအကျ ဆိုထားပေသည်။ ဤကျမ်းတော်အား မြတ်သော ဉာဏ်စဉ်အားဖြင့် ချမှတ်ပေးကြောင်းကိုလည်း အထက်ပါသုတ်တော်က အတိအကျ ထောက်ပြထားပေသည်။ အထင်ရှားဆုံး ဖြစ်ရပ်မှာ သမ္မာကျမ်းစာက အဓိက ရည်ညွှန်းသော ခရစ်ယာန်သာသနာ၏ ဒဿန– ကိုယ်တော်ယေရှုအား ဘုရားသားတော် ဟု ဆိုသော အယူအဆ၊ ခရစ်တော်သည် လူ့လောကတွင် မသေဘဲကောင်းကင်သို့ တက်သွားသည်ဟူသော အယူအဆ၊ ခရစ်တော်သည် လူသားဖခင်မျိုးစေ့ မပါဘဲ အပျိုစင်မှ မွေးဘွားလာသည် ဟူသော အယူအဆများကို ကျမ်းတော်က လုံးဝပယ်ချထားပေးသည်၊ (၃း၅၅။ ၅း၁၇၊၁၈။ ၆း၁၀၁။၁၃း၁၆–၂၇)။ အကယ်၍ ကျမ်းတော်သည် ခရစ်ယာန်ဝါဒ လွှမ်းမိုးခဲ့သော် ကျမ်းတော်ပါ ဒဿနများသည် ခရစ်ယာန်၏ အဓိက ရေသောက်မြစ် ဒဿနများကို ပယ်ဖျက်မည် မဟုတ် ဆိုသည့် အချက်အား ယုတ္တိဗေဒကျစွာ အဖြေထုတ်နိုင်ပေသည်။

၁၀၇။	**ذَلِكَ بِأَنَّهُمُ اسْتَحَبُّواْ الْحَيَاةَ الْدُّنْيَا عَلَى الآخِرَةِ وَأَنَّ اللّهَ لاَ يَهْدِي الْقَوْمَ الْكَافِرِينَ۞** ၎င်းမှာ သူတို့သည် ဤလောကီဘဝကို နောင်ဘဝထက် ချစ်ခင်စုံမက်သောကြောင့် ဖြစ်၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သော လူမျိုးအား လမ်းညွှန်တော် မမူချေ။
၁၀၈။	**أُولَئِكَ الَّذِينَ طَبَعَ اللّهُ عَلَى قُلُوبِهِمْ وَسَمْعِهِمْ وَأَبْصَارِهِمْ وَأُولَئِكَ هُمُ الْغَافِلُونَ۞** ထိုသူများသည် သူတို့၏ နှလုံးသားများ၊ အကြား၊ အမြင်များအား ပရမတ်ဘုရားရှင်က တံဆိပ်ထုထား သောသူတို့ ဖြစ်၏။ ထိုသူတို့သည်ကား မေ့လျော့နေသူများ ဖြစ်ကြ၏။
၁၀၉။	**لاَ جَرَمَ أَنَّهُمْ فِي الآخِرَةِ هُمُ الْخَاسِرونَ۞** ရာဇဝတ်မှုမပြုကြနှင့်၊ သူတို့သည် နောင်ဘဝ၌ ဆုံးရှုံးရသူတို့ ဖြစ်ကြ၏။
၁၁၀။ ☆၂၄၁	**ثُمَّ إِنَّ رَبَّكَ لِلَّذِينَ هَاجَرُواْ مِن بَعْدِ مَا فُتِنُواْ ثُمَّ جَاهَدُواْ وَصَبَرُواْ إِنَّ رَبَّكَ مِن بَعْدِهَا لَغَفُورٌ رَّحِيمٌ۞** သွေးတိုးစမ်းခံရပြီးနောက် ပြောင်းရွှေ့သွားရသော သူများ၊ အားစိုက်ဆောင်ရွက်ရ သူများ၊☆ သည်းခံပါရမီကြီးသူများအတွက် သင်၏ကံကြမ္မာရှင်သည် ဇကန် ရှိ၏။ ဇကန်ပင် သင်၏ကံကြမ္မာရှင်သည် ထိုဖြစ်ရပ်များနောက် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူပေ၏။
၁၁၁။ ☆၂၂၃	**يَوْمَ تَأْتِي كُلُّ نَفْسٍ تُجَادِلُ عَن نَّفْسِهَا وَتُوَفَّى كُلُّ نَفْسٍ مَّا عَمِلَتْ وَهُمْ لاَ يُظْلَمُونَ۞** ပြန်ပေးအပ်သော နေ့ကာလ၌ ဥဉ်စရိုက်တိုင်းသည် သူ့အကျင့်စရိုက် အလျောက် ထုချေရမည်ပင်၊ ဥဉ်စရိုက်တိုင်းအား ကျင့်ကြံခဲ့ရာကို ပြန်ပြည့်စေလတ္တံ့၊ သူတို့အား အဝိဇ္ဇာသင့်စေမည် မဟုတ်ချေ။☆
၁၁၂။	**وَضَرَبَ اللّهُ مَثَلاً قَرْيَةً كَانَتْ آمِنَةً مُّطْمَئِنَّةً يَأْتِيهَا رِزْقُهَا رَغَدًا مِّن كُلِّ مَكَانٍ فَكَفَرَتْ بِأَنْعُمِ اللّهِ فَأَذَاقَهَا اللّهُ لِبَاسَ الْجُوعِ وَالْخَوْفِ بِمَا كَانُواْ يَصْنَعُونَ۞** ပရမတ်ဘုရားရှင်က ပမာပေးသော ဥပမာတစ်ခုမှာ အဘက်ဘက်မှ ရိက္ခာများ ပေါပေါသီသီ စုရောက်လာသော ယုံကြည်စိတ်ချ ငြိမ်းအေးသည့် အရပ်တစ်ခုရှိ၏၊ သို့သော် ၎င်းတို့သည် ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို ဖုံးကွယ်ကြ၏၊ သို့ဖြင့် သူတို့၏ တည်ဆောက်လေ့ရှိရာများကြောင့် ပရမတ်ဘုရားရှင်က ငတ်မွတ်မှု၊ စိုးရိမ်ကြောက်လန့်ရမှု အဆင်အယင်ကို သူတို့အား မြည်းစမ်းစေတော်မူ၏။
၁၁၃။	**وَلَقَدْ جَاءهُمْ رَسُولٌ مِّنْهُمْ فَكَذَّبُوهُ فَأَخَذَهُمُ الْعَذَابُ وَهُمْ ظَالِمُونَ۞** သူတို့အတွက် ဥဏ်စဉ်ဆောင်တစ်ပါးကို သူတို့အထဲမှပင် ရောက်လာစေပြီ၊ သူ့အား ငြင်းဆန်ကြ၏၊ သို့ဖြစ်၍၊ ထို အမိုက်ကောင်များကို ဝဋ်ဒဏ်ဖြင့် အရေးယူလိုက်လေပြီ။
၁၁၄။	**فَكُلُواْ مِمَّا رَزَقَكُمُ اللّهُ حَلالاً طَيِّبًا وَاشْكُرُواْ نِعْمَتَ اللّهِ إِن كُنتُمْ إِيَّاهُ تَعْبُدُونَ۞** ပရမတ်ဘုရားရှင် ရိက္ခာပေးရာမှ စင်ကြယ်ရာများကို တရားဝင် စားသုံးကြလော့၊ သင်တို့သည် အရှင့်ကိုသာ ကိုးကွယ်ကြလျှင် ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို ကျေးဇူးတင်ကြလော့။
၁၁၅။ ✡ ၅း၃ ၂း၁၇၃	**إِنَّمَا حَرَّمَ عَلَيْكُمُ الْمَيْتَةَ وَالْدَّمَ وَلَحْمَ الْخَنزِيرِ وَمَآ أُهِلَّ لِغَيْرِ اللّهِ بِهِ فَمَنِ اضْطُرَّ غَيْرَ بَاغٍ وَلاَ عَادٍ فَإِنَّ اللّهَ غَفُورٌ رَّحِيمٌ۞** သင်တို့အား တားမြစ်ထားသည်မှာ၊ အသေကောင်၊ သွေး၊ ဝက်သား၊ ပရမတ်ဘုရားရှင် မှအပ အခြားကို တိုင်တည်လိုသော်ရာတို့ ဖြစ်၏။✡ အပြစ်မသင့်လို စည်းမဖေါက်လိုဘဲ တွန်းပို့ခံရသူအတွက်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။

၁၁၆။	**وَلاَ تَقُولُواْ لِمَا تَصِفُ أَلْسِنَتُكُمُ الْكَذِبَ هَذَا حَلاَلٌ وَهَذَا حَرَامٌ لِّتَفْتَرُواْ عَلَى اللهِ الْكَذِبَ إِنَّ الَّذِينَ يَفْتَرُونَ عَلَى اللهِ الْكَذِبَ لاَ يُفْلِحُونَ۞** ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်ညာလျက် ‘‘ဤသည်ကား တရားဝင်၏၊ ဤသည်ကား တားမြစ်ထား၏၊’’ဟု လုပ်ကြံဖန်တီးရန် သင်တို့၏ နှတ်လျှာမှ လိမ်ညာ ပြောဆို၍ မတင်ပြနှင့်၊ ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်ညာ လုပ်ကြံဖန်တီးသော သူတို့သည် အောင်မြင်ပေါက်မြောက်မည် မဟုတ်ချေ။
၁၁၇။	**مَتَاعٌ قَلِيلٌ وَلَهُمْ عَذَابٌ أَلِيمٌ۞** အနည်းငယ် ပျော်ပါးခွင့်သာ ရှိ၏၊ သို့သော် သူတို့အတွက် နာကျင်သော ဝဋ်ကြွေးသည် ရှိနေ၏။
၁၁၈။ ✡ ဣးတို့	**وَعَلَى الَّذِينَ هَادُواْ حَرَّمْنَا مَا قَصَصْنَا عَلَيْكَ مِن قَبْلُ وَمَا ظَلَمْنَاهُمْ وَلَـكِن كَانُواْ أَنفُسَهُمْ يَظْلِمُونَ۞** သင့်အား ဖေါ်ပြသည်များကို ရှေ့အလျင်ကပင် ရေဝတီဖြစ်သူတို့✡ အပေါ်၌လည်း တားမြစ်ပြီး ဖြစ်၏၊ ငါသည် သူတို့အား အဝိဇ္ဇာသင့်စေသည် မဟုတ်၊ သို့ရာတွင် သူတို့၏ စရိုက်ကို သူတို့ကသာ မိုက်ကြေးခွဲလေ့ရှိကြ၏။
၁၁၉။	**ثُمَّ إِنَّ رَبَّكَ لِلَّذِينَ عَمِلُواْ السُّوءَ بِجَهَالَةٍ ثُمَّ تَابُواْ مِن بَعْدِ ذَلِكَ وَأَصْلَحُواْ إِنَّ رَبَّكَ مِن بَعْدِهَا لَغَفُورٌ رَّحِيمٌ۞** ပညာမဲ့စွာဖြင့် အကုသိုလ်မှုကို ကျင့်ကြံမိ၍ ဤနောက်တွင် ကံကြမ္မာရှင်ထံ၌ ခဝါချလျက် ထို့နောက် ပြုပြင်ပြောင်းလဲကြ သူတို့အတွက် သင့်ကံကြမ္မာရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၁၂၀။	**إِنَّ إِبْرَاهِيمَ كَانَ أُمَّةً قَانِتًا لِلّهِ حَنِيفًا وَلَمْ يَكُ مِنَ الْمُشْرِكِينَ۞** ဇကန်ပင် အဓိဗရာဟီးမ်သည် ရှေ့ဆောင်ရှေ့ရပ် ဖြစ်၏၊ သူသည် ပရမတ်ဘုရားရှင်အား အယူသန့်စွာ နာခံ၏၊ သူသည် ရောပြွန်းကိုးကွယ်သူများမှ မဟုတ်ချေ။
၁၂၁။	**شَاكِرًا لِّأَنْعُمِهِ اجْتَبَاهُ وَهَدَاهُ إِلَى صِرَاطٍ مُّسْتَقِيمٍ۞** သူသည် အရှင်၏ ဂုဏ်ပေးမှုကို ကျေးဇူးသိ၍၊ သူ့အား ရွေးချယ်၍ မြဲမြံသော ဝါဒလမ်းစဉ်သို့ လမ်းညွှန်တော်မူ၏။
၁၂၂။	**وَآتَيْنَاهُ فِي الْدُّنْيَا حَسَنَةً وَإِنَّهُ فِي الآخِرَةِ لَمِنَ الصَّالِحِينَ۞** သူ့အား ပစ္စုပ္ပန်၌ တင့်တယ်စေခြင်းနှင့် အနာဂါတ်၌ ပြုပြင်ပြောင်းလဲသူတို့မှ ဖြစ်ရန် ချီးမြှင့်တော်မူ၏။
၁၂၃။	**ثُمَّ أَوْحَيْنَا إِلَيْكَ أَنِ اتَّبِعْ مِلَّةَ إِبْرَاهِيمَ حَنِيفًا وَمَا كَانَ مِنَ الْمُشْرِكِينَ۞** ထို့နောက် သင့်ထံ အာရုံစူးစာန်ဖြစ်စေသည်မှာ အယူသန့်သော အဓိဗရာဟီးမ်၏ ကျင့်စဉ်အတိုင်း လိုက်လေ့၊ သူသည် ရောပြွန်းကိုးကွယ်သူများမှ မဟုတ်ချေ။
၁၂၄။	**إِنَّمَا جُعِلَ السَّبْتُ عَلَى الَّذِينَ اخْتَلَفُواْ فِيهِ وَإِنَّ رَبَّكَ لَيَحْكُمُ بَيْنَهُمْ يَوْمَ الْقِيَامَةِ فِيمَا كَانُواْ فِيهِ يَخْتَلِفُونَ۞** သတင်းဥပုသ်ကို၊ ထို၌ ကွဲလွဲကြသော သူတို့ အဘို့သာ စီစဉ်ခဲ့၏၊ ထို၌ သူတို့၏ ကွဲလွဲလေ့ရှိသည်များကို ရပ်တည်ရသော နေ့ကာလတွင် သူတို့အကြား၌ သင့်ကံကြမ္မာရှင်က စီရင်ထုံးချပေးလိမ့်မည်။[၆၁၈]
၁၂၅။	**ادْعُ إِلِى سَبِيلِ رَبِّكَ بِالْحِكْمَةِ وَالْمَوْعِظَةِ الْحَسَنَةِ وَجَادِلْهُم بِالَّتِي هِيَ أَحْسَنُ إِنَّ رَبَّكَ هُوَ أَعْلَمُ بِمَن ضَلَّ عَن سَبِيلِهِ وَهُوَ أَعْلَمُ بِالْمُهْتَدِينَ۞**

(၆၁၈) ဤသုတ်တော်မှ ဥပုသ်နေ့နှင့် စပ်လျဉ်း၍ ငြင်းခုံကွဲလွဲသူများ ဆိုသည်မှာ ခရစ်ယာန်များ ဣးများကို ဆိုလိုပေသည်။ အဘယ်ကြောင့် ဆိုသော် ကျမ်းတော်တွင် သူတို့စောင့်သော ဥပုသ်ကို **ဆာဘ်တိ ဴသ်ဗဳ السَّبْتُ** ဟု သုံးပေသည်။ အစ္စလာမ် သာသနာဝင်များ အတွက် ဥပုသ်ကို **စောင်ဒဳ الصَّيَامُ** ဟု သုံးပေသည်။ ဤသုတ်တော်တွင် **ဆာဘ်တိ** ကို သုံးထားပေသည်။

	သင့်ကံကြမ္မာ၏ လမ်းစဉ်တော်သို့ အရှင်၏ ဓမ္မသတ်နှင့်အညီ တင့်တယ်စွာ ဩဝါဒပေး ဖိတ်ခေါ်လော့၊ အချေအတင် ဖြစ်လျှင် ထိုဌ အတင့်တယ်ဆုံး ပြုမူလော့၊ မည်သူသည် အရှင်၏ လမ်းစဉ်တော်မှ လွဲဖယ်ကြောင်း သင့်ကံကြမ္မာရှင်သည် အသိဆုံး ဖြစ်တော်မူ၏၊ လမ်းညွှန်ခံရသူများကိုလည်း အရှင်သည် အသိဆုံး ဖြစ်တော်မူ၏။[၆၁၉]
၁၂၆။	**وَإِنْ عَاقَبْتُمْ فَعَاقِبُواْ بِمِثْلِ مَا عُوقِبْتُم بِهِ وَلَئِن صَبَرْتُمْ لَهُوَ خَيْرٌ لِّلصَّابِرِينَ۞** သင်တို့သည် ချုပ်ကိုင်လိုလျှင် သင်တို့အား ချုပ်ကိုင်ခဲ့ သကဲ့သို့သာ ချုပ်ကိုင်ကြလော့၊ သို့သော် သင်တို့သည် သည်းခံပေးလိုက်လျှင် သည်းခံနိုင်သူသည် ပို၍ကောင်း၏။[၆၂၀]
၁၂၇။	**وَاصْبِرْ وَمَا صَبْرُكَ إِلاَّ بِاللّهِ وَلاَ تَحْزَنْ عَلَيْهِمْ وَلاَ تَكُ فِي ضَيْقٍ مِّمَّا يَمْكُرُونَ۞** သည်းခံကြလော့၊ ပရမတ်ဘုရားရှင်ကြောင့်သာလျှင် သည်းခံပါရမီကို ဖြစ်စေ၏၊ သူတို့ကြောင့် စိတ်မပူနှင့်၊ သူတို့၏ ကြံစည်မှုကြောင့်လည်း သင် စိတ်မကျပ်တည်းနှင့်။
၁၂၈။	**إِنَّ اللّهَ مَعَ الَّذِينَ اتَّقَواْ وَّالَّذِينَ هُم مُّحْسِنُونَ۞** ဇကန်ပင် ပရမတ်ဘုရားရှင်သည် စည်းစောင့်သော သူများ၊ သုမင်္ဂလာပြုသော သူများနှင့် အတူရှိတော်မူ၏။

(၆၁၉) အသင်းအဖွဲ့တိုင်းသည် မိမိ၏ အသင်းအဖွဲ့အား လူအများ ထောက်ခံ ပါဝင်လာရန် စည်းရုံးသိမ်းသွင်း ရမည်ပင်၊ သို့သော် မိမိ၏ အသင်းအဖွဲ့အား အခြားသူများ ပါဝင်လာရန် ဖိတ်ခေါ်နည်းနှင့် အတိုက်အခံများဖြင့် ဆွေးနွေးနည်းကို ဤသုတ်တော် သွန်သင်ထားပေသည်။ အစွလာမ် သာသနာသည် ဓါးမိုး သာသနာပြုသော ဝါဒကို လုံးဝ လက်မခံချေ။ အတိုက်အခံများနှင့် ပြောဆိုဆွေးနွေးသော အခါတွင်လည်း တဖက်သတ် အနိုင်ရရန် စကားနိုင်လုခြင်းကို အားမပေးပေ၊ ထို့ကြောင့် ဤသုတ်တော်တွင် "အချေအတင် ဖြစ်လျှင် အကောင်းမွန်ဆုံး ပြုမူလော့" သွန်သင်ထားပေသည်။

(၆၂၀) အစွလာမ်သာသနာတွင် လက်စားချေခြင်းကို ခွင့်မပြုပေ၊ ညီမျှစွာ ပြန်လည် ခုခံခွင့် မိမိအသက်၊ မိမိအသိုင်းအဝိုင်း၊ မိမိ တိုင်းပြည်အား ခုခံကာကွယ်ခွင့်ကိုသာ ညီမျှစွာ ခွင့်ပြုထားပေသည်။ ထို့ကြောင့် ကျူးလွန်ခံရသော ပြစ်ဒဏ် အတွက်သာလျှင် ၎င်းနှင့် ညီမျှစွာ ပြန်လည် ခုခံခွင့်ရှိသည်ဟု ဤသုတ်တော်က သွန်သင်ပေသည်။

ဓမ္မခန္ဓာ (၁၇) ဂျူးလူမျိုး (ဘနီး အစ္စရေးလ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၅၀၊ သုတ်ဒေသနာ ၁၁၁ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**سُبْحَانَ الَّذِي أَسْرَى بِعَبْدِهِ لَيْلاً مِّنَ الْمَسْجِدِ الْحَرَامِ إِلَى الْمَسْجِدِ الأَقْصَى الَّذِي بَارَكْنَا حَوْلَهُ لِنُرِيَهُ مِنْ آيَاتِنَا إِنَّهُ هُوَ السَّمِيعُ البَصِيرُ۞** ဦးထိပ်ထားအပ်သော အရှင်သည် အရှင်၏ အမှုတော်ဆောင်အား ညတစ်ညဉ့် အရှင်၏ သုတ်ဒေသနာများကို မြင်တွေ့စေရန် ဘေးမဲ့ဝတ်ကျောင်းတော်မှ ကျက်သရေမင်္ဂလာ ဝန်းရံခသည့် အဝေးဥ်ရှိသော ဝတ်ကျောင်းတော်သို့ ခရီးနှင်စေ၏။[၆၂] ဇကန်ပင် အရှင်သည် ကြားနေသောအရှင် မြင်နေသောအရှင် ဖြစ်တော်မူ၏။
၂။	**وَآتَيْنَا مُوسَى الْكِتَابَ وَجَعَلْنَاهُ هُدًى لِّبَنِي إِسْرَائِيلَ أَلاَّ تَتَّخِذُواْ مِن دُونِي وَكِيلاً۞** ငါသည် မူဆာအား ကျမ်းတော်တစ်ပါးကို ချီးမြှင့်ခဲ့၏၊ ၎င်းကို ဂျူးလူမျိုးတို့အတွက် "ငါ မှလွဲ၍ အခြား ကိုးစားသူကို အယူမထားကြနှင့်၊"ဟု လမ်းညွှန်အဖြစ် စီစဉ်တော်မူ၏။
၃။	**ذُرِّيَّةَ مَنْ حَمَلْنَا مَعَ نُوحٍ إِنَّهُ كَانَ عَبْدًا شَكُورًا۞** သူတို့သည် နူးဟ်နှင့်အတူ ငါ သယ်ဆောင်လာသူများ၏ သားစဉ်မြေးဆက် ဖြစ်၏၊ သူသည် ကျေးဇူးသိတတ်သော အမှုတော်ဆောင် ဖြစ်၏။
၄။	**وَقَضَيْنَا إِلَى بَنِي إِسْرَائِيلَ فِي الْكِتَابِ لَتُفْسِدُنَّ فِي الأَرْضِ مَرَّتَيْنِ وَلَتَعْلُنَّ عُلُوًّا كَبِيرًا۞** ကျမ်းတော်တွင် ဂျူးလူမျိုးတို့အား ငါ ဆုံးဖြတ်သည်မှာ "သင်တို့သည် မြေကမ္ဘာ၌ အဖျက် နှစ်ကြိမ်လုပ်ကြလတ္တံ့၊ အကြီးအကျယ် အထွဋ်အထိပ် ကိန်းကြီးခန်းကြီးဖြစ်ကြလတ္တံ့၊"ဟု ဖြစ်၏။

---

(၆၂) ဤသုတ်တော်သည် အစ္စလာမ် သာသနာဝင်များ လောကတွင် "ကိုယ်တော်သည် မရော့ဂ်ို (အာကာသခရီး) သို့ ကြွမြန်းတော်မူသည်"ဟု ထင်ရှားသော သုတ်တော် တစ်ပါး ဖြစ်ပေသည်။ ဤခရီး၌ ပရမတ်ဘုရားရှင်က ကိုယ်တော့်အား ကျမ်းမြတ်ကုရ်အာန်ကို ချမှတ်ပေးလိုက်သည် ဟု လည်း လက်ခံယုံကြည်ထားကြပေသည်။ ဤသုတ်တော်မှ **မာ့ဆ်ဂျစ်ဒ် အာ့က်ဆွာဟ်** ဆိုသည်ကို ဂျေရုဆလင်ရှိ ပလီဝတ်ကျောင်းတော်ဟု နားလည်ထားခြင်းကို ဝမ်းနည်းဘွယ် တွေ့ရပေသည်။ ထိုသို့ ဖွင့်ဆိုခြင်းမှာ နိုင်ငံရေးမကင်းသော ဖွင့်ဆိုမှု တစ်ရပ်သာ ဖြစ်ပေသည်။ ကိုယ်တော်သည် ဉာဏ်စဉ်စတင် ကိန်းဝပ်သည်မှာ ဟီရာဟ်လှိုင်ဂူ၌ တရားကျင့်နေစဉ် ဖြစ်၍။ ဤသုတ်တော်ပါ **လိန်ိရီးယားတု** "လောကမမ္မအား ကွက်ကွက်ကွင်းကွင်းမြင်ရန်" ဟု သာ ဖြစ်သည်။ တနည်းအားဖြင့် ထင်ယောင်ထင်မှား ဖြစ်နေသော အတွေး မဟုတ်ဘဲ၊ တိုက်ရိုက်မြင်သိခြင်းခဲခြင်း ဖြစ်သည်။ ဤသုတ်တော်မှ "ဘေးမဲ့ဝတ်ကျောင်းတော်" ဆိုသည်မှာ ကာအ်ဘာ "ကျောင်းတော် သို့မဟုတ် မက္ကာဟ်မြေ"ကို ဆိုလိုပြီး **မာ့ဆ်ဂျစ်ဒ် အာ့က်ဆွာဟ်** ဆိုသည်မှာ "အလွန့်အလွန်ဝေးသော ကျောင်းတော်" ဟု အဓိပ္ပါယ်ကို ပေးသည်။ လောက၏ အချိန် တစ်ညတွင် လူသာမန်တို့ မည်သို့မှ မရောက်ပေါက်နိုင်သော ခရီး ဖြစ်သည်။ ကျမ်းတော်တွင် ကိုယ်တော်သည် လူသား အပေါင်း၏ စံပြနမူနာ ဆိုထားသဖြင့် ကိုယ်တော်သည် အနာဂါတ်မျိုးဆက်များ အနေဖြင့် အာကာသထဲ၌ အလွန်ဝေးကွာသော ခရီးကို ညတည တည်း သို့မဟုတ် အချိန်တို အတွင်း ခရီးသွားနိုင်မည် ဖြစ်ကြောင်း သက်သေဖော် သွားခြင်းပင် ဖြစ်ပေသည်။ ထိုအကြောင်းကို ကိုယ်တော်၏ မြင်ကွင်းသည် လူသားအပေါင်းအား စုံစမ်းရန် ဖြစ်သည်ဟု (၁၇း၆၀) တွင် ဖေါ်ပြထားပေသည်။ ၁၄း၄၈။၁၅း၁၄၊၁၅ တွင်ကြည့်ပါ။ ကျမ်းမြတ်ကုရ်အာန်သည် လောကမမ္မကို လောကလူသားများ အတွက် စကားလုံးအားဖြင့် ပုံဖေါ်ထားသော ကျမ်းဖြစ်ပေသည်။

၅။	**فَإِذَا جَاء وَعْدُ أُولاهُمَا بَعَثْنَا عَلَيْكُمْ عِبَادًا لَّنَا أُوْلِي بَأْسٍ شَدِيدٍ فَجَاسُواْ خِلاَلَ الدِّيَارِ وَكَانَ وَعْدًا مَّفْعُولاً۞** ထိုနှစ်ခုအနက် ရှေးကတိတစ်ခုရောက်လာ သောအခါ၊ ပြင်းထန်စွာ တိုက်ခိုက်နိုင်စွမ်း ရှိသော ငါ၏ အမှုတော်ဆောင်များကို သင်တို့ ထက် နိုးကြွစေ၍၊ သင်တို့၏ အိမ်များ အတွင်း စီးနင်းစေ၏၊ ငါသည် ကတိတော်ကို စီမံပြီးဖြစ်၏။[၆၂၂]
၆။	**ثُمَّ رَدَدْنَا لَكُمُ الْكَرَّةَ عَلَيْهِمْ وَأَمْدَدْنَاكُم بِأَمْوَالٍ وَبَنِينَ وَجَعَلْنَاكُمْ أَكْثَرَ نَفِيرًا۞** တဖန် သင်တို့အား ထိုသူတို့ထက် အလှည့်ပြန်ပေးခဲ့၏၊ ဥစ္စာပစ္စည်း သားသမီးအခြွေအရံများကိုလည်း တိုးစေခဲ့၏၊ များစွာသော စစ်အင်အားကိုလည်း စီစဉ်ပေးခဲ့၏။
၇။	**إِنْ أَحْسَنتُمْ أَحْسَنتُمْ لِأَنفُسِكُمْ وَإِنْ أَسَأْتُمْ فَلَهَا فَإِذَا جَاء وَعْدُ الآخِرَةِ لِيَسُوؤُواْ وُجُوهَكُمْ وَلِيَدْخُلُواْ الْمَسْجِدَ كَمَا دَخَلُوهُ أَوَّلَ مَرَّةٍ وَلِيُتَبِّرُواْ مَا عَلَوْاْ تَتْبِيرًا۞** “သင်တို့သည် သုမင်္ဂလာပြုလျှင်၊ ထိုသုမင်္ဂလာသည် သင်တို့၏ စရိုက်အတွက် ဖြစ်၏၊ အကုသိုလ်သည်လည်း ကိုယ်ပိုင်ပင် ဖြစ်၏။” ထို့နောက် နောက်ကတိတော် ရောက်လာသောအခါ၊ (ဝင်ရောက်လာသူတို့က) သင်တို့အား အကုသိုလ်ကို မျက်မှောက်ဆိုက်စေတော့၏၊ သူတို့သည် ဝတ်ကျောင်းတော်သို့ ပထမအကြိမ် ဝင်ခဲ့သကဲ့သို့ ဝင်ရောက်သွားကြလတ္တံ့။ သူတို့သည် အပေါ်စီးမှ အဖျက်ဆီးကြီး ဖျက်ဆီးပစ်ကြလတ္တံ့။[၆၂၃]
၈။	**عَسَى رَبُّكُمْ أَن يَرْحَمَكُمْ وَإِنْ عُدتُّمْ عُدْنَا وَجَعَلْنَا جَهَنَّمَ لِلْكَافِرِينَ حَصِيرًا۞** သင်တို့၏ ကံကြမ္မာရှင်သည် သင်တို့အား ကရုဏာ သက်နိုင်ကောင်း၏၊ သို့သော် ဆက်လုပ်နေကြလျှင် ဖုံးကွယ်သူတို့အတွက် ငရဲမီး အကျဉ်းထောင်ကို ဆက်လက်၍ စီစဉ်တော်မူပြီ။
၉။	**إِنَّ هَذَا الْقُرْآنَ يِهْدِي لِلَّتِي هِيَ أَقْوَمُ وَيُبَشِّرُ الْمُؤْمِنِينَ الَّذِينَ يَعْمَلُونَ الصَّالِحَاتِ أَنَّ لَهُمْ أَجْرًا كَبِيرًا۞** ဇကေပင် ဤကုရ်အာန်သည် လမ်းညွှန် ဖြစ်၏ ၎င်းသည် အခိုင်မြဲဆုံး ဖြစ်၍၊ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသော ယုံကြည်သူများ အတွက် သတင်းကောင်း ဖြစ်၏၊ သူတို့အတွက် အကြီးကျယ်ဆုံး အကျိုးဆုလဒ်သည် ရှိနေ၏။
၁၀။	**وأَنَّ الَّذِينَ لاَ يُؤْمِنُونَ بِالآخِرَةِ أَعْتَدْنَا لَهُمْ عَذَابًا أَلِيمًا۞** ဇကေပင် နောင်ဘဝအား ယုံကြည်မှုမရှိသော သူတို့အတွက် ငါသည် သူတို့အဘို့ စူးနစ်သော ဝဋ်ကြွေးကို ပြင်ဆင်ထား၏။
၁၁။	**وَيَدْعُ الإِنسَانُ بِالشَّرِّ دُعَاءهُ بِالْخَيْرِ وَكَانَ الإِنسَانُ عَجُولاً۞** လူသားသည် ကောင်းကျိုးကို ဆုတောင်းမည့်အစား ဆိုးကျိုးကို ဆုတောင်းတတ်၏၊ လူသားသည် အလျင်လိုလျက်ရှိ၏။

---

(၆၂၂) ဤမြစ်တော်တွင် ဂျူးလူမျိုးကို ဖြစ်စေ အခြားမည်သည့် လူမျိုးကို ဖြစ်စေ သူတို့၏ သမိုင်းကို ပြန်လည်တင်ပြခြင်းမှာ သူတို့အား ကဲ့ရဲ့ သမုတ်ရန် မဟုတ်ချေ၊ လူမျိုးတစ်မျိုးသည် ညီညွတ်ကောင်းမွန်၍၊ လောက အကျိုးကို ပြုကြသော် အင်ပါယာတစ်ခု ဖြစ်နိုင်၍ အင်းအားကြီးမားနိုင်ပြီး၊ လူမျိုးရေး အယူသည်းခြင်း မောက်မာခြင်း အချင်းချင်း မည်ညွတ်ခြင်းများ ဖြစ်လာလျှင် အခြား အင်အားကြီးသော သူများ၏ ချေမှုန်းမှုကို ခံရနိုင်ကြောင်း သခိန်းစာ ယူနိုင်ရန် သွန်သင်ခြင်းသာ ဖြစ်ပေသည်။ ဤသုတ်တော်မှ ဖြစ်ရပ်သည် ဂျူးလူမျိုးများ၏ လူမျိုးရေး အယူသည်းမှုများကြောင့် သူတို့အား ချေမှုန်းခံရသည့် အပြင် သူတို့၏ အမျိုးသားရေး လက္ခဏာ ဖြစ်သည့် ဂျေရုဆလင် ဝတ်ကျောင်းတော်သည်လည်း ဖျက်ဆီးခံလိုက်ရကြောင်းကို တင်ပြထားပေသည်။ ဤဖြစ်ရပ်သည် ဘီစီ ၅၈၈ ခုနှစ်က ဘေဘီလုံနိုးယန်းများ၏ တိုက်ခိုက်သိမ်းပိုက်မှုကို ရည်ညွှန်းပေသည်။

(၆၂၃) ဤမတိုင်မီ သုတ်တော်က ဂျူးလူမျိုးများသည် အလှည့်ပြန်ရခဲ့ကြောင်း ဩဇာအာဏာ ပြန်လည် ထူထောင်နိုင်ခဲ့ကြောင်းကို တင်ပြပြီး၊ သူတို့သည် ကောင်းမွန်ညီညွတ်ခဲ့လျှင် သူတို့အတွက် မကောင်းမှုကျူးလွန်လျှင်လည်း သူတို့အတွက်ဟု ဤသုတ်တော်က ဖော်ပြကာ၊ သူတို့၏ လူမျိုးရေး အယူသည်းမှုကို ပြန်လည် ဖော်ညွှန်းပေသည်။ ထိုသို့သော မကောင်းမှုကြောင့် သူတို့အား ရောမဘုရင် တိတု လက်ထက်တွင် ပြန်လည် ချေမှုန်းခံရပြီး၊ သူတို့၏ အမျိုးသားရေး လက္ခဏာ ဖြစ်သည့် ဂျေရုဆလင် ဝတ်ကျောင်းတော်အား သိမ်းပိုက်ခံရပြန်သည်။ မဟာ လူမျိုးကြီး ဝါဒကို ထူထောင်သော မည်သည့် လူမျိုးသည်မှ နလံထူနိုင်မည် မဟုတ်ဟူသော သခိန်းစာကို လူသား အပေါင်းအား ဤသုတ်တော် အားဖြင့် သွန်သင်ပေးခြင်း ဖြစ်ပေသည်။

၁၂။	**وَجَعَلْنَا اللَّيْلَ وَالنَّهَارَ آيَتَيْنِ فَمَحَوْنَا آيَةَ اللَّيْلِ وَجَعَلْنَا آيَةَ النَّهَارِ مُبْصِرَةً لِتَبْتَغُواْ فَضْلاً مِّن رَّبِّكُمْ وَلِتَعْلَمُواْ عَدَدَ السِّنِينَ وَالْحِسَابَ وَكُلَّ شَيْءٍ فَصَّلْنَاهُ تَفْصِيلاً۞** ငါသည် နေ့နှင့်ညကို လက္ခဏာ နှစ်ရပ်အဖြစ် စီစဉ်ပြီး၊ ညဏ်၏ လက္ခဏာကို ပျယ်လွင့်စေ၍[၆၂] သင်တို့၏ ကံကြမ္မာရှင်ထံမှ သိက္ခာပေးမှုအား ရှာဖွေနိုင်ရန် မြင်ကွင်း အဖြစ် နေ့၏လက္ခဏာကို စီစဉ်တော်မူ၏ နှစ်အစဉ်အား တွက်ချက်သိနိုင်ကြရန် ဖြစ်စေ၏၊ ငါသည် သဗ္ဗလုံးစုံအား ရှင်းလင်းဆုံးဖြတ်ချက်ဖြင့်၊ ရှင်းလင်းဆုံးဖြတ်ပေးတော်မူပြီ။
၁၃။ ☆ ၂း၁၇	**وَكُلَّ إِنسَانٍ أَلْزَمْنَاهُ طَآئِرَهُ فِي عُنُقِهِ وَنُخْرِجُ لَهُ يَوْمَ الْقِيَامَةِ كِتَابًا يَلْقَاهُ مَنشُورًا۞** ငါသည် လူသားကိုယ်စီ၏ လှုပ်ရှား လူးလာဆန်ခတ်မှုသည် သူ့လည်ဂုတ်၌ တွန်းအားဖြစ်လာစေ၏၊ ရပ်တည်ရသော နေ့ကာလ၌☆ သူ့အတွက် ထုတ်ယူလာ၍၊ ထိုမှတ်တမ်း နိုးကြွနေသည်ကို ဆုံတွေ့စေတော်မူခဲ့။
၁၄။	**اقْرَأْ كِتَابَكَ كَفَى بِنَفْسِكَ الْيَوْمَ عَلَيْكَ حَسِيبًا۞** သင့်မှတ်တမ်းကို ဖတ်လော့၊ ယနေ့တွင် သင့်စရိုက်အတွက် သင်သည် လုံလောက်သော စာရင်းစစ် ဖြစ်၏။
၁၅။	**مَّنِ اهْتَدَى فَإِنَّمَا يَهْتَدِي لِنَفْسِهِ وَمَن ضَلَّ فَإِنَّمَا يَضِلُّ عَلَيْهَا وَلاَ تَزِرُ وَازِرَةٌ وِزْرَ أُخْرَى وَمَا كُنَّا مُعَذِّبِينَ حَتَّى نَبْعَثَ رَسُولاً۞** လမ်းညွှန်မှန်၍ ရှိသူသည် သူ့စရိုက်အတွက် လမ်းညွှန် ဖြစ်၏၊ အပါယ်လမ်း၌ ရှိသူသည် ထိုအပါယ်လမ်းမှာ သူ့ကိုယ်ပိုင်ဖြစ်၏။ မိမိအတွက် ဝန်ထမ်းနေရသူသည် အခြားသူ၏ ဝန်ကို မထမ်းဆောင်နိုင်ချေ၊ ဉာဏ်စဉ်ဆောင်တစ်ပါး မပွင့်ပေါ်မီ အထိ– ဝဋ်သင့်သူများ မဖြစ်စေပေ။
၁၆။	**وَإِذَا أَرَدْنَا أَن نُّهْلِكَ قَرْيَةً أَمَرْنَا مُتْرَفِيهَا فَفَسَقُواْ فِيهَا فَحَقَّ عَلَيْهَا الْقَوْلُ فَدَمَّرْنَاهَا تَدْمِيرًا۞** ငါသည် ဒေသတစ်ခုကို တိမ်ကောစေလိုလျှင်၊ ထိုမှ စည်းဗိမ်ယစ်နေသော ယုတ်မာသူများ အပေါ် ငါ၏ ညွှန်ကြားချက်ချမှတ်၍ ၎င်းကို သစ္စာ ဓမ္မတော် ဖြစ်စေ၏။ ထို့နောက် သူတို့အား အပျက်စီးခြင်းအတိဖြင့် ပျက်စီးစေ၏။
၁၇။	**وَكَمْ أَهْلَكْنَا مِنَ الْقُرُونِ مِن بَعْدِ نُوحٍ وَكَفَى بِرَبِّكَ بِذُنُوبِ عِبَادِهِ خَبِيرًا بَصِيرًا۞** နူးဟ်၏နောက် မျိုးဆက်မည်မျှကို တိမ်ကောစေခဲ့ပြီနည်း၊ ငါသည် အမှုတော်ဆောင်များ၏ ပြစ်မှုများကို သတင်းရနေသော အရှင် မြင်နေသော အရှင်အဖြစ် လုံလောက်တော်မူပေ၏။
၁၈။	**مَّن كَانَ يُرِيدُ الْعَاجِلَةَ عَجَّلْنَا لَهُ فِيهَا مَا نَشَاء لِمَن نُّرِيدُ ثُمَّ جَعَلْنَا لَهُ جَهَنَّمَ يَصْلاهَا مَذْمُومًا مَّدْحُورًا۞** အလျင်စလို လိုလားသူအား သူ့စံချိန်အလျောက် အလျင်အမြန် အလိုပြည့်စေ၏၊ တဖန် သူ့အတွက် ထောက်ထားသူမဲ့၊ ပစ်ပယ်ခံ အဖြစ်ဖြင့် လောင်ကျွမ်းရန် ငရဲဘုံကို စီစဉ်ထားတော်မူပြီ။
၁၉။	**وَمَنْ أَرَادَ الآخِرَةَ وَسَعَى لَهَا سَعْيَهَا وَهُوَ مُؤْمِنٌ فَأُولَئِكَ كَانَ سَعْيُهُم مَّشْكُورًا۞** နောင်ဘဝကို လိုလား၍၊ ယုံကြည်သူအဖြစ်ဖြင့် လုံးပန်းထိုက်သမျှ လုံးပန်း သူများ၊ ထိုသူများအတွက် လုံးပန်းမှုများကို ကျေးဇူးပြုတော်မူ၏။
၂၀။	**كُلاًّ نُّمِدُّ هَؤُلاء وَهَؤُلاء مِنْ عَطَاء رَبِّكَ وَمَا كَانَ عَطَاء رَبِّكَ مَحْظُورًا۞** ငါသည် ဤသူများ၊ ထိုသူများ ကိုယ်စီအား သင့်ကံကြမ္မာရှင်၏ ထံမှ လက်ဆောင် တိုးစေခဲ့၏။ သင့်ကံကြမ္မာရှင်၏ လက်ဆောင်မှာ ဘောင်ခတ်ထားသည် မရှိချေ။

(၆၂) ညဏ်၏လက္ခဏာကို ပျယ်လွင့်စေ၍– ဆိုသည်မှာ အကုသိုလ်ကောင်တို့၏ ဩဇာအာဏာသည် ကျဆုံးပျောက်ပျယ်ရမည်ဟု ဟောထားခြင်း ဖြစ်ပေသည်။ ဤအကြောင်းကို ဘုရားရှင်သည် သူတို့အား အမှောင်မှ အလင်းသို့ ထုတ်ယူတော်မူ၏ ဟု ၂း၂၅၇ ဟု ဆိုထားပေသည်။

၂၁။	**انظُرْ كَيْفَ فَضَّلْنَا بَعْضَهُمْ عَلَى بَعْضٍ وَلَلآخِرَةُ أَكْبَرُ دَرَجَاتٍ وَأَكْبَرُ تَفْضِيلا۞** သူတို့မှ အချို့ကို အချို့ထက် မည်သို့ သိက္ခာပေးခဲ့သည်ကို ကြည့်ကြလော့။ နောင်ဘဝ၏ အကြီးကျယ်ဆုံးသော အခွင့်အလမ်းသည် ပိုမိုကြီးကျယ်သော သိက္ခာပေးခြင်းပင်။
၂၂။	**لاَّ تَجْعَل مَعَ اللهِ إِلَـهًا آخَرَ فَتَقْعُدَ مَذْمُومًا مَّخْذُولاً۞** ထောက်ထားသူမဲ့ စွန့်ပယ်ခံအဖြစ် အထိုင်ချရန် ပရမတ်ဘုရားရှင်နှင့်အတူ နောက်ဆက်တွဲ ဘုရား မစီစဉ်ကြနှင့်။
၂၃။	**وَقَضَى رَبُّكَ أَلاَّ تَعْبُدُواْ إِلاَّ إِيَّاهُ وَبِالْوَالِدَيْنِ إِحْسَانًا إِمَّا يَبْلُغَنَّ عِندَكَ الْكِبَرَ أَحَدُهُمَا أَوْ كِلاَهُمَا فَلاَ تَقُل لَّهُمَآ أُفٍّ وَلاَ تَنْهَرْهُمَا وَقُل لَّهُمَا قَوْلاً كَرِيمًا۞** သင့်ကံကြမ္မာရှင်က ဆုံးဖြတ်သည်မှာ အရှင်မှ အပ အခြားကို မကိုးကွယ်ကြနှင့်၊ မွေးမိဘတို့အပေါ် တင့်တယ်စေကြလော့၊ သူတို့မှ တစ်ဦးဖြစ်စေ၊ သို့မဟုတ် နှစ်ဦးလုံးဖြစ်စေ ကြီးရင့်လာ၍ သင်နှင့်အတူရှိသော်၊ သူတို့အား ရွံစရာကောင်းသည်ဟု မဆိုကြနှင့်၊ ခွန်းတုံ့မလှန်ကြနှင့်၊ သူတို့အား ကျက်သရေရှိသော စကားကို ပြောဆိုကြလော့။
၂၄။	**وَاخْفِضْ لَهُمَا جَنَاحَ الذُّلِّ مِنَ الرَّحْمَةِ وَقُل رَّبِّ ارْحَمْهُمَا كَمَا رَبَّيَانِي صَغِيرًا۞** ကရုဏာ ပိုင်စိုးသော လက်ရုံးရည်ဖြင့် သူတို့အတွက် နှိမ့်ချလော့၊ ''အို– ကံကြမ္မာရှင် တပည့်တော်အား ငယ်စဉ်မှစ၍ ကြီးထွားလာစေ သကဲ့သို့ အရှင်သည် သူတို့အား ကရုဏာသက်တော်မူပါ၊''ဟု ဆုတောင်းပေးကြလော့။
၂၅။	**رَّبُّكُمْ أَعْلَمُ بِمَا فِي نُفُوسِكُمْ إِن تَكُونُواْ صَالِحِينَ فَإِنَّهُ كَانَ لِلأَوَّابِينَ غَفُورًا۞** သင်တို့၏ ကံကြမ္မာရှင်သည် သင်တို့၏ စိတ်စရိုက်ကို အသိဆုံး ဖြစ်တော်မူ၏၊ သင်တို့သည် ပြုပြင်မှု၌ ရှိလျက် ပြန်လှည့်သူ ဖြစ်လျှင် အရှင်သည် လွတ်ငြိမ်းစေသော အရှင် ဖြစ်၏။
၂၆။	**وَآتِ ذَا الْقُرْبَى حَقَّهُ وَالْمِسْكِينَ وَابْنَ السَّبِيلِ وَلاَ تُبَذِّرْ تَبْذِيرًا۞** နီးစပ်သူများ၊ နွမ်းပါးသူများ၊ ခရီးသည်များကို မှန်ကန်စွာ ပေးကမ်းကြလော့၊ အလေအလွင့် မဖြုန်တီးကြနှင့်။
၂၇။ ☆ ၂၁၄	**إِنَّ الْمُبَذِّرِينَ كَانُواْ إِخْوَانَ الشَّيَاطِينِ وَكَانَ الشَّيْطَانُ لِرَبِّهِ كَفُورًا۞** ဖြုန်းတီးသူများသည် မကောင်းဆိုးဝါး၏ ညီနောင်များ ဖြစ်ကြ၏။ မကောင်းဆိုးဝါးသည်☆ သူ့ကံကြမ္မာရှင်အား ဖုံးကွယ်သူ ဖြစ်၏
၂၈။	**وَإِمَّا تُعْرِضَنَّ عَنْهُمُ ابْتِغَاء رَحْمَةٍ مِّن رَّبِّكَ تَرْجُوهَا فَقُل لَّهُمْ قَوْلاً مَّيْسُورًا۞** သို့မဟုတ် သင့်ကံကြမ္မာရှင်၏ထံမှ သင်မျှော်ကိုးသည့် ကရုဏာတော်အား ရှာဖွေနေစဉ် သူတို့အား ဘောင်ထားရလျှင် သူတို့အား လွယ်ကူပြေပြစ်သော စကားကို ဆိုလော့။
၂၉။	**وَلاَ تَجْعَلْ يَدَكَ مَغْلُولَةً إِلَى عُنُقِكَ وَلاَ تَبْسُطْهَا كُلَّ الْبَسْطِ فَتَقْعُدَ مَلُومًا مَّحْسُورًا۞** သင်၏လက်အား ချုပ်တီးလျက် လည်ဂုတ်ပေါ်၌ တင်ထားခြင်းနှင့်၊ အလုံးစုံ လက်ဖွာခြင်းကို မစီစဉ်နှင့်၊ လက်ဖွာလွန်းသူသည် ကိုယ်တိုင်အပြစ်တင်မိလျက် ကြေကွဲစွာ ထိုင်နေရတတ်၏။
၃၀။	**إِنَّ رَبَّكَ يَبْسُطُ الرِّزْقَ لِمَن يَشَاء وَيَقْدِرُ إِنَّهُ كَانَ بِعِبَادِهِ خَبِيرًا بَصِيرًا۞** ဇကန်ပင် သင်၏ ကံကြမ္မာရှင်သည် စံချိန်ပြည့်သူအလျောက် ရိက္ခာ တိုးပွားစေတော်မူ၏၊ စည်းကြပ်မတ်တော်မူ၏၊ အရှင်သည် အမှုတော်ဆောင်များကို သတင်းရနေသော၊ မြင်နေသော အရှင် ဖြစ်၏။
၃၁။	**وَلاَ تَقْتُلُواْ أَوْلاَدَكُمْ خَشْيَةَ إِمْلاقٍ نَّحْنُ نَرْزُقُهُمْ وَإِيَّاكُم إِنَّ قَتْلَهُمْ كَانَ خِطْءًا كَبِيرًا۞** ချို့တဲ့နွမ်းပါးမည်ကို ကြောက်၍၊ သင်တို့၏ ရင်သွေးများကို မသတ်ကြနှင့်၊ သူတို့နှင့် သင်တို့ကို ငါ ရိက္ခာထောက်

	တော်မူ၏။ သူတို့အား သတ်ဖြတ်ခြင်းသည် ကြီးကျယ်လှသော အမှားကျူးလွန်မှု ဖြစ်၏။
၃၂။	**وَلاَ تَقْرَبُواْ الزِّنَى إِنَّهُ كَانَ فَاحِشَةً وَسَاء سَبِيلاً۝** လိင်စည်းဖေါက်ခြင်းကို မချည်းကပ်ကြနှင့်၊[၆၂] ၎င်းသည် ကိုယ်ကျင့်ပျက်မှု ဖြစ်၍၊ အကုသိုလ် လမ်းစဉ် ဖြစ်၏။
၃၃။ အသက်☆ ၂း၁၇၈	**وَلاَ تَقْتُلُواْ النَّفْسَ الَّتِي حَرَّمَ اللّهُ إِلاَّ بِالحَقِّ وَمَن قُتِلَ مَظْلُومًا فَقَدْ جَعَلْنَا لِوَلِيِّهِ سُلْطَانًا فَلاَ يُسْرِف فِّي الْقَتْلِ إِنَّهُ كَانَ مَنْصُورًا۝** အမှန်တရား အတွက်မှအပ **ဉာဉ်စရိုက်**တစ်ခုအား မသတ်ဖြတ်နှင့် ပရမတ်ဘုရားရှင်သည် ၎င်းကို တားမြစ်ထား၏။ အမိုက်စီးစွာ သတ်ဖြတ်မိသူ အတွက်၊ ထိုသတ်ဖြတ်မှု၌ အခွင့်အာဏာကို အလွဲသုံးစားမပြုရန် အလှည့်ကျဆက်ခံသူကို ငါ စီစဉ်ပေးပြီ၊ သူသည် အကူအညီကို ရရှိနိုင်၏။☆
၃၄။	**وَلاَ تَقْرَبُواْ مَالَ الْيَتِيمِ إِلاَّ بِالَّتِي هِيَ أَحْسَنُ حَتَّى يَبْلُغَ أَشُدَّهُ وَأَوْفُواْ بِالْعَهْدِ إِنَّ الْعَهْدَ كَانَ مَسْؤُولاً۝** မိဘမဲ့တို့၏ ဥစ္စာပစ္စည်းများကို သူတို့ တင့်တင့်တယ်တယ် ရင့်ကျက်သော အရွယ်သို့ရောက်အထိ၊ မချည်းကပ်ကြနှင့်။ ပဋိညာဉ်ကို ပြီးပြည့်စေလော့၊ ဇကန်ပင် ပဋိညာဉ်သည် စစ်ဆေးပြီး ဖြစ်ရမည်။[၆၃]
၃၅။	**وَأَوْفُوا الْكَيْلَ إِذا كِلْتُمْ وَزِنُواْ بِالقِسْطَاسِ الْمُسْتَقِيمِ ذَلِكَ خَيْرٌ وَأَحْسَنُ تَأْوِيلاً۝** ချိန်တွယ်သောအခါ အလေးချိန်ကို ပြည့်စေလော့၊ အချိန်အဆ မှန်စွာရပ်တည်၍ ချိန်လော့၊ ဤသည် ပို၍ ကောင်း၏၊ တင့်တယ်သော အဓိပ္ပါယ် ဖြစ်၏။
၃၆။	**وَلاَ تَقْفُ مَا لَيْسَ لَكَ بِهِ عِلْمٌ إِنَّ السَّمْعَ وَالْبَصَرَ وَالْفُؤَادَ كُلُّ أُولـئِكَ كَانَ عَنْهُ مَسْؤُولاً۝** သင့်၌ အသိဉာဏ် ဗဟုသုတ မရှိသော အရာအား ထပ်ဆင့်မဖြန့်နှင့်၊ ဇကန်ပင် အကြား၊ အမြင်၊ စိတ်နလုံးများ–ငင်းတို့ကိုယ်စီ စစ်ဆေးခံရလတ္တံ့။
၃၇။	**وَلاَ تَمْشِ فِي الأَرْضِ مَرَحًا إِنَّكَ لَن تَخْرِقَ الأَرْضَ وَلَن تَبْلُغَ الْجِبَالَ طُولاً۝** မြေကမ္ဘာပေါ်၌ ပမာမခန့် မသွားလာကြနှင့်၊ သင်သည် မြေကမ္ဘာကို မခွဲပစ်နိုင်၊ တောင်ထိပ်အမြင့်ထိ မဆိုက်နိုင်ပေ။
၃၈။	**كُلُّ ذَلِكَ كَانَ سَيِّئُهُ عِنْدَ رَبِّكَ مَكْرُوهًا۝** ဤ အကုသိုလ် ကိုယ်စီသည် သင့်ကံကြမ္မာရှင်၏ ထံတော်၌ မနှစ်မြို့ဘွယ်များ ဖြစ်၏။
၃၉။	**ذَلِكَ مِمَّا أَوْحَى إِلَيْكَ رَبُّكَ مِنَ الْحِكْمَةِ وَلاَ تَجْعَلْ مَعَ اللّهِ إِلَهًا آخَرَ فَتُلْقَى فِي جَهَنَّمَ مَلُومًا مَّدْحُورًا۝** ဤသည် သင့်ထံသို့ သင့်ကံကြမ္မာရှင်၏ ဓမ္မသတ်တော်မှ အာရုံဖြစ်စေရာတို့ ဖြစ်၏။ အပြစ်တင်ခံရ လောင်ကျမ်းရမည့် ငရဲထဲ၌ ခင်းကျင်းမခံရရန် ပရမတ်ဘုရားရှင်နှင့်အတူ နောက်ဆက်တွဲ ဘုရားများ မစီစဉ်ကြနှင့်။

---

(၆၂) ဤသုတ်တော်မှ ပြောဆိုသော **အာဇ်ဖေနီ** ဆိုသည်မှာ ကြာကူလီ အမှုများကို ဆိုလိုပေသည်။ တရားဝင် လက်ထပ် ဇနီးမောင်နှံ အတွက် တရားဝင်သော သဘာဝအတိုင်း မေထုံပြုခြင်းကို မဆိုလိုပေ။ လိင်စည်းဖေါက်မှု ဆိုသည်မှာ အဓမ္မပြုကျင့်မှု (မုဒိန်းမှု) လည်း မဟုတ်သေးပေ၊ အမျိုးသမီးတစ်ဦးတွင် လိင်ဆက်ဆံသည့် ကာမပိုင် အမျိုးသား ရှိနေပါလျက် ထိုအမျိုးသမီးဖြင့် ဖေါက်ပြန်ခြင်းကို ဆိုလိုပေသည်၊ ထို့အတွက် မလိုချင်သော ကိုယ်ဝန်များ ရလာနိုင်၍ ထိုကလေးအား သတ်ဖြတ်ခြင်းများ ကျူးလွန်နိုင်သည်၊ ပထမ အမျိုးသားဖြင့် ဒုတိယ အမျိုးသား–ယောကျ်ားချင်း ပြသနာ တက်နိုင်သည်။ (၆း၁၀ ရှင်းချက်တွင် ကြည့်ပါ။) ထို ကြာကူလီ အမှုများအား ထိရောက်စွာ အရေးယူရမည်ဟု ၂၄း၃ တွင် ဥပဒေ ပြဋ္ဌာန်းထားပေသည်။ တရားဝင် ဇနီးမောင်နှံ ဖြစ်သော်လည်း မေထုံမှုကို (၁)အမျိုးသမီးသည် ကျမ္မာရေးမကောင်းစဉ် ၂း၂၂။ (၂) ဥပုသ် သီလဆောက်တည်စဉ် ၂း၁၈၇။ (၃) ဝဿပိတ် (အိတိကာဖဲ)ကျင့်နေစဉ် ၂း၁၈၇။ (၄) ဝတ်ကြောင်စွန့်ထားစဉ် ၂း၁၉၇၊၁၉၈။ ကာလများတွင် ရှောင်ကြဉ်ရမည် ဖြစ်သည်။ အဓမ္မပြုကျင့်မှု (မုဒိန်းမှု)သည် သာ၍ ကြီးမားသော ပြစ်မှု ဖြစ်သည်။ ထိုအမှုတွင် အလိုမတူမှုကို ကျူးလွန်ခြင်း ပြစ်ဒဏ်နှင့် ကာမေသုမှုပြစ်ဒဏ် ပူးတွဲခံရမည် ဖြစ်၍၊ လူသတ် မုဒိန်းဖြစ်လျှင် လူသတ်မှုနှင့် ကာမေသုပြစ်ဒဏ်ကို ပူးတွဲခံရမည် ဖြစ်သည်။

(၆၃) မိဘမဲ့တို့၏ ဥစ္စာပစ္စည်းအား မထိမ်းသိမ်း မစောင့်ရှောက်ပေးမို့ အပြန်အလှန်ထားသော ကတိကဝတ်စည်းမျဉ်းများကို လိုက်နာနိုင်သည် မလိုက်နာနိုင်သည်ကို စိစစ်သုံးသပ်ရမည် ဖြစ်ပြီး၊ လိုက်နာနိုင်ပါသည်ဟု ကတိပေးထားသည်ကို လိုက်နာရမည် ဖြစ်သည်။

၄၀။ ☆ ၂း၂၀	**أَفَأَصْفَاكُمْ رَبُّكُم بِالْبَنِينَ وَاتَّخَذَ مِنَ الْمَلآئِكَةِ إِنَاثًا إِنَّكُمْ لَتَقُولُونَ قَوْلاً عَظِيمًا۞** အသို့နည်း၊ သင်တို့၏ ကံကြမ္မာရှင်က သင်တို့အတွက် သားယောကျ်ားများကို ရွေးချယ်၍၊ အရှင်ကိုယ်တိုင် အတွက်မူ နတ်ဒေဝါများမှ☆ သမီးများကို ယူလေသလော၊ သင်တို့သည် ဝန်ကြီးလှသော စကားကို ပြောဆိုကြ၏။
၄၁။	**وَلَقَدْ صَرَّفْنَا فِي هَذَا الْقُرْآنِ لِيَذَّكَّرُواْ وَمَا يَزِيدُهُمْ إِلاَّ نُفُورًا۞** သူတို့ ဆင်ခြင်သတိရှိစေရန် ဤကုရ်အာန်၌ ထပ်ပြန်တလဲလဲရှင်းပြ၏၊ သို့သော် ၎င်းသည် သူတို့အတွက် စစ်သွေးကြွစိတ်ကိုသာ တိုးစေ၏။[၆၂]
၄၂။ ☆ ၁၀း၃	**قُل لَّوْ كَانَ مَعَهُ آلِهَةٌ كَمَا يَقُولُونَ إِذًا لاَّبْتَغَوْاْ إِلَى ذِي الْعَرْشِ سَبِيلاً۞** သူတို့ပြောသကဲ့သို့ အခြားဘုရားများသည် အရှင်နှင့်အတူ ရှိနေလျှင်၊ သူတို့သည် ထပ်ဆင့်ကွပ်ကဲသည့်☆ အရှင်ထံသို့ ရောက်မည့်လမ်းကို ရှာဖွေကြလတ္တံ့ ဟု ဟောပြောလော့။[၆၃]
၄၃။	**سُبْحَانَهُ وَتَعَالَى عَمَّا يَقُولُونَ عُلُوًّا كَبِيرًا۞** ဦးထိပ်ထားအပ်သော အရှင်သည် အကြီးအကျယ် အထွဋ်အထိပ် ပြောကြခြင်းထက် အထွဋ်အထိပ်ဖြစ်တော်မူ၏။
၄၄။ ☆၁း၂၉	**تُسَبِّحُ لَهُ السَّمَاوَاتُ السَّبْعُ وَالأَرْضُ وَمَن فِيهِنَّ وَإِن مِّن شَيْءٍ إِلاَّ يُسَبِّحُ بِحَمْدَهِ وَلَكِن لاّ تَفْقَهُونَ تَسْبِيحَهُمْ إِنَّهُ كَانَ حَلِيمًا غَفُورًا۞** အရှင့်အား ဦးထိပ်ထားကြလော့၊ အာကာ ခုနစ်ဆက်နှင့် မြေကမ္ဘာကြား☆ အရာများသည် အရှင်အား ရည်သန်ရူးစိုက် ဦထိပ်ထားနေသော ဝတ္ထုချည်းသာ ဖြစ်၏။ သို့သော် သူတို့၏ ဦးထိပ်ထားခြင်းကို သင်တို့ နားမလည်နိုင်ကြချေ၊ အရှင်သည် နူးညံ့သိမ်မွေ့၏၊ လွတ်ငြိမ်းစေသော အရှင် ဖြစ်ပေ၏။
၄၅။ ☆ ၇း၁၇၉	**وَإِذَا قَرَأْتَ الْقُرْآنَ جَعَلْنَا بَيْنَكَ وَبَيْنَ الَّذِينَ لاَ يُؤْمِنُونَ بِالآخِرَةِ حِجَابًا مَّسْتُورًا۞** သင်သည် ကုရ်အာန်အား ရွတ်ဖတ်သောအခါ၊ သင်၏ကြား နောင်ဘဝအား မယုံကြည်သော သူတို့၏ ကြား၌ ပုန်းကွယ်နေသော စည်းခြားမှု စီစဉ်ထားတော်မူ၏။☆
၄၆။ တစ်ဆူ တည်း	**وَجَعَلْنَا عَلَى قُلُوبِهِمْ أَكِنَّةً أَن يَفْقَهُوهُ وَفِي آذَانِهِمْ وَقْرًا وَإِذَا ذَكَرْتَ رَبَّكَ فِي الْقُرْآنِ وَحْدَهُ وَلَّوْاْ عَلَى أَدْبَارِهِمْ نُفُورًا۞** သူတို့၏ နှလုံးသား၌ ကွယ်ကာမှုနှင့် သူတို့၏ နားများ လေးလျက် နားမလည်ခြင်းကို ငါ စီစဉ်ထားပြီ။ ကုရ်အာန်မှ သင့်ကံကြမ္မာရှင်၏ **ဧကောဒိ**ဂုဏ်ကို သင် သတိဖေါ်ပေးသောအခါ သူတို့သည် စစ်သွေးကြွစိတ် ဖြင့် လှည့်သွားကြ၏။
၄၇။	**نَّحْنُ أَعْلَمُ بِمَا يَسْتَمِعُونَ بِهِ إِذْ يَسْتَمِعُونَ إِلَيْكَ وَإِذْ هُمْ نَجْوَى إِذْ يَقُولُ الظَّالِمُونَ إِن تَتَّبِعُونَ إِلاَّ رَجُلاً**

---

(၆၂) ကျမ်းတော်သည် မိရိုးဖလာ အယူအဆများအား ထပ်ဆင့် ပြုပြင်ပြောင်းလဲရန် တိုးတက်သော အတွေးအခေါ်များကို ရှာဖွေ ဖေါ်ထုတ်ရန် မကြာခဏ ထပ်ဆင့်ထပ်ဆင့် သတိဖေါ်ပေးသော်လည်း ၎င်းသည်ပင် ထိုလူသားများ အတွက် အလွန်ကြီးမားသော ဆန့်ကျင်ဘက် ဝါဒဖြန့်ချိသော စာအုပ်ကြီး အဖြစ်မြင်ကာ အစွယ်လာမ်သာသနာဝင်များ အပေါ် အမုန်းစိတ်များ၊ တိုက်ခိုက်သတ်ဖြတ်လိုစိတ်များသာ ပွားများပေတော့သည်။ မိမိတို့ ကိုယ် မိမိတို့ သုံးသပ်သည်ဟူ၍ မရှိပေ။

(၆၃) ပရမတ်ဘုရားရှင်နှင့် တစ်ဂိုဏ်းတည်းထား၍ ကိုးကွယ်နေရာများမှာ လူသားတို့အား ဉာဏ်စဉ်ရေးရာ တစ်စုံတစ်ရာအား မချိုးမြှင့်နိုင် ဆိုသည်ကို ထိုကိုးကွယ်နေသူများကိုယ်တိုင် သိပေသည်။ တနည်းအားဖြင့် သူတို့လိုက်နာသော ကျမ်းများကိုယ်တိုင် ဉာဏ်စဉ်ဖြင့် သိသော မှတ်တမ်း ကျမ်းများဖြစ်လျှင် ထိုတစ်ဆင့်ခံများ၏ ထံမှ မဟုတ်ကြောင်း၊ သူတို့အား ထပ်ဆင့် ကွပ်ကဲထားသည့် ပရမတ်ဘုရားရှင်၏ ထံမှသာ ဖြစ်ကြောင်း ဝန်ခံနေပြီ ဖြစ်သည်။ ထို့ကြောင့် ထိုလူသားများ အနေဖြင့် ဉာဏ်စဉ်ဖြင့် ဆွတ်ခူးရသော ကျမ်းများ၊ အသိများကို လက်ခံလိုလျှင် တစ်ဆင့်ခံများကို ကိုးကွယ်ရာ အဖြစ်၊ ဉာဏ်စဉ်တော်၏ နောက်ဆုံးဖစ်မြစ်တော် အဖြစ် လက်မခံဘဲ၊ ပရမတ်ဘုရားရှင်ထံသို့ ဉာဏ်စဉ်ဖြင့် ဆိုက်ရောက်မည့် လမ်းစဉ်ကို ရှာကို ရှာဖွေရလိမ့်မည်ဟု ကျမ်းတော်က အတိအကျ ထောက်ပြထားပေသည်။

	مَّسْحُورًا۞ သူတို့သည် သင့်ဘက်သို့ နားစွင့်သောအခါ၊ မည်သည့်အရာကို သူတို့နားထောင်ချင်ကြောင်း ငါ အသိဆုံးဖြစ်တော်မူ၏၊ သူတို့ချင်း သီးခြားတိုင်ပင်သောအခါ၊ အမိုက်ကောင်များက ‘‘သင်တို့သည် ပြုစားခံရသော လူကိုသာ လိုက်နာနေကြပြီ’’ဟု ဆိုကြ၏။
၄၈။	**انظُرْ كَيْفَ ضَرَبُواْ لَكَ الأَمْثَالَ فَضَلُّواْ فَلاَ يَسْتَطِيعُونَ سَبِيلاً**۞ သင့်အား မည်သို့ ပမာများဖြင့် ဥပမာပေးသည်ကို ကြည့်လော့၊ သူတို့သည် လမ်းလွဲကြကုန်၏၊ အခြားတစ်နိုင်မည့် လမ်းစဉ် မရှိချေ။
၄၉။	**وَقَالُواْ أَئِذَا كُنَّا عِظَامًا وَرُفَاتًا أَإِنَّا لَمَبْعُوثُونَ خَلْقًا جَدِيدًا**۞ သူတို့က ‘‘ကျွန်ုပ်တို့သည် အရိုးများဖြစ်ပြီး၊ ဆွေးမြေ့ကြေမွပြီးသော် အသစ်တဖန် ဖြစ်တည် နိုးထရမည်လော၊’’ဟု မေးကြ၏။[၆၂၉]
၅၀။	**قُل كُونُواْ حِجَارَةً أَوْ حَدِيدًا**۞ ဟောလော့ ‘‘သင်တို့သည် ကျောက်ခဲ သို့မဟုတ် သံ အတိ ဖြစ်ငြားသော်လည်း–
၅၁။	**أَوْ خَلْقًا مِّمَّا يَكْبُرُ فِي صُدُورِكُمْ فَسَيَقُولُونَ مَن يُعِيدُنَا قُلِ الَّذِي فَطَرَكُمْ أَوَّلَ مَرَّةٍ فَسَيُنْغِضُونَ إِلَيْكَ رُؤُوسَهُمْ وَيَقُولُونَ مَتَى هُوَ قُلْ عَسَى أَن يَكُونَ قَرِيبًا**۞ သို့မဟုတ် သင်တို့သည် ရင်တွင်း၌ ပို၍မာနကြီးသော ဖြစ်တည်ခံများ ဖြစ်သော်လည်း၊’’ ‘‘မည်သူက ကျွန်ုပ်တို့အား ဆက်၍ ဖြစ်စေသနည်း၊’’ဟု သူတို့ ပြောကြလတ္တံ့၊ ဟောလော့ ‘‘ပထမ အကြိမ်က သင်တို့၏ မူလလက်သည် အရှင်ပင် ဖြစ်၏။’’ ထိုအခါ သူတို့၏ ဦးခေါင်းများကို ခါလျက် သင့်အား ‘‘၎င်းသည် မည်သည့် အချိန်တွင် ဖြစ်မည်နည်း၊’’ဟု မေးကြလတ္တံ့၊ ဟောလော့ ‘‘ယင်းသည် အလွန် နီးကပ်နိုင်ရာ၏။’’
၅၂။	**يَوْمَ يَدْعُوكُمْ فَتَسْتَجِيبُونَ بِحَمْدِهِ وَتَظُنُّونَ إِن لَّبِثْتُمْ إِلاَّ قَلِيلاً**۞ သင်တို့အား ဖိတ်ခေါ်သော နေ့ကာလ၌၊ အရှင့်အား ရည်သန်စူးစိုက်လျက် အဖြေပေးကြလော့၊ သင်တို့သည် ခေတ္တ ခဏမျှသာ ဆိုင်းနေခဲ့ရသည်ဟု စဉ်းစားမိလတ္တံ့။
၅၃။ ☆ ၂း၁၄	**وَقُل لِّعِبَادِي يَقُولُواْ الَّتِي هِيَ أَحْسَنُ إِنَّ الشَّيْطَانَ يَنزَغُ بَيْنَهُمْ إِنَّ الشَّيْطَانَ كَانَ لِلإِنْسَانِ عَدُوًّا مُّبِينًا**۞ ငါ၏ အမှုတော်ဆောင်များအား ဟောလော့၊ ပြောဆိုရာတွင် ထို၌ တင့်တယ်စေလော့၊ မကောင်းဆိုးဝါးသည်☆ သူတို့၏ ကြား၌ သွေးကွဲစေလိမ့်မည်၊ မကောင်းဆိုးဝါးသည် လူသားတို့အား ရှင်းလင်းထင်ရှားစွာ စည်းဝေါက်သူ ဖြစ်၏။
၅၄။	**رَّبُّكُمْ أَعْلَمُ بِكُمْ إِن يَشَأْ يَرْحَمْكُمْ أَوْ إِن يَشَأْ يُعَذِّبْكُمْ وَمَا أَرْسَلْنَاكَ عَلَيْهِمْ وَكِيلاً**۞ သင်တို့၏ ကံကြမ္မာရှင်သည် သင်တို့အကြောင်းကို အသိဆုံးဖြစ်တော်မူ၏။ စံချိန်ပြည့်မှီသည့်အလျောက် သင်တို့အား ကရုဏာသက်တော်မူ၍၊ စံချိန်ပြည့်မှီနှင့်အညီ သင်တို့အား ဝင့်ကြွေးသင့်စေမည်ပင်၊ ငါသည် သင့်အား သူတို့၏ ကိုးစား ခံရသူ အဖြစ် စေစားသည် မဟုတ်ချေ။[၆၃၀]

(၆၂၉) ‘‘သေသည်’’ ဆိုခြင်းကို ကျမ်းတော်က ဘဝသေနေသူများဟု မကြာခဏ ရည်ညွှန်းပေသည်၊ ဤသုတ်တော်တွင် ဆိုသော ပြန်လည် ရှင်သန်ရမည် ဆိုခြင်းမှာ နာမ်ပိုင်းဆိုင်ရာ ပြန်လည် ရှင်သန်လာရမည်ကို ရည်ညွှန်းပေသည်။ ထိုအကြောင်းအရာကို သုတ်တော် (၅၀၊၅၁) တွင်လည်း ပြန်လည် ဖေါ်ပြထားပေသည်၊ သူတို့၏ တလွဲသော အမျိုးသားရေးစိတ်၊ လူမျိုးကြီးစိတ်များ၌ နစ်မွန်းလျက် ခေါင်းမာခဲ့မှုများကို ကျောက်ခဲ သံခဲ၊ ထိုထက် နှလုံးသာ မာကျော မောက်မာမှုများဖြင့် ပုံဆောင်ထားပေသည်။ ခေါင်းခါသူများဆိုသည်မှာ အတွေးအခေါ်သစ်များဖြင့် ပြန်လည် ထွန်းတောက်ရမည်ကို လက်မခံသူများကို ရည်ညွှန်းပေသည်။

၅၅။ ☆ ၁၆း၄၄	**وَرَبُّكَ أَعْلَمُ بِمَن فِي السَّمَاوَاتِ وَالأَرْضِ وَلَقَدْ فَضَّلْنَا بَعْضَ النَّبِيِّينَ عَلَى بَعْضٍ وَآتَيْنَا دَاوُودَ زَبُورًا۞** သင့်ကံကြမ္မာရှင်သည် မိုးများနှင့် မြေ၌ ရှိသူတို့၏ အကြောင်းကို အသိဆုံး ဖြစ်တော်မူ၏၊ အရှင်သည် သတင်းတော်ဆောင်များ အနက် အချို့ကို အချို့ထက် သိက္ခာရှိစေခဲ့ပြီ။ ငါသည် ဒါဝိဒ်အား ကျမ်းငယ်ကို☆ ချီးမြှင့်ခဲ့၏။[၆၃၈]
၅၆။	**قُلِ ادْعُواْ الَّذِينَ زَعَمْتُم مِّن دُونِهِ فَلاَ يَمْلِكُونَ كَشْفَ الضُّرِّ عَنكُمْ وَلاَ تَحْوِيلا۞** ဟောလော့ "အရှင် မှလွဲ၍ သင်တို့ ရပ်တည်ပြောဆိုသော သူများထံ၌ ဆုတောင်းကြည့်လော့၊ သူတို့သည် သင်တို့၌ သက်သော ဆိုးကျိုးကို ဖယ်ရှားနိုင်သည့် ဩဇာအာဏာ မရှိ၊ စည်းတားထားနိုင်သည်လည်း မဟုတ်ချေ။"
၅၇။	**أُولَئِكَ الَّذِينَ يَدْعُونَ يَبْتَغُونَ إِلَى رَبِّهِمُ الْوَسِيلَةَ أَيُّهُمْ أَقْرَبُ وَيَرْجُونَ رَحْمَتَهُ وَيَخَافُونَ عَذَابَهُ إِنَّ عَذَابَ رَبِّكَ كَانَ مَحْذُورًا۞** သူတို့သည်ပင် သူတို့၏ ကံကြမ္မာရှင်ထံ၌ ဆုတောင်းလျက် အရှင်နှင့် နီးကပ်မှု ရှာဖွေနေကြ၏။ အရှင်၏ ကရုဏာတော်အား မျှော်ကိုးကြ၏၊ ဝဋ်ကြွေးဒဏ်အား ကြောက်ရွံ့ကြ၏။ သင့်ကံကြမ္မာရှင် ပြဋ္ဌာန်းသောဝဋ်ကြွေးသည် သတိထားစရာပင် ဖြစ်၏။
၅၈။	**وَإِن مَّن قَرْيَةٍ إِلاَّ نَحْنُ مُهْلِكُوهَا قَبْلَ يَوْمِ الْقِيَامَةِ أَوْ مُعَذِّبُوهَا عَذَابًا شَدِيدًا كَانَ ذَلِكَ فِي الْكِتَابِ مَسْطُورًا۞** ရပ်တည်ရမည့် နေ့ကာလ မတိုင်မီ ငါသည် အရပ်ဒေသများအား တိမ်ကောစေမည်၊ သို့မဟုတ် ပြင်းထန်သော ဝဋ်ကြွေးဖြင့် ဝဋ်ကြွေးသင့်စေမည်၊ ၎င်းကို လောကဓမ္မ၌ ရေးမှတ်ထားပြီး ဖြစ်၏။[၆၃၂]
၅၉။ ☆ ၇း၇၃	**وَمَا مَنَعَنَا أَن نُّرْسِلَ بِالآيَاتِ إِلاَّ أَن كَذَّبَ بِهَا الأَوَّلُونَ وَآتَيْنَا ثَمُودَ النَّاقَةَ مُبْصِرَةً فَظَلَمُواْ بِهَا وَمَا نُرْسِلُ بِالآيَاتِ إِلاَّ تَخْوِيفًا۞** ရှေးမျိုးဆက်များသည် သုတ်ဒေသနာများအား ငြင်းဆန်ခြင်းကြောင့်သာ ငါ၏ စေစားရာများကို ပိတ်ပင်စေ၏၊ ငါသည် သမု–ဒ်တို့ထံ မြင်သာသော ကုလားအုပ်မကို☆ ချီးမြှင့်ခဲ့၏၊ သူတို့သည် သူမအပေါ် အဝိဇ္ဇာသင့်ကြ၏၊ သုတ်ဒေသနာများအား စိုးကြောက်တတ်စေရန် အတွက်သာ ငါ စေစားတော်မူ၏။
၆၀။	**وَإِذْ قُلْنَا لَكَ إِنَّ رَبَّكَ أَحَاطَ بِالنَّاسِ وَمَا جَعَلْنَا الرُّؤيَا الَّتِي أَرَيْنَاكَ إِلاَّ فِتْنَةً لِّلنَّاسِ وَالشَّجَرَةَ الْمَلْعُونَةَ فِي**

---

(၆၃၀) ဤသုတ်တော်သည် အစ္စလာမ်သာသနာ၏ အဓိက သိမှတ်လိုက်နာအပ်သည့် သီလကို ဖေါ်ပြပေသည်၊ မည်သည့် ဆရာသမား၊ ဘာသာရေး ခေါင်းဆောင်၊ လူသား ဉာဏ်စဉ်တော်ဆောင်သည်မှ နောက်လိုက်ဒကာများ၏ အပြစ်ဝဋ်ကြွေး အတွက် ရှေ့နေလိုက်ပေး၍ မရချေ၊ မည်သူမဆို မိမိ ပြုကျင့်သော ကောင်းကျိုး ဆိုးကျိုးများ၏ ရလဒ်ကို မိမိသာ ခံစားရမည် ဖြစ်ပေသည်။ လူသား ဉာဏ်စဉ်တော်ဆောင်များမှာ သူတို့ဆွတ်ခူးရရှိသော ဉာဏ်စဉ်တော်အားဖြင့် ပရမတ်ဘုရားရှင် ပြဋ္ဌာန်းထားသော လောကဓမ္မကို သိခွင့်ရ၍ လူသားအပေါင်းအား ကောင်း ဆိုးနည်းလမ်း နည်းနာများကို ပြောပြနိုင်သူများသာ ဖြစ်ပေသည်။

(၆၃၁) လူမျိုးတိုင်း အတွက် သတင်းတော်ဆောင်များ ပွင့်ပေါ်ခဲ့သော်လည်း အချို့မှာ အချို့ထက် ဂုဏ်သတင်းပို၍ ကျော်ဇောသည်မှာ ဓမ္မတာပင်၊ သမ္မာကျမ်းစာတွင် မှတ်တမ်းတင်သည့် သမိုင်းတွင်လည်း မြောက်များစွာသော သတင်းတော်ဆောင်များ အနက် ဒါဝိဒ်မင်းကြီးမှာ လွန်စွာ ကျော်ဇော သည့်အပြင် ခရစ်တော် ကိုယ်တိုင်က သူသည် ဒါဝိဒ်၏ အမျိုး ဒါဝိဒ်၏ အန္တယ်ဟု ပြောရ ကိုးကားရလောက်အောင် ဩဇာ လွှမ်းမိုးထားပေသည်၊ (ရောမ ၁း၃။ ဗျာဒိတ် ၂၂း၁၆။ လုကာ ၁း၃၂)။ ကုရ်အာန်ကျမ်းတော်တွင် သတင်းတော်ဆောင်၊ ဉာဏ်စဉ်တော်ဆောင်များကို ဖေါ်ပြသမျှ တွင် ကိုယ်တော် မုဟမ္မဒ်အတွက် နမူနာပေးသည် ဖြစ်၍၊ ကိုယ်တော်သည်လည်း ပွင့်ပေါ်သမျှသော သတင်းတော်ဆောင်၊ ဉာဏ်စဉ်တော်ဆောင်များထက် ဂုဏ် သတင်းကျော်ဇောရမည်ဟု နိမိတ်ပေးထားခြင်း ဖြစ်ပေသည်။

(၆၃၂) မည်သည့် မြို့ရွာဒေသတိုင်းသည် မဆို အတွေးအခေါ် မျိုးဆက်ဟောင်းများ တိမ်ကောပျောက်ကွယ်သွားရပြီး မျိုးဆက်သစ်များ ထွန်းပေါ်ရမည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။ ရပ်တည်ရမည့် ကာလ ဆိုသည်မှာ ကမ္ဘာမြေပျက်စီးရသော နေ့ကာလ တစ်ခုတည်းကိုသာ မဆိုလိုကြောင်း ၂း၁၇ တွင် ရှင်းပြပြီး ဖြစ်ပေသည်။

	الْقُرْآنِ وَنُخَوِّفُهُمْ فَمَا يَزِيدُهُمْ إِلاَّ طُغْيَانًا كَبِيرًا۞ သင့်အား ငါ မိန့်သည်မှာ သင့်ကံကြမ္မာရှင်သည် လူသားတို့အား ဝန်းရံထားတော်မူ၏၊ ငါက သင့်အား မြင်စေသော အမြင်ရမ္မက်မှာ[၆၃၃] လူသားတို့အား စမ်းသပ်ခြင်းနှင့် ကုရ်အာန်လာ မေတ္တာမဲ့ သစ်ပင်ကို စီစဉ်ထားခြင်းသာ ဖြစ်၏၊ သူတို့အား စိုးကြောက်စေသော်လည်း သူတို့သည် ကြီးစွာသော စည်းဖျက်မှုကိုသာ တိုးပွားနေကြ၏။[၆၃၄]
၆၀။ ☆ ၂၃၅	**وَإِذْ قُلْنَا لِلْمَلآئِكَةِ اسْجُدُواْ لآدَمَ فَسَجَدُواْ إِلاَّ إِبْلِيسَ قَالَ أَأَسْجُدُ لِمَنْ خَلَقْتَ طِينًا۞** နိမိတ်ဆောင်တို့ကို “အာဒံအား ဦးချကြလော့”ဟု ငါ မိန့်သော်၊ ဦးချကြကုန်၏၊ သို့သော် ရှေးရှိးစွဲ– က “မြေ မှုန့်မှ ဖြစ်တည်စေသော သူအား ဦးချရမည်လော၊”ဟု ဆို၍☆
၆၂။	**قَالَ أَرَأَيْتَكَ هَذَا الَّذِي كَرَّمْتَ عَلَيَّ لَئِنْ أَخَّرْتَنِ إِلَى يَوْمِ الْقِيَامَةِ لأَحْتَنِكَنَّ ذُرِّيَّتَهُ إِلاَّ قَلِيلاً۞** “အရှင်သည် တပည့်တော်ထက် ပို၍ ကျက်သရေရှိသော သူအား မြင်ကြည့်ပါလော့၊ တပည့်တော်အား ရပ်တည်ရသော နေ့ကာလထိ နောက်ဆုတ်ပေးထားပါလျှင်၊ အနည်းငယ်မှအပ သူ၏ သားစဉ်မြေးဆက်များကို တပည့်တော် အကျင့်ဖျက်နိုင်ပါ၏။”ဟု ပြောသော်၊
၆၃။	**قَالَ اذْهَبْ فَمَن تَبِعَكَ مِنْهُمْ فَإِنَّ جَهَنَّمَ جَزَآؤُكُمْ جَزَاء مَّوْفُورًا۞** အရှင် မိန့်သည်မှာ “သွားလော့၊ သူတို့မှ သင့်အား လိုက်နာသူများအား အစားပေးခြင်းမှာ အပြည့်အဝ အစားပေးခြင်း၊–ငရဲတုံ ဖြစ်၏၊
၆၄။ မြင်းတပ်ရင်း	**وَاسْتَفْزِزْ مَنِ اسْتَطَعْتَ مِنْهُمْ بِصَوْتِكَ وَأَجْلِبْ عَلَيْهِم بِخَيْلِكَ وَرَجِلِكَ وَشَارِكْهُمْ فِي الأَمْوَالِ وَالأَوْلادِ وَعِدْهُمْ وَمَا يَعِدُهُمُ الشَّيْطَانُ إِلاَّ غُرُورًا۞** –သူတို့မှ သင်တို့ တတ်နိုင်သူတို့အား သင် အသံလွှင့် တပ်လှန့်လော့၊ သူတို့နှင့် ဆန့်ကျင်၍ သင်၏ **ခြေမြန်တပ်**၊ ခြေလျင်တပ်များဖြင့် ကာကွယ်လော့၊ သူတို့၏ ဥစ္စာပစ္စည်း ရင်သွေးများနှင့် ကတိရှိသူများ ရောပြွန်းပါဝင်စေလော့၊ မကောင်းဆိုးဝါး၏ ကတိသည် မြှုပ်ဆွယ်ခြင်းသာ ဖြစ်၏။
၆၅။	**إِنَّ عِبَادِي لَيْسَ لَكَ عَلَيْهِمْ سُلْطَانٌ وَكَفَى بِرَبِّكَ وَكِيلاً۞** ငါ၏ အမှုတော်ဆောင်များအား သင် ဩဇာအာဏာ မရှိချေ။ သင့်ကံကြမ္မာရှင်သည် သူတို့အတွက် ကိုးစားထိုက်သည့် အရှင် အဖြစ် လုံလောက်၏၊”ဟု ဖြစ်၏။
၆၆။	**رَّبُّكُمُ الَّذِي يُزْجِي لَكُمُ الْفُلْكَ فِي الْبَحْرِ لِتَبْتَغُواْ مِن فَضْلِهِ إِنَّهُ كَانَ بِكُمْ رَحِيمًا۞** အရှင်၏ သိက္ခာပေးခြင်းမှ ရှာဖွေနိုင်ရန် သင်တို့၏ ကံကြမ္မာရှင်သည် သင်တို့အဘို့ငှာ သဘော်ဘာများကို ပင်လယ်ပြင်၌ ရွေ့လျားစေသော အရှင်ဖြစ်၏။ အရှင်သည် သင်တို့အတွက် အကြင်နာသက်နေသော အရှင် ဇကန် ဖြစ်၏။

---

(၆၃၃) များစွာသော ဆရာတော်ကြီးများက ဤသုတ်တော်တွင် ဖော်ပြသော ကိုယ်တော်မုဟမ္မဒ်၏ မြင်ကွင်းမှာ သုတ်တော် (၁၇း၁)၌ ဖော်ပြသော ကိုယ်တော်သည် အာကာသ ခရီးသို့ သွားစဉ် မြင်ခဲ့ရသော ငရဲဘုံတွင်းရှိ လူသားတို့ အခြေအနေ ဖြစ်ကြောင်း ဖွင့်ဆိုကြပေသည်၊ သို့သော် ထို့အတွက် ဤကုရ်အာန်ကျမ်းတော်တွင် အထောက်အထား မပါပေ။ ကုရ်အာန် ကျမ်းတော်အရ ကိုယ်တော်သည် သဗ္ဗညုဉာဏ်တော်ရ ပုဂ္ဂိုလ်ဖြစ်သောကြောင့် ငရဲဘုံသားများ ခံစားရမည့် ဘဝ၊ သုခဘုံသားများ စံစားရမည့် ဘဝကို မည်သည့် အခြေအနေတွင် မဆို အာရုံစူးစာန်ဝင်စားလျက် မြင်တွေ့နိုင်ပေသည်။ ဤသုတ်တော်ပါ မြင်ကွင်း ဆိုသည်မှာ လူသားတို့အား စမ်းသပ်ခြင်းနှင့် ကုရ်အာန်လာ မေတ္တာမဲ့ သစ်ပင်ကို စီစဉ်ထားခြင်းသာ ဖြစ်၏ ဟု တိုက်ရိုက်ပြောထားပေသည်။

(၆၃၄) ဤသုတ်တော်ပါ မေတ္တာမဲ့ သစ်ပင် ဆိုသည်ကိုလည်း ဆရာတော်ကြီးများက ကျမ်းတော်၏ ၃၇း၆၂၊၆၃၊၆၄ နှင့် ၄၄း ၄၃–၄၈ တွင် ဖော်ပြသည့် ပမိုင်းပင် ဖြစ်သည်ဟု ဖွင့်ဆိုကြပေသည်။ ကျမ်းတော်တွင် ကောင်းမှုကို ဆောင်သူများ အတွက် သူတို့အတွက် ခံစားရရန် ကောင်းသော သစ်ပင်ရှိသည်ဟု ပမာပေး၍၊ မကောင်းမှုကို ပြုသူတို့အတွက် မကောင်းမှုကို ခံစားရမည့် သစ်ပင်ရှိသည်ဟု ဆိုပေသည်၊ (၁၄း၂၄–၂၆)။ မကောင်းမှု သည်လည်း အမြစ်တွယ်တတ်သော သစ်ပင် ဖြစ်သည်ဟု ဆိုပေသည်၊ ၂း၃၅။

၆၇။	**وَإِذَا مَسَّكُمُ الْضُّرُّ فِي الْبَحْرِ ضَلَّ مَن تَدْعُونَ إِلاَّ إِيَّاهُ فَلَمَّا نَجَّاكُمْ إِلَى الْبَرِّ أَعْرَضْتُمْ وَكَانَ الإِنْسَانُ كَفُورًا۞** ပင်လယ်ပြင်၌ သင်တို့အား ဘေးဥပဒ် ထိသက်သော် အရှင်မှအပ အခြား ဆုတောင်းခံများကို လွှဲဖယ်ခဲ့၍၊ သို့သော် အရှင်သည် သင်တို့အား ကုန်းမြေသို့ လွတ်မြောက်စေသောခါ၊ ချက်ချင်း ဘောင်ကန့်ပစ်ကြကုန်၏၊ လူသားသည်ကား ဖုံးကွယ်တတ်သူပင် ဖြစ်၏။
၆၈။	**أَفَأَمِنتُمْ أَن يَخْسِفَ بِكُمْ جَانِبَ الْبَرِّ أَوْ يُرْسِلَ عَلَيْكُمْ حَاصِبًا ثُمَّ لاَ تَجِدُواْ لَكُمْ وَكِيلاً۞** သင်တို့အား မြေနံရံပြို မြုံစေခြင်းမှ သို့မဟုတ်၊ သင်တို့ထံသို့ သဲမုန်တိုင်းကို စေစားခံရခြင်းမှ လုံခြုံပြီဟု ယုံကြည်နေကြသလော။ သို့ဖြစ်ခဲ့သော် သင်တို့အတွက် ကိုးစားနိုင်မည့်သူကို တွေ့ရမည် မဟုတ်ချေ။
၆၉။	**أَمْ أَمِنتُمْ أَن يُعِيدَكُمْ فِيهِ تَارَةً أُخْرَى فَيُرْسِلَ عَلَيْكُمْ قَاصِفا مِّنَ الرِّيحِ فَيُغْرِقَكُم بِمَا كَفَرْتُمْ ثُمَّ لاَ تَجِدُواْ لَكُمْ عَلَيْنَا بِهِ تَبِيعًا۞** သို့တည်းမဟုတ် သင်တို့၏ ဖုံးကွယ်မှုများအတွက်– အရှင်သည် သင်တို့အား နောက်တစ်ကြိမ် ဆက်မဖြစ်တော့ဟု၊ သင်တို့အား နစ်မြုပ်စေမည့် လေ မုန်တိုင်းကို မစေတော့ဟု ယုံကြည်နေကြသလော။ တဖန် ထိုအဖြစ်သနစ်၌ ငါ့အား ဆန့်ကျင်၍ လိုက်နာရမည့်သူကို တွေ့ရမည် မဟုတ်ချေ။
၇၀။	**وَلَقَدْ كَرَّمْنَا بَنِي آدَمَ وَحَمَلْنَاهُمْ فِي الْبَرِّ وَالْبَحْرِ وَرَزَقْنَاهُم مِّنَ الطَّيِّبَاتِ وَفَضَّلْنَاهُمْ عَلَى كَثِيرمِّمَّنْ خَلَقْنَا تَفْضِيلاً۞** မုချပင် ငါသည် အာဒံ၏ သားသမီးများအား ကျက်သရေရှိစေ၏၊ ကုန်းလမ်း ရေလမ်းဖြင့် သယ်ဆောင်ပေးတော်မူ၏၊ သူတို့အား စင်ကြယ်ရာများမှ ရိက္ခာထောက်ပေး၏၊ ငါ ဖြစ်တည်ပေးသောသူ များစွာထက် သိက္ခာပေးခြင်းဖြင့် သိက္ခာပေးတော်မူ၏။
၇၁။	**يَوْمَ نَدْعُو كُلَّ أُنَاسٍ بِإِمَامِهِمْ فَمَنْ أُوتِيَ كِتَابَهُ بِيَمِينِهِ فَأُوْلَئِكَ يَقْرَؤُونَ كِتَابَهُمْ وَلاَ يُظْلَمُونَ فَتِيلاً۞** လူသားကိုယ်စီ သူတို့၏ ရှေ့ဆောင်များနှင့်အတူ ဖိတ်ခေါ်ခံရသော နေ့၌၊ သူ့ မှတ်တမ်းအား အားသန်ရာ လက်သို့ပေး အပ်ခံရသူသည် သူတို့၏ စာအုပ်ကို သူတို့ဖတ်ရလတ္တံ့၊ သူတို့အား အမှုံအမွှားမျှပင် အဝိဇ္ဇာသင့်စေမည် မဟုတ်ချေ။
၇၂။	**وَمَن كَانَ فِي هَذِهِ أَعْمَى فَهُوَ فِي الآخِرَةِ أَعْمَى وَأَضَلُّ سَبِيلاً۞** ဤပစ္စုပ္ပန်၌ ကန်းသူသည်၊ အနာဂါတ်တွင်လည်း အကန်းဖြစ်လျက် ပို၍ လွဲမှားသော လမ်းစဉ်၌ ရှိလတ္တံ့။
၇၃။	**وَإِن كَادُواْ لَيَفْتِنُونَكَ عَنِ الَّذِي أَوْحَيْنَا إِلَيْكَ لِتفْتَرِيَ عَلَيْنَا غَيْرَهُ وَإِذًا لاَّتَّخَذُوكَ خَلِيلاً۞** သူတို့သည် သင့်အား သင့်ထံ၌ အာရုံစူးစိုက်ဖြစ်စေရာမှ သွေးတိုးစမ်းလို၏၊ ငါ့ကို ဆန့်ကျင်လျက် **ဂင်း**ထက် အခြား အရာကို လုပ်ကြံဖန်တီးစေလို၏၊ သို့မှသာ သင့်အား အတွင်းလူအဖြစ် မှတ်ယူလိုကြ၏။
ကုရ်အာန်	
၇၄။	**وَلَوْلاَ أَن ثَبَّتْنَاكَ لَقَدْ كِدتَّ تَرْكَنُ إِلَيْهِمْ شَيْئًا قَلِيلاً۞** ငါသည် သင့်အား မခိုင်မာစေခဲ့လျှင် သူတို့ဘက်သို့ တစ်စုံတစ်ရာအနည်းငယ် သင် ယိမ်းညွှတ်နိုင်ကောင်း၏။[၆၃]

---

(၆၃) ဤပါကျမှ (အကယ်၍) "လျှင်" ဆိုသည်ကို အာရဗီစကား **ဝလောဉ်ဝ် ဇွဲ** ဟု သုံးသောကြောင့် လုံးဝ မဖြစ်နိုင်သော အခြေအနေကို သုံးပေသည်။ ဥပမာ "ကျွန်ုပ်သာ သမ္မတဖြစ်ခဲ့လျှင် ဤအလုပ်ကို လုပ်ပေအံ့၊" ဆိုသော စကားမျိုးပင်၊ ပြောသူသည် သမ္မတ မဟုတ်ပေ။ ထို့ကြောင့် ဤသုတ်တော်တွင် ကိုယ်တော်သည် သူတို့ဘက်သို့ ယိမ်းညွှတ်နိုင်ကောင်း၏ ဆိုသည်မှာ လုံးဝ မဖြစ်နိုင်၊ လုံးဝ မယိမ်းညွှတ်ကြောင်းကို ဆိုလိုပေသည်။

๗๕။	**إِذاً لَّأَذَقْنَاكَ ضِعْفَ الْحَيَاةِ وَضِعْفَ الْمَمَاتِ ثُمَّ لاَ تَجِدُ لَكَ عَلَيْنَا نَصِيرًا۞** သို့ဖြစ်သော် ငါသည် သင့်အား ဤသက်တမ်း၌ နှစ်ဆ၊ ခန္ဓာဝန်ချပြီးနောက် နှစ်ဆ မြည်းစမ်းစေမည်ပင်၊ တဖန် ငါ့အား ဆန့်ကျင်၍ ကူညီမည့်သူကို တွေ့ရမည် မဟုတ်ချေ။
๗๖။	**وَإِن كَادُواْ لَيَسْتَفِزُّونَكَ مِنَ الأَرْضِ لِيُخْرِجوكَ مِنْهَا وَإِذًا لاَّ يَلْبَثُونَ خِلافَكَ إِلاَّ قَلِيلاً۞** သူတို့သည် သင့်အား တိုင်းပြည်မှ လှန့်ထုတ်ရန်၊ ထိုမှ နှင်ထုတ်ပစ်ရန် တကဲကဲပြု၏။ သင်မရှိသည့်နောက် သူတို့သည် ခေတ္တမျှသာ စောင့်ဆိုင်းရပေတော့မည်။[၆၃၆]
๗๗။ ☆ ၃၀း၃၀	**سُنَّةَ مَن قَدْ أَرْسَلْنَا قَبْلَكَ مِن رُّسُلِنَا وَلاَ تَجِدُ لِسُنَّتِنَا تَحْوِيلاً۞** သင့် ရှေ့အလျင် စေစားသော ငါ၏ ဉာဏ်စဉ်ဆောင်များသည်လည်း မချပင် ဤလေ့တော် အတိုင်းရှိ၏။ ငါ၏ လေ့တော်အား စည်းတားထားနိုင်သူဟု တွေ့ရမည် မဟုတ်ချေ။☆
๗๘။	**أَقِمِ الصَّلاَةَ لِدُلُوكِ الشَّمْسِ إِلَى غَسَقِ اللَّيْلِ وَقُرْآنَ الْفَجْرِ إِنَّ قُرْآنَ الْفَجْرِ كَانَ مَشْهُودًا۞** နေ မွန်းလွဲမှ ညဘက် အေးစိမ့်မှောင်လာချိန်ထိ ဝတ်ပြု မြဲကြလော့၊ အလင်းဖြာထွက်– ကုရ်အာန်၊ ဇကန်ပင် အလင်းဖြာထွက် ကုရ်အာန်ကို သက်သေဖြစ်စေ၏။[၆၃၇]
๗๙။	**وَمِنَ اللَّيْلِ فَتَهَجَّدْ بِهِ نَافِلَةً لَّكَ عَسَى أَن يَبْعَثَكَ رَبُّكَ مَقَامًا مَّحْمُودًا۞** ညဉ့် သင့်အား ထပ်ပေါင်း၍ အိပ်သတိရှိစေ၏၊ သင့်ကံကြမ္မာရှင်သည် သင့်အား ရည်သန်ဂုဏ်ဝိုက်ခံရသော ရပ်တည်မှု ခိုင်မာသော အဆင့်သို့ ပေါက်မြောက်စေနိုင်ရာ၏။[၆၃၈]
๘๐။	**وَقُل رَّبِّ أَدْخِلْنِي مُدْخَلَ صِدْقٍ وَأَخْرِجْنِي مُخْرَجَ صِدْقٍ وَاجْعَل لِّي مِن لَّدُنكَ سُلْطَانًا نَّصِيرًا۞** “ကံကြမ္မာရှင်– တပည့်တော်အား ဖြောင့်မတ်သော ဝင်ခြင်းဖြင့် ဝင်ခွင့်ပြုပါ၊ ဖြောင့်မတ်သော ထွက်ခွာခြင်းဖြင့် ထွတ်ခွာခွင့်ပြုပါ၊ အရှင့်ထံတော်မှ တန်ခိုးအာဏာဖြင့် တပည့်တော်အား ကူညီမှု စီစဉ်တော်မူပါ။”ဟု ဆုတောင်းလော့။
๘๑။	**وَقُلْ جَاء الْحَقُّ وَزَهَقَ الْبَاطِلُ إِنَّ الْبَاطِلَ كَانَ زَهُوقًا۞** ဟောလော့ “သစ္စာတရား ရောက်ရှိလာပြီ၊ မိစ္ဆာတရား ခွဲခွာပျောက်ကွယ်ရပြီ။ ဇကန်ပင် မိစ္ဆာတရားသည် ခွဲခွာပျောက်ကွယ်ရမည်သာတည်း။”
๘၂။	**وَنُنَزِّلُ مِنَ الْقُرْآنِ مَا هُوَ شِفَاء وَرَحْمَةٌ لِّلْمُؤْمِنِينَ وَلاَ يَزِيدُ الظَّالِمِينَ إَلاَّ خَسَارًا۞** ငါသည် ကုရ်အာန်ကျမ်းတော်မှ– ယုံကြည်သူတို့အတွက် ကုစားရာနှင့် ကရုဏာတော်အား ချမှတ်တော်မူပြီ။ အမိုက်ကောင်များအား ပျက်စီးဆုံးရှုံးခြင်းကိုသာ တိုးပွားစေ၏။

---

(၆၃၆) ကိုယ်တော်၏ အတိုက်အခံများသည် ကိုယ်တော့်အား စည်းရုံးသိမ်းသွင်း၍ မရနိုင်သည့် အဆုံး (သုတ်တော် ၇၄)၊ ကိုယ်တော့်အား အဆုံးစီရင်ရန် သို့မဟုတ် တိုင်းပြည်မှ မောင်းထုတ်ပစ်ရန် ကြံစည်ကြပေသည်။ သူတို့ မောင်းထုတ်ပြီး၊ ကိုယ်တော်သည် မဒီနာသို့ တိမ်းရှောင်ရပြီးနောက် ထို အာဏာရှင်များသည် အလွန်တိုတောင်းသော ကာလ (၈)နှစ်သာ သူတို့၏ အာဏာကို ထိန်းထားနိုင်ခဲ့ပြီး ကျဆုံးသွားရပေသည်။

(၆၃၇) ဤသုတ်တော်သည် အစွယ်လာမ် သာသနာဝင်တို့အား တစ်နေ့တာလုံး စိတ်လေ့ကျင့်မှု (ဆွလာတ်)၌ တည်ရန် ပညတ်ပေးသော သုတ်တော်တစ်ပါးဖြစ်၍၊ ကိုယ်တော်မုဟမ္မဒ်အား မကာဟ်မြို့မှ နှင်မထုတ်မီကာလတွင် ချမှတ်ကြောင်း အထက်ပါသုတ်တော်များအရ သိနိုင်ပေသည်။ နေ့သည် မွန်းလွဲမှတ်နှင့် ဆည်းဆာချိန်၊ နေ့လည် ဇဟို ဆလွာတ်၊ ဆည်းဆာအစ အဆွာရ် ဆွလာတ်၊ ညသို့ ယိမ်းသော ဆည်းဆာ မဂ္ဂရိပ် ဆွလာတ် နှင့် ညပိုင်း အီရှာဆွလာတ်တို့ ဖြစ်သည်ဟု ဆရာကြီးများက ဖွင့်ဆိုကြသည်။ ကျမ်းမြတ်ကုရ်အာန်သည် အမှောင်ထု အမှောင်ခေတ်ကို ခွဲထုတ်ပစ်သော အလင်းရောင် ဖြစ်သည်၊ သို့ဖြစ်၍ ကျမ်းတော်အတိုင်း ဘဝတည် ဆောက်ခြင်းသည်၊ ဆွလာတ်၌ ရပ်တည်ခြင်း ဖြစ်ကြောင်း ဤသုတ်တော်မှ ဖေါ်ပြ ပေသည်။

(၆၃၈) ဤသုတ်တော်မှ **တဟ်ဂျတ် ဒဲ့ဘ်ဒ်** (တဟ်ဂျဒ်) ကို နဖီလ် **နာဖိလဲ** နှင့် တွဲဆက် ဖေါ်ပြသောကြောင့် ညပိုင်း သတိလက်လွတ်ခြင်း မရှိဘဲ အပိုထပ်ဆောင်း၍ နေသတိ၊ စားသတိ၊ အိပ်သတိ ရှိရန် တိုက်တွန်းထားခြင်း ဖြစ်သည်။

၈၃။	**وَإِذَآ أَنْعَمْنَا عَلَى الإِنسَانِ أَعْرَضَ وَنَأَى بِجَانِبِهِ وَإِذَا مَسَّهُ الشَّرُّ كَانَ يَؤُوسًا۞** ငါသည် လူသားအား ဂုဏ်ပေးသောအခါ၊ သူသည် ဘေးတိုက် ဘောင်ကန့်၍ ကင်းကင်းနေ၏။ သူ့အား ဆိုးကျိုးသင့်သော အခါ လက်လျော့တော့၏။
၈၄။	**قُلْ كُلٌّ يَعْمَلُ عَلَى شَاكِلَتِهِ فَرَبُّكُمْ أَعْلَمُ بِمَنْ هُوَ أَهْدَى سَبِيلاً۞** ဟောလော့ "ပုံစံ ကိုယ်စီဖြင့် ကျင့်ကြံနေကြ၏၊ သင်တို့၏ ကံကြမ္မာရှင်က မည်သူသည် ညွှန်ပြသော လမ်းစဉ်၌ ရှိသည်ကို အသိဆုံး ဖြစ်တော်မူ၏၊"
၈၅။ ☆ ၂း၈၇	**وَيَسْأَلُونَكَ عَنِ الرُّوحِ قُلِ الرُّوحُ مِنْ أَمْرِ رَبِّي وَمَا أُوتِيتُم مِّن الْعِلْمِ إِلاَّ قَلِيلاً۞** ဉာဏ်စဉ်တော်နှင့်☆ စပ်လျဉ်း၍ မေးမြန်းကြသူတို့အား၊ ဟောလော့ "ဉာဏ်စဉ်တော်သည် ကံကြမ္မာရှင်၏ ညွှန်ကြားချက်မှ ဖြစ်၏။ သင်တို့အား ချီးမြှင့်ခြင်းမှာ အသိကွန်ယက်မှ အနည်းငယ်မျှသာ ဖြစ်၏။"[၆၃၉]
၈၆။	**وَلَئِن شِئْنَا لَنَذْهَبَنَّ بِالَّذِي أَوْحَيْنَا إِلَيْكَ ثُمَّ لاَ تَجِدُ لَكَ بِهِ عَلَيْنَا وَكِيلاً۞** စံချိန်ပြည့်မှီလျှင် သင့်၌ ငါ အာရုံစူးစိုက်ဖြစ်စေခဲ့ရာကို ပြန်လည် ရုပ်သိမ်းပစ်နိုင်၏၊ သို့ဖြစ်လျှင် ငါ့အား ဆန့်ကျင်၍ သင့်အတွက် ကိုးစားနိုင်မည့်သူကို တွေ့ရမည် မဟုတ်ချေ။
၈၇။	**إِلاَّ رَحْمَةً مِّن رَّبِّكَ إِنَّ فَضْلَهُ كَانَ عَلَيْكَ كَبِيرًا۞** ဤသည် သင့်ကံကြမ္မာရှင်၏ ထံမှ ကရုဏာ ဖြစ်၏၊ အရှင်၏ သိက္ခာပေးခြင်းသည် သင့်အပေါ်၌ ဇကော် ကြီးမားလှ၏။
၈၈။ ☆ ၆း၁၀၀ ✡ ၂း၂၃	**قُل لَّئِنِ اجْتَمَعَتِ الإِنسُ وَالْجِنُّ عَلَى أَن يَأْتُواْ بِمِثْلِ هَذَا الْقُرْآنِ لاَ يَأْتُونَ بِمِثْلِهِ وَلَوْ كَانَ بَعْضُهُمْ لِبَعْضٍ ظَهِيرًا۞** ဟောလော့ "လူသားနှင့် ပုတုဇဉ်တို့သည်☆ ဤကုရ်အာန် ကဲ့သို့ ယူခဲ့ရန် စုပေါင်းကြသော်လည်း ထိုကဲ့သို့ ယူခဲ့နိုင်သည် မဟုတ်ချေ။✡ သူတို့မှ အချို့သည် အချို့ကို ကျောထောက်နောက်ခံပြုသူများ ဖြစ်ကြ၏။
၈၉။	**وَلَقَدْ صَرَّفْنَا لِلنَّاسِ فِي هَذَا الْقُرْآنِ مِن كُلِّ مَثَلٍ فَأَبَى أَكْثَرُ النَّاسِ إِلاَّ كُفُورًا۞** ငါသည် လူသားများ အတွက် ဤကုရ်အာန်ကျမ်း၌ ဥပမာ ကိုယ်စီဖြင့် ထပ်ပြန်တလဲလဲရှင်းပြ၏၊ သို့သော် လူသားအများစုသည် ဖီဆန်လျက် ဖုံးကွယ်ခြင်း၌သာ ရှိကြ၏။
၉၀။	**وَقَالُواْ لَن نُّؤْمِنَ لَكَ حَتَّى تَفْجُرَ لَنَا مِنَ الأَرْضِ يَنبُوعًا۞** သူတို့က ပြောကြသည်မှာ "ကျွန်ုပ်တို့အတွက် မြေအောက် ရေအိုင်မှ ပန်းထွက်စေသည့်တိုင် သင့်အား ယုံကြည်မည် မဟုတ်၊–
၉၁။ ဥယျာဉ်တွင်းမှ	**أَوْ تَكُونَ لَكَ جَنَّةٌ مِّن نَّخِيلٍ وَعِنَبٍ فَتُفَجِّرَ الأَنْهَارَ خِلاَلَهَا تَفْجِيرًا۞** –သို့မဟုတ် သင့်၌ စွံပလွန် စပျစ် ဥယျာဉ် တစ်ခုရှိ၍၊ စမ်းချောင်းကို အတွင်းမှ ရေပန်း စီးထွက်စေသော်လည်း၊–
၉၂။ ☆ ၂း၂၁၀	**أَوْ تُسْقِطَ السَّمَاء كَمَا زَعَمْتَ عَلَيْنَا كِسَفًا أَوْ تَأْتِيَ بِاللّهِ وَالْمَلآئِكَةِ قَبِيلاً۞** –သို့မဟုတ် သင် ရပ်တည်ပြောဆို သကဲ့သို့ ကောင်းကင်ယံသည် ကျွန်ုပ်တို့အပေါ်သို့ အစိတ်စိတ် ပြိုကျစေသော်လည်း၊ သို့မဟုတ် ပရမတ်ဘုရားရှင်နှင့် နတ်ဒေဝါများကို☆ ကျွန်ုပ်တို့ ရှေ့သို့ ယူခဲ့သော်လည်း–

(၆၃၉) **رُوحُ الرُّوحُ** ဆိုသည်မှာ သင် (လူသား)တို့အား ချီးမြှင့်ပေးထားသော ပင်မ အသိပညာ ကွန်ယက်ကြီးမှ အနည်းငယ်သော အစိတ်အပိုင်း ဖြစ် သည် ဟု ဆိုသောကြောင့် **ရူးဟ်** ကို ကောင်းကင်တမန် (နတ်ဒေဝတာ) ဟု ပြန်ဆိုခြင်းမှာ လုံးဝ မှားယွင်းပေသည်။

၉၃။	**أَوْ يَكُونَ لَكَ بَيْتٌ مِّن زُخْرُفٍ أَوْ تَرْقَى فِي السَّمَاء وَلَن نُّؤْمِنَ لِرُقِيِّكَ حَتَّى تُنَزِّلَ عَلَيْنَا كِتَابًا نَّقْرَؤُهُ قُلْ سُبْحَانَ رَبِّي هَلْ كُنتُ إَلاَّ بَشَرًا رَّسُولاً۞**
ထည်ဝါသော အိမ်	သို့မဟုတ် သင့်တွင် **ရွှေနန်းပြာသဒ်** ရှိသော်လည်း၊ သို့မဟုတ် သင်သည် ကောင်းကင်၌ ဈာန်ပျံပြသော်လည်း။ သင် ဈာန်ပျံခြင်းသည် ကျွန်ုပ်တို့ ဖတ်နိုင်သော ကျမ်းတစ်ဆူ မချမှတ်နိုင်သ၍ ယုံကြည်မည် မဟုတ်ချေ''ဟု ဖြစ်၏။ ဟောလေ့ ''ဦးထိပ်ထားသော– ကျွန်ုပ်၏ ကံကြမ္မာရှင်အားဖြင့်၊ ကျွန်ုပ်သည် လူပုဂ္ဂိုလ် ဉာဏ်စဉ်တော်ဆောင် တစ်ပါးမျှသာ ဖြစ်၏။''
၉၄။	**وَمَا مَنَعَ النَّاسَ أَن يُؤْمِنُواْ إِذْ جَاءهُمُ الْهُدَى إِلاَّ أَن قَالُواْ أَبَعَثَ اللّهُ بَشَرًا رَّسُولاً۞**
	သူတို့ထံသို့ လမ်းညွှန်တရား ရောက်လာသောအခါ ''ပရမတ်ဘုရားရှင်သည် လူပုဂ္ဂိုလ်ကို ဉာဏ်စဉ်ဆောင် အဖြစ် ပွင့်ပေါ်စေ၏။''ဟု ပြောဆိုခြင်း မှအပ အခြားက လူသားတို့အား ယုံကြည်ခြင်းမှ ပိတ်ပင်ထားသည် မဟုတ်ချေ။
၉၅။	**قُل لَّوْ كَانَ فِي الأَرْضِ مَلآئِكَةٌ يَمْشُونَ مُطْمَئِنِّينَ لَنَزَّلْنَا عَلَيْهِم مِّنَ السَّمَاء مَلَكًا رَّسُولاً۞**
	ဟောလေ့ ''မြေကမ္ဘာ၌ နတ်ဒေဝတာများ ဘဝင်တကျ သွားလာနေကြလျှင်၊ ငါသည် သူတို့ထံသို့ ကောင်းကင်ယံမှ နတ်တစ်ပါးကို ဉာဏ်စဉ်ဆောင် အဖြစ် ချမှတ်ပေးလတ္တံ့။[၆၄၀]
၉၆။	**قُلْ كَفَى بِاللّهِ شَهِيدًا بَيْنِي وَبَيْنَكُمْ إِنَّهُ كَانَ بِعِبَادِهِ خَبِيرًا بَصِيرًا۞**
	ဟောလေ့ ''ကျွန်ုပ်၏ကြား သင်တို့ကြား၌ ပရမတ်ဘုရားရှင်သည် သက်သေအဖြစ် လုံလောက်ပေ၏။ အရှင်သည် အမှုတော်ဆောင်များကို သတင်းရနေသော၊ မြင်နေသော အရှင် ဖြစ်၏။
၉၇။	**وَمَن يَهْدِ اللّهُ فَهُوَ الْمُهْتَدِ وَمَن يُضْلِلْ فَلَن تَجِدَ لَهُمْ أَوْلِيَاء مِن دُونِهِ وَنَحْشُرُهُمْ يَوْمَ الْقِيَامَةِ عَلَى وُجُوهِهِمْ عُمْيًا وَبُكْمًا وَصُمًّا مَّأْوَاهُمْ جَهَنَّمُ كُلَّمَا خَبَتْ زِدْنَاهُمْ سَعِيرًا۞**
	ပရမတ်ဘုရားရှင်က လမ်းညွှန်သူသည် လမ်းညွှန်မှန်၌ ရှိ၏။ လမ်းလွဲစေသူ ထိုသူများ အတွက် အရှင် မှလွဲ၍ မဟာမိတ် ဟူ၍ တွေ့ရမည် မဟုတ်ချေ။ ရပ်တည်ရသော နေ၌ သူတို့အား ကန်းသူ၊ အသူ၊ ပင်းသူ မျက်နှာများဖြင့် စုစည်းခံရစေလတ္တံ့။ သူတို့၏ ခိုလှုံရာသည် ငရဲဘုံဖြစ်၍၊ အချိန်တိုင်း တအိအိ တိုးလျက် လောင်စာတောက်နေစေလတ္တံ့။
၉၈။	**ذَلِكَ جَزَآؤُهُم بِأَنَّهُمْ كَفَرُواْ بِآيَاتِنَا وَقَالُواْ أَئِذَا كُنَّا عِظَامًا وَرُفَاتًا أَإِنَّا لَمَبْعُوثُونَ خَلْقًا جَدِيدًا۞**
၁၇း၄၉	ဤသည် ငါ၏ သုတ်ဒေသနာများကို ဖုံးကွယ်ခြင်းကြောင့် သူတို့အတွက် အစားပေးခြင်း ဖြစ်၏။ သူတို့က ''ကျွန်ုပ်တို့သည် အရိုးများ ဖြစ်ပြီး၊ ဆွေးမြေ့ကြေမွပြီးသော် အသစ်တဖန် ဖြစ်တည် နိုးထရမည်လော၊''ဟု ဆိုကြ၏။
၉၉။	**أَوَلَمْ يَرَوْاْ أَنَّ اللّهَ الَّذِي خَلَقَ السَّمَاوَاتِ وَالأَرْضَ قَادِرٌ عَلَى أَن يَخْلُقَ مِثْلَهُمْ وَجَعَلَ لَهُمْ أَجَلاً لاَّ رَيْبَ فِيهِ فَأَبَى الظَّالِمُونَ إَلاَّ كُفُورًا۞**

(၆၄၀) အစွလာမ်သာသနာက **မလာအိကာဟ်** ဆိုသည်ကို ဓါတ်ဘူတ နတ်ဒေဝတာ အဖြစ် ယုံကြည်ရန် မသွန်သင်ချေ။ ၎င်းသည် ပညာရပ်တစ်ခုခု အတွက် ထူးချွန်ပြောင်မြောက်သော ပါရမီရှင်များကိုသာ ခေါ်ဆိုသည်၊ (၂း၃၀)။ ဤသုတ်တော်မှ ဖေါ်ပြသော နတ်ဒေဝတာ ဆိုသည်မှာ အစွလာမ်မဟုတ်သူများ၏ ယုံကြည်နေမှုကို ယုတ္တိ မရှိကြောင်း ပြောလိုသည့် အတွက် သူတို့၏ အသုံးအနှုံးဖြင့်သာ ပြောဆိုခြင်း ဖြစ်ပေသည်။ ထို မယုံကြည်သူများက လူသားများ အတွက် အသိဉာဏ်ဖြင့် သွန်သင်ရန် ပွင့်ပေါ်သော သူများမှာ လူသားစင်စစ်များ ဖြစ်သည်ကို ဘဝင်မကျနိုင်ဘဲ သူတို့အား ပြောဆို ဆုံးမသွန်သင်ရန် နတ်သကြားမင်းကြီးကိုသာ မျော်ကိုးနေကြကြောင်း အထက်ဖေါ်ပြ သုတ်တော်များတွင် ပါဝင်ပြီး ဖြစ်ပေသည်။ ကျမ်းတော်က လူသားတို့အား ဆုံးမသွန်သင်ရန် လူသားကိုသာ ဆရာ အဖြစ် စေစားကြောင်း၊ အကယ်၍ ဤကမ္ဘာတွင် လူသားများ မနေဘဲ နတ်ဒေဝတာများသာ နေလေလျှင်၊ နတ်မင်းတစ်ပါးကိုသာ ထိုနတ်များအတွက် ဆရာအဖြစ် စေလွှတ်မည် ဖြစ်ကြောင်း ပြောဆိုခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် ဤသုတ်တော်၏ ဥပဒေအရ လူသားများအတွက် ပွင့်ပေါ်လာသော ရဂူလ်များ၊ နဗီများ၊ မလာအိကာဟ်များသည် လူသားစင်စစ်များသာ ဖြစ်၍၊ နတ်ဒေဝတာများ မဟုတ်ချေ။

	ပရမတ်ဘုရားရှင်သည် ဇကေန်ပင် မိုးများနှင့် မြေကမ္ဘာအား စည်းချိန်တကျ ဖြစ်တည်စေ သကဲ့သို့ သူတို့အား ဖြစ်တည်စေနိုင်သည်ကို မမြင်ကြသလော၊ အရှင်သည် သံသယဖြစ်ဘွယ် မရှိသော သတ်မှတ်ကာလကို စီစဉ်ထားပြီ။ အမိုက်ကောင်များသည်ကား ဖီဆန်လျက် ဖုံးကွယ်ခြင်းခံသာ ရှိကြ၏။
၁၀၀။	**قُل لَّوْ أَنتُمْ تَمْلِكُونَ خَزَآئِنَ رَحْمَةِ رَبِّي إِذًا لَّأَمْسَكْتُمْ خَشْيَةَ الإِنفَاقِ وَكَانَ الإِنسَانُ قَتُورًا۞** ဟောလော့ "သင်တို့သည် ကျွန်ုပ်ကံကြမ္မာရှင်၏ ကရုဏာ ဘဏ္ဍာတော်များကို အစိုးရလျှင်၊ သုံးစွဲရမည်ကို ကြောက်ရွံ့လျက် ထိန်းထားကြလတ္တံ့၊ ဇကေန်ပင် လူသားသည် စေတနာမွဲလှ၏။
၁၀၁။ ပညတ်တော် ၉ ပါးဖြင့်	**وَلَقَدْ آتَيْنَا مُوسَى تِسْعَ آيَاتٍ بَيِّنَاتٍ فَاسْأَلْ بَنِي إِسْرَائِيلَ إِذْ جَاءهُمْ فَقَالَ لَهُ فِرْعَونُ إِنِّي لَأَظُنُّكَ يَا مُوسَى مَسْحُورًا۞** ငါသည် မူဆာအား **သုတ်ဒေသနာ ကိုးပါးဖြင့်** ချီးမြှင့်တော်မူ၍၊ ဂျူးလူမျိုးတို့အား မေးမြန်းတော်မူ၏။[၆၄] သူတို့ထံသို့ သူရောက်လာသောအခါ၊ ဖာရိုးက သူ့အား "အို မူဆာ သင့်အား ပြုစားခံရသူဟု ကျွန်ုပ် စဉ်းစားမိ၏။" ဟု ဆိုသော်–
၁၀၂။	**قَالَ لَقَدْ عَلِمْتَ مَا أَنزَلَ هَؤُلاء إِلاَّ رَبُّ السَّمَاوَاتِ وَالأَرْضِ بَصَآئِرَ وَإِنِّي لَأَظُنُّكَ يَا فِرْعَونُ مَثْبُورًا۞** သူက "ဤချမှတ်ပေးသော အရာများသည် မိုးများနှင့် မြေ၏ ကံကြမ္မာရှင်၏ ထံမှ အမြင်ပေါက်ခြင်းသာ ဖြစ်ကြောင်း အသင် မုချ သိပါ၏၊ အို– ဖာရိုး၊ သင်သည် ဖျက်ပယ်ခံရမည့်သူဟု ကျွန်ုပ် စဉ်းစားမိ၏။" ဟု ပြန်ပြောသဖြင့်–
၁၀၃။ ☆ ၂း၅၀	**فَأَرَادَ أَن يَسْتَفِزَّهُم مِّنَ الأَرْضِ فَأَغْرَقْنَاهُ وَمَن مَّعَهُ جَمِيعًا۞** သူတို့အား တိုင်းပြည်မှ လှန့်ထုတ် လိုက်၏၊ ငါသည် သူနှင့်တကွ သူ့လူအားလုံးကို နစ်မြုပ်စေခဲ့ပြီ။☆
၁၀၄။	**وَقُلْنَا مِن بَعْدِهِ لِبَنِي إِسْرَائِيلَ اسْكُنُواْ الأَرْضَ فَإِذَا جَاء وَعْدُ الآخِرَةِ جِئْنَا بِكُمْ لَفِيفًا۞** သူ၏နောက် ငါသည် ဂျူးလူမျိုးတို့အား "တိုင်းပြည်တွင်း အခြေချကြလော့၊ အနာဂါတ်နှင့် စပ်လျဉ်းသော ကတိတော် ရောက်လာသောအခါ သင်တို့အား လုံးထွေးရစ်ပတ်လျက် ငါထံသို့ ရောက်လာစေလတ္တံ့၊" ဟု မိန့်တော်မူခဲ့၏။[၆၄]
၁၀၅။	**وَبِالْحَقِّ أَنزَلْنَاهُ وَبِالْحَقِّ نَزَلَ وَمَا أَرْسَلْنَاكَ إِلاَّ مُبَشِّرًا وَنَذِيرًا۞** ပရမထ္ထသစ္စာဖြင့် ၎င်းကို ငါ ချမှတ်ပေးတော်မူ၏၊ သစ္စာတရားသည် ချမှတ်ခံခဲ့ရပြီ။ သင့်အား သတင်းကောင်းပါးသူ၊ သတိပေးသူ အဖြစ်ဖြင့်သာ စေပို့တော်မူ၏။
၁၀၆။	**وَقُرْآناً فَرَقْنَاهُ لِتَقْرَأَهُ عَلَى النَّاسِ عَلَى مُكْثٍ وَنَزَّلْنَاهُ تَنزِيلاً۞** ငါသည် ကုရ်အာန်ကျမ်းအား အရစ်ကျဖြစ်စေခြင်းမှာ လူသားတို့အပေါ် တင်ကျန်နေရန် သင် ရွတ်ပြနိုင်အံ့ဌာ ဖြစ်၏၊ ငါသည် ၎င်းကို အဆင့်ဆင့် ချမှတ်ပေး၏။
၁၀၇။	**قُلْ آمِنُواْ بِهِ أَوْ لاَ تُؤْمِنُواْ إِنَّ الَّذِينَ أُوتُواْ الْعِلْمَ مِن قَبْلِهِ إِذَا يُتْلَى عَلَيْهِمْ يَخِرُّونَ لِلأَذْقَانِ سُجَّدًا۞** ဟောလော့ "ထို၌ ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည် ဖြစ်စေ၊ ဤရှေ့အလျင်က အသိပညာ ချီးမြှင့်ခံရသော သူများသည် သူတို့အား ရွတ်ဖတ်ပြသော အခါ မျက်နှာချ ဦးချ ပြဝပ်ကြ၏။

---

(၆၄၁) ကျမ်းတော်တွင် ဂျူးနှင့် ခရစ်ယာန်တို့ ပြောဆိုနေသော မောရှေ (ကိုယ်တော်မူဆာ)၏ ပညတ်တော် ၁၀ ပါး ဆိုသည်ကို အတည်ပြုခြင်း မရှိချေ၊ ကိုယ်တော်မူဆာအား **ပညတ်တော် ၉ ပါးဖြင့်** စေစားသည်ဟု ဤသုတ်တော်မှ ထင်ရှားစွာ ပြောဆိုထားပေသည်။ ထို့ပြင် မွတ်ဆလင်ဆိုသည်မှာ ဓမ္မဟောင်းကျမ်းစာကို လိုက်နာသူများသာ ဖြစ်သည်ဟူသည့် ခရစ်ယာန်ဆရာတော်တို့၏ ဝါဒဖြန့်ချိမှုမှားလည်း လုံးဝ မှန်ကန်မှု မရှိချေ။ မွတ်ဆလင်တို့ ဦးထိပ်ထား နှလုံးပိုက် ယုံကြည်သော ကျမ်းတော်မှာ ကုရ်အာန်ကျမ်းတော်သာလျှင် ဖြစ်ကြောင်း ကမ္ဘာ့ပညာရှင်တိုင်း သိကြပေသည်။

(၆၄၂) အနာဂါတ်အတွက် ကတိတော် ဆိုသည်မှာ ရှေးဥဒ္ဓက်စဉ်တော်ဆောင်များမှ တစ်ဆင့် နောက်ပွင့်မည့် ဥဒ္ဓက်စဉ်တော်ဆောင် တစ်ပါး ရှိသည်ဟု ကတိတော်ကို ဆိုလိုပေသည်။ ထိုကတိတော်သည် ကိုယ်တော်မုဟမ္မဒ်ပွင့်ပေါ်၍ ကျမ်းတော်အား ချမှတ်ပေးခြင်း ပြည့်စုံလာခဲ့ပေသည်၊ (၁၀၈)။

၁၀၈။	**وَيَقُولُونَ سُبْحَانَ رَبِّنَا إِن كَانَ وَعْدُ رَبِّنَا لَمَفْعُولاً۞** သူတို့က ‘‘တပည့်တော်တို့၏ ကံကြမ္မာရှင်အား ဦးထိပ်ထားပါ၏၊ ဇကန်ပင် တပည့်တော်တို့အား ပေးခဲ့သည့် ကတိတော်ကို စီမံပြီးလေပြီ၊’’ဟု ရင့်ကျူးကြ၏။
၁၀၉။	**وَيَخِرُّونَ لِلأَذْقَانِ يَبْكُونَ وَيَزِيدُهُمْ خُشُوعًا۞** သူတို့သည် မျက်နှာချ ပြဝပ်၍ သူတို့အား ကျိုးငဲ့ခြင်းစိတ်ကို ပွားစေသော မျက်ရည်များကျ၏။
၁၁၀။	**قُلِ ادْعُواْ اللّهَ أَوِ ادْعُواْ الرَّحْمَنَ أَيًّا مَّا تَدْعُواْ فَلَهُ الأَسْمَاء الْحُسْنَى وَلاَ تَجْهَرْ بِصَلاَتِكَ وَلاَ تُخَافِتْ بِهَا وَابْتَغِ بَيْنَ ذَلِكَ سَبِيلاً۞** ဟောလော့ ‘‘ပရမတ်ဘုရားရှင်ဟု တသလော့၊ သို့မဟုတ် တသလော့ရှိမြဲ ကရုဏာရှင်ဟု တသလော့၊ သပ္ပါယ်သော ဂုဏ်တော်များသည် အရှင့်အဘို့ ဖြစ်၏။ သင်တို့၏ ဝတ်ပြုမှုအား အသံမကျယ်လွန်း၊ မတိုးလွန်း ထိုနှစ်ရပ်ကြား နည်းလမ်းကို ရှာဖွေလော့။’’[၆၄၃]
၁၁၁။ ☆ ၂း၁၁၆	**وَقُلِ الْحَمْدُ لِلّهِ الَّذِي لَمْ يَتَّخِذْ وَلَدًا وَلَم يَكُن لَّهُ شَرِيكٌ فِي الْمُلْكِ وَلَمْ يَكُن لَّهُ وَلِيٌّ مِّنَ الذُّلِّ وَكَبِّرْهُ تَكْبِيرًا۞** ‘‘ပရမတ်ဘုရားရှင်သည် ရည်သန်ရူးစိုက်မှုတည်ရာ ဖြစ်၏၊ ကိုယ်ပွား☆ယူထားခြင်း မရှိ၊ အရှင်၏ သြဇာအာဏာ၌ ရောပြွန်းဖက်စပ်မရှိ၊ နိမ့်ပါးခြင်းကင်း၍ မဟာမိတ် မလိုချေ။ အရှင်၏ ကြီးကျယ်မှုသည် အကြီးကျယ်ဆုံး ဖြစ်တော်မူ၏၊’’ဟု ဟောပြောလော့။

(၆၄၃) ကိုးကွယ်ရာအရှင်အား အလွှာဟ်ဟု ဖြစ်စေ၊ ကရုဏာတော်ရှင်ဟု ဖြစ်စေ၊ အခြားသော တင့်တယ် ဂုဏ်ရှိသော အမည်နာမ ဂုဏ်တော်များမှ မည်သည့် ဂုဏ်တော်ဖြင့် မဆို တသ ရင့်ကျူးနိုင်ခွင့် ရှိသည်ဟု ဤသုတ်တော်က ခွင့်ပြုထားပေသည်။ အရှင်သည် လူ၊ ပုဂ္ဂိုလ်၊ အတ္တ တစ်စုံတစ်ယောက် မဟုတ်ချေ။ အရှင့်အား အမည်နာမ မူပိုင်ကင်ပွန်း တပ်နိုင်ခြင်း မရှိချေ။ လူသားအပေါင်း တရားရစေရန် ရှင်းပြနိုင်သော မည်သည့် နားလည်လွယ်သည့် စကားလုံးဖြင့် မဆို ထိုစကားလုံး ဝေါဟာရသည် တင့်တယ် သိကွာရှိလျှင် အရှင့်အား ခေါ်ဆို တသခွင့် ရှိပေသည်။

ဓမ္မခန္ဓာ (၁၈) လှိုင်ဂူ (အလ် ကဟ်ဖ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၆၉၊ သုတ်ဒေသနာ အပါး ၁၁၀။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။ ကျမ်းတော်	**الْحَمْدُ لِلَّهِ الَّذِي أَنزَلَ عَلَى عَبْدِهِ الْكِتَابَ وَلَمْ يَجْعَل لَّهُ عِوَجَا ۜ** ရည်သန်စူးစိုက်မှုအပေါင်းသည် အရှင့်အမှုတော်ဆောင်ထိုက်၍ ကျမ်းတော်ကို ချမှတ်ပေးသည့် ပရမတ်ဘုရားရှင် အဘို့သာတည်း၊ **၎င်း**၌ ကောက်ကျစ်မှု စီစဉ်ထားသည် မရှိချေ။
၂။	**قَيِّمًا لِّيُنذِرَ بَأْسًا شَدِيدًا مِن لَّدُنْهُ وَيُبَشِّرَ الْمُؤْمِنِينَ الَّذِينَ يَعْمَلُونَ الصَّالِحَاتِ أَنَّ لَهُمْ أَجْرًا حَسَنًا ۜ** အရှင့်ထံတော်မှ ပြင်းထန်သော အမင်္ဂလာအကြောင်း သတိပေးဘို့ရာ၊ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသောသူများ အတွက် သတင်းကောင်းဖြစ်ဘို့ရာ တည်တံ့ခိုင်မြဲစေ၏။ ဇနပင် သူတို့အတွက် တင့်တယ်သော ဆုလဒ်သည် ရှိနေ၍–
၃။	**مَاكِثِينَ فِيهِ أَبَدًا ۜ** ထို၌ ကာလပိုင်းခြားမဲ့ သောင်တင်နေထိုင်ရမည်ပင်။
၄။ ☆ ၂း၁၁၆	**وَيُنذِرَ الَّذِينَ قَالُوا اتَّخَذَ اللَّهُ وَلَدًا ۜ** ပရမတ်ဘုရားရှင်သည် ကိုယ်ပွား☆ ယူထား၏ ဟု ဆိုသောသူတို့အား သတိပေးလေ့။
၅။	**مَّا لَهُم بِهِ مِنْ عِلْمٍ وَلَا لِآبَائِهِمْ كَبُرَتْ كَلِمَةً تَخْرُجُ مِنْ أَفْوَاهِهِمْ إِن يَقُولُونَ إِلَّا كَذِبًا ۜ** သူတို့နှင့် သူတို့၏ မိရိုးဖလာသည် ထို၌ အသိပညာ မရှိဘဲ– ပါးစပ်များမှ ထုတ်သော စကားသည် ကြီးကျယ်လှ၏။ မုသားကိုသာ ပြောနေကြ၏။
၆။	**فَلَعَلَّكَ بَاخِعٌ نَّفْسَكَ عَلَى آثَارِهِمْ إِن لَّمْ يُؤْمِنُوا بِهَذَا الْحَدِيثِ أَسَفًا ۜ** ဤ ဆင့်ပြန်ချက်အား သူတို့၏ မယုံကြည်သော ရိုးရာကြောင့် သင့်စိတ်ကိုသင် ဖြေမဆယ်နိုင်ဖြစ်ရာ၏။[၆၄၄]
၇။	**إِنَّا جَعَلْنَا مَا عَلَى الْأَرْضِ زِينَةً لَّهَا لِنَبْلُوَهُمْ أَيُّهُمْ أَحْسَنُ عَمَلًا ۜ** သူတို့မှ တင့်တယ်သော ကျင့်ကြံမှုများကို စုံစမ်းရန် အလို့ငှာ ကမ္ဘာမြေပေါ်၌ စွဲမက်စရာများကို ငါ စီစဉ်ထားတော်မူပြီ။
၈။	**وَإِنَّا لَجَاعِلُونَ مَا عَلَيْهَا صَعِيدًا جُرُزًا ۜ** ဇနပင်– ၎င်းကို ကုန်းပြောင်ပြောင် မြေခေါင်ခေါင် အဖြစ် ငါ စီစဉ်တော်မူအံ့။[၆၄၅]

---

(၆၄၄) ဤသုတ်တော်က ကိုယ်တော်သည် လူသားအပေါင်း အတွက် မည်မျှ သောကကြီးသည်ကို အတိအလင်း ပေါ်ပြနေသည်။ မိရိုးဖလာ အယူအား စွဲကိုင်ထားသူများမှာ အနာဂါတ်ဘဝ အတွက် အနာဂါတ်မျိုးဆက် အတွက် ကောင်းကျိုးကို မပေးနိုင်ကြောင်း၊ ပရမတ်ဘုရားရှင်၏ လောကဓမ္မကို ရောပြွမ်းမွှေနှောက်ထားသော အယူအဆပြွန်း သြဝါဒများကြောင့် နောက်မျိုးဆက်များ မတိုးတက် မဖွံ့ဖြိုးနိုင်ကြောင်းကို ကိုယ်တော် သိနေ၍ ပိုမိုခံစားရကြောင်းများကို တင်ပြသည်။ ဤသုတ်တော်မှ **ဆင့်ပြန်ချက်** ဆိုသည်မှာ ကုရ်အာန်ကျမ်းတော်ကို ဆိုခြင်း ဖြစ်သည်။

(၆၄၅) ဤသုတ်တော် နှစ်ပါး (၇၊ ၈)သည် အလွန်လှပတင့်တယ်သော မြို့များ၊ စိမ်းလန်းစိုပြေသော တောတောင်များကို ဖြစ်တည်စေပြီးနောက် ထိုအရာများသည် လောကဓမ္မ အတိုင်း ပြန်လည်ပျက်စီးသွားရမည်ဟု ဆိုထားပေသည်။ လှပတင့်တယ်သော မြို့ပြများ စိန်းလန်းသာယာသော

၉။	**أَمْ حَسِبْتَ أَنَّ أَصْحَابَ الْكَهْفِ وَالرَّقِيمِ كَانُوا مِنْ آيَاتِنَا عَجَبًا۝** သို့တည်းမဟုတ် လှိုင်ဂုတွင်း ပေါင်းဖော်များနှင့် သူတို့၏ ရေးခြစ်ထားခြင်းများသည် ငါ၏ သုတ်ဒေသနာများအနက် အံ့ဘွယ်များဟု သင် စဉ်းစားသလော။[၆၄၆]
၁၀။	**إِذْ أَوَى الْفِتْيَةُ إِلَى الْكَهْفِ فَقَالُوا رَبَّنَا آتِنَا مِن لَّدُنكَ رَحْمَةً وَهَيِّئْ لَنَا مِنْ أَمْرِنَا رَشَدًا۝** လူလင်များသည် လှိုင်ဂုထဲသို့ ခိုလှုံရာ ရှာခဲ့ကြ၍၊ ''အို ကံကြမ္မာရှင် တပည့်တော်တို့အား အရှင့်ထံမှ ကရုဏာတော်အား ချီးမြှင့်တော်မူပါ၊ တပည့်တော်တို့အား ဖြောင့်မတ်သော ညွှန်ကြားမှုများ ပုံစံချပေးတော်မူပါ၊''ဟု ဆုပန်၏။
၁၁။	**فَضَرَبْنَا عَلَى آذَانِهِمْ فِي الْكَهْفِ سِنِينَ عَدَدًا۝** သို့ဖြင့် ငါသည် သူတို့၏ နားများကို လှိုင်ဂုထဲ၌ နှစ် အရေအတွက် ပေါင်းများစွာ သွားလာစေ၍။[၆၄၇]
၁၂။	**ثُمَّ بَعَثْنَاهُمْ لِنَعْلَمَ أَيُّ الْحِزْبَيْنِ أَحْصَى لِمَا لَبِثُوا أَمَدًا۝** ထို့နောက် ထိုနှစ်ဂိဏ်းအနက် ထို၌ မည်မျှ နေခဲ့သည့် ကာလကို အစဉ်လိုက် သိနိုင်စေရန် သူတို့အား နိုးထစေခဲ့၏။
၁၃။	**نَحْنُ نَقُصُّ عَلَيْكَ نَبَأَهُم بِالْحَقِّ إِنَّهُمْ فِتْيَةٌ آمَنُوا بِرَبِّهِمْ وَزِدْنَاهُمْ هُدًى۝** ဤသတင်းများကို အမှန်သစ္စာအဖြစ် သင့်အား ငါ ဖေါ်ပြပြီ။ ထို လူလင်များသည် သူတို့၏ကံကြမ္မာရှင်အား ယုံကြည်သဖြင့်၊ လမ်းညွှန်မှန်၌ တိုးပွားစေခဲ့ပြီ။
၁၄။	**وَرَبَطْنَا عَلَى قُلُوبِهِمْ إِذْ قَامُوا فَقَالُوا رَبُّنَا رَبُّ السَّمَاوَاتِ وَالْأَرْضِ لَن نَّدْعُوَ مِن دُونِهِ إِلَهًا لَّقَدْ قُلْنَا إِذًا شَطَطًا۝** ငါသည် သူတို့၏ နှလုံးသားကို တက်ကြွစေခဲ့ပြီ။ သူတို့က ရပ်တည်လျက် ကြေငြာကြသည်မှာ ''ကျွန်ုပ်တို့၏ ကံကြမ္မာရှင်မှာ မိုးများနှင့် မြေကမ္ဘာ၏ ကံကြမ္မာရှင် ဖြစ်၏။ အရှင် မှလွဲ၍ အခြားသော ဘုရားဟူ၍ ဆုတောင်းရာ မရှိတော့ပြီ။ သို့မဟုတ်က ကျွန်ုပ်တို့၏ ပြောဆိုမှုမှာ မတရားမှု ဖြစ်ချေလတ္တံ့။–
၁၅။	**هَؤُلَاءِ قَوْمُنَا اتَّخَذُوا مِن دُونِهِ آلِهَةً لَّوْلَا يَأْتُونَ عَلَيْهِم بِسُلْطَانٍ بَيِّنٍ فَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللَّهِ كَذِبًا۝** – ဤကျွန်ုပ်တို့၏ လူမျိုးများသည် သူတို့အပေါ် ရှင်းလင်းသော လုပ်ပိုင်ခွင့် မပေးအပ်ထားသော်လည်း– အရှင် မှလွဲ၍ ဘုရားအများ အယူထားနေ၏။ ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီး လိမ်ညာသူထက် မည်သူက ပို၍

တောတောင်များ (စွဲမက်စရာများ) ဆိုသည်မှာ သဲခေါင်ခေါင်၊ ကျောက်တောင်များနှင့် ရောပြွန်းနေသည့် အာရေဗျ သဲကန္တာရကို ဖေါ်ညွှန်းခြင်း မဟုတ်ချေ။ ထိုရည်ညွှန်းသော နေရာဒေသများအား သုတ်တော် (၁၇)တွင် ဖေါ်ပြထားပေသည်။

(၆၄၆) **ကဟ်ဖ်** မှာ လှိုင်ဂု သို့မဟုတ် ခိုအောင်းရာ နေရာဟု ဖြစ်၍၊ **ရကီးမ်** မှာ ကျောက်တိုင်ပေါ်တွင် ရေးမှတ်ထားသောစာ သို့မဟုတ် ကြေငြာဆိုင်းဘုတ်များကို ရည်ညွှန်းပေသည်။ မိမိတို့ကိုယ် မိမိတို့ ဉာဏ်စဉ်ရေးရာ ထွက်လမ်းကို ဂူကဲ့သို့ ပိတ်လိုက်၍ ဘုန်းကြီးရဟန်း ဘာသာရေး လက္ခဏာတစ်ရပ်ကို ဖန်တီးလျက် ထွက်ပေါက်ပိတ်နေသော လူမျိုးကို ပုံဆောင်ပမာပေးခြင်း ဖြစ်ပေသည်။ ထိုဘုန်းကြီးရဟန်း လူတန်းစား လက္ခဏာ တစ်ရပ်မှ အခြား လူသားတို့အတွက် ဉာဏ်စဉ်ရေးရာ ထွက်ပေါက်၌ မှတ်တိုင်သဖွယ်၊ သို့မဟုတ် လမ်းညွှန် ကြေငြာသဖွယ် ဖြစ်နေခြင်းကို ရည်ညွှန်းပေသည်။ မှတ်တိုင်သဖွယ် ရပ်တည်နေသော လူသားများကြောင့် ထိုဂူပိတ်မိနေသော လူသားများ၏ ဘဝ မျိုးဆက်သည် နှစ်ရာစုများစွာ လောကကြီးနှင့် အဆက်သွယ် ပြတ်နေရကြောင်း၊ ထို့မှ မျိုးဆက်သစ် လူငယ်များက ကမ္ဘာလောက အလည်သို့ ထိုးဖေါက်ထွက်လာ၍ ပတ်ဝန်းကျင် ဗဟုသုတ၊ ကမ္ဘာ့ဗဟုသုတများရလာကာ ထွက်ပေါက်ရှာခဲ့ကြကြောင်းကို ဆက်လက် ဖေါ်ပြပါ သုတ်တော်များ၌ တွေ့ရသည်။

(၆၄၇) ဤသုတ်တော်မှ **သွရာ** ကို ဆရာတော်ကြီးများက တံဆိပ်ရိုက်နှိပ်ထားသည်ဟု ဘာသာပြန်ဆိုကြပေသည်။ **သွရာ**၏ အနက်မှာ ရိုက်သည်၊ ခရီးနှင်သည်၊ ဥပမာပုံ ပြုလုပ်သည်ဟု ဖြစ်ပေသည်။ ဤနေရာ၌ ပူလောင်ဆူပွက်သော မြို့ပြဒဏ်ကို ငြီးငွေ့၍ ငြိမ်းချမ်းမှု ရလေမလားဟု အေးငြိမ်းရာဟု ထင်မြင်သည့် လှိုင်ဂု သို့မဟုတ် ခိုအောင်းရာသို့ ပြေးဝင် ခိုလှုံမိသော လူငယ်များမှာ ထိုပရောဂထဲ၌ သို့မဟုတ် ထိုမှတ်တိုင်လူတန်းစား၏ သြဝါဒ လောင်းရိပ်မိလျက် နှစ်ပေါင်းများစွာ သွားလာနေခဲ့ရခြင်း ဖြစ်သည်။

	အမိုက်စီးဘိသနည်း၊''ဟု ဖြစ်။
၁၆။	**وَإِذِ اعْتَزَلْتُمُوهُمْ وَمَا يَعْبُدُونَ إِلَّا اللَّهَ فَأْوُوا إِلَى الْكَهْفِ يَنشُرْ لَكُمْ رَبُّكُم مِّن رَّحمته ويُهَيِّئْ لَكُم مِّنْ أَمْرِكُم مِّرْفَقًا۞** ပရမတ်ဘုရားရှင်မှအပ သူတို့ ကိုးကွယ်သည်များနှင့် သူတို့ထံမှ သင်တို့ ရှောင်ခွာသွားလျက် လှိုင်ဂုဏဲတွင် ခိုနေသော အခါ သင်တို့၏ ကံကြမ္မာရှင်က ကရုဏာတော်ဖြင့် နိုးကြွနေစေအံ့။ အကျွမ်းလာမည့်သော ညွှန်ကြားချက်များကို သင်တို့ အတွက် ပုံစံချပေးလတ္တံ့။
၁၇။	**وَتَرَى الشَّمْسَ إِذَا طَلَعَت تَّزَاوَرُ عَن كَهْفِهِمْ ذَاتَ الْيَمِينِ وَإِذَا غَرَبَت تَّقْرِضُهُمْ ذَاتَ الشِّمَالِ وَهُمْ فِي فَجْوَةٍ مِّنْهُ ذَلِكَ مِنْ آيَاتِ اللَّهِ مَن يَهْدِ اللَّهُ فَهُوَ الْمُهْتَدِي وَمَن يُضْلِلْ فَلَن تَجِدَ لَهُ وَلِيًّا مُّرْشِدًا۞** နေထွက်လာသောအခါ၊ သူတို့ လှိုင်ဂုဏ်၏ ညာဘက်မှ လှည့်ပတ်သွား၍၊ ၎င်းသည် နေဝင်ချိန်၌ သူတို့၏ ဘယ်ဘက်မှ ကပ်သွားသည်ကို သင်မြင်ရလတ္တံ့၊ သူတို့သည် ၎င်း၏ လဟာပြင်ကျယ်၌ ရှိ၏။ ဤသည် ပရမတ် ဘုရားရှင်ထံမှ နိမိတ်လက္ခဏာ တစ်ရပ်ဖြစ်၏။ ပရမတ်ဘုရားရှင်က လမ်းညွှန်ပေးသော သူသည် လမ်းညွှန်မှန်၌ ရှိ၍၊ လမ်းလွဲစေသူ အတွက် အရှင့်အား တုပြိုင်လျက် ဖြောင့်မတ်သော မဟာမိတ်ကို တွေ့ရမည် မဟုတ်ချေ။[၆၄၈]
၁၈၊ သေချာ	**وَتَحْسَبُهُمْ أَيْقَاظًا وَهُمْ رُقُودٌ وَنُقَلِّبُهُمْ ذَاتَ الْيَمِينِ وَذَاتَ الشِّمَالِ وَكَلْبُهُم بَاسِطٌ ذِرَاعَيْهِ بِالْوَصِيدِ لَوِ اطَّلَعْتَ عَلَيْهِمْ لَوَلَّيْتَ مِنْهُمْ فِرَارًا وَلَمُلِئْتَ مِنْهُمْ رُعْبًا۞** သူတို့ အိပ်ပျော်နေသော်လည်း နိုးလျက်ရှိသည်ဟု သင် စဉ်းစားမိလတ္တံ့၊ ငါသည် သူတို့အား ဘယ် ညာ ခေါင်းလှည့်နေစေ၏။ သူတို့၏ ခွေးကား လက်နှစ်ဘက်ကို ဆန့်၍ ဝင်ပေါက်ပိတ်လျက် ရှိ၏။ သင်သည် သူတို့အား **ဖြည့်၍** ရုပ်လုံး ဖေါ်လျှင် ကြောက်လန့် လှည့်ပြေးမိလတ္တံ့။[၆၄၉]
၁၉။	**وَكَذَلِكَ بَعَثْنَاهُمْ لِيَتَسَاءلُوا بَيْنَهُمْ قَالَ قَائِلٌ مِّنْهُمْ كَمْ لَبِثْتُمْ قَالُوا لَبِثْنَا يَوْمًا أَوْ بَعْضَ يَوْمٍ قَالُوا رَبُّكُمْ أَعْلَمُ بِمَا لَبِثْتُمْ فَابْعَثُوا أَحَدَكُم بِوَرِقِكُمْ هَذِهِ إِلَى الْمَدِينَةِ فَلْيَنظُرْ أَيُّهَا أَزْكَى طَعَامًا فَلْيَأْتِكُم بِرِزْقٍ مِّنْهُ وَلْيَتَلَطَّفْ وَلَا يُشْعِرَنَّ بِكُمْ أَحَدًا۞** ငါသည် သူတို့အား ဤသို့ နိုးထစေ၍ သူတို့ချင်းကြား မေးသူတစ်ဦးအား မေးမြန်းစေသည်မှာ ''ထို၌ သင်တို့သည် မည်မျှနေခဲ့သနည်း၊''ဟု ဆိုသော်၊ ''ကျွန်ုပ်တို့သည် တစ်ရက် သို့မဟုတ် တစ်ရက်၏ အချို့ နေခဲ့ရ၏''ဟု ဖြေကြ၍၊

---

(၆၄၈) ဤသုတ်တော်သည် လှိုင်ဂုဟု ဥပမာပေးသော အရပ်ကို နေသွားလမ်းကြောင်းဖြင့် ဖေါ်ပြပေသည်။ နေထွက်လာသောအခါ နေသည် ကြည့်သူ၏ ညာဘက်တွင် တိမ်းလျက်ရှိပြီး၊ နေစောင်းချိန်တွင် ကြည့်သူအား နေက ဘယ်ဘက်တွင် ထားခဲ့သည် ဆိုခြင်းမှာ အီကွေတာ၏ မြောက်ဘက် ကမ္ဘာခြမ်းကို ဆိုလိုခြင်း ဖြစ်သည်။ ထိုအရပ်သည် အီကွေတာ တည့်တည့် ဖြစ်သည့် ကိုယ်တော် မုဟမ္မဒ်ပွင့်ပေါ်ရာ ဆော်ဒီအာရေဗျ နိုင်ငံ မဟုတ်ပေ။ အီကွေတာ၏ မြောက်ဘက်ခြမ်းတွင် ပွင့်ပေါ်သော သာသနာများနှင့် သာသနာပြုခံရသော လူမျိုးများကို ရည်ညွှန်းပေသည်။ ထို လူသားများသည် ဘာသာရေး လက္ခဏာကို ဖန်တီးထားသော ကျောက်တိုင်သဖွယ် ခိုင်မြဲနေသည့် လူတန်းစားတစ်ရပ်၏ အရိပ်အောက်မှ ဘဝသေ နေရပေသည်။ သို့သော် သူတို့၏ မျိုးဆက်သစ်လူငယ်များကြောင့် သူတို့၏ ဘဝ ပြန်ရှင်သန်ရမည်ဟု ကျမ်းတော်က ဆိုပေသည်။

(၆၄၉) ဤသုတ်တော်က ထိုလူသားများသည် ဂုဏဲတွင် တကယ်တန်း အသက်သေနေသူများ မဟုတ် အိပ်မောကျ ဘဝသေနေရသူများသာ ဖြစ်ကြောင်း အတိအကျ ပြဆို၍၊ သူတို့၏ အယူကို အဟုတ်ကြီးမှတ်လျက် ဘယ်ညာ၊ တောင်မြောက်လေးပါးကို အယူဝါဒဖြန့်ချိလျက်ပင် ရှိပေသည်။ ထိုအတူတူလည်း သူတို့အား သစ္စာရှိရှိစောင့်ရှောက်ပေးသော သာသနာစောင့်မင်းကြီးများပင် ရှိနေကြောင်း ''သူတို့၏ ခွေး'' ဟု ဝက်ဝုတ္တိ လက်ဝဲဖြင့် ပြောဆိုပေသည်။ ဤနေရာ၌ သုံးသော ''ခွေး'' ဆိုသည်မှာ နိမ့်ကျသော သဘော မပါဝင်ပေ၊ လူတစ်ယောက် အဖြစ် ရေတွက် ထားသည်က သက်သေပြင် ဖြစ်သည် (သုတ် ၂၂)။ သခင်အပေါ်တွင် သစ္စာရှိသော၊ သခင်၏ ဘဝသေနေသည့်တိုင် သခင်အား ထား၍ ထွက်မသွားဘဲ စောင့်ရှောက်နေသော၊ သစ္စာရှိသည့် အဖေါ်၊ စောင့်ရှောက်ပေးသူကို ရည်ညွှန်းပေသည်။ သူတို့၏ အင်အား၊ သူတို့၏ အယူသည် အလွန်ချောက်ချားတုန်လှုပ်ဘွယ် ဖြစ်ကြောင်းကိုလည်း ကျမ်းတော်က ဖေါ်ပြသည်။ အဓိပ္ပါယ်မှာ သူတို့၏ ငြိမ်းချမ်းသည်ဟု အဟုတ်ကြီး ထင်နေသော အယူသည် လောကအတွက် နောက်လာ နောက်သားများ အတွက် အလွန် ထိတ်လန့်ဘွယ်ဖြစ်ကြောင်း သွန်သင်ခြင်းပင် ဖြစ်ပေသည်။

	ဆက်ပြောသည်မှာ ‘‘သင်တို့၏ ကံကြမ္မာရှင်သည် သင်တို့မည်မျှနေခဲ့ကြောင်း အသိဆုံး ဖြစ်တော်မူ၏။ သင်တို့အနက်မှ တစ်ဦးကို နိုးကြားစေ၍ ဤဇေစတ္တူဖြင့် မြို့ထဲသို့စေလော့၊ ထို့နောက် မည်သည့် စားဘွယ်သည် သန့်ရှင်းဖြူစင်ဆုံးဖြစ်သည်ကို ကြည့်စေလော့၊ ထိုမှ သင်တို့ အတွက် ရိက္ခာကို ယူလာစေလော့၊ သင်တို့အကြောင်းအား တစ်ယောက်မှ သတိမမူမိစေရန် သူ့အား သိမ်သိမ်မွေ့မွေ့ ရှိစေလော့။–
၂၀။ ကျင့်စဉ်	**إِنَّهُمْ إِن يَظْهَرُوا عَلَيْكُمْ يَرْجُمُوكُمْ أَوْ يُعِيدُوكُمْ فِي مِلَّتِهِمْ وَلَن تُفْلِحُوا إِذًا أَبَدًا** ۞ သူတို့ထံ၌ သင်တို့အကြောင်း ပေါ်သွားလျှင် သင်တို့အား ပစ်ထုတ်ကြလတ္တံ့၊ သို့မဟုတ် သူတို့၏ **ဘာသာ၌** ဆက်ကျင့်စေလတ္တံ့၊ သို့ဖြစ်လျှင် သင်တို့သည် မည်သည့်အခါမှ အောင်မြင်ပေါက်မြောက်မည် မဟုတ်ချေ။’’ဟု ဖြစ်၏။[၆၅၀]
၂၁။	**وَكَذَٰلِكَ أَعْثَرْنَا عَلَيْهِمْ لِيَعْلَمُوا أَنَّ وَعْدَ اللَّهِ حَقٌّ وَأَنَّ السَّاعَةَ لَا رَيْبَ فِيهَا إِذْ يَتَنَازَعُونَ بَيْنَهُمْ أَمْرَهُمْ فَقَالُوا ابْنُوا عَلَيْهِم بُنْيَانًا رَّبُّهُمْ أَعْلَمُ بِهِمْ قَالَ الَّذِينَ غَلَبُوا عَلَىٰ أَمْرِهِمْ لَنَتَّخِذَنَّ عَلَيْهِم مَّسْجِدًا** ۞ ပရမတ်ဘုရားရှင်၏ ကတိတော်သည် သစ္စာတရားဖြစ်ကြောင်း သိနိုင်စေရန်၊ အချိန်နာရီ၌ သံသယဖြစ်ဘွယ် မရှိကြောင်းကို ရှာဖွေတွေ့ရှိစေရန် သူတို့နှင့် ပတ်သက်၍ ဤသို့ ပြသတော်မူ၏။ သူတို့၏ ညှန်ကြားချက်များ၌ အချင်းချင်းကြား ဖယ်ပစ်နေကြသောအခါ ‘‘သူတို့ ပတ်လည်၌ ထပ်မြင့်တိုက်များ ဆောက်လုပ်ကြစို့၊’’ဟု ဆိုကြ၏။ အနိုင်ရသော သူများက ‘‘ကျွန်ုပ်တို့သည် သူတို့ ပတ်လည်၌ ဝတ်ကျောင်းတစ်ဆောင်ကို ရယူလတ္တံ့၊’’ဟု ပြောကြသည်ကို သူတို့၏ ကံကြမ္မာရှင်သည် အသိဆုံးဖြစ်တော်မူ၏။
၂၂။	**سَيَقُولُونَ ثَلَاثَةٌ رَّابِعُهُمْ كَلْبُهُمْ وَيَقُولُونَ خَمْسَةٌ سَادِسُهُمْ كَلْبُهُمْ رَجْمًا بِالْغَيْبِ وَيَقُولُونَ سَبْعَةٌ وَثَامِنُهُمْ كَلْبُهُمْ قُل رَّبِّي أَعْلَمُ بِعِدَّتِهِم مَّا يَعْلَمُهُمْ إِلَّا قَلِيلٌ فَلَا تُمَارِ فِيهِمْ إِلَّا مِرَاء ظَاهِرًا وَلَا تَسْتَفْتِ فِيهِم مِّنْهُمْ أَحَدًا** ۞ ‘‘သုံးယောက်၊ သူတို့၏ခွေးသည် စတုတ္ထ ဖြစ်၏’’ ဟု ပြောကြသော်၊ အချို့က ‘‘ငါးယောက် သူတို့၏ခွေးမှာ ဆဋ္ဌမ ဖြစ်၏၊’’ဟု မျက်ကွယ်ကို လေပစ် ပြောဆိုကြ၏။ အချို့ကလည်း ‘‘ခုနစ်ယောက် သူတို့၏ ခွေးသည် အဋ္ဌမ ဖြစ်၏၊’’ဟု ဆိုကြ၏။ ဟောပြောလော့ ‘‘ကျွန်ုပ်၏ ကံကြမ္မာရှင်သည် သူတို့၏ အရေအတွက်ကို အသိဆုံးဖြစ်တော်မူ၏၊ လူနည်းစုသာလျှင် ထိုအကြောင်းကို သိကြ၏၊ ထို့ကြောင့် အပြင်ပန်း အချေအတင်မှ အပ သူတို့၏အကြောင်းနှင့် အချင်းမများကြနှင့်၊ သူတို့နှင့် စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်ထံတွင်မှ မစူးစမ်းလေနှင့်၊’’[၆၅၁]

---

(၆၅၀) ဤသုတ်တော်နှစ်ပါး (၁၉၊၂၀)သည် မိရိုးဖလာမှ နိုးကြားလာသော လူငယ်မျိုးဆက်များ အကြောင်းကို တင်ပြသည်။ သူတို့သည် ထို ပိတ်လှောင်နေသော ဂူပိတ်ဘဝဖြင့် ခေတ်တစ်ခေတ် သို့မဟုတ် ခေတ်တစ်ခေတ်၏ တစ်စိတ်တစ်ပိုင်းမျှ ဘဝ သေနေခဲ့ရပေသည်။ စတင်နိုးကြားလာသော လူငယ်မျိုးဆက်သည် မိရိုးဖလာအား ပြောင်ပြောင်တင်းတင်း ဆန့်ကျင်၍ မရသေးချေ။ သို့မဟုတ် မိမိ၏ အယူအဆသစ်ကို ပွင့်လင်းစွာ တင်ပြနိုင်ခြင်း မရှိသေးချေ။ သူတို့အနေဖြင့် အနေအထိုင် သိုသိပ်နေရပေသည်။ သို့မဟုတ် သူတို့၏ မိရိုးဖလာ အစွဲရှိသူများ၊ သူတို့၏ သာသနာစောင့်မင်း (အာဏာပိုင်)များ၏ ဒုက္ခပေးခြင်း အမျိုးမျိုးကိုလည်းကောင်း၊ မိရိုးဖလာ ယုံကြည်မှုထဲသို့ အတင်းအဓမ္မပြန်လည် သက်ဝင်ယုံကြည် ခိုင်းခြင်းကို လည်းကောင်း ခံရနိုင်သည်ဟု ထောက်ပြထားပေသည်။

(၆၅၁) ဤသုတ်တော်တွင် ဖေါ်ပြသော ကိန်းဂဏန်းများမှာ ဂူထဲတွင် နေခဲ့ရသော လူဦးရေကို မရည်ညွှန်းပေ။ သူတို့နေထိုင်ပေါ်ထွန်းရာ အရပ်ကို သုတ်တော် ၁၇ တွင် ပြောပြီးချေပြီ။ ထိုအရပ်သည် အီကွေတာ၏ မြောက်ဘက်ခြမ်း အရပ်ဖြစ်၍ ကြီးမားကျယ်ပြန့်သော ဒေသကြီး ဟု ဖြစ်ပေသည်။ ထိုဒေသကြီးတွင် လူဦးရေ ဤမျှနည်းနည်းသာ နေထိုင်မည်မှာ မဖြစ်နိုင်ချေ။ ထို့ကြောင့် ဤသုတ်တော်မှ ရည်ညွှန်းသော လူဦးရေမှာ ထိုနိုးကြားလာသော လူသားများမှာ ထပ်ဆင့် အယူကွဲ၊ ဂိုဏ်းကွဲဖြစ်သွားသော ဂိုဏ်းအရေအတွက်၊ ပါတီအရေအတွက်များမှ ဖြစ်ခဲ့ကြောင်းကို ဆိုလိုပေသည်။ ထို့ကြောင့် လူသားများ အနေဖြင့် ဂိုဏ်းမည်မျှကွဲခဲ့သည်ကို မှန်းဆခြင်းမှတစ်ပါး မည်သူမှ အတိအကျ မသိနိုင်ကြောင်းကို ပြောထားခြင်း ဖြစ်ပေသည်။

၂၃။	**وَلَا تَقُولَنَّ لِشَيْءٍ إِنِّي فَاعِلٌ ذَٰلِكَ غَدًا۞** “ဤအရာကို မနက်ဖြန်၌ ပြုလုပ်မည်”ဟု မည်သည့်အရာကိုမှ မပြောလေနှင့်။[၆၂]
၂၄။	**إِلَّا أَن يَشَاءَ اللَّهُ وَاذْكُر رَّبَّكَ إِذَا نَسِيتَ وَقُلْ عَسَىٰ أَن يَهْدِيَنِ رَبِّي لِأَقْرَبَ مِنْ هَٰذَا رَشَدًا۞** ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီခဲ့လျှင်ဟု ဆိုကြလော့၊ “မေ့နေခဲ့သော်၊ သင့်ကံကြမ္မာရှင်အား သတိရလျက် “ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကျွန်ုပ်အား လမ်းညွှန်၍ ဤထက် နီးကပ်စွာ ဖြောင့်မတ်ပေးနိုင်ရာ၏။”ဟု ပြောဆိုလော့။
၂၅။	**وَلَبِثُوا فِي كَهْفِهِمْ ثَلَاثَ مِائَةٍ سِنِينَ وَازْدَادُوا تِسْعًا۞** သူတို့သည် ဂူတွင်း၌ နှစ်ပေါင်း သုံးရာ နေခဲ့၏။ ထို့ပြင် ကိုးဆ တိုးလိမ့်မည်။[၆၃]
၂၆။	**قُلِ اللَّهُ أَعْلَمُ بِمَا لَبِثُوا لَهُ غَيْبُ السَّمَاوَاتِ وَالْأَرْضِ أَبْصِرْ بِهِ وَأَسْمِعْ مَا لَهُم مِّن دُونِهِ مِن وَلِيٍّ وَلَا يُشْرِكُ فِي حُكْمِهِ أَحَدًا۞** ဟောလော့ “ပရမတ်ဘုရားရှင်သည် ထို၌ သူတို့ မည်မျှနေခဲ့ကြောင်းကို အသိဆုံး ဖြစ်တော်မူ၏။ အရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ စကြာလွှန်ကို ပိုင်စိုးသော မြင်နေ၊ ကြားနေသည့် အရှင်ဖြစ်၏၊ သူတို့အတွက် အရှင် မှလွဲ၍ မဟာမိတ် ဟူ၍ မရှိချေ။ စီရင်ထုံးပြုရာ၌ မည်သူတစ်ဦးတစ်ယောက်သည်မှ အရှင်နှင့် ဖက်စပ်ရောပွနိုးခွင့် မရှိချေ။”
၂၇။	**وَاتْلُ مَا أُوحِيَ إِلَيْكَ مِن كِتَابِ رَبِّكَ لَا مُبَدِّلَ لِكَلِمَاتِهِ وَلَن تَجِدَ مِن دُونِهِ مُلْتَحَدًا۞** သင့်အား အာရုံစူးစိုက်ပေးသည့် ကံကြမ္မာရှင်၏ ကျမ်းတော်မှ ဖတ်ပြလော့၊ အရှင်၏ ဓမ္မတော်သည် အပြောင်းအလဲ မရှိ အရှင် မှလွဲ၍ လှီးလွဲရှောင်ကွေ့ရာကိုလည်း တွေ့နိုင်မည် မဟုတ်ချေ။
၂၈။	**وَاصْبِرْ نَفْسَكَ مَعَ الَّذِينَ يَدْعُونَ رَبَّهُم بِالْغَدَاةِ وَالْعَشِيِّ يُرِيدُونَ وَجْهَهُ وَلَا تَعْدُ عَيْنَاكَ عَنْهُمْ تُرِيدُ زِينَةَ الْحَيَاةِ الدُّنْيَا وَلَا تُطِعْ مَنْ أَغْفَلْنَا قَلْبَهُ عَن ذِكْرِنَا وَاتَّبَعَ هَوَاهُ وَكَانَ أَمْرُهُ فُرُطًا۞** အရှင့်ထံ မျက်နှာရရန် လိုလား၍ မနက်စောစောနှင့် ညဦး၌ ဆုတောင်းကြသောသူများနှင့် အတူ သင့်စိတ်ကို ကြံ့ခိုင်စေလော့၊ လောကီ ဘဝ၏ စွဲမက်စရာအား လိုလားလျက် သူတို့အား မျက်ခြေပြတ်သွားခြင်း မရှိစေနှင့်၊ ငါ့အား သတိမရစေရန် နှလုံးသားကို မေ့လျော့ထားသူ၊ မိမိ၏ လိုဘနောက်ကိုသာ လိုက်နေသူ၊ အရှင်၏ ညွှန်ကြားချက်အား လက်လွတ်စပယ် ရှိသူကို မနာခံနှင့်။
၂၉။ စစ်ပွဲ	**وَقُلِ الْحَقُّ مِن رَّبِّكُمْ فَمَن شَاءَ فَلْيُؤْمِن وَمَن شَاءَ فَلْيَكْفُرْ إِنَّا أَعْتَدْنَا لِلظَّالِمِينَ نَارًا أَحَاطَ بِهِمْ سُرَادِقُهَا وَإِن يَسْتَغِيثُوا يُغَاثُوا بِمَاءٍ كَالْمُهْلِ يَشْوِي الْوُجُوهَ بِئْسَ الشَّرَابُ وَسَاءَتْ مُرْتَفَقًا۞** ဟောလော့ “သစ္စာတရားသည် သင်တို့၏ကံကြမ္မာရှင် ထံမှ ဖြစ်၏။ သို့ဖြစ်၍ သူ့စံချိန်အလျောက် သူယုံကြည်ပါစေ၊ သူ့စံချိန်အလျောက် သူ ဖုံးကွယ်ပါစေ။ အမိုက်ကောင်များအတွက် ငါသည် သူတို့၏ ပတ်လည်၌ နံရံများခတ်လျက် **အပူမီး**ကို ပြင်ဆင်ထား၏။ သူတို့သည် ရေကို အသားနာခံလျှင်၊ သူတို့၏ မျက်နှာများကို လောင်မြိုက်စေသော ကြေးနီရည်ကဲ့သို့ ပေးသနား၏၊ အကုသိုလ် အကျမ်းဝင်သည့် ဆိုဝါးလှသော သောက်ရေ ဖြစ်၏။”

---

(၆၂၂) ဤသုတ်တော်က အစ္စလာမ် သာသနာဝင်များအား သာသနာရေးနှင့် ပတ်သက်၍ ရှင်းပြပြောဆိုရန် အချိန်နောက်ဆုတ် မထားရမည့် အကြောင်းကို သွန်သင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဂူပိတ်မိနေသော လူသားများကဲ့သို့ မဖြစ်စေရန် ဖြစ်၏။ သူတို့သည် သူတို့၏ သာသနာအား ဖြန့်ချိခဲ့ရာ၌ ဂူပိတ်မိနေသောကြောင့် (အတွေးအခေါ် လှောင်ပိတ်နေသောကြောင့်) ရာစု (၃)စု နောက်ကျခဲ့ကြောင်းကို သုတ်တော် (၂၅) တွင် ထောက်ပြထားပေသည်။

(၆၂၃) သူတို့သည် သူတို့၏ သာသနာအား နှစ်ပေါင်း သုံးရာ အတွင်း ကမ္ဘာသို့ မဖြန့်ချိနိုင်ခဲ့ပေ၊ အတွေးအခေါ်သည်လည်း ဂူပိတ်မိနေခဲ့သည်။ ထို့နောက် ၃ ရာစု နောက်ပိုင်းတွင် ကမ္ဘာသို့ ပြန့်ချိနိုင်ခဲ့သော်လည်း ထိုအတွေး အခေါ်များမှာ (သုံးရာ– ကိုးဆတိုးလျက်) နှစ်ပေါင်း နှစ်ထောင့် ခုနစ်ရာ အထိသာ ရှင်သန်နေလိမ့်မည် ဟု ဤသုတ်တော်က အသိပေးထားခြင်း ဖြစ်သည်။

၃၀။	**إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ إِنَّا لَا نُضِيعُ أَجْرَ مَنْ أَحْسَنَ عَمَلًا۝** ယုံကြည်လျက် ပြုပြင်မှုဌ္ဌ ကျင့်ကြံသောသူတို့အတွက်မူ၊ မှတ်သားလော့ ငါသည် သုမဂ်လာ ကျင့်ကြံသူများ၏ ဆုလဒ်ကို အလဟသ ဖြစ်စေတော်မမူချေ။
၃၁။	**أُولَٰئِكَ لَهُمْ جَنَّاتُ عَدْنٍ تَجْرِي مِن تَحْتِهِمُ الْأَنْهَارُ يُحَلَّوْنَ فِيهَا مِنْ أَسَاوِرَ مِن ذَهَبٍ وَيَلْبَسُونَ ثِيَابًا خُضْرًا مِّن سُندُسٍ وَإِسْتَبْرَقٍ مُّتَّكِئِينَ فِيهَا عَلَى الْأَرَائِكِ نِعْمَ الثَّوَابُ وَحَسُنَتْ مُرْتَفَقًا۝** ထိုသူတို့တွက် အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသည့် တည်မြဲခြင်း သုခဘုံများ ရှိ၏။ သူတို့အား ရွှေစလွယ်ဖြင့် ဆင်ယင်စေမည်၊ စိမ်းစိုသည့် ပိုးဖဲကတ္တီပါများကို ခြုံထည်ဖြစ်စေမည်၊ ပလ္လင်များပေါ်၌ မှီလှဲစံစားရစေမည်၊ ဂုဏ်ရှိသော အကျိုးဆက်နှင့် အတင့်တယ်ဆုံး အကျွမ်းဝင်လာစေမည်။
၃၂။	**وَاضْرِبْ لَهُم مَّثَلًا رَّجُلَيْنِ جَعَلْنَا لِأَحَدِهِمَا جَنَّتَيْنِ مِنْ أَعْنَابٍ وَحَفَفْنَاهُمَا بِنَخْلٍ وَجَعَلْنَا بَيْنَهُمَا زَرْعًا۝** သူတို့၏အတွက် လူနှစ်ဦးကို ပမာတည် ဥပမာပြု၏။ ငါသည် သူတို့မှ တစ်ဦးအား စိုက်ခင်း နှစ်ခုကြား စွံပလွန်ပင်များ ခြံစည်း စီစဉ်ထားသည့် စပျစ်ဥယျာဉ် နှစ်ခုကို စီစဉ်ပေး၏။
၃၃။	**كِلْتَا الْجَنَّتَيْنِ آتَتْ أُكُلَهَا وَلَمْ تَظْلِم مِّنْهُ شَيْئًا وَفَجَّرْنَا خِلَالَهُمَا نَهَرًا۝** ဥယျာဉ်နှစ်ခုလုံးမှ အစားအစာများကို ပေးစေ၏၊ ထိုမှ အမှောင်ကျသည် ဟု တစ်စုံတစ်ရာ မရှိချေ၊ ၎င်းတို့အတွင်းမှ စမ်းချောင်းတစ်ခု စီးထွက်နေ၏။[၆၅]
၃၄။	**وَكَانَ لَهُ ثَمَرٌ فَقَالَ لِصَاحِبِهِ وَهُوَ يُحَاوِرُهُ أَنَا أَكْثَرُ مِنكَ مَالًا وَأَعَزُّ نَفَرًا۝** ထို့ကြောင့် သူ့တွင် သစ်သီးဝလံများ ပိုင်ဆိုင်၍ သူ့အဖော်အား အသားယူ ပြောသည်မှာ ''ကျွန်ုပ်သည် သင့် ထက် ဥစ္စာများစွာ ပိုရှိ၏၊ ဘုန်းကံမြင့် လူလုံးပြန့်၏၊''ဟု ဖြစ်၏။
၃၅။	**وَدَخَلَ جَنَّتَهُ وَهُوَ ظَالِمٌ لِّنَفْسِهِ قَالَ مَا أَظُنُّ أَن تَبِيدَ هَٰذِهِ أَبَدًا۝** သူသည် သူ့စရိုက်ကိုသူ အမိုက်စီးလျက် ဥယျာဉ်ထဲသို့ ဝင်သွား၍ ပြောသည်မှာ''ဤသည် မည်သည့်အခါမျှ ပျက်သုန်း မည် မဟုတ် ဟု ကျွန်ုပ် စဉ်းစားမိ၏၊–
၃၆။	**وَمَا أَظُنُّ السَّاعَةَ قَائِمَةً وَلَئِن رُّدِدتُّ إِلَىٰ رَبِّي لَأَجِدَنَّ خَيْرًا مِّنْهَا مُنقَلَبًا۝** –အချိန်နာရီသည် ရပ်နေမည်ဟု ကျွန်ုပ် မစဉ်းစားမိ၊ ကျွန်ုပ်၏ ကံကြမ္မာရှင်ထံသို့ ဦးလှည့်ရလျှင်လည်း ဤထက် ပိုကောင်းသော ဌာနကို တွေ့ရလတ္တံ့၊''ဟု ဖြစ်၏။
၃၇။	**قَالَ لَهُ صَاحِبُهُ وَهُوَ يُحَاوِرُهُ أَكَفَرْتَ بِالَّذِي خَلَقَكَ مِن تُرَابٍ ثُمَّ مِن نُّطْفَةٍ ثُمَّ سَوَّاكَ رَجُلًا۝** သူ့ အပေါင်းအဖော်က သူ့အား ပြန်လည်အသားယူသည်မှာ သင့်အား မြေမှုန့်မှ၊ ထို့နောက် သုတ်ပိုးရည်တစ်စက်မှ ထို့နောက် လူသား အဖြစ် ပုံစံချ ဖြစ်တည်ပေးသော အရှင်အား ဖုံးကွယ်လေသလော။
၃၈။	**لَّٰكِنَّا هُوَ اللَّهُ رَبِّي وَلَا أُشْرِكُ بِرَبِّي أَحَدًا۝** ကျွန်ုပ်မှာမူ၊ အရှင်သည် ကျွန်ုပ်၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင် ဖြစ်၏။ ကျွန်ုပ်၏ ကံကြမ္မာရှင်အား တစ်စုံတစ်ရာနှင့်မှ ရောပြွမ်းဖက်စပ်ခြင်း မရှိပါ။

---

(၆၅) **لَمْ تَظْلِم مِّنْهُ** ထိုမှ အမှောင်ကျသည်ဟု မရှိချေ။ ဟူသည်မှာ အာရ်ဗီစာသားကို တိုက်ရိုက်ပြန်ဆိုခြင်း ဖြစ်၍၊ ဆရာတော်ကြီးများက ၎င်းကို ''အသီးမသီးသော အပင်ဟု မရှိပေ၊''ဟု ပြန်ဆိုကြပေသည်။ ကျမ်းတော်တွင် ဥယျာဉ်ဆိုသည်မှာ ကောင်းမှုဆောင်တာများ၏ အကျိုးဆက် ခံစားရရာ သုခဘုံ။ ကောင်းမှုတို့၏ အသီးအပွင့်နှင့် ထိုမှ မြစ်ချောင်း ဆိုသည်မှာ ထိုအသီးအပွင့်များ အတွက် ရှည်သန်နိုင်ရန် ရေကို ပမာပေးပြော ကြောင်း မကြာခဏ ဖေါ်ပြ၍၊ **ဇွလိမ** ဆိုသည်မှာ အမိုက်စီးသည်၊ အမှောင်၊ အဝိဇ္ဇာစီးသည်၊ မတရားကျင့်ကြံသည်ဟု ကျမ်းတော်၌ သုံးပေသည်။

၃၉။	**وَلَوْلَا إِذْ دَخَلْتَ جَنَّتَكَ قُلْتَ مَا شَاءَ اللَّهُ لَا قُوَّةَ إِلَّا بِاللَّهِ إِن تَرَنِ أَنَا أَقَلَّ مِنكَ مَالًا وَوَلَدًا۞** သင်သည် ဥယျာဉ်သို့ ဝင်သောအခါ၊ ''ပရမတ်ဘုရားရှင်၏ စံချိန်အတိုင်းသာ၊ ပရမတ်ဘုရားရှင်သည်သာ တန်ခိုးတော်ရှိပါ၏''ဟု ပြောအပ်၏။ ကျွန်ုပ်အား သင့်ထက် ဥစ္စာ၊ ရင်သွေး နည်းပါးသည်ဟု မြင်ရသော်လည်း–
၄၀။	**فَعَسَى رَبِّي أَن يُؤْتِيَنِ خَيْرًا مِّن جَنَّتِكَ وَيُرْسِلَ عَلَيْهَا حُسْبَانًا مِّنَ السَّمَاءِ فَتُصْبِحَ صَعِيدًا زَلَقًا۞** သင့်ဥယျာဉ်ထက် ပို၍ကောင်းသည်ကို ကျွန်ုပ်၏ ကံကြမ္မာရှင်က ကျွန်ုပ်အား ပေးနိုင်ရာ၏၊ ၎င်းကို မိုးကောင်းကင်မှ စီစစ်တွက်ချက် စေစားလျှက် နံနက်တွင် စောင်းရွဲ့ပြုဆင်း မြေဖုံးသွားနိုင်၏။
၄၁။	**أَوْ يُصْبِحَ مَاؤُهَا غَوْرًا فَلَن تَسْتَطِيعَ لَهُ طَلَبًا۞** သို့မဟုတ် နံနက်တွင် ရေကြောသည် ၎င်လျှိုးသွားလျက်၊ အမှီမလိုက်နိုင်ဖြစ်ရာ၏။
၄၂။	**وَأُحِيطَ بِثَمَرِهِ فَأَصْبَحَ يُقَلِّبُ كَفَّيْهِ عَلَى مَا أَنفَقَ فِيهَا وَهِيَ خَاوِيَةٌ عَلَى عُرُوشِهَا وَيَقُولُ يَا لَيْتَنِي لَمْ أُشْرِكْ بِرَبِّي أَحَدًا۞** ထို့နောက် သူ့သီးနှံပုံ ပတ်လည်ဖြင့် သူသည် ထိုဥ္စာ အသုံးစရိတ် ချုပ်တီး၍ လှည့်ချေးရတော့၏။ အထပ်ထပ် ပြိုကျလျက် ''ကျွန်ုပ်မှာဖြင့် ကံကြမ္မာရှင်အား တစ်စုံတစ်ရာဖြင့် ရောပြွန်းမကိုးကွယ်မိလျှင် ကောင်းလေစွ၊''ဟု ညီးညူရနိုင်၏။
၄၃။	**وَلَمْ تَكُن لَّهُ فِئَةٌ يَنصُرُونَهُ مِن دُونِ اللَّهِ وَمَا كَانَ مُنتَصِرًا۞** ပရမတ်ဘုရားရှင် မှလွဲ၍ သူ့အား ကူညီမည့် တပ် မရှိပေ၊ သူ့ကိုယ်သူလည်း ကူညီနိုင်ခြင်း မရှိချေ။
၄၄။	**هُنَالِكَ الْوَلَايَةُ لِلَّهِ الْحَقِّ هُوَ خَيْرٌ ثَوَابًا وَخَيْرٌ عُقْبًا۞** ဤ အလှည့်ကျဖြစ်စဉ်များသည် ပရမတ်ဘုရားရှင်ထံမှ အမှန်တရား ဖြစ်၏။ အရှင်သည် အကောင်းဆုံး အကျိုးဆက်နှင့် အကောင်းဆုံး ချုပ်ငြိမ်းစေသော အရှင် ဖြစ်၏။
၄၅။	**وَاضْرِبْ لَهُم مَّثَلَ الْحَيَاةِ الدُّنْيَا كَمَاءٍ أَنزَلْنَاهُ مِنَ السَّمَاءِ فَاخْتَلَطَ بِهِ نَبَاتُ الْأَرْضِ فَأَصْبَحَ هَشِيمًا تَذْرُوهُ الرِّيَاحُ وَكَانَ اللَّهُ عَلَى كُلِّ شَيْءٍ مُّقْتَدِرًا۞** သူတို့အတွက် ဤလောကီဘဝ၏ ပမာအား ဥပမာပေးသည်မှာ ကောင်းကင်၌ ပေါင်းစပ်နေသော သွန်းချပေးသည့် ရေကဲ့သို့ ဖြစ်၏ ၎င်းဖြင့် မြေကမ္ဘာအား သီးနှံဖြစ်ထွန်း စိမ်းစိုစေ၏၊ ထို့နောက် ၎င်းတို့ကို ခြောက်သွေ့မှု ဖြစ်သွားစေ၍ ဖြန့်ကြဲသော လေများဖြင့် လွင့်စင်စေ၏။ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်သော အရှင် ဖြစ်ပေ၏။
၄၆။	**الْمَالُ وَالْبَنُونَ زِينَةُ الْحَيَاةِ الدُّنْيَا وَالْبَاقِيَاتُ الصَّالِحَاتُ خَيْرٌ عِندَ رَبِّكَ ثَوَابًا وَخَيْرٌ أَمَلًا۞** ဥစ္စာပစ္စည်း သားသမီးများသည် ဤလောကီဘဝ၏ စွဲမက်စရာများ ဖြစ်၏။ သို့သော် စဉ်ဆက်မပြတ် ပြုပြင်ပြောင်းလဲခြင်းသည် သင့်ကံကြမ္မာရှင်၏ ထံ၌ ပို၍ကောင်း၏။ အကျိုးဆက်နှင့် ပိုကောင်းသော မျှော်လင့်ချက် ရှိ၏။
၄၇။	**وَيَوْمَ نُسَيِّرُ الْجِبَالَ وَتَرَى الْأَرْضَ بَارِزَةً وَحَشَرْنَاهُمْ فَلَمْ نُغَادِرْ مِنْهُمْ أَحَدًا۞** တောတောင်များ ပြတ်ရွေ့၍၊ မြေကမ္ဘာသည် ပြန်ထွက်ခွာလာရသည်ကို သင်မြင်ရသော နေ့ကာလ၌၊ သူတို့မှ တစ်စုံတစ်ခုမှ မချွင်းချန်ဘဲ သူတို့အား ငါ စုစည်းစေမည်ပင်။[၆၅]
၄၈။	**وَعُرِضُوا عَلَى رَبِّكَ صَفًّا لَّقَدْ جِئْتُمُونَا كَمَا خَلَقْنَاكُمْ أَوَّلَ مَرَّةٍ بَلْ زَعَمْتُمْ أَلَّن نَّجْعَلَ لَكُم مَّوْعِدًا۞**

(၆၅) တောတောင်များ **ကိုဘားလိ** ဆိုသည်မှာ မောက်မာသော အာဏာရှင်များကို ဆိုလိုကြောင်း ကျမ်းတော်တွင် မကြာခဏ ပြောဆို၍၊ မြေကမ္ဘာဆိုသည်မှာလည်း ကမ္ဘာဂြိုလ် တစ်ခုလုံးကို ဆိုလိုခြင်း မဟုတ်ဘဲ သူတို့ပိုင်သော တိုင်းပြည်များကိုသာ ဆိုလိုကြောင်း ကျမ်းတော်တွင် မကြာ ခဏပြောဆိုပေသည်။ ထိုအခါ အာဏာရှင်နှင့် အပေါင်းပါတို့သည် တစ်ယောက်မကျန် စစ်ကြောခံရမည်ပင်။

အာ ကာကျ သွား	သင့်ကံကြမ္မာရှင်၏ထံ၌ သူတို့အား ဘောင်ဝင်စေရန် စီတန်းစေ၍ ''သင်တို့အား ပထမအကြိမ် ဖြစ်တည်စေခဲ့ သကဲ့သို့ ငါ့ ထံသို့ မုချ ရောက်လာစေခဲ့ပြီ၊ အမှန်မှာ သင်တို့အတွက် ကတိတော်ကို ငါ စီစဉ်မည် မဟုတ်ဟု သင်တို့ ရပ်တည်ပြောဆိုခဲ့ကြ၏။''
၄၉။ မှတ် တမ်း၌	**وَوُضِعَ الْكِتَابُ فَتَرَى الْمُجْرِمِينَ مُشْفِقِينَ مِمَّا فِيهِ وَيَقُولُونَ يَا وَيْلَتَنَا مَالِ هَذَا الْكِتَابِ لَا يُغَادِرُ صَغِيرَةً وَلَا كَبِيرَةً إِلَّا أَحْصَاهَا وَوَجَدُوا مَا عَمِلُوا حَاضِرًا وَلَا يَظْلِمُ رَبُّكَ أَحَدًا۞**
	မှတ်တမ်းကို ချထားပေးပေး၏၊ ရာဇဝတ်ကောင်များမှာ **ထိုး၌** ရှိသည်ကို စိုးထိတ်နေကြ၏၊ ''ကျွန်ုပ်တို့များနှယ်– ဤသည်ကြီး ငယ်မဟူ အမှတ်စဉ် မချွင်းချန်သော မှတ်တမ်းဖြစ်၏။''ဟု ညီးတွားကြသည်ကို သင် မြင်ရတွံ့။ သူတို့ ကျင့်ကြံခဲ့သမျှ သူတို့အတွက် အသင့်ဖြစ်နေသည်ကို တွေ့ရလတွံ့၊ သင့်ကံကြမ္မာရှင်သည် တစ်စုံတစ်ယောက်ကိုမှ အဝိဇ္ဇာသင့်စေခဲ့သည် မဟုတ်ချေ။
၅၀။ ☆ ၂း၃၄ ☆ ၆း၁၀၀	**وَإِذْ قُلْنَا لِلْمَلَائِكَةِ اسْجُدُوا لِآدَمَ فَسَجَدُوا إِلَّا إِبْلِيسَ كَانَ مِنَ الْجِنِّ فَفَسَقَ عَنْ أَمْرِ رَبِّهِ أَفَتَتَّخِذُونَهُ وَذُرِّيَّتَهُ أَوْلِيَاء مِن دُونِي وَهُمْ لَكُمْ عَدُوٌّ بِئْسَ لِلظَّالِمِينَ بَدَلًا۞**
	ငါက နိမိတ်ဆောင်တို့အား ''အာဒံကို ဦးချလော့၊''ဟု မိန့်သော်၊ ဦးချကြကုန်၏။ သို့သော် ရှေးရိုးစွဲသည်☆ မပါ။ သူသည် အန္ဓပုတုဇဉ်များမှ☆ ဖြစ်၏။ ကံကြမ္မာရှင်၏ ညွှန်ကြားချက်နှင့် စပ်လျဉ်း၍ ယုတ်မာ၏၊ သင်တို့သည် ငါ မှလွဲ၍ သူနှင့် သူ့သားမြေးများကို မဟာမိတ် အဖြစ် ယူမှတ်ကြမည်လော၊ သူတို့သည် သင်တို့အပေါ် စည်းဖေါက်သူများ မဟုတ်လော၊ အပြောင်းအလဲသည် အမိုက်ကောင်များ အတွက်– အမင်္ဂလာပင် ဖြစ်၏။
၅၁။	**مَا أَشْهَدتُّهُمْ خَلْقَ السَّمَاوَاتِ وَالْأَرْضِ وَلَا خَلْقَ أَنفُسِهِمْ وَمَا كُنتُ مُتَّخِذَ الْمُضِلِّينَ عَضُدًا۞**
	မိုးများနှင့် မြေအား ငါ ဖြစ်တည်စေရာ၌၊ သူတို့၏ စရိုက်အား ဖြစ်တည်စေရာ၌၊ သူတို့ကို သက်သေများ ဖြစ်စေသည် မဟုတ်ချေ။ လမ်းလွဲစေသူများအား လက်ရုံးများ အဖြစ်လည်း ယူမှတ်ခဲ့ခြင်း မရှိချေ။
၅၂။	**وَيَوْمَ يَقُولُ نَادُوا شُرَكَائِيَ الَّذِينَ زَعَمْتُمْ فَدَعَوْهُمْ فَلَمْ يَسْتَجِيبُوا لَهُمْ وَجَعَلْنَا بَيْنَهُم مَّوْبِقًا۞**
	''ငါနှင့် ရောပွေနှံးကိုးကွယ်ရာဟု သင်တို့ ရပ်တည်ပြောဆိုခဲ့သော သူများထံ အော်တောင်းကြလော့၊''ဟု အရှင်မိန့်သော နေ့ကာလ၌ သူတို့သည် ဆုတောင်းကြလိမ့်မည်၊ သို့သော် သူတို့အား တုန့်ပြန်လိမ့်မည် မဟုတ်ချေ။ သူတို့၏ ကြား၌ တားဆီးကာရံမှုကို ငါ စီစဉ်ထားတော်မူလတွံ့။
၅၃။	**وَرَأَى الْمُجْرِمُونَ النَّارَ فَظَنُّوا أَنَّهُم مُّوَاقِعُوهَا وَلَمْ يَجِدُوا عَنْهَا مَصْرِفًا۞**
	ရာဇဝတ်ကောင်များသည် အပူမီးကို မြင်တွေ့ရ၍၊ ထို၌ တည်နေရမည်ဟု တွေးမိနေပြီ၊ ထိုမှ ဘက်ပြန်ပြေးနိုင်သည်ကို တွေ့ရမည် မဟုတ်ချေ။
၅၄။ ☆ ၁၇း၈၉	**وَلَقَدْ صَرَّفْنَا فِي هَذَا الْقُرْآنِ لِلنَّاسِ مِن كُلِّ مَثَلٍ وَكَانَ الْإِنسَانُ أَكْثَرَ شَيْءٍ جَدَلًا۞**
	မုချပင်၊ ဤကုရ်အာန်၌ ငါသည် လူသားများအတွက် ဥပမာ ကိုယ်စီဖြင့် ထပ်ပြန်တလဲလဲရှင်းပြ၏။☆ သို့သော် လူသားသည် များစွာသော အရာများ၌ အကြီးအကျယ် စောဒကတက်၏။
၅၅။	**وَمَا مَنَعَ النَّاسَ أَن يُؤْمِنُوا إِذْ جَاءهُمُ الْهُدَى وَيَسْتَغْفِرُوا رَبَّهُمْ إِلَّا أَن تَأْتِيَهُمْ سُنَّةُ الْأَوَّلِينَ أَوْ يَأْتِيَهُمُ الْعَذَابُ قُبُلًا۞**
	သူတို့ထံသို့ လမ်းညွှန်တရား ရောက်လာသောအခါ၊ သူတို့၏ ကံကြမ္မာရှင်ထံ၌ လွတ်ငြိမ်းဆုပန်ခြင်းမှ– ယုံကြည်ခြင်းမှ– လူသားအား ဟန့်တားခံနေရသည်မှာ– သူတို့၏ ရှေးဟောင်း ဓလေ့များကို ယူလာခြင်းကြောင့်၊ သို့မဟုတ် ဝဋ်ကြွေးကို ရှေ့ဆိုင်တိုး ယူလိုခြင်းကြောင့် ဖြစ်၏။

၅၆။	**وَمَا نُرْسِلُ الْمُرْسَلِينَ إِلَّا مُبَشِّرِينَ وَمُنذِرِينَ وَيُجَادِلُ الَّذِينَ كَفَرُوا بِالْبَاطِلِ لِيُدْحِضُوا بِهِ الْحَقَّ وَاتَّخَذُوا آيَاتِي وَمَا أُنذِرُوا هُزُوًا۝**
☆ ၉၃၃	ဉာဏ်စဉ်ဆောင်များကို သတင်းပေးသူ၊ သတိပေးသူများ အဖြစ်ဖြင့်သာ ငါ စေစားတော်မူ၏။☆ ဖုံးကွယ်သော သူတို့သည် သစ္စာတရားကို မိစ္ဆာတရားဖြင့် စောဒကတက် တိုက်ခိုက်၏။ ငါ၏ သုတ်ဒေသနာများနှင့် သတိပေးချက်များကို လှောင်ပြောင်စရာဟု ယူမှတ်ကြ၏။
၅၇။	**وَمَنْ أَظْلَمُ مِمَّن ذُكِّرَ بِآيَاتِ رَبِّهِ فَأَعْرَضَ عَنْهَا وَنَسِيَ مَا قَدَّمَتْ يَدَاهُ إِنَّا جَعَلْنَا عَلَى قُلُوبِهِمْ أَكِنَّةً أَن يَفْقَهُوهُ وَفِي آذَانِهِمْ وَقْرًا وَإِن تَدْعُهُمْ إِلَى الْهُدَى فَلَن يَهْتَدُوا إِذًا أَبَدًا۝**
	ကံကြမ္မာရှင်၏ သုတ်ဒေသနာများကို သတိဖေါ်ပေးခံရပြီး ၎င်းကို ဘောင်ကန့်ထားသူ၊ သူ့လက်များက မည်သည်အား စုံရပ်ခံလျက် မေ့ပျောက်နေသူထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း။ မှတ်သားလော့ သူတို့၏ နှလုံးသား၌ ကွယ်ကာမှုနှင့်၊ သူတို့၏ နားများ လေးလျက် နားမလည်ခြင်းကို ငါ စီစဉ်ထားပြီ။ သူတို့အား လမ်းညွှန် ဘက်သို့ ဖိတ်ခေါ် သော်လည်း မည်သည့်အခါမှ လမ်းညွှန်ရမည် မဟုတ်ချေ။
၅၈။	**وَرَبُّكَ الْغَفُورُ ذُو الرَّحْمَةِ لَوْ يُؤَاخِذُهُم بِمَا كَسَبُوا لَعَجَّلَ لَهُمُ الْعَذَابَ بَل لَّهُم مَّوْعِدٌ لَّن يَجِدُوا مِن دُونِهِ مَوْئِلًا۝**
	သင့်ကံကြမ္မာရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ ကရုဏာတော် အရှင် ဖြစ်၏။ သူတို့၏ ကျင့်ဆောင်မှုများကြောင့် သူတို့အား အရေးယူခဲ့လျှင်၊ သူတို့၏ ဝဋ်ကြွေးအတွက် သူတို့အား အလျင်မြန်ပြီးဖြစ်လတ္တံ့။ အမှန်မှာ သူတို့အတွက် ကတိချိန်ရှိ၏။ ထို မှလွဲ၍ ထွက်ပြေးလွတ်မြောက်ရာကို တွေ့ရမည် မဟုတ်ချေ။
၅၉။	**وَتِلْكَ الْقُرَى أَهْلَكْنَاهُمْ لَمَّا ظَلَمُوا وَجَعَلْنَا لِمَهْلِكِهِم مَّوْعِدًا۝**
	သူတို့ အမိုက်စီးနေစဉ်တွင် ငါသည် ဤဒေသများကို တိမ်ကောစေခဲ့ပြီ။ သူတို့၏ တိမ်ကောခြိန်ကို ငါ စီစဉ်ကတိထားပြီး ဖြစ်၏။
၆၀။	**وَإِذْ قَالَ مُوسَى لِفَتَاهُ لَا أَبْرَحُ حَتَّى أَبْلُغَ مَجْمَعَ الْبَحْرَيْنِ أَوْ أَمْضِيَ حُقُبًا۝**
	မူဆာက သူ၏ လုလင်အား ‘‘ကျွန်ုပ်သည် ရောက်ရန် မည်မျှကြာသည် ဖြစ်စေ၊ မြစ်နှစ်စင်းဆုံရာသို့ မရောက်မချင်း ကြာမြင့်စွာ ခရီးဆက်နေမည်’’ဟု ဆို၏။[၆၅၆]
၆၁။	**فَلَمَّا بَلَغَا مَجْمَعَ بَيْنِهِمَا نَسِيَا حُوتَهُمَا فَاتَّخَذَ سَبِيلَهُ فِي الْبَحْرِ سَرَبًا۝**
	သူတို့သည် ထိုနှစ်ခုဆုံရာသို့ ရောက်သောအခါ၊ သူတို့၏ ငါးကို မေ့နေကြ၏။ ၎င်းသည် မြစ်ထဲ၌ သူ့လမ်းကို ရယူ၍ လှစ်ကနဲထွက်ပြေးသွား၏။
၆၂။	**فَلَمَّا جَاوَزَا قَالَ لِفَتَاهُ آتِنَا غَدَاءنَا لَقَدْ لَقِينَا مِن سَفَرِنَا هَذَا نَصَبًا۝**
	သူတို့ မြစ်ကိုဖြတ်ကျော်ပြီးနောက်၊ သူက သူ့လုလင်အား၊ ‘‘မနက်စာကို ကျွန်ုပ်တို့ထံသို့ ပေးလော့၊ ဤ ဆုံရသော လမ်းခရီးသည် ကျွန်ုပ်တို့အား အတော်ပန်းစေ၏’’ဟု ပြောဆိုသော်၊

---

(၆၅၆) ဤသုတ်တော်သည် ကိုယ်တော်မူဆာ၏ လူရွယ်ဘဝ ပညာရှာရန် သွားသော ခရီးစဉ်ကို ဖေါ်ပြပေသည်။ ထိုအကြောင်းအရာကို သမ္မာကျမ်းစာနှင့် ဂျူးကျမ်းစာများတွင် ဖေါ်ပြထားခြင်း မရှိချေ။ မြစ်နှစ်ခုဆုံရာ အရပ်ဆိုသည်မှာ အီသီယိုပီးယား နိုင်ငံ ခါတွန်ဒေသ ဖြစ်၍၊ နိုင်းလ်မြစ်နှင့် ခါတွန်မြစ်တို့ ဆုံရာဒေသ ဖြစ်ပေသည်။ ထိုစဉ်က အီသီယိုပီးယားသည် အီဂျစ်နိုင်ငံ၏ တောင်ပိုင်းနှင့် ဆက်စပ်လျက် ရှိခဲ့ပေသည်။ ဂျူး–ဗဟုသုတ ဟင်းလေးအိုးကြီးစာအုပ်တွင် ကိုယ်တော်မူဆာသည် ထိုဒေသသို့ ခရီးသွားခဲ့ကြောင်း– မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။ ကိုယ်တော်သည် ထိုအရပ်ဒေသ၌ အိမ်ထောင်ကျခဲ့ပေသည်။ ထိုမိန်းမနှင့် လက်ထပ်ယူသောကြောင့် ကိုယ်တော်မူဆာသည် အပြစ်တင်ခံရကြောင်းကို ဓမ္မဟောင်းကျမ်း တောလည်ရာ ၁၂း၁ တွင် တွေ့ရပေသည်။

၆၃။	**قَالَ أَرَأَيْتَ إِذْ أَوَيْنَا إِلَى الصَّخْرَةِ فَإِنِّي نَسِيتُ الْحُوتَ وَمَا أَنسَانِيهُ إِلَّا الشَّيْطَانُ أَنْ أَذْكُرَهُ وَاتَّخَذَ سَبِيلَهُ فِي الْبَحْرِ عَجَبًا۞** လုလင်က ''အသင် မြင်ယောင်မိပါသလော၊ ကျောက်တုံးပေါ်၌ ကျွန်ုပ်တို့ ခိုနားစဉ်၊ ငှင်းကို ကျွန်ုပ် မေ့သွား၏၊ မကောင်းဆိုးဝါးက ကျွန်ုပ်အား သတိဖေါ်ပေးရန် မေ့နေစေပါ၏၊ ငှင်းသည် မြစ်ထဲ၌ သူ့လမ်းကို ရယူသွားပါပြီ၊ အံ့သြလောက်ပါ၏၊''ဟု ပြန်ပြော၏။[၆၅၇]
၆၄။	**قَالَ ذَلِكَ مَا كُنَّا نَبْغِ فَارْتَدَّا عَلَى آثَارِهِمَا قَصَصًا۞** သူက ဤသည် ကျွန်ုပ်တို့ ရှာဖွေသည့်လမ်း ဖြစ်သည်ဟု ဆို၍၊ ဖေါ်ပြသည့် ခြေရာအတိုင်းလိုက်ခဲ့ကြ၏။
၆၅။	**فَوَجَدَا عَبْدًا مِّنْ عِبَادِنَا آتَيْنَاهُ رَحْمَةً مِنْ عِندِنَا وَعَلَّمْنَاهُ مِن لَّدُنَّا عِلْمًا۞** သို့ဖြင့် သူတို့သည် ငါ့ထံပါး၌ ကရုဏာ သက်ခံရသူ၊ ငါ့ထံတော်မှ အသိပညာအားဖြင့် ပညာအလင်း ချီးမြှင့်ခံရသူ ဖြစ်သော ငါ့ အမှုတော်ဆောင် တစ်ဦးအား တွေ့ရ၏။
၆၆။	**قَالَ لَهُ مُوسَى هَلْ أَتَّبِعُكَ عَلَى أَن تُعَلِّمَنِ مِمَّا عُلِّمْتَ رُشْدًا۞** မူဆာက သူ့အား ''အသင် သင်ကြားခံရသည်များမှ ဖြောင့်မတ်မှုကို ကျွန်ုပ်အား ပြန်သင်ပေးအံ့ငှာ သင့်နောက်သို့ လိုက်ခွင့်ပြုပါ၊''ဟု တောင်းဆိုသော်၊
၆၇။ ထို ပုဂ္ဂိုလ်	**قَالَ إِنَّكَ لَن تَسْتَطِيعَ مَعِيَ صَبْرًا۞** **သူ**က ပြန်ပြောသည်မှာ ''သင်သည် ကျွန်ုပ်အား သည်းခံနိုင်မည် မဟုတ်ချေ–
၆၈။	**وَكَيْفَ تَصْبِرُ عَلَى مَا لَمْ تُحِطْ بِهِ خُبْرًا۞** သင် သတင်း ဂျပ်ပိတ်နေသည်ကို မည်သို့ သည်းခံနိုင်အံ့နည်း၊''ဟု ဖြစ်၏။
၆၉။ မူဆာ	**قَالَ سَتَجِدُنِي إِن شَاء اللَّهُ صَابِرًا وَلَا أَعْصِي لَكَ أَمْرًا۞** **သူ**က ''ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီလျှင် သည်းခံခြင်းတရားကို ကျွန်ုပ်ထံ၌ တွေ့ရလိမ့်မည်၊ သင့် ညွှန်ကြားချက်ကို ကျွန်ုပ် အာခံမည် မဟုတ်ချေ၊''ဟု ပြန်ပြောသောအခါ။
၇၀။ ထို ပုဂ္ဂိုလ်	**قَالَ فَإِنِ اتَّبَعْتَنِي فَلَا تَسْأَلْنِي عَن شَيْءٍ حَتَّى أُحْدِثَ لَكَ مِنْهُ ذِكْرًا۞** **သူ**က ''ကျွန်ုပ်နောက်သို့ လိုက်လျှင် ကျွန်ုပ်က သင့်အား သတိဖေါ် မဆင့်ပြန်ပေးသ၍၊ မည်သည့်အရာကိုမှ မေးခွန်း မထုတ်နှင့်၊''ဟု ပြော၍။
၇၁။ မူဆာ	**فَانطَلَقَا حَتَّى إِذَا رَكِبَا فِي السَّفِينَةِ خَرَقَهَا قَالَ أَخَرَقْتَهَا لِتُغْرِقَ أَهْلَهَا لَقَدْ جِئْتَ شَيْئًا إِمْرًا۞** သူတို့ ထွက်ခွာခဲ့ကြရာ၊ သင်္ဘောကုန်းပတ်၌ ရှိစဉ်၊ ငှင်းကို ဖေါက်သောအခါ၊ **သူ**က ''သင်သည် သင်္ဘောရှိ သူများ နစ်မြုပ်စေရန် အပေါက်ဖေါက်သလော၊ ဇောနပင် သင့် ဆိုးသောစီမံချက်ကို ပေးရောက်ခဲ့ပြီတကား''ဟု ဆိုသော်။
၇၂။ ထို ပုဂ္ဂိုလ်	**قَالَ أَلَمْ أَقُلْ إِنَّكَ لَن تَسْتَطِيعَ مَعِيَ صَبْرًا۞** **သူ**က ''သင်သည် ကျွန်ုပ်အား သည်းခံနိုင်မည် မဟုတ် ဟု ကျွန်ုပ်မပြောခဲ့သလော၊''ဟု ဆို၏။

---

(၆၅၇) ကိုယ်တော်မူဆာတို့၌ ရှိသော ငါးသည် ''ကင်ထားသောငါး၊''ဟု အချို့ဆရာတော်ကြီးများ၏ ပြောဆိုရေးသားမှုသည် လုံးဝ မှားယွင်းပေသည်။ ထို့အတွက် ခိုင်လုံသော အစွမ်းသာမ်ကျမ်းဟူ၍ မရှိချေ။ ထို့ပြင် ဤသုတ်တော်မှ မကောင်းဆိုးဝါး ဆိုသည်မှာ နာနာဘာဝ မဟုတ်ချေ။ ကိုယ်တော်မူဆာ ခေါ်လာသော လုလင်က သူ့စိတ်၏ မေ့လျော့ခြင်းကို သူ့ကိုယ်သူ ပြောခြင်း ဖြစ်၍။ အံ့သြလောက်ပါ၏ ဆိုသည်မှာ ငါးလွတ်သွားကြောင်းကို ကိုယ်တော် မူဆာအား ပြောဆိုရန် မေ့နေသည့်အတွက် သူ့ကိုယ်သူ အံ့သြခြင်းသာ ဖြစ်ပေသည်။

၇၃။	**قَالَ لَا تُؤَاخِذْنِي بِمَا نَسِيتُ وَلَا تُرْهِقْنِي مِنْ أَمْرِي عُسْرًا۝**
မူဆာ	**သူက** ''ကျွန်ုပ်၏ မေ့နေမှုအတွက် အရေးမယူပါနှင့်၊ ကျွန်ုပ်၏ အစီအမံကြောင့် မခက်ခဲစေပါနှင့်၊''ဟု တောင်းပန်၏။
၇၄။	**فَانطَلَقَا حَتَّى إِذَا لَقِيَا غُلَامًا فَقَتَلَهُ قَالَ أَقَتَلْتَ نَفْسًا زَكِيَّةً بِغَيْرِ نَفْسٍ لَّقَدْ جِئْتَ شَيْئًا نُّكْرًا۝**
	ထွက်ခွာခဲ့ပြန်ရာ၊ ကလေးတစ်ယောက်ကို တွေ့ပြီး၊ သူ သတ်လိုက်သောအခါ၊ ''အခြား ဥည်တစ်ခုအစား သန့်ရှင်းဖြူစင်သော ဥည်တစ်ခုကို သင် သတ်လိုက်၏၊ မကြံဉာဏ်းသည့် အရာကို သင် ပေးရောက်စေပြန်ပြီ၊''ဟု ပြောပြန်၏။
၇၅။ ထို ပုဂ္ဂိုလ်	**قَالَ أَلَمْ أَقُل لَّكَ إِنَّكَ لَن تَسْتَطِيعَ مَعِي صَبْرًا۝**
	သူက ''ကျွန်ုပ်အား သင် သည်းခံနိုင်မည် မဟုတ် ဟု ကျွန်ုပ်မပြောခဲ့သလော၊''ဟု ဆိုရပြန်၏။
၇၆။ မူဆာ	**قَالَ إِن سَأَلْتُكَ عَن شَيْءٍ بَعْدَهَا فَلَا تُصَاحِبْنِي قَدْ بَلَغْتَ مِن لَّدُنِّي عُذْرًا۝**
	သူက ''ဤနောက်တွင် သင့်အား တစ်စုံတစ်ရာ မေးမိပါလျှင် ကျွန်ုပ်ကို အဖော်ပြုရန်မလိုတော့ပြီဟူသော ကျွန်ုပ်ထံမှ ခွင့်ပြုချက်ကို အပ်ပါပြီ၊''ဟု ဆို၏။
၇၇။ မူဆာ	**فَانطَلَقَا حَتَّى إِذَا أَتَيَا أَهْلَ قَرْيَةٍ اسْتَطْعَمَا أَهْلَهَا فَأَبَوْا أَن يُضَيِّفُوهُمَا فَوَجَدَا فِيهَا جِدَارًا يُرِيدُ أَنْ يَنقَضَّ فَأَقَامَهُ قَالَ لَوْ شِئْتَ لَاتَّخَذْتَ عَلَيْهِ أَجْرًا۝**
	ထွက်ခွာခဲ့ကြပြန်ရာ အရပ်ဒေသသားတို့ထံ ဆိုက်ရောက်လာ၍၊ သူတို့အတွက် ထိုအရပ်သားတို့ထံမှ အစားအစာကို တောင်းကြသော်လည်း သူတို့က လက်မခံ၊ ဧည့်ဝတ်မကျေကြချေ။ ထို၌ ပြိုလုဆဲဆဲ အုပ်တံတိုင်းကို တွေ့၍၊ သူသည် ၎င်းကို တည်မြဲရန်ပြုလိုသဖြင့်၊ **သူက** ''သင် စံချိန်ပြည့်ခဲ့သော် ထို့အတွက် အကျိုးဆုလဒ် ယူနိုင်၏။''ဟု ပြောမိပြန်၍၊
၇၈။	**قَالَ هَذَا فِرَاقُ بَيْنِي وَبَيْنِكَ سَأُنَبِّئُكَ بِتَأْوِيلِ مَا لَمْ تَسْتَطِع عَّلَيْهِ صَبْرًا۝**
	သူက ''သင်နှင့် ကျွန်ုပ်အကြား ဤ၌ ခွဲခြားသွားပေပြီ။ သို့သော် သင် သည်းမခံနိုင်သော သတင်းကို ကျွန်ုပ် ဖွင့်ဆို ရှင်းပြပေအံ့၊''ဟု ဆို၍။
၇၉။	**أَمَّا السَّفِينَةُ فَكَانَتْ لِمَسَاكِينَ يَعْمَلُونَ فِي الْبَحْرِ فَأَرَدتُّ أَنْ أَعِيبَهَا وَكَانَ وَرَاءهُم مَّلِكٌ يَأْخُذُ كُلَّ سَفِينَةٍ غَصْبًا۝**
	သင်္ဘောအကြောင်းမှာမူ ၎င်းသည် မြစ်ပြင်၌ ကျင့်ကြံကျက်စားရသော နွမ်းပါးသူ ပိုင် ဖြစ်၏၊ ၎င်းကို ကျွန်ုပ် ပေါက်ကျစေလိုခြင်းမှာ သူတို့၏ နောက်ကွယ်၌ ဘုရင်တစ်ပါးရှိ၍ သူသည် လှေသင်္ဘောတိုင်းကို အတင်းအဓမ္မ သိမ်းပိုက်သော ကြောင့် ဖြစ်၏။
၈၀။	**وَأَمَّا الْغُلَامُ فَكَانَ أَبَوَاهُ مُؤْمِنَيْنِ فَخَشِينَا أَن يُرْهِقَهُمَا طُغْيَانًا وَكُفْرًا۝**
	ကလေးအကြောင်းမူကား သူ့မိဘများသည် ယုံကြည်သူများဖြစ်၏၊ သူ၏ စည်းဖျက်မှုကြောင့်– ဖုံးကွယ် လိမ်ညာမှုကြောင့်– သူတို့အား ဖိစီးခံရမည်ကို ကျွန်ုပ် စိုးရိမ်၏။
၈၁။	**فَأَرَدْنَا أَن يُبْدِلَهُمَا رَبُّهُمَا خَيْرًا مِّنْهُ زَكَاةً وَأَقْرَبَ رُحْمًا۝**
	သူတို့အတွက် သူ့ထက် သန့်ရှင်းဖြူစင်သော– ကရုဏာစိတ်နှင့် နီးကပ်သော– ပိုမိုကောင်းမြတ်သည့် သူကို သူ့နေရာ တွင် ကျွန်ုပ် ပြောင်းလဲစေလို၏။
၈၂။	**وَأَمَّا الْجِدَارُ فَكَانَ لِغُلَامَيْنِ يَتِيمَيْنِ فِي الْمَدِينَةِ وَكَانَ تَحْتَهُ كَنزٌ لَّهُمَا وَكَانَ أَبُوهُمَا صَالِحًا فَأَرَادَ رَبُّكَ أَنْ يَبْلُغَا أَشُدَّهُمَا وَيَسْتَخْرِجَا كَنزَهُمَا رَحْمَةً مِّن رَّبِّكَ وَمَا فَعَلْتُهُ عَنْ أَمْرِي ذَلِكَ تَأْوِيلُ مَا لَمْ تَسْطِع عَّلَيْهِ**

	صَبْرًا۞ အုပ်တံတိုင်းမှာမူ၊ ၎င်းသည် မြို့တွင်းရှိ မိဘမဲ့ ကလေးနှစ်ယောက်ပိုင် ဖြစ်၏။ ထိုအောက်၌ သူတို့ပိုင် ရတနာသိုက် ရှိ၏၊ သူတို့၏ ဖခင်မှာ ပြုပြင်ပြောင်းလဲသူ ဖြစ်၏။ ကံကြမ္မာရှင်သည် သူတို့အား အရွယ်ရောက် ရင့်ကျက်လာလျှက် သူတို့၏ ရတနာအား ကံကြမ္မာရှင်၏ ကရုဏာတော်အားဖြင့် ဖေါ်ယူနိုင်သည်ကို လိုလား၏။ ကျွန်ုပ်သည် ၎င်းကို ကျွန်ုပ်၏ စီမံချက်ဖြင့် ပြုလုပ်သည် မဟုတ်၊ ဤသည် သင် သည်းခံရန် တတ်နိုင်သည် မဟုတ်သော အကြောင်းတို့ အတွက် ဖွင့်ဆို ရှင်းပြမှုပင်ဖြစ်၏။
၈၃။	**وَيَسْأَلُونَكَ عَنْ ذِي الْقَرْنَيْنِ قُلْ سَأَتْلُو عَلَيْكُم مِّنْهُ ذِكْرًا**۞ သင့်ထံ၌ **ကာရ်နိုင်မင်း** နှင့်စပ်လျဉ်း၍ မေးသူတို့အား၊ ''သူ့အကြောင်းကို သင်တို့အား သတိဖေါ် ရွတ်ပြပေအံ့၊''ဟု ဆို၍[၆၅]
၈၄။ နောင် ဖွဲ့မှု	**إِنَّا مَكَّنَّا لَهُ فِي الْأَرْضِ وَآتَيْنَاهُ مِن كُلِّ شَيْءٍ سَبَبًا**۞ ငါသည် သူ့အား မြေကမ္ဘာ၌ တည်ထောင်စေ၍၊ အလုံးစုံ၏ **ပြည်ထောင်စုမူကို** ပေးအပ်သော်၊
၈၅။	**فَأَتْبَعَ سَبَبًا**۞ သူသည် ပြည်ထောင်စုမူကို လိုက်၏။
၈၆။ Black Sea	**حَتَّى إِذَا بَلَغَ مَغْرِبَ الشَّمْسِ وَجَدَهَا تَغْرُبُ فِي عَيْنٍ حَمِئَةٍ وَوَجَدَ عِندَهَا قَوْمًا قُلْنَا يَا ذَا الْقَرْنَيْنِ إِمَّا أَن تُعَذِّبَ وَإِمَّا أَن تَتَّخِذَ فِيهِمْ حُسْنًا**۞ သူသည် နေ၏ ဝင်ရာသို့ ရောက်သော် **ပင်လယ်နက်**ထဲသို့[၆၆] နေဝင်သည်ကို သူတွေ့ရ၏၊ ထို၌ လူတစ်မျိုးကိုလည်း တွေ့ရ၍၊ ငါက ''အေ– မင်းကြီး ကာရ်နိုင်၊ သင်သည် ပြစ်ဒဏ်ပေးခြင်းကို ဖြစ်စေ သို့မဟုတ် သူတို့မှ တင့်တယ်သော အရာကို ဖြစ်စေ ယူခွင့်ရပြီ၊''ဟု မိန့်၏။
၈၇။	**قَالَ أَمَّا مَن ظَلَمَ فَسَوْفَ نُعَذِّبُهُ ثُمَّ يُرَدُّ إِلَى رَبِّهِ فَيُعَذِّبُهُ عَذَابًا نُّكْرًا**۞ သူ ပြောသည်မှာ ''မိုက်မဲသူများ အတွက်မူ ကျွန်ုပ် ပြစ်ဒဏ်ပေးမည်၊ ထို့နောက် သူတို့အား သူ့ကံကြမ္မာရှင်ထံသို့ ပြန်လှည့် စေမည်၊ သူ့အား မကြုံဘူးသည့် ပြစ်ဒဏ်ဖြင့် ပြစ်ဒဏ်ပေးလေလတ္တံ့၊–
၈၈။	**وَأَمَّا مَنْ آمَنَ وَعَمِلَ صَالِحًا فَلَهُ جَزَاء الْحُسْنَى وَسَنَقُولُ لَهُ مِنْ أَمْرِنَا يُسْرًا**۞ ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှုအား ကျင့်ကြံသူအတွက်မူ တင့်တယ်သော အစားပေးမှုရှိ၍၊ ကျွန်ုပ်တို့ထံမှ လွယ်ကူသော စီမံချက်များကို ပြောပြပါမည်၊''ဟု ဖြစ်၏။

---

(၆၅) အာရ်ဗီဝေါဟာရ **သူ** ဆိုသည်မှာ ပိုင်ရှင်၊ အရှင်၊ ပြည့်ရှင် ဟု ဖြစ်၍၊ **ကရန်း** ဆိုသည်မှာ ရာစုတစ်ခု မျိုးဆက်ကို ရည်ညွှန်းသော ဦးချို့ကို ခေါ်၏၊ **ကာရ်နိုင်း** ရာစုနှစ်ခု မျိုးဆက်နှစ်ဆက်ကို ရည်ညွှန်းသော ဦးချို့နှစ်ခုကို ဆိုပေသည်။ သမ္မာကျမ်းစာတွင် တမန်တော် ဒံယေလ၏ မြင်ကွင်း အာရုံ ဖြစ်သည့် မီဒီယာနှင့် ပါရှား အင်ပါယာ နှစ်ခု၏ ပြည့်ရှင် ဦးချို့နှစ်လုံး ပိုင်ရှင်ဟု ဖေါ်ပြထားပေသည်၊ (ဒံယေလ–၈း၃။ ၈း၂၀)။ သို့သော် သမ္မာကျမ်းတွင် အင်ပါယာ နှစ်ခုအား အုပ်ချုပ်မှု တစ်ခုတည်း အောက်တွင် ထား၍ အုပ်ချုပ်သော **သူရိယာ့စ်** ကို **ကုရှမင်း**ဟု လွဲမှားစွာ ခေါ်တွင်ထား ပေသည်၊ (သမ္မာကျမ်းဆိုင်ရာ ဗဟုသတဟင်းလေးအိုးကြီး၊ ရေဝတီ ဗဟုသုတဟင်းလေးအိုးကြီး– သူရိယာ့စ်)၊ ဒံယေလ၏ ရှုပါရုံ မြင်ကွင်းမှာ **ကုရှ မင်း** မဟုတ်ချေ။ သူရိယာ့စ်–၁ (ဘီစီ ၅၂၁–၄၈၄) သာဖြစ်ကြောင်း အဆိုပါ သုတေသန စာအုပ်များတွင် ဖေါ်ပြထားပေသည်။ ထို့ကြောင့် သူကာရ်နိုင် ဆိုသည်မှာ သူရိယာ့စ် –၁ ကို ရည်ညွှန်းပေသည်။

(၆၆) ထိုမင်းကြီး၏ အင်ပါယာမှာ အနောက်ဘက် (နေဝင်ရာဘက်သို့) ပင်လယ်နက် Blcak Sea ထိ ပိုင်ဆိုင်ပေသည်။ ဤနေရာ၌ ပင်လယ်နက် ဆိုသည်မှာ အာရ်ဗီစကား **အိုင်းနင် ဟမီးအတ် ဧမَئَةٍ عَيْنٍ** ကို တိုက်ရိုက်ပြန်ဆိုခြင်း ဖြစ်ပေသည်။ **အိုင်းနင် عَيْنٍ** ၏ အနက်မှာ **များစွာသော ရေထု** ဟု ဖြစ်၍၊ **ဟမီးအတ် ဧمَئَةٍ** ဆိုသည်မှာ အမည်း အနက်ရောင် ရှိသော **အောက်ခံ ရွံ့မြေ**ဟု ဖြစ်ပေသည်။

၈၉။	**ثُمَّ أَتْبَعَ سَبَبًا ۞** ထို့ပြင် သူသည် ပြည်ထောင်စုအတွက် လိုက်ပြန်၏။
၉၀။	**حَتَّىٰ إِذَا بَلَغَ مَطْلِعَ الشَّمْسِ وَجَدَهَا تَطْلُعُ عَلَىٰ قَوْمٍ لَّمْ نَجْعَل لَّهُم مِّن دُونِهَا سِتْرًا ۞** သူသည် နေ၏ ထွက်လာရာ အရပ်သို့ ရောက်လာသော်၊ ထိုနေပူကို ပုန်းကွယ်ရန် ငါအရှင် စီစဉ်ပေးမထားသော လူမျိုးတစ်မျိုး အပေါ်မှ နေထွက်လာသည်ကို သူတွေ့ရ၏။[၆၆၀]
၉၁။	**كَذَٰلِكَ وَقَدْ أَحَطْنَا بِمَا لَدَيْهِ خُبْرًا ۞** ဤသို့ ငါသည် သူ့ကိုယ်သူ တိုင်ပတ်နေသည့် အရာကို သတင်းသိနေတော်မူ၏။
၉၂။	**ثُمَّ أَتْبَعَ سَبَبًا ۞** တဖန် သူသည် ပြည်ထောင်စုဖြစ်ရန် လိုက်ပြန်၏။
၉၃။	**حَتَّىٰ إِذَا بَلَغَ بَيْنَ السَّدَّيْنِ وَجَدَ مِن دُونِهِمَا قَوْمًا لَّا يَكَادُونَ يَفْقَهُونَ قَوْلًا ۞** သူသည် တောင်တံတိုင်း နှစ်ခု ကြားသို့ ရောက်သော်၊ သူတို့လူမျိုးချင်းမှ မှလွဲ၍ သဘောပေါက်မှု မနီးစပ်သော သူများကို တွေ့၏။
၉၄။	**قَالُوا يَا ذَا الْقَرْنَيْنِ إِنَّ يَأْجُوجَ وَمَأْجُوجَ مُفْسِدُونَ فِي الْأَرْضِ فَهَلْ نَجْعَلُ لَكَ خَرْجًا عَلَىٰ أَن تَجْعَلَ بَيْنَنَا وَبَيْنَهُمْ سَدًّا ۞** သူတို့က “အို– မင်းကြီး ကာရိန်၌၊ ဂေါဂနှင့် မာဂေါဂတို့သည် မြေကမ္ဘာ၌ အဖျက်ကောင်များ ဖြစ်ကြ၏။ သင့်ထံမှ ကျွန်ုပ်တို့ ခွဲထွက်ရန် စီစဉ်ရမည်လော သို့မဟုတ် ကျွန်ုပ်တို့ကြား သူတို့ကြား၌ သင် တံတိုင်း တည်ဆောက်ရန် စီစဉ်မည်လော၊” ဟု ပြောကြသော်၊[၆၆၀]
၉၅။ တံတိုင်း	**قَالَ مَا مَكَّنِّي فِيهِ رَبِّي خَيْرٌ فَأَعِينُونِي بِقُوَّةٍ أَجْعَلْ بَيْنَكُمْ وَبَيْنَهُمْ رَدْمًا ۞** သူ ပြောသည်မှာ “ကျွန်ုပ်၏ ကံကြမ္မာရှင်က ထူထောင်ပေးခြင်းသည် ပိုမိုကောင်း၏။ ကျွန်ုပ်အား အလုပ် စွမ်းအား ဖြင့်သာ ပံ့ပိုးပေးပါ။ သင်တို့၏ကြား သူတို့ကြား၌ **ခိုင်ခန့်သောစည်းရိုး** ကျွန်ုပ် စီစဉ်ပါမည်။–

---

(၆၆၀) သူကာရိန်၌ (သူရီယာ့စ်)၏ ခရီးစဉ် သုံးခုသည် အင်ပါယာ၏ ရှေ့တန်းမျက်နှာစာအား တောင့်တင်းခိုင်မာစေရန် သွားခဲ့ခြင်းဖြစ်၍၊ ပထမ ခရီးစဉ်မှာ အနောက်ဘက်သို့ ပင်လယ်နက် (၈၇)၊ ဒုတိယခရီးမှာ ၎င်းမှ အရှေ့ဘက်သို့ (နေထွက်ရာဘက်သို့) ကက်စပီယန်ပင်လယ်သို့ ဖြစ်သည်၊ ၎င်းကို တတိယခရီးစဉ် ဖြစ်သည့်၊ တံတိုင်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည့်၊ တောင်တန်းနှစ်ခုက (၉၃) ညွှန်ပြလျက် ရှိပေသည်။ သူသည် ထိုတောင်တန်း နှစ်ခုကြားတွင် တံတိုင်း တည်ဆောက်ခဲ့ပေသည်။ ယခု ခရီးစဉ် (အရှေ့ဘက်) တွင် တွေ့ရသော လူမျိုးမှာ နေ၏ အပူကို ကာကွယ်ရန် အိုးအိမ် ဆောက်လုပ်နေထိုင်ခြင်း မရှိသေးသော ကက်စပီယန် ကမ်းခြေရှိ မဗ္ဘံဖြိုးသေးသည့်၊ မူလဒေသခံ တိုင်းရင်းသားများကို ဆိုလိုပေသည်။ ဗြိတိသျှ–ဗဟုသု တဟင်းလေးအိုးကြီးစာအုပ်၏ မီဒီယာ (Media)ဟူသော ခေါင်းစီးအောက်တွင် “အဆက်ရိုးယာန်း၏ အမည်စရင်း၌ ဖေါ်ပြသော ဇစ်ဂရိုးမှ တိုင်းရင်းသားများနှင့် မီဒီယာမြောက်ပိုင်း ဒေသသားတို့သည် အီရန်လူမျိုး၊ အင်ဒို–ဥရောပ လူမျိုးများ မဟုတ်ချေ၊ အာမေးရိုးယာန်းများ ကဲ့သို့ ဒေသခံများ ဖြစ်၍၊ ကော့ကေးရှပ်စ် တိုင်းရင်းသားများနှင့် မြောက်များစွာ ဆက်စပ်လျက် ရှိပေသည်။ အီရန်၏ အုပ်ချုပ်မှုအာဏာမှာ တဖြေးဖြေး ကျယ်ဝန်းလာလျက် တိုင်းရင်းသားခေါင်းဆောင်များသည် အီရန်နှင့် မဟာမိတ်ပြုလျက် အီရန်အမည်ကို ခံယူလာခဲ့သည်။”ဟု ဖေါ်ပြထားပေသည်။

(၆၆၁) ဓမ္မဟောင်း ယေဇကျေလ အနာဂတ္တိကျမ်း ၃၈း၂ နှင့် ၃၉း၆ တို့တွင် **မာဂေါဂ** ကို ဒေသ အဖြစ် ဖေါ်ပြ၍၊ သူတို့၏ ခေါင်းဆောင်မှာ **ဂေါဂ** ဖြစ်သည်ဟု ဆိုထားပေသည်။ သို့သော် ကမ္ဘာဦးကျမ်း ၁၀း၂ နှင့် ရာဇဝင်ချုပ် (ပ) ၁း၅ တွင် **မာဂေါဂ** ကို ယာဖက်၏ သားများဖြစ်သော ဂေါမာနှင့် မာဒဲ၏ ကြားမှ ဒုတိယသား အဖြစ် ဖေါ်ပြထားပေသည်။ သူတို့သည် နယ်မြေကိုယ်စီကို အုပ်ချုပ်ခွင့်ရခဲ့ကြောင်း ကမ္ဘာဦးကျမ်း ၁၀း၅ တွင် ဖေါ်ပြထားပေသည်။ ထို့ကြောင့် ယေဇကျေလ ၃၈း၂၊ ၃၉း၆ တွင်ဖေါ်ပြသော ဂေါဂ အုပ်ချုပ်ခွင့်ရသော အရပ် မာဂေါဂ ဆိုသည်မှာ ယခင်က မာဂေါဂ အုပ်ချုပ် ထူထောင်ခဲ့သောကြောင့် ထိုဒေသကို မာဂေါဂ ဟု ခေါ်တွင်ခြင်း ဖြစ်ပေသည်။ တောင်တန်းနှစ်ခု ဆိုသည်မှာ အာမေးနီးယန်းတောင်နှင့် အဇာဘိုင်ဂျန် တောင်တန်းတို့ ဖြစ်၍၊ ထိုနှစ်ခုကြားတွင် သူကာရ်ကာနိုင်မင်းသည် တံတိုင်း ဆောက်လုပ်ခဲ့ပေသည်။ ထို့ကြောင့် အချို့သော မွတ်ဆလင်သမိုင်းပညာရှင်များက သူကာရ်နိုင်မင်းကို အလက်ဇန်းဒရီးယားဖြစ်သည်ဟု မှားယွင်းစွာ မှတ်ချက်ချမှုများကိုလည်း တွေ့ရပေသည်။

၉၆။ မိုလ် (ပုံစံ)	**آتُونِي زُبَرَ الْحَدِيدِ حَتَّى إِذَا سَاوَى بَيْنَ الصَّدَفَيْنِ قَالَ انفُخُوا حَتَّى إِذَا جَعَلَهُ نَارًا قَالَ آتُونِي أُفْرِغْ عَلَيْهِ قِطْرًا**۞ ကျွန်ုပ်ထံသို့ သံ **ပုံ**များကို ပေးကြလော့၊''ဟု ဖြစ်၏။ သူသည် တောင်ပြိုင်နှစ်ခုကြား ပုံစံချသော် ''ငင်းကို စီစဉ်သော အခါ မီးသားဖြစ်သည်ထိ ပန်းဘဲထိုးလော့''ဟု ဆို၍၊ ''ထိုအပေါ်၌ ဖြည့်ရန် ကြေးရည်ပူ ကျွန်ုပ်ကို ပေးလော့၊''ဟု ပြော၏။[၆၆၂]
၉၇။ ဓနီး	**فَمَا اسْطَاعُوا أَن يَظْهَرُوهُ وَمَا اسْتَطَاعُوا لَهُ نَقْبًا**۞ သို့ဖြင့် သူတို့သည် ငင်းကို **ကျော်တက်ရန်** တတ်နိုင်ခြင်း မရှိ၊ ငင်းအား ထိုးဖောက်ရန်လည်း တတ်နိုင်ခြင်း မရှိ။
၉၈။ တံတိုင်း ကို	**قَالَ هَذَا رَحْمَةٌ مِّن رَّبِّي فَإِذَا جَاء وَعْدُ رَبِّي جَعَلَهُ دَكَّاء وَكَانَ وَعْدُ رَبِّي حَقًّا**۞ သူက ''ဤသည် ကြမ္မာရှင်၏ ထံမှ ကရုဏာ ဖြစ်၏။ ကံကြမ္မာရှင်၏ ထံမှ ကတိတော် ရောက်လာသောအခါ **ငင်းကို** ကြေမွပျက်စီးစေရန် စီစဉ်ပစ်လိမ့်မည်၊ ကံကြမ္မာရှင်၏ ကတိတော်သည် သစ္စာတရား ဖြစ်၏၊''ဟု ဆို၏။[၆၆၃]
၉၉။	**وَتَرَكْنَا بَعْضَهُمْ يَوْمَئِذٍ يَمُوجُ فِي بَعْضٍ وَنُفِخَ فِي الصُّورِ فَجَمَعْنَاهُمْ جَمْعًا**۞ ထိုနေ့ကာလ၌ ငါသည် သူတို့အား ချန်၍ အချို့အပေါ် အချို့ကို လှိုင်းရိုက်စေလျက်၊ ပုံစံ သက်ဝင်စေလျက် သူတို့ အားလုံးကို စုပေါင်းစေတော်မူမည်။[၆၆၄]
၁၀၀။	**وَعَرَضْنَا جَهَنَّمَ يَوْمَئِذٍ لِّلْكَافِرِينَ عَرْضًا**۞ ထိုနေ့၌ ငရဲဘုံကို ဘောင်အတိုင်း ဖုံးကွယ်သူများအတွက် ဘောင်တွင်းမှ ဖြစ်စေ၏။
၁၀၁။	**الَّذِينَ كَانَتْ أَعْيُنُهُمْ فِي غِطَاء عَن ذِكْرِي وَكَانُوا لَا يَسْتَطِيعُونَ سَمْعًا**۞ သူတို့၏ ရှိနေသော မျက်လုံးများသည် ငါ၏ သတိပေါ်ပေးခြင်းမှ ကာထား၏၊ သူတို့သည် ကြားနာရန်လည်း မတတ်နိုင်ချေ။
၁၀၂။	**أَفَحَسِبَ الَّذِينَ كَفَرُوا أَن يَتَّخِذُوا عِبَادِي مِن دُونِي أَوْلِيَاء إِنَّا أَعْتَدْنَا جَهَنَّمَ لِلْكَافِرِينَ نُزُلًا**۞ ဖုံးကွယ်သော သူများအား ''ငါ မှလွဲ၍ ငါ၏ အမှုတော်ဆောင်များကို မဟာမိတ်အဖြစ် ယူမှတ်နိုင်သည်၊''ဟု စဉ်းစားကြသလော။ ငါသည် ဖုံးကွယ်သူများအတွက် ငရဲဘုံ အဆင့်ဆင့်ကို ပြင်ဆင်ထားတော်မူ၏။''
၁၀၃။	**قُلْ هَلْ نُنَبِّئُكُمْ بِالْأَخْسَرِينَ أَعْمَالًا**۞ ဟောလော့– ''မည်သူသည် အကျင့်အကြံ၌ ဆုံးရှုံးမှု ကြီးရသည်ကို ကျွန်ုပ် သတင်းထုတ်ပြန်ရမည်လော၊–

---

(၆၆၂) ကြေးရည်ပူများ၊ သံတုံးများမှာ တံတိုင်း တစ်ခုလုံးအတွက် မဟုတ်ပေ၊ တံတိုင်းပြီး၍ တံခါးဆောက်လုပ်ရန် အတွက်သာ ဖြစ်ပေသည်။ ထို့ကြောင့် **တောင်ပြိုင်နှစ်ခုကြား ပုံဖေါ်ပြီးသော်** ဟု သုံးထားခြင်း ဖြစ်ပေသည်။ ဤသုတ်တော်မှ **ءَاتُونِي زُبَرَ الْحَدِيدِ ဇာဘုရလ် ဟဒီးဒ်** ဆိုသည်မှာ သံများကို စုဆောင်းထားသည်၊ သို့မဟုတ် သံများနှင့် ပတ်သက်သည့် နည်းပညာ စာအုပ်ဟု ဖြစ်ပေသည်။ **ဇာဘုရ်** ကို ၁၇း၅၅ တွင်ကြည့်ပါ။

(၆၆၃) တံတိုင်းခတ်ခြင်း ရည်ရွယ်ချက်မှာ ဂေါဂ၊ မာဂေါဂတို့အား သူတို့၏ နယ်နိမိတ်အတွင်း၌ ချုပ်မိနေစေရန်သာ ဖြစ်၍၊ ထိုနောက်ပိုင်း သူတို့၏ ရာသက်ပန် မျိုးဆက်များအတွက် မဟုတ်ချေ။ ထိုအကြောင်းကို ကျမ်းတော်၏ ၂၁း၉၆ တွင် အတိအကျပြောထားပေသည်။ ထို့ကြောင့် ထိုတံတိုင်း ကြီးမှာ လက်ရှိခေတ်အထိ တည်ရှိ မနေခြင်း ဖြစ်ပေသည်။ ထိုဂေါဂ၊ မာဂေါဂ၏ မျိုးဆက်များမှာ ကျူတိုးနစ်အနွယ်မှ ဆလာဗ် လူမျိုးများ ဖြစ်လာ၍၊ ထို့နောက် ဥရောပသို့ လွှမ်းမိုးသော မျိုးနွယ်များ ဖြစ်လာခဲ့ပေသည်။

(၆၆၄) စစ်ပွဲများဖြစ်လာ၍ ဤသည် တံတိုင်းကြီးပြိုမည့် လက္ခဏာကို ပြောဆိုခြင်း ဖြစ်ပေသည်။ အချို့က အချို့အပေါ်သို့ လှိုင်းရိုက်စေမည် ဆိုသည်မှာ **ဝင်ရောက်သိမ်းပိုက်မည်၊ ဩဇာလွှမ်းမိုးမည်၊** ဟု ဆိုခြင်းဖြစ်၍၊ ပုံစံများကို သက်ဝင်စေလျက် (တံပိုးခရာမှုတ်စေမည်) ဆိုသည်မှာ ''လူမျိုး ဆက်သစ်များ မွေးဖွားလာခြင်းကို ဆိုလိုသည်။ ထိုစကားလုံးကို **သင်တို့အား ဝမ်းကြာတိုက်တွင်း၌ သဏ္ဌာန်တည်စေ၏၊** ဟု ၆း၇၃ တွင် ဖေါ်ပြထား ပေသည်။ မျိုးဆက်သစ်များ မွေးဖွားပေါ်ပေါက်လာခြင်းသည် မျိုးဆက်ဟောင်းများအတွက် ကမ္ဘာပျက်ခြင်း ဖြစ်ပေသည်။

၁၀၄။	**الَّذِينَ ضَلَّ سَعْيُهُمْ فِي الْحَيَاةِ الدُّنْيَا وَهُمْ يَحْسَبُونَ أَنَّهُمْ يُحْسِنُونَ صُنْعًا۞** ဤလောကီဘဝ၌ လွဲမှားမှုကို လုံးပန်းနေလျက်၊ ၎င်းကို သုမဂ်လာ တည်ဆောက်မှုဟု သူတို့ကိုယ်သူတို့ စိတ်ကူးယဉ်သော သူများ။
၁၀၅။	**أُولَئِكَ الَّذِينَ كَفَرُوا بِآيَاتِ رَبِّهِمْ وَلِقَائِهِ فَحَبِطَتْ أَعْمَالُهُمْ فَلَا نُقِيمُ لَهُمْ يَوْمَ الْقِيَامَةِ وَزْنًا۞** သူတို့၏ ကံကြမ္မာရှင်ထံမှ သုတ်ဒေသနာများနှင့်၊ အရှင့်အား ဖူးတွေ့ရမည်ကို ဖုံးကွယ်သော သူများ၊ ထိုသူများ၏ ကျင့်ကြံမှုများသည် အချည်းနှီးပင်၊ ရပ်တည်ရမည့် နေ့၌ သူတို့အတွက် ချိန်ခွင်လျှာသည် တည်ငြိမ်နေမည် မဟုတ်ချေ။
၁၀၆။	**ذَلِكَ جَزَاؤُهُمْ جَهَنَّمُ بِمَا كَفَرُوا وَاتَّخَذُوا آيَاتِي وَرُسُلِي هُزُوًا۞** ဤသည် သူတို့အတွက် အစားပေးခြင်း ဖြစ်၏။ ငရဲဘုံမှာ– ငါ၏ သုတ်ဒေသနာများနှင့် ဉာဏ်စဉ်ဆောင်များကို လှောင်ပြောင်စရာ အဖြစ် ဖုံးကွယ် ယူမှတ်သောကြောင့် ဖြစ်၏။
၁၀၇။	**إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ كَانَتْ لَهُمْ جَنَّاتُ الْفِرْدَوْسِ نُزُلًا۞** ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသောသူများ– သူတို့အတွက် နိဗ္ဗာန် ဥယျာဉ်များ အဆင့်ဆင့်သည် ရှိစေ၏။
၁၀၈။	**خَالِدِينَ فِيهَا لَا يَبْغُونَ عَنْهَا حِوَلًا۞** ထို၌ အစဉ်စံစားရလတ္တံ့၊ ထို၌ ပရဝုဏ်အကန့်အသတ်ဟူ၍ ရှာမတွေ့နိုင်ချေ။”
၁၀၉။	**قُل لَّوْ كَانَ الْبَحْرُ مِدَادًا لِّكَلِمَاتِ رَبِّي لَنَفِدَ الْبَحْرُ قَبْلَ أَن تَنفَدَ كَلِمَاتُ رَبِّي وَلَوْ جِئْنَا بِمِثْلِهِ مَدَدًا۞** ဟောလော့ “သမုဒ္ဒရာသည် ကံကြမ္မာရှင်၏ ဓမ္မတော်အတွက် တိုးရွေ့နေသော်လည်း၊ ကံကြမ္မာရှင်၏ ဓမ္မတော် မခမ်းခြောက်မီ သမုဒ္ဒရာသည် သို့မဟုတ် ပမာတူ ထပ်တိုး ဖြည့်ရောက်နေခြင်းသည် ခမ်းခြောက်ရလတ္တံ့။[၆၆၅]
၁၁၀။	**قُلْ إِنَّمَا أَنَا بَشَرٌ مِّثْلُكُمْ يُوحَى إِلَيَّ أَنَّمَا إِلَٰهُكُمْ إِلَٰهٌ وَاحِدٌ فَمَن كَانَ يَرْجُو لِقَاء رَبِّهِ فَلْيَعْمَلْ عَمَلًا صَالِحًا وَلَا يُشْرِكْ بِعِبَادَةِ رَبِّهِ أَحَدًا۞** ဟောလော့ “ကျွန်ုပ်သည် သင်တို့ကဲ့သို့ လူပုဂ္ဂိုလ်မျှသာ ဖြစ်၏။ ကျွန်ုပ်ထံ အာရုံစျာန်ဖြစ်စေသည်မှာ သင်တို့၏ ဘုရားရှင်သည် တစ်ဆူတည်းသော ဘုရားရှင်ဖြစ်၏။ ကံကြမ္မာရှင်အား ဖူးတွေ့ရမည်ကို မျှော်ကိုးလျှင် ပြုပြင်ပြောင်းလဲသော အကျင့်ကို ကျင့်ကြံ၍၊ ကံကြမ္မာရှင်အား အမှုတော်ထမ်းခြင်းသည် တစ်စုံတစ်ရာနှင့် ရောပြွန်းကိုးကွယ်ခြင်းမှ ကင်းရပေမည်။”

---

(၆၆၅) ဤသုတ်တော်က ဓမ္မတော်မှ **မိဒါဒန်** **مِدَاد** ကို ဆရာတော်ကြီးများက **မှင်** ဟု ပြန်ဆိုကြပေသည်။ ဆိုလိုသည်မှာ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်များကို ရေးမှတ်ရန်အတွက် ပင်လယ်သမုဒ္ဒရာသည် မှင်ဖြစ်သော်လည်း ပင်လယ်သမုဒ္ဒရာ သာလျှင် ခန်းခြောက်ဘွယ်ရှိ၏။ ပရမတ် ဘုရားရှင်၏ ဂုဏ်တော်များ၊ ဓမ္မတော်များသည်ကား ကုန်ခန်းဘွယ် မရှိဟူလို။

သို့သော် ဆရာတော်ကြီးများ ပြန်ဆိုသော **မှင်** ဟူသည့် ဝေါဟာရမှာ ရင်းမြစ်စကားလုံး **မဒ်ဒ** မှ ဆင့်ပွားဖြစ်၍ ထိုစကားလုံးကို ကျမ်းတော်တွင် ၃၂ ကြိမ်ဖော်ပြထားပေသည်။ ကျမ်းတော်တွင် ကမ္ဘာမြေ၏ ရွှေ့လျောပြန့်ကားနေခြင်းကိုလည်း ဤစကားလုံး ရင်းမြစ်အတိုင်း သုံးထားသည်ကို တွေ့ရပေသည် (၁၃း၃)။ ပင်လယ်သမုဒ္ဒရာများသည် ကမ္ဘာမြေသားနှင့် ဟန်ချက်ညီစွာ တိုးရွေ့ကျယ်ပြန့်နေခြင်းကို ဖေါ်ပြထားပြီး၊ ပင်လယ် သမုဒ္ဒရာများ မြေကမ္ဘာများ သက်တမ်း ကုန်ဆုံးသွားသည့်တိုင် သို့မဟုတ် ပင်လယ်သမုဒ္ဒရာများ အတွင်းမှ လေ့လာစရာများ ကုန်ဆုံးသွားသည့်တိုင် ပရမတ် ဘုရားရှင် ချမှတ်သော ဤကုရ်အာန်ကျမ်းတော်ကို လူသားများ ဖွင့်ဆို၍ ကုန်ခမ်းနိုင်မည် မဟုတ်၊ အစဉ် ခေတ်ရှေ့မှ ဦးဆောင်နေမည်ကို ရိုးရှင်းစွာ တင်ပြခြင်း ဖြစ်ပေသည်။

မမ္မခန္ဓာ (၁၉) မာရိ (မာရ်ယဲ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၄၄၊ သုတ်ဒေသနာ ၉၈ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**كٓهيعٓصٓ**۞ ကာ့ဖ်၊ဟာ၊ယာ၊အိုင်၊ ဆွာ့ဒ်–။[၆၆၆]
၂။	**ذِكْرُ رَحْمَةِ رَبِّكَ عَبْدَهُ زَكَرِيَّا**۞ သင့်ကံကြမ္မာရှင်က အရှင့်အမှုတော်ဆောင် ဇက္ကရိယာအား ကရုဏာသက်ပုံကို သတိဖေါ်ပေးလော့။
၃။	**إِذْ نَادَى رَبَّهُ نِدَاء خَفِيًّا**۞ သူသည် သူ့ကံကြမ္မာရှင်ထံ တနုံ့နုံ့ အော်ဟစ် တောင်းဆို၍–
၄။	**قَالَ رَبِّ إِنِّي وَهَنَ الْعَظْمُ مِنِّي وَاشْتَعَلَ الرَّأْسُ شَيْبًا وَلَمْ أَكُن بِدُعَائِكَ رَبِّ شَقِيًّا**۞ လျှောက်ထားသည်မှာ ‘‘အို– ကံကြမ္မာရှင် တပည့်တော်၏ အရိုးအဆစ်များသည် အားလျော့လာပါပြီ၊ ဦးခေါင်းလည်း ဆွတ်ဆွတ် ဖြူဖွေးလာပါပြီ၊ တပည့်တော် တောင်းဆုပြုပါ၏၊ အို– ကံကြမ္မာရှင်၊ တပည့်တော်သည် ကံဆိုးခဲ့ရသည်ဟု မရှိခဲ့ပါ။–
၅။	**وَإِنِّي خِفْتُ الْمَوَالِيَ مِن وَرَائِي وَكَانَتِ امْرَأَتِي عَاقِرًا فَهَبْ لِي مِن لَّدُنكَ وَلِيًّا**۞ တပည့်တော်၏ နောက်ကွယ်တွင် ကျန်ရစ်မည့် တပည့်တော်၏ အလှည့်ဆက်ခံသူများ အတွက် စိုးရိမ်မိပါ၏၊ တပည့်တော်၏ အမျိုးသမီးသည်လည်း မြုံအနေပါ၏၊ တပည့်တော်အား အရှင့်ထံမှ အလှည့်ကျဆက်ခံသူ ချီးမြှင့်တော်မူပါ။–
၆။	**يَرِثُنِي وَيَرِثُ مِنْ آلِ يَعْقُوبَ وَاجْعَلْهُ رَبِّ رَضِيًّا**۞ သူ့အား တပည့်တော်၏ အမွေခံ– ယာကုပ် အဆက်အနွယ်တို့၏ အမွေခံ– ဖြစ်စေတော်မူပါ၊ အို– ကံကြမ္မာရှင် သူ့အား ကျေနပ်လောက်သူ အဖြစ် စီစဉ်ပေးတော်မူပါ’’ဟု ဖြစ်၏။
၇။ ယာဟ်ယာ	**يَا زَكَرِيَّا إِنَّا نُبَشِّرُكَ بِغُلَامٍ اسْمُهُ يَحْيَى لَمْ نَجْعَل لَّهُ مِن قَبْلُ سَمِيًّا**۞ ‘‘အေ– ဇက္ကရိယာ၊ ငါသည် သင့်အား **ယောဟန်**မည်သော ကလေးအကြောင်း သတင်းကောင်းပါးတော်မူပြီ။ သူ့ကဲ့သို့ ရှေ့အလျင်က ငါအရှင် မစီစဉ်ခဲ့ချေ။’’
၈။	**قَالَ رَبِّ أَنَّى يَكُونُ لِي غُلَامٌ وَكَانَتِ امْرَأَتِي عَاقِرًا وَقَدْ بَلَغْتُ مِنَ الْكِبَرِ عِتِيًّا**۞

---

(၆၆၆) **صديقs** ‘‘ကုံလုံပြည့်စုံတော်မူသော၊ လမ်းညွှန်တရားကို ပေးတော်မူသည့် အို–ကုန်စင်သိ သစ္စာတော်အရှင်– ဟုတိုင်တည်၍’’။ ဤဝါကျမှ စကားလုံး အတိုကောက်များဖြစ်သည့် **ကာ့ဖ် ك** သည် **ကာဖီး** ‘‘ကုံလုံပြည့်စုံတော်မူသော’’၊ **ဟာ ھ** သည် **ဟာဒီးယ်** ‘‘လမ်းညွှန်တော်မူသော’’၊ **ယာ ي** သည် ‘‘**ယား**’’ တမ်းတတိုင်တည်သည့် ‘‘အို’’၊ **အိုင် ع** သည် **အာ့အ်လမ်** ‘‘သဗ္ဗညုတ ဉာဏ်တော်အရှင်’’၊ **ဆွာ့ဒ် ص** သည် **ဆွာဒီးက်** ‘‘ဖြောင့်ဖတ်မှန်ကန်သော အရှင် ဟု အနက်အဓိပ္ပါယ်ကို ပေးပေသည်။ စကားလုံးများ၏ အတိုကောက်ကို ၂း၁ အောက်ခြေတွင် ကြည့်ပါ။

	ထိုအခါ သူက ‘‘အို– ကံကြမ္မာရှင်၊ တပည့်တော်သည် မည်သို့ ကလေး ရနိုင်ဘဲနည်း၊ ဇနီးသည်မှာ အမြဲဖြစ်၍၊ တပည့်တော်သည်လည်း ထိန်းမနိုင် အိုမင်းချိန်သို့ ဆိုက်ရောက်နေပါပြီ၊’’ဟု လျှောက်ထား၏။
၉။ နိဒ်လွန်း၏	**قَالَ كَذَٰلِكَ قَالَ رَبُّكَ هُوَ عَلَيَّ هَيِّنٌ وَقَدْ خَلَقْتُكَ مِن قَبْلُ وَلَمْ تَكُ شَيْئًا ۞** အရှင်က ‘‘ဤသည် သင့်ကံကြမ္မာရှင်၏ စကားတော် ဖြစ်၏၊ ၎င်းသည် ငါ့အတွက် **လွယ်ကူလှ၏၊** ငါသည် သင့်ကို ဖြစ်တည်စေခဲ့ပြီ၊ ရှေ့အလျင်က သင်သည် တစ်စုံတစ်ရာမျှ မရှိခဲ့ချေ။’’ဟု မိန့်၍–
၁၀။ ☆ ၃း၄၁	**قَالَ رَبِّ اجْعَل لِّيٓ آيَةً قَالَ آيَتُكَ أَلَّا تُكَلِّمَ النَّاسَ ثَلَاثَ لَيَالٍ سَوِيًّا ۞** သူက ‘‘အို– ကံကြမ္မာရှင် တပည့်တော်အတွက် နိမိတ်လက္ခဏာတစ်ရပ် စီစဉ်ပေးပါ။’’ဟု လျှောက်ထား၏။ အရှင်က ‘‘သင့်အတွက် လက္ခဏာမှာ သင်သည် သုံးည ပုံစံချိုး– လူသားတို့အား စကားပြောဆိုခြင်း မပြုရ။’’ဟု မိန့်၍။☆
၁၁။	**فَخَرَجَ عَلَى قَوْمِهِ مِنَ الْمِحْرَابِ فَأَوْحَى إِلَيْهِمْ أَن سَبِّحُوا بُكْرَةً وَعَشِيًّا ۞** သူ့လူမျိုးထံ စခန်းမှ သူ ထွက်လာသောအခါ၊ သူတို့အား မနက်ပိုင်းနှင့် ညဦးတွင် အရှင့်အား ဦးထိပ်ထားရန် အာရုံဖြစ်စေ၏။
၁၂။ ယာဟ်ယာ	**يَا يَحْيَى خُذِ الْكِتَابَ بِقُوَّةٍ وَآتَيْنَاهُ الْحُكْمَ صَبِيًّا ۞** ‘‘အေ– **ယောဟန်** သင်သည် ကျမ်းတော်အား အစွမ်းကုန် စွဲကိုင်လော့။’’ သူ့အား အရွယ်ရောက်စကပင် စီရင်ထုံးပြုနိုင်ခြင်းကို ငါ ပေးအပ်၏။
၁၃။	**وَحَنَانًا مِّن لَّدُنَّا وَزَكَاةً وَكَانَ تَقِيًّا ۞** ငါ့ထံတော်မှ ညှာတာမှုနှင့် သူ့အား သန့်ရှင်းဖြူစင်စေ၏၊ သူသည် စည်းစောင့်လေ့ရှိ၏။
၁၄။	**وَبَرًّا بِوَالِدَيْهِ وَلَمْ يَكُن جَبَّارًا عَصِيًّا ۞** မွေးမိဘကို ကောင်းမှုပြု၏၊ သူသည် စိတ်သရမ်းသူ အာခံသူ မဟုတ်ချေ။
၁၅။	**وَسَلَامٌ عَلَيْهِ يَوْمَ وُلِدَ وَيَوْمَ يَمُوتُ وَيَوْمَ يُبْعَثُ حَيًّا ۞** သူ့အား မွေးဖွားသောနေ့၊ ခန္ဓာဝန်ချသောနေ့၊ နိုးထစေသောနေ့၌ ငြိမ်းချမ်းမှုအတိ ဖြစ်စေ၏။
၁၆။ မာရိယံ	**وَاذْكُرْ فِي الْكِتَابِ مَرْيَمَ إِذِ انتَبَذَتْ مِنْ أَهْلِهَا مَكَانًا شَرْقِيًّا ۞** ကျမ်းတော်လာ **မာရိ**၏ အကြောင်းကို သတိဖေါ်ပေးလော့၊ သူမသည် သူမ၏ မိသားစုအား စွန့်၍ အရှေ့ဘက်၌ နေ၏။
၁၇။ ၂း၈၇	**فَاتَّخَذَتْ مِن دُونِهِمْ حِجَابًا فَأَرْسَلْنَا إِلَيْهَا رُوحَنَا فَتَمَثَّلَ لَهَا بَشَرًا سَوِيًّا ۞** သူတို့ထံမှ သီးခြား အယူဖြင့် စည်းခြားနေစဉ်၊ ငါသည် သူမထံသို့ သူမကဲ့သို့ **ဥာဏ်စဉ်တော်ဘွဲ့** ပုံစံချိုး လူပုဂ္ဂိုလ်ကို စေပို့သော်။[ဖဖ၇]

(ဖဖ၇) ဤသုတ်တော်တွင် သုံးသော **ရူးဟ် ဋွ်** (ဥာဏ်စဉ်တော်) ဆိုသည်ကို ဆရာတော်ကြီး အများစုက နတ်ဒေဝတာ (ကောင်းကင်တမန်မင်းကြီး) ဟု ပြန်ဆိုကြပေသည်။ ထိုသို့ ပြန်ဆိုခြင်းမှာ မာရိအား ကလေးရစေမည်ဟု ကြိုတင် သတင်းကိုပေးသော သူများမှာ နိမိတ်ဆောင် (မလာအိကာဟ်) ဖြစ်သည်ဟု ကျမ်းတော်၏ ၃း၄၇ တွင် ဖေါ်ပြထားသည်ကို ကျမ်းတော်အား သေချာစေ့စွာ မလေ့လာဘဲလျက် မိရိုးဖလာ ကြားဘူးနားဝမျှား နောက်သို့ လိုက်၍ ဤသုတ်တော်နှင့် ရောပွန်းကာ ဆွဲယူ ဘာသာပြန်လိုက်ခြင်းသာ ဖြစ်ပေသည်။ ကျမ်းတော်၏ ၃း၄၇ တွင် ဖေါ်ပြသော အခြေအနေနှင့် ဤဓမ္မခန္ဓာ၌ ဖေါ်ပြသော အခြေအနေများမှာ လွန်စွာ ခြားနားပေသည်။ ၃း၄၇ တွင် (၁) မာရိသည် အုပ်ထိန်းသူ ဇက္ကရိယာ၏ လက်အောက်တွင် ရှိနေသည်။ ဤသုတ်တော်တွင် သူမသည် မည်သူ၏ လက်အောက်တွင်မှ မရှိဘဲ သီးခြားလွတ်လပ်စွာ ခွဲခွာ နေချိန်ဖြစ်သည်။ (၂) ၃း၄၇ တွင် သူမအား ကလေး လာပေးခြင်း မဟုတ်– ကလေးရလိမ့်မည်ဟု သတင်းကိုသာ လာပေးခြင်း ဖြစ်၍၊ ဤသုတ်တော်တွင်မူ ဥာဏ်စဉ်တော် (လူသား) သည် သူမအား ကလေးလာပေးခြင်း ဖြစ်၍ ထိုဥာဏ်စဉ်တော် ဆိုသည်မှာ **သူမ ကဲ့သို့ ပုံစံချိုး လူပုဂ္ဂိုလ် بَشَرًا سَوِيًّا** ဖြစ်သည်။

၁၈။	**قَالَتْ إِنِّي أَعُوذُ بِالرَّحْمَٰنِ مِنكَ إِن كُنتَ تَقِيًّا** ۞ သူမက ''ကျွန်ုပ်သည် အသင့် ကရုဏာရှင်၏ထံ၌ ခိုလှုံပါ၏၊ အသင်သည် စည်းစောင့်ခြင်းရှိသူ ဖြစ်ပါလေစ၊''ဟု ဆို၍၊
၁၉။	**قَالَ إِنَّمَا أَنَا رَسُولُ رَبِّكِ لِأَهَبَ لَكِ غُلَامًا زَكِيًّا** ۞ သူက ''ကျွန်ုပ်သည် သင့်အား သန့်ရှင်းဖြူစင်သော ကလေး ချီးမြှင့်ရန် သင့်ကံကြမ္မာရှင်၏ ထံမှ ဉာဏ်စဉ်ဆောင် ဖြစ်၏၊''ဟု ပြန်ပြော၏။[၆၆၈]
၂၀။ ☆ ၃း၄၇	**قَالَتْ أَنَّىٰ يَكُونُ لِي غُلَامٌ وَلَمْ يَمْسَسْنِي بَشَرٌ وَلَمْ أَكُ بَغِيًّا** ۞ သူမက ''ကျွန်ုပ်သည် မည်သို့ ကလေး ရနိုင်အံ့နည်း၊ မည်သည့် လူပုဂ္ဂိုလ်မှ ကျွန်ုပ်အား မထိစပ်ခဲ့ပါ၊ ကျွန်ုပ်သည် အပြစ်အနာရှိသူလည်း မဟုတ်ပါ၊''ဟု ဆိုသော်–☆
၂၁။ ☆ ၃း၄၇	**قَالَ كَذَٰلِكِ قَالَ رَبُّكِ هُوَ عَلَيَّ هَيِّنٌ وَلِنَجْعَلَهُ آيَةً لِّلنَّاسِ وَرَحْمَةً مِّنَّا وَكَانَ أَمْرًا مَّقْضِيًّا** ۞ သူက ''ဤသို့ သင့်ကံကြမ္မာရှင်၏ စကားမှာ၊'' ''ငင်းသည် ငါ့အတွက် လွယ်ကူလွန်း၏၊ ငါသည် သူ့အား လူသားတို့အတွက် နိမိတ်လက္ခဏာ အဖြစ် စီစဉ်တော်မူမည်၊ သူသည် ငါ့ထံမှ ကရုဏာတော် ဖြစ်၏၊ ညွှန်ကြားချက်သည် ဆုံးဖြတ်ချက် ဖြစ်၏၊''ဟု ဆို၏။☆
၂၂။	**فَحَمَلَتْهُ فَانتَبَذَتْ بِهِ مَكَانًا قَصِيًّا** ۞ သို့ဖြင့် သူမသည် ၎င်းကို ကိုယ်ဝန်ယူ၍ ဝေးကွာသော အရပ်သို့ စွန့်ခွာသွား၏။
၂၃။	**فَأَجَاءَهَا الْمَخَاضُ إِلَىٰ جِذْعِ النَّخْلَةِ قَالَتْ يَا لَيْتَنِي مِتُّ قَبْلَ هَٰذَا وَكُنتُ نَسْيًا مَّنسِيًّا** ۞ သူမသည် သားဖွားဝေဒနာဖြင့် စို့ပလွန်ပင်ရှိရာသို့ ရောက်လာ၍၊ ''ဤ မတိုင်မီ သေရလျှင်ကောင်းလေစွ၊ မေ့မြော မေ့လျော့သွားလျှင် ကောင်းလေစွ၊''ဟု ညည်းညူ၏။[၆၆၉]
၂၄။	**فَنَادَاهَا مِن تَحْتِهَا أَلَّا تَحْزَنِي قَدْ جَعَلَ رَبُّكِ تَحْتَكِ سَرِيًّا** ۞

ဖြစ်သည်ဟု အတိအကျ ဆိုထားသည်၊ **မလာအီကာဟ်များ** **مَلَائِكَةٌ** မဟုတ်ပေ။ ထိုလူပုဂ္ဂိုလ်မှာ **တ–မဆလ လဟာ تَمَثَّلَ لَهَا သူမကဲ့သို့** အဆင့် ရှိသော ပုံစံချပြီး လူသားတစ်ဦးသာ ဖြစ်သည်ဟု ပြောထားသည်။ **بَشَرًا** လူသားကို ရေမှ ဖြစ်တည်စေ၍ (၂၃း၅၄) မလာအီကာဟ်မှ အသွင်ယူ ဖြစ်တည်စေသည်ဟု ကျမ်းတော်တွင် မဆိုပေ။ **မလာအေကာဟ်** ဆိုသည်ကို ၂း၃၀ တွင် လည်းကောင်း၊ **ရူးဟ်** ဉာဏ်စဉ် ဆိုသည်ကို ၂း၈၇ တွင် လည်းကောင်း ကြည့်ပါရန်။

(၆၆၈) ဤသုတ်တော်တွင် မာရိထံသို့ ကလေးပေးရန် လာရောက်သူမှာ **ရဿူလ် رَسُول ရာဇူလ်** (ဉာဏ်စဉ်တော်ဆောင်) တစ်ပါး ဖြစ်ကြောင်း အတိအကျ ထောက်ပြသည်။ မိရိုးဖလာ ယုံကြည်ထားသော နတ်ဒေဝတာ ကောင်းကင်တမန်တော် မဟုတ်ချေ။ ဤသုတ်တော် မတိုင်မီ သုတ်တော် ၁၈ တွင် မာရိက ''**သင်သည် စည်းစောင့်သူ ဖြစ်လျှင် ကောင်းလေစွ**''ဟု အဘယ်ကြောင့် ဤသို့ သူမက ပြောသည်ကို ပညာတတ်များ အနေဖြင့် စဉ်းစားရန် သင့်ပေသည်။ အကယ်၍ ထို ပကတိလူသား ဉာဏ်စဉ်တော်ဆောင်သည် သူမအား **ကလေးရမည့် သတင်းပါးသူ** သာ ဖြစ်ခဲ့ပါက **အသင် စည်းစောင့်ပါ** ပြောလိမ့်မည် မဟုတ်ပေ (၃း၄၅–၄၇ ဖြင့် ယှဉ်ကြည့်ပါ)။ ယခု သူမနှင့် တွေ့သူမှာ **သူမအား ကလေးပေးမည့်သူ** ဖြစ်ခြင်းကြောင့် ''**အသင် စည်းစောင့်ပါ**'' ဟု ပြောရခြင်းသာ ဖြစ်ပေသည်။ ကလေး ပေးခြင်းမှာ ချက်တော်ကို လက်တော်ဖြင့် ပွတ်၍ ပေးသည်ဟူသည့် အယူအဆကို ကုရ်အာန်ကျမ်းတော်က လုံးဝ သွန်သင်ခြင်း မရှိချေ။ ထို့အပြင် ထို ရဏ္ဍလ (ဉာဏ်စဉ်တော်ဆောင်) သည် အခြားတနေရာမှ ကလေး တစ်ယောက် ယူလာ၍ မာရိအား ပေးခြင်းလည်း မဟုတ်ချေ။ **မာရိအား ကိုယ်ဝန်ပေးခြင်းသာ** ဖြစ်သည်ဟု သုတ်တော် ၂၂ တွင် အတိအကျ ဆိုထားပေသည်။ အမျိုးသမီးတစ်ဦးအား ကိုယ်ဝန်ပေးသည်မှာ မည်သို့ပေးရသည် ဆိုခြင်းအား ပညာတတ်တို့အား ရှင်းပြန်ရန် လိုမည် မဟုတ်ပါ။

(၆၆၉) မာရိသည် ကလေးကို တစ်နေရာမှ ကောက်ယူခဲ့ခြင်း မဟုတ်ချေ။ သို့မဟုတ် ကြင်ယာကြင်ဘက် မရှိဘဲလည်း ကလေးရနိုင်ခွင့် မရှိချေ (၆း၁၀၁)။ သူမသည် ကိုယ်ဝန်ယူခဲ့ကြောင်းကိုလည်း သုတ်တော် အမှတ် ၂၂ တွင် အတိအကျ ပြောထားပေသည်။ မာရိ၏ ကလေးဖွားသည့် ဝေဒနာမှာလည်း အခြားသော အမျိုးသမီးများနှင့် ကွာခြားခြင်း မရှိချေ။ သူမသည် အလွန်တရာ နာကျင်သော ကလေးဖွား ဝေဒနာကို အခြားသော အမျိုးသမီးများ ကဲ့သို့ ခံစားရကြောင်း ဤသုတ်တော်က အတိအကျ ပြောထားပေသည်။ ဤသို့ ပြောထားသော ကျမ်းချက်တော်များကို ဖုံးကွယ်ထား မွေလျော့ထားလျက် အစွလာမ် မဟုတ်သူများ၏ အယူကို အစွလာမ်ထဲသို့ သွတ်သွင်းနေခြင်းမှာ ရိုးသားမှု မရှိချေ။

	သူမအား သူမ၏အောက်မှ တင်ပြသည်မှာ ‘‘သောက မဖြစ်နှင့်၊ သင့်ကံကြမ္မာရှင်က သင့်အောက်၌ ခရီးစဉ် စီစဉ်ပေးပြီ။[၆၇၀]
၂၅။	**وَهُزِّي إِلَيْكِ بِجِذْعِ النَّخْلَةِ تُسَاقِطْ عَلَيْكِ رُطَبًا جَنِيًّا ۞** –စွံ့ပလွန်ပင်ကို သင့်ထံသို့ လှုပ်လော့၊ လတ်ဆတ်သော အသီးမှည့်တို့ သင့်ထံသို့ ကျလာလိမ့်မည်၊’’ဟု ဖြစ်၏။[၆၇၁]
၂၆။	**فَكُلِي وَاشْرَبِي وَقَرِّي عَيْنًا فَإِمَّا تَرَيِنَّ مِنَ الْبَشَرِ أَحَدًا فَقُولِي إِنِّي نَذَرْتُ لِلرَّحْمَنِ صَوْمًا فَلَنْ أُكَلِّمَ الْيَوْمَ إِنسِيًّا ۞** ထို့ကြောင့် စားလော့၊ သောက်လော့၊ မျက်လုံးများကို တည်ငြိမ်အေးချမ်းစေလော့၊ လူပုဂ္ဂိုလ် တစ်စုံတစ်ယောက်အား မြင်တွေ့လေလျှင် ကျွန်ုပ်သည် ကရုဏာရှင်ထံ၌ ဥပုသ်စောင့်ရန် ရည်စူးထား၏၊ သို့ဖြစ်၍ ယနေ့ လူသားတို့နှင့် စကား ပြောနေမည် မဟုတ်ဟု ဆိုလော့။
၂၇။ ယေရှု	**فَأَتَتْ بِهِ قَوْمَهَا تَحْمِلُهُ قَالُوا يَا مَرْيَمُ لَقَدْ جِئْتِ شَيْئًا فَرِيًّا ۞** ထို့နောက် သူမသည် **သူ့**အား သယ်ဆောင်ကာ သူမ၏ လူမျိုးထံသို့ ရောက်လာခဲ့၏။ သူတို့က ပြောကြသည်မှာ ‘‘အို– မာရိ၊ သင်သည် လုပ်ကြံဖန်တီးရာကို ခေါ်ဆောင်လာခဲ့ပြီ၊–
၂၈။	**يَا أُخْتَ هَارُونَ مَا كَانَ أَبُوكِ امْرَأَ سَوْءٍ وَمَا كَانَتْ أُمُّكِ بَغِيًّا ۞** အို– ဟာရွန်၏ နှမ၊ သင့်အဖေသည် အကုသိုလ်ကောင်မဟုတ်၊ သင့်အမေသည်လည်း အပြစ်ရှိသူမဟုတ်၊’’ဟု ဖြစ်၏။[၆၇၂]
၂၉။ ယေရှု ☆ဝုးဂ်ဖ	**فَأَشَارَتْ إِلَيْهِ قَالُوا كَيْفَ نُكَلِّمُ مَن كَانَ فِي الْمَهْدِ صَبِيًّا ۞** သူမက **သူ**နှင့် ဆွေးနွေးစေသော် သူတို့က ‘‘ပုခက်ထဲက☆ အရွယ်ရောက်စနှင့် ကျွန်ုပ်တို့ မည်သို့ စကားပြောအံ့နည်း၊’’ ဟု ဆိုကြ၏။[၆၇၃]

---

(၆၇၀) ‘‘သူမ၏အောက်မှ အသံတစ်ခု ပြုသည်’’ ဆိုခြင်းကို အချို့သော ဆရာတော်များက အီဆာ (ယေရှု) မွေးလာ၍ သူသည် မွေးလာလျှင် မွေးလာခြင်း တန်ခိုးတော်ဖြင့် စကားပြောသည်ဟု ဖွင့်ဆိုမှုများကိုလည်း မဆီမဆိုင် တွေ့ရပေသည်။ မာရိသည် သာမာန်မျိုးရိုးမှ မွေးဘွားလာသူ မဟုတ်ချေ။ သူမသည် သူမ၏ လူဂုဏ်တန် မိသားစုအား စွန့်စွာ၍ မိသားစုနှင့် ဝေးရာသို့ ခရီးထွက်ခွာလာခဲ့သော်လည်း သူမတွင် တောက်တိုမယ်ရ ခိုင်းရန် အဖေ့စု ပါလာပေသည်။ ထိုအဖေ့စုသည် သူမ၏ လက်အောက်ငယ်သားများ ဖြစ်သည်။ ထို့ကြောင့် ထိုအသံဆိုသည်မှာ လက်အောက်ငယ်သားများက သူမအား ပြောသော အသံ ဖြစ်ပေသည်။

(၆၇၁) ကိုယ်တော်ယေရှုအား ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် မွေးဘွားသည် ဆိုခြင်းကို ကုရ်အာန်ကျမ်းတော်က လက်မခံပေ။ ကိုယ်တော်ယေရှုသည် စွံ့ပလွန်သီးမှည့်သော ရာသီတွင် မွေးဘွားခဲ့သည်ဟု ဆိုပေသည်။ အရှေ့အလယ်ပိုင်းတွင် စွံ့ပလွန်သီးမှည့်သော ရာသီမှာ စက်တင်ဘာနှောင်းပိုင်း သို့မဟုတ် အောက်တိုဘာ လဆန်းပိုင်း ဖြစ်ပေသည်။ ထိုအကြောင်းကို ခရစ်ယာန် ဘဲ့က်ရှော့ပ် ဘာနီးစ် ကလည်း သူ၏ ခရစ်ယာန်သာသနာပေါ်ထွန်း ခြင်း **Raise of Christianity** စာအုပ် စာမျက်နှာ ၇၉ တွင် ‘‘ဤမျှ အေးမြလှသည့် ဂျူဒ တောင်ပေါ်ဒေတွင် အလွန်အေးလှသော ဆောင်းရာသီ ဖြစ်သည့် ဒီဇင်ဘာလ၌ အကာအကွယ်မဲ့သော အခြေအနေဖြင့် ခရစ်တော်အား မွေးဘွားခဲ့သည် ဆိုခြင်းမှာ ဖြစ်နိုင်ချေ မရှိကြောင်း၊ ထိုနေ့ ရက်ကို ခရစ္စမတ်နေ့အဖြစ် အေဒီ ၃၀၀ လောက်တွင်မှ လက်ခံ သတ်မှတ်ခဲ့ဟန် ရှိကြောင်း၊’’ ရေးသားထားပြီး၊ သူက ဆက်လက်၍ ထိုနေ့ ဒီဇင်ဘာ ၂၅ ရက်ဆိုသည်မှာ ပါရှား ပုဂ္ဂိုလ်ရေး ကိုးကွယ်ခြင်း အယူမှ ယူခဲ့ကြောင်း– ဆိုထားပေသည်။

(၆၇၂) မာရိသည် သူမ၏ ကလေးဖြစ်သော ယေရှုအား သူ့လူမျိုးထံသို့ ပြန်ခေါ်လာသော အခါတွင် ကလေး၏ ဖခင်မှာ ပါမလာသောကြောင့် မာရိအား လင်ကောင် မပေါ်ဘဲ ကလေးရသည်ဟု သူမ၏ ဂျူးလူမျိုးများက ကဲ့ရဲ့ကြပေသည်။ ထိုအကြောင်းကို ၄း၁၅ တွင်လည်း ဖေါ်ပြပေသည်။ သူမသည် မိသားစုများနှင့် ဝေးသော အရပ်သို့ ထွက်သွား၍ အိမ်ထောင်ပြုခြင်း ဖြစ်၍ ဂျူးလူမျိုးများ အနေဖြင့် ကလေး၏ ဖခင်ကို မသိခြင်းသာ ဖြစ်၍၊ ယေရှု၏ တစ်သက်တာတွင် ယေရှုသည် ဖခင်မရှိဘဲ အပျိုစင်မှ မွေးလာသည်ဟု မည်သူကမှ လက်မခံခဲ့ပေ။ သူ့အဖေသည် ယောသပ် ဖြစ်ကြောင်းကို ထိုခေတ် ထိုအခါက လူတိုင်း သိနေကြပေသည်၊ (သမ္မာကျမ်း မသဲ ၁၃း၅၅၊၅၆။ လုကာ ၄း၂၂။ ယောဟန် ၆း၄၂)။ ထို့ပြင် ဤသုတ်တော်တွင် သူမအား ဟာရွန်၏ နှမ ဟု ခေါ်ခြင်းမှာ ဂျူးလူမျိုးများတွင် နိုင်ငံရေး ခေါင်းဆောင်နှင့် ဘာသာရေး ခေါင်းဆောင်ကို ခွဲထားပြီး၊ ကိုယ်တော်မူဆာအား နိုင်ငံရေး ခေါင်းဆောင်အဖြစ်၊ ဟာရွန်အား ဘာသာရေးခေါင်းဆောင်အဖြစ် သတ်မှတ်ပေသည်။ ထို့ကြောင့် ထိုလူမျိုးမှ ဘာသာရေး အမွေ ဆက်ခံသူများအား ဟာရွန်၏ နောင်တော်၊ ဟာရွန်၏ နှမတော်ဟု သုံးစွဲပြောဆိုခြင်း ဖြစ်ပေသည်။

၃၀။	**قَالَ إِنِّي عَبْدُ اللَّهِ آتَانِيَ الْكِتَابَ وَجَعَلَنِي نَبِيًّا ۞** သူ ပြန်ပြောသည်မှာ ‘‘ကျွန်ုပ်သည် ပရမတ်ဘုရားရှင်၏ အမှုတော်ဆောင်ဖြစ်၏၊ အရှင်သည် ကျွန်ုပ်အား ကျမ်းတော်ကို ပေးအပ်၏၊ သတင်းတော်ဆောင်အဖြစ် စီစဉ်၏။’’
၃၁။ ☆၂၃	**وَجَعَلَنِي مُبَارَكًا أَيْنَ مَا كُنتُ وَأَوْصَانِي بِالصَّلَاةِ وَالزَّكَاةِ مَا دُمْتُ حَيًّا ۞** ‘‘ကျွန်ုပ်သည် မည်သည့်နေရာ၌ ရှိစေ အရှင်က ကျက်သရေမင်္ဂလာ စီစဉ်ထား၏၊ ကျွန်ုပ် အသက်နှင့် ရှိနေသမျှ ဝတ်ပြုရန်☆ နှင့် သန့်ရှင်းဖြူစင်စေရန် ကျွန်ုပ်အား မှာကြား၏။’’[၆၇၄]
၃၂။	**وَبَرًّا بِوَالِدَتِي وَلَمْ يَجْعَلْنِي جَبَّارًا شَقِيًّا ۞** ‘‘ကျွန်ုပ်၏ မွေးမိခင်အား ကောင်းမှုပြု၏၊ ကျွန်ုပ်အား ကံဆိုးရသူ၊ ပုန်ကန်သူ အဖြစ် စီစဉ်တော်မမူချေ။’’[၆၇၅]
၃၃။ သေဆုံးသော	**وَالسَّلَامُ عَلَيَّ يَوْمَ وُلِدتُّ وَيَوْمَ أَمُوتُ وَيَوْمَ أُبْعَثُ حَيًّا ۞** ‘‘ကျွန်ုပ်၏ မွေးဖွားသောနေ့၊ **ခန္ဓာဝန်ချသော**နေ့၊ နိုးထစေသောနေ့၌ ငြိမ်းချမ်းသာယာမှု ခစေ၏။’’ဟု ဖြစ်၏။[၆၇၆]

---

(၆၇၃) ဤသုတ်တော်မှ ‘‘ပုခက်ထဲက အရွယ်ရောက်စ’’ ဟူသည့် စကားလုံးအား တကယ့်မွေးကင်းစ ကလေးဟု ထင်မြင်စေရန် فَأَشَارَتْ ဟူသော ဝေါဟာရအား– မာရိသည် ယေရှုအား ညွှန်ပြသည်ဟု ဘာသာပြန်ကြသည်ကို တွေ့ရပေသည်။ ထိုစကားလုံး فَأَشَارَتْ မှာ ရင်းမြစ် ش و ر မှ ဆင့်ပွားခြင်း ဖြစ်၍ ကျမ်းတော်တွင် تَشَاوُر ၂၂၃၁၊ شَاوِر ၃၁၅၊ شُورَى ၄၂၃၈ နှင့် ဤသုတ်တော်ပါ စကားလုံး အဖြစ် (၄ ကြိမ်) ဖော်ပြသည်– ထိုစကားလုံး၏ အဓိပ္ပါယ်မှာ ဆွေးနွေးသည်။ နီးနှောဖလှယ်သည် ဟုသာ ဖြစ်ပေသည်။ ကိုယ်တော်ယေရှုသည် ဆွေးနွေးနီးနှောနိုင်သည့် အသက်အရွယ် မဟုတ်သော်က မယ်တော်မာရိ အနေဖြင့် – သူမထံသို့ ရောက်ရှိလာသည့် ဂျူးလူကြီးတို့အား– ထိုသို့ပြောမည် မဟုတ်ပေ။ ဂျူးလူကြီးများကလည်း သူတို့ထက် အသက်ငယ်သော ကလေးဖြင့် စကားပြောရမည်ကို သိက္ခာကျသည်ဟု အမြင်ရှိသဖြင့် ပုခက်ထဲက အရွယ်ရောက်စဖြင့် စကားမပြောလို ဟု ပြန်ပြောခြင်းသည် ဖြစ်သည်။ အမှန်တကယ် မွေးကင်းစ ပက်လက်ကလေးဟု ဆိုခြင်း မဟုတ်ပေ။

(၆၇၄) ဤသုတ်တော်က ယေရှုအား ပုခက်ထဲက အရွယ်ရောက်စ ဟူသော စကားကို ရှင်းလင်းခြင်း ဖြစ်၏၊ ထိုစကားကို ပြောဆိုခံရသော အချိန်တွင် ယေရှုသည် သတင်းတော်ဆောင် တစ်ပါး ဖြစ်နေပြီ ဖြစ်သည်။ သုတ်တော် (၁၂) တွင် ယောဟန်အား ပရမတ်ဘုရားရှင်က အာရုံစူးစာန် (သဗ္ဗညုဉာဏ်စဉ်) ရစေသော အရွယ်ကိုလည်း **ဆွဘီးယမ် صَبِيًّا** ဟု သုံး၍၊ ကိုယ်တော်ယေရှု၏ အရွယ်ကိုလည်း **ဆွဘီးယမ် صَبِيًّا** ဟုပင် သုတ်တော် ၂၉ ၌ ဆိုထားပေသည်။ သို့သော် ယောဟန်အား ‘‘ပုခက်ထဲမှ မွေးကင်းစ ပက်လက်ကလေး’’ ဘဝကပင် စကားပြောနိုင်သည်၊ သဗ္ဗညုဉာဏ် (၀ဟီ) ရသည်ဟု မည်သည့် မွတ်ဆလင် ဆရာတော်ကမှ ပြောဆို ယုံကြည်ခြင်း မရှိဘဲ၊ သူနှင့် စကားလုံး ထပ်ထူသုံးထားသော ကိုယ်တော် ယေရှု၏ ဘဝဇာတ်လမ်းကိုသာ ပုံကြီးခွဲနေခြင်းမှာ လွန်စွာ ထူးဆန်းလှပေသည်။ **صَبِيًّا** သည် ရင်းမြစ် ص ب و မှ ဆင့်ပွား၍ ကျမ်းမြတ်ကုရ်အာန်တွင် ၃ ကြိမ်ပါဝင်သည်၊ စိတ်ကစားသည် ၁၂း၃၁၊ စိတ်ကစားသောအရွယ် (အရွယ်ရောက်စ) ၁၉း၁၂၊ ၁၉ ဟု ဖြစ်သည်။ ပက်လက်ကလေး မဟုတ်ချေ။

(၆၇၅) သုတ်တော် ၁၄ တွင် ယောဟန်က **မိဘနှစ်ပါး** ဟု ပြောဆိုကာ၊ ဤသုတ်တော်တွင် ယေရှုက **မွေးသမိခင်အား ကြည်ညိုစေ၏၊** ဟု သာ ပြောဆိုသောကြောင့် ဟောဟန်သည် မိဘစုံညီမှမွေး၍ ထိုသို့ပြောဆို သုံးစွဲခြင်းဖြစ်ပြီး၊ ယေရှုမှ ဖခင်မဲ့ မွေးသောကြောင့် **မိခင်တစ်ပါး** တည်းကိုသာ ရည်ညွှန်းသည်ဟု ပြောဆို စွပ်စွဲမှုများသည်လည်း ရှိနေ၏။ ဤသုတ်တော်တွင် ယေရှုက ဖခင်အကြောင်း မပြောသည်မှာ သူ့ဖခင်အား ဂျူး လူမျိုးများက ပုတ်ခတ်စော်ကားသော စကားကို မပြောသည့် အတွက် ဖခင်အတွက် ခုခံပြောဆိုစရာ မလိုသည့်အပြင်။ သမ္မာကျမ်းစာ၌ ယေရှုသည် မိခင်အား ‘‘**အချင်းမိန်းမ သင်သည် ငါနှင့် အဘယ်သို့ ဆိုင်သနည်း၊**’’ (ယောဟန် ၂း၄) ဟု ဖေါ်ပြသကဲ့သို့ မယဉ်မကျေးပြောဆို ဆက်ဆံခဲ့သည် ဆိုခြင်းမျိုးမှာ ကိုယ်တော်ယေရှု၏ အပြော မဟုတ်ကြောင်း၊ နောက်ပေါက် ကျမ်းဖြည့် ဆရာတော်များ၏ လက်ချက်သာ ဖြစ်ကြောင်း၊ ကျမ်းမြတ်ကုရ်အာန်က ပြန်လည်တင်ပြခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်သည် ရှေးကျမ်းများကို ဖြောင့်မှန်စေသော ကျမ်းဟု မကြာခဏ သတိပေးပေသည်။ ကျမ်းမြတ်ကုရ်အာန်သည် ပုဂ္ဂိုလ်ရေး ဆည်းကပ်ကိုးကွယ်ခြင်းကို မသွန်သင်ချေ။ သို့သော် ပုဂ္ဂိုလ်ရေး ဆည်းကပ် ကိုးကွယ်လေ သယောင်နှင့် လောကအပေါင်း၌ ပွင့်ပေါ်ခဲ့သော လူသားပညတ်ဘုရား (ဉာဏ်စဉ်တော်ဆောင်များ) ၏ ဂုဏ်သိက္ခာကို ထိပါးစေသော ရှေးကျမ်းများမှ လူဘက်ရော စွပ်ဖက်မှုများကို မထောက်မညှာ တွန်းလှန်ပေသည်။ သင်စာရှုသူ အနေဖြင့် – သင့်မိခင်သည် အရပ်တစ်ပါးမှ သူနှင့် အိမ်ထောင်ကျ၍ သင့်ကို မွေးခဲ့သည် ဆိုပါစို့– အကယ်၍ သင်သည် သင့်မိခင်၏ ဇာတိရပ်ရွာသို့ ပြန်ရလျှင်– သင့်ကိုယ်သင် ရွာသားများနှင့် မည်သို့ မိတ်ဆက်မည်နည်း။ ကျွန်ုပ်သည် ဘယ်သူ၏ သားသမီးပါ ဟု ပြောလိုလျှင် ရပ်ရွာသားများ မသိသော သင့်အဖေနာမည်ကို ပြောမည်လော။ သို့မဟုတ် ရပ်ရွာသားများက သိပြီး ဖြစ်သော သင့်အမေ၏ နာမည်ကို ပြောမည်လော။ အဖြေ ရိုးရှင်းစွာ ထွက်လာပါလိမ့်မည်။

(၆၇၆) ဤသုတ်တော်များက ယေရှုသည် သေသွားခဲ့ပြီ ဖြစ်ကြောင်း အများနည်းတူပင် ဖြစ်ကြောင်းကို အတိအကျ ဖော်ပြနေပေသည်။ ဤသုတ်တော်မှ ယေရှုပြောသည့် စကားသည် သုတ်တော် ၁၅ မှ ယောဟန် ပြောသည်နှင့်အတူတူပင် ဖြစ်ကြောင်း ဖော်ပြထားပေသည်။ သမ္မာကျမ်းစာ၏ ရှင်ပေတရု (ပ) ၃း၁၈ တွင်လည်း **‘‘ခရစ်တော်သည် ခန္ဓာကိုယ်အားဖြင့် အသေသတ်ခြင်းကို ခံ၍၊ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်း သို့ ရောက်တော်မူသည် ဖြစ်၍၊’’** ဟု အတိအကျ ပြောထားသည်ကို တွေ့ရပေသည်။

၃၄။	**ذَٰلِكَ عِيسَى ابْنُ مَرْيَمَ قَوْلَ الْحَقِّ الَّذِي فِيهِ يَمْتَرُونَ۝** ဤသည် မာရိ၏သား ယေရှု၏ အကြောင်းပင်၊ သူတို့ အချင်းများနေသော အကြောင်းအရာ၏ အမှန်တရားပေတည်း။
၃၅။ ☆ ၂း၁၁၇	**مَا كَانَ لِلَّهِ أَن يَتَّخِذَ مِن وَلَدٍ سُبْحَانَهُ إِذَا قَضَىٰ أَمْرًا فَإِنَّمَا يَقُولُ لَهُ كُن فَيَكُونُ۝** ပရမတ်ဘုရားရှင် အရှင့်၌ ကိုယ်ပွား ယူထားခြင်း မရှိ၊ အရှင်သည် ဦးထိပ်ထားရာဖြစ်၏၊ အပြီးသတ် ညွှန်ကြားချက်အား ထိုအရာသည် ''ဖြစ်'' ဟု မိန့်မြွက်သော် ''ဆင့်ကဲပြည့်စုံ ဖြစ်လာရမည်တည်း။''☆
၃၆။	**وَإِنَّ اللَّهَ رَبِّي وَرَبُّكُمْ فَاعْبُدُوهُ هَٰذَا صِرَاطٌ مُّسْتَقِيمٌ۝** ''ပရမတ်ဘုရားရှင်သည် ကျွန်ုပ်၏ ကံကြမ္မာရှင် သင်တို့၏ ကံကြမ္မာရှင် ဖြစ်၏။ သို့ဖြစ်၍ အရှင့်အား ကိုးကွယ်ကြလော့၊ ဤသည် မြဲမြံနေသော ဝါဒလမ်းစဉ် ဖြစ်၏။''[၆၇]
၃၇။	**فَاخْتَلَفَ الْأَحْزَابُ مِن بَيْنِهِمْ فَوَيْلٌ لِّلَّذِينَ كَفَرُوا مِن مَّشْهَدِ يَوْمٍ عَظِيمٍ۝** သူတို့၌ ဂိုဏ်းအသင်းများ ကွဲပြားကြကုန်၏။ မျက်မှောက်သက်သေပြုရသော နေ့တော်ကြီး၌ ဖုံးကွယ်သော သူတို့သည် ပျက်စီးရမည်သာတည်း။
၃၈။	**أَسْمِعْ بِهِمْ وَأَبْصِرْ يَوْمَ يَأْتُونَنَا لَٰكِنِ الظَّالِمُونَ الْيَوْمَ فِي ضَلَالٍ مُّبِينٍ۝** ငါ့ထံသို့ ဆိုက်ရောက်ရသော နေ့ကာလ၌၊ သူတို့အကြောင်း ကြားရ၊ မြင်ရလတ္တံ့၊ သို့ရာတွင် အမိုက်ကောင်တို့သည် ရှင်းလင်းထင်ရှားသော လွဲချော်မှု၌ ရှိနေကြ၏။
၃၉။	**وَأَنذِرْهُمْ يَوْمَ الْحَسْرَةِ إِذْ قُضِيَ الْأَمْرُ وَهُمْ فِي غَفْلَةٍ وَهُمْ لَا يُؤْمِنُونَ۝** ညွှန်ကြားချက်များကို ဆုံးဖြတ်သော ကြေကွဲစရာ နေ့အကြောင်း သူတို့အား သတိပေးလော့၊ သူတို့သည် မေ့လျော့နေကြ၏၊ သူတို့သည် မယုံကြည်ကြချေ။
၄၀။	**إِنَّا نَحْنُ نَرِثُ الْأَرْضَ وَمَنْ عَلَيْهَا وَإِلَيْنَا يُرْجَعُونَ۝** မှတ်သားလော့၊ ငါသည် မြေကမ္ဘာနှင့် ထိုး၌ ရှိသမျှတို့၏ အမွေခံ ဖြစ်၏၊ အလုံးစုံသည် ငါ့ထံသို့ ပြန်ကြရမည်ပင်။
၄၁။ ☆ ၂း၂၄	**وَاذْكُرْ فِي الْكِتَابِ إِبْرَاهِيمَ إِنَّهُ كَانَ صِدِّيقًا نَّبِيًّا۝** ကျမ်းတော်လာ အီဗရာဟီးမ်၏☆အကြောင်းကို သတိဖေါ်ပေးလော့၊ သူသည် ဖြောင့်မှန်သူ– သတင်းတော်ဆောင်တစ်ပါး ဖြစ်၏။
၄၂။	**إِذْ قَالَ لِأَبِيهِ يَا أَبَتِ لِمَ تَعْبُدُ مَا لَا يَسْمَعُ وَلَا يُبْصِرُ وَلَا يُغْنِي عَنكَ شَيْئًا۝** သူက သူ့ဖခင်အား ပြောသည်မှာ ''အို– အဖေ၊ အကြားမရှိ၊ အမြင်မရှိ၊ သင့်အား တစ်စုံတစ်ရာ ပြည့်စုံစေခြင်း မရှိနိုင်သော အရာအား အဘယ်ကြောင့် ကိုးကွယ်နေသနည်း၊–
၄၃။	**يَا أَبَتِ إِنِّي قَدْ جَاءنِي مِنَ الْعِلْمِ مَا لَمْ يَأْتِكَ فَاتَّبِعْنِي أَهْدِكَ صِرَاطًا سَوِيًّا۝** အို– အဖေ၊ ကျွန်ုပ်သည် သင် မချီးမြှင့်ခံခဲ့ရသော အသိပညာကို ဆိုက်မြိုက်ပါ၏၊ ထို့ကြောင့် ကျွန်ုပ်၏ နောက်သို့လိုက်လော့၊ ပုံစံချိုး လမ်းကို သင့်အား ညွှန်ပြပါမည်၊–
၄၄။	**يَا أَبَتِ لَا تَعْبُدِ الشَّيْطَانَ إِنَّ الشَّيْطَانَ كَانَ لِلرَّحْمَٰنِ عَصِيًّا۝** အို– အဖေ၊ မကောင်းဆိုးဝါးအား မကိုးကွယ်ပါနှင့်၊ ကေန်ပင် မကောင်းဆိုးဝါးသည် ကရုဏာရှင်အား အာခံသူဖြစ်၏။–

(၆၇) ခရစ်ယာန်တို့ လက်ကိုင်ပြုသော သမ္မာကျမ်းစာတွင်ပင် ရုပ်ထုကိုးကွယ်ခြင်းကို မပြုရမည့် အကြောင်း (၁ ကောရိန္သု ၈း၄)။ ထာဝရ ဘုရား သခင် ကိုသာ ကိုးကွယ်ရမည့်အကြောင်း (မဿဲ ၄း၁၀) တွင် အတိအကျ ရှိနေပေသေးသည်။

၄၅။	**يَا أَبَتِ إِنِّي أَخَافُ أَن يَمَسَّكَ عَذَابٌ مِّنَ الرَّحْمَنِ فَتَكُونَ لِلشَّيْطَانِ وَلِيًّا۞** အို– အဖေ၊ အသင့်အား ကရုဏာရှင်ထံမှ ဝဋ်ဒဏ် သင့်စေ၍၊ မကောင်းဆိုးဝါး၏ မဟာမိတ် ဖြစ်ရမည်ကို ကျွန်ုပ် ကြောက် မိပါ၏၊''ဟု ဖြစ်၏။
၄၆။ ဖခင်	**قَالَ أَرَاغِبٌ أَنتَ عَنْ آلِهَتِي يَا إِبْرَاهِيمُ لَئِن لَّمْ تَنتَهِ لَأَرْجُمَنَّكَ وَاهْجُرْنِي مَلِيًّا۞** သူက ''အို အီဗရာဟီးမ် သင်သည် ကျွန်ုပ်၏ ဘုရားများကို ဦးစားမပေးသလော၊ သင်သည် မရပ်စဲလျှင် သင့်အား ကျွန်ုပ် ပစ်ထုတ်ရလိမ့်မည်၊ ကျွန်ုပ်အား အချိန်အကြာကြီး ခွဲသွားလော့၊''ဟု ပြန်ပြောသော်။
၄၇။	**قَالَ سَلَامٌ عَلَيْكَ سَأَسْتَغْفِرُ لَكَ رَبِّي إِنَّهُ كَانَ بِي حَفِيًّا۞** သူက ''သင် ငြိမ်းချမ်းသာယာပါစေ၊ ကျွန်ုပ်၏ ကံကြမ္မာရှင်ထံ၌ သင့်အတွက် လွတ်ငြိမ်းဆု ပန်ပါ၏၊ အရှင်သည် ကျွန်ုပ် ဘက်၌ အားပေးနေတော်မူ၏– **وَأَعْتَزِلُكُمْ وَمَا تَدْعُونَ مِن دُونِ اللَّهِ وَأَدْعُو رَبِّي عَسَى أَلَّا أَكُونَ بِدُعَاءِ رَبِّي شَقِيًّا۞**
၄၈။	အသင်နှင့် အသင်က ပရမတ်ဘုရားရှင် မှလွဲ၍ ဆုတောင်းရာတို့မှ ကျွန်ုပ် ရှောင်ခွာပါ၏၊ ကျွန်ုပ်၏ ကံကြမ္မာရှင်ထံ၌ ဆုပန်ပါ၏၊ ကျွန်ုပ်၏ ကံကြမ္မာရှင်ထံ၌ ဆုတောင်းခြင်းသည် ကံဆိုးရခြင်းကို မဖြစ်တန်ရာ''ဟု ဖြစ်၏။
၄၉။	**فَلَمَّا اعْتَزَلَهُمْ وَمَا يَعْبُدُونَ مِن دُونِ اللَّهِ وَهَبْنَا لَهُ إِسْحَقَ وَيَعْقُوبَ وَكُلًّا جَعَلْنَا نَبِيًّا۞** ပရမတ်ဘုရားရှင် မှလွဲ၍ သူတို့နှင့် သူတို့၏ ကိုးကွယ်နေကြသည်များမှ ရှောင်ခွာသွားသောအခါ၊ ငါသည် သူ့အား အီစွဟာက်နှင့် ယာကုပ်တို့အား ချီးမြှင့်၍၊ သူတို့ကိုယ်စီအား သတင်းတော်ဆောင် အဖြစ် စီစဉ်ခဲ့၏။
၅၀။	**وَوَهَبْنَا لَهُم مِّن رَّحْمَتِنَا وَجَعَلْنَا لَهُمْ لِسَانَ صِدْقٍ عَلِيًّا۞** ငါသည် သူတို့အား ကရုဏာတော်အား ချီးမြှင့်ခဲ့၏၊ သူတို့အား သမာဓိရှိသော အထွင့်အထိပ် နတ်လျှာပိုင်ရှင်များ အဖြစ် စီစဉ်ခဲ့၏။
၅၁။ ☆ ၂း၅၁ ✡ ၂း၆၁	**وَاذْكُرْ فِي الْكِتَابِ مُوسَى إِنَّهُ كَانَ مُخْلَصًا وَكَانَ رَسُولًا نَّبِيًّا۞** ကျမ်းတော်လာ မူဆာ၏☆အကြောင်းကို သတိဖေါ်ပေးလော့၊ သူသည် အယူသန့်သူ ဖြစ်၏၊ သူသည် ဉာဏ်စဉ်တော် ဆောင် သတင်းတော်ဆောင်✡ ဖြစ်၏။
၅၂။	**وَنَادَيْنَاهُ مِن جَانِبِ الطُّورِ الْأَيْمَنِ وَقَرَّبْنَاهُ نَجِيًّا۞** ငါသည် သူ့အား တောင်တော်၏ ညာဘက် နံဘေးမှ ခေါ်တော်မူ၍၊ သီးသန့်ဗျာဒိတ်ခံယူရန် ချဉ်းကပ်စေ၏။
၅၃။	**وَوَهَبْنَا لَهُ مِن رَّحْمَتِنَا أَخَاهُ هَارُونَ نَبِيًّا۞** ငါသည် သူ့အား ကရုဏာတော်မှ ချီးမြှင့်တော်မူ၍၊ သူ၏ အစ်ကို ဟာရွန်အား သတင်းတော်ဆောင် ဖြစ်စေ၏။
၅၄။	**وَاذْكُرْ فِي الْكِتَابِ إِسْمَاعِيلَ إِنَّهُ كَانَ صَادِقَ الْوَعْدِ وَكَانَ رَسُولًا نَّبِيًّا۞** ကျမ်းတော်လာ အီစွမာလ်အီးလ်၏ အကြောင်းကို သတိဖေါ်ပေးလော့၊ သူသည် ကတိပြုလေတိုင်း ဖြောင့်မှန်သူ ဖြစ်၏၊ သူသည် ဉာဏ်စဉ်တော်ဆောင် သတင်းတော်ဆောင် ဖြစ်၏။
၅၅။ ☆ ၂း၃	**وَكَانَ يَأْمُرُ أَهْلَهُ بِالصَّلَاةِ وَالزَّكَاةِ وَكَانَ عِندَ رَبِّهِ مَرْضِيًّا۞** သူသည် သူ့ဝိုင်းသားများကို ဝတ်ပြုရန်☆ သန့်ရှင်းဖြူစင်စေရန် ညွှန်ကြား၏၊ သူသည် အထံတော်၌ ကျေနပ်မှုရသူ ဖြစ်၏။

၅၆။	**وَاذْكُرْ فِي الْكِتَابِ إِدْرِيسَ إِنَّهُ كَانَ صِدِّيقًا نَّبِيًّا۞** ကျမ်းတော်ပါ အီဒရိုးစ်၏[၆၇၈] အကြောင်းကို သတိဖေါ်ပေးလော့၊သူသည် ဖြောင့်မှန်သူ– သတင်းတော်ဆောင် ဖြစ်၏။
၅၇။	**وَرَفَعْنَاهُ مَكَانًا عَلِيًّا۞** ငါသည် သူ့အား အထွဋ်အထိပ် အဆင့်သို့ မြှောက်စားတော်မူ၏။
၅၈။	**أُولَٰئِكَ الَّذِينَ أَنْعَمَ اللَّهُ عَلَيْهِم مِّنَ النَّبِيِّينَ مِن ذُرِّيَّةِ آدَمَ وَمِمَّنْ حَمَلْنَا مَعَ نُوحٍ وَمِن ذُرِّيَّةِ إِبْرَاهِيمَ وَإِسْرَائِيلَ وَمِمَّنْ هَدَيْنَا وَاجْتَبَيْنَا إِذَا تُتْلَى عَلَيْهِمْ آيَاتُ الرَّحْمَٰنِ خَرُّوا سُجَّدًا وَبُكِيًّا۞** ပရမတ်ဘုရားရှင်၏ ထံမှ ဂုဏ်ပေးခံရသော သူများမှာ သတင်းတော်ဆောင်များမှ၊ အာဒံ နူးဟ်နှင့်အတူ သယ်ဆောင်ခဲ့သူတို့၏ သားမြေးတို့မှ၊ အီဗရာဟီးမ်နှင့် အစ္စရေးလ်တို့၏ သားမြေးတို့မှ၊ ငါ လမ်းညွှန်ခဲ့သော ရွေးချယ်ခဲ့သောသူများမှ ဖြစ်၏၊ သူတို့အား ကရုဏာရှင်၏ သုတ်ဒေသနာတို့အား ရွတ်ဖတ်ပြသောအခါ၊ သူတို့သည် ပြဝပ် ဦးချကြ၏၊ မျက်ရည်ကျကြ၏။
၅၉။ ☆၂၃	**فَخَلَفَ مِن بَعْدِهِمْ خَلْفٌ أَضَاعُوا الصَّلَاةَ وَاتَّبَعُوا الشَّهَوَاتِ فَسَوْفَ يَلْقَوْنَ غَيًّا۞** သူတို့၏ နောက်တွင် ဝတ်ပြုခြင်းအား☆ အလဟသဖြစ်စေသည့် အာသာရမက်နောက်သို့ လိုက်သော ဆက်ခံသူများသည် ဆက်ခံခဲ့ကြ၏၊ ထို့ကြောင့် တိမ်းပါးရမှုကိုသာ ဆုတွေ့ရလတ္တံ့။
၆၀။	**إِلَّا مَن تَابَ وَآمَنَ وَعَمِلَ صَالِحًا فَأُولَٰئِكَ يَدْخُلُونَ الْجَنَّةَ وَلَا يُظْلَمُونَ شَيْئًا۞** သို့သော် ခဝါချသူ၊ ယုံကြည်၍ ပြုပြင်ပြောင်းလဲမှုကို ကျင့်ကြံသူတို့သည် သုခဘုံသို့ ဝင်ရောက်ရလတ္တံ့၊ တစ်စုံတစ်ရာ အဝိဇ္ဇာသင့်စေမည် မဟုတ်ချေ။
၆၁။	**جَنَّاتِ عَدْنٍ الَّتِي وَعَدَ الرَّحْمَٰنُ عِبَادَهُ بِالْغَيْبِ إِنَّهُ كَانَ وَعْدُهُ مَأْتِيًّا۞** တည်မြဲခြင်း သုခဘုံများ ဖြစ်၍၊ ကရုဏာရှင်က အမှုတော်ဆောင်တို့အား ကတိထားတော်မူသည့် စကျွလွန်မှ ဖြစ်၏။ မှတ်သားလော့ အရှင်၏ ကတိတော်သည် ဆိုက်ရောက်လာမည်သာတည်း။
၆၂။	**لَا يَسْمَعُونَ فِيهَا لَغْوًا إِلَّا سَلَامًا وَلَهُمْ رِزْقُهُمْ فِيهَا بُكْرَةً وَعَشِيًّا۞** ထို၌ ငြိမ်းချမ်းပါစေ ဆိုသည်မှအပ ပွစိပွစိပြောသံများကို မကြားရချေ။ သူတို့အတွက် မနက်ပိုင်းနှင့် ညဦးတွင် ရိက္ခာထောက်လျက် ရှိ၏။
၆၃။	**تِلْكَ الْجَنَّةُ الَّتِي نُورِثُ مِنْ عِبَادِنَا مَن كَانَ تَقِيًّا۞** ငါ၏ အမှုတော်ဆောင်များမှ စည်းစောင့်ခြင်း ရှိသူတို့အား အမွေပေးမည်မှာ ထိုသို့ သုခဘုံပင် ဖြစ်၏။
၆၄။	**وَمَا نَتَنَزَّلُ إِلَّا بِأَمْرِ رَبِّكَ لَهُ مَا بَيْنَ أَيْدِينَا وَمَا خَلْفَنَا وَمَا بَيْنَ ذَٰلِكَ وَمَا كَانَ رَبُّكَ نَسِيًّا۞**

---

(၆၇၈) ကိုယ်တော် **အီဒရိုးစ်** အား ကျမ်းတော်တွင် အမည်နာမ အားဖြင့် ဤသုတ်တော်နှင့် ၂ခုးစ၅ တွင် ဖေါ်ပြထားပေသည်။ ကိုယ်တော်အား သမ္မာကျမ်းတွင် **ဧနောက်** ဟု ခေါ်တွင်၍၊ သူသည် ဘုရားသခင်နှင့် အတူသွားလာ၏ဟု လည်းကောင်း (ကမ္ဘာဦး ၅း၂၄)၊ သူသည် သေခြင်းနှင့် လွတ်၍ ဘဝပြောင်းရ၏၊ နောက်တဖန် မပေါ်မရှိ ဟုလည်းကောင်း (ဟေဗြဲ ၁၁း၅) တွင် ဖေါ်ပြထား၏။ ထိုသို့ သုံးနှုံး ဖေါ်ပြခြင်းမှာ ကိုယ်တော် ယေရှုအား မသေဘဲ ကောင်းကင်သို့ ပင့်ခံသွားသည် ဟူသော အသုံးနှင့် ထပ်ထူထပ်မျှပင် ဖြစ်သော်လည်း၊ **ဧနောက်** နှင့် ပတ်သက်၍ သဘာဝအတိုင်း ယုံကြည်လျက်– ကိုယ်တော်ယေရှုကိုသာ သဘာဝလွန် ယုံကြည်နေခြင်းမှာ လွန်စွာ အံ့သြဘွယ်ပင်။ ၁၉း၅၇ တွင် **သူ့အား မြင့်မြတ်သော အဆင့်သို့ မြှင့်တင်တော်မူ၏** ဆိုသော စကားမှာ ကိုယ်တော် ယေရှု (အီဆာ) အား ၃း၅၅ တွင် ပြောဆို သုံးနှုံးသော စကား နှင့် ထပ်တူတပ်မျှ ဖြစ်ပါလျက်၊ ကိုယ်တော် ယေရှု တစ်ပါးတည်းကိုသာ အရေးတကြီး သိမ်ွတင် ယုံကြည်နေခြင်းမျိုးမှာ မိမိတို့၏ ယုံကြည်ချက်သည် ခရစ်ယာန်သာသနာပြုများ၏ လောင်းရိပ်မှ လွတ်ပါလေစဟု မွတ်ဆလင်များ အနေဖြင့်လည်း ပြန်လည်စဉ်းစား သင့်ပေသည်။ ကြားဘူးနားဝမ်းကို ပစ်ပယ်လျက် မိမိယုံကြည် သော ကျမ်းမြတ်ကုရ်အာန်၌ မည်သို့ သွန်သင်ထားသနည်း ဆိုသည်ကို လေ့လာမိရန် အရေးကြီးပေသည်။

	သင့်ကံကြမ္မာရှင်၏ ညွှန်ကြားချက်ဖြင့်သာ ကျွန်ုပ်တို့ ဆင်းသက်လာရ၏၊ ကျွန်ုပ်တို့၏ ပစ္စုပ္ပန်၊ ကျွန်ုပ်တို့၏ အနာဂါတ်၊ ထိုစပ်ကြား ရှိသမျှတို့သည် အရှင်၏ အချုပ်အခြာဌာ ရှိ၏။ သင့်ကံကြမ္မာရှင်သည် မေ့ပစ်ထားခြင်း မရှိချေ။
၆၅။	**رَبُّ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا فَاعْبُدْهُ وَاصْطَبِرْ لِعِبَادَتِهِ هَلْ تَعْلَمُ لَهُ سَمِيًّا۞** မိုးများနှင့် မြေ၊ ထိုနှစ်ခုစပ်ကြား ရှိသမျှတို့၏ ကံကြမ္မာရှင်၊ အရှင့်ကိုသာ ကိုးကွယ်ကြလော့၊ အရှင့်အား အမှုတော်ထမ်း ရာ၌ စိတ်ရှည် သည်းခံလော့၊ အရှင်အတွက် အခြား ဂုဏ်တော်ဟူ၍ သင် သိထားခြင်း ရှိသလော။
၆၆။	**وَيَقُولُ الْإِنسَانُ أَئِذَا مَا مِتُّ لَسَوْفَ أُخْرَجُ حَيًّا۞** လူသားက ‘‘ကျွန်ုပ်သည် သေရပြီးသော်– ကျွန်ုပ်သည် ရှင်ပြန် ထွက်ပေါ်ရမည်လော၊’’ဟု ဆိုလတ္တံ့။
၆၇။ ☆ ၂၁၁	**أَوَلَا يَذْكُرُ الْإِنسَانُ أَنَّا خَلَقْنَاهُ مِن قَبْلُ وَلَمْ يَكُ شَيْئًا۞** ရှေ့အလျင်က တစ်စုံတစ်ရာမရှိ နတ္ထိမှ သူ့ကို ဖြစ်တည်စေခဲ့သည်ကို☆ လူသားသည် သတိမရ ဖြစ်နေသလော။
၆၈။	**فَوَرَبِّكَ لَنَحْشُرَنَّهُمْ وَالشَّيَاطِينَ ثُمَّ لَنُحْضِرَنَّهُمْ حَوْلَ جَهَنَّمَ جِثِيًّا۞** သင့်ကံကြမ္မာရှင်အားဖြင့်၊ သူတို့နှင့် မကောင်းဆိုးဝါးတို့အား စုစည်းစေမည်ပင်၊ သူတို့အား ငရဲပတ်လည်တွင် အသင့်ပြင် ဒူးထောက်စေလတ္တံ့။
၆၉။	**ثُمَّ لَنَنزِعَنَّ مِن كُلِّ شِيعَةٍ أَيُّهُمْ أَشَدُّ عَلَى الرَّحْمَنِ عِتِيًّا۞** ထို့နောက်၊ ကရုဏာရှင်အား ခေါင်းအမာဆုံးသော အာခံသူများကို ဂိုဏ်းကွဲတိုင်းမှ ဆွဲထုတ်ပစ်တော်မူလတ္တံ့။
၇၀။	**ثُمَّ لَنَحْنُ أَعْلَمُ بِالَّذِينَ هُمْ أَوْلَى بِهَا صِلِيًّا۞** လောင်ကျွမ်းခြင်း အလှည့်ကျသော သူများကို ငါသည် အသိဆုံး ဖြစ်တော်မူ၏။
၇၁။	**وَإِن مِّنكُمْ إِلَّا وَارِدُهَا كَانَ عَلَى رَبِّكَ حَتْمًا مَّقْضِيًّا۞** သင်တို့အနက် ထိုၭ မီးခဲရဲရဲဖြစ်ရသူသာ ရှိ၍၊ ရှောင်လွှဲမရနိုင်သော သင့်ကံကြမ္မာရှင်၏ ဆုံးဖြတ်ချက်ပေါ်ၭ ရှိကြ၏။
၇၂။	**ثُمَّ نُنَجِّي الَّذِينَ اتَّقَوا وَّنَذَرُ الظَّالِمِينَ فِيهَا جِثِيًّا۞** ထို့နောက် ငါသည် စည်းစောင့်သော သူတို့အား လွတ်မြောက်စေတော်မူ၍၊ အမိုက်ကောင်တို့အား ထိုၭ ဒူးထောက် လျက် ချန်ပစ်ခဲ့လတ္တံ့။
၇၃။	**وَإِذَا تُتْلَى عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ قَالَ الَّذِينَ كَفَرُوا لِلَّذِينَ آمَنُوا أَيُّ الْفَرِيقَيْنِ خَيْرٌ مَّقَامًا وَأَحْسَنُ نَدِيًّا۞** ငါ၏ ရှင်းလင်းသော သုတ်ဒေသနာများကို ရွတ်ဖတ်ပြသောအခါ၊ ဖုံးကွယ်သော သူတို့က ယုံကြည်သော သူတို့အား အဖွဲ့နှစ်ခုမှ မည်သည်က ပိုမို ကောင်းမွန် ခိုင်မြဲသနည်း၊ မည်သည့် ဖိတ်ကြားခံများက ပိုမို တင့်တယ်သနည်း၊’’ဟု ဆို၏။
၇၄။	**وَكَمْ أَهْلَكْنَا قَبْلَهُم مِّن قَرْنٍ هُمْ أَحْسَنُ أَثَاثًا وَرِئْيًا۞** ငါသည် သူတို့၏ ရှေ့အလျင် အသုံးအဆောင်များနှင့် တင့်တင့်တယ်တယ်မြင်ရသည့် မျိုးဆက်မည်မျှကို တိမ်ကောစေခဲ့သနည်း။
၇၅။	**قُلْ مَن كَانَ فِي الضَّلَالَةِ فَلْيَمْدُدْ لَهُ الرَّحْمَنُ مَدًّا حَتَّى إِذَا رَأَوْا مَا يُوعَدُونَ إِمَّا الْعَذَابَ وَإِمَّا السَّاعَةَ فَسَيَعْلَمُونَ مَنْ هُوَ شَرٌّ مَّكَانًا وَأَضْعَفُ جُندًا۞** ဟောလော့ ‘‘လွဲမှားမှုၭ တိုးရွေ့လျက် ရှိသူအား ကရုဏာရှင်သည် သူအား ကတိထားသည့် ဝဋ်ကြွေးအား သို့မဟုတ် အချိန်နာရီအား မြင်တွေ့ရသည်အထိ ရွေ့နေစေလတ္တံ့၊ ထိုအခါ မည်သူသည် ဆိုးဝါး ချိနဲ့သော စစ်တပ် ဘက်ၭ

	ရှိသည်ကို သူတို့ သိကြရလတ္တံ့။”
၇၆။	**وَيَزِيدُ اللَّهُ الَّذِينَ اهْتَدَوْا هُدًى وَالْبَاقِيَاتُ الصَّالِحَاتُ خَيْرٌ عِندَ رَبِّكَ ثَوَابًا وَخَيْرٌ مَّرَدًّا** လမ်းညွှန်၌ ရှိသော သူအား ပရမတ်ဘုရားရှင်သည် လမ်းညွှန်ကို တိုးပွားစေ၏။ စဉ်ဆက်မပြတ် ပြုပြင်ပြောင်းလဲခြင်းသည် သင့်ကံကြမ္မာရှင်၏ ထံပါး၌ ပိုကောင်း၏။ ထိုအကျိုးဆက်သည် အပြန်ခရီး ကောင်း ဖြစ်၏။
၇၇။	**أَفَرَأَيْتَ الَّذِي كَفَرَ بِآيَاتِنَا وَقَالَ لَأُوتَيَنَّ مَالًا وَوَلَدًا** ငါ၏ သုတ်ဒေသနာတို့အား ဖုံးကွယ်လျက် “ကျွန်ုပ်အား ဥစ္စာပစ္စည်းနှင့် ရင်သွေးများ ချီးမြှင့်ခံရ၏။”ဟု ပြောသော သူကို သင် မရှုစားမိသလော။
၇၈။	**أَاطَّلَعَ الْغَيْبَ أَمِ اتَّخَذَ عِندَ الرَّحْمَنِ عَهْدًا** သူသည် စကၠဝံလွန်ကို ဖေါ်ထုတ်နိုင်သလော၊ သို့တည်းမဟုတ် ကရုဏာရှင်ထံမှ ပဋိညာဉ် ရယူထားသလော။
၇၉။	**كَلَّا سَنَكْتُبُ مَا يَقُولُ وَنَمُدُّ لَهُ مِنَ الْعَذَابِ مَدًّا** အမှန်မှာ၊ ငါသည် သူ၏ ဆိုစကားကို မှတ်တမ်းတင်ထားလတ္တံ့၊ သူ၏ တိုးရွေ့နေသော ဝဋ်ကြွေးကို တိုးရွေ့နေစေလတ္တံ့။
၈၀။	**وَنَرِثُهُ مَا يَقُولُ وَيَأْتِينَا فَرْدًا** သူပြောဆိုသော အရာအား ငါ အမွေသိမ်းတော်မူ၍၊ သူ့ချည်းသပ်သပ် ငါ့ထံသို့ ဆိုက်ရောက်ရလတ္တံ့။
၈၁။	**وَاتَّخَذُوا مِن دُونِ اللَّهِ آلِهَةً لِّيَكُونُوا لَهُمْ عِزًّا** သူတို့အတွက် ဘုန်းကံကြီးရန် ပရမတ်ဘုရားရှင် မှလွဲ၍ ဘုရားအများကို အယူထားနေကြ၏။
၈၂။	**كَلَّا سَيَكْفُرُونَ بِعِبَادَتِهِمْ وَيَكُونُونَ عَلَيْهِمْ ضِدًّا** အမှန်မှာ ၎င်းတို့က သူတို့၏ အမှုတော်ထမ်းခြင်းကို မကြာမီ ဖုံးကွယ်ပယ်ချ၍ ဆန့်ကျင်ဘက်များ ဖြစ်ရလတ္တံ့။
၈၃။ ☆ ၂း၁၄	**أَلَمْ تَرَ أَنَّا أَرْسَلْنَا الشَّيَاطِينَ عَلَى الْكَافِرِينَ تَؤُزُّهُمْ أَزًّا** ငါသည် မကောင်းဆိုးဝါးအား☆ စေစား၍ ဖုံးကွယ်သူတို့အား မြောက်ပင့် တိုက်တွန်းစေသည်ကို သင် မမြင်မိသလော။
၈၄။	**فَلَا تَعْجَلْ عَلَيْهِمْ إِنَّمَا نَعُدُّ لَهُمْ عَدًّا** သို့ဖြစ်၍၊ သူတို့အပေါ်၌ အလျင်မလိုနှင့်၊ သူတို့အား နံပါတ်စဉ်အတိုင်း နံပါတ်တပ်ပြီး ဖြစ်၏။[၆၇၉]
၈၅။	**يَوْمَ نَحْشُرُ الْمُتَّقِينَ إِلَى الرَّحْمَنِ وَفْدًا** စည်းစောင့်သူများအား အထူးကိုယ်စားလှယ် အဖြစ် ကရုဏာရှင်၏ ထံသို့ စုစည်းစေသော နေ့ကာလ၌၊
၈၆။	**وَنَسُوقُ الْمُجْرِمِينَ إِلَى جَهَنَّمَ وِرْدًا** ရာဇဝတ်ကောင်များအား ရဲရဲတောက် ငရဲဘုံသို့ မောင်းထည့်စဉ်၊
၈၇။	**لَا يَمْلِكُونَ الشَّفَاعَةَ إِلَّا مَنِ اتَّخَذَ عِندَ الرَّحْمَنِ عَهْدًا** ကရုဏာရှင်၏ ထံတော်မှ ပဋိညာဉ် ရယူထားသူများမှအပ အခြား အမျှဝေဆုတောင်းနိုင်ခြင်း ဩဇာအာဏာ မရှိချေ။

(၆၇၉) ဆိုလိုသည်မှာ သူတို့အတွက် ကောင်း၊ ဆိုး ခံစားရမည့် နေရက်ကာလကို နံပါတ်စဉ် သတ်မှတ်ပြီး ဖြစ်၏၊ ထို့ကြောင့် ထိုသတ်မှတ်ကာလကို ရှေ့တိုး နောက်ဆုတ် ဖြစ်ရန် မည်သူကမှ ပြုလုပ်၍ မရချေ။

၈၈။	**وَقَالُوا اتَّخَذَ الرَّحْمَٰنُ وَلَدًا۞** ကရုဏာရှင်၌ ကိုယ်ပွား ယူထား၏ဟု ပြောဆိုမှုများမှာ၊
၈၉။	**لَقَدْ جِئْتُمْ شَيْئًا إِدًّا۞** ဇကန်မုချ၊ တုန်လှုပ်ကြောက်မက်ဘွယ်ရာကို သင်တို့ ရောက်လာစေခြင်းဖြစ်၏။
၉၀။	**تَكَادُ السَّمَاوَاتُ يَتَفَطَّرْنَ مِنْهُ وَتَنشَقُّ الْأَرْضُ وَتَخِرُّ الْجِبَالُ هَدًّا۞** ကောင်းကင်များသည် အသစ်ပြန်ဖြစ်လု၊ မြေကမ္ဘာသည် ကြေမွလု၊ တောတောင်များသည် ဖွာထွက်လု ဖြစ်ရသည်မှာ၊
၉၁။	**أَن دَعَوْا لِلرَّحْمَٰنِ وَلَدًا۞** ကရုဏာရှင်အား ကိုယ်ပွားထား တသခြင်းကြောင့် ဖြစ်၏။
၉၂။	**وَمَا يَنبَغِي لِلرَّحْمَٰنِ أَن يَتَّخِذَ وَلَدًا۞** ကရုဏာရှင်အတွက် ကိုယ်ပွား အယူထားရန် မရှာဖွေကြနှင့်။
၉၃။	**إِن كُلُّ مَن فِي السَّمَاوَاتِ وَالْأَرْضِ إِلَّا آتِي الرَّحْمَٰنِ عَبْدًا۞** မိုးများနှင့် မြေကမ္ဘာတွင်း ရှိသူကိုယ်စီသည် ကရုဏာရှင်၏ အမှုတော်ဆောင် အဖြစ်ဖြင့်သာ ရောက်ရမည်ပင်။
၉၄။	**لَقَدْ أَحْصَاهُمْ وَعَدَّهُمْ عَدًّا۞** မုချပင်၊ ၎င်းတို့အား နံပတ်စဉ်အတိုင်း နံပတ်တပ် အမှတ်စဉ်မှတ်ထား၏။
၉၅။ ☆ ၂း၁၇	**وَكُلُّهُمْ آتِيهِ يَوْمَ الْقِيَامَةِ فَرْدًا۞** ရပ်တည်ရသောနေ့၌☆ သူတို့ကိုယ်စီ အရှင့်ထံသို့ သပ်သပ်စီ ရောက်ရလတ္တံ့။
၉၆။	**إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ سَيَجْعَلُ لَهُمُ الرَّحْمَٰنُ وُدًّا۞** ဇကန်ပင် ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသော သူများ၊ သူတို့အတွက် ကရုဏာရှင်သည် ချစ်ခြင်းတရားကို စီစဉ်ထားလတ္တံ့။
၉၇။ ကျမ်းဆော်	**فَإِنَّمَا يَسَّرْنَاهُ بِلِسَانِكَ لِتُبَشِّرَ بِهِ الْمُتَّقِينَ وَتُنذِرَ بِهِ قَوْمًا لُّدًّا۞** သို့ဖြင့် **၎င်း**ကို သင်၏ ဘာသာစကားဖြင့် လွယ်ကူစေ၏။ ၎င်းဖြင့် စည်းစောင့်သူတို့အား သတင်းကောင်းပါးရန်၊ ရန်လိုသော လူမျိုးအား သတိပေးရန် ဖြစ်စေ၏။
၉၈။	**وَكَمْ أَهْلَكْنَا قَبْلَهُم مِّن قَرْنٍ هَلْ تُحِسُّ مِنْهُم مِّنْ أَحَدٍ أَوْ تَسْمَعُ لَهُمْ رِكْزًا۞** ငါသည် သူတို့၏ ရှေ့အလျှင် မျိုးဆက်မည်မျှကို တိမ်ကောစေခဲ့သနည်း၊ သင်သည် သူတို့မှ တစ်စုံတစ်ယောက်ကို ရင်ဆိုင်တွေ့ဖြစ်သလော၊ သို့မဟုတ် သူတို့၏ အသံတစ်ခုမျှပင် ကြားရနိုင်သလော။

ဓမ္မခန္ဓာ (၂၀) တွာဟာ

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၄၅၊ သုတ်ဒေသနာ ၁၃၅ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**طه**۞ တွာ၊ ဟာ။[၆၈၀]
၂။	**مَا أَنزَلْنَا عَلَيْكَ الْقُرْآنَ لِتَشْقَى**۞ ငါသည် သင့်ထံ၌ ကုရ်အာန်ကျမ်းကို ချမှတ်ပေးသည်မှာ ကံဆိုးရစေရန် မဟုတ်။[၆၈၁]
၃။	**إِلَّا تَذْكِرَةً لِّمَن يَخْشَى**۞ ကြောက်ရွံ့ရိုကျိုးတတ်သူတို့အား သတိဖေါ်ပေးရန်သာ ဖြစ်၏။
၄။ ကောင်းကင်	**تَنزِيلًا مِّمَّنْ خَلَقَ الْأَرْضَ وَالسَّمَاوَاتِ الْعُلَى**۞ အပေါ်လွှာ **အာကာသ**များနှင့် မြေကမ္ဘာအား ဖြစ်တည်စေသည့် အရှင်ထံမှ ချမှတ်ပေးခြင်း ဖြစ်၏။
၅။ ☆၁၀း၃	**الرَّحْمَنُ عَلَى الْعَرْشِ اسْتَوَى**۞ ထပ်ဆင့်ကွပ်ကဲမှုကို ပုံစံချသော☆ ကရုဏာရှင်၊
၆။ ကောင်းကင်	**لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَمَا بَيْنَهُمَا وَمَا تَحْتَ الثَّرَى**۞ **မိုး**များအတွင်း၊ မြေအတွင်း၊ ထိုနှစ်ခု စပ်ကြားနှင့် မြေဆီလွှာအောက် ရှိသည်တို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။
၇။	**وَإِن تَجْهَرْ بِالْقَوْلِ فَإِنَّهُ يَعْلَمُ السِّرَّ وَأَخْفَى**۞ သင် စကားကျယ်ကျယ် ပြောလျှင်လည်း ကြိတ်၍ မြိုသိပ်ထားရာကို အရှင်သည် သိနေတော်မူ၏။
၈။	**اللَّهُ لَا إِلَهَ إِلَّا هُوَ لَهُ الْأَسْمَاء الْحُسْنَى**۞ ပရမတ်ဘုရားရှင်၊ အရှင်မှ အခြားဘုရားဟူ၍ မရှိ၊ အသပ္ပါယ်ဆုံးသော ဂုဏ်တော်တို့သည် အရှင့်အဘို့ ဖြစ်၏။
၉။	**وَهَلْ أَتَاكَ حَدِيثُ مُوسَى**۞ မူဆာ၏အကြောင်း ဆင့်ပြန်ချက်သည် သင့်ထံသို့ ရောက်လာပြီလော။

---

(၆၈၀) စိတ်တည်ငြိမ်သူ– အတိုက်ကောက် စကားလုံး **طه တွာဟာ** ဆိုသည်မှာ ကိုယ်တော် မုဟမ္မဒ်၏ ဘွဲ့တော်များအနက်မှ တစ်ခု ဖြစ်၍ အဓိပ္ပါယ်မှာ အပြစ်များကို လျှော်ပစ်လေ့ရှိသူ၊ သူတစ်ပါးအား ဇွေမယူတတ်သူ၊ စိတ်တည်ငြိမ်သူ (တွာဟေရ်) ဟု ဖြစ်ပေသည်၊ (တရ်ဂျုအိုု အာရူစ်၊ E.W. Lane အာရ်ဗီ အင်္ဂလိပ် ဝေါဟာရထွေပကာသနီ)။

(၆၈၁) မိရိုးဖလာ ဝါဒီများမှ မည်မျှပင် တိုက်ခိုက်စော်ကား စေကာမူ၊ ကိုယ်တော်မုဟမ္မဒ်ထံ၌ ကိန်းဝပ်ချမှတ်သော ဤကုရ်အာန် ကျမ်းတော်၏ ဝါဒသည် မချအောင်မြင်ရမည်ဟု အတိအကျ ဆိုထားပေသည်။ ကုရ်အာန်သို့ လိုက်နာသောကြောင့် ကံဆိုး စိတ်ညစ်ရမည် မဟုတ်ချေ။

၁၀။	**إِذْ رَأَى نَارًا فَقَالَ لِأَهْلِهِ امْكُثُوا إِنِّي آنَسْتُ نَارًا لَّعَلِّي آتِيكُم مِّنْهَا بِقَبَسٍ أَوْ أَجِدُ عَلَى النَّارِ هُدًى۞**
အလင်း	သူသည် မီးကို မြင်သောအခါ၊ သူ၏ ဝိုင်းသားတို့အား ''စောင့်နေကြလော့၊ ကျွန်ုပ်သည် မီးကို တွေ့ရ၏၊ သင်တို့အတွက် ထိုမှ **မီးတောက်**ကို ယူပေးနိုင်ရာ၏၊ သို့မဟုတ် ထိုမီးပေါ်၌ လမ်းညွှန်တစ်ခုကို တွေ့ရှိနိုင်ရာ၏၊''ဟု ပြော၏။
၁၁။	**فَلَمَّا أَتَاهَا نُودِيَ يَا مُوسَى۞**
	သူသည် ထိုသို့ ရောက်လာသောအခါ၊ ''အို– မူဆာ၊''ဟု ဖိတ်ခေါ်ခံရ၍၊[၆၈၂]
၁၂။	**إِنِّي أَنَا رَبُّكَ فَاخْلَعْ نَعْلَيْكَ إِنَّكَ بِالْوَادِ الْمُقَدَّسِ طُوًى۞**
	မှတ်သားလော့၊ ငါသည် သင့်ကံကြမ္မာရှင် ဖြစ်၏၊ သင့်ခြေနင်းကို ချွတ်လော့၊ ဇကန်ပင် သင်သည် မြတ်သော တောင်ခြေ ချိုင့်ဝှမ်း၌ ရောက်နေ၏။[၆၈၃]
၁၃။	**وَأَنَا اخْتَرْتُكَ فَاسْتَمِعْ لِمَا يُوحَى۞**
	ငါသည် သင့်ကိုရွေးချယ်ပြီ၊ သို့ဖြစ်၍ ငါ– အာရုံစျာန်ဖြစ်ပေးရာအား နာယူလော့။
၁၄။	**إِنَّنِي أَنَا اللَّهُ لَا إِلَهَ إِلَّا أَنَا فَاعْبُدْنِي وَأَقِمِ الصَّلَاةَ لِذِكْرِي۞**
☆၂း၃	မှတ်သားလော့၊ ငါသည် ပရမတ်ဘုရားရှင် ဖြစ်၏၊ ငါမှ အပ အခြား ဘုရားဟူ၍ မရှိ၊ ငါ့ကိုသာ ကိုးကွယ်ကြလော့၊ ငါအား သတိယူလျက် ဝတ်ပြု☆ မြဲကြလော့။
၁၅။	**إِنَّ السَّاعَةَ ءَاتِيَةٌ أَكَادُ أُخْفِيهَا لِتُجْزَى كُلُّ نَفْسٍ بِمَا تَسْعَى۞**
အချိန်	အချိန်နာရီသည် ဇကန် လာနေ၏၊ ဉာဉ်စရိုက်ကိုယ်စီ လုံးပန်းမှုများ အတွက် အစားရအံ့ငှာ **ငင်း**ကို မြင်ရလုမတတ် ဖြစ်စေလတ္တံ့။[၆၈၄]
၁၆။	**فَلَا يَصُدَّنَّكَ عَنْهَا مَنْ لَا يُؤْمِنُ بِهَا وَاتَّبَعَ هَوَاهُ فَتَرْدَى۞**
အချိန်	ကျရှုံးခြင်း မရှိစေရန် **ငင်း**ကို မယုံကြည်ဘဲ လိုဘနောက်သို့ လိုက်နေသူက– သင့်အား **ငင်း**မှ မဖယ်ရှားစေနှင့်။
၁၇။	**وَمَا تِلْكَ بِيَمِينِكَ يَا مُوسَى۞**
	သင်၏ ညာလက်တွင် မည်သည့် အရာနည်း၊ အို မူဆာ–ဟု မေးသော်၊
၁၈။	**قَالَ هِيَ عَصَايَ أَتَوَكَّأُ عَلَيْهَا وَأَهُشُّ بِهَا عَلَى غَنَمِي وَلِيَ فِيهَا مَآرِبُ أُخْرَى۞**

---

(၆၈၂) ဤသုတ်တော်နှင့် အပေါ်သုတ်တော်ကို မစီမစဉ် အလွယ်ဖတ်ထားသော ဆရာတော်ကြီးများက ''ပရမတ်ဘုရားရှင်သည် မီးကဲ့သို့ ဖန်ဆင်းကာ ကိုယ်တော်မူဆာအား ကိုယ်ထင်ပြသယောင်၊ ထိုမီးမှ ကိုယ်တော်မူဆာအား အသံပြုခေါ်လေသယောင် ဟောပြောနေသည်များမှာ အစွန်လာမ်တရားတော်နှင့် လွန်စွာ ခြားနားပေသည်။ အထက်ပါ သုတ်တော်တွင် ကိုယ်တော် မူဆာ၏ အာရုံတွင် မြင်ရသော ''မီး'' ဆိုသည်မှာ သူသည် မကြာမီတွင် စစ်ပွဲများကို ရင်ဆိုင်ရမည့် နိမိတ် ဖြစ်ပေသည်။ ကျမ်းတော်တွင် မီး ဆိုသည်မှာ စစ်ပွဲများကို ရည်ညွှန်းကြောင်း မကြာခဏ တွေ့ရပေသည်၊ (၂း၂၄ အောက်ခြေတွင် ကြည့်ပါ။) သို့အတွက် သူသည် သူ တရားထိုင်လေ့ရှိသော သူတို့အယူဖြင့် မြင့်မြတ်သော တောင်တော်သို့ တရားဘာဝနာ ပွားရန် သွားရောက်ခြင်း ဖြစ်၍၊ ထိုနေရာတွင် သူသည် ဗျာဒိတ်ရခြင်း ဖြစ်ပေသည်။ သူရသော ဗျာဒိတ်သံသည် မီးထဲမှာ ထွက်လာသည်ဟု လည်းကောင်း၊ သူ့အား မီးမှ စကားပြောသည်ဟု လည်းကောင်း ကျမ်းတော်တွင် ဖေါ်ပြထားခြင်း လုံးဝ မရှိချေ။

(၆၈၃)''**သင့်ခြေနင်းကို ချွတ်လော့**'' ဆိုသည်မှာ ''**မိသားစု သားမယား အရေး၊ လောကီ အရေးများကို သင့်နှလုံးသားမှ စွန့်လော့**'' ဟု တင်စားပြောဆိုခြင်း ဖြစ်သည်၊ (ဘိုင်ဿာဝီ)။ ထိုစကား၏ ဆိုလိုချက်မှာ ''**ဝတ်ကြောင်စွန့်လော့**'' ဟုလည်း ဖြစ်ပေသည်၊ (တရဂျူအို အာရုဗီ၊ E.W. Lane အာရဗီ အင်္ဂလိပ် ဝေါဟာရတ္ထုပကာသနီ)။

(၆၈၄) ဤသုတ်တော်တွင်ပါသော **أَكَادُ أُخْفِيهَا** ကို အချို့ဆရာတော်များက ''ဖုံးကွယ်ထားသည်'' ဟု ပြန်ဆိုလျက်၊ ထိုရောက်လာနေသော အချိန်နာရီကို ဖုံးကွယ်ထား၏ ဟု ဘာသာ ပြန်ဆိုကြပေသည်။ ထိုစကားလုံး၏ အနက်မှာ ''ပေါ်လုနီးနီး ဖုံးကွယ်ထားခြင်း'' ဖြစ်ပေသည်။ တနည်းအားဖြင့် မိမိပြုလုပ်သော အကျိုးတရား တစ်ခုအား ပြန်လည် ခံစားရမည်ကို အာရုံတွင် သိနေလျက်၊ မျက်ဝါးထင်ထင် မမြင်ရခြင်းမျိုး ဖြစ်ပေသည်။ ထို့ကြောင့် ဤနေရာ၌ ''မြင်ရလုမတတ်'' ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

	သူက ‘‘ဤသည် တပည့်တော်၏ လက်ထောက် ဖြစ်၏၊ ၎င်းကို တပည့်တော် မှီရ၏၊ သိုးများအတွက် သစ်ရွက်ခြေရ၏၊ တပည့်တော်အတွက် နောက်ဆက်တွဲ အသုံးပြုမှုများလည်း ရှိ၏။’’ဟု ဆို၏။[၆၅၅]
၁၉။ ☆ ၇း၁၀၇	**قَالَ أَلْقِهَا يَا مُوسَى۞** အရှင်က ‘‘အေ– မူဆာ၊ ၎င်းကို ခင်းကျင်းလော့၊’’☆ဟု မိန့်လိုက်၍၊
၂၀။ ☆ ၇း၁၀၇	**فَأَلْقَاهَا فَإِذَا هِيَ حَيَّةٌ تَسْعَى۞** ၎င်းကို ခင်းကျင်းသောအခါ၊ ၎င်းသည် အသက်ဝင် လုံးပန်းလှုပ်ရှားလာ၏။☆
၂၁။	**قَالَ خُذْهَا وَلَا تَخَفْ سَنُعِيدُهَا سِيرَتَهَا الْأُولَى۞** အရှင်က ‘‘၎င်းကို စွဲကိုင်လော့၊ မကြောက်ရွံ့နှင့်၊ ၎င်းကို ပထမ လာလမ်းအတိုင်း ငါ ဆက်ဖြစ်စေလတ္တံ့’’ဟု မိန့်၏။[၆၅၆]
၂၂။ ☆၇း၁၀၇ ၂၇း၂	**وَاضْمُمْ يَدَكَ إِلَى جَنَاحِكَ تَخْرُجْ بَيْضَاء مِنْ غَيْرِ سُوءٍ آيَةً أُخْرَى۞** ထို့နောက် သင်၏ လက်ကို သင့်လက်ရုံးရည်ဖြင့် ချုပ်တီးလော့၊ ၎င်းသည် အကုသိုလ်ကင်းသော အဖြူထည်သက်သက် ထွက်လာလိမ့်မည်၊ နောက်ထပ် နိမိတ်လက္ခဏာပင် ဖြစ်၏။☆
၂၃။	**لِنُرِيَكَ مِنْ آيَاتِنَا الْكُبْرَى۞** သင့်အား ငါ၏ ကြီးကျယ်သော နိမိတ်လက္ခဏာတို့အား မြင်တွေ့စေဘို့ရာ၊
၂၄။	**اذْهَبْ إِلَى فِرْعَوْنَ إِنَّهُ طَغَى۞** ဖာရိုးထံသို့ သွားလော့၊ သူသည် စည်းဖျက်သူ ဖြစ်၏။
၂၅။	**قَالَ رَبِّ اشْرَحْ لِي صَدْرِي۞** သူက လျှောက်ထားသည်မှာ ‘‘အို– ကံကြမ္မာရှင်၊ တပည့်တော်၏ ရင်ကို ကျယ်ဝန်းစေတော်မူပါ။–
၂၆။	**وَيَسِّرْ لِي أَمْرِي۞** တပည့်တော်၏ စီမံချက်ကို လွယ်ကူစေတော်မူပါ။–
၂၇။	**وَاحْلُلْ عُقْدَةً مِّن لِّسَانِي۞** တပည့်တော်၏ ဘာသာစကား အထုံးအဖွဲ့များကို ဘောင်ဝင်စေတော်မူပါ။[၆၅၇]

---

(၆၅၅) ကိုယ်တော်မူဆာ၏ လက်ထောက် ဆိုသည်မှာ ကိုယ်တော်မူဆာ၏ အားကိုးရသော နောက်လိုက် အသိုင်းအဝိုင်း ဖြစ်ကြောင်း မကြာခဏ ရှင်းပြပြီး ဖြစ်သည်၊ ဤသုတ်တော်တွင် ထိုလက်ထောက်သည် သိုးများ အတွက်လည်း သစ်ရွက်ခြေရ၏ ဆိုသည်မှာ ကိုယ်တော်မူဆာ၏ နောက်လိုက် ဘာသာရေး ကျင့်ဆောင်သူများအား သိုးများအဖြစ် တင်စား၍ ထိုသူများအတွက် ရိက္ခာ အထောက်အပံ့ရရန် အားကိုးရသော ကိုယ်တော်၏ အသိုင်းအဝိုင်းမှ ဆောင်ရွက်ပေးခြင်းကို ရည်ညွှန်းပေသည်၊ ကိုယ်တော်မူဆာ၏ လက်ထက်တွင် အစားအသောက်များ ပြုလုပ်ဖန်တီးခြင်း အတတ်ပညာများ ပေါ်လာခဲ့ကြောင်း ၂း၅၇ အောက်ခြေတွင် ရှင်းပြပြီး ဖြစ်သည်။

(၆၅၆) ဤသုတ်တော်က ကိုယ်တော်မူဆာသည် သူ့လူမျိုးများကို မစွန့်ပစ်ရန်၊ သူတို့အား ပြုပြင်ခြင်း အလုပ်ကို မည်မျှပင် ခက်ခဲစေကာမူ မကြောက်ရွံ့ မတုန်လှုပ်ရန်နှင့် ကိုယ်တော်မူဆာ၏ ဦးဆောင် သွန်သင်မှုဖြင့် ဂျူးလူမျိုးများသည် အီဂျစ်မှ ဖာရိုးမင်းဆက်၏ လက်အောက်တွင် သူ့ကျွန် မဖြစ်ရမီ အခြေကဲ့သို့ ပြန်လည်ကောင်းစား လာရစေမည်ကို နိမိတ်ရခြင်း ဖြစ်ပေသည်။

(၆၅၇) ဤသုတ်တော်ပါ၊ ‘‘ဘာသာစကား အထုံးအဖွဲ့များကို ဘောင်ဝင်စေတော်မူပါ’’ ဆိုသည်ကို အချို့က လျှာမှ အထုံးအဖွဲ့များကို ဖြေ ဖျောက်ပေးပါ– ဟု ဘာသာပြန်ကြပေသည်။ အလွန်လှပသော ဘာသာပြန်ချက်ပင် ဖြစ်တော့သည်။ သို့သော် ထိုဘာသာပြန်ချက်အား အချို့သော ဦးကာခဲ့ ဆရာတော်ကြီးများက ကိုယ်တော်မူဆာသည် ငယ်စဉ်က ဖာရိုးမင်း၏ ပါးကို ရိုက်ပစ်သည်။ ဖာရိုးမင်းက စိတ်ဆိုး၍ သူငယ်အား သတ်ပစ်မည်ပြုသည်၊ ထိုအခါ ဖာရိုး၏ ဇနီးက ကလေးဆိုသည်မှာ အသိဉာဏ် မရှိကြောင်း ပါးကို ရိုက်ခြင်းမဟုတ် မတော်၍ ထိမိခြင်းသာ ဖြစ်ကြောင်း ဖြေသိမ့်သည်၊ ဖာရိုးက အသိမရှိလျှင် မီးကို ကိုင်ကြည့်စေလော့ဟု ဆို၍ မီးခဲကို ပေးလိုက်ရာ ကလေးက မီးခဲကို ကိုင်၍ ပါးစပ်ထဲသို့ ထည့်လိုက်ရာ

၂၈။	**يَفْقَهُوا قَوْلِي۪** တပည့်တော်၏ အပြောအဆိုအား သူတို့အား နားလည်စေတော်မူပါ။
၂၉။	**وَاجْعَل لِّي وَزِيرًا مِّنْ أَهْلِي۪** တပည့်တော်၏၊ ဝိုင်းတော်သားထဲမှ တပည့်တော်အတွက် သံဝန်ထမ်းတစ်ဦး စီစဉ်ပေးတော်မူပါ။
၃၀။	**هَارُونَ أَخِي۪** တပည့်တော်၏ အစ်ကို ဟာရွန်–
၃၁။	**اشْدُدْ بِهِ أَزْرِي۪** သူ့ဖြင့် တပည့်တော်အား အင်အားကောင်းစေတော်မူပါ။
၃၂။	**وَأَشْرِكْهُ فِي أَمْرِي۪** တပည့်တော်၏ စီမံချက်၌ သူ့အား တပည့်တော်နှင့် ဖက်စပ်သူ ဖြစ်စေတော်မူပါ။
၃၃။	**كَيْ نُسَبِّحَكَ كَثِيرًا۪** အရှင့်အား မြောက်များစွာ ဦးထိပ်ထားဘို့ရာ ဖြစ်ပါ၏။
၃၄။	**وَنَذْكُرَكَ كَثِيرًا۪** အရှင့်အား များစွာ သတိတရ ရှိဘို့ရာလည်း ဖြစ်ပါ၏။
၃၅။	**إِنَّكَ كُنتَ بِنَا بَصِيرًا۪** အရှင်သည် တပည့်တော်တို့အား မြင်နေသော အရှင်ဖြစ်ပါ၏။''ဟု ဖြစ်၏။
၃၆။	**قَالَ قَدْ أُوتِيتَ سُؤْلَكَ يَا مُوسَى۪** အရှင်က မိန့်သည်မှာ ''သင်၏ တောင်းခံချက်ကို ပြည့်စေတော်မူပြီ၊ အေ– မူဆာ–၊
၃၇။	**وَلَقَدْ مَنَنَّا عَلَيْكَ مَرَّةً أُخْرَى۪** မုချပင်၊ ငါသည် သင့်အား နောက် တစ်ကြိမ် မျက်နှာသာပေးတော်မူပြီ။
၃၈။	**إِذْ أَوْحَيْنَا إِلَى أُمِّكَ مَا يُوحَى۪** ငါသည် သင့်မိခင်ထံသို့ အာရုံရစေရန် အာရုံစျာန်ပေးစဉ်က။
၃၉။	**أَنِ اقْذِفِيهِ فِي التَّابُوتِ فَاقْذِفِيهِ فِي الْيَمِّ فَلْيُلْقِهِ الْيَمُّ بِالسَّاحِلِ يَأْخُذْهُ عَدُوٌّ لِّي وَعَدُوٌّ لَّهُ وَأَلْقَيْتُ عَلَيْكَ**

လျှာကို မီးလောင်သွားသည်၊ ထို့ကြောင့် ထိုမီးလောင်နာ အဖုအထစ်များ ပြေပျောက်စေရန် ဆုတောင်းခြင်း ဖြစ်သည်ဟု မဆီမဆိုင် ဘာသာ ပြန်ကြပေတော့သည်၊ ထိုဒဏ္ဍာရီအား ထောက်ခံအတည်ပြုသော ကျမ်းချက်ဟူ၍ ကုရ်အာန်ကျမ်းတော်၌ လုံးဝ မပါဝင်ပေ၊ ဤသုတ်တော်မှ ဆိုလို ချက်မှာ ကိုယ်တော်မူဆာသည် ဖာရိုးအား တရားဟောရန် ဖာရိုးတို့၏ နန်းတွင်းသုံး ဝေါဟာရအား မကျွမ်းကျင်ခြင်း– သူကိုယ်တိုင်က တိုင်းတစ်ပါး၌ နှစ်ရှည်လများ နေခဲ့ရ၍ သံနေသံထား အသုံးအနှုံး အခက်အခဲဖြစ်ခြင်း– တို့ ပြေလည်စေရန် ဆုတောင်းခြင်းသာ ဖြစ်ပေသည်၊ **احْلُلْ** ဟူသည့် စကားလုံးမှာ တရားဝင် ဟာလာဟ် ပ ပ ح မှ ဆင့်ပွားခြင်းဖြစ်သည် ထို့အတွက် ဆက်လက်ဖေါ်ပြပါ– သုတ်တော် ၂၈ တွင် တပည့်တော်၏ အပြောအဆိုအား နားလည်စေတော်မူပါ– ဟူသည့် ထပ်ဖြည့် ဆုတောင်းချက်က အတည်ပြုလျက် ရှိတော့သည်၊ ထိုအကြောင်းကို သုတ်တော် ၄၄ တွင် သူတို့ထံသို့ သွား၍ ချေဝံပျောပြောင်းသော အပြောဖြင့် ဟောပြောလော့ ဟု ဆိုထားခြင်းသည် အထောက်အထား တစ်ရပ်ပင် ဖြစ်သည်။

	مَحَبَّةً مِّنِّي وَلِتُصْنَعَ عَلَى عَيْنِي۞ သူ့အား ရင်ထဲ၌ ပိုက်ထားလော့။[၆၈] ထို့နောက် မြစ်အား သူ့ကို ခင်းကျင်းစေလော့၊ မြစ်သည် ကမ်းခြေ၌ သူ့ကို ခင်းကျင်းပေးလိမ့်မည်။ ငါ့အား စည်းဖေါက်သူ၊ သူ့အား စည်းဖေါက်သူ ဖြစ်သည့်သူက သူ့အား ယူဆောင်သွားလတ္တံ့၊ သင့်အား ငါ့ စက္ခုရှေ့မှောက် တည်ဆောက်ပေးစေခြင်းငှာ ငါသည် သင့်အပေါ်၌ ချစ်မေတ္တာဖြင့် လွှမ်းထားတော်မူပြီ။
၄၀။	**إِذْ تَمْشِي أُخْتُكَ فَتَقُولُ هَلْ أَدُلُّكُمْ عَلَى مَن يَكْفُلُهُ فَرَجَعْنَاكَ إِلَى أُمِّكَ كَيْ تَقَرَّ عَيْنُهَا وَلَا تَحْزَنَ وَقَتَلْتَ نَفْسًا فَنَجَّيْنَاكَ مِنَ الْغَمِّ وَفَتَنَّاكَ فُتُونًا فَلَبِثْتَ سِنِينَ فِي أَهْلِ مَدْيَنَ ثُمَّ جِئْتَ عَلَى قَدَرٍ يَا مُوسَى۞** သင့်အမသည် သူတို့ထံသို့ လျှောက်သွား၍ ''သူ့အား ထိန်းကျောင်းမည့်သူကို သင်တို့အား ညွှန်ပြရမည်လော၊''ဟု ပြောဆိုလျက်။ သို့ဖြင့် ငါသည် သင့်အား သင့်မိခင်ထံသို့ ပြန်ပို့ပေး၏။ သူမသည် မျက်လုံးများ တည်ငြိမ်အေးချမ်းလာ၏၊ သောကများပြေသွား၏။ သင်သည် ဥဉ်တစ်ခုကို ခုခံတိုက်ခဲ့စဉ်က တလှိုက်လှိုက် ဖြစ်နေရခြင်းမှ သင့်အား ငါ လွှတ်မြောက်စေခဲ့၍၊ သင့်အား စမ်းသပ်ခြင်းဖြင့် စမ်းသပ်ခဲ့၏။ သင်သည် မိဒိယံ ဝိုင်းတော်သားများနှင့် နှစ်များစွာ နေခဲ့ရ၍။ ဒအို– မူဆာ၊ စည်းချိန်အလျောက် သင် ပြန်ရောက်လာခဲ့ရ၏။
၄၁။ ရွှေ့ ကောက်	**وَاصْطَنَعْتُكَ لِنَفْسِي۞** ငါ၏ စရိုက်တော်အတွက် သင့်အား **တည်ဆောက်ယူ**တော်မူပြီ။[၆၉]
၄၂။	**اذْهَبْ أَنتَ وَأَخُوكَ بِآيَاتِي وَلَا تَنِيَا فِي ذِكْرِي۞** သင်နှင့် သင့်အကိုသည် ငါ၏ သုတ်ဒေသနာများနှင့်အတူ သွားလော့၊ ငါ့အား သတိရခြင်း၌ နမော်နမဲ့မဖြစ်နှင့်။
၄၃။	**اذْهَبَا إِلَى فِرْعَوْنَ إِنَّهُ طَغَى۞** ဖာရိုးထံသို့ သင်တို့နှစ်ဦးသွားလော့။ သူသည် စည်းဖျက်သူ ဖြစ်၏။
၄၄။	**فَقُولَا لَهُ قَوْلًا لَّيِّنًا لَّعَلَّهُ يَتَذَكَّرُ أَوْ يَخْشَى۞** သူ ဆင်ခြင်သတိရှိဒဲ့ငှာ သို့မဟုတ် အကြောက်တရား ရှိအံ့ငှာ၊ ပျော့ပြောင်းသော အပြောဖြင့် ပြောလော့၊''ဟု ဖြစ်၏။
၄၅။	**قَالَا رَبَّنَا إِنَّنَا نَخَافُ أَن يَفْرُطَ عَلَيْنَا أَوْ أَن يَطْغَى۞** သူတို့က ''အို– ကံကြမ္မာရှင်၊ တပည့်တော်တို့အား သူ၏ လက်လွတ်စပယ် စည်းဖျက်မည်ကို တပည့်တော်တို့ စိုးကြောက်ပါ၏။''ဟု ဆိုသော်–
၄၆။	**قَالَ لَا تَخَافَا إِنَّنِي مَعَكُمَا أَسْمَعُ وَأَرَى۞** အရှင်က ''မကြောက်ရွံ့နှင့်၊ ငါသည် ကြားနေ မြင်နေလျက် သင်တို့နှင့်အတူ ရှိ၏''ဟု မိန့်၍–

---

(၆၈) **တာဘူးတ်** ကို သေတ္တာဟု ပြန်ဆိုလျက်၊ ကိုယ်တော်မူဆာအား သေတ္တာထဲတွင် ထည့်ကာ နိုင်းမြစ်ထဲသို့ ပစ်ချလိုက်သည်ဟု အချို့က ဘာသာပြန်ဆိုကြပေသည်။ **တာဘူးတ်**၏ အနက်မှာ ရင်တွင်း နှလုံးသား ဟုလည်း ဖြစ်ကြောင်း ၂း၂၄ ၏ အောက်ခြေတွင် ရှင်းခဲ့ပြီး ဖြစ်သည်။ ဤသုတ်တော်၏ ဆိုလိုချက်မှာ ကိုယ်တော်မူဆာ၏ မိခင်သည် ကိုယ်တော်မူဆာအား ခွဲခွာရမည်ကို စိတ်မအေး ဖြစ်နေရသည်၊ ထို့ကြောင့် သူ့အား ခွဲခွာရမည့် ခံစားချက်ကို စိတ်ထဲတွင်ထားရန်၊ မဖြစ်မနေ လုပ်ဆောင်ရမည့် အလုပ်ကို ပြုလုပ်ရန် ထို့အတွက် ကိုယ်တော်မူဆာမှာ ဘေးမသီရန်မခန့်နိုင်ကြောင်းကို အသိနိမိတ်ပေးခြင်း ဖြစ်ပေသည်။ သူမသည် သူ့အား ရင်ထဲမှ ထားကြောင်းကို ၂၈း၇ တွင် **''သူ့အား နို့ချို တိုက်ကျွေးလော့၊''** ဟူသည့် စကားက သက်သေဖြစ်ပေသည်။ ထို့အပြင် မြစ်ရေ၊ ပင်လယ် ဆိုသည်များမှာ လူသိမိုင်းတွင် ကြုံရမည့် သမိုင်း ရေစီးကြောင်းများကိုလည်း ဆိုလိုပေသည်၊ ကိုယ်တော် မူဆာသည် သမိုင်း ရေစီးကြောင်းတွင် အယူမတူသည့် အတိုက်အခံဖြင့် ထိပ်တိုက်တိုးရမည့် အကြောင်းသို့သော် သူသည် အောင်မြင်ရမည့် အကြောင်းကို နိမိတ်ပေးခြင်းလည်း ဖြစ်ပေသည်။

(၆၉) ပရမတ်ဘုရားရှင်၏ စရိုက်တော် ဆိုသည်မှာ ကရုဏာတရားကို ဆိုပေသည်၊ (၆း၁၂)။ ထို့ကြောင့် ဤသုတ်တော်၏ ဆိုလိုချက်မှာ ဒုက္ခနှင့် ရင်ဆိုင်နေရသော ဂျူးလူမျိုးများအား ကရုဏာဖြင့် ကယ်တင်ရန် ကိုယ်တော်မူဆာအား ဉာဏ်စဉ်တော်ဆောင်အဖြစ် ရွေးကောက်ခြင်း ဖြစ်ပေသည်။

၄၇။	**فَأْتِيَاهُ فَقُولَا إِنَّا رَسُولَا رَبِّكَ فَأَرْسِلْ مَعَنَا بَنِي إِسْرَائِيلَ وَلَا تُعَذِّبْهُمْ قَدْ جِئْنَاكَ بِآيَةٍ مِّن رَّبِّكَ وَالسَّلَامُ عَلَى مَنِ اتَّبَعَ الْهُدَى**۞ သူ့ထံသို့ အရောက်သွား၍ ပြောရမည်မှာ ''ကျွန်ုပ်တို့သည် သင့်ကံကြွမ္မာရှင်၏ ဥာဏ်စဉ်ဆောင်များ ဖြစ်ကြ၏၊ ဂျူးလူမျိုးတို့အား ကျွန်ုပ်တို့နှင့်အတူ စေစားလော့၊ သူတို့အား ဝဠဒဏ်မသင့်စေနှင့်၊ ကျွန်ုပ်တို့သည် သင့်ထံသို့ သင့်ကံကြမ္မာရှင်၏ထံမှ သုတ်ဒေသနာတော် ရောက်လာစေပြီ။ လမ်းညွှန်ကို လိုက်နာသူတို့အပေါ်သို့ ငြိမ်းချမ်းသာယာကြပါစေ။
၄၈။	**إِنَّا قَدْ أُوحِيَ إِلَيْنَا أَنَّ الْعَذَابَ عَلَى مَن كَذَّبَ وَتَوَلَّى**۞ ငြင်းဆန် ဘက်လှည့်သူအပေါ်သို့ ဝဋ်ကြွေးဒဏ်ရှိသည်ဟု ကျွန်ုပ်တို့ထံ ဇောန် မုချ အာရုံစူးနှံရရှိ၏။''ဟု ဖြစ်၏။
၄၉။ ဖာရိုး	**قَالَ فَمَن رَّبُّكُمَا يَا مُوسَى**۞ **သူ**က ''အို– မူဆာ သင့်ကံကြမ္မာရှင်သည် မည်သူ ဖြစ်သနည်း၊''ဟု မေးသော်။
၅၀။	**قَالَ رَبُّنَا الَّذِي أَعْطَى كُلَّ شَيْءٍ خَلْقَهُ ثُمَّ هَدَى**۞ သူက ''ကျွန်ုပ်တို့၏ ကံကြမ္မာရှင်မှာ သဗ္ဗလုံးစုံသော ဖြစ်တည်ခံတို့အား လက်ဆောင်ပေး၏၊ လမ်းညွှန်၏၊''ဟု ဆို၏။
၅၁။ ဖာရိုး	**قَالَ فَمَا بَالُ الْقُرُونِ الْأُولَى**۞ **သူ**က ''သို့ဖြစ်လျှင် ရှေးပထမ မျိုးဆက်များမှာ အခြေအနေမည်သို့နည်း၊''ဟု မေးမြန်း၏။
၅၂။	**قَالَ عِلْمُهَا عِندَ رَبِّي فِي كِتَابٍ لَّا يَضِلُّ رَبِّي وَلَا يَنسَى**۞ သူ ပြန်ပြောသည်မှာ ''ထင်းအား သိနိုင်မှုသည် ကံကြမ္မာရှင်၏ ထံပါးမှ မှတ်တမ်း၌ ရှိ၏။ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် လွဲမှားခြင်း၊ မေ့ပစ်ခြင်း မရှိချေ။–
၅၃။	**الَّذِي جَعَلَ لَكُمُ الْأَرْضَ مَهْدًا وَسَلَكَ لَكُمْ فِيهَا سُبُلًا وَأَنزَلَ مِنَ السَّمَاء مَاء فَأَخْرَجْنَا بِهِ أَزْوَاجًا مِّن نَّبَاتٍ شَتَّى**۞ အရှင်သည် သင်တို့အတွက် မြေကမ္ဘာကို ညိမ့်ညောင်းရာ အဖြစ် စီစဉ်ပေး၏။ ထို၌ သင်တို့အတွက် လမ်းကြောင်းများ ဖေါက်စေပြီ။ ကောင်းကင်မှ ရေကို သွန်းချစေ၍ ၎င်းဖြင့် မတူကွဲပြား အစုဖွဲ့များ သီးနှံဖြစ်ထွန်းစွာ ထွက်စေ၏။
၅၄။	**كُلُوا وَارْعَوْا أَنْعَامَكُمْ إِنَّ فِي ذَلِكَ لَآيَاتٍ لِّأُوْلِي النُّهَى**۞ စားသုံးကြလော့၊ သင်တို့၏ တိရိစ္ဆာန်များအတွက် ထိန်းကျောင်းရာဖြစ်စေလော့၊ ဤ၌ အကင်းပါးမှု ရှိသူများအတွက် သက်သေလက္ခဏာ ရှိနေ၏။''ဟု ဖြစ်၏။
၅၅။ မြေ	**مِنْهَا خَلَقْنَاكُمْ وَفِيهَا نُعِيدُكُمْ وَمِنْهَا نُخْرِجُكُمْ تَارَةً أُخْرَى**۞ သင်တို့အား **ထို**မှ ဖြစ်တည်စေ၍၊ သင်တို့အား **ထို**၌ ဆက်ဖြစ်စေကာ၊ သင်တို့အား နောက်ထပ်တစ်ကြိမ် ငါ ထုတ်ယူလတ္တံ့။
၅၆။ ဖာရိုး	**وَلَقَدْ أَرَيْنَاهُ آيَاتِنَا كُلَّهَا فَكَذَّبَ وَأَبَى**۞ ငါသည် ငါ၏ သုတ်ဒေသနာကိုယ်စီအား **သူ**့ကို မုချ မြင်စေသော်လည်း၊ သူသည် ငြင်းဆန်၊ ပယ်ချ၍။
၅၇။ ဗိုင်းဘြည်	**قَالَ أَجِئْتَنَا لِتُخْرِجَنَا مِنْ أَرْضِنَا بِسِحْرِكَ يَا مُوسَى**۞ ပြောသည်မှာ ''အို– မူဆာ၊ သင်၏ မှော်အတတ်ဖြင့် ကျွန်ုပ်တို့အား **မြေကမ္ဘာ**မှ မောင်းထုတ်ရန် ကျွန်ုပ်တို့ထံသို့

	ရောက်လာသလော၊–
၅၈။	**فَلَنَأْتِيَنَّكَ بِسِحْرٍ مِّثْلِهِ فَاجْعَلْ بَيْنَنَا وَبَيْنَكَ مَوْعِدًا لَّا نُخْلِفُهُ نَحْنُ وَلَا أَنتَ مَكَانًا سُوًى**۞ ကျွန်ုပ်တို့သည်လည်း အလားတူ မှော်အတတ်ကို သင့်ထံသို့ ပေးရောက်စေခဲ့၊ ထို့ကြောင့် ကျွန်ုပ်တို့၏ကြား သင်တို့ကြားခြံ ကျွန်ုပ်တို့ သင်တို့သည် မချိုးမဖျက် မျှတသော နေရာသို့ ကတိချိန် စီစဉ်ကြပါစို့၊''ဟု ဖြစ်၏။
၅၉။ မူဆာ	**قَالَ مَوْعِدُكُمْ يَوْمُ الزِّينَةِ وَأَن يُحْشَرَ النَّاسُ ضُحًى**۞ **သူ**က ''သင်တို့၏ ကတိချိန်သည် ပွဲတော်နေ့ ဖြစ်သင့်၏၊ လူသားတို့အား နေထိန်းထိန်းပူချိန်၌ စုစည်းကြစေ၊''ဟု ပြော၏။
၆၀။	**فَتَوَلَّى فِرْعَوْنُ فَجَمَعَ كَيْدَهُ ثُمَّ أَتَى**۞ ဖာရိုးသည် လှည့်ပြန်၍၊ သူ၏ ဗျူဟာများကို စုကာ တဖန် ရောက်လာ၏။
၆၁။ မူဆာ	**قَالَ لَهُم مُّوسَى وَيْلَكُمْ لَا تَفْتَرُوا عَلَى اللَّهِ كَذِبًا فَيُسْحِتَكُمْ بِعَذَابٍ وَقَدْ خَابَ مَنِ افْتَرَى**۞ **သူ**က ''သင်တို့ ပျက်စီးရလတ္တံ့၊ ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ တားမြစ်ထားသည်ကို လိမ်ညာ လုပ်ကြံဖန်တီးလျက် ဝဋ်ကံမသင့်စေနှင့်၊ လုပ်ကြံဖန်တီးသူတို့သည် စိတ်ပျက်ကျဆုံးရလတ္တံ့၊''ဟု သူတို့ကို ပြော၏။
၆၂။	**فَتَنَازَعُوا أَمْرَهُم بَيْنَهُمْ وَأَسَرُّوا النَّجْوَى**۞ သူတို့၏ ညွှန်ကြားချက်အား အချင်းချင်းကြား ဖယ်ပစ်နေကြ၍၊ ကြိတ်ကြံစည်ကာ သီးခြားတိုင်ပင်လျက်၊
၆၃။	**قَالُوا إِنْ هَذَانِ لَسَاحِرَانِ يُرِيدَانِ أَن يُخْرِجَاكُم مِّنْ أَرْضِكُم بِسِحْرِهِمَا وَيَذْهَبَا بِطَرِيقَتِكُمُ الْمُثْلَى**۞ ပြောကြသည်မှာ ''သူတို့နှစ်ဦးသည် မှော်ဆရာများ ဖြစ်ကြ၏။ သူတို့သည် သူတို့၏ မှော်အတတ်ဖြင့် သင်တို့၏ မြေမှ သင်တို့အား မောင်းထုတ် လိုကြ၍၊ သင်တို့၏ အသားကျပြီး လမ်းကို ရုပ်သိမ်းပစ်ကြ၏။–
၆၄။	**فَأَجْمِعُوا كَيْدَكُمْ ثُمَّ ائْتُوا صَفًّا وَقَدْ أَفْلَحَ الْيَوْمَ مَنِ اسْتَعْلَى**۞ ထို့ကြောင့် သင်တို့၏ ဗျူဟာများကို အတူပူးပေါင်းကြလော့၊ ထို့နောက် ဝါစဉ်အတိုင်း လာရောက်လော့၊ ယနေ့၌ မုချပင် အပေါ်စီးမှ အောင်နိုင်ပေါက်မြောက်ရလတ္တံ့၊''ဟု ဖြစ်၏။
၆၅။	**قَالُوا يَا مُوسَى إِمَّا أَن تُلْقِيَ وَإِمَّا أَن نَّكُونَ أَوَّلَ مَنْ أَلْقَى**۞ သူတို့က ''အို– မူဆာ၊ အသင် ခင်းကျင်းမည်လော၊ သို့မဟုတ် ကျွန်ုပ်တို့က အရင်အဦး ခင်းကျင်းသူများ ဖြစ်ရမည်လော၊''ဟု ဆိုသော်– ☆ ဂူးဃဂု ၂၆း၄၄
၆၆။	**قَالَ بَلْ أَلْقُوا فَإِذَا حِبَالُهُمْ وَعِصِيُّهُمْ يُخَيَّلُ إِلَيْهِ مِن سِحْرِهِمْ أَنَّهَا تَسْعَى**۞ သူက ''အမှန်–။ ခင်းကျင်းလော့၊''ဟု ဆို၍၊ ထိုအခါ သူတို့၏ မှော်အတတ်ကြောင့် သူတို့၏ ဂုဏ်ဆောင် ကြိုးများနှင့် လက်ထောက်များသည် သူ့ထံသို့ လုံးပမ်းလှုပ်ရှားလာ၏။☆
၆၇။	**فَأَوْجَسَ فِي نَفْسِهِ خِيفَةً مُّوسَى**۞ မူဆာသည် သူ့စိတ်၌ စိုးရိမ် စိတ်ခံစားမိ၏။[၆၉၀]
၆၈။	**قُلْنَا لَا تَخَفْ إِنَّكَ أَنتَ الْأَعْلَى**۞

(၆၉၀) ဤခင်းကျင်းပြသမှုသည် လှည့်စားမှုသာ ဖြစ်ကြောင်း ဂူးဃဂု တွင် ရှင်းခဲ့ပေပြီ၊ ဤသုတ်တော်မှ ဆိုသော ကိုယ်တော်မူဆာ၏ စိတ်၌ စိုးရိမ်မှု ဖြစ်ပေါ်ခြင်း ဆိုသည်မှာ ထိုဆရာများ၏ လက်ချက်ကြောင့် လူသားများ လမ်းမှားသို့ ဖျားယောင်းခံရမည်ကို စိုးရိမ်ခြင်းသာ ဖြစ်ပေသည်။ ပရောဂ ဆရာတို့၏ အတတ်ပညာအတွက် ကြောက်လန့်ခြင်း မဟုတ်ချေ။

	ငါ မိန့်သည်မှာ ‘‘သင် မစိုးရိမ်နှင့် သင်သည် အပေါ်စီးမှ ရှိနေ၏။–
၆၉။	**وَأَلْقِ مَا فِي يَمِينِكَ تَلْقَفْ مَا صَنَعُوا إِنَّمَا صَنَعُوا كَيْدُ سَاحِرٍ وَلَا يُفْلِحُ السَّاحِرُ حَيْثُ أَتَى۝** သင့် ညာလက်၌ ရှိရာကို ခင်းကျင်းလော့၊ ၎င်းသည် သူတို့၏ တည်ဆောက်ထားခြင်းကို မြိုလိုက်လိမ့်မည်၊ သူတို့၏ တည်ဆောက်ထားခြင်းသည် မှော်ဆရာ၏ ဏ္ဍာဟာသာ ဖြစ်၏။ မှော်ဆရာဟူသည် မည်သည့်နေရာမှ ရောက်လာသည် ဖြစ်စေ အောင်မြင်ပေါက်မြောက်မည် မဟုတ်ချေ’’ဟု ဖြစ်၏။
၇၀။	**فَأُلْقِيَ السَّحَرَةُ سُجَّدًا قَالُوا آمَنَّا بِرَبِّ هَارُونَ وَمُوسَى۝** သို့ဖြင့် ခင်းကျင်းသော မှော်ဆရာတို့မှာ ဦးချကြလျက် ‘‘မူဆာနှင့် ဟာရွန်တို့၏ ကံကြမ္မာရှင်အား ကျွန်ုပ်တို့ သက်ဝင်ယုံကြည်ပါပြီ၊’’ဟု ဆိုကြ၏။
၇၁။ ဖာရိုး ☆ မူဆာ	**قَالَ آمَنتُمْ لَهُ قَبْلَ أَنْ آذَنَ لَكُمْ إِ نَّهُ لَكَبِيرُكُمُ الَّذِي عَلَّمَكُمُ السِّحْرَ فَلَأُقَطِّعَنَّ أَ يْدِيَكُمْ وَأَرْجُلَكُم مِّنْ خِلَافٍ وَلَأُصَلِّبَنَّكُمْ فِي جُذُوعِ النَّخْلِ وَلَتَعْلَمُنَّ أَيُّنَا أَشَدُّ عَذَابًا وَأَبْقَى۝** သူက ‘‘သင်တို့သည် ကျွန်ုပ်၏ ခွင့်ပြုချက်မရမီ ၎င်းအား ယုံကြည်ကြသလော၊ သူသည်☆ သင်တို့အား မှော်အတတ် သင်ပေးသော သင်တို့၏ အကြီးအကဲ ဖြစ်ရမည်၊ ကျွန်ုပ်သည် သင်တို့၏ ဆက်လုပ်မည့် လက်များ ခြေများကို ဖြတ်တောက်လတ္တံ့၊ သင်တို့အား စုံပလွန်ပင်များ၌ ကားစင်တင်ပစ်လတ္တံ့၊ ကျွန်ုပ်တို့မှ မည်သူသည် သင်တို့အား ပြတ်သား တည်တံ့သော ဝဋ်ဒဏ်ကို ပေးနိုင်ကြောင်း သိရလတ္တံ့၊’’ဟု ကြုံးဝါး၏။
၇၂။	**قَالُوا لَن نُّؤْثِرَكَ عَلَى مَا جَاءنَا مِنَ الْبَيِّنَاتِ وَالَّذِي فَطَرَنَا فَاقْضِ مَا أَنتَ قَاضٍ إِنَّمَا تَقْضِي هَذِهِ الْحَيَاةَ الدُّنْيَا۝** သူတို့က ပြောသည်မှာ ‘‘ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မူလလက်သည် အရှင်ထံမှ ကျွန်ုပ်တို့ထံသို့ ရောက်လာသော ရှင်းလင်းချက်ထက် အသင့်အား အစဉ်အလာမပြုနိုင်၊ သို့ဖြစ်၍ သင် ဆုံးဖြတ်မည်ကို ဆုံးဖြတ်လော့၊ သင်သည် ဤလောကီ သက်တမ်း၌သာ ဆုံးဖြတ်နိုင်ရာ၏။–
၇၃။	**إِنَّا آمَنَّا بِرَبِّنَا لِيَغْفِرَ لَنَا خَطَايَانَا وَمَا أَكْرَهْتَنَا عَلَيْهِ مِنَ السِّحْرِ وَاللَّهُ خَيْرٌ وَأَبْقَى۝** ကျွန်ုပ်တို့၏ မေ့ပြစ်များ၊ သင်က ကျွန်ုပ်တို့အား အဓမ္မခိုင်းစေသော မှော်အတတ်များမှ လွတ်ငြိမ်းစေခဲ့ငှာ ကျွန်ုပ်တို့၏ ကံကြမ္မာရှင်အား သက်ဝင်ယုံကြည်ပါ၏၊ ပရမတ်ဘုရားရှင်သည် အမြတ်ဆုံးဖြစ်၏၊ ထာဝရ ဖြစ်၏။
၇၄။	**إِنَّهُ مَن يَأْتِ رَبَّهُ مُجْرِمًا فَإِنَّ لَهُ جَهَنَّمَ لَا يَمُوتُ فِيهَا وَلَا يَحْيَى۝** မည်သူမဆို သူ့ကံကြမ္မာရှင်၏ထံသို့ ရာဇဝတ်ကောင်အဖြစ် ရောက်လာ၏၊ သူ့အတွက် ဇကန်ပင် ငရဲဘုံသည် ရှိ၏။ ထို၌ သေရမည်မဟုတ် ရှင်ရမည်လည်း မဟုတ်ချေ။[၆၉၀]
၇၅။ ☆ ၂း၂၅	**وَمَنْ يَأْتِهِ مُؤْمِنًا قَدْ عَمِلَ الصَّالِحَاتِ فَأُوْلَئِكَ لَهُمُ الدَّرَجَاتُ الْعُلَى۝** သက်ဝင်ယုံကြည်ချက်ဖြင့် ရောက်လာ၍၊ ပြုပြင်မှု ကျင့်ကြံသူ၊ သူတို့အတွက် အခွင့်အလမ်းမှာ☆ အပေါ်စီးမှ ဖြစ်၏။
၇၆။	**جَنَّاتُ عَدْنٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا وَذَلِكَ جَزَاء مَن تَزَكَّى۝** အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော တည်တံ့ခြင်း သုခဘုံများ၌ အစဉ်စံစားရမည်ပင်။ ဤသည် သန့်ရှင်း

(၆၉၀) ဤသည် ကျမ်းတော်က ပမာပေးသော ငရဲဘုံအတွက် ဥပမာများ အနက်မှ တစ်ခု ဖြစ်၏။ အမှန်တရားအား စီစစ်လက်ခံရမည်ကို ကြောက်၍ မိရိုးဖလာ၌ နစ်မွန်းနေသော လူမျိုးအတွက် ငရဲဘုံဟု တင်စားသော လောကဒုက္ခထဲ၌ မျိုးဆက်လိုက် နေနေရမည် ဖြစ်၍၊ ထိုလူမျိုးသည် စိတ်ဓါတ် တော်လှန်ရေးအတွက် ရှင်သန်နိုးကြားလိမ့်မည် မဟုတ်ဟု ဆိုလိုပေသည်။ ထိုသို့ အတွေးအခေါ် လူစဉ်မမှီသော ဘဝဖြင့် နေနေရခြင်း သည်ပင် ငရဲဘုံ၌ နေနေရခြင်း ဖြစ်ပေသည်။

	ဖြူစင်သူများ အဘို့ အစားပေးခြင်းပင် ဖြစ်၏။
၇၇။ ☆ ၂၅၀ ★ ၂၆၀	**وَلَقَدْ أَوْحَيْنَا إِلَى مُوسَى أَنْ أَسْرِ بِعِبَادِي فَاضْرِبْ لَهُمْ طَرِيقًا فِي الْبَحْرِ يَبَسًا لَّا تَخَافُ دَرَكًا وَلَا تَخْشَى۞** ငါက မူဆာထံသို့ အာရုံဖြစ်စေသည်မှာ ''ငါ၏ အမှုဆောင်များဖြင့် ခရီးနှင်လော့၊ သူတို့အတွက် ပင်လယ်ဝကို ဖြတ်လျက် ခြောက်သွေ့သောလမ်းမှ☆ ချီလော့၊★ သင်တို့အား လွှမ်းခြုံလိမ့်မည်ဟု မကြောက်နှင့်၊ တုန်လှုပ်ခြင်းလည်း မရှိနှင့်။
၇၈။	**فَأَتْبَعَهُمْ فِرْعَوْنُ بِجُنُودِهِ فَغَشِيَهُم مِّنَ الْيَمِّ مَا غَشِيَهُمْ۞** သူတို့အား ဖာရိုးနှင့် သူ၏ စစ်တပ်သည် လိုက်၏၊ ထိုအခါ မြစ်ပြင်၏ လွှမ်းခြုံခြင်းက သူတို့အား လွှမ်းခြုံလိုက်၏။
၇၉။	**وَأَضَلَّ فِرْعَوْنُ قَوْمَهُ وَمَا هَدَى۞** ဖာရိုးသည် သူ့လူမျိုးအား လမ်းလွဲစေ၏၊ လမ်းမှန်ကို မညွှန်ချေ။
၈၀။	**يَا بَنِي إِسْرَائِيلَ قَدْ أَنجَيْنَاكُم مِّنْ عَدُوِّكُمْ وَوَاعَدْنَاكُمْ جَانِبَ الطُّورِ الْأَيْمَنَ وَنَزَّلْنَا عَلَيْكُمُ الْمَنَّ وَالسَّلْوَى۞** အို– ဣသရေလူမျိုးတို့၊ သင်တို့၏ ရန်သူထံမှ သင်တို့အား လွတ်မြောက်စေခဲ့ပြီ၊ တောင်၏ ညာ နံဘေး ငြိမ်းအေးသော နေရာအား ကတိတော်ထားခဲ့ပြီ၊ သင်တို့အပေါ်သို့ သုဓာနှင့် ငုံးငှက်တို့ကို ချမှတ်ပေးခဲ့ပြီ။[၆၉၂]
၈၁။ ☆ ၁၁၇	**كُلُوا مِن طَيِّبَاتِ مَا رَزَقْنَاكُمْ وَلَا تَطْغَوْا فِيهِ فَيَحِلَّ عَلَيْكُمْ غَضَبِي وَمَن يَحْلِلْ عَلَيْهِ غَضَبِي فَقَدْ هَوَى۞** သင်တို့အား ရိက္ခာပေးသည်မှ စင်ကြယ်ရာများကို စားသုံးကြလော့၊ သင့်တို့အား ကံကြီးမသင့်စေခဲ့ငှာ ဥပဒေတောင်မှ စည်းမဖျက်ကြနှင့်၊ ငါ့ထံမှ ကံကြီးသင့်ခြင်း၌ ဘောင်ဝင်သူသည်☆ ဇကန်မုချ လိုဘကြီးနေသူ ဖြစ်၏။
၈၂။	**وَإِنِّي لَغَفَّارٌ لِّمَن تَابَ وَآمَنَ وَعَمِلَ صَالِحًا ثُمَّ اهْتَدَى۞** ခဝါချ၊ ယုံကြည်လျက် ပြုပြင်မှု ကျင့်ကြံသူအား ငါသည် လွတ်ငြိမ်းစေသော အရှင်၊ တဖန် လမ်းညွှန်သော အရှင် ဖြစ်၏။
၈၃။	**وَمَا أَعْجَلَكَ عَن قَوْمِكَ يَا مُوسَى۞** ''အို– မူဆာ၊ အဘယ်အရာက သင့်အား သင်၏ လူမျိုးထက် အလျင်လိုစေခဲ့သနည်း၊''
၈၄။	**قَالَ هُمْ أُولَاءِ عَلَى أَثَرِي وَعَجِلْتُ إِلَيْكَ رَبِّ لِتَرْضَى۞** သူက ''သူတို့သည် တပည့်တော်၏ လိုက်မြဲခရီး၌ ရှိ၏၊ အရှင်၏ ကျေနပ်စေခြင်းငှာ တပည့်တော်သည် ကံကြမ္မာရှင် အရှင့်ထံသို့ အလျင်လိုလျက် ရှိပါ၏၊''ဟု လျှောက်ထား၏။
၈၅။ ☆ ၂၅၁	**قَالَ فَإِنَّا قَدْ فَتَنَّا قَوْمَكَ مِن بَعْدِكَ وَأَضَلَّهُمُ السَّامِرِيُّ۞** အရှင်က ''သင့်နောက်၌ သင့်လူမျိုးအား ငါ စမ်းသပ်၏၊ **စာမရီ**သည် သူတို့အား လမ်းလွဲစေ၏၊''ဟု မိန့်သော်၊☆
၈၆။ ☆ ၇း၁၅၀	**فَرَجَعَ مُوسَى إِلَى قَوْمِهِ غَضْبَانَ أَسِفًا قَالَ يَا قَوْمِ أَلَمْ يَعِدْكُمْ رَبُّكُمْ وَعْدًا حَسَنًا أَفَطَالَ عَلَيْكُمُ الْعَهْدُ أَمْ أَرَدتُّمْ أَن يَحِلَّ عَلَيْكُمْ غَضَبٌ مِّن رَّبِّكُمْ فَأَخْلَفْتُم مَّوْعِدِي۞** မူဆာသည် သောကဖြင့်☆ သူ့လူမျိုးထံသို့ လှည့်ပြန်လျက် ''အို– ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့၏ ကံကြမ္မာရှင်သည်

(၆၉၂) ရန်သူများထံမှ လွတ်မြောက်ရန် ခရီးနှင်လာရသော ဣသရေလူမျိုးတို့အား နားနေရန် ဆိုင်းနိုင်းတောင်၏ အခြားတစ်ဘက်အား ဘေးကင်းသော နေရာအဖြစ် ရှိနေခဲ့စေခြင်း ဖြစ်ပေသည်။ အချို့သော ဆရာတော်များက ကျက်သရေ ရှိသော နေရာဟုလည်း ပြန်ဆိုပေသည်။ ထိုနေရာသည် အရိပ်အဝါသ ရရှိသော နေရာ ဖြစ်ကြောင်း ၂း၅၇ တွင် ဖေါ်ပြထားပေသည်။

	သင်တို့အား တင့်တယ်သော ကတိတော်ဖြင့် ကတိမထားခဲ့လေသလော။ သင်တို့အပေါ်သို့ ပဋိညာဉ်သည် ရှည်ကြာလှသလော၊ သို့တည်းမဟုတ် ကံကြမ္မာရှင်၏ထံမှ ကံကြီးသင့်စေမှသည် သင်တို့အတွက် တရားဝင်ဖြစ်စေရန် ကတိသစ္စာအား ချိုးဖျက်လိုကြသလော၊''ဟု ဆို၏။
၈၇။ မောဟနစ်နေသူ	قَالُوا مَا أَخْلَفْنَا مَوْعِدَكَ بِمَلْكِنَا وَلَكِنَّا حُمِّلْنَا أَوْزَارًا مِنْ زِينَةِ الْقَوْمِ فَقَذَفْنَاهَا فَكَذَٰلِكَ أَلْقَى السَّامِرِيُّ ۞ သူတို့ ပြန်ပြောသည်မှာ ''ကျွန်ုပ်တို့သည် သင်နှင့်ထားသော ကတိအား ကျွန်ုပ်တို့၏ အာဏာဖြင့် ချိုးဖျက်ခြင်းမဟုတ်၊ သို့သော် ကျွန်ုပ်တို့သည် အမျိုးသားထု၏ အစွဲအလန်းများကို ထမ်းဆောင်ရ၍၊ ၎င်းတို့အား စွန့်ပစ်လိုက်ကြ၏။ ယင်းသည် **စာမရီ**၏ ခင်းကျင်းချက် ဖြစ်၏။–
၈၈။	فَأَخْرَجَ لَهُمْ عِجْلًا جَسَدًا لَهُ خُوَارٌ فَقَالُوا هَٰذَا إِلَٰهُكُمْ وَإِلَٰهُ مُوسَىٰ فَنَسِيَ ۞ သူသည် ၎င်းတို့မှ နွားငယ်၊ ကိုယ်ထည်နှင့် အသံထွက်ရန် ပြုလုပ်၏။ ထို့နောက် သူတို့က ''ဤသည် သင်တို့၏ဘုရားရှင်၊ မူဆာ၏ ဘုရားရှင် ဖြစ်၏။ သို့သော် သူသည် မေ့နေခြင်း ဖြစ်၏၊''ဟု ဆိုကြောင်းပင် ဖြစ်၏။
၈၉။	أَفَلَا يَرَوْنَ أَلَّا يَرْجِعُ إِلَيْهِمْ قَوْلًا وَلَا يَمْلِكُ لَهُمْ ضَرًّا وَلَا نَفْعًا ۞
	၎င်းသည် သူတို့အား စကားပြန်ပြောခြင်းမရှိ၊ ဆိုးကျိုး၊ ကောင်းကျိုးအား အစိုးမရသည်ကို သူတို့ မမြင်ကြသလော၊
၉၀။	وَلَقَدْ قَالَ لَهُمْ هَارُونُ مِن قَبْلُ يَا قَوْمِ إِنَّمَا فُتِنتُم بِهِ وَإِنَّ رَبَّكُمُ الرَّحْمَٰنُ فَاتَّبِعُونِي وَأَطِيعُوا أَمْرِي ۞ ဤရှေ့အလျင်– ဟာရွန်က သူတို့အား ''အို– ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့သည် ဤအမှုဖြင့် စမ်းသပ်ကြလေပြီ၊ သင်တို့၏ ကံကြမ္မာရှင်သည် ကရုဏာရှင် ဖြစ်၏၊ သို့ဖြစ်၍ ကျွန်ုပ်နောက်သို့ လိုက်ကြလော့၊ ကျွန်ုပ်၏ ညွှန်ကြားချက်ကို နာခံကြလော့၊''ဟု မုချ ဟောပြောသော်။
၉၁။	قَالُوا لَن نَّبْرَحَ عَلَيْهِ عَاكِفِينَ حَتَّىٰ يَرْجِعَ إِلَيْنَا مُوسَىٰ ۞ သူတို့က ကျွန်ုပ်တို့ထံသို့ မူဆာ ပြန်လာသည်အထိ ၎င်းအပေါ် ဝဇီပိတ်နေခြင်းကို ရပ်စဲမည် မဟုတ်''ဟု ဆိုကြ၏။[၆၉၃]
၉၂။ မူဆာ	قَالَ يَا هَارُونُ مَا مَنَعَكَ إِذْ رَأَيْتَهُمْ ضَلُّوا ۞ သူက ''အို– ဟာရွန်၊ သူတို့ လမ်းလွဲနေသည်ကို သင် မြင်ပါလျက် သင့်အား အဘယ်အရာ ဟန့်တားထားသနည်း၊
၉၃။	أَلَّا تَتَّبِعَنِ أَفَعَصَيْتَ أَمْرِي ۞ ကျွန်ုပ်အား မလိုက်နာသလော၊ ကျွန်ုပ်၏ ညွှန်ကြားချက်အား အာခံလေသလော၊''ဟု ဆိုသော်–
၉၄။ ☆ ၇း၁၅၀	قَالَ يَا ابْنَ أُمَّ لَا تَأْخُذْ بِلِحْيَتِي وَلَا بِرَأْسِي إِنِّي خَشِيتُ أَن تَقُولَ فَرَّقْتَ بَيْنَ بَنِي إِسْرَائِيلَ وَلَمْ تَرْقُبْ قَوْلِي ۞ သူက ''အို– အမေ၏ သား၊ ကျွန်ုပ်၏ မုတ်ဆိတ်၊ ဦးခေါင်းကို မဆွဲပါနှင့်၊☆ ကျွန်ုပ်သည် ဂျူးလူမျိုးများကြား ခွဲခြမ်းပစ်သည်'' ''ကျွန်ုပ်၏ စကားကို မထိန်းထားနိုင်ဟု သင်ကပြောလာမည်ကို ကျွန်ုပ် စိုးထိတ်ခဲ့ပါ၏၊''ဟု ပြန်ပြောသော်၊
၉၅။ မူဆာ	قَالَ فَمَا خَطْبُكَ يَا سَامِرِيُّ ۞ သူက ''သင့်၌ မည်သည့် လျှောက်တင်စရာ ရှိသနည်း၊ စာမရိ၊''ဟု မေး၏။
၉၆။	قَالَ بَصُرْتُ بِمَا لَمْ يَبْصُرُوا بِهِ فَقَبَضْتُ قَبْضَةً مِّنْ أَثَرِ الرَّسُولِ فَنَبَذْتُهَا وَكَذَٰلِكَ سَوَّلَتْ لِي نَفْسِي ۞

(၆၉၃) ဤသုတ်တော်မှ **အာကေဗီးန်န** ဆိုသည်မှာ ရိုးရာအစွဲအား ပြန်မပြောနားမထောင်ဘဲ ဆိတ်ဆိတ်နေလက်ခံခြင်း၊ ဝဇီပိတ်ကျင့်ခြင်း –ဟု အနက်ရပေသည်၊ ဆိုလိုသည်မှာ သူတို့အား နွားကိုးကွယ်ခြင်း အတတ်အား သွန်သင်လမ်းပြသူအား သူတို့အနေဖြင့် မတော်လှန်ရဲဘဲ ဆိတ်ဆိတ်နေခြင်း ဖြစ်၍ ကိုယ်တော်မူဆာ သူတို့ထံပြန်ရောက်လာမှ ကိုယ်တော်မူဆာ အားကိုးဖြင့် လိုအပ်သလို ပြန်လည် စီစဉ်မည်ဟု ဖြစ်ပေသည်။

	သူက ‘‘သူတို့ မမြင်ရာကို ကျွန်ုပ်မြင်ခဲ့၏၊ ထို့ကြောင့် ကျွန်ုပ်သည် ဉာဏ်စဉ်တော်ဆောင်၏ ခြေရာမှ တစ်ဆုပ်စာခန့် ဆုပ်ခဲ့၏၊ ထို့နောက် ၎င်းကို စွန့်ပစ်ခဲ့၏၊ ၎င်းသည် ကျွန်ုပ်၏ စိတ်အား ဤသို့ လှုံဆော်ခဲ့၏၊’’ဟု ဆို၏။[၆၉၄]
၉၇။ မူဆာ	**قَالَ فَاذْهَبْ فَإِنَّ لَكَ فِي الْحَيَاةِ أَن تَقُولَ لَا مِسَاسَ وَإِنَّ لَكَ مَوْعِدًا لَّن تُخْلَفَهُ وَانظُرْ إِلَىٰ إِلَٰهِكَ الَّذِي ظَلْتَ عَلَيْهِ عَاكِفًا لَّنُحَرِّقَنَّهُ ثُمَّ لَنَنسِفَنَّهُ فِي الْيَمِّ نَسْفًا۞** သူက ‘‘သွားလိုက်လော့၊ သင့်အနေဖြင့် ဤဘဝ၌ ကျွန်ုပ်ကို မထိနှင့်ဟု ပြောနိုင်၏။ သို့သော် သင် မချိုးဖျက်နိုင်သော ကတိသည် ရှိနေ၏၊ သင် ဝဇီပိတ် ကုပ်တွယ်နေသော သင်၏ ဘုရားဆီသို့ မျှော်ကြည့်လော့၊ ကျွန်ုပ်တို့သည် ၎င်းကို မီးရှို့ပစ်လတ္တံ့၊ ထို့နောက် မြစ်ထဲသို့ ပက်ကြဲ လွှင့်ပစ်လတ္တံ့’’ဟု ဆို၏။
၉၈။	**إِنَّمَا إِلَٰهُكُمُ اللَّهُ الَّذِي لَا إِلَٰهَ إِلَّا هُوَ وَسِعَ كُلَّ شَيْءٍ عِلْمًا۞** သင်တို့၏ ဘုရားရှင်သည် ပရမတ်ဘုရားရှင်ပင် ဖြစ်၏။ အရှင်မှ အပ အခြား ဘုရားဟူ၍ မရှိ၊ အရှင်သည် ခပ်သိမ်း ကုန်သို့ ဖြန့်ကျက်နေတော်မူ၏၊ သဗ္ဗလုံးစုံ သိနေတော်မူ၏။
၉၉။	**كَذَٰلِكَ نَقُصُّ عَلَيْكَ مِنْ أَنبَاءِ مَا قَدْ سَبَقَ وَقَدْ آتَيْنَاكَ مِن لَّدُنَّا ذِكْرًا۞** ဝါသည် သင့်အား သတ်မှတ်ချက် သတင်းများကို ဤသို့ ဖေါ်ပြ၏၊ ငှါထံတော်မှ သတိပေးတရားတော်ကို မုချ ချီးမြှင့်ပေး၏။
၁၀၀။	**مَنْ أَعْرَضَ عَنْهُ فَإِنَّهُ يَحْمِلُ يَوْمَ الْقِيَامَةِ وِزْرًا۞** ၎င်းအား ဘောင်ကန့်ထားသူသည် ရပ်တည်ရမည့် နေ့ကာလ၌ ဝန်ထုပ်ဝန်ပိုးကို သယ်ဆောင်ရမည်ပင်။
၁၀၁။	**خَالِدِينَ فِيهِ وَسَاءَ لَهُمْ يَوْمَ الْقِيَامَةِ حِمْلًا۞** ထို၌ အစဉ်အမြဲပင်၊ သူတို့အတွက် အကုသိုလ်သည် ရပ်တည်ရမည့် နေ့ကာလ၌ သယ်ပိုးစရာဖြစ်ရလိမ့်မည်။
၁၀၂။ ☆ ၁၈း၉၉	**يَوْمَ يُنفَخُ فِي الصُّورِ وَنَحْشُرُ الْمُجْرِمِينَ يَوْمَئِذٍ زُرْقًا۞** ပုံစံ သက်ဝင်စေသောနေ့ကာလ၊☆ ရာဇဝတ်ကောင်များကို စုစည်းစေသော်၊ ထိုနေ့၌ မျက်ဖြူဆိုက်ရလတ္တံ့။[၆၉၁]
၁၀၃။	**يَتَخَافَتُونَ بَيْنَهُمْ إِن لَّبِثْتُمْ إِلَّا عَشْرًا۞** သူတို့ချင်းကြား ‘‘ကျွန်ုပ်တို့သည် ဆယ်စု[၆၉၆] မျှသာ နေခဲ့ရ၏၊’’ဟု ရေရွတ်ကြ၏။
၁၀၄။	**نَحْنُ أَعْلَمُ بِمَا يَقُولُونَ إِذْ يَقُولُ أَمْثَلُهُمْ طَرِيقَةً إِن لَّبِثْتُمْ إِلَّا يَوْمًا۞**

---

(၆၉၄) စာမရီသည် ကိုယ်တော်မူဆာက၊ ပရမတ်ဘုရားရှင်နှင့် စကားပြောရန် ရပ်ခဲ့သော နေရာကို သိ၍ ထိုရပ်ခဲ့သော ခြေရာမှ မြေတစ်ဆုပ်ကို ယူလျက်၊ ထိုမြေဖြင့် ဂျူးလူမျိုးတို့ ကိုးကွယ်ရန် နွားရုပ်ငယ်ကို ထုလုပ်လိုက်သည်ဟု လွဲမှားသော ဖွင့်ဆိုချက်ကို မြောက်များစွာသော ကုရ်အာန် ဖွင့်ဆိုချက်များ၌ ဝမ်းနည်းဘွယ်ရာ တွေ့ရပေသည်။ ဤသုတ်တော်၏ ဆိုလိုချက်မှာ ‘‘ခြေရာ’’ ဆိုသည်မှာ လုပ်ဆောင်ချက်၊ နည်းနာ (စွန်နတ်) ကို ပြောခြင်းဖြစ်၍၊ စာမရီက ကိုယ်တော်မူဆာ၏ လုပ်ဆောင်ချက်မှ အနည်းငယ်မျှကိုသာ လိုက်မိပါသည်၊ ထိုသို့ မိမိလိုက်နေသော မပြောပလောက်ကိုပင် စွန့်မိခဲ့ပါသည်၊ ထို့ကြောင့် ကိုယ်တော်၏ နည်းနာ သင်ကြားခြင်း (ခြေရာ) မဟုတ်သော၊ ရှေးဟောင်း အီဂျစ်တို့၏ အယူကို အသက်သွင်းမိပါသည်ဟု ဆိုလိုခြင်းသာ ဖြစ်သည်။ **စာမရီ** ၏ အဓိပ္ပါယ်မှာ س م ر **ဆမရ** မှ ဆင့်ပွားဖြစ်၍ မိရိုးဖလာအမှောင်၌ ကျက်စားသူဟု ဖြစ်သည်။၂၃း၆၇

(၆၉၅) အာရဗီအသုံးအနှုန်းအရ ပြာနှမ်းသည် ဆိုခြင်းမှာ မျက်လုံးမျက်ဆံ ပြာနှမ်းခြင်း ကြောက်ရွံ့ခြင်းကို ဆိုခြင်း ဖြစ်ပေသည်။

(၆၉၆) ဤနေရာတွင် ဖေါ်ပြသော **အာ့ရှ်** ကို ဆရာတော် တစ်ချို့က ဆယ်ရက် ဟု ပြန်ဆိုကြပေသည်။ ဆယ်ရက်၊ ဆယ်လ၊ ဆယ်နှစ် မည်သို့ပင် ပြန်ဆိုစေကာမူ ၎င်းသည် လောကီသက်တမ်း၏ တိုတောင်းမှုကို ပမာပေးခြင်း ဖြစ်၍– ဤသုတ်တော်မှ ပြောဆိုသော ရာဇဝတ်ကောင်များ၏ အထင်ကို တင်ပြနေခြင်း ဖြစ်ပေသည်။ သူတို့သည် လောကီဘဝတွင် ပျော်မြူးနေခဲ့သောကြောင့် သူတို့ပြုသမျှကံအား ခံစားရမည့် အချိန်တွင် ထိုနေခဲ့သော အသက်မှာ အလွန်တိုတောင်းသည်ဟု ထင်မှတ်ခြင်း ဖြစ်ပေသည်။ ထိုအကြောင်းကို ၂၃း၆ တွင် ‘‘သူတို့သည် နှစ်တစ်ထောင် အသက်တာကို လိုချင်ကြ၏၊’’ဟု ဆိုထားပေသည်၊ ထို့ကြောင့် သူတို့တမ်းတခဲ့သော သူတို့ သို့မဟုတ် သူတို့၏ အင်ပါယာ၊ အယူဝါဒသည် နှစ်တစ်ထောင် သို့မဟုတ် ဆယ်ရာစု သက်တမ်းရှိခဲ့လျှင် သော်လည်း သူတို့ ကျဆုံးရချိန်၌ ၎င်းကို ခဏတာ နေခဲ့ရသည်ဟုပင် ထင်မှတ်လိမ့်မည်ပင်။

	ငါသည် သူတို့ ပြောဆိုသမျှကို အသိဆုံး ဖြစ်တော်မူ၏။ သူတို့မှ ပမာအကောင်းဆုံး လမ်းကျသူက ‘‘သင်တို့ နေခဲ့ရသည်မှာ တစ်ရက်မျှသာ ဖြစ်၏။’’ဟု ဆို၏။
၁၀၅။ ☆ ၁၃း၃၁	**وَيَسْأَلُونَكَ عَنِ الْجِبَالِ فَقُلْ يَنسِفُهَا رَبِّي نَسْفًا ۝** သင့်ထံ၌ တောင်တန်းကြီးများအကြောင်းကို မေးလာသူတို့အား၊ ဟောလော့ ‘‘ငင်းတို့အား ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ပက်ကြဲ လွင့်စင်စေလတ္တံ့၊–☆
၁၀၆။	**فَيَذَرُهَا قَاعًا صَفْصَفًا ۝** ငင်းတို့အား အပြန့်လိုက် တစ်ညီတည်း ချန်ပစ်ခဲ့လတ္တံ့။
၁၀၇။	**لَا تَرَى فِيهَا عِوَجًا وَلَا أَمْتًا ۝** ထို၌ ကောက်ကွေ့နေခြင်းကို မြင်ရမည်မဟုတ် မို့မောက်ဖုထစ်နေလည်း မရှိချေ။
၁၀၈။	**يَوْمَئِذٍ يَتَّبِعُونَ الدَّاعِيَ لَا عِوَجَ لَهُ وَخَشَعَتِ الْأَصْوَاتُ لِلرَّحْمَنِ فَلَا تَسْمَعُ إِلَّا هَمْسًا ۝** ထိုနေ့ကာလ၌ ကောက်ကျစ်မှုမရှိသော ဖိတ်ခေါ်သူ၏ နောက်သို့လိုက်ကြရ၍၊ ကရုဏာရှင်၏ရှေ့၌ ကျိုးငဲ့သော–တိုးညှင်းသော အသံတို့ကိုသာ ကြားရလတ္တံ့။
၁၀၉။	**يَوْمَئِذٍ لَّا تَنفَعُ الشَّفَاعَةُ إِلَّا مَنْ أَذِنَ لَهُ الرَّحْمَنُ وَرَضِيَ لَهُ قَوْلًا ۝** ထိုနေ့ကာလ၌၊ ကရုဏာရှင် အလိုတူခွင့်ပြုသော၊ ပြောဆိုမှုကို ကျေနပ်မှုရှိသော သူမှအပ အခြားသူ၏ အမျှဝေပေးခြင်းသည် အကျိုးထူးမည် မဟုတ်၊
၁၁၀။	**يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَلَا يُحِيطُونَ بِهِ عِلْمًا ۝** သူတို့ကိုယ်တိုင် အသိ ငုံမိခြင်း မရှိသော သူတို့၏ လက်ရှိ ရှေ့မှောက် သူတို့နောက်ကို အရှင် သိနေတော်မူ၏။
၁၁၁။	**وَعَنَتِ الْوُجُوهُ لِلْحَيِّ الْقَيُّومِ وَقَدْ خَابَ مَنْ حَمَلَ ظُلْمًا ۝** နိစ္စ၊ ဓ္ရုဝ ဖြစ်တော်မူသော အရှင်၏ ရှေ့၌ မျက်နှာအားလုံး အပိုးသေနေလတ္တံ့၊ အဝိဇ္ဇာထုပ်ကို သယ်ရသူသည် မုချစိတ်ပျက်ကျဆုံးရလေပြီ။
၁၁၂။	**وَمَن يَعْمَلْ مِنَ الصَّالِحَاتِ وَهُوَ مُؤْمِنٌ فَلَا يَخَافُ ظُلْمًا وَلَا هَضْمًا ۝** ပြုပြင်ပြောင်းလဲရေး၌ ကျင့်ကြံသူ၊ ထို–ယုံကြည်ချက်ရှိသူသည် အဝိဇ္ဇာသင့်ခြင်းနှင့် အကျိုးဆက်အတွက် စိတ်နေနေရန် မလိုချေ။’’ဟု ဖြစ်၏။
၁၁၃။	**وَكَذَٰلِكَ أَنزَلْنَاهُ قُرْآنًا عَرَبِيًّا وَصَرَّفْنَا فِيهِ مِنَ الْوَعِيدِ لَعَلَّهُمْ يَتَّقُونَ أَوْ يُحْدِثُ لَهُمْ ذِكْرًا ۝** ဤသို့ ငါသည် ငင်းကို အာရဗီဘာသာ ကုရ်အာန် အဖြစ် ချမှတ်ပေး၍၊ ကတိတော်များကို ထပ်တလဲလဲရှင်းပြခြင်းမှာ သူတို့အတို့ စည်းစောင့်နိုင်အံ့ငှာ သို့မဟုတ် သူတို့အား သတိတရားရှိရန် ဆင့်ပြန်နိုင်ဘို့ရာ ဖြစ်၏။[၆၇]
၁၁၄။	**فَتَعَالَى اللَّهُ الْمَلِكُ الْحَقُّ وَلَا تَعْجَلْ بِالْقُرْآنِ مِن قَبْلِ أَن يُقْضَىٰ إِلَيْكَ وَحْيُهُ وَقُل رَّبِّ زِدْنِي عِلْمًا ۝** အထွဋ်အထိပ်ဖြစ်တော်မူသော ပရမတ်ဘုရားရှင်သည် အရှင်သခင် ဖြစ်တော်မူ၏၊ ပရမတ္ထသစ္စာ ဖြစ်တော်မူ၏။

(၆၇) ဤသုတ်တော်တွင် ‘‘ဆင့်ပြန်နိုင်ဘို့ရာ’’ ဟု ဘာသာပြန်သော စကားလုံးမှာ **ဟဒီးဆ် حديث** ကို ပြန်ဆိုခြင်း ဖြစ်ပေသည်။ ဤသုတ်တော်အရ ကိုယ်တော်မုဟမ္မဒ် ဆင့်ပြန်ခဲ့သော **ဟဒီးဆ်တော်များ ဆိုသည်မှာ** ကျမ်းမြတ်ကုရ်အာန်ပါ ဒေသနာများသာ ဖြစ်ပေသည်။ ကျမ်းတော်ပါ သွန်သင်ချက်နှင့် မကိုက်ညီသော၊ မအပ်စပ်သော အဆိုအမိန့် မျိုးစုံကို ကိုယ်တော်မုဟမ္မဒ်က ပြောဆို သွန်သင်ခဲ့သည်ဟု ယူမှတ်ခြင်းကို ကျမ်းမြတ် ကုရ်အာန်က လက်မခံချေ။

	သင့်အား အာရုံစျာန်ကိန်းဝပ်ပေးမှု မပြီးပြည့်မီ ကုရ်အာန်အား အလျင်မလိုနှင့်၊ ‘‘တပည့်တော်အား ပညာတိုးစေတော်မူပါ ကံကြမ္မာရှင်!’’ဟု ဆုတောင်းလော့။
၁၁၅။	**وَلَقَدْ عَهِدْنَا إِلَى آدَمَ مِن قَبْلُ فَنَسِيَ وَلَمْ نَجِدْ لَهُ عَزْمًا۝** ရှေ့အလျင်က ငါသည် အာဒံအား မုချ ပဋိညာဉ်ထားခဲ့၏။ သို့သော် သူသည် မေ့နေ၏။ သူ၌ ဆုံးဖြတ်ချက် မတွေ့ရချေ။[၆၉၈]
၁၁၆။ ☆ ၂း၃၄	**وَإِذْ قُلْنَا لِلْمَلَائِكَةِ اسْجُدُوا لِآدَمَ فَسَجَدُوا إِلَّا إِبْلِيسَ أَبَى۝** ငါက နိမိတ်ဆောင်တို့အား ‘‘အာဒံကို ဦးချကြလော့၊’’ဟု မိန့်၏၊ ရှေးရိုးစွဲမှအပ ဦးချကြ၏၊ သူသည် ဖီဆန်၏။☆
၁၁၇။	**فَقُلْنَا يَا آدَمُ إِنَّ هَذَا عَدُوٌّ لَّكَ وَلِزَوْجِكَ فَلَا يُخْرِجَنَّكُمَا مِنَ الْجَنَّةِ فَتَشْقَى۝** ငါက မိန့်သည်မှာ ‘‘အေ– အာဒံ၊ ဤသူသည် သင်နှင့် သင့် စုဖွဲ့ဖော်အား စည်းဖေါက်သူ ဖြစ်၏။ သင်တို့အား ဥယျာဉ်ဘုံမှ မမောင်းထုတ်စေနှင့်၊ သို့မဟုတ်က ကံဆိုးရန်ိုင်၏။
၁၁၈။ ☆ ၇း၂၂	**إِنَّ لَكَ أَلَّا تَجُوعَ فِيهَا وَلَا تَعْرَى۝** ဇကေန်ပင် – ထို၌ သင့်အတွက် တော်မွတ်ခြင်း မရှိ၊ ဗလာလက်မဲ့ မဖြစ်စေရ။☆
၁၁၉။	**وَأَنَّكَ لَا تَظْمَأُ فِيهَا وَلَا تَضْحَى۝** ဇကေန်ပင် – ထို၌ သင့်အတွက် ရေဆာခြင်း မရှိ၊ နေပူလောင်ခြင်းလည်း မဖြစ်စေရ’’ဟု ဖြစ်၏။
၁၂၀။ ★ ၂း၃၅	**فَوَسْوَسَ إِلَيْهِ الشَّيْطَانُ قَالَ يَا آدَمُ هَلْ أَدُلُّكَ عَلَى شَجَرَةِ الْخُلْدِ وَمُلْكٍ لَّا يَبْلَى۝** မကောင်းဆိုးဝါးက သူ့အား တီးတိုးလှုံ့ဆော်၍ ‘‘အို– အာဒံ၊ အစဉ်ထာဝရ အစစ်အဆေးမရှိ အာဏာပိုင်သော အပင်ကို★ ညွှန်ရမည်လော၊’’ဟု ဆို၏။
၁၂၁။ ☆ ၇း၂၂	**فَأَكَلَا مِنْهَا فَبَدَتْ لَهُمَا سَوْآتُهُمَا وَطَفِقَا يَخْصِفَانِ عَلَيْهِمَا مِن وَرَقِ الْجَنَّةِ وَعَصَى آدَمُ رَبَّهُ فَغَوَى۝** သူတို့သည် ထိုမှ စားသုံးကြ၏။ သို့ဖြင့် ရှေ့တင်၌ သူတို့၏အရှက်များ ပေါ်သွားတော့၏၊ သူတို့သည် ဥယျာဉ်မှ အရွက်များဖြင့် သူတို့ကိုယ်သူတို့ စတင်ဖုံးအုပ်ကြလေ၏။☆ အာဒံသည် သူ့ကံကြမ္မာရှင်အား အာခံမိ၍၊ တိမ်းပါးရ၏။
၁၂၂။	**ثُمَّ اجْتَبَاهُ رَبُّهُ فَتَابَ عَلَيْهِ وَهَدَى۝** တဖန်၊ သူ့ကံကြမ္မာရှင်သည် သူ့အား ပြန်ရွေးချယ်လျက်၊ သင်ပုန်းချေပေး၍၊ သူ့အား လမ်းညွှန်ပေး၏။
၁၂၃။	**قَالَ اهْبِطَا مِنْهَا جَمِيعًا بَعْضُكُمْ لِبَعْضٍ عَدُوٌّ فَإِمَّا يَأْتِيَنَّكُم مِّنِّي هُدًى فَمَنِ اتَّبَعَ هُدَايَ فَلَا يَضِلُّ وَلَا يَشْقَى۝** အရှင် မိန့်သည်မှာ ‘‘အားလုံး ဆင်းသွားကြလော့၊ သင်တို့မှ အချို့သည် အချို့အတွက် စည်းဖေါက်သူများ ဖြစ်စေလော့။ ငါ၏ လမ်းညွှန်ချက်များ သင့်တို့ထံသို့ ပေးရောက်စေမည်၊ ငါ၏ လမ်းညွှန်ချက်ကို လိုက်နာသူသည် အပါယ်ရောက်မည်မဟုတ် ကံဆိုးရမည် မဟုတ်။
၁၂၄။	**وَمَنْ أَعْرَضَ عَن ذِكْرِي فَإِنَّ لَهُ مَعِيشَةً ضَنكًا وَنَحْشُرُهُ يَوْمَ الْقِيَامَةِ أَعْمَى۝** ငါ၏ သတိပေးတရားတော်အား ဘောင်ကန့်ထားသူသည်၊ ရပ်တည်ရမည့် နေ့၌ ဇကေန်ပင် သူ့အတွက် ကျဉ်းမြောင်းသော ဘဝဖြင့် အကန်းအဖြစ် စုစည်းခံရလတ္တံ့၊’’ဟု ဖြစ်၏။

(၆၉၈) ဤသုတ်တော်တွင် အာဒံသည် ပရမတ်ဘုရားရှင်၏ ကတိပညတ်ကို အာခံသည်ဟု ဆိုခြင်း မရှိချေ။ သူသည် မေ့နေသည် ဟုသာ ဆိုပေသည်။ ထိုကတိကို သူသည် ပြန်လည် ပြင်ဆင်ခြင်းလည်း မဟုတ်ချေ။

၁၂၅။	**قَالَ رَبِّ لِمَ حَشَرْتَنِي أَعْمَى وَقَدْ كُنتُ بَصِيرًا۝** သူက ‘‘ကံကြမ္မာရှင် တပည့်တော်သည် အမြင်ရှိခဲ့ပါလျက်၊ အဘယ့်ကြောင့် အကန်းအဖြစ် စုစည်းခံရပါသနည်း၊’’ဟု ဆိုသော်–
၁၂၆။	**قَالَ كَذَٰلِكَ أَتَتْكَ آيَاتُنَا فَنَسِيتَهَا وَكَذَٰلِكَ الْيَوْمَ تُنسَى۝** အရှင်က ‘‘ယင်းမှာ သင့်အား ငါ၏ သုတ်ဒေသနာများကို ပေးအပ်၏၊ ထို့နောက် ၎င်းတို့ကို မေ့ပစ်၏။ ဤနေ့၌ သင့်အား ထိုသို့ မေ့ပစ်ခံရစေပြီ၊’’ဟု မိန့်၏။
၁၂၇။	**وَكَذَٰلِكَ نَجْزِي مَنْ أَسْرَفَ وَلَمْ يُؤْمِن بِآيَاتِ رَبِّهِ وَلَعَذَابُ الْآخِرَةِ أَشَدُّ وَأَبْقَى۝** ငါသည် အလွဲသုံးစားလုပ်သူများ၊ သူ့ကံကြမ္မာရှင်၏ သုတ်ဒေသနာများကို မယုံကြည်သူများကို ယင်းသို့ အစားပေးတော်မူ၏။ နောင်ဘဝ၏ ဝဋ်ကြွေးသည် ပိုမိုပြင်းထန်၏၊ တည်တံ့၏။
၁၂၈။ ကျမ်းဆော်	**أَفَلَمْ يَهْدِ لَهُمْ كَمْ أَهْلَكْنَا قَبْلَهُم مِّنَ الْقُرُونِ يَمْشُونَ فِي مَسَاكِنِهِمْ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّأُولِي النُّهَى۝** **၎င်း**သည်– မြို့ရွာများမှ သွားလာ၍ အခြေချခဲ့ကြသော သူတို့မတိုင်မီ မျိုးဆက်ပေါင်းမည်မျှကို တိမ်ကောစေခဲ့ကြောင်း မည္ဟန်ပြလေသလော။ ဇာနပ်ပင် ဆင်ဆင်ခြင်ခြင် ရှိသူများ အတွက် ဤ၌ သက်သေလက္ခဏာ ရှိနေ၏။
၁၂၉။	**وَلَوْلَا كَلِمَةٌ سَبَقَتْ مِن رَّبِّكَ لَكَانَ لِزَامًا وَأَجَلٌ مُسَمًّى۝** တွန်းအားတစ်ခုအတွက် သတ်မှတ်ကာလ အချိန်ရှိပြီးဟု သင့်ကံကြမ္မာရှင်၏ ထံမှ ဓမ္မတော်ရှိသည် မဟုတ်တုံလော၊
၁၃၀။	**فَاصْبِرْ عَلَى مَا يَقُولُونَ وَسَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوعِ الشَّمْسِ وَقَبْلَ غُرُوبِهَا وَمِنْ آنَاء اللَّيْلِ فَسَبِّحْ وَأَطْرَافَ النَّهَارِ لَعَلَّكَ تَرْضَى۝** သို့ဖြစ်၍၊ သူတို့၏ ပြောဆိုမှုများကို သည်းခံလော့၊ သင့်ကံကြမ္မာရှင်အား နေမထွက်မီနှင့် နေမဝင်မီ၌ ရည်သန်စူးစိုက်ဦးထိပ်ထားလော့။ ညအချိန်များနှင့် နေ့ မျက်ခြည်ဆုံးချိန်များ၌ သင့်အား ကျေနပ်နှစ်သက်အံ့ဌာ ဦးထိပ်ထားလော့။
၁၃၁။ မျက်စောင်းမထိုး	**وَلَا تَمُدَّنَّ عَيْنَيْكَ إِلَى مَا مَتَّعْنَا بِهِ أَزْوَاجًا مِّنْهُمْ زَهْرَةَ الْحَيَاةِ الدُّنيَا لِنَفْتِنَهُمْ فِيهِ وَرِزْقُ رَبِّكَ خَيْرٌ وَأَبْقَى۝** သူတို့အနက်မှ အစုဖွဲ့များ၏ ချမ်းမြေ့စရာများထံ အသင်၏ မျက်လုံးအား **မတိုးရွေ့စေ**နှင့်၊ သူတို့အား စမ်းသပ်ရန် အတွက် လောကီ ဘဝ၏ ဆွဲဆောင်မှု ဖြစ်၏။ သင့်ကံကြမ္မာရှင်၏ ရိက္ခာထောက်ခြင်းသည် ပို၍ ကောင်း၏။ တည်တံ့ခြင်း ရှိ၏။
၁၃၂။ ☆၂၃	**وَأْمُرْ أَهْلَكَ بِالصَّلَاةِ وَاصْطَبِرْ عَلَيْهَا لَا نَسْأَلُكَ رِزْقًا نَّحْنُ نَرْزُقُكَ وَالْعَاقِبَةُ لِلتَّقْوَى۝** သင့်ဝိုင်းသားတို့အပေါ် မေတ္တာတရားဖြင့်☆ ညွှန်ကြားလော့၊ ထိုအပေါ်တွင် သည်းခံကြစေလော့၊ ငါသည် ဆွပ်ကပ်ခံခြင်း မရှိ၊ ငါကသာ ရိက္ခာထောက်တော်မူ၏။ စည်းစောင့်မှု အတွက် ချုပ်ငြိမ်းခြင်းသည် ရှိ၏။
၁၃၃။	**وَقَالُوا لَوْلَا يَأْتِينَا بِآيَةٍ مِّن رَّبِّهِ أَوَلَمْ تَأْتِهِم بَيِّنَةُ مَا فِي الصُّحُفِ الْأُولَى۝** သူတို့က ‘‘သူ့ကံကြမ္မာရှင်၏ ထံမှ ကျွန်ုပ်တို့အတွက် အဘယ်ကြောင့် သုတ်ဒေသနာတစ်ပါး မပေးအပ်ခဲ့သနည်း၊’’ဟု ဆိုကြ၏။ ရှေး ပရပိုက်များတွင်ပါသည့် ရှင်းလင်းချက်များကို သူတို့အား ပေးရောက်စေပြီ မဟုတ်တုံလော။[၆၉၉]

(၆၉၉) ဤကျမ်းတော်သည် ရှေးကကျမ်းများတွင် ဝှပ်လျှိုးနေသော ရှင်းလင်းချက်များကို တင်ပြသော ကျမ်း ဖြစ်ကြောင်း ဤသုတ်တော်က ရှင်းလင်းစွာ ဆိုထားပေသည်။

၁၃၄။	**وَلَوْ أَنَّا أَهْلَكْنَاهُم بِعَذَابٍ مِّن قَبْلِهِ لَقَالُوا رَبَّنَا لَوْلَا أَرْسَلْتَ إِلَيْنَا رَسُولًا فَنَتَّبِعَ آيَاتِكَ مِن قَبْلِ أَن نَّذِلَّ وَنَخْزَى۞** ဤရှေ့အလျင် သူတို့အား ဝဋ်ကြွေးသင့် တိမ်ကောစေခဲ့လျှင် ‘‘အို– ကံကြမ္မာရှင်၊ တပည့်တော်တို့၏ နိမ့်ပါးရခြင်း အရှက်ကွဲရခြင်း မတိုင်မီ အရှင့် သုတ်ဒေသနာများကို တပည့်တော်တို့ လိုက်နာစေရန်၊ တပည့်တော်တို့ထံသို့ ဉာဏ်စဉ်ဆောင် တစ်ပါးကို အဘယ်ကြောင့် မစေပို့ခဲ့သနည်း၊’’ဟု ဆိုကြလတ္တံ့။
၁၃၅။	**قُلْ كُلٌّ مُّتَرَبِّصٌ فَتَرَبَّصُوا فَسَتَعْلَمُونَ مَنْ أَصْحَابُ الصِّرَاطِ السَّوِيِّ وَمَنِ اهْتَدَى۞** ဟောလော့ ‘‘အားလုံးကိုယ်စီ စောင့်ကြည့်နေကြ၏။ ထို့ကြောင့် စောင့်ကြည့်နေကြလော့၊ မည်သူ့ ပေါင်းဖော်များက ပုံစံကျပြီး လမ်းစဉ်၌ ရှိ၏၊ မည်သူက လမ်းညွှန်မှန်၌ ရှိ၏ ဆိုသည်ကို သိလာကြရလတ္တံ့။’’

ဓမ္မခန္ဓာ (၂၁) သတင်းတော်ဆောင်များ (အလ် အန်ဗီယာ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၇၃၊ သုတ်ဒေသနာ ၁၁၂ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။	**اقْتَرَبَ لِلنَّاسِ حِسَابُهُمْ وَهُمْ فِي غَفْلَةٍ مُّعْرِضُونَ۝** လူသားတို့အတွက် သူတို့၏ အချုပ်စရင်းသည် နီးကပ်လာနေ၏။ သူတို့သည်ကား မေ့လျော့ ဘောင်ကန့်ထားသူများ ဖြစ်ကြ၏။
၂။	**مَا يَأْتِيهِم مِّن ذِكْرٍ مِّن رَّبِّهِم مُّحْدَثٍ إِلَّا اسْتَمَعُوهُ وَهُمْ يَلْعَبُونَ۝** သူတို့၏ ကံကြမ္မာရှင်ထံမှ သတိပေး ဆင့်ပြန်မှု ပေးရောက်လာလျှင်၊ သူတို့သည် ၎င်းကို ပေါ့ပျက်ပျက် ကြားနာကြ၏။
၃။	**لَاهِيَةً قُلُوبُهُمْ وَأَسَرُّواْ النَّجْوَى الَّذِينَ ظَلَمُواْ هَلْ هَذَا إِلَّا بَشَرٌ مِّثْلُكُمْ أَفَتَأْتُونَ السِّحْرَ وَأَنتُمْ تُبْصِرُونَ۝** သူတို့၏နှလုံးသားသည် အလေးအနက်မရှိချေ။ မိုက်ကြေးခွဲသော သူတို့က ''ဤသည် သင်တို့ ကဲ့သို့ လူပုဂ္ဂိုလ်မျှသာ ဖြစ်၏။ သင်တို့မြင်နေလျက်နှင့်ပင် သင်တို့အား မှော်အတတ်ကို ပေးအပ်နေ၏၊''ဟု သီးခြားတိုင်ပင်ကြ၏။
၄။ ကောင်းကင်	**قَالَ رَبِّي يَعْلَمُ الْقَوْلَ فِي السَّمَاء وَالأَرْضِ وَهُوَ السَّمِيعُ الْعَلِيمُ۝** သူက ''ကျွန်ုပ်၏ ကံကြမ္မာရှင်သည် **မိုး**များနှင့် မြေအတွင်း ပြောဆိုသမျှကို သိနေတော်မူ၏။ အရှင်သည် ကြားနေသော အရှင် သိနေသော အရှင် ဖြစ်၏၊''ဟု ဟောကြားသော်– ၇၀၀
၅။ မုဟမ္မဒ်	**بَلْ قَالُواْ أَضْغَاثُ أَحْلاَمٍ بَلِ افْتَرَاهُ بَلْ هُوَ شَاعِرٌ فَلْيَأْتِنَا بِآيَةٍ كَمَا أُرْسِلَ الأَوَّلُونَ۝** သူတို့က ''အမှန်မှာ– မှုဝါးဝါး အိပ်မက်သာ ဖြစ်၏။ အမှန်မှာ ၎င်းကို **သူ** လုပ်ကြံဖန်တီး၏။ အမှန်မှာ **သူ**သည် ကဗျာဆရာသာ ဖြစ်၏။ ရှေးက စေစားခံရသူများ ပမာ ကျွန်ုပ်တို့ထံသို့ နိမိတ်လက္ခဏာတစ်ရပ် ပေးရောက်စေလော့၊''ဟု ဆိုကြ၏။
၆။	**مَا آمَنَتْ قَبْلَهُم مِّن قَرْيَةٍ أَهْلَكْنَاهَا أَفَهُمْ يُؤْمِنُونَ۝** သူတို့ မတိုင်မီ တိမ်ကောပျက်စီးစေသော အရပ်သားတို့သည် ယုံကြည်ခဲ့သည် မဟုတ်ချေ။ သူတို့သည်ကော ယုံကြည်ဦးမည်လော။
၇။	**وَمَا أَرْسَلْنَا قَبْلَكَ إِلاَّ رِجَالاً نُّوحِي إِلَيْهِمْ فَاسْأَلُواْ أَهْلَ الذِّكْرِ إِن كُنتُمْ لاَ تَعْلَمُونَ۝** သင့်မတိုင်မီ သူတို့ထံသို့ အာရုံစူးစိုက်ဖြစ်စေ၍ စေစားခံရသူများမှာလည်း လူသားများမှလွဲ၍ အခြားမဟုတ်ချေ။ သင်တို့ မသိလျှင် သတိပေးတရားတော် ဝိုင်းသားများကို မေးလော့။
၈။	**وَمَا جَعَلْنَاهُمْ جَسَدًا لَّا يَأْكُلُونَ الطَّعَامَ وَمَا كَانُوا خَالِدِينَ۝**

(၇၀၀) ဤသုတ်တော်က အာကာသ အတွင်း အခြားဂြိုလ်များ၌ စကားပြောသော သတ္တဝါများ ရှိနေကြောင်းကို ပြောဆိုသော များစွာသော သုတ်တော်များ အနက်မှ သုတ်တော်တစ်ပါး ဖြစ်ပေသည်။

	ငါသည် သူတို့အား အစာအဟာရ စားသုံးရန် မလိုသော ခန္ဓာကိုယ်များနှင့် အစဉ်နေရခြင်းကို စီစဉ်မပေးချေ။[၇၀]
၉။	**ثُمَّ صَدَقْنَاهُمُ الْوَعْدَ فَأَنجَيْنَاهُمْ وَمَن نَّشَاء وَأَهْلَكْنَا الْمُسْرِفِينَ۝** ငါသည် သူတို့အား ကတိတော်ကို ဖြောင့်မှန်စေ၏။ ငါ၏ စံချိန်ပြည့်သူများကို လွတ်မြောက်စေတော်မူ၍၊ အလွဲသုံးစား ပြုသူများကို တိမ်ကောစေတော်မူ၏။
၁၀။	**لَقَدْ أَنزَلْنَا إِلَيْكُمْ كِتَابًا فِيهِ ذِكْرُكُمْ أَفَلَا تَعْقِلُونَ۝** မုချပင် ငါသည် သင်တို့ထံသို့ သတိပေးခြင်းပါသော ကျမ်းတော်ကို ချမှတ်ပေးပြီ။ အတွေးအခေါ် မရှိကြသလော။
၁၁။	**وَكَمْ قَصَمْنَا مِن قَرْيَةٍ كَانَتْ ظَالِمَةً وَأَنشَأْنَا بَعْدَهَا قَوْمًا آخَرِينَ۝** အမိုက်စီးနေသော အရပ်ဒေသ မည်မျှကို တစ်စစီဖြစ်စေ၍ ၎င်းနောက်၊ နောက်လူမျိုးများကို ငါ ပေါက်ပွားစေခဲ့သနည်း။
၁၂။	**فَلَمَّا أَحَسُّوا بَأْسَنَا إِذَا هُم مِّنْهَا يَرْكُضُونَ۝** သူတို့သည် ငှဲထံမှ အမင်္ဂလာသက်စေမှု ခံစားရသောအခါ၊ ထိုမှ ထွက်ပြေးကြသည်ကို ရင်ဆိုင်ကြလတ္တံ့။
၁၃။	**لَا تَرْكُضُوا وَارْجِعُوا إِلَى مَا أُتْرِفْتُمْ فِيهِ وَمَسَاكِنِكُمْ لَعَلَّكُمْ تُسْأَلُونَ۝** ထွက်မပြေးကြနှင့်၊ သင်တို့အား စစ်ဆေးရန်အလို့ငှာ သင်တို့ ဦးတည်ခဲ့သော စည်းဖိမ်ယစ်သည့် အခြေချခဲ့ရာများသို့ ပြန်ခဲ့ကြလော့။
၁၄။	**قَالُوا يَا وَيْلَنَا إِنَّا كُنَّا ظَالِمِينَ۝** သူတို့က ''ကျွန်ုပ်တို့ ပျက်စီးရလေပြီ၊ ကျွန်ုပ်တို့သည် အမိုက်ကောင်များ ဖြစ်ခဲ့ချေ၏၊''ဟု ညည်းညူ၏။
၁၅။	**فَمَا زَالَت تِّلْكَ دَعْوَاهُمْ حَتَّى جَعَلْنَاهُمْ حَصِيدًا خَامِدِينَ۝** သူတို့အား မျိုးတုန်း ကြိတ်နယ်ရန် စီစဉ်ပြီးသည့်တိုင် သူတို့၏ အော်ကြွေးခြင်းကို ငါ ရပ်နားစေမည် မဟုတ်ချေ။
၁၆။	**وَمَا خَلَقْنَا السَّمَاء وَالْأَرْضَ وَمَا بَيْنَهُمَا لَاعِبِينَ۝** ငါသည် မိုးများ၊ မြေကမ္ဘာနှင့် ထိုနှစ်ခုကြား အရာများကို ပေါ့ပျက်ပျက် ဖြစ်တည်စေသည် မဟုတ်။
၁၇။	**لَوْ أَرَدْنَا أَن نَّتَّخِذَ لَهْوًا لَّاتَّخَذْنَاهُ مِن لَّدُنَّا إِن كُنَّا فَاعِلِينَ۝** ငါသည် ပျော်မြူးခြင်းကို ရယူတော်မူလိုသော်၊ ငါ စီမံလိုလျှင် ၎င်းကို ငှဲထံတော်၌ ရယူခဲ့ပြီးလတ္တံ့။[၇၁]
၁၈။	**بَلْ نَقْذِفُ بِالْحَقِّ عَلَى الْبَاطِلِ فَيَدْمَغُهُ فَإِذَا هُوَ زَاهِقٌ وَلَكُمُ الْوَيْلُ مِمَّا تَصِفُونَ۝** အမှန်မှာ ငါသည် မိစ္ဆာတရားကို ဦးဏှောက်ကွဲစေခြင်းငှာ သစ္စာတရားကို ဝန်ပေး၏။ **၎င်း**သည် ခွဲခွာပျောက်ကွယ်
မိန္တာ	

(၇၀) ရှေးဒဏ္ဍာရီ ပုံပြင်များက သွန်သင် သကဲ့သို့ အစွယ်လာမ်သာသနာ၌ အရှင်ထွက် ထွက်နိုင်စွမ်းရှိသည်ဟု သွန်သင်ထားခြင်း မရှိချေ။ လူတစ်ဦးသည် ထင်သာမြင်သာသော လူ့အသိုင်းအဝိုင်းမှ ရှောင်ကြဉ်သွားသော်လည်း ထိုအသိုင်းအဝိုင်းနှင့် သတင်းအဆက်အသွယ် ပြတ်သော နေရာတွင် လူ့ သက်တမ်း၏ နိယာမ အလျောက် သေဆုံးသွားရမည်ပင်။ သမ္မာကျမ်း၌ ဖေါ်ပြသော နေနောက် (အီဒရီးဆ်)၊ ယေရှု (အီဆာ)၊ အချို့ အစွယ်လာမ်များ ယုံကြည်နေသော အေမန်မဟ်ဒီ၊ ဆန့်ကျင်ဘက် အင်အားစု၏ မျက်မှောက်မှ ပျောက်ကွယ်သွားသော ဂျာမဏီမှ ဟစ်တလာ စသော ပုဂ္ဂိုလ်များသည် သူ့သက်တမ်းစေ့လျှင် သေဆုံးသွားခဲ့ရသည်ပင်၊ မည်သူမှ ကာလမဲ့ (Out of Time and Space) နေထိုင်ခွင့်ကို မရပေ။ အလားတူ ကျွန်ုပ်တို့ မြန်မာများမှ အချို့ယုံကြည်နေသော အရှင်ထွက် ထွက်သွားသည် ဆိုသော ပုဂ္ဂိုလ်များမှာလည်း အလားတူပင် ဖြစ်ပေသည်။

(၇၁) ဤဝါကျသည် **လောင်းဝ် ဒဲ** နှင့် အစပြု ငြင်းဆိုထားသော ဝါကျဖြစ်၍– လုံးဝ မပြုလုပ်ခဲ့၊ လုံးဝ မဖြစ်စေခဲ့ ဆိုသည်ကို ရေးထားသော ဝါကျ ဖြစ်ပေသည်။ ဤသုတ်တော်မှ ပျော်မြူးခြင်း ဟု ဘာသာပြန်သည့် **လာဟ်ဝါ လဲဲ** ဆိုသည်မှာ ကစားခုန်စား ပျော်ရွှင်မြူးထူးခြင်း ဟု အနက်ရပြီး ဇနီး သားသမီးကို ရည်ညွှန်းပေသည်။ တနည်းအားဖြင့် ပရမတ်ဘုရားရှင်၌ သားတော် ရှိသည်ဟူသည့် အယူ၊ ဘုရားသားတော်ဟု ခံယူသော ဝါဒများကို ပါယ်ဖျက်ပေသည်။

တရား	သောအခါ။ သင်တို့၏ တင်ပြခဲ့မှုများကြောင့် သင်တို့ ပျက်စီးရလေပြီ။
၁၉။	**وَلَهُ مَن فِي السَّمَاوَاتِ وَالْأَرْضِ وَمَنْ عِندَهُ لَا يَسْتَكْبِرُونَ عَنْ عِبَادَتِهِ وَلَا يَسْتَحْسِرُونَ۞** မိုးများနှင့် မြေအတွင်း ရှိသမျှသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ အရှင့် ထံပါး ရှိသူများသည် အရှင့်အား အမှုတော် ဆောင်ရန် မာနကြီးလွန်းနေသည် မဟုတ်ချေ။ ကြောကွဲပင်ပန်းနေသည်လည်း မဟုတ်ချေ။[၇၄]
၂၀။	**يُسَبِّحُونَ اللَّيْلَ وَالنَّهَارَ لَا يَفْتُرُونَ۞** သူတို့သည် နေ့၊ ည မဟူ ဆိတ်ငြိမ်ခြင်းမရှိ အရှင့်အား ဦးထိပ်ထားနေကြ၏။
၂၁။	**أَمِ اتَّخَذُوا آلِهَةً مِّنَ الْأَرْضِ هُمْ يُنشِرُونَ۞** သို့တည်းမဟုတ် သူတို့အား နိုးကြွရှင်ပြန်စေနိုင်သော ဘုရား မြေကမ္ဘာ၌ ရှိသည်ဟု အယူထားနေကြသလော။
၂၂။ ☆ ၁၀း၃	**لَوْ كَانَ فِيهِمَا آلِهَةٌ إِلَّا اللَّهُ لَفَسَدَتَا فَسُبْحَانَ اللَّهِ رَبِّ الْعَرْشِ عَمَّا يَصِفُونَ۞** ပရမတ်ဘုရားရှင်မှ အပ အခြားဘုရား သူတို့အထဲ၌ ရှိခဲ့လျှင်၊ သူတို့သည် အဖျက်ခံရပြီးဖြစ်လတ္တံ့၊ သို့ဖြစ်၍ သူတို့၏ တင်ပြခဲ့ခြင်းများနှင့် စပ်လျဉ်း၍– ထပ်ဆင့်ကွပ်ကဲသော☆ ကံကြမ္မာရှင်၊ ပရမတ်ဘုရားရှင်ထံ၌ ဦးထိပ်ထားလော့။[၇၅]
၂၃။	**لَا يُسْأَلُ عَمَّا يَفْعَلُ وَهُمْ يُسْأَلُونَ۞** အရှင်၏ ပြုလုပ်မှုအတွက် အရှင့်အား စစ်ဆေးနိုင်မည် မဟုတ်၊ သူတို့သည်သာ စစ်ဆေးခံရလိမ့်မည်။[၇၆]
၂၄။	**أَمِ اتَّخَذُوا مِن دُونِهِ آلِهَةً قُلْ هَاتُوا بُرْهَانَكُمْ هَذَا ذِكْرُ مَن مَّعِيَ وَذِكْرُ مَن قَبْلِي بَلْ أَكْثَرُهُمْ لَا يَعْلَمُونَ الْحَقَّ فَهُم مُّعْرِضُونَ۞** သို့တည်းမဟုတ် အရှင် မှလွဲ၍ အခြားဘုရားများရှိသည်ဟု အယူထားနေကြသလော။ ဟောလော့ “သင်တို့၏ သက်သေပြချက်ကို ယူခဲ့ကြလော့။ ဤသည် ကျွန်ုပ်နှင့်အတူ ရှိသူတို့အတွက် သတိပေးတရားတော်၊ ကျွန်ုပ် မတိုင်မီ ဖြစ်သူတို့အတွက် သတိပေးတရားတော် ဖြစ်၏၊ အမှန်မှာ သူတို့မှ အများစုသည် သစ္စာတရားကို သိကြသည် မဟုတ်၊ သို့ဖြင့် သူတို့သည် ဘေဝင်ကန့်ထားသူများ ဖြစ်ကြ၏။”

---

(၇၀၃) ဤသုတ်တော်မှ **အရှင့် ထံပါးရှိသူများ** ကို အချို့ဆရာတော်များက အရှင့်အပါးတော်၌ ရှိသော ကောင်းကင်တမန်တော် (နတ်ဒေဝတာ) များဟု ပြန်ဆိုကြပေသည်။ ထိုသို့ ပြန်ဆိုနိုင်မည့် မူရင်း အာရဗီဝေါဟာရ တစ်လုံးမျှ မပါဝင်ပေ။ အစ္စလာမ်တို့ ခံစားယုံကြည်သော ပရမတ်ဘုရားရှင် (အလ္လာဟ်)သည် နတ်ဒေဝတာ အခြေအရံ အပေါင်းနှင့် စိုးစံနေသည့် နတ်ဘုရာကြီး မဟုတ်ချေ။ ပရမတ်ဘုရားရှင် အလ္လာဟ်အား လူသား၏ အသိဖြင့် မည်သို့မှ ပုံဖော်ယူ၍၊ စဉ်းစားဉာဏ်ဖြင့် ခြုံငုံသုံးသပ်၍ မရသော အသက်တာ ပရမတ်အရှင် ဖြစ်တော်မူပေသည်။ ဤနေရာတွင် ပြောသော အရှင့်အပါး ရှိသူများ ဆိုသည်မှာ ပရမတ်ဘုရားရှင်၏ ပြဌာန်းထားသော လောကနိယာမ၊ သစ္စာတရား၌ အစဉ် တစ်စိုက်မတ်မတ် ကြိုးပမ်း ဆောင်ရွက် နေသူများကို ဆိုလိုပေသည်။ ၎င်းကို အောက်ဖော်ပြပါ သုတ်တော် ၂၀ ၌ “သူတို့သည် ည၊ နေ့ မဟူ ဆိတ်ငြိမ်ခြင်းမရှိ အတုမဲ့ ဂုဏ်တော်အား ရှင့်ကျေးနေကြ၏။” ဟူသည်က ထောက်ပြနေပေသည်။ အရှင့်ထံပါးတွင် နေ့ နှင့် ည ဟု မရှိပေ။ ထို့ကြောင့် ဤသုတ်တော်မှ ပြောသော အရှင့် အပါး ရှိသူများ ဆိုသည်မှာ လောကမှ လူသား သစ္စာရှင်များကိုသာ အတိအကျ ဆိုလိုခြင်း ဖြစ်ပေသည်။

(၇၀၄) သုတ်တော် ၂၁ မှ နိုးကြွရှင်ပြန်စေနိုင်သော ဘုရား ဆိုသည်မှာ ပရမတ်ဘုရားရှင် အလ္လာဟ်က ဉာဏ်စဉ် ချီးမြှင့်ထားသော လူသား သို့မဟုတ်၊ ထိုလူ သားအား ထပ်ဆင့် ပုံစံတူ ပြုလုပ်ထားသော ရုပ်ပွားများ၊ လောကမှ ဖြစ်တည်ခံ တော၊ တောင်၊ အပင်၊ စေတီပုထိုးများသာ ဖြစ်ကြောင်းကို ဤသုတ်တော် ၂၂ က– အတိအကျ ထောက်ပြသွန်သင်ပေသည်။ ထိုသို့ အယူထားသူများသည် ပရမတ်ဘုရားရှင် ချမှတ်သော ဥပဒေသကို လိုက်နာရမည်လော၊ သို့မဟုတ် ထိုဉာဏ်စဉ်ရလူသား၏ အမည်နာမကို အလွဲသုံးစားလုပ်၍ နောက်ပေါက် ဆရာတော်များ၏ ဥပဒေများကို လိုက်နာရမည်လော၊ စသည့် ဥပဒေအများကြား– ဟိုမလိုက်နိုင် သည်မလိုက်နိုင် ဖရိုဖရဲ အနှောင့် အယှက်ဖြစ်ရလိမ့်မည်ဟုလည်း သတိဖေါ်ထားပေသည်။

(၇၀၅) လောကအပေါင်းအား ဖြစ်တည်စေမှုဌ အရှင်၏ ပြုလုပ်စီမံပြဌာန်းမှုသည် တိကျကုံလုံပြည့်စုံပြီး ချို့ယွင်းချက် လုံးဝ မရှိခြင်းကြောင့် အရှင်၏ စီမံမှုအတွက် မည်သူကမှ စောဒက မတက်နိုင်ကြောင်း၊ ထိုလူသားတို့ ထင်မှတ်နေသော ဘုရားများနှင့် သူတို့၏ နောက်လိုက် ဒကာများသည်သာ ယုတ္တိမဲ့စွာ မိမိ၏ အတွေးအခေါ်အား ပုံအပ်မှု၊ ရောင်းစားမှုအတွက် စစ်ကြောခံရလိမ့်မည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

၂၅။ ☆ ၉း၃၃	**وَمَا أَرْسَلْنَا مِن قَبْلِكَ مِن رَّسُولٍ إِلَّا نُوحِي إِلَيْهِ أَنَّهُ لَا إِلَٰهَ إِلَّا أَنَا فَاعْبُدُونِ۝** သင့်ရှေ့အလျင် ဉာဏ်စဉ်ဆောင်များမှ သူ့ထံ၌ ''ဇကန်ပင် ငါ အရှင်မှလွဲ၍ အခြား ဘုရားဟူ၍မရှိ၊ သို့ဖြစ်၍ ငါ့အား ကိုးကွယ်ကုန်လော့၊''ဟု အာရုံစျာန်မရစေဘဲ စေစားသည်ဟု☆ မရှိချေ။
၂၆။ ငြင်းဆန်သူတို့ ☆ ၉း၃၀	**وَقَالُوا اتَّخَذَ الرَّحْمَٰنُ وَلَدًا سُبْحَانَهُ بَلْ عِبَادٌ مُّكْرَمُونَ۝** ''ကရုဏာရှင်၌ ကိုယ်ပွား ယူထား၏၊''ဟုလည်း ဆိုကြသေး၏။ အရှင်သည် ဦးထိပ်ထားရာ ဖြစ်၏။ အမှန်မှာ ၎င်းတို့သည် ဘိသိက်မြှောက်ခံရသော အရှင့် အမှုတော်ဆောင်များ ဖြစ်ကြ၏။☆
၂၇။	**لَا يَسْبِقُونَهُ بِالْقَوْلِ وَهُم بِأَمْرِهِ يَعْمَلُونَ۝** အရှင့် ဓမ္မတော်မဟုတ်သည်ကို သူတို့ မသတ်မှတ်ကြ၊ အရှင့် ညွှန်ကြားချက် မရှိဘဲလျက် မကျင့်ကြံကြချေ။
၂၈။ ☆ ၂း၄၈	**يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَلَا يَشْفَعُونَ إِلَّا لِمَنِ ارْتَضَىٰ وَهُم مِّنْ خَشْيَتِهِ مُشْفِقُونَ۝** အရှင်သည် သူတို့၏ လက်ရှိရှေ့မှောက် သင်တို့နောက်ကို သိနေတော်မူ၏၊ အရှင်၏ ကျေနပ်လက်ခံမှု မရှိသူတို့အတွက် အမျှ ဝေပေးနိုင်သည်လည်း☆ မဟုတ်ချေ။ သူတို့သည် အရှင့်အား ကြောက်ရွံ့သူများ ဖြစ်ကြ၏။
၂၉။	**وَمَن يَقُلْ مِنْهُمْ إِنِّي إِلَٰهٌ مِّن دُونِهِ فَذَٰلِكَ نَجْزِيهِ جَهَنَّمَ كَذَٰلِكَ نَجْزِي الظَّالِمِينَ۝** သူတို့အနက် ''အရှင် မှလွဲ၍ ကျွန်ုပ်သည် ဘုရား ဖြစ်၏၊''ဟု ဆိုသူ ရှိခဲ့မူ၊ ဤအတွက် သူ့အား ငရဲဘုံကို အစားပေး လတ္တံ့၊ ဤသည် အမိုက်ကောင်များ အတွက် အစားပေးမှု ဖြစ်၏။
၃၀။	**أَوَلَمْ يَرَ الَّذِينَ كَفَرُوا أَنَّ السَّمَاوَاتِ وَالْأَرْضَ كَانَتَا رَتْقًا فَفَتَقْنَاهُمَا وَجَعَلْنَا مِنَ الْمَاءِ كُلَّ شَيْءٍ حَيٍّ أَفَلَا يُؤْمِنُونَ۝** မိုးများနှင့် မြေကမ္ဘာသည် ကပ်ငြိလျက် ဖြစ်ခဲ့၍၊ သို့ပြီးမှ ၎င်းတို့ကို ဟကွဲစေခဲ့သည်ကို[၃၀၆] ဖုံးကွယ်သော သူများသည် မမြင်တတ်ကြသလော၊ ငါသည် သဗ္ဗလုံးစုံသော သက်ရှိကို ရေမှ စီစဉ်ခဲ့၏[၃၀၇] ယုံကြည်နိုင်ခြင်း မရှိကြသလော။
၃၁။ ☆ ၁၆း၁၅	**وَجَعَلْنَا فِي الْأَرْضِ رَوَاسِيَ أَن تَمِيدَ بِهِمْ وَجَعَلْنَا فِيهَا فِجَاجًا سُبُلًا لَّعَلَّهُمْ يَهْتَدُونَ۝** သူတို့ လမ်းညွှန်ရအံ့ငှာ– မြေကမ္ဘာ ဖြန့်ကျဲမသွားစေရန် တိုက်ကြီးများကို ငါ စီစဉ်တော်မူ၏။☆ ၎င်း၌ အဝေးပြေး လမ်းများကိုလည်း စီစဉ်ပေးတော်မူ၏။
၃၂။	**وَجَعَلْنَا السَّمَاءَ سَقْفًا مَّحْفُوظًا وَهُمْ عَنْ آيَاتِهَا مُعْرِضُونَ۝** မိုးကောင်းကင်ကိုလည်း စောင့်ရှောက်ထားသော မျက်နှာကျက် အဖြစ် ငါ စီစဉ်ထားတော်မူ၏၊ သို့သော် သူတို့သည် ထိုသက်သေလက္ခဏာများအား ဘေဝင်ကန့်ထားသူများ ဖြစ်ကြ၏။[၃၀၈]

---

(၃၀၆) ကျမ်းမြတ်ကုရ်အာန်သည် သိပ္ပံပညာနောက်သို့ လိုက်နေသော တပည့်ခံ ကျမ်းတော် မဟုတ်ချေ။ ယနေ့ သိပ္ပံပညာဟု ခေါ်အပ်သော ခေတ်သစ် လူသားတို့အား အသိပညာပွားများစေသည့် ပညာရပ်သည် ကျမ်းမြတ်ကုရ်အာန်နောက်သို့ လိုက်နေရသော ပညာရပ် ဖြစ်ပေသည်။ တနည်းအားဖြင့် ကျမ်းမြတ်ကုရ်အာန်ပါ အဆိုအမိန့်များမှာ မှန်ကန်ကြောင်းကို ဖေါ်ထုတ်သက်သေခံနေခြင်း ဖြစ်ပေသည်။ သိပ္ပံပညာရှင်များက *The Big Bang Theory* ''မူလတစ်ခုတည်းမှ ဆင့်ကဲပေါက်ကွဲ ကျယ်ပြန့်နေသော နိယာမ''အား၊ ကျမ်းတော်က ဤသုတ်တော်နှင့် ၅၁း၄၇ တွင် အတိအကျ ဖေါ်ပြထားပေသည် ဆက်လက် ဖေါ်ပြပါ သုတ်တော်များဖြစ်သည့် ၃၁၊ ၃၂ ၃၃ များက။ မြေကမ္ဘာနှင့် အာကာသအား ထိန်းညှိထားသည့် နိယာမကို ပြောဆိုထားပေသည်။

(၃၀၇) ရိုးရိုးသာမန်မျက်စိဖြင့် မြင်နိုင်သော သက်ရှိ၊ သတ္တဝါအားလုံးသည် ရေ မှဖြစ်တည်လာခြင်း ဖြစ်ကြောင်းကို သိပ္ပံပညာရှင်များက သက်သေခံ မတင်ပြနိုင်မီ နှစ်ပေါင်း ၁၅၀၀ ခန့်ကပင် ကျမ်းတော်က သက်ရှိ ဖြစ်တည်လာသည့် နိယာမကို ဖေါ်ပြပြီး ဖြစ်ပေသည်။

(၃၀၈) ဤသုတ်တော်မှ **ထိန်သိမ်းစောင့်ရှောက်ထားသော ကောင်းကင် မျက်နှာကျက်** ဆိုသည်မှာ ရုပ်ပိုင်း နာဝ်ပိုင်း နှစ်ခုလုံးကို ကိုယ်စားပြု တင်ပြပေသည်။ ကုရ်အာန်အရ ကျွန်ုပ်တို့ နေထိုင်သော ကမ္ဘာဂြိုလ်သည် သက်ရှိသက်မဲ့ သတ္တဝါအပေါင်းကို သယ်ဆောင်ရွေ့လျားနေသော အာကာသ တွင်းမှ ဂြိုလ်တုကြီး တစ်ခုသာ ဖြစ်ပေသည်။ ၎င်းကို သုတ်တော် ၃၃ တွင် အတိအကျ ပြောဆိုထားပေသည်။ ထိုသို့ ကြယ် လ နေ နက္ခတ်တာရာ

၃၃။	**وَهُوَ الَّذِي خَلَقَ اللَّيْلَ وَالنَّهَارَ وَالشَّمْسَ وَالْقَمَرَ كُلٌّ فِي فَلَكٍ يَسْبَحُونَ۝** အရှင်သည် ည၊ နေ့၊ နေ၊ လ တို့ကို ဖြစ်တည်စေ၍၊ ၎င်းတို့ကို ကိုယ်စီ ဂြိုလ်ပတ်လမ်း၌ တစိုက်မတ်မတ်ဖြစ်စေ၏။[၇၉]
၃၄။ ☆ ၂၂း၈	**وَمَا جَعَلْنَا لِبَشَرٍ مِّن قَبْلِكَ الْخُلْدَ أَفَإِن مِّتَّ فَهُمُ الْخَالِدُونَ۝** သင့်ရှေ့အလျင် မည်သည့် လူပုဂ္ဂိုလ်ကိုမှ အစဉ်နေရခြင်းကို ငါ စီစဉ်မပေးခဲ့ချေ။ သင်သည်လည်း ခန္ဓာဝန်ချရမည်သာ၊ သို့ဖြစ်လျှင် သူတို့အတွက် မသေအသက်တမ်း ရလိမ့်မည်လော။☆
၃၅။	**كُلُّ نَفْسٍ ذَائِقَةُ الْمَوْتِ وَنَبْلُوكُم بِالشَّرِّ وَالْخَيْرِ فِتْنَةً وَإِلَيْنَا تُرْجَعُونَ۝** ဥဉ်စရိုက်တိုင်းသည် သေခြင်းတရားကို မြည်းစမ်းရမည် သာတည်း။ ငါသည် သင်တို့အား ဆိုးခြင်း ကောင်းခြင်းများဖြင့် ကျပ်တည်းစွာ စမ်းသပ်တော်မူ၏၊ ငါထံတော်သို့သာ ဦးလှည့်ပြန်ကြရလတ္တံ့။
၃၆။	**وَإِذَا رَآكَ الَّذِينَ كَفَرُوا إِن يَتَّخِذُونَكَ إِلَّا هُزُوًا أَهَٰذَا الَّذِي يَذْكُرُ آلِهَتَكُمْ وَهُم بِذِكْرِ الرَّحْمَٰنِ هُمْ كَافِرُونَ۝** ဖုံးကွယ်သော သူများက သင့်အား မြင်တွေ့သောအခါ၊ ''သင်တို့၏ ဘုရားများ အကြောင်း သတိဖေါ်ပေးသော သူမှာ ဤသူ မဟုတ်လော၊''ဟု သင့်အား လှောင်ပြောင်စရာဟုသာ အယူထားကြ၏၊ သူတို့သည် ကရုဏာတော် အရှင်၏ သတိပေးတရားတော်အား ဖုံးကွယ်သူများ ဖြစ်ကြ၏။
၃၇။	**خُلِقَ الْإِنسَانُ مِنْ عَجَلٍ سَأُرِيكُمْ آيَاتِي فَلَا تَسْتَعْجِلُونِ۝** လူသားသည် အလျင်လိုလောကြီးသော ဖြစ်တည်ခံပင်။ သင်တို့အား ငါ၏ သုတ်ဒေသနာများကို ပြသတော်မူမည်၊ အလျင်မလိုကြကုန်ခင့်။[၈၀]
၃၈။	**وَيَقُولُونَ مَتَىٰ هَٰذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ۝** သူတို့က ''သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ ဤကတိသည် မည်သည့်အခါနည်း၊'' ဟု ဆိုကြလိမ့်မည်။
၃၉။	**لَوْ يَعْلَمُ الَّذِينَ كَفَرُوا حِينَ لَا يَكُفُّونَ عَن وُجُوهِهِمُ النَّارَ وَلَا عَن ظُهُورِهِمْ وَلَا هُمْ يُنصَرُونَ۝**

ကမ္ဘာ အပေါင်း သွားလာလှုပ်ရှား ကျက်စားနေသော အာကာသကြီးအား ထိန်းသိမ်းစောင့်ရှောက်ထားသော နိယာမ မရှိဘဲ ပရမ်းပတာ စည်းမဲ့ကမ်းမဲ့ တည်ရှိနေသည်ဟု ပညာမဲ့များသာ လက်ခံပေတော့မည်။ ကျမ်းမြတ်ကုရ်အာန်က စကြာဝဠာ အပေါင်း မှီတည်နေမှုသည် အလွန်တိကျသော နိယာမ ပေါ့၌ ရှိ၏၊ ဟု လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်ကပင် အတိအကျ အခိုင်အမာ ပြောဆိုပြီး ဖြစ်သည်။ နာမ်ပိုင်းဆိုင်ရာအားဖြင့် ကောင်းကင်ဆိုသည်မှာ မြင့်မြတ်သော အနေအထားကို ကိုယ်စားပြုတင်ပြသော စကားလုံး ဖြစ်၍၊ ဤကုရ်အာန်ကျမ်းသည် လူသားတို့ စိတ်ထင်ရာ ကြံဆ ရေးသားထားသော ဥပဒေ မဟုတ်၊ ပရမတ်ဘုရားရှင်က အရှင်ပြဋ္ဌာန်းထားသော ဥပဒေများကို မြင့်မြတ်သော ဉာဏ်စဉ်အားဖြင့် ကိန်းဝပ်အသိပေး ချမှတ်ပေးသော ကျမ်းတော် ဖြစ်ကြောင်း။ ထိုကျမ်းတော်အား လူသားပညာရှင် အတွင်းရန်– အပြင်ရန်များမှ ကာကွယ်စောင့်ရှောက်ထားခြင်း ဖြစ်ကြောင်းကို ကတိတော်ထားခြင်း ဖြစ်ပေသည်။ ထိုကတိတော်မှာ လွန်စွာမှန်ကန်သော ပရမတ္ထ ကတိသစ္စာ ဖြစ်ကြောင်း နှစ်ပေါင်း ၁၅၀၀ ကျော်ထိ တစ်လုံး တစ်ပါဒ အရောအယှက်မရှိ တည်နေမြဲဖြစ်သည်က သက်သေတစ်ရပ်ပင်။ ကမ္ဘာရှိ ဘာသာရေး ကျမ်းစာများတွင် လုံးဝ အရော အယှက် မရှိသော ကျမ်းစာမှာ ကုရ်အာန်တစ်အုပ်တည်းသာလျှင် ဖြစ်ကြောင်း မည်သူမျှ မငြင်းဆိုနိုင်ပေ။

(၇၉) ဤသုတ်တော်တွင် ဖေါ်ပြသော **فَلَكٍ يَسْبَحُونَ** မှ **فَلَكٍ** ကို ကျမ်းတော်တွင် ၂၅ ကြိမ် ဖေါ်ပြ၍ ရေထဲတွင် စီးမြောသွားလာနေသော လှေ၊ သင်္ဘော ဟု ဖြစ်၍။ အာကာသတွင် သွားလာနေသော ဂြိုလ် ဟု ၂၁၃၃ နှင့် ၃၆း၄၀ တွင် ဖေါ်ပြသည်၊ ''စီးမြောသွားလာနေသော အရာ'' ဟု ဆိုလိုသည်။ **يَسْبَحُونَ** မှာ အစဉ်အာရုံထားသည်၊ ဦးထိပ်ထားသည်၊ အာရုံပြတ်လပ်သွားခြင်း မရှိ ဟု အနက်ပေးသည့် ح ب س မှ ဆင့်ပွားခြင်း ဖြစ်သည်။ ထို့ကြောင့် **كُلٌّ فِي فَلَكٍ يَسْبَحُونَ** မှာ အခြားသို့ မတိမ်းဘဲ တစိုက်မတ်မတ် စီးမြောသွားလာမှု၌ ကိုယ်စီ ရှိကြ၏၊ ဟု ဖြစ်ပေသည်။

(၇၀) ကျမ်းမြတ်ကုရ်အာန်ပါ ဖေါ်ပြပေးထားသော နိယာမ သီအိုရီများသည် ခေတ်တိုင်းခေတ်တိုင်း အတွက် သစ်လွင်နေသော ရှေးဆောင် လမ်းပြ သီအိုရီများ ဖြစ်၍၊ ခေတ်ကာလ တိုးတက်ဖွံ့ဖြိုးလာသည်နှင့် အမျှ နားလည်သဘောပေါက်မှု ကျယ်ပြန့်လာမည် ဖြစ်သည်။ ဤခေတ်တစ်ခေတ်တည်း အတွက် ခေတ်မှီနေခြင်း မဟုတ်ပေ။ သို့အတွက် နောင်မျိုးဆက်များ၏ ခေတ်၌ တွေ့ရှိ နားလည်လာစေမည့် နိယာမ သုတ်ဒေသနာများကို ယခု လက်ငင်းနားလည်နိုင်ရန် ဆန္ဒစောနေ၍ မရချေ။ နားလည်နိုင်စွမ်း ဦးနှောက်လက်ခံနိုင်ရည် ခေတ်၊ ကာလ၊ ဖွံ့ဖြိုးမှု အလျောက်သာ နားလည်လာရမည် ဖြစ်ကြောင်း ဤသုတ်တော်က ပြောဆိုထားပေသည်။

	ဖုံးကွယ်သော သူတို့သည် သူတို့၏မျက်နှာများ၊ ကျောကုန်းများမှ အပူမီးကို မဟန့်တားနိုင်သော၊ ကူညီခံရမှု မရှိသော အချိန်ကို သိခဲ့ပါလေစ။
၄၀။	**بَلْ تَأْتِيهِم بَغْتَةً فَتَبْهَتُهُمْ فَلَا يَسْتَطِيعُونَ رَدَّهَا وَلَا هُمْ يُنظَرُونَ۝** အမှန်မှာ၊ ၎င်းကို သူတို့ထံသို့ ရုတ်တရက် ပေးရောက်စေ၍၊ သို့ဖြင့် သူတို့အား အရှိုက်ထိစေ၏။ သူတို့သည် ၎င်းကို တန်ပြန်ရန် မတတ်နိုင်ကြ၊ စောင့်ကြည့်နေခွင့်လည်း မရှိကြတော့ချေ။
၄၁။	**وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّن قَبْلِكَ فَحَاقَ بِالَّذِينَ سَخِرُوا مِنْهُم مَّا كَانُوا بِهِ يَسْتَهْزِؤُونَ۝** သင့်ရှေ့အလျှင် ဉာဏ်စဉ်ဆောင်များသည်လည်း မုချ လှောင်ပြောင်ခံခဲ့ရ၏၊ သို့ဖြင့် သူတို့မှ ပျက်ရယ်ပြုသော သူတို့သည် သူတို့၏ လှောင်ပြောင်လေ့ရှိသည်၌သာ ပိတ်ဖုံးနေရတော့၏။
၄၂။	**قُلْ مَن يَكْلَؤُكُم بِاللَّيْلِ وَالنَّهَارِ مِنَ الرَّحْمَنِ بَلْ هُمْ عَن ذِكْرِ رَبِّهِم مُّعْرِضُونَ۝** “ကရုဏာရှင်ထံမှ ကင်းရန် သင်တို့အား နေ့ရော ညပါ မည်သူက ကာကွယ်ထားနိုင်သနည်း၊”ဟု ဟောလော့။ အမှန်မှာ သူတို့သည် သူတို့၏ ကံကြမ္မာရှင်ထံမှ သတိပေးတရားတော်အား ဘောင်ကန့်ထားသူများ ဖြစ်ကြ၏။
၄၃။	**أَمْ لَهُمْ آلِهَةٌ تَمْنَعُهُم مِّن دُونِنَا لَا يَسْتَطِيعُونَ نَصْرَ أَنفُسِهِمْ وَلَا هُم مِّنَّا يُصْحَبُونَ۝** သို့တည်းမဟုတ် ငါ မှလွဲ၍ သူတို့အား ဟန့်တားပေးနိုင်သော ဘုရားများ ရှိကြသလော။ သူတို့ စရိုက်ကိုပင် သူတို့ ကူညီရန် မတတ်နိုင်ကြ။ သူတို့သည် ငါအရှင်နှင့် ကင်းရန် အဖော်အပေါင်းလည်း မရှိကြချေ။
၄၄။ ☆ ၁၃း၄၁	**بَلْ مَتَّعْنَا هَؤُلَاءِ وَآبَاءهُمْ حَتَّى طَالَ عَلَيْهِمُ الْعُمُرُ أَفَلَا يَرَوْنَ أَنَّا نَأْتِي الْأَرْضَ نَنقُصُهَا مِنْ أَطْرَافِهَا أَفَهُمُ الْغَالِبُونَ۝** အမှန်မှာ– ငါသည် ဤသူများနှင့် သူတို့၏ ဘဘိုးတို့အား သူတို့၏ ဘဝသံသရာ ရှည်ကြာလာသည့်တိုင် ချမ်းမြေ့စေ၏၊ ငါသည် သူတို့အတွက် ကမ္ဘာမြေကို မျက်ခြည်အဆုံးများမှစ၍ ကျစ်လစ် ပေးစုတော်မူသည်ကို☆ သူတို့ မမြင်လေသလော။ သူတို့သည် အနိုင်ရသူများ ဖြစ်ကြသလော။
၄၅။	**قُلْ إِنَّمَا أُنذِرُكُم بِالْوَحْيِ وَلَا يَسْمَعُ الصُّمُّ الدُّعَاء إِذَا مَا يُنذَرُونَ۝** “ကျွန်ုပ်သည် ကျွန်ုပ်ရသော အာရုံစူးနှံခြင်းဖြင့် သင်တို့အား သတိပေးရန်သာ ဖြစ်၏။”ဟု ဟောကြားလော့။ သတိပေးခံရသော်လည်း အပင်းသည် ဖိတ်ခေါ်သံကို မကြားနာချေ။
၄၆။	**وَلَئِن مَّسَّتْهُمْ نَفْحَةٌ مِّنْ عَذَابِ رَبِّكَ لَيَقُولُنَّ يَا وَيْلَنَا إِنَّا كُنَّا ظَالِمِينَ۝** သင့်ကံကြမ္မာရှင်၏ ထံမှ ဝင့်ကြွေး အငွေ့ကို သူတို့အား သင့်စေသော်၊ “ကျွန်ုပ်တို့ ပျက်စီးရပြီ၊ ကျွန်ုပ်တို့သည် အမှိုက်ကောင်များ ဖြစ်ခဲ့ပြီ၊”ဟု ပြောကြလတ္တံ့။
၄၇။ ☆ ၃၁း၁၆	**وَنَضَعُ الْمَوَازِينَ الْقِسْطَ لِيَوْمِ الْقِيَامَةِ فَلَا تُظْلَمُ نَفْسٌ شَيْئًا وَإِن كَانَ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ أَتَيْنَا بِهَا وَكَفَى بِنَا حَاسِبِينَ ۝** ရပ်တည်ရသော နေ့ကာလ၌ သမာဓိ ချိန်ခွင်အား ချထားတော်မူ၍၊ မည်သည့် ဉာဉ်စရိုက်ကိုမှ တစ်စုံတစ်ရာ အဝိဇ္ဇာမသင့်စေရ။ အနုမြူခန့် အလေးချိန်ရှိသော်လည်း☆ ၎င်းကို ပေးအပ်တော်မူလတ္တံ့။ စာရင်းရှင်းဘို့ရာ ငါနှင့် လုံလောက်တော်မူ၏။
၄၈။	**وَلَقَدْ آتَيْنَا مُوسَى وَهَارُونَ الْفُرْقَانَ وَضِيَاء وَذِكْرًا لِّلْمُتَّقِينَ۝** ငါသည် စည်းစောင့်သူတို့ကို သတိဖေါ်ပေးဘို့ရာ မူဆာနှင့် ဟာရွန်တို့အား ခွဲခြမ်းစိတ်ဖြာဖွင့်ဆိုမှုနှင့် ဝိဇ္ဇာအလင်းတော်ကို ပေးအပ်တော်မူ၏။

၄၉။ စည်းစောင့်သူ	**الَّذِينَ يَخْشَوْنَ رَبَّهُم بِالْغَيْبِ وَهُم مِّنَ السَّاعَةِ مُشْفِقُونَ۝** သူတို့သည် ကံကြမ္မာရှင်အား မျက်ကွယ်၌လည်း ကြောက်ရွံ့ရိုကျိုးကြ၏။ အချိန်နာရီကို စိုးထိတ်ကြ၏။
၅၀။	**وَهَٰذَا ذِكْرٌ مُّبَارَكٌ أَنزَلْنَاهُ أَفَأَنتُمْ لَهُ مُنكِرُونَ۝** ဤသည် ကျက်သရေရှိသော သတိပေးတရားတော် ဖြစ်၏၊ ငင်းကို ငါ ချမှတ်တော်မူ၏။ သို့ဖြစ်လျက် ငင်းကို သင်တို့ သူစိမ်းဆန်နေကြသလော။
၅၁။	**وَلَقَدْ آتَيْنَا إِبْرَاهِيمَ رُشْدَهُ مِن قَبْلُ وَكُنَّا بِهِ عَالِمِينَ۝** ရှေ့ကပင် ငါသည် အဗြဟာမိန်းအား သူ၏ ဖြောင့်မတ်မှုကို မုချ ပေးခဲ့၏။ ငါသည် သူ့အား သိနေသော အရှင် ဖြစ်၏၊
၅၂။	**إِذْ قَالَ لِأَبِيهِ وَقَوْمِهِ مَا هَٰذِهِ التَّمَاثِيلُ الَّتِي أَنتُمْ لَهَا عَاكِفُونَ۝** သူက သူ့ဖခင်နှင့် သူ့လူမျိုးအား ‘‘သင်တို့ နှတ်ဆိတ်တွယ်ကပ်နေသော ဤပုံတူဆင်းတုတို့သည်[၇၀] မည်သည့် အရာများ ဖြစ်သနည်း၊’’ဟု ဆိုသော်။
၅၃။	**قَالُوا وَجَدْنَا آبَاءنَا لَهَا عَابِدِينَ۝** သူတို့က ‘‘ကျွန်ုပ်တို့၏ မိရိုးဖလာက ၎င်းအား ကိုးကွယ်နေသူများကို ကျွန်ုပ်တို့ တွေ့ရ၏၊’’ဟု ပြန်ပြော၏။
၅၄။	**قَالَ لَقَدْ كُنتُمْ أَنتُمْ وَآبَاؤُكُمْ فِي ضَلَالٍ مُّبِينٍ۝** သူက ‘‘မုချပင်၊ သင်တို့နှင့် သင်တို့၏ ဘဘိုးတို့သည် ရှင်းလင်းထင်ရှားသော အပါယ်လမ်း၌ ရှိ၏၊’’ဟု ပြောပြန်သော်၊
၅၅။	**قَالُوا أَجِئْتَنَا بِالْحَقِّ أَمْ أَنتَ مِنَ اللَّاعِبِينَ۝** သူတို့က ‘‘သင်သည် ကျွန်ုပ်တို့ထံသို့ သစ္စာတရားကို ရောက်လာစေသလော၊ သို့တည်းမဟုတ် သင်သည် ပြောင်စပ်စပ် လုပ်သူ ဖြစ်သလော၊’’ဟု ပြန်ပြော၏။
၅၆။	**قَالَ بَل رَّبُّكُمْ رَبُّ السَّمَاوَاتِ وَالْأَرْضِ الَّذِي فَطَرَهُنَّ وَأَنَا عَلَى ذَٰلِكُم مِّنَ الشَّاهِدِينَ۝** သူပြောသည်မှာ ‘‘အမှန်မှာ၊ သင်တို့၏ ကံကြမ္မာရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ ကံကြမ္မာရှင်ဖြစ်၏၊ အရှင်သည် ၎င်းတို့၏ မူလလက်သည် ဖြစ်၏။ ကျွန်ုပ်သည်ကား ထိုအရာများအတွက် သက်သေခံသူများမှ ဖြစ်၏။–’’
၅၇။	**وَتَاللَّهِ لَأَكِيدَنَّ أَصْنَامَكُم بَعْدَ أَن تُوَلُّوا مُدْبِرِينَ۝** ပရမတ်ဘုရားရှင်အား တိုင်တည်လျက်။ သင်တို့ နောက်သို့ လှည့်သွားပြီးနောက်၊ သင်တို့၏ ရုပ်ပွားများ အတွက် ကျွန်ုပ်၌ ဗျူဟာ ရှိ၏၊’’ဟု ဖြစ်၏။
၅၈။	**فَجَعَلَهُمْ جُذَاذًا إِلَّا كَبِيرًا لَّهُمْ لَعَلَّهُمْ إِلَيْهِ يَرْجِعُونَ۝** သို့ဖြင့်၊ သူတို့သည် ထိုဘက်သို့ ပြန်လှည့်လာခြင်းငှာ– ၎င်းတို့မှ အကြီးဆုံးမှအပ ၎င်းတို့ကို ချိုးဖျက် စီစဉ်လိုက်၏။
၅၉။	**قَالُوا مَن فَعَلَ هَٰذَا بِآلِهَتِنَا إِنَّهُ لَمِنَ الظَّالِمِينَ۝** သူတို့က ‘‘ကျွန်ုပ်တို့၏ ဘုရားများကို မည်သူ စီရင်လိုက်သနည်း၊ ဇောန် သူသည် အမိုက်ကောင်များမှ ဖြစ်၏၊’’ဟု ဆိုကြ၍–

---

(၇၀) ဤနေရာ၌ ဆင်းတုများဟု ဘာသာပြန်ဆိုသော စကားလုံးမှာ အာရဗီဝေါဟာရ **اَلتَّمَاثِيل اَسَلْتَمَاوَسَلْ** ဖြစ်၍ ‘‘ပုံစံတူ၊ သဏ္ဌာန်တူ၊ အသွင်တူ၊ ကဲ့သို့ ဖြစ်သည်၊’’ဟု အနက်များပေးပေသည်။ အစွယ်လာမ်သာသနာသည် ဓါတ်ပုံရိုက်ခွင့်၊ ပန်းချီရေးခွင့်များကို တားမြစ်ခြင်း မရှိချေ၊ ပုံတူများ ပြုလုပ်၊ ထုဆစ် ကိုးကွယ်ဆည်းကပ်ခြင်းကိုသာ တားမြစ်ခြင်း ဖြစ်ပေသည်။

၆၀။	**قَالُوا سَمِعْنَا فَتًى يَذْكُرُهُمْ يُقَالُ لَهُ إِبْرَاهِيمُ۞** “သူတို့အား သတိပေးသောသူ၊ အဓိဗရာဟီးမ် ဆိုသည့် စပ်စုသူ အကြောင်း ကျွန်ုပ်တို့ ကြားခဲ့၏။”ဟု ပြောကြ၏။
၆၁။	**قَالُوا فَأْتُوا بِهِ عَلَى أَعْيُنِ النَّاسِ لَعَلَّهُمْ يَشْهَدُونَ۞** “သူတို့ သက်သေပြနိုင်ဘို့ရာ သူ့အား လူထုမျက်လုံးရှေ့သို့ ပေးရောက်စေလော့၊”ဟု ပြောကြပြန်၏။
၆၂။	**قَالُوا أَأَنتَ فَعَلْتَ هَذَا بِآلِهَتِنَا يَا إِبْرَاهِيمُ۞** သူတို့က “အို– အဓိဗရာဟီးမ်၊ သင်သည် ကျွန်ုပ်တို့ကိုးကွယ်သည့် ဘုရားများကို စီရင်လေသလော၊”ဟု ပြောသော်၊
၆၃။	**قَالَ بَلْ فَعَلَهُ كَبِيرُهُمْ هَذَا فَاسْأَلُوهُمْ إِن كَانُوا يَنطِقُونَ۞** သူက “အမှန်မှာ၊ ၎င်းကို စီရင်ခဲ့၏။ ဤသည် သူတို့၏ အကြီးအကဲဖြစ်၏၊ သူတို့စကားပြောတတ်လျှင် သူတို့ကို မေးကြည့်လော့၊”ဟု ဆို၏။[၇၂]
၆၄။	**فَرَجَعُوا إِلَى أَنفُسِهِمْ فَقَالُوا إِنَّكُمْ أَنتُمُ الظَّالِمُونَ۞** သူတို့၏ အကျင့်စရိုက်ဘက်သို့ သူတို့ ဦးလှည့်လျက် ပြောကြသည်မှာ “ဇကန်၊ သင်တို့သည်၊ သင်တို့သည်သာ အမိုက်ကောင်များ ဖြစ်၏။”
၆၅။	**ثُمَّ نُكِسُوا عَلَى رُؤُوسِهِمْ لَقَدْ عَلِمْتَ مَا هَؤُلَاءِ يَنطِقُونَ۞** တဖန် သူတို့သည် ဦးခေါင်းကျိုးလျက်၊ “ငင်းတို့သည် စကားမပြောနိုင်ကြောင်းကို သင် မုချ သိ၏။”ဟု ဖြစ်သော်–
၆၆။	**قَالَ أَفَتَعْبُدُونَ مِن دُونِ اللَّهِ مَا لَا يَنفَعُكُمْ شَيْئًا وَلَا يَضُرُّكُمْ۞** သူပြောသည်မှာ “သို့ဖြစ်လျှင်၊ ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့အား အကျိုး၊ အဆိုးပေးခြင်း တစ်စုံတစ်ရာမရှိသည်များကို ကိုးကွယ်ကြမည်လော၊
၆၇။	**أُفٍّ لَّكُمْ وَلِمَا تَعْبُدُونَ مِن دُونِ اللَّهِ أَفَلَا تَعْقِلُونَ۞** သင်တို့အတွက် ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့၏ ကိုးကွယ်ရာများအတွက် ရွံစရာကောင်း၏၊ သင်တို့၌ အတွေးအခေါ် မရှိကြသလော၊”ဟု ဖြစ်၏။
၆၈။	**قَالُوا حَرِّقُوهُ وَانصُرُوا آلِهَتَكُمْ إِن كُنتُمْ فَاعِلِينَ۞** သူတို့က “သင်တို့ လုပ်လိုသူများဖြစ်လျှင်၊ သူ့အား မီးရှို့၍၊ သင်တို့၏ ဘုရားများကို ကူညီကြလော့၊”ဟု ဆိုလေ၏။
၆၉။	**قُلْنَا يَا نَارُ كُونِي بَرْدًا وَسَلَامًا عَلَى إِبْرَاهِيمَ۞** ငါအရှင်က “အို–မီး အေးစေလော့၊[၇၃] အဓိဗရာဟီးမ်အပေါ်သို့ ငြိမ်းချမ်းမှု ခစေလော့၊”ဟု မိန့်လိုက်၏။

---

(၇၂) ဤသုတ်တော်အား အချို့က **သူတို့၏ အကြီးအကဲ ဤဆင်းတုက သူတို့ကို ရိုက်ချိုးပစ်၏၊ သူတို့စကား ပြောတတ်လျှင် သူတို့ကို မေးကြည့်လော့၊** ဟု အာရ်ဗီသဒ္ဒါအရ လုံးဝမှားယွင်းစွာ ပြန်ဆိုကြသည်။ ဥဇာဏ်စဉ်တော်ဆောင် တစ်ပါးဖြစ်သည့် အဓိဗရာဟီးမ်အား သူစီရင်ခဲ့သည်ကို ဝန်မခံရဲသော၊ လိမ်လည်၍ သူတစ်ပါးအား ထိုးချစွပ်စွဲသော အဖြစ်သို့ ရောက်ရန် တွန်းပို့သကဲ့သို့ ဖြစ်ပေသည်။ ဤသုတ်တော်မှ **ဘားလ် ဖအလဟု ဗဲလ် ဖဒဲလဟု** “အမှန်မှာ၊ ၎င်းကို သူစီရင်ခဲ့၏” ဝါကျနှင့်၊ **ကဘီးရုဟွမ် ဟာသာ ဟဲဒါ ကဗီးရုဟုမ်** “ဤသည် သူတို့၏ အကြီးအကဲ ဖြစ်၏” ဆိုသော ဝါကျမှ သီးခြား ဝါကျများ ဖြစ်၍၊ ပူးပေါင်း ပြန်ဆို၍ မရပေ။ ကိုယ်တော် အဓိဗရာဟီးမ်က သူစီရင်ခဲ့ကြောင်း၊ သင်တို့ ကိုးကွယ်နေသော ဘုရားဟု သမုတ်သည့် ရုပ်ပွားများမှာ သူတို့ကိုယ် သူတို့ပင် ခုခံနိုင်စွမ်း မရှိကြောင်း၊ သင်တို့အား စကားပင် မပြောနိုင်ကြောင်းကို သက်သေပြခဲ့ခြင်း ဖြစ်၍၊ ထိုသို့ မအပ်မရာများကို ဘုရားဟု ကိုးကွယ်နေခြင်းသည်သာ အဝိဇ္ဇာ အမှောင်တွင်းမှသူများ ဖြစ်ကြောင်း သက်သေပြခြင်းပင် ဖြစ်သည်။ ထိုသူများက သူတို့သည်သာ အဝိဇ္ဇာစီးနေသူများ ဖြစ်ကြောင်း သုတ်တော် ၆၄ တွင် ဝန်ခံထားခြင်းက သက်သေပင် ဖြစ်သည်။

၇၀။	**وَأَرَادُوا بِهِ كَيْدًا فَجَعَلْنَاهُمُ الْأَخْسَرِينَ۝** သူတို့သည် သူနှင့်စပ်လျဉ်း၍ ဗျူဟာချလိုက်၏၊ သို့ဖြင့် ငါသည် သူတို့အား ဆုံးရှုံးရသူများ အဖြစ် စီစဉ်လိုက်၏။
၇၁။ နယ်မြေ	**وَنَجَّيْنَاهُ وَلُوطًا إِلَى الْأَرْضِ الَّتِي بَارَكْنَا فِيهَا لِلْعَالَمِينَ۝** ငါသည် သူနှင့် လု–တ် တို့အား လောကခပ်သိမ်းအတွက် ကျက်သရေရှိစေသော **ကမ္ဘာသို့** လွှတ်မြောက်စေခဲ့၏။
၇၂။ ☆ မြေး	**وَوَهَبْنَا لَهُ إِسْحَقَ وَيَعْقُوبَ نَافِلَةً وَكُلًّا جَعَلْنَا صَالِحِينَ۝** ငါသည် သူ့အား အိစ္စဟာ့က်၊ **ထပ်ပေါင်း၍**☆ ယာကုဗ်ကို ချီးမြှင့်တော်မူ၏။ သူတို့ကိုယ်စီအား ပြုပြင်ပြောင်းလဲသူများ အဖြစ် စီစဉ်ပေးတော်မူ၏။
၇၃။ ☆ ၂း၃	**وَجَعَلْنَاهُمْ أَئِمَّةً يَهْدُونَ بِأَمْرِنَا وَأَوْحَيْنَا إِلَيْهِمْ فِعْلَ الْخَيْرَاتِ وَإِقَامَ الصَّلَاةِ وَإِيتَاء الزَّكَاةِ وَكَانُوا لَنَا عَابِدِينَ۝** ငါသည် သူတို့အား ငါ၏ ညွှန်ကြားချက်ဖြင့် လမ်းပြ ရှေ့ဆောင်များ အဖြစ် စီစဉ်ခဲ့၏။ ငါသည် သူတို့ထံ ကောင်းမှုများ ပြုလုပ်ရန်၊ ဝတ်ပြု☆ မြဲကြရန်၊ အခွန်ငွေဖြူ ပေးကြရန် ငှဲကိုသာ ကိုးကွယ်သူများဖြစ်ရန် အာရုံဖြစ်စေ၏။
၇၄။	**وَلُوطًا آتَيْنَاهُ حُكْمًا وَعِلْمًا وَنَجَّيْنَاهُ مِنَ الْقَرْيَةِ الَّتِي كَانَت تَّعْمَلُ الْخَبَائِثَ إِنَّهُمْ كَانُوا قَوْمَ سَوْءٍ فَاسِقِينَ۝** လု–တ်။ ငါသည် သူ့အား ဓမ္မသတ်နှင့် အသိပညာကို ချီးမြှင့်၏။ ယုတ်ညံ့မှု ကျင့်ကြံနေသော အရပ်ဒေသမှ သူ့ကို လွှတ်မြောက်စေခဲ့၏။ ထိုသူတို့သည် အကုသိုလ်သင့် ယုတ်မာသည့် လူမျိုး ဖြစ်၏။
၇၅။	**وَأَدْخَلْنَاهُ فِي رَحْمَتِنَا إِنَّهُ مِنَ الصَّالِحِينَ۝** သူ့အား ငါ၏ ကရုဏာတွင်းသို့ ဝင်ခွင့်ပြု၏၊ ဇနပ်ပင် သူသည် ပြုပြင်ပြောင်းလဲ သူတို့မှ ဖြစ်၏။
၇၆။	**وَنُوحًا إِذْ نَادَى مِن قَبْلُ فَاسْتَجَبْنَا لَهُ فَنَجَّيْنَاهُ وَأَهْلَهُ مِنَ الْكَرْبِ الْعَظِيمِ۝** ရှေ့အလျင်က– နူးဟ် တင်ပြသောအခါ၊ ငါအရှင် တုန့်ပြန်တော်မူခဲ့၏။ သူနှင့် သူ့ဝိုင်းသားများကို မဟာ ချောက်ချားမှု ကြီးမှ လွှတ်မြောက်စေခဲ့၏။
၇၇။	**وَنَصَرْنَاهُ مِنَ الْقَوْمِ الَّذِينَ كَذَّبُوا بِآيَاتِنَا إِنَّهُمْ كَانُوا قَوْمَ سَوْءٍ فَأَغْرَقْنَاهُمْ أَجْمَعِينَ۝** ငါသည် သူ့အား ငါ၏ သုတ်ဒေသနာများကို ငြင်းဆန်သော လူမျိုးမှ ကင်းရန် ကူညီခဲ့၏။ ဇနပ်ပင် သူတို့သည် အကုသိုလ်သင့်သည့် လူမျိုး ဖြစ်ကြ၏။ သူတို့ အားလုံးကို နစ်မြုပ်စေခဲ့ပြီ။

---

(၇၁၃) ပုံတိုပတ်စများ၏ နောက်သို့ လိုက်သော ဆရာတော်ကြီးများက ကိုယ်တော် အီဗရာဟီးမ်အား ရှိုသည့် မီးပုံ၏ ပမာဏသည် မည်၍ မည်မျှ ကြီးမားသည်ဟုပင် အမျိုးမျိုး ရေးသားပြောဆိုသည်များ ရှိပေသည်။ ကျမ်းတော်တွင် ဆိုလိုသော မီး ဆိုသည်မှာ များသောအားဖြင့် စစ်မီး။ ဒေါသမီးများ ကိုသာ ဆိုလိုပေသည်။ ထိုရုပ်ပွားဝါဒီများ၏ အမျက်ဒေါသ မီး ဟုန်းဟုန်းတောက်လောင်ခြင်း သူ့အပေါ်၌ သက်ရောက်သည်ဟုသာ အဓိပ္ပါယ် သက်ရောက်ပေသည်။ ဆရာတော်ကြီးများ နားလည်သက္ဒဲသို့ အမှန်စင်စစ် ရုပ်ဝတ္ထုမီး ဖြစ်သည်ဟု ဆိုက– ထိုအချိန်တွင် ကိုယ်တော် အီဗရာဟီးမ်အား မီးရှို့ရန်– လောင်စာထင်းများ ရှာရာ၊ စုရ ဦးမည်။ ထို့နောက် မီးလွှေးရဦးမည် ဖြစ်သည်။ မည်သည့်လူသားကို မဆို ချက်ချင်း လက်ငင်း မီးရှို့နိုင်ရန် အဆင်သင့် ပြုလုပ်ထားသော မီးဖိုကြီးရှိနေသည်ဟု ကျမ်းတော်၏ မည်သည့်နေရာတွင်မှ ဆိုမထားသည့် အပြင်၊ ကိုယ်တော် အီဗရာဟီးမ်အား မီးရှို့သတ်ရန် ယတိပြတ် ဆုံးဖြတ်ခဲ့သည်လည်း မရှိချေ။ ၎င်းကို **"သူ့အား သတ်ကြ၊ သို့မဟုတ် လောင်တိုက်သွင်းကြ"** (၂၉း၂၄) ဟု ဆိုပေသည်။ ထို့ကြောင့် ထိုလူများသည် ကိုယ်တော် အပေါ်၌ ဒေါသမီး ဟုန်းဟုန်းတောက်ခဲ့သည်သာ ဖြစ်၍ သေစေလို။ သတ်စေလိုသော ဆန္ဒသာ ရှိခဲ့ပေသည်။ မည်သို့ သတ်မည်ဟူသည့် ဆုံးဖြတ်ချက်ကို အတိအကျ မချခဲ့နိုင်ပေ။ ဆက်လက်ပါ သုတ်တော် ၇၀ က သူတို့ ဗျူဟာချ၏။ သို့သော် သူတို့သည် ဆုံးရှုံးသူများ ဖြစ်ရ၏၊ ဟု သူတို့၏ ဗျူဟာ မအောင်မြင်ခဲ့ကြောင်းကို အတိအကျ ဆိုထားပေသည်။

တဖန်ဤသုတ်တော်တွင် "အေးခဲလော့ ဟု ပြောသော **ဘရ်ဒါနိ် ၊ ဘ်ရ်ဒ်** ဆိုသည့် အနက်မှာ တင်္ဂေ့ငွေ့ အရှိန် ချုပ်လာသည့် သဘော၊ အေးခဲလာသည့် သဘောကို ဆိုကြောင်း (၂၄း၄၃) တွင် ထိုစကားလုံးကို တွေ့နိုင်ပေသည်။ ထို့ကြောင့် ကိုယ်တော် အီဗရာဟီးမ်အား အမှန်တကယ် ရုပ်ဝတ္ထုမီးထဲသို့ ပစ်ထည့်ခြင်း မဟုတ်ဘဲ၊ သူတို့၏ ဒေါသမီးသင့်စေခြင်း။ ထို့နောက် ဒေါသငွေ့သေသွားခြင်းကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။

၇၈။ ပျက်စီး	**وَدَاوُودَ وَسُلَيْمَانَ إِذْ يَحْكُمَانِ فِي الْحَرْثِ إِذْ نَفَشَتْ فِيهِ غَنَمُ الْقَوْمِ وَكُنَّا لِحُكْمِهِمْ شَاهِدِينَ۞** ဒါဂူဒ်နှင့် ဆိုလိုင်မံ– သူတို့သည် အခြား လူမျိုး၏ သိုးများကြောင့် **ဝါးဖတ်ဖြစ်**ရသော လယ်မြေကိစ္စအား စီရင်ထုံးပြု သောအခါ၊ သူတို့၏ စီရင်ထုံး၌ ငါသည် သက်သေသက်ကန် ဖြစ်၏။
၇၉။	**فَفَهَّمْنَاهَا سُلَيْمَانَ وَكُلًّا آتَيْنَا حُكْمًا وَعِلْمًا وَسَخَّرْنَا مَعَ دَاوُودَ الْجِبَالَ يُسَبِّحْنَ وَالطَّيْرَ وَكُنَّا فَاعِلِينَ۞** ငါသည် ဆိုလိုင်မံအား ၎င်းကို နားလည် သဘောပေါက်စေ၏။ သူတို့ကိုယ်စီ ဓမ္မသတ်နှင့် အသိပညာကို ချီးမြှင့်ခံရ၏၊ ငါသည် ဒါဂူဒ်နှင့်အတူ ဦးထိပ်ထားနေသော တောင်များနှင့် အလုပ်လုပ်သော ငှက်များကို အသုံးခံဖြစ်စေ၏။[၇၄]
၈၀။	**وَعَلَّمْنَاهُ صَنْعَةَ لَبُوسٍ لَّكُمْ لِتُحْصِنَكُم مِّن بَأْسِكُمْ فَهَلْ أَنتُمْ شَاكِرُونَ۞** သင်တို့အား အတိုက်အခိုက်များ၌ ထိန်းသိမ်းကာကွယ်ရန်၊ သင်တို့အတွက် အဆင်အယင် တည်ဆောက် နည်းကို ငါ သင်ပေးတော်မူ၏။ သင်တို့ ကျေးဇူးသိတတ်မည် မဟုတ်လော။[၇၅]
၈၁။ နယ်မြေ	**وَلِسُلَيْمَانَ الرِّيحَ عَاصِفَةً تَجْرِي بِأَمْرِهِ إِلَى الْأَرْضِ الَّتِي بَارَكْنَا فِيهَا وَكُنَّا بِكُلِّ شَيْءٍ عَالِمِينَ۞** ဆိုလိုင်မံအတွက်၊ လေကို လွှင့်စေ၍၊ အရှင့် ညွှန်ကြားချက်ဖြင့် ထို၌ ငါအရှင် ကျက်သရေရှိစေသော **ကမ္ဘာ**သို့ စီးမျော စေ၏။ ငါသည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏။[၇၆]
၈၂။ ☆ ၂း၁၄ ၃း၁၅	**وَمِنَ الشَّيَاطِينِ مَن يَغُوصُونَ لَهُ وَيَعْمَلُونَ عَمَلًا دُونَ ذَٰلِكَ وَكُنَّا لَهُمْ حَافِظِينَ۞** သူ့အတွက် ရေငုပ်ပေးသူ၊ ထိုမှ အပသော ကျင့်ကြံမှုများအား ကျင့်ကြံပေးသူတို့ကို မကောင်းဆိုဝါးတို့မှ☆ ဖြစ်စေ၏။ ငါသည် သူတို့ကို ထိန်းသိမ်းစောင့်ရှောက်သော အရှင် ဖြစ်၏။
၈၃။	**وَأَيُّوبَ إِذْ نَادَىٰ رَبَّهُ أَنِّي مَسَّنِيَ الضُّرُّ وَأَنتَ أَرْحَمُ الرَّاحِمِينَ۞** အိုင်ယုဘ်က သူ့ကံကြမ္မာရှင်ထံ၌ ‘‘တပည့်တော်အား ဘေးဥပဒ် သက်ပါပြီ၊ အရှင်သည် ကရုဏာရှင် အကြင်နာရှင် ဖြစ်ပါ၏။’’ဟု တင်ပြသောအခါ၊
၈၄။	**فَاسْتَجَبْنَا لَهُ فَكَشَفْنَا مَا بِهِ مِن ضُرٍّ وَآتَيْنَاهُ أَهْلَهُ وَمِثْلَهُم مَّعَهُمْ رَحْمَةً مِّنْ عِندِنَا وَذِكْرَىٰ لِلْعَابِدِينَ۞** ငါသည် သူ့အား တုန့်ပြန်တော်မူ၏။ သူ၌ရှိသော ဘေးဥပဒ်ကို ဖယ်ရှားပေးခဲ့၍ သူတို့နှင့်အတူ သူတို့ကဲ့သို့ သူ့ဝိုင်းတော်သားများကို သူ့အား ချီးမြှင့်ခဲ့၏။ ငါထံတော်မှ ကရုဏာတော် ဖြစ်၏၊ ကိုးကွယ်ဆည်းကပ်သူတို့အတွက်

---

(၇၃၄) ဤသုတ်တော်နှင့် ၃၄း၁၀ တို့ကို အချို့က **တောင်များနှင့် ငှက်များကို ဒါဂူဒ်၏ အသုံးခံ ဖြစ်စေ၏၊** ဟု ပြန်ဆိုကြ၍ ဒါဂူဒ်၏ ဩဇာ အာဏာကို အတိတ်သရ ဝုတ္တိ အလင်္ကာမြောက်အောင် ဖွဲ့ဆိုကြပေသည်။ ဤဝါကျတွင် မူရင်း အာရဗီ အားဖြင့် **مَعَ دَاوُودَ** ‘‘ဒါဂူဒ်နှင့် အတူအက္ခ’’ ဟုသာ ဖြစ်ပေသည်။ ဆိုလိုသည်မှာ ဒါဂူဒ်နှင့် အတူတကွ ဘုရားရှင်အား ဦးထိပ်ထားနေကြောင်းသာ ဖြစ်ပေသည်။ တောတောင် အပေါင်း၊ ငှက်အပေါင်း (နှစ်မျိုးလုံးသည် လူသားကို ညွှန်း၍ ဖေးဉ၈) ဒါဂူဒ်အား ဦးထိပ်ထားနေရန် မလိုပေ၊ သူတို့သည် ဒါဂူဒ်၏ ဘက်မှ ရပ်တည် လျက် ဘုရားရှင်၏ သစ္စာတရားလမ်းတော်၌ ကြိုးပမ်းသူများသာ ဖြစ်၏။ သို့မဟုတ် ထိုနှစ်မျိုးလုံးကို မူရင်းစာလုံး အတိုင်း လူသားဟု မယူဆ သော်က– မိုးများနှင့်မြေတွင် ရှိသမျှသည် လူသား၏ အသုံးခံ ဖြစ်၏၊ (၄၅း၁၃) ဟူသော အချက်ကို ကျော်လွှန်၍ အဓိပ္ပါယ် မဖွင့်ဆိုသင့်ပေ။

(၇၃၅) ဤမတိုင်မီက လူသား မျိုးဆက်သည် သံချပ်အင်္ကျီ ပြုလုပ်ရန် မတတ်ခဲ့ဟု မဆိုလိုပေ။ သူ့လက်ထက်၌ ရန်သူများထက် ပိုမိုကောင်းမွန်သော စစ်ပွဲသုံး အဆင်အယင်လုပ်နည်းကို ရရှိခြင်းကိုသာ ဆိုလိုပေသည်၊ ၃၄း၁၁ တွင် ကြည့်ပါ။

(၇၃၆) များစွာသော ဆရာတော်ကြီးများက ဆိုလိုင်မံသည် ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင် ဖြစ်သည်ဟူသည့် ခေါင်းစဉ်အောက်၌ အကြီး အကျယ် တန်ခိုးအာဏာများကို ပေးလိုသော ဇောကပ်လျက်– လေသည် စိုလိုင်မံ၏ စီမံချက်ဖြင့် တိုက်ရ၏ ဟု လွဲမှားစွာ ပြန်ဆိုမှုများကို တွေ့ရ သည်။ လူသားသည် သဘာဝကို လွှမ်းမိုးနိုင်သည် ဟူသည့် ကျမ်းတော်ပါ နိယာမများကိုလည်း လွဲမှားစွာ စဉ်းစားခြင်း ဖြစ်ပေသည်။ သဘာဝအား လူသားက ပြုပြင် စီမံနိုင်ခြင်း ဆိုသည်မှာ ခေတ်အလိုက် နည်းပညာများ အလိုက် ခွင့်ပြုခြင်း ဖြစ်၍၊ ဆိုလိုင်မံ၏ ခေတ်ကာလတွင် သဘာဝကို ပြုပြင်စီမံနိုင်သော အဆင့် နည်းပညာများအား ကမ္ဘာ့လူသားတို့ထံသို့ မသက်ဆင်းသေးပေ။ ထို့အပြင် ဤသုတ်တော်ပါ ဝါကျဖြစ်သည့် **ဗိအမ်ရိ ဟု** ဆိုမှာ ဆိုလိုင်မံ၏ အမိန့်တော်၊ စီမံချက်ဖြင့် ဟု ဆိုခြင်း လုံးဝ မဟုတ်ချေ၊ **အရှင်၏ အမိန့်တော်။ စီမံချက်တော်ဖြင့်** ဟုသာ ဆိုခြင်း ဖြစ်ပေသည်။ ‘‘အရှင်၏ စီမံချက်ဖြင့် သင်တို့ အတွက် ပင်လယ် ပြင်၌ စီးမျောနိုင်သော ရေယာဉ်များကို အသုံးခံဖြစ်စေ၏။’’ ဟူသော (၁၄း၃၂) ဝါကျနှင့် နှိုင်းယှဉ် ကြည့်ပါ။ ၃၄း၁၂ တွင် ဆက်ကြည့်ပါ။

	သတိပေးတရားတော်လည်း ဖြစ်၏။[၇၇]
၈၅။★ ၂၁၁၄ ☆ ၁၉၃၆	**وَإِسْمَاعِيلَ وَإِدْرِيسَ وَذَا الْكِفْلِ كُلٌّ مِّنَ الصَّابِرِينَ۝** ထို့ပြင် အဓိစ္စမာလ်အီးလ်၊★ အီးဒရိုးစ်၊☆ ကပိလပြည့်ရှင်၊[၇၈] သူတို့ကိုယ်စီသည် ခွန်အိုပါရမီရှင်တို့မှ ဖြစ်၏။
၈၆။	**وَأَدْخَلْنَاهُمْ فِي رَحْمَتِنَا إِنَّهُم مِّنَ الصَّالِحِينَ۝** သူတို့အား ငါ၏ ကရုဏာတွင်းသို့ ဝင်ခွင့်ပြု၏။ ဇကန်ပင် သူတို့သည် ပြုပြင်ပြောင်းလဲသူများ ဖြစ်ကြ၏။
၈၇။	**وَذَا النُّونِ إِذ ذَّهَبَ مُغَاضِبًا فَظَنَّ أَن لَّن نَّقْدِرَ عَلَيْهِ فَنَادَى فِي الظُّلُمَاتِ أَن لَّا إِلَهَ إِلَّا أَنتَ سُبْحَانَكَ إِنِّي كُنتُ مِنَ الظَّالِمِينَ۝** ထို့နောက် ငါး၏အရှင်၊[၇၉] သူသည် အမျက်ထွက်လျက် သွားခဲ့၏၊ ငါသည် သူ့အပေါ်၌ စည်းကြပ်မည် မဟုတ်ဟု စဉ်းစား၏။ သို့သော် သူသည် အဝိဇ္ဇာတွင်းမှ "အရှင်မှအပ အခြား ဘုရားမရှိပါ၊ အရှင့်အား ဦးထိပ်ထားပါ၏၊ ဇကန်ပင် တပည့်တော်သည်ကား အမှိုက်ကောင်များမှ ဖြစ်ရပါပြီ၊"ဟု တင်ပြ၏။
၈၈။	**فَاسْتَجَبْنَا لَهُ وَنَجَّيْنَاهُ مِنَ الْغَمِّ وَكَذَٰلِكَ نُنجِي الْمُؤْمِنِينَ۝** သို့ဖြင့် ငါသည် သူ့အား တုန့်ပြန်တော်မူ၍၊ သူ့အား တလိုက်လိုက် ဖြစ်နေရခြင်းမှ လွတ်မြောက်စေခဲ့၏။ ဤသို့ ငါသည် ယုံကြည်သူတို့အား လွတ်မြောက်စေတော်မူ၏။

---

(၇၇) ဤသုတ်တော်မှ **သူတို့နှင့် အတူ သူတို့ကဲ့သို့ သူ့ဝိုင်းတော်သားများကို သူ့အား ချီးမြှင့်ခဲ့၏၊** ဆိုသည်မှာ သူ့အား သူ့အသိုင်းအဝိုင်းအပြင် အခြားသော အသိုင်းအဝိုင်းတစ်ခု ပေးခဲ့ခြင်း ဖြစ်ကြောင်းကို ဆိုလိုပေသည်။ ကိုယ်တော် အိုင်ယုဘ်၏ အကြောင်းသည် ၃၈း၄၂—၄၄ တွင်လည်း ဖော်ပြထားပေသည်။

(၇၈) **ذَا الْكِفْلِ သာ ကိဖ်လိ** ဟူသော ကိုယ်တော်၏ အမည်ကို ကျမ်းတော်တွင် ဤနေရာနှင့် ၃၈း၄၈ တွင် ဖော်ပြ၍၊ ကိုယ်တော်၏ ရာဇဝင်ကို အကျယ် ဖော်ပြခြင်း မရှိပေ။ ကျမ်းတော်တွင် ဉာဏ်စဉ်တော်ဆောင်၊ သတင်းတော်ဆောင်များ၏ အမည်နာမကို ဖော်ပြသည် ဆိုရာ၌ ထိုကိုယ်တော်၏ နောက်လိုက် အသိုင်းအဝိုင်းများ များစွာ ရှိနေ၍ အယူအဆ ရေးရာ အငြင်းပွားမှု ဖြစ်နေလျှင်– ထိုကဲ့သို့သော ကိုယ်တော်များ၏ မူလဖစ်မြစ် တရားတော်ကို ပြန်လည် တင်ပြရန်– နောက်လူများ ဥပမာ ယူနိုင်ရန် သတိရစေသည်အထိ ထပ်ပြန်တလဲလဲ တင်ပြလေ့ရှိပြီး၊ နောက်လိုက် အင်အား များစွာ မရှိသော၊ အငြင်းပွား ဝိရောဓိဖြစ်စေရန် အကြောင်းမများသော ကိုယ်တော်တို့၏ အမည်နာမများကို ရံဖန်ရံခါမျှသာ တင်ပြမှု ဖြစ်ကြောင်း ကျမ်းတော် ဖတ်ဘူးသူတိုင်း သိပေသည်။ ဤဘာသာပြန်၌ **သာကိဖ်လိ** အား **ကပိလ ပြည့်ရှင်** ဟု ပြန်ဆိုခြင်းမှာ အာရဗီဝေါဟာရ၏ တိုက်ရိုက် အဓိပ္ပါယ်ကို (ကာနိုင်မင်းကြီး ၁၈း၈၃ ကဲ့သို့) ပြန်ဆိုခြင်း ဖြစ်ပေသည်။ အာရဗ်တို့သိနေသော ဉာဏ်စဉ်တော်ဆောင် သတင်းတော်ဆောင် လောကတွင် ထိုအမည်မှာ မရှိပေ။ တဖန် ကျမ်းတော်တွင် ထိုတိုင်းရင်းများနှင့် (အာရဗ်များနှင့်) လက်လှမ်းဝေးသော ဒေသမှ ခေါင်းဆောင်များ၏ အမည် နာမများကို ဒေသများနှင့် ကိုယ်စား ပြုဖော်ပြခြင်း၊ အပင်များ အမှတ်သညာများဖြင့် (၉၅း၁–၃) ဖော်ပြခြင်းဖြင့် အခြားလူများ နားလည်စေရန် ဖော်ပြလေ့ရှိပေသည်။ **ကပိလပြည့်ရှင်** ဆိုသည်မှာ ကပိလဝတ္ထုပြည်မှ မင်းသား၊ တရားအလင်းရောင်ပေးရာ၌ အရှင်မင်း ဖြစ်သည်ဟု ဆို၍ ကိုယ်တော် ဂေါတမကို ဆိုလိုခြင်း ဖြစ်သည်။ ကိုယ်တော်သည် ပါရမီများကို ဖြည့်ဆီးကျင့်ကြံ၍၊ ပြီးပြည့်စုံသောကြောင့် ဉာဏ်စဉ်တော်ကို ရခဲ့သည်။ (ဉာဏ်စဉ်တော်ဆောင် ဖြစ်ခဲ့သည်) ဆိုသော သမိုင်းနှင့် အမည် **သာကိဖ်လိ** ဟူသော အနက် **သာ ဒါ** ပိုင်ရှင်၊ ပိုင်ဆိုင်သူ၊ **ကိဖ်လိ ذَا الْكِفْلِ** ပြီးမြောက်ခြင်း၊ လုံလောက်ခြင်း၊ အကိုးပြည့်ခြင်း ဟူသည်မှာလည်း ကိုက်ညီမှု ရှိပေသည်။ ၂း၆၂ တွင်လည်း ကြည့်ပါ။

(၇၉) **သာ နူးန်နိ ذَا النُّونِ** ၏ အနက်မှာ တိုက်ရိုက် အဓိပ္ပါယ်အားဖြင့် **ငါးကြီး၏ သခင်၊ ငါးကြီး၏ အရှင်** ဟု ဖြစ်ပေသည်၊ ဤအမည်မှာ ကိုယ်တော် ယူန္နတ်စ်ကို ခေါ်သော ဘွဲ့ ဖြစ်ပေသည် ၆း၄၈။ ထို့ကြောင့် ဆရာတော်ကြီးများက ဤနေရာ၌ ယူန္နတ်စ် ဟု တိုက်ရိုက်ပြန်ဆိုကြ၏။ သူသည် သူ့အသိုင်းအဝိုင်းမှ သည်းမခံနိုင်လွန်း၍ (အယူအဆ မတူလွန်း၍) ထွက်ခွာသွားခြင်း ဖြစ်ပေသည်။ ဤနေရာ၌ ဘာသာပြန်ဆိုမှု မှားယွင်းသော ဘာသာပြန်ပေါင်းများစွာ ရှိနေသည်မှာ– သူသည် ဘုရားရှင်ကို စိတ်ဆိုး၍ ထွက်သွားသည်၊ ဘုရားရှင်က သူ့အား မထိန်းချုပ်ထားနိုင်ဟု သူထင်မှတ်သည်– စသည်ဖြင့် ဖြစ်ပေသည်။ ထိုဘာသာပြန်များမှာ လုံးဝ မှားယွင်းပေသည်။ သူသည် အရှင်၏ ဉာဏ်စဉ်တော်ဆောင် တစ်ပါး ဖြစ်ပေသည်။ အရှင်က သူ့အား မထိန်းချုပ်နိုင်ဟု ထင်မှတ်စရာ အကြောင်း လုံးဝ မရှိချေ။ သူသည် သူ့လူမျိုးနှင့် အယူအဆ မတူ၍ ထွက်ခွာ သွားသည်၊ အရှင်က သူ့အား ထိုလူမျိုးများ ဆီသို့ ပြန်လည်စေလွှတ်၍ တရားဒေသနာဟောပြောရန် စေစားလိမ့်မည် မဟုတ်ဟုသာ သူ ထင်မှတ်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့အပြင် "အဝိဇ္ဇာတွင်း။ အမှောင်တွင်းမှ– ဟူသည်ကို ငါးကြီး၏ ဝမ်းတွင်းမှ ဟု လွဲမှားသော ဘာသာပြန်များလည်း များစွာ ရှိပေသည်။ ဤသုတ်တော်တွင် ငါးကြီးဝမ်းတွင်းမှ ဟူသော ဝေါဟာရ စကားလုံး လုံးဝ မပါရှိပေ။

၈၉။	**وَزَكَرِيَّا إِذْ نَادَى رَبَّهُ رَبِّ لَا تَذَرْنِي فَرْدًا وَأَنتَ خَيْرُ الْوَارِثِينَ۝** ဇက္ကရိယာက သူ့ကံကြမ္မာရှင်အား ''အို ကံကြမ္မာရှင် တပည့်တော်အား ထီးထီးကြီး ချန်မထားပါနှင့်။ အရှင်သည် အကောင်းမြတ်ဆုံး အမွေပေးသူ ဖြစ်တော်မူပါ၏။''ဟု တင်ပြသော်။
၉၀။ ယာဟ် ယာ	**فَاسْتَجَبْنَا لَهُ وَوَهَبْنَا لَهُ يَحْيَى وَأَصْلَحْنَا لَهُ زَوْجَهُ إِنَّهُمْ كَانُوا يُسَارِعُونَ فِي الْخَيْرَاتِ وَيَدْعُونَنَا رَغَبًا وَرَهَبًا وَكَانُوا لَنَا خَاشِعِينَ۝** ငါသည် သူ့အား တုန့်ပြန်တော်မူ၍၊ **ယောဟန်**အား ချီးမြှင့်ခဲ့၏။ သူ့အိမ်ထောင်ဘက်အား ထိုအတွက် ပြုပြင်ပေး၏။ သူတို့သည် ကောင်းမှုများ၌ အလျင်စလို ရှိကြ၏။ ငှံထံ၌ ကြောက်ရွံ့ခြင်းဖြင့် ဦးစားပေး ဆုတောင်းကြ၏။ ငှံထံ၌ ကြောက်လန့် တုန်လှုပ်မှု ရှိကြ၏။
၉၁။ မာရိ	**وَالَّتِي أَحْصَنَتْ فَرْجَهَا فَنَفَخْنَا فِيهَا مِن رُّوحِنَا وَجَعَلْنَاهَا وَابْنَهَا آيَةً لِّلْعَالَمِينَ۝** အရှက်အင်္ကျီအား ထိန်းသိမ်းသော **သူမ**၊ **သူမ**ထံသို့ ငါ၏ ဉာဏ်စဉ်မှ သက်ဝင်စေ၏။ ထို့ပြင် **သူမ**နှင့် **သူမ**၏သားကို လောကခပ်သိမ်းအတွက် နိမတ်လက္ခဏာ အဖြစ် ငါ စီစဉ်တော်မူ၏။[၇၀]
၉၂။	**إِنَّ هَذِهِ أُمَّتُكُمْ أُمَّةً وَاحِدَةً وَأَنَا رَبُّكُمْ فَاعْبُدُونِ۝** ဧကန်ပင် သင်တို့၏ အသိုင်းအဝိုင်းသည် တစ်ခုတည်းသော အသိုင်းအဝိုင်း ဖြစ်၏။ ငါသည် သင်တို့၏ ကံကြမ္မာရှင် ဖြစ်၏၊ ငှံကိုသာလျှင် ကိုးကွယ်ဆည်းကပ်ကြလော့။
၉၃။	**وَتَقَطَّعُوا أَمْرَهُم بَيْنَهُمْ كُلٌّ إِلَيْنَا رَاجِعُونَ۝** သူတို့သည် သူတို့ချင်းကြား အစီအမံများကို ဖြတ်တောက်ကြ၏။ အားလုံးကိုယ်စီ ငါထံသို့သာ ဦးလှည့်ပြန်ခဲ့ရမည်ပင်။
၉၄။	**فَمَن يَعْمَلْ مِنَ الصَّالِحَاتِ وَهُوَ مُؤْمِنٌ فَلَا كُفْرَانَ لِسَعْيِهِ وَإِنَّا لَهُ كَاتِبُونَ۝** ပြုပြင်ပြောင်းလဲမှုမှ ကျင့်ကြံသူ၊ ထိုသူသည် ယုံကြည်သူ ဖြစ်အံ့၊ သူ၏ လုံးပန်းမှုကို ဖုံးကွယ်ပစ်မည် မဟုတ်ချေ။ ဧကန်ပင် ငါသည် သူ့အတွက် မှတ်တမ်းတင်သူများ ရှိစေ၏။
၉၅။ ★ ၁၈း၉၄	**وَحَرَامٌ عَلَى قَرْيَةٍ أَهْلَكْنَاهَا أَنَّهُمْ لَا يَرْجِعُونَ۝** တိမ်ကောစေပြီး အရပ်ဒေသအား– သူတို့ ဦးမလှည့်နိုင်ရန်– ငါ တားမြစ်ထားသည်မှာ–★

---

(၇၂၀) ဤသုတ်တော်မှ **أَحْصَنَتْ فَرْجَهَا အဟ်ဆွနတ် ဖရ်ဂျဟာ** အား အပျိုစင်ဟု ဘာသာပြန်ခြင်း။ **رُوحُ ရူးဟ်**အား ကောင်းကန်တမန်တော်ဟု ဘာသာပြန်ခြင်း။ **فِيهَا ဖီးဟာ** အား သူမ၏ ဝမ်းကြောတိုက်–သားအိမ်ထဲဟု ဘာသာပြန်ခြင်းများမှာ လုံးဝ မှားယွင်းပေသည်။ အာရ်ဗီစာ တတ်သူများ အနေဖြင့် ဘက်မလိုက်ဘဲ စာလုံး၏ အဓိပ္ပါယ် အမှန်ကို ဖေါ်ထုတ်သင့်ပေသည်။ **أَحْصَنَتْ အဟ်ဆွနတ်** အနက်သည် အပျိုစင်ဟု လုံးဝ မပေးပေ။ ထိုစကားလုံးကို ၄း၂၄ တွင် **مُحْصَنَاتٌ မုဟ်ဆွနားတင်** ကာမပိုင်ပြုသည် ထိမ်းမြားလက်ထပ်သည်၊ **الْمُحْصَنَاتُ မုဟ်ဆွနားတိ** အချုပ်အနောင်မဲ့ လွတ်လပ်စွာ ထိမ်းမြားခြင်း ပြုနိုင်သော သူမများ ဟု လည်းကောင်း။ ၅း၅ တွင်လည်း ကာမစည်းစောင့် ပေါင်းဖက်ခြင်း၊ လက်ထပ်ထိမ်းမြားခြင်းကို **مُحْصِنِينَ** ဟု သုံးပေသည်။ ဤစကားလုံးအား ကျမ်းတော်တွင် ဖေါ်ပြလေသမျှသော နေရာတိုင်း၌ လက်ထပ်ခြင်း။ ထိမ်းမြားခြင်း။ လင်ကွာ မိန်းမ စသော ကာမ ပေါင်းသင်းမှုနှင့် သက်ဆိုင်နေပြီး၊ မာရိ (မာရ်ယံ)နှင့် ပတ်သက်သော နေရာ ဤသုတ်တော်နှင့် ဖြဲးဒ၂– (၂)နေရာတွင်မှ ကာမပေါင်းဖက်ခြင်းနှင့် လုံးဝ မသက်ဆိုင်ဟု ကောက်ယူမှု၊ ပြန်ဆိုမှုမှာ ခရစ်ယာန်တို့ဆီမှ ကြားဖူးနားဝများကို ကျမ်းတော်ထဲသို့ သွင်သွင်းခြင်းသာ ဖြစ်ပေသည်။ ထိုစကားလုံးနှင့် တွဲထားသော **ဖိုရူးဂျ် ဇ်ရဉ** အနက်ကိုလည်း ၂၃း၅ တွင် ကြည့်ပါ၊ အပျိုစင်ဟု မဟုတ်ချေ။ ဖေါက်ပြန်ခြင်း မရှိသော အမျိုးသမီးများကိုသာ သုံးပေသည်။ **رُوحُ ရူးဟ် ဂ်** ၏ အနက်ကို ၂း၈၇ အောက်ခြေတွင် ကြည့်ပါ။ **فِيهَا ဖီးဟာ** ဆိုသည်မှာ သူမအပေါ်သို့၊ သူမနှင့် သက်ဆိုင်သော ခန္ဓာကိုယ်၊ ရုပ်နာဝ် အားလုံး အတွင်းသို့ ဟုသာ ဖြစ်ပေသည်။ ဝမ်းကြောတိုက် သားအိမ် တစ်ခုတည်း အတွက် မဟုတ်ချေ။ မည်သူမဆို ကြင်ယာ ကြင်ဘက်မရှိဘဲ ကလေးမရရှိနိုင် ဟူသည့် နိယာမ ဖြးဝဝ ကို ကျော်လွန်၍ မရပေ။ အပျိုစင် ဆိုသော စကားကို ''**အဒ်ဘ်ကားရမ်**'' ဟု ခေါ်သည် ဖြဲးဒ၅။ ၅ဖြဲးဒ၆။ ကျမ်းတော်တွင် မာရိ ကို အပျိုစင်ဟု လုံးဝ ပြောထားခြင်း မရှိချေ။

၉၆။	**حَتَّى إِذَا فُتِحَتْ يَأْجُوجُ وَمَأْجُوجُ وَهُم مِّن كُلِّ حَدَبٍ يَنسِلُونَ۝** ဂေါဂနှင့် မာဂေါဂတို့အား ဖွင့်ပေးသည့်တိုင် ဖြစ်၏။(၇၁ သူတို့သည် အသာစီးနေရာကိုယ်စီမှ စုရောက်လာကြ၏။
၉၇။	**وَاقْتَرَبَ الْوَعْدُ الْحَقُّ فَإِذَا هِيَ شَاخِصَةٌ أَبْصَارُ الَّذِينَ كَفَرُوا يَا وَيْلَنَا قَدْ كُنَّا فِي غَفْلَةٍ مِّنْ هَذَا بَلْ كُنَّا ظَالِمِينَ۝** ပရမတ္ထ ကတိသစ္စာသည် နီးကပ်လာနေ၏။ ထိုစဉ် ဖုံးကွယ်သော သူတို့၏ အမြင်များ ကြောင်တောင်ငေးနေလျက်၊ ‘‘ကျွန်ုပ်တို့ ပျက်စီးရလေပြီ၊ ကျွန်ုပ်တို့သည် ဤ၌ မုချ မေ့လျော့မှု၌ ရှိခဲ့ပြီ၊ အမှန်မှာ ကျွန်ုပ်တို့သည် အမိုက်ကောင်များ ဖြစ်ကြ၏။’’ (ဟု ခံစားကြ၏)
၉၈။	**إِنَّكُمْ وَمَا تَعْبُدُونَ مِن دُونِ اللَّهِ حَصَبُ جَهَنَّمَ أَنتُمْ لَهَا وَارِدُونَ۝** ဇကေန်ပင် သင်တို့အတွက် ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့၏ ကိုးကွယ်ရာများသည် ငရဲမီးအား လေပင့်လျက် သင်တို့ကို မီးခဲရဲရဲဖြစ်စေလတ္တံ့။
၉၉။	**لَوْ كَانَ هَؤُلَاءِ آلِهَةً مَّا وَرَدُوهَا وَكُلٌّ فِيهَا خَالِدُونَ۝** ဤင်းတို့သာ ဘုရားများ ဖြစ်ကြလျှင်၊ ထိုသို့ မီးခဲရဲရဲဖြစ်ရမည် မဟုတ်ချေ။ အားလုံးကိုယ်စီ ထို၌ အစဉ်ခံစားရလတ္တံ့။(၇၂
၁၀၀။	**لَهُمْ فِيهَا زَفِيرٌ وَهُمْ فِيهَا لَا يَسْمَعُونَ۝** သူတို့အဘို့ ထို၌ ညီးတွားရခြင်း။ သူတို့အဘို့ ထို၌ ကြားနာမှုကင်းမဲ့ခြင်းသာ ရှိ၏။
၁၀၁။ ငရဲမှ	**إِنَّ الَّذِينَ سَبَقَتْ لَهُم مِّنَّا الْحُسْنَى أُوْلَئِكَ عَنْهَا مُبْعَدُونَ۝** ငါ့ထံမှ သုမင်္ဂလာကို ထို သူတို့အတွက် သတ်မှတ်ပြီးသော်။ ထိုသူတို့သည် **ငင်းမှ** နောက်ကျန်ရစ်ပြီး ဖြစ်လတ္တံ့။
၁၀၂။	**لَا يَسْمَعُونَ حَسِيسَهَا وَهُمْ فِي مَا اشْتَهَتْ أَنفُسُهُمْ خَالِدُونَ۝** ဤင်းမှ ရင်တွင်းညည်းသံကို ကြားရမည်မဟုတ်၊ ထို၌ သူတို့၏ စိတ်ဥာဉ်တို့ အာသီသအပြည့် အစဉ်စံစားရလတ္တံ့။
၁၀၃။ ☆၂၃၀ ၃၃၂	**لَا يَحْزُنُهُمُ الْفَزَعُ الْأَكْبَرُ وَتَتَلَقَّاهُمُ الْمَلَائِكَةُ هَذَا يَوْمُكُمُ الَّذِي كُنتُمْ تُوعَدُونَ۝** ကြီးမားစွာ ကြောက်ရွံ့ချောက်ချားရခြင်းသည်ပင် သူတို့အား သောကဖြစ်ရစေမည်မဟုတ်၊ နိမိတ်ဆောင်တို့က☆ ‘‘ဤသည် သင်တို့အား ကတိပေးထားတော်မူသည့် သင်တို့၏ နေ့ကာလပင် ဖြစ်၏။’’ဟု တွေ့ဆုံနှုတ်ဆက်လတ္တံ့။

---

(၇၂၀) ကမ္ဘာပျက်ချိန်နီးတွင် မြေကမ္ဘာထဲမှ ဂေါဂ၊ မာဂေါဂ (ဟာဂျူးနှင့် မာဂျူး) တို့ ထွက်လာမည်။ ထိုသို့ထွက်လာသည့် အချိန်မတိုင်မီအထိ တိမ်ကောပျက်စီးခြင်းသင့်သော မြို့ရွာများမှ မြို့ပျက်ခြင်းနှင့်အတူ သေသွားရသူတို့မှာ ပြန်၍ ထွက်လာဦးမည်မဟုတ်၊ ထို ဂေါဂ၊ မာဂေါဂ တို့ ထွက်လာပြီးနောက်မှ သူတို့သည် ထွက်လာနိုင်ကြမည် ဟူသည့် ပုံပြင်ကို ဤသုတ်တော်များမှ ကိုယ်စား မပြုချေ။ ဤဓမ္မခန္ဓာ (စူရာဟ်) သည် သတင်းတော်ဆောင်များ၏ အကြောင်းကို သက်ဆိုင် ဆက်စပ်သလို မိတ်ဆက် တင်ပြနေသော ကဏ္ဍာဖြစ်ပေသည်။ ဤသမိုင်းကြောင်းသည် **သူကာနိုင်** (ကာနိုင်မင်း)၏ သမိုင်းကို ပြန်တင်ပြခြင်း ဖြစ်ပေသည်။ မင်းကြီးသည် ဂေါဂနှင့် မာဂေါဂတို့၏ ရန်ကို ကြောက်နေသော လူမျိုးထံသို့ ရောက်ခဲ့သည်၊ ၁၈၉၄။ ထို့နောက် ထိုမြို့ရွာသားတို့အား ဂေါဂနှင့် မာဂေါဂတို့၏ ရန်မှ ကင်းရန် အကာအကွယ်ပေးခဲ့သည်။ ထိုသို့ ဘေးကင်းလျက် ကောင်းစားသွားသော အခါ– အရပ်ဒေသသားတို့သည် မဟာလူမျိုးကြီးစိတ်ဝင်ကာ တရားတော်၌ မေ့လျော့ကြကုန်၏။ သို့ဖြင့် ဂေါဂ–မာဂေါဂ လူမျိုးသည် သူတို့၏ အကွယ်အကာကို ဖေါက်ဖျက်ဝင်ရောက်လာနိုင်ခဲ့ကာ သူတို့အား နှိမ်နှင်းအောင်မြင်ပြန်၏ ဆိုသော သမိုင်းကို တင်ပြခြင်းသာ ဖြစ်ပေသည်။ ၎င်းကို ၁၈၉၈ တွင် ကတိတော်စေ့ရောက်သော်။ အကာအကွယ် တံတိုင်း ပြိုပျက်မည့် အကြောင်း။ ၁၈၉၉ တွင် စစ်တပ်ကြီးဖြင့် ဝင်ရောက်လာမည့်အကြောင်း၊ ၂၁၉၇ တွင် ထိုအရပ်သားတို့ တရားတော်၊ ကတိသစ္စာတော်ကို မေ့လျော့ခဲ့ကြောင်း– ဝန်ခံသည့် အကြောင်းများကို ဖေါ်ပြထားပေသည်။ ထိုအချိန်ကာလသည် ထိုသူတို့အတွက် ကမ္ဘာပျက်သကဲ့သို့ ခံစားရနိုင်ဘွယ်ရှိသော်လည်း– ကမ္ဘာကြိုလ်ကြီး တစ်ခုလုံး ပျက်သုဉ်းခြင်းဖြင့် လုံးဝ မသက်ဆိုင်ပေ။ သူကာနိုင် မင်းကြီးလက်ထက်မှ ဖြစ်ခဲ့၍– အနာဂါတ်တွင် ဖြစ်လာမည်ဟု ပြောထားခြင်းလည်း မဟုတ်ပေ။

(၇၂၂) ဤဝါကျသည် သင်တို့ကိုးကွယ်သော အရာများမှာ ဘုရားအစစ်များ မဟုတ်ခဲ့၍သာ သင်တို့နှင့် သူတို့သည် ငရဲသို့ (အတိဒုက္ခတွင်းသို့) လားရခြင်း ဖြစ်သည်ဟု ဆိုလိုပေသည်။

၁၀၄။	**يَوْمَ نَطْوِي السَّمَاء كَطَيِّ السِّجِلِّ لِلْكُتُبِ كَمَا بَدَأْنَا أَوَّلَ خَلْقٍ نُّعِيدُهُ وَعْدًا عَلَيْنَا إِنَّا كُنَّا فَاعِلِينَ**۞ ရေးမှတ်ရန် လိှမ့်တုံးအား လိပ်သကဲ့သို့ ကောင်းကင်ယံအား လိပ်သော နေ့ကာလ၌ ငါသည် အဦးအစ ဖြစ်တည်စေသကဲ့သို့ ၎င်းအား ဆက်ဖြစ်စေလတ္တံ့။ ကတိတော်သည် ငှါအတွက် တည်၏။ ဧကန်ပင် ငါသည် စီမံတော်မူသော အရှင်ဖြစ်၏။[၂၃]
၁၀၅။ စာအုပ်	**وَلَقَدْ كَتَبْنَا فِي الزَّبُورِ مِن بَعْدِ الذِّكْرِ أَنَّ الْأَرْضَ يَرِثُهَا عِبَادِيَ الصَّالِحُونَ**۞ ငှါအား ကိုးကွယ်သည့် ပြုပြင်ပြောင်းလဲသူတို့သည် မြေကမ္ဘာအား အမွေရလိမ့်မည်ဟု သတိဖေါ်ပေးပြီးနောက်–ငါသည် **ကဏ္ဍထဲ**၌ မုချ မှတ်တမ်းတင်ထားတော်မူ၏။
၁၀၆။ ပါဝင်	**إِنَّ فِي هَذَا لَبَلَاغًا لِّقَوْمٍ عَابِدِينَ**۞ ဧကန်ပင် ဤအထဲ၌ **ဆိုက်ရောက်**စေသည်မှာ ကိုးကွယ်ဆည်းကပ်သော လူမျိုးအတွက် ဖြစ်၏။
၁၀၇။ မုဟမ္မဒ်	**وَمَا أَرْسَلْنَاكَ إِلَّا رَحْمَةً لِّلْعَالَمِينَ**۞ ငါသည် **သင့်**အား လောကခပ်သိမ်းအတွက် ကရုဏာရှင် အဖြစ်သာ စေစားတော်မူ၏။[၂၄]
၁၀၈။	**قُلْ إِنَّمَا يُوحَى إِلَيَّ أَنَّمَا إِلَهُكُمْ إِلَهٌ وَاحِدٌ فَهَلْ أَنتُم مُّسْلِمُونَ**۞ ဟောလော့ ‘‘ကျွန်ုပ်ထံ အာရုံစျာန်ကိန်းဝပ်သည်မှာ သင်တို့၏ ဘုရားရှင်သည် တစ်ဆူတည်းသော ဘုရားရှင် ဖြစ်၏။ သင်တို့သည် ငြိမ်းချမ်းရေးဆောင်သူများ ဖြစ်ကြမည် မဟုတ်လော။’’
၁၀၉။	**فَإِن تَوَلَّوْا فَقُلْ آذَنتُكُمْ عَلَى سَوَاء وَإِنْ أَدْرِي أَقَرِيبٌ أَم بَعِيدٌ مَّا تُوعَدُونَ**۞ သူတို့ လှည့်သွားကြလျှင် ‘‘သင်တို့အား ကတိထားရာသည် နီး၏ သို့တည်းမဟုတ် နောက်ကျန်ရစ်၏ကို ကျွန်ုပ် မမှန်းနိုင်သော်လည်း၊ ကျွန်ုပ်သည် သင်တို့အား တူညီစွာ သတိဖေါ်ပြီးလေပြီ’’ဟု ကြေငြာလော့။
၁၁၀။	**إِنَّهُ يَعْلَمُ الْجَهْرَ مِنَ الْقَوْلِ وَيَعْلَمُ مَا تَكْتُمُونَ**۞ ဧကန်ပင် အရှင်သည် ဖွင့်ပြောဆိုရာကို သိနေတော်မူ၏။ ထိန်ဝှက်မြိုသိပ်ထားရာကိုလည်း သိနေတော်မူ၏။
၁၁၁။	**وَإِنْ أَدْرِي لَعَلَّهُ فِتْنَةٌ لَّكُمْ وَمَتَاعٌ إِلَى حِينٍ**۞ သင်တို့အတွက် စမ်းသပ်မှု ရှိနိုင်ကောင်း၏၊ ကာလတစ်ခုထိ ချမ်းမြေ့မှု ရှိနိုင်ကောင်း၏ကို ကျွန်ုပ် မမှန်းတတ်ချေ။
၁၁၂။	**قَالَ رَبِّ احْكُم بِالْحَقِّ وَرَبُّنَا الرَّحْمَنُ الْمُسْتَعَانُ عَلَى مَا تَصِفُونَ**۞ ‘‘အို– ကံကြမ္မာရှင်၊ အရှင်၏ စီရင်ထုံးသည် အမှန်သစ္စာ ဖြစ်၏။ တပည့်တော်တို့၏ ကံကြမ္မာရှင်သည် ကရုဏာရှင် ဖြစ်ပါ၏။ သင်တို့၏ စွပ်စွဲတင်ပြမှုများကင်းရန် အရှင့်ထံမှ ပံ့ပိုးမှုရှာသူဖြစ်ပါ၏၊’’ဟု ပြောလော့။

---

(၂၃) ဤကျမ်းချက်တွင် စကြဝဠာ ပျက်ချိန်တွင် အာကာသသည် စာရေး ဒလိမ့်တုံးကဲ့သို့ လိှမ့်၍ယူသွားမည်ဟု ပြောထားပေသည်– ထိုအချက်အား ကမ္ဘာ့ပညာရှင်များမှ စူးစမ်းနေဆဲ ဖြစ်သော်လည်း ဖြစ်နိုင်ခြေရှိသည်ဟု လက်ခံပြီးဖြစ်သည်။ ထို့ပြင် ကျမ်းတော်တွင် ကမ္ဘာတစ်ခုပျက်သည်။ ကောင်းကင်တစ်ခု ပျက်သည်ဟု ပြောဆိုတိုင်းတွင် ထိုပျက်သွားသော ကမ္ဘာ၊ အယူအဆ၊ လူနေမှု စရိုက်၊ ထုံးတမ်းဓလေ့တိုင်း အတွက် နောက်တစ်ခုကို အစားထိုးတော်မူမည်ဟု အမြဲတမ်းတင်ပြပေသည်။ ထိုကြောင့် ကျမ်းတော်မှ ဆိုသော ကမ္ဘာ ပျက်ခြင်း သဘောတရားကို ဒဏ္ဍာရီဆန်ဆန် နားလည် မထားသင့်ချေ။ ၁၄း၄၈။ ၁၅း၄၈ တို့တွင် ကြည့်ပါ။

(၂၄) ဤသုတ်တော်က ကိုယ်တော်မုဟမ္မဒ်သည် ကျွန်ုပ်တို့ မျော်လင့်စောင့်စားနေသော မေတ္တာတော်ရှင် ဖြစ်ကြောင်းကို အတိအကျ ကြေငြာထားပေသည်။ ၄၇း၂ တွင် ကြည့်ပါ။

ဓမ္မခန္ဓာ (၂၂) ကံဆောင်ပရိဝုါသ (အလံ ဟာ့ဂ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၁၀၃၊ သုတ်ဒေသနာ ၇၈ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂျင် အကြင်နာဂျင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။	**يَا أَيُّهَا النَّاسُ اتَّقُوا رَبَّكُمْ إِنَّ زَلْزَلَةَ السَّاعَةِ شَيْءٌ عَظِيمٌ۞** အို– လူသားတို့၊ သင်တို့၏ ကံကြမ္မာဂျင်အား စည်းစောင့်ကြလော့။ ဇကန်ပင် တုန်လှုပ်ရခြင်း အချိန်နာရီသည် ကြီးမား သော အရာ ဖြစ်၏။[၁၅၅]
၂။	**يَوْمَ تَرَوْنَهَا تَذْهَلُ كُلُّ مُرْضِعَةٍ عَمَّا أَرْضَعَتْ وَتَضَعُ كُلُّ ذَاتِ حَمْلٍ حَمْلَهَا وَتَرَى النَّاسَ سُكَارَى وَمَا هُم بِسُكَارَى وَلَكِنَّ عَذَابَ اللهِ شَدِيدٌ۞** ၛင်းကို မြင်တွေ့ရသော နေ့ကာလ၌ နို့တိုက်မိခင်ကိုယ်စီ သူမ နို့တိုက်ခြင်းကို မေ့နေလတ္တံ့၊ ကိုယ်ဝန်ဆောင် ကိုယ်စီ သူမဆောင်သော ကိုယ်ဝန် ပျက်ကျလတ္တံ့။ လူသားတို့သည် မူးဝေနေသည်ကို သင်မြင်ရလတ္တံ့၊ သူတို့သည် မူးနေခြင်း မဟုတ်။ သို့ရာတွင်– ပရမတ်ဘုရားရှင်၏ ဝဋ်ကြွေးဒဏ်သည် ပြင်းထန်လှချည်တကား။
၃။ ☆ ၂း၁၄	**وَمِنَ النَّاسِ مَن يُجَادِلُ فِي اللهِ بِغَيْرِ عِلْمٍ وَيَتَّبِعُ كُلَّ شَيْطَانٍ مَّرِيدٍ۞** လူတို့အနက်– အသိပညာ မရှိဘဲ ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ စောဒကတက်ကြလျက်၊ ထကြွနေသော မကောင်း ဆိုးဝါးသို့☆ ကိုယ်စီကိုယ်ငှ လိုက်နာကြလတ္တံ့။
၄။ နောက် လိုက်	**كُتِبَ عَلَيْهِ أَنَّهُ مَن تَوَلَّاهُ فَأَنَّهُ يُضِلُّهُ وَيَهْدِيهِ إِلَى عَذَابِ السَّعِيرِ۞** သူ့အကြောင်းကို မှတ်တမ်းတင်ထားသည်မှာ၊ ဇကန်ပင် သူ့အား မည်သူက အလှည့်ပေးသည်၊ သူက **ငင်း**အား လမ်းလွဲစေ၍၊ မီးလောင်စာ ဝဋ်ကြွေးထဲသို့ လမ်းညွှန်လေသည်– ဟု ဖြစ်၏။
၅။	**يَا أَيُّهَا النَّاسُ إِن كُنتُمْ فِي رَيْبٍ مِّنَ الْبَعْثِ فَإِنَّا خَلَقْنَاكُم مِّن تُرَابٍ ثُمَّ مِن نُّطْفَةٍ ثُمَّ مِنْ عَلَقَةٍ ثُمَّ مِن مُّضْغَةٍ مُّخَلَّقَةٍ وَغَيْرِ مُخَلَّقَةٍ لِّنُبَيِّنَ لَكُمْ وَنُقِرُّ فِي الْأَرْحَامِ مَا نَشَاء إِلَى أَجَلٍ مُّسَمًّى ثُمَّ نُخْرِجُكُمْ طِفْلًا ثُمَّ لِتَبْلُغُوا أَشُدَّكُمْ وَمِنكُم مَّن يُتَوَفَّى وَمِنكُم مَّن يُرَدُّ إِلَى أَرْذَلِ الْعُمُرِ لِكَيْلَا يَعْلَمَ مِن بَعْدِ عِلْمٍ شَيْئًا وَتَرَى الْأَرْضَ هَامِدَةً فَإِذَا أَنزَلْنَا عَلَيْهَا الْمَاء اهْتَزَّتْ وَرَبَتْ وَأَنبَتَتْ مِن كُلِّ زَوْجٍ بَهِيجٍ۞** အို– လူသားတို့၊ နိုးထရခြင်းကို သင်တို့ သံသယ ရှိနေလျှင်၊ ဇကန်ပင် သင်တို့အား မြေမှုန့်မှ၊ ထို့နောက် သုတ်ပိုးတစ် ကောင်မှ၊ ထို့နောက် သွေးမျှော့ဥမှ၊ ဖြစ်တည်ပြီးသားနှင့် မဖြစ်တည်သေးသော အသားဖတ်မှ ငါ ဖြစ်တည်စေခြင်းမှာ

(၇၂၅) ဤသုတ်တော်တွင် ဖော်ပြသော **ဇလ်ဇလတ ဆာအာတိ ဧဲ السَّاعَةِ زَلْزَلَةَ** ကို ဘာသာပြန် အများစုက လျှောင်လှုပ်သော အချိန်ကြီးဟု ကမ္ဘာ့နောက်ဆုံးနေ့ကို ရည်ညွှန်း၍ ပြန်ဆိုကြပေသည်။ ထိုစကားလုံး၏ မူရင်းအနက်မှာ **သူ့အား ပွက်လောရိုက်သော အခြေအနေသို့ တွန်းပို့သည်၊** ဟု ဖြစ်ပေသည်။ များသောအားဖြင့် စစ်ပွဲဖြစ်ရမည့် အခြေအနေတွင် စိတ်တုန်လှုပ်ရသော အချိန်၌ သုံးပေသည်။ ၃၃း၁၁ တွင် ဤစကားလုံးကို ဖော်ပြထားပေသည်။

ယေမျှ ပြန်လျက်	သင်တို့ အတွက် ရှင်းလင်းစေခဲ့ငှာ ဖြစ်၏။ ငါ၏ သတ်မှတ်ကာလ အချိန် စံချိန်ပြည့်သည် အထိ သားအိမ်တွင်း၌ တည်ရှိနေစေ၏။[၂၆] ထို့နောက် သင်တို့အား ကလေးငယ် ဘဝဖြင့် ထုတ်ယူတော်မူ၏၊ ထို့နောက် အရွယ်ရောက် ရင့်ကျက်စေတော်မူ၏။ သင်တို့မှ သက်တမ်းကုန်စေသူ ရှိ၏။ သင်တို့အထဲမှ **ဘဝသံသရာနောက်ပြန်လျက်** သိခဲ့ပြီး သည်ကို တစ်စုံတစ်ရာ မသိနိုင်တော့သည်ထိ ဖြစ်သူလည်း ရှိစေ၏။ တဖန် သင်သည် စိုက်ပျိုးခက်သော မြေကမ္ဘာအား မြင်ကြည့်လော့၊ ထိုအပေါ်သို့ ငါသည် ရေကို သွန်းချစေသောအခါ၊ ၎င်းသည် လှုပ်ခါ ကြွဖေါင်းလာလျက် ရွှေချင်စဖွယ် စုဖွဲ့ကိုယ်စီ ဖြစ်ထွန်းလာစေ၏။[၂၇]
၆။	**ذَلِكَ بِأَنَّ اللَّهَ هُوَ الْحَقُّ وَأَنَّهُ يُحْيِي الْمَوْتَى وَأَنَّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ** ۞ ယင်းမှာ ပရမတ်ဘုရားရှင်ကြောင့် ဖြစ်၏။ အရှင်သည် ပရမတ္ထ သစ္စာ ဖြစ်၏။ အရှင်သည် သက်မဲ့ကို သက်ရှိ ဖြစ်စေ၏။ အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၇။	**وَأَنَّ السَّاعَةَ آتِيَةٌ لَّا رَيْبَ فِيهَا وَأَنَّ اللَّهَ يَبْعَثُ مَن فِي الْقُبُورِ** ۞ အချိန်နာရီသည် ဆိုက်ရောက်လာနေ၏။ ထိုဌ္ဌ သံသယဖြစ်ဘွယ်မရှိပြီ၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သရီရိုင်းတွင်းမှ သူများကို နိုးထစေတော်မူမည်။[၂၈]
၈။	**وَمِنَ النَّاسِ مَن يُجَادِلُ فِي اللَّهِ بِغَيْرِ عِلْمٍ وَلَا هُدًى وَلَا كِتَابٍ مُّنِيرٍ** ۞ လူတို့အနက်– အသိပညာမရှိ၊ လမ်းညွှန်ချက်မရှိ၊ တရားရောင်ဝါရှိသော ကျမ်းတော်လည်း မရှိဘဲလျက် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ စောဒကတက်၍–
၉။ ☆ ၂၁၁၄	**ثَانِيَ عِطْفِهِ لِيُضِلَّ عَن سَبِيلِ اللَّهِ لَهُ فِي الدُّنْيَا خِزْيٌ وَنُذِيقُهُ يَوْمَ الْقِيَامَةِ عَذَابَ الْحَرِيقِ** ۞ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ လွဲဖယ်စေရန် နှစ်ပင်လိမ်သူ ရှိ၏။ သူ့အဘို့ လောကီ၌ အရှက်ရစေ၍၊ ရုပ်တည်ရမည့်နေ့၌☆ လောင်ကျွမ်းရခြင်း ဝဋ်ကြွေးကို မြည်းစမ်းစေလတ္တံ့။

---

(၇၂၆) ဤသုတ်တော်သည် လူသားတစ်ဦး မွေးဘွား ဖြစ်တည်လာခြင်း၏ ပဋိသန္ဓေဘဝ အဆင့်ဆင့်ကို ဖေါ်ပြသည်။ ယခုခေတ်တွင် ဆေးပညာရပ်၌ ဤနိယာမကို အသိအမှတ်ပြု သက်သေခံပြီးသား ဖြစ်သည့်အတွက် အထူးရှင်းနေရန် မလိုပေ။ သို့သော် ကျွန်ုပ်တို့အနေဖြင့် ဆင်ခြင်သုံးသပ်ရမည်မှာ– ကျမ်းတော်တစ်အုပ်လုံးတွင် အာဒံအား စတင် ဖြစ်တည်လာခြင်းသည် **တိုရာဘင် ဗုရာ** ''မြေမှုန့်မှ''ဟု (၃း၅၉) ပြောသည်နှင့် ထပ်တူ၊ လူသားအားလုံး၏ စတည်ဖြစ်ပေါ်မှုကို မြေမှုန့် **တိုရာဘင် ဗုရာ** မှ၊ ကြေည်တစ်ပေါက် (ကာလာလရေကြည်)၊ သွေးမျှော့ဥ (မျှော့ကဲ့သို့ တွယ်ကပ်သော သန္ဓေလောင်း) အသားတစ်– စသော အဆင့် များကို ဖြတ်သန်းပြီး သားအိမ်၏ အတွင်းတွင် တည်ခဲ့ရသည် ထိမှ မွေးဘွားလာသည်ဟုသာ ပြောထားသည်။ ဤအဆင့်များကို မဖြတ်သန်းဘဲ အလိုလို ဖြစ်တည်လာသော လူသား ဖြစ်တည်မှု ရှိသေးသည်ဟု ကျမ်းတော်၏ မည်သည့် နေရာတွင်မှ ပြောမထားပေ။

(၇၂၇) ဤသုတ်တော်နှင့် ၄း၃၉ တွင် ''သေနေသော (ခြောက်သွေ့နေသော) မြေကို ရေအားဖြင့် အသက်ဝင် လှုပ်ရှားလာစေသည် **အိဟ်တဇ်ဇတ် ဗ်ဟာ** ဟု ဆိုထားပေသည်။ ကျမ်းတော်က သက်ရှိတိုင်းကို ရေမှ ဖြစ်တည်စေသည်ဟုလည်း ၂၁း၃၀ တွင် အတိအကျ ဆိုထားပြန်သည်။ ကျမ်းတော်သည် မြေကမ္ဘာပေါ်ရှိ အရာတိုင်းမှာ သက်ရှိဖြစ်ကြောင်းကို ဤသုတ်တော်ပါ ဖေါ်ပြထားသော နိယာမအားဖြင့် သက်သေပြလျက်ရှိပေသည်။ ထို့ကြောင့် လူသားတစ်ဦး အနေဖြင့် လောက နိယာမ အလျောက်၊ အခြားသက်ရှိများ၏ အသက်ကို မစတေးဘဲလျက် လောကဌ ရှင်သန်နေ၍ မရပေ။ ထို့ကြောင့် သက်ရှိများကို သတ်ခြင်းမှ လုံးဝ ရှောင်ကြည်ရမည်ဟု ကျမ်းတော်၌ ပညတ်ထားခြင်း မရှိချေ။ လူသည် လူ့သဘာဝအလျောက် နေရမည်သာ ဖြစ်သည်။ မဖြစ်နိုင်သော၊ ထိသို့ ဟောသောသူ အပါအဝင် လူသားအပေါင်း မရှောင်လွှဲနိုင်သော နိယာမအား နောက်လိုက် လူသားများ အတွက် ပြဋ္ဌာန်းခြင်းသည် ယုတ္တိဗေဒမဲ့သည့်အပြင်၊ ထိသို့သော ပညတ်များကို စောင့်စည်းရမည့် သီလ အဖြစ် ပြဋ္ဌာန်းလေသော်လည်း– လောက နိယာမနှင့်သက်ရှိတို့၏ သဘောတရား၌ ဗဟုသုတ မဲ့သောသူသည်သာ လိုက်နာနိုင်သည်ဟု မိမိကိုယ် မိမိလိမ်လည်၍ ထင်မြင်ပေတော့သည်။ အမှန်တကယ်တွင် သက်ရှိတို့၏ သဘောတရားကို ဗဟုသုတ ရှိလာလေလေ ထိုသီလမှာ မှားယွင်းလေလေ သို့မဟုတ် မူလ ဟောခဲ့သည်မှ အဓိပ္ပါယ်ကောက်ယူမှု လွဲမှားလေလေ ဖြစ်ကြောင်း သိမြင်လာပေမည်။ ကျမ်းတော်တွင် သက်ရှိများကို အကြောင်းမဲ့ မဖြန်းတီးရ၊ မညှင်းပန်း မနှိပ်စက်ရ၊ ဘဝကို မသတ်ရဟုသာ တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်၍ တနည်း၊ ဥပမာများ ပြဆို၍ တဖုံ သွန်သင်ထားသည်ကိုသာ တွေ့ရပေသည်။

(၇၂၈) ကျမ်းတော်တွင် **ဘအဆ ဇဇ်** ဆိုသည်မှာ နိုးကြားခြင်း။ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ တော်လှန်ရေး လုပ်ခြင်းကို ရည်ညွှန်းကြောင်း မကြာခဏ ပြော ဆိုပေသည်၊ ၇း၁၄ တွင်ကြည့်ပါ။ ဤသုတ်တော်မှ– **သရီရိုင်းတွင်းမှသူများ** ဆိုသည်မှာ နာမ်ပိုင်းဆိုင်ရာ သေနေသူများကိုသာ ဆိုလိုပေသည်။ ထိုအကြောင်းအရာကို ၃၅း၂၂ တွင် ပေါ်ပြထားပေသည်။

၁၀။	**ذَٰلِكَ بِمَا قَدَّمَتْ يَدَاكَ وَأَنَّ اللَّهَ لَيْسَ بِظَلَّامٍ لِّلْعَبِيدِ۝** ဤသည် စုံရပ်ခဲ့သော သင့်လက်ချက်ကြောင့်ပင် ဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များအား အဝိဇ္ဇာသင့်စေခြင်း အလျဉ်း မရှိချေ။[၂၆]
၁၁။ အဓွန်းမှ	**وَمِنَ النَّاسِ مَن يَعْبُدُ اللَّهَ عَلَىٰ حَرْفٍ فَإِنْ أَصَابَهُ خَيْرٌ اطْمَأَنَّ بِهِ وَإِنْ أَصَابَتْهُ فِتْنَةٌ انقَلَبَ عَلَىٰ وَجْهِهِ خَسِرَ الدُّنْيَا وَالْآخِرَةَ ذَٰلِكَ هُوَ الْخُسْرَانُ الْمُبِينُ۝** လူတို့အနက် **လှည့်ပြောင်းနိုင်သောနေရာမှ** ပရမတ်ဘုရားရှင်အား ကိုးကွယ်ဆည်းကပ်သူ ရှိ၏။ သူ့အား ကောင်းကျိုး ထိသက်လျှင် ထိုဌ် ဘဝင်ကျလျက်၊ သူ့အား စမ်းသပ်မှု ထိသက်လျှင် မျက်နှာမူ ဦးလှည့်၏။ သူသည် ဤဘဝ နောင်ဘဝတွင် ဆုံးရှုံးရမည်ပင်။ ဤသည် ရှင်းလင်းထင်ရှားသော ဆုံးရှုံးရခြင်း ဖြစ်၏။
၁၂။	**يَدْعُو مِن دُونِ اللَّهِ مَا لَا يَضُرُّهُ وَمَا لَا يَنفَعُهُ ذَٰلِكَ هُوَ الضَّلَالُ الْبَعِيدُ۝** ပရမတ်ဘုရားရှင် မှလွဲ၍ သူ့အား အဆိုး၊ အကျိုးဖြစ်စေခြင်း မရှိသော အရာထံ၌ ဆုတောင်း၏။ ဤသည် နောက်ကျန်လွဲချော်မှုပေတည်း။
၁၃။	**يَدْعُو لَمَن ضَرُّهُ أَقْرَبُ مِن نَّفْعِهِ لَبِئْسَ الْمَوْلَىٰ وَلَبِئْسَ الْعَشِيرُ۝** ထိုသို့– ဆုတောင်းခြင်းမှာ သူ့အတွက် အကျိုးကျေးဇူးထက် အဆိုးသည် ပို၍နီးကပ်၏။ ၎င်းသည် အမင်္ဂလာ မဟာမိတ်၊ အမင်္ဂလာ တစ်ကျိတ်ပင် ဖြစ်၏။
၁၄။	**إِنَّ اللَّهَ يُدْخِلُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ إِنَّ اللَّهَ يَفْعَلُ مَا يُرِيدُ۝** ဇကန်ပင်– ပရမတ်ဘုရားရှင်သည် ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသောသူများအား အောက်ခင်းဦ၌ စမ်းချောင်းရေသွင် စီးဆင်းနေသည့် ဥယျာဉ်ဘုံများသို့ ဝင်ရောက်စေ၏။ ဇကန်ပင်– ပရမတ်ဘုရားရှင်သည် အလိုတော်ရှိရာကို စီမံတော်မူ၏။
၁၅။	**مَن كَانَ يَظُنُّ أَن لَّن يَنصُرَهُ اللَّهُ فِي الدُّنْيَا وَالْآخِرَةِ فَلْيَمْدُدْ بِسَبَبٍ إِلَى السَّمَاءِ ثُمَّ لِيَقْطَعْ فَلْيَنظُرْ هَلْ يُذْهِبَنَّ كَيْدُهُ مَا يَغِيظُ۝** ပရမတ်ဘုရားရှင်က သူ့အား လောကီ လောကုတ္တရာ၌ ကူညီတော်မူမည် မဟုတ်ဟု စဉ်းစားသူရှိအံ့၊ သူ့အား ကောင်းကင်သို့ ရစ်ပတ်လှည့်မြွေ့ တိုးရွေ့တက်စေလော့၊ တဖန် ဖြတ်တောက်စေလော့၊ သို့ဖြင့် သူသည် သူ့အား ဒေါသဖြစ်စေသော သူ့ကြံစည်မှုအား ရုပ်သိမ်းပစ်နိုင်သလောဟု စောင့်ကြည့်စေလော့။[၃၀]

---

(၇၂၉) **အာဗီးဒ် အဗ်ဒ** ဆိုသည်မှာ **အဗဒ အဗ်ဒ** ကိုးကွယ်သည်။ အမှုတော်ထမ်းဆောင်သည်၊ ဟူသော စကားမှ ဖြစ်၍၊ လောကဌ ရှိသော အရာအားလုံးသည် အရှင်၏ ပြဋ္ဌာန်းချက် လောကနိယာမထဲတွင် နာမ်ပိုင်း။ စိတ်ပိုင်းဆိုင်ရာ လိုက်နာသည်ဖြစ်စေ။ မလိုက်နာသည် ဖြစ်စေ– ရုပ်ဝတ္ထုပိုင်းဆိုင်ရာ လိုက်နာနေရသည် ဖြစ်၍ လောကဌ ရှိသမျှသော အရာအားလုံးကို အရှင့် အမှုတော်ဆောင်များဟု ကျမ်းတော်က ခေါ်ဆိုပေသည်။ အရှင်သည် မည်သည့်အရာကိုမှ အဝိဇ္ဇာစီး။ အမိုက်စီး။ မတရားစီရင်စေခြင်း မရှိပေ။ ဖြစ်လာသမျှသော ကောင်းကျိုးဆိုးကျိုးများသည် ထိုသူ၏၊ ထိုအရာ၏ လက်ချက်များကြောင့်သာ ဖြစ်ရပေသည်။ ထိုသို့အဝိဇ္ဇာသင့်နေသော သတ္တဝါအပေါင်းအား တရားအလင်းသို့– သို့မဟုတ် မိမိ၏ မူလဖစ်မြစ်အဖြူထည်ဘဝသို့ ပြန်လည် ရောက်စေခြင်းငှာ တရားအလင်းဆောင်သည့် ဥဏ္ဍာစဉ်တော်ဆောင်။ သတင်းတော်ဆောင်များကို ခေတ်အဆက်ဆက် ပွင့်ပေါ်စေစား၍ လူသားအပေါင်းအား ပရမတ်ဘုရားရှင်က ကရုဏာပွားလျက်သာ ရှိပေသည်။

(၇၃၀) ဤသုတ်တော်တွင် ရစ်ပတ်လှည့်မြွေ့သည်ဟူသော ဝေါဟာရမှာ **ဆဘားဘင် ဒ်ဗ်ဒ်** ကို ပြန်ဆိုခြင်း ဖြစ်၍၊ ၂း၁၆၆။ ၆း၁၀၈။ ၁၈း၈၄၊၈၅၊၈၉၊၉၃။ ၃၇း၁၀။ ၄၀း၃၆၊၃၇ တို့တွင် ဖော်ပြထားပြီး ကြိုးတစ်ခုခဲ့သို့ ဖွဲ့နှောင်သောအရာ၊ မဟာမိတ်စည်းကမ်းဖြင့် ဖွဲ့နှောင်သော အရာ၊ ဆွဲအား တစ်ခုဖြင့် ဖွဲ့နှောင်သော အရာကို ဆိုလိုပေသည်။ ဤသုတ်တော်၏ ဆိုလိုခြင်းမှာ ဆွဲအားအတွင်းမှ မလွတ်ကင်းနိုင်သော ကောင်းကင်အာကာသထဲသို့ သွားရန် ကြံစည်သော သူသည် မိရိုးဖလာထက် ထူးကဲသော ဥဏ္ဍာကို ပိုင်ဆိုင်ရမည် ဖြစ်သည်။ ထိုအခါ ဥဏ္ဍာစဉ်၏ သဘော တရားကို နားလည် လာပြီး ဥဏ္ဍာစဉ်၏ ဇစ်မြစ်တော် အရှင်အား သိလာနိုင်ဘွယ်ရှိသည်။ ထိုအခါ သူသည် မိရိုးဖလာ အစွဲများကို ဖြတ်တောက်ပစ်ရမည် ဖြစ်သည်၊ သို့မဟုတ်က သူ့အား မိရိုးဖလာများမှ ဖြတ်တောက်ပစ်သည်ကို ခံရပေလိမ့်မည်၊ သူသည် မိရိုးဖလာ ပတ်ဝန်းကျင်နှင့်

၁၆။	**وَكَذَٰلِكَ أَنزَلْنَاهُ آيَاتٍ بَيِّنَاتٍ وَأَنَّ اللَّهَ يَهْدِي مَن يُرِيدُ** ۞ ဤသို့၊ ငါသည် ၎င်းကို ရှင်းလင်းသော သုတ်ဒေသနာများဖြင့် ချမှတ်ပေးတော်မူ၏။ ဇကနပင် ပရမတ်ဘုရားရှင်သည် အလိုတော်ရှိသူတို့အား လမ်းညွှန်တော်မူ၏။
၁၇။	**إِنَّ الَّذِينَ آمَنُوا وَالَّذِينَ هَادُوا وَالصَّابِئِينَ وَالنَّصَارَىٰ وَالْمَجُوسَ وَالَّذِينَ أَشْرَكُوا إِنَّ اللَّهَ يَفْصِلُ بَيْنَهُمْ يَوْمَ الْقِيَامَةِ إِنَّ اللَّهَ عَلَىٰ كُلِّ شَيْءٍ شَهِيدٌ** ۞ ဇကနပင် ယုံကြည်သော သူများ၊ ရေဝတီဖြစ်သူများ၊ ရေသန့်အယူရှိသူများ၊ ခရစ်ယာန်များ၊ မဂျူစီများ၊ ရောပြွန်းကိုးကွယ်သော သူများ ---။ ရပ်တည်ရမည့် နေ့ကာလတွင် ပရမတ်ဘုရားရှင်သည် သူတို့၏ကြားဌာ ဇကနပင် ရှင်းလင်းဆုံးဖြတ်တော်မူလတ္တံ့။ ဇကနပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအတွက် သက်သေသက်ကန် ဖြစ်၏။[၇၃]
၁၈။	**أَلَمْ تَرَ أَنَّ اللَّهَ يَسْجُدُ لَهُ مَن فِي السَّمَاوَاتِ وَمَن فِي الْأَرْضِ وَالشَّمْسُ وَالْقَمَرُ وَالنُّجُومُ وَالْجِبَالُ وَالشَّجَرُ وَالدَّوَابُّ وَكَثِيرٌ مِّنَ النَّاسِ وَكَثِيرٌ حَقَّ عَلَيْهِ الْعَذَابُ وَمَن يُهِنِ اللَّهُ فَمَا لَهُ مِن مُّكْرِمٍ إِنَّ اللَّهَ يَفْعَلُ مَا يَشَاءُ** ۞ ဇကနပင် မိုးများအတွင်း၊ မြေအတွင်း--၊ နေ၊ လ၊ ကြယ်တာရာများ၊ တောတောင်များ၊ သစ်ပင်များ၊ သတ္တဝါ အပေါင်းနှင့် လူသားပေါင်း များစွာသည် ပရမတ်ဘုရားရှင်အား ဦးချရိုကျိုးနေကြသည်ကို သင် မမြင်တော့သလော။ ကျန်များစွာမှာလည်း ဝဋ်ကြွေးဒဏ် အမှန်အကန် သင့်ရ၏။ ပရမတ်ဘုရားရှင်က နှိမ့်ချထားသူ၊ ထိုသူအား ကျက်သရေဆောင်ပေးနိုင် သူ မရှိချေ။ ဇကနပင် ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မှီသည့်အရာအား စီမံတော်မူပေ၏။
၁၉။	**هَٰذَانِ خَصْمَانِ اخْتَصَمُوا فِي رَبِّهِمْ فَالَّذِينَ كَفَرُوا قُطِّعَتْ لَهُمْ ثِيَابٌ مِّن نَّارٍ يُصَبُّ مِن فَوْقِ رُؤُوسِهِمُ الْحَمِيمُ** ۞ ဤတွင်၊ သူတို့၏ ကံကြမ္မာရှင်နှင့် စပ်လျဉ်း၍ အချေအတင် ဖြစ်နေသော အချေအတင် အုပ်စုနှစ်ခု ရှိ၏။ ဖုံးကွယ်သော သူ၊ ထိုသူတို့အတွက် မီးသား ခြုံထည်စကို ညှပ်ပြီ။ သူတို့ ဦးခေါင်းပေါ်မှ ရေနွေးပူကို သွန်းလောင်းလတ္တံ့။
၂၀။	**يُصْهَرُ بِهِ مَا فِي بُطُونِهِمْ وَالْجُلُودُ** ۞ သူတို့၏ ဝမ်းတွင်းနှင့် အရေပြားများကို အရည်ပျော်စေလတ္တံ့။
၂၁။	**وَلَهُم مَّقَامِعُ مِنْ حَدِيدٍ** ۞

ဝိရောဓိသာ ဖြစ်လျက် ကရုဏာဒေါသ၊ လူသားများကို ပြောဆိုရှင်းပြ၍ မရနိုင်သောကြောင့် မိမိကိုယ်မိမိ ဖြစ်ရသော ဒေါသများမှ ကင်းရန်မှာ မလွယ်ကူလှချေ– ဟု ဖြစ်ပေသည်။ ယခုအခါ သီအိုရီ တစ်ခုအား တွေ့ရှိလေသော ပညာရှင်တိုင်းသည် ဤဒုက္ခကို ခံနေရသည်ပင်။

(၇၃၀) မဂျူစီများ ဆိုသည်မှာ– မီးကို ပူဇော်ပသ ကိုးကွယ်သော သာသနာ အယူဝါဒကို ခေါ်ဆိုပေသည်။ ရေသန့်အယူရှိသူများ ဆိုသည်ကို ၂း၆၂ တွင် ကြည့်ပါ။ ဤသုတ်တော်၌ ထူးခြားသည်မှာ ရောပြွန်းကိုးကွယ်သူများကို ဘာသာ အုပ်စု တစ်ခု အတွင်းတွင် ထည့်၍ သတ်မှတ်ပေးထားပေသည်။ ရောပြွန်းကိုးကွယ်သူများကို ဆရာတော်ကြီးများက ရုပ်ပွားဆင်းတု ကိုးကွယ်သူများဟု မကြာခဏ ပြန်ဆိုကြပေသည်။ ထိုကဲ့သို့သော လူများသည် ဘာသာ၊ သာသနာတိုင်းတွင် ရှိနေပေသည်။ ထိုစကားလုံး **မုဂ္ဂရီးက်ခ်** ဟု တိုက်ရိုက် အဓိပ္ပါယ်မှာ တစ်စုံတစ်ခုအား၊ တစ်စုံတစ်ရာဖြင့် ထပ်မံပေါင်းစပ်ခြင်း။ ပေါင်းဘက်ခြင်း။ အစုစပ်ရှယ်ယာ လုပ်ခြင်းများကို ဆိုလိုပေသည်။ ဤသုတ်တော်တွင် ကမ္ဘာ့ဘာသာကြီး အားလုံးကို ညွှန်းသည့်အနေဖြင့်၊ အစ္စလာမ် (ယုံကြည်သူများ)၊ ရေဝတီ (ဂျူးများ)၊ ခရစ်ယာန်၊ မဂျူစီ (မီးကိုးကွယ်သူများ၊ သို့မဟုတ် မီးကို ပူဇော်ပသရာ အဖြစ် သာသနာတော်၏ အထိမ်းအမှတ်တွင် မီး၊ ဖရောင်းတိုင်၊ ဆီမီး စသည်တို့ကို အထွဋ်အထိပ် အခန်းကဏ္ဍ၌ ထားတတ်သူများ)၊ ရေသန့်အယူ ရှိသူများကို ဖေါ်ပြထားပြီးဖြစ်၍၊ ရောပြွန်းကိုးကွယ်သူများ ဆိုသည်မှာ – ထိုသာသနာ အတွင်းတွင်မှ– ဘုရားကိုလည်း ကိုးကွယ်၍– အခြားကောင်းနိုးရာရာများကိုလည်း လိုက်နာဆောင်ရွက် ပူဇော်ပသ၊ ကိုးကွယ်ဆည်းကပ်လေ့ ရှိသော သူများကို ဆိုလိုပေသည်။ မျိုးဆက် တစ်ဆက်ပြောင်းတိုင်း မည်သည့် အယူဝါဒသည် လူ့လောကနှင့် အံဝင်ဂွင်ကျ ရှိသည် ဆိုခြင်းမှာ အဖြေ တစ်ရပ်အနေဖြင့် ထွက်လာလိမ့်မည်ဟု ဆိုလိုပေသည်။ (ရပ်တည်မြဲမြံသော နေ့ကာလ ဆိုသည်ကို ၂း၁၇၄ တွင် ကြည့်ပါ။)။

	သူတို့အတွက် သံ ခြေကျင်းသည် ရှိနေ၏။
၂၂။	**كُلَّمَا أَرَادُوا أَن يَخْرُجُوا مِنْهَا مِنْ غَمٍّ أُعِيدُوا فِيهَا وَذُوقُوا عَذَابَ الْحَرِيقِ۞** ထိုအရာမှ၊ တလှိုက်လှိုက် ဖြစ်နေရခြင်းမှ ထွက်မြောက် လိုကြသော အခါတိုင်း၊ ထိုဌာန ဆက်ရှိစေလျက်၊ လောင်ကျွမ်းခြင်း ဝဋ်ကြွေးအား မြည်းစမ်းစေလတ္တံ့။
၂၃။	**إِنَّ اللَّهَ يُدْخِلُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ يُحَلَّوْنَ فِيهَا مِنْ أَسَاوِرَ مِن ذَهَبٍ وَلُؤْلُؤًا وَلِبَاسُهُمْ فِيهَا حَرِيرٌ۞** ဇကန်ပင် ပရမတ်ဘုရားရှင်သည် ယုံကြည်လျက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသော သူများအား အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများသို့ ဝင်ရောက်စေမည်ပင်။ ထို၌ သူတို့အား ရွှေစလွယ် ပုလဲတို့ဖြင့် ဆင်မြန်းပေးမည်။ ထို၌ သူတို့၏ ဆင်ယင်စရာမှာ ပိုးဖဲကတ္တီပါတို့ ဖြစ်၏။
၂၄။	**وَهُدُوا إِلَى الطَّيِّبِ مِنَ الْقَوْلِ وَهُدُوا إِلَى صِرَاطِ الْحَمِيدِ۞** သူတို့အား စင်ကြယ်သော အဆိုအမိန့်များ ဆီသို့ လမ်းညွှန်ခံရပြီ။ ရည်သန်စူးစိုက်ရာ လမ်းစဉ်သို့ လမ်းညွှန်ခံရပြီ။
၂၅။ **ဤသည်**	**إِنَّ الَّذِينَ كَفَرُوا وَيَصُدُّونَ عَن سَبِيلِ اللَّهِ وَالْمَسْجِدِ الْحَرَامِ الَّذِي جَعَلْنَاهُ لِلنَّاسِ سَوَاء الْعَاكِفُ فِيهِ وَالْبَادِ وَمَن يُرِدْ فِيهِ بِإِلْحَادٍ بِظُلْمٍ نُذِقْهُ مِنْ عَذَابٍ أَلِيمٍ۞** ဇကန်ပင်၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌– ဝဇီပိတ်ကျင့်သူနှင့် **လူသာမန်** မဟူ လူသားချင်းအတူတူ ဖြစ်စေရမည်ဟု ငါအရှင်က စီစဉ်ပေးထားသော ဘေးမဲ့ဝတ်ကျောင်းတော်မှ– ဖယ်ခိုင်းသော သူ၊ ဖုံးကွယ်သော သူ၊ ထို၌ လှိုးလွဲခြင်း အဝိဇ္ဇာသို့ တွန်းပို့ လိုသူတို့အား စူးနစ်သော ဝဋ်ကြွေးဒဏ်ကို မြည်းစမ်းစေမည်။[၇၂]
၂၆။ ☆ ၂း၁၂၅	**وَإِذْ بَوَّأْنَا لِإِبْرَاهِيمَ مَكَانَ الْبَيْتِ أَن لَّا تُشْرِكْ بِي شَيْئًا وَطَهِّرْ بَيْتِيَ لِلطَّائِفِينَ وَالْقَائِمِينَ وَالرُّكَّعِ السُّجُودِ۞** ငါသည် အဓိဇရာဟီးမ်အား အိမ်တော် တည်ရာကို နေရာချပေးသောအခါ၊ ငါနှင့် တစ်စုံတစ်ရာကိုမှ မရောပွန်းစေရ၊ လှည့်နေသူ၊ ရပ်နေသူ၊ ဦးညွတ်သူ၊ ဦးချသူတို့အတွက် ငါ၏ အိမ်တော်ကို သန့်စင်စေရမည်ဟု (မိန့်၏)။☆
၂၇။ ★ ၂း၁၈၅ **လူကိုယ်တိုင်**	**وَأَذِّن فِي النَّاسِ بِالْحَجِّ يَأْتُوكَ رِجَالًا وَعَلَى كُلِّ ضَامِرٍ يَأْتِينَ مِن كُلِّ فَجٍّ عَمِيقٍ۞** ကံဆောင်ပရိဝါသ်ပြုကြရန်★ လူသားတို့အား ကြေငြာလော့၊ သင့်ထံသို့ လူချည်းဖြစ်စေ၊ အားလုံးကိုယ်စီ ခရီးပန်းခြင်း ပေါ်၌ ဖြစ်စေ၊ လာရောက်ကြမည်။ အဝေးမှ အဝေးပြေးကိုယ်စီဖြင့် လာရောက်ကြမည်မှာ–[၇၃]

---

(၇၂၂) **ဇ်ဆ်ဋ် အာကိဖု** ဆိုသည်မှာ အရာတစ်ခုအား ဖက်တွယ်နေသူ။ နှတ်ဆိတ်နေသူ ဟု ဖြစ်၍ ဤနေရာ၌ ဇာတိချက်မြှပ် မပြောင်းရွေ့ဘဲ ရှိနေသူ ဒေသခံ သို့မဟုတ် ကအ်ဘာ ဝတ်ကျောင်းတော်၌ ယခင်ကပင် သံယောဇဉ် ဖက်တွယ်နေသူများကို ဆိုလိုပေသည်။ **ဘ်ဒ် ဘာ့ဒ်** ဆိုသည်မှာ ကျေးလက် ဒေသသား၊ တောသား– ထိုခေတ်က အထင်ကြီး၊ အရေးတယူ ရှိခြင်း မခံရသော တိုင်းရင်းသားများကို ခေါ်ပေသည်၊ ထိုသူတို့သည် မဂ္ဂာဟ် ဇာတိမဟုတ်၍ သူတို့အား ဤနေရာ၌ **ဧည့်သည်**ဟု ပြန်ဆိုခြင်း ဖြစ်ပါသည်။ အစွန်လာမ်သာသနာ ပေါ်ထွန်းလာသောအခါ မျိုးနွယ်ကြောင့်၊ အသား အရောင်ကြောင့်၊ မွေးရာဇာတိကြောင့်၊ ဖို၊ မဖြစ်ခြင်းကြောင့် စသည့် အကြောင်းအမျိုးမျိုးကို ပြလျက် လူလူချင်း ခွဲခြားမှုများကို နိဋ္ဌိတံခဲ့ စေပေသည်။

(၇၂၃) ဤသုတ်တော်တွင် ဆိုသော **ခရီးပန်းခြင်း (ဖြစ်နေသော)** ဟူသည့် **ဒ်ာမိရ် သွာမိရ်** ဆိုသည်မှာ ရှေးခေတ်က ခရီးဝေးမှ လာရသောကြောင့် ပင်ပန်းနွမ်းနယ်သည့် ပိန်လိုနေသော အစီးအနင်း ကုလားအုပ်များအား ကိုယ်စားပြုသုံးသော အသုံးဖြစ်ပေသည်။ သို့သော် ထို စကားလုံးသည် **ကုလားအုပ်** နှင့် ပတ်သက်၍သာ သုံးရမည်ဟု ပုံသေ အသုံးအနှုန်း မဟုတ်ချေ။ ခရီးဝေးမှ လာခဲ့ရခြင်းကြောင့် **မောပန်းနွမ်းလျ နေသော၊ အင်ဂျင် ပူနေသော** စသည့် အသုံးအနှုန်း ဖြစ်၍– ကံဆောင်ပရိဝါသ်ပြုရန် ဝေးကွာသော ခရီးမှ လာခဲ့ရသူများကိုသာ ဆိုလိုပေသည်။ ထိုရှေ့မှ စကားလုံး **ခြေလျှင် ဖြစ်စေ** ဆိုသည်က ခရီးနီးမှ လာရသူများကို ပြော၍၊ နောက်ဝါကျ **ဝေးကွာလွန်းသော ခရီးရှည် ကိုယ်စီမှ** ဆိုသည်က ထိုထက်ထိုထက် ပို၍ဝေးသော နေရာများမှ (ကမ္ဘာအရပ်ရပ်မှ) ရောက်လာကြမည်ဟု ဆိုခြင်း ဖြစ်ပေသည်။ **ဟာ့ဂ်** ကို ကံဆောင်ပရိဝါသ်ပြုခြင်းဟု ဘာသာပြန်သည်ကို ၂း၁၅၈ တွင်ကြည့်ပါ။ ဤသုတ်တော်မှ ပြောသည့် **ဝေးကွာလွန်းသော ခရီးရှည် ကိုယ်စီမှ** ပြောခြင်းမှာ၊ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကပင်၊

၂၈။	**لِيَشْهَدُوا مَنَافِعَ لَهُمْ وَيَذْكُرُوا اسْمَ اللَّهِ فِي أَيَّامٍ مَّعْلُومَاتٍ عَلَى مَا رَزَقَهُم مِّن بَهِيمَةِ الْأَنْعَامِ فَكُلُوا مِنْهَا وَأَطْعِمُوا الْبَائِسَ الْفَقِيرَ۞** သူတို့၏ အကျိုးအတွက် သက်သေခံရန်၊ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အား သတိရဘာဝနာပွားရန် ဖြစ်၏။ သိရှိစေပြီး ရက်များ အတွင်း ကပ်ပြီယ နို့တိုက်သတ္တဝါများကို သင်တို့အတွက် ရိက္ခာဖြစ်စေ၏၊ သို့ဖြစ်၍ ၎င်းကို စားသုံးကြလော့၊ ကံဆိုး ချို့တဲ့သူတို့အား ကျွေးမွေးကြလော့။[၇၄]
၂၉။	**ثُمَّ لْيَقْضُوا تَفَثَهُمْ وَلْيُوفُوا نُذُورَهُمْ وَلْيَطَّوَّفُوا بِالْبَيْتِ الْعَتِيقِ۞** ထို့နောက် သူတို့အား ပြဋ္ဌာန်းသည့်တာဝန်ကို ပြီးဆုံးစေလော့၊ သူတို့၏ သန္ဓိဋ္ဌာန်အား ဖြည့်စေလော့၊ ရှေးဟောင်း အိမ်တော်ကို လည်ပတ်ဂါယာပြုစေလော့။
၃၀။ ☆ ၂၁၇၃ ၅၃	**ذَٰلِكَ وَمَن يُعَظِّمْ حُرُمَاتِ اللَّهِ فَهُوَ خَيْرٌ لَّهُ عِندَ رَبِّهِ وَأُحِلَّتْ لَكُمُ الْأَنْعَامُ إِلَّا مَا يُتْلَى عَلَيْكُمْ فَاجْتَنِبُوا الرِّجْسَ مِنَ الْأَوْثَانِ وَاجْتَنِبُوا قَوْلَ الزُّورِ۞** ဤသို့– ပရမတ်ဘုရားရှင်၏ ဘေးမဲ့ပေးထားခြင်းများအား အထွဋ်အမြတ်ထားသူ၊ ထိုသူအတွက် သူ့ကံကြမ္မာရှင်၏ ထံ၌ အကောင်းဆုံးရှိ၏။ သင်တို့အား ရွတ်ဖတ်ပြပြီးသည်မှအပ☆ ကပ်ပ်ယသတ္တဝါများသည် သင်တို့အဘို့ တရားဝင် ဖြစ်၏။ ညစ်ညမ်းသည့် ဆင်းတုရုပ်ပွားများမှ ကင်းသန့်ကြလော့၊ လှည့်ပတ်ပြောဆိုမှုမှ ကင်းသန့်ကြလော့။
၃၁။	**حُنَفَاء لِلَّهِ غَيْرَ مُشْرِكِينَ بِهِ وَمَن يُشْرِكْ بِاللَّهِ فَكَأَنَّمَا خَرَّ مِنَ السَّمَاء فَتَخْطَفُهُ الطَّيْرُ أَوْ تَهْوِي بِهِ الرِّيحُ**

ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက် ဖြစ်သည်၊ ထိုအချိန်က ကံဆောင်ပရိဝါသ်ပြုကြရာ ဆုံမှတ်ဖြစ်သည့် "မက္ကာဟ်" ရှိ ဘေးမဲ့ကျောင်းတော်သည် အစ္စလာမ် သာသနာဝင်တို့၏ လက်ထဲတွင် မရှိသေးပေ။ ပရမတ်ဘုရားရှင်သည် ဖြစ်ကို ဖြစ်လာရမည်ကို သတ်မှတ် ပြဋ္ဌာန်းပေးခြင်း ဖြစ်ပေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ က မကြားဘူး မသိဘူးခဲ့သော နေရာ မက္ကာဟ်အား ယခုအခါ– ကမ္ဘာ့အရပ်မှ အစ္စလာမ် သာသနာဝင်များ နှစ်စဉ် သွားရောက်၍ ကံဆောင်ပရိဝါသ် ပြုနေကြပြီ ဆိုသည်မှာ အလွန်ထင်ရှားသော သက်သေပြချက်ပင် ဖြစ်ပေသည်။ ထိုအပြင် ဤနေရာ၌ ဘာသာ ပြန်သည့် **ဓေးကွာလွန်းသည့်** ဟူသည့်စကားလုံး **عَمِيقٍ အမီးက်** ၏ အနက်မှ **နက်နက်ရှိုင်းရှိုင်း သုတေသန ပြုလုပ်ခြင်း** ကိုလည်း ဆိုလိုပေသည်။ ထို့ကြောင့် ကမ္ဘာအရပ်ရပ်မှ နက်နက်ရှိုင်းရှိုင်း သုတေသနလုပ်သော သုတေသီတို့သည် အစ္စလာမ် သာသနာကို လက်ခံယုံကြည်လာလျက် ကံဆောင်ပရိဝါသ် ပြုရန် ရောက်ရှိလာကြည်မည်ဟုလည်း ကြိုတင်နိမိတ်ပေးထားခြင်း ဖြစ်ပေသည်။

(၇၄၄) ဤသုတ်တော်အား အချို့က **သူတို့အတွက် သက်သေဖြစ်စေရန်၊ သတ်မှတ်ထားသော ရက်များ၌ သင်တို့အတွက် ရိက္ခာအဖြစ် ပေးထားသော ခြေလေးချောင်း တိရိစ္ဆာန်ကို ပရမတ်ဘုရားရှင်၏ နာမတော်အား ရွတ်ဖတ်တသရန်၊** ဟု လွဲမှားစွာ ဝါကျကောက်ယူ ဘာသာ ပြန်ကြသည့် အပြင်၊ ဤအကြောင်းအရာသည် အစ္စလာမ် သာသနာဝင်များ ယနေ့ ပြုလုပ်နေကြသည့် **ကုရ်ဗာနီ** ဟူသော အကြောင်းနှင့် ဆက်စပ်နေသဖြင့်၊ အစ္စလာမ်အား အမြဲပုတ်ခတ်ပြစ်တင်ရန် ကြိုးစားနေသူများက– မွတ်ဆလင်များသည် ဘုရားသခင်အတွက် "ကျွဲ၊ နွား" များကို သတ်ဖြတ်နေကြသည်ဟု လည်းကောင်း၊ အချို့ကလည်း မည်သည့် အရပ်က လာမှန်းမသိ ယုတ္တိမတန်သော ဇာတ်လမ်း "ရဲရဲတောက် မီးဖုတ်ထားသော သံတုံးသံခဲကြီးကို နင်းနှိုင်မှ ကျွဲ၊ နွားများကို သတ်ကြ ဟု မိန့်ထားသည်ကို မှေထားလျက် မွတ်ဆလင်များက ကျွဲ၊ နွား များကို သတ်နေကြသည်" ဟု လည်းကောင်း ကြားဘူးနားဝ စိတ်ထင်ရာများကို ပြောနေကြပေသည်။ ဤသုတ်တော်နှင့် အထက်သုတ်တော်များက "ကအ်ဘာ"သည် ဘေးမဲ့ကျောင်းတော် ဖြစ်သည်။ တနည်းအားဖြင့် ကအ်ဘာ ဝန်းကျင်တွင် ယေဘုယျအားဖြင့် အသက်ဟု သတ်မှတ်သည့် သတ္တဝါများကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရန်၊ စစ်မဖြစ်ရန် ပညတ်ထားသည်၊ ထိုအပေါ်တွင် အယူသည်းသွားလျက် မည်သည့် စားရေရိက္ခာကိုမှ မစားမသောက်သော၊ လူသားတို့ မလိုက်နာနိုင်သည့် ဥပဒေများကို နောက်ပေါက်ဆရာတော်များက မချမှတ်နိုင်စေရန်နှင့် အထောင် အသောင်း အသန်း ကမ္ဘာ အရပ်ရပ်မှ လာရောက်ကြသော ဧည့်သည်များအတွက် စားရေရိက္ခာ ပြေလည်စေရန် စားသောက်ဘယ် ဝတ္ထုများကို စီမံပြုလုပ် စားသောက်ခွင့် ပြုထားခြင်း ဖြစ်ပေသည်။ ထိုသို့စားသုံးရာတွင် ရှေးဟောင်းလူတို့က **ဗဟီမာဟ်** ခေါ် နို့တိုက်တိရိစ္ဆာန်များကို ပူဇော်ပသရာ ဝတ္ထုအဖြစ် သတ်မှတ်ထားခြင်း ကြောင့် (၅း၁၀၃) စားသုံးခြင်း၌ တွန့်ဆုတ်နေကြသည့် ဓလေ့ဟောင်းကို ဤသုတ်တော်ပါ ဥပဒေဖြင့် ပယ်ဖျက်ပေးခြင်း ဖြစ်ပေသည်။ ဤသုတ်တော်တွင် **သင်တို့အတွက် ရိက္ခာ** ဟု ရှင်းရှင်းလင်းလင်း ပြောထားသည်ကိုပင် **ဘုရားသခင်အား ယဇ်ပူဇော်သည်** ဟု ပုတ်ခတ်ချင်သူများအား အလွန် အံ့သြဘွယ်ကောင်းပေသည်။ ထို့အပြင် ဆင်းရဲနွမ်းပါးသူများကိုပါ ကျွေးမွေးရမည် ဆိုသည့် အတွက် လူအများ စားသုံးရန် အလှူအဒါန်းကြီး ပြုလုပ်ခြင်းတည်းဟူသည့် ခေါင်းစဉ်လည်း ပါနေပေသည်။ အစ္စလာမ် မဟုတ်သော အခြားသာသနာဝင်များသည်လည်း အလှူ၊ ရှင်ပြု၊ ရဟန်းခံ ပွဲများ၌ သတ္တဝါ တို့အား လှုဘွယ်ဝတ္ထုအဖြစ် သတ်မှတ်လျက် တစ်ခမ်းတစ်နားကြီး ကျွေးမွေးနေသည်ပင်။ ထိုသို့ အသား ငါး လှုဘွယ်ဝတ္ထုများဖြင့် ကျွေးမွေးခြင်းသည် အကုသိုလ်ဖြစ်သော အလှူဒါနဟု မည်သူကမှ သတ်မှတ်ထားခြင်း မရှိချေ။

	فِي مَكَانٍ سَحِيقٍ۝ ပရမတ်ဘုရားရှင်၌ အယူသန့်သန့်ရှိစေလော့၊ အရှင်နှင့် ရောပြွန်းကိုးကွယ်ရာ မရှိစေနှင့်၊ ပရမတ်ဘုရားရှင်နှင့် ရောပြွန်းကိုးကွယ်ရာ ထားသူသည်၊ ကောင်းကင်မှ ဦးဇောက်ပြုတ်ကျ၍ ငှက်များ၏ ထိုးသုတ်ခံရ သူကဲ့သို့ သို့မဟုတ် လေအလိုက်သင့် အဝေးသို့ ရောက်ရသူကဲ့သို့ ဖြစ်၏။
၃၂။	**ذَٰلِكَ وَمَن يُعَظِّمْ شَعَائِرَ اللَّهِ فَإِنَّهَا مِن تَقْوَى الْقُلُوبِ۝** ဤသို့– ပရမတ်ဘုရားရှင်က သတိမူစေသည်များကို အထွဋ်အမြတ်ထား သူသည်၊ ဇကန်ပင် ၎င်းသည် နှလုံးသား၌ စည်းစောင့်ခြင်းများမှ ဖြစ်၏။
၃၃။ ★ ၂း၁၅၅	**لَكُمْ فِيهَا مَنَافِعُ إِلَىٰ أَجَلٍ مُّسَمًّى ثُمَّ مَحِلُّهَا إِلَى الْبَيْتِ الْعَتِيقِ۝** ထို၌ သတ်မှတ်ကာလ အချိန်ထိ သင်တို့အဘို့ အကျိုးတရားရှိ၏။ တဖန် သူတို့အား ရှေးဟောင်း အိမ်တော်သို့★ တရားဝင်ဖြစ်စေကြလော့။
၃၄။	**وَلِكُلِّ أُمَّةٍ جَعَلْنَا مَنسَكًا لِيَذْكُرُوا اسْمَ اللَّهِ عَلَىٰ مَا رَزَقَهُم مِّن بَهِيمَةِ الْأَنْعَامِ فَإِلَٰهُكُمْ إِلَٰهٌ وَاحِدٌ فَلَهُ أَسْلِمُوا وَبَشِّرِ الْمُخْبِتِينَ۝** သင်တို့အား ရိက္ခာပေးထားသည့် ကပ္ပိယ နို့တိုက်သတ္တဝါတို့ အပေါ်၌ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်ကို သတိရစေရန် အသိုင်းအဝိုင်း ကိုယ်စီအတွက် ဝတ်ဖြည့်နည်းကို ငါ စီစဉ်ပြီး ဖြစ်၏။ သင်တို့၏ ဘုရားရှင်သည် တစ်ဆူတည်းသော ဘုရားရှင် ဖြစ်၏။ အရှင့် အတွက် ငြိမ်းချမ်းရေးပြုကြလော့၊ နှိမ့်ချမှုရှိသူတို့အား သတင်းကောင်းကို ပါးလော့။
၃၅။ ★၂း၃	**الَّذِينَ إِذَا ذُكِرَ اللَّهُ وَجِلَتْ قُلُوبُهُمْ وَالصَّابِرِينَ عَلَىٰ مَا أَصَابَهُمْ وَالْمُقِيمِي الصَّلَاةِ وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ۝** ပရမတ်ဘုရားရှင်က သူတို့အား သတိဖေါ်ပေးသောအခါ၊ သူတို့၏ စိတ်နှလုံးများ တုန်လှုပ်ရိုကျိုးကြ၏၊ သူတို့အား ထိခိုက်သော အရာအား သည်းခံသူများ၊ ဝတ်ပြု★ မြဲကြသူများ၊ ရိက္ခာပေးရာမှ ပေးကမ်းသုံးစွဲသူများ ဖြစ်ကြ၏။
၃၆။	**وَالْبُدْنَ جَعَلْنَاهَا لَكُم مِّن شَعَائِرِ اللَّهِ لَكُمْ فِيهَا خَيْرٌ فَاذْكُرُوا اسْمَ اللَّهِ عَلَيْهَا صَوَافَّ فَإِذَا وَجَبَتْ جُنُوبُهَا فَكُلُوا مِنْهَا وَأَطْعِمُوا الْقَانِعَ وَالْمُعْتَرَّ كَذَٰلِكَ سَخَّرْنَاهَا لَكُمْ لَعَلَّكُمْ تَشْكُرُونَ۝** အလှူဝတ္ထုရုပ်ကလပ်များ––၎၅၅ ပရမတ်ဘုရားရှင်က သင်တို့အတွက် ၎င်းတို့ကို သတိမူစေသည်များမှ စီစဉ်ပြီး။ ၎င်း၌ သင်တို့အတွက် ကောင်းကျိုးရှိစေပြီ။ ၎င်းတို့အား စီတန်းထားသော အခါ ထိုအပေါ်၌ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်ကို သတိရဆင်ခြင်လော့၊ ၎င်းတို့၏ နံဘေးများသည် လဲကျသောအခါ၊ ထိုမှ စားသုံးကြလော့၊ ရည်ရွယ်ထားသူများနှင့် ရှေ့တန်းထွက်ရသူများကို ကျွေးမွေးကြလော့၊ သင်တို့သည် ကျေးဇူးသိတတ်အံ့သောငှာ ငါသည် ၎င်းတို့အား ဤသို့ သင်တို့၏ အသုံးခံ ဖြစ်စေ၏။
၃၇။	**لَن يَنَالَ اللَّهَ لُحُومُهَا وَلَا دِمَاؤُهَا وَلَٰكِن يَنَالُهُ التَّقْوَىٰ مِنكُمْ كَذَٰلِكَ سَخَّرَهَا لَكُمْ لِتُكَبِّرُوا اللَّهَ عَلَىٰ مَا هَدَاكُمْ وَبَشِّرِ الْمُحْسِنِينَ۝** ၎င်းတို့၏ အသား၊ ၎င်းတို့၏ အသွေးများသည် ပရမတ်ဘုရားရှင်ထံသို့ ဆိုက်ရောက်သည်မဟုတ်၊ သို့ရာတွင် သင်တို့၏ စည်းစောင့်ခြင်းသည်သာ အရှင့်ထံသို့ ဆိုက်ရောက်၏။ သင်တို့အား လမ်းညွှန်ပေးခြင်း၌ ပရမတ်ဘုရားရှင်၏ ကြီးကျယ်မှုကို သတိရအံ့သောငှာ အရှင်သည် ၎င်းတို့ကို သင်တို့၏ အသုံးခံဖြစ်စေ၏။ သုမင်္ဂလာပြုသူတို့အား သတင်း

(၇၃၅) **အလ်ဘုဒ်နန ဝဲအ်ဟ** ၏အနက်မှာ **ကိုယ်ထည်**ဟု ဖြစ်သည်။ အချို့ဆရာတော်များက ကုလားအုပ်၏ ကိုယ်ထည် (ကုလားအုပ်) ဟု ပြန်ဆိုကြသည်။

	ကောင်းပါးလော့။
၃၈။ دَافِعُ	**إِنَّ اللَّهَ يُدَافِعُ عَنِ الَّذِينَ آمَنُوا إِنَّ اللَّهَ لَا يُحِبُّ كُلَّ خَوَّانٍ كَفُورٍ** ۞ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ယုံကြည်သော သူတို့နှင့် စပ်လျဉ်း၍ **ခုခံကာကွယ်**ပေး၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သစ္စာဖောက်သူ၊ ဖုံးကွယ်သူ ကိုယ်စီအား နှစ်သက်တော် မမူပေ။
၃၉။ ခုခံခွင့်	**أُذِنَ لِلَّذِينَ يُقَاتَلُونَ بِأَنَّهُمْ ظُلِمُوا وَإِنَّ اللَّهَ عَلَى نَصْرِهِمْ لَقَدِيرٌ** ۞ မိုက်ကြေးခွဲ သတ်ဖြတ်ခံရသော သူတို့အား **ငင်း** ကို ခွင့်ပြုပေးတော်မူ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သူတို့အပေါ် ကူညီခြင်း၌ ဥပဒေပြုပေးတော်မူ၏။
၄၀။	**الَّذِينَ أُخْرِجُوا مِن دِيَارِهِمْ بِغَيْرِ حَقٍّ إِلَّا أَن يَقُولُوا رَبُّنَا اللَّهُ وَلَوْلَا دَفْعُ اللَّهِ النَّاسَ بَعْضَهُم بِبَعْضٍ لَّهُدِّمَتْ صَوَامِعُ وَبِيَعٌ وَصَلَوَاتٌ وَمَسَاجِدُ يُذْكَرُ فِيهَا اسْمُ اللَّهِ كَثِيرًا وَلَيَنصُرَنَّ اللَّهُ مَن يَنصُرُهُ إِنَّ اللَّهَ لَقَوِيٌّ عَزِيزٌ** ۞ သူတို့က ‘‘ကျွန်ုပ်တို့၏ ကံကြမ္မာရှင်သည် ပရမတ်ဘုရားရှင်သာ ဖြစ်သည်၊’’ဟု ဆိုခြင်းကြောင့် သူတို့၏ အိမ်ဗိမာန်များမှ သစ္စာမဲ့စွာဖြင့် မောင်းထုတ်ခံရသော သူများ ဖြစ်၏။ အကယ်၍ ပရမတ်ဘုရားရှင်သည် လူသားတစ်ချို့ကို တစ်ချို့အားဖြင့် မခုခံစေခဲ့လျှင်၊ ဘုန်းကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားကျောင်းများ၊ ဂျူးဘုရားကျောင်းများ၊ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အား များစွာ သတိရဘာဝနာပြုသော အစွယ်လာမ်ဝတ်ကျောင်းများသည် ဖျက်ဆီးခြေမှုန်ရပြီး ဖြစ်လတ္တံ့။ အရှင့်အတွက် ကူညီသူအား ဇကန်ပင် ပရမတ်ဘုရားရှင်သည် သူ့အား ကူညီတော်မူ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် တန်ခိုးတော်ရှင် ဘုန်းတော်အရှင် ဖြစ်တော်မူ၏။[၇၃၆]
၄၁။ ★၂၃	**الَّذِينَ إِن مَّكَّنَّاهُمْ فِي الْأَرْضِ أَقَامُوا الصَّلَاةَ وَآتَوُا الزَّكَاةَ وَأَمَرُوا بِالْمَعْرُوفِ وَنَهَوْا عَنِ الْمُنكَرِ وَلِلَّهِ عَاقِبَةُ الْأُمُورِ** ۞ သူတို့သည်၊ အကယ်၍ သူတို့အား ငါအရှင်က မြေကမ္ဘာ၌ ထူထောင်ပေးလျှင်၊ ဝတ်ပြု★ မြဲကြမည်၊ အခွန်ငွေဖြူ ပေးကြမည်၊ အသိအမှတ်ပြု ညွှန်ကြားကြမည်၊ သူစိမ်းဆန်ခြင်းကို ဟန့်တားကြမည် ဖြစ်၏။ ပရမတ်ဘုရားရှင်သည်ကား နိဂုံးချုပ် ညွှန်ကြားသော အရှင် ဖြစ်၏။
၄၂။	**وَإِن يُكَذِّبُوكَ فَقَدْ كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَعَادٌ وَثَمُودُ** ۞ အသင့်အား ငြင်းဆန်ကြလျှင်၊ သူတို့မတိုင်မီ ငြင်းဆန်ကြသူများမှာ နူးဟ်၏၊ အာဒ်၏၊ သမု–ဒ်၏ လူမျိုး–
၄၃။	**وَقَوْمُ إِبْرَاهِيمَ وَقَوْمُ لُوطٍ** ۞ အီဗရာဟီး‌မ်၏ လူမျိုး၊ လု–တ်၏ လူမျိုးတို့နှင့်–
၄၄။	**وَأَصْحَابُ مَدْيَنَ وَكُذِّبَ مُوسَى فَأَمْلَيْتُ لِلْكَافِرِينَ ثُمَّ أَخَذْتُهُمْ فَكَيْفَ كَانَ نَكِيرِ** ۞ မိဒီယံ ပေါင်းဖော်များ ဖြစ်၏။ မူဆာကိုလည်း ငြင်းဆန်ခဲ့ပြီ။ ငါသည် ဖုံးကွယ်သူတို့အား အချိန်ပေးထားတော်မူ၏။ တဖန် သူတို့အား အရေးယူလိုက်၏၊ သို့ဖြင့် မကြံဘူးသည့်ပြစ်ဒဏ်သည်☆ မည်သို့ ဖြစ်ဘိသနည်း။

(၇၃၆) အစ္စလာမ် သာသနာဝင်များသည် အဘယ်ကြောင့် စစ်တိုက်ရသည် ဆိုခြင်းကို ဤသုတ်တော်က တိကျစွာ ဆိုထားပေသည်။ အစ္စလာမ် သာသနာသည် ကမ္ဘာပေါ်တွင် ဘာသာရေး လွတ်လပ်ခွင့်ကို ပထဦးဆုံး ကြေငြာသော သာသနာ ဖြစ်ပေသည်။ မည်သည့် ဘာသာသည် မဆို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ရှိရမည် ဖြစ်သည်။ မည်သည့် သာသနာဝင်သည် မဆို မိမိ၏ သာသနိက အဆောက်အအုံများကို မတရား ဖျက်စီးခံရခြင်း၊ မိမိ၏ ယုံကြည်ချက်ကြောင့် အိုးအိမ်နေရပ်မှ မောင်းထုတ်ခံရခြင်း ဖြစ်လျှင် ထိုမတရားမှုမှ ခုခံတော်လှန်ခွင့် ရှိပေသည်။

၄၅။	**فَكَأَيِّن مِّن قَرْيَةٍ أَهْلَكْنَاهَا وَهِيَ ظَالِمَةٌ فَهِيَ خَاوِيَةٌ عَلَى عُرُوشِهَا وَبِئْرٍ مُّعَطَّلَةٍ وَقَصْرٍ مَّشِيدٍ۞** ထိုၦ အမိုက်မှောင်စီးနေကြစဉ်– ငါသည် အရပ်ဒေသသား မည်မျှအား တိမ်ကောစေခဲ့သနည်း။ ၎င်းတို့သည် အမိုးထပ်မှ အောက်ခြေထိ၊ စွန့်ပစ်ခံရသည့် မြေတွင်းနှင့် မြင့်မားသော ရပ်နားရာစခန်းထိ ပြိုကျခဲ့ရ၏။[၇၇]
၄၆။	**أَفَلَمْ يَسِيرُوا فِي الْأَرْضِ فَتَكُونَ لَهُمْ قُلُوبٌ يَعْقِلُونَ بِهَا أَوْ آذَانٌ يَسْمَعُونَ بِهَا فَإِنَّهَا لَا تَعْمَى الْأَبْصَارُ وَلَكِن تَعْمَى الْقُلُوبُ الَّتِي فِي الصُّدُورِ۞** သူတို့၌ အတွေးအခေါ်ရှိသော နှလုံးသား၊ ကြားနိုင်သော နားများ ဖြစ်လာစေရန်၊ သူတို့သည် ကမ္ဘာ၌ ခရီး မထွက်ကြသလော။ ဇကန်အမှန် သူတို့သည် အမြင် ကန်းနေခြင်း မဟုတ်၊ ရင်ဘတ်တွင်းမှ နှလုံးသား ကန်းနေခြင်းသာ ဖြစ်၏။
၄၇။ ☆ ၂၀း၁၀၃ ၁၀၄ ၃၂း၅ ၇၀း၄	**وَيَسْتَعْجِلُونَكَ بِالْعَذَابِ وَلَن يُخْلِفَ اللَّهُ وَعْدَهُ وَإِنَّ يَوْمًا عِندَ رَبِّكَ كَأَلْفِ سَنَةٍ مِّمَّا تَعُدُّونَ۞** သူတို့သည် သင့်ထံထွင် ဝဋ်ကြွေးဒဏ်ကို အလျင်စလို တောင်းကြ၏။ ပရမတ်ဘုရားရှင်သည် ကတိတော်အား ပျက်လျော့ထားသည် မဟုတ်။ ဇကန်ပင် ကံကြမ္မာရှင်၏ထံ၌ တစ်ရက်တာသည် သင်တို့ ရေတွက်မှုဖြင့် နှစ်ထောင်ချီ ရှိ၏။☆
၄၈။	**وَكَأَيِّن مِّن قَرْيَةٍ أَمْلَيْتُ لَهَا وَهِيَ ظَالِمَةٌ ثُمَّ أَخَذْتُهَا وَإِلَيَّ الْمَصِيرُ۞** ထိုၦ အမိုက်မှောင်စီးနေကြစဉ်– ငါသည် အရပ်ဒေသမှ မည်မျှအား အချိန်ပေးထားခဲ့သနည်း၊ တဖန် အရေးယူလိုက်၏၊ ခရီးဆုံးပန်းတိုင်သည် ငါ့ထံသို့သာ ဖြစ်၏။
၄၉။	**قُلْ يَا أَيُّهَا النَّاسُ إِنَّمَا أَنَا لَكُمْ نَذِيرٌ مُّبِينٌ۞** ဟောလော့၊ "အို– လူသားတို့၊ ကျွန်ုပ်သည် သင်တို့အတွက် ရှင်းလင်းထင်ရှားသော သတိပေးသူ ဖြစ်၏။"
၅၀။	**فَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُم مَّغْفِرَةٌ وَرِزْقٌ كَرِيمٌ۞** ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသော သူများ၊ သူတို့အတွက် လွတ်ငြိမ်းခွင့်နှင့် ကျက်သရေရှိသော ရိက္ခာ ရှိ၏။
၅၁။	**وَالَّذِينَ سَعَوْا فِي آيَاتِنَا مُعَاجِزِينَ أُوْلَئِكَ أَصْحَابُ الْجَحِيمِ۞** ငါ၏သုတ်ဒေသနာများကို မှေးမှိန်စေရန် လုံးပန်းသောသူ၊ ထိုသူတို့သည် ငရဲမီး၏ ပေါင်းဖော်များ ဖြစ်၏။
၅၂။	**وَمَا أَرْسَلْنَا مِن قَبْلِكَ مِن رَّسُولٍ وَلَا نَبِيٍّ إِلَّا إِذَا تَمَنَّى أَلْقَى الشَّيْطَانُ فِي أُمْنِيَّتِهِ فَيَنسَخُ اللَّهُ مَا يُلْقِي الشَّيْطَانُ ثُمَّ يُحْكِمُ اللَّهُ آيَاتِهِ وَاللَّهُ عَلِيمٌ حَكِيمٌ۞** သင့်အလျင် ဉာဏ်စဉ်တော်ဆောင် သတင်းတော်ဆောင်ကို စေစားသောအခါ၊ သူ၏ ဆန္ဒအပေါ်၌ မကောင်းဆိုးဝါးကဉင်း၏ ဆန္ဒကို ခင်းကျင်းလိုစိတ်၊ သို့သော် ပရမတ်ဘုရားရှင်သည် မကောင်းဆိုးဝါး၏ ခင်းကျင်းမှုကို ကမည်းထိုးထားစေ၏။ ထို့နောက် ပရမတ်ဘုရားရှင်သည် အရှင့် သုတ်ဒေသနာများဖြင့် ဓမ္မသတ်ပေးတော်မူ၏၊ ပရမတ်ဘုရားရှင်သည် သိနေသောအရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၅၃။	**لِيَجْعَلَ مَا يُلْقِي الشَّيْطَانُ فِتْنَةً لِّلَّذِينَ فِي قُلُوبِهِم مَّرَضٌ وَالْقَاسِيَةِ قُلُوبُهُمْ وَإِنَّ الظَّالِمِينَ لَفِي شِقَاقٍ بَعِيدٍ۞**

(၇၇) ဤသုတ်တော်သည် ဟောင်းနွမ်းဆွေးမြေ့သော အယူဝါဒအား လက်ကိုင်ထားပြီး ထိုဝါဒထဲ အမိုက်မှောင်စီး နစ်မွန်းနေသော လူတန်းစားတစ်ရပ် ပျက်သုဉ်းရပုံကို တင်ပြထားပေသည်။ လူတန်းစားတစ်ရပ်တွင် ဦးဆောင်ဦးရွက်ပြုသူနှင့် နောက်လိုက် ထောက်ခံသူများ အားလုံး ပြိုပျက်သွားရကြောင်းကို **ဦးခေါင်းမှ အောက်ခြေထိ** ဟုလည်းကောင်း **ရေတွင်းပျက်မှ– နန်းတော်ထိ** ဟု လည်းကောင်း ဖေါ်ပြထားပေသည်။

	အရှင်သည် မကောင်းဆိုးဝါး၏ ခင်းကျင်းမှုကို နှလုံးသားခြင် ရောဂါရှိနေသော၊ စိတ်နှလုံး ခက်ထန်သော သူတို့အား စမ်းသပ်ရန် စီစဉ်တော်မူ၏။ အမိုက်ကောင်တို့သည်ကား ဂိုဏ်းခွဲ နောက်ကျန်နေကြ၏။
၅၄။ ကုရ်အာန်	**وَلِيَعْلَمَ الَّذِينَ أُوتُوا الْعِلْمَ أَنَّهُ الْحَقُّ مِن رَّبِّكَ فَيُؤْمِنُوا بِهِ فَتُخْبِتَ لَهُ قُلُوبُهُمْ وَإِنَّ اللَّهَ لَهَادِ الَّذِينَ آمَنُوا إِلَى صِرَاطٍ مُّسْتَقِيمٍ**۞ အသိပညာ ချီးမြှင့်ခံရသော သူတို့မှာကား၊ **၎င်း**သည် သင့်ကံကြမ္မာရှင်၏ ထံမှ ဖြစ်ကြောင်း သိနိုင်ကောင်း၏။ သို့ဖြင့် သူတို့၏ နှလုံးသားသည် အရှင့်ထံ နှိမ့်ချလျက် **၎င်း**၌ ယုံကြည်လတ္တံ့၊ ဇနပင် ပရမတ်ဘုရားရှင်သည် ယုံကြည်သော သူတို့အား မြဲမြံတည်တံ့သော လမ်းစဉ်သို့ လမ်းညွှန်သူ ဖြစ်၏။
၅၅။ ကုရ်အာန်	**وَلَا يَزَالُ الَّذِينَ كَفَرُوا فِي مِرْيَةٍ مِّنْهُ حَتَّى تَأْتِيَهُمُ السَّاعَةُ بَغْتَةً أَوْ يَأْتِيَهُمْ عَذَابُ يَوْمٍ عَقِيمٍ**۞ အချိန်နာရီသည် သူတို့ထံသို့ ရုတ်တရက် ပေးရောက်လာသည့်တိုင်၊ သို့မဟုတ် မျိုးသုဉ်းသွားစေသော ဝဋ်ကြွေး နေ့ကာလသည် သူတို့ထံသို့ ပေးရောက်လာသည့်တိုင်– ဖုံးကွယ်သော သူတို့သည် **၎င်း**၌ အချင်းများနေခြင်းကို ရပ်နားကြမည် မဟုတ်ချေ။
၅၆။	**الْمُلْكُ يَوْمَئِذٍ لِّلَّهِ يَحْكُمُ بَيْنَهُمْ فَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فِي جَنَّاتِ النَّعِيمِ**۞ ထိုနေ့ကာလသည် ပရမတ်ဘုရားရှင်၏ အာဏာစက်၌ ရှိ၏။ အရှင်သည် သူတို့ကြား၌ စီရင်ထုံးချလိမ့်မည်။ ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသော သူများသည် ဂုဏ်ရှိသော ဥယျာဉ်များ၌ စံစားရမည်ပင်။
၅၇။	**وَالَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا فَأُوْلَئِكَ لَهُمْ عَذَابٌ مُّهِينٌ**۞ ငါ၏ သုတ်ဒေသနာများကို ဖုံးကွယ်၊ ငြင်းဆန်သော သူတို့၊ ထိုသို့သောသူတို့အတွက် နိမ့်ကျသော ဝဋ်ကြွေး ရှိ၏။
၅၈။ ၂း၁၉၄	**وَالَّذِينَ هَاجَرُوا فِي سَبِيلِ اللَّهِ ثُمَّ قُتِلُوا أَوْ مَاتُوا لَيَرْزُقَنَّهُمُ اللَّهُ رِزْقًا حَسَنًا وَإِنَّ اللَّهَ لَهُوَ خَيْرُ الرَّازِقِينَ**۞ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်အတွက် ပြောင်းရွှေ့ခဲ့ရ၍ တဖန် အသတ်ခံခဲ့ရ သို့မဟုတ် သေဆုံးရသော သူတို့အား ပရမတ်ဘုရားရှင်သည် တင့်တယ်သော ရိက္ခာဖြင့် ရိက္ခာထောက်တော်မူမည်။ ဇနပင် ပရမတ်ဘုရားရှင်၊ အရှင်သည် အကောင်းဆုံး ရိက္ခာထောက်သည့် အရှင်ဖြစ်တော်မူ၏။
၅၉။	**لَيُدْخِلَنَّهُم مُّدْخَلًا يَرْضَوْنَهُ وَإِنَّ اللَّهَ لَعَلِيمٌ حَلِيمٌ**۞ အရှင်သည် သူတို့အား ကျေနပ်အားရသော ဝင်ခြင်းဖြင့် ဝင်စေလတ္တံ့၊ ဇနပင် ပရမတ်ဘုရားရှင်သည် သိနေသော အရှင်၊ နူးညံ့သိမ်မွေ့သော အရှင် ဖြစ်၏။
၆၀။	**ذَلِكَ وَمَنْ عَاقَبَ بِمِثْلِ مَا عُوقِبَ بِهِ ثُمَّ بُغِيَ عَلَيْهِ لَيَنصُرَنَّهُ اللَّهُ إِنَّ اللَّهَ لَعَفُوٌّ غَفُورٌ**۞ သူ့အား ချုပ်ကိုင်သည်နှင့် အညီ– ဤသို့ ပြန်ချုပ်ကိုင်သူ၊ တဖန် သူ့ကို အပြစ်ရှာလျှင် ပရမတ်ဘုရားရှင်သည် သူ့အား ကူညီတော်မူမည်၊ ဇနပင် ပရမတ်ဘုရားရှင်သည် ကျေအေးပေးသော အရှင်၊ လွတ်ငြိမ်းစေသော အရှင် ဖြစ်၏။
၆၁။	**ذَلِكَ بِأَنَّ اللَّهَ يُولِجُ اللَّيْلَ فِي النَّهَارِ وَيُولِجُ النَّهَارَ فِي اللَّيْلِ وَأَنَّ اللَّهَ سَمِيعٌ بَصِيرٌ**۞ ဇနပင် ပရမတ်ဘုရားရှင်အားဖြင့်–––။ ညကို နေ့ထဲသို့ တိုးဝင်စေ၏။ ဤသို့– နေ့ကို ညထဲသို့ တိုးဝင်စေ၏။ ဇနပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင်၊ မြင်နေသော အရှင် ဖြစ်၏။
၆၂။	**ذَلِكَ بِأَنَّ اللَّهَ هُوَ الْحَقُّ وَأَنَّ مَا يَدْعُونَ مِن دُونِهِ هُوَ الْبَاطِلُ وَأَنَّ اللَّهَ هُوَ الْعَلِيُّ الْكَبِيرُ**۞ ဇနပင် ပရမတ်ဘုရားရှင်အားဖြင့်––၊ အရှင်သည် ပရမတ္ထသစ္စာဖြစ်၏။ ဤသို့ပင်– အရှင် မှလွဲ၍ သူတို့၏ ဆုတောင်းသော အရာများသည် အမှားချည်းသာ ဖြစ်၏။ ဇနပင် ပရမတ်ဘုရားရှင်၊ အရှင်သည် အထွဋ်အထိပ် ဖြစ်တော်မူ၏၊ ကြီးကျယ် တော်မူ၏။

၆၃။	**أَلَمْ تَرَ أَنَّ اللَّهَ أَنزَلَ مِنَ السَّمَاء مَاء فَتُصْبِحُ الْأَرْضُ مُخْضَرَّةً إِنَّ اللَّهَ لَطِيفٌ خَبِيرٌ۞** ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကောင်းကင်မှ ရေကို သွန်းချစေလျက် သို့ဖြင့် မြေကမ္ဘာသည် စိမ်းစိုမှု ဖြစ်လာစေကြောင်း အသင် မမြင်သလော။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သက်ညှာတော်မူ၏၊ သတင်းရနေတော်မူ၏။
၆၄။	**لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَإِنَّ اللَّهَ لَهُوَ الْغَنِيُّ الْحَمِيدُ۞** မိုးများအတွင်း မြေအတွင်း ရှိသမျှတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်၊ အရှင်သည် ကုံလုံပြည့်စုံတော်မူ၏။ ရည်သန်ဖူးစိုက်မှုတည်ရာ ဖြစ်တော်မူ၏။
၆၅။ ရှက်သွန်း	**أَلَمْ تَرَ أَنَّ اللَّهَ سَخَّرَ لَكُم مَّا فِي الْأَرْضِ وَالْفُلْكَ تَجْرِي فِي الْبَحْرِ بِأَمْرِهِ وَيُمْسِكُ السَّمَاء أَن تَقَعَ عَلَى الْأَرْضِ إِلَّا بِإِذْنِهِ إِنَّ اللَّهَ بِالنَّاسِ لَرَؤُوفٌ رَّحِيمٌ۞** ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကမ္ဘာ၌ ရှိသောအရာများ၊ အရှင့် ညွှန်ကြားချက်ဖြင့် ပင်လယ်ပြင်၌ **စီးမျော** သွားလာစေသော သဘော်များကို သင်တို့အတွက် အသုံးခံ ဖြစ်စေကြောင်း သင် မမြင်သလော။ အရှင့် ခွင့်ပြုချက် မရှိလျှင် ကောင်းကင်သည် ဆိုင်းနေလျက် ကမ္ဘာ အပေါ်၌ တည်တံ့နေစေ၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လူသားတို့အား ညှာတာသော အရှင်၊ ကရုဏာသက်နေသော အရှင် ဖြစ်၏။
၆၆။	**وَهُوَ الَّذِي أَحْيَاكُمْ ثُمَّ يُمِيتُكُمْ ثُمَّ يُحْيِيكُمْ إِنَّ الْإِنسَانَ لَكَفُورٌ۞** အရှင်သည် သင်တို့ကို သက်ရှိဖြစ်စေ၏၊ တဖန် သက်မဲ့ဖြစ်စေ၏၊ တဖန် သက်ရှိဖြစ်စေ၏။ ဇကန်ပင် လူသားသည် ဖုံးကွယ်မှောင်ချသူ ဖြစ်၏။
၆၇။	**لِكُلِّ أُمَّةٍ جَعَلْنَا مَنسَكًا هُمْ نَاسِكُوهُ فَلَا يُنَازِعُنَّكَ فِي الْأَمْرِ وَادْعُ إِلَى رَبِّكَ إِنَّكَ لَعَلَى هُدًى مُّسْتَقِيمٍ۞** အသိုင်းအဝိုင်း ကိုယ်စီအား သူတို့၏ ဝတ်ဖြည့်ရန် ဝတ်ဖြည့်နည်းကို ငါ စီစဉ်ပေးပြီ။ သို့ဖြစ်၍ အရေးအရာများ၌ သင့်ကို မဖယ်စေကြနှင့်၊ သင့်ကံကြမ္မာရှင်၏ ဘက်သို့ ဖိတ်ခေါ်လော့၊ ဇကန်ပင် သင်သည် မြဲမြံတည်တံ့သော လမ်းညွှန်၌ ရှိ၏။
၆၈။	**وَإِن جَادَلُوكَ فَقُلِ اللَّهُ أَعْلَمُ بِمَا تَعْمَلُونَ۞** သင့်အား စောဒကတက်ကြလျှင်၊ ‘‘ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှအား အသိဆုံး ဖြစ်တော်မူ၏။’’ဟု ဟောလော့။
၆၉။	**اللَّهُ يَحْكُمُ بَيْنَكُمْ يَوْمَ الْقِيَامَةِ فِيمَا كُنتُمْ فِيهِ تَخْتَلِفُونَ۞** သင်တို့၏ ထို ကွဲလွဲမှုများကို ရပ်တည်ရသော နေ့၌ ပရမတ်ဘုရားရှင်သည် သင်တို့အကြား စီရင်ထုံးချပေးလိမ့်မည်။
၇၀။	**أَلَمْ تَعْلَمْ أَنَّ اللَّهَ يَعْلَمُ مَا فِي السَّمَاء وَالْأَرْضِ إِنَّ ذَلِكَ فِي كِتَابٍ إِنَّ ذَلِكَ عَلَى اللَّهِ يَسِيرٌ۞** မိုးများနှင့် မြေကမ္ဘာတွင်း ရှိသမျှအား ပရမတ်ဘုရားရှင်က သိနေတော်မူကြောင်း သင် မသိသလော၊ ဇကန်ပင် ၎င်းသည် လောကဓမ္မ အတွင်းမှ ဖြစ်၏။ ဇကန်ပင် ၎င်းသည် ပရမတ်ဘုရားရှင် အတို့ဌာ လွယ်ကူလှချေ၏။
၇၁။	**وَيَعْبُدُونَ مِن دُونِ اللَّهِ مَا لَمْ يُنَزِّلْ بِهِ سُلْطَانًا وَمَا لَيْسَ لَهُم بِهِ عِلْمٌ وَمَا لِلظَّالِمِينَ مِن نَّصِيرٍ۞** ပရမတ်ဘုရားရှင် မှလွဲ၍၊ သူတို့ ကိုးကွယ်နေကြသည်မှာ မည်သည့်အရာကိုမှ သြဇာအာဏာ ချမှတ်ပေးနိုင်ခြင်း မရှိရာများ ဖြစ်ကြ၏၊ ၎င်းနှင့်ပတ်သက်၍ သူတို့၌ အသိပညာ လုံးဝ မရှိချေ။ အမှိုက်ကောင်များအား ကူညီမည့် သူလည်း မရှိချေ။
၇၂။	**وَإِذَا تُتْلَى عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ تَعْرِفُ فِي وُجُوهِ الَّذِينَ كَفَرُوا الْمُنكَرَ يَكَادُونَ يَسْطُونَ بِالَّذِينَ يَتْلُونَ عَلَيْهِمْ آيَاتِنَا قُلْ أَفَأُنَبِّئُكُم بِشَرٍّ مِّن ذَلِكُمُ النَّارُ وَعَدَهَا اللَّهُ الَّذِينَ كَفَرُوا وَبِئْسَ الْمَصِيرُ۞**

	ငါ၏ ရှင်းလင်းသော သုတ်ဒေသနာများကို သူတို့အား ရွတ်ဖတ်ပြသောအခါ၊ ဖုံးကွယ်သော သူတို့၏ မျက်နှာများ၌ သူစိမ်းဆန်ခြင်းကို သင် သိမှတ်နိုင်၏၊ ငါ၏ သုတ်ဒေသနာများကို သူတို့အား ဖတ်ပြသော သူတို့အား သတ်ဖြတ်တော့မလိုပြု၏၊ ဟောကြားလော့ ‘‘ဤထက် ပိုဆိုးသော အပူမီး၏ အကြောင်းကို သင်တို့အား သတင်းထုတ်ပြန်ရမည်လော၊ ပရမတ်ဘုရားရှင်သည် ၎င်းကို ဖုံးကွယ်သော သူတို့အတွက် ကတိပြုထား၏၊ အမင်္ဂလာ ခရီးဆုံးပင် ဖြစ်၏။
၇၃။	**يَا أَيُّهَا النَّاسُ ضُرِبَ مَثَلٌ فَاسْتَمِعُوا لَهُ إِنَّ الَّذِينَ تَدْعُونَ مِن دُونِ اللَّهِ لَن يَخْلُقُوا ذُبَابًا وَلَوِ اجْتَمَعُوا لَهُ وَإِن يَسْلُبْهُمُ الذُّبَابُ شَيْئًا لَّا يَسْتَنقِذُوهُ مِنْهُ ضَعُفَ الطَّالِبُ وَالْمَطْلُوبُ۝** အို– လူသားတို့၊ ပမာတည် ဥပမာပေးအံ့၊ ၎င်းကို ကြားနာကြလော့၊ ဇကန်ပင် ပရမတ်ဘရားရှင် မှလွဲ၍ သင်တို့ ဆုတောင်းနေကြသော အရာများသည်၊ သူတို့ အတူစုပေါင်းကြသော်လည်း ယင်တစ်ကောင်ကိုသော်မျှ မဖြစ်တည်စေနိုင်ပေ။ ထိုယင်ကောင်သည် သူတို့ထံမှ တစ်စုံတစ်ရာအား ချိသွားသော်လည်း ထိုအရာကို ၎င်းထံမှ သူတို့ မကယ်ဆယ်နိုင်ကြချေ။ အမှီလိုက်သူနှင့် အမှီလိုက်ခံတို့မှာ ချိနဲ့လှချေ၏။
၇၄။	**مَا قَدَرُوا اللَّهَ حَقَّ قَدْرِهِ إِنَّ اللَّهَ لَقَوِيٌّ عَزِيزٌ۝** ပရမတ်ဘုရားရှင်အား မှန်ကန်သော ချင့်ချိန်မှုဖြင့် ချင့်ချိန်ကြသည် မဟုတ်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် တန်ခိုးတော်ရှင်၊ ဘုန်းတော်ရှင် ဖြစ်တော်မူ၏။
၇၅။ ☆ ၂း၃၀	**اللَّهُ يَصْطَفِي مِنَ الْمَلَائِكَةِ رُسُلًا وَمِنَ النَّاسِ إِنَّ اللَّهَ سَمِيعٌ بَصِيرٌ۝** ပရမတ်ဘုရားရှင်သည် နိမိတ်ဆောင်များနှင့်☆ ကလျာဏပုတ္တဇဉ်များ ထဲမှ ဉာဏ်စဉ်ဆောင်ကို ရွေးချယ်တော်မူ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် မြင်နေသော အရှင် ဖြစ်တော်မူ၏။
၇၆။	**يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَإِلَى اللَّهِ تُرْجَعُ الْأُمُورُ۝** အရှင်သည် သူတို့၏ လက်ရှိ–ရှေ့မှောက် သင်တို့နောက်ကို သိနေတော်မူ၏။ အရေးအရာ အားလုံး ဦးလှည့်ရာသည် ပရမတ်ဘုရားရှင်၏ ထံသို့သာ ဖြစ်၏။
၇၇။	**يَا أَيُّهَا الَّذِينَ آمَنُوا ارْكَعُوا وَاسْجُدُوا وَاعْبُدُوا رَبَّكُمْ وَافْعَلُوا الْخَيْرَ لَعَلَّكُمْ تُفْلِحُونَ۝** အို– ယုံကြည်သောသူတို့၊ ဦးညွှတ်ကြလော့၊ ဦးချကြလော့၊ သင်တို့၏ ကံကြမ္မရှင်အား ကိုးကွယ်ဆည်းကပ်ကြလော့၊ သင်တို့အတွက် အောင်မြင်ပေါက်မြောက်အံ့ငှာ ကောင်းမြတ်မှုများကို ပြုလုပ်ကြကုန်လော့။
၇၈။ မွတ် ဆလင် ★ ၂း၃	**وَجَاهِدُوا فِي اللَّهِ حَقَّ جِهَادِهِ هُوَ اجْتَبَاكُمْ وَمَا جَعَلَ عَلَيْكُمْ فِي الدِّينِ مِنْ حَرَجٍ مِّلَّةَ أَبِيكُمْ إِبْرَاهِيمَ هُوَ سَمَّاكُمُ الْمُسْلِمِينَ مِن قَبْلُ وَفِي هَذَا لِيَكُونَ الرَّسُولُ شَهِيدًا عَلَيْكُمْ وَتَكُونُوا شُهَدَاء عَلَى النَّاسِ فَأَقِيمُوا الصَّلَاةَ وَآتُوا الزَّكَاةَ وَاعْتَصِمُوا بِاللَّهِ هُوَ مَوْلَاكُمْ فَنِعْمَ الْمَوْلَى وَنِعْمَ النَّصِيرُ۝** မှန်ကန်သော အားစိုက်ဆောင်ရွက်မှုဖြင့် ပရမတ်ဘုရားရှင်အတွက် အားစိုက်ဆောင်ရွက်ကြလော့၊ အရှင်သည် သင်တို့အား ရွေးချယ်တော်မူပြီ၊ သာသနာရေး၌ သင်တို့အား ခက်ခဲခြင်းကို မစီစဉ်ပေ။ သင်တို့၏ ဘဘိုး အဗြဟာမိမ်၏ ကျင့်စဉ်အတိုင်း ဖြစ်၏။ အရှင်သည် ရှေ့အလျှင်ကပင် သင်တို့အား **ငြိမ်းချမ်းရေးဝါဒီများ**ဟု အမည်ကင်ပွန်းတပ်ပေး၏။ ယင်းမှာ ဉာဏ်စဉ်တော်ဆောင်သည် သင်တို့အတွက် သက်သေဖြစ်အံ့သောငှာ၊ သင်တို့သည် လူသားများအတွက် သက်သေ ဖြစ်အံ့သောငှာ ဖြစ်၏။ ဝတ်ပြု★ မြဲကြလော့၊ အခွန်ငွေဖြူ ပေးကြလော့၊ ပရမတ်ဘုရားရှင်အားဖြင့် မားမားရပ်တည်ကြလော့၊ အရှင်သည် သင်တို့၏ မဟာမိတ်၊ ဂုဏ်ရှိသော မဟာမိတ်၊ ဂုဏ်ရှိသော ကူညီသူ ဖြစ်၏။[၇၈]

(၇၃၈) ဤသုတ်တော်မှ **ဟုဝ ဆမ္မာကုမုလ် မုဆ်လိမီးန် هُوَ سَمَّاكُمُ الْمُسْلِمِينَ** ဟူသည်ကို အချို့သော ဆရာတော်များက **သူသည် ယခင်ကပင် သင်တို့အား မွတ်ဆလင် (ငြိမ်းချမ်းရေးဝါဒီ) များဟု အမည်ပေး၏၊** ဟု ပြန်ဆိုကြသည်မှာ မမှန်ကန်ပေ။ ထိုစာသားအရ မွတ်လဆင် ဟူသော

အမည်နာမကို ကိုယ်တော် အီဗရာဟီးမ်က ပေးခဲ့သယောင် ဖြစ်နေပေသည်။ မွတ်ဆလင် ဟူသော အမည်နာမကို ပရမတ်ဘုရားရှင် (အလ္လာဟ်) ကသာ သတ်မှတ်ခြင်း ဖြစ်ပေသည်။

ဓမ္မခန္ဓာ (၂၃) ယုံကြည်သူများ

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၇၄။ သုတ်ဒေသနာ– ၁၁၈ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁း၁

၁။	**قَدْ أَفْلَحَ الْمُؤْمِنُونَ۞** ယုံကြည်သူများသည် မုချ အောင်မြင်ပေါက်မြောက်ရလတ္တံ့။
၂။ ★ ၂း၃	**الَّذِينَ هُمْ فِي صَلَاتِهِمْ خَاشِعُونَ۞** သူတို့သည် ဝတ်ပြုခြင်း၌★ ကျိုးငဲ့ သူများ–
၃။	**وَالَّذِينَ هُمْ عَنِ اللَّغْوِ مُعْرِضُونَ۞** ပွစိပွစိပြောဆိုခြင်းအား ဘောင်ကန့်ထားသူများ–
၄။	**وَالَّذِينَ هُمْ لِلزَّكَاةِ فَاعِلُونَ۞** သန့်ရှင်းဖြူစင်ရန် စီမံကြသောသူများ–ဖြစ်ကြ၏၊
၅။	**وَالَّذِينَ هُمْ لِفُرُوجِهِمْ حَافِظُونَ۞** သူတို့သည် သူတို့၏ အရှက်အင်္ဂါကို စောင့်ထိန်းသည်မှာ–
၆။	**إِلَّا عَلَى أَزْوَاجِهِمْ أَوْ مَا مَلَكَتْ أَيْمَانُهُمْ فَإِنَّهُمْ غَيْرُ مَلُومِينَ۞** သူတို့၏ အိမ်ထောင်ဘက်၊ သို့မဟုတ် သူတို့အား အပြစ်မသင့်စေသော သူတို့၏ လက်အောက် ဩဇာခံတို့မှ အပ–ဖြစ်၏။
၇။	**فَمَنِ ابْتَغَى وَرَاء ذَلِكَ فَأُوْلَئِكَ هُمُ الْعَادُونَ۞** ထိုထက်နောက်ကွယ်ထိ ရှာဖွေသောသူ၊ သူတို့သည် စည်းဖေါက်သူများ ဖြစ်၏။
၈။	**وَالَّذِينَ هُمْ لِأَمَانَاتِهِمْ وَعَهْدِهِمْ رَاعُونَ۞** သူတို့အား ယုံကြည်စွာအပ်နှံမှုနှင့် သူတို့၏ ပဋိညာဉ်အား ထိန်းကျောင်းသောသူများ–
၉။ ★ ၂း၃	**وَالَّذِينَ هُمْ عَلَى صَلَوَاتِهِمْ يُحَافِظُونَ۞** ဝတ်ပြုခြင်းအား★ စောင့်ထိန်းသော သူများ ဖြစ်ကြ၏။
၁၀။	**أُوْلَئِكَ هُمُ الْوَارِثُونَ۞** သူတို့သည်ကား အမွေစားအမွေခံများပင် ဖြစ်၏။
၁၁။	**الَّذِينَ يَرِثُونَ الْفِرْدَوْسَ هُمْ فِيهَا خَالِدُونَ۞** မြတ်သော ဘုံ၌ အမွေရမည့် သူများ ဖြစ်၏၊ သူတို့သည် ထို၌ အစဉ်စံစားရလေလတ္တံ့။

၁၂။	**وَلَقَدْ خَلَقْنَا الْإِنسَانَ مِن سُلَالَةٍ مِّن طِينٍ۞** မုချပင်၊ ငါသည် လူသားအား စစ်ထားသော မြေမှ ဖြစ်တည်စေ၏။
၁၃။	**ثُمَّ جَعَلْنَاهُ نُطْفَةً فِي قَرَارٍ مَّكِينٍ۞** တဖန် ၎င်းအား အတည်တကျ တည်ကပ်ရာ၌ သုတ်ပိုးတစ်ကောင် အဖြစ် ငါ စီစဉ်တော်မူ၏။
၁၄။ ☆ ၂၂၅	**ثُمَّ خَلَقْنَا النُّطْفَةَ عَلَقَةً فَخَلَقْنَا الْعَلَقَةَ مُضْغَةً فَخَلَقْنَا الْمُضْغَةَ عِظَامًا فَكَسَوْنَا الْعِظَامَ لَحْمًا ثُمَّ أَنشَأْنَاهُ خَلْقًا آخَرَ فَتَبَارَكَ اللَّهُ أَحْسَنُ الْخَالِقِينَ۞** တဖန် ၎င်းအား သုတ်ပိုးမှ သွေးမျှော့ဥ အဖြစ် ငါ ဖြစ်တည်စေ၏၊ သွေးမျှော့ဥမှ အသားတစ် အဖြစ် ငါ ဖြစ်တည်စေ၏၊ ထို အသားတစ်မှ အရိုးများ အဖြစ် ငါ ဖြစ်တည်စေ၏။ ထိုအရိုးများအား အသားအရေဖြင့် ငါ ဆင်ယင်ပေး၏။ တဖန် ၎င်းအား ပေါက်ပွားစေ၍ အခြားသော ဖြစ်တည်ဆင့်များ ဖြစ်စေ၏။ ထိုသို့– ပရမတ်ဘုရားရှင်သည် ကျက်သရေ အပေါင်းနှင့် ပြည့်စုံသော အရှင် အတင့်တယ်ဆုံး ဖြစ်တည်ပေးသော အရှင် ဖြစ်၏။☆
၁၅။	**ثُمَّ إِنَّكُمْ بَعْدَ ذَٰلِكَ لَمَيِّتُونَ۞** တဖန်၊ ဤ– နောက်ပိုင်းတွင် သေခြင်းရခြင်းသည် သင်တို့အတွက် ဇကန် ရှိနေ၏။
၁၆။	**ثُمَّ إِنَّكُمْ يَوْمَ الْقِيَامَةِ تُبْعَثُونَ۞** တဖန် ရပ်တည်ရမည့် နေ့ကာလ၌ သူတို့အား နိုးထစေမည်ပင်။
၁၇။	**وَلَقَدْ خَلَقْنَا فَوْقَكُمْ سَبْعَ طَرَائِقَ وَمَا كُنَّا عَنِ الْخَلْقِ غَافِلِينَ۞** မုချပင် ငါသည် သင်တို့၏ အပေါ်၌ လမ်းကြောင်း ခုနစ်ဆက်ကို ဖြစ်တည်ပေးတော်မူ၏။ ငါသည် ဖြစ်တည်ပေးခြင်း၌ မေ့လျော့ပေါ်ပျက်ခြင်း မရှိချေ။[၇၉]
၁၈။	**وَأَنزَلْنَا مِنَ السَّمَاءِ مَاءً بِقَدَرٍ فَأَسْكَنَّاهُ فِي الْأَرْضِ وَإِنَّا عَلَىٰ ذَهَابٍ بِهِ لَقَادِرُونَ۞** ငါသည် ကောင်းကင်ယံမှ ရေကို စည်းချိန်အလျောက် သွန်းချစေ၏။ ထို့နောက် ၎င်းကို မြေ၌ အခြေတည်စေ၏။ ဇကန်ပင် ငါသည် ၎င်းကို ရုပ်သိမ်းရန် စည်းချိန်ချနိုင်၏။
၁၉။ ရေ မြေ	**فَأَنشَأْنَا لَكُم بِهِ جَنَّاتٍ مِّن نَّخِيلٍ وَأَعْنَابٍ لَّكُمْ فِيهَا فَوَاكِهُ كَثِيرَةٌ وَمِنْهَا تَأْكُلُونَ۞** **၎င်း**အားဖြင့် သင်တို့အတွက် စွံပလွန် စပျစ် ဥယျာဉ်များကို ငါ ပေါက်ပွားစေ၏။ ထိုမှ သင်တို့အဘို့ သစ်သီးဝလံများစွာကို ဖြစ်စေ၍၊ သင်တို့စားသုံးနိုင်ရန် ဖြစ်၏။
၂၀။ ညောင် တစ်မျိုး	**وَشَجَرَةً تَخْرُجُ مِن طُورِ سَيْنَاءَ تَنبُتُ بِالدُّهْنِ وَصِبْغٍ لِّلْآكِلِينَ۞** ငါသည် ဆိုင်းနိုင်း တောင်မှ **ဗောဓိ**ပင်ကို ပေါက်စေ၏။ ဖြစ်ထွန်းသော ၎င်းမှဆီဖြင့် စားသုံးသူတို့ အရောင်တင်သည်လည်း ရှိ၏၊
၂၁။	**وَإِنَّ لَكُمْ فِي الْأَنْعَامِ لَعِبْرَةً نُّسْقِيكُم مِّمَّا فِي بُطُونِهَا وَلَكُمْ فِيهَا مَنَافِعُ كَثِيرَةٌ وَمِنْهَا تَأْكُلُونَ۞** ခွေကွဲစားမြုံပြုန် တိရိစ္ဆာန်များ၌ သင်တို့အတွက် သခိန်းစာ တစ်ရပ်ရှိသည်မှာ သင်တို့ သောက်သုံးဘို့ရာ သူတို့၏ ဝမ်းတွင်းမှ နို့ရည်ကို ပေး၏။ ထို၌ သင်တို့အတွက် အကျိုးကျေးဇူးများစွာ ရှိနေ၏။ ထိုမှ စားသုံးရန်လည်း ရ၏။

---

(၇၉) ဤသုတ်တော်သည် ကျွန်ုပ်၏တို့၏ ကမ္ဘာဂြိုလ်အပြင် အခြားသော ဂြိုလ်များ ရှိနေကြောင်းကို အတိအကျဖေါ်ပြထားပေသည်။ ထိုဂြိုလ်များသည်လည်း သူတို့၏ ဂြိုလ်ပတ်လမ်းကြောင်းတွင် သွားလာနေရပေသည်။ ခုနစ်ဆက် ဆိုသည့် အဓိပ္ပါယ်ကို ၂း၂၉၏ အောက်ခြေတွင် ကြည့်ပါ။ ဤဖေါ်ပြချက်မှာ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကပင် ဖြစ်ပေသည်။

၂၂။	**وَعَلَيْهَا وَعَلَى الْفُلْكِ تُحْمَلُونَ۝**
	၎င်းတို့အပေါ်၌၊ သင်္ဘောများပေါ်၌၊ သင်တို့ ဝန်တင်နိုင်ကြ၏။
၂၃။ ☆ ၂၉း၁၄	**وَلَقَدْ أَرْسَلْنَا نُوحًا إِلَى قَوْمِهِ فَقَالَ يَا قَوْمِ اعْبُدُوا اللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُ أَفَلَا تَتَّقُونَ۝**
	ငါသည် နူးဟ်အား☆ သူ့လူမျိုးထံသို့ မုချ စေစားလျက် ''အို– ကျွန်ုပ်၏ လူမျိုးတို့ ပရမတ်ဘုရားရှင်အား ကိုးကွယ်ကြလော့၊ သင်တို့အဘို့ အရှင်မှ အပ အခြားဘုရားဟူ၍ မရှိပြီ၊ သင်တို့ စည်းစောင့်ကြမည် မဟုတ်လော၊'' ဟု ဟောစေ၏။
၂၄။	**فَقَالَ الْمَلَأُ الَّذِينَ كَفَرُوا مِن قَوْمِهِ مَا هَٰذَا إِلَّا بَشَرٌ مِّثْلُكُمْ يُرِيدُ أَن يَتَفَضَّلَ عَلَيْكُمْ وَلَوْ شَاءَ اللَّهُ لَأَنزَلَ مَلَائِكَةً مَّا سَمِعْنَا بِهَٰذَا فِي آبَائِنَا الْأَوَّلِينَ۝**
	သူ့လူမျိုးထဲမှ အကြံပေး ဖုံးကွယ်သောသူများက ပြောကြသည်မှာ ''ဤသူသည် သင်တို့ကဲ့သို့ လူပုဂ္ဂိုလ်သာလျှင် ဖြစ်ချေ၏။ သူသည် သင်တို့ အပေါ်၌ အဖြေးနိုင်သူ ဖြစ်လိုး၏။ အကယ်၍ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီခဲ့လျှင် အရှင်သည် နိမိတ်ဆောင်တစ်ပါးကို တာဝန်ချပေးနိုင်၏။ ကျွန်ုပ်တို့သည် ရှေးယခင် ဘဘိုးစဉ်ဆက် ဤသို့ မကြားနာခဲ့ဘူးချေ၊
၂၅။	**إِنْ هُوَ إِلَّا رَجُلٌ بِهِ جِنَّةٌ فَتَرَبَّصُوا بِهِ حَتَّى حِينٍ۝**
	ဇကန်၊ ထိုသူသည် ရူးသွပ်နေသူ လူသား မျှသာ ဖြစ်၏၊ သူ့အား အချိန်ပေး စောင့်ကြည့်ကြလော့၊''ဟု ဖြစ်၏။
၂၆။	**قَالَ رَبِّ انصُرْنِي بِمَا كَذَّبُونِ۝**
	သူက ''အို– ကံကြမ္မာရှင်၊ သူတို့၏ ငြင်းဆန်မှုမှ တပည့်တော်အား ကူညီတော်မူပါ၊''ဟု ဆုပန်၏။
၂၇။ ☆ ၁၁း၄၀	**فَأَوْحَيْنَا إِلَيْهِ أَنِ اصْنَعِ الْفُلْكَ بِأَعْيُنِنَا وَوَحْيِنَا فَإِذَا جَاءَ أَمْرُنَا وَفَارَ التَّنُّورُ فَاسْلُكْ فِيهَا مِن كُلٍّ زَوْجَيْنِ اثْنَيْنِ وَأَهْلَكَ إِلَّا مَن سَبَقَ عَلَيْهِ الْقَوْلُ مِنْهُمْ وَلَا تُخَاطِبْنِي فِي الَّذِينَ ظَلَمُوا إِنَّهُم مُّغْرَقُونَ۝**
	သူ့ထံသို့ ငါ အာရုံဖြစ်စေသည်မှာ ''ငါ– အာရုံဖြစ်စေသည့် အတိုင်း ငါ့ စက္ခုရှေ့မှောက်– သင်္ဘော တည်ဆောက်လော့၊ ငါ့ ညွှန်ကြားချက် ရောက်လာ၍ တောင်ကြားမှ ရေများ ပွက်လောရိုက်လာသည့်တိုင်၊ အစုဖွဲ့ နှစ်ခုစီမှနှင့် ငါ ကြိုတင် သတ်မှတ် ပြောပြီးသူမှ အပ သင့်ဝိုင်းသားများကို ထိုအထဲသို့ ဝင်စေလော့၊ မိုက်ကြေးခွဲသောသူများ အတွက် မလျှောက်တင်နှင့်၊ သူတို့အား နစ်မြုပ်စေလတ္တံ့။☆
၂၈။	**فَإِذَا اسْتَوَيْتَ أَنتَ وَمَن مَّعَكَ عَلَى الْفُلْكِ فَقُلِ الْحَمْدُ لِلَّهِ الَّذِي نَجَّانَا مِنَ الْقَوْمِ الظَّالِمِينَ۝**
	သို့ဖြင့် သင့်အား ပုံစံကျစေပြီးသောအခါ၊ သင်၊ သင်နှင့်အတူ သင်္ဘောပေါ်၌ ပါလာသောသူတို့အား ''ရည်သန်ရူးစိုက်မှု အပေါင်းသည် တပည့်တော်တို့အား မိုက်ကြေးခွဲသည့် လူမျိုးမှ လွတ်မြောက်စေသည့် ပရမတ်ဘုရားရှင် အတွက်သာ ဖြစ်၏၊''ဟု ရင့်ကျူးစေလော့၊
၂၉။	**وَقُل رَّبِّ أَنزِلْنِي مُنزَلًا مُّبَارَكًا وَأَنتَ خَيْرُ الْمُنزِلِينَ۝**
	''အို– ကံကြမ္မာရှင် တပည့်တော်အား ကျက်သရေရှိရှိ သွန်းဖြိုးသောမြေသို့ ချမှတ်ပေးတော်မူပါ၊ အရှင်သည် အကောင်းဆုံး ချမှတ်ပေးသော အရှင် ဖြစ်ပါ၏၊''ဟု ဆုတောင်းလော့၊
၃၀။	**إِنَّ فِي ذَٰلِكَ لَآيَاتٍ وَإِن كُنَّا لَمُبْتَلِينَ۝**
	ဇကန်ပင် ဤ၌ နိမိတ်လက္ခဏာ တစ်ရပ်ရှိနေ၏။ ဇကန်ပင် ငါသည် စုံစမ်းစစ်ဆေးနေတော်မူ၏။
၃၁။	**ثُمَّ أَنشَأْنَا مِن بَعْدِهِمْ قَرْنًا آخَرِينَ۝**
	တဖန်၊ သူတို့၏နောက်၌ ငါသည် နောက် မျိုးဆက်ကို ပေါက်ပွားစေတော်မူ၏။

၃၂။	**فَأَرْسَلْنَا فِيهِمْ رَسُولًا مِّنْهُمْ أَنِ اعْبُدُوا اللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُ أَفَلَا تَتَّقُونَ۝** ငါသည် သူတို့ထဲမှပင် သူတို့အတွက် ဉာဏ်စဉ်ဆောင်ကို စေစားတော်မူ၍၊ ''ပရမတ်ဘုရားရှင်အား ကိုးကွယ်ကြလော့၊ သင်တို့အတွက် အရှင်မှ အပ အခြားဘုရားဟူ၍ မရှိ၊ သင်တို့ စည်းစောင့်ကြမည် မဟုတ်လော၊''ဟု ဟောစေ၏။
၃၃။	**وَقَالَ الْمَلَأُ مِن قَوْمِهِ الَّذِينَ كَفَرُوا وَكَذَّبُوا بِلِقَاء الْآخِرَةِ وَأَتْرَفْنَاهُمْ فِي الْحَيَاةِ الدُّنْيَا مَا هَذَا إِلَّا بَشَرٌ مِّثْلُكُمْ يَأْكُلُ مِمَّا تَأْكُلُونَ مِنْهُ وَيَشْرَبُ مِمَّا تَشْرَبُونَ۝** သူ့လူမျိုးမှ ဖိုးကွယ်၍ နောင်ဘဝအား ဆုတွေ့ရမည်ကို ငြင်းဆန်ကြလျက်၊ ငါအရှင်က လောကီဘဝ၌ စည်းဖိမ်ယစ်နေစေသော အကြံပေးများက ပြောကြသည်မှာ–''ဤသူသည် သင်တို့ကဲ့သို့ လူပုဂ္ဂိုလ်မျှသာ ဖြစ်၏၊ သင်တို့စားသုံးသည်ကို သူစားသုံး၏၊ သင်တို့ သောက် သကဲ့သို့ သူသောက်၏။–
၃၄။	**وَلَئِنْ أَطَعْتُم بَشَرًا مِّثْلَكُمْ إِنَّكُمْ إِذًا لَّخَاسِرُونَ۝** သင်တို့ကဲ့သို့သော လူပုဂ္ဂိုလ်အား သင်တို့ နာခံကြလျှင်၊ သင်တို့သည် ဆုံးရှုံးရသူများသာ ဖြစ်မည်တည်း။
၃၅။	**أَيَعِدُكُمْ أَنَّكُمْ إِذَا مِتُّمْ وَكُنتُمْ تُرَابًا وَعِظَامًا أَنَّكُم مُّخْرَجُونَ۝** ထိုသူက သင်တို့သည် သေပြီးသောအခါ မြေမှုန့်များ အရိုးများ ဖြစ်ပြီးမှ သင်တို့အား ပြန်လည် ထုတ်ယူခြင်းခံရမည် ဟု ကတိပေးသလော၊
၃၆။	**هَيْهَاتَ هَيْهَاتَ لِمَا تُوعَدُونَ۝** ဝေးလေစွ၊ သူ့ ကတိမှာ ဖြစ်နိုင်ရန် ဝေးလေစွ၊
၃၇။	**إِنْ هِيَ إِلَّا حَيَاتُنَا الدُّنْيَا نَمُوتُ وَنَحْيَا وَمَا نَحْنُ بِمَبْعُوثِينَ۝** ဇကော်ပင် ကျွန်ုပ်တို့သည် ဤလောကီ၌ ရှင်ရမည်သာ ဖြစ်၏။ ကျွန်ုပ်တို့သည် သေရမည်၊ ရှင်ရမည်သာ ရှိ၏၊ ကျွန်ုပ်တို့သည် နိုးထရမည် မဟုတ်ချေ။–
၃၈။	**إِنْ هُوَ إِلَّا رَجُلٌ افْتَرَى عَلَى اللَّهِ كَذِبًا وَمَا نَحْنُ لَهُ بِمُؤْمِنِينَ۝** သူသည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်ညာ လုပ်ကြံဖန်တီးသော လူသာ ဖြစ်၏။ ကျွန်ုပ်တို့သည် သူ့အား မယုံကြည်နိုင်ပေ၊''ဟု ဖြစ်၏။
၃၉။	**قَالَ رَبِّ انصُرْنِي بِمَا كَذَّبُونِ۝** သူက ''အို– ကံကြမ္မာရှင်၊ သူတို့ ငြင်းဆန်မှုပေါ်၌ တပည့်တော်အား ကူညီတော်မူပါ၊''ဟု ဆုတောင်းသော်၊
၄၀။	**قَالَ عَمَّا قَلِيلٍ لَيُصْبِحُنَّ نَادِمِينَ۝** အရှင်က ''ခဏတာမျှသာ—ထို့နောက် သူတို့သည် ယုံကြုံးမရဖြစ်သွားရလတ္တံ့၊''ဟု မိန့်ဆို၏။
၄၁။	**فَأَخَذَتْهُمُ الصَّيْحَةُ بِالْحَقِّ فَجَعَلْنَاهُمْ غُثَاء فَبُعْدًا لِّلْقَوْمِ الظَّالِمِينَ۝** သူတို့အား အသံလှိုင်းကြီးဖြင့် အမှန်အကန် အရေးယူ၏၊ သူတို့အား အမှိုက်သရိုက် အဖြစ် စီစဉ်လိုက်၏၊ သို့ဖြင့် မိုက်ကြေးခွဲသော လူမျိုးအား နောက်ကျကျန်ရစ်စေ၏။
၄၂။	**ثُمَّ أَنشَأْنَا مِن بَعْدِهِمْ قُرُونًا آخَرِينَ۝** တဖန်၊ သူတို့၏နောက် နောက် မျိုးဆက်သစ်ကို ပေါက်ပွားစေ၏။
၄၃။	**مَا تَسْبِقُ مِنْ أُمَّةٍ أَجَلَهَا وَمَا يَسْتَأْخِرُونَ۝**

	မည်သည့် အသိုင်းအဝိုင်းသည်မှ သတ်မှတ်ကာလအား ရှေ့တိုး၍မရ၊ နောက်ဆုတ်၍လည်း မရချေ။
၄၄။	**ثُمَّ أَرْسَلْنَا رُسُلَنَا تَتْرَا كُلَّ مَا جَاء أُمَّةً رَّسُولُهَا كَذَّبُوهُ فَأَتْبَعْنَا بَعْضَهُم بَعْضًا وَجَعَلْنَاهُمْ أَحَادِيثَ فَبُعْدًا لِّقَوْمٍ لَّا يُؤْمِنُونَ۝** တဖန် ငါသည် ဉာဏ်စဉ်ဆောင်များကို ဆင့်ကာ စေစားတော်မူ၏။ အသိုင်းအဝိုင်း ကိုယ်စီထံသို့ ဉာဏ်စဉ်ဆောင်တစ်ပါး ရောက်လာစေလျှင်၊ သူ့အား ငြင်းဆန်ကြ၏။ သို့ဖြစ်၍ ငါသည် သူတို့မှ အချို့ကို အချို့နောက်သို့ လိုက်ပါစေ၍၊ သူတို့ အတွက် ဆင့်ပြန်ချက်များ စီစဉ်တော်မူ၏။ ယုံကြည်ခြင်း မရှိသော လူမျိုးအား နောက်ကျကျန်ရစ်စေ၏။
၄၅။	**ثُمَّ أَرْسَلْنَا مُوسَى وَأَخَاهُ هَارُونَ بِآيَاتِنَا وَسُلْطَانٍ مُّبِينٍ۝** တဖန် မူဆာနှင့် သူ့အစ်ကို ဟာရွန်အား ငါ၏ သုတ်ဒေသနာများ၊ ရှင်းလင်းသော လုပ်ပိုင်ခွင့်များဖြင့် စေစားသည်မှာ–
၄၆။	**إِلَى فِرْعَوْنَ وَمَلَئِهِ فَاسْتَكْبَرُوا وَكَانُوا قَوْمًا عَالِينَ۝** ဖာရိုးနှင့် သူ့အကြံပေးတို့ ထံသို့ ဖြစ်၏။ သူတို့သည် မောက်မာကြ၏၊ ကိန်းကြီးခန်းကြီး လူမျိုးဖြစ်၏။
၄၇။	**فَقَالُوا أَنُؤْمِنُ لِبَشَرَيْنِ مِثْلِنَا وَقَوْمُهُمَا لَنَا عَابِدُونَ۝** သို့ဖြင့် သူတို့က "ကျွန်ုပ်တို့ ကဲ့သို့ လူပုဂ္ဂိုလ်နှစ်ဦးကို ယုံကြည်ရမည်လော၊ သူတို့၏ လူမျိုးမှာ ကျွန်ုပ်တို့၏ အခိုင်းအစေများဖြစ်၏။"ဟု ဆိုကြ၍၊
၄၈။	**فَكَذَّبُوهُمَا فَكَانُوا مِنَ الْمُهْلَكِينَ۝** သူတို့နှစ်ဦးအား ငြင်းဆန်ကြသောကြောင့်၊ တိမ်ကောပျက်စီးရသူတို့မှ ဖြစ်သွားရတော့၏။
၄၉။	**وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ لَعَلَّهُمْ يَهْتَدُونَ۝** မုချ၊ ငါသည် သူတို့အား လမ်းညွှန်ရစေခဲ့ပြီ မူဆာအား ကျမ်းတော်ကို ချီးမြှင့်ခဲ့၏။
၅၀။	**وَجَعَلْنَا ابْنَ مَرْيَمَ وَأُمَّهُ آيَةً وَآوَيْنَاهُمَا إِلَى رَبْوَةٍ ذَاتِ قَرَارٍ وَمَعِينٍ۝** ငါသည် မာရိ၏သားနှင့် သူ့မိခင်အား နိမိတ်လက္ခဏာ အဖြစ် စီစဉ်တော်မူ၏၊ ငါသည် သူတို့အား စိမ့်စမ်းများနှင့် ဖို့မြေတည်ရှိရာသို့ ခိုလှုံစေ၏။
၅၁။	**يَا أَيُّهَا الرُّسُلُ كُلُوا مِنَ الطَّيِّبَاتِ وَاعْمَلُوا صَالِحًا إِنِّي بِمَا تَعْمَلُونَ عَلِيمٌ۝** အို– ဉာဏ်စဉ်တော်ဆောင်၊ စင်ကြယ်ရာများမှ စားသုံးလော့၊ ပြုပြင်ပြောင်းလဲမှုကို ကျင့်ကြံလော့၊ ငါအရှင်သည် ကျင့်ကြံ လေသမျှကို သိနေသောအရှင် ဖြစ်၏။
၅၂။	**وَإِنَّ هَذِهِ أُمَّتُكُمْ أُمَّةً وَاحِدَةً وَأَنَا رَبُّكُمْ فَاتَّقُونِ۝** ဇကော်ပင်၊ ဤ သင့် အသိုင်းအဝိုင်းသည် တစ်ခုတည်းသော အသိုင်းအဝိုင်း ဖြစ်၏။ ငါသည် သင်တို့၏ ကံကြမ္မာရှင် ဖြစ်၏။ သို့ဖြစ်၍ ငါ့ကိုသာလျှင် စည်းစောင့်ကြကုန်လော့။
၅၃။ ☆ ၁း၂၅	**فَتَقَطَّعُوا أَمْرَهُم بَيْنَهُمْ زُبُرًا كُلُّ حِزْبٍ بِمَا لَدَيْهِمْ فَرِحُونَ۝** သို့သော် သူတို့ချင်းကြား ဖြတ်တောက်ကြလျက် ကျမ်းခွဲများကို☆ ညွှန်ကြားကြ၍၊ အင်အားစုတိုင်းသည် သူတို့၌ ရှိရာဖြင့် ဝမ်းသာနေကြ၏။
၅၄။	**فَذَرْهُمْ فِي غَمْرَتِهِمْ حَتَّى حِينٍ۝** သို့ဖြစ်၍ သူတို့အား ကတုန်ကယင်ဖြစ်ရသည့် ကာလတစ်ခုၦ ချန်ထားခဲ့လော့။

၅၅။	**أَيَحْسَبُونَ أَنَّمَا نُمِدُّهُم بِهِ مِن مَّالٍ وَبَنِينَ۝** သူတို့ စိတ်ကူးယဉ်နေကြသလော– သူတို့အား တိုးပွားစေသည့် ဥစ္စာပစ္စည်း သားသမီးများဖြင့်–
၅၆။	**نُسَارِعُ لَهُمْ فِي الْخَيْرَاتِ بَل لَّا يَشْعُرُونَ۝** သူတို့၏ ကောင်းကျိုးကို အစောတလျင် ငါ ဆောင်ရွက်မည်ဟု။ အမှန်မှာ သူတို့ သတိမမူနိုင်ကြချေ။
၅၇။	**إِنَّ الَّذِينَ هُم مِّنْ خَشْيَةِ رَبِّهِم مُّشْفِقُونَ۝** ဇကန်ပင် ကြောက်ရွံ့တတ်သော သူများမှ ကံကြမ္မာရှင်အား ကြောက်ရွံ့ရိုကျိုးသူများ–
၅၈။	**وَالَّذِينَ هُم بِآيَاتِ رَبِّهِمْ يُؤْمِنُونَ۝** သူတို့၏ ကံကြမ္မာရှင်ထံမှ သုတ်ဒေသနာများကို ယုံကြည်သော သူများ၊
၅၉။	**وَالَّذِينَ هُم بِرَبِّهِمْ لَا يُشْرِكُونَ۝** သူတို့၏ ကံကြမ္မာရှင်အား ရောပြွန်းကိုးကွယ်ခြင်း မပြုသောသူများ၊
၆၀။	**وَالَّذِينَ يُؤْتُونَ مَا آتَوا وَّقُلُوبُهُمْ وَجِلَةٌ أَنَّهُمْ إِلَى رَبِّهِمْ رَاجِعُونَ۝** သူတို့၏ ကံကြမ္မာရှင်ထံသို့ ဦးလှည့်ပြန်ရမည့်အတွက် နှလုံးသည်းပုတ် တုန်လှုပ်လျက်၊ သူတို့အား ပေးထားသည်မှ ပေးကမ်းဒါနပြုသောသူများ၊
၆၁။	**أُوْلَئِكَ يُسَارِعُونَ فِي الْخَيْرَاتِ وَهُمْ لَهَا سَابِقُونَ۝** ထိုသူများသည် ကောင်းမှုၭ အလျင်လိုကြလျက်၊ သူတို့သည် လက်ဦးသူတို့ ဖြစ်၏။
၆၂။	**وَلَا نُكَلِّفُ نَفْسًا إِلَّا وُسْعَهَا وَلَدَيْنَا كِتَابٌ يَنطِقُ بِالْحَقِّ وَهُمْ لَا يُظْلَمُونَ۝** ငါက မနိုင်ဝန်ကို ထမ်းစေသော ဥဉ်ဟူ၍ မရှိ၊ ငါ့ထံတော်၌ သစ္စာတရားကို စကားပြောသော လောကဓမ္မ ရှိ၏။ သူတို့အား အဝိဇ္ဇာသင့်စေခြင်း မရှိချေ။
၆၃။ ကျမ်းဆော်	**بَلْ قُلُوبُهُمْ فِي غَمْرَةٍ مِّنْ هَذَا وَلَهُمْ أَعْمَالٌ مِن دُونِ ذَلِكَ هُمْ لَهَا عَامِلُونَ۝** အမှန်မှာ သူတို့၏ နှလုံးသားသည် ဤမှဝေးလျက် ကတုန်ကယင်ဖြစ်နေကြ၏။ ဤအတိုင်း ကျင့်ကြံရမည် မှလွဲ၍ ကျင့်ကြံအားထုတ်နေသူများ–
၆၄။	**حَتَّى إِذَا أَخَذْنَا مُتْرَفِيهِم بِالْعَذَابِ إِذَا هُمْ يَجْأَرُونَ۝** စည်းဇိမ်ယစ်နေသောသူများအား ဝဋ်ကြွေးဒဏ်ဖြင့် အရေးယူသည့်တိုင် ဖြစ်၏။ ထိုအခါတွင်မှ သူတို့ အသနားခံကြ၏။
၆၅။	**لَا تَجْأَرُوا الْيَوْمَ إِنَّكُم مِّنَّا لَا تُنصَرُونَ۝** ယနေ့ကာလတွင်မှ အသနားမခံကြနှင့်၊ ငါ့ထံတွင် အကူအညီ မရှိချေ။[၇၀]

(၇၀) ပရမတ်ဘုရားရှင်သည် လောကနိယာမအား ပြဋ္ဌာန်းထားပြီး ဖြစ်ပေသည်။ မီးသည် ပူမည်၊ ရေခဲသည် အေးမည်၊ ဤသည် ပြဋ္ဌာန်းပြီး လောကနိယာမ ဖြစ်သည်။ ကျမ်းတော်က မီးသည် ပူ၏ ရေခဲသည် အေး၏ ဟု သတိပေးကျမ်းတော် ဖြစ်သည်။ သတိပေးထားပါလျက် မီးကို ထိသူမှာ အပူဒဏ်ကို ခံရမည်မှာ ဓမ္မတာပင်။ ခံရသော ဒဏ်အား ကုစားသည်မှာလည်း ကာလဖြင့် ဖြစ်သည်။ အရှင်သည် မိမိ၏ ပြဋ္ဌာန်းချက်များကို ကမောက်ကမ ပြောင်းလဲခြင်း မရှိချေ။ (၃၀း၃၀) ထို့အတွက် အရှင့်အား ကရုဏာရှင် မဟုတ်ဟု မစွပ်စွဲအပ်ပေ။ လောကနိယာမများကို သေချာစွာ လေ့လာသင့်ပေသည်။ အပြစ်ကောင် ဘက်မှကြည့်လျှင် သူ့ဒေါသနှင့်သူ အပြစ်တင်နိုင်သော်လည်း လောက တစ်ခုလုံးအတွက် ပြဋ္ဌာန်းသော နိယာမကို တစ်ဦးတစ်ယောက် အတွက် ပြောင်းလဲပေးခြင်း မရှိ ဆိုသည်ကပင် လောက၏ ကရုဏာရှင်ပင် ဖြစ်ပေသည်။

၆၆။	**قَدْ كَانَتْ آيَاتِي تُتْلَى عَلَيْكُمْ فَكُنتُمْ عَلَى أَعْقَابِكُمْ تَنكِصُونَ۞** သင်တို့အား ငါ၏ သုတ်ဒေသနာများကို ရွတ်ပြပေးပြီ၊ သို့သော် သင်တို့သည် သင်တို့၏ နိဂုံးသို့ လှည့်ပြေးလေ့ရှိကြ၏။
၆၇။ ကျမ်းဆော်	**مُسْتَكْبِرِينَ بِهِ سَامِرًا تَهْجُرُونَ۞** မောက်မာမာန်တက်နေကြ၏၊ **ငင်း**အား ခွဲခွာလျက် မောဟအမှောင်နစ်နေကြ၏။[၇၄]
၆၈။	**أَفَلَمْ يَدَّبَّرُوا الْقَوْلَ أَمْ جَاءهُم مَّا لَمْ يَأْتِ آبَاءهُمُ الْأَوَّلِينَ۞** ဓမ္မတော်အား အရင်းအမြစ်မစစ်ကြကုန်သလော၊ သို့တည်းမဟုတ် ရှေးယခင်က သူတို့၏ ဘဘိုးတို့အား မပေးအပ်ခဲ့သည်ကို သူတို့ထံသို့ ရောက်လာစေသလော။
၆၉။	**أَمْ لَمْ يَعْرِفُوا رَسُولَهُمْ فَهُمْ لَهُ مُنكِرُونَ۞** သူတို့၏ ဉာဏ်စဉ်ဆောင်အား အသိအမှတ်မပြုကြသလော၊ သို့တည်းမဟုတ် သူ့အား သူစိမ်းဆန်နေကြသလော။
၇၀။	**أَمْ يَقُولُونَ بِهِ جِنَّةٌ بَلْ جَاءهُم بِالْحَقِّ وَأَكْثَرُهُمْ لِلْحَقِّ كَارِهُونَ۞** သို့တည်းမဟုတ် သူ့အား ရူးသွပ်နေသူဟု ဆိုကြသလော၊ အမှန်မှာ သူသည် သူတို့ထံသို့ သစ္စာတရားကို ရောက်လာစေ၏။ သူတို့မှ အများစုကြီးသည် သစ္စာတရားကို မုန်းတီးကြကုန်၏။
၇၁။	**وَلَوِ اتَّبَعَ الْحَقُّ أَهْوَاءهُمْ لَفَسَدَتِ السَّمَاوَاتُ وَالْأَرْضُ وَمَن فِيهِنَّ بَلْ أَتَيْنَاهُم بِذِكْرِهِمْ فَهُمْ عَن ذِكْرِهِم مُّعْرِضُونَ۞** အကယ်၍သာ သစ္စာတရားတော်သည် သူတို့၏ လိုဘများကို လိုက်နာလျှင်၊ မိုးများ၊ မြေနှင့် ထိုအကြားရှိ အရာများသည် အဖျက်ခံရပြီးဖြစ်လတ္တံ့၊ အမှန်မှာ ငါသည် သူတို့အား သတိပေးတရားကို ပေးအပ်ခဲ့ပြီ၊ သို့ဖြင့် သူတို့သည် ထိုသတိပေးတရားတော်အား ဘောင်ကန့်ထားသူများ ဖြစ်ကြ၏။
၇၂။	**أَمْ تَسْأَلُهُمْ خَرْجًا فَخَرَاجُ رَبِّكَ خَيْرٌ وَهُوَ خَيْرُ الرَّازِقِينَ۞** သို့တည်းမဟုတ် သင်သည် သူတို့ထံမှ လခထုတ်ပေးရန် တောင်းခံသလော။ သင့်ကံကြမ္မာရှင်မှ ထုတ်ပေးခြင်းသည် အကောင်းဆုံး ဖြစ်သလော။ အရှင်သည် အကောင်းဆုံး ရိက္ခာထောက်သော အရှင်ဖြစ်၏။
၇၃။	**وَإِنَّكَ لَتَدْعُوهُمْ إِلَى صِرَاطٍ مُّسْتَقِيمٍ۞** ဇကန်ပင် သင်သည် သူတို့အား မြဲမြံတည်တံ့သော လမ်းစဉ်သို့ ဖိတ်ခေါ်နေ၏။
၇၄။	**وَإِنَّ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ عَنِ الصِّرَاطِ لَنَاكِبُونَ۞** နောင်ဘဝအား မယုံကြည်သော သူတို့သည်ကား လမ်းစဉ်မှန်မှ ထွက်သွားကြကုန်၏။
၇၅။	**وَلَوْ رَحِمْنَاهُمْ وَكَشَفْنَا مَا بِهِم مِّن ضُرٍّ لَّلَجُّوا فِي طُغْيَانِهِمْ يَعْمَهُونَ۞** သူတို့အား ငါ ကရုဏာသက်ငြားသော်လည်း၊ သူတို့အား ရှိနေသော ဆိုးကျိုးမှ ဖယ်ပေးသော်လည်း၊ သူတို့သည် မျက်ကန်းတောတိုးဘဝဖြင့် စည်းဖျက်မှုထဲ၌ တိုးဝှေ့နေကြ၏။
၇၆။	**وَلَقَدْ أَخَذْنَاهُم بِالْعَذَابِ فَمَا اسْتَكَانُوا لِرَبِّهِمْ وَمَا يَتَضَرَّعُونَ۞** သူတို့အား ဝဋ်ကြွေးဒဏ်ဖြင့် မုချ အရေးယူတော်မူပြီ၊ သို့သော် သူတို့သည် သူတို့ကံကြမ္မာရှင်အား အရှုံးမပေးကြ နှိမ့်ချခြင်း မရှိကြသည်မှာ–

(၇၄) ဤမှ မောဟ အမှောင် ဆိုသည်မှာ ရှိရင်းစွဲ ဆရာစဉ်ဝါဒ မိရိုးဖလာ မောဟအမှောင်ကို ဆိုလိုခြင်း ဖြစ်သည်။

၇၇။	**حَتَّى إِذَا فَتَحْنَا عَلَيْهِم بَابًا ذَا عَذَابٍ شَدِيدٍ إِذَا هُمْ فِيهِ مُبْلِسُونَ۝** သူတို့အတွက် ပြင်းထန်သော ဝဋ်ကြွေးဒုက္ခ တံခါးကို ငါ ဖွင့်သည့်တိုင် ဖြစ်၏။ ထိုအခါ၊ ၎င်း၌ တွေဝေနေရလတ္တံ့။
၇၈။	**وَهُوَ الَّذِي أَنشَأَ لَكُمُ السَّمْعَ وَالْأَبْصَارَ وَالْأَفْئِدَةَ قَلِيلًا مَّا تَشْكُرُونَ۝** အရှင်သည် သင်တို့အတွက် အကြား အမြင် စိတ်နှလုံးများကို ဖွဲ့ထွားစေ၏။ အနည်းစုသည်သာ ကျေးဇူးတရားကို သိတတ်၏။၇၅
၇၉။	**وَهُوَ الَّذِي ذَرَأَكُمْ فِي الْأَرْضِ وَإِلَيْهِ تُحْشَرُونَ۝** အရှင်သည် သင်တို့အား မြေကမ္ဘာ၌ ပွားများစေသော အရှင် ဖြစ်၏။ ထို့နောက် အရှင့်ထံသို့သာ စုစည်းခံရလတ္တံ့။
၈၀။	**وَهُوَ الَّذِي يُحْيِي وَيُمِيتُ وَلَهُ اخْتِلَافُ اللَّيْلِ وَالنَّهَارِ أَفَلَا تَعْقِلُونَ۝** အရှင်သည် နိစ္စ၊ အနိစ္စကို ဖြစ်စေသောအရှင် ဖြစ်၏၊ ညနှင့်နေ့ကို အလှည့်ကျဖြစ်စေ၏၊ အတွေးအခေါ် မရှိကြသလော။
၈၁။	**بَلْ قَالُوا مِثْلَ مَا قَالَ الْأَوَّلُونَ۝** အမှန်မှာ– သူတို့သည် ရှေးဦးလူတို့ ပြောဆိုသကဲ့သို့သာ ပြောဆိုကြကုန်၏။
၈၂။	**قَالُوا أَئِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا أَئِنَّا لَمَبْعُوثُونَ۝** သူတို့ ပြောကြသည်မှာ ‘‘ကျွန်ုပ်တို့သည် သေပြီးသောအခါ၊ မြေမှုန့်နှင့် အရိုးများ ဖြစ်ပြီးနောက်၊ ကျွန်ုပ်တို့အား နိုးထစေဦးမည်လော–
၈၃။	**لَقَدْ وُعِدْنَا نَحْنُ وَآبَاؤُنَا هَذَا مِن قَبْلُ إِنْ هَذَا إِلَّا أَسَاطِيرُ الْأَوَّلِينَ۝** ကျွန်ုပ်တို့နှင့် ဤမတိုင်မီ ကျွန်ုပ်တို့၏ ဘဘိုးတို့အား ပေးသော ဤကတိမှာ ရှေးသရော အခါက ဒဏ္ဍာရီများသာ ဖြစ်၏’’ဟု ပင်၊
၈၄။	**قُل لِّمَنِ الْأَرْضُ وَمَن فِيهَا إِن كُنتُمْ تَعْلَمُونَ۝** ‘‘သင်တို့ သိကြလျှင်၊ မဟာပထဝီမြေနှင့် ထိုဌ္ဌရိရာကို မည်သူပိုင်စိုးသနည်း၊’’ဟု မေးလော့။
၈၅။	**سَيَقُولُونَ لِلَّهِ قُلْ أَفَلَا تَذَكَّرُونَ۝** ‘‘ပရမတ်ဘုရားရှင်၏ အချုပ်အခြာဌ္ဌ ရှိ၏၊’’ဟု ပြောကြလိမ့်မည်။ ‘‘သို့ဖြစ်လျှင် ဆင်ခြင်သတိ ရှိကြမည်လော၊’’ဟု မေးလော့။
၈၆။ ☆ ၂၂၉	**قُلْ مَن رَّبُّ السَّمَاوَاتِ السَّبْعِ وَرَبُّ الْعَرْشِ الْعَظِيمِ۝** ‘‘အာကာ ခုနစ်ဆက်၏☆ ကံကြမ္မာရှင်၊ မဟာ့မဟာထပ်ဆင့်ကွပ်ကဲမှု၏ ကံကြမ္မာရှင်သည် မည်သူနည်း၊’’ဟု မေးလော့။
၈၇။	**سَيَقُولُونَ لِلَّهِ قُلْ أَفَلَا تَتَّقُونَ۝**

---

(၇၄၂) ဆရာတော် အချို့က **နား၊ မျက်လုံး၊ နှလုံးများကို ဖန်ဆင်းပေး၏** ဟု ပြန်ဆိုကြပေသည်။ ဤသုတ်တော်၌ ဖန်ဆင်းခြင်း၊ ဖြစ်တည်ပေးခြင်း ဟု အနက်ကိုပေးသည် **ခလာ့က်** ကို သုံးထားခြင်း မဟုတ်ပေ။ ဖွံ့ဖြိုးကြီးထွားခြင်း၊ (အပင်များ) ပေါက်ရောက်ခြင်းကို သုံးသည့် **အန်ရှာအ်** ကို သုံးခြင်း ဖြစ်၍၊ ဤဘာသာပြန်ဌ **ဖွံ့ထွားစေသည်** ဟု ပြန်ဆိုခြင်း ဖြစ်သည်။ လူသားသည် **ဥာဏ်စဉ်** ကို ရရှိသည်၊ ၃၂၉။ ထို့ကြောင့် အခြားသော သတ္တဝါများထက် ပို၍ ထူးခြားသော ဂုဏ်ထူး ဝိသေသ ပိုင်ရှင် ဖြစ်သည်။ သို့သော် ထိုသို့ မိမိပိုင်ဆိုင်သော **ဥာဏ်စဉ်** ကို အသုံး မပြုက နားရှိလျက် ကြားနာနိုင်စွမ်းမရှိ၊ မျက်လုံးရှိလျက် ရှုမြင်နိုင်စွမ်း မရှိ၊ နှလုံးသားရှိလျက် ခံစားနားလည်မှု မရှိသော တိရိစ္ဆာန် ကဲ့သို့သာ ဖြစ်၏။ ဟု ကျမ်းတော်၏ ၇း၁၇၉ တွင် အတိအကျ ဆိုထားပေသည်။ တနည်းအားဖြင့် ထိုသို့သော လူသားများသည် နှာဖျားကြိုး ထိုးခံထားရသည့် လူသားသာ ဖြစ်ပေသည်။ ကျမ်းတော်သည် လူသားအား ထိုဘဝမှ လွတ်မြောက်စေရန် အမြဲလမ်းပြ သွန်သင်လျက် ရှိပေသည်။

	‘‘ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ပင်၊’’ဟု ပြောကြလတ္တံ့။‘‘သို့ဖြစ်လျှင် စည်းမစောင့်ကြသလော၊’’ဟု မေးလော့။
၈၈။	**قُلْ مَن بِيَدِهِ مَلَكُوتُ كُلِّ شَيْءٍ وَهُوَ يُجِيرُ وَلَا يُجَارُ عَلَيْهِ إِن كُنتُمْ تَعْلَمُونَ۞** ‘‘သင်တို့ သိကြလျှင်၊ သဗ္ဗလုံးစုံ၏ အပေါ်၌ အစိုးရခြင်းသည် မည်သူ၏ လုပ်ပိုင်ခွင့်၌ ရှိသနည်း၊ အရှင်သည် ကာကွယ်ပေး၏။ ကာကွယ်ပေးခံ မဟုတ်ချေ’’ဟု ဆိုလော့၊
၈၉။	**سَيَقُولُونَ لِلَّهِ قُلْ فَأَنَّى تُسْحَرُونَ۞** ‘‘ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌’’ဟု ပြောကြလတ္တံ့၊ ‘‘သို့ဖြစ်က မည်သို့ မှိုင်းမိခံနေကြသနည်း၊’’ဟု ဆိုလော့။
၉၀။	**بَلْ أَتَيْنَاهُم بِالْحَقِّ وَإِنَّهُمْ لَكَاذِبُونَ۞** အမှန်မှာ ငါသည် သူတို့အား ပရမတ္ထသစ္စာကို ချီးမြှင့်ခဲ့ပြီ။ သူတို့သည်ကား မုသာဝါဒီများ ဖြစ်ကြ၏။
၉၁။ ★ ၂၁၁၆	**مَا اتَّخَذَ اللَّهُ مِن وَلَدٍ وَمَا كَانَ مَعَهُ مِنْ إِلَٰهٍ إِذًا لَّذَهَبَ كُلُّ إِلَٰهٍ بِمَا خَلَقَ وَلَعَلَا بَعْضُهُمْ عَلَى بَعْضٍ سُبْحَانَ اللَّهِ عَمَّا يَصِفُونَ۞** ပရမတ်ဘုရားရှင်သည် ကိုယ်ပွား ယူထားခြင်း မရှိပြီ။★ အရှင်နှင့်အတူ အခြား ဘုရားဟု မရှိချေ။ ရှိခဲ့လျှင် ထိုဘုရားကိုယ်စီသည် မိမိ ဖြစ်တည်ပေးသော အရာများကို ရုပ်သိမ်းနိုင်လတ္တံ့၊ သို့မဟုတ် အချို့သည် အချို့ထက် အထွဋ်အထိပ် ဖြစ်လတ္တံ့၊ ဦးထိပ်ထားအပ်သော ပရမတ်ဘုရားရှင်သည် ၎င်းတို့ တင်ပြသည်များနှင့် ကင်းသန့်ပေ၏။
၉၂။	**عَالِمِ الْغَيْبِ وَالشَّهَادَةِ فَتَعَالَى عَمَّا يُشْرِكُونَ۞** မျက်ကွယ်၊ မျက်မှောက်ကို သိနေသော အရှင်၊ အထွဋ်အထိပ်ဖြစ်တော်မူသော အရှင်။ ရောပြွန်းကိုးကွယ်ရာများမှ ကင်းသန့်သော အရှင် ဖြစ်၏။
၉၃။	**قُل رَّبِّ إِمَّا تُرِيَنِّي مَا يُوعَدُونَ۞** ဆုတောင်းလော့ ‘‘အို– ကံကြမ္မာရှင်၊ ကတိရှိရာတို့အား တပည့်တော်အား ပြသတော်မူပါ။–
၉၄။	**رَبِّ فَلَا تَجْعَلْنِي فِي الْقَوْمِ الظَّالِمِينَ۞** အို– ကံကြမ္မာရှင် တပည့်တော်အား မိုက်ကြေးခွဲသော လူမျိုးထဲမှ မစီစဉ်ပါနှင့်။’’
၉၅။	**وَإِنَّا عَلَى أَن نُّرِيَكَ مَا نَعِدُهُمْ لَقَادِرُونَ۞** ဧကန်ပင် ငါသည် သူတို့အပေါ် ထားသော ငါ၏ ကတိတော်ကို သင့်အားပြသရန် စည်းချိန်ချမှတ်နိုင်၏။
၉၆။	**ادْفَعْ بِالَّتِي هِيَ أَحْسَنُ السَّيِّئَةَ نَحْنُ أَعْلَمُ بِمَا يَصِفُونَ۞** သူတို့၏ အကုသိုလ်ကို သင် တင့်တင့်တယ်တယ် ခုခံလော့၊ သူတို့၏ တင်ပြမှုများကို ငါ အသိဆုံးဖြစ်တော်မူ၏။
၉၇။ ☆ ၂၁၀၄	**وَقُل رَّبِّ أَعُوذُ بِكَ مِنْ هَمَزَاتِ الشَّيَاطِينِ۞** ဆုတောင်းလော့၊ ‘‘တပည့်တော်သည် မကောင်းဆိုးဝါးတို့၏☆ ဂုဏ်သရေဖျက်ခံရခြင်းမှ ကင်းရန် ကံကြမ္မာရှင် အရှင့်ထံ၌ ခိုလှုံပါ၏။
၉၈။	**وَأَعُوذُ بِكَ رَبِّ أَن يَحْضُرُونِ۞** ကံကြမ္မာရှင်၊ အရှင့်ထံ၌ ခိုလှုံပါ၏၊ အချိန်တန်လာသော–
၉၉။	**حَتَّى إِذَا جَاء أَحَدَهُمُ الْمَوْتُ قَالَ رَبِّ ارْجِعُونِ۞** အနိစ္စတရားသည် သူတို့မှ တစ်ယောက်ယောက်ထံ ရောက်လာသောအခါ။ သူ ဆုတောင်းသည်မှာ ‘‘အို– ကံကြမ္မာရှင်

	တပည့်တော်အား ဦးလှည့်ပြန်ပို့ပေးပါ–
၁၀၀။	**لَعَلِّي أَعْمَلُ صَالِحًا فِيمَا تَرَكْتُ كَلَّا إِنَّهَا كَلِمَةٌ هُوَ قَائِلُهَا وَمِن وَرَائِهِم بَرْزَخٌ إِلَى يَوْمِ يُبْعَثُونَ۝** တပည့်တော် ချန်ထားခဲ့သည်များကို ပြုပြင်ပြောင်းလဲ ကျင့်ကြံပါမည်၊''ဟု ဖြစ်၏။ အမှန်မှာ ဤသည် သူ၏အပြော သူ့စကားသာ ဖြစ်၏၊ နိုးထရမည့် နေ့ကာလတိုင် ရင်ဆိုင်ဖြေရှင်းစရာများ သူတို့အတွက် ကွယ်ထားလျက်ရှိနေ၏။
၁၀၁။ ☆ ဖေဂုလ ၁၈း၃၃	**فَإِذَا نُفِخَ فِي الصُّورِ فَلَا أَنسَابَ بَيْنَهُمْ يَوْمَئِذٍ وَلَا يَتَسَاءلُونَ۝** ပုံစံ သက်ဝင်စေသောအခါ။☆ ထိုနေ့ကာလ၌ သူတို့၏ ကြားတွင် သွေးသားတော်စပ်ခြင်း၊ မေးမြန်းပြောဆိုခြင်းများ မရှိရစေပြီ။
၁၀၂။	**فَمَن ثَقُلَتْ مَوَازِينُهُ فَأُوْلَئِكَ هُمُ الْمُفْلِحُونَ۝** ချိန်ခွင်လျှာ အလေးစီးသူ၊ ထိုသူတို့သည် အောင်မြင်ပေါက်မြောက်သူများ ဖြစ်ကြ၏။
၁၀၃။	**وَمَنْ خَفَّتْ مَوَازِينُهُ فَأُوْلَئِكَ الَّذِينَ خَسِرُوا أَنفُسَهُمْ فِي جَهَنَّمَ خَالِدُونَ۝** ချိန်ခွင်လျှာ အလေးပေါ့သောသူ၊ ထိုသူတို့သည် ဆုံးရှုံးရသူများ ဖြစ်ကြ၏။ သူတို့၏ ဥဉ်စရိုက်အား ငရဲဘုံ၌ အစဉ်ခံစားစေမည်ပင်။
၁၀၄။	**تَلْفَحُ وُجُوهَهُمُ النَّارُ وَهُمْ فِيهَا كَالِحُونَ۝** အပူမီးသည် သူတို့၏ မျက်နှာများကို မြိုက်လျက်၊ ထိုသူတို့သည် ထို၌ မဲ့ရွဲ့ခံစားရတော့၏။
၁၀၅။	**أَلَمْ تَكُنْ آيَاتِي تُتْلَى عَلَيْكُمْ فَكُنتُم بِهَا تُكَذِّبُونَ۝** သင်တို့ထံသို့ ငါ၏ သုတ်ဒေသနာများကို ရွတ်ဖတ်မပြလေသလော၊ သင်တို့သည်ကား ၎င်းကို ငြင်းဆန်လေ့ရှိခဲ့ပြီ။
၁၀၆။	**قَالُوا رَبَّنَا غَلَبَتْ عَلَيْنَا شِقْوَتُنَا وَكُنَّا قَوْمًا ضَالِّينَ۝** သူတို့က ဆိုကြသည်မှာ ''အို– ကံကြမ္မာရှင်၊ တပည့်တော်တို့၏ ကံဆိုးခြင်းများက တပည့်တော်တို့အား အနိုင်ယူပါပြီ၊ တပည့်တော်တို့သည်ကား လမ်းလွဲသော လူမျိုး ဖြစ်ပါ၏။
၁၀၇။	**رَبَّنَا أَخْرِجْنَا مِنْهَا فَإِنْ عُدْنَا فَإِنَّا ظَالِمُونَ۝** အို– ကံကြမ္မာရှင် တပည့်တော်တို့အား ဤမှ ကယ်ထုတ်တော်မူပါ၊ တပည့်တော်တို့ ဆက်လွဲနေရလျှင် အမိုက်ကောင်များ ဖြစ်ရလတ္တံ့ ''ဟု ဖြစ်၏။
၁၀၈။	**قَالَ اخْسَؤُوا فِيهَا وَلَا تُكَلِّمُونِ۝** အရှင်က ''ထို၌ ရှက်ဖွယ်လိလိပင်၊ လျှောက်လွဲချက် မပေးကြနှင့်၊''ဟု မိန့်ဆို၏။
၁၀၉။	**إِنَّهُ كَانَ فَرِيقٌ مِّنْ عِبَادِي يَقُولُونَ رَبَّنَا آمَنَّا فَاغْفِرْ لَنَا وَارْحَمْنَا وَأَنتَ خَيْرُ الرَّاحِمِينَ۝** ငါ၏ အမှုတော်ဆောင်များမှ တစ်ဖွဲ့က ပြောဆိုသည်မှာ ''အို– ကံကြမ္မာရှင်၊ တပည့်တော်တို့ ယုံကြည်ပါ၏၊ ထို့ကြောင့် တပည့်တော်တို့အား လွတ်ငြိမ်းစေ၍၊ ကရုဏာသက်တော်မူပါ၊ အရှင်သည် အကောင်းဆုံးသော အကြင်နာရှင် ဖြစ်ပါ၏၊''ဟု ဖြစ်၏။
၁၁၀။ ယုံကြည်သူ	**فَاتَّخَذْتُمُوهُمْ سِخْرِيًّا حَتَّى أَ نسَوْكُمْ ذِكْرِي وَكُنتُم مِّنْهُمْ تَضْحَكُونَ۝** သို့သော် သင်တို့သည် **သူ**တို့အား ပျက်ရယ်စရာဟု အယူထားလျက် ငါ့အား သတိရရန် မေ့နေသည်ထိ ဖြစ်ခဲ့၏၊ သင်တို့သည် **သူ**တို့ကို ဟားတိုက်ရယ်မောလေ့ ရှိခဲ့၏။

၁၁၁။	**إِنِّي جَزَيْتُهُمُ الْيَوْمَ بِمَا صَبَرُوا أَ نَّهُمْ هُمُ الْفَائِزُونَ۞** ငါသည် သူတို့၏ ခွန်အိုပါရမီအတွက် ဤနေ့၌ အစားပေးတော်မူပြီ၊ သူတို့သည် အောင်ပွဲခံသူများ ဖြစ်ကြ၏။
၁၁၂။	**قَالَ كَمْ لَبِثْتُمْ فِي الْأَرْضِ عَدَدَ سِنِينَ۞** အရှင်က ‘‘မြေကမ္ဘာ၌ သင်တို့ နှစ် အရေအတွက် မည်မျှ နေခဲ့သနည်း၊’’ဟု ဆိုသော်–
၁၁၃။	**قَالُوا لَبِثْنَا يَوْمًا أَوْ بَعْضَ يَوْمٍ فَاسْأَلْ الْعَادِّينَ۞** သူတို့က ‘‘တပည့်တော်တို့သည် တစ်ရက်၊ သို့မဟုတ် တစ်ရက်၏ အချို့ နေခဲ့၏။ တွက်ချက်ထားသူတို့အား မေးတော်မူပါ၊’’ဟု လျှောက်တင်ကြ၏။
၁၁၄။	**قَالَ إِن لَّبِثْتُمْ إِلَّا قَلِيلًا لَّوْ أَنَّكُمْ كُنتُمْ تَعْلَمُونَ۞** အရှင်က ‘‘သင်တို့သည် ခေတ္တမျှသာ နေခဲ့ရ၏၊ သင်တို့ သိကြပါလေစ၊’’ဟု ဆို၏။
၁၁၅။	**أَفَحَسِبْتُمْ أَنَّمَا خَلَقْنَاكُمْ عَبَثًا وَأَنَّكُمْ إِلَيْنَا لَا تُرْجَعُونَ۞** ‘‘သင်တို့အား ငါက အဓိပ္ပါယ်မဲ့ ဖြစ်တည်စေခဲ့သည်ဟု၊ သင်တို့သည် ငါ့ထံတော်သို့ မပြန်ရတော့ဟု စိတ်ကူးသလော။’’
၁၁၆။	**فَتَعَالَى اللَّهُ الْمَلِكُ الْحَقُّ لَا إِلَهَ إِلَّا هُوَ رَبُّ الْعَرْشِ الْكَرِيمِ۞** ပရမတ်ဘုရားရှင်သည် အထွဋ်အထိပ်ဖြစ်တော်မူ၏၊ အရှင်သခင် ဖြစ်တော်မူ၏၊ ပရမတ္တသစ္စာ ဖြစ်တော်မူ၏။ ကျက်သရေ ရှိသော ထပ်ဆင့်ကွပ်ကဲမှု၏ ကံကြမ္မာရှင်– အရှင်မှ အပ အခြားဘုရားဟူ၍ မရှိချေ။
၁၁၇။	**وَمَن يَدْعُ مَعَ اللَّهِ إِلَهًا آخَرَ لَا بُرْهَانَ لَهُ بِهِ فَإِنَّمَا حِسَابُهُ عِندَ رَبِّهِ إِنَّهُ لَا يُفْلِحُ الْكَافِرُونَ۞** ပရမတ်ဘုရားရှင်နှင့် အတူထား၍ အခြားသော ဘုရားများကို ဆုတောင်းနေသူ၊ ထိုသူအတွက် သက်သေပြချက် မရှိချေ။ သူ့ကံကြမ္မာရှင်၏ ထံတော်၌ သူ့အား စရင်းရှင်းလေလတ္တံ့၊ ဗုံးကွယ်မှောင်ချသူသည် အောင်မြင်ပေါက်မြောက်မည် မဟုတ်ချေ။
၁၁၈။	**وَقُل رَّبِّ اغْفِرْ وَارْحَمْ وَأَنتَ خَيْرُ الرَّاحِمِينَ۞** ‘‘အို– ကံကြမ္မာရှင် တပည့်တော်အား လွတ်ငြိမ်းစေတော်မူပါ၊ ကရုဏာသက်တော်မူပါ၊ အရှင်သည် အကောင်းဆုံးသော အကြင်နာရှင် ဖြစ်ပါ၏၊’’ဟု ဆုတောင်းလော့။

ဓမ္မခန္ဓာ (၂၄) ရောင်ခြည်တော် (အလ် နူး၏)

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၁၀၂။ သုတ်ဒေသနာ– ၆၄ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။	**سُورَةٌ أَنزَلْنَاهَا وَفَرَضْنَاهَا وَأَنزَلْنَا فِيهَا آيَاتٍ بَيِّنَاتٍ لَّعَلَّكُمْ تَذَكَّرُونَ۝** တာဝန်သတ်မှတ်ပေးသော ဓမ္မခန္ဓာတစ်ပါးကို ငါ ချမှတ်ပေး၏။ ထို၌ သင်တို့ ဆင်ခြင်သတိ ရှိအံ့ငှာ ရှင်းလင်းထင်ရှားသော သုတ်ဒေသနာများကို ငါ ချမှတ်ပေးတော်မူ၏။
၂။	**الزَّانِيَةُ وَالزَّانِي فَاجْلِدُوا كُلَّ وَاحِدٍ مِّنْهُمَا مِئَةَ جَلْدَةٍ وَلَا تَأْخُذْكُم بِهِمَا رَأْفَةٌ فِي دِينِ اللهِ إِن كُنتُمْ تُؤْمِنُونَ بِاللهِ وَالْيَوْمِ الْآخِرِ وَلْيَشْهَدْ عَذَابَهُمَا طَائِفَةٌ مِّنَ الْمُؤْمِنِينَ۝** လိင်စည်းဖေါက်သူမ၊ လိင်စည်းဖေါက်သူ၊ သူတို့တစ်ယောက်စီအား သားရေဖြင့် တစ်ရာစီ ရိုက်လော့၊ သင်တို့သည် ပရမတ်ဘုရားရှင်နှင့် နောင်ဘဝ နေ့ကာလအား ယုံကြည်ကြလျှင် ပရမတ်ဘုရားရှင်၏ သာသနာ၌ သူတို့အား ညှာမထားကြနှင့်၊ ပြစ်ဒဏ်ပေးခြင်းတွင်ယုံကြည်သူမှ တစ်စုအား သက်သေသက်ကန်ဖြစ်စေလော့။[၇၄]
၃။	**الزَّانِي لَا يَنكِحُ إِلَّا زَانِيَةً أَوْ مُشْرِكَةً وَالزَّانِيَةُ لَا يَنكِحُهَا إِلَّا زَانٍ أَوْ مُشْرِكٌ وَحُرِّمَ ذَلِكَ عَلَى الْمُؤْمِنِينَ۝** လိင်စည်းဖေါက်သူသည် လိင်စည်းဖေါက်သူမ သို့မဟုတ် ရောပြွန်းကိုးကွယ်သူမကိုသာ ပေါင်းဖက်နိုင်၏၊ လိင်စည်းဖေါက်သူမသည်လည်း လိင်စည်းဖေါက်သူ သို့မဟုတ် ရောပြွန်းကိုးကွယ်သူကိုသာ ပေါင်းဖက်နိုင်၏၊ ထိုကိစ္စကို ယုံကြည်သူများအတွက် တားမြစ်ပြီး ဖြစ်၏။[၇၄]

---

(၇၄) ဤသည် အသေသတ်ခိုင်းသော ဥပဒေ မဟုတ်ပေ။ အာရဗ်တို့၏ ရှေးဟောင်း ယဉ်ကျေးမှုမှ သယ်လာသော ခဲနှင့် ထုသတ်သည့် ဥပဒေသည်လည်း ကျမ်းတော်၌ မပါဝင်ချေ။ တရားဝင် အိမ်ထောင်ပြုခွင့်ကို လွတ်လပ်စွာပေးထားသော အစ္စလာမ် သာသနာသည် ကာမဖေါက်ပြန်မှုကို လုံးဝ တားမြစ်သည်ဟု ပေါ်လွင်စေရန် ဥပဒေ ချမှတ်ထားခြင်း ဖြစ်ပေသည်။ အိမ်ထောင်တစ်ခု ပြိုကွဲပျက်စီးရမည့် အခြေအနေ၊ သားသမီးများ မျက်နှာငယ် အရှက်ရစေမည့် အခြေအနေကို ကြိုတင် တားမြစ်ခြင်းသာ ဖြစ်ပေသည်။ **သရေဖြင့် တရာစီ ရိုက်လော့** ဟု ဆိုသည်မှာ **ထိရောက်စွာ အရေးယူလော့** ဟုသာ ဆိုလိုပေသည်၊ ၅း၃၈ ၏ အောက်ခြေတွင် ကြည့်ပါ။ တနည်းအားဖြင့် အပြစ်လုပ်နေသ၍ လူတော သတိုးရဲအောင် ဆုံးမစေခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် လူထုရှေ့မှောက် သက်သေထား၍ အပြစ်ပေးကြဟု သုံးနှုံးပြောဆိုထားခြင်း ဖြစ်ပေသည်။ ကိုယ်တော် မုဟမ္မဒ် လက်ထက် ဤဥပဒေအား ပြဋ္ဌာန်းစဉ်၊ သို့မဟုတ် ပြဋ္ဌာန်းပြီးနောက် ဤအမှုဖြင့် အသေရိုက်သတ်ခဲ့သော၊ အသေ ခဲဖြင့် ထုသတ်ခဲ့သော သမိုင်း မရှိသည့်အပြင်၊ မွတ်ဆလင် ဆိုသူ အများစုကြီး၏ ထင်မှတ်နေသော ယုံကြည်မှုကြီးကို အတည်ပြုပေးထားသော အထောက်အထား ကျမ်းတော်တွင် မပါဝင်ပေ။ ဤဥပဒေသည် သူတစ်ပါးအား ကာမဖေါက်ပြန်သည်ဟု စွပ်စွဲသော သူများကို– ပညာပေးရန်၊ **သင်တို့ စွပ်စွဲသလို ဟုတ်လျှင် ထိုကျူးလွန်သူအား ဤသို့အပြစ်ပေးကြ၊ အကယ်၍ မဟုတ်က စွပ်စွဲသူအား သားရေဖြင့် အချက် ၈၀ ရိုက်လော့** (၂၄း၄) ဟု စွပ်စွဲသူ၏– မဟုတ်မဟတ် စွပ်စွဲချက်ကို ချေပပေးသော ဥပဒေသာလျှင် ဖြစ်ပေသည်။ အစ္စလာမ့် သမိုင်းမှန်ကို သိသူတိုင်းသည် ဤဥပဒေအား နားလည်မှု မလွဲသင့်ပေ။ သာသနာ့ အတွင်းရန်သူတို့က ကျမ်းတော်အား ကမောက်ကမ ပြန်ဆိုထားသည်ကို နောက်ယောင်ခံ မလိုက်သင့်တော့ပေ။ ကာမစည်းမစောင့်သူတို့အား အပြစ်ပေးရန် ပြဋ္ဌာန်းသည့် ၄း၁၆ နှင့် ချိန်ကိုက်လေ့လာသင့်ပေသည်။– ၂၄း၄ အောက်ခြေတွင် ဆက်ကြည့်ပါ။ ဤအာယတ်တော်တွင် ပြောဆိုသော جَلْدَةٍ ကို ဆရာတော်များက ကြိမ်လုံး ဟု ဘာသာပြန်ကြည်သော်လည်း ထိုစကားလုံးသည် အရေပြား ဟု အနက်ရသော د ل ج မှ ဆင့်ပွားခြင်း ဖြစ်သည့် အပြင် ဤအာယတ်တော်တွင် ဘာသာပြန်သော ရိုက်လော့ اجْلِدُوا ဟူသည့် စကားလုံးသည်လည်း د ل ج မှ ဆင့်ပွားခြင်း ဖြစ်၍ အရေပြား အပေါ်ယံ နာကျင်ယုံမျှသာ အပြစ်ပေးခိုင်း ဖြစ်သည်။ (**ဇေနာ** ဆိုလိုချက်အား ၆း၁၀ ၏ အောက်ခြေ ရှင်းချက်တွင် ဆက်ကြည့်ပါ။)

၄။	**وَالَّذِينَ يَرْمُونَ الْمُحْصَنَاتِ ثُمَّ لَمْ يَأْتُوا بِأَرْبَعَةِ شُهَدَاء فَاجْلِدُوهُمْ ثَمَانِينَ جَلْدَةً وَلَا تَقْبَلُوا لَهُمْ شَهَادَةً أَبَدًا وَأُوْلَئِكَ هُمُ الْفَاسِقُونَ۞** ထိန်းထိန်းသိမ်းသိမ်းရှိသည့်သူမအား လေပစ်စွပ်စွဲသော သူများ၊ ထိုသူတို့သည် သက်သေလေးဦးကို မယူခဲ့နိုင်လျှင်၊ သူတို့အား သားရည်ဖြင့် ရှစ်ဆယ်စီ ရိုက်လော့။ ထို့နောက် သူတို့၏ သက်သေထွက်ချက်ကို မည်သည့် အခါတွင်မှ အတည် မဖြစ်စေနှင့်၊ ထိုသူတို့သည် ယုတ်မာသူများ ဖြစ်ကြ၏။
၅။	**إِلَّا الَّذِينَ تَابُوا مِن بَعْدِ ذَلِكَ وَأَصْلَحُوا فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ۞** ဤနောက်တွင် ခဝါချ၍ ပြုပြင်ပြောင်းလဲကြသော သူများကိုသာ–၊ ဇကနပင် ပရမတ်ဘုရားရှင်သည် လွှတ်ငြိမ်းစေသော အရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။[၇၅]
၆။	**وَالَّذِينَ يَرْمُونَ أَزْوَاجَهُمْ وَلَمْ يَكُن لَّهُمْ شُهَدَاء إِلَّا أَنفُسُهُمْ فَشَهَادَةُ أَحَدِهِمْ أَرْبَعُ شَهَادَاتٍ بِاللَّهِ إِنَّهُ لَمِنَ الصَّادِقِينَ۞** မိမိစိတ်ထင်ရာမှအပ အခြားသက်သေ မရှိဘဲလျက် အိမ်ထောင်ဘက်များအား လေပစ်စွပ်စွဲသော သူများ၊ ထိုသူတို့မှ သက်သေခံသူ တစ်ဦးကို– ပရမတ်ဘုရားရှင်အား တိုင်တည်စေလျက် သူသည် ဖြောင့်မှန်သူမှ ဇကန် ဖြစ်ပါ၏၊ ဟု လေးကြိမ် သက်သေခံစေ၍–
၇။	**وَالْخَامِسَةُ أَنَّ لَعْنَتَ اللَّهِ عَلَيْهِ إِن كَانَ مِنَ الْكَاذِبِينَ۞** ငါးကြိမ်မြောက်၌ သူသည် လိမ်ညာသူများမှ ဖြစ်လျှင် သူ့အား ပရမတ်ဘုရားရှင်၏ မေတ္တာကင်းပါစေဟု ဖြစ်ရမည်။
၈။	**وَيَدْرَأُ عَنْهَا الْعَذَابَ أَنْ تَشْهَدَ أَرْبَعَ شَهَادَاتٍ بِاللَّهِ إِنَّهُ لَمِنَ الْكَاذِبِينَ۞** သူမအတွက်မူ–၊ သူသည် လိမ်ညာသူများမှ ဖြစ်ပါသည်ဟု– ပရမတ်ဘုရားရှင်၌ သက်သေတည်၍ လေးကြိမ်မြောက် သက်သေပြုပြီးသော် ပြစ်ဒဏ်ကို ပလပ်စေရမည်။
၉။	**وَالْخَامِسَةَ أَنَّ غَضَبَ اللَّهِ عَلَيْهَا إِن كَانَ مِنَ الصَّادِقِينَ۞** ငါးကြိမ်မြောက်၌ အကယ်၍ သူသည် ဖြောင့်မှန်သူများမှ ဖြစ်လျှင် သူမအား ပရမတ်ဘုရားရှင်၏ထံမှ ကံကြီးသင့်ရပါစေဟု ကျိန်ဆိုစေရမည်။
၁၀။	**وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُ وَأَنَّ اللَّهَ تَوَّابٌ حَكِيمٌ۞** ပရမတ်ဘုရားရှင်၏ သိက္ခာပေးခြင်းနှင့် ကရုဏာသည် သင်တို့အပေါ်၌ မသက်ခဲ့သော်––၊ ဇကနပင် ပရမတ်ဘုရားရှင်သည် သင်ပုန်းချေပေးသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။

---

(၇၄၄) ဤသုတ်တော်မှ ပြောထားသော စကားအရ **နေကာဟ်** ဟူသည်ကို နားလည်နိုင်ပေသည်။ စရိုက်ပျက်နေသောသူသည် စရိုက်ပျက်သော သူမကို သို့မဟုတ် တိကျသော ဥပဒေ တစ်ခုကို မလိုက်နာသော သူမ (ရောပြွန်းကိုးကွယ်သူမ)ကိုသာ စည်းရုံးသိမ်းသွင်းနိုင်ကြောင်းကိုသာ ပြောဆိုခြင်း ဖြစ်ပေသည်။ မည်သူနှင့် မည်သူ ညားစေဟု အမိန့်အာဏာဖြင့် သတ်မှတ်ထားခြင်း မဟုတ်ချေ။

(၇၄၅) ဤသုတ်တော်တွင် ပြောဆိုသော **သူတို့သည်** ဆိုသည်မှာ အထက်တွက် ဖေါ်ပြခဲ့သော မကောင်းမှုပြုသူ အားလုံးကို ဆိုလိုပေသည်။ အကယ်၍ မကောင်းမှုပြုသူတို့အား ရိုက်သတ်၊ ခဲထုသတ်ခဲ့ပြီးသော်၊ ထိုသူတို့မှာ သေသွားပြီဖြစ်၍၊ မည်သို့ ပြုပြင်ပြောင်းလဲ နိုင်အုံနည်း၊ ထို့ကြောင့် ကျမ်းတော်တွင် ဖေါ်ပြသော **သားရေဖြင့် အရေပြားကိုရိုက်လော့** ဆိုသည်မှာ၊ မကောင်းမှုအား ဆက်လက် မလုပ်ဆောင်စေရန် ဆုံးမစေခြင်းသာ ဖြစ်၍ အသေသတ်ခိုင်းခြင်း မဟုတ် ဆိုသည်ကို နားလည် သဘောပေါက်ရန် လိုအပ်ပေသည်။ အစ္စလာမ် ဥပဒေ ပညာရှင်များသည် လည်း ဤကိစ္စ၌ ရေရုံ နှုတ်ပိတ် မနေသင့်တော့ပေ။ မိရိုးဖလာဝါဒီများ လွှမ်းမိုးထားသော ကျောင်းတော်ဝါဒအား ပြန်လည်သုံးသပ်ရန် လိုပေပြီ။ ဤသို့ ကြီးမားသော အမှုတိုင်းတွင် လွှတ်ငြိမ်းခွင့် ရှိနေသည်ဟူသည့် သဘောကို ၂း၁၇ လူသတ်မှုအား အရေးယူမှုတွင်လည်း ဖေါ်ပြထားပေသည်။ အပြစ် တစ်ခုတွင် အမြင့်ဆုံးထိ အပြစ်ပေးနိုင်ခြင်းကို ဖေါ်ပြ၍၊ အသက်ညှာဆုံး လွှတ်ငြိမ်းခွင့်ကိုလည်း ကျမ်းတော်၌ ဖေါ်ပြပေသည်၊ ထိုနှစ်ခုကြားတွင် အပြစ်၏ အတိမ် အနက်အရ ဥပဒေပြုစုရန်မှာ ဥပဒေပညာရှင်တို့၏ အလုပ်ဖြစ်ပေသည်။ ဗလီဆရာတို့၏ အလုပ်မဟုတ်ချေ။

၁၁။	**إِنَّ الَّذِينَ جَاؤُوا بِالْإِفْكِ عُصْبَةٌ مِّنكُمْ لَا تَحْسَبُوهُ شَرًّا لَّكُم بَلْ هُوَ خَيْرٌ لَّكُمْ لِكُلِّ امْرِئٍ مِّنْهُم مَّا اكْتَسَبَ مِنَ الْإِثْمِ وَالَّذِي تَوَلَّى كِبْرَهُ مِنْهُمْ لَهُ عَذَابٌ عَظِيمٌ۞** ဇကေန်ပင်၊ လုပ်ဇတ်ကို ရောက်စေသောသူများမှာ သင်တို့ထဲမှ တစ်ဖွဲ့ ဖြစ်၏။ ၎င်းကို သင်တို့ အတွက် အဆိုးဟု မတွေးနှင့်၊ အမှန်မှာ ၎င်းသည် သင်တို့ အတွက် အကောင်းပင် ဖြစ်၏။ သူတို့မှ တစ်ဦးချင်းစီ အတွက် သူတို့ ကျင့်ဆောင်ခဲ့သော ပြစ်မှုသည် ရှိ၏၊ သူတို့မှ အကြီးဆုံး လှည့်ကွက်ဆင်သော သူအတွက် မဟာဝဋ်ကြွေးကြီး ရှိနေ၏။
၁၂။	**لَوْلَا إِذْ سَمِعْتُمُوهُ ظَنَّ الْمُؤْمِنُونَ وَالْمُؤْمِنَاتُ بِأَنفُسِهِمْ خَيْرًا وَقَالُوا هَذَا إِفْكٌ مُّبِينٌ۞** ထိုအကြောင်းကို ကြားရသော်၊ ယုံကြည်သူ၊ ယုံကြည်သူမများသည် သူတို့ စရိုက်တူချင်း "ဤသည် ရှင်းလင်းထင်ရှားသော လုပ်ဇတ် အပြောစကားများ"ဟု အကောင်းကိုသာ စဉ်းစားသင့်သည်၏။
၁၃။	**لَوْلَا جَاؤُوا عَلَيْهِ بِأَرْبَعَةِ شُهَدَاء فَإِذْ لَمْ يَأْتُوا بِالشُّهَدَاء فَأُوْلَئِكَ عِندَ اللَّهِ هُمُ الْكَاذِبُونَ۞** ထို့အတွက် သက်သေလေးဦး မရောက်လာခဲ့သော်၊ သက်သေများ မယူခဲ့နိုင်သော– သူတို့သည် ပရမတ်ဘုရားရှင်၏ ထံတော်၌ လိမ်ညာသူများသာ ဖြစ်၏။–
၁၄။	**وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُ فِي الدُّنْيَا وَالْآخِرَةِ لَمَسَّكُمْ فِي مَا أَفَضْتُمْ فِيهِ عَذَابٌ عَظِيمٌ۞** ဤဘဝ နောင်ဘဝတွင် သင်တို့အပေါ်၌ ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုနှင့် ကရုဏာတော် မရှိခဲ့သော်၊ ဤစုပြုံမှု အတွက် သင်တို့အား မဟာဝဋ်ကြွေးကြီး သင့်ပြီးစေလတ္တံ့။
၁၅။	**إِذْ تَلَقَّوْنَهُ بِأَلْسِنَتِكُمْ وَتَقُولُونَ بِأَفْوَاهِكُم مَّا لَيْسَ لَكُم بِهِ عِلْمٌ وَتَحْسَبُونَهُ هَيِّنًا وَهُوَ عِندَ اللَّهِ عَظِيمٌ۞** သင်တို့သည် တပ်အပ်မသိဘဲလျက် ထိုအကြောင်းကို လျှာဖြင့် ခင်းကျင်း၊ ပါးစပ်များဖြင့် ပြောဆိုသောအခါ၊ ထိုအရာကို အသေးအဖွဲဟု စဉ်းစား၏။ ထိုအရာသည် ပရမတ်ဘုရားရှင်၏ ထံတော်၌ ကြီးမားလှပေ၏။
၁၆။	**وَلَوْلَا إِذْ سَمِعْتُمُوهُ قُلْتُم مَّا يَكُونُ لَنَا أَن نَّتَكَلَّمَ بِهَذَا سُبْحَانَكَ هَذَا بُهْتَانٌ عَظِيمٌ۞** ထိုအကြောင်းကို ကြားသောအခါ၊ "ဤမဖြစ်နိုင်မှုကို ကျွန်ုပ်တို့ မပြောဆိုအပ်။ အရှင့်အား ဦးထိပ်ထားလျက်။ ဤသည် အကြီးအကျယ် ပုတ်ခတ်မှု ဖြစ်၏။"ဟု သင်တို့ပြောသင့်၏။
၁၇။	**يَعِظُكُمُ اللَّهُ أَن تَعُودُوا لِمِثْلِهِ أَبَدًا إِن كُنتُم مُّؤْمِنِينَ۞** သင်တို့သည် ယုံကြည်သူများ ဖြစ်လျှင်၊ ဤကဲ့သို့ အမြဲ ဆက်မကျင့်ရန် ပရမတ်ဘုရားရှင်က သြဝါဒပေး၏။
၁၈။	**وَيُبَيِّنُ اللَّهُ لَكُمُ الْآيَاتِ وَاللَّهُ عَلِيمٌ حَكِيمٌ۞** ပရမတ်ဘုရားရှင်သည် သင်တို့အတွက် သုတ်ဒေသနာများကို ရှင်းလင်းထင်ရှားစေ၏။ ပရမတ်ဘုရားရှင်သည်ကား သိနေသော အရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၁၉။	**إِنَّ الَّذِينَ يُحِبُّونَ أَن تَشِيعَ الْفَاحِشَةُ فِي الَّذِينَ آمَنُوا لَهُمْ عَذَابٌ أَلِيمٌ فِي الدُّنْيَا وَالْآخِرَةِ وَاللَّهُ يَعْلَمُ وَأَنتُمْ لَا تَعْلَمُونَ۞** ယုံကြည်သောသူများ၏ အကြားဌ ကိုယ်ကျင့်ပျက် ဂိဏ်းကွဲစေရန် စုံမက်နေသော သူတို့သည်ကား၊ သူတို့အတွက် ဤဘဝ နောင်ဘဝတွင် စူးနစ်နာကျင်သော ဝဋ်ကြွေးဒဏ်သည် ရှိနေ၏။ ပရမတ်ဘုရားရှင်သည်ကား သိနေတော်မူ၏။ သင်တို့ မသိနိုင်ကြချေ။
၂၀။	**وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُ وَأَنَّ اللَّهَ رَؤُوفٌ رَحِيمٌ۞** သင်တို့၏ အပေါ်၌ ဤဘဝ နောင်ဘဝတွင် ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုနှင့် ကရုဏာ မသက်ခဲ့လေလျှင်–။ ဇကေန်ပင်

	ပရမတ်ဘုရားရှင်သည် ညှာတာသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၂၁။	**يَا أَيُّهَا الَّذِينَ آمَنُوا لَا تَتَّبِعُوا خُطُوَاتِ الشَّيْطَانِ وَمَن يَتَّبِعْ خُطُوَاتِ الشَّيْطَانِ فَإِنَّهُ يَأْمُرُ بِالْفَحْشَاء وَالْمُنكَرِ وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُ مَا زَكَا مِنكُم مِّنْ أَحَدٍ أَبَدًا وَلَكِنَّ اللَّهَ يُزَكِّي مَن يَشَاء وَاللَّهُ سَمِيعٌ عَلِيمٌ۞** အို– ယုံကြည်သောသူတို့၊ မကောင်းဆိုးဝါး၏ ခြေရာနောက်သို့ မလိုက်နာကြနှင့်၊ မကောင်းဆိုးဝါး၏ ခြေရာနောက်သို့ လိုက်နာသောသူ၊ ထိုသူအား ၎င်းက သူစိမ်းဆန်မှုနှင့် ကိုယ်ကျင့်ပျက်မှုသို့ ညွှန်ကြားလတ္တံ့၊ သင်တို့အပေါ်သို့ ပရမတ်ဘုရားရှင်က သိက္ခာပေးမှုနှင့် ကရုဏာ မသက်ခဲ့လေသော် သင်တို့အနက် မည်သူတစ်ဦးသည်မှ မည်သည့်အခါမှ သန့်ရှင်းဖြူစင်သူ ဖြစ်လာတော့မည် မဟုတ်ချေ။ သို့ရာတွင် ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအလျောက် သန့်ရှင်းဖြူစင်စေ၏။ ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်၏။
★ ၂၊၂၄၆	၂၂။ **وَلَا يَأْتَلِ أُوْلُوا الْفَضْلِ مِنكُمْ وَالسَّعَةِ أَن يُؤْتُوا أُوْلِي الْقُرْبَى وَالْمَسَاكِينَ وَالْمُهَاجِرِينَ فِي سَبِيلِ اللَّهِ وَلْيَعْفُوا وَلْيَصْفَحُوا أَلَا تُحِبُّونَ أَن يَغْفِرَ اللَّهُ لَكُمْ وَاللَّهُ غَفُورٌ رَّحِيمٌ۞** သင်တို့အနက်မှ ဖြန့်ကျက်နိုင်မှု၊ ဥစ္စာပစ္စည်းများဖြင့် သိက္ခာပေးခံရမှု ရှိသူများအား မိမိတို့၏ ဆွေမျိုးနီးစပ် ရှိသူများ၊ နွမ်းပါးသူများ၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်အတွက် ပြောင်းရွှေ့ခဲ့ရသူများကို မပေးကမ်းဟု မကိုးမိစေနှင့်၊★ ကျေအေး၍ ဥပက္ခာပြုထားလော့၊ ပရမတ်ဘုရားရှင်က လွတ်ငြိမ်းခွင့်ပေးမည်ကို သင်တို့ မနှစ်သက်ကြသလော၊ ပရမတ်ဘုရားရှင်သည်ကား လွတ်ငြိမ်းစေသော အရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။
၂၃။	**إِنَّ الَّذِينَ يَرْمُونَ الْمُحْصَنَاتِ الْغَافِلَاتِ الْمُؤْمِنَاتِ لُعِنُوا فِي الدُّنْيَا وَالْآخِرَةِ وَلَهُمْ عَذَابٌ عَظِيمٌ۞** မေ့လျော့လစ်ဟင်းမိသော– ထိန်းသိမ်းမှုရှိသည့်သူမ၊ ယုံကြည်သူမတို့အား လေပစ်စွပ်စွဲသည့် သူတို့သည်– ဤဘဝနောင်ဘဝ၌ မေတ္တာမဲ့ခြင်းခံရစေမည်၊ သူတို့အတွက် မဟာဝဋ်ကြွေးကြီး ရှိနေ၏။
၂၄။	**يَوْمَ تَشْهَدُ عَلَيْهِمْ أَلْسِنَتُهُمْ وَأَيْدِيهِمْ وَأَرْجُلُهُم بِمَا كَانُوا يَعْمَلُونَ۞** သူတို့၏ ကျင့်ကြံလေ့ ရှိသည်များကြောင့် သူတို့၏ လျှာများ၊ သူတို့၏ လက်များ၊ သူတို့၏ ခြေများအား သူတို့အပေါ်၌ သက်သေဖြစ်စေသော နေ့ကာလ၌–။
၂၅။	**يَوْمَئِذٍ يُوَفِّيهِمُ اللَّهُ دِينَهُمُ الْحَقَّ وَيَعْلَمُونَ أَنَّ اللَّهَ هُوَ الْحَقُّ الْمُبِينُ۞** ထိုနေ့ကာလ၌ ပရမတ်ဘုရားရှင်သည် မှန်ကန်သော ဥပဒေဖြင့် သူတို့အတွက် ပြီးပြည့်စေတော်မူ၍၊ သူတို့က ပရမတ်ဘုရားရှင် ထိုအရှင်သည် ရှင်းလင်းထင်ရှားသော အမှန်တရား၌ရှိကြောင်း သူတို့ ဇကန် သိကြလတ္တံ့။
၂၆။	**الْخَبِيثَاتُ لِلْخَبِيثِينَ وَالْخَبِيثُونَ لِلْخَبِيثَاتِ وَالطَّيِّبَاتُ لِلطَّيِّبِينَ وَالطَّيِّبُونَ لِلطَّيِّبَاتِ أُوْلَئِكَ مُبَرَّؤُونَ مِمَّا يَقُولُونَ لَهُم مَّغْفِرَةٌ وَرِزْقٌ كَرِيمٌ۞** မသန့်စင်သောသူမတို့သည် မသန့်စင်သူတို့အတွက်၊ မသန့်စင်သောသူမတို့အတွက် မသန့်စင်သူတို့သည် ဖြစ်၏။ စင်ကြယ်သောသူမတို့သည် စင်ကြယ်သူတို့အတွက်၊ စင်ကြယ်သောသူမတို့အတွက် စင်ကြယ်သူတို့သည် ဖြစ်၏။ ထိုသူတို့သည် ၎င်းတို့ ပြောဆိုကြရာများနှင့် ကင်းလွတ်သူများဖြစ်၏။ သူတို့အတွက် လွတ်ငြိမ်းခွင့်နှင့် ကျက်သရေရှိသော ရိက္ခာများ ရှိ၏။
၂၇။	**يَا أَيُّهَا الَّذِينَ آمَنُوا لَا تَدْخُلُوا بُيُوتًا غَيْرَ بُيُوتِكُمْ حَتَّى تَسْتَأْنِسُوا وَتُسَلِّمُوا عَلَى أَهْلِهَا ذَلِكُمْ خَيْرٌ لَّكُمْ لَعَلَّكُمْ تَذَكَّرُونَ۞** အို– ယုံကြည်သောသူတို့၊ သင်တို့၏ အိမ်များမှ အပ အခြားအိမ်များသို့ အိမ်ရှင်ထံမှ ခွင့်မတောင်းဘဲ၊ ငြိမ်းချမ်းပါစေဟု

	မဆိုဘဲ မဝင်ကြကုန်နှင့်၊ ဤသည် သင်တို့အတွက် အကောင်းဆုံးဖြစ်၏။ သင်တို့ ဆင်ခြင်သတိ ရှိဒဒ်ခံဌာ ဖြစ်၏။
၂၈။	**فَإِن لَّمْ تَجِدُوا فِيهَا أَحَدًا فَلَا تَدْخُلُوهَا حَتَّى يُؤْذَنَ لَكُمْ وَإِن قِيلَ لَكُمُ ارْجِعُوا فَارْجِعُوا هُوَ أَزْكَى لَكُمْ وَاللَّهُ بِمَا تَعْمَلُونَ عَلِيمٌ۝** ထို၌ တစ်စုံတစ်ယောက်မှ မတွေ့ခဲ့လျှင်လည်း သင်တို့အား ခွင့်ပြုချက်မရလျှင် မဝင်ရောက်ကြကုန်နှင့်၊ အကယ်၍ သင်တို့အား ပြန်ရန် ပြောလျှင် ပြန်ကြလော့။ ၎င်းသည် သင်တို့အတွက် သန့်ရှင်းဖြူစင်၏။ ပရမတ်ဘုရားရှင်သည်ကား ကျင့်ကြံလေသမျှကို သိနေသောအရှင် ဖြစ်၏။
၂၉။	**لَّيْسَ عَلَيْكُمْ جُنَاحٌ أَن تَدْخُلُوا بُيُوتًا غَيْرَ مَسْكُونَةٍ فِيهَا مَتَاعٌ لَّكُمْ وَاللَّهُ يَعْلَمُ مَا تُبْدُونَ وَمَا تَكْتُمُونَ۝** အခြေချနေသူ မရှိသော အိမ်များသို့ သင်တို့၏ ချမ်းမြေ့မှုအတွက် ဝင်ရောက်ခြင်းသည် သင်တို့အပေါ် အပြစ် မရှိချေ။ သင်တို့၏ ဖွင့်ဟဝန်ခံရာ၊ ထိန်ဝှက်ထားရာအားလုံးကို ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏။
၃၀။	**قُل لِّلْمُؤْمِنِينَ يَغُضُّوا مِنْ أَبْصَارِهِمْ وَيَحْفَظُوا فُرُوجَهُمْ ذَٰلِكَ أَزْكَى لَهُمْ إِنَّ اللَّهَ خَبِيرٌ بِمَا يَصْنَعُونَ۝** ယုံကြည်သူများအား စက္ခုအိန္ဒြေရှိရန်၊ သူတို့၏ အရှက်အင်္ဂါများကို စောင့်ထိန်းရန် ဟောကြားလော့။ ဤသည် သူတို့အတွက် သန့်ရှင်းဖြူစင်၏။ သူတို့၏ တည်ဆောက်မှုများကို ပရမတ်ဘုရားရှင်သည် ဇကန်ပင် သတင်းသိနေတော်မူ၏။
၃၁။	**وَقُل لِّلْمُؤْمِنَاتِ يَغْضُضْنَ مِنْ أَبْصَارِهِنَّ وَيَحْفَظْنَ فُرُوجَهُنَّ وَلَا يُبْدِينَ زِينَتَهُنَّ إِلَّا مَا ظَهَرَ مِنْهَا وَلْيَضْرِبْنَ بِخُمُرِهِنَّ عَلَى جُيُوبِهِنَّ وَلَا يُبْدِينَ زِينَتَهُنَّ إِلَّا لِبُعُولَتِهِنَّ أَوْ آبَائِهِنَّ أَوْ آبَاء بُعُولَتِهِنَّ أَوْ أَبْنَائِهِنَّ أَوْ أَبْنَاء بُعُولَتِهِنَّ أَوْ إِخْوَانِهِنَّ أَوْ بَنِي إِخْوَانِهِنَّ أَوْ بَنِي أَخَوَاتِهِنَّ أَوْ نِسَائِهِنَّ أَوْ مَا مَلَكَتْ أَيْمَانُهُنَّ أَوِ التَّابِعِينَ غَيْرِ أُوْلِي الْإِرْبَةِ مِنَ الرِّجَالِ أَوِ الطِّفْلِ الَّذِينَ لَمْ يَظْهَرُوا عَلَى عَوْرَاتِ النِّسَاء وَلَا يَضْرِبْنَ بِأَرْجُلِهِنَّ لِيُعْلَمَ مَا يُخْفِينَ مِن زِينَتِهِنَّ وَتُوبُوا إِلَى اللَّهِ جَمِيعًا أَيُّهَا الْمُؤْمِنُونَ لَعَلَّكُمْ تُفْلِحُونَ۝** ယုံကြည်သူမတို့အား စက္ခုအိန္ဒြေရှိကြရန်၊ သူမတို့၏ အရှက်အင်္ဂါများကို စောင့်ထိန်းရန် ဟောကြားလော့။ မြင်ကွင်းကျသည်မှအပ သူမတို့၏ ကိုယ်အလှများကို မဖော်ကြနှင့်၊ သူမတို့၏ ရင်သားများပေါ်၌ အတွင်းခံများကို[၇၆] ဝတ်ဆင်စေလော့။ သူမတို့၏ ကိုယ်အလှများကို သူမတို့၏ လင်ယောကျ်ားများ သို့မဟုတ် သူမတို့၏ ဖခင်များ၊ သို့မဟုတ်

---

(၇၆) **ခိမ်ရ ခုမုရိ** ဆိုသော စကားလုံးကို ဆရာတော်ကြီးများက **ဦးခေါင်းမှ ခြေဖျားထိ ဖုံးလွှမ်းသော အရာ** ဟု လည်းကောင်း၊ အချို့က **ဦးခေါင်းမှ ရင်ညွှန့်အောက်နားထိ ရောက်စေသော ခေါင်းဆောင်းပဝါ** ဟု လည်းကောင်း၊ အချို့က **ဦးခေါင်းမှ ခြေဖျားထိ ဖုံးရမည့် အပြင် မျက်လုံးပေါက်ကိုပင် မြင်နိုင်ယုံမျှသာ၊ သို့မဟုတ် မျက်လုံးတစ်လုံးစာမျှသာ ဖေါက်ထားရမည့် အဝတ်အထည်** ဟု လည်းကောင်း သူတို့၏ ရိုးရာများ အလျောက် ဘာသာပြန်ဆိုမှုများ တွေ့ရပေသည်။ မည်သူသည်မဆို မိမိ၏ ရိုးရာကို လိုက်နာခြင်းမှာ အပြစ်မရှိ သော်လည်း ကျမ်းတော်၏ အမှန်တရားအား သူတစ်ပါး သိစေရန် ဘာသာပြန်သည့် အခါတွင် မိမိ၏ ရိုးရာအား ကျမ်းတော်က သွန်သင်လေသယောင် ကြားညှပ် အစာသွပ်ခြင်းမျိုး မဖြစ်သင့်ပေ။ ထိုဆရာတော်များ၏ ဤသုတ်တော်မှ **ခမ** အား ဘာသာ ပြန်ခြင်းသည် ၃၃း၅၉ မှ **ဂျလာဘီ ဇုလဲဘီ အပေါ်အကျီ** ဟူသော စကားကို ပြန်ဆိုခြင်းနှင့် အတူတူပင် ဖြစ်ပေသည်။ ထိုမတူသော ဝေါဟာရ နှစ်ခုအား ဘာသာပြန်၌ အတူတူပင် ပြန်ဆိုကြသည်မှာ လွန်စွာ အံ့သြစရာပင် ဖြစ်တော့သည်။ **ခမ ခုမုရိ** ဟူသော စကားလုံး၏ ရင်းမြစ်ဝေါဟာရသည် ယစ်မူးစေသော အရာ၊ အရက် ဟု ဆိုသော **ခမ်းရွန်** နှင့် ရင်းမြစ်တူ ဖြစ်၍၊ အတွင်းပိုင်း သဏ္ဌာန်အား ဖုံးလွှမ်းခြင်းကို ဆိုလိုသည်။ အရက်မူးသည့် အတွက် လူ၏ အတွင်းသဏ္ဌာန် အသိဉာဏ်ကိုသာ ဖုံးလွှမ်းခြင်း ဖြစ်၍၊ ရုပ်ဝတ္ထုကိုယ်ထည် ဦးခေါင်းခွံအား ဖုံးကွယ်ရန် ဦးထုပ်ဆောင်းခြင်း မဟုတ်ချေ။ ဤသုတ်တော်တွင်လည်း **ခမ** ဆိုသော စကားသည် အမျိုးသမီးများ အတွက် အတွင်းပိုင်း၌ ဖုံးကွယ်ထားရမည့် ရင်သားအား ဖုံးကွယ်စေသည့် အဝတ်ဖြစ်၍၊ အတွင်းခံအင်္ကျီကို ခေါ်ပေသည်။ ၎င်းကို **ရင်သားများပေါ်၌** ဟု တိုက်ရိုက်ဖေါ်ပြပြီးသား ဖြစ်ပေသည်။ **ရင်းသားများပေါ်၌** ဟူသည့် စကားလုံးကို **ဦးခေါင်းပေါ်၌၊ လည်ပင်းပေါ်၌၊ မျက်နှာပေါ်၌** ဟု နေရာလွှဲခြင်းမှာ မသင့်တော်ချေ။ **အပေါ်အင်္ကျီ** အကြောင်း ၃၃း၅၉ တွင် ကြည့်ပါ။ ခန္ဓာကိုယ်အောက်ပိုင်း၊ လုံချည်၊ ထဘီ၊ စကတ်၊ ဘောင်းဘီ စသည်တို့ ဝတ်ဆင်ရမည့် အကြောင်းမှာ ဤသုတ်တော်၌ **သူမတို့၏ ကိုယ်အလှများ ပေါ်လွင် သိသာစေနိုင်ရန် သူမတို့၏ ခြေများကို မကျဲစေကြလင့်** ဟု ဆိုထားပေသည်။ အဓိပ္ပါယ်မှာ **ခြေလှမ်း ကျဲကျဲ လှမ်းလိုက်လျှင် အရှက်ပေါ်စေမည့် အဝတ်အထည်မျိုးကို မဝတ်စေနှင့်** ဟု ဖြစ်ပေသည်။ ဥပမာ စကတ်တိုတို ဝတ်ခြင်းမျိုးကို ဆိုလိုပေသည်။ ထိုမှအပ အခြား အရှက်လုံသော အဝတ်အစားအားလုံးကို ဝတ်ဆင်နိုင်ပေသည်။

	သူမတို့လင်ယောကျ်ားတို့၏ ဖခင်များ သို့မဟုတ် သူမတို့၏သားများ သို့မဟုတ် သူမတို့၏ လင်ပါသားများ သို့မဟုတ် သူမတို့၏ အကိုမောင်များ သို့မဟုတ် သူမတို့ အကိုမောင်တို့၏ သားများ သို့မဟုတ် သူမတို့ ညီအမတို့၏ သားများ သို့မဟုတ် မိန်းမချင်းနှင့် သူမတို့၏ လက်အောက် ဩဇာခံများ သို့မဟုတ် ကာမအသုံးပြုခြင်း မရှိ တာဝန် လိုက်နာရသူ အမျိုးသားများ[၇၇] သို့မဟုတ် အမျိုးသမီးတို့၏ ဝတ်လစ်စားလစ်အား မသိနိုင်သော ကလေးသူငယ်များ၏ ရှေ့မှအပ မပေါ်စေကြနှင့်။ သူမတို့၏ ကိုယ်အလှများ မဖုံးနိုင် သိသာစေနိုင်ရန် သူမတို့၏ ခြေများကို မကျဲကြစေနှင့်။ အို–ယုံကြည်သူတို့၊ သင်တို့သည် အောင်မြင်ပေါက်မြောက်အံ့ဌာ ပရမတ်ဘုရားရှင်၏ ထံသို့ အားလုံးကုန် ခဝါချကြလော့။
၃၂။	**وَأَنكِحُوا الْأَيَامَى مِنكُمْ وَالصَّالِحِينَ مِنْ عِبَادِكُمْ وَإِمَائِكُمْ إِن يَكُونُوا فُقَرَاء يُغْنِهِمُ اللَّهُ مِن فَضْلِهِ وَاللَّهُ وَاسِعٌ عَلِيمٌ۞** သင်တို့အနက် တကိုယ်တည်းနေသူများ၊ သင်တို့၏ ဝန်ထမ်းအမျိုးသား၊ ဝန်ထမ်းအမျိုးသမီးများမှ ပြုပြင်ပြောင်းလဲသူများ၊ ထိုသူတို့သည် ဆင်းရဲချို့တဲ့ကြလျှင် သူတို့အား ပေါင်းဘက်ပေးကြလော့၊ ပရမတ်ဘုရားရှင်သည် အရှင်၏ သိကွာပေးခြင်းဖြင့် သူတို့အား ပြည့်စုံစေလတ္တံ့။ ပရမတ်ဘုရားရှင်သည် အသိဉာဏ်တော် ဖြန့်ကျက်ထားသော အရှင် ဖြစ်၏။
၃၃။	**وَلْيَسْتَعْفِفِ الَّذِينَ لَا يَجِدُونَ نِكَاحًا حَتَّى يُغْنِيَهُمُ اللَّهُ مِن فَضْلِهِ وَالَّذِينَ يَبْتَغُونَ الْكِتَابَ مِمَّا مَلَكَتْ أَيْمَانُكُمْ فَكَاتِبُوهُمْ إِنْ عَلِمْتُمْ فِيهِمْ خَيْرًا وَآتُوهُم مِّن مَّالِ اللَّهِ الَّذِي آتَاكُمْ وَلَا تُكْرِهُوا فَتَيَاتِكُمْ عَلَى الْبِغَاء إِنْ أَرَدْنَ تَحَصُّنًا لِّتَبْتَغُوا عَرَضَ الْحَيَاةِ الدُّنْيَا وَمَن يُكْرِههُّنَّ فَإِنَّ اللَّهَ مِن بَعْدِ إِكْرَاهِهِنَّ غَفُورٌ رَّحِيمٌ۞** ပရမတ်ဘုရားရှင်က အရှင်၏ သိကွာပေးမှုဖြင့် ပေါင်းဘက်နေထိုင်ခြင်း ပြည့်စုံသည်အထိ ကိုယ်တော့်မဖြစ်နိုင်သော သူတို့အား တည်တည်ငြိမ်ငြိမ်နေစေလော့။ သင်တို့၏ လက်အောက် ဩဇာခံများမှ သင်တို့ထံတွင် မှတ်တမ်းစာချုပ်ရှာဖွေသော သူတို့၌ အကောင်းကို သင်တို့ သိရလျှင် သူတို့အတွက် ရေးသားပေးကြလော့။ ပရမတ်ဘုရားရှင်က သင်တို့အား ချီးမြှင့် ထားရာတို့မှ ဥစ္စာပစ္စည်းများကို သူတို့အား ပေးကမ်းကြလော့။ သင်တို့၏ လောကီဘဝ ဘောင်ကို ရှာဖွေရန်၊ ထိန်းထိန်းသိမ်းသိမ်းရှိလိုသည့် လုလင်မများအား အပြစ်အနာရှိသူ အဖြစ်သို့ အဓမ္မမပြုကျင့်နှင့်၊ သူမတို့အား အဓမ္မပြုကျင့်ခဲ့လျှင်၊ ထိုသို့ အဓမ္မပြုကျင့်ခံရပြီးနောက်၊ ဇောနံပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင်၊ အကြင်နာရှင် ဖြစ်တော် မူ၏။[၇၈]
၃၄။	**وَلَقَدْ أَنزَلْنَا إِلَيْكُمْ آيَاتٍ مُّبَيِّنَاتٍ وَمَثَلًا مِّنَ الَّذِينَ خَلَوْا مِن قَبْلِكُمْ وَمَوْعِظَةً لِّلْمُتَّقِينَ۞** မုချပင်၊ သင်တို့၏ ရှေ့အလျှင် လွန်လေပြီးသော သူတို့၏ ပမည်းပမာများဖြင့်– ရှင်းလင်းချက် သုတ်ဒေသနာများကို သင်တို့ထံ ငါ ချမှတ်ပေးတော်မူ၏။ စည်းစောင့်သူများ အတွက် သြဝါဒတော်ဖြစ်၏။

---

(၇၄၇) ဤအပိုဒ်တွင် အကယ်၍ မလွဲမရှောင်သာ **ရောဂါဝေဒနာကြောင့်၊ သားဖွားခြင်းကြောင့်** အရှက်ကို ဖော်ရန် လိုအပ်ပါက၊ ဖော်ပိုင်ခွင့် ရှိကြောင်းကို ပညတ်ထားပေသည်။ ထိုအခြေအနေမျိုးတွင် ဤသုတ်တော်၌ ဖော်ပြပါ လူအမျိုးအစားများသည် လူနာအပေါ်၌ ရာဂတဏှာ မရှိနိုင်ပေ။ တဏှာရာဂစိတ် မရှိသော ဝန်ထမ်းများ ဆိုသည်မှာ ဆရာဝန်၊ သူနာပြုများကို ပြောဆို၍ ထိုပုဂ္ဂိုလ်များသည် ရောဂါကုသနေသော လူနာအပေါ်၌ တဏှာရာဂ စိတ်မထားခြင်းကို ဆိုလိုပေသည်။ ထို့ကြောင့်ကျမ်းတော်တွင် ဆိုလိုသော အဝတ်အစား ဆိုသည်မှာ ရာဂတဏှာ ဖြစ်စေခြင်း အစိတ်အပိုင်းများကို လုံစွာ ဖုံးအုပ်ခြင်းကိုသာ ဆိုလိုပေသည်။ ကျမ်းတော်၏ ဥပဒေများသည် ချို့တဲ့ခြင်းကင်း၍ ပြီးပြည့်စုံပေသည်။ ကမ္ဘာ့လူသား အများစုသည် အင်္ဂီအဝတ်အစားကို ကောင်းမွန်လုံခြုံစွာ မဝတ်စားတတ်မှီ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကပင် လူသားတို့၏ ယဉ်ကျေးမှုကို ကျမ်းတော်က ဤသို့ သွန်သင်ထားပြီ ဖြစ်ပေသည်။

(၇၄၈) အစွလာမ်သာသနာတွင် ဩဇာခံ အမျိုးသမီးတို့အား မိမိစိတ်တိုင်းကျ (အခြားတစ်ဘက်မှ အလိုတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ) ထိမ်းမြားလက်ထပ်နိုင်သည်ဟု သွန်သင်ခြင်း မရှိချေ။ ထိုအချက်ကို ဤသုတ်တော်က ထင်ရှားစွာ ထောက်ပြထားပေသည်။ အကယ်၍ သူတို့သည် မိမိ၏ ဩဇာခံဘဝ၊ ဝန်ထမ်းဘဝတွင် မနေလိုတော့၍ လွတ်လပ်ခွင့် လိုချင်လျှင် သူတို့အား စာချုပ်စာတမ်းဖြင့် လွတ်လပ်ခွင့် ပေးလိုက်ရမည် ဖြစ်သည်။ ထို့အပြင် ဆင်းရဲနွမ်းပါးသူတို့အား (အပြစ်အနာရှိသူ) ပြည့်တန်ဆာဘဝသို့ ရောက်ရန် တွန်းပို့ခြင်းသည်လည်း လုံးဝ တရားမဝင်၊ တားမြစ်ထားသော အရာပင် ဖြစ်ပေသည်။ သူတို့၏ ဘဝကို ကယ်တင်ရမည်သာ ဖြစ်သည်။ (၄း၃။ ၅း၅) တို့တွင် ကြည့်ပါ။

၃၅။	**اللَّهُ نُورُ السَّمَاوَاتِ وَالْأَرْضِ مَثَلُ نُورِهِ كَمِشْكَاةٍ فِيهَا مِصْبَاحٌ الْمِصْبَاحُ فِي زُجَاجَةٍ الزُّجَاجَةُ كَأَنَّهَا كَوْكَبٌ دُرِّيٌّ يُوقَدُ مِن شَجَرَةٍ مُّبَارَكَةٍ زَيْتُونِةٍ لَّا شَرْقِيَّةٍ وَلَا غَرْبِيَّةٍ يَكَادُ زَيْتُهَا يُضِيءُ وَلَوْ لَمْ تَمْسَسْهُ نَارٌ نُّورٌ عَلَى نُورٍ يَهْدِي اللَّهُ لِنُورِهِ مَن يَشَاء وَيَضْرِبُ اللَّهُ الْأَمْثَالَ لِلنَّاسِ وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ۞** ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ ရောင်ခြည်တော် ဖြစ်၏။ အရှင်၏ ရောင်ခြည်တော် ပမာမှာ ကြေးမုံမှန်သားပြင်ထဲမှ မီးအိမ် ကဲ့သို့ဖြစ်၏။ ထိုမီးအိမ်သည် အကျိုးများစွာရှိသော ပုလဲဖြူရောင် ကြယ်ပွင့် ကဲ့သို့ ဖြစ်၏။ ၎င်းကို အရှေ့စွန်း အနောက်စွန်းမှ မဟုတ်သော ကျက်သရေရှိသည့် သံလွင်ပင်မှ ထွန်းညှိထား၏။ ထိုမှ အဆီသည် မီးထိကူးခြင်း မရှိဘဲ ပင်ကိုယ်တောက်ပမှု တကဲကဲရှိ၏၊ ရောင်ခြည်ပေါ်၌ ရောင်ခြည် ထပ်ဆင့်လျက် ရှိ၏။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား အရှင်၏ ရောင်ခြည်တော်သို့ လမ်းညွှန်နေတော်မူ၏။ ပရမတ်ဘုရားရှင်သည် လူသားတို့အား ဤသို့ ပမာဆောင် ဥပမာပေး၏။ ပရမတ်ဘုရားရှင်သည် သဗ္ဗလိုးစုံ သိနေသောအရှင် ဖြစ်၏။[၇၉]
၃၆။ ဘုန်းဆောင်ခြည်	**فِي بُيُوتٍ أَذِنَ اللَّهُ أَن تُرْفَعَ وَيُذْكَرَ فِيهَا اسْمُهُ يُسَبِّحُ لَهُ فِيهَا بِالْغُدُوِّ وَالْآصَالِ۞** **ဌင်း**ကို မြောက်စားဘို့ရာ ပရမတ်ဘုရားရှင်က ခွင့်ပြုတော်မူသော အိမ်တော်များ၌ အရှင်၏ ဂုဏ်တော်အား သတိရစေလော့။ မနက်စောစောနှင့် နေကျချိန်တွင် အရှင့်အား ဦးထိပ်ထားစေလော့။
၃၇။ ၂၃	**رِجَالٌ لَّا تُلْهِيهِمْ تِجَارَةٌ وَلَا بَيْعٌ عَن ذِكْرِ اللَّهِ وَإِقَامِ الصَّلَاةِ وَإِيتَاء الزَّكَاةِ يَخَافُونَ يَوْمًا تَتَقَلَّبُ فِيهِ الْقُلُوبُ وَالْأَبْصَارُ۞** လူသားသည် ပရမတ်ဘုရားရှင်အား ရှုမှတ်သတိရခြင်း၊ ဝတ်ပြု မြဲခြင်း၊ အခွန်ငွေဖြူ ပေးကမ်းခြင်းများထက် စီးပွားလုပ်ရောင်းဝယ်ခြင်းများ၌ မပျော်မြူးစေအပ်။ နှလုံးသားများ၊ စက္ခုအာရုံများအား ဦးလှည့်ထားမည့် တစ်နေ့ကို သူတို့ ကြောက်ရွံ့စိုးထိတ်အပ်၏။
၃၈။	**لِيَجْزِيَهُمُ اللَّهُ أَحْسَنَ مَا عَمِلُوا وَيَزِيدَهُم مِّن فَضْلِهِ وَاللَّهُ يَرْزُقُ مَن يَشَاء بِغَيْرِ حِسَابٍ۞** ကျင့်ကြံမှုများအတွက် သူတို့အား ပရမတ်ဘုရားရှင်က တင့်တင့်တယ်တယ် အစားပေးလတ္တံ့၊ အရှင့်၏ သိက္ခာပေးခြင်းသည် သူတို့အား တိုးပွားစေလတ္တံ့၊ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား စရင်းမဲ့ ရိက္ခာထောက်တော်မူ၏။
၃၉။	**وَالَّذِينَ كَفَرُوا أَعْمَالُهُمْ كَسَرَابٍ بِقِيعَةٍ يَحْسَبُهُ الظَّمْآنُ مَاء حَتَّى إِذَا جَاءهُ لَمْ يَجِدْهُ شَيْئًا وَوَجَدَ اللَّهَ عِندَهُ فَوَفَّاهُ حِسَابَهُ وَاللَّهُ سَرِيعُ الْحِسَابِ۞** ဖုံးကွယ်သော သူတို့သည်ကား၊ သူတို့၏ ကျင့်ကြံမှုများမှာ မြေပြန့်မှ တံလျှပ်ပမာ ဖြစ်၏။ ရေဆာသူသည် ၎င်းကို ရေဟုတွေးထင်စဉ်းစား၍ လိုက်၏။ သို့သော် ရောက်လာသောအခါ မည်သည့်အရာကိုမျှ မတွေ့ရ၊ ပရမတ်ဘုရားရှင်၏

---

(၇၉) ဤသုတ်တော်သည် အစွယ်လာမ် ဝိပဿနာကျင့်စဉ်၏ သော့ချက်များ ထဲမှ တစ်ခု ဖြစ်ပေသည်၊ ဤသုတ်တော်တွင် အရှင့်အား ရောင်ခြည်တော် **ဴနူး နူးရ်** ရောင်ပြန်ဟပ်သော အလင်း ဟု သုံးထားပေသည်။ ထိုသို့သုံးနှုံးပြောဆိုခြင်းမှာ သင်တို့ နှလုံးသားမှ လက်ခံ ခံစားနိုင်သော အရှင်ဟု ပုံပေါ်စေခြင်းငှာ ပြောဆိုခြင်း ဖြစ်ပေသည်။ အရှင့်အား တပ်အပ်သိ ခံစားနိုင်ရန် မိမိ၏ နှလုံးသား အမှောင်များကို အပြင်၌ထားခဲ့လျက် အတွင်းတွင် ကြည်လင်တောက်ပနေရန် လိုကြောင်း **ကြေးမုံနွှက်နောက်ခံဖြင့် မှန်သားပြင်ထဲမှ မီးအိမ်နှင့် တူ၏။ ထိုမီးအိမ်သည် ပုလဲဖြူရောင် တောက်ပသော ကြယ်ပွင့် ကဲ့သို့ ဖြစ်၏။** ဟု ပြောထားကာ– တဖန်ဆက်၍ **ဌင်းကို အရှေ့စွန်း အနောက်စွန်းမှ မဟုတ်သော ကျက်သရေရှိသည့် သံလွင်ပင်မှ ထွန်း ညှိထား၏။ ထိုမှ အဆီသည် မီး ထိကူးခြင်း မရှိဘဲ ကိုယ်ပိုင်တောက်ပမှု တကဲကဲရှိ၏၊** ဆိုသည်မှာ ဤသုတ်တော်မှ ပြောသော သံလွင်ပင်သည် အများ ထင်မှတ်နေသော မြေမှပေါက်သော အပင် မဟုတ်။ အခြေအမြစ် ခိုင်မာသော အစွယ်လာမ်တည်းဟူသော မဇ္ဈိမပဋိပဒါ အလယ်အလတ် လမ်းစဉ်ဟု ဖြစ်၍ ထို အပင်သည် အလင်းရောင်အား ပေးနိုင်ပြီး– အတွင်း နှလုံးဒဟာယကိုလည်း ကြည်လင်တောက်ပစေကာ လောက ဇစ်မြစ်၏ အရှင်ကိုလည်း တိကျ သေချာစွာ ခံစားသိနိုင်ကြောင်းကို အာမခံထားခြင်း ဖြစ်ပေသည်။ ထိုအချက်ကို **ရောင်ခြည်ပေါ်၌ ရောင်ခြည် ထပ်ဆင့်လျက် ရှိ၏။** ဟူသည်က ထောက်ပြထားပြီး– ပရမတ်ဘုရားရှင်အား ငြင်းပယ်ဝိုးကွယ်လျက် အမိုက်မှောင်စီးနေသူများမှာမူ နှလုံးသား၌ အမှောင် တစ်ထပ်ပြီး တစ်ထပ် စီးမိုးကား အလင်းရောင် ရနိုင်မည် မဟုတ်ဟု သုတ်တော် ၄၀ တွင် ပြောထားပေသည်။ အလွှာတ်အရှင်အား သိနိုင်သည့် တရားရောင်ခြည်အား မည်သည့် အမိုက်ကောင်မှ မှုတ်ငြိမ်းနိုင်မည် မဟုတ်ဟု ၉း၃၂ နှင့် ၆၁း၈ တွင် အာမခံချက်ပေးထားပေသည်။

	အထံတော်ကိုသာ ဖူးတွေ့ရ၏။ သို့ဖြင့် သူသည် စာရင်း အပြည့်ရှင်းရလေပြီ။ ပရမတ်ဘုရားရှင်သည် အချိန်နှင့်တပြေးညီ စရင်းစစ်နေတော်မူ၏။
၄၀။	**أَوْ كَظُلُمَاتٍ فِي بَحْرٍ لُّجِّيٍّ يَغْشَاهُ مَوْجٌ مِّن فَوْقِهِ مَوْجٌ مِّن فَوْقِهِ سَحَابٌ ظُلُمَاتٌ بَعْضُهَا فَوْقَ بَعْضٍ إِذَا أَخْرَجَ يَدَهُ لَمْ يَكَدْ يَرَاهَا وَمَن لَّمْ يَجْعَلِ اللَّهُ لَهُ نُورًا فَمَا لَهُ مِن نُّورٍ ۞** သို့မဟုတ် လှိုင်းလုံး အပေါ် လှိုင်းလုံး အပေါ်မှ လွှမ်းခြုံလျက်– အချို့အပေါ် အချို့ အမှောင်စီးလျက် မိုးတိမ်ထု ဖိထားသော၊ တိုးဝှေ့နေသော ပင်လယ်တွင်း အမှောင်ထုကြီးကဲ့သို့ ဖြစ်၏။ သူ့လက်ကို ဆွဲထုတ်လျှင်ပင် ၎င်းကို မမြင်ရလုမတတ်ဖြစ်၏။ ပရမတ်ဘုရားရှင်သာ သူ့အတွက် အလင်းကို မစီစဉ်ပေးသော် သူ့အတွက် အလင်းရောင် မရှိတော့ပေ။
၄၁။ ☆ ၆း၃၈	**أَلَمْ تَرَ أَنَّ اللَّهَ يُسَبِّحُ لَهُ مَن فِي السَّمَاوَاتِ وَالْأَرْضِ وَالطَّيْرُ صَافَّاتٍ كُلٌّ قَدْ عَلِمَ صَلَاتَهُ وَتَسْبِيحَهُ وَاللَّهُ عَلِيمٌ بِمَا يَفْعَلُونَ ۞** မိုးများနှင့် မြေကမ္ဘာအတွင်း ရှိသူများ၊ စီတန်းနေသော ငှက်များသည်☆ ပရမတ်ဘုရားရှင်အား ဇောနပင် ဦးထိပ်ထားနေသည်ကို သင် မမြင်မိသလော၊ ကိုယ်စီကိုယ်ငှ ဝတ်ပြုခြင်းနှင့် ဦးထိပ်ထားမှုကို သိနေ၏။ ပရမတ်ဘုရားရှင်သည် ပြုလုပ်သမျှကို သိနေသော အရှင် ဖြစ်၏။
၄၂။	**وَلِلَّهِ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَإِلَى اللَّهِ الْمَصِيرُ ۞** မိုးများနှင့် မြေကမ္ဘာ၏ သြဇာအာဏာသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ပရမတ်ဘုရားရှင်၏ ထံသို့သာ ခရီးဆုံး ပန်းတိုင်ဖြစ်၏။
၄၃။ **မိုးသီး** ☆ ၂၄း၄၃	**أَلَمْ تَرَ أَنَّ اللَّهَ يُزْجِي سَحَابًا ثُمَّ يُؤَلِّفُ بَيْنَهُ ثُمَّ يَجْعَلُهُ رُكَامًا فَتَرَى الْوَدْقَ يَخْرُجُ مِنْ خِلَالِهِ وَيُنَزِّلُ مِنَ السَّمَاء مِن جِبَالٍ فِيهَا مِن بَرَدٍ فَيُصِيبُ بِهِ مَن يَشَاء وَيَصْرِفُهُ عَن مَّن يَشَاء يَكَادُ سَنَا بَرْقِهِ يَذْهَبُ بِالْأَبْصَارِ ۞** ပရမတ်ဘုရားရှင်သည် တိမ်ဆိုင်များကို ရွေ့လျားစေ၍၊ ၎င်းတို့အား အတူ စည်းလုံးစေလျက် တဖန် ၎င်းတို့ကို အစုအပြုံ ဖြစ်ရန် စီစဉ်၏။ သင်မြင်နိုင်သော မိုးအား ထို မိုးတိမ်ထုကြားမှ ထွက်လာစေသည်ကို သင် မရှုစားမိသလော။ အရှင်သည် တောတောင်များအတွင်း ကောင်းကင်ယံမှ **မိုးရေအေး**အား သွန်းချစေ၍၊ ၎င်းဖြင့် စံချိန်ပြည့်သူထံ လွှမ်းခြုံထိသက်စေ၏၊ စံချိန်ပြည့်သူထံမှ ဘက်ပြန်ပျယ်လွှင့်ပေး၏။ အရှင်၏ လျှပ်စစ်ရောင်သည် အမြင်များကို သိမ်းသွားမတတ်ဖြစ်၏။☆
၄၄။	**يُقَلِّبُ اللَّهُ اللَّيْلَ وَالنَّهَارَ إِنَّ فِي ذَلِكَ لَعِبْرَةً لِّأُوْلِي الْأَبْصَارِ ۞** ပရမတ်ဘုရားရှင်သည် နေ့နှင့်ညကို လှည့်နေစေ၏။ ဇောနပင် ဒိဗ္ဗစက္ခုရှိသူတို့အဘို့ ဤ၌ သခိန်းစာတစ်ရပ် ရှိနေ၏။
၄၅။ ☆ ၂၁း၃၀ ★ ၂၇း၀	**وَاللَّهُ خَلَقَ كُلَّ دَابَّةٍ مِن مَّاء فَمِنْهُم مَّن يَمْشِي عَلَى بَطْنِهِ وَمِنْهُم مَّن يَمْشِي عَلَى رِجْلَيْنِ وَمِنْهُم مَّن يَمْشِي عَلَى أَرْبَعٍ يَخْلُقُ اللَّهُ مَا يَشَاء إِنَّ اللَّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ ۞** ပရမတ်ဘုရားရှင်သည် သတ္တဝါတိုင်းကို ရေမှ ဖြစ်တည်စေ၏။☆ ၎င်းတို့အနက် ဝမ်းဗိုက်ဖြင့် သွားလာသော၊ ၎င်းတို့အနက် ခြေနှစ်ချောင်းဖြင့် သွားလာသော၊ ၎င်းတို့အနက် ခြေလေးချောင်းဖြင့် သွားလာသော အကောင်များကို ရှိစေ၏။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်ရာကို★ ဖြစ်တည်စေ၏။ ဇောနပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။[၇၅]

(၇၅) ဤသုတ်တော်တွင် သတ္တဝါများ ဖြစ်တည်လာခြင်း အဆင့်သုံးဆင့်ကို ဖေါ်ပြပေသည်။ ရေမှ ဖြစ်တည်ပြီးနောက် (၁) တွားသွား သတ္တဝါ အဆင့်၊ (၂) ခြေနှစ်ချောင်းဖြင့် သွားသော သတ္တဝါအဆင့် ဥပမာ ငှက်များကို ဆိုလိုသည်။ သို့သော် လူသားများကို ဤသုတ်တော်၌ ဖေါ်ပြခြင်း မရှိ

၄၆။ ☆ ၂၇၀	**لَقَدْ أَنزَلْنَا آيَاتٍ مُّبَيِّنَاتٍ وَاللَّهُ يَهْدِي مَن يَشَاء إِلَى صِرَاطٍ مُّسْتَقِيمٍ۞** မုချပင် ငါသည် ရှင်းလင်းချက် သုတ်ဒေသနာများကို ချမှတ်ပေးတော်မူ၏။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား☆ မြဲမြံတည်တံ့သော လမ်းစဉ်သို့ ညွှန်တော်မူ၏။
၄၇။	**وَيَقُولُونَ آمَنَّا بِاللَّهِ وَبِالرَّسُولِ وَأَطَعْنَا ثُمَّ يَتَوَلَّى فَرِيقٌ مِّنْهُم مِّن بَعْدِ ذَلِكَ وَمَا أُوْلَئِكَ بِالْمُؤْمِنِينَ۞** "ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်အား ယုံကြည်ပါ၏။ နာခံပါ၏။"ဟု ဆိုကြ၍၊ တဖန် သူတို့မှ တစ်ဖွဲ့သည် သည့်နောက်တွင်မှ လှည့်သွားကြ၏။ သူတို့သည်ကား ယုံကြည်သူများ မဟုတ်ကြချေ။
၄၈။	**وَإِذَا دُعُوا إِلَى اللَّهِ وَرَسُولِهِ لِيَحْكُمَ بَيْنَهُمْ إِذَا فَرِيقٌ مِّنْهُم مُّعْرِضُونَ۞** သူတို့၏ကြားဉာဏ် စီရင်ထုံးပြုပေးရန် ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်ဆီသို့ ဖိတ်ခေါ်သောအခါ၊ သူတို့မှ တစ်ဖွဲ့သည် ဘေဘင်ကန့်ထားသူများ ဖြစ်ကြ၏။
၄၉။ ကိုယ်ဆော်	**وَإِن يَكُن لَّهُمُ الْحَقُّ يَأْتُوا إِلَيْهِ مُذْعِنِينَ۞** သူတို့ဘက်၌ အမှန်တရားရှိလေလျှင်၊ သူတို့သည် **သူ့**ထံသို့ စိတ်တူကိုယ်မျှ ဆိုက်မြိုက်လာလတ္တံ့။
၅၀။	**أَفِي قُلُوبِهِم مَّرَضٌ أَمِ ارْتَابُوا أَمْ يَخَافُونَ أَن يَحِيفَ اللَّهُ عَلَيْهِمْ وَرَسُولُهُ بَلْ أُوْلَئِكَ هُمُ الظَّالِمُونَ۞** သူတို့၏ နှလုံးသား၌ ရောဂါရှိနေကြသလော၊ သို့တည်းမဟုတ် သံသယဝင်နေကြသလော၊ သို့တည်းမဟုတ် ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်က သူတို့အား မတရားပြုမည်ဟု စိုးကြောက်နေကြသလော၊ အမှန်မှာ ထိုသူတို့သာလျှင် အမိုက်ကောင်များ ဖြစ်ကြ၏။
၅၁။	**إِنَّمَا كَانَ قَوْلَ الْمُؤْمِنِينَ إِذَا دُعُوا إِلَى اللَّهِ وَرَسُولِهِ لِيَحْكُمَ بَيْنَهُمْ أَن يَقُولُوا سَمِعْنَا وَأَطَعْنَا وَأُوْلَئِكَ هُمُ الْمُفْلِحُونَ۞** သူတို့၏ကြားဉာဏ် စီရင်ထုံးပြုပေးရန် ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်ဆီသို့ ဖိတ်ခေါ်သောအခါ၊ ယုံကြည်သော သူများ၏ အပြောမှာ– "ကျွန်ုပ်တို့ ကြားနာပါ၏၊ နာခံပါ၏၊"ဟူသော ပြောဆိုမှုပင် ဖြစ်၏။ ထိုသူများသည်သာ အောင်မြင်ပေါက်မြောက်သူများ ဖြစ်ကြ၏။
၅၂။	**وَمَن يُطِعِ اللَّهَ وَرَسُولَهُ وَيَخْشَ اللَّهَ وَيَتَّقْهِ فَأُوْلَئِكَ هُمُ الْفَائِزُونَ۞** ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်အား နာခံသော၊ ပရမတ်ဘုရားရှင်အား ကြောက်ရွံ့တုန်လှုပ်သော၊ အရှင့်အတွက် စည်းစောင့် သူ၊ ထိုသူတို့သည် အောင်ပွဲခံသူများ ဖြစ်ကြ၏။
၅၃။	**وَأَقْسَمُوا بِاللَّهِ جَهْدَ أَيْمَانِهِمْ لَئِنْ أَمَرْتَهُمْ لَيَخْرُجُنَّ قُل لَّا تُقْسِمُوا طَاعَةٌ مَّعْرُوفَةٌ إِنَّ اللَّهَ خَبِيرٌ بِمَا تَعْمَلُونَ۞** သူတို့အား သင် ညွှန်ကြားလျှင် ရှေ့တန်းထွက်ပါမည်ဟု ပရမတ်ဘုရားရှင်၌ အင်တိုက်အားတိုက် အားသန်စွာ တိုင်တည်ကြ၏။ "မတိုင်တည်ကြနှင့်၊ အသိအမှတ်ပြု၍ နာခံကြလော့၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေ သမျှကို သတင်းသိနေတော်မူ၏၊"ဟု ဟောလော့။
၅၄။	**قُلْ أَطِيعُوا اللَّهَ وَأَطِيعُوا الرَّسُولَ فَإِن تَوَلَّوا فَإِنَّمَا عَلَيْهِ مَا حُمِّلَ وَعَلَيْكُم مَّا حُمِّلْتُمْ وَإِن تُطِيعُوهُ تَهْتَدُوا وَمَا عَلَى الرَّسُولِ إِلَّا الْبَلَاغُ الْمُبِينُ۞**

ပေ။ လူသားသည် အမြင့်ဆုံး သတ္တဝါတစ်မျိုးဖြစ်၍– ဤသတ္တဝါများ ဖြစ်တည်လာသော အဆင့်၏ ယေဘုယ ဖေါ်ပြချက်တွင် ထည့်သွင်းထားခြင်း မရှိချေ။ (၃) ခြေလေးချောင်းဖြင့် သွားသော သတ္တဝါများ– ၎င်းတွင် များသောအားဖြင့် နို့တိုက် သတ္တဝါများကို အများစုကို ရည်ညွှန်းပေသည်။

	ဟောလေ့ ‘‘ပရမတ်ဘုရားရှင်အား နာခံကြလော့၊ ဉာဏ်စဉ်ဆောင်အား နာခံကြလော့၊’’ အကယ်၍ သူတို့ လှည့်သွားကြလျှင် သူ့အပေါ်၌ သူ့သယ်ပိုးရာသည် ရှိ၍ သင်တို့အပေါ်၌လည်း သင်တို့၏ သယ်ပိုးရာသည် ရှိ၏။ သင်တို့သည် သူ့ကို နာခံကြလျှင် လမ်းညွှန်ခြင်း ခံရလတ္တံ့၊ ဉာဏ်စဉ်တော်ဆောင်၏ ဝန်တာမှာ ဓမ္မကို ဆိုက်ရောက်စေရန်သာ ဖြစ်၏။
၅၅။ ဆက် ခံသူ	**وَعَدَ اللَّهُ الَّذِينَ آمَنُوا مِنكُمْ وَعَمِلُوا الصَّالِحَاتِ لَيَسْتَخْلِفَنَّهُم فِي الْأَرْضِ كَمَا اسْتَخْلَفَ الَّذِينَ مِن قَبْلِهِمْ وَلَيُمَكِّنَنَّ لَهُمْ دِينَهُمُ الَّذِي ارْتَضَى لَهُمْ وَلَيُبَدِّلَنَّهُم مِّن بَعْدِ خَوْفِهِمْ أَمْنًا يَعْبُدُونَنِي لَا يُشْرِكُونَ بِي شَيْئًا وَمَن كَفَرَ بَعْدَ ذَلِكَ فَأُوْلَئِكَ هُمُ الْفَاسِقُونَ۝** သင်တို့အနက် ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသောသူတို့အား ပရမတ်ဘုရားရှင်မှ ထားသော ကတိမှာ သူတို့၏ ရှေ့အလျင် **သမ္မတ**ဖြစ်စေခဲ့သော သူတို့ကဲ့သို့ သင်တို့အား မြေကမ္ဘာ၌ **သမ္မတ**များ ဖြစ်စေတော်မူမည်။ သူတို့အတွက် သာသနာတော်ကို ထူထောင်ပေး၍၊ ကျေနပ်အားရ စရာ ဖြစ်စေ၏၊ ကြောက်ရွံ့ရပြီးနောက် ယုံကြည်စိတ်ချရသော အခြေအနေသို့ သူတို့အား လွှဲပြောင်းပေး၏။ သူတို့သည် ငါအရှင်အား ကိုးကွယ်ဆည်းကပ်ကြ၏။ ငါ့အား တစ်စုံတစ်ရာနှင့် ရောပွနှံးကိုးကွယ်ခြင်း မရှိ။ သည့်နောက်တွင်မှ ဖုံးကွယ်သူ၊ ထိုသူတို့သည် ယုတ်မာသူများ ဖြစ်ကြ၏။
၅၆။ ☆ ၂၄	**وَأَقِيمُوا الصَّلَاةَ وَآتُوا الزَّكَاةَ وَأَطِيعُوا الرَّسُولَ لَعَلَّكُمْ تُرْحَمُونَ۝** သင်တို့အား ကရုဏာကိန်းသက်အံ့ဌာ– ဝတ်ပြု☆မြဲကြလော၊။ အခွန်ငွေဖြူ ပေးကြလော့၊ ဉာဏ်စဉ်ဆောင်အား နာခံကြကုန်လော့။
၅၇။	**لَا تَحْسَبَنَّ الَّذِينَ كَفَرُوا مُعْجِزِينَ فِي الْأَرْضِ وَمَأْوَاهُمُ النَّارُ وَلَبِئْسَ الْمَصِيرُ۝** ဖုံးကွယ်သော သူတို့က ကမ္ဘာ၌ ချိနဲ့စေနိုင်သည်ဟု စိတ်ကူးမယဉ်ကြစေနှင့်။ သူတို့အတွက် ခိုလှုံရာသည် အပူမီး ဖြစ်၍။ အမင်္ဂလာ ခရီးဆုံးပင် ဖြစ်၏။
၅၈။ ✡ ၂၄	**يَا أَيُّهَا الَّذِينَ آمَنُوا لِيَسْتَأْذِنكُمُ الَّذِينَ مَلَكَتْ أَيْمَانُكُمْ وَالَّذِينَ لَمْ يَبْلُغُوا الْحُلُمَ مِنكُمْ ثَلَاثَ مَرَّاتٍ مِن قَبْلِ صَلَاةِ الْفَجْرِ وَحِينَ تَضَعُونَ ثِيَابَكُم مِّنَ الظَّهِيرَةِ وَمِن بَعْدِ صَلَاةِ الْعِشَاء ثَلَاثُ عَوْرَاتٍ لَّكُمْ لَيْسَ عَلَيْكُمْ وَلَا عَلَيْهِمْ جُنَاحٌ بَعْدَهُنَّ طَوَّافُونَ عَلَيْكُم بَعْضُكُمْ عَلَى بَعْضٍ كَذَلِكَ يُبَيِّنُ اللَّهُ لَكُمُ الْآيَاتِ وَاللَّهُ عَلِيمٌ حَكِيمٌ۝** အို– ယုံကြည်သော သူတို့၊ သင်တို့၏ လက်အောက် ဩဇာခံသောသူများနှင့် အရွယ်မရောက် စိတ်နုနယ်သော သူတို့သည် အချိန်သုံးပါး၌ သင်တို့ထံမှ အခွင့်တောင်းခံရမည်။ အလင်းဖြာထွက် ဝတ်ပြုချိန် မတိုင်မီ၊ ပူအိုက်၍ ခြုံထည်များကို ချွတ်ချထားသော မွန်းတည့်ချိန်၊ ညဦး ဝတ်ပြု✡ ပြီးနောက်ပိုင်း အချိန်တို့ ဖြစ်၏။ သင်တို့ အတွက် ပုဂ္ဂလိကလွတ်လပ်သည့် အချိန်သုံးပါး ဖြစ်၏။ ထို့နောက် အချိန်များတွင် သင်တို့မှ အချို့ထံ အချို့ သွားလာ လည်ပတ်ခြင်းသည် သင်တို့၊ သူတို့တွင် အပြစ်မရှိချေ။ သင်တို့အတွက် ပရမတ်ဘုရားရှင်သည် သုတ်ဒေသနာများကို ဤသို့ ရှင်းလင်းပေးတော်မူ၏။ ပရမတ်ဘုရားရှင်သည်ကား သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၅၉။	**وَإِذَا بَلَغَ الْأَطْفَالُ مِنكُمُ الْحُلُمَ فَلْيَسْتَأْذِنُوا كَمَا اسْتَأْذَنَ الَّذِينَ مِن قَبْلِهِمْ كَذَلِكَ يُبَيِّنُ اللَّهُ لَكُمْ آيَاتِهِ وَاللَّهُ**

	عَلِيمٌ حَكِيمٌ۝ သင်တို့အနက်မှ ကလေးသူငယ်များသည် အရွယ်ရောက်လာခဲ့သော် သူတို့၏ ရှေ့အလျှင် ဖြစ်သူများ၏ ခွင့်ပြုချက် တောင်းခံခဲ့ သကဲ့သို့ အခွင့်တောင်းခံစေလော့။ ဤသို့ ပရမတ်ဘုရားရှင်သည် သင်တို့အဘို့ရာ သုတ်ဒေသနာများကို ရှင်းလင်းပေးတော်မူ၏။ ပရမတ်ဘုရားရှင်သည်ကား သိနေတော်မူသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။[၇၅]
၆၀။	**وَالْقَوَاعِدُ مِنَ النِّسَاء اللَّاتِي لَا يَرْجُونَ نِكَاحًا فَلَيْسَ عَلَيْهِنَّ جُنَاحٌ أَن يَضَعْنَ ثِيَابَهُنَّ غَيْرَ مُتَبَرِّجَاتٍ بِزِينَةٍ وَأَن يَسْتَعْفِفْنَ خَيْرٌ لَّهُنَّ وَاللَّهُ سَمِيعٌ عَلِيمٌ۝** ဓမ္မတာဆိုင်း၍ ထိမ်းမြားပေါင်းသင်းရန် မမျှော်လင့်နိုင်တော့သော အမျိုးသမီးများ အနေဖြင့် ကိုယ်အလှများကို ကိုယ် ဟန်ပြခြင်း မဟုတ်ဘဲ ခြုံထည်များကို ချွတ်ချထားမိခြင်းသည် အပြစ်မရှိချေ။ သို့သော် တည်ငြိမ်မှုရှိလျှင် သူမတို့အတွက် ပိုမို ကောင်းမွန်၏။ ပရမတ်ဘုရားရှင်သည် ကြားနေတော်မူသောအရှင် သိနေတော်မူသော အရှင် ဖြစ်၏။[၇၆]
၆၁။	**لَيْسَ عَلَى الْأَعْمَى حَرَجٌ وَلَا عَلَى الْأَعْرَجِ حَرَجٌ وَلَا عَلَى الْمَرِيضِ حَرَجٌ وَلَا عَلَى أَنفُسِكُمْ أَن تَأْكُلُوا مِن بُيُوتِكُمْ أَوْ بُيُوتِ آبَائِكُمْ أَوْ بُيُوتِ أُمَّهَاتِكُمْ أَوْ بُيُوتِ إِخْوَانِكُمْ أَوْ بُيُوتِ أَخَوَاتِكُمْ أَوْ بُيُوتِ أَعْمَامِكُمْ أَوْ بُيُوتِ عَمَّاتِكُمْ أَوْ بُيُوتِ أَخْوَالِكُمْ أَوْ بُيُوتِ خَالَاتِكُمْ أَوْ مَا مَلَكْتُم مَّفَاتِحَهُ أَوْ صَدِيقِكُمْ لَيْسَ عَلَيْكُمْ جُنَاحٌ أَن تَأْكُلُوا جَمِيعًا أَوْ أَشْتَاتًا فَإِذَا دَخَلْتُم بُيُوتًا فَسَلِّمُوا عَلَى أَنفُسِكُمْ تَحِيَّةً مِّنْ عِندِ اللَّهِ مُبَارَكَةً طَيِّبَةً كَذَلِكَ يُبَيِّنُ اللَّهُ لَكُمُ الْآيَاتِ لَعَلَّكُمْ تَعْقِلُونَ۝** သင်တို့၏အိမ်၌၎, သို့မဟုတ် သင်တို့၏ ဖခင်များ၏ အိမ်၌၎, သို့မဟုတ် သင်တို့၏ မိခင်များ၏ အိမ်၌၎, သို့မဟုတ် သင်တို့၏ ညီအကိုများ၏ အိမ်၌၎, သို့မဟုတ် သင်တို့၏ အမများ၏ အိမ်၌၎, သို့မဟုတ် သင်တို့ ဦးလေးများ၏ အိမ်၌၎, သို့မဟုတ် သင်တို့ အရီးများ၏ အိမ်၌၎, သို့မဟုတ် သင်တို့၏ ဘထွေးများ၏ အိမ်၌၎, သို့မဟုတ် သင်တို့ အဒေါ်များ၏ အိမ်၌၎, သို့မဟုတ် သင်တို့အတွက် သော့ဖွင့်ခွင့် ရှိသော၊ သို့မဟုတ် မိတ်ဆွေမုန်များ ထံ၌၎ သင်တို့ စားသုံးနိုင်၏ မျက်မမြင်များလည်း ခက်ခဲမှု မရှိစေသင့်၊ တက်ရောက်သူများလည်း မခက်ခဲစေသင့်၊ ဗျားနာနေသူများနှင့် သင်တို့၏ စိတ်စရိုက်ကို လည်း မခက်ခဲစေသင့်၊ သူတို့နှင့် အတူစု၍ သို့မဟုတ် ခွဲ၍ စားသုံးခြင်းကြောင့် အပြစ် မရှိချေ။ သင်တို့သည် အိမ်များ အတွင်းသို့ ဝင်သောအခါ၊ "သင်တို့၏ စိတ်ဉာဉ်များ အပေါ်သို့ ငြိမ်းချမ်းခြင်း ရှိပါစေ၏။" ဟု "ပရမတ်ဘုရားရှင်၏ ထံတော်မှ စင်ကြယ်သော ကျက်သရေကိန်းသက်ပါစေ။"ဟု နှတ်ဆက်စကား ဆိုကြလော့။ သင်တို့၌ အတွေးအခေါ် ရှိဒဒ်ဌာ သင်တို့အတွက် ပရမတ်ဘုရားရှင်သည် သုတ်ဒေသနာတော်များကို ဤသို့ ရှင်းလင်းပေးတော်မူ၏။
၆၂။	**إِنَّمَا الْمُؤْمِنُونَ الَّذِينَ آمَنُوا بِاللَّهِ وَرَسُولِهِ وَإِذَا كَانُوا مَعَهُ عَلَى أَمْرٍ جَامِعٍ لَمْ يَذْهَبُوا حَتَّى يَسْتَأْذِنُوهُ إِنَّ الَّذِينَ يَسْتَأْذِنُونَكَ أُوْلَئِكَ الَّذِينَ يُؤْمِنُونَ بِاللَّهِ وَرَسُولِهِ فَإِذَا اسْتَأْذَنُوكَ لِبَعْضِ شَأْنِهِمْ فَأْذَن لِّمَن شِئْتَ مِنْهُمْ وَاسْتَغْفِرْ لَهُمُ اللَّهَ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ۝**

---

(၇၅) ဤသုတ်တော်များ ဖြစ်သည့် ၅၈၊ ၅၉ တို့သည် လူသားတို့၏ လူ့ကျင့်ဝတ် စည်းကမ်းများကို လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကပင် ပြဋ္ဌာန်းပေးထားပေသည်။ နံနက်မတိုင်မီ၊ ညဦးပြီးနောက် ဆိုသည်မှာ ညပိုင်း အိပ်နေသော အချိန်များဖြစ်၍၊ အိပ်မောကျနေသောကြောင့် ဝတ်လစ်စလစ်များ ဖြစ်နေနိုင်သည်၊ ထို့အပြင် နေ့လည်ဘက်တွင်လည်း လွတ်လပ်စွာ အနားယူနိုင်ပေသည်။ ဤ အချိန်အခါမျိုးတွင် အိမ်မှ ဝန်ထမ်းများ သားမီးများ ဖြစ်လင့်ကစား မိဘတို့၏ အခန်းထဲသို့ ခွင့်တောင်းပြီးမှ ဝင်ရောက်ခွင့် ရှိသည်ဟူသည့် လူ့ကျင့်ဝတ်ကို ကျမ်းတော်က ပြဋ္ဌာန်းထားပေသည်။ ယခုအခါတွင် တိုးတက်ဖွံ့ဖြိုးသော နိုင်ငံတိုင်း လူ့အသိုင်းအဝိုင်းတိုင်းသည် ဤဥပဒေအတိုင်း နေထိုင် ကျင့်ကြံကြပေပြီ။

(၇၆) အစ္စလာမ်သာသနာသည် ဥပဒေ ပြဋ္ဌာန်းရာ၌ အလွန်သေချာသော သာသနာ ဖြစ်ပေသည်။ ဥပဒေတိုင်းတွင် ချွင်းချက်ဟူသည်မှာ ရှိစမြဲပင်။ ယုံကြည်သူများ၏ အဝတ်အစားနှင့် ပတ်သက်သော ဥပဒေကို သုတ်တော် ၃၀၃၁ နှင့် ၃၃း၅၉ တွင် ပြဋ္ဌာန်းထားပေသည်။ ဤသုတ်တော်က အရွယ်လွန် အမျိုးသမီး၊ သက်ကြီးရွယ်အိုများ အတွက် ဥပဒေ၏ ချွင်းချက် ခံစားခွင့်ကို တိတိကျကျပေးထားသည်။ ဤသုတ်တော်တွင် ဆိုလိုသော အပေါ်အင်္ကျီဆိုသည်မှာ သုတ်တော် ၃၁ မှ အောက်ခံ အင်္ကျီကို ဆိုလိုခြင်း မဟုတ်ပေ။ ၃၃း ၅၉ မှ အပေါ်အင်္ကျီကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။

ကိုယ်တော်	ယုံကြည်သူစစ်စစ်တို့သည် ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်အား ယုံကြည်ကြ၏။ သူတို့သည် အစည်းအဝေး အစီအစဉ်၌ **သူ**နှင့်အတူရှိကြသော် သူတို့အား အခွင့်မပေးဘဲ ထွက်သွားခြင်း မရှိကြပေ။ သင့်ထံမှ ခွင့်တောင်းသော သူများ၊ ထိုသူများသာလျှင် ပရမတ်ဘုရားရှင်နှင့် အရှင့် ဉာဏ်စဉ်တော်ဆောင်အား ယုံကြည်သောသူများ ဖြစ်၏။ သို့ဖြစ်၍ သူတို့၏ ကိုယ်ရေးကိစ္စကြောင့် အချို့ ခွင့်တောင်းလာခဲ့သော် သူတို့မှ သင်စံချိန်ပြည့်သူအား ခွင့်ပြုလော့၊ သူတို့အတွက် ပရမတ်ဘုရားရှင်၏ ထံမှ လွတ်ငြိမ်းဆုပန်ပေးလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင်၊ အကြင်နာရှင် ဖြစ်တော်မူပေ၏။
၆၃။ ကိုယ်တော်	**لَا تَجْعَلُوا دُعَاء الرَّسُولِ بَيْنَكُمْ كَدُعَاء بَعْضِكُم بَعْضًا قَدْ يَعْلَمُ اللَّهُ الَّذِينَ يَتَسَلَّلُونَ مِنكُمْ لِوَاذًا فَلْيَحْذَرِ الَّذِينَ يُخَالِفُونَ عَنْ أَمْرِهِ أَن تُصِيبَهُمْ فِتْنَةٌ أَوْ يُصِيبَهُمْ عَذَابٌ أَلِيمٌ**۞ ဉာဏ်စဉ်ဆောင်၏ ဖိတ်ခေါ်ခြင်းကို သင်တို့ချင်းကြား အချို့က အချို့ကို ဖိတ်ခေါ်မှုများ ကဲ့သို့ မစီစဉ်ကြနှင့်၊ ပရမတ်ဘုရားရှင်သည် သင်တို့အနက်မှ ခိုကပ်၍ အတင်းထွက်သွားသော သူကို မုချ သိနေတော်မူ၏။ သို့ဖြစ်၍ **သူ** ညွှန်ကြားသည်မှာ ၎င်းကိုဆက်ခံသော သူတို့သည် သူတို့ထံသို့ စမ်းသပ်မှု ထိသက်မည်ကို သို့မဟုတ် စူးနစ်နာကျင်သော ဝဋ်ကြွေး ထိရမည်ကို သတိထားစေကြလော့။
၆၄။	**أَلَا إِنَّ لِلَّهِ مَا فِي السَّمَاوَاتِ وَالْأَرْضِ قَدْ يَعْلَمُ مَا أَنتُمْ عَلَيْهِ وَيَوْمَ يُرْجَعُونَ إِلَيْهِ فَيُنَبِّئُهُم بِمَا عَمِلُوا وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ**۞ ယခုမူ၂၃ ဇကန်ပင် မိုးများနှင့် မြေကမ္ဘာတွင် ရှိသမျှတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် သင်တို့၏ အခြေအနေကို သိနေတော်မူ၏။ သူတို့သည့် အရှင့်ထံသို့ ဦးလှည့်ပြန်ရမည့် နေ့ကာလ၌ ကျင့်ကြံခဲ့သမျှကို သတင်းထုတ်ပြန်တော်မူလတ္တံ့။ ပရမတ်ဘုရားရှင်သည်ကား သဗ္ဗလုံးစုံ သိနေသောအရှင် ဖြစ်၏။

(၇၅၃) **ယခုမူ** ဟု ဘာသာပြန်သော **အာ့လ်လာ** ဆိုသည်မှာ **အချိန်မခါမလပ်** ဟု အနက်ကို ပေးပေသည်။

ဓမ္မခန္ဓာ (၂၅) "ခွဲခြမ်းစိတ်ဖြာဖွင့်ဆိုချက်" (အလ် ဖုရ်ကန်)

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၄၂။ သုတ်ဒေသနာ– ၇၇ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။	**تَبَارَكَ الَّذِي نَزَّلَ الْفُرْقَانَ عَلَى عَبْدِهِ لِيَكُونَ لِلْعَالَمِينَ نَذِيرًا۞** လောကခပ်သိမ်းအတွက် သတိပေးသူ ဖြစ်စေခြင်းငှာ အရှင့်အမှုတော်ဆောင်၏ ထံသို့ "ခွဲခြမ်းစိတ်ဖြာဖွင့်ဆိုချက်အား" ချမှတ်ပေးသည့် အရှင်သည် ကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူ၏။[၇၆]
၂။ ☆ ၂း၁၀၆	**الَّذِي لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَلَمْ يَتَّخِذْ وَلَدًا وَلَمْ يَكُن لَّهُ شَرِيكٌ فِي الْمُلْكِ وَخَلَقَ كُلَّ شَيْءٍ فَقَدَّرَهُ تَقْدِيرًا۞** အရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ အရှင်သခင် ဖြစ်၏ အချုပ်အခြာသည် အရှင့်အတွက် ဖြစ်၏။ အရှင်၌ ကိုယ်ပွား ယူထားခြင်း မရှိ၊☆ အရှင့် သြဇာအာဏာ၌ ရောပွနှံးပတ်သက်သူ ဟူ၍ မရှိ၊ အရှင်သည် သဗ္ဗလုံးစုံအား ဖြစ်တည်စေရာ၌ စည်းချိန်တကျ စည်းချိန်ချမှတ်တော်မူ၏။
၃။	**وَاتَّخَذُوا مِن دُونِهِ آلِهَةً لَّا يَخْلُقُونَ شَيْئًا وَهُمْ يُخْلَقُونَ وَلَا يَمْلِكُونَ لِأَنفُسِهِمْ ضَرًّا وَلَا نَفْعًا وَلَا يَمْلِكُونَ مَوْتًا وَلَا حَيَاةً وَلَا نُشُورًا۞** အရှင် မှလွဲ၍ သူတို့က ဘုရားဟူ၍ အယူထားနေကြသည်မှာ တစ်စုံတစ်ရာကိုမှ ဖြစ်တည်ပေးနိုင်ခြင်း မရှိ၊ သူတို့ ကိုယ်တိုင် ဖြစ်တည်ခံမျှသာ ဖြစ်သော–၊ သူတို့၏ စရိုက်ကိုပင် ဆိုးကျိုး ကောင်းကျိုး အစိုးမရသော၊ အနိစ္စ၊ နိစ္စနှင့် ရှင်ပြန်နိုးကြွရမည်ကို အစိုးမရသော အရာများ ဖြစ်နေ၏။[၇၁]
၄။ ဤကျမ်း	**وَقَالَ الَّذِينَ كَفَرُوا إِنْ هَذَا إِلَّا إِفْكٌ افْتَرَاهُ وَأَعَانَهُ عَلَيْهِ قَوْمٌ آخَرُونَ فَقَدْ جَاؤُوا ظُلْمًا وَزُورًا۞** ဖုံးကွယ်သော သူတို့က "**ဤသည်** သူ လုပ်ကြံဖန်တီးသော လုပ်ဇာတ်မျှသာ ဖြစ်၏။ ထိုအတွက် အခြားလူမျိုးက သူ့အား ပံ့ပိုးကြ၏၊ သို့ဖြင့် အဝိဇ္ဇာတရားနှင့် လှည့်ပတ်ပြောဆိုခြင်းကို သူတို့ ရောက်လာစေကြပြီ၊"ဟု ဆိုကြ၏။
၅။ ဒကာများ	**وَقَالُوا أَسَاطِيرُ الْأَوَّلِينَ اكْتَتَبَهَا فَهِيَ تُمْلَى عَلَيْهِ بُكْرَةً وَأَصِيلًا۞** "သူ သိကုံးသော ရှေးဟောင်း ဒဏ္ဍာရီများသာ ဖြစ်၍ **သူတို့က** သူ့အား နံနက်နှင့် နေကျချိန်တွင် အချိန်ပေးနေ၏၊"ဟု လည်း ဆိုကြ၏။

---

(၇၅) **အလ်ဖုရ်ကန် الْفُرْقَان** "ခွဲခြမ်းစိတ်ဖြာဖွင့်ဆိုချက်" ဆိုသည်မှာ ကျမ်းမြတ်ကုရ်အာန်၏ ဂုဏ်တော်များ အနက်မှ တစ်ခု ဖြစ်ပေသည်။ ကျမ်းတော်သည် အမှန်နှင့် အမှားကို ခွဲခြား ရှင်းလင်းပေးသော "စံ" ဖြစ်ပေသည်။ ဤစံကျမ်းတော်မှာ အာရဗ်များအတွက်သာ မဟုတ်ပေ။ ကိုယ်တော်မုဟမ္မဒ်သည်လည်း အာရဗ်လူမျိုးများ အတွက်သာ ပွင့်ပေါ်သော လူမျိုးစု တစ်စု၊ သို့မဟုတ် တိုင်းဒေသ တစ်ခုအတွက် ပွင့်ပေါ်သော ဉာဏ်စဉ်တော်ဆောင်တစ်ပါး မဟုတ်ချေ၊ ကိုယ်တော်သည် လောကခပ်သိမ်းအား သတိဖေါ်၊ သတိပေးသူအဖြစ် ပွင့်ပေါ်လာသော နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ဖြစ်ကြောင်း ဤသုတ်တော်က ရှင်းလင်းစွာ ဆိုထားပေသည်။

(၇၆) သုတ်တော် ၂ နှင့် ၃ က သာသနာ တစ်ခု အတွင်း အခြားသော ချဲ့ထွင်သည့် သူများအကြောင်းကို ပြောဆိုသည်။

၆။	**قُلْ أَنزَلَهُ الَّذِي يَعْلَمُ السِّرَّ فِي السَّمَاوَاتِ وَالْأَرْضِ إِنَّهُ كَانَ غَفُورًا رَّحِيمًا۞** ဟောလော့ ‘‘မိုးများနှင့် ကမ္ဘာအတွင်း လျှို့ဝှက်ချက်များကို သိနေတော်မူသော အရှင်က ၎င်းကို ချမှတ်ပေးခြင်း ဖြစ်၏။ ဇောနံပင် အရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။’’[၇၅၆]
၇။ ☆ ၂၅၁၀	**وَقَالُوا مَالِ هَذَا الرَّسُولِ يَأْكُلُ الطَّعَامَ وَيَمْشِي فِي الْأَسْوَاقِ لَوْلَا أُنزِلَ إِلَيْهِ مَلَكٌ فَيَكُونَ مَعَهُ نَذِيرًا۞** သူတို့ ပြောကြသည်မှာ ‘‘မည်သို့ ဉာဏ်စဉ်ဆောင် ဖြစ်လေသနည်း၊ အစာလည်း စား၏၊ ဈေးများ၌လည်း သွားလာ၏၊ သူနှင့်အတူ သတိပေးသူအဖြစ် သူ့ထံသို့ အဘယ်ကြောင့် နတ်ဒေဝတာ☆ တစ်ပါးကို တာဝန်မချပေးသနည်း–‘‘
၈။	**أَوْ يُلْقَى إِلَيْهِ كَنزٌ أَوْ تَكُونُ لَهُ جَنَّةٌ يَأْكُلُ مِنْهَا وَقَالَ الظَّالِمُونَ إِن تَتَّبِعُونَ إِلَّا رَجُلًا مَّسْحُورًا۞** သို့မဟုတ်၊ သူ့ထံသို့ အခင်းအကျင်း ရတနာများနှင့် သူစားသုံးရန် ဥယျာဉ် တစ်ခု မရှိရလေခြင်း၊’’ဟု ဖြစ်၏။[၇၅၇] အမိုက်ကောင်များမှ ‘‘သင်တို့သည် ပြုစားခံရသော လူ၏ နောက်သို့ လိုက်နေကြသည်သာ ဖြစ်၏။’’ဟု ဆိုသူ ရှိ၏။
၉။	**انظُرْ كَيْفَ ضَرَبُوا لَكَ الْأَمْثَالَ فَضَلُّوا فَلَا يَسْتَطِيعُونَ سَبِيلًا۞** သင့်အား မည်သို့ ပမာဆောင် ဥပမာပေးကြသည်ကို ကြည့်လော့၊ သူတို့မှာကား လမ်းလွဲသွားကြကုန်၏၊ အခြား တတ်နိုင်သည့် လမ်းစဉ်လည်း မရှိကြ။
၁၀။	**تَبَارَكَ الَّذِي إِن شَاء جَعَلَ لَكَ خَيْرًا مِّن ذَلِكَ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ وَيَجْعَل لَّكَ قُصُورًا۞** ကျက်သရေရှိတော်မူသော အရှင်သည် စံချိန်ပြည့်မှီသည်နှင့်အညီ ဤထက်ပို၍ ကောင်းမွန်သော၊ အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်များကို သင့်အတွက် စီစဉ်ပေးတော်မူလတ္တံ့၊ ရပ်နားရာစခန်းများကိုလည်း သင့်အတွက် စီစဉ်ပေးတော်မူလတ္တံ့။
၁၁။	**بَلْ كَذَّبُوا بِالسَّاعَةِ وَأَعْتَدْنَا لِمَن كَذَّبَ بِالسَّاعَةِ سَعِيرًا۞** အမှန်မှာ သူတို့သည် အချိန်နာရီအား ငြင်းဆန်ခြင်းသာ ဖြစ်၏။ အချိန်နာရီအား ငြင်းဆန် သူအတွက် မီးလောင်စာကို ငါ ပြင်ဆင်ထားလေပြီ။
၁၂။	**إِذَا رَأَتْهُم مِّن مَّكَانٍ بَعِيدٍ سَمِعُوا لَهَا تَغَيُّظًا وَزَفِيرًا۞** ၎င်းအား နောက်ကျန်ရစ်သော အရပ်မှ မြင်ရလျှင်ပင် ဒေါသသံ ညီးတွားသံကို ကြားရလေ၏။
၁၃။	**وَإِذَا أُلْقُوا مِنْهَا مَكَانًا ضَيِّقًا مُّقَرَّنِينَ دَعَوْا هُنَالِكَ ثُبُورًا۞** သူတို့အား အကျဉ်းအကျပ်ထဲ၌ အသီလိုက် ခင်းကျင်းခံရသောအခါ၊ ဖျက်ပယ်မှုကို ညီးတွား အော်တောင်းကြ၏။

---

(၇၅၆) သုတ်တော် ၄၊ ၅ တွင် ကျမ်းတော်အား လူရေးကျမ်းသာ ဖြစ်သည်ဟု စွပ်စွဲမှုများကို ထောက်ပြပြီး ဤသုတ်တော် (၆)က ကျမ်းတော်သည် သူတို့စွပ်စွဲ သကဲ့သို့ မဟုတ် ကိုယ်တော်၌အား သမ္မညုတဉာဏ်စဉ် ကိန်းဝပ်ပေးခြင်းဖြင့်သာ ထိုဉာဏ်စဉ်ဓမ္မကို မှတ်တမ်းတင်ထားကြောင်းကို အခိုင်အမာ ဆိုထားပေသည်။ ကျမ်းတော်တွင် ဖေါ်ပြသော လောက၏ လျှို့ဝှက်ချက်များသည်ကား လေ့လာရှာဖွေ၍ မကုန်မခမ်းနိုင်ဖြစ်နေတော့သည်။ ခေတ်နောက်ကျသွားသည်၊ ယုတ္တိဗေဒနှင့် လွဲသွားသည်ဟူ၍ အလျှည်းမရှိချေ။

(၇၅၇) ကုရ်အာန်ကျမ်းတော်သည် ယုတ္တိဗေဒ မရှိသော အရာများကို လူသားအား သင်ပေးခြင်း မရှိချေ။ လောကဥ္စ ပွင့်ပေါ်လေသမျှသော သတင်းတော်ဆောင်၊ ဉာဏ်စဉ်တော်ဆောင်တိုင်းသည် လူသားများသာ ဖြစ်၍၊ လူသားသည် လူသားတို့၏ လောကဓမ္မနိယာမ အတိုင်း လူသား သဘာဝကိုသာ ပိုင်ဆိုင်ကြောင်း ၂၅၂၀ တွင် အတိအကျ ထောက်ပြထားပေသည်။ သို့သော် လူသားတို့သည် မိမိယုံကြည်သော ဉာဏ်စဉ်တော်ဆောင် တစ်ပါးပါးအား မဟာတန်ခိုးတော်များကို ပိုင်ဆိုင်စေလိုကြပေသည်။ သို့ဖြစ်၍ အစွလာမ် မတိုင်မီ ပေါ်ပေါက်ခဲ့သော သာသနာများတွင် သူတို့ လက်ခံယုံကြည်သော ကိုယ်တော်များကို **ဝိသုဒ္ဓိနတ်မင်းကြီး** ဟုပင် ယုံကြည်ကြပေသည်။ ကျမ်းတော်က ထိုကဲ့သို့ ယုတ္တိမဲ့ ယုံကြည်ခြင်းကို တားမြစ်သောအားဖြင့် ဤသုတ်တော်မှ ကိုယ်တော်မဟာမွန်၏ လူသားပကတိ ဘဝကို သေသေချာချာ တင်ပြခြင်း ဖြစ်ပေသည်။ အစွလာမ် သာသနာတွင် ဉာဏ်စဉ်ဆိုသည်မှာ လူသားတစ်ဦး၏ မူပိုင် မဟုတ်ချေ။ ပုဂ္ဂလိကပိုင်လည်း မဟုတ်ချေ။ လူသားသည် ဉာဏ်စဉ်ကို ဆွတ်ခူးခွင့်ရသူသာ ဖြစ်ပေသည်။ ထိုဉာဏ်စဉ်ကို ဆွတ်ခူးခွင့်ရသည့် အတွက် လူသား၏ ရုပ်သဘာဝ၊ ပြောင်းလဲ သွားခြင်း မရှိချေ။

၁၄။	**لَا تَدْعُوا الْيَوْمَ ثُبُورًا وَاحِدًا وَادْعُوا ثُبُورًا كَثِيرًا۝** ဤနေ့၌ ဖျက်ပယ်မှု တစ်ခုအတွက် အော်မနေကြနှင့်၊ ဖျက်ပယ်မှု များစွာကို အော်တောင်းကြလော့၊
၁၅။ သုဓ အုံ	**قُلْ أَذَٰلِكَ خَيْرٌ أَمْ جَنَّةُ الْخُلْدِ الَّتِي وُعِدَ الْمُتَّقُونَ كَانَتْ لَهُمْ جَزَاءً وَمَصِيرًا۝** ဟောလော့ ‘‘သို့တည်းမဟုတ် စည်းစောင့်သူများအတွက် ကတိထားတော်မူသော ထာဝရသုခဘုံထက် ဤသည်က ပို၍ ကောင်းဘိသလော။ **ငင်း**သည် သူတို့အတွက် အစားပေးမှုနှင့် ပန်းတိုင်ပင် ဖြစ်၏။’’
၁၆။	**لَهُمْ فِيهَا مَا يَشَاؤُونَ خَالِدِينَ كَانَ عَلَىٰ رَبِّكَ وَعْدًا مَسْؤُولًا۝** ထို၌ သူတို့အတွက် စံချိန်ပြည့်မှီရာသည် ရှိ၍၊ အစဉ်စံစားရမည်ပင်။ ငင်းသည် တောင်းခံသူများအတွက် သင့်ကံကြမ္မာရှင်၏ ကတိတော်ပင် ဖြစ်၏။
၁၇။	**وَيَوْمَ يَحْشُرُهُمْ وَمَا يَعْبُدُونَ مِن دُونِ اللَّهِ فَيَقُولُ أَأَنتُمْ أَضْلَلْتُمْ عِبَادِي هَٰؤُلَاءِ أَمْ هُمْ ضَلُّوا السَّبِيلَ۝** ပရမတ်ဘုရားရှင် မှလွဲ၍ သူတို့၏ကိုးကွယ်ရာများနှင့် သူတို့အား စုစည်းစေသော နေ့ကာလ၌၊ ‘‘ငါ့ အမှုဆောင် ထိုသူတို့အား သင်တို့က လမ်းလွဲစေသလော၊ သို့တည်းမဟုတ် သူတို့ကိုယ်သူတို့ လွဲမှားသော လမ်းစဉ်ကို ရွေးကြသလော၊’’ ဟု မေးတော်မူလတ္တံ့။
၁၈။	**قَالُوا سُبْحَانَكَ مَا كَانَ يَنبَغِي لَنَا أَن نَّتَّخِذَ مِن دُونِكَ مِنْ أَوْلِيَاءَ وَلَٰكِن مَّتَّعْتَهُمْ وَآبَاءَهُمْ حَتَّىٰ نَسُوا الذِّكْرَ وَكَانُوا قَوْمًا بُورًا۝** သူတို့က ‘‘အရှင့်အား ဦးထိပ်ထားပါ၏၊ အရှင် မှလွဲ၍ အရှင်သခင်များ အယူထားရန် တပည့်တော်တို့ မရှာခဲ့ပါ။ သို့ရာတွင် အရှင်သည် သူတို့နှင့် သူတို့၏ ဘဘိုးတို့အား သတိပေးတရားတော်ကို မေ့ပစ်သည်ထိ ချမ်းမြေ့မှုပေးခဲ့၍၊ သူတို့သည် ပျက်စီးကြေမွရမည့် လူမျိုး ဖြစ်ရပါ၏၊’’ဟု လျှောက်တင်ကြ၏။
၁၉။	**فَقَدْ كَذَّبُوكُم بِمَا تَقُولُونَ فَمَا تَسْتَطِيعُونَ صَرْفًا وَلَا نَصْرًا وَمَن يَظْلِم مِّنكُمْ نُذِقْهُ عَذَابًا كَبِيرًا۝** သင်တို့၏ ပြောဆိုမှု၌ပင် သင်တို့သည် မှုချ ငြင်းဆန်နေကြပြီ။ သင်တို့၌ တန်ပြန်ရန် တတ်နိုင်ခြင်း မရှိ၊ အကူအညီလည်း မရှိကြ။ သင်တို့အနက်မှ မိုက်ကြေးခွဲသူအား ကြီးမားသော ဝဋ်ကြွေးဒဏ်ကို မြည်းစမ်းစေမည်ပင်။
၂၀။	**وَما أَرْسَلْنَا قَبْلَكَ مِنَ الْمُرْسَلِينَ إِلَّا إِنَّهُمْ لَيَأْكُلُونَ الطَّعَامَ وَيَمْشُونَ فِي الْأَسْوَاقِ وَجَعَلْنَا بَعْضَكُمْ لِبَعْضٍ فِتْنَةً أَتَصْبِرُونَ وَكَانَ رَبُّكَ بَصِيرًا۝** သင့်မတိုင်မီ ဥဇာတ်စဉ်ဆောင်များကို သူတို့မှ အစာ မစားသော၊ ဈေးများတွင် မသွားလာသော သူဟူ၍ ငါ စေစားခဲ့ခြင်း မရှိချေ။ ငါသည် သင်တို့မှ အချို့ကို အချို့အတွက် စမ်းသပ်ရန် စီစဉ်တော်မူပြီ။ သည်းခံတရား ရှိကြမည် မဟုတ်လော၊ သင့်ကံကြမ္မာရှင်သည် မြင်နေတော်မူသော အရှင် ဖြစ်၏။
၂၁။ ☆ ၂၅၁၀	**وَقَالَ الَّذِينَ لَا يَرْجُونَ لِقَاءَنَا لَوْلَا أُنزِلَ عَلَيْنَا الْمَلَائِكَةُ أَوْ نَرَىٰ رَبَّنَا لَقَدِ اسْتَكْبَرُوا فِي أَنفُسِهِمْ وَعَتَوْ عُتُوًّا كَبِيرًا۝** ငါ့အား ဖူးတွေ့ရမည်ကို မမျှော်ကိုးသော သူတို့က ‘‘ကျွန်ုပ်တို့ထံသို့ နတ်ဒေဝတာများကို☆ အဘယ်ကြောင့် တာဝန်မချပေးသနည်း၊ သို့မဟုတ် ကျွန်ုပ်တို့၏ ကံကြမ္မာရှင်အား အဘယ်ကြောင့် မမြင်ရလေသနည်း၊’’ဟု ဆိုကြ၏။ မုချပင် သူတို့သည် မာနကြီးသော ဥဉ်စရိုက်၌ ရှိ၍၊ ကြီးသော အာခံခြင်းဖြင့် အာခံ၏။
၂၂။ ☆	**يَوْمَ يَرَوْنَ الْمَلَائِكَةَ لَا بُشْرَىٰ يَوْمَئِذٍ لِّلْمُجْرِمِينَ وَيَقُولُونَ حِجْرًا مَّحْجُورًا۝** နိဗ္ဗိတ်ဆောင်များကို☆ မြင်တွေ့ရသော နေ့ကာလ၌ ရာဇဝတ်ကောင်များအတွက် ထိုနေ့တွင် သတင်းကောင်း မရှိချေ။

၂၃၀	ထိုအခါ ‘‘ကျောက်တံတိုင်း ကျောက်ထရံကြီး ရှိပါစေ၊’’ဟု ပြောဆိုကြ၏။[၇၈]
၂၃။	**وَقَدِمْنَا إِلَى مَا عَمِلُوا مِنْ عَمَلٍ فَجَعَلْنَاهُ هَبَاءً مَّنثُورًا۝** ငါသည် သူတို့ကျင့်ကြံခဲ့သော ကျင့်ကြံမှု အပေါ် စုံရပ်စေ၏။ သူတို့အား ဝဲလွင့်သော အမှုန့်များ အဖြစ် စီစဉ်တော်မူအံ့။
၂၄။	**أَصْحَابُ الْجَنَّةِ يَوْمَئِذٍ خَيْرٌ مُّسْتَقَرًّا وَأَحْسَنُ مَقِيلًا۝** ထိုနေ့၌ သုခဘုံ အဖော်များ အတွက် ပိုကောင်း၍ အတင့်တယ်ဆုံး တည်ငြိမ်သည့် မှိန်းစက်ရာများရှိစေလတ္တံ့။
၂၅။	**وَيَوْمَ تَشَقَّقُ السَّمَاءُ بِالْغَمَامِ وَنُزِّلَ الْمَلَائِكَةُ تَنزِيلًا۝** ကောင်းကင်သည် တိမ်လိပ်များဖြင့် ပြိုကွဲ၍၊ တာဝန်ချခံရသော နိမိတ်ဆောင်များအား တာဝန်ချသော နေ့။[၇၉]
၂၆။	**الْمُلْكُ يَوْمَئِذٍ الْحَقُّ لِلرَّحْمَنِ وَكَانَ يَوْمًا عَلَى الْكَافِرِينَ عَسِيرًا۝** ကရုဏာတော်အရှင်သည် ထိုနေ့အား အစစ်အမှန် အစိုးရ၏။ ၎င်းသည် ဗိုးကွယ်သူတို့ အတွက် ပြဿဒါး နေ့ ဖြစ်၏။
၂၇။	**وَيَوْمَ يَعَضُّ الظَّالِمُ عَلَى يَدَيْهِ يَقُولُ يَا لَيْتَنِي اتَّخَذْتُ مَعَ الرَّسُولِ سَبِيلًا۝** အမိုက်ကောင်သည် သူ့လက်ကို ကိုက်လျက် ထိုနေ့၌ ဆိုမည်မှာ ‘‘ကျွန်ုပ်များနှယ်၊ ဉာဏ်စဉ်ဆောင်၏ လမ်းစဉ်အား အယူထားခဲ့လျှင် တော်လေစွ၊
၂၈။	**يَا وَيْلَتَى لَيْتَنِي لَمْ أَتَّخِذْ فُلَانًا خَلِيلًا۝** အိုး–ပျက်စီးရလေပြီ။ ကျွန်ုပ်အား ပျက်စီးရသော ဤအရာအား အတွင်းလူ အဖြစ် မယူခဲ့လျှင် ကောင်းလေစွ၊
၂၉။ ☆ ၂၁၄	**لَقَدْ أَضَلَّنِي عَنِ الذِّكْرِ بَعْدَ إِذْ جَاءَنِي وَكَانَ الشَّيْطَانُ لِلْإِنسَانِ خَذُولًا۝** ကျွန်ုပ်ထံသို့ သတိပေးတရားတော် ရောက်ရှိလာပြီးမှ သူက ကျွန်ုပ်အား လမ်းလွဲစေခဲ့ပြီ၊ မကောင်းဆိုးဝါးသည်☆ လူသားအား စွန့်ပစ်သွားလေ့ရှိသူ ဖြစ်သည်။’’ဟူ၏။

---

(၇၅၈) ကျမ်းတော်ပါ **မလာအိကာဟ်** ဆိုသော ဝေါဟာရအား ဤဘာသာပြန်၌ ‘‘နတ်ဒေဝတာ’’ များဟု လည်းကောင်း၊ ‘‘နိမိတ်ဆောင်များ’’ ဟု လည်းကောင်း ပြန်ဆိုခြင်းကြောင့် ဝိဝါဒ မကွဲစေလိုပါ။ **နတ်ဒေဝတာ** ဟု ပြန်ဆိုတိုင်းတွင်၊ **မလာအိကာဟ်** အား နတ်ဒေဝတာ ဖြစ်သည်ဟု ခံစားပြောဆိုသော မိရိုးဖလာအုပ်စု၏ စကားပြောဟန်ကို ကျမ်းတော်က ဖော်ပြပေသည်။ ဆိုလိုသည်မှာ **မလာအိကာဟ်** ဟူသည် **နတ်ဒေဝတာ** ဖြစ်သည်ဟု သူတို့၏ ရိုးရာစွဲဖြင့် ခံစားယုံကြည်မှုသာ ဖြစ်၍၊ ကျမ်းတော်က ရည်ရွယ်၊ ရည်ညွှန်းသော **မလာအိကာဟ်**၏ အနက်အဓိပ္ပါယ် မဟုတ်ချေ။ ကျမ်းတော်က ရည်ညွှန်းသမျှတွင် **မလာအိကာဟ်** ဆိုသည်မှာ လူသားစင်စစ်သာ ဖြစ်၍၊ သူသည် သာမန်လူများထက် ကိစ္စရပ်တစ်ခုတွင် ထူးချွန်စွာ တတ်မြောက်ထားသော တတ်သိပညာရှင်၊ သိပ္ပံပညာရှင်၊ စသည်ဖြင့် ပညာရှင်ကို ရည်ညွှန်းပေသည်။ သို့သော် သူသည် ဉာဏ်စဉ်တော်ဆောင်၊ သတင်းတော်ဆောင်များကဲ့သို့ အဆင့် မဟုတ်ချေ။ သတင်းတော်ဆောင်၊ ဉာဏ်စဉ်တော်ဆောင်များက သူတို့ထံသို့ ကိန်းဝပ်သိရှိသော ဉာဏ်စဉ်အသိအား တိုက်ရိုက်ဆင့်ပြန်ခြင်း ဖြစ်ပေသည်။ ထိုမလာအိကာဟ်တို့သည်ကား– ဉာဏ်စဉ်ကိန်းဝပ်ကောင်း ကိန်းဝပ်ခံရနိုင်သည်၊ သို့သော် များသောအားဖြင့် သူတို့၏ ရရှိသော ဉာဏ်စဉ်မှာ အရာတစ်ခုအား ရှေးဖြစ်၊ နောက်ဖြစ်များကို ချင့်ချိန်တွက်ဆ စဉ်းစားရာမှ အတွေ့အကြုံများကို မှီ၍ သိလာသော ဉာဏ်စဉ်၊ လျှပ်တစ်ပြက် ဉာဏ်စဉ်မျိုးသာ ဖြစ်နိုင်သည်၊ များသော အားဖြင့် ရှေးဖြစ်အတွေ့အကြုံများကို အခြေခံကာ–နောက်ဖြစ်လာမည်များကို တွက်ဆနိုင်သော ပညာရှင်မျိုးသာ ဖြစ်ပေသည်။ မလာအိကာဟ်များကို စေစားသော ရည်ရွယ်ချက်ကို ၁၅း၈ တွင် လည်းကောင်း မလာအိကာဟ်များသည် လူသားများသာ ဖြစ်ကြောင်းကို ၂၁၀၊ ၆း၉း ၈း၅၀ တွင်လည်းကောင်း၊ ရိုးရာယုံကြည်မှုအရ မလာအိကာဟ် ဆိုသည်ကို ၂၂း၂၀ တွင်လည်းကောင်း၊ အသက်နှတ်သော မလာအိကာဟ်များကို ၄၃း၇၊ ၆း၉၃ တွင်လည်းကောင်း၊ သုခဘုံသို့ ရောက်သော မလာအိကာဟ်များကို ၁၃း၂၃ တွင် လည်းကောင်း တွေ့နိုင်ပေသည်။

(၇၅၉) ကောင်းကင်ယံ ပြိုကွဲခြင်း ဆိုသည်မှာ စစ်ကြီး ဖြစ်ခြင်းကို ရည်ညွှန်း၍၊ ထိုစစ်ပွဲနေ့တွင် မိုးတိမ်များ ပြိုကွဲပြန့်ထွက်ခြင်း ဆိုသည်မှာ လက်နက်ခဲယမ်းများကြောင့် ကောင်းကင်ယံထိ တုန်ဟီးခြင်းကို ဆိုလိုပေသည်၊ ကောင်းကင်ပြိုကွဲ၍၊ ထိုကောင်းကင်မှ မလာအိကာဟ်များ ဆင်းလာသည်ဟု လုံးဝ မဆိုလိုပေ။ မလာအိကာဟ်များသည် မိုးကောင်းကင်၌ နေသည် ဟူသည့် အယူသည် ကျမ်းတော်က သွန်သင်သော အယူ မဟုတ်ချေ။ ရှေးသူဟောင်းတို့၏ ဒဏ္ဍာရီ အယူအဆသာလျှင် ဖြစ်ပေသည်၊ ၂း၂၁၀။

၃၀။	**وَقَالَ الرَّسُولُ يَا رَبِّ إِنَّ قَوْمِي اتَّخَذُوا هَذَا الْقُرْآنَ مَهْجُورًا۝** ဥာဏ်စဉ်တော်ဆောင်က ‘‘အို– ကံကြမ္မာရှင်၊ တပည့်တော်၏ လူမျိုးသည် ဤကုရ်အာန်ကျမ်းအား ခွဲခွာခြင်းရန် အယူပိုက်ကြလေပြီ၊’’ဟု ပြောဆိုလတ္တံ့။
၃၁။	**وَكَذَٰلِكَ جَعَلْنَا لِكُلِّ نَبِيٍّ عَدُوًّا مِّنَ الْمُجْرِمِينَ وَكَفَىٰ بِرَبِّكَ هَادِيًا وَنَصِيرًا۝** ဤသို့ သတင်းတော်ဆောင် ကိုယ်စီအတွက် ရာဇဝတ်ကောင်များမှ စည်းဖေါက်သူကို ငါ စီစဉ်တော်မူပြီ။ သင့် ကံကြမ္မာရှင်သည် လမ်းညွှန်သော အရှင်၊ ကူညီသော အရှင် အဖြစ် လုံလောက်တော်မူ၏။
၃၂။	**وَقَالَ الَّذِينَ كَفَرُوا لَوْلَا نُزِّلَ عَلَيْهِ الْقُرْآنُ جُمْلَةً وَاحِدَةً كَذَٰلِكَ لِنُثَبِّتَ بِهِ فُؤَادَكَ وَرَتَّلْنَاهُ تَرْتِيلًا۝** ဖုံးကွယ်သော သူများက ‘‘ကုရ်အာန်ကျမ်းအား အဘယ့်ကြောင့် ဝါကျတစ်သီတည်း ချမှတ်မပေးသနည်း၊’’ ဟု ဆိုကြ၏။ ဤနည်းဖြင့်၊ ၎င်းအား သင့် စိတ်ခိုင်မာစေ၏။ ၎င်းကို ကျနသော ရွတ်ဆိုခြင်းဖြင့် ငါ ရွတ်ဆိုစေတော်မူ၏။[၇၆၀]
၃၃။ တက်ဖ်စီရ်	**وَلَا يَأْتُونَكَ بِمَثَلٍ إِلَّا جِئْنَاكَ بِالْحَقِّ وَأَحْسَنَ تَفْسِيرًا۝** သူတို့သည် သင့်အား ဥပမာပေး၍ပင် မတင်ပြနိုင်ချေ၊ ငါအရှင်က သင့်ထံသို့ သစ္စာတရားနှင့် အတင့်တယ်ဆုံး **အထကထာ** ကို ရောက်လာစေတော်မူပြီ။[၇၆၁]
၃၄။	**الَّذِينَ يُحْشَرُونَ عَلَىٰ وُجُوهِهِمْ إِلَىٰ جَهَنَّمَ أُولَٰئِكَ شَرٌّ مَّكَانًا وَأَضَلُّ سَبِيلًا۝** ငရဲဘုံသို့ မျက်နှာဖော်ထိုး ဆွဲစုခံရသောသူ၊ ထိုသူတို့သည် အဆိုးဆုံး အဆင့်သို့ ဆိုက်ရလျက် လမ်းစဉ်တော်မှ ပို၍ လွဲချော်ရလေ၏။
၃၅။	**وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ وَجَعَلْنَا مَعَهُ أَخَاهُ هَارُونَ وَزِيرًا۝** မုချပင် ငါသည် မူဆာအား ကျမ်းတော် ချီးမြှင့်၍ သူ၏ သံဝန်ထမ်းအဖြစ် သူ့အကို ဟာရွန်အား စီစဉ်ပေးလျက်–
၃၆။ ဖြေးဆန်သူ	**فَقُلْنَا اذْهَبَا إِلَى الْقَوْمِ الَّذِينَ كَذَّبُوا بِآيَاتِنَا فَدَمَّرْنَاهُمْ تَدْمِيرًا۝** ‘‘ငါ၏ သုတ်ဒေသနာတော်များဖြင့် ငြင်းဆန်သော လူမျိုးထံသို့ သင်တို့ သွားကြလော့၊’’ ဟု ငါ မိန့်၏။ သို့ဖြင့် ထိုသူတို့ အား ပျက်စီးခြင်း အတိဖြင့် ပျက်စီးစေတော်မူလိုက်၏။
၃၇။	**وَقَوْمَ نُوحٍ لَّمَّا كَذَّبُوا الرُّسُلَ أَغْرَقْنَاهُمْ وَجَعَلْنَاهُمْ لِلنَّاسِ آيَةً وَأَعْتَدْنَا لِلظَّالِمِينَ عَذَابًا أَلِيمًا۝** နူးဟ်၏ လူမျိုးတို့၊ သူတို့သည် ဥာဏ်စဉ်ဆောင်အား ငြင်းဆန်သောအခါ၊ ထိုသူတို့အား နစ်မြုပ်စေတော်မူ၍၊ လူသားတို့ အတွက် သက်သေလက္ခဏာ အဖြစ် စီစဉ်တော်မူ၏။ အမိုက်ကောင်များ အတွက် စူးနစ်သော ဝဋ်ကြွေးကို ငါ ပြင်ဆင် ထား၏။
၃၈။	**وَعَادًا وَثَمُودَ وَأَصْحَابَ الرَّسِّ وَقُرُونًا بَيْنَ ذَٰلِكَ كَثِيرًا۝** အာဒ်၊ သမု–ဒ် နှင့် ရာ့ဆ်၏ ပေါင်းဖေါ်များနှင့်၊ ထိုစပ်ကြားမှ များစွာသော မျိုးဆက်များ၊–။[၇၆၂]

---

(၇၆၀) ဤသုတ်တော်ကို ထောက်၍ အစွလာမ်အား ပုတ်ခတ်ဝေဖန်သူများက ကျမ်းတော်သည် ကိုယ်တော်မုဟမ္မဒ်၏ လက်ထက်တော်၌ လက်ရှိ ကုရ်အာန်စာအုပ် အဖြစ် စီစဉ်ခဲ့ခြင်း မရှိ၊ ဟိုတစ်စ ဒီတစ်ရွက် စာပိုဒ်များ အဖြစ်သာ ထားခဲ့သည်။ ထို့နောက် မုဟမ္မဒ်လွန် ခေတ်ကာလများတွင်မှ တပည့်တပန်းများက ကုရ်အာန်ကျမ်း အဖြစ် စီမံခြင်း ဖြစ်သည်ဟု စွပ်စွဲကြပေသည်။ ထိုစွပ်စွဲမှုမှာ လုံးဝ အခြေအမြစ်မရှိချေ။ (၂၂ တွင် ရှင်းပြီး) ဤသုတ်တော်မှ **جُمْلَةً** ဆိုသည်မှာ တစ်သီတစ်တန်းတည်း အဆက်မပြတ်သွားနေသော ကုလားအုပ်အတန်း ဂုဏ်ဝ။ ၇၃း၃၃ ဟု ဖြစ်၍ – အာရ်ဗီ စာတွင် ဝါကျတစ်ခုတည်း တည်ဆောက်ထားမှုကိုလည်း သုံးပေသည်။

(၇၆၀) ကုရ်အာန်ကျမ်းတော်သည် လောကနီယာမများ အတွက် အကောင်းဆုံးသော အထကထာ အကျယ်ဖွင့်ကျမ်း (တက်ဖ်စီရ်) ဖြစ်ပေသည်။

(၇၆၂) သမု–ဒ်နှင့် အာ့ဒ် လူမျိုးများအကြောင်းကို ဂုဇ၅၊ ၇၄ တွင်ကြည့်ပါ။ ရာ့ဆ် လူမျိုးဆိုသည်မှာ ရေတွင်း၊ ရေကန် ပေါများရာ အရပ်မှ လူမျိုး ကို ခေါ်ဆိုပေသည်။

၃၉။	**وَكُلًّا ضَرَبْنَا لَهُ الْأَمْثَالَ وَكُلًّا تَبَّرْنَا تَتْبِيرًا۝** သူတို့ကိုယ်စီအား ပမာဆောင် ဥပမာပေးသော်လည်း၊ ကိုယ်စီကိုယ်၌ အဖျက်ဆီးကြီး ဖျက်ဆီးခံရလတ္တံ့။
၄၀။	**وَلَقَدْ أَتَوْا عَلَى الْقَرْيَةِ الَّتِي أُمْطِرَتْ مَطَرَ السَّوْءِ أَفَلَمْ يَكُونُوا يَرَوْنَهَا بَلْ كَانُوا لَا يَرْجُونَ نُشُورًا۝** သူတို့သည် အကုသိုလ် မိုးကြီးဖြင့် မိုးကြီးထိထားသော အရပ်ဒေသသို့ ဖြတ်သွားဘူးကြ၏။ ၎င်းကို သူတို့ မမြင်တတ်သလော၊ အမှန်မှာ သူတို့သည် ရှင်ပြန်နိုးကြားရမည်ကို မမျှော်လင့်ခြင်းသာ ဖြစ်၏။
၄၁။	**وَإِذَا رَأَوْكَ إِن يَتَّخِذُونَكَ إِلَّا هُزُوًا أَهَذَا الَّذِي بَعَثَ اللَّهُ رَسُولًا۝** သင့်ကို သူတို့ တွေ့မြင်သောအခါ၊ ဤသူသည် ပရမတ်ဘုရားရှင်က ပွင့်ပေါ်စေသော ဉာဏ်စဉ်တော်ဆောင် ဆိုပဲ၊'' ဟု လှောင်ပြောင်စရာ အဖြစ်သာ ယူမှတ်ကြ၍–
၄၂။	**إِن كَادَ لَيُضِلُّنَا عَنْ آلِهَتِنَا لَوْلَا أَن صَبَرْنَا عَلَيْهَا وَسَوْفَ يَعْلَمُونَ حِينَ يَرَوْنَ الْعَذَابَ مَنْ أَضَلُّ سَبِيلًا۝** ကျွန်ုပ်တို့သာ ကျွန်ုပ်တို့၏ ဘုရားများ အပေါ်၌ ခွန်ကြိုးစွာ မရှိခဲ့လျှင် သူက ကျွန်ုပ်တို့အား ထိုမှ လွဲမှားစေမတတ်ပင် ဟု ဆို၏။ ဝဠုံကြွေးဒဏ်အား မြင်ရချိန်၌ မည်သူသည် အပါယ် လမ်းစဉ်၌ ရှိသည်ကို သူတို့ သိကြရလတ္တံ့။[၇၆၃]
၄၃။ ရမက်	**أَرَأَيْتَ مَنِ اتَّخَذَ إِلَٰهَهُ هَوَاهُ أَفَأَنتَ تَكُونُ عَلَيْهِ وَكِيلًا۝** မိမိ၏ **လိုဘ**အား ဘုရားဟု အယူထားသူကို သင် မြင်မိသလော၊ သူသည် သင့်အတွက် ကိုးစားထိုက်သူ ဖြစ်သလော။
၄၄။ ☆ ၇း၁၇၉	**أَمْ تَحْسَبُ أَنَّ أَكْثَرَهُمْ يَسْمَعُونَ أَوْ يَعْقِلُونَ إِنْ هُمْ إِلَّا كَالْأَنْعَامِ بَلْ هُمْ أَضَلُّ سَبِيلًا۝** သို့တည်းမဟုတ် သူတို့မှ အများစုကြီးသည် ကြားနာနိုင်သည်၊ အတွေးအခေါ်ရှိကြသည်ဟု သင် စဉ်းစားသလော၊ သူတို့သည် တိရိစ္ဆာန် ကဲ့သို့မျှသာ ဖြစ်၏။ အမှန်မှာ သူတို့သည် အပါယ် လမ်းစဉ်၌ ရှိကြ၏။☆
၄၅။	**أَلَمْ تَرَ إِلَىٰ رَبِّكَ كَيْفَ مَدَّ الظِّلَّ وَلَوْ شَاءَ لَجَعَلَهُ سَاكِنًا ثُمَّ جَعَلْنَا الشَّمْسَ عَلَيْهِ دَلِيلًا۝** သင့်ကံကြမ္မာရှင်သည် အရိပ်အား မည်သို့ တိုးရွေ့စေသည်ကို သင် မရှုစားမိသလော၊ စံချိန်ပြည့်ခဲ့လေသော် ငါသည် ၎င်းကို မြဲတည်ရန် စီစဉ်နိုင်၏။[၇၆၄] ငါသည် နေကို ၎င်းအတွက် လမ်းညွှန်အဖြစ် စီစဉ်တော်မူ၏။
၄၆။	**ثُمَّ قَبَضْنَاهُ إِلَيْنَا قَبْضًا يَسِيرًا۝** တဖန် ငါထံသို့ ၎င်းကို လွယ်လွယ်ကူကူ ဆုတ်– ဆုတ်လာစေ၏။
၄၇။	**وَهُوَ الَّذِي جَعَلَ لَكُمُ اللَّيْلَ لِبَاسًا وَالنَّوْمَ سُبَاتًا وَجَعَلَ النَّهَارَ نُشُورًا۝** အရှင်သည် သင်တို့အတွက် ညကို အဆင်အယင် အဖြစ်၊ အိပ်စက် နားနေဘို့ရာ အဖြစ် စီစဉ်ပေးတော်မူ၏။ နေ့ကို ရှင်ပြန်နိုးကြွဘို့ရာ စီစဉ်ပေးတော်မူ၏။
၄၈။ ☆ ၂၅း၉	**وَهُوَ الَّذِي أَرْسَلَ الرِّيَاحَ بُشْرًا بَيْنَ يَدَيْ رَحْمَتِهِ وَأَنزَلْنَا مِنَ السَّمَاءِ مَاءً طَهُورًا۝** အရှင့် ကရုဏာ၏ လက်ရှိ–ရှေ့မှောက် သတင်းကောင်း အဖြစ် လေများကို အရှင် စေစားတော်မူ၏။ ကောင်းကင်ယံမှ

---

(၇၆၃) အမှန်တရားကို ဆောင်သော စကားတစ်ခွန်း၏ ထိအားကို မည်သူမျှ မခံနိုင်ချေ။ အမှားတရားကို ဖက်တွယ်နေသူတို့သည် လူမျိုးရေး ဘာသာရေး စသော အကြောင်းပြု ခေါင်းစဉ်များကို ဖက်တွယ်နေသော်လည်း မှန်ကန်သော စကားအောက်၌ သူတို့သည် တုန်လှုပ်ရသည်ပင် ဖြစ်ပေသည်။ ဤကျမ်းတော်သည် ဖတ်သူတိုင်း၏ နှလုံးသားအား ကိုင်လှုပ်သည်သာ ဖြစ်ပေသည်။

(၇၆၄) အရိပ်ကို ရပ်စေနိုင်သည်ဟူသည့် ဤနိယာမအား လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ က မသိခဲ့ကြချေ။ သို့သော် အရိပ်အား ရပ်တန့်ပစ်စေနိုင်သည့် စံချိန်သတ်မှတ်ချက်ကို ဖေါ်ထုတ်နိုင်သော ပညာရှင်များကြောင့် ခါတ်ပုံ ပညာမှာ ပေါ်ထွန်းလာခဲ့ပေသည်။ ထို့နောက် အလင်းသည် အရိပ်၏ လမ်းညွှန်ဖြစ်သည် ဆိုသည့် နိယာမကို ဖေါ်ထုတ်နိုင်ပြန်သော အခါ၊ ထိုရပ်နေသော ခါတ်ပုံအား ရုပ်ရှင်ရိုက်ကူးစက် ပညာ တီထွင်နိုင်ခဲ့ပြန်သည်။ သို့သော် ထိုပညာတို့အား အတိတ်သမိုင်းထဲ၌ အိပ်ပျော်နေသော မွတ်ဆလင် သာသနာ့ပညာရှင်များက တီထွင်ခဲ့ခြင်း မဟုတ်ခဲ့ချေ။

	သန့်စင်သော ရေကို သွန်းချစေတော်မူ၏။☆
၄၉။	**لِنُحْيِيَ بِهِ بَلْدَةً مَّيْتًا وَنُسْقِيَهُ مِمَّا خَلَقْنَا أَنْعَامًا وَأَنَاسِيَّ كَثِيرًا۞** ၚင်းဖြင့် သေနေသော မြို့အား ရှင်သန်စေတော်မူ၏။ ၚင်းဖြင့် ငါ ဖြစ်တည်ပေးသည့် လူသား တိရိစ္ဆာန် များစွာတို့ကို ရေတိုက်ကျွေး၏။
၅၀။	**وَلَقَدْ صَرَّفْنَاهُ بَيْنَهُمْ لِيَذَّكَّرُوا فَأَبَى أَكْثَرُ النَّاسِ إِلَّا كُفُورًا۞** သူတို့သည် ဆင်ခြင်သတိရရှိရန် သူတို့ကြား၌ ငါ ထပ်တလဲလဲရှင်းပြစေ၏၊ သို့သော် လူသား အများစုကြီးသည် ဖီဆန်လျက် ဖုံးကွယ်ခြင်းကိုသာ ပြု၏။
၅၁။ ☆ ၂၇	**وَلَوْ شِئْنَا لَبَعَثْنَا فِي كُلِّ قَرْيَةٍ نَذِيرًا۞** စံချိန်ပြည့်မှီခဲ့သည်ရှိသော်☆ အရပ်ဒေသတိုင်းတွင် သတိပေးသူ တစ်ဦးစီ ပွင့်ပေါ်စေတော်မူလတ္တံ့။
၅၂။ ကျမ်းဆော်	**فَلَا تُطِعِ الْكَافِرِينَ وَجَاهِدْهُم بِهِ جِهَادًا كَبِيرًا۞** ဖုံးကွယ်သူများကို မနာခံနှင့်၊ သူတို့ကို ဆန့်ကျင်၍ **ၚင်း**အားဖြင့် ကြီးသော အားစိုက်မှုဖြင့် အားစိုက်ဆောင်ရွက်ကြလော့။[၇၆၅]
၅၃။	**وَهُوَ الَّذِي مَرَجَ الْبَحْرَيْنِ هَذَا عَذْبٌ فُرَاتٌ وَهَذَا مِلْحٌ أُجَاجٌ وَجَعَلَ بَيْنَهُمَا بَرْزَخًا وَحِجْرًا مَّحْجُورًا۞** အရှင်သည် ပင်လယ်နှစ်ခုအား အရိုန်သေစေ၍၊ ဤသည် ခံစားရချို၍ ဤသည် ဆားဓါတ် ငံတူးစေ၏။ အရှင်သည် ထိုနှစ်ခုကြား ရင်ခွင်းကပ်လျက် ကျောက်ချပ် အုတ်မြစ် ခွဲ၍ စီစဉ်ထားတော်မူပြီ။[၇၆၆]
၅၄။	**وَهُوَ الَّذِي خَلَقَ مِنَ الْمَاءِ بَشَرًا فَجَعَلَهُ نَسَبًا وَصِهْرًا وَكَانَ رَبُّكَ قَدِيرًا۞** အရှင်သည် လူပုဂ္ဂိုလ်ကို ရေမှ ဖြစ်တည်စေတော်မူ၍၊ သွေးသားများ၊ အိမ်ထောင်ဘက်အမျိုးများကို စီစဉ်ပေးတော်မူပြီ။ သင့် ကံကြမ္မာရှင်သည် စည်းချိန်ချမှတ်သော အရှင် ဖြစ်၏။
၅၅။	**وَيَعْبُدُونَ مِن دُونِ اللَّهِ مَا لَا يَنفَعُهُمْ وَلَا يَضُرُّهُمْ وَكَانَ الْكَافِرُ عَلَى رَبِّهِ ظَهِيرًا۞** သူတို့သည်ကား ပရမတ်ဘုရားရှင် မှလွဲ၍ သူတို့အား ကောင်းကျိုး ဆိုးကျိုး မပေးနိုင်ရာများကို ကိုးကွယ်ကြကုန်၏။ ဖုံးကွယ်သူသည် သူ၏ ကံကြမ္မာရှင်အား ကျောခိုင်းပစ်သူ ဖြစ်၏။
၅၆။	**وَمَا أَرْسَلْنَاكَ إِلَّا مُبَشِّرًا وَنَذِيرًا۞** သင့်အား သတင်းကောင်းပါးသူ သတိပေးသူများ အဖြစ်ဖြင့်သာ ငါ စေစားတော်မူ၏။
၅၇။	**قُلْ مَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِلَّا مَن شَاءَ أَن يَتَّخِذَ إِلَى رَبِّهِ سَبِيلًا۞** ဟောလော့ ‘‘ကံကြမ္မာရှင်၏ လမ်းစဉ်သို့ အယူထားရာ၌ စံချိန်ပြည့်မှီသူ ဖြစ်ရန်သာ– ထို့အတွက် သင်တို့ထံ၌ ကျွန်ုပ်သည် အကျိုးဆုလဒ် မတောင်းခံချေ။–

---

(၇၆၅) ကျမ်းမြတ်ကုရ်အာန်အား နားလည်သော ဘာသာစကားဖြင့် လူထုလက်တွင်းသို့ အရောက်ပို့ဆောင်ခြင်း၊ ကျမ်းတော်ပါ နိယာမများ သိအိုရီများကို ဖေါ်ဆောင်ခြင်း၊ စူးစမ်းခြင်းများသည် အလွန်တရာ ကြီးမားသော ဂျီဟဒ်ခေါ် ရုန်းကန်လှုပ်ရှားမှုပင် ဖြစ်ပေသည်။

(၇၆၆) ပင်လယ်ပြင်ကြီးနှစ်ခုဆိုသည်မှာ ရေချိုများကို ကိုယ်စားပြုသော မိုးသားများ၊ ရေချိုမြစ်များ၊ ရေခဲပြင်များကို ကိုယ်စားပြု၍၊ ရေငံပင်လယ်ဆိုသည်မှာ အများစု သိမှတ်ပြီးသား ပင်လယ်ပြင်ပင် ဖြစ်ပေသည်။ သို့သော် ဤနေရာ၌ လူသားတို့၏ အကျင့်အကြံဆိုင်ရာ သမိုင်းရေစီးကြောင်းကိုလည်း ကိုယ်စားပြုပေသည်။ အချို့သော ကျင့်ကြံလှုပ်ရှားမှုများမှာ နောင်လာနောက်သားများ အတွက် စိတ်၏ သောက်သုံးနိုင်ဘွယ် ဖြစ်သော စိတ်ချမ်းသာခြင်း၊ အေငြိမ်းချမ်းများကို ပမာဆောင်၍ အခြား ရေးငံပင်လယ်နှင့်တူသည့် ကိုယ်ကျင့်ဆိုင်ရာ လှုပ်ရှားမှုများမှာ နောင်လာနောက်သားများအတွက် မှီဝဲသောက်သုံးရန် အသုံးမဝင်နိုင်ခြင်းများကို ဆိုလိုပေသည်။

၅၈။	**وَتَوَكَّلْ عَلَى الْحَيِّ الَّذِي لَا يَمُوتُ وَسَبِّحْ بِحَمْدِهِ وَكَفَى بِهِ بِذُنُوبِ عِبَادِهِ خَبِيرًا۞** နိစ္စရှဝ ဖြစ်သော မရဏတရား မလွန်းနိုင်သော အရှင့်ကိုသာ ကိုးစားကြလော့၊ အရှင့်အား ရည်သန်ရူးစိုက် ဦးထိပ်ထားလော့၊ အရှင်သည် အမှုတော်ဆောင်များ၏ အပြစ်များကို လုံလောက်စွာ သတင်းသိနေတော်မူ၏။
☆ ၁၀း၃	**الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَى عَلَى الْعَرْشِ الرَّحْمَنُ فَاسْأَلْ بِهِ خَبِيرًا۞** အရှင်သည် မိုးများနှင့် မြေကမ္ဘာ၊ ထိုနှစ်ခုကြား ရှိသည်များကို ကာလခြောက်ခုဖြင့် ဖြစ်တည်စေတော်မူ၏။ ထို့နောက် ထပ်ဆင့်ကွပ်ကဲမှုကို ပုံစံချပေးသော ကရုဏာရှင် ဖြစ်တော်မူ၏။☆ အရှင့်အကြောင်းကို သတင်းရသူများထံ၌ မေးမြန်းကြလော့။
၆၀။	**وَإِذَا قِيلَ لَهُمُ اسْجُدُوا لِلرَّحْمَنِ قَالُوا وَمَا الرَّحْمَنُ أَنَسْجُدُ لِمَا تَأْمُرُنَا وَزَادَهُمْ نُفُورًا۞** သူတို့အား ကရုဏာတော်အရှင်ကိုသာ ဦးချရှိကျိုးကြရန် ပြောဆိုသောအခါ၊ ကရုဏာရှင်ဆိုသည်မှာ မည်သည့် အရာနည်း သင် ညွှန်ကြားသည့်အတိုင်း ကျွန်ုပ်တို့ ဦးချရှိကျိုးရမည်လော ဟု ပြန်ပြောကြ၏။ သို့ဖြင့် သူတို့သည် စစ်သွေးကြွစိတ်ကိုသာ တိုးပွားကြလေ၏။
၆၁။ ☆ ၁၅း၁၆	**تَبَارَكَ الَّذِي جَعَلَ فِي السَّمَاءِ بُرُوجًا وَجَعَلَ فِيهَا سِرَاجًا وَقَمَرًا مُنِيرًا۞** အာကာသ၌ နဂါးငွေ့တန်းများကို☆ စီစဉ်တော်မူသော၊ ထိုအထဲ၌ လင်းရောင်ခြည်နှင့် အလင်းရောင်ဝါ လတို့ကို စီစဉ်ပေးသော အရှင်သည် ကျက်သရေအပေါင်းနှင့်ပြည့်စုံသော အရှင် ဖြစ်၏။[၇၆၇]
၆၂။	**وَهُوَ الَّذِي جَعَلَ اللَّيْلَ وَالنَّهَارَ خِلْفَةً لِّمَنْ أَرَادَ أَن يَذَّكَّرَ أَوْ أَرَادَ شُكُورًا۞** ဆင်ခြင်သတိ ရှိလိုသူ၊ ကျေးဇူးသိတတ်လိုသူများအတွက် အရှင်သည် နေ့နှင့် ညကို အလှည့်ကျ စီစဉ်ထားတော်မူ၏။[၇၆၈]
၆၃။	**وَعِبَادُ الرَّحْمَنِ الَّذِينَ يَمْشُونَ عَلَى الْأَرْضِ هَوْنًا وَإِذَا خَاطَبَهُمُ الْجَاهِلُونَ قَالُوا سَلَامًا۞** ကရုဏာရှင်၏ အမှုတော်ဆောင်များသည် ကမ္ဘာပေါ်၌ နှိမ့်ချစွာ သွားလာသောသူများ ဖြစ်ကြ၏။ ပညာမဲ့များကို တင်ပြပြောဆိုသော အခါ ငြိမ်းချမ်းပါစေဟု ပြောကြ၏။
၆၄။ အဓိက ဆော်	**وَالَّذِينَ يَبِيتُونَ لِرَبِّهِمْ سُجَّدًا وَقِيَامًا۞** သူတို့သည် သူတို့၏ ကံကြမ္မာရှင်အား ဦးချလျက်၊ ခိုင်မာစွာ ရပ်တည်လျက် **ညပိုင်းကို** ကျော်လွန်စေကြ၏။
၆၅။	**وَالَّذِينَ يَقُولُونَ رَبَّنَا اصْرِفْ عَنَّا عَذَابَ جَهَنَّمَ إِنَّ عَذَابَهَا كَانَ غَرَامًا۞** သူတို့က ဆုတောင်းကြသည်မှာ "အို– ကံကြမ္မာရှင် ငရဲဘုံ၏ ဝဋ်ကြွေးသည် တပည့်တော်တို့ထံမှ ဘက်ပြန်စေတော်မူပါ။ ဇကောပင် ဝဋ်ကြွေးဒဏ်သည် အကြွေးဆိုး ဖြစ်၏။
၆၆။	**إِنَّهَا سَاءَتْ مُسْتَقَرًّا وَمُقَامًا۞** ထင်းသည် အကုသိုလ် တည်မြဲခြင်း ရပ်တည်ရာ ဖြစ်၏။

---

(၇၆၇) ကျွန်ုပ်တို့ ယခုမြင်နေရသော နေနှင့် လတို့သည်လည်း ကြယ်တာရာ အုပ်စုအတွင်းမှ အုပ်စုဝင်များသာ ဖြစ်ကြောင်း ကျမ်းတော်က လွန်ခဲ့သည့် နှစ်ပေါင်း ၁၅၀၀ ကပင် ပြောဆိုထားပေသည်။ ထို့ကြောင့် ဤကမ္ဘာဖြစ်တည်လာသော အခါတွင် ကမ္ဘာ၊ ထို့နောက် နေ။ လ များ ဖြစ်တည်လာသည်ဟူသော အယူအဆများကို ကျမ်းတော်က ဖေါ်ပြ သွန်သင်ခြင်း မရှိချေ။

(၇၆၈) ဤသုတ်တော်တွင် နေ့နှင့်ညကို အလှည့်ကျ (**خِلْفَةً** နေ့သည် ည ကို ဆက်ခံသည်၊ ညသည် နေ့ကို ဆက်ခံသည်) ဟု ကမ္ဘာ၏ လည်ပတ်မှုနေ၏ လည်ပတ်မှုကို ပြောဆိုထားခြင်း ဖြစ်သည်။

၆၇။	**وَالَّذِينَ إِذَا أَنفَقُوا لَمْ يُسْرِفُوا وَلَمْ يَقْتُرُوا وَكَانَ بَيْنَ ذَٰلِكَ قَوَامًا ۞** ပေးကမ်းသုံးစွဲသော အခါ အလွဲသုံးစား မဟုတ်၊ စေတနာမွဲ မဟုတ် ထိုနှစ်ခုကြား ရပ်တည် သူသောတို့၊
၆၈။	**وَالَّذِينَ لَا يَدْعُونَ مَعَ اللَّهِ إِلَٰهًا آخَرَ وَلَا يَقْتُلُونَ النَّفْسَ الَّتِي حَرَّمَ اللَّهُ إِلَّا بِالْحَقِّ وَلَا يَزْنُونَ وَمَن يَفْعَلْ ذَٰلِكَ يَلْقَ أَثَامًا ۞** သူတို့သည် ပရမတ်ဘုရားရှင်နှင့်အတူ အခြားသော ဘုရားထား၍ ဆုတောင်းခြင်း မရှိကြ။ သစ္စာဓမ္မအတွက်မှအပ ပရမတ်ဘုရားရှင်က တားမြစ်သည့်အတိုင်း ဉာဉ်စရိုက်ကို မသတ်ဖြတ်ကြ၊ အပြစ်ရှိခြင်းကို တွေ့ရမည့် လိင်စည်းဖေါက်ခြင်းများကို ပြုလုပ်ခြင်း ကင်းကြ၏၊
၆၉။ စည်းဖေါက်ခြင်း	**يُضَاعَفْ لَهُ الْعَذَابُ يَوْمَ الْقِيَامَةِ وَيَخْلُدْ فِيهِ مُهَانًا ۞** **ထို**အတွက်– ရပ်တည်ရသော နေ့၌ နလံပြန်ထူလာသော ထို၌ အစဉ်အမြဲ နှိမ့်ချခံရမည်ဖြစ်သော ဝဠုံကြွေး ရှိ၏။–
၇၀။	**إِلَّا مَن تَابَ وَآمَنَ وَعَمِلَ عَمَلًا صَالِحًا فَأُولَٰئِكَ يُبَدِّلُ اللَّهُ سَيِّئَاتِهِمْ حَسَنَاتٍ وَكَانَ اللَّهُ غَفُورًا رَّحِيمًا ۞** သို့သော် ခဝါချသူ ယုံကြည်၍၊ ပြုပြင်ပြောင်းလဲသော အကျင့်ကို ကျင့်ကြံသူ၊ သူတို့အတွက် ပရမတ်ဘုရားရှင်သည် အကုသိုလ်များကို လွဲပြောင်းလျက် တင့်တယ်စေတော်မူမည်ပင်၊ ဇကပန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။
၇၁။	**وَمَن تَابَ وَعَمِلَ صَالِحًا فَإِنَّهُ يَتُوبُ إِلَى اللَّهِ مَتَابًا ۞** ခဝါချသူ ပြုပြင်ပြောင်းလဲခြင်းကို ကျင့်ကြံသူ၊ ဇကန်ပင် သူသည် ပရမတ်ဘုရားရှင်ထံသို့ ခဝါချခြင်းဖြင့် ခဝါချသူ ဖြစ်၏။
၇၂။	**وَالَّذِينَ لَا يَشْهَدُونَ الزُّورَ وَإِذَا مَرُّوا بِاللَّغْوِ مَرُّوا كِرَامًا ۞** သူတို့သည် လှည့်ပတ်ပြောဆို သက်သေလိုက်ခြင်းမရှိ၊ ပွစိပွစိလုပ်နေရာများသို့ ဖြတ်သွားသောအခါ၊ ဂုဏ်ကျက်သရေရှိရှိ ဖြတ်သွားကြကုန်၏။
၇၃။	**وَالَّذِينَ إِذَا ذُكِّرُوا بِآيَاتِ رَبِّهِمْ لَمْ يَخِرُّوا عَلَيْهَا صُمًّا وَعُمْيَانًا ۞** သူတို့၏ ကံကြမ္မာရှင်ထံမှ သုတ်ဒေသနာများကို သတိဖေါ်ပေးသောအခါ၊ သူတို့သည် ပင်းနေ ကန်းနေသော ပြဝပ်သူများ မဟုတ်ချေ။
၇၄။	**وَالَّذِينَ يَقُولُونَ رَبَّنَا هَبْ لَنَا مِنْ أَزْوَاجِنَا وَذُرِّيَّاتِنَا قُرَّةَ أَعْيُنٍ وَاجْعَلْنَا لِلْمُتَّقِينَ إِمَامًا ۞** သူတို့က ‘‘အို– ကံကြမ္မာရှင်၊ တပည့်တော်တို့၏ အိမ်ထောင်ဘက်များ၊ သားစဉ်မြေးဆက်များဖြင့် တပည့်တော်တို့၏ မျက်လုံးများ တည်ငြိမ်အေးချမ်းမှုကို ချီးမြှင့်တော်မူပါ၊ တပည့်တော်တို့အား စည်းစောင့်သူများအတွက် ရှေ့ဆောင်ရှေ့ရပ် အဖြစ် စီစဉ်ပေးတော်မူပါ၊’’ဟု ဆုတောင်းကြ၏။
၇၅။	**أُولَٰئِكَ يُجْزَوْنَ الْغُرْفَةَ بِمَا صَبَرُوا وَيُلَقَّوْنَ فِيهَا تَحِيَّةً وَسَلَامًا ۞** သူတို့၏ သည်းခံမှုများကြောင့် လုံးချင်းအိမ်ယာများ အစားပေးခံရလတ္တံ့။ ထို၌ ပျူငှာခြင်း၊ ငြိမ်းချမ်းစေခြင်းများ တွေ့ရလတ္တံ့။
၇၆။	**خَالِدِينَ فِيهَا حَسُنَتْ مُسْتَقَرًّا وَمُقَامًا ۞** ထို၌ အစဉ်စံစားရလတ္တံ့၊ ၎င်းသည် အတင့်တယ်ဆုံး တည်ရာနှင့် ရပ်တည်ရာဘုံ ဖြစ်၏။

၇၇။	**قُلْ مَا يَعْبَأُ بِكُمْ رَبِّي لَوْلَا دُعَاؤُكُمْ فَقَدْ كَذَّبْتُمْ فَسَوْفَ يَكُونُ لِزَامًا۞** ဟောလော့ ‘‘သင်တို့၏ ဆုတောင်းခြင်းသာ မရှိလျှင်၊ ကံကြမ္မာရှင်သည် သင်တို့အား အရေးတယူရှိမည်မဟုတ်၊ သို့သော် သင်တို့သည် မုချ ငြင်းဆန်ကြပြီ၊ ၎င်းသည် မကြာမီ တွန်းအား ဖြစ်လာလတ္တံ့။[၇၆၉]

(၇၆၉) သုတ်တော် ၆၃ မှ စ၍ သူတော်ကောင်း အကျင့်တရားများကို ဖေါ်ပြ၍ ထိုလူများ ခံစားရမည့် အဆင့်များအား အာမခံထားမှုများ ဖြစ်ပေသည်။

ဓမ္မခန္ဓာ (၂၆) “ကဗျာဆရာများ” (အလ် ရှအာရဟ်)
ဥဏှစဉ်ကိန်းပေးမှု အမှတ်စဉ်– ၄၇။ သုတ်ဒေသနာ– ၂၂၇ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

၁။	**طسم**۞ တွာ၊ ဆင်၊ မင်–[၇၀]
၂။	**تِلْكَ آيَاتُ الْكِتَابِ الْمُبِينِ**۞ ဤသည် ရှင်းလင်းထင်ရှားသော ကျမ်းတော်၏ သုတ်ဒေသနာတော်များ ဖြစ်၏။
၃။	**لَعَلَّكَ بَاخِعٌ نَّفْسَكَ أَلَّا يَكُونُوا مُؤْمِنِينَ**۞ သူတို့၏ မယုံကြည်မှုများကြောင့် သင့်စိတ်ကိုသင် ဖြေမဆယ်နိုင်ဖြစ်ရာ၏။[၇၀]
၄။	**إِن نَّشَأْ نُنَزِّلْ عَلَيْهِم مِّنَ السَّمَاءِ آيَةً فَظَلَّتْ أَعْنَاقُهُمْ لَهَا خَاضِعِينَ**۞ စံချိန်ပြည့်မီလျှင် သူတို့၏ လည်ဂုတ်ကို ခွစီး ကုပ်တွယ်စေမည့်– ကောင်းကင်ယံမှ သက်သေလက္ခဏာကို ငါ ချမှတ်ပေးလတ္တံ့။[၇၂]
၅။	**وَمَا يَأْتِيهِم مِّن ذِكْرٍ مِّنَ الرَّحْمَنِ مُحْدَثٍ إِلَّا كَانُوا عَنْهُ مُعْرِضِينَ**۞ ကရုဏာရှင်၏ ထံမှ သူတို့ထံသို့ သတိပေး ဆင့်ပြန်မှု ပေးရောက်တိုင်း ၎င်းအား ဘောင်ကန့်ထားသူများသာ ဖြစ်ကြ၍–
၆။	**فَقَدْ كَذَّبُوا فَسَيَأْتِيهِمْ أَنبَاءُ مَا كَانُوا بِهِ يَسْتَهْزِئُونَ**۞ မုချ ငြင်းဆန်ကြပြန်ပြီ၊ သို့ဖြစ်၍– သူတို့၏ လှောင်ပြောင်လေ့ရှိခဲ့သော သတင်းအား သူတို့ထံသို့ပေးရောက်လာလတ္တံ့။
၇။	**أَوَلَمْ يَرَوْا إِلَى الْأَرْضِ كَمْ أَنبَتْنَا فِيهَا مِن كُلِّ زَوْجٍ كَرِيمٍ**۞ သို့မဟုတ် မြေကမ္ဘာသို့ မရှုမြင်ကြသလော၊ ထိုဠ် ကျက်သရေရှိသော စုဖွဲ့ကိုယ်စီ မည်မျှကို ငါ ဖြစ်ထွန်းစေသနည်း။

---

(၇၇၀) ဤအတိုကောက် စကားလုံးများမှ **တွာ –ဆင် မ်ဘ** သည် **တူးရ် ဆီးန** ဆိုင်းနိုင်းတောင်၊ **မင် မ** သည် မူဆာ– ဟု ဖြစ်၍၊ **ဘမ် “ဆိုင်းနိုင်းတောင်၌ မူဆာအား ချမှတ်ပေးသော ကျမ်းတော်ကဲ့သို့”** ဟု သက်သေတည်ခြင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ ဤကုရ်အာန် ကျမ်းတော်သည် ရှေးက ကိုယ်တော် မူဆာအား ချမှတ်ပေးခဲ့သော ကျမ်းတော်ကဲ့သို့ လူသားတို့၏ နှလုံးသားကို ဆွဲဆောင်နိုင်ကြောင်း သက်သေတည်ချက်ပင် ဖြစ်ပေသည်။ ထို အကြောင်းကို ဤ **ဘမ် တွာဆင်မင်** ဓမ္မခန္ဓာအုပ်စု၏ နောက်ဆုံး ကဏ္ဍ ဖြစ်သည့် ၂၈း၄၈ တွင် ကိုယ်တော်မူဆာအား ချမှတ်ပေးသည့် ကျမ်းတော်နှင့် ကိုယ်တော်မုဟမ္မဒ်အား ချမှတ်ပေးသည့် ဤကျမ်းတော်တို့ကို “အချင်းချင်း ကျောထောက်နောက်ခံပြုထားသော— မှော်အတတ်များပင်” ဟု ဖုံးကွယ် သူများက စွပ်စွဲကြ၏ ဟု ထောက်ပြထားပေသည်။

(၇၇၁) ကိုယ်တော်သည် သူ၏ လူမျိုးအပေါ် မည်မျှ သောကကြီးသည်၊ ကရုဏာကြီးသည်ကို ဤသုတ်တော်အားဖြင့် သိနိုင်ပေသည်။ သူ၏ စိတ် ဖြေမဆယ်နိုင် ဖြစ်ရခြင်းသည် သူ့ကိုယ်ကျိုးအတွက် မဟုတ်ပေ။

(၇၇၂) ဥဏှစဉ်တော်ဆောင်၏ ထံသို့ ကိန်းဝပ်သော ဥဏှစဉ်ကို မြင့်မြတ်သော နေရာမှ (ကောင်းကင်မှ) ဟု အမြဲ တင်စား ပြောဆိုပေသည်။ ထိုဥဏှစဉ်တော်ဖြင့် သုတ်ဒေသနာ တစ်ပါးစီ ချမှတ်တိုင်းတွင် မိရိုးဖလာ ဝါဒီများအတွက် သူတို့၏ လည်ဂုတ်ကို စိနင်းခံရသည့်အလား ဦးကျိုး နေရသည်မှာ ဓမ္မတစ်ရပ်ပင် ဖြစ်တော့သည်။

၈။	**إِنَّ فِي ذَٰلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ۝** ဇကန်ပင်၊ ၎င်း၌ သက်သေလက္ခဏာရပ် ရှိနေ၏။ သို့သော် သူတို့မှ အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။
၉။	**وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ۝** ဇကန်ပင်– သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၁၀။	**وَإِذْ نَادَىٰ رَبُّكَ مُوسَىٰ أَنِ ائْتِ الْقَوْمَ الظَّالِمِينَ۝** သင့်ကံကြမ္မာရှင်က မူဆာအား ဆင့်ဆိုသည်မှာ ‘‘မုချ – အရောက်သွားလော့ မိုက်ကြေးခွဲနေသည့် လူမျိုးဖြစ်သော–
၁၁။	**قَوْمَ فِرْعَوْنَ أَلَا يَتَّقُونَ۝** – ဖာရိုး၏ လူမျိုးထံသို့။ သူတို့အား စည်းစောင့်စေရန် ဖြစ်၏။’’
၁၂။	**قَالَ رَبِّ إِنِّي أَخَافُ أَن يُكَذِّبُونِ۝** သူ လျှောက်ထားသည်မှာ ‘‘အို– ကံကြမ္မာရှင်၊ သူတို့၏ ငြင်းဆန်မည်ကို တပည့်တော် စိုးရိမ်ပါ၏။’’
၁၃။	**وَيَضِيقُ صَدْرِي وَلَا يَنطَلِقُ لِسَانِي فَأَرْسِلْ إِلَىٰ هَارُونَ۝** ‘‘တပည့်တော်၏ ရင်သည် မွန်းကျပ်လှပါ၏၊ တပည့်တော်၏လျှာသည် စကားမထွက်နိုင်ပါ၊ သို့ဖြစ်၍ ဟာရွန်ကိုလည်း စေစားပေးပါ။’’
၁၄။	**وَلَهُمْ عَلَيَّ ذَنبٌ فَأَخَافُ أَن يَقْتُلُونِ۝** ‘‘တပည့်တော်၏ အပေါ်တွင် သူတို့၏ ပြစ်ဒဏ်ရှိပါ၏။ သို့ဖြစ်၍ သူတို့၏ သတ်ဖြတ်မည်ကို ကြောက်မိပါ၏။’’ဟု ဖြစ်၏။
၁၅။	**قَالَ كَلَّا فَاذْهَبَا بِآيَاتِنَا إِنَّا مَعَكُم مُّسْتَمِعُونَ۝** အရှင်က ‘‘အကြောင်းမရှိ၊ သင်တို့သည် ငါ့ သုတ်ဒေသနာများဖြင့် သွားကြလော့၊ ငါသည် သင်တို့နှင့် အတူရှိ၏၊ ကြားသိနေတော်မူ၏။’’ဟု မိန့်၏။
၁၆။	**فَأْتِيَا فِرْعَوْنَ فَقُولَا إِنَّا رَسُولُ رَبِّ الْعَالَمِينَ۝** သို့ဖြင့် ဖာရိုးထံသို့ အရောက်သွားလျက် ပြောသည်မှာ ‘‘ကျွန်ုပ်တို့သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်ထံမှ ဥာဏ်စဉ်တော်ဆောင်များ ဖြစ်၏။
၁၇။	**أَنْ أَرْسِلْ مَعَنَا بَنِي إِسْرَائِيلَ۝** ဣသရေလမျိုးများကို ကျွန်ုပ်တို့နှင့်အတူ ပါသွားစေလော့၊’’ဟု ဖြစ်သော်–
၁၈။ ဖရိုး	**قَالَ أَلَمْ نُرَبِّكَ فِينَا وَلِيدًا وَلَبِثْتَ فِينَا مِنْ عُمُرِكَ سِنِينَ۝** သူက ပြောသည်မှာ ‘‘ကျွန်ုပ်တို့သည် သင့်အား မွေးကင်းစမှ ကြီးထွားသည်ထိ ပြုစုခဲ့သည် မဟုတ်လော၊ သင့် ဘဝသံသရာမှ နှစ်များစွာကို ကျွန်ုပ်တို့အထဲ၌ နေစေခဲ့သည် မဟုတ်လော၊
၁၉။	**وَفَعَلْتَ فَعْلَتَكَ الَّتِي فَعَلْتَ وَأَنتَ مِنَ الْكَافِرِينَ۝** သင်ပြုလုပ်ခဲ့သော ပြုလုပ်မှု– ထိုပြုလုပ်မှုသည် ရှိနေ၏။ သင်သည်ကား ဖုံးကွယ်သူများမှ ဖြစ်၏။’’ဟု ဖြစ်၏။
၂၀။ ☆ ၂၈း၁၅	**قَالَ فَعَلْتُهَا إِذًا وَأَنَا مِنَ الضَّالِّينَ۝** သူက ပြောသည်မှာ ‘‘ဎ်းကို ကျွန်ုပ် ပြုလုပ်ခဲ့သည်မှာ ကျွန်ုပ်သည် လွဲမှားနေသူများထဲ၌ ရှိစဉ်ဖြစ်၏။–☆

၂၁။	**فَفَرَرْتُ مِنكُمْ لَمَّا خِفْتُكُمْ فَوَهَبَ لِي رَبِّي حُكْمًا وَجَعَلَنِي مِنَ الْمُرْسَلِينَ۞** သို့ဖြင့် သင်တို့ကို ကြောက်ရွံ့၍ သင်တို့ထံမှ ကျွန်ုပ် ထွက်ပြေးခဲ့၏။ ထို့နောက် ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကျွန်ုပ်အား ဓမ္မသတ်ကို ချီးမြှင့်တော်မူ၍၊ ဉာဏ်စဉ်ဆောင်များ အနက်မှ စီစဉ်ပေး၏။
၂၂။	**وَتِلْكَ نِعْمَةٌ تَمُنُّهَا عَلَيَّ أَنْ عَبَّدتَّ بَنِي إِسْرَائِيلَ۞** ဤသို့– သင်က ကျွန်ုပ်အား မျက်နှာသာပေး ဂုဏ်ပေးလျက် ဂျူးလူမျိုးတို့အား ကျွန်ဇာတ်သွင်းမည်လော၊''ဟု ဖြစ်၏။
၂၃။	**قَالَ فِرْعَوْنُ وَمَا رَبُّ الْعَالَمِينَ۞** ဖာရိုးက ''လောကခပ်သိမ်း၏ ကံကြမ္မာရှင် ဆိုသည်မှာ အဘယ်အရာနည်း၊''ဟု မေးသော်၊
၂၄။	**قَالَ رَبُّ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا إِن كُنتُم مُّوقِنِينَ۞** သူက ''မိုးများနှင့် မြေကမ္ဘာ ထိုနှစ်ခုကြား ရှိသမျှတို့၏ ကံကြမ္မာရှင်ဖြစ်၏။ သင် ဒိဌယုံကြည်နိုင်ပါစ၊''ဟု ဆို၏။
၂၅။ ဖာရိုး	**قَالَ لِمَنْ حَوْلَهُ أَلَا تَسْتَمِعُونَ۞** **သူ**က သူ့ပတ်လည်ရှိ သူများအား ''မကြားကြဘူးလား၊''ဟု မေး၏။
၂၆။ မူဆာ	**قَالَ رَبُّكُمْ وَرَبُّ آبَائِكُمُ الْأَوَّلِينَ۞** **သူ**က ''သင်တို့၏ ကံကြမ္မာရှင်၊ သင်တို့၏ ရှေးဦးပထမ ဘိုးဘတို့၏ ကံကြမ္မာရှင် ဖြစ်၏။''ဟု ဆိုသော်
၂၇။ ဖာရိုး	**قَالَ إِنَّ رَسُولَكُمُ الَّذِي أُرْسِلَ إِلَيْكُمْ لَمَجْنُونٌ۞** **သူ**က ''သင်တို့ထံသို့ စေစားသော သင်တို့၏ ဉာဏ်စဉ်ဆောင်သည် အရူးတစ်ယောက်ပင် ဖြစ်၏။''ဟု ဆို၏။
၂၈။ မူဆာ	**قَالَ رَبُّ الْمَشْرِقِ وَالْمَغْرِبِ وَمَا بَيْنَهُمَا إِن كُنتُمْ تَعْقِلُونَ۞** **သူ**က ''နေထွက်ရာ နေဝင်ရာတို့နှင့် ထိုနှစ်ခုကြား ရှိသမျှတို့၏ ကံကြမ္မာရှင် ဖြစ်၏။ သင် အတွေးအခေါ်ရှိပါလေစ၊''ဟု ဆိုသော်။
၂၉။ ဖာရိုး	**قَالَ لَئِنِ اتَّخَذْتَ إِلَهًا غَيْرِي لَأَجْعَلَنَّكَ مِنَ الْمَسْجُونِينَ۞** **သူ**က ''သင်သည် ကျွန်ုပ်မှအပ အခြားကို ဘုရားဟု အယူထားခဲ့လျှင်၊ သင့်အား ထောင်ကျသားတို့မှ ဖြစ်ရန် ကျွန်ုပ် စီစဉ်လတ္တံ့၊''ဟု ဆို၏။
၃၀။ မူဆာ	**قَالَ أَوَلَوْ جِئْتُكَ بِشَيْءٍ مُّبِينٍ۞** **သူ**က ''အကယ်၍ ကျွန်ုပ်သည် သင့်ထံသို့ ရှင်းလင်းချက် တစ်စုံတစ်ရာအား ရောက်လာစေခဲ့သေည်–''ဟု မေးသော်၊
၃၁။ ဖာရိုး	**قَالَ فَأْتِ بِهِ إِن كُنتَ مِنَ الصَّادِقِينَ۞** သူက ''သင်သည် ဖြောင့်မှန်သူများမှ ဖြစ်လျှင် ကျွန်ုပ်အား ပေးအပ်လော့၊''ဟု ဆို၏။
၃၂။ ☆ ၇း၁၀၇	**فَأَلْقَى عَصَاهُ فَإِذَا هِيَ ثُعْبَانٌ مُّبِينٌ۞** သို့ဖြင့် သူ၏ လက်ထောက်အား ခင်းကျင်းသောအခါ၊ ၎င်းသည် ရှင်းလင်းထင်ရှားသော မြွေနဂါး ဖြစ်လာ၏။☆
၃၃။ ☆ ၇း၁၀၈	**وَنَزَعَ يَدَهُ فَإِذَا هِيَ بَيْضَاء لِلنَّاظِرِينَ۞** သူ၏လက်ကို ဆွဲထုတ်လိုက်သော အခါ၊ ၎င်းသည် စောင့်ကြည့်သူတို့အဘို့ ဖြူစဉ်လျက်ဖြစ်၏။☆
၃၄။	**قَالَ لِلْمَلَإِ حَوْلَهُ إِنَّ هَذَا لَسَاحِرٌ عَلِيمٌ۞**

ဖာရိုး	သူက ပတ်လည်မှ အကြံပေးများကို ပြောသည်မှာ ''ဤသူသည် မှော် ပညာရှင် ဖြစ်၏–
၃၅။ မူဆာ	**يُرِيدُ أَن يُخْرِجَكُم مِّنْ أَرْضِكُم بِسِحْرِهِ فَمَاذَا تَأْمُرُونَ۝** သူသည် သင်တို့၏နယ်မြေမှ သင်တို့အား ထုတ်ယူလိုခြင်းပင် ဖြစ်၏၊ သူ့ မှော်အတတ်ဖြင့် သင်တို့အား မည်သို့ ညွှန်ကြားမည်နည်း၊''ဟု ဖြစ်၏။
၃၆။ အကြံပေးများ	**قَالُوا أَرْجِهِ وَأَخَاهُ وَابْعَثْ فِي الْمَدَائِنِ حَاشِرِينَ۝** ပြန်ပြောကြသည်မှာ ''သူနှင့် သူ့အကိုအား☆ မျော်ခိုင်းထားပါ၊ မြို့နယ်များမှ စည်းရုံးရေးမှူးများ ဖေါ်ထုတ်၍–
၃၇။	**يَأْتُوكَ بِكُلِّ سَحَّارٍ عَلِيمٍ۝** –မှော်ပညာရှင်ကိုယ်စီအား အသင့်ထံသို့ လာရောက်စေပါ၊''ဟု ဖြစ်၏။
၃၈။	**فَجُمِعَ السَّحَرَةُ لِمِيقَاتِ يَوْمٍ مَّعْلُومٍ۝** ထို့နောက် မှော်ဆရာများကို အသိပေးပြီး ရက်ချိန်း နေ့၌ စုစည်းစေ၏။
၃၉။	**وَقِيلَ لِلنَّاسِ هَلْ أَنتُم مُّجْتَمِعُونَ۝** လူထုကြီးအား ''သင်တို့သည် စုစည်းကြမည်လော၊''ဟု မေးမြန်းရာ–
၄၀။	**لَعَلَّنَا نَتَّبِعُ السَّحَرَةَ إِن كَانُوا هُمُ الْغَالِبِينَ۝** မှော်ဆရာများသည် အနိုင်ရသူများ ဖြစ်ခဲ့သော် ကျွန်ုပ်တို့သည် သူတို့၏ နောက်သို့ လိုက်နိုင်ရာ၏၊ ဟု ဆိုကြ၏။
၄၁။	**فَلَمَّا جَاء السَّحَرَةُ قَالُوا لِفِرْعَوْنَ أَئِنَّ لَنَا لَأَجْرًا إِن كُنَّا نَحْنُ الْغَالِبِينَ۝** ဖာရိုးထံသို့ မှော်ဆရာများ ရောက်လာစဉ်၊ ''ကျွန်ုပ်တို့သည် အနိုင်ရသူများ ဖြစ်ကြလျှင် ကျွန်ုပ်တို့ အတွက် အကျိုး ဆုလဒ်များ ရှိမည်လော၊''ဟု မေးမြန်းကြ၏။
၄၂။	**قَالَ نَعَمْ وَإِنَّكُمْ إِذًا لَّمِنَ الْمُقَرَّبِينَ۝** သူက ''ကောင်းပြီ၊ သင်တို့သည် ချည်းကပ်ခွင့်ရသူများ ဖြစ်ရစေမည်၊''ဟု ဆို၏။
၄၃။	**قَالَ لَهُم مُّوسَى أَلْقُوا مَا أَنتُم مُّلْقُونَ۝** သူတို့အား မူဆာက ''သင်တို့ ခင်းကျင်းစရာအား ခင်းကျင်းလော့၊''ဟု ဆိုသော်
၄၄။	**فَأَلْقَوْا حِبَالَهُمْ وَعِصِيَّهُمْ وَقَالُوا بِعِزَّةِ فِرْعَوْنَ إِنَّا لَنَحْنُ الْغَالِبُونَ۝** သူတို့၏ ကြိုးများ၊ လက်ထောက်များကို ခင်းကျင်းစဉ်၊ သူတို့က ''ဖာရိုး၏ ဘုန်းတော်ဖြင့်၊ ကျွန်ုပ်တို့သည် အနိုင်ရသူများ ဖြစ်ရမည်သာတည်း၊''ဟု ဆိုကြ၏။[၇၇]
၄၅။	**فَأَلْقَى مُوسَى عَصَاهُ فَإِذَا هِيَ تَلْقَفُ مَا يَأْفِكُونَ۝** မူဆာသည် သူ၏ လက်ထောက်ကို ခင်းကျင်းစဉ်၊ ထိုအခါ ၎င်းသည် သူတို့၏ လှည့်စားမှုတို့အား မြိုလေတော့၏။
၄၆။	**فَأُلْقِيَ السَّحَرَةُ سَاجِدِينَ۝**

(၇၇) သူတို့၏ လက်ထောက်များ ဆိုသည်ကို ၂း၆၀ အောက်ခြေတွင် ကြည့်ပါ။ သူတို့၏ ကြိုးများဆိုသည်မှာ သူတို့ ကြိုးဆွဲသည့် အတိုင်း လိုက်နာ နေရသည့် သူတို့၏ ရုပ်သေး လူတန်းစားတစ်ရပ်ကို ပြောဆိုခြင်း ဖြစ်ပေသည်။ သူတို့သည် ဖာရိုးမင်း၏ အရှိန်အဝါဖြင့်သာ အာဏာပါဝါ ပြနိုင်ကြောင်း ကိုယ်ရည်ကိုယ်သွေးလုံးဝ မရှိကြောင်း မှော်ဆရာတို့၏ တန်ခိုးကြောင့် အသက်ဝင်လာခြင်းလည်း မဟုတ်ကြောင်းကို ''ဖာရိုးမင်း၏ အရှိန်အဝါဖြင့်'' ဟူသည့် စကားက အတိအကျ ထောက်ပြနေသည်ပင်။ ၂၀း၆၆၊ ၇း၁၁၇ တို့ တွင်ကြည့်ပါ။

	ခင်းကျင်းသော မှော်ဆရာများသည် ဦးချကြလျက်–
၄၇။	**قَالُوا آمَنَّا بِرَبِّ الْعَالَمِينَ۝** ရင့်ကျူးကြသည်မှာ ‘‘ကျွန်ုပ်တို့သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်အား သက်ဝင်ယုံကြည်ကြပါပြီ–
၄၈။	**رَبِّ مُوسَى وَهَارُونَ۝** –အရှင်သည် မူဆာနှင့် ဟာရွန်တို့၏ ကံကြမ္မာရှင် ဖြစ်ပါ၏၊’’ဟု ဖြစ်၏။
၄၉။ ဖာရိုး	**قَالَ آمَنتُمْ لَهُ قَبْلَ أَنْ آذَنَ لَكُمْ إِ نَّهُ لَكَبِيرُكُمُ الَّذِي عَلَّمَكُمُ السِّحْرَ فَلَسَوْفَ تَعْلَمُونَ لَأُقَطِّعَنَّ أَيْدِيَكُمْ وَأَرْجُلَكُم مِّنْ خِلَافٍ وَلَأُصَلِّبَنَّكُمْ أَجْمَعِينَ۝** **သူ**က ‘‘သင်တို့သည် ကျွန်ုပ်၏ ခွင့်ပြုချက်မရမီ သူ့အား ယုံကြည်ကြသလော၊ သူသည် သင်တို့အား မှော်အတတ် သင်ပေးသော သင်တို့၏ အကြီးအကဲ ဖြစ်ရမည်၊ သင်တို့ သိကြရလတ္တံ့၊ ကျွန်ုပ်သည် သင်တို့၏ ဆက်လုပ်မည့် လက်များ ခြေများကို ဖြတ်တောက်လတ္တံ့၊ သင်တို့ အားလုံးကို ကားစင်တင်ပစ်လတ္တံ့’’ဟု ကြုံးဝါး၏။
၅၀။	**قَالُوا لَا ضَيْرَ إِنَّا إِلَى رَبِّنَا مُنقَلِبُونَ۝** သူတို့ ပြန်ပြောသည်မှာ ‘‘နာကျင်မှု မရှိပါ။ ကျွန်ုပ်တို့သည် ကံကြမ္မာရှင်၏ ထံသို့ ဦးလှည့်ရမည့်သူများပင် ဖြစ်၏၊
၅၁။	**إِنَّا نَطْمَعُ أَن يَغْفِرَ لَنَا رَبُّنَا خَطَايَانَا أَن كُنَّا أَوَّلَ الْمُؤْمِنِينَ۝** ကျွန်ုပ်တို့၏ ကံကြမ္မာရှင်သည် ကျွန်ုပ်တို့အား မေ့ပြစ်များမှ လွတ်ငြိမ်းစေခြင်းကို မျှော်လင့်၏။ ကျွန်ုပ်တို့သည် ဦးဦးဖျားဖျား ယုံကြည်သူများ ဖြစ်လို၏၊’’ဟု ဖြစ်၏။
၅၂။ ☆ ၂၀း၇၇	**وَأَوْحَيْنَا إِلَى مُوسَى أَنْ أَسْرِ بِعِبَادِي إِنَّكُم مُّتَّبَعُونَ۝** မူဆာထံ ‘‘သင်တို့အား နောက်မှ လိုက်ကြလိမ့်မည်၊ သင်သည် ငါ့ အမှုတော်ဆောင်များနှင့် အတူ ခရီးနှင်လော့၊’’ဟု ငါ အာဂျိုဖြစ်စေ၏။☆
၅၃။	**فَأَرْسَلَ فِرْعَوْنُ فِي الْمَدَائِنِ حَاشِرِينَ۝** ဖာရိုးက မြို့နယ်များသို့ စည်းရုံးရေးမှူးများကို စေစားလျက်–
၅၄။	**إِنَّ هَؤُلَاء لَشِرْذِمَةٌ قَلِيلُونَ۝** ဧကန်ပင် တစ်ဆုပ်စာ အနည်းငယ်ဖြစ်သော ထိုသူများ–
၅၅။ အဓိပ္ပာယ် ဖြစ်စေ	**وَإِنَّهُمْ لَنَا لَغَائِظُونَ۝** ထိုသူများက– ကျွန်ုပ်တို့အား **ရန်စကြပြီ**။
၅၆။	**وَإِنَّا لَجَمِيعٌ حَاذِرُونَ۝** ကျွန်ုပ်တို့ အားလုံး သတိ၊ (ဟု တပ်လှန့်၏။)
၅၇။ ဖာရိုး လူတို့	**فَأَخْرَجْنَاهُم مِّن جَنَّاتٍ وَعُيُونٍ۝** သို့ဖြင့် ငါက **သူတို့**ကို ထုတ်ပယ်လိုက်သည်မှာ စိမ့်စမ်း ဥယျာဉ်များ အတွင်းမှ–
၅၈။	**وَكُنُوزٍ وَمَقَامٍ كَرِيمٍ۝** ကျက်သရေရှိသော ရတနာစီရီ ဘုံဌာနေမှ ဖြစ်၏။

၅၉။	**كَذَٰلِكَ وَأَوْرَثْنَاهَا بَنِي إِسْرَائِيلَ** ۞ ဤသို့ဖြင့် ငါသည် ဂျူးလူမျိုးတို့ကို အမွေဆက်ခံစေတော်မူ၏။
၆၀။ ဖာရိုး တစ်	**ၚင်းတို့**သည် သူတို့အား အရှေ့ဘက်မှ လိုက်၏။
၆၁။	**فَلَمَّا تَرَاءَى الْجَمْعَانِ قَالَ أَصْحَابُ مُوسَى إِنَّا لَمُدْرَكُونَ** ۞ တပ်စုနှစ်ခု ပက်ပင်းတိုးသောအခါ မူဆာ၏ ပေါင်းဖော်များက ''ကျွန်ုပ်တို့မှာ လွှမ်းခြုံခံရလတ္တံ့''ဟု ပြောကြ၏။
၆၂။	**قَالَ كَلَّا إِنَّ مَعِيَ رَبِّي سَيَهْدِينِ** ۞ သူက ''မဟုတ်ပြီ။ ကံကြမ္မာရှင်သည် ကျွန်ုပ်နှင့်အတူရှိ၍၊ ကျွန်ုပ်အား လမ်းညွှန်တော်မူဒဲ့၊''ဟု ဆို၏။
၆၃။ ☆ ၂၆၀ ★ ၂၆၀	**فَأَوْحَيْنَا إِلَى مُوسَى أَنِ اضْرِب بِّعَصَاكَ الْبَحْرَ فَانفَلَقَ فَكَانَ كُلُّ فِرْقٍ كَالطَّوْدِ الْعَظِيمِ** ۞ မူဆာထံသို့ ''သင့် လက်ထောက်ဖြင့်☆ ပင်လယ်ဝမှ ခရီးနှင်လော့၊''★ဟု ငါ အာရုံစူးနှံဖြစ်စေ၏၊ သို့ဖြင့် ကွဲပြားသွား ခဲ့၏။ တောင်နံရံကြီး ကဲ့သို့ ကိုယ်စီ ခွဲခြားပြီး ဖြစ်၏။[၇၈]
၆၄။	**وَأَزْلَفْنَا ثَمَّ الْآخَرِينَ** ۞ ထိုနေရာသို့ နောက်မှလိုက်သူများကို ချဉ်းကပ်လာနေစေတော်မူ၏။
၆၅။	**وَأَنجَيْنَا مُوسَى وَمَن مَّعَهُ أَجْمَعِينَ** ۞ မူဆာ၊ သူနှင့်အတူ အားလုံးကို ငါသည် လွတ်မြောက်စေတော်မူ၍၊
၆၆။	**ثُمَّ أَغْرَقْنَا الْآخَرِينَ** ۞ အခြားသူတို့အား နစ်မြုပ်စေခဲ့ပြီ။
၆၇။	**إِنَّ فِي ذَٰلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ** ۞ ဇကန်ပင် ဤ၌ သက်သေလက္ခဏာရပ် ရှိနေ၏။ သို့သော် သူတို့မှ အများစုမှာ ယုံကြည်ကြသည် မဟုတ်ချေ။[၇၉]

---

(၇၇၄) ကိုယ်တော်မူဆာသည် သူ့တောင်ဝှေးဖြင့် ရိုက်လိုက်၍ ပင်လယ်ကြီး နှစ်ခြမ်းကွဲသွားခြင်း မဟုတ်ချေ။ (၂း၅၀၊ ၆၀) တွင် ကြည့်ပါ။ ကိုယ်တော်မူဆာတို့ ဖြတ်သွားသော လမ်းကို **ခြောက်သွေ့သောလမ်း**ဟု ၂၀း၇၇ တွင် အတိအကျ ပြောထားပြီး ဖြစ်သည်။ ကိုယ်တော်မူဆာတို့ လူစု ဖြတ်သွားပြီးမှ ဒီရေတက်လာခြင်း ဖြစ်ပေသည်။ ထိုအကြောင်းကို ရန်သူများသည် အရှေ့ဘက်မှ ရှိ၍၊ သူတို့အချင်းချင်း လှမ်းမြင်ရသော အဆင့်တွင်သာ ရှိသေးသော အချိန်ကာလက သက်သေတည်လျက် ရှိသည်။ ရန်သူများသည် ကိုယ်တော်မူဆာတို့ လူစုအား ဂုတ်ပိုးကို ဆွဲနှိုင်လောက်သော နီးကပ်မှုတွင် မရှိသေးချေ။ ရန်သူတပ်ကြီး နှစ်ခုလှမ်းမြင်ရသော အခြေအနေမှာ ဒီရေအတက် အကျအတွက် လုံလောက်သော ကွာဟသည့် အချိန်ဖြစ်ပေသည်။ ကိုယ်တော်မူဆာတို့လူစုကြီး ပင်လယ်ဝအား ဖြတ်သွားပြီးသော အချိန်တွင် ဒီရေတက်လာမှုကြောင့် လူစုကြီးနှစ်စုကို တောင်နံရံကြီးများဖြင့် စည်းခြားသလို ဖြစ်သွားရကြောင်း ဤသုတ်တော်က ရှင်းလင်းထားပေသည်။ ထိုတောင်နံရံဟူသော စကားလုံးသည် အစည်းအတား တောင်ကုန်းဟုသာ ဖြစ်၍၊ လှိုင်းတန်ပိုးကြီးဟု ပြောဆိုထားခြင်း မရှိချေ။ လှိုင်းတန်ပိုးကြီးဟု ပြန်ဆိုခြင်းသည် အစာသွပ် ပြန်ဆိုခြင်းသာ ဖြစ်ပေသည်။

(၇၇၅) ကိုယ်တော်မူဆာအား အချိန်အခါ၊ အခြေအနေကို ချိန်ဆတတ်သည့် အသိဉာဏ်ကိုသာ ပရမတ်ဘုရားရှင်က ကိန်းဝပ်ပေးခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် သူသည် သူ့လူမျိုးတို့အား မြစ်ပြင်ကို ဖြတ်၍ ဆောင်ကြဉ်းသွားနိုင်ခဲ့ခြင်း ဖြစ်သည်။ နောက်မှာ လိုက်လာသူများသည် ရန်သူကို ချေမှုန်းလိုဇော တစ်ခုသာ သိ၍၊ အခြေအနေ အချိန်အခါအား သုံးသပ်နိုင်ခြင်း မရှိခဲ့ချေ။ ထို့ကြောင့် ဒီရေအတက်တွင် နစ်မြုပ်သွားရခြင်း ဖြစ်ပေသည်။ ဒဏ္ဍာရီလာ ပုံပြင်အတိုင်း ကိုယ်တော်မူဆာ၏ တောင်ဝှေးဖြင့် တန်ခိုးကြီးပြခဲ့ပါက– ကိုယ်တော်မူဆာအား မည်သူက မယုံကြည်နိုင်ဘဲ နေခဲ့မည်နည်း၊ ဤသုတ်တော်ပါ ''သူတို့အများစုကြီးမှာ ယုံကြည်ကြသည် မဟုတ်ချေ'' ဆိုသော စကားက ထိုဖြစ်ရပ်ကြီးသည် သဘာဝလွန် ဖြစ်ရပ်ကြီးမဟုတ်ကြောင်းကို လွန်စွာ ထင်ရှားရှင်းလင်း စေပေသည်။ ထို့ပြင် ကိုယ်တော်မူဆာ၏ တောင်ဝှေးသည် ဤမျှ တန်ခိုးပြနိုင်ခဲ့လျှင် မြစ်ပြင်ကို

၆၈။	**وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ۝**
	ဧကန်ပင် သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၆၉။	**وَاتْلُ عَلَيْهِمْ نَبَأَ إِبْرَاهِيمَ۝**
	အဗီဇရာဟီးမ်၏ သတင်းအကြောင်း သူတို့အား ရွတ်ပြလော့။
၇၀။	**إِذْ قَالَ لِأَبِيهِ وَقَوْمِهِ مَا تَعْبُدُونَ۝**
	သူက သူ့ဖခင်နှင့် သူ့လူမျိုးအား ‘‘မည်သည့်အရာကို ကိုးကွယ်နေကြသနည်း၊’’ဟု မေးသော်–
၇၁။	**قَالُوا نَعْبُدُ أَصْنَامًا فَنَظَلُّ لَهَا عَاكِفِينَ۝**
	သူတို့က ‘‘ဆင်းတုတော်များကို ကျွန်ုပ်တို့ ကိုးကွယ်၏၊ ၎င်းတို့ကို ဝဇီပိတ်၍ ကုပ်တွယ်ထားပြီ၊’’ဟု ပြန်ပြော၏။
၇၂။	**قَالَ هَلْ يَسْمَعُونَكُمْ إِذْ تَدْعُونَ۝**
	သူပြောပြန်သည်မှာ ‘‘သင်တို့ ဆုတောင်းသည်ကို ၎င်းတို့ ကြားကြသလော၊–
၇၃။	**أَوْ يَنفَعُونَكُمْ أَوْ يَضُرُّونَ۝**
	သို့မဟုတ် သင်တို့အား အကျိုးပေးနိုင်သလော၊ အဆိုးကောပေးနိုင်သလော၊’’ဟု ဖြစ်၏။
၇၄။	**قَالُوا بَلْ وَجَدْنَا آبَاءنَا كَذَلِكَ يَفْعَلُونَ۝**
	သူတို့က ‘‘အမှန်မှာ– ဤသို့ ပြုလုပ်နေသည်ကို မိရိုးဖလာအလျောက် ကျွန်ုပ်တို့ တွေ့ရ၏၊’’ဟု ပြန်ပြော၏။
၇၅။	**قَالَ أَفَرَأَيْتُم مَّا كُنتُمْ تَعْبُدُونَ۝**
	သူက ပြောသည်မှာ ‘‘သင်တို့ ကိုးကွယ်လေ့ရှိရာများကို မြင်သလော၊
၇၆။	**أَنتُمْ وَآبَاؤُكُمُ الْأَقْدَمُونَ۝**
	သင်တို့နှင့် သင်တို့၏ ဘဘိုးများ စုံရပ်ခံခဲ့ကြပြီ။
၇၇။	**فَإِنَّهُمْ عَدُوٌّ لِّي إِلَّا رَبَّ الْعَالَمِينَ۝**
	၎င်းတို့သည် ကျွန်ုပ်အား စည်းဖေါက်များသူ ဖြစ်၏။ ကျွန်ုပ်အတွက်မူ လောကခပ်သိမ်း၏ ကံကြမ္မာရှင်သာ ရှိ၏။
၇၈။	**الَّذِي خَلَقَنِي فَهُوَ يَهْدِينِ۝**
	ကျွန်ုပ်အား ဖြစ်တည်စေသော အရှင်သည် ကျွန်ုပ်အား လမ်းညွှန်ပေး၏။
၇၉။	**وَالَّذِي هُوَ يُطْعِمُنِي وَيَسْقِينِ۝**
	ထို အရှင်သည် ကျွန်ုပ်အား အစာကျွေး၏၊ သောက်ရေပေး၏။
၈၀။	**وَإِذَا مَرِضْتُ فَهُوَ يَشْفِينِ۝**
	ကျွန်ုပ်ဖျားနေသောအခါ၊ ဆေးကုပေး၏။
၈၁။	**وَالَّذِي يُمِيتُنِي ثُمَّ يُحْيِينِ۝**

ဖြတ်ပြေးရန်ပင် မလိုချေ– ထိုတန်ခိုးကြီးသော တောင်ဇေးဖြင့် ရန်သူတပ်မဟာကြီးအား တစ်ချက်ရိုက်လိုက်လျှင်ပင် ရန်သူများ ပပျောက်သွားနိုင်လောက်ပေသည်။ အသိဉာဏ်ရှိသော သူများ အနေဖြင့် မဟုတ်မဟုတ်ယုံကြည်နေခြင်များကို လျှော့သင့်လှပေပြီ။

	အရှင်သည် ကျွန်ုပ်အား သေခြင်းကို ဖြစ်စေ၏၊ တဖန် ရှင်ခြင်းကို ဖြစ်စေ၏။
၈၂။	**وَالَّذِي أَطْمَعُ أَن يَغْفِرَ لِي خَطِيئَتِي يَوْمَ الدِّينِ۝** စီရင်မိန့်ချသည့်နေ့ကာလ၌ အရှင်သည် ကျွန်ုပ်၏ မေ့မှားပြစ်များကို လွှတ်ငြိမ်းစေမည်ဟု ကျွန်ုပ် မျှော်လင့်မိ၏။
၈၃။	**رَبِّ هَبْ لِي حُكْمًا وَأَلْحِقْنِي بِالصَّالِحِينَ۝** အို– ကံကြမ္မာရှင် တပည့်တော်အား စီရင်ထုံးပြုနည်းကို ချီးမြှင့်တော်မူပါ၊ ပြုပြင်သူများဖြင့် အတူဖြစ်စေတော်မူပါ။
၈၄။	**وَاجْعَل لِّي لِسَانَ صِدْقٍ فِي الْآخِرِينَ۝** နောင်လာနောက်သားတို့၏ နှတ်လျှာတွင် တပည့်တော်အား သမာဓိရှင် အဖြစ် စီစဉ်ပေးတော်မူပါ။
၈၅။	**وَاجْعَلْنِي مِن وَرَثَةِ جَنَّةِ النَّعِيمِ۝** ဂုဏ်ရှိသော သုခဘုံများ၌ အမွေစားအမွေးခံအဖြစ် စီစဉ်ပေးတော်မူပါ။
၈၆။	**وَاغْفِرْ لِأَبِي إِنَّهُ كَانَ مِنَ الضَّالِّينَ۝** အပါယ်လမ်း၌ ရှိနေသော တပည့်တော်၏ ဖခင်အား လွှတ်ငြိမ်းခွင့် ပေးတော်မူပါ။
၈၇။	**وَلَا تُخْزِنِي يَوْمَ يُبْعَثُونَ۝** နိုးထရမည့်နေ့ကာလ၌ တပည့်တော်သည် အရှက်ရစေသူမှ မဖြစ်ပါရစေနှင့်။
၈၈။	**يَوْمَ لَا يَنفَعُ مَالٌ وَلَا بَنُونَ۝** ထိုနေ့တွင် ဥစ္စာပစ္စည်း၊ သားသမီးများက အကျိုးပေးနိုင်ခြင်း မရှိချေ။
၈၉။	**إِلَّا مَنْ أَتَى اللَّهَ بِقَلْبٍ سَلِيمٍ۝** ပရမတ်ဘုရားရှင်၏ ထံသို့ ငြိမ်းချမ်းသော နှလုံးသားဖြင့် လာသူသည်သာ ကင်းလွတ်၏။
၉၀။	**وَأُزْلِفَتِ الْجَنَّةُ لِلْمُتَّقِينَ۝** စည်းစောင့်သူများဘက်သို့ သုခဘုံသည် ချည်းကပ်လာနေစေ၏။
၉၁။	**وَبُرِّزَتِ الْجَحِيمُ لِلْغَاوِينَ۝** ငရဲမီးသည် တိမ်းပါးနေသူများအတွက် ချဉ်းကပ်ရာဘုံ ဖြစ်၏။
၉၂။	**وَقِيلَ لَهُمْ أَيْنَ مَا كُنتُمْ تَعْبُدُونَ۝** သူတို့အား မေးမည်မှာ “သင်တို့ ကိုးကွယ်လေ့ရှိရာများ အဘယ်မှာနည်း– **مِن دُونِ اللَّهِ هَلْ يَنصُرُونَكُمْ أَوْ يَنتَصِرُونَ۝** ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့အား ကူညီနိုင်သလော၊ သို့မဟုတ် သူတို့ကိုယ်သူတို့ ကူညီနိုင်သလော၊”ဟု ဖြစ်၏။
၉၄။	**فَكُبْكِبُوا فِيهَا هُمْ وَالْغَاوُونَ۝** ထို၌ အလှည့်ပြန်ခံရသူများ– မှာ တိမ်းပါးနေသူများနှင့်–
၉၅။ ☆၂၃၄	**وَجُنُودُ إِبْلِيسَ أَجْمَعُونَ۝** ရှေးရိုးစွဲ☆ တပ်အင်အားစု အားလုံးပင် ဖြစ်၏။

၉၆။	**قَالُوا وَهُمْ فِيهَا يَخْتَصِمُونَ۝** သူတို့ချင်း အချေအတင်ဖြစ်မှု၌ ပြောကြမည်မှာ–
၉၇။	**تَاللَّهِ إِن كُنَّا لَفِي ضَلَالٍ مُّبِينٍ۝** ပရမတ်ဘုရားရှင်အား တိုင်တည်လျက်၊ ကျွန်ုပ်တို့သည်ကား ရှင်းလင်းထင်ရှားသော အပါယ်လမ်း၌ ရှိကြပြီ၊
၉၈။	**إِذْ نُسَوِّيكُم بِرَبِّ الْعَالَمِينَ۝** ကျွန်ုပ်တို့က လောကခပ်သိမ်း၏ ကံကြမ္မာရှင်ဖြင့် ပုံစံတူဟုမှတ်သော သင်တို့–
၉၉။	**وَمَا أَضَلَّنَا إِلَّا الْمُجْرِمُونَ۝** ရာဇဝတ်ကောင်များက ကျွန်ုပ်တို့အား လမ်းမှားစေခဲ့သည်သာ ဖြစ်၏။
၁၀၀။	**فَمَا لَنَا مِن شَافِعِينَ۝** ကျွန်ုပ်တို့အတွက်မူ အမျှဝေပေးနိုင်သူ မရှိလေတကား။
၁၀၁။	**وَلَا صَدِيقٍ حَمِيمٍ۝** နွေးထွေးသော မိတ်ဆွေမှန်လည်း မရှိလေပြီ။
၁၀၂။	**فَلَوْ أَنَّ لَنَا كَرَّةً فَنَكُونَ مِنَ الْمُؤْمِنِينَ۝** အကယ်၍ ကျွန်ုပ်တို့မှာ အလှည့်ပြန်ရခဲ့လျှင်၊ ယုံကြည်သူများ အနက်မှ ဖြစ်ရပေဒ့ဟု''ဟု ဖြစ်၏။
၁၀၃။	**إِنَّ فِي ذَٰلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ۝** ဇကန်ပင် ဤ၌ သက်သေလက္ခဏာရပ် ရှိနေ၏၊ သို့သော် သူတို့အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။
၁၀၄။	**وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ۝** ဇကန်ပင် သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၁၀၅။	**كَذَّبَتْ قَوْمُ نُوحٍ الْمُرْسَلِينَ۝** နူးဟ်၏ လူမျိုးတို့သည် ဉာဏ်စဉ်ဆောင်များကို ငြင်းဆန်ကြ၏။
၁၀၆။ ☆၃း၃၃	**إِذْ قَالَ لَهُمْ أَخُوهُمْ نُوحٌ أَلَا تَتَّقُونَ۝** သူတို့၏ ညီနောင်ဖြစ်သော နူးဟ်က☆ ပြောသည်မှာ ''သင်တို့သည် စည်းစောင့်ကြမည် မဟုတ်လော–
၁၀၇။	**إِنِّي لَكُمْ رَسُولٌ أَمِينٌ۝** ကျွန်ုပ်သည် သင်တို့အတွက် ယုံကြည်စိတ်ချရသော ဉာဏ်စဉ်ဆောင် ဖြစ်၏၊
၁၀၈။	**فَاتَّقُوا اللَّهَ وَأَطِيعُونِ۝** ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့၊
၁၀၉။	**وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَى رَبِّ الْعَالَمِينَ۝** ကျွန်ုပ်သည် ထို့အတွက် သင်တို့ထံမှ အကျိုးဆုလဒ်ကို မတောင်းချေ၊ ကျွန်ုပ်အတွက် ဆုလဒ်မှာ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ထံမှသာ ဖြစ်၏။

၁၁၀။	**فَاتَّقُوا اللَّهَ وَأَطِيعُونِ۝** သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့၊''ဟု ဖြစ်၏။
၁၁၁။	**قَالُوا أَنُؤْمِنُ لَكَ وَاتَّبَعَكَ الْأَرْذَلُونَ۝** သူတို့က ''ကျွန်ုပ်တို့ သင့်ကိုယုံကြည်ရမည်လော၊ သင့်အား ဉာဏ်နိမ့်သူတို့သာ လိုက်နာနေကြ၏၊''ဟု ဆို၏။
၁၁၂။	**قَالَ وَمَا عِلْمِي بِمَا كَانُوا يَعْمَلُونَ۝** သူက ပြန်ပြောသည်မှာ ''သူတို့ မည်သို့ ကျင့်ကြံလေ့ရှိသည်များကို ကျွန်ုပ် မည်သို့ သိအံ့နည်း၊''
၁၁၃။	**إِنْ حِسَابُهُمْ إِلَّا عَلَى رَبِّي لَوْ تَشْعُرُونَ۝** သူတို့အား စရင်းရှင်းခြင်းသည် ကံကြမ္မာရှင်နှင့်သာ ဆိုင်၏၊ သင်တို့ သတိမူမိနိုင်ပါစ၊–
၁၁၄။	**وَمَا أَنَا بِطَارِدِ الْمُؤْمِنِينَ۝** –ကျွန်ုပ်အနေဖြင့် ယုံကြည်သူများကို မောင်းထုတ်မည် မဟုတ်ချေ။–
၁၁၅။	**إِنْ أَنَا إِلَّا نَذِيرٌ مُّبِينٌ۝** –ကျွန်ုပ်သည်ကား ရှင်းလင်းထင်ရှားသော သတိပေးသူ ဖြစ်သည်–''ဟု ဖြစ်သော်။
၁၁၆။	**قَالُوا لَئِن لَّمْ تَنتَهِ يَا نُوحُ لَتَكُونَنَّ مِنَ الْمَرْجُومِينَ۝** သူတို့က ''အသင်သည် မရပ်စဲလျှင်၊ အို– နူးဟ်၊ သင်သည် ပစ်ထုတ်ခံရသူများမှ ဖြစ်ရချေမည်၊''ဟု ဆိုကြ၏။
၁၁၇။	**قَالَ رَبِّ إِنَّ قَوْمِي كَذَّبُونِ۝** သူ ဆုတောင်းသည်မှာ ''အို– ကံကြမ္မာရှင်၊ တပည့်တော်၏ လူမျိုးသည် ငြင်းဆန်ကြပေပြီ၊–
၁၁၈။	**فَافْتَحْ بَيْنِي وَبَيْنَهُمْ فَتْحًا وَنَجِّنِي وَمَن مَّعِي مِنَ الْمُؤْمِنِينَ۝** တပည့်တော်၏ကြား သူတို့ကြား၌ ထွက်ပေါက် ဖွင့်ပေးတော်မူပါ။ တပည့်တော်၊ တပည့်တော်နှင့်အတူရှိသော ယုံကြည်သူများကို လွတ်မြောက်စေတော်မူပါ၊''ဟု ဖြစ်၏။
၁၁၉။	**فَأَنجَيْنَاهُ وَمَن مَّعَهُ فِي الْفُلْكِ الْمَشْحُونِ۝** ငါသည် သူ၊ သူနှင့်အတူရှိသော သူတို့ကို ဝန်တင် သင်္ဘောဖြင့် လွတ်မြောက်စေတော်မူ၏။
၁၂၀။	**ثُمَّ أَغْرَقْنَا بَعْدُ الْبَاقِينَ۝** ထို့နောက်တွင် နောက်ကျန် တည်ရှိသူများကို နစ်မြုပ်စေခဲ့ပြီ။
၁၂၁။	**إِنَّ فِي ذَٰلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ۝** ဇကန်ပင် ဤ၌ သက်သေလက္ခဏာရပ် ရှိနေ၏၊ သို့သော် သူတို့အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။
၁၂၂။	**وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ۝** ဇကန်ပင် သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၁၂၃။ ☆ကုဖ်၅	**كَذَّبَتْ عَادٌ الْمُرْسَلِينَ۝** အာဒ်☆ တို့သည် ဉာဏ်စဉ်ဆောင်များကို ငြင်းဆန်ခဲ့ကြပြီ။

၁၂၄။	**إِذْ قَالَ لَهُمْ أَخُوهُمْ هُودٌ أَلَا تَتَّقُونَ۝** သူတို့၏ ညီနောင်ဖြစ်သော ဟူ–ဒ်က ပြောသည်မှာ ‘‘သင်တို့သည် စည်းစောင့်ကြမည် မဟုတ်လော–
၁၂၅။	**إِنِّي لَكُمْ رَسُولٌ أَمِينٌ۝** ကျွန်ုပ်သည် သင်တို့အတွက် ယုံကြည်စိတ်ချရသော ဉာဏ်စဉ်ဆောင် ဖြစ်၏၊
၁၂၆။	**فَاتَّقُوا اللَّهَ وَأَطِيعُونِ۝** ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့၊
၁၂၇။	**وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَى رَبِّ الْعَالَمِينَ۝** ကျွန်ုပ်သည် ထို့အတွက် သင်တို့ထံမှ အကျိုးဆုလဒ်ကို မတောင်းချေ၊ ကျွန်ုပ်အတွက် ဆုလဒ်မှာ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ထံမှသာ ဖြစ်၏။
၁၂၈။ လက္ခဏာ	**أَتَبْنُونَ بِكُلِّ رِيعٍ آيَةً تَعْبَثُونَ۝** သင်တို့သည် အဓိပ္ပါယ်မဲ့ **အောင်လံ** ကိုယ်စီ လွှင့်ထူရန် တည်ဆောက်နေကြသလော။
၁၂၉။	**وَتَتَّخِذُونَ مَصَانِعَ لَعَلَّكُمْ تَخْلُدُونَ۝** အစဉ်တည်တံ့နိုင်အံ့ငှာ တည်ဆောက်ထားသည်များကို သိမ်းယူကြကုန်၏။
၁၃၀။	**وَإِذَا بَطَشْتُم بَطَشْتُمْ جَبَّارِينَ۝** ကိုင်တွယ်သောအခါ ပုန်ကန်သူများ အဖြစ် သင်တို့ ကိုင်တွယ်ကြ၏။
၁၃၁။	**فَاتَّقُوا اللَّهَ وَأَطِيعُونِ۝** ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့။
၁၃၂။	**وَاتَّقُوا الَّذِي أَمَدَّكُم بِمَا تَعْلَمُونَ۝** သင်တို့ကို တိုးပွားသည့် အရှင်အား သိထားသည့်အတိုင်း စည်းစောင့်ကြကုန်လော့၊[၇၆]
၁၃၃။	**أَمَدَّكُم بِأَنْعَامٍ وَبَنِينَ۝** အရှင်သည် သင်တို့အား တိုးပွားစေသည်မှာ တိရိစ္ဆာန်များ၊ သားသမီးများ–
၁၃၄။	**وَجَنَّاتٍ وَعُيُونٍ۝** ဥယျာဉ်ခြံများ စိမ့်စမ်းများ ဖြစ်၏။
၁၃၅။	**إِنِّي أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ عَظِيمٍ۝** သင်တို့အား ဝဋ်ကြွေးသင့်မည့် နေ့ကြီးကို ကျွန်ုပ် ကြောက်မိသည်’’ဟု ဖြစ်၏။
၁၃၆။	**قَالُوا سَوَاء عَلَيْنَا أَوَعَظْتَ أَمْ لَمْ تَكُن مِّنَ الْوَاعِظِينَ۝**

(၇၆) သုတ်တော် ၁၂၈ မှာ ၁၃၄ အထိသည် အာဒ်လူမျိုးတို့၏ တန်ခိုးထွားခဲ့ပုံကို ပြဆိုသည်၊ သူတို့သည် တောင်ထိပ်များ၌ အောင်လံလွှင့်ထူထားနိုင်ကြောင်း သို့သော် ၎င်းတို့သည် လောကီခဏ ဟန်ရေးပြများသာ ဖြစ်ကြောင်း ၁၂၈ တွင် ဆိုပြီး သူတို့သည် အခြားသူများ၏ ပိုင်နက်များကို အညှာတာကင်းမဲ့စွာ တိုက်ခိုက် အနိုင်ယူခဲ့ခြင်း ၁၃၀၊ နယ်မြေများကို တိုးချဲ့နိုင်ခဲ့ခြင်း ၁၃၂၊ ပိုင်ဆိုင်သည့် ဥစ္စာပစ္စည်များ များပြားလာခဲ့ခြင်း ၁၃၃၊ ၁၃၄ စသည်ဖြင့် ပြောဆိုထားပေသည်။ မည်သည့် အင်ပါယာ မဆို နောက်ဆုံးတွင် ကျဆုံးရကြောင်း၊ ထို့ကြောင့် မိမိကောင်းစားစဉ်တွင် ကောင်းမွန်သော အကျင့်အကြံများကို ပြုမူလုပ်ဆောင်ရန် လိုအပ်ကြောင်းကို ကျမ်းတော်က ပမာပေး သွန်သင်ခြင်း ဖြစ်ပေသည်။

	သူတို့ ပြန်ပြောသည်မှာ ‘‘ကျွန်ုပ်တို့အား သြဝါဒပေးသည် ဖြစ်စေ၊ သို့တည်းမဟုတ် သြဝါဒမပေးသည် ဖြစ်စေ– မထူးပြီ၊
၁၃၇။	**إِنْ هَذَا إِلَّا خُلُقُ الْأَوَّلِينَ۝** ဤသည်မှာကား ရှေးသူဟောင်းတို့၏ လုပ်ဇတ်အတိုင်းသာ ဖြစ်၏။
၁၃၈။	**وَمَا نَحْنُ بِمُعَذَّبِينَ۝** ကျွန်ုပ်တို့သည် ဝဋ်သင့်ကောင်များ မဟုတ်ဟု–
၁၃၉။	**فَكَذَّبُوهُ فَأَهْلَكْنَاهُمْ إِنَّ فِي ذَلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ۝** သူတို့သည် ငြင်းဆန်ကြကုန်၏။ သို့ဖြင့် ငါသည် သူတို့အား တိမ်ကောစေခဲ့ပြီ။ ဇကန်ပင် ဤ၌ သက်သေ လက္ခဏာရပ် ရှိနေ၏၊ သို့သော် သူတို့အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။
၁၄၀။	**وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ۝** ဇကန်ပင် သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၁၄၁။	**كَذَّبَتْ ثَمُودُ الْمُرْسَلِينَ۝** သမု–ဒ်တို့သည် ဉာဏ်စဉ်ဆောင်များကို ငြင်းဆန်ခဲ့ကြပြီ။
၁၄၂။	**إِذْ قَالَ لَهُمْ أَخُوهُمْ صَالِحٌ أَلَا تَتَّقُونَ۝** သူတို့၏ ညီနောင်ဖြစ်သော ဆွာလေဟ်က ပြောသည်မှာ ‘‘သင်တို့သည် စည်းစောင့်ကြမည် မဟုတ်လော–
၁၄၃။	**إِنِّي لَكُمْ رَسُولٌ أَمِينٌ۝** ကျွန်ုပ်သည် သင်တို့အတွက် ယုံကြည်စိတ်ချရသော ဉာဏ်စဉ်တော်ဆောင် ဖြစ်၏၊
၁၄၄။	**فَاتَّقُوا اللَّهَ وَأَطِيعُونِ۝** ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့။
၁၄၅။	**وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَى رَبِّ الْعَالَمِينَ۝** ထို့အတွက် သင်တို့ထံမှ အကျိုးဆုလဒ်ကို ကျွန်ုပ် မတောင်းချေ၊ ကျွန်ုပ်အတွက် ဆုလဒ်မှာ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ထံမှသာ ဖြစ်၏။
၁၄၆။	**أَتُتْرَكُونَ فِي مَا هَاهُنَا آمِنِينَ۝** သင်တို့အား အမြဲ ချန်ထားပေးမည်ဟု သင်တို့ ယုံကြည်စိတ်ချနေသည်မှာ–
၁၄၇။	**فِي جَنَّاتٍ وَعُيُونٍ۝** ဥယျာဉ်များ စိမ့်စမ်းများ၌–
၁၄၈၊	**وَزُرُوعٍ وَنَخْلٍ طَلْعُهَا هَضِيمٌ۝** စိုက်ခင်းများ သီးပွင့်နုတို့ဖြင့် စွဲပလွန်ပင်များ၌–
၁၄၉။	**وَتَنْحِتُونَ مِنَ الْجِبَالِ بُيُوتًا فَارِهِينَ۝** တောင်များကို ကျွမ်းကျင်စွာ ထုဆစ်ထားသော အဆောက်အဦးများ၌၊ မဟုတ်ပေလော။
၁၅၀။	**فَاتَّقُوا اللَّهَ وَأَطِيعُونِ۝**

	ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့။
၁၅၁။	**وَلَا تُطِيعُوا أَمْرَ الْمُسْرِفِينَ۝** အလွဲသုံးစားပြုသူများ၏ ညွှန်ကြားချက်ကို မနာခံကြကုန်နှင့်။
၁၅၂။	**الَّذِينَ يُفْسِدُونَ فِي الْأَرْضِ وَلَا يُصْلِحُونَ۝** သူတို့သည် မြေကမ္ဘာအား အဖျက်အနှောင့်လုပ်ကြ၏၊ ပြုပြင်ပြောင်းလဲခြင်း မရှိချေ။''ဟု ဖြစ်၏။
၁၅၃။	**قَالُوا إِنَّمَا أَنتَ مِنَ الْمُسَحَّرِينَ۝** သူတို့က ပြန်ပြောသည်မှာ ''အမှန်မှာ အသင်သည် ပြုစားခံရသူများမှ ဖြစ်၏။
၁၅၄။	**مَا أَنتَ إِلَّا بَشَرٌ مِّثْلُنَا فَأْتِ بِآيَةٍ إِن كُنتَ مِنَ الصَّادِقِينَ۝** အသင်သည် ကျွန်ုပ်တို့ကဲ့သို့ လူပုဂ္ဂိုလ်မျှသာ ဖြစ်၏။ သင်သည် ဖြောင့်မှန်သူများမှ ဖြစ်လျှင် သက်သေလက္ခဏာရပ်ကို ပေးအပ်လော့၊''ဟု ဖြစ်သော်–
၁၅၅။ ☆ ၇:၇၃	**قَالَ هَذِهِ نَاقَةٌ لَّهَا شِرْبٌ وَلَكُمْ شِرْبُ يَوْمٍ مَّعْلُومٍ۝** သူက ပြောသည်မှာ ''ဤမှာ ကုလားအုပ်မ၊ အသိပေးသော နေ့တွင် သူမအတွက် သောက်ရေ၊ သင်တို့အတွက် သောက်ရေသည် ရှိစေရမည်၊– ☆
၁၅၆။	**وَلَا تَمَسُّوهَا بِسُوءٍ فَيَأْخُذَكُمْ عَذَابُ يَوْمٍ عَظِيمٍ۝** သူမအား အကုသိုလ်ဖြင့် မထိနှင့်၊ သို့ဖြစ်က ဝဋ်ကြွေးသင့်မည့် နေ့ကြီးက သင်တို့အား အရေးယူလတ္တံ့''ဟု ဖြစ်၏။
၁၅၇။ ☆၇:၇၇	**فَعَقَرُوهَا فَأَصْبَحُوا نَادِمِينَ۝** သူတို့သည် သူမအား မျိုးအစေကြပြီ။☆ သို့ဖြင့် ယူကြုံးမရဖြစ်သွားရလေ၏။
၁၅၈။	**فَأَخَذَهُمُ الْعَذَابُ إِنَّ فِي ذَٰلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ۝** သို့ဖြင့် ဝဋ်ကြွေးဖြင့် သူတို့အား အရေးယူလေပြီ။ ဇကန်ပင် ဤ၌ သက်သေလက္ခဏာရပ် ရှိနေ၏၊ သို့သော် သူတို့မှ အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။
၁၅၉။	**وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ۝** ဇကန်ပင် သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၁၆၀။ ☆ ၇:၈၀	**كَذَّبَتْ قَوْمُ لُوطٍ الْمُرْسَلِينَ۝** လု–တ်၏☆ လူမျိုးတို့သည် ဉာဏ်စဉ်ဆောင်များအား ငြင်းဆန်ခဲ့ကြပြီ။
၁၆၁။	**إِذْ قَالَ لَهُمْ أَخُوهُمْ لُوطٌ أَلَا تَتَّقُونَ۝** သူတို့၏ ညီနောင်ဖြစ်သော လု–တ်က ပြောသည်မှာ ''သင်တို့သည် စည်းစောင့်ကြမည် မဟုတ်လော–
၁၆၂။	**إِنِّي لَكُمْ رَسُولٌ أَمِينٌ۝** ကျွန်ုပ်သည် သင်တို့အတွက် ယုံကြည်စိတ်ချရသော ဉာဏ်စဉ်တော်ဆောင် ဖြစ်၏။
၁၆၃။	**فَاتَّقُوا اللَّهَ وَأَطِيعُونِ۝** ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့။

၁၆၄။	**وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَى رَبِّ الْعَالَمِينَ۝** ကျွန်ုပ်သည် ထို့အတွက် သင်တို့ထံမှ အကျိုးဆုလဒ်ကို မတောင်းချေ။ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ထံ၌သာ ကျွန်ုပ်အတွက် ဆုလဒ်မှာ ရှိ၏။
၁၆၅။	**أَتَأْتُونَ الذُّكْرَانَ مِنَ الْعَالَمِينَ۝** လောကခပ်သိမ်း၌– လိင်ဖိုများ ထံသို့သာ သင်တို့ လာလိုကြသလော။
၁၆၆။	**وَتَذَرُونَ مَا خَلَقَ لَكُمْ رَبُّكُمْ مِنْ أَزْوَاجِكُم بَلْ أَنتُمْ قَوْمٌ عَادُونَ۝** သင်တို့အတွက် သင်တို့၏ ကံကြမ္မာရှင်က ဖြစ်တည်ပေးထားသော စုဖွဲ့ဖေါ်ဖက်နီးများကို ချန်ခဲ့ကြသလော၊ အမှန်မှာ သင်တို့သည် စည်းဖေါက်သည့် လူမျိုးပင်–"ဟု ဖြစ်သော်–
၁၆၇။	**قَالُوا لَئِن لَّمْ تَنتَهِ يَا لُوطُ لَتَكُونَنَّ مِنَ الْمُخْرَجِينَ۝** သူတို့က "သင်သည် မရပ်စဲလျှင်၊ အိုး လု–တ်၊ သင်သည် မောင်းထုတ်ခံရသူအနက်မှ ဖြစ်ရလတ္တံ့"ဟု ပြန်ပြောဏ်။
၁၆၈။	**قَالَ إِنِّي لِعَمَلِكُم مِّنَ الْقَالِينَ۝** သူက "ကျွန်ုပ်သည် သင်တို့၏ အကျင့်အကြံများကို စက်ဆုပ်သူများမှ ဖြစ်၏"ဟု ပြော၍–
၁၆၉။	**رَبِّ نَجِّنِي وَأَهْلِي مِمَّا يَعْمَلُونَ۝** "အို– ကံကြမ္မာရှင် တပည့်တော်နှင့် ဝိုင်းသားတို့အား သူတို့၏ အကျင့်များမှ လွတ်မြောက်စေတော်မူပါ။"ဟု (ဆုတောင်းသဖြင့်)
၁၇၀။	**فَنَجَّيْنَاهُ وَأَهْلَهُ أَجْمَعِينَ۝** သူနှင့် သူ့ဝိုင်းသား အားလုံးကို ငါ လွတ်မြောက်စေခဲ့ပြီ။
၁၇၁။ ☆ ၁၁း၈၁	**إِلَّا عَجُوزًا فِي الْغَابِرِينَ۝** သို့သော် အဘွားကြီးအား☆ ကျန်ရစ်သူများမှ ဖြစ်စေ၏။
၁၇၂။	**ثُمَّ دَمَّرْنَا الْآخَرِينَ۝** တဖန် နောက်လူများကို ပျက်စီးစေတော်မူလိုက်၏။
၁၇၃။	**وَأَمْطَرْنَا عَلَيْهِم مَّطَرًا فَسَاءَ مَطَرُ الْمُنذَرِينَ۝** သူတို့အပေါ်သို့ မိုးကြိုး ရွာသွန်းစေ၏၊ သတိပေးခံရသူများအား အကုသိုလ် မိုးထိလေ၏၊
၁၇၄။	**إِنَّ فِي ذَلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ۝** ဧကန်ပင်၊ ဤ၌ သက်သေလက္ခဏာရပ် ရှိနေ၏၊ သို့သော် သူတို့မှ အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။
၁၇၅။	**وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ۝** ဧကန်ပင် သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၁၇၆။ ☆ဇုးဂုဝ မိဒိယံ	**كَذَّبَ أَصْحَابُ الْأَيْكَةِ الْمُرْسَلِينَ۝** တောတွင်းနေ☆ ပေါင်းဖေါ်များသည် ဥာဏ်စဉ်ဆောင်များအား ငြင်းဆန်ခဲ့ကြပြီ။
၁၇၇။	**إِذْ قَالَ لَهُمْ شُعَيْبٌ أَلَا تَتَّقُونَ۝**

	ရှုအဂိုက်ဘ်က ပြောသည်မှာ ‘‘သင်တို့သည် စည်းစောင့်ကြမည် မဟုတ်လော–
၁၇၈။	**إِنِّي لَكُمْ رَسُولٌ أَمِينٌ۞** ကျွန်ုပ်သည် သင်တို့အတွက် ယုံကြည်စိတ်ချရသော ဉာဏ်စဉ်တော်ဆောင် ဖြစ်၏။
၁၇၉။	**فَاتَّقُوا اللَّهَ وَأَطِيعُونِ۞** ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့။
၁၈၀။	**وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَى رَبِّ الْعَالَمِينَ۞** ကျွန်ုပ်သည် ထို့အတွက် သင်တို့ထံမှ အကျိုးဆုလဒ်ကို မတောင်းချေ၊ ကျွန်ုပ်အတွက် ဆုလဒ်မှာ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ထံမှသာ ဖြစ်၏။
၁၈၁။ ☆ ၁၁း၈၄	**أَوْفُوا الْكَيْلَ وَلَا تَكُونُوا مِنَ الْمُخْسِرِينَ۞** ကုန်ဖလှယ်ရာ၌ ပြည့်စေကြလော့၊ လျော့ပေါ့ပေးသူတို့မှ မဖြစ်စေကြနှင့်၊☆
၁၈၂။	**وَزِنُوا بِالْقِسْطَاسِ الْمُسْتَقِيمِ۞** အချိန်အဆ မှန်စွာရပ်တည်၍ ချိန်လော့။
၁၈၃။	**وَلَا تَبْخَسُوا النَّاسَ أَشْيَاءَهُمْ وَلَا تَعْثَوْا فِي الْأَرْضِ مُفْسِدِينَ۞** လူသားတို့အတွက် သူတို့ရမည့် အရာကို မလျော့ကြနှင့်၊ ကမ္ဘာ၌ ညစ်ညမ်းစုတ်ပဲ့၊ အဖျက်ကောင်များ မဖြစ်ကြနှင့်။
၁၈၄။	**وَاتَّقُوا الَّذِي خَلَقَكُمْ وَالْجِبِلَّةَ الْأَوَّلِينَ۞** သင်တို့နှင့် ရှေးဦးပထမ တောတွင်းမျိုးဆက်များကို ဖြစ်တည်စေသော အရှင်အား စည်းစောင့်ကြလော့၊’’ဟု ဖြစ်၏။
၁၈၅။	**قَالُوا إِنَّمَا أَنتَ مِنَ الْمُسَحَّرِينَ۞** သူတို့က ပြန်ပြောသည်မှာ ‘‘အမှန်မှာ အသင်သည် ပြုစားခံရသူများမှ ဖြစ်၏။
၁၈၆။	**وَمَا أَنتَ إِلَّا بَشَرٌ مِّثْلُنَا وَإِن نَّظُنُّكَ لَمِنَ الْكَاذِبِينَ۞** အသင်သည် ကျွန်ုပ်တို့ကဲ့သို့ လူပုဂ္ဂိုလ်မျှသာ ဖြစ်၏။ သင်သည် လူလိမ်များမှ ဟု ကျွန်ုပ်တို့ စဉ်းစားမိ၏၊
၁၈၇။	**فَأَسْقِطْ عَلَيْنَا كِسَفًا مِّنَ السَّمَاءِ إِن كُنتَ مِنَ الصَّادِقِينَ۞** သင်သည် ဖြောင့်မှန်သူများမှ ဖြစ်ခဲ့လျှင် ကောင်းကင် အစိတ်စိတ် ကျွန်ုပ်တို့အပေါ်သို့ ပြိုကျစေလော့၊’’ဟု ဖြစ်၏။
၁၈၈။	**قَالَ رَبِّي أَعْلَمُ بِمَا تَعْمَلُونَ۞** သူက ‘‘ကျွန်ုပ်၏ ကံကြမ္မာရှင်သည် သင်တို့ ကျင့်ကြံသမျှအား အသိဆုံး ဖြစ်တော်မူ၏’’ဟု ပြန်ပြောသော်လည်း–
၁၈၉။	**فَكَذَّبُوهُ فَأَخَذَهُمْ عَذَابُ يَوْمِ الظُّلَّةِ إِنَّهُ كَانَ عَذَابَ يَوْمٍ عَظِيمٍ۞** သူတို့သည် သူ့အား ငြင်းဆန်ကြကုန်၏၊ သို့ဖြင့် ဝဋ်ကြွေးသင့်မည့် နေ့၏ လောင်းရိပ်က သူတို့အား အရေးယူလေပြီ။ ယင်းသည် ဝဋ်ကြွေးသင့်သော နေ့ကြီးပင် ဖြစ်၏။
၁၉၀။	**إِنَّ فِي ذَٰلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ۞** ဧကန်ပင် ဤ၌ သက်သေလက္ခဏာရပ် ရှိနေ၏၊ သို့သော် သူတို့မှ အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။
၁၉၁။	**وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ۞**

	ဇကန်ပင် သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၁၉၂။ ကျမ်းတော်	**وَإِنَّهُ لَتَنزِيلُ رَبِّ الْعَالَمِينَ۝** ဇကန်ပင် **ဤ**သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်ထံမှ ချမှတ်ပေးခြင်း ဖြစ်၏။
၁၉၃။	**نَزَلَ بِهِ الرُّوحُ الْأَمِينُ۝** ၎င်းအားဖြင့် ယုံကြည်စိတ်ချရသော ဥဏ်စဉ်တော်ကို ချမှတ်ပေး၏။???
၁၉၄။	**عَلَى قَلْبِكَ لِتَكُونَ مِنَ الْمُنذِرِينَ۝** သင်သည် သတိပေးသူတို့မှ ဖြစ်စေခြင်းငှာ ၎င်းကို သင်၏ နှလုံးသားဌာန လွှမ်းစေ၏။
၁၉၅။	**بِلِسَانٍ عَرَبِيٍّ مُّبِينٍ۝** အာရ်ဗီဘာသာစကားဖြင့် ရှင်းရှင်းလင်းလင်းပင် ဖြစ်၏။
၁၉၆။ ☆၃း၁၀	**وَإِنَّهُ لَفِي زُبُرِ الْأَوَّلِينَ۝** ၎င်းကို ရှေးလူဟောင်းတို့၏ ကျမ်းငယ်များ၌ ဖေါ်ပြပြီး ဖြစ်၏။☆
၁၉၇။	**أَوَلَمْ يَكُن لَّهُمْ آيَةً أَن يَعْلَمَهُ عُلَمَاء بَنِي إِسْرَائِيلَ۝** ဂျူးလူမျိုးမှ ပညာရှင်တို့သည် ၎င်းကို သိကြလျှင်၊ သူတို့အတွက် ၎င်းသည် သက်သေလက္ခဏာရပ် မဟုတ်ပေလော။
၁၉၈။	**وَلَوْ نَزَّلْنَاهُ عَلَى بَعْضِ الْأَعْجَمِينَ۝** ငါသည် ၎င်းကို လူမျိုးခြား အချို့ထံ ချမှတ်ပေးခဲ့ပြီး–
၁၉၉။	**فَقَرَأَهُ عَلَيْهِم مَّا كَانُوا بِهِ مُؤْمِنِينَ۝** အကယ်၍ သူက ၎င်းတို့အား ရွတ်ဖတ်ပြလျှင် သူတို့သည် ၎င်းကို ယုံကြည်လိမ့်မည် မဟုတ်ချေ။
၂၀၀။	**كَذَلِكَ سَلَكْنَاهُ فِي قُلُوبِ الْمُجْرِمِينَ۝** ငါသည် ရာဇဝတ်ကောင်များ၏ နှလုံးသားသို့ ၎င်းကို ဤသို့ ဖေါက်ဝင်သွားစေ၏။
၂၀၁။	**لَا يُؤْمِنُونَ بِهِ حَتَّى يَرَوُا الْعَذَابَ الْأَلِيمَ۝** သို့သော် သူတို့သည် စူးနစ်သော ဝဋ်ကြွေးကို မြင်ရသည့်တိုင် ၎င်း၌ ယုံကြည်ကြမည် မဟုတ်ချေ။
၂၀၂။ ထို့ကြွေး	**فَيَأْتِيَهُم بَغْتَةً وَهُمْ لَا يَشْعُرُونَ۝** သူတို့ သတိမမူနိုင်မှီ **ယင်း**သည် သူတို့ထံသို့ ရုတ်တရက် ပေးရောက်လာလတ္တံ့။

---

(၇၇) ဤသုတ်တော်မှ **ရူးဟ်ဟိုလ်အမီးန် رُوحُ الْأَمِينُ** ကို ဆရာတော်ကြီးအများစုက ကောင်းကင်တမန်မင်းကြီး (နတ်မင်းကြီး) ဟု ပြန်ဆိုလျက်၊ ကျမ်းတော် (ကုရ်အာန်)ကို ထို ကောင်းကင်တမန်မင်းကြီးမှ ယူဆောင်လာသည်ဟု ပြန်ဆိုကြပေသည်။ ထိုသို့ပြန်ဆိုခြင်းမှာ တက်တက်စင်လွဲမှားသော ပြန်ဆိုမှုသာ ဖြစ်ပေသည်။ **ရူးဟ်** ဆိုသည်မှာ လူသားကိုသာ ခေါ်သည်၊ လူသားရရှိသော ဥဏ်စဉ်ကိုသာ ခေါ်ပေသည်၊ (၂း၈၇။ ၂၀း၁၃)။ ဥဏ်စဉ်တော်ဆောင် အဆက်ဆက် ရရှိခဲ့သော ကျမ်းတော်၊ ဥဏ်စဉ်တော် အားလုံးသည် ပရမတ်ဘုရားရှင်နှင့် ဥဏ်စဉ်ရ လူသားကြားခံ့ကောင်းကင်တမန်များက ဆောင်ကြဉ်းပေးရသည်ဟု ကျမ်းတော်က လုံးဝ သွန်သင်မှု မရှိချေ။ တဖန် ကောင်းကင်တမန် ဆိုသည်မှာ ဥဏ်စဉ်ရ လူသားလောက် ဥဏ်စဉ်ကို ပိုင်ဆိုင်မှု မရှိချေ။ ဥဏ်စဉ်ရလူသားကိုပင် ဦးချရသော သူများ ဖြစ်ပေသည်၊ (၂း၃၀)။ ထို့ကြောင့် ဤသုတ်တော်က ပြောသော "၎င်းအားဖြင့် သစ္စာဥဏ်စဉ်ကို ချမှတ်ပေး၏" ဆိုသည်မှာ ကုရ်အာန်ကျမ်းတော်သည် ဖေါက်ပြန်ပြောင်းလဲခြင်း အလျဉ်းမရှိသော သစ္စာခမ္မာကို လူသားအပေါင်းတို့ ထံသို့ ဆောင်လာသော ဥဏ်စဉ်ခမ္မာကျမ်း ဖြစ်သည်ဟုသာ ဆိုလိုပေသည်။ ထိုအကြောင်းကို ဆက်လက်ပါသုတ်တော်များကို ဖတ်ခြင်းဖြင့် လုံးဝ ထင်ရှားစွာ သိနိုင်ပေသည်။

၂၀၃။	**فَيَقُولُوا هَلْ نَحْنُ مُنظَرُونَ۝** သို့ဖြစ်လျှင် သူတို့က ပြောမည်မှာ ‘‘ကျွန်ုပ်တို့အတွက် စောင့်ကြည့်နေခွင့် ရဦးမည်လော–
၂၀၄။	**أَفَبِعَذَابِنَا يَسْتَعْجِلُونَ۝** ဝင့်ကြွေးဒဏ်သည် အလျင်စလိုရှိမည်လော၊’’ဟု ဖြစ်၏။
၂၀၅။	**أَفَرَأَيْتَ إِن مَّتَّعْنَاهُمْ سِنِينَ۝** သင် မြင်ပြီလော၊ ငါသည် သူတို့အား နှစ်ရှည်လများ ချမ်းမြေ့စေကာမူ–
၂၀၆။	**ثُمَّ جَاءهُم مَّا كَانُوا يُوعَدُونَ۝** သူတို့အား ကတိရှိသည့် အရာ သူတို့ထံသို့ ရောက်လာ၏။
၂၀၇။	**مَا أَغْنَى عَنْهُم مَّا كَانُوا يُمَتَّعُونَ۝** သူတို့အား ချမ်းမြေ့စေခဲ့ရာများသည် သူတို့အတွက် ပြည့်စုံခြင်း မရှိချေပြီ။
၂၀၈။	**وَمَا أَهْلَكْنَا مِن قَرْيَةٍ إِلَّا لَهَا مُنذِرُونَ۝** ငါသည် သတိပေးသူ မရှိစေဘဲလျက် မည်သည့် အရပ်ဒေသကိုမှ တိမ်ကောစေခြင်း မရှိချေ။
၂၀၉။	**ذِكْرَى وَمَا كُنَّا ظَالِمِينَ۝** သတိဖေါ်ပေးရန်ဖြစ်၏၊ ငါသည် မည်သို့မှ အဝိဇ္ဇာမသင့်စေပေ။
၂၁၀။ ☆ ၂၆၄	**وَمَا تَنَزَّلَتْ بِهِ الشَّيَاطِينُ۝** ဂင်းဖြင့် မကောင်းဆိုးဝါးကို☆ ချမှတ်ပေးသည် မဟုတ်ချေ။
၂၁၁။	**وَمَا يَنبَغِي لَهُمْ وَمَا يَسْتَطِيعُونَ۝** သူတို့အတွက် ရှာဖွေနိုင်သည်မရှိ၊ သူတို့ တတ်နိုင်သည်လည်း မဟုတ်ချေ။
၂၁၂။	**إِنَّهُمْ عَنِ السَّمْعِ لَمَعْزُولُونَ۝** သူတို့အား ကြားနာနိုင်ခြင်းမှ ဝေးစွာ ရှောင်ခွာထားစေပြီ။
၂၁၃။	**فَلَا تَدْعُ مَعَ اللَّهِ إِلَهًا آخَرَ فَتَكُونَ مِنَ الْمُعَذَّبِينَ۝** သို့ဖြစ်၍၊ ဝင့်သင့်သူများမှ မဖြစ်စေခြင်းငှာ၊ ပရမတ်ဘုရားရှင်နှင့် တွဲဘက်၍ အခြား ဘုရားများထံ ဆုမတောင်းနှင့်၊
၂၁၄။	**وَأَنذِرْ عَشِيرَتَكَ الْأَقْرَبِينَ۝** သင်နှင့် တစ်ကျိတ်တစ်ဉာဏ်တည်း နီးကပ်သူများကို သတိပေးလော့။
၂၁၅။ ဆောင် ပုဒ်	**وَاخْفِضْ جَنَاحَكَ لِمَنِ اتَّبَعَكَ مِنَ الْمُؤْمِنِينَ۝** သင့်အားလိုက်နာသော ယုံကြည်သူများအပေါ် သင်၏ **လက်ရုံး**ကို နှိမ့်ချလော့။
၂၁၆။	**فَإِنْ عَصَوْكَ فَقُلْ إِنِّي بَرِيءٌ مِّمَّا تَعْمَلُونَ۝** သင့်အား အာခံကြလျှင် ‘‘သင်တို့၏ ကျင့်ကြံမှုများမှ ကျွန်ုပ် ကင်းရှင်းသည်၊’’ဟု ဟောကြား၍–
၂၁၇။	**وَتَوَكَّلْ عَلَى الْعَزِيزِ الرَّحِيمِ۝**

	ဘုန်းတော်ရှင် အကြင်နာရှင်ထံ၌ ယုံပုံကိုးစားလော့။
၂၁၈။	**الَّذِي يَرَاكَ حِينَ تَقُومُ۞** အရှင်သည် သင့်အား ကြည့်ရှုနေတော်မူသည်မှာ —သင်၏ ရပ်တည်နေသော အချိန်၌၊
၂၁၉။	**وَتَقَلُّبَكَ فِي السَّاجِدِينَ۞** ဦးညွှတ်နှိမ့်ချမှုအတွင်း ဦးတည်သောစိတ်အား ဖြစ်၏။
၂၂၀။	**إِنَّهُ هُوَ السَّمِيعُ الْعَلِيمُ۞** ဇကန်ပင် အရှင်သည် ကြားနေသောအရှင် သိနေသောအရှင် ဖြစ်၏။
၂၂၁။	**هَلْ أُنَبِّئُكُمْ عَلَى مَن تَنَزَّلُ الشَّيَاطِينُ۞** မကောင်းဆိုးဝါးသည် မည်သူ့အား ချမှတ်ပေးသည်ကို သင်တို့ထံ သတင်းထုတ်ပြန်ရမည်လော။
၂၂၂။	**تَنَزَّلُ عَلَى كُلِّ أَفَّاكٍ أَثِيمٍ۞** အပြစ်ရှိသော လုပ်ဇတ်ဆင်သူကိုယ်စီအား ချမှတ်လေ၏။
၂၂၃။	**يُلْقُونَ السَّمْعَ وَأَكْثَرُهُمْ كَاذِبُونَ۞** ကြားနာဟန်ပြကြ၏။ သူတို့မှ အများစုကြီးမှာ မုသာဝါဒီများပင် ဖြစ်၏။
၂၂၄။	**وَالشُّعَرَاء يَتَّبِعُهُمُ الْغَاوُونَ۞** ကဗျာလင်္ကာဆရာများ၊ သူတို့အား တိမ်းပါးနေသူများက လိုက်နာကြ၏။
၂၂၅။	**أَلَمْ تَرَ أَنَّهُمْ فِي كُلِّ وَادٍ يَهِيمُونَ۞** သင် မမြင်မိသလော၊ သူတို့အား ချိုင့်ဝှမ်းဒေသကိုယ်စီ၌ တိုင်ပတ်နေစေ၏။[၇၇]
၂၂၆။	**وَأَنَّهُمْ يَقُولُونَ مَا لَا يَفْعَلُونَ۞** သူတို့ မပြုလုပ်ရာကို သူတို့ ပြောဆိုနေကြ၏။
၂၂၇။	**إِلَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَذَكَرُوا اللَّهَ كَثِيرًا وَانتَصَرُوا مِن بَعْدِ مَا ظُلِمُوا وَسَيَعْلَمُ الَّذِينَ ظَلَمُوا أَيَّ مُنقَلَبٍ يَنقَلِبُونَ۞** ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသော သူများသည်သာ ပရမတ်ဘုရားရှင်အား မြောက်များစွာ သတိရရှုမှတ်ကြ၏၊ သူတို့အား မိုက်ကြေးခွဲခံရပြီးနောက် သူတို့ကိုယ်သူတို့ ကူညီကြ၏။ မိုက်ကြေးခွဲသောသူတို့သည် မည်သည့် ဦးလှည့်ခြင်းသို့ သူတို့ ဦးလှည့်ရမည်ကို သိလာရလတ္တံ့။

(၇၇၈) ထိုအတွေးအခေါ် ဒဿန ဆရာများသည် မိမိတို့၏ အသိုင်းအဝိုင်းများကြား၌ သာယာပျော်မြူး နေခြင်းတည်းဟူသည့် လျောင်ပိတ်နေသော ကိုယ်စီကိုယ်စီ တောင်ကြားနံရံများကြား၌ ပန်းတိုင် မရောက် တိုင်ပတ်နေကြကြောင်းကို ဤသုတ်တော်က ဖေါ်ပြခြင်း ဖြစ်ပေသည်။ ထိုဒဿနများသည် အသိုင်းအဝိုင်းတစ်ခု အတွင်း၊ ခေတ်ကာလ တစ်ခုအတွင်း၌သာ ရှင်သန်နိုင်ပေသည်။ ထိုထက်ကျော်လွန်၍ ဖေါက်ထွက်နိုင်ခြင်းများ မဖြစ်နိုင်ချေ။ လောက နိယာမ ဥဇော်စဉ်ဓမ္မကျမ်းများသည်သာ ခေတ်များကို ကျော်လွန်နိုင်ခြင်း ရှိပေသည်။

ဓမ္မခန္ဓာ (၂၇) “နာမ်လ်မျိုးနွယ်စု” (အလ် နာမ်လ်)

ဥာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၂၇။ သုတ်ဒေသနာ– ၉၃ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။	**طس تِلْكَ آيَاتُ الْقُرْآنِ وَكِتَابٍ مُّبِينٍ۝** တွာ၊ဆင်၊၇၉ ဤ သုတ်ဒေသနာတော်များသည် ကုရ်အာန်မှ ဖြစ်၍၊ ရှင်းလင်းထင်ရှားသော ကျမ်းတော်တစ်ပါး ဖြစ်၏။
၂။	**هُدًى وَبُشْرَى لِلْمُؤْمِنِينَ۝** ယုံကြည်သူများအတွက် လမ်းညွှန်တော်နှင့် သတင်းကောင်းဖြစ်၏။
၃။ ★၂၃ ☆၂၄	**الَّذِينَ يُقِيمُونَ الصَّلَاةَ وَيُؤْتُونَ الزَّكَاةَ وَهُم بِالْآخِرَةِ هُمْ يُوقِنُونَ۝** သူတို့သည်ကား ဝတ်ပြု မြဲကြ၏။★ အခွန်ငွေဖြူ ပေးကြ၏။ နောင်ဘဝကိုလည်း ဒိဋ္ဌယုံကြည်ကုန်၏။☆
၄။	**إِنَّ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ زَيَّنَّا لَهُمْ أَعْمَالَهُمْ فَهُمْ يَعْمَهُونَ۝** နောင်ဘဝအား မယုံကြည်သော သူတို့သည်ကား သူတို့၏ ကျင့်ကြံမှုများက သူတို့အား ဖမ်းစားထား၍ မျက်ကန်းတောတိုး ဖြစ်နေ၏။
၅။	**أُولَئِكَ الَّذِينَ لَهُمْ سُوءُ الْعَذَابِ وَهُمْ فِي الْآخِرَةِ هُمُ الْأَخْسَرُونَ۝** ထိုသို့သော သူများ အတွက် အကုသိုလ် ဝဋ်ဒဏ် ရှိ၏။ ထိုသူတို့မှာ နောင်ဘဝတွင်လည်း ဆုံးရှုံးသူများ ဖြစ်ရလတ္တံ့။
၆။	**وَإِنَّكَ لَتُلَقَّى الْقُرْآنَ مِن لَّدُنْ حَكِيمٍ عَلِيمٍ۝** ဇကန်ပင် သင်သည် ဓမ္မသတ်ရှင်၊ သိနေသော အရှင့်ထံတော်မှ ကုရ်အာန်ကို မျက်မှောက်ပြုရပြီ။[၇၈၀]
၇။	**إِذْ قَالَ مُوسَى لِأَهْلِهِ إِنِّي آنَسْتُ نَارًا سَآتِيكُم مِّنْهَا بِخَبَرٍ أَوْ آتِيكُم بِشِهَابٍ قَبَسٍ لَّعَلَّكُمْ تَصْطَلُونَ۝** မူဆာက သူ့ ဝိုင်းသားတို့အား “ကျွန်ုပ်သည် မီးကို မြင်ရ၏၊ သင်တို့အတွက် ထိုမှ သတင်း ယူပေးနိုင်ရာ၏ သို့မဟုတ် သင်တို့ မီးလုံနိုင်ဒဲ့ငှာ မီးရှို့ထားသော မီးတောက် တစ်ခုကို ယူပေးနိုင်ရာ၏”ဟု ပြော၍။
၈။	**فَلَمَّا جَاءهَا نُودِيَ أَن بُورِكَ مَن فِي النَّارِ وَمَنْ حَوْلَهَا وَسُبْحَانَ اللَّهِ رَبِّ الْعَالَمِينَ۝** ထိုနေရာသို့ သူ ရောက်လာစဉ်၊ “မီးအတွင်းမှ ရှိသူ၊ ၎င်းဝန်းကျင်မှရှိသူများသည် ကျက်သရေပြည့်စုံ၏။”ဟု ဖိတ်မန္တက

---

(၇၇၉) သိနတောင်အား တိုင်တည်လျက်၊ (၂၆း၁) တွင်ကြည့်ပါ။

(၇၈၀) ဤသုတ်တော်တွင် ကိုယ်တော်မုဟမ္မဒ်သည် မည်သို့မည်ပုံ ကုရ်အာန်အား ရရှိသည်ကို **ဒီဗ္ဗီး တုလာ့က်ကာဟ်** ဟု သုံးထားပေသည်။ ဆိုလိုသည်မှာ ကျမ်းမြတ် ကုရ်အာန် ဟူသည် လောကဓမ္မ၊ နိယာမကြီးဖြစ်၍ ၎င်းကို ကိုယ်တော်က အာရုံစူးစိုက်ဖြင့် **ကွက်ကွက်ကွင်းကွင်း မြင်လိုက်ရခြင်း** ဖြစ်ပေသည်။ (ကိုယ်တော်၏ အာရုံစူးစိုက်ခြင်းကို ၅၃း၁ မှ ၁၇ ထိ သေချာဖတ်၍ လေ့လာနိုင်ပါသည်၊) ကိုယ်တော် မြင်ခွင့်ရလိုက်သော လောကဓမ္မကြီးကို ကိုယ်တော်သည် နှစ်ပေါင်း ၂၃ နှစ်အတွင်း လူ့လောကအတွက် ပြည့်စုံ လုံလောက်စွာ တည်ဆောက် ပြသ သွားခဲ့ပေသည်။ ဤမိုးနှင့်မြေအကြားတွင် ဤကုရ်အာန်ကျမ်းကဲ့သို့ လောကဓမ္မကြီးအား ယုတ္တိတန်စွာ ဖေါ်ပြ နိုင်စွမ်းသော ကျမ်း ဟူ၍ မရှိချေ။ ထို့ပြင် ကိုယ်တော့် မျက်မှောက်ကာလပင် ကုရ်အာန်ကျမ်းသည် ပြည့်စုံစွာ စာအုပ်အဖြစ် တည်ရှိနေပြီ ဖြစ်ကြောင်းကိုလည်း ဤအာယတ်တော်က သက်သေဖြစ်စေသည်။

	ပြုခံရ၏၊ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင်သည် ဦးထိပ်ထားရာ ဖြစ်၏။[၇၈]
၉။	**يَا مُوسَى إِنَّهُ أَنَا اللَّهُ الْعَزِيزُ الْحَكِيمُ ۞** အို– မူဆာ၊ ငကန်– အရှင်သည် ငါပင်ဖြစ်၏၊ – ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင် ဖြစ်၏။
၁၀။ ☆ ၇း၁၇	**وَأَلْقِ عَصَاكَ فَلَمَّا رَآهَا تَهْتَزُّ كَأَنَّهَا جَانٌّ وَلَّى مُدْبِرًا وَلَمْ يُعَقِّبْ يَا مُوسَى لَا تَخَفْ إِنِّي لَا يَخَافُ لَدَيَّ الْمُرْسَلُونَ ۞** သင့် လက်ထောက်ကို ခင်းကျင်းလော့။ ၎င်းကို မွေ့တစ်ကောင်အဖြစ်☆ လှုပ်လာသည်ကို သူ မြင်၍ မချုပ်ကိုင်မိဘဲ နောက်သို့ လှည့်၏။ “အို– မူဆာ– မကြောက်ရွံ့နှင့်၊ ငါ၏ ထံပါး၌ ဉာဏ်စဉ်ဆောင်တို့သည် မကြောက်ရွံ့ကြချေ။
၁၁။	**إِلَّا مَن ظَلَمَ ثُمَّ بَدَّلَ حُسْنًا بَعْدَ سُوءٍ فَإِنِّي غَفُورٌ رَّحِيمٌ ۞** သို့မဟုတ် မိုက်မိခဲ့သောသူ၊ ထို့နောက် ထိုသူသည် သုမင်္ဂလာပြုပြီး အကုသိုလ်ကို လွှဲပြောင်းသော်– ငကန်ပင် ငါအရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၁၂။	**وَأَدْخِلْ يَدَكَ فِي جَيْبِكَ تَخْرُجْ بَيْضَاء مِنْ غَيْرِ سُوءٍ فِي تِسْعِ آيَاتٍ إِلَى فِرْعَوْنَ وَقَوْمِهِ إِنَّهُمْ كَانُوا قَوْمًا فَاسِقِينَ ۞** သင့်လက်ကို ရင်ခွင်ထဲသို့ သွင်းလော့၊ ၎င်းသည် အကုသိုလ်ကင်းသော အဖြူထည်သက်သက် ထွက်လာ၍၊ ဖာရိုးနှင့် သူ့လူမျိုးအတွက် နိမိတ်လက္ခဏာ ကိုးရပ်ထဲမှ ဖြစ်လတ္တံ့။ သူတို့သည်ကား ယုတ်မာသော လူမျိုးပင် ဖြစ်၏။[၇၉]
၁၃။	**فَلَمَّا جَاءتْهُمْ آيَاتُنَا مُبْصِرَةً قَالُوا هَذَا سِحْرٌ مُّبِينٌ ۞** မြင်သာသော ငါ၏ သက်သေလက္ခဏာများ သူတို့ထံသို့ ရောက်လာစဉ်၊ “ဤသည် ရှင်းလင်းထင်ရှားသော မှော်အတတ်သာ ဖြစ်၏၊”ဟု ဆိုကြလေ၏။
၁၄။	**وَجَحَدُوا بِهَا وَاسْتَيْقَنَتْهَا أَنفُسُهُمْ ظُلْمًا وَعُلُوًّا فَانظُرْ كَيْفَ كَانَ عَاقِبَةُ الْمُفْسِدِينَ ۞** သူတို့၏ ဉာဉ်စရိုက်များ ယုံကြည်မှုအပြည့်ဖြင့်– အဝိဇ္ဇာစီးလျက်၊ ကိန်းကြီးခန်းကြီးလုပ်လျက် ၎င်းတို့ကို ပယ်ပစ်ကြကုန်၏။ အဖျက်ကောင်တို့၏ နိဂုံး မည်သို့ ချုပ်ရသည်ကို ကြည့်ကြလော့။
၁၅။	**وَلَقَدْ آتَيْنَا دَاوُودَ وَسُلَيْمَانَ عِلْمًا وَقَالَا الْحَمْدُ لِلَّهِ الَّذِي فَضَّلَنَا عَلَى كَثِيرٍ مِّنْ عِبَادِهِ الْمُؤْمِنِينَ ۞** ငါသည် ဒါဝိဒ်နှင့် စိုလိုင်မံတို့အား အသိပညာကို မုချ ချီးမြှင့်ခဲ့၏၊ သူတို့က “တပည့်တော်တို့အား အရှင်၏ အမှုတော်ဆောင် ယုံကြည်သူများထက် သိကွာ များစွာပေးသော ပရမတ်ဘုရားရှင်သည် ရည်သန်စူးစိုက်မှုတည်ရာ ဖြစ်ပါ၏၊”ဟု

---

(၇၈) ဤသုတ်တော်အား ဆရာတော်ကြီး အများစုက ကိုယ်တော်မူဆာအား ခေါ်သော အသံသည် မီးအတွင်းမှ ထွက်လာသည်ဟု ပြန်ဆိုကြပေသည်၊ ထို အဓိပ္ပါယ်မှာ လုံးဝ လွဲချော်ပေသည်၊ **نُودِيَ أَن بُورِكَ مَن فِي النَّارِ وَمَنْ حَوْلَهَا** ဟူသော ဝါကျသည် “မီးထဲမှ အသံထွက်လာသည်ဟု အဓိပ္ပါယ်ကို မပေးပေ။ “မီထဲမှရှိသူ (မီးကိုရှာဖွေမှုထဲမှ ရှိသူ)၊ မီးဝန်းကျင်၌ရှိသူ (စောင့်ကျန်ရစ်သူ) တို့သည် ကျက်သရေရှိ၏”ဟု ဖိတ်မန္တကပြုခံရ၏ ဟုသာ ဖြစ်ပေသည်။ မီးသည် တရားအလင်းရောင်ကို ဆောင်နိုင်သည်၊ သို့မဟုတ် စစ်ပွဲကို ဆောင်နိုင်ပေသည် (၂၀း၁၀) တွင် ကြည့်ပါ။ သူ့အား ဖိတ်ခေါ်သော အသံသည် မည်သည်က လာသည်ကို ၂၀း၃၀ တွင် ကြည့်ပါ။

(၇၉) ကိုယ်တော်မူဆာ၏ လက်ဆိုသည်မှာ “ကိုယ်တော်မူဆာ၏ အားကိုးရသော နောက်လိုက်များ” ကို ဆိုလိုပေသည်၊ ကိုယ်တော့်လက်သည် **တောင်ဝှေးခေါ် သူ့အဖွဲ့အစည်း**ကို ကိုင်စွဲထားပေသည်။ ထို ကိုယ်တော်မူဆာ၏ နောက်လိုက်များအား ကိုယ်တော်မူဆာ၏ ရင်ထဲသို့ အပ်ခြင်း (၂၀း၂၂)၊ နှင့် ဤသုတ်တော်မှ ရင်ခွင်ထဲသို့ သွင်းခြင်းများကြောင့် ကိုယ်တော်မူဆာ၏ လူ့အဖွဲ့အစည်းသည် အပြစ်ကင်း သန့်စင်သော အဖြူထည် နောက်လိုက်များ ဖြစ်လာရပေသည်။ ထိုအချင်းအရာကို အထက်ပါ သုတ်တော် ၁၁ က မကောင်းမှုများအား ကောင်းမှုဖြင့် လွှဲပြောင်းပစ်သူများဟု ထောက်ပြထားပေသည်။ ဤသုတ်တော်များမှ **ဂျိုင်းဘိ** ဆိုသည်မှာ လက်ခတီး (ဂျိုင်း) အောက်ဟု အဓိပ္ပါယ်ကို မပေးပေ။ ၎င်း၏ အနက်မှာ ရင်ဘတ်၊ ရင်သားသာလျှင် ဖြစ်ပေသည် (၂၄း၃၁) တွင် အမျိုးသမီးများ၏ ရင်သားကိုလည်း ဤ ဝေါဟာရကိုပင် သုံးထားပေသည်။ လက္ခဏာ ကိုးရပ် ဆိုသည်ကို ၇း၁၃၃ တွင် ကြည့်ပါ။

	ရင့်ကျူး၏။
၁၆။	**وَوَرِثَ سُلَيْمَانُ دَاوُودَ وَقَالَ يَا أَيُّهَا النَّاسُ عُلِّمْنَا مَنطِقَ الطَّيْرِ وَأُوتِينَا مِن كُلِّ شَيْءٍ إِنَّ هَذَا لَهُوَ الْفَضْلُ الْمُبِينُ۝** စိုလိုင်မံသည် ဒါဝိဒ်၏ အမွေခံ ဖြစ်၏။ သူက ''အို– လူသားတို့၊ ကျွန်ုပ်တို့သည် ငှက်တို့၏ သဒ္ဒဗေဒကို[၇၉] သင်ကြား ခံရပြီ။ ကျွန်ုပ်တို့အား သဗ္ဗလုံးစုံမှ ချီးမြှင့်ခံရပြီ။ ဤသည် ရှင်းလင်းထင်ရှားသော သိက္ခာပေးခြင်း''ဟု ဆို၏။
၁၇။ ☆ ၆း၁၀၀	**وَحُشِرَ لِسُلَيْمَانَ جُنُودُهُ مِنَ الْجِنِّ وَالْإِنسِ وَالطَّيْرِ فَهُمْ يُوزَعُونَ۝** စိုလိုင်မံသည် သူ့တပ်များ ဖြစ်သည့် ပုတုဇဉ်နှင့်☆လူသားများ၊ ငှက်များကို စုစည်းစေ၍ သူတို့အား ရာထူးပေး၏။[၇၉]
၁၈။	**حَتَّى إِذَا أَتَوْا عَلَى وَادِي النَّمْلِ قَالَتْ نَمْلَةٌ يَا أَيُّهَا النَّمْلُ ادْخُلُوا مَسَاكِنَكُمْ لَا يَحْطِمَنَّكُمْ سُلَيْمَانُ وَجُنُودُهُ وَهُمْ لَا يَشْعُرُونَ** သူတို့သည် နာမ်လ်လူမျိုးစု ချိုင့်ဝှမ်းဒေသသို့ ရောက်လာသောအခါ၊ နာမ်လ်တစ်ဦးက ''အို– နာမ်လ်အပေါင်းတို့၊ စိုလိုင်မံနှင့် သူ့စစ်တပ်တို့သည် သတိမမူဘဲ သင်တို့အား ခြေမှမပစ်ရန် သင်တို့၏ အခြေချရာများသို့ ဝင်နေကြလော့၊'' ဟု ဆို၏။[၇၅]

---

(၇၈၃) ရင်းမြစ်စကားလုံး **ڪطِق နုက်တွ့** မှ ဆက်စပ်ပြောဆိုသော စကား သို့မဟုတ် လျှာဖြင့်ပြော၊ နားဖြင့် အာရုံစိုက်သော ပေါင်းစပ်အသံ ဟု ဖြစ်သည့် **مَنطِقَ မန်တက်ခ်** ဟု ဆင်းသက်လာခြင်း ဖြစ်ပေသည်။ တနည်းအားဖြင့် စစ်မြေပြင်တွင် သုံးသော စကားငှက်ကို ဆိုလိုပေသည်။ ဆရာတော်ကြီး အများစုက စိုလိုင်မံသည် ကျေးငှက်တို့၏ ဘာသာစကားကိုတတ်သည်ဟု ပြန်ဆိုကြပေသည်။ ကိုယ်တော်စိုလိုင်မံသည် ကျေးငှက်သာဓကာ စကားကို တတ်ကောင်းတတ်နိုင်ပေသည်၊ သို့သော် ဤသုတ်တော်က ထိုဖြစ်ရပ်ကို ရည်ညွှန်းခြင်း လုံးဝ မရှိပေ။ အဘယ်ကြောင့်ဆိုသော် ဤသုတ်တော်တွင် ကျေးငှက်ဟု တင်စားသော သူ၏ တပ်ရင်းမှ ထိုစကားကို နားလည်ခဲ့သည်မှာ သူတစ်ဦးတည်း မဟုတ်ပေ။ ''ကျွန်ုပ်တို့ သင်ကြားခံရပြီ''ဟု လူအများစုကို ဆိုလိုပေသည်။ ကျေးငှက် ဘာသာစကားဖြင့် ပြောတတ်သော လူမျိုးစုသည် တူရကီနိုင်ငံတွင်း တိုင်းရင်းသား တစ်စု အဖြစ် ယခုခေတ်ထိ ရှိနေပေသေးသည်။ (တပ်ရင်းများကို အောက်ပါ ရှင်းလင်းချက်တွင် ဆက်ကြည့်ပါ။)

(၇၈၄) ဤသုတ်တော်မှ စိုလိုင်မံ၏ တပ်ရင်းများမှာ **ကျင်**များ၊ **နာ့ခ်ဆ်**များ၊ **တွိုင်းရ်** များဟု ဆိုပေသည်။ ထို အာရ်ဗီစကားလုံး သုံးလုံးမှ **နာ့ခ်ဆ်**ကို သာလူသားများဖြစ်သည်ဟု ဆရာတော်ကြီး အများစုက ပြန်ဆို၍၊ **ကျင်** ကိုမူ မကောင်းဆိုးဝါး နတ်ဆိုးများ၊ **တွိုင်း**ကိုမူ ပကတိ ကျေးငှက်သတ္တဝါများ ဟု ပြန်ဆိုကြပေသည်။ **ကျင်** နှင့် **တွိုင်း** ဆိုသည်မှာ လူသားပင်ဖြစ်ကြောင်း ဤဘာသာပြန်၏၊ ၆း၁၀၀၊ ၆း၃၈ တို့၏ အောက်ခြေများတွင် ရှင်းခဲ့ပြီး ဖြစ်ပေသည်။ စိုလိုင်မံထံတွင် အမှုထမ်းခဲ့သော နတ်ဆိုးများဆိုသည်မှာ ''ရေငုပ်ပေးသော၊ အခြားအလုပ်များကို လုပ်ဆောင်ပေးသော ကာယလုပ်သားများ ကို ဆိုကြောင်း ၂၁း၈၂ တွင် ဖေါ်ပြထားပေသည်။ ထို့အပြင် **တွိုင်း** ဆိုသည့် ငှက်အုပ်စုတွင် အတောင်နှင့် ပျံသန်းသော တိရိစ္ဆာန်ချည်းသာ ဖြစ်ရမည်ဟု သတ်မှတ်၍ မရချေ။ ငှက်ဖြစ်သော်လည်း မပျံသန်းနိုင်သော ငှက်ကုလားအုပ်များ၊ ပင်ကွင်းငှက်များလည်း ရှိနေသည်ပင်။ ဤနေရာ၌ ဆိုလိုသော ငှက်များမှာ ပျံသန်းနိုင်သည့်အလား တဟုန်ထိုး ပြေးနိုင်သော မြင်းတပ်ကို ဆိုလိုပေသည်။ ၎င်းကို လေပြင်း သို့မဟုတ် ငှက်များဟု တင်စားပြောဆိုပြီး ၂၁း၈၁ တွင် စိုလိုင်မံအတွက် လေပြင်းကိုတိုက်ပေးသည်ဟု ဆိုပေသည်။ များစွာသော အာရ်ဗီဝေါဟာရကျမ်းများတွင်လည်း အလားတူ အဓိပ္ပါယ်များကို ပေးထားပေသည်၊ (E.W Lane ဝေါဟာရအဘိဓာန်)။

(၇၈၅) ဤသုတ်တော်မှ **အလ်နာမ်လိ ဇ်ဉ်ံ်** ကို ဆရာတော်ကြီးအများစုက **ပုရွက်ဆိတ်** ဟု ပြန်ဆိုကြပေသည်။ **ဇ်ဉ် နာမ်လ်** ၏အဓိပ္ပါယ်မှာ ပုရွက်ဆိတ် ဟု မှန်သော်လည်း ဤနေရာတွင် **ဇ်ဉ်ံ် အလ်နာမ်လိ** ဟု ကိုယ်ပိုင်တိကျ နာမ် ကို သုံးထားသောကြောင့် ပုရွက်ဆိတ်ဟု ပြန်ဆို၍ မရချေ။ ၎င်းသည် လူမျိုးစု တစ်ခု၏ အမည်နာမသာလျှင် ဖြစ်ပေသည်။ နာမ်လ်တောင်ကြားသည် ဂျိဘရင်နှင့် အာ့ဆ်ကာလမ် နှစ်ခုကြားတွင် တည်ရှိ၍၊ **နာမ်လ်** ဆိုသည်မှာ **ပုရွက်တို့၏ ဥ** ဟု အနက်ရသည့် **ماز مەچ** လူမျိုးကဲ့သို့ လူမျိုးစု တစ်စုသာ ဖြစ်ပေသည်၊ (Taj-Arus အဘိဓာန်)။ **သတိမမူဘဲ ခြေမှမပစ်နိုင်သည်** ဆိုခြင်းမှာ **စစ်ချီနေချိန်တွင် ရန်သူ၊ မိတ်ဆွေ မခွဲခြားမိဘဲ တိုက်ခိုက်ခံရနိုင်သည်၊** ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ထို **နာမ်လ်** တို့မှာ ဆရာတော်ကြီးများ ယူဆ သကဲ့သို့ အမှန်တကယ် ပုရွက်ဆိတ်ငယ်ကလေးများ ဖြစ်က တောင်ကြားဒေသတွင် အသိုက်အမြုံ ဖွဲ့နေခြင်း တစ်ခုတည်းသာ ရှိနိုင်သည်မဟုတ်၊ စိုလိုင်မံ၏ နန်းတွင်း၌လည်း နေနေနိုင်၊ ရှိနေနိုင်ပေသည်။

၁၉။	**فَتَبَسَّمَ ضَاحِكًا مِّن قَوْلِهَا وَقَالَ رَبِّ أَوْزِعْنِي أَنْ أَشْكُرَ نِعْمَتَكَ الَّتِي أَنْعَمْتَ عَلَيَّ وَعَلَى وَالِدَيَّ وَأَنْ أَعْمَلَ صَالِحًا تَرْضَاهُ وَأَدْخِلْنِي بِرَحْمَتِكَ فِي عِبَادِكَ الصَّالِحِينَ۝** သူမ၏ ပြောဆိုမှုကြောင့် စိုလိုင်မံသည် အံ့သြစွာ ပြုံးရယ်မိပြီး ''အိ– ကံကြမ္မာရှင်၊ တပည့်တော်နှင့် တပည့်တော်၏ မွေးမိဘအပေါ် ဂုဏ်ပေးခဲ့သည့် အရှင်၏ ဂုဏ်ပေးမှုကြောင့် တပည့်တော်အား ကျေးဇူးသိတတ်သော ရာထူးကို ပေးတော်မူပါ၊ အရှင်၏ ကျေနပ်မှုရှိသော ပြုပြင်ပြောင်းလဲခြင်းကို ကျင့်ကြံခွင့်ပြုတော်မူပါ၊ အရှင်၏ ကရုဏာဖြင့် အရှင့် အမှုတော်ဆောင် ပြုပြင်ပြောင်းလဲသူများ၏ အထဲသို့ တပည့်တော်အား ဝင်ခွင့်ပြုပါ၊''ဟု ရင့်ကျူး၏။
၂၀။ ပျက်ကွက်သူ	**وَتَفَقَّدَ الطَّيْرَ فَقَالَ مَا لِيَ لَا أَرَى الْهُدْهُدَ أَمْ كَانَ مِنَ الْغَائِبِينَ۝** ဌာက်တို့အား အပျောက်စရင်းစစ်၍၊ သူ ပြောသည်မှာ ''ဘီထောင်ဖိုကို[၇၆] မမြင်ရပါတကား၊ သို့တည်းမဟုတ် သူသည် **မျက်ကွယ်၌ရှိသူ**တို့မှ ဖြစ်သလော၊
၂၁။	**لَأُعَذِّبَنَّهُ عَذَابًا شَدِيدًا أَوْ لَأَذْبَحَنَّهُ أَوْ لَيَأْتِيَنِّي بِسُلْطَانٍ مُّبِينٍ۝** ပြင်းထန်သော အပြစ်ပေးခြင်းဖြင့် သူ့အား ကျွန်ုပ် အပြစ်ပေးလတ္တံ့၊ သို့မဟုတ် သုတ်သင်ရလတ္တံ့ သို့မဟုတ် ကျွန်ုပ်အား ရှင်းလင်းသော အထောက်အထားကို ပေးအပ်ရမည်''ဟု ဖြစ်၏။
၂၂။ ဘီ ထောင် ဖို	**فَمَكَثَ غَيْرَ بَعِيدٍ فَقَالَ أَحَطتُ بِمَا لَمْ تُحِطْ بِهِ وَجِئْتُكَ مِن سَبَإٍ بِنَبَإٍ يَقِينٍ۝** နောက်ကျလွန်းစွာ စောင့်မနေလိုက်ရပေ၊ **သူ** တင်ပြသည်မှာ ''သင် မလျှမ်းခြုံမိသေးသော အရာတစ်ခုကို ကျွန်ုပ် လျှမ်းခြုံခဲ့၏၊ အသင့်ထံသို့ **ရှီဗာ**မှ တိတိကျကျ သတင်းတစ်ခုကို ရောက်လာစေပါပြီ၊–[၇၇]
၂၃။	**إِنِّي وَجَدتُّ امْرَأَةً تَمْلِكُهُمْ وَأُوتِيَتْ مِن كُلِّ شَيْءٍ وَلَهَا عَرْشٌ عَظِيمٌ۝** သူတို့အား အုပ်ချုပ်နေသော အမျိုးသမီးတစ်ဦးကို ကျွန်ုပ် တွေ့ခဲ့၏။ သူမအား သဗ္ဗလုံးစုံ ပေးဆက်ကြ၍၊ မဟာ ထပ်ဆင့်ကွပ်ကဲမှုသည် သူမ အတွက်ဖြစ်၏။
၂၄။ ☆၂း၁၄	**وَجَدتُّهَا وَقَوْمَهَا يَسْجُدُونَ لِلشَّمْسِ مِن دُونِ اللَّهِ وَزَيَّنَ لَهُمُ الشَّيْطَانُ أَعْمَالَهُمْ فَصَدَّهُمْ عَنِ السَّبِيلِ فَهُمْ لَا يَهْتَدُونَ۝** သူမနှင့် သူမ၏ လူမျိုးသည် ပရမတ်ဘုရားရှင် မှလွဲ၍ နေကို ဦးချဝပ်တွားနေကြောင်း ကျွန်ုပ်တွေ့ရ၏။ သူတို့၏ ကျင့်ကြံမှုများကို မကောင်းဆိုးဝါးက☆ ဖမ်းစားထား၍ လမ်းစဉ်တော်မှ ဖယ်စေ၏၊ သို့ဖြစ်၍ သူတို့သည် လမ်းညွှန်မှန်ကို မရနိုင်ချေ။
၂၅။	**أَلَّا يَسْجُدُوا لِلَّهِ الَّذِي يُخْرِجُ الْخَبْءَ فِي السَّمَاوَاتِ وَالْأَرْضِ وَيَعْلَمُ مَا تُخْفُونَ وَمَا تُعْلِنُونَ۝** ထို့ကြောင့် သူတို့သည် မိုးများနှင့် မြေကမ္ဘာမှ လျှို့ဝှက်နိယာမကို ထုတ်ဖော်ပေးသော၊ ကြိတ်ကြံစည်ရာ လူသိရှင်ကြား ပြုရာများကို သိနေတော်မူသော ပရမတ်ဘုရားရှင်အား သူတို့ ဦးချရှိကျိုးမှု မရှိပါ။

---

(၇၆) ဤသုတ်တော်မှ **ہُدْہُدْ اَلْ اَلْ** ဆိုသည်မှာ ဘီထောင်ဖိုငှက်ဟု အဓိပ္ပါယ်ရပေသည်။ သို့သော် ထိုစကားလုံးအား **اَلْ اَلْ** တိကျသေချာသော နာမ်ကို တွဲဆက်သုံးထားသောကြောင့် ငှက်သတ္တဝါဆိုသည်ထက် လူတစ်ဦး၏ အမည်ကို ဆိုလိုပေသည်။ လူမျိုးတိုင်းတွင် ကျေးငှက် အမည်များကို ပေးတတ်လေ့ရှိ သကဲ့သို့ စိုလိုင်မံ၏ လူမျိုးထဲတွင်လည်း လူတစ်ဦး၏ အမည်ကို ကျေးငှက်အမည်ဖြင့် ပေးထားသည်မှာ မဆန်းကျယ်ပေ။ အထူးသဖြင့် တိုက်ခိုက်ရေးထွက်နေသော တပ်၏ အမည်များကို လင်းယုန်စစ်ကြောင်း၊ ဂဠုန်စစ်ကြောင်း စသည်ဖြင့် အမည်နာမတပ်ပေး သကဲ့သို့ ၎င်းအား ဦးဆောင်သူများ၊ အားထားရသော ရဲဘော်များကို သိမ်းငှက်၊ စွန်ရဲ စသည်ဖြင့် မှည့်ခေါ် သကဲ့သို့ပင် ဖြစ်ပေသည်။ ခေတ်အဆက်ဆက်တွင် ထိုသာဓကများ ရှိသည်ကို ပစ်ပါယ်၍ ကျမ်းတော်ပါ ယုတ္တိရှိသည့် တင်ပြချက်များကို ဒဏ္ဍာရီ ဝတ်ရုံများဖြင့် မလှမ်းခြုံသင့်ပေ။

(၇၈) ဤသုတ်တော်တွင် ပြောဆိုသော **ရှီဗာ** ဆိုသည်မှာ ခရစ်ယာန် သမ္မာကျမ်း ဓမ္မရာဇဝင် (၃) ၁၀ နှင့် ရာဇဝင်ချုပ် (၃) ၉ တွင် ဖော်ပြသော **ရှေဗာ** ပြည်ပင် ဖြစ်ပေသည်။ ဓမ္မခန္ဓာ ၃၄ တွင် ဤအမည်ကို ခေါင်းစီးအဖြစ် တွေ့ရသည်။

၂၆။	**اللَّهُ لَا إِلَٰهَ إِلَّا هُوَ رَبُّ الْعَرْشِ الْعَظِيمِ۝**
	ပရမတ်ဘုရားရှင်– မဟာ့မဟာထပ်ဆင့်ကွပ်ကဲမှု၏ ကံကြမ္မာရှင်– အရှင်မှအပ အခြားဘုရားဟူ၍ မရှိပါ''ဟု ဖြစ်၏။
၂၇။	**قَالَ سَنَنظُرُ أَصَدَقْتَ أَمْ كُنتَ مِنَ الْكَاذِبِينَ۝**
နိဒါန်း	**သူ** ပြန်ပြောသည်မှာ ''သင် ဖြောင့်မှန်သလောဟု ကျွန်ုပ်တို့ စောင့်ကြည့်လတ္တံ့၊ သို့မဟုတ်က သင်သည် လိမ်လည်သူများမှ ဖြစ်၏။
၂၈။	**اذْهَب بِّكِتَابِي هَٰذَا فَأَلْقِهْ إِلَيْهِمْ ثُمَّ تَوَلَّ عَنْهُمْ فَانظُرْ مَاذَا يَرْجِعُونَ۝**
	ဤ ကျွန်ုပ်၏ စာကို ယူသွား၍ သူတို့ထံသို့ ခင်းကျင်းလော့၊ တဖန် လှည့်လာ၍ သူတို့၏ အပြန်ကို စောင့်ကြည့်လော့၊''
၂၉။	**قَالَتْ يَا أَيُّهَا الْمَلَأُ إِنِّي أُلْقِيَ إِلَيَّ كِتَابٌ كَرِيمٌ۝**
	သူမက ပြောသည်မှာ ''အို– အကြံပေးတို့၊ ကျွန်ုပ်ထံသို့ ကျက်သရေရှိသော စာချွန်ကို ခင်းကျင်းခံရပြီ။
၃၀။	**إِنَّهُ مِن سُلَيْمَانَ وَإِنَّهُ بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ۝**
	၎င်းသည် စိုလိုင်မံထံမှပင် ဖြစ်၏။ ဇကော်ပင် ၎င်း၌ ကရုဏာရှင် အကြင်နာရှင်ဖြစ်သော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–
၃၁။	**أَلَّا تَعْلُوا عَلَيَّ وَأْتُونِي مُسْلِمِينَ۝**
	သင်၏ အထွင့်အထိပ်ဖြစ်မှုသည် ကျွန်ုပ်အား မဆန့်ကျင်၊ ငြိမ်းချမ်းရေးကိုသာ ကျွန်ုပ်အား ဆက်သလော့၊''ဟု ဖြစ်၏။
၃၂။	**قَالَتْ يَا أَيُّهَا الْمَلَأُ أَفْتُونِي فِي أَمْرِي مَا كُنتُ قَاطِعَةً أَمْرًا حَتَّىٰ تَشْهَدُونِ۝**
	သူမက ''အို– အကြံပေးတို့၊ ကျွန်ုပ်၏ အရေးအရာ၌ စူးစမ်းပေးကြလော့၊ သင်တို့၏ သက်သေခံချက်မရှိဘဲ အရေးအရာများကို ကျွန်ုပ် ဖြတ်လေ့မရှိချေ၊''ဟု ပြောသော်–
၃၃။	**قَالُوا نَحْنُ أُولُو قُوَّةٍ وَأُولُو بَأْسٍ شَدِيدٍ وَالْأَمْرُ إِلَيْكِ فَانظُرِي مَاذَا تَأْمُرِينَ۝**
	သူတို့က ''ကျွန်ုပ်တို့သည် အစွမ်း ရှိသူများ၊ ပြင်းထန်စွာ တိုက်ခိုက်နိုင်ခြင်း ရှိသူများ ဖြစ်၍ ညွှန်ကြားချက်သည် သင့်သဘော ဖြစ်၏။ သို့ဖြင့် ညွှန်ကြားချက်ကိုသာ စောင့်ကြည့်နေပါ၏၊''ဟု ဆိုကြ၏။
၃၄။	**قَالَتْ إِنَّ الْمُلُوكَ إِذَا دَخَلُوا قَرْيَةً أَفْسَدُوهَا وَجَعَلُوا أَعِزَّةَ أَهْلِهَا أَذِلَّةً وَكَذَٰلِكَ يَفْعَلُونَ۝**
	သူမ ပြန်ပြောသည်မှာ ''အာဏာထွားသူတို့သည် အရပ်ဒေသတို့ကို ဝင်သောအခါ၊ ၎င်း၌ အဖျက်လုပ်ကြ၏။ အရပ်သားတို့၏ ဘုန်းကံကို အနိမ့်ဆုံး ဖြစ်ရန် စီစဉ်ကြ၏။ သူတို့ ဤသို့ ပြုလုပ်ကြသည်သာတည်း။
၃၅။	**وَإِنِّي مُرْسِلَةٌ إِلَيْهِم بِهَدِيَّةٍ فَنَاظِرَةٌ بِمَ يَرْجِعُ الْمُرْسَلُونَ۝**
	ကျွန်ုပ်သည်မူ သူတို့ထံသို့ လက်ဆောင်ဝတ္ထုစေပို့၍၊ စေစားသူများ အပြန်ကို ကြည့်နေလတ္တံ့၊''ဟု ဖြစ်၏။
၃၆။	**فَلَمَّا جَاءَ سُلَيْمَانَ قَالَ أَتُمِدُّونَنِ بِمَالٍ فَمَا آتَانِيَ اللَّهُ خَيْرٌ مِّمَّا آتَاكُم بَلْ أَنتُم بِهَدِيَّتِكُمْ تَفْرَحُونَ۝**
နိဒါန်း	သို့ဖြင့် ၎င်းသည် စိုလိုင်မံထံသို့ ရောက်လာစဉ်၊ **သူ** ပြောသည်မှာ ''ကျွန်ုပ်အား ဥစ္စာပစ္စည်းကို တိုးပွားစေကြသလော ကျွန်ုပ်အား ပရမတ်ဘုရားရှင် ချီးမြှင့်သည်မှာ အရှင်က သင်တို့အား ချီးမြှင့်ထားသည်ထက် ပိုကောင်း၏။ လက်ဆောင်ဝတ္ထုများ အတွက် သင်တို့ ဝမ်းမြောက်နေကြသလော၊–
၃၇။	**ارْجِعْ إِلَيْهِمْ فَلَنَأْتِيَنَّهُمْ بِجُنُودٍ لَّا قِبَلَ لَهُم بِهَا وَلَنُخْرِجَنَّهُم مِّنْهَا أَذِلَّةً وَهُمْ صَاغِرُونَ۝**
	သူတို့ထံသို့ ပြန်ကြလော့၊ သူတို့ ရှေ့–မတက်နိုင်သော ကျွန်ုပ်တို့၏ တပ်မဖြင့် ချီတက်လာလတ္တံ့၊ ထို့နောက် သူတို့အား

	ထိမှ သိက္ခာချ၍ မောင်းထုတ်ပစ်လတ္တံ့၊ သူတို့သည် သေးသိမ်စွာ စွန့်ခွာရလတ္တံ့၊''ဟု ဖြစ်၏။
၃၈။	**قَالَ يَا أَيُّهَا الْمَلَأُ أَيُّكُمْ يَأْتِينِي بِعَرْشِهَا قَبْلَ أَن يَأْتُونِي مُسْلِمِينَ** ۞ သူက ''အို– အကြံပေးတို့၊ သူမသည် ငြိမ်းချမ်းရေးဆောင်သူ အဖြစ် ရောက်မလာမီ သူမ၏ ထပ်ဆင့်ကွပ်ကဲမှုအား[၇၈] ကျွန်ုပ်ထံသို့ သင်တို့မှ မည်သူက အပ်နှင်းနိုင်မည်နည်း၊''ဟု မေးသော်–
၃၉။ ☆ ၆း၁၀၀	**قَالَ عِفْرِيتٌ مِّنَ الْجِنِّ أَنَا آتِيكَ بِهِ قَبْلَ أَن تَقُومَ مِن مَّقَامِكَ وَإِنِّي عَلَيْهِ لَقَوِيٌّ أَمِينٌ** ۞ အန္ဓပုတ္တဇဉ်များမှ စစ်သူရဲတစ်ဦးက☆ ''သင်သည် သင်၏ နန်းတော်မှ ထမရပ်မီ ၎င်းကို သင် ရပ်တည်နေသည့် နေရာသို့ ကျွန်ုပ် ဆက်သပါမည်။ ထို့အတွက် ကျွန်ုပ်သည် ယုံကြည်စိတ်ချရသော အစွမ်းရှိသူ ဖြစ်ပါ၏၊''ဟု ဆို၏။
၄၀။	**قَالَ الَّذِي عِندَهُ عِلْمٌ مِّنَ الْكِتَابِ أَنَا آتِيكَ بِهِ قَبْلَ أَن يَرْتَدَّ إِلَيْكَ طَرْفُكَ فَلَمَّا رَآهُ مُسْتَقِرًّا عِندَهُ قَالَ هَذَا مِن فَضْلِ رَبِّي لِيَبْلُوَنِي أَأَشْكُرُ أَمْ أَكْفُرُ وَمَن شَكَرَ فَإِنَّمَا يَشْكُرُ لِنَفْسِهِ وَمَن كَفَرَ فَإِنَّ رَبِّي غَنِيٌّ كَرِيمٌ** ۞ သူ့အပါး ကျမ်းစာ သိကျွမ်းသူတစ်ဦးက ''မျက်ခြည်တစ်လှည့်မတိုင်မီ ၎င်းကို သင့်ထံသို့ ကျွန်ုပ် ဆက်သနိုင်ပါ၏။'' ဟု ဆို၏။[၇၉] ထို့နောက် တည်ငြိမ်စေရာကို သူအပါး၌ တွေ့မြင်သောအခါ၊ သူ ပြောသည်မှာ ''ဤသည် ကံကြမ္မာရှင်မှ သိက္ခာပေးခြင်း ဖြစ်၏။ ကျေးဇူးသိတတ်သလော၊ သို့တည်းမဟုတ် ဖုံးကွယ်တတ်သလောဟု ကျွန်ုပ်အား စုံစမ်းခြင်း ဖြစ်၏။ ကျေးဇူးကို သိတတ်သူသည် သူ့ဉာဉ်စရိုက်အတွက် ကျေးဇူးသိတတ်သည် မည်၏။ ဖုံးကွယ်သူ အတွက်မူ၊ ဇကန်ပင် ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကုံလုံပြည့်စုံတော်မူ၏၊ ကျက်သရေအပေါင်းနှင့်ပြည့်စုံတော်မူ၏။''
၄၁။ ဖွဲ့စည်းပုံသစ်	**قَالَ نَكِّرُوا لَهَا عَرْشَهَا نَنظُرْ أَتَهْتَدِي أَمْ تَكُونُ مِنَ الَّذِينَ لَا يَهْتَدُونَ** ۞ ''သူမ၏ထပ်ဆင့်ကွပ်ကဲမှုကို သူမအတွက် **ပုံစံသစ်**ပြုလုပ်လော့၊ သူမသည် လမ်းညွှန်ကို လိုက်သလော၊ သို့တည်းမဟုတ် လမ်းညွှန် ဆက်မလိုက်သော သူဖြစ်သလောကို စောင့်ကြည့်လော့၊''ဟု ဆို၍–[၈၀]

---

(၇၈) **عَرْش အာ့ရ်ရှိ** ဆိုသည်မှာ ထပ်ဆင့်ကွပ်ကဲမှု ဆိုလိုပေသည် (၁၀း၃) ဒဏ္ဍာရီဆရာတော်ကြီး အများစုက **ရှီဗာ** ဘုရင်မထိုင်သော ရာဇပလ္လင်ခုံကို စိုလိုင်မံ၏ဆီသို့ ယူဆောင်လာရန် စိုလိုင်မံက လက်အောက် ငယ်သားများကို စေစားကြောင်း ထိုအထဲမှ **ဂျင်** (၆း၁၀၀) တစ်ဦးက ထိုရာဇပလ္လင်အား ယူပေးမည်ဟု ပြောဆိုကြောင်း၊ နောက်ဆုံး ကျမ်းတတ် ပုဂ္ဂိုလ်တစ်ဦးမှ ထိုရာဇပလ္လင်အား ယူပေးခဲ့ကြောင်းများကို တွင်တွင် ကျယ်ကျယ် ရေးသားပြောဆိုကြပေသည်။ စိုလိုင်မံကဲ့သို့ ပြည့်ရှင်မင်းကြီး တစ်ပါး အနေဖြင့် ထိုရုပ်ဝတ္ထုထိုင်ခုံအား မည်သည်ကြောင့် ယူရမည် နည်းဟု ထည့်စဉ်းစားမိဟန် မရှိချေ။ စိုလိုင်မံသည် ထိုင်ခုံအား လိုချင်သူ မဟုတ်ပေ၊ သစ္စာတရားအား ဖြန့်ချီသည့် အင်ပါယာကို တိုးချဲ့လိုသူသာ ဖြစ်ပေသည်။ ဤနေရာတွင် **عَرْش အာ့ရ်ရှိ** ၏ အဓိပ္ပါယ်မှာ သူမ ကွပ်ကဲအုပ်ချုပ်နေသော နေရာဟု ဖြစ်သည်။ စိုလိုင်မံသည် သူမထံမှ အတင်း တဖက်သတ် အာဏာသိမ်းခဲ့ခြင်း မရှိချေ။ အောက်မှ ရှင်းလင်းချက်ကို ဆက်ဖတ်ပါ။

(၇၉) စိုလိုင်မံသည် ထို ပုတ္တဇဉ် သူရဲကောင်းက အာဏာသိမ်းပေးမည် ဆိုခြင်းကို လက်မခံခဲ့ကြောင်း၊ ကျမ်းတတ်ပုဂ္ဂိုလ် အကြံဉာဏ်ကိုသာ လက်ခံခဲ့ကြောင်း ဤသုတ်တော်က ဖေါ်ပြပေသည်။ ထိုကျမ်းတတ်ပုဂ္ဂိုလ်က မျက်စိတစ်မှိတ် အတွင်း ပေးအပ်နိုင်သည်ဟု ပြောခဲ့ခြင်းမှာ အလွန်တိုတောင်းသော ကာလအတွင်း စိုလိုင်မံ၏ ဆန္ဒဖြစ်သည့် သူမ၏ အာဏာကို ရယူနိုင်သော နည်းနာ ဥပဒေကို ရေးဆွဲပေးခြင်းပင် ဖြစ်သည်။ ကျမ်းတတ် ပုဂ္ဂိုလ် ဆိုသည်မှာ ''သိပ္ပံပညာရှင်၊ စွမ်းအားရှင်'' ဟု အနက်ကို မပေးပေ။ ကျမ်းတတ်ပုဂ္ဂိုလ်ဆိုသည်မှာ ဥပဒေပညာရှင်ဟုသာ ဆိုလိုပေသည်။ ကျမ်းတော် ဆိုသည်မှာ ဥပဒေ၊ ဥပဒေသများကို ပြဋ္ဌာန်းသော စာအုပ်သာ ဖြစ်ကြောင်း ဤကဲ့သို့အာန်ကျမ်းတော်၏ နေရာပေါင်းများစွာတွင် ပြောဆိုပေသည်။ ထိုပုဂ္ဂိုလ်က **ရှီဗာ**နိုင်ငံကို စိုလိုင်မံအုပ်ချုပ်သော နိုင်ငံတော်ကြီး၏ အဖွဲ့ဝင်နိုင်ငံဖြစ်ရန် ဥပဒေပြုပေးနိုင်ခြင်း ဖြစ်ပေသည်။ ထိုအကြောင်းကို သုတ်တော် (၄၁) တွင် သူမအတွက် အုပ်ချုပ်မှုပုံစံသစ် ပြုလုပ်ပေးကြောင်း၊ သုတ်တော် (၄၂)တွင် ထိုအုပ်ချုပ်ရေးပုံစံသစ်သည်၊ သူမ၏ ယခင် အာဏာထက် မနိမ့်ကြောင်း **ဖြစ်မြဲပင်** ဟု သည့် စကားက ဖေါ်ပြနေပေသည်။ သူမသည် စိုလိုင်မံထံသို့ လူကိုယ်တိုင် ရောက်မလာမီ ကပင် ထိုအုပ်ချုပ်ရေး ပုံစံသစ်ကို ကြိုတင် အကြောင်းကြားထားပြီး ဖြစ်၍၊ သူမက ထိုငြိမ်းချမ်းရေးကို သဘောတူညီခဲ့ကြောင်း အဆိုပါ သုတ်တော်တွင် အတိအကျ ဖေါ်ပြထားပေသည်။ သုတ်တော် (၄၂)မှ ''ကျွန်ုပ်တို့ထံ အသိပေးခြင်း ခံခဲ့ရပေပြီ------'' ဝါကျကို စိုလိုင်မံက ပြောသော ဝါကျ ဖြစ်သည်ဟု မူရင်းတွင် မပါသော အရာကို အစာသွပ် မပြန်ဆိုသင့်ပေ။

(၇၉၀) ဤသုတ်တော်မှ **ဖြုံ့ ဒဲ့ ကာ်ဂီရှူးဟ်** သည် **ဂ်ာ နကိရ** မှ ဆင့်ပွားခြင်း ဖြစ်၍ နဂိုမူလနှင့် မတူသော ပြောဆိုမှု နဂိုမူလ ရိုးရာအစွဲနှင့် မကိုက်ညီ၍ ငြင်းပယ်မှု ပယ်ချမှု၊ နဂိုမူလ ထင်မှတ်ကျင့်ကြံထားသည်နှင့် မတူညီစွာ စစ်ဆေးခံရခြင်းကြောင့် တုန်လှုပ်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ဤသုတ်တော်တွင် နဂိုမူလကဲ့သို့ မဟုတ်ဘဲ သူမ (ရှီဗာ ဘုရင်မ) အတွက် အံ့သြစေလောက်သည့် ပုံစံသစ်၊ ဖွဲ့စည်းပုံသစ် ဟု ဘာသာပြန်ခြင်း ဖြစ်ပါသည်။ အစဉ်အလာ မဟုတ်သောကြောင့် မကြားရဲသော စကား– ပြုမှုခြင်းတို့ကို သုံးပေသည်။

၄၂။	**فَلَمَّا جَاءتْ قِيلَ أَهَكَذَا عَرْشُكِ قَالَتْ كَأَنَّهُ هُوَ وَأُوتِينَا الْعِلْمَ مِن قَبْلِهَا وَكُنَّا مُسْلِمِينَ**۞ သူမ ရောက်လာစဉ်၊ ''သင်၏ ထပ်ဆင့်ကွပ်ကဲမှုအတိုင်း ဖြစ်သလော၊''ဟု မေးသော်၊ သူမက ''ဖြစ်မြဲပင်၊ ရှေ့အလျှင်ကပင် ကျွန်ုပ်တို့ထံ အသိပေးခြင်းခံခဲ့ရပေပြီ၊ ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးဆောင်သူများ ဖြစ်ပါ၏၊''ဟု ဆို၏။
၄၃။	**وَصَدَّهَا مَا كَانَت تَّعْبُدُ مِن دُونِ اللَّهِ إِنَّهَا كَانَتْ مِن قَوْمٍ كَافِرِينَ**۞ သူမသည် ပရမတ်ဘုရားရှင် မှလွဲ၍ ကိုးကွယ်လေ့ရှိခဲ့ခြင်းက သူမအား အပယ်ခံဖြစ်စေပြီ၊ သူမသည် ဖုံးကွယ်သော လူမျိုးမှ ဖြစ်ခဲ့ရ၏။
၄၄။	**قِيلَ لَهَا ادْخُلِي الصَّرْحَ فَلَمَّا رَأَتْهُ حَسِبَتْهُ لُجَّةً وَكَشَفَتْ عَن سَاقَيْهَا قَالَ إِنَّهُ صَرْحٌ مُّمَرَّدٌ مِّن قَوَارِيرَ قَالَتْ رَبِّ إِنِّي ظَلَمْتُ نَفْسِي وَأَسْلَمْتُ مَعَ سُلَيْمَانَ لِلَّهِ رَبِّ الْعَالَمِينَ**۞ သူမအား ''နန်းတော်သို့ ဝင်ရောက်ပါ၊''ဟု ဖိတ်ခေါ်၍၊ သူမ လှိုင်းကြက်ခွပ်ထနေသည်ဟု တွေ့မြင် စဉ်းစားမိသော ကြောင့် ခြေသလုံးကို ဖယ်မိ၏။[၇၉] သူက ''ဤသည် ဖေါင်းကြွများဖြင့် တည်ငြိမ်နေသော နန်းတော်ပင် ဖြစ်၏၊''ဟု ဆို၏။ သူမက ''အို– ကံကြမ္မာရှင် တပည့်တော်မသည် ဉာဉ်စရိုက်ကို အဝိဇ္ဇာစီးမိခဲ့ပါပြီ၊ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်အတွက် စိုလိုင်မံနှင့်အတူ ငြိမ်းချမ်းရေးပြုပါတော့မည်၊''ဟု ရင့်ကျူး၏။
၄၅။	**وَلَقَدْ أَرْسَلْنَا إِلَى ثَمُودَ أَخَاهُمْ صَالِحًا أَنِ اعْبُدُوا اللَّهَ فَإِذَا هُمْ فَرِيقَانِ يَخْتَصِمُونَ**۞ ငါသည် သမု–ဒ်တို့ထံသို့ သူတို့မှ အဖွဲ့နှစ်ဖွဲ့ အချေအတင်ဖြစ်စဉ် ''ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ဆည်းကပ်ကြရန်၊'' သူတို့၏ ညီနောင်ဖြစ်သော ဆွာလေဟ်ကို မှာကြား စေစား၍–
၄၆။	**قَالَ يَا قَوْمِ لِمَ تَسْتَعْجِلُونَ بِالسَّيِّئَةِ قَبْلَ الْحَسَنَةِ لَوْلَا تَسْتَغْفِرُونَ اللَّهَ لَعَلَّكُمْ تُرْحَمُونَ**۞ သူက ''အို– ကျွန်ုပ်၏ လူမျိုးတို့ သင်တို့ အပေါ် ကရုဏာသက်အံ့သောငှာ ပရမတ်ဘုရားရှင်ထံ၌ လွှတ်ငြိမ်းဆုပန်ခြင်းဟူသည့် သုမဂ်လာ မတိုင်မီ အကုသိုလ်မှုဖြင့် အဘယ်ကြောင့် အလျင်လိုနေကြသနည်း၊''ဟု ဆိုသော်၊
၄၇။	**قَالُوا اطَّيَّرْنَا بِكَ وَبِمَن مَّعَكَ قَالَ طَائِرُكُمْ عِندَ اللَّهِ بَلْ أَنتُمْ قَوْمٌ تُفْتَنُونَ**۞ သူတို့က ''အသင်၊ အသင်နှင့်အတူရှိသူတို့ကြောင့် ကျွန်ုပ်တို့မှာ လူးလာဆန်ခတ်ဖြစ်ရ၏၊''ဟု ဆို၏။ သူက ''သင်တို့ လူးလာဆန်ခတ်ဖြစ်ရခြင်းမှာ ပရမတ်ဘုရားရှင်၏ ထံမှဖြစ်၏။ အမှန်မှာ အသင်တို့သည် စမ်းသပ်ခံ လူမျိုးပင် ဖြစ်၏၊''ဟု ပြန်ပြော၏။
၄၈။	**وَكَانَ فِي الْمَدِينَةِ تِسْعَةُ رَهْطٍ يُفْسِدُونَ فِي الْأَرْضِ وَلَا يُصْلِحُونَ**۞ မြို့တွင်း၌ မြေကမ္ဘာအား အဖျက်လုပ်သော မျိုးရိုးခေါင်းဆောင် ကိုးယောက် ရှိ၏။ သူတို့သည် ပြုပြင်သူများ မဟုတ်ချေ။
၄၉။	**قَالُوا تَقَاسَمُوا بِاللَّهِ لَنُبَيِّتَنَّهُ وَأَهْلَهُ ثُمَّ لَنَقُولَنَّ لِوَلِيِّهِ مَا شَهِدْنَا مَهْلِكَ أَهْلِهِ وَإِنَّا لَصَادِقُونَ**۞ သူတို့အချင်းချင်း ပရမတ်ဘုရားရှင်အား တိုင်တည်ကြလျက် ''ကျွန်ုပ်တို့သည် သူနှင့် သူ့ ဝိုင်းတော်သားများကို မှောင်ချ

---

(၇၉၁) ဤသုတ်တော်မှ **كَشَفَتْ عَن سَاقَيْهَا ကရုဖတ် အနှီး ဆာကိုင်းဟာ**၏ တိုက်ရိုက် အဓိပ္ပါယ်မှာ **ခြေသလုံးကို ဖယ်မိသည်၊** ဟု ဖြစ်ပေသည်။ သို့သော် ပြဿနာ တစ်ရပ်ကို ရင်ဆိုင်ရမည့် အခါတွင် မြန်မာများအနေဖြင့် ခါးထောင်းကျိုက် သက့ဲသို့ (လုံချည်ကို ပြင်၍ တိုတို ဝတ်လိုက် သကဲ့သို့) အာရဗ်လောကတွင် **ပြဿနာတစ်ရပ် အခက်အခဲ တစ်ရပ်ကြုံ** ရခိုနိုင် **الساق عن الكشف** သူသည် **အခက်အခဲကို ရင်ဆိုင်ရန် ပြင်ဆင်သည်**ဟု သုံးပေသည်။ ထို့ကြောင့် အချို့ဆရာတော်ကြီးများက ဤစကားကို သူမအတွက် အထူးအဆန်း တစ်ခုကို မြင်တွေ့လိုက်ရသောကြောင့် **အခက်အခဲနှင့် ကြုံတွေ့ရသည်၊** ဟု ပြန်ဆိုကြပေသည်။ ဖဲ့ဇ၂ နှင့် ၇၅း၂၉ တွင် ဤစကားလုံး **سَاق** ဆာက ကိုတွေ့ပြီး အခက်အခဲနှင့်ကြုံရခိုနိုင်ဟု ပြန်ဆိုသည်များ ရှိပေသည်။ ထို့ပြင် ဤသုတ်တော်မှာ **لُجَّةً လို့ဂ်ျတ်ဟ်** ဟူသည့် စကားလုံးကိုလည်း ဆရာတော်များစွာက ရေကန် ဟု ဘာသာပြန်ကြသည်၊ ထို စကားလုံးသည် ၎ ၎ ၂ မှ ဆင့်ပွား ဖြစ်၍ ကျမ်းတော်တွင် ၄ ကြိမ်သုံးထားသည်ကို တွေ့ရသည်၊ ''အလုအယက်တိုးဝှေ့၍ နေရာဦးသည်'' ဟု အနက်ပေး၍ – ရေပြင်တွင် မျက်နှာချင်းဆိုင်ရေလှိုင်း ထိပ်တိုက်တိုးသည်၊ လှိုင်းကြက်ခွပ်ဟု ပြောဆိုခြင်း ဖြစ်သည်။

	သုတ်သင်ရေးပြုလုပ်မည်၊ ထို့နောက် ‘‘သူ့ဝိုင်းသားများ တိမ်ကောရခြင်း၌ ကျွန်ုပ်တို့သည် သက်သေ မဟုတ်ပါ၊ ကျွန်ုပ်တို့သည် ဖြောင့်မှန်သူများ ဖြစ်ပါ၏ဟု သူ့ မဟာမိတ်အား ပြောကြမည်၊’’ ဟု ဆိုကြ၏။
၅၀။	**وَمَكَرُوا مَكْرًا وَمَكَرْنَا مَكْرًا وَهُمْ لَا يَشْعُرُونَ۝**
	သူတို့သည် အကြံအစည် ကြံစည်နေကြ၏။ ငါလည်း အကြံအစည် ကြံစည်နေတော်မူ၏၊ သူတို့ သတိမမူနိုင်ကြချေ။
၅၁။	**فَانظُرْ كَيْفَ كَانَ عَاقِبَةُ مَكْرِهِمْ أَنَّا دَمَّرْنَاهُمْ وَقَوْمَهُمْ أَجْمَعِينَ۝**
	သူတို့ ကြံစည်မှု၏ နိဂုံးမှာ မည်သို့ဖြစ်ကြောင်း စောင့်ကြည့်လော့၊ ငါသည် သူတို့လူမျိုး အားလုံးကို ပျက်စီးစေတော်မူလိုက်၏။
၅၂။	**فَتِلْكَ بُيُوتُهُمْ خَاوِيَةً بِمَا ظَلَمُوا إِنَّ فِي ذَٰلِكَ لَآيَةً لِّقَوْمٍ يَعْلَمُونَ۝**
	ဤမှာ သူတို့၏ မိုက်ကြေးခွဲမှုများကြောင့် ပြုပျက်နေသော သူတို့၏ အိမ်ယာများပင် ဖြစ်၏။ ဇကနပင် ဤ၌ အသိရှိသော လူမျိုးအတွက် လက္ခဏာရပ် ရှိနေ၏။
၅၃။	**وَأَنجَيْنَا الَّذِينَ آمَنُوا وَكَانُوا يَتَّقُونَ۝**
	ယုံကြည်၍ စည်းစောင့်လေ့ရှိသောသူတို့ကို ငါ လွတ်မြောက်စေတော်မူ၏။
၅၄။	**وَلُوطًا إِذْ قَالَ لِقَوْمِهِ أَتَأْتُونَ الْفَاحِشَةَ وَأَنتُمْ تُبْصِرُونَ۝**
	လု-တ်က သူ့လူမျိုးအား ပြောသည်မှာ ‘‘သင်တို့သည် မြင်နေလျက်နှင့် ကိုယ်ကျင့်ပျက်မှုကို အတည်ပြုကြသလော၊
၅၅။	**أَئِنَّكُمْ لَتَأْتُونَ الرِّجَالَ شَهْوَةً مِّن دُونِ النِّسَاء بَلْ أَنتُمْ قَوْمٌ تَجْهَلُونَ۝**
	သင်တို့သည် အမျိုးသမီးများကို ပ’လျက် အမျိုးသားများထံ အာသာရမက်ဖြေရန် ချည်းကပ်နေကြ၏။ အမှန်မှာ သင်တို့သည် ပညာမဲ့သော လူမျိုးသာ ဖြစ်သတည်း၊’’ဟု ဖြစ်၏။
၅၆။	**فَمَا كَانَ جَوَابَ قَوْمِهِ إِلَّا أَن قَالُوا أَخْرِجُوا آلَ لُوطٍ مِّن قَرْيَتِكُمْ إِنَّهُمْ أُنَاسٌ يَتَطَهَّرُونَ۝**
	‘‘ထို သန့်စင်သည်ဟူသည့် လူသားများ လု-တ်နှင့် သူ့ အဆက်အနွယ်များကို သင်တို့၏ အရပ်မှ မောင်းထုတ်ကြ၊’’ဟု ဆိုခြင်းမှအပ သူ့လူမျိုးထံမှ အခြား အဖြေ မရှိပြီ။
၅၇။	**فَأَنجَيْنَاهُ وَأَهْلَهُ إِلَّا امْرَأَتَهُ قَدَّرْنَاهَا مِنَ الْغَابِرِينَ۝**
	သူ့အမျိုးသမီးမှအပ သူနှင့် သူ့ဝိုင်းသားများကို ငါ လွတ်မြောက်စေတော်မူ၏။ ငါ၏ စည်းချိန်အလျောက် သူမသည် ကျန်ရစ်သူများမှ ဖြစ်၏။
၅၈။ ☆ ဂုဒ၄	**وَأَمْطَرْنَا عَلَيْهِم مَّطَرًا فَسَاء مَطَرُ الْمُنذَرِينَ۝** ငါသည် သူတို့အပေါ်သို့ မိုးကြိး ရွာသွန်းစေ၏၊ သတိပေးခံရသူများအား အကုသိုလ် မိုးထိလေပြီ။☆
၅၉။	**قُلِ الْحَمْدُ لِلَّهِ وَسَلَامٌ عَلَى عِبَادِهِ الَّذِينَ اصْطَفَى آللَّهُ خَيْرٌ أَمَّا يُشْرِكُونَ۝**
	‘‘ရည်သန်စူးစိုက်မှုအပေါင်းသည် ပရမတ်ဘုရားရှင်အဘို့ဖြစ်၏။ အရှင့် ရွေးချယ်ခံရသော အမှုတော်ဆောင်များ အပေါ်သို့ ငြိမ်းချမ်းမှုခပါစေ။ ပိုမိုမြင့်မြတ်သည်မှာ– ပရမတ်ဘုရားရှင်လော၊ သို့တည်းမဟုတ် ရောပြွန်းကိုးကွယ်ခံများလော၊’’ ဟု ဟောပြောလော့။
၆၀။	**أَمَّنْ خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَأَنزَلَ لَكُم مِّنَ السَّمَاء مَاء فَأَنبَتْنَا بِهِ حَدَائِقَ ذَاتَ بَهْجَةٍ مَّا كَانَ لَكُمْ أَن تُنبِتُوا شَجَرَهَا أَإِلَهٌ مَّعَ اللَّهِ بَلْ هُمْ قَوْمٌ يَعْدِلُونَ۝**

	သို့တည်းမဟုတ် အရှင်သည် မိုးများနှင့် မြေကို ဖြစ်တည်စေသည်၊ သင်တို့အဘို့ ကောင်းကင်ယံမှ ရေကို သွန်းချစေသည် မဟုတ်လော၊ ငါသည် ၎င်းဖြင့် ရှုချင်စဖွယ် စိုက်ခင်းများကို ဖြစ်ထွန်းစေ၏။ ထိုမှ သစ်ပင်များကို သင်တို့က ဖြစ်ထွန်းစေနိုင်ခြင်း မရှိခဲ့ချေ။ ပရမတ်ဘုရားရှင်နှင့်အတူ အခြားဘုရားဟု ရှိသလော၊ အမှန်မှာ သူတို့သည် တန်းတူပြုလိုသော လူမျိုးသာ ဖြစ်ကြ၏။
၆၁။	**أَمَّن جَعَلَ الْأَرْضَ قَرَارًا وَجَعَلَ خِلَالَهَا أَنْهَارًا وَجَعَلَ لَهَا رَوَاسِيَ وَجَعَلَ بَيْنَ الْبَحْرَيْنِ حَاجِزًا أَإِلَٰهٌ مَّعَ اللَّهِ بَلْ أَكْثَرُهُمْ لَا يَعْلَمُونَ۞** သို့တည်းမဟုတ် အရှင်သည် အတည်တကျ မြေကမ္ဘာကို စီစဉ်ပေး၏၊ ၎င်း၌ မြစ်များကို စီစဉ်ပေး၏၊ ၎င်းအတွက် တိုက်ကြီးများကို စီစဉ်ပေး၏၊ ပင်လယ်နှစ်ခုကြား အကာအရံကို စီစဉ်ပေး၏ မဟုတ်လော၊ ပရမတ်ဘုရားရှင် နှင့်အတူ အခြား ဘုရားဟု ရှိသလော၊ အမှန်မှာ သူတို့မှ အများစုသည် အသိရှိကြသည် မဟုတ်ချေ။[၇၄]
၆၂။	**أَمَّن يُجِيبُ الْمُضْطَرَّ إِذَا دَعَاهُ وَيَكْشِفُ السُّوءَ وَيَجْعَلُكُمْ خُلَفَاءَ الْأَرْضِ أَإِلَٰهٌ مَّعَ اللَّهِ قَلِيلًا مَّا تَذَكَّرُونَ۞** သို့တည်းမဟုတ် အရှင်သည် ဒုက္ခခံရသူတို့၏ ဆုတောင်းခြင်းကို တုန့်ပြန်တော်မူ၍ အကုသိုလ်မှ ဖယ်ရှားပေး၏၊ သင်တို့အား ကမ္ဘာမြေ၏ သမ္မတမင်းများအဖြစ် စီစဉ်ပေး၏ မဟုတ်လော၊ ပရမတ်ဘုရားရှင် နှင့်အတူ အခြား ဘုရား ဟု ရှိသလော၊ အနည်းငယ်မျှပင် ဆင်ခြင်သတိ မရှိချေတကား။
၆၃။	**أَمَّن يَهْدِيكُمْ فِي ظُلُمَاتِ الْبَرِّ وَالْبَحْرِ وَمَن يُرْسِلُ الرِّيَاحَ بُشْرًا بَيْنَ يَدَيْ رَحْمَتِهِ أَإِلَٰهٌ مَّعَ اللَّهِ تَعَالَى اللَّهُ عَمَّا يُشْرِكُونَ۞** သို့တည်းမဟုတ် မြေ ရေ နှစ်ပါး အမှောင်ထုမှ သင်တို့အား လမ်းညွှန်ပြခဲ့သည့် အရှင်သည် အရှင်၏ လက်ရှိ–ရှေ့မှောက် ကရုဏာ သတင်းကောင်းဆောင် လေများကို စေပို့ခဲ့သည် မဟုတ်လော၊ ပရမတ်ဘုရားရှင်နှင့်အတူ အခြား ဘုရားဟု ရှိသလော၊ ပရမတ်ဘုရားရှင်သည် သူတို့ရောပြွန်းကိုးကွယ်ရာများထက် အထွဋ်အထိပ်ဖြစ်တော်မူ၏။
၆၄။	**أَمَّن يَبْدَأُ الْخَلْقَ ثُمَّ يُعِيدُهُ وَمَن يَرْزُقُكُم مِّنَ السَّمَاءِ وَالْأَرْضِ أَإِلَٰهٌ مَّعَ اللَّهِ قُلْ هَاتُوا بُرْهَانَكُمْ إِن كُنتُمْ صَادِقِينَ۞** သို့တည်းမဟုတ် အရှင်သည် ဖြစ်တည်စေခြင်းကို စ၏၊ ၎င်းကို ဆက်ဖြစ်နေစေ၍၊ အရှင်သည် သင်တို့အား မိုးများနှင့် မြေမှ ရိက္ခာထောက်နေသည် မဟုတ်လော၊ ပရမတ်ဘုရားရှင်နှင့်အတူ အခြားဘုရားဟု ရှိသလော၊ "သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်လျှင် သင်တို့၏ သက်သေပြချက်များကို ယူခဲ့ကြ၊"ဟု ဟောပြောလော့။
၆၅။	**قُل لَّا يَعْلَمُ مَن فِي السَّمَاوَاتِ وَالْأَرْضِ الْغَيْبَ إِلَّا اللَّهُ وَمَا يَشْعُرُونَ أَيَّانَ يُبْعَثُونَ۞** ဟောလော့ "ပရမတ်ဘုရားရှင်မှ အပ မိုးများနှင့် မြေအတွင်း မည်သူမှ စကျွတ်လွန်ကို မသိနိုင်ချေ။ သူတို့သည် မည်သည့်အခါတွင် နိုးထမည်ကိုလည်း သတိမမူမိကြချေ။"
၆၆။	**بَلِ ادَّارَكَ عِلْمُهُمْ فِي الْآخِرَةِ بَلْ هُمْ فِي شَكٍّ مِّنْهَا بَلْ هُم مِّنْهَا عَمُونَ۞** အမှန်မှာ၊ သူတို့၏ သိနိုင်အားသည် နောင်ဘဝထိ မလွှမ်းခြုံနိုင်။ အမှန်မှာ သူတို့သည် ထိုဥ္စ ဒိဗ္ဗာဖြစ်၏၊ အမှန်မှာ ၎င်းနှင့်ပတ်သက်၍ အကန်းများသာ ဖြစ်ကြကုန်၏။

(၇၄) ထိုခေတ်ထိုအခါကပင် ကျမ်းတော်က ဖေါ်ပြသော ကမ္ဘာ ဆိုသည်မှာ မိမိတို့သိထားသော ပတ်ဝန်းကျင်ကလေးသာ မဟုတ်တော့ပေ။ ဤကမ္ဘာဂြိုလ်ကြီးတစ်ခုလုံးကို ပြောဆိုပေသည်။ ထို့အကြောင်းကို ကမ္ဘာ့အခြမ်းကြီးနှစ်ခုအားဖြင့် စည်းခြားနေသော သမုဒ္ဒရာကြီးနှစ်ခုအားဖြင့် ဖေါ်ပြထားပေသည်။ ထို့ကြောင့်ကိုယ်တော်မုဟမ္မဒ်သည် ဤကမ္ဘာဂြိုလ် တစ်ခုလုံးအတွက် နောက်ဆုံးအဖြစ် ပွင့်ပေါ်ခဲ့သော ဉာဏ်စဉ်တော်ဆောင် ဖြစ်ပေသည်။ မိမိ၏ ပတ်ဝန်းကျင်ဒေသ ကမ္ဘာလေးတစ်ခုအတွက်သာ ပွင့်ပေါ်ခဲ့ခြင်း မဟုတ်ပေ။

၆၇။	**وَقَالَ الَّذِينَ كَفَرُوا أَئِذَا كُنَّا تُرَابًا وَآبَاؤُنَا أَئِنَّا لَمُخْرَجُونَ۞** ဖုံးကွယ်သော သူများက ပြောကြသည်မှာ ‘‘ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ ဘဘိုးတို့သည် မြေမှုန့်ဖြစ်ပြီးသောအခါ၊ ပြန်လည်ထုတ်ယူခြင်း ခံရမည်လော၊
၆၈။	**لَقَدْ وُعِدْنَا هَذَا نَحْنُ وَآبَاؤُنَا مِن قَبْلُ إِنْ هَذَا إِلَّا أَسَاطِيرُ الْأَوَّلِينَ۞** ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ ဘဘိုးများထံ ဤသို့ တူညီသော ကတိကို ရှေ့အလျင်ကလည်း မုချပေးခဲ့ချေပြီ။ ဤသည် ရှေးသရောအခါက ဒဏ္ဍာရီများသာတည်း’’ဟု ဖြစ်၏။
၆၉။	**قُلْ سِيرُوا فِي الْأَرْضِ فَانظُرُوا كَيْفَ كَانَ عَاقِبَةُ الْمُجْرِمِينَ۞** ‘‘မြေကမ္ဘာအနှံ့ သွားလာ၍ ရာဇဝတ်ကောင်များ၏ နိဂုံး မည်သို့ချုပ်ခဲ့ရသည်ကို ကြည့်ကြ၊’’ဟု ဟောလော့။
၇၀။	**وَلَا تَحْزَنْ عَلَيْهِمْ وَلَا تَكُن فِي ضَيْقٍ مِّمَّا يَمْكُرُونَ۞** သူတို့ကြောင့် စိတ်မပူနှင့်၊ သူတို့၏ ကြံစည်မှုများကြောင့် စိတ်ကျပ်တည်းခြင်း မရှိနှင့်။
၇၁။	**وَيَقُولُونَ مَتَى هَذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ۞** သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် ထိုကတိသည် မည်သည့်အခါ ရောက်လာမည်နည်း ဟု ပြောလိုကြ၏။
၇၂။	**قُلْ عَسَى أَن يَكُونَ رَدِفَ لَكُم بَعْضُ الَّذِي تَسْتَعْجِلُونَ۞** ဟောလော့ ‘‘သင်တို့ အလျင်လိုသော အရာ၏ အချို့သည် သင်တို့ထံသို့ နောက်ကျောကပ်လျက် ရှိနိုင်ရာ၏။’’
၇၃။	**وَإِنَّ رَبَّكَ لَذُو فَضْلٍ عَلَى النَّاسِ وَلَكِنَّ أَكْثَرَهُمْ لَا يَشْكُرُونَ۞** ဇကော်ပင်၊ သင်၏ ကံကြမ္မာရှင်သည် လူသားတို့အား သိက္ခာပေးသော အရှင် ဖြစ်၏၊ သို့ရာတွင် သူတို့မှ အများစုကြီးသည် ကျေးဇူးမသိတတ်ကြချေ။
၇၄။	**وَإِنَّ رَبَّكَ لَيَعْلَمُ مَا تُكِنُّ صُدُورُهُمْ وَمَا يُعْلِنُونَ۞** ဇကော်ပင်၊ သင်၏ ကံကြမ္မာရှင်သည် သူတို့၏ ရင်တွင်း၌ ကွယ်ထားရာ လူသိရှင်ကြားပြုရာများကို သိနေတော်မူ၏။
၇၅။	**وَمَا مِنْ غَائِبَةٍ فِي السَّمَاءِ وَالْأَرْضِ إِلَّا فِي كِتَابٍ مُّبِينٍ۞** မိုးများနှင့် မြေကမ္ဘာအတွင်း ရှိသည်များသည် မျက်ကွယ်ဖြစ်နေသည်ဟု မရှိ၊ ရှင်းလင်းထင်ရှားသော လောကဓမ္မ၌ ရှိနေသည်သာ ဖြစ်၏။
၇၆။	**إِنَّ هَذَا الْقُرْآنَ يَقُصُّ عَلَى بَنِي إِسْرَائِيلَ أَكْثَرَ الَّذِي هُمْ فِيهِ يَخْتَلِفُونَ۞** ဇကော်ပင်– ဂျူးလူမျိုးမှ အများစု၏ ကွဲပြားနေမှုများကို ဤကုရ်အာန်၌ အကြောင်းကို ဖေါ်ပြ၏၊
၇၇။ ကုရ်အာန်	**وَإِنَّهُ لَهُدًى وَرَحْمَةٌ لِّلْمُؤْمِنِينَ۞** ဇကော်ပင် **၎င်း**သည် ယုံကြည်သူများအတွက် လမ်းညွှန်တော် ကရုဏာတော်ဖြစ်၏။
၇၈။	**إِنَّ رَبَّكَ يَقْضِي بَيْنَهُم بِحُكْمِهِ وَهُوَ الْعَزِيزُ الْعَلِيمُ۞** ဇကော်ပင် သင့်ကံကြမ္မာရှင်သည် သူတို့ကြား၌ ဓမ္မသတ်ဖြင့် ဆုံးဖြတ်လိမ့်မည်၊ အရှင်သည် ဘုန်းတော်အရှင် သိနေတော်မူသော အရှင်ဖြစ်၏။
၇၉။	**فَتَوَكَّلْ عَلَى اللَّهِ إِنَّكَ عَلَى الْحَقِّ الْمُبِينِ۞** သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား ယုံပုံကိုးစားလော့၊ ဇကော်ပင် အသင်သည် ရှင်းလင်းထင်ရှားသော သစ္စာတရား၌ ရှိ၏။

၈၀။	**إِنَّكَ لَا تُسْمِعُ الْمَوْتَى وَلَا تُسْمِعُ الصُّمَّ الدُّعَاءَ إِذَا وَلَّوْا مُدْبِرِينَ۝** သင်သည် သေနေသူများကို မကြားစေနိုင်၊ နောက်သို့ လှည့်သော အပင်းများကိုလည်း ကြားအောင် မဖိတ်ခေါ်နိုင်ချေ။
၈၁။	**وَمَا أَنتَ بِهَادِي الْعُمْيِ عَن ضَلَالَتِهِمْ إِن تُسْمِعُ إِلَّا مَن يُؤْمِنُ بِآيَاتِنَا فَهُم مُّسْلِمُونَ۝** သင်သည် အကန်းများကိုလည်း သူတို့၏ လမ်းလွဲမှ ကင်းရန် လမ်းမညွှန်နိုင်ချေ။ ငါ၏ သုတ်ဒေသနာတို့အား ယုံကြည်သူများကိုသာ ကြားနာစေနိုင်၏။ သူတို့သည်ကား ငြိမ်းချမ်းရေးဝါဒီများ ဖြစ်ကြကုန်၏။
၈၂။	**وَإِذَا وَقَعَ الْقَوْلُ عَلَيْهِمْ أَخْرَجْنَا لَهُمْ دَابَّةً مِّنَ الْأَرْضِ تُكَلِّمُهُمْ أَنَّ النَّاسَ كَانُوا بِآيَاتِنَا لَا يُوقِنُونَ۝** သူတို့အတွက် ဗျာဒိတ်တော် အတည် ဖြစ်သော်၊ လူသားတို့သည် ငါ၏ သုတ်ဒေသနာများကို ဒိဋ္ဌယုံကြည်ခြင်း မရှိသောကြောင့် သူတို့အား စကားပြောရန် မြေကမ္ဘာမှ သက်ရှိဝတ္ထုကို ငါ ထုတ်ပေးလတ္တံ့။[၇၉]
၈၃။	**وَيَوْمَ نَحْشُرُ مِن كُلِّ أُمَّةٍ فَوْجًا مِّمَّن يُكَذِّبُ بِآيَاتِنَا فَهُمْ يُوزَعُونَ۝** ငါ၏ သုတ်ဒေသနာတို့အား ငြင်းဆန်သူများကို အသိုင်းအဝိုင်းကိုယ်စီမှ အုပ်စုလိုက် ငါ စုစည်းသော နေ့၌ သူတို့အား ရာထူးသတ်မှတ်မည်ပင်။
၈၄။	**حَتَّى إِذَا جَاؤُوا قَالَ أَكَذَّبْتُم بِآيَاتِي وَلَمْ تُحِيطُوا بِهَا عِلْمًا أَمَّاذَا كُنتُمْ تَعْمَلُونَ۝** သူတို့ ရောက်လာသောအခါ၊ အရှင်က ‘‘သင်တို့သည် အသိပညာဖြင့် မခြုံငုံနိုင်သော ငါ၏ သုတ်ဒေသနာများအား ငြင်းဆန်ခဲ့ကြသလော၊ သို့တည်းမဟုတ် သင်တို့ ကျင့်ကြံလေ့ရှိသည်မှာ အဘယ်အရာများနည်း၊’’ဟု မိန့်ဆို၏။
၈၅။	**وَوَقَعَ الْقَوْلُ عَلَيْهِم بِمَا ظَلَمُوا فَهُمْ لَا يَنطِقُونَ۝** မိုက်ကြေးခွဲခဲ့မှုကြောင့် သူတို့အပေါ် ပြောစကား တည်တံ့စေပြီ၊ သူတို့သည် လျှောက်လှဲချက်တင်ခွင့် မရှိချေ။
၈၆။	**أَلَمْ يَرَوْا أَنَّا جَعَلْنَا اللَّيْلَ لِيَسْكُنُوا فِيهِ وَالنَّهَارَ مُبْصِرًا إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يُؤْمِنُونَ۝** ညည့်ကို ထို၌ သူတို့ နားစေဘို့ရာ၊ နေ့ကို ခွဲခြားမြင်နိုင်ဘို့ရာ ငါ စီစဉ်တော်မူသည်ကို သူတို့ မရှုစားမိသလော၊ ဇကနပင် ဤ၌ ယုံကြည်သော လူမျိုးအတွက် သက်သေလက္ခဏာရပ် ရှိနေ၏။

---

(၇၉) ဤသုတ်တော်မှ **دَابَّة ဒါးဘတန်** ဆိုသည်မှာ သက်ရှိဝတ္ထု၊ တဖြေးဖြေးတွားလျှောက်၍ တက်လာသော ဆင့်ကဲဖို့ဖြိုးလာသည့် သတ္တဝါ၊ ဟု ဖြစ်ပေသည်။ ဤသုတ်တော်သည် လူသားတို့အား အခြေခံ အမှန်တရား နှစ်ခုကို တင်ပြပေသည်။ (၁) လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀၊ လက်ရှိခေတ် သိပ္ပံကရိယာများ အပေါ်မှီနှစ်ပေါင်း များစွာကတည်းကပင် ဤကုရ်အာန်ကျမ်းတော်က တင်ပြသော သက်ရှိသဘောတရားမှာ လွန်စွာ နက်နဲပေသည်။ ကျမ်းတော်သည် အရာဝတ္ထုတိုင်းကို အသက်နှင့် ဖြစ်တည်နေသည်ဟု ဆိုပေသည်။ ထို့ကြောင့် မဖြစ်နိုင်သော အရာဖြစ်သည့် ‘‘အသက်မသတ်ကြနှင့်’’ဟု ပြောဆိုနေခြင်းမှာ ပရမတ်မှန်ကန်မှု သစ္စာ မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အရာရာတိုင်းသည် အသက်ရှိနေကြောင်း မည်သည့် သက်ရှိသတ္တဝါ၊ သက်ရှိဝတ္ထုတိုင်းသည် မဆို မိမိရှင်သန်မှုအတွက် အခြားသော သက်ရှိဝတ္ထု၊ သက်ရှိသတ္တဝါများကို သုံးစားနေရကြောင်းကို သိလာနိုင်စေရန် ဖြစ်သည်။ (၂) အတွေးအခေါ်ဟောင်းနေသော အတွေးအခေါ်အို လူသားများသည် မိရိုးဖလာ၌ စွဲကပ်နေသည်မှာ မှားသည်ဟု နောက်မှ တွား၍တက်လာသော (နောက်မျိုးဆက်သစ်)က သူတို့ကို ပြောဆိုတော့မည် ဖြစ်ကြောင်း ဤသုတ်တော်က ရှင်းလင်းထောက်ပြပေသည်။ များစွာသော မိရိုးဖလာ ဆရာတော်ကြီးများက ဤသုတ်တော်မှ ပြောဆိုသော **دَابَّة ဒါးဘတန်** ဆိုသည်မှာ ကမ္ဘာကြီး ပျက်ချိန်နီးလျှင် လူသားတို့အား သတိပေးရန် မြေမှ သတ္တဝါကြီးတစ်ကောင် ထွက်လာမည်ဟု ပြောဆို ရေးသားကြပေသည်။ ထိုရေးသားပြောဆိုမှုမှာ ဒဏ္ဍာရီများသာ ဖြစ်၍ ကျမ်းတော်၏ မှန်ကန်မှုကို လုံးဝ အထောက်အကူ မပြုပေ။ ထိုအဆိုအား ထောက်ခံသည့် သုတ်ဒေသနာဟူ၍ ဤကုရ်အာန်ကျမ်းတော်၌ လုံးဝ မပါဝင်ချေ။ ကျမ်းတော်တွင် **دَابَّة ဒါးဘတန်** ကို ၁၄ ကြိမ် ဖေါ်ပြ၍ ထို၌ လူသား မပါဝင်ရဟု လုံးဝ မဆိုချေ။ လူသားအပါအဝင် သက်ရှိသတ္တဝါ၊ သက်ရှိ ဝတ္ထုအားလုံးကို **دَابَّة ဒါးဘတန်** ဟု သုံးပေသည်၊ ၂း၁၆၄။ ၆း၃၈။ ၁၁း၆၊၅၆။ ၁၆း၄၉၊၆၁။ ၂၄း၄၅။ ၂၇း၈၂။ ၂၉း၁၀။ ၃၅း၁၀။ ၃၅း၂၈။ ၄၂း၄၉။ ၄၅း၄။ ၅၁း၂၀။ ၃၅း၁၀။ ၃၅း၂၈။ ၄၂း၄၉။ ၄၅း၄။ ၅၁း၂၀။ ၅၅း၁၀။ ၅၅း၂၈။ ၅၆း၂၊၅၉။ ၅၆း၄၉။ ၅၆း၆၊၇၂။ ၅၆း၇၂– ထို့ကြောင့် လူသား မဟုတ်သော သတ္တဝါကြီး တစ်ကောင် လာမည်ဟု ဆိုခြင်းမှာ လွန်စွာ အံ့သြဘွယ် ဖွင့်ဆိုချက်သာ ဖြစ်၍ ခရစ်ယာန် ဓမ္မသစ် ဗျာဒိတ်ကျမ်းမှ သွန်သင်ချက်များနောက်သို့ လိုက်မိဟန် ရှိသည်။ ထို့ပြင် လူသားတို့ကို တရားဟောရန် လူသားသာ လာရမည်ဖြင့် ဟူသော နိယာမကို ကျော်လွန်၍၊ တိရိစ္ဆာန်တစ်ကောင်၏ တရားဟောသည်ကို နာခံရန် စောင့်စားနေသူများကို လွန်စွာ သနားဖွယ်ကောင်းလှပေသည်။

၈၇။ ☆ ဖြဲ့	**وَيَوْمَ يُنفَخُ فِي ا لصُّورِ فَفَزِعَ مَن فِي السَّمَاوَاتِ وَمَن فِي الْأَرْضِ إِلَّا مَن شَاء اللَّهُ وَكُلٌّ أَتَوْهُ دَاخِرِينَ۞** ပုံစံ သက်ဝင်စေသော နေ့ကာလ၌☆ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်သော သူမှအပ မိုးများအတွင်း မြေအတွင်း ရှိသူများသည် ကြောက်ရွံ့ချောက်ချားနေရလတ္တံ့။ အားလုံးကိုယ်စီ ဝပ်တွားနှိမ့်ချလျက် လာကြရကုန်အံ့။
၈၈။	**وَتَرَى الْجِبَالَ تَحْسَبُهَا جَامِدَةً وَهِيَ تَمُرُّ مَرَّ السَّحَابِ صُنْعَ اللَّهِ الَّذِي أَتْقَنَ كُلَّ شَيْءٍ إِنَّهُ خَبِيرٌ بِمَا تَفْعَلُونَ۞** မြဲမြံခိုင်ခန့်သည်ဟု သင် စဉ်းစားမိသော တောင်ကြီးများသည် ဖြတ်သန်းသွားသော မိုးတိမ်များကဲ့သို့ ဖြတ်သန်းသွားရမည်ကို သင် မြင်တွေ့ရလတ္တံ့။ ယင်းမှာ သဗ္ဗလုံးစုံ ကုံလုံပြည့်စုံစေသော အရှင် ပရမတ်ဘုရားရှင်၏ တည်ဆောက်မှုပင် ဖြစ်၏။ ဇကန်ပင် အရှင်သည် ပြုလုပ်သမျှကို သတင်းရနေတော်မူ၏။
၈၉။	**مَن جَاء بِالْحَسَنَةِ فَلَهُ خَيْرٌ مِّنْهَا وَهُم مِّن فَزَعٍ يَوْمَئِذٍ آمِنُونَ۞** သုမင်္ဂလာဖြင့် ရောက်လာ သူ၊ သူ့အတွက် ထို့ထက် ပိုကောင်းခြင်းသည် ရှိ၏။ သူတို့သည် ထို ကြောက်ရွံ့ချောက်ချားရသည့် နေ့ကာလမှ ကင်းရန် ယုံကြည်စိတ်ချရ၏။
၉၀။	**وَمَن جَاء بِالسَّيِّئَةِ فَكُبَّتْ وُجُوهُهُمْ فِي النَّارِ هَلْ تُجْزَوْنَ إِلَّا مَا كُنتُمْ تَعْمَلُونَ۞** အကုသိုလ်ဖြင့် ရောက်လာ သူ၊ သူတို့၏ မျက်နှာများကို အပူမီးထဲသို့ ဦးဇောက်ပစ်ထည့်လတ္တံ့၊ သင်တို့ ကျင့်ကြံလေ့ရှိခဲ့ရာမှ အပ အစားပေးခြင်းခံရသလော။
၉၁။ တား မြစ်	**إِنَّمَا أُمِرْتُ أَنْ أَعْبُدَ رَبَّ هَذِهِ الْبَلْدَةِ الَّذِي حَرَّمَهَا وَلَهُ كُلُّ شَيْءٍ وَأُمِرْتُ أَنْ أَكُونَ مِنَ الْمُسْلِمِينَ۞** ဤမြို့အား **ဘေးမဲ့**မြေဖြစ်စေသော၊ ၎င်း၏ကံကြမ္မာရှင်ကိုသာ ကိုးကွယ်ရန် ကျွန်ုပ်အား ညွှန်ကြား၏။ သဗ္ဗလုံးစုံသည် အရှင်၏ အချုပ်အခြာဥစ္စာ ရှိ၍ ကျွန်ုပ်အား သွန်သင်ဩဝါဒိတို့မှ ဖြစ်ရန် ညွှန်ကြားပေးကာ–
၉၂။	**وَأَنْ أَتْلُوَ الْقُرْآنَ فَمَنِ اهْتَدَى فَإِنَّمَا يَهْتَدِي لِنَفْسِهِ وَمَن ضَلَّ فَقُلْ إِنَّمَا أَنَا مِنَ الْمُنذِرِينَ۞** ကုရ်အာန်ကို ဖတ်ပြစေ၏။ သို့ဖြင့် လမ်းညွှန်မှန်သို့ လိုက်သောသူသည် သူ၏ ဉာဉ်စရိုက်အတွက် လမ်းညွှန်ကို လိုက်သည် မည်၏။ လွဲမှားနေသူတို့အား ‘‘ကျွန်ုပ်သည် သတိပေးသူတို့အနက်မှသာ ဖြစ်၏။’’ဟု ဟောကြားလော့။
၉၃။	**وَقُلِ الْحَمْدُ لِلَّهِ سَيُرِيكُمْ آيَاتِهِ فَتَعْرِفُونَهَا وَمَا رَبُّكَ بِغَافِلٍ عَمَّا تَعْمَلُونَ۞** ဟောလော့ ‘‘ရည်သန်စူးစိုက်မှု အပေါင်းသည် ပရမတ်ဘုရားရှင်အတို့သာ ဖြစ်၏။ အရှင်သည် သင်တို့ သိမှတ်စေရန် အရှင်၏ သုတ်ဒေသနာများကို ဖတ်ပြ၏။ သင့်ကံကြမ္မာရှင်သည် ကျင့်ကြံလေသမျှကို မေ့လျော့ထားသည် မဟုတ်ပေ။

ဓမ္မခန္ဓာ (၂၈) "ဆင့်ပြန်ချက်" (အလ် ကဆ္ဆာဆ်)

ဥဏ္ဏာစဉ်ကိန်းပေးမှု အမှတ်စဉ်– ၄၉။ သုတ်ဒေသနာ– ၈၈ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။ ☆ ၇၆	**طسم**۞ တွာ၊ ဆင်၊ မင်–၇၄
၂။	**تِلْكَ آيَاتُ الْكِتَابِ الْمُبِينِ**۞ ဤသည် ရှင်းလင်းထင်ရှားသော ကျမ်းတော်၏ သုတ်ဒေသနာတော်များ ဖြစ်၏။
၃။	**نَتْلُوا عَلَيْكَ مِن نَّبَإِ مُوسَى وَفِرْعَوْنَ بِالْحَقِّ لِقَوْمٍ يُؤْمِنُونَ**۞ ယုံကြည်သူ လူမျိုးအတွက်ငှာ ငါသည် သင့်ထံသို့ မူဆာနှင့် ဖာရိုးတို့၏ သတင်းချက်မှ အမှန်သစ္စာဖြင့် ရွတ်ဖတ်စေပြီ။
၄။	**إِنَّ فِرْعَوْنَ عَلَا فِي الْأَرْضِ وَجَعَلَ أَهْلَهَا شِيَعًا يَسْتَضْعِفُ طَائِفَةً مِّنْهُمْ يُذَبِّحُ أَبْنَاءهُمْ وَيَسْتَحْيِي نِسَاءهُمْ إِنَّهُ كَانَ مِنَ الْمُفْسِدِينَ**۞ ဖာရိုးသည် တိုင်းပြည်တွင်း အထွဋ်အထိပ်ဘွဲ့ကို ခံယူ၍၊ အရပ်သားများကို ဂိုဏ်းများဖွဲ့ရန် စီစဉ်လျက် သူတို့မှ တစ်စု အား သူတို့၏ သားယောကျ်ားများကို သုတ်သင်ကာ အမျိုးသမီးများကိုသာ အသက်ဆက်ခွင့်ပြု အားနည်းချိန့်စေ၏။ သူသည်ကား အဖျက်ကောင်တို့မှ ဖြစ်၏။
၅။	**وَنُرِيدُ أَن نَّمُنَّ عَلَى الَّذِينَ اسْتُضْعِفُوا فِي الْأَرْضِ وَنَجْعَلَهُمْ أَئِمَّةً وَنَجْعَلَهُمُ الْوَارِثِينَ**۞ ငါသည် မြေကမ္ဘာ၌ ချိန့်ရန်ပြုခံရသော သူတို့အား မျက်နှာသာပေးလို၏။ သူတို့အား ရှေ့ဆောင်များအဖြစ် စီစဉ်ပေး၏၊ အမွေဆက်ခံသူများအဖြစ် စီစဉ်ပေး၏။
၆။	**وَنُمَكِّنَ لَهُمْ فِي الْأَرْضِ وَنُرِي فِرْعَوْنَ وَهَامَانَ وَجُنُودَهُمَا مِنْهُم مَّا كَانُوا يَحْذَرُونَ**۞ သူတို့အတွက် မြေကမ္ဘာ၌ ထူထောင်ပေး၏။ ဖာရိုးမင်း၊ ဟာမံနှင့် ၎င်းတို့၏ တပ်အင်အား ပြသမှုအား– သတိပေးချက် ပင် ဖြစ်စေ၏။
၇။	**وَأَوْحَيْنَا إِلَى أُمِّ مُوسَى أَنْ أَرْضِعِيهِ فَإِذَا خِفْتِ عَلَيْهِ فَأَلْقِيهِ فِي الْيَمِّ وَلَا تَخَافِي وَلَا تَحْزَنِي إِنَّا رَادُّوهُ إِلَيْكِ وَجَاعِلُوهُ مِنَ الْمُرْسَلِينَ**۞ မူဆာ၏ မိခင်ထံသို့ ငါအရှင်က အာရုံဖြစ်စေသည်မှာ "သူ့အား နို့ချိုတိုက်ကျွေးလော့၊ သူ့အတွက် စိုးရိမ်ကြောက်ရွံ့ ရသော် မြစ်ထဲ၌ ခင်းကျင်းလော့၊ မကြောက်ရွံ့နှင့် စိတ်မပူနှင့် ငါသည် သူ့အား သင့်ထံသို့ ပြန်ပို့တော်မူမည်။ သူအား ဉာဏ်စဉ်တော်ဆောင်များအနက်မှ စီစဉ်တော်မူမည်၊"ဟု ဖြစ်၏။
၈။	**فَالْتَقَطَهُ آلُ فِرْعَوْنَ لِيَكُونَ لَهُمْ عَدُوًّا وَحَزَنًا إِنَّ فِرْعَوْنَ وَهَامَانَ وَجُنُودَهُمَا كَانُوا خَاطِئِينَ**۞

(၇၉၃) "ဆိုင်းနိုင်းတောင်မှ မူဆာအား ချမှတ်ပေးသော ကျမ်းတော်ကဲ့သို့" ၂၆း၁။

	ဖာရိုး မင်းဆက်သည် သူတို့အတွက် စည်းဖေါက်သူဖြစ်လာမည့်၊ သောကပေးမည့် သူ့အား ကောက်ယူမွေးစား၏၊ ဇနပင် ဖာရိုး၊ ဟာမံနှင့် ၎င်းတို့၏ စစ်တပ်သည် အမြဲပင် အမှားကျူးလွန်သူများ ဖြစ်၏။
၉။	**وَقَالَتِ امْرَأَتُ فِرْعَوْنَ قُرَّتُ عَيْنٍ لِّي وَلَكَ لَا تَقْتُلُوهُ عَسَى أَن يَنفَعَنَا أَوْ نَتَّخِذَهُ وَلَدًا وَهُمْ لَا يَشْعُرُونَ۝** ဖာရိုး၏ အမျိုးသမီးက ''ကျွန်ုပ်နှင့် သင့်အတွက် မျက်လုံး တည်ငြိမ်အေးချမ်းမှု ဖြစ်၏၊ သူ့အား မသတ်ပါနှင့်၊ ကျွန်ုပ်တို့အတွက် အကျိုးရှိနိုင်၊ သို့မဟုတ် သူ့အား ရင်သွေးဟု ယူမှတ်နိုင်ရာ၏။'' ဟု ဆို၏။ သူတို့သည်ကား သတိမမူနိုင်ကြချေ။
၁၀။	**وَأَصْبَحَ فُؤَادُ أُمِّ مُوسَى فَارِغًا إِن كَادَتْ لَتُبْدِي بِهِ لَوْلَا أَن رَّبَطْنَا عَلَى قَلْبِهَا لِتَكُونَ مِنَ الْمُؤْمِنِينَ۝** မူဆာမိခင်၏ စိတ်ကို အားတင်းထားရ၍ ပေါက်ကွဲ လုမတတ် ဖြစ်သွား၏။ ငါသည် သူမအား ယုံကြည်သူများ အနက်မှ ဖြစ်စေရန် သူမ၏ စိတ်နှလုံးကို တက်ကြွစေတော်မူ၏။
၁၁။ မူဆာ၏	**وَقَالَتْ لِأُخْتِهِ قُصِّيهِ فَبَصُرَتْ بِهِ عَن جُنُبٍ وَهُمْ لَا يَشْعُرُونَ۝** သူမက **သူ့**အစ်မအား ''သူ့အကြောင်း ဖေါ်ပြနိုင်ရန်ပြုလော့၊''ဟု ဆို၏။ သူမသည် ခပ်ကင်းကင်းမှ မြင်နေ၏။ သူတို့သတိမမူမိကြချေ။
၁၂။	**وَحَرَّمْنَا عَلَيْهِ الْمَرَاضِعَ مِن قَبْلُ فَقَالَتْ هَلْ أَدُلُّكُمْ عَلَى أَهْلِ بَيْتٍ يَكْفُلُونَهُ لَكُمْ وَهُمْ لَهُ نَاصِحُونَ۝** ငါသည် ရှေ့အလျှင်က သူ့အတွက် နို့တိုက်မိခင် တရားဝင်မရှိစေချေ။ သို့ဖြင့် သူမက ''သူ့အား ထိန်းကျောင်းမည့် အိမ်မှအိမ်သားများကို သူ့အတွက် သင်တို့အား ညွှန်ပြပေးရမည်လော၊ သူတို့သည် သူ့အား စိတ်ထားဖြူစင်သူများ ဖြစ်လိမ့်မည်၊''ဟု ဆို၏။
၁၃။	**فَرَدَدْنَاهُ إِلَى أُمِّهِ كَيْ تَقَرَّ عَيْنُهَا وَلَا تَحْزَنَ وَلِتَعْلَمَ أَنَّ وَعْدَ اللَّهِ حَقٌّ وَلَكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ۝** သို့ဖြင့် ငါသည် သူမအား သောကကင်း၍ မျက်လုံး တည်ငြိမ်အေးချမ်းစေခဲ့ငှာ သူ့မိခင်ထံ သူ့ကို ပြန်ပို့ပေး၏။ ပရမတ်ဘုရားရှင်၏ ကတိတော်သည် သစ္စာတရား ဖြစ်ကြောင်းကို သိစေခဲ့ငှာလည်း ဖြစ်၏။ သို့သော် သူတို့မှ အများစုသည် အသိရှိကြသည် မဟုတ်ပေ။
၁၄။	**وَلَمَّا بَلَغَ أَشُدَّهُ وَاسْتَوَى آتَيْنَاهُ حُكْمًا وَعِلْمًا وَكَذَلِكَ نَجْزِي الْمُحْسِنِينَ۝** သို့ဖြင့် သူသည် ပုံစံကျ အရွယ်ရောက် ရင့်ကျက်သောအခါ၊ ငါသည် သူ့အား ဓမ္မသတ်နှင့် အသိပညာကို ချီးမြှင့်တော်မူ၏၊ ဤနည်းဖြင့် သုမင်္ဂလာပြုသူတို့အား အစားပေးတော်မူ၏။
၁၅။	**وَدَخَلَ الْمَدِينَةَ عَلَى حِينِ غَفْلَةٍ مِّنْ أَهْلِهَا فَوَجَدَ فِيهَا رَجُلَيْنِ يَقْتَتِلَانِ هَذَا مِن شِيعَتِهِ وَهَذَا مِنْ عَدُوِّهِ فَاسْتَغَاثَهُ الَّذِي مِن شِيعَتِهِ عَلَى الَّذِي مِنْ عَدُوِّهِ فَوَكَزَهُ مُوسَى فَقَضَى عَلَيْهِ قَالَ هَذَا مِنْ عَمَلِ الشَّيْطَانِ إِنَّهُ عَدُوٌّ مُّضِلٌّ مُّبِينٌ۝** အရပ်သားများ မေ့လျော့နေချိန်၌ သူသည် မြို့တွင်းသို့ ဝင်သွားခဲ့၍၊ ထို၌ လူနှစ်ဦး အချင်းချင်းသတ်ဖြတ်နေသည်ကို သူတွေ့ရ၏၊ သူ့ဂိုဏ်းမှ တစ်ဦး၊ သူ့အား စည်းဖေါက်သူဘက်မှ တစ်ဦး ဖြစ်၏။ သူ့ဂိုဏ်းမှ ဖြစ်သူက သူ့ကို စည်းဖေါက်သူဘက်အား ဆန့်ကျင်ရန် သူ့ထံ အော်ဟစ် အသနားခံ၏။ မူဆာသည် သူ့အား တွန်းပစ်ကာ ဆုံးဖြတ်ပေးလိုက်၍၊[၇၉]

(၇၉) ဤသုတ်တော်ပါ၊ စကားလုံး **فَقَضَى عَلَيْهِ** ဖကသွာ အာလိုင်းဟိကို ဆရာတော်အများစုက **သူ့အား သတ်ခဲ့သည်**ဟု ပြန်ဆိုကြပေသည်။ ထိုသို့ပြန်ဆိုမှုမှာ သမ္မကျမ်းစာ ထွက်မြောက်ရာကျမ်း ၂း၁၂ အား ကိုးကားမှီငြမ်းရာမှာ ထွက်လာသော မှားယွင်း ပြန်ဆိုမှုပင် ဖြစ်သည်။ **قَضَى ကသွာဟ်**၏ အနက်မှာ သတ်ဖြတ်သည်ဟု လုံးဝ ပြန်ဆို၍ မရသည့်အပြင် သေသွားစေရန် အဆုံးသတ်စီရင်သည်ဟုလည်း မရချေ။ ကိစ္စရပ် တစ်ခုအား နောက်ဆုံးအတည်ပြု ဆုံးဖြတ်ချက်ပေးခြင်းသာ ဖြစ်ပေသည်၊ (၃၃း၃၆)။ ကျမ်းတော်၏ မည်သည့်နေရာတွင်မှ **قَضَى ကသွာဟ်** ကို သတ်ပစ်သည်ဟု ပြောဆိုခြင်း မရှိချေ။ ထို့ကြောင့် ဤသုတ်တော်က ဆိုလိုသည်မှာ ကိုယ်တော်မူဆာသည် ရန်ဖြစ်နေသူ နှစ်ဦးကို လှမ်းပစ် (တွန်းပစ်)၍ ရန်ပွဲ

	‘‘ဤသည် မကောင်းဆိုးဝါးတို့၏ အကျင့်အကြံကြောင့် ဖြစ်၏။ ဇကန်ပင် ၎င်းသည် စည်းဖေါက်သူ ရှင်းလင်းစွာ လွဲမှားစေသူ ဖြစ်၏။’’ဟု ပြော၏။
၁၆။	**قَالَ رَبِّ إِنِّي ظَلَمْتُ نَفْسِي فَاغْفِرْ لِي فَغَفَرَ لَهُ إِنَّهُ هُوَ الْغَفُورُ الرَّحِيمُ۝** သူက ‘‘အို ကံကြမ္မာရှင်၊ တပည့်တော်သည် မိမိ၏ စရိုက်ကို အဝိဇ္ဇာသင့်ခဲ့မိပြီ၊ တပည့်တော်အား လွတ်ငြိမ်းစေပါ။’’ဟု ဆုတောင်း၏၊ သို့ဖြင့် သူ့အား လွတ်ငြိမ်းစေခဲ့၏။ အရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၁၇။	**قَالَ رَبِّ بِمَا أَنْعَمْتَ عَلَيَّ فَلَنْ أَكُونَ ظَهِيرًا لِّلْمُجْرِمِينَ۝** သူက ‘‘အို ကံကြမ္မာရှင် တပည့်တော်အား ဂုဏ်ပေးတော်မူပါ၊ တပည့်တော်သည် ရာဇဝတ်ကောင်တို့အား ကျော ထောက်နောက်ခံပြုသူ မဟုတ်ပါ။’’ဟု ဆုတောင်း၏။
၁၈။	**فَأَصْبَحَ فِي الْمَدِينَةِ خَائِفًا يَتَرَقَّبُ فَإِذَا الَّذِي اسْتَنصَرَهُ بِالْأَمْسِ يَسْتَصْرِخُهُ قَالَ لَهُ مُوسَى إِنَّكَ لَغَوِيٌّ مُّبِينٌ۝** နံနက်စတွင် မြို့တွင်း၌ အကြောက်ဖြင့် တင်းကျပ်ထားပြီ။[၈၁] မနေ့က သူ့ထံမှ အကူအညီ တောင်းသောသူ တစ်ဦးက သူ့အား အသနားခံ၏။ မူဆာက သူ့အား ‘‘သင်သည်ကား ရှင်းလင်းစွာ တိမ်းပါးနေသူပင်၊’’ဟု ဆို၏။
၁၉။ တိုက်နိုက်	**فَلَمَّا أَنْ أَرَادَ أَن يَبْطِشَ بِالَّذِي هُوَ عَدُوٌّ لَّهُمَا قَالَ يَا مُوسَى أَتُرِيدُ أَن تَقْتُلَنِي كَمَا قَتَلْتَ نَفْسًا بِالْأَمْسِ إِن تُرِيدُ إِلَّا أَن تَكُونَ جَبَّارًا فِي الْأَرْضِ وَمَا تُرِيدُ أَن تَكُونَ مِنَ الْمُصْلِحِينَ۝** သူသည် သူတို့ စည်းဖေါက်သူနှစ်ယောက်အား **ကိုင်တွယ်**လိုသောအခါ၊ ထိုတစ်ဦးက ‘‘အို မူဆာ၊ အသင်သည် မနေ့က စိတ်ဥဒဉ်တစ်ခုအား တိုက်ခိုက်ခဲ့ သကဲ့သို့ ကျွန်ုပ်အား တိုက်ခိုက်လိုသလော၊ သင်သည် တိုင်းပြည်၌ ပုန်ကန်သူသာ ဖြစ်လို ပုံရ၏၊ ပြုပြင်ပြောင်းလဲသူတို့၏ အထဲမှ ဖြစ်လိုပုံမရချေ။’’ဟု ဆို၏။
၂၀။	**وَجَاء رَجُلٌ مِّنْ أَقْصَى الْمَدِينَةِ يَسْعَى قَالَ يَا مُوسَى إِنَّ الْمَلَأَ يَأْتَمِرُونَ بِكَ لِيَقْتُلُوكَ فَاخْرُجْ إِنِّي لَكَ مِنَ النَّاصِحِينَ۝** ထိုအခါ မြို့အစွန်မှ လူတစ်ယောက်က လုံးပန်း၍ ရောက်လာလျက် ‘‘အို မူဆာ၊ အကြံပေးတို့က သင့်အား တိုက်ခိုက်သတ်ဖြတ်ရန် ညွှန်ကြားနေကြ၏။ သို့ဖြစ်၍ ထွက်ပြေးလော့၊ ကျွန်ုပ်သည်ကား သင့်အား စိတ်ထားဖြူစင်သူများမှ ဖြစ်၏။’’ဟု ဆို၏။
၂၁။	**فَخَرَجَ مِنْهَا خَائِفًا يَتَرَقَّبُ قَالَ رَبِّ نَجِّنِي مِنَ الْقَوْمِ الظَّالِمِينَ۝** သူသည် ထိုမှ ထွက်ခွာလာလျက်၊ အကြောက်နှင့် တင်းကျပ်ခံနေရ၍၊ ‘‘အို ကံကြမ္မာရှင် တပည့်တော်အား မိုက်ကြေးခွဲနေသော လူမျိုးမှ လွတ်မြောက်စေတော်မူပါ။’’ဟု ဆုတောင်း၏။
၂၂။	**وَلَمَّا تَوَجَّهَ تِلْقَاء مَدْيَنَ قَالَ عَسَى رَبِّي أَن يَهْدِيَنِي سَوَاء السَّبِيلِ۝** ထို့နောက် မိဒီယံဘက်သို့ သူ့မျက်နှာကို ဦးတည်လျက် ‘‘ကံကြမ္မာရှင်သည် ကျွန်ုပ်အား ပုံစံချပြီး လမ်းစဉ်ကို ညွှန်နိုင်

ရပ်စဲသွားရန် အပြီးသတ် ဆုံးဖြတ်ပေးလိုက်သည်ဟုသာ ဖြစ်ပေသည်။ ထိုသို့ မျှမျှတတ ဆုံးဖြတ်ပေးခြင်းသည်ပင် ဥပဒေ၏ အကာအကွယ် မဲ့နေသော ဂျူးလူမျိုးတစ်ဦးကို ကာကွယ်ပေးမိသလို ဖြစ်သွားခဲ့ရ၍ သူ့အား ဖာရိုးမင်းနှင့် အုပ်ချုပ်ရေး အဖွဲ့က အပြစ်တစ်ခုအဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပေသည်။ ဤသုတ်တော်မှ **ဤသည် မကောင်းဆိုးဝါးတို့၏ အကျင့်အကြံဖြစ်၏။** ––––––––––၊ ဆိုသည်မှာ ကိုယ်တော်မူဆာ၏ လုပ် ဆောင်ချက်အား ပြောဆိုခြင်း မဟုတ်ပေ၊ ထိုသို့ တဖက်သတ် မတရား လုပ်ဆောင်နေသော ဖာရိုး၏လူအား ကိုယ်တော်မူဆာက ပြောသော စကားသာ ဖြစ်သည်။ ထိုသို့ လွဲမှားနေသူများ၏ အကြားဌ ပါဝင်၍ အမှန်တရားအား လုပ်ခဲ့သည်ကိုပင် အပြစ်တစ်ခုဟု သတ်မှတ်ခံရခြင်း ဖြစ်၏။

(၇၉၅) **يَتَرَقَّبُ** **ယတရာ့က္ကဘ်** ဆိုသည်မှာ သတိဝိရိယဖြင့် စောင့်ကြည့်နေသည်ဟု ဖြစ်ပေသည်။ သို့သော် ဤအခြေအနေသည် လူမျိုးရေး အဓိကရုန်း ဖြစ်သွားသော အခြေအနေ ဖြစ်သောကြောင့် **တပ်လှန့်ထားသကဲ့သို့** ဆိတ်ငြိမ်စွာ စောင့်ကြည့်နေသည်ဟု ဖြစ်ပေသည်။

	ရာ၏''ဟု ဆို၏။
၂၃။ သိုးများကို ရေတိုက်သည်	**وَلَمَّا وَرَدَ مَاء مَدْيَنَ وَجَدَ عَلَيْهِ أُمَّةً مِّنَ النَّاسِ يَسْقُونَ وَوَجَدَ مِن دُونِهِمُ امْرَأَتَيْنِ تَذُودَانِ قَالَ مَا خَطْبُكُمَا قَالَتَا لَا نَسْقِي حَتَّى يُصْدِرَ الرِّعَاء وَأَبُونَا شَيْخٌ كَبِيرٌ۝** မိဒျိယံ ရေပိုင်နက်သို့ ဆိုက်မြို့က်သော် ထို့မှ လူ့ အသိုင်းအဝိုင်းတစ်ခု **ရေချ**နေသည်ကို သူတွေ့ရ၏။ ထိုသူများအပြင် နောက်ဖယ် ခံနေရသော အမျိုးသမီးနှစ်ဦးကို တွေ့ရ၍၊ သူက ''သင်မတို့ မည်သို့ တင်ပြစရာရှိသနည်း၊''ဟု မေးသော်၊ သူမတို့က ''သိုးထိန်းများနှင့် ရင်ဘောင်မတန်းနိုင်သရွေ့ ကျွန်ုပ်တို့ ရေမတိုက်နိုင်ပါ။ ကျွန်ုပ်တို့၏ ဖခင်မှာလည်း အိုမင်းကြီးရင့်လှပါပြီ၊''ဟု ဆို၏။
၂၄။	**فَسَقَى لَهُمَا ثُمَّ تَوَلَّى إِلَى الظِّلِّ فَقَالَ رَبِّ إِنِّي لِمَا أَنزَلْتَ إِلَيَّ مِنْ خَيْرٍ فَقِيرٌ۝** သူသည် သူမတို့အတွက် ရေတိုက်ပေးလိုက်၏။ တဖန် သူသည် အရိပ်ရှိရာသို့ လှည့်ထွက်ခွာပြီး ''အို ကံကြမ္မာရှင်၊ တပည့်တော်သည် တပည့်တော်အား အရှင့် ချမှတ်ပေးမှု ကောင်းခြင်းများမှ အဘယ့်ကြောင့် ချို့တဲ့နေပါနည်း''ဟု ဆုတောင်း၏။
၂၅။ ဖခင်	**فَجَاءتْهُ إِحْدَاهُمَا تَمْشِي عَلَى اسْتِحْيَاء قَالَتْ إِنَّ أَبِي يَدْعُوكَ لِيَجْزِيَكَ أَجْرَ مَا سَقَيْتَ لَنَا فَلَمَّا جَاءهُ وَقَصَّ عَلَيْهِ الْقَصَصَ قَالَ لَا تَخَفْ نَجَوْتَ مِنَ الْقَوْمِ الظَّالِمِينَ۝** သူတို့မှ တစ်ဦးက မရဲတရဲဖြင့် လမ်းလျှောက် ရောက်လာ၍ ''သင်သည် ကျွန်ုပ်တို့အတွက် ရေတိုက်ပေးသော အကျိုးဆုလဒ်ကို ကျွန်ုပ်၏ ဖခင်က အစားပေးရန် သင့်အား ဖိတ်ခေါ်ပါ၏၊''ဟု ဆို၍။ **သူ့ထံသို့** ရောက်လာစဉ် သူက သူ့နောက်ကြောင်း ဖော်ပြချက်ကို ဖော်ပြ၏။ ထိုအခါ **သူ**က ''အသင် မကြောက်ရွံ့နှင့်၊ သင်သည် မိုက်ကြေးခွဲနေသော လူမျိုးမှ လွတ်မြောက်လာလေပြီ''ဟု ဆို၏။
၂၆။	**قَالَتْ إِحْدَاهُمَا يَا أَبَتِ اسْتَأْجِرْهُ إِنَّ خَيْرَ مَنِ اسْتَأْجَرْتَ الْقَوِيُّ الْأَمِينُ۝** သူတို့မှ တစ်ဦးက ''အို အဖေ သူ့အား အခစားခန့်ပါ။ သူသည် ယုံကြည်စိတ်ချရသော အစွမ်းရှိသူ အကောင်းဆုံး အခစား ဖြစ်နိုင်၏၊''ဟု ဆို၏။
၂၇။ အဖိုးအို ★ ၈ နှစ်	**قَالَ إِنِّي أُرِيدُ أَنْ أُنكِحَكَ إِحْدَى ابْنَتَيَّ هَاتَيْنِ عَلَى أَن تَأْجُرَنِي ثَمَانِيَ حِجَجٍ فَإِنْ أَتْمَمْتَ عَشْرًا فَمِنْ عِندِكَ وَمَا أُرِيدُ أَنْ أَشُقَّ عَلَيْكَ سَتَجِدُنِي إِن شَاء اللَّهُ مِنَ الصَّالِحِينَ۝** **သူ**က ''သင်သည် ကျွန်ုပ်ထံတွင် ပရိဝုဿ် ရှစ်ကြိမ်ထိ★ အခစားလုပ်သော် ကျွန်ုပ်၏ ဤသမီးနှစ်ဦးမှ တစ်ဦးကို သင် သိမ်းဆည်းစေရန် ကျွန်ုပ် လိုလား၏။ ဆယ်ကြိမ်ထိ အပြည့်ဖြစ်လိုလျှင် သင့်သဘောသာ ဖြစ်၏၊ ကျွန်ုပ်သည် သင့်အား မကွဲလွဲစေလိုပါ၊ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်လျှင် ကျွန်ုပ်အား ပြုပြင်ပြောင်းလဲသူတို့မှ ဖြစ်ကြောင်း သင် တွေ့ရလတ္တံ့၊'' ဟု ဆို၏။[၇၆]
၂၈။	**قَالَ ذَلِكَ بَيْنِي وَبَيْنَكَ أَيَّمَا الْأَجَلَيْنِ قَضَيْتُ فَلَا عُدْوَانَ عَلَيَّ وَاللَّهُ عَلَى مَا نَقُولُ وَكِيلٌ۝** သူက ''ဤသည် ကျွန်ုပ်၏ကြား သင်၏ကြားမှ သတ်မှတ်ကာလများ ဖြစ်၏၊ ၎င်းအား ကျွန်ုပ် ပြီးဆုံးသော် ကျွန်ုပ်အား စည်းမဖေါက်ပါနှင့်၊ ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့၏ ပြောစကားများ၌ ကိုးစားထိုက်သည့် အရှင် ဖြစ်၏၊''ဟု ဆို၏။

---

(၇၆) **ثَمَانِيَ حِجَجٍ ဆမာနီယ ဟိဂျာဂျင်** ပရိဝုဿ် ရှစ်ကြိမ် ဆိုသည်မှာ တစ်နှစ်လျှင် **ဟာဂျ်** (ပရိဝုဿ်) တစ်ကြိမ်နှုန်းဖြင့် ရှစ်နှစ်ဟု ဆရာတော်ကြီးများက ဘာသာ ပြန်ဆိုကြပေသည်။ အစွလာမ်သာသနာ ပေါ်ပေါက်လာမှသာလျှင် **ဟာဂျ်** ဆိုသည်မှာ ရှိလာခြင်း မဟုတ်ချေ။ ရှေးယခင် သာသနာများတွင်လည်း ပရိဝုဿ်ပြု (အပြစ်များ သန့်စင်စေခြင်း) ဓလေ့မှာ ရှိနေပြီးသား ဖြစ်ကြောင်း ဤသုတ်တော်က အတိအကျ ပြဆိုပေသည်၊ အစွလာမ်သာသနာက အချို့သော စည်းကမ်းများကို ပြုပြင်လိုက်ခြင်းသာ ဖြစ်ပေသည်။ ၂း၁၅၈၊၁၈၉၊၁၉၆၊ ၁၉၈၊၂၀၀ တို့တွင် ကြည့်ပါ။

၂၉။	**فَلَمَّا قَضَى مُوسَى الْأَجَلَ وَسَارَ بِأَهْلِهِ آنَسَ مِن جَانِبِ الطُّورِ نَارًا قَالَ لِأَهْلِهِ امْكُثُوا إِنِّي آنَسْتُ نَارًا لَّعَلِّي آتِيكُم مِّنْهَا بِخَبَرٍ أَوْ جَذْوَةٍ مِنَ النَّارِ لَعَلَّكُمْ تَصْطَلُونَ۝**
	မူဆာသည် သတ်မှတ်ကာလအား ပြီးဆုံးသော အခါ၊ သူ့ဝိုင်းသားများနှင့် ခရီးထွက်ခဲ့၍၊ တောင်နံဘေး၌ မီးကို သတိထားမိ၏။ သူက သူ့ဝိုင်းသားတို့အား "စောင့်နေကြလော့၊ ကျွန်ုပ်သည် မီးကို တွေ့ရ၏။ သင်တို့အတွက် သတင်းတစ်ခု သို့မဟုတ် သင်တို့ မီးလှုံနိုင်အံ့ငှာ တောက်နေသော မီးကျီးခဲ တစ်ခုကို ယူပေးနိုင်ရာ၏။" ဟု ပြော၏။
၃၀။	**فَلَمَّا أَتَاهَا نُودِيَ مِن شَاطِئِ الْوَادِي الْأَيْمَنِ فِي الْبُقْعَةِ الْمُبَارَكَةِ مِنَ الشَّجَرَةِ أَن يَا مُوسَى إِنِّي أَنَا اللَّهُ رَبُّ الْعَالَمِينَ۝**
	ထိုနေရာသို့ ရောက်လာသောအခါ၊ သူ့အား ချိုင့်ဝှမ်းဒေသ၏ ညာဘက်၊ အပင်၏ ကျက်သရေရှိသော အကိုင်းဘက်မှ ဆင့်ဆိုသည်မှာ[၇၇] "အို မူဆာ၊ ဤသည် လောကခပ်သိမ်း၏ ကံကြမ္မရှင်ဖြစ်သော ပရမတ်ဘုရားရှင် ငါ ဖြစ်တော်မူ၏–
၃၁။	**وَأَنْ أَلْقِ عَصَاكَ فَلَمَّا رَآهَا تَهْتَزُّ كَأَنَّهَا جَانٌّ وَلَّى مُدْبِرًا وَلَمْ يُعَقِّبْ يَا مُوسَى أَقْبِلْ وَلَا تَخَفْ إِنَّكَ مِنَ الْآمِنِينَ۝**
၃၂။	သင်၏ လက်ထောက်အား ခင်းကျင်းလော့၊"ဟု ဖြစ်၏။ ၎င်းကို မွေ့တစ်ကောင်အဖြစ်☆ လှုပ်လာသည်ကို သူ မြင်၍ မချုပ်ကိုင်မိဘဲ နောက်သို့လှည့်၏။ "အို မူဆာ ရှေ့တိုးလော့၊ မကြောက်ရွံ့နှင့် သင်သည် ဘေးကင်းလုံခြုံသူတို့မှ ဖြစ်၏။–
၃၂။	**اسْلُكْ يَدَكَ فِي جَيْبِكَ تَخْرُجْ بَيْضَاء مِنْ غَيْرِ سُوءٍ وَاضْمُمْ إِلَيْكَ جَنَاحَكَ مِنَ الرَّهْبِ فَذَانِكَ بُرْهَانَانِ مِن رَّبِّكَ إِلَى فِرْعَوْنَ وَمَلَئِهِ إِنَّهُمْ كَانُوا قَوْمًا فَاسِقِينَ۝**
	သင့်လက်အား သင့်ရင်ခွင်၌ ထည့်လော့၊ ၎င်းသည် အကုသိုလ်ကင်းသော အဖြူထည်သက်သက် ထွက်လာလတ္တံ့၊ ကြောက်ရွံ့မှုကင်းစွာ သင့် လက်ရုံးကို ချုပ်တီးထားလော့၊ ဤသည် သင့်ကံကြမ္မာရှင်က ဖာရိုးနှင့် သူ့အကြံပေးတို့ ထံသို့ ပို့သည့် သက်သေပြချက်များမှ နှစ်ခု ဖြစ်၏၊ သူတို့သည်ကား ယုတ်မာသော လူမျိုးပင် ဖြစ်၏။–
၃၃။	**قَالَ رَبِّ إِنِّي قَتَلْتُ مِنْهُمْ نَفْسًا فَأَخَافُ أَن يَقْتُلُونِ۝**
	သူက လျှောက်ထားသည်မှာ "အို ကံကြမ္မာရှင် တပည့်တော်သည် သူတို့မှ ဥဉ်တစ်ခုကို တိုက်ခိုက်ခဲ့၏၊ သူတို့က တိုက်ခိုက်မည်ကို ကြောက်မိပါ၏။"
၃၄။	**وَأَخِي هَارُونُ هُوَ أَفْصَحُ مِنِّي لِسَانًا فَأَرْسِلْهُ مَعِيَ رِدْءًا يُصَدِّقُنِي إِنِّي أَخَافُ أَن يُكَذِّبُونِ۝**
	တပည့်တော်၏ အစ်ကို ဟာရွန်၊ သူသည် တပည့်တော်ထက် နှတ်လျှာ သွက်လက်၏၊ ဖြောင့်မှန်သော အကူ အဖြစ် သူ့အား တပည့်တော်နှင့်အတူ စေပို့ပေးပါ၊ သူတို့၏ ငြင်းဆန်ခြင်းကို တပည့်တော် စိုးရိမ်ပါ၏၊" ဟု ဖြစ်၏။[၇၈]
၃၅။	**قَالَ سَنَشُدُّ عَضُدَكَ بِأَخِيكَ وَنَجْعَلُ لَكُمَا سُلْطَانًا فَلَا يَصِلُونَ إِلَيْكُمَا بِآيَاتِنَا أَنتُمَا وَمَنِ اتَّبَعَكُمَا الْغَالِبُونَ۝**
	အရှင်က "သင့်အား သင်၏ အစ်ကိုဖြင့် လက်ရုံး အားဖြည့်ပေးလတ္တံ့၊ သင်တို့အား အလှမ်းမမှီစေရန် ငါ၏ သုတ်

---

(၇၆၇) ကျမ်းတော်တွင် တောင် ဆိုသည်မှာ နှလုံးသားကို တင်စားပြောဆိုရ၍– အပင် ဆိုသည်မှာ အခြေအမြစ်ခိုင်မာသော ကောင်းမှု ဆိုးမှုဟု ပြောဆိုပေသည်၊ ဤနေရာတွင် ဆိုသော သစ်ပင်မှာ အခြေအမြစ်ခိုင်မာသော ကောင်းမှု တရား ဓမ္မကို ဆိုလိုပေသည်၊ ထိုအချက်ကို ထင်ရှား စေရန် ကျက်သရေရှိသော ဟူသည့် စကားလုံးက အထူးပြုထားပေသည်၊ ဤသုတ်တော်မှ ပြောသော သစ်ပင်မှာ ၂၄း၃၅ တွင် ပြောဆိုသော သစ်ပင်မျိုး ဖြစ်၍ မူလဖစ်မြစ် ဓမ္မ၏ အရှင်ထံမှ အခြေအမြစ်ခိုင်မာသော အာရုံပေးချက်ပင် ဖြစ်ပေသည်။ ကိုယ်တော်မူဆာအား လူသားတို့ထင်မှတ်နေသော ရုပ်လောက သစ်ပင်ချုံနွယ်ကြားမှ စကားပြောဆိုခြင်း မဟုတ်ပေ။

(၇၆၈) ကိုယ်တော်ဟာရွန်အား ကိုယ်တော်မူဆာနှင့်အတူ ထည့်ပေးခြင်းမှာ ကိုယ်တော်မူဆာ၏ လျှာတွင် မီးလောင်နာဖြင့် လျှာလိပ်ခေါက်နေ၍ မဟုတ်ချေ၊ ကိုယ်တော်မူဆာသည် တိုင်းတပါးတွင် နေခဲ့သည်မှာ နှစ်ကာလ ကြာညောင်းပေပြီ၊ ထို့ကြောင့် ဖာရိုးမင်း၏ နန်းတွင်းတွင် ပြောဆို နေသော နှုန်းသုံးစကားများနှင့် ကင်းကွာနေခဲ့၍ ပြောဆို ဆက်ဆံရလွယ်ကူစေရန်သာ ဖြစ်ပေသည်။ ၂၇း၆—၁၀ ထိ ကြည့်ပါ။

	ဒေသနာများဖြင့် သင်တို့နှစ်ဦးထံ အစွမ်းအာဏာကို စီစဉ်ပေးတော်မူမည်၊ သင်တို့နှင့် သင်တို့အား လိုက်နာသူတို့သည် အနိုင်ရသူများ ဖြစ်လတ္တံ့၊''ဟု ဆို၏။
၃၆။	**فَلَمَّا جَاءهُم مُّوسَى بِآيَاتِنَا بَيِّنَاتٍ قَالُوا مَا هَذَا إِلَّا سِحْرٌ مُّفْتَرًى وَمَا سَمِعْنَا بِهَذَا فِي آبَائِنَا الْأَوَّلِينَ۞**
	မူဆာသည် ငါ၏ ထင်ရှားသော သက်သေလက္ခဏာများဖြင့် သူတို့ထံသို့ ရောက်လာစဉ်၊ သူတို့က ''ဤသည် လုပ်ကြံဖန်တီးသော မှော်အတတ်သာ ဖြစ်၏၊ ရှေးဦးပထမ ကျွန်ုပ်တို့၏ ဘိုးလက်ထက်မှ ဤသို့ မကြားဘူးချေ၊''ဟု ဆိုကြ၏။
၃၇။	**وَقَالَ مُوسَى رَبِّي أَعْلَمُ بِمَن جَاء بِالْهُدَى مِنْ عِندِهِ وَمَن تَكُونُ لَهُ عَاقِبَةُ الدَّارِ إِنَّهُ لَا يُفْلِحُ الظَّالِمُونَ۞**
	မူဆာက ''အရှင်၏ထံမှ လမ်းညွှန်ချက်အား ရောက်လာစေသူသည် အဘယ်သူဖြစ်ကြောင်း ကျွန်ုပ်၏ ကံကြမ္မာရှင်သည် အသိဆုံးဖြစ်တော်မူ၏၊ ချုပ်ငြိမ်းမှု ဗိမာန်သည် မည်သူ့အတွက် ဖြစ်ကြောင်းကိုလည်း သိတော်မူ၏၊ ဇကနပင် အရှင်သည် အမိုက်ကောင်များအား အောင်မြင်ပေါက်မြောက်စေတော် မမူချေ၊''ဟု ဆို၏။
၃၈။	**وَقَالَ فِرْعَوْنُ يَا أَيُّهَا الْمَلَأُ مَا عَلِمْتُ لَكُم مِّنْ إِلَهٍ غَيْرِي فَأَوْقِدْ لِي يَا هَامَانُ عَلَى الطِّينِ فَاجْعَل لِّي صَرْحًا لَّعَلِّي أَطَّلِعُ إِلَى إِلَهِ مُوسَى وَإِنِّي لَأَظُنُّهُ مِنَ الْكَاذِبِينَ۞**
	ဖာရိုးက ''အို အကြံပေးတို့၊ ကျွန်ုပ်မှ အပ အခြားဘုရားဟူ၍ သင်တို့အတွက် ရှိသည်ကို ကျွန်ုပ် မသိခဲ့ချေ၊ သို့ဖြစ်၍ အို ဟာမံ မြေပေါ်၌ ကျွန်ုပ်အတွက် ဖိထိုးလော့၊ မူဆာ၏ ဘုရားဆိုသည်ကို ပေါ်ထုတ်နိုင်အံ့ငှာ နန်းတော် စီစဉ်လော့၊ ကျွန်ုပ်သည်ကား သူ့အား လူလိမ်များမှဟု စဉ်းစားမိ၏၊''ဟု ဆို၏။[၃၉]
၃၉။	**وَاسْتَكْبَرَ هُوَ وَجُنُودُهُ فِي الْأَرْضِ بِغَيْرِ الْحَقِّ وَظَنُّوا أَنَّهُمْ إِلَيْنَا لَا يُرْجَعُونَ۞**
	သူနှင့် သူ့စစ်တပ်သည် သစ္စာ မဲ့စွာဖြင့် မြေကမ္ဘာ၌ မောက်မာပလွှားကြကုန်၏၊ သူတို့သည် ငါထံသို့ မပြန်ရတော့ ဟု စဉ်းစားကြကုန်၏။
၄၀။	**فَأَخَذْنَاهُ وَجُنُودَهُ فَنَبَذْنَاهُمْ فِي الْيَمِّ فَانظُرْ كَيْفَ كَانَ عَاقِبَةُ الظَّالِمِينَ۞**
	သို့ဖြင့် ငါသည် သူနှင့် သူ့စစ်တပ်အား အရေးယူလျက် မြစ်တွင်းသို့ စွန့်ပစ်လိုက်၏၊ အမိုက်ကောင်တို့သည် နိဂုံး မည်သို့ ဖြစ်ရသည်ကို ကြည့်ကြလော့။
၄၁။	**وَجَعَلْنَاهُمْ أَئِمَّةً يَدْعُونَ إِلَى النَّارِ وَيَوْمَ الْقِيَامَةِ لَا يُنصَرُونَ۞**
	ငါသည် သူတို့အား အပူမီးသို့ ဖိတ်ခေါ်စေသော ရှေ့ဆောင်များ အဖြစ် စီစဉ်ပေးတော်မူ၏။ ရပ်တည်ရသော နေ့၌ အကူအညီမရှိချေ။
၄၂။	**وَأَتْبَعْنَاهُمْ فِي هَذِهِ الدُّنْيَا لَعْنَةً وَيَوْمَ الْقِيَامَةِ هُم مِّنَ الْمَقْبُوحِينَ۞**
	ဤလောကီ၌ မေတ္တာမဲ့ခံရခြင်းသည် သူတို့၏ နောက်သို့ လိုက်စေ၏။ ရပ်တည်ရသော နေ့၌ သူတို့အား ရွံရှာခံရသူတို့မှ ဖြစ်စေ၏။

---

(၇၉၉) များစွာသော ဆရာတော်ကြီးများက မူဆာ၏ ဘုရားရှင်အား မျက်မြင်တွေ့ရန် အလို့ငှာ၊ သို့မဟုတ် မူဆာ၏ ဘုရားထက် ပို၍ မြင့်မားသော ဘုံသို့ ရောက်ရှိရန် အလို့ငှာ ဖာရိုးသည် သူ့၏ လက်ရုံးကြီး ဟာမံအား မြေကို အုတ်ဖုတ်ခိုင်းလျက် ကောင်းကင်ဘန်းမြင့်မားသော မျှော်စင် ရဲတိုက်ကြီးကို တည်ဆောက်စေသည်ဟု ပြန်ဆိုကြပေသည်။ ဤသို့ပြန်ဆိုခြင်းမှာ ယုတ္တိမတန်ပေ၊ လုံးကောက်အဓိပ္ပါယ်အရလည်း ထိုသို့အနက်ကို မပေးပေ၊ ဤသုတ်တော်က ဆိုလိုသည်မှာ– မူဆာ၏ လူမျိုးဖြစ်သော ကျေးကျွန်ဖြစ်နေရသည့် ဂျူးလူမျိုးများကို ပိုမိုညှင်းပန်း နှိပ်စက်လျက် အလုပ်ကြမ်းခိုင်းသော အားဖြင့် ပိရမစ်များ ဆောက်ခိုင်းခြင်းသာ ဖြစ်ပေသည်။ တနည်းအားဖြင့် သင်ပြောသော ဘုရား၊ ဂျူးလူမျိုးများ၏ ဘုရားက ကျွန်ုပ် (ဖာရိုး)ထက် တန်ခိုးမထွား ဂျူးများကို မခိုင်းစေနိုင်၊ ကျွန်ုပ်သည်သာ တိုင်းပြည်၌ ဘုရားဖြစ်၍ သူတို့အား ခိုင်းချင်သလို ခိုင်းစေနိုင်သည်၊ သတ်ချင်သလို သတ်ပစ်နိုင်သည်၊ လွှတ်ငြိမ်းစေချင်သူကို လွှတ်ငြိမ်းခွင့်ပေးနိုင်သည် စသည်ဖြင့် အာဏာပြခြင်းသာ ဖြစ်ပေသည်။ ထိုအချက်ကို အောက်ဖေါ်ပြပါ သုတ်တော် (၃၉)က ရှင်းရှင်းလင်းလင်း တင်ပြထားပေသည်။ ဤသုတ်တော်မှ ပြောသော ဖိထိုးလော့ **ဖအောင်းကိ–ဒ** ဆိုသည်မှာ **မီးမွှေးလော့** ဟု လည်း ဖြစ်ပေသည်၊ ထို့ကြောင့် **စစ်တိုက်ရန် ပြင်ဆင်လော့၊ ပြဿနာရှာရန် ပြင်ဆင်လော့၊** ဟု လည်း ဖြစ်နိုင်ပေသည်။

၄၃။	**وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ مِن بَعْدِ مَا أَهْلَكْنَا الْقُرُونَ الْأُولَى بَصَائِرَ لِلنَّاسِ وَهُدًى وَرَحْمَةً لَّعَلَّهُمْ يَتَذَكَّرُونَ۞** ရှေးမျိုးဆက်များကို တိမ်ကောစေပြီးသည့်နောက် ငါသည် မူဆာအား ကျမ်းတော်တစ်ပါးကို မုချ ချီးမြှင့်ခဲ့၏။ လူသားတို့ ဆင်ခြင်သတိ ရှိအံ့ငှာ သူတို့အတွက် လမ်းညွှန်တော် ကရုဏာတော်နှင့် အမြင်အာရုံရခြင်းကို ဖြစ်စေ၏။
၄၄။	**وَمَا كُنتَ بِجَانِبِ الْغَرْبِيِّ إِذْ قَضَيْنَا إِلَى مُوسَى الْأَمْرَ وَمَا كُنتَ مِنَ الشَّاهِدِينَ۞** မူဆာထံသို့ ညွှန်ကြားချက်ကို ငါ ဆုံးဖြတ်ပေးသောအခါ၊ သင်သည် နေဝင်ရာ နံဘေးဘက်၌ ရှိမနေခဲ့ပေ၊ သင်သည် မျက်မြင်သက်သေလည်း မဟုတ်ခဲ့ချေ။
၄၅။	**وَلَكِنَّا أَنشَأْنَا قُرُونًا فَتَطَاوَلَ عَلَيْهِمُ الْعُمُرُ وَمَا كُنتَ ثَاوِيًا فِي أَهْلِ مَدْيَنَ تَتْلُو عَلَيْهِمْ آيَاتِنَا وَلَكِنَّا كُنَّا مُرْسِلِينَ۞** သို့ရာတွင် ငါသည် မျိုးဆက်ပေါင်းများစွာကို ပေါက်ပွားစေခဲ့၍၊ သူတို့၏ ဘဝသံသရာများကို ရှည်ကြာစေခဲ့၏။ ငါသည် မိဒီယံ ဝိုင်းသားတို့အား ငါ၏ သုတ်ဒေသနာများကို ဖတ်ပြစဉ်လည်း သင်သည် သူတို့နှင့် အတူတည်းခိုနေသူ မဟုတ်ချေ၊ သို့သော် ငါသည် ဉာဏ်စဉ်ဆောင်များစေစားနေသော အရှင် ဖြစ်၏။[၈၀၀]
၄၆။ ☆ ရှားရှဖြးဖြ	**وَمَا كُنتَ بِجَانِبِ الطُّورِ إِذْ نَادَيْنَا وَلَكِن رَّحْمَةً مِّن رَّبِّكَ لِتُنذِرَ قَوْمًا مَّا أَتَاهُم مِّن نَّذِيرٍ مِّن قَبْلِكَ لَعَلَّهُمْ يَتَذَكَّرُونَ۞** ငါအရှင် ဖိတ်ခေါ်သောအခါ သင်သည် တောင်၏ နံဘေးဘက်၌ မရှိခဲ့ချေ။ သို့သော် သင့်အလျှင် သတိပေးသူ ရောက် မလာသေးသော လူမျိုးတို့ ဆင်ခြင်သတိ ရှိအံ့ငှာ သင့်ကံကြမ္မာရှင်၏ ထံမှ ကရုဏာနှင့် သတိပေးတရားတော် ဖြစ်၏။☆
၄၇။	**وَلَوْلَا أَن تُصِيبَهُم مُّصِيبَةٌ بِمَا قَدَّمَتْ أَيْدِيهِمْ فَيَقُولُوا رَبَّنَا لَوْلَا أَرْسَلْتَ إِلَيْنَا رَسُولًا فَنَتَّبِعَ آيَاتِكَ وَنَكُونَ مِنَ الْمُؤْمِنِينَ۞** သူတို့၏ စုံရပ်ခံခဲ့သော လက်ချက်များကြောင့် သူတို့အား ထိခိုက်မှုတစ်ခု ထိခိုက်လျှင်၊ ဒို ကံကြမ္မာရှင်– တပည့်တော်တို့ ထံသို့ ဉာဏ်စဉ်ဆောင်တစ်ပါး စေစားခဲ့ပါမူ တပည့်တော်တို့သည် အရှင်၏ သုတ်ဒေသနာများကို လိုက်နာလျှက် ယုံကြည်သူများမှ ဖြစ်ခဲ့ရပါမည် ဟု မပြောဆိုနိုင်ရန် ဖြစ်၏။
၄၈။	**فَلَمَّا جَاءهُمُ الْحَقُّ مِنْ عِندِنَا قَالُوا لَوْلَا أُوتِيَ مِثْلَ مَا أُوتِيَ مُوسَى أَوَلَمْ يَكْفُرُوا بِمَا أُوتِيَ مُوسَى مِن قَبْلُ قَالُوا سِحْرَانِ تَظَاهَرَا وَقَالُوا إِنَّا بِكُلٍّ كَافِرُونَ۞** သူတို့ထံသို့ ငါ့ထံတော်မှ သစ္စာတရားတော် ရောက်လာစေသော်၊ ''မူဆာအား ပေးအပ်သကဲ့သို့ သူ့ကို အဘယ်ကြောင့် မပေးအပ်ခဲ့လေသနည်း၊''ဟု ဆိုကြ၏။ သူတို့သည် ဤရှေ့အလျှင်က မူဆာအား ချီးမြှင့်ခဲ့သည်ကိုလည်း ''အချင်းချင်း ကျောထောက်နောက်ခံပြုသော– ကျွန်ုပ်တို့ကိုယ်စီအား ဖုံးကွယ်သူများဖြစ်သည်ဟု ပြောသော မှော်အတတ်များပင်''ဟု ပြော၍၊ ဖုံးကွယ်ငြင်းဆန်ခဲ့ပြီ မဟုတ်လော။
၄၉။	**قُلْ فَأْتُوا بِكِتَابٍ مِّنْ عِندِ اللَّهِ هُوَ أَهْدَى مِنْهُمَا أَتَّبِعْهُ إِن كُنتُمْ صَادِقِينَ۞** ''သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် ကျွန်ုပ် လိုက်နာဘို့ရာ ဤနှစ်ခုထက် ပိုမို လမ်းညွှန်ပေးသော ကျမ်းတစ်ပါး

(၈၀၀) သက်တမ်းများကို ရှည်လျားစေခဲ့သည်ဟု ဆိုခြင်းမှာ လူသားတို့၏ သက်တမ်းသည် နှစ်ပေါင်း တစ်သောင်းဖြစ်သည်၊ နှစ်သောင်းဖြစ်သည် သုံးသောင်းဖြစ်သည်ဟု ယုတ္တိမဲ့ ပြောဆိုခြင်း မဟုတ်ပေ၊ သူတို့၏ မျိုးဆက်သက်တမ်း၊ အယူဝါဒသက်တမ်းများကို ဆိုလိုခြင်း ဖြစ်သည်။ ဤသုတ်တော်တွင် ''မျိုးဆက်ပေါင်းများစွာ–––သူတို့၏ ဘဝသံသရာ'' ဟူ၍ ရှင်းလင်းစွာ ပြောထားပြီး ဖြစ်ပေသည်။

	ကိုမျှ ပရမတ်ဘုရားရှင်၏ ထံတော်မှ ယူလာပေးလော့၊''ဟု ပြောလော့။[၈၀]
၅၀။	**فَإِن لَّمْ يَسْتَجِيبُوا لَكَ فَاعْلَمْ أَنَّمَا يَتَّبِعُونَ أَهْوَاءهُمْ وَمَنْ أَضَلُّ مِمَّنِ اتَّبَعَ هَوَاهُ بِغَيْرِ هُدًى مِّنَ اللَّهِ إِنَّ اللَّهَ لَا يَهْدِي الْقَوْمَ الظَّالِمِينَ۞** အကယ်၍ သင့်အား မတုန့်ပြန်ခဲ့လျှင်၊ သိကြကုန်လော့ သူတို့သည် လိုဘများနောက်သို့ လိုက်နေသူများ ဖြစ်၏၊ ပရမတ်ဘုရားရှင်၏ လမ်းညွှန်ခြင်း မရှိဘဲ မိမိလိုဘများနောက်သို့ လိုက်နေသော ပို၍ လမ်းလွဲသူ မည်သူနည်း၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် မိုက်ကြေးခွဲသော လူမျိုးအား လမ်းညွှန်တော် မမူချေ။
၅၁။	**وَلَقَدْ وَصَّلْنَا لَهُمُ الْقَوْلَ لَعَلَّهُمْ يَتَذَكَّرُونَ۞** သူတို့ ဆင်ခြင်သတိ ရှိအံ့ငှာ သူတို့အတွက် ဓမ္မတော်ကို မုချပင် ဆက်စပ်ဖေါ်ပြပေးခဲ့ပြီ။
၅၂။ ကုရ်အာန်	**الَّذِينَ آتَيْنَاهُمُ الْكِتَابَ مِن قَبْلِهِ هُم بِهِ يُؤْمِنُونَ۞** ဤရှေ့အလျှင်က ကျမ်းတော် ပေးအပ်ခြင်းခံရသော သူများ၊ သူတို့သည် **ထင်း**အား ယုံကြည်ကြ၏။
၅၃။	**وَإِذَا يُتْلَى عَلَيْهِمْ قَالُوا آمَنَّا بِهِ إِنَّهُ الْحَقُّ مِن رَّبِّنَا إِنَّا كُنَّا مِن قَبْلِهِ مُسْلِمِينَ۞** ထင်းကို သူတို့အား ရွတ်ဖတ်ပြသောအခါ၊ ''ကျွန်ုပ်တို့သည် ထင်းကို ယုံကြည်ပါ၏၊ ထင်းသည် ကံကြမ္မာရှင်၏ ထံမှ ပရမတ္ထသစ္စာ ဇကန် ဖြစ်၏။ ကျွန်ုပ်တို့သည် ဤရှေ့အလျှင်ကပင် သစ္စာသုခဝါဒီများ ဖြစ်ခဲ့ကြပါပြီ၊''ဟု ဆိုကြလတ္တံ့။
၅၄။	**أُولَئِكَ يُؤْتَوْنَ أَجْرَهُم مَّرَّتَيْنِ بِمَا صَبَرُوا وَيَدْرَؤُونَ بِالْحَسَنَةِ السَّيِّئَةَ وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ۞** သူတို့၏ သည်းခံမှုများကြောင့် သူတို့သည် အကျိုးဆုလဒ် နှစ်ကြိမ် ချီးမြှင့်ခြင်းခံရလတ္တံ့၊ သူတို့သည် အကုသိုလ်မှုကို သုမင်္ဂလာဖြင့် ဖယ်ရှားကြ၏။ သူတို့အား ငါအရှင် ရိက္ခာထောက်ရာများမှ ပေးကမ်းသုံးစွဲကြကုန်၏။
၅၅။	**وَإِذَا سَمِعُوا اللَّغْوَ أَعْرَضُوا عَنْهُ وَقَالُوا لَنَا أَعْمَالُنَا وَلَكُمْ أَعْمَالُكُمْ سَلَامٌ عَلَيْكُمْ لَا نَبْتَغِي الْجَاهِلِينَ۞** သူတို့သည် ပွစိပွစိပြောသံများကို ကြားရသောအခါ၊ ထင်းကို ဘောင်ထားလျက် ''ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့၏ ကျင့်ကြံမှုသည် ရှိ၏။ သင်တို့အတွက် သင်တို့၏ ကျင့်ကြံမှုသည် ရှိ၏။ သင်တို့အပေါ်သို့ ငြိမ်းချမ်းသာယာပါစေ– ကျွန်ုပ်တို့သည် ပညာမဲ့သူများကို မရှာဖွေပေ၊''ဟု ဆိုကြကုန်၏။
၅၆။	**إِنَّكَ لَا تَهْدِي مَنْ أَحْبَبْتَ وَلَكِنَّ اللَّهَ يَهْدِي مَن يَشَاء وَهُوَ أَعْلَمُ بِالْمُهْتَدِينَ۞** သင် နှစ်သက်သော သူအား သင်သည် လမ်းမညွှန်နိုင်ချေ၊ သို့ရာတွင် ပရမတ်ဘုရားရှင်သည်သာ စံချိန်ပြည့်မှီသူအား လမ်းညွှန်တော်မူ၏။ အရှင်သည် လမ်းညွှန်ခံရသူများကိုလည်း အသိဆုံးဖြစ်တော်မူ၏။[၈၁]
၅၇။	**وَقَالُوا إِن نَّتَّبِعِ الْهُدَى مَعَكَ نُتَخَطَّفْ مِنْ أَرْضِنَا أَوَلَمْ نُمَكِّن لَّهُمْ حَرَمًا آمِنًا يُجْبَى إِلَيْهِ ثَمَرَاتُ كُلِّ شَيْءٍ رِزْقًا مِن لَّدُنَّا وَلَكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ۞**

---

(၈၀) ကျမ်းတော်က ဉာဏ်စဉ်တော်ဆောင်တို့ ရရှိသော ဓမ္မသည် လူသားတစ်ဦး၏ အတွေးအခေါ်ဖြင့် ရရှိလာသော ဒဿန နိယာမ မဟုတ်ဟု မကြာခဏပြောပေသည်။ ဤနေရာတွင်လည်း ကိုယ်တော်မူဆော ရရှိခဲ့သော လူသားတို့အတွက် လမ်းညွှန်၊ ကိုယ်တော်မဟာမွန်ဒ်ရရှိခဲ့သော လူသားတို့အတွက် လမ်းညွှန်များသည် သဗ္ဗညုဉာဏ်ဖြင့် ထိုးဖေါက်သိသော ဉာဏ်စဉ်ဓမ္မများ ဖြစ်ကြောင်း ထိုလမ်းညွှန်များကဲ့သို့ သင်တို့သည်လည်း သဗ္ဗညုဉာဏ်ကို ရလျှက် ကျမ်းစာတစ်အုပ်မျှ ပြနိုင်သလောဟု တောင်းဆိုခြင်း ဖြစ်ပေသည်။ သို့သော် ဤသုတ်တော်သည် လက်ရှိ တိုရာဟ်ကျမ်းကို အပြည့်အဝ မှန်ကန်နေသေးသည်ဟု အတည်ပြုထားခြင်း မရှိချေ။ ၅:၄၄ နှင့် ၂:၁၀၆ တို့၏ အောက်ခြေများတွင် ကြည့်ပါ။

(၈၁) ဤသုတ်တော်က ကိုယ်တော်မုဟမ္မဒ်သည် သူ၏ လူသားတစ်ယောက်ဖီဇ အတွေးအခေါ် ဒဿနအားဖြင့် လူသားတို့အား တရားဟောညွှန်ပြခဲ့ခြင်း မဟုတ်ကြောင်း ပရမတ်ဘုရားရှင်၏ ချီးမြှင့်ပေးသော ဉာဏ်စဉ်တော် အားဖြင့်သာ လူသားများအား တရားဒေသနာ ဟောပြောကြောင်း တိတိကျကျပြောဆိုပေသည်၊ ကျွန်ုပ်တို့ အစွမ်းလာမ်သာသနာဝင်များ အနေဖြင့်လည်း အစွမ်းလာမ်သာသနာ အကြောင်းကို ပြောဆိုရာတွင် ကျမ်းမြတ်ကုရ်အာန်ကိုသာ အဓိက အားထားပြောဆိုသင့်ပေသည်။

	သူတို့က ‘‘သင်နှင့် အတူရှိသော လမ်းညွှန်တော်ကို လိုက်နာမိလျှင်၊ ကျွန်ုပ်တို့အား တိုင်းပြည်မှ သုတ်ငင်ပစ်လတ္တံ့၊’’ ဟု ပြောဆိုကြ၏။ ငါသည် သူတို့အတွက် သဗ္ဗလုံးစုံသော သစ်သီးဝလံကို ရွေးချယ်တင်သွင်းသော ယုံကြည်စိတ်ချရရာ ဘေးမဲ့ဌာန ထူထောင်ပေးသည် မဟုတ်လော၊ ငဲ့ထံတော်မှ ရိက္ခာထောက်တော်မူ၏၊ သို့ရာတွင် သူတို့မှ အများစုသည် အသိရှိကြသည် မဟုတ်ပေ။
၅၈။	**وَكَمْ أَهْلَكْنَا مِن قَرْيَةٍ بَطِرَتْ مَعِيشَتَهَا فَتِلْكَ مَسَاكِنُهُمْ لَمْ تُسْكَن مِّن بَعْدِهِمْ إِلَّا قَلِيلًا وَكُنَّا نَحْنُ الْوَارِثِينَ۞** ငါအရှင်သည်၊ အတ္တဘဝအတွက်သာ ဟန်ရေးထုတ်နေသော အရပ်ဒေသ မည်မျှကို တိမ်ကောစေခဲ့သနည်း၊ ဤသည် သူတို့ အခြေချခဲ့ရာများ ဖြစ်၏၊ သူတို့၏နောက် အနည်းငယ်မှ အပ အခြေမချနိုင်တော့ပြီ၊ ငါသည်သာ အမွေထိန်း ဖြစ်တော်မူ၏။[၈၀၃]
၅၉။	**وَمَا كَانَ رَبُّكَ مُهْلِكَ الْقُرَى حَتَّى يَبْعَثَ فِي أُمِّهَا رَسُولًا يَتْلُو عَلَيْهِمْ آيَاتِنَا وَمَا كُنَّا مُهْلِكِي الْقُرَى إِلَّا وَأَهْلُهَا ظَالِمُونَ۞** သင်၏ ကံကြမ္မာရှင်သည် အရပ်ဒေသတစ်ခု၏ မိခင်မြို့ပြ၌ သူတို့အတွက် ငါအရှင်၏ သုတ်ဒေသနာများကို ရွတ်ဖတ်ပြရန် ဥဏှစဉ်ဆောင် တစ်ပါးကို မပွင့်ပေါ်စေဘဲ ၎င်းကို တိမ်ကောစေခြင်း မရှိချေ။ ငါသည် မည်သည့် အရပ်ဒေသကိုမှ –ထိုမှ ဝိုင်းသားများသည် အမိုက်ကောင်များ မဟုတ်ဘဲ တိမ်ကောစေခြင်း မရှိချေ။[၈၀၄]
၆၀။	**وَمَا أُوتِيتُم مِّن شَيْءٍ فَمَتَاعُ الْحَيَاةِ الدُّنْيَا وَزِينَتُهَا وَمَا عِندَ اللَّهِ خَيْرٌ وَأَبْقَى أَفَلَا تَعْقِلُونَ۞** သင်တို့အား ပေးအပ်သော အရာများသည် လောကီ ဘဝ၏ ချမ်းမြေ့ စွဲမက်စရာ အတွက်သာ ဖြစ်၏။ ပရမတ် ဘုရားရှင်၏ ထံပါး၌ ရှိသည်မှာ ပိုမိုကောင်းမြတ်၏၊ တည်တံ့၏၊ အတွေးအခေါ် မရှိကြသလော။
၆၁။	**أَفَمَن وَعَدْنَاهُ وَعْدًا حَسَنًا فَهُوَ لَاقِيهِ كَمَن مَّتَّعْنَاهُ مَتَاعَ الْحَيَاةِ الدُّنْيَا ثُمَّ هُوَ يَوْمَ الْقِيَامَةِ مِنَ الْمُحْضَرِينَ۞** ငါအရှင်၏ တင့်တင့်တယ်တယ် ကတိဖြင့် ကတိ ခင်းကျင်းခံရ သူသည်– လောကီဘဝ၏ ချမ်းမြေ့ခြင်းဖြင့် ချမ်းမြေ့စေပြီး ရပ်တည်ရမည့် နေ့ကာလ၌ ဆင့်ခေါ်ခံရသူ ကဲ့သို့ ဖြစ်လေသလော။
၆၂။	**وَيَوْمَ يُنَادِيهِمْ فَيَقُولُ أَيْنَ شُرَكَائِيَ الَّذِينَ كُنتُمْ تَزْعُمُونَ۞** ငါသည် သူတို့အား ခေါ်ငင်သော နေ့ကာလ၌ ‘‘ငါနှင့် ရောပွနှံးကိုးကွယ်ခဲ့သော– သင်တို့ ရပ်တည်ပြောဆိုပေးလေ့ ရှိသော သူများ အဘယ်မှာနည်း၊’’ဟု ဆိုလတ္တံ့။
၆၃။	**قَالَ الَّذِينَ حَقَّ عَلَيْهِمُ الْقَوْلُ رَبَّنَا هَؤُلَاءِ الَّذِينَ أَغْوَيْنَا أَغْوَيْنَاهُمْ كَمَا غَوَيْنَا تَبَرَّأْنَا إِلَيْكَ مَا كَانُوا إِيَّانَا يَعْبُدُونَ۞** သူတို့အပေါ်သို့ မှန်ကန်စွာ စကားတည်ခြင်း ခံရသောသူများက ‘‘အို ကံကြမ္မာရှင်၊ ဤသူတို့သည် တပည့်တော်တို့အား တိမ်းပါးစေခဲ့ပါပြီ၊ တပည့်တော်တို့သည်လည်း မိမိတို့အား တိမ်းပါးစေ သကဲ့သို့ သူတို့အား တိမ်းပါးစေခဲ့ပါပြီ၊ တပည့်တော်တို့သည် အရှင့်ထံ၌ ကင်းရှင်းပါ၏၊ သူတို့သည် တပည့်တော်တို့အား ကိုးကွယ်လေ့ မရှိခဲ့ပါ၊’’ဟု ဆိုကြ၏၊

---

(၈၀၃) ဤသုတ်တော်က မိမိ၏ အကျိုးစီးပွား အတွက် တစ်ခုတည်း၌သာ လုယက်စီးပွားရှာခြင်း၌ ဇောသန်နေလျက် အနာဂါတ် မျိုးဆက်အား ဂရုမထား သူတို့အား ကြီးစွာသော သတိပေးထားသော နိယာမ ဖြစ်ပေသည်။ လူအုပ်စုတစ်စု၊ မျိုးနွယ်တစ်စု၊ တိုင်းပြည် တစ်ခုတွင် နေထိုင်ကြသော လူသားတို့သည် မိမိအတွက် စီးပွားဟူသော အရာတစ်ခုတည်း နောက်သို့ လိုက်လျက် သစ္စာတရား၊ အမှန်တရားအား ရှာဖွေနိုင်သော နှလုံးသား ကျယ်ဝန်းမှု မရှိ၊ နောင်မျိုးဆက်အတွက် အတွေးအခေါ်ကောင်းများကို အမွေမပေးနိုင်ခဲ့လျှင် မျိုးဆက်တိမ်ကော ရမည်သာ ဖြစ်ပေသည်။

(၈၀၄) ကမ္ဘာ့နောက်ဆုံးနေ့ထိ ခိုင်မြဲနေမည့် ကျမ်းတော်ပါ အဆုံးအမ ဥပမာများသည် ကမ္ဘာ့နောက်ဆုံးနေ့ထိ ခေတ်ကာလများ အားလုံး အတွက် အကြုံးဝင်ပေသည်။ ဤသုတ်တော်က တိုင်းနိုင်ငံတိုင်းတွင် ညစ်ဆိုးအိုဟောင်းသော ဝါဒများ လွှမ်းမိုးလာသောအခါ ထိုဝါဒအား တော်လှန်ဆန့်ကျင်ရန် ခေါင်းဆောင်များ ပေါ်လာလိမ့်မည်၊ ထိုသို့ ပေါ်ပေါက်လာပြီးမှ ထိုဝါဒလမ်းစဉ်ဆိုးများ တိမ်ကောသွားရမည်ဟု ပြောဆိုထားခြင်း ဖြစ်ပေသည်။

၆၄။	**وَقِيلَ ادْعُوا شُرَكَاءَكُمْ فَدَعَوْهُمْ فَلَمْ يَسْتَجِيبُوا لَهُمْ وَرَأَوُا الْعَذَابَ لَوْ أَنَّهُمْ كَانُوا يَهْتَدُونَ۝** သင်တို့ ရောပြွန်းကိုးကွယ်ရာများကို ခေါ်ကြလော့ ဟု ဆိုသော်၊ သူတို့သည် ၎င်းတို့ကို ခေါ်ကြ၏၊ သို့သော် သူတို့အား မတုန့်ပြန်ကြချေ။ သူတို့သည် ဝဋ်ကြွေးကိုသာ မြင်ရ၏၊ သူတို့သည် လမ်းညွှန်မှန်၌ ရှိခဲ့ပါလေစ။
၆၅။	**وَيَوْمَ يُنَادِيهِمْ فَيَقُولُ مَاذَا أَجَبْتُمُ الْمُرْسَلِينَ۝** သူတို့အား ခေါ်ငင်သော နေ့ကာလ၌ ''ဉာဏ်စဉ်ဆောင်တို့အား သင်တို့က မည်သို့ တုန့်ပြန်ခဲ့သနည်း၊''ဟု မေး၏။–
၆၆။	**فَعَمِيَتْ عَلَيْهِمُ الْأَنبَاء يَوْمَئِذٍ فَهُمْ لَا يَتَسَاءلُونَ۝** ထိုနေ့ကာလ၌ သူတို့အတွက် သတင်းများ စုံလုံးကန်းလျက်။ သူတို့ချင်း မေးမြန်းနိုင်တော့မည် မဟုတ်ချေ။
၆၇။	**فَأَمَّا مَن تَابَ وَآمَنَ وَعَمِلَ صَالِحًا فَعَسَى أَن يَكُونَ مِنَ الْمُفْلِحِينَ۝** ခဝါချ– ယုံကြည်လျက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသူမှာမူ သူသည် အောင်မြင်ပေါက်မြောက်သူတို့မှ ဖြစ်နိုင်ရာ၏။
၆၈။	**وَرَبُّكَ يَخْلُقُ مَا يَشَاء وَيَخْتَارُ مَا كَانَ لَهُمُ الْخِيَرَةُ سُبْحَانَ اللَّهِ وَتَعَالَى عَمَّا يُشْرِكُونَ۝** သင်၏ ကံကြမ္မာရှင်သည် စံချိန်ပြည့်မှီရာ ရွေးချယ်ရာကို ဖြစ်တည်စေ၏။ သူတိုအတွက် အကောင်းချည်းသာ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ဦးထိပ်ထားရာ ဖြစ်ပါ၏၊ ရောပြွန်းကိုးကွယ်ကြရာများထက် အထွဋ်အထိပ်ဖြစ်တော်မူ၏။
၆၉။	**وَرَبُّكَ يَعْلَمُ مَا تُكِنُّ صُدُورُهُمْ وَمَا يُعْلِنُونَ۝** သင့်ကံကြမ္မာရှင်သည် သူတို့၏ ရင်တွင်း၌ ကွယ်ထားရာ လူသိရှင်ကြားပြုရာများကို သိနေတော်မူ၏။
၇၀။	**وَهُوَ اللَّهُ لَا إِلَهَ إِلَّا هُوَ لَهُ الْحَمْدُ فِي الْأُولَى وَالْآخِرَةِ وَلَهُ الْحُكْمُ وَإِلَيْهِ تُرْجَعُونَ۝** အရှင်သည် ပရမတ်ဘုရားရှင် ဖြစ်၏။ အရှင်မှအပ အခြား ဘုရားဟူ၍ မရှိ၊ အစမှ အဆုံးထိ ရည်သန်စူးစိုက်မှု အပေါင်းသည် အရှင့်အတွက်သာ ဖြစ်၏။ စီရင်ထုံးတို့၏ အရှင်သခင် ဖြစ်၏၊ အရှင့်ထံသို့သာ လှည့်ပြန်ရမည်သာတည်း။
၇၁။	**قُلْ أَرَأَيْتُمْ إِن جَعَلَ اللَّهُ عَلَيْكُمُ اللَّيْلَ سَرْمَدًا إِلَى يَوْمِ الْقِيَامَةِ مَنْ إِلَهٌ غَيْرُ اللَّهِ يَأْتِيكُم بِضِيَاء أَفَلَا تَسْمَعُونَ۝** ''အကယ်၍ ပရမတ်ဘုရားရှင်သည် ညဉ့်အား ရပ်တည်ရမည့် နေ့ကာလအထိ တဆက်တည်း စီစဉ်ခဲ့သော်၊ ပရမတ်ဘုရားရှင်မှအပ အခြားသော အဘယ်ဘုရားက သင်တို့အတွက် နေ့အလင်းရောင်ကို ပေးအပ်နိုင်မည်နည်း ဟု ရှုစားမိကြသလော၊ ကြားနာနိုင်မှု မရှိကြသလော၊''ဟု ဟောပြောလော့။
၇၂။	**قُلْ أَرَأَيْتُمْ إِن جَعَلَ اللَّهُ عَلَيْكُمُ النَّهَارَ سَرْمَدًا إِلَى يَوْمِ الْقِيَامَةِ مَنْ إِلَهٌ غَيْرُ اللَّهِ يَأْتِيكُم بِلَيْلٍ تَسْكُنُونَ فِيهِ أَفَلَا تُبْصِرُونَ۝** ဟောဦးလော့ ''အကယ်၍ ပရမတ်ဘုရားရှင်သည် နေ့ကို ရပ်တည်ရမည့် နေ့ကာလအထိ တဆက်တည်း စီစဉ်ခဲ့သော် ပရမတ်ဘုရားရှင်မှအပ အခြားသော အဘယ် ဘုရားက နားစေနိုင်သော ညကို သင်တို့အား ပေးအပ်နိုင်မည်နည်း ဟု ရှုစားမိကြသလော၊ အမြင် မရှိကြသလော၊''[၈၅]
၇၃။	**وَمِن رَّحْمَتِهِ جَعَلَ لَكُمُ اللَّيْلَ وَالنَّهَارَ لِتَسْكُنُوا فِيهِ وَلِتَبْتَغُوا مِن فَضْلِهِ وَلَعَلَّكُمْ تَشْكُرُونَ۝** အရှင်၏ ကရုဏာတော်များမှ နားနေနိုင်ရန်၊ အရှင်၏ သိက္ခာပေးခြင်းကို ရှာဖွေနိုင်ရန် သင်တို့အတွက် နေ့နှင့် ညကို

(၈၀၅) ဤသုတ်တော်များ ၇၁ နှင့် ၇၂ တွင် နေ့ကို မြဲမြံတည်တံ့သည့် နေ့ကာလတိုင်။ ည ကို ရပ်တည်ရမည့် နေ့ကာလတိုင်-- ထားခဲ့လျှင် ဆိုသည်မှ နေ့ ဆိုသည်မှာ သစ္စာတရား ထွန်းတောက်နေသည့် ခေတ်ကာလများနှင့် ည ဆိုမှာ အမိုက်မှောင်စီးသော ခေတ်ကာလများကို ပမာဆောင် ပြောကြားခြင်း ဖြစ်ပေသည်။

	စီစဉ်ပေးထား၏။ သင်တို့အဘို့ ကျေးဇူးသိတတ်အံ့ငှာ ဖြစ်၏။
၇၄။	**وَيَوْمَ يُنَادِيهِمْ فَيَقُولُ أَيْنَ شُرَكَائِيَ الَّذِينَ كُنتُمْ تَزْعُمُونَ۞** သူတို့အား အရှင် ခေါ်ငင်သော နေ့၌ ''ငါနှင့် ရောပြွန်းကိုးကွယ်ခဲ့သည့် သင်တို့က ရပ်တည်ပြောဆိုပေးလေ့ရှိသော သူများ အဘယ်မှာနည်း၊''ဟု ဆိုလတ္တံ့။
၇၅။	**وَنَزَعْنَا مِن كُلِّ أُمَّةٍ شَهِيدًا فَقُلْنَا هَاتُوا بُرْهَانَكُمْ فَعَلِمُوا أَنَّ الْحَقَّ لِلَّهِ وَضَلَّ عَنْهُم مَّا كَانُوا يَفْتَرُونَ۞** ငါသည် အသိုင်းအဝိုင်း ကိုယ်စီမှ သက်သေ တစ်ဦးစီကို ဆွဲထုတ်၍ ''သင်တို့၏ သက်သေပြချက်များကို ယူခဲ့ကြ၊''ဟု ဆိုသော်၊ သစ္စာတရားသည် ပရမတ်ဘုရားရှင်၌ ရှိ၍၊ သူတို့၏ လုပ်ကြံဖန်တီးလေ့ရှိရာများသည် သူတို့မှ သွေဖယ်သွားကြောင်းကို သူတို့ သိလာကြလတ္တံ့။
၇၆။	**إِنَّ قَارُونَ كَانَ مِن قَوْمِ مُوسَى فَبَغَى عَلَيْهِمْ وَآتَيْنَاهُ مِنَ الْكُنُوزِ مَا إِنَّ مَفَاتِحَهُ لَتَنُوءُ بِالْعُصْبَةِ أُولِي الْقُوَّةِ إِذْ قَالَ لَهُ قَوْمُهُ لَا تَفْرَحْ إِنَّ اللَّهَ لَا يُحِبُّ الْفَرِحِينَ۞** ကာရူးန်သည် မူဆာ၏ လူမျိုးမှဖြစ်၍၊ သူသည် သူတို့ကို အပြစ်ရှာ၏၊ ငါသည် သူ့အား ဥစ္စာရတနာများကို ချီးမြှင့်၍ သူ၏ သော့များသည် အဖွဲ့တောင့် အစွမ်း ရှိသူများကိုပင် ဝန်ပိစေနိုင်၏။[၈၀၆] သူ့လူမျိုးက သူ့အား ပြောသည်မှာ ''အူမြူးမနေနှင့်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် အူမြူးနေသူများကို နှစ်သက်တော်မမူချေ။–
၇၇။	**وَابْتَغِ فِيمَا آتَاكَ اللَّهُ الدَّارَ الْآخِرَةَ وَلَا تَنسَ نَصِيبَكَ مِنَ الدُّنْيَا وَأَحْسِن كَمَا أَحْسَنَ اللَّهُ إِلَيْكَ وَلَا تَبْغِ الْفَسَادَ فِي الْأَرْضِ إِنَّ اللَّهَ لَا يُحِبُّ الْمُفْسِدِينَ۞** သင့်အား ပရမတ်ဘုရားရှင် ချီးမြှင့်ထားရာတို့ဖြင့် နောင်ဘဝ ဗိမာန်ကို ရှာဖွေလော့၊ လောကီမှ ပင်ပန်းရက္ခိုးကိုလည်း မမေ့ပျောက်စေနှင့်၊ ပရမတ်ဘုရားရှင်က သင့်အား သုမင်္ဂလာပြုစေသကဲ့သို့ သင်သည် သုမင်္ဂလာပြုလော့၊ မြေပေါ်တွင် အဖျက်လုပ်ရပ် မရှာမှီးနှင့်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် အဖျက်ကောင်များကို နှစ်သက်တော်မမူချေ။''
၇၈။	**قَالَ إِنَّمَا أُوتِيتُهُ عَلَى عِلْمٍ عِندِي أَوَلَمْ يَعْلَمْ أَنَّ اللَّهَ قَدْ أَهْلَكَ مِن قَبْلِهِ مِنَ الْقُرُونِ مَنْ هُوَ أَشَدُّ مِنْهُ قُوَّةً وَأَكْثَرُ جَمْعًا وَلَا يُسْأَلُ عَن ذُنُوبِهِمُ الْمُجْرِمُونَ۞** သူက ''ကျွန်ုပ်သည် မိမိ၏ အသိပညာကြောင့်သာ ဤသည်ကို ချီးမြှင့်ခံရခြင်း ဖြစ်၏။''ဟု ဆို၏။ သူ့ရှေ့ မတိုင်မီ သူ့ထက် အစွမ်းသတ္တိ ပိုမိုသန်မာသော၊ အုပ်စုအင်အား ပိုများသော မျိုးဆက်များကို ပရမတ်ဘုရားရှင်က တိမ်ကောစေလိုက်သည်ကို သူ မသိသလော၊ ရာဇဝတ်ကောင်များအား သူတို့၏ အပြစ်များအတွက် စစ်ဆေးရန်ပင် မလိုတော့ချေ။
၇၉။	**فَخَرَجَ عَلَى قَوْمِهِ فِي زِينَتِهِ قَالَ الَّذِينَ يُرِيدُونَ الْحَيَاةَ الدُّنْيَا يَا لَيْتَ لَنَا مِثْلَ مَا أُوتِيَ قَارُونُ إِنَّهُ لَذُو حَظٍّ عَظِيمٍ۞** စွဲမက်စရာများဖြင့် သူ့လူမျိုးကြားသို့ သူထွက်လာခဲ့၏၊ လောကီသက်တမ်းအား လိုလားသောသူက ''ကာရူးန်အား ချီးမြှင့်ခံရသကဲ့သို့ ကျွန်ုပ်သည် ဖြစ်ချင်လှပါဘိ၊ ဇကန်ပင် သူသည် ကံကြီးသူ ဖြစ်၏။''ဟု ဆို၏။
၈၀။	**وَقَالَ الَّذِينَ أُوتُوا الْعِلْمَ وَيْلَكُمْ ثَوَابُ اللَّهِ خَيْرٌ لِّمَنْ آمَنَ وَعَمِلَ صَالِحًا وَلَا يُلَقَّاهَا إِلَّا الصَّابِرُونَ۞** အသိပညာ ချီးမြှင့်ခြင်းခံရသော သူက ''သင်တို့ ပျက်စီးရလေခြင်း၊ ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသူအတွက် ဖြစ်သည့် ပရမတ်ဘုရားရှင်၏ အကျိုးပေးသည် သာလွန်ကောင်းမြတ်၏။ ၎င်းကို ခွန်ပါရမီရှင်တို့သည်သာ ဆုံတွေ့နိုင်၏။''

---

(၈၀၆) သူ၏သော့သည် အုပ်စုတောင့် အားသာသူများကိုပင် ဝန်ပိစေနိုင်၏၊ ဆိုသည်မှာ သူဥစ္စာပစ္စည်းများဖြင့် လာဘ်လာဘ ထိုး၍ အာဏာပိုင်များကိုပင် အကျင့်စာရိတ္တများ ဖျက်ဆီးစေနိုင်၏ ဟု ဖြစ်ပေသည်။ သူသည် အာဏာပိုင်များကို ချည်းကပ်လျက် နွမ်းပါးသူတို့အား ခေါင်းပုံဖြတ် အမြတ်ကြီး စားကြောင်းကိုသာ ဤသုတ်တော်က ဖေါ်ပြပေသည်။ ကာရူးန်အား သမ္မာကျမ်းစာ၌ **ကောရ** ဟု ခေါ်တွင်၏၊ တောလည်ရာကျမ်း ၁၆။

	ဟု ဆို၏။
၈၁။	**فَخَسَفْنَا بِهِ وَبِدَارِهِ الْأَرْضَ فَمَا كَانَ لَهُ مِن فِئَةٍ يَنصُرُونَهُ مِن دُونِ اللَّهِ وَمَا كَانَ مِنَ الْمُنتَصِرِينَ۞** သို့ဖြင့် ငါအရှင်သည် မြေကမ္ဘာက သူနှင့် သူ့ဗိမာန်အား မြိုလိုက်စေ၏။ ပရမတ်ဘုရားရှင် မှလွဲ၍ သူ့အား ကူညီနိုင်သော တပ်ဟူ၍ မရှိပြီ၊ သူသည် မိမိကိုယ်မိမိ ကူညီနိုင်ခြင်း မရှိချေ။[၈၀၇]
၈၂။	**وَأَصْبَحَ الَّذِينَ تَمَنَّوْا مَكَانَهُ بِالْأَمْسِ يَقُولُونَ وَيْكَأَنَّ اللَّهَ يَبْسُطُ الرِّزْقَ لِمَن يَشَاء مِنْ عِبَادِهِ وَيَقْدِرُ لَوْلَا أَن مَّنَّ اللَّهُ عَلَيْنَا لَخَسَفَ بِنَا وَيْكَأَنَّهُ لَا يُفْلِحُ الْكَافِرُونَ۞** မနေ့က သူ၏ အဆင့်ကို အားကျမိသော သူတို့က နံနက်စတွင် "ပရမတ်ဘုရားရှင်သည် အရှင်၏ အမှုတော်ဆောင်များမှ စံချိန်ပြည့်မှီသူကို မပြတ်မလတ် ရိက္ခာ တိုးပွားစေ၏။ စည်းကြပ်မတ်၏။ အကယ်၍ ပရမတ်ဘုရားရှင်က ကျွန်ုပ်တို့အား မျက်နှာသာ မပေးခဲ့လျှင် ကျွန်ုပ်တို့သည်လည်း မြေမျိုခြင်း ခံရပေမည်၊ ဖုံးကွယ်သူတို့သည် အောင်မြင်ပေါက်မည် မဟုတ်ချေတကား၊" ဟု ဆိုကြ၏။
၈၃။	**تِلْكَ الدَّارُ الْآخِرَةُ نَجْعَلُهَا لِلَّذِينَ لَا يُرِيدُونَ عُلُوًّا فِي الْأَرْضِ وَلَا فَسَادًا وَالْعَاقِبَةُ لِلْمُتَّقِينَ۞** နောင်ဘဝ ဗိမာန်တော်ကိုမူ၊ မြေကမ္ဘာ၌ ကိန်းကြီးခန်းကြီးနှင့် အဖျက်မလုပ်လိုသော သူများအတွက် ငါ စီစဉ်ထား၏၊ ချုပ်ငြိမ်းခြင်းသည် စည်းစောင့်သူတို့အတွက်ပင် ဖြစ်၏။
၈၄။	**مَن جَاء بِالْحَسَنَةِ فَلَهُ خَيْرٌ مِّنْهَا وَمَن جَاء بِالسَّيِّئَةِ فَلَا يُجْزَى الَّذِينَ عَمِلُوا السَّيِّئَاتِ إِلَّا مَا كَانُوا يَعْمَلُونَ۞** သုမင်္ဂလာဖြင့် ရောက်လာသူ၊ သူ့အတွက် ထို၌ ပိုကောင်းခြင်းသည် ရှိ၏။ အကုသိုလ်ဖြင့် ရောက်လာသူ၊ အကုသိုလ်ကျင့်ကြံသောသူများ၏ ကျင့်ကြံခဲ့လေ့ရှိသည့်အလျောက်သာ အစားပေးခံရလတ္တံ့။
၈၅။	**إِنَّ الَّذِي فَرَضَ عَلَيْكَ الْقُرْآنَ لَرَادُّكَ إِلَى مَعَادٍ قُل رَّبِّي أَعْلَمُ مَن جَاء بِالْهُدَى وَمَنْ هُوَ فِي ضَلَالٍ مُّبِينٍ۞** ကုရ်အာန်ကျမ်းအား သင့်အပေါ်၌ တာဝန်ပေးသော အရှင်သည် သင့်အား ဆက်ဖြစ်မည့်အဆင့်သို့ ပြန်ပို့တော်မူလတ္တံ့၊ "ကျွန်ုပ်၏ ကံကြမ္မာရှင်က မည်သူသည် လမ်းညွှန်ချက်ဖြင့် ရောက်လာသည်၊ မည်သူသည် ရှင်းလင်းထင်ရှားသော အပါယ်လမ်း၌ ရှိသည်ကို အသိဆုံးဖြစ်တော်မူ၏၊" ဟု ဟောကြားလော့။
၈၆။	**وَمَا كُنتَ تَرْجُو أَن يُلْقَى إِلَيْكَ الْكِتَابُ إِلَّا رَحْمَةً مِّن رَّبِّكَ فَلَا تَكُونَنَّ ظَهِيرًا لِّلْكَافِرِينَ۞** ဤမတိုင်မီက သင့်အား ကျမ်းတော်ကို ခင်းကျင်းပေးမည်ဟု သင် မျှော်လင့်ထားခြင်း မရှိခဲ့ချေ။ သို့သော် ဤသည် သင့်ကံကြမ္မာရှင်၏ ထံမှ ကရုဏာတော်သာ ဖြစ်၏၊ ထို့ကြောင့် ဖုံးကွယ်သူများအား ကျောထောက်နောက်ခံပြုသူ မဖြစ်နှင့်။
၈၇။	**وَلَا يَصُدُّنَّكَ عَنْ آيَاتِ اللَّهِ بَعْدَ إِذْ أُنزِلَتْ إِلَيْكَ وَادْعُ إِلَى رَبِّكَ وَلَا تَكُونَنَّ مِنَ الْمُشْرِكِينَ۞** သင့်ထံသို့ ချမှတ်ပေးပြီးနောက် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများမှ သင့်ကို မဖယ်စေနှင့်၊ သင့် ကံကြမ္မာရှင်၏ ထံသို့သာ ဖိတ်ခေါ်လော့၊ ရောပြွန်းကိုးကွယ်သူတို့မှ မဖြစ်ကြစေနှင့်။
၈၈။	**وَلَا تَدْعُ مَعَ اللَّهِ إِلَهًا آخَرَ لَا إِلَهَ إِلَّا هُوَ كُلُّ شَيْءٍ هَالِكٌ إِلَّا وَجْهَهُ لَهُ الْحُكْمُ وَإِلَيْهِ تُرْجَعُونَ۞** ပရမတ်ဘုရားရှင်မှအပ အခြားဘုရားဟူ၍ ဆုမတောင်းကြစေနှင့်၊ အရှင်မှ အပ အခြား ဘုရားဟူ၍ မရှိပြီ၊ အရှင်၏

---

(၈၀၇) ဤသုတ်တော်တွင် ပြောဆိုသော ကာရူးန်နှင့် သူ၏ဗိမာန်အား မြေမျိုလိုက်သည် ဆိုခြင်းကို ဒဏ္ဍာရီ ပုံပြင်လာ မြေမျိုခြင်းကဲ့သို့ မြင်ယောင်၍ မခံစားသင့်ပေ။ ဤနေရာ၌ မြေမြိုသည်ဟု သုံးသော **ခဆဖ خسف** ကို လကြတ် နေကြတ်သော နေရာများတွင်လည်း သုံးပေသည်၊ ၇၅း၈။ ထို့ကြောင့် ဤနေရာ၌ ဆိုလိုသည်မှာ သူနှင့် သူ၏လုပ်ပိုင်ခွင့် သည် နေ့ခြင်း ညခြင်း ယုတ်လျော့သွားသည်ဟု ဖြစ်သည်။ (ဗိမာန်– ၂း၈၄ တွင်ကြည့်)

	ဥပတိတော်မှအပ သဗ္ဗလုံးစုံသည် တိမ်ကောပျက်စီးရမည်သာတည်း၊ စီရင်ထုံးပြုခြင်းသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင့်ထံသို့သာ လှည့်ပြန်ရမည်သာတည်း။[၈၀၈]

(၈၀၈) ဤသုတ်တော်အား ကိုးကားလျက် ကမ္ဘာ့နိဂုံး ဟု ခေါ်သော ကိယာမတ်နေ့ အကြောင်းကို ပြောဆိုရာတွင် ကမ္ဘာကြီး ပျက်သုန်းသော နေ့တွင် အလွှာဟ်အရှင် မျက်နှာတော် တစ်ခုတည်းသာ ကျန်နေခဲ့မည်ဟု ဆိုသော ဆရာကြီးပေါင်း များစွာ ရှိပေသည်။ ထိုဆရာတော်ကြီးများက အလွှာဟ်အရှင် ကိုယ်လက်မျက်နှာ ရှိသည်ဟု မှားယွင်းစွာ ယုံကြည်မှုကြောင့်သာ ဖြစ်ပေသည်။ ဤသုတ်တော်မှ ဆိုလိုချက်မှာ အလွှာဟ်အရှင်၏ ရှေ့ရှုသော ကျမ်းတော် (ကုရ်အာန်) အား လိုက်နာသူများမှအပ ကျန်သူအားလုံး မွေးမှိန်ပျောက်ကွယ်သွားရမည်ဟု ဆိုလိုခြင်းသာ ဖြစ်ပေသည်။

ဓမ္မခန္ဓာ (၂၉) "ပင့်ကူ" (အလ် အန်ကာဘူ–တ်)

ဥဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၈၅။ သုတ်ဒေသနာ– ၆၉ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။ ☆ ၂။	**الم**۞ အလက်ဖ်၊ လမ်၊ မင်း☆
၂။	**أَحَسِبَ النَّاسُ أَن يُتْرَكُوا أَن يَقُولُوا آمَنَّا وَهُمْ لَا يُفْتَنُونَ**۞ လူသားတို့က "ကျွန်ုပ်တို့သည် ယုံကြည်ပါ၏"ဟု ဆိုယုံမျှဖြင့် သူတို့အား စမ်းသပ်ခြင်း မရှိဘဲ ချန်ထားပေးမည်ဟု စိတ်ကူးယဉ်နေသလော။
၃။	**وَلَقَدْ فَتَنَّا الَّذِينَ مِن قَبْلِهِمْ فَلَيَعْلَمَنَّ اللَّهُ الَّذِينَ صَدَقُوا وَلَيَعْلَمَنَّ الْكَاذِبِينَ**۞ ဖြောင့်မှန်သော သူများကို သိသာစေရန်၊ မုသာဝါဒီများကို သိသာစေရန်– သူတို့၏ ရှေ့အလျင် ဖြစ်သူများကိုလည်း ပရမတ်ဘုရားရှင်က စမ်းသပ်ခဲ့ပြီ။
၄။	**أَمْ حَسِبَ الَّذِينَ يَعْمَلُونَ السَّيِّئَاتِ أَن يَسْبِقُونَا سَاءَ مَا يَحْكُمُونَ**۞ သို့တည်းမဟုတ် အကုသိုလ်အား ကျင့်ကြံသော သူများသည် ငါထံမှ လွတ်ကြောင်းသတ်မှတ်ချက်ရှိသည်ဟု စိတ်ကူးယဉ်နေကြသလော၊ သူတို့၏ စီရင်ထုံးပြုမှုသည် အဆိုးသာလျှင် ဖြစ်၏။
၅။	**مَن كَانَ يَرْجُو لِقَاءَ اللَّهِ فَإِنَّ أَجَلَ اللَّهِ لَآتٍ وَهُوَ السَّمِيعُ الْعَلِيمُ**۞ ပရမတ်ဘုရားရှင်အား ဖူးတွေ့ရမည်ကို မျော်ကိုးသူများ ရှိ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်၏ သတ်မှတ်ကာလသည် ဆိုက်ရောက်လာနေ၏။ အရှင်သည် ကြားနေသောအရှင်၊ သိနေသော အရှင် ဖြစ်တော်မူ၏။
၆။	**وَمَن جَاهَدَ فَإِنَّمَا يُجَاهِدُ لِنَفْسِهِ إِنَّ اللَّهَ لَغَنِيٌّ عَنِ الْعَالَمِينَ**۞ အားစိုက်ဆောင်ရွက်သူ၊ ထိုသူသည် သူ့ဥဉ်စရိုက်အတွက် အားစိုက်ဆောင်ရွက်ခြင်း ဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကုန်လုံပြည့်စုံ၏၊ လောကခပ်သိမ်းအား မှီခိုခြင်းကင်း၏။
၇။	**وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَنُكَفِّرَنَّ عَنْهُمْ سَيِّئَاتِهِمْ وَلَنَجْزِيَنَّهُمْ أَحْسَنَ الَّذِي كَانُوا يَعْمَلُونَ**۞ ယုံကြည်၍ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသောသူ၊ ထိုသူများ၏ အကုသိုလ်များကို ဖုံးကွယ်ပလပ်ပေး၍ သူတို့ကျင့်ကြံလေ့ရှိသည်များ အတွက် တင့်တင့်တယ်တယ် အစားပေးတော်မူမည်။

၈။	**وَوَصَّيْنَا الْإِنسَانَ بِوَالِدَيْهِ حُسْنًا وَإِن جَاهَدَاكَ لِتُشْرِكَ بِي مَا لَيْسَ لَكَ بِهِ عِلْمٌ فَلَا تُطِعْهُمَا إِلَيَّ مَرْجِعُكُمْ فَأُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ**۞ ငါသည် လူသားတို့အား မွေးမိဘအပေါ် သုမင်္ဂလာပြုရမည်ဟု မှာကြား၏။ သို့သော် သူတို့က သင်ကိုယ်တိုင် တပ်အပ်မသိသော အရာကို ငါအရှင်နှင့် ရောပြွန်းကိုးကွယ်စေရန် အားစိုက်ဆောင်ရွက်ခဲ့လျှင်၊ သူတို့အား မနာခံကြနှင့်၊

	သင်တို့သည် ငါ့ထံသို့သာ အပြန်ခရီးရှိ၏၊ ထိုအခါ သင်တို့ ကျင့်ကြံလေ့ရှိရာကို သတင်းထုတ်ပြန်တော်မူလတ္တံ့။[၈၈]
၉။	**وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَنُدْخِلَنَّهُمْ فِي الصَّالِحِينَ۝** ယုံကြည်၍ ပြုပြင်ခြင်းကို ကျင့်ကြံသောသူ၊ သူတို့အား ငါအရှင်က ပြောင်းလဲရေးဂါဒီ၏ အထဲသို့ ဝင်စေတော်မူလတ္တံ့။
၁၀။ အတွင်း စိတ်	**وَمِنَ النَّاسِ مَن يَقُولُ آمَنَّا بِاللَّهِ فَإِذَا أُوذِيَ فِي اللَّهِ جَعَلَ فِتْنَةَ النَّاسِ كَعَذَابِ اللَّهِ وَلَئِن جَاء نَصْرٌ مِّن رَّبِّكَ لَيَقُولُنَّ إِنَّا كُنَّا مَعَكُمْ أَوَلَيْسَ اللَّهُ بِأَعْلَمَ بِمَا فِي صُدُورِ الْعَالَمِينَ۝** လူသားတို့အနက် ''ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်အား ယုံကြည်ပါ၏။''ဟု ဆိုသူများ ရှိ၏။ သို့သော် ပရမတ်ဘုရားရှင် အတွက် သွေးတိုးစမ်းခံရစေလျှင် လူသားတို့၏ ကျပ်တည်းထိခိုက်ခြင်း စီစဉ်မှုကို ပရမတ်ဘုရားရှင်ထံမှ ဝဋ်ကြွေးအလား ခံစား၏။ သို့သော် ကံကြမ္မာရှင်၏ ထံမှ ကူညီစောင်မမှု ရောက်လာလျှင် ''ကျွန်ုပ်တို့သည် သင်တို့နှင့် အတူ ဖြစ်ခဲ့၏။''ဟု ဆိုကြ၏။ ပရမတ်ဘုရားရှင်သည် လောကခပ်သိမ်း၏ **ရင်တွင်း**မှ အရာကို အသိဆုံးပင် မဟုတ်လော၊
၁၁။ ★ ဒုးဖဒ့	**وَلَيَعْلَمَنَّ اللَّهُ الَّذِينَ آمَنُوا وَلَيَعْلَمَنَّ الْمُنَافِقِينَ۝** ပရမတ်ဘုရားရှင်က ယုံကြည်သော သူများကို သိသာစေ၏၊ သီလကြောင်များကိုလည်း★ သိသာစေ၏။
၁၂။	**وَقَالَ الَّذِينَ كَفَرُوا لِلَّذِينَ آمَنُوا اتَّبِعُوا سَبِيلَنَا وَلْنَحْمِلْ خَطَايَاكُمْ وَمَا هُم بِحَامِلِينَ مِنْ خَطَايَاهُم مِّن شَيْءٍ إِنَّهُمْ لَكَاذِبُونَ۝** ဖုံးကွယ်သော သူများက ယုံကြည်သော သူများကို ''ကျွန်ုပ်တို့၏ လမ်းစဉ်အား လိုက်နာကြလော့၊ သင်တို့၏ မှားပြစ်များကို သယ်ပိုးပေးမည်၊''ဟု ဆိုကြ၏။ သူတို့သည် သူတို့၏ မှားပြစ်များမှ တစ်စုံတစ်ရာကိုပင် သယ်ပိုးနိုင်ကြသည် မဟုတ်ချေ၊ သူတို့သည် မုသာဝါဒီများသာ ဖြစ်ကြကုန်၏။
၁၃။	**وَلَيَحْمِلُنَّ أَثْقَالَهُمْ وَأَثْقَالًا مَّعَ أَثْقَالِهِمْ وَلَيُسْأَلُنَّ يَوْمَ الْقِيَامَةِ عَمَّا كَانُوا يَفْتَرُونَ۝** သူတို့သည် သူတို့၏ ဝန်ထုပ်များ၊ သူတို့၏ ဝန်ထုပ်နှင့်အတူ အခြားဝန်ထုပ်များကို သယ်ပိုးရလိမ့်မည်၊ သူတို့၏ လုပ်ကြံဖန်တီးလေ့ရှိသည်များနှင့် စပ်လျဉ်း၍ ရပ်တည်ရမည့် နေ့ကာလ၌ စစ်ကြောခံကြရမည်ပင်။
၁၄။	**وَلَقَدْ أَرْسَلْنَا نُوحًا إِلَى قَوْمِهِ فَلَبِثَ فِيهِمْ أَلْفَ سَنَةٍ إِلَّا خَمْسِينَ عَامًا فَأَخَذَهُمُ الطُّوفَانُ وَهُمْ ظَالِمُونَ۝** ငါသည် နူးဟ်ကို သူ့လူမျိုးထံသို့ မုချ စေစား၍၊ ဓလေ့နှစ်တစ်ထောင်မှ သူတို့ထဲ၌ သက်တမ်းနှစ်ငါးဆယ်သာ နေစေခဲ့၏။[၈၉] ထို့ နောက် သူတို့အား လေဗွေမုန်တိုင်းဖြင့် အရေးယူခဲ့၏။ သူတို့သည် အမိုက်ကောင်များပင် ဖြစ်ကြ၏။

---

(၈၈) မိဘတို့အား ပြစ်မှားခွင့် မရှိပေ။ သို့သော် များစွာသော ဘဝတည်ဆောက်မှု ယုံကြည်ခြင်း ဘာသာဓလေ့များနှင့် စပ်လျဉ်း၍ မိဘတို့၏ သွန်သင်မှုများကို ဆန်းစစ်ရမည် ဖြစ်သည်။ များစွာသော မိဘတို့သည် သူတို့၏ ရိုးရာအစွဲအား သားသမီးတို့ထံ၌ မြင်စေချင်ကြပေသည်၊ သို့သော် သူတို့ကိုယ်တိုင် ရိုးရာအလိုက် လိမ်ညာခံခဲ့ရသလောဟု မဆန်းစစ်ပါက အနာဂါတ်မျိုးဆက်မှာ တိုးတက်နိုင်စရာ မရှိတော့ပေ။

(၈၉) ဤသုတ်တော်အား ဘာသာပြန်ဆိုရာ၌ ဆရာတော်အများစုကြီးက သမ္မာကျမ်းမှ ကမ္ဘာဦးကျမ်း ၉း၂၈–၂၉ ကို လိုက်၍ နူးဟ်၏ အသက်မှာ နှစ်ပေါင်း ၉၅၀ ဖြစ်သည်ဟု ပြန်ဆိုကြပေသည်။ ကျွန်ုပ်၏ ပထမဆုံး ဘာသာပြန်မူတွင်လည်း နှစ်တစ်ထောင် ငါးဆယ်လျော့ ဟု ဆရာစဉ်လိုက် မှားယွင်းစွာ ပြန်မိခဲ့ပါသည်။ ထိုသို့ ကျွန်ုပ် ပြန်ဆိုမိခြင်းမှာ– **ثَبَّ لَبِثَ** တစ်လုံးတည်းကိုသာ စီစစ်မိ၍ **سَنَةٍ နှစ်** နှင့် **عَامًا နှစ်** ကို သတိမထားခဲ့မိခြင်းကြောင့် ဖြစ်ပါကြောင်း ရိုးသားစွာ ဝန်ခံပါသည်။ ဤဝါကျ **فَلَبِثَ فِيهِمْ أَلْفَ سَنَةٍ إِلَّا خَمْسِينَ عَامًا** တွင် နှစ် (ခုနှစ်)ဟု ပြောဆိုသော စကားလုံး နှစ်လုံးပါဝင်၍ **سَنَةٍ ဆနားတင်** နှင့် **عَامًا အမ်းမန်** ဟု ဝေါဟာရ ခွဲထားပေသည်။ **سَنَةٍ** မှာ س ن و မှ ဆင့်ပွားခြင်း ဖြစ်ကာ ကျမ်းတော်တွင် ပုံစံ ၃ မျိုးဖြင့် အကြိမ် ၂၀ ဖော်ပြထားသည်။ **ဓလေ့ ထုံးတမ်း သက်ရောက်မှု သက်တမ်း ခုနှစ်ကို** ပြောဆိုရ၍ **عَامًا မှာ** ع و م **မှ** ဆင့်ပွားခြင်း ဖြစ်ပြီး **နှစ်၊ လူ့ဘဝ သက်တမ်း နှစ်** ကို ပြောဆိုခြင်းဖြစ်သည်၊ ကျမ်းတော်တွင် နာမ်ပုံစံ တစ်မျိုးတည်းဖြင့် ၉ ကြိမ်ဖော်ပြထားသည်။ ထိုပြင် ဤဝါကျ **فَلَبِثَ فِيهِمْ أَلْفَ سَنَةٍ إِلَّا خَمْسِينَ عَامًا** မှ အဓိက စကားလုံးမှာ **إِلَّا** မျှသာ။ မှတပါး ဟူသည် စကားလုံးပင် ဖြစ်သည်။ အဆိုပါ စကားလုံးများအား တိုက်ရိုက်ပြန်ဆိုသော်– သူတို့လူမျိုး၏ ဓလေ့ထုံးတမ်းသက်ရောက်မှုနှစ် ထဲမှ သူသည် နှစ် ငါးဆယ်သာ နေခဲ့သည် ဟုသာ ဖြစ်သည်။ ဤဝါကျမှ **ثَبَّ لَبِثَ** မှာ ဆိုင်းငံ့နေသော သဘောကိုသာ ဆောင်ပေသည်။ ကျမ်းတော်၏ ၁၀း၁၆ တွင် **ကိုယ်တော် မုဟမ္မဒ်က သင်တို့နှင့်အတူ**

၁၅။	**فَأَنجَيْنَاهُ وَأَصْحَابَ السَّفِينَةِ وَجَعَلْنَاهَا آيَةً لِّلْعَالَمِينَ۝** သူနှင့် ရေယာဉ်ပေါ်ရှိ ပေါင်းဖေါ်များကို ငါ လွတ်မြောက်စေ၍၊ လောကခပ်သိမ်းအတွက် နိမိတ်လက္ခဏာ အဖြစ် စီစဉ်ပေး၏။
၁၆။	**وَإِبْرَاهِيمَ إِذْ قَالَ لِقَوْمِهِ اعْبُدُوا اللَّهَ وَاتَّقُوهُ ذَلِكُمْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ۝** အီဗရာဟီးမ်က သူ့လူမျိုးအား ပြောသည်မှာ ‘‘ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ကြလော့၊ အရှင့်အား စည်းစောင့်ကြလော့၊ ယင်းသည် သင်တို့အတွက် ပိုကောင်း၏၊ သင်တို့ သိကြပါလေစ၊–
၁၇။	**إِنَّمَا تَعْبُدُونَ مِن دُونِ اللَّهِ أَوْثَانًا وَتَخْلُقُونَ إِفْكًا إِنَّ الَّذِينَ تَعْبُدُونَ مِن دُونِ اللَّهِ لَا يَمْلِكُونَ لَكُمْ رِزْقًا فَابْتَغُوا عِندَ اللَّهِ الرِّزْقَ وَاعْبُدُوهُ وَاشْكُرُوا لَهُ إِلَيْهِ تُرْجَعُونَ۝** သင်တို့သည် ပရမတ်ဘုရားရှင် မှလွဲ၍ ရုပ်ပွားဆင်းတုများကိုသာ ကိုးကွယ်ကြကုန်၏၊ လုပ်ဇော်များကို တီထွင်ကြကုန်၏၊ ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့၏ ကိုးကွယ်ခံများ ဖြစ်ကုန်သော အရာတို့သည် သင်တို့ အတွက် ရိက္ခာ ထောက်နိုင်ရန်ပင် အစိုးမရချေ။ သို့ဖြစ်၍ ပရမတ်ဘုရားရှင်၏ ထံတော်မှ ရိက္ခာများကို ရှာဖွေကြလော့၊ အရှင့်ကိုသာ ကိုးကွယ်ကြလော့၊ ကျေးဇူးသိတတ်ကြလော့၊ အရှင်ထံသို့သာ လှည့်ပြန်ရမည်သာတည်း၊
၁၈။ ဓမ္မ	**وَإِن تُكَذِّبُوا فَقَدْ كَذَّبَ أُمَمٌ مِّن قَبْلِكُمْ وَمَا عَلَى الرَّسُولِ إِلَّا الْبَلَاغُ الْمُبِينُ۝** သင်တို့ ငြင်းဆန်ကြလျှင်– သင်တို့၏ ရှေ့အလျှင် အသိုင်းအဝိုင်းများသည်လည်း ငြင်းဆန်ခဲ့ကြပြီ၊ ဉာဏ်စဉ်ဆောင်၏ ဝန်တာမှာ **ရှင်းလင်းချက်အား** ဆိုက်ရောက်စေရန်သာ ဖြစ်၏။
၁၉။	**أَوَلَمْ يَرَوْا كَيْفَ يُبْدِئُ اللَّهُ الْخَلْقَ ثُمَّ يُعِيدُهُ إِنَّ ذَلِكَ عَلَى اللَّهِ يَسِيرٌ۝** ပရမတ်ဘုရားရှင်က မည်သို့ စတင် ဖြစ်တည်စေ၍၊ ၎င်းအား ဆက်ဖြစ်နေစေသည်ကို မမြင်ကြသလော၊ ယင်းသည် ပရမတ်ဘုရားရှင်အတွက် လွယ်ကူလှချေ၏။
၂၀။	**قُلْ سِيرُوا فِي الْأَرْضِ فَانظُرُوا كَيْفَ بَدَأَ الْخَلْقَ ثُمَّ اللَّهُ يُنشِئُ النَّشْأَةَ الْآخِرَةَ إِنَّ اللَّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ۝** ဟောလော့ ‘‘မြေကမ္ဘာ၌ သွားလာလျက်– မည်သို့ စတင် ဖြစ်တည်စေသည်၊ တဖန် ပရမတ်ဘုရားရှင်သည် နောက်ထပ် ပေါက်ပွားခြင်းများကို မည်သို့ ပေါက်ပွားစေကို ကြည့်ကြလော့၊ ဇာနပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၂၁။ ☆၂၇၀	**يُعَذِّبُ مَن يَشَاء وَيَرْحَمُ مَن يَشَاء وَإِلَيْهِ تُقْلَبُونَ۝** စံချိန်ပြည့်သူအလျောက်☆ ဝဋ်ကြွေးသင့်စေ၍၊ စံချိန်ပြည့်သူအလျောက် ကရုဏာသက်စေပြီ၊ အရှင်ထံသို့သာ ဦးလှည့်ရမည်ပင်။
၂၂။	**وَمَا أَنتُم بِمُعْجِزِينَ فِي الْأَرْضِ وَلَا فِي السَّمَاء وَمَا لَكُم مِّن دُونِ اللَّهِ مِن وَلِيٍّ وَلَا نَصِيرٍ۝** သင်တို့က မြေအတွင်း မိုးများအတွင်း၌ ချိန်ခဲ့စေနိုင်သည် မဟုတ်ချေ။ သင်တို့အတွက် ပရမတ်ဘုရားရှင်မှ လွဲ၍ ကူညီ

ဘဝသံသရာတစ်လျောက်နေခဲ့ပြီ–ဟု ဆိုထားသည်၊ ကိုယ်တော်သည် ပရိနိဗ္ဗာန်ပြုခဲ့ပြီ ဖြစ်သော်လည်း **သင်တို့**ဟု ပြောသော **ကျွန်ုပ်တို့ အစွဲလာမ်မျိုးဆက်များ**မှာ ယနေ့တိုင် ရှိနေ၍ နောင်လည်း ရှိနေဦးမည် ဖြစ်သည်။ ထိုကျမ်းချက် အရ ကိုယ်တော်မုဟမ္မဒ်၏ သက်တမ်းသည် ကီယာမတ် ထိတိုင် သက်တမ်းရှိနေမည် ဖြစ်သည်။ အလားတူပင် ကိုယ်တော်နူးဟ်၏ လူမျိုးများ ဓလေ့ ထုံးတမ်းနှစ် သက်တမ်းမှာ နှစ်ထောင်ချီ ရှိခဲ့ပြီး ဖြစ်သော်လည်း ကိုယ်တော်နူးဟ် ပွင့်ပေါ်လာချိန်တွင် ကိုယ်တော်နူးဟ်သည် သူတို့ကြားထဲ၌ နှစ် ၅၀ သက်တမ်းသာ နေခဲ့သည်ဟု ဖြစ်ပေသည်။ အသက် နှစ် ၉၅၀ ရှင်ခဲ့ခြင်း မဟုတ်ပေ၊ နှစ် ၉၅၀ ကို အာရ်ဗီစကားဖြင့် **تسعمائة وخمسون سنة** ဟု ဖြစ်ပေသည်။

	မည့်သူ မဟာမိတ် မရှိချေ။
၂၃။	**وَالَّذِينَ كَفَرُوا بِآيَاتِ اللَّهِ وَلِقَائِهِ أُولَٰئِكَ يَئِسُوا مِن رَّحْمَتِي وَأُولَٰئِكَ لَهُمْ عَذَابٌ أَلِيمٌ۝** ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများနှင့် အရှင့်အား ဖူးတွေ့ရမည်ကို ဖုံးကွယ်သော သူတို့၊ ထိုသူတို့သည် ငါ၏ ကရုဏာအား လက်လျှော့ရလေပြီ၊ ထိုသူတို့အတွက် စူးနစ်သော ဝဋ်ကြွေးသည် ရှိနေ၏။”
၂၄။ ☆ ၂၁း၆၈၊ ၆၉	**فَمَا كَانَ جَوَابَ قَوْمِهِ إِلَّا أَن قَالُوا اقْتُلُوهُ أَوْ حَرِّقُوهُ فَأَنجَاهُ اللَّهُ مِنَ النَّارِ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يُؤْمِنُونَ۝** သူ့လူမျိုးထံမှ “သူ့အား သတ်ပစ်ကြ သို့မဟုတ် မီးရှို့ပစ်ကြ၊”ဟူသော အဖြေကိုသာ ရ၏။ သို့သော် ပရမတ်ဘုရားရှင် သည် သူ့အား အပူမီးမှ လွတ်မြောက်စေခဲ့၏၊ ကောန်ပင် ဤ၌ ယုံကြည်သူ လူမျိုးအတွက် နိမိတ်လက္ခဏာရှိနေ၏။☆
၂၅။	**وَقَالَ إِنَّمَا اتَّخَذْتُم مِّن دُونِ اللَّهِ أَوْثَانًا مَّوَدَّةَ بَيْنِكُمْ فِي الْحَيَاةِ الدُّنْيَا ثُمَّ يَوْمَ الْقِيَامَةِ يَكْفُرُ بَعْضُكُم بِبَعْضٍ وَيَلْعَنُ بَعْضُكُم بَعْضًا وَمَأْوَاكُمُ النَّارُ وَمَا لَكُم مِّن نَّاصِرِينَ۝** သူက“သင်တို့သည် ပရမတ်ဘုရားရှင် မှလွဲ၍ ဆင်းတုရုပ်ပွားများကို အယူထားကြ၏၊ သင်တို့ချင်းကြား လိုလားမှုသည် ဤလောကီ သက်တမ်းအတွက်သာ ဖြစ်၏။ ရပ်တည်ရမည့် နေ့ကာလ၌ သင်တို့မှ အချို့သည် အချို့ကို ဖုံးကွယ်ကြ လတ္တံ့၊ သင်တို့မှ အချို့သည် အချို့ကို မေတ္တာမဲ့ကြလတ္တံ့၊ သင်တို့အတွက် ခိုလှုံရာသည် အပူမီးသာလျှင် ဖြစ်၍၊ သင်တို့ အတွက် ကူညီမည့်သူ မရှိချေ။”ဟု ဟောပြော၏။
၂၆။ ထွက် စွာ	**فَآمَنَ لَهُ لُوطٌ وَقَالَ إِنِّي مُهَاجِرٌ إِلَى رَبِّي إِنَّهُ هُوَ الْعَزِيزُ الْحَكِيمُ۝** လု-တ်သည် သူ့အတွက် ရှိနေ၏။ သူက “ကျွန်ုပ်သည် ကံကြမ္မာရှင်ထံသို့ **ခရီးနှင်**နေသူ ဖြစ်၏၊ အရှင်သည် ဘုန်းတော် အရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏၊”ဟု ဆို၏။
၂၇။ ☆ ၂၁း၃၀	**وَوَهَبْنَا لَهُ إِسْحَقَ وَيَعْقُوبَ وَجَعَلْنَا فِي ذُرِّيَّتِهِ النُّبُوَّةَ وَالْكِتَابَ وَآتَيْنَاهُ أَجْرَهُ فِي الدُّنْيَا وَإِنَّهُ فِي الْآخِرَةِ لَمِنَ الصَّالِحِينَ۝** ငါသည် သူ့အား အီစွဟာက်နှင့် ယာကုဗ်ကို☆ ချီးမြှင့်၍။ သူ၏ သားစဉ်မြေးဆက်အား သတင်းတော်ဆောင်ဘွဲ့နှင့် ကျမ်းတော်များကို စီစဉ်ပေး၏၊ ငါသည် သူ့အား ဤလောက၌ အကျိုးဆုလဒ်ကို ချီးမြှင့်တော်မူ၏၊ သူ့အား နောင်ဘဝ၌ ပြုပြင်ပြောင်းလဲသူတို့ အနက်မှ ဖြစ်စေ၏။
၂၈။	**وَلُوطًا إِذْ قَالَ لِقَوْمِهِ إِنَّكُمْ لَتَأْتُونَ الْفَاحِشَةَ مَا سَبَقَكُم بِهَا مِنْ أَحَدٍ مِّنَ الْعَالَمِينَ۝** လု-တ်က သူ့လူမျိုးအား ပြောသည်မှာ “သင်တို့ မတိုင်မီ လောကခပ်သိမ်း၌ တစ်စုံတစ်ဦးကမှ သင်တို့အား မသတ်မှတ်ပေးခဲ့သည့် ကိုယ်ကျင့်ပျက်မှုသို့ သင်တို့ ချည်းကပ်ကြ၏၊-
၂၉။ တက် ရောက် သူ	**أَئِنَّكُمْ لَتَأْتُونَ الرِّجَالَ وَتَقْطَعُونَ السَّبِيلَ وَتَأْتُونَ فِي نَادِيكُمُ الْمُنكَرَ فَمَا كَانَ جَوَابَ قَوْمِهِ إِلَّا أَن قَالُوا ائْتِنَا بِعَذَابِ اللَّهِ إِن كُنتَ مِنَ الصَّادِقِينَ۝** သင်တို့သည် အမျိုးသားချင်း ချည်းကပ်ကြ၏၊ လမ်းမများကို ဖြတ်တောက်ကြ၏၊ သင်တို့၏ **ဖိတ်ကြားခံ**များ၌ မကြုံဘူး သည်များ ထိသက်စေကြ၏။”ဟု ဖြစ်သော်၊ သူ့လူမျိုးထံမှ အဖြေမှာ “သင်သည် ဖြောင့်မှန်သူများမှ ဖြစ်လျှင် ပရမတ် ဘုရားရှင်၏ ထံမှ ဝဋ်ဒဏ်အား ကျွန်ုပ်တို့ထံသို့ ပေးရောက်စေလော့၊”ဟုသာ ဖြစ်၏။
၃၀။	**قَالَ رَبِّ انصُرْنِي عَلَى الْقَوْمِ الْمُفْسِدِينَ۝** သူက “ဒို- ကံကြမ္မာရှင် တပည့်တော်အား အဖျက်ကောင် လူမျိုးတို့ထံမှ ကူညီတော်မူပါ၊”ဟု ဆုတောင်း၏။

၃၁။	**وَلَمَّا جَاءتْ رُسُلُنَا إِبْرَاهِيمَ بِالْبُشْرَى قَالُوا إِنَّا مُهْلِكُو أَهْلِ هَذِهِ الْقَرْيَةِ إِنَّ أَهْلَهَا كَانُوا ظَالِمِينَ۞** ဤ ဉာဏ်စဉ်ဆောင်များသည် အီဗရာဟီးမ်၏ ထံသို့ သတင်းကောင်းဖြင့် ရောက်လာစေစဉ်၊ သူတို့က ''ကျွန်ုပ်တို့သည် အမိုက်ကောင်များ ဖြစ်သော ဤအရပ်သားတို့၏ ဝိုင်းသားတို့အား တိမ်ကောပစ်စေမည်''ဟု ဆိုကြ၏။
၃၂။	**قَالَ إِنَّ فِيهَا لُوطًا قَالُوا نَحْنُ أَعْلَمُ بِمَن فِيهَا لَنُنَجِّيَنَّهُ وَأَهْلَهُ إِلَّا امْرَأَتَهُ كَانَتْ مِنَ الْغَابِرِينَ۞** သူက ''ထို၌ လု–တ် ရှိနေပါသည်၊''ဟု ဆိုသော်၊ သူတို့က ''ထို၌ မည်သူ ရှိသည်ကို ကျွန်ုပ်တို့ အသိဆုံး ဖြစ်ပါ၏၊ သူ့အမျိုးသမီးမှအပ သူနှင့် သူ့ဝိုင်းသားများကို ကျွန်ုပ်တို့ လွတ်မြောက်စေမည်၊ သူမသည် ကျန်ရစ်သူများမှ ဖြစ်၏။'' ဟု ဆိုကြ၏။
၃၃။	**وَلَمَّا أَن جَاءتْ رُسُلُنَا لُوطًا سِيءَ بِهِمْ وَضَاقَ بِهِمْ ذَرْعًا وَقَالُوا لَا تَخَفْ وَلَا تَحْزَنْ إِنَّا مُنَجُّوكَ وَأَهْلَكَ إِلَّا امْرَأَتَكَ كَانَتْ مِنَ الْغَابِرِينَ۞** ဂါ၏ ဉာဏ်စဉ်ဆောင်များအား လု–တ်ထံသို့ ရောက်လာစေစဉ်၊ အကုသိုလ် သင့်သူများကြောင့် သူတို့အတွက် လက်ပန်းကျ စိတ်ကျပ်တည်းနေ၏။ သူတို့က ''မစိုးရိမ်နှင့်၊ စိတ်မပူနှင့်၊ သင်၏ အမျိုးသမီးမှအပ သင်နှင့် သင့်ဝိုင်းသားများကို ကျွန်ုပ်တို့ လွတ်မြောက်စေမည်၊ သူမသည်ကား ကျန်ရစ်သူများမှ ဖြစ်၏၊''ဟု ဆိုကြ၏။[၈၁၀]
၃၄။	**إِنَّا مُنزِلُونَ عَلَى أَهْلِ هَذِهِ الْقَرْيَةِ رِجْزًا مِّنَ السَّمَاء بِمَا كَانُوا يَفْسُقُونَ۞** ဤအရပ်သားတို့၏ အပေါ်သို့ သူတို့၏ ယုတ်မာလေ့ရှိမှုများကြောင့် ကောင်းကင်ယံမှ ဆိုးကျိုးကို ငါ ချမှတ်တော်မူလတ္တံ့။
၃၅။	**وَلَقَد تَّرَكْنَا مِنْهَا آيَةً بَيِّنَةً لِّقَوْمٍ يَعْقِلُونَ۞** အတွေးအခေါ်ရှိသော လူမျိုးအတွက် ဤ၌ နိမိတ်လက္ခဏာရပ်ကို မုချ ချန်ထားပေးတော်မူ၏။
၃၆။	**وَإِلَى مَدْيَنَ أَخَاهُمْ شُعَيْبًا فَقَالَ يَا قَوْمِ اعْبُدُوا اللَّهَ وَارْجُوا الْيَوْمَ الْآخِرَ وَلَا تَعْثَوْا فِي الْأَرْضِ مُفْسِدِينَ۞** ဂါသည် မိဒီယံတို့ထံသို့ သူတို့၏ ညီနောင် ရှုအိုက်–ဘ်ကို စေ၍ ''အို– ကျွန်ုပ်၏ လူမျိုးတို့၊ ပရမတ်ဘုရားရှင်အား ကိုးကွယ်ကြလော့၊ နောင်ဘဝ နေ့ကာလကို မျှော်ကိုးကြလော့၊ ကမ္ဘာ၌ ညစ်ညမ်းစုတ်ပဲ့၊ အဖျက်ကောင်များ မဖြစ်ကြနှင့်။''ဟု ဟောစေ၏။
၃၇။	**فَكَذَّبُوهُ فَأَخَذَتْهُمُ الرَّجْفَةُ فَأَصْبَحُوا فِي دَارِهِمْ جَاثِمِينَ۞** သူတို့သည် သူ့ကို ငြင်းဆန်ကြ၏၊ သို့ဖြင့် သူတို့အား မြေလျှင်ကြီးဖြင့် အရေးယူလိုက်၍ အိမ်များ၌ ရုပ်ကလပ်များ ဖြစ်သွား၏။
၃၈။	**وَعَادًا وَثَمُودَ وَقَد تَّبَيَّنَ لَكُم مِّن مَّسَاكِنِهِمْ وَزَيَّنَ لَهُمُ الشَّيْطَانُ أَعْمَالَهُمْ فَصَدَّهُمْ عَنِ السَّبِيلِ وَكَانُوا مُسْتَبْصِرِينَ۞** အာဒ်နှင့် သမု–ဒ်များ၊ သူတို့၏ အခြေချခဲ့ရာများအနက် သင်တို့အတွက် ရှင်းလင်းထင်ရှားမှုများ ရှိနေ၏။ မကောင်းဆိုးဝါးသည် သူတို့၏ ကျင့်ကြံမှုများကို ဖမ်းစားထားစေ၏။ သူတို့တွင် အမြင်အာရုံရှိပါလျက် သူတို့အား လမ်းစဉ်မှန်မှ ဖယ်ရှားခံရပြီ။
၃၉။	**وَقَارُونَ وَفِرْعَوْنَ وَهَامَانَ وَلَقَدْ جَاءهُم مُّوسَى بِالْبَيِّنَاتِ فَاسْتَكْبَرُوا فِي الْأَرْضِ وَمَا كَانُوا سَابِقِينَ۞**

(၈၁၀) လက်ပန်းကျ စိတ်ကျပ်တည်းနေ၏ ဆိုသည်မှာ သူ့ထံသို့ရောက်လာသော ဧည့်သည်တော်များအား ကာကွယ်ပေးရန် လက်ရုံးရည်အင်အား ထောက်ခံသည့် နောက်လိုက်အင်အား မရှိသဖြင့် လက်ပန်းကျ စိတ်ကျပ်တည်းနေခြင်းကို ဆိုလိုခြင်း ဖြစ်သည်။

ဖြိုင်ဆိုင်	ကာရူးန်၊ ဖာရိုးနှင့် ဟာမံ– သူတို့ထံသို့ မူဆာသည် ရှင်းလင်းချက်များဖြင့် ရောက်လာ၏။ သို့သော် သူတို့သည် မြေကမ္ဘာ၌ မာနတက်နေကြ၏၊ သူတို့သည် **လွန်ဆန်**နိုင်သူများ မဟုတ်ချေ။
၄၀။	**فَكُلًّا أَخَذْنَا بِذَنبِهِ فَمِنْهُم مَّنْ أَرْسَلْنَا عَلَيْهِ حَاصِبًا وَمِنْهُم مَّنْ أَخَذَتْهُ الصَّيْحَةُ وَمِنْهُم مَّنْ خَسَفْنَا بِهِ الْأَرْضَ وَمِنْهُم مَّنْ أَغْرَقْنَا وَمَا كَانَ اللَّهُ لِيَظْلِمَهُمْ وَلَكِن كَانُوا أَنفُسَهُمْ يَظْلِمُونَ۝** အပြစ် ကိုယ်စီကြောင့် ငါ အရေးယူတော်မူ၏။ သူတို့မှ သဲမုန်တိုင်းဒဏ် သင့်ခံရသူလည်း ရှိ၏၊ သူတို့မှ အသံလှိုင်းကြီးဖြင့် အရေးယူခံရသူလည်း ရှိ၏။ သူတို့မှ မြေကမ္ဘာ၏ မြို့ခြင်းကို ခံရသူလည်း ရှိ၏။ ရေနစ်ဘေးသင့်ရသူလည်း ရှိ၏။ ပရမတ်ဘုရားရှင်သည် သူတို့အား အဝိဇ္ဇာသင့်စေသည် မဟုတ်ချေ။ သူတို့ စရိုက်ကိုသာ သူတို့ မိုက်ကြေးခွဲလေ့ရှိ၏။
၄၁။ ဝီလီအောက်လီယာ	**مَثَلُ الَّذِينَ اتَّخَذُوا مِن دُونِ اللَّهِ أَوْلِيَاء كَمَثَلِ الْعَنكَبُوتِ اتَّخَذَتْ بَيْتًا وَإِنَّ أَوْهَنَ الْبُيُوتِ لَبَيْتُ الْعَنكَبُوتِ لَوْ كَانُوا يَعْلَمُونَ۝** ပရမတ်ဘုရားရှင် မှလွဲ၍ **အားကိုးရသူများ** ရှိသည်ဟု အယူထားသော သူ၏ ပမာသည်ကား သူ့အတွက် သူ့အိမ်ကို ဆောက်သော ပင့်ကူ ကဲ့သို့ ဖြစ်၏၊ အိမ်အပေါင်းတို့တွင် အားအပျော့ဆုံးမှာ ပင့်ကူအိမ်ပင်ဖြစ်၏၊ သူတို့ သိကြပါလေစ။
၄၂။	**إِنَّ اللَّهَ يَعْلَمُ مَا يَدْعُونَ مِن دُونِهِ مِن شَيْءٍ وَهُوَ الْعَزِيزُ الْحَكِيمُ۝** အရှင်မြတ် မှလွဲ၍ မည်သည့် အရာထံ ဆုတောင်းကြသည် ဖြစ်စေ၊ ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏။ အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၄၃။	**وَتِلْكَ الْأَمْثَالُ نَضْرِبُهَا لِلنَّاسِ وَمَا يَعْقِلُهَا إِلَّا الْعَالِمُونَ۝** ဤသို့ လူသားတို့အတွက် ပမာဆောင် ဥပမာပေး၏၊ ပညာရှင်များမှအပ အတွေးအခေါ်ပေါက်မည် မဟုတ်ချေ။
၄၄။	**خَلَقَ اللَّهُ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ إِنَّ فِي ذَلِكَ لَآيَةً لِّلْمُؤْمِنِينَ۝** ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကမ္ဘာအား မှန်ကန်ညီညွတ်စွာဖြင့် ဖြစ်တည်ပေး၏။ ဤ၌ ယုံကြည်သူများအတွက် နိမိတ်လက္ခဏာရပ်ရှိနေ၏။
၄၅။ * ၂၃	**اتْلُ مَا أُوحِيَ إِلَيْكَ مِنَ الْكِتَابِ وَأَقِمِ الصَّلَاةَ إِنَّ الصَّلَاةَ تَنْهَى عَنِ الْفَحْشَاء وَالْمُنكَرِ وَلَذِكْرُ اللَّهِ أَكْبَرُ وَاللَّهُ يَعْلَمُ مَا تَصْنَعُونَ۝** သင့်အား အာရုံစူးစိုက်ဖြစ်ပေးသည့် ကျမ်းတော်မှ ဖတ်ပြလော့၊ ဝတ်ပြု မြဲကြလော့၊ ဝတ်ပြုခြင်းသည်* ကိုယ်ကျင့်ပျက်မှုနှင့် သူစိမ်းဆန်ခြင်းကို ဟန့်တား၏၊ ပရမတ်ဘုရားရှင်၏ ကြီးကျယ်မှုကို သတိဖေါ်ပေးလော့၊ ပရမတ်ဘုရားရှင်သည် သင်တို့၏ တည်ဆောက်မှုများကို သိနေတော်မူ၏။
၄၆။	**وَلَا تُجَادِلُوا أَهْلَ الْكِتَابِ إِلَّا بِالَّتِي هِيَ أَحْسَنُ إِلَّا الَّذِينَ ظَلَمُوا مِنْهُمْ وَقُولُوا آمَنَّا بِالَّذِي أُنزِلَ إِلَيْنَا وَأُنزِلَ إِلَيْكُمْ وَإِلَهُنَا وَإِلَهُكُمْ وَاحِدٌ وَنَحْنُ لَهُ مُسْلِمُونَ۝** ကျမ်းစာဝိုင်းသားများနှင့် တင့်တယ်စွာ ပြောပြခြင်းမှအပ စောဒကမတက်နှင့်၊ သူတို့မှ မိုက်ကြေးခွဲသော သူများကိုသာ ‘‘ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထံ ချမှတ်ပေးရာ၊ သင်တို့ထံ ချမှတ်ပေးရာတို့ကို ယုံကြည်၏၊ ကျွန်ုပ်တို့၏ ဘုရား သင်တို့၏ ဘုရားသည် တစ်ပါးတည်း ဖြစ်၏။ အရှင့်အတွက်သာ ကျွန်ုပ်တို့ ငြိမ်းချမ်းရေးဝါဒီများ ဖြစ်၏၊’’ဟု ဆိုလော့။
၄၇။	**وَكَذَلِكَ أَنزَلْنَا إِلَيْكَ الْكِتَابَ فَالَّذِينَ آتَيْنَاهُمُ الْكِتَابَ يُؤْمِنُونَ بِهِ وَمِنْ هَؤُلَاء مَن يُؤْمِنُ بِهِ وَمَا يَجْحَدُ بِآيَاتِنَا إِلَّا الْكَافِرُونَ۝** ဤသို့၊ ငါသည် သင့်ထံသို့ ကျမ်း ချမှတ်ပေး၏။ ငါက ကျမ်းတော် ချီးမြှင့်ပေး၍၊ ထိုဌ ယုံကြည်ကြသော သူတို့၊ ထိုသူတို့

ကုရ်အာန်	သည် **ဂင်း**ကို ယုံကြည်ကြလိမ့်မည်၊ ဖုံးကွယ်သူတို့မှအပ ငါ၏ သုတ်ဒေသနာများကို ပယ်ပစ်သူ မရှိချေ။
၄၈။	**وَمَا كُنتَ تَتْلُو مِن قَبْلِهِ مِن كِتَابٍ وَلَا تَخُطُّهُ بِيَمِينِكَ إِذًا لَّارْتَابَ الْمُبْطِلُونَ۔**
ကုရ်အာန်	ဤရှေ့အလျင် ကျမ်းများကို သင် ဖတ်ဘူးသည် မဟုတ်၊ မိစ္ဆာဒိဋ္ဌိများ သံသယဖြစ်လောက်အောင်– သင်အားသန်သလို **ဂင်း**ကို ရေးထုတ်ခဲ့သည် မဟုတ်ချေ။[၈၁]
၄၉။	**بَلْ هُوَ آيَاتٌ بَيِّنَاتٌ فِي صُدُورِ الَّذِينَ أُوتُوا الْعِلْمَ وَمَا يَجْحَدُ بِآيَاتِنَا إِلَّا الظَّالِمُونَ۔**
	အမှန်မှာ အသိပညာ ချီးမြှင့်ခြင်းခံရသော သူတို့၏ ရင်တွင်း၌ ဂင်းသည် ရှင်းလင်းသော သုတ်ဒေသနာများ အဖြစ် ရှိနေ၏။ အမိုက်ကောင်များ မှအပ သုတ်ဒေသနာများကို ပယ်ပစ်သူ မရှိချေ။
၅၀။	**وَقَالُوا لَوْلَا أُنزِلَ عَلَيْهِ آيَاتٌ مِّن رَّبِّهِ قُلْ إِنَّمَا الْآيَاتُ عِندَ اللَّهِ وَإِنَّمَا أَنَا نَذِيرٌ مُّبِينٌ۔**
	သူတို့က ''ကံကြမ္မာရှင်ထံမှ တန်ခိုးနိမိတ်များကို အဘယ်ကြောင့် သူ့အား မချမှတ်ပေးသနည်း၊''ဟု ပြောဆိုကြ၏။ ''သုတ်ဒေသနာအပေါင်းသည် ပရမတ်ဘုရားရှင်၏ ထံမှ ဖြစ်၏။ ကျွန်ုပ်သည်ကား ရှင်းလင်းစွာ သတိပေးသူသာ ဖြစ်၏။''ဟု ဟောလော့။
၅၁။	**أَوَلَمْ يَكْفِهِمْ أَنَّا أَنزَلْنَا عَلَيْكَ الْكِتَابَ يُتْلَى عَلَيْهِمْ إِنَّ فِي ذَٰلِكَ لَرَحْمَةً وَذِكْرَى لِقَوْمٍ يُؤْمِنُونَ۔**
	သူတို့အား ရွတ်ဖတ်ပြရန် သင့်ထံ၌ ငါအရှင် ချမှတ်ပေးသော ဤကျမ်းတော်သည် သူတို့အတွက် လုံလောက်မှု မရှိသလော၊ ဇောန်ပင် ဤ၌ ကရုဏာဓါတ်ရှိနေ၍၊ ယုံကြည်သူ လူမျိုးအတွက် သတိပေးတရားတော် ဖြစ်၏။
၅၂။	**قُلْ كَفَىٰ بِاللَّهِ بَيْنِي وَبَيْنَكُمْ شَهِيدًا يَعْلَمُ مَا فِي السَّمَاوَاتِ وَالْأَرْضِ وَالَّذِينَ آمَنُوا بِالْبَاطِلِ وَكَفَرُوا بِاللَّهِ أُولَٰئِكَ هُمُ الْخَاسِرُونَ۔**
အမှား	ဟောလော့– ကျွန်ုပ်၏ကြား သင်တို့ကြားတွင် ပရမတ်ဘုရားရှင်သည် သက်သေသက်ကန်အဖြစ် လုံလောက်၏၊ အရှင်သည် မိုးများနှင့် မြေကမ္ဘာတွင်း ရှိသမျှကို သိနေတော်မူ၏။ **မိစ္ဆာတရား**၌ ယုံကြည်လျက် ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အား ဖုံးကွယ်သောသူ၊ ထိုသူတို့သည် ဆုံးရှုံးသူများ ဖြစ်ကြ၏။
၅၃။	**وَيَسْتَعْجِلُونَكَ بِالْعَذَابِ وَلَوْلَا أَجَلٌ مُّسَمًّى لَّجَاءهُمُ الْعَذَابُ وَلَيَأْتِيَنَّهُم بَغْتَةً وَهُمْ لَا يَشْعُرُونَ۔**
	ဝဠုဂ္ဂြေးဒဏ်အား အသင့်ထံမှ အလျင်စလို တောင်းဆိုကြ၏။ သတ်မှတ်ကာလ အချိန် မရှိခဲ့လျှင် သူတို့ထံသို့ ဝဠုဂ္ဂြေးဒဏ် ရောက်လာပြီးဖြစ်လတ္တံ့၊ သူတို့ သတိမမူမိမှီ ရုတ်တရက် ပေးအပ်ပြီး ဖြစ်လတ္တံ့၊
၅၄။	**يَسْتَعْجِلُونَكَ بِالْعَذَابِ وَإِنَّ جَهَنَّمَ لَمُحِيطَةٌ بِالْكَافِرِينَ۔**
	ဝဠုဂ္ဂြေးဒဏ်အား အသင့်ထံမှ အလျင်စလို တောင်းဆိုကြ၏။ ငရဲဘုံသည် ဖုံးကွယ်သူများအား ဝိုင်းရံလျက် ရှိချေပြီ။
၅၅။	**يَوْمَ يَغْشَاهُمُ الْعَذَابُ مِن فَوْقِهِمْ وَمِن تَحْتِ أَرْجُلِهِمْ وَيَقُولُ ذُوقُوا مَا كُنتُمْ تَعْمَلُونَ۔**
	ဝဠုဂ္ဂြေးဒဏ်သည် သူတို့၏ အပေါ်မှ၊ သူတို့၏ ခြေထောက်များ အောက်မှ– လွှမ်းခြုံသော နေ့ကာလ၌ ''သင်တို့၏

---

(၈၁) ဤကုရ်အာန်ကျမ်းတော်သည် ရှေးကျမ်းများမှ အတွေးအခေါ်များကို မှီ၍ အတုခိုးရေးသား ထားခြင်း မဟုတ်ကြောင်းကို ဤသုတ်တော်မှ အတိအကျ ထောက်ပြထားပေသည်။ ကျမ်းတော်က ကိုယ်တော်မုဟမ္မဒ်၏ လက်ဖြင့် ရေးခဲ့ခြင်း မဟုတ်သော စကားကို ထောက်၍ အစွလာမ် သာသနာအား ပုတ်ခတ်လိုသူများက ကျမ်းတော်သည် ကိုယ်တော်မုဟမ္မဒ် လွှန်ပြီး အွဆ်မန်လက်ထက်တွင်မှ စာအုပ်အဖြစ် ရှိလာခဲ့သည်ဟု မအပ်မရာ ပုတ်ခတ်များကိုလည်း ဤသုတ်တော်ကပင် ပယ်ချထားပေသည်။ ကိုယ်တော်၏ လူသားဗီဇ အတွေးအခေါ်ဖြင့် ရေးခြင်းမဟုတ်ဟု ဆိုလိုသည်။ ဆရာမကူသယမ္ဘူဉာဏ်ဖြင့် သိသော ဓမ္မအား မှတ်တမ်းတင်ခြင်းဖြစ်သည်။ ဤသုတ်တော်အား ကိုယ်တော်မုဟမ္မဒ် ရရှိစဉ်တွင်ပင် ရေးမှတ်မှတ်တမ်းတင်နေပြီဖြစ်ကြောင်း ဤသုတ်တော်ပါ စာသားများကို သေချာစွာ ဖတ်ကြည့်လျှင် အဖြေထွက်နေပြီ ဖြစ်ပေသည်။ **بِيَمِينِكَ ဗိယမီးက** ၏ အနက်မှာ ရုပ်ဝတ္ထု ဖြစ်သော သင့်ညာလက်ဟု အနက်ကို မပေးပေ။– (၃၉း၆၇) တွင် ကြည့်ပါ။

	ကျင့်ကြံလေ့ ရှိသည်များအား မြည်းစမ်းကြလော့၊''ဟု ပြောဆိုခံရလတ္တံ့။
၅၆။	**يَا عِبَادِيَ الَّذِينَ آمَنُوا إِنَّ أَرْضِي وَاسِعَةٌ فَإِيَّايَ فَاعْبُدُونِ۝** အို– ငါ့ အမှုတော်ဆောင် ယုံကြည်သူတို့၊ ငါ၏ နိုင်ငံတော်အား ဖြန့်ကျက်ပေးထား၏၊ သို့ဖြစ်၍ ငါ့ကိုသာလျှင် ကိုးကွယ်ကြလော့။
၅၇။	**كُلُّ نَفْسٍ ذَائِقَةُ الْمَوْتِ ثُمَّ إِلَيْنَا تُرْجَعُونَ۝** ဥဉ်စရိုက်တိုင်း သေခြင်းတရားကို မြည်းစမ်းရမည်သာတည်း၊ တဖန် ငါ့ထံသို့ ဦးလှည့်ပြန်ခဲ့ရမည်ပင်။
၅၈။	**وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَنُبَوِّئَنَّهُم مِّنَ الْجَنَّةِ غُرَفًا تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا نِعْمَ أَجْرُ الْعَامِلِينَ۝** ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသော သူတို့အား ငါသည် အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော သုခဘုံ လုံးချင်းအိမ်ယာ၌ နေရာထိုင်ခင်း နေရာချပေးလျက် အစဉ် စံစားစေမည်ပင်၊ ကျင့်ကြံသူများ၏ ဂုဏ်ရှိသော ဆုလဒ်ပင် ဖြစ်၏။
၅၉။	**الَّذِينَ صَبَرُوا وَعَلَى رَبِّهِمْ يَتَوَكَّلُونَ۝** သူတို့သည် ခွန်အိပါရမီရှိကြ၏။ ကံကြမ္မာရှင်၏ အပေါ်၌ ကိုးစားကြ၏။
၆၀။	**وَكَأَيِّن مِن دَابَّةٍ لَا تَحْمِلُ رِزْقَهَا اللَّهُ يَرْزُقُهَا وَإِيَّاكُمْ وَهُوَ السَّمِيعُ الْعَلِيمُ۝** ရိက္ခာသိုလှောင် သယ်ပိုး မထားနိုင်သော သက်ရှိသတ္တဝါများ များပြားလေစွ၊ ပရမတ်ဘုရားရှင်သည် ၎င်းတို့အား၊ သင်တို့အား ရိက္ခာထောက်လျက် ရှိ၏။ အရှင်သည် ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်၏။
၆၁။	**وَلَئِن سَأَلْتَهُم مَّنْ خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَسَخَّرَ الشَّمْسَ وَالْقَمَرَ لَيَقُولُنَّ اللَّهُ فَأَنَّى يُؤْفَكُونَ۝** အသင်က ''မိုးများနှင့် မြေအား အဘယ်သူက ဖြစ်တည်စေသနည်း၊ နေနှင့်လအား မည်သူက အသုံးခံ ဖြစ်စေသနည်း၊'' ဟု မေးမြန်းခဲ့လျှင်၊ သူတို့က ''ပရမတ်ဘုရားရှင် ဖြစ်၏။''ဟု ပြောကြပါလျက်၊ သို့ဖြင့် မည်သို့ လှည့်စားခံနေကြသနည်း။
၆၂။	**اللَّهُ يَبْسُطُ الرِّزْقَ لِمَن يَشَاء مِنْ عِبَادِهِ وَيَقْدِرُ لَهُ إِنَّ اللَّهَ بِكُلِّ شَيْءٍ عَلِيمٌ۝** ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များမှ စံချိန်ပြည့်မှီသူအား ရိက္ခာ တိုးပွားစေ၏၊ ၎င်းအတွက် စည်းကြပ်မတ်တော်မူ၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏။
၆၃။	**وَلَئِن سَأَلْتَهُم مَّن نَّزَّلَ مِنَ السَّمَاء مَاء فَأَحْيَا بِهِ الْأَرْضَ مِن بَعْدِ مَوْتِهَا لَيَقُولُنَّ اللَّهُ قُلِ الْحَمْدُ لِلَّهِ بَلْ أَكْثَرُهُمْ لَا يَعْقِلُونَ۝** ''မြေကမ္ဘာအား သေစေပြီးနောက် ရှင်သန်စေရန် အဘယ်သူက ကောင်းကင်ယံမှ ရေကို သွန်းချစေသနည်း၊''ဟု သင် မေးမြန်းလျှင်၊ ''ပရမတ်ဘုရားရှင် ဖြစ်၏။''ဟု ပြောကြလိမ့်မည်၊ ''ရည်သန်ရူးဖိုက်မှုအပေါင်းသည် ပရမတ်ဘုရားရှင် အဘို့သာ ဖြစ်၏။''ဟု ဟောပြောလော့။ အမှန်မှာ သူတို့မှ အများစုသည် အတွေးအခေါ် မရှိကြချေ။
၆၄။	**وَمَا هَذِهِ الْحَيَاةُ الدُّنْيَا إِلَّا لَهْوٌ وَلَعِبٌ وَإِنَّ الدَّارَ الْآخِرَةَ لَهِيَ الْحَيَوَانُ لَوْ كَانُوا يَعْلَمُونَ۝** ဤလောကီသက်တမ်းသည် မြူးထူးပျော်ပါးရာ ဟာသမျှ ဖြစ်၏။ နောင်ဘဝ ဗိမာန်သာလျှင် ဘဝအမှန် ဖြစ်၏၊ သိကြပါလေစ။
၆၅။	**فَإِذَا رَكِبُوا فِي الْفُلْكِ دَعَوُا اللَّهَ مُخْلِصِينَ لَهُ الدِّينَ فَلَمَّا نَجَّاهُمْ إِلَى الْبَرِّ إِذَا هُمْ يُشْرِكُونَ۝** သင်္ဘောများကို စီးသွားသောအခါ ပရမတ်ဘုရားရှင်ထံ ဆုတောင်းကြ၏၊ သာသနာရေး၌ အရှင့်ကိုသာ သန့်သန့်ထား

	ကြ၏၊ သို့သော် ကုန်းမြေဆီသို့ လွှတ်မြောက်စေသည်နှင့် သူတို့သည် ရောပြွန်းကိုးကွယ်ကြတော့၏။
၆၆။	**لِيَكْفُرُوا بِمَا آتَيْنَاهُمْ وَلِيَتَمَتَّعُوا فَسَوْفَ يَعْلَمُونَ۞** ငါအရှင်၏ ချီးမြှင့်ပေးရာများကို ဖုံးကွယ်ရန်၊ ပျော်ပါးမြူးထူးရန် အတွက်သာ ဖြစ်၏။ မကြာမီ သူတို့ သိကြရလတ္တံ့။
၆၇။	**أَوَلَمْ يَرَوْا أَنَّا جَعَلْنَا حَرَمًا آمِنًا وَيُتَخَطَّفُ النَّاسُ مِنْ حَوْلِهِمْ أَفَبِالْبَاطِلِ يُؤْمِنُونَ وَبِنِعْمَةِ اللَّهِ يَكْفُرُونَ۞** သူတို့ ပတ်ဝန်းကျင်မှ လူသားတို့က ဝိုင်းသုတ်ပစ်လု ရှိနေစဉ်တွင် ငါသည် ယုံကြည်စိတ်ချနိုင်ရာ ဘေးမဲ့ဌာန စီစဉ်ပေးထားသည်ကို သင်တို့ မရှုစားမိလေသလော၊ မိစ္ဆာတရားအား ယုံကြည်နေလျက် ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို ဖုံးကွယ်နေကြကုန်သလော။
၆၈။	**وَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللَّهِ كَذِبًا أَوْ كَذَّبَ بِالْحَقِّ لَمَّا جَاءَهُ أَلَيْسَ فِي جَهَنَّمَ مَثْوًى لِّلْكَافِرِينَ۞** ပရမတ်ဘုရားရှင်အကြောင်း လိမ်ညာ လုပ်ကြံဖန်တီးလျက်၊ သူ့ထံသို့ ရောက်လာသော ပရမတ္ထသစ္စာအား ငြင်းဆန်သူထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း၊ ဖုံးကွယ်သူတို့အတွက် တည်းခိုရာသည် ငရဲဘုံ၌သာ မဟုတ်တုံလော။
၆၉။	**وَالَّذِينَ جَاهَدُوا فِينَا لَنَهْدِيَنَّهُمْ سُبُلَنَا وَإِنَّ اللَّهَ لَمَعَ الْمُحْسِنِينَ۞** ငါ၏ သာသနာတော်၌ အားစိုက်ဆောင်ရွက်သော သူတို့၊ ထိုသူတို့အား ငါအရှင်၏ လမ်းစဉ်သို့ လမ်းညွှန်တော်မူ၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သုမင်္ဂလာပြုသူများနှင့် အတူ ရှိနေတော်မူ၏။

ဓမ္မခန္ဓာ (၃၀) "ရောမ" (အလ် ရွမ်း)

ဥဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၈၄။ သုတ်ဒေသနာ– ၆၀ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။ ☆၂၁	**الم**۞ အလက်ဖ်၊ လမ်၊ မင်☆
၂။	**غُلِبَتِ الرُّومُ**۞ ရောမ အနိုင်ယူခံရလတ္တံ့၊[၈၁]
၃။	**فِي أَدْنَى الْأَرْضِ وَهُم مِّن بَعْدِ غَلَبِهِمْ سَيَغْلِبُونَ**۞ သူတို့၏ အနိုင်ရပြီးနောက်မှ အနီးအနား တိုင်းပြည်များမှ အနိုင်ပြန်ယူကြမည်မှာ–
၄။	**فِي بِضْعِ سِنِينَ لِلَّهِ الْأَمْرُ مِن قَبْلُ وَمِن بَعْدُ وَيَوْمَئِذٍ يَفْرَحُ الْمُؤْمِنُونَ**۞ နှစ် ကူးသန်းစဉ်အတွင်း ဖြစ်၏။ ရှေ့ဖြစ် နောက်ဖြစ်များသည် ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်ပင် ဖြစ်၏။ ထိုနေ့တွင် ယုံကြည်သူများသည် ဝမ်းမြောက်ရမည်သာတည်း။
၅။ ☆၂၇၀	**بِنَصْرِ اللَّهِ يَنصُرُ مَن يَشَاء وَهُوَ الْعَزِيزُ الرَّحِيمُ**۞ ပရမတ်ဘုရားရှင်၏ ကူညီမှု၊ အရှင်သည် စံချိန်ပြည့်မှီသူအား☆ ကူညီတော်မူ၏။ အရှင်သည် ဘုန်းတော်အရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၆။	**وَعْدَ اللَّهِ لَا يُخْلِفُ اللَّهُ وَعْدَهُ وَلَكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ**۞ ပရမတ်ဘုရားရှင်၏ ကတိတော်၊ ပရမတ်ဘုရားရှင်သည် ကတိတော်အား ပေါ့ပျက်စေခြင်း မရှိချေ။ သို့ရာတွင် လူသားအများစုသည် သိကြသည် မဟုတ်ချေ။
၇။	**يَعْلَمُونَ ظَاهِرًا مِّنَ الْحَيَاةِ الدُّنْيَا وَهُمْ عَنِ الْآخِرَةِ هُمْ غَافِلُونَ**۞ သူတို့သည် အပေါ်ယံက လောကီသက်တမ်းကိုသာ သိကြ၏။ သို့သော် သူတို့သည် လောကုတ္တရာအား မေ့လျော့နေကြ၏။

---

(၈၁) ဤသည် ပရမတ်ဘုရားရှင်က အနာဂါတ်တွင် ဖြစ်မည်ကို ကြိုတင်၍ အသိပေးခြင်း ဖြစ်၏။ ဤကုရ်အာန်အား စတင်ပြဋ္ဌာန်းစဉ်က ရောမအင်ပါယာသည် ဘုန်းမီးနေလ ထွန်းတောက်နေချိန် ဖြစ်ပြီး ထိုအင်ပါယာကြီး ကျဆုံးရမည်ဟု မည်သူကမှ မတွေးရဲ၊ မပြောရဲခဲ့ချေ။ သို့သော် ပရမတ်ဘုရားရှင်သည် ကုန်စင်သိနေသော အရှင်ဖြစ်၍ ရောမတို့ ကျဆုံးရမည်ကို ကြိုတင်ကာ အတိအကျ ပြောခဲ့ပေသည်။ နှစ်များ မကြာလိုက်ချေ၊ ရောမအင်ပါယာ ဆိုသည်မှာ ပြိုကွဲ ပျက်စီးသွားရလေပြီ။ ထိုသို့ ရောမပြိုကွဲသွားပြီ ဖြစ်၍– ဤသုတ်တော်သည် ကျမ်းတော်တွင် မလိုအပ်တော့ချေ ဟု ပြောဆို၍ မရပေ၊ ရောမ၏ အင်ပါယာမှာ ပြိုကွဲသွားပြီး ဖြစ်၏၊ သို့သော် ယခုအခါ ရောမတို့၏ ဒဿန ဖြစ်သော ဖခင်မရှိဘဲ အပျိုစင်မှ ကလေးမွေးနိုင်သည်ဟူသော ယုတ္တိမဲ့ အယူအဆများ၊ သာသနာပိုင်ဝါဒ ဘုန်းကြီးဝါဒများမှာ ကမ္ဘာတစ်ဝှမ်း ကယက်ရိုက်လာပြန်ပေသည်။ သို့သော် ထိုဒဿန အင်ပါယာသည်လည်း နှစ်များ မကြာမီ ပြိုကွဲပျက်စီးရမည်ပင်– ကျမ်းတော်၏ နိယာမသည် မည်သည့်အခါတွင်မှ မမှားယွင်းချေ။

၈။	**أَوَلَمْ يَتَفَكَّرُوا فِي أَنفُسِهِمْ مَا خَلَقَ اللَّهُ السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا إِلَّا بِالْحَقِّ وَأَجَلٍ مُّسَمًّى وَإِنَّ كَثِيرًا مِّنَ النَّاسِ بِلِقَاءِ رَبِّهِمْ لَكَافِرُونَ۝** သူတို့သည် သူတို့၏ စရိုက်အတွင်းသို့ စဉ်းစားသုံးသပ်ခြင်း မရှိချေ။ ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေ၊ ထိုနှစ်ခု ကြားရှိ အရာများကို မှန်ကန်ညီညွတ်စွာဖြင့်၊ သတ်မှတ်ကာလ အချိန်ဖြင့်သာ ဖြစ်တည်စေ၏။ သို့သော် ကံကြမ္မာရှင် အား ဖူးတွေ့ရမည်ကို လူသားမှ များစွာတို့မှာ ဖုံးကွယ်သူများ ဖြစ်ကြ၏။
၉။	**أَوَلَمْ يَسِيرُوا فِي الْأَرْضِ فَيَنظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ مِن قَبْلِهِمْ كَانُوا أَشَدَّ مِنْهُمْ قُوَّةً وَأَثَارُوا الْأَرْضَ وَعَمَرُوهَا أَكْثَرَ مِمَّا عَمَرُوهَا وَجَاءتْهُمْ رُسُلُهُم بِالْبَيِّنَاتِ فَمَا كَانَ اللَّهُ لِيَظْلِمَهُمْ وَلَكِن كَانُوا أَنفُسَهُمْ يَظْلِمُونَ۝** သူတို့၏ ရှေ့အလျှင် ဖြစ်သူများမှာ နိဂုံး မည်သို့ ချုပ်ရသည်ကို ကမ္ဘာလှည့် သွားလာ၍ မကြည့်ကြသလော၊ သူတို့မှ အစွမ်းသတ္တိ ပိုမို အားကောင်းသူများ၊ ပိုမို၍ မြေကမ္ဘာအား တူးဖော်လျက် ထို၌ ဘဝသံသရာလည်ခဲ့ကြ၏။ ဘဝသံသရာ ပေါင်းများစွာ လည်နှိုင်ခဲ့၏။ သူတို့ထံသို့ သူတို့အတွက် ဉာဏ်စဉ်ဆောင်များသည် ရှင်းလင်းချက်များဖြင့် ရောက်လာ ခဲ့ပြီ။ ပရမတ်ဘုရားရှင်သည် သူတို့အား အဝိဇ္ဇာသင့်စေခဲ့သည် မဟုတ်၊ သူတို့၏ စရိုက်ကိုသာ သူတို့ မိုက်ကြေးခ လေ့ရှိ၏။
၁၀။	**ثُمَّ كَانَ عَاقِبَةَ الَّذِينَ أَسَاؤُوا السُّوأَى أَن كَذَّبُوا بِآيَاتِ اللَّهِ وَكَانُوا بِهَا يَسْتَهْزِؤُونَ۝** ထို့နောက် အကုသိုလ်ပြုသော သူအတွက် အကုသိုလ် နိဂုံးသာ ရှိ၏။ ၎င်းမှာ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများ အား ငြင်းဆန်သောကြောင့် ဖြစ်၏။ သူတို့သည် လှောင်ပြောင်လေ့ရှိခဲ့ကြ၏။
၁၁။	**اللَّهُ يَبْدَأُ الْخَلْقَ ثُمَّ يُعِيدُهُ ثُمَّ إِلَيْهِ تُرْجَعُونَ۝** ပရမတ်ဘုရားရှင်သည် ဖြစ်တည်ခြင်းကို စတည်၏၊ တဖန် ဆက်ဖြစ်နေစေ၏၊ တဖန် အရှင့်ထံသို့သာ လှည့်ပြန်ရလတ္တံ့။
၁၂။	**وَيَوْمَ تَقُومُ السَّاعَةُ يُبْلِسُ الْمُجْرِمُونَ۝** အချိန်နာရီ ရပ်တည်ရမည့် နေ့ကာလ၌ ရာဇဝတ်ကောင်တို့သည် တွေဝေနေကြလတ္တံ့။☆
၁၃။	**وَلَمْ يَكُن لَّهُم مِّن شُرَكَائِهِمْ شُفَعَاء وَكَانُوا بِشُرَكَائِهِمْ كَافِرِينَ۝** သူတို့ ရောပြွန်းကိုးကွယ်ခဲ့ သူများမှ– သူတို့အတွက် အမျှဝေပေးနိုင်သူ မရှိချေ။ သူတို့သည် သူတို့၏ ရောပြွန်း ကိုးကွယ်ခဲ့ရာများဖြင့် ဖုံးကွယ်သူများ ဖြစ်ကြ၏။
၁၄။	**وَيَوْمَ تَقُومُ السَّاعَةُ يَوْمَئِذٍ يَتَفَرَّقُونَ۝** အချိန်နာရီ ရပ်တည်ရမည့် နေ့ကာလ၊ ထိုနေ့ကာလ၌ သူတို့အား ခွဲခြားပစ်လတ္တံ့။
၁၅။	**فَأَمَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَهُمْ فِي رَوْضَةٍ يُحْبَرُونَ۝** ယုံကြည်၍ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသောသူများမှာမူ၊ သူတို့သည် စိမ်းလန်းစိုပြေသည့် ဓမ္မပီတိရှိစေလတ္တံ့။[၈၃၃]

---

(၈၃၃) **ရောင်သွှာတင် ယုဟ်ဘရူးန်** ကို ဆရာတော်ကြီးများက **နိဗ္ဗာန်ဘုံ၌ ပျော်ရွှင်စွာ ခံစားစေမည်** ဟု ပြန်ဆိုကြပေသည်။ ဤစကားစုမှ **ရောင်းသွှာဟ်** ဆိုသည်မှာ စိမ်းလန်းစိုပြေသော မြက်ခင်း၊ ရှမောဘွယ်ကောင်းသော နေရာဟု ဖြစ်သည့်အပြင် ၄၂း၂၂ ၌ **ရောင်းသွှာတိ ဂျန္ဒတ်** စိမ်းလန်းစိုပြေသည့် နိဗ္ဗာန်ဘုံ ဟု တွဲသုံးထားခြင်းကြောင့်၊ ဆရာတော်ကြီးများက ဤစကားလုံးကို နိဗ္ဗာန်ဟု တင်စားခြင်း ဖြစ်နိုင်ဘွယ်ရှိပေသည်။ ထို့အပြင် **ယုဟ်ဘရူးန်** ဆိုသော စကားလုံးမှာ ဘာသာရေးပညာအား တတ်မြောက်သော ဓမ္မစရိယများ ဟု အနက်ကိုပေးသည့် **အဟ်ဘာရ** နှင့် ရင်းမြစ်တစ်ခုတည်း **ဟာဘရ** (၅း၄၄၊ ၆၃။ ၉း၃၁၊ ၃၄) မှ ဆင့်ပွားခြင်း ဖြစ်၍ ဤစကားလုံး **ယုဟ်ဘရူးန်** ဆိုသည်မှာ တရားဓမ္မအား လိုက်နာမှု အကျိုးကျေးဇူးကြောင့် ခံစားရသော ပျော်ရွှင်မှု ပိတိကို ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုကြောင့် ဤဘာသာပြန်တွင် **စိမ်းလန်းစိုမြေမှု၌ ဓမ္မပီတိရစေ**

၁၆။	**وَأَمَّا الَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا وَلِقَاء الْآخِرَةِ فَأُوْلَئِكَ فِي الْعَذَابِ مُحْضَرُونَ۝** ဖုံးကွယ်၍ ငါအရှင်၏ သုတ်ဒေသနာများနှင့် နောင်ဘဝအား ဆုတွေ့ရမည်ကို ငြင်းဆန်သောသူ ထိုသူတို့ အတွက်မူ ဝင့်တွင်းသို့ ဆင့်ခေါ်ခံသူများ ဖြစ်ရလတ္တံ့။
၁၇။	**فَسُبْحَانَ اللَّهِ حِينَ تُمْسُونَ وَحِينَ تُصْبِحُونَ۝** သို့ဖြစ်၍ ဆည်းဆာချိန်၊ အာရုဏ်ဦးချိန်များ၌ ပရမတ်ဘုရားရှင်အား ဦးထိပ်ထားလော့။
၁၈။	**وَلَهُ الْحَمْدُ فِي السَّمَاوَاتِ وَالْأَرْضِ وَعَشِيًّا وَحِينَ تُظْهِرُونَ۝** မိုးများနှင့် မြေအတွင်း၊ မွန်းတည့် နှင့် ညဦးချိန်၌– ရည်သည်စူးစိုက်မှုအပေါင်းသည် ပရမတ်ဘုရားရှင် အဘို့သာ ဖြစ်၏။
၁၉။	**يُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَيُخْرِجُ الْمَيِّتَ مِنَ الْحَيِّ وَيُحْيِي الْأَرْضَ بَعْدَ مَوْتِهَا وَكَذَلِكَ تُخْرَجُونَ۝** အရှင်သည် သက်မဲ့မှ သက်ရှိကို ထွက်လာစေမည်၊ သက်ရှိမှ သက်မဲ့ကို ထွက်လာစေမည်၊ မြေကမ္ဘာအား သေပြီးသည်နောက် ရှင်ပြန်ထွက်လာစေမည်၊ ဤနည်းဖြင့် ရှင်ပြန်ထွက်လာခြင်းများကို ဖြစ်စေ၏။
၂၀။	**وَمِنْ آيَاتِهِ أَنْ خَلَقَكُم مِّن تُرَابٍ ثُمَّ إِذَا أَنتُم بَشَرٌ تَنتَشِرُونَ۝** အရှင်၏ သက်သေလက္ခဏာများအနက်၊ သင်တို့အား မြေမှုန့်မှ ဖြစ်တည်စေခြင်း ဖြစ်၏၊ တဖန် သင်တို့အား ရှင်သန်နိုးကြွနေသည့် လူပုဂ္ဂိုလ်များ ဖြစ်စေပြီ။
၂၁။	**وَمِنْ آيَاتِهِ أَنْ خَلَقَ لَكُم مِّنْ أَنفُسِكُمْ أَزْوَاجًا لِّتَسْكُنُوا إِلَيْهَا وَجَعَلَ بَيْنَكُم مَّوَدَّةً وَرَحْمَةً إِنَّ فِي ذَلِكَ لَآيَاتٍ لِّقَوْمٍ يَتَفَكَّرُونَ۝** အရှင်၏ သက်သေလက္ခဏာများအနက်၊ သင်တို့၏ စရိုက်တူများမှ သင်တို့၏ အိမ်ထောင်ဘက်များကို ဖြစ်တည်စေ၏။ ထိုနေရာများ၌ အခြေချတို့ရာ ဖြစ်၏၊ သင်တို့ချင်းကြား လိုလားခြင်း ကရုဏာသက်ခြင်းများကို စီစဉ်ပေး၏။ စဉ်းစားသုံးသပ်သော လူမျိုးအတွက် ဤ၌ သက်သေလက္ခဏာရပ် ရှိနေ၏။
၂၂။	**وَمِنْ آيَاتِهِ خَلْقُ السَّمَاوَاتِ وَالْأَرْضِ وَاخْتِلَافُ أَلْسِنَتِكُمْ وَأَلْوَانِكُمْ إِنَّ فِي ذَلِكَ لَآيَاتٍ لِّلْعَالِمِينَ۝** အရှင်၏ သက်သေလက္ခဏာများအနက်၊ မိုးများနှင့် မြေကို ဖြစ်တည်စေခြင်း၊ ဘာသာစကား အသားရောင်များ ကွဲပြားစေခြင်း ဖြစ်၏။ ဇကော်ပင် ဤ၌ ပညာရှင်များ အဘို့ သက်သေလက္ခဏာရပ် ရှိနေ၏။
၂၃။	**وَمِنْ آيَاتِهِ مَنَامُكُم بِاللَّيْلِ وَالنَّهَارِ وَابْتِغَاؤُكُم مِّن فَضْلِهِ إِنَّ فِي ذَلِكَ لَآيَاتٍ لِّقَوْمٍ يَسْمَعُونَ۝** အရှင်၏ သက်သေလက္ခဏာများအနက်၊ သင်တို့အား ည၌ အိပ်စက်နားစေတို့ရာ နေ့၌ အရှင့် သိက္ခာပေးခြင်းမှ ရှာဖွေစေတို့ရာ ဖြစ်စေ၏။ ဇကော်ပင် ကြားနာနိုင်သော လူမျိုးအတွက် သက်သေလက္ခဏာရပ် ရှိနေ၏။
၂၄။ ★၃၃း၂၂	**وَمِنْ آيَاتِهِ يُرِيكُمُ الْبَرْقَ خَوْفًا وَطَمَعًا وَيُنَزِّلُ مِنَ السَّمَاء مَاء فَيُحْيِي بِهِ الْأَرْضَ بَعْدَ مَوْتِهَا إِنَّ فِي ذَلِكَ لَآيَاتٍ لِّقَوْمٍ يَعْقِلُونَ۝** အရှင်၏ နိမိတ်လက္ခဏာများအနက်မှ– သင်တို့အား ပြသသည့် လျှပ်ရောင်များသည် ထိတ်လန့်ဘွယ်၊ မျှော်ကိုးဘွယ် ဖြစ်စေ၏။★ ကောင်းကင်ယံမှ ရေကို သွန်းချစေ၍ မြေကို သေပြီးနောက် ရှင်ပြန်စေ၏။ အတွေးအခေါ်ရှိသော လူမျိုးအတွက် ဤ၌ သက်သေလက္ခဏာရပ် ရှိနေ၏။

လွတ်လှုံ့၊ ဟု တိုက်ရိုက်ပြန်ဆိုခြင်း ဖြစ်ပေသည်။ အစွယ်လာမ် သာသနာတွင် ကျင့်ဆောင်မှုမှန်သမျှသည် သေပြီးသည်၏ နောက်တွင်မှ ခံစားရမည်ဟု မဆိုလိုပေ။

၂၅။	**وَمِنْ آيَاتِهِ أَن تَقُومَ السَّمَاء وَالْأَرْضُ بِأَمْرِهِ ثُمَّ إِذَا دَعَاكُمْ دَعْوَةً مِّنَ الْأَرْضِ إِذَا أَنتُمْ تَخْرُجُونَ۝** အရှင်၏ နိမိတ်လက္ခဏာများအနက်၊ အရှင်၏ ညွှန်ကြားချက်ဖြင့် ကောင်းကင်ယံနှင့် မြေကမ္ဘာသည် ရပ်တည်ရလတ္တံ့၊ ထို့နောက် တစ်ခါမျှခေါ်ယုံဖြင့် သင်တို့အား ခေါ်သောအခါ၊ သင်တို့သည် မြေကမ္ဘာမှ ထွက်လာရကြကုန်၏။
၂၆။	**وَلَهُ مَن فِي السَّمَاوَاتِ وَالْأَرْضِ كُلٌّ لَّهُ قَانِتُونَ۝** မိုးများနှင့် မြေကမ္ဘာတွင်း ရှိသူတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ကိုယ်စီကိုယ်ငှ အရှင့်အား ရိုကျိုးနာခံနေရ၏။
၂၇။ နိဗ္ဗလွန်း၏	**وَهُوَ الَّذِي يَبْدَأُ الْخَلْقَ ثُمَّ يُعِيدُهُ وَهُوَ أَهْوَنُ عَلَيْهِ وَلَهُ الْمَثَلُ الْأَعْلَى فِي السَّمَاوَاتِ وَالْأَرْضِ وَهُوَ الْعَزِيزُ الْحَكِيمُ۝** ထို အရှင်သည် ဖြစ်တည်ခြင်းကို စတည်၏၊ တဖန် ဆက်ဖြစ်နေစေ၏၊ ၎င်းမှာ အရှင့်အဘို့ **လွယ်ကူလွန်း၏**၊ မိုးများနှင့် မြေအတွက် ပမာဆောင်မှုသည် အထွဋ်အထိပ်ဖြစ်တော်မူသော အရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၂၈။	**ضَرَبَ لَكُم مَّثَلًا مِنْ أَنفُسِكُمْ هَل لَّكُم مِّن مَّا مَلَكَتْ أَيْمَانُكُم مِّن شُرَكَاء فِي مَا رَزَقْنَاكُمْ فَأَنتُمْ فِيهِ سَوَاء تَخَافُونَهُمْ كَخِيفَتِكُمْ أَنفُسَكُمْ كَذَلِكَ نُفَصِّلُ الْآيَاتِ لِقَوْمٍ يَعْقِلُونَ۝** အရှင်သည် သင်တို့အတွက် သင်တို့၏ဉာဉ်စရိုက်များမှ ပမာတစ်ခု ဥပမာပေးသည်မှာ၊ သင်တို့အား ငါ ရိက္ခာပေးရာမှ သင်တို့နှင့် သင်တို့၏လက်အောက် ဩဇာခံများသည် သင်တို့ချင်း တန်းတူ ဖြစ်စေခြင်းငှာ ဂုဏ်တူဘက်စပ် ရှိသလော၊ သင်တို့၏ စိတ်ဉာဉ်အတွက် စိုးရိမ်သကဲ့သို့ သူတို့အတွက် စိုးရိမ်ကြသလော၊ အတွေးအခေါ်ရှိသော လူမျိုးအတွက် သုတ်ဒေသနာများကို ဤသို့ ရှင်းလင်းဆုံးဖြတ်ပေးတော်မူ၏။
၂၉။	**بَلِ اتَّبَعَ الَّذِينَ ظَلَمُوا أَهْوَاءهُم بِغَيْرِ عِلْمٍ فَمَن يَهْدِي مَنْ أَضَلَّ اللَّهُ وَمَا لَهُم مِّن نَّاصِرِينَ۝** အမှန်မှာ မိုက်ကြေးခွဲသော သူတို့သည် အသိပညာ မဲ့လျက် လိုဘနောက်သို့သာ လိုက်နေကြ၏။ ပရမတ်ဘုရားရှင်က လမ်းလွဲစေသူအား မည်သူက လမ်းညွှန်နိုင်အံ့နည်း၊ သူတို့အတွက် ကူညီမည့်သူ မရှိချေ။
၃၀။	**فَأَقِمْ وَجْهَكَ لِلدِّينِ حَنِيفًا فِطْرَةَ اللَّهِ الَّتِي فَطَرَ النَّاسَ عَلَيْهَا لَا تَبْدِيلَ لِخَلْقِ اللَّهِ ذَلِكَ الدِّينُ الْقَيِّمُ وَلَكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ۝** သာသနာရေး၌ သင်၏ မျက်မှောက်ပြုမှုကို တဖြောင့်တည်း ရပ်တည်လော့။ ပရမတ်ဘုရားရှင်သည် လူသားအား သန့်စင်သော မူလအစဖြင့် စတည်ပေး၏။ ပရမတ်ဘုရားရှင်၏ ဖြစ်တည်စေခြင်း၌ အလွဲအပြောင်း မရှိ။ ဤသည် တည်တံ့ခိုင်မြဲသော သာသနာပေတည်း။ သို့သော် လူသား အများစုမှာ သိကြသည် မဟုတ်ချေ။
၃၁။ ☆ ၂း၃	**مُنِيبِينَ إِلَيْهِ وَاتَّقُوهُ وَأَقِيمُوا الصَّلَاةَ وَلَا تَكُونُوا مِنَ الْمُشْرِكِينَ۝** ဤအတိုင်း အရှင်ထံသို့ ဘက်လှည့်လော့၊ အရှင့်အား စည်းစောင့်လော့၊ ဝတ်ပြု☆ မြဲကြလော့၊ ရောပြွန်းကိုးကွယ်သူတို့မှ မဖြစ်စေကြနှင့်။
၃၂။	**مِنَ الَّذِينَ فَرَّقُوا دِينَهُمْ وَكَانُوا شِيَعًا كُلُّ حِزْبٍ بِمَا لَدَيْهِمْ فَرِحُونَ۝** သူတို့၏ သာသနာအား ခွဲခြမ်း၍ ဂိုဏ်းများကို ဖြစ်လာစေသော သူတို့–၊ အင်အားစုတိုင်းက လက်ရှိအနေ၌ ဝမ်းသာနေကြ၏။[၈၁၄]

(၈၁၄) သာသနာတစ်ခု၏ ခေါင်းစဉ်ကို အလွဲသုံးစားလုပ်၍ ဂိုဏ်းများထူထောင် ပျော်ပါးနေခြင်းသည် ထိုသာသနာအား စော်ကားခြင်းသာ ဖြစ်ပေသည်။ အစွယ်သာသနာတွင်လည်း အလားတူပင်၊ ဤကိစ္စရပ်၌ ဂိုဏ်းဝါဒီ ခေါင်းဆောင်များမှာ အဓိက တာဝန်ရှိနေပသည်။

၃၃။	**وَإِذَا مَسَّ النَّاسَ ضُرٌّ دَعَوْا رَبَّهُم مُّنِيبِينَ إِلَيْهِ ثُمَّ إِذَا أَذَاقَهُم مِّنْهُ رَحْمَةً إِذَا فَرِيقٌ مِّنْهُم بِرَبِّهِمْ يُشْرِكُونَ۝** သို့သော် ဘေးဥပဒ် ထိသက်သောအခါ လူသားတို့သည် သူတို့၏ ကံကြမ္မာရှင်သို့ ဘက်လှည့် ဆုတောင်းကြကုန်၏။ သို့သော် အရှင်ထံမှ ကရုဏာတော်အား မြည်းစမ်းရသည်နှင့် သူတို့မှ တစ်ဖွဲ့သည် သူတို့၏ ကံကြမ္မာရှင်နှင့် ရောပြွန်းကိုးကွယ်ကြလေ၏။
၃၄။	**لِيَكْفُرُوا بِمَا آتَيْنَاهُمْ فَتَمَتَّعُوا فَسَوْفَ تَعْلَمُونَ۝** ငါအရှင် ချီးမြှင့်ရာအား ဖုံးကွယ်ကြကုန်၏။ သို့ ပျော်ပါးနေစေလော့၊ မကြာမီ သူတို့ သိကြရလတ္တံ့။
၃၅။	**أَمْ أَنزَلْنَا عَلَيْهِمْ سُلْطَانًا فَهُوَ يَتَكَلَّمُ بِمَا كَانُوا بِهِ يُشْرِكُونَ۝** သို့တည်းမဟုတ် အရှင်နှင့် ရောပြွန်းကိုးကွယ်မှု ရှိစေတို့ရာ သူတို့အား အရှင်က ဗျာဒိတ်ပေး အခွင့်အာဏာ ချမှတ်ပေးခဲ့သလော။
၃၆။	**وَإِذَا أَذَقْنَا النَّاسَ رَحْمَةً فَرِحُوا بِهَا وَإِن تُصِبْهُمْ سَيِّئَةٌ بِمَا قَدَّمَتْ أَيْدِيهِمْ إِذَا هُمْ يَقْنَطُونَ۝** ငါသည် သူတို့အား ကရုဏာတော်ကို မြည်းစမ်းစေသောအခါ ထိုၭ ဝမ်းမြောက်ကြကုန်၏။ သူတို့၏ စုံရပ်ခံခဲ့သော လက်ချက်များကြောင့် အကုသိုလ် တစ်စုံတစ်ရာ ထိခိုက်စေလျှင် သူတို့သည် စိတ်ပျက်ကြကုန်၏။
၃၇။	**أَوَلَمْ يَرَوْا أَنَّ اللَّهَ يَبْسُطُ الرِّزْقَ لِمَن يَشَاء وَيَقْدِرُ إِنَّ فِي ذَلِكَ لَآيَاتٍ لِّقَوْمٍ يُؤْمِنُونَ۝** ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား ရိက္ခာတိုးပွားစေ၍၊ စည်းကြပ်မတ်တော်မူ၏၊ သူတို့ မမြင်ကြသလော။ ဇကန်ပင်ယုံကြည်သော လူမျိုးအတွက် ဤ၌ နိမိတ်လက္ခဏာရပ် ရှိနေ၏။
၃၈။	**فَآتِ ذَا الْقُرْبَى حَقَّهُ وَالْمِسْكِينَ وَابْنَ السَّبِيلِ ذَلِكَ خَيْرٌ لِّلَّذِينَ يُرِيدُونَ وَجْهَ اللَّهِ وَأُوْلَئِكَ هُمُ الْمُفْلِحُونَ۝** ထို့ကြောင့် သင်တို့သည် ဆွေမျိုးနီးစပ်များ၊ နွမ်းပါးသူများ၊ ခရီးသည်များအား မှန်ကန်စွာ ပေးကမ်းကြလော့၊ ဤသည် ပရမတ်ဘုရားရှင်၏ မျက်နှာပေးမှုအား လိုလားသော သူတို့အတွက် အကောင်းဆုံးဖြစ်၏။ ထိုသူတို့သည် အောင်မြင်ပေါက်မြောက်သူများ ဖြစ်ကြ၏။
၃၉။ ☆ ၂၂၅၅	**وَمَا آتَيْتُم مِّن رِّبًا لِّيَرْبُوَ فِي أَمْوَالِ النَّاسِ فَلَا يَرْبُو عِندَ اللَّهِ وَمَا آتَيْتُم مِّن زَكَاةٍ تُرِيدُونَ وَجْهَ اللَّهِ فَأُوْلَئِكَ هُمُ الْمُضْعِفُونَ۝** လူသားတို့၏ ဥစ္စာပစ္စည်းအတွင်း အတိုးရရန်– ထပ်ပြန်တိုး☆ ပေးကမ်းခြင်းသည် ပရမတ်ဘုရားရှင်၏ ထံ၌ တိုးပွားမည်မဟုတ်ချေ။ ပရမတ်ဘုရားရှင်၏ ထံမှ မျက်နှာရမှုကို လိုလား၍ အခွန်ငွေဖြူ ပေးကမ်းခြင်း မရှိသောသူ၊ ထိုသူတို့သည် အားနည်းချိနဲ့ရမည်ပင်။
၄၀။	**اللَّهُ الَّذِي خَلَقَكُمْ ثُمَّ رَزَقَكُمْ ثُمَّ يُمِيتُكُمْ ثُمَّ يُحْيِيكُمْ هَلْ مِن شُرَكَائِكُم مَّن يَفْعَلُ مِن ذَلِكُم مِّن شَيْءٍ سُبْحَانَهُ وَتَعَالَى عَمَّا يُشْرِكُونَ۝** ပရမတ်ဘုရားရှင်သည် သင်တို့အား ဖြစ်တည်စေသော အရှင်ဖြစ်၏၊ ထို့နောက် သင်တို့အား ရိက္ခာပေးတော်မူ၏၊ ထို့နောက် သင်တို့အား သေစေတော်မူ၏၊ ထို့နောက် သင်တို့အား ရှင်စေတော်မူ၏။ သင်တို့ ရောပြွန်းကိုးကွယ်သော အရာများသည် ထိုသို့ သင်တို့အား တစ်စုံတစ်ရာ ပြုလုပ်နိုင်သလော။ အရှင်သည် ဦးထိပ်ထားရာဖြစ်၏၊ ရောပြွန်းကိုးကွယ်ခံများထက် အထွဋ်အထိပ်ဖြစ်တော်မူ၏။
၄၁။	**ظَهَرَ الْفَسَادُ فِي الْبَرِّ وَالْبَحْرِ بِمَا كَسَبَتْ أَيْدِي النَّاسِ لِيُذِيقَهُم بَعْضَ الَّذِي عَمِلُوا لَعَلَّهُمْ يَرْجِعُونَ۝** လူသားတို့၏ ကျင့်ဆောင်ရာ လက်ချက်များကြောင့် မြေနှင့် ရေ၌ အဖျက်လုပ်ရပ်များ ပေါ်လွင်လာ၏။ သူတို့ ဦးလှည့်နိုင်အံ့ငှာ သူတို့ ကျင့်ကြံခဲ့ရာများမှ အချို့ကို သူတို့အား မြည်းစမ်းစေပြီ။

၄၂။	**قُلْ سِيرُوا فِي الْأَرْضِ فَانظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ مِن قَبْلُ كَانَ أَكْثَرُهُم مُّشْرِكِينَ۝** “ရှေ့အလျှင်က ရောပြွန်းကိုးကွယ်သူတို့မှ အများစုသည် နိဂုံး မည်သို့ ချုပ်ရသည်ကို မြေကမ္ဘာ၌ သွားလာ၍ ကြည့်ကြ”ဟု ဟောကြားလော့။
၄၃။	**فَأَقِمْ وَجْهَكَ لِلدِّينِ الْقَيِّمِ مِن قَبْلِ أَن يَأْتِيَ يَوْمٌ لَّا مَرَدَّ لَهُ مِنَ اللَّهِ يَوْمَئِذٍ يَصَّدَّعُونَ۝** သို့ဖြစ်၍ ပရမတ်ဘုရားရှင်၏ ထံတော်မှ လွှဲပြေး၍ မရနိုင်သော နေ့ကို ပေးရောက်လာခြင်း မတိုင်မီ၊ တည်တံ့ခိုင်မြဲသော သာသနာ အတွက် သင် မျက်မှောက်ပြု ရပ်တည်လော့။ ထိုနေ့ကာလ၌ သူတို့အား အက်ကွဲသွားစေလတ္တံ့။
၄၄။	**مَن كَفَرَ فَعَلَيْهِ كُفْرُهُ وَمَنْ عَمِلَ صَالِحًا فَلِأَنفُسِهِمْ يَمْهَدُونَ۝** ဖုံးကွယ်သူသည် သူ့ကိုယ်သူ ဖုံးကွယ်ခြင်း ဖြစ်၏။ ပြုပြင်ပြောင်းလဲခြင်းကို ကျင့်ကြံသူသည် သူတို့၏ စရိုက်များအတွက် သာယာညိမ့်ညောင်းစေခြင်း ဖြစ်၏။
၄၅။	**لِيَجْزِيَ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ مِن فَضْلِهِ إِنَّهُ لَا يُحِبُّ الْكَافِرِينَ۝** ယုံကြည်၍ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသော သူတို့အား အရှင်၏ သိက္ခာပေးခြင်းမှ အစားပေးတော်မူ၏။ အရှင်သည် ဖုံးကွယ်သူများကို နှစ်သက်ခြင်း မရှိချေ။
၄၆။	**وَمِنْ آيَاتِهِ أَن يُرْسِلَ الرِّيَاحَ مُبَشِّرَاتٍ وَلِيُذِيقَكُم مِّن رَّحْمَتِهِ وَلِتَجْرِيَ الْفُلْكُ بِأَمْرِهِ وَلِتَبْتَغُوا مِن فَضْلِهِ وَلَعَلَّكُمْ تَشْكُرُونَ۝** အရှင်၏ သက်သေလက္ခဏာတော်များ အနက်၊ သတင်းကောင်းဆောင် လေများကို စေပို့ခြင်း ဖြစ်၏။ ယင်းမှာ သင်တို့သည် အရှင်၏ ကရုဏာတော်အား မြည်းစမ်းစေရန်၊ အရှင့် ညှာနှာကြားချက်ဖြင့် သင်္ဘောများကို စီးမျောသွားလာစေရန်၊ ကျေးဇူး သိတတ်အံ့ဝှာ အရှင်၏ သိက္ခာပေးခြင်းမှ ရှာဖွေရန်တို့ ဖြစ်၏။
၄၇။	**وَلَقَدْ أَرْسَلْنَا مِن قَبْلِكَ رُسُلًا إِلَى قَوْمِهِمْ فَجَاؤُوهُم بِالْبَيِّنَاتِ فَانتَقَمْنَا مِنَ الَّذِينَ أَجْرَمُوا وَكَانَ حَقًّا عَلَيْنَا نَصْرُ الْمُؤْمِنِينَ۝** ငါသည် သင့် ရှေ့အလျှင် သူများထံသို့ သူတို့၏ လူမျိုးဆီသို့ ဉာဏ်စဉ်ဆောင်များကို စေစားတော်မူ၏။ သူတို့သည် ရှင်းလင်းချက်များဖြင့် ရောက်လာခဲ့၏။ သို့ဖြင့် ရာဇဝတ်မှုပြုသော သူများအား တန်ပြန်စေတော်မူ၏။ ယုံကြည်သူတို့အား ကူညီစောင့်မရန်မှာ ငါ၏ အပေါ်၌ တာဝန်တစ်ရပ် ဖြစ်၏။
၄၈။	**اللَّهُ الَّذِي يُرْسِلُ الرِّيَاحَ فَتُثِيرُ سَحَابًا فَيَبْسُطُهُ فِي السَّمَاء كَيْفَ يَشَاء وَيَجْعَلُهُ كِسَفًا فَتَرَى الْوَدْقَ يَخْرُجُ مِنْ خِلَالِهِ فَإِذَا أَصَابَ بِهِ مَن يَشَاء مِنْ عِبَادِهِ إِذَا هُمْ يَسْتَبْشِرُونَ۝** ပရမတ်ဘုရားရှင်၊ အရှင်သည် လေများကို စေစားတော်မူ၍၊ ၎င်းတို့အား မိုးတိမ်ကို ဖွထုတ်စေ၏။ ထို့နောက် ၎င်းတို့ကို ကောင်းကင်ယံ၌ မည်သို့မည်ပုံ စံချိန်ဖြင့် ဆန့်ထုတ်စေ၏။ ထို့နောက် အစိတ်စိတ် စီစဉ်တော်မူ၏။ သို့ဖြင့် သင်တို့ မြင်ရသော မိုးကို ၎င်းအတွင်းမှ ထွက်လာစေတော်မူ၏။ သို့ဖြင့် အရှင့် အမှုတော်ဆောင်များမှ စံချိန်ပြည့်သူအတွက် ထိသက်စေသောအခါ သူတို့သည် သတင်းကောင်းရရှိသူများ ဖြစ်ကြ၏။[၈၁]

(၈၁) လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကပင် မိုးရွာခြင်း သဘောတရားကို ကျမ်းတော် အတိအကျ ဆိုထားပေသည်။ မိုးရွာသည် ဆိုခြင်းမှာ “ရေထုကို မြင့်တက်စေခိုင်းသည်” (ရေငွေ့ပျံစေသည်)။ ကောင်းကင်ယံတွင် လွှင့်ပါး ကျယ်ဝန်းစေသည်၊ (ဖြန့်ခင်းသည်)၊ ထို့နောက် ထိုအငွေ့များသည် အစုလိုက် အစုလိုက် ဖြစ်လာသည်၊ (အပိုင်းပိုင်းအစစ ဖြစ်စေသည်)၊ ထိုစုစည်းကျစ်လစ်လာသော မိုးသားထုထဲမှ မိုးရေကို ထွက်လာစေသည်၊ ဟု ကျမ်းတော်က သွန်သင်ခဲ့ပေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကပင် ကျမ်းတော်သည် ဒဏ္ဍာရီလာ ပုံပြင်များဖြစ်သည့် သိကြားမင်းကြီးက လက်ဆေးခြင်း၊ စသည့် ယုတ္တိမဲ့ အတွေးအခေါ်များကို ပါယ်ဖျက်ထားပါသော်လည်း ကျမ်းတော်အား ပစ်ပယ်ထားမိသော လူမျိုးများမှာ သိပ္ပံဆရာတို့က ပေါ်ပြေးသော လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ခန့်ကမှ တွေ့ရှိသည့် တွေ့ရှိချက်များကိုသာ လိုက်နာရပေတော့သည်၊ တနည်းအားဖြင့် မိမိတို့၏ မိုးရိုး

၄၉။	**وَإِن كَانُوا مِن قَبْلِ أَن يُنَزَّلَ عَلَيْهِم مِّن قَبْلِهِ لَمُبْلِسِينَ۝** ဇကေန်ပင် ဤရွေ့အလျှင် သူတို့၏ အဖြစ်မှာ၊ သူတို့အပေါ်သို့ ၎င်းကို ချမှတ်ပေးခြင်း မတိုင်မီ– တွေဝေနေရလတ္တံ့။
၅၀။	**فَانظُرْ إِلَى آثَارِ رَحْمَتِ اللَّهِ كَيْفَ يُحْيِي الْأَرْضَ بَعْدَ مَوْتِهَا إِنَّ ذَٰلِكَ لَمُحْيِي الْمَوْتَى وَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ۝** မြေကမ္ဘာအား သေနေပြီးနောက် မည်သို့ ပြန်ရှင်စေသည် ဟူသည့် ပရမတ်ဘုရားရှင်၏ ကရုဏာ စဉ်ဆက်ကို ကြည့်ကြလော့၊ ဇကေန်ပင် ဤသည်မှာ အသေကို ပြန်ရှင်စေခြင်း ဖြစ်၏။ အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၅၁။	**وَلَئِنْ أَرْسَلْنَا رِيحًا فَرَأَوْهُ مُصْفَرًّا لَّظَلُّوا مِن بَعْدِهِ يَكْفُرُونَ۝** ငါသည် လေကို စေစားတော်မူ၏၊ ၎င်းသည် ဝါဝင်းလာသည်ကို မြင်ပါလျက်၊ သည့်နောက်တိုင် သူတို့သည် ဖုံးကွယ်မှောင်ချသူများထဲမှ ကုပ်တွယ်နေသေး၏။
၅၂။	**فَإِنَّكَ لَا تُسْمِعُ الْمَوْتَى وَلَا تُسْمِعُ الصُّمَّ الدُّعَاءَ إِذَا وَلَّوْا مُدْبِرِينَ۝** ဇကေန်ပင် သင်သည် သေနေသူများကို မကြားစေနိုင်၊ နောက်သို့ လှည့်သော အပင်းများကိုလည်း ကြားအောင် မဖိတ်ခေါ်နိုင်ချေ။
၅၃။	**وَمَا أَنتَ بِهَادِي الْعُمْيِ عَن ضَلَالَتِهِمْ إِن تُسْمِعُ إِلَّا مَن يُؤْمِنُ بِآيَاتِنَا فَهُم مُّسْلِمُونَ۝** အသင်သည် အကန်းများကိုလည်း သူတို့ လမ်းလွဲနေစဉ် လမ်းမညွှန်နိုင်ချေ။ ငါ၏ သုတ်ဒေသနာများကို ယုံကြည်သူ၊ ထိုင်ပြမ်းချမ်းရေးဝါဒီများကိုသာ ကြားနာအောင်လုပ်ဆောင်နိုင်၏။
၅၄။	**اللَّهُ الَّذِي خَلَقَكُم مِّن ضَعْفٍ ثُمَّ جَعَلَ مِن بَعْدِ ضَعْفٍ قُوَّةً ثُمَّ جَعَلَ مِن بَعْدِ قُوَّةٍ ضَعْفًا وَشَيْبَةً يَخْلُقُ مَا يَشَاءُ وَهُوَ الْعَلِيمُ الْقَدِيرُ۝** ပရမတ်ဘုရားရှင်၊ အရှင်သည် သင်တို့အား အားချိနဲ့သောအဖြစ်မှ ဖြစ်တည်စေ၏။ အားချိနဲ့ပြီးနောက် အစွမ်းရှိရန် စီစဉ်ပေး၏။ တဖန် အစွမ်းရှိပြီးနောက် ဆံဖြူ ချိနဲ့ရန် စီစဉ်၏၊ အရှင်သည် စံချိန်ပြည့်ရာကို ဖြစ်တည်စေ၏။ အရှင်သည် ကား သိနေသောအရှင်၊ စည်းချိန်ချမှတ်သော အရှင် ဖြစ်တော်မူ၏။
၅၅။	**وَيَوْمَ تَقُومُ السَّاعَةُ يُقْسِمُ الْمُجْرِمُونَ مَا لَبِثُوا غَيْرَ سَاعَةٍ كَذَٰلِكَ كَانُوا يُؤْفَكُونَ۝** အချိန်နာရီ ရပ်နေရမည့် နေ့ကာလ၌၊ ရာဇဝတ်ကောင်များက သူတို့သည် တစ်နာရီမျှပင် မနေခဲ့ရကြောင်း တိုင်တည်ကြလတ္တံ့။ ယင်းသို့ သူတို့သည် လှည့်စားခံနေရမြဲဖြစ်၏။
၅၆။	**وَقَالَ الَّذِينَ أُوتُوا الْعِلْمَ وَالْإِيمَانَ لَقَدْ لَبِثْتُمْ فِي كِتَابِ اللَّهِ إِلَى يَوْمِ الْبَعْثِ فَهَٰذَا يَوْمُ الْبَعْثِ وَلَٰكِنَّكُمْ كُنتُمْ لَا تَعْلَمُونَ۝** ပညာဂုဏ်နှင့် ယုံကြည်ခြင်း ချီးမြှင့်ခံရသော သူများက ‘‘သင်တို့သည် ပရမတ်ဘုရားရှင် ပြဋ္ဌာန်းသည့်အတိုင်း နိုးထရခြင်း နေ့တိုင် နေခဲ့ရ၏။ ဤသည် နိုးထရခြင်း နေ့ပင်တည်း၊ သို့သော် သင်တို့ သိကြသည် မဟုတ်ချေ။’’ဟု ဆိုကြ၏။
၅၇။	**فَيَوْمَئِذٍ لَّا يَنفَعُ الَّذِينَ ظَلَمُوا مَعْذِرَتُهُمْ وَلَا هُمْ يُسْتَعْتَبُونَ۝** ဤနေ့၌ မိုက်ကြေးခွဲသောသူတို့၏ တောင်းပန်မှုသည် အကျိုးမထူး၊ အယူခံခွင့်ရှိသူများလည်း မဟုတ်ချေ။

ဖလာ ဆရာတော်ကြီးများထက် သိပ္ပံဆရာကြီးများကို ဦးချလိုက်ရခြင်း ဖြစ်ပေတော့သည်။ မိမိတို့ကိုးကွယ်ယုံကြည်သော သာသနာများကို အားနာဘွယ်ကောင်းပေစွ။ အာရဗ်များသည်လည်း ဤသုတ်ဒေသနာတော်အား အသိမပေးမီက ရှေးရိုးစွဲများ အတိုင်းသာ ဖြစ်ခဲ့ရပေသည်၊ (၃၀း၄၉)။

၅၈။	**وَلَقَدْ ضَرَبْنَا لِلنَّاسِ فِي هَذَا الْقُرْآنِ مِن كُلِّ مَثَلٍ وَلَئِن جِئْتَهُم بِآيَةٍ لَيَقُولَنَّ الَّذِينَ كَفَرُوا إِنْ أَنتُمْ إِلَّا مُبْطِلُونَ۝** ငါသည် လူသားတို့အတွက် ဤကုရ်အာန်၌ ပမာ ကိုယ်စီ ဥပမာပေးပြီ။ သူတို့ထံသို့ သက်သေလက္ခဏာရပ်ဖြင့် ရောက်လာသော်လည်း ဖုံးကွယ်သော သူတို့က "သင်တို့သည် မိစ္ဆာဒိဋ္ဌိများသာ ဖြစ်၏၊"ဟု ဆိုလတ္တံ့။
၅၉။	**كَذَٰلِكَ يَطْبَعُ اللَّهُ عَلَىٰ قُلُوبِ الَّذِينَ لَا يَعْلَمُونَ۝** ဤသို့ ပရမတ်ဘုရားရှင်သည် အသိ မရှိသော သူများ၏ နှလုံးသားများကို တံဆိပ်ထုထားလေပြီ၊
၆၀။	**فَاصْبِرْ إِنَّ وَعْدَ اللَّهِ حَقٌّ وَلَا يَسْتَخِفَّنَّكَ الَّذِينَ لَا يُوقِنُونَ۝** သို့ဖြစ်၍၊ သည်းခံပါရမီကြီးလော့၊ ပရမတ်ဘုရားရှင်၏ ကတိတော်သည် ပရမတ္ထသစ္စာဖြစ်၏။ ဒိဋ္ဌမယုံကြည်သောသူ အဖြစ်ဖြင့် သင့်အား ပေါ်ပျက်ပျက် မဖြစ်စေနှင့်။

ဓမ္မခန္ဓာ (၃၁) "လု-ကမန်"

ဥာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်- ၅၇။ သုတ်ဒေသနာ- ၃၄ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် -၁။

၁။ ☆၂၁	**الم**۞ အလက်ဖ်၊လမ်၊မင်☆
၂။	**تِلْكَ آيَاتُ الْكِتَابِ الْحَكِيمِ**۞ ဤသည် ဓမ္မသတ် ကျမ်းတော်၏ သုတ်ဒေသနာတော်များ ဖြစ်၏။
၃။	**هُدًى وَرَحْمَةً لِّلْمُحْسِنِينَ**۞ သုမင်္ဂလာပြုသူများအတွက် လမ်းညွှန်နှင့် ကရုဏာတော် ဖြစ်၏။
၄။ ☆၂၃၊ ၄	**الَّذِينَ يُقِيمُونَ الصَّلَاةَ وَيُؤْتُونَ الزَّكَاةَ وَهُم بِالْآخِرَةِ هُمْ يُوقِنُونَ**۞ ထိုသူတို့သည် ဝတ်ပြု မြဲကြ၏။ အခွန်ငွေဖြူ ပေးကြ၏။ သူတို့သည် နောင်ဘဝကိုလည်း ဒိဋ္ဌယုံကြည်ကြ၏။
၅။	**أُولَئِكَ عَلَى هُدًى مِّن رَّبِّهِمْ وَأُولَئِكَ هُمُ الْمُفْلِحُونَ**۞ ထိုသူတို့သည် သူတို့ ကံကြမ္မာရှင်၏ လမ်းညွှန်ချက်၌ ရှိ၍၊ ထိုသူတို့သည်ကား အောင်မြင်ပေါက်မြောက်သူများပင် ဖြစ်၏။
၆။	**وَمِنَ النَّاسِ مَن يَشْتَرِي لَهْوَ الْحَدِيثِ لِيُضِلَّ عَن سَبِيلِ اللَّهِ بِغَيْرِ عِلْمٍ وَيَتَّخِذَهَا هُزُوًا أُولَئِكَ لَهُمْ عَذَابٌ مُّهِينٌ**۞ လူသားတို့အနက်၊ အသိပညာမဲ့စွာဖြင့်၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ လွဲဖယ်ရန်၊ အူမြူးစရာ ဆင့်ပြန်စကားများကို ရောင်းဝယ်လျက် ၎င်းကို လှောင်ပြောင်စရာဟု အယူထားကြ၏။ ထိုသူများအတွက် နိမ့်ကျသော ဝဋ်ကြွေးသည် ရှိနေလတ္တံ့။
၇။	**وَإِذَا تُتْلَى عَلَيْهِ آيَاتُنَا وَلَّى مُسْتَكْبِرًا كَأَن لَّمْ يَسْمَعْهَا كَأَنَّ فِي أُذُنَيْهِ وَقْرًا فَبَشِّرْهُ بِعَذَابٍ أَلِيمٍ**۞ ငါ၏ သုတ်ဒေသနာတို့အား သူ့ကို ဖတ်ပြသောအခါ၊ ထိုဌ မကြား၊ နားများ လေးလျက် မာနတက် လှည့်ထွက်သွား၏။ သူ့အတွက် သတင်းကောင်းမှာ စူးနစ်နာကျင်သော ဝဋ်ကြွေးသာ ဖြစ်၏။
၈။	**إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُمْ جَنَّاتُ النَّعِيمِ**۞ ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသောသူ၊ ထိုသူတို့အတွက် ဂုဏ်ရှိသော သုခဘုံများ ရှိနေ၏။
၉။	**خَالِدِينَ فِيهَا وَعْدَ اللَّهِ حَقًّا وَهُوَ الْعَزِيزُ الْحَكِيمُ**۞ ထိုဌ အစဉ်စံစားရမည်ပင်၊ ပရမတ်ဘုရားရှင်၏ ကတိတော်သည် သစ္စာတစ်ရပ် ဖြစ်၏၊ အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။

၁၀။	**خَلَقَ السَّمَاوَاتِ بِغَيْرِ عَمَدٍ تَرَوْنَهَا وَأَلْقَى فِي الْأَرْضِ رَوَاسِيَ أَن تَمِيدَ بِكُمْ وَبَثَّ فِيهَا مِن كُلِّ دَابَّةٍ وَأَنزَلْنَا مِنَ السَّمَاء مَاء فَأَنبَتْنَا فِيهَا مِن كُلِّ زَوْجٍ كَرِيمٍ۞** သင်တို့ မြင်ရသည့်အတိုင်း မိုးကောင်းကင်ကို မဏ္ဍိုင် မရှိဘဲ ဖြစ်တည်စေ၏။ သင်တို့အတွက် ငါသည် မြေကမ္ဘာ၌ ဖြန့်ကျဲမသွားစေရန် တိုက်ကြီးများကို ခင်းကျင်းထား၍၊ ထို၌ သတ္တဝါကိုယ်စီ ပြန့်ပွားစေ၏။ ထို၌ ကျက်သရေရှိသော စုဖွဲ့ကိုယ်စီ ဖြစ်ထွန်းစေရန် ကောင်းကင်မှ ရေကို ချပေးတော်မူ၏။
၁၁။	**هَذَا خَلْقُ اللَّهِ فَأَرُونِي مَاذَا خَلَقَ الَّذِينَ مِن دُونِهِ بَلِ الظَّالِمُونَ فِي ضَلَالٍ مُّبِينٍ۞** ဤသည် ပရမတ်ဘုရားရှင်၏ ဖြစ်တည်စေမှု နိယာမပင်တည်း။ အရှင် မှလွဲ၍ ကိုးကွယ်ခံရသော သူများ၏ ဖြစ်တည်စေခြင်း နိယာမကို ကျွန်ုပ်အား ပြသလော့။ အမှန်မှာ အမိုက်ကောင်များသည် ရှင်းလင်းသော အပါယ်လမ်း၌ ရှိ၏။
၁၂။	**وَلَقَدْ آتَيْنَا لُقْمَانَ الْحِكْمَةَ أَنِ اشْكُرْ لِلَّهِ وَمَن يَشْكُرْ فَإِنَّمَا يَشْكُرُ لِنَفْسِهِ وَمَن كَفَرَ فَإِنَّ اللَّهَ غَنِيٌّ حَمِيدٌ۞** ငါသည် လုဂ်(က)မန်အား[၈၁၆]ပရမတ်ဘုရားရှင်အား ကျေးဇူးပြုရန်၊ ကျေးဇူးပြုသူသည် သူ၏ ဉာဉ် စရိုက်အတွက်သာ ကျေးဇူးပြုခြင်း ဖြစ်ကြောင်း စီရင်ထုံးကို ချီးမြှင့်၏။ မည်သူသည် ဖုံးကွယ်သော်လည်း ပရမတ်ဘုရားရှင်သည် ရည်သန်စူးစိုက်မှုအပေါင်းနှင့် ကုံလုံပြည့်စုံပေ၏။
၁၃။	**وَإِذْ قَالَ لُقْمَانُ لِابْنِهِ وَهُوَ يَعِظُهُ يَا بُنَيَّ لَا تُشْرِكْ بِاللَّهِ إِنَّ الشِّرْكَ لَظُلْمٌ عَظِيمٌ۞** လုဂ်(က)မန်၏ သားအတွက်[၈၁၇] သြဝါဒ၌၊ သူက ''အို– ချစ်သား၊ ပရမတ်ဘုရားရှင်နှင့် ရောပြွန်းကိုးကွယ်ခြင်းကို မပြုနှင့်၊ ဇာနပင် ရောပြွန်းကိုးကွယ်ခြင်းသည် အဝိဇ္ဇာစီးမှုကြီးဖြစ်၏၊''ဟု ဆို၏။
၁၄။	**وَوَصَّيْنَا الْإِنسَانَ بِوَالِدَيْهِ حَمَلَتْهُ أُمُّهُ وَهْنًا عَلَى وَهْنٍ وَفِصَالُهُ فِي عَامَيْنِ أَنِ اشْكُرْ لِي وَلِوَالِدَيْكَ إِلَيَّ الْمَصِيرُ۞** ငါအရှင်က လူသားအား မွေးမိဘနှင့် စပ်လျဉ်း၍ မှာကြားသည်မှာ မိခင်သည် ကိုယ်ဝန်ဆောင်၍ သူ့အား အားကုန်မတတ်၊ အားကုန်ခြင်းဖြင့် မွေးဘွားရ၏၊ သူ၏ နို့ဖြတ်ခြင်းသည် နှစ်နှစ်လည်၌ ဖြစ်၏၊ ငါအရှင့်အားလည်းကောင်း သင့်မွေးမိဘအား လည်းကောင်း ကျေးဇူးသိတတ်ရာ၏။ ခရီးဆုံးပန်းတိုင်သည် ငါ့ထံသို့သာ ဖြစ်၏။
၁၅။	**وَإِن جَاهَدَاكَ عَلى أَن تُشْرِكَ بِي مَا لَيْسَ لَكَ بِهِ عِلْمٌ فَلَا تُطِعْهُمَا وَصَاحِبْهُمَا فِي الدُّنْيَا مَعْرُوفًا وَاتَّبِعْ سَبِيلَ مَنْ أَنَابَ إِلَيَّ ثُمَّ إِلَيَّ مَرْجِعُكُمْ فَأُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ۞** ငါအရှင်က လူသားအား မွေးမိဘနှင့် စပ်လျဉ်း၍ မှာကြားသည်မှာ မိခင်သည် ကိုယ်ဝန်ဆောင်၍ သူ့အား အားကုန်မတတ်၊ အားကုန်ခြင်းဖြင့် မွေးဘွားရ၏၊ သူ၏ နို့ဖြတ်ခြင်းသည် နှစ်နှစ်လည်၌ ဖြစ်၏၊ ငါအရှင့်အားလည်းကောင်း သင့်မွေးမိဘအား လည်းကောင်း ကျေးဇူးသိတတ်ရာ၏။ ခရီးဆုံးပန်းတိုင်သည် ငါ့ထံသို့သာ ဖြစ်၏။

---

(၈၁၆) လုဂ်(က)မန် ဆိုသော အမည်ကို သမ္မာကျမ်းစာတွင် ဖော်ပြခြင်း မရှိပေ။ သမ္မာကျမ်းစာနှင့် ကုရ်အာန်ကျမ်းတော်မှာ စီးဆင်းလာရာ အရပ်ဒေသ (အရှေ့အလယ်ပိုင်း)– တူညီသောကြောင့် သမိုင်းတင်ပြပုံနှင့် ယုံကြည်မှုများ တူညီလေဟန် ထင်ရသော်လည်း အမှန်တကယ်တွင် ဒဿနနှင့် ယုံကြည်ချက် အဆီအနှစ်ခြင်း လုံးဝ ကွဲပြားနေသည်။ သမ္မာကျမ်းစာပါ ဖော်ပြထားသည့် သတင်းတော်ဆောင်၊ ဉာဏ်စဉ်တော်ဆောင် များ၏ အမည်များမှာ အချို့တူညီမှု ရှိသကဲ့သို့ **သူကဉ်ဖိလိ** (ကပိလပြည့်ရှင်)၊ **သူလ်ကာနိုင်** (ကာနိုင်မင်းကြီး) **လုဂ်(က)မန်** စသည့် သမ္မာကျမ်းစာ၌ ဖော်ပြခြင်း မရှိသော ကိုယ်တော်များအား ကျမ်းမြတ်ကုရ်အာန်တွင် တွေ့ရပေသည်။ သို့သော် ထိုကိုယ်တော်များကို ဖော်ပြတိုင်း နောက်လူများ နားလည်နိုင်စေရန် ထိုအမည်များတွင် အဓိပ္ပါယ်များ ရှိနေပေသည်။ **လုဂ်(က)မန်**၏ အဓိပ္ပါယ်မှ **ပုံပြောကောင်းသူ**၊ ဟု ဖြစ်ပေသည်။ ထိုစကားလုံးနှင့် ရင်းမြစ်တူ စကားလုံး **လာတကမာတု** ''ပါးစပ်နှင့်အပြည့်'' ပါးစပ်ထဲတွင် စကားလုံးများ သို့မဟုတ် အရာဝတ္ထုတစ်ခုကို အပြည့်ဖြည့်ထားခြင်းကို ၃၇း၁၄၂ တွင် ဖော်ပြ ထားပေသည်။ ထို့ကြောင့် **လုဂ်(က)မန်** ဆိုသည်မှာ ဂရိစာပေလော– အီသီယိုပီးယားမှ ပုံပြောကောင်းသည့် **အီဆွဖ်** ဖြစ်သည်ဟု အချို့ ဆရာတော်ကြီးများက တင်ပြသည်များလည်း ရှိပေသည်၊ အချို့ကလည်း **လုဂ်(က)မန်**သည် သားကို ဆုံးမသည့် အကြောင်းကို ညွှန်းပြ သွန်သင်သောကြောင့် တရုတ်ပြည်မှ **ကွန်ဖြူးရှပ်** သို့မဟုတ် **တောက်** ကို ဆိုလိုသည်ဟု ဆိုကြပေသည်။ မည်သို့ဆိုစေ ကျမ်းတော်က ရည်ရွယ်သည်မှာ ရှေးမှ လူသား ဉာဏ်စဉ်တော်ဆောင်များကို ဖော်ပြ၍ သူတို့၏ အဆုံးအမများကို နမူနာယူနိုင်ရန်၊ ထိုနမူနာယူခြင်းဖြင့် မိမိကိုယ်မိမိ ပြုပြင်ရန် နောက်လာ နောက်သားများအတွက် အမွေကောင်းများ ထားခဲ့နိုင်ရန် အတွက်သာ ရည်ရွယ်ခြင်း ဖြစ်ပေသည်။ သူသည် မည်သူ မည်ဝါဖြစ်၍ ပုဂ္ဂိုလ်ရေးဆည်း ကပ်ရန် သွန်သင်ခြင်း အလျဉ်းမရှိချေ။

(၈၁၇) သား ဆိုသည်မှာ နောက်လိုက် ဒကာများကိုလည်း ခေါ်ဆိုပေသည်။

၆၈	အကယ်၍ **သူတို့**က သင့်အား သင်မသိသော အရာကို ငါအရှင်နှင့် ရောပြွမ်းကိုးကွယ်စေရန် အားစိုက်ဆောင်ရွက်ခဲ့လျှင် **သူတို့**အား မနာခံနှင့်၊ လောကီမှု၌ **သူတို့**အား အသိအမှတ်ပြု အဖော်ပြုလော့၊ သို့သော် ငါ့ဘက်တော်သို့ ဦးတည်ချက် ရှိသူများကိုသာ လိုက်နာလော့၊ တဖန် သင်တို့ အားလုံးသည် ငါ့ထံသို့သာ အပြန်ခရီး ရှိ၏ သင်တို့၏ ကျင့်ကြံလေ့ရှိခဲ့သည်များအား သတင်းထုတ်ပြန်တော်မူလတ္တံ့။
၁၆။	**يَا بُنَيَّ إِنَّهَا إِن تَكُ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ فَتَكُن فِي صَخْرَةٍ أَوْ فِي السَّمَاوَاتِ أَوْ فِي الْأَرْضِ يَأْتِ بِهَا اللَّهُ إِنَّ اللَّهَ لَطِيفٌ خَبِيرٌ ۞** အို– ချစ်သား၊ အနုမြူ၏ အလေးချိန်သည်[၈၁] ကျောက်တုံးကြီး၏ အတွင်း၌ဖြစ်စေ၊ မိုးများအတွင်း မြေအတွင်း၌ ဖြစ်စေ ရှိငြားသော်လည်း ပရမတ်ဘုရားရှင်သည် ၎င်းကို ဆွဲထုတ်ယူခဲ့မည်ပင်၊ ဇေန်ပင် ပရမတ်ဘုရားရှင်သည် သက်ညှာတော်မူ၏၊ သတင်းရနေတော်မူ၏။
၁၇။ ☆၂၃	**يَا بُنَيَّ أَقِمِ الصَّلَاةَ وَأْمُرْ بِالْمَعْرُوفِ وَانْهَ عَنِ الْمُنكَرِ وَاصْبِرْ عَلَى مَا أَصَابَكَ إِنَّ ذَٰلِكَ مِنْ عَزْمِ الْأُمُورِ ۞** အို ချစ်သား ဝတ်ပြု☆မြဲကြလော့၊ အသိအမှတ်ပြု ညွှန်ကြားလော့၊ သူစိမ်းဆန်ခြင်းကို ဟန့်တားလော့၊ သင်တို့ ထိခိုက်ရသော အရာ၌ သည်းခံလော့– ဇကန်ပင် ဤသည် ညွှန်ကြားချက်များအား ဆုံးဖြတ်နည်း ဖြစ်၏။
၁၈။	**وَلَا تُصَعِّرْ خَدَّكَ لِلنَّاسِ وَلَا تَمْشِ فِي الْأَرْضِ مَرَحًا إِنَّ اللَّهَ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُورٍ ۞** လူသားတို့အား မထီလေးစား မျက်နှာထားဖြင့်၊ မြေကမ္ဘာ၌ ပမာမခန့် မသွားလာနှင့်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ဂုဏ်ဖော်ကြွားဝါသူတိုင်းအား နှစ်သက်တော်မမူချေ။
၁၉။	**وَاقْصِدْ فِي مَشْيِكَ وَاغْضُضْ مِن صَوْتِكَ إِنَّ أَنكَرَ الْأَصْوَاتِ لَصَوْتُ الْحَمِيرِ ۞** သွားလာခြင်း၌ အလယ်အလတ်ကျလော့၊ လေသံ လျှော့ချလော့၊ မနှစ်မြို့ဘွယ် သူစိမ်းဆန်သော အသံသည် မြည်း၏ အသံ ဖြစ်၏။
၂၀။	**أَلَمْ تَرَوْا أَنَّ اللَّهَ سَخَّرَ لَكُم مَّا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَأَسْبَغَ عَلَيْكُمْ نِعَمَهُ ظَاهِرَةً وَبَاطِنَةً وَمِنَ النَّاسِ مَن يُجَادِلُ فِي اللَّهِ بِغَيْرِ عِلْمٍ وَلَا هُدًى وَلَا كِتَابٍ مُّنِيرٍ ۞** ပရမတ်ဘုရားရှင်က မိုးများအတွင်း မြေအတွင်း ရှိသော အရာတို့ကို သင်တို့အတွက် အသုံးခံဖြစ်စေကြောင်း၊ သင်တို့၏ အတွင်း အပြင် နှစ်ဌာနလုံးကို ဂုဏ်ပေးခြင်းဖြင့် ကာရံထားကြောင်း သင်တို့ မမြင်ကြသလော။ သို့ပါလျက် လူတို့အနက် အသိပညာ၊ လမ်းညွှန်ချက်၊ တရားရောင်ဝါရှိသော ကျမ်းတော် မရှိဘဲလျက် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ စောဒကတက်လိုသူ ရှိနေ၏။
၂၁။	**وَإِذَا قِيلَ لَهُمُ اتَّبِعُوا مَا أَنزَلَ اللَّهُ قَالُوا بَلْ نَتَّبِعُ مَا وَجَدْنَا عَلَيْهِ آبَاءنَا أَوَلَوْ كَانَ الشَّيْطَانُ يَدْعُوهُمْ إِلَى عَذَابِ السَّعِيرِ ۞** ပရမတ်ဘုရားရှင်က ချမှတ်ပေးရာအား လိုက်နာကြကုန်လော့ ဟု သူတို့အား ပြောသောအခါ၊ သူတို့က "အမှန်မှာ ကျွန်ုပ်တို့သည် မိရိုးဖလာမှ တွေ့ရှိချက်ကိုသာ လိုက်နာနေကြ၏။" ဟု ပြန်ပြောကြ၏။ "အလို၊-- မကောင်းဆိုးဝါးသည် သူတို့အား မီးလောင်စာ ဝင့်ကြွေးထဲသို့ ခေါ်ငင်ခဲ့ပြီ မဟုတ်တုံလော။"
၂၂။	**وَمَن يُسْلِمْ وَجْهَهُ إِلَى اللَّهِ وَهُوَ مُحْسِنٌ فَقَدِ اسْتَمْسَكَ بِالْعُرْوَةِ الْوُثْقَى وَإِلَى اللَّهِ عَاقِبَةُ الْأُمُورِ ۞** ပရမတ်ဘုရားထံသို့ မျက်မှောက်ပြု၍ ငြိမ်းချမ်းရေးပြုသူ၊ သုမင်္ဂလာပြုသောသူ ထိုသူသည်၊ ခိုင်မာမြဲမြံသော လက်

---

(၈၁၈) **حَبَّةٍ مِّنْ خَرْدَلٍ** ဆိုသည်မှာ လုံးကောက် အဓိပ္ပါယ်အားဖြင့် မှုန်ညှင်းစေ့၏ အဆံ ဟု ဖြစ်သော်လည်း အာရုဗ်များက အလွန် အသေးဆုံး အမှုံများကို ပြောဆိုခြင်း ဖြစ်သည်၊ ထိုကြောင့် ဤနေရာ၌ အနုမြူမှုံ ဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။

	ကိုင်အား ဆုပ်ကိုင်သည် မည်၏။ အရေးအရာများသည် ပရမတ်ဘုရားရှင်ထံသို့သာ ဆိုက်ရောက် ချုပ်ငြိမ်းရလတ္တံ့။
၂၃။	**وَمَن كَفَرَ فَلَا يَحْزُنكَ كُفْرُهُ إِلَيْنَا مَرْجِعُهُمْ فَنُنَبِّئُهُم بِمَا عَمِلُوا إِنَّ اللَّهَ عَلِيمٌ بِذَاتِ الصُّدُورِ۞** ဖုံးကွယ်မှောင်ချသူ၊ သူ၏ ဖုံးကွယ်မှုကြောင့် သင် စိတ်မပူနှင့်၊ သူတို့၏ အပြန်ခရီးသည် ငါထံသို့သာ ဖြစ်၏။ သို့ဖြင့် သူတို့၏ ကျင့်ကြံခဲ့သမျှကို သူတို့အား သတင်းထုတ်ပြန်ခံရစေလတ္တံ့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သူတို့၏ ရင်တွင်းခံစားချက်များ အားဖြင့် သိနေသော အရှင် ဖြစ်၏၊
၂၄။	**نُمَتِّعُهُمْ قَلِيلًا ثُمَّ نَضْطَرُّهُمْ إِلَى عَذَابٍ غَلِيظٍ۞** သူတို့အား ယာယီအနည်းငယ် ချမ်းမြေ့မှုပေးထား၏၊ တဖန် တိကျပြတ်သားသော ဝဋ်ကြွေးထဲသို့ တွန်းပို့ပစ်မည်ပင်။
၂၅။	**وَلَئِن سَأَلْتَهُم مَّنْ خَلَقَ السَّمَاوَاتِ وَالْأَرْضَ لَيَقُولُنَّ اللَّهُ قُلِ الْحَمْدُ لِلَّهِ بَلْ أَكْثَرُهُمْ لَا يَعْلَمُونَ۞** “မိုးများနှင့် မြေကမ္ဘာအား အဘယ်သူက ဖြစ်တည်စေသနည်း၊”ဟု သူတို့အား မေးသော်၊ “ပရမတ်ဘုရားရှင် ဖြစ်၏။”ဟု ဆိုကြလိမ့်မည်၊ ဟောလော့ “ရည်သန်ရူးစိုက်မှုအပေါင်းသည် ပရမတ်ဘုရားရှင်အဘို့သာ ဖြစ်၏။” သို့သော် သူတို့မှ အများစုမှာ သိကြသည် မဟုတ်ချေ။
၂၆။	**لِّلَّهِ مَا فِي السَّمَاوَاتِ وَالْأَرْضِ إِنَّ اللَّهَ هُوَ الْغَنِيُّ الْحَمِيدُ۞** မိုးများနှင့် မြေကမ္ဘာသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်၊ အရှင်သည် ကုံလုံပြည့်စုံ၏၊ ရည်သန်ရူးစိုက်မှုတည်ရာ ဖြစ်၏။
၂၇။	**وَلَوْ أَنَّمَا فِي الْأَرْضِ مِن شَجَرَةٍ أَقْلَامٌ وَالْبَحْرُ يَمُدُّهُ مِن بَعْدِهِ سَبْعَةُ أَبْحُرٍ مَّا نَفِدَتْ كَلِمَاتُ اللَّهِ إِنَّ اللَّهَ عَزِيزٌ حَكِيمٌ۞** အကယ်၍ မြေကမ္ဘာမှ သစ်ပင်များသည် **ကလောင်များ**ဖြစ်၍၊ သမုဒ္ဒရာ– ထိုပြီးနောက် သမုဒ္ဒရာ ခုနစ်ဆက်ကို တိုးရွေ့ပေးသော်လည်း ပရမတ်ဘုရားရှင်၏ ဓမ္မတော်သည် ခမ်းခြောက်ဘွယ်မရှိ၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။[၈၃]
၂၈။	**مَّا خَلْقُكُمْ وَلَا بَعْثُكُمْ إِلَّا كَنَفْسٍ وَاحِدَةٍ إِنَّ اللَّهَ سَمِيعٌ بَصِيرٌ۞** သင်တို့အား ဖြစ်တည်စေခြင်း၊ သင်တို့အား နိုးထခြင်းသည် ဉာဉ် တစ်ခုတည်းမှသာ ဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင်၊ မြင်နေသော အရှင်ဖြစ်၏။
၂၉။	**أَلَمْ تَرَ أَنَّ اللَّهَ يُولِجُ اللَّيْلَ فِي النَّهَارِ وَيُولِجُ النَّهَارَ فِي اللَّيْلِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَجْرِي إِلَى أَجَلٍ مُّسَمًّى وَأَنَّ اللَّهَ بِمَا تَعْمَلُونَ خَبِيرٌ۞** ပရမတ်ဘုရားရှင်သည် ညကို နေ့ထဲသို့ တိုးဝင်စေခြင်း၊ နေ့ကို ညထဲသို့ တိုးဝင်စေခြင်း နေနှင့်လတို့အား အသုံးခံများ ဖြစ်စေရန် ကိုယ်စီ သတ်မှတ်ကာလ အချိန်အတိုင်း စီးမျောနေစေသည်ကို သင်တို့ မမြင်သလော၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို သတင်းရနေတော်မူ၏။
၃၀။	**ذَلِكَ بِأَنَّ اللَّهَ هُوَ الْحَقُّ وَأَنَّ مَا يَدْعُونَ مِن دُونِهِ الْبَاطِلُ وَأَنَّ اللَّهَ هُوَ الْعَلِيُّ الْكَبِيرُ۞**

---

(၈၃) ဤသုတ်တော်တွင် ကလောင်များဟု ပြန်ဆိုသော **ٱلْأَقْلَامٌ အဉ်က်လားမွန်** ဆိုသော ဝေါဟာရသည်၊ သစ်ပင်များကိုယ်တိုင် ကလောင်များ ဖြစ်လာနိုင်သည် တနည်းအားဖြင့် သစ်ပင်သစ်ပိုင်းများမှ ကလောင်တံများ ပြုလုပ်နိုင်သည်ဟု ဖြစ်သကဲ့သို့ သစ်ပင်များသည် ရေးမှတ်ခြင်းခံရသည့် စာရင်းတွင် ရှိသည်ဟုလည်း ဖြစ်ပေသည်။ တနည်းအားဖြင့် သစ်တောဌာနများ ဖြစ်ပေါ်လာမည်၊ သစ်ပင်များ၏ အမျိုးအမည်များအားလုံးကို အမည် ကင်ပွန်းတပ်လာနိုင်မည်၊ သို့မဟုတ် သစ်ပင်မျိုးစိတ်များကို မျိုးရိုးဗီဇပြောင်းလဲလာစေနိုင်မည်– စသည်ဖြင့် **အဉ်က်လားမွန်** သည် မြောက်များစွာ ကျယ်ဝန်းသော အဓိပ္ပါယ်ကို ပေးပေသည်။ သမုဒ္ဒရာများ တိုးရွေ့သည် ဆိုခြင်းကို ၁၈း၁၀၉ တွင်ကြည့်ပါ။

	ယင်းမှာ၊ ဇကန်ပင် ပရမတ်ဘုရားရှင်၊ အရှင်သည် ပရမတ္ထသစ္စာဖြစ်၏။ အရှင် မှလွဲ၍ ဆုတောင်းနေကြရာတို့သည် အမှားသာဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်– အရှင်သည် အထွဋ်အထိပ်ဖြစ်တော်မူ၏၊ ကြီးကျယ်တော်မူ၏။
၃၁။	**أَلَمْ تَرَ أَنَّ الْفُلْكَ تَجْرِي فِي الْبَحْرِ بِنِعْمَتِ اللَّهِ لِيُرِيَكُم مِّنْ آيَاتِهِ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ ۞** ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုဖြင့် ပင်လယ်သမုဒ္ဒရာ၌ သင်္ဘောများ စီးမျောနေကြသည်ကို သင်တို့ မမြင်သလော၊ အရှင်၏ နိမိတ်လက္ခဏာများကို သင်တို့မြင်နိုင်ရန် အလို့ငှာ ဖြစ်၏။ ဇကန်ပင် ဤ၌ သည်းခံသူ၊ ကျေးဇူးသိသူတိုင်း အတွက် နိမိတ်လက္ခဏာရပ် ရှိနေ၏။
၃၂။	**وَإِذَا غَشِيَهُم مَّوْجٌ كَالظُّلَلِ دَعَوُا اللَّهَ مُخْلِصِينَ لَهُ الدِّينَ فَلَمَّا نَجَّاهُمْ إِلَى الْبَرِّ فَمِنْهُم مُّقْتَصِدٌ وَمَا يَجْحَدُ بِآيَاتِنَا إِلَّا كُلُّ خَتَّارٍ كَفُورٍ ۞** လှိုင်းတံပိုးသည် အရိပ်စီး လွှမ်းခြုံသောအခါ၊ ပရမတ်ဘုရားရှင်ထံ ဆုတောင်းကြ၏။ သာသနာ၌ သန့်သန့်ထားကြ၏၊ သူတို့အား ကုန်းပေါ်သို့ လွတ်မြောက်စေသည်နှင့် သူတို့ထဲမှ အလယ်အလတ်ကျသူ ရှိ၏။ သစ္စာဖေါက် ဖုံးကွယ်မှောင်ချသူ ကိုယ်စီမှအပ ငါ၏သုတ်ဒေသနာများကို ပယ်ပစ်သူ မရှိချေ။[၈၂၀]
၃၃။	**يَا أَيُّهَا النَّاسُ اتَّقُوا رَبَّكُمْ وَاخْشَوْا يَوْمًا لَّا يَجْزِي وَالِدٌ عَن وَلَدِهِ وَلَا مَوْلُودٌ هُوَ جَازٍ عَن وَالِدِهِ شَيْئًا إِنَّ وَعْدَ اللَّهِ حَقٌّ فَلَا تَغُرَّنَّكُمُ الْحَيَاةُ الدُّنْيَا وَلَا يَغُرَّنَّكُم بِاللَّهِ الْغَرُورُ ۞** အို– လူသားတို့၊ သင်တို့၏ ကံကြမ္မာရှင်အား စည်းစောင့်ကြလော့၊ မွေးဖခင်က သူ့သားအား အစားမပေးနိုင်သော၊ သားက သူ့မွေးဖခင်အား တစ်စုံတစ်ရာ အစားမပေးနိုင်သော နေ့ကာလကို ကြောက်ရွံ့ကြလော့၊ ပရမတ်ဘုရားရှင်၏ ကတိတော်သည် သစ္စာတစ်ရပ်ပင် ဖြစ်၏။ လောကီသက်တမ်းက သင်တို့အား မမြှူဆွယ်စေနှင့်၊ မြှူဆွယ်သူက ပရမတ်ဘုရားရှင်မှ တိမ်းရန် သင်တို့အား မမြှူဆွယ်စေနှင့်။
၃၄။	**إِنَّ اللَّهَ عِندَهُ عِلْمُ السَّاعَةِ وَيُنَزِّلُ الْغَيْثَ وَيَعْلَمُ مَا فِي الْأَرْحَامِ وَمَا تَدْرِي نَفْسٌ مَّاذَا تَكْسِبُ غَدًا وَمَا تَدْرِي نَفْسٌ بِأَيِّ أَرْضٍ تَمُوتُ إِنَّ اللَّهَ عَلِيمٌ خَبِيرٌ ۞** ဇကန်ပင် အချိန်နာရီ အကြောင်းကို သိခြင်းမှာ ပရမတ်ဘုရားရှင်၏ ထံ၌သာ ရှိ၏။ အရှင်သည် မိုးကို သွန်းဖြိုးစေ၏၊ ဝမ်းကြောတိုက်တွင်းမှ အရာအား သိနေတော်မူ၏၊ နောက်နေ့စောစောတွင် မည်သည့်အရာအား ကျင့်ဆောင်ရရှိမည်ကို မှန်းနိုင်သော ဉာဉ်မရှိ၊ မည်သည့် မြေ၌ သေရမည်ကို မှန်းနိုင်သော ဉာဉ်မရှိ၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သိနေသော အရှင် သတင်းရနေသော အရှင် ဖြစ်၏။

---

(၈၂၀) ဤသုတ်တော်မှပြောသော အလယ်အလတ်ကျသူ ဆိုသည်မှာ –အယူမသည်း မစွဲမပဋိပဒ္ဓာ၌ ရှိသူ ဟု ဆိုလိုခြင်း မဟုတ်ချေ။ သူသည် ဒုက္ခကြီးကို ကြုံတွေ့သောအခါ၊ ဘုရားမှအပ အဘယ်ဆရာသမား အဘယ်ဘုန်းကြီးကိုမှ တမ်းတခဲ့ခြင်း မရှိပေ။ သို့သော် ဘေးကင်းသည်နှင့် ဘုရားရှင်ကို အကြွင်းမဲ့ယုံကြည်ရမည် ဆိုသည့် စိတ်အား မွေ့လျော် ဘုရားနှင့်– ဆရာသမား ဘုန်းကြီးများကြား၌ နှစ်ဘက်ခွလျော် ရပ်တည်ခြင်းကို ဆိုလိုပေသည်။

ဓမ္မခန္ဓာ (၃၂) "နာခံပုံအပ်ခြင်း" (အလ် ဆစ်ဂ်ဒါ)

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၇၅။ သုတ်ဒေသနာ– အပါး ၃၀။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။ ☆ ၂။	**الم**۞ အလက်ဖ်၊လမ်၊မင်☆
၂။	**تَنزِيلُ الْكِتَابِ لَا رَيْبَ فِيهِ مِن رَّبِّ الْعَالَمِينَ**۞ သံသယဖြစ်ဘွယ် အလျဉ်း မရှိသော ဤကျမ်းတော်ကို လောကခပ်သိမ်း၏ ကံကြမ္မာရှင်ထံမှ ချမှတ်ပေးတော်မူ၏။
၃။	**أَمْ يَقُولُونَ افْتَرَاهُ بَلْ هُوَ الْحَقُّ مِن رَّبِّكَ لِتُنذِرَ قَوْمًا مَّا أَتَاهُم مِّن نَّذِيرٍ مِّن قَبْلِكَ لَعَلَّهُمْ يَهْتَدُونَ**۞ သို့တည်းမဟုတ် လုပ်ကြံဖန်တီးချက်ဟု ဆိုကြသလော၊ အမှန်မှာ သင့်ရှေ့အလျှင် သတိဖေါ်ပေးသူ မရောက်ရှိသေးသော လူမျိုးအတွက် သင့် ကံကြမ္မာရှင်ထံမှ သတိပေးတရားတော် ဖြစ်သည့် ၎င်းသည် ပရမတ္ထသစ္စာ ဖြစ်၏။ သူတို့ လမ်းညွှန်မှန် ရနိုင်ကောင်း၏။
၄။ ☆ ၁၀း၃	**اللَّهُ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَى عَلَى الْعَرْشِ مَا لَكُم مِّن دُونِهِ مِن وَلِيٍّ وَلَا شَفِيعٍ أَفَلَا تَتَذَكَّرُونَ**۞ ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကမ္ဘာ ထိုနှစ်ခုကြားရှိ အရာများကို ကာလခြောက်ခုဖြင့် ဖြစ်တည်စေသော အရှင် ဖြစ်၏။ ထို့နောက် ထပ်ဆင့်ကဲပွပ်ကဲမှုကို ပုံစံချ၏။☆ သင်တို့အတွက် အရှင် မှလွဲ၍ အမျှဝေပေးနိုင်သူ မဟာမိတ် မရှိပြီ။ ဆင်ခြင်သတိ ရှိကြမည် မဟုတ်လော။
၅။ ☆ ၂၂း၄၇ ၇၀း၄	**يُدَبِّرُ الْأَمْرَ مِنَ السَّمَاء إِلَى الْأَرْضِ ثُمَّ يَعْرُجُ إِلَيْهِ فِي يَوْمٍ كَانَ مِقْدَارُهُ أَلْفَ سَنَةٍ مِّمَّا تَعُدُّونَ**۞ အရှင်သည် မိုးများမှ မြေကမ္ဘာတိုင် ညွှန်ကြားချက်များကို ကျေထောက်နောက်ခံ ဖြစ်စေ၏။ တဖန် အရှင့်ထံတော်သို့ ထိုကာလအတွင်း၈၂၀ ပြန်တက်သွား၏၊ ၎င်းသည် သင်တို့၏ ရေတွက်မှု စည်းချိန်အရ နှစ်ပေါင်းထောင်ချီ ဖြစ်၏။
၆။	**ذَلِكَ عَالِمُ الْغَيْبِ وَالشَّهَادَةِ الْعَزِيزُ الرَّحِيمُ**۞ ဤသို့ အရှင်သည် စက္ခုလွန်နှင့် မျက်မှောက်သက်သေများကို သိနေသော အရှင် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်၏။
၇။	**الَّذِي أَحْسَنَ كُلَّ شَيْءٍ خَلَقَهُ وَبَدَأَ خَلْقَ الْإِنسَانِ مِن طِينٍ**۞ အရှင်သည် သဗ္ဗလုံးစုံအား အတင့်တယ်ဆုံး ဖြစ်တည်စေတော်မူ၏။ လူသားကို မြေမှ စတင် ဖြစ်တည်စေ၏။

---

(၈၂၀) ဤသုတ်တော်မှ **يَوْمٍ فِي ဖီးယောင်းမင်** ကို ဆရာတော်ကြီးများက **တစ်နေ့အတွင်း**ဟု ပြန်ဆိုကြသည်။ ၎င်း၏အဓိပ္ပါယ်မှာ **ကာလ တစ်ခုအား ကြားခံစည်းတားခြင်း မရှိသော အချိန်အတွင်း** သို့မဟုတ် **ထိုကာလအတောအတွင်း**ဟု ဖြစ်ပေသည်။ ဤသုတ်တော်သည် သုတ်တော် ၄ နှင့် အခြားသော သုတ်တော်များဖြစ်သည့် မိုးများနှင့် မြေကမ္ဘအား ကာလခြောက်ခုအတွင်း ဖြစ်တည်ဆိုခြင်းကို ခရစ်ယာန် သီအိုရီနှင့် မတူညီကြောင်း ပိုမိုနားလည် စေနိုင်ပေသည်၊ ကျမ်းတော်က ပြောသော **ယောင်းမွန်** ဟူသည် လက်ရှိလူများ နားလည်ထားသော ၂၄ နာရီ တစ်ရက် မဟုတ်ပေ။

၈။	**ثُمَّ جَعَلَ نَسْلَهُ مِن سُلَالَةٍ مِّن مَّاء مَّهِينٍ۞** ထို့နောက် ၎င်းမှ ညှစ်ထုတ်ရသည့် သိုလှောင်ထားရာ တန်ဘိုးမဲ့ ရေ အဖြစ် စီစဉ်၏။
၉။	**ثُمَّ سَوَّاهُ وَنَفَخَ فِيهِ مِن رُّوحِهِ وَجَعَلَ لَكُمُ السَّمْعَ وَالْأَبْصَارَ وَالْأَفْئِدَةَ قَلِيلًا مَّا تَشْكُرُونَ۞** ထို့နောက် ၎င်းအား ပုံစံချ၏။ အရှင်၏ ဉာဏ်စဉ်မှ သူ့အား သက်ဝင်စေ၍၊ သင်တို့အား အကြား၊ အမြင် စိတ်နှလုံးများကို စီစဉ်ပေး၏။ သို့သော် အနည်းစုမှအပ ကျေးဇူးသိတတ်ခြင်း မရှိချေ။[၈၂]
၁၀။	**وَقَالُوا أَئِذَا ضَلَلْنَا فِي الْأَرْضِ أَئِنَّا لَفِي خَلْقٍ جَدِيدٍ بَلْ هُم بِلِقَاء رَبِّهِمْ كَافِرُونَ۞** “ကျွန်ုပ်တို့သည် မြေကမ္ဘာမှ လွဲဖယ်ရသောအခါ ကျွန်ုပ်တို့အား အသစ်တစ်ဖန် ဖြစ်တည်စေမည်လော၊”ဟု သူတို့မေးကြ၏။ အမှန်မှာ သူတို့သည် သူတို့၏ ကံကြမ္မာရှင်အား ဖူးတွေ့ရမည်ကို ဖုံးကွယ်မှောင်ချသူများ ဖြစ်ကြ၏။
၁၁။	**قُلْ يَتَوَفَّاكُم مَّلَكُ الْمَوْتِ الَّذِي وُكِّلَ بِكُمْ ثُمَّ إِلَى رَبِّكُمْ تُرْجَعُونَ۞** ဟောလော့ “သင်တို့အား အုပ်ထိန်းသော သေမင်းက သင်တို့အား သက်တမ်းကုန်စေလတ္တံ့၊ ထို့နောက် ကံကြမ္မာရှင်၏ ထံသို့ သင်တို့ လှည့်ပြန်ခဲ့ရလတ္တံ့။
၁၂။ ☆ ၆း၂၈	**وَلَوْ تَرَى إِذِ الْمُجْرِمُونَ نَاكِسُو رُؤُوسِهِمْ عِندَ رَبِّهِمْ رَبَّنَا أَبْصَرْنَا وَسَمِعْنَا فَارْجِعْنَا نَعْمَلْ صَالِحًا إِنَّا مُوقِنُونَ۞** ရာဇဝတ်ကောင်များသည် ကံကြမ္မာရှင်၏ ထံတော်၌ ဦးခေါင်းများ ကျိုးလျက် “အို– ကံကြမ္မာရှင် တပည့်တော်တို့မြင်ရပါပြီ၊ ကြားရပါပြီ၊ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံနိုင်အံ့ဝှာ တပည့်တော်တို့အား လှည့်ပြန်စေတော်မူပါ၊ တပည့်တော်တို့ ဒိဋ္ဌယုံကြည်ပါပြီ၊”ဟု ဆိုကြသည်ကို သင်တို့ ရှုစားမိပါစ။☆
၁၃။ ☆ ၃း၂၀ ★၆း၁၀၀	**وَلَوْ شِئْنَا لَآتَيْنَا كُلَّ نَفْسٍ هُدَاهَا وَلَكِنْ حَقَّ الْقَوْلُ مِنِّي لَأَمْلَأَنَّ جَهَنَّمَ مِنَ الْجِنَّةِ وَالنَّاسِ أَجْمَعِينَ۞** ချီးမြှင့်ရန် ငါ၏ စံချိန်ပြည့်မှီခဲ့လျှင်၊☆ ဉာဉ်စရိုက်ကိုယ်စီအား လမ်းညွှန်ပေးလတ္တံ့၊ သို့ရာတွင် ငါ၏ တရားတော်သည် သစ္စာတစ်ရပ် ဖြစ်၏။ ငါသည် ကလျာဏနှင့် အန္ဓပုတုဇဉ်★တို့အား အတူစု၍ ငရဲဘုံ၌ ဖြည့်တော်မူမည်ပင်။
၁၄။	**فَذُوقُوا بِمَا نَسِيتُمْ لِقَاء يَوْمِكُمْ هَذَا إِنَّا نَسِينَاكُمْ وَذُوقُوا عَذَابَ الْخُلْدِ بِمَا كُنتُمْ تَعْمَلُونَ۞** သင်တို့ မေ့ထားခဲ့သည့် ဤဆုံတွေ့ရမည့် နေ့ကာလကို မြည်းစမ်းလော့၊ သင်တို့အားလည်း ငါ မေ့ပစ်လိုက်ပြီ၊ သင်တို့ ကျင့်ကြံလေ့ရှိခဲ့သည့် အတိုင်း ဝဋ်ကြွေးဒဏ်အား အစဉ်ထာဝရ မြည်းစမ်းလော့။

---

(၈၂) **ဴ نَفَخَ فِيهِ مِن رُّوحِهِ နဖခ ဗီးဟေ့ မင်း ရူးဟေဟီ** ဆိုသော စကားလုံးကို ဆရာတော်ကြီးအများစုက **သူ့အား အရှင်၏ ဝိဉာဉ်မှ အသက်သွင်းပေးသည်** ဟု ပြန်ဆိုကြပေသည်။ ထိုပြန်ဆိုချက်မှာ လုံးဝ မှားယွင်းသော ပြန်ဆိုချက် ဖြစ်ပေသည်။ **ရူးဟ်** သည် အသက်ဝိဉာဉ် မဟုတ်ပေ။ စကြာဝဠာ ခပ်သိမ်းအတွင်းမှ အရာအားလုံးသည် သက်ရှိသတ္တဝါ၊ သက်ရှိဝတ္ထုများ ဖြစ်သည်ဟု ကျမ်းတော်၏ နေရာပေါင်းများစွာတွင် မကြာခဏ ပြဆိုပေသည်။ သို့သော် ကျမ်းတော်အရ ထိုသက်ရှိအားလုံး အနက် လူသားမှအပ **ရူးဟ်** ချီးမြှင့်ခံရသော သက်ရှိဟူ၍ မရှိပေ။ ထို့ကြောင့် အသက်ရှိခြင်းနှင့် **ရူးဟ်** ချီးမြှင့်ခံရခြင်းသည် သီးခြား ဖြစ်ပေသည်။ **ရူးဟ်** အား ချီးမြှင့်ခြင်းမှာ “ကြားနိုင်စွမ်း၊ မြင်နိုင်စွမ်း၊ ခံစားနိုင်စွမ်း ရှိရန် ဖြစ်သည်ဟု ဤသုတ်တော်၌ အတိအကျ ဆိုထားပေသည်။ ထိုကြားနိုင်စွမ်း ဆိုသည်မှာ နားရွက်၊ မျက်လုံး၊ ခံစားမှု စိတ်တို့ကို ရည်ညွှန်းခြင်း မဟုတ်ပေ၊ ဆင်ခြင်နိုင်စွမ်းသော၊ မြင်နိုင်စွမ်းသော၊ ထိုးဖောက်တွေးနိုင်စွမ်းသော ဂုဏ်သတ္တိများကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုအချက်ကို ကျမ်းတော်၏ ဂုဒဂု တွင် “သူတို့၌ နှလုံးသား ရှိ၏၊ ၎င်းဖြင့် ခံစားနားလည်မှုမရှိ။ သူတို့၌ မျက်လုံးများရှိ၏၊ ၎င်းဖြင့် အမြင်မရှိ။ သူတို့၌ နားများ ရှိ၏၊ ၎င်းဖြင့် အကြားမရှိကြချေ။ ထိုသူများသည် တိရိစ္ဆာန်များကဲ့သို့ဖြစ်၍ ထို့ထက်ပင် ပို၍ လွဲမှားနေကြ၏။” ဟူသော အချက်က ထောက်ပြထားပေသည်။ ထို့ကြောင့် အမှန်တကယ် ဤသုတ်တော်မှ ဆိုလိုချက်မှာ လူသားအား **ပုံပေါ်စေ၏ သို့မဟုတ် ကိုယ်ထည်ပြည့်စုံ အသက်ဝင်ပြီး ဖြစ်စေ၏၊ ထို့နောက် “ဥာဏ်” သက်ဝင်စေ၏၊** ဟု ဖြစ်ပေသည်။ ထို့ကြောင့် လူသားသည် အခြားသတ္တဝါများထက် သာလွန်မြင့်မြတ်နေခြင်း ဖြစ်ပေသည်။ ၂း၈၇ တွင်ကြည့်ပါ။

၁၅။	**إِنَّمَا يُؤْمِنُ بِآيَاتِنَا الَّذِينَ إِذَا ذُكِّرُوا بِهَا خَرُّوا سُجَّدًا وَسَبَّحُوا بِحَمْدِ رَبِّهِمْ وَهُمْ لَا يَسْتَكْبِرُونَ۞** ငါ၏ သုတ်ဒေသနာတော်များကို သူတို့အား သတိဖေါ်ပေး သောအခါ ယုံကြည်သူတို့သည်သာ ပြဝပ် ဦးချကုန်ကြ၏၊ သူတို့၏ ကံကြမ္မာရှင်အား ရည်သန်ရုးစိုက်လျက် ဦးထိပ်ထားကြ၏။ သူတို့သည် မာနကြီးနေသူများ မဟုတ်ချေ။
၁၆။	**تَتَجَافَى جُنُوبُهُمْ عَنِ الْمَضَاجِعِ يَدْعُونَ رَبَّهُمْ خَوْفًا وَطَمَعًا وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ۞** သူတို့သည် သူတို့၏ နံဘေးများကို အိပ်ယာမှ စွန့်ထား၍ ကြောက်ရွံခြင်း၊ မျှော်လင့်ခြင်းများဖြင့် သူတို့၏ ကံကြမ္မာရှင်၌ ဆုတောင်းကြ၏၊ သူတို့အား ရိက္ခာပေးရာမှ ပေးကမ်းသုံးစွဲကြ၏။
၁၇။	**فَلَا تَعْلَمُ نَفْسٌ مَّا أُخْفِيَ لَهُم مِّن قُرَّةِ أَعْيُنٍ جَزَاء بِمَا كَانُوا يَعْمَلُونَ۞** သူတို့အတွက် ကွယ်ဝှက်နေသော မျက်လုံးများကြောင့် တည်ငြိမ်အေးချမ်းရမည်ကို သိခဲ့သော စိတ်ဉာဉ်ဟူ၍ မရှိချေ။ သူတို့ ကျင့်ကြံလေ့ရှိခဲ့ရာကို အစားရမည်ပင်။
၁၈။	**أَفَمَن كَانَ مُؤْمِنًا كَمَن كَانَ فَاسِقًا لَّا يَسْتَوُونَ۞** ယုံကြည်ခြင်း၌ ရှိသူသည် ယုတ်မာခြင်း၌ ရှိသူကဲ့သို့ ဖြစ်သလော၊ တူညီကြသည်ကား မဟုတ်ချေ။
၁၉။	**أَمَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَلَهُمْ جَنَّاتُ الْمَأْوَى نُزُلًا بِمَا كَانُوا يَعْمَلُونَ۞** ယုံကြည်၍ ပြုပြင်ပြောင်းလဲခြင်းကို ကျင့်ကြံသောသူ အတွက်မူ ထိုသူတို့အတွက် ခိုလှုံရာသည် ဥယျာဉ်ဘုံများဖြစ်၍၊ သူတို့ ကျင့်ကြံလေ့ရှိခဲ့ရာများကြောင့် စံစားရမှု အဆင့်ဆင့်ရှိနေ၏။
၂၀။	**وَأَمَّا الَّذِينَ فَسَقُوا فَمَأْوَاهُمُ النَّارُ كُلَّمَا أَرَادُوا أَن يَخْرُجُوا مِنْهَا أُعِيدُوا فِيهَا وَقِيلَ لَهُمْ ذُوقُوا عَذَابَ النَّارِ الَّذِي كُنتُم بِهِ تُكَذِّبُونَ۞** ယုတ်မာသောသူ၊ သူတို့အတွက်မူ ခိုလှုံရာမှာ အပူမီးသာ ဖြစ်၏။ သူတို့သည် ထိုမှ ထွက်ပြေးလိုတိုင်း ၎င်းအထဲ၌သာ ဆက်နေနေရ၍၊ သူတို့အား ‘‘သင်တို့၏ ငြင်းဆန်လေ့ရှိခဲ့ရာများကြောင့် အပူမီးဝဋ်ကြွေးအား မြည်းစမ်းကြလော့၊’’ဟု ပြောခံရလတ္တံ့။
၂၁။	**وَلَنُذِيقَنَّهُمْ مِنَ الْعَذَابِ الْأَدْنَى دُونَ الْعَذَابِ الْأَكْبَرِ لَعَلَّهُمْ يَرْجِعُونَ۞** သူတို့ ဦးလှည့်ကြအံ့ငှာ၊ သူတို့အား ဝဋ်ကြွေးဒဏ်ကြီး မှအပ နီးကပ်သော ဝဋ်ကြွေးများကို အရင်မြည်းစမ်းစေ၏။
၂၂။	**وَمَنْ أَظْلَمُ مِمَّن ذُكِّرَ بِآيَاتِ رَبِّهِ ثُمَّ أَعْرَضَ عَنْهَا إِنَّا مِنَ الْمُجْرِمِينَ مُنتَقِمُونَ۞** ကံကြမ္မာရှင်ထံမှ သုတ်ဒေသနာများဖြင့် သတိဖေါ်ပေးသောအခါ၊ ဘောင်ကန့်ထားသူထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း၊ ငါ၏ တိကျသော တုန့်ပြန်မှုသည် ရာဇဝတ်ကောင်များအတွက် ရှိနေ၏။
၂၃။	**وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ فَلَا تَكُن فِي مِرْيَةٍ مِّن لِّقَائِهِ وَجَعَلْنَاهُ هُدًى لِّبَنِي إِسْرَائِيلَ۞** ငါသည် မူဆာအား ကျမ်းတော်ကို ချီးမြှင့်ခဲ့၏။ ထို့ကြောင့် ၎င်းအား ခင်းကျင်းပြသည်ကို အချင်းများလေ့မရှိနှင့်၊ ငါသည် ၎င်းကို ဂျူးလူမျိုးတို့အတွက် လမ်းညွှန်အဖြစ် စီစဉ်တော်မူ၏။
၂၄။	**وَجَعَلْنَا مِنْهُمْ أَئِمَّةً يَهْدُونَ بِأَمْرِنَا لَمَّا صَبَرُوا وَكَانُوا بِآيَاتِنَا يُوقِنُونَ۞** သူတို့သည် သည်းခံပါရမီ ရှိသောအခါ၊ သူတို့မှ ရှေ့ဆောင်များ စီစဉ်ပေး၍ ငါ့ ညွှန်ကြားချက် အားဖြင့် လမ်းညွှန်တော်မူ၏။ သူတို့သည် ငါ၏ သုတ်ဒေသနာများ၌ ဒိဋ္ဌယုံကြည်ခြင်း ရှိကြ၏။
၂၅။	**إِنَّ رَبَّكَ هُوَ يَفْصِلُ بَيْنَهُمْ يَوْمَ الْقِيَامَةِ فِيمَا كَانُوا فِيهِ يَخْتَلِفُونَ۞** ရပ်တည်ရသော နေ့ကာလ၌၊ ထို၌ သူတို့၏ ကွဲလွဲလေ့ရှိရာများအတွက် သင်၏ကံကြမ္မာရှင်က သူတို့ကြား၌ ရှင်းလင်း

	ဆုံးဖြတ်တော်မူလတ္တံ့။
၂၆။	**أَوَلَمْ يَهْدِ لَهُمْ كَمْ أَهْلَكْنَا مِن قَبْلِهِم مِّنَ الْقُرُونِ يَمْشُونَ فِي مَسَاكِنِهِمْ إِنَّ فِي ذَٰلِكَ لَآيَاتٍ أَفَلَا يَسْمَعُونَ۞** သူတို့၏ ရှေ့အလျင် မျိုးဆက်ပေါင်း မည်မျှကို တိမ်ကောပျက်စီးစေခဲ့ပြီနည်း၊ ထိုအခြေချရာများ၌ သူတို့ သွားလာနေပါလျက်၊ ၎င်းတွင် သူတို့အတွက် လမ်းညွှန်ချက် မရှိသလော၊ ကြားနာတတ်သူများအတွက် ယင်း၌ နိမိတ်လက္ခဏာ ရှိနေသည် မဟုတ်လော။[၈၂]
၂၇။	**أَوَلَمْ يَرَوْا أَنَّا نَسُوقُ الْمَاء إِلَى الْأَرْضِ الْجُرُزِ فَنُخْرِجُ بِهِ زَرْعًا تَأْكُلُ مِنْهُ أَنْعَامُهُمْ وَأَنفُسُهُمْ أَفَلَا يُبْصِرُونَ۞** ငါသည် လွင်တီးခေါင် မြေသို့ ရေကို ဖြတ်မောင်း၍၊ ၎င်းအားဖြင့် စိုက်ခင်းများ ပေါက်ရောက်စေ၏။ ထိုမှ သူတို့ကိုယ်တိုင်နှင့် သူတို့၏ တိရိစ္ဆာန်များကို စားသုံးစေကြသည်ကို မရှုစားမိသလော။ သူတို့၌ အမြင်မရှိကြသလော။
၂၈။	**وَيَقُولُونَ مَتَى هَذَا الْفَتْحُ إِن كُنتُمْ صَادِقِينَ۞** ထို့ပြင် သူတို့က ‘‘သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ မည်သည့်အခါ ထွက်ပေါက်ရမည်နည်း၊’’ဟု ပြောကြ၏။
၂၉။	**قُلْ يَوْمَ الْفَتْحِ لَا يَنفَعُ الَّذِينَ كَفَرُوا إِيمَانُهُمْ وَلَا هُمْ يُنظَرُونَ۞** ဟောလော့ ‘‘ထွက်ပေါက်ရသော နေ့ကာလ၌ ဖုံးကွယ်သောသူတို့၏ ယုံကြည်ခြင်းသည် သူတို့အား အကျိုးရှိစေမည် မဟုတ်၊ သူတို့အား စောင့်ကြည့်ခွင့်ပေးတော့မည်လည်း မဟုတ်ချေ။
၃၀။	**فَأَعْرِضْ عَنْهُمْ وَانتَظِرْ إِنَّهُم مُّنتَظِرُونَ۞** သို့ဖြစ်၍ သူတို့အား ဘေးထား၍၊ စောင့်ကြည့်ကြလော့၊ သူတို့သည်လည်း စောင့်ကြည့်နေသူများ ဖြစ်ကြ၏။

(၈၂) ကျမ်းတော်တွင် ဤသုတ်တော် အပါအဝင် **ရှေး မျိုးဆက်ပေါင်း မည်မျှကို တိမ်ကောစေခဲ့ပြီနည်း၊** ဟူသော သုတ်တော်ပေါင်း များစွာ ပါဝင်ပေသည်။ ထိုသုတ်တော်များကို ဖေါ်ပြလေသမျှတွင် **သင်တို့သည် မဆင်ခြင်ကြသလော၊** ဟုလည်း မေးထားပေသည်။ ဆိုလိုသည်မှာ အစွမ်းလာမ်သာသနာဝင်တို့အား ရှေးမှ သမိုင်းကြောင်းများကို လေ့လာရန်၊ သုတေသနပြုလုပ်ရန်၊ တစ်စိုက်မတ်မတ် သတိပေး သွန်သင်နေပေသည်။ သာသနာရေး ပညာ ဆိုသည်မှာ ကျမ်းတော်မှ ညွှန်ကြားချက်များကို လိုက်နာ၍ စူးစမ်းလေ့လာခြင်းကို ခေါ်ဆိုပေသည်၊ အာရ်ဗီစာပေ တတ်မြောက်ရန် လေ့လာခြင်း တစ်မျိုးတည်းကိုသာ သာသနာရေး ပညာဟု မခေါ်ဆိုအပ်ပေ၊ အစွမ်းလာမ်သာသနာဝင် မဟုတ်သော အာရဗ်များသည်လည်း အာရ်ဗီစာပေအား တတ်မြောက်သည်ပင်၊ ထို့ကြောင့် အစွမ်းလာမ်သာသနာအား အမှန်တကယ် မြတ်နိုး တန်ဘိုးထားလျှင်၊ သမိုင်းသုတေသနများ ပြုလုပ်ခြင်း၊ သမိုင်းကြောင်းများကို ဖေါ်ထုတ်ခြင်း၊ ထိုသမိုင်းကြောင်းများမှာ မိမိကိုယ်တိုင်နှင့် နောင်လာနောက်သားများအတွက် သခိန်းစာ ရှာဖွေခြင်းများသည် အလွန်အရေးကြီးလှပေသည်၊ ထိုအချက်ကို ဤသုတ်တော်ပါ **၎င်းတွင် သူတို့အတွက် လမ်းညွှန်ချက် မရှိသလော၊** ဟူသော ဆုံးမဝါကျက အတိအကျ ထောက်ပြထားပေသည်။ သမိုင်းဆိုသည်မှာ ကမ္ဘာ့လူ့သမိုင်း အားလုံးကို ဆိုလိုပေသည်။

ဓမ္မခန္ဓာ (၃၃) “မဟာမိတ်များ” (အလ် အဟ်ဇာဘ်)

ဥဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၉၀။ သုတ်ဒေသနာ– အပါး ၇၃။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။ ★ ၃း၁၇

يَا أَيُّهَا النَّبِيُّ اتَّقِ اللَّهَ وَلَا تُطِعِ الْكَافِرِينَ وَالْمُنَافِقِينَ إِنَّ اللَّهَ كَانَ عَلِيمًا حَكِيمًا۞

အို– သတင်းတော်ဆောင်၊ ပရမတ်ဘုရားရှင်အား စည်းစောင့်လော့၊ ဖုံးကွယ်သူများနှင့် သီလကြောင်တို့အား★ မနာခံနှင့် ဇကန်ပင် ပရမတ်ဘုရားရှင်သည် သိနေသော အရှင်– ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။

၂။

وَاتَّبِعْ مَا يُوحَى إِلَيْكَ مِن رَّبِّكَ إِنَّ اللَّهَ كَانَ بِمَا تَعْمَلُونَ خَبِيرًا۞

သင့်ထံသို့ သင့်ကံကြမ္မာရှင်မှ အာရုံစူးစိုက်ဖြစ်ပေးသည်ကို လိုက်နာလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေ့ရှိသမျှအား သတင်းသိနေတော်မူ၏။

၃။

وَتَوَكَّلْ عَلَى اللَّهِ وَكَفَى بِاللَّهِ وَكِيلًا۞

ပရမတ်ဘုရားရှင်အား ကိုးစားလော့၊ ပရမတ်ဘုရားရှင်သည် ကိုးစားထိုက်သည့် အရှင် အဖြစ် လုံလောက်တော်မူ၏။

၄။

مَّا جَعَلَ اللَّهُ لِرَجُلٍ مِّن قَلْبَيْنِ فِي جَوْفِهِ وَمَا جَعَلَ أَزْوَاجَكُمُ اللَّائِي تُظَاهِرُونَ مِنْهُنَّ أُمَّهَاتِكُمْ وَمَا جَعَلَ أَدْعِيَاءكُمْ أَبْنَاءكُمْ ذَلِكُمْ قَوْلُكُم بِأَفْوَاهِكُمْ وَاللَّهُ يَقُولُ الْحَقَّ وَهُوَ يَهْدِي السَّبِيلَ۞

ပရမတ်ဘုရားရှင်သည် မည်သည့် လူသားကိုမျှ စိတ်အတွင်း၌ နှလုံး နှစ်ခု စီစဉ်မပေးချေ။ သင်တို့၏ စုဖွဲ့ဖော်များ– သူမတို့ကို ကျောခိုင်း၍ သင်တို့၏ မိခင်အဖြစ် စီစဉ်မပေးချေ။ သင်တို့၏ မွေးစားသားများကိုလည်း သားရင်းအဖြစ် စီစဉ်မပေးချေ။ ဤသည် သင်တို့၏ ပါးစပ်များဖြင့် ပြောစကားသာ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် သစ္စာစကားကိုသာ မိန့်ဆို၏။ အရှင်သည် နည်းလမ်းတကျ လမ်းညွှန်တော်မူ၏။

၅။

ادْعُوهُمْ لِآبَائِهِمْ هُوَ أَقْسَطُ عِندَ اللَّهِ فَإِن لَّمْ تَعْلَمُوا آبَاءهُمْ فَإِخْوَانُكُمْ فِي الدِّينِ وَمَوَالِيكُمْ وَلَيْسَ عَلَيْكُمْ جُنَاحٌ فِيمَا أَخْطَأْتُم بِهِ وَلَكِن مَّا تَعَمَّدَتْ قُلُوبُكُمْ وَكَانَ اللَّهُ غَفُورًا رَّحِيمًا۞

သူတို့၏ အဖေရင်းများကို ဖော်ပြောလော့၊ ၎င်းသည် ပရမတ်ဘုရားရှင်၏ထံ၌ အမျှတဆုံးဖြစ်၏။ အကယ်၍ သင်တို့သည် သူတို့၏ ဖခင်ရင်းများကို မသိခဲ့လျှင်၊ သာသနာလမ်းစဉ်အရ သူတို့သည် သင်တို့၏ ညီနောင်များ ဖြစ်ကြ၏။ သင်တို့၏ ရဲဘော်ရဲဘက်များ ဖြစ်ကြ၏။ သင်တို့၏ နှလုံးသားမှ မကျိုးငှ မရှိခဲ့သော် သင်တို့၏ မေ့မှားမှုများ အတွက် အပြစ်မရှိချေ၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။[၅၄]

---

(၅၄) သုတ်တော် ၄ တွင် မွေးစားသားများ (ခေါ်ယူထားသူများ)သည် သားသမီးအရင်း မဟုတ်ကြောင်းနှင့် ဤသုတ်တော် ၅ တွင် အဘရင်းများကို ဖော်ပြကြလော့ ဆိုသည်မှာ– မိသား တစ်စုတွင် မွေးစား သားသမီး ရှိလျှင် သားမီးအရင်းနှင့် မွေးစားသားသမီးများအကြား သွေးခွဲခြင်း မဟုတ်ချေ။ အစ္စလာမ် သာသနာသည် ရင့်ကျက်တည်ငြိမ်မှု ရှိစေရန် သွန်သင်ပေသည်။ ထို့ကြောင့် မွေးစားသားသမီး အနေဖြင့်လည်း ပကတိ အမှန်တရားကို ကြားနာရသောကြောင့် သိမ်ငယ်စရာ မရှိချေ။ ဤသုတ်တော်များမှ အဓိကရည်ရွယ်ချက်မှာ ပကတိ အမှန်တရား ပေါ်ပေါက်ရန်သာ ဖြစ်သည်။ မွေးစားသား တစ်ဦးသည် မိမိ၏ မဘအရင်းကို အမှန်တကယ် မသိက၊ မသိခြင်း အမှားတရားအောက်၌ မောင်နှမ အရင်းချင်း

၆။	**النَّبِيُّ أَوْلَى بِالْمُؤْمِنِينَ مِنْ أَنفُسِهِمْ وَأَزْوَاجُهُ أُمَّهَاتُهُمْ وَأُوْلُو الْأَرْحَامِ بَعْضُهُمْ أَوْلَى بِبَعْضٍ فِي كِتَابِ اللَّهِ مِنَ الْمُؤْمِنِينَ وَالْمُهَاجِرِينَ إِلَّا أَن تَفْعَلُوا إِلَى أَوْلِيَائِكُم مَّعْرُوفًا كَانَ ذَلِكَ فِي الْكِتَابِ مَسْطُورًا۞** ယုံကြည်သူ ☆၄း၁ သတင်းတော်ဆောင်သည် ယုံကြည်သူများအတွက် သူတို့၏ စိတ်ဥဉ်များထက် ပို၍ အလှည့်ပေး၏၊ သူ့အိမ်ထောင်ဘက်တို့သည် **သူ**တို့ အတွက် မိခင်များ ဖြစ်၏။ ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းချက်အရ၊ မဟာမိတ်များအား သင်တို့အသိအမှတ်ပြု စီမံမှု မှအပ၊ ယုံကြည်သူများ၊ ပြောင်းရွှေ့ခဲ့ရသူများမှ အချို့သည် အချို့ထက် မွေးရာပါအခွင့်အရေး☆ ပို၍ အလှည့်ပေးရန် ကျမ်းတော်တွင် ဤသို့ ရေးမှတ်ထား၏။
၇။	**وَإِذْ أَخَذْنَا مِنَ النَّبِيِّينَ مِيثَاقَهُمْ وَمِنكَ وَمِن نُّوحٍ وَإِبْرَاهِيمَ وَمُوسَى وَعِيسَى ابْنِ مَرْيَمَ وَأَخَذْنَا مِنْهُم مِّيثَاقًا غَلِيظًا۞** ☆ ၃း၈၁ ငါသည် သတင်းတော်ဆောင်များထံမှာ ကတိခံဝန်ချက် ယူခဲ့သည်မှာ– သင့်ထံမှ၊ နူးဟ်၊ အီဗရာဟီးမ်၊ မူဆာနှင့် မာရိ၏သား ယေရှုထံမှဖြစ်၏။– သူတို့ထံမှ တိကျပြတ်သားသော ပဋိညာဉ်ကို ယူခဲ့သည်မှာ–[၅၅]
၈။	**لِيَسْأَلَ الصَّادِقِينَ عَن صِدْقِهِمْ وَأَعَدَّ لِلْكَافِرِينَ عَذَابًا أَلِيمًا۞**

အိမ်ထောင်ပြုမိသော အမှားများ ဖြစ်ပေါ်နိုင်ပေသည်။ ထိုသို့ မျိုးဆက်အတွက် မလိုလားအပ်သော ညစ်ညမ်းမှုများမှ ရှောင်ကြဉ်နိုင်ရန် ပညတ်ထားခြင်း ဖြစ်ပေသည်။

(၈၂၅) ဆရာတော်ကြီးများက ဤသုတ်တော်သည် **၃း၈၁** တွင်ပေါ်ပြသော **"ငါသည် သင်တို့အား ကျမ်းတော်မှ ဓမ္မသတ်ကို ပေးအပ်ပြီ၊ တဖန် သင်တို့၌ ရှိသည်ကို ဖြောင့်မှန်စေမည့် ဥဇ္ဈာစဉ်ဆောင် တစ်ပါး သင်တို့ ထံသို့ ရောက်လာစေမည် သူ့အား ယုံကြည်ကြလော့၊ သူ့အား ကူညီကြလော့၊"ဟု ကတိခံဝန်ကို ယူ၍ "ငါ၏ တာဝန်ကို သင်တို့ အတည်ပြုသလော၊ လက်ခံကြသလော၊"ဟု မေးမြန်းသော်၊ "တပည့်တော်တို့ အတည်ပြုပါသည်၊"ဟု လျှောက်ထားကြ၏။** ဟူသော သုတ်တော်ကို ပြန်လည် ဖေါ်ပြခြင်း ဖြစ်သည်ဟု ဆိုကြ၏။ ဤသုတ်တော် နှစ်ခု၏ သွန်သင်ခြင်းမှာ သီးခြား ဖြစ်ပေသည်။ ၃း၈၁ တွင် ရှေး သတင်းတော်ဆောင်များထံမှ ပရမတ်ဘုရားရှင် အလွှာဟ်က အာမဘာရွှေ့ယူခဲ့သည်မှာ "နောက်ထပ် ဥဇ္ဈာစဉ်တော်ဆောင် တစ်ပါး ပွင့်ပေါ်စေဦးမည်" ဟု ဖြစ်၍၊ ဤသုတ်တော်တွင် နောက်ဆုံးပွင့် ကိုယ်တော်မုဟမ္မဒ် (၃၃း၄၀) အပါအဝင် သတင်းတော်ဆောင်များ၊ ဥဇ္ဈာစဉ်တော်ဆောင်များထံမှ အာမဘာရွှေ့ရယူသည်မှာ **"ဖြောင့်မှန်သူတို့အား ဖြောင့်မှန်ခြင်းကို စောကြောနိုင်ရန် ဖြစ်၏၊"** ဟု ဆက်လက်ပါ သုတ်တော် ၈ တွင် အတိအကျပြောထားပေသည်။ ရှေ့နောက်ဝါကျ နှစ်ခုအား **လိ ၂** ဖြင့် ဆက်ထား၍၊ အဓိပ္ပါယ်မှာ– အလို့ငှာ၊ ရန်၊ အတွက်– ဟု ဖြစ်ပေသည်။ နောက်ဆုံးပွင့် ဖြစ်သော ကိုယ်တော်မုဟမ္မဒ်သည် (၃၃း၄၀) သည် ဤသုတ်တော်ပါ၊ အာမဘာရွှေ့ပြုသူများ အနက်တွင် ပါဝင်နေသောကြောင့် ဤသုတ်တော်နှင့် **နောက်ထပ် ဥဇ္ဈာစဉ်တော်ဆောင်တစ်ပါး သင်တို့ထံသို့ ရောက်လာစေမည်** ဟူသည့် ၃း၈၁ သည် အာမဘာရွှေ့ပြုရသော အကြောင်းရင်းမှာ လုံးဝ မတူညီချေ။ ကျမ်းတော်ပါ သုတ်တော်များကို သေချာစွာ မလေ့လာဘဲလျက် ဆရာစဉ်ဆက် ယုံကြည်စေခဲ့သည်များကို လိုက်၍ ကျမ်းတော်အား ဖွင့်ဆိုခြင်းကြောင့်၊ ထိုကဲ့သို့ ဖွင့်ဆိုမှုများကို အခွင့်ကောင်း ယူလျက် မိမိကိုယ်မိမိ နဗီ (သတင်းတော်ဆောင်) ဖြစ်သည်ဟု အစွယ်လာမ့် ခေါင်းစဉ်အောက်မှ ကြေငြာခဲ့သူများကိုလည်း တွေ့လာရသည်။ အစွယ်လာမ် သာသနာသည် ပရမတ်ဘုရားရှင်က လူသားအား ချီးမြှင့်သော ဥဇ္ဈာစဉ်များ ရပ်စဲသွားပြီဟု လုံးဝ မပြောပေ (၃၃း၉)၊ သို့သော် နဗီ (သတင်းတော်ဆောင်) အဆင့်၊ ရစူလ် (ဥဇ္ဈာစဉ်တော်ဆောင်) အဆင့်များ ပွင့်ပေါ်ရန် မလိုအပ်တော့ပြီ၊ ဟု ၃၃း၄၀ တွင် ကြေငြာထားပေသည်။ မူရင်းစစ်စစ် ကျမ်းတော် ဖြစ်သည့် ကျမ်းမြတ်ကုရ်အာန်၏ တည်မြဲနေခြင်းကြောင့် အစွယ်လာမ် သာသနာတွင် သာသနာ တစ်ခု ကွယ်ပျောက်ရမည့် အဓိက သော့ချက် ဖြစ်သော ပဋိသမ္ဘိဒါဓေတ် ကုန်လွန်ရန် လုံးဝ ဖြစ်လာတော့မည် မဟုတ်ချေ။ ထို့ကြောင့် မိမိကိုယ် မိမိ နဗီ (သတင်းတော်ဆောင်) ဖြစ်သည်ဟု ကြော်ငြာခဲ့သူများပင် ကျမ်းမြတ် ကုရ်အာန်ကိုသာ လိုက်နာခဲ့ရလျက်၊ အစွယ်လာမ် ခေါင်းစဉ်အောက်မှသာ၊ အခြား အစွယ်လမ် တစ်ဦးကဲ့သို့ လိုက်နာ ကျင့်ကြံခဲ့သူများပင် ဖြစ်တော့သည်။ လောကၠ ပွင့်ပေါ်ခဲ့သော သတင်းတော်ဆောင်၊ ဥဇ္ဈာစဉ်တော်ဆောင်များ၏ သာသနာ့လမ်းစဉ်များ တစ်ခုပြီး တစ်ခု ကွယ်ပရခြင်းမှာ ထိုကိုယ်တော်များ ဟောပြောသွန်သင်ခဲ့သည့် မူရင်းတရားတော်များ ကွယ်ပျောက်၍သာ– သာသနာ ကွယ်ရခြင်း ဖြစ်၍၊ ထိုသို့ ကွယ်ပျောက်ရခြင်းကြောင့် နောက်တစ်ပါးပွင့်ပေါ်ကာ သာသနာရောဝါကို ထွန်းညှိရခြင်း ဖြစ်ပေသည်။ ကိုယ်တော် မုဟမ္မဒ်သည် ကိုယ်တော့ရှေးမှ ပွင့်ပေါ်ခဲ့သော ကိုယ်တော်များ၏ သာသနာ (တရားတော်စစ်) ကွယ်ပျောက်ချိန်တွင်မှ ပွင့်ပေါ်ခဲ့သော ဥဇ္ဈာစဉ်တော်ဆောင် ဖြစ်ပေသည်၊ ၅း၁၉။ ကျမ်းတော် ခိုင်ခိုင်မာမာ ရှိနေသော အစွယ်လာမ် သာသနာသည်ကား သာသနာ ကွယ်ပျောက်နိုင်ခြင်း မရှိချေ။ ထို့အပြင် ရှေးက ကိုယ်တော်များ ဟောပြောခဲ့ သကဲ့သို့ ကိုယ်တော်မုဟမ္မဒ်အနေဖြင့် သူ၏ နောက်တွင် နောက်ထပ်တစ်ပါး ပွင့်ပေါ်ဦးမည်ဟု ဟောပြောခဲ့ခြင်းလည်း မရှိချေ။ ရှေးကိုယ်တော်များက မိမိကိုယ်မိမိ ကြေငြာခဲ့ခြင်း မရှိသော– နောက်ဆုံးပွင့် ဖြစ်သည် ဆိုခြင်းကို ကိုယ်တော် မုဟမ္မဒ် ကသာ ကြေငြာခဲ့ခြင်း ဖြစ်ပေသည်၊ (၃၃း၄၀)။

	ဖြောင့်မှန်သူတို့အား ဖြောင့်မှန်ခြင်းကို စောကြောနိုင်ရန် ဖြစ်၏။ ဖုံးကွယ်သူတို့အတွက် စူးနစ်နာကျင်သော ဝဋ်ကြွေးဒဏ်ကို တွက်ချက်ပြင်ဆင်ထား၏။
၉။	**يَا أَيُّهَا الَّذِينَ آمَنُوا اذْكُرُوا نِعْمَةَ اللَّهِ عَلَيْكُمْ إِذْ جَاءتْكُمْ جُنُودٌ فَأَرْسَلْنَا عَلَيْهِمْ رِيحًا وَجُنُودًا لَّمْ تَرَوْهَا وَكَانَ اللَّهُ بِمَا تَعْمَلُونَ بَصِيرًا۞** အို– ယုံကြည်သောသူတို့၊ သင်တို့အား ပရမတ်ဘုရားရှင်က ဂုဏ်ပေးခဲ့သည်ကို သတိရကြလော့။ သင်တို့ထံသို့ စစ်တပ်ကြီး ရောက်လာသောအခါ၊ ငါသည် သူတို့အပေါ်သို့ မရှုမြင်နိုင်သော စစ်တပ်နှင့် လေကို စေပို့လိုက်၏။ ဇကနဉ်ပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင် ဖြစ်၏။[၈၂၆]
၁၀။	**إِذْ جَاؤُوكُم مِّن فَوْقِكُمْ وَمِنْ أَسْفَلَ مِنكُمْ وَإِذْ زَاغَتْ الْأَبْصَارُ وَبَلَغَتِ الْقُلُوبُ الْحَنَاجِرَ وَتَظُنُّونَ بِاللَّهِ الظُّنُونَا۞** သူတို့သည် သင်တို့ထံသို့ အပေါ်ပိုင်းမှ၊ အနိမ့်ပိုင်းမှ ရောက်လာကြသောအခါ၊ သင်တို့၏ အမြင်များသည် တိမ်းပါးလျက်၊ နှလုံးသွေးကြောသည် လည်မြိုသို့ ဆို့မတတ် ဖြစ်၏။ ထို့အခါ သင်တို့သည် ပရမတ်ဘုရားရှင်အား မဆီလျော်သော စဉ်းစားချက်ဖြင့် စဉ်းစားကြ၏။
၁၁။	**هُنَالِكَ ابْتُلِيَ الْمُؤْمِنُونَ وَزُلْزِلُوا زِلْزَالًا شَدِيدًا۞** ဤသည် ယုံကြည်သူများအတွက် စုံစမ်းမှုကြီး ဖြစ်၏။ ပြင်းထန်သော တုန်လှုပ်ခြင်းဖြင့် တုန်လှုပ်ကြရ၏။
၁၂။	**وَإِذْ يَقُولُ الْمُنَافِقُونَ وَالَّذِينَ فِي قُلُوبِهِم مَّرَضٌ مَّا وَعَدَنَا اللَّهُ وَرَسُولُهُ إِلَّا غُرُورًا۞** သီလကြောင်များနှင့် စိတ်နှလုံး၌ ရောဂါရှိသော သူများက ''ကျွန်ုပ်တို့အတွက် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်၏ ကတိမှာ မြှုပ်ဆွယ်ခြင်းသာ ဖြစ်၏။''ဟု ဆိုကြ၏။
၁၃။ မဒီနာမြို့	**وَإِذْ قَالَت طَّائِفَةٌ مِّنْهُمْ يَا أَهْلَ يَثْرِبَ لَا مُقَامَ لَكُمْ فَارْجِعُوا وَيَسْتَأْذِنُ فَرِيقٌ مِّنْهُمُ النَّبِيَّ يَقُولُونَ إِنَّ بُيُوتَنَا عَوْرَةٌ وَمَا هِيَ بِعَوْرَةٍ إِن يُرِيدُونَ إِلَّا فِرَارًا۞** သူတို့မှ အုပ်စုတစ်စုက ''အို–**ယာစ်ရိဗ်** သားအပေါင်းတို့၊ သင်တို့၌ ရပ်တည်နိုင်အား မရှိ၊ လှည့်ပြန်ကြပါစို့၊''ဟု ဆိုကြ၍၊ သူတို့မှ တစ်ဖွဲ့က သတင်းတော်ဆောင်အား ''ကျွန်ုပ်တို့၏ အိမ်များသည် ဟင်းလင်း ဖြစ်နေပါ၏။''ဟု ပြောဆို ခွင့်တောင်းကြ၏။ ၎င်းတို့မှာ ဗလာဟင်းလင်း မဟုတ်ချေ။ သူတို့သည် ထွက်ပြေးလိုခြင်းသာ ဖြစ်၏။
၁၄။	**وَلَوْ دُخِلَتْ عَلَيْهِم مِّنْ أَقْطَارِهَا ثُمَّ سُئِلُوا الْفِتْنَةَ لَآتَوْهَا وَمَا تَلَبَّثُوا بِهَا إِلَّا يَسِيرًا۞** ပတ်ပတ်လည်မှ သူတို့ထံသို့ ဝင်ရောက်လာ၍၊ သင်တို့အား သွေးတိုးစမ်းရန် တောင်းဆိုကြလျှင်၊ သူတို့ အလွယ်တကူ ဆောင်ရွက်ပြီးလတ္တံ့၊ သူတို့သည် စောင့်ဆိုင်းနေမည် မဟုတ်ပေ။
၁၅။	**وَلَقَدْ كَانُوا عَاهَدُوا اللَّهَ مِن قَبْلُ لَا يُوَلُّونَ الْأَدْبَارَ وَكَانَ عَهْدُ اللَّهِ مَسْؤُولًا۞**

(၈၂၆) အချို့က ဤသုတ်တော်များသည် မဒီနာမြို့အား ကျူးကျော်ဝင်ရောက်ရန် လာသော မဟာမိတ်တပ်များ၏ အကြောင်းကို ဖေါ်ပြခြင်းဖြစ်သည်ဟု ရှင်းပြဖွင့်ဆိုပေသည်။ သို့သော် ကျမ်းတော်ပါ သုတ်တော်များအား နားလည်ရာတွင် အဖြစ်အပျက် တစ်ခုအား တင်ပြခြင်းသည် လောကဌ အမြဲ ဖြစ်နေလေ့ရှိသော လောကနိယာမများကို ဖြေရှင်းနိုင်ရန် နမူနာပေးခြင်းပင် ဖြစ်သည်ဟု နားလည်ယူရမည်ဖြစ်သည်။ ခေတ်ကာလတိုင်းမှ တော်လှန်ရေးတိုင်း အတွက် နမူနာပေးခြင်း ဖြစ်ပေသည်။ စစ်ပွဲတိုင်းတွင် ရန်သူ၊ မိတ်ဆွေ၊ အတွင်းသူလျှို၊ မိမိ၏ ဥစ္စာဓနအား ဖက်တွယ်လျက် တော်လှန်ရေးအား မထောက်ခံဘဲ၊ နောက်မျိုးဆက်နှင့် လူသားများ၏ ငြိမ်းချမ်းရေးအား မမျှော်ကိုးဘဲ လတ်တလော သာသည့် ဘက်သို့ ပူးပေါင်းတတ်သည့် သီလကြောင် (နှစ်ဘက်ခွ) လူတန်းစားများ ရှိကြောင်း– စသည့် တော်လှန်ရေးတစ်ခု၏ သဘာဝကို သွန်သင်ပြသခြင်း ဖြစ်ပေသည်။ ဤသုတ်တော်မှ ''မမြင်နိုင်သော စစ်တပ်နှင့် လေ'' ဆိုသည်မှာ ''ဝါဒဖြန့်ခွဲခြင်း (သတင်းဌာန)များနှင့်၊ ချုံခိုတိုက်ခိုက်သည့် ပျောက်ကျားစစ်သည်များ''ကို ဆိုလိုခြင်း ဖြစ်ပေသည်။ သီလကြောင် (နှစ်ဘက်ခွ)များ၏ သဘာဝကို ၃၃း၁၀ မှ ၂၀ ထိတွင်ကြည့်ပါ။ (၃၃း၂၀–––၁၂၅)

	နောက်သို့ လှည့်မည် မဟုတ်ပါ ဟု ဤမတိုင်မီက သူတို့သည် ပရမတ်ဘုရားရှင်၌ ပဋိညာဉ်ရှိခဲ့ကြ၏။ ပရမတ်ဘုရားရှင်၌ ရှိခဲ့သော ပဋိညာဉ်အတွက် စစ်ကြောခံရမည်ပင်။
၁၆။	**قُل لَّن يَنفَعَكُمُ الْفِرَارُ إِن فَرَرْتُم مِّنَ الْمَوْتِ أَوِ الْقَتْلِ وَإِذًا لَّا تُمَتَّعُونَ إِلَّا قَلِيلًا۝** ဟောလော့ ''သင်တို့သည် အနိစ္စရောက်ရမည်မှ၊ ကျဆုံးရမည်မှ ထွက်ပြေးငြားသော်လည်း သင်တို့၏ ထွက်ပြေးခြင်းသည် အကျိုးမရှိချေ။ မဆိုစလောက် အနည်းငယ်မျှ ချမ်းမြေ့နေစေလော့။''
၁၇။	**قُلْ مَن ذَا الَّذِي يَعْصِمُكُم مِّنَ اللَّهِ إِنْ أَرَادَ بِكُمْ سُوءًا أَوْ أَرَادَ بِكُمْ رَحْمَةً وَلَا يَجِدُونَ لَهُم مِّن دُونِ اللَّهِ وَلِيًّا وَلَا نَصِيرًا۝** ဟောလော့ ''သင်တို့အား ပရမတ်ဘုရားရှင်ထံတော်မှ အကုသိုလ်သင့်စေလိုသည် ဖြစ်စေ၊ ကရုဏာသင့်စေလိုသည် ဖြစ်စေ– မားမားရပ်ပေးနိုင်သောသူ ရှိသလော။ ပရမတ်ဘုရားရှင် မှလွဲ၍ ကူညီမည့်သူ မဟာမိတ်ကို တွေ့ရနိုင်မည် မဟုတ်ချေ။–'
၁၈။	**قَدْ يَعْلَمُ اللَّهُ الْمُعَوِّقِينَ مِنكُمْ وَالْقَائِلِينَ لِإِخْوَانِهِمْ هَلُمَّ إِلَيْنَا وَلَا يَأْتُونَ الْبَأْسَ إِلَّا قَلِيلًا۝** သင်တို့အနက် သူတို့၏ ညီနောင်များအား ''ကျွန်ုပ်တို့ဘက်သို့ ရှေ့ထွက်လာလော့၊'' ဟု သွေးထိုးပြောသူများကို ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏။'' အနည်းငယ်မှအပ သူတို့သည် တိုက်ခိုက်ရာသို့ ရောက်လာကြမည် မဟုတ်ချေ။
၁၉။	**أَشِحَّةً عَلَيْكُمْ فَإِذَا جَاء الْخَوْفُ رَأَيْتَهُمْ يَنظُرُونَ إِلَيْكَ تَدُورُ أَعْيُنُهُمْ كَالَّذِي يُغْشَى عَلَيْهِ مِنَ الْمَوْتِ فَإِذَا ذَهَبَ الْخَوْفُ سَلَقُوكُم بِأَلْسِنَةٍ حِدَادٍ أَشِحَّةً عَلَى الْخَيْرِ أُوْلَئِكَ لَمْ يُؤْمِنُوا فَأَحْبَطَ اللَّهُ أَعْمَالَهُمْ وَكَانَ ذَلِكَ عَلَى اللَّهِ يَسِيرًا۝** သင်တို့အပေါ်၌ နှမြောတွန့်တိုကြ၏။ သို့သော် ကြောက်ရွံ့ရမှု ရောက်စေသောအခါ၊ သူ့အပေါ်သို့ သေဘေး လွှမ်းခြုံခံရသူ၏ မျက်လုံးမျိုးဖြင့် သင့်ဘက်သို့ ခိုကိုး၍ ကြည့်နေကြသည်ကို သင်မြင်ရ၏။ သို့သော် ကြောက်ရွံ့ရခြင်းအား ရုပ်သိမ်းသွားသောအခါ၊ သင်တို့အပေါ် လျှာစောင်းထက်ကြ၏။ သူတို့၏ ကောင်းကျိုးများအတွက် နှမြောတွန့်တိုကြ၏။ ထိုသူတို့သည် ယုံကြည်သူများ မဟုတ်ကြချေ။ သို့ဖြစ်၍ ပရမတ်ဘုရားရှင်သည် သူတို့၏ ကျင့်ကြံမှုများကို အချည်းနှီး ဖြစ်စေပြီ။ ယင်းသို့ ဖြစ်စေရန် ပရမတ်ဘုရားရှင်အတွက် လွယ်ကူလှချေ၏။
၂၀။	**يَحْسَبُونَ الْأَحْزَابَ لَمْ يَذْهَبُوا وَإِن يَأْتِ الْأَحْزَابُ يَوَدُّوا لَوْ أَنَّهُم بَادُونَ فِي الْأَعْرَابِ يَسْأَلُونَ عَنْ أَنبَائِكُمْ وَلَوْ كَانُوا فِيكُم مَّا قَاتَلُوا إِلَّا قَلِيلًا۝** ဂိဏ်းပေါင်းစုံတို့သည် တပ်ခေါက်ရုပ်သိမ်းသွားမည်ဟု သူတို့ မစဉ်းစားမိကြချေ။ ဂိဏ်းပေါင်းစုံတို့ ပြန်ရောက်လာခဲ့သော်၊ တောသားတို့မှ ကွန္တာရသားများထံ သွားခိုပြီးလျှင်၊ သင်တို့၏ သတင်းကို မေးမြန်းစုံစမ်း၍ နေလိုကြ၏။ သူတို့သည် သင်တို့ အထဲ၌ ရှိနေခဲ့သော်လည်း အနည်းငယ်သည်သာ ခုခံတိုက်ခိုက်ကြကုန်၏။
၂၁။	**لَقَدْ كَانَ لَكُمْ فِي رَسُولِ اللَّهِ أُسْوَةٌ حَسَنَةٌ لِّمَن كَانَ يَرْجُو اللَّهَ وَالْيَوْمَ الْآخِرَ وَذَكَرَ اللَّهَ كَثِيرًا۝** သင်တို့အထဲမှ ပရမတ်ဘုရားရှင်နှင့် နောင်ဘဝ နေ့ကာလအား မျှော်ကိုး၍၊ ပရမတ်ဘုရားရှင်အား မြောက်များစွာ ရွှမ့တ်သတိရခြင်း ရှိသူတို့ အတွက် ပရမတ်ဘုရားရှင်၏ ဥာဏ်စဉ်တော်ဆောင်၌ အတင့်တယ်ဆုံးသော စံနမူနာ ရှိနေ၏။
၂၂။ ၃၃း၁၁ ၅၄း၄၅	**وَلَمَّا رَأَى الْمُؤْمِنُونَ الْأَحْزَابَ قَالُوا هَذَا مَا وَعَدَنَا اللَّهُ وَرَسُولُهُ وَصَدَقَ اللَّهُ وَرَسُولُهُ وَمَا زَادَهُمْ إِلَّا إِيمَانًا وَتَسْلِيمًا۝** ယုံကြည်သူများက ဂိဏ်းပေါင်းစုံတို့အား တွေ့မြင်ရသောအခါ၊ ''ဤသည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥာဏ်စဉ်တော်ဆောင် ကတိပေးထားရာ ဖြစ်၏။ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥာဏ်စဉ်တော်ဆောင်သည် ဖြောင့်မှန်၏။''ဟု ဆိုကြ၍၊

	သူတို့၏ ယုံကြည်မှုနှင့် ငြိမ်းချမ်းရေးဆောင်မှုကို တိုးစေ၏။
၂၃။	**مِنَ الْمُؤْمِنِينَ رِجَالٌ صَدَقُوا مَا عَاهَدُوا اللَّهَ عَلَيْهِ فَمِنْهُم مَّن قَضَى نَحْبَهُ وَمِنْهُم مَّن يَنتَظِرُ وَمَا بَدَّلُوا تَبْدِيلًا۞**
	ယုံကြည်သူများအနက်၊ ပရမတ်ဘုရားရှင်နှင့် ပဋိညာဉ်ရှိသည်ကို ဖြောင့်မှန်စွာရပ်တည်သော လူသားတို့ ရှိ၏။ သူတို့အနက် သန္ဓိဋ္ဌာန်ကို ပြီးဆုံးအောင်လုပ်သူ ရှိ၏။ စိုးစဉ်းမျှ မလွှဲမပြောင်း စောင့်ကြည့်နေသူများလည်း ရှိ၏။[၅၂]
၂၄။	**لِيَجْزِيَ اللَّهُ الصَّادِقِينَ بِصِدْقِهِمْ وَيُعَذِّبَ الْمُنَافِقِينَ إِن شَاء أَوْ يَتُوبَ عَلَيْهِمْ إِنَّ اللَّهَ كَانَ غَفُورًا رَّحِيمًا۞**
	ပရမတ်ဘုရားရှင်သည် ဖြောင့်မှန်သူတို့အား ဖြောင့်မှန်ခြင်း အစားကိုပေးရန်၊ သီလကြောင်တို့အား စံချိန်အလျောက် ဝင့်ကြွေးသင့်စေရန် သို့မဟုတ် သင်ပုန်းချေပေးရန် အတွက် ဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွှတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၂၅။	**وَرَدَّ اللَّهُ الَّذِينَ كَفَرُوا بِغَيْظِهِمْ لَمْ يَنَالُوا خَيْرًا وَكَفَى اللَّهُ الْمُؤْمِنِينَ الْقِتَالَ وَكَانَ اللَّهُ قَوِيًّا عَزِيزًا۞**
	ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သော သူတို့အား သူတို့၏ ဒေါသဖြင့်ပင် တန်ပြန်စေတော်မူ၏။ သူတို့အတွက် ကောင်းကျိုး မဆွတ်ခူးနိုင်ချေ။ စစ်ပွဲ၌ ပရမတ်ဘုရားရှင်သည် ယုံကြည်သူတို့ အတွက် လုံလောက်တော်မူ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် တန်ခိုးတော်ရှင် ဘုန်းတော်အရှင် ဖြစ်တော်မူ၏။
၂၆။	**وَأَنزَلَ الَّذِينَ ظَاهَرُوهُم مِّنْ أَهْلِ الْكِتَابِ مِن صَيَاصِيهِمْ وَقَذَفَ فِي قُلُوبِهِمُ الرُّعْبَ فَرِيقًا تَقْتُلُونَ وَتَأْسِرُونَ فَرِيقًا۞**
၂း၈၄	အရှင်သည် ကျမ်းစာဝိုင်းသားများမှ သူတို့အား ကျောထောက်နောက်ခံပေးသော သူများအား သူတို့၏ ခံတပ်များမှ မောင်းချတော်မူ၏၊ သူတို့၏ စိတ်နှလုံး၌ ကြောက်လန့် ဝန်ပိစေ၏၊ တစ်ဖွဲ့သည် သင်တို့၏ ခုခံတိုက်ခိုက်ခြင်းကို ခံရ၍၊ တစ်ဖွဲ့အား သုံ့ပန်းအဖြစ် ဖမ်းမိစေ၏။[၅၃]
၂၇။	**وَأَوْرَثَكُمْ أَرْضَهُمْ وَدِيَارَهُمْ وَأَمْوَالَهُمْ وَأَرْضًا لَّمْ تَطَؤُوهَا وَكَانَ اللَّهُ عَلَى كُلِّ شَيْءٍ قَدِيرًا۞**
	သင်တို့ မတက်လှမ်းခဲ့ဘူးသော သူတို့၏ မြေများ၊ သူတို့၏ အိုးအိမ်များ၊ သူတို့၏ ဥစ္စာပစ္စည်းများကို သင်တို့အား အမွေဆက်ခံစေ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်သော အရှင်ဖြစ်၏။
၂၈။	**يَا أَيُّهَا النَّبِيُّ قُل لِّأَزْوَاجِكَ إِن كُنتُنَّ تُرِدْنَ الْحَيَاةَ الدُّنْيَا وَزِينَتَهَا فَتَعَالَيْنَ أُمَتِّعْكُنَّ وَأُسَرِّحْكُنَّ سَرَاحًا جَمِيلًا۞**

---

(၈၂၇) ဤသုတ်တော်မှ **مِنْ أَهْلِ الْكِتَابِ مِن صَيَاصِيهِمْ وَقَذَفَ فِي قُلُوبِهِمُ الرُّعْبَ فَرِيقًا تَقْتُلُونَ وَتَأْسِرُونَ فَرِيقًا** ကို အချို့က **တိုက်ပွဲတွင် ကျဆုံးခြင်းအားဖြင့် သံန္ဓိဋ္ဌာန်ကို ဖြည့်ဆီး သွားကြ၏** ဟု ပြန်ဆိုကြပေသည်။ သို့သော် အာရဗီမူရင်းတွင် **တိုက်ပွဲတွင် ကျဆုံးခြင်း၊ အသတ်ခံရခြင်း** ဆိုသော စကားလုံးများ မပါဝင်ချေ။ ထို့ကြောင့် တော်လှန်ရေးအတွက် မိမိသံန္ဓိဋ္ဌာန်ပြုထားသည့် အတိုင်း အကောင်အထည် ဖော်ခြင်း အားလုံး အကျုံးဝင်ပေသည်။

(၈၂၈) ဤသုတ်တော်တွင် ဖော်ပြသော ကျမ်းစာဝိုင်းသားများမှ– ရန်သူ မဟာမိတ်တပ်များကို ကျောထောက်နောက်ခံပေးခဲ့သော ဆိုသည်မှာ မဒီနာမှ ဂျူးများ ဖြစ်သည်ဟု ဆရာစဉ် သမိုင်းဆရာတို့က ဆိုပေသည်။ ထိုအဆိုမှာ မမှားပေ– သို့သော် သုံးသပ် ဆင်ခြင်ရန် လိုအပ်ပေသည်။ အစွလာမ် သာသနာသည် ရန်လိုသော သာသနာ မဟုတ်သကဲ့သို့ ကျမ်းတော်တွင်လည်း ဂျူးလူမျိုးအားလုံးမှာ အစွလာမ်သာသနာ အပေါ်၌ မလို မုန်းထား ကြီးခဲ့သည်ဟု ဆိုထားခြင်း မရှိချေ။ ဤသုတ်တော်ပါ– **مِّنْ أَهْلِ الْكِتَابِ မင်း အာဟ်လိ ကိတာ့ဘ်** ဆိုသည်မှာ ကျမ်းစာဝိုင်းသားများမှ (တစ်ချို့) ဟုသာ အဓိပ္ပါယ်ကို ပေး၍၊ (အားလုံး) ဟု မဆိုလိုချေ။ ထိုစဉ် အစွလာမ်များအား တိုက်သော အဓိက ရန်သူ မဟာမိတ်များမှာ အာရဗ်လူမျိုး မက္ကာဟ် သားတို့သာ ဖြစ်၍ သူတို့အား ထောက်ခံသော မွတ်ဆလင် မဟုတ်သူများ ရှိခဲ့သကဲ့သို့ မွတ်ဆလင် ထဲမှလည်း သူတို့အား ထောက်ခံသူ (အတွင်းသူလျှို) များ ရှိသည် ဟု ဤသုတ်တော်များတွင်ပင် ဖော်ပြနေပါလျက်– အမှန် အမှန်အတိုင်း မသုံးသပ်ဘဲ၊ လူမျိုးတစ်မျိုးအား အာဃာတရားဖြင့် သုံးသပ်ခြင်း သည် ၅း၈ ပါ ကျမ်းတော်၏ သွန်သင်ချက်အား စော်ကားခြင်းသာ ဖြစ်ပေသည်။

	အို– သတင်းတော်ဆောင်၊ သင်၏ အိမ်ထောင်ဘက်တို့အား ဟောပြောရမည်မှာ ‘‘သင်မတို့သည် ဤလောကီ သက်တမ်းနှင့် စွဲမက်စရာများကို လိုလားမှု ရှိကြလျှင်၊ လာကြကုန်လော့။ သင်မတို့အား စိတ်ချမ်းမြေ့စေမည် ထို့နောက် အမြင်လှသော လွှတ်လပ်ခြင်းဖြင့် လွှတ်လပ်စွာ့ ပေးလိုက်မည်၊[၈၂၉]
၂၉။	**وَإِن كُنتُنَّ تُرِدْنَ اللَّهَ وَرَسُولَهُ وَالدَّارَ الْآخِرَةَ فَإِنَّ اللَّهَ أَعَدَّ لِلْمُحْسِنَاتِ مِنكُنَّ أَجْرًا عَظِيمًا۞** အကယ်၍ သင်မတို့သည် ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်ဆောင်နှင့် နောင်ဘဝ ဗိမာန်ကို လိုလားမှု ရှိကြလျှင်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သင်မတို့မှ သုမင်္ဂလာပြုသူများအတွက် မဟာဆုလဒ်ကြီးကို တွက်ချက်ပြင်ဆင်ထားလေပြီ၊’’ဟု ဖြစ်၏။
၃၀။	**يَا نِسَاءَ النَّبِيِّ مَن يَأْتِ مِنكُنَّ بِفَاحِشَةٍ مُّبَيِّنَةٍ يُضَاعَفْ لَهَا الْعَذَابُ ضِعْفَيْنِ وَكَانَ ذَٰلِكَ عَلَى اللَّهِ يَسِيرًا۞** အို– သတင်းတော်ဆောင်၏ အမျိုးသမီးတို့၊ သင်တို့အနက် ကိုယ်ကျင့်ပျက်မှုဌ ရှင်းရှင်းလင်းလင်း ရှိလျှင် ဝဋ်ကြွေးအား နှစ်ဆဖြစ်စေမည်။ ဤသို့ နှစ်ဆဖြစ်စေရန် ပရမတ်ဘုရားရှင်အတွက် လွယ်ကူလှချေ၏။
၃၁။	**وَمَن يَقْنُتْ مِنكُنَّ لِلَّهِ وَرَسُولِهِ وَتَعْمَلْ صَالِحًا نُّؤْتِهَا أَجْرَهَا مَرَّتَيْنِ وَأَعْتَدْنَا لَهَا رِزْقًا كَرِيمًا۞** သင်တို့မှ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား နာခံ၍ ပြုပြင်ပြောင်းလဲမှုကို ကျင့်ကြံသူ၊ သူမအား အကျိုးဆုလဒ် နှစ်ကြိမ် ချီးမြှင့်တော်မူ၏။ ငါသည် သူမအတွက် ကျက်သရေရှိသော ရိက္ခာကို ပြင်ဆင်ထား၏။
၃၂။	**يَا نِسَاءَ النَّبِيِّ لَسْتُنَّ كَأَحَدٍ مِّنَ النِّسَاءِ إِنِ اتَّقَيْتُنَّ فَلَا تَخْضَعْنَ بِالْقَوْلِ فَيَطْمَعَ الَّذِي فِي قَلْبِهِ مَرَضٌ وَقُلْنَ قَوْلًا مَّعْرُوفًا۞** အို– သတင်းတော်ဆောင်၏ အမျိုးသမီးတို့၊ သင်မတို့သည် အခြား အမျိုးသမီး တစ်စုံတစ်ယောက်တို့ ကဲ့သို့ မဟုတ်ချေ။ သင်မတို့သည် စည်းစောင့်ကြလျှင်၊ နှလုံးသားဌ ရောဂါရှိနေသော သူတို့အား မျှော်လင့်ချက်ပေး စကားလုံး မဟနှင့်– အသိအမှတ်ပြုထားသော စကားလုံးဖြင့် ပြောဆိုကြလော့။[၈၃၀]

---

(၈၂၉) ဤသုတ်တော်ပါ၊ **أُسَرِّحْكُنَّ سَرَاحًا جَمِيلًا အုဆရ်ရဟ် ကွန်းန ဆရာဟန် ဂျမီးလန်** ကို **လွှတ်လပ်စွာ ကွာရှင်းပေးလိုက်မည်**ဟု ဘာသာပြန်ဆိုကြပေသည်။ ထိုစကားလုံးတွင် **ကွာရှင်းပေးမည်**ဟူသော စကား လုံး၀ မပါဝင်ပေ။ ကိုယ်တော်၏ **ကြင်ဖော်များ**ဟု သုံးသော **ဇောင်းဝ်ဂျန် ဇွဇ** ဟူသည့် ဝေါဟာရအား လက်ထပ်ထားသည့် ကာမပိုင် ဇနီမယားဖြစ်ရမည်ဟု ဆုံးဖြတ်၍ မရချေ။ **ဇောင်းဝ်ဂျန် ဇွဇ** ၏ ဆိုလိုချက်များကို ၃၃း၃၇ ရှင်းလင်းချက်တွင် ကြည့်ပါ။ ကိုယ်တော်၏ အုပ်ချုပ်ထိန်းသိမ်းမှုအောက်တွင် နေသော၊ စောင့်ရှောက် ကွပ်ကဲမှု အောက်တွင် နေသော သူများကို ဆိုလိုခြင်း ဖြစ်ပေသည်။ ထို အမျိုးသမီးများ အနေဖြင့် စည်ကမ်းနည်းလမ်း တကျ မနေဘဲ၊ အောက်ဖော်ပြပါ သုတ်တော်များ အရ စာပေပညာ လေ့လာလိုက်စားခြင်း မရှိ၊ တည်တည်ငြိမ်ငြိမ်မရှိ လမ်းသလားခြင်းများ၊ အချည်းနှီး အချိန်ဖြုန်းတီးခြင်းများဌ ပျော်ပိုက်နေမည် ဆိုက၊ ကိုယ်တော်၏ အုပ်ထိန်း စောင့်ရှောက်မှုအောက်တွင် ဆက်နေရန် မလိုတော့ကြောင်း မိမိစိတ်အလိုအလျောက် ပျော်ပိုက်ရာဌ လွှတ်လပ်စွာ နေထိုင်ခွင့် ရှိကြောင်းကို ပြောဆိုခြင်းသာ ဖြစ်ပေသည်။ ဤသုတ်တော်မှ **جَمِيلًا** သည် အမြင်လှသော ဟု အဓိပ္ပါယ်ကိုပေးပေသည်။ အပျော်ခရီးထွက်၍ ပတ်ဝန်းကျင် အမြင်ရှုခင်းများကို သွားလာကြည့်ရှုသော အခါ သာယာမှုကိုလည်း သုံးပေသည်။ ၁၆း၆။

(၈၃၀) ဤသုတ်တော်မှ မျှော်လင့်ချက်ပေး စကားလုံး မဟကြနှင့် ဆိုသည်မှာ ‘‘မာယာသံ၊ ကြာသံများဖြင့် မပြောကြနှင့်၊’’ ဟု အဓိပ္ပါယ် မသက်ရောက်ပေ၊ ကိုယ်တော်၏ ကြင်ဖော်များသည် ဖောက်ပြန်လော်မာမှု မရှိကြနှင့်ဟု ဆုံးမနေရန် မလိုသော ကိုယ်ကျင့်သိက္ခာလုံခြုံပြီးသား အမျိုးသမီးများ ဖြစ်ပေသည်။ ဤသုတ်တော်၏ အဓိက ဆိုလိုချက်မှာ မိမိ၏ အုပ်ထိန်းသူ ကိုယ်တော် မဟမ္မဒ်သည် လူထု၏ ခေါင်းဆောင် အမျိုးသား ခေါင်းဆောင် ဖြစ်သည်၊ ထိုကဲ့သို့ ခေါင်းဆောင်၏ အနီးကပ် စောင့်ရှောက်ခံများ အနေဖြင့် နောက်လိုက်များနှင့် ဆက်ဆံရာတွင် ဘက်မလိုက်မိရန် အရေးကြီးသည်၊ လူတစ်ဦးဦး၊ မျိုးနွယ် တစ်ခုခုအား ဘက်လိုက်သလို ဖြစ်သော စကားကို ပြောမိပါက မလိုလားအပ်သော ပြဿနာများ ကြီးထွားလာနိုင်ပေသည်။ ထို့ကြောင့် အမှန်ကို အမှန်အတိုင်း လိမ္မာပါးနပ် တရားမျှတစွာ ပြောဆိုရန် ‘‘မျှတရည်ငံစွာ အသိအမှတ်ပြု စကားလုံးဖြင့် ပြောကြကုန်လော့၊’’ ဟူသော တရားမျှတသည် **မာ့အ်ရူးဖ် معروف** ကို သုံး၍ ဆုံးမထားခြင်း ဖြစ်ပေသည်။ ထိုကြောင့် တရားမျှတခြင်းဟူသည့် ပညာရပ်သဘောထားများကို သိရန် အချိန်မဖြုန်းဘဲ တရားမျှတသော ပညာရပ်ကို ရှာဖွေ၊ ဆည်းပူး လေ့လာ မှတ်သားရမည်ဟု သုတ်တော် ၃၂ တွင် သွန်သင်ထားပေသည်။

၃၃။	**وَقَرْنَ فِي بُيُوتِكُنَّ وَلَا تَبَرَّجْنَ تَبَرُّجَ الْجَاهِلِيَّةِ الْأُولَى وَأَقِمْنَ الصَّلَاةَ وَآتِينَ الزَّكَاةَ وَأَطِعْنَ اللَّهَ وَرَسُولَهُ إِنَّمَا يُرِيدُ اللَّهُ لِيُذْهِبَ عَنكُمُ الرِّجْسَ أَهْلَ الْبَيْتِ وَيُطَهِّرَكُمْ تَطْهِيرًا۞** လမ်းသလား– သင်မတို့၏ အိမ်များ၌ တည်တည်ငြိမ်ငြိမ်နေကြလော့၊ ရှေးဦးပထမ ပညာမဲ့ခေတ်က **ကိုယ်ဟန်ပြ** သကဲ့သို့ **ကိုယ်ဟန်မပြ**ကြနှင့်၊ ဝတ်ပြု မြဲကြလော့၊ အခွန်ငွေဖြူ ပေးကမ်းကြလော့၊ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား နာခံကြလော့၊ ပရမတ်ဘုရားရှင်သည် သင်မတို့ထံမှ ညစ်ညမ်းမှုများကို ရှင်းသိမ်းပစ်လိုသော်။ အို– အိမ်တော်၏ ဝိုင်းသား အပေါင်းတို့ သင်တို့အား သန့်စင်မှုဖြင့် သန့်စင်စေကြလော့။[၈၃]
၃၄။	**وَاذْكُرْنَ مَا يُتْلَى فِي بُيُوتِكُنَّ مِنْ آيَاتِ اللَّهِ وَالْحِكْمَةِ إِنَّ اللَّهَ كَانَ لَطِيفًا خَبِيرًا۞** သင်မတို့၏ အိမ်၌ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများနှင့် စီရင်ထုံးများကို ရွတ်ဖတ်လေ့လာ၊ သတိရစေကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သက်ညှာသော အရှင်၊ သတင်းသိနေသော အရှင် ဖြစ်တော်မူ၏။[၈၄]
၃၅။	**إِنَّ الْمُسْلِمِينَ وَالْمُسْلِمَاتِ وَالْمُؤْمِنِينَ وَالْمُؤْمِنَاتِ وَالْقَانِتِينَ وَالْقَانِتَاتِ وَالصَّادِقِينَ وَالصَّادِقَاتِ وَالصَّابِرِينَ وَالصَّابِرَاتِ وَالْخَاشِعِينَ وَالْخَاشِعَاتِ وَالْمُتَصَدِّقِينَ وَالْمُتَصَدِّقَاتِ وَالصَّائِمِينَ وَالصَّائِمَاتِ وَالْحَافِظِينَ فُرُوجَهُمْ وَالْحَافِظَاتِ وَالذَّاكِرِينَ اللَّهَ كَثِيرًا وَالذَّاكِرَاتِ أَعَدَّ اللَّهُ لَهُم مَّغْفِرَةً وَأَجْرًا عَظِيمًا۞** ဇကန်ပင် ငြိမ်းချမ်းရေးပြုသူ၊ ငြိမ်းချမ်းရေးပြုသောသူမ၊ ယုံကြည်သူ ယုံကြည်သောသူမ၊ နာခံသူ နာခံသော သူမ၊ အလှူရှင်၊ အလှူရှင်မ၊ သည်းခံသူ၊ သည်းခံသော သူမ၊ ရိုကျိုးသူ ရိုကျိုးသောသူမ၊ သမာဓိရှင်၊ သမာဓိရှင်မ ဥပုသ်သီလ စောင့်သူ၊ ဥပုသ်သီလစောင့်သော သူမ၊ အရှက်အကြံများကို စောင့်ထိန်းသူ၊ စောင့်ထိန်းသော သူမ၊ ပရမတ်ဘုရားရှင်အား များစွာ ရွှမ့တ်သတိရသူ၊ သတိရသော သူမ၊ ထိုသူများအတွက် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းခွင့်နှင့် မဟာဆုလဒ်ကြီးကို တွက်ချက်ပြင်ဆင်ထားတော်မူ၏။

---

(၈၃) ဤသုတ်တော်က ကိုယ်တော်မုဟမ္မဒ်၏ ကြင်ဖော်များအား အိမ်တွင်းပုန်းဝါဒကို ကျင့်သုံးခိုင်းစေသည် ထို့ကြောင့် မွတ်ဆလင် အမျိုးသမီးတို့သည်လည်း ၎င်းကို စံနမူနာယူ၍ အိမ်တွင်းပုန်းဝါဒဖြင့် နေနေရမည်ဟု လုံးဝ မဆိုလိုပေ။ ဤသုတ်တော်မှ **ကိုယ်ဟန်မပြကြနှင့်၊ လမ်းမသလားကြနှင့်၊** ဆိုသော ဆုံးမစကားသည် သိက္ခာရှိသော လူမျိုးတိုင်းအတွက် ရှင်းရှင်းလင်းလင်း နားလည်သော စကားဖြစ်ပေသည်။ ထိုဆုံးမစကားကို **အိမ်တွင်းပုန်းကြနေကြလော့၊** ဟု မည်သို့မှ တွေးတောပြောယူ၍ မရနိုင်ပေ။ ဤသုတ်တော်တွင်ပင် ကိုယ်တော်၏ အမျိုးသမီးများအား လူမှုရေး လုပ်ငန်းများ လုပ်ဆောင်ရန် **ဝတ်ပြုမှု၌ မြဲကြလော့၊ အခွန်ငွေဖြူပေးကြလော့** ဟု သွန်သင်ထားပေသည်။ ဝတ်ပြုမှု၊ စိတ်ဓါတ်လေ့ကျင့်မှု ဟု အနက် ရသော ဆွလတ် ဝတ်ပြုရာတွင် လူ့အသိုင်းအဝိုင်းနှင့် လူထုရေးရာများ ပါဝင်သည့် အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ် သက်ကြီးရွယ်အိုများ အစုအစည်းလိုက် ဝတ်ပြုခြင်းကို ပါဝင်ကြရန် ယုံကြည်သူအားလုံးကို ဖြုးဇ် တွင် ဆင့်ဆိုထားပေသည်။ အကယ်၍ သူမတို့အား ထိုသို့ အစုအစည်းလိုက်ဝတ်ပြုခြင်းမှ မောင်းထုတ်ပစ်လျှင် (အိမ်တွင်းပုန်းနေစေလျက် စုစည်း ဆွလွတ်လာတ် ကို လာခွင့် မရှိလျှင်) သူမတို့အား ယုံကြည်သူများ အနက်မှ မောင်းထုတ်ပစ်ခြင်း မည်ပေသည်။ ဤသုတ်တော်တွင် ကိုယ်တော်၏ ကြင်ဖော်များအား ဟု ပြောထားခြင်းကြောင့် ကိုယ်တော် မုဟမ္မဒ်သည် မိန်းမ များသော သူတစ်ယောက် ဖြစ်သည်ဟု စွတ်စွဲခြင်းမှာ– ဘာသာတရားတို့၏ အနက်သဘောကို နားမလည်သူများသာ ဖြစ်သည်။ လောကတွင် ပွင့်ပေါ်ရမည့် ရဂူလ် နဗီ ခေါ် ပညတ်ဘုရားများမှာ ယောကျ်ားပီသသော မဟာပုရိသ လက္ခဏာ ၃၂ ပါးနှင့် ပြည့်စုံရမည်။ အပုန်းများ ဖြစ်၍ မရဟူသည်ကို သိနားလည်သင့်ပေသည်။

(၈၄) ဤသုတ်တော်က ကိုယ်တော်၏ ကြင်ယာတော်များအား အိမ်နေမြဲစေရန် ဆုံးမရသည့် အကြောင်းရင်းနှင့် ဤကုရ်အာန်ကျမ်းတော်သည် ထိုစဉ်ကပင် ရေးမှတ်–မှတ်တမ်းတင်နေသော ကျမ်းတော်ဖြစ်ကြောင်းကို အတိအကျ ထောက်ပြနေပေသည်။ ကိုယ်တော်၏ ကြင်ဖော်တော်များသည် ပညာဆည်းပူးနေသူများ ဖြစ်ရမည်၊ ကျမ်းတော်ပါ အဆုံးအမများကို တိကျစွာ သိရှိနေသူများ ဖြစ်ရမည်၊ သို့အတွက် သူမတို့အနေဖြင့် လမ်းသလား– အချိန်ဖြုန်းနေ၍ မရချေ။ သူမတို့အနေဖြင့် လိုအပ်သော အချိန်နှင့်အမျှ ဈေးသွားနိုင်သည်၊ အခြားလူမှုရေး လုပ်ငန်းများကို သွားလာဆောင်ရွက်နိုင်ပေသည်။ သို့သော် အကြောင်းမဲ့ အချိန်ကုန်ခြင်းမျိုး မဖြစ်စေရန်၊ ပညာကိုသာ တစ်စိုက်မတ်မတ် ဆည်းပူးစေရန် ဆုံးမခြင်း ဖြစ်သည်။ ထို အကြောင်းကို **သင်တို့၏ အိမ်၌ သုတ်ဒေသနာများနှင့် စီရင်ထုံးများကို ရွတ်ဖတ်လေ့လာ၊ သတိရစေကြလော့၊** ဟူသော စကားက အတိအကျ ထောက်ပြထားပေသည်။ မည်သည့် ပညာသင် ပညာရှာသော အမျိုးသား အမျိုးသမီးမဟူ လမ်းသလား အချိန်ဖြုန်းနေ၍ ပညာတတ်ကြီး ဖြစ်လာနိုင်ရန် အကြောင်း မရှိပေ။ အထူးသဖြင့် ကိုယ်တော်၏ ကြင်ဖော်များသည် ခေါင်းဆောင်၏ အုပ်ထိန်းခံများ ဖြစ်သောကြောင့် နောက်လိုက်များနှင့် ဆက်ဆံရေးတွက် ဘက်မလိုက်မိရန်၊ မျှမျှတတ ဖြစ်စေရန် ပိုမို၍ အရေးကြီးကြောင်း သုတ်တော် ၃၂ တွင် သွန်သင်ထားပေသည်။

၃၆။	**وَمَا كَانَ لِمُؤْمِنٍ وَلَا مُؤْمِنَةٍ إِذَا قَضَى اللَّهُ وَرَسُولُهُ أَمْرًا أَن يَكُونَ لَهُمُ الْخِيَرَةُ مِنْ أَمْرِهِمْ وَمَن يَعْصِ اللَّهَ وَرَسُولَهُ فَقَدْ ضَلَّ ضَلَالًا مُّبِينًا۞** ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်က ညွှန်ကြားချက် တစ်ခုအား ဆုံးဖြတ်ပြီးသော်၊ ယုံကြည်သူ၊ ယုံကြည်သော သူမတို့သည် သူတို့အတွက် ညွှန်ကြားချက်မှာ အကောင်း မဟုတ်ဟု မဖြစ်အပ်။ ပရဟတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား အာခံခြင်းသည် ရှင်းလင်းထင်ရှားသော လွဲမှားခြင်းဖြင့် လွဲမှားခြင်းသာ ဖြစ်၏။
၃၇။	**وَإِذْ تَقُولُ لِلَّذِي أَنْعَمَ اللَّهُ عَلَيْهِ وَأَنْعَمْتَ عَلَيْهِ أَمْسِكْ عَلَيْكَ زَوْجَكَ وَاتَّقِ اللَّهَ وَتُخْفِي فِي نَفْسِكَ مَا اللَّهُ مُبْدِيهِ وَتَخْشَى النَّاسَ وَاللَّهُ أَحَقُّ أَن تَخْشَاهُ فَلَمَّا قَضَى زَيْدٌ مِّنْهَا وَطَرًا زَوَّجْنَاكَهَا لِكَيْ لَا يَكُونَ عَلَى الْمُؤْمِنِينَ حَرَجٌ فِي أَزْوَاجِ أَدْعِيَائِهِمْ إِذَا قَضَوْا مِنْهُنَّ وَطَرًا وَكَانَ أَمْرُ اللَّهِ مَفْعُولًا۞** ပရမတ်ဘုရားရှင်က ဂုဏ်ပေးသောသူ၊ သင်ကလည်း ဂုဏ်ပေးသူ၊ ထိုသူအား သင်က "သင့် ပေါင်းဖော်အား ထိန်းထားလော့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်လော့၊"ဟု ပြောသောအခါ၊ သင်သည် လူသားတို့ကို စိုးကြောက်၍ ပရမတ်ဘုရားရှင်က ဖော်ပြသည်ကို သင့်စိတ်ဉာဉ်၌ ဖုံးဖိထား၏။ ပရမတ်ဘုရားရှင်အား စိုးကြောက်ခြင်းသည်သာ သစ္စာတရား ဖြစ်၏၊ သို့ဖြင့် ဇိဒ်၏ ကိစ္စအား ပြီးပြတ်ပြီးသောအခါ၊ ငါသည် သူမကို သင်၏ ကြည့်ရှုစောင့်ရှောက်ခြင်း စုဖွဲ့ဖော် ဖြစ်စေပြီ၊ မွေးစားသားတို့၏ ပေါင်းဖော်များအား သူမတို့၏ အမှုကိစ္စ ပြီးပြတ်သော အခါ၊ ကြည့်ရှုစောင့်ရှောက်ရာ၌ ယုံကြည်သူများအတွက် ခက်ခဲမှု မရှိရစေရန် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ညွှန်ကြားချက်များကို စီမံပြီးဖြစ်၏။[၈၃၃]
၃၈။	**مَّا كَانَ عَلَى النَّبِيِّ مِنْ حَرَجٍ فِيمَا فَرَضَ اللَّهُ لَهُ سُنَّةَ اللَّهِ فِي الَّذِينَ خَلَوْا مِن قَبْلُ وَكَانَ أَمْرُ اللَّهِ قَدَرًا مَّقْدُورًا۞** ပရမတ်ဘုရားရှင်၏ တာဝန်ပေးမှုကြောင့် သတင်းတော်ဆောင်အား ခက်ခဲမှု မရှိစေရ။ ရှေ့အလျင် လွန်လေပြီးသော သူများကိုလည်း ပရမတ်ဘုရားရှင်၏ ဌာနည်းနာအတိုင်း ပြုစေ၏။ ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်အား စည်းချိန်အလျောက် စည်းကြပ်မတ်ထား၏။

---

(၈၃၃) ဌာသုတ်တော်အား ဆရာကြီးများက "ကိုယ်တော်မုဟမ္မဒ်၏ မွေးစားသား ဖြစ်သော ဇိဒ်သည် သူ့ဇနီးသည် (ဇိုင်နဗ်)နှင့် ကွာရှင်း ပြတ်စဲပြီးသောအခါ၊ ထိုဇိုင်နဗ်အား ကိုယ်တော်မုဟမ္မဒ်အား လက်ထပ်ထိမ်းမြားယူရန် အတွက် ပရမတ်ဘုရားရှင် အလွှာဟ်က ကိုယ်တော် မုဟမ္မဒ်အား မိန့်ညွှန်သည်၊ ထိုသို့ မိန့်ညွှန်ခြင်းမှာ ယုံကြည်သူတို့အတွက် မွေးစားသားသည် သားအရင်း မဟုတ်ကြောင်း သက်သေပြရန်၊ မွေးစားသားတို့ ကွာရှင်းသော ဇနီးသည်မှာ ထိုမွေးစားသား၏ ဖခင်နှင့် မည်သို့မှ မသက်ဆိုင်သည့်အတွက် ထိမ်းမြားလက်ထပ်လိုက ထိမ်းမြား လက်ထပ် ယူနိုင်ခွင့် ရှိရန် ထိုသို့ ဆောင်ရွက်ရာတွင် စိတ်မွန်းကျပ်မှု မရှိစေရန် ဖြစ်သည်" ဟု ဘာသာပြန်ဆို ဖွင့်ဆိုကြပေသည်။ သို့သော် မူရင်း အာရဗီ စာပိုဒ်တွင် ဇိဒ်နှင့် သူ၏ ဇနီးသည် အပြီးသတ်ကွာရှင်း "တွလာ့က်" ခဲ့သည်ဟုလည်းကောင်း၊ ကိုယ်တော်မုဟမ္မဒ်သည် သူမအား ထိမ်းမြား လက်ထပ် ယူခဲ့သည် "နေကာဟ်" ပြုခဲ့သည်ဟုလည်းကောင်း လုံးဝ မပါရှိပေ။ ဆရာတော်ကြီးများက **ဝတ္ဝရမ် ဇာ်ရ်** (**ဝတ္ဝရ ဃတ်**) ကို ကွာရှင်းသည်ဟု ပြန်ဆိုကြပေသည်။ **ဝတ္ဝရ ဃတ်** ၏ အနက်မှာ ကြည့်ရှုရန် ရည်သန်သည် Aim to view, wish, wanted ဟုသာ ဖြစ်ပေသည်။ သို့ဖြစ်၍ သား ဖြစ်သူက ကြည့်ရှုရန် ဆန္ဒမရှိသူကို မိဘတို့ဘက်က ကြည့်ရှုထားနိုင်ခြင်းသာ ဖြစ်ပေသည်။ ဌာနေရာ၌ **မွေးစားသားတို့၏** ဆိုသည်မှာ တိုက်ရိုက် စကားလုံး အားဖြင့် أَدْعِيَائِهِمْ ဟုဖြစ်၍ **သူတို့၏ မွေးစားသားများ**ဟု ဖြစ်၏။ ထိုစကားမှ "သူတို့၏" ဆိုသည့် အညွှန်းသည် မွေးစားသူ "မိခင်၊ ဖခင်" နှစ်ဦးလုံးကို ရည်ညွှန်းပေသည်။ "ဖခင် ဆိုသည့် အမျိုးသား တစ်ဦးတည်းကို သာလျှင် ရည်ညွှန်းခြင်း မဟုတ်ချေ။" ထို့ပြင် ဌာသုတ်တော်တွင် ကိုယ်တော်၏ ကြင်ဖော် အဖြစ် ဟူသော စကားလုံး **ဇောင်းဝ်ဝ့ါဂ်ိန္ဒာ ကဟာ ဟြာဒ်ဇာ် ဇွဇ်** မှ **ဇောင်းဝ်ဂျန် ဇွဇ်** ကိုလည်း လက်ထပ်မယားသာ ဖြစ်ရမည်ဟု ဘာသာပြန်ဆို၍ မရပေ။ ကျမ်းတော်တွင် **ဇောင်းဂျန်**ကို သားသမီးကဲ့သို့ အဖေါ်ရသူများကိုလည်း သုံးပေသည်၊ (၄၃:၅၀)။ အဘိဓာန်များတွင်လည်း ရဲဘော်ရဲဘက် (comrade)ဟု အနက်ပေးခြင်းများကို ဖော်ပြထားပေသည်။ သားက ကြည့်ရှု စောင့်ရှောက်ခြင်း မရှိလိုသော သူမအား မိဘဘက်မှ သဘောထားကြီးရမည်၊ သူမတို့အား ကြည့်ရှုစောင့်ရှောက်လိုက ကြည့်ရှု စောင့်ရှောက်ခွင့် ရှိပေသည်။ မုန်းတီးကာ နှတ်ဆက်ရန် မလိုသော သူမ အဖြစ် မသတ်မှတ်ရန်၊ သားနှင့် မပတ်သက်တော့သော်လည်း မိမိ၏ ရဲဘော်ရဲဘက်မှာ မိမိ၏ ရဲဘော်ရဲဘက်သာ ဆက်လက် ဖြစ်ရမည်ဟူသည့် ဥပဒေကို ချမှတ်ပေးခြင်း ဖြစ်ပေသည်။ ဌာသည် လူသားချင်း အကြား အာဃာတများကို ဖြေဖျောက်ရန် ထို့အတွက် ပတ်ဝန်းကျင်က မည်သို့ပင် သမုတ်ပြောဆိုစေကာမူ စိတ်ခံစားမှု မဖြစ်ရန်၊ သွန်သင်ဆုံးမချက်သာ ဖြစ်ပေသည်။ (၅၆း၇ တွင် ကြည့်ပါ။)

၃၉။	**الَّذِينَ يُبَلِّغُونَ رِسَالَاتِ اللَّهِ وَيَخْشَوْنَهُ وَلَا يَخْشَوْنَ أَحَدًا إِلَّا اللَّهَ وَكَفَى بِاللَّهِ حَسِيبًا ۞** သူတို့သည် ပရမတ်ဘုရားရှင်၏ စေပို့ချက်များကို ဆိုက်ရောက်စေခဲ့ကြ၏။ အရှင့်ကိုသာ ကြောက်ရွံ့ရိုကျိုးကြ၏။ ပရမတ်ဘုရားရှင်မှအပ အခြား တစ်စုံတစ်ယောက်ကိုမှ ကြောက်ရွံ့ခြင်း မရှိချေ။ ပရမတ်ဘုရားရှင်သည် စရင်းရှင်းရာ၌ လုံလောက်တော်မူ၏။
၄၀။ ☆ ၄၈၂	**مَّا كَانَ مُحَمَّدٌ أَبَا أَحَدٍ مِّن رِّجَالِكُمْ وَلَكِن رَّسُولَ اللَّهِ وَخَاتَمَ النَّبِيِّينَ وَكَانَ اللَّهُ بِكُلِّ شَيْءٍ عَلِيمًا ۞** မေတ္တေယျသည်☆သင်တို့၏ ယောကျ်ားသားမှ မည်သူတစ်ယောက်၏ ဖခင်မှ မဟုတ်။ သို့ရာတွင် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင် ဖြစ်၏။ သတင်းတော်ဆောင်များ၏ အချုပ် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏။[၈၃၄]
၄၁။	**يَا أَيُّهَا الَّذِينَ آمَنُوا اذْكُرُوا اللَّهَ ذِكْرًا كَثِيرًا ۞** အို– ယုံကြည်သော သူတို့၊ ပရမတ်ဘုရားရှင်အား သတိရခြင်း များစွာဖြင့် သတိရကြကုန်လော့။
၄၂။	**وَسَبِّحُوهُ بُكْرَةً وَأَصِيلًا ۞** နံနက်နှင့် နေကျချိန်တွင် အရှင့်အား ဦးထိပ်ထားကြလော့။
၄၃။ ☆ ၂၃၀ ☆၅၆	**هُوَ الَّذِي يُصَلِّي عَلَيْكُمْ وَمَلَائِكَتُهُ لِيُخْرِجَكُم مِّنَ الظُّلُمَاتِ إِلَى النُّورِ وَكَانَ بِالْمُؤْمِنِينَ رَحِيمًا ۞** ထို အရှင်နှင့် အရှင်၏ နိမိတ်ဆောင်တို့သည်☆ သင်တို့အား အမိုက်မှောင်မှ အလင်းသို့ ထုတ်ယူရန် သင်တို့အပေါ် **မေတ္တာမျှနေကြ၏။**☆ အရှင်သည် ယုံကြည်သူများအားဖြင့် အကြင်နာရှင် ဖြစ်တော်မူ၏။[၈၃၅]
၄၄။	**تَحِيَّتُهُمْ يَوْمَ يَلْقَوْنَهُ سَلَامٌ وَأَعَدَّ لَهُمْ أَجْرًا كَرِيمًا ۞** အရှင့်အား ဖူးတွေ့ရသော နေ့ကာလ၌၊ သူတို့အား "ငြိမ်းချမ်းကြစေသော်၊"ဟု နှတ်ခွန်းဆက်၍၊ သူတို့အတွက် ကျက်သရေရှိသော ဆုလဒ်တော်အား တွက်ချက်ပြင်ဆင်ထားတော်မူ၏။
၄၅။	**يَا أَيُّهَا النَّبِيُّ إِنَّا أَرْسَلْنَاكَ شَاهِدًا وَمُبَشِّرًا وَنَذِيرًا ۞** အို– သတင်းတော်ဆောင်၊ ငါသည် သင့်အား သက်သေအဖြစ်၊ သတင်းကောင်းပါးသူ၊ သတိပေးသူအဖြစ် စေစား တော်မူ၏။

---

(၈၃၄) ဤသုတ်တော်က၊ အဓိက အချက်သုံးချက်ကို ကြေငြာပေသည်။ ပရမတ်ဘုရားရှင်အား မွေးမှိန်ပျောက်ကွယ်စေ၍ လူပညတ်ဘုရားများ အစားထိုး ဂိုဏ်းထောင်လုပ်စားနေသော သုံးပါးတစ်ဆူ တြိကာယ စနစ်များ ၅၊၇၃။ ၃၄း၁၄။ ၅၃း၁၀။ ၅၃း၂၀ လုံး၀ ပပျောက်စေရန် ကိုယ်တော်မုဟမ္မဒ်သည် (၁) ရဏ္ဍလ ဉာဏ်စဉ်တော် တစ်ပါးမျှသာ ဖြစ်သည်ဟု လူသား ဉာဏ်စဉ်ဆောင်နှင့် ပရမတ်ဘုရား မရောယှက်စေရန် ကြေငြာသည်။ (၂) လူသား ဉာဏ်စဉ်ဆောင်များ သတင်းတော်ဆောင် နဗီများနှင့် ပရမတ်ဘုရားရှင်ကို ရောနှောဖျော်စက်ခွင့် မရှိသောအခါ– ငါသည် နဗီဖြစ်သည်ဟု ကြေငြာလျက် နဗီဂိုဏ်းများ ထူထောင် လုပ်စားခြင်း မပြုနိုင်ရန် ကိုယ်တော်မုဟမ္မဒ်သည် နောက်ဆုံးပွင့် နဗီဖြစ်သည်ဟု ကြေငြာပေသည်။ ကိုယ်တော် မိုဟမ္မဒ် မတိုင်မီ မည်သည့် သတင်းတော်ဆောင် နဗီမှ ၎င်းတို့သည် နောက်ဆုံး နဗီဟု ကြေငြားခဲ့ခြင်း မရှိချေ။ (၃) ထိုသို့ ဘုရားသားတော် ဂိုဏ်းလည်း ထူထောင်ခွင့် မရှိ၊ နဗီ ဂိုဏ်းလည်း ထူထောင်ခွင့် မရှိသော အခါ– နဗီ၏ သားတော်ဂိုဏ်းဟု ထူထောင်လုပ်စား၍ မရစေရန် လူသားတို့အတွက် သာသနာမှာ ပြည့်စုံလုံလောက်နေပေပြီဟု ၅း၃ တွင် ကတိပေးထားသည်အား ပြည့်စုံစေရန် **မုဟမ္မဒ်သည် သင်တို့ ယောကျ်ားသားများအနက် မည်သူ၏ ဖခင်မှ မဟုတ်၊** ဟု ခိုင်မာစွာ ထပ်ဆင့်ကြေငြာထားခြင်း ဖြစ်သည်။ ဂိုဏ်းထောင်လုပ်စားသူများ အကျင့်စရိုက်များကို ပရမတ်ဘုရားရှင်က ကုန်စင်သိနေတော်မူသော အရှင် ဖြစ်သည်။

(၈၃၅) ဤသုတ်တော်မှ **رَحِيمًا بِالْمُؤْمِنِينَ وَكَانَ ०ကားန ဘိမုအ်မေနီးန ရဟီးမန်** ကို ဆရာတော်ကြီးများက "အရှင်သည် ယုံကြည်သူတို့အတွက် အကြင်နာရှင် ဖြစ်တော်မူ၏။"ဟု ပြန်ဆိုကြပေသည်။ ထိုသို့ ပြန်ဆိုမှုမှာ သဒ္ဒါအရ လွဲချော်သည့်အပြင်– လောကအားလုံးအပေါ် အကြင်နာရှင် ဖြစ်တော်မူသော အရှင်အား ယုံကြည်သူများ အပေါ်၌သာ အကြင်နာထားသော အရှင်ဟူလို ဖြစ်သွားရသည်။ ဤသုတ်တော်တွင်ပါသော **०ကားန ဘိမုအ်မေနီးန ရဟီးမန်** ဆိုသည်မှာ **"အရှင်သည် ယုံကြည်သူများအားဖြင့် အကြင်နာရှင် ဖြစ်တော်မူ၏၊"**ဟု ဖြစ်၍၊ တရားတော်အား မသိသေးသော သူများအပေါ်၌လည်း အရှင်သည် အကြင်နာရှင် ဖြစ်၏၊ အရှင်၏ တရားတော်များအား ယုံကြည်သူများအားဖြင့် ထိုမသိသေးသော လူသားများ ထံသို့ အရောက်ပေးပို့နေသည့် အကြင်နာ တရားကို ဆိုလိုခြင်း ဖြစ်ပေသည်။

၄၆။	**وَدَاعِيًا إِلَى اللَّهِ بِإِذْنِهِ وَسِرَاجًا مُّنِيرًا۝**
	အရှင့် ခွင့်ပြုချက်ဖြင့် ပရမတ်ဘုရားရှင်ဘက်သို့ ဖိတ်ခေါ်သူ။ တရားရောင်ဝါဆောင်သော လင်းရောင်ခြည် ဖြစ်စေ၏။
၄၇။	**وَبَشِّرِ الْمُؤْمِنِينَ بِأَنَّ لَهُم مِّنَ اللَّهِ فَضْلًا كَبِيرًا۝**
	ယုံကြည်သူများ– သူတို့အတွက် သတင်းကောင်းမှာ ပရမတ်ဘုရားရှင်ထံမှ ကြီးကျယ်သော သိက္ခာပေးခြင်း ဖြစ်၏။
၄၈။	**وَلَا تُطِعِ الْكَافِرِينَ وَالْمُنَافِقِينَ وَدَعْ أَذَاهُمْ وَتَوَكَّلْ عَلَى اللَّهِ وَكَفَى بِاللَّهِ وَكِيلًا۝**
	ဗုဒ္ဓယ်သူများနှင့် သီလကြောင်များအား မနာခံနှင့်၊ သူတို့၏ စိတ်ဒဏ်ရာပေးမှုတို့ကို လျစ်လျူရှုလော့၊ ပရမတ်ဘုရားအား ယုံပုံကိုးစားလော့၊ ပရမတ်ဘုရားရှင်သည် ကိုးစားထိုက်သည့် အရှင် အဖြစ် လုံလောက်တော်မူ၏။
၄၉။	**يَا أَيُّهَا الَّذِينَ آمَنُوا إِذَا نَكَحْتُمُ الْمُؤْمِنَاتِ ثُمَّ طَلَّقْتُمُوهُنَّ مِن قَبْلِ أَن تَمَسُّوهُنَّ فَمَا لَكُمْ عَلَيْهِنَّ مِنْ عِدَّةٍ تَعْتَدُّونَهَا فَمَتِّعُوهُنَّ وَسَرِّحُوهُنَّ سَرَاحًا جَمِيلًا۝**
	အို– ယုံကြည်သော သူတို့၊ သင်တို့သည် ယုံကြည်သောသူမတို့အား လက်ထပ်သိမ်းဆည်း၍၊ သူမတို့အား မထိတွေ့သေးမီအလျှင် သူမတို့ကို ကွာရှင်းလေလျှင်၊ သင်တို့သည် သူမတို့၏ ကိစ္စ၌ ရေတွက်ရက်ကို ရေတွက်နေရန် မလိုချေ။ သူမတို့အား စိတ်ချမ်းမြေ့စေလော့၊ အမြင်လှသော လွှတ်လပ်ခြင်းဖြင့် သူမတို့အား လွှတ်လပ်ခွင့်ပေးလိုက်လော့။[၈၃၆]
၅၀။	**يَا أَيُّهَا النَّبِيُّ إِنَّا أَحْلَلْنَا لَكَ أَزْوَاجَكَ اللَّاتِي آتَيْتَ أُجُورَهُنَّ وَمَا مَلَكَتْ يَمِينُكَ مِمَّا أَفَاءَ اللَّهُ عَلَيْكَ وَبَنَاتِ عَمِّكَ وَبَنَاتِ عَمَّاتِكَ وَبَنَاتِ خَالِكَ وَبَنَاتِ خَالَاتِكَ اللَّاتِي هَاجَرْنَ مَعَكَ وَامْرَأَةً مُّؤْمِنَةً إِن وَهَبَتْ نَفْسَهَا لِلنَّبِيِّ إِنْ أَرَادَ النَّبِيُّ أَن يَسْتَنكِحَهَا خَالِصَةً لَّكَ مِن دُونِ الْمُؤْمِنِينَ قَدْ عَلِمْنَا مَا فَرَضْنَا عَلَيْهِمْ فِي أَزْوَاجِهِمْ وَمَا مَلَكَتْ أَيْمَانُهُمْ لِكَيْلَا يَكُونَ عَلَيْكَ حَرَجٌ وَكَانَ اللَّهُ غَفُورًا رَّحِيمًا۝**
☆၄း၃	အို– သတင်းတော်ဆောင်၊ ငါအရှင်သည် သင့်အတွက် စုဖွဲ့ဖေါ်အဖြစ် တရားဝင်ပြုပေးသည်များမှာ၊ သင်က မင်္ဂလာဆုလဒ် ပေးအပ်ခဲ့သော သူမ၊ ပရမတ်ဘုရားရှင်က သင်၏ လက်အောက် ဩဇာခံအဖြစ် လိုက်လျောပေးသော သူမ၊ သင်နှင့်အတူ ပြောင်းရွှေ့ခဲ့ရသော သင့်ဘထွေး၏ သမီး၊ သင့်အရီး၏ သမီး၊ သင့်ဦးလေး၏ သမီး၊ သင့်အဒေါ်၏ သမီး၊ သတင်းတော်ဆောင်အား သူမ စိတ်ဆန္ဒဖြင့် ချီးမြှင့်၍ သတင်းတော်ဆောင်ကလည်း သိမ်းဆည်းလိုသော☆ ယုံကြည်သူအမျိုးသမီးတို့ ဖြစ်၏။ သန့်သန့်စင်စင်ဖြစ်ခြင်းသည် သင်၌ အခြား ယုံကြည်သူများနှင့် သီးခြားဖြစ်၏။ သူတို့ အပေါ်၌ သူတို့၏ စုဖွဲ့ဖေါ်များ သူတို့၏ လက်အောက် ဩဇာခံများ အပေါ်ထားရမည့် ဝတ္တရားအား ငါ အသိပေးပြီး ဖြစ်၏။ ထို့အတွက် သင့်အား ခက်ခဲမှု မရှိရစေရန် ဖြစ်၏။ ဇကပန်ပင် ပရမတ်ဘုရားရှင်သည် လွှတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။[၈၃၇]

---

(၈၃၆) ဤသုတ်တော်က ၃၃း၂၈ တွင် ကိုယ်တော်မုဟမ္မဒ်က သူ၏ကြင်ဖေါ်များအား လွှတ်လပ်စွာနေလိုက နေနိုင်ခွင့် ပေးထားသော ဥပဒေအား ပိုမို နားလည်စေနိုင်ပေသည်။ ၃၃း၂၈ နှင့် ဖြဲးဈတို့တွင် ကိုယ်တော်မုဟမ္မဒ်သည် ကြင်ဖေါ်တို့အား လွှတ်လပ်ခွင့်ပေးသော အခြေအနေများကို ဖေါ်ပြ၍၊ စောင့်ဆိုင်းရက်ကာလ အကြောင်းအား ထည့်ပြောခြင်း မရှိချေ။ ထိုအချင်းအရာကိုယ်တိုင်က ကိုယ်တော်သည် သူကြင်ဖေါ် ဆိုသူ အမျိုးသမီးများအား ကာမစပ်ယှက်သော ဇနီးမယား အဖြစ် ပေါင်းသင်းခဲ့ခြင်း မရှိကြောင်းကို ဤသုတ်တော်အားဖြင့် သက်သေဖြစ်နေပေသည်။

(၈၃၇) ဤသုတ်တော်မှ **ဇောင်းဂျန်**အား ဇနီးမယား အဖြစ်လည်းကောင်း၊ **နေကာဟ်**ကို ကာမစပ်ယှက်ရန် လက်ထပ်ထိမ်းမြားယူသည်ဟု လည်းကောင်း– ဆရာစဉ်ဆက် လိုက်၍ အဘိဓာန်ပါ အဓိပ္ပါယ်များကို မေ့လျက် ဘာသာပြန်မိရာမှ၊ ကိုယ်တော်မုဟမ္မဒ်သည် ဖေါ်ပြပါ အမျိုးသမီးများအား ဇနီးမယားအဖြစ် သိမ်းပိုက်နိုင်ခွင့် ရှိ၏၊ သို့သော် ထိုဥပဒေများသည် ကိုယ်တော်မုဟမ္မဒ်အတွက် သီးသန့် အထူးခံစားခွင့် ဖြစ်၍၊ အခြားသော ယုံကြည်သူများ အတွက် မဟုတ်ဟု အဓိပ္ပါယ် ဖြစ်စေရန်၊ **ခါလိဆွာတန် လက မင်း ဒူးနိလ် မုအ်မေနိးန်** အား "ဤသည် အခြားယုံကြည်သူများနှင့် မဆိုင်သော သင့်အတွက် သီးသန့်ဥပဒေ ဖြစ်၏"ဟု ပြန်ဆိုကြပေသည်။ ထိုပြန်ဆိုခြင်းမှာ တိမ်းချော်နေပေသည်၊ ထို၀ါကျ၏ အဓိပ္ပါယ်မှာ "သန့်သန့်စင်စင် ဖြစ်ခြင်းသည် သင်၌ အခြား ယုံကြည်သူများနှင့် ဂုဏ်ရည်မတူချေ၊ (ဆန့်ကျင်သည်)" ဟုသာ ဖြစ်ပေသည်။ အာရဗ် ခရစ်ယာန်များ၏ စကားဖြင့် ကယ်တင်ရှင် (ယေရှုခရစ်) အား **المخلص المسيح** ဟု ခေါ်သည်။ ဆိုလိုသည်မှာ **ခလဆ္ဆ် ဟ်လ** မှ

၅၁။ ☆ ၂၈၀	**تُرْجِي مَن تَشَاء مِنْهُنَّ وَتُؤْوِي إِلَيْكَ مَن تَشَاء وَمَنِ ابْتَغَيْتَ مِمَّنْ عَزَلْتَ فَلَا جُنَاحَ عَلَيْكَ ذَلِكَ أَدْنَى أَن تَقَرَّ أَعْيُنُهُنَّ وَلَا يَحْزَنَّ وَيَرْضَيْنَ بِمَا آتَيْتَهُنَّ كُلُّهُنَّ وَاللَّهُ يَعْلَمُ مَا فِي قُلُوبِكُمْ وَكَانَ اللَّهُ عَلِيمًا حَلِيمًا** ۞ သူမတို့မှ စံချိန်ပြည့်မှီသူအလျောက်☆ သင့်ထံသို့ မျှော်ကိုးနေသူလည်း ရှိစေ၊ စံချိန်ပြည့်မှီသူအလျောက် ခိုကပ်လိုသူလည်း ရှိစေလော့၊ ခပ်ခွာခွာထားသော သူမတို့မှ သင့်အား ရှာဖွေစေခြင်း အတွက် သင့်အား အပြစ်မတင်ထိုက်ချေ။ ဤသည် ပိုမို နီးစပ်စေ၍၊ သူတို့၏ မျက်လုံးများ တည်ငြိမ်အေးချမ်းလာလျက်၊ သူမတို့အတွက် သောကကင်းကွာလိမ့်မည်။ သူမတို့ကိုယ်စီအား သင်၏ ချီးမြှင့်မှုအတွက် သူမတို့ ကျေနပ်အားရလိမ့်မည်။ ပရမတ်ဘုရားရှင်သည် သင်တို့၏ နှလုံးသားခ်ဥ် ရှိသည်များကို သိနေတော်မူ၏။ ပရမတ်ဘုရားရှင်သည် သိနေသော အရှင် နူးညံ့သိမ်မွေ့သော အရှင် ဖြစ်တော်မူ၏။[၈၃၈]
၅၂။	**لَا يَحِلُّ لَكَ النِّسَاء مِن بَعْدُ وَلَا أَن تَبَدَّلَ بِهِنَّ مِنْ أَزْوَاجٍ وَلَوْ أَعْجَبَكَ حُسْنُهُنَّ إِلَّا مَا مَلَكَتْ يَمِينُكَ وَكَانَ اللَّهُ عَلَى كُلِّ شَيْءٍ رَّقِيبًا** ۞ ထိုထက်ပို၍ သင့်အတွက် တရားဝင်သော အမျိုးသမီးသည် မရှိချေ။ သင်၏ လက်အောက် ဩဇာခံဖြစ်သော သူမမှအပ၊ ထိုသူမတို့မှ လွဲ၍ အခြား တင့်တယ်၍ သင့်အား အုံဩလောက်စေသူ ဖြစ်လင့်ကစား အိမ်ထောင်ဘက် မပြောင်းလွဲနှင့်။ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ စောင့်ကြည့်နေသော အရှင် ဖြစ်တော်မူ၏။
၅၃။	**يَا أَيُّهَا الَّذِينَ آمَنُوا لَا تَدْخُلُوا بُيُوتَ النَّبِيِّ إِلَّا أَن يُؤْذَنَ لَكُمْ إِلَى طَعَامٍ غَيْرَ نَاظِرِينَ إِنَاهُ وَلَكِنْ إِذَا دُعِيتُمْ فَادْخُلُوا فَإِذَا طَعِمْتُمْ فَانتَشِرُوا وَلَا مُسْتَأْنِسِينَ لِحَدِيثٍ إِنَّ ذَلِكُمْ كَانَ يُؤْذِي النَّبِيَّ فَيَسْتَحْيِي مِنكُمْ وَاللَّهُ لَا يَسْتَحْيِي مِنَ الْحَقِّ وَإِذَا سَأَلْتُمُوهُنَّ مَتَاعًا فَاسْأَلُوهُنَّ مِن وَرَاء حِجَابٍ ذَلِكُمْ أَطْهَرُ لِقُلُوبِكُمْ وَقُلُوبِهِنَّ وَمَا كَانَ لَكُمْ أَن تُؤْذُوا رَسُولَ اللَّهِ وَلَا أَن تَنكِحُوا أَزْوَاجَهُ مِن بَعْدِهِ أَبَدًا إِنَّ ذَلِكُمْ كَانَ عِندَ اللَّهِ عَظِيمًا** ۞ အို– ယုံကြည်သော သူတို့၊ ကြည့်နေစဉ် မည်သို့စီစဉ်သော အစားအစာ အတွက်မှ အပ သတင်းတော်ဆောင်၏ အိမ်သို့ သင်တို့အတွက် ခွင့်ပြုချက်မရှိဘဲ မဝင်ကြနှင့်။[၈၃၉] သင်တို့အား ဖိတ်ခေါ်လျှင် ဝင်ရောက်ကြလော့၊ စားသောက

ဆင့်ပွား ဖြစ်လာသော ထိုစကားလုံး **خَالِصَةً لَكَ** ခါလိဆွာတွန် ဆိုသည်မှာ အန္တရာယ်အပေါင်းမှာ ဖြူစင်သန့်ရှင်းစွာ ကယ်တင်စောင့် ရှောက်ရန် တာဝန်မှာ ခေါင်းဆောင်ဖြစ်သော ကိုယ်တော်မုဟမ္မဒ်တွင် အခြားသောနောက်လိုက် ယုံကြည်သူများထက် ပို၍ တာဝန်ရှိသည်ဟု ဖြစ်ပေသည်။ ကျမ်းတော်တွင် ဖေါ်ပြသော သတင်းတော်ဆောင်များ၊ ဉာဏ်စဉ်တော်ဆောင်များသည် ခေတ်ကာလတိုင်းအတွက် ခေါင်းဆောင်များ နမူနာပြုရမည့် ပုဂ္ဂိုလ်များဖြစ်၍၊ သူတို့အား ယုံကြည်သူများ၏ ဥပမာသည် ခေါင်းဆောင်တစ်ဦးအပေါ်၌ သစ္စာခံထားသော နောက်လိုက်များ ယူရမည့် နမူနာပုံစံ ဖြစ်သည်။ အကယ်၍ **ကြင်ဖော်**ဆိုသော အဓိပ္ပါယ်အား သေချာစွာ မလေ့လာဘဲလျက် (၃၃း၇)၊ **နေကာဟ်**ဟူသော အဓိပ္ပါယ်အား သေချာစွာ မလေ့လာဘဲလျက် (၄း၃)၊ ကိုယ်တော် မုဟမ္မဒ်၏ ကြင်ဖော်များ ဆိုသည်ကို သေချာစွာ မလေ့လာဘဲလျက်– လူသား ခေါင်းဆောင်များအတွက် စံပြအဖြစ် သတ်မှတ်ထားသော ကိုယ်တော်မုဟမ္မဒ်အတွက် အခြားသူများ နမူနာ မယူနိုင်သည့် အခွင့်ထူးများရှိနေသည် ဆိုခြင်းမှာ ၃၃း၂၁ အား အကြီး အကျယ် ဆန့်ကျင်ခြင်း ဖြစ်ပေသည်။ အမှန်တကယ်တွင် ကိုယ်တော် ထိန်းသိမ်းစောင့် ရှောက်ခဲ့သော အမျိုးသမီးများမှာ ၄၂း၅၀ တွင် ဖေါ်ပြသော သားသမီးကဲ့သို့ စောင့်ရှောက်ခဲ့သော ကြင်ဖော် **ဇောင်းပွန်**များသာ ဖြစ်ပေသည်။

(၈၃၈) ဤသုတ်တော်က ကိုယ်တော်သည် ကြင်ဖော်တို့အား မည်သို့သဘောထားကြောင်းကို ပိုမိုရှင်းလင်းစေပေသည်။ အကယ်၍ သူမတို့အား ဇနီးမယားကဲ့သို့ ဆက်ဆံခဲ့ပါက၊ မည်သည့် ဇနီးမယားကို မဆို ဖယ်ခွာထား၍ မရချေ။ (၄း၁၂၉)။ ပရမတ်ဘုရားရှင် (အလ္လာဟ်)သည် ဥပဒေများကို မည်သူ့အတွက်ဟူ၍ ကမောက်ကမ ပြုပြင်ပြောင်းလဲပေးခြင်း မရှိချေ။ (၃၀း၃၀)။ ကိုယ်တော်၏ ကြင်ဖော်များသည် ကိုယ်တော့်အတွက် တပည့်မကလေးများကဲ့သို့ ဖြစ်ခြင်းကြောင့်သာ ဤဥပဒေအား ပြဋ္ဌာန်းပေးခြင်း ဖြစ်ပေသည်။ ဤဆက်ဆံရေးသည် ဆရာတစ်ဦးနှင့် တပည့်များ၊ အရာရှိတစ်ဦးနှင့် တစ်ပည့်များ၏ ဆက်ဆံရေးထက် မပိုကြောင်းကို သေချာစွာ လေ့လာဖတ်ရှုသူအတွက် တွေ့မြင်နိုင်ပေသည်။

(၈၃၉) ဤဝါကျမှ "ကြည့်နေစဉ် မည်သို့စီစဉ်သော အစားအစာ အတွက်မှ အပ၊" ဆိုသည်မှာ စားသုံးရမည်ကို တပ်အပ်သိနေသော ဖိတ်ကြားခြင်း မဟုတ်သည့် ခရီးသွား ဟန်လွဲ စားသုံးခြင်းများကို ဆိုလိုပေသည်။ ခရီးသွားဟန်လွဲ ကြုံတိုင်း ဝင်ရောက်စားသောက်တတ်သည့် အကျင့်ပျက် စရိုက်ဆိုးများ ကို အစွလာမ်သာသနာက တားမြစ်ခြင်း ဖြစ်ပေသည်။

	ပြီးသော် နိုးကြားသွားလာကြလေ၊ ဆင့်ပြန်စကားအတွက် စောင့်ကြည့်သူတို့မှ မဖြစ်နှင့်၊[၈၄၀] ဇကန်ပင် ၎င်းတို့သည် သတင်းတော်ဆောင်အား ထိခိုက်စေ၏။ သူသည် သင်တို့နှင့် ပတ်သက်၍ အားနာလေ၏။ ပရမတ်ဘုရားရှင်သည်ကား အမှန်တရား ချမှတ်ရာ၌ အားနာတော်မမူချေ။ သင်တို့သည် သူမတို့ထံမှ စိတ်ကြိုက်ရာတစ်ခုခုကို တောင်းခံသောအခါ၊ စည်းခြား ကွယ်ရာမှ တောင်းခံကြလေ၊ ဤသည် သင်တို့၏ စိတ်နှလုံးအတွက် သူမတို့၏ စိတ်နှလုံးအတွက် ပိုမို သန့်စင်စေ၏။[၈၄၁] သင်တို့သည် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင်အား မထိခိုက်စေကြနှင့်၊ သူ မရှိသည့် နောက်ပိုင်းတွင် သူ့အိမ်ထောင်ဘက်တို့အား မည်သည့်အခါမှ မသိမ်းဆည်းကြနှင့်။ ဇကန်ပင် ၎င်းသည် ပရမတ် ဘုရားရှင်၏ ထံပါး၌ ဝန်ကြီးလှပေ၏။[၈၄၂]
၅၄။	**إِن تُبْدُوا شَيْئًا أَوْ تُخْفُوهُ فَإِنَّ اللَّهَ كَانَ بِكُلِّ شَيْءٍ عَلِيمًا ۞** ဖွင့်ဟသော သို့မဟုတ် ထိန်ဝှက်သော အရာ– ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ သိနေသောအရှင် ဖြစ်၏၊
၅၅။	**لَّا جُنَاحَ عَلَيْهِنَّ فِي آبَائِهِنَّ وَلَا أَبْنَائِهِنَّ وَلَا إِخْوَانِهِنَّ وَلَا أَبْنَاءِ إِخْوَانِهِنَّ وَلَا أَبْنَاءِ أَخَوَاتِهِنَّ وَلَا نِسَائِهِنَّ وَلَا مَا مَلَكَتْ أَيْمَانُهُنَّ وَاتَّقِينَ اللَّهَ إِنَّ اللَّهَ كَانَ عَلَى كُلِّ شَيْءٍ شَهِيدًا ۞** သူမတို့၏ ဖခင်များကြောင့်၊ သူမတို့၏ သားများကြောင့်၊ သူမတို့၏ အကိုမောင်များကြောင့်၊ သူမတို့၏ အကိုမောင်တို့၏ သားများကြောင့်၊ သူမတို့၏ ညီအမတို့၏ သားများကြောင့်၊ အခြားအမျိုးသမီးများကြောင့်၊ သူမတို့၏ လက်အောက် ဩဇာခံများကြောင့် သူမတို့အား အပြစ်မတင်ထိုက်ချေ။ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဇကန်ပင် ပရမတ်

---

(၈၄၀) အိမ်လည်စားသောက်တတ်သော အကျင့်ရှိသည့်အပြင် သူတစ်ပါး၏ ပုဂ္ဂလိက လွတ်လပ်ခွင့်အား အလိုက်မသိဘဲ၊ စကားရှည်နေတတ်သည့် အကျင့်အား တားမြစ်ခြင်း ဖြစ်သည်။ ကိုယ်တော်မုဟမ္မဒ်သည် ခေါင်းဆောင်တစ်ဦး ဖြစ်၍၊ ခေါင်းဆောင်တိုင်းတွင် အရေးကြီးသော လုပ်ငန်းစဉ်များ ရှိနေပေသည်။ ထို့ကြောင့် ဤအဆုံးအမသည် အလိုက်မသိတတ်သော နောက်လိုက်များ အနေဖြင့် ခေါင်းဆောင်တစ်ဦး၏ အချိန်ကို လေးစားတတ်ရန် သွန်သင်ပေးခြင်း ဖြစ်ပေသည်။ ထို့အပြင် ကိုယ်တော့်အနေဖြင့် သဗ္ဗညုဉာဏ်ကိန်းဝပ် အသိပေးခြင်းခံရသော တရားမှအပ အခြား ဆင့်ပြန်တရား (ဟာဒီးသ်)များကို ဆင့်ပြန်ခြင်း မရှိကြောင်း၊ ကိုယ်တော့်ထံမှ ဟာဒီးဆ်များ ရယူလိုခြင်းသည် ကိုယ်တော့်အား ထိခိုက်နစ်နာရန် ပြုခြင်းသာ ဖြစ်ကြောင်းကိုလည်း ဤဝါကျက အတိအကျထောက်ပြပေသည်။ ဤသုတ်တော်မှ **مُسْتَأْنِسِينَ** သည် **س ن أ** မှ ဆင့်ပွားခြင်း ဖြစ်၍ ''သတိထားမိရန် စုနေသော လူသားများ''ဟု အနက်ပေးပေသည်။

(၈၄၁) ''သင်တို့သည် သူမတို့ထံမှ ပစ္စည်းတစ်ခုခုကို တောင်းဆိုလျှင် ကန့်သတ်စည်းခြားမှု နောက်မှ တောင်းဆိုကြလော့'' ဆိုသော ဝါကျမှ ပစ္စည်းတစ်ခုခု ဆိုသည်မှာ လောကီဥစ္စာပစ္စည်း တစ်ခုခုဟု အနက်ကိုပေးသည့် **မတာအန်** ဟူသော စကားကို သုံးထားပေသည်။ ထိုစကားအရ ငွေတို့ ငွေစ၊ တောက်တိုမယ်ရ လက်ဆောင် တစ်ခုခု ဖြစ်နိုင်ပေသည်။ ဤဝါကျမှ တောင်းဆိုသူများမှာ **သင်တို့** ဟု သုံးထားသောကြောင့် အမျိုးသားသော်လည်းကောင်း အမျိုးသမီးသော်လည်းကောင်း ဖြစ်နိုင်ပေသည်၊ (၄း၃) တွင် ကြည့်ပါ။ မည်သူဖြစ်စေ ခေါင်းဆောင်၏ အိမ်သို့လာ၍၊ မျက်လုံးတွေ့သမျှအား မက်မောလိုစိတ် မရှိစေရန် မိမိ၏ နှလုံးသားရမက်အား စည်းတားထားရန် သွန်သင်ခြင်း ဖြစ်ပေသည်။ အကယ်၍ မိမိဘက်က စည်းမစောင့်ဘဲ တောင်းမိလိုက်၍ အခြားတစ်ဘက်မှ မပေးနိုင်လျှင် သူသည်လည်း စိတ်နလုံး၌ ခံစားရမည်ပင်။ ထို့ကြောင့် စည်းရှိခြင်းသည် သင်တို့၏ နှလုံးသား၊ သူမတို့၏ နှလုံးသားကို ဖြူစင်သန့်ရှင်းစေ၏ ဟု ပြောဆိုထားခြင်း ဖြစ်ပေသည်။

(၈၄၂) ကိုယ်တော်၏ ကြင်ဖော်များ ဆိုသည်မှာ ၃၃း၅၀ တွင် ဖော်ပြထားသော အမျိုးသမီး အတန်းအစားထဲမှ ဖြစ်၍၊ ထိုအထဲတွင် စစ်သုံ့ပန်း သို့မဟုတ် လက်အောက်ဩဇာ (ဆင်းရဲနွမ်းပါးသူ၊ ထိုခေတ်အခါက ကျေးကျွန်လူတန်းစား) မှ သူကောင်းပြုထားခြင်းများ ဖြစ်ပေသည်။ ထိုအမျိုးသမီးများကို အခြားသူတစ်ဦးက သိမ်းဆည်းလျှင်၊ ကိုယ်တော်ကဲ့သို့ သန့်သန့်စင်စင် စောင့်ရှောက်နိုင်မည် မဟုတ်ချေ၊ (၃၃း၅၀)၊ တနည်းအားဖြင့် ထို အမျိုးသမီးများသည် သီးသန့်စောင့်ရှောက်ထားပေးရန် လိုအပ်သော အမျိုးသမီးများ ဖြစ်၍၊ ကိုယ်တော်က ဖြူစင်စွာ စောင့်ရှောက်ပေးထားရခြင်း ဖြစ်ပေသည်။ ထိုသို့သော အမျိုးသမီးများကို ကိုယ်တော်က ဂုဏ်ပေး ဘဝမြှင့်ပေးထားခြင်း ဖြစ်၍၊ ထိုအမျိုးသမီးများအား အခြားသူများက အထင်အမြင် မသေးနိုင်ရန် ကိုယ်တော်၏ ကြင်ဖော်များသည် ယုံကြည်သူများ၏ မိခင်များဖြစ်သည်ဟု ၃၃း၆ တွင် ဥပဒေ ချမှတ်ပြီး ဖြစ်ပေသည်။ ထိုသို့ မိခင်အရာ၌ ဂုဏ်ပေးပြီးသား အမျိုးသမီးများအား သိမ်းဆည်းယူခွင့် မရှိကြောင်း ၄း၂၃ တွင် တားမြစ်ပြီး ဖြစ်ပေသည်။ ကျမ်းတော်၏ ဥပဒေများသည် အစဉ်အမြဲရှေ့နောက် ကိုက်ညီနေလျက် အတိမ်းအစောင်း မရှိချေ၊ (၄း၈၂)။ မည်သည့် အမျိုးသမီးကို မဆို ကိုယ်တော့်ကြင်ဖော် ဖြစ်စေရမည်ဟု အတင်းအဓမ္မ မပညတ်ခဲ့သောကြောင့်၊ ၂၄း၃၃။ ဖိုး၅ ထိုအမျိုးသမီးများ၏ အခွင့်အရေးအား နှိပ်ကွပ်ချိုးဖောက်ခြင်း မဟုတ်ချေ။ သူမတို့သည် ကိုယ်တော်၏ထံတွင် ကြင်ဖော်ဖြစ်နိုင်လောက်သည့် စည်းကမ်းများကို သူမတို့၏ စိတ်ဆန္ဒအလျောက် သဘောတူခဲ့ခြင်းဖြစ်ပေသည်၊ ၃၃း၅၀။ ဤဥပဒေသည်– ခေါင်းဆောင်၏ ကြင်ဖော်တစ်ဦးအား နောက်လိုက်သစ္စာခံများက မသိမ်းဆည်းရဟူသော တန်ဘိုးကြီးမားသည့် လူ့ယဉ်ကျေးမှုအား သွန်သင်ခြင်းလည်း ဖြစ်ပေသည်။

	ဘုရားရှင်သည် သဗ္ဗလုံးစုံအတွက် သက်သေသက်ကန် ဖြစ်တော်မူ၏။
၅၆။ ☆ ၂၃၃၀	**إِنَّ اللَّهَ وَمَلَائِكَتَهُ يُصَلُّونَ عَلَى النَّبِيِّ يَا أَيُّهَا الَّذِينَ آمَنُوا صَلُّوا عَلَيْهِ وَسَلِّمُوا تَسْلِيمًا** ۞ ဇကန်ပင် ပရမတ်ဘုရားရှင်နှင့် အရှင့် နိမိတ်ဆောင်တို့သည်☆ သတင်းတော်ဆောင်အပေါ်၌ မေတ္တာမျှနေကြ၏။ အို– ယုံကြည်သောသူတို့ သူ့အပေါ်၌ ငြိမ်းချမ်းစေသော ငြိမ်းချမ်းမှုအတိဖြင့် မေတ္တာပို့ကြလော့။
၅၇။	**إِنَّ الَّذِينَ يُؤْذُونَ اللَّهَ وَرَسُولَهُ لَعَنَهُمُ اللَّهُ فِي الدُّنْيَا وَالْآخِرَةِ وَأَعَدَّ لَهُمْ عَذَابًا مُّهِينًا** ۞ ဇကန်ပင် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား ထိခိုက်စေသောသူ၊ ထိုသူတို့အား ဤဘဝ နောင်ဘဝ၌ ပရမတ်ဘုရားရှင်က မေတ္တာဝေးစေပြီ။ သူတို့အတွက် နိမ့်ကျသော ဝဋ်ကြွေးအား တွက်ချက်ပြင်ဆင်ထား၏။
၅၈။	**وَالَّذِينَ يُؤْذُونَ الْمُؤْمِنِينَ وَالْمُؤْمِنَاتِ بِغَيْرِ مَا اكْتَسَبُوا فَقَدِ احْتَمَلُوا بُهْتَانًا وَإِثْمًا مُّبِينًا** ۞ ယုံကြည်သူ၊ ယုံကြည်သူမတို့အား သူတို့၏ ကျင့်ဆောင်မှု မရှိဘဲ– ထိခိုက်စေသော သူတို့သည် ရှင်းလင်းထင်ရှားသော အကုသိုလ်အား မုချ သယ်ပိုးကြကုန်၏။
၅၉။ ☆ ၂၄၃၀	**يَا أَيُّهَا النَّبِيُّ قُل لِّأَزْوَاجِكَ وَبَنَاتِكَ وَنِسَاء الْمُؤْمِنِينَ يُدْنِينَ عَلَيْهِنَّ مِن جَلَابِيبِهِنَّ ذَلِكَ أَدْنَى أَن يُعْرَفْنَ فَلَا يُؤْذَيْنَ وَكَانَ اللَّهُ غَفُورًا رَّحِيمًا** ۞ အို– သတင်းတော်ဆောင်၊ သင်၏ အိမ်ထောင်ဘက်များ၊ သင်၏ သမီးများ၊ ယုံကြည်သူ အမျိုးသမီးများအား သူမတို့အား အပေါ်အင်္ကျီကို☆ အပေါ်မှ ထပ်ဝတ်ရန် ပြောလော့။ ဤသည် မှတ်မိစေရန် ပိုမို နီးကပ်၏ အထိအခိုက်ကင်းနိုင်၏။ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။[၈၄]
၆၀။ မဏည ဇြမ်	**لَئِن لَّمْ يَنتَهِ الْمُنَافِقُونَ وَالَّذِينَ فِي قُلُوبِهِم مَّرَضٌ وَالْمُرْجِفُونَ فِي الْمَدِينَةِ لَنُغْرِيَنَّكَ بِهِمْ ثُمَّ لَا يُجَاوِرُونَكَ فِيهَا إِلَّا قَلِيلًا** ۞ သိလက္ခောင်များနှင့် စိတ်နှလုံး၌ ရောဂါရှိနေသော သူများသည် မြို့တော်အတွင်း **လှုပ်ခါစေခြင်း**နှင့် သင့်အား အားပြိုင်ခြင်းကို မရပ်စဲလျှင်၊ ထိုအတောအတွင်း သူတို့မှ အနည်းငယ်ကိုသာ အကာအကွယ်ပေးထားလော့။
၆၁။ ☆၀း၇	**مَلْعُونِينَ أَيْنَمَا ثُقِفُوا أُخِذُوا وَقُتِّلُوا تَقْتِيلًا** ۞ သူတို့အား မေတ္တာဝေးစေလတ္တံ့၊☆ သူတို့အား ထိပ်တိုက်တိုးရာ၌ ဖမ်းဆီးခြင်း ခုခံတိုက်ခိုက်ခြင်းကို ခံရစေလတ္တံ့။

---

(၈၄) ကျမ်းတော်၏ ၂၄း၃၁ တွင် အမျိုးသမီးများအား အောက်ခံအင်္ကျီ ဝတ်ဆင်ရမည့် အကြောင်းကို ပြော၍၊ ဤသုတ်တော်တွင် အပေါ်အင်္ကျီ ဝတ်ဆင်ရမည့် အကြောင်းကို သွန်သင်ပေသည်။ အမျိုးသမီးများ အနေဖြင့် အင်္ကျီနှစ်ထပ် ဝတ်ဆင်ရမည်ကို ယဉ်ကျေးသည့် လူ့အသိုင်းအဝိုင်းကြီးက စောဒက တက်ဘွယ် မရှိချေ။ သို့သော် အစ္စလာမ် ဆရာတော်ကြီးများ အနေဖြင့် ဤသုတ်တော်တွင် ပြောဆိုသည့် **ဂျလာဘီး** ဆိုသော ဝေါဟာရအား မျက်လုံးပေါက်ကိုသာ ဖေါက်ထားသည့် တစ်ကိုယ်လုံးခြုံထားရမည့် ခြုံထည်ဖြစ်သည်ဟု မိမိတို့၏ ရိုးရာ အစွဲဖြင့် ဘာသာ မပြန်ဆိုသင့်ပေ။ **ဂျလာဘီး**၏ အနက်မှာ အပေါ်အင်္ကျီဟုသာ ဖြစ်ပေသည်။ ထိုသို့ အပေါ်အင်္ကျီအား ဝတ်ဆင်စေခြင်းသည် အသိအမှတ်ပြု မှတ်မိစေရန် နှင့် အထိအခိုက်ကင်းရန် ဟု ဆိုပေသည်။ ဤနေရာ၌ အသိအမှတ်ပြု မှတ်မိစေရန်ဟု ဖြစ်ပါလျက် အပေါ်ခံအင်္ကျီ ဟု အနက်ပေးသော **ဂျလာဘီး**ကို ပြန်ဆိုသောအခါ၊ လူတစ်ဦးနှင့် တစ်ဦး လုံးဝ မမှတ်မိနိုင်သော မျက်လုံးပေါက်ကိုသာ ဖေါက်ထား သည့် တစ်ကိုယ်လုံး ဖုံလွှမ်းသော အဝတ်အထည်ဟု ပြန်ဆိုထားသည်မှာ အံ့သြစရာပင် ဖြစ်တော့သည်။ ထိုသို့ တစ်ကိုယ်လုံး ဖုံးထားခြင်းဖြင့် တစ်ဦးနှင့် တစ်ဦး မည်သို့ မှတ်မိနိုင်အံ့နည်း။ ဤသုတ်တော်မှ အဓိက ဆိုလိုချက်မှာ ပိုမို၍ သင့်တော်သော၊ ပိုမို၍ အသိအမှတ်ပြုသော အင်္ကျီ အဝတ်အစားအား ဝတ်ဆင်ရန် သွန်သင်ခြင်းသာ ဖြစ်ပေသည်။ အသိအမှတ်ပြုခြင်း ဆိုသည်မှာ လူမျိုးနှင့် ခေတ်ကာလပေါ်၌ မူတည်ပေသည်။ ထို၌ သံမဏိစည်းမျဉ်း ချထားခြင်း ကျမ်းတော်၌ မပါဝင်ပေ။ အထိအခိုက်ကင်းနိုင်၏ ဆိုသည်မှာ အနည်းငယ်နာကျင်သည်၊ အနည်းငယ်ထိခိုက် သည်ဟု အနက်ရသော **အသန** မှ ဆင့်ပွားလာသော စကားလုံး ဖြစ်ပေသည်။ ထိုစကားလုံးကို အချင်းချင်း ပုတ်ခတ်စော်ကားခံရသောကြောင့် စိတ်ထိခိုက်ခြင်းများ၊ အနည်းငယ်သွေးထွက်သံယို ဖြစ်ရသောကြောင့် ခန္ဓာကိုယ် နာကျင်ခြင်းများတွင် သုံးပေသည်။ ထို့ကြောင့် အပေါ်အင်္ကျီဝတ် စေခြင်းမှာ– ရာသီဥတုဒဏ်မှ ကာကွယ်စေရန်နှင့် လျှပ်ပေါ်လော်မာသည်ဟု ပုတ်ခတ်ခံရခြင်းမှ ကာကွယ်ပြီး ဖြစ်စေရန် နှစ်မျိုးလုံး အကြုံးဝင်ပေသည်။ (၂၄း၃၁) တွင်ကြည့်ပါ။ **အသန**၏ အဓိပ္ပါယ်ကို ၂း၂၂၂ ရာသီပန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းချက်တွင် ကြည့်ပါ။

၆၂။	**سُنَّةَ اللَّهِ فِي الَّذِينَ خَلَوْا مِن قَبْلُ وَلَن تَجِدَ لِسُنَّةِ اللَّهِ تَبْدِيلًا۞** ရှေ့အလျှင် လွန်လေပြီးသော သူတို့သည်လည်း ပရမတ်ဘုရားရှင်၏ ဤနည်းနာဥပဒေအတိုင်းပင် ဖြစ်ရ၏။ ပရမတ်ဘုရားရှင်၏ နည်းနာဥပဒေအား လွှဲပြောင်းနိုင်သူဟူ၍ သင် တွေ့ရမည် မဟုတ်ချေ။
၆၃။	**يَسْأَلُكَ النَّاسُ عَنِ السَّاعَةِ قُلْ إِنَّمَا عِلْمُهَا عِندَ اللَّهِ وَمَا يُدْرِيكَ لَعَلَّ السَّاعَةَ تَكُونُ قَرِيبًا۞** အချိန်နာရီ၏ အကြောင်း မေးလာကြသော လူသားတို့အား၊ "ထိုအရာအား သိခြင်းသည် ပရမတ်ဘုရားရှင်၏ ထံ၌သာ ရှိ၏။ ထိုအချိန်နာရီသည် နီးကပ်၍လာနေကြောင်း မည်သို့ မှန်းဆနိုင်မည်နည်း၊"ဟု ဟောလော့။
၆၄။	**إِنَّ اللَّهَ لَعَنَ الْكَافِرِينَ وَأَعَدَّ لَهُمْ سَعِيرًا۞** ဇကန်ပင် ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သူတို့အား မေတ္တာဝေးစေပြီ။ သူတို့အတွက် မီးလောင်စာကို တွက်ချက်ပြင်ဆင်ထားပြီ။
၆၅။ ☆ ၂၃၉	**خَالِدِينَ فِيهَا أَبَدًا لَّا يَجِدُونَ وَلِيًّا وَلَا نَصِيرًا۞** ထို၌ ကာလပိုင်းခြားမဲ့ အစဉ်ခံစားရလတ္တံ့၊☆ ကူညီမည့်သူ မဟာမိတ် ဟူ၍ မတွေ့နိုင်ချေ။
၆၆။	**يَوْمَ تُقَلَّبُ وُجُوهُهُمْ فِي النَّارِ يَقُولُونَ يَا لَيْتَنَا أَطَعْنَا اللَّهَ وَأَطَعْنَا الرَّسُولَا۞** သူတို့၏ မျက်နှာများအား အပူမီးသို့ ဦးလှည့်ထားသော နေ့၌၊ "အိုး– ပျက်စီးရလေခြင်း၊ ပရမတ်ဘုရားရှင်အား နာခံခဲ့ပါလေစ၊ ဉာဏ်စဉ်တော်ဆောင်အား နာခံခဲ့ပါလေစ၊"ဟု ညည်းညူကြလတ္တံ့။
၆၇။	**وَقَالُوا رَبَّنَا إِنَّا أَطَعْنَا سَادَتَنَا وَكُبَرَاءَنَا فَأَضَلُّونَا السَّبِيلَا۞** သူတို့ ဆက်၍ ပြောကြသည်မှာ "အို– ကံကြမ္မာရှင် တပည့်တော်တို့သည် ဦးစီးခေါင်းဆောင်များနှင့် အကြီးအကဲများကို နာခံခဲ့ပါပြီ၊ သို့ဖြင့် တပည့်တော်တို့အား လမ်းစဉ် လွဲမှားစေခဲ့ပါပြီ၊–
၆၈။	**رَبَّنَا آتِهِمْ ضِعْفَيْنِ مِنَ الْعَذَابِ وَالْعَنْهُمْ لَعْنًا كَبِيرًا۞** အို– ကံကြမ္မာရှင်၊ သူတို့အား ဝဋ်ကြွေး နှစ်ဆ ပေးပါ၊ မေတ္တာအမဲ့ကြီး မေတ္တာမဲ့ခံရစေတော်မူပါ၊"ဟု ဖြစ်၏။
၆၉။	**يَا أَيُّهَا الَّذِينَ آمَنُوا لَا تَكُونُوا كَالَّذِينَ آذَوْا مُوسَى فَبَرَّأَهُ اللَّهُ مِمَّا قَالُوا وَكَانَ عِندَ اللَّهِ وَجِيهًا۞** အို– ယုံကြည်သော သူတို့၊ မူဆာအား ထိခိုက်နစ်နာ စေခဲ့သော သူတို့ကဲ့သို့ မဖြစ်ကြကုန်နှင့်၊ ပရမတ်ဘုရားရှင်သည် သူ့အား ၎င်းတို့၏ ပြောဆိုသော အရာမှ ကင်းလွတ်စေခဲ့၏။ ပရမတ်ဘုရားရှင်ထံ၌ မျက်နှာသာပေးမှုများ ရှိနေ၏။
၇၀။	**يَا أَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَقُولُوا قَوْلًا سَدِيدًا۞** အို– ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ခိုင်မာတည်ကြည်သော စကားကိုသာ ပြောဆိုကြ လော့။
၇၁။	**يُصْلِحْ لَكُمْ أَعْمَالَكُمْ وَيَغْفِرْ لَكُمْ ذُنُوبَكُمْ وَمَن يُطِعْ اللَّهَ وَرَسُولَهُ فَقَدْ فَازَ فَوْزًا عَظِيمًا۞** အရှင်သည် သင်တို့၏ ကျင့်ကြံမှုအား ပြုပြင်ပြောင်းလဲပေးမည်။ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား နာခံသူများမှ– သင်တို့၏ အပြစ်များကို လွှတ်ငြိမ်းစေမည်။ မဟာ အောင်ပွဲကို အောင်ပွဲခံစေမည်ပင်။
၇၂။	**إِنَّا عَرَضْنَا الْأَمَانَةَ عَلَى السَّمَاوَاتِ وَالْأَرْضِ وَالْجِبَالِ فَأَبَيْنَ أَن يَحْمِلْنَهَا وَأَشْفَقْنَ مِنْهَا وَحَمَلَهَا الْإِنسَانُ**

ကမ်းလှမ်း	**إِنَّهُ كَانَ ظَلُومًا جَهُولًا ۝** ငါသည် မိုးများ၊ မြေကမ္ဘာနှင့် တောင်များအား ယုံကြည်အပ်နှံမှုကို[၈၄] **ဘောင်ဝင်စေ**သော်၊ သူတို့သည် ၎င်းအား သယ်ပိုးရမည်ကို စိုးထိတ်ကြ၏။ လူသားသည်သာ သယ်ပိုး၏။ ဇကန်ပင် သူသည် မိုက်ကြေးခွဲသော ပညာမဲ့ ဖြစ်လာတော့၏။
၇၃။ ★ ခုးဖဖ၇	**لِيُعَذِّبَ اللَّهُ الْمُنَافِقِينَ وَالْمُنَافِقَاتِ وَالْمُشْرِكِينَ وَالْمُشْرِكَاتِ وَيَتُوبَ اللَّهُ عَلَى الْمُؤْمِنِينَ وَالْمُؤْمِنَاتِ وَكَانَ اللَّهُ غَفُورًا رَّحِيمًا ۝** ထို့ကြောင့် ပရမတ်ဘုရားရှင်၏ ဝဉ်ကြွေးဒဏ်သည် သီလကြောင်များ၊ သီလကြောင်မများ၊★ ရောပြွန်းကိုးကွယ်သူများ ရောပြွန်းကိုးကွယ်သူမများ အတွက် ဖြစ်၏။ ပရမတ်ဘုရားရှင်၏ သင်ပုန်းချေခြင်းသည် ယုံကြည်သူများ၊ ယုံကြည်သူမများ အတွက် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။

---

(၈၄) ဤနေရာ၌ အာရ်ဗီဘာသာဖြင့် **اَلْأَمَانَة အမာနတ်ဟ်** ဟု ယုံကြည်အပ်နှံမှု ဟူသည် ယုံကြည်ခြင်း သဒ္ဒါ ''အီမန်'' မှ ဆင်းပွားလာခြင်း ဖြစ်ပေသည်။ အီမန်ဆိုသည်မှာ လွတ်လပ်စွာ ရွေးချယ်၍ ယုံကြည်ချက်တည်ဆောက်ခြင်းကို ခေါ်ဆိုပေသည်။ ဆရာစဉ်ဆက်၊ မိဘစဉ်ဆက်၊ မိရိုးဖလာ စဉ်ဆက် ရှိနေသော အယူတစ်ခု၊ ဝါဒတစ်ခုအား အမှန်တရားဟု သတ်မှတ်ကာ တသွေမတိမ်းလိုက်နာ နာခံခြင်းကို **ဆခရ سَخَّرَ** ဟု ခေါ်ပေသည်။ တောတောင်၊ ရေမြေ၊ သမုဒ္ဒရာ၊ အာကာသ ကောင်းကင်များသည် ပရမတ်ဘုရားရှင်၏ ချမှတ်ထားသော လူသားတို့အတွက် အသုံးခံတည်းဟူသော ဥပဒေဘောင် အတွင်း၌ ရှိနေ၍၊ ၎င်းတို့အား **ဆခရ** ဖြင့် ကျမ်းတော်၏ မြောက်များစွာသော နေရာများတွင် သုံးပေသည်။ သို့သော် လူသားကိုမူ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ဆုံးဖြတ်ပိုင်ခွင့် ယုံကြည်ပိုင်ခွင့်ကို ပေးပေသည်။ ထို့ကြောင့် လူသားတို့ အတွက် ယုံကြည်ချက်၊ ခံယူချက်ကို **အီမန်**ဟု သုံးပေသည်။ ထိုသို့ လွတ်လပ်စွာ ယုံကြည်ရာတွင် မည်သည်အား ပြုလုပ်လျှင် ဒုက္ခခံရမည်၊ မည်သို့ ကျင့်ကြံလျှင် သုခစံရမည်ဟူသည့် အသိပေးခြင်းများကိုသာ ပေးအပ်ပေသည်။

မိုးများ မြေကမ္ဘာနှင့် တောင်များ ဆိုသည်မှာ နှစ်ရှည်လများ အုပ်ချုပ်နေသည့် အထက်တန်းလွှာ လူတန်းစားများ၊ မိရိုးဖလာ အစဉ်အလာဖြင့် မြေကမ္ဘာ၌ ကုပ်ကပ်နေသူများ၊ အတ္တမာနကြီးသော နှလုံးသား ပိုင်ရှင်များ-- စသည့် လူတန်းစားအား လွတ်လပ်စွာ ယုံကြည်ခွင့်၊ လွတ်လပ်စွာ ပြောဆို ရေးသားခွင့်များ– ကို ကမ်းလှမ်းသော် ထိုသူများအနေဖြင့် သူတို့ထိမ်းချုပ်ထားသော အာဏာ ထိပါးလာမည်ဟု စိုးရိမ်၍။ သူတို့၏ မိရိုးဖလာ ယုံကြည်ချက်အား ထိပါးလာမည် စိုးရိမ်၍၊ သူတို့၏ ဂုဏ်သိက္ခာမာနအား ထိခိုက်လာမည် စိုးရိမ်၍– ထိုသူများအနေဖြင့် ထိုသို့ တိုင်းသူပြည်သားတို့အတွက် လွတ်လပ်စွာ ကိုးကွယ်ယုံကြည် ပြောဆိုခွင့်များကို မလိုလားကြောင်း ပြောဆိုခြင်း ဖြစ်၍– လူသား ဆိုသည်မှာ ဉာဏ်ပညာ အကြားအမြင် ဗဟုသုတ အလျောက် လုပ်သင့်သော သူများကို ကိုယ်စားပြုပေသည်။ သို့သော် ထိုလူသားများမှာလည်း သူတို့အလှည့်ကြုံ အာဏာ ရလာလျှင် သူတို့ကိုယ်တိုင် ဖေါက်ပြန်လာလေ့ရှိသော စိတ်ခါတ်ကြောင့်– ဤသုတ်တော်မှ ''ဇကန်ပင် လူသားသည် အမိုက်စီးသော ပညာမဲ့ ဖြစ်လာတော့၏'' ဟု ဆိုထားခြင်း ဖြစ်ပေသည်။

ဓမ္မခန္ဓာ (၃၄) ရှိဗာ

ဥဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၅၈။ သုတ်ဒေသနာ– ၅၄ ပါး

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၀း

၁။	**الْحَمْدُ لِلَّهِ الَّذِي لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَلَهُ الْحَمْدُ فِي الْآخِرَةِ وَهُوَ الْحَكِيمُ الْخَبِيرُ۞** မိုးများနှင့် မြေကမ္ဘာတွင်း ရှိရာများသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ၎င်းတို့သည် ပရမတ်ဘုရားရှင်အား ရည်သန်စူးစိုက်နေကြ၏၊ အနာဂါတ်၌ ရည်သန်စူးစိုက်မှုများသည်လည်း အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ အရှင်သည် ဓမ္မသတ်ရှင်၊ သတင်းသိနေသော အရှင် ဖြစ်၏။
၂။	**يَعْلَمُ مَا يَلِجُ فِي الْأَرْضِ وَمَا يَخْرُجُ مِنْهَا وَمَا يَنزِلُ مِنَ السَّمَاءِ وَمَا يَعْرُجُ فِيهَا وَهُوَ الرَّحِيمُ الْغَفُورُ۞** အရှင်သည်– မြေကမ္ဘာသို့ တိုးဝင်သွားရာ၊ ထိုမှ ထွက်ပေါ်လာရာ၊ မိုးကောင်းကင်မှ သက်သောအရာ၊ ထိုအတွင်းသို့ တက်သော အရာများကို သိနေတော်မူ၏။ အရှင်သည် အကြင်နာရှင်၊ လွတ်ငြိမ်းစေသော အရှင် ဖြစ်၏။
၃။	**وَقَالَ الَّذِينَ كَفَرُوا لَا تَأْتِينَا السَّاعَةُ قُلْ بَلَى وَرَبِّي لَتَأْتِيَنَّكُمْ عَالِمِ الْغَيْبِ لَا يَعْزُبُ عَنْهُ مِثْقَالُ ذَرَّةٍ فِي السَّمَاوَاتِ وَلَا فِي الْأَرْضِ وَلَا أَصْغَرُ مِن ذَلِكَ وَلَا أَكْبَرُ إِلَّا فِي كِتَابٍ مُّبِينٍ۞** ဗုဒ္ဓယ်သော သူတို့က “အချိန်နာရီသည် ကျွန်ုပ်တို့ထံသို့ ပေးရောက်မည် မဟုတ်၊”ဟု ဆိုကြ၏။ ဟောလေ့၊ “အမှန်မှာ–ကံကြွမ္မာရှင်သည် သင်တို့ထံသို့ ပေးရောက်မည် သာတည်း။ အရှင်သည် စက္ခုလွန်များကို သိနေသော အရှင် ဖြစ်၏၊ မိုးများနှင့် မြေကမ္ဘာတွင်း ပရမ်နုမြူ၏ အလေးချိန်မျှဖြစ်စေ၊ ထိုထက်သေးငယ်သည် ဖြစ်စေ၊ ထိုထက်ကြီးမားသည် ဖြစ်စေ အရှင့်ထံမှ လွတ်ကင်းနိုင်သည် မဟုတ်ချေ။ ရှင်းလင်းထင်ရှားသော မှတ်တမ်း၌ ရှိနေရ၏။
၄။	**لِيَجْزِيَ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ أُوْلَئِكَ لَهُم مَّغْفِرَةٌ وَرِزْقٌ كَرِيمٌ۞** ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသော သူများအား အစားပေးရန် အတွက် ဖြစ်၏။ သူတို့အတွက် လွတ်ငြိမ်းခွင့်နှင့် ကျက်သရေရှိသော ရိက္ခာထောက်မှု ရှိနေ၏။
၅။	**وَالَّذِينَ سَعَوْا فِي آيَاتِنَا مُعَاجِزِينَ أُوْلَئِكَ لَهُمْ عَذَابٌ مِّن رِّجْزٍ أَلِيمٌ۞** ငါ၏ သုတ်ဒေသနာတို့အား မှေးမှိန်စေရန် လုံးပန်းသောသူများ၊ သူတို့အတွက် စူးနစ်နာကျင်သော ဝဋ်ကြွေး ဆိုးကျိုး ရှိ၏။
၆။	**وَيَرَى الَّذِينَ أُوتُوا الْعِلْمَ الَّذِي أُنزِلَ إِلَيْكَ مِن رَّبِّكَ هُوَ الْحَقَّ وَيَهْدِي إِلَى صِرَاطِ الْعَزِيزِ الْحَمِيدِ۞** အသိပညာ ချီးမြှင့်ခြင်း ခံရသောသူသည် သင့်ကံကြွမ္မာရှင်မှ သင့်ထံသို့ ချမှတ်ပေးသည်ကို ပရမတ္ထသစ္စာ၊ ဘုန်းတော်ရှင် ရည်သန်စူးစိုက်မှုတည်အရာ အရှင်၏ လမ်းစဉ်တော်သို့ လမ်းညွှန်ချက် ဟု မြင်၏။
၇။	**وَقَالَ الَّذِينَ كَفَرُوا هَلْ نَدُلُّكُمْ عَلَى رَجُلٍ يُنَبِّئُكُمْ إِذَا مُزِّقْتُمْ كُلَّ مُمَزَّقٍ إِنَّكُمْ لَفِي خَلْقٍ جَدِيدٍ۞** ဗုဒ္ဓယ်သော သူတို့က ပြောသည်မှာ “သင်တို့သည် အလုံးစုံ စိစိညက်ညက် ခြေမှခံရပြီး– တဖန် အသစ် ဖြစ်တည်ရဦးမည်ဟု သတင်းထုတ်ပြန်သည့် လူသားကို ကျွန်ုပ်တို့ ညွှန်ပြရမည်လော၊–

၈။	**أَفْتَرَى عَلَى اللَّهِ كَذِبًا أَم بِهِ جِنَّةٌ بَلِ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ فِي الْعَذَابِ وَالضَّلَالِ الْبَعِيدِ۞** သူသည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်ညာ လုပ်ကြံဖန်တီးသလော၊ သို့တည်းမဟုတ် ရူးနေသူဖြစ်သလော၊''ဟု ဖြစ်၏။ အမှန်မှာ နောင်ဘဝအား ယုံကြည်ခြင်း မရှိသော သူတို့သည် ဝဋ်ကြွေးတွင်း၊ နောက်ကျန် လွဲချော်ခြင်း၌ ရှိကြ၏။
၉။	**أَفَلَمْ يَرَوْا إِلَى مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُم مِّنَ السَّمَاء وَالْأَرْضِ إِن نَّشَأْ نَخْسِفْ بِهِمُ الْأَرْضَ أَوْ نُسْقِطْ عَلَيْهِمْ كِسَفًا مِّنَ السَّمَاء إِنَّ فِي ذَلِكَ لَآيَةً لِّكُلِّ عَبْدٍ مُّنِيبٍ۞** သူတို့၏ လက်ရှိ–ရှေ့မှောက် သူတို့၏ နောက်မှ ညွှပ်ထားသော မိုးကောင်းကင်နှင့် မြေကမ္ဘာသို့ မရှုစားကြသလော၊ စံချိန်ပြည့်သည့် အလျောက် ငါသည် သူတို့အား မြေကမ္ဘာ၏ မြို၍ခြင်း၊ သူတို့အပေါ်သို့ ကောင်းကင်မှ အစိတ်စိတ် ပြိုကျခြင်းများ ဖြစ်စေနိုင်၏၊ ဘက်လှည့်သော အမှုတော်ဆောင်တိုင်းအတွက် ဤ၌ နိမိတ်လက္ခဏာရပ် ရှိနေ၏။[၈၅]
၁၀။	**وَلَقَدْ آتَيْنَا دَاوُودَ مِنَّا فَضْلًا يَا جِبَالُ أَوِّبِي مَعَهُ وَالطَّيْرَ وَأَلَنَّا لَهُ الْحَدِيدَ۞** ငါသည် ဒါဝိဒ်အား ငါထံမှ သိက္ခာပေးခြင်းဖြင့် ချီးမြှင့်၏၊ အို–တောတောင်တို့၊ သူနှင့်အတူ ငို့ဘက်သို့ ပြန်လှည့်လော့၊ ငှက်အပေါင်းတို့လည်း ပါ၏။ ငါသည် သူ့အတွက် သံကို ပျော့ပျောင်းစေလျက်–[၈၆]
၁၁။ သံချပ်အင်္ကျီ	**أَنِ اعْمَلْ سَابِغَاتٍ وَقَدِّرْ فِي السَّرْدِ وَاعْمَلُوا صَالِحًا إِنِّي بِمَا تَعْمَلُونَ بَصِيرٌ۞** သံကွင်းများကို စည်းချိန်တကျဆက်၍ ကိုယ်ကာဖြစ်ရန်☆အားထုတ်ပြီ၊ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံလော့၊ ဇကနပင် ငါအရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။
☆၆း၁၀၀	**وَلِسُلَيْمَانَ الرِّيحَ غُدُوُّهَا شَهْرٌ وَرَوَاحُهَا شَهْرٌ وَأَسَلْنَا لَهُ عَيْنَ الْقِطْرِ وَمِنَ الْجِنِّ مَن يَعْمَلُ بَيْنَ يَدَيْهِ بِإِذْنِ رَبِّهِ وَمَن يَزِغْ مِنْهُمْ عَنْ أَمْرِنَا نُذِقْهُ مِنْ عَذَابِ السَّعِيرِ۞** စိုလိုင်မံအတွက် တစ်လ စောစော၊ လေကို တစ်လ တိုက်စေ၏၊ ကြေးရည် သွန်းဆင်းရာကို သူ့အတွက် ငါ စေစား စေ၏။ ငို့ ခွင့်ပြုချက်ဖြင့် အန္ဓပုတ္တဇဉ်များမှ☆ သူ့ လက်ရှိ–ရှေ့မှောက်၌ ကျင့်ကြံအား ထုတ်ရသူတို့ ရှိ၏၊ သူတို့မှ ငို့ ညွှန်ကြားချက်အား တိမ်းပါးစေသူအား– လောင်စာ ဝဋ်ကြွေး မြည်းစမ်းစေလတ္တံ့။[၈၇]
၁၃။	**يَعْمَلُونَ لَهُ مَا يَشَاء مِن مَّحَارِيبَ وَتَمَاثِيلَ وَجِفَانٍ كَالْجَوَابِ وَقُدُورٍ رَّاسِيَاتٍ اعْمَلُوا آلَ دَاوُودَ شُكْرًا وَقَلِيلٌ مِّنْ عِبَادِيَ الشَّكُورُ۞** ငင်းတို့သည် သူ့အတွက် စံချိန်ပြည့်ရာ– စခန်းများ၊ ပုံတူဆင်းတုများ၊ ရေလှောင်ကန်ကြီးများ၊ စည်းချိန်ကျသော အခိုင် အမာတည်ဆောက်မှုများဖြစ်ရန် ကျင့်ကြံအားထုတ်ပေးရ၏။ အို– ဒါဝိဒ်၏ အဆက်အနွယ်တို့ ကျင့်ကြံအားထုတ်ကြ လော့။ ငို့အမှုတော်ဆောင်တို့မှ အနည်းငယ်မျှသာ ကျေးဇူးသိတတ်ကြကုန်၏။

---

(၈၄) ဤသုတ်တော်မှ ဘက်လှည့်သော ဟု ပြန်ဆိုသည့် ဝေါဟာရသည် **မုနီးဘ်** ဟု ဖြစ်၍။ အမှန်တရားသို့ ဦးလှည့်သော၊ အမှန်ကို အမှန် အတိုင်းမြင်တတ်သော၊ ပရမတ်ဘုရားရှင် အလွှာဟ်၏ လမ်းညွှန်ချက်သို့ ဦးလှည့်သောဟု ဖြစ်ပေသည်။

(၈၆) ငှက်များ ဆိုသည်မှာ ငှက်အမည်များ ပေးထားသည့် တပ်ရင်းများကို ဆိုလိုသည်၊ ၁၆း၇၉။ တောတောင်ဆိုသည်မှာ သန်မာထွားကျိုင်းသော သူများကို ခေါ်ဆိုပေသည်၊ (၁၃း၃၁)။

(၈၇) လေကို တစ်လ တိုက်စေ၏ ဆိုသည်မှာ ရေတပ်မှ ရွက်လှေများ ရွက်လွှင့်ခြင်းကို ပြောဆိုပေသည်။ စိုလိုင်မံရေတပ်သည်၊ တစ်လခရီး ရွက်လွှင့်ရသော အကွာအဝေးထိ တပ်အင်အား ဖြန့်ကျက်သည့် အင်ပါယာကြီးကို ထူထောင်ခဲ့နိုင်ကြောင်း ဆိုလိုပေသည်။

ဤသုတ်တော်မှ **အိုင်းနလ် ကိတ်ရိ** ကို ဆရာတော်ကြီးများက ကြေးရည်စမ်းချောင်းဟု ပြန်ဆိုကြပေသည်၊ **ကိတ်ရိ** သည် ဥစ္စာဥစ္စကြေးများကိုလည်း ဆိုလိုပေသည် (၄း၂၀)။ စိုလိုင်မံသည် အင်ပါယာ ပြည့်ရှင်မင်း ဖြစ်သည့်အပြင် တိုင်းပြည်၏ စီးပွားရေးကိုပါ ထူထောင်နိုင်ခဲ့ကြောင်းကို ရည်ညွှန်း ပေသည်။

၁၄။ ၉း၃၇ ن س أ ★ مِنسَأَتَهُ	**فَلَمَّا قَضَيْنَا عَلَيْهِ الْمَوْتَ مَا دَلَّهُمْ عَلَى مَوْتِهِ إِلَّا دَابَّةُ الْأَرْضِ تَأْكُلُ مِنسَأَتَهُ فَلَمَّا خَرَّ تَبَيَّنَتِ الْجِنُّ أَن لَّوْ كَانُوا يَعْلَمُونَ الْغَيْبَ مَا لَبِثُوا فِي الْعَذَابِ الْمُهِينِ۞** ငါသည် သူ၏ ခန္ဓာချ ဗျာပနအား ပြီးဆုံးစေသောအခါ၊ မြေမှ သက်ရှိက သူ့ သြဇာညောင်းချိန်ကို☆ စား၍ ၎င်း ပြိုလဲသည်ကို ရှင်းလင်းစွာ ညွှန်ပြသည့် အချိန်ထိ အန္ဓပုဂ္ဂိုလ်တို့သည်– သူ ခန္ဓာဝန်ချသည်ကို မရိပ်မိကြချေ၊ အကယ်၍ သူတို့မျက်ကွယ်၌ ဖြစ်ခဲ့သည်ကို သိခဲ့ကြလျှင်၊ နိမ့်ကျသော ဝဋ်ကြွေးထဲ၌ နေခဲ့ကြမည် မဟုတ်ချေ။[၈၄၈]
၁၅။ ★ ၂၄း၂၂	**لَقَدْ كَانَ لِسَبَإٍ فِي مَسْكَنِهِمْ آيَةٌ جَنَّتَانِ عَن يَمِينٍ وَشِمَالٍ كُلُوا مِن رِّزْقِ رَبِّكُمْ وَاشْكُرُوا لَهُ بَلْدَةٌ طَيِّبَةٌ وَرَبٌّ غَفُورٌ۞** ရှီဗာတို့အတွက်☆ အခြေချရာ၌ နိမိတ်လက္ခဏာရပ် ရှိနေ၏။ လက်ဝဲဘက် လက်ယာဘက်၌ ဥယျာဉ်နှစ်ခု ရှိနေ၍၊ သင်တို့၏ ကံကြမ္မာရှင် ရိက္ခာပေးရာမှ စားကြကုန်လော့၊ စင်ကြယ်သော မြို့နှင့် လွတ်ငြိမ်းစေသော ကံကြမ္မာရှင် အတွက် ကျေးဇူးသိကြကုန်လော့။
၁၆။	**فَأَعْرَضُوا فَأَرْسَلْنَا عَلَيْهِمْ سَيْلَ الْعَرِمِ وَبَدَّلْنَاهُم بِجَنَّتَيْهِمْ جَنَّتَيْنِ ذَوَاتَى أُكُلٍ خَمْطٍ وَأَثْلٍ وَشَيْءٍ مِّن سِدْرٍ قَلِيلٍ۞** သို့သော် သူတို့သည် ဘောင်ကန့်သွားကြ၏၊ ထို့ကြောင့် သူတို့၏ ဥယျာဉ်နှစ်ခု နေရာ၌ ပြင်းထန်သော ရေစီးကို စေစား တာထိုးလျက်၊ ဖန်သော ခါးသော စားစရာများ၊ ထင်းရှူးပင်များနှင့် ဇီးပင် စသောအရာများ အနည်းငယ် ပြွန်းသည့် ဥယျာဉ်နှစ်ခုဖြင့် လဲပြောင်းဖြစ်စေခဲ့၏။
၁၇။	**ذَلِكَ جَزَيْنَاهُم بِمَا كَفَرُوا وَهَلْ نُجَازِي إِلَّا الْكَفُورَ۞** သူတို့၏ ဖုံးကွယ်မှုများကြောင့် ငါသည် သူတို့အား ဤသို့ အစားပေးတော်မူ၏၊ ငါသည် ဖုံးကွယ်သူတို့ကိုသာ ဤသို့ အစားပေးတော်မူသည် မဟုတ်လော။
၁၈။	**وَجَعَلْنَا بَيْنَهُمْ وَبَيْنَ الْقُرَى الَّتِي بَارَكْنَا فِيهَا قُرًى ظَاهِرَةً وَقَدَّرْنَا فِيهَا السَّيْرَ سِيرُوا فِيهَا لَيَالِيَ وَأَيَّامًا آمِنِينَ۞** ငါသည် သူတို့ကြားနှင့် ငါက ကျက်သရေရှိစေသော ဒေသများ၏ကြား၌ ပေါ်ပြူလာဖြစ်သည့် အရပ်များကို စိစဉ်ပေး တော်မူ၏၊ ထို၌ သွားလာ ခရီးတွင် စည်းချိန်ကျစေ၍၊ ည နေ့မရွေး ယုံကြည်စိတ်ချစွာ ခရီးသွားလာစေ၏။
၁၉။	**فَقَالُوا رَبَّنَا بَاعِدْ بَيْنَ أَسْفَارِنَا وَظَلَمُوا أَنفُسَهُمْ فَجَعَلْنَاهُمْ أَحَادِيثَ وَمَزَّقْنَاهُمْ كُلَّ مُمَزَّقٍ إِنَّ فِي ذَلِكَ لَآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ۞** သို့သော် သူတို့က “အို– ကံကြမ္မာရှင်၊ တပည့်တော်တို့၏ ကြား လမ်းခရီးကို ပိုမို နောက်ကျစေပါ။”ဟု ဆုတောင်း ကြ၏၊ သူတို့ စရိုက်ကို သူတို့ မိုက်မဲစေကြ၏၊ ငါသည် သူတို့အတွက် ဆင့်ပြန်စရာဖြစ်စေရန် စီစဉ်လိုက်၏၊ သူတို့အား အလုံးစုံ စိစိညက်ညက် ခြေမွှခံရပြီ။– သည်းခံသူ ကျေးဇူးသိသူတိုင်း အတွက် ဤ၌ နိမိတ်လက္ခဏာရပ် ရှိနေ၏။

---

(၈၄၈) ပုတုဇ်ဟု ဘာသာပြန်ဆိုသော **ကျင်** ဆိုသည်မှာ လူသားပင် ဖြစ်ကြောင်း ဤသုတ်တော်က ရှင်းရှင်းလင်းလင်း ပြဆိုပေသည်၊ အကယ်၍ ဆရာတော်ကြီးများ ယူဆသကဲ့သို့ ၎င်းသည် မကောင်းသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ နတ်တစ်မျိုးဖြစ်က စိုလိုင်မံမင်းကြီး သေဆုံးသည်ကို သိ နေခဲ့မည်သာ ဖြစ်သည်။ ယခုမူ စိုလိုင်မံမင်းကြီး သေဆုံးပြီးနောက်ပိုင်း၊ အခြားတစ်ဦးက သူ၏ သြဇာအာဏာကို သိမ်းပိုက်လိုက်ချိန်အထိ စိုလိုင်မံ သေသည်ကို မသိဘဲ၊ ထိုဂျင်တို့မှာ စိုလိုင်မံချခဲ့သော စီမံချက်ကို ဆင်းရဲပင်ပန်းခံ၍ ဆက်လက် လုပ်ကိုင်နေခဲ့ရသည်၊ သူတို့မှာ စိုလိုင်မံ၏ စီမံချက်များ အတွက် အလုပ်ကြမ်း သမားများပင် ဖြစ်သည်။ ဤသုတ်တော်မှ مِنسَأَتَهُ ကို ဆရာတော်ကြီးများက တောင်ဝှေး ဘာသာပြန်ကြသည်။ မင်းကြီး စိုလိုင်မံ၏ လက်ထောက် ဝါဒဖြန့်ချီရေးသမားများ အရှိန်အဝါ ရှိသေးသည့်ကာလကို ကိုယ်စားပြု ဘာသာပြန်ဟန် ရှိသည်။ ၎င်းမှာ မှာ ا س ن မှ ဆင့်ပွားခြင်းဖြစ်၍ ၉း၃၇ တွင် النَّسِيءُ အချိန်ဆွဲထားသည်ဟု သုံးသည်။ ထို့ကြောင့် ဤနေရာ၌ مِنسَأَتَهُ သြဇာညောင်းချိန်ဟု ဘာပြန်ဆိုပါသည်။

၂၀။ ☆၂၃၄	**وَلَقَدْ صَدَّقَ عَلَيْهِمْ إِبْلِيسُ ظَنَّهُ فَاتَّبَعُوهُ إِلَّا فَرِيقًا مِّنَ الْمُؤْمِنِينَ۝** သူတို့အပေါ် ရှေးရိုးစွဲ၏☆စဉ်းစားချက်မှာ ဖြောင့်မှန်သည်ဟု၊ ယုံကြည်သူတို့မှ တစ်ဖွဲ့သာ သူ့နောက်သို့ လိုက်ကြ၏။
၂၁။ ရှေးရိုးစွဲ	**وَمَا كَانَ لَهُ عَلَيْهِم مِّن سُلْطَانٍ إِلَّا لِنَعْلَمَ مَن يُؤْمِنُ بِالْآخِرَةِ مِمَّنْ هُوَ مِنْهَا فِي شَكٍّ وَرَبُّكَ عَلَى كُلِّ شَيْءٍ حَفِيظٌ۝** သူတို့အပေါ်၌ **သူ**သည် အခွင့်အာဏာ မရှိချေ။ သို့သော် နောင်ဘဝအား ယုံကြည်သူနှင့် ထိုၤ၌ ဒွိဟဖြစ်နေသူအား သိစေရန်သာ ဖြစ်၏၊ ကံကြမ္မာရှင်သည် သဗ္ဗလုံးစုံအား စောင့်ထိန်းထားတော်မူ၏။
၂၂။	**قُلِ ادْعُوا الَّذِينَ زَعَمْتُم مِّن دُونِ اللَّهِ لَا يَمْلِكُونَ مِثْقَالَ ذَرَّةٍ فِي السَّمَاوَاتِ وَلَا فِي الْأَرْضِ وَمَا لَهُمْ فِيهِمَا مِن شِرْكٍ وَمَا لَهُ مِنْهُم مِّن ظَهِيرٍ۝** ဟောလော့ "ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့ ရပ်တည်ပြောဆိုပေးခဲ့သော သူများထံ၌ ဆုတောင်းကြလော့၊ ၎င်းတို့သည် မြေကမ္ဘာတွင်း မိုးများအတွင်း ပရမံနုပြု အလေးချိန်မျှပင် အစိုးရသည် မဟုတ်ချေ။ ထို၌ သူတို့အတွက် ဖက်စပ်ကူညီသူလည်း မရှိချေ၊ သူတို့အတွက် အရှင့်ထံမှ ကျောထောက်နောက်ခံလည်း မရှိချေ။"
၂၃။	**وَلَا تَنفَعُ الشَّفَاعَةُ عِندَهُ إِلَّا لِمَنْ أَذِنَ لَهُ حَتَّى إِذَا فُزِّعَ عَن قُلُوبِهِمْ قَالُوا مَاذَا قَالَ رَبُّكُمْ قَالُوا الْحَقَّ وَهُوَ الْعَلِيُّ الْكَبِيرُ۝** အရှင့်ထံမှ ခွင့်ပြုချက် ရသူမှအပ၊ အမျှဝေပေးမှုသည် အကျိုးမပြုချေ။ သူတို့၏ စိတ်နှလုံးများ ကြောက်ရွံ့ချောက်ချားမှု လျော့လေသော်၊ "သင်တို့၏ ကံကြမ္မာရှင်က အဘယ်အရာအား မိန့်ဆိုသနည်း၊"ဟု မေးကြ၍၊ "ပရမတ္ထသစ္စာတရားပင်တည်း၊ အရှင်သည် အထွဋ်အထိပ်ဖြစ်တော်မူ၏၊ အကြီးကျယ်ဆုံး ဖြစ်တော်မူ၏။"ဟု ပြောကြလတ္တံ့။
၂၄။	**قُلْ مَن يَرْزُقُكُم مِّنَ السَّمَاوَاتِ وَالْأَرْضِ قُلِ اللَّهُ وَإِنَّا أَوْ إِيَّاكُمْ لَعَلَى هُدًى أَوْ فِي ضَلَالٍ مُّبِينٍ۝** "မိုးများနှင့် မြေမှ သင်တို့အား အဘယ်သူက ရိက္ခာထောက်နေသနည်း၊"ဟု မေး၍၊ ဟောလော့ "ပရမတ်ဘုရားရှင်ဖြစ်၏။ သင်တို့နှင့် ကျွန်ုပ်သည် အဘယ်သူက လမ်းညွှန်မှန်၌ ရှိနေသနည်း၊ သို့မဟုတ် အဘယ်သူက ရှင်းလင်းသော လမ်းလွဲ၌ ရှိနေသနည်း။"
၂၅။	**قُل لَّا تُسْأَلُونَ عَمَّا أَجْرَمْنَا وَلَا نُسْأَلُ عَمَّا تَعْمَلُونَ۝** ဟောလော့ "ကျွန်ုပ်တို့၏ ရာဇဝတ်မှုအတွက် သင်တို့သည် စစ်ဆေးခံရမည် မဟုတ်၊ သင်တို့၏ ကျင့်ကြံမှု အတွက်လည်း ကျွန်ုပ်တို့သည် စစ်ဆေးခံရမည် မဟုတ်ချေ။"
၂၆။	**قُلْ يَجْمَعُ بَيْنَنَا رَبُّنَا ثُمَّ يَفْتَحُ بَيْنَنَا بِالْحَقِّ وَهُوَ الْفَتَّاحُ الْعَلِيمُ۝** ဟောလော့ "ကျွန်ုပ်တို့၏ ကံကြမ္မာရှင်သည် ကျွန်ုပ်တို့၏ကြား၌ အဟူစုစေမည် ထို့နောက် ကျွန်ုပ်တို့ကြား၌ သစ္စာတရားဖြင့် ထွက်ပေါက်ပေးလတ္တံ့၊ အရှင်သည် ထွက်ပေါက်ပေးတော်မူသော၊ သိနေတော်မူသော အရှင် ဖြစ်၏။
၂၇။	**قُلْ أَرُونِيَ الَّذِينَ أَلْحَقْتُم بِهِ شُرَكَاءَ كَلَّا بَلْ هُوَ اللَّهُ الْعَزِيزُ الْحَكِيمُ۝** ဟောလော့ "အရှင်နှင့် ရောပြွန်းကိုးကွယ်ရန် သင်တို့ ပူးပေါင်းထားသောသူများကို ကျွန်ုပ်အား ပြသလော့၊ အလျဉ်းမဟုတ်၊ အရှင်– ပရမတ်ဘုရားရှင်သည်သာ ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။

၂၈။	**وَمَا أَرْسَلْنَاكَ إِلَّا كَافَّةً لِّلنَّاسِ بَشِيرًا وَنَذِيرًا وَلَكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ۝** သင့်အား လူမျိုးနွယ် အားလုံးအတွက် သတင်းကောင်းဆောင်သူ၊ သတိပေးသူ အဖြစ်သာ ငါ စေစားတော်မူ၏။ သို့ရာတွင် လူသား အများစုကြီးကား သိကြသည် မဟုတ်ချေ။[၈၄]
၂၉။	**وَيَقُولُونَ مَتَى هَذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ۝** သူတို့က ''သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်လျှင်၊ ကတိတော်မှာ မည်သည့်အခါ၌ ဖြစ်မည်နည်း၊''ဟု ဆိုကြ၏။
၃၀။	**قُل لَّكُم مِّيعَادُ يَوْمٍ لَّا تَسْتَأْخِرُونَ عَنْهُ سَاعَةً وَلَا تَسْتَقْدِمُونَ۝** ဟောလော့ ''သင်တို့အား ကတိထားသော နေ့ကာလ၊ ၎င်းကို တစ်နာရီမျှပင် နောက်မဆုတ်နိုင်၊ ရှေ့မထားနိုင်ချေ။''
၃၁။ ရှိနေပြီး ကျမ်းများ	**وَقَالَ الَّذِينَ كَفَرُوا لَن نُّؤْمِنَ بِهَذَا الْقُرْآنِ وَلَا بِالَّذِي بَيْنَ يَدَيْهِ وَلَوْ تَرَى إِذِ الظَّالِمُونَ مَوْقُوفُونَ عِندَ رَبِّهِمْ يَرْجِعُ بَعْضُهُمْ إِلَى بَعْضٍ الْقَوْلَ يَقُولُ الَّذِينَ اسْتُضْعِفُوا لِلَّذِينَ اسْتَكْبَرُوا لَوْلَا أَنتُمْ لَكُنَّا مُؤْمِنِينَ۝** ဖုံးကွယ်သော သူတို့က ''ကျွန်ုပ်တို့သည် ဤကုရ်အာန်နှင့် **လက်ရှိ–ရှေ့မှောက်များ၌** မယုံကြည်ကြချေ။''ဟု ဆိုကြ၏။ အမိုက်ကောင်များအား သူတို့၏ ကံကြမ္မာရှင်ထံ၌ ရပ်စေသောအခါ၊ သူတို့မှ အချို့သည် အချို့ထံ လှည့်ကြလျက်၊ ချိနဲ့ခဲ့သော သူတို့က အကြီးအကဲဖြစ်သူတို့အား ''သင်တို့ကြောင့် မဟုတ်ခဲ့လျှင်၊ ကျွန်ုပ်တို့သည် ယုံကြည်သူများမှ ဖြစ်ခဲ့လတ္တံ့၊''ဟု ပြောဆိုသည့် စကားလုံးများကို သင် မြင်ရပါလေစ။[၈၅]
၃၂။	**قَالَ الَّذِينَ اسْتَكْبَرُوا لِلَّذِينَ اسْتُضْعِفُوا أَنَحْنُ صَدَدْنَاكُمْ عَنِ الْهُدَى بَعْدَ إِذْ جَاءكُم بَلْ كُنتُم مُّجْرِمِينَ۝** အကြီးအကဲဖြစ်သူတို့က ချိနဲ့ခဲ့သောသူတို့အား ''သင်တို့ထံသို့ လမ်းညွှန်တရား ရောက်လာစေပြီးမှ ကျွန်ုပ်တို့က သင်တို့ကို ထိုမှ ဖယ်ခိုင်းခဲ့သလော။ အမှန်မှာ သင်တို့သည် ရာဇဝတ်ကောင်များသာ ဖြစ်ကြ၏။''ဟု ပြောသော်။
၃၃။	**وَقَالَ الَّذِينَ اسْتُضْعِفُوا لِلَّذِينَ اسْتَكْبَرُوا بَلْ مَكْرُ اللَّيْلِ وَالنَّهَارِ إِذْ تَأْمُرُونَنَا أَن نَّكْفُرَ بِاللَّهِ وَنَجْعَلَ لَهُ أَندَادًا وَأَسَرُّوا النَّدَامَةَ لَمَّا رَأَوُا الْعَذَابَ وَجَعَلْنَا الْأَغْلَالَ فِي أَعْنَاقِ الَّذِينَ كَفَرُوا هَلْ يُجْزَوْنَ إِلَّا مَا كَانُوا يَعْمَلُونَ۝** ချိနဲ့ခဲ့သောသူတို့က အကြီးအကဲဖြစ်သူတို့အား ''အမှန်မှာ၊ ပရမတ်ဘုရားရှင်အား ဖုံးကွယ်ထားလျက် အရှင့်အစား သင်တို့အား တစ်ဂိုဏ်းတည်းထား စီစဉ်စေရန် နေ့ညမအား ကြံစည်၍ ကျွန်ုပ်တို့ကို ညွှန်ကြားခဲ့၏။''ဟု ပြန်ပြောကြ၏။ သူတို့သည် ဝဋ်ကြွေးကို မြင်ရသောအခါ၊ ကြိတ်၍ ယူကြုံးမရဖြစ်ကြ၏။ ငါသည် ဖုံးကွယ်သော သူတို့၏ ဂုတ်ပိုး၌ ချူပ်ကိုင်မှုကို စီစဉ်ထားလတ္တံ့၊ သူတို့ ကျင်ကြံလေ့မရှိခဲ့ရာအတွက် အစားပေးခြင်းခံရသလော။
၃၄။	**وَمَا أَرْسَلْنَا فِي قَرْيَةٍ مِّن نَّذِيرٍ إِلَّا قَالَ مُتْرَفُوهَا إِنَّا بِمَا أُرْسِلْتُم بِهِ كَافِرُونَ۝** စည်းဖိမ်ယစ်နေ သူတို့က ''သင်တို့ထံ စေစားလာသည်များကို ပယ်ချသူများမှာ ကျွန်ုပ်တို့ ဖြစ်၏၊''ဟု ပြောဆိုသော အရပ်ဒေသကိုသာ ငါအရှင်သည် သတိပေးသူ စေစားတော်မူ၏။
၃၅။	**وَقَالُوا نَحْنُ أَكْثَرُ أَمْوَالًا وَأَوْلَادًا وَمَا نَحْنُ بِمُعَذَّبِينَ۝**

---

(၈၄) ကိုယ်တော်မုဟမ္မဒ်သည် ကိုးကွယ်ခံ ဘုရားမဟုတ်၊ လူသားမျှသာ ဖြစ်ကြောင်း မကြာခဏ သတိပေး၍ ကိုယ်တော်သည် လူမျိုးတစ်မျိုး အတွက် ပွင့်ပေးခြင်းမဟုတ်ဘဲ လူသားမျိုးနွယ်အဖြစ် သတိဖေါ်ပေးသူ၊ သတင်းကောင်းဆောင်လာသူ ဟူသော ဂုဏ်ပုဒ်ကိုသာ ခံယူသူ ဖြစ်သည်။

(၈၅) ဤသုတ်တော်များမှ ''ချိနဲ့ခဲ့သူများ'' ဆိုသည်မှာ ဘာသာရေး ဗဟုသုတ အားနည်းသူများ၊ ဌေကြေးအင်အား၊ ပညာအင်အား အားနည်းသူများ၊ ယုတ္တိဗေဒနှင့် တိုင်းတာချိန်စစ်နိုင်မှု အားနည်းသူများကို ဆိုလိုပေသည်။ ထိုသို့အားနည်းသူများအား ဖြောင့်မှန်သော သစ္စာတရားတော် ဆီသို့ ဆိုက်မြိုက်နိုင်စေရန်၏ အမှန်တကယ် ဖြောင့်မှန်သော၊ မိမိအား ပုဂ္ဂိုလ်ရေး ဆည်းကပ်ကိုးကွယ်မှုကို မလိုလားသော ခေါင်းဆောင်ကောင်းများ လိုအပ်ပေသည်။

	သူတို့က ‘‘ကျွန်ုပ်တို့တွင် ဥစ္စာပစ္စည်း၊ ရင်သွေး များစွာရှိ၏၊ ကျွန်ုပ်တို့သည် ဝဋ်ကြွေးသင့်မည့်သူများ မဟုတ်’’ဟု ပြောကြသေး၏။
၃၆။ ☆၂၈၀	**قُلْ إِنَّ رَبِّي يَبْسُطُ الرِّزْقَ لِمَن يَشَاء وَيَقْدِرُ وَلَكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ۝** ဟောလော့ ‘‘သင့်ကံကြမ္မာရှင်သည် စံချိန်ပြည့်မှီ☆ သူအား ရိက္ခာ တိုးပွားစေ၏၊ စည်းကြပ်မတ်တော်မူ၏။ သို့ရာတွင် လူသားအများစုသည် သိကြသည် မဟုတ်ချေ။’’
၃၇။	**وَمَا أَمْوَالُكُمْ وَلَا أَوْلَادُكُم بِالَّتِي تُقَرِّبُكُمْ عِندَنَا زُلْفَى إِلَّا مَنْ آمَنَ وَعَمِلَ صَالِحًا فَأُوْلَئِكَ لَهُمْ جَزَاء الضِّعْفِ بِمَا عَمِلُوا وَهُمْ فِي الْغُرُفَاتِ آمِنُونَ۝** သင်တို့၏ ဥစ္စာပစ္စည်း၊ သင်တို့၏ ရင်သွေးများသည် ငါအရှင့်ထံတော်၌ မည်သည့်အဆင့်အတန်းနှင့်မျှ မချည်းကပ်နိုင်ချေ။ ယုံကြည်၍ ပြုပြင်ပြောင်းလဲမှုကို ကျင့်ကြံသူ၊ ထိုသူတို့အတွက်သာ သူတို့ကျင့်ကြံမှုအတွက် နှစ်ဆတိုးသော အစားပေးခံရမှု ရှိ၏။ သူတို့သည် ယုံကြည်စိတ်ချရသော လုံးချင်းအိမ်ယာ၌ စံမြန်းရမည်ပင်။
၃၈။	**وَالَّذِينَ يَسْعَوْنَ فِي آيَاتِنَا مُعَاجِزِينَ أُوْلَئِكَ فِي الْعَذَابِ مُحْضَرُونَ۝** ငါ၏ သုတ်ဒေသနာတို့အား မှေးမှိန်စေရန် လုံးပန်းသောသူ၊ သူတို့အား ဝဋ်ကြွေးတွင်းသို့ ဆင့်ခေါ်ခံသူများ ဖြစ်ရလတ္တံ့။
၃၉။	**قُلْ إِنَّ رَبِّي يَبْسُطُ الرِّزْقَ لِمَن يَشَاء مِنْ عِبَادِهِ وَيَقْدِرُ لَهُ وَمَا أَنفَقْتُم مِّن شَيْءٍ فَهُوَ يُخْلِفُهُ وَهُوَ خَيْرُ الرَّازِقِينَ۝** ဟောလော့ ‘‘ကျွန်ုပ်၏ ကံကြမ္မာရှင်သည် အမှုတော်ဆောင်များအနက် စံချိန်ပြည့်မှီသူအား ရိက္ခာ တိုးပွားစေ၏။ ထို့နောက် သူ့အား စည်းကြပ်မတ်တော်မူ၏။ သင်တို့သည် ထိုမှ တစ်စုံတစ်ရာ ပေးကမ်းသုံးစွဲသော် အရှင်က အကျိုးဆက်ရှိစေ၏၊ အရှင်သည် အကောင်းဆုံး ရိက္ခာထောက်ပံ့သည့် အရှင် ဖြစ်၏။
၄၀။	**وَيَوْمَ يَحْشُرُهُمْ جَمِيعًا ثُمَّ يَقُولُ لِلْمَلَائِكَةِ أَهَؤُلَاء إِيَّاكُمْ كَانُوا يَعْبُدُونَ۝** သူတို့ အားလုံး စုစည်းစေသော နေ့ကာလ၌၊ အရှင်က နိမိတ်ဆောင်တို့အား ‘‘သူတို့က သင်တို့အား ကိုးကွယ်ဆည်းကပ်လေ့ရှိခဲ့ကြသလော၊’’ဟု မေးတော်မူအံ့။
၄၁။	**قَالُوا سُبْحَانَكَ أَنتَ وَلِيُّنَا مِن دُونِهِم بَلْ كَانُوا يَعْبُدُونَ الْجِنَّ أَكْثَرُهُم بِهِم مُّؤْمِنُونَ۝** သူတို့က ‘‘အရှင့်အား ဦးထိပ်ထားပါ၏။ သူတို့အား ဆန့်ကျင်၍၊ အရှင်သည်သာ တပည့်တော်တို့၏ မဟာမိတ်ဖြစ်ပါ၏။ အမှန်မှာ သူတို့သည် အန္ဓပုတုဇဉ်များကိုသာ ကိုးကွယ်လေ့ရှိကြ၏။ သူတို့မှ အများစုမှာ ၎င်းတို့ကိုသာ ယုံကြည်နေကြပါ၏၊’’ဟု ဆိုကြ၏။[၈၅]
၄၂။	**فَالْيَوْمَ لَا يَمْلِكُ بَعْضُكُمْ لِبَعْضٍ نَّفْعًا وَلَا ضَرًّا وَنَقُولُ لِلَّذِينَ ظَلَمُوا ذُوقُوا عَذَابَ النَّارِ الَّتِي كُنتُم بِهَا تُكَذِّبُونَ۝** ထိုနေ့ကာလ၌၊ သူတို့မှ အချို့သည် အချို့ကို ကောင်းကျိုး၊ ဆိုးကျိုးပေးနိုင်သော ဩဇာအာဏာ မရှိကြချေ။ မိုက်ကြေးခွဲသော သူတို့အား ‘‘သင်တို့ ငြင်းဆန်လေ့ရှိရာ အပူမီး ဝဋ်ကြွေးကို မြည်းစမ်းကြလော့၊’’ဟု ငါ မိန့်လတ္တံ့။

---

(၈၅) သူတို့ကိုးကွယ်ဆည်းကပ်ခဲ့သော ပုတုဇဉ် (ဂျင်) များ ဆိုသည်မှာ သူတို့၏ ဘာသာရေးဆိုင်ရာ အကြီးအကဲများကို ဆိုလိုကြောင်း သုတ်တော် ၃၄း၃၃ တွင် အတိအကျ ပြောထားလေပြီ၊ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ လူအများ ကိုးကွယ် ဆည်းကပ်နေကြသော ဆရာသမား၊ ဘုန်းကြီးရဟန်း အများစုသည်လည်း သူတို့ကိုယ်သူတို့ ပုတုဇဉ်များသာ ဖြစ်ကြောင်း မကြာခဏ ထုတ်ဖော်ဝန်ခံလေ့ ရှိသည်ပင်။
သုတ်တော် ၃၃း၄၀ တွင် ပြောဆိုသော နိမိတ်ဆောင် (မလာအိကာဟ်) များဆိုသည်မှာလည်း လူသားထဲမှ သတိပေးသော သူများကိုသာ ဆိုလိုကြောင်း သုတ်တော် ၃၃း၃၄ တွင် ထောက်ပြထားပေသည်၊ (၂း၃၀) တွင် ပြန်ကြည့်ပါ။

၄၃။	**وَإِذَا تُتْلَى عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ قَالُوا مَا هَذَا إِلَّا رَجُلٌ يُرِيدُ أَن يَصُدَّكُمْ عَمَّا كَانَ يَعْبُدُ آبَاؤُكُمْ وَقَالُوا مَا هَذَا إِلَّا إِفْكٌ مُّفْتَرًى وَقَالَ الَّذِينَ كَفَرُوا لِلْحَقِّ لَمَّا جَاءهُمْ إِنْ هَذَا إِلَّا سِحْرٌ مُّبِينٌ۞** သူတို့အား ငါ၏ ရှင်းလင်းချက် သုတ်ဒေသနာများကို ရွတ်ဖတ်ပြ သောအခါ၊ ''ဤလူသားသည် သင်တို့အား မိရိုးဖလာ ကိုးကွယ်လေ့ရှိရာမှ ဖယ်ရှားသွားရန် လိုလားသူသာ ဖြစ်၏''ဟု ဆို၍ ''ဤသည် လုပ်ကြံဖန်တီးထားသော လုပ်ဇာတ်သာ ဖြစ်၏''ဟု ဆက်ပြောကြ၏။ သစ္စာတရားတော် သူတို့ထံသို့ ရောက်လာစဉ်၊ ဖုံးကွယ်သော သူတို့က ''ဇကန်ပင်–ဤသည် ရှင်းလင်းထင်ရှားသော မှော်အတတ်သာဖြစ်၏''ဟု ပြောကြ၏။
၄၄။	**وَمَا آتَيْنَاهُم مِّن كُتُبٍ يَدْرُسُونَهَا وَمَا أَرْسَلْنَا إِلَيْهِمْ قَبْلَكَ مِن نَّذِيرٍ۞** သူတို့အား လေ့လာဆည်းပူးစေရန် အခြားမည်သည့် ကျမ်းစာကိုမှ ငါ မပေးအပ်ခဲ့ချေ။ သင်မတိုင်မီ သူတို့ထံသို့ သတိပေးသူကိုလည်း မစေစားခဲ့ချေ။[၅၁]
၄၅။	**وَكَذَّبَ الَّذِينَ مِن قَبْلِهِمْ وَمَا بَلَغُوا مِعْشَارَ مَا آتَيْنَاهُمْ فَكَذَّبُوا رُسُلِي فَكَيْفَ كَانَ نَكِيرِ۞** သူတို့၏ ရှေ့အလျင် ဖြစ်သောသူများက ငြင်းဆန်ကြကုန်၏။ သူတို့အား ငါ၏ ပေးအပ်မှုမှ ဆယ်ပုံတစ်ပုံမျှပင် မရောက်ရှိသေးချေ။ သို့တိုင် သူတို့သည် ငါ၏ ဉာဏ်စဉ်ဆောင်တို့အား ငြင်းဆန်ကြကုန်၏။ မကြံဘူးသည့်ပြစ်ဒဏ်သည် မည်သို့ ရှိစေသနည်း။[၅၂]
၄၆။	**قُلْ إِنَّمَا أَعِظُكُم بِوَاحِدَةٍ أَن تَقُومُوا لِلَّهِ مَثْنَى وَفُرَادَى ثُمَّ تَتَفَكَّرُوا مَا بِصَاحِبِكُم مِّن جِنَّةٍ إِنْ هُوَ إِلَّا نَذِيرٌ لَّكُم بَيْنَ يَدَيْ عَذَابٍ شَدِيدٍ۞** ဟောလော့ ''သင်တို့အတွက် တစ်ခုတည်းသော သြဝါဒမှာ နှစ်ဦးဖြစ်စေ သပ်သပ်စီဖြစ်စေ၊ ပရမတ်ဘုရားရှင် အတွက် ရပ်တည်ကြလော့၊ ထို့နောက် စဉ်းစားသုံးသပ်ကြလော့၊ သင်တို့၏ ပေါင်းဖော်သည် ရူးနေသူ မဟုတ်ချေ၊ သူသည် ပြင်းထန်သော ဝဋ်ကြွေးဒဏ်အား လက်ရှိ–ရှေ့မှောက်ပြု၍ သင်တို့အတွက် သတိပေးသူသာ ဖြစ်၏။''
၄၇။	**قُلْ مَا سَأَلْتُكُم مِّنْ أَجْرٍ فَهُوَ لَكُمْ إِنْ أَجْرِيَ إِلَّا عَلَى اللَّهِ وَهُوَ عَلَى كُلِّ شَيْءٍ شَهِيدٌ۞** ဟောလော့ ''ကျွန်ုပ်သည် သင်တို့မှ အကျိုးဆုလဒ် မတောင်းချေ။ သင်တို့၏ အတွက်သာ ဖြစ်၏။ ကျွန်ုပ်အတွက်

---

(၅၁) ဤသုတ်တော်တွင် ဤကျမ်းစာ (ကုရ်အာန်)မှ အပ အခြား ဆည်းကပ်လေ့စေရန် ကျမ်းစာများ မပေးခဲ့ဟု ပြောပေသည်။ ဆိုလိုသည်မှာ ဤကုရ်အာန်မှ အပ အခြားသော ကျမ်းစာများမှာ တစ်ဆင့်ခံ ဆင့်ပြန်ကျမ်းများ– သုတေသနလုပ်၍ ရေးသော ကျမ်းများ၊ လူသား အများသဘောတူ မတူ ချိန်ကိုက်၍ ရေးသော လူ့လက်ရာ စွပ်ဖက်သည့် ကျမ်းများသာ ဖြစ်ပေသည်၊ ၂:၇၈–၇၉။ ဤကုရ်အာန်ကျမ်းသည်သာ ပညာရပ်တို့ဇစ်မြစ် မူရင်းဓမ္မကျမ်းတော်ဖြစ်ကြောင်း အာမခံထားပေသည်။ ကမ္ဘာပေါ်တွင် ထိုကဲ့သို့ အာမခံထားသော။ အာမခံရဲသော။ အာမခံနိုင်သော ကျမ်းစာဟူ၍ ကုရ်အာန်မှ အပ အခြားကျမ်းများ မရှိချေ။ လူသားအား စိတ်၊ နာမ်၊ ရုပ်၊ ကာယ တို့အား သွန်သင်၍ လူသားတို့၏ နောက်ဆုံးဘွန်ဘဝ ချုပ်ငြိမ်းခြင်းတည်ရာ သို့မဟုတ် ပရမတ်ဘုရားရှင်နှင့် ပေါင်းဆုံသွားခြင်းကို ထိထိရောက်ရောက် တိတိကျကျ သွန်သင်သော ကျမ်းမှာ ကုရ်အာန်တစ်အုပ်တည်း သာလျှင် ရှိပေသည်။ အလားတူပင် ဤကျမ်းတော်အား ဆောင်ကြည်းလာခွင့် ရသည့် ကိုယ်တော်မုဟမ္မဒ် မတိုင်မီ ဤသို့လူသားမျိုးနွယ်တစ်ခုလုံး အတွက် သွန်သင်သော ကျမ်းစာဖြင့် လောကၐ်ပွင့်ပေါ်သော ဉာဏ်စဉ်တော်ဆောင် အဖြစ် ပွင့်ပေါ်ခြင်း မရှိခဲ့သေးချေ၊ (၃၄း၂၈)။ လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ပြည်၊ ဒေသတစ်ခုအတွက်စီ အတွက် ပွင့်ပေါ်သော ဉာဏ်စဉ်တော်ဆောင်၊ သတင်းတော်ဆောင်များသည်သာ ပွင့်ပေါ်ခဲ့ပေသည်။ ထို့ကြောင့် ကိုယ်တော်အား ဉာဏ်စဉ်တော်ဆောင်များ ဆိတ်ငြိမ်ကာလတွင် ပွင့်ပေါ်သည်ဟု ကျမ်းတော်က အတိအကျ ထောက်ပြထားပေသည်၊ (၅း၁၉)။ ဤသည် ဉာဏ်စဉ်ဓမ္မလမ်းညွှန်ခြင်း အတွက် ဖြစ်၍– အခြားသော ဗဟုသုတများ အတွက် အခြားစာအုပ် ကျမ်းဂန်စာပေများအား မဖတ်ရ၊ မလေ့လာရဟု တားမြစ်ခြင်းလည်းမဟုတ်ပေ။ စာပေများ ဖတ်ရမည်မှာ အစွမ်းလာမ်တိုင်း၊ လူသားတိုင်း၏ တာဝန်ဖြစ်သည်၊ ၉၆း၁။

(၅၂) ရှေးကျမ်းစာများအား အရှင်ပေးအပ်ခဲ့ခြင်းမှာ လောကဓမ္မ၌ ရှိနေသော ပရမတ္ထသစ္စာတရားတို့၏ ဆယ်ပုံတစ်ပုံပင် မရှိခဲ့သေးချေ။ ဟု ဤသုတ်တော်က တရားဝင်ကြေငြာပေသည်။ လူသားတို့၏ ဉာဏ်ရည်၊ ခေတ်ကာလ၊ မြို့ပြစနစ်ထွန်းကားမှု၊ ငြိမ်းချမ်းစွာ အတူနေထိုင်မှု စသည့် ပြည့်မှိသော စံချိန်များ မရှိခဲ့သည့် အလျောက် ထိုခေတ် ထိုအခါမှ လူသားတို့အား သွန်သင်ခြင်းသည်၊ နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင်၏ ခေတ်ကာလ ကဲ့သို့ ပြည်မှိစွာ သွန်သင်ပေးနိုင်ခြင်း မရှိခဲ့သေးချေ။ သို့တိုင် ထိုအဆင့်ကိုပင် လူသားအများစု ငြင်းဆန်ခဲ့ကြသည်ဟု ကျမ်းတော်က ထောက်ပြထားပေသည်။ ပြီးပြည့်စုံစွာ သွန်သင်သော ကျမ်းမြတ်ကုရ်အာန်အား လူသားအများစု ငြင်းဆန်ခြင်းမှာလည်း အထူးမဟုတ်ပြီဟု ရည်ညွှန်း သွန်သင်ခြင်းပင်။

	ဆုလဒ်သည် ပရမတ်ဘုရားရှင်၌ ရှိ၏။ အရှင်သည် သဗ္ဗလုံးစုံအတွက် သက်သေသက်ကန် ဖြစ်တော်မူ၏။''
၄၈။	**قُلْ إِنَّ رَبِّي يَقْذِفُ بِالْحَقِّ عَلَّامُ الْغُيُوبِ۞** ဟောလော့ ''ငကန်ပင် ကံကြမ္မာရှင် စကၠုလွန်အား သိသောအရှင်သည် ကျွန်ုပ်အား ပရမတ္ထသစ္စာဖြင့် ဝန်ပေးတော်မူ၏။''
၄၉။	**قُلْ جَاء الْحَقُّ وَمَا يُبْدِئُ الْبَاطِلُ وَمَا يُعِيدُ۞** ဟောလော့ ''သစ္စာတရားတော် ရောက်ရှိလာပြီ၊ မိစ္ဆာတရားသည် မစတည်နိုင် ဆက်မဖြစ်နိုင်တော့ချေ။''
၅၀။	**قُلْ إِن ضَلَلْتُ فَإِنَّمَا أَضِلُّ عَلَى نَفْسِي وَإِنِ اهْتَدَيْتُ فَبِمَا يُوحِي إِلَيَّ رَبِّي إِنَّهُ سَمِيعٌ قَرِيبٌ۞** ဟောလော့ ''ကျွန်ုပ်သည် လမ်းလွဲမိလျှင် ကျွန်ုပ်၏ စရိုက်အား လမ်းလွဲစေခြင်း ဖြစ်ရ၏။ ကျွန်ုပ်သည် လမ်းညွှန်မှန်၍ ရှိလျှင် ကျွန်ုပ်အား ကျွန်ုပ်ကံကြမ္မာရှင်မှ အာရုံစူးနှံဖြစ်စေခြင်းကြောင့် ဖြစ်၏။ ငကန်ပင် အရှင်သည် ကြားနေသော အရှင်၊ အနီးကပ်ရှိနေသော အရှင် ဖြစ်၏။
၅၁။	**وَلَوْ تَرَى إِذْ فَزِعُوا فَلَا فَوْتَ وَأُخِذُوا مِن مَّكَانٍ قَرِيبٍ۞** လွတ်မထွက်နိုင်ဘဲ၊ အနီးကပ် ဖမ်းဆီးခံရ၍ သူတို့၏ ကြောက်ရွံ့ချောက်ချားရနေပုံကို သင် မြင်ရပါလေစ။
၅၂။	**وَقَالُوا آمَنَّا بِهِ وَأَنَّى لَهُمُ التَّنَاوُشُ مِن مَكَانٍ بَعِيدٍ۞** နောက်ကျန်ရစ်ပြီးမှ– ''တပည့်တော်တို့ ငင်းကို ယုံကြည်ပါပြီ၊''ဟု ဆိုကြသူတို့အား မည်သို့ လက်ခံရမည်နည်း။
၅၃။ သစ္စာတရား	**وَقَدْ كَفَرُوا بِهِ مِن قَبْلُ وَيَقْذِفُونَ بِالْغَيْبِ مِن مَّكَانٍ بَعِيدٍ۞** **ငင်း**ကို ရှေ့အလျင်ကပင် သူတို့ ဖုံးကွယ်ခဲ့ကြ၏။ သူတို့အား မျက်ကွယ်ဖြင့် ဝန်ပိလျက် နောက်ကျန်ရစ်တော့၏။
၅၄။	**وَحِيلَ بَيْنَهُمْ وَبَيْنَ مَا يَشْتَهُونَ كَمَا فُعِلَ بِأَشْيَاعِهِم مِّن قَبْلُ إِنَّهُمْ كَانُوا فِي شَكٍّ مُّرِيبٍ۞** ရှေ့အလျင်က သူတို့၏ ဂိုဏ်းဝင်များအား ပြုလုပ်ခဲ့သည့် ပမာ၊ သူတို့၏ကြား သူတို့၏ အာသီသကြားကို ဝန်းခတ်ထားလေပြီ။ သူတို့သည်ကား ဒွိဃ သံသယ၌ ရှိခဲ့ကြ၏။[၈၅၄]

(၈၅၄) ဤသုတ်တော်များ ၄၈ မှ ၅၄ သည်။ သစ္စာဉာဏ်ရောင် ဖြစ်သော ဤကျမ်းမြတ်ကုရ်အာန်ကြီး ရောက်ရှိလာပြီ ဖြစ်ကြောင်း၊ ကျမ်းတော်အား ခုခံနေသည့် လူလက်ရာ တရားမှုများ။ ပုံတိုပတ်စများ။ ဒဏ္ဍာရီများမှာ ခေါင်းမထောင်ရဲအောင် သိက္ခာမဲ့သွားရမည် ဖြစ်ကြောင်း အာမခံချက်ပေးထား၍– လူသားအပေါင်းအား သစ္စာတရား ဆီသို့ ဖိတ်ခေါ်ထားပြီး– ဆရာစွဲ၊ ဂိုဏ်းစွဲ၊ လူမျိုးစွဲ ရှိသူတို့၏ စွဲလမ်းမှု ခရီးကျဉ်နေမှုများကြောင့် ထိုသူများအတွက် သစ္စာတရား၏ နောက်သို့ လိုက်နာရန် မွန်းကြပ်စွာ ခံစားရမှုများကို ဖေါ်ပြထားပေသည်၊ ထိုသို့ ဖေါ်ပြခြင်းမှာ သစ္စာတရားနောက်သို့ လိုက်နာနိုင်ရန် ဆရာစွဲ ဂိုဏ်းစွဲ အယူဟောင်း အစွဲများအား အလျှင်အဦး ပါယ်သတ်ပစ်ရမည်ဟု သွန်သင်ထားခြင်းပင် ဖြစ်သည်။

ဓမ္မခန္ဓာ (၃၅) "သံသရာ၏အစ" (ဖတ္ရ)

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၄၃။ သုတ်ဒေသနာ– ၄၅ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။	**الْحَمْدُ لِلَّهِ فَاطِرِ السَّمَاوَاتِ وَالْأَرْضِ جَاعِلِ الْمَلَائِكَةِ رُسُلًا أُولِي أَجْنِحَةٍ مَّثْنَى وَثُلَاثَ وَرُبَاعَ يَزِيدُ فِي الْخَلْقِ مَا يَشَاء إِنَّ اللَّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ۞** ရည်သန်စူးစိုက်မှုအပေါင်းသည် မိုးများနှင့် မြေကမ္ဘာ သံသရာ၏ဇစ်မြစ် ဖြစ်တော်မူသော ပရမတ်ဘုရားရှင် အဘို့ ဖြစ်၍၊ အရှင်သည် နိမိတ်ဆောင်တို့အား လက်ရုံးရည် နှစ်တန်၊ သုံးတန်၊ လေးတန် ရှိခြင်းအားဖြင့် ဉာဏ်စဉ်ဆောင် အဖြစ်စီစဉ်ပေးတော်မူ၏။ အရှင်သည် စံချိန်ပြည့်ရာအလျောက် ဖြစ်တည်မှုကို တစ်ရိပ်ရိပ်တိုးစေ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။[၈၅]
၂။	**مَا يَفْتَحِ اللَّهُ لِلنَّاسِ مِن رَّحْمَةٍ فَلَا مُمْسِكَ لَهَا وَمَا يُمْسِكْ فَلَا مُرْسِلَ لَهُ مِن بَعْدِهِ وَهُوَ الْعَزِيزُ الْحَكِيمُ۞** ပရမတ်ဘုရားရှင်က လူသားများ အတွက် ဖွင့်ထားသော ကရုဏာတော်၊ ၎င်းအား ဆိုင်းထားနိုင်သူ မရှိချေ။ အရှင်က ဆိုင်းထားစေလျှင်လည်း ထို့နောက်တွင် ၎င်းကို စေစားစေနိုင်သူ မရှိချေ။ အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၃။	**يَا أَيُّهَا النَّاسُ اذْكُرُوا نِعْمَتَ اللَّهِ عَلَيْكُمْ هَلْ مِنْ خَالِقٍ غَيْرُ اللَّهِ يَرْزُقُكُم مِّنَ السَّمَاء وَالْأَرْضِ لَا إِلَهَ إِلَّا هُوَ فَأَنَّى تُؤْفَكُونَ۞** အို– လူသားတို့၊ ပရမတ်ဘုရားရှင်က သင်တို့အား ဂုဏ်ပေးခဲ့သည်ကို သတိရကြလော့။ ပရမတ်ဘုရားရှင်မှအပ သင်တို့အား မိုးနှင့် မြေမှ ရိက္ခာကို ဖြစ်တည်ပေးသူ ရှိသလော၊ အရှင်မှအပ အခြား ဘုရားဟူ၍ မရှိ၊ သို့ပါလျက် မည်သို့ လှည့်စားခံနေကြသနည်း။

---

(၈၅) **فَاطِر ဖတ္ရ** ဆိုသည်မှာ အရာရာအားလုံး၏ ဇစ်မြစ်ဟု ဖြစ်ပေသည်၊ အစွယ်လာမ် သာသာနာက လောကခပ်သိမ်း သံသရာ၏ အစမှာ ပရမတ်ဘုရားရှင် ဖြစ်သည်ဟု ဆိုပေသည်။ လူနတ်ဗြဟ္မာ စကြာဝဠာ အားလုံး၏ အစကို မသိအပ် မသိနိုင်သော အရာဟု မဆိုချေ။ ခပ်သိမ်းကုန် အပေါင်းသည် ပရမတ်ဘုရားရှင် အလွှာတ်ထံမှ စတည်ခဲ့ရ၍၊ ထိုအရှင်ထံသို့သာ အားလုံး ဦးလှည့်ပြန်ရမည်ဟု (၃၅း၄) ဆိုပေသည်။ ဤသုတ်တော်မှ **جَاعِلِ الْمَلَائِكَةِ رُسُلًا أُولِي أَجْنِحَةٍ مَّثْنَى وَثُلَاثَ وَرُبَاعَ ဂျာအိလလ် မလာအိကတိ ရိုဆိုလန် အူလီ အ့ဂ်ျိုနိဟာတင် မ့တ်နာ ဝ ဆိုလာဆ ဝ ရိုဘာအ** ကို ဆရာတော်ကြီးများက **အတောင်ပံနှစ်ခုစီ၊ သုံးခုစီ၊ လေးခုစီ ရှိသော မလာအိကာဟ် ကောင်းကင်တမန်တို့အား စေတမန်များ အဖြစ် ခန့်အပ်တော်မူ၏၊** ဟု ပြန်ဆိုကြပေသည်။ **မလာအိကာဟ်** ဆိုသည်မှာ လူသားသာလျှင် ဖြစ်ပေသည်၊ ၂း၃၀။ ထို့ပြင် ဤသုတ်တော်၌ **မလာအိကာဟ်**များကို **ရစူလ်** ဉာဏ်စဉ်တော်ဆောင်များ အဖြစ် ခန့်အပ်တော်မူသည်ဟု ပြောထားပေသည်။ ဉာဏ်စဉ်တော်ဆောင် ဖြစ်ရန် ဝဟီခေါ် သဗ္ဗညုတဉာဏ်အား ဆွတ်ခူးနိုင်ရမည် ဖြစ်သည်။ သဗ္ဗညုတဉာဏ်တော်အား ဆွတ်ခူးနိုင်သူသည် လူသားမှသာ ဖြစ်သည်၊ ၆း၅။ ၁၂း၁၀၉။ ၁၇း၉၄၊ ၉၅။– ထို့အပြင် ဤနေရာ၌ **အ့ဂ်ျိုနိဟာတန်** ကို **အတောင်**ဟု ကောင်းကင်တမန်တော် ဖြစ်၍ ပျံသန်းနေနိုင်သည်ဟု အဓိပ္ပါယ်တိမ်းရန် ပြန်ဆိုထားခြင်းကို တွေ့ရပေသည်။ ထိုစကားလုံးမှာ **ဂျနဟ** မှ ဆင့်ပွားဖြစ်၍ ၎င်းကို ၂၆း၂၁၅ တွင် **ကိုယ်တော်မုဟမ္မဒ်၏ လက်ရုံးရည်** အတွက် သုံးထားပေသည်။ ကိုယ်တော်မုဟမ္မဒ်သည် ကောင်းကင်တွင် ပျံသန်းနေနိုင်သော **မလာအိကာဟ်** မဟုတ်ချေ။ ဤနေရာ၌ လက်ရုံးရည် နှစ်တန် သုံးတန် လေးတန် ဆိုသည်မှာ သာမန်လူများထက် လက်ရုံးရည် နှစ်ဆ၊ သုံးဆ၊ လေးဆ ပို၍ စွမ်းဆောင်နိုင်သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

၄။	**وَإِن يُكَذِّبُوكَ فَقَدْ كُذِّبَتْ رُسُلٌ مِّن قَبْلِكَ وَإِلَى اللَّهِ تُرْجَعُ الأُمُورُ۞** သူတို့က သင့်အား ငြင်းဆန်ကြလျှင်၊ သင့် ရှေ့အလျင် ဉာဏ်စဉ်ဆောင်များသည်လည်း မုချ ငြင်းဆန်ခံခဲ့ရပြီ။ အရေးအရာ များသည် ပရမတ်ဘုရားရှင်ထံသို့သာ ဦးလှည့်ရမည်သာတည်း။
၅။	**يَا أَيُّهَا النَّاسُ إِنَّ وَعْدَ اللَّهِ حَقٌّ فَلَا تَغُرَّنَّكُمُ الْحَيَاةُ الدُّنْيَا وَلَا يَغُرَّنَّكُم بِاللَّهِ الْغَرُورُ۞** အို– လူသားတို့၊ ကောန်ပင် ပရမတ်ဘုရားရှင်၏ ကတိတော်သည် သစ္စာတရား ဖြစ်၏။ သို့ဖြစ်၍ ဤလောကီ ဘဝက သင်တို့အား မမြူဆွယ်စေနှင့်၊ မြူဆွယ်သူများက ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ သင်တို့အား မမြူဆွယ်စေနှင့်။
၆။ ☆၂း၁၄ ၃း၁၅၅	**إِنَّ الشَّيْطَانَ لَكُمْ عَدُوٌّ فَاتَّخِذُوهُ عَدُوًّا إِنَّمَا يَدْعُو حِزْبَهُ لِيَكُونُوا مِنْ أَصْحَابِ السَّعِيرِ۞** မကောင်းဆိုးဝါးသည်☆ သင်တို့အား စည်းဖေါက်သူ ဖြစ်၏။ သို့ဖြစ်၍ သူ့အား စည်းဖေါက်သူ ဟု ယူမှတ်လော့၊ သူသည် သူ့ ဂိုဏ်းသားတို့အား မီးလောင်စာ၏ ပေါင်းဖေါ်များ ဖြစ်စေရန် ဖိတ်ခေါ်၏။
၇။	**الَّذِينَ كَفَرُوا لَهُمْ عَذَابٌ شَدِيدٌ وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُم مَّغْفِرَةٌ وَأَجْرٌ كَبِيرٌ۞** ဖုံးကွယ်သော သူတို့အတွက် ပြင်းထန်သော ဝဋ်ကြွေးသည် ရှိနေ၏။ ယုံကြည်၍ ပြုပြင်ပြောင်းလဲမှုကို ကျင့်ကြံသော သူများ အတွက် လွတ်ငြိမ်းခွင့်နှင့် ကြီးမားသော ဆုလဒ် ရှိနေ၏။
၈။ ☆ ၂၀း၇	**أَفَمَن زُيِّنَ لَهُ سُوءُ عَمَلِهِ فَرَآهُ حَسَنًا فَإِنَّ اللَّهَ يُضِلُّ مَن يَشَاء وَيَهْدِي مَن يَشَاء فَلَا تَذْهَبْ نَفْسُكَ عَلَيْهِمْ حَسَرَاتٍ إِنَّ اللَّهَ عَلِيمٌ بِمَا يَصْنَعُونَ۞** မိမိကျင့်ကြံသော အကုသိုလ်က သူ့အား ဖမ်းစားနေစေ၏၊ ထို့ကြောင့် တင့်တယ်သည်ဟု သူ မြင်သလော၊ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မှီသူအား☆ လမ်းလွဲစေ၍၊ စံချိန်ပြည့်မှီသူအား လမ်းညွှန်ရစေ၏။ သို့ဖြစ်၍ သင်၏ စိတ်ဉာဉ်ကို သူတို့အတွက် မကြေကွဲစေနှင့်၊ သူတို့၏ တည်ဆောက်မှုများကို ပရမတ်ဘုရားရှင်သည် သိနေသော အရှင် ဖြစ်၏။
၉။ ★ ၃၀း၄၈	**وَاللَّهُ الَّذِي أَرْسَلَ الرِّيَاحَ فَتُثِيرُ سَحَابًا فَسُقْنَاهُ إِلَى بَلَدٍ مَّيِّتٍ فَأَحْيَيْنَا بِهِ الْأَرْضَ بَعْدَ مَوْتِهَا كَذَلِكَ النُّشُورُ۞** ပရမတ်ဘုရားရှင် အရှင်သည် မိုးတိမ်အား ဖွဲ့ထုတ်စေသော လေများကို စေစား၏၊ ၎င်းအား သေနေသော မြို့ဒေသ ဆီသို့ မောင်းနှင်တော်မူ၏။ ထို့နောက် ၎င်းအားဖြင့် မြေကမ္ဘာကို သေပြီးနောက် ပြန်ရှင်စေတော်မူ၏။ ဤသို့ ရှင်ပြန်နိုးကြွစေတော်မူ၏။★
၁၀။	**مَن كَانَ يُرِيدُ الْعِزَّةَ فَلِلَّهِ الْعِزَّةُ جَمِيعًا إِلَيْهِ يَصْعَدُ الْكَلِمُ الطَّيِّبُ وَالْعَمَلُ الصَّالِحُ يَرْفَعُهُ وَالَّذِينَ يَمْكُرُونَ السَّيِّئَاتِ لَهُمْ عَذَابٌ شَدِيدٌ وَمَكْرُ أُوْلَئِكَ هُوَ يَبُورُ۞** ဘုန်းတန်ခိုးကို လိုချင်သူ ရှိ၏။ ဘုန်းတန်ခိုး အားလုံးသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာဌ် ရှိ၏။ စင်ကြယ်သော တရားစကားများသည် အရှင့်ထံသို့ တက်ရ၏။ ပြုပြင်သည့် အကျင့်အကြံရှိ သူတို့အား အရှင် မြောက်စားတော်မူ၏။ အကုသိုလ်မှုကို ကြံစည်သောသူ၊ ထိုသူတို့အတွက် ပြင်းထန်သော ဝဋ်ကြွေးသည် ရှိ၏။ သူတို့၏ ကြံစည်မှုများသည် ပျက်စီးကြေမွသွားရလတ္တံ့။
၁၁။	**وَاللَّهُ خَلَقَكُم مِّن تُرَابٍ ثُمَّ مِن نُّطْفَةٍ ثُمَّ جَعَلَكُمْ أَزْوَاجًا وَمَا تَحْمِلُ مِنْ أُنثَى وَلَا تَضَعُ إِلَّا بِعِلْمِهِ وَمَا يُعَمَّرُ مِن مُّعَمَّرٍ وَلَا يُنقَصُ مِنْ عُمُرِهِ إِلَّا فِي كِتَابٍ إِنَّ ذَلِكَ عَلَى اللَّهِ يَسِيرٌ۞** ပရမတ်ဘုရားရှင်သည် သင်တို့အား မြေမှုန့်မှ တဖန် သုတ်ပိုးမှ ဖြစ်တည်စေ၏။ တဖန် အိမ်ထောင်ဘက် အဖြစ် စီစဉ်ပေး၏၊ အရှင်၏ သိနေခြင်း မရှိဘဲ မည်သည့် လိင်မသည်မှ ကိုယ်ဝန်ဆောင်ခြင်း၊ သွားဖွားခြင်း မရှိနိုင်ချေ။ လောကဓမ္မ၌ ရှိသည်မှ အပ မည်သည့် ဘဝသံသရာကိုမှ သံသရာတိုးပေးသည် မရှိ။ မည်သည့် ဘဝသံသရာအား

	ယုတ်လျော့ စေသည်လည်း မရှိချေ။ ဤသည် ပရမတ်ဘုရားရှင် အတွက် လွယ်ကူလှချေ။
၁၂။	**وَمَا يَسْتَوِي الْبَحْرَانِ هَذَا عَذْبٌ فُرَاتٌ سَائِغٌ شَرَابُهُ وَهَذَا مِلْحٌ أُجَاجٌ وَمِن كُلٍّ تَأْكُلُونَ لَحْمًا طَرِيًّا وَتَسْتَخْرِجُونَ حِلْيَةً تَلْبَسُونَهَا وَتَرَى الْفُلْكَ فِيهِ مَوَاخِرَ لِتَبْتَغُوا مِن فَضْلِهِ وَلَعَلَّكُمْ تَشْكُرُونَ۞**
	သမုဒ္ဒရာ နှစ်ခုသည် မတူညီကြချေ။ ဤသည် ခံစားရချိုမြိန် သောက်သုံးရ ခံတွင်းတွေ့၏။ ဤသည် ဆားခါတ် ငံတူးနေ၏။ ငင်းကိုယ်စီမှ သင်တို့ စားသုံးဘို့ရာ လတ်ဆတ်သော အသား၊ ဆင်ယင်ဘို့ရာ လက်ဝတ် တန်ဆာတို့ကို ထွက်စေ၏။ အရှင်၏ သိက္ခာပေးမှုကို ရှာဖွေရန် ထိုဌ် ရှုပ်တိုက်သွားလာသော သင်္ဘောများကို သင်တို့ မြင်စေနိုင်၏။ သင်တို့ ကျေးဇူးသိတတ်အံ့ငှာလည်း ဖြစ်၏။
၁၃။	**يُولِجُ اللَّيْلَ فِي النَّهَارِ وَيُولِجُ النَّهَارَ فِي اللَّيْلِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَجْرِي لِأَجَلٍ مُّسَمًّى ذَلِكُمُ اللَّهُ رَبُّكُمْ لَهُ الْمُلْكُ وَالَّذِينَ تَدْعُونَ مِن دُونِهِ مَا يَمْلِكُونَ مِن قِطْمِيرٍ۞**
	အရှင်သည် ညကို နေ့ထဲသို့ တိုးဝင်စေ၏၊ နေ့ကို ညထဲသို့ တိုးဝင်စေ၏။ နေနှင့်လအား ကိုယ်စီ သတ်မှတ်ကာလ အချိန်အတိုင်း စီးမျောလျက် အသုံးခံ ဖြစ်စေ၏။ ဤသည် သင်တို့ ကံကြမ္မရှင် ပရမတ်ဘုရားရှင်ပင်၊ ဩဇာအာဏာ အပေါင်းသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင် မှလွဲ၍ ဆုတောင်းခံသောသူတို့သည် အမြွေးဖတ်ကိုပင် အစိုးရသည် မဟုတ်ချေ။
၁၄။	**إِن تَدْعُوهُمْ لَا يَسْمَعُوا دُعَاءكُمْ وَلَوْ سَمِعُوا مَا اسْتَجَابُوا لَكُمْ وَيَوْمَ الْقِيَامَةِ يَكْفُرُونَ بِشِرْكِكُمْ وَلَا يُنَبِّئُكَ مِثْلُ خَبِيرٍ۞**
	ငင်းတို့ထံ ဆုတောင်းကြလျှင် သင်တို့၏ ဆုတောင်းခြင်းကို ငင်းတို့ မကြားနာနိုင်ချေ။ အကယ်၍ ကြားခဲ့သည့်တိုင် သင်တို့အား မတုန့်ပြန်နိုင်ကြချေ။ ရပ်တည်ရမည့် နေ့ကာလ၌ သင်တို့၏ ရောပြွန်းကိုးကွယ်မှုကို သူတို့က ဗုံးကွယ် ထားလတ္တံ့၊ သတင်းကုန်စင်သိနေသော အရှင်ကဲ့သို့ သင်တို့အား သတင်းထုတ်ပြန်နိုင်သည် မဟုတ်ချေ။
၁၅။	**يَا أَيُّهَا النَّاسُ أَنتُمُ الْفُقَرَاء إِلَى اللَّهِ وَاللَّهُ هُوَ الْغَنِيُّ الْحَمِيدُ۞**
	အို– လူသားတို့၊ သင်တို့သည် ပရမတ်ဘုရားရှင်အား တည်မှီနေရသူများ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံတော်မူ၏။ ရည်သန်စူးစိုက်မှုတည်ရာ ဖြစ်၏။
၁၆။	**إِن يَشَأْ يُذْهِبْكُمْ وَيَأْتِ بِخَلْقٍ جَدِيدٍ۞**
	အကယ်၍ စံချိန်ပြည့်မှီလျှင် အရှင်သည် သင်တို့အား ရုပ်သိမ်းလျက် မျိုးဆက်သစ်ကို ဖြစ်တည် ယူဆောင်လာလတ္တံ့။
၁၇။	**وَمَا ذَلِكَ عَلَى اللَّهِ بِعَزِيزٍ۞**
	ဤအတွက် ပရမတ်ဘုရားရှင်၏ ဘုန်းတော် မဲ့မသွားချေ။
၁၈။ ☆ ၂း၃	**وَلَا تَزِرُ وَازِرَةٌ وِزْرَ أُخْرَى وَإِن تَدْعُ مُثْقَلَةٌ إِلَى حِمْلِهَا لَا يُحْمَلْ مِنْهُ شَيْءٌ وَلَوْ كَانَ ذَا قُرْبَى إِنَّمَا تُنذِرُ الَّذِينَ يَخْشَوْنَ رَبَّهُم بِالْغَيْبِ وَأَقَامُوا الصَّلَاةَ وَمَن تَزَكَّى فَإِنَّمَا يَتَزَكَّى لِنَفْسِهِ وَإِلَى اللَّهِ الْمَصِيرُ۞**
	မိမိအတွက် ဝန်ထမ်းနေရသူသည် အခြားသူ၏ ဝန်အား မထမ်းပေးနိုင်ချေ။ မိမိ၏ ဝန်ထုပ်အား သယ်ပိုးပေးရန် နိုးစပ်သူထံ အော်တောင်းသော်လည်း တစ်စုံတစ်ရာ သယ်ပိုးပေးနိုင်မည် မဟုတ်ချေ။ မိမိတို့၏ ကံကြမ္မာရှင်အား မျက်ကွယ်ရာ၌ ကြောက်ရွံ့ရိုကျိုး ဝတ်ပြု☆ မြဲသော သူများကိုသာ သင် သတိပေးနိုင်၏။ သန့်ရှင်းဖြူစင်သူသည် သူ၏ စိတ်စရိုက်အတွက် သန့်ရှင်းဖြူစင်သည် မည်၏။ ခရီးဆုံး ပန်းတိုင်သည် ပရမတ်ဘုရားရှင်၏ ထံသို့သာ ဖြစ်၏။
၁၉။	**وَمَا يَسْتَوِي الْأَعْمَى وَالْبَصِيرُ۞**

	ကန်းနေသူနှင့် မြင်နိုင်သူသည် မတူညီကြချေ။
၂၀။	**وَلَا الظُّلُمَاتُ وَلَا النُّورُ ۞** အမှောင်သည် အလင်းမဟုတ်။
၂၁။	**وَلَا الظِّلُّ وَلَا الْحَرُورُ ۞** အေးရိပ်သည် အပူလဟာပြင်မဟုတ်။
၂၂။	**وَمَا يَسْتَوِي الْأَحْيَاء وَلَا الْأَمْوَاتُ إِنَّ اللَّهَ يُسْمِعُ مَن يَشَاء وَمَا أَنتَ بِمُسْمِعٍ مَّن فِي الْقُبُورِ ۞** နှစ်ဖွန့် အနှစ်ဖွသည် မတူညီချေ၊ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မှီသူအား ကြားနိုင်စွမ်းရှိစေ၏။ သင်သည် သချိုင်းထဲမှ သူအား ကြားနာစေနိုင်သည် မဟုတ်ချေ။
၂၃။	**إِنْ أَنتَ إِلَّا نَذِيرٌ ۞** သင်သည် သတိပေးသူမျှသာ ဖြစ်၏။
၂၄။	**إِنَّا أَرْسَلْنَاكَ بِالْحَقِّ بَشِيرًا وَنَذِيرًا وَإِن مِّنْ أُمَّةٍ إِلَّا خلَا فِيهَا نَذِيرٌ ۞** ဇကန်ပင် သင့်အား ပရမတ္ထသစ္စာ အားဖြင့် သတင်းကောင်းဆောင်သူ၊ သတိပေးသူ အဖြစ် စေစားခြင်း ဖြစ်၏။ သတိပေးသူ မရှိခဲ့သော အသိုင်းအဝိုင်းဟူ၍ အတိတ်၌ မရှိခဲ့ချေ။
၂၅။	**وَإِن يُكَذِّبُوكَ فَقَدْ كَذَّبَ الَّذِينَ مِن قَبْلِهِمْ جَاءتْهُمْ رُسُلُهُم بِالْبَيِّنَاتِ وَبِالزُّبُرِ وَبِالْكِتَابِ الْمُنِيرِ ۞** သင့်အား ငြင်းဆန်ကြလျှင်၊ သူတို့၏ ရှေ့အလျင် ဖြစ်သူတို့ထံသို့ ရှင်းလင်းချက်များ၊ ကျမ်းငယ်များ၊ တရားရောင်ဝါရှိသော ကျမ်းတော်များဖြင့် ရောက်လာခဲ့သော ဉာဏ်စဉ်ဆောင်များကိုလည်း သူတို့ မုချ ငြင်းဆန်ခဲ့ကြပြီ။
၂၆။	**ثُمَّ أَخَذْتُ الَّذِينَ كَفَرُوا فَكَيْفَ كَانَ نَكِيرِ ۞** ထို့နောက် ဖုံးကွယ်သော သူများကို အရေးယူလိုက်ပြီ။ မကြံဉာဏ်သည့်ပြစ်ဒဏ်သည် မည်သို့ ရှိလေသနည်း။
၂၇။	**أَلَمْ تَرَ أَنَّ اللَّهَ أَنزَلَ مِنَ السَّمَاء مَاء فَأَخْرَجْنَا بِهِ ثَمَرَاتٍ مُّخْتَلِفًا أَلْوَانُهَا وَمِنَ الْجِبَالِ جُدَدٌ بِيضٌ وَحُمْرٌ مُّخْتَلِفٌ أَلْوَانُهَا وَغَرَابِيبُ سُودٌ ۞** ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကောင်းကင်မှ ရေကို ချပေးတော်မူ၍၊ ၎င်းဖြင့် ကွဲပြားသော သီးနှံများကို ပေါက်ရောက်စေကြောင်း သင် မမြင်မိသလော။ တောင်များ၌ အဖြူရောင်များ မြည်းအရောင်များ စင်းကြောင်းသစ်များ ကွဲပြားလျက်၊ မဲမှောင် နက်ကြုတ်ခြင်းလည်း ရှိ၏။[၈၅]
၂၈။	**وَمِنَ النَّاسِ وَالدَّوَابِّ وَالْأَنْعَامِ مُخْتَلِفٌ أَلْوَانُهُ كَذَلِكَ إِنَّمَا يَخْشَى اللَّهَ مِنْ عِبَادِهِ الْعُلَمَاء إِنَّ اللَّهَ عَزِيزٌ غَفُورٌ ۞** လူသား၊ သတ္တဝါနှင့် ကပ္ပိယ တိရိစ္ဆာန် တို့တွင်လည်း အရောင်များ အမျိုးမျိုး ကွဲပြားလျက် ရှိ၏။ အရှင့် အမှုတော်ဆောင်များမှ ပညာအလင်းရသူတို့က ပရမတ်ဘုရားရှင်အား ရိုးကျိုးကြောက်ရွံ့တတ်အံ့ဝှာ ဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် လွတ်ငြိမ်းစေသော အရှင်ဖြစ်၏။
၂၉။ ☆ ၂း၃	**إِنَّ الَّذِينَ يَتْلُونَ كِتَابَ اللَّهِ وَأَقَامُوا الصَّلَاةَ وَأَنفَقُوا مِمَّا رَزَقْنَاهُمْ سِرًّا وَعَلَانِيَةً يَرْجُونَ تِجَارَةً لَّن تَبُورَ ۞**

(၈၅) ဤသုတ်တော်က တောင်တန်းကြီးများတွင် ငွေ၊ ဘော်၊ ပလက်တီနမ် စသော ဒြပ်သတ္တု အဖြူများ၊ ရွှေ၊ ကြေး ကျောက်သံပတ္တမြား အနီများ၊ ကျောက်မီးသွေး မဟူရာ စသည့် တွင်းထွက်ပစ္စည်းများ ရှိကြောင်း ဘူမိဗေဒ ပညာရပ်ကို စူးစမ်းရန် ရည်ညွှန်းသွန်သင်ပေသည်။

	ဇကန်ပင် ပရမတ်ဘုရားရှင်၏ ကျမ်းတော်ကို ရွတ်ဖတ်သော၊ ဝတ်ပြု မြဲကြသော၊ ငါအရှင် ရိက္ခာထောက်ရာမှ လက်တွင်းကြိတ်၍ဖြစ်စေ လူသိရှင်ကြားဖြစ်စေ ပေးကမ်းသုံးစွဲကြသော– ပျက်စီးကြေမွခြင်း မရှိသည့် ရောင်းဝယ်မှုကို မျှော်ကိုးသော သူတို့အား–
၃၀။	**لِيُوَفِّيَهُمْ أُجُورَهُمْ وَيَزِيدَهُم مِّن فَضْلِهِ إِنَّهُ غَفُورٌ شَكُورٌ ۞** အရှင်သည် သူတို့၏ ဆုလဒ်များကို ပြီးပြည့်စေတော်မူရန်၊ အရှင့်၏ သိက္ခာပေးမှုမှ တိုးပွားစေရန် ဖြစ်၏။ ဇကန်ပင် အရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ ကျေးဇူးတော်ရှင် ဖြစ်၏။
၃၁။	**وَالَّذِي أَوْحَيْنَا إِلَيْكَ مِنَ الْكِتَابِ هُوَ الْحَقُّ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ إِنَّ اللَّهَ بِعِبَادِهِ لَخَبِيرٌ بَصِيرٌ ۞** ကျမ်းတော်မှ သင့်အား ငါအရှင် အာရုံစူးစိုက်ဖြစ်ပေးရာသည် လက်ရှိ–ရှေ့မှောက်များကို ဖြောင့်မှန်စေသည့် ပရမတ္ထသစ္စာ ဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် အရှင်၏ အမှုတော်ဆောင်များကို သတင်းရနေသော၊ မြင်နေသော အရှင် ဖြစ်၏။
၃၂။ လက်ဦးထားသူ	**ثُمَّ أَوْرَثْنَا الْكِتَابَ الَّذِينَ اصْطَفَيْنَا مِنْ عِبَادِنَا فَمِنْهُمْ ظَالِمٌ لِّنَفْسِهِ وَمِنْهُم مُّقْتَصِدٌ وَمِنْهُمْ سَابِقٌ بِالْخَيْرَاتِ بِإِذْنِ اللَّهِ ذَلِكَ هُوَ الْفَضْلُ الْكَبِيرُ ۞** ဤကျမ်းတော်အား ငါ၏ အမှုတော်ဆောင်များမှ ရွေးချယ်သောသူကို ငါ အမွေပေးတော်မူ၏။ သူတို့မှ မိမိစရိုက်ကို အဝိဇ္ဇာသင့်စေသူ၊ သူတို့မှ အလယ်အလတ်ကျသူ၊ သူတို့မှ ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် ကောင်းမှုဆောင်လျက် **ခေတ်ရှေ့ရောက်သူ**တို့ ရှိ၏။ ဤသည် ကြီးကျယ်သော သိက္ခာပေးမှုပေတည်း။[၈၅]
၃၃။	**جَنَّاتُ عَدْنٍ يَدْخُلُونَهَا يُحَلَّوْنَ فِيهَا مِنْ أَسَاوِرَ مِن ذَهَبٍ وَلُؤْلُؤًا وَلِبَاسُهُمْ فِيهَا حَرِيرٌ ۞** ထာဝရ ဥယျာဉ်ဘုံများ၊ ထိုသို့ ဝင်ရောက်စုံမြန်းရမည်ပင်၊ သူတို့အား ရွှေ စလွယ်၊ ပုလဲတို့ဖြင့် ဆင်မြန်းပေးမည်၊ ထို၌ သူတို့၏ ဆင်ယင်စရာမှာ ပိုးဖဲကတ္တီပါတို့ဖြစ်၏။
၃၄။	**وَقَالُوا الْحَمْدُ لِلَّهِ الَّذِي أَذْهَبَ عَنَّا الْحَزَنَ إِنَّ رَبَّنَا لَغَفُورٌ شَكُورٌ ۞** သူတို့ ရင့်ကျူးကြသည်မှာ ‘‘တပည့်တော်တို့ထံမှ သောကများအား ရုပ်သိမ်းပေးတော်မူသော ပရမတ်ဘုရားရှင်သည် ရည်သန်စူးစိုက်မှုတည်ရာ အရှင် ဖြစ်ပါ၏။ ဇကန်ပင် ကံကြမ္မာရှင်သည် လွတ်ငြိမ်းစေသော အရှင် ကျေးဇူးရှင် ဖြစ်ပါ၏၊
၃၅။	**الَّذِي أَحَلَّنَا دَارَ الْمُقَامَةِ مِن فَضْلِهِ لَا يَمَسُّنَا فِيهَا نَصَبٌ وَلَا يَمَسُّنَا فِيهَا لُغُوبٌ ۞** အရှင်သည် အရှင်၏ သိက္ခာပေးမှုဖြင့် မြဲမြံသည့် ဗိမာန်ကို တပည့်တော်တို့အား တရားဝင်ပြုပေး၏။ ထို၌ တပည့်တော်တို့အား ဘေးသင့်ခြင်း ပင်ပန်းဆင်းရဲမှု သင့်ခြင်း မရှိပေ။
၃၆။	**وَالَّذِينَ كَفَرُوا لَهُمْ نَارُ جَهَنَّمَ لَا يُقْضَى عَلَيْهِمْ فَيَمُوتُوا وَلَا يُخَفَّفُ عَنْهُم مِّنْ عَذَابِهَا كَذَلِكَ نَجْزِي كُلَّ كَفُورٍ ۞** ဖုံးကွယ်သော သူတို့ အတွက်မူ၊ ငရဲဘုံ အပူမီးသည် ရှိလတ္တံ့၊ သူတို့အား ဆုံးဖြတ်ချက်ချခြင်း၊ သေဆုံးစေခြင်း၊ ဝဋ်ကြွေးမှ ပျော့ပါးစေခြင်း မရှိချေ၊ ဤသည် ဖုံးကွယ်သူ ကိုယ်စီအား အစားပေးခြင်းပင် ဖြစ်၏။

(၈၅) ဤသုတ်တော်က ကျမ်းမြတ်ကုရ်အာန်အား အမွေဆက်ခံစေမည့် သူများကို ပြောဆိုထားပေသည်။ အမွေဆက်ခံရမည့် လူများမှာ သုံးမျိုးသုံးစား ဖြစ်၍၊ အချို့သည် ကျမ်းတော်ကို ဖတ်၊ နာ၊ လိုက်လံ ဆောင်ရွက်နေပါလျက်– အတိတ်မှ အမိုက်ကောင်များကဲ့သို့ ဆရာသခင် ကိုးကွယ်သည့် ဝါဒသို့ ပြန်သွားသော အဝိဇ္ဇာသင့်ရသည့်သူများ၊ အချို့မှာ အလယ်အလတ်လမ်းစဉ်ကို လိုက်သော သူများနှင့် အချို့မှာ ကျမ်းတော်မှ ချမှတ်ထားသော လောကီနိယာမကို မြင်လျက် ခေတ်ရှေ့သို့ ရောက်နေသူများ ဖြစ်ပေသည်။ ကျွန်ုပ်တို့အနေဖြင့် ကျမ်းတော်အား အမွေရရှိထားပါလျက် အလွန် ခေတ်နောက်ကျသော အဝိဇ္ဇာသင့်ရသည့် လူမျိုးများမှ မဖြစ်သင့်တော့ပေ။–

၃၇။	**وَهُمْ يَصْطَرِخُونَ فِيهَا رَبَّنَا أَخْرِجْنَا نَعْمَلْ صَالِحًا غَيْرَ الَّذِي كُنَّا نَعْمَلُ أَوَلَمْ نُعَمِّرْكُم مَّا يَتَذَكَّرُ فِيهِ مَن تَذَكَّرَ وَجَاءكُمُ النَّذِيرُ فَذُوقُوا فَمَا لِلظَّالِمِينَ مِن نَّصِيرٍ۝** သူတို့က "အို– ကံကြမ္မာရှင် တပည့်တော်တို့အား ကယ်ထုတ်ပေးတော်မူပါ။ တပည့်တော်တို့သည် ရှိနေသည့် အကျင့်များကို ပယ်၍ ပြုပြင်ပြောင်းလဲခြင်းကို ကျင့်ကြံပါမည်၊"ဟု အသနားခံကြလတ္တံ့။ ငါသည် သင်တို့အား ဆင်ခြင်သတိ ရှိလိုသူများ ဆင်ခြင်သတိရလောက်သည့် ဘဝသံသရာကို ပေးခဲ့သည် မဟုတ်လော၊ သင်တို့ထံသို့ သတိပေးသူ ရောက်မလာလေသလော၊ သို့ဖြစ်၍ ကူညီသူမရှိသူများမှ အမိုက်ကောင်များအား မြည်းစမ်းကြကုန်လော့။
၃၈။	**إِنَّ اللَّهَ عَالِمُ غَيْبِ السَّمَاوَاتِ وَالْأَرْضِ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ۝** ဇကန်ပင် ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေ၏ စကျွတ်လွန်များကို သိနေသော အရှင် ဖြစ်၏၊ အရှင်သည် သင်တို့၏ ရင်တွင်း ခံစားချက်များ အားဖြင့် သိနေတော်မူ၏။
၃၉။	**هُوَ الَّذِي جَعَلَكُمْ خَلَائِفَ فِي الْأَرْضِ فَمَن كَفَرَ فَعَلَيْهِ كُفْرُهُ وَلَا يَزِيدُ الْكَافِرِينَ كُفْرُهُمْ عِندَ رَبِّهِمْ إِلَّا مَقْتًا وَلَا يَزِيدُ الْكَافِرِينَ كُفْرُهُمْ إِلَّا خَسَارًا۝** ထို အရှင်သည် သင်တို့အား မြေကမ္ဘာ၏ ကိုယ်စားလှယ်များ အဖြစ် စီစဉ်ပေးတော်မူ၏။ သို့ဖြစ်၍ ဖုံးကွယ်သူသည် သူ့ကိုယ်သူ ဖုံးကွယ်သည် မည်၏။ ဖုံးကွယ်သူတို့၏ ဖုံးကွယ်ခြင်းများသည် ကံကြမ္မာရှင်၏ ထံပါး၌ ရွံမုန်းဘွယ်မှအပ တိုးပွားစေသည် မဟုတ်၊ ဖုံးကွယ်သူတို့၏ ဖုံးကွယ်ခြင်းများသည် ဆုံးရှုံးရမှုကိုသာ တိုးစေ၏။
၄၀။ ကျမ်းတော်	**قُلْ أَرَأَيْتُمْ شُرَكَاءكُمُ الَّذِينَ تَدْعُونَ مِن دُونِ اللَّهِ أَرُونِي مَاذَا خَلَقُوا مِنَ الْأَرْضِ أَمْ لَهُمْ شِرْكٌ فِي السَّمَاوَاتِ أَمْ آتَيْنَاهُمْ كِتَابًا فَهُمْ عَلَى بَيِّنَةٍ مِّنْهُ بَلْ إِن يَعِدُ الظَّالِمُونَ بَعْضُهُم بَعْضًا إِلَّا غُرُورًا۝** ဟောလော့ "ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့ ရောပြွန်းကိုးကွယ်နေသည့် ဆုတောင်းခံသောသူများကို ရှုကြကုန်လော့၊ မြေကမ္ဘာ၌ သူတို့က ဖြစ်တည်ပေးရာကို ကျွန်ုပ်အား ပြလော့၊ သို့တည်းမဟုတ် မိုးကောင်းကင်၌ သူတို့တွင် ဖက်စပ်သူ ရှိသလော။" သို့တည်းမဟုတ် ငါသည် သူတို့အား ကျမ်းတော်ကို ပေးအပ်၍ ရှင်းလင်းချက်များ **ၾ**အပေါ်၌ ရှိစေသည် မဟုတ်လော၊ အမှန်မှာ အမိုက်ကောင်များ၊ သူတို့မှအချို့က အချို့ကို ထားသော ကတိသည် မြှုဆွယ်ခြင်းသာ ဖြစ်၏။
၄၁။	**إِنَّ اللَّهَ يُمْسِكُ السَّمَاوَاتِ وَالْأَرْضَ أَن تَزُولَا وَلَئِن زَالَتَا إِنْ أَمْسَكَهُمَا مِنْ أَحَدٍ مِّن بَعْدِهِ إِنَّهُ كَانَ حَلِيمًا غَفُورًا۝** ဇကန်ပင် ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကမ္ဘာအား ရွေ့လျောမသွားရန် ထိန်းထားတော်မူ၏။ အကယ်၍ ၎င်းတို့ ရွေ့လျောသွားခဲ့ပါမူ၊ အရှင်၏နောက် ထိန်းထားပေးနိုင်သူ တစ်စုံတစ်ယောက်မျှ မရှိချေ။ အရှင်သည် နူးညံ့သိမ်မွေ့၏၊ လွှတ်ငြိမ်းစေသော အရှင် ဖြစ်တော်မူ၏။[၈၅]
၄၂။	**وَأَقْسَمُوا بِاللَّهِ جَهْدَ أَيْمَانِهِمْ لَئِن جَاءهُمْ نَذِيرٌ لَّيَكُونُنَّ أَهْدَى مِنْ إِحْدَى الْأُمَمِ فَلَمَّا جَاءهُمْ نَذِيرٌ مَّا زَادَهُمْ إِلَّا نُفُورًا۝** သူတို့ထံသို့ သတိပေးသူ ရောက်လာလျှင်၊ သူတို့သည် အခြားသော မည်သည့် အသိုင်းအဝိုင်း တစ်ခုထက်မဆို ပိုမို လမ်းညွှန်ခံရသူများ ဖြစ်ကြမည်ဟု ပရမတ်ဘုရားရှင်အား အင်တိုက်အားတိုက် အားသန်စွာ တိုင်တည်၏။ သို့သော် သူတို့ထံသို့ သတိပေးသူ ရောက်လာစဉ် သူတို့၌ စစ်သွေးကြွစိတ် တိုးပွားလေတော့၏။[၈၆]

(၈၅) လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်ကပင် မိုးများ (အာကာသ)များနှင့် မြေကမ္ဘာများသည် အချင်းချင်း ထိန်းညှိထားကြောင်းကို ကျမ်းတော်က ရှင်းလင်းစွာ ပြောဆိုထားပေသည်– ဤအချက်သည်ပင် ဖန်ဆင်းရှင် (အလ္လာဟ်) ရှိကြောင်း ကြီးမားသော သက်သေတစ်ရပ် ဖြစ်တော့သည်။

၄၃။	**اسْتِكْبَارًا فِي الْأَرْضِ وَمَكْرَ السَّيِّئِ وَلَا يَحِيقُ الْمَكْرُ السَّيِّئُ إِلَّا بِأَهْلِهِ فَهَلْ يَنظُرُونَ إِلَّا سُنَّتَ الْأَوَّلِينَ فَلَن تَجِدَ لِسُنَّتِ اللَّهِ تَبْدِيلًا وَلَن تَجِدَ لِسُنَّتِ اللَّهِ تَحْوِيلًا۝** မြေကမ္ဘာ၌ မာန်မာနတက်နေကြလျက် အကုသိုလ်မှုကိုသာ ကြံစည်ကြ၏။ အကုသိုလ် ကြံစည်မှုသည် သူ့ဝိုင်းသားများကိုသာ ပိတ်ဖုံးစေ၏။ ရှေးသူဟောင်းတို့၏ နည်းနာကိုသာ ကြည့်နေကြသည် မဟုတ်လော။ ပရမတ်ဘုရားရှင်၏ နည်းနာတွင် အလွဲအပြောင်းဟူ၍ သင်တွေ့ရမည် မဟုတ်။ ပရမတ်ဘုရားရှင်၏ နည်းနာသည် စည်းဘောင်ပျက်သည်ဟုလည်း သင်တွေ့ရမည် မဟုတ်ချေ။[၈၆၀]
၄၄။	**أَوَلَمْ يَسِيرُوا فِي الْأَرْضِ فَيَنظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ مِن قَبْلِهِمْ وَكَانُوا أَشَدَّ مِنْهُمْ قُوَّةً وَمَا كَانَ اللَّهُ لِيُعْجِزَهُ مِن شَيْءٍ فِي السَّمَاوَاتِ وَلَا فِي الْأَرْضِ إِنَّهُ كَانَ عَلِيمًا قَدِيرًا۝** သူတို့၏ ရှေ့အလျင် ဖြစ်သူတို့၏ နိဂုံး မည်သို့ ချုပ်ရသည်ကို ကြည့်ရန် မြေကမ္ဘာ၌ မသွားလာကြသလော၊ ၎င်းတို့သည် သူတို့ထက် ပိုမိုသန်မာသော အစွမ်းများ ရှိခဲ့၏။ မိုးများနှင့် မြေကမ္ဘာ၌ ပရမတ်ဘုရားရှင်အား ချိနဲ့စေရန် ပြုနိုင်သော အရာ မရှိချေ။ အရှင်သည် သိနေသော အရှင်– စည်းချိန်ချမှတ်သော အရှင် ဖြစ်တော်မူ၏။

---

(၈၅၉) ရှေးမှ ပွင့်ခဲ့သော ဉာဏ်စဉ်တော်ဆောင် စဉ်ဆက်က သူတို့၏ လက်ရင်းသာဝကကြီးများအား နောက်ဆုံးတစ်ပါး ပွင့်ပေါ်ဦးမည်ဟု ဟောခဲ့စဉ်က၊ သူတို့အနေဖြင့် ထိုနောက်ဆုံးတစ်ပါးကို ဖူးမျှော်နာခံရန် အာသိသ တမ်းတမ်းတတ ရှိကြ၏။ သို့သော် အမှန်တကယ် နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ပွင့်ပေါ်လာသောအခါ (၃၃း၄၀) သူတို့သည် မလိုမုန်းထား ပွားကြလေတော့၏။ အောက်ခြေရှင်းချက် ၈၆၀ တွင် ဆက်ကြည့်ပါ။

(၈၆၀) လက်ရှိ ကမ္ဘာပေါ်တွင် ရှိနေသော ရှေးသာသနာတို့မှ ဉာဏ်စဉ်တော်ဆောင်များသည် သူတို့ကိုယ်သူတို့ ပထမဦးဆုံး ပွင့်ပေါ်သော သူများဖြစ်သည်ဟု မပြောခဲ့ချေ။ သူတို့ရှေ့မှ ရှေးဦး ဉာဏ်စဉ်တော်ဆောင်များ ပွင့်ခဲ့ကြပြီဟု ဝန်ခံ ပြောဆိုကြသည်ချည်း ဖြစ်၏။ သို့သော် သူတို့ ပွင့်ပေါ်စဉ် ကာလတွင်လည်း နဂိုမိရိုးဖလာ၌ ကြီးစိုးနေသော သူများမှ အားလုံးက သူတို့အား လက်ခံခဲ့ကြသည် မဟုတ်ချေ။ အလားတူပင်– သူတို့ ညွှန်းခဲ့သော နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ကိုယ်တော်မုဟမ္မဒ် ပွင့်ပေါ်လာသည့် အခါတွင်လည်း ထိုသာသနာဟောင်းမှ လူသားတို့သည် ရှေးမှ ရှေးဟောင်း လူသားတို့၏ နည်းနာအတိုင်းပင် နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင်အား ငြင်းဆန်ကြလေပြီ။ သို့သော် ပရမတ်ဘုရားရှင်၏ ကတိတော်မှာကား မည်သူသည် လက်ခံသည် ဖြစ်စေ။ လက်မခံသည် ဖြစ်စေ ပြောင်းလဲခြင်း မရှိချေ။ အရှင်၏ ဉာဏ်စဉ်တော်ဆောင်များမှ တဆင့် ကတိတော်ပေးခဲ့သည့် အတိုင်း နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင်အား ပွင့်ပေါ်စေသည်ပင်။

အစွလာမ်သာသနာအား ဆန့်ကျင့်ဝါဒဖြန့်သူများ၏ လက်ချက်များတွင် မိုင်းမိခံရသော လူသားများက အစွလာမ်ဘာဟု ကြားလိုက်သည်နှင့် စစ်သွေးကြွများဟု မြင်ယောင်မုန်းတီးစေရန် ဝါဒဖြန့်ထားကြပေသည်။ အမှန်သော သေချာစေ့စွာ မိမိကိုယ်မိမိ ပြန်သုံးသပ်စေလိုသည်မှာ အစွလာမ် ဘာသာဝင်ဟု ကြားလိုက်သည်နှင့် မဆင်မခြင်ဘဲလျက် မုန်းတီးစိတ် အထင်လွဲစိတ် ဝင်သွားခြင်းမှာ– ထို တစ်ဘက်သပ် အထဲလွဲသူများသည်သာ– တစ်ဘက်သား အပေါ်၌ စစ်သွေးကြွစိတ် ဝင်နေခြင်းသာ ဖြစ်သည်။ ဤအချက်ကို ဤခမ္မခန္ဓာ၏ သုတ်တော် ၄၂ တွင်– သူတို့ထံသို့ စေတနာကောင်းဖြင့် သတိပေးသူ ပြောဆိုဆုံးမ သွန်သင်သူ ရောက်လာလျှင် ထိုသူတို့သည် စစ်သွေးကြွစိတ် တိုးပွားနေတော့၏ ဟု ရှင်းရှင်းလင်းလင်း သတိပေါ်ပေးထားပေသည်။ မည်သူ မဆို မိမိသည် အခြား သူတစ်ပါး အပေါ်၌ မတော်မလျှော် မုန်းတီးစိတ် ဝင်မိနေပြီလောဟု မိမိကိုယ်မိမိ ပြန်လည်သုံးသပ်ရန် လိုပေသည်။

၄၅။	**وَلَوْ يُؤَاخِذُ اللَّهُ النَّاسَ بِمَا كَسَبُوا مَا تَرَكَ عَلَى ظَهْرِهَا مِن دَابَّةٍ وَلَكِن يُؤَخِّرُهُمْ إِلَى أَجَلٍ مُّسَمًّى فَإِذَا جَاء أَجَلُهُمْ فَإِنَّ اللَّهَ كَانَ بِعِبَادِهِ بَصِيرًا۝** အကယ်၍ ပရမတ်ဘုရားရှင်က လူသားတို့အား သူတို့၏ ကျင့်ဆောင်မှုများကြောင့် အရေးယူခဲ့လျှင်၊ အရှင်၏ ချန်ထားခဲ့ခြင်း နောက်ကျော၌ မည်သည့် သတ္တဝါမှ မရှိတော့ချေ။ သို့သော် အရှင်သည် သူတို့အား ရောက်လာမည့် သတ်မှတ်ကာလ အချိန်ထိ သူတို့၏ သတ်မှတ်ကာလကို နောက်ဆုတ်ပေးထားတော်မူ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် အရှင်၏ အမှုတော်ဆောင်များအား မြင်နေသော အရှင် ဖြစ်တော်မူ၏။

မဓုရန္ဓာ (၃၆) "အို လူသား" (ယာဆင်)

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၄၁။ သုတ်ဒေသနာ– ၈၃ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။	**يس** ۞ ယာ ဆင်[၈၆၀]
၂။	**وَالْقُرْآنِ الْحَكِيمِ** ۞ ဓမ္မသတ်စင်စစ်ဖြစ်သော ကုရ်အာန်အားဖြင့်–
၃။	**إِنَّكَ لَمِنَ الْمُرْسَلِينَ** ۞ ဇကန်ပင် အသင်သည် ဉာဏ်စဉ်ဆောင်တို့ အနက်မှ ဖြစ်၍–
၄။	**عَلَى صِرَاطٍ مُّسْتَقِيمٍ** ۞ မြဲမြံတည်တံ့သော လမ်းစဉ်တော်၌ ရှိ၏။
၅။	**تَنزِيلَ الْعَزِيزِ الرَّحِيمِ** ۞ ဤ–ချမှတ်ချက်သည် ဘုန်းတော်ရှင် အကြင်နာရှင်၏ ထံမှ ဖြစ်၍–
၆။	**لِتُنذِرَ قَوْمًا مَّا أُنذِرَ آبَاؤُهُمْ فَهُمْ غَافِلُونَ** ۞ ဘဘိုးစဉ်ဆက် သတိပေးခြင်း မခံရ၊ မေ့လျော့နေသော လူမျိုးအား သတိပေးရန် ဖြစ်၏။
၇။	**لَقَدْ حَقَّ الْقَوْلُ عَلَى أَكْثَرِهِمْ فَهُمْ لَا يُؤْمِنُونَ** ۞ ဤတရားတော်သည် ယုံကြည်ခြင်း မရှိခဲ့သော အများစု အပေါ်၌ အမှန်တရား ဖြစ်၏။
၈။	**إِنَّا جَعَلْنَا فِي أَعْنَاقِهِمْ أَغْلَالاً فَهِيَ إِلَى الأَذْقَانِ فَهُم مُّقْمَحُونَ** ۞ ငါအရှင်သည် သူတို့၏ ဂုတ်ပိုးမှ ချုပ်ကိုင်၍ သူတို့အား မေးစေ့မော့ ခေါင်းလှန်လျက် စီစဉ်ထား၏။[၈၆၂]
၉။	**وَجَعَلْنَا مِن بَيْنِ أَيْدِيهِمْ سَدًّا وَمِنْ خَلْفِهِمْ سَدًّا فَأَغْشَيْنَاهُمْ فَهُمْ لاَ يُبْصِرُونَ** ۞ ထို့ပြင် သူတို့ လက်ရှိ–ရှေ့မှောက်မှ တံတိုင်းဖြင့်၊ သူတို့၏နောက်မှ တံတိုင်းဖြင့် စီစဉ်ထား၏၊ သို့ဖြင့် သူတို့အား လွှမ်းခြုံထား၏ ထို့ကြောင့် သူတို့သည် အမြင် မရှိကြချေ။[၈၆၃]

---

(၈၆၀) အာရ်ဗီဝေါဟာရ အတိုကောက် **يس ယာဆင်** မှာ اُنْسَانْ يَا الْإِ **ယား– အင်ဆန်း** အို–လူသား ဟု အနက်ဖြစ်ပေသည်။ **အင်ဆန်း** ဆိုသည်မှာ ပြည့်စုံသော လူသား (မနုဿ) ဟု ဖြစ်၍ ကိုယ်တော်မုဟမ္မဒ်ကို ရည်ညွှန်းပေသည်၊ (အိဗန် အဗားစ်)။

(၈၆၂) ဤသည် သစ္စာတရားတော်အား ဟောပြောသောအခါ မနာယူ ခေါင်းမော့မော်ကြွားနေသော သူများကို ပမာဆောင်ခြင်း ဖြစ်ပေသည်။

(၈၆၃) သူတို့၏ ကျောထောက်နောက်ခံမျိုးရိုးသည်လည်း သူတို့အား သစ္စာတရားမှ ကာဆီးထားခဲ့သည်၊ သူတို့ရှေ့မှ ရပ်တည်သော ပညာတတ် ဆိုသည့် သူများသည်လည်း သစ္စာတရားထက် မိရိုးဖလာအား ကာကွယ်ရန်ကိုသာ မိမိတတ်သမျှ ပညာအားလုံးဖြင့် ကာဆီးထားကြပေ၏။

၁၀။	**وَسَوَاء عَلَيْهِمْ أَأَنذَرْتَهُمْ أَمْ لَمْ تُنذِرْهُمْ لاَ يُؤْمِنُونَ۝** သူတို့ကို သတိပေးသည် ဖြစ်စေ၊ သို့တည်းမဟုတ် သတိမပေးသည် ဖြစ်စေ အတူတူပင် သူတို့ ယုံကြည်ကြမည် မဟုတ်။[၈၆၄]
၁၁။	**إِنَّمَا تُنذِرُ مَنِ اتَّبَعَ الذِّكْرَ وَخَشِيَ الرَّحْمَن بِالْغَيْبِ فَبَشِّرْهُ بِمَغْفِرَةٍ وَأَجْرٍ كَرِيمٍ۝** စကျွလွန်မှ ကရုဏာရှင်အား ကြောက်ရွံ့ရိုကျိုးသော၊ သတိဖေါ်ပေးခြင်းကို လိုက်နာသော သူကိုသာ သင် သတိပေးဆုံးမနိုင်၏။ သူ့အား လွတ်ငြိမ်းခွင့်နှင့် ကျက်သရေရှိသော ဆုလဒ်အကြောင်း သတင်းကောင်းကို ပါးလော့။
၁၂။ ရှိးရာ	**إِنَّا نَحْنُ نُحْيِي الْمَوْتَى وَنَكْتُبُ مَا قَدَّمُوا وَآثَارَهُمْ وَكُلَّ شَيْءٍ أَحْصَيْنَاهُ فِي إِمَامٍ مُبِينٍ۝** ဇကနပင် အသေကို ငါ ရှင်ပြန်စေ၏။ ငါသည် သူတို့၏ စုံရပ်ခံခဲ့သော **ခြေရာလက်ရာ**များကို မှတ်တမ်းတင်ထားတော်မူ၏။ သဗ္ဗလုံးစုံအား ရှင်းလင်းထင်ရှားသော ခေါင်းစီး အမှတ်စဉ်အတိုင်း ဖြစ်စေ၏။
၁၃။	**وَاضْرِبْ لَهُم مَّثَلاً أَصْحَابَ الْقَرْيَةِ إِذْ جَاءهَا الْمُرْسَلُونَ۝** ဒေသတစ်ခု၏ ပေါင်းဖေါ်တို့ကို ပမာဆောင်၍ သူတို့အား ဥပမာပေးလော့၊ ထို–သို့ ဉာဏ်စဉ်ဆောင်များ ရောက်လာသော–
၁၄။	**إِذْ أَرْسَلْنَا إِلَيْهِمُ اثْنَيْنِ فَكَذَّبُوهُمَا فَعَزَّزْنَا بِثَالِثٍ فَقَالُوا إِنَّا إِلَيْكُم مُّرْسَلُونَ۝** နှစ်ပါးကို ၎င်းတို့ထံသို့ ငါ စေစားသော်– သူတို့သည် ငြင်းဆန်ခံရ၏။ ငါသည် သူတို့အား သုံးပါးမြောက်ဖြင့် ဘုန်း လက်ရုံးတိုးစေ၍၊ သူတို့က ''ကျွန်ုပ်တို့သည် သင်တို့အတွက် ဉာဏ်စဉ်ဆောင်များ ဖြစ်၏။'' ဟု ဆိုကြ၏။
၁၅။	**قَالُوا مَا أَنتُمْ إِلاَّ بَشَرٌ مِّثْلُنَا وَمَا أَنزَلَ الرَّحْمن مِن شَيْءٍ إِنْ أَنتُمْ إِلاَّ تَكْذِبُونَ۝** ၎င်းတို့က ''သင်တို့သည် ကျွန်ုပ်တို့ ကဲ့သို့ လူပုဂ္ဂိုလ်များသာ ဖြစ်၏။ ကရုဏာရှင်သည် တစ်စုံတစ်ရာကိုမှ ချမှတ်ပေးခြင်း မရှိချေ၊ သင်တို့မှာ လိမ်ညာသူများသာ ဖြစ်၏။'' ဟု ပြန်ပြောကြ၏။
၁၆။	**قَالُوا رَبُّنَا يَعْلَمُ إِنَّا إِلَيْكُمْ لَمُرْسَلُونَ۝** သူတို့က ပြောကြသည်မှာ ''ကျွန်ုပ်တို့သည် သင်တို့အတွက် ဉာဏ်စဉ်ဆောင်များ ဖြစ်သည်ကို ကံကြမ္မာရှင်သည် သိနေတော်မူ၏။
၁၇။	**وَمَا عَلَيْنَا إِلاَّ الْبَلاَغُ الْمُبِينُ۝** ကျွန်ုပ်တို့၏ ဝန်တာမှာ ဓမ္မကို ဆိုက်ရောက်စေရန်ပင်၊'' ဟု ဖြစ်၏။
၁၈။	**قَالُوا إِنَّا تَطَيَّرْنَا بِكُمْ لَئِن لَّمْ تَنتَهُوا لَنَرْجُمَنَّكُمْ وَلَيَمَسَّنَّكُم مِّنَّا عَذَابٌ أَلِيمٌ۝** ၎င်းတို့က ''သင်တို့ကြောင့် လူးလာဆန်ခတ်ဖြစ်ရ၏။ အသင်တို့ မရပ်စဲလျှင်၊ သင်တို့အား ပစ်ထုတ်ပေအံ့၊ ကျွန်ုပ်တို့ထံမှ နာကျင်သော ဝဋ်ကြွေးကိုသာ သင်တို့အား ထိသက်စေလတ္တံ့၊'' ဟု ဆိုကြ၏။[၈၆၅]
၁၉။	**قَالُوا طَائِرُكُمْ مَعَكُمْ أَئِن ذُكِّرْتُم بَلْ أَنتُمْ قَوْمٌ مُّسْرِفُونَ۝** သူတို့က ''သင်တို့ လူးလာဆန်ခတ်ဖြစ်ရခြင်းသည် သင်တို့နှင့် အတူရှိ၏။ ယခု သင်တို့ သတိမပေါ်သေးသလော၊

---

(၈၆၄) ဤသုတ်တော်မှ ပြောသော သူတို့အား ဆိုသည်မှာ ရှေ့မှ နောက်မှ ကာဆီးကာဆီး လုပ်နေသော သူများကို ဆိုလိုပေသည်။ ဤကျမ်းတော်အားဖြင့် မေတ္တာထား သတိပေးနေသော မျိုးဆက်သစ်များကို မဆိုလိုပေ။

(၈၆၅) **ပစ်ထုတ်ပေအံ့** ဆိုသည်မှာ ခဲဖြင့်ပစ်၍သတ်ခြင်းကိုလည်း ဆိုလိုသည်၊ လူသားတို့အား အပြစ်ရှိသည်ဟု ယူဆ၍ ခဲထုသတ်ခြင်းသည် ရှေးဟောင်း အာရပ်တို့၏ ဓလေ့သာ ဖြစ်သည်။ အစ္စလာမ်၏ သွန်သင်ချက် မဟုတ်ချေ။ သို့သော် အစ္စလာမ် ခေါင်းစဉ်အောက်သို့ ရောက်လာသော အာရပ်များမှ အချို့သည် ယနေ့ထိ မိရိုးဖလာ ထိုအယူ ဟောင်းကို ဆက်လက် ကျင့်သုံးနေသေးသည်မှာ ဝမ်းနည်းဘွယ် ကောင်းလှပေသည်။

	အမှန်မှာ သင်တို့သည် အလွဲသုံးစားပြုသော လူမျိုးသာ ဖြစ်၏''ဟု ပြန်ပြော၏။
၂၀။	**وَجَاء مِنْ أَقْصَى الْمَدِينَةِ رَجُلٌ يَسْعَى قَالَ يَا قَوْمِ اتَّبِعُوا الْمُرْسَلِينَ۞** ထိုစဉ် မြို့စွန် အဝေးမှ လူတစ်ဦးသည် လုံးပန်း၍ ရောက်လာလျက် ပြောသည်မှာ ''အို– ကျွန်ုပ်၏ လူမျိုးတို့၊ ဉာဏ်စဉ်ဆောင်များအား လိုက်နာကြကုန်လော့၊
၂၁။	**اتَّبِعُوا مَن لاَّ يَسْأَلُكُمْ أَجْرًا وَهُم مُّهْتَدُونَ۞** သင်တို့ထံမှ အကျိုးဆုလဒ် မတောင်း သူများကို လိုက်နာကြလော့၊ သူတို့သည် လမ်းညွှန်ခံရသူများ ဖြစ်ကြ၏။
၂၂။	**وَمَا لِيَ لاَ أَعْبُدُ الَّذِي فَطَرَنِي وَإِلَيْهِ تُرْجَعُونَ۞** ကျွန်ုပ်အား စတည်ဖြစ်စေသော အရှင်ကို ဘယ်အရာက မကိုးကွယ်စေသနည်း၊ အရှင့်ထံသို့သာ ဦးလှည့်ပြန်ရမည်ပင်။
၂၃။	**أَأَتَّخِذُ مِن دُونِهِ آلِهَةً إِن يُرِدْنِ الرَّحْمَن بِضُرٍّ لاَّ تُغْنِ عَنِّي شَفَاعَتُهُمْ شَيْئًا وَلاَ يُنقِذُونِ۞** အရှင် မှလွဲ၍ အခြားဘုရားကို အယူထားသင့်သလော၊ ကရုဏာရှင်က ကျွန်ုပ်အား ဘေးဥပဒ်သင့်စေလိုသော် ၎င်းတို့၏ အမျှဝေပေးခြင်းသည် ကျွန်ုပ်အတွက် တစ်စုံတစ်ရာ ပြည့်စုံသည် မဟုတ်၊ ကယ်ဆယ်နိုင်သည်လည်း မဟုတ်ချေ။
၂၄။	**إِنِّي إِذًا لَّفِي ضَلاَلٍ مُّبِينٍ۞** –ကျွန်ုပ်သည်ကား ရှင်းလင်းထင်ရှားသော အပါယ်လမ်း၌ ဖြစ်ခဲ့ချေပြီ။
၂၅။	**إِنِّي آمَنتُ بِرَبِّكُمْ فَاسْمَعُونِ۞** သင်တို့၏ ကံကြမ္မာရှင်အား ကျွန်ုပ် ဇကန် ယုံကြည်ပါ၏၊ သို့ဖြစ်၍ ကြားနာကြပါကုန်၊''ဟု ဖြစ်၏။
၂၆။	**قِيلَ ادْخُلِ الْجَنَّةَ قَالَ يَا لَيْتَ قَوْمِي يَعْلَمُونَ۞** သူ့အား ''ဥယျာဉ်ဘုံသို့ ဝင်လော့၊''ဟု မိန့်သော်၊ သူက ပြောသည်မှာ ''အလိုလေး– ကျွန်ုပ်၏ လူမျိုးတို့ သိကြပါလေစ၊
၂၇။	**بِمَا غَفَرَ لِي رَبِّي وَجَعَلَنِي مِنَ الْمُكْرَمِينَ۞** ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကျွန်ုပ်အား လွတ်ငြိမ်းစေပြီ၊ ဘိသိက်မြှောက်ခံရသူများထဲမှ စီစဉ်ပေးပြီ၊''ဟု ဖြစ်၏။
၂၈။	**وَمَا أَنزَلْنَا عَلَى قَوْمِهِ مِن بَعْدِهِ مِنْ جُندٍ مِّنَ السَّمَاء وَمَا كُنَّا مُنزِلِينَ۞** သူ၏ နောက်တွင် သူ့လူမျိုး၏ ထံသို့ ကောင်းကင်ယံမှ စစ်သည်များကို တာဝန်ချမပေးချေ။ ငါ အရှင်သည် ထိုသို့ တာဝန်ချပေးလေ့မရှိချေ။
၂၉။ သက် မဲ့များ	**إِن كَانَتْ إِلاَّ صَيْحَةً وَاحِدَةً فَإِذَا هُمْ خَامِدُونَ۞** အသံလှိုင်းကြီး တစ်ခုသာ ဖြစ်၏– ထိုအခါ သူတို့သည် မျိုးတုန်းကုန်တော့၏။
၃၀။	**يَا حَسْرَةً عَلَى الْعِبَادِ مَا يَأْتِيهِم مِّن رَّسُولٍ إِلاَّ كَانُوا بِهِ يَسْتَهْزِؤُون۞** အမှုဆောင်များအပေါ် ကြေကွဲရလေပြီ၊ သူတို့ထံသို့ ဉာဏ်စဉ်ဆောင် တစ်ပါး ရောက်လာလေတိုင်း၊ သူတို့သည် လှောင်ပြောင်လေ့ရှိကြကုန်၏။
၃၁။	**أَلَمْ يَرَوْا كَمْ أَهْلَكْنَا قَبْلَهُم مِّنْ الْقُرُونِ أَنَّهُمْ إِلَيْهِمْ لاَ يَرْجِعُونَ۞** သူတို့မတိုင်မီ မျိုးဆက်မည်မျှကို တိမ်ကောစေခဲ့ကြောင်း သူတို့ မမြင်ကြသလော၊ ၎င်းတို့သည် သူတို့ထံသို့ ဦးလှည့်ပြန်လာမည် မဟုတ်ချေ။

၃၂။	**وَإِن كُلٌّ لَّمَّا جَمِيعٌ لَّدَيْنَا مُحْضَرُونَ۝**
	၎င်းတို့ကိုယ်စီ– ငါ၏ထံပါးသို့ အားလုံး ဆင့်ခေါ်ခံရသူများ ဖြစ်ရလတ္တံ့။
၃၃။	**وَآيَةٌ لَّهُمُ الْأَرْضُ الْمَيْتَةُ أَحْيَيْنَاهَا وَأَخْرَجْنَا مِنْهَا حَبًّا فَمِنْهُ يَأْكُلُونَ۝**
	သူတို့အတွက် နိမိတ်လက္ခဏာ တစ်ရပ်မှာ သေနေသော မြေကမ္ဘာ ဖြစ်၏၊ ငါသည် ၎င်းအား ရှင်ပြန်စေ၍ ထိုမှ ကောက်ပဲသီးနှံများကို ပေါက်ရောက်စေကာ၊ ၎င်းမှ သူတို့ကို စားသုံးစေနိုင်၏။
၃၄။	**وَجَعَلْنَا فِيهَا جَنَّاتٍ مِن نَّخِيلٍ وَأَعْنَابٍ وَفَجَّرْنَا فِيهَا مِنْ الْعُيُونِ۝**
	ငါသည် ၎င်း၌ စွံပလွန်ပင် စပျစ်ပင် ဥယျာဉ်များကို စီစဉ်ပေး၏၊ ၎င်းမှ စိမ့်စမ်းများကို စီးထွက်စေ၏။
၃၅။	**لِيَأْكُلُوا مِن ثَمَرِهِ وَمَا عَمِلَتْهُ أَيْدِيهِمْ أَفَلَا يَشْكُرُونَ**
	သူတို့၏ လက်ဖြင့် အားထုတ်ခဲ့ခြင်း မရှိသော အသီးများမှ သူတို့ စားသုံးနိုင်ရာ၏။ ကျေးဇူးမသိထိုက်သလော။
၃၆။	**سُبْحَانَ الَّذِي خَلَقَ الْأَزْوَاجَ كُلَّهَا مِمَّا تُنبِتُ الْأَرْضُ وَمِنْ أَنفُسِهِمْ وَمِمَّا لَا يَعْلَمُونَ۝**
	မြေကမ္ဘာပေါ် ဖြစ်ထွန်းရာမှ၊ သူတို့၏ ဉာဉ်စရိုက်များနှင့် သူတို့ မသိသေးရာများ ကိုယ်စီမှ– အစုဖွဲ့ ဖြစ်တည်ပေးတော်မူသော အရှင်အား ဦးထိပ်ထားကြလေ့။
၃၇။	**وَآيَةٌ لَّهُمْ اللَّيْلُ نَسْلَخُ مِنْهُ النَّهَارَ فَإِذَا هُم مُّظْلِمُونَ۝**
	ထို့နောက် သူတို့အတွက် နိမိတ်လက္ခဏာ တစ်ရပ်မှာ ည ဖြစ်၏။ ငါသည် ထိုမှ နေ့ကို ဖြတ်ကျော်လိုက်သည်နှင့် သူတို့ အမှောင်ကျသွားတော့၏။
၃၈။	**وَالشَّمْسُ تَجْرِي لِمُسْتَقَرٍّ لَّهَا ذَلِكَ تَقْدِيرُ الْعَزِيزِ الْعَلِيمِ۝**
	နေသည် သူ့တည်ရာ အတိုင်း စီးမျောနေရ၏။ ဤသည် ဘုန်းတော်ရှင် သိနေသော အရှင်၏၊ စည်းချိန်ချမှတ်မှု ဖြစ်၏။
၃၉။ ခြောက် လာ	**وَالْقَمَرَ قَدَّرْنَاهُ مَنَازِلَ حَتَّى عَادَ كَالْعُرْجُونِ الْقَدِيمِ۝**
	လ ၎င်းကို ဆက်၍ **စုံရပ်ခံနေသော**[၈၆] စွံပလွန်ကိုင်းကဲ့သို့ ဆင်းလာသည်ထိ စည်းချိန်ချထား၏။
၄၀။	**لَا الشَّمْسُ يَنبَغِي لَهَا أَن تُدْرِكَ الْقَمَرَ وَلَا اللَّيْلُ سَابِقُ النَّهَارِ وَكُلٌّ فِي فَلَكٍ يَسْبَحُونَ۝**
	နေသည် သူမ – လကို အပြစ်ရှာ ခြုံလွှမ်းခွင့် မရှိ၊ ညသည် နေ့ကို လွန်ဆန်နိုင်ခွင့် မရှိချေ။ ၎င်းတို့ကိုယ်စီ ဂြိုလ်ပတ်လမ်း၌ တစိုက်မတ်မတ်ဖြစ်စေ၏။
၄၁။	**وَآيَةٌ لَّهُمْ أَنَّا حَمَلْنَا ذُرِّيَّتَهُمْ فِي الْفُلْكِ الْمَشْحُونِ۝**
	သူတို့အတွက် နိမိတ်လက္ခဏာမှာ၊ ငါသည် သူတို့၏ သားမြေးများကို ဝန်တင် သင်္ဘောဖြင့် သယ်ဆောင်ခဲ့ခြင်းပင်။
၄၂။	**وَخَلَقْنَا لَهُم مِّن مِّثْلِهِ مَا يَرْكَبُونَ۝**
	သူတို့အတွက် ထိုကဲ့သို့ အရာကို ငါ ဖြစ်တည်စေတော်မူ၏။ သူတို့ စီးသွားနိုင်ကြလတ္တံ့။
၄၃။ ☆ ၂၇၀	**وَإِن نَّشَأْ نُغْرِقْهُمْ فَلَا صَرِيخَ لَهُمْ وَلَا هُمْ يُنقَذُونَ۝**
	စံချိန်အလျောက်၊☆ သူတို့အား ငါ နစ်မြုပ်စေနိုင်၏။ သူတို့အတွက် သနားသူ မရှိ၊ သူတို့မှာ ကယ်ဆယ်ခံရမည်လည်း မဟုတ်ချေ။

---

(၈၆) ဤသုတ်တော်တွင် သုံးသော **စုံရပ်ခံနေသော** ဆိုသည်မှာ မကြွေကျဘဲ– ခြောက်သွားသည်ထိ ဖြစ်နေသော ဟု အဓိပ္ပါယ်ကို ပေးပေသည်။ ထို့ကြောင့် များစွာသော ဘာသာပြန်များတွင် စွံပလွန်အကိုင်း **ခြောက်** ဟု ဘာသာပြန်ကြပေသည်။

၄၄။	**إِلَّا رَحْمَةً مِّنَّا وَمَتَاعًا إِلَى حِينٍ۝** ငါ့ထံမှ ကရုဏာတော်သာ ရှိ၏။ သူတို့အား ကာလတစ်ခုထိ ချမ်းမြေ့စေ၏။
၄၅။	**وَإِذَا قِيلَ لَهُمُ اتَّقُوا مَا بَيْنَ أَيْدِيكُمْ وَمَا خَلْفَكُمْ لَعَلَّكُمْ تُرْحَمُونَ۝** သူတို့အား ‘‘သင်တို့အပေါ် ကရုဏာ သက်အံ့ဉာ၊ သင်တို့၏ လက်ရှိ–ရှေ့မှောက် သင်တို့၏နောက်များ၌ စည်းစောင့်ကြလော့၊’’ ဟု ပြောသောအခါ၊
၄၆။	**وَمَا تَأْتِيهِم مِّنْ آيَةٍ مِّنْ آيَاتِ رَبِّهِمْ إِلَّا كَانُوا عَنْهَا مُعْرِضِينَ۝** သူတို့ထံသို့ ကံကြမ္မာရှင်၏ သုတ္တန်များမှ မည်သည့် သုတ်ဒေသနာ မဆို ရောက်ရှိလာသော်၊ သူတို့သည် ဘောင်ကန့်ထားသူများသာ ဖြစ်ကြ၏။
၄၇။	**وَإِذَا قِيلَ لَهُمْ أَنفِقُوا مِمَّا رَزَقَكُمُ اللَّهُ قَالَ الَّذِينَ كَفَرُوا لِلَّذِينَ آمَنُوا أَنُطْعِمُ مَن لَّوْ يَشَاء اللَّهُ أَطْعَمَهُ إِنْ أَنتُمْ إِلَّا فِي ضَلَالٍ مُّبِينٍ۝** သူတို့အား ‘‘ပရမတ်ဘုရားရှင်က သင်တို့အား ရိက္ခာပေးရာမှ ပေးကမ်းသုံးစွဲကြလော့’’ဟု ပြောသောအခါ၊ ဖုံးကွယ်သော သူများက ယုံကြည်သော သူတို့အား ‘‘စံချိန်ပြည့်မှီခဲ့သော် ပရမတ်ဘုရားရှင်က ကျွေးမွေးနိုင်ပါလျက်၊ ကျွန်ုပ်တို့က ကျွေးမွေးရမည်လော၊ သင်တို့သည်ကား ရှင်းလင်းထင်ရှားသော လမ်းလွဲ၌ ရှိနေ၏၊’’ဟု ပြန်ပြောကြ၏။
၄၈။	**وَيَقُولُونَ مَتَى هَذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ۝** သူတို့က ‘‘သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ ဤကတိတော်မှာ မည်သည့် အချိန်၌နည်း၊’’ဟု ပြောကြသေး၏။
၄၉။	**مَا يَنظُرُونَ إِلَّا صَيْحَةً وَاحِدَةً تَأْخُذُهُمْ وَهُمْ يَخِصِّمُونَ۝** သူတို့၏ စောင့်ကြည့်ခြင်းမှာ သူတို့ချင်း အချေအတင်ဖြစ်စဉ် အရေးယူသွားမည့် အသံလှိုင်းကြီး တစ်ခုတည်းသာ ဖြစ်၏။
၅၀။	**فَلَا يَسْتَطِيعُونَ تَوْصِيَةً وَلَا إِلَى أَهْلِهِمْ يَرْجِعُونَ۝** ထိုအခါ သူတို့သည် သေတမ်းစာရေးရန်၊ သူတို့၏ ဝိုင်းသားများထံသို့ လှည့်ပြန်ရန် တတ်နိုင်တော့သည် မဟုတ်ချေ။
၅၁။ ☆ ၆း၇၃	**وَنُفِخَ فِي الصُّورِ فَإِذَا هُم مِّنَ الْأَجْدَاثِ إِلَى رَبِّهِمْ يَنسِلُونَ۝** ပုံစံ သက်ဝင်စေသောအခါ။☆ သင်းချိုင်းဂူရှိသူများမှ ကံကြမ္မာရှင်၏ထံသို့ စုဆောင်းခံရလတ္တံ့။
၅၂။	**قَالُوا يَا وَيْلَنَا مَن بَعَثَنَا مِن مَّرْقَدِنَا هَذَا مَا وَعَدَ الرَّحْمَنُ وَصَدَقَ الْمُرْسَلُونَ۝** သူတို့က ‘‘ကျွန်ုပ်တို့များနှယ်၊ မည်သူက ကျွန်ုပ်တို့အား၊ အိပ်ယာမှ နိုးထစေသနည်း၊’’ဟု ဆိုကြ၏။ ဤသည် ကရုဏာရှင်၏ ကတိတော်ပင် ဖြစ်၏။ ဥာဏ်စဉ်ဆောင်တို့သည် ဖြောင့်မှန်ကြကုန်၏။
၅၃။	**إِن كَانَتْ إِلَّا صَيْحَةً وَاحِدَةً فَإِذَا هُمْ جَمِيعٌ لَّدَيْنَا مُحْضَرُونَ۝** ဤသည် အသံလှိုင်းကြီး တစ်ခုမျှသာ ဖြစ်၏။ ထိုအခါ သူတို့ အားလုံး ငါ၏ထံပါးသို့ ဆင့်ခေါ်ခံသူများ ဖြစ်ရလတ္တံ့။
၅၄။	**فَالْيَوْمَ لَا تُظْلَمُ نَفْسٌ شَيْئًا وَلَا تُجْزَوْنَ إِلَّا مَا كُنتُمْ تَعْمَلُونَ۝** ထိုနေ့ကာလ၌ မည်သည့် ဥဉ်စရိုက်သည်မှ တစ်စုံတစ်ရာ မိုက်ကြေးခွဲခံရမည် မဟုတ်၊ သင်တို့၏ ကျင့်ကြံလေ့ရှိသည်ကိုသာ အစားပေးခံရလတ္တံ့။

၅၅။ ပျော်လျက်	إِنَّ أَصْحَابَ الْجَنَّةِ الْيَوْمَ فِي شُغُلٍ فَاكِهُونَ۝ ဧကန်ပင် သုခဘုံ၏ ပေါင်းဖော်များသည် ထို နေ့ကာလ၌ **သီးနှံရသကဲ့သို့** အလုပ်ရှုပ်နေကြ၏။[၈၆]
၅၆။	هُمْ وَأَزْوَاجُهُمْ فِي ظِلَالٍ عَلَى الْأَرَائِكِ مُتَّكِؤُونَ۝ သူတို့နှင့် သူတို့ စုဖွဲ့ဖော်တို့သည် အရိပ်ထဲ၌ ပလ္လင်များပေါ်၌ မှီလဲ့နေရလတ္တံ့။
၅၇။	لَهُمْ فِيهَا فَاكِهَةٌ وَلَهُم مَّا يَدَّعُونَ۝ သူတို့အတွက် သစ်သီးဝလံများနှင့် သူတို့ ဆုတောင်းသမျှ ရှိနေ၏။
၅၈။	سَلَامٌ قَوْلًا مِن رَّبٍّ رَّحِيمٍ۝ ငြိမ်းချမ်းစေသော် ဟု ကြင်နာသော ကံကြမ္မာရှင်၏ ထံမှ စကားတော်လာရှိ၏။
၅၉။	وَامْتَازُوا الْيَوْمَ أَيُّهَا الْمُجْرِمُونَ۝ အို– ရာဇဝတ်ကောင်တို့ ယနေ့၌ သင်တို့သည် သီးခြားနေလော့။
၆၀။	أَلَمْ أَعْهَدْ إِلَيْكُمْ يَا بَنِي آدَمَ أَن لَّا تَعْبُدُوا الشَّيْطَانَ إِنَّهُ لَكُمْ عَدُوٌّ مُّبِينٌ۝ အို– အာဒံ၏ သားမြေးတို့၊ မကောင်းဆိုးဝါးတို့အား မကိုးကွယ်ရန် သင်တို့အား ငါ ပဋိညာဉ်မပြုခဲ့သလော။ သူသည် သင်တို့အား ရှင်းလင်းထင်ရှားစွာ စည်းဖေါက်သူ မဟုတ်တုံလော။
၆၁။	وَأَنْ اعْبُدُونِي هَذَا صِرَاطٌ مُّسْتَقِيمٌ۝ ငါ့သာ ကိုးကွယ်အပ်သည် မဟုတ်လော၊ ဤသည် မြဲမြံတည်တံ့သော လမ်းစဉ် ဖြစ်၏။
၆၂။	وَلَقَدْ أَضَلَّ مِنكُمْ جِبِلًّا كَثِيرًا أَفَلَمْ تَكُونُوا تَعْقِلُونَ۝ သင်တို့မှ များစွာသော တောနေသူများကို သူက မုချ လမ်းလွဲစေခဲ့ပြီ။ အတွေးအခေါ်ရှိသူများ သင်တို့ မဖြစ်ခဲ့သလော။
၆၃။	هَذِهِ جَهَنَّمُ الَّتِي كُنتُمْ تُوعَدُونَ۝ ဤသည် သင်တို့အား ကတိပေးခဲ့သည့် ငရဲဘုံပင် ဖြစ်၏။
၆၄။	اصْلَوْهَا الْيَوْمَ بِمَا كُنتُمْ تَكْفُرُونَ۝ သင်တို့၏ ဖုံးကွယ်လေ့ရှိခြင်းကြောင့် ယနေ့တွင် သင်တို့သည် လောင်ကျွမ်းရမည်ပင်။
၆၅။	الْيَوْمَ نَخْتِمُ عَلَى أَفْوَاهِهِمْ وَتُكَلِّمُنَا أَيْدِيهِمْ وَتَشْهَدُ أَرْجُلُهُمْ بِمَا كَانُوا يَكْسِبُونَ۝ ဤနေ့၌ သူတို့၏ ပါးစပ်များကို ငါ အဆုံးသတ်လိုက်ပြီ။ သူတို့ ကျင့်ဆောင်လေ့ရှိသည့် အတွက် သူတို့၏ လက်များကို စကားပြောစေ၍၊ သူတို့၏ ခြေထောက်များကို သက်သေသက်ကန် ဖြစ်စေ၏။
၆၆။	وَلَوْ نَشَاء لَطَمَسْنَا عَلَى أَعْيُنِهِمْ فَاسْتَبَقُوا الصِّرَاطَ فَأَنَّى يُبْصِرُونَ۝ စံချိန်ပြည့်မှီခဲ့လျှင် သူတို့ လမ်းကြောင်းကို အပြိုင်ရှာသောအခါ၊ သူတို့၏ မျက်လုံးများအား အရေကွာစေလတ္တံ့၊ သို့ဖြင့် သူတို့ မည်သို့ မြင်နိုင်ပေအံ့နည်း။
၆၇။	وَلَوْ نَشَاء لَمَسَخْنَاهُمْ عَلَى مَكَانَتِهِمْ فَمَا اسْتَطَاعُوا مُضِيًّا وَلَا يَرْجِعُونَ۝

---

(၈၆) ဤသုတ်တော်မှာ သီးနှံရသကဲ့သို့ ဟု ဘာသာပြန်သော **فَاكِهُونَ ဖာကေဟီးန်န** သည် ه ك ف မှ ဆင့်ပွားခြင်း ဖြစ်၍ ပုံစံ ၅ မျိုးဖြင့် ကျမ်းတော်တွင် ၁၉ ကြိမ် ဖော်သည်။ များစွာသော နေရာများတွင် **فَكِهَة** သစ်သီးဝလံများဟု ဖြစ်သည်။ ထို့ကြောင့် **فَاكِهُونَ** သည် သီးနှံများရသကဲ့သို့ ပျော်ရွှင်ကြည်နူးသည်ဟု အဓိပ္ပါယ်ပေးပါသည်။

	စံချိန်ပြည့်မှီခဲ့လျှင်၊ သူတို့၏ နေသားကျနေသည်ကိုပင် သူတို့အား အသွင်ပြောင်းပစ်လတ္တံ့၊ သူတို့သည် ဆက်လက်၍ ဖြစ်စေ၊ ပြန်လှည့်၍ ဖြစ်စေ ရွေ့ရန် တတ်နိုင်ခြင်း မရှိပြီ။
၆၈။	**وَمَنْ نُعَمِّرْهُ نُنَكِّسْهُ فِي الْخَلْقِ أَفَلَا يَعْقِلُونَ۝** ဘဝသံသရာ၌ သူ့အား အားအင်ကျိုးလာစေရန် ငါ ဖြစ်တည်ပေးထားသည်ကို သင်တို့ အတွေးအခေါ် မရှိကြလော။
၆၉။ ကိုယ်တော့	**وَمَا عَلَّمْنَاهُ الشِّعْرَ وَمَا يَنبَغِي لَهُ إِنْ هُوَ إِلَّا ذِكْرٌ وَقُرْآنٌ مُّبِينٌ۝** ငါသည် **သူ့**အား ကဗျာရေးခြင်းကို သင်ပေးသည် မဟုတ်။ ၎င်းဖြင့် **သူ့**အား အပြစ်ရှာနိုင်သည်လည်း မဟုတ်ချေ။ ဤသည် သတိပေးတရားတော်နှင့် ရှင်းလင်းထင်ရှားသော ကုရ်အာန်သာ ဖြစ်၏။
၇၀။	**لِيُنذِرَ مَن كَانَ حَيًّا وَيَحِقَّ الْقَوْلُ عَلَى الْكَافِرِينَ۝** ရှင်သူများကို သတိပေးရန် အလို့ငှာ ဖြစ်၏။ ဖုံးကွယ်သူတို့ အပေါ်ထားသော သစ္စာ တရားတော်လည်း ဖြစ်၏။
၇၁။	**أَوَلَمْ يَرَوْا أَنَّا خَلَقْنَا لَهُمْ مِمَّا عَمِلَتْ أَيْدِينَا أَنْعَامًا فَهُمْ لَهَا مَالِكُونَ۝** သူတို့အတွက် ငါ၏ ကျင့်ကြံ လုပ်ပိုင်ခွင့်ဖြင့် ဖြစ်တည်ပေးရာများမှ သူတို့ အုပ်ချုပ်နိုင်သည့် ကပ္ပိယတိရိစ္ဆာန်များကို မမြင်ကြကုန်သလော။
၇၂။	**وَذَلَّلْنَاهَا لَهُمْ فَمِنْهَا رَكُوبُهُمْ وَمِنْهَا يَأْكُلُونَ۝** သူတို့အတွက် ၎င်းတို့ကို ငါ နိမ့်ပါးစေ၏။ ၎င်းတို့မှ သူတို့ စီးနင်းကြ၏။ ၎င်းတို့မှ သူတို့ စားသုံးကြ၏။
၇၃။	**وَلَهُمْ فِيهَا مَنَافِعُ وَمَشَارِبُ أَفَلَا يَشْكُرُونَ۝** သူတို့အတွက် ၎င်းတို့မှ အခြားသော အကျိုးများ၊ သောက်သုံးရာများကို ရစေ၏။ ကျေးဇူးမသိ ထိုက်လေသလော။
၇၄။	**وَاتَّخَذُوا مِن دُونِ اللَّهِ آلِهَةً لَّعَلَّهُمْ يُنصَرُونَ۝** သို့တိုင်၊ ပရမတ်ဘုရားရှင် မှလွဲ၍ အခြားဘုရားများ ရှိသည်ဟု အကူအညီ ရလိုရငြား အယူထားနေကြ၏။
၇၅။	**لَا يَسْتَطِيعُونَ نَصْرَهُمْ وَهُمْ لَهُمْ جُندٌ مُّحْضَرُونَ۝** ၎င်းတို့က သူတို့အား ကူညီရန် မတတ်နိုင်ကြ။ ၎င်းတို့သည် သူတို့အတွက် ဆင့်ခေါ်ခံရသော စစ်သည်များ ဖြစ်၏။[၈၆]
၇၆။	**فَلَا يَحْزُنكَ قَوْلُهُمْ إِنَّا نَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ۝** သို့ဖြစ်၍၊ သူတို့၏ အပြောများကြောင့် သောကမဖြစ်နှင့်၊ ငါအရှင်သည် ကြိတ်ကြံစည်ရာ လူသိရှင်ကြားပြုရာများကို သိနေတော်မူ၏။
၇၇။	**أَوَلَمْ يَرَ الْإِنسَانُ أَنَّا خَلَقْنَاهُ مِن نُّطْفَةٍ فَإِذَا هُوَ خَصِيمٌ مُّبِينٌ۝** ငါသည် သူ့အား သုတ်ပိုးရည်မှ ဖြစ်တည်စေကြောင်း လူသားသည် မမြင်သလော၊ ထို့နောက် သူသည် ဗြောင်ငြင်းခုံသူ ဖြစ်၏။
၇၈။	**وَضَرَبَ لَنَا مَثَلًا وَنَسِيَ خَلْقَهُ قَالَ مَنْ يُحْيِي الْعِظَامَ وَهِيَ رَمِيمٌ۝** ထို့နောက် သူ့အား ဖြစ်တည်ပေးသည်ကို မေ့ပစ်လျက် ငါအရှင်အား ပမာဆောင် ဥပမာပေး၍ ''တစ်စစီဖြစ် နေသည့် အရိုးများကို မည်သူက ပြန်ရှင်စေအံ့နည်း၊''ဟု ဆို၏။

(၈၆) ကိုးကွယ်ခံခေါင်းဆောင်များမှာ အမှန်တကယ် စာရင်းရှင်းရမည့် နေ့တွင် အပြစ်ပေးခံရန် အသင့်ပြင် သတိဆွဲနေရသော သာမန်ရဲဘော်ကလေး အဆင့်သာ ရှိကြောင်း သူတို့၏ (ကိုးကွယ်ဆည်းကပ်ခဲ့သူတို့၏) ရှေ့မှောက်၌ပင် မြင်တွေ့ရပေမည်ဟု ဆိုလိုပေသည်။

၇၉။	**قُلْ يُحْيِيهَا الَّذِي أَنشَأَهَا أَوَّلَ مَرَّةٍ وَهُوَ بِكُلِّ خَلْقٍ عَلِيمٌ۞** ဟောလော့ ‘‘ငင်းတို့အား ပထမ အကြိမ် ပေါက်ပွားစေသည့် အရှင်က ပြန်ရှင်စေမည်ပင်၊ အရှင်သည် ဖြစ်တည်ပေးခြင်း ကိုယ်စီအား သိနေသော အရှင် ဖြစ်၏။’’
၈၀။	**الَّذِي جَعَلَ لَكُم مِّنَ الشَّجَرِ الْأَخْضَرِ نَارًا فَإِذَا أَنتُم مِّنْهُ تُوقِدُونَ۞** အရှင်သည် သင်တို့အတွက် အပင်စိမ်းမှ မီးကို စီစဉ်ပေး၏။ သို့ဖြင့် သင်တို့သည် ၎င်းမှ မီးကူးကြ၏။
၈၁။	**أَوَلَيْسَ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِقَادِرٍ عَلَى أَنْ يَخْلُقَ مِثْلَهُم بَلَى وَهُوَ الْخَلَّاقُ الْعَلِيمُ۞** မိုးများနှင့် မြေအား စည်းချိန်တကျ ဖြစ်တည်စေသော အရှင်သည် ၎င်းတို့ကို အလားတူ ဖြစ်တည်စေနိုင်သည် မဟုတ်လော၊ အမှန်မှာ အရှင်သည် ဖြစ်တည်စေသော အရှင်၊ သိနေတော်မူသော အရှင် ဖြစ်၏။
၈၂။ ☆ ၂၁၁၇	**إِنَّمَا أَمْرُهُ إِذَا أَرَادَ شَيْئًا أَنْ يَقُولَ لَهُ كُنْ فَيَكُونُ۞** တစ်စုံတစ်ရာအား ဖြစ်စေလိုလျှင် အရှင်၏ ညွှန်ကြားချက်၌ ‘‘ဖြစ်’’ဟု မိန့်လိုက်သည်နှင့် ဆင့်ကဲပြည့်စုံ ဖြစ်လာရ၏။☆
၈၃။	**فَسُبْحَانَ الَّذِي بِيَدِهِ مَلَكُوتُ كُلِّ شَيْءٍ وَإِلَيْهِ تُرْجَعُونَ۞** အရှင့်အား ဦးထိပ်ထားကြလော့– အရှင့်၏ လုပ်ပိုင်ခွင့်၌သာ သဗ္ဗလုံးစုံအား အစိုးရခြင်းသည် ရှိ၏၊ အရှင့်ထံသို့သာ ဦးလှည့်ပြန်ရမည်တည်း။

ဓမ္မခန္ဓာ (၃၇) "လျာထားခံရသူများ" (ဆွဖာတ်)

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၅၈။ သုတ်ဒေသနာ– ၁၈၂ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။	**وَالصَّافَّاتِ صَفًّا** ۞ ဝါစဉ်အလိုက် လျာထားခံရသူများ အားဖြင့်–
၂။	**فَالزَّاجِرَاتِ زَجْرًا** ۞ အော်ဟောက်သူများက အော်ဟောက်ခြင်း အားဖြင့်–
၃။	**فَالتَّالِيَاتِ ذِكْرًا** ۞ သတိပေးတရားတော်အား ရွတ်ဖတ်သူများ– အားဖြင့်
၄။	**إِنَّ إِلَٰهَكُمْ لَوَاحِدٌ** ۞ သင်တို့၏ ဘုရားရှင်မှာ တစ်ဆူတည်း ဖြစ်၏။
၅။	**رَبُّ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا وَرَبُّ الْمَشَارِقِ** ۞ မိုးများနှင့် မြေကမ္ဘာ ထိုနှစ်ခုကြား ရှိရာတို့၏ ကံကြမ္မာရှင် ဖြစ်၏၊ နေထွက်ရာတို့၏ ကံကြမ္မာရှင် ဖြစ်၏။[၈၆၉]
၆။	**إِنَّا زَيَّنَّا السَّمَاءَ الدُّنْيَا بِزِينَةٍ الْكَوَاكِبِ** ۞ ငါသည်– လောကီ ကောင်းကင်အား စွဲမက်စရာများ ဂြိုလ်များဖြင့် ဖမ်းစားထားစေ၏။
၇။ ☆၂၂၄	**وَحِفْظًا مِّن كُلِّ شَيْطَانٍ مَّارِدٍ** ۞ ၚင်းကို ထက္ကြနေသော မကောင်းဆိုးဝါး☆ကိုယ်စီမှ ကာကွယ်စောင့်ရှောက်ထားဖ၏။[၈၇၀]

---

(၈၆၉) ကျမ်းတော်တွင် နေထွက်ရာ (အရပ်) များကို အများကိန်းဖြင့် မကြာခဏ ပြောဆိုပေသည်။ အလားတူ နေဝင်ရာ (အရပ်)များကိုလည်း အများကိန်းဖြင့် မကြာခဏ ပြောဆိုပေသည်။ ဆိုလိုသည်မှာ အာကာသ ကိုယ်ထည်ကို ပြောဆိုခြင်း ဖြစ်ပေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်ကပင် ပြောထားသော ကျမ်းမြတ် ကုရ်အာန်တွင် သာမန် အရပ်သားများ သိထား သကဲ့သို့ နေသည် အရှေ့ဘက်မှ ထွက်၍ အနောက်ဘက်မှ ဝင်သွားသည်ဟု ပြောဆိုထားခြင်း လုံးဝ မရှိချေ။ နေသည် သာမာန်အရပ်သားများ ထင်ထားဘိသကဲ့သို့ ဝင်သွားသည်ဟု ထွက်လာသည်ဟု မရှိချေ၊ နေသည် သူ့လမ်းကြောင်းပေါ်တွင် အမြဲရှိနေ၍–(၃၆၅၄၀) ကမ္ဘာ၏ လည်ပတ်ခြင်းပေါ်၌သာ နေ့နှင့်ည ဖြစ်ပေါ်နေရပေသည်။ ဤသုတ်တော်မှ ပြောဆိုသော နေထွက်ရာများ ဆိုသည်မှာ ကမ္ဘာ့အရိပ် လွတ်သော နေ၏ အလင်းရောင် အမြဲရှိနေသည့် အာကာသ ကိုယ်ထည်အား ပြောဆိုခြင်းသာ ဖြစ်ပေသည်။ ၎င်းကို ဆက်လက်ဖေါ်ပြပါ သုတ်တော် (၆)၌ ထင်ရှားစွာ တွေ့ရပေသည်။

(၈၇၀) မကောင်းဆိုးဝါးများ ဆိုသည်မှာ လူသားများပင် ဖြစ်၍၊ ရှေးပဝေဏီသမိုင် ခေတ်နောက်ကျနေသော ကျမ်းအို ကျမ်းပျက် မိရိုးဖလာများကို ဖက်တွယ်လျက် လူသားတို့အား ဦးဆောင်မှုပေးနေသော ဘာသာရေး ခေါင်းဆောင်များကို ဆိုလိုပေသည်၊ ၂:၃၀။ ၃၄:၄၁။ ထိုသူတို့သည် အာကာသမှ ကြယ် နက္ခတ်တို့ကို ကြည့်၍ ဗေဒင် တွက်ချက်နေခြင်းဖြင့်သာ အချိန်ကုန်နေ၍– အမှန်တကယ် နက္ခတ်တာရာတို့ သဘောတရား အမှန်ကို သိနိုင်ခြင်းမှ ကာဆီးခံနေရပေသည်။ သူတို့၏ ပညာရပ်များမှာ လူသားအများ အသိဉာဏ် ပွင့်လာလေလေ တန်ပြန်စေကြောခြင်း ခံရလေလေ ဖြစ်ကြောင်း သုတ်တော် အမှတ် (၈) တွင် အတိအကျ ပြောဆို ထားပေသည်။

၈။ ☆ဒုဂုဒြ	**لَا يَسَّمَّعُونَ إِلَى الْمَلَإِ الْأَعْلَى وَيُقْذَفُونَ مِن كُلِّ جَانِبٍ۞** အထွဋ်အထိပ်မှ ရှိသော အကြံပေးတို့အား သူတို့ ကြားနာနိုင်သည် မဟုတ်ချေ။ နံဘေးကိုယ်စီမှ သူတို့အား ဝန်ပိနေစေ၏။☆
၉။	**دُحُورًا وَلَهُمْ عَذَابٌ وَاصِبٌ۞** ပစ်ပယ်ထားလော့၊ သူတို့အတွက် ဝဋ်ကြွေး အနှစ်သည် ရှိနေ၏။[၈၈]
၁၀။	**إِلَّا مَنْ خَطِفَ الْخَطْفَةَ فَأَتْبَعَهُ شِهَابٌ ثَاقِبٌ۞** သုတ်ကနဲ လစ်ထွက်သွားသူကိုသာ၊ သူ့နောက်သို့ ဖေါက်ထွင်းသော မီးဒုံးသည် လိုက်၏။[၈၉]
၁၁။	**فَاسْتَفْتِهِمْ أَهُمْ أَشَدُّ خَلْقًا أَم مَّنْ خَلَقْنَا إِنَّا خَلَقْنَاهُم مِّن طِينٍ لَّازِبٍ۞** “ငါအရှင်၏ ဖြစ်တည်ပေးခြင်းများထက် သို့တည်းမဟုတ် ၎င်းတို့အား ဖြစ်တည်စေခြင်းထက် ပိုမိုအားစိုက်ရသလော၊” ဟု သူတို့အား မေးခွန်းထုတ်လော့၊ ငါသည် သူတို့အား စီးကပ်သော မြေမှ ဖြစ်တည်စေ၏။[၉၀]
၁၂။	**بَلْ عَجِبْتَ وَيَسْخَرُونَ۞** အမှန်မှာ၊ သင် အံ့သြရမည်မှာ–သူတို့ ပျက်ရယ်ပြုလျှင်၊
၁၃။	**وَإِذَا ذُكِّرُوا لَا يَذْكُرُونَ۞** သူတို့အား သတိဖေါ်ပေးသောအခါ– သတိမမူကြလျှင်၊
၁၄။	**وَإِذَا رَأَوْا آيَةً يَسْتَسْخِرُونَ۞** သူတို့အား သုတ်ဒေသနာအား မြင်စေသောအခါ– ပျက်ရယ်ပြုကြလျှင်၊– ဖြစ်၏။
၁၅။	**وَقَالُوا إِنْ هَذَا إِلَّا سِحْرٌ مُّبِينٌ۞** သူတို့က ပြောကြသည်မှာ “ဤသည်– ရှင်းလင်းထင်ရှားသော မှော်အတတ်သာ ဖြစ်၍၊

---

(၈၇၁) ထိုရှေးဟောင်း သူများက ဤစကြာဝဠာအား ဖြစ်တည်ပေးသော မူလဇစ်မြစ်ရှင် ဟူ၍ မရှိ၊ မိမိ၏ (သတ္တဝါတို့၏) စိတ်အင်အားကြောင့်သာ ဖြစ်သည်ဟု မိမိစိတ်ကိုသာ ညွှင်းဆဲလျက် ဘဝ၏ လွတ်မြောက်ခြင်းကို ရှာကြံနေကြပေသည်။ အစကို မသိဘဲ အဆုံးစွန် ဆိုသည်ကို ရှာကြံနေခြင်းမှာ သူတို့၏ အတွင်းစိတ်ကိုသာ ညွှင်းဆဲနေခြင်း သို့မဟုတ် အတွင်း ဝဋ်ဒုက္ခသင့်နေခြင်းသာ ဖြစ်တော့သည်ဟု ကျမ်းတော်က ဆိုပေသည်။

(၈၇၂) ထိုသူတို့၏ အယူများမှာ ဒဿန အားနည်းလာသည်ကို သိ၍– ဆွေးနွေးခြင်း မရှိဘဲ လစ်ထွက်သွားသူများအား သူတို့၏ သားစဉ်မြေး ဆက်များမှ ပညာတတ်များက မေးမြန်းလာခြင်းသည် သူတို့အတွက် မီးအပူကဲ့သို့ ဖြစ်ရ၍ ၎င်းမှာ သူတို့၏ နောက်သို့ အလင်းအလျှင် လိုက်သကဲ့သို့ ကပ်လိုက်လာပေတော့မည်။

(၈၇၃) ဖန်ဆင်းခြင်း (ဖြစ်တည်ပေးခြင်း) သဘောတရားကို မယုံကြည် လက်မခံသူများမှာ ယခုခေတ်တွင်မှ ပေါ်ပေါက်လာခြင်း မဟုတ်ချေ။ အစွယ်လာမ်သာသနာ မပေါ်မီကတည်းက ရှိနေ၍၊ အစွယ်လာမ် သာသနာပေါ်လာသော အခါတွင်လည်း ၎င်းတို့မှာ အလွန် အားကောင်းကြောင်း ကျမ်းတော်တွင် မကြာခဏ ဖေါ်ပြပေသည်။ အစွယ်လာမ်သာသနာက ထိုလူသားများအား ဖန်ဆင်းခြင်း သဘောတရားကို ရှင်းပြရာ၌ စကြာဝဠာ ဖြစ်တည်စေပုံကို မကြာခဏကိုးကား၍– သက်သေပြ ရှင်းပြပေသည်၊ စကြာဝဠာတစ်ခုလုံး ဖြစ်တည်လာပုံကို သက်သေပြခြင်းမှာ လူသား ဆိုသည့် အရာနှင့် နှိုင်းယှဉ်လျှင် စကြာဝဠာကြီးမှာ မနှိုင်းယှဉ်လောက်အောင် ကြီးကျယ်သောကြောင့် ဖြစ်သည်၊ ထိုကဲ့သို့ ကြီးကျယ်သော အရာသည်ပင် ဖြစ်တည်ခံ ဖြစ်လျှင် ထိုၭ် မှီတည်နေရသော လူသား ဆိုသည်မှာ ပြောလောက်ဘွယ် မရှိချေ။– သို့သော် လူသားသည် အမြဲ ဝိဇ္ဇာစီးလျက် မိမိကိုယ် မိမိ မသုံးသပ်သည်က များပေသည်။ ယခုခေတ်တွင် အာကာသရေးရာ သုတေသီများ၊ ကမ္ဘာကျော် ပညာရှင်ကြီးများ၊ နိုင်ငံရေးသမားများ၊ သတင်းစာ နယ်ဇင်းသမားများ၊ ခန္ဓာဗေဒဆိုင်ရာ ပါမောက္ခကြီးများ အပါအဝင် များစွာသော ပညာတတ် လူတန်းစားများမှ သူတို့ မိရိုးဖလာမှ မုန်းတီးလှုပ်သည် ဟု ဆိုသော အစွယ်လာမ်သာသနာသို့ အစုလိုက် အပြုံလိုက် တိုး၍တိုး၍ ဝင်လာနေတော့သည်။ ကွန်မြူနစ်စနစ်၏ အကူအညီဖြင့် ဖန်ဆင်းရှင် မရှိ ဟူသော ဝါဒအား ရပ်တည်ခဲ့သော ဆရာတော်ကြီးများသည် တကယ့်လက်တွေ့ သုတေသီတို့၏ ဖန်ဆင်းရှင် ရှိသည်ဟု ထုတ်ဖေါ်လာခြင်းများကို ကာကွယ်ထားနိုင်စွမ်း မရှိတော့ချေ။ ဤသုတ်တော်မှ **ငါသည် သူတို့အား စီးကပ်သော မြေမှ ဖြစ်တည်စေခဲ့သည်** ဟု ဆိုထားသော ဝါကျမှ **သူတို့အား** ဆိုသည်မှာ သုတ်တော် (၁)မှ (၁၀)ထိ ဆရာတော်ကြီးများ ပြောနေသည့် **မလာအိကာဟ်**များ။ **ရှိုင်တွန်** များအားလုံး အကြံုးဝင်ပေသည်။

၁၆။	**أَئِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا أَئِنَّا لَمَبْعُوثُونَ۞** ကျွန်ုပ်တို့ သေကြေပြီးသော် မြေမှုန့်များ အရိုးများ ဖြစ်ပြီးမှ ပြန်လည် နိုးထရမည်လော၊
၁၇။	**أَوَآبَاؤُنَا الْأَوَّلُونَ۞** သို့မဟုတ် ကျွန်ုပ်တို့၏ ရှေးဦးပထမ ဘိုးများသည်ကော၊''ဟု ဖြစ်၏။
၁၈။	**قُلْ نَعَمْ وَأَنتُمْ دَاخِرُونَ۞** ''မှန်၏၊ သင်တို့သည် ဝပ်တွားနှိမ့်ချရမည်တည်း၊''ဟု ပြန်ပြောလော့။
၁၉။	**فَإِنَّمَا هِيَ زَجْرَةٌ وَاحِدَةٌ فَإِذَا هُمْ يَنظُرُونَ۞** ယင်းမှာ– အော်ဟောက်သံ တစ်ခုမျှသာ ဖြစ်၏။ ထိုအချိန်တွင် သူတို့ ကြည့်နေရလတ္တံ့။[၈၇၄]
၂၀။	**وَقَالُوا يَا وَيْلَنَا هَذَا يَوْمُ الدِّينِ۞** ''ကျွန်ုပ်တို့များနှယ်၊ ဤသည် စီရင်ချက်ချသော နေ့ကာလပါတကား၊''ဟု ညည်းညူရလတ္တံ့။
၂၁။	**هَذَا يَوْمُ الْفَصْلِ الَّذِي كُنتُمْ بِهِ تُكَذِّبُونَ۞** ဤသည် သင်တို့ ငြင်းဆန်လေ့ရှိခဲ့သော ရှင်းလင်းဆုံးဖြတ်သည့် နေ့ကာလပင်တည်း။
၂၂။ ☆၃၃း၂၈	**احْشُرُوا الَّذِينَ ظَلَمُوا وَأَزْوَاجَهُمْ وَمَا كَانُوا يَعْبُدُونَ۞** မိုက်ကြေးခွဲသောသူတို့နှင့် သူတို့၏ စုဖွဲ့ဖော်မျာ၊☆ သူတို့ကိုးကွယ်ခဲ့လေ့ရှိသည်များကို စုစည်းမည်ပင်။
၂၃။	**مِن دُونِ اللَّهِ فَاهْدُوهُمْ إِلَى صِرَاطِ الْجَحِيمِ۞** ပရမတ်ဘုရားရှင် မှလွဲ၍၊ သူတို့အား ငရဲမီး လမ်းဆီသို့ ညွှန်ခဲ့သည်ချည်း ဖြစ်၏။
၂၄။	**وَقِفُوهُمْ إِنَّهُم مَّسْئُولُونَ۞** ရပ်တန်းကရပ်စေ၍ သူတို့အား မေးမြန်းမည်မှာ–
၂၅။	**مَا لَكُمْ لَا تَنَاصَرُونَ۞** ''သင်တို့အား ဘယ်အရာက မကူညီစေနိုင်သနည်း၊''ဟု ဖြစ်၏။
၂၆။	**بَلْ هُمُ الْيَوْمَ مُسْتَسْلِمُونَ۞** အမှန်မှာ ထိုနေ့ကာလ၌ သူတို့အား တိတ်ဆိတ်ငြိမ်သက်စေ၍၊
၂၇။	**وَأَقْبَلَ بَعْضُهُمْ عَلَى بَعْضٍ يَتَسَاءلُونَ۞** သူတို့မှ အချို့သည် အချို့ထံသို့ ရှေ့တိုးလာလျက် မေးမြန်းလျက်–
၂၈။	**قَالُوا إِنَّكُمْ كُنتُمْ تَأْتُونَنَا عَنِ الْيَمِينِ۞** ''သင်တို့သည် ကျွန်ုပ်တို့ထံသို့ အားသန်ရာဘက်မှ ချဉ်းကပ်ရောက်လာလေ့ရှိခဲ့၏၊''ဟု ပြောဆိုကြ၏။[၈၇၅]

---

(၈၇၄) လောက စကြာဝဠာ အပေါင်းအား ဖြစ်တည်စေသည့် ပရမတ်ဘုရားရှင်ဟူသည် ရှိ၏ဟု ပညာရှင်များ၏ သက်သေပြချက်ကြီး ထွက်ပေါ်လာသောကာလတွင် သဘာဝတရားကြောင့် ဖြစ်ရသည် ဟု ဆိုသော သူတို့မှ မပြောနိုင် မဆိုနိုင် ကြက်သေသေ၍ ကြည့်နေရမည်ပင် ဖြစ်၏။

(၈၇၅) ပရမတ်ဘုရားရှင် မရှိဟု ဖုံးကွယ်ထားသူတို့မှာ ဘုရားမဲ့ဝါဒီ ဘယ်ယိမ်းများသာ ဖြစ်၏၊ သို့သော် သူတို့သည် ဘုရားတရားအား ကြည်ညိုလေးစား လိုသော လူထုအား လှည့်စားရန် သူတို့ကိုယ် သူတို့ ဘာသာတရားကို လက်ခံသော ညာယိမ်းများကဲ့သို့ ချဉ်းကပ်ခဲ့ခြင်း ဖြစ်ပေသည်။

၂၉။	**قَالُوا بَل لَّمْ تَكُونُوا مُؤْمِنِينَ۝** သူတို့ ပြန်ပြောကြသည်မှာ ‘‘အမှန်မှာ၊ သင်တို့ကိုယ်တိုင် ယုံကြည်ခဲ့သူများ မဖြစ်ခဲ့၊–
၃၀။	**وَمَا كَانَ لَنَا عَلَيْكُم مِّن سُلْطَانٍ بَلْ كُنتُمْ قَوْمًا طَاغِينَ۝** ကျွန်ုပ်တို့မှာ သင်တို့အပေါ်၌ ဩဇာအာဏာ မရှိချေ။ အမှန်မှာ သင်တို့သည် စည်းဖျက်သော လူမျိုးသာ ဖြစ်၏။
၃၁။	**فَحَقَّ عَلَيْنَا قَوْلُ رَبِّنَا إِنَّا لَذَائِقُونَ۝** ကံကြမ္မာရှင်၏ တရားတော်သည် သစ္စာတရားပင် ဖြစ်၏။ ကျွန်ုပ်တို့ မြည်းစမ်းရမည်ပင်–
၃၂။	**فَأَغْوَيْنَاكُمْ إِنَّا كُنَّا غَاوِينَ۝** ကျွန်ုပ်တို့ကိုယ်တိုင် တိမ်းပါးသူများ ဖြစ်ခြင်းကြောင့်၊ သင်တို့အား တိမ်းပါးစေခဲ့ပြီ’’ဟု ဖြစ်၏။[၈၇၆]
၃၃။	**فَإِنَّهُمْ يَوْمَئِذٍ فِي الْعَذَابِ مُشْتَرِكُونَ۝** ထို့ကြောင့် ထိုနေ့ကာလ၌ သူတို့အားလုံး ရောပြွန်းလျက် ဝဋ်ကြွေးကိုခံရစေ၏။
၃၄။	**إِنَّا كَذَلِكَ نَفْعَلُ بِالْمُجْرِمِينَ۝** ဤကဲ့သို့ ရာဇဝတ်ကောင်တို့အတွက် ငါ စီမံတော်မူ၏။
၃၅။	**إِنَّهُمْ كَانُوا إِذَا قِيلَ لَهُمْ لَا إِلَٰهَ إِلَّا اللَّهُ يَسْتَكْبِرُونَ۝** သူတို့အား ‘‘ပရမတ်ဘုရားရှင်မှအပ အခြားဘုရားဟူ၍ မရှိ’’ဟု ပြောသောအခါ၊ သူတို့သည် မာနတက်နေကြ၍၊
၃၆။	**وَيَقُولُونَ أَئِنَّا لَتَارِكُوا آلِهَتِنَا لِشَاعِرٍ مَّجْنُونٍ۝** ‘‘ကဗျာဆရာ အရူးတစ်ယောက်ကြောင့် ကျွန်ုပ်တို့၏ ဘုရားများကို ချန်ထားရမည်လော’’ဟု ဆိုကြ၏။[၈၇၇]
၃၇။	**بَلْ جَاء بِالْحَقِّ وَصَدَّقَ الْمُرْسَلِينَ۝** အမှန်မှာ သူသည် ပရမတ္ထသစ္စာဖြင့် ရောက်လာပြီ။ ဉာဏ်စဉ်ဆောင်အပေါင်းကိုလည်း ဖြောင့်မှန်ကြောင်းပြ၏။
၃၈။	**إِنَّكُمْ لَذَائِقُو الْعَذَابِ الْأَلِيمِ۝** စူးနစ်နာကျင်သော ဝဋ်ကြွေးအား သင်တို့ ဇကန် မြည်းစမ်းကြကုန်လော့။
၃၉။	**وَمَا تُجْزَوْنَ إِلَّا مَا كُنتُمْ تَعْمَلُونَ۝** သင်တို့ ကျင့်ကြံခဲ့သည်မှ အပ အခြား အစားပေးခံရမည် မဟုတ်ချေ။

---

(၈၇၆) မျိုးရိုးစဉ်ဆက် လိမ်လည်လာခဲ့ခြင်းကြောင့် သူတို့ကိုယ်တိုင် မှားနေခြင်းကို အမှန်ဟု ထင်နေပေသည်၊ ထို့ကြောင့် သူတို့အမှန်ဟု ထင်နေသည့် အမှားတရားအား အခြားလူများ အပေါ်၌ စေတနာထားကာ ဒဿနတည်ဆောက် လမ်းပြနေခြင်းများ ဖြစ်ပေသည်။

(၈၇၇) ကိုယ်တော်မုဟမ္မဒ်သည် ကမ္ဘာ့လူသားထုကြီး တစ်ရပ်လုံးအတွက် အလွန် ကျေးဇူးကြီးမားလှပေသည်။ လူပုဂ္ဂိုလ်ကိုးကွယ်ရေးကို အားသန်နေသော လူသားတို့အား ‘‘**လာအိလာဟ အိလ္လောဟ်**– ပရမတ်ဘုရားရှင်မှ အပ အခြားဘုရားဟု မရှိ’’ ဟူ၍ ယတိပြတ်ကြေငြာ၍၊ အခြားသော သတိမရသေးသည့် လူသားများအား သတိဖေါ်ပေးသော အနေဖြင့် ကမ္ဘာ့ မွတ်ဆလင် တစ်ရပ်လုံးကိုလည်း ဤစာပိုဒ်ကလေးအား နေ့စဉ်ရက်ဆက် ကြေးကြော်စေခဲ့ပေသည်၊ ကိုယ်တော်မုဟမ္မဒ်အနေဖြင့် ပုဂ္ဂိုလ်ရေးကိုးကွယ်ခံယူလိုက ပုဂ္ဂိုလ်ရေးကိုးကွယ်ခံရခြင်းကို အချိန်မရွေးထူထောင်နိုင်သော်လည်း– ထိုကဲ့သို့ ပုဂ္ဂိုလ်ရေးကိုးကွယ်ခံမှုကို မထူထောင်ခဲ့ခြင်း အတွက် ‘‘အရူး’’ ဟုပင် စွပ်စွဲခံခဲ့ရပေသည်။ ကမ္ဘာ့ ဘာသာရေးသမားတို့မှာ ဘုရားရှိပါသည်ဟု ကြွေးကြော်နေသော်လည်း– မိမိတို့အား ပုဂ္ဂိုလ်ရေး ကိုးကွယ်ခံရခြင်းအား အရောင်မှိန်မသွားစေရန်– အမှန်တကယ် ကိုးကွယ် ယုံကြည်ရမည့် ပရမတ်ဘုရားအား နောက်ကွယ်၌ ထိန်ဝှက်ထားသည်က များပေသည်။

၄၀။	**إِلَّا عِبَادَ اللَّهِ الْمُخْلَصِينَ۞** ပရမတ်ဘုရားရှင်အား သန့်သန့်စင်စင် ကိုးကွယ်သူတို့သာ– ကင်း၏။
၄၁။	**أُوْلَئِكَ لَهُمْ رِزْقٌ مَّعْلُومٌ۞** ထိုသူများအတွက် အသိပေးပြီး ရိက္ခာတို့မှာ–
၄၂။	**فَوَاكِهُ وَهُم مُّكْرَمُونَ۞** သစ်သီးဝလံများ– ဖြစ်၏။ သူတို့အား ဘိသိက်မြှောက်ပေးမည်မှာ–
၄၃။	**فِي جَنَّاتِ النَّعِيمِ۞** ဂုဏ်ပေးထားသော သုခဘုံများရှိ၊
၄၄။	**عَلَى سُرُرٍ مُّتَقَابِلِينَ۞** ဖိမ်ခံခုံများပေါ်၌ အချင်းချင်း မျက်နှာချင်းဆိုင်လျက် ဖြစ်၏။
၄၅။	**يُطَافُ عَلَيْهِم بِكَأْسٍ مِن مَّعِينٍ۞** စမ်းရေ ခွက်ဖြင့် သူတို့ထံသို့ လှည့်လည်ပေး၍–
၄၆။	**بَيْضَاء لَذَّةٍ لِّلشَّارِبِينَ۞** သောက်သုံးသူတို့အတွက် ဖြူစင် အရသာ ရှိစေ၏။
၄၇။	**لَا فِيهَا غَوْلٌ وَلَا هُمْ عَنْهَا يُنزَفُونَ۞** ထိုဌ် ခေါင်းမူးစေခြင်း မရှိ၊ ၎င်းတို့သည် ပျို့အံစေခြင်းလည်း မရှိချေ။
၄၈။	**وَعِنْدَهُمْ قَاصِرَاتُ الطَّرْفِ عِينٌ۞** သူတို့၏ ထံပါး၌ ရှိသော မျက်ရိပ်မျက်ခြည် တည်တံ့သူတို့သည် မျက်လုံးများကို–
၄၉။ အဖြူ ထည်	**كَأَنَّهُنَّ بَيْضٌ مَّكْنُونٌ۞** ကွဲတတ်သည့် ဥကဲ့သို့ ကာကွယ်ထား၏။[၈၇]
၅၀။	**فَأَقْبَلَ بَعْضُهُمْ عَلَى بَعْضٍ يَتَسَاءلُونَ۞** သူတို့မှ အချို့သည် အချို့သို့ ရှေ့တိုးလာလျက် မေးမြန်းကြသော်–
၅၁။	**قَالَ قَائِلٌ مِّنْهُمْ إِنِّي كَانَ لِي قَرِينٌ۞** သူတို့မှ ပြောရေးဆိုခွင့် ရှိသူက ပြောသည်မှာ ‘‘ကျွန်ုပ်၌ အဆက်အနွယ် တစ်ဦး ရှိ၍၊

(၈၇) ဤသုတ်တော်များမှ စောင့်ထိန်းသော မျက်လုံးများကို ကိုထိုထိုလိုင်ဖြင့် ဖေါ်ပြသောကြောင့် သုတ်တော် ၄၈ တွင် ဖေါ်ပြသော ထိုကုသိုလ်အကျိုးကို ခံစားရမည့် သူများအတွက် အဖေါ်မှာ နတ်ကညာများဟု အဓိပ္ပါယ်သက်ရောက်စေမည့် အမျိုးသမီးများ ဖြစ်ရမည်ဟု မသုံးသပ်သင့်ပေ။ ထိုနှာခေါင်းစားမှာ ဖေါ်ပြပါ မျက်လုံးအမျိုးအစားကို ဖေါ်ပြသည့် အသုံးအနှုံးသာ ဖြစ်၍၊ စကျွအိုးနွေးတည်ငြိမ်မှုကို ဖေါ်ပြခြင်း ဖြစ်ပေသည်။ ရုပ် ခန္ဓာနှင့် ဉာဏ်ခန္ဓာအား ထပ်တူပြု မခံစားသင့်ချေ၊ ဤမျက်လုံး ပိုင်ရှင်များကို မဖေါ်ပြမှီ သုခဘုံသားတို့အား ဖေါ်ပြခြင်း ဖြစ်သည့် စကား **သူတို့တွင်** ဆိုသည်မှာ အမျိုးသား အမျိုးသမီး အကုန်ပါဝင်နေပေသည်။ သုခဘုံတွင် အမျိုးသား တစ်မျိုးတစ်စားသည်သာ ခံစားရမည်ဟု ကျမ်းတော်၏ မည်သည့် နေရာတွင်မှ မဆိုပေ။ ထို့ကြောင့် သူတို့၏ အဖေါ်များဆိုသည်မှာလည်း ထိုသုခဘုံသား အမျိုးသား အမျိုးသမီးအပေါင်းတို့၏ အဖေါ် အမျိုးသား အမျိုးသမီး အားလုံးကို ဆိုလိုခြင်း ဖြစ်ပေသည်။ (၄၈း၅၂)။

၅၂။	**يَقُولُ أَئِنَّكَ لَمِنَ الْمُصَدِّقِينَ۞** ၚင်းက ဆိုသည်မှာ– သင်သည် ဖြောင့်မှန်သူများမှ ဖြစ်သလော–
၅၃။	**أَئِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا أَئِنَّا لَمَدِينُونَ۞** ကျွန်ုပ်တို့ သေ၍၊ မြေမှုန့်များ အရိုးများ ဖြစ်ပြီးသော်၊ ကျွန်ုပ်တို့အတွက် စီရင်ချက်ရှိသည်ဟု ဆိုသလော–ı''ဟု ဖြစ်၏။
၅၄။	**قَالَ هَلْ أَنتُم مُّطَّلِعُونَ۞** သူက သင်တို့အား ဖေါ်ထုတ်ပြရမည်လော ဟု ဆို၍၊
၅၅။	**فَاطَّلَعَ فَرَآهُ فِي سَوَاءِ الْجَحِيمِ۞** သို့ဖြင့် ၚင်းကို ပုံစံကျပြီး ငရဲမီးထဲ၌ ထွက်ပေါ်လာသည်ကို မြင်ရ၏။
၅၆။ ငရဲသား	**قَالَ تَاللَّهِ إِنْ كِدتَّ لَتُرْدِينِ۞** သူက ပရမတ်ဘုရားရှင်အား တိုင်တည်၍ ပြောသည်မှာ ''**သင်**သည် ကျွန်ုပ်အား ကျဆုံးစေတော့မလို ဖြစ်၏ı–
၅၇။	**وَلَوْلَا نِعْمَةُ رَبِّي لَكُنتُ مِنَ الْمُحْضَرِينَ۞** အရှင်သည်သာ ကျွန်ုပ်အား ဂုဏ်မပေးခဲ့လျှင်၊ ကျွန်ုပ်သည် ဆင့်ခေါ်ခံသူတို့မှ ဖြစ်ရလတ္တံ့ı–[၈၇၉]
၅၈။	**أَفَمَا نَحْنُ بِمَيِّتِينَ۞** ကျွန်ုပ်တို့သည် မသေရတော့ပြီလော၊
၅၉။	**إِلَّا مَوْتَتَنَا الْأُولَى وَمَا نَحْنُ بِمُعَذَّبِينَ۞** ပထမအကြိမ်သေခြင်းသာ ရှိသလော၊ ကျွန်ုပ်တို့သည် ဝဋ်ကြွေးသင့်မည့်သူများ မဟုတ်ပြီလော၊''ဟု ဖြစ်၏။
၆၀။	**إِنَّ هَذَا لَهُوَ الْفَوْزُ الْعَظِيمُ۞** ဇကန်ပင် ဤ မဟာ အောင်ပွဲမှာ–
၆၁။	**لِمِثْلِ هَذَا فَلْيَعْمَلْ الْعَامِلُونَ۞** ဤသို့ ကျင့်ကြံစေခြင်းအား ကျင့်ကြံသူများအတွက် ဥပမာပင် ဖြစ်၏။
၆၂။	**أَذَلِكَ خَيْرٌ نُّزُلًا أَمْ شَجَرَةُ الزَّقُّومِ۞** ဤသို့ စံစားရမှုအဆင့်ဆင့်သည် ပိုကောင်းသလော၊ သို့တည်းမဟုတ် ပဒိုင်းပင်ကို လိုသလော။[၈၈၀]
၆၃။	**إِنَّا جَعَلْنَاهَا فِتْنَةً لِّلظَّالِمِينَ۞** ဇကန်ပင် ငါသည် ၚင်းကို အမိုက်ကောင်များ အတွက် စမ်းသပ်ဘို့ရာ စီစဉ်ထားပြီ။

---

(၈၇၉) ဖမ်းဆီးခေါ်ဆောင်ခံရသူတို့မှ ဖြစ်ရလတ္တံ့။

(၈၈၀) **شَجَرَةُ الزَّقُّومِ ရှုဂျရတ် ဇကွန်းမ်** ကို ဆရာတော်ကြီးများက **ရှားဇောင်းပင်** ဟု ဘာသာပြန်ကြပေသည်။ ထိုအပင်မှာ အဆူးများရှိ၍၊ စူးနစ်သော အနံ့၊ ခါးသည်းသော အရသာ၊ သေစေလောက်သော အဆိပ် ရှိသော အပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ထိုကဲ့သို့ အသွင်ရှိသော အပင်မှာ ပဒိုင်းပင်သာ ဖြစ်ပေသည်။ **ရှားဇောင်းပင်** မဟုတ်ချေ။ **ရှားဇောင်းပင်**သည် အပင်ကိုယ်ထည်တွင် အစူးငယ်များ ရှိသော်လည်း အပွင့်ကို စားသုံးနိုင်သည်၊ ဆေးဘက်လည်းဝင်ပေသည်။ ထို့ကြောင့် **ဇကွန်းမ်** ၏ အဓိပ္ပါယ်နှင့် မတူချေ။ **ဇကွန်းမ်**၏ အဓိပ္ပါယ်နှင့် အနီးကပ်ဆုံးတူသော အပင်မှာ ဆုတ်လျှင်စူး၊ နမ်းလျှင်မူး၊ စားလျှင်ရူးသော– အပင်တွင် စူးရှိသည့် ပဒိုင်းပင်နှင့်သာ အနီးကပ်ဆုံး တူပေသည်။ ဤသည်လည်း အနည်းကပ်ဆုံး တူသော အပင်နှင့် ဝေါဟာရ ဖလှယ်ခြင်းသာ ဖြစ်၍ ကျမ်းတော်က **ၚင်းသည် ကျိန်စာမိသော အပင် ဟု သုံးပေသည်၊** (၁၇း၆၀)။

၆၄။	**إِنَّهَا شَجَرَةٌ تَخْرُجُ فِي أَصْلِ الْجَحِيمِ۝** ငင်းသည် ငရဲမီးတွင်း အမြစ်တွယ် ပေါက်ရောက်သော အပင်တစ်ပင် ဖြစ်၏။
၆၅။	**طَلْعُهَا كَأَنَّهُ رُؤُوسُ الشَّيَاطِينِ۝** ငင်းမှ မကောင်းဆိုးဝါး၏ ဦးခေါင်းကဲ့သို့ သီးပွင့်၏။[၈၁]
၆၆။	**فَإِنَّهُمْ لَآكِلُونَ مِنْهَا فَمَالِؤُونَ مِنْهَا الْبُطُونَ۝** ဇကန်ပင် သူတို့သည် ငင်းမှ စားသုံးရ၍၊ ဗိုက်ပြည့် တင်းကား၍။
၆၇။ ထပ်ရော	**ثُمَّ إِنَّ لَهُمْ عَلَيْهَا لَشَوْبًا مِّنْ حَمِيمٍ۝** ထို့နောက် ဇကန်ပင်– ထိုအပေါ်၌ ရေနွေးပူဖြင့် **ထပ်ဖြည့်**ခံရ၏။
၆၈။	**ثُمَّ إِنَّ مَرْجِعَهُمْ لَإِلَى الْجَحِيمِ۝** ထို့နောက် သူတို့၏ အပြန်ခရီးသည် ငရဲမီးဘက်သို့ ဖြစ်၏။
၆၉။	**إِنَّهُمْ أَلْفَوْا آبَاءهُمْ ضَالِّينَ۝** သူတို့သည် သူတို့၏ မိရိုးဖလာအား လမ်းလွဲနေကြောင်း တွေ့ရတော့၏။
၇၀။ ဆက်ရော	**فَهُمْ عَلَى آثَارِهِمْ يُهْرَعُونَ۝** သူတို့သည် ၎င်းတို့၏ **ရိုးရာ**များပေါ် အလျင်စလို လိုက်၏။
၇၁။	**وَلَقَدْ ضَلَّ قَبْلَهُمْ أَكْثَرُ الْأَوَّلِينَ۝** သူတို့မတိုင်မီ ရှေးဦးပထမ မျိုးဆက်များစွာသည် လွဲမှားခဲ့သည်ပင်။
၇၂။	**وَلَقَدْ أَرْسَلْنَا فِيهِم مُّنذِرِينَ۝** သူတို့ထဲမှ သတိပေးသူများကို ငါ စေစားခဲ့ပြီ။
၇၃။	**فَانظُرْ كَيْفَ كَانَ عَاقِبَةُ الْمُنذَرِينَ۝** သတိပေးခံရသူများ နိဂုံး မည်သို့ ချုပ်ရသည်ကို ကြည့်ကြလော့။
၇၄။	**إِلَّا عِبَادَ اللَّهِ الْمُخْلَصِينَ۝** ပရမတ်ဘုရားရှင်အား သန့်သန့်စင်စင် ကိုးကွယ်သူတို့သာ ကင်း၏။
၇၅။	**وَلَقَدْ نَادَانَا نُوحٌ فَلَنِعْمَ الْمُجِيبُونَ۝** နူးဟ်သည် ငှါထံ၌ မုချ ပန်ထွာတင်ပြ၏။ ငါသည် ဂုဏ်ပေး ဖြေကြားပေးနေသော အရှင် ဖြစ်၏။

---

(၈၇၉) ဤမကောင်းသော အပင်၏ အသီးအပွင့်မှာ မကောင်းဆိုးဝါး၏ ဦးခေါင်းကဲ့သို့ ဖြစ်သည်ဟု ဥပမာ ပေးသောကြောင့် ထိုအသီး၏ ပုံဏ္ဍာန်မှာ အဖုအထစ်များနှင့် ကြောက်မက်ဘွယ်ရာ ပုံစံဖြင့်ဟု ဒဏ္ဍာရီလာ ပုံများအား အာရုံခံလျက် မခံစားသင့်ပေ၊ တဖန် ထိုမှ ချဲ့ကားလျက် မကောင်းဆိုးဝါးတည်းဟူသော ရှိုင်တွန်သည်လည်း အလွန် ကြောက်မက်ဘွယ်ကောင်းသော ဒဏ္ဍာရီလာ သရဲသဘက် မျက်နှာကြီးနှင့် နာနာဘာဝ ဟု မခံစားသင့်ပေ။ ကျမ်းတော်တွင် ကောင်းမှုများကို ကောင်းမြတ်သော အပင်– ထိုအပင်မှ အသီးအပွင့်များနှင့် ပမာပေး ပြောဆိုလေ့ရှိပြီး– မကောင်းသော အကျင့်အကြံများအား မကောင်းသောအပင်– မကောင်းသော အသီးများဖြင့် ခိုင်းနှိုင်း ပြောဆိုလေ့ ရှိပေသည်။ ဤနေရာတွင်လည်း ဤမကောင်းသော အပင်၏ အသီးအပွင့် (အကျိုးဆက်)မှာ မကောင်းသော အတွေးအခေါ်ကို ဖြစ်ပေါ်စေသည့် အရာသာ ဖြစ်ကြောင်း ပြောဆိုခြင်း ဖြစ်ပေသည်။

၇၆။	**وَنَجَّيْنَاهُ وَأَهْلَهُ مِنَ الْكَرْبِ الْعَظِيمِ۞** သူနှင့် သူ့ဝိုင်းသားတို့အား မဟာချောက်ချားမှုကြီးမှ ငါ လွတ်မြောက်စေတော်မူ၏။
၇၇။ ☆၁၁း၄၈	**وَجَعَلْنَا ذُرِّيَّتَهُ هُمُ الْبَاقِينَ۞** သူ၏ သားစဉ်မြေးဆက်အား တည်ရှိသူများ အဖြစ် စီစဉ်တော်မူ၏။
၇၈။	**وَتَرَكْنَا عَلَيْهِ فِي الْآخِرِينَ۞** နောက်လာနောက်သား အတွင်း၌ သူ့အအကြောင်းအား ချန်ထားခဲ့၍–
၇၉။	**سَلَامٌ عَلَى نُوحٍ فِي الْعَالَمِينَ۞** လောကခပ်သိမ်း အတွင်း နူးဟ်အား ငြိမ်းချမ်းမှုသက်စေသော်၊
၈၀။	**إِنَّا كَذَٰلِكَ نَجْزِي الْمُحْسِنِينَ۞** ဤသို့၊ သုမင်္ဂလာပြုသူတို့အား ငါ အစားပေးတော်မူ၏။
၈၁။	**إِنَّهُ مِنْ عِبَادِنَا الْمُؤْمِنِينَ۞** ကေန်ပင် သူသည် ငါအရှင်အား ယုံကြည်သူ အမှုတော်ဆောင်တို့မှ ဖြစ်၏။
၈၂။	**ثُمَّ أَغْرَقْنَا الْآخَرِينَ۞** တဖန် နောက်လူများကို တိမ်မြုပ်စေတော်မူလိုက်၏။
၈၃။ နူးဟ်	**وَإِنَّ مِن شِيعَتِهِ لَإِبْرَاهِيمَ۞** ကေန်ပင် အီဗရာဟီးမ်သည် **သူ**၏ ဂိုဏ်းဝင်ထဲမှ ဖြစ်၍–
၈၄။	**إِذْ جَاءَ رَبَّهُ بِقَلْبٍ سَلِيمٍ۞** ကံကြမ္မာရှင်၏ထံသို့ ငြိမ်းချမ်းသော နှလုံးသားဖြင့် သူ ခရောက်၏။
၈၅။	**إِذْ قَالَ لِأَبِيهِ وَقَوْمِهِ مَاذَا تَعْبُدُونَ۞** သူက သူ၏ ဖခင်နှင့် သူ့လူမျိုးတို့အား မေးသည်မှာ "သင်တို့သည် ဘယ်ရာကို ကိုးကွယ်နေကြသနည်း–
၈၆။	**أَئِفْكًا آلِهَةً دُونَ اللَّهِ تُرِيدُونَ۞** ပရမတ်ဘုရားရှင်မှ အပသော လုပ်ဇတ် ဘုရားများကို အလိုရှိကြသလော။
၈၇။	**فَمَا ظَنُّكُم بِرَبِّ الْعَالَمِينَ۞** လောကခပ်သိမ်း၏ ကံကြမ္မာရှင်အား မည်သို့ စဉ်းစားချက် ရှိသနည်း၊"ဟု ဖြစ်၏။
၈၈။	**فَنَظَرَ نَظْرَةً فِي النُّجُومِ۞** ထို့နောက် သူသည် ကြယ်တာရာများသို့ ကြည့့် ကြည့့်၍၊

၈၉။	**فَقَالَ إِنِّي سَقِيمٌ۝** ‘‘ကျွန်ုပ်သည်ပင် ဖျားချင်ချင် ဖြစ်လာပြီ’’ဟု ဆိုသော်။[၈၂]
၉၀။	**فَتَوَلَّوْا عَنْهُ مُدْبِرِينَ۝** သူတို့သည် သူ့ထံမှ နောက်သို့ လှည့်ပြေးတော့၏။
၉၁။	**فَرَاغَ إِلَى آلِهَتِهِمْ فَقَالَ أَلَا تَأْكُلُونَ۝** သူသည် သူတို့၏ ဘုရားများထံသို့ လှည့်၍ ပြောသည်မှာ ‘‘သင်တို့ ဆွမ်းစားကြသလော၊–
၉၂။	**مَا لَكُمْ لَا تَنطِقُونَ۝** သင်တို့ အဘယ်ကြောင့် စကားမပြောကြသနည်း၊’’ဟု ဖြစ်၍၊
၉၃။ ☆၂၁း၅၈	**فَرَاغَ عَلَيْهِمْ ضَرْبًا بِالْيَمِينِ۝** သူတို့ဘက်သို့ လှည့်ကာ ညာလက်ဖြင့် ရိုက်ဖျက်လိုက်၏။☆
၉၄။	**فَأَقْبَلُوا إِلَيْهِ يَزِفُّونَ۝** ထိုအခါ သူ့ထံသို့ အရှိန်အဟုန်နှင့် ရှေ့တိုးလာကြသူများကို–
၉၅။	**قَالَ أَتَعْبُدُونَ مَا تَنْحِتُونَ۝** သူက မေးသည်မှာ ‘‘သင်တို့ ထုဆစ်ထားသော အရာများအား ကိုးကွယ်ကြကုန်သလော၊–
၉၆။	**وَاللَّهُ خَلَقَكُمْ وَمَا تَعْمَلُونَ۝** ပရမတ်ဘုရားရှင်သည် သင်တို့နှင့် သင်တို့ ကျင့်ကြံရာများကို ဖြစ်တည်စေတော်မူ၏၊’’ဟု ဖြစ်၏။
၉၇။ ☆၂၁း၆၉	**قَالُوا ابْنُوا لَهُ بُنْيَانًا فَأَلْقُوهُ فِي الْجَحِيمِ۝** သူတို့က သူ့အတွက် အဆောက်အဦး တစ်ခုကို ဆောက်လော့၊ ထို့နောက် ငရဲမီး၌ ခင်းကျင်းပေးလော့၊ ဟု ဆို၏။☆
၉၈။	**فَأَرَادُوا بِهِ كَيْدًا فَجَعَلْنَاهُمُ الْأَسْفَلِينَ۝** သူ့အတွက် ဗျူဟာတစ်ရပ် ဖြစ်စေလိုစေ၊ သို့ဖြင့်–သူတို့အား အနိမ့်ဆုံးဖြစ်စေရန် ငါ စီစဉ်တော်မူ၏။
၉၉။	**وَقَالَ إِنِّي ذَاهِبٌ إِلَى رَبِّي سَيَهْدِينِ۝** သူဆုတောင်းသည်မှာ ‘‘တပည့်တော်သည် လမ်းညွှန်ပြနေတော်မူသော ကံကြမ္မာရှင်ထံသို့သာ သွားနေပါ၏။’’
၁၀၀။	**رَبِّ هَبْ لِي مِنَ الصَّالِحِينَ۝** ‘‘အို– ကံကြမ္မာရှင် တပည့်တော်အား ပြုပြင်ပြောင်းလဲသူတို့မှ တစ်ဦးကို ချီးမြှင့်တော်မူပါ။’’ဟု ဖြစ်၏။
၁၀၁။ သား	**فَبَشَّرْنَاهُ بِغُلَامٍ حَلِيمٍ۝** သို့ဖြင့် ငါသည် ‘‘နူးညံ့သိမ်မွေ့သော **ကလေး**အကြောင်း သတင်းကောင်းကိုပါး၏။’’

(၈၂) အီဗရာဟီးမ်၏ လူမျိုးတို့သည် ထင်ရာမြင်ရာ ရုပ်ပွား ဆင်းတုများကိုသာ ကိုးကွယ်သည် မဟုတ်၊ ကောင်းကင်တွင် မြင်သမျှသော ကြယ်တာရာ နက္ခတ်များကိုလည်း ကိုးကွယ်နေကြသောကြောင့် ကိုယ်တော် အီဗရာဟီးမ်က သင်တို့၏ အယူအဆများမှာ တိကျသေချာမှုမရှိ၊ နာကြားရသူများ အဖို့ပင် ဖျားချင်ချင် ဖြစ်လာပြီ၊ (ခေတ်စကားဖြင့် ဦးနှောက် စားလာပြီ) ဟု ပြောဆိုခြင်း ဖြစ်ပေသည်။

၁၀၂။	**فَلَمَّا بَلَغَ مَعَهُ السَّعْيَ قَالَ يَا بُنَيَّ إِنِّي أَرَى فِي الْمَنَامِ أَنِّي أَذْبَحُكَ فَانظُرْ مَاذَا تَرَى قَالَ يَا أَبَتِ افْعَلْ مَا تُؤْمَرُ سَتَجِدُنِي إِن شَاء اللَّهُ مِنَ الصَّابِرِينَ۞** သား **ဌင်း**သည် သူနှင့်အတူ လုံးပန်းနိုင်သော အရွယ်သို့ ရောက်သောအခါ၊ သူက ''အို– ချစ်သား၊ ကျွန်ုပ်သည် သင့်အား စတေးရကြောင်း အိပ်စက်စဉ်၌ မြင်၏၊ ထိုမြင်ကွင်းအား သင် မည်သို့ ကြည့်မိသနည်း၊''ဟု မေးသော်၊ ဌင်းက ''အို– ဖခင်၊ အသင့်အား ညွှန်ကြားသည့် အတိုင်း ပြုလုပ်လော့၊ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီစေလျှင် ကျွန်ုပ်အား သည်းခံနိုင် သူတို့မှ အသင်တွေ့ရပါလိမ့်မည်၊''ဟု ဆို၏။[၈၈၃]
၁၀၃။	**فَلَمَّا أَسْلَمَا وَتَلَّهُ لِلْجَبِينِ۞** သူတို့သည် ငြိမ်းချမ်းရေးပြုသောအခါ၊ ဌင်းကို ဦးတိုက်ဆောင်ရွက်ကြ၏။[၈၈၄]
၁၀၄။	**وَنَادَيْنَاهُ أَنْ يَا إِبْرَاهِيمُ۞** ငါအရှင်က ''အို– အီဗရာဟီးမ်၊''ဟု ခေါ်၍၊
၁၀၅။	**قَدْ صَدَّقْتَ الرُّؤْيَا إِنَّا كَذَلِكَ نَجْزِي الْمُحْسِنِينَ۞** သင်သည် သင်၏ အမြင်ရမှုကို ဖြောင့်မှန်စွာပြု၏၊ သို့ဖြင့် ငါသည် သုမဂ်လာပြုသူတို့အား ဤသို့ အစားပေးတော်မူပြီ။
၁၀၆။	**إِنَّ هَذَا لَهُوَ الْبَلَاء الْمُبِينُ۞** ဧကန်ပင် ဤသည်မှာ ရှင်းလင်းထင်ရှားသော စုံစမ်းမှုပင် ဖြစ်၏။

---

(၈၈၃) ဤသုတ်တော်မှ ပြောထားသော စကားမှာ ရှင်းလင်းနေပါလျက် အစာသွပ် ဘာသာပြန်များ၏ နောက်သို့လိုက်၍၊ သို့မဟုတ် ရိုးရာ အစဲ့ မျက်လုံးဖြင့် ဖတ်၍ ကျမ်းတော်အား အရောင် ဆိုးထားသည်မှာ အီဗရာဟီမ်က သားတော် အစ္စမာလ်အီလ်ကို အိပ်စက်စဉ် အိပ်မက်တွင် ကုရ်ဘာနီလုပ် လိုးသတ်ခဲ့သည်၊ ထိုအိပ်မက်အား သားတော်အား တင်ပြ၍၊ သားတော်ကလည်း ခွင့်ပြုသောကြောင့် အပြင်လောကတွင် သားတော်အား အမှန် တကယ်ပင် အလ္လာဟ်အတွက် တိုင်တည်၍ လိုးသတ်ရန်ပြုသည်၊ ထိုအခါ အလ္လာဟ်အရှင်က သား အီစ္စမာလ်အီလ် အစား အခြားသော တိရိစ္ဆာန် တစ်ကောင်နှင့် အစားထိုးပေးလိုက်သည် စသည်ဖြင့် အလ္လာဟ်အရှင်အား လူသတ်ယဖ်ဟူဇော်ရသည့် နတ်ဘုရားကြီးပုံစံမျိုး ပီပြင်စေရန် ရေးသား ပြန်ဆိုသည်များကို အံ့သြဘွယ် ဝမ်းနည်းဘွယ် တွေ့ရပေသည်။ ဤသုတ်တော်က ဆိုလိုချက်မှာ ထိုသို့ လုံးဝ မဟုတ်ချေ၊ ဤသုတ်တော်အား စေ့စေ့စပ်စပ် ပြန်ဖတ်ကြည့်ပါ၊ အီဗရာဟီးမ်က အိပ်မက်မြင်မက်သည်၊ ထိုအကြောင်းကို သူ့သားအား ပြန်ပြောပြ၍– သားအနေဖြင့် ထိုအိပ်မက်အား မည်သို့ ထင်မြင်သနည်း ဟု မေးသည်၊ ထိုအခါသားက ဖခင်အား –**အဖေ့အား ညွှန်ကြားသည့်အတိုင်း ပြုလုပ်လော့**ဟု ပြောသည်။ **ညွှန်ကြားသည့်အတိုင်း** ဆိုသည်မှာ **အိမ်မက်အတိုင်း ဆောင်ရွက်လော့**ဟု အနက်ကို မပေးသည့်အပြင်– **ကုရ်ဘာနီ ပြုလုပ်လော့ ဟူသည့် အဓိပ္ပါယ်ကိုလည်း မပေးချေ**၊ ကျမ်းတော်ပါ ကိုယ်တော်အီဗရာဟီမ်အား ညွှန်ကြားမှုအားလုံးမှာ ရုပ်ပွားဆင်းတု ကိုးကွယ်မှားတို့အား တိုက်ဖျက်ရန်သာ ရှိသည်၊ သာသနာရေးအတွက် သားသမီးအား လိုးသတ်ပူဇော်ရန် ညွှန်ကြားချက်ဟူ၍ လုံးဝ မရှိချေ။ သားကောင်ဖြင့် ယဖ်ပူဇော်ခြင်းမှာ မိရိုးဖလာ အမိုက်ကောင်များ၏ လုပ်ရပ်ဖြစ်၍ ကိုယ်တော် အီဗရာဟီမ်အား ထိုသို့ လိုက်နာ ဆောင်ရွက်စေရန် သွန်သင်သော သွန်သင်ချက်ဟူ၍ ကျမ်းတော်တွင် မပါဝင်ချေ။ သားတော် အီစ္စမာလ်အီလ်က သူ့အား သည်းခံနိုင်သူ အဖြစ် တွေ့ရှိလိမ့်မည် ဆိုသည်မှာ– သူ့ဖခင်နှင့် လက်တွဲဆောင်ရွက်ရမည့် မိရိုးဖလာတော်လှန်ရေး ခရီးကြမ်း၌ ဇွဲနဲပကြီးစွာ ဖြင့် မဆုတ်မနစ် ကြိုးစားသူ အဖြစ် တွေ့ရမည် ဟု ဆိုလိုခြင်း သာ ဖြစ်သည်။ **သူတို့ သားအဖ နှစ်ဦး၏ သာသနာရေး ဆောင်ရွက်ချက်မှာ တစ်ဦးက လည်ပင်းကို အလှီးခံ၍ တစ်ဦးက လည်ပင်းကို လှီးသည့် ဆောင်ရွက်ချက် မဟုတ်ချေ၊ သူတို့၏ ဆောင်ရွက်မှာ ဘုရားတစ်ဆူဝါဒအား မမှိတ်မသုန်ကြေငြာခြင်း၊ ထို ဝါဒ၏ ဗဟိုဌာနချုပ် ကာအ်ဘာ ကျောင်းတော်အား ပြန်လည်မွမ်းမံခြင်း၊ စသည်တို့သာ ဖြစ်ပေသည်။**– ၂း၁၂၇။

(၈၈၄) ဤသုတ်တော်အား– **အီစ္စမာလ်အီလ်သည် လည်ပင်းအား အလှီးခံရန်** ဟု အဓိပ္ပါယ်ကို ဦးတည်စေသည့် **သူတို့နှစ်ဦးလုံး အမိန့်တော်ကို အပြည့်အဝ နာခံသောအခါ၊ သူ (အီစ္စမာလ်အီလ်)၏ ဦးခေါင်းကို စိုက်ပေး၏၊** အချို့က **မှောက်လျှက် စင်းပေး၏** ဟု ပြန်ဆိုကြပေသည်။ ဝမ်းနည်းဘွယ်ကောင်းပေစွ၊ ဤဘာသာပြန်၌ **ငြိမ်းချမ်းရေးပြုသောအခါ** ဟု ပြန်ဆိုသော **အာ့ဆ်လာမ** (ဆလာမ်) သည် အကြွင်းမဲ့ အမိန့်နာခံ ခြင်းဖြင့် ငြိမ်းချမ်းရေး ဆောင်ရွက်သည်ဟု ဖြစ်သည့် အတွက် ထိုဆရာတော်ကြီးများ၏ ပြန်ဆိုမှုသည် မူရင်းနှင့် အဓိပ္ပါယ်ကွဲပြားသည်ဟု မဆိုနိုင်ပါ။ သို့သော် **وَتَلَّهُ لِلْجَبِينِ** ဆိုသည်မှာ **တလ္လ** ''လိုက်နာသည်'' နှင့် **ဂျဗီးန်** ''နဖူး၊ ဦးခေါင်း၏ ရှေ့ဘက်အခြမ်း'' စာလုံးနှစ်လုံးကို ပေါင်း၍ **ဦးခေါင်းစိုက်ပေးသည်၊ မှောက်ပေးသည်** ဟု ပြန်ဆိုခြင်းမှာ လွန်စွာ အံ့သြစရာပင်၊ ပို၍အံ့သြစရာမှာ မှောက်ပေးသော သူအား နောက်ဂုတ်မှ မလှီးဘဲ၊ ရှေ့မှ လည်မြိုကို လှီးဖြတ်သည်ဟု လက်ခံထားခြင်းပင် ဖြစ်၏။ အမှန်တကယ် ထိုစကားလုံး၏ အနက်မှာ **နဖူး သို့မဟုတ် ဦးခေါင်း၏ ရှေ့ဘက်သို့ လိုက်သည်၊ ဦးတိုက်ဆောင်ရွက်သည်** ဟုသာ ဖြစ်ပေသည်။ **ဘာသာသာသနာရေး၌ တစ်စိုက်မတ်မတ် ဆောင်ရွက်ခြင်း**ကိုသာ ဆိုလိုပေသည်။

၁၀၇။	**وَفَدَيْنَاهُ بِذِبْحٍ عَظِيمٍ۝**
	ငါသည် ယင်းကို မဟာ စတေးမှုကြီးဖြင့် ရွေးယူတော်မူပြီ။[၈၅]
၁၀၈။	**وَتَرَكْنَا عَلَيْهِ فِي الْآخِرِينَ۝**
	နောက်လာနောက်သားများ၌ သူ့အကြောင်းအား ချန်ထား၍ –
၁၀၉။	**سَلَامٌ عَلَى إِبْرَاهِيمَ۝**
	အီဗရာဟီးမ်အပေါ်သို့ ငြိမ်းချမ်းပါစေသော်၊
၁၁၀။	**كَذَٰلِكَ نَجْزِي الْمُحْسِنِينَ۝**
	သုမင်္ဂလာပြုသူတို့ကို ဤသို့ ငါ အစားပေးတော်မူ၏။
၁၁၁။	**إِنَّهُ مِنْ عِبَادِنَا الْمُؤْمِنِينَ۝**
	ကောန်ပင် သူသည် ငါ့အား ယုံကြည်သူ အမှုတော်ဆောင်တို့ အနက်မှ ဖြစ်၏။
၁၁၂။	**وَبَشَّرْنَاهُ بِإِسْحَقَ نَبِيًّا مِّنَ الصَّالِحِينَ۝**
	ငါသည် သူ့အား ပြုပြင်ပြောင်းလဲသူတို့မှ ဖြစ်သော သတင်းတော်ဆောင် အီစွဟာ့က် အကြောင်း သတင်းကောင်း ပါး၏။
၁၁၃။	**وَبَارَكْنَا عَلَيْهِ وَعَلَىٰ إِسْحَقَ وَمِن ذُرِّيَّتِهِمَا مُحْسِنٌ وَظَالِمٌ لِّنَفْسِهِ مُبِينٌ۝**
	သူနှင့် အီစွဟာ့က်အပေါ် ငါသည် ကျက်သရေရှိစေ၏။ သူတို့၏ သားမြေးတို့အနက် သုမင်္ဂလာပြုသူတို့ ရှိ၍၊ မိမိစရိုက်ကို မိမိ ရှင်းလင်းထင်ရှားစွာ အဝိဇ္ဇာသင့်စေသူတို့လည်း ရှိကြ၏။
၁၁၄။	**وَلَقَدْ مَنَنَّا عَلَىٰ مُوسَىٰ وَهَارُونَ۝**
	မုချပင် ငါသည် မူဆာနှင့် ဟာရွန်တို့အား မျက်နှာသာပေးခဲ့၍၊
၁၁၅။	**وَنَجَّيْنَاهُمَا وَقَوْمَهُمَا مِنَ الْكَرْبِ الْعَظِيمِ۝**
	သူတို့နှင့် သူတို့၏ လူမျိုးတို့အား မဟာခြောက်ချားမှုကြီးမှ လွတ်မြောက်စေခဲ့၏။

---

(၈၅) ဤနေရာ၌ **ကြီးမြတ်သော (မဟာ)** ဟု ဘာသာပြန်သည့် စကားလုံး **عَظِيم အဇ်ဇီးမ်** အား ဆရာတော်ကြီးများက လိုးသတ်ရန် တိရိစ္ဆာန်ကို ရည်ရွယ်သော **အကောင်ကြီးသော** ဟု ပြန်ဆိုခြင်း၊ များစွာသော ဘာသာပြန်များ၌ **ယဇ်ကောင် ဟု ကွင်းစ ကွင်းပိတ်ဖြင့် ဖြည့်စွက်၍ ဘာသာပြန်ခြင်းများ**ကို တွေ့ရပေသည်။ သို့သော် ထိုဆရာတော်ကြီးများကပင် ထိုတိရိစ္ဆာန်မှာ သိုးငယ် ဖြစ်သည် ဟု ဆိုပြန်သည်။ မည်မျှ ရှေ့နောက် ညီညွတ်သော အသိပေးချက်ဖြင့် ဘာသာပြန်ကြဘိသနည်း၊ အမှန်စင်စစ်တွင် ကျမ်းတော်သုံး အာရ်ဗီစကားတွင် **عَظِيم အဇ်ဇီးမ်** ဆိုသည်မှာ မြင့်မြတ်မှုကို ဆောင်သည့်၊ ကြီးကျယ်ခြင်းမျိုးကို ဆိုလိုပေသည်၊ **ကဘီးရ်** ဆိုသည်မှာ တာဝန်၏ အပေါ့အလေးကို ဆောင်သည့်၊ ကြီးကျယ်မှု၊ မာနကြီးမှု၊ ဂုဏ်ကြီးကျယ်မှု စသည့် ကြီးကျယ်မှု နှင့် **ကဗီးယ်** ဆိုသည်မှာ ခန္ဓာဗလကြီးကျယ်မှု၊ အင်အားအစွမ်း ကြီးကျယ်မှုမျိုး ဖြစ်သည်။ ဤနေရာ၌ မြေကမ္ဘာတွင် မြင့်မြတ်မှုကို ဆောင်သည့် ကြီးကျယ်မှုမှာ လူသားထက် ပို၍ မည်သည့် တိရိစ္ဆာန်များ ရှိဦးမည်နည်း၊ ထိုဆရာတော်ကြီးများ၏ အလိုအရ လူသား အနက်တွင်မှ ဉာဏ်စဉ်တော်ဆောင် တစ်ပါးဖြစ်သည့် ကိုယ်တော် အီစွမာလ်အီလ်ထက် သူ့ကိုယ်စား လိုးသတ်ခံရမည့် သိုး တစ်ကောင်က ပို၍ မြင့်မြတ်နေသယောင် ဖြစ်နေပေတော့သည် ဝမ်းနည်းဘွယ် ကောင်းပေစွ၊– ဤသုတ်တော်မှ အဓိပ္ပါယ် အစစ်အမှန်မှာ ထို ဆရာတော်ကြီးများ၏ အလိုနောက်သို့ မလိုက်ပေ၊ ကျမ်းတော်၏ နေရာပေါင်းများစွာတွင် **ကောင်းမှုလုပ်သောသူအား ထိုထက်ပိုကောင်းသော ဆု ကို ပေးမည်၊** ဟု မကြာခဏ ပြောဆိုပေသည်၊ ဤသုတ်တော်၏ ဆိုလိုချက်မှာလည်း **သူတို့၏ သာသနာရေးအတွက် ပေးဆပ်စတေးမှုကို ထိုထက်မြင့်မြတ် ကြီးကျယ်ခြင်းဖြင့် အစားပေးမည်၊ အကျိုးဆုကိုပေးမည်၊** ဟု ဆိုလိုခြင်းပင် ဖြစ်ပေသည်။ ဤသုတ်တော်များနှင့် ၂၂း၃၅–၃၇ တွင် ပြောသည့် လူအများ စုပေါင်း ပရိဝါသ ပြုလုပ်သော ကာလတွင် အလှူဝတ္ထု ပေးလှူခြင်းများဖြင့် ရောချ၍ မရပေ။ ဆက်စပ်မှုလည်း မရှိ မည်သို့မှ မပတ်သက်ချေ၊ သီးခြား သမိုင်းတစ်ရပ်ပင် ဖြစ်ပေသည်။ ၎င်းသည်– အလှူဝတ္ထုအား လူအများ စားသုံးရေး၌ အဆင်ပြေစေရန် ဆောင်ရွက်ကြခြင်း ဖြစ်စေ၍၊ ဤသမိုင်းကြောင်းမှာ အီဗရာဟီးမ်တို့ သား အဖက ပေးဆပ်စတေးခဲ့ပုံကို သီးခြားတင်ပြခြင်း ဖြစ်ပေသည်။

၁၁၆။	**وَنَصَرْنَاهُمْ فَكَانُوا هُمُ الْغَالِبِينَ۞** သူတို့အား ငါအရှင် ကူညီစောင်မခဲ့၏၊ သူတို့သည် အနိုင်ရသူများ ဖြစ်လာခဲ့လေ၏။
၁၁၇။	**وَآتَيْنَاهُمَا الْكِتَابَ الْمُسْتَبِينَ۞** သူတို့အား အလွန်ကျော်ဇော ရှင်းလင်းထင်ရှားသော ကျမ်းတော်ကို ချီးမြှင့်ခဲ့၏။
၁၁၈။	**وَهَدَيْنَاهُمَا الصِّرَاطَ الْمُسْتَقِيمَ۞** မြဲမြံတည်တံ့သည့် လမ်းစဉ်သို့လည်း ငါ လမ်းညွှန်ခဲ့၏။
၁၁၉။	**وَتَرَكْنَا عَلَيْهِمَا فِي الْآخِرِينَ۞** နောက်လာနောက်သားများ၌ သူတို့အကြောင်းအား ချန်ထား၍၊
၁၂၀။	**سَلَامٌ عَلَى مُوسَى وَهَارُونَ۞** မူဆာနှင့် ဟာရွန်အပေါ်သို့ ငြိမ်းချမ်းပါစေသော်၊
၁၂၁။	**إِنَّا كَذَلِكَ نَجْزِي الْمُحْسِنِينَ۞** သုမဂ်လာပြုသူတို့ကို ဤသို့ ငါ အစားပေးတော်မူ၏။
၁၂၂။	**إِنَّهُمَا مِنْ عِبَادِنَا الْمُؤْمِنِينَ۞** ကေန်ပင် သူတို့သည် ငါ့အား ယုံကြည်သူ အမှုတော်ဆောင်တို့ အနက်မှ ဖြစ်၏။
၁၂၃။	**وَإِنَّ إِلْيَاسَ لَمِنْ الْمُرْسَلِينَ۞** ကေန်ပင် အီးလ်ယာ့ဆ်သည် ဉာဏ်စဉ်ဆောင်တို့ အနက်မှ ဖြစ်၏။[၈၆]
၁၂၄။	**إِذْ قَالَ لِقَوْمِهِ أَلَا تَتَّقُونَ۞** သူက သူ့လူမျိုးအား ပြောသည်မှာ "သင်တို့သည် စည်းမစောင့်ကြသလော၊
၁၂၅။ အိမ်မြီးနတ်	**أَتَدْعُونَ بَعْلًا وَتَذَرُونَ أَحْسَنَ الْخَالِقِينَ۞** သင်တို့သည် အတင့်တယ်ဆုံး ဖြစ်တည်ပေးသည့် အရှင်ကို ချန်၍ **နေနတ်ဘုရား**၌ ဆုတောင်းကြမည်လော၊
၁၂၆။	**وَاللَّهَ رَبَّكُمْ وَرَبَّ آبَائِكُمُ الْأَوَّلِينَ۞** ပရမတ်ဘုရားရှင်သည် သင်တို့၏ ကံကြမ္မာရှင်၊ သင်တို့ရှေ့ ရှေးဦးပထမ ဘဝိုးများ၏ ကံကြမ္မာရှင်၏။"ဟု ဖြစ်၏။
၁၂၇။ ☆၃၇း၅၇	**فَكَذَّبُوهُ فَإِنَّهُمْ لَمُحْضَرُونَ۞** သူ့အား ငြင်းဆန်ကြကုန်ပြီ၊ သို့ဖြင့် ငါသည် သူတို့အား ဆင့်ခေါ်ခံရသူများမှ☆ ဖြစ်စေပြီ။
၁၂၈။	**إِلَّا عِبَادَ اللَّهِ الْمُخْلَصِينَ۞** ပရမတ်ဘုရားရှင်အား သန့်သန့်စင်စင် ကိုးကွယ်ကြသူတို့သာ ထိုမှ ကင်း၏။
၁၂၉။	**وَتَرَكْنَا عَلَيْهِ فِي الْآخِرِينَ۞**

(၈၆) ကိုယ်တော် အီးလ်ယာ့ဆ်၏ အမည်နာမကို ကျမ်းတော်၌ ဖြး၈၅။ ၃၇း၁၂၃၊ ၁၃၀ တို့တွင် သုံးကြိမ် ဖေါ်ပြထားပြီး၊ ထိုကိုယ်တော်၏ တရားဟောသည့် အကြောင်းအရာနှင့် ဖြစ်ပျက်မှုကို ၃၇း၁၂၃–မှ ၁၃၀ ထိတွင် ဖေါ်ပြထားပေသည်။

	နောက်လာနောက်သား အတွင်း၌ သူ့အကြောင်းအား ချန်ထား၍၊–
၁၃၀။	**سَلَامٌ عَلَى إِلْ يَاسِينَ۞**
	အီးလ်ယာ့ဆ် အပေါ်သို့ ငြိမ်းချမ်းပါစေသော်–
၁၃၁။	**إِنَّا كَذَٰلِكَ نَجْزِي الْمُحْسِنِينَ۞**
	ငါသည် ဤသို့ သုမင်္ဂလာပြုသူတို့ကို အစားပေးတော်မူ၏။
၁၃၂။	**إِنَّهُ مِنْ عِبَادِنَا الْمُؤْمِنِينَ۞**
	ကောန်ပင် သူတို့သည် ငါ့အား ယုံကြည်သူ အမှုတော်ဆောင်တို့ အနက်မှ ဖြစ်၏။
၁၃၃။	**وَإِنَّ لُوطًا لَّمِنَ الْمُرْسَلِينَ۞**
	လု–တ် သည် ဉာဏ်စဉ်ဆောင်တို့ အနက်မှ ဖြစ်၏။
၁၃၄။	**إِذْ نَجَّيْنَاهُ وَأَهْلَهُ أَجْمَعِينَ۞**
	သူနှင့် သူ့ဝိုင်းသား အားလုံးကို ငါ လွတ်မြောက်စေခဲ့ပြီ။
၁၃၅။ ☆၁၁း၈၁	**إِلَّا عَجُوزًا فِي الْغَابِرِينَ۞** အဘွားကြီးကိုသာ ကျန်ရစ်သူများမှ ဖြစ်စေ၍–☆
၁၃၆။	**ثُمَّ دَمَّرْنَا الْآخَرِينَ۞**
	နောက်ကျန်လူများအား ပျက်စီးစေတော် မူလိုက်၏။
၁၃၇။	**وَإِنَّكُمْ لَتَمُرُّونَ عَلَيْهِم مُّصْبِحِينَ۞**
	၎င်းတို့မှ သင်တို့ ဖြတ်သန်းသွားလာခဲ့သည်မှာ နံနက်စ နှင့်–
၁၃၈။	**وَبِاللَّيْلِ أَفَلَا تَعْقِلُونَ۞**
	ညပိုင်းတို့၌ ဖြစ်၏၊ သင်တို့၌ အတွေးအခေါ် မရှိကြသလော။
၁၃၉။	**وَإِنَّ يُونُسَ لَمِنَ الْمُرْسَلِينَ۞**
	ကောန်ပင် ယူနုတ်စ်သည် ဉာဏ်စဉ်ဆောင်တို့ အနက်မှ ဖြစ်၏။
၁၄၀။	**إِذْ أَبَقَ إِلَى الْفُلْكِ الْمَشْحُونِ۞**
	သူသည် ဝန်တင် သင်္ဘောဆီသို့ သုတ်ခြေတင်၍၊
၁၄၁။	**فَسَاهَمَ فَكَانَ مِنَ الْمُدْحَضِينَ۞**
	အခြားသူများနှင့် ဝင်ရောက်၊ သို့သော် သူသည် ငြင်းပယ်ခံရသူတို့မှ ဖြစ်ရ၏။
၁၄၂။	**فَالْتَقَمَهُ الْحُوتُ وَهُوَ مُلِيمٌ۞**
	သူ့အား ငါးကြီးသည် ပါးစပ်ဖြင့် ဟပ်၏။ သူသည် အပြစ်တင်ခံရသူတို့မှ ဖြစ်၏။[၈၇]

(၈၇) ဤသုတ်တော်မှ **الْتَقَمَهُ حلاتကမာဟု** ၏ အဓိပ္ပါယ်မှာ သူ့အား ပါးစပ်နှင့် အပြည့်ဖြည့်တော့ မလို ဖြစ်သည်ဟု အနက်ပေး၍။ ပါးစပ်ထဲမှ အရာကို မြို့ချလိုက်သည်ဟု အနက်ကို မပေးပေ။ မြို့ချသည် မြို့သည် ဟူသော စကားမှာ ရင်းမြစ် ف ق ل ဖြစ်၍ ကိုယ်တော်မူဆာ၏ တောင်ဝှေးက မှော်ဆရာများ၏ မြွေကို မြို့လိုက်သည် ဟူသော ကျမ်းချက်များ ဂုဒၶ။ ၂၀း၆၉။ ၂၆း၄၅ ၌ သုံးသည်ကို အလွယ်တကူတွေ့နိုင်သည်။ **الْتَقَمَهُ** မှာ

၁၄၃။	**فَلَوْلَا أَنَّهُ كَانَ مِنْ الْمُسَبِّحِينَ۞** သူသည် ငါ့အား ဦးထိပ်ထားသူတို့မှ မဖြစ်ခဲ့လေလျှင်၊
၁၄၄။	**لَلَبِثَ فِي بَطْنِهِ إِلَى يَوْمِ يُبْعَثُونَ۞** သူသည် နိုးထရမည့် နေ့ထိတိုင် ငင်း၏ ဝမ်းတွင်း၌ နေနေခဲ့ရလတ္တံ့။[၈၈]
၁၄၅။	**فَنَبَذْنَاهُ بِالْعَرَاءِ وَهُوَ سَقِيمٌ۞** ထို့နောက် ငါသည် သူ့အား ဗလာလက်မဲ့ဖြင့် စွန့်ထား၍– သူသည် ဖျားနာအားပျော့နေသူ ဖြစ်၏။[၈၉]
၁၄၆။	**وَأَنْبَتْنَا عَلَيْهِ شَجَرَةً مِّن يَقْطِينٍ۞** သူ့အတွက် အသီးဝေနေသော အပင်ကို ဖြစ်ထွန်းနေစေ၏။[၉၀]
၁၄၇။	**وَأَرْسَلْنَاهُ إِلَى مِئَةِ أَلْفٍ أَوْ يَزِيدُونَ۞** ထို့နောက် ငါသည် သူ့အား ထောင်ပေါင်း ရာချီသော သို့မဟုတ် ပို၍တိုးပွားပေးသော သူတို့ထံသို့ စေစား၍၊
၁၄၈။	**فَآمَنُوا فَمَتَّعْنَاهُمْ إِلَى حِينٍ۞** သူတို့သည် ယုံကြည်လာကြ၏၊ သို့ဖြင့် သူတို့အား ကာလတစ်ခုထိ ချမ်းမြေ့နေစေ၏။
၁၄၉။ ☆၄း၁၁၇	**فَاسْتَفْتِهِمْ أَلِرَبِّكَ الْبَنَاتُ وَلَهُمُ الْبَنُونَ۞** သူတို့အား "သင်တို့၏ ကံကြမ္မာရှင် အတွက် သမီးများ ရှိစေ၍၊ သင်တို့အတွက် သားများ ရှိစေကြသလော၊"ဟု မေးခွန်းထုတ်လော့။☆
၁၅၀။ ☆၁၇း၄၀	**أَمْ خَلَقْنَا الْمَلَائِكَةَ إِنَاثًا وَهُمْ شَاهِدُونَ۞** သို့တည်းမဟုတ် ငါသည် နိမိတ်ဆောင်များကို လိင်မများ အဖြစ် ဖြစ်တည်စေခဲ့သလော၊ သူတို့သည် သက်သေများ ဖြစ်ကြသလော။☆
၁၅၁။	**أَلَا إِنَّهُم مِّنْ إِفْكِهِمْ لَيَقُولُونَ۞** ဇကန်ပင် သူတို့၏ လုပ်ဇတ်များ အဖြစ် ပြောဆိုမှုများမှာ–

ရင်းမြစ် م ق ل မှ ဆင့်ပွားခြင်း ဖြစ်သည်။ ဤစကားလုံးအား ရင်းမြစ် မစီစစ်ဘဲလျက် အလွယ်လိုက်ကာ မြို့ချလိုက်သည်ဟု ဘာသာပြန်ဆို၍၊ သူသည် ငါးကြီး၏ ဝမ်းဗိုက်ထဲတွင် သုံးရက်ကြာ နေထိုင်ရသည် ဟု သမ္မာကျမ်းစာမှ ယောန ၁း၁၇ အတိုင်း အစွယ်လာမ် ဒဿနများကို မယူသင့်ပေ။ ထို့ပြင် ဤသုတ်တော်မှ **သူသည် အငြိုငြင်ခံရသူတို့မှ ဖြစ်၏** ဆိုသည် မှာလည်း သူ့အား ပရမတ်ဘုရားရှင် အလွှာဟ်က ငြိုငြင်ခြင်း မဟုတ်ပေ၊ သူ့အား ချန်ထားခဲ့သော သူများမှ ငြိုငြင်၍ ချန်ထားခဲ့ခြင်း ဖြစ်ကြောင်းကို ၁၄၁ တွင် အတိအကျ ဆိုထားပေသည်။

(၈၈) ကိုယ်တော်အား ပရမတ်ဘုရားရှင်က ဦးထိပ်ထားသူမှ မဟုတ်ခဲ့လျှင် ငါး၏ ဝမ်းပိုက်အတွင်းတွင် နေခဲ့ရမည် ဟူသည့် ဝါကျအား သူသည် ငါး၏ ဝမ်းဗိုက် တွင်းသို့ ရောက်ပြီးသွားပြီ၊ ထို့နောက် ပရမတ်ဘုရားရှင်က ကယ်တင်၍ အပြင်သို့ ရောက်လာခဲ့သည်၊ သို့မဟုတ်က သူသည် ရှင်ပြန်ထမြောက် ရမည့်နေ့ထိတိုင် ငါးကြီး၏ ဝမ်းဗိုက်ထဲတွင် နေနေရမည်ဟူသည့် သဘောမျိုး ဖြစ်ရန် ဘာသာ မပြန်သင့်ပေ။ ဤဝါကျမှ ဆိုထားခြင်းမှာ ရှင်းလင်းလှပေသည်။ အကယ်၍သာ အလွှာဟ်အရှင်က မကူညီခဲ့သော် ဝမ်းဗိုက်တွင်း၌ (မြို့ခဲ့သည်။ မမြို့ခဲ့သည်ကို မဆိုလို) **နေခဲ့ရ မည်** ဟု အနာဂါတ်ကာလပြု (မဖြစ်သေးသည့်) အဓိပ္ပါယ် ဖြစ်ပေသည်။ ကျမ်းချက်မှ ဆိုလိုသည်မှာ– အလွှာဟ်ကူညီစောင့်မ၍ ငါး၏ ဝမ်းဗိုက် အတွင်း၌ မနေခဲ့ရဟူသော အဓိပ္ပါယ်ကိုသာ ရှင်းရှင်းလင်းလင်း ပြောဆိုပေသည်။

(၈၈) ဤဝါကျသည်လည်း ငါးကြီးက သဲသောင်ပြင်တွင် အံထုတ်လိုက်သည်ဟု ဆိုထားခြင်း မဟုတ်ပေ။ အလွှာဟ်အရှင်ကသာ သူ့အား ကယ်တင်၍ ကမ်းစပ်တွင် တင်ပေးသည်ဟုသာ ဆိုလိုပေသည်။

(၈၉) ထိုအပင်သည် သူ့အား သဲသောင်သို့ ကယ်တင်ပြီးမှ ချက်ချင်း ဝုန်းဒိုင်း ပေါက်လာသော အပင် မဟုတ်ချေ။ ကျမ်းတော်တွင် **ပေါက်ရောက် စေပြီးသား** ဖြစ်သည်ဟု သုံးထားပေသည်။

၁၅၂။ ☆ဖြေ၁၀၁	**وَلَدَ اللَّهُ وَإِنَّهُمْ لَكَاذِبُونَ۝** ပရမတ်ဘုရားရှင်၌ ကိုယ်ပွား ရှိသည်ဟူ၏☆ ကောန် သူတို့သည် မုသာဝါဒီများ ဖြစ်၏။
၁၅၃။	**أَصْطَفَى الْبَنَاتِ عَلَى الْبَنِينَ۝** အရှင်သည် သားများထက် သမီးများကို ပို၍ ရွေးချယ်သလော။
၁၅၄။	**مَا لَكُمْ كَيْفَ تَحْكُمُونَ۝** သင်တို့အား အဘယ်အရာက မည်သို့ စီရင်ထုံးဖြစ်စေသနည်း။
၁၅၅။	**أَفَلَا تَذَكَّرُونَ۝** သင်တို့ ဆင်ခြင်သတိ မရှိကြသလော။
၁၅၆။	**أَمْ لَكُمْ سُلْطَانٌ مُّبِينٌ۝** သို့တည်းမဟုတ် သင်တို့၌ ရှင်းလင်းသော လုပ်ပိုင်ခွင့် ရှိကြသလော။
၁၅၇။	**فَأْتُوا بِكِتَابِكُمْ إِن كُنتُمْ صَادِقِينَ۝** သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ သင်တို့၏ ကျမ်းများကို ပေးအပ်ကြလော့။
၁၅၈။	**وَجَعَلُوا بَيْنَهُ وَبَيْنَ الْجِنَّةِ نَسَبًا وَلَقَدْ عَلِمَتِ الْجِنَّةُ إِنَّهُمْ لَمُحْضَرُونَ۝** သူသည်တို့သည် အရှင်၏အကြား အန္ဓပုတုဇ်၏ အကြား၌ သွေးသားစပ်သည် ဟု စီစဉ်ကြပြီ။ အန္ဓပုတုဇ်တို့က သူတို့ကိုယ် သူတို့ ဆင့်ခေါ်ခံရမည့်သူများ ဖြစ်ကြောင်း သိနေကြ၏။[၈၉]
၁၅၉။ ဟင်ပြမှု	**سُبْحَانَ اللَّهِ عَمَّا يَصِفُونَ۝** ဦးထိပ်ထားအပ်သည့် ပရမတ်ဘုရားရှင်သည် သူတို့၏ **သီအိုရီ**များနှင့် မဆိုင်ချေ။
၁၆၀။	**إِلَّا عِبَادَ اللَّهِ الْمُخْلَصِينَ۝** ပရမတ်ဘုရားရှင်အား သန့်သန့်စင်စင် ကိုးကွယ်သူများမှအပ–
၁၆၁။	**فَإِنَّكُمْ وَمَا تَعْبُدُونَ۝** သင်တို့နှင့် သင်တို့၏ ကိုးကွယ်ဆည်းကပ်ရာများ–
၁၆၂။	**مَا أَنتُمْ عَلَيْهِ بِفَاتِنِينَ۝** သင်တို့သည် အရှင့်အား သွေးတိုးစမ်းနိုင်ခြင်း မရှိဘဲ–
၁၆၃။	**إِلَّا مَنْ هُوَ صَالِ الْجَحِيمِ۝** ငရဲမီး လောင်ကျွမ်းရမည့် သူများသာ ဖြစ်၏။
၁၆၄။	**وَمَا مِنَّا إِلَّا لَهُ مَقَامٌ مَّعْلُومٌ۝** ကျွန်ုပ်တို့အနက် အသိပေးမခံရသော ရပ်တည်ချက် ရှိသူ ဟူ၍ မရှိချေ။

(၈၉၁) ဤသုတ်တော်၏ ပထမဝါကျမှ **အရှင်နှင့် ပုတုဇ်တို့အကြား သွေးသားစပ်သည်ဟု စီမံကြ၏** ဆိုသည်မှာ ထိုသို့ မအပ်မရာများကို ပူးတွဲ ကိုးကွယ် လိုသူများသည် ထိုပုတုဇ် စင်စစ်ဖြစ်သူများကို ဘုရားနှင့် တစ်ဂိုဏ်းတည်းထား၍ ဆရာတင်မြှောက် ကိုးကွယ်ရန် စီမံကြောင်းကို ဆိုလို ပေသည်၊ ၃၄း၄၀၊ ၄၁။ ဒုတိယ ဝါကျမှ **ဆင့်ခေါ်ခံရသူများ** ဆိုသည်မှာ ထွက်ပြေးတိမ်းရှောင်၍ မရသူများဟု ဖြစ်သည်။

၁၆၅။	**وَإِنَّا لَنَحْنُ الصَّافُّونَ۞** ကျွန်ုပ်တို့သည် လျာထားခံရသူများ ဖြစ်၏။
၁၆၆။	**وَإِنَّا لَنَحْنُ الْمُسَبِّحُونَ۞** ကျွန်ုပ်တို့သည် အရှင့်အား ဦးထိပ်ထားနေသူများ ဖြစ်၏။ ဟု ပြောသူများအား
၁၆၇။	**وَإِنْ كَانُوا لَيَقُولُونَ۞** ကေန်ပင် သူတို့ ပြန်ပြောဆိုလေ့ရှိသည်မှာ–
၁၆၈။	**لَوْ أَنَّ عِندَنَا ذِكْرًا مِّنَ الْأَوَّلِينَ۞** ကျွန်ုပ်တို့ထံ၌ ရှေးဦးပထမ မျိုးဆက်မှ သတိပေးတရားတော် ရှိခဲ့လေလျှင်–
၁၆၉။	**لَكُنَّا عِبَادَ اللَّهِ الْمُخْلَصِينَ۞** ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်ကိုသာ သန့်သန့်စင်စင် ကိုးကွယ်ခဲ့မည်ပင်၊''ဟု ဖြစ်၏။
၁၇၀။	**فَكَفَرُوا بِهِ فَسَوْفَ يَعْلَمُونَ** သို့သော် သူတို့သည် ၎င်းကို ဖုံးကွယ်ထားကြ၏။ မကြာမီ သူတို့ သိကြရလတ္တံ့။
၁၇၁။	**وَلَقَدْ سَبَقَتْ كَلِمَتُنَا لِعِبَادِنَا الْمُرْسَلِينَ۞** ငါ၏ အမှုတော်ဆောင် ဉာဏ်စဉ်ဆောင်များဖြင့် ဓမ္မတော်ကို မုချ ငါ သတ်မှတ်ခဲ့ပြီ။
၁၇၂။	**إِنَّهُمْ لَهُمُ الْمَنصُورُونَ۞** ကေန်ပင် သူတို့သည် ကူညီစောင်မခြင်းခံရမည်ပင်။
၁၇၃။	**وَإِنَّ جُندَنَا لَهُمُ الْغَالِبُونَ۞** ကေန်ပင် ငါ၏ စစ်သည်တော်များသည် အနိုင်ရသူများ ဖြစ်ရလတ္တံ့။
၁၇၄။ မကောင်း	**فَتَوَلَّ عَنْهُمْ حَتَّى حِينٍ۞** သို့ဖြစ်၍ **သူ**တို့အား ကာလတစ်ခု အလှည့်ပေးထားလော့။
၁၇၅။	**وَأَبْصِرْهُمْ فَسَوْفَ يُبْصِرُونَ۞** သူတို့အား မျက်ခြည်မပြတ်စေနှင့်၊ သူတို့သည်လည်း မကြာမီ မြင်ရလတ္တံ့။
၁၇၆။	**أَفَبِعَذَابِنَا يَسْتَعْجِلُونَ۞** သူတို့သည် ငါ ပြဋ္ဌာန်းထားသော ဝဋ်ကြွေးကို အလျင်လိုနေသလော။
၁၇၇။ ဝဋ်ကြွေး	**فَإِذَا نَزَلَ بِسَاحَتِهِمْ فَسَاء صَبَاحُ الْمُنذَرِينَ۞** သို့ဖြင့် သူတို့ပိုင် ဒေသသို့ **၎င်း**အား ချမှတ်သော်၊ သတိပေးခံထားရသော သူတို့အတွက် အကုသိုလ် နံနက်စ ဖြစ်ရလတ္တံ့။
၁၇၈။	**وَتَوَلَّ عَنْهُمْ حَتَّى حِينٍ۞** သူတို့ထံမှ ကာလတစ်ခု လှည့်ထွက်ခဲ့လော့။

၁၇၉။	**وَأَبْصِرْ فَسَوْفَ يُبْصِرُونَ۝** မျက်ခြည်မပြတ်စေနှင့်၊ သူတို့သည်လည်း မကြာမီ မြင်ရလတ္တံ့။
၁၈၀။ တင်ပြမှု	**سُبْحَانَ رَبِّكَ رَبِّ الْعِزَّةِ عَمَّا يَصِفُونَ۝** ကံကြမ္မာရှင်အား ဦးထိပ်ထားလေ့၊ အရှင်သည် သူတို့၏ **သီဝရီ**တို့မှ ကင်းသော ဘုန်းတန်ခိုးတို့၏ ကံကြမ္မာရှင် ဖြစ်၏။
၁၈၁။	**وَسَلَامٌ عَلَى الْمُرْسَلِينَ۝** ဉာဏ်စဉ်ဆောင် အပေါင်းတို့ အပေါ်သို့ ငြိမ်းချမ်းပါစေသော်။
၁၈၂။	**وَالْحَمْدُ لِلَّهِ رَبِّ الْعَالَمِينَ۝** ရည်သန်စူးစိုက်မှုအပေါင်းသည် လောကခပ်သိမ်း၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင် အဘို့သာ ဖြစ်၏။

ဓမ္မခန္ဓာ (၃၈) ဖြောင့်မတ်မှန်ကန်သော အရှင် (ဆွာဒ်)

ဥဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၃၈။ သုတ်ဒေသနာ– ၈၈ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။	**ص وَالْقُرْآنِ ذِي الذِّكْرِ۞** **ဆွာဒ်**– သတိပေးတရားတော် ဖြစ်သော ဤကုရ်အာန်အားဖြင့်။[၈၂]
၂။	**بَلِ الَّذِينَ كَفَرُوا فِي عِزَّةٍ وَشِقَاقٍ۞** အမှန်မှာ ဖုံးကွယ်သော သူတို့သည် ဘုန်းကံလု ဂိုဏ်းခွဲနေကြ၏။
၃။	**كَمْ أَهْلَكْنَا مِن قَبْلِهِم مِّن قَرْنٍ فَنَادَوْا وَّلَاتَ حِينَ مَنَاصٍ۞** သူတို့၏ ရှေ့အလျင် မျိုးဆက် မည်မျှကို ငါအရှင် တိမ်ကောစေခဲ့သနည်း၊ ပြေးလွှတ်ချိန်လွန်သော အခါတွင်မှ သူတို့ တင်ပြကြကုန်၏။
၄။	**وَعَجِبُوا أَن جَاءهُم مُّنذِرٌ مِّنْهُمْ وَقَالَ الْكَافِرُونَ هَذَا سَاحِرٌ كَذَّابٌ۞** သူတို့ထံသို့ သူတို့ အနက်မှပင် သတိပေးသူ ရောက်လာလျှင်၊ အံ့သြနေကြ၏။ ဖုံးကွယ်သူတို့က ပြောသည်မှာ "ဤသူသည် မှော်ဆရာ လူလိမ် ဖြစ်၏။–
၅။	**أَجَعَلَ الْآلِهَةَ إِلَهًا وَاحِدًا إِنَّ هَذَا لَشَيْءٌ عُجَابٌ۞** သူသည် ကျွန်ုပ်တို့၏ ဘုရားများ အစား ဘုရားတစ်ဆူဝါဒကို စီစဉ်သလော။ ဤသည်မှ အံ့သြစရာပင်"ဟု ဖြစ်၏။
၆။	**وَانطَلَقَ الْمَلَأُ مِنْهُمْ أَنِ امْشُوا وَاصْبِرُوا عَلَى آلِهَتِكُمْ إِنَّ هَذَا لَشَيْءٌ يُرَادُ۞** သူတို့မှ အကြံပေးများက ထွက်ပြောသည်မှာ[၈၃] "ဆက်လျှောက်ကြ၊ သင်တို့၏ ဘုရားများအပေါ် ဇွဲနဲပဲဖြင့်ရပ်တည်ကြ" "ဇကော်ပင် ဤသည်မှာ သူ ဖြစ်စေလိုသော အရာပင်၊"[၈၄]
၇။	**مَا سَمِعْنَا بِهَذَا فِي الْمِلَّةِ الْآخِرَةِ إِنْ هَذَا إِلَّا اخْتِلَاقٌ۞** ဤအရာမျိုးကို အခြားသော ပဋိပတ်ကျင့်စဉ်များတွင် မကြားဘူးခဲ့ချေ။ ဤသည်မှာ ဖန်တီးမှုသာ ဖြစ်၏။

---

(၈၂) "**ص ဆွာဒ်**– သည် **ဆွာဒီးက်**၊ ဖြောင့်မတ်မှန်ကန်သော အရှင်သည်" ဟု ဖြစ်သော စကားလုံး၏ အတိုကောက် ဖြစ်ပေသည်။

(၈၃) **انطلق အန်တွလက** ဆိုသည်မှာ ခရီးထွက်ခွာ၍၊ လှည့်လည်ပြောဆိုသည် ဟူသော အဓိပ္ပါယ်ကို ဆောင်သောကြောင့် ဆရာတော်ကြီးများက ထိုစကားလုံးကို **ပြောဆိုသည်**ဟု ဘာသာပြန်ကြပေသည်။

(၈၄) **ဤသည်မှာ ဖြစ်စေလိုသော အရာ ဖြစ်၏။** ဆိုသည်မှာ ထိုဘုရားအများ ကိုးကွယ်သော ဝါဒအား နှိပ်ကွပ်သွားစေရန် ကိုယ်တော် မုဟမ္မဒ်၏ ဖြစ်လိုခြင်း ဆန္ဒဟု ဆိုလိုပေသည်။

၈။	**أَأُنزِلَ عَلَيْهِ الذِّكْرُ مِن بَيْنِنَا بَلْ هُمْ فِي شَكٍّ مِّن ذِكْرِي بَلْ لَمَّا يَذُوقُوا عَذَابِ۞** ကျွန်ုပ်တို့၏ အကြားမှ သူ့ကိုသာ သတိပေးတရားတော် ချမှတ်ပေးသလော။ အမှန်မှာ သူတို့သည် ငါ၏ သတိပေးတရားတော်၌ ဒွိဟဖြစ်၏။ အမှန်မှာ ငါ၏ ဝဋ်ကြွေးဒဏ်အား သူတို့ မမြည်းရသေးချေ။
၉။	**أَمْ عِندَهُمْ خَزَائِنُ رَحْمَةِ رَبِّكَ الْعَزِيزِ الْوَهَّابِ۞** သို့တည်းမဟုတ် သူတို့ထံ၌ ကံကြမ္မာရှင်၏ ကရုဏာတော်၊ ဘုန်းတန်ခိုးတော်နှင့် ချီးမြှင့်ရက်ရောခြင်း ဘဏ္ဍာများ ရှိကြသလော။
၁၀။	**أَمْ لَهُم مُّلْكُ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا فَلْيَرْتَقُوا فِي الْأَسْبَابِ۞** သို့တည်းမဟုတ် သူတို့သည် မိုးများနှင့် မြေကမ္ဘာ ထိုနှစ်ခုကြား ရှိသမျှတို့ကို အစိုးရသလော။ သို့ဖြစ်လျှင် ရစ်ပတ်လှည့်မွှေ၍ တက်ပြစေကြလေ၌။
၁၁။	**جُندٌ مَّا هُنَالِكَ مَهْزُومٌ مِّنَ الْأَحْزَابِ۞** ဂိုဏ်းပေါင်းစုံမှ စစ်သည်တို့သည် ဤနေရာ၌ ချေမှုန်းခံရလတ္တံ့။
၁၂။	**كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَعَادٌ وَفِرْعَوْنُ ذُو الْأَوْتَادِ۞** သူတို့မတိုင်မီ နူးဟ်၊ အာဒ်နှင့် အဘက်ဘက်မှ ခြေကုပ်ခိုင်သော[၈၅] ဖာရိုး၏ လူမျိုးတို့သည် ငြင်းဆန်ခဲ့ကြပြီ။
၁၃။ ☆မိဒိယံ	**وَثَمُودُ وَقَوْمُ لُوطٍ وَأَصْحَابُ الْأَيْكَةِ أُوْلَئِكَ الْأَحْزَابُ۞** သမု–ဒ်၊ လု–တ်၏ လူမျိုး၊ တောတွင်းနေ ပေါင်းဖေါ်များလည်းပါ၏။☆ သူတို့သည် ဂိုဏ်းပေါင်းစုံ ဖြစ်ကြ၏။
၁၄။	**إِن كُلٌّ إِلَّا كَذَّبَ الرُّسُلَ فَحَقَّ عِقَابِ۞** သူတို့ကိုယ်စီ ဉာဏ်စဉ်ဆောင်များအား ငြင်းဆန်ခဲ့သည်သာ၊ သို့ဖြစ်၍ ငါ၏ ချုပ်ကိုင်မှုကို အမှန်ပင် ဖြစ်စေ၏။
၁၅။	**وَمَا يَنظُرُ هَؤُلَاء إِلَّا صَيْحَةً وَاحِدَةً مَّا لَهَا مِن فَوَاقٍ۞** သူတို့သည် အပေါ်စီးမှ ရှိသော အသံလှိုင်းကြီး တစ်ခုမှအပ အခြားကို စောင့်ကြည့်နေကြသည် မဟုတ်ချေ။
၁၆။	**وَقَالُوا رَبَّنَا عَجِّل لَّنَا قِطَّنَا قَبْلَ يَوْمِ الْحِسَابِ۞** သူတို့က "အို– ကံကြမ္မာရှင် တပည့်တော်တို့၏ ခွဲတမ်းကို စာရင်းရှင်းမည့် နေ့ကာလမတိုင်မီ အလျင်စလို ဖြစ်စေပါ။"ဟု ဆိုကြ၏။
၁၇။ ထောက်ပံ့နိုင်	**اصْبِرْ عَلَى مَا يَقُولُونَ وَاذْكُرْ عَبْدَنَا دَاوُودَ ذَا الْأَيْدِ إِنَّهُ أَوَّابٌ۞** သူတို့၏ ပြောစကားများပေါ်၌ သည်းခံနေလော့။ ငါ၏ အမှုတော်ဆောင်ဖြစ်သော– **အင်အားပိုင်သည့်** ဒါဝိဒ်အား သတိမူလော့၊ သူသည် အရှင့်ဘက်သို့ပြန်လှည့်သူ စင်စစ်ဖြစ်၏။
၁၈။ ☆ ၃၄း၁၀	**إِنَّا سَخَّرْنَا الْجِبَالَ مَعَهُ يُسَبِّحْنَ بِالْعَشِيِّ وَالْإِشْرَاقِ۞** သူ့အတွက် တောင်များကို အသုံးခံ ဖြစ်စေ၏။ သူနှင့်အတူ ညဦး နံနက်များတွင် အရှင့်အား ဦးထိပ်ထားစေ၏။☆
၁၉။	**وَالطَّيْرَ مَحْشُورَةً كُلٌّ لَّهُ أَوَّابٌ۞**

---

(၈၅) **ذَا الْأَوْتَادِ အောင်းဝ်တာ့ဒ်** ဆိုသည်မှာ မြေထဲတွင် စူးနစ်ခိုင်မာစွာ ရိုက်ထားသည့် ပနက်ဟု အနက်ကို ပေးသည့် **ဝတာ့ဒ်**၏ အများပြုဖြစ်သည်။ ထို့ကြောင့်ဤနေရာတွင် **အဘက်ဘက်မှ ခြေကုပ်ခိုင်သော** ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ ဖာရိုး၏ သြဇာအာဏာသည် စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး အဘက်ဘက်မှ မျိုးရိုးစဉ်ဆက်လိုက် အမြစ်တွယ် ခိုင်မာမှု ရှိခဲ့သည်ဟု ဆိုလိုပေသည်။ ذَا الْأَوْتَادِ ၇း၇။ ၈၉း၁၀

	၄င်းအပေါင်း စုစည်းလာကြ၍၊ ၎င်းတို့ကိုယ်စီ သူ့ဘက်သို့ ပြန်လှည့်ကြ၏။
၂၀။	**وَشَدَدْنَا مُلْكَهُ وَآتَيْنَاهُ الْحِكْمَةَ وَفَصْلَ الْخِطَابِ۞** သူ၏ အာဏာကို အင်အားတိုးပေး၏။ သူ့အား စီရင်ထုံးနှင့် ရှင်းလင်းဆုံးဖြတ်သည့် မိန့်ခွန်းပညာကို ငါ ချီးမြှင့်ခဲ့၏။
၂၁။	**وَهَلْ أَتَاكَ نَبَأُ الْخَصْمِ إِذْ تَسَوَّرُوا الْمِحْرَابَ۞** သူ၏ စခန်း စည်းထဲရှိ အမှုပြိုင်တို့ သတင်းအကြောင်း– သင့်ထံသို့ ရောက်စေပြီလော။
၂၂။ အမှုပြိုင်	**إِذْ دَخَلُوا عَلَى دَاوُودَ فَفَزِعَ مِنْهُمْ قَالُوا لَا تَخَفْ خَصْمَانِ بَغَى بَعْضُنَا عَلَى بَعْضٍ فَاحْكُم بَيْنَنَا بِالْحَقِّ وَلَا تُشْطِطْ وَاهْدِنَا إِلَى سَوَاء الصِّرَاطِ۞** ဒါဝိဒ်ထံသို့ ဝင်လာကြသော်၊ သူ ကြောက်ရွံ့ချောက်ချားသွား၏– ''မကြောက်ပါနှင့်၊ ကျွန်ုပ်တို့သည် အချို့ အချို့ **အခြေအတင်ဖြစ်သူ**များပင်။ သို့ဖြင့် ကျွန်ုပ်တို့ကြား၌ အမှန်ကို စီရင်ထုံးချပေးပါ။ မတရား မဖြစ်စေပါနှင့်၊ ပုံစံချပြီး လမ်းသို့ ညွှန်ပြပေးပါ။''ဟု ပြောကြ၏။
၂၃။ သိုးကို	**إِنَّ هَذَا أَخِي لَهُ تِسْعٌ وَتِسْعُونَ نَعْجَةً وَلِيَ نَعْجَةٌ وَاحِدَةٌ فَقَالَ أَكْفِلْنِيهَا وَعَزَّنِي فِي الْخِطَابِ۞** ဤသည် ကျွန်ုပ်၏ အစ်ကို ဖြစ်၍၊ သူ့တွင် သိုးမ ကိုးဆယ်နှင့် ကိုးကောင်ရှိလျက်၊ ကျွန်ုပ်တွင် သိုးမတစ်ကောင်သာ ရှိပါ၏။ ထို့နောက် သူက ''**ငှင်း**ကို ကျွန်ုပ် ထိန်းမည်၊''ဟု ဆိုပါ၏။ အမိန့်သံဖြင့် ပါဝါသုံးပါ၏။''ဟု ပြောပြသော်–
၂၄။ ဒါဝူးဒ်က	**قَالَ لَقَدْ ظَلَمَكَ بِسُؤَالِ نَعْجَتِكَ إِلَى نِعَاجِهِ وَإِنَّ كَثِيرًا مِّنَ الْخُلَطَاء لَيَبْغِي بَعْضُهُمْ عَلَى بَعْضٍ إِلَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَقَلِيلٌ مَّا هُمْ وَظَنَّ دَاوُودُ أَنَّمَا فَتَنَّاهُ فَاسْتَغْفَرَ رَبَّهُ وَخَرَّ رَاكِعًا وَأَنَابَ۞** **သူ**က ''သူသည် သင်၏ သိုးမအား သူ့သိုးမ ဖြစ်ရန် တောင်းဆိုခြင်းဖြင့် မိုက်ကြေးခွဲ၏။ အနည်းစု ဖြစ်သော ယုံကြည်၍ ပြုပြင်ပြောင်းလဲခြင်းကို ကျင့်ကြံသော သူများမှ အပ၊ ကေန်ပင် များစွာသော အစုစပ် လုပ်သူတို့သည် အချို့ အချို့ အပြစ်ရှာကြ၏။''ဟု ပြောလျက်– ငါအရှင်၏ စမ်းသပ်ခြင်းသာ ဖြစ်သည်ဟုဒါဝိဒ် စဉ်းစားမိကာ၊ သူ့ကံကြမ္မာရှင်ထံ ဘက်လှည့် ဦးညွှတ် ပြဝပ်၍ လွတ်ငြိမ်းဆုပန်၏။[၈၄ဖ]
၂၅။	**فَغَفَرْنَا لَهُ ذَلِكَ وَإِنَّ لَهُ عِندَنَا لَزُلْفَى وَحُسْنَ مَآبٍ۞** ဤ၌ သူ့အား ငါ လွတ်ငြိမ်းစေတော်မူ၏။ ကေန်ပင် သူ့အတွက် ငါ့ထံသို့ ချည်းကပ်လာသည့် တင့်တယ်သော အပြန်ခရီး ရှိ၏။
၂၆။	**يَا دَاوُودُ إِنَّا جَعَلْنَاكَ خَلِيفَةً فِي الْأَرْضِ فَاحْكُم بَيْنَ النَّاسِ بِالْحَقِّ وَلَا تَتَّبِعِ الْهَوَى فَيُضِلَّكَ عَن سَبِيلِ اللَّهِ إِنَّ الَّذِينَ يَضِلُّونَ عَن سَبِيلِ اللَّهِ لَهُمْ عَذَابٌ شَدِيدٌ بِمَا نَسُوا يَوْمَ الْحِسَابِ۞** အို– ဒါဝိဒ် ငါသည် သင့်အား မြေကမ္ဘာ၌ သမ္မတမင်းအဖြစ် စီစဉ်တော်မူပြီ။ သို့ဖြစ်၍ လူသားတို့ကြား၌ မှန်ကန်စွာ စီရင်ထုံးပြုပေးလော့၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ လွဲချော်စေမည့် သင်၏ လိုဘနောက်သို့ မလိုက်နှင့်၊ ကေန်ပင် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ လွဲချော်စေသော သူ၊ ထိုသူတို့အတွက် စရင်းရှင်းရမည့် နေ့ကာလ၌၊ သူတို့၏ မေ့ပစ်မှုများကြောင့် ပြင်းထန်သော ဝဋ်ကြွေးသည် ရှိနေ၏။

(၈၄ဖ) ဒါဝိဒ်က လွတ်ငြိမ်းဆုပန်၏ ဆိုခြင်းမှာ **အနည်းစု ဖြစ်သော ယုံကြည်၍ ပြုပြင် ပြောင်းလဲခြင်းကို ကျင့်ကြံသည့် သူတို့မှ အပ၊ ကေန်ပင် များစွာသော အစုစပ် လုပ်သူတို့သည် အချို့ အချို့ အပြစ်ရှာကြ၏။** ဟူသော ဆုံးမ စကားကို ပြောလိုက်မိ၍၊ မှားသွားခြင်းကြောင့် အပြစ်ကင်းရန် ဆုပန်သည်ဟု အဖြေ မထုတ်သင့်ပေ။ မည်သည့် အပြစ်အပျက်၌မဆို သတိသံဝေဂ ယူတတ်လျှင်၊ သတိသံဝေဂယူစရာများ ရှိနေသည် ဖြစ်၍၊ ထိုမတရား အနိုင်ကျင့်သူနှင့် အနိုင်ကျင့်ခံရသူတို့၏ အပြစ်အပျက်မှ သတိသံဝေဂကို ယူကာ မိမိအနေဖြင့် ဆိုလျှင် မမှားမိရန် စိတ်နှလုံးကို ထားမည်ဟု သံဝေဂယူလျက် ဆုတောင်းပန်ထွာခြင်းသာ ဖြစ်ပေသည်။ ဆုံးဖြတ်ချက်တိုင်းအတွက် အမှားကင်းစေရန် ဆင်ခြင်ခြင်း ဖြစ်ပေသည်။

၂၇။ ☆ အ ကြောင်းမဲ့	**وَمَا خَلَقْنَا السَّمَاءَ وَالْأَرْضَ وَمَا بَيْنَهُمَا بَاطِلًا ذَٰلِكَ ظَنُّ الَّذِينَ كَفَرُوا فَوَيْلٌ لِّلَّذِينَ كَفَرُوا مِنَ النَّارِ۞** ဖုံးကွယ်သောသူတို့၏ စဉ်းစားချက်မျိုး– မိုးများနှင့် မြေကမ္ဘာ၊ ထိုနှစ်ခုစပ်ကြား ရှိသမျှအား **မှားယွင်းစွာ**☆ ငါ ဖြစ်တည်စေခြင်း မဟုတ်ချေ။ သို့ကြောင့်သာ ဖုံးကွယ်သော သူတို့သည် အပူမီးၭ ပျက်စီးသွားရကုန်၏။
၂၈။ ☆၈၂၄	**أَمْ نَجْعَلُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ كَالْمُفْسِدِينَ فِي الْأَرْضِ أَمْ نَجْعَلُ الْمُتَّقِينَ كَالْفُجَّارِ۞** သို့တည်းမဟုတ် ယုံကြည်၍ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသော သူများအား မြေကမ္ဘာ၌ အဖျက်လုပ်သူ ကဲ့သို့ ငါ စီစဉ်မည်လော။ သို့တည်းမဟုတ် စည်းစောင့်သူအား ဖေါက်ထွက်သူ☆ ကဲ့သို့ စီစဉ်မည်လော။
၂၉။	**كِتَابٌ أَنزَلْنَاهُ إِلَيْكَ مُبَارَكٌ لِّيَدَّبَّرُوا آيَاتِهِ وَلِيَتَذَكَّرَ أُولُو الْأَلْبَابِ۞** သင့်ထံသို့ ချမှတ်ပေးသော ကျမ်းတော်သည် ကျက်သရေအပေါင်းပြည့်စုံ၏။ ထိုမှ သုတ်ဒေသနာများကို အရင်းအမြစ်စိစစ်စေဘို့ရာ၊ သဘောပေါက်နိုင်စွမ်း ရှိသူများအတွက် ဆင်ခြင်သတိရှိစေဘို့ရာ ဖြစ်၏။
၃၀။	**وَوَهَبْنَا لِدَاوُودَ سُلَيْمَانَ نِعْمَ الْعَبْدُ إِنَّهُ أَوَّابٌ۞** ဒါဝိဒ်အား ဂုဏ်တော်ရ အမှုတော်ဆောင် စိုလိုင်မံကို ငါ ချီးမြှင့်၏။ ဇကနပင် သူသည် အရှင့်ထံသို့လှည့်သူ ဖြစ်၏။
၃၁။	**إِذْ عُرِضَ عَلَيْهِ بِالْعَشِيِّ الصَّافِنَاتُ الْجِيَادُ۞** သူ့အတွက် ဘောင်ဝင်စေရန် လေ့ကျင့်ထားသော စစ်မြင်းများနှင့်ပတ်သက်၍ တစ်ခုသော ညဦးပိုင်း၌–
၃၂။	**فَقَالَ إِنِّي أَحْبَبْتُ حُبَّ الْخَيْرِ عَن ذِكْرِ رَبِّي حَتَّىٰ تَوَارَتْ بِالْحِجَابِ۞** သူက ပြောသည်မှာ“ငင်းတို့အား စည်း ကွယ်၌ ဖြစ်သည့်တိုင်၊ ကံကြမ္မာရှင်၏ သတိဖေါ်ပေးမှုဖြင့် နှစ်သက်စရာ ကောင်းသည်များကို ကျွန်ုပ် နှစ်သက်၏။–
၃၃။	**رُدُّوهَا عَلَيَّ فَطَفِقَ مَسْحًا بِالسُّوقِ وَالْأَعْنَاقِ۞** ငင်းတို့ကို ကျွန်ုပ်ထံသို့ ပြန်ယူခဲ့လော့၊”ဟု ဖြစ်၏။ သို့ဖြင့် သူသည် ငင်းတို့၏ ခြေများ လည်တိုင်များကို စတင်ကြေပ်ထိုးပေး၏။[၈၉၇]
၃၄။	**وَلَقَدْ فَتَنَّا سُلَيْمَانَ وَأَلْقَيْنَا عَلَىٰ كُرْسِيِّهِ جَسَدًا ثُمَّ أَنَابَ۞** ငါသည် သူ၏ စိုးစံရာ၌ ကိုယ်ထည်တစ်ခုကို ခင်းကျင်း၍– မချပင် ငါသည် စိုလိုင်မံကို စုံစမ်းခဲ့၏။ ထို့ပြင် သူသည် ဘက်လှည့်လျက်။[၈၉၈]
၃၅။	**قَالَ رَبِّ اغْفِرْ لِي وَهَبْ لِي مُلْكًا لَّا يَنبَغِي لِأَحَدٍ مِّنْ بَعْدِي إِنَّكَ أَنتَ الْوَهَّابُ۞** “အို– ကံကြမ္မာရှင်၊ တပည့်တော်အား လွတ်ငြိမ်းစေတော်မူပါ၊ တပည့်တော်၏နောက် မည်သူ တစ်ဦးမှ အပြစ်မရှာ

---

(၈၉၇) မြောက်များစွာသော ဘာသာပြန်များက **သူသည် မြင်းများ၏ ခြေထောက်များ၊ လည်ဂုတ်များကို ခုတ်ပိုင်းဖြတ်လိုက်သည်၊** ဟု ပြန်ဆိုကြပေသည်။ စိုလိုင်မံက မိမိအနေဖြင့် ဘုရားရှင်ထက် လွန်၍ ထိုမြင်းများကို နှစ်သက်သွားမိသည့်အတွက် ထိုမြင်းများကို ခုတ်သတ်လိုက်သည် ဟူလို။ လွန်စွာ နားလည်ရခက်သော ဘာသာပြန်မှုများပင် ဖြစ်၏။ မိမိ၏ အပြစ်အတွက် အပြစ်မရှိသော သတ္တဝါတို့အား ဥဇာစဉ်ဆောင် တစ်ပါးအနေဖြင့် ဤသို့ အဘယ်ကြောင့် ခုတ်ထစ်သတ်ဖြတ်လိုက်သနည်း။--- အမှန်မှာ **مَسْحًا مَعَ الْجَرْيِ** ဆိုသော စကားလုံးသည် မူရင်း ح س م မှ ဆင့်ပွားခြင်းဖြစ်၍ ပွတ်သပ်သည်၊ သူ့လက်ဖြင့် ထို အပေါ်မှ ရှပ်တိုက်သည်ဟု ဖြစ်ပေသည် – ၄း၄၃။ ၅း၆ တွင် **امْسَحُوا** ပွတ်သပ်သည်ဟု သုံးသည်။ ခုတ်သတ်သည်ဟူသော အဓိပ္ပါယ်ကို မပေးပေ။ မြင်းများအား ပွတ်သပ် ကြပ်ထုတ်ထိုးပေးခြင်းသာ ဖြစ်ပေသည်။

(၈၉၈) **ကိုယ်ထည်** ဆိုသည်မှာ **အသုံးမဝင်သော သူ** ကို ဆိုလိုပေသည်။ တနည်းအားဖြင့် စိုလိုင်မံ၏ အရိုက်အရာအား ဆက်ခံမည့်သူများမှာ စိုလိုင်မံကဲ့သို့ အစွမ်းထက်သူများ မဟုတ်ချေ။– ထို့ကြောင့် ၃၉း၁၄ တွင် စိုလိုင်မံ ကွယ်လွန်ပြီးသော အခါ၊ စိုင်လိုင်မံ၏ ဩဇာအာဏာ လုံတောင်ခေးမှာ ချစား သွားရသည်ဟု ဖေါ်ပြထားပေသည်။ ထိုအချင်းအရာကို စိုလိုင်မံသည် ကြိုတင်၍ သိနေခဲ့ပေသည်၊ (သုတ်တော် ၃၅)။

	နိုင်သည့် အာဏာအား ချီးမြှင့်တော်မူပါ။ အရှင်သည် ချီးမြှင့်ရက်ရောသော အရှင်ဖြစ်ပါ၏''ဟု ဆုတောင်း၏။
၃၆။	**فَسَخَّرْنَا لَهُ الرِّيحَ تَجْرِي بِأَمْرِهِ رُخَاء حَيْثُ أَصَابَ۞** ငါသည် သူ့အတွက် အသုံးခံရန် အရှင့် ညွှန်ကြားချက်ဖြင့် စီးမျောစေသော နေရာသို့ ထိသက် တိုက်ခိုက်သည့် လေ–
၃၇။ ☆၂၁၄	**وَالشَّيَاطِينَ كُلَّ بَنَّاء وَغَوَّاصٍ۞** မကောင်းဆိုးဝါးများ၊☆ ဆောက်လုပ်ရေးသမားများ၊ ရေငုပ်သမားများ ကိုယ်စီနှင့်
၃၈။ ☆၃၄း၁၂	**وَآخَرِينَ مُقَرَّنِينَ فِي الْأَصْفَادِ۞** အခြားသော၊ ခြေကျဉ်းများဖြင့် သီထားသူများကို ဖြစ်စေ၏။☆
၃၉။	**هَذَا عَطَاؤُنَا فَامْنُنْ أَوْ أَمْسِكْ بِغَيْرِ حِسَابٍ۞** ဤသည် သင့်အတွက် လက်ဆောင် ဖြစ်၏၊ သို့ဖြစ်၍ မျက်နှာသာပေးနိုင်၏၊ သို့မဟုတ် သင် ထိန်းထားခြင်းအား– စစ်ဆေးခံရမည် မဟုတ်ချေ။[၅၉]
၄၀။	**وَإِنَّ لَهُ عِندَنَا لَزُلْفَى وَحُسْنَ مَآبٍ۞** ဇကေန်ပင် ငါထံသို့ ချည်းကပ်လာသည့် တင့်တယ်သော အပြန်ခရီးသည် သူ့အတွက် ရှိ၏။
၄၁။	**وَاذْكُرْ عَبْدَنَا أَيُّوبَ إِذْ نَادَى رَبَّهُ أَنِّي مَسَّنِيَ الشَّيْطَانُ بِنُصْبٍ وَعَذَابٍ۞** ငို့ အမှုတော်ဆောင် အိုင်ယုဘ်၏ အကြောင်းကို သတိရလော့။ သူသည် ကံကြမ္မာရှင်၏ ထံ၌ ''မကောင်းဆိုးဝါးက တပည့်တော်အား ပင်ပန်းကြီးစေခြင်း ဝဋ်ကြွေးများဖြင့် ထိသက်စေပါပြီ''ဟု တင်ပြသော်[၆၀]
၄၂။	**ارْكُضْ بِرِجْلِكَ هَذَا مُغْتَسَلٌ بَارِدٌ وَشَرَابٌ۞** သင့်ခြေဖြင့် ဆောင့်လော့။[၆၁] ဤ၌ ဆေးကြောရန်နှင့် သောက်သုံးရန် ရေအေး ရှိ၏။
၄၃။	**وَوَهَبْنَا لَهُ أَهْلَهُ وَمِثْلَهُم مَّعَهُمْ رَحْمَةً مِّنَّا وَذِكْرَى لِأُوْلِي الْأَلْبَابِ۞** ငါသည် သူ့ဝိုင်းသားများနှင့် သူတို့နှင့်အတူ သူတို့ကဲ့သို့သူများကို သူ့အား ချီးမြှင့်တော်မူ၏။ ငို့ထံမှ ကရုဏာတော်ပင် ဖြစ်၏။ သဘောပေါက်နိုင်စွမ်း ရှိသူများအတွက် သတိပေးတရားတော် ဖြစ်၏။
၄၄။	**وَخُذْ بِيَدِكَ ضِغْثًا فَاضْرِب بِّهِ وَلَا تَحْنَثْ إِنَّا وَجَدْنَاهُ صَابِرًا نِعْمَ الْعَبْدُ إِنَّهُ أَوَّابٌ۞** အာရုံကို[၆၂]လက်ရ ကိုင်စွဲလျက်၊ ၎င်းဖြင့် ခရီးနှင်လော့၊ သင်သည် သစ္စာမဖျက်နှင့်၊ သူ့အား ဇွဲနပဲကြီးသူ၊ ဂုဏ်တော်ရ အမှုတော်ဆောင် အဖြစ် ငါ တွေ့ရ၏။ ဇကေန်ပင် သူသည် အရှင့်ထံသို့လှည့်သူ ဖြစ်၏။

---

(၈၉) စိုလိုင်မံ အုပ်ချုပ်ခွင့်ရသူများသည် သူနှင့် လူမျိုးမတူသော တိုင်းရင်းသားများ ဖြစ်ပေသည်။ ၎င်းတို့ကို ဂျင် ဟု ခေါ်သည်၊ ၃၄း၁၂။ သူတို့မှ မကောင်းဆိုးဝါးများ ဆိုသည်မှာ ထိုသူတို့မှ အကြီးအကဲများကို ခေါ်ပေသည်။ ထိုသူတို့သည် စိုလိုင်မံ၏ ထိန်းချုပ်ခံများ ဖြစ်ပေသည်။ ထို့ကြောင့် ဤသုတ်တော်များတွင် စိုင်လိုင်မံက ခြေကျင်းဖြင့် သီးထားသူများဟု သုံးခြင်း ဖြစ်၏။ စိုလိုင်မံ အနေဖြင့် သူတို့၏ နယ်မြေဒေသအား လွှတ်လပ်ခွင့် ပေးလိုက်လိုက ပေးလိုက်နိုင်သည်၊ သို့မဟုတ် ဆက်ထိန်းထားလိုက ဆက်လက် ထိန်းထားနိုင်သည်ဟု ဆိုပေသည်။

(၉၀) ဤသုတ်တော်မှ မကောင်းဆိုးဝါး ဆိုသည်မှာ **ရှိုင်တွန်အုလ် ဖာလာဟ်** ကွန္တရမ္ဘာဟု တင်စားသည် ရေတော်ခြင်း၊ ရေဆာခြင်းကို ပြော သည်ဟု ပညာရှင်အများက ဖွင့်ဆိုကြပေသည်။ အိုင်ယုတ်၏ အကြောင်းကို ၄း၁၆ဒဲ့ တွင် ကြည့်ပါ။

(၉၀၀) **ခြေဖြင့် ဆောင့်လော့၊** ဆိုသော ဝါကျမှ **ဝံဇ်ဂ်ုသ် အရ်ကုသ်** ဆိုသည်မှာ **မြင်းမှ ခြေကွင်းကို ဆောင့်၍ မြင်းကို အသော့နှင်စေသည်** ဟု ဖြစ်ပေ သည်။ မြေကို ခြေထောက်ဖြင့် ဆောင့်စေသည်ဟု မဟုတ်ပေ။ ဆက်တိုက်ဖော်ပြသည့် ဝါကျမှ ''ဤ၌'' ဆိုသော အညွှန်းသည် ကိုယ်တော် အိုင် ယုဘ်၏ အာရုံထဲတွင် မည်သည့်နေရာ၌ ရေရှိသည် ဆိုခြင်းကို တိကျစွာ ပေါ်စေခြင်း ဖြစ်ပေသည်။

၄၅။	**وَاذْكُرْ عِبَادَنَا إِبْرَاهِيمَ وَإِسْحَقَ وَيَعْقُوبَ أُوْلِي الْأَيْدِي وَالْأَبْصَارِ۞** ငါ၏ အမှုတော်ဆောင် အီဗရာဟီး၌၊ အီစွဟာ့က်၊ ယာကုပ် တို့အား သတိရလော့။ သူတို့သည် လက်ရုံးရည်နှင့် ဒိဗ္ဗစက္ခု ရှိသူများ ဖြစ်၏၊
၄၆။	**إِنَّا أَخْلَصْنَاهُم بِخَالِصَةٍ ذِكْرَى الدَّارِ۞** ငါသည် သူတို့အား အယူသန့်စေ၏၊ ဗိမာန်တော်ကို အယူသန့်ခြင်းဖြင့် သတိရစေ၏။
၄၇။	**وَإِنَّهُمْ عِندَنَا لَمِنَ الْمُصْطَفَيْنَ الْأَخْيَارِ۞** ကောန်ပင် ငါသည်သူတို့အား ငါ၏ထံတော်၌ ရွေးချယ်ခံရသူ၊ အကောင်းဆုံးသူတို့မှ ဖြစ်စေ၏။
၄၈။	**وَاذْكُرْ إِسْمَاعِيلَ وَالْيَسَعَ وَذَا الْكِفْلِ وَكُلٌّ مِّنَ الْأَخْيَارِ۞** အီစွမာလ်အီလ်၊ ယာဆ်အ၊ ကပိလပြည့်ရှင်တို့အား သတိရကြလော့။ သူတို့ကိုယ်စီ အကောင်းဆုံးသူတို့မှ ဖြစ်ကြ၏။
၄၉။	**هَذَا ذِكْرٌ وَإِنَّ لِلْمُتَّقِينَ لَحُسْنَ مَآبٍ۞** ဤသည် သတိပေးတရားတော် ဖြစ်၏။ ကောန်ပင် စည်းစောင့်သူတို့အတွက်မူ တင့်တယ်သော အပြန်ခရီး ရှိ၏။
၅၀။	**جَنَّاتِ عَدْنٍ مُّفَتَّحَةً لَّهُمُ الْأَبْوَابُ۞** အေးငြိမ်းရာ ဥယျာဉ်ဘုံများ၊ သူတို့အတွက် တံခါးများ ဖွင့်ထားစေ၏။
၅၁။	**مُتَّكِئِينَ فِيهَا يَدْعُونَ فِيهَا بِفَاكِهَةٍ كَثِيرَةٍ وَشَرَابٍ۞** ထိုဌာန မှီလှဲစံစားစေလျက်၊ ထိုဌာန သစ်သီးဝလံ မြောက်များစွာနှင့် သောက်သုံးရာတို့ အားဖြင့် ဖိတ်ခေါ်လျက် ရှိကြ၏။
၅၂။	**وَعِندَهُمْ قَاصِرَاتُ الطَّرْفِ أَتْرَابٌ۞** သူတို့၏ ထံပါး၌ မျက်ရိပ်မျက်ခြည် တည်တံ့သည့် **မြေလုပ်သားများ** ရှိ၏။[၉၃]
၅၃။	**هَذَا مَا تُوعَدُونَ لِيَوْمِ الْحِسَابِ۞** ဤသည် သင်တို့အား စရင်းရှင်းမည့် နေ့ကာလ ဟု ကတိပေးထားရာပင် ဖြစ်၏။
၅၄။	**إِنَّ هَذَا لَرِزْقُنَا مَا لَهُ مِن نَّفَادٍ۞** ကောန်ပင် ဤသည် ခမ်းခြောက်ခြင်းမရှိသော ငါအရှင်ပေးရာ ရိက္ခာများ ဖြစ်၏။
၅၅။	**هَذَا وَإِنَّ لِلطَّاغِينَ لَشَرَّ مَآبٍ۞**

---

(၉၀၂) **ضِغْثًا သဖွိဂဆန်** အား ဆရာတော်ကြီးများက **သစ်ကိုင်းကို** ဟု ပြန်ဆိုကြပေသည်။ သို့သော် ထိုစကားလုံးကို ကျမ်းတော်တွင် (၃)ကြိမ်တွေ့ရ၍၊ ၁၂း၄၄။ ၂၁း၅ တို့တွင် အိပ်မက်နှင့် တွဲဆက်လျက် **မှုံဝါးဝါးဖြစ်နေသော** အိပ်မက်။ **အဓိပ္ပါယ်ဖော်ရန်ခက်သော** အိပ်မက်၊ **စိတ်ကူးယဉ်** အိမ်မက် ဆိုသည့် အသုံးအနှုံးမျိုးဖြင့် သုံးထားပေသည်။ လူတစ်ဦး၏ သေချာတိကျသော မြင်ကွင်းအာရုံကို အခြားသူတစ်ဦးက အဓိပ္ပါယ် ဖော်၍ မရသော ကြောင့် ပြောသော စကား ဖြစ်သည်။ ဤနေရာတွင်လည်း ကိုယ်တော်၏ အိုင်ယာတ်၏ မြင်ကွင်း အာရုံကိုပင် ပြောဆိုခြင်း ဖြစ်ပေသည်။ သူ့အနေဖြင့် လက်ဖြင့် သစ်ကိုင်းကို ကိုင်ထား၍ ရိုက်ခတ်ခြင်းဖြင့် သူ ဘာလုပ်မည်ဟူသည့် သူ့၏ သစ္စာကို မဖျက်ဘဲ စောင့်ထိမ်းထားသည် ဟု ဆိုခြင်းမှာ ယုတ္တိ မရှိချေ။ အချို့ကလည်း သူသည် သစ်ကိုင်းကို ကိုင်၍ သူ့ဇနီးကို ရိုက်သည်ဟု ဣဿမိုင်းကို အခြေခံကာ ဘာသာပြန်သူများလည်း ရှိပေသည်။ သူ၏ မြင်ကွင်းအာရုံ အတိုင်း တစ်စိုက်မတ်မတ် ဆောင်ရွက်ခြင်းသည်သာ သူ၏ လုပ်ဆောင်မည်ဟု သစ္စာထားခြင်း အပေါ် ဖြည့်ဆီးရာ ရောက်ပေသည်။ ထို့အတွက် သူ့အား ဇွဲနဲပါကြီးသူ၊ သည်းခံပါရမီကြီးသူဟု ဆက်လက်ပြောထားခြင်းပင် ဖြစ်ပေသည်။

(၉၀၃) **أَتْرَابٌ** ကို လူလတ်ပိုင်း မြေယာလုပ်နိုင်သော အရွယ်ကောင်းဟု ဖြစ်၍ ဆရာတော်ကြီးများက သက်တူရွယ်တူဟု ဘာသာပြန်ကြသည်။ ထိုစကားလုံးသည် မြေမှုန့်၊ မြေဟု အနက်ပေးသည့် ب ر ت မှ ဆင့်ပွားခြင်း ဖြစ်သည်။ မျက်ရိပ် မျက်ခြည် တည်ငြိမ်သော (၃၈း၄၉) တွင် ကြည့်ပါ။

	ဤသည် စည်းဖျက်သူများ အတွက် ကံဆိုးရသော အပြန်ခရီး ဇကန် ဖြစ်၏။
၅၆။	**جَهَنَّمَ يَصْلَوْنَهَا فَبِئْسَ الْمِهَادُ۞** ငရဲဘုံသည် သူတို့ကို လောင်ကျွမ်းစေလတ္တံ့၊ အမင်္ဂလာ ညိမ့်ညောင်းရာပင် ဖြစ်၏။
၅၇။	**هَذَا فَلْيَذُوقُوهُ حَمِيمٌ وَغَسَّاقٌ۞** သူတို့အား ဤ ရေနွေးပူနှင့် ရေခဲအား မြည်းစေလတ္တံ့၊
၅၈။	**وَآخَرُ مِن شَكْلِهِ أَزْوَاجٌ۞** အခြားသော ပုံစံများမှာလည်း အတွဲလိုက်ပင် ဖြစ်၏။
၅၉။	**هَذَا فَوْجٌ مُّقْتَحِمٌ مَّعَكُمْ لَا مَرْحَبًا بِهِمْ إِنَّهُمْ صَالُوا النَّارِ۞** သင်တို့၌ စိတ်ပြတ်လိုသော ဤအုပ်စုလိုက်–သူတို့အား ခရီးဦးကြို မရှိချေ။ သူတို့အား မီး လောင်ကျွမ်းရလတ္တံ့။
၆၀။	**قَالُوا بَلْ أَنتُمْ لَا مَرْحَبًا بِكُمْ أَنتُمْ قَدَّمْتُمُوهُ لَنَا فَبِئْسَ الْقَرَارُ۞** “အမှန်မှာ သင်တို့အား ခရီးဦးကြို မရှိချေ။ ၎င်းသည် သင်တို့ စုံရပ်ခံခဲ့မှု ဖြစ်၏။” သို့ဖြစ်၍၊ “ကျွန်ုပ်တို့အတွက် အမင်္ဂလာသည် အတည်တကျဖြစ်ပြီ၊”ဟု ဆိုကြ၏။
၆၁။	**قَالُوا رَبَّنَا مَن قَدَّمَ لَنَا هَذَا فَزِدْهُ عَذَابًا ضِعْفًا فِي النَّارِ۞** ဆက်၍၊ “အို– ကံကြမ္မာရှင်၊ တပည့်တော်တို့အား ဤသို့ စုံရပ်ခံစေခဲ့သူကို အပူမီးထဲ၌ ဝဋ်ကြွေး နှစ်ဆတိုး၍ ခံစားစေပါ၊”ဟု ဆိုကြ၏။
၆၂။	**وَقَالُوا مَا لَنَا لَا نَرَى رِجَالًا كُنَّا نَعُدُّهُم مِّنَ الْأَشْرَارِ۞** ၎င်းတို့က ပြောကြသည်မှာ “ဘယ်အရာကြောင့်နည်း။ ကျွန်ုပ်တို့က ဆိုးသွမ်းသူများဟု တွက်ထားလေ့ရှိသည့် လူသားများ ကို မမြင်ရပါတကား၊–
၆၃။	**أَتَّخَذْنَاهُمْ سِخْرِيًّا أَمْ زَاغَتْ عَنْهُمُ الْأَبْصَارُ۞** ကျွန်ုပ်တို့သည် သူတို့အား ပျက်ရယ်ပြုရန် ယူမှတ်ခဲ့၏။ သို့တည်းမဟုတ် ကျွန်ုပ်တို့ အမြင်များ တိမ်းပါးခဲ့လေသလော၊”ဟု ဖြစ်၏။
၆၄။	**إِنَّ ذَلِكَ لَحَقٌّ تَخَاصُمُ أَهْلِ النَّارِ۞** ဇကန်ပင် ဤသည် အမှန်တရားပင် ဖြစ်၏။ အပူမီး၏ ဝိုင်းသားတို့သည် အချေအတင်ပြုသူများ ဖြစ်၏။
၆၅။	**قُلْ إِنَّمَا أَنَا مُنذِرٌ وَمَا مِنْ إِلَهٍ إِلَّا اللَّهُ الْوَاحِدُ الْقَهَّارُ۞** ဟောလော့ “ကျွန်ုပ်သည် သတိပေးသူ မျှသာ ဖြစ်၏။ တစ်ဆူတည်း ဖူးခြာဖြစ်သော ပရမတ်ဘုရားရှင်မှအပ အခြားဘုရားဟူ၍ မရှိပြီ၊–
၆၆။	**رَبُّ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا الْعَزِيزُ الْغَفَّارُ۞** အရှင်သည် မိုးများနှင့် မြေကမ္ဘာ၊ ထိုနှစ်ခုကြားရှိ အရာအားလုံး၏ ကံကြမ္မာရှင်၊ ဘုန်းတော်ရှင်၊ လွတ်ငြိမ်းစေသော အရှင် ဖြစ်၏။”
၆၇။	**قُلْ هُوَ نَبَأٌ عَظِيمٌ۞** ဟောလော့ “၎င်းသည် မဟာ သတင်းကြီး ဖြစ်၍၊–

၆၈။	**أَنتُمْ عَنْهُ مُعْرِضُونَ۝**
	၎င်းမှ သင်တို့ ဘောင်ကန့်ထားသူများ ဖြစ်ကြ၏။
၆၉။	**مَا كَانَ لِي مِنْ عِلْمٍ بِالْمَلَإِ الْأَعْلَى إِذْ يَخْتَصِمُونَ۝**
	အထွဋ်အထိပ်မှ အကြံပေးတို့ အချေအတင်ဖြစ်စဉ် ထိုအကြောင်းကို ကျွန်ုပ်သည် သိနိုင်ခဲ့သူ မဟုတ်ချေ။[၉၀၄]
၇၀။	**إِن يُوحَى إِلَيَّ إِلَّا أَنَّمَا أَنَا نَذِيرٌ مُّبِينٌ۝**
	ကျွန်ုပ်သည် ရှင်းလင်းထင်ရှားသော သတိပေးသူသာ ဖြစ်ကြောင်း ကျွန်ုပ်ထံ၌ အာရုံစူးစိုက်ရ၏။
၇၁။	**إِذْ قَالَ رَبُّكَ لِلْمَلَائِكَةِ إِنِّي خَالِقٌ بَشَرًا مِن طِينٍ۝**
	ကံကြမ္မာရှင်က နိမိတ်ဆောင်တို့အား ပြောဆိုသည်မှာ ''ဇကန်ပင် ငါသည် လူပုဂ္ဂိုလ်ကို မြေမှ ဖြစ်တည်စေ၏––
၇၂။ ☆၃၂၉	**فَإِذَا سَوَّيْتُهُ وَنَفَخْتُ فِيهِ مِن رُّوحِي فَقَعُوا لَهُ سَاجِدِينَ۝**
	သို့ဖြင့် သူ့အား ပုံစံချ၏၊ ထို့နောက် ငါ၏ ဥဇၨာစဉ်မှ သူ့အား သက်ဝင်စေ၏။☆ ထိုၭကြောင့် ထိုင်ချ၍ သူ့အား ဦးချကြကုန်လော့၊''ဟု ဖြစ်၏။
၇၃။ ☆၂၃၄	**فَسَجَدَ الْمَلَائِكَةُ كُلُّهُمْ أَجْمَعُونَ۝**
	သို့ဖြင့် နိမိတ်ဆောင်တို့သည်၊ သူတို့ကိုယ်စီ အတူစု၍ ဦးချကြကုန်၏။☆
၇၄။ ☆၂၃၄	**إِلَّا إِبْلِيسَ اسْتَكْبَرَ وَكَانَ مِنَ الْكَافِرِينَ۝**
	သို့သော် ရှေးရိုးစွဲ၊ သူသည် မောက်မာ၏၊ သူသည် ဗုံးကွယ်သူတို့အနက်မှ ဖြစ်၏။☆
၇၅။	**قَالَ يَا إِبْلِيسُ مَا مَنَعَكَ أَن تَسْجُدَ لِمَا خَلَقْتُ بِيَدَيَّ أَسْتَكْبَرْتَ أَمْ كُنتَ مِنَ الْعَالِينَ۝**
	အရှင်က ''အေ– ရှေးရိုးစွဲ၊ ငါ၏ လုပ်ပိုင်ခွင့်ဖြင့် ဖြစ်တည်ပေးခြင်း၌ ဦးမချရန် သင့်အား အဘယ်အရာက ဟန့်တား ထားသနည်း။ သင်သည် စိတ်ကြီးဝင်နေသူ သို့တည်းမဟုတ် အထွဋ်အထိပ်မှ ဖြစ်သလော၊''ဟု ဆို၏။
၇၆။ ☆၇း၁၂ ၃၈း၁၁	**قَالَ أَنَا خَيْرٌ مِّنْهُ خَلَقْتَنِي مِن نَّارٍ وَخَلَقْتَهُ مِن طِينٍ۝**
	သူက ''အရှင်က မီးမှ ဖြစ်တည်စေသော တပည့်တော်သည်၊ မြေမှ ဖြစ်တည်စေသော သူ့ထက် ပို၍ကောင်းမွန်၏။'' ဟု ဆိုသော်။☆

---

(၉၀၄) ဤသုတ်တော်ပါ၊ ''အမြင့်ဆုံးမှ **အကြီးအကဲတို့** အချေအတင်ဖြစ်စဉ်၊'' ဆိုသည်ကို ဆရာတော်ကြီးများက ''မြင့်မြတ်သော **ကောင်းကင်တမန်တော် (နတ်ဒေဝတာ) များ** အချင်းချင်း ငြင်းခုံကြသော အခါ ဟု ပြန်ဆိုကြပေသည်။ ဤဘာသာပြန်တွင် အစ္စလာမ် ဒဿန အရ မာလာအိကာဟ် ဆိုသည်မှာ– တစ်စုံတစ်ရာအား ထိုးဖေါက်သိနိုင်သော လူသား ပညာရှင်ဟုသာ မကြာခဏ ရှင်းပြထားပေသည်၊ (၂း၃၀)။ ထို အချက်ကို ဤသုတ်တော်ပါ– အကြီးအကဲဟု အဓိပ္ပါယ်သက်ရောက်သည့် **الملأ مَلَاسَا** ဆိုသည့် စကားလုံးမှ အတိအကျ အတည်ပြုနေပေသည်၊ ဤသုတ်တော်မှ အချင်းချင်း ငြင်းခုံတင်းမာနေသော အဆင့်မြင့်သည် အကြီးအကဲများ ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်အား အတိုက်အခံပြုသည့် ရှေးဘာသာပေါင်းမှ တတ်သိပညာရှင် ဘာသာရေး အကြီးအကဲများကိုသာ ဆိုလိုကြောင်း ဤမတိုင်မီ သုတ်တော်များ ဖြစ်သည့် ၆၇၊ ၆၈ တို့က အတိအကျ ပြဆိုပေသည်၊ ဤအကြောင်းအရာကို ဤဓမ္မခန္ဓာ၏ သုတ်တော် ၄၊ ၅၊ ၆ တွင်လည်း တစ်ပုံစံတည်း ပြောဆိုပေသည်။ ထိုသုတ်တော်များတွင် ကိုယ်တော် မုဟမ္မဒ်က ဘုရားတစ်ဆူ ဝါဒကို ကြေငြာသည် ထိုအခါ သူတို့မှ **الملأ مَلَاسَا** အကြီးအကဲများက သူ့ကို ဆန့်ကျင်ရန် လူထုအား လိုက်လံ စည်းရုံးသည်။ ယခု သုတ်တော်များ ဖြစ်သည့် ၆၇၊ ၆၈၊ ၆၉ များက ကိုယ်တော် မုဟမ္မဒ်သည် မဟာသတင်းတော်ကြီး ဖြစ်သည့် ကျမ်းမြတ်ကုရ်အာန်ကို ကြေငြာသည်– ၎င်းကို သူတို့ အရေးမစိုက် ကျောခိုင်းသွားသည် သူတို့၏ အကြီးအကဲများမှ အဆင့်အမြင့်ဆုံးသော သူတို့က ထို အကြောင်းနှင့် စပ်လျဉ်း၍ အချင်းချင်း ဆွေးနွေးငြင်းခုံ တင်းမာမှုများ ဖြစ်ကြသည်။ ထိုသူတို့၏ ဆွေးနွေးမှုများကို ကိုယ်တော်မုဟမ္မဒ်က မသိကြောင်း ပြောဆိုသည်။ ဖြစ်ရပ်မှာ အတူတူပင် ဖြစ်သည်။ ထို့ကြောင့် **မလာအိ– မလာအိကာဟ်** ဆိုသည်မှာ မံသမျက်လုံးဖြင့် မမြင်နိုင်သော ဓါတ်ဘူတ ဗွဲ့စည်းမှု နတ်ဒေဝတာ မဟုတ်။ မြေဖြင့် ဖြစ်တည်ခံများသာ ဖြစ်ပေသည်၊ (၃၇း၁၁)။

၇၇။	**قَالَ فَاخْرُجْ مِنْهَا فَإِنَّكَ رَجِيمٌ۞** အရှင်က မိန့်သည်မှာ ‘‘သင်သည် ထိုမှ ထွက်သွားလော့၊ သင်သည် ပစ်ထုတ်ခံရသူတို့မှ ဖြစ်၍–
၇၈။	**وَإِنَّ عَلَيْكَ لَعْنَتِي إِلَى يَوْمِ الدِّينِ۞** စီရင်ဆုံးဖြတ်မည့် နေ့ကာလတိုင်၊ သင့်အား ငါ့ မေတ္တာဝေးစေပြီ’’ဟု ဖြစ်၏။(၉၅)
၇၉။ ☆ ၇း၁၄	**قَالَ رَبِّ فَأَنظِرْنِي إِلَى يَوْمِ يُبْعَثُونَ۞** သူက ‘‘အို– ကံကြမ္မာရှင် တပည့်တော်အား နိုးကြွစေရသည့် နေ့ကာအထိ☆ စောင့်ကြည့်ခွင့်ပေးပါ’’ဟု ဆို၏။
၈၀။	**قَالَ فَإِنَّكَ مِنَ الْمُنظَرِينَ۞** အရှင်က မိန့်သည်မှာ ‘‘သင့်အား စောင့်ကြည့်နေခွင့်ရသူတို့မှ ဖြစ်စေပြီ–
၈၁။	**إِلَى يَوْمِ الْوَقْتِ الْمَعْلُومِ۞** အသိပေးပြီး ရက်ချိန်း နေ့အထိ ဖြစ်သည်၊’’ဟု ဖြစ်၏။(၉၆)
၈၂။	**قَالَ فَبِعِزَّتِكَ لَأُغْوِيَنَّهُمْ أَجْمَعِينَ۞**အ သူ ပြောသည်မှာ ‘‘အရှင်၏ ဘုန်းတန်ခိုးတော်အားဖြင့်၊ တပည့်တော်သည် သူတို့ အားလုံးကို တိမ်းပါးစေပါမည်(၉၇)
၈၃။	**إِلَّا عِبَادَكَ مِنْهُمُ الْمُخْلَصِينَ۞** သူတို့မှ အရှင့်အား သန့်သန့်စင်စင် ကိုးကွယ်သော သူသည်သာ ကင်း၏’’ဟု ဖြစ်၏။
၈၄။	**قَالَ فَالْحَقُّ وَالْحَقَّ أَقُولُ۞** အရှင် မိန့်သည်မှာ ‘‘ဤသည်မှာ အမှန်တရားပင်၊ ငါ ဆိုသော အမှန်တရားဟူမူကား–

---

(၉၀၅) မဟာကရုဏာတော် အရှင် ဖြစ်သည့် ပရမတ်ဘုရားရှင် အလွှာဟ်သည် အရှင်၏ နိယာမဖြင့် ဖြစ်တည်ခံ အားလုံးကို မေတ္တာမဲ့ခြင်း မရှိချေ။ အရှင်ချမှတ်ပြဋ္ဌာန်းထားသည့် နိယာမအား ဆန့်ကျင်အာခံသူကိုလည်း မေတ္တာမမဲ့ချေ။ ဤသုတ်တော်မှ ရှေးရိုးစွဲအား မေတ္တာကင်းဝေး စေပြီ ဆိုခြင်းမှာ သူ၏ ဆုံးဖြတ်ချက်၊ သူ၏ လုပ်ဆောင်မှုက အရှင်ပြဋ္ဌာန်းထားသည့် မေတ္တာခါတ်ကိန်းသက်ခြင်း စက်ကွင်းမှ သူ့ဟာသူ ကင်းဝေးနေစေခြင်းသာ ဖြစ်ပေသည်၊ ၎င်းကို သုတ်တော် ၇၅ တွင် သင့်အား အဘယ်အရာက ဟန့်တားနေသနည်း ဟု မေးထားခြင်းက နားလည်ရန် လုံလောက်ပေသည်၊ သို့တိုင်– အရှင်သည် သူ့အား ထာဝရ မေတ္တာကင်းဝေစေခြင်းကို မလိုလားချေ။ သို့ဖြစ်၍ စီရင်ဆုံးဖြတ်ချက်နေ့ကာလတိုင် ဟုသာ ဤသုတ်တော်ကသုံးထားပေသည်။ စီရင် ဆုံးဖြတ်ချက်နေ့ ဆိုသည်မှာ သေပြီးသည်၏ နောက်ဟု အဓိပ္ပါယ်ကို မပေးပေ၊ သူ့ကိုယ်သူ ပြန်ပြင်ရန် ဆုံးဖြတ်သော အချိန်ကိုလည်း ခေါ်ဆိုပေသည်။ သို့သော် နိုးကြားထကြွသည့်နေ့အထိ ဆိုသည်မှာ သူက တောင်းဆိုခြင်းသာ ဖြစ်ပေသည်။ (၇၉)။

(၉၀၆) အစ္စလာမ် သာသနာသည် ရူပဝါဒအား မျက်နှာသာပေးသော သာသနာ မဟုတ်ချေ။ သို့သော် ဆရာတော်ကြီးများ ညွှန်းသကဲ့သို့ သေပြီးသည်၏ နောက်၌သာ အဖြေပေါ်လာရမည် ချည်းလည်း မဟုတ်ချေ။ ဤသုတ်တော်များတွင် ရှေးရိုးစွဲဟု ခေါ်သည့် မကောင်းမှုဆောင်သော ခေါင်းဆောင်များသည်– လူသားအပေါင်းတို့အား သူတို့ဝါဒ၏ ရှေးရိုးစွဲ အယူများဆီသို့ ဖျားယောင်းသွေးဆောင်မည်၊ ထိုအခါ လူထုကြား၌ တော်လှန်ပြောင်းလဲသော ခေါင်းဆောင်များ ပေါ်ပေါက်လာ၍ လူထုအား သွန်သင်ရာမှ ကာလတစ်ခုတွင် လူထုသည် ရှင်ပြန်နိုးကြားလာမည်၊ တနည်းအားဖြင့် ရှေးရိုးစွဲတို့၏ ဝါဒအား တော်လှန်ရေး ဆင်နွှဲမည်။ ထိုတော်လှန်ရေးတွင် တော်လှန်ရေး ဆင်နွှဲသူများဖက်မှ အောင်မြင်သွားလျှင်၊ အထိန်းအမှတ် အမှတ်သညှာပြု၍ ထားပေမည်။ ထိုနေ့ကို လူသိရှင်ကြား အချိန်သတ်မှတ်သော နေ့ ဟု ဆိုပေသည်။ ဥပမာအားဖြင့် လွတ်လပ်ရေးနေ့၊ တော်လှန်ရေးနေ့ စသည်တို့ကဲ့သို့ပင်။ ထိုနေ့သည် ရှေးရိုးစွဲတို့ ကျဆုံးရသော နေ့ဖြစ်ပေသည်။ သို့သော် ထိုတစ်ခေတ်၏ ရှေးရိုးစွဲများ ကျဆုံးခြင်းသာ ဖြစ်၍၊ ရှေးရိုးစွဲတို့သည် လောကကြီးတစ်ခုလုံး၌ ထာဝရချုပ်ငြိမ်းသွားမည်ဟု မဆိုလိုပေ။ ခေတ်တိုင်း ကာလတိုင်းတွင် ရှေးရိုးစွဲ အယူရှိသူ၊ တော်လှန်ပြောင်းလဲသူ ဆိုသည်မှာ ဒုနှတ္တဲလျက် ရှိနေမည်။ ခေတ်စနစ်၊ အတွေးအခေါ်သာ ပြောင်းသွားနိုင်၍၊ စနစ်တိုင်းတွင် အယူသည်းသူ၊ ရှေးရိုးစွဲကို လက်ကိုင်သူ၊ ခေတ်ရှေ့သို့ မျှော်မြင်သူ ဆိုသည်များမှာ ရှိနေမည်သာ ဖြစ်ပေသည်။

(၉၀၇) ဤသုတ်တော်မှ– အရှင်၏ ဘုန်းတန်ခိုးတော် အားဖြင့်၊ ဆိုသည်မှာ အရှင်၏ ဘုန်းတန်ခိုးတော်ကို လက်ကိုင်ပြု၍ အခြားသူများကို လှည့်စားမည်ဟု အဓိပ္ပါယ် မပေးပေ။ အရှင်၏ ဘုန်းတန်ခိုးတော်အား တိုင်တည်လျက် တပည့်တော် အမှန်ကို ဆိုရသော်– တပည့်တော်သည် သူတို့ကို လှည့်ကို လှည့်စားပါမည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

၈၅။	**لَأَمْلَأَنَّ جَهَنَّمَ مِنكَ وَمِمَّن تَبِعَكَ مِنْهُمْ أَجْمَعِينَ۝** သင်နှင့် သူတို့အနက်မှ သင့်အား လိုက်နာသူတို့ အားလုံးကို ငရဲတုံ့၌ ဖြည့်မည်၊''ဟု ဖြစ်၏။
၈၆။	**قُلْ مَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ وَمَا أَنَا مِنَ الْمُتَكَلِّفِينَ۝** ဟောလော့ ''ကျွန်ုပ်သည် သင်တို့ထံမှ အကျိုးဆုလဒ်ကို မတောင်းချေ။ ကျွန်ုပ်သည် လခစားဝန်ထမ်းလည်း မဟုတ်ချေ။
၈၇။ အမှန်တရား	**إِنْ هُوَ إِلَّا ذِكْرٌ لِّلْعَالَمِينَ۝** ကောန်ပင်၊ **ဂင်း**သည် လောကခပ်သိမ်း အတွက် သတိပေးတရားတော် ဖြစ်၏။
၈၈။	**وَلَتَعْلَمُنَّ نَبَأَهُ بَعْدَ حِينٍ۝** ကာလတစ်ခုပြီးနောက် ထိုသတင်းကို သင်တို့ သိလာကြမည်ပင်။''[၉၀၈]

(၉၀၈) သုတ်တော် ၈၆၊ ၈၇၊ ၈၈ တို့သည် ပရမတ်ဘုရားရှင် အလ္လာဟ်က ကိုယ်တော်မုဟမ္မဒ်အား ကြေငြာခိုင်းခြင်း ဖြစ်ပေသည်၊ ကိုယ်တော်သည် ဤကုရ်အာန်ကျမ်းတော်အား ကြေငြာကြေး အဘိုးအခ ဆုလဒ် မည်သူ့ထံကမှ မယူခဲ့၊ မတောင်းခံခဲ့ချေ။ ထို့ပြင် ကိုယ်တော်သည် ဉာဏ်စဉ်တော်ဆောင်၊ သတင်းတော်ဆောင်၊ သတိပေးနှိုးဆော်သူ အတုအယောင်လည်း မဟုတ်ဟု ရဲတင်းစွာ ကြေငြာထားပေသည်။ ထိုစကားနှင့် တစ်ဆက်တည်းပင် ၎င်း (ကုရ်အာန်)သည် လောက ခပ်သိမ်းအတွက် သတိပေး တရားတော် ဖြစ်သည်ဟု ဆိုထားပေသည်။ ထိုအကြောင်းကို ကာလတစ်ခုပြီးနောက် လူအများ သိကိုသိလာရမည်ဟု အာမခံထားပေသည်။ အလားတူပင် ကုရ်အာန်ကျမ်းတော်အားလည်း ပရမတ်ဘုရားရှင်၏ ထံမှ ဉာဏ်စဉ်တော် ကိန်းဝပ် အသိပေးခြင်းဖြင့် ဖြစ်တည်လာသော ကျမ်းစစ် ဖြစ်သည်ဟု ထောက်ခံ အသိအမှတ်ပြုလာမှုမှာ နေ့စဉ်ရက်ဆက် တိုးလျက်သာ ရှိပေသည်။

ဓမ္မခန္ဓာ (၃၉) “အသင်းအဖွဲ့များ” (အလ် ဇုမ်မာရ်)

ဥဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၅၉။ သုတ်ဒေသနာ– ၇၅ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။	**تَنزِيلُ الْكِتَابِ مِنَ اللَّهِ الْعَزِيزِ الْحَكِيمِ۞** ချမှတ်ပေးသော ကျမ်းတော်သည် ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင်ဖြစ်သော ပရမတ်ဘုရားရှင်၏ ထံမှ ဖြစ်၏။
၂။	**إِنَّا أَنزَلْنَا إِلَيْكَ الْكِتَابَ بِالْحَقِّ فَاعْبُدِ اللَّهَ مُخْلِصًا لَّهُ الدِّينَ۞** ဇကနဉ်ပင် သင့်ထံ၌ ကျမ်းတော်အား ပရမတ္ထ သစ္စာဖြင့် ငါ ချမှတ်ပေး၏၊ သို့ဖြစ်၍၊ ပရမတ်ဘုရားရှင်အား အမှုတော်ဆောင်လော့၊ သာသနာတော်သည် အရှင့်အတွက် သီးသန့်ဖြစ်စေလော့။
၃။ ဝလီအောက်လိယာများ	**أَلَا لِلَّهِ الدِّينُ الْخَالِصُ وَالَّذِينَ اتَّخَذُوا مِن دُونِهِ أَوْلِيَاء مَا نَعْبُدُهُمْ إِلَّا لِيُقَرِّبُونَا إِلَى اللَّهِ زُلْفَى إِنَّ اللَّهَ يَحْكُمُ بَيْنَهُمْ فِي مَا هُمْ فِيهِ يَخْتَلِفُونَ إِنَّ اللَّهَ لَا يَهْدِي مَنْ هُوَ كَاذِبٌ كَفَّارٌ۞** သန့်ရှင်းစင်ကြယ်သော သာသနာမှာ ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင် မှလွဲ၍ **အားကိုးရသူများ**ရှိသည်ဟု အယူထားသော သူတို့က ၎င်းတို့ကို ကိုးကွယ်ဆည်းကပ်ခြင်းမှာ ပရမတ်ဘုရားရှင်၏ ထံသို့ ချဉ်းကပ်မှုအတွက် ဆောင်ကြဉ်းပေးစေရန်ဟု ဖြစ်၏။ ပရမတ်ဘုရားရှင်သည် သူတို့၏ အကြားဌ၌ ကွဲလွဲမှုများကို စီရင်ထုံးပြုတော်မူလတ္တံ့။ ဇကနဉ်ပင် ပရမတ်ဘုရားရှင်သည် လိမ်ညာသူ ဖုံးကွယ်မှောင်ချသူအား လမ်းညွှန်တော် မမူချေ။
၄။	**لَوْ أَرَادَ اللَّهُ أَنْ يَتَّخِذَ وَلَدًا لَّاصْطَفَى مِمَّا يَخْلُقُ مَا يَشَاء سُبْحَانَهُ هُوَ اللَّهُ الْوَاحِدُ الْقَهَّارُ۞** အကယ်၍ ပရမတ်ဘုရားရှင်သည် ကိုယ်ပွား ယူထားလိုသော်၊ အရှင်၏ ဖြစ်တည်ပေးသည့် စံချိန်ပြည့်ရာများမှ ရွေးချယ်နိုင်၏။ အရှင်သည် ဦးထိပ်ထားရာ ဖြစ်၏။ အရှင်သည် တစ်ဆူတည်း ဖူးခြာ ပရမတ်ဘုရားရှင် ဖြစ်တော်မူ၏။
၅။	**خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ يُكَوِّرُ اللَّيْلَ عَلَى النَّهَارِ وَيُكَوِّرُ النَّهَارَ عَلَى اللَّيْلِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَجْرِي لِأَجَلٍ مُسَمًّى أَلَا هُوَ الْعَزِيزُ الْغَفَّارُ۞** အရှင်သည် မိုးများနှင့် မြေကမ္ဘာအား မှန်ကန်ညီညွတ်စွာ ဖြစ်တည်စေ၏။ အရှင်သည့် နေ့ကို ညအပေါ်သို့ လှိမ့်ပတ်စေ၍ ညကို နေ့အပေါ်သို့ လှိမ့်ပတ်စေ၏။ သတ်မှတ်ကာလ အချိန်၊ စီးကြောင်း ကိုယ်စီဖြင့် နေနှင့်လအား အသုံးခံဖြစ်စေ၏။ ဇကနမလွဲ အရှင်သည် ဘုန်းတော်အရှင်၊ လွှတ်ငြိမ်းစေသော အရှင် ဖြစ်၏။[၉၀၉]
၆။	**خَلَقَكُم مِّن نَّفْسٍ وَاحِدَةٍ ثُمَّ جَعَلَ مِنْهَا زَوْجَهَا وَأَنزَلَ لَكُم مِّنَ الْأَنْعَامِ ثَمَانِيَةَ أَزْوَاجٍ يَخْلُقُكُمْ فِي بُطُونِ**

---

(၉၀၉) လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ နီးပါးမှပင် အတိအကျ မှတ်တမ်းတင်ခဲ့သော ဤကုရ်အာန်ကျမ်းတော်တွင် ကမ္ဘာကြီးသည် လုံးဝိုင်းကြောင်းကို အတိအကျ ပြောဆိုသော သုတ်တော်ပေါင်း များစွာ ရှိနေပေသည်။ ထိုသို့ မြောက်များစွာများ အနက်မှ ဤသုတ်တော်တွင် ဖေါ်ပြသည့် **လှိမ့်စေသည်** ဆိုသော စကားလုံး **ﯾُﻜَﻮِّرُ ယကူဝိရ်** ဆိုသည်မှာ အာရ်ဗီစကားဖြင့် **ဘောလုံး**ကို ခေါ်သည့် **ကူရာဟ်**မှ ဆင့်ပွားလာခြင်း ဖြစ်ပေသည်။ ဘော်လုံးကဲ့သို့ လှိမ့်နေသော ကမ္ဘာအား တည်၍ နေ့နှင့် ညဖြစ်နေခြင်းကို အတိအကျ ပြောဆိုခြင်း ဖြစ်ပေသည်။ (၇၉း၃၀) တွင် ဆက်ကြည့်ပါ။

	أُمَّهَاتِكُمْ خَلْقًا مِن بَعْدِ خَلْقٍ فِي ظُلُمَاتٍ ثَلَاثٍ ذَلِكُمُ اللَّهُ رَبُّكُمْ لَهُ الْمُلْكُ لَا إِلَٰهَ إِلَّا هُوَ فَأَنَّىٰ تُصْرَفُونَ۞ ငါသည် သင်တို့အား စရိုက်တစ်မျိုးတည်းမှ ဖြစ်တည်စေ၏။ ထို့နောက် ၎င်းမှ ၎င်း၏ စုဖွဲ့ဖေါ်ကို စီစဉ်တော်မူ၏။ ထို့နောက် ငါသည် သင်တို့အတွက် ကပ္ပိယတိရိစ္ဆာန် ရှစ်စုံကို ချမှတ်ပေးတော်မူ၏။ အရှင်သည် သင်တို့အား သင်တို့မိခင်များ၏ ဝမ်းကြောတိုက်တွင်း ဖြစ်တည်စေပြီးနောက် အမှောင်ဆင့် သုံးဆင့်အတွင်း ဖြစ်တည်စေ၏။ ထိုအရှင်သည် ပရမတ်ဘုရားရှင်၊ သင်တို့၏ ကံကြမ္မာရှင် သြဇာအာဏာတည်ရာ အရှင် ဖြစ်၏။ အရှင်မှအပ အခြားဘုရားဟူ၍ မရှိပြီ။ သို့ပါလျက် မည်သို့ ဘက်လှည့်နေကြသနည်း။(၉၁၀)
၇။	**إِن تَكْفُرُوا فَإِنَّ اللَّهَ غَنِيٌّ عَنكُمْ وَلَا يَرْضَىٰ لِعِبَادِهِ الْكُفْرَ وَإِن تَشْكُرُوا يَرْضَهُ لَكُمْ وَلَا تَزِرُ وَازِرَةٌ وِزْرَ أُخْرَىٰ ثُمَّ إِلَىٰ رَبِّكُم مَّرْجِعُكُمْ فَيُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ۞** ဖုံးကွယ်ထားလျှင်လည်း ပရမတ်ဘုရားရှင်သည် ဇကန်ပင် ကုံလုံပြည့်စုံတော်မူ၏။ သို့သော် ဖုံးကွယ်ထားမှုသည် အမှုတော်ဆောင်များအတွက် ကျေနပ်နှစ်သက်ရာ မဟုတ်ချေ။ သင်တို့သည် ကျေးဇူးသိတတ်လျှင် သင်တို့ကို ကျေနပ်နှစ်သက်တော်မူ၏။ မိမိအတွက် ဝန်ထမ်းနေရသူသည် အခြားသူ၏ ဝန်အား မထမ်းပေးနိုင်ချေ။ သင်တို့သည် ကံကြမ္မာရှင်၏ ထံသို့သာ အပြန်ခရီးရှိ၏၊ ထိုအခါ သင်တို့ ကျင့်ကြံလေ့ရှိခဲ့သည်များကို သင်တို့အား သတင်းထုတ်ပြန်တော်မူလတ္တံ့။ ဇကန်ပင် အရှင်သည် သင်တို့၏ ရင်တွင်းခံစားချက်များ အားဖြင့် သိနေသော အရှင် ဖြစ်၏။
၈။	**وَإِذَا مَسَّ الْإِنسَانَ ضُرٌّ دَعَا رَبَّهُ مُنِيبًا إِلَيْهِ ثُمَّ إِذَا خَوَّلَهُ نِعْمَةً مِّنْهُ نَسِيَ مَا كَانَ يَدْعُو إِلَيْهِ مِن قَبْلُ وَجَعَلَ لِلَّهِ أَندَادًا لِّيُضِلَّ عَن سَبِيلِهِ قُلْ تَمَتَّعْ بِكُفْرِكَ قَلِيلًا إِنَّكَ مِنْ أَصْحَابِ النَّارِ۞** လူသားအား ဆိုးကျိုး ထိသက်သောအခါ၊ သူသည် ကံကြမ္မာရှင်ကိုသာ ဘက်လှည့်၍ အရှင့်ထံ၌ ဆုတောင်း၏။ ထို့နောက် သူ့အား ဂုဏ်ပေး နှစ်သိမ့်သောအခါ သူသည် ရှေ့အလျင်က အရှင့်ဘက်သို့ ဘက်လှည့် ဆုတောင်းလေ့ရှိသည်ကို မေ့ပစ်၍၊ အရှင်၏ လမ်းစဉ်မှ လွဲဖယ်စေသော၊ အရှင်နှင့် တစ်ဂိုဏ်းတည်းထားရာများကို စီစဉ်တော့၏။ ဟောလော့ ‘‘ဖုံးကွယ်ခြင်းဖြင့် အနည်းငယ် ပျော်နေကြလော့၊ သင်သည် အပူမီး၏ ပေါင်းဖေါ်များသာ ဖြစ်၏။’’
၉။	**أَمَّنْ هُوَ قَانِتٌ آنَاءَ اللَّيْلِ سَاجِدًا وَقَائِمًا يَحْذَرُ الْآخِرَةَ وَيَرْجُو رَحْمَةَ رَبِّهِ قُلْ هَلْ يَسْتَوِي الَّذِينَ يَعْلَمُونَ وَالَّذِينَ لَا يَعْلَمُونَ إِنَّمَا يَتَذَكَّرُ أُولُوا الْأَلْبَابِ۞** နာခံလျက် ညဏ်၊ အချိန်များ၌– ဦးချလျက်၊ မတ်မတ်ရပ်လျက် နောင်ဘဝအား သတိထား သူ သို့တည်းမဟုတ် ကံကြမ္မာရှင်၏ ထံမှ ကရုဏာတော်အား မျှော်ကိုးသူ ဖြစ်သလော။ ဟောလော့ ‘‘သိနေသော သူနှင့် မသိသောသူ တူညီသလော၊’’ သဘောပေါက်နိုင်စွမ်း ရှိသူတို့သည်သာ ဆင်ခြင်သတိရှိကြ၏။
၁၀။	**قُلْ يَا عِبَادِ الَّذِينَ آمَنُوا اتَّقُوا رَبَّكُمْ لِلَّذِينَ أَحْسَنُوا فِي هَٰذِهِ الدُّنْيَا حَسَنَةٌ وَأَرْضُ اللَّهِ وَاسِعَةٌ إِنَّمَا يُوَفَّى**

---

(၉၁၀) ဤကျမ်းတော်တွင် လူသားကို စရိုက်တူ တစ်ခုတည်းမှ ဖြစ်တည်စေ၏ ဟု မကြာခဏ ပြောဆိုပေသည်။ တနည်းအားဖြင့် လူ ဆိုသည်မှာ လူသား ဖြစ်သည်၊ အာဒံ– ယေရှု အပါအဝင် လူသားများမှာ လူသားများသာ ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုလူသားများကို အမိ၏ ဝမ်းကြောတိုက်တွင်းမှ ဖြစ်တည်လာခဲ့ရသည်ဟု ဤသုတ်တော်က အတိကျ ဆိုထားပေသည်။ ထို့ကြောင့် မိဘ မရှိဘဲ မွေးဘွားလာနိုင်သော လူသား ဟူ၍ မရှိဟု ကျမ်းတော်က အတိအကျ ဆိုပေသည်၊ ၆း၁၀၁။

ဤသုတ်တော်တွင် ပြောဆိုသော တိရိစ္ဆာန် ရှစ်စုံ ဆိုသည်မှာ လူသားများ အတွက် အသုံးအပြုခံ တိရိစ္ဆာန်များကို ရည်ညွှန်းခြင်း ဖြစ်ပေသည်။ ထိုတိရိစ္ဆာန်တို့သည် ယဉ်ပါးစေရန် မွေးမြူအသုံးပြုသောကြောင့် ကပ္ပိယတိရိစ္ဆာန်များဟု ဘာသာပြန်ခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုတိရိစ္ဆာန်များကို ချမှတ်ပေးခြင်း ဖြစ်သည်ဟု သုံးခြင်း ဖြစ်ပေသည်။ ထိုတိရိစ္ဆာန် ရှစ်စုံကိုသာ ကမ္ဘာလောကၠ ဖြစ်တည်ပေးသည်ဟု ဆိုလိုခြင်း မဟုတ်ချေ။ ထိုတိရိစ္ဆာန်များမှာ ၆း၁၄၃–၁၄၄ တွင် ဖေါ်ပြသော တိရိစ္ဆာန်များကို ရည်ညွှန်းပေသည်။ ဤသုတ်တော်မှ **ချမှတ်ပေးသည်၊** ဟူသည်မှာ ဂုဇ မှ အဝတ်တန်ဆာများကို ချမှတ်ပေးသည် (ပညတ်ပေးသည်) ဆိုသကဲ့သို့ ဖြစ်သည်။

	الصَّابِرُونَ أَجْرَهُم بِغَيْرِ حِسَابٍ۝ ဟောလေ့ ‘‘အို– ယုံကြည်သော အမှုတော်ဆောင်တို့၊ သင်တို့၏ ကံကြမ္မာရှင်အား စည်းစောင့်ကြလော့၊ ဤလောကကို သုမင်္ဂလာပြုသော သူတို့အတွက် သုမင်္ဂလာသည် ရှိ၏။ ပရမတ်ဘုရားရှင်၏ ကမ္ဘာဂြိုလ်အား ဖြန့်ကျက်ပေးထား၏၊ ဇကန်ပင် သည်းခံပါရမီ ပြီးပြည့်စုံသူတို့၏ အကျိုးဆုလဒ်မှာ စရင်းအင်းမဲ့ ဖြစ်၏။[၉၁]
၁၁။	**قُلْ إِنِّي أُمِرْتُ أَنْ أَعْبُدَ اللَّهَ مُخْلِصًا لَّهُ الدِّينَ۝** ဟောလေ့ ‘‘သာသနာတော်သည် အရှင့်အတွက် သီးသန့်ဖြစ်စေလျက် ပရမတ်ဘုရားရှင်အား ကိုးကွယ်ရန်ကိုသာ ကျွန်ုပ်အား ညွှန်ကြား၏။
၁၂။	**وَأُمِرْتُ لِأَنْ أَكُونَ أَوَّلَ الْمُسْلِمِينَ۝** ဦးဦးဖျားဖျား ငြိမ်းချမ်းရေးပြုသူ ဖြစ်ရန်လည်း ကျွန်ုပ်အား ညွှန်ကြား၏။’’
၁၃။	**قُلْ إِنِّي أَخَافُ إِنْ عَصَيْتُ رَبِّي عَذَابَ يَوْمٍ عَظِيمٍ۝** ဟောလေ့ ‘‘ကံကြမ္မာရှင်အား အာခံမိလျှင်၊ ဝဋ်ကြွေးသင့်မည့် နေ့ကြီးအား ကျွန်ုပ် စိုးကြောက်၏။’’
၁၄။	**قُلِ اللَّهَ أَعْبُدُ مُخْلِصًا لَّهُ دِينِي۝** ဟောလေ့ ‘‘ကျွန်ုပ်သည် ပရမတ်ဘုရားရှင်အား ကိုးကွယ်၏၊ သာသနာတော်အား အရှင့်အတွက် သီးသန့်ဖြစ်စေ၏၊
၁၅။	**فَاعْبُدُوا مَا شِئْتُم مِّن دُونِهِ قُلْ إِنَّ الْخَاسِرِينَ الَّذِينَ خَسِرُوا أَنفُسَهُمْ وَأَهْلِيهِمْ يَوْمَ الْقِيَامَةِ أَلَا ذَٰلِكَ هُوَ الْخُسْرَانُ الْمُبِينُ۝** သို့ဖြစ်၍ အရှင် မှလွဲ၍ သင်တို့ စံချိန်ထားရာကို သင်တို့ ကိုးကွယ်ကြကုန်လော့၊’’ ‘‘ရပ်တည်ရမည့် နေ့ကာလ၌ မိမိ၏ စရိုက်များ၊ မိမိ၏ ဝိုင်းသားများအား ဆုံးရှုံးစေသော သူသည် ဆုံးရှုံးရသူ ဇကန် ဖြစ်၏။ ဇကန်မလွဲ ထိုသူသည် ရှင်းလင်းထင်ရှားသော ဆုံးရှုံးသူ ဖြစ်ရ၏။’’ ဟု ပြောလေ့။
၁၆။	**لَهُم مِّن فَوْقِهِمْ ظُلَلٌ مِّنَ النَّارِ وَمِن تَحْتِهِمْ ظُلَلٌ ذَٰلِكَ يُخَوِّفُ اللَّهُ بِهِ عِبَادَهُ يَا عِبَادِ فَاتَّقُونِ۝** သူတို့အပေါ်မှ အရိပ်၊ သူတို့အောက်မှ အရိပ်များမှာ သူတို့အတွက် အပူမီးမှ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ၎င်းအားဖြင့် အရှင်၏ အမှုတော်ဆောင်များကို စိုးကြောက်စေ၏။ အို– အမှုတော်ဆောင်တို့ ငါ့အား စည်းစောင့်ကြကုန်လော့။
၁၇။	**وَالَّذِينَ اجْتَنَبُوا الطَّاغُوتَ أَن يَعْبُدُوهَا وَأَنَابُوا إِلَى اللَّهِ لَهُمُ الْبُشْرَىٰ فَبَشِّرْ عِبَادِ۝** မိစ္ဆာအယူအား ကိုးကွယ်ခြင်းမှ ကင်းသန့်လျက် ပရမတ်ဘုရားရှင်ထံသို့ ဘက်လှည့်သောသူများ– ထိုသူတို့အတွက် သတင်းကောင်းသည် ရှိ၏။ သို့ဖြစ်၍ ငါ၏ အမှုတော်ဆောင်တို့အား သတင်းကောင်းပါးလော့။
၁၈။	**الَّذِينَ يَسْتَمِعُونَ الْقَوْلَ فَيَتَّبِعُونَ أَحْسَنَهُ أُولَٰئِكَ الَّذِينَ هَدَاهُمُ اللَّهُ وَأُولَٰئِكَ هُمْ أُولُو الْأَلْبَابِ۝** သူတို့သည် စကားတော်ကို နားထောင်ကြ၏။ တင့်တင့်တယ်တယ် လိုက်နာကြ၏။ သူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းညွှန်ပေးခြင်း ခံရသူများ ဖြစ်၏။ သူတို့သည် သဘောပေါက်နိုင်စွမ်း ရှိသူများ ဖြစ်ကြ၏။
၁၉။	**أَفَمَنْ حَقَّ عَلَيْهِ كَلِمَةُ الْعَذَابِ أَفَأَنتَ تُنقِذُ مَن فِي النَّارِ۝** မှန်ကန်သော တရားတော်အလျောက် ဝဋ်ကြွေးသင့်ခံရသူ၊ ထိုသူအား အသင်သည် အပူမီးမှ ကယ်ဆယ်နိုင်သလော။

(၉၁) ဤနေရာ၌ ပြောဆိုသော **ကျယ်ဝန်းနေလျက် ရှိ၏** ဆိုသည့် **ဝါဆီအွန်**မှာ တစ်ခုကို ဗဟိုပြု၍ အဘက်ဘက်သို့ ဖြာထွက်နေသည် ဟူသည့် အနက်ကို ပေးပေသည်။

၂၀။	**لَكِنِ الَّذِينَ اتَّقَوْا رَبَّهُمْ لَهُمْ غُرَفٌ مِّن فَوْقِهَا غُرَفٌ مَّبْنِيَّةٌ تَجْرِي مِن تَحْتِهَا الْأَنْهَارُ وَعْدَ اللَّهِ لَا يُخْلِفُ اللَّهُ الْمِيعَادَ۝** သို့ရာတွင် ကံကြမ္မာရှင်အား စည်းစောင့်သောသူ၊ ထိုသူတို့အတွက် လုံးချင်းအိမ် အထပ်ထပ် တည်ဆောက်ထားသော လုံးချင်းအိမ်ယာရှိ၏။[၉၁၂] အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေစေ၏။ ဤသည် ပရမတ်ဘုရားရှင်၏ ကတိတော် ဖြစ်၏၊ ပရမတ် ဘုရားရှင်သည် ကတိတော်အား ပေါ်လျော့ထားသည် မဟုတ်ချေ။
၂၁။ အပင်	**أَلَمْ تَرَ أَنَّ اللَّهَ أَنزَلَ مِنَ السَّمَاءِ مَاء فَسَلَكَهُ يَنَابِيعَ فِي الْأَرْضِ ثُمَّ يُخْرِجُ بِهِ زَرْعًا مُّخْتَلِفًا أَلْوَانُهُ ثُمَّ يَهِيجُ فَتَرَاهُ مُصْفَرًّا ثُمَّ يَجْعَلُهُ حُطَامًا إِنَّ فِي ذَلِكَ لَذِكْرَى لِأُوْلِي الْأَلْبَابِ۝** ဇကနဉ်ပင် ပရမတ်ဘုရားရှင်သည် ကောင်းကင်ယံမှ ရေကို ချပေးတော်မူ၍၊ ၎င်းကို မြေအောက် ရေအိုင်များသို့ ဝင်စေခြင်း၊ ထို့နောက် ၎င်းအားဖြင့် အသွေးအရောင်များ ကွဲပြားသော စိုက်ခင်းများ ပေါက်စေခြင်း၊ ထို့နောက် တစ်စစ **၎င်း**အား သင် မြင်ရသော အဝါရောင်များ ဖြစ်လာခြင်း၊ ထို့နောက် အမှိုက်စများအဖြစ် စီစဉ်ခြင်းတို့ကို မရှုစားမိသလော။ ဇကနဉ်ပင် ဤ၌ သဘောပေါက်နိုင်စွမ်း ရှိသူတို့ အတွက် သတိပေးတရားတော် ဖြစ်၏။
၂၂။	**أَفَمَن شَرَحَ اللَّهُ صَدْرَهُ لِلْإِسْلَامِ فَهُوَ عَلَى نُورٍ مِّن رَّبِّهِ فَوَيْلٌ لِّلْقَاسِيَةِ قُلُوبُهُم مِّن ذِكْرِ اللَّهِ أُوْلَئِكَ فِي ضَلَالٍ مُبِينٍ۝** သွန်သိုခလမ်းစဉ်အတွက် ပရမတ်ဘုရားရှင်က ရင်ကို ကျယ်ဝန်းစေ၍၊ ကံကြမ္မာရှင်၏ ထံမှ အလင်းတော်ပေါ်၌ ရှိသူ ဖြစ်သလော၊ သို့ဖြင့် ပရမတ်ဘုရားရှင်၏ သတိပေးတရား အတွက် နှလုံးသား ခက်ထန်သူတို့သည် ပျက်စီးရလတ္တံ့၊ သူတို့သည် ရှင်းလင်းထင်ရှားစွာ လွဲချော်နေကြ၏။
၂၃။ ★ ၁၅းရ၇	**اللَّهُ نَزَّلَ أَحْسَنَ الْحَدِيثِ كِتَابًا مُّتَشَابِهًا مَّثَانِيَ تَقْشَعِرُّ مِنْهُ جُلُودُ الَّذِينَ يَخْشَوْنَ رَبَّهُمْ ثُمَّ تَلِينُ جُلُودُهُمْ وَقُلُوبُهُمْ إِلَى ذِكْرِ اللَّهِ ذَلِكَ هُدَى اللَّهِ يَهْدِي بِهِ مَنْ يَشَاء وَمَن يُضْلِلْ اللَّهُ فَمَا لَهُ مِنْ هَادٍ۝** ပရမတ်ဘုရားရှင်သည် အတင့်တယ်ဆုံး ဆင်တူ မဏ္ဍိုင်များဖြင့်★ ဆင့်ပြန်ချက် ကျမ်းတော်ကို ချမှတ်ပေးတော်မူပြီ။ ကံကြမ္မာရှင်အား ကြောက်ရွံရိုကျိုးသော သူတို့၏ အရေပြားတွင် ၎င်းကြောင့် ကြက်သီးမွေးညှင်းထစေ၏။ တဖန် သူတို့၏ အရေပြား၊ သူတို့၏ နှလုံးသားသည် ပရမတ်ဘုရားရှင်၏ သတိပေးတရားတော် ဆီသို့ ပျော့ပြောင်း တိမ်းညွတ်လာ၏။ ဤသည် ပရမတ်ဘုရားရှင်က စံချိန်ပြည့်သူအား လမ်းညွှန်သည့် လမ်းညွှန်ချက်ပင် ဖြစ်၏။ ပရမတ် ဘုရားရှင်က လမ်းလွဲစေသူအား သူ့အတွက် လမ်းညွှန် မရှိချေ။[၉၁၃]
၂၄။	**أَفَمَن يَتَّقِي بِوَجْهِهِ سُوءَ الْعَذَابِ يَوْمَ الْقِيَامَةِ وَقِيلَ لِلظَّالِمِينَ ذُوقُوا مَا كُنتُمْ تَكْسِبُونَ۝** ရုပ်တည်ရမည့် နေ့ကာလ၏ အကုသိုလ် ဝဋ်ကြွေးအား မျက်မှောက်ပြု စည်းစောင့်သူ ဖြစ်သလော။ အမိုက်ကောင်တို့အား "သင်တို့ ကျင့်ဆောင်လေ့ရှိခဲ့သည်တို့အား မြည်စမ်းကြကုန်လော့၊" ဟု ပြောဆိုလတ္တံ့။

---

(၉၁၂) အစ္စလာမ်က ဘုံစဉ်မြင့်မားမှု နိမ့်ကျမှုများ လေနံ့ဝေးထစ် ပုံသေသတ်မှတ် မထားပေ။ နောက်ဆုံးစွန် ချုပ်ငြိမ်းလျက် ပရမတ်ဘုရားရှင်ဆီသို့ ဆိုက်မြိုက်မှသာလျှင် ဘုံအဆင့်များ ပျောက်သွားခြင်း ဖြစ်ပြီး– ကျန်အဆင့်များအား ကျင့်ဆောင်မှု စံချိန်အလျောက် အနုမြူမျှမလွဲ ခံစားနေရမည်ဟုသာ ဆိုပေသည်။ မည်သည့် ဘုံ၌ စံမြန်းရသူများ မဆို တစ်ဦးနှင့်တစ်ဦး လုံးဝဥဿုံ တစ်ပြေးညီ ဖြစ်နေရမည်ဟု သတ်မှတ်ခြင်းမှာ မှားယွင်းသော သီအိုရီသာ ဖြစ်တော့သည်။

(၉၁၃) ဤသုတ်တော်က ကျမ်းမြတ်ကုရ်အာန်သည် အကောင်းမွန်ဆုံးသော ဆင့်ပြန်ကျမ်းတော် (ဟာဒီးဆ်) ဖြစ်သည်၊ လူသားတို့ နားလည်သဘောပေါက်လွယ်ကူစေရန် ပုံစံတူ သွန်သင်ချက်များဖြင့် ထပ်ပြန်တလဲလဲ ဖွင့်ဆိုပြသော ကျမ်းတော် ဖြစ်သည်ဟု ကြေငြာပေသည်။ ထို့ကြောင့် ဤသုတ်တော်သည် အချို့ဆရာတော်များက ၃း၇ တွင် ဖွင့်ဆို သကဲ့သို့ **مُتَشَابِهًا مَّثَانِيَ** ဗီဟာ နားလည်ရ ခက်သော သုတ်တော်များ ရှိ၍– ကုရ်အာန်ကျမ်းတော်အား နားလည်စေရန် အခြားသော **حَدِيث ဟာဒီးဆ်**များ မရှိမဖြစ်လိုသည်ဟူသည့် အယူအဆအား လုံးဝ ပါယ်ဖျက်ပေသည်။

၂၅။	**كَذَّبَ الَّذِينَ مِن قَبْلِهِمْ فَأَتَاهُمُ الْعَذَابُ مِنْ حَيْثُ لَا يَشْعُرُونَ۝** သူတို့၏ ရှေ့အလျှင် ဖြစ်သူများလည်း ငြင်းဆန်ခဲ့ကြပြီ။ သို့ဖြစ်၍ သူတို့ထံသို့ ဝဋ်ကြွေး ဆိုက်ရောက်လေပြီ။ မည်သည့် နေရာမှ ဆိုသည်ကို သတိမမူမိနိုင်ချေ။
၂၆။	**فَأَذَاقَهُمُ اللَّهُ الْخِزْيَ فِي الْحَيَاةِ الدُّنْيَا وَلَعَذَابُ الْآخِرَةِ أَكْبَرُ لَوْ كَانُوا يَعْلَمُونَ۝** သို့ဖြစ်၍ ပရမတ်ဘုရားရှင်က သူတို့အား ဤလောကီ ဘဝ၌ အရှက်ရစေခြင်းကို မြည်းစမ်းစေပြီ။ နောင်ဘဝ၏ ဝဋ်ကြွေးသည် သာလွန်ကြီးမား၏။ သိနိုင်ကြပါလေစ။
၂၇။	**وَلَقَدْ ضَرَبْنَا لِلنَّاسِ فِي هَذَا الْقُرْآنِ مِن كُلِّ مَثَلٍ لَّعَلَّهُمْ يَتَذَكَّرُونَ۝** မုချပင် လူသားတို့အတွက် သူတို့ ဆင်ခြင်သတိ ရှိအံ့ငှာ ဤ ကုရ်အာန်၌ ပမာ ကိုယ်စီဖြင့် ငါ ဥပမာပေး၏။
၂၈။	**قُرْآنًا عَرَبِيًّا غَيْرَ ذِي عِوَجٍ لَّعَلَّهُمْ يَتَّقُونَ۝** ကုရ်အာန်သည် အာရ်ဗီဘာသာဖြင့် ဖြစ်၏၊ ကောက်ကျစ်ခြင်း ကင်း၏၊ သူတို့ စည်းစောင့်အံ့ငှာ ဖြစ်၏။
၂၉။	**ضَرَبَ اللَّهُ مَثَلًا رَّجُلًا فِيهِ شُرَكَاء مُتَشَاكِسُونَ وَرَجُلًا سَلَمًا لِّرَجُلٍ هَلْ يَسْتَوِيَانِ مَثَلًا الْحَمْدُ لِلَّهِ بَلْ أَكْثَرُهُمْ لَا يَعْلَمُونَ۝** ပရမတ်ဘုရားရှင်က ပမာတစ်ခု ဥပမာပေးသည်မှာ ဖက်စပ်လုပ်လျက် ရန်ဖြစ်နေရသော လူသားသည် လူသား တစ်ဦးတည်း၏ ငြိမ်းချမ်းမှုရှိသော လူသား ကဲ့သို့ ဖြစ်သလော။ ပရမတ်ဘုရားရှင်အား ရည်သန်ကိုးစိုက်လော့၊ အမှန်မှာ သူတို့မှ အများစုသည် သိကြသည် မဟုတ်ချေ။[၉၄]
၃၀။	**إِنَّكَ مَيِّتٌ وَإِنَّهُم مَّيِّتُونَ۝** အသင်သည် ခန္ဓာဝန်ချရမည်သာတည်း။ သူတို့လည်း ကံကုန်ရမည်သာတည်း။
၃၁။	**ثُمَّ إِنَّكُمْ يَوْمَ الْقِيَامَةِ عِندَ رَبِّكُمْ تَخْتَصِمُونَ۝** တဖန် သင်တို့သည် ရပ်တည်ရမည့် နေ့ကာလတွင် သင်တို့၏ ကံကြမ္မာရှင် ထံပါး၌ အချေအတင် ဖြစ်ရမည်ပင်။
၃၂။	**فَمَنْ أَظْلَمُ مِمَّن كَذَبَ عَلَى اللَّهِ وَكَذَّبَ بِالصِّدْقِ إِذْ جَاءهُ أَلَيْسَ فِي جَهَنَّمَ مَثْوًى لِّلْكَافِرِينَ۝** ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ ငြင်းဆန်သူ၊ ဖြောင့်မှန်ခြင်းတရား ရောက်လာသောအခါ ငြင်းဆန်သူထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း၊ ဖုံးကွယ်သူတို့အတွက် တည်းခိုရာသည် ငရဲဘုံ၌သာ မဟုတ်တုံလော။
၃၃။	**وَالَّذِي جَاء بِالصِّدْقِ وَصَدَّقَ بِهِ أُوْلَئِكَ هُمُ الْمُتَّقُونَ۝** ဖြောင့်မှန်ခြင်းဖြင့် ရောက်လာ၍ ဖြောင့်မှန်ခြင်း၌ ရှိသူ ထိုသူတို့သည် စည်းစောင့်သူများ ဖြစ်ကြ၏။
၃၄။	**لَهُم مَّا يَشَاءونَ عِندَ رَبِّهِمْ ذَلِكَ جَزَاء الْمُحْسِنِينَ۝** သူတို့အတွက် စံချိန်ပြည့်ရာသည် ကံကြမ္မာရှင်၏ ထံပါး၌ ရှိ၏။ ဤသည် သုမင်္ဂလာပြုသူတို့အား အစားပေးမှုပင်။
၃၅။	**لِيُكَفِّرَ اللَّهُ عَنْهُمْ أَسْوَأَ الَّذِي عَمِلُوا وَيَجْزِيَهُمْ أَجْرَهُم بِأَحْسَنِ الَّذِي كَانُوا يَعْمَلُونَ۝**

(၉၄) ဤသုတ်တော်က ငြင်းခုံကွဲလွဲနေကြသော ကျမ်းအများကို ဟောပြောနေကြသည့် ဆရာသမားများထံတွင် ဆည်းပူးသော သူနှင့် ငြင်းခုံကွဲလွဲစရာမရှိ ကျမ်းတော်တစ်ပါးတည်းအား ပြည့်ဝန်သော သူ၌ ဆည်းပူးသော သူတို့၏ ဥပမာမှာ မတူညီကြောင်း ပြောဆိုသည်။ ထို့ကြောင့် ကျမ်းတော်တစ်ပါးတည်းဟု အာမခံထားသည့် ကျမ်းမြတ်ကုရ်အာန်ကို လိုက်နာရန်၊ ကျမ်းမြတ်ကုရ်အာန်ကိုသာ ညွှန်သော သူသည် ဆရာသခင်ဝါဒကို မထူထောင်ချေ။ ပရမတ်ဘုရားရှင် အလွှာဟိ တစ်ပါးတည်းကိုသာ ရည်သန်ကိုးစိုက်မှု ရှိရမည်ဟု ပြည့်ဝန်ခြင်း ရှိပေသည်။

	ပရမတ်ဘုရားရှင်သည် သူတို့၏ အကုသိုလ်မှု ကျင့်ကြံမိသည်များကို ဖုံးကွယ်ပေးတော်မူမည်။ သူတို့၏ တင့်တင့်တယ်တယ် ကျင့်ကြံလေ့ရှိခဲ့သည်များကိုသာ ဆုလဒ်အဖြစ် အစားပေးတော်မူမည်ပင်။
၃၆။	**أَلَيْسَ اللَّهُ بِكَافٍ عَبْدَهُ وَيُخَوِّفُونَكَ بِالَّذِينَ مِن دُونِهِ وَمَن يُضْلِلِ اللَّهُ فَمَا لَهُ مِنْ هَادٍ۞** ပရမတ်ဘုရားရှင်သည် အရှင်၏ အမှုတော်ဆောင်အတွက် မလုံလောက်လေသလော၊ သို့တိုင် အရှင် မှလွဲ၍ သူတို့၏ အားကိုးသူများဖြင့် သင့်အား ခြိမ်းခြောက်၏။ ပရမတ်ဘုရားရှင်က လမ်းလွဲစေသူအား သူ့အတွက် လမ်းညွှန် မရှိချေ။
၃၇။	**وَمَن يَهْدِ اللَّهُ فَمَا لَهُ مِن مُّضِلٍّ أَلَيْسَ اللَّهُ بِعَزِيزٍ ذِي انتِقَامٍ۞** ပရမတ်ဘုရားရှင်က လမ်းညွှန်သူ– သူသည် လွဲမှားစေသူမှ မဟုတ်ချေ။ ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် တန်ပြန်စေသော အရှင် မဟုတ်တုံလော။
၃၈။	**وَلَئِن سَأَلْتَهُم مَّنْ خَلَقَ السَّمَاوَاتِ وَالْأَرْضَ لَيَقُولُنَّ اللَّهُ قُلْ أَفَرَأَيْتُم مَّا تَدْعُونَ مِن دُونِ اللَّهِ إِنْ أَرَادَنِيَ اللَّهُ بِضُرٍّ هَلْ هُنَّ كَاشِفَاتُ ضُرِّهِ أَوْ أَرَادَنِي بِرَحْمَةٍ هَلْ هُنَّ مُمْسِكَاتُ رَحْمَتِهِ قُلْ حَسْبِيَ اللَّهُ عَلَيْهِ يَتَوَكَّلُ الْمُتَوَكِّلُونَ۞** သင်က မိုးများနှင့် မြေကမ္ဘာအား အဘယ်သူက ဖြစ်တည်စေနည်းဟု မေးသော် ''ပရမတ်ဘုရားရှင်သာ ဖြစ်၏''ဟု ပြောကြလိမ့်မည်။ ဟောလော့ ''သို့ဖြစ်လျှင် ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့ ဆုတောင်းနေကြသည်များကို မြင်ကြသလော၊ အကယ်၍ ပရမတ်ဘုရားရှင်က ကျွန်ုပ်အား ဥပဒ်သက်စေလိုလျှင် သူတို့က ထိုဥပဒ်မှ ဖယ်ရှားပေးနိုင်မည်လော။ အကယ်၍ အရှင်က ကျွန်ုပ်အား ကရုဏာတော် မြင်တွေ့စေလိုလျှင် သူတို့က ထိုကရုဏာတော်အား ဆိုင်းထားနိုင်သလော။'' ဟောလော့ ''ပရမတ်ဘုရားရှင်သည် ကျွန်ုပ်အတွက် စရင်းချုပ်ဖြစ်၏၊ ကိုးစားသူတို့သည် အရှင့်ကိုသာ ကိုးစားကြကုန်၏။''
၃၉။	**قُلْ يَا قَوْمِ اعْمَلُوا عَلَى مَكَانَتِكُمْ إِنِّي عَامِلٌ فَسَوْفَ تَعْلَمُونَ۞** ဟောလော့ ''အို– ကျွန်ုပ်၏ လူမျိုးတို့ သင်တို့ နေသားကျပြီးအတိုင်း ကျင့်ကြံကြလော့၊ ကျွန်ုပ်သည်လည်း ကျင့်ကြံနေ၏။ မကြာမီ သိကြရမည်မှာ–[၉၅]
၄၀။ မကျွတ်လွတ်	**مَن يَأْتِيهِ عَذَابٌ يُخْزِيهِ وَيَحِلُّ عَلَيْهِ عَذَابٌ مُّقِيمٌ۞** မည်သူအား အရှက်ကွဲခြင်း ဝဋ်ကြွေးကို ဆိုက်ရောက်စေ၍၊ သူ့အား **မြဲမြံတည်တံ့**သော ဝဋ်ကြွေးဥ် ဘောင်ဝင်စေသနည်း၊''
၄၁။	**إِنَّا أَنزَلْنَا عَلَيْكَ الْكِتَابَ لِلنَّاسِ بِالْحَقِّ فَمَنِ اهْتَدَى فَلِنَفْسِهِ وَمَن ضَلَّ فَإِنَّمَا يَضِلُّ عَلَيْهَا وَمَا أَنتَ عَلَيْهِم بِوَكِيلٍ۞** ဇကန်ပင် ငါသည် လူသားများအတွက် ကျမ်းတော်ကို သင့်ထံ၌ ပရမတ္ထသစ္စာဖြင့် ချမှတ်ပေး၏။ လမ်းညွှန်လိုက်သူသည် သူ့စရိုက်အတွက် ဖြစ်၍၊ လမ်းလွဲလိုက်သူသည် သူ့ကိုယ်သူ လမ်းလွဲစေခြင်းသာ ဖြစ်၏။ သင်သည် သူတို့၏ ကိုးစားခံရသူ မဟုတ်ချေ။
၄၂။	**اللَّهُ يَتَوَفَّى الْأَنفُسَ حِينَ مَوْتِهَا وَالَّتِي لَمْ تَمُتْ فِي مَنَامِهَا فَيُمْسِكُ الَّتِي قَضَى عَلَيْهَا الْمَوْتَ وَيُرْسِلُ**

---

(၉၅) ဤသုတ်တော်က ကိုယ်တော်မုဟမ္မဒ်သည် သူ၏ လူမျိုးများကို ကြောဂြာခြင်း ဖြစ်ပေသည်။ လူမျိုးခြား ဂျူးများ၊ ခရစ်ယာန်များနှင့် အခြားဘာသာဝင်တို့အား ကြောဂြာခြင်း မဟုတ်ပေ။ မိမိလူမျိုးတူချင်း ရာထူးဌာန လုပ်ပိုင်ခွင့်များကို မောင်ပိုင်စီးထားလျက် မိမိလုပ်ချင်တိုင်း လုပ်နေ၍၊ အမှန်တရားအတွက် ဆောင်ရွက်နေသူများကို အမည်ဖျက်ခြင်း၊ လုပ်ပိုင်ခွင့်များ ပိတ်ဆို့ခြင်းများကို သတိပေးထားခြင်း ဖြစ်ပေသည်။ ကျွန်ုပ်တို့ ခေတ်များတွင်လည်း မတော်မတရား **ဖာသဝါဟ်** (ဝိနိစ္ဆယ) ဖြင့် ချယ်လှယ်နေမှုများမှာ ဆောင်ရွက်သင့်သော အလုပ်များ မဟုတ်ချေ။

	الْأُخْرَى إِلَى أَجَلٍ مُسَمًّى إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يَتَفَكَّرُونَ۝ ပရမတ်ဘုရားရှင်သည် ဉာဉ်စရိုက်အား ၎င်း၏ သေသည် မဟုတ်သော– သေခြင်းဖြင့် အိပ်စက်နေစဉ်၌ အားပြည့်စေ၍၊ ထိန်းထားတော်မူ၏၊ ၎င်းအပေါ်၌ သေခြင်းကို ဆုံးဖြတ်ပြီးသော် ထိုမှအပ အခြားတို့ကို သတ်မှတ်ကာလ အချိန်ထိ စေစားထားတော်မူ၏။ စဉ်းစားသုံးသပ်သော လူမျိုးအတွက် ဤ၌ နိမိတ်လက္ခာရပ် ရှိနေ၏။[၉၁၆]
၄၃။	**أَمِ اتَّخَذُوا مِن دُونِ اللَّهِ شُفَعَاءَ قُلْ أَوَلَوْ كَانُوا لَا يَمْلِكُونَ شَيْئًا وَلَا يَعْقِلُونَ۝** သို့တည်းမဟုတ် ပရမတ်ဘုရားရှင် မှလွဲ၍ အမျှဝေပေးနိုင်သူရှိ၏ဟု အယူထားနေကြသလော။ ဟောလော့ ‘‘မည်သည်မှ မဟုတ်၊ သူတို့၌ အစိုးရနိုင်ခြင်း တစ်စုံတစ်ရာ မရှိ။ အတွေးအခေါ်လည်း မရှိချေ။’’
၄၄။	**قُل لِّلَّهِ الشَّفَاعَةُ جَمِيعًا لَّهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ ثُمَّ إِلَيْهِ تُرْجَعُونَ۝** ဟောလော့ ‘‘အမျှဝေပေးခွင့် အားလုံးသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ မိုးများနှင့် မြေကမ္ဘာ၏ သြဇာအာဏာ အလုံးစုံသည် အရှင့်၏ အချုပ်အခြာ၌ရှိ၏။ တဖန် အရှင့်ထံသို့သာ ဦးလှည့်ကြရမည်သာတည်း။
၄၅။	**وَإِذَا ذُكِرَ اللَّهُ وَحْدَهُ اشْمَأَزَّتْ قُلُوبُ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ وَإِذَا ذُكِرَ الَّذِينَ مِن دُونِهِ إِذَا هُمْ يَسْتَبْشِرُونَ۝** ပရမတ်ဘုရားရှင် တစ်ပါးတည်းကိုသာ သတိရစေသော အခါ၊ နောင်ဘဝအား မယုံကြည်သော သူတို့၏ နှလုံးသားသည် ထိခိုက်ညှို့ငယ်၍၊ အရှင် မှလွဲသော အရာများအား သတိရစေသောအခါ၊ သူတို့သည် သတင်းကောင်းရသူများ ဖြစ်ကြ၏။
၄၆။	**قُلِ اللَّهُمَّ فَاطِرَ السَّمَاوَاتِ وَالْأَرْضِ عَالِمَ الْغَيْبِ وَالشَّهَادَةِ أَنتَ تَحْكُمُ بَيْنَ عِبَادِكَ فِي مَا كَانُوا فِيهِ يَخْتَلِفُونَ۝** ရင့်ကျူးလော့ ‘‘အို– ပရမတ်ဘုရားရှင်၊ အရှင်သည် မိုးများနှင့် မြေကမ္ဘာ သံသရာ၏ ဖစ်မြစ်တော် ဖြစ်ပါ၏၊ စက္ခုလွန်များနှင့် မျက်မှောက် သက်သေတို့အား သိနေသော အရှင် ဖြစ်၏၊ အရှင်သည်သာ အရှင့် အမှုတော်ဆောင်များ အကြား ကွဲလွဲလျက် ရှိသည်များကို စီရင်ထုံးပြုပေးတော်မူပါ၏။’’
၄၇။	**وَلَوْ أَنَّ لِلَّذِينَ ظَلَمُوا مَا فِي الْأَرْضِ جَمِيعًا وَمِثْلَهُ مَعَهُ لَافْتَدَوْا بِهِ مِن سُوءِ الْعَذَابِ يَوْمَ الْقِيَامَةِ وَبَدَا لَهُم مِّنَ اللَّهِ مَا لَمْ يَكُونُوا يَحْتَسِبُونَ۝** မိုက်ကြေးခွဲသော သူတို့တွင် မြေကမ္ဘာ၌ အားလုံးကို ပိုင်ဆိုင်လျက်၊ ၎င်းနှင့်အတူ ထိုပမာဏ ရှိငြား၍၊ သူတို့က ရပ်တည်ရမည့် နေ့ကာလမှ ဖေါ်ပြသော အကုသိုလ် ဝဋ်ကြွေးအတွက် ၎င်းဖြင့် လျော်ကြေးပေးလိုသော်လည်း၊ သူတို့အတွက် ပရမတ်ဘုရားရှင်၏ထံ၌ သူတို့ မစဉ်းစားနိုင်ရာတို့ ရှိနေ၏။
၄၈။	**وَبَدَا لَهُمْ سَيِّئَاتُ مَا كَسَبُوا وَحَاقَ بِهِم مَّا كَانُوا بِهِ يَسْتَهْزِئُونَ۝** သူတို့အတွက် သူတို့ ကျင့်ဆောင်ခဲ့သည့် အကုသိုလ်များအား ဖေါ်ပြခံရစေလတ္တံ့။ သူတို့ လှောင်ပြောင်လေ့ရှိခဲ့ရာ

---

(၉၁၆) **နာဖိဆ** ဆိုသည်မှာ အသက်ရှင်ရန် ဖြစ်တည်နေသည့် ဝိညာဉ် မဟုတ်ကြောင်းကို ဤသုတ်တော်မှ အတိအကျ ပြောဆိုပေသည်။ အသက်ရှင်နေလျက် အိပ်ပျော်နေသူများ၏ **နာဖိဆ** ဉာဉ်စိရိုက်ကိုလည်း သေသည်မဟုတ်သော သေခြင်းဖြင့် အားဖြည့်စေသည် ဟု ဆိုပေသည်။ အကယ်၍ **နာဖိဆ**သည် ကိုယ်ခန္ဓာ၊ အသက်ဝိညာဉ် ဟု သတ်မှတ်လျှင် အိပ်ပျော်နေသော သူအား ကာလတစ်ခု သေစေခိုင်းထားသည်ဟု ဆိုခြင်းမှာ လုံးဝလွဲချော်ပေသည် (အိပ်ပျော်နေသူတိုင်း အသက်ရှူ၊ နှလုံးခုန်နေ၍ အသက်ရှင်ခြင်း ယွန္တယားမှာ လည်ပတ်နေသည်၊ **နာဖိဆ**၏ အဓိပ္ပါယ်မှာ စိတ်နေသဘောထား၊ ဉာဉ်စရိုက်သာလျှင် ဖြစ်ပေသည်၊ ၂း၃ တွင်ကြည့်ပါ။ သေသွားသူများနှင့် အိပ်ပျော်နေသူများတွင် စီစစ်ဆုံးဖြတ်နိုင်သော စိတ်နေသဘောထား မရှိချေ။ အတွေးအခေါ် သေဆုံးနေသူများ၊ အတွေးအခေါ် အိပ်မောကျနေသူ များမှာ သတိရအပ်ပေသည်။ (၄၀း၁၁) တွင် ဆက်ကြည့်ပါ။

	များက သူတို့အား ပိတ်ဖုံးထားလတ္တံ့။
၄၉။	**فَإِذَا مَسَّ الْإِنسَانَ ضُرٌّ دَعَانَا ثُمَّ إِذَا خَوَّلْنَاهُ نِعْمَةً مِّنَّا قَالَ إِنَّمَا أُوتِيتُهُ عَلَى عِلْمٍ بَلْ هِيَ فِتْنَةٌ وَلَكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ۞** လူသားအား ဘေးဥပဒ် ထိသက်သော အခါ၊ သူသည် ငါ့ထံ၌သာ ဆုတောင်း၏။ သူ့အား ငါ့ထံမှ ဂုဏ်ပေး နှစ်သိမ့်သောအခါ၊ ''ကျွန်ုပ်၏ အသိပညာကြောင့် ဤသည်ကို ဆိုက်မြိုက်ခြင်း၊''ဟု ဆို၏။ အမှန်မှာ ၎င်းသည် စမ်းသပ်ခြင်း တစ်ရပ်သာ ဖြစ်၏။ သူတို့မှ အများစုကြီးသည် သိကြသည် မဟုတ်ချေ။
၅၀။	**قَدْ قَالَهَا الَّذِينَ مِن قَبْلِهِمْ فَمَا أَغْنَى عَنْهُم مَّا كَانُوا يَكْسِبُونَ۞** မုချပင် သူတို့၏ ရှေ့အလျင် ဖြစ်သူတို့လည်း ဤအတိုင်း ပြောခဲ့ကြ၏။ သူတို့၏ ကျင့်ဆောင်လေ့ရှိခဲ့ရာများသည် သူတို့အား ပြည့်စုံစေသည် မဟုတ်ချေ။
၅၁။	**فَأَصَابَهُمْ سَيِّئَاتُ مَا كَسَبُوا وَالَّذِينَ ظَلَمُوا مِنْ هَؤُلَاءِ سَيُصِيبُهُمْ سَيِّئَاتُ مَا كَسَبُوا وَمَا هُم بِمُعْجِزِينَ۞** ဂင်းတို့ ကျင့်ဆောင်သော အကုသိုလ်များသည် ၎င်းတို့အား ထိခိုက်၏၊ သူတို့မှ မိုက်ကြေးခွဲသော သူများ၏ ကျင့်ဆောင်ခြင်း အကုသိုလ်များသည်လည်း သူတို့အား ထိခိုက်စေလတ္တံ့၊ ၎င်းကို သူတို့ ချိန့်စေနိုင်မည် မဟုတ်ချေ။[၉၁]
၅၂။ ☆ ၂၇၀	**أَوَلَمْ يَعْلَمُوا أَنَّ اللَّهَ يَبْسُطُ الرِّزْقَ لِمَن يَشَاء وَيَقْدِرُ إِنَّ فِي ذَلِكَ لَآيَاتٍ لِّقَوْمٍ يُؤْمِنُونَ۞** ပရမတ်ဘုရားရှင်က စံချိန်ပြည့်မှီသူအား☆ ရိက္ခာ တိုးပွားစေ၍၊ စည်းကြပ်မတ်ထားကြောင်း သူတို့ မသိကြသလော။ ဇောန်ပင် ဤ၌ ယုံကြည်သော လူမျိုးအတွက် နိမိတ်လက္ခဏာရပ် ရှိနေ၏။
၅၃။	**قُلْ يَا عِبَادِيَ الَّذِينَ أَسْرَفُوا عَلَى أَنفُسِهِمْ لَا تَقْنَطُوا مِن رَّحْمَةِ اللَّهِ إِنَّ اللَّهَ يَغْفِرُ الذُّنُوبَ جَمِيعًا إِنَّهُ هُوَ الْغَفُورُ الرَّحِيمُ۞** ဟောလော့ ''ဒို– မိမိစရိုက်ကို မိမိ အလွဲသုံးစားပြုမိသောသူတို့ ငါ၏ အမှုတော်ဆောင်တို့၊ ပရမတ်ဘုရားရှင်၏ ကရုဏာတော်အား စိတ်မပျက်ကြနှင့်၊ ပရမတ်ဘုရားရှင်သည် အပြစ် အားလုံးကို လွှတ်ငြိမ်းစေတော်မူလတ္တံ့။ အရှင်သည် လွှတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။–
၅၄။	**وَأَنِيبُوا إِلَى رَبِّكُمْ وَأَسْلِمُوا لَهُ مِن قَبْلِ أَن يَأْتِيَكُمُ الْعَذَابُ ثُمَّ لَا تُنصَرُونَ۞** သင်တို့၏ ကံကြမ္မာရှင်ဆီသို့ ဘက်လှည့်ကြလော့။ သင်တို့ထံသို့ ဆိုက်ရောက်မည့် ဝဋ်ကြွေး မတိုင်မီ အရှင့် အတွက် ငြိမ်းချမ်းရေးပြုကြလော့၊ ထို့နောက် အကူအညီ မရှိတော့ချေ။''
၅၅။ ကုရ်အာန် ၃၉း၂၃	**وَاتَّبِعُوا أَحْسَنَ مَا أُنزِلَ إِلَيْكُم مِّن رَّبِّكُم مِّن قَبْلِ أَن يَأْتِيَكُمُ العَذَابُ بَغْتَةً وَأَنتُمْ لَا تَشْعُرُونَ۞** သင်တို့ သတိမမူမိဘဲ သင်တို့ထံသို့ ရုတ်တရက် ဆိုက်ရောက်စေမည့် ဝဋ်ကြွေး မတိုင်မီ သင်တို့၏ ကံကြမ္မာရှင် ထံမှ ချမှတ်ပေးသည့် **အတင့်တယ်ဆုံးသော အရာကို** လိုက်နာကြလော့၊–
၅၆။	**أَن تَقُولَ نَفْسٌ يَا حَسْرَتَى علَى مَا فَرَّطتُ فِي جَنبِ اللَّهِ وَإِن كُنتُ لَمِنَ السَّاخِرِينَ۞** ဥဉ်စရိုက် တစ်ခုက ''ကြောက်ရလေခြင်း၊ ကျွန်ုပ်သည် လက်လွှတ်စပယ်လုပ်မိ၍ ပရမတ်ဘုရားရှင်၏ အပြင်ဘက်မှ ဖြစ်ခဲ့ပြီ၊ ကျွန်ုပ်သည် ပျက်ရယ်ပြုသူတို့မှ ဖြစ်ခဲ့ရလေခြင်း၊''ဟု မည်သည်ညူရစေရန် ဖြစ်၏။

(၉၁) တရားတော်ကို မဆင်ခြင်– ရှေးမျိုးဆက်များကဲ့သို့ လိုက်နေသူများ– ထိုသူတို့ အထဲမှပင် မိရိုးဖလာအား ကာကွယ်ရန် နည်းပညာရပ်များကိုသာ ဆည်းပူး၍ ပြန်လည်ပို့ချနေသူများဖြစ်သော်လည်း– သူတို့သည် ပြဌာန်းပြီး ကုသိုလ် အကုသိုလ်များအား အားနည်းချိန့်စေရန် လုပ်ဆောင်နိုင်ခြင်း မရှိချေ၊ ထိုသူတို့သည် လွှတ်မြောက်ခြင်း ဝိမုတ္တိကို ရမည်မဟုတ်ဟု ကျမ်းတော်က သတိပေးထားပေသည်။။

၅၇။	**أَوْ تَقُولَ لَوْ أَنَّ اللَّهَ هَدَانِي لَكُنتُ مِنَ الْمُتَّقِينَ۞** သို့မဟုတ် ‘‘ပရမတ်ဘုရားရှင်က လမ်းညွှန်ခဲ့မူ၊ ကျွန်ုပ်သည် စည်းစောင့်သူတို့မှ ဖြစ်ခဲ့မည်၊’’ဟု မဆိုရစေရန် ဖြစ်၏။
၅၈။	**أَوْ تَقُولَ حِينَ تَرَى الْعَذَابَ لَوْ أَنَّ لِي كَرَّةً فَأَكُونَ مِنَ الْمُحْسِنِينَ۞** သို့မဟုတ် ဝဋ်ကြွေးကို မြင်ရချိန်၌၊ ‘‘ကျွန်ုပ်တွင် အလှည့်ပြန်ရလျှင်၊ သုမဂ်လာပြုသူတို့မှ ဖြစ်ရမည်၊’’ဟု မပြောရစေရန် ဖြစ်၏။
၅၉။	**بَلَى قَدْ جَاءتْكَ آيَاتِي فَكَذَّبْتَ بِهَا وَاسْتَكْبَرْتَ وَكُنتَ مِنَ الْكَافِرِينَ۞** အမှန်မှာ၊ ငါ၏ သုတ်ဒေသနာများကို သင်ထံသို့ မူ၍ ရောက်လာစေပြီ။ သို့သော် သင်သည် ၎င်းကို ငြင်းဆန်ခဲ့၏၊ သင်သည် မာနာကြီးနေ၏၊ သင်သည်ကား ဗုံးကွယ်မှောင်ချသူတို့မှ ဖြစ်၏။
၆၀။	**وَيَوْمَ الْقِيَامَةِ تَرَى الَّذِينَ كَذَبُواْ عَلَى اللَّهِ وُجُوهُهُم مُّسْوَدَّةٌ أَلَيْسَ فِي جَهَنَّمَ مَثْوًى لِّلْمُتَكَبِّرِينَ۞** ရပ်တည်ရမည့် နေ့ကာလ၌ သင်သည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ ငြင်းဆန်ခဲ့သော သူတို့၏ မျက်နှာများကို မဲပုပ်လျက် မြင်တွေ့ရမည်ပင်။ ငရဲဘုံသည် မောက်မာသော သူတို့အတွက် တည်းခိုရာပင် မဟုတ်တုံလော။
၆၁။	**وَيُنَجِّي اللَّهُ الَّذِينَ اتَّقَوا بِمَفَازَتِهِمْ لَا يَمَسُّهُمُ السُّوءُ وَلَا هُمْ يَحْزَنُونَ۞** ပရမတ်ဘုရားရှင်သည် စည်းစောင့်သော သူများအား အောင်ပွဲခံ လွတ်မြောက်စေတော်မူမည်၊ သူတို့အား အကုသိုလ် သင့်စေမည် မဟုတ်ချေ၊ သူတို့သည် သောကရောက်ရစေမည်လည်း မဟုတ်ချေ။
၆၂။	**اللَّهُ خَالِقُ كُلِّ شَيْءٍ وَهُوَ عَلَى كُلِّ شَيْءٍ وَكِيلٌ۞** ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား ဖြစ်တည်စေသော အရှင်ဖြစ်၏။ သဗ္ဗလုံးစုံ ကိုးစားထိုက်သည့် အရှင် ဖြစ်၏။
၆၃။	**لَهُ مَقَالِيدُ السَّمَاوَاتِ وَالْأَرْضِ وَالَّذِينَ كَفَرُوا بِآيَاتِ اللَّهِ أُوْلَئِكَ هُمُ الْخَاسِرُونَ۞** မိုးများနှင့် မြေကမ္ဘာ၏ သော့ချက်များသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများအား ဗုံးကွယ်သောသူ၊ ထိုသူတို့သည် ဆုံးရှုံးရသူများ ဖြစ်ကြ၏။[၉၁]
၆၄။	**قُلْ أَفَغَيْرَ اللَّهِ تَأْمُرُونِّي أَعْبُدُ أَيُّهَا الْجَاهِلُونَ۞** ‘‘ပရမတ်ဘုရားရှင်မှ မဟုတ်သော အရာကို ကိုးကွယ်ရန် ကျွန်ုပ်အား ညွှန်ကြားကြသလော၊ အို– ပညာမဲ့တို့၊’’ဟု မေးလော့။
၆၅။	**وَلَقَدْ أُوحِيَ إِلَيْكَ وَإِلَى الَّذِينَ مِنْ قَبْلِكَ لَئِنْ أَشْرَكْتَ لَيَحْبَطَنَّ عَمَلُكَ وَلَتَكُونَنَّ مِنَ الْخَاسِرِينَ۞** သင့်ထံနှင့် သင့်ရှေ့အလျင် ဖြစ်သူတို့ထံသို့ အာရုံစူးနှံဖြစ်စေသည်မှာ ‘‘သင်သည် ရောပြွန်းကိုးကွယ်လျှင်၊ သင်၏ ကျင့်ကြံမှုသည် အချည်းနှီးသော ဖြစ်၏။ သင်သည် ဆုံးရှုံးရသူတို့မှ မဖြစ်စေနှင့်၊’’ဟု ဖြစ်၏။
၆၆။	**بَلِ اللَّهَ فَاعْبُدْ وَكُن مِّنْ الشَّاكِرِينَ۞** အမှန်မှာ ပရမတ်ဘုရားရှင်ကိုသာ၊ ကိုးကွယ်လော့၊ ကျေးဇူးသိတတ်သူတို့မှ ဖြစ်လော့။

---

(၉၁၈) **مَقَالِيدُ** မကာလီးဒု ဆိုသည်မှာ **လျှို့ဝှက်ချက်အား ဖွင့်သည့် သော့၊ သလွန်စ** ဟု ဖြစ်ပေသည်။ ထို့ကြောင့် မိုးမြေစကြာဝဠာတို့၏ လျှို့ဝှက်ချက် သဲလွန်စများကို ရှာဖွေဖော်ထုတ်နိုင်ရန် ကျမ်းမြတ်ကုရ်အာန်ပါ လမ်းညွှန် နိယာမများကို လိုက်ရန်လိုကြောင်း ကျမ်းတော်က ဆိုပေသည်။ ထိုအချက်ကို ‘‘ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများအား ဗုံးကွယ်သောသူ ထိုသူတို့သည် ဆုံးရှုံးသူတို့ ဖြစ်ကြ၏၊’’ ဟု ဆိုထားပေသည်။ ကျမ်းတော် ပါ နိယာမများအား မစူးစမ်း မလေ့လာဘဲလျက် ကျမ်းတော်အား နမ်းနေ ဦးတိုက်နေယုံမျှဖြင့် လူသားများ အတွက် အကျိုးရှိလာမည် မဟုတ်ချေ။

၆၇။	**وَمَا قَدَرُوا اللَّهَ حَقَّ قَدْرِهِ وَالْأَرْضُ جَمِيعًا قَبْضَتُهُ يَوْمَ الْقِيَامَةِ وَالسَّمَاوَاتُ مَطْوِيَّاتٌ بِيَمِينِهِ سُبْحَانَهُ وَتَعَالَى عَمَّا يُشْرِكُونَ۝** သူတို့သည် ပရမတ်ဘုရားရှင်အား မှန်ကန်သော ချင့်ချိန်မှုဖြင့် ချင့်ချိန်ကြသည် မဟုတ်ချေ။ ရပ်တည်ရမည့် နေ့၌ မြေကမ္ဘာမှ အားလုံးသည် အရှင်၏ စည်းချိန်ထဲ၌ ရှိ၏။ မိုးကောင်းကင်များအား အရှင်၏ ဩဇာဖြင့်[၉၉] ဆုပ်ကိုင်လျက် ရှိ၏။ အရှင့်အား ဦးထိပ်ထားလော့၊ အရှင်သည် ရောပြွန်းကိုးကွယ်ခံများထက် အထွဋ်အထိပ်ဖြစ်တော်မူ၏။
၆၈။	**وَنُفِخَ فِي الصُّورِ فَصَعِقَ مَن فِي السَّمَاوَاتِ وَمَن فِي الْأَرْضِ إِلَّا مَن شَاءَ اللَّهُ ثُمَّ نُفِخَ فِيهِ أُخْرَى فَإِذَا هُم قِيَامٌ يَنظُرُونَ۝** ပုံစံ သက်ဝင်စေသောအခါ၊ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီသူမှ အပ မိုးများ၌ ရှိသူ၊ မြေကမ္ဘာ၌ ရှိသူတို့သည် နားစည်ကွဲသေနေကြလတ္တံ့။ တဖန် ၎င်းအား နောက်တစ်ကြိမ် သက်ဝင်စေသော အခါ ရပ်လျက်၊ စောင့်ကြည့်နေကြလတ္တံ့။
၆၉။	**وَأَشْرَقَتِ الْأَرْضُ بِنُورِ رَبِّهَا وَوُضِعَ الْكِتَابُ وَجِيءَ بِالنَّبِيِّينَ وَالشُّهَدَاء وَقُضِيَ بَيْنَهُم بِالْحَقِّ وَهُمْ لَا يُظْلَمُونَ۝** ထို့နောက် မြေကမ္ဘာသည် ကံကြမ္မာရှင်၏ အလင်းတော်ဖြင့် ထွန်းလင်းရလတ္တံ့၊ မှတ်တမ်းကြီးကို ဖွင့်ချထားလျက် သတင်းတော်ဆောင်များနှင့် သက်သေသက်ကန်များအား ရောက်လာစေလတ္တံ့၊ ထို့နောက် သူတို့အကြားတွင် မှန်ကန်ခြင်းဖြင့် ဆုံးဖြတ်တော်မူလတ္တံ့။ သူတို့အား မိုက်ကြေးခွဲခဲ့လိမ့်မည် မဟုတ်ချေ။
၇၀။	**وَوُفِّيَتْ كُلُّ نَفْسٍ مَّا عَمِلَتْ وَهُوَ أَعْلَمُ بِمَا يَفْعَلُونَ۝** ဥာဉ်စရိုက်ကိုယ်စီ၏ ကျင့်ကြံခဲ့ရာသည် ပြန်ပြည့်ခံရလတ္တံ့၊ အရှင်သည် ပြုလုပ်ခဲ့သမျှကို အသိဆုံး ဖြစ်တော်မူ၏။
၇၁။	**وَسِيقَ الَّذِينَ كَفَرُوا إِلَى جَهَنَّمَ زُمَرًا حَتَّى إِذَا جَاؤُوهَا فُتِحَتْ أَبْوَابُهَا وَقَالَ لَهُمْ خَزَنَتُهَا أَلَمْ يَأْتِكُمْ رُسُلٌ مِّنكُمْ يَتْلُونَ عَلَيْكُمْ آيَاتِ رَبِّكُمْ وَيُنذِرُونَكُمْ لِقَاء يَوْمِكُمْ هَذَا قَالُوا بَلَى وَلَكِنْ حَقَّتْ كَلِمَةُ الْعَذَابِ عَلَى الْكَافِرِينَ۝** **စစ်မီး** ဖုံးကွယ်သော သူတို့အား **ငရဲဘုံ** အသင်းအဖွဲ့များသို့ မောင်းထည့်ခြင်း ခံရလတ္တံ့၊ သူတို့သည် ၎င်းသို့ ရောက်လာသောအခါ ၎င်း၏ တံခါးများအား ဖွင့်လျက်၊ ၎င်း၏ အစောင့်က သူတို့အား "သင်တို့၏ ကံကြမ္မာရှင်မှ သုတ်ဒေသနာများကို ဖတ်ပြရန်၊ သင်တို့တွေ့ဆုံရမည့် ဤနေ့ကာလအကြောင်း သင်တို့အား သတိပေးရန် သင်တို့အထဲမှ

---

(၉၁၉) **ဩဇာဖြင့်** ဟူသော စကားလုံး **بِيَمِينِهِ ဗိယမီးနိဟိ** ကို ဆရာတော်ကြီးများက **ညာဘက်လက်၌** ဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံးအား အာရဗီလူမျိုးများက **ညာဘက်လက်** ဟု သုံးစွဲရာမှ ထိုသို့ အဓိပ္ပါယ် ဖြစ်တည်လာခြင်း ဖြစ်သည်။ ထိုသို့ဖြစ်တည်လာခြင်းမှာလည်း အားသန်ရာလက်။ အားမသန်ရာ လက်ဟု သုံးစွဲရာမှာ ဝေါဟာရရွှေ့လျော ဖြစ်တည်လာခဲ့ခြင်းသာ ဖြစ်ပေသည်။ ထိုစကားလုံး၏ မူလဇစ်မြစ် အနက်မှာ **တစ်စုံတစ်ခုအား စူးစိုက်ခြင်း– အားပြုခြင်း– လုံ့လစိုက်ခြင်းတို့၏ အကျိုးဆက်– ခံစားခွင့် ဩဇာ** ဟု ဖြစ်ပေသည်။ ဤစကားလုံး– **ن م ي ယမန** မှ ဆင့်ပွား ဖြစ်သော **يَمِين အိုင်းမာန** ကို ကိုယ်စိတ်နှလုံးဖြင့် အားစိုက်၍ ကျိန်ဆိုသည် ဟူသော အသုံးတွင် သုံးကြောင်း (၂း၂၂၄–၂၂၅)။ ဘယ်လက်။ ညာလက် မဟူ– မိမိက လက်ခံရယူလိုမှု၊ သို့မဟုတ် လက်မခံလိုမှုကို **تَيَمَّمُوا တယမ်မူးန်**–ဟု လည်းကောင်း (၂း၂၆၇)။ သင်တို့၏ ဩဇာခံလက်အောက်ငယ်သားများကို **أَيْمَانُكُمْ အိုင်မားနုကွမ်းန်** ဟု သုံးပေသည်။ ထိုသို့ သုံးသမျှသော နေရာတိုင်းတွင် ရုပ်ခန္ဓာ လက်– ဟူသော သဘော မပါဝင်ပေ။ ကွန်မြူနစ်များကို ဘယ်သန်၊ ဓနရှင်ဝါဒီများအား ညာသန် ဟု ပြောသကဲ့သို့ပင်။

	ဥဇ္ဈာစဉ်တော်ဆောင်များ မပေးရောက်ခဲ့သလော၊''ဟု မေးသော်၊ သူတို့က ''အမှန်ပင်၊''ဟု ဆို၏။ သို့သော် ဗုံးကွယ်သူတို့ အပေါ်သို့ ဝင့်သင့်မည်ဟု တရားတော်သည် အမှန်သစ္စာ ဖြစ်လေပြီ။[၉၁]
၇၂။	**قِيلَ ادْخُلُوا أَبْوَابَ جَهَنَّمَ خَالِدِينَ فِيهَا فَبِئْسَ مَثْوَى الْمُتَكَبِّرِينَ۝** ထို၌ အစဉ်ခံစားရန် တံခါးပေါက်များမှ ဝင်ကြလော့၊ မောက်မာသူတို့အတွက် အမင်္ဂလာ တည်းခိုရာပင် ဟု ပြောခံရလတ္တံ့၊
၇၃။	**وَسِيقَ الَّذِينَ اتَّقَوْا رَبَّهُمْ إِلَى الْجَنَّةِ زُمَرًا حَتَّى إِذَا جَاؤُوهَا وَفُتِحَتْ أَبْوَابُهَا وَقَالَ لَهُمْ خَزَنَتُهَا سَلَامٌ عَلَيْكُمْ طِبْتُمْ فَادْخُلُوهَا خَالِدِينَ۝** ကံကြမ္မာရှင်အား စည်းစောင့်သော သူတို့အား သုခဘုံ အသင်းအဖွဲ့များသို့ မောင်းထည့်ခြင်း ခံရလတ္တံ့၊ သူတို့သည် ၎င်းသို့ ရောက်လာသောအခါ ၎င်း၏ တံခါးများအား ဖွင့်လျက်၊ ၎င်း၏ အစောင့်က သူတို့အား ''သင်တို့အပေါ်သို့ ငြိမ်းချမ်းပါစေ၊ သင်တို့သည် ကြည်ဖြူခံရသူများဖြစ်၏။ သို့ဖြစ်၍ အစဉ်စံစားရန် ဝင်ရောက်ကြကုန်လော့၊''ဟု ဆိုလတ္တံ့။
၇၄။	**وَقَالُوا الْحَمْدُ لِلَّهِ الَّذِي صَدَقَنَا وَعْدَهُ وَأَوْرَثَنَا الْأَرْضَ نَتَبَوَّأُ مِنَ الْجَنَّةِ حَيْثُ نَشَاء فَنِعْمَ أَجْرُ الْعَامِلِينَ۝** သူတို့က ''ရည်သန်စူးစိုက်မှု အပေါင်းသည် ပရမတ်ဘုရားရှင် အဘို့ဖြစ်ပါ၏။ အရှင်သည် အရှင်၏ ကတိတော်ကို တပည့်တော်တို့အတွက် ဖြောင့်မှန်စေ၍၊ တပည့်တော်တို့အား မြေကမ္ဘာကို အမွေပေးခဲ့ပါပြီ။ တပည့်တော်တို့သည် သုခဘုံ၌ မိမိစံချိန်အလျောက် နေရာချရပေပြီ။ သို့ – ကျင့်ကြံသူများ အတွက် ဂုဏ်ရှိသော အကျိုးဆုလဒ်ပင် ဖြစ်၏။'' ဟု လျှောက်တင်ကြလတ္တံ့။[၉၂]

---

(၉၁) အစ္စလာမ် ဒဿနမှ ဝေဒဘုံ၊ သုခဘုံ ဆိုသည်မှာ စိတ်ဘဝင်၌ ဖြစ်တည်ရမည့် ဒုက္ခခံစားရခြင်း၊ သုခခံစားရခြင်းကို ညွှန်းပေသည်။ ထို့ကြောင့် ဤသုတ်တော်နှင့် သုတ်တော် ၇၃ တွင် ဝေဒဘုံ **အသင်းအဖွဲ့များ**၊ သုခဘုံ **အသင်းအဖွဲ့များ** ဟု သုံးထားခြင်း ဖြစ်ပေသည်။ ဤနေရာ၌ **အသင်းအဖွဲ့** ဟု ဘာသာပြန်သည့် **ဇုမာရမ်** ဆိုသည်မှာ လူများတစ်စစ တိုးလာ၍ ဖွဲ့စည်းဖြစ်တည်လာသော အုပ်စုများဟု အနက်ကို ဆောင်ပေသည်။ လူတစ်ဦးသည် မကောင်းမှု တစ်ခု သို့မဟုတ် ကောင်းမှု တစ်ခုကို တစ်ကြိမ် ပြုကျင့်၏ သူ့တွင် အပေါ်ရှိချင့်မှ ရှိနိုင်ဦးပေမည်၊ သို့သော် အကြိမ်ကြိမ် ပြုကျင့်၏– ထိုအခါ သူ့စရိုက်သည် သူ့ကိုပတ်၏၊ တစ်စစ စရိုက်တူများ ဖြစ်တည် စုစည်းလာ၏၊ သို့ဖြင့် နှတ်မရသော၊ ခရီးကျဲသွားသော ဒုက္ခ သို့မဟုတ် သုခကို ခံစားရတော့၏၊ ၎င်းကို ဝေဒ သို့မဟုတ် နိဗ္ဗာန်ဟု ကျမ်းတော်က ပမာဆောင်ပေသည်။ သို့သော် ထိုခံစားမှုတိုင်းကို ထာဝရ ခရီးဟု မဆိုပေ။ **ခလိဒ**– ကာလမဲ့ ဟုသာ ဆိုပေသည်၊ (၂း၃၉) တွင် ကြည့်ပါ။

(၉၂) ဤသုတ်တော်တွင် သုခဘုံကို ဆိုက်မြိုက်သူများက အရှင်သည် သူတို့အား မြေကမ္ဘာကို အမွေပေးခဲ့ပါပြီ ဟု ရင့်ကျူးသည်၊ ထိုမြေကမ္ဘာတွင်ပင်– စားရေရိက္ခပေါများပြီး၊ အေးချမ်းသာယာစွာ နေထိုင် စံမြန်းရသော ဘဝကို ဥယျာဉ်ဘုံဟု ထင်ဆင့် ဖေါ်ပြခြင်း ဖြစ်ပေသည်။ ထို့ကြောင့် အစ္စလာမ်က ပြောသော နိဗ္ဗာန်ဘုံဆိုသည်မှာ စိတ်ကူးစိတ်သန်းထဲမှာ နတ်သမီးငါးရာဖြင့် စံမြန်းရမည့် သီးခြား ဘုံနန်းကြီး မဟုတ်ချေ။ လူသား၏ ပီတိဘဝင်ကျရာ စံစားရသည့် ဖြစ်တည်မှုကိုသာ ဆိုလိုပေသည်။ ထို့ပြင် ဤသုတ်တော်တွင် ပြောဆိုသော မြေကမ္ဘာ ဆိုသည်ကိုလည်း ဆက်လက်နားလည်ရန် လိုသည်မှာ– မြေကမ္ဘာ ဆိုသော စကား **အောက်သိ** သည် ကမ္ဘာဂြိုလ် တစ်ခုတည်း ဖြစ်ရမည်ဟု ဆိုလို လိုခြင်းလည်း မဟုတ်သေးချေ။ နယ်မြေတစ်ခုအား စိုးပိုးခြင်း အခွင့်အာဏာ၊ လူမျိုးဆက် နေထိုင်နိုင်ရန်အဆင့်သင့်ဖြစ်သည့် မည်သည့် ဂြိုလ်မှ မြေသားထုကို မဆို ခေါ်ဆိုပေသည်။ ထို့ကြောင့် ကျမ်းတော်တွင် သုခဘုံကို မိုးမြေအနှံ့ရှိသည့် သုခဘုံဟုလည်း သုံးပေသည်၊ (၃း၁၃၃)။ နေရာ တစ်ခုတည်းတွင်ပင် ၎င်းနှင့် ဆန့်ကျင်ဘက် ခံစားခြင်းကို ငရဲဟု ခေါ်ပေသည်။ ထိုကဲ့သို့ ဆိုလိုချက်ကြောင့် လူသားများ သေသွားပြီးသော် နိဗ္ဗာန် သို့မဟုတ် ငရဲသို့ စံရမည့် လူသားများသည် အခြားဂြိုလ်တစ်ခုရှိ သာယာကောင်းမွန်သော ဥယျာဉ်ဘုံတွင် နေထိုင်ရမည်ဟု ဆိုလိုခြင်း မဟုတ်ကြောင်းကိုလည်း နားလည်ရန်လိုပေသည်။ အစ္စလာမ်က ပြောဆိုသော သုခခံစားရခြင်းနှင့် ငရဲခံစားရခြင်း ဆိုသည်မှာ မိမိ၏ လက်ရှိ ကျင့်ဆောင်မှု အတွက် ခံစားရမည့် အနာဂါတ်၏ ဆုလဒ် ဖြစ်သည်။ ထိုအနာဂါတ်၏ ဆုလဒ် ဆိုသည်တွင် မိမိနှင့် ပတ်သက်သော နောက်လာနောက်သားတို့၏ ဘဝများလည်း ပါဝင်ပေသည်။ မိမိ၊ မိမိပါဝင်ပတ်သက်သည့် လူ့အဖွဲ့အစည်း၏ ကြိုးပမ်းအားထုတ်မှုသည် နောင်လာနောက်သားများ၏ ဘဝကို မြှင့်တင် ပေးခဲ့နိုင်သည် ဟူသည့် ပီတိသည်လည်း မိမိ၏ ဥဇ္ဈာခန္ဓာအား အကျိုးဖြစ်စေပေသည်။ အစ္စလာမ်၏ ဒဿနအရ နောင်လာနောက်သားများသည် အခြားဂြိုလ်သို့ ပြောင်းရွှေ့အခြေချကြမည်ဟု ဆိုသည်။ ၁၄း၄၈– ထို့ကြောင့် သုခဘုံသို့ စံမြန်းရမည့် လူတစ်ဦး၏ အရည်အချင်းတွင် နောင်လာ နောင်သားများအား တိုးတက်သော ခေတ်ရှေ့ဆောင် အတွေးအခေါ်များကို ချမှတ်ပေးရမည်လည်း ဖြစ်ပေသည်။ သို့မဟုတ် ထိုအတွေးအခေါ်များကို အားပေးအားမြှောက် ပံ့ပိုးပေးရမည်လည်း ဖြစ်ပေသည်။

၇၅။	**وَتَرَى الْمَلَائِكَةَ حَافِّينَ مِنْ حَوْلِ الْعَرْشِ يُسَبِّحُونَ بِحَمْدِ رَبِّهِمْ وَقُضِيَ بَيْنَهُم بِالْحَقِّ وَقِيلَ الْحَمْدُ لِلَّهِ رَبِّ الْعَالَمِينَ۞** နိမိတ်ဆောင်တို့သည် ကံကြမ္မာရှင်အား ရည်သန်ရူးစိုက် ဦးထိပ်ထားလျက် ထပ်ဆင့်ကွပ်ကဲမှု ပရဝုဏ် စည်းတွင်း၌ ရှိကြသည်ကို သင်မြင်ရလတ္တံ့။ သူတို့၏ ကြား၌ မှန်ကန်တိကျစွာ ဆုံးဖြတ်ခံရသော် ‘‘ရည်သန်ရူးစိုက်မှု အပေါင်းသည် လောကခပ်သိမ်း၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင် အဘို့သာတည်း၊’’ဟု ရင့်ကျူးကြ၏။၈၂၂

(၈၂၂) အစ္စလာမ် ဒဿနအရ နိမိတ်ဆောင် (မလာအိကာဟ်) ဆိုသည်မှာ လူသားစင်စစ် တတ်သိပညာရှင်များကိုသာ ခေါ်ကြောင်း၊ ခေတ်တိုင်း၌ ရှိနေကြောင်း ၂၃၀ တွင် ရှင်းပြခဲ့ပြီး ဖြစ်ပေသည်။ **အာရ်ရှ်** ဆိုသည်မှာ ထပ်ဆင့်စီမံကွပ်ကဲခြင်း၊ အုပ်ချုပ်သူများ အဆင့်ဆင့်ထက် ရာထူးအကြီးဆုံး ဖြစ်သည်၊ (၁၀း၃)။ ဆိုလိုသည်မှာ ပရမတ်ဘုရားရှင်သည် လောကမမ္မအား စီမံဖြစ်တည်စေသော အချုပ်အခြာ ဖြစ်သည်။ ထိုလောက မမ္မ၏ လှျို့ဝှက်ချက်များကို စူးစမ်းရှာဖွေ ဖေါ်ထုတ်လျက် လူသားများ အကျိုးငှာ နိမိတ်ဆောင်များက ကျိုးပမ်းနေကြသည်ဟု ဖြစ်ပေသည်။ သူတို့အချင်းချင်း သီအိုရီဆိုင်ရာ ဆွေးနွေးမှု၊ အချေအတင်ဖြစ်မှုများ ရှိနေမည်ပင်– ထိုအကြား၌ တိကျသေချာသော နောက်ဆုံးအဖြေ တစ်ခုကို တွေ့ရှိတိုင်း– ငဲ့ကြောင့်။ ငဲ့ညာဏ်ကြောင့်ဟု ကြွားဝါနိုင်ခြင်း မရှိချေ။ ထိုအချက်ကို တွေ့ရှိတိုင်း လောကမမ္မ၏ လှျို့ဝှက်ချက်တိုင်း၏ အဖြေတွင် မိမိ၏ အတွေးအခေါ် ပြင်ပမှ လျှပ်တစ်ပြက် ကိန်းဝပ်သော အသိဉာဏ်စဉ် တစ်ခုကြောင့်ဟု ဝန်ခံရသည်သာ ဖြစ်ပေသည်။ ထိုဉာဏ်စဉ်သည် လူတို့ ရောပြွန်း ကိုးကွယ်နေကြသော အရာများဆီမှ လာသော အသိပေးခြင်း ဉာဏ်စဉ် မဟုတ်ဆိုသည်ကို ထိုပညာရှင်များ ကောင်းစွာ သိကြသည်၊ လောက ခပ်သိမ်းသည် ပရမ်းပတာ မညီမညွတ် ဖြစ်သည်နေခြင်းမဟုတ်၊ စည်းချိန်တကျ ဖြစ်တည်နေ၍၊ ထိုစည်းချိန်အား ကစင့်ကလျား မဖြစ်ရန် ထိန်းသိမ်းထားသော အချင်းချင်း ညီညွတ်နေသည့် ကွန်ယက်များ ရှိနေသည်၊ ထိုကွန်ယက်များအား အသိဉာဏ်တစ်စုံတစ်ရာက ကြပ်မတ်ထိန်းညှိ ထားခြင်းရှိနေသည်ဟူခြင်းကို သူတို့ ရင့်ကျူးနေရပေသည်။

မမ္မခန္ဓာ (၄၀) "လွတ်ငြိမ်းစေသော အရှင်" (အလ် ဂဖါရ်)

ဥာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၆၀။ သုတ်ဒေသနာ– ၈၅ ပါး။

ဤမမ္မခန္ဓာ၏ အမည်အား (အလ် မုအ်မင်) "ယုံကြည်သူများ"ဟုလည်း ခေါ်တွင်သည်–

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

၁။	**حم**۞ ဟာ မင်[၈၂၃]
၂။	**تَنزِيلُ الْكِتَابِ مِنَ اللَّهِ الْعَزِيزِ الْعَلِيمِ**۞ ဘုန်းတော်အရှင်၊ သိနေသော အရှင် ဖြစ်တော်မူသည့် ပရမတ်ဘုရားရှင်မှ ဤကျမ်းတော်အား ချမှတ်ပေး၏။
၃။	**غَافِرِ الذَّنبِ وَقَابِلِ التَّوْبِ شَدِيدِ الْعِقَابِ ذِي الطَّوْلِ لَا إِلَهَ إِلَّا هُوَ إِلَيْهِ الْمَصِيرُ**۞ အရှင်သည် အပြစ်များကို လွတ်ငြိမ်းစေ၏၊ ခဝါချခြင်းကို အကိုးပြည့်စေ၏၊ ပြတ်သားစွာ ချုပ်ကိုင်နိုင်၏၊ အဆုံးမရှိ အနန္တဖြစ်တော်မူသော အရှင်– အရှင်မှအပ အခြား ဘုရားဟူ၍ မရှိ။ ခရီးပန်းတိုင်သည် အရှင့်ထံသို့သာ ဖြစ်၏။
၄။	**مَا يُجَادِلُ فِي آيَاتِ اللَّهِ إِلَّا الَّذِينَ كَفَرُوا فَلَا يَغْرُرْكَ تَقَلُّبُهُمْ فِي الْبِلَادِ**۞ ဖုံးကွယ်သော သူများ မှအပ မည်သူမျှ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို စောဒကမတက်ကြချေ။ မြို့များ၌ သူတို့၏ ဦးတည်လှုပ်ရှားနေခြင်းက သင့်အား မမြူဆွယ်စေနှင့်။
၅။ အမှား	**كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَالْأَحْزَابُ مِن بَعْدِهِمْ وَهَمَّتْ كُلُّ أُمَّةٍ بِرَسُولِهِمْ لِيَأْخُذُوهُ وَجَادَلُوا بِالْبَاطِلِ لِيُدْحِضُوا بِهِ الْحَقَّ فَأَخَذْتُهُمْ فَكَيْفَ كَانَ عِقَابِ**۞ ငှင်းတို့ မတိုင်မီ နူးဟ်၏ လူမျိုးနှင့် သူတို့နောက်ပိုင်း ဂိဏ်းသား များစွာသည်လည်း ငြင်းဆန်ခဲ့ကြပြီ။ သူတို့အတွက် ဥာဏ်စဉ်ဆောင်များကို သူတို့ အသိုင်းအဝိုင်း ကိုယ်စီက လုပ်ကြံကြ၏။ ပရမတ္ထသစ္စာအား ယိုင်နဲ့စေရန် **မိစ္ဆာတရား**ကို စွဲကိုင် စောဒကတက်ကြ၏။ ထို့ကြောင့် သူတို့အား ငါ အရေးယူလိုက်ပြီ၊ ငါ၏ ချုပ်ကိုင်မှုသည် မည်သို့ ရှိကြသနည်း။
၆။	**وَكَذَلِكَ حَقَّتْ كَلِمَتُ رَبِّكَ عَلَى الَّذِينَ كَفَرُوا أَنَّهُمْ أَصْحَابُ النَّارِ**۞ သင့်ကံကြမ္မာရှင်၏ တရားတော်အား ဖုံးကွယ်သောသူတို့၏ အပေါ်၌ ဤသို့ အမှန် ဖြစ်စေ၏။ သူတို့သည် အပူမီး၏ ပေါင်းဖော်များ ဖြစ်ကြကုန်၏။

---

(၉၂၃) ကျမ်းတော်သုံး အာရဗီစကားလုံး အတိုကောက် **ဟာမင်** ဆိုသည်မှာ– "**ဟာ**" **ဟမီးဒ်** ရည်သန်စူးစိုက်မှုတည်ရာ ဖြစ်သော အရှင်။ "**မင်**" **မရိုးဒ်** မြင့်မြတ်တော်မူသော ဟူသော စကားလုံးများ၏ အတိုကောက် စကားလုံးများ ဖြစ်ပေသည်။

၇။	**الَّذِينَ يَحْمِلُونَ الْعَرْشَ وَمَنْ حَوْلَهُ يُسَبِّحُونَ بِحَمْدِ رَبِّهِمْ وَيُؤْمِنُونَ بِهِ وَيَسْتَغْفِرُونَ لِلَّذِينَ آمَنُوا رَبَّنَا وَسِعْتَ كُلَّ شَيْءٍ رَّحْمَةً وَعِلْمًا فَاغْفِرْ لِلَّذِينَ تَابُوا وَاتَّبَعُوا سَبِيلَكَ وَقِهِمْ عَذَابَ الْجَحِيمِ۞** ထပ်ဆင့်ကွပ်ကဲမှုကို သယ်ပိုးနေကြသော သူများနှင့် ၎င်း၏ ပရဝုဏ်မှ ရှိသူများက သူတို့၏ ကံကြမ္မာရှင်အား ရည်သန်ရူးစိုက် ဦးထိပ်ထားနေကြ၏။ အရှင့်အား ယုံကြည်ကြ၍၊ ယုံကြည်သော သူများအတွက် လွတ်ငြိမ်းဆုပန်သည်မှာ ''အို ကံကြမ္မာရှင်၊ အရှင်၏ ကရုဏာတော်နှင့် အသိတော်သည် သဗ္ဗလုံးစုံအား ဖြန့်ကျက်နေတော်မူ၏။ သို့ဖြစ်၍ ခဝါချသော၊ အရှင့်လမ်းစဉ်သို့ လိုက်နာသော သူများကို လွတ်ငြိမ်းစေ၍၊ သူတို့အား ငရဲမီး ဝဋ်ကြွေးမှ ကာကွယ်တော်မူပါ။''[၉၄၈]
၈။	**رَبَّنَا وَأَدْخِلْهُمْ جَنَّاتِ عَدْنٍ الَّتِي وَعَدتَّهُم وَمَن صَلَحَ مِنْ آبَائِهِمْ وَأَزْوَاجِهِمْ وَذُرِّيَّاتِهِمْ إِنَّكَ أَنتَ الْعَزِيزُ الْحَكِيمُ۞** ''အို–ကံကြမ္မာရှင်၊ သူတို့၏ အဖေများ၊ သူတို့၏ အိမ်ထောင်ဘက်များ၊ သူတို့၏ သားမြေးများမှ ပြုပြင်ပြောင်းလဲသူများ အတွက် ကတိတော်ထားသည့်၊ တည်မြဲခြင်း သုခဘုံများသို့ ဝင်စေတော်မူပါ။ အရှင်သည်သာ ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်ပါ၏။''
၉။	**وَقِهِمُ السَّيِّئَاتِ وَمَن تَقِ السَّيِّئَاتِ يَوْمَئِذٍ فَقَدْ رَحِمْتَهُ وَذَلِكَ هُوَ الْفَوْزُ الْعَظِيمُ۞** ''သူတို့အား အကုသိုလ်များမှ ကာကွယ်တော်မူပါ။ အကုသိုလ်များမှ အရှင်၏ ကာကွယ်တော်မူခြင်းခံရ သူသည် ထို့နေ့တွင်ပင် အရှင်၏ ကရုဏာတော်သည် သူ့အား သက်တော်မူ၏။ ဤသည် သူ့အတို့ မဟာ အောင်ပွဲပင်တည်း'' ဟု ဖြစ်၏။
၁၀။	**إِنَّ الَّذِينَ كَفَرُوا يُنَادَوْنَ لَمَقْتُ اللَّهِ أَكْبَرُ مِن مَّقْتِكُمْ أَنفُسَكُمْ إِذْ تُدْعَوْنَ إِلَى الْإِيمَانِ فَتَكْفُرُونَ۞** ဖုံးကွယ်သော သူတို့အား ''သင်တို့အား ယုံကြည်ခြင်းဆီသို့ ဖိတ်ခေါ်စဉ် သင်တို့က ဖုံးကွယ်လိုက်သောအခါ၊ သင်တို့စရိုက်ကို သင်တို့ ရွံမုန်းသည်ထက်၊ ပရမတ်ဘုရားရှင်က ပိုမိုကြီးမားစွာ ရွံမုန်းတော်မူ၏။''ဟု ကြေငြာသော်[၉၅၅]
၁၁။	**قَالُوا رَبَّنَا أَمَتَّنَا اثْنَتَيْنِ وَأَحْيَيْتَنَا اثْنَتَيْنِ فَاعْتَرَفْنَا بِذُنُوبِنَا فَهَلْ إِلَى خُرُوجٍ مِّن سَبِيلٍ۞** သူတို့က ''အို– ကံကြမ္မာရှင်၊ အရှင်သည် တပည့်တော်တို့အား သေခြင်း နှစ်မျိုး၊ တပည့်တော်တို့အား ရှင်ခြင်း နှစ်မျိုး ဖြစ်စေခဲ့ပါပြီ။ တပည့်တော်တို့၏ အပြစ်များကို မှတ်မိပါပြီ၊ ထွက်ပေါက်သို့ နည်းလမ်း ရှိပါ၏လော၊''ဟု ဆိုကြ၏။[၉၅၆]

---

(၉၄၈) ငရဲ ဝဋ်ကြွေးမှ ကာကွယ်တော်မူပါ၊ ဟူသော စကားကို နောင်ဘဝရှိ မီးရဲရဲတောက်လောင်နေသော ငရဲပြည်ကြီးမှဟုသာ မမြင်ယောင်သင့်ပေ၊ ယုံကြည်သူများနှင့် သူတို့၏ မျိုးဆက်များအတွက် လောက ငရဲမှ လွတ်မြောက်နိုင်စေသည့် ကျမ်းတော်ပါ ဥပဒေများကို ပိုမိုနားလည် သဘော ပေါက်နိုင်စွမ်း ပေးပါဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုအချက်ကို ဤသုတ်တော်ပါ– ဆုတောင်းနေသူများနှင့် ဆုတောင်းပေးခြင်းခံရသော သူများ (ယုံကြည်သူများ)သည် အသက်နှင့် ထင်ရှားရှိနေသေးသည်ဟူသော အဓိပ္ပါယ်က ဖော်ညွှန်းနေပေသည်။ ဤသုတ်တော်က သေသွားသူများအတွက် ဆုတောင်းပေးနေခြင်း မဟုတ်ချေ။ အသက်နှင့် ရှိနေသူများ ဒုက္ခငရဲထဲသို့ ရောက်ရခြင်းမှ ကင်းရန် ကာကွယ်ပေးတော်မူပါ ဟုသာ ဖြစ်ပေသည်။

(၉၅၅) ဤသုတ်တော်မှာ ဖုံးကွယ်သူများက သူတို့ကိုယ် သူတို့ မသနားဘဲ– မိမိအတွက်ရော မိမိ၏ မျိုးဆက်အတွက်ပါ မှားယွင်း လမ်းချော်စေမည့် ဖုံးကွယ်မှောင်ချခြင်း အကျင့်ကို ကျင့်ကြံသောကြောင့် သူတို့စရိုက်ကို သူတို့ ရွံမုန်းသည်ဟု ပြောဆိုခြင်းဖြစ်၍၊ ပရမတ်ဘုရားရှင်၏ ရွံမုန်းခြင်း ဆိုသည်မှာ သူ၏ လူပုဂ္ဂိုလ်အား ရွံမုန်းခြင်း မဟုတ်ချေ။ သူ၏ မိမိကိုယ်မိမိ ဖုံးကွယ်မှောင်ချခြင်း အကျင့် စရိုက်ကို ရွံမုန်းခြင်း ဖြစ်ပေသည်။

(၉၅၆) ဤသုတ်တော်က ဖုံးကွယ်မှောင်ချသူများကို သေခြင်းနှစ်မျိုး ရှင်ခြင်း နှစ်မျိုး ဖြစ်စေခဲ့သည်ဟု ဆိုထား၍၊ အမှန်တကယ် ယုံကြည်ခြင်း ရှိသူများကို သေခြင်း တစ်မျိုးသာ ဖြစ်စေဟု ၄၄း၅၆ တွင် ဆိုထားပေသည်။ ဖုံးကွယ်မှောင်ချသူများ၏ ကိုယ်ထည်ဝတ္ထုသေခြင်း၊ ရှင်ခြင်းတစ်မျိုး– အတွေးအခေါ် အယူ အိပ်မောကျ သေခြင်း၊ ရှင်ခြင်း တစ်မျိုးကို ဆိုလိုခြင်း ဖြစ်ပေသည်၊ (၃၉း၄၂) တွင် သူတို့ သေခြင်းမဟုတ်သော သေခြင်းဖြင့် အိပ်မောကျနေစဉ် သူတို့ ဉာဉ်ကို အားဖြည့်စေ၍ ထိန်းထားတော်မူသည်– ထောက်ပြထားပေသည်။ ထိုသူများမှာ သူ့ကိုယ်သူ လမ်းလွဲ၌ ရှိနေသူများ ဖြစ်သည်ဟုလည်း (၃၉း၄၁) ၌ ဆိုထားပေသည်။ သစ္စာတရား၌ ရပ်တည်သူတို့သည်ကား သဘာဝဓမ္မတာ ကိုယ်ထည်ဝတ္ထုသေခြင်း ရှင်ခြင်းသာ ရှိ၍– အတွေးအခေါ် မျိုးဆက် အနာဂါတ်သေသည်ဟူ၍ မရှိချေ၊ (၄၄း၅၆)။

၁၂။	**ذَٰلِكُم بِأَنَّهُ إِذَا دُعِيَ اللَّهُ وَحْدَهُ كَفَرْتُمْ وَإِن يُشْرَكْ بِهِ تُؤْمِنُوا فَالْحُكْمُ لِلَّهِ الْعَلِيِّ الْكَبِيرِ۞** ယင်းမှာ၊ သင်တို့အား ဇကောဒိပရမတ်ဘုရားရှင် ဆီသို့ ဖိတ်ခေါ်သော အခါ၊ သင်တို့ ဖုံးကွယ်မှောင်ချကြ၍၊ အရှင်နှင့် ရောပြွန်းကိုးကွယ်ခြင်းကို သင်တို့ ယုံကြည်ကြသောကြောင့် ဖြစ်၏။ သို့ဖြစ်၍ စီရင်ထုံးသည် အထွဋ်အထိပ်ဖြစ်တော်မူသော ကြီးကျယ်တော်မူသော ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။
၁၃။	**هُوَ الَّذِي يُرِيكُمْ آيَاتِهِ وَيُنَزِّلُ لَكُم مِّنَ السَّمَاءِ رِزْقًا وَمَا يَتَذَكَّرُ إِلَّا مَن يُنِيبُ۞** အရှင်သည် သင်တို့အား သုတ်ဒေသနာများကို ပြသပေးသော၊ မိုးကောင်းကင်မှ ရိက္ခာများကို ချမှတ်ပေးသော အရှင်ဖြစ်၏။ အရှင့်ထံသို့ ဘက်လှည့်သူများသည်သာ ဆင်ခြင်သတိ ရှိကြကုန်၏။
၁၄။	**فَادْعُوا اللَّهَ مُخْلِصِينَ لَهُ الدِّينَ وَلَوْ كَرِهَ الْكَافِرُونَ۞** သို့ဖြစ်၍၊ ပရမတ်ဘုရားရှင်၌ ဆုတောင်းကြလော့။ ဖုံးကွယ်သူများ မကြိုက်သော်လည်း သာသနာတော်သည် အရှင့်အတွက် သန့်သန့်ဖြစ်စေလော့။
၁၅။	**رَفِيعُ الدَّرَجَاتِ ذُو الْعَرْشِ يُلْقِي الرُّوحَ مِنْ أَمْرِهِ عَلَى مَن يَشَاءُ مِنْ عِبَادِهِ لِيُنذِرَ يَوْمَ التَّلَاقِ۞** ခင်းကျင်းပြသခြင်း နေ့ကာလအား သတိပေးရန်– မြောက်စားခြင်း အခွင့်အလမ်းနှင့် ထပ်ဆင့်ကွပ်ကဲမှုအား ပိုင်စိုးသော အရှင်သည်၊ အရှင်၏ ညွှန်ကြားချက်မှ ဉာဏ်စဉ်အား အရှင့်အမှုတော်ဆောင်များမှ စံချိန်ပြည့်မှီသူအား ခင်းကျင်းပေးတော်မူလတ္တံ့။[၉၂]
၁၆။ လောကီမှ	**يَوْمَ هُم بَارِزُونَ لَا يَخْفَى عَلَى اللَّهِ مِنْهُمْ شَيْءٌ لِّمَنِ الْمُلْكُ الْيَوْمَ لِلَّهِ الْوَاحِدِ الْقَهَّارِ۞** ပြန်ထွက်လာရသော နေ့ကာလ၌၊ သူတို့မှ တစ်စုံတစ်ရာကိုမျှ ပရမတ်ဘုရားရှင်၏ ထံ၌ ထိန်ဝှက်ထား၍ မရချေ။ ဤနေ့ကာလကို မည်သူက အစိုးရလေသနည်း– တစ်ဆူတည်း ဖုံးခြာဖြစ်သော ပရမတ်ဘုရားရှင်သာ မဟုတ်ပေလော။
၁၇။	**الْيَوْمَ تُجْزَى كُلُّ نَفْسٍ بِمَا كَسَبَتْ لَا ظُلْمَ الْيَوْمَ إِنَّ اللَّهَ سَرِيعُ الْحِسَابِ۞** ဉာဉ်စရိုက် ကိုယ်စီအား၊ ကျင့်ဆောင်ခဲ့သမျှကို အစားပေးမည့် နေ့ကာလသည် မိုက်ကြေးခွဲသော နေ့ကာလ မဟုတ်ချေ။ ဇကောပင် ပရမတ်ဘုရားရှင်သည် အချိန်နှင့်တပြေးညီ စရင်းစစ်နေတော်မူ၏။[၉၃]
၁၈။	**وَأَنذِرْهُمْ يَوْمَ الْآزِفَةِ إِذِ الْقُلُوبُ لَدَى الْحَنَاجِرِ كَاظِمِينَ مَا لِلظَّالِمِينَ مِنْ حَمِيمٍ وَلَا شَفِيعٍ يُطَاعُ۞** စိတ်နလုံးများ ချောက်ချားလျက် ယူကြုံးမရဖြစ်ကာ လည်မြိုထိ တရိပ်ရိပ်တက်လာရမည့် နေ့ကာလအကြောင်းကို သတိပေးလော့။ အမိုက်ကောင်များ အတွက် နွေးထွေးစေသူနှင့် နာခံသည့် အမျှပေးဝေနိုင်သူဟူ၍ မရှိချေ။
၁၉။	**يَعْلَمُ خَائِنَةَ الْأَعْيُنِ وَمَا تُخْفِي الصُّدُورُ۞**

---

(၉၂) ကျမ်းတော် တစ်လျှောက်လုံးတွင် သတ္တဝါအားလုံးကို အလွှာဟ်အရှင်၏ အမှုတော်ဆောင်များ ဟု သုံးပေသည်။ ထိုအထဲတွင်မှ စံချိန် ပြည့်မှီသူ (၂း၇၀ ရှင်းချက်တွင် ကြည့်ပါ)အား ဉာဏ်စဉ် (၂း၈၇ တွင် ကြည့်ပါ) ကို ဆွတ်ခူးရရှိစေခြင်း သဘောကို ဤသုတ်တော်၌ ပြောဆိုထားပေသည်။ ဉာဏ်စဉ်ရရှိသူသည် သူရသော ဉာဏ်စဉ်အဆင့်အရ တရားသဘော၊ နိယာမသဘောကို သူ့အတွက် ထိုးဖေါက် မြင်နိုင်စွမ်းဖြင့် ခင်းကျင်း ပြသခြင်း ခံရသကဲ့သို့ ရရှိခြင်း ဖြစ်ပေသည်။ ဉာဏ်စဉ် အဆင့်များမှာ မတူညီနိုင်ချေ။ အချို့သည် သက်ဆိုင်ရာ ပညာရပ်တွင်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ အနုစိတ်ကို လည်းကောင်း၊ လူတစ်မျိုးအတွက် ထိုးဖေါက်မြင်နိုင်စွမ်းကိုလည်းကောင်း အမျိုးမျိုး ရှိနိုင်ပေသည်။ ကိုယ်တော် မုဟမ္မဒ်သည် လောကမမ္မ ဖြစ်သော ဤကုရ်အာန်ကျမ်းတော်ကို ခင်းကျင်းရရှိသူဟု ၂၂း၆ တွင် ဆိုထားပေသည်။ ဤသုတ်တော်တွင် **ချီးမြှောက်ခြင်း**ဟု ဘာသာပြန်သော **ရဖအ** ကို (၂း၆၃)၊ အခွင့်အလမ်း **ဒါရိဂျာ** ကို (၂း၂၂၈)၊ ထပ်ဆင့်ကွပ်ကဲခြင်း **အာရ်ရှိ** ကို(၁၀း၃) ခင်းကျင်းပြသ **လကယ** ကို (၇း၁၀၇)တို့တွင် ကြည့်ပါ။

(၉၃) ဤသုတ်တော်က လူတစ်ဦး၏ သေလွန်ပြီးသည့် နောက်တွင်မှ သူ၏ ဆိုးခြင်း ကောင်းခြင်းအတွက် ခံစားရမှု အကျိုးဆက်အား စာရင်းရှင်းသည် ဟူသော အတွေးအခေါ်များကို ပယ်ချခြင်း ဖြစ်ပေသည်။ လူသားတိုင်းအတွက် နောက်စက္ကန့်တိုင်းသည် နောင်ဘဝ ဖြစ်ပေသည်။ သို့ဖြစ်၍ သူ၏ ဆိုးခြင်း ကောင်းခြင်းကို စက္ကန့်မလတ် စာရင်းရှင်းနေစေရန် အလွှာဟ်အရှင်က နိယာမ ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။

	အရှင်သည် မျက်လုံးများ၏ သစ္စာဖေါက်မှုနှင့် ရင်ဘတ်များ၏ ထိန်ဝှက်ထားမှုများကို သိနေတော်မူ၏။
၂၀။	**وَاللَّهُ يَقْضِي بِالْحَقِّ وَالَّذِينَ يَدْعُونَ مِن دُونِهِ لَا يَقْضُونَ بِشَيْءٍ إِنَّ اللَّهَ هُوَ السَّمِيعُ الْبَصِيرُ۞** ပရမတ်ဘုရားရှင်သည် မှန်ကန်ညီညွတ်စွာဖြင့် ဆုံးဖြတ်တော်မူ၏။ အရှင် မှလွဲ၍ အခြားတို့၌ ဆုတောင်းနေကြ၏၊ သူတို့သည် တစ်စုံတစ်ရာကိုမျှ ဆုံးဖြတ်နိုင်ခြင်း မရှိချေ။ ပရမတ်ဘုရားရှင် ဇကန်ပင် ထိုအရှင်သည် ကြားနေသော အရှင် မြင်နေသောအရှင် ဖြစ်၏။
၂၁။	**أَوَ لَمْ يَسِيرُوا فِي الْأَرْضِ فَيَنظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ كَانُوا مِن قَبْلِهِمْ كَانُوا هُمْ أَشَدَّ مِنْهُمْ قُوَّةً وَآثَارًا فِي الْأَرْضِ فَأَخَذَهُمُ اللَّهُ بِذُنُوبِهِمْ وَمَا كَانَ لَهُم مِّنَ اللَّهِ مِن وَاقٍ۞** သူတို့သည် မြေကမ္ဘာ၌ လှည့်လည်သွားလာခြင်း မရှိကြသလော၊ သို့ဖြင့် သူတို့၏ ရှေ့အလျှင် ဖြစ်သောသူများ နိဂုံးမည်သို့ ချုပ်ရသည်ကို ကြည့်နိုင်၏။ ၎င်းတို့သည် သူတို့ထက် ပိုမို သန်မာစွာဖြင့် မြေကမ္ဘာ၌ အစွမ်းရှိသည့် အစဉ်အလာရှိခဲ့၏။ ထို့နောက် သူတို့၏ အပြစ်များဖြင့် ပရမတ်ဘုရားရှင်က သူတို့အား အရေးယူလိုက်၏။ သူတို့ အတွက် ပရမတ်ဘုရားရှင်၏ နိယာမမှ ကာကွယ်ပေးနိုင်သူ မရှိချေ။
၂၂။	**ذَلِكَ بِأَنَّهُمْ كَانَت تَّأْتِيهِمْ رُسُلُهُم بِالْبَيِّنَاتِ فَكَفَرُوا فَأَخَذَهُمُ اللَّهُ إِنَّهُ قَوِيٌّ شَدِيدُ الْعِقَابِ۞** ဤသည်မှာ သူတို့ထံသို့ သူတို့၏ ဉာဏ်စဉ်ဆောင်များသည် ရှင်းလင်းချက်များနှင့် ပေးရောက်စေပြီးသောကြောင့် ဖြစ်၏။ သူတို့သည် ဖုံးကွယ်မှောင်ချခဲ့ကြ၏။ သို့ဖြင့် ပရမတ်ဘုရားရှင်သည် သူတို့အား အရေးယူလိုက်ပြီ။ ဇကန်ပင် အရှင်သည် တန်ခိုးတော်ရှင် ဖြစ်၏၊ ပြတ်သားစွာ ချုပ်ကိုင်နိုင်တော်မူ၏။
၂၃။	**وَلَقَدْ أَرْسَلْنَا مُوسَى بِآيَاتِنَا وَسُلْطَانٍ مُّبِينٍ۞** မုချပင် ငါသည် သုတ်ဒေသနာများ၊ ရှင်းလင်းထင်ရှားသော လုပ်ပိုင်ခွင့်များဖြင့် မူဆာအား စေစားသည်မှာ–
၂၄။	**إِلَى فِرْعَوْنَ وَهَامَانَ وَقَارُونَ فَقَالُوا سَاحِرٌ كَذَّابٌ۞** ဖာရိုး၊ ဟာမံနှင့် ကာရွန်တို့ထံသို့ ဖြစ်၏။ သို့သော် သူတို့က ''မှော်ဆရာ၊ လူလိမ်၊''ဟုသာ ဆိုကြ၏။
၂၅။	**فَلَمَّا جَاءهُم بِالْحَقِّ مِنْ عِندِنَا قَالُوا اقْتُلُوا أَبْنَاء الَّذِينَ آمَنُوا مَعَهُ وَاسْتَحْيُوا نِسَاءهُمْ وَمَا كَيْدُ الْكَافِرِينَ إِلَّا فِي ضَلَالٍ۞** ငါ့ထံမှ ပရမတ္ထသစ္စာအား သူတို့ထံ ရောက်လာစေစဉ်၊ သူတို့က ''သူနှင့်အတူ ယုံကြည်သော သူများ၏ သား ယောကျ်ားများအား သုတ်သင်လော့၊ အမျိုးသမီးများကိုသာ အသက်ဆက်ခွင့်ပေးလော့၊''ဟု ဆို၏။ ထိုဖုံးကွယ်သူတို့၏ ဗျူဟာသည် လွဲမှားချွတ်ချော်ခြင်းသာ ဖြစ်လေ၏။
၂၆။	**وَقَالَ فِرْعَوْنُ ذَرُونِي أَقْتُلْ مُوسَى وَلْيَدْعُ رَبَّهُ إِنِّي أَخَافُ أَن يُبَدِّلَ دِينَكُمْ أَوْ أَن يُظْهِرَ فِي الْأَرْضِ الْفَسَادَ۞** ဖာရိုးက ''မူဆာအား ကျွန်ုပ်ကိုယ်တိုင် သုတ်သင်ရန် ချန်ထားလော့၊ သူ့အား သူ့ကံကြမ္မာရှင်ထံ၌ ဆုတောင်းစေလော့၊ သူသည် သင်တို့၏ သာသနာအား လွှဲပြောင်းပစ်မည်– သို့မဟုတ်၊ ကမ္ဘာမြေပေါ် အဖျက်လုပ်မည်ကို ကျွန်ုပ် စိုးကြောက်၏။''ဟု ဆိုသော်။
၂၇။	**وَقَالَ مُوسَى إِنِّي عُذْتُ بِرَبِّي وَرَبِّكُم مِّن كُلِّ مُتَكَبِّرٍ لَّا يُؤْمِنُ بِيَوْمِ الْحِسَابِ۞** မူဆာက ''စရင်းရှင်းရမည့် နေ့ကာလအား မယုံကြည်သည့် မာနကြီးသူ ကိုယ်စိတို့မှ ကင်းရန် ကျွန်ုပ်သည် ကျွန်၏ ကံကြမ္မာရှင်၊ သင်တို့၏ ကံကြမ္မာရှင်ထံ၌ ခိုလှုံပါ၏၊''ဟု ဆို၏။

၂၈။	**وَقَالَ رَجُلٌ مُّؤْمِنٌ مِّنْ آلِ فِرْعَوْنَ يَكْتُمُ إِيمَانَهُ أَتَقْتُلُونَ رَجُلًا أَن يَقُولَ رَبِّيَ اللَّهُ وَقَدْ جَاءكُم بِالْبَيِّنَاتِ مِن رَّبِّكُمْ وَإِن يَكُ كَاذِبًا فَعَلَيْهِ كَذِبُهُ وَإِن يَكُ صَادِقًا يُصِبْكُم بَعْضُ الَّذِي يَعِدُكُمْ إِنَّ اللَّهَ لَا يَهْدِي مَنْ هُوَ مُسْرِفٌ كَذَّابٌ۞** ဖာရိုး မင်းဆက်မှ မိမိ၏ ယုံကြည်မှုကို ထိန်ဝှက်ထားသော ယုံကြည်သည့် လူတစ်ဦးက ပြောသည်မှာ ‘‘လူတစ်ဦးက သူ၏ကံကြမ္မာရှင်သည် ပရမတ်ဘုရားရှင် ဖြစ်သည်ဟု ဆို၍၊ သင်တို့ထံသို့ ကံကြမ္မာရှင်ထံမှ ရှင်းလင်းချက်များကို မုချ ရောက်လာစေသူအား တိုက်ခိုက်ကြမည်လော။ သူသည် လူလိမ် ဖြစ်လျှင် သူ့လိမ်လည်ခြင်းက သူ့ အတို့ ဖြစ်၏။ သူသည် ဖြောင့်မှန်သူ ဖြစ်လျှင် သင်တို့အတွက် သူပေးသော ကတိမှ အချို့သည် သင်တို့အား ထိသက်နိုင်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် အလွဲသုံးစားပြုသူ၊ လိမ်ညာသူအား လမ်းညွှန်တော်မမူချေ။–
၂၉။	**يَا قَوْمِ لَكُمُ الْمُلْكُ الْيَوْمَ ظَاهِرِينَ فِي الْأَرْضِ فَمَن يَنصُرُنَا مِن بَأْسِ اللَّهِ إِنْ جَاءنَا قَالَ فِرْعَوْنُ مَا أُرِيكُمْ إِلَّا مَا أَرَى وَمَا أَهْدِيكُمْ إِلَّا سَبِيلَ الرَّشَادِ۞** အို– ကျွန်ုပ်၏ လူမျိုးတို့၊ ယနေ့မူကား အာဏာသည် သင်တို့အဘို့ ဖြစ်၍ ကမ္ဘာ၌ သင်တို့သည် ပေါ်ပြူလာဖြစ်ကြပြီ။ သို့သော် ပရမတ်ဘုရားရှင်၏ အမင်္ဂလာနိယာမသည် ကျွန်ုပ်ထို့ထံသို့ ရောက်လာခဲ့သော် မည်သူက ကူညီနိုင် အံ့နည်း၊’’ဟု ဖြစ်သော်၊ ဖာရိုးက ‘‘ကျွန်ုပ်၏ မြင်သည်ကိုသာ သင်တို့အား မြင်တွေ့စေ၏၊ ကျွန်ုပ်သည် သင်တို့အား ဖြောင့်မတ်သော လမ်းစဉ်ကိုသာ ညွှန်ပြ၏၊’’ဟု ဆို၏။
၃၀။	**وَقَالَ الَّذِي آمَنَ يَا قَوْمِ إِنِّي أَخَافُ عَلَيْكُم مِّثْلَ يَوْمِ الْأَحْزَابِ۞** ယုံကြည်သောသူက ပြောသည်မှာ ‘‘အို– ကျွန်ုပ်၏ အမျိုးသားတို့၊ သင်တို့အတွက် ကျွန်ုပ် စိုးရိမ်သည်မှာ– ထိုဂိုဏ်း အသင်းများ၏ နေ့ ပမာ၊–
၃၁။	**مِثْلَ دَأْبِ قَوْمِ نُوحٍ وَعَادٍ وَثَمُودَ وَالَّذِينَ مِن بَعْدِهِمْ وَمَا اللَّهُ يُرِيدُ ظُلْمًا لِّلْعِبَادِ۞** နူးဟ်၊ အာဒ်၊ သမု–ဒ်နှင့် သူတို့ နောက်မှ ကျဆုံးသွားရသော လူမျိုးများ၏ အလေ့အထများ ကဲ့သို့ပင် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်တို့အား အဝိဇ္ဇာသင့်စေလိုခြင်း မရှိချေ။
၃၂။	**وَيَا قَوْمِ إِنِّي أَخَافُ عَلَيْكُمْ يَوْمَ التَّنَادِ۞** အို– ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့၏အား ဆင့်ခေါ်မည့် နေ့ကာလကို ကျွန်ုပ် စိုးကြောက်မိပါ၏။
၃၃။	**يَوْمَ تُوَلُّونَ مُدْبِرِينَ مَا لَكُم مِّنَ اللَّهِ مِنْ عَاصِمٍ وَمَن يُضْلِلِ اللَّهُ فَمَا لَهُ مِنْ هَادٍ۞** ထိုနေ့ကာလမှ သင်တို့သည် နောက်သို့ လှည့်ပြေးကြလတ္တံ့၊ သို့သော် သင်တို့သည် ပရမတ်ဘုရားရှင်၏ နိယာမမှ ကင်းရန် မားမားရပ်ပေးနိုင်သူ မရှိချေ။ ပရမတ်ဘုရားရှင်က လမ်းလွဲစေသူ၊ သူ့အတွက် လမ်းညွှန် မရှိချေ။
၃၄။	**وَلَقَدْ جَاءكُمْ يُوسُفُ مِن قَبْلُ بِالْبَيِّنَاتِ فَمَا زِلْتُمْ فِي شَكٍّ مِّمَّا جَاءكُم بِهِ حَتَّى إِذَا هَلَكَ قُلْتُمْ لَن يَبْعَثَ اللَّهُ مِن بَعْدِهِ رَسُولًا كَذَلِكَ يُضِلُّ اللَّهُ مَنْ هُوَ مُسْرِفٌ مُّرْتَابٌ۞** ရှေ့အလျင်က ယူဆွဖ်သည် ရှင်းလင်းချက်များနှင့်အတူ သင်တို့ထံသို့ မုချ ရောက်လာခဲ့၏။ သို့သော် သူရောက်လာစေခဲ့ရာ၌ သင်တို့သည် မရပ်မနား ဒွိဟဖြစ်နေ၏။ သူ ကံကုန်သော်မှ ‘‘ပရမတ်ဘုရားရှင်သည် သူ၏နောက်တွင် ဉာဏ်စဉ်တော်ဆောင် မပွင့်ပေါ်စေတော့ပြီ၊’’ဟု သင်တို့ ဆိုကြ၏။ ပရမတ်ဘုရားရှင်သည် အလွဲသုံးစားပြုသူ၊ သံသယပွား သူကို ဤသို့ လမ်းလွဲနေစေ၏၊’’ဟု ဖြစ်၏။[၉၂၉]

(၉၂၉) အစ္စလာမ် ခေါင်းစဉ်အောက်မှ အချို့သော ပုဂ္ဂိုလ်များက ဤသုတ်တော်ပါ၊ ကိုယ်တော် ယူဆွဖ်၏ နောက်တွင် ဉာဏ်စဉ်တော်ဆောင် (ရ စူလ်) ပွင့်ပေါ်တော့မည် မဟုတ်ဟု အဓိဂျစ်လူမျိုးတို့ ပြောဆိုခဲ့ကြောင်း သို့သော် သူနောက်တွင် နောက်ထပ်များစွာ ပွင့်ပေါ်ခဲ့သည်များ ရှိကြောင်းကို

၃၅။	**الَّذِينَ يُجَادِلُونَ فِي آيَاتِ اللَّهِ بِغَيْرِ سُلْطَانٍ أَتَاهُمْ كَبُرَ مَقْتًا عِندَ اللَّهِ وَعِندَ الَّذِينَ آمَنُوا كَذَٰلِكَ يَطْبَعُ اللَّهُ عَلَىٰ كُلِّ قَلْبِ مُتَكَبِّرٍ جَبَّارٍ۞** ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများမှ သူတို့ထံသို့ သြဇာအာဏာ ပေးအပ်ခြင်း မရှိဘဲ စောဒကတက်သော သူတို့အား၊ ပရမတ်ဘုရားရှင်ထံမှ– ယုံကြည်သောသူများ၏ထံမှ ကြီးမားသော ရွံမုန်းမှုသို့ သက်ဆင်းသူ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် မာနကြီးသူ ပုန်ကန်သူတိုင်း၏ စိတ်နှလုံးကို ယင်းသို့ တံဆိပ်ထုထားတော်မူပြီ။
၃၆။ ဆိုက်	**وَقَالَ فِرْعَوْنُ يَا هَامَانُ ابْنِ لِي صَرْحًا لَّعَلِّي أَبْلُغُ الْأَسْبَابَ۞** ဖာရိုးက ပြောသည်မှာ ‘‘အို– ဟာမံ၊ ရစ်ပတ်လှည့်မွှေ့ **တက်**ရောက်နိုင်ရန် ကျွန်ုပ်အတွက် နန်းတော် တည်ဆောက်လော့၊–
၃၇။ ကောင်းကင်နိုင်ငံတော်☆ ၂စုခု	**أَسْبَابَ السَّمَاوَاتِ فَأَطَّلِعَ إِلَىٰ إِلَٰهِ مُوسَىٰ وَإِنِّي لَأَظُنُّهُ كَاذِبًا وَكَذَٰلِكَ زُيِّنَ لِفِرْعَوْنَ سُوءُ عَمَلِهِ وَصُدَّ عَنِ السَّبِيلِ وَمَا كَيْدُ فِرْعَوْنَ إِلَّا فِي تَبَابٍ۞** **ရစ်ပတ်လှည့်မွှေ့ ကောင်းကင်တက်**လျက် မူဆာ၏ ဘုရားကို ကျွန်ုပ် ဖေါ်ထုတ်လိုက်။ ကျွန်ုပ်သည် သူ့အား လူလိမ် ဟု စဉ်းစားမိ၏၊’’ဟု ဖြစ်၏။☆ ဤသို့ ဖာရိုး၏ အကုသိုလ် ကျင့်ကြံမှုကို သူ့ကိုယ်သူ ဖမ်းစားထားစေ၍၊ သူ့အား လမ်းစဉ်မှန်မှ ဖယ်ရှားထား၏။ ဖာရိုး၏ ဗျူဟာသည်ကား ပျက်စီးဆုံးရှုံးခြင်း၌သာ ရှိ၏။
၃၈။	**وَقَالَ الَّذِي آمَنَ يَا قَوْمِ اتَّبِعُونِ أَهْدِكُمْ سَبِيلَ الرَّشَادِ۞** ယုံကြည်သော သူက ပြောသည်မှာ ‘‘အို– ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်နောက်သို့ လိုက်ကြလော့၊ ကျွန်ုပ်သည် သင်တို့အား ဖြောင့်မတ်သော လမ်းစဉ်အား ညွှန်ပြပါအံ့၊
၃၉။	**يَا قَوْمِ إِنَّمَا هَٰذِهِ الْحَيَاةُ الدُّنْيَا مَتَاعٌ وَإِنَّ الْآخِرَةَ هِيَ دَارُ الْقَرَارِ۞** အို– ကျွန်ုပ်၏ လူမျိုးတို့၊ ဤလောကီ သက်တမ်းသည် ချမ်းမြေ့ရာမျှသာ ဖြစ်၏၊ နောင်ဘဝသည်ကား အတည်တကျ ဝိမာန် ဖြစ်၏။
၄၀။	**مَنْ عَمِلَ سَيِّئَةً فَلَا يُجْزَىٰ إِلَّا مِثْلَهَا وَمَنْ عَمِلَ صَالِحًا مِّن ذَكَرٍ أَوْ أُنثَىٰ وَهُوَ مُؤْمِنٌ فَأُولَٰئِكَ يَدْخُلُونَ الْجَنَّةَ يُرْزَقُونَ فِيهَا بِغَيْرِ حِسَابٍ۞** အကုသိုလ်အား ကျင့်ကြံသူသည် ၎င်း၏ ဆတူကိုသာ အစားရစေ၍၊ ပြုပြင်ပြောင်းလဲမှုအား ကျင့်ကြံသူ ယောကျ်း၊ မိန်းမတို့သည် ယုံကြည်သူများ ဖြစ်၍၊ သူတို့အား သုခဘုံသို့ ဝင်စေကာ ထိုဠ် စရင်းမဲ့ ရိက္ခာရစေလတ္တံ့။
၄၁။	**وَيَا قَوْمِ مَا لِي أَدْعُوكُمْ إِلَى النَّجَاةِ وَتَدْعُونَنِي إِلَى النَّارِ۞** အို– ကျွန်ုပ်၏ လူမျိုးတို့၊ မည်သို့ပါနည်း၊ ကျွန်ုပ်က သင်တို့အား လွတ်မြောက်ခြင်းသို့ ဖိတ်ခေါ်၏၊ သင်တို့က ကျွန်ုပ်အား အပူမီးထဲသို့ ဖိတ်ခေါ်၏။
၄၂။	**تَدْعُونَنِي لِأَكْفُرَ بِاللَّهِ وَأُشْرِكَ بِهِ مَا لَيْسَ لِي بِهِ عِلْمٌ وَأَنَا أَدْعُوكُمْ إِلَى الْعَزِيزِ الْغَفَّارِ۞**

ထောက်ပြလျက် ကိုယ်တော်မုဟမ္မဒ်၏ နောက်တွင်လည်း ဉာဏ်စဉ်တော်ဆောင် မပွင့်ပေါ်တော့ပြီ ဆိုသည်မှာ မဟုတ်ကြောင်း– ကို ပြောဆိုကာ သူတို့ကိုယ် သူတို့ ဉာဏ်စဉ်တော်ဆောင် (ရဟူလ်)များ ဖြစ်ကြောင်း ကြေငြာသူများ အစွလာမ်သမိုင်းတွင် ရှိပေသည်။ သို့သော် သူတို့၏ ကိုးကား ချက်မှာ ခိုင်လုံမှု မရှိချေ။ ဤသုတ်တော်မှ ပြောဆိုသူများမှာ ဖာရိုး၏နောက်လိုက် အီဂျစ်လူမျိုးဖြစ်၍– လူသားများ အနေဖြင့် သူတို့၏ ခံစားချက်အား ပြောဆိုခြင်းသာ ဖြစ်ပေသည်။ ၃၃း၄၀ တွင် ကိုယ်တော်မုဟမ္မဒ်သည် နောက်ဆုံးပွင့် သတင်းတော်ဆောင် ဖြစ်ကြောင်းကို ပြောဆိုခြင်းမှာ ပရမတ်ဘုရားရှင်၏ ကြေငြာချက် ဖြစ်ပေသည်။ လူသားတို့၏ အထင်သည် နိယာမ မဟုတ်ချေ၊ ပရမတ်ဘုရားရှင်၏ ကြေငြာချက်သည်သာ မပြောင်းမလဲသော နိယာမ ဖြစ်ပေသည်။ (၃၃း၇)တွင်လည်း ကြည့်ပါ။

	သင်တို့က ကျွန်ုပ်ကို ပရမတ်ဘုရားအား ပုံးကွယ်ရန်၊ ကျွန်ုပ်မသိသော အရာတို့အား အရှင်နှင့် ရောပွေးကိုးကွယ်မှု ထားရန် ဖိတ်ခေါ်၏။ ကျွန်ုပ်က သင်တို့အား ဘုန်းတော်ရှင်၊ လွတ်ငြိမ်းစေသော အရှင် ဆီသို့ ဖိတ်ခေါ်၏။
၄၃။	**لَا جَرَمَ أَنَّمَا تَدْعُونَنِي إِلَيْهِ لَيْسَ لَهُ دَعْوَةٌ فِي الدُّنْيَا وَلَا فِي الْآخِرَةِ وَأَنَّ مَرَدَّنَا إِلَى اللَّهِ وَأَنَّ الْمُسْرِفِينَ هُمْ أَصْحَابُ النَّارِ۞** ဤဘဝ နောင်ဘဝအတွက် အချီးနှီးဆီသို့ ဖိတ်ခေါ်မှုဖြင့် ကျွန်ုပ်အား ဖိတ်ခေါ်ခြင်း ရာဇဝတ်မှုကိုမပြုကြနှင့် ကျွန်ုပ်၏ အပြန်ခရီးမှာ ပရမတ်ဘုရားရှင်ထံသို့သာ ဖြစ်၏။ အလွဲသုံးစားပြုသူတို့သည် အပူမီး၏ ပေါင်းဖော်များသာ ဖြစ်ကြ၏။
၄၄။	**فَسَتَذْكُرُونَ مَا أَقُولُ لَكُمْ وَأُفَوِّضُ أَمْرِي إِلَى اللَّهِ إِنَّ اللَّهَ بَصِيرٌ بِالْعِبَادِ۞** သင်တို့အား ကျွန်ုပ် ပြောသည်များကို သတိရလာလတ္တံ့၊ ကျွန်ုပ်သည် ကျွန်ုပ်၏ အရေးအရာများကို ပရမတ်ဘုရားရှင်ထံ ပုံအပ်ထား၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များကို မြင်နေသော အရှင်ဖြစ်၏။”
၄၅။	**فَوَقَاهُ اللَّهُ سَيِّئَاتِ مَا مَكَرُوا وَحَاقَ بِآلِ فِرْعَوْنَ سُوءُ الْعَذَابِ۞** သို့ဖြင့် ပရမတ်ဘုရားရှင်သည် သူ့အား ၎င်းတို့ ကြံစည်သော အကုသိုလ်များမှ ကာကွယ်ထားတော်မူ၏၊ ဖာရိုးမင်းဆက်သည် အကုသိုလ် ဝဋ်ကြွေးသို့ သက်ဆင်းလေတော့၏။
၄၆။	**النَّارُ يُعْرَضُونَ عَلَيْهَا غُدُوًّا وَعَشِيًّا وَيَوْمَ تَقُومُ السَّاعَةُ أَدْخِلُوا آلَ فِرْعَوْنَ أَشَدَّ الْعَذَابِ۞** သူတို့အတွက် အပူမီးကို မနက်စောစောနှင့် မိုးချုပ်ချိန်ထိ ဘောင်ဝင်စေ၏။ အချိန်နာရီ ရပ်တည်ရမည့် နေ့ကာလ၌ ဖာရိုးမင်းဆက်အား ပို၍ပြင်းထန်သော ဝဋ်ကြွေးထဲသို့ ဝင်စေလော့။
၄၇။	**وَإِذْ يَتَحَاجُّونَ فِي النَّارِ فَيَقُولُ الضُّعَفَاء لِلَّذِينَ اسْتَكْبَرُوا إِنَّا كُنَّا لَكُمْ تَبَعًا فَهَلْ أَنتُم مُّغْنُونَ عَنَّا نَصِيبًا مِّنَ النَّارِ۞** အပူမီးထဲ၌ စောကြောကြသည်မှာ အားနည်းသူတို့က အကြီးအကဲ ဖြစ်သူများကို “ကျွန်ုပ်တို့သည် သင်တို့၏ နောက်လိုက် ဒကာများသာ ဖြစ်၏။ သို့ဖြစ်၍ ကျွန်ုပ်တို့အတွက် အပူမီးမှ ပင်ပန်းရက်ဖျိုးမှာ သင်တို့ အတွက် ပြည့်စုံကြသလော၊” ဟု ဆိုသော်၊
၄၈။	**قَالَ الَّذِينَ اسْتَكْبَرُوا إِنَّا كُلٌّ فِيهَا إِنَّ اللَّهَ قَدْ حَكَمَ بَيْنَ الْعِبَادِ۞** အကြီးအကဲ ဖြစ်သူတို့က “ကျွန်ုပ်တို့ ကိုယ်စီ ဤအထဲ၌ ရှိနေ၏။ ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များ အကြား၌ စီရင်ထုံးပြုတော်မူလေပြီ” ဟု ဆိုကြ၏။
၄၉။	**وَقَالَ الَّذِينَ فِي النَّارِ لِخَزَنَةِ جَهَنَّمَ ادْعُوا رَبَّكُمْ يُخَفِّفْ عَنَّا يَوْمًا مِّنَ الْعَذَابِ۞** အပူမီးထဲမှ ဖြစ်သူများက ငရဲထိန်းတို့အား “ကျွန်ုပ်တို့အား ဝဋ်ကြွေးမှ တစ်ရက်မျှ ပေါ့ပါးစေရန် သင်တို့၏ ကံကြမ္မာရှင်ထံ၌ ဆုတောင်းပေးပါ၊” ဟု ဆိုသော်–
၅၀။	**قَالُوا أَوَلَمْ تَكُ تَأْتِيكُمْ رُسُلُكُم بِالْبَيِّنَاتِ قَالُوا بَلَى قَالُوا فَادْعُوا وَمَا دُعَاء الْكَافِرِينَ إِلَّا فِي ضَلَالٍ۞** ဂငး်တို့က “သင်တို့ထံသို့ ရှင်းလင်းချက်များဖြင့် သင်တို့၏ ဉာဏ်စဉ်ဆောင်များကို ပေးရောက်စေခဲ့သည် မဟုတ်လော၊” ဟု ပြန်ပြောစဉ်၊ သူတို့က “အမှန်ပင်၊” ဟု ပြောကြ၏။ ၎င်းတို့က “သို့ဖြစ်သော်– ဖုံးကွယ်သူတို့ ဆုတောင်းသော ဆုတောင်းမှုသည် လွဲချော်နေသည်သာတည်း၊” ဟု ပြန်ပြောလတ္တံ့။
၅၁။	**إِنَّا لَنَنصُرُ رُسُلَنَا وَالَّذِينَ آمَنُوا فِي الْحَيَاةِ الدُّنْيَا وَيَوْمَ يَقُومُ الْأَشْهَادُ۞** ဇကန်ပင် ငါအရှင်သည် ငါ၏ ဉာဏ်စဉ်ဆောင်များနှင့် ယုံကြည်သောသူတို့အား လောကီ ဘဝ၌ ဖြစ်စေ၊ သက်သေရပ်တည်ရမည့် နေ့ကာလ၌ ဖြစ်စေ ကူညီစောင့်မတော်မူပြီ။

၅၂။	**يَوْمَ لَا يَنفَعُ الظَّالِمِينَ مَعْذِرَتُهُمْ وَلَهُمُ اللَّعْنَةُ وَلَهُمْ سُوءُ الدَّارِ۞** ထိုနေ့ကာလ၌ အမိုက်ကောင်တို့၏ တောင်းပန်မှုသည် အကျိုးထူးမည် မဟုတ်ချေ။ သူတို့အတွက် မေတ္တာဝေးစေပြီ။ သူတို့အတွက် အကုသိုလ် ဗိမာန်သည် ရှိ၏။
၅၃။	**وَلَقَدْ آتَيْنَا مُوسَى الْهُدَى وَأَوْرَثْنَا بَنِي إِسْرَائِيلَ الْكِتَابَ۞** ငါသည် မူဆာအား လမ်းညွှန်တော်ကို ချီးမြှင့်၍၊ ဣသရေလမျိုးတို့အား ကျမ်းတော်ကို အမွေပေး၏။
၅၄။	**هُدًى وَذِكْرَى لِأُولِي الْأَلْبَابِ۞** သဘောပေါက်နိုင်စွမ်း ရှိသူတို့အတွက် လမ်းညွှန်နှင့် သတိပေးတရားတော် ဖြစ်စေ၏။
၅၅။	**فَاصْبِرْ إِنَّ وَعْدَ اللَّهِ حَقٌّ وَاسْتَغْفِرْ لِذَنبِكَ وَسَبِّحْ بِحَمْدِ رَبِّكَ بِالْعَشِيِّ وَالْإِبْكَارِ۞** သည်းခံပါရမီထားလော့၊ ပရမတ်ဘုရားရှင်၏ ကတိတော်သည် အမှန်သစ္စာဖြစ်၏။ သင်၏ အပြစ်များ အတွက် လွတ်ငြိမ်းဆုပန်လော့၊ ညဦးနှင့် မနက်ပိုင်းအချိန်၌ သင့်ကံကြမ္မာရှင်အား ရည်သန်စူးစိုက် ဦးထိပ်ထားလော့၊
၅၆။	**إِنَّ الَّذِينَ يُجَادِلُونَ فِي آيَاتِ اللَّهِ بِغَيْرِ سُلْطَانٍ أَتَاهُمْ إِن فِي صُدُورِهِمْ إِلَّا كِبْرٌ مَّا هُم بِبَالِغِيهِ فَاسْتَعِذْ بِاللَّهِ إِنَّهُ هُوَ السَّمِيعُ الْبَصِيرُ۞** သူတို့အား လုပ်ပိုင်ခွင့်များ ပေးအပ်ခြင်း မရှိဘဲလျက် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများအား စောဒကတက်သော သူများသည် သူတို့၏ ရင်ဘတ်တွင်း၌ သူတို့ မဆိုက်ရောက်နိုင်သည့် ကြီးကျယ်ခြင်းသာ ရှိ၏။ သို့ဖြစ်၍ ပရမတ် ဘုရားရှင်ဖြင့်သာ ခိုလှုံလော့၊ အရှင်သည် ကြားနေသောအရှင် မြင်နေသော အရှင် ဖြစ်၏။[၉၃၀]
၅၇။	**لَخَلْقُ السَّمَاوَاتِ وَالْأَرْضِ أَكْبَرُ مِنْ خَلْقِ النَّاسِ وَلَكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ۞** မိုးများနှင့် မြေကမ္ဘာအား ဖြစ်တည်စေခြင်းသည် လူသားအား ဖြစ်တည်စေခြင်းထက် သာလွန်ကြီးကျယ်၏၊ သို့ရာတွင် လူသား အများစုကြီးသည် သိကြသည် မဟုတ်ချေ။
၅၈။	**وَمَا يَسْتَوِي الْأَعْمَى وَالْبَصِيرُ وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَلَا الْمُسِيءُ قَلِيلًا مَّا تَتَذَكَّرُونَ۞** ကန်းနေသူနှင့် မြင်နိုင်သူသည် ဖြစ်စေ၊ ယုံကြည်လျက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသောသူနှင့် အကုသိုလ်ကောင်သည် ဖြစ်စေ မတူညီကြချေ။ အနည်းငယ်မျှပင် ဆင်ခြင်သတိ မရှိကြချေ။
၅၉။	**إِنَّ السَّاعَةَ لَآتِيَةٌ لَّا رَيْبَ فِيهَا وَلَكِنَّ أَكْثَرَ النَّاسِ لَا يُؤْمِنُونَ۞** ဇကန်ပင် အချိန်နာရီသည် ဆိုက်ရောက်လာနေ၏။ ထိုင်၌ သံသယ ဖြစ်ဘွယ်မရှိချေ။ သို့သော် လူသား အများစုကြီး သည် ယုံကြည်ကြသည် မဟုတ်ချေ။
၆၀။	**وَقَالَ رَبُّكُمُ ادْعُونِي أَسْتَجِبْ لَكُمْ إِنَّ الَّذِينَ يَسْتَكْبِرُونَ عَنْ عِبَادَتِي سَيَدْخُلُونَ جَهَنَّمَ دَاخِرِينَ۞** သင်တို့၏ ကံကြမ္မာရှင်က "ငါ့ထံ၌ ဆုတောင်းကြလော့၊ ငါသည် တုန့်ပြန်တော်မူလတ္တံ့၊ ဇကန်ပင် ငါ့အား အမှုတော် ဆောင်ရန် မာနကြီးနေသော သူတို့သည် ဝပ်တွားနှိမ့်ချလျက် ငရဲဘုံသို့ ဝင်ရလတ္တံ့၊" ဟု မိန့်ဆို၏။
၆၁။	**اللَّهُ الَّذِي جَعَلَ لَكُمُ اللَّيْلَ لِتَسْكُنُوا فِيهِ وَالنَّهَارَ مُبْصِرًا إِنَّ اللَّهَ لَذُو فَضْلٍ عَلَى النَّاسِ وَلَكِنَّ أَكْثَرَ النَّاسِ**

(၉၃၀) ဤသုတ်တော်က အလ္လာဟ်အရှင်၏ သုတ်ဒေသနာများ ဖြစ်သည့် ကျမ်းမြတ်ကုရ်အာန်အား ငြင်းဆန်ရန်အတွက် အခြားသော မအပ်မရာများကို ကိုးကားနေသူများသည်– သူတို့ဖြစ်ချင်သော သူတော်စင်များ၊ ဉာဏ်စဉ်ပွင့်လင်းမှုများကို ရင်ထဲတွင် ဆန္ဒရှိသော်လည်း မည်သည့်အခါမျှ ဆိုက်ရောက်နိုင်မည် မဟုတ်ဟု ဆိုထားပေသည်။ သို့ဖြစ်၍ လူသားတစ်ဦး အနေဖြင့် အမှန်တကယ် ဉာဏ်စဉ်ပွင့်လင်းလိုလျှင် ကျမ်းမြတ်ကုရ်အာန်ပါ ပြဋ္ဌာန်းချက် နိယာမများကို လိုက်နာဖေါ်ဆောင်ရမည် ဖြစ်သည်။

	لَا يَشْكُرُونَ۝ ပရမတ်ဘုရားရှင်သည် သင်တို့အတွက် ညအား ထိုဍ္ဌ နားနေတို့ရာ၊ နေ့အား ခွဲခြားမြင်နိုင်တို့ရာ စီစဉ်ပေးသော အရှင် ဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လူသားတို့အား သိက္ခာပေးသော အရှင် ဖြစ်၏၊ သို့သော် လူသား အများစု ကြီးသည် ကျေးဇူးမသိတတ်ချေ။
၆၂။	**ذَلِكُمُ اللَّهُ رَبُّكُمْ خَالِقُ كُلِّ شَيْءٍ لَّا إِلَهَ إِلَّا هُوَ فَأَنَّى تُؤْفَكُونَ۝** ဤသည် ပရမတ်ဘုရားရှင် သင်တို့၏ ကံကြမ္မာရှင် သဗ္ဗလုံးစုံအား ဖြစ်တည်စေသော အရှင် ဖြစ်၏။ အရှင်မှ အပ အခြား ဘုရားဟူ၍ မရှိ၊ သို့ပါလျက် သင်တို့သည် မည်သို့ လှည့်စားခံကြဦးမည်နည်း။
၆၃။	**كَذَلِكَ يُؤْفَكُ الَّذِينَ كَانُوا بِآيَاتِ اللَّهِ يَجْحَدُونَ۝** ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာတို့အား ပယ်ပစ်လေ့ရှိသူများသာ ဤသို့ လှည့်စားခံကြရကုန်၏။
၆၄။ ☆ ၂း၂၂	**اللَّهُ الَّذِي جَعَلَ لَكُمُ الْأَرْضَ قَرَارًا وَالسَّمَاء بِنَاء وَصَوَّرَكُمْ فَأَحْسَنَ صُوَرَكُمْ وَرَزَقَكُم مِّنَ الطَّيِّبَاتِ ذَلِكُمُ اللَّهُ رَبُّكُمْ فَتَبَارَكَ اللَّهُ رَبُّ الْعَالَمِينَ۝** ပရမတ်ဘုရားရှင်– အရှင်သည် သင်တို့အတွက် မြေကမ္ဘာအား အတည်ကျရာ၊ မိုးကောင်းကင်အား ထပ်ခိုးအဖြစ်☆ စီစဉ်ပေး၏။ သင်တို့အား ပုံစံချပေး၏။ အတင့်တယ်ဆုံး ပုံစံဖြစ်စေ၏။ စင်ကြယ်ရာများမှ သင်တို့အား ရိက္ခာပေး၏။ ဤသည် ပရမတ်ဘုရားရှင်– သင်တို့၏ ကံကြမ္မာရှင်ဖြစ်၏၊ လောကခပ်သိမ်း၏ ကံကြမ္မာရှင်ဖြစ်သော ပရမတ်ဘုရားရှင် သည် ကျက်သရေအပေါင်းနှင့် ပြည့်စုံ၏။
၆၅။	**هُوَ الْحَيُّ لَا إِلَهَ إِلَّا هُوَ فَادْعُوهُ مُخْلِصِينَ لَهُ الدِّينَ الْحَمْدُ لِلَّهِ رَبِّ الْعَالَمِينَ۝** အရှင်သည် နိစ္စထာဝရဖြစ်၏၊ အရှင်မှအပ အခြားဘုရားဟူ၍ မရှိချေ။ သာသနာတော်အား အရှင့်အတွက် သန့်သန့် ထား ဆုတောင်းလော့။ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်အား ရည်သန်စူးစိုက်လော့။
၆၆။	**قُلْ إِنِّي نُهِيتُ أَنْ أَعْبُدَ الَّذِينَ تَدْعُونَ مِن دُونِ اللَّهِ لَمَّا جَاءنِيَ الْبَيِّنَاتُ مِن رَّبِّي وَأُمِرْتُ أَنْ أُسْلِمَ لِرَبِّ الْعَالَمِينَ۝** ဟောလော့ ‘‘ကံကြမ္မာရှင်၏ ထံမှ ရှင်းလင်းချက်များ ကျွန်ုပ်ထံသို့ ရောက်လာစေစဉ်၊ ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့ ဆုတောင်းနေသော သူတို့အား ကိုးကွယ်ခြင်းမှ ကျွန်ုပ်အား ဟန့်တားထား၏၊ လောကခပ်သိမ်း၏ ကံကြမ္မာရှင် အတွက် ငြိမ်းချမ်းရေးပြုရန် ကျွန်ုပ်အား ညွှန်ကြား၏၊’’
၆၇။	**هُوَ الَّذِي خَلَقَكُم مِّن تُرَابٍ ثُمَّ مِن نُّطْفَةٍ ثُمَّ مِنْ عَلَقَةٍ ثُمَّ يُخْرِجُكُمْ طِفْلًا ثُمَّ لِتَبْلُغُوا أَشُدَّكُمْ ثُمَّ لِتَكُونُوا شُيُوخًا وَمِنكُم مَّن يُتَوَفَّى مِن قَبْلُ وَلِتَبْلُغُوا أَجَلًا مُّسَمًّى وَلَعَلَّكُمْ تَعْقِلُونَ۝** ထို အရှင်သည် သင်တို့အား မြေမှုန့်မှ၊ ထို့နောက် သုတ်ပိုးမှ၊ ထို့နောက် သွေးမျှော့ဥမှ၊ ဖြစ်တည်စေ၍၊ ထို့နောက် ကလေးသူငယ် အဖြစ် ထုတ်ပေးတော်မူ၏၊ ထို့နောက် အရွယ်ရောက် ရင့်ကျက်စေ၏၊ ထို့နောက် အရွယ်အို စေ၍၊ သင်တို့မှ ရှေ့အလျှင် သက်တမ်းကုန်စေသူလည်း ရှိ၏။ သတ်မှတ်ကာလ အချိန်ထိ စေ့ရောက်စေသူလည်း ရှိစေ၏၊ သင်တို့ အတွေးအခေါ်ရှိအံ့ဝှာ ဖြစ်၏။
၆၈။ ☆၃း၅၉	**هُوَ الَّذِي يُحْيِي وَيُمِيتُ فَإِذَا قَضَى أَمْرًا فَإِنَّمَا يَقُولُ لَهُ كُن فَيَكُونُ۝** ထို အရှင်သည် နိစ္စ၊ အနိစ္စကို ဖြစ်စေသောအရှင် ဖြစ်၏။ ညွှန်ကြားချက်အား ဆုံးဖြတ်ပြီးသော် ထိုအရာအား ‘‘ဖြစ်’’ ဟု မိန့်လိုက်လျှင် သို့ဖြင့် ဆင့်ကဲပြည့်စုံ ဖြစ်လာရ၏။☆

၆၉။	**أَلَمْ تَرَ إِلَى الَّذِينَ يُجَادِلُونَ فِي آيَاتِ اللَّهِ أَنَّى يُصْرَفُونَ۝** ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာတို့၌ စောဒကတက်သောသူတို့အား သင် မမြင်မိသလော၊ သူတို့သည် မည်သို့ ဘက်လှည့်နေကြသနည်း၊
၇၀။	**الَّذِينَ كَذَّبُوا بِالْكِتَابِ وَبِمَا أَرْسَلْنَا بِهِ رُسُلَنَا فَسَوْفَ يَعْلَمُونَ۝** ငါစေစားသော ငါ၏ ဉာဏ်စဉ်ဆောင်များအားဖြင့် ဖြစ်သော ကျမ်းတော်အား ငြင်းဆန်သော သူတို့သည် မကြာမီ သိကြရလတ္တံ့။
၇၁။	**إِذِ الْأَغْلَالُ فِي أَعْنَاقِهِمْ وَالسَّلَاسِلُ يُسْحَبُونَ۝** ထိုအခါ၊ သူတို့၏ ဂုတ်ပိုးနှင့် မေးစေ့များမှ ချုပ်ကိုင်လျက် တွဲလောင်းကျစေမည်မှာ–
၇၂။	**فِي الْحَمِيمِ ثُمَّ فِي النَّارِ يُسْجَرُونَ۝** ရေနွေးပူထဲသို့၊ ထို့နောက် သူတို့အား အလျှံဟုန်ဟုန် မီးထဲသို့ ဖြစ်၏။
၇၃။	**ثُمَّ قِيلَ لَهُمْ أَيْنَ مَا كُنتُمْ تُشْرِكُونَ۝** ထို့နောက် သူတို့အား မေးမြန်းမည်မှာ ‘‘သင်တို့ ရောပြွန်းကိုးကွယ်လေ့ရှိခဲ့သော အရာများသည် အဘယ်မှာနည်း၊–
၇၄။	**مِن دُونِ اللَّهِ قَالُوا ضَلُّوا عَنَّا بَل لَّمْ نَكُن نَّدْعُو مِن قَبْلُ شَيْئًا كَذَٰلِكَ يُضِلُّ اللَّهُ الْكَافِرِينَ۝** ပရမတ်ဘုရားရှင် မှလွဲ၍ အခြားများ ဖြစ်၏။’’ဟု ဖြစ်သော် သူတို့က ‘‘ကျွန်ုပ်တို့အား လွဲဖယ်သွားကြပါပြီ၊ အမှန်မှာ ကျွန်ုပ်တို့သည် ရှေ့အလျင်က မည်သည့် အရာထံမှ ဆုတောင်းခဲ့ခြင်း မရှိပါ၊’’ဟု ဆိုကြ၏။ ဤသို့ ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သူတို့အား အပါယ်သို့ရောက်စေလတ္တံ့။
၇၅။	**ذَٰلِكُم بِمَا كُنتُمْ تَفْرَحُونَ فِي الْأَرْضِ بِغَيْرِ الْحَقِّ وَبِمَا كُنتُمْ تَمْرَحُونَ۝** ထင်းမှာ သင်တို့သည် မြေကမ္ဘာ၌ သစ္စာမဲ့စွာ အပြုံးလျှက်ရှိခြင်း၊ သင်တို့၏ ပမာမခန့်ပြုခြင်းများကြောင့်ပင်။
၇၆။	**ادْخُلُوا أَبْوَابَ جَهَنَّمَ خَالِدِينَ فِيهَا فَبِئْسَ مَثْوَى الْمُتَكَبِّرِينَ۝** ငရဲဘုံအား တံခါးပေါက်များမှ ဝင်ကြလော့၊ မာနကြီးနေသူများ အတွက် အမင်္ဂလာ တည်းခိုရာရှိ၏။ ထို၌ အစဉ်ခံစားလော့။[၉၃၀]
၇၇။	**فَاصْبِرْ إِنَّ وَعْدَ اللَّهِ حَقٌّ فَإِمَّا نُرِيَنَّكَ بَعْضَ الَّذِي نَعِدُهُمْ أَوْ نَتَوَفَّيَنَّكَ فَإِلَيْنَا يُرْجَعُونَ۝** သင်သည် သည်းခံပါရမီထားလော့၊ ပရမတ်ဘုရားရှင်၏ ကတိတော်သည် သစ္စာတစ်ရပ် ဖြစ်၏။ သူတို့အတွက် ထားသော ကတိမှ အချို့အား သင့်အား ပြသသည် ဖြစ်စေ၊ သို့မဟုတ် သင့်အား သက်တမ်းကုန်စေသည် ဖြစ်စေ၊ သူတို့သည် ငါ့ထံသို့သာ ဦးလှည့်ပြန်ခဲ့ရမည်သာတည်း။
၇၈။	**وَلَقَدْ أَرْسَلْنَا رُسُلًا مِّن قَبْلِكَ مِنْهُم مَّن قَصَصْنَا عَلَيْكَ وَمِنْهُم مَّن لَّمْ نَقْصُصْ عَلَيْكَ وَمَا كَانَ لِرَسُولٍ أَنْ يَأْتِيَ بِآيَةٍ إِلَّا بِإِذْنِ اللَّهِ فَإِذَا جَاء أَمْرُ اللَّهِ قُضِيَ بِالْحَقِّ وَخَسِرَ هُنَالِكَ الْمُبْطِلُونَ۝** သင့်ရှေ့အလျှင် ဉာဏ်စဉ်ဆောင်များကို ငါ မုချ စေစားခဲ့ပြီ။ သူတို့မှ သင့်အား ဖေါ်ပြသည်လည်း ရှိ၏။ သူတို့မှ သင့်အား မဖေါ်ပြသည်လည်း ရှိ၏။ ပရမတ်ဘုရားရှင်က ခွင့်မပြုဘဲ မည်သည့် ဉာဏ်စဉ်ဆောင်မျှ သုတ်ဒေသနာ

(၉၃၀) ငရဲသို့ ဝင်သော အပေါက်၊ နိဗ္ဗာန်သို့ ဝင်သော အပေါက်များ ဆိုသည်မှာ မိမိတို့၏ ကျင့်ကြံထားထုတ်မှု သော့ချက်ကြောင့် ဝင်ရောက်နိုင်သော အပေါက်များ– လမ်းများကို ဆိုလိုခြင်း ဖြစ်ပေသည်။ ငရဲနှင့် နိဗ္ဗာန်တို့သည် ခြံစည်းရိုးခပ်ထားသော နယ်နမိတ်များဖြင့် ပိုင်းခြားထားသည် ဟုလည်းကောင်း၊ အပေါက်များမှ ဝင်ရသော အဆောက်အဦး ပြဿဒ်ကြီးဟုလည်းကောင်း မမြင်ယောင်သင့်ပေ။

	တစ်ပါးကို ပေးရောက်စေနိုင်ခြင်း မရှိချေ။ ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက် ရောက်လာသောအခါ၊ ၎င်းကို မှန်ကန်ညီညွတ်စွာ ဆုံးဖြတ်ပေး၏။ မိစ္ဆာဒိဋ္ဌိတို့သည် ဆုံးရှုံးနစ်နာရလတ္တံ့။
၇၉။	**اللَّهُ الَّذِي جَعَلَ لَكُمُ الْأَنْعَامَ لِتَرْكَبُوا مِنْهَا وَمِنْهَا تَأْكُلُونَ۝** ပရမတ်ဘုရားရှင်သည် ကပ္ပိယတိရိစ္ဆာန်များအား စီစဉ်ပေးသော အရှင်ဖြစ်၏။ ထိုမှ သင်တို့ စီးနင်းရန်၊ ထိုမှ သင်တို့ စားသုံးရန် ဖြစ်စေ၏။
၈၀။	**وَلَكُمْ فِيهَا مَنَافِعُ وَلِتَبْلُغُوا عَلَيْهَا حَاجَةً فِي صُدُورِكُمْ وَعَلَيْهَا وَعَلَى الْفُلْكِ تُحْمَلُونَ۝** ထိုမှ သင်တို့အတွက် အကျိုးကျေးဇူးများလည်း ရှိစေ၏။ ၎င်းတို့သည် သင်တို့၏ ရင်းတွင်းဆန္ဒ တပ်မက်ရာများကိုလည်း ဆိုက်ရောက်စေ၏။ ၎င်းတို့၏ အပေါ်၌၎၊ သင်္ဘောများ၏ အပေါ်၌ ဝန်တင်ဆောင်နိုင်ကြ၏။
၈၁။	**وَيُرِيكُمْ آيَاتِهِ فَأَيَّ آيَاتِ اللَّهِ تُنكِرُونَ۝** အရှင်သည် သင်တို့အား အရှင်၏ သုတ်ဒေသနာများကို ပြသတော်မူ၏။ ပရမတ်ဘုရားရှင်၏ မည်သည့် သုတ်ဒေသနာတော်အား သင်တို့ အကျွမ်းမဝင်လိုဖြစ်အံ့နည်း။
၈၂။	**أَفَلَمْ يَسِيرُوا فِي الْأَرْضِ فَيَنظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ مِن قَبْلِهِمْ كَانُوا أَكْثَرَ مِنْهُمْ وَأَشَدَّ قُوَّةً وَآثَارًا فِي الْأَرْضِ فَمَا أَغْنَى عَنْهُم مَّا كَانُوا يَكْسِبُونَ۝** သူတို့သည် မြေကမ္ဘာအား လှည့်ပတ်သွားလာ၍ သူတို့၏ ရှေ့အလျင် ဖြစ်သူများ နိဂုံး မည်သို့ ချုပ်ရသည်ကို မကြည့်ကြသလော၊ သူတို့သည် ၎င်းတို့ထက် ပိုမိုများပြား၏၊ အစွမ်း ပို၍ သန်မာ၏၊ မြေကမ္ဘာ၌ အစဉ်အလာ ပိုရှိခဲ့၏။ သို့သော် သူတို့၏ ကျင့်ဆောင်လေ့ရှိသည်များမှာ သူတို့အတွက် ပြည့်စုံမှု မရှိချေ။
၈၃။	**فَلَمَّا جَاءتْهُمْ رُسُلُهُم بِالْبَيِّنَاتِ فَرِحُوا بِمَا عِندَهُم مِّنَ الْعِلْمِ وَحَاقَ بِهِم مَّا كَانُوا بِهِ يَسْتَهْزِؤُونَ۝** သူတို့ထံသို့ သူတို့၏ ဉာဏ်စဉ်ဆောင်များသည် ရှင်းလင်းချက်များဖြင့် ရောက်လာစဉ်၊ သူတို့သည် သူတို့ထံ၌ ရှိသော အသိပညာ၌သာ အူမြူးနေခဲ့ကြ၏။ သူတို့၏ ပြောင်လှောင်လေ့ရှိရာများက သူတို့အား ပိတ်ဖုံးထားလေပြီ။
၈၄။	**فَلَمَّا رَأَوْا بَأْسَنَا قَالُوا آمَنَّا بِاللَّهِ وَحْدَهُ وَكَفَرْنَا بِمَا كُنَّا بِهِ مُشْرِكِينَ۝** အမင်္ဂလာကို မြင်ရသောအခါ၊ သူတို့က ‘‘တပည့်တော်တို့သည် ပရမတ်ဘုရားရှင် တစ်ပါးတည်းကိုသာ ယုံကြည်ပါပြီ၊ တပည့်တော်တို့ ရောပြွန်းကိုးကွယ်လေ့ရှိရာများကို ဖုံးကွယ်ပစ်ပယ်ပါပြီ၊’’ဟု ဆိုကြ၏။
၈၅။	**فَلَمْ يَكُ يَنفَعُهُمْ إِيمَانُهُمْ لَمَّا رَأَوْا بَأْسَنَا سُنَّتَ اللَّهِ الَّتِي قَدْ خَلَتْ فِي عِبَادِهِ وَخَسِرَ هُنَالِكَ الْكَافِرُونَ۝** ငါထံတော်မှ အမင်္ဂလာသက်စေခြင်းအား မြင်ရသော အခါမှ ယုံကြည်ခြင်းသည် သူတို့အတွက် အကျိုးမရှိတော့ပေ။ ၎င်းသည် အရှင်၏ အမှုတော်ဆောင်များ အတွက် ပရမတ်ဘုရားရှင်က ယခင်ကပင် သတ်မှတ်ပြီး နိယာမဖြစ်၏။ ယင်းသို့ ဖုံးကွယ်မှောင်ချသူတို့အား ဆုံးရှုံးရစေ၏။

ဓမ္မခန္ဓာ (၄၁) “အသေးစိတ်ရှင်းလင်းချက်” (ဖိုင်ဆွလာဟ်)

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၆၁။ သုတ်ဒေသနာ– ၅၄ ပါး။

ဤဓမ္မခန္ဓာ၏ အမည်အား ဟာမင် ဟုလည်း ခေါ်တွင်သည်။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။ ☆၄၀း၁	**حم**۞ ဟာ မင်၊☆
၂။	**تَنزِيلٌ مِّنَ الرَّحْمَنِ الرَّحِيمِ**۞ ကရုဏာရှင်၊ အကြင်နာရှင်၏ ထံမှ ချမှတ်ပေးသော–
၃။	**كِتَابٌ فُصِّلَتْ آيَاتُهُ قُرْآنًا عَرَبِيًّا لِّقَوْمٍ يَعْلَمُونَ**۞ ကျမ်းတော်သည် အသိပညာရှိသော လူမျိုးအတွက် သုတ်ဒေသနာများကို ရှင်းလင်းဆုံးဖြတ်သည့် အာရဗီကုရ်အာန် ဖြစ်၍–
၄။	**بَشِيرًا وَنَذِيرًا فَأَعْرَضَ أَكْثَرُهُمْ فَهُمْ لَا يَسْمَعُونَ**۞ သတင်းကောင်းနှင့် သတိပေးချက် ဖြစ်၏။ သို့သော် သူတို့မှ အများစုသည် ဘောင်ကန့်ထားလျှက်၊ မကြားနာကြချေ။
၅။	**وَقَالُوا قُلُوبُنَا فِي أَكِنَّةٍ مِّمَّا تَدْعُونَا إِلَيْهِ وَفِي آذَانِنَا وَقْرٌ وَمِن بَيْنِنَا وَبَيْنِكَ حِجَابٌ فَاعْمَلْ إِنَّنَا عَامِلُونَ**۞ သူတို့က “ကျွန်ုပ်တို့၏ နှလုံးသားများကို သင်၏ ဖိတ်ခေါ်ခြင်း–ထိုမှ ကွယ်ကာထား၏၊ ကျွန်ုပ်တို့၏ နားများ၌ လေးလံနေ၏၊ ကျွန်ုပ်တို့နှင့် သင်၏ကြား၌ စည်းခြားမှု ရှိနေ၏။ သင်ကျင့်ကြံလော့၊ ကျွန်ုပ်တို့လည်း ကျင့်ကြံသူများ ဖြစ်၏၊”ဟု ဆိုကြ၏။
၆။	**قُلْ إِنَّمَا أَنَا بَشَرٌ مِّثْلُكُمْ يُوحَى إِلَيَّ أَنَّمَا إِلَهُكُمْ إِلَهٌ وَاحِدٌ فَاسْتَقِيمُوا إِلَيْهِ وَاسْتَغْفِرُوهُ وَوَيْلٌ لِّلْمُشْرِكِينَ**۞ ဟောလော့ “ကျွန်ုပ်သည် သင်တို့ကဲ့သို့ လူပုဂ္ဂိုလ်သာ ဖြစ်၏၊ သင်တို့၏ ဘုရားရှင်သည် တစ်ပါးတည်းသော ဘုရားရှင် ဖြစ်ကြောင်း ကျွန်ုပ်ထံသို့ အာရုံစျာန်ဖြစ်စေ၏။ သို့ဖြစ်၍ အရှင့်အတွက် ရပ်တည်ချက်ရှိလော့၊ လွှတ်ငြိမ်းဆုပန်လော့။ ပျက်စီးရမည့် ရောပြွန်းကိုးကွယ်သူများမှာ–
၇။	**الَّذِينَ لَا يُؤْتُونَ الزَّكَاةَ وَهُم بِالْآخِرَةِ هُمْ كَافِرُونَ**۞ သူတို့သည် အခွန်ငွေဖြူ မပေးဆောင်ကြ၊ နောင်ဘဝ အကြောင်းကိုလည်း ဗုံးကွယ်မှောင်ချထားသူများ ဖြစ်ကြ၏။
၈။	**إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُمْ أَجْرٌ غَيْرُ مَمْنُونٍ**۞ ကောန်ပင် ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသောသူ၊ ထိုသူတို့အတွက် မျက်နှာမပျက်ရသော အကျိုးဆုလဒ်သည် ရှိ၏။”

၉။	**قُلْ أَئِنَّكُمْ لَتَكْفُرُونَ بِالَّذِي خَلَقَ الْأَرْضَ فِي يَوْمَيْنِ وَتَجْعَلُونَ لَهُ أَندَادًا ذَٰلِكَ رَبُّ الْعَالَمِينَ۞** ဟောလော့ ‘‘သင်တို့သည် မြေကမ္ဘာအား ကာလနှစ်ခုအတွင်း ဖြစ်တည်စေသော အရှင်ကို ဖုံးကွယ်ထားကြ၍၊ အရှင်နှင့် ဂိုဏ်တုပြိုင်ဘက်များကို စီစဉ်ကြသလော၊ အရှင်သည်ကား လောကခပ်သိမ်း၏ ကံကြမ္မာရှင် ဖြစ်၏။
၁၀။	**وَجَعَلَ فِيهَا رَوَاسِيَ مِن فَوْقِهَا وَبَارَكَ فِيهَا وَقَدَّرَ فِيهَا أَقْوَاتَهَا فِي أَرْبَعَةِ أَيَّامٍ سَوَاءً لِّلسَّائِلِينَ۞** မေးမြန်းတောင်းဆိုသူတို့ အတွက်၊ အလားတူ ဟန်ချက်ညီ ကာလ လေးခုအတွင်း တိုက်ကြိုးများကို မြေမျက်နှာပေါ်၌ စီစဉ်ပေး၏၊ ၎င်းအား ကျက်သရေရှိစေ၍၊ ထို၌ အစားအစာများကို စည်းချိန်ချပေး၏။[၉၃၂]
၁၁။ ☆၂း၂၉	**ثُمَّ اسْتَوَى إِلَى السَّمَاءِ وَهِيَ دُخَانٌ فَقَالَ لَهَا وَلِلْأَرْضِ ائْتِيَا طَوْعًا أَوْ كَرْهًا قَالَتَا أَتَيْنَا طَائِعِينَ۞** တဖန်☆ အလားတူပင် အခိုးအငွေ့ဖြစ်သော ကောင်းကင်ယံသို့၊ ၎င်းနှင့် မြေကမ္ဘာအား ‘‘သဘောတူသည် ဖြစ်စေ၊ သဘောမတူသည် ဖြစ်စေ အတူလာကြလော့၊’’ဟု မိန့်သော် ၎င်းတို့က ‘‘တပည့်တော်တို့ သဘောတူလျက် လာပါပြီ၊’’ဟု လျှောက်တင်၏။[၉၃၃]
၁၂။ မီးလုံးများ	**فَقَضَاهُنَّ سَبْعَ سَمَاوَاتٍ فِي يَوْمَيْنِ وَأَوْحَى فِي كُلِّ سَمَاءٍ أَمْرَهَا وَزَيَّنَّا السَّمَاءَ الدُّنْيَا بِمَصَابِيحَ وَحِفْظًا ذَٰلِكَ تَقْدِيرُ الْعَزِيزِ الْعَلِيمِ۞** သို့ဖြင့် အရှင်သည် အာကာခုနစ်ဆက်အား ကာလနှစ်ခုအတွင်း အပြီးသတ်စေ၏။ အာကာ တစ်ခုစီအား သူ၏ အရေးအရာတို့အတွက် အာရုံဖြစ်စေ၏။ လောကီ ကောင်းကင်ယံအား **စတင်တောက်ပမှုများ**ဖြင့် ဖမ်းစားထားစေ၍၊ စောင့်ရှောက်ထား၏။ ယင်းသည် ဘုန်းတော်ရှင် သိနေသော အရှင်၏ စည်းချိန်ချမှတ်မှုပင်တည်း။[၉၃၄]
၁၃။ ☆၂း၅၅	**فَإِنْ أَعْرَضُوا فَقُلْ أَنذَرْتُكُمْ صَاعِقَةً مِّثْلَ صَاعِقَةِ عَادٍ وَثَمُودَ۞** အကယ်၍ ဘောင်ကန့်ထားကြလျှင် ဟောလော့ ‘‘ကျွန်ုပ်သည် သင်တို့အား သမု–ဒ်နှင့် အာ့ဒ်တို့ကို ထိသော တော်လည်းသံကြီး☆ကဲ့သို့ တော်လည်းသံကြီးအကြောင်း သတိပေးခြင်းသာ ဖြစ်၏။–
၁၄။	**إِذْ جَاءَتْهُمُ الرُّسُلُ مِن بَيْنِ أَيْدِيهِمْ وَمِنْ خَلْفِهِمْ أَلَّا تَعْبُدُوا إِلَّا اللَّهَ قَالُوا لَوْ شَاءَ رَبُّنَا لَأَنزَلَ مَلَائِكَةً فَإِنَّا بِمَا أُرْسِلْتُم بِهِ كَافِرُونَ۞** သူတို့ထံသို့ သူတို့၏ လက်ရှိ–မျက်မှောက် သူတို့၏ နောက်မှ ဉာဏ်စဉ်ဆောင်များ ရောက်လာ၍ ‘‘ပရမတ်ဘုရားရှင်မှ

---

(၉၃၂) မြေကမ္ဘာနှင့် အာကာသအား ကာလ ခြောက်ခုဖြင့် ဖြစ်တည်စေသည် ဂုဒ္ဓ၊ ၁၀း၃ တွင် ဆိုခဲ့ပေသည်၊ ဤသုတ်တော်တွင် ထိုသို့ ဖြစ်တည်စေခြင်းကို ထပ်ဆင့်ရှင်းလင်းသည်မှာ မြေကမ္ဘာနှင့် ၎င်းမြေပေါ်၌ တိုက်ကြိုးများကို နေရာချ စီစဉ်ခြင်း၊ သက်ရှိသက်မဲ့များ အတွက် အစားအစာ ရိက္ခာများ ဖြစ်တည်စေရန် စည်းချိန်ချပေးခြင်း စသည့် အဆင့်များ အတွက် ကာလ လေး ခု ဟု ဖေါ်ပြသည်။ သုတ်တော် ၁၀ တွင် ထိုမြေကမ္ဘာအား စီစဉ်ပေးမှု အစမှ အဆုံးထိ ပြန်လည်တင်ပြထားသောကြောင့် သုတ်တော် အမှတ် ၉ မှ ပြောသော ကာလ နှစ်ခုသည်– သုတ်တော် ၁၀ မှ ကာလ လေး ခု အတွင်းမှ ဖြစ်သည်။ သုတ်တော် ၉ နှင့် ၁၀ ပေါင်း၍ ကာလ ၆ ခုဟု ရေတွက်၍ မရပေ။ သုတ်တော် ၁၂ တွင် မြေကမ္ဘာနှင့် ဆက်စပ်သော အာကာသ အား ဖြစ်တည်စေမှုမှာ ကာလ နှစ်ခု ဖြစ်သည်။ ထို့ကြောင့် မြေကမ္ဘာ၊ မြေကမ္ဘာအတွင်း၊ ကမ္ဘာဂြိုလ်၏ ဝန်းကျင် မိသားစုအား ဖြစ်တည်မှုမှာ စုစုပေါင်း ကာလ ၆ ခု ဖြစ်သည်။

(၉၃၃) အာကာသ မိုးကောင်းကင်သည် အခိုးအငွေ့ ဖြစ်သည်ဟု ကျမ်းတော်က ဆိုပေသည်။ မိုးမြေစကြာဝဠာသည် နာခံလိုသည် ဖြစ်စေ၊ မလိုသည် ဖြစ်စေ အတူလာကြလော့ ဆိုသည်မှာ လောကနိယာမကို မဖြစ်မနေ လိုက်နာရမည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ တနည်းအားဖြင့် စကြာဝဠာ အနန္တသည် ပြဋ္ဌာန်းထားသော နိယာမ အတိုင်းသာလျှင် လိုက်နာလည်ပတ်နေရပေသည်၊ ထိုအချက်က ပြဋ္ဌာန်းရှင် အလွှာဟ် ရှိနေကြောင်းကို ခိုင်လုံသော သက်သေပင် ဖြစ်ပေသည်။

(၉၃၄) အာကာ ခုနစ်ဆက် ဆိုသည်မှာ ကမ္ဘာဂြိုလ်ကဲ့သို့ မြောက်များစွာသော ဂြိုလ်များ ဖြစ်ကြောင်း ၂း၂၉ တွင် ရှင်းခဲ့ပြီး ဖြစ်သည်။ ထိုဂြိုလ်သားကိုယ်ထည်တို့၏ ဖြစ်တည်မှုကာလသည် ကမ္ဘာဂြိုလ်အား သုတ်တော် ၉ တွင် ပြောသကဲ့သို့ ကာလနှစ်ခု အတွင်း ဖြစ်တည်စေခြင်းပင်။ ဤသုတ်တော်တွင် ဖေါ်ပြသော – مَصَابِيحَ စတင်တောက်ပမှုများ ဆိုသည်မှာ– မရှိခဲ့ရာမှ စတင်ဖြစ်တည်ခြင်း– အလင်းရောင်အား မိမိမှ စတင်ခြင်း ဟု အနက်ပေးသည် ရင်းမြစ် ح ب ص **ဆွဗဟ** မှ ဆင့်ပွားလာခြင်းဖြစ်သည်။ စကြာဝဠာအတွင်းမှ အခြားသော နေများကို ပြောဆိုခြင်း ဖြစ်သည်။

☆၂၂၀	အပ အခြား မကိုးကွယ်ကြကုန်နှင့်၊''ဟု ဆိုသော်၊ သူတို့က ''ကံကြမ္မာရှင်၏ စံချိန်ပြည့်မှီသော် နတ်ဒေဝတာများကို တာဝန်ချပေးလတ္တံ့၊☆ သို့ဖြစ်၍ သင်တို့အား စေစားခြင်း၌ ငြင်းပယ်ဖုံးကွယ်သူများမှာ ကျွန်ုပ်တို့ ဖြစ်၏။''ဟု ဆိုကြ၏။
၁၅။	**فَأَمَّا عَادٌ فَاسْتَكْبَرُوا فِي الْأَرْضِ بِغَيْرِ الْحَقِّ وَقَالُوا مَنْ أَشَدُّ مِنَّا قُوَّةً أَوَلَمْ يَرَوْا أَنَّ اللَّهَ الَّذِي خَلَقَهُمْ هُوَ أَشَدُّ مِنْهُمْ قُوَّةً وَكَانُوا بِآيَاتِنَا يَجْحَدُونَ۝**
	အာဒ်တို့မူကား မြေကမ္ဘာ၌ သစ္စာမဲ့စွာဖြင့် မောက်မာမန်တက်ကြ၍၊ ''ကျွန်ုပ်တို့ထက် မည်သူက ပို၍ အစွမ်းသတ္တိသန်မာနိုင်အံ့နည်း''ဟု ဆိုကြ၏။ သူတို့အား ဖြစ်တည်စေသော ပရမတ်ဘုရားရှင်သည် သူတို့ထက် သာလွန်အစွမ်းသတ္တိ ပို၍ သန်မာတော်မူသည်ကို သူတို့ မမြင်ကြသလော၊ သူတို့သည်ကား ငါ၏ သုတ်ဒေသနာများကို ပယ်ပစ်လေ့ရှိကြကုန်၏။
၁၆။	**فَأَرْسَلْنَا عَلَيْهِمْ رِيحًا صَرْصَرًا فِي أَيَّامٍ نَّحِسَاتٍ لِّنُذِيقَهُمْ عَذَابَ الْخِزْيِ فِي الْحَيَاةِ الدُّنْيَا وَلَعَذَابُ الْآخِرَةِ أَخْزَى وَهُمْ لَا يُنصَرُونَ۝**
	အပူလိုင်းဖြတ်သည့် နေ့များ၌ ဒေါသကြီးနေသော လေကို ငါ စေပို့တော်မူ၏။ ဤလောကီဘဝ၌ သူတို့အား အရှက်ရခြင်း ဝဋ်ကြွေးကို မြည်းစမ်းရစေရန် ဖြစ်၏။ နောင်ဘဝရှိ ဝဋ်ကြွေးသည် ပိုမိုအရှက်ရစရာ ဖြစ်စေ၏။ သူတို့သည် ကူညီခံရမည် မဟုတ်ချေ။
၁၇။	**وَأَمَّا ثَمُودُ فَهَدَيْنَاهُمْ فَاسْتَحَبُّوا الْعَمَى عَلَى الْهُدَى فَأَخَذَتْهُمْ صَاعِقَةُ الْعَذَابِ الْهُونِ بِمَا كَانُوا يَكْسِبُونَ۝**
	သမု–ဒ်တို့မှာမူ၊ ငါသည် သူတို့အား လမ်းညွှန်တော် မူသော်လည်း၊ သူတို့သည်ကား လမ်းညွှန်ထက် အကန်းဘဝကို ပိုမို ချစ်ခင်စုံမက်၏၊ သူတို့၏ ကျင့်ဆောင်လေ့ရှိသည်များကြောင့် သူတို့အား နိမ့်ကျသော ဝဋ်ကြွေး တော်လည်းသံကြီးဖြင့် အရေးယူခြင်းခံရပြီ။
၁၈။	**وَنَجَّيْنَا الَّذِينَ آمَنُوا وَكَانُوا يَتَّقُونَ۝**
	ယုံကြည်သော သူများနှင့် စည်းစောင့်လေ့ရှိသူတို့အား ငါ လွတ်မြောက်စေတော်မူ၏။
၁၉။	**وَيَوْمَ يُحْشَرُ أَعْدَاء اللَّهِ إِلَى النَّارِ فَهُمْ يُوزَعُونَ۝**
	ပရမတ်ဘုရားရှင်အား စည်းဖေါက်သူတို့ကို အပူမီးဆီသို့ စုစည်းစေသော နေ့၌ သူတို့အား ရာထူးများသတ်မှတ်လတ္တံ့၊
၂၀။	**حَتَّى إِذَا مَا جَاؤُوهَا شَهِدَ عَلَيْهِمْ سَمْعُهُمْ وَأَبْصَارُهُمْ وَجُلُودُهُمْ بِمَا كَانُوا يَعْمَلُونَ۝**
	ထိုအချိန်၌ သူတို့၏ အကြား၊ သူတို့၏ အမြင်နှင့် သူတို့၏ အရေပြားတို့အား သူတို့နှင့် ဆန့်ကျင်လျက် သူတို့ ကျင့်ကြံလေ့ရှိခဲ့သမျှကို သက်သေအဖြစ် ရောက်လာစေ၏။
၂၁။	**وَقَالُوا لِجُلُودِهِمْ لِمَ شَهِدتُّمْ عَلَيْنَا قَالُوا أَنطَقَنَا اللَّهُ الَّذِي أَنطَقَ كُلَّ شَيْءٍ وَهُوَ خَلَقَكُمْ أَوَّلَ مَرَّةٍ وَإِلَيْهِ تُرْجَعُونَ۝**
	သူတို့က သူတို့၏ အရေပြားတို့အား ''အဘယ်ကြောင့် သင်တို့က ကျွန်ုပ်တို့၏ ဆန့်ကျင် သက်သေဖြစ်ကြသနည်း၊'' ဟု မေးသော်၊ ၎င်းတို့က ''သဗ္ဗလုံးစုံအား စကားပြောစေသော ပရမတ်ဘုရားရှင်က ကျွန်ုပ်တို့အား စကားပြောစေပြီ၊ အရှင်သည် သင်တို့အား ပထမ အကြိမ် ဖြစ်တည်စေခဲ့ပြီ၊ အရှင့်ထံသို့သာ ဦးလှည့်ပြန်လတ္တံ့၊''ဟု ပြန်ပြောကြ၏။
၂၂။	**وَمَا كُنتُمْ تَسْتَتِرُونَ أَنْ يَشْهَدَ عَلَيْكُمْ سَمْعُكُمْ وَلَا أَبْصَارُكُمْ وَلَا جُلُودُكُمْ وَلَكِن ظَنَنتُمْ أَنَّ اللَّهَ لَا يَعْلَمُ كَثِيرًا مِّمَّا تَعْمَلُونَ۝**
	သင်တို့သည် သင်တို့၏ အကြားအာရုံ၊ သင်တို့၏ အမြင်အာရုံ၊ သင်တို့၏ အရေပြားများက သင်တို့အား ဆန့်ကျင်

	သက်သေခံခြင်းမှ မပုန်းကွယ်နိုင်ခဲ့ချေ။ သင်တို့၏ ကျင့်ကြံမှု အများစုကို ပရမတ်ဘုရားရှင်က မသိနိုင်ဟုစဉ်းစားခဲ့ကြ၏။
၂၃။	**وَذَٰلِكُمْ ظَنُّكُمُ الَّذِي ظَنَنتُم بِرَبِّكُمْ أَرْدَاكُمْ فَأَصْبَحْتُم مِّنَ الْخَاسِرِينَ۞** ဤသို့ သင်တို့၏ ကံကြမ္မာရှင်အပေါ် စဉ်းစားသည့် သင်တို့၏ စဉ်းစားချက်က သင်တို့အား ကျရှုံးစေပြီ။ သင်တို့သည် ဆုံးရှုံးရသူတို့၏ ဘောင်မှ ဖြစ်လာရ၏။
၂၄။	**فَإِن يَصْبِرُوا فَالنَّارُ مَثْوًى لَّهُمْ وَإِن يَسْتَعْتِبُوا فَمَا هُم مِّنَ الْمُعْتَبِينَ۞** သို့ဖြင့် သူတို့သည် ဇွဲနဲပဲကြီးသော်လည်း အပူမီးသည် သူတို့အတွက် တည်းခိုရာ ဖြစ်တော့၏။ အယူခံလျှောက်သော်လည်း သူတို့သည် အယူခံခွင့်ရှိသူများမှ မဟုတ်ချေ။
၂၅။ ☆ ဖေး၁၀၀	**وَقَيَّضْنَا لَهُمْ قُرَنَاء فَزَيَّنُوا لَهُم مَّا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَحَقَّ عَلَيْهِمُ الْقَوْلُ فِي أُمَمٍ قَدْ خَلَتْ مِن قَبْلِهِم مِّنَ الْجِنِّ وَالْإِنسِ إِنَّهُمْ كَانُوا خَاسِرِينَ۞** ငါသည် သူတို့အတွက် သူတို့၏ လက်ရှိ–မျက်မှောက် သူတို့၏ နောက်မှ ဖမ်းစားနိုင်သော အဆက်အနွယ်များကို အလုပ်ပေးထား၏၊ သူတို့၏ ရှေ့အလျှင် လွန်လေပြီးသော ပုတ္တဇဉ်နှင့်☆ လူသားတို့မှ အသိုင်းအဝိုင်းတို့ကဲ့သို့ သူတို့အပေါ်၌ တရားတော်မှာ အမှန် ဖြစ်ချေပြီ။ သူတို့သည် ဆုံးရှုံးရသူတို့ပင် ဖြစ်၏။
၂၆။	**وَقَالَ الَّذِينَ كَفَرُوا لَا تَسْمَعُوا لِهَٰذَا الْقُرْآنِ وَالْغَوْا فِيهِ لَعَلَّكُمْ تَغْلِبُونَ۞** ဖုံးကွယ်သော သူတို့က "ဤကုရ်အာန်ကျမ်းကို နားမထောင်ကြနှင့်၊ သင်တို့ အနိုင်ယူနိုင်အံ့ဒှာ ပွစိပွစိလုပ်ကြလော့၊" ဟု ဆို၏။(၉၃)
၂၇။	**فَلَنُذِيقَنَّ الَّذِينَ كَفَرُوا عَذَابًا شَدِيدًا وَلَنَجْزِيَنَّهُمْ أَسْوَأَ الَّذِي كَانُوا يَعْمَلُونَ۞** သို့ဖြစ်၍ ငါသည် ဖုံးကွယ်သော သူတို့အား ပြင်းထန်သော ဝဋ်ကြွေးကို မုချ မြည်းစမ်းစေလွှဲ၊ အကုသိုလ်အဖြစ်ဆုံးကျင့်ကြံမှုများ ရှိခဲ့ခြင်းကိုလည်း အစားပေးလတ္တံ့။
၂၈။	**ذَٰلِكَ جَزَاء أَعْدَاء اللَّهِ النَّارُ لَهُمْ فِيهَا دَارُ الْخُلْدِ جَزَاء بِمَا كَانُوا بِآيَاتِنَا يَجْحَدُونَ۞** ဤသည် စည်းဖေါက်သူများအတွက် ပရမတ်ဘုရားရှင်၏ အစားပေးမှုပင် ဖြစ်၏။ အပူမီး– ၎င်းသည် သူတို့အတွက် ထာဝရခံစားရန် ဗိမာန်သာဖြစ်၍၊ ငါ၏ သုတ်ဒေသနာများကို ပယ်ပစ်လေ့ရှိသောကြောင့် အစားပေးမှုဖြစ်၏။
၂၉။	**وَقَالَ الَّذِينَ كَفَرُوا رَبَّنَا أَرِنَا الَّذَيْنِ أَضَلَّانَا مِنَ الْجِنِّ وَالْإِنسِ نَجْعَلْهُمَا تَحْتَ أَقْدَامِنَا لِيَكُونَا مِنَ الْأَسْفَلِينَ۞** ဖုံးကွယ်သော သူတို့က "အို– ကံကြမ္မာရှင်၊ ပုတ္တဇဉ်နှင့် လူသားတို့မှ တပည့်တော်တို့အား လမ်းလွဲစေခဲ့သော သူတို့အား ပြပေးတော်မူပါ၊ သူတို့အား တပည့်တော်တို့၏ ခြေဖဝါးအောက် အနိမ့်ဆုံးသို့ ဖြစ်ရန် စီစဉ်ပါမည်၊" ဟု ဆိုကြ၏။
၃၀။	**إِنَّ الَّذِينَ قَالُوا رَبُّنَا اللَّهُ ثُمَّ اسْتَقَامُوا تَتَنَزَّلُ عَلَيْهِمُ الْمَلَائِكَةُ أَلَّا تَخَافُوا وَلَا تَحْزَنُوا وَأَبْشِرُوا بِالْجَنَّةِ الَّتِي كُنتُمْ تُوعَدُونَ۞**

(၉၃) ကျမ်းမြတ်ကုရ်အာန်သည် ပုံပြင်များ ဒဏ္ဍာရီများကို လုံးဝ အားမပေးချေ။ ကျမ်းတော်တွင် ယုတ္တိဗေဒနှင့် လူသားအကျိုးပြု အဆုံးအမများကိုသာ သွန်သင် တင်ပြထားသောကြောင့် လေ့လာသူ၊ ကြားနာသူအားလုံးအတွက် အကျိုးရှိပေသည်။ ထိုအခါ ထိုလေ့လာသူများ ကြားနာသူများသည် အကျိုးရှိသော တရားကို စွန့်ပစ်နိုင်ခြင်း မရှိဘဲ လက်ခံလာရပေသည်။ ထိုအချင်းအရာကို သိသော ဖုံးကွယ်မှောင်ချသည့် သူများက ကျမ်းမြတ်ကုရ်အာန်ဘက်သို့ လူသားများ ယိမ်းယိုင် မသွားစေရန်၊ ကျမ်းတော်အား နားမထောင်ရန် သို့မဟုတ် ကျမ်းတော်ပါ စာတစ်ပိုင်းတစ်စကို ဆွဲထုတ်လျှက် အယူဝါဒများ တီထွင်ကာ အချင်းချင်း အငြင်းပွား ပွက်လောရိုက်နေစေရန် ဆောင်ရွက်လေ့ရှိကြောင်းကို ဤသုတ်တော်က ထောက်ပြထားပေသည်။

	ဇကေနပင် ‘‘ကျွန်ုပ်တို့၏ ကံကြမ္မာရှင်မှာ ပရမတ်ဘုရားရှင်သာ ဖြစ်၏။’’ဟု ပြောဆို၍၊ ရပ်တည်သောသူ၊ ထိုသူတို့ ထံသို့ နိမိတ်ဆောင်များကို တာဝန်ချပေး၍၊ ‘‘မကြောက်ရွံ့ကြနှင့်၊ စိတ်မပူကြနှင့်၊ သင်တို့အတွက် ကတိတော်ရှိသော သုခဘုံ အကြောင်း သတင်းကောင်းရှိလေပြီ။–
၃၁။	**نَحْنُ أَوْلِيَاؤُكُمْ فِي الْحَيَاةِ الدُّنْيَا وَفِي الْآخِرَةِ وَلَكُمْ فِيهَا مَا تَشْتَهِي أَنفُسُكُمْ وَلَكُمْ فِيهَا مَا تَدَّعُونَ۞** ကျွန်ုပ်တို့သည် သင်တို့၏ ဤလောကီသက်တမ်းနှင့် နောင်ဘဝ၌– မဟာမိတ်များ ဖြစ်၏။ ထို၌ သင်တို့၏ ဉာဉ်စရိုက်မှ အာသီသဖြစ်ရာသည် ရှိ၏။ သူတို့အတွက် သင်တို့ ဆုတောင်းပေးသော အရာ ရှိ၏။
၃၂။	**نُزُلًا مِّنْ غَفُورٍ رَّحِيمٍ۞** လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင်၏ထံမှ စံစားစေခြင်းအဆင့်ဆင့် ဖြစ်၏။’’(ဟု ပြောစေပြီ၊)
၃၃။ မွတ်ဆလင်	**وَمَنْ أَحْسَنُ قَوْلًا مِّمَّن دَعَا إِلَى اللَّهِ وَعَمِلَ صَالِحًا وَقَالَ إِنَّنِي مِنَ الْمُسْلِمِينَ۞** ပရမတ်ဘုရားရှင် ဆီသို့ ဖိတ်ခေါ်ခြင်း စကားကို ဆိုသော၊ ပြုပြင်ပြောင်းလဲမှုကို ကျင့်ကြံသော၊ ကျွန်ုပ်သည် **သန္တိသုခ ဝါဒီတို့**မှ ဖြစ်၏ဟု ပြောသောသူထက် မည်သူက ပိုမိုတင့်တယ်အံ့နည်း။
၃၄။	**وَلَا تَسْتَوِي الْحَسَنَةُ وَلَا السَّيِّئَةُ ادْفَعْ بِالَّتِي هِيَ أَحْسَنُ فَإِذَا الَّذِي بَيْنَكَ وَبَيْنَهُ عَدَاوَةٌ كَأَنَّهُ وَلِيٌّ حَمِيمٌ۞** သုမင်္ဂလာပြုခြင်းသည် အကုသိုလ်နှင့် မတူညီချေ။ သင့်ကြား သူ့ကြား စည်းဖေါက်သော သူအား၊ တင့်တင့်တယ်တယ် ခုခံလေ့၊ သူသည် နွေးထွေးသော မဟာမိတ် ဖြစ်လာနိုင်၏။
၃၅။	**وَمَا يُلَقَّاهَا إِلَّا الَّذِينَ صَبَرُوا وَمَا يُلَقَّاهَا إِلَّا ذُو حَظٍّ عَظِيمٍ۞** ဂုဏ်းကို သည်းခံပါရမီကြီးသော သူတို့သည်သာ မျက်မှောက်ပြုနိုင်၏။ ဂုဏ်းကို ကံကြီးသူသာ မျက်မှောက်ပြုနိုင်၏။
၃၆။	**وَإِمَّا يَنزَغَنَّكَ مِنَ الشَّيْطَانِ نَزْغٌ فَاسْتَعِذْ بِاللَّهِ إِنَّهُ هُوَ السَّمِيعُ الْعَلِيمُ۞** မကောင်းဆိုးဝါး၏ သွေးခွဲခြင်းဖြင့် သင့်အား သွေးခွဲခံရလျှင်၊ ပရမတ်ဘုရားရှင်၏ ထံ၌ ခိုလှုံလော့၊ ဇကေနပင် အရှင်သည် ကြားနေတော်မူသောအရှင် သိနေတော်မူသော အရှင် ဖြစ်၏။[၉၃]
၃၇။	**وَمِنْ آيَاتِهِ اللَّيْلُ وَالنَّهَارُ وَالشَّمْسُ وَالْقَمَرُ لَا تَسْجُدُوا لِلشَّمْسِ وَلَا لِلْقَمَرِ وَاسْجُدُوا لِلَّهِ الَّذِي خَلَقَهُنَّ إِن كُنتُمْ إِيَّاهُ تَعْبُدُونَ۞** ညနှင့် နေ့၊ နေနှင့်လ တို့သည် အရှင်၏ နိမိတ်လက္ခဏာတော်များ အနက်မှ ဖြစ်၏။ သင်တို့သည် နေလတို့အား ဦးမချကြကုန်နှင့်၊ အကယ်၍ သင်တို့သည် အရှင့်ကိုသာ ကိုးကွယ်ကြလျှင် သင်တို့အား ဖြစ်တည်စေသည့် ပရမတ်ဘုရားရှင်ကိုသာ ဦးချကြကုန်လော့။
၃၈။	**فَإِنِ اسْتَكْبَرُوا فَالَّذِينَ عِندَ رَبِّكَ يُسَبِّحُونَ لَهُ بِاللَّيْلِ وَالنَّهَارِ وَهُمْ لَا يَسْأَمُونَ۞** အကယ်၍ သူတို့သည် မာနကြီးနေကြလျှင်လည်း၊ ကံကြမ္မာရှင်၏ အပါးဌ ရှိသောသူတို့သည်ကား ည နေ့မပြတ် အရှင့်အား ဦးထိပ်ထားနေကြ၏။ သူတို့သည်ကား မောပန်းသည်ဟု မရှိချေ။
၃၉။ ကိုးမွား	**وَمِنْ آيَاتِهِ أَنَّكَ تَرَى الْأَرْضَ خَاشِعَةً فَإِذَا أَنزَلْنَا عَلَيْهَا الْمَاء اهْتَزَّتْ وَرَبَتْ إِنَّ الَّذِي أَحْيَاهَا لَمُحْيِي الْمَوْتَى إِنَّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ۞** သင် မြင်ရသော ကျိုင့်သည့် မြေကမ္ဘာ၊ သို့ဖြင့် ငါအရှင်က ထိုအပေါ်၌ ရေကို ချပေးသောအခါ ၎င်းသည် လှုပ်ခါ

(၉၃) အတိုက်အခံပြုသည့် ရန်သူကို ကောင်းမှုဖြင့် တုံ့ပြန်ရမည် (၃၄)။ ထိုသို့ တုံ့ပြန်နိုင်သည့် အရည်အချင်းသည် သည်းခံနိုင်သူ ပါရမီကြီးသူ၏ အရည်အချင်းဖြစ်သည်(၃၅)၊ ရန်ထောင်မာနတက်ခြင်းသည် မကောင်းဆိုးဝါး၏ လှုံဆော်မှု ဖြစ်၍၊ သူ့အား လိုက်နာရန် မလိုချေ။

	ဖေါင်းကြွလာခြင်းမှာ အရှင်၏ နိမိတ်လက္ခဏာတော်များ အနက်မှ ဖြစ်၏။ ၎င်းအား ရှင်ပြန်စေသော အရှင်သည် အသေကိုလည်း ရှင်ပြန်စေသော အရှင်ဖြစ်၏။ ၎ကန်ပင် အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၄၀။	**إِنَّ الَّذِينَ يُلْحِدُونَ فِي آيَاتِنَا لَا يَخْفَوْنَ عَلَيْنَا أَفَمَن يُلْقَى فِي النَّارِ خَيْرٌ أَم مَّن يَأْتِي آمِنًا يَوْمَ الْقِيَامَةِ اعْمَلُوا مَا شِئْتُمْ إِنَّهُ بِمَا تَعْمَلُونَ بَصِيرٌ** ۞ ငါ၏ သုတ်ဒေသနာများကို လှီးလွဲသော သူတို့သည် ငါထံတော်မှ ထိန်ဝှက်ထားနိုင်သည် မဟုတ်ချေ။ အပူမီးၭ ခင်းကျင်းခံရသူနှင့် သို့တည်းမဟုတ် ရုပ်တည်ရမည့် နေ့၌ ယုံကြည်စိတ်ချရမှု ချီးမြှင့်ခံသူတို့ မည်သူက ပို၍ ကောင်းသနည်း။ သင်တို့ စံချိန်ပြည့်ရာကို ကျင့်ကြံကြလော့၊ ၎ကန်ပင် အရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။
၄၁။ ကုရ်အာန်	**إِنَّ الَّذِينَ كَفَرُوا بِالذِّكْرِ لَمَّا جَاءهُمْ وَإِنَّهُ لَكِتَابٌ عَزِيزٌ** ۞ **သတိပေးတရားတော်** သူတို့ထံသို့ ရောက်လာစဉ်၊ သူတို့သည် ၎င်း၌ ဖုံးကွယ်သောသူတို့ ဖြစ်၏။ ၎င်းသည်ကား ဘုန်းကံကြီးသော ကျမ်းတော်ပင်တည်း။
၄၂။ ကျမ်းတော်	**لَا يَأْتِيهِ الْبَاطِلُ مِن بَيْنِ يَدَيْهِ وَلَا مِنْ خَلْفِهِ تَنزِيلٌ مِّنْ حَكِيمٍ حَمِيدٍ** ۞ မိစ္ဆာတရားသည် **၎င်း**အား ၎င်း၏ လက်ရှိ–မျက်မှောက်၊ ၎င်း၏နောက်မှ ချည်းကပ်နိုင်ခြင်း မရှိ၊ ၎င်းကို ဓမ္မသတ်ရှင်၊ ရည်သန်စူးစိုက်မှုတည်ရာ အရှင်ထံမှ ချမှတ်ပေးခြင်း ဖြစ်၏။
၄၃။	**مَا يُقَالُ لَكَ إِلَّا مَا قَدْ قِيلَ لِلرُّسُلِ مِن قَبْلِكَ إِنَّ رَبَّكَ لَذُو مَغْفِرَةٍ وَذُو عِقَابٍ أَلِيمٍ** ۞ သင့် ရှေ့အလျင် ဉာဏ်စဉ်ဆောင်တို့အား မပြောဆိုခဲ့သည်ကို သင့်အား ပြောဆိုသည် မဟုတ်၊ ၎ကန်ပင် သင့်ကံကြမ္မာရှင်သည် လွတ်ငြိမ်းခွင့်ကို စိုးပိုင်သောအရှင်၊ စူးနစ်စေသော ချုပ်ကိုင်မှုကို စိုးပိုင်သော အရှင် ဖြစ်၏။
၄၄။	**وَلَوْ جَعَلْنَاهُ قُرْآنًا أَعْجَمِيًّا لَّقَالُوا لَوْلَا فُصِّلَتْ آيَاتُهُ أَأَعْجَمِيٌّ وَعَرَبِيٌّ قُلْ هُوَ لِلَّذِينَ آمَنُوا هُدًى وَشِفَاء وَالَّذِينَ لَا يُؤْمِنُونَ فِي آذَانِهِمْ وَقْرٌ وَهُوَ عَلَيْهِمْ عَمًى أُوْلَئِكَ يُنَادَوْنَ مِن مَّكَانٍ بَعِيدٍ** ۞ အကယ်၍ ငါသည် ကုရ်အာန်အား လူမျိုးခြားစကားဖြင့် စီစဉ်ပေးခဲ့သော် သူတို့က "ထိုမှ သုတ်ဒေသနာများကို အဘယ်ကြောင့် ရှင်းလင်းဆုံးဖြတ်ချက်မရှိတိသနည်း၊ အာရဗ်တစ်ဦးဖြင့် လူမျိုးခြားစကား ဖြစ်နေပြီ"ဟု ဆိုကြလတ္တံ့။ ဟောလော့ "ယုံကြည်သောသူတို့အတွက် ၎င်းသည် လမ်းညွှန်နှင့် ဆေးတစ်ဖုံ ဖြစ်၏။ မယုံကြည်သော သူတို့သည်ကား သူတို့၏ နားများ၌ လေးလံနေ၍၊ ၎င်း၌ သူတို့ ကန်းနေကြ၏။ ထိုသူတို့သည်ကား ဖိတ်ခေါ်ခြင်းမှ နောက်ကျန်ရစ်ကြ၏။(၉၃)
၄၅။ ကတိ	**وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ فَاخْتُلِفَ فِيهِ وَلَوْلَا كَلِمَةٌ سَبَقَتْ مِن رَّبِّكَ لَقُضِيَ بَيْنَهُمْ وَإِنَّهُمْ لَفِي شَكٍّ مِّنْهُ مُرِيبٍ** ۞ ငါသည် မူဆာအား ကျမ်းတော်တစ်ဆူ မူချ ချီးမြှင့်ခဲ့၏၊ သို့သော် ထို၌ ငြင်းခုံကွဲလွဲကြကုန်၏။ သင့် ကံကြမ္မာရှင် ထံမှ **ဓမ္မ**တော် မသတ်မှတ်ခဲ့ပြီးလျှင် သူတို့၏ကြား၌ ဆုံးဖြတ်ပြီးလတ္တံ့။ ၎ကန်ပင် သူတို့သည် ဒွိဟဖြစ်၏၊ ထို၌ သံသယရှိ၏၊
၄၆။	**مَنْ عَمِلَ صَالِحًا فَلِنَفْسِهِ وَمَنْ أَسَاء فَعَلَيْهَا وَمَا رَبُّكَ بِظَلَّامٍ لِّلْعَبِيدِ** ۞

(၉၃) ဤကုရ်အာန်ကျမ်းတော်အား ဆင့်ဆိုရှင်းပြရန် ပွင့်ပေါ်သော ဉာဏ်စဉ်တော်ဆောင် ကိုယ်တော်မုဟမ္မဒ်မှာ အာရဗ်လူမျိုးဖြစ်၍၊ အကယ်၍ ကုရ်အန်ကျမ်းတော်အား အာရ်ဗီမဟုတ်သော အခြားဘာသာစကားဖြင့် ချမှတ်ပေးလျှင် ငြင်းပါယ်လိုသူ၊ ဖုံးကွယ်မှောင်ချလိုသော သူများမှ အကြီးအကျယ်စောဒက တက်ကြပေလိမ့်မည်။ အစ္စလာမ် သာသနာတော်အား ဖုံးကွယ်မှောင်ချ ပစ်လိုသော ဘာသာရေးအာဏာရှင်၊ နိုင်ငံရေး အာဏာရှင် အမျိုးသားရေး အာဏာရှင်များမှာ ခေတ်တိုင်း ကာလတွင် အုံနှင့် ကျင်းနှင့် ရှိနေသည်ပင်။ ကျမ်းတော်သည် ပရမတ်ဘုရားရှင်၏ ချမှတ်ပေးခြင်းဖြစ်၍ မည်သည့် အမိုက်တရားသည်မှ ကျမ်းတော်တွင်းသို့ ဝင်ရောက်နေရာယူခွင့် မရှိချေ။ (သုတ်တော်–၄၂)။

	ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသူသည် သူ့ဉာဉ်စရိုက် အတွက် ဖြစ်၏။ အကုသိုလ်ပြုလျှင်လည်း သူ့အတွက်ပင် ဖြစ်၏။ သင့် ကံကြမ္မာရှင်သည် အမှုတော်ဆောင်များအား အဝိဇ္ဇာသင့်စေခြင်း မဟုတ်ချေ။
၄၇။	**إِلَيْهِ يُرَدُّ عِلْمُ السَّاعَةِ وَمَا تَخْرُجُ مِن ثَمَرَاتٍ مِّنْ أَكْمَامِهَا وَمَا تَحْمِلُ مِنْ أُنثَى وَلَا تَضَعُ إِلَّا بِعِلْمِهِ وَيَوْمَ يُنَادِيهِمْ أَيْنَ شُرَكَائِي قَالُوا آذَنَّاكَ مَا مِنَّا مِن شَهِيدٍ۞**
	အချိန်နာရီအား သိနေခြင်းသည် အရှင့်ထံသို့ ထင်ဟပ်လျက်ရှိ၏။ အရှင် မသိဘဲလျက် မည်သည့် သီးနှံသည်မှ ၎င်း၏ အခွံထဲမှ မထွက်နိုင်၊ မည်သည့် အမသည်မှ ကိုယ်ဝန်ဆောင် သားမမွေးနိုင်ချေ။ ငါအရှင် ခေါ်ယူတော်မူသော နေ့၌ သင်တို့က ငါနှင့် ရောပြွန်းကိုးကွယ်ခဲ့သည်တို့သည် အဘယ်မှာနည်းဟု မေးသော်၊ သူတို့က ''အရှင့်အား တင်လျှောက်ပါ၏၊ တပည့်တော်တို့ အနက် မည်သူမျှ သက်သေသက်ကန် မဟုတ်ပါ''ဟု ဆိုကြလတ္တံ့။
၄၈။	**وَضَلَّ عَنْهُم مَّا كَانُوا يَدْعُونَ مِن قَبْلُ وَظَنُّوا مَا لَهُم مِّن مَّحِيصٍ۞**
	ရှေ့အလျင်က သူတို့၏ ဆုတောင်းလေ့ရှိရာတို့သည် သူတို့အား လွှဲဖယ်သွားကြ၏။ သူတို့၌ လွတ်လမ်း မရှိကြောင်း သူတို့ စဉ်းစားမိကြလတ္တံ့။
၄၉။	**لَا يَسْأَمُ الْإِنسَانُ مِن دُعَاءِ الْخَيْرِ وَإِن مَّسَّهُ الشَّرُّ فَيَؤُوسٌ قَنُوطٌ۞**
	လူသားသည် ကောင်းကျိုးကို ဆုတောင်းပန်ထွာရာ၌ မောပန်းသည်ဟု မရှိချေ။ သို့သော် သူတို့အား ဆိုးကျိုး ထိသက်သော် သူသည် မျှော်လင့်ခြင်းမဲ့ လက်လျော့တော့၏။
၅၀။	**وَلَئِنْ أَذَقْنَاهُ رَحْمَةً مِّنَّا مِن بَعْدِ ضَرَّاء مَسَّتْهُ لَيَقُولَنَّ هَذَا لِي وَمَا أَظُنُّ السَّاعَةَ قَائِمَةً وَلَئِن رُّجِعْتُ إِلَى رَبِّي إِنَّ لِي عِندَهُ لَلْحُسْنَى فَلَنُنَبِّئَنَّ الَّذِينَ كَفَرُوا بِمَا عَمِلُوا وَلَنُذِيقَنَّهُم مِّنْ عَذَابٍ غَلِيظٍ۞**
	သူ့အား ဆိုးကျိုး ထိသက်ပြီးနောက် ငါ့ထံမှ ကရုဏာတော်အား မြည်းစမ်းစေသောခါ၊ သူက ''ဤသည် ကျွန်ုပ်ကြောင့် ဖြစ်၏၊ အချိန် ရပ်နေမည်ဟု ကျွန်ုပ် စဉ်းစား၏၊ ကျွန်ုပ်၏ ကံကြမ္မာရှင်ထံသို့ ကျွန်ုပ် လှည့်ပြန်ရလျှင်ပင် အရှင့်ထံ၌ ကျွန်ုပ်သည် ပို၍တင့်တယ်ခြင်းကို တွေ့ရလတ္တံ့၊''ဟု ဆို၏၊ ဇကော်ပင် ငါသည် ဖုံးကွယ်သော သူတို့အား သူတို့၏ ကျင့်ကြံမှုများ အတွက် သတင်းထုတ်ပြန်တော်မူလတ္တံ့၊ တိကျပြတ်သားသော ဝဋ်ကြွေးကို မြည်းစေလတ္တံ့။
၅၁။	**وَإِذَا أَنْعَمْنَا عَلَى الْإِنسَانِ أَعْرَضَ وَنَأَى بِجَانِبِهِ وَإِذَا مَسَّهُ الشَّرُّ فَذُو دُعَاء عَرِيضٍ۞**
	ငါက လူသားအား ဂုဏ်ပေးသောအခါ၊ သူသည် ဘေးတိုက် ဘောင်ကန့်၍ ကင်းကင်းနေ၏။ သူ့အား ဆိုးကျိုး ထိသက်သောအခါ သူသည် ဆုတောင်း လိုင်လိုင်ပြုတော့၏။
၅၂။	**قُلْ أَرَأَيْتُمْ إِن كَانَ مِنْ عِندِ اللَّهِ ثُمَّ كَفَرْتُم بِهِ مَنْ أَضَلُّ مِمَّنْ هُوَ فِي شِقَاقٍ بَعِيدٍ۞**
	ဟောလော့ ''ဤသည် ပရမတ်ဘုရားရှင်၏ ထံမှ မဟုတ်ဟု မြင်ကြသလော၊ ထို့နောက် ၎င်းကို သင်တို့ ဖုံးကွယ်ဘိသလော၊ ဂိုဏ်းခွဲ နောက်ကျန်နေသူထက် မည်သူက ပို၍ လွဲချော်ပေအံ့နည်း။''
၅၃။	**سَنُرِيهِمْ آيَاتِنَا فِي الْآفَاقِ وَفِي أَنفُسِهِمْ حَتَّى يَتَبَيَّنَ لَهُمْ أَنَّهُ الْحَقُّ أَوَلَمْ يَكْفِ بِرَبِّكَ أَنَّهُ عَلَى كُلِّ شَيْءٍ شَهِيدٌ۞**
	ဤသည် အမှန်တရားဖြစ်ကြောင်း သူတို့အတွက် ရှင်းလင်းသည်အထိ မိုးကုတ်စက်ဝန်းများ အတွင်း သူတို့၏ ဉာဉ်စရိုက်များအတွင်း နိမိတ်လက္ခဏာများကို သူတို့အား ငါ ပြသတော်မူလတ္တံ့၊ သင်၏ ကံကြမ္မာရှင်သည် သဗ္ဗလုံးစုံအတွက် သက်သေသက်ကန် ဖြစ်ကြောင်းသည် မလုံလောက်လေသလော။
၅၄။	**أَلَا إِنَّهُمْ فِي مِرْيَةٍ مِّن لِّقَاء رَبِّهِمْ أَلَا إِنَّهُ بِكُلِّ شَيْءٍ مُّحِيطٌ۞**
	အမှန်ပင်၊ သူတို့သည် ကံကြမ္မာရှင်အား ဖူးတွေ့ရမည်ကို အချင်းများနေကြ၏။ အရှင်သည်ကား သဗ္ဗလုံးစုံအား

	ဝန်းရံထားတော်မူလေသတည်း။

ဓမ္မခန္ဓာ (၄၂) “တိုင်ပင်ညှိနှိုင်းခြင်း” (အရှ်ရှရာဟ်)

ဥာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၆၂။ သုတ်ဒေသနာ– ၅၃ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။ ☆၄၀း၁	**حم**۞ ဟာ မင်။☆
၂။	**عسق**۞ အိုင် ဆင် ကာဖ်။[၉၃]
၃။	**كَذَلِكَ يُوحِي إِلَيْكَ وَإِلَى الَّذِينَ مِن قَبْلِكَ اللَّهُ الْعَزِيزُ الْحَكِيمُ**۞ ဤသည် ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်သော ပရမတ်ဘုရားရှင်၏ထံမှ သင့်ရှေ့အလျှင် ဖြစ်သူများထံ ကဲ့သို့ သင့်ထံသို့ အာရုံစျာန်ရစေ၏။
၄။	**لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَهُوَ الْعَلِيُّ الْعَظِيمُ**۞ မိုးများအတွင်း မြေအတွင်း ရှိသမျှသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် မဟာ့မဟာ အထွဋ်အထိပ်ဖြစ်တော်မူ၏။
၅။	**تَكَادُ السَّمَاوَاتُ يَتَفَطَّرْنَ مِن فَوْقِهِنَّ وَالْمَلَائِكَةُ يُسَبِّحُونَ بِحَمْدِ رَبِّهِمْ وَيَسْتَغْفِرُونَ لِمَن فِي الْأَرْضِ أَلَا إِنَّ اللَّهَ هُوَ الْغَفُورُ الرَّحِيمُ**۞ သူတို့အပေါ်မှ ကောင်းကင်များသည် အသစ်ပြန်ဖြစ်လုတွင် နိမိတ်ဆောင်တို့သည်ကား ကံကြမ္မာရှင်အား ဦးထိပ်ထား လျက် ရည်သန်စူးစိုက်နေကြ၍ မြေကမ္ဘာ၌ ရှိသူတို့ အတွက် လွတ်ငြိမ်းဆုပန်နေကြ၏။ အမှန်သော်ကား ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။[၉၄]

---

(၉၃) **“ကုန်စင်သိနေသော၊ ကုန်စင်ကြားနေသော၊ ခပ်သိမ်းကုန်အား စည်းချိန်ချမှတ်သည့် ပရမတ်ဘုရားရှင်၏ထံမှ”**– ဤသုတ်တော်မှ အာရ်ဗီ ဝေါဟာရ အတိုကောက် **အိုင်** မှာ **အာအ်လမ်** ကုန်စင်သိနေသော၊ **ဆင်**မှာ **ဆမီးအွန်** ကုန်စင်ကြားနေသော၊ **ကာ့ဖ်**မှာ **ကဒီးရွန်** ခပ်သိမ်းကုန်အား စည်းချိန်ချမှတ်တော်မူသော အရှင်ဟု ဖြစ်ပေသည်။

(၉၄) ဤသုတ်တော်သည် ရုပ်ပိုင်း၊ နာမ်ပိုင်း နှစ်မျိုးစလုံးအတွက် ရည်ညွှန်းပေသည်။ ရုပ်ပိုင်းဆိုင်ရာ အားဖြင့် နိမိတ်ဆောင် (တတ်သိပညာရှင်) များက ကမ္ဘာမြေရှိ သက်ရှိများ အားလုံးအပေါ်သို့ ကျရောက်နိုင်မည့် ဘေးလက္ခဏာများကို တွက်ချက် သိရှိကာ ပူပန်သောက ရောက်လျက် ထိုဘေးအပေါင်းမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်းလမ်းများကို ရှာဖွေခြင်းများကို ရည်ညွှန်းပေသည်။ ဥပမာအားဖြင့် အိုဇုန်းလွှာ ပေါက်ပြခြင်း၊ ကမ္ဘာကြီး ပူနွေးလာခြင်း၊ လေထုညစ်ညမ်းခြင်း၊ မုန်တိုင်းတိုက်ခိုက်ခြင်း၊ အက်စက်မိုးများ ရွာသွန်းနိုင်ခြင်းများကို ကာကွယ်နိုင်သည့် နည်းလမ်းများကို ရှာဖွေကြံဆခြင်းများ ဖြစ်ပေသည်။ ထိုသို့နည်းလမ်း ရှာဖွေရာတွင် လူသားနှင့် သက်ရှိများကို ကာကွယ်ပေးနိုင်အံ့ဘာ စေတနာဖြင့် စူးစမ်းသောကြောင့် ကံကြမ္မာရှင်အား ဦးထိပ်ထား ရည်သန်စူးစိုက်၍ ဆောင်ရွက်သည်ဟု တင်စားပြောဆိုခြင်း ဖြစ်ပေသည်။ အလွှာဟ်အရှင် ချမှတ်ထားသော နိယာမများသည် အကောင်းမှာ မည်သည့် အခြေအနေတွင် အဆိုး ဖြစ်သွားနိုင်သည်၊ အဆိုးသည် မည်သည့် အခြေအနေတွင် အကောင်းဖြစ်သွားနိုင်သည် ဟူသည့် ပြဋ္ဌာန်းချက်များ ရှိပြီးသား ဖြစ်ရာ– ထိုသို့ ရာသီဥတုဖေါက်ပြန်လာခြင်း လေထုညစ်ညမ်းခြင်းများကို မည်သည့် အခြေအနေသို့ ပြောင်းလဲပစ်နိုင်လျှင် အကောင်းပြန်၍ ဖြစ်လာနိုင်သည်ဟူသည့် အချက်ကို တွေ့ရှိလာမည် ဖြစ်သည်၊ အရှင်သည် အဆိုးအား ဆက်လက် ဆိုးဝါးစေသော အခြေအနေချည်း ပြဋ္ဌာန်းထားခြင်း မရှိချေ။ ထို့ကြောင့် အရှင့်အား လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဟု

၆။	**وَالَّذِينَ اتَّخَذُوا مِن دُونِهِ أَوْلِيَاء اللَّهُ حَفِيظٌ عَلَيْهِمْ وَمَا أَنتَ عَلَيْهِم بِوَكِيلٍ۝** ပရမတ်ဘုရားရှင် မှလွဲ၍ မဟာမိတ်များ ရှိသည်ဟု အယူထားသောသူတို့– ထိုသူတို့အား ထိန်းကွပ်ထားတော်မူ၏၊ သင်သည် သူတို့၏ ကိုးစားခံရသူ မဟုတ်ချေ။
၇။	**وَكَذَلِكَ أَوْحَيْنَا إِلَيْكَ قُرْآنًا عَرَبِيًّا لِّتُنذِرَ أُمَّ الْقُرَى وَمَنْ حَوْلَهَا وَتُنذِرَ يَوْمَ الْجَمْعِ لَا رَيْبَ فِيهِ فَرِيقٌ فِي الْجَنَّةِ وَفَرِيقٌ فِي السَّعِيرِ۝** သင်သည် အရပ်ဒေသတို့၏ မိခင်နှင့် ၎င်း၏ ပတ်ဝန်းကျင်၌ သတိပေးရန်၊ ဤသို့ပင် ငါသည် သင့်ထံသို့ အာရဗီကုရ်အာန်အား အာရုံစူးစာန်ဖြစ်စေခဲ့၏။ သံသယ ဖြစ်ဘွယ်မရှိသော အတူစုပေါင်းရမည့် နေ့ကာလ အကြောင်း သတိပေးရန်လည်း ဖြစ်၏။ တစ်ဖွဲ့သည် ဥယျာဉ်ဘုံထဲ၌၊ တစ်ဖွဲ့သည် မီးလောင်စာထဲ၌ ဖြစ်ရလတ္တံ့။
၈။ ☆၂၇၀	**وَلَوْ شَاء اللَّهُ لَجَعَلَهُمْ أُمَّةً وَاحِدَةً وَلَكِن يُدْخِلُ مَن يَشَاء فِي رَحْمَتِهِ وَالظَّالِمُونَ مَا لَهُم مِّن وَلِيٍّ وَلَا نَصِيرٍ۝** ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီခဲ့လျှင်☆ အရှင်သည် သူတို့အား အသိုင်းအဝိုင်း တစ်ခုတည်းအဖြစ် စီစဉ်တော်မူခဲ့လတ္တံ့။ သို့ရာတွင် စံချိန်ပြည့်မှီသူတို့ကိုသာ ကရုဏာတော်အတွင်းသို့ ဝင်စေတော်မူ၍၊ အမိုက်ကောင်များ အတွက်မူကညီသူ မဟာမိတ် ဟူ၍ မရှိပြီ။
၉။	**أَمِ اتَّخَذُوا مِن دُونِهِ أَوْلِيَاء فَاللَّهُ هُوَ الْوَلِيُّ وَهُوَ يُحْيِي المَوْتَى وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ۝** သို့တည်းမဟုတ် သူတို့သည် အရှင် မှလွဲ၍ မဟာမိတ်များ အယူထားခဲ့ကြသလော၊ ပရမတ်ဘုရားရှင်သည်သာ မဟာမိတ်ဖြစ်၍၊ အနိစ္စကို နိစ္စဖြစ်စေနိုင်သော အရှင် ဖြစ်၏။ အရှင်သည်သာ သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၁၀။	**وَمَا اخْتَلَفْتُمْ فِيهِ مِن شَيْءٍ فَحُكْمُهُ إِلَى اللَّهِ ذَلِكُمُ اللَّهُ رَبِّي عَلَيْهِ تَوَكَّلْتُ وَإِلَيْهِ أُنِيبُ۝** သင်တို့ ကွဲလွဲငြင်းခုံသည့် အရာ၊ ၎င်း၏ ဓမ္မသတ်မှာ ပရမတ်ဘုရားရှင်၏ ထံ၌သာ ရှိ၏။ ထိုပရမတ်ဘုရားရှင်သည် ကျွန်ုပ်၏ ကံကြမ္မာရှင် ဖြစ်၏။ ကျွန်ုပ်သည် အရှင့်ကိုသာ ယုံပုံကိုးစား၏။ ကျွန်ုပ်သည် အရှင့်ထံသို့ ဘက်လှည့်ပါ၏။
၁၁။	**فَاطِرُ السَّمَاوَاتِ وَالْأَرْضِ جَعَلَ لَكُم مِّنْ أَنفُسِكُمْ أَزْوَاجًا وَمِنَ الْأَنْعَامِ أَزْوَاجًا يَذْرَؤُكُمْ فِيهِ لَيْسَ كَمِثْلِهِ شَيْءٌ وَهُوَ السَّمِيعُ البَصِيرُ۝** မိုးများနှင့် မြေကမ္ဘာ သံသရာ၏ ဇစ်မြစ်တော်အရှင်၊ ထိုအရှင်သည် သင်တို့အတွက် သင်တို့၏ စရိုက်တူမှပင် စုဖွဲ့ဖော်များကို စီစဉ်ပေး၍၊ တိရိစ္ဆာန်တို့အားလည်း အစုဖွဲ့များ ဖြစ်စေ၏။ သို့ဖြင့် သင်တို့အား ပွားများစေ၏။ တုန့်ပြန်ရန် တစ်စုံတစ်ရာမျှ မရှိသော အရှင်၊ ထိုအရှင်သည် ကြားနေသောအရှင်၊ မြင်နေသော အရှင် ဖြစ်၏။[၉၀]
၁၂။	**لَهُ مَقَالِيدُ السَّمَاوَاتِ وَالْأَرْضِ يَبْسُطُ الرِّزْقَ لِمَن يَشَاء وَيَقْدِرُ إِنَّهُ بِكُلِّ شَيْءٍ عَلِيمٌ۝** မိုးများနှင့် မြေကမ္ဘာ၏ သော့ချက်များသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ စံချိန်ပြည့်မှီသူအား ရိက္ခာတိုးပွားစေ၍၊ စည်းကြပ်မတ်တော်မူ၏။ ဇကန်ပင် အရှင်သည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏၊
၁၃။	**شَرَعَ لَكُم مِّنَ الدِّينِ مَا وَصَّى بِهِ نُوحًا وَالَّذِي أَوْحَيْنَا إِلَيْكَ وَمَا وَصَّيْنَا بِهِ إِبْرَاهِيمَ وَمُوسَى وَعِيسَى أَنْ**

မကြာခဏပြောဆိုခြင်း ဖြစ်ပေသည်။ နာမ်ပိုင်းဆိုင်ရာ အားဖြင့်လည်း လူသား၏ ကောင်းကင်ယံဟု တင်စား ပြောဆိုသော ကုသိုလ်ကောင်းမှု ကျင့်ဆောင်ခြင်းများ ပြိုကွဲပျက်စီးလု အချိန်များတွင် နာမ်ပိုင်းဆိုင်ရာ တတ်သိပညာရှင်များက လူသားများအတွက် သောကထား၍ လမ်းပြပေးခြင်း၊ အနစ်နာခံလျက် ဟောပြောဆုံးမခြင်းများကို ဤသုတ်တော်က ညွှန်ပြပြောဆိုပေသည်။

(၉၄၀) လူသားတို့၏ အာရုံမှ သိသော အရာများဖြင့် အရှင်အား တုန့်ပြန်ဖေါ်ပြရန်ဟူ၍ လုံးဝ မဖြစ်နိုင်ပေ။ အရှင်သည် အတုလံ အတုမရှိသော မည်သို့မှ ပမာဆောင်ပြ၍ မရနိုင်ကောင်းသော သံသရာ အားလုံး၏ အရှင် ဖြစ်ပေသည်။

	أَقِيمُوا الدِّينَ وَلَا تَتَفَرَّقُوا فِيهِ كَبُرَ عَلَى الْمُشْرِكِينَ مَا تَدْعُوهُمْ إِلَيْهِ اللَّهُ يَجْتَبِي إِلَيْهِ مَن يَشَاء وَيَهْدِي إِلَيْهِ مَن يُنِيبُ۞ သင်တို့အတွက် ပညတ်သော သာသနာမှာ နူးဟ်အား မှာကြားခဲ့ပြီး ဖြစ်၏။ ၎င်းအား သင့်၌ အာရုံဖြစ်စေသည်မှာ အီးဗရာဟီးမ်၊ မူဆာ၊ ယေရှုတို့အား "သာသနာ၌ ရပ်တည်ကြလော့၊ ၎င်းကို မခွဲခြားပစ်ကြနှင့်၊"ဟု မှာကြားခြင်းမျိုးသာ ဖြစ်၏။ သူတို့အား သင်၏ ဖိတ်ခေါ်ခြင်းမှာ ရောပြွန်းကိုးကွယ်သူတို့ အတွက် ဝန်ကြီးလှချေ၏။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မှီသူအား အရှင့်ထံသို့ ရွေးချယ်တော်မူ၍၊ ဘက်လှည့်သူတို့အား အရှင့်ဆီသို့ လမ်းညွှန်တော်မူ၏။(၉၀)
၁၄။	**وَمَا تَفَرَّقُوا إِلَّا مِن بَعْدِ مَا جَاءهُمُ الْعِلْمُ بَغْيًا بَيْنَهُمْ وَلَوْلَا كَلِمَةٌ سَبَقَتْ مِن رَّبِّكَ إِلَى أَجَلٍ مُّسَمًّى لَّقُضِيَ بَيْنَهُمْ وَإِنَّ الَّذِينَ أُورِثُوا الْكِتَابَ مِن بَعْدِهِمْ لَفِي شَكٍّ مِّنْهُ مُرِيبٍ۞** သူတို့ထံသို့ အသိပညာ ရောက်လာပြီးမှ သူတို့ချင်းကြား အပြစ်ရှာမှုများကြောင့် ဂိုဏ်းခွဲကြကုန်၏။ ကာလ အချိန်တစ်ခုထိဟု သင့် ကံကြမ္မာရှင်၏ ထံမှ ပြဋ္ဌာန်းပြီး ဓမ္မတော် မသတ်မှတ်ခဲ့ပြီးလျှင်၊ သူတို့၏ကြား ဆုံးဖြတ်ပြီးလတ္တံ့။(၉၁) သူတို့၏ နောက် ကျမ်းတော်အား အမွေဆက်ခံသောသူတို့သည် ဒွိဟဖြစ်၏၊ ထို၌ သံသယရှိကြ၏၊
၁၅။	**فَلِذَلِكَ فَادْعُ وَاسْتَقِمْ كَمَا أُمِرْتَ وَلَا تَتَّبِعْ أَهْوَاءهُمْ وَقُلْ آمَنتُ بِمَا أَنزَلَ اللَّهُ مِن كِتَابٍ وَأُمِرْتُ لِأَعْدِلَ بَيْنَكُمُ اللَّهُ رَبُّنَا وَرَبُّكُمْ لَنَا أَعْمَالُنَا وَلَكُمْ أَعْمَالُكُمْ لَا حُجَّةَ بَيْنَنَا وَبَيْنَكُمُ اللَّهُ يَجْمَعُ بَيْنَنَا وَإِلَيْهِ الْمَصِيرُ۞** သို့ဖြစ်၍၊ ဖိတ်ခေါ်မှုပြုလော့၊ သင့်အား ညွှန်ကြားချက်အတိုင်း ရပ်တည်လော့၊ သူတို့၏ လိုဘများနောက်သို့ မလိုက်နာနှင့်။ ဟောလော့ "ကျွန်ုပ်သည် ပရမတ်ဘုရားရှင်က ချမှတ်ပေးသည့် ကျမ်းတော်ကို ယုံကြည်၏၊ ကျွန်ုပ်တို့၏ ကြားသင်တို့၏ ကြား၌ တန်းတူညီမျှမှု အတွက် ညွှန်ကြား၏။ ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့၏ ကံကြမ္မာရှင်၊ သင်တို့၏ ကံကြမ္မာရှင် ဖြစ်၏။ ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့ ကျင့်ကြံရာသည် ရှိ၍၊ သင်တို့အတွက် သင်တို့၏ ကျင့်ကြံရာသည် ရှိ၏။ ကျွန်ုပ်တို့ကြားနှင့် သင်တို့ကြား၌ စောကြောရန် မလိုပေ၊ ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့အား အတူစုတော်မူလတ္တံ့၊ အရှင်ထံသို့သာ ခရီးဆုံးပန်းတိုင်သည် ဖြစ်၏။"
၁၆။	**وَالَّذِينَ يُحَاجُّونَ فِي اللَّهِ مِن بَعْدِ مَا اسْتُجِيبَ لَهُ حُجَّتُهُمْ دَاحِضَةٌ عِندَ رَبِّهِمْ وَعَلَيْهِمْ غَضَبٌ وَلَهُمْ عَذَابٌ شَدِيدٌ۞** အရှင်အတွက် ဖြေကြားပြီးသည့် နောက်မှ ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ စောကြောကြသော သူတို့၏ ငြင်းဆိုမှုသည် သူတို့၏ ကံကြမ္မာရှင်ထံပါး၌ ပယ်ချခံရပေမည်။ သူတို့အား ကံကြီးသင့်စေမည်သာ၊ သူတို့အတွက် ပြင်းထန်သော ဝဋ်ကြွေးသည် ရှိ၏။
၁၇။	**اللَّهُ الَّذِي أَنزَلَ الْكِتَابَ بِالْحَقِّ وَالْمِيزَانَ وَمَا يُدْرِيكَ لَعَلَّ السَّاعَةَ قَرِيبٌ۞** ပရမတ်ဘုရားရှင် အရှင်သည် ကျမ်းတော်နှင့် တိကျသည့်စံချိန်ကို မှန်ကန်ညီညွတ်စွာ ချမှတ်ပေးတော်မူ၏။ အချိန်နာရီသည် နီးကပ်လာနိုင်ကြောင်း သင် မည်သို့ မှန်းဆနိုင်မည်နည်း။
၁၈။	**يَسْتَعْجِلُ بِهَا الَّذِينَ لَا يُؤْمِنُونَ بِهَا وَالَّذِينَ آمَنُوا مُشْفِقُونَ مِنْهَا وَيَعْلَمُونَ أَنَّهَا الْحَقُّ أَلَا إِنَّ الَّذِينَ يُمَارُونَ فِي السَّاعَةِ لَفِي ضَلَالٍ بَعِيدٍ۞**	

(၉၀) အစ္စလာမ် သာသနာသည် ဉာဏ်စဉ်တော်ဆောင်များ ခေတ်အဆက်ဆက်ကပင် လူသားတို့၏ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ခဲ့သော လမ်းစဉ်ဖြစ်သည်။ ထိုသာသနာအား ခိုင်မာတိကျစေရန် နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် အကြောင်းကို ရှေးကိုယ်တော် အဆက်ဆက်မှပင် ပြောခဲ့ပြီး ဖြစ်လေသည်။

(၉၁) ပရမတ်ဘုရားရှင်သည် အတိုင်းအဆ အချိန်ကာလကို နိယာမပြဋ္ဌာန်းပြီးဖြစ်၍ ထိုအချိန်အဆသို့ စံချိန်မပြည့်မှီဘဲလျက် လူသား၏ စိတ်အလို သို့လိုက်၍ ဖြစ်ချင်တိုင်း ဖြစ်စေ၍ မရချေ။

အချိန်နာရီ	မယုံကြည်သော သူတို့သည်သာ **ဂင်း**ကို အလျင်လိုနေကြ၏။ ယုံကြည်သော သူတို့သည် ဂင်းကို စိုးထိတ်လျက် ရှိ၍၊ ဂင်းသည် အမှန်တရားဟု သိနေကြ၏။ ဇကန်အမှန်ပင် အချိန်နာရီနှင့် စပ်လျဉ်း၍ အချင်းများသော သူတို့သည် နောက်ကျန် လွဲချော်ခြင်း၌ ရှိကုန်၏။
၁၉။	**اللَّهُ لَطِيفٌ بِعِبَادِهِ يَرْزُقُ مَن يَشَاء وَهُوَ الْقَوِيُّ العَزِيزُ ۞** ပရမတ်ဘုရားရှင်သည် အရှင်၏ အမှုတော်ဆောင်များအား သက်ညှာနေတော်မူ၏။ စံချိန်ပြည့်မှီသူအား ရိက္ခာရစေတော်မူ၏၊ အရှင်သည် တန်ခိုးတော်ရှင် ဘုန်းတော်ရှင် ဖြစ်တော်မူ၏။
၂၀။	**مَن كَانَ يُرِيدُ حَرْثَ الْآخِرَةِ نَزِدْ لَهُ فِي حَرْثِهِ وَمَن كَانَ يُرِيدُ حَرْثَ الدُّنْيَا نُؤْتِهِ مِنْهَا وَمَا لَهُ فِي الْآخِرَةِ مِن نَّصِيبٍ ۞** နောင်ဘဝ အတွက် စိုက်ပျိုးလေ့ရှိလိုသူအား ငါသည် သူ၏ စိုက်ပျိုးခြင်းကို တိုးပွားစေတော်မူပြီ။ ဤဘဝ အတွက်သာ စိုက်ပျိုးလေ့ရှိလိုသူအား ထိုအတွက်ကို ပေးကမ်းလတ္တံ့၊ နောင်ဘဝ၌ သူ့အတွက် ပင်ပန်းရကျိုး မရှိချေ။
၂၁။	**أَمْ لَهُمْ شُرَكَاء شَرَعُوا لَهُم مِّنَ الدِّينِ مَا لَمْ يَأْذَن بِهِ اللَّهُ وَلَوْلَا كَلِمَةُ الْفَصْلِ لَقُضِيَ بَيْنَهُمْ وَإِنَّ الظَّالِمِينَ لَهُمْ عَذَابٌ أَلِيمٌ ۞** သို့တည်းမဟုတ် ပရမတ်ဘုရားရှင်က ခွင့်ပြုခြင်း မရှိသည့် သာသနာမှ ယူ၍ ရောပြွန်းကိုးကွယ်ခံတို့က သူတို့အတွက် ပညတ်ကြသလော၊ အကယ်၍ ရှင်းလင်းဆုံးဖြတ်ချက် ဓမ္မတော် မရှိခဲ့လျှင်၊ သူတို့၏ကြား၌ ဆုံးဖြတ်ပြီး ဖြစ်လတ္တံ့၊ အမိုက်ကောင်များအတွက် စူးနစ်နာကျင်သော ဝဋ်ကြွေးသည် ရှိနေ၏။
☆၃၀း၁၅	**تَرَى الظَّالِمِينَ مُشْفِقِينَ مِمَّا كَسَبُوا وَهُوَ وَاقِعٌ بِهِمْ وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فِي رَوْضَاتِ الْجَنَّاتِ لَهُم مَّا يَشَاؤُونَ عِندَ رَبِّهِمْ ذَلِكَ هُوَ الْفَضْلُ الكَبِيرُ ۞** အမိုက်ကောင်များအား သူတို့ကျင့်ဆောင်ခဲ့မှုများကြောင့် သူတို့အတွက် စိုးရိမ်ကြောက်လန့်ရခြင်း အတည်ဖြစ်သည်ကို သင် မြင်တွေ့ရလတ္တံ့။ ယုံကြည်လျက် ပြုပြင်ပြောင်းလဲခြင်းကို ကျင့်ကြံသော သူများ အတွက် စိမ်းလန်းစိုပြေသော ဥယျာဉ်များရှိစေလတ္တံ့၊☆ သူတို့အတွက် စံချိန်ပြည့်ရာအလျောက် သူတို့ ကံကြမ္မရှင်ထံ၌ ရှိ၏။ ဤသည် ကြီးကျယ်သော သိက္ခာပေးမှုပင် ဖြစ်၏။
၂၃။	**ذَلِكَ الَّذِي يُبَشِّرُ اللَّهُ عِبَادَهُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ قُل لَّا أَسْأَلُكُمْ عَلَيْهِ أَجْرًا إِلَّا الْمَوَدَّةَ فِي الْقُرْبَى وَمَن يَقْتَرِفْ حَسَنَةً نَّزِدْ لَهُ فِيهَا حُسْنًا إِنَّ اللَّهَ غَفُورٌ شَكُورٌ ۞** ဤသည် ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသော၊ အရှင်၏ အမှုတော်ဆောင်များအတွက် ပရမတ်ဘုရားရှင် ထံမှ သတင်းကောင်းဖြစ်၏။ ဟောလော့ "သင်တို့မှ ကျွန်ုပ်တောင်းဆိုသည့် အကျိုးဆုလဒ်မှာ ဆွေမျိုးနီးချင်း လိုလားမှုရှိခြင်းမှအပ အခြားမဟုတ်ချေ။" တင့်တယ်စွာ အသားကျ သူအတွက် ငါသည် ထိုဥ သုမင်္ဂလာ ဆင့်တိုးစေမည်ပင်။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ ကျေးဇူးတော် အရှင် ဖြစ်တော်မူ၏။
၂၄။	**أَمْ يَقُولُونَ افْتَرَى عَلَى اللَّهِ كَذِبًا فَإِن يَشَأِ اللَّهُ يَخْتِمْ عَلَى قَلْبِكَ وَيَمْحُ اللَّهُ الْبَاطِلَ وَيُحِقُّ الْحَقَّ بِكَلِمَاتِهِ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ ۞** သို့တည်းမဟုတ် သူတို့က "သူသည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်ညာ လုပ်ကြံဖန်တီး၏၊"ဟု ဆိုကြသလော။ အကယ်၍ စံချိန်ပြည့်မှီခဲ့လျှင် ပရမတ်ဘုရားရှင်သည် သင်၏ နှလုံးသားကို အဆုံးသတ်ထားနိုင်၏။ ပရမတ်ဘုရားရှင်သည် အမှားကို ပျက်ပျယ်စေလျက် အမှန်ကို သစ္စာတရားတော်ဖြစ်စေလတ္တံ့၊ ဇကန်ပင် အရှင်သည် ရင်တွင်းခံစားချက်များ အားဖြင့် သိနေသော အရှင် ဖြစ်၏။

၂၅။	**وَهُوَ الَّذِي يَقْبَلُ التَّوْبَةَ عَنْ عِبَادِهِ وَيَعْفُو عَنِ السَّيِّئَاتِ وَيَعْلَمُ مَا تَفْعَلُونَ۝** အရှင်သည် အမှုတော်ဆောင်များ၏ ခဝါချမှုကို အကိုးပြည့်စေသော၊ အကုသိုလ်များကို ကျေအေးပေးသော၊ ပြုလုပ်သမျှကို သိနေတော်မူသော အရှင် ဖြစ်၏။
၂၆။	**وَيَسْتَجِيبُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَيَزِيدُهُم مِّن فَضْلِهِ وَالْكَافِرُونَ لَهُمْ عَذَابٌ شَدِيدٌ۝** ယုံကြည်လျက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသော သူများအား ဖြေကြားတော်မူ၍၊ အရှင်၏ သိက္ခာပေးခြင်းမှ သူတို့အား တိုးပွားစေတော်မူ၏။ ဖုံးကွယ်သူတို့အတွက်မူ ပြင်းထန်သော ဝဋ်ကြွေးသည် ရှိနေ၏။
၂၇။	**وَلَوْ بَسَطَ اللَّهُ الرِّزْقَ لِعِبَادِهِ لَبَغَوْا فِي الْأَرْضِ وَلَكِن يُنَزِّلُ بِقَدَرٍ مَّا يَشَاء إِنَّهُ بِعِبَادِهِ خَبِيرٌ بَصِيرٌ۝** ပရမတ်ဘုရားရှင်သည် အရှင်၏ အမှုတော်ဆောင်များအတွက် ရိက္ခာကို တိုးပွားစေခဲ့သော် သူတို့သည် မြေကမ္ဘာ၌ အပြစ်ရှာကြလတ္တံ့၊ သို့သော် စံချိန်ပြည့်ရာ စည်းချိန်အလျောက် အရှင် ချမှတ်ပေးတော်မူ၏။ ဇကနပင် အရှင်သည် အမှုတော်ဆောင်တို့အား သတင်းရနေသော၊ မြင်နေသော အရှင် ဖြစ်၏
၂၈။	**وَهُوَ الَّذِي يُنَزِّلُ الْغَيْثَ مِن بَعْدِ مَا قَنَطُوا وَيَنشُرُ رَحْمَتَهُ وَهُوَ الْوَلِيُّ الْحَمِيدُ۝** သူတို့သည် စိတ်ပျက်လက်မှိုင်ချနေပြီးနောက် အရှင်သည် မိုးရေကို သွန်းချစေတော်မူ၍၊ ကရုဏာတော်ဖြင့် နိုးကြွစေတော်မူ၏။ အရှင်သည် ရည်သန်ရူးဖိုက်မှုတည်ရာ အရှင် မဟာမိတ် ဖြစ်တော်မူ၏။
၂၉။	**وَمِنْ آيَاتِهِ خَلْقُ السَّمَاوَاتِ وَالْأَرْضِ وَمَا بَثَّ فِيهِمَا مِن دَابَّةٍ وَهُوَ عَلَى جَمْعِهِمْ إِذَا يَشَاء قَدِيرٌ۝** မိုးများ၊ မြေကမ္ဘာနှင့် ထိုး၌ ပြန့်ပွားစေသော သက်ရှိတို့အား ဖြစ်တည်စေခြင်းသည် အရှင်၏ သက်သေလက္ခဏာများမှ ဖြစ်၏။ အရှင်သည် စည်းချိန် စံချိန်ပြည့်မှီသောအခါ ၎င်းတို့ကို အတူစုပေါင်းခြင်းစေ၏။
၃၀။	**وَمَا أَصَابَكُم مِّن مُّصِيبَةٍ فَبِمَا كَسَبَتْ أَيْدِيكُمْ وَيَعْفُو عَن كَثِيرٍ۝** သင်တို့အား ထိခိုက်မှုများမှ ထိခိုက်စေခြင်းသည် သင်တို့၏ လက်ဖြင့် ကျင့်ဆောင်ခဲ့ရာများ ဖြစ်၍၊ မြောက်များစွာအား ကျေးအေးပေးပြီး ဖြစ်၏။
၃၁။	**وَمَا أَنتُم بِمُعْجِزِينَ فِي الْأَرْضِ وَمَا لَكُم مِّن دُونِ اللَّهِ مِن وَلِيٍّ وَلَا نَصِيرٍ۝** သင်တို့က မြေကမ္ဘာ၌ ချိနဲ့စေနိုင်သည် မဟုတ်။ သင်တို့အတွက် ပရမတ်ဘုရားရှင် မှလွဲ၍ ကူညီမည့်သူ မဟာမိတ် မရှိချေ။
၃၂။ စီးမျောရာများ	**وَمِنْ آيَاتِهِ الْجَوَارِ فِي الْبَحْرِ كَالْأَعْلَامِ۝** ပင်လယ်ပြင်၌ သိနိုင်လောက်သည့် **သင်္ဘောများ**သည်လည်း အရှင်၏ နိမိတ်လက္ခဏာများမှ ဖြစ်၏။
၃၃။ ပင်လယ်မြင်	**إِن يَشَأْ يُسْكِنِ الرِّيحَ فَيَظْلَلْنَ رَوَاكِدَ عَلَى ظَهْرِهِ إِنَّ فِي ذَلِكَ لَآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ۝** စံချိန်ပြည့်မှီခဲ့လျှင် လေအား တည်ငြိမ်စေလျက် **၎င်း**၏ ကျောပြင်၌ လှိုင်းရပ်စေလိမ့်မည်။ ဤသည် သည်းခံသူ၊ ကျေးဇူးသိသူတိုင်းအတွက် နိမိတ်လက္ခဏာများ ဖြစ်၏။
၃၄။	**أَوْ يُوبِقْهُنَّ بِمَا كَسَبُوا وَيَعْفُ عَن كَثِيرٍ۝** သို့တည်းမဟုတ် သူတို့၏ကျင့်ဆောင်မှုများကြောင့် သူတို့ကို တားဆီးကာရံပေးနိုင်၏၊ အများစုကို ကျေးအေးပေးခဲ့ပြီ။
၃၅။	**وَيَعْلَمَ الَّذِينَ يُجَادِلُونَ فِي آيَاتِنَا مَا لَهُم مِّن مَّحِيصٍ۝** ငါ၏ နိမိတ်လက္ခဏာများကို စောဒကတက်သော သူတို့အား သူတို့အတွက် လွတ်လမ်း မရှိဟု သိစေလော့။

၃၆။	**فَمَا أُوتِيتُم مِّن شَيْءٍ فَمَتَاعُ الْحَيَاةِ الدُّنْيَا وَمَا عِندَ اللَّهِ خَيْرٌ وَأَبْقَى لِلَّذِينَ آمَنُوا وَعَلَى رَبِّهِمْ يَتَوَكَّلُونَ۞** သင်တို့အား ဤလောကီ သက်တမ်းဌာန် ပေးခြင်းခံရသော အရာသည် ချမ်းမြေ့မှုမျှသာ ဖြစ်၏၊ ယုံကြည်လျက် ကံကြမ္မာရှင်၏ အပေါ် ကိုးစားသော သူတို့အတွက်၊ ပရမတ်ဘုရားရှင်၏ ထံပါးဌာန မူ ပိုကောင်း၏၊ တည်တံ့၏။
၃၇။	**وَالَّذِينَ يَجْتَنِبُونَ كَبَائِرَ الْإِثْمِ وَالْفَوَاحِشَ وَإِذَا مَا غَضِبُوا هُمْ يَغْفِرُونَ۞** သူတို့သည် ကြီးသော ပြစ်မှုများနှင့် ကိုယ်ကျင့်ပျက်မှုများမှ ကင်းသန့်ကြ၏။ ဒေါသထွက်နေသည့်တိုင် လွှတ်ငြိမ်းခွင့်ပေးကြ၏။
၃၈။ ☆၂၃	**وَالَّذِينَ اسْتَجَابُوا لِرَبِّهِمْ وَأَقَامُوا الصَّلَاةَ وَأَمْرُهُمْ شُورَى بَيْنَهُمْ وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ۞** သူတို့သည် ကံကြမ္မာရှင်အတွက် အဖြေပေးလျက်ရှိ၏၊ ဝတ်ပြု☆မြဲကြ၏။ ညှိနှိုင်းချက်များ အတွက် သူတို့ချင်း ကြားဆွေးနွေးမှု ရှိကြ၏။ သူတို့အား ငါပေးသည့် ရိက္ခာများမှာ ပေးကမ်းသုံးစွဲကြကုန်၏။
၃၉။	**وَالَّذِينَ إِذَا أَصَابَهُمُ الْبَغْيُ هُمْ يَنتَصِرُونَ۞** အပြစ်ရှာသောအခါ ထိခိုက်ခံရသောသူများ၊ ထိုသူတို့အား အကူအညီပေးနိုင်၏။
၄၀။ အကုသိုလ်	**وَجَزَاء سَيِّئَةٍ سَيِّئَةٌ مِّثْلُهَا فَمَنْ عَفَا وَأَصْلَحَ فَأَجْرُهُ عَلَى اللَّهِ إِنَّهُ لَا يُحِبُّ الظَّالِمِينَ۞** **အကုသိုလ်လွန်ကျူးလွန်**ခံရသည်နှင့် အညီ အကုသိုလ် အစားပေးခွင့်ရှိ၏၊ သို့သော် ကျေးဇူးလျက် ပြုပြင်ပြောင်းလဲကြလျှင် ပရမတ်ဘုရားရှင်၏ထံမှ ဆုလဒ်သည် ရှိ၏။ အရှင်သည် အမိုက်ကောင်တို့အား နှစ်သက်တော် မမူချေ။
၄၁။	**وَلَمَنِ انتَصَرَ بَعْدَ ظُلْمِهِ فَأُوْلَئِكَ مَا عَلَيْهِم مِّن سَبِيلٍ۞** မိုက်ကြေးခွဲခံပြီးနောက် အကူအညီပေးသောသူ၊ ထိုသူတို့အပေါ်၌ (အပြစ်ယူရန်) နည်းလမ်းမရှိချေ။
၄၂။	**إِنَّمَا السَّبِيلُ عَلَى الَّذِينَ يَظْلِمُونَ النَّاسَ وَيَبْغُونَ فِي الْأَرْضِ بِغَيْرِ الْحَقِّ أُوْلَئِكَ لَهُم عَذَابٌ أَلِيمٌ۞** လူသားအတို့အပေါ်၌ မိုက်ကြေးခွဲ၍၊ မြေကမ္ဘာ၌ သစ္စာမဲ့စွာဖြင့် အပြစ်ရှာသော သူတို့ အပေါ်၌သာ အရေးယူနိုင်သည့် နည်းလမ်းသည် ရှိ၏။ ထိုသူတို့အတွက် စူးနစ်နာကျင်သော ဝဋ်ကြွေးသည် ရှိနေ၏။
၄၃။	**وَلَمَن صَبَرَ وَغَفَرَ إِنَّ ذَلِكَ لَمِنْ عَزْمِ الْأُمُورِ۞** သည်းခံ၍ လွှတ်ငြိမ်းခွင့်ပေးတတ် သူသည်– ဇကန်ပင် အရေးအရာများကို ဆုံးဖြတ်တတ်သူ ဖြစ်၏။
၄၄။	**وَمَن يُضْلِلِ اللَّهُ فَمَا لَهُ مِن وَلِيٍّ مِّن بَعْدِهِ وَتَرَى الظَّالِمِينَ لَمَّا رَأَوُا الْعَذَابَ يَقُولُونَ هَلْ إِلَى مَرَدٍّ مِّن سَبِيلٍ۞** ပရမတ်ဘုရားရှင်က လမ်းလွဲစေသူ အတွက်၊ အရှင်၏နောက် အခြား မဟာမိတ် မရှိချေ။ အမိုက်ကောင်များသည် ဝဋ်ကြွေးအား မြင်တွေ့ကြသောအခါ၊ ''နောက်လှည့်ပြန်ရာသို့ နည်းလမ်းများ ရှိသလော၊'' ဟု သူတို့ ပြောဆို သည်ကို သင်မြင်ရလတ္တံ့။
၄၅။ မကျွတ်သော	**وَتَرَاهُمْ يُعْرَضُونَ عَلَيْهَا خَاشِعِينَ مِنَ الذُّلِّ يَنظُرُونَ مِن طَرْفٍ خَفِيٍّ وَقَالَ الَّذِينَ آمَنُوا إِنَّ الْخَاسِرِينَ الَّذِينَ خَسِرُوا أَنفُسَهُمْ وَأَهْلِيهِمْ يَوْمَ الْقِيَامَةِ أَلَا إِنَّ الظَّالِمِينَ فِي عَذَابٍ مُّقِيمٍ۞** သူတို့အား ဘောင်တွင်းမှဖြစ်စေလျှင်– နိမ့်ပါး ကျိုးငဲ့လျက် ''မျက်ရိပ်ဖြင့် ခိုးကြည့်သည်ကိုသာ သင် မြင်ရလတ္တံ့။ ယုံကြည်သော သူတို့က ''အမှန် ဆုံးရှုံးရသော သူမှာ သူတို့၏ ဉာဉ်စရိုက်များ၊ သူတို့၏ ဝိုင်းသားများအား ရပ်တည်ရမည့်နေ့၌ ဆုံးရှုံးနစ်နာစေသောသူ ဖြစ်၏။ အမိုက်ကောင်တို့သည်ကား **မြဲသော** ဝဋ်ကြွေးထဲ၌ နေရလတ္တံ့၊'' ဟု ဆိုကြ၏။

၄၆။	**وَمَا كَانَ لَهُم مِّنْ أَوْلِيَاء يَنصُرُونَهُم مِّن دُونِ اللَّهِ وَمَن يُضْلِلِ اللَّهُ فَمَا لَهُ مِن سَبِيلٍ۞** ထိုသူတို့အတွက် ပရမတ်ဘုရားရှင် မှလွဲ၍ အကူအညီနှင့် မဟာမိတ် ဟူ၍ မရှိချေ။ ပရမတ်ဘုရားရှင်က လမ်းလွဲစေသူ အတွက် လမ်းစလမ်းန နတ္ထိပင်။
၄၇။ ☆၄၂၃၈	**اسْتَجِيبُوا لِرَبِّكُم مِّن قَبْلِ أَن يَأْتِيَ يَوْمٌ لَّا مَرَدَّ لَهُ مِنَ اللَّهِ مَا لَكُم مِّن مَّلْجَأٍ يَوْمَئِذٍ وَمَا لَكُم مِّن نَّكِيرٍ۞** ပရမတ်ဘုရားရှင်၏ ထံမှ ပေးရောက်လာစေသည့် ဦးပြန်မလှည့်နိုင်သော နေ့မတိုင်မီ သင်တို့၏ကံကြမ္မာရှင် အတွက် ဖြေကြားလေ့။☆ ထိုနေ့ကာလ၌ သူတို့အတွက် ခိုကပ်ရာဟူ၍ မရှိ၊ သူတို့အတွက် မကြုံဘူးရရာ မရှိ။
၄၈။	**فَإِنْ أَعْرَضُوا فَمَا أَرْسَلْنَاكَ عَلَيْهِمْ حَفِيظًا إِنْ عَلَيْكَ إِلَّا الْبَلَاغُ وَإِنَّا إِذَا أَذَقْنَا الْإِنسَانَ مِنَّا رَحْمَةً فَرِحَ بِهَا وَإِن تُصِبْهُمْ سَيِّئَةٌ بِمَا قَدَّمَتْ أَيْدِيهِمْ فَإِنَّ الْإِنسَانَ كَفُورٌ۞** အကယ်၍ သူတို့သည် ဘောင်ကန့်ထားကြလျှင်၊ ငါသည် သင့်အား စောင့်ရှောက်သူအဖြစ် သူတို့ထံသို့ မစေစားချေ။ သင့်ဝန်တာမှာ (ဓမ္မကို) ဆိုက်ရောက်စေရန်သာ ဖြစ်၏။ ငါသည် လူသားအား ငါ၏ ကရုဏာတော်အား မြည်းစမ်းစေသောအခါ၊ ထိုၠ ဝမ်းမြောက်နေ၏။ သူတို့၏ စုံရပ်ခံခဲ့သော လက်ချက်များကြောင့် သူ့အား အကုသိုလ် ထိသက်စေလျှင်၊ ဇကန်ပင် လူသားသည် ဖုံးကွယ်ကျေးစွပ်သူ ဖြစ်တော့၏။
၄၉။ ☆၂၇၀	**لِّلَّهِ مُلْكُ السَّمَاوَاتِ وَالْأَرْضِ يَخْلُقُ مَا يَشَاء يَهَبُ لِمَن يَشَاء إِنَاثًا وَيَهَبُ لِمَن يَشَاء الذُّكُورَ۞** မိုးများနှင့် မြေကမ္ဘာအား အစိုးရခြင်းသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာၠ ရှိ၏။ အရှင်သည် စံချိန်ပြည့်မှီရာကို☆ ဖြစ်တည်စေ၏။ စံချိန်ပြည့်သူအား သမီးရတနာကို ချီးမြှင့်၍၊ စံချိန်ပြည့်သူအား သားရတနာကို ချီးမြှင့်ပေးတော်မူ၏။
၅၀။	**أَوْ يُزَوِّجُهُمْ ذُكْرَانًا وَإِنَاثًا وَيَجْعَلُ مَن يَشَاء عَقِيمًا إِنَّهُ عَلِيمٌ قَدِيرٌ۞** သို့မဟုတ် ငါသည် သူတို့အား သားများ သမီးများဖြင့် အဖေါ်စုံဘက် ဖြစ်စေ၏။[၉၄] မျိုးသုဉ်းမှု စံချိန်ပြည့်ရန် စီစဉ်ခံရသူလည်း ရှိ၏။ ဇကန်ပင် အရှင်သည် သိနေသောအရှင်၊ စည်းချိန်ချမှတ်သော အရှင် ဖြစ်တော်မူ၏၊
၅၁။	**وَمَا كَانَ لِبَشَرٍ أَن يُكَلِّمَهُ اللَّهُ إِلَّا وَحْيًا أَوْ مِن وَرَاء حِجَابٍ أَوْ يُرْسِلَ رَسُولًا فَيُوحِيَ بِإِذْنِهِ مَا يَشَاء إِنَّهُ عَلِيٌّ حَكِيمٌ۞** အာရုံစူးစိုက်ဖြစ်စေ၍၊ သို့မဟုတ် စည်းခြား နောက်ကွယ်မှ၊ သို့မဟုတ် အရှင့် ခွင့်ပြုချက်ဖြင့် စံချိန်ပြည့်မှီသူ အာရုံစူးစိုက်ဖြန့်ကျက်ခွင့်ရ ဉာဏ်စဉ်တော်ဆောင်များကို စေစား၍မှ အပ ပရမတ်ဘုရားရှင်နှင့် တိုက်ရိုက် စကားပြောဆိုနိုင်သော လူပုဂ္ဂိုလ် ဟူ၍ မရှိ။ အရှင်သည် အထွဋ်အထိပ်ဖြစ်တော်မူ၏၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၅၂။	**وَكَذَلِكَ أَوْحَيْنَا إِلَيْكَ رُوحًا مِّنْ أَمْرِنَا مَا كُنتَ تَدْرِي مَا الْكِتَابُ وَلَا الْإِيمَانُ وَلَكِن جَعَلْنَاهُ نُورًا نَّهْدِي بِهِ مَنْ نَّشَاء مِنْ عِبَادِنَا وَإِنَّكَ لَتَهْدِي إِلَى صِرَاطٍ مُّسْتَقِيمٍ۞** ဤသို့ပင်၊ ငါသည် ငှါ ညွှန်ကြားချက်များမှ ဉာဏ်စဉ်တော်ကို သင့်ထံသို့ အာရုံစူးစိုက်ဖြစ်စေပြီ။ ကျမ်းတော်နှင့် ယုံကြည်ချက်ဟူသည်ကို သင် မှန်းခဲ့နိုင်သလော– သို့သော် ၎င်းကို အလင်းတစ်ဆောင်အဖြစ် စီစဉ်ပေး၏၊ စံချိန်ပြည့်မှီသူ ငါ၏ အမှုတော်ဆောင်များအတွက် လမ်းညွှန် ဖြစ်စေ၏။ ဇကန်ပင် သင်သည် မြဲမြံတည်တံ့သော လမ်းစဉ်သို့ ညွှန်ပြသူ ဖြစ်၏။

---

(၉၄) ဤသုတ်တော်တွင်– **အဖေါ်စုံဘက်** ဖြစ်စေ၏၊ ဟု သုံးသော စကားလုံးမှာ **ဇောင်းပွန်** ပင်ဖြစ်၍၊ သူတို့၏ ဇနီးကြင်ယာကြင်ဘက်များဟု လုံးဝ အဓိပ္ပါယ်ကို မပေးချေ။ ဤဝါကျတွင် သားရော သမီးပါ၊ သူတို့အတွက် ရဲဘော်ရဲဘက် အဖေါ်အပေါင်း ဖြစ်စေခြင်းကို ညွှန်းပေသည်။ သို့ဖြစ် ၍ **ဇောင်းပွန်**ဆိုသော စကား၊ **နိကာဟ်**ဆိုသော စကားလုံးများကို တွေ့တိုင်း ကိုယ်တော်မုဟမ္မဒ်၏ ဂုဏ်သိက္ခာကို စော်ကား ပုတ်ခတ်ရန် သို့မဟုတ် ပုတ်ခတ်သလို ဖြစ်စေရန် ရေးသား ပြန်ဆိုသည်များကို ဆင်ခြင်သင့်ပေသည်။ (၃၃း၃၇ တွင်ကြည့်ပါ)။ ဤသုတ်တော်သည် သမီးမိန်းက လေးရရှိလာလျှင် အဖေါ်မရ၊ အမင်္ဂလာ ဖြစ်သည်ဟူ၍ အရှင်လတ်လတ် သတ်ပစ်သော ရိုးရာ ဓလေ့ဆိုးများကိုလည်း ပါယ်ဖျက်ခြင်း ဖြစ်ပေသည်။ (၁၆း၅၈–၅၉)

၅၃။	**صِرَاطِ اللَّهِ الَّذِي لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ أَلَا إِلَى اللَّهِ تَصِيرُ الأمُورُ۞** ယင်းမှာ မိုးများအတွင်း မြေအတွင်း ရှိသမျှတို့၏ အချုပ်အခြာကို ပိုင်သော ပရမတ်ဘုရားရှင်၏ ထံသို့ လမ်းစဉ်တော် ဖြစ်၍။ ကောန်အမှန် အရေးအရာအားလုံး၏ ခရီးဆုံးပန်းတိုင်သည် ပရမတ်ဘုရားရှင်၏ ထံသို့ ဖြစ်၏။

ဓမ္မခန္ဓာ (၄၃) "ရွေထည်ဝတ္ထု" (ဇုခ်ရုဖ်)

ဥာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၆၃။ သုတ်ဒေသနာ– ၈၉ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁။

၁။ ☆၄၀း၁	**حم۞** ဟာ မင်။☆
၂။	**وَالْكِتَابِ الْمُبِينِ۞** ရှင်းလင်းထင်ရှားသော ကျမ်းတော်အားဖြင့်၊
၃။	**إِنَّا جَعَلْنَاهُ قُرْآنًا عَرَبِيًّا لَّعَلَّكُمْ تَعْقِلُونَ۞** ဇကနပင်၊ သင်တို့ အတွေးအခေါ်ရှိအံ့ငှာ ၎င်းကို အာရဗီ ကုရ်အာန်အဖြစ် ငါ စီစဉ်ပေးတော်မူ၏။
၄။	**وَإِنَّهُ فِي أُمِّ الْكِتَابِ لَدَيْنَا لَعَلِيٌّ حَكِيمٌ۞** ဇကနပင် ၎င်းသည် ငါ၏ အပါးတော်ရှိ မူလဘူတ ကျမ်းတော်မှ ဖြစ်၍၊ အထွဋ်အထိပ် ဖြစ်၏၊ ဓမ္မသတ်ချုပ် ဖြစ်၏။[၄၄]
၅။	**أَفَنَضْرِبُ عَنكُمُ الذِّكْرَ صَفْحًا أَن كُنتُمْ قَوْمًا مُّسْرِفِينَ۞** ဥပမာအဖြစ် သင်တို့သည် အလွဲသုံးစားပြုသော လူမျိုးဖြစ်လျှင် သင်တို့အား သတိမပေး ဥပက္ခာပြုထားသင့်သလော။
၆။	**وَكَمْ أَرْسَلْنَا مِن نَّبِيٍّ فِي الْأَوَّلِينَ۞** ရှေးဦးပထမ မည်မျှသော သတင်းတော်ဆောင်များကို ငါ စေစားခဲ့ပြီနည်း။
၇။	**وَمَا يَأْتِيهِم مِّن نَّبِيٍّ إِلَّا كَانُوا بِهِ يَسْتَهْزِؤُون۞** သူတို့ထံသို့ သတင်းတော်ဆောင်တစ်ပါး ပေးရောက်စေလျှင် သူ့အား ၎င်းတို့က လှောင်ပြောင်လေ့ရှိကြ၏။
၈။	**فَأَهْلَكْنَا أَشَدَّ مِنْهُم بَطْشًا وَمَضَى مَثَلُ الْأَوَّلِينَ۞** ငါသည် ၎င်းတို့မှ သန်မာအားကောင်းစွာ ဆက်လက် ကိုင်တွယ်ထားနိုင်သူတို့အား တိမ်ကောစေလိုက်ပြီ။ ထို ရှေးဦး သူတို့သည် နမူနာပင် ဖြစ်၏။

---

(၄၄) မူလဘူတ ကျမ်းတော်ဟု ဘာသာပြန်သော စကားလုံးသည် မူရင်းအားဖြင့် ကျမ်းတို့၏ မိခင်ဟု အနက်ကိုပေးသော **အွမ်မွန် ကီတဗ်** ဆိုသော စကားလုံးပင် ဖြစ်ပေသည်။ ၎င်းသည် ကျမ်းတော်၏ မူလအရင်းအမြစ်ကို ညွှန်ပြခြင်း ဖြစ်၍၊ ပရမတ်ဘုရားရှင်၏ထံမှ ဥာဏ်စဉ်တော်ဖြင့် ချမှတ်ပေးသော ကျမ်းတော်အစစ် အဖြစ်ကြောင်းကို ဆိုပေသည်။ နောက်ဆုံးပွင့်မည့် ကိုယ်တော်သည် ပရမတ်ဘုရားရှင်၏ စကားကို ဆင့်ဆိုမည့် အကြောင်း သမ္မကျမ်းစာ၏ တရားဟောရာကျမ်း ၁၈း၁၈ တွင်လည်းကောင်း၊ ပိဋကတ်–ပါထိကဝဂ်ပါဠိ၊ စက္ကဝတ္တိသုတ် ၁၀၇ တွင် **အစ၏ ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူလတ္တံ့။** ဟု ဆိုထားပေသည်။ နောက်ဆုံးပွင့်ဖြစ်သော ကိုယ်တော်မုဟမ္မဒ်သည် ပရမတ်ဘုရားရှင်၏ ထံမှ ပြီးပြည့်စုံသော မူလဘူတကျမ်းတော်ကို လူသားအပေါင်း အတွက် ယူဆောင်လာခဲ့လေပြီ။

၉။	**وَلَئِن سَأَلْتَهُم مَّنْ خَلَقَ السَّمَاوَاتِ وَالْأَرْضَ لَيَقُولُنَّ خَلَقَهُنَّ الْعَزِيزُ الْعَلِيمُ۞** အကယ်၍ သင်က ''မိုးများနှင့် မြေအား မည်သူက ဖြစ်တည်စေသနည်း၊''ဟု မေးလျှင် သူတို့က ''ဘုန်းတော်ရှင်၊ သိနေသော အရှင်က ဖြစ်တည်စေခြင်းပင်၊''ဟု ဖြေကြလတ္တံ့။
၁၀။	**الَّذِي جَعَلَ لَكُمُ الْأَرْضَ مَهْدًا وَجَعَلَ لَكُمْ فِيهَا سُبُلًا لَّعَلَّكُمْ تَهْتَدُونَ۞** အရှင်သည် သင်တို့အတွက် မြေကမ္ဘာကို ညိမ့်ညောင်းရာ အဖြစ် စီစဉ်ပေး၏၊ သင်တို့အတွက် သင်တို့ လမ်းညွှန်မှန်ရကောင်းအံ့ငှာ ထိုၦ် လမ်းကြောင်းများကို စီစဉ်ပေး၏။
၁၁။	**وَالَّذِي نَزَّلَ مِنَ السَّمَاء مَاء بِقَدَرٍ فَأَنشَرْنَا بِهِ بَلْدَةً مَّيْتًا كَذَلِكَ تُخْرَجُونَ۞** အရှင်သည် ကောင်းကင်ယံမှ ရေကို စည်းချိန်အလျောက် ချပေးတော်မူ၏။ သို့ဖြင့် သေနေသော မြို့အား နိုးကြွရှင်ပြန်စေ၏။ ဤသို့ပင် သင်တို့အား ထွက်လာစေမည်ပင်။
၁၂။	**وَالَّذِي خَلَقَ الْأَزْوَاجَ كُلَّهَا وَجَعَلَ لَكُم مِّنَ الْفُلْكِ وَالْأَنْعَامِ مَا تَرْكَبُونَ۞** အရှင်သည် ခပ်သိမ်းကုန်အား အစုဖွဲ့ ဖြစ်တည်စေတော်မူ၏။ သင်တို့အတွက် စီးနင်းဘို့ရာ သင်္ဘောများ၊ တိရိစ္ဆာန်များကို စီစဉ်ပေးတော်မူ၏။
၁၃။	**لِتَسْتَوُوا عَلَى ظُهُورِهِ ثُمَّ تَذْكُرُوا نِعْمَةَ رَبِّكُمْ إِذَا اسْتَوَيْتُمْ عَلَيْهِ وَتَقُولُوا سُبْحانَ الَّذِي سَخَّرَ لَنَا هَذَا وَمَا كُنَّا لَهُ مُقْرِنِينَ۞** သင်တို့သည် ၎င်းတို့၏ ကျောပြင်ပေါ်၌ ပုံစံကျရန် အလို့ငှာ၊ တဖန် ထိုသို့ ပုံစံချစဉ် သင်တို့ ကံကြမ္မာရှင်၏ ဂုဏ်ပေးမှုအား သတိရစေလျက် ရင့်ကျူးစေသည်မှာ ''ဤအရာတို့အား တပည့်တော်တို့အတွက် အသုံးခံဖြစ်စေသော အရှင့်အား ဦးထိပ်ထားပါ၏၊ တပည့်တော်တို့သည် ထိုသို့ မချိတ်ဆက်နိုင်ပါ။–
၁၄။	**وَإِنَّا إِلَى رَبِّنَا لَمُنقَلِبُونَ۞** တပည့်တော်တို့သည်ကား ဇကန်ပင် ကံကြမ္မာရှင်၏ထံသို့သာ ဦးလှည့်ပြန်ရမည်သာတည်း။''ဟု ဖြစ်၏။
၁၅။	**وَجَعَلُوا لَهُ مِنْ عِبَادِهِ جُزْءًا إِنَّ الْإِنسَانَ لَكَفُورٌ مُّبِينٌ۞** သို့သော် အရှင်၏ အမှုတော်ဆောင်များမှ ခွဲတမ်းလုပ်၍ အရှင့်ကိုယ်ပွားဟု စီစဉ်ကြ၏။ ဇကန်ပင် လူသားသည် ရှင်းလင်းထင်ရှားသော ကျေးစွပ်ဖုံးကွယ်သူ ဖြစ်၏။
၁၆။ ☆ ၁၃း၄၃	**أَمِ اتَّخَذَ مِمَّا يَخْلُقُ بَنَاتٍ وَأَصْفَاكُم بِالْبَنِينَ۞** သို့တည်းမဟုတ် အရှင်သည် အရှင့်အတွက် သမီးများကို ဖြစ်တည် ယူ၍၊☆ သင်တို့အတွက် သားတော်များကို ရွေးချယ်ပေးသလော။[၉၄]
၁၇။ ☆ ၁၆း၅၇ ၅၈	**وَإِذَا بُشِّرَ أَحَدُهُم بِمَا ضَرَبَ لِلرَّحْمَنِ مَثَلًا ظَلَّ وَجْهُهُ مُسْوَدًّا وَهُوَ كَظِيمٌ۞** ကရုဏာရှင်အတွက် သူ ပမာဆောင် ဥပမာပြုရာကို သူတို့မှ တစ်စုံတစ်ယောက်အား သတင်းကောင်းပါးသော် သူမျက်နှာ ကုပ်လျက် မဲသွား၏၊ သူသည် ယူကြုံးမရဖြစ်နေ၏။[၉၄]

---

(၉၄၅) သုတ်တော် ၁၅၊ ၁၆ က လူသား အပါအဝင် ဖြစ်တည်ခံ အရာများနှင့် ပရမတ်ဘုရားရှင်အား တုပကိုးကွယ်သည် ဓလေ့များကို အရှင်က ပညတ်ပေးသည်ဟု အယူစွဲနေမှုတို့အား ပယ်ဖျက်ပေသည်။ အချို့အယူများတွင် မယ်တော်များဟူ၍ ပသကိုးကွယ်နေခြင်း၊ အချို့အယူများတွင် လူသားစင်စစ်အား ဘုရားသားတော်များဟု သိမ်္ဘီတင်ယုံမှတ်နေခြင်းများကို အစွလာမ်သာသနာက တားမြစ်ပေသည်။

(၉၄၆) အမျိုးသမီးများသည် ပရမတ်ဘုရားရှင်၏ သမီးတော်များဟု ဆိုသော်ကား ဆို၏၊ သို့သော် သမီးမိန်းကလေးများ မွေးလာလျှင် အမင်္ဂလာဖြစ်သည်ဟု သူတို့ယူဆကာ အရှင်လတ်လတ် သတ်ပစ်မှုများပင် ရှိခဲ့၏၊ ၁၆း၅၇၊၅၈။ ၃၇း၁၄၊၅၈။ ၃၇း၁၄၉–၁၅၃။ အစွလာမ်က ထိုစနစ်ကို တိုက်ဖျက်ပေသည်။

၁၈။	**أَوَمَن يُنَشَّأُ فِي الْحِلْيَةِ وَهُوَ فِي الْخِصَامِ غَيْرُ مُبِينٍ۝** သို့မဟုတ် လက်ဝတ်တန်ဆာများဖြင့် ကြီးပြင်းရလျက်၊ အငြင်းအခုံမှ ရှင်းလင်းစွာ မနေနိုင်သော သူပင် မဟုတ်လော။(၉၄၇)
၁၉။ ☆ ၂း၂၁၀	**وَجَعَلُوا الْمَلَائِكَةَ الَّذِينَ هُمْ عِبَادُ الرَّحْمَنِ إِنَاثًا أَشَهِدُوا خَلْقَهُمْ سَتُكْتَبُ شَهَادَتُهُمْ وَيُسْأَلُونَ۝** ထို့ပြင် ကရုဏာရှင်အား ကွယ်ထွက်လိင် နတ်ဒေဝါများက☆ အမှုတော်ဆောင်နေသည်ဟု စီစဉ်ကြ၏။ ၎င်းတို့အား ဖြစ်တည်ပေးခြင်း၌ သူတို့သည် သက်သေသက်ကန် ဖြစ်သလော၊ သူတို့၏ သက်သေထွက်ချက်များကို မှတ်တမ်းတင်ထားလျက် စစ်ကြောခြင်းခံရစေလတ္တံ့။
၂၀။	**وَقَالُوا لَوْ شَاء الرَّحْمَنُ مَا عَبَدْنَاهُم مَّا لَهُم بِذَلِكَ مِنْ عِلْمٍ إِنْ هُمْ إِلَّا يَخْرُصُونَ۝** သူတို့က ‘‘ကရုဏာရှင်၏ စံချိန်မပြည့်မှီခဲ့လျှင် ကျွန်ုပ်တို့သည် ၎င်းတို့ကို ကိုးကွယ်ခဲ့မည် မဟုတ်၊’’ဟု ဆိုကြ၏။ ထို အတွက် သူတို့၌ အသိပညာမရှိ၊ မှန်းဆသူများသာ ဖြစ်၏။
၂၁။	**أَمْ آتَيْنَاهُمْ كِتَابًا مِّن قَبْلِهِ فَهُم بِهِ مُسْتَمْسِكُونَ۝** သို့တည်းမဟုတ် သူတို့ ဆုပ်ကိုင်ထားရန် ကျမ်းတစ်စောင်ကို ဤရှေ့အလျင်က သူတို့အား ပေးအပ်ဘူးသလော။
၂၂။ ရိုးရာ	**بَلْ قَالُوا إِنَّا وَجَدْنَا آبَاءنَا عَلَى أُمَّةٍ وَإِنَّا عَلَى آثَارِهِم مُّهْتَدُونَ۝** အမှန်မှာ၊ ‘‘ကျွန်ုပ်တို့သည် မိရိုးဖလာ အသိုင်းအဝိုင်းကို တွေ့ရ၏၊ ၎င်းတို့၏ **အစဉ်အလာ**များသည် ကျွန်ုပ်တို့အား လမ်းညွှန် ဖြစ်၏၊’’ဟု ဆိုကြ၏။
၂၃။ ရိုးရာ	**وَكَذَلِكَ مَا أَرْسَلْنَا مِن قَبْلِكَ فِي قَرْيَةٍ مِّن نَّذِيرٍ إِلَّا قَالَ مُتْرَفُوهَا إِنَّا وَجَدْنَا آبَاءنَا عَلَى أُمَّةٍ وَإِنَّا عَلَى آثَارِهِم مُّقْتَدُونَ۝** ဤသို့ပင်၊ သင့်မတိုင်မီ– ဒေသတစ်ခုသို့ သတိပေးသူ တစ်ဦး ငါ စေစား၏၊ ထိုမှ စည်းဒိမ် ယစ်နေသူတို့က ‘‘ကျွန်ုပ်တို့သည် မိရိုးဖလာ အသိုင်းအဝိုင်းကို တွေ့၏၊ ၎င်းတို့၏ **အစဉ်အလာ**အတိုင်း ကျွန်ုပ်တို့ လိုက်ကြ၏၊’’ဟု ဆိုကြသော်၊
၂၄။	**قَالَ أَوَلَوْ جِئْتُكُم بِأَهْدَى مِمَّا وَجَدتُّمْ عَلَيْهِ آبَاءكُمْ قَالُوا إِنَّا بِمَا أُرْسِلْتُم بِهِ كَافِرُونَ۝** သူက ‘‘ကျွန်ုပ် ရောက်လာသည်မှာ သင်တို့ တွေ့ရှိသော မိရိုးဖလာထက် ပိုမို လမ်းညွှန်ပေးသည် မဟုတ်လော၊’’ ဟု မေး၏၊ သူတို့က ‘‘အသင်တို့အားဖြင့် စေစားရာကို ငြင်းဆန်ဖုံးကွယ်သူများမှာ ကျွန်ုပ်တို့ပင် ဖြစ်၏၊’’ဟု ဆိုကြ၏။
၂၅။	**فَانتَقَمْنَا مِنْهُمْ فَانظُرْ كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ۝** သို့ဖြင့် သူတို့အား တန်ပြန်ခံစားစေတော်မူ၏။ ငြင်းဆန်သူတို့၏ နိဂုံး မည်သို့ ချုပ်ရသည်ကို ကြည့်ကြလော့။
၂၆။	**وَإِذْ قَالَ إِبْرَاهِيمُ لِأَبِيهِ وَقَوْمِهِ إِنَّنِي بَرَاء مِّمَّا تَعْبُدُونَ۝** အီဗရာဟီးမ်က သူ့ဖခင်နှင့် သူ့လူမျိုးအား ပြောသည်မှာ ‘‘ကျွန်ုပ်သည် အသင်တို့ ကိုးကွယ်ရာနှင့် ကင်းရှင်း၏၊
၂၇။	**إِلَّا الَّذِي فَطَرَنِي فَإِنَّهُ سَيَهْدِينِ۝** ကျွန်ုပ်အဘို့ ကျွန်ုပ်အား စတည်သော အရှင်သာ ရှိ၏၊ အရှင်သည် ကျွန်ုပ်အား လမ်းညွှန်တော်မူ၏။’’ဟု ဖြစ်၍၊
၂၈။	**وَجَعَلَهَا كَلِمَةً بَاقِيَةً فِي عَقِبِهِ لَعَلَّهُمْ يَرْجِعُونَ۝** အချုပ်၌ ၎င်းကို တည်တံ့သော စကားဆိုအဖြစ် စီစဉ်၍၊ ၎င်းတို့ ဦးလှည့်နိုင်အံ့ဌာ ဖြစ်စေ၏။

(၉၄၇) ထိုစဉ်က အမျိုးသမီးတို့၏ ဘဝမှာ မွေးကင်းစ၌ အသေ အသတ်မခံရလျှင်လည်း အိမ်တွင်းပုန်း အလှဆင်ဘဝဖြင့် နေရ၍၊ သူတို့၏ အမျိုးသမီး ဘဝ လွတ်မြောက်ရာ၊ လွတ်မြောက်ကြောင်းကိုပင် ဆောင်ရွက်ပိုင်ခွင့် မရှိခဲ့ချေ။

၂၉။	**بَلْ مَتَّعْتُ هَؤُلَاءِ وَآبَاءَهُمْ حَتَّى جَاءَهُمُ الْحَقُّ وَرَسُولٌ مُّبِينٌ۝** အမှန်မှာ၊ ငါသည် သူတို့နှင့် သူတို့၏ ဘဘိုးတို့၊ သူတို့ထံသို့ သစ္စာတရားနှင့် ရှင်းလင်းသော ဉာဏ်စဉ်တော်ဆောင် ရောက်လာသည့်တိုင် ပျော်ပါးနေစေ၏။
၃၀။	**وَلَمَّا جَاءَهُمُ الْحَقُّ قَالُوا هَذَا سِحْرٌ وَإِنَّا بِهِ كَافِرُونَ۝** သူတို့ထံသို့ သစ္စာတရားတော် ရောက်လာစဉ်၊ သူတို့က ''ဤသည် မှော်အတတ်သာ ဖြစ်၏။ ကျွန်ုပ်တို့သည် ၎င်းကို ငြင်းပယ်သူများ ဖြစ်၏၊''ဟု ဆိုကြ၏။
၃၁။	**وَقَالُوا لَوْلَا نُزِّلَ هَذَا الْقُرْآنُ عَلَى رَجُلٍ مِّنَ الْقَرْيَتَيْنِ عَظِيمٍ۝** ထို့ပြင် သူတို့က ''ဤကုရ်အာန်အား မဟာ ဒေသကြီးနှစ်ခုမှ အခြားလူအပေါ်သို့ အဘယ်ကြောင့် မချမှတ်ပေး သနည်း၊''ဟု ပြောကြ၏။[၉၈]
၃၂။ ဝန်ထမ်း	**أَهُمْ يَقْسِمُونَ رَحْمَةَ رَبِّكَ نَحْنُ قَسَمْنَا بَيْنَهُم مَّعِيشَتَهُمْ فِي الْحَيَاةِ الدُّنْيَا وَرَفَعْنَا بَعْضَهُمْ فَوْقَ بَعْضٍ دَرَجَاتٍ لِيَتَّخِذَ بَعْضُهُم بَعْضًا سُخْرِيًّا وَرَحْمَتُ رَبِّكَ خَيْرٌ مِّمَّا يَجْمَعُونَ۝** သူတို့သည် သင့်ကံကြမ္မာရှင်၏ ကရုဏာတော်အား တိုင်တည်သတ်မှတ်ထားကြသလော။ ငါအရှင်သည်သာ သူတို့ ကြား၌ ဤ လောကီသက်တမ်း ဘဝဖြစ်တည်မှုကို တိုင်တည်ထားတော်မူ၏။ သူတို့မှ အချို့သည် အချို့ကို **အသုံးပြုရာ** အဖြစ် ယူမှတ်နိုင်ရန်– သူတို့မှ အချို့ကို အချို့ အပေါ် အခွင့်အလမ်းပိုမို မြှောက်စားပေးတော်မူ၏။ သင့်ကံကြမ္မာရှင်၏ ကရုဏာတော်သည် သူတို့ စုဆောင်းထားရာတို့ထက် သာလွန်ကောင်းမွန်လှပေ၏။
၃၃။	**وَلَوْلَا أَن يَكُونَ النَّاسُ أُمَّةً وَاحِدَةً لَجَعَلْنَا لِمَن يَكْفُرُ بِالرَّحْمَنِ لِبُيُوتِهِمْ سُقُفًا مِّن فَضَّةٍ وَمَعَارِجَ عَلَيْهَا يَظْهَرُونَ۝** အကယ်၍ လူသားတို့သည် အသိုင်းအဝိုင်းတစ်ခုတည်း ဖြစ်မလာခဲ့သော်၊ ကရုဏာရှင်အား ဖုံးကွယ်ကျေးဇူးပြုသူတို့ အတွက် ငါ စီစဉ်ပေးထားမည်မှာ ငွေကြွေထားသော အိမ်များ၊ အပေါ်ဖိုးရှိသော တက်လမ်းများ–
၃၄။	**وَلِبُيُوتِهِمْ أَبْوَابًا وَسُرُرًا عَلَيْهَا يَتَّكِؤُونَ۝** သူတို့၏ အိမ် အဝင်တံခါးများ၊ သူတို့ လွဲမှီမည့် ဖိနပ်ခုံများ ဖြစ်၍–
၃၅။	**وَزُخْرُفًا وَإِن كُلُّ ذَٰلِكَ لَمَّا مَتَاعُ الْحَيَاةِ الدُّنْيَا وَالْآخِرَةُ عِندَ رَبِّكَ لِلْمُتَّقِينَ۝** ရွှေတည်ဝတ္ထုတို့လည်း ပါ၏။ ထိုအရာ အလုံးစုံသည် ဤလောကီဘဝ၏ ချိမ်းမြေ့မှုမျှသာ ဖြစ်၏။ သင့်ကံကြမ္မာရှင်၏ ထံတော်၌ ရှိသော နောင်ဘဝသည် စည်းစောင့်သူများ အတွက် ဖြစ်၏။
၃၆။ နေဝင်	**وَمَن يَعْشُ عَن ذِكْرِ الرَّحْمَنِ نُقَيِّضْ لَهُ شَيْطَانًا فَهُوَ لَهُ قَرِينٌ۝** ညဦး၌ ကရုဏာရှင်အား သတိမရသူ၊ သူ့အတွက် အဆက်အနွယ်ဖြစ်ရန် မကောင်းဆိုးဝါးအား ငါ အလုပ် ပေးတော်မူ လတ္တံ့။
၃၇။	**وَإِنَّهُمْ لَيَصُدُّونَهُمْ عَنِ السَّبِيلِ وَيَحْسَبُونَ أَنَّهُم مُّهْتَدُونَ۝**

---

(၉၈) ကိုယ်တော်မုဟမ္မဒ်၏ သဗ္ဗညုဉာဏ်စဉ်အား ဆွတ်ခူးခြင်းကို မနာလိုဖြစ်လျက်၊ ဤသို့မြင့်မြတ်သည့် ဉာဏ်စဉ်၊ လူသားအပေါင်းအား လမ်းညွှန်နိုင်သော အသိအား မြို့ကြီး နှစ်မြို့ ဖြစ်သည့် မက္ကာဟ်နှင့် တွာအက်စ်မြို့မှ ခေါင်းဆောင်ကြီးတို့က အဘယ်ကြောင့် မရလေသနည်းဟု ပြော ဆိုခြင်း ဖြစ်ပေသည်။ ဤကျမ်းတော်သည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ နီးပါးမှ အဖြစ်အပျက်ကို ဥပမာပေးလျက် လက်ရှိခေတ်များအား နား လည်ခံစားနိုင်ရန် လမ်းညွှန်လျက်ရှိပေသည်။ ယခုခေတ်တွင်လည်း အမှန်တကယ် သစ္စာရှင် ပညာရှင်များ ပေါ်ထွန်းလာလျှင် အရပ်ကြီး။ မြို့ကြီး များမှ ခေါင်းဆောင် ဆိုသူများက ထိုပုဂ္ဂိုလ်အား မနာလိုဖြစ် ပြစ်တင် တိုက်ခိုက်ကြစမြဲပင် မဟုတ်တုံလော။–

	၎င်းတို့က သူတို့အား လမ်းစဉ်တော်မှ ဇကန် ဖယ်ရှားထား၏၊ သို့သော် သူတို့ကိုယ် သူတို့ လမ်းညွှန်ခံနေရသူများဟု စိတ်ကူးယဉ်နေ၍၊
၃၈။	**حَتَّى إِذَا جَاءنَا قَالَ يَا لَيْتَ بَيْنِي وَبَيْنَكَ بُعْدَ الْمَشْرِقَيْنِ فَبِئْسَ الْقَرِينُ۞** ငှါထံသို့ ရောက်လာသောအခါ၊ သူက“ကျွန်ုပ်၏ကြား၊ သင်၏ကြားခြံ နေထွက်ရာ အရပ်နှစ်ခုကဲ့သို့ နောက်ကျကျန်ရစ်ခဲ့လျှင် ကောင်းလေစွ၊ အမင်္ဂလာသည် အပါးတော်မြဲ ဖြစ်ရပြီ၊”ဟု ဆိုလတ္တံ့။[၉၄]
၃၉။	**وَلَن يَنفَعَكُمُ الْيَوْمَ إِذ ظَّلَمْتُمْ أَنَّكُمْ فِي الْعَذَابِ مُشْتَرِكُونَ۞** သင်တို့၏ မိုက်ကြေးခွဲခဲ့မှုသည် ဝဋ်ကြွေးကို ပူးတွဲရယူရန်သာ ဖြစ်၍၊ ထိုနေ့၌ သင်တို့အား အကျိုးမပေးတော့ချေ။
၄၀။	**أَفَأَنتَ تُسْمِعُ الصُّمَّ أَوْ تَهْدِي الْعُمْيَ وَمَن كَانَ فِي ضَلَالٍ مُّبِينٍ۞** သင်သည် ပင်းနေသူကို ကြားစေနိုင်သလော၊ သို့တည်းမဟုတ် ကန်းနေသူ၊ ရှင်းလင်းထင်ရှားသော လမ်းလွဲ၌ ရှိသူကို လမ်းညွှန်နိုင်သလော၊
၄၁။	**فَإِمَّا نَذْهَبَنَّ بِكَ فَإِنَّا مِنْهُم مُّنتَقِمُونَ۞** သို့ဖြစ်၍၊ ငါသည် သင့်အား ရုပ်သိမ်းခဲ့သော်လည်း၊ ငါသည် သူတို့အား တန်ပြန်ခံစားစေမည်ပင်။
၄၂။	**أَوْ نُرِيَنَّكَ الَّذِي وَعَدْنَاهُمْ فَإِنَّا عَلَيْهِم مُّقْتَدِرُونَ۞** သို့မဟုတ်၊ သူတို့နှင့်စပ်လျဉ်းသည့် ငါ့ ကတိတော်အား သင့်ကို ပြတော်မူအံ့၊ ငါသည် သူတို့အပေါ်၌ စည်းချိန်ချမှတ်သော အရှင် ဖြစ်၏။
၄၃။	**فَاسْتَمْسِكْ بِالَّذِي أُوحِيَ إِلَيْكَ إِنَّكَ عَلَى صِرَاطٍ مُّسْتَقِيمٍ۞** သို့ဖြစ်၍ သင့်အား အာရုံစူးစိုက်ဖြစ်စေသည်ကို ဆုပ်ကိုင်လော့၊ ဇကန်ပင် သင်သည် မြဲမြံတည်တံ့သော လမ်းစဉ်၌ ရှိ၏။
၄၄။	**وَإِنَّهُ لَذِكْرٌ لَّكَ وَلِقَوْمِكَ وَسَوْفَ تُسْأَلُونَ۞** ၎င်းသည် သင်နှင့် သင့်လူမျိုးအတွက် သတိပေးတရားတော် ဖြစ်၏။ သင်တို့သည် စစ်ကြောခြင်းခံရစေလတ္တံ့။
၄၅။	**وَاسْأَلْ مَنْ أَرْسَلْنَا مِن قَبْلِكَ مِن رُّسُلِنَا أَجَعَلْنَا مِن دُونِ الرَّحْمَنِ آلِهَةً يُعْبَدُونَ۞** သင့်ရှေ့အလျင် ငါစေစားသော ဉာဏ်စဉ်တော်ဆောင်များကို မေးကြည့်လော့၊ ကရုဏာရှင် မှလွဲ၍ ကိုးကွယ်ဆည်းကပ်ရန် ဘုရားများကို ငါ စီစဉ်ပေးဘူးသလော။
၄၆။	**وَلَقَدْ أَرْسَلْنَا مُوسَى بِآيَاتِنَا إِلَى فِرْعَوْنَ وَمَلَئِهِ فَقَالَ إِنِّي رَسُولُ رَبِّ الْعَالَمِينَ۞** မူဆာအား ဖာရိုးနှင့် သူ့အကြံပေးတို့ ထံသို့ ငါ၏ သက်သေလက္ခဏာများဖြင့် ငါ စေစား၍၊ “ကျွန်ုပ်သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်၏ ဉာဏ်စဉ်ဆောင် ဖြစ်၏၊”ဟု ကြွေးကြော်စေ၏။
၄၇။	**فَلَمَّا جَاءهُم بِآيَاتِنَا إِذَا هُم مِّنْهَا يَضْحَكُونَ۞** သူတို့ထံသို့ ငါ၏ သက်သေလက္ခဏာများကို ရောက်လာစေစဉ်၊ ထိုင်၍ ဟားတိုက်ရယ်မောကြ၏။
၄၈။	**وَمَا نُرِيهِم مِّنْ آيَةٍ إِلَّا هِيَ أَكْبَرُ مِنْ أُخْتِهَا وَأَخَذْنَاهُم بِالْعَذَابِ لَعَلَّهُمْ يَرْجِعُونَ۞** ငါသည် သူတို့အား ပြသသည့် သက်သေလက္ခဏာများကို ၎င်းတို့မှဆက်နွယ်မှုအား ပို၍ ကြီးလာစေ၏။ ထို့ပြင် သူတို့

(၉၄) **မာရှ်ရီကိုင်းနီ** ဆိုသည်မှာ နေထွက်ရာ အရပ်ဒေသနှစ်ခုဟု တိုက်ရိုက် အဓိပ္ပါယ်ဖြစ်၍၊ ရိုးရာ အသုံးအနှုန်းအရ အရှေ့နှင့် အနောက်ဟု ဖြစ်ပေသည်။ ကမ္ဘာကြီးသည် တစ်ခြမ်းအတွက် အရှေ့၊ ဖြစ်စေ၌ နောက်တစ်ခြမ်းအတွက် အနောက်ဖြစ်၍ လုံးဝိုင်းနေခြင်းကြောင့် အရှေ့နှစ်ခု အနောက်နှစ်ခုဟု ပြောဆိုခြင်း ဖြစ်ပေသည်။

	ဦးလှည့်ဒဲ့ဌာ သူတို့အား ဝင့်ကြွေးများဖြင့် အရေးယူလိုက်လေ၏။
၄၉။	**وَقَالُوا يَا أَيُّهَا السَّاحِرُ ادْعُ لَنَا رَبَّكَ بِمَا عَهِدَ عِندَكَ إِنَّنَا لَمُهْتَدُونَ۝** သူတို့က ''အို– မှော်ဆရာ၊ ကျွန်ုပ်တို့ လမ်းညွှန်ခံရအံ့ဌာ၊ သင့်ထံမှ ပဋိညာဉ်ရှိသည့်အတိုင်း ကျွန်ုပ်တို့ အတွက် သင့်ကံကြမ္မာရှင်ထံ ဆုတောင်းပေးလော့၊''ဟု ဆိုကြ၏။
၅၀။	**فَلَمَّا كَشَفْنَا عَنْهُمُ الْعَذَابَ إِذَا هُمْ يَنكُثُونَ۝** သို့သော် သူတို့ထံမှ ဝင့်ကြွေးကို ငါ ဖယ်ရှားပေးသည်နှင့် သူတို့ ကတိဖေါက်ဖျက်လေတော့၏။
၅၁။	**وَنَادَى فِرْعَوْنُ فِي قَوْمِهِ قَالَ يَا قَوْمِ أَلَيْسَ لِي مُلْكُ مِصْرَ وَهَذِهِ الْأَنْهَارُ تَجْرِي مِن تَحْتِي أَفَلَا تُبْصِرُونَ۝** ဖာရိုးက သူ့လူမျိုးအား ကြေငြာ ပြောဆိုသည်မှာ ''အို– ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည်သာ အီဂျစ်၏ ပြည့်ရှင်မင်းမြတ် မဟုတ်လော၊ ကျွန်ုပ်၏ အောက်၌ မြစ်ချောင်းအထွေထွေ စီးဆင်းနေရသည်ကို မမြင်ကြသလော၊–
၅၂။	**أَمْ أَنَا خَيْرٌ مِّنْ هَذَا الَّذِي هُوَ مَهِينٌ وَلَا يَكَادُ يُبِينُ۝** သို့တည်းမဟုတ် ကျွန်ုပ်သည် ဤ သူ့ကိုယ်သူ လိပ်ပတ်မလည် တန်ဘိုးမဲ့ အကောင်ထက် ပို၍မကောင်းမွန်သလော၊[၉၅]
၅၃။	**فَلَوْلَا أُلْقِيَ عَلَيْهِ أَسْوِرَةٌ مِّن ذَهَبٍ أَوْ جَاء مَعَهُ الْمَلَائِكَةُ مُقْتَرِنِينَ۝** ရွှေစလွယ်များကို သူ့အတွက် အဘယ်ကြောင့် မခင်းကျင်းပေးသနည်း၊ သူနှင့်အတူ နိမိတ်ဆောင်များ အဆက်အနွယ်များ အဘယ်ကြောင့် မရောက်လာစေသနည်း၊''ဟု ဖြစ်၏။
၅၄။ ဖာရိုး	**فَاسْتَخَفَّ قَوْمَهُ فَأَطَاعُوهُ إِنَّهُمْ كَانُوا قَوْمًا فَاسِقِينَ۝** **သူ**သည် သူ့လူမျိုးအား ပေါ့ပျက်ပျက်ဖြစ်စေ၍၊ သူ့ကိုသာ နာခံစေ၏။ ကေန်ပင် သူတို့သည် ယုတ်မာသော လူမျိုးပင်ဖြစ်လေ၏။
၅၅။	**فَلَمَّا آسَفُونَا انتَقَمْنَا مِنْهُمْ فَأَغْرَقْنَاهُمْ أَجْمَعِينَ۝** ငါ့အား သောကဂယက်ရိုက်စေသောအခါ၊ သူတို့အား တန်ပြန်စေ၏။ သူတို့ အားလုံးကို နစ်မြုပ်စေခဲ့ပြီ။
၅၆။	**فَجَعَلْنَاهُمْ سَلَفًا وَمَثَلًا لِّلْآخِرِينَ۝** သူတို့အား အတိတ်ပြယုဂ် စီစဉ်လိုက်၏။ နောက်လာနောက်သားတို့အတွက် ဥပမာပုံ ဖြစ်စေ၏။
၅၇။	**وَلَمَّا ضُرِبَ ابْنُ مَرْيَمَ مَثَلًا إِذَا قَوْمُكَ مِنْهُ يَصِدُّونَ۝** ငါသည် မာရိ၏သားအား ပမာဆောင် ဥပမာပေးသော်၊ သင့်လူမျိုးတို့က ပယ်ချကြ၏။
၅၈။	**وَقَالُوا أَآلِهَتُنَا خَيْرٌ أَمْ هُوَ مَا ضَرَبُوهُ لَكَ إِلَّا جَدَلًا بَلْ هُمْ قَوْمٌ خَصِمُونَ۝** သူတို့က ''သို့တည်းမဟုတ် ကျွန်ုပ်တို့၏ ဘုရားများက သူ့ထက် ပိုမကောင်းသလော၊''ဟု ဆိုကြ၏။[၉၆] သူတို့သည် စောဒကတက်ရန်သာ နည်းရှာကြကုန်၏။ အမှန်မှာ– သူတို့သည် အချင်းများတတ်သော လူမျိုးသာ ဖြစ်၏။
၅၉။	**إِنْ هُوَ إِلَّا عَبْدٌ أَنْعَمْنَا عَلَيْهِ وَجَعَلْنَاهُ مَثَلًا لِّبَنِي إِسْرَائِيلَ۝**

---

(၉၅) ဤဝါကျ၏ အဓိပ္ပါယ်မှာ **သူ့ကိုယ်သူ ရှင်းလင်းအောင် ပြောဆိုနိုင်သူ မဟုတ်** ဟု ဖြစ်သည်။ ထိုစကားသည် ကိုယ်တော်မူဆာ၏ လျှာအား မီးလောင်ခြင်းကြောင့် မဟုတ်ပေ၊ (၂၈း၃၄)တွင် ကြည့်ပါ။ သူသည် နန်းတွင်းသုံးစကားများကို မပြောဆိုနိုင်ခြင်းကြောင့်သာ ဖြစ်ပေသည်။

(၉၆) ကျွန်ုပ်တို့၏ ဘုရားများက ပို၍ ကောင်းမြတ်သလော၊ သို့မဟုတ် မာရိ၏သား ယေရှုက ပိုမို၍ မြင့်မြတ်သလားဟု ပြောဆိုခြင်း ဖြစ်သည်။

	သူသည် ငါအရှင် ဂုဏ်ပေးသော အမှုတော်ဆောင်တစ်ဦးမျှသာ ဖြစ်၏။ ငါသည် သူ့အား ဂျူးလူမျိုးတို့အတွက် ပြယုဂ် အဖြစ် စီစဉ်ပေးတော်မူ၏။
၆၀။	**وَلَوْ نَشَاء لَجَعَلْنَا مِنكُم مَّلَائِكَةً فِي الْأَرْضِ يَخْلُفُونَ۝** စံချိန်ပြည့်မှီခဲ့လျှင် သင်တို့၏ အနက်မှ နိမိတ်ဆောင်များကို မြေကမ္ဘာ၏ သမ္မတများအဖြစ် ငါ စီစဉ်တော်မူနိုင်၏။ဃ၂
၆၁။	**وَإِنَّهُ لَعِلْمٌ لِّلسَّاعَةِ فَلَا تَمْتَرُنَّ بِهَا وَاتَّبِعُونِ هَذَا صِرَاطٌ مُّسْتَقِيمٌ۝** သူသည် အချိန်နာရီတစ်ခုအတွက် သိစရာ ဖြစ်၏။ဃ၃ ထို၌ အချင်းမများကြနှင့်၊ ငါ့အား လိုက်နာကြလော့၊ ဤသည် မြဲမြံတည်တံ့သော လမ်းစဉ်ပင် ဖြစ်၏–ဃ
၆၂။ ☆၂း၁၄	**وَلَا يَصُدَّنَّكُمُ الشَّيْطَانُ إِنَّهُ لَكُمْ عَدُوٌّ مُّبِينٌ۝** သင်တို့အား ရှင်းလင်းထင်ရှာ စည်းဖေါက်သူဖြစ်သော မကောင်းဆိုးဝါးက☆ သင်တို့ကို မပယ်ချခိုင်းစေနှင့်၊
၆၃။	**وَلَمَّا جَاء عِيسَى بِالْبَيِّنَاتِ قَالَ قَدْ جِئْتُكُم بِالْحِكْمَةِ وَلِأُبَيِّنَ لَكُم بَعْضَ الَّذِي تَخْتَلِفُونَ فِيهِ فَاتَّقُوا اللَّهَ وَأَطِيعُونِ۝** ယေရှုသည် ရှင်းလင်းချက်များနှင့် ရောက်လာ၍၊ ဟောပြောသည်မှာ ‘‘ကျွန်ုပ်သည် သင်တို့ထံသို့ စီရင်ထုံးကို ရောက်လာစေပြီ၊ သင်တို့၏ ငြင်းခုံကွဲလွဲချက် အချို့အား ရှင်းလင်းစေပြီ၊ သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြလော့။–
၆၄။	**إِنَّ اللَّهَ هُوَ رَبِّي وَرَبُّكُمْ فَاعْبُدُوهُ هَذَا صِرَاطٌ مُّسْتَقِيمٌ۝** ပရမတ်ဘုရားရှင်သည် ကျွန်ုပ်၏ ကံကြမ္မာရှင်၊ သင်တို့၏ ကံကြမ္မာရှင် ဖြစ်၏။ အရှင့်အား ကိုးကွယ်ကြကုန်လော့၊ ယင်းသည် မြဲမြံတည်တံ့သော လမ်းစဉ်ပင်တည်း၊’’ဟု ဖြစ်သော်–
၆၅။	**فَاخْتَلَفَ الْأَحْزَابُ مِن بَيْنِهِمْ فَوَيْلٌ لِّلَّذِينَ ظَلَمُوا مِنْ عَذَابِ يَوْمٍ أَلِيمٍ۝** သူတို့၏အကြား ဂိုဏ်းအသင်းများ ကွဲပြားကြ၏။ သို့ဖြင့် မိုက်ကြေးခွဲသော သူတို့သည် စူးနစ်နာကျင်သော ဝဋ်ကြွေးသင့် နေ့ကာလ၌ ပျက်စီးဆုံးရှုံးရလတ္တံ့။
၆၆။	**هَلْ يَنظُرُونَ إِلَّا السَّاعَةَ أَن تَأْتِيَهُم بَغْتَةً وَهُمْ لَا يَشْعُرُونَ۝** သူတို့ သတိမမူမိမှီ သူတို့ထံသို့ ရုတ်တရက် ပေးရောက်လာမည့် အချိန်နာရီကိုသာ သူတို့ စောင့်ကြည့်နေကြသလော။

---

(၉၅) **မလာအိကာဟ်** ဆိုသည်မှာ သင်(လူသားတို့)၏ အနက်မှ **ကံမဲ့ မင်းနှိမ်ကွမ်း** ဖြစ်သည်ဟု ဤသုတ်တော်က အတိအကျ ဆိုထားပေသည်။

(၉၃) **ဆာအာဟ်** ဆိုသော စကားလုံးမှာ အချိန်နာရီ။ ခေတ်လာ အပိုင်းအခြား၊ (သမ္မတ သက်တမ်းကဲ့သို့) သတ်မှတ်သော သက်တမ်းဟု သာ ဖြစ်၍၊ သူ ယေရှုသည် နောက်ဆုံးပွင့် ဉာဏ်စဉ်ဆောင် မဟုတ်သောကြောင့် – သူ့ခေတ် သူ့ကာလသည် အသိအမှတ်ပြုရန် ကာလ အပိုင်းအခြား သတ်မှတ်ထားသည်ဟု ဖြစ်၍– ကမ္ဘာနောက်ဆုံးနေ့ထိ မဟုတ်ဟု ရှင်းထားခြင်း ဖြစ်သည်။ ဆရာတော်ကြီးများက ကမ္ဘာနောက်ဆုံးနေ့၊ ကမ္ဘာ ပျက်မည့်နေ့ စသည်ဖြင့်လည်း ဒီကာ ဖွင့်ဆိုသည်များ ရှိပေသည်။ ဤဝါကျမှ **ဟူ** ဆိုသော စကားလုံးကို အချို့သော ဆရာတော်များက **သူ (ယေရှု)** ဟု မပြန်ဆိုဘဲ **ဤသည်** ဟု ဘာသာပြန်၍၊ ဤဝါကျ၏ ဆိုလိုချက်မှာ ဂျူးလူမျိုးများမှ နဗီ ဖြစ်ခွင့်ကို ရုပ်သိမ်းခြင်း ဖြစ်သည့် ကာလဟု သမ္မာ ကျမ်းစာ၊ မဿဲ ၂၁း၃၃၊ မာကု ၁၂း၁၊ လုကာ ၂၀း၉ တို့တွင် ပါသော စပျစ်ခြံ ဥပမာနှင့် ထိုဖြစ်ရပ်များ၏ နိဂုံးစကား ‘‘ထိုကြောင့် ငါဆိုသည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို သင်တို့မှ နှုတ်၍၊ နိုင်ငံတော်၏ အသီးကို သီးအံ့သော လူမျိုးအား ပေးရလတံ့၊’’ကို ကိုးကား၍၊ ရှင်းထားမှုများ ရှိပေသည်။ ဤဝါကျမှ **ဟူ** ဆိုသော စကားလုံးကို **သူ(ယေရှု)**ဟု ပြန်ဆိုသော ဆရာတော်ကြီးများကမူ ယေရှုသည် ကိယာမတ်နေ့၏ အမှတ်သညှာ ဖြစ်သည်ဟု ဖွင့်ဆိုကြပေသည်။ ကျမ်းတော်တွင်– ပွင့်ပေါ်လာသမျှသော သတင်းတော်ဆောင်၊ ဉာဏ်စဉ်တော်ဆောင်တိုင်းသည် လူသားတို့အား အဝိဇ္ဇာသင့် မေ့လျော့နေသော ကံကံ၏ အကျိုး ဆုံးဖြတ်ခံရမည့် နေ့ကာလအကြောင်းကို သတိပေါ် သွန်သင်သူများသာ ဖြစ်သည်။ ယေရှုသည်လည်း– အကုသိုလ်ကြွေး ပေးဆပ်ရမည့် အချိန်နာရီကို မေ့လျော့သော သူ့လူမျိုးအား (သုတ်–၆၆) သတိပေးသူသာ ဖြစ်သည်။ ထိုထက်ပို၍ ထူခြားသည် မဟုတ်ကြောင်းကို သုတ်တော် ၅၉ တွင် ‘‘ငါဂုဏ်ပေးထားသော အမှုတော်ဆောင် တစ်ဦးမျှသာ ဖြစ်၏။’’ဟု ဆိုထားပေသည်။

၆၇။	**الْأَخِلَّاء يَوْمَئِذٍ بَعْضُهُمْ لِبَعْضٍ عَدُوٌّ إِلَّا الْمُتَّقِينَ۞** ထိုနေ့ကာလ၌ စည်းစောင့်သူတို့မှ အပ အခြား အတွင်းလူများမှ အချို့သည် အချို့အား စည်းဖေါက်သူ ဖြစ်ရလတ္တံ့။
၆၈။	**يَا عِبَادِ لَا خَوْفٌ عَلَيْكُمُ الْيَوْمَ وَلَا أَنتُمْ تَحْزَنُونَ۞** အို– ငါ့ အမှုတော်ဆောင်တို့၊ ထိုနေ့ကာလ၌ သင်တို့အား ကြောက်ရွံ့စေမည်၊ သင်တို့အား စိတ်ပူရစေမည် မဟုတ်သော၊
၆၉။	**الَّذِينَ آمَنُوا بِآيَاتِنَا وَكَانُوا مُسْلِمِينَ۞** ငါ၏ သုတ်ဒေသနာများဖြင့် ယုံကြည်ကြသောသူများ၊ ငြိမ်းချမ်းရေးဝါဒီများ ဖြစ်ကြကုန်၏။
၇၀။	**ادْخُلُوا الْجَنَّةَ أَنتُمْ وَأَزْوَاجُكُمْ تُحْبَرُونَ۞** သင်တို့နှင့် သင်တို့၏ စုဖွဲ့ဖေါ်တို့သည် ဓမ္မပီတိဖြင့် သုခဘုံသို့ ဝင်ရောက်ကြလော့။
၇၁။ Menu	**يُطَافُ عَلَيْهِم بِصِحَافٍ مِّن ذَهَبٍ وَأَكْوَابٍ وَفِيهَا مَا تَشْتَهِيهِ الْأَنفُسُ وَتَلَذُّ الْأَعْيُنُ وَأَنتُمْ فِيهَا خَالِدُونَ۞** ရွှေ**ပရိုက်**များဖြင့်– သူတို့၏ စိတ်စရိုက် အာသီသနှင့် မျက်လုံးများ၏ အရသာတို့ပါသော ရေခွက်များကို သူတို့ထံ လှည့်လတ္တံ့။ သင်တို့သည် ထိုဌ၌ အစဉ်စံစားကြကုန်လော့။
၇၂။	**وَتِلْكَ الْجَنَّةُ الَّتِي أُورِثْتُمُوهَا بِمَا كُنتُمْ تَعْمَلُونَ۞** သင်တို့ ကျင့်ကြံလေ့ရှိခဲ့မှုများကြောင့်– ဤသည် သင်တို့အား အမွေဆက်ခံစေမည့် ဥယျာဉ်တော်ဖြစ်၏။
၇၃။	**لَكُمْ فِيهَا فَاكِهَةٌ كَثِيرَةٌ مِنْهَا تَأْكُلُونَ۞** ထိုဌ၌ သင်တို့အတွက် သစ်သီးဝလံများ မြောက်များစွာ ရှိ၏။ ထိုမှ စားသုံးကြကုန်လော့။
၇၄။	**إِنَّ الْمُجْرِمِينَ فِي عَذَابِ جَهَنَّمَ خَالِدُونَ۞** ဇကန်ပင် ရာဇဝတ်ကောင်တို့မှာ မူကား၊ ငရဲဘုံ ဝင့်ကြွေးထဲ၌ အစဉ်ခံစားရမည့်ပင်။
၇၅။	**لَا يُفَتَّرُ عَنْهُمْ وَهُمْ فِيهِ مُبْلِسُونَ۞** သူတို့နှင့်စပ်လျဉ်း၍ ဆတ်ငြိမ်နေမည် မဟုတ်၊ သူတို့သည် ထိုဌ၌ တွေဝေနေရလတ္တံ့။
၇၆။	**وَمَا ظَلَمْنَاهُمْ وَلَكِن كَانُوا هُمُ الظَّالِمِينَ۞** ငါသည် သူတို့အား အဝိဇ္ဇာသင့်စေသည်မဟုတ်၊ သူတို့သည်သာ အမိုက်ကောင်များ ဖြစ်ကြ၏။
၇၇။ အချိန်ဆွဲထား	**وَنَادَوْا يَا مَالِكُ لِيَقْضِ عَلَيْنَا رَبُّكَ قَالَ إِنَّكُم مَّاكِثُونَ۞** သူတို့က ''အို– သခင်ဗျာ[၉၅] သင့်ကံကြမ္မာရှင်သည် ကျွန်ုပ်တို့အား ဆုံးဖြတ်စေပါ၊''ဟု တင်ပြ၏၊ သူက''သင်တို့ စောင့်နေရဦးမည်၊''ဟု ဆို၏။
၇၈။	**لَقَدْ جِئْنَاكُم بِالْحَقِّ وَلَكِنَّ أَكْثَرَكُمْ لِلْحَقِّ كَارِهُونَ۞** မုချပင်၊ ငါအရှင်သည် သင်တို့ထံသို့ သစ္စာတရားကို ရောက်လာစေပြီ။ သို့ရာတွင် သင်တို့မှ အများစုကြီးသည် သစ္စာတရားအား မုန်းတီးကြကုန်၏။

---

(၉၅) ဤနေရာ၌ **သခင်**ဟူသော စကားလုံး **မာလိက်** ကို ဆရာတော်ကြီးများက ငရဲထိန်း နတ်မင်းကြီးဟု ပြန်ဆိုကြပေသည်။ ထို့ကြောင့် မည်သည့် အာရ်ဗီစာပေတွင် မည်သို့ဆိုစေ– ကျမ်းတော်သုံး အာရ်ဗီစာပေတွင် **မလာအိကာဟ်**ဟု ခေါ်ဆိုသော စကားလုံးသည် **မာလိက်** ဘုရင်၊ စွမ်းအားပိုင်ရှင်ဟု ခေါ်ဆိုသော စကားလုံးမှ တိုက်ရိုက်ဆင်းသက်လာခြင်း ဖြစ်ပေသည်။

၇၉။	**أَمْ أَبْرَمُوا أَمْرًا فَإِنَّا مُبْرِمُونَ۝** သို့တည်းမဟုတ် သူတို့သည် ညွှန်ကြားချက်ကို ယတိပြတ်ဖြစ်သလော၊ ငါ့ဘက်လည်း ယတိပြတ်ဖြစ်၏။
၈၀။	**أَمْ يَحْسَبُونَ أَنَّا لَا نَسْمَعُ سِرَّهُمْ وَنَجْوَاهُم بَلَى وَرُسُلُنَا لَدَيْهِمْ يَكْتُبُونَ۝** သို့တည်းမဟုတ် သူတို့၏ ကြိတ်ကြုံစည်မှုများနှင့် သီးခြားတိုင်ပင်မှုများကို ငါအရှင် ကြားနေခြင်းမရှိဟု သူတို့ စဉ်းစားနေကြသလော။ အမှန်မှာ ငါ၏ ဉာဏ်စဉ်ဆောင်များသည် သူတို့၏ မျက်မှောက်၌ မှတ်တမ်းတင်နေကြကုန်၏။
၈၁။	**قُلْ إِن كَانَ لِلرَّحْمَنِ وَلَدٌ فَأَنَا أَوَّلُ الْعَابِدِينَ۝** ဟောလော့ ''အကယ်၍ ကရုဏာရှင်၌ ကိုယ်ပွား ရှိခဲ့မူ၊ ကျွန်ုပ်သည် ဦးဦးဖျားဖျား ကိုးကွယ်သူများမှ ဖြစ်လတ္တံ့။''[၉၅]
၈၂။ ☆ ၁၀း၃	**سُبْحَانَ رَبِّ السَّمَاوَاتِ وَالْأَرْضِ رَبِّ الْعَرْشِ عَمَّا يَصِفُونَ۝** ဦးထိပ်ထားရာဖြစ်သော၊ မိုးများနှင့် မြေကမ္ဘာ၏ ကံကြမ္မာရှင်၊ ထပ်ဆင့်ကွပ်ကဲ့မှု၏ ကံကြမ္မာရှင်သည်☆ သူတို့၏ တင်ပြမှုများမှ ကင်းသန့်၏။
၈၃။	**فَذَرْهُمْ يَخُوضُوا وَيَلْعَبُوا حَتَّى يُلَاقُوا يَوْمَهُمُ الَّذِي يُوعَدُونَ۝** သူတို့အား တွေ့ဆုံရမည်ဟု ကတိပေးထားသော နေ့ထိတိုင် သူတို့အား ဟာသ ပြက်လုံးထုတ်နေခြင်း၌ ချန်ထားလော့။
၈၄။	**وَهُوَ الَّذِي فِي السَّمَاء إِلَهٌ وَفِي الْأَرْضِ إِلَهٌ وَهُوَ الْحَكِيمُ الْعَلِيمُ۝** အရှင်သည် ကောင်းကင်များအတွင်းမှ ဘုရားရှင်၊ မြေကမ္ဘာအတွင်းမှ ဘုရားရှင် ဖြစ်တော်မူ၏။ အရှင်သည် ဓမ္မသတ်ရှင်သိနေသော အရှင် ဖြစ်တော်မူ၏။
၈၅။	**وَتَبَارَكَ الَّذِي لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا وَعِندَهُ عِلْمُ السَّاعَةِ وَإِلَيْهِ تُرْجَعُونَ۝** မိုးများနှင့် မြေကမ္ဘာ၊ ထိုနှစ်ခုကြား ရှိသမျှအား အစိုးရသော အရှင်သည် ကျက်သရေအပေါင်းနှင့်ပြည့်စုံ၏။ အချိန်နာရီအား သိခြင်းဆိုင်ရာသည် အရှင့်ထံ၌သာ ရှိ၍၊ အရှင့်ထံသို့သာ ဦးလှည့်ပြန်ရမည် ဖြစ်၏။
၈၆။	**وَلَا يَمْلِكُ الَّذِينَ يَدْعُونَ مِن دُونِهِ الشَّفَاعَةَ إِلَّا مَن شَهِدَ بِالْحَقِّ وَهُمْ يَعْلَمُونَ۝** သူတို့သည် အမှန်သိလျက်၊ သစ္စာတရားအားဖြင့် သက်သေတည်ခဲ့သော သူတို့မှအပ၊ အရှင် မှလွဲ၍ ဆု တောင်းခံခဲ့သူများသည် အမျှဝေပေးရန် အခွင့်အာဏာ မရှိချေ။
၈၇။	**وَلَئِن سَأَلْتَهُم مَّنْ خَلَقَهُمْ لَيَقُولُنَّ اللَّهُ فَأَنَّى يُؤْفَكُونَ۝** သူတို့အား မည်သူက ဖြစ်တည်စေသနည်းဟု မေးသော်၊ ''ပရမတ်ဘုရားရှင် ဖြစ်၏။''ဟု ဆိုကြလိမ့်မည်၊ သို့ဖြစ်လျှင် မည်သို့ လှည့်စားခံနေကြကုန်သနည်း။
၈၈။	**وَقِيلِهِ يَارَبِّ إِنَّ هَؤُلَاء قَوْمٌ لَّا يُؤْمِنُونَ۝** သူ့ စကား၌ ''အို– ကံကြမ္မာရှင်၊ ထိုသူတို့သည် ယုံကြည်ခြင်း မရှိသော လူမျိုးပင်–''ကျိန်ပြန်၏။
၈၉။	**فَاصْفَحْ عَنْهُمْ وَقُلْ سَلَامٌ فَسَوْفَ يَعْلَمُونَ۝**

(၉၅) အစ္စလာမ် သာသနာသည် ပရမတ်ဘုရားရှင် (ထာဝရဘုရားရှင်) ၌ သားတော်ရှိသည်ဟူသည့် အယူကို လုံးဝ လက်မခံပေ။ ပရမတ်ဘုရားရှင်၏ ထံမှ သဗ္ဗညုတ ဗျည်ဘော်တော်ကို ဆွတ်ခူးရှိခဲ့သည့် လူ့သမိုင်း၏ နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ကိုယ်တော်မုဟမ္မဒ်က ဤသုတ်တော်တွင် ''အကယ်၍– ပရမတ်ဘုရားရှင်၌ သားတော် ရှိခဲ့က သူကိုယ်တိုင် ဦးဦးဖျားဖျားကိုးကွယ်သူ ဖြစ်ရမည်၊'' ဟု အာမခံခဲ့ပေသည်။ ဆိုလိုသည်မှာ ပရမတ်ဘုရားရှင်၌ သားတော် လုံးဝ မရှိကြောင်းကို ပြတ်ပြတ်သားသား အာမခံခြင်း ဖြစ်ပေသည်။ လူ့သမိုင်းတွင် နောက်ဆုံးပွင့် ဉာဏ်စဉ်ရသော ပုဂ္ဂိုလ်မှာ ကိုယ်တော်မုဟမ္မဒ်ဖြစ်၍၊ ကိုယ်တော်ထက် ပရမတ်ဘုရားရှင်၏ အကြောင်းကို မည်သူက ပို၍ သိနိုင်ပေအံ့နည်း။

	“သူတို့အား ဥပက္ခာပြုထားလော့၊ ငြိမ်းချမ်းပါစေဟု ပြောဆိုလော့၊ မကြာမီ သူတို့ သိကြရလတ္တံ့၊”[၉၅၆]

[၉၅၆] သစ္စာတရားအား လက်မခံသော သူတို့အား ရန်သူ သို့မဟုတ် အတိုက်အခံဟု သတ်မှတ်နေရန် မလိုချေ။ သူတို့အား မေတ္တာထားရမည့် လူတန်းစား မျှသာ ဖြစ်ပေသည်။ နောက်ဆုံး မတတ်သာသည့် အဆုံးတွင် သူတို့နှင့် အရောတဝင်နေခြင်းကို အေးချမ်းစွာ ဖယ်ခွာရန်ကိုသာ အစွလာမ် သာသနာက သွန်သင်ပေသည်။

ဓမ္မခန္ဓာ (၄၄) အခိုးအငွေ့ (အာလ် ဒိုခန်း)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၆၄)၊ သုတ်ဒေသနာ (၅၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။ ☆၄း၁	**حم**۞ ဟာ မင်။☆
၂။	**وَالْكِتَابِ الْمُبِينِ**۞ ရှင်းလင်းထင်ရှားသော ကျမ်းတော်အားဖြင့်–
၃။	**إِنَّا أَنزَلْنَاهُ فِي لَيْلَةٍ مُّبَارَكَةٍ إِنَّا كُنَّا مُنذِرِينَ**۞ ၎င်းကို ကျက်သရေရှိသော ညဉ့် ငါ ချမှတ်ပေးတော်မူ၏။[၅၅] ကောန်ပင် ငါသည် သတိပေးနေတော်မူ၏။
၄။	**فِيهَا يُفْرَقُ كُلُّ أَمْرٍ حَكِيمٍ**۞ ထိုဌ် ဓမ္မသတ်ဆိုင်ရာ ညွှန်ကြားချက်ကိုယ်စီ ခွဲခြမ်းစိတ်ဖြာဖွင့်ဆိုထား၏။
၅။	**أَمْرًا مِّنْ عِندِنَا إِنَّا كُنَّا مُرْسِلِينَ**۞ ငါ့ထံတော်မှ ညွှန်ကြားချက် ဖြစ်၏။ ကောန်ပင် ဉာဏ်စဉ်ဆောင်များကို ငါ စေစားနေတော်မူ၏။
၆။	**رَحْمَةً مِّن رَّبِّكَ إِنَّهُ هُوَ السَّمِيعُ الْعَلِيمُ**۞ သင့်ကံကြမ္မာရှင်၏ ထံမှ ကရုဏာတော် ဖြစ်၏။ ကောန်ပင် အရှင်သည် ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်၏။
၇။	**رَبِّ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا إِن كُنتُم مُّوقِنِينَ**۞ မိုးများနှင့် မြေကမ္ဘာ ထိုနှစ်ခုကြား ရှိသမျှတို့၏ ကံကြမ္မာရှင် ဖြစ်၏။ သင်တို့ ဒိဋ္ဌယုံကြည်မိပါလေစ။
၈။	**لَا إِلَهَ إِلَّا هُوَ يُحْيِي وَيُمِيتُ رَبُّكُمْ وَرَبُّ آبَائِكُمُ الْأَوَّلِينَ**۞ နိစ္စ အနိစ္စကို ဖြစ်စေသော သင်တို့၏ ကံကြမ္မာရှင်၊ သင်တို့ ဘဘိုး ရှေးဦးလူများ၏ ကံကြမ္မာရှင် ထိုအရှင် မှအပ အခြား ဘုရားဟူ၍ မရှိပြီ။
၉။	**بَلْ هُمْ فِي شَكٍّ يَلْعَبُونَ**۞ အမှန်မှာ သူတို့သည် ဒိဋ္ဌာထဲ၌သာ ဟာသလုပ်နေကြ၏။

(၅၅) ဤသုတ်တော်၌ ကျမ်းမြတ်ကုရ်အာန်အား ကျက်သရေရှိသော ည တွင် ကိန်းဝပ်ချမှတ်ပေးသည်ဟု ဆိုပေသည်။ ထိုနေ့သည် စည်းချိန်သတ်မှတ်ထားသော (ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းသည့် ည) ဟု အနက်ကိုပေးသော **လိုင်းအ်လာတုဟ် ကဒရ်** ဖြစ်သည်ဟု ၉၇း၁ ၌ ဆိုထားပေသည်၊ အမှောင်ခေတ်မှသည် အလင်းသို့ဆောင်သော တရားအလင်းရောင်များ စတင် ကိန်းဝပ်ပေးသည့် အတွက် ထိုညကို အလွန်ကျက်သရေ ရှိသော ညဟု ဖွဲ့ဆိုခြင်း ဖြစ်ပေသည်။ ထိုညသည် လပေါင်း တစ်ထောင်ထက် ပို၍ မြင့်မြတ်သည်ဟု ဆိုထားခြင်းကို ၉၇း၁ တွင် ကြည့်ပါ။

၁၀။	**فَارْتَقِبْ يَوْمَ تَأْتِي السَّمَاء بِدُخَانٍ مُّبِينٍ۝** မိုးကောင်းကင်အား ရှင်းလင်းထင်ရှားသော အခိုးထုဖြင့် ဆိုက်ရောက်လာမည့် နေ့ကာလကို စောင့်ကြည့်နေလော့။ (၉၅)
၁၁။	**يَغْشَى النَّاسَ هَذَا عَذَابٌ أَلِيمٌ۝** ၚင်းသည် လူသားတို့အား လွှမ်းခြုံလတ္တံ့။ ဤသည် စူးနစ်နာကျင်သော ဝဋ်ကြွေးပင် ဖြစ်၏။
၁၂။	**رَبَّنَا اكْشِفْ عَنَّا الْعَذَابَ إِنَّا مُؤْمِنُونَ۝** “အို ကံကြမ္မာရှင်၊ တပည့်တော်တို့အား ဤဝဋ်ကြွေးမှ ဖယ်ရှားပေးပါ။ တပည့်တော်တို့သည် ယုံကြည်သူများ ဖြစ်ပါ၏။”(ဟု ဆိုကြလတ္တံ့)။
၁၃။	**أَنَّى لَهُمُ الذِّكْرَى وَقَدْ جَاءهُمْ رَسُولٌ مُّبِينٌ۝** သူတို့အား မည်သို့ သတိထပ်ပေးရအံ့နည်း၊ ဉာဏ်စဉ်ဆောင်သည် သူတို့ထံသို့ ရှင်းလင်းထင်ရှားစွာ ရောက်ခဲ့ပေပြီ။
၁၄။	**ثُمَّ تَوَلَّوْا عَنْهُ وَقَالُوا مُعَلَّمٌ مَّجْنُونٌ۝** တဖန် သူထံမှ လှည့်ထွက်ခဲ့လျက် “သင်တန်းဆင်း ဦးနှောက်ပြင် ခံထားရသူ(၉၃)”ဟု ဆိုကြ၏။
၁၅။	**إِنَّا كَاشِفُو الْعَذَابِ قَلِيلًا إِنَّكُمْ عَائِدُونَ۝** ဝဋ်ကြွေး အနည်းငယ်အား ငါ ဖယ်ရှားပေးသည်နှင့် သင်တို့သည် ဆက်မိုက်နေမြဲသာ ဖြစ်၏။
၁၆။	**يَوْمَ نَبْطِشُ الْبَطْشَةَ الْكُبْرَى إِنَّا مُنتَقِمُونَ۝** ကိုင်တွယ်မှုကြီးဖြင့် ကိုင်တွယ်သော နေ့ကာလ၌ သူတို့ထံ တန်ပြန်စေလတ္တံ့။
၁၇။	**وَلَقَدْ فَتَنَّا قَبْلَهُمْ قَوْمَ فِرْعَوْنَ وَجَاءهُمْ رَسُولٌ كَرِيمٌ۝** သူတို့မတိုင်မီ ဖာရိုး၏ လူမျိုးအား ငါ စမ်းသပ်ခဲ့ပြီ။ သူတို့ထံသို့ ကျက်သရေရှိသော ဉာဏ်စဉ်ဆောင်တစ်ပါး ရောက်ရှိလာ၍–
၁၈။	**أَنْ أَدُّوا إِلَيَّ عِبَادَ اللَّهِ إِنِّي لَكُمْ رَسُولٌ أَمِينٌ۝** ပရမတ်ဘုရားရှင်၏ အမှုတော်ဆောင်တို့၊ ကျွန်ုပ်ထံ၌ ပုံအပ်လော့၊ ကျွန်ုပ်သည် သင်တို့အတွက် ယုံကြည်စိတ်ချရသော ဉာဏ်စဉ်တော်ဆောင် ဖြစ်၏။
၁၉။	**وَأَنْ لَّا تَعْلُوا عَلَى اللَّهِ إِنِّي آتِيكُم بِسُلْطَانٍ مُّبِينٍ۝** သင်တို့သည် ပရမတ်ဘုရားရှင်ထက် ပို၍ အထွင့်အထိပ် မဟုတ်၊ ရှင်းလင်းသော လုပ်ပိုင်ခွင့်ဖြင့် သင်တို့ထံသို့ ကျွန်ုပ်အား ပေးရောက်ပြီ။

---

(၉၅) မိုးကောင်းကင်သည် ထင်ထင်ရှားရှား အခိုးထုဖြင့် ရောက်လာမည် ဟူသည်မှာ မိုးခေါင်ရေးရှား ဖြစ်ခြင်း။ လေထုညစ်ညမ်းခြင်း၊ ကမ္ဘာကြီး ပူနွေးလာသောကြောင့် လေထုလောင်ကျွမ်းခြင်းများကို ဆိုလိုပေသည်။ ထိုအချင်းအရာတို့သည် ပရမတ်ဘုရားရှင်က လူသားတို့အား ချမှတ်ပေး ထားသည့် လောကနိယာမအတိုင်း မလိုက်နာ မကျင့်ဆောင်သောကြောင့် ဖြစ်လာသော ရလဒ်များသာ ဖြစ်ကြောင်း ဆက်လက်ပါ သုတ်တော်များက ဖေါ်ပြနေပေသည်။

(၉၃၉) **သွန်သင်ခံထားရသော ဦးနှောက်ပျက်နေသူ** ဟု နက်ကိုပေးသည့် **مُعَلَّمٌ مَّجْنُونٌ မုအာလ္လာမွန် မာ့ဂျ်နူးန်** ဆိုသော စကားလုံးကို ဤဘာသာပြန်၌ **သင်တန်းဆင်း ဦးနှောက်ပြင် ခံထားရသူ**ဟု ပြန်ဆိုထားပါသည်။ ကိုယ်တော်မုဟမ္မဒ်အား တစ်စုံတစ်ယောက်က နောက်ကွယ်မှ Brain wash & Well train လုပ်ပြီး ဟောပြော စေခိုင်းထားသည်ဟု စွပ်စွဲကြခြင်းသည် မဟုတ်မှန်ကြောင်း ထောက်ပြ ပြောဆိုခြင်း ဖြစ်ပေသည်။

၂၀။	**وَإِنِّي عُذْتُ بِرَبِّي وَرَبِّكُمْ أَن تَرْجُمُونِ۝** သင်တို့က ကျွန်ုပ်အား ပစ်ထုတ်သော်လည်း၊ ကျွန်ုပ်၏ ကံကြမ္မာရှင် သင်တို့၏ ကံကြမ္မာရှင်၌ ကျွန်ုပ် ခိုလှုံ၏။
၂၁။	**وَإِنْ لَّمْ تُؤْمِنُوا لِي فَاعْتَزِلُونِ۝** အကယ်၍ သင်တို့က မယုံကြည်ခဲ့လျှင်၊ ကျွန်ုပ်အား ရှောင်ခွာသွားခွင့်ပြုပါ။ (ဟု ဆို၍)
၂၂။	**فَدَعَا رَبَّهُ أَنَّ هَؤُلَاءِ قَوْمٌ مُّجْرِمُونَ۝** ကံကြမ္မာရှင်ထံ၌ "ဤသူတို့သည် ရာဇဝတ်ကောင် လူမျိုးသာ ဖြစ်ပါ၏။" အော်ကြွေး၏။
၂၃။ ၂၈၇ ၂၆၅	**فَأَسْرِ بِعِبَادِي لَيْلًا إِنَّكُم مُّتَّبَعُونَ۝** သို့ဖြင့် "ငါ့ အမှုတော်ဆောင်များဖြင့် ညဉ့် ခရီးနှင်လော့၊ ဧကန်ပင် သင်တို့ကို နောက်မှ လိုက်ကြလိမ့်မည်၊–
၂၄။ ☆၂၅၀	**وَاتْرُكِ الْبَحْرَ رَهْوًا إِنَّهُمْ جُندٌ مُّغْرَقُونَ۝** ပင်လယ်ဝအား ဆိတ်ငြိမ်စွာ ချန်ထားခဲ့လော့၊[၉၆၀] ၎င်းတို့ စစ်တပ်ကြီးအား နစ်မြုပ်စေလတ္တံ့။☆
၂၅။	**كَمْ تَرَكُوا مِن جَنَّاتٍ وَعُيُونٍ۝** သူတို့သည် မည်မျှသော ဥယျာဉ်များ၊ စိမ့်စမ်းများကို နောက်၌ ချန်ထားခဲ့ရသနည်း။
၂၆။	**وَزُرُوعٍ وَمَقَامٍ كَرِيمٍ۝** စိုက်ခင်းများ၊ ကျက်သရေရှိသော ဘုံဌာနေများ–
၂၇။	**وَنَعْمَةٍ كَانُوا فِيهَا فَاكِهِينَ۝** သူတို့ ဂုဏ်ပေးလေ့ရှိသော သီးနှံများ–ပင်။
၂၈။	**كَذَٰلِكَ وَأَوْرَثْنَاهَا قَوْمًا آخَرِينَ۝** ဤသို့ပင်၊ ငါသည် အခြား လူမျိုးအား သူတို့၏ အမွေကို ဆက်ခံစေ၏။
၂၉။	**فَمَا بَكَتْ عَلَيْهِمُ السَّمَاء وَالْأَرْضُ وَمَا كَانُوا مُنظَرِينَ۝** မိုးနှင့် မြေသည် သူတို့အတွက် မျက်ရည်မကျ။ သူတို့အတွက် စောင့်ကြည့်နေခွင့်လည်း မရှိတော့ချေ။[၉၆၁]
၃၀။	**وَلَقَدْ نَجَّيْنَا بَنِي إِسْرَائِيلَ مِنَ الْعَذَابِ الْمُهِينِ۝** ငါသည် အရှက်တကွဲ နိမ့်ကျသော ဝဋ်ကြွေးမှ ဣသရေလူမျိုးတို့အား မုချ လွတ်မြောက်စေခဲ့သည်မှာ–
၃၁။	**مِن فِرْعَوْنَ إِنَّهُ كَانَ عَالِيًا مِّنَ الْمُسْرِفِينَ۝** အလွဲသုံးစားပြုသူတို့၏ ထိပ်သီး ဖာရိုးမင်းထံမှ ဖြစ်၏။
၃၂။	**وَلَقَدِ اخْتَرْنَاهُمْ عَلَى عِلْمٍ عَلَى الْعَالَمِينَ۝**

---

(၉၆၀) ဤဝါကျသည် ကိုယ်တော်မူဆာတို့လူစုက ပင်လယ်ဝကို ဖြတ်သွားသည်၏ နောက်၌ လေမုန်တိုင်းကြီး တိုက်နေသည်ဟူသည့် ဒဏ္ဍာရီလာ– ဇတ်လမ်းများကို ပယ်ဖျက်ပေသည်၊ ပင်လယ်ပြင်သည် ဆိတ်ငြိမ်နေသည်ဟုသာ ဤသုတ်တော်၌ အတိအကျ ဆိုထားပေသည်။

(၉၆၁) ဖာရိုးစစ်တပ်၏ သေကြေပျက်စီးခန်း၊ သူတို့ ဥစ္စာပစ္စည်းများ ဆုံးရှုံးခန်းကို သုတ်တော် ၂၅– ၂၈ တွင် ဖော်ပြထားပေသည်၊ ထိုသူတို့၏ သေကြေခြင်း အတွက် မိုးနှင့် မြေသည် ငိုကြွေးခြင်း မရှိဟု တင်စား၍ ပြောဆိုထားပေသည်။ ထိုစကားလုံးသည် ထိုသူတို့၏ ယုတ်မာရက်စက်မှုအား ပုံပေါ်စေရန်– သူတို့အား မည်သူကမှ မေတ္တာမရှိတော့ကြောင်းကို ပုံပေါ်စေရန် တင်စားပြောဆိုသော စကားပင် ဖြစ်ပေသည်။ သူတို့၏ ရက်စက်မှုမှာ ကမ်းကုန်သွားပြီ ဖြစ်ကြောင်း သူတို့အတွက် စောင့်စားနေခွင့် မရှိတော့ချေဟူသော စကားလုံးဖြင့် ထပ်လောင်း ဖြည့်စွက်ထားပေသည်။

	ငါသည် သူတို့အား အသိပညာရှိသော လောကခပ်သိမ်းအပေါ် မုချ ရွေးချယ်တော်မူပြီ။
၃၃။	**وَآتَيْنَاهُم مِّنَ الْآيَاتِ مَا فِيهِ بَلَاء مُّبِينٌ۝** သူတို့အား ငါ ပေးအပ်သည့် သုတ်ဒေသနာများ အနက်၊ ထိုဌာ ရှင်းလင်းထင်ရှားသော စုံစမ်းခြင်းမှုများ ရှိ၏။
၃၄။	**إِنَّ هَؤُلَاء لَيَقُولُونَ۝** ဤသူတို့က ကောန်ဆတ်ဆတ် ပြောကြမည်မှာ–
၃၅။	**إِنْ هِيَ إِلَّا مَوْتَتُنَا الْأُولَى وَمَا نَحْنُ بِمُنشَرِينَ۝** ပထမအကြိမ် သေခြင်းမှအပ အခြားမရှိ၊ ကျွန်ုပ်တို့ နိုးကြွရှင်ပြန်ရမည်လည်း မဟုတ်ချေ။
၃၆။	**فَأْتُوا بِآبَائِنَا إِن كُنتُمْ صَادِقِينَ۝** သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်လျှင် ကျွန်ုပ်တို့၏ ဘဘိုးများကို ပြန်ယူခဲ့လော့၊''ဟု ဖြစ်၏။
၃၇။	**أَهُمْ خَيْرٌ أَمْ قَوْمُ تُبَّعٍ وَالَّذِينَ مِن قَبْلِهِمْ أَهْلَكْنَاهُمْ إِنَّهُمْ كَانُوا مُجْرِمِينَ۝** သူတို့သည် တူဘာ[၉၆၂] လူမျိုးနှင့် သူတို့၏ရှေ့အလျင် ဖြစ်သူများထက် ပို၍ကောင်းသလော၊ ထိုသူတို့သည် ရာဇဝတ်ကောင်များ ဖြစ်ခြင်းကြောင့် သူတို့အား ငါ တိမ်ကောစေခဲ့ပြီ။
၃၈။	**وَمَا خَلَقْنَا السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا لَاعِبِينَ۝** ငါသည် မိုးများနှင့် မြေကမ္ဘာ ၎င်းတို့နှစ်ခုကြား အရာများကို ဖြစ်ကတတ်ဆန်း ပေါ့ပျက်ပျက် ဖြစ်တည်စေခြင်း မဟုတ်ချေ။
၃၉။	**مَا خَلَقْنَاهُمَا إِلَّا بِالْحَقِّ وَلَكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ۝** ၎င်းတို့ကို မှန်ကန်ညီညွတ်ခြင်းဖြင့်သာ ငါ ဖြစ်တည်စေ၏၊ သို့သော် သူတို့မှ အများစုသည် သိကြသည် မဟုတ်ချေ။
၄၀။	**إِنَّ يَوْمَ الْفَصْلِ مِيقَاتُهُمْ أَجْمَعِينَ۝** ဇကော်ပင် ရှင်းလင်းဆုံးဖြတ်မည့် နေ့ကာလသည် သူတို့ အားလုံးအတွက် ရက်ချိန် ဖြစ်၏။
၄၁။	**يَوْمَ لَا يُغْنِي مَوْلًى عَن مَّوْلًى شَيْئًا وَلَا هُمْ يُنصَرُونَ۝** မဟာမိတ် တစ်ဦးက မဟာမိတ် တစ်ဦးကို တစ်စုံတစ်ရာ မပြည့်စုံစေနိုင်သော၊ သူတို့အတွက် အကူအညီ မရှိစေသော နေ့ကာလတွင်–
၄၂။	**إِلَّا مَن رَّحِمَ اللَّهُ إِنَّهُ هُوَ الْعَزِيزُ الرَّحِيمُ۝** ပရမတ်ဘုရားရှင်မှ ကရုဏာသက်သူ သည်သာ ကင်း၏။ အရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၄၃။ ☆ ၃၇း၆၂	**إِنَّ شَجَرَةَ الزَّقُّومِ۝**

---

(၉၆၂) **တူဘာ** မှာ လိုက်နာခြင်း။ နောက်လိုက်ခံယူခြင်း စသည်တို့ အနက်ကိုပေးသော **တဘအ** မှ ဆင့်ပွားသော စကားလုံးဖြစ်၍ လက်အောက်ခံဘုရင်။ သို့မဟုတ် ဘုရားရှင်အား ယုံကြည်လိုက်နာသူဟု အနက်ကို ပေးပေသည်။ ထို့ပြင် **တူဘာ** ဆိုသည်မှာ ယီမင်ဘုရင်တို့ခံယူသော ဘွဲ့ ဖြစ်၍ ထို ဘုရင်ဘွဲ့ခံတို့သည် **ဆဘာ၊ ဟိုက်ဒရာဘတ်**နှင့် **ဟင်မ်ယာ**တို့ကို အုပ်ချုပ်ခွင့်ရသည်ဟု အချို့သမိုင်း ဆရာများက ဆိုကြသည်၊ ထိုအမည်ကို ကျမ်းတော်တွင် ဤနေရာနှင့် ၅၀း၁၄ နှစ်နေရာတွင် ဖော်ပြထားသည်။ အချို့သော သမိုင်း ဆရာများကလည်း **တူဘာ** ဆိုသည်မှာ အခြားသူများ ယုံကြည်မှု ကင်းမဲ့ နေချိန်တွင် သူသည် ပရမတ်ဘုရားရှင်အား ယုံကြည်သော သူ (သတင်းတော်ဆောင်) ကို ခေါ်သည်ဟု ဆိုပေသည်။ မည်သို့ဆိုစေ ကျမ်းတော်တွင် ခေါင်းဆောင်နှင့် သူ၏ နောက်လိုက်များကို ဖော်ပြတိုင်း ခေတ်စဉ်ခေတ်တိုင်း၏ ခေါင်းဆောင်နှင့် နောက်လိုက်များ၏ သဘော သဘာဝ အတွက် ဥပမာပေး တင်ပြခြင်းများသာ ဖြစ်ပေသည်။

	ဇကေန်ဆတ်ဆတ်၊ ပဒိုင်းပင်သည်–☆
၄၄။	**طَعَامُ الْأَثِيمِ**۞ အပြစ်ကောင်တို့၏ အစာ ဖြစ်၍၊
၄၅။ အက်စစ်	**كَالْمُهْلِ يَغْلِي فِي الْبُطُونِ**۞ ဝမ်းဗိုက်တွင်း၌ ကျွက်ကျွက်ဆူနေသော **ကြေးနီးရည်**ကဲ့သို့၊
၄၆။	**كَغَلْيِ الْحَمِيمِ**۞ ကျွက်ကျွက်ဆူသော ရေနွေးပူကဲ့သို့ ဖြစ်၏။
၄၇။	**خُذُوهُ فَاعْتِلُوهُ إِلَى سَوَاءِ الْجَحِيمِ**۞ ထိုသူအား ဖမ်းဆီးလော့။ ပုံစံချိုး ငရဲမီးထဲသို့ ဆွဲချလော့–
၄၈။	**ثُمَّ صُبُّوا فَوْقَ رَأْسِهِ مِنْ عَذَابِ الْحَمِيمِ**۞ ထို့နောက် သူ့ ခေါင်းပေါ်မှ ဝဋ်ကြွေး ရေနွေးပူကို သွန်းလောင်းလော့–
၄၉။	**ذُقْ إِنَّكَ أَنتَ الْعَزِيزُ الْكَرِيمُ**۞ ယင်းကို မြည်းစမ်းလော့၊ သင်သည်ကား ဘုန်းကံ ကျက်သရေရှိခဲ့လေ၏–
၅၀။	**إِنَّ هَذَا مَا كُنتُم بِهِ تَمْتَرُونَ**۞ ဤသည်ကား သင်တို့ အချင်းများလေ့ရှိခဲ့ရာ ဖြစ်၏၊
၅၁။	**إِنَّ الْمُتَّقِينَ فِي مَقَامٍ أَمِينٍ**۞ ဇကေန်ပင်၊ စည်းစောင့်သူတို့သည် ယုံကြည်စိတ်ချရသော ဘုံဌာနေ၌–
၅၂။	**فِي جَنَّاتٍ وَعُيُونٍ**۞ ဥယျာဉ်များ စိမ့်စမ်းရေသွင်များ၌
၅၃။	**يَلْبَسُونَ مِن سُندُسٍ وَإِسْتَبْرَقٍ مُّتَقَابِلِينَ**۞ ထည်ဝါ ခန့်ညားသော ပိုးဖဲကတ္တီပါများကို ဆင်ယင်လျက်၊ အချင်းချင်း မျက်နှာချင်းဆိုင်လျက်–
၅၄။	**كَذَٰلِكَ وَزَوَّجْنَاهُم بِحُورٍ عِينٍ**۞ ဤသို့ပင်၊ ငါသည် သူတို့အား ဖြူစင်သော မျက်လုံးပိုင်ရှင်များဖြင့် စုဖွဲ့ပေးတော်မူလတ္တံ့။[၉၆ရ]

(၉၆ရ) ကျမ်းတော်တွင် **ဟူရ် حُور** ဆိုသည့် ဝေါဟာရကို ဤနေရာ၊ ၅၂:၂၀။ ၅၅:၇၂။ ၅၆:၂၂ စုစုပေါင်း လေးကြိမ် ဖော်ပြထားပေသည်။ ထိုသုတ်တော်များတွင် ဖော်ပြသော စကားလုံး **ဟူရ်**အား နတ်ကညာများဟု ဘာသာပြန်ဆိုလျက်– အစွယ်လာမ် သာသနာမှ သူတော်ကောင်းများ သေဆုံးလျှင် နိဗ္ဗာန် ဥယျာဉ်၌ နတ်ကညာများဖြင့် စံစားရမည်ဟု ရေးသားချက်များ ရှိပေသည်။ ထိုဘာသာပြန်တို့အား မစောကြောလိုပါ၊ သို့သော် ဤနေရာ၌ ဖြေရှင်းစရာ ရှိသည်မှာ အစွယ်လာမ် သာသနာဝင်တို့ အတွက် နောင်ဘဝ၌ စံစားရာ သုခဘုံ ဆိုသည်မှာ ကာမဂျော်ပါးရာ နေရာ ဖြစ်သည်ဟု ကျမ်းတော်၏ မည်သည့် နေရာတွင်မှ ဆိုမထားချေ။ **ဟူရ်** ဟူသည့် ဝေါဟာရသည်လည်း နတ်ကညာ (မလာအီကာဟ် အမ) ဖြစ်သည်ဟု မည်သို့မှ ဘာသာပြန်၍ မရချေ။ မည်သည့် အဘိဓာန်၌ မဆို **ဟူရ်** ၏ အနက်မှာ **ဖြူစင်သန့်ရှင်းသူ** ဟုသာ ဖြစ်၍ လိင်ခွဲခြားထားခြင်း မရှိပေ။ ၎င်း၏ အများပြကိန်း **အာဟ်ဝါရ် احوار** မှာ အများပြ လိင်ဖို၊ **ဟုရာနိ حُوران** မှာ အများပြ လိင်မ ဖြစ်ပေသည်။ ထို့ပြင် ထိုသို့ ဘာသာပြန်သော ဆရာတော်ကြီးများက **ဇောင်ဝုဂျနားဟွန်မ် زَوَّجْنَاهُم** ဆိုသော စကားလုံးအား ''ငါသည် သူတို့အား ပေးစားတော်မူမည်၊ လက်ထပ်ပေးတော်မူမည်၊'' ဟုသာ ပြန်ဆိုကြသည်မှာ ဝမ်းနည်းစရာပင် ဖြစ်တော့သည်။ အကယ်၍ ထိုသို့ ဘာသာပြန်သည်ဟု ထားဘိဦး ထိုဝါကျမှ **သူတို့သည် هُم**

၅၅။	**يَدْعُونَ فِيهَا بِكُلِّ فَاكِهَةٍ آمِنِينَ۞** ထိုဌာန သစ်သီးမျိုးစုံနှင့် ယုံကြည်စိတ်ချရမှုကို ဆုတောင်းပြည့်စေ၏။
၅၆။ ☆၄၀၁၂	**لَا يَذُوقُونَ فِيهَا الْمَوْتَ إِلَّا الْمَوْتَةَ الْأُولَى وَوَقَاهُمْ عَذَابَ الْجَحِيمِ۞** ပထမအကြိမ် သေဆုံးခဲ့ခြင်းမှ အပ၊ ထိုဌာန သူတို့သည် သေခြင်းတရားကို မြည်းစမ်းရမည် မဟုတ်ချေ။☆ ငရဲမီး ဝင့်ကြွေးမှ လည်း ကာကွယ်စောင့်ရှောက်ခံရပြီ။
၅၇။	**فَضْلًا مِّن رَّبِّكَ ذَٰلِكَ هُوَ الْفَوْزُ الْعَظِيمُ۞** ဤသည် ကံကြမ္မာရှင်၏ ထံမှ သိက္ခာပေးမှုပင်တည်း၊ ၎င်းမှာ မဟာ အောင်ပွဲပင် ဖြစ်၏။
၅၈။ ကုရ်အာန်	**فَإِنَّمَا يَسَّرْنَاهُ بِلِسَانِكَ لَعَلَّهُمْ يَتَذَكَّرُونَ۞** သို့ဖြင့် ငါသည် **၎င်း**ကို လွယ်ကူစေခြင်းငှာ သင်၏ ဘာသာစကားဖြင့် ဖြစ်စေပြီ၊ သူတို့အတွက် ဆင်ခြင်သတိ ရှိအံ့ငှာ လည်း ဖြစ်၏။
၅၉။	**فَارْتَقِبْ إِنَّهُم مُّرْتَقِبُونَ۞** သို့ဖြစ်၍ စောင့်ကြည့်နေကြလော့၊ သူတို့သည်လည်း စောင့်ကြည့်နေကြကုန်၏။

(**ဟွမ်း**) ကို ယောကျ်ားများသာ ဖြစ်ရမည်ဟု သတ်မှတ်သော်မှ **ဟူရ်** များသည် မိန်းမများ ဖြစ်ရပေမည်။ ယခုဝါကျမှ သုခဥယျာဉ်ဘုံတွင် စံစားရမည့် သူများမှာ စည်းစောင့်သူ **မုတက္ကိီးမ်** များ ဖြစ်သည်ဟု သုတ်တော် ၅၁ တွင် ဆိုထားပေသည်။ ထို စည်းစောင့်သူများမှာ ယောကျ်ားများသာ ဖြစ်ရ မည်ဟု ကျမ်းတော်တွင် လုံးဝ ဆိုမထားချေ။ အမျိုးသား အမျိုးသမီး မဟူ စည်းစောင့်သော သူတို့သည် သုခဘုံတွင် စံမြန်းရမည်သာ ဖြစ်သည်။ ကျမ်းတော်တွင် အမျိုးသား အမျိုးသမီးမဟူ သုခဘုံ၌ စံမြန်းရမည်ဟု ၁၃း၂၃။ ၃၆း၅၆ နှင့် ၄၀း၈ တို့တွင် ဆိုထားပေသည်။ တနည်းအားဖြင့် ထိုသုတ်တော်များတွင် သူတော်ကောင်းတို့သည် သုခဘုံ၌ မိသားစုလိုက် စံစားရမည်ဟု ဆိုပေသည်။ သို့ဖြစ်လျှင်– ထိုသုတ်တော်များပါ အမျိုး သမီးများအတွက် သုခဘုံ၌ အဖော်ဖြစ်လာမည့် **ဟူရ်** ဆိုသည်မှာ နတ်သားများ ဖြစ်သည်ဟု ဘာသာပြန်ရပေတော့မည်။ သို့သော် မည်သည့် ဘာသာပြန် ဆရာသည်မှ **ဟူရ်** ကို နတ်သား ဟု မပြန်ဆိုကြပေ။ တဖန် ဤသုတ်တော်များပါ **ဇောင်းဝုဂျနားဟွန်မ် ဓမ် ဇွဉ်ဇေနာ်မ်** မှ **ဇောင်းဂျန်** ဟူသည် မင်္ဂလာဆောင်သည် ပေးစားသည်ဟု နေရာတိုင်းတွင် မဆိုပေ။ **ဇောင်းဂျန်**ဟူသည် အတူတကွ ပူးပေါင်းနေထိုင်သော ရဲဘော်ရဲဘက်များကို လည်းခေါ်ကြောင်း ၃၇း၃၇။ ၄၂း ၅၀ နှင့် ၈၃း၇ များတွင် ရှင်းလင်းစွာ တွေ့နိုင်ပေသည်။

သို့ဖြစ်၍ ဤသုတ်တော်၏ ဆိုလိုချက်မှာ အမျိုးသား အမျိုးသမီး မဟူ သူတော်စင် သူတော်ကောင်းများ အနေဖြင့် မိမိပြုခဲ့သော ကုသိုလ် ကောင်း ကျိုးအတွက် နောင်ဘဝတွင် ဖြူစင်သန့်ရှင်းသော အဖော်များ။ ကောက်ကျစ်စဉ်းလဲခြင်း မရှိသော အဖော်များနှင့် ပူးပေါင်းနေထိုင်ရမည်ဟုသာ ဆိုလိုခြင်း ဖြစ်ပေသည်။ သူတော်ကောင်းသည် သူတော်ကောင်းများနှင့် အတူနေရမည်၊ သူယုတ်မာသည် သူယုတ်မာများနှင့်အတူ ငရဲဒုက္ခ၌ ခံစားရမည်ဟူသော ဖော်ပြချက်ပေါင်း များစွာအား ကျမ်းတော်တွင် မကြာခဏ ဖော်ပြထားပေရာ ကျမ်းတော်ပါ စကားလုံးများကို ရိုးရှင်းစွာ နားလည်ရန် ကြိုးစားသူတို့အဘို့ ဤသုတ်တော်ပါ ဆိုလိုချက်အား အမြင်ဝေဝါး နားရှုပ်သွားစရာ မရှိပေ။

မမွခန္ဓာ (၄၅) ပဆစ်ဒူးထောက်ခြင်း (အာလ် ဂျာဆီးယာဟ်)

ဥဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၆၅)၊ သုတ်ဒေသနာ (၃၇)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။ ☆၄၀။၁	**حم۞** ဟာ မင်။☆
၂။	**تَنزِيلُ الْكِتَابِ مِنَ اللَّهِ الْعَزِيزِ الْحَكِيمِ۞** ချမှတ်ပေးသော ကျမ်းတော်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်သော ပရမတ်ဘုရားရှင်၏ ထံမှ ဖြစ်၏။
၃။	**إِنَّ فِي السَّمَاوَاتِ وَالْأَرْضِ لَآيَاتٍ لِّلْمُؤْمِنِينَ۞** မိုးများနှင့် မြေအတွင်း၌ ယုံကြည်သူများအတွက် သက်သေလက္ခဏာများ ရှိနေ၏။
၄။	**وَفِي خَلْقِكُمْ وَمَا يَبُثُّ مِن دَابَّةٍ آيَاتٌ لِّقَوْمٍ يُوقِنُونَ۞** သင်တို့အား ဖြစ်တည်စေခြင်းနှင့် သတ္တဝါအပေါင်းအား ပြန့်ပွားစေခြင်းများ၌ ဒိဋ္ဌယုံသော လူမျိုးအတွက် သက်သေလက္ခဏာများ ရှိ၏။
၅။	**وَاخْتِلَافِ اللَّيْلِ وَالنَّهَارِ وَمَا أَنزَلَ اللَّهُ مِنَ السَّمَاء مِن رِّزْقٍ فَأَحْيَا بِهِ الْأَرْضَ بَعْدَ مَوْتِهَا وَتَصْرِيفِ الرِّيَاحِ آيَاتٌ لِّقَوْمٍ يَعْقِلُونَ۞** ညနှင့်နေ့ကို အလှည့်ကျဖြစ်စေခြင်း၊ ပရမတ်ဘုရားရှင်က ကောင်းကင်ယံမှ ရိက္ခာ ချမှတ်ပေး၍ မြေအား သေပြီးနောက် ပြန်ရှင်စေခြင်း၊ လေများကို ဘက်ပြန်စေခြင်းများ၌ အတွေးအခေါ်ရှိသော လူမျိုးအတွက် သက်သေလက္ခဏာများ ရှိ၏။
၆။	**تِلْكَ آيَاتُ اللَّهِ نَتْلُوهَا عَلَيْكَ بِالْحَقِّ فَبِأَيِّ حَدِيثٍ بَعْدَ اللَّهِ وَآيَاتِهِ يُؤْمِنُونَ۞** ဤသည် သင့်အား မှန်ကန်စွာ ဖတ်ပြသော ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာတော်များ ဖြစ်၏။ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများ နောက် မည်သည့် ဆင့်ပြန်ချက်ကို ယုံကြည်ဦးမည်နည်း။
၇။	**وَيْلٌ لِّكُلِّ أَفَّاكٍ أَثِيمٍ۞** အပြစ်ရှိသူ လုပ်ဖတ်ဆင်သူတိုင်း ပျက်စီးရမည်သာတည်း။
၈။	**يَسْمَعُ آيَاتِ اللَّهِ تُتْلَى عَلَيْهِ ثُمَّ يُصِرُّ مُسْتَكْبِرًا كَأَن لَّمْ يَسْمَعْهَا فَبَشِّرْهُ بِعَذَابٍ أَلِيمٍ۞** သူ့အား ကြားနာရန် ဖတ်ပြသော ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာတို့အား သူ မကြားခဲ့ဟန် မောက်မာမန်တက်ဇွတ်တိုးလျက်ပင် ရှိ၏၊ သူ့အား စူးနစ်သော ဝဋ်ကြွေးအကြောင်း သတင်းကောင်းပါးလော့။
၉။	**وَإِذَا عَلِمَ مِنْ آيَاتِنَا شَيْئًا اتَّخَذَهَا هُزُوًا أُوْلَئِكَ لَهُمْ عَذَابٌ مُّهِينٌ۞** ငါ၏ သုတ်ဒေသနာ တစ်စုံတစ်ရာအား သိရသောအခါ၊ လှောင်ပြောင်စရာဟု ယူမှတ်သောသူ ထိုသူတို့ အတွက် နိမ့်ကျသော ဝဋ်ကြွေးသည် ရှိ၏။

၁၀။	**مِن وَرَائِهِمْ جَهَنَّمُ وَلَا يُغْنِي عَنْهُم مَّا كَسَبُوا شَيْئًا وَلَا مَا اتَّخَذُوا مِن دُونِ اللَّهِ أَوْلِيَاء وَلَهُمْ عَذَابٌ عَظِيمٌ۝** ငရဲသည် သူတို့အတို့ ကွယ်လျက်ရှိ၏၊ သူတို့ ကျင့်ဆောင်ခဲ့သော အရာများ၊ ပရမတ်ဘုရားရှင် မှလွဲ၍ သူတို့ အယူထားခဲ့သော မဟာမိတ်များသည် သူတို့အတွက် ပြည့်စုံမည် မဟုတ်၊ မဟာဝဋ်ကြွေးကြီးသာ ရှိနေ၏။
၁၁။	**هَذَا هُدًى وَالَّذِينَ كَفَرُوا بِآيَاتِ رَبِّهِمْ لَهُمْ عَذَابٌ مِّن رِّجْزٍ أَلِيمٌ۝** ဤသည် လမ်းညွှန်တော်ဖြစ်၏၊ ကံကြမ္မာရှင်၏ သုတ်ဒေသနာတို့အား ဖုံးကွယ်သောသူ ထိုသူတို့အတွက် စူးနစ်သော ဝဋ်ကြွေး ဆိုးကျိုးသည် ရှိ၏။
၁၂။	**اللَّهُ الَّذِي سخَّرَ لَكُمُ الْبَحْرَ لِتَجْرِيَ الْفُلْكُ فِيهِ بِأَمْرِهِ وَلِتَبْتَغُوا مِن فَضْلِهِ وَلَعَلَّكُمْ تَشْكُرُونَ۝** ပရမတ်ဘုရားရှင်သည် အရှင်၏ ညွှန်ကြားချက်ဖြင့် ပင်လယ်ပြင်၌ စီးမျောစေသော သင်္ဘောများကို သင်တို့အတွက် အသုံးခံ ဖြစ်စေသည့် အရှင်ဖြစ်၏၊ အရှင်၏ သိက္ခာပေးခြင်းအား သင်တို့ ရှာဖွေအံ့ဌာ၊ ကျေးဇူးသိအံ့ဌာ ဖြစ်၏။
၁၃။	**وَسَخَّرَ لَكُم مَّا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ جَمِيعًا مِّنْهُ إِنَّ فِي ذَلِكَ لَآيَاتٍ لِّقَوْمٍ يَتَفَكَّرُونَ۝** အရှင်သည် မိုးများအတွင်း မြေကမ္ဘာအတွင်း ရှိသမျှအားလုံးကို သင်တို့အတွက် အသုံးခံ ဖြစ်စေ၏။ ၎င်းတို့သည် အရှင့်ထံမှ ဖြစ်၏။ ဇကန်ပင်– စဉ်းစားသုံးသပ်သော လူမျိုးအတွက် ဤ၌ သက်သေလက္ခဏာများ ရှိနေ၏။
၁၄။ ☆၁၄း၅	**قُل لِّلَّذِينَ آمَنُوا يَغْفِرُوا لِلَّذِينَ لا يَرْجُون أَيَّامَ اللَّهِ لِيَجْزِيَ قَوْمًا بِما كَانُوا يَكْسِبُونَ۝** ပရမတ်ဘုရားရှင်၏ နေ့ကာလများအား☆ မမျှော်လင့်ထားသော သူတို့အား၊ လွတ်ငြိမ်းခွင့်ပေးရန် ယုံကြည်သော သူတို့ကို ဟောလော့၊ အရှင်သည် လူမျိုးတစ်မျိုးအား သူတို့၏ ကျင့်ဆောင်လေ့ရှိခဲ့ရာအား အစားပေးတော်မူလတ္တံ့။
၁၅။	**مَنْ عَمِلَ صَالِحًا فَلِنَفْسِهِ وَمَنْ أَسَاء فَعَلَيْهَا ثُمَّ إِلَى رَبِّكُمْ تُرْجَعُونَ۝** ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသူသည် သူ၏ စရိုက်အတွက် ဖြစ်၍၊ အကုသိုလ်ကောင်သည်လည်း သူ့အတွက်ပင် ဖြစ်၏၊ ထို့နောက် ကံကြမ္မာရှင်၏ ထံသို့သာ ဦးလှည့်ပြန်ခဲ့ရမည်တည်း။
၁၆။	**وَلَقَدْ آتَيْنَا بَنِي إِسْرَائِيلَ الْكِتَابَ وَالْحُكْمَ وَالنُّبُوَّةَ وَرَزَقْنَاهُم مِّنَ الطَّيِّبَاتِ وَفَضَّلْنَاهُمْ عَلَى الْعَالَمِينَ۝** ဣသရေလူမျိုးတို့အား ကျမ်းတော်၊ ဓမ္မသတ်တော်နှင့် သတင်းတော်ဆောင်ဘွဲ့များဖြင့် မုချ ငါ ချီးမြှင့်ခဲ့၏။ သူတို့အား သန့်စင်များရာမှ ရိက္ခာထောက်ခဲ့၏။ လောကခပ်သိမ်းထက် သူတို့ကို သိက္ခာပေးခဲ့၏။
၁၇။	**وَآتَيْنَاهُم بَيِّنَاتٍ مِّنَ الْأَمْرِ فَمَا اخْتَلَفُوا إِلَّا مِن بَعْدِ مَا جَاءهُمُ الْعِلْمُ بَغْيًا بَيْنَهُمْ إِنَّ رَبَّكَ يَقْضِي بَيْنَهُمْ يَوْمَ الْقِيَامَةِ فِيمَا كَانُوا فِيهِ يَخْتَلِفُونَ۝** ညွှန်ကြားချက်တော်မှ ရှင်းလင်းချက်အား သူတို့ကို ငါ ပေးအပ်ခဲ့ပြီ၊ သူတို့ထံသို့ အသိပညာ ရောက်လာပြီးမှသာ သူတို့ချင်းကြား အပြစ်ရှာမှုများကြောင့် သူတို့၏ကြား ကွဲပြားကြကုန်၏၊ ဇကန်ပင် ရပ်တည်ရသော နေ့၌ ကံကြမ္မာရှင်က သူတို့၏အကြား၌ ငြင်းခုံကွဲလွဲလေ့ရှိခဲ့သည်တို့ကို ဆုံးဖြတ်တော်မူလတ္တံ့။
၁၈။	**ثُمَّ جَعَلْنَاكَ عَلَى شَرِيعَةٍ مِّنَ الْأَمْرِ فَاتَّبِعْهَا وَلَا تَتَّبِعْ أَهْوَاء الَّذِينَ لَا يَعْلَمُونَ۝** ညွှန်ကြားချက် ဥပဒေအတွင်း၌ သင့်ကို ငါ စီစဉ်ပေးထား၏၊ သို့ဖြစ်၍ ၎င်းကို လိုက်နာလော့၊ အသိ မရှိသော သူများ၏ လိုဘများနောက်သို့ မလိုက်နာနှင့်။[၉၆၄]

(၉၆၄) အစ္စလာမ် သာသနာ၏ သွန်သင်ချက်တွင် လူသားမှန်က မည်သူမှ အဓိပတိ ဘုရား မဟုတ်ချေ၊ မည်သူသည်မှ ဥပဒေ၏ အထက်မှ နေခွင့် မရှိချေ၊ ကိုယ်တော်မုဟမ္မဒ်သည်ပင် ဥပဒေ၏ ဘောင်အတွင်းမှသာ နေခဲ့ရကြောင်း ဤသုတ်တော်က ပြောဆိုထားပေသည်။ ဤနေရာတွင် ပြောဆို

၁၉။	**إِنَّهُمْ لَن يُغْنُوا عَنكَ مِنَ اللَّهِ شَيْئًا وإِنَّ الظَّالِمِينَ بَعْضُهُمْ أَوْلِيَاء بَعْضٍ وَاللَّهُ وَلِيُّ الْمُتَّقِينَ۞** ပရမတ်ဘုရားရှင်အား ကင်းလျက် သူတို့သည် သင့်ကို တစ်စုံတစ်ရာ မပြည့်စုံနိုင်ချေ။ အမိုက်ကောင်များမှာ သူတို့မှ အချို့သည် အချို့၏ မဟာမိတ်များ ဖြစ်၍။ ပရမတ်ဘုရားရှင်သည် စည်းစောင့်သူတို့အတွက် မဟာမိတ်ပင် ဖြစ်၏။
၂၀။ ကုရ်အာန်	**هَذَا بَصَائِرُ لِلنَّاسِ وَهُدًى وَرَحْمَةٌ لِّقَوْمٍ يُوقِنُونَ۞** ဤသည် လူသားတို့အဘို့ အမြင်အာရုံရစေခြင်း ဖြစ်၏၊ ဒိဋ္ဌယုံသော လူမျိုးအတွက် လမ်းညွှန်တော်၊ ကရုဏာတော် ဖြစ်၏။
၂၁။	**أَمْ حَسِبَ الَّذِينَ اجْتَرَحُوا السَّيِّئَاتِ أَن نَّجْعَلَهُمْ كَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ سَوَاء مَّحْيَاهُم وَمَمَاتُهُمْ سَاء مَا يَحْكُمُونَ۞** သို့မဟုတ် အကုသိုလ်မှု၌ လုပ်ထည့်လိုက်သောသူတို့က ငါအရှင်သည် သူတို့အား ယုံကြည်လျက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသော သူတို့ကဲ့သို့ စီစဉ်ပေးမည်ဟု စဉ်းစားနေကြသလော။ သူတို့၏ ရှင်ခြင်း သူတို့၏ သေခြင်းသည် အတူတူပင် ဖြစ်သလော၊ သူတို့၏ စီရင်ထုံးသည်ပင် အကုသိုလ် ဖြစ်၏။
၂၂။	**وَخَلَقَ اللَّهُ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ وَلِتُجْزَى كُلُّ نَفْسٍ بِمَا كَسَبَتْ وَهُمْ لَا يُظْلَمُونَ۞** ဥဉ်စရိုက် ကိုယ်စီ ကျင့်ဆောင်မှုအတွက် အစားရရန် ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကို မှန်ကန်ညီညွတ်စွာ ဖြစ်တည်စေတော်မူ၏။ သူတို့အား အဝိဇ္ဇာသင့်စေမည် မဟုတ်ချေ။
၂၃။ ရမက်	**أَفَرَأَيْتَ مَنِ اتَّخَذَ إِلَهَهُ هَوَاهُ وَأَضَلَّهُ اللَّهُ عَلَى عِلْمٍ وَخَتَمَ عَلَى سَمْعِهِ وَقَلْبِهِ وَجَعَلَ عَلَى بَصَرِهِ غِشَاوَةً فَمَن يَهْدِيهِ مِن بَعْدِ اللَّهِ أَفَلَا تَذَكَّرُونَ۞** မိမိ၏ **လိုဘ**အား ဘုရားအဖြစ် အယူထားသူကို သင် ရှုစားမိသလော၊ ပရမတ်ဘုရားရှင်သည် သိနေသော်လည်း သူ့အား လွှဲဖယ်ထားလိုက်၏၊ သူ၏ ကြားနာခြင်းနှင့် နှလုံးသားအား အဆုံးသတ်ထားပြီ၊ သူ့ အမြင်၌ လွှမ်းခြုံမှုကို စီစဉ်ထား၏၊ ပရမတ်ဘုရားရှင်၏ နောက် သူ့အား မည်သူက လမ်းညွှန်ဦးမည်နည်း၊ သင်တို့သည် ဆင်ခြင်သတိ ရှိကြမည် မဟုတ်လော။
၂၄။	**وَقَالُوا مَا هِيَ إِلَّا حَيَاتُنَا الدُّنْيَا نَمُوتُ وَنَحْيَا وَمَا يُهْلِكُنَا إِلَّا الدَّهْرُ وَمَا لَهُم بِذَلِكَ مِنْ عِلْمٍ إِنْ هُمْ إِلَّا يَظُنُّونَ۞** သူတို့က "ဤလောကီ သက်တမ်းမှအပ အခြား မရှိချေ။ ကျွန်ုပ်တို့သည် အနိစ္စ၊ နိစ္စ ဖြစ်ရမည်ပင်၊ ခေတ်ကာလသည်သာ ကျွန်ုပ်တို့အား တိုက်စားလေ၏။" ဟု ဆိုကြ၏။ ဤအကြောင်းအရာ၌ သူတို့တွင် အသိပညာ မရှိချေ။ စဉ်းစားမှုသာ ရှိလေ၏။
၂၅။	**وَإِذَا تُتْلَى عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ مَّا كَانَ حُجَّتَهُمْ إِلَّا أَن قَالُوا ائْتُوا بِآبَائِنَا إِن كُنتُمْ صَادِقِينَ۞** ငါ၏ ရှင်းလင်းသော သုတ်ဒေသနာတို့ကို သူတို့အား ဖတ်ပြသောအခါ၊ သူတို့သည် စောကြောခြင်း မရှိဘဲ ပြောကြသည်မှာ "သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်လျှင် ကျွန်ုပ်တို့၏ ဘဘိုးများကို ပြန်ယူခဲ့လော့၊" ဟု ဖြစ်၏။

သော ဥပဒေ ဆိုသည့် စကားလုံးအား "ရှရီအာတ်ဟ်" ဟု သုံးထားသောကြောင့်၊ ကုရ်အာန်ပါ ဥပဒေများ၊ ကျမ်းတော်နှင့် လုံးဝကိုက်ညီသော ဥပဒေများသည်သာ ရရှီအတ်ဟ် ဖြစ်သည်ဟု လက်ခံ ယုံကြည်သင့်ပေသည်။ ရှေးဆရာတော်ကြီးများ အနေဖြင့် ခေတ်ကာလအလိုက်၊ ၎င်းတို့၏ လူမှုပတ်ဝန်းကျင်အလိုက်၊ ၎င်းတို့၏ ခေတ်နှင့် ညီသော စကားလုံးများအလိုက် ကျမ်းတော်ပါ သွန်သင်ချက်နှင့် ကိုက်ညီသည်ဟု ခံယူလျက် ဥပဒေ ချမှတ်ခဲ့သည့် ဒေသိက ဆိုင်ရာ ဥပဒေများကို ရှရီအတ်ဟ် ဖြစ်သည်– ထိုဥပဒေများသည် ခေတ်တိုင်း လူမျိုးတိုင်းအတွက် ပြည့်စုံလုံလောက်သည်ဟု လျှောက်ဆိုးထက် မယူဆအပ်ပေ။ ထိုဥပဒေများကို ပယ်သင့်က ပယ်ရမည် ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်သည်သာ စံ အဖြစ် ရှိနေမည် ဖြစ်သည်။

၂၆။	**قُلِ اللَّهُ يُحْيِيكُمْ ثُمَّ يُمِيتُكُمْ ثُمَّ يَجْمَعُكُمْ إِلَى يَوْمِ الْقِيَامَةِ لَا رَيْبَ فِيهِ وَلَكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ۞** ဟောလော့ ‘‘ပရမတ်ဘုရားရှင်သည် သင်တို့အား အသက်ကိုပေး၏။ တဖန် သေဆုံးစေ၍ သံသယ ဖြစ်ဘွယ်မရှိသော ရပ်တည်ရမည့် နေ့ကာလဆီသို့ စုပေါင်းစေလတ္တံ့။ သို့သော် လူသား အများစုသည် သိကြသည် မဟုတ်ချေ။’’
၂၇။	**وَلِلَّهِ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَيَوْمَ تَقُومُ السَّاعَةُ يَوْمَئِذٍ يَخْسَرُ الْمُبْطِلُونَ۞** မိုးများနှင့် မြေကမ္ဘာအား အစိုးရခြင်းသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ရပ်တည်ရမည့် နေ့ကာလ၊ ထို နေ့ကာလ၏ အချိန်နာရီတွင် မိစ္ဆာဒိဋ္ဌိတို့သည် ဆုံးရှုံးပျက်စီးရလတ္တံ့။
၂၈။	**وَتَرَى كُلَّ أُمَّةٍ جَاثِيَةً كُلُّ أُمَّةٍ تُدْعَى إِلَى كِتَابِهَا الْيَوْمَ تُجْزَوْنَ مَا كُنتُمْ تَعْمَلُونَ۞** အသိုင်းအဝိုင်း ကိုယ်စီအား ဒူးထောက်လျက် သင် မြင်ရလတ္တံ့၊ ထိုအသိုင်းအဝိုင်းတိုင်း၏ သူတို့အတွက် မှတ်တမ်း ဆီသို့ ခေါ်ငင်လျက် ဤနေ့၌ သင်တို့၏ ကျင့်ကြံလေ့ရှိခဲ့သည်များကို အစားပေးခြင်းခံရလတ္တံ့။–
၂၉။	**هَذَا كِتَابُنَا يَنطِقُ عَلَيْكُم بِالْحَقِّ إِنَّا كُنَّا نَسْتَنسِخُ مَا كُنتُمْ تَعْمَلُونَ۞** ဤသည် ငါအရှင်၏ မှတ်တမ်းဖြစ်၍ ယင်းသည် သင်တို့အား မှန်ကန်စွာ စကားပြောလိမ့်မည်၊ ငါအရှင်သည် သင်တို့ ကျင့်ကြံလေ့ရှိသမျှကို ကမည်းထိုးထားတော်မူ၏။
၃၀။	**فَأَمَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَيُدْخِلُهُمْ رَبُّهُمْ فِي رَحْمَتِهِ ذَلِكَ هُوَ الْفَوْزُ الْمُبِينُ۞** ယုံကြည်လျက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသောသူများ အတွက်မူ ကံကြမ္မာရှင်သည် အရှင်၏ ကရုဏာတော်သို့ ဝင်ရောက်ခွင့်ပြု၏၊ ဤသည် သူ့အတွက် ရှင်းလင်းထင်ရှားသော အောင်ပွဲပင် ဖြစ်၏။
၃၁။	**وَأَمَّا الَّذِينَ كَفَرُوا أَفَلَمْ تَكُنْ آيَاتِي تُتْلَى عَلَيْكُمْ فَاسْتَكْبَرْتُمْ وَكُنتُمْ قَوْمًا مُّجْرِمِينَ۞** ဖုံးကွယ်သော သူတို့အတွက်မူ ငါ၏ သုတ်ဒေသနာများကို သင်တို့အား ဖတ်ပြခဲ့သည် မဟုတ်လော၊ သို့ပါလျက် သင်တို့ သည် မာနတက်နေကြ၍ သင်တို့သည် ရာဇဝတ်ကောင် လူမျိုး ဖြစ်ကုန်၏။
၃၂။	**وَإِذَا قِيلَ إِنَّ وَعْدَ اللَّهِ حَقٌّ وَالسَّاعَةُ لَا رَيْبَ فِيهَا قُلْتُم مَّا نَدْرِي مَا السَّاعَةُ إِن نَّظُنُّ إِلَّا ظَنًّا وَمَا نَحْنُ بِمُسْتَيْقِنِينَ۞** ပရမတ်ဘုရားရှင်၏ ကတိတော်သည် မှန်ကန်၏၊ ထိုအချိန်နာရီ၌ သံသယ မဖြစ်ကြကုန်နှင့် ဟု ပြောသောခါ၊ သင်တို့က ‘‘ကျွန်ုပ်တို့သည် ထိုအချိန်နာရီကို မည်သည်ဟု မမှန်းနိုင်၊ စဉ်းစားချက်မျှသာ ဖြစ်သည်ဟု ကျွန်ုပ်တို့ စဉ်းစားမိ၏၊ ကျွန်ုပ်တို့တွင် တိကျသေချာမှု မရှိချေ’’ဟု ပြောကြ၏။
၃၃။	**وَبَدَا لَهُمْ سَيِّئَاتُ مَا عَمِلُوا وَحَاقَ بِهِم مَّا كَانُوا بِهِ يَسْتَهْزِؤُون۞** သူတို့ကျင့်ကြံသော အကုသိုလ်မှုသည် သူတို့အတွက် ဖေါ်ပြခံရလတ္တံ့။ သူတို့၏ လှောင်ပြောင်လေ့ရှိသည်များက သူတို့အား ပိတ်ဖုံးစေလတ္တံ့။
၃၄။	**وَقِيلَ الْيَوْمَ نَنسَاكُمْ كَمَا نَسِيتُمْ لِقَاء يَوْمِكُمْ هَذَا وَمَأْوَاكُمُ النَّارُ وَمَا لَكُم مِّن نَّاصِرِينَ۞** သူတို့အား ပြောဆိုမည်မှာ ‘‘သင်တို့ ဆုံတွေ့ရမည့်နေ့ကာလကို သင်တို့ မေ့ပစ်ထားခဲ့ သကဲ့သို့ ဤနေ့၌ သင်တို့အား ငါ မေ့ပစ်လိုက်ပြီ။ ဤသည် သင်တို့အတွက် ခိုလှုံရာ အပူမီး ဖြစ်၏။ သင်တို့အတွက် ကူညီမည့်သူ မရှိပြီ။

၃၅။	**ذَلِكُم بِأَنَّكُمُ اتَّخَذْتُمْ آيَاتِ اللَّهِ هُزُوًا وَغَرَّتْكُمُ الْحَيَاةُ الدُّنْيَا فَالْيَوْمَ لَا يُخْرَجُونَ مِنْهَا وَلَا هُمْ يُسْتَعْتَبُونَ۞** ယင်းမှာ သင်တို့သည် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို လှောင်ပြောင်စရာဟု အယူထားခဲ့သောကြောင့်၊ သင်တို့အား လောကီ သက်တမ်းက မြူဆွယ်ထားခြင်းကြောင့် ဖြစ်၏။ သို့ဖြစ်၍ သူတို့သည် ဤနေ့မှ ထွက်လမ်း မရှိချေ၊ အယူခံခွင့်ရှိသူများလည်း မဟုတ်ချေ။[၉၅]
၃၆။	**فَلِلَّهِ الْحَمْدُ رَبِّ السَّمَاوَاتِ وَرَبِّ الْأَرْضِ رَبِّ الْعَالَمِينَ۞** ရည်သန်ရူးစိုက်မှု အပေါင်းသည် မိုးများ၏ ကံကြမ္မာရှင်၊ မြေကမ္ဘာ၏ ကံကြမ္မာရှင်၊ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်၏ အတွက်သာ ဖြစ်၏။
၃၇။	**وَلَهُ الْكِبْرِيَاء فِي السَّمَاوَاتِ وَالْأَرْضِ وَهُوَ الْعَزِيزُ الْحَكِيمُ۞** မိုးများနှင့် မြေမှ ကြီးကျယ်မြင့်မြတ်မှု အပေါင်းသည် အရှင်၏ အချုပ်အခြာဌာန ရှိ၏၊ အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။

---

(၉၅) သုတ်တော် ၂၈ မှ ၃၅ ထိပြောဆိုသော အသိုင်းအဝိုင်း ကိုယ်စီ ကြုံတွေ့ရမည့် အဖြစ်အပျက်သည် သေပြီးသည်၏ နောက်မှ ဖြစ်မည်ဟု မခံစားသင့်ပေ၊ အသိုင်းအဝိုင်းတစ်ခု ဝါဒတစ်ခု တိုင်းပြည်တစ်ခုရှိ လူသားတို့၏ ကျင့်ဆောင်မှုသည် ထိုလူသားတို့၏ သမိုင်း မှတ်တမ်းပင် ဖြစ်ပေသည်။ မည်သည့် အသိုင်းအအဝိုင်း မဆို မိမိတို့၏ လုပ်ရပ်၊ ချီတက်သော လမ်းစဉ်၏ အကျိုးရလဒ်ကို ဤကမ္ဘာလောကတွင်ပင် ခံစားရမည် ဖြစ်သည်။ သူတို့၏ နောင်မျိုးဆက်များလည်း ခံစားရမည် ဖြစ်သည်။ ထိုအကြောင်းကို "အသင် မြင်တွေ့ရလတ္တံ့"ဟု ပြောထားသော သုတ်တော် ၂၈ က ထောက်ပြထားပေသည်။ ထို့ကြောင့် ပရမတ်ဘုရားရှင် (အလ္လာဟ်)က အသိပေး ပြဋ္ဌာန်းထားသော ဤကျမ်းမြတ်ကုရ်အာန်၏ နိယာမများသည် နောင်ဘဝ အတွက်သာ ဖြစ်သည်ဟု မယူဆသင့်ပေ။ ကျမ်းတော်ပါ နိယာမတိုင်းကို ဤလက်တွေ့ဘဝ၊ မျိုးဆက်များ၏ ဘဝ အတွက် ရည်သန်စဉ်းစား၍ လေ့လာသင့်ပေသည်၊ စူးစမ်းသင့်ပေသည်။ မိမိ၏ကျန်ရစ်မည့် မျိုးဆက်သည် မိမိ၏ နောင်ဘဝ ဖြစ်သည်ဟူသော သိအိုရီအား မစဉ်းစားဘဲလျက် လောကုတ္တရာ၊ လောကုတ္တရာဟု သေပြီးသည်၏ နောက်ကိုချည်း စဉ်းစားနေခြင်းသည်လည်း အကုသိုလ် မကင်းပေ။

ဓမ္မခန္ဓာ (၄၆) လွင်တီးခေါင် (အာလ အဟ်ကာဖ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၆၆)၊ သုတ်ဒေသနာ (၃၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။ ☆၄၀း၁	**حم**۞ ဟာ မင်။☆
၂။	**تَنْزِيلُ الْكِتَابِ مِنَ اللَّهِ الْعَزِيزِ الْحَكِيمِ**۞ ချမှတ်ပေးသော ကျမ်းတော်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်သော ပရမတ်ဘုရားရှင်၏ ထံမှ ဖြစ်၏။
၃။	**مَا خَلَقْنَا السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا إِلَّا بِالْحَقِّ وَأَجَلٍ مُّسَمًّى وَالَّذِينَ كَفَرُوا عَمَّا أُنذِرُوا مُعْرِضُونَ**۞ ဝါသည် မိုးများနှင့် မြေကမ္ဘာရှိ အရာများ၊ ထိုနှစ်ခုကြားရှိ အရာများကို မှန်ကန်ခြင်းဖြင့်၊ သတ်မှတ်ကာလ အချိန်ဖြင့် ဖြစ်တည်စေသော်လည်း၊ ဖုံးကွယ်သော သူတို့သည် သတိပေးတရားတော်အား ဘောင်ကန့်ထားသူများ ဖြစ်ကြ၏။
၄။	**قُلْ أَرَأَيْتُم مَّا تَدْعُونَ مِن دُونِ اللَّهِ أَرُونِي مَاذَا خَلَقُوا مِنَ الْأَرْضِ أَمْ لَهُمْ شِرْكٌ فِي السَّمَاوَاتِ ائْتُونِي بِكِتَابٍ مِّن قَبْلِ هَذَا أَوْ أَثَارَةٍ مِّنْ عِلْمٍ إِن كُنتُمْ صَادِقِينَ**۞ ဟောလော့၊ ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့ ဆုတောင်းနေရာများကို မြင်သလော၊ မြေကမ္ဘာ၌ သူတို့က ဖြစ်တည်ပေးနိုင်ရာတို့ရှိလျှင် ကျွန်ုပ်အား ပြလော့၊ သို့မဟုတ် အာကာသ၌ ဖက်စပ်ပိုင်ဆိုင်မှု ရှိလေသလော၊ သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်လျှင် ရှေ့အလျင် ကျမ်းတော် သို့မဟုတ် ရိုးရာစဉ်လာ ပညာများအား ကျွန်ုပ်ထံ ပေးအပ်ကြလော့။[၆၆]
၅။	**وَمَنْ أَضَلُّ مِمَّن يَدْعُو مِن دُونِ اللَّهِ مَن لَّا يَسْتَجِيبُ لَهُ إِلَى يَوْمِ الْقِيَامَةِ وَهُمْ عَن دُعَائِهِمْ غَافِلُونَ**۞ ပရမတ်ဘုရားရှင် မှလွဲ၍– ရပ်တည်ရမည့် နေ့ကာလတိုင် သူတို့အား အလိုတူ တုန့်ပြန်ပေးနိုင်ခြင်း မရှိသော အရာများထံ ဆုတောင်းနေသူများထက် ပို၍ မည်သူက လမ်းလွဲဦးမည်နည်း၊ သူတို့သည် သူတို့၏ ဆုတောင်းခြင်းအား မေ့လျော့ပေါ့ပျက်သူများ ဖြစ်ကြ၏။
၆။ ဖုံးကွယ်သူများ	**وَإِذَا حُشِرَ النَّاسُ كَانُوا لَهُمْ أَعْدَاء وَكَانُوا بِعِبَادَتِهِمْ كَافِرِينَ**۞ လူသားတို့ကို စုစည်းခံရသောအခါ၊ ၎င်းတို့က သူတို့အား စည်းဝေါက်သူများ ဖြစ်၍၊ သူတို့၏ ကိုးကွယ်ခဲ့သည်တို့ကို **ပယ်ချသူများ** ဖြစ်ကြ၏။[၆၇]

---

(၆၆) ဤကျမ်းမြတ်ကုရ်အာန်သည် လူ့လက်ရာ စွက်ဖက်ထားသော မည်သည့် ကျမ်းကိုမှ ထောက်ခံ ရပ်တည်ပေးခြင်း မရှိကြောင်း ၂၄၁ တွင် ရှင်းပြခဲ့ပြီး ဖြစ်သည်။ တနည်းအားဖြင့် ဤကုရ်အာန် မတိုင်မီ ရှိနေသော ကျမ်းများကို တိကျမှန်ကန်သော ကျမ်းများ ဖြစ်သည်ဟု မည်သည့် အခါတွင်မှ မဆိုပေ။ ထို့ကြောင့် ဤသုတ်တော်တွင် ဤ (ကုရ်အာန်) ကျမ်းတော် မတိုင်မီ ရေးကျမ်းများ၊ သို့မဟုတ် ထိုရေးကျမ်းများမှ ရရှိသည်ဟု ဆိုသော ပညာ အလင်းရောင် အကြွင်းအကျန်များ ရှိသည် ဆိုက ပေးအပ်ကြလော့၊ တင်ပြကြလော့ဟု တောင်းဆိုထားခြင်း ဖြစ်ပေသည်။ ထိုတောင်းဆိုခံရသော လူမျိုး အနေဖြင့် မည်သည့် အခါကမျှ မတင်ပြနိုင်ခဲ့ချေ။

(၆၇) ဤသုတ်တော်မှ "၎င်းတို့သည်" ဆိုခြင်းမှာ လူသားအပေါင်းက ကိုးကွယ်ရာဟု သတ်မှတ်ထားသော လူသားခေါင်းဆောင်များကို ဆိုလိုခြင်း ဖြစ်၍၊ ထိုခေါင်းဆောင်များသည် သူတို့၏ နောက်လိုက် ဒကာတို့အား တရားတော်– ဉာဏ်စဉ်တော်၏ ဇစ်မြစ် ဖြစ်သော ပရမတ်ဘုရားရှင်ကိုသာ

၇။	**وَإِذَا تُتْلَى عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ قَالَ الَّذِينَ كَفَرُوا لِلْحَقِّ لَمَّا جَاءهُمْ هَذَا سِحْرٌ مُّبِينٌ۞** သူတို့အား ငါအရှင်၏ ရှင်းလင်းချက် သုတ်ဒေသနာများကို ရွတ်ဖတ်ပြသောအခါ၊ သူတို့ထံသို့ ရောက်လာသော သစ္စာတရားကို ဖုံးကွယ်သော သူတို့က ''ဤသည် ရှင်းလင်းထင်ရှားသော မှော်အတတ်ပင်တည်း၊''ဟု ပြောဆိုကြ၏။
၈။	**أَمْ يَقُولُونَ افْتَرَاهُ قُلْ إِنِ افْتَرَيْتُهُ فَلَا تَمْلِكُونَ لِي مِنَ اللَّهِ شَيْئًا هُوَ أَعْلَمُ بِمَا تُفِيضُونَ فِيهِ كَفَى بِهِ شَهِيدًا بَيْنِي وَبَيْنَكُمْ وَهُوَ الْغَفُورُ الرَّحِيمُ۞** သို့မဟုတ် ''သူ၏ လုပ်ကြံဖန်တီးချက်၊''ဟု ပြောဆိုသည်များကို၊ ဟောပြောလော့ ''အကယ်၍ ကျွန်ုပ်သည် ၎င်းကို လုပ်ကြံဖန်းတီးခဲ့သော်လည်း ပရမတ်ဘုရားရှင်မှအပ ကျွန်ုပ်အား သင်တို့ တစ်စုံတစ်ရာ အစိုးရရိုင်ခြင်း မရှိချေ။[၉၆၈] အရှင်သည် သင်တို့၏ စုပြုံပြောဆိုမှုကို အသိဆုံး ဖြစ်တော်မူ၏၊ သင်တို့၏ကြား ကျွန်ုပ်၏ကြား၌ အရှင်သည် လုံလောက်သော သက်သေပင် ဖြစ်၏။ အရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။''
၉။	**قُلْ مَا كُنتُ بِدْعًا مِّنَ الرُّسُلِ وَمَا أَدْرِي مَا يُفْعَلُ بِي وَلَا بِكُمْ إِنْ أَتَّبِعُ إِلَّا مَا يُوحَى إِلَيَّ وَمَا أَنَا إِلَّا نَذِيرٌ مُّبِينٌ۞** ဟောလော့ ''ကျွန်ုပ်သည် ဉာဏ်စဉ်ဆောင်များအနက် အသစ်အဆန်း မဟုတ်ချေ။ ကျွန်ုပ်၌ သင်တို့၌ မည်သို့ စီမံခံရမည်ကို ကျွန်ုပ် မမှန်းနိုင်၊ ကျွန်ုပ်သည် ကျွန်ုပ်ထံသို့ အာရုံစျာန်ရသည့် အတိုင်းသာ လိုက်နာ၏၊ ကျွန်ုပ်သည်ကား ရှင်းလင်းထင်ရှားသော သတိပေးသူသာ ဖြစ်၏။''[၉၆၉]

ကိုးကွယ်ဆည်းကပ်ကြရန်၊ မိမိတို့အား မကိုးကွယ်ရန် ဟောပြောသွန်သင်ခဲ့သည်သာ ဖြစ်ပေသည်။ သို့သော်လည်း ထိုခေါင်းဆောင်များလွန်နှစ်ကာလများသို့ ရောက်လာသောအခါတွင် သူတို့၏ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုမှာ အဆုံးမသတ်နိုင် ဖြစ်လာ၍ မံသ မျက်စိဖြင့် မမြင်နိုင်ကောင်းသော ပရမတ်ဘုရားရှင်အစား လူသားခေါင်းဆောင်များကိုသာ ကိုးကွယ်ပသ ချည်းကပ် ဆုတောင်းရာများ အဖြစ် သတ်မှတ် လိုက်ကြပေတော့သည်။ ဤကျမ်းတော်က နောက်ဆုံးနေ့တွင် (အမှန်တရား ပေါ်လာသောနေ့တွင်) ထိုကိုးကွယ်ခြင်းခံရသော ခေါင်းဆောင်များသည် ထိုသို့ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုအား နှလုံးစွဲနေသော သူများ၏ အတိုက်အခံများ ဖြစ်လိမ့်မည်၊ ထိုသူတို့၏ ကိုးကွယ်မှုများကို ထိုခေါင်းဆောင်များက အတည်မပြု ပယ်ချလိမ့်မည်ဟု ယတိပြတ် ပြောဆိုထားပေသည်။ ထိုအတွက် ကိုယ်တော်ယေရှုကလည်း သမ္မာကျမ်းစာ ရှင်မသဲ ၇း၂၁–၂၃ တွင် ''ငါ့ကို သခင် သခင်ဟု လျှောက်သော သူတိုင်းသည် ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည် မဟုတ်၊''ဟု လည်းကောင်း၊ ကိုယ်တော် ဂေါတမကလည်း သူ၏ တပည့် ရဟန်းများအား ''တရားတော်ကို မမြင်လျှင် သူ့အား မမြင် မသိနိုင်''ဟု ခုဒ္ဒကပါဌပါဠို သဃ်ဍိကဏ္ဏသုတ်နှင့် ခုဒ္ဒက နိကယ် ထေရာအပါဒါန ဝတ္ထလို သုတ်များတွင် ပြောဆိုထားပေသည်။

(၉၆၈) ဤဝါကျတွင် ဆိုသော ''ပရမတ်ဘုရားရှင်၏ ထံမှ'' ဆိုသည်မှာ ''ပရမတ်ဘုရားရှင်၏ ထံမှ ချမှတ်ထားသည့် ပြစ်မှုသင့်ရခြင်းကံ နိယာမမှ ဟု ဖြစ်ပေသည်။

(၉၆၉) ဤသုတ်တော်မှ ''အသစ်အဆန်း မဟုတ်ချေ'' ဟု ဘာသာပြန်ဆိုသော **ဧ်ဒဲ့ ဗိဒ်အာန်– ဗေဒါအတ်** ဆိုသော စကားလုံးကို ဆရာတော်ကြီး အများစုက **တရားသစ် ယူလာသူ မဟုတ်၊** ဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံး **ဗိဒ်အာန်**၏ အဓိပ္ပါယ်မှာ ဓလေ့ထုံးတန်း အသစ်၊ တစ်စုံ တစ်ခုအား အသစ် ဖြစ်စေသည်ဟု ဖြစ်ပေသည်။ မူလရှိရင်းစွဲ တရားတော်မှ အသစ်တီထွင်လျက် ဂိုဏ်းခွဲသူများကိုလည်း **ဗီဒါအတ်** ဟုပင်– ဤ စကားလုံးကို ယူလျက် သုံးစွဲပြောဆို ကြပေသည်။– ဤသုတ်တော်တွင် ကိုယ်တော် မဟမ္မဒ်သည် ကမ္ဘာပေါ်၌ ပွင့်ပေါ်ခဲ့သော ဉာဏ်စဉ်တော်ဆောင် အဆက်ဆက် ဟောပြော သွန်သင်ခဲ့သည့် မူရင်းတရားတော် စစ်စစ်အား တိကျသေချာစေရန် ပြန်လည် ဟောပြောသူ ဖြစ်ကြောင်း၊ တရားတော် အသစ်ကို တီထွင်သူ မဟုတ်ကြောင်း အတိအကျ ပြောဆိုပေသည်။ ပွင့်ပေါ်ခဲ့ လေသမျှသော ဉာဏ်စဉ်တော်ဆောင် အဆက်ဆက်သည် ခေတ်ကာလတိုင်းအတွက် လူမှုတော်လှန်ရေး ခေါင်းဆောင်များ၊ လူတန်းစား တိုက်ဖျက်ရေး ခေါင်းဆောင်များ၊ အနစ်နာခံလှုတ် စွန့်စားခဲ့ရသော ခေါင်းဆောင်များ ဖြစ်၍၊ သူတို့ခေတ် သူတို့အခါတွင် ရှိနေသော မိရိုးဖလာ ဘာသာရေးအယူအဆ ဂိုဏ်းများ၏ အမှောင်ထုအား ပရမတ္ထသစ္စာတည်းဟူသော အမှန်တရား လက်နက်ဖြင့် ဖြိုခွဲခဲ့ရသူများ ဖြစ်သကဲ့သို့ ကိုယ်တော်မုဟမ္မဒ်သည်လည်း အလားတူပင် ဖြစ်ကြောင်းကို အတိအကျ ပြောဆိုထားခြင်းပင် ဖြစ်ပေသည်။ အပြန်အလှန်အားဖြင့် ကိုယ်တော်မုဟမ္မဒ် မတိုင်မီ ရှေ့မှ ပွင့်ပေါ်ခဲ့သော ပုဂ္ဂိုလ်မြတ်တို့အား ပြန်လည် မြင်ယောင်လိုလျှင် ကိုယ်တော်မုဟမ္မဒ်၏ ဘဝဖြစ်စဉ်၊ ရုပ် နာမ် ကျင့်စဉ်တော်လှန်ရေးများ ကဲ့သို့သာ ဖြစ်သည်ဟု ပြန်လည် မြင်ယောင်သင့်ပေသည်။ ထိုကိုယ်တော်များသည်လည်း မိရိုးဖလာ လူပုဂ္ဂိုလ် ကိုးကွယ်ရေးကို တိုက်ဖျက်သော၊ တရားတော်၏ ဇစ်မြစ် မူလဓမ္မရှင်ကိုသာ ကိုးကွယ်အားထားစေသော စနစ်များဖြင့် လောကဓမ္မ၏ နိယာမများကိုသာ သွန်သင်ခဲ့သော ပုဂ္ဂိုလ်မြတ်များ ဖြစ်ပေတော့သည်။

၁၀။	**قُلْ أَرَأَيْتُمْ إِن كَانَ مِنْ عِندِ اللَّهِ وَكَفَرْتُم بِهِ وَشَهِدَ شَاهِدٌ مِّن بَنِي إِسْرَائِيلَ عَلَى مِثْلِهِ فَآمَنَ وَاسْتَكْبَرْتُمْ إِنَّ اللَّهَ لَا يَهْدِي الْقَوْمَ الظَّالِمِينَ**۞ ဟောလော့ ‘‘သင်တို့ ဖုံးကွယ်မှောင်ချသော ထိုအရာသည် ပရမတ်ဘုရားရှင်၏ ထံမှ ဖြစ်ကြောင်း မြင်မိသလော၊ ဣသရေလူမျိုးတို့အနက်မှ သက်သေခံတစ်ဦးက **ၔင်းသည် အလားတူ ဖြစ်သည်**ဟု သက်သေခံလျက် ယုံကြည်သော်လည်း သင်တို့သည်ကား မာနတက်နေလျက်ပင် ရှိသေး၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် မိုက်ကြေးခွဲသော လူမျိုးအား လမ်းညွှန်တော်မမူချေ။’’[၉၇]
၁၁။	**وَقَالَ الَّذِينَ كَفَرُوا لِلَّذِينَ آمَنُوا لَوْ كَانَ خَيْرًا مَّا سَبَقُونَا إِلَيْهِ وَإِذْ لَمْ يَهْتَدُوا بِهِ فَسَيَقُولُونَ هَذَا إِفْكٌ قَدِيمٌ**۞ ဖုံးကွယ်သော သူတို့က ယုံကြည်သော သူတို့အား ‘‘ထိုဌ် ကောင်းမြတ်ခြင်း ရှိခဲ့လျှင် သူတို့သည် ကျွန်ုပ်တို့ထက် အလျင် ၔင်းကို သတ်မှတ်ပေးခဲ့မည် မဟုတ်ချေ။ ထို့အတွက် သူတို့အား လမ်းညွှန်ခဲ့ခြင်းလည်း မရှိချေ’’ဟု ပြောကြ၏။ သို့ဖြင့် သူတို့က ‘‘ဤသည် **ရှိနေခဲ့**သော လုပ်ဇတ်မျှသာ ဖြစ်၏၊’’ဟု ဆိုကြသေး၏။ အိုပြီ ဖြစ်သော
၁၂။	**وَمِن قَبْلِهِ كِتَابُ مُوسَى إِمَامًا وَرَحْمَةً وَهَذَا كِتَابٌ مُّصَدِّقٌ لِّسَانًا عَرَبِيًّا لِّيُنذِرَ الَّذِينَ ظَلَمُوا وَبُشْرَى لِلْمُحْسِنِينَ**۞ ဤရှေ့အလျှင် မူဆာခေတ်မှ ကျမ်းတော်သည် ရှေ့ဆောင်လမ်းပြနှင့် ကရုဏာကို ဆောင်၏။ အာရ်ဗီ ဘာသာစကား ဖြင့် ဖြစ်သော ဤကျမ်းသည် ဖြောင့်မှန်စေ၏၊ အဝိဇ္ဇာသင့်နေသောသူတို့အား သတိပေးရာ၊ သုမင်္ဂလာပြုသူတို့အား သတင်းကောင်းပေးရာ ဖြစ်၏။
၁၃။	**إِنَّ الَّذِينَ قَالُوا رَبُّنَا اللَّهُ ثُمَّ اسْتَقَامُوا فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ**۞ ဇကန်ပင် ‘‘ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့၏ ကံကြမ္မာရှင် ဖြစ်၏၊’’ဟု ပြောဆိုသောသူ၊ ရပ်တည်ချက်ရှိသူ၊ သူတို့အား ကြောက်ရွံ့ရစေမည် မဟုတ်၊ သောကဖြစ်ရစေမည်လည်း မဟုတ်ချေ။
၁၄။	**أُولَئِكَ أَصْحَابُ الْجَنَّةِ خَالِدِينَ فِيهَا جَزَاء بِمَا كَانُوا يَعْمَلُونَ**۞ ထိုသူတို့သည် ဥယျာဉ်ဘုံ၏ ပေါင်းဖော်များ ဖြစ်၍၊ ထိုဌ် အစဉ်စံစားရမည်ပင်၊ သူတို့၏ ကျင့်ကြံလေ့ရှိရာများကို သူတို့အတွက် အစားပေးမှု ဖြစ်စေ၏။
၁၅။	**وَوَصَّيْنَا الْإِنسَانَ بِوَالِدَيْهِ إِحْسَانًا حَمَلَتْهُ أُمُّهُ كُرْهًا وَوَضَعَتْهُ كُرْهًا وَحَمْلُهُ وَفِصَالُهُ ثَلَاثُونَ شَهْرًا حَتَّى إِذَا بَلَغَ أَشُدَّهُ وَبَلَغَ أَرْبَعِينَ سَنَةً قَالَ رَبِّ أَوْزِعْنِي أَنْ أَشْكُرَ نِعْمَتَكَ الَّتِي أَنْعَمْتَ عَلَيَّ وَعَلَى وَالِدَيَّ وَأَنْ**

---

(၉၇၀) ဤသုတ်တော်သည် မည်သည့် လူမျိုးမဆို အမှန်တရားကို လက်ခံကျင့်သုံးနိုင်သည်ဟု အတိအကျ ကြေငြာပေသည်။ ထိုခေတ် ထိုအခါက လူ့ကျင့်ဝတ်နှင့် စပ်လျဉ်းသော၊ ပရမတ်ဘုရားရှင်အား နည်းလည်စေနိုင်သော၊ အဆုံးအမ စာပေကျမ်းဂန် မရှိဟူ၍ အထင်သေး အမြင်သေးခံနေရသော အာရဗ်လူမျိုးထဲမှ ကိုယ်တော် မုဟမ္မဒ်သည် ပွင့်ပေါ်လာခြင်း ဖြစ်၍၊ ထိုသို့ မိမိလူမျိုးတို့အား အထင်သေးထားသည့် လူသားများသည်ပင် ကျမ်းတော်ကို လက်ခံယုံကြည်လာသော်လည်း အာရဗ်များ အနေဖြင့် ကျမ်းတော်အား လက်ခံရန် မာနတက်နေသေးကြောင်းကို ဖေါ်ပြထားခြင်း ဖြစ်ပေသည်။ ဤအဆုံးအမတော်တွင် အခြားသော ကြီးကျယ်သည့် သွန်သင်ချက်မှာ ဣသလူမျိုးကို ဖြစ်စေ၊ အခြားသော မည်သည့် လူမျိုးကို ဖြစ်စေ အားလုံးကို မိဘာဒိဌ် ဖြစ်သည်ဟု စွပ်စွဲ ပုတ်ခတ် မုန်းတီး၍ မရကြောင်း လူမျိုးတိုင်းတွင် အမှန်တရားအား လက်ခံရဲသော သူတော်စင် သူတော်ကောင်း သတ္တိရှင်များရှိနိုင်၍ မိမိလူမျိုးထဲတွင်လည်း လူဆိုးလူမိုက်များ ရှိနေနိုင်သည်ဟူသော အချက်ပင် ဖြစ်ပေသည်။ ကျွန်ုပ်တို့ အစွယ်လာမ်များ လက်ခံယုံကြည်ထားသော ဤကျမ်းမြတ်ကုရ်အာန်တွင် ထိုကဲ့သို့ ရှင်းရှင်းလင်းလင်း သွန်သင်ထားပါလျက် နိုင်ငံရေး ပရောဂကြောင့် ဖြစ်စေ အခြားသော ဝါဒအမျိုးမျိုးကြောင့် ဖြစ်စေ အခြားသော လူမျိုးတစ်မျိုးအား မုန်းတီးနေခြင်းသည် ကျမ်းတော်ပါ သွန်သင်ချက်နှင့် မကိုက်ညီ ဆိုသည်ကို ဆင်ခြင်အပ်ပေသည်။

	أَعْمَلَ صَالِحًا تَرْضَاهُ وَأَصْلِحْ لِي فِي ذُرِّيَّتِي إِنِّي تُبْتُ إِلَيْكَ وَإِنِّي مِنَ الْمُسْلِمِينَ۞ လူသားအား မွေးမိဘတို့အပေါ် တင့်တယ်စွာပြုမူရန် ငါ မှာကြား၏။ မိခင်သည် သူ့အား ကြိတ်မှိတ်၍ ကိုယ်ဝန်ဆောင်ခဲ့ရပြီး၊ ကြိတ်မှိတ်၍ မွေးဖွားခဲ့ရ၏။ သူ၏ နို့ဖြတ်ခြင်း၊ သူ့အား သယ်ပိုးရခြင်းသည် လပေါင်းသုံးဆယ် ဖြစ်၏၊ သူသည် အရွယ်ရောက် ရင့်ကျက်၍၊ အသက်လေးဆယ်သို့ ဆိုက်ရောက်သော်[၉၇] "အို ကံကြမ္မာရှင် တပည့်တော်နှင့် မွေးမိဘအား ဂုဏ်ပေးခဲ့သည့် ဂုဏ်သိက္ခာအတွက် ကျေးဇူးသိတတ်သည့် ရာထူးကို ပေးတော်မူပါ၊ တပည့်တော်အား အရှင်၏ ကျေနပ်စေရာ ပြုပြင်ပြောင်းလဲခြင်းကို ကျင့်ကြံစေနိုင်၍၊ တပည့်တော်၏ သားစဉ်မြေး ဆက်ကိုလည်း ပြုပြင်ပြောင်းလဲစေတော်မူပါ၊ တပည့်တော်သည် အရှင့်ထံ၌ ခဝါချပါ၏၊ တပည့်တော်သည် ငြိမ်းချမ်းရေး ဆောင်သူတို့မှ ဖြစ်ပါ၏၊" ဟု ရင့်ကျူး၏။
၁၆။	**أُولَئِكَ الَّذِينَ نَتَقَبَّلُ عَنْهُمْ أَحْسَنَ مَا عَمِلُوا وَنَتَجَاوَزُ عَن سَيِّئَاتِهِمْ فِي أَصْحَابِ الْجَنَّةِ وَعْدَ الصِّدْقِ الَّذِي كَانُوا يُوعَدُونَ۞** ထိုသူတို့၏ သုမင်္ဂလာ ကျင့်ကြံမှုများကို အကိုးပြည့်စေ၍ အကုသိုလ်များအား ကျော်ဖြတ်ပေးခံရသူများ ဖြစ်၏။ သူတို့အား ဥယျာဉ်ဘုံ၏ ပေါင်းဖော်များ ဖြစ်စေ၍၊ သူတို့အား ပေးခဲ့သည့် ကတိတော်အား ဖြောင့်မှန်သော ကတိဖြစ်စေ၏။
၁၇။	**وَالَّذِي قَالَ لِوَالِدَيْهِ أُفٍّ لَّكُمَا أَتَعِدَانِنِي أَنْ أُخْرَجَ وَقَدْ خَلَتْ الْقُرُونُ مِن قَبْلِي وَهُمَا يَسْتَغِيثَانِ اللَّهَ وَيْلَكَ آمِنْ إِنَّ وَعْدَ اللَّهِ حَقٌّ فَيَقُولُ مَا هَذَا إِلَّا أَسَاطِيرُ الْأَوَّلِينَ۞** မွေးမိဘအား ရှုံစရာကြီးဗျာ– ပြန်ရှင်လာရမည်ဟု – ကျွန်ုပ်အား သင်တို့ ကတိရှိသလော၊[၉၈] ကျွန်ုပ်၏ ရှေ့အလျှင် မျိုးဆက်များလည်း လွန်ခဲ့လေပြီတည်း၊" ဟု ပြောဆိုသူ။ သူတို့က ပရမတ်ဘုရားရှင်ထံ အသနားခံသည်မှာ "သင်သည် ပျက်စီးရလေခြင်း၊ ယုံကြည်ခြင်းရှိပါ၊ ပရမတ်ဘုရားရှင်၏ ကတိတော်သည် မှန်ကန်၏။" ဟု ဖြစ်၏။ သို့ဖြင့် သူက "ဤသည် ရှေးသရောအခါက ဒဏ္ဍာရီများသာတည်း" ဟု ပြောဆို၏။
၁၈။ ☆ဖေး၁၀၀	**أُولَئِكَ الَّذِينَ حَقَّ عَلَيْهِمُ الْقَوْلُ فِي أُمَمٍ قَدْ خَلَتْ مِن قَبْلِهِم مِّنَ الْجِنِّ وَالْإِنسِ إِنَّهُمْ كَانُوا خَاسِرِينَ۞** ကလျာဏနှင့် အန္ဓပုတုဇဉ်တို့၏☆ အနက်မှ သူတို့၏ ရှေ့အလျင် လွန်လေခဲ့ပြီးသော အသိုင်းအဝိုင်းများ၌ ဤသို့သော သူများအတွက် တရားတော်သည် မှန်ကန်ခဲ့၏။ သူတို့သည်လည်း လုံးပါးပျက်သုဉ်းရမည်ပင်။
၁၉။	**وَلِكُلٍّ دَرَجَاتٌ مِّمَّا عَمِلُوا وَلِيُوَفِّيَهُمْ أَعْمَالَهُمْ وَهُمْ لَا يُظْلَمُونَ۞** ကျင့်ကြံရာ အတိုင်းသာ အခွင့်အလမ်းကိုယ်စီ ရှိစေ၏။ သူတို့၏ ကျင့်ကြံမှုများ အတွက် ပြန်ပြည့်စေလတ္တံ့၊ သူတို့အား အဝိဇ္ဇာသင့်စေမည် မဟုတ်ချေ။

---

(၉၇၀) လူသားတို့၏ ရင့်ကျက် တည်ငြိမ်မှုသည် အသက် လေးဆယ်တန်းသို့ ဝင်မှ စသည်ဟု ဤသုတ်တော်က ဆိုထားပေသည်။ လူသား ဉာဏ်စဉ်တော်ဆောင်များသည်လည်း သက်တမ်း လေးဆယ်တွင်မှ ဉာဏ်စဉ်တော်အား ဆွတ်ခူးနိုင်စွမ်း ရှိပေသည်။ သို့သော် ပြက္ခဒိန် တွက်ချက် သတ်မှတ်မှု ပညာ အတိအကျ မသိသေးသော ခေတ်ကာလများမှ မှတ်တမ်းများအရ အချို့ ဉာဏ်စဉ်တော်ဆောင်တို့သည် သက်တော် လေးဆယ် မပြည့်မီ ဉာဏ်စဉ်တော်ကို ဆွတ်ခူးခွင့် ရရှိခဲ့သည်ဟု ဆိုထားခြင်းများ ရှိပေသည်။ သို့သော် ထိုအသက်အရွယ်များဖြစ်သည့် အသက် ၃၅ နှစ်ကျော်များသည် အာရဗီ နှစ်သတ်မှတ်မှုအရ သက်တမ်းလေးဆယ် ဝန်းကျင်များပင် ဖြစ်ပေသည်။

(၉၇၂) "ပြန်လာရမည်–ဟု" ဆိုသည်မှာ ဘဝပြောင်းပြီးနောက် ကောင်းကျိုးဆိုးကျိုးကို ခံစားရရန် အစားပေးခံရမည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ မိဘ စကားကို နားမထောင်ဘဲ တစ်နေရာရာသို့ ထွက်သွားသော သားသမီးအား ဟောက်ငမ်း၍ "သင်– ဒီကို ပြန်လာခဲ့၊" ဟု အမိန့်ပေးခြင်းမျိုးကို မဆိုလိုပေ။ မိဘတို့ ပြန်ပြောသော "သင်သည် ပျက်စီးရလေခြင်း" ဆိုခြင်းမှာလည်း သားသမီးအား ကျိန်ဆဲခြင်း မဟုတ်ချေ။ အကယ်၍ သင်သည် ဘုရား တရားကို မသိလျှင်၊ စည်းပျက်ကမ်းပျက် လုပ်ချင်ရာကို လုပ်ဆောင်နေလျှင် ပျက်စီးသွားနိုင်သည်ဟု ဆုံးမခြင်းသာ ဖြစ်ပေသည်။ ထိုအဓိပ္ပါယ်ကို "ယုံကြည်ခြင်းရှိပါ၊ ပရမတ်ဘုရားရှင်၏ ကတိတော်သည် မှန်ကန်၏။" ဟုသော စကားက အတည်ပြုထားပေသည်။ ဘုရားရှင် ပြဋ္ဌာန်းထားသော စည်းကမ်း ဥပဒေမှာ မည်သူအတွက်မျှ ပြောင်းလဲသွားခြင်း မရှိချေ။

၂၀။	**وَيَوْمَ يُعْرَضُ الَّذِينَ كَفَرُوا عَلَى النَّارِ أَذْهَبْتُمْ طَيِّبَاتِكُمْ فِي حَيَاتِكُمُ الدُّنْيَا وَاسْتَمْتَعْتُم بِهَا فَالْيَوْمَ تُجْزَوْنَ عَذَابَ الْهُونِ بِمَا كُنتُمْ تَسْتَكْبِرُونَ فِي الْأَرْضِ بِغَيْرِ الْحَقِّ وَبِمَا كُنتُمْ تَفْسُقُونَ۝** ဖုံးကွယ်သော သူတို့အား အပူမီး ဘေဝင်တွင်းမှ ဖြစ်စေသော နေ့၌ "သင်တို့သည် လောကီသက်တမ်း၌ စင်ကြယ်ရာများကို ရုပ်သိမ်းပစ်ခဲ့၍ ထို၌ သာယာခဲ့ကြ၏။ သို့ဖြစ်၍ မြေကမ္ဘာ၌ သင်တို့၏ သစ္စာမဲ့စွာ မာနတက်နေမှု၊ သင်တို့၏ ယုတ်မာလေ့ရှိမှုများကြောင့်– ဤနေ့၌ သင်တို့အား နိမ့်ကျသော ဝဋ်ကြွေးကို အစားရစေမည်။"
၂၁။	**وَاذْكُرْ أَخَا عَادٍ إِذْ أَنذَرَ قَوْمَهُ بِالْأَحْقَافِ وَقَدْ خَلَتْ النُّذُرُ مِن بَيْنِ يَدَيْهِ وَمِنْ خَلْفِهِ أَلَّا تَعْبُدُوا إِلَّا اللَّهَ إِنِّي أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ عَظِيمٍ۝** လွင်တီးခေါင်ထဲ၌ သတိပေးန္ဒိးဆော်သော အာဒ်၏ ညီနောင် လူမျိုးများ အကြောင်းကို သတိဖေါ်ပေးလော့၊ သူကွယ်လွန်စဉ် သူ၏ လက်ရှိ–မျက်မှောက် သူ၏နောက်တွင် "ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ကြလော့၊ ကျွန်ုပ်သည် သင်တို့အပေါ် ဝဋ်ကြွေးသင့်မည့် နေ့ကြီးကို ကြောက်မိပါ၏။"ဟူသော သတိပေးသူများ ရှိခဲ့ပြီ။
၂၂။	**قَالُوا أَجِئْتَنَا لِتَأْفِكَنَا عَنْ آلِهَتِنَا فَأْتِنَا بِمَا تَعِدُنَا إِن كُنتَ مِنَ الصَّادِقِينَ۝** သူတို့က "ကျွန်ုပ်တို့၏ ဘုရားများကို ကျွန်ုပ်တို့က လှည့်စားပစ်စေအံ့ငှာ သင်ရောက်လာခြင်း ဖြစ်သလော၊ သင်သည် ဖြောင့်မှန်သူ ဖြစ်လျှင် သင်၏ ကတိအား ကျွန်ုပ်တို့ထံသို့ ရောက်စေလော့၊"ဟု ဆိုကြ၏။
၂၃။	**قَالَ إِنَّمَا الْعِلْمُ عِندَ اللَّهِ وَأُبَلِّغُكُم مَّا أُرْسِلْتُ بِهِ وَلَكِنِّي أَرَاكُمْ قَوْمًا تَجْهَلُونَ۝** သူက "ကုန်စင်သိခြင်းသည် ပရမတ်ဘုရားရှင်၏ ထံ၌သာ ရှိ၏။ ကျွန်ုပ်သည် ကျွန်ုပ်အား စေစားခံရသည်ကို သင်တို့ထံ ဆိုက်ရောက်စေခြင်းသာ ဖြစ်၏။ သို့သော် သင်တို့သည် ပညာမဲ့သော လူမျိုးဖြစ်သည်ကို ကျွန်ုပ် မြင်ရပြီ၊"ဟု ဆို၏။
၂၄။	**فَلَمَّا رَأَوْهُ عَارِضًا مُّسْتَقْبِلَ أَوْدِيَتِهِمْ قَالُوا هَذَا عَارِضٌ مُّمْطِرُنَا بَلْ هُوَ مَا اسْتَعْجَلْتُم بِهِ رِيحٌ فِيهَا عَذَابٌ أَلِيمٌ۝** သူတို့၏ ချိုင့်ဝှမ်းဒေသသို့ ရွေ့တိုးလာသော တိမ်အကန့်များကို သူတို့ မြင်သောအခါ၊ "ဤတိမ်အကန့်များသည် ကျွန်ုပ်တို့ထံသို့ မိုးထုကိုဆောင်လာ၏၊"ဟု ဆိုကြ၏။ အမှန်မှာ ၎င်းသည် သူတို့ အလျင်လိုနေသော စူးနစ်သည့် ဝဋ်ကြွေးကို ဆောင်လာသည့် လေပင် ဖြစ်၏။
၂၅။ ၈၆	**تُدَمِّرُ كُلَّ شَيْءٍ بِأَمْرِ رَبِّهَا فَأَصْبَحُوا لَا يُرَى إِلَّا مَسَاكِنُهُمْ كَذَلِكَ نَجْزِي الْقَوْمَ الْمُجْرِمِينَ۝** **၎င်း**ကံကြမ္မာရှင်၏ ညွှန်ကြားချက်အတိုင်း၊ **၎င်း**က သဗ္ဗလုံးစုံ တိုက်ဖျက်လိုက်၏။ သို့ဖြင့် အခြေချခဲ့ရာ မှအပ မြင်စရာမရှိ ဖြစ်သွားတော့၏၊ ငါသည် ရာဇဝတ်ကောင် လူမျိုးအား ဤသို့ အစားပေးတော်မူ၏။
၂၆။	**وَلَقَدْ مَكَّنَّاهُمْ فِيمَا إِن مَّكَّنَّاكُمْ فِيهِ وَجَعَلْنَا لَهُمْ سَمْعًا وَأَبْصَارًا وَأَفْئِدَةً فَمَا أَغْنَى عَنْهُمْ سَمْعُهُمْ وَلَا أَبْصَارُهُمْ وَلَا أَفْئِدَتُهُم مِّن شَيْءٍ إِذْ كَانُوا يَجْحَدُونَ بِآيَاتِ اللَّهِ وَحَاقَ بِهِم مَّا كَانُوا بِهِ يَسْتَهْزِؤُونَ۝** မုချပင်၊ သင်တို့အား ထူထောင်ပေးသကဲ့သို့ သူတို့အားလည်း ငါ ထူထောင်ပေးခဲ့၏။ ထို့ပြင် သူတို့အား အကြားအမြင် စိတ်နှလုံးများကို စီစဉ်ပေးခဲ့၏၊ သို့သော် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို ပယ်ပစ်ကြသောအခါ သူတို့၏ အကြား၊ သူတို့၏ အမြင်၊ သူတို့၏ စိတ်ခံစားချက်များသည် တစ်စုံတစ်ရာ မပြည့်စုံတော့ပေ။ သူတို့၏ လှောင်ပြောင်လေ့ရှိရာများက သူတို့အား ပိတ်ဖုံးထားလေပြီ။
၂၇။	**وَلَقَدْ أَهْلَكْنَا مَا حَوْلَكُم مِّنَ الْقُرَى وَصَرَّفْنَا الْآيَاتِ لَعَلَّهُمْ يَرْجِعُونَ۝** ငါသည် သင်တို့ ပတ်ဝန်းကျင်မှ အရပ်ဒေသများကို မုချ တိမ်ကောစေခဲ့ပြီ။ သူတို့ ဦးလှည့်စေအံ့ငှာ သုတ်ဒေသနာ

	များကို ထပ်ပြန်တလဲလဲရှင်းပြခဲ့၏။
၂၈။	**فَلَوْلَا نَصَرَهُمُ الَّذِينَ اتَّخَذُوا مِن دُونِ اللَّهِ قُرْبَانًا آلِهَةً بَلْ ضَلُّوا عَنْهُمْ وَذَٰلِكَ إِفْكُهُمْ وَمَا كَانُوا يَفْتَرُونَ۝** ပရမတ်ဘုရားရှင်အား တုပြိုင်လျက် သူတို့ ပူဇော်ချည်းကပ် အယူထားခဲ့သော သူများက သူတို့အား အဘယ်ကြောင့် မကူညီကြသနည်း၊ အမှန်မှာ ၎င်းတို့သည် သူတို့ထံမှ လွှဲဖယ်သွားကြပြီ။ ဤသည် သူတို့၏ လုပ်ကြံဖန်တီးမှု လုပ်ဇတ်များသာ ဖြစ်၏။
၂၉။ နား ထောင်	**وَإِذْ صَرَفْنَا إِلَيْكَ نَفَرًا مِّنَ الْجِنِّ يَسْتَمِعُونَ الْقُرْآنَ فَلَمَّا حَضَرُوهُ قَالُوا أَنصِتُوا فَلَمَّا قُضِيَ وَلَّوْا إِلَىٰ قَوْمِهِم مُّنذِرِينَ۝** ငါသည် အန္ဓပုတ္တဇဉ်များမှ ချီတက်လာသူတစ်စုအား ကုရ်အာန်ကို ကြားနာစေရန် သင့်ဘက်သို့ လှည့်စေ၏။ အဆင်သင့်ဖြစ်သော် သူတို့က **"ဂရှိုက်**ကြလော့၊"ဟု ဆို၏၊ သို့ဖြင့် ပြီးဆုံးသောအခါ သူတို့၏ လူမျိုးထံသို့ လှည့်ပြန်လျက် သတိပေး–[၉၃]
၃၀။	**قَالُوا يَا قَوْمَنَا إِنَّا سَمِعْنَا كِتَابًا أُنزِلَ مِن بَعْدِ مُوسَىٰ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ يَهْدِي إِلَى الْحَقِّ وَإِلَىٰ طَرِيقٍ مُّسْتَقِيمٍ۝** ပြောဆိုကြသည်မှာ "အို– ကျွန်ုပ်တို့၏ လူမျိုးတို့ ကျွန်ုပ်တို့သည် မူဆာ၏ နောက်၌ ချမှတ်ပေးသော ကျမ်းတော်ကို ကြားနာခဲ့ရ၏၊ ၎င်းသည် လက်ရှိ–မျက်မှောက်များကို ဖြောင့်မှန်စေ၏၊ ပရမတ္ထသစ္စာသို့၊ ဖြောင့်မတ်မြဲမြံသော လမ်းကြောင်းသို့ ညွှန်၏။–
၃၁။	**يَا قَوْمَنَا أَجِيبُوا دَاعِيَ اللَّهِ وَآمِنُوا بِهِ يَغْفِرْ لَكُم مِّن ذُنُوبِكُمْ وَيُجِرْكُم مِّنْ عَذَابٍ أَلِيمٍ۝** အို– ကျွန်ုပ်တို့၏ လူမျိုးတို့၊ ပရမတ်ဘုရားရှင်၏ ဖိတ်ခေါ်သူအား အဖြေပေးကြလော့၊ အရှင့်အား ယုံကြည်ကြလော့၊ အရှင်သည် သင်တို့အား အပြစ်များမှ လွှတ်ငြိမ်းစေလတ္တံ့၊ စူးနစ်နာကျင်သော ဝဋ်ကြွေးမှ ကာကွယ်ပေးတော်မူလတ္တံ့၊
၃၂။	**وَمَن لَّا يُجِبْ دَاعِيَ اللَّهِ فَلَيْسَ بِمُعْجِزٍ فِي الْأَرْضِ وَلَيْسَ لَهُ مِن دُونِهِ أَولِيَاء أُوْلَٰئِكَ فِي ضَلَالٍ مُّبِينٍ۝** ပရမတ်ဘုရားရှင်၏ ဖိတ်ခေါ်သူအား ပြန်မဖြေသော သူက မြေကမ္ဘာ၌ ချိန်စေနိုင်ခြင်း မရှိ၊ အရှင် မှလွဲ၍ သူ့အတွက် မဟာမိတ်လည်း မရှိချေ၊ ထိုသူတို့သည် ရှင်းလင်းထင်ရှားသော အပါယ်လမ်း၌သာ ရှိ၏။
၃၃။	**أَوَلَمْ يَرَوْا أَنَّ اللَّهَ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَلَمْ يَعْيَ بِخَلْقِهِنَّ بِقَادِرٍ عَلَى أَن يُحْيِيَ الْمَوْتَى بَلَىٰ إِنَّهُ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ۝** ဇကနပင် ပရမတ်ဘုရားရှင် အရှင်သည် မိုးများနှင့် မြေကမ္ဘာအား ဖြစ်တည်စေတော်မူခြင်း၊ ထိုဖြစ်တည်ပေးခြင်း အတွက် နွမ်းလျတော်မမူခြင်း၊ စည်းချိန်အလျောက် ရှင်စေခြင်း သေစေခြင်းတို့ကို မမြင်မိကြသလော၊ ဇကနပင် အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၃၄။	**وَيَوْمَ يُعْرَضُ الَّذِينَ كَفَرُوا عَلَى النَّارِ أَلَيْسَ هَٰذَا بِالْحَقِّ قَالُوا بَلَىٰ وَرَبِّنَا قَالَ فَذُوقُوا الْعَذَابَ بِمَا كُنتُمْ تَكْفُرُونَ۝**

([၉၃]) ဤသုတ်တော်တွင် ပြောဆိုသော ဂျင်– ပုတ္တဇဉ် ဆိုသည်မှာ ဂျူးလူမျိုးထဲမှ တိုင်းရင်းသား ခေါင်းဆောင်များကို ဆိုလိုခြင်း ဖြစ်ပေသည်။ သူတို့သည် ကိုယ်တော် မူဆာ၏ ကျမ်းတော်ကို ယုံကြည်သူများ ဖြစ်ကြောင်း သုတ်တော် (၃၀) တွင် ဆက်လက်ပြောဆို ထားပေသည်။ ထို့ပြင် သုတ်တော် (၁၀)တွင်လည်း ဂျူးလူမျိုးထဲမှ ယုံကြည်လာသူများ ရှိကြောင်း ထောက်ပြထားပေသည်။ ဤသုတ်တော်ပါ ပြောဆိုချက်နှင့် ၇၂း၁ တွင် ပြောဆိုချက်များသည်လည်း ဆက်စပ်ခြင်း ရှိနေပေသည်။ ဂျင် ဆိုသော ဓေါဟာရရှင်းတမ်းကို ၆း၁၀ တွင်ကြည့်ပါ။ ဂျင်များသည် လူသားပင် ဖြစ်ကြောင်း သူတို့၏ လူမျိုး **قَوْمِهِم** (ကောင်းဝိမိဟင်မ်) ဟူသည့် စကားလုံးက ခိုင်မာလုံလောက်စွာ ထောက်ပြထားပေသည်။

	ဖုံးကွယ်သော သူတို့အား အပူမီး ဘောင်တွင်းမှဖြစ်စေသော နေ့၌၊ ဤသည် အမှန် မဟုတ်လောဟု မေးသော် သူတို့က ''ကံကြမ္မာရှင်အား တိုင်တည်လျက်၊–အမှန်ပင် ဖြစ်၏။''ဟု ဆိုကြ၏။ အရှင်က ''သင်တို့၏ ဖုံးကွယ်လေ့ရှိသည်များ အတွက် ဝဋ်ကြွေးအား မြည်းစမ်းကြလော့၊''ဟု မိန့်တော်မူမည်၊''ဟု ဖြစ်၏။
၃၅။ ရန်သူ	**فَاصْبِرْ كَمَا صَبَرَ أُوْلُوا الْعَزْمِ مِنَ الرُّسُلِ وَلَا تَسْتَعْجِل لَّهُمْ كَأَنَّهُمْ يَوْمَ يَرَوْنَ مَا يُوعَدُونَ لَمْ يَلْبَثُوا إِلَّا سَاعَةً مِّن نَّهَارٍ بَلَاغٌ فَهَلْ يُهْلَكُ إِلَّا الْقَوْمُ الْفَاسِقُونَ۝** သို့ဖြစ်၍၊ လောကဓံအား စိတ်ဆုံးဖြတ်၍ သည်းခံပါရမီ ရှိသူ ဉာဏ်စဉ်တော်ဆောင်များ ကဲ့သို့ သင်သည်လည်း သည်းခံပါရမီရှိလော့။ **သူ**တို့နှင့် စပ်လျဉ်း၍ အလျင်မလိုနှင့်၊ သူတို့အား ကတိပေးထားသည့် အတိုင်း သူတို့ မြင်တွေ့ရသော နေ့ကာလ၌ သူတို့သည် တစ်နေ့တာ၏ တစ်နာရီမျှသာ နေခဲ့ရသည်ဟု ခံစားရလတ္တံ့၊ (ဓမ္မကို) ဆိုက်ရောက်စေလော့၊ ယုတ်မာသော လူမျိုးမှအပ အခြား တိမ်ကောရသူ ရှိလေသလော။[၉၇၉]

---

(၉၇၉) ကိုယ်တော်မုဟမ္မဒ်သည် ခေတ်သစ်ကမ္ဘာ၏ သစ္စာတရား၊ လူ့အခွင့်အရေး၊ အမျိုးသမီး အခွင့်အရေး၊ လူတန်းစား တိုက်ဖျက်ရေးများ အတွက် စံပြခေါင်းဆောင် ဖြစ်ပေသည်။ ကိုယ်တော် မတိုင်မီကလည်း ထိုကဲ့သို့ ခေါင်းဆောင် ဉာဏ်စဉ်တော်ဆောင်များ ရှိခဲ့ကြောင်းကို ကုရ်အာန်ကျမ်းတော်တွင် အလီလီ အဖန်ဖန် တင်ပြထားပေသည်။ ထိုကိုယ်တော်များသည် ဥဖွ ဆရာကြီးများ၊ ဒဏ္ဍာရီ ဇာတ်လိုက်များ မဟုတ်ချေ။ အမှန်တကယ် ပွင့်ပေါ်ခဲ့၍ အမှန်တကယ် အနစ်နာခံလျက် လူသားတို့၏ ဘဝများကို အလင်းရောင် ဆီသို့ ပို့ပေးခဲ့သော ကျေးဇူးရှင် ခေါင်းဆောင်ကြီးများပင် ဖြစ်ပေသည်။ ယခုခေတ် ယခုကမ္ဘာအတွက် သစ္စာတရားကို မြတ်နိုးသော၊ လူ့အခွင့်အရေးကို မြတ်နိုးသော၊ လူသားတို့၏ မိရိုးဖလာ အမှောင်ကျနေမှုများကို တော်လှန်ပယ်ဖျက်လိုသော ခေါင်းဆောင်တိုင်းအတွက် ကိုယ်တော် မုဟမ္မဒ်သည် စံပြခေါင်းဆောင်ပင် ဖြစ်ပေသည်။ တော်လှန်ရေးခေါင်းဆောင်တိုင်းအတွက် အတိုက်အခံ ရန်သူမှာ ရှိနေစမြဲပင်၊ သို့သော် ထိုရန်သူ သို့မဟုတ် အတိုက်အခံတို့အား ဥဖွ ဟူ၍ မန်းမှတ် ချေမှုန်းပစ်၍ မရပေ၊ အတိုက်အခံများသည်လည်း လူသားဂုဏ်ရည်ဖြင့် မွေးဘွားကြီးပြင်းလာသူများ ဖြစ်ပေရာ– သူတို့အားလည်း အချိန်ကာလ စောင့်ပေးထားရသည်ပင်–၊ မိမိ၏ လူသားတို့အပေါ် ထားသော စေတနာဇောကြောင့် သူတို့အား ချက်ချင်းလက်ငင်း ပပျောက်သွားစေရန် ပြုလုပ်ပစ်၍ မရပေ၊ သူတို့သည်လည်း လူသားများပင် ဖြစ်၍၊ သူတို့အားလည်း စေတနာထားခံရသူများ၏ ဘောင်တွင် သတ်မှတ်ရမည် ဖြစ်သည်။ သို့ဖြစ်၍ သူတို့အား ပြုပြင်ချိန်ပေးထားလျက်– ''ဓမ္မအား ရင့်သန်စေရမည်'' ဖြစ်သည်၊ တနည်းအားဖြင့် သူတို့အားလည်း အမှန်တရားတည်းဟူသော ဓမ္မကို ခံစားတတ်၊ ခံစားနိုင်ရန် လမ်းဖွင့်ပေးရမည် ဖြစ်သည်။ အမှားတရား၌ ခေါင်းဆောင်ဖြစ်သူတို့သည် အမှန်တရားသို့ ဘက်ပြောင်းလျှင် သူ၏ တန်ဘိုးမှာ ကြီးကျယ်လှပေသည်။ ထိုသူတို့၏ ဘက်ပြောင်းခြင်းသည် လောကကိုအောင်နိုင်ရန် အလွန်အထောက်အကူ ဖြစ်ကြောင်း– တစ်နေ့တာ၏ တစ်နာရီမျှသာ ဖြစ်သည်ဟု ပြောဆိုခြင်း ဖြစ်ပေသည်။ တနည်းအားဖြင့် သစ္စာတရားတော်လှန်ရေးကာလ တစ်နေ့တာကြာမြင့်နေချိန်တွင် သူတို့က ဘက်ပြောင်းလိုက်လျှင်– တစ်နာရီခန့်သာ ကြာမြင့်တော့မည် ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။– ထို့ပြင် ကျမ်းတော်က ''လူသားများဖြစ်ပါလျက်– ဘက်မပြောင်းလိုဘဲ ရပ်တည်နေသူသည် ယုတ်မာသော လူသားများသာ ဖြစ်သည်''ဟု ဆိုပေသည်၊ တနည်းအားဖြင့် သူတို့၏ လက်အောက်လူသားများ အပေါ် စေတနာမဲ့ခြင်း၊ မေတ္တာမထားခြင်း၊ လက်အောက်ငယ်သား တို့၏ အနာဂါတ်အတွက် တိုးတက်လိုစိတ် မရှိသူများ ဖြစ်သည်ဟု ဆိုပေသည်။ ထိုသူများသည်လည်း နောက်မျိုးဆက်များ၏ မျိုခြင်းကို မြေမျိုသကဲ့သို့ ခံစားရမည့် သူများသာ ဖြစ်ပေသည်။

ဓမ္မခန္ဓာ (၄၇) အရိမေတ္တေယျ (မုဟမ္မဒ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၉၅)၊ သုတ်ဒေသနာ (၃၈)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**الَّذِينَ كَفَرُوا وَصَدُّوا عَن سَبِيلِ اللَّهِ أَضَلَّ أَعْمَالَهُمْ۝**
	ဖုံးကွယ်မှောင်ချ၍၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဖယ်ခိုင်းသော သူတို့၏ ကျင့်ကြံမှုများမှာ လွဲမှားခြင်းသာ ဖြစ်၏။
၂။	**وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَآمَنُوا بِمَا نُزِّلَ عَلَى مُحَمَّدٍ وَهُوَ الْحَقُّ مِن رَّبِّهِمْ كَفَّرَ عَنْهُمْ سَيِّئَاتِهِمْ وَأَصْلَحَ بَالَهُمْ۝**
	ယုံကြည်လျက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသော၊ မေတ္တေယျ[၉၅]ထံ၌ ချမှတ်ပေးသည်ကို ၎င်းသည် ကံကြမ္မာရှင်ထံမှ ပရမတ္ထသစ္စာ ဖြစ်သည်ဟု ယုံကြည်သော သူများအား သူတို့၏ အကုသိုလ်များကို ဖုံးပစ်လျက် အခြေအနေကို ပြုပြင်ပေးတော်မူမည်။
၃။	**ذَلِكَ بِأَنَّ الَّذِينَ كَفَرُوا اتَّبَعُوا الْبَاطِلَ وَأَنَّ الَّذِينَ آمَنُوا اتَّبَعُوا الْحَقَّ مِن رَّبِّهِمْ كَذَلِكَ يَضْرِبُ اللَّهُ لِلنَّاسِ أَمْثَالَهُمْ۝**
အမှား	ဤသည်မှာ၊ ဖုံးကွယ်မှောင်ချသော သူတို့သည် **မိစ္ဆာတရား**ကို လိုက်နာကြ၍၊ ယုံကြည်သော သူတို့သည် ကံကြမ္မာရှင်၏ ထံမှ သစ္စာတရားကို လိုက်နာသောကြောင့် ဖြစ်၏။ ဤသို့၊ ပရမတ်ဘုရားရှင်သည် လူသားတို့အတွက် ပမာဆောင်ဥပမာပေးတော်မူ၏။
၄။	**فَإِذَا لَقِيتُمُ الَّذِينَ كَفَرُوا فَضَرْبَ الرِّقَابِ حَتَّى إِذَا أَثْخَنتُمُوهُمْ فَشُدُّوا الْوَثَاقَ فَإِمَّا مَنًّا بَعْدُ وَإِمَّا فِدَاء حَتَّى تَضَعَ الْحَرْبُ أَوْزَارَهَا ذَلِكَ وَلَوْ يَشَاء اللَّهُ لَانتَصَرَ مِنْهُمْ وَلَكِن لِّيَبْلُوَ بَعْضَكُم بِبَعْضٍ وَالَّذِينَ قُتِلُوا فِي سَبِيلِ اللَّهِ فَلَن يُضِلَّ أَعْمَالَهُمْ۝**
	သင်တို့သည် ဖုံးကွယ်သော သူတို့နှင့် ထိပ်တိုက်တွေ့သောအခါ သူတို့ကို ချုပ်ကိုင်နိုင်သည်ထိ စစ်လည်မြို့ကို ဖြတ်တိုက်လော့။[၉၆] ထို့နောက် အင်အားဖြင့် ချုပ်နှောင်နိုင်၏ သို့မဟုတ်၊ မျက်နှာသာပေးနိုင်၏၊ သို့မဟုတ် လျော်ကြေး တောင်း

---

(၉၅) ဘာသာတရားချင်း ဝိရောဓိဖြစ်မည်ကို မလိုလားသောကြောင့် ကိုယ်တော်မုဟမ္မဒ်ကို အရိမေတ္တေယျဟု ဘာသာပြန်ဆိုလိုခြင်း မရှိပါ။ သို့သော် အမှန်တရားဟူသည် ဖုံးကွယ်ထားအပ်သည်ကား မဟုတ်ပေ။ ထို့ပြင် သိနေလျက်နှင့် ဖုံးကွယ်ထားပြန်ကလည်း ကျမ်းမြတ်ကုရ်အာန်၏ ဥပဒေအရ ထိုသူသည် ဖုံးကွယ်မှောင်ချသူ (ကာဖရ်) ဖြစ်သွားမည်မှာ သေချာပေသည်။ အမှန်တရားကို အမုန်းခံ၍ ပြောလိုက်ခြင်းသည် နောင်လာနောက်သားများ အတွက်လည်း အကျိုး ဖြစ်နိုင်ပေသည်။

တစ်ကမ္ဘာလုံးမှ မွတ်ဆလင်အားလုံးက ကိုယ်တော် မုဟမ္မဒ် ဆိုသည်မှာ ရှေးကျမ်းအားလုံးမှာ ကြိုတင် ဟောပြောခဲ့သော၊ လောကၥ နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ဖြစ်သည်ဟု ခိုင်မာစွာ ယုံကြည်ထားပေသည်။ ရှေးကျမ်းအားလုံးများ အနက်တွင် ပိဋကတ်တော် သည်လည်း ပါဝင်သည် ဖြစ်ရာ၊ ပိဋကတ်တော်တွင်လည်း နောက်ဆုံးပွင့် ပညတ်ဘုရားရှင်မှာ အရိမေတ္တေယျ ဖြစ်ကြောင်းကို အတိအကျ ဆိုထားပေသည်။ (ဤ အကြောင်းကို ၂း၂၁၉၏ အောက်ခြေတွင်လည်း ရှင်းပြခဲ့ပေသည်။ ဆက်လက်၍ ဤဓမ္မခန္ဓာ၏ အောက်ဆုံးတွင်ကြည့်ပါ–)

ဝန်းစည်	နိုင်၏။ ဤသည် စစ်ပွဲ၌ **လက်နက်ချစဉ်** ဖြစ်၍။ အကယ်၍ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီခဲ့လျှင် အရှင်သည် သူတို့အား ကူညီနိုင်၏။ သို့သော် အရှင်သည် သင်တို့အား အချို့ကို အချို့အားဖြင့် စုံစမ်းတော်မူ၏။ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ကျဆုံးရသော သူများ၏ ကျင့်ကြံမှုတို့သည် လွဲမှားခြင်း မရှိချေ။
၅။	**سَيَهْدِيهِمْ وَيُصْلِحُ بَالَهُمْ۞** အရှင်သည် သူတို့အား လမ်းညွှန်တော်မူလတ္တံ့၊ သူတို့၏ အခြေအနေကို ပြုပြင်ပေးတော်မူလတ္တံ့။
၆။	**وَيُدْخِلُهُمُ الْجَنَّةَ عَرَّفَهَا لَهُمْ۞** သူတို့အတွက် အသိအမှတ်ပြုပြီးသော ဥယျာဉ်ဘုံသို့ ဝင်ရောက်စေတော်မူလတ္တံ့။
၇။	**يَا أَيُّهَا الَّذِينَ آمَنُوا إِن تَنصُرُوا اللَّهَ يَنصُرْكُمْ وَيُثَبِّتْ أَقْدَامَكُمْ۞** အို– ယုံကြည်သော သူတို့၊ သင်တို့သည် ပရမတ်ဘုရားရှင်အား ကူညီမှုပြုလျှင် သင်တို့အား ကူညီခံရစေလတ္တံ့။ သင်တို့၏ စုံရပ်ခံမှုကို ခိုင်မာစေလတ္တံ့။
၈။	**وَالَّذِينَ كَفَرُوا فَتَعْسًا لَّهُمْ وَأَضَلَّ أَعْمَالَهُمْ۞** ဗုံးကွယ်မှောင်ချသော သူတို့အား ဆိတ်သုဉ်းစေလတ္တံ့။ သူတို့၏ ကျင့်ကြံမှုများမှာ လွဲမှားနေကြ၏။
၉။	**ذَٰلِكَ بِأَنَّهُمْ كَرِهُوا مَا أَنزَلَ اللَّهُ فَأَحْبَطَ أَعْمَالَهُمْ۞** ဤသည်မှာ သူတို့သည် ပရမတ်ဘုရားရှင်၏ ချမှတ်ပေးခြင်းကို မုန်းတီးသောကြောင့်ပင်။ သို့ဖြင့် သူတို့၏ ကျင့်ကြံမှုများအား အချည်းနှီးဖြစ်စေ၏။
၁၀။	**أَفَلَمْ يَسِيرُوا فِي الْأَرْضِ فَيَنظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ مِن قَبْلِهِمْ دَمَّرَ اللَّهُ عَلَيْهِمْ وَلِلْكَافِرِينَ أَمْثَالُهَا۞** သူတို့သည် မြေကမ္ဘာအနှံ့ သွားလာလျက် သူတို့၏ ရှေ့အလျင် ဖြစ်သူများ နိဂုံး မည်သို့ ချုပ်ရသည်ကို မကြည့်ဖြူကြသလော။ ပရမတ်ဘုရားရှင်သည် သူတို့အား ပျက်စီးစေလိုက်၏။ ဗုံးကွယ်မှောင်ချသူတို့ အတွက် ဥပမာပင် ဖြစ်၏။
၁၁။	**ذَٰلِكَ بِأَنَّ اللَّهَ مَوْلَى الَّذِينَ آمَنُوا وَأَنَّ الْكَافِرِينَ لَا مَوْلَى لَهُمْ۞** ဤသည်မှာ ပရမတ်ဘုရားရှင်သည် ယုံကြည်သော သူတို့အတွက် မဟာမိတ် ဖြစ်သောကြောင့်တည်း၊ ဗုံးကွယ်သူတို့အတွက်မူ သူတို့အတွက် မဟာမိတ်ဟူ၍ မရှိချေ။
၁၂။	**إِنَّ اللَّهَ يُدْخِلُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ وَالَّذِينَ كَفَرُوا يَتَمَتَّعُونَ**

(၉၇ဖ) ဤသုတ်တော်မှ **فَضَرْبَ الرِّقَابِ ဖသွန်ရ်တရ် ရကာဘိ** ဆိုသည် ဝါကျကို ဆရာတော်ကြီး တစ်ချို့က **သူတို့၏ ခေါင်းများကို ဖြတ်ကြလော့–ထို့နောက် သူတို့အား ဖမ်းဆီးချုပ်နှောင်ကြလော့၊** ဟု ပြန်ဆိုသည်များ ရှိပေသည်။ ခေါင်းဖြတ်ပြီးသော သူအား မည်သို့ ဖမ်းဆီးနိုင်ဦးမည်နည်း ဆိုသည်ကို ချင့်ချိန်မိဟန် မတူချေ။ ကျမ်းတော်အား ဘာသာပြန်ရာတွင် ပြီးစလွယ် ဘာသာပြန်၍ကား မရပေ။ ထို့ပြင် ဤဝါကျမှ **الرِّقَابِ** သည် ဦးခေါင်းဟု အဓိပ္ပါယ် လုံးဝ မပေးပေ။ ထိုစကားလုံးမှာ လည်ပင်းအား ချုပ်ကိုင်သော နေရာ ဟုသာ ဖြစ်ပေသည်။ ချုပ်ကိုင်၍ စောင့်ကြည့်ခြင်းခံရသူ "ကျွန်" ကိုလည်း ဤစကားလုံးကိုပင် သုံးပေသည်။ ထို့ပြင် **فَضَرْبَ** ကို "ဖြတ်ပစ်ကြ"ဟု မည်သည့်နည်းနှင့်မျှ ပြန်ဆို၍ မရပေ။ **သွရာ**မှာ ရိုက်သည်၊ ထုသည်၊ နည်းလမ်းရှာဖွေသည်၊ ခရီးနှင်သည်၊ ဥပမာဆောင်သည် ဟုသာ ဖြစ်ပေသည်၊ (၂၆ဝ တွင်ကြည့်ပါ)။ ထို့ကြောင့် ဤဝါကျ၏ အနက်မှာ တိုက်ပွဲ တစ်ခုဖြစ်လျှင် အတတ်နိုင်ဆုံး ဒေါသ အာဃာတကို ထိမ်းချုပ်လျက် ထိုရန်သူများ၏ စစ်ဦး၊ စစ်တိုက်လိုသော ရည်ရွယ်ချက်၊ အနှိုင်ကျင့်လိုသော ရည်ရွယ်ချက်ကို ချိုးနှိမ်ပစ်နိုင်သည့် နည်းလမ်းများကို ရှာဖွေလျက် သူတို့အား လူဘောင်ငြိမ်းချမ်းရေးကို လက်ခံလာသူများ ဖြစ်ရန် ကြိုးပမ်းရမည်သာ ဖြစ်သည်။ ထို့ကြောင့် သူတို့အား **မျက်နှာ ထောက်ထားနိုင်သည်၊ သို့မဟုတ် လျော်ကြေးယူနိုင်သည်၊** ဟု ဆိုထားခြင်း ဖြစ်ပေသည်။ သူတို့အား သတ်ကိုသတ်ပစ်ရမည်၊ ထောင်ချကို ချုပ်ရမည်ဟု ဆိုထားခြင်း မဟုတ်ချေ။ လျော်ကြေးဆိုသည်မှာလည်း ကျမ်းတော်တစ်အုပ်လုံး၏ သဘောတရားတွင် ထိုရန်သူထံမှ စိတ်ဓါတ်ရေးရာ လျော်ကြေးကိုသာ ဦးစားပေး ပြောဆိုပေသည်။ တနည်းအားဖြင့် အဖျက်အနှောက်များ ဆက်လက် မလုပ်ရန်ကိုသာ ပြောဆိုခြင်း ဖြစ်ပေသည်။ (၈၁၂ တွင်ကြည့်ပါ)။

	وَيَأْكُلُونَ كَمَا تَأْكُلُ الْأَنْعَامُ وَالنَّارُ مَثْوًى لَّهُمْ۝
	ဇကေန်ပင် ပရမတ်ဘုရားရှင်သည် ယုံကြည်၍ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသောသူများအား အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းလျက်ရှိသော ဥယျာဉ်ဘုံများသို့ ဝင်စေတော်မူမည်ပင်။ ဖုံးကွယ်၍ ပျော်ပါးမြူးထူးနေသော သူများသည်ကား၊ တိရိစ္ဆာန်များ စားသကဲ့သို့သာ စားသုံးရမည်ပင်၊ အပူမီးသည် သူတို့အတွက် တည်းခိုရာ ဖြစ်၏။
၁၃။	**وَكَأَيِّن مِّن قَرْيَةٍ هِيَ أَشَدُّ قُوَّةً مِّن قَرْيَتِكَ الَّتِي أَخْرَجَتْكَ أَهْلَكْنَاهُمْ فَلَا نَاصِرَ لَهُمْ۝**
	မည်မျှသော အရပ်ဒေသများသည် သင့်အား မောင်းထုတ်ခဲ့သော ဒေသထက် ပိုမို သန်မာသော အစွမ်းသတ္တိ ရှိခဲ့သနည်း၊ ငါအရှင်က သူတို့အား တိမ်ကောစေလျှင် သူတို့အတွက် ကူညီနိုင်သူ မရှိချေ။
၁၄။	**أَفَمَن كَانَ عَلَى بَيِّنَةٍ مِّن رَّبِّهِ كَمَن زُيِّنَ لَهُ سُوءُ عَمَلِهِ وَاتَّبَعُوا أَهْوَاءهُمْ۝**
	ကံကြမ္မာရှင်၏ ထံတော်မှ ရှင်းလင်းချက်များ ပေါ်၌ ရှိသူသည်– အကုသိုလ် ကျင့်ကြံမှုများ၏ ဖမ်းစားခံနေသူ၊ သူတို့၏ လိုဘများသို့ လိုက်နေသူ ကဲ့သို့ ဖြစ်သလော။
၁၅။	**مَّثَلُ الْجَنَّةِ الَّتِي وُعِدَ الْمُتَّقُونَ فِيهَا أَنْهَارٌ مِّن مَّاء غَيْرِ آسِنٍ وَأَنْهَارٌ مِن لَّبَنٍ لَّمْ يَتَغَيَّرْ طَعْمُهُ وَأَنْهَارٌ مِّنْ خَمْرٍ لَّذَّةٍ لِّلشَّارِبِينَ وَأَنْهَارٌ مِّنْ عَسَلٍ مُّصَفًّى وَلَهُمْ فِيهَا مِن كُلِّ الثَّمَرَاتِ وَمَغْفِرَةٌ مِّن رَّبِّهِمْ كَمَنْ هُوَ خَالِدٌ فِي النَّارِ وَسُقُوا مَاء حَمِيمًا فَقَطَّعَ أَمْعَاءهُمْ۝**
	စည်းစောင့်သူများ အတွက် ကတိတော်ထားသည့် ဥယျာဉ်တော်၏ ဥပမာပုံသည်ကား– ထိုဥ္စ ရေ ညစ်ညမ်းမှု မရှိသော မြစ်ချောင်းများ အဟာရ မပြောင်းလဲသော နို့ရည် မြစ်ချောင်းများ၊ သောက်သုံးသူများ အတွက် အရသာရှိသော ယစ်ရွေရည် မြစ်ချောင်းများ၊ ရွေးချယ်ထားသော ပျားရည် မြစ်ချောင်းများ ရှိ၏။ ထိုဥ္စ သူတို့အတွက် ကံကြမ္မာရှင်၏ ထံမှ လွတ်ငြိမ်းခွင့်ပေးထားသည့် သစ်သီးဝလံမျိုးစုံ ရှိ၏။ ၎င်းသည် အပူမီးထဲ၌ အစဉ်ခံစားလျက် တိုက်မည့် ရေမှာ ရေနွေးပူဖြစ်၍ အိမ်သိမ်အူမ ပြတ်ကျရ–သူ ကဲ့သို့ ဖြစ်သလော။
၁၆။	**وَمِنْهُم مَّن يَسْتَمِعُ إِلَيْكَ حَتَّى إِذَا خَرَجُوا مِنْ عِندِكَ قَالُوا لِلَّذِينَ أُوتُوا الْعِلْمَ مَاذَا قَالَ آنِفًا أُوْلَئِكَ الَّذِينَ طَبَعَ اللَّهُ عَلَى قُلُوبِهِمْ وَاتَّبَعُوا أَهْوَاءهُمْ۝**
	သူတို့အနက် သင့်ထံတွင် ကြားနာကြလျက် သင့်ထံမှ ထွက်သွား၍၊ အသိပညာ ချီးမြှင့်ခံရသော သူတို့အား၊ ''သူကယခု ဘာများ ပြောသေးသနည်း၊''ဟု ပြောသူတို့ ရှိ၏။ သူပြောသည်မှာ ''ပရမတ်ဘုရားရှင်က သူတို့၏ နှလုံးသားကို တံဆိပ်ထုထားသော သူတို့၊– ထိုသူတို့သည် သူတို့၏ လိုဘများသို့ လိုက်နေသူများ ဖြစ်ကြ၏။''
၁၇။	**وَالَّذِينَ اهْتَدَوْا زَادَهُمْ هُدًى وَآتَاهُمْ تَقْوَاهُمْ۝**
	လမ်းညွှန်ခြင်း ခံရသော သူတို့အား၊ ပရမတ်ဘုရားရှင်က လမ်းညွှန်ခြင်းကို တိုးပွားစေလျက် စည်းစောင့်နိုင်ခြင်းကို ချီးမြှင့်တော်မူ၏။
၁၈။	**فَهَلْ يَنظُرُونَ إِلَّا السَّاعَةَ أَن تَأْتِيَهُم بَغْتَةً فَقَدْ جَاء أَشْرَاطُهَا فَأَنَّى لَهُمْ إِذَا جَاءتْهُمْ ذِكْرَاهُمْ۝**
	သူတို့သည် သူတို့ထံသို့ ရုတ်တရက် ပေးရောက်လာမည့် အချိန်နာရီအား စောင့်ကြည့်နေကြသလော။ မုချပင် ထို့အတွက် အတိတ်နိမိတ်တို့ ရောက်လာပြီ–(၈၇) သို့လျှင်၊ သူတို့ထံသို့ မည်သို့သော သတိပေးတရားတော် ရောက်လာစေမူ သူတို့အတွက် ကုံလုံပြည့်စုံနိုင်တော့မည်နည်း။
၁၉။	**فَاعْلَمْ أَنَّهُ لَا إِلَهَ إِلَّا اللَّهُ وَاسْتَغْفِرْ لِذَنبِكَ وَلِلْمُؤْمِنِينَ وَالْمُؤْمِنَاتِ وَاللَّهُ يَعْلَمُ مُتَقَلَّبَكُمْ وَمَثْوَاكُمْ۝**

(၈၇) အချိန်နာရီဆိုသည်မှာ ထိုမိစ္ဆာဒိဋ္ဌိတို့၏ အယူဝါဒ ကျဆုံးချိန်ကို ပြောခြင်း ဖြစ်ပေသည်၊ ထို့ကြောင့် ''အတိတ်နိမိတ်တို့ ရောက်လာပြီ''ဟု သုံးထားခြင်းပင် ဖြစ်ပေသည်။ နောက်ဘဝ သို့မဟုတ် ကမ္ဘာကြိုလိ ပျက်သုဉ်းချိန်ကို ပြောခြင်း မဟုတ်ချေ။

	သို့ဖြစ်၍၊ ပရမတ်ဘုရားရှင်မှ အပ အခြား ဘုရားဟူ၍ မရှိကြောင်း သိကြလော့။ သင်၊ ယုံကြည်သူများနှင့် ယုံကြည်သော သူမတို့၏ အပြစ်များမှကင်းရန် လွတ်ငြိမ်းဆုပန်လော့။ ပရမတ်ဘုရားရှင်သည် သင်တို့၏ ဦးတည်လှုပ်ရှားမှုများ၊ သင်တို့၏ တည်းခိုမှုများကို သိနေတော်မူ၏။
၂၀။	**وَيَقُولُ الَّذِينَ آمَنُوا لَوْلَا نُزِّلَتْ سُورَةٌ فَإِذَا أُنزِلَتْ سُورَةٌ مُّحْكَمَةٌ وَذُكِرَ فِيهَا الْقِتَالُ رَأَيْتَ الَّذِينَ فِي قُلُوبِهِم مَّرَضٌ يَنظُرُونَ إِلَيْكَ نَظَرَ الْمَغْشِيِّ عَلَيْهِ مِنَ الْمَوْتِ فَأَوْلَى لَهُمْ۝**
	ယုံကြည်သော သူတို့က ''အဘယ်ကြောင့် ဓမ္မဓန္ဓာ တစ်ပါး မချမှတ်ပေးသနည်း၊''ဟု ဆိုကြ၏။ သို့သော် စိရင်ထုံးတည်သော ဓမ္မဓန္ဓာတစ်ပါးကို ချမှတ်ပေး၍ ထိုဌ် ခုခံစစ်အကြောင်း သတိဖေါ်ပေးသော်၊ စိတ်နလုံးဌ် ရောဂါရှိသော သူများက သူတို့ထံ လှည့်လာနေသော သေဘေး လွှမ်းခြုံခံရသည့် အကြည့်ဖြင့် သင့်အား ကြည့်နေသည်ကို သင်မြင်ရ၏။
၂၁။	**طَاعَةٌ وَقَوْلٌ مَّعْرُوفٌ فَإِذَا عَزَمَ الْأَمْرُ فَلَوْ صَدَقُوا اللَّهَ لَكَانَ خَيْرًا لَّهُمْ۝**
	နာခံခြင်း၊ အသိအမှတ်ပြု ပြောဆိုခြင်း– ညွှန်ကြားချက်တစ်ခုအား ဆုံးဖြတ်သောအခါ။ သူတို့သည် ပရမတ်ဘုရားအပေါ် ဖြောင့်မှန်ကြလျှင် သူတို့အတွက် ပို၍ ကောင်းလေ၏။
၂၂။ ☆၄း၁	**فَهَلْ عَسَيْتُمْ إِن تَوَلَّيْتُمْ أَن تُفْسِدُوا فِي الْأَرْضِ وَتُقَطِّعُوا أَرْحَامَكُمْ۝**
	အကယ်၍ သင်တို့အား အလှည့်ပေးလိုက်လျှင်၊ သင်တို့သည် မြေကမ္ဘာ၌ အဖျက်လုပ်၍ သင်တို့၏ မွေးရာပါ အခွင့်အရေးများကို☆ ဖြတ်တောက်သင့်သလော။
၂၃။ ☆ ၂း၅၉	**أُولَٰئِكَ الَّذِينَ لَعَنَهُمُ اللَّهُ فَأَصَمَّهُمْ وَأَعْمَىٰ أَبْصَارَهُمْ۝**
	ထိုသူတို့သည်ကား ပရမတ်ဘုရားရှင်၏ မေတ္တာဝေးစေပြီ၊☆ သို့ဖြစ်၍ သူတို့သည် နားပင်းခြင်း၊ အမြင်များ ကန်းခြင်းတို့ ဖြစ်ရ၏။
၂၄။	**أَفَلَا يَتَدَبَّرُونَ الْقُرْآنَ أَمْ عَلَىٰ قُلُوبٍ أَقْفَالُهَا۝**
	သူတို့သည် အဘယ်ကြောင့် ကုရ်အာန်ကို အရင်းအမြစ်မစစ်ကြသနည်း၊ သို့တည်းမဟုတ် သူတို့၏ စိတ်နလုံးကို သော့ခတ်ထားကြသလော။
၂၅။	**إِنَّ الَّذِينَ ارْتَدُّوا عَلَىٰ أَدْبَارِهِم مِّن بَعْدِ مَا تَبَيَّنَ لَهُمُ الْهُدَى الشَّيْطَانُ سَوَّلَ لَهُمْ وَأَمْلَىٰ لَهُمْ۝**
	သူတို့အတွက် လမ်းညွှန်ခြင်းကို ရှင်းလင်းစေပြီး နောက်မှ ပြန်လှည့်သွားသော သူတို့သည် မကောင်းဆိုးဝါး၏ လှုံ့ဆော်မှုကို ခံရပြီ၊ သူတို့အား အချိန်လေလွင့်စေ၏။
၂၆။	**ذَٰلِكَ بِأَنَّهُمْ قَالُوا لِلَّذِينَ كَرِهُوا مَا نَزَّلَ اللَّهُ سَنُطِيعُكُمْ فِي بَعْضِ الْأَمْرِ وَاللَّهُ يَعْلَمُ إِسْرَارَهُمْ۝**
	ယင်းမှာ သူတို့က ပရမတ်ဘုရားရှင်၏ ချမှတ်ပေးချက်ကို မုန်းတီးသော သူတို့အား ''ညွှန်ကြားချက် အချို့တွင် ကျွန်ုပ်တို့သည် သင်တို့ကို နာခံပါမည်၊''ဟု ဆိုသောကြောင့် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် သူတို့၏ ကြိတ်၍ကြံစည်မှုများကို သိနေတော်မူ၏။
၂၇။ ☆ ၄း၉၇ ဖြေဖျ	**فَكَيْفَ إِذَا تَوَفَّتْهُمُ الْمَلَائِكَةُ يَضْرِبُونَ وُجُوهَهُمْ وَأَدْبَارَهُمْ۝**
	နိမိတ်ဆောင်တို့က သူတို့အား သက်တမ်းကုန်စေသော်၊ သူတို့၏ မျက်နှာများနှင့် နောက်ကျောများကို ရိုက်ခတ်သော် မည်သို့ ရှိနိုင်အံ့နည်း။☆
၂၈။	**ذَٰلِكَ بِأَنَّهُمُ اتَّبَعُوا مَا أَسْخَطَ اللَّهَ وَكَرِهُوا رِضْوَانَهُ فَأَحْبَطَ أَعْمَالَهُمْ۝**
	ယင်းမှာ၊ သူတို့သည် ပရမတ်ဘုရားရှင်၏ အမျက်တော်ရှခြင်းကို လိုက်နာကြလျက်၊ အရှင်၏ နှစ်မြို့မှုကို ရှုံမုန်းသောကြောင့် ဖြစ်၏။ သို့ဖြစ်၍ သူတို့၏ ကျင့်ကြံမှုများအား အချည်းနှီးဖြစ်စေ၏။

၂၉။	**أَمْ حَسِبَ الَّذِينَ فِي قُلُوبِهِم مَّرَضٌ أَن لَّن يُخْرِجَ اللَّهُ أَضْغَانَهُمْ۞** သို့တည်းမဟုတ် စိတ်နှလုံး၌ ရောဂါရှိသောသူတို့က ပရမတ်ဘုရားရှင်သည် သူတို့၏ အမုန်းစိတ်များကို ဖေါ်ထုတ်တော်မူမည် မဟုတ်ဟု စိတ်ကူးယဉ်နေကြသလော။
၃၀။	**وَلَوْ نَشَاء لَأَرَيْنَاكَهُمْ فَلَعَرَفْتَهُم بِسِيمَاهُمْ وَلَتَعْرِفَنَّهُمْ فِي لَحْنِ الْقَوْلِ وَاللَّهُ يَعْلَمُ أَعْمَالَكُمْ۞** အကယ်၍ ငါအရှင်၏ စံချိန်ပြည့်မှီခဲ့လျှင် သင်သည် သူတို့အား မြင်နိုင်စွမ်း၏၊ သူတို့၏ အမှတ်သညာများ အားဖြင့် သင်မှတ်မိနိုင်၏၊ သူတို့၏ ပြောဆိုသံအားဖြင့် သင် မှတ်မိနိုင်၏။ ပရမတ်ဘုရားရှင်သည် သင်တို့၏ ကျင့်ကြံမှုများကို သိနေတော်မူ၏။
၃၁။	**وَلَنَبْلُوَنَّكُمْ حَتَّى نَعْلَمَ الْمُجَاهِدِينَ مِنكُمْ وَالصَّابِرِينَ وَنَبْلُوَ أَخْبَارَكُمْ۞** သင်တို့အနက် အားစိုက်ဆောင်ရွက်သူ၊ သည်းခံပါရမီကြီးသူအား သိသာသည့်တိုင် သင်တို့အား စုံစမ်းတော်မူမည်။ သင်တို့၏ သတင်းကိုလည်း စုံစမ်းတော်မူမည်။[၉၇]
၃၂။	**إِنَّ الَّذِينَ كَفَرُوا وَصَدُّوا عَن سَبِيلِ اللَّهِ وَشَاقُّوا الرَّسُولَ مِن بَعْدِ مَا تَبَيَّنَ لَهُمُ الْهُدَى لَن يَضُرُّوا اللَّهَ شَيْئًا وَسَيُحْبِطُ أَعْمَالَهُمْ۞** သူတို့အတွက် လမ်းညွှန်တော်ကို ရှင်းလင်းစေပြီးနောက်မှ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဖယ်ခိုင်းသော၊ ဉာဏ်စဉ်တော်ဆောင်အား ဂိုဏ်းခွဲသော၊ ဖုံးကွယ်သောသူတို့သည် ပရမတ်ဘုရားရှင်အား နစ်နာစေနိုင်ခြင်း တစ်စုံတစ်ရာ မရှိချေ။ သူတို့၏ ကျင့်ကြံမှုများအား အချည်းနှီးဖြစ်စေ၏။
၃၃။	**يَا أَيُّهَا الَّذِينَ آمَنُوا أَطِيعُوا اللَّهَ وَأَطِيعُوا الرَّسُولَ وَلَا تُبْطِلُوا أَعْمَالَكُمْ۞** အို– ယုံကြည်သော သူတို့၊ ပရမတ်ဘုရားရှင်အား နာခံကြလော့၊ ဉာဏ်စဉ်တော်ဆောင်အား နာခံကြလော့၊ သင်တို့၏ ကျင့်ကြံမှုများကို အမှား မဖြစ်စေနှင့်။
၃၄။	**إِنَّ الَّذِينَ كَفَرُوا وَصَدُّوا عَن سَبِيلِ اللَّهِ ثُمَّ مَاتُوا وَهُمْ كُفَّارٌ فَلَن يَغْفِرَ اللَّهُ لَهُمْ۞** ဇကေန်ပင် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဖယ်ခိုင်းသည့် ဖုံးကွယ်သောသူတို့သည် ထို့နောက် ဖုံးကွယ်သူ အဖြစ်ဖြင့် သေဆုံးခဲ့သော် သူတို့အတွက် ပရမတ်ဘုရားရှင်ထံ၌ လွှတ်ငြိမ်းခွင့် မရှိချေ။
၃၅။	**فَلَا تَهِنُوا وَتَدْعُوا إِلَى السَّلْمِ وَأَنتُمُ الْأَعْلَوْنَ وَاللَّهُ مَعَكُمْ وَلَن يَتِرَكُمْ أَعْمَالَكُمْ۞** သင်တို့သည် အားလျော့လျက် ငြိမ်းချမ်းရေးကို မကြွေးကြော်ကြနှင့်၊ သင်တို့သည် အပေါ်စီးမှ ဖြစ်ရလတ္တံ့၊ ပရမတ်ဘုရားရှင်သည် သင်တို့နှင့် အတူရှိတော်မူ၏။ သင်တို့၏ ကျင့်ကြံမှုအား အဆင့်မကျော်စေနှင့်။[၉၈]
၃၆။	**إِنَّمَا الحَيَاةُ الدُّنْيَا لَعِبٌ وَلَهْوٌ وَإِن تُؤْمِنُوا وَتَتَّقُوا يُؤْتِكُمْ أُجُورَكُمْ وَلَا يَسْأَلْكُمْ أَمْوَالَكُمْ۞** ဤလောကီ သက်တမ်းသည် မြူးထူးပျော်ပါးရာ ဟာသမျှ ဖြစ်၏။ သင်တို့သည် ယုံကြည်ကြလျှင် စည်းစောင့်ကြလျှင် သင်တို့အား အကျိုးဆုလဒ် ပေးခံရလတ္တံ့။ သင်တို့၏ ဥစ္စာပစ္စည်းများကို တောင်းခံလိမ့်မည် မဟုတ်ချေ။
၃၇။	**إِن يَسْأَلْكُمُوهَا فَيُحْفِكُمْ تَبْخَلُوا وَيُخْرِجْ أَضْغَانَكُمْ۞**

---

(၉၇) ပရမတ်ဘုရားရှင်သည် လူသားတို့၏ စိတ်နေသဘောထားကို ကုန်စင်သိပြီးသား ဖြစ်တော်မူ၏၊ ဤသုတ်တော်တွင် ဆိုလိုသည်မှာ သင်တို့လူသားချင်း– မည်သူက အချောင်သမား ဖြစ်သည်၊ မည်သူက အမှန်တကယ် ကြိုးစားသည်ကို သိသာစေရန် ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

(၉၈) ဤသုတ်တော်က သင်တို့သည် သူတစ်ပါးအား အနိုင်ရနေစဉ်တွင် ငြိမ်းချမ်းရေး မကမ်းလှမ်းနှင့်ဟု ဆိုခြင်း မဟုတ်ချေ။ မိမိဘက်မှ ရှုံးနိမ့်နေစဉ်တွင် ငြိမ်းချမ်းရေးကို မမျှော်ကိုးနှင့်– ရန်သူများဘက်မှ ပေးမည်မဟုတ်၊ မိမိက အပေါ်စီးရှိမှ ငြိမ်းချမ်းရေးကို ကမ်းလှမ်းကြလော့ဟု ဆိုခြင်းပင် ဖြစ်ပေသည်။ ဤအချက်ကို ကိုယ်တော်မုဟမ္မဒ်၏ ဟိုဒိုင်ဗီယာ စာချုပ်အားဖြင့် သက်သေပြခဲ့ပေသည်။

	အကယ်၍ အရှင်သည် သင်တို့ထံမှာ တောင်းဆိုခဲ့ခြင်းနှင့် သင်တို့အား တိုက်တွန်းခဲ့ခြင်းအတွက် သင်တို့သည် ကပ်စေးနဲခဲ့လျှင် သင်တို့၏ အမုန်းစိတ်များကို ဖေါ်ထုတ်တော်မူမည်ပင်။
၃၈။	**هَاأَنتُمْ هَؤُلَاء تُدْعَوْنَ لِتُنفِقُوا فِي سَبِيلِ اللَّهِ فَمِنكُم مَّن يَبْخَلُ وَمَن يَبْخَلْ فَإِنَّمَا يَبْخَلُ عَن نَّفْسِهِ وَاللَّهُ الْغَنِيُّ وَأَنتُمُ الْفُقَرَاء وَإِن تَتَوَلَّوْا يَسْتَبْدِلْ قَوْمًا غَيْرَكُمْ ثُمَّ لَا يَكُونُوا أَمْثَالَكُمْ۝** ကြည့်လော့၊ သင်တို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ပေးကမ်းသုံးစွဲရန်သာ ဖိတ်ခေါ်ခံရသူတို့ ဖြစ်၏။ သို့သော် သင်တို့အနက် ကပ်စေးနဲသူတို့ ရှိ၏။ ကပ်စေးနဲသော သူသည် သူ၏ စရိုက်ကိုသာ ကပ်စေးနဲသူ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံ၍ သင်တို့သည်သာ ဆင်းရဲချို့တဲ့သူတို့ ဖြစ်၏။ အကယ်၍ သင်တို့သည် လှည့်ပြေးကြလျှင် သင်တို့အစား သင်တို့ကဲ့သို့ မဟုတ်သော အခြားလူမျိုးကို လွှဲပြောင်းပေးတော်မူလတ္တံ့။[၉၀]

---

(၉၀) ပရမတ်ဘုရားရှင်သည် သော်လည်းကောင်း၊ ကျမ်းတော်ပါ လူသားများအတွက် ချမှတ်ပေးထားသော နိယာမသည်သော်လည်းကောင်း ငြိမ်းချမ်းရေးရာ ဆောင်ရွက်မှုများသည် သော်လည်းကောင်း လူမျိုးတစ်မျိုး၏ မူပိုင်မဟုတ်ချေ။ ထိုအကြောင်းကို မကောင်းသူများ အစား ကောင်းသူများနှင့် လူမျိုး ပြောင်းလဲပစ်မည်ဟု မကြာခဏ ပြောဆိုပေသည်။ သို့ဖြစ်၍ ကျမ်းတော်အား သိရှိခွင့် ယုံကြည်ခွင့်ရသော ကိုယ်တော်မုဟမ္မဒ်သည် နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ဖြစ်သည်ဟု နားလည်ခံစား လက်ခံခွင့်ရသော သူများ အနေဖြင့် လူသားတို့၏ ငြိမ်းချမ်းရေး ဆောင်ရွက်ချက်ကို အခြားသူများထက် ပိုမို၍ ဆောင်ရွက်ရန် တာဝန်ရှိပေသည်။ အကယ်၍ မိမိတို့မှ မဆောင်ရွက်လျှင် ပရမတ်ဘုရားရှင် ဖြစ်သော ဓမ္မတော်၏ ဇစ်မြစ်တော်အရှင် (အလ္လာဟ်)က အခြားသော တာဝန်ယူလိုသည့် လူမျိုးအား လုပ်ပိုင်ခွင့်ကို လွှဲအပ်လိုက်မည်ပင်။ ထိုအခါ မိမိတို့ လူမျိုးသည် မြန်မာနိုင်ငံ၌ ပျူလူမျိုးများ ပျောက်ဆုံးသွားရ သကဲ့သို့ မြေမျိုးမှန်းမသိ မိုးပျံမှန်းမသိ ပျောက်ဆုံး တိမ်ကောသွားရမည်သာ ဖြစ်ပေသည်။

သုတ်တော် (၄) အောက်ခြေအမှတ် ၉၇၄ မှ--

ကိုယ်တော် မုဟမ္မဒ်၏ အမည်နာမကို **မဟာမတ်**ဟု လည်းကောင်း **မိုဟာမက်**ဟု လည်းကောင်း အမျိုးမျိုးရေးသား ကြပေသည်။ ထိုအမည်နာမ၏ ရှေ့မှ ပါသော **မဟာ** ဆိုသည်မှာ ပါဠိနှင့် သက်ကရိုက် စာပေများ၌ ကြီးမြတ်သော ဟု အနက်ကို ပေး၍၊ **မတ်** သို့မဟုတ် **မက်** ဆိုသည်မှာ မေတ္တာ–ကရုဏာ ဟု ဖြစ်ပေသည်။ ထို့ကြောင့် မုဟမ္မဒ်၏ အနက် အဓိပ္ပါယ်မှာ **ကြီးမားသော မေတ္တာရှင်**ဟု ဖြစ်ပေသည်။ ထိုအဓိပ္ပါယ်များသည် ပါဠိတော်လာ မေတ္တေယျ ဆိုသော အဓိပ္ပါယ်နှင့် လည်းကောင်း အာရိဗီ ဝေါဟာ မုဟမ္မဒ်ဆိုသော အဓိပ္ပါယ်နှင့်လည်းကောင်း ကျမ်းမြတ်ကုရ်အာန် ၂၁း၁၀၇ တွင် **သင့်အား လောက ခပ်သိမ်း အတွက် မေတ္တာရှင် အဖြစ် စေစားခြင်း ဖြစ်သည်၊** ဟူသော စကားနှင့် လည်းကောင်း လုံးဝညီညွတ် နေပေသည်။

မေတ္တေယျ မြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူလတ္တံ့၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူလတ္တံ့၊ ယခုအခါ ငါ (ဂေါတမ ဗုဒ္ဓ) သည် အရာမက များစွာသော ရဟန်းသံဃာများ ပရိသတ်ကို ဆောင်လျက် ဒေသ စာရီကြွချီ သကဲ့သို့ ထိုမေတ္တေယျ မြတ်စွာဘုရားသည် ထောင်ပေါင်း များစွာသော ရဟန်းသံဃာ ပရိသတ်ကို ဦးဆောင်လျက် ဒေသစာရီ ကြွချီတော်မူလတ္တံ့။ ဟု ပါထိကဝဂ်ပါဠိတော် စက္ကဝတ္တိသုတ် ၁၀၇ တွင် ဆိုထားပေသည်။

Sacred Books of the East volume 35 pg. 225: "It is said that I am not an only Buddha upon whom the leadership and order is dependent. After me another Buddha maitreya of such and such virtues will come. I am now the leader of hundreds; he will be the leader of thousands."

အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော (အရှေ့တိုင်းမှ ကျမ်းမြတ်ရတနာ အတွဲ ၃၅၊ စာမျက်နှာ ၂၂၅) တွင် ဂေါတမဗုဒ္ဓက "ငါသည် သတ္တဝါတို့ တည်မှီ အားကိုးရာ တစ်ပါးတည်းသော ဗုဒ္ဓမဟုတ်၊ ငါ၏နောက်တွင် သိက္ခာနှင့်ပြည့်စုံသော မေတ္တေယျ ဗုဒ္ဓသည် ပွင့်ပေါ်လတ္တံ့၊ ယခု ငါသည် တပည့်ရာပေါင်းများစွာ၏ ဦးဆောင်နာယက ဖြစ်သကဲ့သို့ သူသည် တပည့်နောက်လိုက် ထောင်ပေါင်းများစွာ၏ ဦးဆောင်နာယက ဖြစ်လိမ့်မည်၊ ဟု လည်းကောင်း။

The Gospel of Buddha by Carus pg. 217 and 218 (From Ceylon sources): "Ananda said to the Blessed One, "Who shall teach us when thou art gone?" And the Blessed one replied, 'I am not the first Buddha who came upon the earth nor shall I be the last. In due time another Buddha will arise in the world, a holy one, a supremely enlightened one, endowed with wisdom in conduct, auspicious, knowing the universe, an incomparable leader of men, a master of angels and mortals. He will reveal to you the same eternal truths, which I have taught you. He will preach his religion, glorious in its origin, glorious at the climax and glorious at the goal. He will proclaim a religious life, wholly perfect and pure such as I now proclaim. His disciples will number many thousands while mine number many hundreds.'

Ananda said, 'How shall we know him?'

The Blessed one replied, 'He will be known as Maitreya'."

ကားရူစ် ပြန်ဆိုရေးသားသော ဗုဒ္ဓ၏ သမ္မာကျမ်းစာ စာမျက်နှာ ၂၁၇– ၁၂၈ (သီရိလင်္ကာ စကားစဉ်) တွင်– အာနန္ဒာက မြတ်စွာဘုရားအား ''အရှင်ဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် မည်သူက တပည့်တော်တို့အား သွန်သင်ဆုံးမ မည်နည်း၊''ဟု လျှောက်ထားရာ၊ မြတ်စွာဘုရားက ''ငါသည် ဘဒ္ဒကမ္ပာ၌ ပထမဦးဆုံးပွင့်သော ဗုဒ္ဓလည်းမဟုတ် နောက်ဆုံးပွင့်ပေါ်သော ဗုဒ္ဓလည်း မဟုတ်ချေ။ အချိန်အခါသင့်သော်– အခြားသော ဗုဒ္ဓသည် လာလတ္တံ့၊ သူသည် မြင့်မြတ်သူ၊ အချုပ်အခြာ ပညာ အလင်းရောင်ကို ပိုင်ဖိုးသူ၊ ဉာဏ်ပညာ၌ လိမ္မာရင့်သန်လျက် တိုးပွားစေသူ၊ စကြဝဠာ အနန္တကို သိမြင်သူ၊ လူတို့အတွက် အတုမဲ့ ခေါင်းဆောင် ဖြစ်သူ၊ လူနတ်ဗြဟ္မာတို့၏ နာယက ဖြစ်သူ ပင်တည်း။ သူသည် ယခု ငါသွန်သင်သကဲ့သို့ အတွင်း အဇ္ဈတ္တ သဘောတရားကို သွန်သင်လတ္တံ့၊ သူသည် သူ၏ သာသနာအား အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူလတ္တံ့၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူလတ္တံ့၊ သူသည် သာသနာဆောင် ဘဝ၏ မြင့်မြတ်မှု ပြည့်စုံမှု စင်ကြယ်သန့်ရှင်းမှုများကို ဟောပြောတော်မူလတ္တံ့။ ယခုအခါ ငါ (ဂေါတမ ဗုဒ္ဓ) သည် အရာမက များစွာသော ရဟန်း သံဃာများ ပရိသတ်ကို ဆောင်လျက် ဒေသ စာရီကြွသကဲ့သို့ ထို မေတ္တေယျ မြတ်စွာ ဘုရားသည် ထောင်ပေါင်း များစွာသော ရဟန်းသံဃာ ပရိသတ်ကို ဆောင်လျက် ဒေသစာရီ ကြွတော်မူလတ္တံ့၊''ဟု ဟောပြောသော်၊

အာနန္ဒာက ''သူ့အား မည်သို့ သိရမည်နည်း၊'' ဟုလျှောက်ထားပြန်၏။

ထိုအခါ မြတ်စွာဘုရားက ''သူသည် မေတ္တေယျဟု ထင်ရှားကျော်ဇောလတ္တံ့၊'' ဟု ပြန်ဖြေ၏။

ကိုယ်တော်မုဟမ္မဒဖြစ်စဉ်ကို ၂၁၂၇မှ ၁၂၉ တွင် ရှင်းလင်းခဲ့ပြီ။ ထိုထက် ပို၍ ရှင်းစရာ ရှိနေသည်မှာ–(၁) အရိမေတ္တေယျ ဘုရားရှင်သည် စ၊လယ်၊ ဆုံး သုံးပါးလုံး ပြည့်စုံသော တရားတော်ကို ဟောပြောတော်မူမည်– ဟု ဖေါ်ပြထားရာ၊ ကိုယ်တော်မုဟမ္မဒ် ဆောင်ခဲ့သော တရားတော် ကျမ်းမြတ် ကုရ်အာန်သည် ဤကမ္ဘာ လောကဌ အတုမရှိ ပြည့်စုံသော တရားတော် ဖြစ်ကြောင်း– ''သူတို့သည် အဘယ်ကြောင့် ကုရ်အာန်ကို အနုလုံပဋိလုံ မသုံးသပ်ကြသနည်း၊ သို့မဟုတ် သူတို့၏ စိတ်နှလုံးကို သော့ခတ်ထားကြသလော။''ဟု ဤမွေခန္ဓာ၏ သုတ်တော် ၂၄ တွင် ပြောဆိုထားပြီး၊ ၅း၃ တွင် ''သင်တို့လူသားများ အတွက် သာနာတော်သည် ပြီးပြည့်စုံတော်မူပြီ၊'' ဟုလည်းကောင်း၊ ၄း၈၂ တွင် ''ကုရ်အာန်ကျမ်းတော်သည် စလယ်ဆုံး သုံးပါးစလုံး ကမောက်ကမ မရှိ ညီညွတ်ပြည့်စုံခြင်း ရှိ၏၊''ဟုလည်းကောင်း အာမခံထားပေသည်။ ထိုကဲ့သို့ အာမခံထားသော ကျမ်းဟူ၍ ကမ္ဘာပေါ်တွင် အခြားကျမ်းစာ ဒေသနာ မရှိချေ။

(၂) သူ၌၌ ရဟန်းသံဃာ တပည့်သာဝက ထောင်ပေါင်းများစွာ ရှိလတ္တံ့ ဆိုသည်ကို အထူးရှင်းစရာပင် မလိုချေ။ ယခုခေတ် လောကီ အမြင်နှင့်ပင် ကိုယ်တော်မုဟမ္မဒ်အား ချစ်ခင်သော၊ နှလုံးသည်းပွတ်မှ မြတ်နိုးတန်ဘိုးထားသော လူသားပေါင်း မည်မျှရှိသည် ဆိုခြင်းကပင် သက်သေ ဖြစ်တော့သည်။ ကျမ်းတော်၏ ၁၁၀း၂ တွင်လည်း ''လူသားအများစုကြီးသည် သာသနာတော်သို့ အလုံးနှင့် အရင်းနှင့် ဝင်ရောက်လာသောအခါ၊''ဟု ကိုယ်တော်မုဟမ္မဒ် လက်ထက်တော်ကပင် လူသားပေါင်းများစွာ သာသနာတော်သို့ ဝင်ရောက်လာလျက် ကိုယ်တော့်ထံ၌ တပည့်သာဝက အဖြစ် ခံယူခဲ့ကြောင်းကို သက်သေတည်ခဲ့ပေသည်။

(၃) ပိဋကတ်တော်၏ သွန်သင်ချက်များတွင် ပွင့်ပေါ်လေသမျှသော ဗုဒ္ဓများသည် အေးရိပ်နိမိတ်ကိုဆောင်သော၊ ငြိမ်းချမ်းရေးကို ကိုယ်စားပြုသော၊ လူသားအပေါင်းအတွက် တရားအလင်းရောင်ကို ပွားပေးနိုင်သော အပင် (ဗောဓိ)ကို ကိုယ်စားပြုကြပေသည်။ အထကထာ ဆရာတော်များက အရိမေတ္တေယျအတွက် ဗေဓိပင်မှာ မာကျော်လေးလံသည့် အရိပ်ကောင်းရာ အပင်ဟု ဖွင့်ဆိုကြပေသည်။ အချို့ဘာသာပြန်များ၌ ဂုဏ်သတင်း မွှေးရန်ကို ဆောင်သည့် ကန့်ကော်ပင်ဟု ပြန်ဆိုသည်များ ရှိပေသည်။ ကိုယ်တော်မုဟမ္မဒ်သည်ကား ထိုဂုဏ်ရည်နှင့်ပြည့်စုံသော၊ ကိုယ်တော်သည် ကန္တရ ခရီးသွားတို့ နားခို နိုင်သော အေးရိပ်ကို ပေးသည့် ကန္တာရဇီးပင် တစ်မျိုး ဖြစ်သော ဇီးဗောဓိပင်ရင်းတွင် သဗ္ဗညုဉာဏ်ကို ဆိုက်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း ၅၃း၁၄–၁၈ တွင် အတိအကျ ဆိုထားပေသည်။

(၄) ယနေ့ အရိမေတ္တေယျဖြတ်စွာဘုရားအား ဖူးမျော်ရန် စောင့်မျော်နေကြသော ဗုဒ္ဓဘာသာဝင်များ အနေဖြင့်– မေတ္တေယျဘုရား ဆိုသည်မှာ ဘုရားအဂိါနှင့် ပြည့်စုံရမည်– ထိုဘုရားအဂိါများမှာ သင်္ခန်းဝတ်ထားရမည်၊ ဦးခေါင်းမှ ရောင်ခြည်တော်များ ထွက်နေရမည်၊ ပါဠိဘာသာ စကားဖြင့်သာ တရား ဒေသနာကို ဟောပြောရမည်၊ ငါးပါးသီလ၊ ဆယ်ပါးသီလ စသည်ဖြင့် သိက္ခာပုဒ်ပေါင်း မည်မျှနှင့်ပြည့်စုံရမည်၊ စသည်ဖြင့် မိရိုးဖလာကြားဘူးနားဝမျှားနှင့် တိုင်းတာ နားလည်ထားကြပေသည်။ သို့သော် ထိုအချက်များကို ကိုယ်တော် ဂေါတမက သတ်မှတ်ပေးခဲ့ခြင်း မရှိချေ။ ကိုယ်တော်ဂေါမ ကိုယ်တိုင်လည်း ဦးခေါင်းမှ ရောင်ခြည်တော်များ ထွက်နေခြင်း မရှိချေ။ နောက်ပိုင်း လူသားများကသာ ဘုရားရှင်တို့ ဆိုက်ရောက် သိရှိသော ဉာဏ်တော်အား တင်စားခြင်း အားဖြင့် သဏ္ဌာန်ဖေါ် ရေးဆွဲထားခြင်းများ ဖြစ်ပေသည်။ ထို့အပြင် ကိုယ်တော် မေတ္တေယျသည် ကိုယ်တော်ဂေါတမ ပွင့်ပေါ်ခဲ့ရာ ဟိမဝန္တာ ပတ်ဝန်းကျင်တွေ့ မွေးဘွား ပွင့်ပေါ်ရမည်ဟုလည်း ခံစားချက်များ ရှိနေပေသည်။ (ကိုယ်တော်ဂေါတမသည်လည်း ဟိမဝန္တာ ခြေရင်းတွင် မွေးဘွားခဲ့သည်ဟု ခိုင်မာသော အထောက်အထား အားနည်းလှသည်)

ကိုယ်တော်မေတ္တေယျသည် မင်းကြီးသခါ ပေါ်ထွန်းခဲ့ရာ ပင်လယ်လေးတန် ဝိုင်းရံ ထားသည့် ဇမ္ဗူဒီပါ ကျွန်း၌၊ ပေါ်ထွန်းမည်ဟုလည်းကောင်း၊ ထို မင်းကြီးသခါသည် ရှေးပဝေဏီမှပင် ရှိခဲ့သော ပြဿဒ် (အဆောက်အဦး)တော်ကြီး ရှိရာ၌ပေါ်ပေါက်ခဲ့သည်ဟု လည်းကောင်း စတ္တာဝတ္တိသုတ်တွင် ဆိုထားပေသည်။ ထိုအချက် နှစ်ချက်လုံးသည် ကိုယ်တော်မုဟမ္မဒပွင့်ပေါ်ရာ အာရေဗျကျွန်းဆွယ်နှင့် မက္ကာဟ်ရှိ ကအ်ဘာ ဝတ်ပြုကျောင်း တော်ကြီး အားဖြင့် ကိုက်ညီလျက်ရှိပေသည်။ ကာအ်ဘာ ဝတ်ပြုကျောင်းတော်ကြီးသည် ရှေးပဝေဏီကပင် ရှိနေခဲ့သော ကျောင်းတော်ကြီး ဖြစ်ပေသည်။

ထို့ပြင် အရေးအကြီးဆုံး ကွဲလွဲသည်ဟု ထင်ရသော အချက်မှာ– ကိုယ်တော်မေတ္တေယျသည် လူ့သက်တမ်း ရှစ်သောင်းတွင်မှ ပွင့်ပေါ်ရမည်ဟု သည့် အချက်ပင်ဖြစ်သည်။ လောက ယုတ္တိဗေဒနှင့် တိုင်းတာလျှင် လူ့သက်တမ်း ရှစ်သောင်း ဆိုသည်မှာ မဖြစ်နိုင်ပေ။ ကိုယ်တော် ဂေါတမ မတိုင်မီ ပွင့်ပေါ်ခဲ့သော ကကုသန်၊ ဂေါဏဂုံ၊ ကသဖ ဘုရားရှင်များကိုလည်း လူ့သက်တမ်း သုံးသောင်း၊ နှစ်သောင်း၊ တစ်သောင်းတွင် ပွင့်ပေါ်ခဲ့သည်ဟု ဆိုထားပေသည်၊ (ဝေပုလ္လသုတ်)။ လူ့သမိုင်း တစ်လျှောက်တွင် လူသားများသည် သက်တမ်းအားဖြင့် သုံးသောင်း၊ နှစ်သောင်း၊ တစ်သောင်း ဟူ၍ နေသွားသော လူသားများ မရှိခဲ့ချေ။ အလားတူပင် ဤကမ္ဘာ၌ လူ့သက်တမ်း ရှစ်သောင်း နေရမည့် လူမျိုးဟူ၍ကား လုံးဝ ဖြစ်မလာနိုင်ချေ။ အထူးသဖြင့်– ကိုယ်တော် မေတ္တေယျပွင့်ပေါ်မည့် ခေတ်ကာလသည် ရှင်ဘုရင်များ ဆင်ရဲတနာ မြင်းရတနာနှင့် တိုင်းခန်းလှည့်လည်သော ကာလ ဖြစ်ကြောင်း အဆိုပါ သုတ်တော်၌ အတိအကျ ဆိုထားရာ– ယခုခေတ်ကဲ့သို့ နိုင်ငံတော် အကြီးအကဲများ လေယာဉ်ဖြင့်၊ ကားဖြင့် တိုင်းခန်းလှည့်လည်နေသော ကာလထက် မြောက်များစွာ ရှေးကျနေပေသည်။ အကယ်၍ နောက်ထပ် နှစ်ပေါင်းများစွာ ကြာမြင့်၍ လူသားများ သက်တမ်း ရှစ်သောင်း ထိနေရမည့်ကာလတွင် လူသားများ အနေဖြင့် အခြားဂြိုလ်များကိုပါ သွားလာနေနိုင်ပြီ ဖြစ်လိမ့်မည်၊ ဆင်ရဲတနာ မြင်းရတနာများကို မည်သို့မှ အသုံးပြုတော့မည် မဟုတ်ချေ။ ထို့ကြောင့် ကိုယ်တော်မေတ္တေယျသည် ယခုခေတ်ထက် နောက်ကျသော ပိုမိုတိုးတက်လာသော ကာလများတွင်မှ ပွင့်ပေါ်မည်ဆိုသည်မှာ လွန်စွာ မှားယွင်းသော တွေးထင်မှုသာ ဖြစ်ပေသည်။ ကိုယ်တော် မုဟမ္မဒ် ပွင့်ပေါ်ခဲ့သော် ခေတ်ကာလသည်သာ တိုင်းပြည် တိုင်းမှ ရှင်ဘုရင်များမှာ ဆင်ရဲတနာ၊ မြင်းရတနာ အစီးအနင်း သတ္တဝါများကို စီးနင်းသော ခေတ်ကာလ ဖြစ်ပေသည်။

လူ့သက်တမ်းများကို သောင်းနှင့် ချီ၍ ပြောဆိုခြင်းမှာ ထိုဘုရားရှင်များ ကိုယ်စားပြုသော လူမျိုး၊ သို့မဟုတ် ထိုဘုရားရှင်များ ပွင့်ပေါ်ရာ ဒေသမှ လူမျိုးများ၏ ယဉ်ကျေးမှုထွန်းကားသည့် သက်တမ်းကာလ ရှည်လျားမှုကိုသာ ကိုယ်စားပြုပေသည်။ ထိုအကြောင်းကို ဘုရားရှင် ရှင်ဂေါမ မပွင့်မီ လူ့သက်တမ်း တစ်သောင်းနေရသည့် ခေတ်ကာလက ကသဖ ဘုရားရှင် ပွင့်ခဲ့သည်ဟု ဆိုသော်လည်း ကသဖ ဘုရားရှင်သည်– ကောသလတိုင်း၌ ပွင့်ပေါ်ခဲ့ကြောင်း ထိုအရပ်ထိုဒေသကို ကိုယ်တော် ဂေါတမက သူ၏ တပည့်သာဝကတို့အား လက်ညှိုးထိုးညွှန်ပြခဲ့ကြောင်း အင်္ဂုတ္တိရ် နိကာယ်၊ ဂဝေသီ သုတ်၌ ဆိုထားခြင်းဖြင့် နားလည်နိုင်ပေသည်။ ထိုသုတ်တော်တွင် ကိုယ်တော် ဂေါတမက "အာနန္ဒာ– ရှေးအခါက၊ ဤအရပ်၌ မြို့ဖြစ်ဘူး၏၊ ပြည့်လည်းပြည့်စုံ၏၊ ကြွယ်လည်းကြွယ်ဝ၏၊ လူမျိုးစုရောပြွန်းသည် ဖြစ်၍ များစွာသော လူရှိ၏။------ ထိုအရပ်၌ ကသဖ မြတ်စွာဘုရားသည် ပွင့်ပေါ်ခဲ့၏။"ဟု ဆိုထားပေသည်။

ထိုစကားမှ– ရှေးအခါမှ ဆိုသည်မှာ လူ့သက်တမ်း တစ်သောင်းနေသော လူမျိုးကို ကိုယ်စား မပြုပေ။ အထူးသဖြင့် ဤအရပ်ဟု ညွှန်ကြားပြခံရသော နေရာသည်၊ နှစ်ပေါင်းများစွာက ပျက်သွားသော မြို့ပျက်နှင့် ဤကမ္ဘာမြေမှ ဤအရပ်ကိုသာ ကိုယ်စားပြုပေသည်။ ထိုမျိုးဆက် ထိုလူသားတို့၏ ယဉ်ကျေးမှု တိမ်ကောသွားခြင်းကိုသာ ကိုယ်စားပြုပေသည်။ ထိုခေတ်ထိုအခါမှ မြို့ပြဆိုသည်များမှာ ယခုခေတ်ကဲ့သို့ ကြာမြင့်စွာ တည်တံ့နေခြင်း မရှိခဲ့ပေ၊ ထို့ကြောင့် ကိုယ်တော်ဂေါမ ညွှန်ပြသော အရပ်၏ သဘောအား သမိုင်းပညာနှင့် ယုတ္တိဗေဒ ရှုဒေါင့်မှကြည့်လျှင် နှစ် ငါးရာ တစ်ထောင်ထက် မကျော်လွန်နိုင်ပေ။ မြန်မာ့သမိုင်းတွင် တည်ရှိခဲ့သော လွန်ခဲ့သော နှစ်တစ်ထောင်ကျော်မှ မြို့ပြဟောင်းများသည် ယခုအချိန်တွင် ပျောက်ဆုံး တိမ်ကောသွားကဲ့သို့သာ ဖြစ်ပေတော့သည်။

ကျမ်းမြတ်ကုရ်အာန် အရ– လူသားဘုရား ဆိုသည်မှာ မိရိုးဖလာ အမိုက်မှောင်တွင်းမှ လူသားတို့အား ကယ်တင်လမ်းပြသော လူသားခေါင်းဆောင်များသာ ဖြစ်ပေသည်။ ကိုယ်တော်မုဟမ္မဒ်သည် ကိုယ်တော်ဂေါတမ အပါအဝင် ကမ္ဘာပေါ်၌ ပွင့်ပေါ်ခဲ့သမျှသော ပညတ်ဘုရားအပေါင်း၏ အခြေခံကျသော လူ့စည်းကမ်း၊ လူ့ကျင့်ဝတ်နှင့် ဉာဏ်စဉ်ရေးရာ ရင့်သန်မှုများကိုသာ ဟောပြောသွန်သင်ခြင်းဖြင့် လူသားတို့အား လမ်းပြခဲ့သူ ဖြစ်ပေသည်။ ကမ္ဘာ့သမိုင်းတွင်လည်း နောက်ဆုံးပွင့်ပေါ်သော လူသားပညတ်ဘုရားရှင်မှာ ကိုယ်တော် မုဟမ္မဒ်သာလျှင် ဖြစ်ပေတော့သည်။

နောက်ဆုံးအနေဖြင့်– ကိုယ်တော်မုဟမ္မဒ်သည် စစ်တိုက်ခဲ့သူ ဖြစ်သည်၊ သို့မဟုတ် စစ်ဥပဒေများကို ပညတ်ခဲ့သူဖြစ်သည်၊ ထိုအင်္ဂါရုပ်များသည် ဘုရားဖြစ်ခြင်း ဂုဏ်အင်္ဂါနှင့် မကိုက်ညီဟု– ပြောဆို စွပ်စွဲချက်မျိုး ရှိပေသည်။ ထိုအချက်သည် ပိဋကတ်တော်အား မနှံ့စပ်ဘဲလျက် ဂရုမမူသီလအား ဗဟိုပြုထားသော မိရိုးဖလာဝါဒီများ အတွက် ကိုယ်တော်မုဟမ္မဒ်အား နားလည်ရန် အခက်ဆုံး အချက် ဖြစ်ပေသည်။ သို့သော် ပိဋကတ်တော်အရ ကိုယ်တော် ဂေါတမသည် လူသားအပေါင်းအတွက် တရားသောစစ်၊ ငြိမ်းချမ်းရေးကို ကာကွယ်သောစစ်များကို မကန့်ကွက် မရှုံ့ချခဲ့ချေ။ သူ၏ တပည့် သာဝက ရဟန်းသံဃာများကိုပင် စစ်သည် သူရဲကောင်းများနှင့် မကြခဏ ဥပမာပုံဆောင်လေ့ရှိပေသည်။ အဂိုတ္တိရုပါဠိ ဒုတိယယောဓာဇီဝ သုတ်နှင့် အခြားနေရာပေါင်း များစွာတွင် ပါဝင်ပေသည်။ ထိုသို့ ပမာဆောင်လေသမျှတွင် သူရသတ္တိနှင့်ပြည့်စုံသော၊ ရဲစွမ်းသတ္တိရှိသော၊ မဆုတ် မနစ်ကျိုးစားသော စစ်သူရဲကောင်းများကို ဇွဲမလျှော့တမ်း အပတ်တကုတ်ကြိုးစားသည့် အဆင့်မြင့် ရဟန္တာကြီးများနှင့် ပမာပေးလေ့ရှိပေသည်။ အကယ်၍ ထိုသူရဲကောင်းများကို ရာဇဝတ်ကောင်များဟု သတ်မှတ်သော်က ထိုသို့ ဂုဏ်တင် ဥပမာပေးမည် မဟုတ်ချေ။

ထို့ပြင် ကိုယ်တော် မုဟမ္မဒ်သည် နောက်ဆုံးပွင့်ဖြစ်သည့် အလျောက်၊ လူသား အားလုံးအတွက် ရှုဒေါင့်မျိုးစုံမှ စံပြ အဖြစ် ပြီးပြည့်စုံသော တရားတော်ကို ကိုယ်တိုင်လက်တွေ့ အကောင်အထည် ဖော်ပြရမည်ပင်၊ သို့မှသာ ထိုတရားတော်သည် ပြည့်စုံသည် မည်ရန်ရှိ၏။ ဘုန်းကြီးရဟန်း ဘာသာရေး လူတန်းစား တစ်ရပ်အတွက်သာ စံပြဖြစ်နေပါက– ထိုတရားတော်သည် ပြီးပြည့်စုံခြင်း ရှိမည် မဟုတ်ချေ။ သို့ဖြစ်၍ ကိုယ်တော်မုဟမ္မဒ် အနေဖြင့် ဆင်းရဲသားဘဝ၊ ကြွယ်ဝချမ်းသာသူ ဘဝ၊ ၊ တရားဟောဆရာ ဘဝ၊ ကုန်သည် ပွဲစားဘဝ၊ သားသမီးဘဝ၊ မိဘဘဝ၊ အိမ်ထောင်ရှင်ဘဝ၊ မုဆိုးဖိုဘဝ၊ သာမန်ပြည်သူဘဝ၊ အုပ်ချုပ်သူ မင်းဘဝ၊ စစ်နိုင်သူ ဘဝ၊ စစ်ရှုံးသူဘဝ၊ လူနာဘဝ၊ ဆေးဆရာဘဝ စသည်ဖြင့် ဘဝပေါင်းများစွာကို ကူးပြောင်းလျက် စံပြ အဖြစ် ရပ်တည်ခဲ့ရပေသည်။ သို့မဟုတ်က ငြိမ်းချမ်းရေးအတွက် ကာကွယ်နည်း– စစ်နိုင်နေလင့် ကစား အလျော့ပေး၍ ငြိမ်းချမ်းရေး စာချုပ်ချုပ်နည်း၊ မဟာမိတ်ဆက်ဆံနည်း၊ မဟာမိတ်အပေါ် သစ္စာစောင့်သိနည်း၊ တိုင်းသူပြည်သားများအား အုပ်ချုပ်နည်း၊ အယူမတူ သူများအပေါ် မေတ္တာထား စောင့်ရှောက်နည်း၊ အမျိုးသမီး ကလေးသူငယ်များ၏ ဘဝကို ကာကွယ်စောင့်ရှောက်နည်း၊ အာဏာရှင်စနစ်ကို တိုက်ဖျက်နည်း၊ မိရိုးဖလာ အမှောင်ခေတ်မှ လူသားများကို ကယ်ထုတ်နည်း၊ နောက်လိုက်အများ၏ စိတ်နေစိတ်ထား မျိုးစုံ၏ဒဏ်ကို သည်းခံနည်း၊ စသည်တို့၏ စံပြအဖြစ် လောကဘ္ဝ အတုယူစရာ စံပြခေါင်းဆောင် (ဘုရား)ဟူ၍ ရှိတော့မည် မဟုတ်ချေ။

ကိုယ်တော်မုဟမ္မဒ်သည် နောက်ဆုံးပွင့် ဘုရားဟူသည်ကိုကား မည်သူ၏ ဖုံးကွယ်မှောင်ချထားကြောင့်မျှ ပျောက်ပျက်နိုင်မည် မဟုတ်ချေ။ ကိုယ်တော်အား ဖူးမျော်ရန်စောင့်နေခြင်းသည် ကိုယ်တော်၏ တရားဒေသနာအား နာယူရန် စောင့်စားနေခြင်းနှင့် တူသည် ဖြစ်ရာ၊ ကိုယ်တော်အား ဉာဏ်စဉ်ကိန်းဝပ်ခြင်းဖြင့် ရွှတ်အံခဲ့သော ဤကုရ်အာန်ကျမ်းတော်အား ဖတ်မှတ်နာယူနိုင်ခြင်းသည် ကိုယ်တော်အား ဖူးမျော်ရသည် မည်ပေသည်။ တရားကို မသိလျှင် ဘုရားကို မသိနိုင်ဟု ကိုယ်တော်ဂေါတမ၏ အဆုံးအမကဲ့သို့ပင်။

ဓမ္မခန္ဓာ (၄၈) ထွက်ရပ်လမ်း (အာလ် ဖတ်ဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၁၁)၊ သုတ်ဒေသနာ (၂၉)ပါး–

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။	**إِنَّا فَتَحْنَا لَكَ فَتْحًا مُّبِينًا ۞** သင့်အား ရှင်းလင်းထင်ရှားသော ထွက်ရပ်လမ်းအား ထွက်ရပ်ပေါက်စေခြင်းမှာ–
၂။	**لِيَغْفِرَ لَكَ اللَّهُ مَا تَقَدَّمَ مِن ذَنبِكَ وَمَا تَأَخَّرَ وَيُتِمَّ نِعْمَتَهُ عَلَيْكَ وَيَهْدِيَكَ صِرَاطًا مُّسْتَقِيمًا ۞** ပရမတ်ဘုရားရှင်သည် သင်၏ စုံရပ်ခံခဲ့မှုနှင့် အနာဂါတ် ပြစ်မှုများကို လွှတ်ငြိမ်းစေရန်၊ သင့်အပေါ်၌ ဂုဏ်ပေးမှုကို ပြည့်စုံစေရန်၊ သင့်အား မြဲမြံတည်တံ့သော လမ်းစဉ်သို့ ညွှန်တော်မူရန် ဖြစ်၏။
၃။	**وَيَنصُرَكَ اللَّهُ نَصْرًا عَزِيزًا ۞** ပရမတ်ဘုရားရှင်သည် သင့်အား ဘုန်းကံတက်ရန် ကူညီမှုဖြင့် ကူညီတော်မူလတ္တံ့။
၄။	**هُوَ الَّذِي أَنزَلَ السَّكِينَةَ فِي قُلُوبِ الْمُؤْمِنِينَ لِيَزْدَادُوا إِيمَانًا مَّعَ إِيمَانِهِمْ وَلِلَّهِ جُنُودُ السَّمَاوَاتِ وَالْأَرْضِ وَكَانَ اللَّهُ عَلِيمًا حَكِيمًا ۞** ထို အရှင်သည် ယုံကြည်သူတို့၏ နှလုံးသား၌ ယုံကြည်ချက်ကို ထပ်လောင်း ယုံကြည်ချက် တိုးပွားစေရန် စိတ်တည်ငြိမ်ခြင်းကို ချမှတ်ပေးတော်မူ၏။ မိုးများနှင့် မြေကမ္ဘာရှိ စစ်သည်အပေါင်းသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ပရမတ်ဘုရားရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၅။	**لِيُدْخِلَ الْمُؤْمِنِينَ وَالْمُؤْمِنَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا وَيُكَفِّرَ عَنْهُمْ سَيِّئَاتِهِمْ وَكَانَ ذَلِكَ عِندَ اللَّهِ فَوْزًا عَظِيمًا ۞** ယုံကြည်သူ၊ ယုံကြည်သူမတို့အား အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်များသို့ ဝင်စေ၍ ထို၌ အစဉ်စံစားစေမည်ပင်၊ သူတို့၏ အကုသိုလ်များကို ဖုံးကွယ်ပေးမည်ပင်၊ ယင်းသည် ပရမတ်ဘုရားရှင်၏ ထံတော်မှ မဟာ အောင်ပွဲပင် ဖြစ်၏။
၆။ ၃း၁၅၇ ☆၁း၇ ★၂း၁၉	**وَيُعَذِّبَ الْمُنَافِقِينَ وَالْمُنَافِقَاتِ وَالْمُشْرِكِينَ وَالْمُشْرِكَاتِ الظَّانِّينَ بِاللَّهِ ظَنَّ السَّوْءِ عَلَيْهِمْ دَائِرَةُ السَّوْءِ وَغَضِبَ اللَّهُ عَلَيْهِمْ وَلَعَنَهُمْ وَأَعَدَّ لَهُمْ جَهَنَّمَ وَسَاءتْ مَصِيرًا ۞** **သီလကြောင်များ၊ သီလကြောင်မများ၊** ရောပြွန်းကိုးကွယ်သူများ၊ ရောပြွန်းကိုးကွယ်သူမများအား ဝဋ်ကြွေးသင့်နိုင်ရာ၏။ သူတို့သည် ပရမတ်ဘုရားရှင်အပေါ်၌ အကုသိုလ် စဉ်းစားချက်ဖြင့် စဉ်းစားသူများဖြစ်၏။ သူတို့အား ရုံးတင်ခံရခြင်း အကုသိုလ်သင့်စေပြီ။ ပရမတ်ဘုရားရှင်ထံမှ ကံကြီးသင့်စေပြီ။☆ သူတို့အပေါ်သို့ မေတ္တာဝေးစေပြီ။★ သူတို့အတွက် ငရဲဘုံနှင့် အကုသိုလ် ပန်းတိုင်ကို တွက်ချက်ပြင်ဆင်ထားပေပြီ။
၇။	**وَلِلَّهِ جُنُودُ السَّمَاوَاتِ وَالْأَرْضِ وَكَانَ اللَّهُ عَزِيزًا حَكِيمًا ۞**

	မိုးများနှင့် မြေကမ္ဘာရှိ စစ်သည်အပေါင်းသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၈။	**إِنَّا أَرْسَلْنَاكَ شَاهِدًا وَمُبَشِّرًا وَنَذِيرًا۞** ဇကန်ပင် သင့်အား သက်သေတော်၊ သတင်းကောင်းပါးသူ သတိပေးသူ အဖြစ် ငါ စေစားခြင်းမှာ–
၉။	**لِتُؤْمِنُوا بِاللَّهِ وَرَسُولِهِ وَتُعَزِّرُوهُ وَتُوَقِّرُوهُ وَتُسَبِّحُوهُ بُكْرَةً وَأَصِيلًا۞** ပရမတ်ဘုရားရှင်နှင့် အရှင့်ဉာဏ်စဉ်ဆောင်အား သင်တို့ ယုံကြည်စေရန်၊ သူ့အား လေးစားဂုဏ်ပေးရန်၊ အလေးအနက်ထားစေရန် ဖြစ်၏။ နံနက်နှင့် နေကျချိန်၌ အရှင့်အား သင်တို့ ဦးထိပ်ထားစေရန်လည်း ဖြစ်၏။
၁၀။	**إِنَّ الَّذِينَ يُبَايِعُونَكَ إِنَّمَا يُبَايِعُونَ اللَّهَ يَدُ اللَّهِ فَوْقَ أَيْدِيهِمْ فَمَن نَّكَثَ فَإِنَّمَا يَنكُثُ عَلَى نَفْسِهِ وَمَنْ أَوْفَى بِمَا عَاهَدَ عَلَيْهُ اللَّهَ فَسَيُؤْتِيهِ أَجْرًا عَظِيمًا۞** သင့်ထံ၌ ကတိသစ္စာပြုသော သူများသည် ပရမတ်ဘုရားရှင်၏ ထံ၌ ကတိသစ္စာပြုသူ မည်၏။ ပရမတ်ဘုရားရှင်၏ လုပ်ပိုင်ခွင့်တော်အား သူတို့၏ လက်များ အပေါ်၌ ပေးအပ်သည် မည်၏။ သစ္စာဖေါက်ဖျက် သူသည် သူ့ ဥဉ်စရိုက်အတွက် ဖေါက်ဖျက်ခြင်းသာ ဖြစ်၏။ ပရမတ်ဘုရားရှင်နှင့်အတူ ပဋိညာဉ်အား ပြီးပြည့်စေသူ– သူ့အား အရှင်က မဟာဆုလဒ်ကြီးကို ပေးတော်မူလတ္တံ့။
၁၁။	**سَيَقُولُ لَكَ الْمُخَلَّفُونَ مِنَ الْأَعْرَابِ شَغَلَتْنَا أَمْوَالُنَا وَأَهْلُونَا فَاسْتَغْفِرْ لَنَا يَقُولُونَ بِأَلْسِنَتِهِم مَّا لَيْسَ فِي قُلُوبِهِمْ قُلْ فَمَن يَمْلِكُ لَكُم مِّنَ اللَّهِ شَيْئًا إِنْ أَرَادَ بِكُمْ ضَرًّا أَوْ أَرَادَ بِكُمْ نَفْعًا بَلْ كَانَ اللَّهُ بِمَا تَعْمَلُونَ خَبِيرًا۞** သင့်နောက်တွင် ချန်နေခဲ့သော ကန္တာရတိုင်းရင်းသားတို့က သင့်အား ပြောကြမည်မှာ “ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်းများ၊ ဝိုင်းသားများဖြင့် ကျွန်ုပ်တို့ အလုပ်ရှုပ်နေ၏၊ သို့ဖြစ်၍ ကျွန်ုပ်တို့အတွက် လွှတ်ငြိမ်းခွင့်ပန်ပေးပါ။”ဟု ဖြစ်၏။ သူတို့သည် နှလုံးသား၌ မရှိသည်ကို လျှာဖျားမှ ပြောဆိုကြ၏။ ဟောလော့ “အကယ်၍ ပရမတ်ဘုရားရှင်သည် သင်တို့အား တစ်စုံတစ်ရာ အဆိုးဖြစ်စေလိုသော်၊ သို့မဟုတ် အကျိုးဖြစ်စေလိုသော် မည်သူက စိုးမိုးချုပ်ကိုင်ထားနိုင်သနည်း၊ အမှန်မှာ ပရမတ်ဘုရားရှင်သည် သင်တို့ ကျင့်ကြံသမျှကို သတင်းသိနေတော်မူ၏။–
၁၂။	**بَلْ ظَنَنتُمْ أَن لَّن يَنقَلِبَ الرَّسُولُ وَالْمُؤْمِنُونَ إِلَى أَهْلِيهِمْ أَبَدًا وَزُيِّنَ ذَلِكَ فِي قُلُوبِكُمْ وَظَنَنتُمْ ظَنَّ السَّوْءِ وَكُنتُمْ قَوْمًا بُورًا۞** အမှန်မှာ ဉာဏ်စဉ်တော်ဆောင်နှင့် ယုံကြည်သူတို့သည် သူတို့၏ ဝိုင်းသားများထံသို့ မည်သည့်အခါမျှ ဦးလှည့်လာတော့မည် မဟုတ်ဟု စဉ်းစားနေကြ၍– ယင်းသည် သင်တို့၏ နှလုံးသားများကို ဖမ်းစားစေကြ၏။ သင်တို့သည် အကုသိုလ် စဉ်းစားချက်ကိုသာ စဉ်းစားနေကြ၏၊ သင်တို့သည် ပျက်စီးကြေမွရမည့် လူမျိုးသာ ဖြစ်၏။”
၁၃။	**وَمَن لَّمْ يُؤْمِن بِاللَّهِ وَرَسُولِهِ فَإِنَّا أَعْتَدْنَا لِلْكَافِرِينَ سَعِيرًا۞** ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား မယုံကြည်သောသူ၊ ထိုဖုံးကွယ်မှောင်ချသူတို့ အတွက် ငါအရှင်သည် မီးလောင်စာကို ပြင်ဆင်ထား၏။
၁၄။	**وَلِلَّهِ مُلْكُ السَّمَاوَاتِ وَالْأَرْضِ يَغْفِرُ لِمَن يَشَاء وَيُعَذِّبُ مَن يَشَاء وَكَانَ اللَّهُ غَفُورًا رَّحِيمًا۞** မိုးများနှင့် မြေကမ္ဘာအား အစိုးရခြင်းသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် စံချိန်ပြည့်မှီသူအလျောက် လွှတ်ငြိမ်းစေ၍၊ စံချိန်ပြည့်မှီသူအလျောက် သူ့အား ဝဋ်ကြွေးသင့်စေ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွှတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။

၁၅။	**سَيَقُولُ الْمُخَلَّفُونَ إِذَا انطَلَقْتُمْ إِلَى مَغَانِمَ لِتَأْخُذُوهَا ذَرُونَا نَتَّبِعْكُمْ يُرِيدُونَ أَن يُبَدِّلُوا كَلَامَ اللَّهِ قُل لَّن تَتَّبِعُونَا كَذَٰلِكُمْ قَالَ اللَّهُ مِن قَبْلُ فَسَيَقُولُونَ بَلْ تَحْسُدُونَنَا بَلْ كَانُوا لَا يَفْقَهُونَ إِلَّا قَلِيلًا۞**
	သင်သည် စစ်လျော်ကြေး သိမ်းဆည်းနိုင်ရာသို့ ထွက်ခွာသော် သင့်နောက်တွင် ချန်နေခဲ့သော သူတို့က “ကျွန်ုပ်တို့သည် သင်တို့နှင့် လိုက်ပါရစေ”ဟု ပြောကြ၏။ သူတို့သည် ပရမတ်ဘုရားရှင်၏ ဓမ္မတော်အား လွှဲပြောင်းလိုကြ၏။ ဟောလော့ “ကျွန်ုပ်တို့နောက်သို့ မလိုက်ကြနှင့်၊ ဤသည် ပရမတ်ဘုရားရှင်၏ ရှေ့ပြေး စကားတော် ဖြစ်၏။” သို့သော် သူတို့က “အမှန်မှာ၊ သင်သည် ကျွန်ုပ်အား မနာလိုဖြစ်နေခြင်းပင်၊”ဟု ပြောကြလတ္တံ့။ အမှန်မှာ သူတို့သည် အနည်းငယ်မျှပင် နားလည်မှု မရှိကြချေ။
၁၆။	**قُل لِّلْمُخَلَّفِينَ مِنَ الْأَعْرَابِ سَتُدْعَوْنَ إِلَى قَوْمٍ أُولِي بَأْسٍ شَدِيدٍ تُقَاتِلُونَهُمْ أَوْ يُسْلِمُونَ فَإِن تُطِيعُوا يُؤْتِكُمُ اللَّهُ أَجْرًا حَسَنًا وَإِن تَتَوَلَّوْا كَمَا تَوَلَّيْتُم مِّن قَبْلُ يُعَذِّبْكُمْ عَذَابًا أَلِيمًا۞**
	သင့်နောက်တွင် ချန်နေခဲ့သော ကန္တာရတိုင်းရင်းသားတို့အား ဟောလော့ “ပြင်းထန်စွာ တိုက်ခိုက်နိုင်စွမ်း ရှိသော လူမျိုးအား– သူတို့ ငြိမ်းချမ်းရေးကမ်းလှမ်းစေရန် သို့မဟုတ် သူတို့အား ခုခံတော်လှန်ရန် သင်တို့အား ဖိတ်ခေါ်ခြင်းကို သင်တို့ နာခံကြလျှင် ပရမတ်ဘုရားရှင်က သင်တို့အား တင့်တယ်သော ဆုလဒ် ချီးမြှင့်တော်မူလတ္တံ့။ သို့သော် သင်တို့သည် ရှေ့အလျင်က လှည့်သွား သကဲ့သို့ လှည့်သွားခဲ့လျှင် သင်တို့အပေါ်၌ စူးနစ်နာကျင်သော ဝဋ်ကြွေးဖြင့် ဝဋ်ကြွေးသည် သင့်လတ္တံ့။
၁၇။	**لَيْسَ عَلَى الْأَعْمَىٰ حَرَجٌ وَلَا عَلَى الْأَعْرَجِ حَرَجٌ وَلَا عَلَى الْمَرِيضِ حَرَجٌ وَمَن يُطِعِ اللَّهَ وَرَسُولَهُ يُدْخِلْهُ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ وَمَن يَتَوَلَّ يُعَذِّبْهُ عَذَابًا أَلِيمًا۞**
	မျက်မမြင်တို့ကို ခက်ခဲမှု မရှိစေသင့်၊ တက်ရောက်သူများကို မခက်ခဲစေသင့်၊ ဖျားနာနေသူများကို မခက်ခဲစေသင့် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား နာခံသူအား အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသည့် ဥယျာဉ်ဘုံများသို့ ဝင်ရစေမည်ပင်၊ ဘက်လှည့် သူသည်သာ စူးနစ်နာကျင်သော ဝဋ်ကြွေးဖြင့် ဝဋ်ကြွေးသင့်ခံရလတ္တံ့။
၁၈။ ဗောဓိ ၄၈၂	**لَّقَدْ رَضِيَ اللَّهُ عَنِ الْمُؤْمِنِينَ إِذْ يُبَايِعُونَكَ تَحْتَ الشَّجَرَةِ فَعَلِمَ مَا فِي قُلُوبِهِمْ فَأَنزَلَ السَّكِينَةَ عَلَيْهِمْ وَأَثَابَهُمْ فَتْحًا قَرِيبًا۞**
	ယုံကြည်သူတို့သည် သင့်အား **သစ်ပင်**အောက်၌ ကတိသစ္စာပြုသော အခါ၊ ပရမတ်ဘုရားရှင်သည် သူတို့အား ကျေနပ်တော်မူ၏။ အရှင်သည် သူတို့၏ စိတ်နှလုံးကို သိနေတော်မူ၍၊ တည်ငြိမ်အေးချမ်းခြင်းကို ချမှတ်ပေးတော်မူ၏။ သူတို့အပေါ်၌ ကုသိုလ်ဆက်ရှိ၍ ထွက်ရပ်ပေါက်ခြင်း နီးကပ်လာနေ၏။
၁၉။	**وَمَغَانِمَ كَثِيرَةً يَأْخُذُونَهَا وَكَانَ اللَّهُ عَزِيزًا حَكِيمًا۞**
	သူတို့သည် စစ်လျော်ကြေး များစွာ သိမ်းဆည်းရလတ္တံ့၊ ပရမတ်ဘုရားရှင်သည်ကား ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၂၀။ လုပ်ပိုင်ခွင့်	**وَعَدَكُمُ اللَّهُ مَغَانِمَ كَثِيرَةً تَأْخُذُونَهَا فَعَجَّلَ لَكُمْ هَٰذِهِ وَكَفَّ أَيْدِيَ النَّاسِ عَنكُمْ وَلِتَكُونَ آيَةً لِّلْمُؤْمِنِينَ وَيَهْدِيَكُمْ صِرَاطًا مُّسْتَقِيمًا۞**
	သင်တို့သည် စစ်လျော်ကြေး များစွာ သိမ်းဆည်းရလတ္တံ့ဟု ပရမတ်ဘုရားရှင်က ကတိထားတော်မူ၏။ လူသားတို့၏ **လက်**များကို သင်တို့က အလျင်အမြန် ချုပ်ကိုင်နိုင်စေ၍၊ ယုံကြည်သူတို့အတွက် သက်သေနိမိတ် ဖြစ်စေ၏။ သင်တို့အား မြဲမြံတည်တံ့သော လမ်းစဉ်သို့ ညွှန်တော်မူ၏။

၂၁။	**وَأُخْرَى لَمْ تَقْدِرُوا عَلَيْهَا قَدْ أَحَاطَ اللَّهُ بِهَا وَكَانَ اللَّهُ عَلَى كُلِّ شَيْءٍ قَدِيرًا۞** သင်တို့ စည်းမကြပ်နိုင်သော အခြားသူတို့အား၊ မုချပင် ပရမတ်ဘုရားရှင်သည် သူတို့အား ဝန်းရံထားတော်မူ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၂၂။ ရန်သူများ	**وَلَوْ قَاتَلَكُمُ الَّذِينَ كَفَرُوا لَوَلَّوُا الْأَدْبَارَ ثُمَّ لَا يَجِدُونَ وَلِيًّا وَلَا نَصِيرًا۞** **ဖုံးကွယ်သော သူတို့**သည် သင်တို့အား တိုက်ခိုက်ခဲ့လျှင်လည်း သူတို့သည် နောက်လှည့်ပြေးကြမည်သာတည်း၊ သူတို့အတွက် ကူညီမည့်သူ မဟာမိတ်ဟု တွေ့ရမည် မဟုတ်ချေ။
၂၃။	**سُنَّةَ اللَّهِ الَّتِي قَدْ خَلَتْ مِن قَبْلُ وَلَن تَجِدَ لِسُنَّةِ اللَّهِ تَبْدِيلًا۞** ရှေ့အလျှင် အတိတ်ကပင် ရှိနေသော ပရမတ်ဘုရားရှင်၏ နိယာမ၊ ပရမတ်ဘုရားရှင်၏ နိယာမသည် အလွဲအပြောင်း ဟူ၍ တွေ့ရမည် မဟုတ်ချေ။[၉၈]
၂၄။ ဝမ်းတွင်း	**وَهُوَ الَّذِي كَفَّ أَيْدِيَهُمْ عَنكُمْ وَأَيْدِيَكُمْ عَنْهُم بِبَطْنِ مَكَّةَ مِن بَعْدِ أَنْ أَظْفَرَكُمْ عَلَيْهِمْ وَكَانَ اللَّهُ بِمَا تَعْمَلُونَ بَصِيرًا۞** အရှင်သည် သင့်တို့အား မက္ကာဟ် **တောင်ကြားချိုင့်ဝှမ်း**ပိုင်းကို ခြေကုပ်ယူစေပြီးနောက် သင်တို့အပေါ် သူတို့၏ လက်များကို ဟန့်တားထား၍၊ သင်တို့၏ လက်များကိုလည်း သူတို့အား ဆန့်ကျင်၍ နောက်ပြန်ဆွဲထားစေသော အရှင် ဖြစ်၏၊ ပရမတ်ဘုရားရှင်သည်ကား ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။
၂၅။ ဖို့နှင့်	**هُمُ الَّذِينَ كَفَرُوا وَصَدُّوكُمْ عَنِ الْمَسْجِدِ الْحَرَامِ وَالْهَدْيَ مَعْكُوفًا أَن يَبْلُغَ مَحِلَّهُ وَلَوْلَا رِجَالٌ مُّؤْمِنُونَ وَنِسَاء مُّؤْمِنَاتٌ لَّمْ تَعْلَمُوهُمْ أَن تَطَؤُوهُمْ فَتُصِيبَكُم مِّنْهُم مَّعَرَّةٌ بِغَيْرِ عِلْمٍ لِيُدْخِلَ اللَّهُ فِي رَحْمَتِهِ مَن يَشَاء لَوْ تَزَيَّلُوا لَعَذَّبْنَا الَّذِينَ كَفَرُوا مِنْهُمْ عَذَابًا أَلِيمًا۞** ဖုံးကွယ်သော သူတို့သည် သင်တို့အား ဘေးမဲ့ ဝတ်ကျောင်းတော်မှ ဖယ်ခိုင်းကြ၏၊ အလှူဝတ္ထုများ ဘောင်ဝင်ရာသို့ **ဆိုက်ရောက်ရမည်**ကို ဝန်ဖိပိတ်နေ၏။ ထို၌ အသိမခံသော ယုံကြည်သူ အမျိုးသား ယုံကြည်သူ အမျိုးသမီးတို့သည် ရှိနေလေပြီ၊ သင်တို့ ခွဲခြားမသိသောကြောင့် သူတို့အား နင်းချေမိနိုင်၏။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မှီ သူအား

---

(၉၈) ပရမတ်ဘုရားရှင် ပြဋ္ဌာန်းထားသော လောကနိယာမသည် မည်သည့် ပညတ်ဘုရားဖြစ်သည့် လူသား ဉာဏ်စဉ်တော်ဆောင်များ မပွင့်ပေါ်မီကပင် ရှိနေပြီးဖြစ်၍– ထိုနိယာမမှာ ပြောင်းလဲသွားမည် မဟုတ်ချေ။ လူသားတို့၏ သဘာဝ ဖြစ်စေသော အာဏာလိုချင်မှု ဝါဒပြိုင်ဆိုင်မှု၊ ဂုဏ်သတင်းကျော်ဇောလိုမှုများမှာ လောကမမွှာတာများ ဖြစ်၍ မည်သည့် ပညတ်ဘုရားများ ပွင့်ပေါ် တရားချစေကာမူ ပပျောက်သွားမည် မဟုတ်၊ ရှိနေမည်သာ ဖြစ်ပေသည်၊ ထို ဂုဏ်သတ္တိများကို တရားမျှတစွာ အသုံးချနည်း အသုံးပြုနည်းများကိုသာ သွန်သင်ပေးရန် ပညတ်ပေးရန် ကိုယ်တိုင် စံပြကျင့်ဆောင်ပြရန်သာ လိုပေသည်။ ဖျောက်ဖျက်၍မရသော လူသားတို့၏ ပင်ကိုယ် ဂုဏ်သတ္တိများကို ဖျောက်ဖျက်ပယ်သတ်ရန် ကြိုးပမ်းနေခြင်းသည် အချည်းနှီးသာ ဖြစ်ကြောင်း ထို ပင်ကိုယ် ဂုဏ်သတ္တိများအား စနစ်တကျ တရားသော နည်းဖြင့် အသုံးပြုတတ်ရန်သာ အရေးကြီးကြောင်း နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ကိုယ်တော်မှဟမ္မဒ်သည် (အရိမေတ္တေယျ)က သွန်သင် စံပြရန် ပွင့်ပေါ်လာခြင်း ဖြစ်ပေသည်။ လူသား အချင်းချင်း စစ်ဖြစ်မှု အာဏာလုမှုများသည် လူသိမိုင်း စတင်ကတည်းက ရှိခဲ့၍ လူသိမိုင်း နိဂုံးချုပ်သွားသည့် အချိန်ထိ ရှိနေမည်ပင်၊ လူလူချင်း ခိုက်ရန်ဒေါသ ဖြစ်ခြင်းသည် မကောင်းဟု မည်မျှပင် သွန်သင်စေကာမူ ဥပဒေ မရှိဘဲ တရားချခြင်းသည် မည်သည့်အခါတွင်မှ အောင်မြင်မည် မဟုတ် ဆိုသည်ကို မှန်ကန်သော အမြင်ဖြင့် မြင်သင့်ပေသည်။ မေတ္တာတရားသည် အရေးကြီးသည်ဟု ဟောကြားသွန်သင်နေသော ဘာသာရေးလောကတွင်ပင် ဂိုဏ်းကွဲ၍ ရန်ဖြစ်ရမှုများ– ရဟန်းသံဃာ ဗလီဆရာများ အချင်းချင်း ကျောင်းကန်များ လုနေမှုများမှာ ထုနှင့်ဒေးနှင့် ရှိနေပေရာ လူ သာမန်လောကဆိုလျှင် ပြောရှုပင် မကုန်နိုင်တော့ပြီ။ ထိုခိုက်ရန်ဖြစ်တတ်ခြင်း– ဩဇာအာဏာ တည်ဆောက်တတ်ခြင်းဟူသည့် လူ့လောက၏ အမှန်တရားကို ပစ်ပယ်ထားခြင်းထက်– ထိုသို့ဖြစ်တတ်သော သဘာဝတွင် မည်သို့ ကိုင်တွယ် ဖြေရှင်းမည်နည်းဟူသည့် ဥပဒေကို ချမှတ်ရန် လူ့လောကအတွက် အရာရာကို ပြည့်စုံသော ပင်မကျောရိုး သီအိုရီများကို ပေးရန် နောက်ဆုံးပွင့် ပွင့်ပေါ်ခဲ့သော အရိမေတ္တေယျမှာ ကိုယ်တော် မုဟမ္မဒ်သာ ဖြစ်တော့သည်။

	အရှင်၏ ကရုဏာတွင်းသို့ ဝင်ရောက်စေလိုဇ်။ သူတို့သည် သပ်သပ်စီ ရှိနေခဲ့မှု၊ ငါအရှင်သည် ဖုံးကွယ်သော သူတို့အား စူးနစ်နာကျင်သော ဝဋ်ကြွေးဖြင့် ဝဋ်ကြွေးသင့်စေခဲ့မည်သာ။[၉၅]
၂၆။	**إِذْ جَعَلَ الَّذِينَ كَفَرُوا فِي قُلُوبِهِمُ الْحَمِيَّةَ حَمِيَّةَ الْجَاهِلِيَّةِ فَأَنزَلَ اللَّهُ سَكِينَتَهُ عَلَى رَسُولِهِ وَعَلَى الْمُؤْمِنِينَ وَأَلْزَمَهُمْ كَلِمَةَ التَّقْوَى وَكَانُوا أَحَقَّ بِهَا وَأَهْلَهَا وَكَانَ اللَّهُ بِكُلِّ شَيْءٍ عَلِيمًا۞** ဖုံးကွယ်သော သူတို့၏ နှလုံးသားတွင်း၌ ပညာမဲ့ခေတ်မှ အပူများဖြင့် ပူလောင်ရန် စီစဉ်ထားစဉ်၊ ပရမတ်ဘုရားရှင်သည် အရှင်၏ ဉာဏ်စဉ်တော်ဆောင်နှင့် ယုံကြည်သူတို့၏ အပေါ်သို့ တည်ငြိမ်အေးချမ်းခြင်းကို ချမှတ်ပေးတော်မူ၏။ သူတို့အား စည်းစောင့်ခြင်း တရားတော်ဖြင့် တွန်းအားဖြစ်စေခဲ့၏၊ သူတို့သည် ၎င်း၌ သစ္စာသော ဝိုင်းတော်သားများ ဖြစ်ကြ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏၊
၂၇။	**لَقَدْ صَدَقَ اللَّهُ رَسُولَهُ الرُّؤْيَا بِالْحَقِّ لَتَدْخُلُنَّ الْمَسْجِدَ الْحَرَامَ إِن شَاء اللَّهُ آمِنِينَ مُحَلِّقِينَ رُؤُوسَكُمْ وَمُقَصِّرِينَ لَا تَخَافُونَ فَعَلِمَ مَا لَمْ تَعْلَمُوا فَجَعَلَ مِن دُونِ ذَلِكَ فَتْحًا قَرِيبًا۞** မုချပင် ပရမတ်ဘုရားရှင်သည် ဉာဏ်စဉ်တော်ဆောင်၏ အမြင်ရမှုကို သစ္စာဖြင့် ဖြောင့်မှန်စေခဲ့၏။ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီချက်အရ သင်တို့သည် ဦးခေါင်းများကို ရိတ်လျက်၊ သို့မဟုတ် တိလျက် ယုံကြည်စိတ်ချရစွာဖြင့် ဘေးမဲ့ဝတ်ကျောင်းတော်သို့ ဝင်ရလတ္တံ့။ ကြောင့်ကြရခြင်း လုံးဝ မရှိချေ။ အရှင်သည် သင်တို့ မသိသော အရာကို သိနေတော်မူ၏။ ဤ မှလွဲ၍– အခြား နီးကပ်လာနေသည့် ထွက်ရပ်ပေါက်ခြင်းကို အရှင် စီစဉ်ပေးလတ္တံ့။
၂၈။	**هُوَ الَّذِي أَرْسَلَ رَسُولَهُ بِالْهُدَى وَدِينِ الْحَقِّ لِيُظْهِرَهُ عَلَى الدِّينِ كُلِّهِ وَكَفَى بِاللَّهِ شَهِيدًا۞** အရှင်သည် ဉာဏ်စဉ်ဆောင်အား လမ်းညွှန်တော်၊ ပရမတ္ထသစ္စာ သာသနာအားဖြင့် သာသနာ အားလုံး၏ ဖူးခြာဖြစ်စေရန် စေစားတော်မူသော အရှင် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် သက်သေအဖြစ် လုံလောက်တော်မူ၏။[၉၄]
၂၉။ ☆၄း၂	**مُّحَمَّدٌ رَّسُولُ اللَّهِ وَالَّذِينَ مَعَهُ أَشِدَّاء عَلَى الْكُفَّارِ رُحَمَاء بَيْنَهُمْ تَرَاهُمْ رُكَّعًا سُجَّدًا يَبْتَغُونَ فَضْلًا مِّنَ اللَّهِ وَرِضْوَانًا سِيمَاهُمْ فِي وُجُوهِهِم مِّنْ أَثَرِ السُّجُودِ ذَلِكَ مَثَلُهُمْ فِي التَّوْرَاةِ وَمَثَلُهُمْ فِي الْإِنجِيلِ كَزَرْعٍ أَخْرَجَ شَطْأَهُ فَآزَرَهُ فَاسْتَغْلَظَ فَاسْتَوَى عَلَى سُوقِهِ يُعْجِبُ الزُّرَّاعَ لِيَغِيظَ بِهِمُ الْكُفَّارَ وَعَدَ اللَّهُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ مِنْهُم مَّغْفِرَةً وَأَجْرًا عَظِيمًا۞** မေတ္တေယျသည်☆ ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင် ဖြစ်၏။ သူနှင့်အတူရှိသော သူတို့သည် ဖုံးကွယ်သူတို့

---

(၉၅) ကိုယ်တော်မုဟမ္မဒ်သည် လူသားအပေါင်း မျှော်လင့်စောင့်စားနေသော မေတ္တာရှင် အစစ် ဖြစ်လေသည်၊ ကိုယ်တော်သည် လူသားထု ငြိမ်းချမ်းရေးအတွက် မသူတော်များကို တော်လှန်သည့်၊ အာဏာရှင်များကို နိဂ္ဂိတ်စေသည့် စစ်ဥပဒေများကို ချမှတ်ဖေါ်ဆောင်ပေးသော်လည်း စစ်တိုက်သည် ဆိုခြင်းမှာ အနိုင်ကျင့်ရန် မဟုတ်– သူတစ်ပါးအား စော်ကားရန်မဟုတ်၊ လူထုကို ဖိနှိပ်နေသည့် လူရမ်းကားများအား ဆုံးမရန်သာ ဖြစ်စေရမည်ဟု နိုင်နင်းစွာ ပညတ်နိုင်ခဲ့သည်၊ ထိုအကြောင်းကို သုတ်တော် ၂၄–၂၅ တွင် အတိအကျ သိနိုင်ပေသည်။ သုတ်တော် ၂၄ တွင် ငြိမ်းချမ်းရေးဆောင် မွတ်ဆလင်တပ်သည် မက္ကာဟ်တောင်ကြားဒေသကို လွှမ်းမိုးအောင်နိုင်ပြီး ဖြစ်သည်၊ သို့သော် သူတို့၏ လက်များကို ရန်သူများထံ သို့ဆက်လက် တိုက်ခိုက်ရန်မှ ထိမ်းချုပ်နိုင်ခဲ့သည်။ ထိုအကြောင်းမှာ– ရန်သူများ၏ အုပ်ချုပ်မှုအောက်၌ ဖြစ်စေ၊ ရန်သူဟု သတ်မှတ်ထားသော လူသားများအတွင်း၌ ဖြစ်စေ– ငြိမ်းချမ်းရေးကို ရင်ထဲမှ မြတ်နိုးလျက် အသိမခံဘဲ လျှို့ဝှက်နေရသူများ ရှိနိုင်သည်။ ထို့ကြောင့် ရန်သူများ၏ ဘက်မှ မည်မျှပင် ရန်ရှာစော်ကားစေကာမူ မတရား တောင်းဆိုစေကာမူ ထိုလျှို့ဝှက်၍ ငြိမ်းချမ်းရေးကို မြတ်နိုးနေသူများ မထိခိုက် မနစ်နာစေရေးကို ရှေးရှုကာ စစ်ကို အတတ်နိုင်ဆုံး ရှောင်ရမည် ဖြစ်ကြောင်း သုတ်တော် ၂၅ က ဆက်လက် သွန်သင်ပေသည်။ စစ်ဆိုသည်မှာ အနိုင်ရတိုင်း တိုက်ရခြင်းမဟုတ် ငြိမ်းချမ်းရေးကို ဦးတည်၍သာ တိုက်ရခြင်း ဖြစ်ကြောင်း အာဏာသည် အဓိကမဟုတ်– အင်ပါယာ ချဲ့ထွင်ခြင်းသည် အဓိကမဟုတ်၊ ငြိမ်းချမ်းရေး သာလျှင် အဓိက ဖြစ်သည်ဟု ကိုယ်တော်မုဟမ္မဒ်က စနစ်တကျ သွန်သင်ခဲ့ပေသည်။ ဤဥပဒေများကို ပုတ်ခတ်ဆန့်ကျင်နေသော သူများက အာဏာအတွက်၊ အင်ပါယာအတွက် စစ်တိုက်နေသည်ခြင်းကို ဂုဏ်ယူနေသည်မှာ အံ့သြဘွယ်ကောင်းပေတော့သည်။

(၉၈) ကိုယ်တော်မုဟမ္မဒ်ဆောင်လာသည့် ငြိမ်းချမ်းရေးလမ်းစဉ် အစွမ်းသတ္တိသာသနာသည် ဘာသာတရားအားလုံး၏ အထွဋ်အထိပ် နောက်ဆုံး ဖူးခြာ ဖြစ်ကြောင်း ဤသုတ်တော်မှ တရားဝင်ကြေငြာထားပေသည်။

	အပေါ်၌ တိကျပြတ်သားကြ၍၊ သူတို့ချင်းကြား ကရုဏာပွားကြ၏။ သူတို့သည် ပရမတ်ဘုရားရှင်၏ထံမှ သိက္ခာပေးမှု၊ နှစ်မြို့မှုကို ရှာဖွေရန် ဦးညွှတ် ဦးချလျက် ရှိသည်ကို သင်မြင်ရလိမ့်မည်။ သူတို့၏ သူတို့၏ မျက်နှာများပေါ်၌ ဦးချသည့် အမှတ်သညှာ စွဲကပ်နေ၏။ ဤသည်မှာ တိုရာဟ်ကျမ်းမှ ဥပမာပုံကဲ့သို့ ဖြစ်၏။ သူတို့အတွက် သမ္မာကျမ်းမှ ဥပမာ မှာ အားကောင်းမောင်းသန် အတက်များ ပုံစံကျသည့် ပျိုးစေ့ ဖြစ်၍–သန်မာဖွံ့ထွားသော အကိုင်းပေါက်ခြင်းကြောင့် စိုက်ပျိုးသူတို့ အံ့ဩြစေလောက်၏။ အရှင်သည် သူတို့ကြောင့် ဖုံးကွယ်သူတို့ကို ဒေါသဖြစ်စေ၏၊ ပရမတ်ဘုရားရှင်သည် ယုံကြည်လျက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသောသူများအား လွှတ်ငြိမ်းခွင့် မဟာဆုလဒ်ကြီးကို ကတိထား တော်မူ၏။

မမွခန္ဓာ (၄၉) အဆောင်တော်များ (အာလ် ဟုဂျုရတ်ဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၆)၊ သုတ်ဒေသနာ (၁၈)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။	**يَا أَيُّهَا الَّذِينَ آمَنُوا لَا تُقَدِّمُوا بَيْنَ يَدَيِ اللهِ وَرَسُولِهِ وَاتَّقُوا اللهَ إِنَّ اللهَ سَمِيعٌ عَلِيمٌ۞** အို– ယုံကြည်သော သူတို့– ပရမတ်ဘုရားရှင်နှင့် အရှင့် ဉာဏ်စဉ်တော်ဆောင်၏ လက်ရှိ–မျက်မှောက်တွင် ပေကပ်မခံကြနှင့်၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် သိနေသော အရှင် ဖြစ်၏။
၂။ ကိုယ်တော်	**يَا أَيُّهَا الَّذِينَ آمَنُوا لَا تَرْفَعُوا أَصْوَاتَكُمْ فَوْقَ صَوْتِ النَّبِيِّ وَلَا تَجْهَرُوا لَهُ بِالْقَوْلِ كَجَهْرِ بَعْضِكُمْ لِبَعْضٍ أَن تَحْبَطَ أَعْمَالُكُمْ وَأَنتُمْ لَا تَشْعُرُونَ۞** အို– ယုံကြည်သော သူတို့၊ သင်တို့၏ အသံကို သတင်းတော်ဆောင်၏ အသံထက် ပို၍ မမြင့်စေနှင့်၊ သင်တို့မှ အချို့က အချို့အား အသံကျယ်ပြောသကဲ့သို့ သူ့အား အော်ကြီးဟစ်ကျယ် မလုပ်နှင့်၊ သင်တို့၏ ကျင့်ကြံမှုများ အချည်းနှီး ဖြစ်နိုင်ကောင်းသည်ကို သင်တို့ သတိမမူမိကြချေ။[၄၄၄]
၃။	**إِنَّ الَّذِينَ يَغُضُّونَ أَصْوَاتَهُمْ عِندَ رَسُولِ اللهِ أُوْلَئِكَ الَّذِينَ امْتَحَنَ اللهُ قُلُوبَهُمْ لِلتَّقْوَى لَهُم مَّغْفِرَةٌ وَأَجْرٌ عَظِيمٌ۞** ဇကန်ပင် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်ဆောင်ထံပါး၌ သူတို့၏ လေသံများကို လျှော့ချစေလော့။ သူတို့၏ နှလုံးသားကို ပရမတ်ဘုရားရှင်က စည်းစောင့်စေရန် စီစစ်ခံရသော သူတို့အတွက် လွတ်ငြိမ်းခွင့်နှင့် မဟာ ဆုလဒ်ကြီး ရှိ၏။
၄။	**إِنَّ الَّذِينَ يُنَادُونَكَ مِن وَرَاء الْحُجُرَاتِ أَكْثَرُهُمْ لَا يَعْقِلُونَ۞** ဇကန်ပင် ကျောက်တိုက်ဆောင်၏ နောက်ကွယ်မှ သင့်အား အော်ဟစ်ခေါ်သော သူ၊ သူတို့မှ အများစုသည် အတွေး အခေါ် မရှိကြချေ။[၄၄၅]

---

(၄၄၄) ကျမ်းမြတ်ကုရ်အာန်သည် လူသားတို့အား လူမှုဆက်ဆံရေး နည်းစနစ်အား စနစ်တကျ သွန်သင်ပေးသော ကျမ်းတော် ဖြစ်သည်၊ ဤသုတ်တော်များတွင် နောက်လိုက်ကောင်း တစ်ဦးသည် ခေါင်းဆောင်၏ စီမံခန့်ခွဲမှုကို စည်းမကျော်ရ၊ ထိုခေါင်းဆောင်သည်လည်း အာဏာရှင်ကဲ့သို့ မိမိစိတ်ထင်ရာအား စီမံခန့်ခွဲခွင့် မရှိကြောင်းကို ပရမတ်ဘုရားရှင်ထက် ပို၍ နေရာမယူနှင့်ဟု သုတ်တော် (၁)တွင် သတိပေးထားပေသည်။ နောက်လိုက်တို့သည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်ထက် ပို၍ နေရာ မယူကြလင့် ဆိုသည်မှာ ကျမ်းမြတ်ကုန်အာန်၏ ဇစ်မြစ်တော်ရှင် ဖြစ်သော အလ္လာဟ်အရှင်နှင့် ထိုကျမ်းတော်အား ရွတ်အံဆင့်ပြန်ပြီး ထိုကျမ်းတော်အတိုင်း ဆောင်ရွက်နေသော ကိုယ်တော်မုဟမ္မဒ်အား စည်း ဘောင်ကျော်၍ တရားသစ် ဝါဒသစ်များ မထူထောင်ကြလင့်ဟု ဆိုထားခြင်း ဖြစ်ပေသည်။

(၄၄၅) ဤသုတ်တော်အား– အခေါ်သော ဆရာတော်ကြီးများက ကိုယ်တော်မုဟမ္မဒ်သည် ကြင်ယာတော်များနှင့် အဆောင်တော်အတွင်းတွင် နေစဉ်ကာလ အပြင်မှာ အော်ဟစ်၍ မခေါ်ကြနှင့်ဟု ဖွင့်ဆိုထားသည်ကို ဝမ်းနည်းဘွယ် တွေ့ရှိရပေသည်။ ကိုယ်တော်၏ ကြင်ယာတော်များ ဆိုသည်ကို ၃၃း၂၈ တွင် ရှင်းပြခဲ့ပေပြီ၊ ခေါင်းဆောင်တစ်ဦးတွင် အခြားသာမန်လူများထက် အရေးအရာ ကိစ္စများ ပိုမို၍ ရှိပေသည်၊ ထိုသို့သော အရေးအရာ ကိစ္စများကို ရံဖန်ရံခါ ခေါင်းအေးအေးဖြင့် ဆောင်ရွက်ရသည်များ ရှိပေသည်၊ ထိုသို့ ဆောင်ရွက်နေသည်များကို နားလည်မှုမရှိဘဲ မိမိ ကိစ္စ အတွက်သာ အတွင်ကြီးနေသော လူသားများက မိမိ၏ ကိစ္စအား အလျှင်ဖြေရှင်းပေးရန် သို့မဟုတ် မိမိ၏ စိတ်ဆန္ဒအလျောက် စကားစမြည် ပြောဆိုရန် အလိုက်မသိ ခေါ်ယူခြင်းမျိုးကို လူ့စည်းကမ်းဖေါက်ဖျက်ခြင်း ဖြစ်သည်ဟု ကျမ်းတော်က သွန်သင်ခြင်းပင် ဖြစ်ပေသည်။

၅။	**وَلَوْ أَنَّهُمْ صَبَرُوا حَتَّى تَخْرُجَ إِلَيْهِمْ لَكَانَ خَيْرًا لَّهُمْ وَاللَّهُ غَفُورٌ رَّحِيمٌ۝** သင်သည် သူတို့ထံသို့ ထွက်လာသည်တိုင် သည်းခံခဲ့လျှင် သူတို့အတွက် ပို၍ ကောင်း၏။ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။
၆။	**يَا أَيُّهَا الَّذِينَ آمَنُوا إِن جَاءكُمْ فَاسِقٌ بِنَبَإٍ فَتَبَيَّنُوا أَن تُصِيبُوا قَوْمًا بِجَهَالَةٍ فَتُصْبِحُوا عَلَى مَا فَعَلْتُمْ نَادِمِينَ۝** အို– ယုံကြည်သော သူတို့၊ အကယ်၍ သူယုတ်မာတစ်ဦးက သင်တို့ထံသို့ သတင်းတစ်ခုကို ရောက်လာစေလျှင်၊ ပညာမဲ့စွာဖြင့် လူမျိုးတစ်မျိုးအား မထိခိုက်ရစေရန် ၎င်းအား ရှင်းရှင်းလင်းလင်းဖြစ်စေလော့၊ သို့မဟုတ်က သင်တို့၏ ပြုလုပ်မှုကြောင့် သင်တို့သည် ယုကြုံးမရဖြစ်ရနိုင်ရာ၏။[၉၆]
၇။	**وَاعْلَمُوا أَنَّ فِيكُمْ رَسُولَ اللَّهِ لَوْ يُطِيعُكُمْ فِي كَثِيرٍ مِّنَ الْأَمْرِ لَعَنِتُّمْ وَلَكِنَّ اللَّهَ حَبَّبَ إِلَيْكُمُ الْإِيمَانَ وَزَيَّنَهُ فِي قُلُوبِكُمْ وَكَرَّهَ إِلَيْكُمُ الْكُفْرَ وَالْفُسُوقَ وَالْعِصْيَانَ أُوْلَئِكَ هُمُ الرَّاشِدُونَ۝** ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင်သည် သင်တို့၏ အထဲတွင် ရှိသည်ကို သိကြလော့၊ သူသည် ညွှန်ကြားချက်များစွာ၌ သင်တို့အား နာခံရလျှင် သင်တို့သည် စိတ်ပင်ပန်းရလတ္တံ့။[၉၇] သို့ရာတွင် ပရမတ်ဘုရားရှင်သည် သင်တို့အား ယုံကြည်ခြင်းကို နှစ်သက်မြတ်နိုးစေ၍၊ ၎င်းကို သင်တို့၏ နှလုံးသားဌာန၌ ဖမ်းစားစေ၏။ အရှင်သည် သင်တို့အား ဖုံးကွယ်မှု၊ ယုတ်မာမှု၊ အာခံမှုများကို ရွံမုန်းစေတော်မူ၏။ ထိုသူတို့သည် ဖြောင့်မတ်မှန်ကန်သူများ ဖြစ်ကြ၏။
၈။	**فَضْلًا مِّنَ اللَّهِ وَنِعْمَةً وَاللَّهُ عَلِيمٌ حَكِيمٌ۝** ဤသည် ပရမတ်ဘုရားရှင်၏ထံမှ သိက္ခာပေးခြင်း၊ ဂုဏ်ပေးခြင်းပင်တည်း၊ ပရမတ်ဘုရားရှင်သည်ကား သိနေသော အရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၉။	**وَإِن طَائِفَتَانِ مِنَ الْمُؤْمِنِينَ اقْتَتَلُوا فَأَصْلِحُوا بَيْنَهُمَا فَإِن بَغَتْ إِحْدَاهُمَا عَلَى الْأُخْرَى فَقَاتِلُوا الَّتِي تَبْغِي حَتَّى تَفِيءَ إِلَى أَمْرِ اللَّهِ فَإِن فَاءتْ فَأَصْلِحُوا بَيْنَهُمَا بِالْعَدْلِ وَأَقْسِطُوا إِنَّ اللَّهَ يُحِبُّ الْمُقْسِطِينَ۝** ယုံကြည်သူတို့မှ အုပ်စု နှစ်စုသည် အချင်းချင်းစစ်ဖြစ်ကြသော်၊ သူတို့ကြား၌ ပြုပြင်ပေးကြလော့၊ ၎င်းတို့မှ တစ်စုသည် အခြားသူအား အပြစ်ရှာခဲ့သော်၊ ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်ဆီသို့ လိုက်လျောသည်ထိ ထိုအပြစ်ရှာသူအား စုပေါင်းခုခံတိုက်ကြလော့၊ ထို လိုက်လျောခြင်းရှိလျှင် သူတို့ချင်းကြား တန်းတူညီမျှ မျှတစွာ ပြုပြင်ပေးလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သမာသမတ်ရှိသူများကို နှစ်သက်တော်မူ၏။[၉၈]

---

(၉၆) အစ္စလာမ် သာသနာတွင် မိမိတို့က စတင် ကျူးကျော်ခြင်းကို တားမြစ်ထားယုံမျှမက မိမိတို့အား ထိခိုက်နစ်နာရရန် တိုက်ခိုက်စော်ကားတော့မည်ဟူသော သတင်းထွက်လာလျှင်ပင် ထိုသတင်းစကားသည် မှန်၏၊ မမှန်၏ ဆိုသည်ကို တိကျသေချာစေရန် စီစစ်စုံစမ်းရမည် ဖြစ်သည်၊ ထင်ယောင်ထင်မှားသော သတင်းများဖြင့် အခြားသူတစ်ဦး၊ အခြားလူမျိုးတစ်စု၊ အခြားသော အယူအဆ အုပ်စုတစ်စုအား တိုက်ခိုက်ခွင့် နှစ်နာစေရန်ပြုလုပ်ခွင့် လုံးဝ မရှိကြောင်းကို ဤသုတ်တော်က အတိအကျ ပြဋ္ဌာန်းထားပေသည်။

(၉၇) ဤသုတ်တော်တွင် အရှင်၏ ဉာဏ်စဉ်တော်ဆောင်သည် သင်တို့၏ အထဲတွင် ရှိနေသည်– ဆိုခြင်းမှာ ကျမ်းမြတ်ကုရ်အာန်သည် လူသားအသိုင်းအဝိုင်းထဲတွင် တည်ရှိနေခြင်းကို ဆိုလိုပေသည်။ ထိုအကြောင်းကို ၁၃:၄၃ တွင်– ကျမ်းမြတ်ကုရ်အာန်သည် ကိုယ်တော်မုဟမ္မဒ် ဉာဏ်စဉ်တော်ဆောင် ဖြစ်ကြောင်း ခိုင်လုံသော သက်စေ ဖြစ်သည်ဟု အတိအကျ ဆိုထားပေသည်။ ကျမ်းတော်သည် မည်သူ၏။ ဆုံးဖြတ်ချက်ကိုမျှ မနာခံပေ၊ လောကဓမ္မ လောကအမှန် နိယာမကို ကျမ်းတော်ကိုယ်တိုင် ချမှတ်ပြဋ္ဌာန်းပေသည်၊ အကယ်၍ လူသားတစ်စုံ တစ်ဦး၏ ဆန္ဒကို လိုက်လျောပါက– ထိုလိုက်လျောချက်သည် လူသားတို့အတွက် စိတ်ပင်ပန်းမှုများဖြင့် ရှုပ်ထွေးလာမည်သာ ဖြစ်သည်၊ သို့မဟုတ် မိမိ စိတ်ထင်ရာကို ပြုလုပ်သောကြောင့်– ပြုလုပ်ခံရသူ၏ အမှားတွေ့၍ စိတ်ပင်ပန်းရနိုင်သည်ဟု ဤသုတ်တော်က ဆိုပေသည်။

(၉၈) ဤဥပဒေသည် ကမ္ဘာ့လူသားများ အကြား ငြိမ်းချမ်းရေး ဆောင်ရွက်ရာ၌ မဖြစ်မနေ နမူနာယူရမည့် ဥပဒေဖြစ်ပေသည်၊ ယခုခေတ်အခါတွင် ကမ္ဘာ့ကုလသမဂ္ဂကြီး ရှိနေပေသည်။ ထိုကမ္ဘာ့အဖွဲ့ကြီးတွင် ခိုင်မာသော ဥပဒေ ချမှတ်မှုများ ရှိရပေမည်၊ အသင်းနှစ်သင်း အဖွဲ့နှစ်ဖွဲ့ အုပ်စုနှစ်စု စစ်ဖြစ်ကြလျှင် ကျူးလွန်စော်ကားသူ အုပ်စုအား အခြားသော သူများမှ ရန်ပြိုး အာဃာတမရှိဘဲ သူ၏ အမှားကို ပိုင်းဝန်းဆုံးမရမည်ဖြစ်သည်၊ ထို

၁၀။	**إِنَّمَا الْمُؤْمِنُونَ إِخْوَةٌ فَأَصْلِحُوا بَيْنَ أَخَوَيْكُمْ وَاتَّقُوا اللَّهَ لَعَلَّكُمْ تُرْحَمُونَ۝** ယုံကြည်သူတို့သည် ညီနောင်သားချင်းများသာ ဖြစ်၏။ ညီနောင်သားချင်းများကြား ပြုပြင်ပြောင်းလဲပေးကြလော့၊ သင်တို့အား ကရုဏာသက်စေခြင်းငှာ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့။
၁၁။	**يَا أَيُّهَا الَّذِينَ آمَنُوا لَا يَسْخَرْ قَومٌ مِّن قَوْمٍ عَسَى أَن يَكُونُوا خَيْرًا مِّنْهُمْ وَلَا نِسَاء مِّن نِّسَاء عَسَى أَن يَكُنَّ خَيْرًا مِّنْهُنَّ وَلَا تَلْمِزُوا أَنفُسَكُمْ وَلَا تَنَابَزُوا بِالْأَلْقَابِ بِئْسَ الِاسْمُ الْفُسُوقُ بَعْدَ الْإِيمَانِ وَمَن لَّمْ يَتُبْ فَأُوْلَئِكَ هُمُ الظَّالِمُونَ۝** အို–ယုံကြည်သော သူတို့၊ လူတစ်မျိုးက လူတစ်မျိုးအပေါ် ပျက်ရယ်မပြုရ၊ ၎င်းတို့သည် သူတို့ထက် ပိုကောင်းနိုင်၏။ အမျိုးသမီးများသည်လည်း အခြားအမျိုးသမီးများ အပေါ် ယင်းသို့ မပြုရ၊ ၎င်းတို့သည် သူမတို့ထက် ပိုကောင်းနိုင်၏။ သင်တို့ စရိုက်တူချင်း မပုတ်ခတ်ကြနှင့်၊ နာမည်ဖျက်၍ မခေါ်ကြနှင့်၊ ယုံကြည်ခြင်း တရားရှိပြီးနောက် အမင်္ဂလာအမည်ဖြင့် ခေါ်ခြင်းသည် ယုတ်မာမှုပင် ဖြစ်၏။ ခဝါချခြင်း မရှိသောသူ၊ ထိုသူတို့သည် အမိုက်ကောင်များ ဖြစ်ကြ၏။
၁၂။ မျက်ကွယ်၌ ဝုံးမချောနှင့်	**يَا أَيُّهَا الَّذِينَ آمَنُوا اجْتَنِبُوا كَثِيرًا مِّنَ الظَّنِّ إِنَّ بَعْضَ الظَّنِّ إِثْمٌ وَلَا تَجَسَّسُوا وَلَا يَغْتَب بَّعْضُكُم بَعْضًا أَيُحِبُّ أَحَدُكُمْ أَن يَأْكُلَ لَحْمَ أَخِيهِ مَيْتًا فَكَرِهْتُمُوهُ وَاتَّقُوا اللَّهَ إِنَّ اللَّهَ تَوَّابٌ رَّحِيمٌ۝** အို– ယုံကြည်သော သူတို့၊ စဉ်းစားချက် အများစုမှ ကင်းသန့်ကြလော့၊ ဇကန်ပင် စဉ်းစားချက် အချို့သည် ပြစ်မှုများပင် ဖြစ်၏။ သင်တို့မှ အချို့သည် အချို့ကို သူလျှိုဒလန် မလုပ်နှင့်၊ **ဝုံးမချောကြနှင့်**၊ သင်တို့မှ သေသူဖြစ်သော ညီအစ်ကို၏ အသားကို စားရန် နှစ်သက်သူ တစ်ဦး ရှိသလော၊ အော့နလုံးနာကြပါဘိ၊ သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား စည်းစောင့် ကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သင်ပုန်းချေပေးသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။[၉၈]
၁၃။ ရှေ့ကပင် ရှိသည့််	**يَا أَيُّهَا النَّاسُ إِنَّا خَلَقْنَاكُم مِّن ذَكَرٍ وَأُنثَى وَجَعَلْنَاكُمْ شُعُوبًا وَقَبَائِلَ لِتَعَارَفُوا إِنَّ أَكْرَمَكُمْ عِندَ اللَّهِ أَتْقَاكُمْ إِنَّ اللَّهَ عَلِيمٌ خَبِيرٌ۝** အို– လူသားတို့၊ ငါအရှင်သည် သင်တို့အား လိင်ဖို လိင်မဟူ၍ ဖြစ်တည်စေတော်မူ၏။ သင်တို့ချင်း မှတ်မိစေရန် ကပြားများ **မူလ**လူမျိုးများကို စီစဉ်ပေးတော်မူ၏။ သင်တို့အနက် ပရမတ်ပရားရှင်၏ ထံတော်၌ စည်းအစောင့်ဆုံး သူသည်သာ ကျက်သရေအရှိဆုံး ဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင် သတင်းရနေသော အရှင် ဖြစ်တော်မူ၏။[၉၉၀]
၁၄။	**قَالَتِ الْأَعْرَابُ آمَنَّا قُل لَّمْ تُؤْمِنُوا وَلَكِن قُولُوا أَسْلَمْنَا وَلَمَّا يَدْخُلِ الْإِيمَانُ فِي قُلُوبِكُمْ وَإِن تُطِيعُوا اللَّهَ**

အမှားကို ချမှတ်ထားသော ဥပဒေနှင့်အညီ ပြုပြင်ပြီးသော် ထိုစစ်ဖြစ်သော အုပ်စုနှစ်စုကြား သမာသမတ်ကျစွာ ဖြေရှင်းပေးရမည် ဖြစ်သည်၊ စစ်နိုင်၍ နိုင်သူအား ဘက်လိုက်ခြင်း– စစ်နိုင်သူဘက်မှ ချယ်လှယ်ကြိုးစိုးခြင်းများကို မပြုလုပ်ရပေ။ သို့သော် ထိုသို့ မဟုတ်ဘဲ ထိုအဖွဲ့ကြီးအတွင်းတွင် ပင်အင်အားပြိုင် အုပ်စုကွဲလျက် အာဏာလွန်ဆွဲနေခဲ့သော်– အခြားသော ကျူးလွန်သူများအား မည်သည့်အခါတွင်မှ ဆုံးမသွန်သင် နားချ၍ ရတော့မည် မဟုတ်ချေ၊ လူသားချင်း နှိပ်ကွပ်နေသည့် အနိုင်ကျင့်မှုများသည် အဆုံးသပ်နိုင်တော့မည် မဟုတ်ချေ။ ထိုသို့ဖြစ်လာသော် အခြားသော အင်အားစုကြီးတစ်ရပ် ထပ်မံဖွဲ့စည်းရတော့မည် ဖြစ်သည်။

(၉၈၉) အစွလာမ်သာသနာတွင် လူတစ်မျိုးနှင့် တစ်မျိုး ပုတ်ခတ်စော်ကားခြင်း၊ နာမည်ပျက်ဖြင့် ခေါ်ခြင်း– လူမျိုးများအကြား၊ လူသားများအကြား ခိုက်ရန်ဖြစ်စေမည့် သူလျှိုဒလန်လုပ်၍ ဝုံးတိုက်ခြင်းများကို မပြုလုပ်ရန် တိတိကျကျ တားမြစ်ထားပေသည်။ သုတ်တော် ၁၂ တွင် သူလျှိုဒလန်မလုပ်နှင့် ဆိုသည်မှာ လူသားအချင်းချင်းအကြား မြှောက်ထိုးပင့်ကော်လုပ်၍ အတင်းအဖျင်းပြောကာ ရန်တိုက်ပေးရန် အတွင်းလူ လုပ်ခြင်းကို ခေါ်ပေသည်။ တိုင်းတစ်ပြည်တစ်ခုတွင် ထောက်လှမ်းရေး လုပ်ငန်းများ မလုပ်ရဟု ပြောဆိုခြင်း မဟုတ်ပေ။ ဒုစရိုက်သမားများကို ထောက်လှမ်းဖော်ထုတ်သော လုပ်ငန်းများကို မတားမြစ်ပေ။

(၉၉၀) အစွလာမ်သာသနာသည် အသားရောင်၊ လူမျိုးနွယ်၊ မျိုးရိုးရာဇာတိ၊ ယောကျ်ား မိန်းမ– ခွဲခြား၍ မည်သူက ပို၍ မြင့်မြတ်သည်ဟု သတ်မှတ်ခြင်း မရှိချေ။ ပရမတ်ဘုရားရှင်၏ ထံတော်တွင် စည်းအစောင့်ဆုံးသော သူသည် ကျက်သရေ အရှိဆုံး အမြင့်မြတ်ဆုံးဟု – ကိုယ်ကျင့်တရားကို မူတည်၍သာ လူ၏ အဆင့်ကို ခွဲခြားပေသည်။

	وَرَسُولَهُ لَا يَلِتْكُم مِّنْ أَعْمَالِكُمْ شَيْئًا إِنَّ اللَّهَ غَفُورٌ رَّحِيمٌ۝ ကွန္ရာရတိုင်းရင်းသားတို့က ‘‘ကျွန်ုပ်တို့ ယုံကြည်ပါပြီ’’ဟု ပြောကြ၏။ ဟောလော့ ‘‘သင်တို့သည် ယုံကြည်သည် မဟုတ်သေး၊ သို့သော် ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးဆောင်ပါပြီဟု ဆိုကြလော့၊ သင်တို့၏ နှလုံးသားသို့ ယုံကြည်ခြင်းသည် မဝင်သေးချေ။ သင်တို့သည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား နာခံကြလျှင် အရှင်သည် သင်တို့၏ ကျင့်ကြံမှု တစ်စုံတစ်ရာကိုမျှ ပပျောက်စေမည်မဟုတ်ပေ၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။’’[၉၉၁]
၁၅။	**إِنَّمَا الْمُؤْمِنُونَ الَّذِينَ آمَنُوا بِاللَّهِ وَرَسُولِهِ ثُمَّ لَمْ يَرْتَابُوا وَجَاهَدُوا بِأَمْوَالِهِمْ وَأَنفُسِهِمْ فِي سَبِيلِ اللَّهِ أُوْلَئِكَ هُمُ الصَّادِقُونَ۝** ယုံကြည်သူ ဟူမူကား၊ ပရမတ်ဘုရားရှင်နှင့် အရှင့် ဉာဏ်စဉ်တော်ဆောင်အား ယုံကြည်ကြ၍။ သံသယမစွက် သူတို့၏ ဥစ္စာပစ္စည်းများ၊ ဉာဉ်စရိုက်များကို ရင်း၍ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ အားစိုက်ဆောင်ရွက်သော သူတို့ပင် ဖြစ်၏၊ သူတို့သည် ဖြောင့်မှန်သူများ ဖြစ်ကြ၏။
၁၆။	**قُلْ أَتُعَلِّمُونَ اللَّهَ بِدِينِكُمْ وَاللَّهُ يَعْلَمُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ۝** ဟောလော့ ‘‘သင်တို့သည် သင်တို့၏ သာသနာကို ပရမတ်ဘုရားရှင်အား သင်ကြားကြမည်လော။ ပရမတ်ဘုရားရှင်သည် မိုးများအတွင်း မြေကမ္ဘာတွင်း ရှိသမျှကို သိနေတော်မူ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏။’’
၁၇။ မွတ် ဆလင်	**يَمُنُّونَ عَلَيْكَ أَنْ أَسْلَمُوا قُل لَّا تَمُنُّوا عَلَيَّ إِسْلَامَكُم بَلِ اللَّهُ يَمُنُّ عَلَيْكُمْ أَنْ هَدَاكُمْ لِلْإِيمَانِ إِن كُنتُمْ صَادِقِينَ۝** သူတို့သည် **ငြိမ်းချမ်းရေးဝါဒီ** ဖြစ်ပြီဟု သင့်ထံမှ မျက်နှာသာရလိုကြ၏။ ဟောလော့ ‘‘သင်တို့၏ **ငြိမ်းချမ်းရေးဆောင်ခြင်း**မျှဖြင့် ကျွန်ုပ်ထံမှ မျက်နှာသာမလိုချင်ကြနှင့်၊ အမှန်မှာ သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်သည် သင်တို့အား ယုံကြည်ခြင်းသို့ လမ်းညွှန်၍ မျက်နှာသာပေးပေလိမ့်မည်။’’[၉၉၂]
၁၈။	**إِنَّ اللَّهَ يَعْلَمُ غَيْبَ السَّمَاوَاتِ وَالْأَرْضِ وَاللَّهُ بَصِيرٌ بِمَا تَعْمَلُونَ۝** ဇကန်ပင် ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ စကျွတ်လွန်များကို သိနေတော်မူ၏။ ပရမတ်ဘုရားရှင်သည်ကား ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။

---

(၉၉၁) အစ္စလာမ်သာသနာသို့ ဝင်ပါသည် ဟု ဝန်ခံခြင်းဖြင့် အမှန်တကယ် ယုံကြည်ခြင်း သဘောတရားမှာ ထပ်တူထပ်မျှ မဟုတ်သေးပေ။ ထိုသူသည် အမှန်တရားတည်းဟူသော လူသားငြိမ်းချမ်းရေးအတွက် အသက် အိုးအိမ် ကာယ၊ ဉာဏ၊ ဓနများကို ပေးဆပ်၍ ပြုမူဆောင်ရွက်ရဦးမည် ဖြစ်သည်။

(၉၉၂) လူတစ်ဦးသည် မိမိကိုယ်မိမိ မွတ်ဆလင် (ငြိမ်းချမ်းရေးဝါဒီ) ဖြစ်ပြီဟု ဝန်ခံခြင်းသည် ကိုယ်တော်မုဟမ္မဒ် (မေတ္တေယျ)အတွက် မည်သို့မှ အကျိုးမပြုပေ။ လူတစ်ဦး၏ ကောင်းမှုဆောင်ခြင်း မဆောင်ခြင်းသည် သူ၏ ဉာဉ် စရိုက်အတွက်သာလျှင် ဖြစ်ပေသည်။

ဓမ္မခန္ဓာ (၅၀) စည်းချိန် (ကာဖ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၄)၊ သုတ်ဒေသနာ (၄၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**ق وَالْقُرْآنِ الْمَجِيدِ۞** ကဉ့ဖ ၉၉၃ မြင့်မြတ်သော ကုရ်အာန်အားဖြင့်၊
၂။	**بَلْ عَجِبُوا أَن جَاءهُمْ مُنذِرٌ مِّنْهُمْ فَقَالَ الْكَافِرُونَ هَذَا شَيْءٌ عَجِيبٌ۞** အမှန်မှာ သူတို့ထံသို့ သတိပေးသူ တစ်ဦး ရောက်လာသည်ကို အံ့ဩလျက်– ဖုံးကွယ်သူတို့က ပြောကြသည်မှာ "ဤသည် အံ့ဘွယ်စရာပင်၊–
၃။	**أَئِذَا مِتْنَا وَكُنَّا تُرَابًا ذَلِكَ رَجْعٌ بَعِيدٌ۞** ကျွန်ုပ်တို့သည် သေဆုံးပြီး၊ မြေမှုန့်ဖြစ်ပြီးသော်မှ ယင်းသို့ နောက်ကျန်ရစ်သည်ကို ပြန်ရမည်လော၊"ဟု ဖြစ်၏။
၄။	**قَدْ عَلِمْنَا مَا تَنقُصُ الْأَرْضُ مِنْهُمْ وَعِندَنَا كِتَابٌ حَفِيظٌ۞** မုချပင် ငါသည် သူတို့အနက် မြေကမ္ဘာမှ ယုတ်လျော့သွားသူအားလုံးကို သိနေတော်မူ၏။ ငါ့ထံတော်၌ ထိန်းသိမ်းစောင့်ရှောက်ထားသော မှတ်တမ်းသည် ရှိနေ၏။
၅။	**بَلْ كَذَّبُوا بِالْحَقِّ لَمَّا جَاءهُمْ فَهُمْ فِي أَمْرٍ مَّرِيجٍ۞** အမှန်မှာ ပရမတ္ထသစ္စာဖြင့် သူတို့ထံသို့ ရောက်လာစဉ် သူတို့သည် ငြင်းဆန်ကြကုန်၏။ သို့ဖြင့် သူတို့သည် အရှိန်သေနေသော အရေးကိစ္စထဲ၌ ဖြစ်ရပြီ။
၆။	**أَفَلَمْ يَنظُرُوا إِلَى السَّمَاء فَوْقَهُمْ كَيْفَ بَنَيْنَاهَا وَزَيَّنَّاهَا وَمَا لَهَا مِن فُرُوجٍ۞** သူတို့သည် သူတို့၏ အပေါ်၌ ရှိသော မိုးကောင်းကင်ကို မကြည့်မိသလော၊ ငါသည် ၎င်းကို မည်သို့ တည်ဆောက်ထားသနည်း၊ မည်သို့ ဖမ်းစားစေသနည်း၊ ၎င်းတွင် ဟနေခြင်း မရှိချေ။
၇။	**وَالْأَرْضَ مَدَدْنَاهَا وَأَلْقَيْنَا فِيهَا رَوَاسِيَ وَأَنبَتْنَا فِيهَا مِن كُلِّ زَوْجٍ بَهِيجٍ۞** တိုးရွေ့နေသော ကမ္ဘာဂြိုလ်၊ ထို၌ တိုက်ကြီးများကို ခင်းကျင်းထား၏။ ထို၌ ရှုချင်စဖွယ် စုဖွဲ့ကိုယ်စီ ဖြစ်ထွန်းစေသည်မှာ–
၈။	**تَبْصِرَةً وَذِكْرَى لِكُلِّ عَبْدٍ مُّنِيبٍ۞** သံဝေဂယူတတ်သော အရှင့်ထံသို့လှည့်သည့် အမှုတော်ဆောင် ကိုယ်စီအတွက် အမြင်ရှိစေ၏။

(၉၉၃) အာရဗီ အတိုကောက် စကားလုံး **ကဉ့ဖ်**သည် **ကဒါရ်**– အရာရာအား စည်ချိန်ပြဋ္ဌာန်းချက်၊ **ကီယာမတ်** –ရပ်တည်မြဲမြံခြင်း၊ **ကိုင်ယိယိမွန်** မြဲမြံစွာ ရပ်တည်နေခြင်းကို ကိုယ်စားပြု၍ **အရာရာအား စည်းချိန်ပြဋ္ဌာန်းထားသော၊ မြဲမြံစွာရပ်တည်နေသော ကျမ်းမြတ်ကုရ်အာန်အားဖြင့်** ဟု သက်သေတည်ထားခြင်း ဖြစ်ပေသည်။

၉။	**وَنَزَّلْنَا مِنَ السَّمَاءِ مَاءً مُّبَارَكًا فَأَنبَتْنَا بِهِ جَنَّاتٍ وَحَبَّ الْحَصِيدِ۝** ငါသည် မိုးကောင်းကင်မှ ကျက်သရေရှိသော ရေကို ချပေးတော်မူ၍၊ ၎င်းဖြင့် ရိတ်သိမ်းရသော ကောက်ပဲသီးနှံ ဥယျာဉ်များကို ဖြစ်ထွန်းစေတော်မူ၏–်
၁၀။	**وَالنَّخْلَ بَاسِقَاتٍ لَّهَا طَلْعٌ نَّضِيدٌ۝** အသီးအထပ်ထပ် စွဲပလွန် ပင်မြင့်များကိုလည်း ပါဝင်စေ၍–်
၁၁။	**رِّزْقًا لِّلْعِبَادِ وَأَحْيَيْنَا بِهِ بَلْدَةً مَّيْتًا كَذَٰلِكَ الْخُرُوجُ۝** အမှုတော်ဆောင်များအတွက် ရိက္ခာဖြစ်စေ၏။ ငါသည် သေနေသော မြို့ကို ပြန်ရှင်စေ၏။ ထိုသို့ပင် ရှင်ပြန်ထွက်ပေါ်စေတော်မူလတ္တံ့။
၁၂။ ☆ ၂၃း၃၈	**كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَأَصْحَابُ الرَّسِّ وَثَمُودُ۝** သူတို့ မတိုင်မီ နူးဟ်၏ လူမျိုး၊ ရာ့ဆ်၏☆ ပေါင်းဖော်များနှင့် သမု–ဒ်တို့သည်လည်း ငြင်းဆန်ခဲ့ပြီ။
၁၃။	**وَعَادٌ وَفِرْعَوْنُ وَإِخْوَانُ لُوطٍ۝** အာ–ဒ်၊ ဖာရိုးနှင့် လု–တ်၏ ညီနောင်များ–်
၁၄။ ☆၁၅း၇၈ ★၄၃း၁၇	**وَأَصْحَابُ الْأَيْكَةِ وَقَوْمُ تُبَّعٍ كُلٌّ كَذَّبَ الرُّسُلَ فَحَقَّ وَعِيدِ۝** တောတွင်းနေ ပေါင်းဖော်များနှင့်☆ တုဘာလူမျိုးများလည်း★ ပါဝင်၏။ သူတို့ကိုယ်စီ ဉာဏ်စဉ်ဆောင်အား ငြင်းဆန်ခဲ့ကြ၏။ သို့ဖြစ်၍ ငါ၏ ကတိတော်သည် အမှန်ဖြစ်ချေပြီ။
၁၅။	**أَفَعَيِينَا بِالْخَلْقِ الْأَوَّلِ بَلْ هُمْ فِي لَبْسٍ مِّنْ خَلْقٍ جَدِيدٍ۝** ဦးစွာ ဖြစ်တည်စေခြင်းအတွက် ငါ နွမ်းလျရမည်လော။ အသစ်ထပ်မံ ဖြစ်တည်ခြင်းအတွက် သူတို့က ဆင်ယင်ပေးရမည်လော။
၁၆။	**وَلَقَدْ خَلَقْنَا الْإِنسَانَ وَنَعْلَمُ مَا تُوَسْوِسُ بِهِ نَفْسُهُ وَنَحْنُ أَقْرَبُ إِلَيْهِ مِنْ حَبْلِ الْوَرِيدِ۝** မုချပင် ငါသည် လူသားကို ဖြစ်တည်စေ၏။ သူသည် သူ့စရိုက်အား တီးတိုးလှုံ့ဆော်သည်ကို ငါ သိနေတော်မူ၏။ ငါအရှင်သည် သူနှင့် သူ၏ လည်ပင်းသွေးကြောထက် သူနှင့် ပိုမိုနီးကပ်လျက် ရှိ၏။
၁၇။	**إِذْ يَتَلَقَّى الْمُتَلَقِّيَانِ عَنِ الْيَمِينِ وَعَنِ الشِّمَالِ قَعِيدٌ۝** သူ၏ ဘယ် ညာ၌ အထိုင်ချ ခင်းကျင်းသူများက ခင်းကျင်းနေကြ၏။
၁၈။	**مَا يَلْفِظُ مِن قَوْلٍ إِلَّا لَدَيْهِ رَقِيبٌ عَتِيدٌ۝** သူသည် မရေရွတ်လေမှ၊ သို့မဟုတ်က သူ့အပါးတွင် စောင့်ကြည့်နေသူ အသင့်ရှိ၏။
၁၉။	**وَجَاءَتْ سَكْرَةُ الْمَوْتِ بِالْحَقِّ ذَٰلِكَ مَا كُنتَ مِنْهُ تَحِيدُ۝** သေငယ်ဇောနှင့် မြောချိန်သို့ အမှန်အကန် ရောက်လာစေလတ္တံ့၊ ဤသည် သင် ရှောင်နေလေ့ရှိသော အရာဖြစ်၏။
၂၀။	**وَنُفِخَ فِي الصُّورِ ذَٰلِكَ يَوْمُ الْوَعِيدِ۝** ပုံစံ သက်ဝင်စေ၏။– ဤသည် ကတိတော်ထားသည့် နေ့ကာလဖြစ်၏။

၂၁။	**وَجَاءتْ كُلُّ نَفْسٍ مَّعَهَا سَائِقٌ وَشَهِيدٌ۞** ဥဉ်စရိုက် ကိုယ်စီ မောင်းနှင်သူ သက်သေပြုသူနှင့် အတူ ရောက်လာစေလတ္တံ့။(၉၉၄
၂၂။	**لَقَدْ كُنتَ فِي غَفْلَةٍ مِّنْ هَذَا فَكَشَفْنَا عَنكَ غِطَاءكَ فَبَصَرُكَ الْيَوْمَ حَدِيدٌ۞** သင်သည် ဤအရာကို မေ့လျော့ထားခဲ့၏၊ ထိုအကာကို ငါ ဖယ်ရှားလိုက်ပြီ။ သို့ဖြစ်၍ ဤနေ့ကာလ၌ သင်သည် သံကိုပင် ဖေါက်မြင်ရလတ္တံ့။
၂၃။	**وَقَالَ قَرِينُهُ هَذَا مَا لَدَيَّ عَتِيدٌ۞** သူ့ အဆက်အနွယ်က ''ဤသည် ကျွန်ုပ်ထံ၌ အဆင်သင့် ရှိသော အရာ ဖြစ်၏၊''ဟု ဆို၏။
၂၄။	**أَلْقِيَا فِي جَهَنَّمَ كُلَّ كَفَّارٍ عَنِيدٍ۞** အရှင်က ''ခေါင်းမာ ဖုံးကွယ်သူတိုင်းအား ငရဲဘုံ၌ ခင်းကျင်းလော့–
၂၅။	**مَّنَّاعٍ لِّلْخَيْرِ مُعْتَدٍ مُّرِيبٍ۞** သူသည် ကောင်းမှုအား ဟန့်တားသူ၊ စည်းဖေါက်သူ၊ သံသယကြီးသူ ဖြစ်၏–
၂၆။	**الَّذِي جَعَلَ مَعَ اللَّهِ إِلَهًا آخَرَ فَأَلْقِيَاهُ فِي الْعَذَابِ الشَّدِيدِ۞** သူသည် ပရမတ်ဘုရားရှင်နှင့်အတူ အခြား ဘုရားရှိသည်ဟု စီစဉ်၏။ သို့ဖြစ်၍ သူ့အား ပြင်းထန်သော ဝဋ်ကြွေး၌ ဆုံတွေ့စေလော့။''(ဟု မိန့်၏။)
၂၇။	**قَالَ قَرِينُهُ رَبَّنَا مَا أَطْغَيْتُهُ وَلَكِن كَانَ فِي ضَلَالٍ بَعِيدٍ۞** သူ့ အဆက်အနွယ်က ''အို ကံကြမ္မာရှင်၊ တပည့်တော်သည် သူ့အား စည်းဖျက်ခြင်း မပြုခဲ့ပါ၊ သို့သော် သူသည် နောက်ကျန် လွဲချော်ခြင်း၌ ရှိခဲ့သူ ဖြစ်ပါ၏၊''ဟု လျှောက်ထားသော်၊
၂၈။	**قَالَ لَا تَخْتَصِمُوا لَدَيَّ وَقَدْ قَدَّمْتُ إِلَيْكُم بِالْوَعِيدِ۞** အရှင်က မိန့်သည်မှာ ''ငါထံပါး၌ အချေအတင်မပြုနှင့်၊ သင်တို့အတွက် ကတိတော်ဖြင့် စုံရပ်ခံစေခဲ့ပြီ၊–
၂၉။	**مَا يُبَدَّلُ الْقَوْلُ لَدَيَّ وَمَا أَنَا بِظَلَّامٍ لِّلْعَبِيدِ۞** ငါ့ထံ၌ ဓမ္မစကားသည် လွဲပြောင်းခြင်းမရှိ။ ငါသည် အမှုတော်ဆောင်တို့အား အဓိဇ္ဈာလည်း မသင့်စေရ''ဟု ဖြစ်၏။
၃၀။	**يَوْمَ نَقُولُ لِجَهَنَّمَ هَلِ امْتَلَأْتِ وَتَقُولُ هَلْ مِن مَّزِيدٍ۞** ငါက ငရဲဘုံအား ''သင့်၌ ပြည့်ပြီလော၊''ဟု မေးသော နေ့၌ ၎င်းက ''ထပ်တိုးရန်ရှိသေးသလော၊''ဟု ဖြေကြားလတ္တံ့။
၃၁။	**وَأُزْلِفَتِ الْجَنَّةُ لِلْمُتَّقِينَ غَيْرَ بَعِيدٍ۞** ထို့ပြင် သုခဘုံအား စည်းစောင့်သူများထံသို့ ချည်းကပ်လာနေစေ၏၊ ယင်းသည် နောက်ကျန်ရစ်သည် မဟုတ်ချေ။
၃၂။	**هَذَا مَا تُوعَدُونَ لِكُلِّ أَوَّابٍ حَفِيظٍ۞** ဤသည် အရှင့်ဘက်သို့လှည့်သူ၊ စောင့်ထိန်းသူတိုင်းအတွက် ကတိတော်ပင် ဖြစ်၏။

(၉၉၄) လူတစ်ဦး၏ ဥဉ်စရိုက်တိုင်းတွင် မောင်းနှင်သူ၊ သက်သေပြုသူ ရှိသည် ဆိုခြင်းမှာ ထိုသူ၏ လုပ်ဆောင်သော အကျင့်နှင့် လုပ်ဆောင်မှု အကျိုးကို ဆိုလိုခြင်း ဖြစ်ပေသည်။ လူသားသည် မကောင်းမှုကို ပြုက မကောင်းမှု၏ မောင်းနှင်ခြင်းကို ခံရ၍ မကောင်းမှုသည် သူ၏ သက်သေ ဖြစ်၏။ ကောင်းမှုကို ကျင့်ဆောင်က ကောင်းမှုသည် သူအား မောင်းနှင်၍ ကောင်းကျိုးသည် သူ၏သက်သေ ဖြစ်၏။

၃၃။	**مَنْ خَشِيَ الرَّحْمَن بِالْغَيْبِ وَجَاء بِقَلْبٍ مُّنِيبٍ۞** သူတို့သည် ကရုဏာရှင်အား မျက်ကွယ်၌ပင် စိတ်နှလုံး ဘက်လှည့် ချစ်ကြောက်ရိုကျိုးကြ၏။
၃၄။	**ادْخُلُوهَا بِسَلَامٍ ذَلِكَ يَوْمُ الْخُلُودِ۞** ထို ငြိမ်းချမ်းမှုသွန်သုခသို့ ခိုဝင်ဆိုက်မြုံကြစေလော့၊ ဤ နေ့ကာလသည် ထာဝရဖြစ်စေသတည်း။
၃၅။	**لَهُم مَّا يَشَاؤُونَ فِيهَا وَلَدَيْنَا مَزِيدٌ۞** ထို၌ သူတို့ စံချိန်ပြည့်မှီရာများသည် သူတို့အတွက် ရှိ၏။ ငံ့ထံ၌ ထိုထက်ထပ်တိုး၍ ရှိနေ၏။
၃၆။	**وَكَمْ أَهْلَكْنَا قَبْلَهُم مِّن قَرْنٍ هُمْ أَشَدُّ مِنْهُم بَطْشًا فَنَقَّبُوا فِي الْبِلَادِ هَلْ مِن مَّحِيصٍ۞** သူတို့မတိုင်မှီ သူတို့ထက် အင်အားသန်မာစွာ ကိုင်တွယ်ထားနိုင်သော မျိုးဆက် မည်မျှကို ငါ တိမ်ကောစေခဲ့သနည်း၊ မြို့များ အနှံ့ ထိုးဖောက် ကျက်စားသော သူတို့သည် ထို၌ လွတ်လမ်းရှိကြသလော။
၃၇။	**إِنَّ فِي ذَلِكَ لَذِكْرَى لِمَن كَانَ لَهُ قَلْبٌ أَوْ أَلْقَى السَّمْعَ وَهُوَ شَهِيدٌ۞** ဇကန်ပင် ဤ၌ နှလုံးသား ပိုင်ရှင်၊ သို့မဟုတ် ကြားနာမှု စွင့်ထားသူ အတွက် သတိပေးတရားတော်နှင့် သက်သေသက်ကန် ရှိနေ၏။
၃၈။	**وَلَقَدْ خَلَقْنَا السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا فِي سِتَّةِ أَيَّامٍ وَمَا مَسَّنَا مِن لُّغُوبٍ۞** မုချပင် ငါသည် မိုးများနှင့် မြေကမ္ဘာ ထိုနှစ်ခုကြား အရာများကို ကာလ ခြောက်ခုဖြင့် ဖြစ်တည်စေတော်မူ၏။ သို့အတွက် မောပန်းခြင်းသည် ငှါအား မသက်ချေ။[၉၅]
၃၉။	**فَاصْبِرْ عَلَى مَا يَقُولُونَ وَسَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوعِ الشَّمْسِ وَقَبْلَ الْغُرُوبِ۞** သို့ဖြစ်၍ သူတို့၏ ပြောစကားကို သည်းခံလျက်၊ သင့်ကံကြမ္မာရှင်အား နေ့ မထွက်မှီ နေမဝင်မှီ၌ ရည်သန်ဂုဏ်စိုက် ဦးထိပ်ထားလော့။
၄၀။	**وَمِنَ اللَّيْلِ فَسَبِّحْهُ وَأَدْبَارَ السُّجُودِ۞** ည၌ အရှင့်အား ဦးထိပ်ထားလျက် ပြန်လည်၍ ဦးချကြလော့။
၄၁။	**وَاسْتَمِعْ يَوْمَ يُنَادِ الْمُنَادِ مِن مَّكَانٍ قَرِيبٍ۞** နေ့ပိုင်း၌ သင်တို့၏ အနီးနားမှ ဖိတ်ခေါ်သူ၏ ဖိတ်ခေါ်ခြင်းကို အာရုံစိုက် နားထောင်လော့။
၄၂။	**يَوْمَ يَسْمَعُونَ الصَّيْحَةَ بِالْحَقِّ ذَلِكَ يَوْمُ الْخُرُوجِ۞** သူတို့သည် အမှန်တရား အသံလှိုင်းကြီးအား ကြားရသော နေ့၊ ၎င်းသည် ပြန်ထွက်လာရမည့် နေ့ကာလဖြစ်၏။[၉၆]

---

(၉၅) ဖန်ဆင်းရှင်ဆိုသည့် အယူမှာ တူသည် မှန်သော်လည်း ခရစ်ယာန် သာသနာက ခံစားယုံကြည်သော ဖန်ဆင်းရှင်ဟူသော သဘာဝနှင့် အစွလာမ်သာသနာက ခံစားယုံကြည်သော ဖန်ဆင်းရှင်ဟူသော သဘာဝမှာ မတူချေ။ ထိုအကြောင်းကို ဤသုတ်တော်က သက်သေပြလျက် ရှိပေသည်။ ခရစ်ယာန် သမ္မာကျမ်းစာ ကမ္ဘာဦးကျမ်း ၂း၂ တွင် ဘုရားရှင်သည် ဖန်ဆင်းပြီး ၇ ရက်မြောက်နေ့တွင် ငြိမ်ဝပ်စွာ နားနေတော်မူသည် ဟု ဆိုထားပေသည်။ ထိုအဓိပ္ပါယ်မှာ ဘုရားရှင်သည် လောက အပေါင်းကို ဖန်ဆင်းလိုက်ရ၍ မောပန်းသောကြောင့် နားနေသည်ဟု ဆိုလိုခြင်းပင်၊ အစွလာမ် ဒဿနတွင်မူ ဘုရားရှင်၏ ဖန်ဆင်းခြင်းဆိုသည်မှာ ဖြစ်တည်လာရန် လောကနိယာမကို စည်းချိန် တကျ ပြဋ္ဌာန်းခြင်းသာ ဖြစ်၍ အရှင်၏ ဖြစ်တည်စေခြင်း နိယာမသည် အချိန်တိုင်း အခါတိုင်းတွင် စဉ်ဆက်မပြတ် ဖြစ်တည် နေစေပေသည်။ ပရမတ်ဘုရားရှင်အား လူသား တစ်ဦး ကဲ့သို့ ခံစားယုံကြည်ခြင်း မရှိပေ။ သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား လူပုဂ္ဂိုလ်တစ်ဦး ကဲ့သို့ မောပန်းသည်၊ လက်ပန်းကျသည် စသည့် ခံစားချက်ဖြင့် ခံစား၍ မရချေ။ ဤလူသားနေထိုင်သော စကြာဝဠာအပြင် အခြားသော စကြာဝဠာ အသစ်များ စဉ်ဆက်မပြတ် ဖြစ်တည်နေမည်ပင်။ ဤသည် ပရမတ် ဘုရားရှင်၏ ချမှတ်ပြဋ္ဌာန်းထားသော နိယာမပေတည်း။

၄၃။	**إِنَّا نَحْنُ نُحْيِي وَنُمِيتُ وَإِلَيْنَا الْمَصِيرُ** ۞ ငါအရှင်သည် နိစ္စ၊ အနိစ္စကို ဖြစ်စေသော အရှင် ဖြစ်၏။ ငါ့ထံသို့သာ ခရီးဆုံးပန်းတိုင်သည် ဖြစ်၏။
၄၄။	**يَوْمَ تَشَقَّقُ الْأَرْضُ عَنْهُمْ سِرَاعًا ذَٰلِكَ حَشْرٌ عَلَيْنَا يَسِيرٌ** ۞ ကမ္ဘာမြေသည် သူတို့မှ အက်ကွဲသော နေ့ကာလ၌ အလျင်စလို ရှိကြလတ္တံ့။ သူတို့အား စုစည်းစေခြင်းသည် ငါ့အတွက် လွယ်ကူလှချေ၏။
၄၅။	**نَحْنُ أَعْلَمُ بِمَا يَقُولُونَ وَمَا أَنتَ عَلَيْهِم بِجَبَّارٍ فَذَكِّرْ بِالْقُرْآنِ مَن يَخَافُ وَعِيدِ** ۞ ငါအရှင်သည် သူတို့၏ ပြောသမျှကို အသိဆုံး ဖြစ်တော်မူ၏။ သင်သည် သူတို့အား ပုန်ကန်သူ မဟုတ်ချေ။ ငါ၏ ကတိတော်အား ကြောက်ရွံတတ်သူတို့အား ကုရ်အာန်အားဖြင့် သတိဖေါ်ပေးလော့။

---

(၉၉၆) အမှန်တရားကို ကြောက်နေသူတို့အတွက် အမှန်တရားသည် တုန်ဟီးသံကြီး ကဲ့သို့ ပြင်းထန်လှကြောင်း ကျမ်းမြတ်ကုရ်အာန်က အတိအကျ ပြောဆိုပေသည်။ သာသနာတော်အား မောင်ပိုင်စီးထားသော သူများသည် မည်သို့ပင် အမှန်တရားကို ပုံးဖိထားစေကာမူ လူငယ်မျိုးဆက်များသည် ပညာတတ်လာ အမြင်ကျယ်လာလျှင် ထိုဖုံးဖိထားသော သူများသည် တရားခံဖြစ်ရပေတော့မည်။ ထိုအခါ သူတို့၏ ဖုံးဖိလုပ်စားခဲ့သမျှ သည် ပေါ်ထွက်လာရပေမည်ပင်။

ဓမ္မခန္ဓာ (၅၁) လေသရမ်ိး (အလ် သာရီယာဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၆၇)၊ သုတ်ဒေသနာ အပါး (၆၀)၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**وَالذَّارِيَاتِ ذَرْوًا۞** ပြန့်ကြဲစေရန် ဖြန့်ကြဲခြင်းအားဖြင့်၊
၂။	**فَالْحَامِلَاتِ وِقْرًا۞** သယ်ပိုးနေရသော တိမ်ထုအားဖြင့်၊
၃။	**فَالْجَارِيَاتِ يُسْرًا۞** လွယ်ကူချောမွေ့စွာ စီးမျောသောလေအားဖြင့်၊
၄။	**فَالْمُقَسِّمَاتِ أَمْرًا۞** တိုင်တည်ထားသော ညွှန်ကြားချက်များ အားဖြင့်။
၅။	**إِنَّمَا تُوعَدُونَ لَصَادِقٌ۞** ဇကန်ပင် သင်တို့အား ကတိတော်ထားရာသည် ဖြောင့်မှန်လျက်ရှိ၏။
၆။	**وَإِنَّ الدِّينَ لَوَاقِعٌ۞** ဇကန်ပင်၊ သာသနာတော်သည် ခိုင်မာတည်တံ့လှ၏။
၇။	**وَالسَّمَاءِ ذَاتِ الْحُبُكِ۞** လမ်းကြောင်း အပြည့်ရှိသော ကောင်းကင်ယံအားဖြင့်၊
၈။	**إِنَّكُمْ لَفِي قَوْلٍ مُّخْتَلِفٍ۞** ဇကန်ပင် သင်တို့သည် ကွဲပြားခြားနားသော စကားများ၌ ရှိကြ၏။
၉။	**يُؤْفَكُ عَنْهُ مَنْ أُفِكَ۞** ထိုမှ လှည့်စားသူသည် လှည့်စားသူတို့မှ ဖြစ်၏။
၁၀။	**قُتِلَ الْخَرَّاصُونَ۞** မှန်းဆပြောသူတို့သည် ခုခံတော်လှန်ခြင်းခံရလတ္တံ့။[၉၉၇]

---

(၉၉၇) ဤဝါကျကို ဆရာတော်ကြီးများက **လိမ်ညာလှည့်စားသူတို့သည် ပျက်စီးဆုံးရှုံးရမည်သာတည်း** ဟုလည်း ပြန်ဆိုကြပေသည်။ **ကုတိလ**၏ အနက်မှာ **တော်လှန်ခြင်း။ တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ချေမှုန်းခံရခြင်း**များ ဖြစ်ပေသည်။ **الْخَرَّاصُونَ** ၏ အဓိပ္ပါယ်မှာ တကယ် သေချာ မသိဘဲ

၁၁။	**الَّذِينَ هُمْ فِي غَمْرَةٍ سَاهُونَ۝** သူတို့သည် အရေးမစိုက်မှု၌ ကတုန်ကယင်ဖြင့် ရှိနေ၏။
၁၂။	**يَسْأَلُونَ أَيَّانَ يَوْمُ الدِّينِ۝** “စီရင်မိန့်ချမည့် နေ့ကာလသည် မည်သည့်အခါနည်း၊”ဟု မေးကြ၏။
၁၃။	**يَوْمَ هُمْ عَلَى النَّارِ يُفْتَنُونَ۝** သူတို့အား အပူမီးထဲ၌ စမ်းသပ်သော နေ့ကာလပင်။
၁၄။	**ذُوقُوا فِتْنَتَكُمْ هَذَا الَّذِي كُنتُم بِهِ تَسْتَعْجِلُونَ۝** စမ်းသပ်ခြင်းကို သင်တို့ မြည်းစမ်းကြလော့၊ ဤသည် သင်တို့ အလျင်စလိုရှိခဲ့သော အရာ ဖြစ်၏။[၉၉၈]
၁၅။	**إِنَّ الْمُتَّقِينَ فِي جَنَّاتٍ وَعُيُونٍ۝** ဧကန်ပင်၊ စည်းစောင့်သူတို့သည် ဥယျာဉ်များ စိမ့်စမ်းများအတွင်း၌ ဖြစ်ရလတ္တံ့။
၁၆။	**آخِذِينَ مَا آتَاهُمْ رَبُّهُمْ إِنَّهُمْ كَانُوا قَبْلَ ذَلِكَ مُحْسِنِينَ۝** ကံကြမ္မာရှင်၏ ထံမှ ချီးမြှင့်ရာကို လက်ခံရယူလျက်ပင်၊ ဧကန်ပင် သူတို့သည် ဤမတိုင်မီက သုမဂ်လာပြုသူများ ဖြစ်ခဲ့ကြ၏။
၁၇။	**كَانُوا قَلِيلًا مِّنَ اللَّيْلِ مَا يَهْجَعُونَ۝** သူတို့သည် ညအချိန်၌ အနည်းငယ်သာ အိပ်မောကျလေ့ရှိခဲ့၏။
၁၈။	**وَبِالْأَسْحَارِ هُمْ يَسْتَغْفِرُونَ۝** လှည့်စားခံရသော် သူတို့သည် လွတ်ငြိမ်းဆုပန်ကြကုန်၏။
၁၉။	**وَفِي أَمْوَالِهِمْ حَقٌّ لِّلسَّائِلِ وَالْمَحْرُومِ۝** သူတို့၏ ဥစ္စာပစ္စည်းများမှ တောင်းခံရသူများနှင့် တားမြစ်ပိတ်ဆို့ခံရသူတို့အတွက် ရှိ၏။[၉၉၉]
၂၀။	**وَفِي الْأَرْضِ آيَاتٌ لِّلْمُوقِنِينَ۝** ဒီဌဖြစ်လိုသူအဘို့ သက်သေလက္ခဏာများမှာ မြေကမ္ဘာ၌–
၂၁။	**وَفِي أَنفُسِكُمْ أَفَلَا تُبْصِرُونَ۝** သင်တို့၏ စိတ်စရိုက်များ အတွင်း၌ ရှိနေ၏။ သင်တို့ မမြင်ကြသလော။

မှန်းဆချက်ဖြင့် ဆရာကြီးလုပ်သူများဟု ဆိုလိုသည် (၄၃း၂၀) ထို လိမ်ညာ လှည့်စားသော သူတို့သည် လူထုအား ဖြစ်စေ အမှန်တရားအား ဖြစ်စေ အရေးမစိုက်မှု၌ ကကုတ်ကယင်ဖြင့် ရှိနေသူများ ဖြစ်သည်– ၎င်းတို့၏ စိတ်မလုံမှုကို သုတ်တော် ၁၁ က ဖေါ်ပြထားပေသည်။

(၉၉၈) ကျမ်းတော်တွင် မကောင်းမှု သို့မဟုတ် ဝဋ်ကြွေးကို သင်တို့ အလျင်စလို ရှိနေသော အရာဟု ပြောဆိုလေ့ရှိပေသည်။ ဆိုလိုသည်မှာ လူသားသည် မကောင်းလုပ်ရန် အမြဲအလျင်စလို ဖြစ်တတ်သော သဘာဝ ရှိလျက် ကောင်းမှုအတွက်မူ အမြဲလေးတွဲ စဉ်းစားတတ်သော သဘာဝ ရှိသော ကြောင့်ပင်။

(၉၉၉) အစ္စလာမ် သာသနာသည် ရုပ်ပိုင်းဆိုင်ရာ နေ့တဈဝ နေထိုင်မှုအပေါ်တွင် စည်းစနစ်တစ်ကျ နေထိုင်ကျင့်ကြံခြင်းဖြင့် နာမ်ပိုင်းဆိုင်ရာကို မြင့်မားစေသော သာသနာဖြစ်ပေသည်။ ဤသုတ်တော်တွင် ချို့တဲ့နွမ်းပါးသူများနှင့် တားမြစ်ပိတ်ဆို့ခံရသူတို့အား ပေးကမ်းလှူဒါန်းရန် ပြောဆိုထားသည်မှာ – ဖြောင့်မတ်သော သူတို့အား လုပ်ကိုင်စားသောက်၍ မရနိုင်လောက်အောင် မကောင်းကြံစည်သော သူတို့က အချင်းချင်း ညီညွတ်လျက် ပိတ်ဆို့ထားခြင်းများကို ဆိုလို၍ ထိုသို့ ပိတ်ဆို့ခံရသူတို့အား အစ္စလာမ်ဘာသာဝင်များက ကူညီရမည်ဟု ဆိုလိုပေသည်။

၂၂။	**وَفِي السَّمَاءِ رِزْقُكُمْ وَمَا تُوعَدُونَ۝** ကောင်းကင်ယံ၌– သင်တို့၏ ရိက္ခာများ၊ ကတိတော်ထားရာများ ရှိနေ၏။
၂၃။	**فَوَرَبِّ السَّمَاءِ وَالْأَرْضِ إِنَّهُ لَحَقٌّ مِّثْلَ مَا أَنَّكُمْ تَنطِقُونَ۝** မိုးများနှင့် မြေကမ္ဘာ၏ ကံကြမ္မာရှင်အား တိုင်တည်လျက်၊ ဤသည် ပရမတ္ထသစ္စာတည်း၊ သင်တို့ စကားပြောဆို သကဲ့သို့ပင်။[၁၀၀၀]
၂၄။	**هَلْ أَتَاكَ حَدِيثُ ضَيْفِ إِبْرَاهِيمَ الْمُكْرَمِينَ۝** အဗြဟာဟီးမ်၏ ကျက်သရေရှိသော ဧည့်သည်များ အကြောင်း ဆင့်ပြန်ချက် သင့်ထံသို့ ရောက်လာသလော။
၂၅။ မသိကျွမ်းသော	**إِذْ دَخَلُوا عَلَيْهِ فَقَالُوا سَلَامًا قَالَ سَلَامٌ قَوْمٌ مُّنكَرُونَ۝** သူထံသို့ ဝင်ရောက်၍ ''ငြိမ်းချမ်းပါစေ၊''ဟု ဆိုကြသော်၊ သူကလည်း ''ငြိမ်းချမ်းပါစေ၊''ဟု ပြန်ပြောဇ၏။ **သူစိမ်း**လူမျိုးများပင်။
၂၆။	**فَرَاغَ إِلَى أَهْلِهِ فَجَاء بِعِجْلٍ سَمِينٍ۝** သူက ဝိုင်းသားများဆီသို့ လှည့်လျက် အဟာရပြည့်သော နွားကင်တစ်ကောင်ဖြင့် ရောက်လာ၏။
၂၇။ စားသုံး	**فَقَرَّبَهُ إِلَيْهِمْ قَالَ أَلَا تَأْكُلُونَ۝** သူတို့အား ချည်းကပ်လျက် ''**သုံးဆောင်**ကြမည် မဟုတ်လော၊''ဟု သူက မေး၏။
၂၈။	**فَأَوْجَسَ مِنْهُمْ خِيفَةً قَالُوا لَا تَخَفْ وَبَشَّرُوهُ بِغُلَامٍ عَلِيمٍ۝** ထို့နောက် သူသည် သူတို့အား စိုးရိမ် စိတ်ခံစားမိသော် သူတို့က ''မစိုးရိမ်နှင့်၊''ဟု ဆိုလျက် ပညာရှင် ကလေး အကြောင်း သတင်းကောင်းကို ပါး၏။
၂၉။	**فَأَقْبَلَتِ امْرَأَتُهُ فِي صَرَّةٍ فَصَكَّتْ وَجْهَهَا وَقَالَتْ عَجُوزٌ عَقِيمٌ۝** သူဇနီးသည် ဇွတ်အတင်း ရှေ့ထွက်လျက် သူမ၏ မျက်နှာကို သပ်ကာ ''ကျွန်ုပ်သည် မျိုးသုဉ်းနေသော အဘွားအို ဖြစ်ပါ၏''ဟု ဆိုသော်–
၃၀။	**قَالُوا كَذَلِكَ قَالَ رَبُّكِ إِنَّهُ هُوَ الْحَكِيمُ الْعَلِيمُ۝** သူတို့က ''ဤသည် ကံကြမ္မာရှင်၏ စကားတော် ဖြစ်၏။ ဇကန်ပင် အရှင်သည် ဓမ္မသတ်ရှင် သိနေသော အရှင် ဖြစ်၏၊''ဟု ဆို၏။
၃၁။	**قَالَ فَمَا خَطْبُكُمْ أَيُّهَا الْمُرْسَلُونَ۝** သူက ''အို– ဥဇာ်စဉ်ဆောင်တို့ သင်တို့၌ မည်သည့် မှာကြားချက် ရှိပါသနည်း၊''ဟု မေးသော်။
၃၂။	**قَالُوا إِنَّا أُرْسِلْنَا إِلَى قَوْمٍ مُّجْرِمِينَ۝** သူတို့က ပြောသည်မှာ ''ကျွန်ုပ်တို့အား ရာဇဝတ်ကောင် လူမျိုးထံသို့ စေစားခြင်း ဖြစ်၍–
၃၃။	**لِنُرْسِلَ عَلَيْهِمْ حِجَارَةً مِّن طِينٍ۝** ကျွန်ုပ်တို့သည် သူတို့အပေါ်သို့ မြေ ကျောက်ခဲများတို့အား စေရလိမ့်မည်၊

(၁၀၀၀) လူသားသည် အချင်းချင်း စကားပြောဆို ဆက်ဆံနေရသည်မှာ အမှန်ဖြစ်သကဲ့သို့ ပရမတ်ဘုရားရှင်၏ ကတိတော်မှာလည်း မှန်ကန်သည်ဟု ပမာပေးတင်ပြခြင်း ဖြစ်ပေသည်။

၃၄။	**مُسَوَّمَةً عِندَ رَبِّكَ لِلْمُسْرِفِينَ۝** အလွဲသုံးစားပြုသူတို့အတွက် သင့်ကံကြမ္မာရှင်ထံတော်၌ တံဆိပ်တပ်ပြီး ဖြစ်သည်''ဟု ဖြစ်၏။
၃၅။	**فَأَخْرَجْنَا مَن كَانَ فِيهَا مِنَ الْمُؤْمِنِينَ۝** ထို့နောက် ငါသည် ယုံကြည်ခြင်း ရှိခဲ့သူများကို ထိုမှ ထွက်ခွာစေတော်မူ၏။
၃၆။	**فَمَا وَجَدْنَا فِيهَا غَيْرَ بَيْتٍ مِّنَ الْمُسْلِمِينَ۝** ထို၌ ငြိမ်းချမ်းရေးဝါဒီတို့၏ အိမ်ဟူ၍ ငါ တွေ့တော် မမူချေ။
၃၇။	**وَتَرَكْنَا فِيهَا آيَةً لِّلَّذِينَ يَخَافُونَ الْعَذَابَ الْأَلِيمَ۝** ထို့နောက် စူးနစ်သော ဝဋ်ကြွေးကို ကြောက်ရွံ့သော သူတို့အဘို့ သက်သေလက္ခဏာ ချန်ထားခဲ့တော်မူ၏။
၃၈။	**وَفِي مُوسَى إِذْ أَرْسَلْنَاهُ إِلَى فِرْعَوْنَ بِسُلْطَانٍ مُّبِينٍ۝** မူဆာ၌လည်း။ ငါသည် သူ့အား ဖာရိုးထံသို့ ရှင်းလင်းထင်ရှားသော လုပ်ပိုင်ခွင့်များဖြင့် စေစားတော်မူ၏။
၃၉။	**فَتَوَلَّى بِرُكْنِهِ وَقَالَ سَاحِرٌ أَوْ مَجْنُونٌ۝** ဖာရိုး သူသည် သူ့အားယိမ်းညွတ်သူများဘက်သို့ လှည့်လျက်၊ ''မှော်ဆရာ၊ အရူး၊''ဟု ဆို၏။
၄၀။	**فَأَخَذْنَاهُ وَجُنُودَهُ فَنَبَذْنَاهُمْ فِي الْيَمِّ وَهُوَ مُلِيمٌ۝** ငါသည် သူနှင့် သူ့စစ်တပ်အား အရေးယူလျက် မြစ်တွင်းသို့ စွန့်ပစ်လိုက်၏။ သူသည် အပြစ်တင်ခံရသူတို့မှ ဖြစ်၏။
၄၁။	**وَفِي عَادٍ إِذْ أَرْسَلْنَا عَلَيْهِمُ الرِّيحَ الْعَقِيمَ۝** အာဒ်၌လည်း၊ ငါသည် သူတို့ထံသို့ သူတို့အား မျိုးသုဉ်းသွားစေသော လေကို စေစား၍၊
၄၂။	**مَا تَذَرُ مِن شَيْءٍ أَتَتْ عَلَيْهِ إِلَّا جَعَلَتْهُ كَالرَّمِيمِ۝** ဂင်း လေသွားလမ်းတွင် ချန်ထားခဲ့ရာ တစ်စုံတစ်ရာမရှိ၊ သို့သော် တစ်စစီ စီစဉ်လိုက်သည်သာ ရှိ၏။
၄၃။	**وَفِي ثَمُودَ إِذْ قِيلَ لَهُمْ تَمَتَّعُوا حَتَّى حِينٍ۝** သမု–ဒ်၌လည်း၊ သူတို့အား ကာလတစ်ခု အထိ သာယာနေကြလော့ဟု ပြောသောခါ။
၄၄။	**فَعَتَوْا عَنْ أَمْرِ رَبِّهِمْ فَأَخَذَتْهُمُ الصَّاعِقَةُ وَهُمْ يَنظُرُونَ۝** ☆ကုရ္ဘ သူတို့သည် ကံကြမ္မာရှင်၏ ညွှန်ကြားချက်ကို အာခံကြကုန်၏။ သူတို့ ကြည့်နေစဉ်ပင် သူတို့အား တော်လည်းသံကြီး ဖြင့် အရေးယူလိုက်ပြီ။☆
၄၅။	**فَمَا اسْتَطَاعُوا مِن قِيَامٍ وَمَا كَانُوا مُنتَصِرِينَ۝** ရပ်တည်ရန် တတ်နိုင်ခြင်း မရှိကြ။ မိမိကိုယ်မိမိ ကူညီနိုင်ခြင်းလည်း မရှိကြတော့ပေ။
၄၆။	**وَقَوْمَ نُوحٍ مِّن قَبْلُ إِنَّهُمْ كَانُوا قَوْمًا فَاسِقِينَ۝** ရှေ့အလျင်က နူးဟ်၏ လူမျိုးများ၊ ဇကန်ပင် သူတို့သည် ယုတ်မာသော လူမျိုးပင် ဖြစ်၏။
၄၇။	**وَالسَّمَاء بَنَيْنَاهَا بِأَيْدٍ وَإِنَّا لَمُوسِعُونَ۝** အာကာသ၊ ဂင်းကို လုပ်ပိုင်ခွင့်ဖြင့် ငါ တည်ဆောက်တော်မူ၍ ငါသည် ဂင်းကို ဖြန့်ကျယ်နေစေသော အရှင် ဖြစ်၏။

၄၈။	**وَالْأَرْضَ فَرَشْنَاهَا فَنِعْمَ الْمَاهِدُونَ۝** မြေကမ္ဘာ၊ ငါသည် ၎င်းကို နားခိုရာ– ဂုဏ်ပေး၍ ဆိုင်းလျက်လွှဲနေစရာ ဖြစ်စေ၏။ [၁၀၀]
၄၉။	**وَمِن كُلِّ شَيْءٍ خَلَقْنَا زَوْجَيْنِ لَعَلَّكُمْ تَذَكَّرُونَ۝** သဗ္ဗလုံးစုံ၊ သင်တို့ ဆင်ခြင်သတိ ရှိအံ့ငှာ ငါသည် ၎င်းတို့ကို စုဖွဲ့ပေါင်းစည်း ဖြစ်တည်စေတော်မူ၏။
၅၀။	**فَفِرُّوا إِلَى اللَّهِ إِنِّي لَكُم مِّنْهُ نَذِيرٌ مُّبِينٌ۝** သို့ဖြစ်၍ ပရမတ်ဘုရားရှင်၏ ထံသို့သာ အပြိုင်ပြေးကြလော့၊ ကျွန်ုပ်သည်ကား အရှင့်အတွက် သင်တို့အား ရှင်းလင်းထင်ရှားသော သတိပေးသူသာ ဖြစ်၏။
၅၁။	**وَلَا تَجْعَلُوا مَعَ اللَّهِ إِلَهًا آخَرَ إِنِّي لَكُم مِّنْهُ نَذِيرٌ مُّبِينٌ۝** ပရမတ်ဘုရားရှင်နှင့်အတူ အခြားသော ဘုရားများကို မစီစဉ်ကြကုန်နှင့်။ ကျွန်ုပ်သည်ကား အရှင့်အတွက် သင်တို့အား ရှင်းလင်းထင်ရှားသော သတိပေးသူသာ ဖြစ်၏။
၅၂။	**كَذَٰلِكَ مَا أَتَى الَّذِينَ مِن قَبْلِهِم مِّن رَّسُولٍ إِلَّا قَالُوا سَاحِرٌ أَوْ مَجْنُونٌ۝** ဤသို့ပင်၊ သူတို့၏ ရှေ့အလျင် ဖြစ်သူတို့ထံသို့ ဉာဏ်စဉ်တော်ဆောင် ရောက်လာလေသော် သူတို့က ''မှော်ဆရာ၊ အရူး၊''ဟု ပြောကြသည်သာ။
၅၃။	**أَتَوَاصَوْا بِهِ بَلْ هُمْ قَوْمٌ طَاغُونَ۝** ၎င်းကို သူတို့သည် လက်ဆင့်ကမ်းကြကုန်၏။ အမှန်မှာ သူတို့သည် စည်းဖျက်သော လူမျိုး ဖြစ်၏။
၅၄။	**فَتَوَلَّ عَنْهُمْ فَمَا أَنتَ بِمَلُومٍ۝** သို့ဖြစ်၍ သူတို့ထံမှ လှည့်သွားလော့၊ သင်သည် သူတို့အား အပြစ်မတင်နှင့်။
၅၅။	**وَذَكِّرْ فَإِنَّ الذِّكْرَى تَنفَعُ الْمُؤْمِنِينَ۝** သတိဖေါ်ပေးလော့၊ သတိဖေါ်ပေးခြင်းသည် ယုံကြည်သူတို့အတွက် အကျိုးရှိနိုင်၏။
၅၆။ ☆၆း၁၀၀	**وَمَا خَلَقْتُ الْجِنَّ وَالْإِنسَ إِلَّا لِيَعْبُدُونِ۝** ကလျာဏနှင့် အန္ဓပုတ္တဇဉ်တို့အား☆ ငါ့ကို ကိုးကွယ်ရန်မှအပ ဖြစ်တည်စေခဲ့ခြင်း မဟုတ်။
၅၇။	**مَا أُرِيدُ مِنْهُم مِّن رِّزْقٍ وَمَا أُرِيدُ أَن يُطْعِمُونِ۝** ငါသည် သူတို့ထံမှ ရိက္ခာကို မလိုလားချေ။ ငါ့အား ဆွမ်းကပ်ရန်လည်း လိုသည်မဟုတ်ချေ။
၅၈။	**إِنَّ اللَّهَ هُوَ الرَّزَّاقُ ذُو الْقُوَّةِ الْمَتِينُ۝** ဇကန်ပင် ပရမတ်ဘုရားရှင်၊ အရှင်သည် ရိက္ခာပေးသော အရှင်၊ အစွမ်းသတ္တိ ပိုင်စိုးသည့် တန်ခိုးတော်ရှင် ဖြစ်၏။
၅၉။	**فَإِنَّ لِلَّذِينَ ظَلَمُوا ذَنُوبًا مِّثْلَ ذَنُوبِ أَصْحَابِهِمْ فَلَا يَسْتَعْجِلُونِ۝** ဇကန်ပင် မိုက်ကြေးခွဲသော သူတို့အတွက် သူတို့၏ အပေါင်းအဖေါ်များ ပြစ်ဒဏ်ခံရ သကဲ့သို့ ပြစ်ဒဏ်သည် ရှိနေ၏။

(၁၀၀၁) ဤဂါကျမှ စကားလုံး နှစ်လုံး فَرَشْنَاهَا နှင့် الْمَاهِدُونَ တို့သည်– ကမ္ဘာဆိုသည်မှာ ဆွဲအားဖြင့် ချိတ်ဆက်ထားလျက် သက်ရှိတို့ နေထိုင်နိုင်ရန် ဆိုင်းလျက် လွှဲနေသောအရာ တစ်ခု အဖြစ် ပြောဆိုထားသည်။ فَرَشْنَاهَا မှာ ပန်းခြံများတွင် တွဲဆိုင်းထားသော ကြိုးဆွဲအပန်းဖြေ ထိုင်ခုံကို ခေါ်၍ الْمَاهِدُونَ မှာ مَهْد (လွှဲသောအရာ) ပုခက်နှင့် ရင်းမြစ်တူ စကားလုံး ဖြစ်သည်။ فَنِعْمَ မှာ ဂုဏ်ပေးသည်။ အလိုလိုက်သည်၊ ဟု ဖြစ်သော ကြောင့် فَنِعْمَ الْمَاهِدُونَ ဂုဏ်ပေး၍ ဆိုင်းလျက်လွှဲနေစရာ ဖြစ်စေ၏– ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

	အလျင်မလိုလေနှင့်။[၁၀၀၂]
၆၀။	**فَوَيْلٌ لِّلَّذِينَ كَفَرُوا مِن يَوْمِهِمُ الَّذِي يُوعَدُونَ۝** ဖုံးကွယ်သော သူတို့သည် သူတို့အတွက် ကတိတော်ပေးထားသည့် နေ့ကာလ၌ ပျက်စီးဆုံးရှုံးရမည်သာတည်း။

(၁၀၀၂) အဝိဇ္ဇာစီး အမိုက်သင့်နေသော သူတို့သည် မည်သည့်ခေတ်တွင် ဖြစ်စေ ဝဋ်ကြွေးဒဏ်ကို ခံစားရမည်ပင် ဖြစ်သည်ဟု ဤသုတ်တော်က ဆိုထားပေသည်။ ထို့ကြောင့် အစ္စလာမ် သာသနာက ပြောဆို တင်ပြနေသော ဝဋ်ကြွေး "အသာ့ဗ်" ဆိုသည်မှာ သေလွန်ပြီးနောက်ပိုင်း သို့မဟုတ် ကမ္ဘာကြီးပျက်ပြီးနောက်ပိုင်းမှ ခံစားရမည်ဟု သွန်သင်ခြင်း မဟုတ်ချေ။ လူသားတို့၏ ကောင်းမှု ဆိုးမှုပြုလုပ်နေခြင်း အကျိုးဆက်သည် ထိုအကျိုးဆက် ပြန်သင့်ရန် စံချိန်ဒီဂရီပြည့်သည်နှင့် ပြန်သင့်နေခြင်းပင် ဖြစ်ပေသည်။ ထိုအမိုက်ကောင်၏ စံချိန် ဒီဂရီပြည့်သည့် အချိန်အား အလျင်အမြန် ဆန္ဒစော တောင်းဆိုမနေရန်လည်း ကျမ်းတော်က တားမြစ်ပေသည်။ ဆိုလိုသည်မှာ လူသားတစ်ဦးအား မေတ္တာမဲ့မည့်အစား မေတ္တာထား နိုင်ရန်သာ သွန်သင်ခြင်း ဖြစ်ပေသည်။ အမိုက်ကောင်၏ ဇတ်သည် သူ့လုပ်ရပ်ဖြင့်သူ နိဂ္ဂိတ်သွားမည်သာ ဖြစ်တော့သည်။

ဓမ္မခန္ဓာ (၅၂) တောင်တော် (အလံ တူး၏)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၇၆)၊ သုတ်ဒေသနာ ပါး (၄၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁]

၁။	**وَالطُّورِ۞** တောင်တော်အားဖြင့်၊–
၂။	**وَكِتَابٍ مَّسْطُورٍ۞** ဤ–ရေးမှတ်ထားသော ကျမ်းတော်သည်–
၃။	**فِي رَقٍّ مَّنشُورٍ۞** အသက်ဝင်နိုးကြွနေသည့် အကွရာတင်လွှာ ဖြစ်ပေသတည်း။
၄။	**وَالْبَيْتِ الْمَعْمُورِ۞** လည်ပတ်ကြသော ဝတ်ကျောင်းတော်အားဖြင့်–
၅။	**وَالسَّقْفِ الْمَرْفُوعِ۞** မြင့်ထားသော မျက်နှာကျက်အားဖြင့်–
၆။	**وَالْبَحْرِ الْمَسْجُورِ۞** ပြည့်လျှံလာသော ပင်လယ်သမုဒ္ဒရာအားဖြင့်–
၇။	**إِنَّ عَذَابَ رَبِّكَ لَوَاقِعٌ۞** ဇကန်ပင်၊ သင့်ကံကြမ္မာရှင်ထံမှ ဝင့်ကြွေးသည် ခိုင်မာတည်တံ့ပေ၏။
၈။	**مَا لَهُ مِن دَافِعٍ۞** ဤင်းကို ခုခံနိုင်သူ ဟူ၍ မရှိချေ။
၉။	**يَوْمَ تَمُورُ السَّمَاء مَوْرًا۞** ကောင်းကင်ယံသည် သွက်သွက်ခါ လှုပ်သော နေ့ကာလ၌၊
၁၀။	**وَتَسِيرُ الْجِبَالُ سَيْرًا۞** တောင်တန်းများသည် ရွေ့မျော ရွေ့လျားရလတ္တံ့။
၁၁။	**فَوَيْلٌ يَوْمَئِذٍ لِلْمُكَذِّبِينَ۞** ထိုနေ့ကာလ၌ ငြင်းဆန်သူတို့သည် ပျက်စီးဆုံးရှုံးရလတ္တံ့။

၁၂။	**الَّذِينَ هُمْ فِي خَوْضٍ يَلْعَبُونَ۝** သူတို့က ဟာသလုပ် ပျက်လုံးထုတ်ခဲ့သော–
၁၃။	**يَوْمَ يُدَعُّونَ إِلَى نَارِ جَهَنَّمَ دَعًّا۝** အပူမီး ငရဲထဲသို့ သူတို့အား ဖိအားပေး၍ ဖိတွန်းပို့ခံရသော နေ့ကာလ၌–
၁၄။	**هَذِهِ النَّارُ الَّتِي كُنتُم بِهَا تُكَذِّبُونَ۝** ဤသည် သင်တို့ ငြင်းဆန်လေ့ ရှိသည့် အပူမီးပင်တည်း။
၁၅။	**أَفَسِحْرٌ هَذَا أَمْ أَنتُمْ لَا تُبْصِرُونَ۝** မှော်အတတ်ဖြစ်သလော၊ သို့တည်းမဟုတ် သင်တို့ အမြင် မရှိကြသလော၊
၁၆။	**اصْلَوْهَا فَاصْبِرُوا أَوْ لَا تَصْبِرُوا سَوَاء عَلَيْكُمْ إِنَّمَا تُجْزَوْنَ مَا كُنتُمْ تَعْمَلُونَ۝** ထို၌ လောင်ကျွမ်းစေလတ္တံ့၊ သင်တို့ သည်းခံနိုင်သည် ဖြစ်စေ သည်းမခံနိုင်သည် ဖြစ်စေ သင်တို့အတွက် မထူးချေ။ သင်တို့ ကျင့်ကြံလေ့ရှိခဲ့ရာကိုသာ အစားပေးခံနေခြင်း ဖြစ်၏။
၁၇။	**إِنَّ الْمُتَّقِينَ فِي جَنَّاتٍ وَنَعِيمٍ۝** ဇကန်ပင် စည်းစောင့်သူတို့သည် ဂုဏ်ရှိသော ဥယျာဉ်ဘုံများ၌ ဖြစ်ရမည်။
၁၈။ ခုဖြစ်၍ မော်ရွှင်မှု	**فَاكِهِينَ بِمَا آتَاهُمْ رَبُّهُمْ وَوَقَاهُمْ رَبُّهُمْ عَذَابَ الْجَحِيمِ۝** ကံကြမ္မာရှင်၏ ချီးမြှင့်မှုကြောင့် သူတို့သည် **သီးနှံရသကဲ့သို့**ဖြစ်ရလတ္တံ့၊ ကံကြမ္မာရှင်သည် သူတို့အား ငရဲမီး ဝင့်ကြွေးမှ ကာကွယ်ထားတော်မူ၏။
၁၉။	**كُلُوا وَاشْرَبُوا هَنِيئًا بِمَا كُنتُمْ تَعْمَلُونَ۝** သင်တို့၏ ကျင့်ကြံလေ့ရှိမှုများကြောင့် ကျေကျေနပ်နပ် စားကြ သောက်ကြကုန်လော့။
၂၀။ ☆၄၄း၅၄	**مُتَّكِئِينَ عَلَى سُرُرٍ مَّصْفُوفَةٍ وَزَوَّجْنَاهُم بِحُورٍ عِينٍ۝** အစီအစဉ်ကျသော ဖိမ်ခံခုံများ၌ မှီလဲစံစားစေ၍၊ ငါသည် သူတို့အား ဖြူစင်သော မျက်လုံးပိုင်ရှင်များနှင့် စုဖွဲ့ပေးတော်မူမည်။☆
၂၁။	**وَالَّذِينَ آمَنُوا وَاتَّبَعَتْهُمْ ذُرِّيَّتُهُم بِإِيمَانٍ أَلْحَقْنَا بِهِمْ ذُرِّيَّتَهُمْ وَمَا أَلَتْنَاهُم مِّنْ عَمَلِهِم مِّن شَيْءٍ كُلُّ امْرِئٍ بِمَا كَسَبَ رَهِينٌ۝** ယုံကြည်သော သူ၊ သူတို့အား ယုံကြည်ခြင်းဖြင့် လိုက်နာသော သူတို့၏ သားမြေးများ၊ ငါသည် သူတို့နှင့် သူတို့၏ သားမြေးတို့အား အတူဖြစ်စေတော်မူမည်။ သူတို့၏ ကျင့်ကြံမှု တစ်စုံတစ်ရာကိုမျှ ပပျောက်စေသည် မဟုတ်ချေ။ တစ်ဦးချင်းစီ၏ ကျင့်ဆောင်မှုတိုင်းသည် အာမခံပစ္စည်းပင် ဖြစ်၏။
၂၂။	**وَأَمْدَدْنَاهُم بِفَاكِهَةٍ وَلَحْمٍ مِّمَّا يَشْتَهُونَ۝** ငါသည် သူတို့အား သစ်သီးဝလံများနှင့် အသားများကို အာသီသ ရှိသလောက် တိုးပွားစေတော်မူလတ္တံ့။
၂၃။	**يَتَنَازَعُونَ فِيهَا كَأْسًا لَّا لَغْوٌ فِيهَا وَلَا تَأْثِيمٌ۝** ထို၌ ပွစိပွစိမလုပ်၊ ဖယ်ပစ်ခြင်းမရှိသော သောက်သုံးခွက်ကို ကမ်းလှမ်းပေးကြကုန်လတ္တံ့။

၂၄။	**وَيَطُوفُ عَلَيْهِمْ غِلْمَانٌ لَّهُمْ كَأَنَّهُمْ لُؤْلُؤٌ مَّكْنُونٌ۝** မိမိကိုယ်မိမိ ပုလဲကဲ့သို့ ကာကွယ်ထားသော ကလေးများက သူတို့ထံပါး လှည့်လည်ပိုင်းရံလျက် ရှိလတ္တံ့။[၁၀၀၃]
၂၅။	**وَأَقْبَلَ بَعْضُهُمْ عَلَى بَعْضٍ يَتَسَاءلُونَ۝** သူတို့မှ အချို့က အချို့ထံသို့ ရှေ့တိုးလာလျက် မေးမြန်း–
၂၆။	**قَالُوا إِنَّا كُنَّا قَبْلُ فِي أَهْلِنَا مُشْفِقِينَ۝** ပြောဆိုကြမည်မှာ“ရှေ့အလျင်က– ကျွန်ုပ်တို့၏ ဝိုင်းသားများအတွင်း ကျွန်ုပ်တို့ စိုးထိတ်ခဲ့ရ၏။–
၂၇။	**فَمَنَّ اللَّهُ عَلَيْنَا وَوَقَانَا عَذَابَ السَّمُومِ۝** သို့သော် ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့အား မျက်နှာသာပေးခဲ့ပြီ၊ အရှင်သည် ကျွန်ုပ်တို့အား ဝဋ်ကြွေး အပူထုမှ ကာကွယ်ခဲ့၏။
၂၈။	**إِنَّا كُنَّا مِن قَبْلُ نَدْعُوهُ إِنَّهُ هُوَ الْبَرُّ الرَّحِيمُ۝** ကျွန်ုပ်တို့သည် အရှင့်ထံ ရှေ့ကပင် ဇကန် ဆုပန်ခြင်း ရှိ၏။ အရှင်သည် ကောင်းမှုပြုသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏၊”ဟု ဖြစ်၏။
၂၉။	**فَذَكِّرْ فَمَا أَنتَ بِنِعْمَتِ رَبِّكَ بِكَاهِنٍ وَلَا مَجْنُونٍ۝** သို့ဖြစ်၍၊ ကံကြမ္မာရှင်၏ ဂုဏ်ပေးမှုဖြင့် သတိဖေါ်ပေးလော့၊ သင်သည် ဗေဒင်ဆရာလည်းမဟုတ် ရူးသွပ်နေသူလည်း မဟုတ်ချေ။
၃၀။	**أَمْ يَقُولُونَ شَاعِرٌ نَّتَرَبَّصُ بِهِ رَيْبَ الْمَنُونِ۝** သို့တည်းမဟုတ် သူတို့က “သူသည် ကဗျာဆရာ ဖြစ်၏၊ သူ့အား သံသယဖြစ်ဘွယ် မျက်နှာသာရနေမှုကို ကျွန်ုပ်တို့ စောင့်ကြည့်နေ၏”ဟု ဆိုကြသလော။
၃၁။	**قُلْ تَرَبَّصُوا فَإِنِّي مَعَكُم مِّنَ الْمُتَرَبِّصِينَ۝** “စောင့်ကြည့်ကြလော့၊ ကျွန်ုပ်သည်လည်း သင်တို့နှင့်အတူ စောင့်ကြည့်သူတို့မှ ဖြစ်၏။”ဟု ဟောလော့၊
၃၂။	**أَمْ تَأْمُرُهُمْ أَحْلَامُهُم بِهَذَا أَمْ هُمْ قَوْمٌ طَاغُونَ۝** သူတို့၏ ဥာဏ် စိတ်ကူးက သူတို့အား ညွှန်ကြားသလော၊ သို့တည်းမဟုတ် သူတို့သည် စည်းဖျက်လူမျိုး ဖြစ်သလော။
၃၃။ ကုရ်အာန်	**أَمْ يَقُولُونَ تَقَوَّلَهُ بَل لَّا يُؤْمِنُونَ۝** သို့မဟုတ် “**ဂင်း**ကို သူ တီထွင်ပြောခြင်း၊”ဟု ပြောကြသလော၊ အမှန်မှာ သူတို့သည် ယုံကြည်သူများ မဟုတ်ချေ။
၃၄။ ဟဒီးဆ်	**فَلْيَأْتُوا بِحَدِيثٍ مِّثْلِهِ إِن كَانُوا صَادِقِينَ۝**

(၁၀၀၃) ဤသုတ်တော်တွင် ပြောဆိုသော “သားရတနာများ”ကို ဆရာတော်ကြီး တစ်ချို့က ကံကျွေးလုလင်များ၊ ယောကျ်ားလေးများဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံး **ဂိုလာမန်** ကို ကိုယ်တော် အီဗရာဟီးမ်အား သားရတနာပေးမည်ဟု ပြောဆိုသော ၅း၂၈။ မိခင် မာရိအား သားရတနာပေးမည်ဟု ဆိုသော ၁၉း၁၉ နှင့် အခြားမြောက်များစွာသော နေရာတိုင်းတွင် တွေ့နိုင်ပေသည်။ ဤသုတ်တော်မှ ပြောသော သားရတနာဆိုသည်မှာ သုတ်တော် ၂၁ တွင် သူတို့အား သူတို့၏ သားသမီးများနှင့် ပေါင်းဆုံစေမည်ဟု ပြောခဲ့ပြီး ဖြစ်ခြင်းကြောင့် သူတို့၏ အပြစ်မဲ့သော ဖြူစင်သန့်ရှင်းသော ကလေးများ ဖြစ်ကြောင်း လွယ်ကူစွာ နားလည်နိုင်ပေသည်။ ထို့ပြင် နိုင်ငံရေး စကားလုံး၊ ဘာသာရေး စကားလုံးများတွင် မိမိ၏ တပည့် ဒကာများကိုလည်း သားသမီးများဟု ခေါ်ဆိုလေ့ရှိသောကြောင့် မိမိတို့၏ နောက်လိုက်ကောင်း တပည့်များကိုလည်း ဆိုလိုပေသည်။ ထိုသူတို့သည် နိဗ္ဗာန်ဘုံတွင် အလိုလိုရှိနေပြီးသော နတ်သားများ မဟုတ်ကြောင်းကို သုတ်တော် ၂၆–၂၇ က အတိအကျထောက်ပြထားပေသည်။

	သူတို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် ထိုကဲ့သို့ **ဆင့်ပြန်ချက်** တစ်ခု ပေးအပ်စေလော့။
၃၅။	**أَمْ خُلِقُوا مِنْ غَيْرِ شَيْءٍ أَمْ هُمُ الْخَالِقُونَ۝** သို့တည်းမဟုတ် သူတို့အား နတ္ထိမှ ဖြစ်တည်းခံရသည် မဟုတ်လော။ သို့တည်းမဟုတ် သူတို့သည် ဖြစ်တည်ပေးနိုင်သူများ ဖြစ်သလော။
၃၆။	**أَمْ خَلَقُوا السَّمَاوَاتِ وَالْأَرْضَ بَل لَّا يُوقِنُونَ۝** သို့တည်းမဟုတ် သူတို့သည် မိုးများနှင့် မြေအား ဖြစ်တည်စေခဲ့သလော၊ အမှန်မှာ သူတို့သည် ဒိဋ္ဌယုံကြည်မှု မရှိကြချေ။
၃၇။	**أَمْ عِندَهُمْ خَزَائِنُ رَبِّكَ أَمْ هُمُ الْمُصَيْطِرُونَ۝** သို့တည်းမဟုတ် သူတို့ထံ၌ ကံကြမ္မာရှင်၏ ဘဏ္ဍာတော်များ ရှိသလော၊ သို့တည်းမဟုတ် ရေးမှတ်နိုင်သူများ ဖြစ်ကြသလော။
၃၈။	**أَمْ لَهُمْ سُلَّمٌ يَسْتَمِعُونَ فِيهِ فَلْيَأْتِ مُسْتَمِعُهُم بِسُلْطَانٍ مُّبِينٍ۝** သို့တည်းမဟုတ် သူတို့သည် အကြားအာရုံ သွန်သုခစျာန် ရထားသလော၊ သို့ဖြစ်လျှင် ကြားနာရသူများအား ရှင်းလင်းသော လုပ်ပိုင်ခွင့်ကို ပေးအပ်စေကုန်။[၁၀၀၄]
၃၉။ ☆ ၄း၁၁	**أَمْ لَهُ الْبَنَاتُ وَلَكُمُ الْبَنُونَ۝** သို့တည်းမဟုတ် အရှင့်အတွက် သမီးများ ရှိ၍ သင်တို့အတွက် သားများ ရှိကြသလော။☆
၄၀။	**أَمْ تَسْأَلُهُمْ أَجْرًا فَهُم مِّن مَّغْرَمٍ مُّثْقَلُونَ۝** သို့တည်းမဟုတ် သင်သည် သူတို့ထံမှ အကျိုးဆုလဒ် တောင်းဘူးသလော၊ သို့အတွက် သူတို့မှာ အကြွေး ဝန်ပိနေကြသလော။
၄၁။	**أَمْ عِندَهُمُ الْغَيْبُ فَهُمْ يَكْتُبُونَ۝** သို့တည်းမဟုတ် သူတို့ထံ၌ စက္ခုလွန်များသည် ရှိ၍၊ သူတို့ မှတ်တမ်းတင်ထားကြသလော။
၄၂။	**أَمْ يُرِيدُونَ كَيْدًا فَالَّذِينَ كَفَرُوا هُمُ الْمَكِيدُونَ۝** သို့တည်းမဟုတ် သူတို့သည် ကြံစည်လိုကြသလော၊ သို့သော် ဖုံးကွယ်သော သူတို့သည်သာ သူတို့ကိုယ်သူတို့ ကြံစည်ခြင်း၌ ငြိနေကြကုန်၏။
၄၃။	**أَمْ لَهُمْ إِلَهٌ غَيْرُ اللَّهِ سُبْحَانَ اللَّهِ عَمَّا يُشْرِكُونَ۝** သို့တည်းမဟုတ် သူတို့အဘို့ ပရမတ်ဘုရားရှင်မှ အပ အခြားဘုရားသည် ရှိနေသလော။ ဦးထိပ်ထားအပ်သော ပရမတ်ဘုရားရှင်သည် သူတို့၏ ရောပြွန်းကိုးကွယ်ရာတို့မှ ကင်း၏။
၄၄။	**وَإِن يَرَوْا كِسْفًا مِّنَ السَّمَاء سَاقِطًا يَقُولُوا سَحَابٌ مَّرْكُومٌ۝** မိုးကောင်းကင် အစိတ်စိတ် ပြိုကျသည်ကို သူတို့အား မြင်စေသော်၊ သူတို့က ''မိုးတိမ် အစုအပြုံ''ဟု ပြောကြလတ္တံ့။

(၁၀၀၄) ဤသုတ်တော်မှ **ဠံသ် ဆူလ်လမ်** ကို ဆရာတော်ကြီးများက လေ့ကားဟု ပြန်ဆိုကြပေသည်။ သို့သော် ထိုစကားလုံးသည် ရှေးအာရဗ်ဂန္ထီရဆရာတို့၏ ကောင်းကင်သို့တက်ခြင်း၊ နက္ခတ်တာရာများကို တွက်ချက်၍ လူသားတို့အား အတိတ်ဟောခြင်း အတွက် အမြင့်သို့ တက်ခြင်းများကို ပြောဆိုသော စကားလုံး ဖြစ်၍၊ ပါဠိ ဝေါဟာရ ''စျာန''– မြန်မာ စကားလုံး ''စျာန်''နှင့် တိုက်ရိုက် အဓိပ္ပါယ် တူပေသည်။ ထိုသူတို့သည် သူတို့ပြောနေသကဲ့သို့ စျာန်ရသူများ မဟုတ်ဟု ကျမ်းတော်က ဆိုလိုခြင်း ဖြစ်ပေသည်။ ဖီးလ့၅ တွင် ကြည့်ပါ။

၄၅။	**فَذَرْهُمْ حَتَّى يُلَاقُوا يَوْمَهُمُ الَّذِي فِيهِ يُصْعَقُونَ۝** သူတို့အား နားစည်ကွဲ၍လဲနေသည့် နေ့ကာလကို ဆုံတွေ့ရသည့်တိုင် သူတို့အား ချန်ထားခဲ့လော့။
၄၆။	**يَوْمَ لَا يُغْنِي عَنْهُمْ كَيْدُهُمْ شَيْئًا وَلَا هُمْ يُنصَرُونَ۝** ထိုနေ့၌ သူတို့၏ ကြံစည်မှုများသည် သူတို့အတွက် တစ်စုံတစ်ရာ ပြည့်စုံခြင်း မရှိ၊ သူတို့အား အကူအညီလည်း မရှိချေ။
၄၇။	**وَإِنَّ لِلَّذِينَ ظَلَمُوا عَذَابًا دُونَ ذَٰلِكَ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ۝** ဇကန်ပင် မိုက်ကြေးခွဲသော သူများအတွက် ဤမှအပ ဝဋ်ကြွေးသည် ရှိသေး၏၊ သို့ရာတွင် သူတို့မှ အများစုကြီးသည် သိကြသည် မဟုတ်ချေ။
၄၈။	**وَاصْبِرْ لِحُكْمِ رَبِّكَ فَإِنَّكَ بِأَعْيُنِنَا وَسَبِّحْ بِحَمْدِ رَبِّكَ حِينَ تَقُومُ۝** သို့ဖြစ်၍ ကံကြမ္မာရှင်၏ ဓမ္မသတ်အား သည်းခံစောင့်လော့၊ ဇကန်ပင် သင်သည် ငှဲ့ စက္ခုရှေ့၌ ရှိ၏၊ သင်၏ ရပ်တည်ချိန်တွင် ကံကြမ္မာရှင်အား ရည်သန်စူးစိုက် ဦးထိပ်ထားလော့။
၄၉။	**وَمِنَ اللَّيْلِ فَسَبِّحْهُ وَإِدْبَارَ النُّجُومِ۝** ညပိုင်း– ကြယ်တာရာများ ကျောခိုင်းစဉ် အရှင့်အား ဦးထိပ်ထားလော့။[၁၀၀၅]

(၁၀၀၅) အမိုက်မှောင်စီးသော ခေတ်ဆိုးခေတ်ပျက် နောက်ဆုတ်လာလေပြီ။ ပရမတ်ဘုရားရှင် သွန်သင်ချမှတ်ပေးသော စည်းကမ်းနည်းလမ်းများ အတိုင်း လူသားထု အကျိုးပြု ခေတ်စနစ်များကို ထူထောင်ကြလော့ဟု ဆိုလိုခြင်း ဖြစ်သည်။

ဓမ္မခန္ဓာ (၅၃) ကြယ်တာရာ (အလ် နဂျ်မိ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၃)၊ သုတ်ဒေသနာ (၆၂)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**وَالنَّجْمِ إِذَا هَوَى۞** သူ့သဘောသူဆောင်သော ကြယ်တာရာအားဖြင့်–[၁၀၀၆]
၂။ မူဟမ္မဒ်	**مَا ضَلَّ صَاحِبُكُمْ وَمَا غَوَى۞** သင်တို့၏ **အဖော်**သည် အယူလွဲနေခြင်း မရှိ၊ တိမ်းပါးစေခြင်းလည်း မရှိချေ။
၃။ သူ့ဆန္ဒ	**وَمَا يَنطِقُ عَنِ الْهَوَى۞** သူ၏ ပြောစကားများမှာ **လိုဘ** မဟုတ်–
၄။	**إِنْ هُوَ إِلَّا وَحْيٌ يُوحَى۞** ဇကော် **ထင်းသည်** အာရုံရစေသော အာရုံစျာန်မျှသာ ဖြစ်၏။
၅။	**عَلَّمَهُ شَدِيدُ الْقُوَى۞** ပညာအလင်းကိုပေးသူမှာ အစွမ်းသတ္တိ ပြတ်သားထင်ရှားသော –
၆။	**ذُو مِرَّةٍ فَاسْتَوَى۞** ရင့်ကျက်စေသော အရှင် ဖြစ်၏။[၁၀၀၇] သို့ဖြစ်၍ သူသည် ရင့်သန်ဆိုက်မြိုက်ခဲ့၏။[၁၀၀၈]

(၁၀၀၆) ကျမ်းမြတ်ကုရ်အာန်၌ မှတ်တမ်းတင်ထားသော သုတ်ဒေသများကို ကိုယ်တော်မုဟမ္မဒ်၏ စျာန်အာရုံ၌ အချိန်သုံးပါးတွင် ဉာဏ်စဉ် ကိန်းဝပ်သိမြင်စေခဲ့သည်ဟု ဆိုပေသည်။ ထိုအချိန်သုံးပါးအနက် နံနက် မိုးမလင်းမီ ကြယ်တာရာများ မှေးမှိန်သော အချိန်သည်လည်း အချိန်တစ်ပါး ဖြစ်ပေသည်။ ဤသုတ်တော်ပါ **هَوَىٰ** **إِذَا** ကို အချို့က "မှေးမှိန်ဆင်းသွားသော" ဟု ဘာသာပြန်လျက် နံနက် မိုးမလင်းမီ စျာန်အာရုံကိန်းဝပ် သိမြင်စေသော သုတ်ဒေသများကို တိုင်တည်လျက်– ဟု ဖွင့်ဆိုကြပေသည်။ **هَوَىٰ** **إِذَا** မှ **هَوَىٰ** သည် သဘောဆန္ဒ အလို ရမက် ဟု အဓိပ္ပါယ်ဖြစ်၍ သူ့သဘောနှင့် သူ ဟူသော အနက်ကို ပေးပေသည်။ **وَالنَّجْمِ** **إِذَا** **هَوَىٰ** သူ့လမ်းကြောင်းအတိုင်း သူသွားနေသော ကြယ်တာရာများနှင့် ကမ္ဘာလည်ပတ်လမ်းကြောင်းတို့ကြောင့် ကြယ်များ တဖြေးဖြေးဆင်းသွားသည်ဟု မြင်ရသော အချိန် နံနက်ပိုင်းကိုလည်း ပြောဆိုခြင်း ဖြစ်ပေသည်။ ထို့ပြင်၊ ထိုစဉ်က လ နတ်မင်း၊ နေနတ်မင်းကို ကိုးကွယ်သော ဘာသာရေး ဂိုဏ်းများ၊ ကြယ်နက္ခတ်တို့ကို ကြည့်၍ ဟောပြော လုပ်စားနေသော ဗေဒင်ဆရာများသည် အစွယ်လာမ် သာသနာ ပေါ်လာသောအခါ မှေးမှိန်သွားရကြောင်း ကျမ်းတော်၏ နေရာပေါင်း များစွာတွင် ပြောဆိုထားပေသည်။ ထို့ကြောင့် ထို နက္ခတ်ဟော ဗေဒင်ဘာသာရေးဂိုဏ်းများ မှေးမှိန်သွားရခြင်းကို သက်သေတည်ထားခြင်းလည်း ဖြစ်ပေသည်။

(၁၀၀၇) ဤနေရာ၌ များစွာသော ဆရာတော်ကြီးများက ကိုယ်တော်မုဟမ္မဒ်အား အာရုံစျာန်ဖြင့် ဉာဏ်စဉ် ကိန်းဝပ်ပေးသူမှာ ကောင်းကင်တမန်တော် ဂျီဗရာအီလ် ဖြစ်သည်ဟု– ပါးစပ်ရာဇဝင် သမိုင်းများကို လိုက်၍ မှားယွင်းစွာ ဖော်ပြကြပေသည်။ ထိုအဆိုအား ထောက်ခံသည့် စကားလုံး ဤသုတ်တော်တွင် မပါဝင်ချေ။ **ذُو مِرَّةٍ** ရင့်ကျက်စေသော အရှင် ဆိုသည်မှာ ပရမတ်ဘုရားရှင်ကို ဆိုလိုကြောင်း ဤကျမ်းချက်ကို သေချာဖတ်လျှင်ပင် လွယ်ကူစွာ မြင်နိုင်သိနိုင်ပေသည်။ ကရုဏာရှင် ဖြစ်သော ပရမတ်ဘုရားရှင်သည် ကိုယ်တိုင်ပင် ကိုယ်တော်မုဟမ္မဒ်အား သင်ကြားပေးသည်ဟု ၅၃း၁–၂ တွင် အတိအကျ ဆိုထားပေသည်။

၇။	**وَهُوَ بِالْأُفُقِ الْأَعْلَى۞** ထို့ပြင် သူသည် မိုးကုတ်စက်ဝန်း အထွဋ်အထိပ်သို့ ဆိုက်မြို့က်လျှက်–၁၀၀၉
၈။	**ثُمَّ دَنَا فَتَدَلَّى۞** ဖြေးဖြေးချင်း ကွေးညွှတ် နီးကပ်လာ၍–၁၀၁၀
၉။	**فَكَانَ قَابَ قَوْسَيْنِ أَوْ أَدْنَى۞** လေးကိုင်းထိပ် နှစ်ဘက်အကွာ သို့မဟုတ် ထို့ထက် နီးကပ်လာခဲ့၏။၁၀၁၁
၁၀။	**فَأَوْحَى إِلَى عَبْدِهِ مَا أَوْحَى۞** အရှင်သည် အရှင်၏ အမှုတော်ဆောင်ထံသို့ အာရုံစျာန်ဖြင့် အာရုံစျာန်ဖြစ်တည်စေ၏။၁၀၁၂
၁၁။	**مَا كَذَبَ الْفُؤَادُ مَا رَأَى۞** စိတ်အာရုံသည် သူ မြင်သည်ကို ငြင်းဆန်ခြင်း မရှိချေ။၁၀၁၃
၁၂။	**أَفَتُمَارُونَهُ عَلَى مَا يَرَى۞** သင်တို့သည် သူ မြင်သည်ကို အချင်းများလိုသလော။
၁၃။	**وَلَقَدْ رَآهُ نَزْلَةً أُخْرَى۞** မုချပင်၊ နောက်တဖန် သက်ဆင်းလာခြင်းကို သူ မြင်ရ၏။၁၀၁၄
၁၄။	**عِنْدَ سِدْرَةِ الْمُنْتَهَى۞** အန္တိမပန်းတိုင် ဇီးဗောဓိပင် အပါး၌၁၀၁၅

(၁၀၀၈) **ဒေဝါ အောဇ်ဆ်တဝါ** ၏ အဓိပ္ပါယ်မှာ သူသည် ရူပ၊ နာမ၊ ဉာဏ် ရင့်သန် ပုံစံကျသည်ဟု ဖြစ်ပေသည်။ အထက် သုတ်တော်များအရ ကိုယ်တော်သည် ဉာဏ်စဉ်ဆိုက်မြို့က်ခြင်း ဖြစ်၍ ဤနေရာတွင် "ရင့်သန်ဆိုက်မြို့က်ခဲ့၏" ဟု ဘာသာပြန်ခြင်း ဖြစ်သည်။

(၁၀၀၉) ကိုယ်တော်သည် လူသားတစ်ဦး၏ အမြင့်ဆုံးသော အဆင့်ဖြစ်သည့် သဗ္ဗညုတဉာဏ်စဉ် အဆင့်ကို ဆိုက်ရောက်ခဲ့သည်။

(၁၀၁၀) ကိုယ်တော်မုဟမ္မဒ်၏ စျာန်သမာပတ်အာရုံသည် တည်ငြိမ်လေးနက်လျက် ဓမ္မဇစ်မြစ်ဖြစ်သော ကရုဏာရှင်နှင့် နီးစပ်လာခဲ့သည်။

(၁၀၁၁) **ကာဗ်** ဆိုသည်မှာ ဒူးလေးတစ်ခု၏ အစွန်းထိပ်နှစ်ဖက်ကို ခေါ်ပေသည်။ ထို့ကြောင့် အချို့သော ဆရာတော်များက ကိုယ်တော် မုဟမ္မဒ်နှင့် ကိုယ်တော့်အား အာရုံစျာန် ဉာဏ်စဉ်ကိန်းဝပ်ပေးသော အရှင်သည် လေး နှစ်တာခန့် သို့မဟုတ် ထိုထက်နီးကပ်စွာ ရှိနေခဲ့သည်ဟု ဖွင့်ဆိုကြပေသည်။ သို့သော် ဤသုတ်တော်၏ ဆိုလိုချက်မှာ ကိုယ်တော်သည် ဉာဏ်စဉ်အင်အားကို ခံနိုင်ရည်အတွက် နှစ်ဆ သို့မဟုတ် ထိုထက်ပို၍ ပို၍ နီးကပ်စွာ ခွန်အား ရင့်ကျက်မှု ဖြစ်တည်လာခဲ့သည်ဟု ဖြစ်ပေသည်။

(၁၀၁၂) အရှင်သည် ကိုယ်တော်အား ဉာဏ်အာရုံချင်း ဓါတ်တော်ကူးပေးခြင်း ဖြစ်သည်။

(၁၀၁၃) ကိုယ်တော်ကြုံတွေ့ ဆိုက်မြို့က်သော ဉာဏ်စဉ်ဆွတ်ခူးခြင်းမှာ ကိုယ်တွေ့ ဖြစ်၍– ယခင် သာမန်လူသားဘဝမှ အသိအာရုံများဖြင့် တိုင်းဆလျှင် မဖြစ်နိုင်ဟု ဖြစ်သော်လည်း– အမှန်တကယ်သိ ဖြစ်သောအခါ– ထိုအသိ ထိုမြင်ကွင်းအား သာမန်လူသားဘဝ အသိဖြင့် တိုင်းဆ ငြင်းဆန်၍ မရဟု ဆိုလိုပေသည်။

(၁၀၁၄) ကရုဏာရှင်သည် မိုးကောင်းကင်တွင် စံမြန်းနေ၍ ကိုယ်တော်မုဟမ္မဒ်အား ဉာဏ်အာရုံဓါတ်တော်ကူးပေးရန် မြေပြင်သို့ ဆင်းလာခြင်းဟု ဆိုလိုခြင်း မဟုတ်ချေ။ အရှင်၏ တန်ခိုးတော်သည် လူသားတစ်ဦး အာရုံထိတွေ့ရန် မဖြစ်နိုင်လောက်အောင် အား ကြီးမားလွန်းသောကြောင့် လူသားတစ်ဦး၏ အဆင့်အမြင့်ဆုံး ခံနိုင်ရည် ရှိသည့် အဝိုင်းအဆ ဖြစ်ရန် အရှင်၏ တန်ခိုးတော်အား နိမ့်ပေးခြင်းကို ဆိုလိုပေသည်။

(၁၀၁၅) **ဆိ–ဒ်ရတ်** ဆိုသည်မှာ ကန္တာရအတွင်း အလွန်အေးမြသည့် အရိပ်ကိုပေးသော ဇီးပင်တစ်မျိုး ဖြစ်ပေသည်။ ကိုယ်တော်၏ ဉာဏ်စဉ် ဆိုက်မြို့က်ရာ တရားစခန်းကို ညွှန်သောကြောင့် ဇီးဗောဓိပင် ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ ထိုဇီးဗောဓိပင်၏ ပရဝုဏ်အား အရှင်၏ တန်ခိုးတော်ဖြင့် လှုပ်းခါသောအခါ– ကိုယ်တော်သည် စျာန်သမာပတ်ဝင်စားလျက် စက္ခုတည်ငြိမ်– စည်းမျက်ဘဲ– ကံကြမ္မာရှင်၏ အကြီးကျယ်ဆုံးသော နိမိတ်တော်ကို မုချ မြင်ရ၏။ဟု သုတ်တော် ၁၆ မှ ၁၈ ထိ ကိုယ်တော်၏ သဗ္ဗညုဉာဏ် ဆိုက်မြို့က်ပုံအဆင့်ဆင့်ကို ဆိုထားပေသည်။ ဝိပသနာ၌ ရင်နှီးသူများသည် ဤအဆင့်ကို လေ့လာမိသည်နှင့် ကိုယ်တော်မုဟမ္မဒ်သည် သဗ္ဗညုဉာဏ် အမှန်တကယ် ရခဲ့ခြင်းကို စောဒက မတက်ကြတော့ပေ။

၁၅။	**عِندَهَا جَنَّةُ الْمَأْوَى۞** ထိုအပင်းၵ်ၽ ခိုလှုံရာ ဥယျာဉ်ဘုံ ရှိ၏။
၁၆။	**إِذْ يَغْشَى السِّدْرَةَ مَا يَغْشَى۞** ထိုဇီးဗေဒဓိပင်အား လွှမ်းခြုံရာဖြင့် လွှမ်းခြုံသောအခါ။
၁၇။	**مَا زَاغَ الْبَصَرُ وَمَا طَغَى۞** စက္ခုရုံသည် တိမ်းပါး–စည်းဖျက်မှု မရှိ။
၁၈။	**لَقَدْ رَأَى مِنْ آيَاتِ رَبِّهِ الْكُبْرَى۞** သူသည် ကံကြမ္မာရှင်၏ ကြီးကျယ်ဆုံးသော နိမိတ်တော်ကို မုချ မြင်ရ၏။[၁၀၀၆]
၁၉။	**أَفَرَأَيْتُمُ اللَّاتَ وَالْعُزَّى۞** သင်တို့သည် **လာ့တ်**နှင့် **အုဇာရ်**၏ အကြောင်းကို မြင်ကြပြီလော။
၂၀။	**وَمَنَاةَ الثَّالِثَةَ الْأُخْرَى۞** သုံးပါးမြောက် အဖြစ် အခြားသော အရာမှာ **မနတ်** ဖြစ်သလော။[၁၀၁၇]
၂၁။ ☆ ၄း၁၁၇	**أَلَكُمُ الذَّكَرُ وَلَهُ الْأُنثَى۞** သင်တို့ အတွက် သားများကို ဖြစ်စေ၍၊ အရှင့်အတွက် သမီးများကို ဖြစ်စေသလော။☆
၂၂။	**تِلْكَ إِذًا قِسْمَةٌ ضِيزَى۞** ဤသည် လုံးဝ တရားမမျှသော တိုင်တည်မှု ဖြစ်၏။
၂၃။	**إِنْ هِيَ إِلَّا أَسْمَاء سَمَّيْتُمُوهَا أَنتُمْ وَآبَاؤُكُم مَّا أَنزَلَ اللَّهُ بِهَا مِن سُلْطَانٍ إِن يَتَّبِعُونَ إِلَّا الظَّنَّ وَمَا تَهْوَى الْأَنفُسُ وَلَقَدْ جَاءهُم مِّن رَّبِّهِمُ الْهُدَى۞** ဇကေန်ပင် ၎င်းတို့၏ အမည်များမှာ သင်တို့နှင့် သင်တို့၏ မိရိုးဖလာမှ အမည်ပေးထားခြင်းသာ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ၎င်းတို့အား လုပ်ပိုင်ခွင့် ချမှတ်ပေးခြင်း မရှိချေ။ ဇကေန်ပင် သူတို့သည် စဉ်းစားချက်များနှင့် စရိုက်လိုဘနောက်သို့ လိုက်နေကြ၏။ ကံကြမ္မာရှင်၏ထံမှ လမ်းညွှန်ချက်သည်ကား မုချ ရောက်လာခဲ့ချေပြီ။
၂၄။	**أَمْ لِلْإِنسَانِ مَا تَمَنَّى۞** သို့တည်းမဟုတ် လူသားအတွက် အားကျမိသောအရာ ရှိသေးသလော။
၂၅။	**فَلِلَّهِ الْآخِرَةُ وَالْأُولَى۞** နောင်ဘဝနှင့် ရှေးဘဝများသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာဥ ရှိ၏။

(၁၀၀၆) ကျမ်းမြတ်ကုရ်အာန်ပါ သုတ်တော်တိုင်းသည် နိမိတ်လက္ခဏာတော်များ ဖြစ်ပေသည်။ သို့သော် ဤနေရာ၌ အကြီးကျယ်ဆုံးသော နိမိတ်တော် ဟု ဆိုထားသောကြောင့် ကိုယ်တော် မြင်တွေ့ဆိုက်မြိုက်သော နိမိတ်တော်မှာ လူသားတစ်ဦး၏ အကြီးကျယ်ဆုံး ဆိုက်မြိုက်ခွင့်ရသည့် သဗ္ဗညုတ ဉာဏ်စဉ်ကို ဆိုလိုခြင်း ဖြစ်ပေသည်။

(၁၀၁၇) **လာ့တ်၊ အုရ်ဇာ၊ မနတ်** ဆိုသည်များမှာ ရှေးအာရဗ်တို့ကိုးကွယ်သော သုံးပါးတစ်ဆူ ဘုရားများကို ခေါ်ဆိုခြင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ အမှန်တကယ် သဗ္ဗညုဉာဏ်စဉ်ကိုရသော နောက်ဆုံးပွင့် ကိုယ်တော် ပွင့်ပေါ်လာသော အချိန်မှစ၍ သုံးပါးတစ်ဆူ ကိုးကွယ်ခြင်းဝါဒများသည် တိမ်ကော ပပျောက်သွားရမည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ဆင်ခြင်သုံးသပ်မိလေ သုံးပါးတစ်ဆူ ဆိုသည်မှာ အဓိပ္ပါယ်မရှိလေ ဖြစ်ကြောင်းကို သက်သေတည်ခြင်း ဖြစ်ပေသည်။

၂၆။	**وَكَم مِّن مَّلَكٍ فِي السَّمَاوَاتِ لَا تُغْنِي شَفَاعَتُهُمْ شَيْئًا إِلَّا مِن بَعْدِ أَن يَأْذَنَ اللَّهُ لِمَن يَشَاء وَيَرْضَى۞** ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှု ကျေနပ်မှုဖြင့် အခွင့်ပေးထားပြီးသူ၏ နောက် ကောင်းကင်ယံမှ စွမ်းအင်စုများသည်ပင် ၎င်းတို့ အတွက် အမျှဝေပေးရန် တစ်စုံတစ်ရာ ပြည့်စုံခြင်း မရှိချေ။
၂၇။	**إِنَّ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ لَيُسَمُّونَ الْمَلَائِكَةَ تَسْمِيَةَ الْأُنثَى۞** နောင်ဘဝအား မယုံကြည်သော သူတို့က နိမိတ်ဆောင်တို့အား လိင်မ အမည်များဖြင့် အမည်ပေးကြ၏။
၂၈။	**وَمَا لَهُم بِهِ مِنْ عِلْمٍ إِن يَتَّبِعُونَ إِلَّا الظَّنَّ وَإِنَّ الظَّنَّ لَا يُغْنِي مِنَ الْحَقِّ شَيْئًا۞** ၎င်းအတွက် သူတို့၌ အသိပညာမရှိပေ၊ စဉ်းစားချက်ကိုသာ လိုက်နေကြ၏။ ဇကန်ပင် စဉ်းစားချက်သည် အမှန်တရား ထက် တစ်စုံတစ်ရာ ပြည့်စုံခြင်း မရှိချေ။
၂၉။	**فَأَعْرِضْ عَن مَّن تَوَلَّى عَن ذِكْرِنَا وَلَمْ يُرِدْ إِلَّا الْحَيَاةَ الدُّنْيَا۞** ငါ၏ သတိပေးတရားအား ဘောင်ကန့်ထားလျက် လောကီ ဘဝကိုသာ လှည့်နေသူအား အရေးတယူမရှိနှင့်။
၃၀။	**ذَلِكَ مَبْلَغُهُم مِّنَ الْعِلْمِ إِنَّ رَبَّكَ هُوَ أَعْلَمُ بِمَن ضَلَّ عَن سَبِيلِهِ وَهُوَ أَعْلَمُ بِمَنِ اهْتَدَى۞** ဤသည် သူတို့၏ ပညာ ဆိုက်ရောက်နိုင်အား ဖြစ်၏။ ဇကန်ပင် လမ်းစဉ်တော်မှ လွဲဖယ်သွားသူအား ကံကြမ္မာရှင်သည် အသိဆုံး ဖြစ်တော်မူ၏၊ အရှင်၏ လမ်းညွှန်၌ ရှိသူကိုလည်း အသိဆုံး ဖြစ်တော်မူ၏။
၃၁။	**وَلِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ لِيَجْزِيَ الَّذِينَ أَسَاؤُوا بِمَا عَمِلُوا وَيَجْزِيَ الَّذِينَ أَحْسَنُوا بِالْحُسْنَى۞** မိုးများနှင့် မြေကမ္ဘာအတွင်း၌ ရှိသည်များသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် အကုသိုလ်ပြုသော သူတို့အား သူတို့ကျင့်ကြံမှုအတိုင်း အစားပေးတော်မူ၏။ သုမင်္ဂလာပြုသော သူတို့ကိုလည်း သုမင်္ဂလာ အစားပေးတော်မူ၏။
၃၂။	**الَّذِينَ يَجْتَنِبُونَ كَبَائِرَ الْإِثْمِ وَالْفَوَاحِشَ إِلَّا اللَّمَمَ إِنَّ رَبَّكَ وَاسِعُ الْمَغْفِرَةِ هُوَ أَعْلَمُ بِكُمْ إِذْ أَنشَأَكُم مِّنَ الْأَرْضِ وَإِذْ أَنتُمْ أَجِنَّةٌ فِي بُطُونِ أُمَّهَاتِكُمْ فَلَا تُزَكُّوا أَنفُسَكُمْ هُوَ أَعْلَمُ بِمَنِ اتَّقَى۞** ရှေ့ကျွံခဲ့မိသည်မှပ ကြီးမားသော ပြစ်မှုနှင့် ကိုယ်ကျင့်ပျက်မှုများမှ ကင်းသန့်သော သူတို့အဘို့– ဇကန်ပင် ကံကြမ္မာရှင်သည် လွတ်ငြိမ်းခွင့်ဖြင့် ဖြန့်ကျက်ထားသော အရှင် ဖြစ်၏။ အရှင်သည် သင်တို့အား မြေကမ္ဘာမှ ပေါက်ပွားစေခဲ့သော အခါ၊ သင်တို့ မိခင်များ၏ ဝမ်းကြောတိုက် အတွင်း သန္ဓေသားဘဝမှအစ အသိဆုံး ဖြစ်တော်မူ၏၊ သို့ဖြစ်၍ သင်တို့၏ စရိုက်များသည် အဖြူထည် မဟုတ်ချေ။ အရှင်သည် စည်းစောင့်သူများကို အသိဆုံး ဖြစ်တော်မူ၏၊
၃၃။	**أَفَرَأَيْتَ الَّذِي تَوَلَّى۞** လှည့်သွားသောသူကို သင် မြင်ကြသလော။
၃၄။	**وَأَعْطَى قَلِيلًا وَأَكْدَى۞** သူသည် အနည်းအပါး လက်ဆောင်ပေး၍ တွန့်တိုတတ်၏။
၃၅။	**أَعِندَهُ عِلْمُ الْغَيْبِ فَهُوَ يَرَى۞** သူ့ထံ၌ စက္ခုလွန်အား သိနိုင်အား ရှိသလော၊ သို့မဟုတ် မြင်နိုင်သလော။
၃၆။	**أَمْ لَمْ يُنَبَّأْ بِمَا فِي صُحُفِ مُوسَى۞** သို့တည်းမဟုတ် မူဆာ၏ ပရိုက်များပါ သတင်းကို ရမိသလော။

၃၇။	**وَإِبْرَاهِيمَ الَّذِي وَفَّى۞**
	တာဝန်အပြည့်ယူသော အဗြဟာဟီးမ်အားဖြင့်–
၃၈။	**أَلَّا تَزِرُ وَازِرَةٌ وِزْرَ أُخْرَى۞**
	မိမိအတွက် ဝန်ထမ်းနေရသူသည် အခြားသူ၏ ဝန်အား မထမ်းပေးနိုင်ချေ။
၃၉။	**وَأَن لَّيْسَ لِلْإِنسَانِ إِلَّا مَا سَعَى۞**
	လူသားတွင် မိမိ လုံးပန်းခဲ့ရာမှအပ အခြား မရှိချေ။
၄၀။	**وَأَنَّ سَعْيَهُ سَوْفَ يُرَى۞**
	လုံးပန်းခဲ့မှုများကို မကြာမီ မြင်ရစေလတ္တံ့။
၄၁။	**ثُمَّ يُجْزَاهُ الْجَزَاء الْأَوْفَى۞**
	သူ့အား ပြီးပြည့်စုံသော အစားပေးခြင်းဖြင့် အစားပေးတော်မူမည်ပင်။
၄၂။	**وَأَنَّ إِلَى رَبِّكَ الْمُنتَهَى۞**
	ကံကြမ္မာရှင်၏ ထံသို့သာ အဆွန်မပန်းတိုင် ဖြစ်၏။
၄၃။	**وَأَنَّهُ هُوَ أَضْحَكَ وَأَبْكَى۞**
	အရှင်သည် ရယ်မောစေသော၊ မျက်ရည်ကျစေသော အရှင်–
၄၄။	**وَأَنَّهُ هُوَ أَمَاتَ وَأَحْيَا۞**
	ရှင်စေသော အရှင်၊ သေစေသော အရှင် ဖြစ်၏။
၄၅။	**وَأَنَّهُ خَلَقَ الزَّوْجَيْنِ الذَّكَرَ وَالْأُنثَى۞**
	အရှင်က အဖို အမ စုံဖွဲ့ ဖြစ်တည်စေသည်မှာ–
၄၆။	**مِن نُّطْفَةٍ إِذَا تُمْنَى۞**
	ဇောဖြင့်တွန်းထုတ်ရသော သုတ်ပိုးမှ ဖြစ်၍–
၄၇။	**وَأَنَّ عَلَيْهِ النَّشْأَةَ الْأُخْرَى۞**
	ဇကန် သူ့အား နောက်တဖန် ပေါက်ပွားစေ၏။
၄၈။	**وَأَنَّهُ هُوَ أَغْنَى وَأَقْنَى۞**
	အရှင်သည် ကုံလုံပြည့်စုံသော၊ ပြည့်စုံလုံလောက်သော အရှင်–
၄၉။	**وَأَنَّهُ هُوَ رَبُّ الشِّعْرَى۞**
	အကာသမြေပုံတို့၏ ကံကြမ္မာရှင် ဖြစ်၏။
၅၀။	**وَأَنَّهُ أَهْلَكَ عَادًا الْأُولَى۞**
	ရှေးဦးပထမ အာဒ်တို့အား တိမ်ကောစေသော အရှင် ဖြစ်၏။
၅၁။	**وَثَمُودَ فَمَا أَبْقَى۞**

	သမု–ဒ်တို့အားလည်း လက်ကျန်ထားခဲ့ခြင်းမရှိချေ။
၅၂။	**وَقَوْمَ نُوحٍ مِّن قَبْلُ إِنَّهُمْ كَانُوا هُمْ أَظْلَمَ وَأَطْغَى۞** ရှေ့အလျှင်က နူးဟ်၏ လူမျိုးတို့ကိုလည်း ယင်းသို့ ဖြစ်စေ၏၊ သူတို့သည် ပို၍ အမိုက်စိုး စည်းဖျက်လေ့ရှိကြ၏။
၅၃။	**وَالْمُؤْتَفِكَةَ أَهْوَى۞** သူ့သဘောသူဆောင် ပြောင်းပြန်လန်သွားသောမြို့ရွာများ–
၅၄။	**فَغَشَّاهَا مَا غَشَّى۞** လွှမ်းခြုံခြင်းဖြင့် ၎င်းတို့အား လွှမ်းခြုံသွားစေ၏။
၅၅။	**فَبِأَيِّ آلَاءِ رَبِّكَ تَتَمَارَى۞** အရှင်၏ ကျေးဇူးပြုခြင်းများမှ မည်သည်ကို သင် အချင်းများနိုင်အံ့နည်း။
၅၆။	**هَذَا نَذِيرٌ مِّنَ النُّذُرِ الْأُولَى۞** ဤသူသည် ရှေးဦးပထမ သတိပေးသူများအနက်မှ သတိပေးသူတစ်ဦး ဖြစ်၏။[၁၀၁၈]
၅၇။	**أَزِفَتْ الْآزِفَةُ۞** နီးလာနေသော ဖြစ်ခြင်းအကြောင်းသည် နီး၍လာနေ၏။
၅၈။	**لَيْسَ لَهَا مِن دُونِ اللَّهِ كَاشِفَةٌ۞** ပရမတ်ဘုရားရှင် မှလွဲ၍ ၎င်းကို ဖယ်ရှားပေးနိုင်သူ မရှိချေ။
၅၉။	**أَفَمِنْ هَذَا الْحَدِيثِ تَعْجَبُونَ۞** သို့ဖြစ်၍ မည်သူသည် ဤဆင့်ပြန်ချက်ကို အံ့ဩနေကြသနည်း။
၆၀။	**وَتَضْحَكُونَ وَلَا تَبْكُونَ۞** သင်တို့သည် မျက်ရည်မကျ ရယ်မောနေကြသလော။
၆၁။	**وَأَنتُمْ سَامِدُونَ۞** သင်တို့သည် အူမြူးနေကြသလော။
၆၂။	**فَاسْجُدُوا لِلَّهِ وَاعْبُدُوا۞** သို့ဖြစ်၍၊ ပရမတ်ဘုရားရှင်အား ဦးချကြလော့၊ ကိုးကွယ်ဆည်းကပ်ကြကုန်လော့။

(၁၀၁၈) ဤသုတ်တော်မှာ "သူ (မုဟမ္မဒ်)သည် ရှေးဦးပထမ ပွင့်ပေါ်ခဲ့သော ဉာဏ်စဉ်တော်ဆောင်များကဲ့သို့ ဉာဏ်စဉ်တော်ဆောင် တစ်ဦး ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

ဓမ္မခန္ဓာ (၅၄) ထို လ (အလ် ကမရီ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၇)၊ သုတ်ဒေသနာ (၅၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂုဏ် အကြင်နာဂုဏ် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**اقْتَرَبَتِ السَّاعَةُ وَانشَقَّ الْقَمَرُ ۞**
	အချိန်နာရီသည် နီးကပ်လာနေ၏၊ ထိုလလည်း ကွဲခဲ့ပြီ။[၁၀၀၇]
၂။	**وَإِن يَرَوْا آيَةً يُعْرِضُوا وَيَقُولُوا سِحْرٌ مُّسْتَمِرٌّ ۞**
	သုတ်ဒေသနာတော်ကို မြင်တွေ့ရလျှင် ဘောင်ကန့်ထားလျက်၊ ''လွန်လေခဲ့ပြီးသော မှော်အတတ်ပင်၊''ဟု ပြောကြ၏။
၃။	**وَكَذَّبُوا وَاتَّبَعُوا أَهْوَاءهُمْ وَكُلُّ أَمْرٍ مُّسْتَقِرٌّ ۞**
	အရေးအရာတိုင်းသည် ပြန်တည်ငြိမ်ရလတ္တံ့။ သူတို့သည် ငြင်းဆန်ကြ၏၊ လိုဘများနောက်သို့ လိုက်ကြ၏။
၄။	**وَلَقَدْ جَاءهُم مِّنَ الْأَنبَاءِ مَا فِيهِ مُزْدَجَرٌ ۞**
	၎င်းကို အော်ဟောက်တားဆီးအပ်၏။ သူတို့ထံသို့ သတင်းဆင့်ပြန်ချက် မုချ ရောက်လာခဲ့ပြီ။
၅။	**حِكْمَةٌ بَالِغَةٌ فَمَا تُغْنِ النُّذُرُ ۞**
	စီရင်ထုံး ဆိုက်ရောက်စေသော်လည်း သတိပေးချက်သည် ပြည့်စုံသည် မဟုတ်ချေ။
၆။	**فَتَوَلَّ عَنْهُمْ يَوْمَ يَدْعُ الدَّاعِ إِلَى شَيْءٍ نُّكُرٍ ۞**
	သို့ဖြစ်၍ သူတို့မှ လှည့်သွားလော့၊ ဖိတ်ခေါ်သူ၏ တစ်စုံတစ်ရာမျှ မကြုံဘူးရာသို့ ဖိတ်ခေါ်သော နေ့ကာလ၌–
၇။ ယုက်	**خُشَّعًا أَبْصَارُهُمْ يَخْرُجُونَ مِنَ الْأَجْدَاثِ كَأَنَّهُمْ جَرَادٌ مُّنتَشِرٌ ۞** သူတို့၏အမြင်များ **ကျိုး့ငဲ့**လျက်၊ ထွက်လာသော နှံကောင်များကဲ့သို့ သူတို့သည် သင်းချိုင်းဂူများမှ နိုးထလာရ၍–
၈။	**مُّهْطِعِينَ إِلَى الدَّاعِ يَقُولُ الْكَافِرُونَ هَذَا يَوْمٌ عَسِرٌ ۞**
	ဖိတ်ခေါ်သူထံသို့ ပြာပြာသလဲချည်းကပ်လျက် ဗိုးကွယ်သူတို့က ''ဤသည် ပြဿဒါးနေ့ပင်တည်း၊''ဟု ဆိုလတ္တံ့။

(၁၀၀၇) ဤသုတ်တော်မှ **وَانشَقَّ الْقَمَرُ ဝမ်ရှာ့က်ကာလ် ကမာ့ရ်** ဟူသော ဝါကျကို ဆရာတော် တစ်ချို့က လသည် နှစ်ခြမ်းကွဲခဲ့ပြီဟု ပြန်ဆိုကြပေသည်။ ဤဝါကျသည် လ ကွဲခဲ့ပြီဟု ဆို၍၊ နှစ်ခြမ်း၊ သုံးခြမ်း၊ လေးခြမ်း စသည်ဖြင့် ပြောဆို မထားပေ။ ဤသုတ်တော်၏ ဆိုလိုချက်များမှာ (၁) လ နတ်မင်းကို ကိုးကွယ်သော ဘာသာရေး အင်အားစုများ ပြိုလဲသွားခဲ့ပြီ၊ ဓမ္မအစစ်အမှန်ကို ဆောင်သော အစွမ်းလမ်း သာသနာပေါ်ထွန်း လာပြီ၊ မိစ္ဆာတရားကို မက်မောနေသူများအတွက် အဆုံးသတ်ရန်မှာ အချိန်နီးကပ်လာပြီဟု ဖြစ်ပေသည်။ (၂) လ သည် ပင်မကြိုလ်ကြီးတစ်ခုမှ ကွဲ ခြမ်း ဖြာထွက်သွားသော ကြိုလ်ငယ် ကြိုလ်ရုံ ဖြစ်သည်။ (၃) သို့မဟုတ် လ မျက်နှာပြင်တွင် ကွဲအက်ကြောင်းများ ရှိနေသည် (၄) ကွဲပြား ခြားနားသော (အခြား) များ ရှိနေသေးသည်။ လသည် တစ်ခုတည်း မဟုတ် အများအပြား ရှိကြောင်း ဂုဒး၁၆ တွင် (**ဦး ဟင်းန** ဟူသည့် အများပြ နာမ်စားဖြင့် ဖေါ်ပြထားသည်)။ ဤသုတ်တော်တွင် လ ကို **الْقَمَرُ** ဟု ပြောထားသဖြင့် စကြာဝဠာ အတွင်း လ ပေါင်းများစွာ အနက်မှ ရည်ရွယ် သတ်မှတ်ထားသော ''ထို လ''ဟူသော အဓိပ္ပါယ် များကို ပေးပေသည်။

၉။	**كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ فَكَذَّبُوا عَبْدَنَا وَقَالُوا مَجْنُونٌ وَازْدُجِرَ۝** သူတို့မတိုင်မီ နူးဟ်၏ လူမျိုးသည်လည်း ငြင်းဆန်ခဲ့ပြီ။ သူတို့သည် ငါ၏ အမှုတော်ဆောင်အား ငြင်းဆန်၍ ''အရူး''ဟု ဆိုကြ၏။ ထို့နောက် ဟောက်ထုတ်၏။
၁၀။	**فَدَعَا رَبَّهُ أَنِّي مَغْلُوبٌ فَانتَصِرْ۝** သူက ကံကြမ္မာရှင်ထံ၌ ''တပည့်တော်အား အနိုင်ကျင့်ကြပါပြီ၊ တပည့်တော်အား ကူညီတော်မူပါ၊''ဟု ဆုတောင်း၏။
၁၁။	**فَفَتَحْنَا أَبْوَابَ السَّمَاء بِمَاء مُّنْهَمِرٍ۝** သို့ဖြင့် ငါသည် ကောင်းကင်တံခါးကို ဖွင့်လျက် ရေများ လောင်းချပေးတော်မူ၏။
၁၂။	**وَفَجَّرْنَا الْأَرْضَ عُيُونًا فَالْتَقَى الْمَاء عَلَى أَمْرٍ قَدْ قُدِرَ۝** ထို့နောက် ကမ္ဘာမြေမှ စိမ့်စမ်းများ စီးထွက်စေ၏၊ ညွှန်ကြားမှုအတိုင်း ရေများ ရင်ဆိုင်ဆုံစေရန် မုချ စည်းကြပ်မတ်၏။
၁၃။ ☆ ၁၁း၄၀	**وَحَمَلْنَاهُ عَلَى ذَاتِ أَلْوَاحٍ وَدُسُرٍ۝** ထို့နောက် အချပ်ပြား သပ်စို့များဖြင့် ပြုလုပ်ထားရာပေါ်သို့ သူ့အား တင်ဆောင်ပေးတော်မူ၏။☆
၁၄။	**تَجْرِي بِأَعْيُنِنَا جَزَاء لِّمَن كَانَ كُفِرَ۝** ဂင်းအား ငါ့ မျက်လုံးရှေ့၌ စီးမျောနေစေ၍၊– ဖုံးကွယ်လေ့ရှိခဲ့သူတို့အတွက် အစားပေးခြင်းဖြစ်၏။
၁၅။	**وَلَقَد تَّرَكْنَاهَا آيَةً فَهَلْ مِن مُّدَّكِرٍ۝** မုချပင် ထို၌ နိမိတ်လက္ခဏာ တစ်ရပ် ချန်ထားစေ၏။ သို့သော် နှလုံးပိုက်သူ ရှိလေသလော။
၁၆။	**فَكَيْفَ كَانَ عَذَابِي وَنُذُرِ۝** ငါ ပြဋ္ဌာန်းသော ဝဋ်ကြွေး၊ သတိပေးချက်သည် မည်သို့ ရှိလေသနည်း။
၁၇။	**وَلَقَدْ يَسَّرْنَا الْقُرْآنَ لِلذِّكْرِ فَهَلْ مِن مُّدَّكِرٍ۝** ငါသည် ကုရ်အာန်အား သတိရရှုမှတ်ရန် မုချ လွယ်ကူစေ၏၊ သို့သော် နှလုံးပိုက်သူ ရှိလေသလော။
၁၈။	**كَذَّبَتْ عَادٌ فَكَيْفَ كَانَ عَذَابِي وَنُذُرِ۝** အာဒ်တို့လည်း ငြင်းဆန်ခဲ့ပြီ၊ သို့ဖြင့် ငါပြဋ္ဌာန်းသော ဝဋ်ကြွေး သတိပေးချက်သည် မည်သို့ ရှိလေသနည်း။
၁၉။	**إِنَّا أَرْسَلْنَا عَلَيْهِمْ رِيحًا صَرْصَرًا فِي يَوْمِ نَحْسٍ مُّسْتَمِرٍّ۝** ဇကော်ပင် ငါသည် ဒေါသကြီးနေသော လေကို သူတို့ အပေါ်သို့ အပူလိုင်းဖြတ်သည့် နေ့၌ ဖြတ်သန်းစေခဲ့ပြီ။
၂၀။	**تَنزِعُ النَّاسَ كَأَنَّهُمْ أَعْجَازُ نَخْلٍ مُّنقَعِرٍ۝** ဂင်းသည် စွံ့ပလွန် ပင်အိုများအား အမြစ်လှန်ပစ်သကဲ့သို့ လူသားတို့အား ဖယ်ထုတ်လွင့်စင်သွားစေ၏။
၂၁။	**فَكَيْفَ كَانَ عَذَابِي وَنُذُرِ۝** ငါပြဋ္ဌာန်းသော ဝဋ်ကြွေး သတိပေးချက်သည် မည်သို့ ရှိလေသနည်း။
၂၂။	**وَلَقَدْ يَسَّرْنَا الْقُرْآنَ لِلذِّكْرِ فَهَلْ مِن مُّدَّكِرٍ۝** ငါသည် ကုရ်အာန်အား သတိရရှုမှတ်ရန် မုချ လွယ်ကူစေ၏၊ သို့သော် နှလုံးပိုက်သူ ရှိလေသလော။

၂၃။	**كَذَّبَتْ ثَمُودُ بِالنُّذُرِ ۞** သမု–ဒ်တို့သည်လည်း သတိပေးချက်ကို ငြင်းဆန်ခဲ့ကြပြီ။
၂၄။	**فَقَالُوا أَبَشَرًا مِّنَّا وَاحِدًا نَّتَّبِعُهُ إِنَّا إِذًا لَّفِي ضَلَالٍ وَسُعُرٍ ۞** သူတို့က ပြောကြသည်မှာ ‘‘ကျွန်ုပ်တို့အထဲမှ လူပုဂ္ဂိုလ် တစ်ဦးမျှသာ– သူ့နောက်ကို လိုက်သင့်သလော။ ကျွန်ုပ်တို့သည် လွဲမှားမှု၌ လောင်စာဖြစ်နိုင်ဏ်၏၊–
၂၅။	**أَؤُلْقِيَ الذِّكْرُ عَلَيْهِ مِن بَيْنِنَا بَلْ هُوَ كَذَّابٌ أَشِرٌ ۞** ကျွန်ုပ်တို့အနက် သူ့ကိုသာ သတိပေးတရားတော် ခင်းကျင်းပေးသလော၊ အမှန်မှာ သူသည် အရိုင်းအစိုင်း ငြင်းဆန်သူသာ ဖြစ်ဏ်၏၊’’ဟု ဖြစ်ဏ်။[၁၀၀၈]
၂၆။	**سَيَعْلَمُونَ غَدًا مَّنِ الْكَذَّابُ الْأَشِرُ ۞** မည်သူသည် အရိုင်းအစိုင်း ငြင်းဆန်သူ ဖြစ်ကြောင်း စောစော သိလာရလေလတ္တံ့။
၂၇။ ☆ ၇၊၇၃	**إِنَّا مُرْسِلُو النَّاقَةِ فِتْنَةً لَّهُمْ فَارْتَقِبْهُمْ وَاصْطَبِرْ ۞** သူတို့အား စမ်းသပ်ရန် ငါသည် ကုလားအုပ်မအား☆ သူတို့ထံသို့ စေစားတော်မူဏ်။ သို့ဖြစ်၍ သူတို့အား စောင့်ကြည့်နေလော့၊ သည်းခံခြင်းရှိလော့။
၂၈။	**وَنَبِّئْهُمْ أَنَّ الْمَاء قِسْمَةٌ بَيْنَهُمْ كُلُّ شِرْبٍ مُّحْتَضَرٌ ۞** သူတို့ချင်းကြား[၁၀၀၉] ရေကို သောက်ရေ ကိုယ်စီ အသင့် တိုင်တည်ပြီးဟု သတင်းထုတ်လော့၊
၂၉။ ☆ ၇၊၇၇	**فَنَادَوْا صَاحِبَهُمْ فَتَعَاطَى فَعَقَرَ ۞** သို့ဖြင့် သူတို့ဏ်၏ အဖော်အပေါင်းများကို ခေါ်၍၊ မျိုးအခြင်းကို☆ လက်ဆောင်ယူလိုက်ရဏ်။
၃၀။	**فَكَيْفَ كَانَ عَذَابِي وَنُذُرِ ۞** ငါပြဋ္ဌာန်းသော ဝဋ်ကြွေး သတိပေးချက်သည် မည်သို့ ရှိလေသနည်း။
၃၁။	**إِنَّا أَرْسَلْنَا عَلَيْهِمْ صَيْحَةً وَاحِدَةً فَكَانُوا كَهَشِيمِ الْمُحْتَظِرِ ۞** ငါသည် သူတို့ထံသို့ အသံလှိုင်းကြီး တစ်ခုကို စေစားလိုက်ဏ်၏၊ သို့ဖြင့် ခြံဘောင်ခတ်သူ၏ သစ်ကိုင်းခြောက်များ ကဲ့သို့ ဖြစ်သွားရဏ်၏။
၃၂။	**وَلَقَدْ يَسَّرْنَا الْقُرْآنَ لِلذِّكْرِ فَهَلْ مِن مُّدَّكِرٍ ۞** ငါသည် ကုရ်အန်အား သတိရရှုမှတ်ရန် မုချ လွယ်ကူစေဏ်၏၊ သို့သော် နှလုံးပိုက်သူ ရှိလေသလော။
၃၃။	**كَذَّبَتْ قَوْمُ لُوطٍ بِالنُّذُرِ ۞** လု–တ်၏ လူမျိုးတို့သည်လည်း သတိပေးချက်ကို ငြင်းဆန်ခဲ့ကြပြီ။

(၁၀၁၈) ဤသုတ်တော်မှ **မောက်မာသော ငြင်းဆန်သူ** ဆိုသည်မှာ မိရိုးဖလာဝါဒအား လက်မခံသောကြောင့် စွပ်စွဲခြင်း ဖြစ်သည်။

(၁၀၁၉) ဤသုတ်တော်တွင် သူတို့နှင့် ကုလားမအကြားကို **ခဲမဲ့ဲ ဘိုင်းယ်နဟွမ်** သူတို့ချင်းကြားဟု ဆိုထားသောကြောင့် **ကုလားအုပ်မ** ဆိုသည်မှာ လူအသင်းအဖွဲ့တစ်ခုအား ကိုယ်စားပြု ပြောဆိုခြင်းသာ ဖြစ်ပေသည်။ ထိုအကြောင်းကို ရေကို သောက်ရေ ကိုယ်စီ အသင့် တိုင်တည်ပြီး ဟူသော စကားက ခိုင်လုံစေပေသည်။ ကုလားအုပ် တိရိစ္ဆာန် တစ်ကောင် ဖြစ်လျှင် မည်သို့ အသင့် တိုင်တည်လိမ့်မည်နည်း။ (၇း၇၃) တွင် ကြည့်ပါ။

၃၄။	**إِنَّا أَرْسَلْنَا عَلَيْهِمْ حَاصِبًا إِلَّا آلَ لُوطٍ نَّجَّيْنَاهُم بِسَحَرٍ ۞** ငါသည် သူတို့အပေါ်သို့ သဲမုန်တိုင်းကို စေစားပြီ။ သို့သော် လု–တ်၏ အဆက်တို့မှာ ထိုမှကင်း၏၊ ငါသည် သူတို့အား လှည့်စားခံရမှုမှ လွတ်မြောက်စေတော်မူ၏။
၃၅။	**نِعْمَةً مِّنْ عِندِنَا كَذَٰلِكَ نَجْزِي مَن شَكَرَ ۞** ငါ၏ ထံတော်မှ ဂုဏ်ပေးခြင်း ဖြစ်၏။ ကျေးဇူးသိသူတို့အား ယင်းသို့ အစားပေးတော်မူ၏။
၃၆။	**وَلَقَدْ أَنذَرَهُم بَطْشَتَنَا فَتَمَارَوْا بِالنُّذُرِ ۞** သူသည် ငါ၏ ကိုင်တွယ်မှုကြီးကို သူတို့အား သတိပေးသော် သူတို့က သတိပေးချက်အား အချင်းများကြ၏။
၃၇။	**وَلَقَدْ رَاوَدُوهُ عَن ضَيْفِهِ فَطَمَسْنَا أَعْيُنَهُمْ فَذُوقُوا عَذَابِي وَنُذُرِ ۞** သူတို့သည် ဧည့်သည်များအား စွန့်ခဲ့ရန် သူကို တိုက်တွန်းကြ၏။ သို့သော် ငါအရှင်က သူတို့၏ မျက်လုံးများကို အရေလှန်လိုက်၏။ သို့ဖြင့် ငါ ပြဋ္ဌာန်းသော ဝဋ်ကြွေးနှင့် သတိပေးချက်ကို မြည်းစမ်းစေ၏။
၃၈။	**وَلَقَدْ صَبَّحَهُم بُكْرَةً عَذَابٌ مُّسْتَقِرٌّ ۞** တည်ငြိမ်သော ဝဋ်ကြွေးသည် အာရုဏ်ဦး၌ သူတို့အား ထိသက်လေပြီ။
၃၉။	**فَذُوقُوا عَذَابِي وَنُذُرِ ۞** ငါ ပြဋ္ဌာန်းသော ဝဋ်ကြွေးနှင့် သတိပေးချက်ကို မြည်းစမ်းကြလော့။
၄၀။	**وَلَقَدْ يَسَّرْنَا الْقُرْآنَ لِلذِّكْرِ فَهَلْ مِن مُّدَّكِرٍ ۞** ငါသည် ကုရ်အာန်အား သတိရရှုမှတ်ရန် မုချ လွယ်ကူစေ၏၊ သို့သော် နှလုံးပိုက်သူ ရှိလေသလော။
၄၁။	**وَلَقَدْ جَاء آلَ فِرْعَوْنَ النُّذُرُ ۞** ဖာရိုးမင်းဆက်ထံသို့လည်း သတိပေးချက်သည် မုချ ရောက်လာခဲ့ပြီ။
၄၂။	**كَذَّبُوا بِآيَاتِنَا كُلِّهَا فَأَخَذْنَاهُمْ أَخْذَ عَزِيزٍ مُّقْتَدِرٍ ۞** သူတို့သည် ငါ၏ သုတ်ဒေသနာများကို ငြင်းဆန်ကြ၏။ သို့ဖြင့် စည်းချိန်ချမှတ်သော အရှင် ဘုန်းတော်ရှင်၏ အရေးယူခြင်းဖြင့် သူတို့ကိုယ်စီအား အရေးယူတော်မူပြီ။
၄၃။	**أَكُفَّارُكُمْ خَيْرٌ مِّنْ أُوْلَئِكُمْ أَمْ لَكُم بَرَاءةٌ فِي الزُّبُرِ ۞** သင်တို့သည် ထိုသူများထက် ပိုမိုကောင်းမွန်စွာ ဖုံးကွယ်သူများ ဖြစ်ကြသလော၊ သို့တည်းမဟုတ် သင်တို့သည် ကျမ်းငယ်များပါ ကင်းလွတ်ခွင့်ကို ရထားကြသလော။
၄၄။	**أَمْ يَقُولُونَ نَحْنُ جَمِيعٌ مُّنتَصِرٌ ۞** သို့တည်းမဟုတ် ‘‘ကျွန်ုပ်တို့သည် အကူအညီရသော တပ်ပေါင်းစု ဖြစ်သည်’’ဟု ဆိုကြသလော။
၄၅။	**سَيُهْزَمُ الْجَمْعُ وَيُوَلُّونَ الدُّبُرَ ۞** ထိုတပ်ပေါင်းစုသည် ချေမှုန်းခြင်းခံရလတ္တံ့၊ ၎င်းတို့သည် နောက်သို့ လှည့်ပြေးရလတ္တံ့။
၄၆။	**بَلِ السَّاعَةُ مَوْعِدُهُمْ وَالسَّاعَةُ أَدْهَى وَأَمَرُّ ۞** အချိန်နာရီသည် ၎င်းတို့အတွက် ကတိတော်ဖြစ်၏၊ အချိန်နာရီသည် ၎င်းတို့အား နာကျင်စွာ ဖြတ်သန်းစေလတ္တံ့။

၄၇။	**إِنَّ الْمُجْرِمِينَ فِي ضَلَالٍ وَسُعُرٍ ۞** ကေန်ပင် ရာဇဝတ်ကောင်တို့သည် လွဲမှားမှု၌ လောင်စာဖြစ်ရမည်ပင်။
၄၈။	**يَوْمَ يُسْحَبُونَ فِي النَّارِ عَلَى وُجُوهِهِمْ ذُوقُوا مَسَّ سَقَرَ ۞** ငင်းတို့အား အပူမီးထဲသို့ မျက်နှာ ဦးဖော်က် တွဲကျစေမည့် နေ့ကာလ၌ ငရဲ၏ ထိကပ်ခြင်းကို မြည်းစေလတ္တံ့။
၄၉။	**إِنَّا كُلَّ شَيْءٍ خَلَقْنَاهُ بِقَدَرٍ ۞** ကေန်ပင်– သဗ္ဗလုံးစုံအား စည်းချိန်အလျောက် ငါ ဖြစ်တည်ပေး၏။
၅၀။	**وَمَا أَمْرُنَا إِلَّا وَاحِدَةٌ كَلَمْحٍ بِالْبَصَرِ ۞** ငါအရှင်၏ ညွှန်ကြားချက်သည် တစ်သမတ်တည်းဖြစ်၍၊ အမြင် တစ်ဖော့တွင် အတည်ဖြစ်၏။
၅၁။	**وَلَقَدْ أَهْلَكْنَا أَشْيَاعَكُمْ فَهَلْ مِن مُّدَّكِرٍ ۞** မုချပင် သင်တို့၏ ဂိုဏ်းသားတို့ကို တိမ်ကောစေခဲ့ပြီ၊ သို့တိုင် နှလုံးပိုက်သူ ရှိလေသလော။
၅၂။	**وَكُلُّ شَيْءٍ فَعَلُوهُ فِي الزُّبُرِ ۞** သူတို့၏ ပြုလုပ်ခဲ့မှု သဗ္ဗလုံးစုံသည် ကျမ်းမှတ်တမ်းများ ရှိနေ၏။[၁၀၂]
၅၃။	**وَكُلُّ صَغِيرٍ وَكَبِيرٍ مُسْتَطَرٌ ۞** ငယ်သည်မဟူ ကြီးသည်မခြား ကိုယ်စီ ရေးမှတ်ထား၏။
၅၄။	**إِنَّ الْمُتَّقِينَ فِي جَنَّاتٍ وَنَهَرٍ ۞** ကေန်ပင် စည်းစောင့်သူများသည် ဥယျာဉ်များ မြစ်ချောင်းများဖြင့်–
၅၅။	**فِي مَقْعَدِ صِدْقٍ عِندَ مَلِيكٍ مُّقْتَدِرٍ ۞** ဖြောင့်မှန်သော ထိုင်ခုံများဖြင့်[၁၀၃] စည်းချိန်ချမှတ်သော အရှင်သခင်၏ အပါးတော်မြို့များ ဖြစ်လတ္တံ့။

(၁၀၂) **ဇာဘူးရမ်** ဆိုသည်မှာ ကျောက်သားတွင် ထွင်းရေးထားသော ကျမ်းငယ်များ ဖြစ်ပေသည်၊ လူသားတစ်ဦး၏ ကျင့်ကြံမှုများကို အမျိုးအစား ခွဲ၍ အခိုင်အမာမှတ်တမ်းတင်ထားခြင်းကို ဆိုလိုပေသည်။

(၁၀၃) ဤဝါကျတွင် သုံးသော ထိုင်ခုံများ ဆိုသည်မှာ ထည်ထည်ဝါဝါ ပြောရေးဆိုခွင့်ရှိသော လွှတ်တော်အမတ်နေရာများကဲ့သို့ ဖြစ်သည်။ တနည်းအားဖြင့် ပရမတ်ဘုရားရှင် ချမှတ်သော စည်းကမ်းနည်းလမ်းကို ဖြောင့်မှန်စွာ ပြောရေးဆိုခွင့် ရှိသူများ ဖြစ်ရမည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ထို အရေးအရာသည် သေပြီးသည်၏ နောက်မှဟု မဆိုလိုပေ။

ဓမ္မခန္ဓာ (၅၅) ကရုဏာရှင် (အလ် ရဟ်မာန်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၉၇)၊ သုတ်ဒေသနာ (၇၈)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**الرَّحْمَنُ** ۞ မဟာကရုဏာရှင်သည်–
၂။	**عَلَّمَ الْقُرْآنَ** ۞ ကုရ်အာန်အား သင်ကြားပေးဇ၏။[၁၀၂၄]
၃။	**خَلَقَ الْإِنسَانَ** ۞ လူသားကို ဖြစ်တည်စေဇ၏။
၄။	**عَلَّمَهُ الْبَيَانَ** ۞ ရှင်းလင်းချက်ကို သင်ကြားပေးဇ၏။
၅။	**الشَّمْسُ وَالْقَمَرُ بِحُسْبَانٍ** ۞ နေနှင့် လတို့ကို စီစစ်တွက်ချက်ထားဇ၏။
၆။	**وَالنَّجْمُ وَالشَّجَرُ يَسْجُدَانِ** ۞ ကြယ်တာရာများ၊ အပင်များသည် ဦးချနေရဇ၏။
၇။ အတိုင်း	**وَالسَّمَاء رَفَعَهَا وَوَضَعَ الْمِيزَانَ** ۞ အာကာသအား မြှင့်ထား၍၊ **စရွေး** ချပေးထားဇ၏။
၈။	**أَلَّا تَطْغَوْا فِي الْمِيزَانِ** ۞ သင်တို့သည် ထိုစရွေး၌ စည်းမဖျက်အပ်။
၉။	**وَأَقِيمُوا الْوَزْنَ بِالْقِسْطِ وَلَا تُخْسِرُوا الْمِيزَانَ** ۞ စရွေးစံချိန်၌ သမာသမတ်ဖြင့် ရပ်တည်ကြလော့၊ စရွေးစံချိန် မလျော့စေကြနှင့်။
၁၀။	**وَالْأَرْضَ وَضَعَهَا لِلْأَنَامِ** ۞ မြေကမ္ဘာကို သတ္တဝါများ နေရာချရန်ဖြစ်စေဇ၏။

(၁၀၂၄) လူသားအား ကျမ်းမြတ်ကုရ်အာန်ကို သင်ကြားပေးသော အရှင်မှာ ပရမတ်ဘုရားရှင် ဖြစ်သော ကရုဏာရှင် ဖြစ်သည်ဟု ဤသုတ်တော်တွင် အတိအကျ ပြောထားသည့် အတွက် ၅၃း၅ မှ ကိုယ်တော်အား ကျမ်းတော်ဆောင် ဉာဏ်စဉ်တော်အားပေးသော အရှင်မှာ အလ္လာဟ် အရှင် (ပရမတ်ဘုရားရှင်)သာလျှင် ဖြစ်ပေသည်။ ကောင်းကင်တမန်တော် (နတ်ဒေဝတာ) မဟုတ်ပေ။

၁၁။	**فِيهَا فَاكِهَةٌ وَالنَّخْلُ ذَاتُ الْأَكْمَامِ۞** ထိုဌ် အခွံရှိ သစ်သီးဝလံများနှင့် စွံပလွန်ပင်များ ရှိစေ၍၊
၁၂။	**وَالْحَبُّ ذُو الْعَصْفِ وَالرَّيْحَانُ۞** ကောက်ပဲသီးနှံနှင့် ရနံ့သင်းသည့် အနံ့လွင့်ပင်များလည်း ရှိစေ၏။
၁၃။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၁၄။	**خَلَقَ الْإِنسَانَ مِن صَلْصَالٍ كَالْفَخَّارِ۞** အရှင်သည် ကလျာဏပုတ္တဇ်အား ဝံကြွားနိုင်သော မြေသားမှ ဖြစ်တည်စေ၏။[၁၀၂၂]
၁၅။ ☆ကုဆ၂ ခုကုသ၁	**وَخَلَقَ الْجَانَّ مِن مَّارِجٍ مِّن نَّارٍ۞** အန္ဓပုတ္တဇ်ကို အရှိန်သေသော မီးမှ ဖြစ်တည်စေ၏။☆
၁၆။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၁၇။	**رَبُّ الْمَشْرِقَيْنِ وَرَبُّ الْمَغْرِبَيْنِ۞** အရှင်သည် နေထွက်ရာ နှစ်ဘက်၊ နေဝင်ရာ နှစ်ဘက်တို့၏ ကံကြမ္မာရှင် ဖြစ်၏။
၁၈။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၁၉။	**مَرَجَ الْبَحْرَيْنِ يَلْتَقِيَانِ۞** ပင်လယ်နှစ်ပြင်ကို အရှိန်သတ် တွေ့ဆုံစေ၏။
၂၀။	**بَيْنَهُمَا بَرْزَخٌ لَّا يَبْغِيَانِ۞** ထိုနှစ်ခုကြား၌ အပြစ်မရှာနိုင်စေရန် တံတိုင်းကာပေးထား၏။
၂၁။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၂၂။	**يَخْرُجُ مِنْهُمَا اللُّؤْلُؤُ وَالْمَرْجَانُ۞**

(၁၀၂၂) ဤသုတ်တော်မှ "ဝံကြွားနိုင်သော မြေ" ဆိုသည်ကို အာရဗ်များက အိုးခတ်သော မြေဟု သုံးနှုန်းသည်။ သာမန်မြေမှ အိုးဖြစ်သည်ထိ ပြုပြင်ပြီးဖြစ်၍ ဝံကြွားထည်ပါသည့် သဘောဖြစ်သည်၊ အချို့ဆရာတော်ကြီးများက "အသံမြည်သော ခြောက်သွေ့သော မြေမှ" ဟု ပြန်ဆိုကြပေသည်။ အိုးခတ်သော အခါ ထုထောင်းရာ၌ အသံမြေသော သဘောနှင့် ခြောက်သွေ့ရန် မီးဖုတ်ခြင်းသဘောများကို ငုံမိစေရန် ပြန်ဆိုခြင်း ဖြစ်ပေသည်။ ကမ္ဘာမြေကြီးမှ အသံမြည်သည် ဆိုခြင်းကို ဗဟုသုတ၌ အားနည်းသူတို့က ကုရ်အာန်ကျမ်းတွင် ယုတ္တိမရှိသည်ကို ဖော်ပြထားသည်ဟု စွပ်စွဲမှုများလည်း ရှိနေပေသည်။ ကမ္ဘာမြေကြီးသည် အသံမြည် ငြီးတွားကြောင်းကို ယခုအခါ သိပ္ပံပညာရှင်များက လက်ခံထားပြီး ဖြစ်သည်။ ထို့ပြင် လူသား **အင်ဆန်းနိ** ဟူသည် ကလျာဏ ပုတ္တဇ်၌ ဟု ဖြစ်၍ သူ့ကို ဖြစ်တည်စေရာ၌လည်း အိုးခတ်မြေ **(ကျက်သော မြေ)** ဟု ပြောထားသော ကြောင့် မီးခါတ်ပါဝင်သည်ပင်။ သို့သော် ထိုမီးမှာ အသားသေနေသည့် သဘောဖြစ်၍– ပူလောင်မှုအား တစ်စုံတစ်ရာ ထိန်းချုပ်နိုင်စွမ်း ရှိနေပြီဟု ဖြစ်ပေသည်။ **ဂျင်** ဟု ခေါ်သည့် အန္ဓပုတ္တဇ်သည်မူ ပူလောင်ခြင်း သဘောအား ထိန်းချုပ်နိုင်မှု အင်အားနည်းသောကြောင့် သူ့အား ဖြစ်တည်ရာ၌ မီး (တေဇောဓါတ်)အား အသားပေး ဖေါ်ပြခြင်း ဖြစ်သည်။

	၎င်းတို့မှ ပုလဲရတနာ သွန်္ခာတို့ကို ထွက်စေတော်မူ၏။
၂၃။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၂၄။ စီးမျောရာများ	**وَلَهُ الْجَوَارِ الْمُنشَآتُ فِي الْبَحْرِ كَالْأَعْلَامِ۞** ပင်လယ်၌ သိမှတ်သည့်ဘုံများ၊ **သဘော်များ**၏ ကြွတက်မှုတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။
၂၅။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၂၆။	**كُلُّ مَنْ عَلَيْهَا فَانٍ۞** အားလုံးကိုယ်စီ သခီါရသာ ဖြစ်၍။[၁၀၂၆]
၂၇။	**وَيَبْقَى وَجْهُ رَبِّكَ ذُو الْجَلَالِ وَالْإِكْرَامِ۞** ဂုဏ်သရေအရှိဆုံး အမြင့်မြတ်ဆုံး ဖြစ်တော်မူသော ကံကြမ္မာရှင်၏ ဥပတိသာ ထာဝရဖြစ်၏။
၂၈။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၂၉။ ☆၀း၄	**يَسْأَلُهُ مَن فِي السَّمَاوَاتِ وَالْأَرْضِ كُلَّ يَوْمٍ هُوَ فِي شَأْنٍ۞** မိုးများနှင့် မြေကမ္ဘာအတွင်း ရှိသမျှသည် အရှင့်ထံ၌ တောင်းခံနေရ၏၊ အရှင်သည် ကာလတစ်ခုစီ၌☆ သူ့ကိစ္စနှင့် သူ ဖြစ်စေ၏။
၃၀။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၃၁။	**سَنَفْرُغُ لَكُمْ أَيُّهَا الثَّقَلَانِ۞** သင်တို့ဘက်သို့ ငါ အားဖြည့်ပေးတော်မူလတ္တံ့၊ အို–ဝန်ထမ်းစုတို့။[၁၀၂၇]
၃၂။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၃၃။	**يَا مَعْشَرَ الْجِنِّ وَالْإِنسِ إِنِ اسْتَطَعْتُمْ أَن تَنفُذُوا مِنْ أَقْطَارِ السَّمَاوَاتِ وَالْأَرْضِ فَانفُذُوا لَا تَنفُذُونَ إِلَّا بِسُلْطَانٍ۞** အို– တစ်ကျိတ်တစ်ကြံတည်းဖြစ်သော ကလျာဏနှင့် အန္ဓပုတ္တဇဉ်တို့၊ သင်တို့သည် မိုးများနှင့် မြေကမ္ဘာ၏ စက်ဝန်းမှ

(၁၀၂၆) အရာအားလုံးသည် မမြဲခြင်း သခီါရများသာ ဖြစ်၍ နောက်ဆုံးစွန်တွင် ထိုသခီါရအစုတို့သည် ပျက်စီးသွားရမည် ဖြစ်ပြီး အသခီါရဖြစ်သော ပရမတ်ဘုရားရှင် (အလ္လာဟ်)သာလျှင် တည်ရှိနေမည် ဖြစ်သည်။

(၁၀၂၇) ဤသုတ်တော်မှ **ဆာကလာနိ** ကိုဆရာတော်ကြီး အများစုက "လူနှင့် ဂျင်တို့"ဟု ဘာသာပြန်ဆိုကြပေသည်၊ ထိုစကားလုံးသည်– လူသားတွင် တင်နေသော ဝန်ထုပ်ပစ္စည်း၊ ပါတီ၊ အမှုထမ်းများ ဟု အနက်ကိုပေးသည့် **ဆကလ်**၏ နှစ်ခုပြကိန်း ဖြစ်ပေသည်။ ထို့ကြောင့် ဆရာတော်ကြီးများက လူသားနှင့် ဂျင်တို့သည် အရှင်၏ အမှုထမ်းများ သို့မဟုတ် ဝန်ဆောင်ထားရသော လူသားနှင့် ဂျင်များဟူသော သဘောဖြင့် ပြန်ဆိုခြင်း ဖြစ်ပေသည်။ တိုက်ရိုက်အဓိပ္ပါယ်မှာမူ ဝန်ဆောင်ထားရသော အုပ်စုနှစ်ခု ဟု ဖြစ်ပေသည်။ အာရဗ်တို့သည် နိုင်ငံခြားသားများကို ဂျင်ဟု ခေါ်ကြပေသည်။ (ဖီးဒဝဝ တွင် ဂျင် ဖွင့်ဆိုချက်ကို ကြည့်ပါ။)

	ဖေါက်ထွက်ရန် တတ်နိုင်လျှင် ဖေါက်ထွက်သွားကြလေ၄၊ ငါအရှင်၏ အခွင့်အာဏာမရဘဲ ဖေါက်ထွက် သွားနိုင်မည် မဟုတ်ချေ။
၃၄။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၃၅။ ☆၃၇း၁၀	**يُرْسَلُ عَلَيْكُمَا شُوَاظٌ مِّن نَّارٍ وَنُحَاسٌ فَلَا تَنتَصِرَانِ۞** သင်တို့အပေါ်သို့ မီး မီးလျှံ မီးခိုးများကို စေစားလတ္တံ့၊☆ သင်တို့ကိုယ်သင်တို့ ကူညီနိုင်မည် မဟုတ်ပေ။
၃၆။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၃၇။	**فَإِذَا انشَقَّتِ السَّمَاءُ فَكَانَتْ وَرْدَةً كَالدِّهَانِ۞** အာကာသသည် ကြေမွလျက် ဆီပူတ်ထားသော နှင်းဆီနီကဲ့သို့ ဖြစ်လာသောအခါ။[၁၀၂၈]
၃၈။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၃၉။	**فَيَوْمَئِذٍ لَّا يُسْأَلُ عَن ذَنبِهِ إِنسٌ وَلَا جَانٌّ۞** ထိုနေ့ကာလ၌ ကလျာဏနှင့် အန္ဓပုတုဇဉ်တို့အား မိမိ၏ ပြစ်မှုများကို စစ်ကြောနေတော့မည် မဟုတ်။
၄၀။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၄၁။	**يُعْرَفُ الْمُجْرِمُونَ بِسِيمَاهُمْ فَيُؤْخَذُ بِالنَّوَاصِي وَالْأَقْدَامِ۞** ရာဇဝတ်ကောင်တို့အား သူတို့၏ အမှတ်သညာအားဖြင့် မှတ်မိစေလတ္တံ့။ သူတို့အား ငယ်ထိပ်နှင့် ခြေဖဝါးများကို ဆွဲသိမ်းခံရစေလတ္တံ့။[၁၀၂၉]
၄၂။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၄၃။	**هَذِهِ جَهَنَّمُ الَّتِي يُكَذِّبُ بِهَا الْمُجْرِمُونَ۞** ဤသည် ရာဇဝတ်ကောင်များ ငြင်းဆန်လေ့ရှိသည့် ငရဲဘုံပင် ဖြစ်၏။
၄၄။	**يَطُوفُونَ بَيْنَهَا وَبَيْنَ حَمِيمٍ آنٍ۞** ထိုစပ်ကြား ရေနွေးရေပူသည့် ကာလကြာ၌ လှည့်ပတ်နေကြရလတ္တံ့။
၄၅။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။

(၁၀၂၈) ပျက်သုဉ်းလုဆဲ ဂြိုလ်တစ်ခု သို့မဟုတ် ကြယ်စု တစ်စုသည် "နှင်းဆီ နီရောင်" وَرْدَةً မီးဖုတ်ထားသော အရောင် အာကာသ ဖြစ်လာကြောင်းကို သိပ္ပံပညာရှင်များ တွေ့ရှိပြီ ဖြစ်သည်၊ Red Rose Nebular ဟု ခေါ်ပေသည်။

(၁၀၂၉) မကောင်းမှုကို ကြံစည်သော အကြံများသည် ဦးခေါင်း၏ ငယ်ထိပ်ဖျားရှိ အာရုံမှ လှုံဆော် ဖြစ်ပေါ်စေကြောင်းကို ယခုအခါ ဆေးသိပ္ပံ ပညာရှင်များ တွေ့ရှိထားပြီ ဖြစ်သည်။

၄၆။	**وَلِمَنْ خَافَ مَقَامَ رَبِّهِ جَنَّتَانِ۞** ကံကြမ္မာရှင်၌ ကြောက်ရွံရိုကျိုးစွာ ရပ်တည်သူအဖို့ ဥယျာဉ်နှစ်ခု ရှိ၏။[၁၀၃၀]
၄၇။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၄၈။	**ذَوَاتَا أَفْنَانٍ۞** အမျိုးမျိုးအဖုံဖုံ ပြည့်နှက်နေစေ၏။
၄၉။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၅၀။ ဥယျာဉ်	**فِيهِمَا عَيْنَانِ تَجْرِيَانِ۞** **ထို**နှစ်ခုဌ စိမ့်စမ်းများ စီးဆင်းနေစေ၏။
၅၁။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၅၂။ ဥယျာဉ်	**فِيهِمَا مِن كُلِّ فَاكِهَةٍ زَوْجَانِ۞** **ထို**နှစ်ခု၌ သစ်သီးမျိုးစုံ စုဖွဲ့နေစေ၏။
၅၃။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၅၄။	**مُتَّكِئِينَ عَلَى فُرُشٍ بَطَائِنُهَا مِنْ إِسْتَبْرَقٍ وَجَنَى الْجَنَّتَيْنِ دَانٍ۞** နားခိုရာများပေါ်မှီလှဲစံစားစေလျက် သူတို့၏ အတွင်းခံများသည် ပိုးဖဲကတ္တီပါတို့ ဖြစ်၏၊ ဥယျာဉ်နှစ်ခုမှ အသီးမှည့်တို့သည် အနီးကပ် ရှိကြ၏။
၅၅။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၅၆။	**فِيهِنَّ قَاصِرَاتُ الطَّرْفِ لَمْ يَطْمِثْهُنَّ إِنسٌ قَبْلَهُمْ وَلَا جَانٌّ۞** ထို၌ သူတို့မတိုင်မီ ကလျာဏနှင့် အန္ဓပုတုဇဉ်တို့ မထိတွေ့ဘူးသော မျက်ရိုင်မျက်ခြည် တည်တံ့သူတို့ရှိ၏။[၁၀၃၀]
၅၇။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၅၈။	**كَأَنَّهُنَّ الْيَاقُوتُ وَالْمَرْجَانُ۞**

(၁၀၃၀) ဥယျာဉ် နှစ်ခုဆိုသည်မှာ လောကီဘဝ၌ ခံစားရသော သာယာစိုပြေခြင်းနှင့် လောကုတ္တရာ၌ စံစားရမည့် သာယာသော ဘဝကို ဆိုလိုဖြင်းဖြစပေသည်။

(၁၀၃၁) ထိုအဖေါ်များ ဆိုသည်မှာ လောကီဘဝနှင့် လောကုတ္တရာ ဘဝ သာယာမှုများကို ရည်ညွှန်းသည့် ဥယျာဉ်နှစ်ခုတွင် ရှိနေမည်ဟု ဆိုထားသောကြောင့် နောင်ဘဝတွင်မှ နိဗ္ဗာန်ဘုံတွင် ဆုံရမည့် နတ်သမီးများဟု ဆိုလိုခြင်း လုံးဝ မဟုတ်ချေ။ (၅၂း၂၀၊ ၂၄) တွင်ကြည့်ပါ။

	သူတို့သည် ပတ္တမြား– သွန်ကဲ့သို့ ဖြစ်၏။
၅၉။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၆၀။	**هَلْ جَزَاءُ الْإِحْسَانِ إِلَّا الْإِحْسَانُ۞** သုမင်္ဂလာအတွက် အစားပေးခြင်းသည် သုမင်္ဂလာမှအပ ဖြစ်မည်လော။
၆၁။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၆၂။	**وَمِن دُونِهِمَا جَنَّتَانِ۞** ထို၌ ယှဉ်တွဲလျက် ဥယျာဉ်နှစ်ခု ရှိ၏။[၁၀၃]
၆၃။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၆၄။	**مُدْهَامَّتَانِ۞** စိမ်းစို ညို့မှိုင်းလျက် ရှိ၏။
၆၅။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၆၆။	**فِيهِمَا عَيْنَانِ نَضَّاخَتَانِ۞** ထိုနှစ်ခု၌ စိမ့်စမ်းနှစ်သွယ် ပန်းထွက်လျက် ရှိ၏။
၆၇။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၆၈။	**فِيهِمَا فَاكِهَةٌ وَنَخْلٌ وَرُمَّانٌ۞** ထိုနှစ်ခု၌ သစ်သီးဝလံများနှင့် စွံပလွန်သီးများ ပုလဲသီးများ ရှိ၏။
၆၉။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၇၀။	**فِيهِنَّ خَيْرَاتٌ حِسَانٌ۞** ထို၌ ကောင်းမွန် တင့်တယ်သူတို့ ရှိ၏။
၇၁။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၇၂။	**حُورٌ مَّقْصُورَاتٌ فِي الْخِيَامِ۞**

(၁၀၃) ထို၌ ယှဉ်တွဲလျက် ဥယျာဉ်နှစ်ခု ရှိ၏ ဆိုသည်မှာ ကောင်းမှုများနှင့် ယှဉ်တွဲလျက် သာယာသော ဘဝနှစ်ခုရှိ၏ ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

☆၄၄း၅၄	ဘုံနန်းပြသဒ်များ၌ အဖြူထည် စောင့်တည်ထားသူများ ရှိ၏။☆
၇၃။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၇၄။	**لَمْ يَطْمِثْهُنَّ إِنسٌ قَبْلَهُمْ وَلَا جَانٌّ۞** သူတို့မတိုင်မီ ၎င်းတို့အား ကလျာဏနှင့် အန္ဓပုတ္တဇဉ်တို့ မထိတွေ့ဘူးချေ။[၁၀၃၃]
၇၅။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၇၆။	**مُتَّكِئِينَ عَلَى رَفْرَفٍ خُضْرٍ وَعَبْقَرِيٍّ حِسَانٍ۞** ၎င်းတို့သည် မြစိမ်းရောင် မှီအုံးများနှင့် တင့်တယ်သော ကော်ဇောများပေါ်တွင် မှီလဲ့စံစားနေကြ၏။
၇၇။	**فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞** သင်တို့၏ ကံကြမ္မာရှင်ထံမှ အကျိုးဆက်များအား မည်သို့ ငြင်းဆန်အံ့နည်း။
၇၈။	**تَبَارَكَ اسْمُ رَبِّكَ ذِي الْجَلَالِ وَالْإِكْرَامِ۞** ဂုဏ်သရေအရှိဆုံး အမြင့်မြတ်ဆုံး အရှင်– ကံကြမ္မာရှင်၏ ဂုဏ်တော်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူပေသတည်း။

(၁၀၃၃) ဤသုတ်တော်နှင့် သုတ်တော် ၅၆ တွင် ၎င်းတို့အား လူသားနှင့် ပုတ္တဇဉ်တို့ မထိတွေ့ဘူးချေ၊ ဆိုသည်ကို ၎င်းတို့သည် အမျိုးသမီး နတ်ကညာများ ဖြစ်သည်– ၎င်းတို့သည် မည်သူ တစ်ဦးတစ်ယောက်နှင့်မျှ ကာမ မဆက်ဆံဘူးသော အပျိုစင်များ ဖြစ်သည်ဟု မချဲ့ကားသင့်ပေ၊ ထိုစကား လုံး၏ ဆိုလိုချက်မှာ အပြစ်မကင်းသူများနှင့် ပေါင်းသင်းဆက်ဆံ လူမှုရေးဝန်တာ ဖွဲ့စည်းတည်ဆောက်ထားခြင်း မရှိသော ပကတိ သန့်ရှင်းသော အပြစ်ကင်းသော သူမွန်များ ဖြစ်သည်ဟု ဆိုလိုခြင်းသာ ဖြစ်ပေသည်။

ဓမ္မခန္ဓာ (၅၆) အဖြစ်အပျက်ကြီး (အလ် ဝါကိအဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၄၆)၊ သုတ်ဒေသနာ (၃၆)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**إِذَا وَقَعَتِ الْوَاقِعَةُ۞** အဖြစ်အပျက်ကြီး ဖြစ်ပျက်သောအခါ။[၁၀၃၄]
၂။	**لَيْسَ لِوَقْعَتِهَا كَاذِبَةٌ۞** အဖြစ်အပျက်ကြီးကို လိမ်ညာမထားနိုင်ချေ။
၃။	**خَافِضَةٌ رَّافِعَةٌ۞** နှိမ့်ချခံရသူ၊ မြှောက်စားခံရသူတို့ ရှိလတ္တံ့။
၄။	**إِذَا رُجَّتِ الْأَرْضُ رَجًّا۞** မြေကမ္ဘာသည် တုန်ခါခြင်းဖြင့် တုန်ခါသောအခါ၊
၅။	**وَبُسَّتِ الْجِبَالُ بَسًّا۞** တောင်တန်းကြီးများသည် အစိတ်စိတ် စိတ်မွှကုန်လတ္တံ့။[၁၀၃၅]
၆။	**فَكَانَتْ هَبَاء مُّنْبَثًّا۞** သူတို့သည် ပျံ့လွင့်သော အမှုန့်များ ကဲ့သို့ ဖြစ်ရသော်၊
၇။ ဇောင်းပွန်	**وَكُنتُمْ أَزْوَاجًا ثَلَاثَةً۞** သင်တို့သည် **စုဖွဲ့မှု** သုံးမျိုး ဖြစ်လတ္တံ့။[၁၀၃၆]
၈။	**فَأَصْحَابُ الْمَيْمَنَةِ مَا أَصْحَابُ الْمَيْمَنَةِ۞** လက်ယာရံ ပေါင်းဖော်များ– လက်ယာ ပေါင်းဖော်တို့သည် မည်သို့နည်း။

(၁၀၃၄) وَقَعَتِ မှာ အမှန်တကယ် ခိုင်ခိုင်မာမာ အတည်ဖြစ်လာရမည့် အဖြစ်အပျက်ဟု အဓိပ္ပါယ်ကိုပေး၍၊ ကျမ်းတော်တွင် အချိန်နာရီ၊ အဖြစ်အပျက်ကြီးဟု ပြောဆိုခြင်းသည် ကမ္ဘာပျက်သုဉ်းရမည့် (ကီယာမတ်) နေ့ကို ပြောဆိုသည်ဟု အမြဲ ယူဆ၍ မရပေ၊ အတိုက်အခံတို့၏ ကျဆုံးခန်း ကျဆုံးရမည့် အချိန်ကာလကို မကြာခဏ ရည်ညွှန်းပြောဆိုပေသည်။ သုတ်တော် ၃ ပါ နှိမ့်ချခံရသူ (ရာထူးမှ ဖယ်ခံရသူ) မြှောက်စားခံရသူတို့ ရှိလတ္တံ့ ဟူသော စကားက သက်သေအဖြစ် ခိုင်လုံနေပေသည်။

(၁၀၃၅) တောင်တန်းကြီးများ အစိတ်စိတ် ပြိုကျရမည် ဆိုခြင်းမှာ အမာခံ ထိပ်တန်း အတိုက်အခံ ခေါင်းဆောင်ကြီးများ သြဇာအာဏာ ပြိုကျရခြင်းကို ဆိုလိုပေသည်။ (၁၃း၃၁။ ၂၀၁၅) တို့တွင် ကြည့်ပါ။

(၁၀၃၆) **ဇောင်းပွန်** ၏ အများကိန်း **အာဇ်ဝါးဂျုန်** ဆိုသည်မှာ လင်၊ မယား ဇနီးမောင်နှံဟု အဓိပ္ပါယ်ကို မပေးကြောင်း ဤသုတ်တော်သည် သက်သေ တစ်ရပ် ဖြစ်ပေသည်။ (၃၃း၃၇ တွင် ကြည့်ပါ)။

၉။	**وَأَصْحَابُ الْمَشْأَمَةِ مَا أَصْحَابُ الْمَشْأَمَةِ۝** လက်ဝဲရံ ပေါင်းဖော်များ– လက်ဝဲရံ ပေါင်းဖော်တို့သည် မည်သို့နည်း။
၁၀။	**وَالسَّابِقُونَ السَّابِقُونَ۝** လက်ဦးမှုရထားသော– လက်ဦးမှုယူထားသူများဖြစ်ကြ၏၊
၁၁။	**أُوْلَئِكَ الْمُقَرَّبُونَ۝** ထိုသူတို့သည် ချည်းကပ်ခွင့်ရသူများ ဖြစ်ကြ၍–
၁၂။	**فِي جَنَّاتِ النَّعِيمِ۝** ဂုဏ်ပေးထားသော ဥယျာဉ်ဘုံများ၌–
၁၃။	**ثُلَّةٌ مِّنَ الْأَوَّلِينَ۝** ရှေးရှိပြီးသူတို့ အဖွဲ့လိုက်နှင့်–
၁၄။	**وَقَلِيلٌ مِّنَ الْآخِرِينَ۝** နောက်ပေါင်းသူ အနည်းငယ်ခန့်သာ ဖြစ်၏–
၁၅။	**عَلَى سُرُرٍ مَّوْضُونَةٍ۝** ဆင်ယင်ထားသော ဇိမ်ခံခုံများပေါ်၌–
၁၆။	**مُتَّكِئِينَ عَلَيْهَا مُتَقَابِلِينَ۝** မျက်နှာချင်းဆိုင် မှီလှဲစံစားကြရလတ္တံ့။
၁၇။ ☆၂း၃၉ ★၅၆း၂၄	**يَطُوفُ عَلَيْهِمْ وِلْدَانٌ مُّخَلَّدُونَ۝** ကာလစည်းခြားမရှိသော☆ ကိုယ်ပွားရင်သွေးများက★ သူတို့အား လှည့်လည်ဝိုင်းရံလျက်–[၁၀၃]
၁၈။ ဇဲ့ပေး သည်း	**بِأَكْوَابٍ وَأَبَارِيقَ وَكَأْسٍ مِّن مَّعِينٍ۝** **စိမ့်စမ်းများမှ** ရေတကောင်း ရေဖလား ရေခွက်များဖြင့် ဖြစ်၏။
၁၉။	**لَا يُصَدَّعُونَ عَنْهَا وَلَا يُنزِفُونَ۝** ဂုင်းတို့သည် ခေါင်းကွဲမတတ်ဖြစ်ခြင်း ပျို့အံခြင်း မရှိချေ။
၂၀။	**وَفَاكِهَةٍ مِّمَّا يَتَخَيَّرُونَ۝** လက်ရွေးစင် သစ်သီးဝလံများ–
၂၁။	**وَلَحْمِ طَيْرٍ مِّمَّا يَشْتَهُونَ۝** သူတို့ အာသီသဖြစ်သော ကြက်ဌက် အသားများ ရှိ၏။

(၁၀၃) ဤသုတ်တော်မှ ကာလစည်းခြားမရှိသော ကိုယ်ပွားရင်သွေးများ ဆိုသည်မှာ မိမိနှင့်အတူ ကောင်းမှုဆောင်တာပြုခဲ့သော သားသမီးများ၊ တပည့်နောက်လိုက်များကို ဆိုလိုပေသည်။ သူတို့သည် ဤဘဝ၌ မိမိနှင့်အတူ ကောင်းမှုပြုခဲ့ ပါရမီဖြည့်ခဲ့၍ နောင်ဘဝတွင်လည်း အတူတကွ အကျိုး ခံစားရခြင်း ဖြစ်သောကြောင့် ကာလစည်းခြား မရှိဟု သုံးထားခြင်း ဖြစ်ပေသည်။ ကာလစည်းခြားမရှိ ဆိုသော ဝေါဟာရကို ၂း၃၉ တွင်၊ ကိုယ်ပွားရင်သွေးများကို ၅၆း၂၄ တွင် ကြည့်ပါ။

၂၂။	**وَحُورٌ عِينٌ۝** အဖြူထည် မျက်လုံးများသည်၊
၂၃။	**كَأَمْثَالِ اللُّؤْلُؤِ الْمَكْنُونِ۝** ကာကွယ်ထားသော ပုလဲကဲ့သို့ ဖြစ်၍–
၂၄။	**جَزَاء بِمَا كَانُوا يَعْمَلُونَ۝** သူတို့ ကျင့်ကြံလေ့ရှိခဲ့ရာအတွက် အစားပေးမှု ဖြစ်၏။
၂၅။	**لَا يَسْمَعُونَ فِيهَا لَغْوًا وَلَا تَأْثِيمًا۝** ထိုဌာန ပွစိပွစိ၊ အပြစ်မကင်းသော စကားများကို မကြားရချေ။
၂၆။	**إِلَّا قِيلًا سَلَامًا سَلَامًا۝** “ငြိမ်းချမ်းပါစ၊ ငြိမ်းချမ်းပါစေ၊”ဟု ပြောစကားသာ ရှိ၏။
၂၇။	**وَأَصْحَابُ الْيَمِينِ مَا أَصْحَابُ الْيَمِينِ۝** လက်ယာရံ ပေါင်းဖော်များ၊ လက်ယာရံ ပေါင်းဖော်တို့သည် မည်သို့ ရှိကြသည် ဟူမူကား–
၂၈။	**فِي سِدْرٍ مَّخْضُودٍ۝** အစူးမဲ့ ဇီးပင်များ–
၂၉။	**وَطَلْحٍ مَّنضُودٍ۝** အသီးအထပ်ထပ် ငှက်ပျောပင်များ–
၃၀။	**وَظِلٍّ مَّمْدُودٍ۝** တိုးရွေ့နေသော အရိပ်အဝါသများ–
၃၁။	**وَمَاء مَّسْكُوبٍ۝** စီးထွက်နေသော ရေများ–
၃၂။	**وَفَاكِهَةٍ كَثِيرَةٍ۝** မြောက်များစွာသော သစ်သီးဝလံများသည်–
၃၃။	**لَّا مَقْطُوعَةٍ وَلَا مَمْنُوعَةٍ۝** ဖြတ်တောက်ထားခြင်းမရှိ၊ ဟန့်တားထားခြင်း မရှိ၊
၃၄။	**وَفُرُشٍ مَّرْفُوعَةٍ۝** နားခိုရာနှင့် မြောက်စားထားမှု ရှိ၏။
၃၅။	**إِنَّا أَنشَأْنَاهُنَّ إِنشَاء۝** ကောန်ပင် ငါအရှင်သည် ပေါက်ပွားနေသော သူမတို့အား ပေါက်ပွားနေစေရန်–
၃၆။	**فَجَعَلْنَاهُنَّ أَبْكَارًا۝**

	သူမတို့အား နုရွယ်နေရန် စီစဉ်ပေးထား၏။
၄၇။	**عُرُبًا أَتْرَابًا** ۞ တိုင်းရင်းသား မြေလုပ်သားများသည်–
၃၈။	**لِّأَصْحَابِ الْيَمِينِ** ۞ လက်ယာရံ ပေါင်းဖော်တို့အတွက် ဖြစ်စေ၏။[၁၀၃၈]
၃၉။	**ثُلَّةٌ مِّنَ الْأَوَّلِينَ** ۞ ရှေးရှိပြီးသူ အဖွဲ့လိုက်နှင့်–
၄၀။	**وَثُلَّةٌ مِّنَ الْآخِرِينَ** ۞ နောက်ပေါင်းသူ အဖွဲ့လိုက်တို့ဖြစ်ကြ၏။
၄၁။	**وَأَصْحَابُ الشِّمَالِ مَا أَصْحَابُ الشِّمَالِ** ۞ လက်ဝဲရံ ပေါင်းဖော်များ၊ လက်ဝဲရံ ပေါင်းဖော်တို့သည် မည်သို့ ရှိကြသည် ဟူမူကား–
၄၂။	**فِي سَمُومٍ وَحَمِيمٍ** ۞ ရေနွေးပူ အပူထုထဲ၌–
၄၃။	**وَظِلٍّ مِّن يَحْمُومٍ** ۞ ရေငွေ့ပူ လောင်းရိပ်၌–
၄၄။	**لَّا بَارِدٍ وَلَا كَرِيمٍ** ۞ အေးမြခြင်း မရှိ၊ ဂုဏ်ကျက်သရေမရှိ– ဖြစ်ရလေပြီ။
၄၅။	**إِنَّهُمْ كَانُوا قَبْلَ ذَٰلِكَ مُتْرَفِينَ** ۞ သူတို့သည် ဤမတိုင်မီက စည်းဇိမ်ရှိသော ဘဝဖြင့် ဖြစ်ခဲ့၏။
၄၆။	**وَكَانُوا يُصِرُّونَ عَلَى الْحِنثِ الْعَظِيمِ** ۞ သူတို့သည် မဟာ သစ္စာပျက်မှုကြီးကို ဇွတ်တိုးလုပ်လေ့ရှိ၏။
၄၇။	**وَكَانُوا يَقُولُونَ أَئِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا أَئِنَّا لَمَبْعُوثُونَ** ۞ သူတို့က ပြောလေ့ရှိသည်မှာ ‘‘ကျွန်ုပ်တို့သည် သေကြေပြီးသော် မြေမှုန့်များ အရိုးများဖြစ်ရပြီး၊ နိုးထရဦးမည်လော၊
၄၈။	**أَوَ آبَاؤُنَا الْأَوَّلُونَ** ۞ ရှေးဦးပထမ ဘဘိုးများလည်း ပါသလော၊’’ဟု ဖြစ်၏။

(၁၀၃၈) အထက်ဖော်ပြပါ သုတ်တော်များမှ အပင်ရိပ်များ၊ သီးနှံများ၊ ရေကောင်းရေသန့်များကို ဖော်ပြ၍၊ သုတ်တော် ၃၅ နှင့် ၃၆ တွင် ၎င်းတို့ကို အလွယ်လွန်ကုန်ဆုံးခြင်း မရှိသော သဘောကို ပြောဆိုပြီး **ကိုထွိလိင်** အဖြစ် ပြောဆိုခြင်းကြောင့် နတ်သမီးများဟု အဓိပ္ပါယ်မပေးပေ။ ၎င်းတို့မှာ သစ်သီးဝလံများ၊ နားခိုရာ အေးရိပ်များ၏ လတ်ဆတ်နေမြဲ နုပျိုတောက်ပနေမြဲ သဘောကိုသာ ပြောဆိုခြင်း ဖြစ်သည်။ ၎င်းတို့မှာ လက်ျာရံ အဖော်များ အတွက် ဖြစ်သည်ဟု ဆိုထားခြင်းကြောင့် လက်ျာရံ အဖော်များ ဆိုသည်မှာ ယောကျ်ားများသာ ဖြစ်ရမည်ဟု ပြောဆို၍ လုံးဝ မရဆေ။ ကောင်းမှုပြုသူ ယောကျ်ား၊ မိန်းမ၊ ကလေး အားလုံးသည် လက်ယာရံ အဖော်များ ဖြစ်နိုင်ပေသည်။ သုခဘုံဟု ပြောလိုက်လျှင် အမျိုးသားများအတွက် ရာဂတဏှာ သာယာပျော်မြူးစရာဟု စိတ်ခံစားနေသည်မှာလည်း ဒဏ္ဍာရီလာ ပုံပြင်များအား အမှီပြုလွန်းသော ယုံကြည်မှုပင် ဖြစ်သည်။

၄၉။	**قُلْ إِنَّ الْأَوَّلِينَ وَالْآخِرِينَ۞** ဟောလော့ ‘‘ဧကန်ပင်၊ ရှေးရှိပြီးသူ၊ နောက်ပေါင်းသူအားလုံး–
၅၀။	**لَمَجْمُوعُونَ إِلَى مِيقَاتِ يَوْمٍ مَّعْلُومٍ۞** –အသိပေးပြီး ရက်ချိန်း နေ့သို့ အတူစုခံရမည်ပင်။
၅၁။	**ثُمَّ إِنَّكُمْ أَيُّهَا الضَّالُّونَ الْمُكَذِّبُونَ۞** ထို့နောက် သင်တို့၊ အို–လမ်းလွဲသူ၊ ငြင်းဆန်ခဲ့သူတို့–
၅၂။	**لَآكِلُونَ مِن شَجَرٍ مِّن زَقُّومٍ۞** ပဒိုင်းပင်အား စားသုံးကြကုန်လော့။
၅၃။	**فَمَالِؤُونَ مِنْهَا الْبُطُونَ۞** ၎င်းဖြင့် သင်တို့ ဗိုက်ပြည့် တင်းကားနေကြလော့။
၅၄။	**فَشَارِبُونَ عَلَيْهِ مِنَ الْحَمِيمِ۞** သို့ဖြင့် ထပ်၍ ရေနွေးပူကို သောက်စေလတ္တံ့။
၅၅။	**فَشَارِبُونَ شُرْبَ الْهِيمِ۞** အငမ်းမရ သောက်ကြလော့။[၁၀၃၉]
၅၆။	**هَذَا نُزُلُهُمْ يَوْمَ الدِّينِ۞** ဤသည် စီရင်မိန့်ချမည့် နေ့ကာလ၏ ခံစားစေမှုအဆင့်ဆင့်ပင် ဖြစ်၏။
၅၇။	**نَحْنُ خَلَقْنَاكُمْ فَلَوْلَا تُصَدِّقُونَ۞** ငါအရှင်သည် သင်တို့အား ဖြစ်တည်စေ၏။ သင်တို့ ဖြောင့်ချက်မပေးလိုသလော။
၅၈။ မှီးစေ့	**أَفَرَأَيْتُم مَّا تُمْنُونَ۞** **ဇောဖြင့်တွန်းထုတ်ရသော အရာကို** သင်တို့ မြင်ကြသလော။
၅၉။	**أَأَنتُمْ تَخْلُقُونَهُ أَمْ نَحْنُ الْخَالِقُونَ۞** ၎င်းကို အသင်တို့က ဖြစ်တည်စေသလော၊ သို့တည်းမဟုတ် ငါအရှင်က ဖြစ်တည်စေသလော။
၆၀။ ဖြိုဆိုင်	**نَحْنُ قَدَّرْنَا بَيْنَكُمُ الْمَوْتَ وَمَا نَحْنُ بِمَسْبُوقِينَ۞** ငါသည် သင်တို့၏ကြား၌ သေခြင်းကို စည်းချိန်ချထား၏၊ ငါ့အား **လွန်ဆန်**နိုင်ရာ မရှိချေ။
၆၁။	**عَلَى أَن نُّبَدِّلَ أَمْثَالَكُمْ وَنُنشِئَكُمْ فِي مَا لَا تَعْلَمُونَ۞** ငါသည် သင်တို့၏ ပြယုဂ်ကို လဲပြောင်းစေတော်မူမည်၊ သင်တို့မသိခဲ့ခြင်းဖြင့် ပေါက်ပွားစေမည်ပင်။

(၁၀၃၉) ဤသုတ်တော်မှ **ရှီရ်ဘာလ်ဟီးမ်** ကို ဆရာတော်အများစုက ‘‘ရေဆာနေသော ကုလားအုပ်၊’’ဟု ပြန်ဆို၍၊ ဝါကျကို ကုလားအုပ်ရေသောက် သောက်ကြလော့ဟု ပြန်ဆိုကြပေသည်။ ဆရာတော် တစ်ချို့က ‘‘သဲထဲရေသွန် သကဲ့သို့ အဆုံးမသတ် ရေစိမ့်ဝင်သကဲ့သို့’’ ဟု ပြန်ဆိုကြပေသည်။ ဤဝါကျ၏ ဆိုလိုချက်မှာ အငမ်းမရ မဝတမ်း တစ်ကျိုက်ကျိုက်သောက်ခြင်းကို ဆိုလိုပေသည်။ မြန်မာများအနေဖြင့် နွားရေသောက် သောက်သည်ဟု ပြောဆိုလေ့ ရှိသကဲ့သို့ပင်။

၆၂။	**وَلَقَدْ عَلِمْتُمُ النَّشْأَةَ الْأُولَى فَلَوْلَا تَذَكَّرُونَ۝** သင်တို့အား ပထမအကြိမ် ပေါက်ပွားစေခဲ့ခြင်းကို မုချ သိနေပါလျက်၊ သင်တို့တွင် ဆင်ခြင်သတိ မရှိသလော။
၆၃။	**أَفَرَأَيْتُم مَّا تَحْرُثُونَ۝** သင်တို့ ထွန်ယက်မျိုးချခဲ့သည့် အရာကို သင်တို့ မြင်ကြသလော။
၆၄။	**أَأَنتُمْ تَزْرَعُونَهُ أَمْ نَحْنُ الزَّارِعُونَ۝** ၎င်းကို သင်တို့က ပျိုးပေါက်စေသလော၊ သို့တည်းမဟုတ် ငါအရှင်က ပျိုးပေါက်စေသူဖြစ်သလော။
၆၅။	**لَوْ نَشَاء لَجَعَلْنَاهُ حُطَامًا فَظَلْتُمْ تَفَكَّهُونَ۝** စံချိန်ပြည့်မှီခဲ့လျှင် ငါသည် ၎င်းကို အမှိုက်စအဖြစ် စီစဉ်နိုင်၏၊ သို့ဖြင့် သင်တို့သည် ဆက်တိုက် သီးနှံပျက်လျက်–
၆၆။	**إِنَّا لَمُغْرَمُونَ۝** ကျွန်ုပ်တို့သည်ကား အကြွေးနစ်ရလေပြီ၊
၆၇။	**بَلْ نَحْنُ مَحْرُومُونَ۝** အမှန်မှာ ကျွန်ုပ်တို့သည် တားမြစ်ပိတ်ဆို့ခံရလေပြီ ဟု ဖြစ်ရ၏။
၆၈။	**أَفَرَأَيْتُمُ الْمَاء الَّذِي تَشْرَبُونَ۝** သင်တို့ သောက်သုံးသော ရေကို မြင်ကြသလော။
၆၉။	**أَأَنتُمْ أَنزَلْتُمُوهُ مِنَ الْمُزْنِ أَمْ نَحْنُ الْمُنزِلُونَ۝** ၎င်းကို မိုးတိမ်သားမှ သင်တို့ သွန်းချပေးသလော၊ သို့မဟုတ် ငါအရှင်သည် သွန်းချပေးသော အရှင် မဟုတ်လော၊
၇၀။	**لَوْ نَشَاء جَعَلْنَاهُ أُجَاجًا فَلَوْلَا تَشْكُرُونَ۝** စံချိန်ပြည့်မှီခဲ့လျှင် ငါသည် ၎င်းကို ငံတူးစေရန် စီစဉ်ပစ်နိုင်၏။ သင်တို့ အဘယ်ကြောင့် ကျေးဇူးမသိထိုက်သနည်း။
၇၁။	**أَفَرَأَيْتُمُ النَّارَ الَّتِي تُورُونَ۝** ကွယ်နေသော မီးကို သင်တို့ မြင်ကြသလော။
၇၂။	**أَأَنتُمْ أَنشَأْتُمْ شَجَرَتَهَا أَمْ نَحْنُ الْمُنشِؤُونَ۝** ၎င်းကို သစ်ပင်မှ သင်တို့က ပေါက်ပွားစေသလော၊ သို့တည်းမဟုတ် ငါသည် ပေါက်ပွားစေသော အရှင် ဖြစ်သလော။
၇၃။	**نَحْنُ جَعَلْنَاهَا تَذْكِرَةً وَمَتَاعًا لِّلْمُقْوِينَ۝** ငါသည် ၎င်းကို သတိပေးရာ အဖြစ် စီစဉ်တော်မူ၍၊ အစွမ်းသတ္တိရှိသူတို့ အဘို့ ချမ်းမြေ့စရာ ဖြစ်စေ၏။[၁၀၄၀]
၇၄။	**فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ۝** သို့ဖြစ်၍ ကံကြမ္မာရှင်၏ အထွဋ်အမြတ် ဂုဏ်တော်အား ဦးထိပ်ထားလော့။
၇၅။ ☆၅၃း၁	**فَلَا أُقْسِمُ بِمَوَاقِعِ النُّجُومِ۝** အမှန်ပင်၊ ငါသည် ကြယ်တာရာများ စခန်းချရာကို တိုင်တည်လျက်–☆

(၁၀၄၀) မီးသည် အမှောင်ကိုခွင်း အလင်းကိုဆောင် လမ်းပြသောကြောင့် သတိဖေါ်ပေးသော အရာဟု ဤသုတ်တော်က သုံးပေသည်။

၇၆။	**وَإِنَّهُ لَقَسَمٌ لَّوْ تَعْلَمُونَ عَظِيمٌ۝** သင်တို့ သိခဲ့ကြလေလျှင်– ဤသည် မဟာတိုင်တည်မှုကြီး ဖြစ်၏၊
၇၇။	**إِنَّهُ لَقُرْآنٌ كَرِيمٌ۝** ဤသည် ဂုဏ်ကျက်သရေရှိသော ကုရ်အာန် ဖြစ်၍–
၇၈။	**فِي كِتَابٍ مَّكْنُونٍ۝** ကာကွယ်ထားသော မှတ်တမ်း၌ ရှိ၏။
၇၉။	**لَّا يَمَسُّهُ إِلَّا الْمُطَهَّرُونَ۝** ဎင်းကို သန့်စင်သူများမှအပ ထိတွေ့နိုင်သူ မရှိချေ။[၁၀၄၁]
၈၀။	**تَنزِيلٌ مِّن رَّبِّ الْعَالَمِينَ۝** လောကခပ်သိမ်း၏ ကံကြမ္မာရှင်ထံမှ ချမှတ်ပေးခြင်း ဖြစ်၏။
၈၁။	**أَفَبِهَذَا الْحَدِيثِ أَنتُم مُّدْهِنُونَ۝** သို့ပါလျက် ဤဆင့်ပြန်ချက်ကို သင်တို့ လျော့ချလိုကြသလော။
၈၂။	**وَتَجْعَلُونَ رِزْقَكُمْ أَنَّكُمْ تُكَذِّبُونَ۝** ဎင်းကို ငြင်းဆန်ခြင်းဖြင့် စားရေရိက္ခာရရန် သင်တို့ စီစဉ်နေကြသလော။
၈၃။ အသက် ငင်ခြင်း	**فَلَوْلَا إِذَا بَلَغَتِ الْحُلْقُومَ۝** အဘယ်ကြောင့် မဟုတ်ရသနည်း။ **ဆံပင်အစပ်ထိ** ဆိုက်ရောက်နေသူအား–[၁၀၄၂]
၈၄။	**وَأَنتُمْ حِينَئِذٍ تَنظُرُونَ۝** သင်တို့သည် စောင့်ကြည့်နေသော အချိန်၌–
၈၅။	**وَنَحْنُ أَقْرَبُ إِلَيْهِ مِنكُمْ وَلَكِن لَّا تُبْصِرُونَ۝** ငါသည် သင်တို့ထက်ပို၍ ထိုသူနှင့် အနီး၌ ရှိ၏။ သို့သော် သင်တို့ မြင်နိုင်ကြသည် မဟုတ်ချေ။
၈၆။	**فَلَوْلَا إِن كُنتُمْ غَيْرَ مَدِينِينَ۝** အဘယ်ကြောင့် မဟုတ်သနည်း– သင်တို့သည် ဥပဒေဘောင်တွင်း၌ မရှိကြလျှင်–[၁၀၄၃]

(၁၀၄၁) ဤသုတ်တော်ပါ အဆုံးအမကို အမှီပြု၍ ဆရာတော်ကြီးများက ကျမ်းမြတ်ကုရ်အာန်ကို ကိုင်တွယ်လိုလျှင် ကိုယ်လက် ဆေးကြောခြင်း ပြုပြီးမှ ကိုင်တွယ်ရမည်ဟု ဆိုဆုံးမထားပေသည်။ သင့်လျော်သော အဆုံးအမဖြစ်၍ အငြင်းပွားဘွယ် မရှိပေ။ သို့သော် ဤသုတ်တော်ပါ အဆုံးအမ၏ ပိုမိုနက်နဲမှုမှာ–ကျမ်းတော်ပါ နိယာမ ဒဿနများသည် လောကစကြာဝဠာ တစ်ခုလုံးနှင့် သက်ဆိုင်နေ၍– ကျမ်းတော်ပါ နိယာမများကို ဆည်းကပ်သော အခါ ဖြူစင်သန့်ရှင်းသော နှလုံးသား– နှင့် လောကသုံးပါးအပေါ်၌ မေတ္တာထားတတ်သော အကျင့်များ မရှိမဖြစ်လိုသည်ဟု ဆုံးမခြင်းလည်း ဖြစ်ပေသည်။ ဥပမာအားဖြင့် စိတ်ကောင်းနှလုံးကောင်း မရှိသူတို့၏ လက်ဝယ်တွင် အနုမြူဗုံးကို ပိုင်ဆိုင်ပါက– အခြားသော လူသားများအပေါ်တွင် မတော်မတရား အနိုင်ကျင့် ဗိုလ်ကျစိုးမိုးမည်သာ ဖြစ်တော့သည်။ ထို့အတူပင် စိတ်ကောင်းနှလုံးကောင်း မရှိသော သူသည် ကျမ်းတော်ပါ ဒဿနများကို သိရှိလာ၍ မကောင်းသော နည်းလမ်းများဖြင့် မသုံးစွဲရစေရန် ကျမ်းတော်အား ဖြူစင်သန့်ရှင်းသော သူသည်သာ ထိတွေ့ခွင့်ရှိသည်ဟု ပြဋ္ဌာန်း ပညတ်ထားခြင်း ဖြစ်ပေသည်။

(၁၀၄၂) အာရပ် အသုံးအရ "အသက်ထွက်လုဆဲ ဖြစ်နေသူအား၊"ဟု ဖြစ်ပေသည်။

(၁၀၄၃) လူသားသည် သေခြင်း ရှင်ခြင်း နိယာမ တရားအောက်၌ မရှိလျှင် ဟု ဆိုလိုပေသည်။ အကယ်၍ ထိုသို့မရှိလျှင် ထွက်လုဆဲ အသက်ကို ပြန်၍ စုစည်း အသက်သွင်းထားကြလော့ဟု သုတ်တော် ၈၇ က ပြောဆိုထားခြင်း ဖြစ်သည်။

၈၇။ အသက်ငင်ခြင်း	**تَرْجِعُونَهَا إِن كُنتُمْ صَادِقِينَ۝** သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ **ငင်း**ကို ဦးလှည့်နိုင်မည်လော။
၈၈။	**فَأَمَّا إِن كَانَ مِنَ الْمُقَرَّبِينَ۝** သူသည် ချည်းကပ်ခွင့်ရသူများ အနက်မှ ဖြစ်ခဲ့မူ–
၈၉။	**فَرَوْحٌ وَرَيْحَانٌ وَجَنَّةُ نَعِيمٍ۝** ဥဿ်သမာပတ် သင်းသည့် ဂုဏ်ရှိသော သုခဘုံ၌ ဖြစ်ရလတ္တံ့။
၉၀။	**وَأَمَّا إِن كَانَ مِنْ أَصْحَابِ الْيَمِينِ۝** သူသည် လက်ယာရံ ပေါင်းဖော်များမှ ဖြစ်ခဲ့မူ–
၉၁။	**فَسَلَامٌ لَّكَ مِنْ أَصْحَابِ الْيَمِينِ۝** သင်သည် ငြိမ်းချမ်းပါစေဟု လက်ယာရံ ပေါင်းဖော်များမှ (မေတ္တာပို့လတ္တံ့)။
၉၂။	**وَأَمَّا إِن كَانَ مِنَ الْمُكَذِّبِينَ الضَّالِّينَ۝** အကယ်၍ သူသည် ငြင်းဆန်သူ လမ်းလွဲသူများမှ ဖြစ်ခဲ့မူ–
၉၃။	**فَنُزُلٌ مِّنْ حَمِيمٍ۝** ရေနွေးပူမှ အဆင့်ဆင့်တက်၍–
၉၄။	**وَتَصْلِيَةُ جَحِيمٍ۝** ငရဲမီးဖြင့် လောင်ကျွမ်းစေလတ္တံ့။
၉၅။	**إِنَّ هَذَا لَهُوَ حَقُّ الْيَقِينِ۝** ဇကန်ပင် ဤသည် ဒိဋ္ဌ အမှန်တရားပင် ဖြစ်၏။
၉၆။	**فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ۝** သို့ဖြစ်၍ ကြံကြမ္မာရှင်၏ အထွဋ်အမြတ် ဂုဏ်တော်အား ဦးထိပ်ထားကုန်လော့။

ဓမ္မခန္ဓာ (၅၇) သံထည်ဝတ္ထု (အလ် ဟဒီးဒ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၉၄)၊ သုတ်ဒေသနာ (၂၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။	**سَبَّحَ لِلَّهِ مَا فِي السَّمَاوَاتِ وَالْأَرْضِ وَهُوَ الْعَزِيزُ الْحَكِيمُ۞** မိုးများနှင့် မြေကမ္ဘာတွင် ရှိသမျှတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာအား ဦးထိပ်ထားနေရ၏၊ အရှင်သည်ကား ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၂။	**لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ يُحْيِي وَيُمِيتُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ۞** မိုးများနှင့် မြေကမ္ဘာရှိ သြဇာအာဏာနှင့် နိစ္စ အနိစ္စတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၃။	**هُوَ الْأَوَّلُ وَالْآخِرُ وَالظَّاهِرُ وَالْبَاطِنُ وَهُوَ بِكُلِّ شَيْءٍ عَلِيمٌ۞** အရှင်သည် ပထမနှင့် အန္တိမ၊ ဗဟိဒ္ဓနှင့် အစ္ဈတ္တ ဖြစ်တော်မူ၏။ အရှင်သည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏၊
၄။ ☆၂း၂၉ ★၁၁း၃ ၁၃း၂	**هُوَ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَى عَلَى الْعَرْشِ يَعْلَمُ مَا يَلِجُ فِي الْأَرْضِ وَمَا يَخْرُجُ مِنْهَا وَمَا يَنزِلُ مِنَ السَّمَاء وَمَا يَعْرُجُ فِيهَا وَهُوَ مَعَكُمْ أَيْنَ مَا كُنتُمْ وَاللَّهُ بِمَا تَعْمَلُونَ بَصِيرٌ۞** အရှင်သည် မိုးများနှင့် မြေကမ္ဘာအား ကာလခြောက်ခုတွင်း ဖြစ်တည်စေသော အရှင်ဖြစ်၏။ တဖန်☆ ထပ်ဆင့်ကွပ်ကဲမှုကို ပုံစံကျစေ၍၊★မြေကမ္ဘာသို့ တိုးဝင်သွားရာ ထိုမှထွက်သွားရာ၊ ကောင်းကင်မှ သက်သောအရာ ထိုသို့ တက်သော အရာများကို သိနေတော်မူ၏။ မည်သည့်နေရာ၌ သင်တို့ ရှိစေ အရှင်သည် သင်တို့နှင့်အတူ ဖြစ်တော်မူ၏။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။
၅။	**لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَإِلَى اللَّهِ تُرْجَعُ الأُمُورُ۞** မိုးများနှင့် မြေကမ္ဘာရှိ သြဇာအာဏာနှင့် နိစ္စ အနိစ္စတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရေးအရာတိုင်းသည် ပရမတ်ဘုရားရှင်၏ထံသို့သာ ဦးလှည့်ပြန်ရမည်သာတည်း။
၆။	**يُولِجُ اللَّيْلَ فِي النَّهَارِ وَيُولِجُ النَّهَارَ فِي اللَّيْلِ وَهُوَ عَلِيمٌ بِذَاتِ الصُّدُورِ۞** အရှင်သည် ညကို နေ့ထဲသို့ တိုးဝင်စေ၍၊ နေ့ကို ညထဲသို့ တိုးဝင်စေ၏။ အရှင်သည်ကား ရင်တွင်း ခံစားချက်များ အားဖြင့် သိနေသော အရှင် ဖြစ်၏၊
၇။	**آمِنُوا بِاللَّهِ وَرَسُولِهِ وَأَنفِقُوا مِمَّا جَعَلَكُم مُّسْتَخْلَفِينَ فِيهِ فَالَّذِينَ آمَنُوا مِنكُمْ وَأَنفَقُوا لَهُمْ أَجْرٌ كَبِيرٌ۞** ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား ယုံကြည်ကြလော့၊ သင်တို့အား ကိုယ်စားလှယ်လွှဲ စီစဉ်ပေးထားရာတို့မှ ထည့်ဝင်သုံးစွဲကြလော့။ သင်တို့အနက် ယုံကြည်၍ ထည့်ဝင်သုံးစွဲသော သူတို့ အတွက် ကြီးမားသော အကျိုးဆုလဒ်သည် ရှိ၏။

၈။	**وَمَا لَكُمْ لَا تُؤْمِنُونَ بِاللَّهِ وَالرَّسُولُ يَدْعُوكُمْ لِتُؤْمِنُوا بِرَبِّكُمْ وَقَدْ أَخَذَ مِيثَاقَكُمْ إِن كُنتُم مُّؤْمِنِينَ۞** ပရမတ်ဘုရားရှင်အား မယုံကြည်နိုင်လောက်အောင် သင်တို့အား ဘယ်အရာက ဖြစ်စေသနည်း၊ ဉာဏ်စဉ်ဆောင်သည် ကံကြမ္မာရှင်အား ယုံကြည်ရန် သင်တို့အား ဖိတ်ခေါ်လျက် ရှိ၏။ သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် သင်တို့၏ ပဋိညာဉ်ကို အရှင်က အတည်ယူတော်မူ၏။
၉။	**هُوَ الَّذِي يُنَزِّلُ عَلَى عَبْدِهِ آيَاتٍ بَيِّنَاتٍ لِيُخْرِجَكُم مِّنَ الظُّلُمَاتِ إِلَى النُّورِ وَإِنَّ اللَّهَ بِكُمْ لَرَؤُوفٌ رَّحِيمٌ۞** သင်တို့အား အမိုက်မှောင်မှ အလင်းရောင်ဆီသို့ ထုတ်ယူတို့ရာ အရှင်သည် အရှင်၏ အမှုတော်ဆောင်ထံသို့ ရှင်းလင်းသော သုတ်ဒေသနာများကို ချမှတ်ပေးသော အရှင် ဖြစ်တော်မူ၏။ ဇောနပင် ပရမတ်ဘုရားရှင်သည် သင်တို့အား ညှာတာသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၁၀။	**وَمَا لَكُمْ أَلَّا تُنفِقُوا فِي سَبِيلِ اللَّهِ وَلِلَّهِ مِيرَاثُ السَّمَاوَاتِ وَالْأَرْضِ لَا يَسْتَوِي مِنكُم مَّنْ أَنفَقَ مِن قَبْلِ الْفَتْحِ وَقَاتَلَ أُوْلَئِكَ أَعْظَمُ دَرَجَةً مِّنَ الَّذِينَ أَنفَقُوا مِن بَعْدُ وَقَاتَلُوا وَكُلًّا وَعَدَ اللَّهُ الْحُسْنَى وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ۞** ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ မသုံးစွဲကြရန် သင်တို့အား ဘယ်အရာက ဖြစ်စေသနည်း၊ မိုးများနှင့် မြေကမ္ဘာရှိ အမွေများသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ သင်တို့အနက် ထွက်ပေါက်မရမှီအလျင် သုံးစွဲ၍ ခုခံတိုက်သူသည် အချိန်လွန်မှ သုံးစွဲ၍ ခုခံတိုက်သော သူတို့နှင့် အဆင့်မတူ အခွင့်အလမ်းကြီးရှိ၏။ ပရမတ်ဘုရားရှင်သည် ကား အားလုံးအတွက် တင့်တင့်တယ်တယ် ကတိတော်ထား၏။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံ သမျှကို သတင်းသိနေတော်မူ၏။
၁၁။	**مَن ذَا الَّذِي يُقْرِضُ اللَّهَ قَرْضًا حَسَنًا فَيُضَاعِفَهُ لَهُ وَلَهُ أَجْرٌ كَرِيمٌ۞** ပရမတ်ဘုရားရှင်အား တင့်တယ်စွာ ဆက်ကပ်ခြင်းဖြင့် ဆက်ကပ်သောသူသည် အရှင့်ထံမှ သူ့အတွက် နှစ်ဆတိုးစေလတ္တံ့။ သူ့အတွက် ကျက်သရေရှိသော အကျိုးဆုလဒ်သည် ရှိနေ၏။[၁၀၄၄]
၁၂။ အားသန်ရာ	**يَوْمَ تَرَى الْمُؤْمِنِينَ وَالْمُؤْمِنَاتِ يَسْعَى نُورُهُم بَيْنَ أَيْدِيهِمْ وَبِأَيْمَانِهِم بُشْرَاكُمُ الْيَوْمَ جَنَّاتٌ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا ذَلِكَ هُوَ الْفَوْزُ الْعَظِيمُ۞** ယုံကြည်သူ ယုံကြည်သူမတို့၏ လက်ရှိ–မျက်မှောက်မှ၊ သူတို့၏ **လက်ယာဘက်**များမှ လုံးပန်းမှု လင်းဝင်းလာသည်ကို သင် မြင်ရသော နေ့ကာလ၌– ထိုနေ့ကာလ၌ သင်တို့အတွက် သတင်းကောင်း ရှိလတ္တံ့။ အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းလျက်ရှိသော ဥယျာဉ်များ၊ ထို၌ အစဉ်စံစားရလတ္တံ့။ ဤသည် မဟာ အောင်ပွဲပင် ဖြစ်၏။
၁၃။ ★ ၃း၁၆၇	**يَوْمَ يَقُولُ الْمُنَافِقُونَ وَالْمُنَافِقَاتُ لِلَّذِينَ آمَنُوا انظُرُونَا نَقْتَبِسْ مِن نُّورِكُمْ قِيلَ ارْجِعُوا وَرَاءكُمْ فَالْتَمِسُوا نُورًا فَضُرِبَ بَيْنَهُم بِسُورٍ لَّهُ بَابٌ بَاطِنُهُ فِيهِ الرَّحْمَةُ وَظَاهِرُهُ مِن قِبَلِهِ الْعَذَابُ۞** ထိုနေ့ကာလ၌ သီလကြောင်၊ သီလကြောင်မများက★ ယုံကြည်သော သူတို့အား "ကျွန်ုပ်တို့အား ကြည့်ရှုပါ။ သင်တို့၏ အလင်းရောင်မှ မီးတောက်ကို မျှဝေပေးပါ"ဟု ဆိုကြသော် "နောက်သို့ ပြန်လှည့်ကြ၍ အလင်းရောင်ကို ထိတွေ့ကြလော့၊"ဟု ဆို၏။ သူတို့၏ ကြားခံ၌ တံခါးရှိသော စည်းဖြင့် ကွယ်ပစ်လိုက်၏။ ၎င်း၏ အတွင်း၌ ကရုဏာရှိနေ၏။ ထိုမတိုင်မီ အပြင်ပန်း၌ ဝဋ်ကြွေးဒဏ်သည် ရှိနေ၏။
၁၄။	**يُنَادُونَهُمْ أَلَمْ نَكُن مَّعَكُمْ قَالُوا بَلَى وَلَكِنَّكُمْ فَتَنتُمْ أَنفُسَكُمْ وَتَرَبَّصْتُمْ وَارْتَبْتُمْ وَغَرَّتْكُمُ الْأَمَانِيُّ حَتَّى جَاء**

(၁၀၄၄) ဤသုတ်တော်မှ ပြောသော ဆက်ကပ်ခြင်းဆိုသည်မှာ–ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ လောကခပ်သိမ်း ငြိမ်းချမ်းမှု နိယာမအား အကောင်းအထည်ဖော်သော အခါတွင် စိတ်စေတနာအလျောက် လှူဒါန်းထည့်ဝင်သော ငွေကြေးဥစ္စာများကို ဆိုလိုပေသည်။

	أَمْرُ اللَّهِ وَغَرَّكُم بِاللَّهِ الْغَرُورُ ۞ ၎င်းတို့က သူတို့အား ‘‘ကျွန်ုပ်တို့သည် သင်တို့နှင့်အတူ ဖြစ်ခဲ့သည် မဟုတ်လော၊’’ဟု အော်ပြောကြသော်–ပြန်ပြောမည်မှာ ‘‘အမှန်ပင်။ သို့သော် သင်တို့သည် သင်တို့၏ စရိုက်များကို သွေးတိုးစမ်းခဲ့၏။ စောင့်ကြည့်နေခဲ့၏။ သံသယပွားခဲ့၏။ ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်များ ရောက်လာသည့်တိုင် သင်တို့၏ ဆန္ဒရမက်များက သင်တို့ကို မြှူဆွယ်ထား၏။ မြှူဆွယ်သူများက ပရမတ်ဘုရားရှင်နှင့်ကင်းရန် မြှူဆွယ်ထားလေ၏။–
၁၅။	**فَالْيَوْمَ لَا يُؤْخَذُ مِنكُمْ فِدْيَةٌ وَلَا مِنَ الَّذِينَ كَفَرُوا مَأْوَاكُمُ النَّارُ هِيَ مَوْلَاكُمْ وَبِئْسَ الْمَصِيرُ ۞** သို့ဖြစ်၍–ယနေ့ကာလတွင် သင်တို့ထံမှ– ဖုံးကွယ်သော သူများထံမှ လျော်ကြေးကို လက်ခံမယူချေ။ သင်တို့၏ ခိုလှုံရာမှာ အပူမီးဖြစ်၏၊ ၎င်းသည် သူတို့၏ မဟာမိတ်၊ အမင်္ဂလာ ခရီးဆုံးပင် ဖြစ်၏။
၁၆။	**أَلَمْ يَأْنِ لِلَّذِينَ آمَنُوا أَن تَخْشَعَ قُلُوبُهُمْ لِذِكْرِ اللَّهِ وَمَا نَزَلَ مِنَ الْحَقِّ وَلَا يَكُونُوا كَالَّذِينَ أُوتُوا الْكِتَابَ مِن قَبْلُ فَطَالَ عَلَيْهِمُ الْأَمَدُ فَقَسَتْ قُلُوبُهُمْ وَكَثِيرٌ مِّنْهُمْ فَاسِقُونَ ۞** ဤသည် ယုံကြည်သောသူတို့အတွက် ပရမတ်ဘုရားရှင်၏ သတိပေးတရားတော်နှင့် ပရမတ္ထသစ္စာမှ ချမှတ်ပေးရာတို့၌ နှလုံးသားကို ကျိုးဝဲရန် အချိန် မဟုတ်သလော၊ သူတို့သည် ရှေ့အလျှင်က ကျမ်းတော် ပေးခြင်းခံရသော သူများကဲ့သို့ မဖြစ်ထိုက်ချေ။ ကာလ ရှည်ကြာလာသည်နှင့် ၎င်းတို့၏ နှလုံးသားသည် ခက်ထန်လာခဲ့၏၊ သူတို့မှ အများစုကြီးသည် ယုတ်မာသူများ ဖြစ်ကြ၏။
၁၇။	**اعْلَمُوا أَنَّ اللَّهَ يُحْيِي الْأَرْضَ بَعْدَ مَوْتِهَا قَدْ بَيَّنَّا لَكُمُ الْآيَاتِ لَعَلَّكُمْ تَعْقِلُونَ ۞** ဇကန်ပင် ပရမတ်ဘုရားရှင်သည် မြေကမ္ဘာအား သေနေစေပြီးနောက် အသက်ရှင်စေခဲ့သည်ကို သိကြကုန်လော့၊ သင်တို့ အတွေးအခေါ်ရှိအံ့ငှာ ငါအရှင်သည် သုတ်ဒေသနာများကို သင်တို့အတွက် ရှင်းလင်းစေခဲ့၏။
၁၈။	**إِنَّ الْمُصَّدِّقِينَ وَالْمُصَّدِّقَاتِ وَأَقْرَضُوا اللَّهَ قَرْضًا حَسَنًا يُضَاعَفُ لَهُمْ وَلَهُمْ أَجْرٌ كَرِيمٌ ۞** ဇကန်ပင်၊ အလှူရှင် အလှူရှင်မတို့၏ ပရမတ်ဘုရားရှင်အား တင့်တယ်စွာ ဆက်ကပ်ခြင်းဖြင့် ဆက်ကပ်မှုသည် သူတို့အတွက် နှစ်ဆတိုးစေလတ္တံ့။ သူတို့အတွက် ကျက်သရေရှိသော အကျိုးဆုလဒ်သည် ရှိနေ၏။
၁၉။ အာဇာနည်များ	**وَالَّذِينَ آمَنُوا بِاللَّهِ وَرُسُلِهِ أُولَٰئِكَ هُمُ الصِّدِّيقُونَ وَالشُّهَدَاء عِندَ رَبِّهِمْ لَهُمْ أَجْرُهُمْ وَنُورُهُمْ وَالَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا أُولَٰئِكَ أَصْحَابُ الْجَحِيمِ ۞** ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥာဏ်စဉ်တော်ဆောင်အား ယုံကြည်သောသူ– ထိုသူတို့သည် ကံကြမ္မာရှင်၏ ထံပါး၌ဖြောင့်မှန်သူများ၊ **သက်သေတည်သူများ** ဖြစ်ကြ၏။ သူတို့အတွက် သူတို့၏ ဆုလဒ်၊ သူတို့၏ အလင်းရောင်သည် ရှိနေ၏။ ဖုံးကွယ်သောသူများ၊ ငါအရှင်၏ သုတ်ဒေသနာများကို ငြင်းဆန်သူများ ထိုသူတို့သည်ကား ငရဲမီး၏ ပေါင်းဖော်များ ဖြစ်ကြ၏။
၂၀။	**اعْلَمُوا أَنَّمَا الْحَيَاةُ الدُّنْيَا لَعِبٌ وَلَهْوٌ وَزِينَةٌ وَتَفَاخُرٌ بَيْنَكُمْ وَتَكَاثُرٌ فِي الْأَمْوَالِ وَالْأَوْلَادِ كَمَثَلِ غَيْثٍ أَعْجَبَ الْكُفَّارَ نَبَاتُهُ ثُمَّ يَهِيجُ فَتَرَاهُ مُصْفَرًّا ثُمَّ يَكُونُ حُطَامًا وَفِي الْآخِرَةِ عَذَابٌ شَدِيدٌ وَمَغْفِرَةٌ مِّنَ اللَّهِ**

	وَرِضْوَانٌ وَمَا الْحَيَاةُ الدُّنْيَا إِلَّا مَتَاعُ الْغُرُورِ﴿ သိကြလော့၊ လောကီ သက်တမ်းသည် မြူးထူးပျော်ပါးရာ ဟာသမျှ ဖြစ်၏။ သင်တို့ချင်းကြား ကြွားဝါလျက် ဥစ္စာပစ္စည်း ရင်သွေး မြောက်များစွာကို စွဲမက်နေကြ၏၊ ဖုံးကွယ်သူတို့[၁၀၄၅] အံ့သြလောက်စေရန် သစ်ပင်ပန်းမာလ် ဖြစ်ထွန်းစေသော မိုးရေ ကဲ့သို့ ဖြစ်၏။ ထို့နောက် ၎င်းသည် တစ်စစ ရော်ရွက်ဝါလာသည်ကို သင် မြင်ရ၏၊ ထို့နောက် ၎င်းသည် အမှိုက်စများ ဖြစ်လာခဲ့၏။ နောင်ဘဝတွင်မူ ပြင်းထန်သော ဝဋ်ကြွေး– ပရမတ်ဘုရားရှင်၏ လွတ်ငြိမ်းခွင့်နှင့် ကျေနပ် နှစ်သက်ခြင်းသည် ရှိနေ၏။ ဤလောကီဘဝသည်ကား မြွှေဆွယ်ထားသော ဌာနေမျှသာ ဖြစ်၏။
၂၁။	**سَابِقُوا إِلَى مَغْفِرَةٍ مِّن رَّبِّكُمْ وَجَنَّةٍ عَرْضُهَا كَعَرْضِ السَّمَاءِ وَالْأَرْضِ أُعِدَّتْ لِلَّذِينَ آمَنُوا بِاللَّهِ وَرُسُلِهِ ذَٰلِكَ فَضْلُ اللَّهِ يُؤْتِيهِ مَن يَشَاءُ وَاللَّهُ ذُو الْفَضْلِ الْعَظِيمِ﴿** ကံကြမ္မာရှင်၏ လွတ်ငြိမ်းစေခြင်းနှင့် မိုး– မြေ ဘောင်အနှံ့မျှ သုခဘုံ ဆီသို့ ဘောင်တွင်းသို့ ကြိုတင်သတ်မှတ်ကြကုန်လော့။ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား ယုံကြည်သော သူတို့အတွက် တွက်ချက်ပြင်ဆင်ထားပြီ။ ယင်းသည် စံချိန်ပြည့်မှီသူအား ပရမတ်ဘုရားရှင်က သိက္ခာပေးခြင်းပင်။ ပရမတ်ဘုရားရှင်သည်ကား မဟာ့မဟာ သိက္ခာပေးသော အရှင် ဖြစ်၏။
၂၂။	**مَا أَصَابَ مِن مُّصِيبَةٍ فِي الْأَرْضِ وَلَا فِي أَنفُسِكُمْ إِلَّا فِي كِتَابٍ مِّن قَبْلِ أَن نَّبْرَأَهَا إِنَّ ذَٰلِكَ عَلَى اللَّهِ يَسِيرٌ﴿** မြေကမ္ဘာတွင်း၌သာမက သင်တို့၏ ဉာဉ်စရိုက်များအတွင်း ထိခိုက်စေသည်များမှ ထိခိုက်မှုများသည် ထိုအရာ မကပ်ငြိမီအလျင် ပြဋ္ဌာန်းမှုနိယာမထဲ၌ ရှိနေ၏။ ယင်းသည် ပရမတ်ဘုရားရှင်အတွက် လွယ်ကူလှချေ၏။
၂၃။	**لِكَيْلَا تَأْسَوْا عَلَى مَا فَاتَكُمْ وَلَا تَفْرَحُوا بِمَا آتَاكُمْ وَاللَّهُ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُورٍ﴿** ယင်းမှာ သင်တို့သည် လက်လွတ်ရသော အရာအား ဝမ်းနည်းပူဆွေး မဖြစ်စေရန်၊ သင်တို့အား ချီးမြှင့်သော အရာ၌ အူးမြူးမနေကြရန် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ဂုဏ်ဖေါ် ကြွားဝါသူတိုင်းအား နှစ်သက်တော်မမူချေ။
၂၄။	**الَّذِينَ يَبْخَلُونَ وَيَأْمُرُونَ النَّاسَ بِالْبُخْلِ وَمَن يَتَوَلَّ فَإِنَّ اللَّهَ هُوَ الْغَنِيُّ الْحَمِيدُ﴿** ကပ်စီးနဲသော သူတို့က လူသားတို့အားလည်း ကပ်စီးနဲရန် ညွှန်ကြားကြကုန်၏။ လှည့်သွားသူအတွက်–ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံတော်မူ၏၊ ရည်သည်စူးစိုက်မှုတည်ရာ ဖြစ်၏။
၂၅။	**لَقَدْ أَرْسَلْنَا رُسُلَنَا بِالْبَيِّنَاتِ وَأَنزَلْنَا مَعَهُمُ الْكِتَابَ وَالْمِيزَانَ لِيَقُومَ النَّاسُ بِالْقِسْطِ وَأَنزَلْنَا الْحَدِيدَ فِيهِ بَأْسٌ شَدِيدٌ وَمَنَافِعُ لِلنَّاسِ وَلِيَعْلَمَ اللَّهُ مَن يَنصُرُهُ وَرُسُلَهُ بِالْغَيْبِ إِنَّ اللَّهَ قَوِيٌّ عَزِيزٌ﴿** မုချပင် ငါအရှင်သည် ငါ၏ ဉာဏ်စဉ်ဆောင်များကို ရှင်းလင်းချက်များဖြင့် စေစားခဲ့၏။ သူတို့နှင့်အတူ ကျမ်းဂန်များ စံချိန်များကို လူသားတို့အတွက် သမာသမတ်ဖြင့် ရပ်တည်အံ့ငှာ ချမှတ်ပေး၏။ ငါသည် သံဝဏ္ဍာကို ချမှတ်ပေး၍ ၎င်း၌ ပြင်းထန်သော တိုက်ခိုက်အားရှိစေပြီး လူသားတို့အတွက် အကျိုးရှိစေ၏။ မည်သူသည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား စက္ခုလွန်၌ ကူညီသည်ကို သိနိုင်အံ့ငှာ ဖြစ်စေ၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် တန်ခိုးတော်ရှင် ဘုန်းတော်ရှင် ဖြစ်တော်မူ၏။
၂၆။	**وَلَقَدْ أَرْسَلْنَا نُوحًا وَإِبْرَاهِيمَ وَجَعَلْنَا فِي ذُرِّيَّتِهِمَا النُّبُوَّةَ وَالْكِتَابَ فَمِنْهُم مُّهْتَدٍ وَكَثِيرٌ مِّنْهُمْ فَاسِقُونَ﴿**

(၁၀၄၅) ဤသုတ်တော်ပါ ဝေါဟာရ **كُفَّار الْ အာလ်ကုဖ်ဖာရ** ကို ဆရာတော်ကြီး အများစုက လယ်ယာစိုက်ပျိုးသူများ ဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံး မှာ **ဖုံးကွယ်သူ** ဟု အနက်ရသော **ကာဖရ်** ဟူသည့် စကားလုံးပင် ဖြစ်၍၊ လယ်သမားများ အနေဖြင့် သစ်စေ့၊ မျိုးစေ့ကို မြေ၌ ဖုံးဖိစိုက်ပျိုးသောကြောင့် ဆရာတော်ကြီးများ အနေဖြင့် "စိုက်ပျိုးသူ"ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ ထိုသို့ ပြန်ဆိုခြင်း အတွက် မှားယွင်းမှု မရှိချေ။

	ငါသည် နူးဟ်နှင့် အီဗရာဟီးမ်တို့အား မုချ စေစားခဲ့၍၊ သူတို့၏ သားမြေးအတွင်းမှ သတင်းတော်ဆောင်ဘွဲ့နှင့် ကျမ်းတော်ကို စီစဉ်ပေးတော်မူ၏။ သူတို့မှ လမ်းညွှန်ခံရသူတို့ ရှိ၍၊ သူတို့မှ အများစုသည် ယုတ်မာသူများ ဖြစ်ကြ၏။
၂၇။ ☆၃း၃ ထို၀၆	**ثُمَّ قَفَّيْنَا عَلَى آثَارِهِم بِرُسُلِنَا وَقَفَّيْنَا بِعِيسَى ابْنِ مَرْيَمَ وَآتَيْنَاهُ الْإِنجِيلَ وَجَعَلْنَا فِي قُلُوبِ الَّذِينَ اتَّبَعُوهُ رَأْفَةً وَرَحْمَةً وَرَهْبَانِيَّةً ابْتَدَعُوهَا مَا كَتَبْنَاهَا عَلَيْهِمْ إِلَّا ابْتِغَاء رِضْوَانِ اللَّهِ فَمَا رَعَوْهَا حَقَّ رِعَايَتِهَا فَآتَيْنَا الَّذِينَ آمَنُوا مِنْهُمْ أَجْرَهُمْ وَكَثِيرٌ مِّنْهُمْ فَاسِقُونَ**۞ တဖန် ငါ၏ ဉာဏ်စဉ်ဆောင်များကို သူတို့၏ ရိုးရာစဉ်လာအတိုင်း ထပ်ဆင့်ပွင့်ပေါ်စေခဲ့၏။ မာရိ၏သား ယေရှုကိုလည်း ထပ်ဆင့်ပွင့်ပေါ်စေခဲ့၍ သူ့အား ဧ၀ံဂလိကို☆ ချီးမြှင့်တော်မူ၏။ သူအား လိုက်နာသော သူတို့၏ နှလုံးသား၌ ညာတာခြင်း ကရုဏာသက်ခြင်းကို စီစဉ်ပေးတော်မူ၏။ ပုပ်ရဟန်း၀ါဒသည်သည် သူတို့၏ မူပိုင် ဖြစ်၍၊ ပရမတ်ဘုရားရှင်၏ ကျေနပ်နှစ်သက်ခြင်းအား ရှာဖွေရန်မှအပ–**၎င်း**ကို ငါ ပြဋ္ဌာန်းတော်မမူချေ။ သို့သော် သူတို့သည် သိုးထိန်း၀န်တာကို မှန်ကန်စွာ ထိန်းကျောင်းခြင်းမရှိချေ။ သူတို့အနက် ယုံကြည်သောသူတို့အား ငါသည် ဆုလဒ် ချီးမြှင့်တော်မူ၏။ သူတို့မှ အများစုသည်ကား ယုတ်မာသူများပင် ဖြစ်ကြ၏။[၁၀၄၆]
၂၈။	**يَا أَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَآمِنُوا بِرَسُولِهِ يُؤْتِكُمْ كِفْلَيْنِ مِن رَّحْمَتِهِ وَيَجْعَل لَّكُمْ نُورًا تَمْشُونَ بِهِ وَيَغْفِرْ لَكُمْ وَاللَّهُ غَفُورٌ رَّحِيمٌ**۞ အို– ယုံကြည်သော သူတို့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား ယုံကြည်ကြလော့၊ အရှင်သည် သင်တို့အား ကရုဏာတော် နှစ်ဆ ထိန်းပေးထားတော်မူလတ္တံ့။ သင်တို့အတွက် လျှောက်လှမ်းနိုင်ရန် အလင်းရောင်နှင့် လွှတ်ငြိမ်းခွင့်ကို စီစဉ်ပေးလတ္တံ့။ ပရမတ်ဘုရားရှင်သည်ကား လွှတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၂၉။	**لِئَلَّا يَعْلَمَ أَهْلُ الْكِتَابِ أَلَّا يَقْدِرُونَ عَلَى شَيْءٍ مِّن فَضْلِ اللَّهِ وَأَنَّ الْفَضْلَ بِيَدِ اللَّهِ يُؤْتِيهِ مَن يَشَاء وَاللَّهُ ذُو الْفَضْلِ الْعَظِيمِ**۞ ယင်းမှာ ကျမ်းစာဝိုင်းသားတို့သည် ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုအား သူတို့သည် တစ်စုံတစ်ရာမျှ စည်းကြပ်နိုင်ခြင်း မရှိ၊ ဇကနပင် ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုသည် အရှင်၏ လုပ်ပိုင်ခွင့်၌သာ ရှိ၍ အရှင်သည် စံချိန်ပြည့်မှီသူအား ချီးမြှင့်ကြောင်းကို သိစေရန် ဖြစ်၏။ ပရမတ်ဘုရားရှင်သည်ကား မဟာ့မဟာသိက္ခာပေးသော အရှင် ဖြစ်၏။

(၁၀၄၆) ဤသုတ်တော်က ဂိဏ်းထောင်လုပ်စားနေကြသော ဘုန်းကြီးရဟန်း လူတန်းစား၀ါဒမှာ ပရမတ်ဘုရားရှင်က ပြဋ္ဌာန်းပေးသော ဘာသာတရား အစစ်အမှန် မဟုတ်ဟု တရားဝင်ကြေငြာသည်။ ဘာသာတရားအား ယုံကြည်သော သူတို့အနေဖြင့် ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းပေးမှုကိုသာ လိုက်နာကျင့်ကြံသင့်ကြောင်း ထိုသို့ကျင့်ဆောင်သူများသည်သာ လူ့ဂုဏ်သိက္ခာ လူ့ဂုဏ်ရည်များကိုသာ ပိုင်ဆိုင်လာ၍ သိက္ခာမြင့်မားလာမည် ဖြစ်ကြောင်း သုတ်တော် ၂၈ နှင့် ၂၉ တွင် ဆက်လက်ပြောဆိုထားပေသည်။

ဓမ္မခန္ဓာ (၅၈) ဦးတိုက်လျောက်သောသူမ (အလ် မိဂျာဒလာဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၅)၊ သုတ်ဒေသနာ (၂၂)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂုဏ် အကြင်နာဂုဏ် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**قَدْ سَمِعَ اللَّهُ قَوْلَ الَّتِي تُجَادِلُكَ فِي زَوْجِهَا وَتَشْتَكِي إِلَى اللَّهِ وَاللَّهُ يَسْمَعُ تَحَاوُرَكُمَا إِنَّ اللَّهَ سَمِيعٌ بَصِيرٌ ۞** သူမ၏ အိမ်ထောင်ဘက်နှင့် စပ်လျဉ်း၍ သင့်ထံ၌ စောဒကတက်သော သူမ၏ ပရမတ်ဘုရားရှင်ထံ လျောက်လဲချက်နှင့် ပြောစကားကို ပရမတ်ဘုရားရှင်သည် မုချ ကြားတော်မူ၏။ ပရမတ်ဘုရားရှင်သည် သင်တို့နှစ်ဦး၏ အပြန်အလှန် ပြောဆိုခြင်းကို ကြားတော်မူ၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် မြင်နေသော အရှင် ဖြစ်၏။
၂။ ☆၃း၄	**الَّذِينَ يُظَاهِرُونَ مِنكُم مِّن نِّسَائِهِم مَّا هُنَّ أُمَّهَاتِهِمْ إِنْ أُمَّهَاتُهُمْ إِلَّا اللَّائِي وَلَدْنَهُمْ وَإِنَّهُمْ لَيَقُولُونَ مُنكَرًا مِّنَ الْقَوْلِ وَزُورًا وَإِنَّ اللَّهَ لَعَفُوٌّ غَفُورٌ ۞** သင်တို့အနက်– တကယ်မဟုတ်ဘဲလျက် အမျိုးသမီးတို့အား သူတို့၏ မိခင်များဖြစ်သည်ဟု ကျိန်ဆိုကျောခိုင်းသောသူ ဖြစ်အံ့၊ အမှန်မှာ သူတို့အား မွေးဖွားသော သူမသည်သာ သူတို့၏ မိခင်များ ဖြစ်ကြ၏။☆ အမှန်ပင် သူတို့သည် စကားကို စိမ်းစိမ်းကားကား လှည့်ပတ် ပြောဆိုခြင်း ဖြစ်၏၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကျေအေးသောအရှင် လွတ်ငြိမ်းစေသော အရှင် ဖြစ်၏။[၁၀၄၇]
၃။	**وَالَّذِينَ يُظَاهِرُونَ مِن نِّسَائِهِمْ ثُمَّ يَعُودُونَ لِمَا قَالُوا فَتَحْرِيرُ رَقَبَةٍ مِّن قَبْلِ أَن يَتَمَاسَّا ذَلِكُمْ تُوعَظُونَ بِهِ وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ ۞** ထိုသို့ အမျိုးသမီးတို့အား ကျိန်ဆိုကျောခိုင်းနေသော သူတို့သည် သူတို့၏ ကျိန်ဆိုပြောစကားကို ဆက်မလုပ်လို တော့လျှင်– သူတို့ချင်း မထိတွေ့မီအလျှင် ကျွန်တစ်ဦးကို လွှတ်ပေးရမည်၊ ဤသည် သင်တို့အတွက် အဆုံးအမပင် ဖြစ်၏၊ ပရမတ်ဘုရားရှင် သည် ကျင့်ကြံသမျှကို သတင်းသိနေတော်မူသည်ပင်။[၁၀၄၈]
၄။	**فَمَن لَّمْ يَجِدْ فَصِيَامُ شَهْرَيْنِ مُتَتَابِعَيْنِ مِن قَبْلِ أَن يَتَمَاسَّا فَمَن لَّمْ يَسْتَطِعْ فَإِطْعَامُ سِتِّينَ مِسْكِينًا ذَلِكَ لِتُؤْمِنُوا بِاللَّهِ وَرَسُولِهِ وَتِلْكَ حُدُودُ اللَّهِ وَلِلْكَافِرِينَ عَذَابٌ أَلِيمٌ ۞**

(၁၀၄၇) ဤဥပဒေများတွင် ပြောဆိုသော ကျောခိုင်းနေခြင်း **ဇွီဟာရ်** ဆိုသည်မှာ အာရဗ်တို့၏ ထုံးတမ်းအရ ဇနီးတစ်ဦးအား မလိုချင်တော့လျှင် ထိုအမျိုးသမီးအား **သင်သည် ကျွန်ုပ်၏ မိခင်ကဲ့သို့ ဖြစ်သည်၊** ဟု ကျိန်ဆို ပြောသော စကားလုံး ဖြစ်ပေသည်။ ထိုအခါ ထိုအမျိုးသမီးမှာ အပြစ် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တန်ပြန်စောကြောခိုင်ခြင်း မရှိချေ။ ထိုသို့သော အမျိုးသမီးတစ်ဦး၏ ဘဝ နစ်နာခြင်းမျိုး မကျူးလွန်ရန် အစွယ်လာမ် သာသနာက လုံးဝ တားမြစ် ပိတ်ပင်လိုက်ခြင်း ဖြစ်ပေသည်။ ဤစကားလုံး၏ အဓိပ္ပါယ်ကို ၃၃း၄ တွင် ဖေါ်ပြထားသည်ကို တွေ့ရပေသည်။ အမိုက် မှောင်ကျနေသော ခေတ်ကာလကြီးတွင် အစွယ်လာမ် သာသနာသည် မည်သူ၏ မျက်နှာကိုမှ မထောက်ဘဲ လူအခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ ကလေး သူငယ် အခွင့်အရေးများကို အပြည့်အဝရရှိစေရန် ဥပဒေ ချမှတ်ခဲ့သည်။ ၂း၂၂၅ မှ ၂၃၂ တို့တွင် လင်မယားကွာရှင်းခန်းများကို ကြည့်ပါ။

(၁၀၄၈) ဤသုတ်တော်မှ **ချုပ်နှောင်မိနေသူ တစ်ဦး၊** ဆိုသည်မှာ **ရ–ကီဘတ်** ကို ပြန်ဆိုခြင်းဖြစ်၍၊ ဆရာတော် တစ်ချို့က ကျေးကျွန်ဟုလည်း ကောင်း၊ အချို့က စစ်သုံ့ပန်းဟုလည်းကောင်း ပြန်ဆိုကြပေသည်။ ဘဝအခက်အခဲဖြင့် ရင်ဆိုင်နေရလျက် ဘဝ မလွတ်မြောက်နိုင်သော သူများ၊ စီးပွားရေး အခက်အခဲဖြင့် ရင်ဆိုင် ပိတ်မိနေသူများ၊ ပညာရေး ထွက်ပေါက်ပိတ်နေသူများ။ အာမခံမရှိ၍ မလွတ်မြောက်နိုင်သူများ အားလုံးကို ဆိုလို ပေသည်။

	ထိုသို့ ကိုယ်တွေ့မဖြစ်နိုင်သူ အတွက် သူတို့ချင်း မထိတွေ့မီအလျှင် ဥပုသ်သီလ နှစ်လဆက်တိုက် စောင့်တည်ရမည်။ ထိုသို့ မတတ်နိုင်သူသည် နွမ်းပါးသူ ခြောက်ဆယ်ကို ကျွေးမွေးရမည်။ ဤသည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား ယုံကြည်ခြင်းအတွက် ဖြစ်၏။ ဤသည် ပရမတ်ဘုရားရှင်၏ စည်းမျဉ်းတော် ဖြစ်၏။ ဖုံးကွယ်သူတို့ အတွက်မူ နာကျင်သော ဝဋ်ကြွေးသည် ရှိနေ၏။
၅။	**إِنَّ الَّذِينَ يُحَادُّونَ اللَّهَ وَرَسُولَهُ كُبِتُوا كَمَا كُبِتَ الَّذِينَ مِن قَبْلِهِمْ وَقَدْ أَنزَلْنَا آيَاتٍ بَيِّنَاتٍ وَلِلْكَافِرِينَ عَذَابٌ مُّهِينٌ۞** ကောန်ပင် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အပေါ် မာရေကျောရေရှိသော သူတို့သည် သူတို့၏ ရှေ့အလျှင် ဖြစ်သူတို့အား အရှက်ကွဲစေ သကဲ့သို့ အရှက်ကွဲစေလတ္တံ့။ ငါအရှင်သည် ရှင်းလင်းသော သုတ်ဒေသနာများ ကို မုချ ချမှတ်တော်မူပြီ။ ဖုံးကွယ်သူတို့ အတွက်မူ နိမ့်ကျသော ဝဋ်ကြွေးသည် ရှိနေ၏။
၆။	**يَوْمَ يَبْعَثُهُمُ اللَّهُ جَمِيعًا فَيُنَبِّئُهُم بِمَا عَمِلُوا أَحْصَاهُ اللَّهُ وَنَسُوهُ وَاللَّهُ عَلَى كُلِّ شَيْءٍ شَهِيدٌ۞** ပရမတ်ဘုရားရှင်သည် နိုးထစေသော နေ့ကာလ၌ သူတို့ အားလုံး၏ ကျင့်ကြံခဲ့သမျှကို သတင်းထုတ်ပြန်တော်မူလတ္တံ့။ သူတို့သည် ၎င်းကို မေ့နေသော်လည်း ပရမတ်ဘုရားရှင်သည် အမှတ်စဉ်မှတ်ထား၏။ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ အတွက် သက်သေသက်ကန် ဖြစ်တော်မူသတည်း။
၇။	**أَلَمْ تَرَ أَنَّ اللَّهَ يَعْلَمُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ مَا يَكُونُ مِن نَّجْوَى ثَلَاثَةٍ إِلَّا هُوَ رَابِعُهُمْ وَلَا خَمْسَةٍ إِلَّا هُوَ سَادِسُهُمْ وَلَا أَدْنَى مِن ذَٰلِكَ وَلَا أَكْثَرَ إِلَّا هُوَ مَعَهُمْ أَيْنَ مَا كَانُوا ثُمَّ يُنَبِّئُهُم بِمَا عَمِلُوا يَوْمَ الْقِيَامَةِ إِنَّ اللَّهَ بِكُلِّ شَيْءٍ عَلِيمٌ۞** မိုးများအတွင်း မြေကမ္ဘာအတွင်း ရှိသမျှကို ပရမတ်ဘုရားရှင်သည် သိနေတော်မူကြောင်း သင် မမြင်မိသလော။ သုံးယောက် သီးခြားတိုင်ပင်နိုင်ခြင်း မရှိ၊ အရှင်သည် သူတို့မှ စတုတ္ထ ဖြစ်၏။ ငါးယောက် ဖြစ်လျှင် အရှင်သည် သူတို့မှ ဆဋ္ဌမ ဖြစ်၏။ ဤထက် နည်းလျှင် ဖြစ်စေ၊ သို့မဟုတ် များလျှင် ဖြစ်စေ– မည်သည့် နေရာ၌ သူတို့ ရှိနေစေကာမူ အရှင်သည် သူတို့နှင့်အတူ ရှိနေ၏။ သူတို့ ကျင့်ကြံသမျှအား ရင်တည်ရမည့် နေ့ကာလ၌ သူတို့အား သတင်းထုတ်ပြန်တော်မူလတ္တံ့။ ကောန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏။
၈။	**أَلَمْ تَرَ إِلَى الَّذِينَ نُهُوا عَنِ النَّجْوَى ثُمَّ يَعُودُونَ لِمَا نُهُوا عَنْهُ وَيَتَنَاجَوْنَ بِالْإِثْمِ وَالْعُدْوَانِ وَمَعْصِيَتِ الرَّسُولِ وَإِذَا جَاؤُوكَ حَيَّوْكَ بِمَا لَمْ يُحَيِّكَ بِهِ اللَّهُ وَيَقُولُونَ فِي أَنفُسِهِمْ لَوْلَا يُعَذِّبُنَا اللَّهُ بِمَا نَقُولُ حَسْبُهُمْ جَهَنَّمُ يَصْلَوْنَهَا فَبِئْسَ الْمَصِيرُ۞** သီးခြားတိုင်ပင်ခြင်း ဟန့်တားခံထားရသော သူများသည် သူတို့အား ဟန့်တားသည်ကို– ဆက်လုပ်၍ ပြစ်မှု၊ စည်းဖေါက်မှုနှင့် ဉာဏ်စဉ်ဆောင်အား အာခံမှုများ အတွက် သီးခြားတိုင်ပင်ကြသည်ကို သင် မရှုစားမိသလော။ သူတို့သည် သင့်ထံသို့ ရောက်လာသောအခါ ပရမတ်ဘုရားရှင်က နှတ်ဆက်စေ သကဲ့သို့ မဟုတ်ဘဲ နှတ်ဆက်ကြ၍၊ သူတို့ စရိုက်တူချင်း "ပရမတ်ဘုရားရှင်က ကျွန်ုပ်တို့၏ ပြောဆိုမှုအတွက် ဝဋ်ကြွေးမသင့်စေဘူး၊"ဟု ပြောဆိုကြ၏။ ငရဲဘုံသည် သူတို့အတွက် စရင်းချုပ်ဖြစ်၏။ ထိုဌာ လောင်ကျွမ်းရလတ္တံ့၊ ၎င်းသည် အမင်္ဂလာ ခရီးဆုံး ဖြစ်၏။
၉။	**يَا أَيُّهَا الَّذِينَ آمَنُوا إِذَا تَنَاجَيْتُمْ فَلَا تَتَنَاجَوْا بِالْإِثْمِ وَالْعُدْوَانِ وَمَعْصِيَتِ الرَّسُولِ وَتَنَاجَوْا بِالْبِرِّ وَالتَّقْوَى وَاتَّقُوا اللَّهَ الَّذِي إِلَيْهِ تُحْشَرُونَ۞** အို– ယုံကြည်သော သူတို့၊ သင်တို့ချင်း သီးခြားတိုင်ပင်ကြသောအခါ ပြစ်မှု၊ စည်းဖေါက်မှု၊ ဉာဏ်စဉ်တော်ဆောင်အား အာခံမှုများကို သီးခြားမတိုင်ပင်ကြနှင့်၊ ကုသိုလ်ကောင်းမှု စည်းစောင့်မှုများကိုသာ သီးခြားတိုင်ပင်ကြလော့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ သင်တို့သည် အရှင်ထံသို့သာ စုစည်းခံရစေမည်ပင်။

၁၀။	**إِنَّمَا النَّجْوَى مِنَ الشَّيْطَانِ لِيَحْزُنَ الَّذِينَ آمَنُوا وَلَيْسَ بِضَارِّهِمْ شَيْئًا إِلَّا بِإِذْنِ اللَّهِ وَعَلَى اللَّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ۝**
☆၂း၁၄	အမှန်မှာ မကောင်းဆိုးဝါးတို့၏☆ သီးခြားတိုင်ပင်ခြင်းများသည် ယုံကြည်သော သူတို့အား သောကဖြစ်ရစေရန်သာ ဖြစ်၏။ သို့သော် ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက် မရှိဘဲ ၎င်းသည် တစ်စုံတစ်ရာကိုမျှ မနစ်နာစေနိုင်ချေ။ ပရမတ် ဘုရားရှင်ကိုသာ ယုံကြည်သူတို့သည် ကိုးစားသင့်၏။
၁၁။	**يَا أَيُّهَا الَّذِينَ آمَنُوا إِذَا قِيلَ لَكُمْ تَفَسَّحُوا فِي الْمَجَالِسِ فَافْسَحُوا يَفْسَحِ اللَّهُ لَكُمْ وَإِذَا قِيلَ انشُزُوا فَانشُزُوا يَرْفَعِ اللَّهُ الَّذِينَ آمَنُوا مِنكُمْ وَالَّذِينَ أُوتُوا الْعِلْمَ دَرَجَاتٍ وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ۝**
	အို– ယုံကြည်သော သူတို့၊ သင်တို့အား ''လူထုအစည်းအဝေး၌ နေရာပေးကြ''ဟု ပြောဆိုလျှင်၊ နေရာပေးကြလော့၊ ပရမတ်ဘုရားရှင်သည် သင်တို့အတွက် နေရာစီစဉ်ပေးလတ္တံ့။ ''မတ်တတ်ရပ်''ဟု ဆိုလျှင် ရပ်ကြကုန်လော့၊ သင်တို့မှ ယုံကြည်သောသူ၊ အသိပညာ ချီးမြှင့်ခံရသော သူတို့အား ပရမတ်ဘုရားရှင်သည် အခွင့်အလမ်း မြောက်စား တော်မူလိမ့်မည်။ ပရမတ်ဘုရားရှင်သည်ကား ကျင့်ကြံသမျှကို သတင်းသိနေတော်မူ၏။
၁၂။	**يَا أَيُّهَا الَّذِينَ آمَنُوا إِذَا نَاجَيْتُمُ الرَّسُولَ فَقَدِّمُوا بَيْنَ يَدَيْ نَجْوَاكُمْ صَدَقَةً ذَلِكَ خَيْرٌ لَّكُمْ وَأَطْهَرُ فَإِن لَّمْ تَجِدُوا فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ۝**
	အို– ယုံကြည်သော သူတို့၊ ဉာဏ်စဉ်တော်ဆောင်နှင့် သင်တို့ သီးခြားတိုင်ပင်သောအခါ– စုံရပ်နေခြင်းနှင့် သင်တို့၏ လက်ရှိ–မျက်မှောက် သီးခြားတိုင်ပင်မှုဌ ဒါနပြုလော့။ ဤသည် သင်တို့အတွက် ပိုကောင်း၏။ ပိုမို သန့်စင်စေ၏။ သင်တို့ ကိုယ်တွေ့မဖြစ်နိုင်ခဲ့လျှင် ကောန်ပင် ပရမတ်ဘုရားရှင်သည် လွှတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော် မူ၏။
၁၃။	**أَأَشْفَقْتُمْ أَن تُقَدِّمُوا بَيْنَ يَدَيْ نَجْوَاكُمْ صَدَقَاتٍ فَإِذْ لَمْ تَفْعَلُوا وَتَابَ اللَّهُ عَلَيْكُمْ فَأَقِيمُوا الصَّلَاةَ وَآتُوا الزَّكَاةَ وَأَطِيعُوا اللَّهَ وَرَسُولَهُ وَاللَّهُ خَبِيرٌ بِمَا تَعْمَلُونَ۝**
ဗဟကပ် ခံလျက် ☆ ၂း၃	**စုံရပ်ခံလျက်** သင်တို့၏ လက်ရှိ–မျက်မှောက် သီးခြားတိုင်ပင်မှုဌ ဒါနပြုရမည်ကို စိုးထိတ်နေကြသလော၊ သင်တို့သည် ထိုသို့ မပြုလုပ်နိုင်ခဲ့သော်လည်း သင်တို့အပေါ်၌ ပရမတ်ဘုရားရှင်သည် သင်ပုန်းချေပေးတော်မူ၏။ သို့ဖြစ်၍ ဝတ်ပြု မြဲကြလော့၊☆ အခွန်ငွေဖြူ ပေးကြလော့၊ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား နာခံကြလော့၊ ပရမတ်ဘုရားရှင်သည် သင်တို့ ကျင့်ကြံသမျှကို သတင်းသိနေတော်မူ၏။
၁၄။	**أَلَمْ تَرَ إِلَى الَّذِينَ تَوَلَّوْا قَوْمًا غَضِبَ اللَّهُ عَلَيْهِم مَّا هُم مِّنكُمْ وَلَا مِنْهُمْ وَيَحْلِفُونَ عَلَى الْكَذِبِ وَهُمْ يَعْلَمُونَ۝**
	ပရမတ်ဘုရားရှင်မှ ကံကြီးသင့်စေသော လူမျိုးတို့ဘက်သို့ လှည့်နေသော သူများကို သင် မမြင်မိသလော၊ သူတို့သည် သင်တို့အထဲမှ မဟုတ်၊ ၎င်းတို့၏ အထဲမှလည်း မဟုတ်ချေ။ သူတို့သည် သိနေလျက်နှင့် လိမ်ညာ တိုင်တည်နေကြ၏။
၁၅။	**أَعَدَّ اللَّهُ لَهُمْ عَذَابًا شَدِيدًا إِنَّهُمْ سَاء مَا كَانُوا يَعْمَلُونَ۝**
	ပရမတ်ဘုရားရှင်သည် သူတို့အတွက် ပြင်းထန်သော ဝဠုံကြွေးကို တွက်ချက်ပြင်ဆင်ထားပြီ။ ဇကောန်ပင် သူတို့၏ ကျင့်ကြံ လေ့ရှိရာတို့သည် အကုသိုလ်များသာ ဖြစ်၏။
၁၆။	**اتَّخَذُوا أَيْمَانَهُمْ جُنَّةً فَصَدُّوا عَن سَبِيلِ اللَّهِ فَلَهُمْ عَذَابٌ مُّهِينٌ۝**
	သူတို့၏ အားသန်ချက်ကို သုခဟု အယူထား၍ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဖယ်ရှားကြ၏။ သူတို့ အတွက်မူ နိမ့်ကျသော ဝဠုံကြွေးသည် ရှိနေ၏။

၁၇။	**لَن تُغْنِيَ عَنْهُمْ أَمْوَالُهُمْ وَلَا أَوْلَادُهُم مِّنَ اللَّهِ شَيْئًا أُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ۞** သူတို့၏ ဥစ္စာပစ္စည်း၊ သူတို့၏ ရင်သွေးများသည် ပရမတ်ဘုရားရှင်အား ဆန့်ကျင်ရန် တစ်စုံတစ်ရာ မပြည့်စုံနိုင်ချေ။ ထိုသူတို့သည် အပူမီး၏ အဖေါ်များသာ ဖြစ်ကြ၍၊ ထိုဌာ သူတို့ အစဉ်ခံစားရလတ္တံ့။
၁၈။	**يَوْمَ يَبْعَثُهُمُ اللَّهُ جَمِيعًا فَيَحْلِفُونَ لَهُ كَمَا يَحْلِفُونَ لَكُمْ وَيَحْسَبُونَ أَنَّهُمْ عَلَى شَيْءٍ أَلَا إِنَّهُمْ هُمُ الْكَاذِبُونَ۞** ပရမတ်ဘုရားရှင်က သူတို့ အားလုံးကို နိုးထစေသော နေ့ကာလ၌– သင်တို့အား ယခု တိုင်တည် သက့ဲသို့ ပရမတ်ဘုရားရှင်အားလည်း တိုင်တည်ပြလိမ့်မည်။ သူတို့အတွက် တစ်စုံတစ်ရာ ရှိသည်ဟု သူတို့ စိတ်ကူးယဉ်ကြ၏။ ဇကန်ပင် သူတို့သည် မုသာဝါဒီများသာ ဖြစ်ကြ၏။
၁၉။	**اسْتَحْوَذَ عَلَيْهِمُ الشَّيْطَانُ فَأَنسَاهُمْ ذِكْرَ اللَّهِ أُوْلَئِكَ حِزْبُ الشَّيْطَانِ أَلَا إِنَّ حِزْبَ الشَّيْطَانِ هُمُ الْخَاسِرُونَ۞** မကောင်းဆိုးဝါးက သူတို့အား လွှမ်းမိုးချုပ်ကိုင်လျက် သူတို့အား ပရမတ်ဘုရားရှင်ကို သတိရခြင်းမှ မေ့နေစေ၏၊ သူတို့သည် မကောင်းဆိုးဝါး၏ ဂိုဏ်းသားများ ဖြစ်ကြ၏။ ဇကန်ပင် မကောင်းဆိုးဝါး၏ ဂိုဏ်းများသည်သာ ဆုံးရှုံးနစ်နာရသူများ ဖြစ်၏။
၂၀။	**إِنَّ الَّذِينَ يُحَادُّونَ اللَّهَ وَرَسُولَهُ أُوْلَئِكَ فِي الْأَذَلِّينَ۞** ဇကန်ပင် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အပေါ် မာရေရေကျောရေရှိသော သူတို့– ထိုသူတို့သည်သာ နိမ့်ပါးရလတ္တံ့။
၂၁။	**كَتَبَ اللَّهُ لَأَغْلِبَنَّ أَنَا وَرُسُلِي إِنَّ اللَّهَ قَوِيٌّ عَزِيزٌ۞** “ငါနှင့် ငါ့ဉာဏ်စဉ်ဆောင်သည်သာ အနိုင်ရရမည်၊”ဟု ပရမတ်ဘုရားရှင်က ပြဋ္ဌာန်းထားပြီး ဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် တန်ခိုးတော်ရှင် ဘုန်းတော်ရှင် ဖြစ်တော်မူ၏။
၂၂။ ☆၂း၈၇	**لَا تَجِدُ قَوْمًا يُؤْمِنُونَ بِاللَّهِ وَالْيَوْمِ الْآخِرِ يُوَادُّونَ مَنْ حَادَّ اللَّهَ وَرَسُولَهُ وَلَوْ كَانُوا آبَاءهُمْ أَوْ أَبْنَاءهُمْ أَوْ إِخْوَانَهُمْ أَوْ عَشِيرَتَهُمْ أُوْلَئِكَ كَتَبَ فِي قُلُوبِهِمُ الْإِيمَانَ وَأَيَّدَهُم بِرُوحٍ مِّنْهُ وَيُدْخِلُهُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا رَضِيَ اللَّهُ عَنْهُمْ وَرَضُوا عَنْهُ أُوْلَئِكَ حِزْبُ اللَّهِ أَلَا إِنَّ حِزْبَ اللَّهِ هُمُ الْمُفْلِحُونَ۞** ပရမတ်ဘုရားရှင်၌၊ နောင်ဘဝကာလ၌ ယုံကြည်သူတို့သည်– သူတို့၏ အဖေများ သို့မဟုတ် သူတို့၏ သားသမီးများ သို့မဟုတ် သူတို့၏ သားချင်းများ သို့မဟုတ် သူတို့၏ တစ်ကျိတ်တစ်ကြံတည်းများ ဖြစ်ငြားလည်း ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင် အပေါ် မာရေရေကျောရေရှိသော လူမျိုးအား လိုလိုလားလားရှိမည်ဟု သင် တွေ့ရမည် မဟုတ်ချေ။ ယင်းမှာ သူတို့၏ နှလုံးတွင်း၌ ယုံကြည်ခြင်းကို ပြဋ္ဌာန်းထားသောကြောင့်၊ သူတို့အား အရှင့် ထံမှ ဉာဏ်စဉ်တော်အားဖြင့်☆ ထောက်ပံ့ပေးသောကြောင့် ဖြစ်၏။ သူတို့အား အောက်ခင်း၌ စမ်းချောင်းရေသွင်စီးဆင်းနေသော ဥယျာဉ်ဘုံများသို့ ဝင်ရောက်စေ၍ ထိုဌာ အစဉ်စံစားစေမည်ပင်။ သူတို့သည် ပရမတ်ဘုရားရှင်အား ကျေနပ်နှစ်သက်ကြ၏။ အရှင်ကလည်း သူတို့ကို ကျေနပ်နှစ်သက်၏။ သူတို့သည် ပရမတ်ဘုရားရှင်၏ အသင်းသားများ ဖြစ်၍၊ ပရမတ်ဘုရားရှင်၏ အသင်းသားများသည်သာ အောင်မြင်ပေါက်မြောက်သူများ ဖြစ်ကြ၏။

ဓမ္မခန္ဓာ (၅၉) အသုတ်လိုက် (အလံ ဟရာဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၁)၊ သုတ်ဒေသနာ (၂၄)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**سَبَّحَ لِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَهُوَ الْعَزِيزُ الْحَكِيمُ۞** မိုးများအတွင်း မြေအတွင်း ရှိသမျှသည် ပရမတ်ဘုရားရှင်အား ဦးထိပ်ထားနေကြ၏။ အရှင်သည်ကား ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၂။ ယွတ် ဆော်	**هُوَ الَّذِي أَخْرَجَ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ مِن دِيَارِهِمْ لِأَوَّلِ الْحَشْرِ مَا ظَنَنتُمْ أَن يَخْرُجُوا وَظَنُّوا أَنَّهُم مَّانِعَتُهُمْ حُصُونُهُم مِّنَ اللَّهِ فَأَتَاهُمُ اللَّهُ مِنْ حَيْثُ لَمْ يَحْتَسِبُوا وَقَذَفَ فِي قُلُوبِهِمُ الرُّعْبَ يُخْرِبُونَ بُيُوتَهُم بِأَيْدِيهِمْ وَأَيْدِي الْمُؤْمِنِينَ فَاعْتَبِرُوا يَا أُولِي الْأَبْصَارِ۞** အရှင်သည် ကျမ်းစာ ဝိုင်းသားများမှ ဖုံးကွယ်သောသူတို့အား သူတို့၏ **အိုးအိမ်**များမှ ပထမအကြိမ် အသုတ်လိုက် မောင်းထုတ်စေသော အရှင် ဖြစ်၏။ သူတို့အား မောင်းထုတ်စေမည်ဟု သင်တို့ မစဉ်းစားခဲ့ချေ။ သူတို့ကလည်း သူတို့၏ ထိန်းသိမ်းကာကွယ်မှုသည့် ပရမတ်ဘုရားရှင်၏ထံမှ ဟန့်တားနိုင်မည်ဟု စဉ်းစားခဲ့၏။ သို့သော် ပရမတ်ဘုရားရှင်သည် သူတို့ မစဉ်းစားထားသော နေရာမှ ရောက်ရှိလာစေ၍ သူတို့၏ စိတ်နလုံးကို ကြောက်လန့် ဝန်ပိစေခဲ့၏၊ သို့ဖြင့် သူတို့၏ လက်များဖြင့်– ယုံကြည်သူများ၏ လက်များဖြင့် သူတို့၏ အိမ်ယာများကို ဖြိုဖျက်စေခဲ့၏။ အို–ဒိဗ္ဗစက္ခုရှိသူတို့ သင်ခန်းစာယူကြကုန်လော့။[၁၀၄၉]
၃။	**وَلَوْلَا أَن كَتَبَ اللَّهُ عَلَيْهِمُ الْجَلَاء لَعَذَّبَهُمْ فِي الدُّنْيَا وَلَهُمْ فِي الْآخِرَةِ عَذَابُ النَّارِ۞** အကယ်၍ ပရမတ်ဘုရားရှင်သည် သူတို့အပေါ်၌ ကြည်လင်ပြတ်သားသော ပြစ်ဒဏ်ကို ပြဋ္ဌာန်းတော်မမူခဲ့လျှင်၊ သူတို့အတွက် ဤလောကီ ဘဝ၌ ကံဝဋ်ကြွေးသည် ရှိနေ၍၊ နောင်ဘဝ၌ အပူမီး ဝဋ်ကြွေးသည် ရှိလတ္တံ့။
၄။	**ذَلِكَ بِأَنَّهُمْ شَاقُّوا اللَّهَ وَرَسُولَهُ وَمَن يُشَاقِّ اللَّهَ فَإِنَّ اللَّهَ شَدِيدُ الْعِقَابِ۞** ဤသည်မှာ သူတို့သည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား ဂိုဏ်းခွဲသောကြောင့် ဖြစ်၏။ ပရမတ်ဘုရားရှင်အား ဂိုဏ်းခွဲသူအား ဇကန်ပင် ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ ချုပ်ကိုင်နိုင်တော်မူ၏။

(၁၀၄၉) ဤသုတ်တော်ကို ထောက်၍ အစွယ်လာမ်အား တိုက်ခိုက်သူများက ကိုယ်တော်မုဟမ္မဒ်သည် ဂျူးလူမျိုးများအား မဒီနာမှ မောင်းထုတ်ခဲ့သည်ဟု စွပ်စွဲပုတ်ခတ်လေ့ရှိပေသည်။ ထိုသို့စွပ်စွဲမှုမှာ ဤသုတ်တော်အား သေချာစွာ မဖတ်ဘဲလျက် အမုန်းတရားကို အခြေခံ၍ ပုတ်ခတ်ခြင်းသာ ဖြစ်တော့သည်၊ ကျမ်းတော်တွင် ဖုံးကွယ်သူ ဆိုသည့် စကားလုံးကို စစ်ဖြစ်နေစဉ် ကာလ၌ ရန်သူဟု သုံးလေ့ရှိကြောင်း ဤဘာသာပြန်တွင် မကြာခဏ ရှင်းပြပြီး ဖြစ်သည်။ ကျမ်းစာဝိုင်းသားများ ဆိုသည်မှာ ရှေးကျမ်းစာအား လိုက်နာသူများဟု ဖြစ်၍ ဤသုတ်တော်တွင် ကျမ်းစာဝိုင်းသားများမှ ရန်သူဖြစ်သော သူတို့အား ဟု ဆိုထားသဖြင့် ရှေးကျမ်းစာလိုက်နာသူ အားလုံးကို မဆိုလိုပေ။ ထိုသူများ၏ အနက်မှ ရန်သူဘက်တွင် ပါဝင်သော ရန်သူများကိုသာ ဆိုလိုပေသည်။ ရန်သူများအား မောင်းထုတ်ခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်းမှာ နိုင်ငံတိုင်းတွင် ပြုလုပ်ရသော အခြေအနေသာ ဖြစ်ပေသည်။ သို့မဟုတ်က နိုင်ငံတော် အေးချမ်းသာယာရေးအား မည်သည့်နည်းနှင့်မျှ ထိန်းသိမ်းစောင့်ရှောက်နိုင်မည် မဟုတ်ချေ။ ထို့ အပြင် ထို ရန်သူ တို့သည် ရန်သူ ဖြစ်လင့်ကစား– လူသားများပင် ဖြစ်၍ ထိုသူတို့၏ အသက်အိုးအိမ် လုံခြုံမှုသည်လည်း အရေးကြီးလှပေသည်။ အစွယ်လာမ် သာသနာသည် ထိုသူတို့၏ အသက်အိုးအိမ်အား ထည့်သွင်း စဉ်းစားပေးပေသည်။ ထိုအချက်ကို **အကယ်၍ သူတို့အား ပြည်နှင်ဒဏ် မပေးခဲ့လျှင် သူတို့အတွက် လောကီ ပြစ်ဒဏ်ကို ခံရနိုင်သည်** ဟု သုတ်တော် (၃) တွင် ဆက်လက်ပြောဆိုထားခြင်းက အထောက်အထား ဖြစ်ပေသည်။

၅။ တည့်မတ်	**مَا قَطَعْتُم مِّن لِّينَةٍ أَوْ تَرَكْتُمُوهَا قَائِمَةً عَلَى أُصُولِهَا فَبِإِذْنِ اللَّهِ وَلِيُخْزِيَ الْفَاسِقِينَ۝** သင်တို့သည် အပင်ညွှတ်အား ဖြတ်ပစ်သည် ဖြစ်စေ၊ ၎င်း၏ အမြစ်ပေါ်၌ **ရပ်**လျက် ချန်ထားခဲ့သည် ဖြစ်စေ ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက်အတိုင်းသာ ဖြစ်၏။ ယုတ်မာသူတို့အား အရှက်ရစေရန် ဖြစ်၏။
၆။	**وَمَا أَفَاءَ اللَّهُ عَلَى رَسُولِهِ مِنْهُمْ فَمَا أَوْجَفْتُمْ عَلَيْهِ مِنْ خَيْلٍ وَلَا رِكَابٍ وَلَكِنَّ اللَّهَ يُسَلِّطُ رُسُلَهُ عَلَى مَن يَشَاءُ وَاللَّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ۝** သူတို့ထံမှ– ပရမတ်ဘုရားရှင်က ဉာဏ်စဉ်ဆောင်အား လိုက်လျောပေးသော မြင်း၊ စီးနင်းနိုင်ရာ၌ သင်တို့ ဖိအား မပေးကြနှင့်၊ သို့ရာတွင် ပရမတ်ဘုရားရှင်သည် အရှင်၏ ဉာဏ်စဉ်ဆောင်အား စံချိန်ပြည့်မှီသူ အပေါ်၌ သြဇာအာဏာရှိစေ၏။ ပရမတ်ဘုရားရှင်သည်ကား သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၇။	**مَّا أَفَاءَ اللَّهُ عَلَى رَسُولِهِ مِنْ أَهْلِ الْقُرَى فَلِلَّهِ وَلِلرَّسُولِ وَلِذِي الْقُرْبَى وَالْيَتَامَى وَالْمَسَاكِينِ وَابْنِ السَّبِيلِ كَيْ لَا يَكُونَ دُولَةً بَيْنَ الْأَغْنِيَاءِ مِنكُمْ وَمَا آتَاكُمُ الرَّسُولُ فَخُذُوهُ وَمَا نَهَاكُمْ عَنْهُ فَانتَهُوا وَاتَّقُوا اللَّهَ إِنَّ اللَّهَ شَدِيدُ الْعِقَابِ۝** အရပ်သားများထံမှ– ပရမတ်ဘုရားရှင်က ဉာဏ်စဉ်ဆောင်အား လိုက်လျောပေးရာတို့သည် ပရမတ်ဘုရားရှင်၊ ဉာဏ်စဉ်ဆောင်၊ နီးစပ်သော သူများ၊ မိဘမဲ့များ၊ နွမ်းပါးသူများ၊ ခရီးသည်များ အတွက် ဖြစ်၏။ ၎င်းသည် သင်တို့နှင့် ပြည်စုံသူတို့၏ စပ်ကြား မောင်ပိုင်စီးခြင်း မရှိရရန်ဖြစ်၏။ ဉာဏ်စဉ်ဆောင်က ပေးကမ်းရာကို လက်ခံကြလော့၊ ဟန့်တားရာကို ရပ်စဲကြလော့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ ချုပ်ကိုင်နိုင်တော်မူ၏။
၈။	**لِلْفُقَرَاءِ الْمُهَاجِرِينَ الَّذِينَ أُخْرِجُوا مِن دِيارِهِمْ وَأَمْوَالِهِمْ يَبْتَغُونَ فَضْلًا مِّنَ اللَّهِ وَرِضْوَانًا وَيَنصُرُونَ اللَّهَ وَرَسُولَهُ أُوْلَئِكَ هُمُ الصَّادِقُونَ۝** သူတို့၏ အိမ်ဂေဟာများ၊ ဥစ္စာပစ္စည်းများမှ မောင်းထုတ်ခံရ၍ ပြောင်းရွှေ့ခိုလှုံလာသော ချို့တဲ့သူများသည် ပရမတ်ဘုရားရှင်၏ ထံမှ သိက္ခာပေးမှုနှင့် အရှင်၏ ကျေနပ်နှစ်သက်မှုကို ရှာဖွေကြ၍ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား ကူညီထောက်ပံ့ကြကုန်၏။ ထိုသူတို့သည် ဖြောင့်မှန်သူများ ဖြစ်ကြ၏။
၉။ ☆ ဦးစား ပေး လေ့ကျင့်	**وَالَّذِينَ تَبَوَّؤُوا الدَّارَ وَالْإِيمَانَ مِن قَبْلِهِمْ يُحِبُّونَ مَنْ هَاجَرَ إِلَيْهِمْ وَلَا يَجِدُونَ فِي صُدُورِهِمْ حَاجَةً مِّمَّا أُوتُوا وَيُؤْثِرُونَ عَلَى أَنفُسِهِمْ وَلَوْ كَانَ بِهِمْ خَصَاصَةٌ وَمَن يُوقَ شُحَّ نَفْسِهِ فَأُوْلَئِكَ هُمُ الْمُفْلِحُونَ۝** သူတို့၏ ရှေ့အလျင်ကပင် ယုံကြည်ချက်ရှိပြီးသူများသည် အိမ်ဂေဟာနှင့် နေရာတကျရှိပြီး ဖြစ်ကြ၍၊ သူတို့ထံသို့ ပြောင်းရွှေ့လာသော သူများကို ချစ်ခင်ကြကုန်၏။ သူတို့၏ ရင်တွင်း၌ ပြာပြာသလဲ ရှာဖွေ မတွေ့နိုင်လောက်အောင် ပေးကမ်းကြ၏။ ရွေးချယ်မှုဒဏ် ထိသက်လေ့ရှိသော်လည်း သူတို့၏ စိတ်ဥာဉ်များထက် ၎င်းတို့ကို **အကျင့်ဖြစ်စေ၏**။☆ သူ၏ စိတ်ဥာဉ်ကို အလိုရမက်မှ ကာကွယ်သူ ထိုသူတို့သည် အောင်မြင်ပေါက်မြောက်သူများ ဖြစ်၏။
၁၀။	**وَالَّذِينَ جَاؤُوا مِن بَعْدِهِمْ يَقُولُونَ رَبَّنَا اغْفِرْ لَنَا وَلِإِخْوَانِنَا الَّذِينَ سَبَقُونَا بِالْإِيمَانِ وَلَا تَجْعَلْ فِي قُلُوبِنَا غِلًّا لِّلَّذِينَ آمَنُوا رَبَّنَا إِنَّكَ رَؤُوفٌ رَّحِيمٌ۝** သူတို့၏ နောက်တွင်မှ ရောက်လာသောသူများက “အို– ကံကြမ္မာရှင် တပည့်တော်တို့နှင့် တပည့်တော်တို့ထက် အလျင် သတ်မှတ်ပေးခဲ့သော နောင်တော်တို့အား လွတ်ငြိမ်းစေတော်မူပါ၊ တပည့်တော်တို့၏ နှလုံးသား၌ ယုံကြည်သော သူတို့အပေါ် စိတ်ချုပ်တီးရမှု မစီစဉ်ပေးပါနှင့်၊ အို ကံကြမ္မာရှင် အရှင်သည် ညှာတာသောအရှင် အကြင်နာရှင် ဖြစ်ပါ၏။”ဟု ဆုတောင်းကြ၏။

၁၁။	**أَلَمْ تَرَ إِلَى الَّذِينَ نَافَقُوا يَقُولُونَ لِإِخْوَانِهِمُ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ لَئِنْ أُخْرِجْتُمْ لَنَخْرُجَنَّ مَعَكُمْ وَلَا نُطِيعُ فِيكُمْ أَحَدًا أَبَدًا وَإِن قُوتِلْتُمْ لَنَنصُرَنَّكُمْ وَاللَّهُ يَشْهَدُ إِنَّهُمْ لَكَاذِبُونَ۝** သီလကြောင် ဖြစ်သော သူတို့က သူတို့၏ ညီနောင် ကျမ်းစာဝိုင်းသားများမှ ဖုံးကွယ်သော သူတို့အား ‘‘သင်တို့ကို နှင်ထုတ်ခဲ့လျှင် ကျွန်ုပ်တို့သည်လည်း သင်တို့နှင့်အတူ ထွက်သွားကြမည်၊ သင်တို့အတွက် ကျွန်ုပ်တို့သည် မည်သူ တစ်ဦးတစ်ယောက်ကို မည်သည့်အခါတွင်မှ နာခံမည်မဟုတ်၊ သင်တို့ကို တိုက်ခိုက်ခဲ့လျှင် ကျွန်ုပ်တို့က သင်တို့အား ကူညီထောက်ပံ့မည်ပင်၊’’ဟု ပြောဆိုခဲ့သည်ကို သင် မမြင်မိသလော။ ပရမတ်ဘုရားရှင်သည်ကား သူတို့ လူလိမ်လူညာများ ဖြစ်ကြောင်း သက်သေပင် ဖြစ်၏။
၁၂။	**لَئِنْ أُخْرِجُوا لَا يَخْرُجُونَ مَعَهُمْ وَلَئِن قُوتِلُوا لَا يَنصُرُونَهُمْ وَلَئِن نَّصَرُوهُمْ لَيُوَلُّنَّ الْأَدْبَارَ ثُمَّ لَا يُنصَرُونَ۝** ထိုင်းတို့ မောင်းထုတ်ခြင်းခံရသော် သူတို့သည် အတူတကွ ထွက်ခွာသွားကြသည် မဟုတ်ချေ။ ထိုင်းတို့သည် တိုက်ခိုက်ခံရသော်လည်း သူတို့သည် ကူညီကြမည် မဟုတ်ချေ။ ကူညီထောက်ပံ့သည့်တိုင် သူတို့သည် နောက်သို့ လှည့်ပြေးကြမည်ပင်၊ တဖန် အကူအညီရတော့မည် မဟုတ်ချေ။
၁၃။	**لَأَنتُمْ أَشَدُّ رَهْبَةً فِي صُدُورِهِم مِّنَ اللَّهِ ذَلِكَ بِأَنَّهُمْ قَوْمٌ لَّا يَفْقَهُونَ۝** အမှန်မှာ သူတို့၏ ရင်တွင်း၌ သင်တို့အား ပရမတ်ဘုရားရှင်ထက် ပို၍ ကြောက်ရွံ့အားကောင်းကြ၏။ ယင်းမှာ သူတို့သည် နားလည်မှုမရှိသော လူမျိုး ဖြစ်သောကြောင့်ပင်တည်း။
၁၄။ အတိုက်အခိုက်	**لَا يُقَاتِلُونَكُمْ جَمِيعًا إِلَّا فِي قُرًى مُّحَصَّنَةٍ أَوْ مِن وَرَاء جُدُرٍ بَأْسُهُمْ بَيْنَهُمْ شَدِيدٌ تَحْسَبُهُمْ جَمِيعًا وَقُلُوبُهُمْ شَتَّى ذَلِكَ بِأَنَّهُمْ قَوْمٌ لَّا يَعْقِلُونَ۝** သူတို့ အားလုံးသည် ထိန်းသိမ်းကာကွယ်ထားသည့် ဒေသတွင်းမှ သို့မဟုတ် ခံတပ်နောက်ကွယ်မှလွဲ၍ သင်တို့အား တိုက်ခိုက်ရဲသည် မဟုတ်ချေ။ သူတို့ချင်းကြား **ပဋိပက္ခ**မှာ ပို၍ ပြင်းထန်၏။ သူတို့အား တပ်စုနေသည်ဟု စဉ်းစားနိုင်သော်လည်း သူတို့၏ နှလုံးသားများမှာ ကွဲပြားနေကြ၏။ ယင်းမှာ သူတို့သည် အတွေးအခေါ် မရှိသော လူမျိုးဖြစ်ခြင်းကြောင့်ပင်တည်း။
၁၅။	**كَمَثَلِ الَّذِينَ مِن قَبْلِهِمْ قَرِيبًا ذَاقُوا وَبَالَ أَمْرِهِمْ وَلَهُمْ عَذَابٌ أَلِيمٌ۝** သူတို့သည် သူတို့၏ ရှေ့အလျှင် မကြာသေးမီမှ သူတို့ကဲ့သို့ ဖြစ်၏၊ သူတို့ အစီအမံများ၏ အကျိုးဆက်ကို မြည်းစမ်းရတော့၏၊ သူတို့အတွက် စူးနစ်နာကျင်သော ဝဋ်ကြွေးသည် ရှိနေပြီ။
၁၆။ ထိုလူသား	**كَمَثَلِ الشَّيْطَانِ إِذْ قَالَ لِلْإِنسَانِ اكْفُرْ فَلَمَّا كَفَرَ قَالَ إِنِّي بَرِيءٌ مِّنكَ إِنِّي أَخَافُ اللَّهَ رَبَّ الْعَالَمِينَ۝** ထိုင်းတို့သည် လူသားအား ဖုံးကွယ်မှုပြုရန် ပြောဆိုသော မကောင်းဆိုးဝါး ကဲ့သို့ ဖြစ်၏။ **သူ**သည် ဖုံးကွယ်လေသော် ထိုင်းက ‘‘ကျွန်ုပ်သည် သင်မှ ကင်း၏၊ ကျွန်ုပ်သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်အား ကြောက်ရွံ့၏။’’ဟု ဆိုတော့၏။
၁၇။	**فَكَانَ عَاقِبَتَهُمَا أَنَّهُمَا فِي النَّارِ خَالِدَيْنِ فِيهَا وَذَلِكَ جَزَاء الظَّالِمِينَ۝** သို့ဖြင့် သူတို့နှစ်ဦးလုံး၏ နိဂုံးမှာ သူတို့နှစ်ဦး အစဉ်စဆန်းချရာ အပူမီးပင် ဖြစ်တော့၏။ ဤသည် အမိုက်ကောင်များအတွက် အစားပေးခံရမှုပင်တည်း။
၁၈။	**يَا أَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَلْتَنظُرْ نَفْسٌ مَّا قَدَّمَتْ لِغَدٍ وَاتَّقُوا اللَّهَ إِنَّ اللَّهَ خَبِيرٌ بِمَا تَعْمَلُونَ۝** အို– ယုံကြည်သော သူတို့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဥဉ်စရိုက်တို့အား မနက်ဖြန်အတွက် စုံရပ်ခံရမည်ကို စောင့်ကြည့်စေ၍၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့။ ဇောန်ပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို သတင်းသိနေတော်မူ၏။

၁၉။	**وَلَا تَكُونُوا كَالَّذِينَ نَسُوا اللَّهَ فَأَنسَاهُمْ أَنفُسَهُمْ أُوْلَئِكَ هُمُ الْفَاسِقُونَ۝** ပရမတ်ဘုရားဘုရားရှင်အား မေ့ထားသော သူတို့ ကဲ့သို့ မဖြစ်စေနှင့်။ သို့ဖြင့် အရှင်သည် သူတို့၏ စရိုက်ကို သူတို့ မေ့နေစေ၏။ ထိုသူတို့သည် ယုတ်မာသူများ ဖြစ်ကြ၏။
၂၀။	**لَا يَسْتَوِي أَصْحَابُ النَّارِ وَأَصْحَابُ الْجَنَّةِ أَصْحَابُ الْجَنَّةِ هُمُ الْفَائِزُونَ۝** အပူမီး၏ ပေါင်းဖော်များနှင့် ဥယျာဉ်ဘုံ၏ ပေါင်းဖော်များသည် မတူညီကြချေ။ ဥယျာဉ်ဘုံ၏ ပေါင်းဖော်များ– ထိုသူတို့သည် အောင်ပွဲခံသူများ ဖြစ်ကြ၏။
၂၁။	**لَوْ أَنزَلْنَا هَذَا الْقُرْآنَ عَلَى جَبَلٍ لَّرَأَيْتَهُ خَاشِعًا مُّتَصَدِّعًا مِّنْ خَشْيَةِ اللَّهِ وَتِلْكَ الْأَمْثَالُ نَضْرِبُهَا لِلنَّاسِ لَعَلَّهُمْ يَتَفَكَّرُونَ۝** အကယ်၍ ငါအရှင်သည် ကုရ်အာန်အား တောင်တစ်ခုပေါ်သို့ ချမှတ်ပေးလျှင် ၎င်းသည် ပရမတ်ဘုရားရှင်အား ကြောက်ရွံ့ အက်ကွဲ တုန်လှုပ်သွားသည်ကို သင် မြင်တွေ့ရလတ္တံ့။ လူသားတို့ စဉ်းစားသုံးသပ်အံ့ငှာ ဤ ပမာကို ဥပမာပေးတော်မူ၏။
၂၂။	**هُوَ اللَّهُ الَّذِي لَا إِلَهَ إِلَّا هُوَ عَالِمُ الْغَيْبِ وَالشَّهَادَةِ هُوَ الرَّحْمَنُ الرَّحِيمُ۝** ထို အရှင်သည် ပရမတ်ဘုရားရှင် ဖြစ်၏။ အရှင်မှအပ အခြား ဘုရားဟူ၍ မရှိ။ မျက်ကွယ် မျက်မှောက် သိနေသော ထို အရှင်သည် ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၂၃။	**هُوَ اللَّهُ الَّذِي لَا إِلَهَ إِلَّا هُوَ الْمَلِكُ الْقُدُّوسُ السَّلَامُ الْمُؤْمِنُ الْمُهَيْمِنُ الْعَزِيزُ الْجَبَّارُ الْمُتَكَبِّرُ سُبْحَانَ اللَّهِ عَمَّا يُشْرِكُونَ۝** ထို အရှင်သည် ပရမတ်ဘုရားရှင် ဖြစ်၏။ အရှင်မှအပ အခြား ဘုရားဟူ၍ မရှိ။ အရှင်သည် အာဏာတည်ရာ အရှင်၊ မြတ်စွာသော အရှင်၊ ငြိမ်းချမ်းစေသောအရှင်၊ ယုံကြည်ပုံအပ်ရမည့် အရှင်၊ စောင့်ရှောက်သောအရှင်၊ ဘုန်းတော် အရှင်၊ မပုန်ကန်နိုင်သော အရှင်၊ အကြီးကျယ်ဆုံးသော အရှင် ဖြစ်၏။ ဦးထိပ်ထားရာ ပရမတ်ဘုရားရှင်သည် ရောပြွန်း ကိုးကွယ်ရာတို့မှ ကင်းစင်၏။
၂၄။ အနှောင်အဖွဲ့ကင်း	**هُوَ اللَّهُ الْخَالِقُ الْبَارِئُ الْمُصَوِّرُ لَهُ الْأَسْمَاء الْحُسْنَى يُسَبِّحُ لَهُ مَا فِي السَّمَاوَاتِ وَالْأَرْضِ وَهُوَ الْعَزِيزُ الْحَكِيمُ۝** အရှင်သည် ပရမတ်ဘုရားရှင် ဖြစ်၏၊ ဖြစ်တည်စေသောအရှင်၊ **စင်ကြယ်သော**အရှင်၊ ပုံစံချပေးသောအရှင် ဖြစ်၏။ သပ္ပါယ်သော ဂုဏ်တော်တိုင်းသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ မိုးများအတွင်း မြေအတွင်း ရှိသမျှတို့သည် အရှင့်အား ဦးထိပ်ထားနေကြ၏။ အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။

ဓမ္မခန္ဓာ (၆၀) စစ်ဆေးခံရသည့် သူမ (အလ် မွန်မ်တဟိနာဟ်)

ဉာဏ်စဉ်ကိန်း၀ပ်ပေးမှု အမှတ်စဉ် (၉၁)၊ သုတ်ဒေသနာ (၁၃)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**يَا أَيُّهَا الَّذِينَ آمَنُوا لَا تَتَّخِذُوا عَدُوِّي وَعَدُوَّكُمْ أَوْلِيَاء تُلْقُونَ إِلَيْهِم بِالْمَوَدَّةِ وَقَدْ كَفَرُوا بِمَا جَاءكُم مِّنَ الْحَقِّ يُخْرِجُونَ الرَّسُولَ وَإِيَّاكُمْ أَن تُؤْمِنُوا بِاللَّهِ رَبِّكُمْ إِن كُنتُمْ خَرَجْتُمْ جِهَادًا فِي سَبِيلِي وَابْتِغَاء مَرْضَاتِي تُسِرُّونَ إِلَيْهِم بِالْمَوَدَّةِ وَأَنَا أَعْلَمُ بِمَا أَخْفَيْتُمْ وَمَا أَعْلَنتُمْ وَمَن يَفْعَلْهُ مِنكُمْ فَقَدْ ضَلَّ سَوَاء السَّبِيلِ**۞ အို– ယုံကြည်သော သူတို့၊ ငါ့အား စည်းဖေါက်သူများ သင်တို့အား စည်းဖေါက်များအား မဟာမိတ် အဖြစ် မယူမှတ်ကြနှင့်၊ သင်တို့ ထံသို့ ရောက်လာသော သစ္စာတရားကို ဖုံးကွယ်ပစ်လျက် သင်တို့သည် ပရမတ်ဘုရားရှင်၊ ကံကြမ္မာရှင်အား ယုံကြည်ခြင်းကြောင့် ဉာဏ်စဉ်တော်ဆောင်နှင့် သင်တို့ကိုယ်တိုင်အား မောင်းထုတ်ခဲ့သော သူတို့အား လိုလိုလားလား ကမ်းလှမ်းကြမည်လော။ သင်တို့သည် ငါအရှင်၏ လမ်းစဉ်တော်၌ အားစိုက်ဆောင်ရွက်ရန် ထွက်ခွာခဲ့ကြ၍ ငါအရှင်၏ ကျေနပ်နှစ်သက်မှုကို ရှာဖွေပါလျက် သူတို့အား ကြိတ်၍ လိုလားနေဦးမည်လော။ ငါအရှင်သည် သင်တို့၏ လျှို့ဝှက်ရာ လူသိရှင်ကြားပြုရာများကို အသိဆုံး ဖြစ်တော်မူ၏၊ သင်တို့အနက် ထိုသို့ ပြုလုပ်သူသည် ပုံစံချပြီး လမ်းစဉ်မှ မုချ လွဲချော်ရလေပြီ။[၁၀၅၀]
၂။	**إِن يَثْقَفُوكُمْ يَكُونُوا لَكُمْ أَعْدَاء وَيَبْسُطُوا إِلَيْكُمْ أَيْدِيَهُمْ وَأَلْسِنَتَهُم بِالسُّوءِ وَوَدُّوا لَوْ تَكْفُرُونَ**۞ သူတို့သည် သင်တို့အား ထိပ်တိုက်တိုးလျှင် သင်တို့အား စည်းဖေါက်သူများ ဖြစ်လတ္တံ့၊ သင်တို့ထံသို့ သူတို့၏ လက်များကို ဆန့်ထုတ်လျက် အကုသိုလ်များဖြင့် နှတ်လျှာကြမ်းကြလတ္တံ့၊ သင်တို့အား ဖုံးကွယ်မှောင်ချသူများ ဖြစ်စေလိုကြ၏။
၃။ အချို့	**لَن تَنفَعَكُمْ أَرْحَامُكُمْ وَلَا أَوْلَادُكُمْ يَوْمَ الْقِيَامَةِ يَفْصِلُ بَيْنَكُمْ وَاللَّهُ بِمَا تَعْمَلُونَ بَصِيرٌ**۞ သင်တို့၏ **မွေးရာပါအခွင့်အရေးရှိသူများ** သင်တို့၏ ရင်သွေးများသည် သင်တို့အတွက် အကျိုးရှိစေမည် မဟုတ်ချေ။ ရပ်တည်ရသော နေ့ကာလ၌ သင်တို့၏ကြား ရှင်းလင်းဆုံးဖြတ်တော်မူလတ္တံ့။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင် ဖြစ်၏။
၄။	**قَدْ كَانَتْ لَكُمْ أُسْوَةٌ حَسَنَةٌ فِي إِبْرَاهِيمَ وَالَّذِينَ مَعَهُ إِذْ قَالُوا لِقَوْمِهِمْ إِنَّا بُرَاء مِنكُمْ وَمِمَّا تَعْبُدُونَ مِن دُونِ اللَّهِ كَفَرْنَا بِكُمْ وَبَدَا بَيْنَنَا وَبَيْنَكُمُ الْعَدَاوَةُ وَالْبَغْضَاء أَبَدًا حَتَّى تُؤْمِنُوا بِاللَّهِ وَحْدَهُ إِلَّا قَوْلَ إِبْرَاهِيمَ**

(၁၀၅၀) ဤသုတ်တော်တွင် အစ္စလာမ် သာသနာဝင်များ အတွက် ချစ်ခင်နှစ်သက်စွာ မပေါင်းသင်းရဟု တားမြစ်ထားသော သူများမှာ မွတ်ဆလင် မဟုတ်သူ အားလုံးကို မဆိုလိုပေ။ မိမိ၏ ဘာသာတရားကို လွတ်လပ်စွာ ယုံကြည်ခွင့်မပြုသော တဖက်သတ် ရန်ရှာသူများကိုသာ ဆိုလိုပေသည်။ ထိုအကြောင်းကို သုတ်တော် ၈ နှင့် ၉ တွင် အတိုအကျ ပြဋ္ဌာန်းထားပေသည်။

	لِأَبِيهِ لَأَسْتَغْفِرَنَّ لَكَ وَمَا أَمْلِكُ لَكَ مِنَ اللَّهِ مِن شَيْءٍ رَّبَّنَا عَلَيْكَ تَوَكَّلْنَا وَإِلَيْكَ أَنَبْنَا وَإِلَيْكَ الْمَصِيرُ۞ သင်တို့အတွက် အတင့်တယ်ဆုံး စံနမူနာစံခု ရှိသည်မှာ– အီဗရာဟီးမ်နှင့် သူနှင့် အတူရှိသောသူတို့ ဖြစ်၏။ သူတို့က သူတို့၏ လူမျိုးအား ''သင်တို့နှင့် ဖြစ်စေ၊ ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့ ကိုးကွယ်သည့် အရာများနှင့် ဖြစ်စေ ကျွန်ုပ်တို့ ကင်းရှင်း၏၊ ကျွန်ုပ်တို့သည် ပယ်ရှားလိုက်ပြီ။ သင်တို့သည် ပရမတ်ဘုရားရှင်အား တစ်ပါးတည်း သီးသန့် မယုံကြည်သ၍ သင်တို့၏ကြား ကျွန်ုပ်တို့၏ကြား၌ စည်းဖေါက်မှု အာဃာတထားမှုသာ ပေါ်နေလတ္တံ့၊''ဟု ပြောဆို၏။ အီဗရာဟီးမ်က သူ၏ ဖခင်အား ''ကျွန်ုပ်သည် သင့်၏ လွတ်ငြိမ်းခွင့်ကိုပန်ခဲ့၏၊ သို့သော် ပရမတ်ဘုရားရှင်အား ဂုဏ်ပြိုင်၍ သင့်အား အာဏာသက်ရောက်နိုင်စရာ ကျွန်ုပ်တွင် မရှိပါ။''ဟု ဆိုခြင်းသည် သီးခြား ဖြစ်၏။ သူတို့က ''အို ကံကြမ္မာရှင် တပည့်တော်တို့သည် အရှင့်အပေါ် ကိုးစားပါ၏၊ အရှင့်ထံသို့သာ ဘက်လှည့်ပါ၏။ အရှင့်ထံသို့သာ တပည့်တော်တို့၏ ခရီးဆုံး ဖြစ်ပါ၏။–
၅။	**رَبَّنَا لَا تَجْعَلْنَا فِتْنَةً لِّلَّذِينَ كَفَرُوا وَاغْفِرْ لَنَا رَبَّنَا إِنَّكَ أَنتَ الْعَزِيزُ الْحَكِيمُ۞** အို– ကံကြမ္မာရှင် တပည့်တော်တို့အား ဖုံးကွယ်သော သူတို့၏ သွေးတိုးစမ်းခံရခြင်းကို မစီစဉ်ပါနှင့်။ တပည့်တော်တို့အား လွတ်ငြိမ်းစေတော်မူပါ၊ အို– ကံကြမ္မာရှင် အရှင်သည်သာ ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်ပါ၏၊''ဟု ရင့်ကျူး၏။
၆။	**لَقَدْ كَانَ لَكُمْ فِيهِمْ أُسْوَةٌ حَسَنَةٌ لِمَن كَانَ يَرْجُو اللَّهَ وَالْيَوْمَ الْآخِرَ وَمَن يَتَوَلَّ فَإِنَّ اللَّهَ هُوَ الْغَنِيُّ الْحَمِيدُ۞** သင်တို့အတွက် သူတို့ထဲ၌ အတင့်တယ်ဆုံး စံနမူ မုချ ရှိနေ၏။ ပရမတ်ဘုရားရှင်နှင့် နောင်ဘဝကာလအား မျှော်ကိုးလေ့ရှိသူတို့ အတွက်ပင် ဖြစ်၏။ ဘက်လှည့်သွားသူတို့– ဇကန်ပင် ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံ၏၊ ရည်သန်ရူးစိုက်မှုတည်ရာ ဖြစ်၏။
၇။	**عَسَى اللَّهُ أَن يَجْعَلَ بَيْنَكُمْ وَبَيْنَ الَّذِينَ عَادَيْتُم مِّنْهُم مَّوَدَّةً وَاللَّهُ قَدِيرٌ وَاللَّهُ غَفُورٌ رَّحِيمٌ۞** ပရမတ်ဘုရားရှင်သည် သင်တို့၏ကြား သင်တို့အား စည်းဖေါက်သော သူများ၏ ကြားတွင် အချင်းချင်းလိုလားမှုကို စီစဉ်နိုင်ရာ၏။ ပရမတ်ဘုရားရှင်သည်ကား စည်းချိန်ချမှတ်သော အရှင် ဖြစ်၏။ ပရမတ်ဘုရားရှင်သည်ကား လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။
၈။	**لَا يَنْهَاكُمُ اللَّهُ عَنِ الَّذِينَ لَمْ يُقَاتِلُوكُمْ فِي الدِّينِ وَلَمْ يُخْرِجُوكُم مِّن دِيَارِكُمْ أَن تَبَرُّوهُمْ وَتُقْسِطُوا إِلَيْهِمْ إِنَّ اللَّهَ يُحِبُّ الْمُقْسِطِينَ۞** ပရမတ်ဘုရားရှင်သည် သင်တို့အား သာသနာရေးကြောင့် စစ်မတိုက်သောသူ၊ သင်တို့၏ အိမ်ဂေဟာများမှ မနှင်ထုတ်သော သူများအတွက် ဟန့်တားတော်မမူချေ။ သူတို့နှင့်အတူ ကောင်းမှုပြုလေ့၊ သမာသမတ်ရှိကြလေ့၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သမာသမတ်ရှိသူတို့အား နှစ်သက်တော်မူ၏။
၉။	**إِنَّمَا يَنْهَاكُمُ اللَّهُ عَنِ الَّذِينَ قَاتَلُوكُمْ فِي الدِّينِ وَأَخْرَجُوكُم مِّن دِيَارِكُمْ وَظَاهَرُوا عَلَى إِخْرَاجِكُمْ أَن تَوَلَّوْهُمْ وَمَن يَتَوَلَّهُمْ فَأُوْلَئِكَ هُمُ الظَّالِمُونَ۞** သင်တို့အား သာသနာရေးကြောင့် စစ်တိုက်သောသူ၊ သင်တို့၏ အိမ်ဂေဟာများမှ နှင်ထုတ်သော သူ၊ သင်တို့အား မောင်းထုတ်စဉ် ကျောထောက်နောက်ခံ ပြုသူတို့ထံ သင်တို့ ဘက်လှည့်ခြင်းကို ဟန့်တားတော်မူ၏။ သူတို့ထံ ဘက်လှည့် သူ၊ ထိုသူတို့သည် အမိုက်ကောင်များ ဖြစ်ကြ၏။
၁၀။	**يَا أَيُّهَا الَّذِينَ آمَنُوا إِذَا جَاءكُمُ الْمُؤْمِنَاتُ مُهَاجِرَاتٍ فَامْتَحِنُوهُنَّ اللَّهُ أَعْلَمُ بِإِيمَانِهِنَّ فَإِنْ عَلِمْتُمُوهُنَّ مُؤْمِنَاتٍ فَلَا تَرْجِعُوهُنَّ إِلَى الْكُفَّارِ لَا هُنَّ حِلٌّ لَّهُمْ وَلَا هُمْ يَحِلُّونَ لَهُنَّ وَآتُوهُم مَّا أَنفَقُوا وَلَا جُنَاحَ عَلَيْكُمْ**

	أَن تَنكِحُوهُنَّ إِذَا آتَيْتُمُوهُنَّ أُجُورَهُنَّ وَلَا تُمْسِكُوا بِعِصَمِ الْكَوَافِرِ وَاسْأَلُوا مَا أَنفَقْتُمْ وَلْيَسْأَلُوا مَا أَنفَقُوا ذَٰلِكُمْ حُكْمُ اللَّهِ يَحْكُمُ بَيْنَكُمْ وَاللَّهُ عَلِيمٌ حَكِيمٌ۝ အို– ယုံကြည်သော သူတို့၊ ယုံကြည်သူမတို့သည် သင်တို့ထံ ပြောင်းရွှေ့ ရောက်လာသောအခါ၊ သူမတို့အား စိစစ်သင့် ၏။ ပရမတ်ဘုရားရှင်သည် သူမတို့၏ ယုံကြည်ချက်ကို အသိဆုံးဖြစ်၏။ သူမတို့သည် ယုံကြည်သောသူမများ ဖြစ် သည်ဟု သင်တို့ တပ်အပ်သိကြလျှင် သူမတို့အား ဖုံးကွယ်သူများထံသို့ ပြန်မပို့ကြနှင့်၊ သူမတို့သည် သူတို့ အတွက် တရားဝင် မဟုတ်ချေ။ သူတို့သည်လည်း သူမတို့အတွက် တရားဝင် မဟုတ်တော့ချေ။ သူတို့ သုံးစွဲခဲ့သည် များကို ပြန်ပေးလိုက်ကြလော့၊[၁၀၅၁] သူမတို့အား မင်္ဂလာဆုလဒ် လက်ဆောင်ပေး၍ သိမ်းဆည်းခြင်းသည် သင်တို့ကို အပြစ် မတင်ထိုက်ချေ။ ဖုံးကွယ်သော သူမတို့ဘက်မှ မားမားရပ် ထိမ်းမထားကြနှင့်၊ သင်တို့ သုံးစွဲခဲ့သည်များကို ပြန်တောင်းကြလော့၊ သူတို့ သုံးစွဲခဲ့သည်များကိုလည်း ပြန်တောင်းစေလော့။[၁၀၅၂] ဤသည် ပရမတ်ဘုရားရှင်၏ စီရင်ထုံးပင် ဖြစ်၏။ အရှင်သည် သင်တို့၏ ကြားဌာ စီရင်ထုံးပြုတော်မူ၏။ ပရမတ်ဘုရားရှင်သည်ကား သိနေသော အရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၁၁။	**وَإِن فَاتَكُمْ شَيْءٌ مِّنْ أَزْوَاجِكُمْ إِلَى الْكُفَّارِ فَعَاقَبْتُمْ فَآتُوا الَّذِينَ ذَهَبَتْ أَزْوَاجُهُم مِّثْلَ مَا أَنفَقُوا وَاتَّقُوا اللَّهَ الَّذِي أَنتُم بِهِ مُؤْمِنُونَ۝** သင်တို့၏ အိမ်ထောင်ဘက်များကြောင့် ဖုံးကွယ်သူများထံသို့ သင်တို့ တစ်စုံတစ်ရာ လက်လွှတ်ခဲ့ရ၍၊ သင်တို့အား ချုပ်ကိုင်ခဲ့လျှင်၊ အိမ်ထောင်ဘက် ထွက်သွားခဲ့သော သူအတွက် သူမတို့အား ပေးသုံးခဲ့သည့် ပမာဏအတိုင်း ပြန်လည် ပေးအပ်စေလော့။ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ အရှင်သည် သင်တို့ ယုံကြည်အပ်သည့် အရှင် ဖြစ်၏။
၁၂။	**يَا أَيُّهَا النَّبِيُّ إِذَا جَاءَكَ الْمُؤْمِنَاتُ يُبَايِعْنَكَ عَلَى أَن لَّا يُشْرِكْنَ بِاللَّهِ شَيْئًا وَلَا يَسْرِقْنَ وَلَا يَزْنِينَ وَلَا**

(၁၀၅၁) ဤသည် စစ်ပွဲကာလတွင် ဖြစ်ပေသည်။ စစ်ပွဲကာလ ဖြစ်သည့်တိုင် အစွန်လာမ် သာသနာသည် မတရား အနိုင်ယူမှုကို တားမြစ်ထားပေသည်။ ရန်သူဘက်မှ အမျိုးသမီးသည် မိမိဘက်သို့ ခိုလှုံလာလျှင် သူမအား ပြန်ပို့ခြင်းသည် ညှင်းပန်းနှိပ်စက်ခံရရန် ငရဲပြည်သို့ ပြန်ပို့ခြင်းကဲ့သို့ သာ ဖြစ်ပေမည်။ ထို့ကြောင့် သူမတို့အား အမှန်တကယ် ဘက်ပြောင်း ယုံကြည်ခြင်း ဟုတ်မဟုတ်ကို သေချာစွာ စစ်ဆေးမေးမြန်းခိုင်းခြင်း ဖြစ်ပေသည်။ အကယ်၍ ဘက်ပြောင်းလာသူ သေချာပါက၊ သူမတို့တွင် လင်ယောကျ်ားများရှိက ထိုလင်ယောကျ်ားတို့အား သူမတို့အတွက် ကုန်ကျခဲ့သည့် အိမ်ထောင်ဖွဲ့မှုအတွက် ကုန်ကျစားရိတ်များကို ပြန်ပေးရမည်ဟု သမာသမတ်ကျစွာ ပညတ်ထားပေသည်။ စစ်သုံ့ပန်းအား မတော်မတရား သိမ်းပိုက်ခွင့် မရှိကြောင်းကို ဤဥပဒေက အတိတကျ ပြဋ္ဌာန်းထားပေသည်။ ထို့ပြင် အမျိုးသမီးဘက်မှလည်း ယခင်လင်ယောကျ်ားဖြင့် မကင်းရှင်းသေးဘဲ အခြားယောကျ်ားတစ်ဦးအား လက်ခံခွင့် မရှိကြောင်း သုတ်တော် ၁၂ လာ "လိင်စည်းဖေါက်မှု မကျူးလွန်ပါ" ဟု သစ္စာဆိုခိုင်းခြင်းက လုံလောက်သော သက်သေ ဖြစ်စေသည်။

(၁၀၅၂) အထက်ပါ ဥပဒေသည် တဘက်သတ် မဟုတ်ကြောင်းကို ဆက်လက်ပါ ဤဥပဒေမှ ဆက်လက် ခိုင်မာစေပေသည်။ အကယ်၍ မိမိဘက်မှ သူတစ်ဦးသည် သစ္စာဖေါက်၍ ရန်သူဘက်သို့ ဝင်ရောက်သွားလျှင်လည်း ထိုသူမမှ ယုံကြည်သူအတွက် တရားမဝင်တော့ချေ။ သူမအတွက် ကုန်ကျခဲ့သည်များကို ပြန်တောင်းခွင့်ရှိ၍၊ သူမအား လွှတ်လပ်စွာ ဆုံးဖြတ်ခွင့် ပေးလိုက်ရပေမည်။ ဤနေရာတွင် အလျဉ်းသင့်၍ **ဇနာ ز نا** ဆိုသည့် ဝေါဟာရအား ရှင်းပြလိုပါသည်၊ **ဇနာ** ကို ဆရာတော်ကြီးများက တရားမဝင်သော ကာမဆက်ဆံမှုဟု ရိုးရှင်းစွာဘာသာပြန်၍ "အလိုမတူဘဲ အဓမ္မပြုကျင့်မှု၊ အသက်မပြည့်သေးသည့် ကလေးငယ်များအား စည်းရုံးသွေးဆောင် ပြုကျင့်မှု၊ စစ်ရာဝတ်ကောင်များ ပြုကျင့်လေ့ ရှိသည့် မုဒိန်းမှု" စသည်တို့အား ခွဲခြားထားခြင်း မရှိပေ၊ အလိုမတူဘဲ အဓမ္မပြုကျင့်ခံရသူများအားလည်း ၂၄း၂ အရ ပြစ်ဒဏ်ပေးခံရမည် ဆိုလျှင် တရားမျှတသော ဥပဒေ တစ်ရပ် ဖြစ်လာတော့မည် မဟုတ်ပေ။ ထို့ကြောင့် ဇနာ၏ ဆိုလိုချက်အား သေချာလေ့လာရန် လိုအပ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် ဇနာ ဟူသည့် ဝေါဟာရအား ၉ ကြိမ်တွေ့ရပြီး အဆိုပါ နေရာတိုင်းတွင် ကြာကူလီလိုက်သည့် သဘောကိုသာ ဆိုလိုကြောင်း ထင်ရှားလှပေသည်။ အမျိုးသမီး တစ်ဦးသည် တစ်ပြိုင်နက်တွင် ယောကျ်ား တစ်ဦးထက် ပို၍ လိင်ဆက်ဆံခွင့် မရှိ၊ (တစ်ပြိုင်နက် ဆိုသည်မှာ – အချိန်ကာလ တစ်ခု အတွင်းကို ဆိုလိုသည်။) ပထမ လင်ယောကျ်ားဖြင့် ကင်းကွာပြီး အချိန် ၃ လ ဖြစ်မှသာလျှင် အခြား ယောကျ်ားတစ်ဦးဖြင့် ပေါင်းသင်းခွင့် ရှိကြောင်း ဖြစ်ရာ၄ အရ သတ်မှတ်နိုင်ပေသည်။ သို့မဟုတ်က (၁) ယောကျ်ားချင်း ပြဿနာတက် သတ်ဖြတ် တိုက်ခိုက်မှုများ ဖြစ်လာနိုင်သည်။ (၂) ကိုယ်ဝန် လက်သည် ပြဿနာများ ဖြစ်လာနိုင်သည်။ ထိုသို့သော အခြေအနေများကြောင့် ဇနာမှုနှင့် ပတ်သက်၍ တားမြစ်ရာတွင် – အမျိုးသမီးကို ပထမဆုံး ဖေါ်ပြ၍ (၂၄း၂) အမျိုးသားအား ဒုတိယ နေရာမှ ဖေါ်ပြခြင်း ဖြစ်သည်။ အမျိုးသားများအားလည်း ကာမပိုင် ဖြစ်နေသော (အခြားတစ်ယောက်ဖြင့် လိင်ဆက်ဆံမှု ရှိနေသော) အမျိုးသမီးတို့အား ကာမမှု မချည်းကပ်ရန်တားမြစ်ခြင်း ဖြစ်၍ – အကယ်၍ ထိုဥပဒေအား မလိုက်နာဘဲ ကြာကူလီလိုက်ပါက ကြာကူလီမ ကြာကူလီထီးတို့အား ထိရောက်စွာ အရေးယူရန် ၂၄း၂ တွင် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။

	يَقْتُلْنَ أَوْلَادَهُنَّ وَلَا يَأْتِينَ بِبُهْتَانٍ يَفْتَرِينَهُ بَيْنَ أَيْدِيهِنَّ وَأَرْجُلِهِنَّ وَلَا يَعْصِينَكَ فِي مَعْرُوفٍ فَبَايِعْهُنَّ وَاسْتَغْفِرْ لَهُنَّ اللَّهَ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ۝ အို– သတင်းတော်ဆောင်၊ ယုံကြည်သူမတို့သည် သင့်ထံသို့ ရောက်ရှိလာခဲ့လျှင်၊ သင့်ထံ၌ ''ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်နှင့် တစ်စုံတစ်ရာကို ရောပြွန်းကိုးကွယ်ခြင်း မပြုပါ၊ ခိုးဝှက်ခြင်း မပြုပါ၊ လိင်စည်းဖေါက်ခြင်း မပြုပါ၊ ရင်သွေးများကို မသတ်ဖြတ်ပါ၊ ခြေစုံရပ်လျက် လက်ရှိ–မျက်မှောက် သိက္ခာကျစရာ လုပ်ကြံဖန်တီးမှုကို ဆောင်ကြဉ်း ပုတ်ခတ်ခြင်းမပြုပါ၊ အသင့်ကို အသိအမှတ်ပြုခြင်း၌ အာမခံပါ၊''ဟူသော ကတိသစ္စာဖြင့် ကတိသစ္စာ ပြုစေ၍၊ သူမတို့ အတွက် ပရမတ်ဘုရားရှင် ထံ၌ လွတ်ငြိမ်းဆုပန်ပေးလော့။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင်အကြင်နာရှင် ဖြစ်၏။
၁၃။	**يَا أَيُّهَا الَّذِينَ آمَنُوا لَا تَتَوَلَّوْا قَوْمًا غَضِبَ اللَّهُ عَلَيْهِمْ قَدْ يَئِسُوا مِنَ الْآخِرَةِ كَمَا يَئِسَ الْكُفَّارُ مِنْ أَصْحَابِ الْقُبُورِ۝** အို– ယုံကြည်သော သူတို့၊ ပရမတ်ဘုရားရှင်က ကံကြီးသင့်စေသော လူမျိုးထံ ဘက်မလှည့်ကြနှင့်၊ သူတို့သည် သင်းချိုင်းများ၏ ပေါင်းဖေါ်တို့ အတွက် ဖုံးကွယ်သူတို့ လက်လျော့ခြင်းမျိုးဖြင့် နောင်ဘဝ၌ လက်လျော့ရကြလတ္တံ့။

ဓမ္မခန္ဓာ (၆၁) အဆင့်အတန်းများ (အလံ ဆွဖ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၉)၊ သုတ်ဒေသနာ (၁၄)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁။]

၁။	**سَبَّحَ لِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَهُوَ الْعَزِيزُ الْحَكِيمُ۞** မိုးများအတွင်း မြေကမ္ဘာအတွင်း ရှိသမျှတို့သည် ပရမတ်ဘုရားရှင်အား ဦးထိပ်ထားနေကြ၏၊ အရှင်သည်ကား ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၂။	**يَا أَيُّهَا الَّذِينَ آمَنُوا لِمَ تَقُولُونَ مَا لَا تَفْعَلُونَ۞** အို –ယုံကြည်သော သူတို့၊ သင်တို့ မပြုလုပ်သော အရာကို အဘယ်ကြောင့် ပြောဆိုကြသနည်း။
၃။	**كَبُرَ مَقْتًا عِندَ اللَّهِ أَن تَقُولُوا مَا لَا تَفْعَلُونَ۞** မပြုလုပ်သည်အား ပြောဆိုခြင်းသည် ပရမတ်ဘုရားရှင်၏ ထံတော်၌ ကြီးကျယ်သော ရွံမုန်းဘွယ် ဖြစ်၏။[၁၀၅၃]
၄။	**إِنَّ اللَّهَ يُحِبُّ الَّذِينَ يُقَاتِلُونَ فِي سَبِيلِهِ صَفًّا كَأَنَّهُم بُنيَانٌ مَّرْصُوصٌ۞** ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ အစီအစဉ်ဖြင့် ခုခံတော်လှန်သော သူများကို အရှင်သည် နှစ်သက်တော်မူ၏။ သင်တို့သည် မဟာဗျူဟာမြောက် အဆောက်အအုံကဲ့သို့ ဖြစ်သင့်၏။
၅။	**وَإِذْ قَالَ مُوسَى لِقَوْمِهِ يَا قَوْمِ لِمَ تُؤْذُونَنِي وَقَد تَّعْلَمُونَ أَنِّي رَسُولُ اللَّهِ إِلَيْكُمْ فَلَمَّا زَاغُوا أَزَاغَ اللَّهُ قُلُوبَهُمْ وَاللَّهُ لَا يَهْدِي الْقَوْمَ الْفَاسِقِينَ۞** မူဆာက သူ့လူမျိုးတို့အား ‘‘အို– ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည် သင်တို့ထံသို့ ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင် ဖြစ်သည်ကို မုချ သိနေပါလျက်– အဘယ်ကြောင့် ကျွန်ုပ်အား ထိခိုက်နစ်နာစေသနည်း၊’’ဟု ပြော၏။ သို့သော် သူတို့ တိမ်းပါးနေကြစဉ်၊ ပရမတ်ဘုရားရှင်သည် သူတို့၏ နှလုံးသားကို တိမ်းပါးစေ၏၊ ပရမတ်ဘုရားရှင်သည် ယုတ်မာသော လူမျိုးအား လမ်းညွှန်တော်မမူချေ။
၆။	**وَإِذْ قَالَ عِيسَى ابْنُ مَرْيَمَ يَا بَنِي إِسْرَائِيلَ إِنِّي رَسُولُ اللَّهِ إِلَيْكُم مُّصَدِّقًا لِّمَا بَيْنَ يَدَيَّ مِنَ التَّوْرَاةِ وَمُبَشِّرًا بِرَسُولٍ يَأْتِي مِن بَعْدِي اسْمُهُ أَحْمَدُ فَلَمَّا جَاءهُم بِالْبَيِّنَاتِ قَالُوا هَذَا سِحْرٌ مُّبِينٌ۞** မာရိ၏သား ယေရှုက ‘‘အို– ဣသရေလမျိုးတို့၊ ကျွန်ုပ်သည် သင်တို့ထံသို့ ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင် ဖြစ်၏။ သင်တို့၏ လက်ရှိ–မျက်မှောက် တိုရာဂျမ်းကို ဖြောင့်မှန်စေ၍၊ ကျွန်ုပ်၏နောက် ပွင့်ပေါ်မည့် **မေတ္တာရှင်** မည်သော

(၁၀၅၃) လူသားသည် သဘာဝအားဖြင့် အကြွားသန်သော ဇာတိရှိပေသည်။ အစွယ်လာမ်သာသနာက မိမိလက်တွေ့မပြုလုပ်ဘဲလျက် ပြုလုပ်လေဟန်ဖြင့် ကြွားဝါပြောဆိုခြင်းများကို တားမြစ်ထားပေသည်။ ဤဥပဒေအရကြည့်လျှင် ယုတ်စွအဆုံး– လင်မယား ကွာရှင်းမှုတွင်ပင် တစ်ကြိမ်တစ်ခါ စိတ်လိုက်မာန်ပါ ကွာရှင်းမိသည်ကို သုံးကြိမ်ဖြစ်သည်ဟု အမှန်တကယ် လက်တွေ့ မပြုလုပ်သည်ကို ပြုလုပ်လေဟန် ပြောဆိုခြင်းသည် တရားမဝင်ချေ။ သို့ဖြစ်၍ အစွယ်လာမ် ခေါင်းစဉ်အောက်၌ ခိုလှုံပြီးသား မိမိကိုယ်မိမိ မွတ်ဆလင်ဟု ခံယူထားသူများကိုပင်– ယုံကြည်မှုဘက်ဆီသို့ သို့မဟုတ် လက်တွေ့ လိုက်နာကျင့်သုံးမှုဘက်ဆီသို့ ထပ်ပြန်တလဲလဲ ချည်းကပ်တိုးဝင်ရန် ပြောဆိုထားပေသည်။ ၄၉း၁၄

	ဉာဏ်စဉ်တော်ဆောင် အကြောင်း သတင်းကောင်းကို ပါး၏။''ဟု ဆို၏။ သို့သော် သူသည် သူတို့ထံ ရှင်းလင်းချက်များနှင့် ရောက်လာစဉ်၊ သူတို့က ''ဤသည် ရှင်းလင်းထင်ရှားသော မှော်အတတ်သာ ဖြစ်၏၊''ဟု ပြောကြ၏။[၁၀၅၄]
၇။	**وَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللَّهِ الْكَذِبَ وَهُوَ يُدْعَى إِلَى الْإِسْلَامِ وَاللَّهُ لَا يَهْدِي الْقَوْمَ الظَّالِمِينَ۞** အစွဖလာမ်ဘက်သို့ ဖိတ်ခေါ်ခံရပါလျက် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်ညာ လုပ်ကြံဖန်တီးသူထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း။ ပရမတ်ဘုရားရှင်သည် မိုက်ကြေးခွဲသော လူမျိုးအား လမ်းညွှန်တော် မမူချေ။
၈။	**يُرِيدُونَ لِيُطْفِؤُوا نُورَ اللَّهِ بِأَفْوَاهِهِمْ وَاللَّهُ مُتِمُّ نُورِهِ وَلَوْ كَرِهَ الْكَافِرُونَ۞** သူတို့သည် ပရမတ်ဘုရားရှင်၏ ရောင်ခြည်တော်အား သူတို့၏ ပါးစပ်များဖြင့် မှုတ်ငြိမ်းလိုကြ၏။ ဖုံးကွယ်သူတို့သည် မည်မျှပင် မုန်းတီးငြားသော်လည်း ပရမတ်ဘုရားရှင်သည် အရှင်၏ ရောင်ခြည်တော်အား ပြည့်စုံစေလတ္တံ့။[၁၀၅၅]
၉။	**هُوَ الَّذِي أَرْسَلَ رَسُولَهُ بِالْهُدَى وَدِينِ الْحَقِّ لِيُظْهِرَهُ عَلَى الدِّينِ كُلِّهِ وَلَوْ كَرِهَ الْمُشْرِكُونَ۞** အရှင်သည် အရှင်၏ ဉာဏ်စဉ်ဆောင်အား လမ်းညွှန်တော်၊ မှန်ကန်သော သာသနာတော်ဖြင့် စေစားသော အရှင်ဖြစ်၏။ ရောပြွန်းကိုးကွယ်သူတို့ မုန်းတီးသော်လည်း ၎င်းသည် သာသနာအားလုံးအပေါ်၌ ဖူးခြာဖြစ်စေလတ္တံ့။
၁၀။	**يَا أَيُّهَا الَّذِينَ آمَنُوا هَلْ أَدُلُّكُمْ عَلَى تِجَارَةٍ تُنجِيكُم مِّنْ عَذَابٍ أَلِيمٍ۞** အို– ယုံကြည်သောသူတို့၊ သင်တို့အား စူးနစ်နာကျင်သော ဝဋ်ကြွေးမှ လွတ်မြောက်စေမည့် ရောင်းဝယ်ခြင်းကို ငါ ညွှန်ပြရမည်လော။
၁၁။	**تُؤْمِنُونَ بِاللَّهِ وَرَسُولِهِ وَتُجَاهِدُونَ فِي سَبِيلِ اللَّهِ بِأَمْوَالِكُمْ وَأَنفُسِكُمْ ذَلِكُمْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ۞** ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား ယုံကြည်ကြလော့၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ သင်တို့၏ ဥစ္စာပစ္စည်း ဉာဉ်စရိုက်များဖြင့် အားစိုက်ဆောင်ရွက်လော့၊ ဤသည် သင်တို့အတွက် ပိုကောင်း၏၊ သင်တို့ သိကြပါလေစ။
၁၂။	**يَغْفِرْ لَكُمْ ذُنُوبَكُمْ وَيُدْخِلْكُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ وَمَسَاكِنَ طَيِّبَةً فِي جَنَّاتِ عَدْنٍ ذَلِكَ الْفَوْزُ الْعَظِيمُ۞** သင်တို့၏ အပြစ်များမှ လွတ်ငြိမ်းစေ၍ သင်တို့အား အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများသို့ ဝင်ရောက်စေလတ္တံ့။ ထိုထာဝရ ဥယျာဉ်များ၌ စင်ကြယ်သော အခြေချရာတို့သည် ရှိ၏။ ဤသည် မဟာ အောင်ပွဲပင် ဖြစ်၏။
၁၃။	**وَأُخْرَى تُحِبُّونَهَا نَصْرٌ مِّنَ اللَّهِ وَفَتْحٌ قَرِيبٌ وَبَشِّرِ الْمُؤْمِنِينَ۞** သင်တို့အား နှစ်သက်စေသော အခြားတစ်ခုမှာ၊ ပရမတ်ဘုရားရှင်၏ အကူအညီနှင့် ထွက်ပေါက်သည် နီးကပ်လာ

(၁၀၅၄) ဤနေရာ၌ ကိုယ်တော်ယေရှုက ကျွန်ုပ်တို့အား သူ၏နောက်တွင် မေတ္တာရှင် (အဟာမဒ်) မည်သော ဉာဏ်စဉ်တော်ဆောင်တစ်ပါး ပွင့်ပေါ်ဦးမည့် သတင်းကောင်းကို ပေးထားပေသည်။ နောက်ဆုံးပွင့် ဖြစ်သော ကိုယ်တော်သည် မုဟမ္မဒ်၊ အဟာမဒ် ဟူသော အမည်နာမနှစ်မျိုးဖြင့် ကျော်ဇောကြောင်း သမိုင်းတွင် ဖျောက်ဖျက်၍ မရပေ။ အာရ်ဗီဝေါဟာရ မုဟမ္မဒ်နှင့် အဟာမဒ်မှာ ရင်းမြစ်စကားလုံး ဟမဒ (ဟမ်ဒွန်) မေတ္တာပို့ခြင်း၊ ရန်သန်စူးစိုက်ခြင်း၊ ချီးကျူးခြင်း၊ ချစ်ခင်မြတ်နိုးအပ်ခြင်း ဆိုသည်မှ ဆင့်ပွားခြင်း ဖြစ်ကြောင်း အာရ်ဗီစာပေ တတ်မြောက်သူတိုင်း သိနားလည်ပြီး ဖြစ်ပေသည်။ ဤသုတ်တော်မှ ပြောဆိုသော အဟာမဒ် (မေတ္တာရှင်) ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်ပင် ဖြစ်ကြောင်း နောက်ဆက်ဖော်ပြပါသုတ်တော်မှ ''အစွဖလာမ်ဘက်သို့ ဖိတ်ခေါ်သည်''ဟူသော စကားလုံးက ခိုင်မာစွာ သက်သေပြလျက် ရှိနေပေသည်။ (အောက်ခြေ ၁၀၅၆ တွင် ဆက် ကြည့်ပါ)

(၁၀၅၅) ဤသုတ်တော်တွင် ပရမတ်ဘုရားရှင်၏ ချမှတ်ပေးသော ဒေသနာ ရောင်ဝါ အစစ်အမှန်ဖြစ်သည့် အစွဖလာမ်သာသနာအား မလိုမုန်းထား သူများက ဝါဒဖြန့်ခြင်း၊ ပုံပြင်ဒဏ္ဍာရီများ ဖန်တီးခြင်း၊ သမိုင်းမှားများ ဇတ်လမ်းဆင်ခြင်း ပုတ်ခတ်ပြောဆိုခြင်း စသည့် နည်းမျိုးစုံဖြင့် မှေးမှိန်အောင် ကြိုးပမ်းဆောင်ရွက်နေကြောင်းကို ပြောဆိုထားပြီး၊ မည်သူက မည်မျှပင် ကြိုးပမ်းအားထုတ်သော်လည်း ပရမတ်ဘုရားရှင်၏ ဒေသနာ ရောင်ဝါ အစစ်ဖြစ်သော အစွဖလာမ်သာသနာသည် ထွန်းတောက်လင်းဝင်းလာမည်သာ ဖြစ်ကြောင်း တိကျသေချာသော ကတိတော်ကို ပေးထားပေသည်။

	ချေပြီ။ ယုံကြည်သူများအတွက် သတင်းကောင်းကို ပါးလေ့။
၁၄။ ☆၃း၅၂	**يَا أَيُّهَا الَّذِينَ آمَنُوا كُونوا أَنصَارَ اللَّهِ كَمَا قَالَ عِيسَى ابْنُ مَرْيَمَ لِلْحَوَارِيِّينَ مَنْ أَنصَارِي إِلَى اللَّهِ قَالَ الْحَوَارِيُّونَ نَحْنُ أَنصَارُ اللَّهِ فَآمَنَت طَّائِفَةٌ مِّن بَنِي إِسْرَائِيلَ وَكَفَرَت طَّائِفَةٌ فَأَيَّدْنَا الَّذِينَ آمَنُوا عَلَى عَدُوِّهِمْ فَأَصْبَحُوا ظَاهِرِينَ۝** အို– ယုံကြည်သော သူတို့၊ သင်တို့သည် ဤသို့ ပရမတ်ဘုရားရှင်၏ ကူညီသူများ ဖြစ်ကြကုန်လော့၊– မာရိ၏သား ယေရှုက ဝတ်ရုံဖြူတို့အား☆ "ပရမတ်ဘုရားရှင်အတွက် မည်သူသည် ကျွန်ုပ်အတွက် အကူဖြစ်သနည်း၊"ဟု မေးသော်၊ ဝတ်ရုံဖြူများက "ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်၏ ကူညီသူများ ဖြစ်ကြပါ၏"ဟု ပြန်ပြောကြ၏။ သို့ဖြင့် ဣသရေလူမျိုးမှ တစ်စုသည် ယုံကြည်ကြ၍၊ တစ်စုသည် ဖုံးကွယ်မှောင်ချကြ၏။ ငါအရှင်သည် ယုံကြည်သော သူတို့အား ထောက်ပံ့ပေး၍ သူတို့အပေါ် စည်းဖေါက်သူများ ထက် ပေါ်ပြူလာ ဖြစ်လာကြ၏။[၁၀၅၆]

(၁၀၅၆) ကိုယ်တော်ယေရှုသည် ကမ္ဘာလူသားအားလုံး အတွက် လမ်းပြကယ်တင်ရန် ပွင့်ပေါ်လာခဲ့ခြင်း မဟုတ်ချေ။ ဣသရေလမျိုးများအား ပြုပြင်ပြောင်းလဲရန် ပွင့်ပေါ်ခဲ့ခြင်းသာ ဖြစ်ပေသည်။ သို့အတွက် သူပြောလိုသော စကားများကို သူ ပွင့်ပေါ်စဉ်ကာလ၌ ပြောဆိုရန် အချိန်မဟုတ်သေး နောက်တစ်ပါး ထပ်မံပွင့်ပေါ်၍ ပြောလိမ့်မည်ဟု ပြောဆိုခဲ့ပေသည်၊ ဓမ္မသစ် ရှင်ယောဟန် ၁၆း၁၂။ ဤနေရာ၌ ရှင်းလင်းရန် ရှိသည်မှာ– ကိုယ်တော် ယေရှုသည် မေတ္တာရှင် (အဟာမဒ်) ပွင့်ပေါ်ဦးမည်ဟု အမှန်တကယ် ပြောဆိုခဲ့သလောဟူသည်ပင်။ ထိုအတွက် အဖြေသည်ကား အမှန်တကယ် ပြောဆိုခဲ့၏။ သို့သော် လက်ရှိ သမ္မာကျမ်းစာ ဘာသာပြန်များတွင် အဟာမဒ်ဟူသော အမည်နာမကို ဖော်ပြခြင်း မရှိတော့ဘဲ၊ ဂရိမှတ်တမ်း သမ္မာကျမ်း၌ Paraclete ဟုလည်းကောင်း၊ အင်္ဂလိပ်ဘာသာပြန်များ၌ Comforter ဟုလည်းကောင်း ထိုဂရိ အင်္ဂလိပ်တို့မှာ ပြန်လည်၍ ဘာသာပြန်ထားသော အာရ်ဗီစာဖြင့် သမ္မာကျမ်းစာ၌ **မုဟမ္မဒ်ရိ**ဟု လည်းကောင်း မြန်မာ ဘာသာပြန်၌ **ဥပဇ္ဈာယ်ဆရာ**ဟုလည်းကောင်း ဖော်ပြထားပေသည်၊ ရှင်ယောဟန် ၁၄း၁၆။ သို့သော် ခရစ်ယာန်များက ထိုဥပဇ္ဈာယ်ဆရာ ဆိုသည်မှာ လူသားမဟုတ်ဘဲ သန့်ရှင်းသော ဝိညာဉ်တော်သာ ဖြစ်သည်ဟု ပြောဆိုလေ့ရှိပေသည်။ ထိုသန့်ရှင်းသော ဝိညာဉ်တော်သည် သမ္မာကျမ်းအား သီကုံးရေးသားသော ကျမ်းပြုဆရာများအား ကိန်းဝပ်သက်ဝင်လျက် သမ္မာကျမ်းကို ရေးသားစေသည်ဟုလည်း အချို့က ဆိုကြပေသည်။

သို့သော် ထိုဥပဇ္ဈာယ်ဆရာ ဆိုသည်မှာ လူသားစင်စစ်သာ ဖြစ်ကြောင်း ရှင်ယောဟန် ၁၆း၈ တွင် "ဥပဇ္ဈာယ်ဆရာသည် ရောက်လာလျှင်၊ ဒုစရိုက်အပြစ်ကိုလည်း၊ အပြစ်ကင်းခြင်းကိုလည်း၊ အပြစ်စီရင်ခြင်းကိုလည်း၊ လောကီသားတို့အား ထင်ရှားစွာ ဖေါ်ပြမည်၊" ဟုလည်းကောင်း၊ ၁၆း၂၃ တွင် သင်တို့အား ငါ ပြောစရာ စကား အများရှိသော်လည်း၊ သင်တို့သည် ယခု မခံနိုင်ကြ၊ သမ္မာတရားနှင့် ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မတရားကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။ နောင်လာလတံ့သော အရာတို့ကိုလည်း သင်တို့အား ဘော်ပြလိမ့်မည်။ **ထိုသူသည်** ငါ့ဘုန်းကို ထင်ရှားစေလိမ့်မည်။" ဟု ဆိုထားပေသည်။ ဝိညာဉ်တော် သို့မဟုတ် ဥပဇ္ဈာယ်ဆရာ ဆိုသည်မှာ လူသားပင် ဖြစ်ကြောင်း **ထိုသူသည်** ဟူသော စကားလုံးက အတိအကျ သက်သေခံလျက် ရှိပေသည်။

ထို့ပြင် ကိုယ်တော် ယေရှုကိုယ်တိုင်က "ငါ ပြောစရာ စကား အများရှိသော်လည်း သင်တို့သည် ယခု မခံနိုင်ကြ၊"ဟု ပြောဆိုထားသည်မှာ သူ သွန်သင်ခဲ့သော သွန်သင်မှုများမှာ ယခုပြည့်စုံမှု မရှိသေးဟု ရိုးရိုးရှင်းရှင်း ပြောဆိုထားခြင်းပင်။ "ထိုဥပဇ္ဈာယ်ဆရာ ရောက်လာမှ သမ္မာတရားတော်ကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြလိမ့်မည်"ဟု တိတိကျကျ ပြောထားပေသည်။ ကမ္ဘာပေါ်ရှိ ဘာသာရေး ကျမ်းများတွင် ဥပဒေရှင်ဒေါင့်မှ ပြည့်စုံ လုံလောက်သည်ဟု တရားဝင် အာမခံထားသော ကျမ်းမှာ ကိုယ်တော်မုဟမ္မဒ်အားဖြင့် ပြဋ္ဌာန်းပေးသော ကျမ်းမြတ်ကုရ်အာန်သာ ဖြစ်ပေသည်။– ထို့ပြင် သူသည် အလိုအလျောက် ပြောမည်မဟုတ်၊ ကြားသမျှကိုသာ ပြောလိမ့်မည်ဟု ဆိုစကားသည် တရားဟောရာကျမ်း ၁၈း၁၈ ပါ "ထိုပရောဖက် နှတ်၌ ငါ့စကားကို အပ်သဖြင့် ငါမှာထားသမျှကို သူတို့အား ဆင့်ဆိုလိမ့်မည်၊"ဟုသော စကားဖြင့် အတူတူပင် ဖြစ်ပေသည်။ ထို့ကြောင့် ဥပဇ္ဈာယ် ဆရာ ဆိုသည်မှာ ထိုပရောဖက်ဖြစ်ကြောင်း လုံးဝ ထင်ရှားနေပေသည်။

နောက်ဆုံးအနေဖြင့် "ဝိညာဉ်တော်" ဆိုသည်ကို "သမ္မာတရားနှင့် ပြည့်စုံသော ဝိညာဉ်တော်"ဟု ဆိုထားပေသည်။ ကျမ်းမြတ်ကုရ်အာန်၏ ၁၇း၈၁ တွင် ကိုယ်တော်မုဟမ္မဒ်အား "သမ္မာတရား သို့မဟုတ် သစ္စာတရား"ဟု အတိအကျ ဆိုထားပေသည်။

ကိုယ်တော်မုဟမ္မဒ်သည် ကိုယ်တော်ယေရှု အပါအဝင် မည်သည့် သတင်းတော်ဆောင်၊ ဉာဏ်စဉ်တော်ဆောင်ကိုမျှ ပြစ်တင်ရှုချလျက် တရားသစ်ကို တီထွင်ထားခြင်း မရှိချေ။ နောက်ပေါက် ဘာသာရေး လူတန်းစားတို့၏ တရားတော်စစ်အား ဖျက်ဆီးလိုက်ပုံများကို ထောက်ပြခြင်းဖြင့် ဉာဏ်စဉ်တော်ဆောင်တို့၏ သိက္ခာကို ပြန်လည်မြှင့်တင်ပေးခြင်းသာ ရှိပေသည်။ ထို့ကြောင့် သမ္မာကျမ်းစာတွင် ဖော်ပြထားသော ဥပဇ္ဈာယ်ဆရာ ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ် (အဟာမဒ်)သာ ဖြစ်သည် ဆိုခြင်းမှာ အငြင်းပွားခြင်း မရနိုင်တော့ပေ။

ဓမ္မခန္ဓာ (၆၂) လူထုစုဝေးပွဲ (အလ်–ဂျွမ္မာအိဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၁၀)၊ သုတ်ဒေသနာ (၁၁)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**يُسَبِّحُ لِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ الْمَلِكِ الْقُدُّوسِ الْعَزِيزِ الْحَكِيمِ۞** မိုးများအတွင်း မြေအတွင်း ရှိသမျှတို့သည် အာဏာတည်ရာအရှင်၊ မြတ်စွာသောအရှင်၊ ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်သော ပရမတ်ဘုရားရှင်အား ဦးထိပ်ထားနေကြ၏။
၂။	**هُوَ الَّذِي بَعَثَ فِي الْأُمِّيِّينَ رَسُولًا مِّنْهُمْ يَتْلُو عَلَيْهِمْ آيَاتِهِ وَيُزَكِّيهِمْ وَيُعَلِّمُهُمُ الْكِتَابَ وَالْحِكْمَةَ وَإِن كَانُوا مِن قَبْلُ لَفِي ضَلَالٍ مُّبِينٍ۞** အရှင်သည် စာပေသမား မဟုတ်သူများထဲမှ သူတို့အား သုတ်ဒေသနာများကို ဖတ်ပြရန်၊ သူတို့အား သန့်ရှင်းဖြူစင်စေရန် ကျမ်းတော်နှင့် စီရင်ထုံးကို သင်ကြားပေးရန် ဉာဏ်စဉ်ဆောင်အား ပွင့်ပေါ်စေသော အရှင်ဖြစ်၏။ သူတို့သည် ရှေ့အလျင်က ရှင်းလင်းထင်ရှားသော လွဲမှားမှုဌ ရှိခဲ့ကြ၏။
၃။	**وَآخَرِينَ مِنْهُمْ لَمَّا يَلْحَقُوا بِهِمْ وَهُوَ الْعَزِيزُ الْحَكِيمُ۞** သူတို့ထံသို့ မပူးပေါင်းသေးသော သူ၊ အခြားသောသူများ အတွက်လည်း ဖြစ်၏။ အရှင်သည်ကား ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၄။	**ذَلِكَ فَضْلُ اللَّهِ يُؤْتِيهِ مَن يَشَاء وَاللَّهُ ذُو الْفَضْلِ الْعَظِيمِ۞** ဤသည် စံချိန်ပြည့်မှီသူအား ချီးမြှင့်သော ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုဖြစ်၏။ ပရမတ်ဘုရားရှင်သည် မဟာ့မဟာ သိက္ခာပေးသော အရှင် ဖြစ်၏။
၅။ ☆၃း၃	**مَثَلُ الَّذِينَ حُمِّلُوا التَّوْرَاةَ ثُمَّ لَمْ يَحْمِلُوهَا كَمَثَلِ الْحِمَارِ يَحْمِلُ أَسْفَارًا بِئْسَ مَثَلُ الْقَوْمِ الَّذِينَ كَذَّبُوا بِآيَاتِ اللَّهِ وَاللَّهُ لَا يَهْدِي الْقَوْمَ الظَّالِمِينَ۞** ☆၃း၃ တိုရာဟ်ကျမ်းအား☆ သယ်ဆောင်လျက် ၎င်းအား တာဝန်မထမ်းသော သူတို့၏ ပမာသည် လမ်းခရီးတစ်လျှောက် ဝန်တင်ထားသော မြည်းသတ္တဝါကဲ့သို့ ဖြစ်၏။ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာတို့အား ငြင်းဆန်သော လူမျိုး၏ ဥပမာသည် အမင်္ဂလာဖြစ်၏။ ပရမတ်ဘုရားရှင်သည် မိုက်ကြေးခွဲသော လူမျိုးအား လမ်းညွှန်တော်မမူချေ။[၁၀၅၇]
၆။ ☆၂း၉၄	**قُلْ يَا أَيُّهَا الَّذِينَ هَادُوا إِن زَعَمْتُمْ أَنَّكُمْ أَوْلِيَاء لِلَّهِ مِن دُونِ النَّاسِ فَتَمَنَّوُا الْمَوْتَ إِن كُنتُمْ صَادِقِينَ۞** ☆၂း၉၄ ဟောလော့ “အို– ရေဝတီ ဖြစ်သူတို့၊ အခြားလူသားများ မှလွဲ၍ သင်တို့သည်သာ ပရမတ်ဘုရားရှင်၏ မဟာမိတ်များ ဖြစ်သည်ဟု ရပ်တည်ပြောဆိုကြသော်– သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် သေခြင်းတရားသို့ ဇောတက်ကြလော့။”☆

(၁၀၅၇) ရှေးကျမ်းတော်ရ လူသားတို့အား ပုံဆောင်ပြောဆိုခြင်းသည် အစွယ်လာမ်သာသနာဝင်များ စံနမူနာစေရန် ပြောဆိုခြင်းများ ဖြစ်၍၊ ကျွန်ုပ်တို့ အစွယ်လာမ် သာသနာဝင်များ အနေဖြင့် ကျမ်းမြတ်ကုရ်အာန်အား ရွတ်ဖတ်နေလျက် ရှေးကျမ်းဝါဒီများကဲ့သို့ မဖြစ်ရန် သတိထားရမည် ဖြစ်သည်။

၇။	**وَلَا يَتَمَنَّوْنَهُ أَبَدًا بِمَا قَدَّمَتْ أَيْدِيهِمْ وَاللَّهُ عَلِيمٌ بِالظَّالِمِينَ۝** သူတို့၏ စုံရပ်ခံခဲ့သော လက်ချက်များကြောင့် မည်သည့်အခါမှ သူတို့ ဇောတက်ကြမည် မဟုတ်။ ပရမတ်ဘုရားရှင်သည် အမိုက်ကောင်များအား သိနေသော အရှင် ဖြစ်၏။
၈။	**قُلْ إِنَّ الْمَوْتَ الَّذِي تَفِرُّونَ مِنْهُ فَإِنَّهُ مُلَاقِيكُمْ ثُمَّ تُرَدُّونَ إِلَى عَالِمِ الْغَيْبِ وَالشَّهَادَةِ فَيُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ۝** ဟောလော့ "သင်တို့ ထွက်ပြေးတိမ်းရှောင်နေသော သေခြင်းတရားက သင်တို့အား တွေ့ဆုံပွေ့ဖက်မည်သာတည်း။ ထို့နောက် မျက်ကွယ် မျက်မှောက် သိနေသော အရှင်ထံသို့ သင်တို့အား ပြန်ပို့မည်သာတည်း။ အရှင်သည် သင်တို့၏ ကျင့်ကြံလေ့ရှိခဲ့သမျှကို သတင်းထုတ်ပြန်တော်မူလတ္တံ့။–
၉။ သော ကြာနေ့ ☆၂၃	**يَا أَيُّهَا الَّذِينَ آمَنُوا إِذَا نُودِي لِلصَّلَاةِ مِن يَوْمِ الْجُمُعَةِ فَاسْعَوْا إِلَى ذِكْرِ اللَّهِ وَذَرُوا الْبَيْعَ ذَٰلِكُمْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ۝** အို– ယုံကြည်သော သူတို့၊ **လူထုစုဝေးပွဲ နေ့**၌ ဝတ်ပြုခြင်းသို့☆ ဖိတ်ခေါ်သောအခါ၊ ပရမတ်ဘုရားရှင်အား သတိရ ရှုမှတ်ခြင်း ဆီသို့ လုံးပန်းမှု ရှိကြ၍၊ စီးပွားကူးသန်းခြင်းကို ချန်ခဲ့ကြလော့။ ယင်းသည် သင်တို့အတွက် ပို၍ ကောင်း၏။ သင်တို့ သိကြပါလေစ။
၁၀။ ☆၂၃	**فَإِذَا قُضِيَتِ الصَّلَاةُ فَانتَشِرُوا فِي الْأَرْضِ وَابْتَغُوا مِن فَضْلِ اللَّهِ وَاذْكُرُوا اللَّهَ كَثِيرًا لَّعَلَّكُمْ تُفْلِحُونَ۝** ဝတ်ပြု☆ ပြီးသောအခါ၊ ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုအား ရှာဖွေရန် မြေကမ္ဘာ၌ နိုးကြားသွားလာကြလော့။ သင်တို့သည် အောင်မြင်ပေါက်မြောက်အံ့ဌာ ပရမတ်ဘုရားရှင်အား မြောက်များစွာ သတိရရှုမှတ်ကြလော့။"
၁၁။	**وَإِذَا رَأَوْا تِجَارَةً أَوْ لَهْوًا انفَضُّوا إِلَيْهَا وَتَرَكُوكَ قَائِمًا قُلْ مَا عِندَ اللَّهِ خَيْرٌ مِّنَ اللَّهْوِ وَمِنَ التِّجَارَةِ وَاللَّهُ خَيْرُ الرَّازِقِينَ۝** သူတို့သည် အရောင်းအဝယ် သို့မဟုတ် အုပြုံးစရာများကို မြင်လိုက်သည်နှင့် ထို့အတွက် သင့်အား မတ်တတ်ချန်ထားခဲ့လျက် ငွေရှာရန်သွားကြ၏။[၁၀၅၈] ဟောလော့ "အုပြုံးစရာများထက်၊ အရောင်းအဝယ်ထက် ပရမတ်ဘုရားရှင်၏ ထံပါး၌ ပိုမိုကောင်းမြတ်ရာသည် ရှိ၏။ ပရမတ်ဘုရားရှင်သည်ကား အကောင်းဆုံး ရိက္ခာထောက်သည့် အရှင် ဖြစ်၏။"

(၁၀၅၈) သင့်အား မတ်တတ်ပင် ထားခဲ့သည် ဆိုခြင်းမှာ ချိတက်နေသော လမ်းကြောင်းပေါ်တွင် ရပ်တည်လျက် ထားခဲ့သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ တနည်းအားဖြင့် နောက်လိုက်ကောင်း မပီသသူတို့သည် မိမိတို့၏ လတ်တလော အကျိုးဟု ထင်မှတ်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားကြလျက် ခေါင်းဆောင် ဖြစ်သူအား မေ့ထားခဲ့ခြင်းမျိုးကို ဆိုလိုပေသည်။ ဤသို့သော သူများကို သိလကြောင်များဟု ခေါ်၍ နောက်ဖေါ်ပြမည့် ဓမ္မခန္ဓာ (၆၃) တွင် သူတို့အကြောင်းကို အကျယ်တဝင့် ရှင်းပြထားပေသည်။

ဓမ္မခန္ဓာ (၆၃) သီလကြောင်များ (အလ်–မုနာဖိကူးန်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၄)၊ သုတ်ဒေသနာ (၁၁)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**إِذَا جَاءكَ الْمُنَافِقُونَ قَالُوا نَشْهَدُ إِنَّكَ لَرَسُولُ اللَّهِ وَاللَّهُ يَعْلَمُ إِنَّكَ لَرَسُولُهُ وَاللَّهُ يَشْهَدُ إِنَّ الْمُنَافِقِينَ لَكَاذِبُونَ۝** သင့်ထံသို့ သီလကြောင်များ ရောက်လာသောအခါ ''အသင်သည် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင်ဖြစ်ကြောင်း ကျွန်ုပ်တို့ သက်သေတည်ပါ၏''ဟု ပြောဆိုကြ၏။ သင်သည် အရှင်၏ ဉာဏ်စဉ်တော်ဆောင်ဖြစ်ကြောင်းကို ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏။ ထို့ပြင် ပရမတ်ဘုရားရှင်က သီလကြောင်တို့သည် လိမ်ညာသူများ ဖြစ်ကြောင်းကိုလည်း သက်သေဖြစ်တော်မူ၏။
၂။	**اتَّخَذُوا أَيْمَانَهُمْ جُنَّةً فَصَدُّوا عَن سَبِيلِ اللَّهِ إِنَّهُمْ سَاء مَا كَانُوا يَعْمَلُونَ۝** သူတို့၏ အားသန်ချက်ကို သုခဟု အယူထား၍ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဖယ်ရှားကြ၏။ ဇကန်ပင် သူတို့၏ ကျင့်ကြံလေ့ရှိသည်များမှာ အကုသိုလ်သာလျှင် ဖြစ်ချေ၏။
၃။	**ذَلِكَ بِأَنَّهُمْ آمَنُوا ثُمَّ كَفَرُوا فَطُبِعَ عَلَى قُلُوبِهِمْ فَهُمْ لَا يَفْقَهُونَ۝** ထိုသို့ ဖြစ်ရခြင်းမှာ သူတို့သည် ယုံကြည်ကြ၏။ ထို့နောက် ဖုံးကွယ်ကြကုန်၏။ သို့ဖြင့် သူတို့၏ နှလုံးသားပေါ်၌ တံဆိပ်ထုထားလေပြီ၊ သူတို့၌ နားလည်နိုင်စွမ်း မရှိချေ။
၄။	**وَإِذَا رَأَيْتَهُمْ تُعْجِبُكَ أَجْسَامُهُمْ وَإِن يَقُولُوا تَسْمَعْ لِقَوْلِهِمْ كَأَنَّهُمْ خُشُبٌ مُّسَنَّدَةٌ يَحْسَبُونَ كُلَّ صَيْحَةٍ عَلَيْهِمْ هُمُ الْعَدُوُّ فَاحْذَرْهُمْ قَاتَلَهُمُ اللَّهُ أَنَّى يُؤْفَكُونَ۝** သူတို့အား သင် မြင်ရသော် သူတို့၏ ဟိတ်ဟန်ကာယကြောင့် သင် အံ့သြလောက်နိုင်၏။ သူတို့ ပြောဆိုကြသော် သူတို့၏ အပြောအဆိုကို သင် နားထောင်လိုနိုင်၏။ သူတို့သည် သစ်ခေါင်းပွ ဒေါက်ကဲ့သို့ ဖြစ်၏။ သူတို့ထံကျသော အသံလှိုင်းတိုင်းကို ထင်ရာစဉ်စားကြ၏။ သူတို့သည်သာ စည်းဖေါက်သူများ ဖြစ်ကြ၏။ သူတို့အား သတိထားလော့။ ပရမတ်ဘုရားရှင်က သူတို့အား သုတ်သင်ခံရစေလတ္တံ့၊ သူတို့သည် မည်သို့ လှည့်စားခံနေကြသနည်း။[၁၀၅၉]
၅။	**وَإِذَا قِيلَ لَهُمْ تَعَالَوْا يَسْتَغْفِرْ لَكُمْ رَسُولُ اللَّهِ لَوَّوْا رُؤُوسَهُمْ وَرَأَيْتَهُمْ يَصُدُّونَ وَهُم مُّسْتَكْبِرُونَ۝** သူတို့အား ''သင်တို့ကို လွတ်ငြိမ်းဆုပန်ပေးရန် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်ဆောင်ဘက်သို့ လာကြလော့၊'' ဟု ပြောသောအခါ၊ သူတို့ ဦးခေါင်းကို လှည့်သွားကြ၍၊ သူတို့က ဖယ်ရှားနေသည်ကို သင်မြင်ရ၏။ သူတို့သည် မာန်တက်နေသူများ ဖြစ်ကြ၏။

(၁၀၅၉) ဤသုတ်တော်များသည် အစ္စလာမ်သာသနာ၏ ရန်သူ အစစ်များကို တင်ပြထားပေသည်။ အစ္စလာမ်သာသနာအား မသိသူ၊ မသိ၍ လက်မခံသေးသူများသည် အစ္စလာမ်၏ ရန်သူများ မဟုတ်ချေ။ အစ္စလာမ်သာသနာအား သက်ဝင်ပါသည်ဟု ပြောဆိုလျက်– အပြောကောင်းကောင်းပြော၍ အစ္စလာမ်သာသနာ၏ အတွင်းမှ သာသနာအား ပျက်စီးစေရန် ပြုသူ၊ တစ်ပါးသူတို့ အစ္စလာမ်သာသနာသို့ ဝင်ရောက်လိုခြင်းမှ ဟန့်တားနေသူ တို့သည်သာ အစ္စလာမ်၏ ရန်သူများ ဖြစ်၍၊ ထိုသူများကိုသာ သတိထားရမည့်အကြောင်း ဤသုတ်တော်၌ အတိအကျ ဖေါ်ပြပေသည်။

၆။	**سَوَاء عَلَيْهِمْ أَسْتَغْفَرْتَ لَهُمْ أَمْ لَمْ تَسْتَغْفِرْ لَهُمْ لَن يَغْفِرَ اللَّهُ لَهُمْ إِنَّ اللَّهَ لَا يَهْدِي الْقَوْمَ الْفَاسِقِينَ۝** သင်သည် သူတို့အတွက် လွတ်ငြိမ်းဆုပန်သည် ဖြစ်စေ သို့တည်းမဟုတ် လွတ်ငြိမ်းဆု မပန်သည်ဖြစ်စေ မထူးချေ။ ပရမတ်ဘုရားရှင်သည် သူတို့အား လွတ်ငြိမ်းစေမည် မဟုတ်ချေ။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် ယုတ်မာသော လူမျိုးအား လမ်းညွှန်တော် မမူချေ။
၇။ ★ ၃း၁၆၇	**هُمُ الَّذِينَ يَقُولُونَ لَا تُنفِقُوا عَلَى مَنْ عِندَ رَسُولِ اللَّهِ حَتَّى يَنفَضُّوا وَلِلَّهِ خَزَائِنُ السَّمَاوَاتِ وَالْأَرْضِ وَلَكِنَّ الْمُنَافِقِينَ لَا يَفْقَهُونَ۝** သူတို့သည် ''ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်ဆောင် ထံပါးဌာ ရှိသူများ အတွက် မသုံးစွဲကြနှင့် သို့မှ သူတို့ ငွေရှာရန် သွားကြလတ္တံ့၊''ဟု ပြောဆိုသူများ ဖြစ်ကြ၏။ မိုးများနှင့် မြေကမ္ဘာတွင် ရှိသည့် ဘဏ္ဍာတော်များသည် ပရမတ် ဘုရားရှင်၏ အချုပ်အခြာဌာ ရှိ၏။ သို့ရာတွင် သီလကြောင်တို့သည်ကား★ နားလည်နိုင်စွမ်း မရှိချေ။
၈။ မဒီနာ	**يَقُولُونَ لَئِن رَّجَعْنَا إِلَى الْمَدِينَةِ لَيُخْرِجَنَّ الْأَعَزُّ مِنْهَا الْأَذَلَّ وَلِلَّهِ الْعِزَّةُ وَلِرَسُولِهِ وَلِلْمُؤْمِنِينَ وَلَكِنَّ الْمُنَافِقِينَ لَا يَعْلَمُونَ۝** သူတို့က ''နေပြည်တော်သို့☆ ပြန်လာလျှင် ကျွန်ုပ်တို့ ဘုန်းကံမြင့်သူများက နိမ့်ပါးသူများကို ထိုမှ မောင်းထုတ် ပစ်မည်၊''ဟု ပြောဆို၏။ ဘုန်းကံတို့သည် ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်ဆောင်နှင့် ယုံကြည်သူတို့၏ အချုပ်အခြာဌာ ရှိ၏။ သို့သော် သီလကြောင်တို့ သိကြသည် မဟုတ်ချေ။
၉။	**يَا أَيُّهَا الَّذِينَ آمَنُوا لَا تُلْهِكُمْ أَمْوَالُكُمْ وَلَا أَوْلَادُكُمْ عَن ذِكْرِ اللَّهِ وَمَن يَفْعَلْ ذَلِكَ فَأُوْلَئِكَ هُمُ الْخَاسِرُونَ۝** အို– ယုံကြည်သောသူတို့– ပရမတ်ဘုရားရှင်အား သတိရရှုမှတ်ခြင်းထက် သင်တို့၏ ဥစ္စာပစ္စည်း၊ သင်တို့၏ ရင်သွေး များက သင်တို့အတွက် အူမမြူးစေနှင့်။ ထိုသို့ ပြုလုပ်သူဖြစ်က ထိုသူတို့သည် နစ်နာဆုံးရှုံးသူများ ဖြစ်ကြလတ္တံ့။
၁၀။	**وَأَنفِقُوا مِن مَّا رَزَقْنَاكُم مِّن قَبْلِ أَن يَأْتِيَ أَحَدَكُمُ الْمَوْتُ فَيَقُولَ رَبِّ لَوْلَا أَخَّرْتَنِي إِلَى أَجَلٍ قَرِيبٍ فَأَصَّدَّقَ وَأَكُن مِّنَ الصَّالِحِينَ۝** သေခြင်းတရားသည် သင်တို့မှ တစ်စုံတစ်ဦးထံ ပေးရောက်မလာမီ သင်တို့အား ရိက္ခာပေးထားရာမှ သုံးစွဲကြလော့။ သို့ဖြင့် သူသည် ''အို– ကံကြမ္မာရှင် အရှင်သည် နီးကပ်လာသော သတ်မှတ်ကာလထိ တပည့်တော် အတွက် နောက် ဆုတ်မထားလေလျှင် တပည့်တော်သည် အလှူဒါနပြုခြင်းဖြင့် ပြုပြင်ပြောင်းလဲသူတို့မှ ဖြစ်ရလတ္တံ့၊''ဟု ပြော မည်ပင်။
၁၁။	**وَلَن يُؤَخِّرَ اللَّهُ نَفْسًا إِذَا جَاء أَجَلُهَا وَاللَّهُ خَبِيرٌ بِمَا تَعْمَلُونَ۝** သူ၏ သတ်မှတ်ကာလ ရောက်လာသောအခါ ပရမတ်ဘုရားရှင်သည် မည်သည့် ဉာဉ်စရိုက်အတွက်မျှ နောက်ဆုတ် မထားချေ။ ပရမတ်ဘုရားရှင်သည်ကား ကျင့်ကြံသမျှကို သတင်းသိနေတော်မူ၏။[၁၀၆၀]

(၁၀၆၀) ကောင်းမှုသီလတို့အား နောက်နေ့တွင်မှ လုပ်မည်ဟု အချိန်ဆွဲနေလေ့ရှိသော ဉာဉ်စရိုက်များကို ဤသုတ်တော်မှ သတိပေးထားခြင်း ဖြစ်ပေသည်။ လူသည် ကောင်းမှုလုပ်ဆောင်ရန် အချိန်ဆွဲနေတတ်သော်လည်း– သူ့အား သေခြင်းတရား သို့မဟုတ် ကောင်းမှု ဆိုးမှုမလုပ်နိုင်တော့သော နေ့ကာလက အချိန်ပေး စောင့်နေခြင်း မရှိချေ။

ဓမ္မခန္ဓာ (၆၄) မျက်ဝါးထင်ထင်အရှုံး (အတ်–တဂါဘွန်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၈)၊ သုတ်ဒေသနာ (၁၈)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။	**يُسَبِّحُ لِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ لَهُ الْمُلْكُ وَلَهُ الْحَمْدُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ۞** မိုးများအတွင်း မြေအတွင်း ရှိသမျှတို့သည် ပရမတ်ဘုရားရှင်အား ဦးထိပ်ထားနေကြ၏။ ဩဇာအာဏာတည်ရာသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ ရည်သန်ဖူးစိုက်မှုတည်ရာသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၂။	**هُوَ الَّذِي خَلَقَكُمْ فَمِنكُمْ كَافِرٌ وَمِنكُم مُّؤْمِنٌ وَاللَّهُ بِمَا تَعْمَلُونَ بَصِيرٌ۞** အရှင်သည် သင်တို့အား ဖြစ်တည်စေ၏။ သို့သော် သင်တို့မှ ဖုံးကွယ်သူ၊ သင်တို့မှ ယုံကြည်သူတို့ ရှိကြ၏။ ပရမတ်ဘုရားရှင်သည်ကား ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။
၃။	**خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ وَصَوَّرَكُمْ فَأَحْسَنَ صُوَرَكُمْ وَإِلَيْهِ الْمَصِيرُ۞** မိုးများနှင့် မြေကမ္ဘာအား မှန်ကန်ညီညွတ်စွာ ဖြစ်တည်စေ၏။ ထို့နောက် သင်တို့အား ပုံစံချပေး၏။ ထို့နောက် သင်တို့အား အတင့်တယ်ဆုံး ပုံစံဖြစ်စေ၏။ အဆွန့်မပန်းတိုင်သည် အရှင်ထံသို့သာ ဖြစ်၏။
၄။	**يَعْلَمُ مَا فِي السَّمَاوَاتِ وَالْأَرْضِ وَيَعْلَمُ مَا تُسِرُّونَ وَمَا تُعْلِنُونَ وَاللَّهُ عَلِيمٌ بِذَاتِ الصُّدُورِ۞** မိုးများနှင့် မြေအတွင်း ရှိသမျှကို သိနေတော်မူ၏။ ကြိတ်ကြံစည်ရာ လူသိရှင်ကြားပြုရာများကို သိနေတော်မူ၏။ ပရမတ်ဘုရားရှင်သည်ကား ရင်တွင်း ခံစားချက်များ အားဖြင့် သိနေသော အရှင် ဖြစ်၏။
၅။	**أَلَمْ يَأْتِكُمْ نَبَأُ الَّذِينَ كَفَرُوا مِن قَبْلُ فَذَاقُوا وَبَالَ أَمْرِهِمْ وَلَهُمْ عَذَابٌ أَلِيمٌ۞** ရှေ့အလျှင်က ဖုံးကွယ်သော သူတို့၏ သတင်းချက်သည် သင်တို့ထံသို့ မရောက်လေသလော။ သူတို့သည် သူတို့ညွှန်ကြားချက်၏ အကျိုးဆက်ကို မြည်းစမ်းရ၏။ သူတို့အတွက် စူးနစ်နာကျင်သော ဝဋ်ကြွေးသည် ရှိနေ၏။
၆။	**ذَلِكَ بِأَنَّهُ كَانَت تَّأْتِيهِمْ رُسُلُهُم بِالْبَيِّنَاتِ فَقَالُوا أَبَشَرٌ يَهْدُونَنَا فَكَفَرُوا وَتَوَلَّوا وَّاسْتَغْنَى اللَّهُ وَاللَّهُ غَنِيٌّ حَمِيدٌ۞** ယင်းမှာ သူတို့ထံသို့ သူတို့အတွက် ဉာဏ်စဉ်တော်ဆောင်များကို ရှင်းလင်းချက်များဖြင့် ပေးရောက်လာစဉ် "လူပုဂ္ဂိုလ်က ကျွန်ုပ်တို့အား လမ်းညွှန်မည်လော၊" ဟု ဆိုကြ၍၊ ဖုံးကွယ်မှောင်ချ လှည့်သွားသောကြောင့် ဖြစ်၏။ ပရမတ်ဘုရားရှင်သည်ကား ကုံလုံပြည့်စုံ၏။ ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံသော အရှင် ရည်သန်ဖူးစိုက်မှုတည်ရာ အရှင် ဖြစ်တော်မူ၏။
၇။	**زَعَمَ الَّذِينَ كَفَرُوا أَن لَّن يُبْعَثُوا قُلْ بَلَى وَرَبِّي لَتُبْعَثُنَّ ثُمَّ لَتُنَبَّؤُنَّ بِمَا عَمِلْتُمْ وَذَلِكَ عَلَى اللَّهِ يَسِيرٌ۞** ဖုံးကွယ်သော သူတို့က– သူတို့သည် နိုးထရမည် မဟုတ်ဟု ရပ်တည်ပြောဆိုကြ၏။ ဟောလော့ "ကံကြမ္မာရှင်အားဖြင့်– နိုးထရမည်သာတည်း၊ ထို့နောက် သင်တို့ ကျင့်ကြံခဲ့သမျှကို သတင်းထုတ်ပြန်တော်မူလတ္တံ့၊ ပရမတ်ဘုရားရှင်
အိုင်တည်၍	

	အတွက် ယင်းသည် လွယ်ကူလှချေ၏။
၈။	**فَآمِنُوا بِاللَّهِ وَرَسُولِهِ وَالنُّورِ الَّذِي أَنزَلْنَا وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ۝** သို့ဖြစ်၍ ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်တော်ဆောင်၊ ငါအရှင် ချမှတ်ပေးသော ရောင်ခြည်တော်အား ယုံကြည်ကြကုန်လော့၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို သတင်းသိနေတော်မူ၏။''[၁၀၅၉]
၉။	**يَوْمَ يَجْمَعُكُمْ لِيَوْمِ الْجَمْعِ ذَلِكَ يَوْمُ التَّغَابُنِ وَمَن يُؤْمِن بِاللَّهِ وَيَعْمَلْ صَالِحًا يُكَفِّرْ عَنْهُ سَيِّئَاتِهِ وَيُدْخِلْهُ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا أَبَدًا ذَلِكَ الْفَوْزُ الْعَظِيمُ۝** နေ့– အတူစုရသော နေ့အတွက် သင်တို့အား အတူစုစေလတ္တံ့၊ ယင်းသည် မျက်ဝါးထင်ထင် အရှုံးပေါ်ရသော နေ့ဖြစ်၏။ ပရမတ်ဘုရားရှင်အား ယုံကြည်၍ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသူ၊ ထိုသူမှ အကုသိုလ်များကို ဖုံးကွယ်ပေးတော်မူလျက် သူ့အား အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများသို့ ဝင်စေပြီး၊ ထို၌ ထာဝရ ကာလမဲ့ စံစားစေလတ္တံ့။ ဤသည် မဟာ အောင်ပွဲပင် ဖြစ်၏။
၁၀။	**وَالَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا أُوْلَئِكَ أَصْحَابُ النَّارِ خَالِدِينَ فِيهَا وَبِئْسَ الْمَصِيرُ۝** ဖုံးကွယ်၍ ငါ၏ သုတ်ဒေသနာများကို ငြင်းဆန်သောသူ၊ ထိုသူတို့သည် အပူမီး၏ ပေါင်းဖော်များ ဖြစ်ရ၍၊ ထို၌ ကာလမဲ့ ခံစားစေလတ္တံ့၊ ယင်းသည် အမင်္ဂလာ ခရီးဆုံး ဖြစ်၏။
၁၁။	**مَا أَصَابَ مِن مُّصِيبَةٍ إِلَّا بِإِذْنِ اللَّهِ وَمَن يُؤْمِن بِاللَّهِ يَهْدِ قَلْبَهُ وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ۝** ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက် မရှိဘဲ မည်သည့် ထိခိုက်ခြင်းသည်မှ ထိခိုက်စေမည် မဟုတ်ချေ။ ပရမတ်ဘုရားရှင် အား ယုံကြည်သောသူ၊ သူ၏ နှလုံးသားကို အရှင်သည် လမ်းညွှန်တော်မူမည်၊ ပရမတ်ဘုရားရှင်သည်ကား သဗ္ဗလုံးစုံအား သိနေသော အရှင် ဖြစ်၏၊
၁၂။	**وَأَطِيعُوا اللَّهَ وَأَطِيعُوا الرَّسُولَ فَإِن تَوَلَّيْتُمْ فَإِنَّمَا عَلَى رَسُولِنَا الْبَلَاغُ الْمُبِينُ۝** ပရမတ်ဘုရားရှင်အား နာခံကြလော့၊ ဉာဏ်စဉ်တော်ဆောင်အား နာခံကြလော့၊ သင်တို့သည် လှည့်သွားကြလျှင်၊ ငါ့ ဉာဏ်စဉ်တော်ဆောင်၏ ဝန်တာမှာ ဓမ္မကို ဆိုက်ရောက်စေရန်သာ ဖြစ်၏။
၁၃။	**اللَّهُ لَا إِلَهَ إِلَّا هُوَ وَعَلَى اللَّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ۝** ပရမတ်ဘုရားရှင်၊ ထိုအရှင်မှ အပ အခြားဘုရားဟူ၍ မရှိ၊ ယုံကြည်သူတို့အား ပရမတ်ဘုရားရှင်ကိုသာ ယုံပုံကိုးစား စေလော့။
၁၄။	**يَا أَيُّهَا الَّذِينَ آمَنُوا إِنَّ مِنْ أَزْوَاجِكُمْ وَأَوْلَادِكُمْ عَدُوًّا لَّكُمْ فَاحْذَرُوهُمْ وَإِن تَعْفُوا وَتَصْفَحُوا وَتَغْفِرُوا فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ۝** အို ယုံကြည်သော သူတို့၊ သင်တို့၏ အိမ်ထောင်ဘက်များ သင်တို့၏ ရင်သွေးများမှ သင်တို့အတွက် စည်းဖေါက်သူများ ရှိနိုင်၏။[၁၀၆၀] သို့ဖြစ်၍ သူတို့အား သတိထားလော့၊ သင်တို့သည် သူတို့အား ကျေးအေး၊ ဥပက္ခာပြု၍ လွှတ်ငြိမ်းစေကြလျှင်၊ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွှတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။

(၁၀၅၉) ပရမတ်ဘုရားရှင် ချမှတ်ပေးရာ ရောင်ခြည်တော် ဆိုသည်မှာ အစွမ်းသတ္တိသာသနာကို ခေါ်ဆိုကြောင်း ဖေါ်ပြထားပေသည်။

(၁၀၆၀) မိမိ၏ ပေါင်းဖော်ကြင်ဘက်များနှင့် သားသမီးများမှ မိမိနှင့် အတိုက်အခံများ ရှိနိုင်သည် ဆိုခြင်းမှာ အတွေးအခေါ် အယူအဆအားဖြင့် ကွဲလွဲသူများ ရှိနိုင်သည် ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ သို့အတွက် သူတို့အား မုန်းတီးရန် မလိုချေ။ အစွမ်းသတ္တိသာသနာ၏ ပြဋ္ဌာန်းသွန်သင်ချက်အရ လူတိုင်း၏ လမ်းမှန်ရခြင်း၊ လမ်းမှားသို့ရောက်ခြင်းသည် ကိုယ်ပိုင်ဆုံးဖြတ်ချက်ပေါ်၌ မူတည်ပေသည်။ သားသမီးကို ဖြစ်စေ၊ မိမိဩဇာသက်သော ကြင်ယာကြင်ဘက်ကို ဖြစ်စေ လမ်းမှန်သို့ ရောက်စေလိုလျှင် မိမိကိုယ်တိုင် မှတ်ကျောက်တင်ခံနိုင်သော မှန်ကန်မှု၌ ရပ်တည်ရန် လိုအပ်ပေသည်၊ ထိုမှန်ကန်သည့် ရပ်တည်ချက်၌ ရပ်တည်ရန် သူတို့အား စနစ်တကျ သွန်သင်ရန်လိုအပ်ပေသည်။ မည်သူ့ကိုမျှ နိုင်ထက်စီးနင်းပြုလုပ်ခွင့် မရှိချေ။

၁၅။	**إِنَّمَا أَمْوَالُكُمْ وَأَوْلَادُكُمْ فِتْنَةٌ وَاللَّهُ عِندَهُ أَجْرٌ عَظِيمٌ۝** သင်တို့၏ ဥစ္စာပစ္စည်များ၊ သင်တို့၏ ရင်သွေးများသည် စမ်းသပ်သောအရာများ ဖြစ်၏။ ပရမတ်ဘုရားရှင် အရှင့်ထံ၌ မဟာဆုလဒ်ကြီး ရှိနေ၏။[၁၀၆၁]
၁၆။	**فَاتَّقُوا اللَّهَ مَا اسْتَطَعْتُمْ وَاسْمَعُوا وَأَطِيعُوا وَأَنفِقُوا خَيْرًا لِّأَنفُسِكُمْ وَمَن يُوقَ شُحَّ نَفْسِهِ فَأُوْلَئِكَ هُمُ الْمُفْلِحُونَ۝** သို့ဖြစ်၍ သင်တို့သည် ပရမတ်ဘုရားရှင်အား တတ်အားသ၍ စည်းစောင့်ကြလော့။ ကြားနာကြလော့၊ နာခံကြလော့၊ ထည့်ဝင်သုံးစွဲကြလော့ သင်တို့၏ ဉာဉ်စရိုက်အတွက် ပို၍ကောင်းမြတ်၏။ ဆန္ဒ ရမက်ကို ကာကွယ်နိုင်သူ ထိုသူတို့သည် အောင်မြင်ပေါက်မြောက်သူများ ဖြစ်ကြ၏။
၁၇။	**إِن تُقْرِضُوا اللَّهَ قَرْضًا حَسَنًا يُضَاعِفْهُ لَكُمْ وَيَغْفِرْ لَكُمْ وَاللَّهُ شَكُورٌ حَلِيمٌ۝** ပရမတ်ဘုရားရှင်အား တင့်တယ်စွာ ဆက်ကပ်ခြင်းဖြင့် ဆက်ကပ်လျှင်၊ သင်တို့အတွက် ၎င်းကို နှစ်ဆတိုးစေလတ္တံ့၊ သင်တို့အား လွှတ်ငြိမ်းစေလတ္တံ့။ ပရမတ်ဘုရားရှင်သည် ကျေးဇူးတော်အရှင်၊ နူးညံ့သိမ်မွေ့သော အရှင်ဖြစ်၏။
၁၈။	**عَالِمُ الْغَيْبِ وَالشَّهَادَةِ الْعَزِيزُ الْحَكِيمُ۝** မျက်ကွယ် မျက်မှောက် သိနေတော်မူသော အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။

(၁၀၆၁) အချို့သော သားသမီးများသည် မိဘ၏ စာရိတ္တကိုပင် ဖျက်ဆီးနိုင်ပေသည်။ ဆိုလိုသည်မှာ– အလိုရမက်ကြီးသော သားသမီးများအား အလိုလိုက်လွန်ခြင်းဖြင့် မိဘများမှာ သူတစ်ပါး၏ ဥစ္စာပစ္စည်းများကို မတရားသော နည်းဖြင့် ရယူခြင်း၊ သားသမီး လုပတင့်တယ် လူရာဝင်သည်စေမည်ဟု ယူဆ၍ မိဘများမှာ လာဘ်ပေးလာဘ်ယူ လုပ်သော နည်းဖြင့် စီးပွားရှာခြင်း၊ အာဏာရှိသော မိဘများမှာ သားသမီးအတွက် အာဏာကို အလွဲသုံးစား လုပ်ခြင်း၊ မိမိသားသမီးဘက်မှ မှားယွင်းနေသော်လည်း ငွေဖြင့် ဖိ၍ သူတစ်ပါးအား မတရား အနိုင်ယူခြင်းများ ဖြစ်ပေသည်။ ထိုသို့သော အကျင့်စာရိတ္တများသည် အကုသိုလ်သင့်သော အကျင့်များဖြစ်၍– မိဘတို့အား ထိခိုက်စေမည်ဟု အစွယ်လာမ်သာသနာက သွန်သင်ပေသည်။

ဓမ္မခန္ဓာ (၆၅) ကွာရှင်းပြတ်စဲမှု (အလ် တွလာ့က်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၉၉)၊ သုတ်ဒေသနာ (၁၂)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**يَا أَيُّهَا النَّبِيُّ إِذَا طَلَّقْتُمُ النِّسَاء فَطَلِّقُوهُنَّ لِعِدَّتِهِنَّ وَأَحْصُوا الْعِدَّةَ وَاتَّقُوا اللَّهَ رَبَّكُمْ لَا تُخْرِجُوهُنَّ مِن بُيُوتِهِنَّ وَلَا يَخْرُجْنَ إِلَّا أَن يَأْتِينَ بِفَاحِشَةٍ مُّبَيِّنَةٍ وَتِلْكَ حُدُودُ اللَّهِ وَمَن يَتَعَدَّ حُدُودَ اللَّهِ فَقَدْ ظَلَمَ نَفْسَهُ لَا تَدْرِي لَعَلَّ اللَّهَ يُحْدِثُ بَعْدَ ذَلِكَ أَمْرًا**۞ အို– သတင်းတော်ဆောင်၊ သင်တို့သည် အမျိုးသမီးတို့အား ကွာရှင်းကြသော်၊ သူမတို့အတွက် ရက်ရေတွက်လျက် ကွာရှင်းကြလော့။ ရေတွက်ခြင်းကို အမှတ်စဉ်အတိုင်းဖြစ်စေလော့။ သင်တို့၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်အား စည်းစောင့်ကြကုန်လော့။ သူမတို့အား သူမတို့၏အိမ်များမှ မောင်းမထုတ်ကြနှင့်၊ ရှင်းလင်းစွာသော ကိုယ်ကျင့်ပျက်မှုမှ အပ ထွက်လည်း မသွားစေနှင့်၊ ဤသည် ပရမတ်ဘုရားရှင်၏ စည်းမျဉ်း ဖြစ်၏။ ပရမတ်ဘုရားရှင်၏ စည်းမျဉ်းအား စည်းဖေါက်သူသည် သူ့စရိုက်ကိုသူ မိုက်ကြေးခွဲသူ ဖြစ်၏။ ဤအစီအမံ ပြီးနောက် ပရမတ်ဘုရားရှင်က မည်သို့ ဆင့်ပြန်လိမ့်မည်ကို သင်တို့ မမှန်းဆနိုင်ကြချေ။[၁၀၆၄]
၂။	**فَإِذَا بَلَغْنَ أَجَلَهُنَّ فَأَمْسِكُوهُنَّ بِمَعْرُوفٍ أَوْ فَارِقُوهُنَّ بِمَعْرُوفٍ وَأَشْهِدُوا ذَوَيْ عَدْلٍ مِّنكُمْ وَأَقِيمُوا الشَّهَادَةَ لِلَّهِ ذَلِكُمْ يُوعَظُ بِهِ مَن كَانَ يُؤْمِنُ بِاللَّهِ وَالْيَوْمِ الْآخِرِ وَمَن يَتَّقِ اللَّهَ يَجْعَل لَّهُ مَخْرَجًا**۞ သူမတို့အတွက် သတ်မှတ်ကာလ ဆိုက်ရောက်ပြီးသော်၊ သူမတို့အား အသိအမှတ်ပြု၍ ထိန်းထားကြလော့၊ သို့မဟုတ် အသိအမှတ်ပြု ခွဲခွာကြစေလော့။ သင်တို့အနက်မှ တန်းတူညီမျှ ရပ်တည်သော သက်သေ ရှိစေ၍၊ ပရမတ်ဘုရားရှင် ဘက်၌ ရပ်တည်လျက် သက်သေခံစေကြလော့။ ဤသည် ပရမတ်ဘုရားရှင်နှင့် နောင်ဘဝကာလအား

(၁၀၆၂) လင်းခန်းမယားခန်း ကွာရှင်းပြတ်စဲခြင်းကို ရိုးရာ အစဉ်အလာဖြင့် ဆုံးဖြတ်ခြင်းကို အစွလာမ်သာသနာက လက်မခံချေ။ လင်မယား ကွာရှင်း လိုလျှင် အမျိုးသမီးအား စောင့်ဆိုင်းကာလ အတိုင်း စောင့်ဆိုင်းနေစေရမည် ဖြစ်သည်။ စောင့်ဆိုင်းကာလကို ၂း၂၈ တွင် ပြဋ္ဌာန်းထားသည်။ ထိုစောင့်ဆိုင်းကာလကို သဘာဝအတိုင်း မဟုတ်သော နည်းဖြင့် ဆေးသောက်ခြင်း၊ ဆေးထိုးခြင်းများဖြင့် ပြုပြင်ပြောင်းလဲခြင်း မပြုနိုင်စေရန် ၆း၄ တွင်လည်း အတိအကျ ပြောဆိုထားသည်။ ဤစောင့်ဆိုင်းကာလ အတွင်းတွင် လင်ယောကျ်ား ဖြစ်သူသည် အမျိုးသမီးအား ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ခြင်း စိတ်ညစ်၍ ထွက်ပြေးအောင် လုပ်ခြင်းများ လုံးဝ မပြုလုပ်ရပေ။ အမျိုးသမီးအနေဖြင့် နောက်အိမ်ထောင်ပြု၍ အိမ်မှ ထွက်ပြေးသွားခြင်းသည် ခွင်းချက်ဖြစ်သည်ဟု ဤသုတ်တော်တွင် အတိအကျ ပြောဆိုသည်။ ထို့ပြင်– အကယ်၍ အမျိုးသမီးများအား ကွာရှင်းပြတ်စဲ လမ်းခွဲခဲ့သော်—သူမတို့အား စတင်လက်ထပ်ပေါင်းစည်းစဉ်က ပေးခဲ့သော လက်ဆောင်ပစ္စည်း (မဟာရ်)မျှကိုသာ ပေးလိုက်ခြင်းကိုလည်း ဤ သုတ်တော်မှ တားမြစ်ထားသည်။ လင်မယားအဖြစ် ပေါင်းစည်းချိန်မှစ၍ မိသားစု၏ လက်ထက်ပွားပစ္စည်း အားလုံးသည် အမျိုးသမီးပိုင် ဖြစ်ကြောင်း ဤသုတ်တော်တွင် မိသားစုနေထိုင်သော အိမ်အား **ဘိုယူးတိဟင်းန** သူမတို့၏ အိမ်များ ဟု အတိအကျ သုံးထားပေသည်။ အကယ်၍ အမျိုးသမီးဘက်မှ ဖေါက်ပြန်နောက်မီးလင်း၍ ဆင်းသွားခြင်း မဟုတ်ဘဲ ယောကျ်ားမှ တစ်ဘက်သတ် အနိုင်ကျင့်၍ ကွာရှင်းခဲ့သော် ယောကျ်ား မှသာ အိမ်ပေါ်မှ ဆင်းသွားရမည် ဖြစ်တော့သည်။ ထို့ကြောင့် လင်မယား ကွားရှင်းမှုတွင် အမျိုးသး အမျိုးသမီး တန်းတူဖြစ်ရန် ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်သည်။

	ယုံကြည်ခြင်း၌ ရှိသူတို့ အတွက် အဆုံးအမပင် ဖြစ်၏။ ပရမတ်ဘုရားရှင်အား စည်းစောင့် သူအတွက် အရှင်သည် ထွက်ပေါက်လမ်းကို စီစဉ်ပေး၍–[၁၀၆၅]
၃။	**وَيَرْزُقْهُ مِنْ حَيْثُ لَا يَحْتَسِبُ وَمَن يَتَوَكَّلْ عَلَى اللَّهِ فَهُوَ حَسْبُهُ إِنَّ اللَّهَ بَالِغُ أَمْرِهِ قَدْ جَعَلَ اللَّهُ لِكُلِّ شَيْءٍ قَدْرًا۞** သူ မစဉ်းစားထားသော နေရာများမှ ရိက္ခာများထောက်ပေးလတ္တံ့။ ပရမတ်ဘုရားရှင်အား ကိုးစားသူ၊ သူ့အတွက် ပရမတ်ဘုရားရှင်သည် စရင်းချုပ်ဖြစ်၏၊ အရှင်သည် ညွှန်ကြားချက်အား ဆိုက်ရောက်စေတော်မူလတ္တံ့။ ပရမတ် ဘုရားရှင်သည် သဗ္ဗလုံးစုံအား မုချ စည်းချိန်ချ စီစဉ်တော်မူ၏။
၄။	**وَاللَّائِي يَئِسْنَ مِنَ الْمَحِيضِ مِن نِّسَائِكُمْ إِنِ ارْتَبْتُمْ فَعِدَّتُهُنَّ ثَلَاثَةُ أَشْهُرٍ وَاللَّائِي لَمْ يَحِضْنَ وَأُوْلَاتُ الْأَحْمَالِ أَجَلُهُنَّ أَن يَضَعْنَ حَمْلَهُنَّ وَمَن يَتَّقِ اللَّهَ يَجْعَل لَّهُ مِنْ أَمْرِهِ يُسْرًا۞** သင်တို့၏ အမျိုးသမီးများမှ ရာသီသွေး ဆုံးပါး၍ သူမတို့အတွက် သံသယ ဖြစ်နေလျှင် သူမတို့၏ ရေတွက်ရက်မှာ သုံးလ ဖြစ်စေရမည်။ ရာသီသွေးမပေါ်သော သူမ– သူမသည် ကိုယ်ဝန်ဆောင်ဖြစ်လျှင် သူမတို့၏ သတ်မှတ်ကာလမှာ သူမတို့၏ ရှိနေသော ကိုယ်ဝန်ကို မွေးဖွားပြီးချိန်ထိ ဖြစ်စေရမည်။ ပရမတ်ဘုရားရှင်အား စည်းစောင့်သူ၊ သူ့အတွက် အရေးကိစ္စများကို လွယ်ကူစေရန် အရှင်က စီစဉ်ပေးမည်ပင်။
၅။	**ذَلِكَ أَمْرُ اللَّهِ أَنزَلَهُ إِلَيْكُمْ وَمَن يَتَّقِ اللَّهَ يُكَفِّرْ عَنْهُ سَيِّئَاتِهِ وَيُعْظِمْ لَهُ أَجْرًا۞** ဤသည် သင်တို့ထံသို့ ချမှတ်ပေးသော ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်များပင် ဖြစ်၏။ ပရမတ်ဘုရားရှင်အား စည်းစောင့်သူ ထိုသူ၏ အကုသိုလ်များကို ဖုံးကွယ်ပေး၏၊ ဂုဏ်ဒြပ်ကြီးသော ဆုလဒ်သည် သူ့အတွက် ဖြစ်လတ္တံ့။
၆။	**أَسْكِنُوهُنَّ مِنْ حَيْثُ سَكَنتُم مِّن وُجْدِكُمْ وَلَا تُضَارُّوهُنَّ لِتُضَيِّقُوا عَلَيْهِنَّ وَإِن كُنَّ أُولَاتِ حَمْلٍ فَأَنفِقُوا عَلَيْهِنَّ حَتَّى يَضَعْنَ حَمْلَهُنَّ فَإِنْ أَرْضَعْنَ لَكُمْ فَآتُوهُنَّ أُجُورَهُنَّ وَأْتَمِرُوا بَيْنَكُم بِمَعْرُوفٍ وَإِن تَعَاسَرْتُمْ فَسَتُرْضِعُ لَهُ أُخْرَى۞** သင်တို့ သွားတွေ့နိုင်သော သင်တို့၏ နေထိုင်ရာ နေရာများ၌ သူမတို့အား နေထိုင်စေကြလော့။ သူမတို့အား စိတ် ကျပ်တည်းစေရန် ဒုက္ခမပေးနှင့်။ သူမတို့သည် ကိုယ်ဝန်ဆောင်များ ဖြစ်ကြလျှင် သူမတို့၌ ရှိနေသော ကိုယ်ဝန်အား မွေးဖွားပြီးသည် အထိ ပေးကမ်းသုံးစွဲကြလော့။ သင်တို့ကိုယ်စား နို့တိုက်ကျွေးသူ ဖြစ်လျှင် သူမတို့အား အကျိုး ဆုလဒ် ပေးကြလော့။ သင်တို့ချင်းကြား အသိအမှတ်ပြု စီမံပြောဆိုကြလော့။ သင်တို့သည် အခက်အခဲဖြစ်နေလျှင် အခြား တစ်ဦးအား ၎င်းအတွက် နို့ထိန်းဖြစ်စေလော့။
၇။	**لِيُنفِقْ ذُو سَعَةٍ مِّن سَعَتِهِ وَمَن قُدِرَ عَلَيْهِ رِزْقُهُ فَلْيُنفِقْ مِمَّا آتَاهُ اللَّهُ لَا يُكَلِّفُ اللَّهُ نَفْسًا إِلَّا مَا آتَاهَا سَيَجْعَلُ اللَّهُ بَعْدَ عُسْرٍ يُسْرًا۞** ကျယ်ကျယ်ပြန့်ပြန့် ပိုင်သူအား ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေ၍၊ စည်းကြပ်မတ်ခံရသူသည် ပရမတ်ဘုရားရှင် ချီးမြှင့် သလောက် ရိက္ခာဖြင့် သုံးစွဲစေလော့။ ပရမတ်ဘုရားရှင်သည် မည်သည့် ဥဉ်စရိုက်ကိုမျှ အရှင် ချီးမြှင့်သည်ထက် ပိုမထမ်းစေရ။ ပရမတ်ဘုရားရှင်သည် ခက်ခဲမှုနောက်၌ လွယ်ကူမှုကို စီစဉ်ပေးတော်မူမည်ပင်။
၈။	**وَكَأَيِّن مِّن قَرْيَةٍ عَتَتْ عَنْ أَمْرِ رَبِّهَا وَرُسُلِهِ فَحَاسَبْنَاهَا حِسَابًا شَدِيدًا وَعَذَّبْنَاهَا عَذَابًا نُّكْرًا۞**

(၁၀၆၅) ကျမ်းမြတ်ကုရ်အာန်၏ ချမှတ်ပြဋ္ဌာန်းပေးသော စည်းကမ်းအရ သမာဓိရှိသော သက်သေသက်ကန် မရှိဘဲ ကွာရှင်းပြတ်စဲခြင်းသည် အထ မြောက်သော ကွာရှင်းခြင်း မဟုတ်ချေ။ ကျမ်းမြတ်ကုရ်အာန်အား နေ့စဉ်နှင့်အမျှ ဖတ်ရွတ်နေသော ဆရာတော်များ အနေဖြင့် ဤသို့ ရှင်းလင်း သော ဥပဒေများကို ပိုမို နားလည်၍ ပိုမို ဂရုစိုက်သင့်ပေသည်။

အသစ်	မည်မျှသော အရပ်ဒေသတို့သည် ကံကြမ္မာရှင်၏ ညွှန်ကြားချက်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား အာခံကြသနည်း၊ သို့ဖြင့် အရှင်သည် ပြတ်သားသော စရင်းရှင်းခြင်းဖြင့် စရင်းရှင်းတော်မူခဲ့၏။ ထို့နောက် **မကြုံဘူး**သည့် ဝဉ်ကြွေးဖြင့် ဝဉ်ကြွေးသင့်စေခဲ့၏။
၉။	**فَذَاقَتْ وَبَالَ أَمْرِهَا وَكَانَ عَاقِبَةُ أَمْرِهَا خُسْرًا۞** ဂုင်း အစီအမံများ၏ အကျိုးဆက်ကို မြည်းစမ်းစေ၏။ ဂုင်း၏ နိဂုံးချုပ် အစီအမံမှာ ပျက်စီးဆုံးရှုံးခြင်းပင် ဖြစ်၏။
၁၀။	**أَعَدَّ اللَّهُ لَهُمْ عَذَابًا شَدِيدًا فَاتَّقُوا اللَّهَ يَا أُولِي الْأَلْبَابِ الَّذِينَ آمَنُوا قَدْ أَنزَلَ اللَّهُ إِلَيْكُمْ ذِكْرًا۞** ပရမတ်ဘုရားရှင်သည် သူတို့အတွက် ပြင်းထန်သော ဝဉ်ကြွေးကို တွက်ချက်ပြင်ဆင်ထားပြီ။ သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့။ အို– သဘောပေါက်နိုင်စွမ်း ရှိသူတို့၊ ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်သည် သင်တို့ ထံသို့ မုချ ချမှတ်ပေးသည့် သတိဖေါ်တရားဖြစ်သော–
၁၁။	**رَّسُولًا يَتْلُو عَلَيْكُمْ آيَاتِ اللَّهِ مُبَيِّنَاتٍ لِّيُخْرِجَ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ مِنَ الظُّلُمَاتِ إِلَى النُّورِ وَمَن يُؤْمِن بِاللَّهِ وَيَعْمَلْ صَالِحًا يُدْخِلْهُ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا أَبَدًا قَدْ أَحْسَنَ اللَّهُ لَهُ رِزْقًا۞** ဉာဏ်စဉ်ဆောင်တစ်ပါးသည် ပရမတ်ဘုရားရှင်၏ ရှင်းလင်းချက် သုတ်ဒေသနာများကို သင်တို့အား ဖတ်ပြပြီ– ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသော သူများအား အမိုက်မှောင်မှ အလင်းရောင်သို့ ထွက်လာစေရန် ဖြစ်၏။ ပရမတ်ဘုရားရှင်အား ယုံကြည်၍၊ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသူအား အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများသို့ ဝင်ရောက်စေ၍၊ ထို၌ ကာလပိုင်းခြားမဲ့ အစဉ်စံစားစေမည်ပင်။ သူ့အတွက် ပရမတ်ဘုရားရှင်သည် သုမင်္ဂလာ ရှိသော ရိက္ခာကို မုချထောက်ပံ့မည်။
၁၂။	**اللَّهُ الَّذِي خَلَقَ سَبْعَ سَمَاوَاتٍ وَمِنَ الْأَرْضِ مِثْلَهُنَّ يَتَنَزَّلُ الْأَمْرُ بَيْنَهُنَّ لِتَعْلَمُوا أَنَّ اللَّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ وَأَنَّ اللَّهَ قَدْ أَحَاطَ بِكُلِّ شَيْءٍ عِلْمًا۞** ပရမတ်ဘုရားရှင် အရှင်သည် မိုးများနှင့် မြေကမ္ဘာ ဂုင်းတို့နှင့် အလားတူ ခုနစ်ဆက်ကို ဖြစ်တည်စေတော်မူ၍၊ ဂုင်းတို့၏ ကြားခံ ညွှန်ကြားချက်ကို ချမှတ်တော်မူခြင်းမှာ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူကြောင်းကို သိနိုင်စေရန် ဖြစ်၏။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား အသိကွန်ယက်ဖြင့် ဝန်းရံထားတော်မူ၏။[၁၀၆၆]

(၁၀၆၆) ဤသုတ်တော်တွင် အလားတူသော အာကာသနှင့် မြေကမ္ဘာ ခုနစ်ဆက် (မရေတွက်နိုင်သော အစဉ်အဆက်များ) ရှိနေကြောင်းကို ရှင်းလင်းစွာ ပြောဆိုထားပေသည်။ ထိုသို့ ပြောဆိုခြင်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်ကပင် ဖြစ်၍၊ မည်သည့် သိပ္ပံဆိုင်ရာ ကရိယာ အထောက်အထား ရှာဖွေ တွေ့ရှိချက်များမှ မရှိသေးပေ။ ထိုသို့သော အချိန်ကာလကပင် ဤသုတ်တော်အပါအဝင် ကျမ်းတော်၏ မြောက်များစွာသော နေရာများ၌ သာမန်လူသားတို့ မံသမျက်လုံးဖြင့် မမြင်နိုင်သော အရာများကို အတိအကျ ပြောဆိုထားခြင်းများ ရှိပေသည်။ ထိုအချင်းအရာသည်ပင် ကိုယ်တော်မုဟမ္မဒ်မှာ သဗ္ဗညုတ ဉာဏ်တော်သို့ ဆိုက်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားများ ဖြစ်တော့သည်။ (အာကာခုနစ်ဆက်– ကို ၂း၂၉ တွင်လည်းကောင်း၊ ၂၃း၁၇ တွင်လည်းကောင်း ကြည့်ရှုပါ။)

ဓမ္မခန္ဓာ (၆၆) တားမြစ်ခြင်း (အတ်–တဟ်ရိုးမ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၇)၊ သုတ်ဒေသနာ (၁၂)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။ ☆၃၃း၃၇	**يَا أَيُّهَا النَّبِيُّ لِمَ تُحَرِّمُ مَا أَحَلَّ اللَّهُ لَكَ تَبْتَغِي مَرْضَاتَ أَزْوَاجِكَ وَاللَّهُ غَفُورٌ رَّحِيمٌ۞** အို– သတင်းတော်ဆောင်၊ ပရမတ်ဘုရားရှင်က တရားဝင်ပြုထားသည်ကို အဘယ်ကြောင့် တားမြစ်လေသနည်း။ သင့်အပေါ်၌ သင့်ပေါင်းဖော်များ၏☆ ကျေနပ်မှုကို ရှာဖွေသလော။ ပရမတ်ဘုရားရှင်သည်ကား လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။[၁၀၆၇]
၂။	**قَدْ فَرَضَ اللَّهُ لَكُمْ تَحِلَّةَ أَيْمَانِكُمْ وَاللَّهُ مَوْلَاكُمْ وَهُوَ الْعَلِيمُ الْحَكِيمُ۞** ပရမတ်ဘုရားရှင်က– သင်တို့၏ အားသန်ချက်များကို ဘောင်ပြန်ဝင်စေရန် ဝတ္တရားဖြစ်စေပြီ၊ ပရမတ်ဘုရားရှင်သည် သင်တို့ အတွက် မဟာမိတ် ဖြစ်၏။ အရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။
၃။ စည်း	**وَإِذْ أَسَرَّ النَّبِيُّ إِلَى بَعْضِ أَزْوَاجِهِ حَدِيثًا فَلَمَّا نَبَّأَتْ بِهِ وَأَظْهَرَهُ اللَّهُ عَلَيْهِ عَرَّفَ بَعْضَهُ وَأَعْرَضَ عَن بَعْضٍ فَلَمَّا نَبَّأَهَا بِهِ قَالَتْ مَنْ أَنبَأَكَ هَذَا قَالَ نَبَّأَنِيَ الْعَلِيمُ الْخَبِيرُ۞** သတင်းတော်ဆောင်သည် သူ၏ ပေါင်းဖော်များမှ အချို့ကို လက်တွင်းကြိတ် ဆင့်ပြန်၏။ သူမသည် ၎င်းကို သတင်းပေးသောအခါ၊ ပရမတ်ဘုရားရှင်က သူ့အား ဖော်ထုတ်ပေးတော်မူ၍ သူက ထိုအကြောင်းချက်မှ အချို့ကို သတင်းဆင့်လျက် အချို့ကို **ဘောင်**ထား၏၊ ထိုအခါ သူမက "ဤအကြောင်းကို မည်သူက သင့်အား သတင်းပေးသနည်း၊"ဟု ဆိုသော်၊ သူက "သိနေတော်မူသော၊ သတင်းရနေတော်မူသော အရှင်က ကျွန်ုပ်အား သတင်းပေး၏၊"ဟု ပြောဆို၏။
၄။ ☆၂၉း၃ ★၂၃း၀	**إِن تَتُوبَا إِلَى اللَّهِ فَقَدْ صَغَتْ قُلُوبُكُمَا وَإِن تَظَاهَرَا عَلَيْهِ فَإِنَّ اللَّهَ هُوَ مَوْلَاهُ وَجِبْرِيلُ وَصَالِحُ الْمُؤْمِنِينَ وَالْمَلَائِكَةُ بَعْدَ ذَلِكَ ظَهِيرٌ۞** သင်တို့သည် ပရမတ်ဘုရားရှင်ထံ၌ ခဝါချကြလျှင်၊ သင်တို့နှစ်ဦး၏ နှလုံးသားသည် တိမ်းညွတ်စေလိမ့်မည်။ အကယ်၍ ၎င်းအား ဆန့်ကျင်ရန် ကျောထောက်နောက်ခံပြုကြလျှင်၊ ဇကန်ပင် ပရမတ်ဘုရားရှင် – အရှင်သည် သူ၏ မဟာမိတ် ဖြစ်၏။ ထို့ပြီးနောက် မြတ်သောဉာဏ်စဉ်၊☆ ပြုပြင်ပြောင်းလဲသော ယုံကြည်သူများနှင့် နိမိတ်ဆောင်တို့သည်★ သူ့အား ကျောထောက်နောက်ခံပြုသူများ ဖြစ်ကြ၏။
၅။	**عَسَى رَبُّهُ إِن طَلَّقَكُنَّ أَن يُبْدِلَهُ أَزْوَاجًا خَيْرًا مِّنكُنَّ مُسْلِمَاتٍ مُّؤْمِنَاتٍ قَانِتَاتٍ تَائِبَاتٍ عَابِدَاتٍ سَائِحَاتٍ ثَيِّبَاتٍ وَأَبْكَارًا۞** အကယ်၍ သူက သင်မတို့အား ခွဲခွာခဲ့သော်၊ သင်မတို့ထက် ပို၍ကောင်းသော ပေါင်းဖော်များကို သူ့အား ကံကြမ္မာရှင်

(၁၀၆၇) ဤသုတ်ဒေသနာတော်သည် ဥပဒေ၏ အပေါ်၌ မည်သူမှ မရှိရဟူသော နိယာမအား ပီပြင်စွာ ပြဋ္ဌာန်းပေးသော ဥပဒေပင် ဖြစ်ပေသည်။ ကိုယ်တော်မုဟမ္မဒ်သည်ပင် ကျမ်းတော်ပါ ဥပဒေများကို တစ်စွန်းတစ်မှမျှ ဖီဆန်ခွင့် မရှိကြောင်းကို တိတိကျကျ ဖေါ်ပြထားပေသည်။

	က– လွဲပြောင်းပေးနိုင်ရာ၏။ သူမတို့သည် ငြိမ်းချမ်းရေးပြုသောသူမ၊ ယုံကြည်သူမ၊ နာခံသူမ၊ ခဝါချသူမ၊ ဝတ်ကျေသူမ၊ သီလမြဲသူမ၊ ကင်းရှင်းသူမနှင့် နုရွယ်သောသူမများ ဖြစ်ကြ၏။[၁၀၆၈]
၆။	**يَا أَيُّهَا الَّذِينَ آمَنُوا قُوا أَنفُسَكُمْ وَأَهْلِيكُمْ نَارًا وَقُودُهَا النَّاسُ وَالْحِجَارَةُ عَلَيْهَا مَلَائِكَةٌ غِلَاظٌ شِدَادٌ لَا يَعْصُونَ اللَّهَ مَا أَمَرَهُمْ وَيَفْعَلُونَ مَا يُؤْمَرُونَ۝** အို– ယုံကြည်သော သူတို့၊ သင်တို့၏ ဉာဉ်စရိုက်များ၊ သင်တို့၏ ဝိုင်းသားများကို လူသား၊ ကျောက်သားများဖြင့် လောင်စာဖြစ်သော အပူမီးမှ ကင်းရန် စည်းစောင့်ကြလော့။ ယင်းကို ပြတ်ပြတ်သားသား တိကျပြတ်သားသော နိမိတ်ဆောင်များက လှမ်းမိုးထား၏။ ပရမတ်ဘုရားရှင်အား အာခံကြသည် မဟုတ်ချေ။ သူတို့အား ညွှန်ကြားသည့် ညွှန်ကြားချက် အတိုင်း စီမံနေကြ၏။
၇။	**يَا أَيُّهَا الَّذِينَ كَفَرُوا لَا تَعْتَذِرُوا الْيَوْمَ إِنَّمَا تُجْزَوْنَ مَا كُنتُمْ تَعْمَلُونَ۝** အို– ဖုံးကွယ်သော သူတို့၊ ဤနေ့ကာလ၌ မတောင်းပန်ကြနှင့်။ သင်တို့၏ ကျင့်ကြံခဲ့လေ့ရှိရာသည် သင်တို့အတွက် အစားပေးခံရမည်ပင်။
၈။	**يَا أَيُّهَا الَّذِينَ آمَنُوا تُوبُوا إِلَى اللَّهِ تَوْبَةً نَّصُوحًا عَسَى رَبُّكُمْ أَن يُكَفِّرَ عَنكُمْ سَيِّئَاتِكُمْ وَيُدْخِلَكُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ يَوْمَ لَا يُخْزِي اللَّهُ النَّبِيَّ وَالَّذِينَ آمَنُوا مَعَهُ نُورُهُمْ يَسْعَى بَيْنَ أَيْدِيهِمْ وَبِأَيْمَانِهِمْ يَقُولُونَ رَبَّنَا أَتْمِمْ لَنَا نُورَنَا وَاغْفِرْ لَنَا إِنَّكَ عَلَى كُلِّ شَيْءٍ قَدِيرٌ۝** အို– ယုံကြည်သော သူတို့၊ ပရမတ်ဘုရားရှင်၏ ထံတော်သို့ စိတ်ထားဖြူစင်သော ခဝါချခြင်းဖြင့် ခဝါချကြလော့။ ကံကြမ္မာရှင်သည် သင်တို့အား သင်တို့၏ အကုသိုလ်များမှ ဖုံးကွယ်ပလပ်ပေးနိုင်ကောင်း၍၊ အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများသို့ ဝင်ရောက်စေနိုင်၏။ ဤနေ့ကာလ၌ ပရမတ်ဘုရားရှင်သည် သတင်းတော်ဆောင်နှင့် သူနှင့် အတူရှိသည့် ယုံကြည်သော သူတို့အား အရှက်ရစေမည် မဟုတ်ချေ။ သူတို့၏ လက်ရှိ–မျက်မှောက်နှင့်၊ သူတို့၏ အားသန်စွာ လုံ့ပန်းမှု အလင်းရောင်သည် ရှိလျက်"အို– ကံကြမ္မာရှင်၊ တပည့်တော်တို့၏ အလင်းရောင်အား တပည့်တော်တို့အတွက် ပြည့်စုံစေပါပြီ။ တပည့်တော်တို့အား လွတ်ငြိမ်းစေတော်မူပါ၊ ဇောန်ပင် အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန် ချမှတ်တော်မူပါ၏"ဟု ရင့်ကျူးကြလတ္တံ့။
၉။ ★ ၃း၁၅	**يَا أَيُّهَا النَّبِيُّ جَاهِدِ الْكُفَّارَ وَالْمُنَافِقِينَ وَاغْلُظْ عَلَيْهِمْ وَمَأْوَاهُمْ جَهَنَّمُ وَبِئْسَ الْمَصِيرُ۝** အို– သတင်းတော်ဆောင်၊ ဖုံးကွယ်သူများနှင့် သီလကြောင်များ★အပေါ်၌ အားစိုက်ဆောင်ရွက်လော့၊ သူတို့အပေါ်၌ တိကျပြတ်သားလော့။ သူတို့၏ ခိုလှုံရာသည် ငရဲဘုံဖြစ်၍၊ ယင်းသည် အမင်္ဂလာ ခရီးဆုံး ဖြစ်၏။
၁၀။ နူးတ် နှင့် လု–တ်	**ضَرَبَ اللَّهُ مَثَلًا لِّلَّذِينَ كَفَرُوا امْرَأَةَ نُوحٍ وَامْرَأَةَ لُوطٍ كَانَتَا تَحْتَ عَبْدَيْنِ مِنْ عِبَادِنَا صَالِحَيْنِ فَخَانَتَاهُمَا فَلَمْ يُغْنِيَا عَنْهُمَا مِنَ اللَّهِ شَيْئًا وَقِيلَ ادْخُلَا النَّارَ مَعَ الدَّاخِلِينَ۝** ဖုံးကွယ်သောသူတို့အတွက် ပရမတ်ဘုရားရှင် ပမာဆောင်သော ဥပမာမှာ နူးဟ်၏ အမျိုးသမီးနှင့်၊ လု–တ်၏ အမျိုးသမီးတို့ ဖြစ်၏။ သူတို့နှစ်ဦးသည် ငါ၏ အမှုတော်ဆောင် နှစ်ဦးဖြစ်သည့် ပြုပြင်ပြောင်းလဲသော အမှုတော်ဆောင်များ၏ လက်အောက်၌ ဖြစ်ခဲ့သော်လည်း၊ **သူတို့**အပေါ်၌ သစ္စာမဲ့ခဲ့၏။ သို့သော် သူတို့သည် ပရမတ်ဘုရားရှင်အား ဆန့်ကျင်စရာ မပြည့်စုံခဲ့ဘဲ၊ "အပူမီးသို့ ဝင်ရသူများနှင့် အတူ ဝင်ကြလော့၊"ဟုသာ အမိန့်ခံလိုက်ရ၏။

(၁၀၆၈) ကိုယ်တော်မုဟမ္မဒ်ထံတွင် ကြင်ဖော်အဖြစ် ပူးပေါင်းနေထိုင်သူများ၏ အရည်အချင်းကို ဤသုတ်တော်၌ တွေ့ရပေသည်။ ကိုယ်တော်က သူမတို့အား လမ်းခွဲလိုသော် လမ်းခွဲနိုင်ခွင့် ရှိသကဲ့သို့ သူမတို့ဘက်ကလည်း လမ်းခွဲလိုက လမ်းခွဲနိုင်ခွင့် ရှိပေသည်၊ ၃၃း၂၈။ သို့သော် ဤနေရာ၌ သတိထားရမည်မှာ– ကိုယ်တော်က လမ်းခွဲမည် ဆိုသော်လည်း လင်ခန်းမယားခန်း ကွာရှင်းပြတ်စဲခန်းတွင် အဓိကလိုက်နာရမည့် စောင့်ဆိုင်းကာလကို ထည့်ပြောထားခြင်း မရှိချေ။ ထို့ကြောင့် ကိုယ်တော်၏ လမ်းခွဲခြင်းသည် ၃၃း၄၉ တွင် လမ်းခွဲခြင်းမျိုး ဖြစ်ကြောင်း ထင်ရှားပေသည်။ ကိုယ်တော်၏ ကြင်ဖော် **ဇောင်းဂျန်** များမှာလည်း ၅၆း၇ တွင် ပေါ်ပြသော **ဇောင်းဂျန်** များ ဖြစ်ပေသည်။

၁၁။	**وَضَرَبَ اللَّهُ مَثَلًا لِّلَّذِينَ آمَنُوا اِمْرَأَةَ فِرْعَوْنَ إِذْ قَالَتْ رَبِّ ابْنِ لِي عِندَكَ بَيْتًا فِي الْجَنَّةِ وَنَجِّنِي مِن فِرْعَوْنَ وَعَمَلِهِ وَنَجِّنِي مِنَ الْقَوْمِ الظَّالِمِينَ۝** ယုံကြည်သော သူတို့အတွက် ပရမတ်ဘုရားရှင် ပမာဆောင်သော ဥပမာမှာ၊ ဖာရိုး၏ အမျိုးသမီး ဖြစ်၏။ သူမက "အို– ကံကြမ္မာရှင်၊ တပည့်တော်မ အတွက် အရှင့်ထံပါး ဥယျာဉ်တော်၌ အိမ်တော်တစ်ဆောင် တည်ဆောက်ပေးတော်မူပါ၊ ဖာရိုးနှင့် သူ့အကျင့်အကြံများမှ တပည့်တော်မအား လွတ်မြောက်စေတော်မူပါ။ မိုက်ကြေးနေခဲ့သော လူမျိုးမှ လည်း လွတ်မြောက်စေတော်မူပါ၊"ဟု လျှောက်ထား၏။
၁၂။	**وَمَرْيَمَ ابْنَتَ عِمْرَانَ الَّتِي أَحْصَنَتْ فَرْجَهَا فَنَفَخْنَا فِيهِ مِن رُّوحِنَا وَصَدَّقَتْ بِكَلِمَاتِ رَبِّهَا وَكُتُبِهِ وَكَانَتْ مِنَ الْقَانِتِينَ۝** အင်မရမ်၏ သမီးတော် မာရိသည်လည်း၊ သူမ၏ အရှက်အင်္ဂါကို ထိန်းသိမ်းသောသူမ ဖြစ်၏။ သို့ဖြင့် ထို၌ ငါ၏ ဉာဏ်စဉ်ကို သက်ဝင်စေ၏။[၁၀၆ဎ] သူမသည် သူမ ကံကြမ္မာရှင်၏ စကားတော်နှင့် အရှင်၏ ကျမ်းတော်ကို ဖြောင့်မှန်စွာ လက်ခံ၏။ သူမသည်ကား နာခံသူတို့မှ ဖြစ်၏။

(၁၀၆ဎ) ဤသုတ်တော်ရှိ **ဖီးဟိ ဧ့ဖဲ** ဆိုသော စာလုံးကို ဆရာတော်ကြီး အများစုက **သူမထံသို့** ဘာသာပြန်ဆိုကြလျက် မာရိထံသို့ အရှင်၏ **ရူးဟ်**ကို သက်ဝင်စေခြင်းဖြင့် ယောကျ်ားမရှိဘဲ ကိုယ်ဝန်ဆောင်သည်ဟု ယုတ္တိမဲ့စွာ ဖွင့်ဆိုကြပေသည်။ ယုတ္တိကို မိရိုးဖလာ ယုံကြည်ချက်ဖြင့် အာခံ၍ မရပေ။ ထိုသို့အာခံရန်လည်း ကျမ်းမြတ်ကုရ်အာန်၌ သွန်သင်ထားခြင်း မရှိချေ။ **ဖီးဟိ ဧ့ဖဲ** ၏ အဓိပ္ပါယ်မှာ သူ့ထံသို့၊ သူ၌၊ ထိုအရာ၌ ဟူသော ဖိုနမ်စားသာ ဖြစ်ကြောင်း အာရဗီစာ တတ်သူတိုင်း သိကြပေသည်။ ဆိုလိုသည်မှာ ထိုအရာ၏ အပေါ်၌ ဟု စည်းစောင့်ခြင်းတည်းဟူသော အကျင့်စာရိတ္တကို ပြောဆို၍ ထိုစည်းစောင့်ခြင်း၌ စည်းစနစ်တကျ ဖြစ်စေရန် ပရမတ်ဘုရားရှင်က အသိဉာဏ်ပေးခဲ့သည်ဟု ဖြစ်ပေသည်။

အချို့ဆရာတော်တို့ကမူ ဖာရိုး၏ အမျိုးသမီးနှင့် မာရိတို့အားဖြင့် ဥပမာ ပေးခံရသော ယုံကြည်သူများကို ဆိုလိုခြင်း ဖြစ်သည်ဟု လည်းကောင်း၊ အချို့သော ဆရာတော်များကလည်း မာရိမှ မွေးသော ကိုယ်တော် ယေရှုအား ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော် ကိန်းသက်ပေးခြင်း ဖြစ်သည်ဟု ဖွင့်ဆိုကြပေသည်။ **ရူးဟ်** ဆိုသည်မှာ သက်ရှိ ဖြစ်တည်စေမည့် အသက်ဝိညာဉ် မဟုတ်ကြောင်း လူသား၏ အသိကွန့်မြူးနိုင်မည့် ဉာဏ်စဉ် သို့မဟုတ် ဉာဏ်စဉ်ရ လူသားကို ဂုဏ်ပေးခေါ်ဆိုသော ဘွဲ့သာလျှင် ဖြစ်ကြောင်းကို ၂း၈၇ တွင် ရှင်းခဲ့ပြီး ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်သည် ယုတ္တိမဲ့ ဒဏ္ဍာရီများကို သွန်သင်ခြင်း မရှိချေ။ ကျမ်းတော်တွင် ကိုယ်တော်မုဟမ္မဒ်အား **ရူးဟ်** ဉာဏ်စဉ်ကို **ဝဟီ** စွာန်အာရုံ သက်ဝင်စေခဲ့ပြီဟု လည်းကောင်း ၄၂း၅၂။ လူသားစင်စစ်ဖြစ်သော ကိုယ်တော်ယေရှုအား အရှင့်ထံမှ **ရူးဟ်** ဖြစ်သည်ဟု လည်းကောင်း ၄း၁၇၀။ မာရိအား သားရတနာ လာပေးသော ပကတိ လူသား ရဂူလ် ဉာဏ်စဉ်ဆောင်ကို **ရူးဟ်** ဖြစ်သည်ဟု လည်းကောင်း ၁၉း၁၇– လူသား အားလုံးအား **ရူးဟ်** ဉာဏ်စဉ် သက်ဝင်စေသည်ဟုလည်းကောင်း ၃၂း၉ အတိအကျ ဆိုထားပေသည်။ ထို့ကြောင့် အီဆာခေါ် ယေရှုတစ်ပါးတည်းသာ **ရူးဟ်** ဖြစ်၍၊ သူ့မိခင်က သူ့အား ဖိုမျိုးစေ့မရှိဘဲ **ရူးဟ်** အားဖြင့် မွေးဖွားလိုက်သည်ဟု ဆိုခြင်းမှာ ခရစ်ယာန်တို့၏ အယူအဆသာ ဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် ထိုကဲ့သို့ သွန်သင်ညွှန်ပြထားခြင်း လုံးဝ မပါဝင်ပေ။ ကြင်ယာကြင်ဘက် မရှိဘဲ ကလေးမမွေးဖွားနိုင်ဟူသော နိယာမကိုသာ ဖြားဝဝ တွင် တိတိကျကျ ပြဋ္ဌာန်းထားပေသည်။

ဓမ္မခန္ဓာ (၆၇) အာဏာစက် (အလံ–မုလ်ကို)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၇၇)၊ သုတ်ဒေသနာ အပါး(၃၀)၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**تَبَارَكَ الَّذِي بِيَدِهِ الْمُلْكُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ** ۞ အာဏာစက်အား ချုပ်ကိုင်ထားတော်မူသော အရှင်သည် ကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူ၏။ အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။
၂။	**الَّذِي خَلَقَ الْمَوْتَ وَالْحَيَاةَ لِيَبْلُوَكُمْ أَيُّكُمْ أَحْسَنُ عَمَلًا وَهُوَ الْعَزِيزُ الْغَفُورُ** ۞ သင်တို့အနက် မည်သူသည် အတင့်တယ်ဆုံး ကျင့်ကြံသည်ကို စုံစမ်းရန်အလို့ငှာ အရှင်သည် အနိစ္စ၊ နိစ္စကို ဖြစ်တည်စေတော်မူ၏။ အရှင်သည် ဘုန်းတော်ရှင်၊ လွတ်ငြိမ်းစေသော အရှင် ဖြစ်၏။[၁၀၇၀]
၃။ ☆၂း၂၉ အံ့ချော်	**الَّذِي خَلَقَ سَبْعَ سَمَاوَاتٍ طِبَاقًا مَّا تَرَى فِي خَلْقِ الرَّحْمَنِ مِن تَفَاوُتٍ فَارْجِعِ الْبَصَرَ هَلْ تَرَى مِن فُطُورٍ** ۞ အရှင်သည် ကောင်းကင် ဂြိုလ်စဉ် ခုနစ်ဆက်ကို☆ ဖြစ်တည်စေ၏၊ ကရုဏာရှင်၏ ဖြစ်တည်စေခြင်း၌ **လွတ်ထွက်နေ**သည်ဟု သင် ရှုမြင်ရမည် မဟုတ်ချေ။ ပြန်လှည့် ကြည့်လော့ မူလအတိုင်းရှိသည်ကို ရှုစားမိသလော။
၄။ ကြည့်	**ثُمَّ ارْجِعِ الْبَصَرَ كَرَّتَيْنِ يَنقَلِبْ إِلَيْكَ الْبَصَرُ خَاسِأً وَهُوَ حَسِيرٌ** ۞ တဖန် မျက်စိ အကြိမ်ကြိမ် လှည့်**မြင်**စေလော့၊ သင့်အ**မြင်**သည် သင့်ထံသို့ အရှက်ရ ကြောက္ခစရာသာ ဦးလှည့်လတ္တံ့။
၅။ ★၄း၁၂	**وَلَقَدْ زَيَّنَّا السَّمَاء الدُّنْيَا بِمَصَابِيحَ وَجَعَلْنَاهَا رُجُومًا لِّلشَّيَاطِينِ وَأَعْتَدْنَا لَهُمْ عَذَابَ السَّعِيرِ** ۞ ငါအရှင်သည် လောကီ ကောင်းကင်ကို စတင်တောက်ပခြင်းများဖြင့်★ ဖမ်းစားထားစေ၍၊ ၎င်းကို မကောင်းဆိုးဝါးတို့အတွက် ပစ်ဒုံးအဖြစ် စီစဉ်ထားပြီ။ မီးလောင်စာဝဋ်ကြွေးအား သူတို့အတွက် ငါ ပြင်ဆင်ထား၏။[၁၀၇၀]

(၁၀၇၀) ဘာသာတရား၏ ဒဿနတွင် သဘာဝအလျောက် သိနားလည်ထားသော သေခြင်း ရှင်ခြင်းဆိုသည်ကို လက်ခံခြင်း မရှိချေ။ မည်သည့် ဘာသာ တရားတွင် မဆို နိဗ္ဗာန် ငရဲ ဆိုသည်မှာ တိတိကျကျ ပြဋ္ဌာန်းသွန်သင်ပြီးသား ဖြစ်ပေသည်။ လူသား၏ ယခု မြင်နေရသော ရုပ်ပိုင်းဆိုင်ရာ ရုပ်တန့်သွားခြင်းကို သေသည်ဟု သတ်မှတ်သော်လည်း– အမှန်တကယ် သေခြင်း မဟုတ်ချေ။ အမှန်တကယ် သေသွားသူဖြစ်လျှင် နိဗ္ဗာန်၊ ငရဲကို မည်သို့ ခံစားနိုင်အံ့နည်း။ အစွယ်လာမ်သာသနာသည် သေခြင်းမရှိ ဆိုသော ဒဿနအား အဓိပ္ပာယ်ဆုံး သွန်သင်နိုင်သော သာသနာ ဖြစ်ပေသည်။ ဤလောကီ၌ ကျင့်ကြံအားထုတ်မှု၏ အကျိုးဆက်ကို ခံစားရာ ဘဝသည် ရှိနေပေသည်။ ထို့ကြောင့် ဤသုတ်တော်တွင် "မည်သူသည် အကောင်းဆုံး ကျင့်ကြံသည်ကို စုံစမ်းရန်အလို့ငှာ၊"ဟု ပြောဆိုထားခြင်း ဖြစ်ပေသည်။ ထို့အပြင် ကျမ်းတော်၏ ဒဿနအရ လူမျိုးတစ်မျိုး တိုင်းပြည်တစ်ခု၏ ကျဆုံးခန်းကိုလည်း သေသည်ဟု သတ်မှတ်ပေသည်။ လူမျိုးတစ်မျိုးသည် မကောင်းမှုများကို ကျင့်ကြံသူများပြားလာပါက ထိုမျိုးဆက်၊ ထိုတိုင်းပြည်သည် ကျဆုံးပျောက်ကွယ်ရမည်ပင်– ထိုနေရာ၌ အခြားသော မျိုးဆက်သစ်များ ပေါ်ပေါက်လာရမည်ပင် ဖြစ်တော့သည်။ ထိုအချင်းအရာကိုလည်း သေခြင်း ရှင်ခြင်းဟု သတ်မှတ်ပေသည်။

(၁၀၇၁) လောကီကောင်းကင် ဆိုသည်မှာ ကျွန်ုပ်တို့ ကမ္ဘာမှ မြင်ရသော ကောင်းကင်ယံကို ခေါ်ဆိုခြင်း ဖြစ်၍၊ ထိုကောင်းယံတွင် ကြယ်များ နဂါးငွေ့တန်းများဖြင့် ဆင်ယင်ထားခြင်း ဖြစ်ပေသည်။ ထိုကောင်းယံအား စိတ်ဓါတ်မကောင်းသော သူများထံမှ ကင်းရန် ကာကွယ်ထားသည်ဟု ၁၅း၁၆–၁၈။ ၄၀း၁၂ တို့တွင်လည်း ပြောထားပေသည်။ ဆိုလိုသည်မှာ– ထိုကောင်းကင်ရှိ ကြယ်တာရာများကို ကိုးကွယ်ပသသော လူမျိုးတို့ တွေးထင်နေသော ဒဏ္ဍာရီများနှင့် အမှန်တကယ် ဖြစ်တည်နေသော ကောင်းကင်ယံမှ လုံးဝမသက်ဆိုင်ဟု ဖြစ်ပေသည်။ သိပ္ပံရှုဒေါင့်မှ ပြောဆိုလျှင်

၆။	**وَلِلَّذِينَ كَفَرُوا بِرَبِّهِمْ عَذَابُ جَهَنَّمَ وَبِئْسَ الْمَصِيرُ** ۞ ကံကြမ္မာရှင်အား ဖုံးကွယ်သော သူတို့အတို့ ငရဲ ဝင်ကြွေးသည် ရှိ၏၊ အမင်္ဂလာ ခရီးဆုံးပင် ဖြစ်၏။
၇။	**إِذَا أُلْقُوا فِيهَا سَمِعُوا لَهَا شَهِيقًا وَهِيَ تَفُورُ** ۞ သူတို့အား ထိုဌာန ခင်းကျင်းသောအခါ၊ ငိုကြွေးကြသည်ကို ကြားရလတ္တံ့၊ ယင်းသည် ပွက်လောရိုက်လျက် ဖြစ်၏။
၈။	**تَكَادُ تَمَيَّزُ مِنَ الْغَيْظِ كُلَّمَا أُلْقِيَ فِيهَا فَوْجٌ سَأَلَهُمْ خَزَنَتُهَا أَلَمْ يَأْتِكُمْ نَذِيرٌ** ۞ ငရဲသည် ဒေါသဟုန်းဟုန်း ကွဲထွက်မတတ် ဖြစ်နေ၏။ ထိုဌာန အုပ်စုလိုက် ခင်းကျင်းလေတိုင်း၊ ငရဲ၏ အစောင့်က "သင်တို့ထံသို့ သတိပေးသူ မပေးရောက်ခဲ့သလော၊" ဟု မေးမြန်းလတ္တံ့။
၉။	**قَالُوا بَلَى قَدْ جَاءنَا نَذِيرٌ فَكَذَّبْنَا وَقُلْنَا مَا نَزَّلَ اللَّهُ مِن شَيْءٍ إِنْ أَنتُمْ إِلَّا فِي ضَلَالٍ كَبِيرٍ** ۞ သူတို့က "အမှန်ပင်၊ ကျွန်ုပ်တို့ထံသို့ သတိပေးသူများ မုချ ရောက်လာခဲ့ပါ၏၊ သို့သော် သူတို့အား ကျွန်ုပ်တို့ ငြင်းဆန်၍၊ ပရမတ်ဘုရားရှင်သည် သင်တို့အား မည်သည်ကိုမှ ချမှတ်ပေးခဲ့ခြင်း မဟုတ်၊ သင်တို့သည် ကြီးစွာသော အပါယ်လမ်း၌ ရှိသူများ ဖြစ်၏၊ ဟု ပြောဆိုမိပါ၏၊" ဟု ပြန်ပြောကြ၏။
၁၀။	**وَقَالُوا لَوْ كُنَّا نَسْمَعُ أَوْ نَعْقِلُ مَا كُنَّا فِي أَصْحَابِ السَّعِيرِ** ۞ "အကယ်၍ ကျွန်ုပ်တို့သည် ကြားနာမှု သို့မဟုတ် အတွေးအခေါ်ရှိခဲ့လျှင်၊ ကျွန်ုပ်တို့သည် မီးလောင်စာ၏ ပေါင်းဖော်များ မဟုတ်ခဲ့ချေ၊" ဟုလည်း ပြောကြ၏။
၁၁။ အဝေးခံ ဖြစ်ရပြီ	**فَاعْتَرَفُوا بِذَنبِهِمْ فَسُحْقًا لِّأَصْحَابِ السَّعِيرِ** ۞ ထိုသို့– သူတို့၏ အပြစ်များကို မှတ်မိကြလျက်၊ မီးလောင်စာ၏ ပေါင်းဖော်တို့သည် **အဝီစိသို့ကျရပြီ**။[၁၀၇၂]
၁၂။	**إِنَّ الَّذِينَ يَخْشَوْنَ رَبَّهُم بِالْغَيْبِ لَهُم مَّغْفِرَةٌ وَأَجْرٌ كَبِيرٌ** ۞ စက္ခုလွန်၌ပင် ကံကြမ္မာရှင်အား ကြောက်ရွံရိုကျိုးသောသူတို့ အဘို့မူကား၊ လွတ်ငြိမ်းခွင့်နှင့် ကြီးမားသော အကျိုးဆုလဒ်သည် ရှိနေ၏။
၁၃။	**وَأَسِرُّوا قَوْلَكُمْ أَوِ اجْهَرُوا بِهِ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ** ۞ သင်တို့ ကြိတ်၍ ပြောခြင်း သို့မဟုတ် ကျယ်လောင်စွာဖွင့်ဟခြင်း–၊ အရှင်သည် သင်တို့၏ ရင်တွင်း ခံစားချက်များအားဖြင့် သိနေသော အရှင် ဖြစ်၏၊
၁၄။	**أَلَا يَعْلَمُ مَنْ خَلَقَ وَهُوَ اللَّطِيفُ الْخَبِيرُ** ۞ ဖြစ်တည်ပေးတော်မူသော အရှင်က မသိတုံသလော။ အရှင်သည် သက်ညှာတော်မူ၏၊ သတင်းရနေတော်မူ၏။
၁၅။	**هُوَ الَّذِي جَعَلَ لَكُمُ الْأَرْضَ ذَلُولًا فَامْشُوا فِي مَنَاكِبِهَا وَكُلُوا مِن رِّزْقِهِ وَإِلَيْهِ النُّشُورُ** ۞ မြေကမ္ဘာအား နိမ့်ပါးစေခိုင်းရာအဖြစ် သင်တို့အတွက် စီစဉ်ပေးသော အရှင် ဖြစ်၏။ ထိုမှ ထွက်၍ အရပ်တိုင်းအား သွားလာကြလော့၊ အရှင် ရိက္ခာထောက်ရာမှ စားသုံးကြလော့။ အရှင့်ထံသို့သာ ရှင်ပြန်စုဆုံရမည်တည်း။

ကြယ်တာရာတို့သည် လောင်ကျွမ်းခြင်း သတ္တိရှိသော မီးပန်းများဖြစ်သည်ဟု လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ နီးပါးကပင် တိတိကျကျပြောဆိုထားခြင်း ဖြစ်တော့သည်။ ထိုကြယ်တာရာတို့၏ ဂုဏ်သတ္တိအား မိရိုးဖလာ၌ အစွဲကြီးနေသူတို့မှာ သိနိုင်မည်မဟုတ်ဟု ကျမ်းတော်က တိတိကျကျ ပြောဆို ထားပေသည်။ ၎င်းကို "ထိုမကောင်းဆိုးဝါးတို့အတွက် ပစ်ဒုံးအဖြစ် စီရင်ထားပြီ"ဟု ဆိုပေသည်။

(၁၀၇၂) အဝီစိသို့ကျရပြီဟု ပြန်ဆိုသော **فَسُحْقًا** ၏ အနက်မှာ အဝေးဆုံးသို့ ရောက်ရပြီဟုလည်း ဖြစ်၍ ပရမတ်ဘုရားရှင်နှင့် နီးစပ်ခွင့်တည်းဟူသော နိယာမမှ ဝေးကွာနေခြင်းကို ဆိုလိုပေသည်။

၁၆။	**أَأَمِنتُم مَّن فِي السَّمَاء أَن يَخْسِفَ بِكُمُ الأَرْضَ فَإِذَا هِيَ تَمُورُ۞** မြေကမ္ဘာ– ၎င်းသည် လှုပ်ခါသောအခါ သင်တို့အား မြို့လိမ့်မည် မဟုတ်ဟု– ကောင်းကင်မှ သင်တို့အား လုံခြုံပြီဟု ယုံကြည်စေသလော။
၁၇။	**أَمْ أَمِنتُم مَّن فِي السَّمَاء أَن يُرْسِلَ عَلَيْكُمْ حَاصِبًا فَسَتَعْلَمُونَ كَيْفَ نَذِيرِ۞** သို့တည်းမဟုတ် သင်တို့ အပေါ်သို့ သဲမုန်တိုင်းအား စေစားမည် မဟုတ်ဟု– အထက်ကောင်းကင်မှ သင်တို့အား လုံခြုံပြီဟု– ယုံကြည်စေသလော။ ငါအရှင်၏ သတိပေးချက်သည် မည်သို့ ဖြစ်သည်ကို သူတို့ သိလာရလတ္တံ့။
၁၈။	**وَلَقَدْ كَذَّبَ الَّذِينَ مِن قَبْلِهِمْ فَكَيْفَ كَانَ نَكِيرِ۞** သူတို့၏ ရှေ့အလျင် ဖြစ်သူတို့သည် မုချ ငြင်းဆန်ခဲ့ကြပြီ။ မကြုံဘူးသည့်ပြစ်ဒဏ်သည် မည်သို့ဖြစ်ဘိသနည်း။
၁၉။	**أَوَلَمْ يَرَوْا إِلَى الطَّيْرِ فَوْقَهُمْ صَافَّاتٍ وَيَقْبِضْنَ مَا يُمْسِكُهُنَّ إِلَّا الرَّحْمَنُ إِنَّهُ بِكُلِّ شَيْءٍ بَصِيرٌ۞** သူတို့ အပေါ်ရှိ ငှက်များမှာ အစီအရီ ယှက်သန်းလျက်ရှိသည်ကို မမြင်ကြသလော။ ၎င်းတို့အား ကရုဏာရှင်သည်သာ ထိန်းထားခြင်း ဖြစ်၏။ ဇနပင် အရှင်သည် သဗ္ဗလုံးစုံအား မြင်နေသော အရှင်ဖြစ်၏။
၂၀။	**أَمَّنْ هَذَا الَّذِي هُوَ جُندٌ لَّكُمْ يَنصُرُكُم مِّن دُونِ الرَّحْمَنِ إِنِ الْكَافِرُونَ إِلَّا فِي غُرُورٍ۞** သို့တည်းမဟုတ် ကရုဏာရှင် မှလွဲ၍ မည်သူသည် သင်တို့အား ကူညီနိုင်သည့် စစ်သည်တော်များ ဖြစ်သနည်း။ ဖုံးကွယ်သူတို့၌ မြှုဆွယ်ခြင်းမှအပ အခြား မရှိချေ။
၂၁။	**أَمَّنْ هَذَا الَّذِي يَرْزُقُكُمْ إِنْ أَمْسَكَ رِزْقَهُ بَل لَّجُّوا فِي عُتُوٍّ وَنُفُورٍ۞** သို့တည်းမဟုတ် အကယ်၍ အရှင်က အရှင်၏ ရိက္ခာထောက်ခြင်းကို ဆိုင်းထားလျှင်၊ သင်တို့အား မည်သူက ရိက္ခာထောက်နိုင် မည်နည်း။ အမှန်မှာ သူတို့သည် အာခံမှုနှင့် စစ်သွေးကြွစိတ်၌ တိုးဝှေ့နေကြ၏။
၂၂။	**أَفَمَن يَمْشِي مُكِبًّا عَلَى وَجْهِهِ أَهْدَى أَمَّن يَمْشِي سَوِيًّا عَلَى صِرَاطٍ مُّسْتَقِيمٍ۞** သို့တည်းမဟုတ် မျက်နှာ အောက်စိုက် သွားလာသူသည် မြဲမြံတည်တံ့သော လမ်းစဉ်၌ ပုံစံတကျ သွားလာသူထက် ပိုမိုလမ်းညွှန်ခံရသလော။
၂၃။	**قُلْ هُوَ الَّذِي أَنشَأَكُمْ وَجَعَلَ لَكُمُ السَّمْعَ وَالْأَبْصَارَ وَالْأَفْئِدَةَ قَلِيلًا مَّا تَشْكُرُونَ۞** ဟောလော့ "ထို အရှင်သည် သင်တို့အား ပေါက်ပွားစေ၏၊ သင်တို့အား အကြား၊ အမြင်၊ စိတ်နှလုံးများကို စီစဉ်ပေး၏။ သို့သော် အနည်းငယ်မျှသာ ကျေးဇူးသိတတ်ကြ၏။"
၂၄။	**قُلْ هُوَ الَّذِي ذَرَأَكُمْ فِي الْأَرْضِ وَإِلَيْهِ تُحْشَرُونَ۞** ဟောလော့ "အရှင်သည် သင်တို့အား မြေကမ္ဘာ၌ ပွားများစေ၏၊ သင်တို့သည် အရှင့်ထံသို့သာ စုစည်းခံရစေမည်ပင်။
၂၅။	**وَيَقُولُونَ مَتَى هَذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ۞** သူတို့က "သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ ထိုကတိတော်မှာ မည်သည့်အခါ ဖြစ်မည်နည်း၊"ဟု ဆိုကြ၏။
၂၆။	**قُلْ إِنَّمَا الْعِلْمُ عِندَ اللَّهِ وَإِنَّمَا أَنَا نَذِيرٌ مُّبِينٌ۞** ဟောလော့ "ယင်းသည် ပရမတ်ဘုရားရှင်၏ ထံမှ အသိတော်၌သာ ရှိ၏။ ကျွန်ုပ်သည်ကား ရှင်းလင်းထင်ရှားသော သတိပေးသူပင်။"
၂၇။	**فَلَمَّا رَأَوْهُ زُلْفَةً سِيئَتْ وُجُوهُ الَّذِينَ كَفَرُوا وَقِيلَ هَذَا الَّذِي كُنتُم بِهِ تَدَّعُونَ۞**

	၎င်းသည် ချည်းကပ်လာသည်ကို မြင်တွေ့သောအခါ၊ ဖုံးကွယ်သော သူတို့၏ မျက်နှာများသည် အကုသိုလ်သင့်လျက် ''ဤသည် သင်တို့ ဖိတ်ခေါ်လေ့ရှိရာများ ဖြစ်သလော၊'' ဟု ဆိုကြ၏။
၂၈။	**قُلْ أَرَأَيْتُمْ إِنْ أَهْلَكَنِيَ اللَّهُ وَمَن مَّعِيَ أَوْ رَحِمَنَا فَمَن يُجِيرُ الْكَافِرِينَ مِنْ عَذَابٍ أَلِيمٍ۞** ဟောလော့ ''သင်တို့ မြင်မိသလော၊ ပရမတ်ဘုရားရှင်သည် ကျွန်ုပ်၊ ကျွန်ုပ်နှင့်အတူ ရှိသူတို့အား တိမ်ကော ပျက်စီးစေသည် ဖြစ်စေ၊ ကရုဏာသက်သည် ဖြစ်စေ၊ ဖုံးကွယ်သူတို့အား စူးနစ်နာကျင်သော ဝဋ်ကြွေးမှ မည်သူက ကာကွယ်ပေးနိုင်မည်နည်း။''
၂၉။	**قُلْ هُوَ الرَّحْمَنُ آمَنَّا بِهِ وَعَلَيْهِ تَوَكَّلْنَا فَسَتَعْلَمُونَ مَنْ هُوَ فِي ضَلَالٍ مُّبِينٍ۞** ဟောလော့ ''အရှင်သည် မဟာကရုဏာရှင် ဖြစ်၏။ ကျွန်ုပ်တို့သည် အရှင့်အား ယုံကြည်၏။ အရှင့်အား ကိုးစား၏။ မည်သူသည် ရှင်းလင်းထင်ရှားသော လွဲမှားခြင်း၌ ရှိသည်ကို သင်တို့ သိလာရလတ္တံ့။''
၃၀။	**قُلْ أَرَأَيْتُمْ إِنْ أَصْبَحَ مَاؤُكُمْ غَوْرًا فَمَن يَأْتِيكُم بِمَاء مَّعِينٍ۞** ဟောလော့ ''သင်တို့ မြင်မိသလော၊ သင်တို့၏ ရေသည် ငုပ်လျှိုးသွားလျှင်၊ ထို့နောက် မည်သူက သင်တို့အား စိမ့်စမ်းရေကို ပေးနိုင်အံ့နည်း။''

ဓမ္မခန္ဓာ (၆၈) ကလောင်တံ (အလ်–ကလမ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂)၊ သုတ်ဒေသနာ (၅၂)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂျင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**ن وَالْقَلَمِ وَمَا يَسْطُرُونَ۝** ကညစ်တံ၊[၁၀၇၃] ကလောင်တံ၊ ရေးသားကြသော အရာများအားဖြင့်။
၂။	**مَا أَنتَ بِنِعْمَةِ رَبِّكَ بِمَجْنُونٍ۝** သင့်ကရုဏာဂျင်၏ ဂုဏ်ပေးခြင်းဖြင့်– သင်သည် ရူးသွပ်နေသူ မဟုတ်ချေ။[၁၀၇၄]
၃။	**وَإِنَّ لَكَ لَأَجْرًا غَيْرَ مَمْنُونٍ۝** သင့်အတွက် မျက်နှာမပျက်ရသော ဆုလဒ်သည် ဇကန် ရှိစေလတ္တံ့။
၄။	**وَإِنَّكَ لَعَلى خُلُقٍ عَظِيمٍ۝** သင့်၌ မဟာ စိတ်ကူးတည်ဆောက်မှုကြီး ရှိနေ၏။
၅။	**فَسَتُبْصِرُ وَيُبْصِرُونَ۝** သို့ဖြင့် သင်မြင်ရမည်မှာ– သူတို့လည်း မြင်ရမည်မှာ–
၆။	**بِأَييِّكُمُ الْمَفْتُونُ۝** သင်တို့ကြား၌ မည်သူက သွေးတိုးစမ်းသူဟု– ဖြစ်၏။
၇။	**إِنَّ رَبَّكَ هُوَ أَعْلَمُ بِمَن ضَلَّ عَن سَبِيلِهِ وَهُوَ أَعْلَمُ بِالْمُهْتَدِينَ۝**

(၁၀၇၃) အာရ်ဗီ စကားလုံး **ن နွံ** သည် အတိုကောက် စကားလုံး မဟုတ်ချေ။ ထိုတစ်လုံးတည်း၏ အဓိပ္ပါယ်မှာ မှင်တို့၍ ရေးရသော ကရိယာ **ကညစ်တံ** ဟု ဖြစ်ပေသည်။ အစ္စလာမ် သာသနာဝင် မဟုတ်သော သာသနာပြုဆရာတော် ရော့ဒ်ဝဲလ်က သူ၏ ကုရ်အာန်ဘာသာပြန်တွင် ဤစကားလုံးနှင့် ကုရ်အာန်တစ်အုပ်လုံးပါ အတိုကောက် အက္ခရာများ၏ အဓိပ္ပါယ်ကို မဟာမေဒင်များ ကိုယ်တိုင် အစ္စလာမ်သာသနာ၏ ပထမရာစု အထိ မသိခဲ့ဟု ရေးသားခြင်းမှာ လွန်စွာ မှားယွင်း စွပ်စွဲခြင်းသာ ဖြစ်ပေသည်။ အစ္စလာမ့်သမိုင်းတွင် ကုရ်အာန်အား အစ္စလာမ်သာသနာ၏ ပထမရာစု အတွင်း ဘာသာပြန်ဆိုရန် မလိုခဲ့ချေ။ ထိုစဉ်က အာရ်ဗီစကားပြော နိုင်ငံများတွင်သာ အစ္စလာမ် သာသနာကို စတင်လက်ခံနေသော ကာလ ဖြစ်ပေသည်။ ထို့နောက်ပိုင်း ရာစုများတွင်မှ အာရဗ် မဟုတ်သော လူမျိုးတို့ထံသို့ သာသနာပြန့်လာ၍– ထိုလူမျိုးများ နားလည်ရန် ကုရ်အာန်ကို ဘာသာပြန်လာခဲ့ခြင်း ဖြစ်ပေသည်။ ဘာသာမပြန်သော မူရင်းစာအုပ်တွင် မူရင်းအတိုင်း ရှိနေခြင်းမှာ နားမလည်၍ ဖွင့်ဆို မထားခြင်း ဖြစ်သည်ဟု ဆိုခြင်းမှာ ယုတ္တိဗေဒမဲ့သော စွပ်စွဲချက်သာ ဖြစ်ပေသည်။

(၁၀၇၄) မိရိုးဖလာ ယုံကြည်မှုတို့အား အမြစ်မှ ဆွဲနှုတ်၍ ပကတိလူသားဝါဒကို ကြေငြာသော ကိုယ်တော်မုဟမ္မဒ်အား မိရိုးဖလာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းကြီးမှ "အရူး၊ အယူပျက်၊ သာသနာဖျက်၊"ဟု အကြီးအကျယ် ပုတ်ခတ်စွပ်စွဲခဲ့ပေသည်။ ထိုအချင်းအရာကို ဤသုတ်တော်က ချေဖျက်ထားခြင်း ဖြစ်ပေသည်။ ကိုယ်တော်သည် ကမ္ဘာ့ တော်လှန်ရေး ခေါင်းဆောင်တိုင်း၏ စံပြ ခေါင်းဆောင်ပင် ဖြစ်သည်။ တော်လှန်ရေး ခေါင်းဆောင်တိုင်းသည် မိရိုးဖလာ အသိုင်းအဝိုင်းအကြီး၏ အမျိုးမျိုးသော ပုတ်ခတ်စွပ်စွဲခြင်းကို ခံရသည်ပင်၊ သို့သော် တုန်လှုပ်ရန် မလိုချေ။

	ကေန်ပင် ကံကြမ္မာရှင်၊ အရှင်သည် မည်သူက လမ်းစဉ်မှ လွဲချော်သည်ကို အသိဆုံး ဖြစ်တော်မူ၏၊ အရှင်သည် လမ်းညွှန်ခံရသူများကိုလည်း အသိဆုံး ဖြစ်တော်မူ၏။
၈။	**فَلَا تُطِعِ الْمُكَذِّبِينَ۝** မုသားဝါဒီများကို မနာခံနှင့်။
၉။	**وَدُّوا لَوْ تُدْهِنُ فَيُدْهِنُونَ۝** သူတို့သည် သင့်ဘက်က လျှော့ချစေလိုရ၌ သူတို့ဘက်ကလည်း လျှော့ချပေးလိုသည်ဟု–
၁၀။	**وَلَا تُطِعْ كُلَّ حَلَّافٍ مَّهِينٍ۝** တန်ဘိုးမဲ့ တိုင်တည်ပြသူတိုင်းအား မနာခံနှင့်။
၁၁။	**هَمَّازٍ مَّشَّاءٍ بِنَمِيمٍ۝** သူသည်– ဂုဏ်သရေဖျက်သူ၊ လျှောက်၍ သွားပုပ်လေလွင့်ပြောသူ–
၁၂။	**مَنَّاعٍ لِّلْخَيْرِ مُعْتَدٍ أَثِيمٍ۝** ကောင်းမှုကို ဟန့်တားသူ၊ စည်းဖေါက်သူ၊ ပြစ်မှုပြုသူ–
၁၃။	**عُتُلٍّ بَعْدَ ذَٰلِكَ زَنِيمٍ۝** ဆွဲချခံရသူ၊ ယင်းနောက် အသုံးမကျသူ–ဖြစ်၏။
၁၄။ ဟပဏ္ဍိ	**أَن كَانَ ذَا مَالٍ وَبَنِينَ۝** အကြောင်းမှာ–သူသည် ဥစ္စာပစ္စည်း **သားသမီး**များ ပိုင်ဆိုင်သောကြောင့် ဖြစ်၏။
၁၅။	**إِذَا تُتْلَىٰ عَلَيْهِ آيَاتُنَا قَالَ أَسَاطِيرُ الْأَوَّلِينَ۝** သူ့အား ငါအရှင်၏ သုတ်ဒေသနာများကို ဖတ်ပြသောအခါ၊ ‘‘ရှေးသရောအခါက ဒဏ္ဍာရီများသာတည်း၊’’ဟု ဆို၏။
၁၆။	**سَنَسِمُهُ عَلَى الْخُرْطُومِ۝** သူ့နှာခေါင်းဖျား၌ ငါ တံဆိပ်ကပ်ထားတော်မူပြီ။
၁၇။	**إِنَّا بَلَوْنَاهُمْ كَمَا بَلَوْنَا أَصْحَابَ الْجَنَّةِ إِذْ أَقْسَمُوا لَيَصْرِمُنَّهَا مُصْبِحِينَ۝** သူတို့အား ဥယျာဉ် ပေါင်းဖေါ်တို့အား စုံစမ်းသကဲ့သို့ ငါ စုံစမ်းတော်မူ၏။ သူတို့သည် နံနက်စသောအခါ သစ်သီးခူးအံ့ဟု တိုင်တည်ကြ၏– **وَلَا يَسْتَثْنُونَ۝** ဒုတိယာဓိ မရှိချေ။[၁၀၇၅]
၁၉။ လေဖွေ	**فَطَافَ عَلَيْهَا طَائِفٌ مِّن رَّبِّكَ وَهُمْ نَائِمُونَ۝** သူတို့ အိပ်စက်နေစဉ်– ကံကြမ္မာရှင်၏ထံမှ လေဖွေမုန်တိုင်းသည် ထိုအပေါ်၌ လှည့်ပွေ့တော့၏။
၂၀။	**فَأَصْبَحَتْ كَالصَّرِيمِ۝** သို့ဖြင့် ၎င်းသည် ခူးချိန်လွန် ဖြစ်သွားတော့၏။

(၁၀၇၅) သူတို့တွင် ပထမ အစီအစဉ် ပျက်သွားလျှင် ဒုတိယ အနေဖြင့် မည်သို့ဆောင်ရွက်မည်ဟု နောက်ဆက် စီမံထားမှုများ မရှိ။

၂၁။	**فَتَنَادَوا مُصْبِحِينَ۞** နံနက်စတွင် နှိုးဆော်ကြသည်မှာ–
၂၂။	**أَنِ اغْدُوا عَلَى حَرْثِكُمْ إِن كُنتُمْ صَارِمِينَ۞** “သင်တို့သည် သီးနှံခူးလိုကြလျှင်– သင်တို့၏ စိုက်ခင်းသို့ မနက်စောစော”ဟု ဖြစ်၏။
၂၃။	**فَانطَلَقُوا وَهُمْ يَتَخَافَتُونَ۞** ထွက်ခွာလာကြစဉ်– လေသံတိုးတိုးဖြင့်–
၂၄။	**أَن لَّا يَدْخُلَنَّهَا الْيَوْمَ عَلَيْكُم مِّسْكِينٌ۞** “ဤနေ့တွင် သင်တို့ထံသို့ မည်သည့် နွမ်းပါးသူမှ အဝင်မခံနှင့်၊”ဟု ဆိုကြ၍၊
၂၅။	**وَغَدَوْا عَلَى حَرْدٍ قَادِرِينَ۞** သူတို့သည် မနက်စောစော စည်းချိန်ကြပ်မတ် ဘုံဆုံးဖြတ်၏။
၂၆။ ယာ	**فَلَمَّا رَأَوْهَا قَالُوا إِنَّا لَضَالُّونَ۞** သို့သော် သူတို့သည် **၎င်း**ကို မြင်လိုက်ရသည်နှင့် ပြောကြသည်မှာ “ကျွန်ုပ်တို့ လွဲမှားသူများ ဖြစ်လေပြီ၊–
၂၇။	**بَلْ نَحْنُ مَحْرُومُونَ۞** –အမှန်မှာ ကျွန်ုပ်တို့သည် တားမြစ်ပိတ်ပင်ခံရချေပြီ”ဟု ဖြစ်၏။
၂၈။	**قَالَ أَوْسَطُهُمْ أَلَمْ أَقُل لَّكُمْ لَوْلَا تُسَبِّحُونَ۞** သူတို့မှ အလယ်အလတ်ရှိသူက “ကျွန်ုပ်တို့သည် ဦးထိပ်မထားသင့်သလောဟု ကျွန်ုပ် မပြောခဲ့သလော၊”ဟု ဆို၏။
၂၉။	**قَالُوا سُبْحَانَ رَبِّنَا إِنَّا كُنَّا ظَالِمِينَ۞** သူတို့က “ကံကြမ္မာရှင်အား ဦးထိပ်ထားပါပြီ၊ ကျွန်ုပ်တို့သည် အမှိုက်ကောင်များ ဖြစ်ခဲ့၏၊”ဟု ဆိုကြ၍–
၃၀။	**فَأَقْبَلَ بَعْضُهُمْ عَلَى بَعْضٍ يَتَلَاوَمُونَ۞** သူတို့မှ အချို့က အချို့ထံသို့ ရှေ့တိုးလာလျက် အပြစ်ဖို့ကြတော့၏။
၃၁။	**قَالُوا يَا وَيْلَنَا إِنَّا كُنَّا طَاغِينَ۞** သူတို့က ပြောကြသည်မှာ “ကျွန်ုပ်တို့နယ် ပျက်စီးရလေခြင်း၊ ကျွန်ုပ်တို့သည် စည်းဖျက်သူများ ဖြစ်ခဲ့၏။–
၃၂။	**عَسَى رَبُّنَا أَن يُبْدِلَنَا خَيْرًا مِّنْهَا إِنَّا إِلَى رَبِّنَا رَاغِبُونَ۞** ကံကြမ္မာရှင်သည် ကျွန်ုပ်တို့အား ပို၍ကောင်းသည်နှင့် လွှဲပြောင်းပေးနိုင်ရာ၏၊ ဇကနပင် ကျွန်ုပ်တို့သည် ကံကြမ္မာရှင်ထံသို့ ဦးစားပေးကြလတ္တံ့၊”ဟု ဖြစ်၏။
၃၃။	**كَذَٰلِكَ الْعَذَابُ وَلَعَذَابُ الْآخِرَةِ أَكْبَرُ لَوْ كَانُوا يَعْلَمُونَ۞** ဝဋ်ကြွေးဒဏ်သည် ယင်းသို့ ဖြစ်၏။ နောင်ဘဝ၏ ဝဋ်ကြွေးသည်ကား ပို၍ ကြီးမား၏။ သင်တို့ သိခဲ့ပါလေစ။
၃၄။	**إِنَّ لِلْمُتَّقِينَ عِندَ رَبِّهِمْ جَنَّاتِ النَّعِيمِ۞** ဇကနပင် စည်းစောင့်သူတို့အဘို့ ကံကြမ္မာရှင်၏ ထံတော်၌ ဂုဏ်ရှိသော ဥယျာဉ်များ ရှိ၏။

၃၅။	**أَفَنَجْعَلُ الْمُسْلِمِينَ كَالْمُجْرِمِينَ۝** ငါသည် ငြိမ်းချမ်းရေးဝါဒီတို့အား ရာဇဝတ်ကောင်များကဲ့သို့ စီစဉ်လိမ့်မည်လော။
၃၆။	**مَا لَكُمْ كَيْفَ تَحْكُمُونَ۝** သင်တို့၏ စီရင်ထုံးသည် မည်သို့ ဖြစ်ဘိသနည်း။
၃၇။	**أَمْ لَكُمْ كِتَابٌ فِيهِ تَدْرُسُونَ۝** သို့တည်းမဟုတ် သင်တို့ လေ့လာဆည်းပူးဘို့ရာ ကျမ်းစာတစ်အုပ် ရှိသလော။
၃၈။	**إِنَّ لَكُمْ فِيهِ لَمَا يَتَخَيَّرُونَ۝** ထို၌ သင်တို့ စိတ်ကြိုက်ထုတ်နှတ်စရာများ ရှိနေသလော။[၁၀၇၆]
၃၉။ ၃၉း၆၇	**أَمْ لَكُمْ أَيْمَانٌ عَلَيْنَا بَالِغَةٌ إِلَى يَوْمِ الْقِيَامَةِ إِنَّ لَكُمْ لَمَا تَحْكُمُونَ۝** သို့တည်းမဟုတ် ရပ်တည်ရသော နေ့သို့ ဆိုက်ရောက်သည့်တိုင် သင်တို့ စီရင်ထုံးချမှတ်နိုင်သည်ဟု ငါထံမှ သြဇာကို သင်တို့ ရထားသလော။
၄၀။	**سَلْهُم أَيُّهُم بِذَٰلِكَ زَعِيمٌ۝** ထိုမှ သူတို့အတွက် ရပ်တည်ပြောဆိုနိုင်မှု ရှိသလော ဟု မေးလော့။
၄၁။	**أَمْ لَهُمْ شُرَكَاء فَلْيَأْتُوا بِشُرَكَائِهِمْ إِن كَانُوا صَادِقِينَ۝** သို့တည်းမဟုတ် သူတို့၌ ရောပြွန်းကိုးကွယ်ရာ ရှိသလော။ သူတို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် သူတို့၏ ရောပြွန်းကိုးကွယ်ရာတို့ကို ပေးအပ်စေလော့။
၄၂။ ★ ၂၈း၄၄	**يَوْمَ يُكْشَفُ عَن سَاقٍ وَيُدْعَوْنَ إِلَى السُّجُودِ فَلَا يَسْتَطِيعُونَ۝** ခြေ ဖယ်ရှားခံရသော★ နေ့ကာလ၌ ၎င်းတို့အား ဦးချနာခံမှုသို့ ဖိတ်ခေါ်ခံရလတ္တံ့၊ သို့သော် ၎င်းတို့သည် တတ်နိုင်တော့သည် မဟုတ်ချေ။
၄၃။	**خَاشِعَةً أَبْصَارُهُمْ تَرْهَقُهُمْ ذِلَّةٌ وَقَدْ كَانُوا يُدْعَوْنَ إِلَى السُّجُودِ وَهُمْ سَالِمُونَ۝** သူတို့၏ အမြင်များသည် ကျိုးငဲ့လျက်၊ နိမ့်ခံရခြင်းသည် သူတို့အား ဖိစီးမှုရှိလတ္တံ့။ သူတို့သည် ငြိမ်းချမ်းမှု ရှိစဉ်က ဦးချရှိကျိုးခြင်းဆီသို့ ဖိတ်ခေါ်ခြင်း ခံခဲ့ရပြီ။
၄၄။	**فَذَرْنِي وَمَن يُكَذِّبُ بِهَٰذَا الْحَدِيثِ سَنَسْتَدْرِجُهُم مِّنْ حَيْثُ لَا يَعْلَمُونَ۝** သို့ဖြစ်၍၊ ဤ ဆင့်ပြန်ချက်အား ငြင်းဆန်သူတို့ကို ငါထံ ချန်ထားခဲ့လော့။ ငါသည် သူတို့အား သူတို့မသိသော နေရာမှ အခွင့်အလမ်းလျော့ပါးနေစေ၏။
၄၅။	**وَأُمْلِي لَهُمْ إِنَّ كَيْدِي مَتِينٌ۝** သူတို့အား ငါ အချိန်ပေးထား၏၊ ဇကန်ပင် ငါ၏ ဗျူဟာသည် အင်အားကောင်းတော်မူ၏။
၄၆။	**أَمْ تَسْأَلُهُمْ أَجْرًا فَهُم مِّن مَّغْرَمٍ مُّثْقَلُونَ۝** သို့တည်းမဟုတ် သင်သည် သူတို့ထံမှ အကျိုးဆုလဒ် တောင်းခံသောကြောင့် သူတို့မှာ အကြွေး ဝန်ပိနေကြသလော။

(၁၀၇၆) သုတ်တော် ၃၆ မှ ၄၀ ထိတွင် ကျမ်းမြတ်ကုရ်အာန်မှ မဟုတ်သော လူသားတို့၏ အတွေးအခေါ်ဖြင့် ပြုစုသောကျမ်းများမှ ထုတ်နှုတ်ဓမ္မသတ် (ဖာ့တ်ဝါဟ်) ထုတ်မှုများသည် တရားမဝင်ကြောင်း ရှင်းလင်းစွာ တင်ပြထားပေသည်။

၄၇။	**أَمْ عِندَهُمُ الْغَيْبُ فَهُمْ يَكْتُبُونَ۞** သို့တည်းမဟုတ် သူတို့ထံ၌ မျက်ကွယ် အသိများရှိ၍၊ ၎င်းတို့ကို မှတ်တမ်းတင်နေကြသလော။
၄၈။	**فَاصْبِرْ لِحُكْمِ رَبِّكَ وَلَا تَكُن كَصَاحِبِ الْحُوتِ إِذْ نَادَى وَهُوَ مَكْظُومٌ۞** သို့ဖြစ်၍၊ ကံကြမ္မာရှင်၏ စီရင်ထုံးကို သင် သည်းခံစောင့်ဆိုင်းလော့။ သင်သည် ငါးကြီး၏ ပေါင်းဖော်က သူသည် ယူကြုံးမရဖြစ်နေစဉ် တင်ပြသကဲ့သို့ မဖြစ်စေနှင့်။[၁၀၇၇]
၄၉။ ☆ ၃၇း၁၄	**لَوْلَا أَن تَدَارَكَهُ نِعْمَةٌ مِّن رَّبِّهِ لَنُبِذَ بِالْعَرَاء وَهُوَ مَذْمُومٌ۞** ကံကြမ္မာရှင်၏ ထံမှ ဂုဏ်ပေးခြင်း မလွှမ်းခြုံလျှင် သူသည် ထောက်ထားသူမဲ့ ဗလာလက်ဖြင့် စွန့်ပစ်ခံရလတ္တံ့။☆
၅၀။	**فَاجْتَبَاهُ رَبُّهُ فَجَعَلَهُ مِنَ الصَّالِحِينَ۞** သို့သော် ကံကြမ္မာရှင်သည် သူ့အား ရွေးချယ်တော်မူ၍၊ သူ့အား ပြုပြင်ပြောင်းလဲသူတို့မှ စီစဉ်ပေး၏။
၅၁။ အကြည့်ဒဏ်	**وَإِن يَكَادُ الَّذِينَ كَفَرُوا لَيُزْلِقُونَكَ بِأَبْصَارِهِمْ لَمَّا سَمِعُوا الذِّكْرَ وَيَقُولُونَ إِنَّهُ لَمَجْنُونٌ۞** သတိပေးတရားတော်အား ကြားရသောအခါ၊ ဖုံးကွယ်သော သူတို့က သင့်အား **အမြင်** စောင်းလေဖြင့် ‘‘သူသည် ကား အရူးပင်’’ဟု ဆိုကြလတ္တံ့။
၅၂။ ကုရ်အာန်	**وَمَا هُوَ إِلَّا ذِكْرٌ لِّلْعَالَمِينَ۞** **၎င်း**သည် လောကခပ်သိမ်းအတွက် သတိပေးတရားတော်မှအပ အခြား မဟုတ်ချေ။

(၁၀၇၇) ဤနေရာ၌ ကိုယ်တော် ယူနုတ်စ်ကို ငါးကြီး၏ အဖော်ဟု ခေါ်ဆို သုံးစွဲထားပေသည်။ သူ၏ အကြောင်းကို ၃၇း၁၄၂ တွင် ကြည့်ပါ။

ဓမ္မခန္ဓာ (၆၉) ပရမတ္ထသစ္စာ (အလ်–ဟာက်ကာတ်ဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၇၈)၊ သုတ်ဒေသနာ (၅၂)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**الْحَاقَّةُ۞** ပရမတ္ထသစ္စာ–
၂။	**مَا الْحَاقَّةُ۞** ပရမတ္ထသစ္စာဟူသည် အဘယ်နည်း–
၃။ ☆၆၉း၃	**وَمَا أَدْرَاكَ مَا الْحَاقَّةُ۞** ပရမတ္ထသစ္စာဟူသည် အဘယ်အရာဟု သင် မည်သို့ မှန်းဆနိုင်မည်နည်း။☆
၄။	**كَذَّبَتْ ثَمُودُ وَعَادٌ بِالْقَارِعَةِ۞** သမု–ဒ်နှင့် အာ့ဒ်တို့သည် ကပ်ကြီးဆိုက်မည်ကို ငြင်းဆန်ခဲ့၏။
၅။	**فَأَمَّا ثَمُودُ فَأُهْلِكُوا بِالطَّاغِيَةِ۞** သမု–ဒ်များအတွက်မူ သူတို့သည် စည်းဗျက်ခြင်းဖြင့် တိမ်ကောရလေပြီ။[၁၀၇၈]
၆။	**وَأَمَّا عَادٌ فَأُهْلِكُوا بِرِيحٍ صَرْصَرٍ عَاتِيَةٍ۞** အာ့ဒ်တို့မှာမူ– သူတို့သည် ထိန်းမရသည့် ဒေါသကြီးနေသော လေဖြင့် ပျက်စီးတိမ်ကောခဲ့ရ၏။
၇။	**سَخَّرَهَا عَلَيْهِمْ سَبْعَ لَيَالٍ وَثَمَانِيَةَ أَيَّامٍ حُسُومًا فَتَرَى الْقَوْمَ فِيهَا صَرْعَى كَأَنَّهُمْ أَعْجَازُ نَخْلٍ خَاوِيَةٍ۞** ၎င်းအား သူတို့အပေါ်သို့ ခုနစ်ညနှင့် ရှစ်ရက်တိုင် အဆက်မပြတ် လေဖြင့်တိုက်ခိုက်စေခဲ့၏။ သို့ဖြစ်၍ သင်သည် ထိုလူမျိုးတို့၏ ပြိုလဲနေမှုကို မြင်တွေ့ခဲ့ရလျှင် စွံပလွန် ပင်အိုများ ဖရိုဖရဲ ဖြစ်ကဲ့သို့ ဖြစ်နေလတ္တံ့။
၈။	**فَهَلْ تَرَى لَهُم مِّن بَاقِيَةٍ۞** သူတို့မှ ကျန်ရှိသူများကို သင် မြင်မိသလော။
၉။ ☆၀၀း၈၂	**وَجَاء فِرْعَوْنُ وَمَن قَبْلَهُ وَالْمُؤْتَفِكَاتُ بِالْخَاطِئَةِ۞** ထို့ပြင် ဖာရိုးမင်း၊ သူ့မတိုင်မီ သူများနှင့် ပြောင်းပြန်လန်သွားသောမြို့သားများသည်☆ အမှားဖြင့် ရောက်လာခဲ့ကြ၏။

(၁၀၇၈) သမု–ဒ် လူမျိုးတို့သည် လျှင်ကြီး လှုပ်၍ ပျက်စီးတိမ်ကောခဲ့ရကြောင်းကို ၇း၇၈ တွင် ဖေါ်ပြထားပေသည်။ သူတို့၏ ပျက်စီးရခြင်းကို ဤနေရာ၌ **တ္ဝာဂီးယတ်ဟ်** ဟု သုံးထားပေရာ– ၎င်းသည် **တ္ဝဂါဟ်** စံချိန်သတ်မှတ်ချက်ကို ဖေါက်ဖျက်သည်၊ စည်းဖျက်သည် ဟု အဓိပ္ပါယ်ကို ပေးပေသည်။ ထို့ကြောင့် သူတို့၏ ပျက်စီးရမှုမှာ သူတို့မတိုင်မီ မျိုးဆက်များ ပျက်စီးရခြင်းထက် ပိုမို၍ စံချိန်တင်နိုင်ခဲ့ပေသည်။ တနည်းအားဖြင့် ရှေးမှ မှတ်တမ်းစံချိန်များကို ချိုးဖျက်နိုင်ခဲ့ပေသည်။

၁၀။	**فَعَصَوْا رَسُولَ رَبِّهِمْ فَأَخَذَهُمْ أَخْذَةً رَّابِيَةً۝** သူတို့သည် ကံကြမ္မာရှင်၏ ဉာဏ်စဉ်ဆောင်များအား အာခံကြ၏။ သို့ဖြစ်၍ သူတို့အား ဆတိုး အရေးယူခြင်းဖြင့် အရေးယူလိုက်၏။
၁၁။ သဘော	**إِنَّا لَمَّا طَغَى الْمَاء حَمَلْنَاكُمْ فِي الْجَارِيَةِ۝** ဇကနပင် ရေသည် စည်းဖျက်လာစဉ်– သင်တို့အား **စီးမျောစေရာ**၌ ငါ တင်ဆောင်ခဲ့သည်မှာ–
၁၂။	**لِنَجْعَلَهَا لَكُمْ تَذْكِرَةً وَتَعِيَهَا أُذُنٌ وَاعِيَةٌ۝** သင်တို့အတွက် သတိပေးတရားတော် စီစဉ်ထား၏။ နားထဲသို့ ထည့်ထားလိုက ထည့်ထားနိုင်ရာ၏။
၁၃။	**فَإِذَا نُفِخَ فِي الصُّورِ نَفْخَةٌ وَاحِدَةٌ۝** သို့ဖြင့် တစ်ကြိမ်တစ်ခါ ပုံစံ သက်ဝင်စေခြင်းဖြင့် သက်ဝင်သောအခါ။
၁၄။	**وَحُمِلَتِ الْأَرْضُ وَالْجِبَالُ فَدُكَّتَا دَكَّةً وَاحِدَةً۝** မြေကမ္ဘာနှင့် တောင်တန်းတို့အား သယ်ဆောင်လျက် တစ်ကြိမ်တည်း ခြေမှခြင်းဖြင့် ခြေမှပစ်သောအခါ။
၁၅။	**فَيَوْمَئِذٍ وَقَعَتِ الْوَاقِعَةُ۝** ထိုနေ့ကာလ၌ အဖြစ်အပျက်ကြီး ဖြစ်ပျက်ရလတ္တံ့။
၁၆။	**وَانشَقَّتِ السَّمَاء فَهِيَ يَوْمَئِذٍ وَاهِيَةٌ۝** ကောင်းကင်ယံသည် ကြေမွလျက်၊ ထိုနေ့ကာလ၌ ၎င်းသည် ကြွပ်ဆတ်နေလတ္တံ့။
၁၇။ ☆၀၀း၃	**وَالْمَلَكُ عَلَى أَرْجَائِهَا وَيَحْمِلُ عَرْشَ رَبِّكَ فَوْقَهُمْ يَوْمَئِذٍ ثَمَانِيَةٌ۝** နိမိတ်ဆောင်တို့သည် မျှော်ကိုးလျက် ရှိပြီး၊ ထိုနေ့ကာလ၌ သူတို့၏ အပေါ်မှ ကံကြမ္မာရှင်၏ ထပ်ဆင့်ကွပ်ကဲမှု☆ နံပါတ်ရှစ်ကို သယ်ပိုးကြရလတ္တံ့။[၁၀၇၉]
၁၈။	**يَوْمَئِذٍ تُعْرَضُونَ لَا تَخْفَى مِنكُمْ خَافِيَةٌ۝** ထိုနေ့ကာလ၌ ဘောင်တွင်းမှဖြစ်ရလတ္တံ့၊ သင်တို့အနက် ထိန်ဝှက်ထားနိုင်သော ထိန်ဝှက်ထားနိုင်ရာဟု မရှိချေ။
၁၉။	**فَأَمَّا مَنْ أُوتِيَ كِتَابَهُ بِيَمِينِهِ فَيَقُولُ هَاؤُمُ اقْرَؤُوا كِتَابِيهْ۝** သူ၏ မှတ်တမ်းအား သူ၏ အားသန်ရာသို့ ပေးခံရမူ၊ သူက ပြောမည်မှာ ''ကျွန်ုပ် မှတ်တမ်းအား ဖတ်ကြည့်လော့၊–
၂၀။	**إِنِّي ظَنَنتُ أَنِّي مُلَاقٍ حِسَابِيهْ۝** –ကျွန်ုပ်သည် ဇကနပင် ကျွန်ုပ်၏ စရင်းကို ခင်းကျင်းခံရမည်ဟု ကျွန်ုပ် စဉ်းစားခဲ့၏။''ဟု ဖြစ်၏။

(၁၀၇၉) နိမိတ်ဆောင် **မလကူ (မလာအီကာဟ်)** ဆိုသည်မှာ လူသားစင်စစ် ပညာရှင်များကို ခေါ်ကြောင်း ၂း၃၀ တွင် ရှင်းပြပြီး ဖြစ်သည်။ ထိုထက်ပို၍ သူတို့အားလုံးကို မြေမှပင် ဖြစ်တည်စေခြင်း ဖြစ်ကြောင်း ၃၇း၁၁ တွင် အတိအကျ ဆိုထားပေသည်။ ဤသုတ်တော်သည် သုတ်တော် ၁၆ ပါ မိုးကောင်းကင် ကြေမွပျက်စီးသွားသောအခါ၊ နံပတ် ရှစ်ခုမြောက်သည် ရှိနေမည်ဟု ဆိုပေသည်။ ဆိုလိုသည်မှာ မိုးကောင်းကင်ကို စဉ်ဆက် မပြတ်သော (အာရဗီဂဏန်းအားဖြင့် ခုနစ်ဆက်မြောက်) အရာ ဟု ဆိုထားသဖြင့်– ဤနေရာ၌ ရှစ်ခုမြောက်ဟု သုံးထားခြင်း ဖြစ်ပေသည်။ မြေကမ္ဘာနှင့် ဆက်စပ်သော စကြာဝဠာတို့အား ဖြစ်တည်စေပြီးနောက်– ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ထားမှု ရှိနေသည်ဟု ဖြစ်သည်။ လူသား ပညာရှင်များသည် ဤကမ္ဘာဂြိုလ် ပျက်စီးသွားသောအခါ အခြားသော ကမ္ဘာဂြိုလ် တစ်ခုတွင် လူသားများ နေထိုင်နိုင်ရန် ပြုလုပ် စီမံနိုင်မည်ဟု ပြောဆိုထားခြင်းလည်း ဖြစ်ပေသည်။ ၎င်းကို ၁၄း၄၈ နှင့် ၁၅း၁၅ တို့တွင်လည်း အတိအကျ ဆိုထားပေသည်။ ဤသုတ်တော်မှ ပြောဆိုသော ထိုမလာအီကာဟ်တို့သည် နံပတ်ရှစ်အား ထမ်းရွက်ကြမည် ဆိုခြင်းမှာ ထိုဂြိုလ်ကမ္ဘာကြီးအား ထမ်းထားရခြင်း မဟုတ်ချေ။ ထိုဂြိုလ်ကမ္ဘာ ပေါ်မှ တာဝန်များကို ထမ်းဆောင်ရခြင်းကိုသာ ဆိုလိုပေသည်။

၂၁။	**فَهُوَ فِي عِيشَةٍ رَّاضِيَةٍ۬** သို့ဖြင့် သူသည် ကျေနပ်နှစ်သက်သော ဘဝဖြင့် ဖြစ်စေ၍၊
၂၂။	**فِي جَنَّةٍ عَالِيَةٍ۬** အထွဋ်အထိပ်ဖြစ်သော ဥယျာဉ်ဘုံ၌၊
၂၃။	**قُطُوفُهَا دَانِيَةٌ۬** အပြွတ်ပြွတ်သီးနှံများသည် အနီးကပ် ရှိနေ၏။
၂၄။	**كُلُوا وَاشْرَبُوا هَنِيئًا بِمَا أَسْلَفْتُمْ فِي الْأَيَّامِ الْخَالِيَةِ۬** သင်တို့၏ အတိတ်ကာလများမှာ ပြန်ပေးခြင်းအတွက် ကျေကျေနပ်နပ် စားစေ သောက်စေ၏။
၂၅။	**وَأَمَّا مَنْ أُوتِيَ كِتَابَهُ بِشِمَالِهِ فَيَقُولُ يَا لَيْتَنِي لَمْ أُوتَ كِتَابِيَهْ۬** သူ၏ မှတ်တမ်းအား သူ၏ လက်ဝဲလက်သို့ ပေးခံရမှု၊ သူက ပြောမည်မှာ ‘‘ကျွန်ုပ်များနှယ်၊ မှတ်တမ်းကို အပေးမခံရပါလေစ၊
၂၆။	**وَلَمْ أَدْرِ مَا حِسَابِيَهْ۬** ကျွန်ုပ်၏ စရင်း မည်သို့ ဖြစ်မည်ကို မမှန်းဆနိုင်ပြီတကား၊–
၂၇။	**يَا لَيْتَهَا كَانَتِ الْقَاضِيَةَ۬** အလိုနှယ်– အပြီးတိုင် သေခဲ့ရလျှင် ကောင်းလေစွ၊
၂၈။	**مَا أَغْنَى عَنِّي مَالِيَهْ۬** ကျွန်ုပ်၏ ဥစ္စာပစ္စည်း ပြည့်စုံမှုသည် အထောက်မမှီခဲ့ပြီ။
၂၉။	**هَلَكَ عَنِّي سُلْطَانِيَهْ۬** ကျွန်ုပ်၏ တန်ခိုးအာဏာသည် ပျက်သုဉ်းသွားလေပြီ၊’’ဟု ဖြစ်၏။
၃၀။	**خُذُوهُ فَغُلُّوهُ۬** ‘‘သူ့အား ဖမ်းဆီး ချုပ်ကိုင်လော့–
၃၁။	**ثُمَّ الْجَحِيمَ صَلُّوهُ۬** ထို့နောက် ငရဲမီးအား လောင်ကျွမ်းစေလော့–
၃၂။	**ثُمَّ فِي سِلْسِلَةٍ ذَرْعُهَا سَبْعُونَ ذِرَاعًا فَاسْلُكُوهُ۬** သူ့အား အတောင် ခုနစ်ဆယ်တောင် ရှိသော သံကြိုးထဲ၌ ဝင်နေစေလော့။[၁၀၈၀]
၃၃။	**إِنَّهُ كَانَ لَا يُؤْمِنُ بِاللَّهِ الْعَظِيمِ۬** သူသည် အလွန် အထွဋ်အထိပ်ဖြစ်တော်မူသော ပရမတ်ဘုရားရှင်အား မယုံကြည်ခဲ့ချေ။

(၁၀၈၀) အတောင်ခုနစ်ဆယ် ရှည်သော သံကြိုး ဆိုသည်မှာ လူသားတို့၏ ယေဘုယျ သက်တမ်းကို ဆိုလိုခြင်း ဖြစ်သည်။ လူသားတို့၏ ယေဘုယျ သက်တမ်းမှာ အသက် ၇၀ ဖြစ်ပေသည်။ သူ့သက်တမ်း တစ်လျှောက် ကျင့်ဆောင်ခဲ့ခြင်းသည် သူ့အား ပြန်လည် ရစ်ပတ်စေသည်။

၃၄။	**وَلَا يَحُضُّ عَلَى طَعَامِ الْمِسْكِينِ۝** သူသည် နွမ်းပါးသူတို့အား ကျွေးမွေးရန်လည်း မတိုက်တွန်းခဲ့ချေ။
၃၅။	**فَلَيْسَ لَهُ الْيَوْمَ هَاهُنَا حَمِيمٌ۝** သို့ဖြစ်၍ သူ့အတွက် ဤနေ့ကာလ၌ နွေးထွေးစေသူ မရှိတော့ချေ။
၃၆။	**وَلَا طَعَامٌ إِلَّا مِنْ غِسْلِينٍ۝** သူ့အတွက် လက်ဆေးရေမှ အပ ကျွေးမွေးခံရခြင်း မရှိချေ။
၃၇။	**لَا يَأْكُلُهُ إِلَّا الْخَاطِؤُونَ۝** ဝှင်းကို အမှားကျူးလွန်သူတို့မှအပ စားသုံးရခြင်း မရှိချေ။
၃၈။	**فَلَا أُقْسِمُ بِمَا تُبْصِرُونَ۝** ငါ တိုင်တည်သည်မှာ– သင်တို့ မြင်ရသည်များ–
၃၉။	**وَمَا لَا تُبْصِرُونَ۝** သင်တို့ မမြင်ရသည်များ ဖြစ်၍–
၄၀။	**إِنَّهُ لَقَوْلُ رَسُولٍ كَرِيمٍ۝** ဤသည် ဂုဏ်ကျက်သရေရှိသော ဉာဏ်စဉ်တော်ဆောင်၏ နှတ်ထွက်ဖြစ်၏။
၄၁။	**وَمَا هُوَ بِقَوْلِ شَاعِرٍ قَلِيلًا مَا تُؤْمِنُونَ۝** ဝှင်းသည် ကဗျာဆရာ၏ စကားမဟုတ်၊ သို့သော် အနည်းငယ်မျှကိုသာ သင်တို့ ယုံကြည်ကြကုန်၏။
၄၂။	**وَلَا بِقَوْلِ كَاهِنٍ قَلِيلًا مَا تَذَكَّرُونَ۝** ဗေဒင်ဆရာ၏ စကားမဟုတ်၊ သို့သော် အနည်းငယ်မျှကိုသာ သင်တို့ ဆင်ခြင်သတိ ရှိကြ၏။
၄၃။	**تَنزِيلٌ مِّن رَّبِّ الْعَالَمِينَ۝** လောကခပ်သိမ်း၏ ကံကြမ္မာရှင်ထံမှ ချမှတ်ပေးခြင်း ဖြစ်၏။
၄၄။	**وَلَوْ تَقَوَّلَ عَلَيْنَا بَعْضَ الْأَقَاوِيلِ۝** အကယ်၍ သူသည် ငါအရှင်နှင့်ပတ်သက်၍ ပါးစပ်ပြောပုံပြင် အချို့ တီထွင်ပြောဆိုခဲ့လျှင်–
၄၅။ ☆၃၉း၆၇	**لَأَخَذْنَا مِنْهُ بِالْيَمِينِ۝** သူ၏ ငါ ဩဇာကို☆ သိမ်းယူလျက်–
၄၆။	**ثُمَّ لَقَطَعْنَا مِنْهُ الْوَتِينَ۝** သူ၏ နှလုံးသွေးကြောကို ဖြတ်တောက်လေလတ္တံ့။[၁၀၈၁]

(၁၀၈၁) ကိုယ်တော်မုဟမ္မဒ်သည် သဗ္ဗညုဉာဏ်တော်၏ ဇစ်မြစ် ပရမတ်ဘုရားရှင်အား တိုက်ရိုက် ဆိုက်ရောက် သိရှိခွင့် မရခဲ့လျှင် ကျမ်းမြတ်ကုရ်အာန်တည်းဟူသော ဒေသနာအား ဤကဲ့သို့ မားမားမတ်တြေြာနိုင်မည် မဟုတ်ချေ။ ကျမ်းမြတ်ကုရ်အာန်အား ကြေငြာသောကြောင့် ကိုယ်တော်သည် ဖေါ်ပြနိုင်စွမ်း မရှိလောက်သော ဒုက္ခပေးခြင်း အမျိုးမျိုးကို ရင်ဆိုင်ခဲ့ရပေသည်။ အနိုင်ကျင့်ခံရခြင်း၊ အရူးဟု စွပ်စွဲခံရခြင်း၊ ဇာတိမြေမှ ထွက်ပြေးရခြင်း၊ နောက်ဆုံးတွင် ဥပါယ်တမည်ဖြင့် စည်းရုံးခံရခြင်းများကို ခံခဲ့ရပေသည်။ အကယ်၍ ကိုယ်တော်သည် သဗ္ဗညုဉာဏ် အစစ်မဟုတ်ဘဲ လုပ်ကြံ

၄၇။	**فَمَا مِنكُم مِّنْ أَحَدٍ عَنْهُ حَاجِزِينَ۞** သင်တို့အနက် မည်သူ တစ်ယောက်မျှ ငါ့အား ကာရံတားဆီးနိုင်မည် မဟုတ်ချေ။
၄၈။	**وَإِنَّهُ لَتَذْكِرَةٌ لِّلْمُتَّقِينَ۞** ဇကနပင် ဤသည် စည်းစောင့်သူများအတွက် သတိပေးတရားတော် ဖြစ်၏။
၄၉။	**وَإِنَّا لَنَعْلَمُ أَنَّ مِنكُم مُّكَذِّبِينَ۞** ဇကနပင် သင်တို့အနက် ငြင်းဆန်သူများ ရှိသည်ကို ငါ ကောင်းစွာ သိနေတော်မူ၏။
၅၀။ ကုရ်အာန်	**وَإِنَّهُ لَحَسْرَةٌ عَلَى الْكَافِرِينَ۞** ဇကနပင် **ၵင်း**သည် ဖုံးကွယ်သူတို့အဘို့ ကြေကွဲစရာဖြစ်၏။
၅၁။ ကုရ်အာန်	**وَإِنَّهُ لَحَقُّ الْيَقِينِ۞** ဇကနပင် **ၵင်း**သည် ဒိဌ အမှန်တရားပင် ဖြစ်၏။[၁၀၈၂]
၅၂။	**فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ۞** သို့ဖြစ်၍၊ ကံကြမ္မာရှင်၏ အထွဋ်အမြတ် ဂုဏ်တော်အား ဦးထိပ်ထားလော့။

ဖန်တီးကာ လူသားတို့အား လှည့်စားခဲ့လျှင် နှလုံးရောဂါ ဖြစ်၍ သေဆုံးသွားနိုင်ဘွယ်ရှိပေသည်။ သို့သော် ကိုယ်တော် ကိုယ်တိုင် တရားစစ် တရားမှန်ကို ကိုယ်တိုင် ဆိုက်ရောက်သိရှိခွင့်ရခဲ့ကြောင်း ဤသုတ်တော်က ဖေါ်ပြလျက် ရှိနေပေသည်။

သမ္မာကျမ်းစာ၏ တရာဟောရာကျမ်း ၁၈း၁၈ တွင် မောရှေကဲ့သို့ ပရောဖက်တစ်ပါး ပွင့်ဦးမည်ဟု ပြောထား၍၊ ၁၈း၂၀ တွင် "ငါမမှာထားဘဲ ငါ့အခွင့်ကိုဆောင်၍ ရဲရင့်စွာ ဟောပြောသော ပရောဖက်၊ အခြားတပါးသော ဘုရားအခွင့်နှင့် ဟောပြောသော ပရောဖက်သည် အသေသတ်ခြင်းကို ခံရမည်ဟု ငါ့အား မိန့်တော်မူ၏။"ဟု အတိအကျ ဆိုထားပေသည်။ ရှင်မဿဲ ၇း၁၉ တွင် "ကောင်းသော အသီးမသီးသော အပင်ရှိသမျှတို့ကို ခုတ်လှဲ၍ မီးထဲသို့ ချလိုက်တတ်၏။"ဟု မိစ္ဆာပရောဖက်တို့ အကြောင်းကို ဟောထားပေရာ– ခုတ်လှဲ၍ မီးထဲသို့ ပစ်ချခြင်း မခံရသော ကိုယ်တော် မုဟမ္မဒ်သည် ပရောဖက် အစစ်အမှန်ဖြစ်ကြောင်းကို သက်သေတည်လျက် ရှိပေသည်။

(၁၀၈၂) ကျမ်းမြတ်ကုရ်အာန်သည် သစ္စာတရားကို ပြသော– ပရမတ္ထမှန်ကန်သည့် လမ်းစဉ် ဖြစ်ကြောင်း ဤသုတ်တော်က တိတိကျကျ အာမခံထားပေသည်။ လူသားဘဝ တည်ဆောက်မှု လမ်းစဉ်အား သွန်သင်သည့် ကမ္ဘာပေါ်ရှိ ကျမ်းများအားလုံးတွင် ကျမ်းမြတ်ကုရ်အာန်မှအပ အခြားသော အာမခံချက် ပေးနိုင်သည့် ကျမ်းဟူ၍ မရှိပေ။

ဓမ္မခန္ဓာ (၇၀) ထွက်ရပ်လမ်းများ (အလ်–မအာရိဂ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၇၉)၊ သုတ်ဒေသနာ (၄၄)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂျင် အကြင်နာဂျင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁။]

၁။	**سَأَلَ سَائِلٌ بِعَذَابٍ وَاقِعٍ۞** မေးသူတစ်ဦးက အတည်ဖြစ်သည့် ဝဋ်ကြွေးအကြောင်းကို မေး၏။
၂။	**لِّلْكَافِرِينَ لَيْسَ لَهُ دَافِعٌ۞** ဖုံးကွယ်သူများအတွက် ၎င်းကို ခုခံပေးနိုင်သူ မရှိချေ။
၃။	**مِّنَ اللَّهِ ذِي الْمَعَارِجِ۞** –ဉာဏ်သမာပတ်တက်လမ်းများအား စိုးပိုင်သော ပရမတ်ဘုရားရှင်၏ ထံမှဖြစ်၏။
၄။	**تَعْرُجُ الْمَلَائِكَةُ وَالرُّوحُ إِلَيْهِ فِي يَوْمٍ كَانَ مِقْدَارُهُ خَمْسِينَ أَلْفَ سَنَةٍ۞** နိမိတ်ဆောင်များနှင့် ဉာဏ်စဉ်တော်သည် အရှင့်ထံသို့ ဉာဏ်သမာပတ် တက်လှမ်း၏၊ ယင်း၏ ကာလတစ်ခုသည် နှစ်ပေါင်း ငါးသောင်း စည်းချိန် ဖြစ်၏။[၁၀၈၃]
၅။	**فَاصْبِرْ صَبْرًا جَمِيلًا۞**

(၁၀၈၃) နိမိတ်ဆောင်များ ဆိုသည်မှာ လူသားစင်စစ်များဖြစ်၍ (၂၃၀) ဉာဏ်စဉ် ဆိုသည်မှာလည်း လူသား ဉာဏ်စဉ်ရ ပုဂ္ဂိုလ်များကို ခေါ်ဆိုကြောင်း (၆၆း၁၂) ရှင်းပြခဲ့ပြီး ဖြစ်သည်။ လူသားသည် မိမိအား ဖြစ်တည်စေသော အရှင်အား ရှုပ်ခန္ဓာ၊ နာမ်ခန္ဓာအားဖြင့် ဖူးတွေ့သိမြင်နိုင်စွမ်း မရှိချေ။ ဉာဏ်ခန္ဓာ သို့မဟုတ် ဉာဏ်သမာပတ်ဝင်စား၍သာ သိရှိနိုင်ပေသည်။ ထို့ကြောင့် ဤသုတ်တော်တွင် လူသားစင်စစ် ဖြစ်၍ ဉာဏ်စဉ် အရာ၌ ကျင့်ကြံအားထုတ် ရင့်သန်သော ပုဂ္ဂိုလ်များသည် ပရမတ်ဘုရားရှင်ထံသို့ ဉာဏ်စဉ်ဆိုက်ရောက်ခွင့်များ ရှိသည်ဟု ဆိုထားခြင်း ဖြစ်ပေသည်။ အရှင်သည် ဉာဏ်စဉ်ပေါက်မြောက်အောင်မြင်ရာ နည်းလမ်းများ၏ ရင်းမြစ် ဖြစ်ကြောင်း သုတ်တော် (၃)တွင်လည်း အတိအကျ ဆိုထားခဲ့ပြီး ဖြစ်ပေသည်။ ဤသုတ်တော်မှ "တစ်နေ့၌ နှစ်ပေါင်း ငါးသောင်း စည်းချိန် (အတိုင်းအတာ) ဖြစ်၏။" ဆိုသည်မှာ ပမာပေခြင်း ဖြစ်၍– (၁) ဉာဏဗလ ရင့်သန်သော လူသားများ အတွင်းတွင်မှ ဉာဏ်စဉ်အမြင့်ဆုံးကို ဆွတ်ခူးနိုင်သော လူသား ဉာဏ်စဉ်ဆောင် (ရဂူလ်၊ နဗီ)များ၏ သိမြင်နိုင်အားမှာ သာမန်လူသားတို့၏ မျိုးစဉ်မျိုးဆက် နှစ်ပေါင်း ငါးသောင်း သမိုင်းကို သိသည်နှင့် ညီသည်ဟု ဖြစ်ပေသည်။ ပို၍ ရှင်းလင်းစွာ ဆိုရလျှင် လူသား ဉာဏ်စဉ်ဆောင်၏ ဖျတ်ကနဲ အတွေးတစ်ချက်သည် သာမန်လူသားတို့ နှစ်ပေါင်း ငါးသောင်း (မဖြစ်နိုင်လောက်အောင်) တွေးသည်ထက် ပို၍ သိမြင်နိုင်သည်ဟု ဖြစ်ပေသည်။ ထိုအချက်ကို သုတ်တော် (၅)ပါ "အမြင်လှသော သီးခံခြင်းဖြင့် သီးခံလော့၊"ဟူသော ဝါကျက ထောက်ပြထားပေသည်။ သာမန်လူသားတို့၏ အသိသည် ဉာဏ်စဉ်ဆောင်နှင့် နှိုင်းယှဉ်လျှင် လူမမယ် ကလေးတစ်ဦး၏ အသိနှင့် ပညာရှင်ကြီးတစ်ဦး၏ အသိကဲ့သို့ ကွာခြားနေပေသည်၊ သို့ဖြစ်၍– သာမန်လူသားတို့အား ပြောဆို ဆက်ဆံရာတွင် လူမမယ်ကလေးကို ဆက်ဆံရသကဲ့သို့ လူကြီးပီသသော သီးခံခြင်းဖြင့် သီးခံရန် သတိဖေါ်ပေးထားခြင်း ဖြစ်ပေသည်။ (၂) အာရံဗီစကားလုံး **ယောင်းမ်** ဆိုသည်မှာ မြန်မာများ နားလည်ထားသော တစ်နေ့တာကို ခေါ်ဆိုခြင်း မဟုတ်ကြောင်းကို ရှင်းပြထားပေသည်။ **ယောင်းမ်** ဆိုသည်မှာ ကာလကို ခေါ်၍ ထို**ယောင်းမ်**ဟူသော ကာလသည် နှစ်ပေါင်း ထောင်နှင့်ချီ၍လည်း ဖြစ်နိုင်သည် နှစ်ပေါင်း ငါးသောင်းလည်း ဖြစ်နိုင်သည်ဟူသော သာမန်နားလည်နိုင်မှုထက် ပိုမိုသော ကာလ အပိုင်းအခြားကို ခေါ်ဆိုခြင်း ဖြစ်ကြောင်းကို ရှင်းလင်းခြင်း ဖြစ်ပေသည်။ (၂၂း၄၇။၃၂း၅။ ၇၀း၄)။ အထူးသဖြင့် ၁၄း၅။ ၄၅း၁၄။ ၃၂း၄ တို့တွင် လူသားတို့ နေထိုင်ရာ ပရဂုဏ်ရှိ စကြာဝဠာအား **ယောင်းမ်** ကာလ ခြောက်ခုဖြင့် ဖြစ်တည်စေသည် ဟု ဆိုခြင်းမှာ– ခရစ်ယာန် သမ္မာကျမ်းစာမှ ဆိုသော နေ့ရက် ခြောက်ရက်နှင့် ဖြစ်တည်စေကာ ခုနစ်ရက်မြောက်နေ့၌ ဘုရားသခင်သည် နားနေတော်မူ၏၊ ဆိုသော ဒဿန ကဲ့သို့ မဟုတ်ကြောင်းကို ထင်ရှားပေါ် လွင်စေရန် ရှင်းပြထားခြင်း ဖြစ်ပေသည်။

	သို့ဖြစ်၍ အမြင်လှသော သည်းခံခြင်းဖြင့် သည်ခံလော့။
၆။	**إِنَّهُمْ يَرَوْنَهُ بَعِيدًا ۞** သူတို့မူကား ၎င်းကို နောက်ကျလွန်းသည်ဟု မြင်ကြ၏။
၇။	**وَنَرَاهُ قَرِيبًا ۞** ငါအရှင်သည် ၎င်းကို နီးကပ်စွာ မြင်နေ၏။
၈။ ☆ ၅၅း၃၇	**يَوْمَ تَكُونُ السَّمَاء كَالْمُهْلِ ۞** ကောင်းကင်ယံသည် ကြေးနီရည် ကဲ့သို့ ဖြစ်သော နေ့ကာလ၊☆
၉။	**وَتَكُونُ الْجِبَالُ كَالْعِهْنِ ۞** တောင်တန်းများသည် ဝါဂွမ်းဖတ်ကဲ့သို့ ဖြစ်၍–
၁၀။	**وَلَا يَسْأَلُ حَمِيمٌ حَمِيمًا ۞** နွေးထွေးခံရသူက နွေးထွေးမှုပေးသူကို သတင်းမမေးဘဲ–
၁၁။	**يُبَصَّرُونَهُمْ يَوَدُّ الْمُجْرِمُ لَوْ يَفْتَدِي مِنْ عَذَابِ يَوْمِئِذٍ بِبَنِيهِ ۞** သူတို့ကို မြင်နေစေ၏။ ရာဇဝတ်ကောင်သည် ထိုနေ့ကာလ၏ ဝဋ်ကြွေးမှ သားသမီးမှတဆင့် လျော်ပေးလိုသည်မှာ–
၁၂။	**وَصَاحِبَتِهِ وَأَخِيهِ ۞** သူ၏ ပေါင်းဖော်သင်းဘက်များ၊ သူ၏ သားချင်းများ–
၁၃။	**وَفَصِيلَتِهِ الَّتِي تُؤْوِيهِ ۞** ယုတ်စွ သူတို့အား ရှင်းလင်းပြတ်သားစွာ ခိုလှုံခွင့်ပေးခဲ့သူများ–
၁၄။	**وَمَن فِي الْأَرْضِ جَمِيعًا ثُمَّ يُنجِيهِ ۞** မြေကမ္ဘာမှ အားလုံးကို ဖြစ်၍၊ ထို့နောက် လွတ်မြောက်လိုကြ၏။
၁၅။	**كَلَّا إِنَّهَا لَظَى ۞** အမှန်မှာ၊ ယင်းသည် မီးတောက်မီးလျှံသာ ဖြစ်၍၊
၁၆။	**نَزَّاعَةً لِّلشَّوَى ۞** လောင်မြိုက်ခြင်းမှ ဖယ်ပေးစေလျက်–
၁၇။	**تَدْعُو مَنْ أَدْبَرَ وَتَوَلَّى ۞** ဖိတ်ခေါ်နေသည်မှ –နောက်ခံဖြင့် ဦးလှည့်သွားသူ–
၁၈။	**وَجَمَعَ فَأَوْعَى ۞** စုဆောင်း၊ အိပ်သွပ်ထားသူအား ဖြစ်၏။[၁၀၈၄]
၁၉။	**إِنَّ الْإِنسَانَ خُلِقَ هَلُوعًا ۞**

(၁၀၈၄) ဥစ္စာပစ္စည်းအား မလှူမဒါန်း စုဆောင်း သိုလှောင်ထားသူကို ဆိုလိုပေသည်။

	ကေန်ပင် လူသားကို မမြိုသိပ်နိုင်သော သဘာဝဖြင့် ဖြစ်တည်ပေးထား၏။
၂၀။	**إِذَا مَسَّهُ الشَّرُّ جَزُوعًا۞** ဆိုးကျိုး ထိသက်သောအခါ ဒဏ်ခံနိုင်ခြင်း မရှိချေ။
၂၁။	**وَإِذَا مَسَّهُ الْخَيْرُ مَنُوعًا۞** ကောင်းကျိုး ထိသက်သောအခါ ဖက်ကပ်ထား၏။
၂၂။ ☆ ၂း၃	**إِلَّا الْمُصَلِّينَ۞** ဝတ်ပြုသူတို့မှာ☆ ထိုမှကင်း၍–
၂၃။	**الَّذِينَ هُمْ عَلَى صَلَاتِهِمْ دَائِمُونَ۞** ထိုသူတို့သည် အစဉ် သူတို့၏ ဝတ်ပြုခြင်း၌ ရှိကြ၏။
၂၄။	**وَالَّذِينَ فِي أَمْوَالِهِمْ حَقٌّ مَّعْلُومٌ۞** သူတို့သည် သူတို့၏ ဥစ္စာပစ္စည်းအား မှန်ကန်စွာ သိလာနိုင်လျက်–
၂၅။	**لِّلسَّائِلِ وَالْمَحْرُومِ۞** တောင်းခံရသူနှင့် တားမြစ်ပိတ်ဆို့ခံရသူတို့အတွက် ဖြစ်စေ၏။
၂၆။ ☆း၄	**وَالَّذِينَ يُصَدِّقُونَ بِيَوْمِ الدِّينِ۞** သူတို့သည် စီရင်မိန့်ချမည့် နေ့ကာလအား☆ ဖြောင့်မှန်စွာလက်ခံကြ၏။
၂၇။	**وَالَّذِينَ هُم مِّنْ عَذَابِ رَبِّهِم مُّشْفِقُونَ۞** ကံကြမ္မာရှင်၏ နိယာမ ဝဋ်ကြွေးကို စိုးထိတ်သောသူတို့ ဖြစ်ကြ၏။
၂၈။	**إِنَّ عَذَابَ رَبِّهِمْ غَيْرُ مَأْمُونٍ۞** ကံကြမ္မာရှင်၏ နိယာမ ဝဋ်ကြွေးမှ ကင်းသည်ဟု ယုံကြည်စိတ်ချနိုင်ရာ မရှိချေ။
၂၉။	**وَالَّذِينَ هُمْ لِفُرُوجِهِمْ حَافِظُونَ۞** သူတို့သည် အရှက်အင်္ဂါများကို စောင့်ထိန်းကြသည်မှာ–
၃၀။	**إِلَّا عَلَى أَزْوَاجِهِمْ أَوْ مَا مَلَكَتْ أَيْمَانُهُمْ فَإِنَّهُمْ غَيْرُ مَلُومِينَ۞** သူတို့၏ အိမ်ထောင်ဘက်များ၊ သူတို့အတွက် အပြစ်မထိုက်သော သူတို့၏ လက်အောက် ဩဇာခံများမှအပ ဖြစ်၏။
၃၁။	**فَمَنِ ابْتَغَى وَرَاء ذَلِكَ فَأُوْلَئِكَ هُمُ الْعَادُونَ۞** ဤထက် နောက်ကွယ်ကို ရှာဖွေသူ၊ သူတို့သည် စည်းဖေါက်သူများ ဖြစ်ကြ၏။
၃၂။	**وَالَّذِينَ هُمْ لِأَمَانَاتِهِمْ وَعَهْدِهِمْ رَاعُونَ۞** သူတို့အား ယုံကြည်စွာအပ်နှံမှုနှင့် သူတို့၏ ပဋိညာဉ်ကို ထိန်းကျောင်းသော သူများ ဖြစ်၏။
၃၃။	**وَالَّذِينَ هُم بِشَهَادَاتِهِمْ قَائِمُونَ۞** သူတို့၏ သက်သေခံချက်ဖြင့် ခိုင်မာစွာရပ်တည်သော သူများ ဖြစ်၏။

၃၄။	**وَالَّذِينَ هُمْ عَلَى صَلَاتِهِمْ يُحَافِظُونَ۝** သူတို့၏ ဝတ်ပြုခြင်းကို စောင့်ထိန်းသော သူများ ဖြစ်ကြ၏။
၃၅။	**أُوْلَئِكَ فِي جَنَّاتٍ مُّكْرَمُونَ۝** သူတို့သည် ဥယျာဉ်များ၌ ဘိသိက်မြှောက်ခံရလတ္တံ့။
၃၆။	**فَمَالِ الَّذِينَ كَفَرُوا قِبَلَكَ مُهْطِعِينَ۝** ဗုံးကွယ်သော သူတို့သည် ပြာပြာသလဲ သင့်ထံသို့ ရှေ့ရှုလာကြသည်မှာ မည်သို့ကြောင့်နည်း-
၃၇။	**عَنِ الْيَمِينِ وَعَنِ الشِّمَالِ عِزِينَ۝** လက်ယာမှ လက်ဝဲမှ အုပ်စုကွဲများ ဖြစ်ကြ၏။
၃၈။	**أَيَطْمَعُ كُلُّ امْرِئٍ مِّنْهُمْ أَن يُدْخَلَ جَنَّةَ نَعِيمٍ۝** သူတို့အနက်မှ တစ်ဦးချင်းစီက ဂုဏ်ရှိသော ဥယျာဉ်တော်သို့ ဝင်ရမည်ဟု မျှော်လင့်နေကြသလော။
၃၉။	**كَلَّا إِنَّا خَلَقْنَاهُم مِّمَّا يَعْلَمُونَ۝** ထိုသို့မဟုတ်။ ငါသည် သူတို့အား သူတို့ သိသော ဝတ္ထုမှ ဖြစ်တည်စေခဲ့၏။
၄၀။	**فَلَا أُقْسِمُ بِرَبِّ الْمَشَارِقِ وَالْمَغَارِبِ إِنَّا لَقَادِرُونَ۝** အမှန်မှာ- နေထွက်ရာများ နေဝင်ရာများ၏ ကံကြမ္မာရှင်- ငါ တိုင်တည်၍- ငါသည် စည်းချိန်ချမှတ်တော်မူ၏။
၄၁။ ဖြိုင်ဆိုင်	**عَلَى أَن نُّبَدِّلَ خَيْرًا مِّنْهُمْ وَمَا نَحْنُ بِمَسْبُوقِينَ۝** ငါသည် သူတို့ထက် ပို၍ ကောင်းသော သူများနှင့် လဲလှယ်ပြောင်းပစ်နိုင်၏၊ ငှါအား **လွန်ဆန်**၍ မရချေ။
၄၂။	**فَذَرْهُمْ يَخُوضُوا وَيَلْعَبُوا حَتَّى يُلَاقُوا يَوْمَهُمُ الَّذِي يُوعَدُونَ۝** သို့ဖြစ်၍ ဆုံတွေ့ရမည်ဟု ကတိထားသော နေ့ထိတိုင်- သူတို့အား ဟာသ ပြက်လုံးထုတ်နေခြင်း၌ ချန်ထားခဲ့လော့။
၄၃။	**يَوْمَ يَخْرُجُونَ مِنَ الْأَجْدَاثِ سِرَاعًا كَأَنَّهُمْ إِلَى نُصُبٍ يُوفِضُونَ۝** ထိုနေ့ကာလ၌ သူတို့သည် အလျင်စလို အကိုးထိုး သကဲ့သို့၊ သင်းချိုင်းဂူများမှ သုတ်ခြေတင် ထွက်လာကြလတ္တံ့။
၄၄။	**خَاشِعَةً أَبْصَارُهُمْ تَرْهَقُهُمْ ذِلَّةٌ ذَلِكَ الْيَوْمُ الَّذِي كَانُوا يُوعَدُونَ۝** သူတို့၏ အမြင်များ ကျိုင့်လျက်၊ နှိမ်ခံရခြင်းသည် သူတို့အား ဖိစီးမှုရှိလတ္တံ့၊- ယင်းသည် သူတို့အား ကတိရှိသော နေ့ကာလ ဖြစ်၏။

ဓမ္မခန္ဓာ (၇၁) နူးဟ်

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၇၁)၊ သုတ်ဒေသနာ (၂၈)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**إِنَّا أَرْسَلْنَا نُوحًا إِلَى قَوْمِهِ أَنْ أَنذِرْ قَوْمَكَ مِن قَبْلِ أَن يَأْتِيَهُمْ عَذَابٌ أَلِيمٌ۝** “စူးနစ်နာကျင်သော ဝဋ်ကြွေးအား သူတို့ထံသို့ ပေးရောက်ခြင်း မတိုင်မီ– သင့်လူမျိုးအား သတိပေးလော့၊”ဟု နူးဟ်အား သူ့လူမျိုးထံသို့ ငါ စေစား၍–
၂။	**قَالَ يَا قَوْمِ إِنِّي لَكُمْ نَذِيرٌ مُّبِينٌ۝** သူပြောသည်မှာ “အို– ကျွန်ုပ်၏ လူမျိုးတို့ ကျွန်ုပ်သည်ကား သင်တို့အတွက် ရှင်းလင်းထင်ရှားသော သတိပေးသူပင်–
၃။	**أَنِ اعْبُدُوا اللَّهَ وَاتَّقُوهُ وَأَطِيعُونِ۝** ပရမတ်ဘုရားရှင်အား ကိုးကွယ်ကြလော့၊ အရှင့်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်ကို နာခံကြလော့–
၄။	**يَغْفِرْ لَكُم مِّن ذُنُوبِكُمْ وَيُؤَخِّرْكُمْ إِلَى أَجَلٍ مُّسَمًّى إِنَّ أَجَلَ اللَّهِ إِذَا جَاء لَا يُؤَخَّرُ لَوْ كُنتُمْ تَعْلَمُونَ۝** အရှင်သည် သင်တို့အား သင်တို့၏ အပြစ်များမှ လွှတ်ငြိမ်းစေလတ္တံ့၊ သတ်မှတ်ကာလ အချိန်ထိ နောက်ဆုတ်ထား ပေးလတ္တံ့။ ဇကန်ပင် ပရမတ်ဘုရားရှင်၏ သတ်မှတ်ကာလ ရောက်လာသောအခါ၊ နောက်ဆုတ်ထားနိုင်ခြင်း မရှိချေ။ သင်တို့ သိကြပါလေစ၊”ဟု ဖြစ်၏။
၅။	**قَالَ رَبِّ إِنِّي دَعَوْتُ قَوْمِي لَيْلًا وَنَهَارًا۝** သူ လျှောက်ထားသည်မှာ “အို– ကံကြမ္မာရှင်၊ တပည့်တော်၏ လူမျိုးအား နေ့ည မအား တပည့်တော် ဖိတ်ခေါ်ပါ၏။
၆။	**فَلَمْ يَزِدْهُمْ دُعَائِي إِلَّا فِرَارًا۝** သို့သော် တပည့်တော်၏ ဖိတ်ခေါ်ခြင်းသည် သူတို့အား ထွက်ပြေးမှုကိုသာ တိုးပွားစေ၏။
၇။	**وَإِنِّي كُلَّمَا دَعَوْتُهُمْ لِتَغْفِرَ لَهُمْ جَعَلُوا أَصَابِعَهُمْ فِي آذَانِهِمْ وَاسْتَغْشَوْا ثِيَابَهُمْ وَأَصَرُّوا وَاسْتَكْبَرُوا اسْتِكْبَارًا۝** သူတို့အတွက် လွှတ်ငြိမ်းစေခြင်းငှာ– သူတို့အား တပည့်တော် ဖိတ်ခေါ်တိုင်း၊ သူတို့က သူတို့၏ နားများကို လက်ချောင်းများဖြင့် စီစဉ်နေကြ၏။ ခြုံထည်များဖြင့် လွှမ်းခြုံထားကြ၏။ စိတ်ကြီးဝင်– မာနတက်လျက် ဖွတ်တိုးနေကြ၏။[၁၀၈၅]
၈။	**ثُمَّ إِنِّي دَعَوْتُهُمْ جِهَارًا۝** တဖန် တပည့်တော်သည် သူတို့အား ကျယ်ကျယ်လောင်လောင် ဖိတ်ခေါ်ပါ၏။

(၁၀၈၅) သူတို့ကိုယ်သူတို့ ခြုံထည်များဖြင့် ဖုံးဖိထားကြသည် ဆိုခြင်းမှာ သူတို့၏ စိတ်နလုံး အသိတရားအား မိရိုးဖလာတည်းဟူသော အသိ မှိုင်းဖြင့် ခေါင်းပုန်ခြုံထားခြင်းကို ဆိုလိုခြင်း ဖြစ်ပေသည်။

၉။	**ثُمَّ إِنِّي أَعْلَنتُ لَهُمْ وَأَسْرَرْتُ لَهُمْ إِسْرَارًا۞** တဖန် တပည့်တော်သည် သူတို့အား လူသိရှင်ကြား တစ်မျိုး၊ လက်တွင်းကြိတ်၍ တစ်ဖုံ ဖြောင့်ဖျပါ၏။
၁၀။	**فَقُلْتُ اسْتَغْفِرُوا رَبَّكُمْ إِنَّهُ كَانَ غَفَّارًا۞** တပည့်တော် ပြောသည်မှာ ‘‘ကံကြမ္မာရှင်ထံမှ လွတ်ငြိမ်းဆုသည် သင်တို့အတွက် ဖြစ်ပါစေ၊ ဇကန်ပင် အရှင်သည် လွတ်ငြိမ်းစေသော အရှင်–
၁၁။	**يُرْسِلِ السَّمَاء عَلَيْكُم مِّدْرَارًا۞** အရှင်သည် သင်တို့အပေါ်သို့ ကောင်းကင်ယံမှ အကျိုးကျေးဇူးများစွာ စေစားပါစေ–
၁၂။	**وَيُمْدِدْكُمْ بِأَمْوَالٍ وَبَنِينَ وَيَجْعَل لَّكُمْ جَنَّاتٍ وَيَجْعَل لَّكُمْ أَنْهَارًا۞** သင်တို့၌ ဥစ္စာပစ္စည်း သားသမီး တိုးပွားပါစေ၊ သင်တို့အတွက် ဥယျာဉ်များကို စီစဉ်ပေးပါစေ၊ သင်တို့အတွက် မြစ်ချောင်းများကို စီစဉ်ပေးပါစေ၊’’–ဟု ဖြစ်၍။
၁၃။	**مَّا لَكُمْ لَا تَرْجُونَ لِلَّهِ وَقَارًا۞** ပရမတ်ဘုရားရှင်ထံမှ အလေးထားမှုကို မမျှော်ကိုးရအောင် သင်တို့၌ မည်သည် ဖြစ်နေကြသနည်း–
၁၄။ ဆောင်ကဲ့သို့	**وَقَدْ خَلَقَكُمْ أَطْوَارًا۞** မုချပင် အရှင်သည် သင်တို့အား **အဆင့်ဆင့်** ဖြစ်တည်စေခဲ့၏။
၁၅။ ☆၂း၂၉	**أَلَمْ تَرَوْا كَيْفَ خَلَقَ اللَّهُ سَبْعَ سَمَاوَاتٍ طِبَاقًا۞** ပရမတ်ဘုရားရှင်သည် အာကာ ခုနစ်ဆင့်ကို☆ အလွှာများဖြင့် မည်သို့ ဖြစ်တည်စေသည်ကို သင်တို့ မမြင်မိသလော။
၁၆။	**وَجَعَلَ الْقَمَرَ فِيهِنَّ نُورًا وَجَعَلَ الشَّمْسَ سِرَاجًا۞** အရှင်သည် လအား– သူမတို့၌[၁၀၈၆] ရောင်ပြန်ကို စီစဉ်၍၊ နေအား လင်းရောင်ခြည်ကို စီစဉ်ထား၏။
၁၇။	**وَاللَّهُ أَنبَتَكُم مِّنَ الْأَرْضِ نَبَاتًا۞** ပရမတ်ဘုရားရှင်သည် သင်တို့အား မြေကမ္ဘာမှ ဖြစ်ထွန်း အရွယ်ရောက်စေ၏။
၁၈။	**ثُمَّ يُعِيدُكُمْ فِيهَا وَيُخْرِجُكُمْ إِخْرَاجًا۞** တဖန် သင်တို့အား ထိုအထဲ၌ ဆက်ဖြစ်စေ၍၊ ပြန်ထွက်လာစေခြင်းဖြင့် သင်တို့အား ပြန်ထွက်လာစေ၏။
၁၉။	**وَاللَّهُ جَعَلَ لَكُمُ الْأَرْضَ بِسَاطًا۞** ပရမတ်ဘုရားရှင်သည် သင်တို့အတွက် မြေကမ္ဘာကို ဆန့်ထုတ်ရန် စီစဉ်တော်မူသည်မှာ–
၂၀။	**لِتَسْلُكُوا مِنْهَا سُبُلًا فِجَاجًا۞** ထို၌ အဝေးပြေး လမ်းမများ ဖေါက်ကြစေရန် ဖြစ်၏။
၂၁။	**قَالَ نُوحٌ رَّبِّ إِنَّهُمْ عَصَوْنِي وَاتَّبَعُوا مَن لَّمْ يَزِدْهُ مَالُهُ وَوَلَدُهُ إِلَّا خَسَارًا۞**

(၁၀၈၆) ဤနေရာ၌ လကို လိင်မနာမ်စား အများကိန်း **ۥ هُنَّ ဟင်းန** ဖြင့် သုံးပေသည်။ ဆိုလိုသည်မှာ အာကာသ၌ ‘‘လ’’ ပေါင်းများစွာရှိသည်ဟု ဖြစ်၍၊ ဤဝါကျနှင့် ၁၀း၅ အပါအဝင် ကျမ်းတော်တွင် သုံးသော် نُورًا စကားလုံးသည် نُور ၏ ကံပုဒ် အလင်းအား ရောင်ပြန်စေသည်ဟု ဖြစ်သည်။ ထိုစကားများသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်ကပင် ကျမ်းတော်တွင် ဖေါ်ပြသော စကားလုံးများ ဖြစ်ပေသည်။

	နူးဟ်က လျှောက်ထားသည်မှာ ''အို– ကံကြမ္မာရှင်၊ သူတို့သည် တပည့်တော်အား အာခံ၍၊ ဥစ္စာပစ္စည်း ရင်သွေးများသာ ပွားများလျက်၊ လုံးပါးဆုံးရှုံးရမည့် သူများကိုသာ လိုက်နာနေကြ၏။
၂၂။	**وَمَكَرُوا مَكْرًا كُبَّارًا**۞ သူတို့သည် ကြီးမားသော အကြံအစည်ကို ကြံစည်နေ၏။
၂၃။	**وَقَالُوا لَا تَذَرُنَّ آلِهَتَكُمْ وَلَا تَذَرُنَّ وَدًّا وَلَا سُوَاعًا وَلَا يَغُوثَ وَيَعُوقَ وَنَسْرًا**۞ သူတို့က ''သင်တို့၏ ဘုရားများကို မချန်ပစ်ကြနှင့်။ **ဝဒ်၊ ဆူဝါးအ်၊ ယဂူးဆ်၊ ယအူးက်**နှင့် **နဆ်ရာ** တို့ကို မချန်ပစ်ကြနှင့်၊''ဟု ဆိုကြ၍– [၁၀၈၇]
၂၄။	**وَقَدْ أَضَلُّوا كَثِيرًا وَلَا تَزِدِ الظَّالِمِينَ إِلَّا ضَلَالًا**۞ သူတို့သည် များစွာတို့ကို လမ်းလွဲစေကြပါပြီ။ အမိုက်ကောင်များသည် အပါယ်လမ်းသို့သာ တိုးပွားနေကြ၏။
၂၅။	**مِمَّا خَطِيئَاتِهِمْ أُغْرِقُوا فَأُدْخِلُوا نَارًا فَلَمْ يَجِدُوا لَهُم مِّن دُونِ اللَّهِ أَنصَارًا**۞ သူတို့၏ အမှားတရားများကြောင့် သူတို့အား နစ်မြုပ်စေ၍၊ အပူမီးသို့ ဝင်ရောက်စေပြီ။ ပရမတ်ဘုရားရှင် မှလွဲ၍ သူတို့အား ကူညီမည့်သူ ဟူ၍ မတွေ့ရချေ။
၂၆။	**وَقَالَ نُوحٌ رَّبِّ لَا تَذَرْ عَلَى الْأَرْضِ مِنَ الْكَافِرِينَ دَيَّارًا**۞ နူးဟ်က လျှောက်ထားသည်မှာ ''အို– ကံကြမ္မာရှင်၊ ဖုံးကွယ်သူများမှ မည်သည့် အိုးအိမ်ရှင်ကိုမျှ မြေကမ္ဘာပေါ်၌ ချန်မထားပါနှင့်– [၁၀၈၈]
၂၇။ နဲ့ထွက်	**إِنَّكَ إِن تَذَرْهُمْ يُضِلُّوا عِبَادَكَ وَلَا يَلِدُوا إِلَّا فَاجِرًا كَفَّارًا**۞ ဇကေန်ပင် အရှင်သည် သူတို့အား ချန်ထားပါလျှင်၊ သူတို့သည် အရှင့်အမှုတော်ဆောင်များအား လမ်းလွဲစေ၍၊ ဖုံးကွယ် **ဖြာထွက်**တတ်သော ရင်သွေးများကိုသာ ရလတ္တံ့။
၂၈။	**رَبِّ اغْفِرْ لِي وَلِوَالِدَيَّ وَلِمَن دَخَلَ بَيْتِيَ مُؤْمِنًا وَلِلْمُؤْمِنِينَ وَالْمُؤْمِنَاتِ وَلَا تَزِدِ الظَّالِمِينَ إِلَّا تَبَارًا**۞ အို– ကံကြမ္မာရှင်၊ တပည့်တော်နှင့် မွေးမိဘများ၊ တပည့်တော် အိမ်သို့ ဝင်သော ယုံကြည်သည့် ယုံကြည်သူ၊ ယုံကြည်သော သူမများကို လွတ်ငြိမ်းစေတော်မူပါ။ အမိုက်ကောင်များအား ဖျက်ဆီးခံရခြင်းမှအပ မတိုးပွားစေပါနှင့်၊''ဟု ဖြစ်၏။

(၁၀၈၇) وَدًّا **ဝဒ်** ဆိုသည်မှာ **ကာ့လ်ဘ်** လူမျိုးတို့ ကိုးကွယ်သော အချစ်နတ်ဘုရားရုပ်ထု၊ سُوَاعًا **ဆူဝါးအ်** ဆိုသည်မှာ **ဟု–ဒ်ဟေားလ်** လူမျိုးစုတို့ ကိုးကွယ်သော အချိန်ကို ပိုင်စိုးသည့် နတ်သမီးရုပ်ထု يَغُوثَ **ယဂူးဆ်** ဆိုသည်မှာ **မူရာ့ဒ်** လူမျိုးစုတို့ ကိုးကွယ်သော ခြင်္သေ့ရုပ်ထု၊ يَعُوقَ **ယအူးက်** ဆိုသည်မှာ **ဟာမန်ဒန်** လူမျိုးစုတို့ ကိုးကွယ်သည့် မြင်းရုပ်ထုနှင့် نَسْرًا **နဆ်ရာ** ဆိုသည်မှာ **ဟင်မ်ယာ** လူမျိုးစုတို့ ကိုးကွယ်သည့် လင်းယုန်ရုပ်ထု၏ အမည်များ ဖြစ်ပေသည်။ ကိုယ်တော် နူးဟ်၏ လူမျိုးတို့သည် ရိုးရာ ရုပ်တုများကို ကိုးကွယ်သည့်အပြင် ထိုသို့သော ရိုးရာ အယူ ရုပ်ထုဆင်းပွားမျိုးစုံအား လူမျိုးစု အလိုက် ကိုးကွယ်မှုများ ရှိခဲ့ပေသည်။

(၁၀၈၈) နူးဟ် ဆုတောင်းတွင် ပါဝင်သော ဖုံးကွယ်သော သူများ ဆိုသည်မှာ သူ့ကမ္ဘာ သူ့ပတ်ဝန်းကျင်မှ သူများသာ ဖြစ်ပေသည်။ ကမ္ဘာ့ဂြိုလ်တစ်ခုလုံးမှ လူသားများနှင့် မသက်ဆိုင်ပေ။

ဓမ္မခန္ဓာ (၇၂) အန္ဓပုတုဇဉ်များ (အလိ–ဂျင်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၄၀)၊ သုတ်ဒေသနာ (၂၈)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**قُلْ أُوحِيَ إِلَيَّ أَنَّهُ اسْتَمَعَ نَفَرٌ مِّنَ الْجِنِّ فَقَالُوا إِنَّا سَمِعْنَا قُرْآنًا عَجَبًا۞** ဟောလော့ ‘‘ကျွန်ုပ်ထံသို့ အာရုံစူးစိုက်ရသည်မှာ– အန္ဓပုတုဇဉ်များမှ ချီတက်လာသူတစ်စုသည် ကြားနာကြလျက်– ပြောကြသည်မှာ–[၁၀၈၉]‘‘ကျွန်ုပ်တို့သည် အလွန်အံ့ဩဖွယ်ကောင်းသော ကုရ်အာန်အား ကြားနာခဲ့ရ၏။–**
၂။	**يَهْدِي إِلَى الرُّشْدِ فَآمَنَّا بِهِ وَلَن نُّشْرِكَ بِرَبِّنَا أَحَدًا۞** ၎င်းသည် ဖြောင့်မတ်မှု ဆီသို့ လမ်းညွှန်၏။ ကျွန်ုပ်တို့သည် ၎င်းကို ယုံကြည်ပါပြီ။ ကျွန်ုပ်တို့သည် ကံကြမ္မာရှင်နှင့် တစ်စုံတစ်ခုကိုသော်မျှ ရောပြွန်းကိုးကွယ်မည် မဟုတ်တော့ချေ။–
၃။ ☆ဖြး၁၀၁	**وَأَنَّهُ تَعَالَى جَدُّ رَبِّنَا مَا اتَّخَذَ صَاحِبَةً وَلَا وَلَدًا۞** အရှင်သည် အစဉ်သစ်လှငြိလျက် အထွဋ်အထိပ်ဖြစ်တော်မူသော တပည့်တော်တို့၏ ကံကြမ္မာရှင် ဖြစ်၏။ အရှင်သည် ပေါင်းဖော် သင်းဘက် ကိုယ်ပွားရင်သွေး ယူထားခြင်း မရှိချေ။☆
၄။ ပညာမဲ့	**وَأَنَّهُ كَانَ يَقُولُ سَفِيهُنَا عَلَى اللَّهِ شَطَطًا۞** ကျွန်ုပ်တို့အနက် **တုံးအသူ**တို့က ‘‘ပရမတ်ဘရားရှင်နှင့် စပ်လျဉ်း၍ မတရားသဖြင့် ပြောဆိုလေ့ရှိ၏။
၅။	**وَأَنَّا ظَنَنَّا أَن لَّن تَقُولَ الْإِنسُ وَالْجِنُّ عَلَى اللَّهِ كَذِبًا۞** တဖန် ကလျာဏာနှင့် အန္ဓပုတုဇဉ်တို့သည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်ညာ ပြောဆိုကြမည်မဟုတ်ဟု ကျွန်ုပ်တို့ စဉ်းစားခဲ့၏။
၆။	**وَأَنَّهُ كَانَ رِجَالٌ مِّنَ الْإِنسِ يَعُوذُونَ بِرِجَالٍ مِّنَ الْجِنِّ فَزَادُوهُمْ رَهَقًا۞** ကလျာဏာပုတုဇဉ် လူသားတို့က အန္ဓပုတုဇဉ် လူသားတို့ထံ ခိုလှုံလိုလေ့ရှိရာ– သို့ဖြင့် ၎င်းတို့အား ဖိစီးမှု တိုးပွားစေ၏။[၁၀၉၀]

(၁၀၈၉) ဂျင်– ဆိုသည်မှာ လူသားပင် ဖြစ်ကြောင်း ဖြး၁၀၀ တွင် ရှင်းပြခဲ့ပြီး ဖြစ်သည်။ ၄ဖြး၂၉–၃၀ တွင် ဂျူးလူမျိုးများကိုလည်း **ဂျင်** ဟု ပြောဆိုထား၍၊ ဤသုတ်တော်တွင်မူ ခရစ်ယာန်များကိုလည်း **ဂျင်** ဟု သုံးစွဲ ပြောဆိုပေသည်။ ထိုအချက်ကို သုတ်တော် ၃ ပါ ပရမတ်ဘုရားရှင်သည် ပေါင်းဖော်သင်းဘက်မရှိ၊ သားသမီးမရှိဟု ကြေငြာခြင်းက ထောက်ပြထားပေသည်။ ဆိုလိုသည်မှာ သူတို့သည် ကုရ်အာန်ကျမ်းတော်ကို မကြားနာရမှီက ‘‘ကိုယ်တော်ယေရှုအား– ဘုရားသားတော်၊’’ဟု ရင့်ကျူးခဲ့ရာမှ– ကုရ်အာန်ကျမ်းတော်အား ကြားနာရသော အခါ အမှန်ကို သိလာ၍ သူတို့ လူမျိုးများထံသို့ ပြန်သွားလျက်– ဘုရားရှင်ဟူသည် ကြင်ယာကြင်ဘက်မရှိ၊ သားသမီးမရှိ– အတုလံအတုမရှိဟု ကြွေးကြော်ခြင်း ဖြစ်ပေသည်။

(၁၀၉၀) အင်ဆန် လူသားနှင့် **ဂျင်** ပုတုဇဉ် ဆိုသည်မှာ အသုံးအနှုန်းအရ ခွဲခြား ပြောဆိုခြင်း ဖြစ်၍၊ **ကလျာဏာပုတုဇဉ်**နှင့် **အန္ဓပုတုဇဉ်**ကို ခေါ်ဆိုခြင်း ဖြစ်သည်။ မိမိနှင့် ဆက်နွယ်ပတ်သက်သော လူသားမျိုးနွယ်အား **အင်ဆန်**ဟု သုံးလျက်– မိမိနှင့် တစ်စိမ်းကဲ့သို့ ဖြစ်နေသော သူသားမျိုးနွယ်ကို **ဂျင်**ဟု သုံးခြင်းသာ ဖြစ်၏။ လူဟူသော ဂုဏ်သတ္တိတွင် ကွာဟခြင်း မရှိချေ။ အုပ်စုတိုင်းတွင် လူဆိုး၊ လူကောင်း၊ သူတော်စင်၊ သူယုတ်မာများ ရှိနိုင်ပေသည်။ ထိုအချက်ကို သုတ်တော် (၄) ပါ ပုတုဇဉ်များအနက် ဉာဏ်ပညာ အမဲ့ဆုံးသူများက—ဟု အဓိပ္ပါယ်ကို ပေးသော

၇။	**وَأَنَّهُمْ ظَنُّوا كَمَا ظَنَنتُمْ أَن لَّن يَبْعَثَ اللَّهُ أَحَدًا ۞** ၸင်းတို့က စဉ်းစားသည်မှာ ပရမတ်ဘုရားရှင်သည် တစ်စုံတစ်ယောက်ကိုမျှ နိုးကြွစေမည် မဟုတ်ဟု သင်တို့ စဉ်းစားသကဲ့သို့ ဖြစ်၍–
၈။	**وَأَنَّا لَمَسْنَا السَّمَاءَ فَوَجَدْنَاهَا مُلِئَتْ حَرَسًا شَدِيدًا وَشُهُبًا ۞** ကျွန်ုပ်တို့သည် ကောင်းကင်ယံကို ထိတွေ့ကြ၏။ သို့သော် ၎င်းသည် ပြတ်သားသော အစောင့်များ၊ မီးဒုံးများဖြင့် ဖြည့်ထားသည်ကို ကျွန်ုပ်တို့ တွေ့ရ၏။[၁၀၉၀]
၉။	**وَأَنَّا كُنَّا نَقْعُدُ مِنْهَا مَقَاعِدَ لِلسَّمْعِ فَمَن يَسْتَمِعِ الْآنَ يَجِدْ لَهُ شِهَابًا رَّصَدًا ۞** ကျွန်ုပ်တို့သည် ထို၌ ထိုင်ခုံများတွင် ကြားနာရန် ထိုင် လေ့ရှိခဲ့ကြ၏။ သို့သော် ယခု နားထောင်သူ– သူ့အတွက် စောင့်နေသော မီးဒုံးကိုသာ တွေ့ရ၏။
၁၀။	**وَأَنَّا لَا نَدْرِي أَشَرٌّ أُرِيدَ بِمَن فِي الْأَرْضِ أَمْ أَرَادَ بِهِمْ رَبُّهُمْ رَشَدًا ۞** မြေကမ္ဘာ၌ ရှိသူတို့အတွက် အဆိုးကို ဖြစ်လိုသလော၊ သို့တည်းမဟုတ် ကံကြမ္မာရှင်က ဖြောင့်မတ်စေလိုသလော– ကျွန်ုပ်တို့ မမှန်းတတ်ချေ။
၁၁။	**وَأَنَّا مِنَّا الصَّالِحُونَ وَمِنَّا دُونَ ذَٰلِكَ كُنَّا طَرَائِقَ قِدَدًا ۞** ကျွန်ုပ်တို့မှ ပြုပြင်ပြောင်းလဲသူများ ရှိကြ၍၊ ထိုမှအပသော အတိုက်အခံများလည်း ရှိလျက်– ကျွန်ုပ်တို့သည် ဆုတ်ဖြဲလမ်းဖေါက်သူများဖြစ်ကြ၏။
၁၂။	**وَأَنَّا ظَنَنَّا أَن لَّن نُّعْجِزَ اللَّهَ فِي الْأَرْضِ وَلَن نُّعْجِزَهُ هَرَبًا ۞** ပရမတ်ဘုရားရှင်အား ချိနဲ့စေရာ မြေကမ္ဘာ၌ မရှိချေ၊ ကျွန်ုပ်တို့ ပုံပြေးရာတွင်လည်း ချိနဲ့စေနိုင်ရာ မရှိဟု ကျွန်ုပ်စဉ်းစားမိ၏။
၁၃။	**وَأَنَّا لَمَّا سَمِعْنَا الْهُدَىٰ آمَنَّا بِهِ فَمَن يُؤْمِن بِرَبِّهِ فَلَا يَخَافُ بَخْسًا وَلَا رَهَقًا ۞** ကျွန်ုပ်တို့သည် လမ်းညွှန်တရားကို ကြားနာရ၍၊ ထို၌ ယုံကြည်၏။ ကံကြမ္မာရှင်အား ယုံကြည်သော သူသည် ပေါ့ပါးမှု ဖိစီးမှုကို ကြောက်ရွံခြင်းမရှိ။
၁၄။	**وَأَنَّا مِنَّا الْمُسْلِمُونَ وَمِنَّا الْقَاسِطُونَ فَمَنْ أَسْلَمَ فَأُولَٰئِكَ تَحَرَّوْا رَشَدًا ۞** ကျွန်ုပ်တို့၌ ငြိမ်းချမ်းရေးဝါဒီများ ရှိ၍– ကြားနေသူများလည်း ရှိ၏။ ငြိမ်းချမ်းရေးပြုသူ– ထိုသူတို့သည် ဖြောင့်မတ်သော ရည်ရွယ်ချက်၌ ရှိ၏။

"ကျွန်ုပ်တို့အနက် တုံးအသူတို့က--------။"ဟူသည့် ဝါကျက ဂျင်ခေါ် ပုတုဇဉ်များအတွင်းတွင်လည်း အသိဉာဏ်မဲ့သူ၊ အသိဉာဏ်ရှိသူများ ရှိကြောင်းကို ထောက်ပြထားပေသည်။ ထို့ပြင် ဤသုတ်တော်မှ "ကလျာဏပုတုဇဉ်မှ လူသားတို့က အနွှမ်းပုတုဇဉ်မှ လူသားတို့ထံ ခိုလှုံလိုလေ့ရှိရာ။" ဆိုသည်မှာ– ရံဖန်ရံခါ နိုင်ငံရေးကြောင့် ဖြစ်စေ။ အယူဝါဒကြောင့်ဖြစ်စေ – လူမျိုးစု တစ်ခုက အခြားလူမျိုးစု တစ်ခုထံတွင် ခိုလှုံရသည်များ ရှိပြီး– ခိုလှုံခြင်းကို လက်ခံရသော လူမျိုးစုမှာ စားဝတ်နေရေးများ ဖြေရှင်းပေးရမှု အပါအဝင် တာဝန်ကြီးမှု – (ဖိစီးသလို ဖြစ်မှု)များ ရှိကြောင်း ဖေါ်ပြခြင်း ဖြစ်သည်။

(၁၀၉၁) ဤသုတ်တော်က "ကောင်းကင်ယံကို ထိတွေ့ကြ၏။--------။" ဆိုသည်မှာ– သူတို့အနေဖြင့် ကောင်းကင်နိုင်ငံတော်ဟု ခေါ်သော နိဗ္ဗာန်ဘုံ အကြောင်း တရားနာဘူးကြောင်း– သို့သော် ထိုကောင်းကင်နိုင်ငံတော်ကို ရောက်နိုင်ရန် နည်းလမ်းများကို ဘာသာရေး ဆရာတော်များက မောင်ပိုင်စီးလျက် နောက်လိုက်တို့အား ဓမ္မသတ်မျိုးစုံဖြင့် အပွေးသပ်နေကြောင်းကို ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုအချက်ကို သုတ်တော် (၉) က တိကျစွာ ပြန်လည်ထောက်ပြထားပေသည်။ မီးဒုံးများ မီးလက်နှက်များ ဆိုသည်မှာ သူတစ်ပါးအား စွပ်စွဲ ပုတ်ခတ်သော ဓမ္မသတ်များကို ဆိုလိုပေသည်။

၁၅။	**وَأَمَّا الْقَاسِطُونَ فَكَانُوا لِجَهَنَّمَ حَطَبًا۞** ကြားနေသူများမှာမူ ငရဲဘုံအတွက် ထင်းများသာ ဖြစ်ကြလတ္တံ့။
၁၆။ ဇြမ်းချမ်းရေးဝါဒီ	**وَأَلَّوِ اسْتَقَامُوا عَلَى الطَّرِيقَةِ لَأَسْقَيْنَاهُم مَّاء غَدَقًا۞** အကယ်၍ **သူ**တို့သည် လမ်းကြောင်းပေါ်၌ ဆက်လက် ရပ်တည်လျှင်၊ သူတို့အား ရေအေး ပေါပေါသီသီ ငါ တိုက်ကျွေးလတ္တံ့။[၁၀၉၂]
၁၇။	**لِنَفْتِنَهُمْ فِيهِ وَمَن يُعْرِضْ عَن ذِكْرِ رَبِّهِ يَسْلُكْهُ عَذَابًا صَعَدًا۞** ထင်း၌ ငါ စမ်းသပ်တော်မူနိုင်၏၊ ကံကြမ္မာရှင်အား သတိရရှုမှတ်ခြင်းအား ဘောင်ကန့်ထားသူ၊ ထိုသူအား တရိပ်ရိပ် တက်နေသော ဝဋ်ကြွေးသို့ ဝင်စေတော်မူလတ္တံ့။
၁၈။	**وَأَنَّ الْمَسَاجِدَ لِلَّهِ فَلَا تَدْعُوا مَعَ اللَّهِ أَحَدًا۞** ဝတ်ပြုကျောင်းတော်များသည် ပရမတ်ဘုရားရှင်အဘို့ ဖြစ်၏။ သို့ဖြစ်၍ ပရမတ်ဘုရားရှင်နှင့် တဂိုဏ်းတည်းထား၍ တစ်ဦးတစ်ယောက်ထံမျှ ဆုမတောင်းကြနှင့်။
၁၉။	**وَأَنَّهُ لَمَّا قَامَ عَبْدُ اللَّهِ يَدْعُوهُ كَادُوا يَكُونُونَ عَلَيْهِ لِبَدًا۞** ဇကန်ပင် ပရမတ်ဘုရားရှင်၏ အမှုတော်ဆောင်သည် အရှင်ထံ၌သာ ရပ်တည် ဆုတောင်းသောအခါ၊ ပိုလျှံခြင်းသည် သူ့အပေါ်၌ တကဲကဲ ဖြစ်နေ၏။
၂၀။	**قُلْ إِنَّمَا أَدْعُو رَبِّي وَلَا أُشْرِكُ بِهِ أَحَدًا۞** ဟောလော့ ‘‘ကျွန်ုပ်သည် ကံကြမ္မာရှင်ထံ၌သာ ဆုတောင်း၏၊ အရှင်နှင့် တစ်စုံတစ်ဦးကိုမျှ ရောပြွန်းမကိုးကွယ်ချေ။’’
၂၁။	**قُلْ إِنِّي لَا أَمْلِكُ لَكُمْ ضَرًّا وَلَا رَشَدًا۞** ဟောလော့ ‘‘သင်တို့အား ဘေးဥပဒ်ထိစေရန်၊ ဖြောင့်မတ်စေရန် ဩဇာအာဏာ ကျွန်ုပ်တွင် မရှိချေ။’’
၂၂။	**قُلْ إِنِّي لَن يُجِيرَنِي مِنَ اللَّهِ أَحَدٌ وَلَنْ أَجِدَ مِن دُونِهِ مُلْتَحَدًا۞** ဟောလော့ ‘‘ကျွန်ုပ်အား ပရမတ်ဘုရားရှင်ထံမှ ကာကွယ်ပေးနိုင်သူ တစ်စုံတစ်ယောက်မျှ မရှိ၊ ကျွန်ုပ်သည်လည်း အရှင် မှလွဲ၍ လှိုးလှဲရှောင်ကွေ့ရာကို မတွေ့ချေ။
၂၃။	**إِلَّا بَلَاغًا مِّنَ اللَّهِ وَرِسَالَاتِهِ وَمَن يَعْصِ اللَّهَ وَرَسُولَهُ فَإِنَّ لَهُ نَارَ جَهَنَّمَ خَالِدِينَ فِيهَا أَبَدًا۞** ကျွန်ုပ်တွင်ကား ပရမတ်ဘုရားရှင်ထံမှ– ထို့ပြင် အရှင်၏ စေပို့ချက်များကို ဆိုက်ရောက်စေရန်သာ ဖြစ်၏။ ပရမတ်ဘုရားရှင်နှင့် အရှင့် ဉာဏ်စဉ်တော်ဆောင်အား အာခံသူ၊ ဇကန်ပင် သူ့အတွက် ငရဲဘုံ၏ အပူမီးသာ ရှိ၍၊ ထိုဌာနကာလပိုင်းခြားမဲ့ အစဉ်ခံစားရမည်မှာ–။’’
၂၄။	**حَتَّى إِذَا رَأَوْا مَا يُوعَدُونَ فَسَيَعْلَمُونَ مَنْ أَضْعَفُ نَاصِرًا وَأَقَلُّ عَدَدًا۞** အာခံသ၍ပင်။ သူတို့အား ကတိထားရာကို မြင်တွေ့ရသောအခါ မည်သူ့အား ကူညီမည့်သူ အားနည်း၍ အရေအတွက် နည်းပါးကြောင်း သိလာရလတ္တံ့။
၂၅။	**قُلْ إِنْ أَدْرِي أَقَرِيبٌ مَّا تُوعَدُونَ أَمْ يَجْعَلُ لَهُ رَبِّي أَمَدًا۞** ဟောလော့ ‘‘ကထိထားရာသည် နီးကပ်လာသလော၊ သို့တည်းမဟုတ် ကံကြမ္မာရှင်က ကာလ စိစဉ်ထားသလော၊ ကျွန်ုပ် မမှန်းနိုင်ချေ။–

(၁၀၉၂) လမ်းစဉ်မှန်တွင် ရပ်သူများသည် အပေါ် သုတ်တော်ပါ ငရဲဘုံအပူထဲမှ ဆာလောင်မွတ်သိပ်မှုများ ခံစားရမည် မဟုတ်၊

၂၆။	**عَالِمُ الْغَيْبِ فَلَا يُظْهِرُ عَلَى غَيْبِهِ أَحَدًا ۞** အရှင်သည် စကွဲလွန်ကို သိနေသော အရှင် ဖြစ်၏။ မည်သူတစ်ဦးကိုမျှ စကွဲလွန်အကြောင်း ဖွင့်ဖေါ်မပေးသည်မှာ–
၂၇။	**إِلَّا مَنِ ارْتَضَى مِن رَّسُولٍ فَإِنَّهُ يَسْلُكُ مِن بَيْنِ يَدَيْهِ وَمِنْ خَلْفِهِ رَصَدًا ۞** အရှင်က ကျေနပ်နှစ်သက်သော ဉာဏ်စဉ်တော်ဆောင်မှ အပ ဖြစ်၏။ အရှင်သည် သူ၏ လက်ရှိ–မျက်မှောက် သူ့၏ နောက်၌ အစောင့်အကြပ် ထည့်ထားတော်မူသည်မှာ–
၂၈။	**لِيَعْلَمَ أَن قَدْ أَبْلَغُوا رِسَالَاتِ رَبِّهِمْ وَأَحَاطَ بِمَا لَدَيْهِمْ وَأَحْصَى كُلَّ شَيْءٍ عَدَدًا ۞** ကံကြမ္မာရှင်၏ စေပို့ချက်များအား ဆိုက်ရောက်စေခြင်းကို သိစေရန် ဖြစ်၏။ အရှင်သည် သူတို့၏ ပစ္စုပ္ပန်ကို ဝိုင်းရံထားတော်မူ၏။ အရှင်သည် သဗ္ဗလုံးစုံသော အရေအတွက်အား အမှတ်စဉ်မှတ်ထား၏။

ဓမ္မခန္ဓာ (၇၃) ကိုယ်ရုံခြုံနေသူ (အလ်–မ္ဟန်မေလ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃)၊ သုတ်ဒေသနာ အပါး (၂၀)၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။ ☆ကွင်း၁	**يَا أَيُّهَا الْمُزَّمِّلُ۝** အို– ကိုယ်ရုံခြုံနေသူ၊☆
၂။	**قُمِ اللَّيْلَ إِلَّا قَلِيلًا۝** ညဏ်၏ အနည်းငယ်မှ အပ များများရပ်လော့။[၁၀၉၃]
၃။	**نِصْفَهُ أَوِ انقُصْ مِنْهُ قَلِيلًا۝** တစ်ဝက် သို့မဟုတ် ထိုထက် အနည်းငယ် လျော့၍–
၄။	**أَوْ زِدْ عَلَيْهِ وَرَتِّلِ الْقُرْآنَ تَرْتِيلًا۝** သို့မဟုတ် ထိုထက် တိုးစေလော့။ ထို့နောက် ကုရ်အာန်အား ရွတ်ဆိုရာတွင် သေချာစွာရွတ်ဆိုလော့။[၁၀၉၄]
၅။	**إِنَّا سَنُلْقِي عَلَيْكَ قَوْلًا ثَقِيلًا۝** ငါအရှင်သည် သင့်အား လေးနက်သော စကားတော်အား ခင်းကျင်းပေးတော်မူလတ္တံ့။
၆။	**إِنَّ نَاشِئَةَ اللَّيْلِ هِيَ أَشَدُّ وَطْءًا وَأَقْوَمُ قِيلًا۝** ဇကေန်ပင် ညအချိန်၌ နိုးထခြင်းသည် ပိုမိုသန်မာသော တက်လှမ်းမှုဖြစ်၍၊ အခိုင်မြဲဆုံး ပြောအားကို ရ၏။[၁၀၉၅]

(၁၀၉၃) ညဏ်၏ အစိတ်အပိုင်း အနည်းငယ်သာ အိပ်စက်၍ ကျန်အချိန်များ၌ ရပ်လော့ သို့မဟုတ် နိုးကြားလော့ဟု ဖြစ်ပေသည်။ ဆရာတော်ကြီးများက ဤသုတ်တော်အား ညဏ်၏ အစိတ်အပိုင်း အများစုတွင် တရားအားထုတ်ခြင်းဖြင့် အချိန်ကို ပိုမိုပေးရန် မိန့်ညွှန်သွန်သင်ခြင်း ဖြစ်သည်ဟု ဆိုကြပေသည်။ ဤနေရာ၌ အခြားနားလည်ရန် သင့်သော အချက်မှာ "ည"ဟူသည် ဘာသာတရားကင်းမဲ့နေသော ကာလ၊ လူသား အများစုတွင် ဥပဒေစိုးမိုးခြင်းမရှိ ကြောက်လန့်နေရသည့် ဘဝအမှောင်ကျနေသော ကာလကိုလည်း ဆိုလို၍– ထိုလူသားအများစု အမှောင်ကျနေခြင်းမှ တရားအလင်းရောင်သို့ ရောက်ရန် မနေမနား အချိန်များများပေး၍ အနစ်နာခံ ကြိုးစားအားထုတ်လော့ဟူ သွန်သင်ထားခြင်းလည်း ဖြစ်ပေသည်။

(၁၀၉၄) အမှောင်ကျနေသော သူများအား ကယ်တင်လမ်းပြရန် နည်းလမ်းမှာ ယုတ္တိဗေဒရှိသော လောကဓမ္မကုရ်အာန်အား စဉ်းစားဆင်ခြင်သုံးသပ်လျက် အမြဲရှိနေရမည် ဖြစ်သည်။ ဤသုတ်တော်အား ချမှတ်ပေးသော ကာလတွင် ကုရ်အာန်ကျမ်းတော်သည် ယခုကဲ့သို့ ပြည့်စုံပြီးစီးစွာ ရှိမနေသေးပေ။ သို့သော် နားလည်ရန်မှာ ယခုပြည့်စုံပြီးစီး ပြီးသား ကုရ်အာန်မှာ– လူသားများအတွက် အကွရာတင် မှတ်တမ်းမရှိမှီကပင်– စကြာဝဠာအနန္တ အတွက် လောကပြဋ္ဌာန်းချက်တည်းဟူသော ကုရ်အာန်မှာ ရှိနေပြီး ဖြစ်သည်။ ထိုလောက ပြဋ္ဌာန်းချက် လောကဓမ္မကြီးမှ လူသားများအတွက် လိုအပ်ချက်များ အားလုံးကို နောက်ဆုံးပွင့် ကိုယ်တော်မုဟမ္မဒ်က ဉာဏ်စဉ်ပွင့် ဖတ်ပြလျက်၊ လက်တွေ့ ကျင့်ကြံနေထိုင်ပြလျက်၊ နောက်လာနောက်သားများ အတွက် တိကျသေရှာစွာ မှတ်တမ်းတင်ခဲ့သော ကျမ်းကို လက်ရှိ အကွရာတင် မှတ်တမ်း ကုရ်အာန် အဖြစ် ထားခဲ့ခြင်း ဖြစ်ပေသည်။ ကိုယ်တော်သည် လူသားတို့၏ အမှောင်ကျနေခြင်းကို ကယ်တင်နိုင်ရန် လောကအတွက် အနစ်နာခံလျက် တစ်စိုက်မတ်မတ် သုံးသပ်ဆင်ခြင်နေခြင်းကြောင့် ပရမတ်ဘုရားရှင်က ခေတ်တိုင်းအတွက် အလေးစီးနေစေသော စကားတော်များဖြင့် အသိပေးကာ ကုရ်အာန် ကျမ်းတော်ကို ဖြစ်တည် ပြဋ္ဌာန်းပေးခဲ့ကြောင်း သုတ်တော် ၅ တွင် ဆက်လက်ပြောဆိုထားပေသည်။

၇။ လုပ် စရာ	**إِنَّ لَكَ فِي اَلنَّهَارِ سَبْحًا طَوِيلًا۞** ဇကန်ပင် သင့်အတို့ နေ့အချိန်၌ ရေရှည်စိမ်၍ **ခေါင်းသုံးစရာ**များ ရှိ၏။
၈။	**وَاذْكُرِ اسْمَ رَبِّكَ وَتَبَتَّلْ إِلَيْهِ تَبْتِيلًا۞** ကံကြမ္မာရှင်၏ ဂုဏ်တော်အား သတိရလျက် ကြည်ညိုခြင်းဖြင့် အရှင့်အား ကြည်ညိုလော့။
၉။	**رَبُّ الْمَشْرِقِ وَالْمَغْرِبِ لَا إِلَهَ إِلَّا هُوَ فَاتَّخِذْهُ وَكِيلًا۞** အရှင်သည် နေထွက်ရာ နေဝင်ရာတို့၏ အရှင်ဖြစ်၏။ အရှင်မှအပ အခြားဘုရားဟူ၍ မရှိ၊ အရှင့်အား ကိုးစားထိုက်သည့် အရှင် အဖြစ် အယူထားလော့။
၁၀။	**وَاصْبِرْ عَلَى مَا يَقُولُونَ وَاهْجُرْهُمْ هَجْرًا جَمِيلًا۞** သူတို့ ပြောဆိုသမျှ၌ သည်းခံလော့၊ သူတို့ထံမှ အမြင်လှသော ခွဲခွာခြင်းဖြင့် ခွဲခွာသွားလော့။
၁၁။	**وَذَرْنِي وَالْمُكَذِّبِينَ أُولِي النَّعْمَةِ وَمَهِّلْهُمْ قَلِيلًا۞** ငြင်းဆန်သူတို့အား ငါအရှင်နှင့် ချန်ထားခဲ့လော့။ ဂုဏ်ပေးပြီးသား ရှိသူတို့အား အနည်းငယ် အချိန်ဆွဲထားလော့။
၁၂။	**إِنَّ لَدَيْنَا أَنكَالًا وَجَحِيمًا۞** ဇကန်ပင် ငှါထံ၌မူ– နမူနာပေးမှုနှင့် ငရဲမီးသည် ရှိနေ၏။
၁၃။	**وَطَعَامًا ذَا غُصَّةٍ وَعَذَابًا أَلِيمًا۞** လည်မျိုဆို့မည့် အစားအစာနှင့် စူးနစ်နာကျင်သော ဝဋ်ကြွေးလည်း ရှိနေ၏။
၁၄။ ☆၁၃း၃၁	**يَوْمَ تَرْجُفُ الْأَرْضُ وَالْجِبَالُ وَكَانَتِ الْجِبَالُ كَثِيبًا مَّهِيلًا۞** မြေကမ္ဘာနှင့် တောင်တန်းကြီးများ တုန်လှုပ်သော နေ့၌ တောင်တန်းကြီးတို့သည် သဲမှုန်ကဲ့သို့ ပြေကျလာလတ္တံ့။☆
၁၅။	**إِنَّا أَرْسَلْنَا إِلَيْكُمْ رَسُولًا شَاهِدًا عَلَيْكُمْ كَمَا أَرْسَلْنَا إِلَى فِرْعَوْنَ رَسُولًا۞** သင်တို့အပေါ် သက်သေတည်ရန် သင်တို့ထံသို့ ငါအရှင် ဉာဏ်စဉ်ဆောင် စေစားသည်မှာ ဖာရိုးထံသို့ ဉာဏ်စဉ်ဆောင် စေစားသကဲ့သို့ ဖြစ်၏။[၁၀၉၆]
၁၆။	**فَعَصَى فِرْعَوْنُ الرَّسُولَ فَأَخَذْنَاهُ أَخْذًا وَبِيلًا۞** ဖာရိုးသည် ဉာဏ်စဉ်ဆောင်အား အာခံခဲ့၏။ သို့ဖြစ်၍ ငါသည် သူ့အား အရေးယူခြင်း အကျိုးဆက်ဖြင့် အရေးယူခဲ့ပြီ။
၁၇။	**فَكَيْفَ تَتَّقُونَ إِن كَفَرْتُمْ يَوْمًا يَجْعَلُ الْوِلْدَانَ شِيبًا۞** သင်တို့ ဖုံးကွယ်ခဲ့လျှင်– မည်သို့ စည်းစောင့်နိုင်အံ့နည်း။ ရင်သွေးတို့အား ဆံဖြူရန် စီစဉ်ထားသော နေ့ကာလ၌–
၁၈။	**السَّمَاء مُنفَطِرٌ بِهِ كَانَ وَعْدُهُ مَفْعُولًا۞**

(၁၀၉၅) ကိုယ်တော်အား သဗ္ဗညုဉာဏ်စဉ်အားဖြင့် နက်နဲသိပ်သည်းသော စကားတော်များအား အသိပေးသည်ကို လူ့လောကကြီး အမှောင်ကျနေသော ကာလတွင် ရဲရဲတင်းတင်း ကြေငြာစေလျက်– ညအမှောင်တွင် တရားလင်းရောင်သည် ပိုမိုပြတ်သားစွာ ထွန်းတောက် အင်အားရှိကြောင်းကို ဤသုတ်တော်က ထောက်ပြထားပေသည်။

(၁၀၉၆) ကိုယ်တော်မုဟမ္မဒ်သည် ကိုယ်တော် မောရေ (မူဆာ) ကဲ့သို့ ဉာဏ်စဉ်ဆောင်တစ်ပါး ဖြစ်ကြောင်းကို ဤအလွန်ရှေးကျသော သုတ်တော်၌ပင် တရားဝင် ကြေငြာခဲ့ပေသည်။ တရားဟောရာကျမ်း ၁၈း၁၈ တွင် အတိအကျပြောထားသော်လည်း သမ္မာကျမ်းစာ တစ်လျှောက်တွင် ထိုကဲ့သို့ ကြေငြာခဲ့သော ပရောဖက်ဟူ၍ မရှိချေ။ လူ့သမိုင်း တစ်လျှောက်တွင် ကိုယ်တော် မုဟမ္မဒ် တစ်ပါးတည်းသာလျှင် ကြေငြာခဲ့ခြင်း ဖြစ်ပေသည်။

	ကောင်းကင်ယံသည် အသစ်ပြန်ဖြစ်လျက်၊ အရှင့် ကတိတော်သည် စိမံပြီးဖြစ်၏။[၁၀၉၇]
၁၉။	**إِنَّ هَذِهِ تَذْكِرَةٌ فَمَن شَاء اتَّخَذَ إِلَى رَبِّهِ سَبِيلًا۞** ဇကန်ပင် ဤသည် သတိပေးတရားတော် ဖြစ်၏။ စံချိန်ပြည့်သူအား ကံကြမ္မာရှင်၏ လမ်းစဉ်တော်ဆီသို့ အယူထားစေလော့။
၂၀။ နေ့ညမပြတ် ☆ ၂း၃	**إِنَّ رَبَّكَ يَعْلَمُ أَنَّكَ تَقُومُ أَدْنَى مِن ثُلُثَيِ اللَّيْلِ وَنِصْفَهُ وَثُلُثَهُ وَطَائِفَةٌ مِّنَ الَّذِينَ مَعَكَ وَاللَّهُ يُقَدِّرُ اللَّيْلَ وَالنَّهَارَ عَلِمَ أَن لَّن تُحْصُوهُ فَتَابَ عَلَيْكُمْ فَاقْرَؤُوا مَا تَيَسَّرَ مِنَ الْقُرْآنِ عَلِمَ أَن سَيَكُونُ مِنكُم مَّرْضَى وَآخَرُونَ يَضْرِبُونَ فِي الْأَرْضِ يَبْتَغُونَ مِن فَضْلِ اللَّهِ وَآخَرُونَ يُقَاتِلُونَ فِي سَبِيلِ اللَّهِ فَاقْرَؤُوا مَا تَيَسَّرَ مِنْهُ وَأَقِيمُوا الصَّلَاةَ وَآتُوا الزَّكَاةَ وَأَقْرِضُوا اللَّهَ قَرْضًا حَسَنًا وَمَا تُقَدِّمُوا لِأَنفُسِكُم مِّنْ خَيْرٍ تَجِدُوهُ عِندَ اللَّهِ هُوَ خَيْرًا وَأَعْظَمَ أَجْرًا وَاسْتَغْفِرُوا اللَّهَ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ۞** ဇကန်ပင် ကံကြမ္မာရှင်က သင်၊ သင်နှင့်အတူ ရှိသည့် ယုံကြည်သောသူ တစ်စုသည် ညဏ် သုံးပုံနှစ်ပုံထက်လျော့၍ ဖြစ်စေ၊ ထက်ဝက်ဖြစ်စေ၊ သုံးပုံတစ်ပုံဖြစ်စေ မားမားရပ်နေသည်ကို သိနေတော်မူ၏။ ပရမတ်ဘုရားရှင်သည် ည၊ နေ့ကို စည်းချိန်ချထားတော်မူ၏။ သင်တို့သည် **အစဉ်မပြတ်** မဖြစ်နိုင်ကြောင်းကို အရှင်သည် သိနေတော်မူ၏၊ သို့ဖြစ်၍ သင်တို့အား သင်ပုန်းချေပေးတော်မူ၏။ သင်တို့သည် ကုရ်အာန်အား လွယ်ကူသောနည်းဖြင့် ရွတ်ဖတ်ကြလော့။ သင်တို့အနက် ဖျားနာနေသူ ရှိ၍၊ အခြားသူတို့သည် ပရမတ်ဘုရားရှင်၏ သိက္ခာပေးခြင်းမှ ရှာဖွေရန် မြေကမ္ဘာ၌ ခရီးထွက်နေကြကြောင်း၊ အခြားသူတို့မှာ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ခုခံတိုက်နေရကြောင်း အရှင်သည် သိနေတော်မူ၏။ သို့ဖြစ်၍ ၎င်းအား လွယ်ကူသောနည်းဖြင့် ရွတ်ဖတ်ကြလော့။ ဝတ်ပြု☆မြဲကြလော့။ အွန်ု ငွေဖြူပေးကြလော့။ ပရမတ်ဘုရားရှင်အား တင့်တယ်စွာ ဆက်ကပ်ခြင်းဖြင့် ဆက်ကပ်ကြလော့။ သင်တို့၏ စရိုက်များကို စုံရပ်ခံခဲ့သော ကောင်းမှုများကို ပရမတ်ဘုရားရှင်၏ အပါးတော်၌ တွေ့ရလတ္တံ့။ ယင်းသည် ပိုမိုကောင်းမြတ်၍၊ မဟာဆုလဒ် ဖြစ်လတ္တံ့။ ပရမတ်ဘုရားရှင်၌ လွတ်ငြိမ်းဆုများပန်ကြလော့။ ဇကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။[၁၀၉၈]

(၁၀၉၇) ကျမ်းတော်တွင် ပြောဆိုသော ကောင်းကင်ယံသည် အသစ်ပြန်ဖြစ်သော နေ့ကာလ၊ ကောင်းကင်ယံအား လိပ်ခေါက်သော နေ့ကာလ၊ ကောင်းကင်ယံ၏ အကာကို ဖယ်ရှားသော နေ့ကာလ ဆိုသည်များမှာ– စီးမိုးအုပ်ချုပ်ထားသော လူကြီးများ ပျက်သုဉ်းပျောက်ကွယ်ရ၍– မျိုးဆက်သစ်များအား အစားထိုးသော ကာလများကို ပုံဆောင်ပေသည်။ သို့ဖြစ်၍– သားသမီးများ (ကလေးသူငယ်များ) ဆံဖြူစေမည် ဆိုခြင်းမှာ ထိုမျိုးဆက်သစ်များ အရွယ်ရောက်လာလျက် ရှေးလူဟောင်းတို့၏ နေရာအား ရယူမည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

(၁၀၉၈) ဤသုတ်တော်တွင် ပြောဆိုသော "ကုရ်အာန်အား လွယ်ကူသော နည်းဖြင့် ရွတ်ဖတ်ကြ၊" ဆိုသည်မှာ သုတ်တော် (၄)မှ "ကုရ်အာန်အား ကျနသေချာစွာဖြင့် သေချာစွာဖတ်ကြ၊"ဆိုသော စကားကို ဆန့်ကျင်ခြင်း မဟုတ်ချေ။ ဤသုတ်တော်မှ– လွယ်ကူသောနည်းဖြင့် ဖတ်ကြဆိုသည်မှာ ခရီးသွားနေစဉ်၊ ဖျားနေစဉ်၊ တော်လှန်ရေးဆင်နွှဲနေရစဉ်တွင် အချိန်မရက လွယ်လွယ်ကူကူနှင့်ပင် ပြီးသလောက်၊ လက်လှမ်းမှီသလောက်ကို ဖတ်ခိုင်းခြင်းဖြစ်၍၊ သုတ်တော် (၄)မှ ကျနသေချာစွာ ဖတ်ကြဆိုသည်မှာ ထိုဖတ်သလောက်အား ကျနသေရှာစွာ စဉ်းစားသုံးသပ်ကြဟု ဆိုလိုခြင်း ဖြစ်ပေသည်။ အချိန်မရလျှင် တစ်အုပ်လုံးကို တစ်ကြိမ်တစ်ခါတည်း ဖတ်ရန်မလိုဘဲ၊ အပိုင်း၊ အပိုဒ်သတ်မှတ်ဖတ်စေ၍– စဉ်းစားခိုင်းခြင်းဖြစ်ပေသည်။ ကျမ်းတော်တွင် မညီမညွတ်ကွဲလွဲချက်ဟူ၍ လုံးဝ မရှိချေ။

ဓမ္မခန္ဓာ (၇၄) နှတ်ဆိတ်နေသူ (အလ်–မုဒတ်သာရ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၄)၊ သုတ်ဒေသနာ (၅၆)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**يَا أَيُّهَا الْمُدَّثِّرُ** ۞ အို– နှုတ်ဆိတ်နေသူ–[၁၀၉၉]
၂။	**قُمْ فَأَنذِرْ** ۞ မားမားရပ်လော့၊ ထို့နောက် သတိပေးလော့။
၃။	**وَرَبَّكَ فَكَبِّرْ** ۞ ကံကြမ္မာရှင်သည် ကြီးကျယ်ကြောင်းရင့်ကျူးလော့။
၄။	**وَثِيَابَكَ فَطَهِّرْ** ۞ သင်၏ ခြုံထည်အား သန့်စင်စေလော့။[၁၁၀၀]
၅။	**وَالرُّجْزَ فَاهْجُرْ** ۞ ဆိုးကျိုးများကို ခွဲခွာလော့။
၆။	**وَلَا تَمْنُن تَسْتَكْثِرُ** ۞ အများစုကြောင့် မျက်နှာသာမပေးနှင့်။

(၁၀၉၉) ၇း၁ မှ **يَا أَيُّهَا الْمُزَّمِّلُ** ယာ– **အိုင်းယ်ယို့ဟာလ် မူဇန်မေးလ်** အို– ကိုယ်ရုံခြုံနေသူ၊ ဆိုသည်နှင့် ဤသုတ်တော်မှ **يَا أَيُّهَا الْمُدَّثِّرُ يَا** ယာ– **အိုင်းယ်ယို့ ဟာလ် မူဒ္ဒတ်သာရ်** အို– နှုတ်ဆိတ်သူ ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်ကို အကြောင်းပြု၍ ပြောဆိုခြင်း ဖြစ်ပေသည်။ ထိုစကားလုံးများ၏ ဆိုလိုချက်မှာ– ကိုယ်တော်မုဟမ္မဒ်သည် သစ္စာတရားကို သိပြီး ဖြစ်သော်လည်း– မိုက်လုံးအားကြီးသော မိရိုးဖလာ လောကဌ္ဌ ထုတ်ဖော်ပြောဆိုခြင်း မပြုသေးဘဲ၊ နှတ်ဆိတ်ငြိမ်သက်နေခြင်း ပစ္စေကဗုဒ္ဓ အဆင့်ကို ဆိုလိုပေသည်။ သို့ပြီးနောက် လောကအလုံး အတွက် မားမားမတ် ရပ်တည်ကာ သစ္စာတရားအား ကြေငြာရသော ဗုဒ္ဓအဆင့်သို့ ဆိုက်ရောက်ခဲ့ကြောင်း ဤသုတ်တော်များက ဆိုလိုပေသည်။ ကိုယ်တော်သည် လူသားအားလုံးအတွက် စံနမူနာ ဖြစ်သည်နှင့်အညီ ကိုယ်တော့်အား နမူနာယူ၍– မိရိုးဖလာ အမှောင်ထုအား တော်လှန်မည့်သူ အားလုံးအတွက် ဤသုတ်တော်များသည် စံနမူပင် ဖြစ်တော့သည်။

(၁၁၀၀) ဤသုတ်တော်မှ ခြုံထည် ဆိုသည်မှာ မိရိုးဖလာ ထုံးတမ်းစဉ်လာကြီးကို ခေါ်ဆိုပေသည်။ သဗ္ဗညုဉာဏ်ရ ကိုယ်တော်များအား ဝတ်ရုံအား သန့်စင်စေခြင်း၊ ညစ်ညမ်းမှုအား ဖယ်ခွာစေခြင်း ဆိုသည်မှာ ဝတ်ကြောင်စွန့် သင်္ကန်းဝတ်ခိုင်းခြင်း မဟုတ်ချေ။ မိရိုးဖလာ အမှောင်ထု အစွဲအား ဆေးကြောသန့်စင်စေခြင်းသာ ဖြစ်ပေသည်။ ထိုခေတ်ထိုအခါမှ– ကိုယ်တော်၏ မိရိုးဖလာကြီးသည် ဘုရားနှင့် တစ်ဂိုဏ်းတည်းထားလျက် လူသားအချင်းချင်းကိုဖြစ်စေ၊ ရုပ်ပွားများကို ဖြစ်စေ ကိုးကွယ်ပသ နေမှုများ၊ ဥပဒေ မရှိ ကြီးနှိပ်ငယ်ညှင်း လူမျိုးကြီးစရိုက်၊ လူမျိုးရေးခွဲခြားခြင်း စရိုက်များ၊ မိမိ ဥစ္စာပစ္စည်းအတွက် မျက်နှာလိုက်ခြင်းများ၊ လာဘ်ထိုးခြင်းများ– စသည်ဖြင့် မကောင်းမှု မှန်သမျှ ရောပြွန်းနေခဲ့ပေသည်။ ထိုသို့သော အမှောင်ထုကြီး ကြားခဲ့– မားမားရပ်လျက်– ကွန်ပ်ဗို့၏ စံပြ ကိုယ်တော်မုဟမ္မဒ်သည် သစ္စာတရား အလင်းရောင်ကြီးအား ထွန်းပြခဲ့ရပေသည်။

၇။	**وَلِرَبِّكَ فَاصْبِرْ ۞** သင့်ကံကြမ္မာရှင်အတွက် သည်းခံလော့။
၈။ ၁၈၉၉	**فَإِذَا نُقِرَ فِي النَّاقُورِ ۞** တံပိုးခရာအား မှုတ်သောအခါ–☆
၉။	**فَذَٰلِكَ يَوْمَئِذٍ يَوْمٌ عَسِيرٌ ۞** ယင်းသည် ပြဿဒါး နေ့– နေ့ကာလပင်၊
၁၀။	**عَلَى الْكَافِرِينَ غَيْرُ يَسِيرٍ ۞** ဖုံးကွယ်သူများ အပေါ်၌ လွယ်ကူမှု မရှိချေ။
၁၁။	**ذَرْنِي وَمَنْ خَلَقْتُ وَحِيدًا ۞** ငါ ဖြစ်တည်စေသော သူအား၊ ငါတစ်ပါးတည်းဖြင့် ချန်ထားခဲ့လော့။
၁၂။	**وَجَعَلْتُ لَهُ مَالًا مَّمْدُودًا ۞** ငါသည် သူ့အတွက် ဥစ္စာ တိုးပွားနေစေရန် စီစဉ်ပေးငါ။
၁၃။	**وَبَنِينَ شُهُودًا ۞** သားသမီးများကိုလည်း မျက်မှောက်သက်သေရှိစေငါ။
၁၄။ သာယာ	**وَمَهَّدتُّ لَهُ تَمْهِيدًا ۞** သူ့အတွက် ညိမ့်ညောင်းစွာဖြင့် ညိမ့်ညောင်းသာယာစေငါ။
၁၅။ ဖုံးကွယ်သူ	**ثُمَّ يَطْمَعُ أَنْ أَزِيدَ ۞** တဖန် **သူ**သည် တိုးပွားခြင်း၌ မျှော်လင့်နေငါ။
၁၆။	**كَلَّا إِنَّهُ كَانَ لِآيَاتِنَا عَنِيدًا ۞** အမှန်မှာ– သူသည် ငါ၏ သုတ်ဒေသနာများအတွက် ကောန် ခေါင်းမာလေ့ရှိငါ။
၁၇။	**سَأُرْهِقُهُ صَعُودًا ۞** ငါသည် သူ့အား သွေးတက် ဖိစီးစေလတ္တံ့။
၁၈။ ဥပဒေပြုငါ။	**إِنَّهُ فَكَّرَ وَقَدَّرَ ۞** ကောန်ပင် သူသည် စဉ်းစားငါ၊ ထို့နောက် **စည်းချိန်ချငါ**။
၁၉။ ဥပဒေ	**فَقُتِلَ كَيْفَ قَدَّرَ ۞** သို့သော် သူ၏ **စည်းချိန်**က သူ့အား မည်သို့ သုတ်သင်မည်ကို၊
၂၀။	**ثُمَّ قُتِلَ كَيْفَ قَدَّرَ ۞** တဖန် သူ၏ စည်းချိန်က သူ့အား မည်သို့ သုတ်သင်မည်ကို၊
၂၁။	**ثُمَّ نَظَرَ ۞**

	တဖန် သူသည် ကြည့်ရှုရလတ္တံ့။
၂၂။	**ثُمَّ عَبَسَ وَبَسَرَ۞** တဖန် မျက်နှာသုန်မှုန်၊ ရှုံ့မဲ့၏။
၂၃။	**ثُمَّ أَدْبَرَ وَاسْتَكْبَرَ۞** တဖန် နောက်ခံဖြင့် မာန်တက်နေ၏။
၂၄။ ကုရ်အာန်	**فَقَالَ إِنْ هَذَا إِلَّا سِحْرٌ يُؤْثَرُ۞** ထို့နောက် သူပြောသည်မှာ– "ဤသည် ရှေးရိုးရာ မှော်အတတ်ပင်၊–
၂၅။	**إِنْ هَذَا إِلَّا قَوْلُ الْبَشَرِ۞** ဤသည် လူပုဂ္ဂိုလ်၏ ပြောစကားပင်၊"ဟု ဖြစ်၏။
၂၆။	**سَأُصْلِيهِ سَقَرَ۞** သူ့အား အသူရာဘုံ၌ လောင်ကျွမ်းစေလတ္တံ့။
၂၇။	**وَمَا أَدْرَاكَ مَا سَقَرُ۞** အသူရာဘုံဟူသည်– သင် မည်သို့ မှန်းဆနိုင်မည်နည်း။
၂၈။	**لَا تُبْقِي وَلَا تَذَرُ۞** လက်ကျန်မထား၊ ချန်မထား–
၂၉။	**لَوَّاحَةٌ لِّلْبَشَرِ۞** လူပုဂ္ဂိုလ်အား ပြားချပ်သွားစေ၏။
၃၀။	**عَلَيْهَا تِسْعَةَ عَشَرَ۞** ထိုအပေါ်၌ ဆယ့်ကိုး ရှိ၏။[၁၀၀]
၃၁။	**وَمَا جَعَلْنَا أَصْحَابَ النَّارِ إِلَّا مَلَائِكَةً وَمَا جَعَلْنَا عِدَّتَهُمْ إِلَّا فِتْنَةً لِّلَّذِينَ كَفَرُوا لِيَسْتَيْقِنَ الَّذِينَ أُوتُوا الْكِتَابَ وَيَزْدَادَ الَّذِينَ آمَنُوا إِيمَانًا وَلَا يَرْتَابَ الَّذِينَ أُوتُوا الْكِتَابَ وَالْمُؤْمِنُونَ وَلِيَقُولَ الَّذِينَ فِي قُلُوبِهِم مَّرَضٌ وَالْكَافِرُونَ مَاذَا أَرَادَ اللَّهُ بِهَذَا مَثَلًا كَذَلِكَ يُضِلُّ اللَّهُ مَن يَشَاء وَيَهْدِي مَن يَشَاء وَمَا يَعْلَمُ جُنُودَ**

---

(၁၀၀) ကျမ်းမြတ်ကုရ်အာန်၏ အချို့သော ပြောကြားချက်များသည် ခေတ်နှင့်လိုက်၍ နားလည်ရသည်တို့ ရှိ၏။ ဥပမာအားဖြင့် ၈၄းဘ မှ "သင်တို့သည် တစ်ဂြိုလ်မှ တစ်ဂြိုလ်သို့ စီးနင်းတက်သွားရလတ္တံ့၊" ဆိုသော ဝါကျမျိုးကို– လေယာဉ်များ မပေါ်မီက သတ္တဝါတို့ကို စီး၍ တောင်ပေါ်ခရီးသို့ တက်သွားသည်၊ ပြောင်းရွှေ့သွားသည်ဟုသာ နားလည်နိုင်ပေသည်။ သို့သော် လေယာဉ်များ ပေါ်လာသောအခါ– လေယာဉ်ဖြင့် စီးနင်းလျက် အဆင့်မြင့်သော နေရာများသို့ ပြောင်းရွှေ့သွားသည်ဟု နားလည်လာပေသည်။ ထိုထက်ပို၍ နောက်ပိုင်းတွင် အစီးအနင်းများ စီး၍ တစ်ဂြိုလ်မှ တစ်ဂြိုလ်သို့ ပြောင်းရွှေ့သွားရလတ္တံ့– ဟု နားလည်လာပေသည်။ အလားတူပင် ဤသုတ်တော်မှ– "ထိုအပေါ်၌ ဆယ့်ကိုး ရှိ၏" ဆိုသော အဆိုအား အသူရာဘုံဟု ဆိုသည့် နိမ့်ကျလှသည့် ဘဝဆိုး၏ အထက်တွင် ဘုံအဆင့် ၁၉ ဆင့်ရှိသည်ဟု လည်းကောင်း၊ မကောင်းသူတို့အား ငရဲ၌ အဆင့် ဆယ့်ကိုးဆင့်ဖြင့် ထားမည်ဟုလည်းကောင်း၊ အမျိုးမျိုးနားလည်လာကြပေသည်။ သို့သော် ဤ ၁၉ ဂဏန်းအား အလွယ်တစ်ကူ အားဖြင့် နားလည်နိုင်သည်မှာ– ဆက်လက်ပါ သုတ်တော်မှ "ဗိုးကွယ်သော သူတို့အား အမှတ်စဉ် မှတ်ရန်၊" ဟူသော ဝါကျပင် ဖြစ်ပေသည်။ ဗိုးကွယ်သူတို့၏ အဆင့်အတန်း အမျိုးမျိုး၊ မကောင်းမှုပြုသူတို့၏ အဆင့်အတန်း အမျိုးမျိုးရှိခြင်း၊ စသည်ဖြင့် မည်သည့် ကောင်းမှု မကောင်းမှုကိုမျှ တစ်ပြေး ညီသတ်မှတ်၍ မရခြင်းကို ဆိုကြောင်း ရိုးရှင်းစွာ နားလည်နိုင်ပေသည်။

	رَبِّكَ إِلَّا هُوَ وَمَا هِيَ إِلَّا ذِكْرَى لِلْبَشَرِ ۞ နိမိတ်ဆောင်တို့ကိုသာ အပူမီး၏ အဖေါ်များအဖြစ် ငါ စီစဉ်ထား၏။ သူတို့အား ငါ စီစဉ်ထားသည်မှာ– ဖုံးကွယ်သော သူတို့အား စမ်းသပ်မှု တိတိကျကျဖြစ်စေရန်၊ ကျမ်းပေးအပ်ခံရသော သူတို့အား စည်းစောင့်လာစေရန်၊ ယုံကြည်သော သူတို့သည် ယုံကြည်ခြင်း၌ တိုးပွားလာစေရန်၊ ကျမ်းပေးခြင်းခံရသော သူတို့နှင့် ယုံကြည်သူတို့အား သံသယ မဖြစ်စေရန်၊ နှလုံးသား၌ ရောဂါရှိသော သူတို့နှင့် ဖုံးကွယ်သူတို့က "ပရမတ်ဘုရားရှင်သည် ဤဥပမာအားဖြင့် မည်သည်ကို ဖြစ်စေလိုသနည်း"ဟု ပြောရစေရန်–တို့အတွက် ဖြစ်၏။ ယင်းသို့ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မှီ သူအလျောက် လမ်းလွဲစေသူ ဖြစ်စေ၍၊ စံချိန်ပြည့်သူအလျောက် လမ်းညွှန်ရစေသူ ဖြစ်စေ၏။ အရှင်မှအပ ကံကြမ္မာရှင်၏ စစ်သည်တော်များကို သိနိုင်သူ မရှိချေ။ ဤသည် လူပုဂ္ဂိုလ်များအတွက် သတိပေးတရားတော်သာ ဖြစ်ချေ၏။[၁၀၀၂]
၃၂။	**كَلَّا وَالْقَمَرِ** ۞ အမှန်မှာ– လအားဖြင့်–
၃၃။	**وَاللَّيْلِ إِذْ أَدْبَرَ** ۞ ည နှင့် နောက်ခံအစိတ်အပိုင်းအားဖြင့်–
၃၄။	**وَالصُّبْحِ إِذَا أَسْفَرَ** ۞ ခရီးဦးကြိုပြုသော နံနက်အစအားဖြင့်–
၃၅။ ကုရ်အာန်	**إِنَّهَا لَإِحْدَى الْكُبَرِ** ۞ ဇကန်ပင် **ဂင်း**သည် အကြီးကျယ်ဆုံးများမှ တစ်ခု ဖြစ်၏။
၃၆။	**نَذِيرًا لِّلْبَشَرِ** ۞ လူပုဂ္ဂိုလ်တို့အား သတိပေးရန်မှာ–
၃၇။ ☆ ၇၈း၃၃	**لِمَن شَاءَ مِنكُمْ أَن يَتَقَدَّمَ أَوْ يَتَأَخَّرَ** ۞ သင်တို့၏ စုံရပ်ခံခဲ့မှု၊ သို့မဟုတ် အနာဂါတ်အား စံချိန်ပြည့်မှီလိုသူ အတွက် ဖြစ်၏။☆
၃၈။	**كُلُّ نَفْسٍ بِمَا كَسَبَتْ رَهِينَةٌ** ۞ ဥဉ်စရိုက်တိုင်းသည် ကျင့်ဆောင်ရာအတွက် သူ၏ အာမခံပစ္စည်း ဖြစ်၏။
၃၉။	**إِلَّا أَصْحَابَ الْيَمِينِ** ۞ သို့သော် လက်ယာရံ ပေါင်းဖေါ်တို့မှာ ကင်း၍–

(၁၀၀၂) ဤသုတ်တော်အား ဆရာတော်ကြီးများက ငရဲမူးများအဖြစ် မလာအီကာဟ် ကောင်းကင်တမန်တော်များကို ခန့်အပ်ထားမည်ဟု ဖွင့်ဆိုကြပေသည်။ အစဉ်အလာ ခေတ်ကာလ အလိုက် ဖွင့်ဆိုခဲ့သော ဆရာတော်ကြီးများအား အပြစ်ဆိုဘွယ် မရှိချေ။ သို့သော် မလာအီကာဟ်ဟူသည် နတ်ဒေဝတာဟု အဓိပ္ပါယ်ကိုပေးသော ကောင်းကင်တမန်တော် မဟုတ်ဟု ကျွန်ုပ်နားလည်ထားသည်နှင့်အညီ– ဤဘာသာပြန်၌ လူသားပညာရှင်တို့အား အပြစ်ကောင်များကို ပြစ်ဒဏ်ပေးရာ၌ ဥပဒေပြုရန် ခန့်အပ်ထားသည်ဟု နားလည်စေလိုပေသည်။ အဘယ်ကြောင့်ဆိုသော် ဤသုတ်တော်များ၌ သေလွန်ပြီးသော်မှ၊ နောင်ဘဝတွင်မှ ဟူသော စကားလုံး မပါဝင်ချေ။ ထို့အပြင် ဤသုတ်တော်၌ ဖုံးကွယ်သူများ၊ ရှေးကျမ်းဝါဒီများ၊ ယုံကြည်သူများ၊ နှလုံးသား၌ ရောဂါရှိသူများကို အဆင့်ဆင့် ခွဲခြားသတ်မှတ်မည်ဟု ဆိုသောကြောင့် သစ္စာတရား ထွန်းကားဖွံ့ဖြိုးသော မျိုးဆက်သစ်များ ကြီးစိုးလာသော ခေတ်တွင် ဥပဒေပြုရာ၌ လူသားတို့အား ငွေကြေးဥစ္စာအလိုက် လူတန်းစားခွဲခြားခြင်း မရှိစေဘဲ၊ ကိုယ်ကျင့်တရား အလိုက်၊ အသိပညာအလိုက်၊ လူအဆင့်အတန်းကို ခွဲခြားသတ်မှတ်မည်ဟု ဆိုလိုပေသည်။ ထိုသို့ ခွဲခြားသတ်မှတ်ရန် ဥပဒေပြုရာတွင် ရိုးသားဖြူစင် သမာသမတ်ကျသော ပညာရှင်များက ဥပဒေပြုပိုင်ခွင့်ကို ရရှိစေမည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

၄၀။	**فِي جَنَّاتٍ يَتَسَاءلُونَ۞** ဥယျာဉ်များ၌ သတင်းမေးမြန်းကြမည်မှာ–
၄၁။	**عَنِ الْمُجْرِمِينَ۞** ရာဇဝတ်ကောင်တို့ အကြောင်း–
၄၂။	**مَا سَلَكَكُمْ فِي سَقَرَ۞** သင်တို့အား အသူရာသို့ မည်သည်က ထည့်ထားခဲ့သနည်းဟု ဖြစ်၏။
၄၃။ ☆၂၃	**قَالُوا لَمْ نَكُ مِنَ الْمُصَلِّينَ۞** သူတို့က ပြောကြမည်မှာ ‘‘ကျွန်ုပ်တို့သည် ဝတ်ပြုသူများ ☆ မဟုတ်ခဲ့ပါ။–
၄၄။	**وَلَمْ نَكُ نُطْعِمُ الْمِسْكِينَ۞** ကျွန်ုပ်တို့သည် နွမ်းပါးသူတို့အား ကျွေးမွေးသူများ မဟုတ်ခဲ့ပါ။
၄၅။	**وَكُنَّا نَخُوضُ مَعَ الْخَائِضِينَ۞** အလေအလွင့်ပြောသူများနှင့် အလေအလွင့်ပြောလေ့ရှိခဲ့ပါ၏။
၄၆။ ☆၁း၄	**وَكُنَّا نُكَذِّبُ بِيَوْمِ الدِّينِ۞** စီရင်မိန့်ချမည့် နေ့ကာလအား☆ ငြင်းဆန်လေ့ရှိခဲ့မိသည်မှာ–
၄၇။	**حَتَّى أَتَانَا الْيَقِينُ۞** ယခု ၎င်းသည် ကျွန်ုပ်တို့ထံ ဒိဋ္ဌ ရောက်လာသည့်တိုင် ဖြစ်ပါ၏။’’ဟု ဖြစ်၏။
၄၈။	**فَمَا تَنفَعُهُمْ شَفَاعَةُ الشَّافِعِينَ۞** သို့ဖြစ်၍ အမျှပေးဝေသူတို့၏ အမျှပေးဝေခြင်းသည် သူတို့အတွက် အကျိုးမထူးတော့ချေ။
၄၉။	**فَمَا لَهُمْ عَنِ التَّذْكِرَةِ مُعْرِضِينَ۞** သို့ပါလျက် သတိပေးတရားတော်အား အဘယ်ကြောင့် ဘောင်ကန့်ထားသူများ ဖြစ်ကြသနည်း။
၅၀။	**كَأَنَّهُمْ حُمُرٌ مُّسْتَنفِرَةٌ۞** သူတို့သည် စစ်လန့်ပြေးသော မြည်းများကဲ့သို့–
၅၁။	**فَرَّتْ مِن قَسْوَرَةٍ۞** သူတို့သည် ခြင်္သေ့ထံမှ ထွက်ပြေးရခြင်း ဖြစ်၏။
၅၂။	**بَلْ يُرِيدُ كُلُّ امْرِئٍ مِّنْهُمْ أَن يُؤْتَى صُحُفًا مُّنَشَّرَةً۞** အမှန်မှာ– သူတို့မှ တစ်ဦးချင်းစီ– အခန်းကဏ္ဍာလိုက် နိုးကြွနေသော ပရိုက်များ ချီးမြှင့်ခံလိုကြသလော။
၅၃။	**كَلَّا بَل لَا يَخَافُونَ الْآخِرَةَ۞** အမှန်ပင်– သူတို့သည် နောက်ဘဝအတွက် ကြောက်လန့်မှု မရှိချေ။
၅၄။ ကုရ်	**كَلَّا إِنَّهُ تَذْكِرَةٌ۞**

အာန်	အမှန်ပင်– ဤသည် သတိပေးတရားတော် ဖြစ်၏။
၅၅။	**فَمَن شَاء ذَكَرَهُ ۞** စံချိန်ပြည့်မှီလိုသူအား– ၎င်းကို သတိရစေလော့။[၁၁၀၃]
၅၆။	**وَمَا يَذْكُرُونَ إِلَّا أَن يَشَاء اللَّهُ هُوَ أَهْلُ التَّقْوَى وَأَهْلُ الْمَغْفِرَةِ ۞** သို့သော် ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်သူမှအပ– သူတို့သည် သတိရတတ်မည် မဟုတ်ချေ။ အရှင်သည် စည်းစောင့်ခြင်း အရင်းခံ၊ လွတ်ငြိမ်းစေခြင်း အရင်းခံ ဖြစ်တော်မူ၏။

(၁၁၀၃) သုတ်တော် ၃၇ တွင် "စုံရပ်ခံခဲ့မှု၊ သို့မဟုတ် အနာဂါတ်အား စံချိန်ပြည့်မှီလိုသူအတွက်၊" ဟု ဆိုထား၍၊ ဤသုတ်တော်၌ "စံချိန်ပြည့်မှီလိုသူအတွက် ကျမ်းတော်ကို သတိရစေလော့၊"ဟု ဆိုထားပေသည်။ ဆိုလိုသည်မှာ ခေတ်မှီ၍ ရှေ့သို့ အစဉ် တိုးတက်စေလိုသူ အတွက် ကျမ်းမြတ်ကုရ်အာန်အား သတိရစေလော့ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်အား စဉ်းစားခြင်ဆင် တွေးတောခြင်း လေ့လာ ဆည်းပူးခြင်းသည် လူသားအား ခေတ်မှီတိုးတက်စေရန် အစဉ်ဆောင်ပေးလျက် ရှိပေသည်။

ဓမ္မခန္ဓာ (၇၅) ရပ်တည်ရမည့် နေ့ (အလ်–ကီယာမတ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၁)၊ သုတ်ဒေသနာ အပါး(၄၀)၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**لَا أُقْسِمُ بِيَوْمِ الْقِيَامَةِ۞** အမှန်မှာ– ရပ်တည်ရမည့် နေ့ကာလအား– တိုင်တည်လျက်၊[၁၀၀၄]
၂။	**وَلَا أُقْسِمُ بِالنَّفْسِ اللَّوَّامَةِ۞** အမှန်မှာ– မိမိကိုယ်တိုင်ဆုံးမသော ဉာဉ်စရိုက်အား တိုင်တည်လျက်၊[၁၀၀၅]
၃။	**أَيَحْسَبُ الْإِنسَانُ أَلَّن نَّجْمَعَ عِظَامَهُ۞** လူသားသည် သူ၏ အရိုးများကို ငါအရှင်က စုပေါင်းစေမည် မဟုတ်တော့ဟု စဉ်းစားသလော။
၄။	**بَلَى قَادِرِينَ عَلَى أَن نُّسَوِّيَ بَنَانَهُ۞** အမှန်မှာ– ငါသည် စည်းချိန်တကျ– သူ၏ လက်ဖျားထိပ်မှအစ ပုံစံချတော်မူ၏။
၅။	**بَلْ يُرِيدُ الْإِنسَانُ لِيَفْجُرَ أَمَامَهُ۞** အမှန်မှာ လူသားသည် ဖေါက်ထွက်ရန် ရှေ့ဆက် လိုကြသလော။
၆။	**يَسْأَلُ أَيَّانَ يَوْمُ الْقِيَامَةِ۞** သူက ‘‘ရပ်တည်ရမည့် နေ့ကာလသည် မည်သည့်အခါနည်း၊’’ဟု မေး၏။
၇။	**فَإِذَا بَرِقَ الْبَصَرُ۞** အမြင်များ လျှပ်ရောင်ဟပ်ခံရသောအခါ–
၈။	**وَخَسَفَ الْقَمَرُ۞** လအား ကမ္ဘာရိပ်မှမြုံသောအခါ–[၁၀၀၆]

(၁၀၀၄) ဆရာတော်ကြီးများက **ယောင်းမိလ် ကီယာမတ်ဟ်** ကို ရှင်ပြန်ထမြောက်ရမည့် နေ့ကာလဟု ပြန်ဆိုကြပေသည်။ အလွန်လှပသော ပြန်ဆိုချက်ပင် ဖြစ်တော့သည်။ သို့သော် ထိုသို့သော ပြန်ဆိုချက်ကို ဦးကာခဲ့လျက် ကမ္ဘာစကြာဝဠာတစ်ခုလုံး အားလုံး သေကြေပျက်စီးသွားမည့် နေ့ကာလကို ကီယာမတ်ဟ် နေ့ဟု ခေါ်ခြင်းဖြစ်သည်ဟု နားလည်လိုက်ခြင်းသည်သာ ဝမ်းနည်းစရာပင်။ ဆိုလိုသည်မှာ ရှင်ပြန်ထမြောက်ခြင်း ဆိုသည်မှာ သေကြေပျက်စီးသွားခြင်း၏ ဆန့်ကျင်ဘက် ဖြစ်ပေသည်။ လူမျိုးတစ်မျိုး၏ အတွေးအခေါ်ဟောင်းများ အဆုံးသတ်သွားခြင်း၊ မျိုးဆက်တစ်ခု ရှင်သန်ပေါ်ထွက်လာခြင်း စသည်တို့ကိုလည်း ကီယာမတ်ဟု ခေါ်ပေသည်။ ၂း၁၇၄ တွင် ကြည့်ပါ။

(၁၀၀၅) နာ့ဖ်ဆိလောင်ဝ်ဝါမာဟ် ဆိုသည်မှာ မိမိကိုယ်မိမိသာ အပြစ်တင်လေ့ရှိပြီး ကောင်းမှုသို့ရည်သန် ရုန်းကန်လှုပ်ရှားသော ဉာဉ်စရိုက်ကို ခေါ်ပေသည်။

(၁၀၀၆) ဤသုတ်တော်အား ဆရာတော်ကြီးများက **လကြပ်သည်၊ လကွယ်ပျောက်သည်၊** ဟု ပြန်ဆိုကြပေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၄၀၀ ကပင် **လကြပ်သည်၊** ဟူသော အသုံးကို ကျမ်းမြတ်ကုရ်အာန်က **နေ၊ ကမ္ဘာ၊ လ– ပတ်လမ်းပေါ်တွင် ကမ္ဘာ၏ အရိပ်က လနှင့်နေကြား ပိတ်ဆို့**

၉။	**وَجُمِعَ الشَّمْسُ وَالْقَمَرُ ۞** နေနှင့် လတို့ အတူစုပေါင်းသောအခါ–[၁၀၇]
၁၀။	**يَقُولُ الْإِنسَانُ يَوْمَئِذٍ أَيْنَ الْمَفَرُّ ۞** လူသားက ပြောဆိုမည်မှာ ‘‘ဤနေ့ကာလ၌ မည်သို့ ထွက်ပြေးရမည်နည်း၊–
၁၁။	**كَلَّا لَا وَزَرَ ۞** အမှန်မှာ– ဝန်ထုပ်ချပြေးနိုင်ရာမရှိချေ။’’ဟု ဖြစ်၏။
၁၂။	**إِلَى رَبِّكَ يَوْمَئِذٍ الْمُسْتَقَرُّ ۞** ကံကြမ္မာရှင်ထံသို့သာ၊ ထိုနေ့ကာလ၌ တည်ငြိမ်တွယ်ကပ်နေရ၏။
၁၃။	**يُنَبَّأُ الْإِنسَانُ يَوْمَئِذٍ بِمَا قَدَّمَ وَأَخَّرَ ۞** ထိုနေ့ကာလ၌ လူသားသည် သူ၏ စုံရပ်ခံခဲ့မှုနှင့် အနာဂါတ်အား သတင်းထုတ်ပြန်ခံရမည်မှာ––
၁၄။	**بَلِ الْإِنسَانُ عَلَى نَفْسِهِ بَصِيرَةٌ ۞** –အမှန်မှာ လူသားသည် မိမိစရိုက်အပေါ်၌ အမြင်အာရုံ ဖြစ်ရမည်မှာ––
၁၅။	**وَلَوْ أَلْقَى مَعَاذِيرَهُ ۞** သူ့ မေတ္တာရပ်ခံချက်အား ခင်းကျင်းပြသော်လည်း–(မထူးတော့ပြီ)။
၁၆။	**لَا تُحَرِّكْ بِهِ لِسَانَكَ لِتَعْجَلَ بِهِ ۞** သင်၏ လျှာအား မရွေ့စေနှင့် ထို၌ အလျင်မလိုနှင့်–[၁၀၈]
၁၇။	**إِنَّ عَلَيْنَا جَمْعَهُ وَقُرْآنَهُ ۞** ဇကန်ပင် ကုရ်အာန်အား စုစည်းမှုမှာ ငါအရှင်၏ ဝန်တာပင် ဖြစ်၏။[၁၀၉]

လိုက်လျှင် ‘‘လကြပ်ခြင်းဖြစ်သည် ဟူသည့် –ကမ္ဘာမှ မြို့ခြင်း၊ ကမ္ဘာအရိပ်မှ တဖြေးဖြေး ဆွဲသွင်းသွားခြင်း ဆိုသည့် **ခဆဖ** (၂၈း၈၂)ကို သုံး၍ ပြောဆိုထားပေသည်။ အလားတူပင် နေနှင့်လတို့ အလင်းတန်း တစ်ထပ်တည်းကျသောအခါ– နေကြပ်ခြင်းဖြစ်ပေါ်ကြောင်းကို အောက်ပါသုတ်တော်တွင် ဆက်လက် ပြောဆိုထားပေသည်။ ဆိုလိုသည်မှာ နေ၏ အလင်းလမ်းကြောင်းသည် ကမ္ဘာသို့ တည့်တည့်ဦးတည်နေခြိန်၊ ကမ္ဘာနှင့် နေအကြား၌ လမှ ဖြတ်သွားလျက် ကမ္ဘာသို့ ထိုးကျသည့် နေ၏ အလင်းတန်းကို လက ကြားမှ ကွယ်လိုက်သည်ဟု ဆိုလိုပေသည်။ ထိုသုတ်တော်များ၏ ပုံဆောင် ဆိုလို ချက်ကို အောက်ပါ ရှင်းချက်တွက် ဆက်ကြည့်ပါ–

(၁၀၀၇) ဤသုတ်တော်များမှ လ– နေ အမှောင်ကျသွားသည့် ကာလဆိုသည်မှာ– ရှေးရိုးရာ လနတ်မင်း၊ နေနတ်မင်း စသည်တို့ကို ကိုးကွယ်နေသော ဘာသာတရားများ ပျောက်ကွယ်သွားရခြင်းကို ဆိုလို၍၊ ထိုမိရိုးဖလာ အမိုက်မှောင်တွင် ရှိနေသူတို့၏ အမြင်များ ရှုပ်ထွေးသွားမည်ဟု ဆိုလိုပေသည်။ ထိုအခါ–ထိုလူသားတို့မှာ ရွေးစရာလမ်းဟူ၍ မရှိတော့ချေ။ အမှန်တရားတည်းဟူသော လမ်းစဉ်သို့သာ လိုက်နာရတော့မည် ဖြစ်သည်။ ထိုအချိန်းအရာကို ‘‘သူတို့အတွက် ခိုလှုံတွယ်ကပ်စရာမှာ ကံကြမ္မာရှင်သာ ဖြစ်၏။’’ဟု ဆိုထားပေသည်။ ဆိုလိုသည်မှာ နောက်ဆုံးတွင် လူသားတို့သည် ယုတ္တိဗေဒနှင့်ကိုက်ညီ မှန်ကန်သော၊ ဒဏ္ဍာရီကင်းသော အစွမ်းသတ္တိသာသနာကိုသာ အားထားယုံကြည်ရမည်ဟု ဖြစ်ပေသည်။

(၁၀၀၈) ဤသုတ်တော်တွင် ကိုယ်တော်၏ စိတ်နေသဘာဝကို ဖော်ပြလျက်၊ ပရမတ်ဘုရားရှင်၏ အမိန့်ကိုလည်း ဖော်ပြထားပေသည်။ ကိုယ်တော်သည် မကောင်းသူတို့အား ခံစားရစေမည့် ပြစ်ဒဏ်နိယာမကို သိမြင်လေတိုင်း ထိုလူသားများအတွက် စိတ်သောက ဖြစ်မိ၍၊ ထိုနိယာမ သတိပေးချက်အား ပြန်လည်ပြောပြရန် ဝန်လေးလျက်ရှိပေသည်။ သို့သော် ကိုယ်တော်သိသော အသိမှာ စိတ်ကူးယဉ် အသိမဟုတ်၊ ပရမတ္ထသစ္စာဖြစ်၍ သဗ္ဗညုတဉာဏ်အားဖြင့် သိရသောကြောင့် အမှန်တကယ် ဖြစ်လာရမည်ကိုလည်း သိနေပေသည်။ ထိုသို့ ပြစ်ဒဏ်ခံရတော့မည့် လူသားများ အကြောင်းကို သိလေတိုင်း ထိုသူများ၏ လွတ်ငြိမ်းခွင့်ကိုလည်း သိလိုစိတ်စောလျက် ရှိနေခဲ့ပေသည်၊ ထိုအကြောင်းကို ၂၀း၁၁၃၊၁၁၄ တွင် ဖော်ပြထားပေသည်။ သို့သော် ကိုယ်တော်ကိုယ်တိုင် မည်သည့် နိယာမကိုမျှ ပြောင်းလဲခွင့်၊ နေရာရွှေ့ခွင့် မရှိချေဟု ဤသုတ်တော်က ဆိုထားပေသည်။

(၁၀၀၉) အထက်ပါ သုတ်တော်တွင် ကိုယ်တော် သိသော အသိ အာရုံစူးစိုက်အား ကိုယ်တော်ကိုယ်တိုင် ပြောင်းလဲခွင့် မရှိ၊ နေရာရွှေ့ခွင့် မရှိဟု ဆိုထား၍– ဤသုတ်တော်တွင် ထိုနိယာမ ပညတ်များအား ချမှတ်ပေးခြင်း၊ ကုရ်အာန်စာအုပ် အဖြစ် စုစည်းခြင်းမှာ ပရမတ်ဘုရားရှင် ကိုယ်တိုင်၏

၁၈။	**فَإِذَا قَرَأْنَاهُ فَاتَّبِعْ قُرْآنَهُ۞** သို့ဖြစ်၍ ၎င်းကို ငါရွတ်ဖတ်ပြသောအခါ– ထိုကုရ်အာန်သို့ လိုက်လေ့။
၁၉။	**ثُمَّ إِنَّ عَلَيْنَا بَيَانَهُ۞** တဖန် ဇကေန်ပင်၊ ၎င်းအား ရှင်းပြရန်မှာ ငါ၏ ဝန်တာဖြစ်၏။[၁၁၁၀]
၂၀။	**كَلَّا بَلْ تُحِبُّونَ الْعَاجِلَةَ۞** အမှန်မှာ သင်တို့သည် အလျင်လိုနေခြင်းကို နှစ်သက်မြတ်နိုးနေကြလျက်–
၂၁။	**وَتَذَرُونَ الْآخِرَةَ۞** အနာဂါတ်ကို ချန်ထားကြ၏။
၂၂။	**وُجُوهٌ يَوْمَئِذٍ نَّاضِرَةٌ۞** ထိုနေ့ကာလ၌ အချို့မျက်နှာများသည် လင်းဝင်းတောက်ပလျက်–
၂၃။	**إِلَى رَبِّهَا نَاظِرَةٌ۞** ကံကြမ္မာရှင်၏ ထံသို့ ကြည့်ငေးနေကြလိမ့်မည်။
၂၄။	**وَوُجُوهٌ يَوْمَئِذٍ بَاسِرَةٌ۞** ထိုနေ့ကာလ၌ အချို့မျက်နှာများသည် ရှုံ့မဲ့ညှိုးနွမ်းလျက်–
၂၅။	**تَظُنُّ أَن يُفْعَلَ بِهَا فَاقِرَةٌ۞** သူတို့အတွက် ပြုလုပ်ထားသော ဆင်းရဲဒုက္ခကို သင် စဉ်းစားမိလတ္တံ့။
၂၆။ ဒုက္ခ	**كَلَّا إِذَا بَلَغَتْ التَّرَاقِيَ۞** အမှန်မှာ– **၎င်း**သည် လည်မြိုသို့ ဆိုက်ရောက်သောအခါ–
၂၇။	**وَقِيلَ مَنْ رَاقٍ۞** “မည်သူက အတွန့်တက်မည်နည်း၊”ဟု ဆိုကြလတ္တံ့။[၁၁၁၁]
၂၈။	**وَظَنَّ أَنَّهُ الْفِرَاقُ۞**

ဆောင်ရွက်ချက်ဖြစ်သည်ဟု အတိအကျ ဆိုထားပေသည်။ ထိုကြောင့် ဤကုရ်အာန်ကျမ်းသည် ပရမတ်ဘုရားရှင်၏ တိုက်ရိုက် အသိပေးခြင်းဖြင့် ကိုယ်တော်မုဟမ္မဒ်က အခန်းကဏ္ဍ၊ ပါဒ၊ ဝါကျ၊ ဝေါဟာရ အားလုံးကို အစီအစဉ် ချထားရခြင်း ဖြစ်ပေသည်။ ထိုအချက်ကို ဆက်လက်ပါသုတ်တော် ၁၈ ကလည်း အတိအကျ ဆိုထားပေသည်။ ကမ္ဘာပေါ်တွင် ထိုကဲ့သို့ အာမခံချက် ရှိသော ကျမ်းဟူ၍၊ ကုရ်အာန်မှအပ မရှိချေ။

(၁၁၁၀) ဤသုတ်တော်က ကျမ်းမြတ်ကုရ်အာန်အား ငါသာ မှန်စေရမည်ဟု မူပိုင်ပြု ဖွင့်ဆိုရှင်းလင်းကို တားမြစ်ထားခြင်း ဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာရ်အား ဖွင့်ဆိုရှင်းလင်းခြင်းမှာ ပရမတ်ဘုရားရှင်၏ ဝန်တာသာ ဖြစ်ပေသည်။ ထို့ကြောင့် ကိုယ်တော် မုဟမ္မဒ်ကိုယ်တော် ကိုယ်တိုင် အထကထာ (တက်ဖ် စီရ်) ဖွင့်ဆိုခဲ့ခြင်း မရှိချေ။ ကျွန်ုပ် အနေဖြင့်လည်း ဤကျမ်းအား ပြန်ဆိုရာတွင် ဘာသာပြန်သူ တစ်ဦးအနေဖြင့် အာရ်ဗီစာပေ မသင်ကြားဘူးသူများအား နားလည်မှု လွယ်ကူစေရန် အချို့သော ရှင်းလင်းချက်များကို ရေးနေရသော်လည်း– ကျမ်းမြတ်ကုရ်အာန်အား အာရ်ဗီစာပေဖြင့် ပိုမိုနားလည်စွာ လေ့လာရန်ကိုသာ စာဖတ်သူများ အတွက် ဆန္ဒရှိပါသည်။ ကျွန်ုပ်၏ ဖွင့်ဆိုချက်တိုင်းအား ခေတ်တိုင်းအတွက် မှန်ကန်ရစေမည်ဟု အာမခံချက် မပေးနိုင်ပေ။ ထိုသို့ အာမခံချက်လည်း ပေးနိုင်ခွင့် မရှိချေ။ ခေတ်ကာလကြာမြင့်လာလျှင် ကျွန်ုပ်၏ ဖွင့်ဆိုချက်မှာ ခေတ်နောက် ကျန်ရစ်သွားမည်ပင်။ မည်သူက မည်သည့်ခေတ်တွင် မည်သို့ ဖွင့်ဆိုသွားသည်ဟူသော သမိုင်းသာ ကျန်နိုင်ပေသည်။ ဗနာက်လာ နောက်သားများ ပိုမိုနားလည်လာလိမ့် မည်ပင် ဖြစ်ပေသည်။

(၁၁၁၁) ရာကိ ဆိုသည်မှာ “ကောင်းကင်သို့ တက်သည်၊ မှော်ဆရာ၊ ဆေးဆရာ၊”ဟု အဓိပ္ပါယ်ရပေသည်။

	သူသည် ခွဲခွာရတော့မည်ဟု သူ စဉ်းစားမိ၏။
၂၉။	**وَالْتَفَّتِ السَّاقُ بِالسَّاقِ۝** ခြေသလုံး–ခြေသလုံးချင်း လုံးထွေးလျက်။[၁၁၂]
၃၀။	**إِلَى رَبِّكَ يَوْمَئِذٍ الْمَسَاقُ۝** ကံကြမ္မာရှင်၏ ထံသို့သာ ထိုနေ့ကာလ၌ မောင်းနှင်ခံရမည်ပင်။
၃၁။ ☆ ၂း၃	**فَلَا صَدَّقَ وَلَا صَلَّى۝** သူတို့သည် ဖြောင့်မှန်ခြင်း မရှိ၊ ဝတ်ပြုခြင်းလည်း မရှိခဲ့ချေ။☆
၃၂။	**وَلَكِن كَذَّبَ وَتَوَلَّى۝** သို့ရာတွင် ငြင်းဆန်လျက်၊ လှည့်ထွက်သွားသူ–
၃၃။	**ثُمَّ ذَهَبَ إِلَى أَهْلِهِ يَتَمَطَّى۝** ထို့နောက် သူ့ဝိုင်းသားများထံသို့ ရင်ကော့လျက် ပြန်သွားသူ–
၃၄။	**أَوْلَى لَكَ فَأَوْلَى۝** သင့်ထံသို့ လှည့်လာနေ၏၊ သို့ဖြင့် လှည့်၍လာနေ၏။
၃၅။	**ثُمَّ أَوْلَى لَكَ فَأَوْلَى۝** တဖန် သင့်ထံသို့ လှည့်လာနေ၏။ သို့ဖြင့် လှည့်၍လာနေ၏။
၃၆။	**أَيَحْسَبُ الْإِنسَانُ أَن يُتْرَكَ سُدًى۝** လူသားသည် သူ့အား စရင်းမထည့်ဘဲ ချန်ထားမည်ဟု စိတ်ကူးယဉ်နေသလော။
၃၇။	**أَلَمْ يَكُ نُطْفَةً مِّن مَّنِيٍّ يُمْنَى۝** သူသည် ဇောဖြင့်တွန်းထုတ်ရသော သုတ်ပိုးမှ မဟုတ်ခဲ့သလော။
၃၈။	**ثُمَّ كَانَ عَلَقَةً فَخَلَقَ فَسَوَّى۝** ထို့နောက် သွေးမျှော့ဥ ဖြစ်ခဲ့၏၊ သို့ဖြင့် ပုံစံချ ဖြစ်တည်စေခဲ့ပြီ။
၃၉။	**فَجَعَلَ مِنْهُ الزَّوْجَيْنِ الذَّكَرَ وَالْأُنثَى۝** သို့ဖြင့် အရှင်သည် ၎င်းမှ ဖို၊ မ– ပေါင်းစုံ့ စီစဉ်ထား၏။
၄၀။	**أَلَيْسَ ذَلِكَ بِقَادِرٍ عَلَى أَن يُحْيِيَ الْمَوْتَى۝** ဤသို့–သက်မဲ့အား သက်ရှိအဖြစ် အရှင်က အဘယ့်ကြောင့် စည်းချိန်မချနိုင်ရမည်နည်း။

---

(၁၁၂) ဝေဒနာ တစ်ခုပြီး တစ်ခု ဖိစီးလာသည်ဟု ဆရာတော်ကြီးများက ပြန်ဆိုကြပေသည်။ တိုက်ရိုက်စာသား အဓိပ္ပါယ်အားဖြင့် ခြေတစ်ဖက် နှင့် တစ်ဘက် စုၪစည်းထားသကဲ့သို့ လုံးထွေးနေသည် သို့မဟုတ် သူတို့အား ရွှေ့လျားစေရန် သူတို့ကိုယ်တိုင်အား မောင်းနှင်နေသော အရာ အချင်းချင်း ရှုပ်ထွေးလျက် ခရီးမရွေ့နိုင် ဖြစ်နေသည်ဟု ဖြစ်ပေသည်။

မမွခန္ဓာ (၇၆) ခေတ်ကာလ (အလ်–ဒဟ်ရ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၉၈)၊ သုတ်ဒေသနာ (၃၁)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**هَلْ أَتَى عَلَى الْإِنسَانِ حِينٌ مِّنَ الدَّهْرِ لَمْ يَكُن شَيْئًا مَّذْكُورًا۞** လူသားအတွက် သတိရနိုင်ရာ မရှိသော ခေတ်ကာလ အချိန်တစ်ခု ပေးရောက်ခဲ့ပြီလော။[၁း၁း]
၂။	**إِنَّا خَلَقْنَا الْإِنسَانَ مِن نُّطْفَةٍ أَمْشَاجٍ نَّبْتَلِيهِ فَجَعَلْنَاهُ سَمِيعًا بَصِيرًا۞** ကောန်ပင် လူသားအား စုံစမ်းရန်အလို့ငှာ ရောစပ်သော သုတ်ပိုးရည်မှ ငါ ဖြစ်တည်စေခဲ့၏။ သို့ဖြင့် သူ့အား အကြား၊ အမြင်ကို ငါ စီစဉ်ပေးတော်မူ၏။[၁း၂း]
၃။	**إِنَّا هَدَيْنَاهُ السَّبِيلَ إِمَّا شَاكِرًا وَإِمَّا كَفُورًا۞** သူ့အား လမ်းစဉ်တော်သို့ ငါ လမ်းညွှန်၏၊ သူသည် ကျေးဇူးသိနိုင်၏၊ သို့မဟုတ် ဖုံးကွယ်မှောင်ချနိုင်၏။
၄။	**إِنَّا أَعْتَدْنَا لِلْكَافِرِينَ سَلَاسِلَا وَأَغْلَالًا وَسَعِيرًا۞** ဖုံးကွယ်သူများ အတွက် ချုပ်ကိုင်မှုနှင့် တွဲလောင်းကျနေသော မီးလောင်စာကို ငါ ပြင်ဆင်ထားတော်မူ၏။
၅။	**إِنَّ الْأَبْرَارَ يَشْرَبُونَ مِن كَأْسٍ كَانَ مِزَاجُهَا كَافُورًا۞** ကောင်းမှုပြုသူတို့ သောက်သုံးရမည့် ခွက်မှာ နတ်သုဒ္ဓါ ယမကာ ဖြစ်၍–
၆။	**عَيْنًا يَشْرَبُ بِهَا عِبَادُ اللَّهِ يُفَجِّرُونَهَا تَفْجِيرًا۞** ပရမတ်ဘုရားရှင်၏ အမှုတော်ဆောင်များ သောက်သော၊ ရေပန်းများ စီးထွက်နေသည့် စိမ့်စမ်းမှ ဖြစ်၏။
၇။	**يُوفُونَ بِالنَّذْرِ وَيَخَافُونَ يَوْمًا كَانَ شَرُّهُ مُسْتَطِيرًا۞** သူတို့သည် သူတို့၏ ရည်သန်မှုကို ပြီးပြည့်စေကြ၏၊ ဘေးကျပ်နံကျပ် လူးလာဆန်ခတ်ဖြစ်ရမည့် နေ့ကို ကြောက်ရွံ့ကြ၏။

(၁း၁ခ) ဤသုတ်တော်က လူသားတို့တွင် သမိုင်းမတင်မိခေတ်၊ ပြန်ပြောင်း သတိရစေရန် မှတ်တမ်းမှတ်ရာများ တစ်စုံတစ်ရာမျှ မရှိသောခေတ် ဟု ရှိခဲ့ကြောင်းကို အတိအကျ သက်သေပြလျက် ရှိပေသည်။ ထို့ကြောင့်– လူသားတို့ သတိရနေသော ကမ္ဘာ့ ပထမဆုံးလူသား ဖြစ်သည့် အာဒံ မတိုင်မီ သမိုင်းမဝင်သော လူသားများခေတ် ရှိခဲ့သည်ဟူခြင်းမှာ ငြင်းဆို၍ မရပေ။ ဤကျမ်းမြတ်ကုရ်အာန်တွင် အာဒံကို ကမ္ဘာ့ပထမဆုံး လူသားဟု လုံးဝ ဆိုမထားချေ။ ဤသုတ်တော်တွင် ပါဝင်သော **الدَّهْرُ** ခေတ်ကာလ ဟူသော စကားလုံးကို ကျမ်းတော်တွင် (၂ ကြိမ်) ဖေါ်ပြသည်။ ၇၆း၁။ ၄၅း၂၄။

(၁း၁ဂ) ဤသုတ်တော်သည် လူသားမျိုးဆက် ဖြစ်တည်လာစေရန် ကပြား အဖြစ် မျိုးပေါင်းခြင်းများဖြင့် ဖြစ်တည်လာခဲ့စေသည်ဟု ဆိုထားပေသည်။ ယခုခေတ်တွင်ပင်– ကပြားများသည် ဉာဏ်ရည် သာလွန်ကောင်းမွန်ကြောင်းကို သိပ္ပံပညာရှင်များက သက်သေပြလျက် ရှိပေသည်။ သို့သော် လူဟူသော မျိုးစိတ်တူညီရမည် ဖြစ်သည်။ ထို့ပြင် လူသားမှန်လျှင် သုတ်သွေးရောစပ်မှ မွေးဖွားလာနိုင်သည်ဟု ဤသုတ်တော်က အတိအကျ ဆိုပေသည်။ – အာဒံနှင့် ယေရှုတို့မှာလည်း လူသားစင်စစ်မှလွဲ၍ အခြား မဟုတ်ချေ။

၈။	**وَيُطْعِمُونَ الطَّعَامَ عَلَى حُبِّهِ مِسْكِينًا وَيَتِيمًا وَأَسِيرًا۞** သူတို့သည် အရှင့်အား ချစ်ခြင်းဖြင့်– နွမ်းပါးသူများ၊ မိဘမဲ့များ၊ စစ်သုံ့ပန်းများကို အစားအစာ ကျွေးမွေးကြ၍–
၉။	**إِنَّمَا نُطْعِمُكُمْ لِوَجْهِ اللَّهِ لَا نُرِيدُ مِنكُمْ جَزَاءً وَلَا شُكُورًا۞** –“ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်၏ မျက်နှာသာပေးမှုအတွက် သင်တို့အား ကျွေးမွေးပါ၏၊ သင်တို့ထံမှ အစားပေးမှုနှင့် ကျေးဇူးကို မလိုလားပါ။–
၁၀။ စိတ် ပင်ပန်း	**إِنَّا نَخَافُ مِن رَّبِّنَا يَوْمًا عَبُوسًا قَمْطَرِيرًا۞** ကျွန်ုပ်တို့သည် ကံကြမ္မာရှင် ထံမှ **စိတ်ကျဉ်** သုန်မှုန်စေမည့် နေ့ကာလကိုသာ ကြောက်ရွံ့၏။”ဟု ဆိုကြ၏။
၁၁။	**فَوَقَاهُمُ اللَّهُ شَرَّ ذَٰلِكَ الْيَوْمِ وَلَقَّاهُمْ نَضْرَةً وَسُرُورًا۞** သို့ဖြင့် ပရမတ်ဘုရားရှင်သည် သူတို့အား ထိုနေ့ကာလ၏ ဆိုးကျိုးများမှ ကာကွယ်လိုက်ပြီ။ သူတို့အတွက် လင်းဝင်း တောက်ပခြင်း ကြိတ်၍ကြည်နူးရခြင်းကို ခင်းကျင်းပေးတော်မူပြီ။
၁၂။	**وَجَزَاهُم بِمَا صَبَرُوا جَنَّةً وَحَرِيرًا۞** သူတို့၏ သည်းခံခြင်းများအတွက် ဥယျာဉ်ဘုံနှင့် ပိုးဖဲကတ္တီပါတို့ကို အစားရစေလတ္တံ့။
၁၃။	**مُّتَّكِئِينَ فِيهَا عَلَى الْأَرَائِكِ لَا يَرَوْنَ فِيهَا شَمْسًا وَلَا زَمْهَرِيرًا۞** သူတို့အား ပလ္လင်များပေါ်၌ မှီလဲစံစားစေလျက်၊ ထို၌ ကျက်ကျက်တောက်နေနှင့် ခိုက်ခိုက်တုန်ခြင်းကို မြင်ရစေမည် မဟုတ်ချေ။
၁၄။	**وَدَانِيَةً عَلَيْهِمْ ظِلَالُهَا وَذُلِّلَتْ قُطُوفُهَا تَذْلِيلًا۞** သူတို့အပေါ်သို့ ၎င်းမှအရိပ်တို့သည် အနီးကပ်ကျလျက်၊ အနိမ့်၌ပင် နိမ့်သော အပြွတ်ပြွတ်သီးနှံများ ရှိနေ၏။
၁၅။	**وَيُطَافُ عَلَيْهِم بِآنِيَةٍ مِّن فِضَّةٍ وَأَكْوَابٍ كَانَتْ قَوَارِيرَا۞** ငွေကွပ်ထားသည့် ခွက်များဖြင့် သူတို့အား တည်ငြိမ်စွာ လှည့်လည်ပေးလတ္တံ့။
၁၆။	**قَوَارِيرَ مِن فِضَّةٍ قَدَّرُوهَا تَقْدِيرًا۞** တည်ငြိမ်သော ငွေခွက်များအား– စည်းချိန်အတိုင်း စည်းချိန်ချမှတ်မှု ဖြစ်၏။
၁၇။	**وَيُسْقَوْنَ فِيهَا كَأْسًا كَانَ مِزَاجُهَا زَنجَبِيلًا۞** သူတို့အား ခံတွင်းရှင်းသော ဂျင်းယမကာပါသည့် ခွက်ဖြင့် တိုက်ကျွေးလတ္တံ့။
၁၈။	**عَيْنًا فِيهَا تُسَمَّى سَلْسَبِيلًا۞** ထိုမှ စိမ့်စမ်း၏ အမည်မှာ လိုတရ–စီးလမ်းဟု[၁၁၅] ဖြစ်၏။

(၁၁၅) ဤမြစ်၏ အမည်ကို ဆရာတော်ကြီးများက အာရဗီ အမည်အတိုင်း **ဆာလ်ဆဗီးလ်** ဟု ရေးသားကြပေသည်။ ဤဘာသာပြန်တွင် တတ်နိုင်သမျှ မြန်မာများ နားလည်စေရန် ပြန်ဆိုသည်ဖြစ်ရာ ထိုစကားလုံး၏ အဓိပ္ပါယ်ကို ပြန်ဆိုထားခြင်း ဖြစ်ပေသည်။ **ဆာလ်** မှာ– မေးမြန်းသည် တောင်းခံသည်ဟု ဖြစ်၍၊ **ဆဗီးလ်**၏ အဓိပ္ပါယ်မှာ လမ်းစဉ်၊ လမ်းကြောင်း ဟု ဖြစ်ပေသည်။ ထိုဝေါဟာရ နှစ်လုံးအား ပေါင်းစပ်လိုက်သော အခါ၊ လမ်းစဉ်တော်၌ ဆုတောင်းပြည့်ခြင်း၊ လိုတရခြင်း ဟု ဖြစ်လာပေသည်။ ဇရာဝတီ ဟူသော မြစ်ကို ကမ္ဘာ့မြေပုံတွင်လည်း ဇရာဝတီဟူသော အသံကိုသာ ရေးသားသော်လည်း ဇရာ ဆိုသည်မှာ ကြီးမားသော၊ ဝတီ ဆိုသည်မှာ မြစ်– ပေါင်းစပ်လိုက်လျှင် ကြီးမားသော မြစ် ဟု အဓိပ္ပါယ်သက်ရောက် သကဲ့ သို့ပင်– အသံထွက်အတိုင်း မှတ်သားလျှင်လည်း လွဲချော်မှု မရှိချေ။

၁၉။ ☆၅၂၄ ၅၆း၁၇	**وَيَطُوفُ عَلَيْهِمْ وِلْدَانٌ مُّخَلَّدُونَ إِذَا رَأَيْتَهُمْ حَسِبْتَهُمْ لُؤْلُؤًا مَّنثُورًا۞** သူတို့၏ အပါးဦ့ ကိုယ်ပွားရင်သွေးတို့သည် ကာလစည်းခြားမရှိ လှည့်လည်နေလျက်၊ သင်သည်သူတို့အား မြင်သော အခါ ပုလဲလေးများ ဝဲနေသည်ဟု စဉ်းစားမိမည်ပင်။☆
၂၀။	**وَإِذَا رَأَيْتَ ثَمَّ رَأَيْتَ نَعِيمًا وَمُلْكًا كَبِيرًا۞** သင်သည် ထိုသို့ မြင်သောအခါ၊ ဂုဏ်ရှိသော ကြီးကျယ်သော နိုင်ငံတော်ကို မြင်တွေ့ရလတ္တံ့။
၂၁။	**عَالِيَهُمْ ثِيَابُ سُندُسٍ خُضْرٌ وَإِسْتَبْرَقٌ وَحُلُّوا أَسَاوِرَ مِن فِضَّةٍ وَسَقَاهُمْ رَبُّهُمْ شَرَابًا طَهُورًا۞** သူတို့၏ အပေါ်ယံ ခြုံထည်များမှာ ပိုးသား မြစိမ်းရောင် ပိုးဖဲကတ္တီပါတို့ ဖြစ်၏။ သူတို့အား ငွေစလွယ်များဖြင့် ဆင်မြန်းပေးလျက်၊ ကံကြမ္မာရှင်က သူတို့အား သန့်စင်သော သောက်ရေအား တိုက်ကျွေးလတ္တံ့။
၂၂။	**إِنَّ هَذَا كَانَ لَكُمْ جَزَاء وَكَانَ سَعْيُكُم مَّشْكُورًا۞** ကောန်ပင်– ဤသည် သင်တို့အတွက် အစားပေးမှု ဖြစ်၏။ သင်တို့၏ လုံးပန်းမှုများအတွက် ကျေးဇူးပြုတော်မူပြီ။
၂၃။	**إِنَّا نَحْنُ نَزَّلْنَا عَلَيْكَ الْقُرْآنَ تَنزِيلًا۞** ကောန်ပင် သင့်အား ဤကုရ်အာန်အား တစ်ဆင့်ချင်း ငါ ချမှတ်ပေးတော်မူပြီ။
၂၄။	**فَاصْبِرْ لِحُكْمِ رَبِّكَ وَلَا تُطِعْ مِنْهُمْ آثِمًا أَوْ كَفُورًا۞** သို့ဖြစ်၍ ကံကြမ္မာရှင်၏ ဓမ္မသတ်အတွက် သည်းခံပါရမီကြီးလော့၊ သူတို့အနက်မှ အပြစ်ရှိသူ၊ ဖုံးကွယ်သူတို့အား မနာခံနှင့်။
၂၅။	**وَاذْكُرِ اسْمَ رَبِّكَ بُكْرَةً وَأَصِيلًا۞** နံနက်နှင့် နေကျချိန်၌ ကံကြမ္မာရှင်၏ ဂုဏ်တော်အား ရွှမ့တ်သတိရလော့။
၂၆။ ☆၇၃း၂	**وَمِنَ اللَّيْلِ فَاسْجُدْ لَهُ وَسَبِّحْهُ لَيْلًا طَوِيلًا۞** ညပိုင်း၌ အရှင့်အား ဦးချနာခံလော့၊ ရှည်လျားသော ညတာ၌ အရှင့်အား ဦးထိပ်ထားလော့။☆
၂၇။	**إِنَّ هَؤُلَاء يُحِبُّونَ الْعَاجِلَةَ وَيَذَرُونَ وَرَاءهُمْ يَوْمًا ثَقِيلًا۞** ဤသူတို့သည်ကား အလျင်လိုနေခြင်းကို နှစ်သက်လျက်– အကွယ်မှ လေးလံလှသော နေ့ကို ချန်ထားကြ၏။
၂၈။	**نَحْنُ خَلَقْنَاهُمْ وَشَدَدْنَا أَسْرَهُمْ وَإِذَا شِئْنَا بَدَّلْنَا أَمْثَالَهُمْ تَبْدِيلًا۞** ငါသည် သူတို့အား ဖြစ်တည်စေတော်မူ၏၊ သူတို့အား အားအင်တောင့်တင်း ပုံစံကျစေ၏။ ငါ၏ စံချိန်ပြည့်မှီသောအခါ လွှဲပြောင်းခြင်းဖြင့် သူတို့ကဲ့သို့အခြားသူများကို ငါ လွှဲပြောင်းပေးနိုင်၏။
၂၉။	**إِنَّ هَذِهِ تَذْكِرَةٌ فَمَن شَاء اتَّخَذَ إِلَى رَبِّهِ سَبِيلًا۞** ဤသည်ကား သတိပေးတရားတော် ဖြစ်၏။ စံချိန်ပြည့်သူအား ကံကြမ္မာရှင်၏ လမ်းစဉ်ဆီသို့ အယူထားစေလော့။

၃၀။	**وَمَا تَشَاؤُونَ إِلَّا أَن يَشَاء اللَّهُ إِنَّ اللَّهَ كَانَ عَلِيمًا حَكِيمًا۞** ပရမတ်ဘုရားရှင်၏ စံချိန်မပြည့်မှီစေဘဲ– သင်တို့သည် စံချိန်ပြည့်မှီမည် မဟုတ်။ ဇောနှင်ပင် ပရမတ်ဘုရားရှင်သည် သိနေသော အရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။[၁၁၁၆]
၃၁။	**يُدْخِلُ مَن يَشَاء فِي رَحْمَتِهِ وَالظَّالِمِينَ أَعَدَّ لَهُمْ عَذَابًا أَلِيمًا۞** စံချိန်ပြည့်မှီသူအား အရှင်၏ ကရုဏာတွင်းသို့ ဝင်ခွင့်ရစေလတ္တံ့။ အမိုက်ကောင်များ– သူတို့အတွက် စူးနစ်နာကျင်သော ဝဋ်ကြွေးကို တွက်ချက်ပြင်ဆင်ထားပြီ။

(၁၁၁၆) လူသားသည် မိမိရည်မှန်း လိုချင်သော ပန်းတိုင်သို့ ရောက်ရန် ပရမတ်ဘုရားရှင် ပြဋ္ဌာန်းထားသော လောကဓမ္မစံချိန်အား ဒီဂရီ စံချိန်ပြည့်မှီသည်ထိ ကြိုးစားရမည် ဖြစ်သည်။ ဥပမာအားဖြင့် ရေခဲကို လိုချင်လျှင် ရေအား အေးခဲစေမည့် စံချိန်သို့ ပြည့်မှီသည်အထိ အေးခဲစေရမည် ဖြစ်၍– ရေပူကို လိုချင်လျှင်လည်း ရေကို ဆူပွက်နိုင်သည်အထိ အပူချိန်ပေးရမည် ဖြစ်သကဲ့သို့ပင်။–

ဓမ္မခန္ဓာ (၇၇) စေစားခံရသူများ (အလ်–မုရ်ဆလာတိ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၃)၊ သုတ်ဒေသနာ အပါး (၅၀)၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**وَالْمُرْسَلَاتِ عُرْفًا** ۞ အသိအမှတ်ပြု စေစားသူများဖြင့်–[၁း၁၇]
၂။	**فَالْعَاصِفَاتِ عَصْفًا** ۞ ထို့နောက် လွင့်ပါးစေခြင်းဖြင့် လွင့်ပါးစေသူများဖြင့်–
၃။	**وَالنَّاشِرَاتِ نَشْرًا** ۞ နှိုးကြားစေခြင်းဖြင့် နှိုးကြားစေသူများဖြင့်–
၄။	**فَالْفَارِقَاتِ فَرْقًا** ۞ ခွဲခွာသွားစေရန် ခွဲခြားသူများဖြင့်–
၅။	**فَالْمُلْقِيَاتِ ذِكْرًا** ۞ သတိပေးတရားတော်ကို ခင်းကျင်းပေးသူများဖြင့်–
၆။	**عُذْرًا أَوْ نُذْرًا** ۞ မေတ္တာရပ်ခံခွင့်ရှိရန် သို့မဟုတ် သတိပေးနှိုးဆော်ရန်မှာ–
၇။	**إِنَّمَا تُوعَدُونَ لَوَاقِعٌ** ۞ ဇကန်ပင် ကတိပေးထားရာသည် ခိုင်မာတည်တံ့လှပေ၏။
၈။ အဆုပ်	**فَإِذَا النُّجُومُ طُمِسَتْ** ۞ ကြယ်တာရာများကို **အရောင်**ဆေးစေသောအခါ–

(၁း၁၇) ဤသုတ်တော်များ ၁–၅ ထိတွင် အသိအမှတ်ပြု စေစားသောသူများ၊ လွှင့်ပါးခြင်း ဖြစ်ရန် လွှင့်ပါးစေသော သူများ၊ နှိုးကြားခြင်း ဖြစ်ရန် နှိုးကြားစေသော သူများ၊ အဝေးသို့ရောက်ရန် အဝေးသို့ပို့သောသူများ၊ သတိတရားတော်ကို ထည့်သွင်းပေးသော သူများ ဆိုသည်ကို အချို့ ဆရာတော်ကြီးများက နတ်ဒေဝတာ ကောင်းကင် တမန်တော်များဟု ဆိုကြ၍၊ အချို့ကမူ တိုက်ခတ်သော လေများဟု ဆိုကြပေသည်။ ဆရာ တော်ကြီးများ၏ ခေတ်နှင့် ဖွင့်ဆိုချက်ကို မစောကြောလိုပါ၊ သို့သော် ထိုပုဂ္ဂိုလ်များသည် လူသားများပင် ဖြစ်ကြောင်းကို သူတို့သည် ရှင်းရှင်းလင်း လင်းသိရန် လူသားတို့အား အသိပေးသည်၊ သို့မဟုတ် သတိပေးနှိုးဆော်သည်ဟု ဖေါ်ပြထားသော သုတ်တော် ၆ က သက်သေတည်လျက် ရှိပေသည်။ ထိုပုဂ္ဂိုလ်များသည်– မိဂိုးဖလာ အမိုက်စီး ခေါင်းဆောင်များကို တရားတော်အစစ် မျှတမှုရှိသော တရားတော်ကို ပေးသည့်၊ ထို့နောက် လက်မခံသော သူများကို အခြေမဲ့စေရန် လွှင့်ပါးသွားရန် တော်လှန်သည့်၊ ကစဉ့်ကလျား ထွက်ပြေးရအောင် တော်လှန်သည့်၊ သစ္စာတရား တော်အား မထိ ခိုက် မစော်ကားနိုင်ရန် အဝေးသို့ရောက်သွားအောင် တော်လှန်သည့်– သူတောင်ကောင်း လူစွမ်းကောင်းများ ဖြစ်ပေသည်။

၉။ ☆၇၃း၁၈	**وَإِذَا السَّمَاء فُرِجَتْ۞** ကောင်းကင်ယံအား အက်ကွဲစေသောအခါ–☆
၁၀။ ☆၁၃း၃၁	**وَإِذَا الْجِبَالُ نُسِفَتْ۞** တောင်တန်းများ လွင့်ပစ်ခံရသောအခါ–☆
၁၁။	**وَإِذَا الرُّسُلُ أُقِّتَتْ۞** ဉာဏ်စဉ်ဆောင်များ ရက်ချိန်းကျတွေ့ဆုံသောအခါ–
၁၂။	**لِأَيِّ يَوْمٍ أُجِّلَتْ۞** မည်သည့် နေ့အား သတ်မှတ်ချိန်ဖြစ်စေသနည်း။
၁၃။	**لِيَوْمِ الْفَصْلِ۞** ရှင်းလင်းဆုံးဖြတ် နေ့ကာလ–
၁၄။	**وَمَا أَدْرَاكَ مَا يَوْمُ الْفَصْلِ۞** ရှင်းလင်းဆုံးဖြတ် နေ့ကာလဟူသည် မည်သည်ဖြစ်ကြောင်း သင် မည်သို့ မှန်းဆနိုင်မည်နည်း။
၁၅။	**وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ۞** ထိုနေ့ကာလ၌၊ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။
၁၆။	**أَلَمْ نُهْلِكِ الْأَوَّلِينَ۞** ငါအရှင်သည် ရှေးဦးပထမသူတို့ကို တိမ်ကောစေခဲ့ပြီ မဟုတ်လော။
၁၇။	**ثُمَّ نُتْبِعُهُمُ الْآخِرِينَ۞** တဖန် နောင်လာနောက်သားတို့ကို သူတို့နောက်သို့ လိုက်စေ၏။
၁၈။	**كَذَلِكَ نَفْعَلُ بِالْمُجْرِمِينَ۞** ငါသည် ရာဇဝတ်ကောင်တို့အား ယင်းသို့ စီမံတော်မူပြီ။
၁၉။	**وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ۞** ထိုနေ့ကာလ၌၊ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။
၂၀။	**أَلَمْ نَخْلُقكُّم مِّن مَّاء مَّهِينٍ۞** ငါသည် သင်တို့အား တန်ဘိုးမဲ့ ရေတစ်စက်မှ ဖြစ်တည်စေသည် မဟုတ်လော။
၂၁။	**فَجَعَلْنَاهُ فِي قَرَارٍ مَّكِينٍ۞** သို့ဖြင့် ၎င်းအား အတည်တကျ တည်ဆောက်ထားရာ၌ စီစဉ်ပေးထားသည်မှာ–
၂၂။	**إِلَى قَدَرٍ مَّعْلُومٍ۞** စည်းချိန်အလျောက် သိလာနိုင်သည်ထိ ဖြစ်၏။
၂၃။	**فَقَدَرْنَا فَنِعْمَ الْقَادِرُونَ۞**

	သို့ဖြင့် ငါသည် စည်းချိန်ချမှတ်ထား၏၊ ငါ၏ စည်းချိန်ချမှတ်မှုသည် မည်မျှ ဂုဏ်ရှိလေသနည်း။
၂၄။	**وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ** ۞ ထိုနေ့ကာလ၌၊ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။
၂၅။	**أَلَمْ نَجْعَلِ الْأَرْضَ كِفَاتًا** ۞ ငါသည် မြေကမ္ဘာအား တည်မှီစရာအဖြစ် စီစဉ်ပေးထားသည် မဟုတ်လော။
၂၆။	**أَحْيَاء وَأَمْوَاتًا** ۞ သက်ရှိများနှင့် သက်မဲ့များအတွက်–
၂၇။	**وَجَعَلْنَا فِيهَا رَوَاسِيَ شَامِخَاتٍ وَأَسْقَيْنَاكُم مَّاء فُرَاتًا** ۞ ထို၌ ကျွန်းမြင့် တိုက်ကြီးများနှင့် သင်တို့ သောက်ရေအတွက် ရေချိုကို စီစဉ်ပေးထား၏။
၂၈။	**وَيْلٌ يوْمَئِذٍ لِّلْمُكَذِّبِينَ** ۞ ထိုနေ့ကာလ၌၊ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။
၂၉။	**انطَلِقُوا إِلَى مَا كُنتُم بِهِ تُكَذِّبُونَ** ۞ သင်တို့က ငြင်းဆန်လေ့ရှိသည့် အရာဆီသို့ ထွက်ခွာလော့။
၃၀။	**انطَلِقُوا إِلَى ظِلٍّ ذِي ثَلَاثِ شُعَبٍ** ۞ အရိပ် သုံး ဆွယ် ရှိရာသို့ ထွက်ခွာလော့။ [၁၁၈]
၃၁။ ရပ်သွားသည်	**لَا ظَلِيلٍ وَلَا يُغْنِي مِنَ اللَّهَبِ** ۞ ငင်းသည် အေးရိပ်မဟုတ်၊ မီးတောက်နေခြင်းသည် **ပြည့်စုံသွားသည်** မရှိ။
၃၂။	**إِنَّهَا تَرْمِي بِشَرَرٍ كَالْقَصْرِ** ۞ ဇကော် ငင်းသည် ဆိုးဆိုးဝါးဝါး ပစ်ခတ်ခံနေရသော ရုပ်ခံရာစခန်း ဖြစ်၏။
၃၃။ ပတ်ခတ်ခြင်း	**كَأَنَّهُ جِمَالَتٌ صُفْرٌ** ۞ **ငင်း**သည် အဝါရောင် ကုလားအုပ်အတန်း ကဲ့သို့ ဖြစ်၏။[၁၁၉]
၃၄။	**وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ** ۞ ထိုနေ့ကာလ၌၊ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။
၃၅။	**هَذَا يَوْمُ لَا يَنطِقُونَ** ۞ ဤသည် သူတို့ စကားမဟနိုင်သော နေ့ကာလ ဖြစ်၏။
၃၆။	**وَلَا يُؤْذَنُ لَهُمْ فَيَعْتَذِرُونَ** ۞

(၁၁၈) ဤသုတ်တော်မှ အရိပ် သုံးဆွယ် ဆိုသည်ကို ဆရာတော်များက သုံးပါးတစ်ဆူ ကိုးကွယ်ခြင်း ဝါဒ ဖြစ်သည်ဟု ဖွင့်ဆိုကြပေသည်။ ထိုအရိပ်သည် အေးရိပ်မဟုတ်– အပူဒဏ်ကြီးမှ ကာကွယ်ရန် ပြည့်စုံသည်လည်း မဟုတ်ဟု ဆိုထားသောကြောင့်– မှားယွင်းစွာ ကိုးကွယ်နေသော စနစ်ဇယားတစ်ခုကို ဆိုလိုကြောင်း ထင်ရှားပေသည်။ လောဘ၊ ဒေါသ၊ မောဟ အမိုက်မှောင်များဟုလည်း နားလည် နိုင်ပေသည်။

(၁၁၉) **အလွန်လျင်မြန်သော အဟုန်ဖြင့် ပြေးနေသော ကုလားအုပ်များ**– ဟုလည်း ဖြစ်၍ အလွန်လျင်မြန်ကြောင်းကို ပမာပေး ပြောခြင်း ဖြစ်၏။

	သူတို့အတွက် တောင်းပန်ခြင်းကိုလည်း ခွင့်မပြုတော့ချေ။
၃၇။	**وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ۝** ထိုနေ့ကာလ၌၊ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။
၃၈။	**هَذَا يَوْمُ الْفَصْلِ جَمَعْنَاكُمْ وَالْأَوَّلِينَ۝** ဤသည် ရှင်းလင်းဆုံးဖြတ်သော နေ့ဖြစ်၏။ ငါသည် သင်တို့နှင့် ရှေ့လူများကို စုပေါင်းစေတော်မူပြီ။
၃၉။	**فَإِن كَانَ لَكُمْ كَيْدٌ فَكِيدُونِ۝** အကယ်၍ သင်တို့၌ နည်းဗျူဟာ ရှိကြလျှင် ဗျူဟာချကြကုန်လော့။[၁၁၂၀]
၄၀။	**وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ۝** ထိုနေ့ကာလ၌၊ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။
၄၁။	**إِنَّ الْمُتَّقِينَ فِي ظِلَالٍ وَعُيُونٍ۝** ဧကန်ပင် စည်းစောင့်သူတို့သည် အရိပ်အဝါသ စိမ့်စမ်းများတွင် ဖြစ်ရလတ္တံ့။
၄၂။	**وَفَوَاكِهَ مِمَّا يَشْتَهُونَ۝** သူတို့ အာသီသဖြစ်သော သစ်သီးဝလံတို့သည် ရှိနေ၏။
၄၃။	**كُلُوا وَاشْرَبُوا هَنِيئًا بِمَا كُنتُمْ تَعْمَلُونَ۝** သင်တို့၏ ကျင့်ကြံလေ့ရှိမှုများကြောင့် ကျေကျေနပ်နပ် စားကြ၊ သောက်ကြကုန်လော့၊ ဟု
၄၄။	**إِنَّا كَذَٰلِكَ نَجْزِي الْمُحْسِنِينَ۝** ဧကန်ပင် ငါသည် သုမင်္ဂလာပြုသူတို့အား ဤသို့ အစားပေးတော်မူ၏။
၄၅။	**وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ۝** ထိုနေ့ကာလ၌၊ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။
၄၆။	**كُلُوا وَتَمَتَّعُوا قَلِيلًا إِنَّكُم مُّجْرِمُونَ۝** ပျော်ပါးမြူးထူး၍ အနည်းငယ်မျှ စားသုံးကြလော့၊ သင်တို့သည်ကား ရာဇဝတ်ကောင်များ ဖြစ်ကြ၏။
၄၇။	**وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ۝** ထိုနေ့ကာလ၌၊ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။
၄၈။	**وَإِذَا قِيلَ لَهُمُ ارْكَعُوا لَا يَرْكَعُونَ۝** သူတို့အား "ဦးညွတ်ကြလော့၊" ဟု ပြောသောအခါ၊ သူတို့သည် ဦးမညွတ်ကြချေ။
၄၉။	**وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ۝** ထိုနေ့ကာလ၌၊ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။
၅၀။	**فَبِأَيِّ حَدِيثٍ بَعْدَهُ يُؤْمِنُونَ۝**

(၁၁၂၀) လွတ်မြောက်ကြောင်း နည်းဗျူဟာရှိလျှင် လွတ်မြောက်အောင် လုပ်ကြကုန်လော့– ဟု ဖြစ်သည်။

	သို့ဖြစ်၍ ၎င်း၏ နောက် မည်သည့် ဆင့်ပြန်ချက်ကို ယုံကြည်ကြဦးမည်နည်း။[၁၁၂]

(၁၁၂) ဤသုတ်တော်မှ "၎င်း၏နောက်" ဆိုသည်မှာ ဤကုရ်အာန်ကျမ်း၏ နောက် ဟု ဆရာတော် အများစုက ဖွင့်ဆိုကြပေသည်။ ထို့နောက် ဆင့်ပြန်ချက် ဟူသော စကားကို အာရ်ဗီစာဖြင့် ဟဒီးဆ် ဟု ရေးသားသဖြင့် ဤကုရ်အာန်ကျမ်းအပြင် အခြားသော ဟဒီးဆ်များကို လက်ခံရန် မလို ဟု လည်း အချို့သော ပညာရှင်များက ပြောဆိုကြပေသည်။

ဓမ္မခန္ဓာ (၇၈) သတင်းကြီး (အလ်-နဗာအ်)

ဥဇ္ဈာစဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၀)၊ သုတ်ဒေသနာ အပါး (၄၀)၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။	**عَمَّ يَتَسَاءلُونَ۞** မည်သည့်အကြောင်းကို မေးမြန်းနေကြနည်း။
၂။	**عَنِ النَّبَإِ الْعَظِيمِ۞** မဟာ သတင်းကြီးနှင့် ပတ်သက်၍–
၃။	**الَّذِي هُمْ فِيهِ مُخْتَلِفُونَ۞** ဘယ်အရာ၌ သူတို့ ကွဲပြားနေကြသနည်း။
၄။	**كَلَّا سَيَعْلَمُونَ۞** အမှန်မှာ– သူတို့ သိလာကြရလတ္တံ့။
၅။	**ثُمَّ كَلَّا سَيَعْلَمُونَ۞** တဖန်၊ အမှန်ပင် သူတို့ သိလာကြရလတ္တံ့။
၆။	**أَلَمْ نَجْعَلِ الْأَرْضَ مِهَادًا۞** ငါသည် မြေကမ္ဘာအား ညိမ့်ညောင်းရာ အဖြစ် စီစဉ်ပေးသည် မဟုတ်လော။
၇။ ☆၁၅း၁၉	**وَالْجِبَالَ أَوْتَادًا۞** တောင်တန်းများသည် သပ်ရိုးများ ဖြစ်စေ၏။☆
၈။ ☆၂၁း၅၅	**وَخَلَقْنَاكُمْ أَزْوَاجًا۞** သင်တို့အား စုပေါင်းဖွဲ့☆ ဖြစ်တည်ပေးထား၏။
၉။	**وَجَعَلْنَا نَوْمَكُمْ سُبَاتًا۞** သင်တို့ နားနေဘို့ရာ အိပ်စက်ခြင်းကို စီစဉ်ပေးထား၏။
၁၀။	**وَجَعَلْنَا اللَّيْلَ لِبَاسًا۞** ငါသည် ညအား အဆင်အယင် အဖြစ် စီစဉ်ပေးထား၏။
၁၁။	**وَجَعَلْنَا النَّهَارَ مَعَاشًا۞** ငါသည် နေ့အား သင်တို့အတွက် ဘဝတည်ဆောက်ရန် စီစဉ်ပေးထား၏။

၁၂။ ☆ ၂၃း၁၇	**وَبَنَيْنَا فَوْقَكُمْ سَبْعًا شِدَادًا۞** ငါသည် သင်တို့၏ အပေါ်မှ ခုနစ်ဆက်ကို သန်မာအားကောင်းစွာ တည်ဆောက်ပေးထား၍–☆
၁၃။	**وَجَعَلْنَا سِرَاجًا وَهَّاجًا۞** တောက်လောင်နေသော လင်းရောင်ခြည်ကို စီစဉ်ပေးထား၏။
၁၄။	**وَأَنزَلْنَا مِنَ الْمُعْصِرَاتِ مَاء ثَجَّاجًا۞** ငါသည် ရေငွေ့ထုမှ ပေါပေါသီသီ ချပေးသည်မှာ–
၁၅။	**لِنُخْرِجَ بِهِ حَبًّا وَنَبَاتًا۞** ဂုဉ်းအားဖြင့် ကောက်ပဲသီးနှံနှင့် သီးနှံဖြစ်ထွန်းစွာ ထွက်လာစေရန်–
၁၆။ အပင်ပေါင်းစုံ	**وَجَنَّاتٍ أَلْفَافًا۞** **အမြိစိမ်း** ဥယျာဉ်များ ဖြစ်စေရန်ပင်။
၁၇။	**إِنَّ يَوْمَ الْفَصْلِ كَانَ مِيقَاتًا۞** ဇကန်ပင် ရှင်းလင်းဆုံးဖြတ်မည့် နေ့သည် ရက်ချိန်း ဖြစ်၏။
၁၈။ ☆ ၆း၇၃	**يَوْمَ يُنفَخُ فِي الصُّورِ فَتَأْتُونَ أَفْوَاجًا۞** ပုံစံ သက်ဝင်စေသော☆ နေ့ကာလ၌ သင်တို့အား အုပ်စုလိုက် ပေးရောက်လာစေလတ္တံ့။
၁၉။ ၇း၁၈	**وَفُتِحَتِ السَّمَاء فَكَانَتْ أَبْوَابًا۞** ကောင်းကင်ယံအား တံခါးပေါက်များ အဖြစ် ဖွင့်ပစ်စေဒဲ့။
၂၀။ ☆ ၁၀း၃၁	**وَسُيِّرَتِ الْجِبَالُ فَكَانَتْ سَرَابًا۞** တောင်တန်းများအား ပြတ်ရွေ့စေလျက် တံလျှပ်ပမာ ဖြစ်ရလတ္တံ့။☆
၂၁။	**إِنَّ جَهَنَّمَ كَانَتْ مِرْصَادًا۞** ဇကန်ပင် ငရဲဘုံသည် စောင့်ဆိုင်းငုံလင့်နေသည်မှာ–
၂၂။	**لِلْطَّاغِينَ مَآبًا۞** စည်းဖျက်သူတို့ အတွက် အပြန်ခရီး ဖြစ်၏၊
၂၃။	**لَابِثِينَ فِيهَا أَحْقَابًا۞** သူတို့သည် ထိုဌ် ကြာမြင့်စွာ[၁၁၂] နေနေရလတ္တံ့။
၂၄။	**لَّا يَذُوقُونَ فِيهَا بَرْدًا وَلَا شَرَابًا۞** သူတို့ မြည်းစမ်းရမည်မှာ–အေးမြခြင်းနှင့် သောက်ရေမဟုတ်၊
၂၅။	**إِلَّا حَمِيمًا وَغَسَّاقًا۞**

(၁၁၂) **အာဟ်ကာ့ဘ်** ဆိုသည်မှာ နှစ်ပေါင်း ၈၀၊ ၉၀– ရာစု သို့မဟုတ် နှစ်ပေါင်းများစွာ ရှည်လျားခြင်းကို ခေါ်ပေသည်။ ထာဝရဟု နားလည်ယူ၍ မရချေ။ ခေတ်တစ်ခတ်။ စီမံချက် သက်တမ်းတစ်ခုသာ ဖြစ်သည်။

	ရေနွေးပူနှင့် ရေခဲ ဖြစ်၍–
၂၆။	**جَزَاء وِفَاقًا**۞ ပေါင်းစည်းထားသော အစားပေးမှု ဖြစ်၏။
၂၇။	**إِنَّهُمْ كَانُوا لَا يَرْجُونَ حِسَابًا**۞ သူတို့သည်ကား စရင်းရှင်းရမည်ကို မျှော်လင့်ထားခြင်း မရှိခဲ့ချေ။
၂၈။	**وَكَذَّبُوا بِآيَاتِنَا كِذَّابًا**۞ ငါ၏ သုတ်ဒေသနာတို့အား မုသားလုပ် ငြင်းဆန်ခဲ့ကြ၏။
၂၉။	**وَكُلَّ شَيْءٍ أَحْصَيْنَاهُ كِتَابًا**۞ ငါသည် သဗ္ဗလုံးစုံအား အမှတ်စဉ်အတိုင်း မှတ်တမ်းတင်ထားတော်ပြီ။
၃၀။	**فَذُوقُوا فَلَن نَّزِيدَكُمْ إِلَّا عَذَابًا**۞ မြည်းစမ်းကြလော့၊ သင်တို့အား တိုးပွားစေသည်မှာ ဝဋ်ကြွေးဒဏ်သာ ဖြစ်၏။
၃၁။	**إِنَّ لِلْمُتَّقِينَ مَفَازًا**۞ ဇကန်ပင် စည်းစောင့်သူတို့အတွက် အောင်ပွဲသဘင်မှာ–
၃၂။	**حَدَائِقَ وَأَعْنَابًا**۞ စိုက်ခင်းများ– စပျစ်ခြံများ–
၃၃။	**وَكَوَاعِبَ أَتْرَابًا**۞ အရွယ်တူသော[၁၂၃] မြေလုပ်သားများ–
၃၄။	**وَكَأْسًا دِهَاقًا**۞ ပြည့်နေသော ရေခွက်ဖြင့်–ဖြစ်ကြ၏။
၃၅။	**لَّا يَسْمَعُونَ فِيهَا لَغْوًا وَلَا كِذَّابًا**۞ သူတို့သည် ထိုဌာန ပွစိပွစိပြောသံ၊ မုသားစကားများကို ကြားရမည် မဟုတ်ချေ။
၃၆။	**جَزَاء مِّن رَّبِّكَ عَطَاء حِسَابًا**۞ ကံကြမ္မာရှင်၏ ထံမှ အစားပေးမှုဖြစ်၍၊ စရင်းချုပ် လက်ဆောင်ပင် ဖြစ်၏။

(၁၁၂၃) **ကဝါအိဘ်** ဆိုသော ဝေါဟာရသည် မိန်းကလေးများ၏ ပျိုမြစ်နုနယ်သော အရွယ်ကို သုံးသည့် **ကာဘ်အိဘ်** ဆိုသည့် စကားလုံး၏ အများပြကိန်း ဖြစ်သောကြောင့် ဤဝါကျကို ဆရာတော် တစ်ချို့က **အရွယ်နုပျိုသော မိန်းကလေး အဖေါ်များ၊** ဟု လည်းကောင်း တစ်ချို့က **ပေါင်းသင်းဘို့ရာ နတ်ကညာများ၊** ဟု လည်းကောင်း ပြန်ဆိုကြပေသည်။ ထိုပြန်ဆိုမှုများမှာ လုံးဝ မှားယွင်းပေသည်။ ''အရွယ်တူသော'' ဆိုသည့် စကားလုံး၏ နောက်တွင် အမျိုးသမီးများဟု တွဲဆက်ထားခြင်း မရှိချေ။ နောက်မှ တွဲဆက်ထားသော စကားလုံး **အဒ္ဓတ်ရာဘ်** မှာ လူသားအား မြေမှုန့်မှ ဖြစ်တည်စေသည် ဟူသော تُرَابٍ ၏ ရင်းမြစ် ب ر ت မှ ဆင့်ပွားခြင်း ဖြစ်၍ မြေလုပ်သား (လယ်ယာ လုပ်ကိုင်သူ)ဟု အဓိပ္ပါယ်ပေးပေသည်။ ထို့ကြောင့် အာရ်ဗီ စကားလုံးတွင် ဖြစ်စေ၊ မြန်မာစကားလုံးတွင် ဖြစ်စေ ကိုထိုလိင်ကို သုံးတိုင်း အမဖြစ်ရမည်ဟု သတ်မှတ်၍ မရချေ။ အမိမြေ၊ မိခင်ဇရာဝတီ စသည့် စကားလုံးများကြောင့် မြေကြီးသည် အမ ဖြစ်ရမည်ဟု လည်းကောင်း၊ မြစ်သည် အမဖြစ်ရမည်ဟု လည်းကောင်း သတ်မှတ်၍ မရချေ။ အလား တူပင် ဤဝါကျတွင်လည်း အရွယ်တူသော ဆိုသည့် စကားလုံးမှာ လူသား မိန်း မ၊ လူသားယောကျ်ားဟု ဆိုထားခြင်း မဟုတ်ဘဲ– အသက် အရွယ်ကိုသာ ဆိုထားခြင်း ဖြစ်သည်။

၃၇။	**رَبِّ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا الرحْمَنِ لَا يَمْلِكُونَ مِنْهُ خِطَابًا۞** မိုးများနှင့် မြေကမ္ဘာ ထိုစပ်ကြားတို့၏ ကံကြမ္မာရှင်– ကရုဏာရှင်– ထိုအရှင်အား မိန့်ခွန်းပေးရန် သြဇာအာဏာ မည်သူ့တွင်မှ မရှိချေ။
၃၈။ ☆၂၇၈ ★၂၃၀	**يَوْمَ يَقُومُ الرُّوحُ وَالْمَلَائِكَةُ صَفًّا لَّا يَتَكَلَّمُونَ إِلَّا مَنْ أَذِنَ لَهُ الرحْمَنُ وَقَالَ صَوَابًا۞** ဥာဏ်စဉ်တော်နှင့်☆ နိမိတ်ဆောင်တို့★ ဝါစဉ်လိုက် ရပ်တည်ရမည့် နေ့၌ မည်သူမျှ ပြောဆိုနိုင်သည့် အခွင့်အာဏာ မရှိချေ။ ကရုဏာရှင်၏ ခွင့်ပြုချက် ရှိသူသည်သာ– ထိရောက်စွာ ပြောဆိုရလတ္တံ့။
၃၉။	**ذَلِكَ الْيَوْمُ الْحَقُّ فَمَن شَاء اتَّخَذَ إِلَى رَبِّهِ مَآبًا۞** ဤသည် မှန်သော နေ့ကာလ ဖြစ်၏။ သို့ဖြစ်၍ စံချိန်ပြည့်သူအား ကံကြမ္မာရှင်သို့ အပြန်ခရီးဟု အယူထားစေလော့။
၄၀။	**إِنَّا أَنذَرْنَاكُمْ عَذَابًا قَرِيبًا يَوْمَ يَنظُرُ الْمَرْءُ مَا قَدَّمَتْ يَدَاهُ وَيَقُولُ الْكَافِرُ يَا لَيْتَنِي كُنتُ تُرَابًا۞** ကောန်ပင် ဂါသည် သင်တို့အား နီးကပ်လာသည့် ဝဋ်ကြွေးကို သတိပေးနေ၏။ လူသားသည် မိမိ၏ စုရပ်ခံခဲ့သော လက်ချက်များကို ကြည့်ရှုရသော နေ့၌ ဖုံးကွယ်သူများက “ကျွန်ုပ်တို့သည် မြေမှုန့်အတိ ဖြစ်ရလျှင် ကောင်းလေစ၊”ဟု ဆိုကြလတ္တံ့။

ဓမ္မခန္ဓာ (၇၉) လျှပ်တပြက်စီးနင်းသူများ (အန်-နားဇီအာတ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၁)၊ သုတ်ဒေသနာ (၄၆)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**وَالنَّازِعَاتِ غَرْقًا ۞** ဆောင့်နှစ်၍ ဆွဲထုတ်သူများအားဖြင့်–
၂။	**وَالنَّاشِطَاتِ نَشْطًا ۞** ညှင်သာသိမ်မွေ့စေသော ညှင်သာစေသူများအားဖြင့်–
၃။ လုပ်	**وَالسَّابِحَاتِ سَبْحًا ۞** **ခေါင်းသုံး**စရာ၌ **ခေါင်းသုံး**စဉ်းစားသူများအားဖြင့်–
၄။	**فَالسَّابِقَاتِ سَبْقًا ۞** လက်ဦးမှုရအောင် လက်ဦးမှုယူသူများအားဖြင့်–
၅။	**فَالْمُدَبِّرَاتِ أَمْرًا ۞** ညွှန်ကြားချက်အား ကျောထောက်နောက်ခံပြုသူများအားဖြင့်–[၁၁၂၄]
၆။	**يَوْمَ تَرْجُفُ الرَّاجِفَةُ ۞** အတုန်လှုပ်ကြီး တုန်လှုပ်ရသည့် နေ့ကာလ–
၇။	**تَتْبَعُهَا الرَّادِفَةُ ۞** နောက်မှကပ်လျက် လိုက်နေခြင်းအားဖြင့်–
၈။	**قُلُوبٌ يَوْمَئِذٍ وَاجِفَةٌ ۞** စိတ်နှလုံးတို့သည် ထိုနေ့ကာလ၌ ဖိအားပေးခံနေရ၍–
၉။	**أَبْصَارُهَا خَاشِعَةٌ ۞** အမြင်များသည် ကျိုးငဲ့နေ၍–
၁၀။	**يَقُولُونَ أَئِنَّا لَمَرْدُودُونَ فِي الْحَافِرَةِ ۞** သူတို့က ပြောကြမည်မှာ “ကျွန်ုပ်တို့သည် ယခင်မူလအတိုင်း ပြည်လည်ဖြစ်ရမည်လော–

(၁၁၂၄) ဤသုတ်တော်များမှ ပုဂ္ဂိုလ်များမှာ ၇၇း၁–၅ တွင် ဖေါ်ပြသော ပုဂ္ဂိုလ်များကဲ့သို့ သူ့ကဏ္ဍနှင့်သူ အရေးပါ စွမ်းဆောင်နိုင်သော လူသားအရည်အချင်းရှိသည့် လူသားများကို ပုံဆောင်ခြင်း ဖြစ်ပေသည်။

၁၁။	**أَئِذَا كُنَّا عِظَامًا نَّخِرَةً۞** မည်သို့နည်း၊ ကျွန်ုပ်တို့မှာ ကြေမွဆွေးမြေ့သော အရိုးတို့ ဖြစ်ခဲ့ပြီ မဟုတ်လော၊''ဟု ဖြစ်၏။
၁၂။	**قَالُوا تِلْكَ إِذًا كَرَّةٌ خَاسِرَةٌ۞** သူတို့က ''ယင်းသည် ဆုံးရှုံးရသော အလှည့်ပင်၊''ဟု ဆက်ပြောကြလတ္တံ့။
၁၃။	**فَإِنَّمَا هِيَ زَجْرَةٌ وَاحِدَةٌ۞** ယင်းသည် အော်ဟောက်သံ တစ်ချက်သာ ဖြစ်၏။
၁၄။	**فَإِذَا هُم بِالسَّاهِرَةِ۞** သို့ဖြင့် သူတို့သည် ရှင်ပြန်ခဲ့ရလတ္တံ့။
၁၅။	**هَلْ أَتَاكَ حَدِيثُ مُوسَى۞** မူဆာ၏အကြောင်း ဆင့်ပြန်ချက်သည် သင့်ထံသို့ ရောက်လာပြီလော။
၁၆။	**إِذْ نَادَاهُ رَبُّهُ بِالْوَادِ الْمُقَدَّسِ طُوًى۞** ကံကြမ္မာရှင်က သူ့အား မြတ်သော တောင်ခြေ ချိုင့်ဝှမ်း၌ ခေါ်တော်မူ၍–
၁၇။	**اذْهَبْ إِلَى فِرْعَوْنَ إِنَّهُ طَغَى۞** ဖာရိုးထံသို့ သွားလော့၊ သူသည် စည်းဖျက်သူ ဖြစ်၏။
၁၈။	**فَقُلْ هَل لَّكَ إِلَى أَن تَزَكَّى۞** သူ့အားပြောရမည်မှာ– ''သင်သည် သန့်ရှင်းဖြူစင်လိုမှု ရှိသလော၊–
၁၉။	**وَأَهْدِيَكَ إِلَى رَبِّكَ فَتَخْشَى۞** သင်သည် ကြောက်ရွံ့ရိုသေအံ့ဌာ–သင့်အား ကံကြမ္မာရှင်၏ ထံသို့ ကျွန်ုပ် လမ်းညွှန်ပါရစေ၊''ဟု ဖြစ်၏။
၂၀။	**فَأَرَاهُ الْآيَةَ الْكُبْرَى۞** သို့ဖြင့် သူ့အား ကြီးကျယ်သော နိမိတ်လက္ခဏာကို မြင်စေ၏။
၂၁။	**فَكَذَّبَ وَعَصَى۞** သို့သော် သူ ငြင်းဆန်၏၊ အာခံ၏။
၂၂။	**ثُمَّ أَدْبَرَ يَسْعَى۞** ထို့နောက် ကျောထောက်နောက်ခံရရန် လုံးပန်း၏။
၂၃။	**فَحَشَرَ فَنَادَى۞** စည်းရုံး၏၊ ဖိတ်ခေါ်၏။
၂၄။	**فَقَالَ أَنَا رَبُّكُمُ الْأَعْلَى۞** ''ကျွန်ုပ်သည် သင်တို့၏ ကံကြမ္မာရှင် ဖြစ်၏။ အထွဋ်အထိပ် ဖြစ်၏''ဟု ဆို၏။
၂၅။	**فَأَخَذَهُ اللَّهُ نَكَالَ الْآخِرَةِ وَالْأُولَى۞**

	သို့ဖြင့် ပရမတ်ဘုရားရှင်သည် သူ့အား သိမ်းယူလိုက်ပြီ၊ နောက်ခေတ် ရှေးခေတ်အတွက် နမူနာတစ်ရပ် ဖြစ်စေ၏။
၂၆။	**إِنَّ فِي ذَٰلِكَ لَعِبْرَةً لِّمَن يَخْشَىٰ۞** ဇကေန်ပင် ကြောက်ရွံ့ရိုကျိုးတတ်သူတို့အတို့ ဤ၌ သခိန်းစာတစ်ရပ် ရှိနေ၏။
၂၇။	**أَأَنتُمْ أَشَدُّ خَلْقًا أَمِ السَّمَاءُ بَنَاهَا۞** သို့တည်းမဟုတ် အာကာသကို တည်ဆောက်သော အရှင် အတွက် သင်တို့အား ဖြစ်တည်စေခြင်းက ပို၍ အားစိုက်ရသလော၊
၂၈။	**رَفَعَ سَمْكَهَا فَسَوَّاهَا۞** အရှင်သည် ၎င်း၏ မျက်နှာကျက်ကို မြှင့်မြောက်ထား၏ ၎င်းကို ပုံစံချ၏။
၂၉။	**وَأَغْطَشَ لَيْلَهَا وَأَخْرَجَ ضُحَاهَا۞** ၎င်း၏ ညကို အုံ့မှိုင်းနေစေ၏။ တောက်ပအလင်းကို ထွက်ပေါ်လာစေ၏။
၃၀။ ၃၎၅	**وَالْأَرْضَ بَعْدَ ذَٰلِكَ دَحَاهَا۞** ကမ္ဘာဂြိုလ် ဤနောက် ၎င်းကို ကြက်ဥပုံ ဖြစ်စေ၏။[၁၁၂]
၃၁။	**أَخْرَجَ مِنْهَا مَاءَهَا وَمَرْعَاهَا۞** ထိုမှ ၎င်း၏ ရေနှင့် ၎င်း၏ ထိန်းကျောင်းရာကို ထွက်ပေါ်စေ၏။
၃၂။	**وَالْجِبَالَ أَرْسَاهَا۞** တောင်တန်ကြီးများကို အမြစ်ကုပ်ခိုင်မာစေ၏။
၃၃။	**مَتَاعًا لَّكُمْ وَلِأَنْعَامِكُمْ۞** သင်တို့အတွက်၊ သင်တို့၏ တိရိစ္ဆာန်များအတွက် ချမ်းမြေ့စေရန် ဖြစ်၏။
၃၄။	**فَإِذَا جَاءَتِ الطَّامَّةُ الْكُبْرَىٰ۞** ထို့နောက် ကြီးမားသော ပေါက်ကွဲမှု ရောက်လာသောအခါ၊–
၃၅။	**يَوْمَ يَتَذَكَّرُ الْإِنسَانُ مَا سَعَىٰ۞** လူသားသည် သူလုံ့ပန်းခဲ့သမျှကို ဆင်ခြင်သတိရှိစေသော နေ့ကာလ ဖြစ်၏။
၃၆။	**وَبُرِّزَتِ الْجَحِيمُ لِمَن يَرَىٰ۞** မြင်တတ်သူအတို့ ငရဲမီးသည် ချည်းကပ်လာနေပြီ။
၃၇။	**فَأَمَّا مَن طَغَىٰ۞** ယင်းမှာမူ စည်းဖျက်သူတို့ အတွက်–
၃၈။	**وَآثَرَ الْحَيَاةَ الدُّنْيَا۞** လောကီ ဘဝအား လိုက်မြဲလိုက်သူ–

(၁၁၂) အာရဗီစကားလုံး دَحَاهَا ဒဟာဟာ သည် ကျမ်းမြတ်ကုရ်အာန်တွင် ဤ ၁ ကြိမ်သာ ပါဝင်၍ ကြက်ဥဟု အနက်ကိုပေးသည့် ဒဟာဟ် ဟူသော စကားလုံးမှ ဆင့်ပွားလာခြင်း ဖြစ်ပေသည်။

၃၉။	**فَإِنَّ الْجَحِيمَ هِيَ الْمَأْوَى۝** ကောန်ပင် ငရဲမီးသည် သူ၏ ခိုလှုံရာ ဖြစ်၏။
၄၀။	**وَأَمَّا مَنْ خَافَ مَقَامَ رَبِّهِ وَنَهَى النَّفْسَ عَنِ الْهَوَى۝** သို့သော် ကံကြမ္မာရှင်၏ရှေ့၌ ကြောက်ရွံ့ရိုကျိုးစွာ ရပ်တည်သူ၊ ဉာဉ်စရိုက်အား လိုဘများမှ ဟန့်တားခဲ့သူတို့ အတွက်မူ–
၄၁။	**فَإِنَّ الْجَنَّةَ هِيَ الْمَأْوَى۝** ကောန်ပင် ဥယျာဉ်ဘုံသည် သူ၏ ခိုလှုံရာ ဖြစ်၏။
၄၂။	**يَسْأَلُونَكَ عَنِ السَّاعَةِ أَيَّانَ مُرْسَاهَا۝** ရပ်တန့်နေမည့် အချိန်နာရီ အကြောင်းနှင့် စပ်လျဉ်း၍ သူတို့က သင့်အား မေးမြန်းကြ၏။
၄၃။	**فِيمَ أَنتَ مِن ذِكْرَاهَا۝** သင် သတိဖေါ်ပေးနေသော ထိုအကြောင်းပင် ဖြစ်၏။
၄၄။	**إِلَى رَبِّكَ مُنتَهَاهَا۝** ၎င်း၏ အန္တိမပန်းတိုင်သည် ကံကြမ္မာရှင်ထံသို့ ဖြစ်၏။[၁၁၆]
၄၅။	**إِنَّمَا أَنتَ مُنذِرُ مَن يَخْشَاهَا۝** အသင်သည်ကား ကြောက်ရွံ့တတ်သူတို့ အတွက်သာ သတိပေးသူ ဖြစ်၏။
၄၆။	**كَأَنَّهُمْ يَوْمَ يَرَوْنَهَا لَمْ يَلْبَثُوا إِلَّا عَشِيَّةً أَوْ ضُحَاهَا۝** ၎င်းကို သူတို့ မြင်တွေ့ရသောနေ့၌၊ နေထိန်ထိန်ပူချိန် သို့မဟုတ် ညဦးချိန်သာ သူတို့ နေထိုင်ခဲ့ရ သကဲ့သို့ ဖြစ်လတ္တံ့။[၁၁၇]

---

(၁၁၆) ထိုအရာ၏ နောက်ဆုံး အဆုံးအဖြတ်သည် ကံကြမ္မာရှင်၏ ထံမှသာ ဖြစ်၏။ ဟု ဆိုလိုခြင်း ဖြစ်ပေသည်။
(၁၁၇) သူတို့အတွက် သတိပေးထားသော နေ့ကာလအား ဆိုက်မြိုက်သော ကာလ၌– သူတို့သည် လောကီစည်းဇိမ်အား ခံစားနေခဲ့ရသည်မှာ တစ်နေ့၏ အစိတ်အပိုင်း မွန်းတည့်ချိန် တစ်ခု၊ သို့မဟုတ် ညနေခင်း တစ်ခုမျှသာ ဖြစ်ခဲ့သည်ဟု ခံစားရလတ္တံ့။

ဓမ္မခန္ဓာ (၈၀) သုန်မှုန်သူ (အဘဆ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၄)၊ သုတ်ဒေသနာ (၄၂)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁။]

၁။	**عَبَسَ وَتَوَلَّى۞** သူသည် သုန်မှုန်လျက် လှည့်သွားသည်မှာ–
၂။	**أَن جَاءهُ الْأَعْمَى۞** မျက်မမြင်သူ ရောက်လာသောကြောင့် ဖြစ်၏။
၃။	**وَمَا يُدْرِيكَ لَعَلَّهُ يَزَّكَّى۞** သူ့ကိုယ်သူ သန့်ရှင်းဖြူစင်လိုကောင်း၏၊ သင် မည်သို့ မှန်းဆနိုင်မည်နည်း။
၄။	**أَوْ يَذَّكَّرُ فَتَنفَعَهُ الذِّكْرَى۞** သို့မဟုတ် ဆင်ခြင်သတိရှိနိုင်ကောင်း၍၊ သတိပေးတရားတော်သည် သူ့အား အကျိုးဖြစ်နိုင်ကောင်း၏။
၅။	**أَمَّا مَنِ اسْتَغْنَى۞** သူ့ကိုယ်သူ ကုံလုံပြည့်စုံသူဟု ထင်သူအတွက်မူ–
၆။	**فَأَنتَ لَهُ تَصَدَّى۞** သြဘာသံကို သင်မျှော်၏။
၇။	**وَمَا عَلَيْكَ أَلَّا يَزَّكَّى۞** သူ့ကိုယ်သူ မသန့်ရှင်းမဖြူစင်သော်လည်း သင့် အကြောင်းမဟုတ်ချေ။
၈။	**وَأَمَّا مَن جَاءكَ يَسْعَى۞** လုံးပန်း၍ ရောက်လာသူမှာမူ–
၉။	**وَهُوَ يَخْشَى۞** သူသည် ကြောက်ရွံ့တတ်၏၊
၁၀။	**فَأَنتَ عَنْهُ تَلَهَّى۞** သင်သည် သူ့အား ပျော်မြူးစေခြင်းမရှိချေ။[၁၁၂]

(၁၁၂) ဤသုတ်တော်များမှ မျက်မမြင်ဆိုသူမှာ အိဗနိ အွမ္မာ မာ့ခ်တွမ် ဖြစ်၍၊ ကိုယ်တော်မုဟမ္မဒ်သည် ကုရ်ရိုက်ရှ် လူမျိုးကြီး ခေါင်းဆောင်များအား အစွလာမ်သာသနာ အကြောင်း အရေးကြီးသော ကိစ္စများကို ပြောဆို ဆွေးနွေးနေစဉ်– ထိုမျက်မမြင် ဖြစ်သူမှာ ရောက်ရှိလာကြောင်း၊ ကိုယ်တော်သည် အရေးကြီးသည်ဟု ယူဆသော ခေါင်းဆောင်များကို အလေးထားနေရသောကြောင့် ထိုမျက်မမြင်အား မျက်မှောင်ကုပ်ကြည့်လျက်

၁၁။	**كَلَّا إِنَّهَا تَذْكِرَةٌ۝** အမှန်မှာ ဤသည် သတိပေးတရားတော် ဖြစ်၏။
၁၂။	**فَمَن شَاء ذَكَرَهُ۝** စံချိန်ပြည့်မှီသူအား သတိတရားထားစေရမည်မှာ–
၁၃။	**فِي صُحُفٍ مُّكَرَّمَةٍ۝** ဂုဏ်ကျက်သရေရှိသော ပရိပိုက်များမှ ဖြစ်၏။
၁၄။	**مَّرْفُوعَةٍ مُّطَهَّرَةٍ۝** ယင်းသည် မြှောက်စားခံရ၍ သန့်စင်ရာ ဖြစ်၏။
၁၅။	**بِأَيْدِي سَفَرَةٍ۝** ခရီးဦးကြိုပြုသော လက်များဖြင့်–
၁၆။	**كِرَامٍ بَرَرَةٍ۝** ကျက်သရေရှိသော ကောင်းမှုကုသိုလ်ရှိ၏။
၁၇။	**قُتِلَ الْإِنسَانُ مَا أَكْفَرَهُ۝** လူသား၏ ဖုံးကွယ်မှုက သူ့ကိုယ်သူ သတ်နေ၏။
၁၈။	**مِنْ أَيِّ شَيْءٍ خَلَقَهُ۝** အရှင်သည် သူ့အား မည်သည့်အရာမှ ဖြစ်တည်စေသနည်း။
၁၉။	**مِن نُّطْفَةٍ خَلَقَهُ فَقَدَّرَهُ۝** သုတ်ပိုးရည်မှ၊ အရှင်သည် သူ့အား စည်းချိန်ချ ဖြစ်တည်စေတော်မူ၏။

အလေးမထား မျက်နှာလှည့်သွားကြောင်း– သို့ဖြစ်၍ အလ္လာဟ်အရှင်က ဤသုတ်ဒေသနာများကို ချမှတ်အသိပေး၍ ကိုယ်တော်အား သတိပေးကြောင်း သမိုင်းဆရာများ၏ ကောက်ကြောင်းကို လိုက်၍– အစွလာမ် မဟုတ်သော သာသနာပြု ဆရာတော် ရော့ဒ်ဝဲလ်က သူ၏ ကုရ်အာန် ဘာသာပြန်တွင် ကိုယ်တော်မုဟမ္မဒ်သည် စိတ်ခါတ်မြင့်မြတ်မှု မရှိဟု စွပ်စွဲရေးသားထားပေသည်။ အမှန်မှာ ကျမ်းတော် တစ်အုပ်လုံးတွင် ကိုယ်တော်မုဟမ္မဒ်သည် မျက်မမြင်အား အရေး မစိုက်ခဲ့ဟူသော အချက်အား အထောက်အထား ပြုပေးနိုင်သည့် ကျမ်းချက်ဟူ၍ မရှိချေ။ ကိုယ်တော်သည် သူဆင်းရဲများ ဘဝနိမ့်ကျနေသူများကို အထူးအလေးပေးတတ်သော အလေ့အကျင့် ရှိကြောင်းကိုသာ ဖေါ်ပြထားပေသည်။ အားနည်းသူအပေါ် ကိုယ်တော်၏ ညှာတာတတ်မှု နှလုံးသားကိုလည်း အာရဗ်သမိုင်းတွင် စံတင်ထားရပေသည်။ သို့ဖြစ်၍ ကိုယ်တော်၏ ဘွဲ့မှာ မေတ္တာရှင်ဟူ၍ ဖြစ်ပေသည်။ ဤသုတ်တော်၏ ဆိုလိုချက်မှာ ထိုသမိုင်းဆရာများ ဆိုသကဲ့သို့ သော်လည်းကောင်း ဆရာတော် ရော့ဒ်ဝဲလ်၏ စွပ်စွဲချက်နှင့် သော်လည်းကောင်း လုံးဝ တိုက်ဆိုင်မှု မရှိချေ။ ဤသုတ်တော်၏ အမှန်တကယ် ရည်ရွယ်ချက်မှာ– လောက အမှောင်အောက်၌ ကျရောက်နေသော မျိုးဆက်အား တရားအလင်းရောင်ကို ပြသသွန်သင်ရန် စတင်စဉ်းစားသောအခါ– ကိုယ်တော် အနေဖြင့် မိရိုးဖလာ အမိုက်မှောင်တွင်းမှ ဘာသာရေး နိုင်ငံရေး ခေါင်းဆောင်များကို စတင်၍ သာသနာပြုရန် စဉ်းစားခြင်း ဖြစ်ကြောင်း "သူ့ကိုယ်သူ ကုံလုံပြည့်စုံသူဟု ထင်မှတ်နေသူအား ဩဘာသံကို သင်မျှော်၏"ဟူသော သုတ်တော်က ထောက်ပြထားပေသည်။ တနည်းအားဖြင့် လူသာမန်တို့စဉ်းစား သကဲ့သို့ ခေါင်းဆောင်များကို အလျင် သာသနာပြုရန်– တရားပြရန် စဉ်းစားခြင်းမှာ မမှန်ကန်ကြောင်း၊ အမှောင်ထုၦ် ကျရောက်နေသည့် လူသားထုကြီးကို တရားအလင်းပြရန် အလျင် စတင်ရမည် ဖြစ်ကြောင်းကို ပရမတ်ဘုရားရှင်က ကိုယ်တော်မုဟမ္မဒ်အား နည်းပျူဟာ သွန်သင်ပေးခြင်း ဖြစ်ပေသည်။ မိရိုးဖလာခေါင်းဆောင်များသည် သူတို့၏ စားပေါက် ပိတ်သွားမည် စိုးရိမ်မကင်း ဖြစ်၍ တရားအလင်းရောင်ဆီသို့ ပြန်လာရန် ခက်ခဲသော ခေါင်းပုံဖြတ် လူတန်းစားသာ ဖြစ်ပေသည်။ သို့ဖြစ်၍ မျက်မမြင်ဘဝသို့ ရောက်နေသော လူထုအား ပညာသင်ခြင်း၊ လောက၏ ဗဟုသုတများကို သင်ပေးခြင်း၊ ယုတ္တိဗေဒများကို သင်ပေးခြင်း၊ အမှန်တရားအား လက်ခံနိုင်သော သတ္တိများကို သင်ပေးခြင်း စသည်ဖြင့် နောက်လိုက် လူတန်းစားအား အရင် မျက်လုံးဖွင့်ပေးရန် ဖြစ်၍၊ ထိုလူတန်းစားမှ မျက်လုံးပွင့်လာသောအခါ၊ သူတို့၏ ခေါင်းဆောင်များကို တရားလမ်းမှန်သို့ ရောက်ရန် တန်ပြန်တော်လှန်ခေတ်ပြောင်းရန်ပင် ဖြစ်ပေသည်။

၂၀။	**ثُمَّ السَّبِيلَ يَسَّرَهُ۞** ထို့နောက် သူ့အတွက် လမ်းစဉ်ကို လွယ်ကူစေ၏။
၂၁။	**ثُمَّ أَمَاتَهُ فَأَقْبَرَهُ۞** တဖန်သူ့အား အနိစ္စရောက်စေ၏၊ သင်းချိုင်းသို့ရောက်စေ၏။[၁၁၂၉]
၂၂။	**ثُمَّ إِذَا شَاء أَنشَرَهُ۞** တဖန် စံချိန်ပြည့်မှီသောအခါ၊ သူ့အား နိုးကြွရှင်ပြန်စေ၏။
၂၃။	**كَلَّا لَمَّا يَقْضِ مَا أَمَرَهُ۞** အမှန်မှာ– သူ့အား ညွှန်ကြားသည်ကို အဆုံးမသတ်ချေ။
၂၄။	**فَلْيَنظُرِ الْإِنسَانُ إِلَى طَعَامِهِ۞** လူသားအား သူ၏ အစားအစာကို ကြည့်ရှုစေကုန်။
၂၅။	**أَنَّا صَبَبْنَا الْمَاء صَبًّا۞** ငါသည် သွန်းလောင်းသော ရေကို မည်သို့ သွန်းလောင်းခဲ့သနည်း။
၂၆။	**ثُمَّ شَقَقْنَا الْأَرْضَ شَقًّا۞** တဖန် မြေအား အစိတ်စိတ် ခွဲစိတ်ပေးလျက်–
၂၇။	**فَأَنبَتْنَا فِيهَا حَبًّا۞** ထိုမှ ကောက်ပဲသီးနှံများကို မည်သို့ ဖြစ်ထွန်းစေသနည်း။
၂၈။	**وَعِنَبًا وَقَضْبًا۞** စပျစ်ပင်များ– စိမ်းလန်းသောစားကျက်များ–
၂၉။	**وَزَيْتُونًا وَنَخْلًا۞** သံလွင်ပင်များ– စွံ့ပလွန်ပင်များ–
၃၀။	**وَحَدَائِقَ غُلْبًا۞** အနိုင်ရသော စိုက်ခင်းများ–
၃၁။	**وَفَاكِهَةً وَأَبًّا۞** သစ်သီးဝလံများ– ဘယပင်များကို–
၃၂။	**مَّتَاعًا لَّكُمْ وَلِأَنْعَامِكُمْ۞** သင်တို့နှင့် သင်တို့၏ တိရိစ္ဆာန်များအတွက် ချမ်းမြေ့ရာ ဖြစ်စေ၏။
၃၃။	**فَإِذَا جَاءتِ الصَّاخَّةُ۞**

(၁၁၂၉) ဤသုတ်တော်မှ **ကဘာရ်ဟ်** ၏ အဓိပ္ပါယ်မှာ သချိုင်းဂူဟု ဖြစ်၍၊ ဆရာတော်ကြီး အများစုကလည်း သချိုင်းဂူဟုပင် တိုက်ရိုက် ပြန်ဆိုကြပေသည်။ အချို့သော ဆရာတော်များကမူ မိခင်၏ ဝမ်းကြာတိုက်တွင် သန္ဓေသားသည် သက်ဓဲဘဝဖြင့် စတည်ခဲ့ရသည့် အတွက် ဤစကားလုံးအား ဝမ်းကြာတိုက်ဟု ဖွင့်ဆိုကြသည်လည်း ရှိပေသည်။

	သို့ဖြင့် နားကွဲမတတ်အသံကြီး ရောက်လာသောအခါ–
၃၄။	**يَوْمَ يَفِرُّ الْمَرْءُ مِنْ أَخِيهِ۞**
	ထိုနေ့ကာလတွင် ထွက်ပြေးမည့် အကောင်မှာ သူ့ ညီနောင်များထံမှ–
၃၅။	**وَأُمِّهِ وَأَبِيهِ۞**
	သူ့အမိ၊ သူ့အဘထံမှ–
၃၆။	**وَصَاحِبَتِهِ وَبَنِيهِ۞**
	သူ့ပေါင်းဖော်သင်းဘက်၊ သူ့သားသမီးထံမှ–ဖြစ်၏။
၃၇။	**لِكُلِّ امْرِئٍ مِّنْهُمْ يَوْمَئِذٍ شَأْنٌ يُغْنِيهِ۞**
	သူတို့မှ တစ်ဦးချင်းစီ ကိုယ့်ကိစ္စဖြင့်ကိုယ် ပြည့်နေသော နေ့–
၃၈။	**وُجُوهٌ يَوْمَئِذٍ مُّسْفِرَةٌ۞**
	ထိုနေ့ကာလတွင် ခရီးဦးကြိုပြုခံရသော မျက်နှာများမှာ–
၃၉။	**ضَاحِكَةٌ مُّسْتَبْشِرَةٌ۞**
	သတင်းကောင်းများ၌ ရယ်မောပျော်ရွှင်ရလတ္တံ့။
၄၀။	**وَوُجُوهٌ يَوْمَئِذٍ عَلَيْهَا غَبَرَةٌ۞**
	ထိုနေ့ကာလ၌ ကျန်ရစ်ခံရသော မျက်နှာများ အပေါ်၌–
၄၁။	**تَرْهَقُهَا قَتَرَةٌ۞**
	မျက်နှာမဲ့ဖြစ် ဖိစီးလျက် ရှိလတ္တံ့။
၄၂။	**أُوْلَئِكَ هُمُ الْكَفَرَةُ الْفَجَرَةُ۞**
နဲ့ဆက်	သူတို့သည်ကား ဖုံးကွယ်သူ **ဖေါက်ထွက်**သွားသူများ ဖြစ်ကြ၏။

ဓမ္မခန္ဓာ (၈၁) ဆွဲလိပ်ခံရခြင်း (အတ်–တာ့က်ဝီး၏)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၇)၊ သုတ်ဒေသနာ (၂၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂုဏ် အကြင်နာဂုဏ် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁။]

၁။	**إِذَا الشَّمْسُ كُوِّرَتْ۞** နေလုံးအား ဆွဲလိပ်ခံရသောအခါ–[၁၃၃၀]
၂။ ★၇၃း၁၈	**وَإِذَا النُّجُومُ انكَدَرَتْ۞** ကြယ်တာရာများ လွင့်စင်ကြေမွသွားသောအခါ–★
၃။ ☆၁၃း၃၁	**وَإِذَا الْجِبَالُ سُيِّرَتْ۞** တောင်တန်းများအား ပြတ်ရွေ့စေသောအခါ–☆
၄။	**وَإِذَا الْعِشَارُ عُطِّلَتْ۞** ဆယ်လပြည့်မည့်ကိုယ်ဝန် စွန့်ပစ်ခံရသောအခါ–[၁၃၃၀]
၅။	**وَإِذَا الْوُحُوشُ حُشِرَتْ۞** တောရိုင်းတိရိစ္ဆာန်တို့အား စုစည်းစေသောအခါ–
၆။	**وَإِذَا الْبِحَارُ سُجِّرَتْ۞** ပင်လယ်သမုဒ္ဒရာများ ပြည့်လျှံလာသောအခါ–
၇။	**وَإِذَا النُّفُوسُ زُوِّجَتْ۞**

(၁၃၃၀) ဤသုတ်တော်များမှ နေများ၊ ကြယ်များ၊ တောင်တန်းများ ပျက်စီးရသောအခါ ဆိုသည်မှာ အာဏာရှိနေသော သာသနာပ ခေါင်းဆောင်ကြီးများ ကျဆုံးရသော အခါ–ဟု ဆိုလိုပေသည်။ သုတ်တော် (၁)၌ သုံးထားသော စကားလုံး **နေလုံးအား ဆွဲလိပ်ခံရသော အခါ၊** ဆိုသည်ကို သိပ္ပံရှုဒေါင့်မှကြည့်လျှင် လွန်စွာ အံ့သြဘွယ်ကောင်းနေပေသည်၊ ကျမ်းတော်က ဤစကြာဝဠာကြီးသည် အလွန်လျင်မြန်သော အမြန်နှုန်းဖြင့် အစဉ်ပြန့်ကားထွက်နေသည်ဟု ဆိုပေသည်– ၂၁း၃၀။ ၅၁း၄၇။ တဖန် နောက်ဆုံး သူ့ဒီကရီ ဆုံးသွားသောအခါ– ထိုအလျှင်နှုန်းနှင့်ပင် ပြန်လည်လိပ်ခေါက်လာမည်ဟု ဆိုပေသည်– ထိုအခါ စကြာဝဠာအတွင်းမှ နေ၊ လ၊ ဂြိုလ်၊ ကြယ်– အားလုံးသည် ပြန်လည်လိပ်ခေါက်သည့် အတွင်းတွင် ပါသွားမည်ပင် ဖြစ်သည်ဟု ဆိုထားခြင်း ဖြစ်ပေသည်။

(၁၃၃၁) ဤသုတ်တော်မှစ၍ ခေတ်တစ်ခေတ်ကို ပြောဆိုခြင်း ဖြစ်ပေသည်။ လူသားများအကြား၌ အမှန်တရားကို လိုက်လံရှာဖွေ လက်ခံလာမည့် ခေတ်ကို ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုခေတ်ကာလသည် ပဋိသန္ဓေတားဆေးများ ပေါ်လာမည်–(၄)၊ တိရိစ္ဆာန်ရုံ– တိရိစ္ဆာန်ဥယျာဉ်များပေါ်လာမည်–(၅)၊ ကမ္ဘာကြီးပူနွေးလာ၍ ရေခဲတောင်များ ပျော်လာကာ သမုဒ္ဒရာပင်လယ်ရေများ လျှံလာမည်–(၆)။ လမ်းစဉ်ဝါဒချင်း ပေါင်းစည်း ဖလှယ်လျက် လူသားဝါဒသစ်များ ပေါ်လာမည်–(၇)။ အရှင်သေနေရသော အမျိုးသမီးများ၏ ဘဝ အတွက် အမျိုးသမီးအခွင့်အရေးတောင်းဆိုမှုများ ပေါ်လာမည် – (၈–၉)။ လူတစ်ဦးချင်းစီ၏ လုပ်ရပ်များကို ဖုံးကွယ်ထား၍ မရနိုင်သော သတင်းမီဒီယာများ ပေါ်လာမည်– (၁၀)။ဟု ဖြစ်ပေသည်။ ထိုခေတ်ထိုအခါသို့ ရောက်လာသော်– လူသားတို့သည် အမှား၌ ပျော်မွေ့ခဲ့ရခြင်းကို ရှက်ကြောက်စိတ်များ ပေါ်လာလျက် အမှန်တရားကို ကြိုးစားရှာ ဖွေလာကြမည်ဟု ဆိုလိုပေသည်။

	ဉာဉ်စရိုက်တို့အား စုဖွဲ့ပေးသောအခါ–
၈။	**وَإِذَا الْمَوْؤُودَةُ سُئِلَتْ۞** အရှင်မြုပ်ပစ်ခံရသောသူမအား မေးမြန်းသောအခါ–
၉။	**بِأَيِّ ذَنبٍ قُتِلَتْ۞** မည်သည့် အပြစ်ကြောင့် အသတ်ခံရသနည်း၊
၁၀။	**وَإِذَا الصُّحُفُ نُشِرَتْ۞** ပရပိုက်များကို နိုးကြွစေသောအခါ–
၁၁။	**وَإِذَا السَّمَاء كُشِطَتْ۞** မိုးကောင်းကင်အား အဖုံးလှန်ခံရသောအခါ–[၁၁၃၂]
၁၂။	**وَإِذَا الْجَحِيمُ سُعِّرَتْ۞** ငရဲမီးအား လောင်စာထိုးသောအခါ–
၁၃။	**وَإِذَا الْجَنَّةُ أُزْلِفَتْ۞** ဥယျာဉ်ဘုံအား ချည်းကပ်လာစေသောအခါ–
၁၄။	**عَلِمَتْ نَفْسٌ مَّا أَحْضَرَتْ۞** ဉာဉ်စရိုက်သည် သူ အသင့်ပြင်ရမည့် အရာကို သိရလတ္တံ့။
၁၅။	**فَلَا أُقْسِمُ بِالْخُنَّسِ۞** ငါ တိုင်တည်သည်မှာ–လှည့်နေသောဂြိုလ်များ
၁၆။ စီးကြောင်း	**الْجَوَارِ الْكُنَّسِ۞** **ဂြိုလ်ပတ်လမ်း**အတိုင်း လှည့်ပြေးနေခြင်း အားဖြင့်–[၁၁၃၃]
၁၇။	**وَاللَّيْلِ إِذَا عَسْعَسَ۞** မှိန်ကွယ်လာသည့် ညအားဖြင့်–
၁၈။	**وَالصُّبْحِ إِذَا تَنَفَّسَ۞** စိတ်လန်းစေသော နံနက်စအားဖြင့်– ဖြစ်၏။[၁၁၃၄]

(၁၁၃၂) မိုးကောင်းကင်အား အဖုံးလှန်ခံရသောအခါ– ဆိုသည်မှာ စီးမိုးအုပ်ချုပ်ထားသော အာဏာရှင်ကြီးများ ဇတ်ကြောင်းပေါ် ပြုတ်ကျရသော အခါဟု ဆိုလိုပေသည်။ နိုင်ငံရေး အာဏာရှင် တစ်မျိုးတည်းကို ဆိုလိုခြင်း မဟုတ်ချေ။ ဘာသာရေး မောင်ပိုင်စီးထားသော ဘုန်းကြီးရဟန်းဝါဒ အာဏာရှင်များ၊ စီးပွားရေး မောင်ပိုင်စီးထားသော ဓနရှင်၊ မြေရှင်၊ ကြေးရှင်ဝါဒ အာဏာရှင်များ အားလုံးကို ဆိုလိုပေသည်။ ထိုသူများအနက်မှ လူဆိုး လူကောင်းတို့၏ ဒုက္ခ၊ သုခ ကို သုတ်တော် ၁၂ ၁၃ တို့က ဆက်လက်ပြောထားပေသည်။ ဤသုတ်တော်များမှ ငရဲ၊ ဥယျာဉ်ဟု ခေါ်သော နိဗ္ဗာန်တို့မှာ နောင်ဘဝကို ရည်ညွှန်းခြင်း မဟုတ်ချေ။ လောကငရဲ၊ လောက နိဗ္ဗာန်ကို ရည်ညွှန်းခြင်းသာ ဖြစ်ပေသည်။

(၁၁၃၃) ကြယ်၊ ဂြိုလ်များသည် ဂြိုလ်ပတ်လမ်းကြောင်းပေါ်၌ လှည့်လည်နေခဲ့ကြောင်းကို လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ နီးပါးကပင် ကျမ်းမြတ်ကုရ်အာန်က အတိအကျပြောထားပေသည်။ ယင်းသည် သိပ္ပံအမြင်ဖြစ်၍– ပုံဆောင်ရည်ရွယ်ချက်မှာ– အမှောင်ကျနေသော ခေတ်ကာလတွင် တောက်ပ နေခဲ့သော မိရိုးဖလာ သာသနာများကို ဆိုလိုပေသည်။ ထိုသာသနာတို့သည် အစွယ်လာမ်တည်းဟူသော အလင်းရောင်ကြီး ထွန်းလင်း တောက်ပ လာသောအခါ ထိုမိရိုးဖလာ သာသနာများ ပျောက်ကွယ်သွားရမည်ဟု သုတ်တော် ၁၇–၁၈ တွင် ဆိုထားပေသည်။

(၁၁၃၄) ဤသုတ်တော်မှ စိတ်လန်းစေသော နံနက် ဆိုသည်မှာ အစွယ်လာမ် သာသနာကို ဆိုလိုပေသည်။

၁၉။	**إِنَّهُ لَقَوْلُ رَسُولٍ كَرِيمٍ۞** ဇကန်ပင်– ၎င်းသည် ဂုဏ်ကျက်သရေရှိသော ဉာဏ်စဉ်တော်ဆောင်၏ နှတ်ထွက် ဖြစ်၏။[၁၁၃၅]
၂၀။	**ذِي قُوَّةٍ عِندَ ذِي الْعَرْشِ مَكِينٍ۞** အစွမ်းသတ္တိများ ပိုင်စိုးသော အရှင်၊ ထူထောင်ခြင်းများအား ထပ်ဆင့်ကွပ်ကဲသည့် အရှင်၏ အပါးတော်မှ ဖြစ်၏။
၂၁။	**مُطَاعٍ ثَمَّ أَمِينٍ۞** နာခံထိုက်သူ ယုံကြည်စိတ်ချရသူ ဖြစ်သော–
၂၂။	**وَمَا صَاحِبُكُم بِمَجْنُونٍ۞** သင်တို့၏ ပေါင်းဖော်သည် ရူးသွပ်နေသူ မဟုတ်ချေ။
၂၃။	**وَلَقَدْ رَآهُ بِالْأُفُقِ الْمُبِينِ۞** မုချပင် သူသည် သူ့ကိုယ်သူ ရှင်းလင်းထင်ရှားသော မိုးကုတ်စက်ဝန်း၌ မြင်၏။[၁၁၃၆]
၂၄။	**وَمَا هُوَ عَلَى الْغَيْبِ بِضَنِينٍ۞** သူသည် စကွဲလွန်အား တွန့်တိုနေသူ မဟုတ်ချေ။[၁၁၃၇]
၂၅။	**وَمَا هُوَ بِقَوْلِ شَيْطَانٍ رَجِيمٍ۞** ၎င်းသည် ပစ်ထုတ်ခံ မကောင်းဆိုးဝါး၏ နှတ်ထွက်လည်း မဟုတ်ချေ။
၂၆။	**فَأَيْنَ تَذْهَبُونَ۞** သို့ပါလျှက် သင်တို့သည် အဘယ်သို့ သွားကြမည်နည်း။
၂၇။	**إِنْ هُوَ إِلَّا ذِكْرٌ لِّلْعَالَمِينَ۞** ဇကန်ပင် ဤသည် လောကခပ်သိမ်းအတွက် သတိပေးတရားတော်သာ ဖြစ်၍–[၁၁၃၈]

(၁၁၃၅) ဤသုတ်တော်မှ **ဉာဏ်စဉ်တော်ဆောင်** ဆိုသည်ကို ဆရာတော်ကြီး အများစုက သမိုင်းစာအုပ်များ နောက်သို့လျက်– **ဂျီဗရာအီလ်** ကောင်းကင်တမန်တော် ဖြစ်သည်ဟု မဆီမဆိုင် ဘာသာပြန်မှုပေါင်းများစွာကို ဝမ်းနည်းဘွယ်တွေ့ရပေသည်။ ဤသုတ်တော်မှ ပြောသော ဉာဏ်စဉ်တော်ဆောင် ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်ကို ပြောဆိုကြောင်း သုတ်တော် ၂၁ ပါ သူသည် နာခံထိုက်သော သစ္စာရှင် ဖြစ်သည်ဟူသော ဝါကျမှ အတိ အကျထောက်ပြထားပေသည်။ ကိုယ်တော် မုဟမ္မဒ်အား ဉာဏ်စဉ်တော်ဆောင် လောင်းလျှာ ဘဝကပင် သစ္စာရှင် **အမီးန်** ဟု အာရဗ် လော ကမှ သိပြီးသားပင်။ ထို့ပြင် "သင်တို့၏ အဖော်သည်,"ဟု သုတ်တော် ၂၂ တွင် တိုက်ရိုက်သုံးထားပေရာ– ထိုစကားလုံးမှာ ကိုယ်တော်မုဟမ္မဒ်ကို သာ ညွှန်းကြောင်း မည်သို့မျှ ငြင်းဆန်၍ မရချေ။ ကျမ်းတော်တွင် မည်သည့် ကောင်းကင်တမန်တော်ကိုမှ သင်တို့၏ အဖော်သည် ဟု သုံးနှုန်းဖော်ပြခြင်း မရှိပေ။

(၁၁၃၆) ဤသုတ်တော်မှ **ရာအာဟု ဴဴ** ဆိုသော စကားလုံးမှာ **သူသည် သူ့အား မြင်ခဲ့သည်၊** ဟု ဖြစ်၍၊ ဆရာတော်ကြီးများက ကိုယ်တော် မုဟမ္မဒ်သည် ကောင်းကင်တမန်မင်းကြီးအား မြင်ခဲ့သည်ဟု လွဲမှားစွာ ပြန်ဆိုကြပေသည်။ ထိုစကားလုံး၏ အနက်အဓိပ္ပါယ်မှာ ကိုယ်တော်သည် သူ့ကိုယ်သူ အမြင့်ဆုံးသော ဉာဏ်စဉ်တော်သို့ ဆိုက်ရောက်ကြောင်းကို မြင်တွေ့ရခြင်းပင် ဖြစ်ပေသည်။ ၅၃း၇ တွင် ကြည့်ပါ။

(၁၁၃၇) သူသည် စကွဲလွန်အား တွန့်တိုနေသည် မဟုတ်ချေ။ ဆိုသည်မှာ ကိုယ်တော်သည် သူရရှိသော ဉာဏ်စဉ်တော်အား သူတစ်ပါး မသိရန် ဖုံးကွယ်ထားခြင်း၊ မပြောဘဲချန်ထားခြင်း လုံးဝ မရှိကြောင်းကို ပြောဆိုထားခြင်း ဖြစ်ပေသည်။ ဤသို့ တိတိကျကျပြောထားပါလျက်– မွတ်ဆလင် မိုရိုး ဖလာလောကကြီးတွင်ပင်– များစွာသော သမိုင်းဆရာများက ကုရ်အာန်အပြင် အခြားသော ဉာဏ်စဉ်ဗျာဒိတ်များ ရှိနေသည်။ တနည်းအားဖြင့် ကိုယ်တော်က ကျမ်းမြတ်ကုရ်အာန်တွင် မှတ်တမ်းမတင်စေသော ဗျာဒိတ်တော်များ ရှိနေသည်၊ ၎င်းတို့ကို သမိုင်းကျမ်းများ၌သာ တွေ့နိုင်သည်ဟု မိမိတို့ ရေးသားသော သမိုင်းကျမ်းများအား ပရမတ်ဘုရားရှင် (အလ္လာဟ်)၏ ဗျာဒိတ်များ ဖြစ်လေသယောင် မှတ်တမ်းတင်ထားမှုများ ရှိနေပေသည်။ သို့သော် မည်သည့် မွတ်ဆလင်ကမျှ ထိုသမိုင်းကျမ်းများအား ကုရ်အာန်ကဲ့သို့ လက်ခံယုံကြည်ခြင်း မရှိချေ။

၂၈။	**لِمَن شَاء مِنكُمْ أَن يَسْتَقِيمَ۞** သင်တို့မှ စံချိန်ပြည့်မှီသူအတွက် ရပ်တည်ချက် ဖြစ်စေ၏။
၂၉။	**وَمَا تَشَاؤُونَ إِلَّا أَن يَشَاء اللَّهُ رَبُّ الْعَالَمِينَ۞** လောကခပ်သိမ်း၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်၏ စံချိန်မပြည့်မှီဘဲ– သင်တို့သည် စံချိန်ပြည့်မှီမည် မဟုတ်ချေ။

(၁၁၃၈) ကျမ်းတော်အား စတင်ချမှတ်သွန်သင်စဉ်ကပင် ကျမ်းတော်သည် လူသားအားလုံး လူမျိုးနွယ်အားလုံးအတွက် သတိပေးတရားတော် ဖြစ်သည်ဟု ဝမ်းမြောက်ဘွယ် သတင်းပေးထားပေသည်။ သို့ဖြစ်၍ ကျမ်းတော်သည် မည်သည့်လူမျိုးတစ်မျိုး၏ မူပိုင်မျှ မဟုတ်ချေ။ လူသားအားလုံး အကျိုးခံစားနိုင်သည့် ကျမ်းတော်၊ လမ်းညွှန်တော်ပင် ဖြစ်ပေသည်။

ဓမ္မခန္ဓာ (၈၂) အသစ်ပြန်ဖြစ်ခြင်း (အလ်–အန်ဖီတ္ဂာ၏)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၂)၊ သုတ်ဒေသနာ (၁၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁။]

၁။ ☆ကုရ်အာန်၈၁	**إِذَا السَّمَاء انفَطَرَتْ۞** မိုးကောင်းကင်သည် အသစ်ပြန်ဖြစ်သောအခါ–☆
၂။ ☆ကုရ်အာန်၈၂	**وَإِذَا الْكَوَاكِبُ انتَثَرَتْ۞** ကြယ်ကြီးများ ဝဲလွင့်သွားရသောအခါ–☆
၃။ ☆ကုရ်အာန်၈၁	**وَإِذَا الْبِحَارُ فُجِّرَتْ۞** သမုဒ္ဒရာများ ပန်းထွက်ရသောအခါ–☆
၄။ ☆ကုရ်အာန်၁၀၀	**وَإِذَا الْقُبُورُ بُعْثِرَتْ۞** သင်းချိုင်းများ လှန်ခံရသောအခါ–☆
၅။	**عَلِمَتْ نَفْسٌ مَّا قَدَّمَتْ وَأَخَّرَتْ۞** ဉာဉ်စရိုက်သည် စုံရုပ်ခံခဲ့မှုနှင့် အနာဂါတ်ကို သိရလတ္တံ့။
၆။	**يَا أَيُّهَا الْإِنسَانُ مَا غَرَّكَ بِرَبِّكَ الْكَرِيمِ۞** အို– လူသား၊ ဂုဏ်ကျက်သရေရှိသော ကံကြမ္မာရှင်ထံမှ ကင်းရန် သင့်အား ဘယ်အရာက မြှုဆွယ်နေသနည်း။
၇။	**الَّذِي خَلَقَكَ فَسَوَّاكَ فَعَدَلَكَ۞** အရှင်သည် သင့်အား ဖြစ်တည်စေ၏။ ပုံစံချ၏၊ သင့်အား ဟန်ချက်ညီစွာဖြင့်–
၈။	**فِي أَيِّ صُورَةٍ مَّا شَاء رَكَّبَكَ۞** အရှင့် စံချိန်ပြည့်မှီစေရာ ပုံစံမှ ဖြစ်၏။ အသင့်အား ကိုယ်ထည်ဖွဲ့ပေး၏။
၉။	**كَلَّا بَلْ تُكَذِّبُونَ بِالدِّينِ۞** သို့သော်လည်း–သင်သည် သာသနာတော်အား ငြင်းဆန်တော့၏။
၁၀။	**وَإِنَّ عَلَيْكُمْ لَحَافِظِينَ۞** ဇကော်ပင် သင်တို့၏ အပေါ်၌ ရှိသော အထိန်းအကွပ်များမှာ–[၁၁၃၉]

(၁၁၃၉) လူသားတိုင်းသည် ဥပဒေ၏ အောက်၌ ရှိနေသည်၊ သို့ဖြစ်၍ ဤသုတ်တော်မှ ဆိုလိုချက်မှာ လူသားတိုင်း အပေါ်၌ ဥပဒေ ရေးဆွဲသူများ ရှိနေသည်ဟု ဆိုလိုပေသည်။ သို့သော် ထိုဥပဒေ ရေးဆွဲသူများသည် သိက္ခာသမာဓိရှိ၍– မိမိကိုယ်တိုင် ဥပဒေကို လိုက်နာသူများ ဖြစ်ရမည်ဟု သုတ်တော် ၁၁ က ဆိုထားပေသည်။

၁၁။	**كِرَامًا كَاتِبِينَ۝** ကျက်သရေရှိသော မှတ်တမ်းတင်သူများ ဖြစ်၍–
၁၂။	**يَعْلَمُونَ مَا تَفْعَلُونَ۝** သင်တို့ ပြုလုပ်သမျှအား သိနေကြကုန်၏။
၁၃။	**إِنَّ الْأَبْرَارَ لَفِي نَعِيمٍ۝** ကောန်ပင် ကောင်းမှုပြုသူတို့သည် ဂုဏ်ရှိခြင်း၌ ရှိ၏။
၁၄။ နဲ့ထွက်	**وَإِنَّ الْفُجَّارَ لَفِي جَحِيمٍ۝** ကောန်ပင် **ဖေါက်ထွက်**သူတို့သည် ငရဲမီးတွင်း၌ ရှိ၍–
၁၅။ ဇရ	**يَصْلَوْنَهَا يَوْمَ الدِّينِ۝** စီရင်မိန့်ချမည့် နေ့ကာလတွင် **ၚင်း၌** လောင်ကျွမ်းစေလတ္တံ့။
၁၆။	**وَمَا هُمْ عَنْهَا بِغَائِبِينَ۝** သူတို့အား **ၚင်း၌** မျက်ကွယ်စီရင်ချက် မရှိချေ။
၁၇။	**وَمَا أَدْرَاكَ مَا يَوْمُ الدِّينِ۝** စီရင်မိန့်ချမည့် နေ့ကာလဟူသည်– သင် မည်သို့ မှန်းဆနိုင်မည်နည်း။
၁၈။	**ثُمَّ مَا أَدْرَاكَ مَا يَوْمُ الدِّينِ۝** တဖန် စီရင်မိန့်ချမည့် နေ့ကာလဟူသည်– သင် မည်သို့ မှန်းဆနိုင်မည်နည်း။
၁၉။	**يَوْمَ لَا تَمْلِكُ نَفْسٌ لِّنَفْسٍ شَيْئًا وَالْأَمْرُ يَوْمَئِذٍ لِلَّهِ۝** ဥဉ်စရိုက်တစ်ခုက ဥဉ်စရိုက်တစ်ခုအား စိုးစဉ်းမျှ သြဇာအာဏာ မရှိသော နေ့ကာလ ဖြစ်၏။ ထိုနေ့ကာလ၌ အရေးအရာတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာဥ်သာ ရှိ၏။

ဓမ္မခန္ဓာ (၈၃) တာဝန်ဖျက်သူများ (အလ်–မူတ္ဖာဖေဖီးန်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈ဖ)၊ သုတ်ဒေသနာ (၃ဖ)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**وَيْلٌ لِّلْمُطَفِّفِينَ۝** တာဝန်ပေါ့ပျက်သူများ ပျက်စီးရမည်သာတည်း။
၂။	**الَّذِينَ إِذَا اكْتَالُواْ عَلَى النَّاسِ يَسْتَوْفُونَ۝** သူတို့သည် လူသားတို့ထံမှ အလေးချိန်သောအခါ အပြည့် ဖြစ်၍–
၃။	**وَإِذَا كَالُوهُمْ أَو وَّزَنُوهُمْ يُخْسِرُونَ۝** သူတို့က အလေး သို့မဟုတ် ချိန်ပေးသောအခါ လျော့ပေးကြကုန်၏။
၄။	**أَلَا يَظُنُّ أُولَئِكَ أَنَّهُم مَّبْعُوثُونَ۝** သူတို့ မစဉ်းစားကြသလော၊ သူတို့ ပြန်လည်နိုးထရမည့်–
၅။	**لِيَوْمٍ عَظِيمٍ۝** မဟာ နေ့တော်ကြီးသည်–
၆။	**يَوْمَ يَقُومُ النَّاسُ لِرَبِّ الْعَالَمِينَ۝** လူသားတို့သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်ထံအတွက် ရပ်တည်ရမည့် နေ့ကာလ ဖြစ်၏။
၇။ နှဲ့ထွက်	**كَلَّا إِنَّ كِتَابَ الْفُجَّارِ لَفِي سِجِّينٍ۝** အမှန်မှာ– **ဖေါက်ထွက်**သူတို့၏ မှတ်တမ်းသည် အချုပ်ခန်းထဲ၌[၁း၁] ဖြစ်၏။
၈။	**وَمَا أَدْرَاكَ مَا سِجِّينٌ۝** အချုပ်ခန်းဟူသည် မည်သည်ဟု သင် မည်သို့ မှန်းဆနိုင်မည်နည်း။
၉။	**كِتَابٌ مَّرْقُومٌ۝** ရေးခြစ်ထားသော မှတ်တမ်းပင်တည်း။

(၁၀၄၀) **سِجِّينٍ ဆိတ်ကျင်နိန်** သည် ကိုယ်ပိုင်နာမ် ဖြစ်၍ အရှက်ကွဲ၊ သိက္ခာကျ၊ ဂုဏ်သိန်နိမ့်ပါးရသော သဘာဝရှိသည့် နေရာဌာန ဖြစ်သည်ဟု ဆရာတော် အများစုက သတ်မှတ်ပေသည်။ ကုရ်အာန်ကျမ်းတော်တွင် ထိုဝေါဟာရ၏ ရင်းမြစ်တူ ن ج س မှ ဆင့်ပွားသော စကားလုံးများ يُسْجَنَ سَجْن ဝေါဟာရများကို ၁၂း ၂၅၃၊၃၃၃၊၃၅၁၊၃၆၀ နှင့် ၂၆း၂၉ တွင် مَسْجُونِين ဟု ဖေါ်ပြထားပြီး အကျဉ်းထောင်၊ ထောင်ကျသား၊ ထောင်ချသည် ဟု သုံးထားပေးသည်။ သုတ်တော် (၉) အရ ထိုအကျဉ်းထောင် ဆိုသည်မှာ သူ့ လုပ်ရပ်က သူ့အား မှတ်တမ်းအဖြစ် ဖြစ်နေစေသော– မိမိကိုယ်မိမိ အကျဉ်းကျနေစေသော အချုပ်ခန်းဖြစ်ပေသည်။

၁၀။	**وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ۝** ထိုနေ့ကာလ၌ ငြင်းဆန်သူတို့ ပျက်စီးရမည်သာတည်း။
၁၁။	**الَّذِينَ يُكَذِّبُونَ بِيَوْمِ الدِّينِ۝** သူတို့သည် စီရင်ချက် နေ့ကာလကို ငြင်းဆန်ခဲ့ကြ၏။
၁၂။	**وَمَا يُكَذِّبُ بِهِ إِلَّا كُلُّ مُعْتَدٍ أَثِيمٍ۝** စည်းဖေါက်သူ၊ အပြစ်ကောင် ကိုယ်စီမှ အပ ငြင်းဆန်ခဲ့ကြသည် မရှိချေ။
၁၃။	**إِذَا تُتْلَى عَلَيْهِ آيَاتُنَا قَالَ أَسَاطِيرُ الْأَوَّلِينَ۝** သူ့အား ငါ၏ သုတ်ဒေသနာများကို ဖတ်ပြသောအခါ၊ ‘‘ရှေးသရောအခါက ဒဏ္ဍာရီများသာတည်း၊’’ဟု ဆို၏။
၁၄။	**كَلَّا بَلْ رَانَ عَلَى قُلُوبِهِم مَّا كَانُوا يَكْسِبُونَ۝** အမှန်မှာ၊ ဇကန်ဆတ်ဆတ် သူတို့ ကျင့်ဆောင်လေ့ရှိရာများက သူတို့၏ နှလုံးသားပေါ် ပေကျံစွဲကပ်နေခြင်းသာ ဖြစ်၏။
၁၅။	**كَلَّا إِنَّهُمْ عَن رَّبِّهِمْ يَوْمَئِذٍ لَّمَحْجُوبُونَ۝** အမှန်မှာ၊ သူတို့သည် ထိုနေ့ကာလ၌ ကံကြမ္မာရှင်၏ထံမှ စည်းခြားခံထားရသူများ ဖြစ်ကြ၏။
၁၆။	**ثُمَّ إِنَّهُمْ لَصَالُوا الْجَحِيمِ۝** တဖန် သူတို့အား ငရဲမီးဖြင့် လောင်ကျွမ်းစေမည်ပင်။
၁၇။	**ثُمَّ يُقَالُ هَذَا الَّذِي كُنتُم بِهِ تُكَذِّبُونَ۝** ထို့နောက် သူတို့အား ‘‘ဤသည် သင်တို့ ငြင်းဆန်လေ့ရှိခဲ့ရာ ဖြစ်၏။’’ဟု ပြောဆိုလတ္တံ့။
၁၈။	**كَلَّا إِنَّ كِتَابَ الْأَبْرَارِ لَفِي عِلِّيِّينَ۝** အမှန်မှာ– ကောင်းမှုပြုသူတို့၏ မှတ်တမ်းသည် အထွဋ်အထိပ်၌[၁၄၄] ရှိ၏။
၁၉။	**وَمَا أَدْرَاكَ مَا عِلِّيُّونَ۝** အထွဋ်အထိပ်ဟူသည်– အဘယ်နည်းဟု သင် မည်သို့ မှန်းဆနိုင်မည်နည်း။
၂၀။	**كِتَابٌ مَّرْقُومٌ۝** ရေးခြစ်ထားသော မှတ်တမ်းပင်တည်း။
၂၁။	**يَشْهَدُهُ الْمُقَرَّبُونَ۝** ချည်းကပ်ခွင့်ရသူများ၏ သက်သေတည်ခြင်းသည်–
၂၂။	**إِنَّ الْأَبْرَارَ لَفِي نَعِيمٍ۝** ကောင်းမှုပြုသူတို့အား ဂုဏ်ရှိခြင်း၌ ဖြစ်စေ၍–

---

(၁၀၄) **အီလ္လီယင်** ကိုလည်း ဆရာတော် အများစုက **ဆိရိုဂျင်** ကဲ့သို့ပင် ကိုယ်ပိုင်နာမ်ဟု ယူဆ၍– ဂုဏ်သိက္ခာမြင့်မားရာ နေရာဟု သတ်မှတ်ကြပေသည်။ သို့သော် အာဒ်ဖာရိနှင့် ကာမာ့ဇ်ကျမ်းများတွင် **အီလ္လီယင်** သည် အမြင့်၊ မြင့်မြတ်သော အထွဋ်အထိပ် ဟု အနက်ကိုပေးသည့် **အ–လာယ်** မှ ဆင့်ပွားလာခြင်း ဖြစ်သည်ဟု ဖွင့်ဆိုရေးသားထားပေသည်။ ထိုအချက်ကို သုတ်တော် ၂၃ ပါ နေရာမြင့်ပေါ်မှ ရှုစားစေလတ္တံ့ဟူသည့် အဆိုက ထောက်ခံလျက် ရှိပေသည်။ ထိုအမြင့်ဆုံး ဆိုသည်မှာလည်း ကျင့်ဆောင်မှုမှတ်တမ်းပင် ဖြစ်ကြောင်း သုတ်တော် ၂၀ တွင် ဖေါ်ပြထားပေသည်။

၂၃။	**عَلَى الْأَرَائِكِ يَنظُرُونَ۝** ပလ္လင်များပေါ်မှ ကြည့်ရှုစေလတ္တံ့။
၂၄။	**تَعْرِفُ فِي وُجُوهِهِمْ نَضْرَةَ النَّعِيمِ۝** သူတို့၏ မျက်နှာများသည် ဂုဏ်ရောင် တောက်ပနေသည်ကို သင် မှတ်မိရစေလတ္တံ့။
၂၅။	**يُسْقَوْنَ مِن رَّحِيقٍ مَّخْتُومٍ۝** သူတို့အား တံဆိပ်နှိပ်ထားသည့် ပေါင်းခံရေသန့်ဖြင့် တိုက်ကျွေးလတ္တံ့။
၂၆။ အနှံ့မျဟယ်	**خِتَامُهُ مِسْكٌ وَفِي ذَلِكَ فَلْيَتَنَافَسِ الْمُتَنَافِسُونَ۝** တံဆိပ်မှာ **ကတိုး** ဖြစ်၏။ သို့ဖြစ်၍ စိတ်ဆန္ဒရှိသူတို့အား စိတ်ဆန္ဒပြည့်စေလော့။
၂၇။	**وَمِزَاجُهُ مِن تَسْنِيمٍ۝** ပေါင်းခံရည်မှ[၁၁၄၂] ယမကာဖြစ်သော–
၂၈။	**عَيْنًا يَشْرَبُ بِهَا الْمُقَرَّبُونَ۝** ချည်းကပ်ခွင့်ရသူများ သောက်သုံးသည့် စိမ့်စမ်းမှ ဖြစ်၏။
၂၉။	**إِنَّ الَّذِينَ أَجْرَمُوا كَانُوا مِنَ الَّذِينَ آمَنُوا يَضْحَكُونَ۝** ဇကန်ပင် ပြစ်မှုကျူးလွန်သော သူတို့က ယုံကြည်သောသူတို့အား ဟားတိုက်ရယ်မော လေ့ရှိခဲ့ကြ၏။
၃၀။	**وَإِذَا مَرُّوا بِهِمْ يَتَغَامَزُونَ۝** သူတို့အနားမှ ဖြတ်သွားကြစဉ်– အချင်းချင်း မျက်စပစ်ပြကြ၏။[၁၁၄၃]
၃၁။ ပျော်ပါး၍	**وَإِذَا انقَلَبُوا إِلَى أَهْلِهِمُ انقَلَبُوا فَكِهِينَ۝** သူတို့၏ ဝိုင်းသားများထံသို့ ဦးလှည့်ပြန်သောအခါ၊ **သီးနှံရသကဲ့သို့** ဦးလှည့်ပြန်ကြကုန်၏။
၃၂။ ယုံကြည်သူတို့	**وَإِذَا رَأَوْهُمْ قَالُوا إِنَّ هَؤُلَاءِ لَضَالُّونَ۝** ၎င်းတို့က **သူတို့**ကို မြင်တွေ့သော် "ဇကန်ပင် ထိုသူတို့သည် အပါယ်လမ်း၌ ရှိနေ၏"ဟု ပြောကြ၏။
၃၃။ ယုံကြည်သူတို့	**وَمَا أُرْسِلُوا عَلَيْهِمْ حَافِظِينَ۝** ၎င်းတို့အား **သူတို့**အပေါ်၌ ထိန်းသိမ်းစောင့်ရှောက်သူများ အဖြစ် စေစားထားသည် မဟုတ်ချေ။
၃၄။	**فَالْيَوْمَ الَّذِينَ آمَنُوا مِنَ الْكُفَّارِ يَضْحَكُونَ۝** သို့ဖြင့် ယနေ့မူကား ယုံကြည်သော သူတို့သည် ဖုံးကွယ်သူများထက် ရယ်မောနိုင်ကြပြီ။[၁၁၄၄]
၃၅။	**عَلَى الْأَرَائِكِ يَنظُرُونَ۝**

(၁၁၄၂) تَسْنِيم **တက်စ်နီးမ်** ဆိုသည်မှာလည်း ကိုယ်ပိုင်နာမ်ပင် ဖြစ်သည်။ သို့သော် E.W Lane အရှိဗီ အင်္ဂလိပ် ဝေါဟာရကျမ်းတွင်– သူတို့အပေါ် သို့ အပေါ်မှ ကျလာသော ရေ ဟု ဖွင့်ဆိုထားပါသည်။ သို့ဖြစ်၍ အပေါ်မှကျလာသော ရေ ကို ပေါင်းခံ၍ အင္ဂေပျံကာ ကျလာသော ပိုးမွှားကင်းသန့်ပြီးရေ ဟု အနက်ကိုဆောင်သော ပေါင်းခံရည် ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

(၁၁၄၃) ရာဇဝတ်ကောင်များသည်– ယုံကြည်သူတို့ရှေ့မှ ဖြတ်သွားကြလျှင်– သူတို့ရာဇဝတ်ကောင်အချင်းချင်း မျက်စပစ်ပြကြလေ့ ရှိသည်။

(၁၁၄၄) အခွင့်အရေးသာ၍ လက်စားချေ ရယ်မောပြောင်လှောင်ခြင်း မဟုတ်ချေ။ သူတို့၏ ကျင့်ကြံခဲ့သော အကျိုးဆက်သည် ကုသိုလ်ကောင်းမှု ဖြစ်သောကြောင့် ထိုအကျိုးဆက်ကို ခံစားရသဖြင့် သူတို့၏ မျက်နှာများ ရွှင်လန်းတောက်ပ ရယ်မောနိုင်ခြင်းကို ဆိုလိုပေသည်။ (၈၀း၃၈၊၃၉)

	သူတို့အား ပလ္လင်များပေါ်မှ ကြည့်ရှုစေလတ္တံ့။
၃၆။	**هَلْ ثُوِّبَ الْكُفَّارُ مَا كَانُوا يَفْعَلُونَ۝** ဖုံးကွယ်သူတို့၏ အကျိုးဆက်မှာကား သူတို့ပြုလုပ်ခဲ့သော အရာပင် မဟုတ်တုံလော။

ဓမ္မခန္ဓာ (၈၄) ကြေမွပျက်စီးခြင်း (အလ်–အင်ရှေကားက်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၃)၊ သုတ်ဒေသနာ (၂၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁။]

၁။ ☆ကုး၁၈	**إِذَا السَّمَاء انشَقَّتْ۞** ကောင်းကင်ယံသည် ကြေမွ၍–☆
၂။	**وَأَذِنَتْ لِرَبِّهَا وَحُقَّتْ۞** သူ့ကံကြမ္မာရှင်အား မှန်ကန်တိကျစွာ နားထောင်ရသောအခါ–
၃။	**وَإِذَا الْأَرْضُ مُدَّتْ۞** မြေကမ္ဘာအား တိုးရွေ့စေလျက်–
၄။	**وَأَلْقَتْ مَا فِيهَا وَتَخَلَّتْ۞** ထိုမှ သူမ၏ အတိတ်ဖြစ်ရပ်များကို ခင်းကျင်းစေ၍–[၁၀၄၅]
၅။	**وَأَذِنَتْ لِرَبِّهَا وَحُقَّتْ۞** သူမကံကြမ္မာရှင်အား မှန်ကန်တိကျစွာ နားထောင်ရသောအခါ–
၆။	**يَا أَيُّهَا الْإِنسَانُ إِنَّكَ كَادِحٌ إِلَى رَبِّكَ كَدْحًا فَمُلَاقِيهِ۞** အို– လူသား၊ သင်သည် ကံကြမ္မာရှင်၏ ဆီသို့ မတွန့်မဆုတ် မဆုတ်မနစ် ကောန် ရှိလျှင် အရှင့်အား ဖူးတွေ့ရလတ္တံ့။
၇။	**فَأَمَّا مَنْ أُوتِيَ كِتَابَهُ بِيَمِينِهِ۞** သူ၏အားသန်ရာသို့ သူ့ မှတ်တမ်းအား ပေးအပ်ခံရသူ အတွက်မူ–
၈။	**فَسَوْفَ يُحَاسَبُ حِسَابًا يَسِيرًا۞** သူ့အတွက် စရင်းသည် လွယ်ကူချောမွေ့သော စရင်း ဖြစ်ရ၍–

(၁၀၄၅) ဤသုတ်တော်များမှ ကောင်းကင်ယံ ပေါက်ကွဲမှု ဖြစ်ခြင်း ဆိုသည်မှာ မိရိုးဖလာ အုပ်မိုးထားသော ခေါင်းဆောင်ကြီးများ ပေါက်ကွဲလွင့်စင်သွားခြင်း ဖြစ်ရသောအခါ– ဟု ဆိုခြင်း ဖြစ်သည်။ ခေတ်နောက်ပြန်ဆွဲ၍– အယူသည်း အုပ်မိုးထားသော ခေါင်းဆောင်တိုင်း ကျဆုံးရမည်မှာ လောက နိယာမ ဖြစ်ကြောင်းကို ကံကြမ္မာရှင်အား နားစိုက်နာခံရသော အခါ– ဆိုသည့် ဝါကျက ထောက်ပြထားပေသည်။ ဆိုလိုသည်မှာ လောက ဓမ္မ၏ ကံကြမ္မာရှင်သည် လောကနိယာမအား ပြဋ္ဌာန်းပြီး ဖြစ်ရာ ထိုနိယာမမှ မည်သူသည်မျှ မကျော်လွန်နိုင်ကြောင်းပင် ဖြစ်သည်။ ဆက်လက်ဖော်ပြပါ သုတ်တော်မှာ မြေကမ္ဘာအား ဆွဲဖြန့်သည် ဆိုခြင်းမှာ မျိုးဆက်များ ပွားများလာသည်ဟု ဖြစ်ပေသည်။ ကျမ်းတော်တွင် လူသားသည် မြေမှ ဖြစ်တည်လာရကြောင်း ထိုလူသားတို့၏ ပွားများလာခြင်းသည် မြေကမ္ဘာတိုးရွေ့ကျယ်ပြန့်လာကြောင်းကို မကြာခဏ ပမာဆောင်ပြောဆိုပေသည်။ ၂၂း၅၊ ၄၁း၃၉။ ထိုမျိုးဆက်များသည် မျိုးဆက်ဟောင်း မိရိုးဖလာ ခေါင်းဆောင်ကြီးများအား လက်မခံတော့ဘဲ လောကအမှန်သို့ လျှောက်လှမ်းရန် ဦးတည်လာမည် ဖြစ်ကြောင်းကို ပုံဆောင်ပေသည်။ သို့သော် ထိုမျိုးဆက်များကိုလည်း လမ်းမှန်သို့ လျှောက်လှမ်းတတ်စေရန် သုတ်တော် ၆ တွင် သတိပေးထားပေသည်။

၉။	**وَيَنقَلِبُ إِلَى أَهْلِهِ مَسْرُورًا۞** ကြိတ်ကြည်နူးလျက်– သူ့ဝိုင်းသားများထံသို့ ဦးလှည့်ရလတ္တံ့။
၁၀။	**وَأَمَّا مَنْ أُوتِيَ كِتَابَهُ وَرَاءَ ظَهْرِهِ۞** သူ၏ အကျယ်မှ မှတ်တမ်းအား နောက်ကျောမှ ပေးအပ်ခံရသူ အတွက်မူ–
၁၁။	**فَسَوْفَ يَدْعُو ثُبُورًا۞** သူသည် ဖျက်ပယ်ခံရခြင်းကို တမ်းတလေလတ္တံ့။[၁၁၄၆]
၁၂။	**وَيَصْلَى سَعِيرًا۞** သူ့အား မီးလောင်စာထဲ၌ လောင်ကျွမ်းစေလတ္တံ့။
၁၃။	**إِنَّهُ كَانَ فِي أَهْلِهِ مَسْرُورًا۞** ဇကန်ပင် သူသည် သူ့ဝိုင်းသားများအတွင်း၌ ကြိတ်ကြည်နူးစွာ နေခဲ့ဘူး၏။
၁၄။	**إِنَّهُ ظَنَّ أَن لَّن يَحُورَ۞** ဇကန်ပင် သူသည် နောက်လိုက်နောက်ပါ မဖြစ်ရဟု စဉ်းစားခဲ့၏။
၁၅။	**بَلَى إِنَّ رَبَّهُ كَانَ بِهِ بَصِيرًا۞** အမှန်မှာ–ကံကြမ္မာရှင်သည် သူ့အား မြင်နေသော အရှင်ဖြစ်၏။
၁၆။	**فَلَا أُقْسِمُ بِالشَّفَقِ۞** အမှန်မှာ– စိုးထိတ်ဘွယ်ရာကို တိုင်တည်လျက်–
၁၇။	**وَاللَّيْلِ وَمَا وَسَقَ۞** တရိပ်ရိပ်တင်းပြည့်လာသည့် ည အားဖြင့်–
၁၈။	**وَالْقَمَرِ إِذَا اتَّسَقَ۞** တရိပ်ရိပ်ပြည့်ဖြိုးလာနေသော လအားဖြင့်–
၁၉။	**لَتَرْكَبُنَّ طَبَقًا عَن طَبَقٍ۞** သင်တို့သည် တစ်ဂြိုလ်မှ တစ်ဂြိုလ်သို့ စီးနင်းတက်သွားရလတ္တံ့။[၁၁၄၇]
၂၀။	**فَمَا لَهُمْ لَا يُؤْمِنُونَ۞** သူတို့သည် အဘယ့်ကြောင့် မယုံကြည်ကြသနည်း။
၂၁။	**وَإِذَا قُرِئَ عَلَيْهِمُ الْقُرْآنُ لَا يَسْجُدُونَ۞** သူတို့အား ကုရ်အာန်ကို ရွတ်ဖတ်ပြသောအခါ၊ အဘယ်ကြောင့် ဦးချနာခံခြင်းမရှိကြသနည်း။

(၁၁၄၆) ثُبُورًا သည် ရင်းမြစ် ر ب ث မှ ဆင့်ပွားပြီး "ရေးထားသော စာလုံးအား အပေါ်မှ မှင်ဖြင့် ဖျက်လိုက်သည်" ဟူသော အနက်ကိုပေးသည်။ ရာဇဝတ်ကောင်များသည် သူတို့၏ အမှုတွဲများကို အမှုမပေါ်ဘဲ ဖျက်ခံရစေလိုသည်ဟု ဖြစ်ပေသည်။ ၂၅း ၁၃၊ ၁၄

(၁၁၄၇) ဤသုတ်တော်မှ **တွဘကန်မ်** ဆိုသည်မှာ ဂြိုလ်ကမ္ဘာများကို ခေါ်ဆိုပေသည်။ ၆း၃ နှင့် ၇း၁၅ တွင် ထိုစကားလုံးကို တွေ့နိုင်၏။

၂၂။	**بَلِ الَّذِينَ كَفَرُواْ يُكَذِّبُونَ۞** အမှန်မှာ– ဗုံးကွယ်သော သူတို့သည် ငြင်းဆန်ကြကုန်၏။
၂၃။	**وَاللَّهُ أَعْلَمُ بِمَا يُوعُونَ۞** ပရမတ်ဘုရားရှင်သည်ကား သူတို့၏ အိပ်သွပ်ထားခြင်းကို အသိဆုံး ဖြစ်တော်မူ၏၊
၂၄။	**فَبَشِّرْهُم بِعَذَابٍ أَلِيمٍ۞** သို့ဖြစ်၍– သူတို့အား စူးနစ်နာကျင်သည့် ဝဋ်ကြွေးအကြောင်း သတင်းကောင်းကိုပါးလော့။
၂၅။	**إِلَّا الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ لَهُمْ أَجْرٌ غَيْرُ مَمْنُونٍ۞** သို့သော် ယုံကြည်လျက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသော သူများအတွက် မျက်နှာမပျက်ရသော ဆုလဒ်သည် ရှိ၏။

မမ္မခန္ဓာ (၈၅) နဂါးငွေ့တန်းများ (အလ်–ဘိုရူဂျ်)

ဥဏ္ဏာစဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၇)၊ သုတ်ဒေသနာ (၂၂)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။	**وَالسَّمَاءِ ذَاتِ الْبُرُوجِ۞** နဂါးငွေ့တန်းများနှင့် မိုးကောင်းကင်အားဖြင့်–
၂။	**وَالْيَوْمِ الْمَوْعُودِ۞** ကတိထားသော နေ့ကာလအားဖြင့်–
၃။	**وَشَاهِدٍ وَمَشْهُودٍ۞** သက်သေတည်သော သက်သေတည်သူများအားဖြင့်–
၄။	**قُتِلَ أَصْحَابُ الْأُخْدُودِ۞** မထီလေးစားအံတုသော ပေါင်းဖော်တို့သည် သုတ်သင်ခံရလတ္တံ့။
၅။	**النَّارِ ذَاتِ الْوَقُودِ۞** မီးကို လောင်စာ ထည့်၍–
၆။	**إِذْ هُمْ عَلَيْهَا قُعُودٌ۞** သူတို့သည် ထိုၦ အထိုင်ချနေကြ၏။
၇။	**وَهُمْ عَلَى مَا يَفْعَلُونَ بِالْمُؤْمِنِينَ شُهُودٌ۞** ယုံကြည်သူတို့အား သူတို့ မည်သို့ ပြုလုပ်ခဲ့သည်ကို သူတို့ကိုယ်တိုင် သက်သေများဖြစ်၏။
၈။	**وَمَا نَقَمُوا مِنْهُمْ إِلَّا أَن يُؤْمِنُوا بِاللَّهِ الْعَزِيزِ الْحَمِيدِ۞** ဘုန်းတော်ရှင်၊ ရည်သန်စူးစိုက်မှုတည်ရာ အရှင်– ပရမတ်ဘုရားရှင်အား ယုံကြည်ခြင်းကြောင့်သာ သူတို့ လက်တုန့်ပြန်ခဲ့ခြင်း ဖြစ်၏။
၉။	**الَّذِي لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَاللَّهُ عَلَى كُلِّ شَيْءٍ شَهِيدٌ۞** အရှင်– ထိုအရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ သြဇာအာဏာတည်ရာ အရှင်ဖြစ်၏။ ပရမတ်ဘုရားရှင်သည်ကား သဗ္ဗလုံးစုံ အတွက် သက်သေသက်ကန်ပင် ဖြစ်၏။
၁၀။	**إِنَّ الَّذِينَ فَتَنُوا الْمُؤْمِنِينَ وَالْمُؤْمِنَاتِ ثُمَّ لَمْ يَتُوبُوا فَلَهُمْ عَذَابُ جَهَنَّمَ وَلَهُمْ عَذَابُ الْحَرِيقِ۞** ဇောနံပင် ယုံကြည်သူ၊ ယုံကြည်သူမတို့အား သွေးတိုးစမ်းခဲ့၍၊ သူတို့ကိုယ် သူတို့ ခဝါမချသော သူတို့အတွက် ငရဲဘုံ ဝင်ရောက်ကြွေးသည် ရှိနေ၏။ သူတို့အတွက် လောင်ကျွမ်းရခြင်း ဝင်ရောက်ကြွေးသည် ရှိနေ၏။

၁၁။	**إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُمْ جَنَّاتٌ تَجْرِي مِن تَحْتِهَا الْأَنْهَارُ ذَٰلِكَ الْفَوْزُ الْكَبِيرُ۞** ဇကနဉ်ပင် ယုံကြည်၍ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသော သူများအတွက် အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများ ရှိနေ၏။ ဤသည် ကြီးကျယ်သော အောင်ပွဲပင် ဖြစ်၏။
၁၂။	**إِنَّ بَطْشَ رَبِّكَ لَشَدِيدٌ۞** ဇကနဉ်ပင် ကံကြမ္မာရှင်၏ ကိုင်တွယ်မှုသည် ပြတ်သားလှ၏။
၁၃။	**إِنَّهُ هُوَ يُبْدِئُ وَيُعِيدُ۞** ဇကနဉ်ပင် အရှင်သည် စတည်ဖြစ်စေသော–ဆက်ဖြစ်နေစေသော အရှင်
၁၄။	**وَهُوَ الْغَفُورُ الْوَدُودُ۞** အရှင်သည် လွတ်ငြိမ်းစေသော၊ ချစ်ခင်သနားသော အရှင်
၁၅။	**ذُو الْعَرْشِ الْمَجِيدُ۞** ထပ်ဆင့်ကွပ်ကဲမှုအား ပိုင်စိုးသော မြင့်မြတ်တော်မူသော အရှင်
၁၆။	**فَعَّالٌ لِّمَا يُرِيدُ۞** အလိုတော်ရှိရာအား စီမံသော အရှင် ဖြစ်တော်မူ၏။
၁၇။	**هَلْ أَتَاكَ حَدِيثُ الْجُنُودِ۞** တပ်မဟာကြီးအကြောင်း ဆင့်ပြန်ချက်သည် သင့်ထံသို့ ရောက်လာပြီလော။
၁၈။	**فِرْعَوْنَ وَثَمُودَ۞** ဖာရိုးနှင့် သမု–ဒ်တို့ပင်၊
၁၉။	**بَلِ الَّذِينَ كَفَرُوا فِي تَكْذِيبٍ۞** အမှန်မှာ ဖုံးကွယ်သောသူတို့သည် ငြင်းဆန်ကြကုန်၏။
၂၀။	**وَاللَّهُ مِن وَرَائِهِم مُّحِيطٌ۞** ပရမတ်ဘုရားရှင်သည် သူတို့အား အကွယ်မှ ပိုင်းဝန်းထားတော်မူ၏။
၂၁။	**بَلْ هُوَ قُرْآنٌ مَّجِيدٌ۞** အမှန်မှာ– ဤသည် မြင့်မြတ်သော ကုရ်အာန် ဖြစ်၍–
၂၂။	**فِي لَوْحٍ مَّحْفُوظٍ۞** ထိန်းသိမ်းစောင့်ရှောက်ထားသော အချပ်ပြား၌ ရှိ၏။[၁၁၄၈]

(၁၁၄၈) ဤသုတ်တော်မှ **ဉာဏ် လောင်ဟိ** ဆိုသည်မှာ အလွန်ခိုင်ခန့်သော၊ စုတ်ပြဆွေးမြေ့ မသွားနိုင်သော ကျောက်ပြား၊ ကွန်ကရစ်ပြား သစ်သားအပြားများကို ခေါ်ဆိုပေသည်။ ဤနေရာ၌ ကျမ်းတော်၏ ခိုင်ခန့်တည်ရှိမှုကို ပြောဆိုထာခြင်း ဖြစ်ပေသည်။ ကျမ်းတော်သည် ကိုယ်တော် မုဟမ္မဒ်လက်ထက်တော်ကပင် ဤသို့ အတိအကျ အာမခံထားသော ကျမ်းဖြစ်၍– ကိုယ်တော်လက်ထက်ကပင် ခိုင်မာစွာ မှတ်တမ်းတင်၊ စုစည်းထားကြောင်းကို အာမခံလျက် ရှိပေသည်။ ထိုသို့ လောကၽ အတုလံ အတုမရှိသော ကျမ်းဟူ၍– ကုရ်အာန်မှအပ အခြားမရှိချေ။

ဓမ္မခန္ဓာ (၈၆) လမ်းဖေါက်သူ (အလ်–တ္ဝရီးက်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၆)၊ သုတ်ဒေသနာ (၁၇)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁]

၁။	**وَالسَّمَاء وَالطَّارِقِ۞** မိုးကောင်းကင်နှင့် လမ်းဖေါက်သူ အားဖြင့်–[၁၁၄]
၂။	وَمَا أَدْرَاكَ مَا الطَّارِقُ۞ လမ်းဖေါက်သူဟူသည် အဘယ်နည်းဟု သင် မည်သို့ မှန်းဆနိုင်မည်နည်း။
၃။	النَّجْمُ الثَّاقِبُ۞ ၾကယ်သည် ဖေါက်ထွင်းသော ကြယ်ဖြစ်၏။
၄။	**إِن كُلُّ نَفْسٍ لَّمَّا عَلَيْهَا حَافِظٌ۞** ကောန်ပင် ဉာဉ်စရိုက် ကိုယ်စီ အပေါ်၌ အထိန်းအကွပ် ရှိနေ၏။
၅။	**فَلْيَنظُرِ الْإِنسَانُ مِمَّ خُلِقَ۞** သူ့အား မည်သည့် အရာမှ ဖြစ်တည်စေသည်ကို လူသားကို ကြည့်ရှုစေလော့။
၆။	**خُلِقَ مِن مَّاء دَافِقٍ۞** သူအား ညှစ်ထုတ်သော ရေမှ ဖြစ်တည်စေ၏။
၇။	**يَخْرُجُ مِن بَيْنِ الصُّلْبِ وَالتَّرَائِبِ۞** ၾကိုကို ကျောရိုးနှင့် နံရိုးများကြားမှ[၁၁၅] ညှစ်ထွက်စေ၏။
၈။	**إِنَّهُ عَلَى رَجْعِهِ لَقَادِرٌ۞** ကောန်ပင် အရှင်သည် သူ့အား ပြန်လှည့်လာရန် စည်းချိန်ချမှတ်ထား၏။

---

(၁၁၄) **الطَّارِق တ္ဝာရိုးက်** ဆိုသည်ကို ဆရာတော် တစ်ချို့က ထွန်းလင်းတောက်ပသော ကြယ်ဟု ဘာသာပြန်ဆိုကြ၍၊ တစ်ချို့က ညအမှောင်ထု အား ခွင်းလာသူ ဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံးသည် လမ်း၊ လမ်းကြောင်း ဟု အနက်ပေးသည် ق ر ط မှ ဆင်းပွား စကားလုံး ဖြစ်၍ မိရိုးဖလာ အမှောင်ထုကြီအား အမှောင်ခွင်း အလင်းဆောင်ရန် လမ်းကြောင်းဖေါက် ပွင့်ပေါ်လာသော ကိုယ်တော်မုဟမ္မဒ်အား ပုံဆောင်တင်ပြခြင်း ဖြစ်ပေသည်။

(၁၁၅) **التَّرائب အလ်တရာအိ်ဘ်** (နံရိုးများ) ဆိုသည့် စကားလုံးသည် မူရင်း ب ر ت **တရာ** မှ ဆင့်ပွားဖြစ်၍ မြေမှုန့်, ဖုံမှုန့်ဟူသော အနက်ကို ပေးသည့် تُرَاب **တိုရာဘ်** စကားလုံးနှင့် ရင်းမြစ်တူပေသည်။ ကျမ်းတော်တွင် လူသားအား မြေမှုန့်မှ ဖြစ်တည်စေသည် ဟု မြောက်များစွာနေရာ တွင် ပြောဆိုသည်။ လူသားမိဘသည် မြေမှ ဖြစ်သော အစားအစာများအား စားသုံး၍ နောက်ထပ်မျိုးဆက် ပြန့်ပွားရန် ပထဝီဓါတ်အား အရင် သိုလှောင်ရခြင်းကိုလည်း ဆိုလိုသည်။

၉။	**يَوْمَ تُبْلَى السَّرَائِرُ ۞** မြှုပ်ကွယ်ရာများကို စစ်ဆေးရေးဝင်သော နေ့ကာလ၌–
၁၀။	**فَمَا لَهُ مِن قُوَّةٍ وَلَا نَاصِرٍ ۞** သူ့တွင် အစွမ်းသတ္တိ၊ အကူအညီ မရှိချေ။
၁၁။	**وَالسَّمَاءِ ذَاتِ الرَّجْعِ ۞** ပြန်လှည့်နေစေသော ကောင်းကင်ယံအားဖြင့်–[၁၅၅]
၁၂။	**وَالْأَرْضِ ذَاتِ الصَّدْعِ ۞** ခံစားချက် အက်ကွဲသော မြေကမ္ဘာအားဖြင့်–[၁၅၆]
၁၃။	**إِنَّهُ لَقَوْلٌ فَصْلٌ ۞** ဇကန် ၎င်းသည်– ရှင်းလင်းဆုံးဖြတ်ချက်– နှတ်ထွက်တော် ဖြစ်၏။
၁၄။	**وَمَا هُوَ بِالْهَزْلِ ۞** ၎င်းသည် ဟာသ မဟုတ်ပေ။
၁၅။	**إِنَّهُمْ يَكِيدُونَ كَيْدًا ۞** သူတို့သည် မဟာဗျူဟာဖြင့် ဗျူဟာချနေကြ၏။

(၁၁၅၅) တစ်စုံတစ်ခုသော အရာက သူ့ထံသို့သက်ရောက်လျှင် တုံ့ပြန်သော သဘောကို ဆိုလိုသည်။

(၁၁၅၆) သစ်ပင် သီးနှံများ ပေါက်ရောက်စေရန် မိမိ၏ ရင်ခွင်အား ခွဲပေးသော မြေဟု တင်စားပြောဆိုခြင်း ဖြစ်ပေသည်။ မြေမှ ဖြစ်တည်သော လူသားသည်လည်း– နောက်မျိုးဆက်များအား ရှင်သန်ဖွံ့ဖြိုးစေရင်– မိမိ၏နှလုံးသားအား အတတ်နိုင်ဆုံး ဖွင့်ပေးလျက် ပြုစုပေးရမည် ဖြစ်သည်။ မိမိ၏ ခေတ်နောက်ကျနေသော အစွဲများအား သာသနာလမ်းစဉ်အဖြစ် သတ်မှတ်လျက် တရားသေစွဲကိုင်ကာ လူငယ်များအား လမ်းပိတ်ထားခြင်း နှလုံးသား မဖွင့်ပေးခြင်းများအား ဆင်ခြင်သင့်ပေသည်။

၁၆။	**وَأَكِيدُ كَيْدًا** ۞ ငါသည်လည်း ဗျူဟာဖြင့် ဗျူဟာချနေ၏။
၁၇။	**فَمَهِّلِ الْكَافِرِينَ أَمْهِلْهُمْ رُوَيْدًا** ۞ သို့ဖြစ်၍ ဖုံးကွယ်သူတို့အား ရေရှည်စိမ်ထားလော့၊ လိုသမျှ ရေရှည်စိမ်ထားလော့။

ဓမ္မခန္ဓာ (၈၇) အထွဋ်အထိပ် (အလ်–အအ်လာ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈)၊ သုတ်ဒေသနာ (၁၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁။]

၁။	**سَبِّحِ اسْمَ رَبِّكَ الْأَعْلَى۞** အထွဋ်အထိပ် ဖြစ်တော်မူသော ကံကြမ္မာရှင်၏ ဂုဏ်တော်အား ဦးထိပ်ထားလော့။
၂။	**الَّذِي خَلَقَ فَسَوَّى۞** အရှင်သည် ဖြစ်တည်စေ၏။ ပုံစံချပေး၏။
၃။	**وَالَّذِي قَدَّرَ فَهَدَى۞** အရှင်သည် စည်းချိန်ချပေး၏။ လမ်းညွှန်ပေး၏။ [၁၅၃]
၄။	**وَالَّذِي أَخْرَجَ الْمَرْعَى۞** အရှင်သည် ထိန်းကျောင်းရာကို ထွက်ပေါ်စေ၏။
၅။	**فَجَعَلَهُ غُثَاء أَحْوَى۞** ထို့နောက် ၎င်းကို ဖုံထနေသော အမှိုက်သရိုက် အဖြစ် စီစဉ်ပစ်၏။
၆။	**سَنُقْرِؤُكَ فَلَا تَنسَى۞** သင် မမွေ့စေရန် ငါအရှင်သည် သင့်အား ရွတ်ဖတ်ပြမည်မှာ–[၁၅၄]
၇။	**إِلَّا مَا شَاء اللَّهُ إِنَّهُ يَعْلَمُ الْجَهْرَ وَمَا يَخْفَى۞** ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခြင်းမှသာ ဖြစ်၏။ ဇောနပင် အရှင်သည် ဖွင့်ပြောရာ ထိန်ဝှက်ရာတို့ကို သိနေတော်မူ၏။
၈။	**وَنُيَسِّرُكَ لِلْيُسْرَى۞**

(၁၁၅၃) သုတ်တော် ၂ နှင့် ၃ သည် ပရမတ်ဘုရားရှင်၏ ဖြစ်တည်စေခြင်း နိယာမ အဆင့် လေးဆင့်ကို ဖေါ်ပြပေသည်။ အရှင်သည် လူသားကိုသာမက ရှိလေသမျှသော စကြာဝဠာ အားလုံးအတွက် (၁) စတင် ဖြစ်တည်စေခြင်း နိယာမကို ချမှတ်သည်၊ (၂) ပုံသဏ္ဌာန်ပေါ်လွင်စေခြင်း ရုပ်ကိုယ်ထည်ကို ဖြစ်သည့် နိယာမကို ပြဋ္ဌာန်းထားသည်။ (၃) ထို့နောက် ထိုအရာအတွက် စည်းချိန် ဥပဒေ ချမှတ်ပေးထားသည်၊ (၄) ထိုအရာတိုင်း အတွက် လမ်းညွှန်– လမ်းပြထားပေသည်။ ထိုအချက်များထဲတွင် လူသားသည် စကြာဝဠာ အားလုံးအတွက် အထူးကိုယ်စားလှယ် ဖြစ်ခြင်းကြောင့် (၆း၁၆၆) လူသားအား လောကအားလုံးအတွက် ဦးဆောင်နိုင်ရန် လမ်းညွှန်ချက် ကျမ်းမြတ်ကုရ်အာန်အား ပြဋ္ဌာန်းပေးထားခြင်း ဖြစ်ပေသည်။

(၁၁၅၄) ဤသုတ်တော်သည် ကိုယ်တော်မုဟမ္မဒ်ထံသို့ ချမှတ်ပေးသော ဝဟီခေါ် ဉာဏ်စဉ်တော်များမှာ လုံးဝ အာမ ခံထားခြင်း ဖြစ်ပေသည်။ ကိုယ်တော်သည် လူသားဖြစ်သည့် အတွက် လူသားသဘာဝ မေ့တတ်လျော့တတ်မှုများ ရှိမည်မှာ သေချာသည်၊ သို့သော် ကိုယ်တော့်ထံသို့ ကိန်းဝပ်ချမှတ်ပေးသော ဉာဏ်စဉ်တော်များကိုကား ကိုယ်တော်သည် လုံးဝမေ့လျော့ခြင်း မရှိချေ။ သို့ဖြစ်၍– ကိုယ်တော့်ထံမှ တဆင့် ဉာဏ်စဉ်ကိန်းဝပ်ပေးသော ဤကုရ်အာန်မှာ ယနေ့ထိတိုင် ခိုင်မာစွာ တည်မြဲကျန်နေခြင်း ဖြစ်ပေသည်။ ကိုယ်တော့်ထံမှ တစ်ဆင့် လူသားအားလုံးအတွက် ချမှတ်ပေးသော လမ်းညွှန်ကျမ်းကြီး ကျမ်းမြတ် ကုရ်အာန်မှာ အလ္လာဟ်အရှင်၏ ထံမှ လူသားများ အတွက် စံချိန်စံညွှန်းမှီစေသော လမ်းညွှန်ချက် လမ်းပြချက် များသာ ဖြစ်သည်ဟု– သုတ်တော် (၇)တွင် ဆက်လက်ပြောဆိုထားပေသည်။

	ငါသည် သင့်အား လွယ်ကူမှုဖြင့် လွယ်ကူစေတော်မူလတ္တံ့။
၉။	**فَذَكِّرْ إِن نَّفَعَتِ الذِّكْرَى۞** သို့ဖြစ်၍ သတိဖေါ်ပေးလော့၊ သတိဖေါ်ပေးခြင်းသည် အကျိုးဖြစ်ထွန်းစေ၏။
၁၀။	**سَيَذَّكَّرُ مَن يَخْشَى۞** ကြောက်ရွံ့တတ်သူသည် ဆင်ခြင်သတိရနိုင်ကောင်း၏။
၁၁။	**وَيَتَجَنَّبُهَا الْأَشْقَى۞** ကံအဆိုးဆုံးသူသည်သာ ၎င်းမှ ကင်းသန့်၏–
၁၂။	**الَّذِي يَصْلَى النَّارَ الْكُبْرَى۞** သူ့ကို ကြီးမားသော အပူမီးၭ လောင်ကျွမ်းစေလျက်–
၁၃။	**ثُمَّ لَا يَمُوتُ فِيهَا وَلَا يَحْيَى۞** ထို၌ သူသည် မသေ မရှင် ခံစားရလတ္တံ့။
၁၄။	**قَدْ أَفْلَحَ مَن تَزَكَّى۞** အောင်မြင်ပေါက်မြောက်မည့် သူမှာ မုချ သန့်ရှင်းဖြူစင်၍–
၁၅။ ☆၂၃	**وَذَكَرَ اسْمَ رَبِّهِ فَصَلَّى۞** ကံကြမ္မာရှင်၏ ဂုဏ်တော်အား သတိရရှုမှတ်လျက်– ထို့နောက် ဝတ်ပြု၏။☆
၁၆။	**بَلْ تُؤْثِرُونَ الْحَيَاةَ الدُّنْيَا۞** အမှန်မှာ သင်တို့သည် လောကီသက်တမ်းကို လိုက်မြဲလိုက်နေ၏။
၁၇။	**وَالْآخِرَةُ خَيْرٌ وَأَبْقَى۞** နောင်ဘဝသည်ကား ပိုမိုကောင်းမြတ်၏၊ သာ၍ တည်တံ့၏။
၁၈။	**إِنَّ هَذَا لَفِي الصُّحُفِ الْأُولَى۞** ဇကန်ပင် ဤသည် ရှေး ပရိုက်များမှ ဖြစ်သော–
၁၉။	**صُحُفِ إِبْرَاهِيمَ وَمُوسَى۞** အီဗရာဟီးမ်နှင့် မူဆာတို့၏ ပရိုက်များၭ ပါရှိ၏။[၁၁၅]

---

(၁၁၅) ကိုယ်တော်မုဟမ္မဒ် ပွင့်ပေါ်မည့် အကြောင်းကို ကိုယ်တော်မူဆာ၏ သင်ကြားမှုများ၊ ကိုယ်တော်အီဗရာဟင်၏ သင်ကြားမှုများၭ ပါဝင်ခဲ့သည်ကို ၂း၄၁ အောက်ခြေနှင့် ၂း၁၂၄ အောက်ခြေများတွင် ကြည့်ပါ။

ဓမ္မခန္ဓာ (၈၈) ခြံ့လွှမ်းပစ်ခြင်း (အလ်-ဂါရှီအတ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၆၈)၊ သုတ်ဒေသနာ (၂၆)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**هَلْ أَتَاكَ حَدِيثُ الْغَاشِيَةِ۝** ခြံ့လွှမ်းပစ်မည့်အကြောင်း ဆင့်ပြန်ချက်သည် သင့်ထံသို့ ရောက်လာပြီလော။[၁၁၅၆]
၂။	**وُجُوهٌ يَوْمَئِذٍ خَاشِعَةٌ۝** ထိုနေ့ကာလ၌ ကျို့ငဲ့ရမည့် မျက်နှာများမှာ–
၃။	**عَامِلَةٌ نَّاصِبَةٌ۝** အကျင့်အကြံကြီးဖြင့် ခြေကုန်လက်ပန်းကျလျက်–
၄။	**تَصْلَى نَارًا حَامِيَةً۝** အပူဟပ်နေသော မီးခဲ့၌ လောင်ကျွမ်းစေလျက်–
၅။	**تُسْقَى مِنْ عَيْنٍ آنِيَةٍ۝** စီစဉ်ထားသော စမ်းမှ တိုက်ကျွေးလတ္တံ့။
၆။	**لَّيْسَ لَهُمْ طَعَامٌ إِلَّا مِن ضَرِيعٍ۝** ဆူးခါးပင်များမှအပ သူတို့အား ကျွေးမွေးရာ မရှိချေ။
၇။	**لَا يُسْمِنُ وَلَا يُغْنِي مِن جُوعٍ۝** ဂင်းသည် အဟာရ မဖြစ်၊ ဝတ်မှတ်ဆာလောင်မှုအတွက်လည်း မပြည့်စုံနိုင်ချေ။
၈။	**وُجُوهٌ يَوْمَئِذٍ نَّاعِمَةٌ۝** ထိုနေ့ကာလတွင် ဂုဏ်ပေးခံရမည့် မျက်နှာများမှာ–
၉။	**لِسَعْيِهَا رَاضِيَةٌ۝** သူတို့၏ လုံ့ပန်းခဲ့မှုများအတွက် ကျေနပ်နှစ်သက်လျက်–
၁၀။	**فِي جَنَّةٍ عَالِيَةٍ۝** အထွဋ်အထိပ်ဖြစ်သော သုခဘုံ အတွင်း၌–

(၁၁၅၆) ခြံ့လွှမ်းခံရမည် ဆိုသည်မှာ အုံကြွနိုးကြားမှုကြီးကို ဆိုလိုပေသည်။ ဤသုတ်တော်၌ အစွယ်လာမ်၏ အတိုက်အခံ ခေါင်းဆောင်ကြီးများ၏ ဘဝသက်တမ်း ကျဆုံးခန်းကို ပြောဆိုခြင်း ဖြစ်ပေသည်။

၁၁။	لَّا تَسْمَعُ فِيهَا لَاغِيَةً۬ ۞ ထိုဌ် ပွစိပွစိပြောသံကို ကြားရမည် မဟုတ်ချေ။
၁၂။	فِيهَا عَيْنٌ جَارِيَةٌ۬ ۞ ထိုဌ် စီးဆင်းနေသော စိမ့်စမ်းများ ရှိ၏။
၁၃။	فِيهَا سُرُرٌ مَّرْفُوعَةٌ۬ ۞ ထိုဌ် မြှောက်စားထားသော ဇိမ်ခံခုံများ ရှိ၏။
၁၄။	وَأَكْوَابٌ مَّوْضُوعَةٌ۬ ۞ ချထားပေးသော ရေခွက်များလည်း ရှိ၏။
၁၅။	وَنَمَارِقُ مَصْفُوفَةٌ۬ ۞ ဆိုဖာမှီအုံးများ အစီအစဉ်တကျလည်း ရှိ၏။
၁၆။	وَزَرَابِيُّ مَبْثُوثَةٌ۬ ۞ ကောဇောများ ဖြန့်လျက်လည်း ရှိ၏။
၁၇။	أَفَلَا يَنظُرُونَ إِلَى ٱلْإِبِلِ كَيْفَ خُلِقَتْ ۞ သူတို့ မကြည့်ကြသလော ကုလားအုပ်တို့အား မည်သို့ ဖြစ်တည်စေသနည်း။
၁၈။	وَإِلَى ٱلسَّمَآءِ كَيْفَ رُفِعَتْ ۞ ထို့နောက် ကောင်းကင်ယံအား မည်သို့ မြှင့်မြှောက်နေစေသနည်း။
၁၉။	وَإِلَى ٱلْجِبَالِ كَيْفَ نُصِبَتْ ۞ ထို့နောက် တောင်တန်းများအား မည်သို့ ကုပ်ကပ်နေစေသနည်း။
၂၀။	وَإِلَى ٱلْأَرْضِ كَيْفَ سُطِحَتْ ۞ ထို့နောက် မြေကမ္ဘအား မည်သို့ ကျဲဖြန့်ထားသနည်း။
၂၁။	فَذَكِّرْ إِنَّمَآ أَنتَ مُذَكِّرٌ ۞ သို့ဖြစ်၍ သတိဖေါ်ပေးလော့၊ သင်သည် သတိဖေါ်ပေးသူသာ ဖြစ်၏။
၂၂။	لَّسْتَ عَلَيْهِم بِمُصَيْطِرٍ ۞ သင်သည် သူတို့အတွက် ရေးမှတ်နေရသူ မဟုတ်ချေ။
၂၃။	إِلَّا مَن تَوَلَّى وَكَفَرَ ۞ လှည့်သွားလျက် ဖုံးကွယ်သူကိုသာ–
၂၄။	فَيُعَذِّبُهُ ٱللَّهُ ٱلْعَذَابَ ٱلْأَكْبَرَ ۞ ပရမတ်ဘုရားရှင်သည် သူ့အား ကြီးမားသော ဝဋ်ကြွေးဖြင့် ဝဋ်ကြွေးသင့်စေလတ္တံ့။
၂၅။	إِنَّ إِلَيْنَآ إِيَابَهُمْ ۞

	ကောန်ပင် သူတို့၏ အပြန်ခရီးသည် ငါထံသို့သာ ဖြစ်၏။
၂၆။	ثُمَّ إِنَّ عَلَيْنَا حِسَابَهُمْ۝ တဖန် သူတို့၏ အချုပ်စရင်းသည် ငါထံ၌သာ ဖြစ်၏။

မဓုဇန္ဓာ (၈၉) အာရဏ်တက် (အလ်–ဖဇ်ရိ)

ဥဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀)၊ သုတ်ဒေသနာ အပါး (၃၀)၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁။]

၁။	**وَالْفَجْرِ ۞** အလင်းဖြာထွက်ချိန်အားဖြင့်–[၁၅၅]
၂။	**وَلَيَالٍ عَشْرٍ ۞** တင်းပြည့်ကျပ်ပြည့် ညများ အားဖြင့်–[၁၅၆]
၃။	**وَالشَّفْعِ وَالْوَتْرِ ۞** စုံဂဏန်း မဂဏန်းအားဖြင့်–[၁၅၇]
၄။	**وَاللَّيْلِ إِذَا يَسْرِ ۞** ည ခရီးနှင်သော အားဖြင့်–
၅။	**هَلْ فِي ذَٰلِكَ قَسَمٌ لِّذِي حِجْرٍ ۞** ယင်း၌ ကျောက်တိုင်ကဲ့သို့ သူတို့၏ တိုင်တည်ရာ ရှိသည် မဟုတ်လော၊
၆။	**أَلَمْ تَرَ كَيْفَ فَعَلَ رَبُّكَ بِعَادٍ ۞** သင် မမြင်မိသလော၊ သင့် ကံကြမ္မာရှင်က မည်သို့ စီမံလိုက်သော အဒ်ဒတို့မှာ–

---

(၁၅၅) အစ္စလာမ်သာသနာ ရောင်ဝါထွန်းတောက်လာလေပြီ—၊ ကိုယ်တော်မုဟမ္မဒ် ပွင့်ပေါ်လာလေပြီ။ ဟု ဆိုလိုသည်။

(၁၅၆) ဤသုတ်တော်မှ **لَيَالٍ عَشْرٍ လယားလင် အာ့ရ်ရှိ**–ကို ည ဆယ်ည ဟု ပြန်ဆိုကြ၍– ထိုညပေါင်း ဆယ်ည ဆိုသည်မှာ **သူလ်ဟာ့ဂ်္ဂိလ**၏ ပထမ ဆယ်ရက် ဖြစ်သည်ဟု လည်းကောင်း၊ သို့မဟုတ် **ရမ်သွန်လ**၏ နောက်ဆုံး ဆယ်ည ဖြစ်သည်ဟု လည်းကောင်း ဖွင့်ဆိုကြပေသည်။ ဤနေရာ၌ သတိပြုရန်မှာ အရေအတွက် တစ်ဆယ်ဟု အဓိပ္ပါယ်ကို ပေးသော အာရ်ဗီစကားလုံး **عَشْرٍ အာ့ရ်ရှိ** ဆိုသည့် စကားလုံးသည် "အပြည့်အဝ ဖြစ်ရန် စုပေါင်းသည်၊ တစ်ကျိတ်တစ်ဉာဏ်တည်း စိတ်တူကိုယ်တူဖြစ်သော ပရိသတ်– စသည်ဖြင့်လည်း (၆း၁၅၉) စသည်ဖြင့်လည်း ဖြစ်သည်– တင်းပြည့်ကျပ်ပြည့် အမိုက်ကျနေသော ခေတ်ကာလ၊ သို့မဟုတ် အမိုက်မှောင်ကျမှု ခေတ်ဆိုးအတွက် ကြိတ်၍ ပူးပေါင်းကြံစည်နေခြင်း ဟုသည် ဆိုလိုပေသည်။ ထိုသို့သော လုံးဝ အမိုက်မှောင်ကျနေသည့် ခေတ်ကာလများ အတွင်းတွင် ကိုယ်တော်မုဟမ္မဒ် ပွင့်ပေါ်လာခြင်း ဖြစ်၍– ထိုည အမိုက်များ ထွက်ခွာပျောက်ကွယ်သွားရခြင်း–ကို တိုင်တည်ထားခြင်း ဖြစ်ပေသည်။ ထိုအချက်ကို သုတ်တော် (၄) ပါ "ည– ခရီးနှင်သွားခြင်း အားဖြင့်" ဟူ သော ဝါကျက ထောက်ပြလျက် ရှိပေသည်။

(၁၅၇) ဤဝါကျမှ "စုံဂဏန်း မဂဏန်း၊" များဆိုသည်မှာ– ထိုအမိုက်ခေတ်များကို အမှတ်စဉ်မှတ် ရေတွက်သောအခါ– ကြားကျန် မနေခဲ့စေရန် ရေတွက်၍– အမိုက်ခေတ်တိုင်း အားလုံး မချွင်းမချန် ဟု ဆိုလိုသည်။ ထို့ပြင် ထိုအမိုက်ခေတ်များတွင် ဘာသာရေး ခေါင်းဆောင် ဆိုသူများသည် အင်းအိုင်၊ လက်ဖွဲ့များကို အင်းကွက်ချလျက်– လူသားတို့အား မန်းမှတ်သော အခါ– ဆမ ချသော အင်းကွက်များကိုလည်း စုံဂဏန်းများ၊ မဂဏန်းများဖြင့် တွက်ချက်– အင်းကွက်ချသော ပညာရပ်များ ထွန်းကား ကြီးစိုးနေခဲ့ပေသည်။ ထိုသို့သော လူသား အညွှန့်တုံး ပညာရပ်များ ပျောက်ကွယ်သွားရမည်ဟု နိမိတ်ပေးထားခြင်းလည်း ဖြစ်ပေသည်။

၇။	**إِرَمَ ذَاتِ الْعِمَادِ۞** မဏ္ဍိုင်ဖြစ်သော အေရာမ်မှ[၁၁၆] ဖြစ်၏။
၈။	**الَّتِي لَمْ يُخْلَقْ مِثْلُهَا فِي الْبِلَادِ۞** မြို့ဒေသများ၌ ထိုသို့ အလားတူ– ဖြစ်တည်ပေးခဲ့ခြင်း မရှိချေ။
၉။	**وَثَمُودَ الَّذِينَ جَابُوا الصَّخْرَ بِالْوَادِ۞** ချိုင့်ဝှမ်းဒေသ ကျောက်ဆစ် ပဲ့တင်ရိုက်စေသော သမူ–ဒ်တို့လည်း–ပါ၏။
၁၀။	**وَفِرْعَوْنَ ذِي الْأَوْتَادِ۞** ခြေကုပ်ခိုင်သော ဖာရိုးလည်း ပါသွား၏။
၁၁။	**الَّذِينَ طَغَوْا فِي الْبِلَادِ۞** သူတို့သည် မြို့ဒေသများ၌ စည်းဖျက်သူများ ဖြစ်ကြ၏။
၁၂။	**فَأَكْثَرُوا فِيهَا الْفَسَادَ۞** သူတို့သည် မြောက်များစွာ အဖျက်လုပ်ကြ၏။
၁၃။	**فَصَبَّ عَلَيْهِمْ رَبُّكَ سَوْطَ عَذَابٍ۞** သို့ဖြင့် ကံကြမ္မာရှင်က သူတို့အပေါ်သို့ ရိုက်ချက်ပြင်းသော ဝဠုံကြွေးကို သွန်းလောင်းစေခဲ့ပြီ။
၁၄။	**إِنَّ رَبَّكَ لَبِالْمِرْصَادِ۞** ဧကန်ပင် ကံကြမ္မာရှင်သည် အမြဲစောင့်ကြည့်နေတော်မူ၏။
၁၅။	**فَأَمَّا الْإِنسَانُ إِذَا مَا ابْتَلَاهُ رَبُّهُ فَأَكْرَمَهُ وَنَعَّمَهُ فَيَقُولُ رَبِّي أَكْرَمَنِ۞** လူသားမှာမူ၊ ကံကြမ္မာရှင်က သူ့အား ဂုဏ်ရှိစေခြင်း၊ ကျက်သရေရှိစေခြင်းဖြင့် စုံစမ်းသော်“ကံကြမ္မာရှင်က ကျွန်ုပ်အား ကျက်သရေရှိစေ၏”ဟု ပြောဆိုလတ္တံ့။
၁၆။	**وَأَمَّا إِذَا مَا ابْتَلَاهُ فَقَدَرَ عَلَيْهِ رِزْقَهُ فَيَقُولُ رَبِّي أَهَانَنِ۞** သူ့အပေါ်၌ ရိက္ခာ စည်းကြပ်ခြင်းဖြင့် စုံစမ်းသောအခါမူ “ကံကြမ္မာရှင်က ကျွန်ုပ်အား နှိမ့်ချထား၏”ဟု ဆို၏။
၁၇။	**كَلَّا بَل لَّا تُكْرِمُونَ الْيَتِيمَ۞** အမှန်မှာ သင်တို့သည် မိဘမဲ့တို့အား ကျက်သရေရှိစေရန် လုပ်မပေးချေ။
၁၈။	**وَلَا تَحَاضُّونَ عَلَى طَعَامِ الْمِسْكِينِ۞** သင်တို့သည် နွမ်းပါးသူတို့အား ကျွေးမွေးရန် မတိုက်တွန်းကြဘဲ–
၁၉။	**وَتَأْكُلُونَ التُّرَاثَ أَكْلًا لَّمًّا۞** လက်ဦးမှုယူ စားသုံးခြင်းဖြင့် အမွေအနှစ်များကို စားသုံးနေကြ၏။

(၁၁၆၀) **အေရာမ်** ဆိုသည်မှာ အာဒ်လူမျိုး၏ ဘိုးဘ အမည်အား စွဲမှတ်၍– ခေါ်သော လူမျိုးနွယ် တစ်စု၏ အမည်နာမ ဖြစ်သည်။ သူတို့သည် ထိုဒေသတွင် အခြားလူမျိုးများထက် တိုက်တာ အမြင့်ကြီးများ ဆောက်လုပ်၍ နေခဲ့ကြောင်းကို ဤသုတ်တော်များမှ ပေါ်ပြထားပေသည်။

၂၀။	**وَتُحِبُّونَ الْمَالَ حُبًّا جَمًّا ۞** ဥစ္စာပစ္စည်းကို အင်မ်းမရ နှစ်သက်ခြင်းဖြင့် နှစ်သက်နေကြ၏။
၂၁။	**كَلَّا إِذَا دُكَّتِ الْأَرْضُ دَكًّا دَكًّا ۞** အမှန်မှာ– မြေကမ္ဘာအား စိစိညက်ညက် ကြေအောင် ကြိတ်ပစ်သောအခါ–
၂၂။	**وَجَاءَ رَبُّكَ وَالْمَلَكُ صَفًّا صَفًّا ۞** ကံကြမ္မာရှင်နှင့် အာဏာပိုင် အဆင့် ဆင့်တို့သည် ရောက်လာလတ္တံ့။[၁၁၆၁]
၂၃။	**وَجِيءَ يَوْمَئِذٍ بِجَهَنَّمَ يَوْمَئِذٍ يَتَذَكَّرُ الْإِنسَانُ وَأَنَّى لَهُ الذِّكْرَى ۞** ထိုနေ့၌၊ ငရဲဘုံကို ရောက်လာစေ၍၊ ထိုနေ့၌ လူသားသည် ဆင်ခြင်သတိရလေလတ္တံ့၊ ထိုသတိရခြင်းသည် သူ့အတွက် မည်သို့ ဖြစ်အံ့တော့နည်း။
၂၄။	**يَقُولُ يَا لَيْتَنِي قَدَّمْتُ لِحَيَاتِي ۞** သူက ''ကျွန်ုပ်များနှယ်– ရှင်သန်ခြင်းဘဝအတွက် စုံရပ်ခံခဲ့လျှင် ကောင်းလေစွ၊''ဟု ဆိုလိမ့်မည်။
၂၅။	**فَيَوْمَئِذٍ لَّا يُعَذِّبُ عَذَابَهُ أَحَدٌ ۞** ထိုနေ့၌ တစ်စုံတစ်ယောက်မျှ မသင့်သောဝဋ်ကြွေးဖြင့် ဝဋ်ကြွေးသင့်စေလတ္တံ့။
၂၆။	**وَلَا يُوثِقُ وَثَاقَهُ أَحَدٌ ۞** တစ်စုံတစ်ယောက်မျှ မဖမ်းချုပ်နိုင်ခြင်းဖြင့် ဖမ်းချုပ်တော်မူလတ္တံ့။
၂၇။	**يَا أَيَّتُهَا النَّفْسُ الْمُطْمَئِنَّةُ ۞** အို– ဘဝင်ငြိမ်းအေးသော စိတ်ဥာဉ်–
၂၈။	**ارْجِعِي إِلَى رَبِّكِ رَاضِيَةً مَّرْضِيَّةً ۞** သင့်ကံကြမ္မာရှင်၏ထံသို့ ဦးလှည့်လော့၊ သင့်အား ကျေနပ်နှစ်သက်၏၊ သင်လည်း ကျေနပ်နှစ်သက်ခြင်း ရှိ၍–
၂၉။	**فَادْخُلِي فِي عِبَادِي ۞** ငှါ အမှုတော်ဆောင်များထံသို့ ဝင်လော့။
၃၀။	**وَادْخُلِي جَنَّتِي ۞** ငှါ ဥယျာဉ်တော်သို့ ဝင်လေလော့။[၁၁၆၂]

(၁၁၆၀) ဤသုတ်တော်အား ဆရာတော်ကြီးများက ကံကြမ္မာရှင်သည် ကောင်းကင်တမန်များ ခြံရံလျက် ရောက်ရှိလာလတ္တံ့–ဟု ပြန်ဆိုကြပေသည်။ လွန်စွာ လွဲမှားမှုပင် ဖြစ်တော့၏၊ ထိုအယူသည် သမ္မကျမ်းစာ– ဓမ္မဟောင်း၊ ဟေရှာယ အနာဂတ္တိကျမ်း ၁၉း၁ မှ အဲဂုတ္တ(အီဂျစ်ပြည်)နှင့် ဆိုင်သော ဗျာဒိတ်တော်ကား၊ ကြည့်ရှုကြလော့၊ ထာဝရဘုရားသည် လျင်မြန်သော မိုးတိမ်ကိုစီး၍ အဲဂုတ္တပြည်သို့ ကြွတော်မူ၏၊ ဟူသော အယူကဲ့သို့ –ကိုယ်ခန္ဓာနှင့် တည်ဆောက်ထားသော ဘုရားဟု ထင်သာမြင်သာ ဖြစ်စေရန် ယူဆခြင်း ဖြစ်ပေသည်။ ကုရ်အာန် ကျမ်းတော်၏ တလျောက်လုံးတွင် ပြောသော ကံကြမ္မာရှင် ဆိုသည်မှာ ထိုသို့ မဟုတ်ချေ။ ကျမ်းတော်တွင်– ကံကြမ္မာရှင် ဟု ပြောတိုင်း– သက်ဆိုင်ရာ နာမ်စား သူ၏၊ သူမ ၏၊ သင် ၏၊ သင်မ၏၊ ကျွန်ုပ်၏၊ ကျွန်ုပ်တို့၏၊ သူတို့၏၊ သူမတို့၏၊ သင်တို့၏၊ သင်မတို့၏၊ လောက၏၊ ကမ္ဘာ၏၊ မိုးကောင်းကင်၏၊ စသည့် ပိုင်ဆိုင်မှုများ တွဲလျက် ရှိပေသည်။ ဆိုလိုသည်မှာ သက်ရှိဝတ္ထု၊ သက်မဲ့ဝတ္ထု အားလုံး– တစ်ခုချင်းစီ– တစ်ဦးချင်းစီ၏ ပြုလုပ်ကျင့်ဆောင်မှု အကျိုးဆက်အား ပြဋ္ဌာန်း နေသော၊ ပြဋ္ဌာန်းထားသော– ကံကြမ္မာ၏ ဇစ်မြစ်ပင် ဖြစ်ပေသည်။ ထို့ကြောင့် ဤသုတ်တော်တွင် ဥစ္စာပစ္စည်းကို အင်မ်းမရ ဖြစ်သော သူ၏ ကံကြမ္မာ အကျိုးဆက်အား စီရင်ချက်နှင့် ထိုစီရင်ချက်အား ကွပ်ကဲရန် တတ်သိပညာရှင်များ (ဥပဒေစီရင်ချက် ချမှတ်ခွင့် ရှိသူများ) (၇၉း၅) ရောက် ရှိလာမည်ဟု ဆိုလိုခြင်းသာ ဖြစ်၏။

(၁၁၆၂) ဤသုတ်တော်များသည် စိတ်ဘဝင်၏ သန္တိသုခရသအား ခံစားခွင့်ရသော အခိုက်အား ဖေါ်ပြခြင်း ဖြစ်သည်။ ထိုအဆင့်အား **နဒ္ဒဖ ဆိ မုတ္ထမာအိနာဟ် اَلنَّفْسُ الْمُطْمَئِنَّةُ** ဟု ခေါ်ဆိုကြောင်း ထိုအခိုက် (အတန့် ကာလ) သည် သေပြီးသည့်ကာလမှ ခံစားခွင့်ရခြင်း မဟုတ်ပေ။ ဤလောကီ သက်တမ်း၌ပင် ခံစား ခွင့်ရနိုင်သော အခွင့်ဖြစ်၍–စိတ်ကူးယဉ် နိယာမလည်း မဟုတ်ပေ။ စိတ်ဘဝင်ငြိမ်းလျက် စိတ်ချုပ်ငြိမ်းမှုဆိုက်မြိုက်ခြင်း ဖြစ်သည်။

ထိုဆိုက်မြိုက်မှု အာရုံအား ဆိုက်မြိုက်မှုရရန် အတွက် မည်သည့် ဉာဏ်သမာဓိမှ မရှိခဲ့သော မိရိုးဖလာ အစွဲ အမှောင်ထဲမှ လမ်းစဉ်များသို့ ကောက်ကောက်ပါအောင် လိုက်နေခြင်း၊ သို့မဟုတ် မိမိ၏ မိရိုးဖလာအစွဲအား နည်းမျိုးစုံဖြင့် မွမ်းမံ ကာကွယ်နေခြင်းများဖြင့် သန္တိသုခ အာရုံစျာန် ဆိုက်မြိုက်မည် မဟုတ်ဟု ကျမ်းတော်က သွန်သင်သည်။ "တင်းပြည့်ကျပ်ပြည့် အမှောင်ကျ အဝိဇ္ဇာစီးနေမှုများအား ပယ်သတ်လျက် (ပရမတ် ဘုရားရှင်) အလွှာဟ် က ပြဋ္ဌာန်းထားသော လောကနိယာမများအား ကျမ်းမြတ်ကုရ်အာန် သီအိုရီများဖြင့် ဖတ်နိုင်စေရန် ကြိုးစားလျက် မိမိ ဘဝ အား အာရုံတက် အလင်းထွက်စေရန် ပြုစုပေးခြင်းဖြင့် သန္တိသုခရသသို့ ခံစားရမည် ဖြစ်ကြောင်း အာမခံထားပေသည်။ ထိုရသအား ဆလာမတ် ဖြစ်သော ရသ ဟု မွတ်ဆလင် ဆရာတော်ကြီးများက ခေါ်ဆိုပေသည်။

ဓမ္မခန္ဓာ (၉၀) နေပြည်တော် (အလ်–ဘလာ့ဒ်)

ဥဇ္ဈာစဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၅)၊ သုတ်ဒေသနာ အပါး (၂၀)၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂုဏ် အကြင်နာဂုဏ် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁။]

၁။	**لَا أُقْسِمُ بِهَذَا الْبَلَدِ۞** အမှန်မှာ ဤနေပြည်တော်အား တိုင်တည်၍–[၁၁၅]
၂။	**وَأَنتَ حِلٌّ بِهَذَا الْبَلَدِ۞** သင့်အား တရားဝင်ဖြစ်စေမည့် ဤ နေပြည်တော်အားဖြင့်–
၃။	**وَوَالِدٍ وَمَا وَلَدَ۞** မွေးမိဘနှင့် ရင်သွေးတို့အားဖြင့်–
၄။	**لَقَدْ خَلَقْنَا الْإِنسَانَ فِي كَبَدٍ۞** မုချပင် ငါသည် လူသားကို လုံ့လစိုက်ရသော ဘဝဖြင့် ဖြစ်တည်စေ၏။
၅။	**أَيَحْسَبُ أَن لَّن يَقْدِرَ عَلَيْهِ أَحَدٌ۞** သူ့အား တစ်စုံတစ်ယောက်မျှ စည်းမကြပ်မတ်နိုင်ဟု သူ စိတ်ကူးယဉ်နေသလော။[၁၁၆ဝ]
၆။	**يَقُولُ أَهْلَكْتُ مَالًا لُّبَدًا۞** သူက ‘‘ကျွန်ုပ်သည် ဥစ္စာပစ္စည်း ပိုပိုလျှံလျှံ ဖြုန်းတီးနိုင်သည်၊’’ဟု ပြောဆိုလတ္တံ့။
၇။	**أَيَحْسَبُ أَن لَّمْ يَرَهُ أَحَدٌ۞** သူ့အား တစ်စုံတစ်ယောက်မျှ မမြင်ဟု သူ စိတ်ကူးယဉ်နေသလော။
၈။	**أَلَمْ نَجْعَل لَّهُ عَيْنَيْنِ۞** သူ့အား မျက်လုံးများကို ငါ စီစဉ်ပေးခဲ့သည် မဟုတ်လော။
၉။	**وَلِسَانًا وَشَفَتَيْنِ۞** နှတ်လျှာနှင့် နှစ်ခမ်းနှစ်ခုလည်း ပါစေ၏။

---

(၁၁၅) ဤသုတ်မှ ပြောသော နေပြည်တော် ဆိုသည်မှာ– ကိုယ်တော်ခေတ်ကာလက မဂ္ဂဟ်မြို့ကို ဆိုလိုပေသည်။ ကိုယ်တော့်အတွက် ထိုနေပြည်တော်သည် တရားဝင် ဖြစ်စေရမည်ဟု ကြိုတင် ကတိပေးခဲ့ခြင်း ဖြစ်ပေသည်။ အလ္လာဟ်အရှင်၏ ကတိတော်သည် မည်သည့်အခါတွင်မှ မမှားကြောင်းကို ကိုယ်တော်ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်တွေ့သွားခွင့် ရခဲ့ပေသည်။

(၁၁၆ဝ) ဤသုတ်တော်က ကိုယ်တော့်အား နေပြည်တော်မှ မောင်းထုတ်လိုက်သော အာဏာရှင်ကို ဆိုလိုခြင်း ဖြစ်ပေသည်။ မည်သူသည် အနိုင်ကျင့်သည် ဖြစ်စေ– မေတ္တာတရားဖြင့်၊ ခွင့်လွှတ်ခြင်းဖြင့် မနေမနား ကြိုးစားသော သူအား အချိန်တန်လျှင် နေရာဖယ်ပေးရသည်ပင်– ထိုအချက်ကို သုတ်တော် (၄)ပါ– ကိုယ်တော်အား မနေမနား ကြိုးစားရန် တိုက်တွန်းထားသော အချက်က ထောက်ပြထားပေသည်။

၁၀။	**وَهَدَيْنَاهُ النَّجْدَيْنِ۞** သူ့အား လျှောက်လမ်းနှစ်သွယ် ငါ ညွှန်ပေးထားသည် မဟုတ်လော။
၁၁။	**فَلَا اقْتَحَمَ الْعَقَبَةَ۞** အမှန်မှာ သူသည် ချုပ်ကိုင်ထားခြင်းကို စိတ်မပြတ်လို။[၁၁၆၁]
၁၂။	**وَمَا أَدْرَاكَ مَا الْعَقَبَةُ۞** ချုပ်ကိုင်ထားခြင်းဟူသည် အဘယ်နည်းဟု သင် မည်သို့ မှန်းဆနိုင်မည်နည်း။
၁၃။ ဖိနိုင်ခံများ	**فَكُّ رَقَبَةٍ۞** **ကျေးကျွန်** လွှတ်ပေးခြင်း ဖြစ်၏။
၁၄။	**أَوْ إِطْعَامٌ فِي يَوْمٍ ذِي مَسْغَبَةٍ۞** သို့မဟုတ် ကျွေးမွေးရမည်မှာ အလွန်ဆာလောင်သော နေ့ကာလ၌ –
၁၅။	**يَتِيمًا ذَا مَقْرَبَةٍ۞** မိဘမဲ့နှင့် ဆွေမျိုးနီးစပ်သူများ–
၁၆။	**أَوْ مِسْكِينًا ذَا مَتْرَبَةٍ۞** မြေယာလုပ်သော နွမ်းပါးသူများကို ဖြစ်၍–[၁၁၆၂]
၁၇။	**ثُمَّ كَانَ مِنَ الَّذِينَ آمَنُوا وَتَوَاصَوْا بِالصَّبْرِ وَتَوَاصَوْا بِالْمَرْحَمَةِ۞** တဖန် ယုံကြည်သူမှ ဖြစ်သူတို့အား သီးခံပါရမီကြီးရန် မှာကြားခြင်း၊ ကရုဏာသက်တတ်ရန် မှာကြားခြင်းတို့ ဖြစ်၏။
၁၈။	**أُولَئِكَ أَصْحَابُ الْمَيْمَنَةِ۞** သူတို့သည် လက်ယာရံ ပေါင်းဖော်များ ဖြစ်ကြ၏။
၁၉။	**وَالَّذِينَ كَفَرُوا بِآيَاتِنَا هُمْ أَصْحَابُ الْمَشْأَمَةِ۞** ငါ၏ သုတ်ဒေသနာတို့အား ဖုံးကွယ်သော သူ၊ သူတို့သည် လက်ဝဲ ပေါင်းဖော်များ ဖြစ်ကြ၏။
၂၀။	**عَلَيْهِمْ نَارٌ مُؤْصَدَةٌ۞** သူတို့အပေါ်၌ အပူမီးသည် ပိတ်ဆို့လျက် ရှိ၏။

(၁၁၆၁) **الْعَقَبَةَ** ကို ဆရာတော် အများစုက "ကုန်းတက်၊ ခက်ခဲစွာဖြတ်သန်းရသော တောင်ကြားလမ်း" ဟု ပြန်ဆိုကြသည်။ ကျွန်ုပ်၏ ပထမ အကြိမ် ဘာသာပြန်၌လည်း အစဉ်အလာ နားလည်မှု အတိုင်းပင် ဘာသာပြန်ခဲ့ပါသည်။ သို့သော် ကုရ်အာန်ပါ စာလုံးများ၏ အဘိဓာန် အားဖြင့် ပြန်လည် တည်းဖြတ်ခြင်းတွင် ရင်းမြစ် ب ق ع သည် အကြိမ်ပေါင်း ၈၀ ပါဝင်၍ အဓိပ္ပါယ်အားဖြင့် ချုပ်သည်၊ ချုပ်ငြိမ်းသည်၊ နိဂုံးချုပ်သည်၊ ချုပ်ငြိမ်းရန် အခက်အခဲများကို ကျော်ဖြတ်ရသည်ဟု ဖြစ်ပေသည်။ ဤသုတ်တော်တွင် ကျွန်စနစ်အား ချုပ်ကိုင်ထားခြင်းအား ဖြေလျှော့ပေးရန် စိတ်မပါခြင်းကို ဆိုလိုပေသည်။

(၁၁၆၂) ဤသုတ်တော်များတွင် အခက်အခဲလမ်း ဆိုသည်မှာ– ကျေးကျွန်များကို လွှတ်ပေးခြင်း၊ မိဘများများ၊ မြေယာလုပ်သား– ဆင်းရဲသား လယ်သမား၊ ယာသမား၊ အလုပ်ကြမ်းသမားများကို ကျွေးမွေးစောင့်ရှောက် ကူညီခြင်း ဖြစ်ကြောင်းကို သွန်သင်ထားပေသည်။ ထိုသူများ အနေဖြင့် အချင်းချင်းကိုလည်း သီးခံခြင်း စိတ်ရှိရန်– နားလည်စာနာတတ်ရန် တတ်အားသ၍ ပြောပြ နားချရမည် ဖြစ်သည်။ ထိုသို့ မပြုကျင့်သော သူများမှာ ကာဖယ်ရ် (ဖုံးကွယ်သူများ) ဖြစ်သည်ဟု သုတ်တော်– ၁၉ တွင် ဆိုထားပေသည်။

ဓမ္မခန္ဓာ (၉၁) နေမင်းသူရိယ (အလင်–ရှမ်းဆို)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၆)၊ သုတ်ဒေသနာ (၁၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁။]

၁။	**وَالشَّمْسِ وَضُحَاهَا۞** နေနှင့် သူ့ကိုယ်ပိုင်တောက်ပခြင်း အားဖြင့်–[၁၁၆၃]
၂။	**وَالْقَمَرِ إِذَا تَلَاهَا۞** လ သူမသည် သူ့ထံမှ ရောင်ပြန်လိုက်သောအခါ–[၁၁၆၄]
၃။	**وَالنَّهَارِ إِذَا جَلَّاهَا۞** နေ့ ၎င်းသည် သူ၏ တောက်ပရသောအခါ–
၄။	**وَاللَّيْلِ إِذَا يَغْشَاهَا۞** ည ၎င်းသည် သူ့အား လွှမ်းခြုံစေသောအခါ–
၅။	**وَالسَّمَاءِ وَمَا بَنَاهَا۞** ကောင်းကင်ယံနှင့် ၎င်း၏ တည်ဆောက်ခြင်း အားဖြင့်–
၆။	**وَالْأَرْضِ وَمَا طَحَاهَا۞** မြေကမ္ဘာနှင့် ၎င်းကို ပြန့်ထွက်စေခြင်း အားဖြင့်–
၇။	**وَنَفْسٍ وَمَا سَوَّاهَا۞** ဉာဉ်စရိုက်နှင့် ၎င်းအား ပုံစံချပေးခြင်း အားဖြင့်–
၈။ *ဉာဉ်စိတ်ပျံ့	**فَأَلْهَمَهَا فُجُورَهَا وَتَقْوَاهَا۞** သို့ဖြင့် **၎င်း** အား★ **ဖြာထွက်**မှုနှင့် စည်းစောင့်မှုအား အသိစိတ်သွင်းပေးခြင်း အားဖြင့်–
၉။	**قَدْ أَفْلَحَ مَن زَكَّاهَا۞** သန့်ရှင်းဖြူစင်သူသည် မုချ အောင်မြင်ပေါက်မြောက်လတ္တံ့။

(၁၁၆၃) **သိုဟား ဟော်** ၏ အနက်မှာ ကိုယ်ပိုင်ထွန်းလင်း တောက်ပသည်၊ အပူအလင်းထုတ်ရန် ကိုယ်ပိုင်တောက်ပသည် ဟု ဖြစ်၍ ဤသို့ ကိုယ်ပိုင်အလင်း၊ အပူ ထုတ်လုပ်ကြောင်းကို ကျမ်းမြတ်ကုရ်အာန်က လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ နီးပါးကပင် ပြောခဲ့ပြီးဖြစ်သည်။

(၁၁၆၄) **တလား ဟ်** သည် ရင်းမြစ် و ل ت မှ ဆင့်ပွင်း၍ "စာချပေးသည်၊ စာချပေးခြင်းကို **လိုက်ဆိုရသည်**" ဟူသော အသုံးဖြင့် ကျမ်းတော်တွင် ၆၂ ကြိမ်သုံးထာသည်။ ဤနေရာတွင် လ သည် နေ၏ – အပူအလင်းမှ ပြန်လည်ရောင်ပြန်ဟပ်၍ အလင်းထုတ်ရသည်ဟု အနက်ပေးပေသည်။

၁၀။	**وَقَدْ خَابَ مَن دَسَّاهَا۝** မသူတော်တို့ကား မုချ ကျဆုံးနစ်မြုပ်ရလတ္တံ့။
၁၁။	**كَذَّبَتْ ثَمُودُ بِطَغْوَاهَا۝** သမု–ဒ်တို့သည် စည်းဖျက်ခြင်းဖြင့်– ငြင်းဆန်ကြ၏။
၁၂။	**إِذِ انبَعَثَ أَشْقَاهَا۝** ကံအဆိုးဆုံးသူတို့သည် နိုးထရသောအခါ–[၁၁၆၅]
၁၃။ ☆ကုက္ခ	**فَقَالَ لَهُمْ رَسُولُ اللَّهِ نَاقَةَ اللَّهِ وَسُقْيَاهَا۝** သူတို့အတွက် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင်က “ပရမတ်ဘုရားရှင်၏ ကုလားအုပ်မအား–ရေသောက်ခွင့်ပေးရန်၊” ပြောဆိုသည်ကို–☆
၁၄။ ★ကုက္ခ	**فَكَذَّبُوهُ فَعَقَرُوهَا فَدَمْدَمَ عَلَيْهِمْ رَبُّهُم بِذَنبِهِمْ فَسَوَّاهَا۝** သူ့အား သူတို့ ငြင်းဆန်ကြလျက် သူမအား မျိုးအစေခြင်းကြောင့်★သူတို့အား ဖျက်သိမ်းပစ်၏၊ ကံကြမ္မာရှင်က သူတို့အား ပြစ်မှုဖြင့် အညီဖြစ်စေ၏။
၁၅။	**وَلَا يَخَافُ عُقْبَاهَا۝** ထိုသို့နိဂုံးချုပ်ခြင်းကို ကြောက်လန့်နေခြင်း မရှိချေ။

(၁၁၆၅) ကံအဆိုးဆုံး သူများ ဆိုသည်မှာ မတရားပြုကျင့်မှု အဆိုးဆုံးသူများကို ဆိုလို၍ သူတို့၏ ပြုကျင့်မှုကြောင့် ကံဆိုးရမည်ဟု ဆိုခြင်းဖြစ်သည်။

ဓမ္မခန္ဓာ (၉၂) ည (အလ်–လိုင်းလ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၅)၊ သုတ်ဒေသနာ (၂၁)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂုဏ် အကြင်နာဂုဏ် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁း၁

၁။	**وَاللَّيْلِ إِذَا يَغْشَى۞** ည ၎င်းအား လွှမ်းခြုံစေသော အခါ–
၂။	**وَالنَّهَارِ إِذَا تَجَلَّى۞** နေ့ ၎င်းအား တောက်ပစေသော အခါ–
၃။	**وَمَا خَلَقَ الذَّكَرَ وَالْأُنثَى۞** လိင်ဖို၊ လိင်မတို့အား ဖြစ်တည်စေသော အရာ အားဖြင့်–
၄။	**إِنَّ سَعْيَكُمْ لَشَتَّى۞** ဇကန်ပင် သင်တို့၏ လုံးပန်းမှုများကို မတူကွဲပြားစေ၏။
၅။	**فَأَمَّا مَن أَعْطَى وَاتَّقَى۞** လက်ဆောင်ပေးတတ်သူ– စည်းစောင့်သူ အတွက်မူ–
၆။	**وَصَدَّقَ بِالْحُسْنَى۞** သုမင်္ဂလာကို ဖြောင့်မှန်စေ၏။
၇။	**فَسَنُيَسِّرُهُ لِلْيُسْرَى۞** ငါသည် သူ့အား လွယ်ကူမှုဆီသို့ လွယ်ကူစေတော်မူပြီ။
၈။	**وَأَمَّا مَن بَخِلَ وَاسْتَغْنَى۞** ကပ်စီးနဲ့လျက် ကုံလုံပြည့်စုံပြီဟုထင်သူမှာမူ–
၉။	**وَكَذَّبَ بِالْحُسْنَى۞** သုမင်္ဂလာကို ငြင်းဆန်၏။
၁၀။	**فَسَنُيَسِّرُهُ لِلْعُسْرَى۞** ငါအရှင်သည် သူ့အား ခက်ခဲမှုဆီသို့ လွယ်ကူစေတော်မူပြီ။
၁၁။	**وَمَا يُغْنِي عَنْهُ مَالُهُ إِذَا تَرَدَّى۞** သူ၏ ကျရှုံးချိန်၌ သူ့ ဥစ္စာပစ္စည်းက သူ့အတွက် မပြည့်စုံစေတော့ချေ။

၁၂။	**إِنَّ عَلَيْنَا لَلْهُدَى۞** ဇကေန်ပင် လမ်းညွှန်ပေးခြင်းမှာ ငါ၏ ဝန်တာသာ ဖြစ်၏။
၁၃။	**وَإِنَّ لَنَا لَلْآخِرَةَ وَالْأُولَى۞** ဇကေန်ပင် နောင်ဘဝ၊ ရှေးဘဝတို့သည် ငါ့အပေါ်၌သာ တည်၏။
၁၄။	**فَأَنذَرْتُكُمْ نَارًا تَلَظَّى۞** သို့ဖြစ်၍ မီးညွှန့်တလူလူအကြောင်း သင်တို့အား သတိပေးတော်မူပြီ။
၁၅။	**لَا يَصْلَاهَا إِلَّا الْأَشْقَى۞** ယင်းသည် ကံဆိုးသူကိုသာ[၁၁၆၆] လောင်ကျွမ်းစေလတ္တံ့။
၁၆။	**الَّذِي كَذَّبَ وَتَوَلَّى۞** သူသည် ငြင်းဆန်၏၊ ထို့နောက် လှည့်သွား၏–
၁၇။	**وَسَيُجَنَّبُهَا الْأَتْقَى۞** စည်းအစောင့်ဆုံးသူတို့မှ ၎င်းကို ကင်းသန့်စေ၏။
၁၈။	**الَّذِي يُؤْتِي مَالَهُ يَتَزَكَّى۞** သူသည် ဥစ္စာပစ္စည်းအား ပေးလှူလျက် သန့်ရှင်းဖြူစင်စေ၏။
၁၉။	**وَمَا لِأَحَدٍ عِندَهُ مِن نِّعْمَةٍ تُجْزَى۞** သူ့ထံ၌ သူ့အား ဂုဏ်ပေး၍ အစားပေးမည့်သူ တစ်ယောက်မျှ မရှိဘဲလျက်–
၂၀။	**إِلَّا ابْتِغَاء وَجْهِ رَبِّهِ الْأَعْلَى۞** အထွဋ်အထိပ်ဖြစ်တော်မူသော ကံကြမ္မာရှင်၏ မျက်နှာသာပေးခံရခြင်းကိုသာ ရှာဖွေခဲ့၏။
၂၁။	**وَلَسَوْفَ يَرْضَى۞** သူ့အား မကြာမီ ကျေနပ်နှစ်သက်ရစေလတ္တံ့။

(၁၁၆၆) **الْأَشْقَى အဘိုးကား** ဆိုသည်မှာ စိတ်ညစ်ရသူ အကျင့်စာရိတ္တချိုးဖောက်သူ၊ ကတိသစ္စာအား ချိုးဖျက်သူ–ဟု အနက်ပေးပေသည်။

ဓမ္မခန္ဓာ (၉၃) တောက်ပခြင်း (အလ်–သုိဟာ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၁)၊ သုတ်ဒေသနာ (၁၁)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂုဏ် အကြင်နာဂုဏ် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**وَالضُّحَىٰ۞** နေတောက်ပ အားဖြင့်–
၂။	**وَاللَّيْلِ إِذَا سَجَىٰ۞** ည–ၚင်းကို အပေါ်ယံလွှမ်းကာခြင်း အားဖြင့်–
၃။	**مَا وَدَّعَكَ رَبُّكَ وَمَا قَلَىٰ۞** ကံကြမ္မာရှင်က သင့်အား လျစ်လျူရှုထားခြင်း မရှိ၊ ငြိုငြင်ခြင်းလည်း မရှိချေ။[၁၁၆၇]
၄။	**وَلَلْآخِرَةُ خَيْرٌ لَّكَ مِنَ الْأُولَىٰ۞** နောင်အဆင့်သည် သင့်အတွက် ပထမအဆင့်ထက် ပိုမိုကောင်းမွန်၏။[၁၁၆၈]
၅။	**وَلَسَوْفَ يُعْطِيكَ رَبُّكَ فَتَرْضَىٰ۞** ကံကြမ္မာရှင်က သင့်အား ကျေနပ်နှစ်သက်မှုကို လက်ဆောင်ပေးလတ္တံ့။
၆။	**أَلَمْ يَجِدْكَ يَتِيمًا فَآوَىٰ۞** အရှင်သည် သင့်အား မိဘမဲ့အဖြစ် တွေ့တော်မူ၍၊ ခိုလှုံရာ ပေးခဲ့သည် မဟုတ်လော။[၁၁၆၉]

(၁၁၆၇) သမိုင်းဆရာတို့၏ ဝါဒမှိုင်းနောက်သို့ လိုက်၍– ဆရာတော်ကြီး အများစုက ဤသုတ်တော်သည်– ကိုယ်တော်မုဟမ္မဒ်အား ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အဆက်ဖြတ်ထားပြီးမှ– ပြန်လည် ဉာဏ်စဉ်ကိန်းဝပ်ခြင်း ဖြစ်သောကြောင့် အလ္လာဟ်အရှင်က ကိုယ်တော်အား နှစ်သိမ့်သော သုတ်တော် ဖြစ်သည်ဟု မဆီမဆိုင် ရေးသားကြပေသည်။ ထိုရှင်းလင်းချက်များကို လိုက်၍– အစ္စလာမ် ဆန့်ကျင်ရေးသမားများက အလ္လာဟ် အရှင်က ကိုယ်တော့်အား စိတ်ကောက်နေသယောင် ရေးသားကြတော့သည်။ ဤသုတ်တော်ကို မည်သည့် ရှုဒေါင့်မှ ဖတ်သည် ဖြစ်စေ– ထိုဆရာတော်ကြီးများ ဖွင့်ဆို သကဲ့သို့ မဟုတ်ကြောင်းကို ရိုးရိုးရှင်းရှင်းပင် မြင်နိုင် တွေ့နိုင်ပေသည်။ ဤသုတ်တော်က ဆိုလိုချက်မှာ– မိရိုးဖလာ ည အမှောင်ကြီးသည် အမြဲပါးဖြင့် ဖုံးလွှမ်း တည်ငြိမ်နေခဲ့ပြီ (၁)– အလ္လာဟ်အရှင်က ကိုယ်တော့်အား မည်သည့် အခါတွင်မှ ပစ်ပယ်ထားခြင်း– ငြိုငြင်ခြင်းမရှိဟု– ကိုယ်တော်အပေါ်၌ မပြတ်မစဲ ကိန်းသက်နေသော လမ်းညွှန် ကရုဏာ၊ အဖုံဖုံကို အတည် ပြုပြောထားခြင်းသာ ဖြစ်ပေသည်။ ကိုယ်တော့်အား ဉာဏ်စဉ်ကိန်းဝပ်ပေးမှု ဖြတ်တောက်ထားခဲ့သည်ဟု မည်သည့် စကားလုံးကမှ ဆိုထားခြင်း မရှိချေ။

(၁၁၆၈) ကိုယ်တော်၏ အဆင့်သည်သည် တစ်ဆင့်ထက် တစ်ဆင့် မြင့်တက်လာရမည်၊ အစ္စလာမ် သာသနာ၏ အဆင့်သည် တစ်ဆင့်ပြီး တစ်ဆင့် မြင့်တက်ကောင်းမွန်လာရမည်ဟု အလ္လာဟ်အရှင်က ကတိတော် ပေးထားခြင်း ဖြစ်ပေသည်။ ထိုအချက်ကို သုတ်တော် (၅)မှ သင့်အား ကျေနပ် နှစ်သက်စေမည်ဟူသည့် ဝါကျက အတိအကျ ထပ်မံပြောဆိုပေသည်။

(၁၁၆၉) ကုရ်အာန်ကျမ်းသည် ပရမတ်ဘုရားရှင် ဖြစ်သော အလ္လာဟ်အရှင်၏ ထံတော်မှ တိုက်ရိုက် ဉာဏ်စဉ်ကိန်းဝပ်ပေးသော ကျမ်းဖြစ်ကြောင်း ဤသုတ်တော်များက သက်သေခံလျက် ရှိပေသည်။ ကိုယ်တော်မုဟမ္မဒ်သည် မိဘမဲ့ ကလေးဖြစ်သည်၊ ကိုယ်တော်၏ ခမည်းတော် အဗ္ဗဒ္ဒုလာဟ်မှာ ကိုယ်တော်အား မမွေးဘွားမီ သုံးလ အလိုတွင် ကွယ်လွန်သွားခဲ့သည်၊ မယ်တော် အမိနာမှာ ကိုယ်တော် အသက် ၆ နှစ်သာ၌ ကွယ်လွန်သွားခဲ့သည်။ အာရပ် လောကတွင် မိဘမဲ့သားသမီးများမှာ အလွန်မျက်နှာငယ်ရပေသည်။ သို့သော် ကိုယ်တော့်အား ဩဇာကြီးမားသော ဘိုးတော်

၇။	**وَوَجَدَكَ ضَالًّا فَهَدَىٰ۞** အရှင်သည် သင့်အား လွဲရှောင်နေခြင်း၌[၁၁၇] တွေ့တော်မူ၍၊ လမ်းညွှန်ခဲ့ပြီ မဟုတ်လော။
၈။	**وَوَجَدَكَ عَائِلًا فَأَغْنَىٰ۞** အရှင်သည် သင့်အား ချို့တဲ့မှု၌ တွေ့တော်မူ၍၊ ပြည့်စုံစေခဲ့ပြီ မဟုတ်လော။
၉။	**فَأَمَّا الْيَتِيمَ فَلَا تَقْهَرْ۞** မိဘမဲ့တို့အား အညှာနှံ့မကျိုးစေရန် အတွက်။[၁၁၈]
၁၀။	**وَأَمَّا السَّائِلَ فَلَا تَنْهَرْ۞** တောင်းခံလာသူတို့အား ခွန်းတုံ့မလှန်ရန် အတွက်၊[၁၁၉]
၁၁။	**وَأَمَّا بِنِعْمَةِ رَبِّكَ فَحَدِّثْ۞** ကံကြမ္မာရှင်၏ ဂုဏ်ပေးခြင်းဖြင့် ဆင့်ပြန်ကြလော့။[၁၂၀]

အဗ္ဗဒူ မိုတ္တာလာ့ဂ်ဗ် မှ မွေးစားခဲ့၍၊ နောင် ၂ နှစ်အကြာ ဘိုးတော် ဆုံးသွားသောအခါ– ဩဇာကြီးမားသော ဦးလေးတော် အဘူ တွာလာ့ဂ်ဗ်က မွေးစားခဲ့ပြန်သည်၊ ယခု ဤသုတ်ဒေသနာတော်အား ကိုယ်တော့်ထံသို့ ကိန်းဝပ်ကျရောက်နေသော အချိန်တွင် ကိုယ်တော်သည် ကုန်သည် သူဌေးကြီးဘဝကို ဖြတ်သန်းပြီးသည့် အပြင်– နောက်ဆုံးပွင့် ဉာဏ်စဉ်ဆောင်ဘွဲ့ကို ဆိုက်မြိုက်ဆွတ်ခူးနေချိန် ဖြစ်သည်။ သို့သော် လူသားအနေဖြင့် ကြည့်လျှင် ကိုယ်တော်၏– ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သည်ဟု ခံစားစရာ ဖြစ်သော "မိဘမဲ့ဘဝ"ဆိုသည်ကို ပြန်လည် ဖေါ်ပြနေပေသည်။ အမှန်တရားကို ဖွင့်ဟခြင်းကြောင့် သိက္ခာကျစေသည် ဟူသည့် မဆီမဆိုင် နိယာမကို အလွှာဟ်အရှင်က ဤသုတ်တော်အားဖြင့် ပါယ်ဖျက်ခြင်း ဖြစ်ပေသည်။ ကိုယ်တော် မုဟမ္မဒ်ကိုယ်တိုင် ပြန်လည် ရွတ်အံရသော ကုရ်အာန် ကျမ်းတော်၌ ဤသို့ပြန်လည် ဖေါ်ပြခြင်းကိုယ်တိုင်က ဤကျမ်းတော်သည် ကိုယ်တော် မုဟမ္မဒ်၏ လူသား သဘောထားနှင့် တည်းဖြတ် ပြုပြင်ထားသော ကျမ်း မဟုတ်ကြောင်းကို ခိုင်မာစွာ သက်သေ ပြလျက် ရှိတော့သည်။

(၁၁၇၀) ضَالًّا သွလ ဆိုသည်မှာ မူလ လမ်းကြောင်းတစ်ခုမှ လွဲချော်ခြင်း၊ လွဲရှောင်ခြင်း၊ ဆိုသည့် အဓိပ္ပါယ်ကိုပေးကြောင်း ကျမ်းတော် တစ်အုပ်လုံးတွင် များစွာသော နေရာများ၌ ဖေါ်ပြထားပေသည်။ ဤနေရာ၌ ကိုယ်တော် မုဟမ္မဒ်သည် သူ့လူမျိုးတို့၏ မိရိုးဖလာတည်းဟူသော မူလလမ်းကြောင်းမှ လွဲရှောင်လျက်– တရားစစ် တရားမှန်ကို ရရှိရန်ကြိုးစားနေချိန်ကို ဖေါ်ပြသည်။ ကိုတော်သည် လမ်းလွဲနေသူ မဟုတ်ချေ၊ (၅၃း၂)။ မိရိုးဖလာ လမ်းကြောင်းမှ ရှောင်ထွက်နေသူသာ ဖြစ်ပေသည်။ ထိုသို့လုံလုံလပြုနေသောကြောင့် ပရမတ်ဘုရားရှင် ဖြစ်သော အလွှာဟ်အရှင်က လောကဓမ္မ စစ်စစ်၊ လမ်းမှန်သို့ ညွှန်ကြားခဲ့သည်၊ လမ်းမှန်ကို ရစေခဲ့သည်ဟု ဆိုပေသည်။

(၁၁၇၁) မိဘမဲ့တို့အား ကိုယ်တော်က နှိပ်စက်ညှင်းပန်း၊ အညှာနှံ့ချိုးနေ၍– အလွှာဟ်အရှင်က တားမြစ်ရခြင်း မဟုတ်ချေ။ **تَقْهَرْ** မှာ ရင်းမြစ် ر ه ق မှ ဆင့်ပွားခြင်း ဖြစ်၍ "ဖုံးခြာ၊ အမြင့်ဆုံးမှထီးတော်" ဟု ဖြစ်သည်၊ မိဘမဲ့တို့၏ ဘဝနိမ့်ကျ နွမ်းပါးနေရခြင်းမှ အုပ်ချုပ်သူတို့၏ ဥပဒေပြဋ္ဌာန်းမှု ညံ့ဖျင်းသောကြောင့် ဖြစ်ကြောင်း – သို့ဖြစ်၍ ကိုယ်တော်သည် အုပ်ချုပ်သူ ဖြစ်လာသော အချိန်တွင် မိဘမဲ့တို့အား ဥပဒေအရ အကာအကွယ်ပေးရန် ပညတ်ခြင်း ဖြစ်ပေသည်။ ဤ ဥပဒေသည် အစွလာမ် သာသနာဝင် အားလုံးနှင့် သက်ဆိုင်ပေသည်။

(၁၁၇၂) ဤသုတ်တော်မှ **السَّائِلَ ဆာလ်အေလ** ဆိုသည်မှာ သူတောင်းစား တစ်မျိုးတည်းကို ဆိုလိုခြင်း မဟုတ်ချေ၊ ရသင့်ရထိုက်သော လူ့အခွင့်အရေးကို တောင်းဆိုသူများလည်း အကြုံးဝင်ပေသည်။ တရားမျှတသော အခွင့်အရေးကို တောင်းဆိုလာခဲ့လျှင် ဖြစ်နိုင်ချေ အရှိဆုံးကို ညှိနှိုင်းဆောင်ရွက် ပေးရမည် ဖြစ်သည်။

(၁၁၇၃) ထိုသို့တရားမျှတသော ဥပဒေများကို ချမှတ်ပေးခြင်းမှာ လောကခပ်သိမ်း၏ ကံကြမ္မာရှင်၊ ပရမတ်ဘုရားရှင်သာ ဖြစ်ကြောင်းကို ရင့်ကျူးရေးသော သတ္တိများ ရှိရပေမည်။

ဓမ္မခန္ဓာ (၉၄) ကျယ်ဝန်းစေခြင်း (အလ်-အင်ရှေရာ့ဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၂)၊ သုတ်ဒေသနာ (၈)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။	**أَلَمْ نَشْرَحْ لَكَ صَدْرَكَ۞** ငါသည် သင်၏ ရင်ကို ကျယ်ဝန်းစေပြီ မဟုတ်လော။[၁၁၇၄]
၂။	**وَوَضَعْنَا عَنكَ وِزْرَكَ۞** သင့်ထံမှ ဝန်ထုပ်ကို လျှော့ချပေးခဲ့ပြီ။
၃။	**الَّذِي أَنقَضَ ظَهْرَكَ۞** ယင်းသည် သင်၏ ကျောကို ချိုးဖေါက်မတတ်ပင်။
၄။	**وَرَفَعْنَا لَكَ ذِكْرَكَ۞** သင့်အား သတိတရရှိစေရန် ငါအရှင် မြှောက်စားခဲ့ပြီ။
၅။	**فَإِنَّ مَعَ الْعُسْرِ يُسْرًا۞** သို့ဖြင့်၊ ဇကန်ပင်– အခက်အခဲ နှင့်အတူ လွယ်ကူမှုသည် ရှိ၏။
၆။	**إِنَّ مَعَ الْعُسْرِ يُسْرًا۞** ဇကန်ပင်– အခက်အခဲ နှင့်အတူ လွယ်ကူမှုသည် ရှိ၏။
၇။	**فَإِذَا فَرَغْتَ فَانصَبْ۞** သို့ဖြစ်၍– စိတ်တော်လှန်ရေးလုပ် သောအခါ အားတင်းထားလော့။[၁၁၇၅]

(၁၁၇၄) သင်၏ရင်ကို ကျယ်ဝန်းစေပြီ– ဆိုသည်မှာ နှလုံးသားတံခါးကို ဖွင့်ပေးလေပြီဟု ဖြစ်ပေသည်။ မိမိနှင့် ဆန့်ကျင်သော်လည်း အမှန်တရား ဖြစ်က အချိန်မရွေး၊ မျက်နှာမထောက် လက်ခံရဲသော သတ္တိကို ဖြစ်ပေါ်စေခြင်း ဖြစ်ပေသည်။ ကိုယ်တော်မုဟမ္မဒ်သည် ကျွန်ုပ်တို့၏ စံနမူနာဖြစ်သော ကြောင့် ကျွန်ုပ်တို့သည်လည်း ကိုယ်တော်၏ နောက်လိုက်ကောင်းများ ပီသလိုက နှလုံးသား တံခါးကို ဖွင့်ထားရမည်ပင်။

(၁၁၇၅) فَرَغْتَ فَانْصَبْ ဝါကျအား ဆရာတော်ကြီးများက "အားလပ်နေသော အခါ ဝတ်ပြုအားထုတ်လော့" ဟု ဘာသာပြန်ကြသည်ကိုလည်း တွေ့နိုင်ပါသည်။ ဤ ဝါကျမှ فَرَغْتَ သည် ရင်းမြစ် ف ر غ ဖြစ်၍ ကျမ်းတော်တွင် ၆ ကြိမ်သုံးထားကာ အားလပ်သည့် (အချိန်) သဘောကို မဆောင်ဘဲ အားဖြည့်သည် အင်အားသဘောကိုသာ ပြောခြင်း ဖြစ်သည်။ ၅၃း၃၁ တွင် ကြည့်ပါ။ فَانْصَبْ သည် نَصْب မှ ဖြစ်၍ ရင်းမြစ် ب ص ပ ဖြစ်သည်။ ကျမ်းတော်တွင် ၃၂ ကြိမ် ပါဝင်၍ ခိုင်ခိုင်မာမာတည်ဆောက်သည်။ အလွန်အပင်ပန်းခံ၍လုပ်သည်။ အပင်ပန်းခံ၍လုပ်ထားသော အရာ၏ ခွဲတမ်း ရပိုင်ခွင့်နှင့် (ကျမ်းစာ၏) တစ်စိတ်တစ်ပိုင်း– ဟူသောနေရာများတွင် သုံးသည်ကို တွေ့ရသည်။ ထို့ကြောင့် ဤဘာသာပြန်တွင် –အင်အားပြည့်နေစဉ် စိတ်တော်လှန်ရေးလုပ်လော့–ဟု ပြန်ဆိုခြင်း ဖြစ်ပါသည်။ ကိုယ်တော်သည် အချိန်နှင့်အမျှ ဝန်ပိနေသူ ဖြစ်သော်လည်း– အချိန်ရလျှင် ရသလို အကျင့်ဘာဝနာ ကျင့်ဆောင်ခြင်း၊ မိမိစိတ်ကို ကောင်းမှုဆီသို့ အမြဲပြုပြင်၍ နေခြင်း–များကို ဆိုလိုပေသည်။ လူသားသည် မိမိ၏ အကျင့်စရိုက်များကို အလျှင် မပြုပြင်ဘဲ–သူတစ်ပါးအား ပြုပြင်ရန် တိုက်တွန်းနေခြင်း၊ တောင်းဆိုနေခြင်းကို အစွလာမ်သာသနာက မလိုလား ကြောင်း ကိုယ်တော်မုဟမ္မဒ်ကိုယ်တိုင် သက်သေပြနေရခြင်း ဖြစ်ပေသည်။

၈။	وَإِلَى رَبِّكَ فَارْغَبْ۝ ကံကြမ္မာရှင် ဆီသို့သာ ဦးစားပေးကြလော့။

ဓမ္မခန္ဓာ (၉၅) ပညောင်သီး (အလ်–တီးန်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၈)၊ သုတ်ဒေသနာ (၈)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂုဏ် အကြင်နာဂုဏ် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**وَالتِّينِ وَالزَّيْتُونِ۝** ပညောင်သီး၊ သံလွင်သီး အားဖြင့်–[၁၁၇၆]
၂။	**وَطُورِ سِينِينَ۝** ဆိုင်းနိုင်း တောင်အားဖြင့်–
၃။	**وَهَذَا الْبَلَدِ الْأَمِينِ۝** ဤ ယုံကြည်စိတ်ချရသော နေပြည်တော် အားဖြင့်–
၄။	**لَقَدْ خَلَقْنَا الْإِنسَانَ فِي أَحْسَنِ تَقْوِيمٍ۝**

(၁၁၇၆) ဤသုတ်တော်များ၌ ပညောင်သီး၊ သံလွင်သီး၊ သိန (ဆိုင်းနိုင်း)တောင်၊ ဘေးကင်းလုံခြုံသော နေပြည်တော် ဟု– တိုင်တည်ကာ ပြောဆိုထားပေသည်။ ဤနေရာ၌ သံလွင်သီး ဆိုသည်မှာ သံလွင်ပင်ပေါက်ရာ အရပ်ကို ကိုယ်စားပြု၍– ကိုယ်တော် ယေရှုအားလည်းကောင်း၊ သိန (ဆိုင်းနိုင်း)တောင်– ဆိုသည်မှာ ထိုတောင်တော်ကို ကိုယ်စားပြု၍ ပွင့်ပေါ်သော ကိုယ်တော် မူဆာအားလည်းကောင်း၊ ဘေးကင်းလုံခြုံသော နေပြည်တော်ဆိုသည်မှာ– ဘေးမဲ့ဝတ်ကျောင်းတော် ရှိရာ မဂ္ဂဘဟ်မြို့ကို ကိုယ်စားပြု ပွင့်ပေါ်သော ကိုယ်တော်မုဟမ္မဒ်အားလည်းကောင်း သက်သေတည်၍– လောကအပေါင်း၏ မဟာစံပြခေါင်းဆောင်ကြီးများသည် လူသားထဲမှပင် ပွင့်ပေါ်ခဲ့ကြောင်း ထောက်ပြလျက်– လူသားကို အကောင်းဆုံး ပုံစံဖြင့် ဖြစ်တည်စေခဲ့ကြောင်းကို ပြောဆိုခြင်း ဖြစ်ပေသည်။ ဤနေရာ၌ လေ့လာရန်မှာ **တီးန်** ဟုခေါ်သော ပညောင်ပင် သို့မဟုတ် သင်္ဘောသဖန်းပင် ဆိုသည်မှာ မည်သူ့အား ကိုယ်စားပြုသနည်းဟူ၍ပင်–အချို့သော ဆရာတော်များက–သမ္မာကျမ်း– ရှင်မဿဲ အခန်း ၂၁ ပါ၊ ယေရှုနှင့် သင်္ဘောသဖန်းပင် ပတ်သက်ပုံကို ထောက်ပြ၍– ဂျူးလူမျိုးတို့၏ လွှမ်းမိုးအုပ်ချုပ်ခြင်းနှင့် ထိုအုပ်ချုပ်မှု အာဏာအား နောက်ထပ် အသီးသီးသော လူမျိုးအား လွှဲပြောင်းပေးရမည့် လက္ခဏာရပ်ကို ဆိုလိုသည်ဟု (မဿဲ ၂၁း၄၃) ဖွင့်ဆိုပေသည်။ သို့သော် ဤနေရာ၌မူ– သံလွင်သီး၊ သိနတောင်၊ နေပြည်တော်တို့မှာ ဉာဏ်စဉ်တော်ဆောင်များကို ကိုယ်စားပြုပြောဆို၍– ပညောင်သီး သို့မဟုတ် သင်္ဘောသဖန်းသီး တစ်မျိုးတည်းသာလျှင် လူမျိုးတစ်မျိုးအား ကိုယ်စားပြုသည် ဆိုခြင်းမှာ အားနည်းသော ရှုဒေါင့် ဖြစ်သည်ဟု သုံးသပ်နိုင်ပေသည်။ **တီးန်** ဟူသော စကားလုံးအား သမ္မာကျမ်းစာပါ ဘာသာပြန်နောက်သို့ လိုက်လျက်– သင်္ဘောသဖန်းသီးဟု ပြန်ဆိုခြင်းမှာ လွန်စွာ အားနည်းပေသည်။ ယင်းသည် မြန်မာလူမျိုးများ နားလည်ထားသော သဖန်းပင်မှ အသီး မဟုတ်ချေ။ **တီးန်** ဟူသည် သဖန်းသီးကဲ့သို့ သီးသော ညောင်ပင် မျိုးနွယ် အပင် ဖြစ်ပေသည်။ သံလွင်ပင်– သံလွင်သီးသည် သံလွင်ပင်ပေါက်ရာ အရပ်မှ ပွင့်ပေါ်သော ယေရှုအား ကိုယ်စားပြုကဲ့သို့– ပညောင်သီး– ဆိုသည်မှာလည်း ပညောင်ပင်ပေါက်ရာအရပ် ဖြစ်သော အန္ဒိယတိုက်ငယ်မှ ပွင့်ပေါ်ရာ ဉာဏ်စဉ်ဆောင်များအား ကိုယ်စားပြုသည်ဟူ၍ ဖြစ်နိုင်ပေသည်။ ဂျူးလူမျိုးတို့ကို ကိုယ်စားပြုသော သင်္ဘောသဖန်း ဆိုသည့် ရှုဒေါင့်မှ စဉ်းစားလျှင်လည်း– သမ္မာကျမ်းစာ လုကာ ၁၉း၄၁–၄၄ တွင် ဂျူးလူမျိုးများသည် ကမ္ဘာအရပ်ရပ်သို့ ပြန့်သွားခဲ့သည်ဟု ရေးသားထားပေသည်။– ထိုသို့ပြန့်သွားသော ဂျူးလူမျိုးများသည် အိန္ဒိယပြည်မြောက်ပိုင်းသို့လည်း ရောက်ရှိလာခဲ့ပေသည်။ ယနေ့အချိန်အထိ– ယခင်က ဂန္ဓရ ဟုခေါ်သည့် အာဖဂန်နှင့် ပါကစ္စတန်ဒေသများ၊ ယခင်က သာဝတ္ထိသတီဟုခေါ်သည့် ကရှမီးယားဒေသများနှင့် အိန္ဒိယ မြောက်ပိုင်း– မိမိကိုယ်မိမိ လူမျိုးကြီးဟု ခံယူသည့် လူမျိုးအားလုံးသည် ဂျူးမျိုးနွယ် ၁၂ နွယ်အနက် ဂျူးမျိုးနွယ်စု ၁၀ ခုမှ ပြန့်ပွားလာခြင်း ဖြစ်ပေသည်။ ယနေ့အချိန်အထိ– အာဖဂန်လူမျိုးနှင့် ပါကစ္စတန်မြောက်ပိုင်း လူမျိုးတို့သည် သူတို့ကိုယ်သူတို့ ဘနီးအစ္စရိုင်းလ်– အစ္စရေးလ်လူမျိုး သို့မဟုတ် ဂျူးလူမျိုးဟု ပြောဆို သုံးစွဲနေဆဲ ဖြစ်ပေသည်။ ၂၀၀၆ ခုနှစ်မှ အာဖဂန်ရှိ နောက်ဆုံးဂျူးဟူသည့် သတင်းတွင်ပင် ထိုအကြောင်းအရာကို ရေးသား ဖေါ်ပြခဲ့ပေသည်။ သို့ဖြစ်၍ တီးန် ပညောင်ပင် ကိုယ်စားပြုခြင်းမှာ အိန္ဒိယမြောက်ပိုင်းမှ ပွင့်ပေါ်သည့် ဉာဏ်စဉ်ဆောင်များမှ ပညောင်ပင် (ညောင်ဗောဓိ) အမှတ်သညာဖြင့် ပွင့်ပေါ်သော ဉာဏ်စဉ်ဆောင်အား ကိုယ်စားပြုဖေါ်ပြခြင်းမှာ ဖြစ်နိုင်ဘွယ် အရှိဆုံးပင်။

	မုချပင် ငါသည် လူသားအား အတင့်တယ်ဆုံးသော ရပ်တည်ချက်ရှိရန် ဖြစ်တည်စေခဲ့၏။
၅။	**ثُمَّ رَدَدْنَاهُ أَسْفَلَ سَافِلِينَ ۞** တဖန် ငါသည် သူ့အား နိမ့်ပါးသော အနိမ့်ဆုံးသို့ ပြန်ပို့ခဲ့၏။[၁၁၇]
၆။	**إِلَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَلَهُمْ أَجْرٌ غَيْرُ مَمْنُونٍ ۞** သို့သော် ယုံကြည်လျက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသော သူများ မပါချေ။ သူတို့အတွက် မျက်နှာမပျက်ရသော ဆုလဒ် ရှိ၏။
၇။	**فَمَا يُكَذِّبُكَ بَعْدُ بِالدِّينِ ۞** သို့ဖြင့် သာသနာထွန်းတောက် ပြီးနောက် သင့်အား မည်သူက ငြင်းဆန်နိုင်အံ့နည်း။
၈။	**أَلَيْسَ اللَّهُ بِأَحْكَمِ الْحَاكِمِينَ ۞** ပရမတ်ဘုရားရှင်သည် ဓမ္မသတ်ချမှတ်ခြင်း၌ ဓမ္မသတ်ချုပ် မဟုတ်သလော။

---

(၁၁၇) ဝေနေယျသတ္တဝါတို့တွင် လူသားအား အဆင့်အမြင့်ဆုံးမှ ဖြစ်တည်ပေးထားသော်လည်း လူသားသည် မိမိ၏ ကျင့်ဆောင်ပြုလုပ်မှုများဖြင့် အဆင့် အနိမ့်ဆုံးသို့ ရောက်အောင် ပြုလုပ်တတ်ကြောင်းများကို ဤသုတ်တော်က ထောက်ပြထားပေသည်။

ဓမ္မခန္ဓာ (၉၆) သွေးခဲဥ (အလ်–အလာ့က်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁)၊ သုတ်ဒေသနာ (၁၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂုဏ် အကြင်နာဂုဏ် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**اقْرَأْ بِاسْمِ رَبِّكَ الَّذِي خَلَقَ۞** ကံကြမ္မာရှင်၏ ဂုဏ်တော်အားဖြင့် ရွတ်ဖတ်လော့၊ အရှင်သည် ဖြစ်တည်စေတော်မူ၏။[၁၁၇၈]
၂။	**خَلَقَ الْإِنسَانَ مِنْ عَلَقٍ۞** လူသားကို သွေးမျှင်တန်းမှ ဖြစ်တည်စေတော်မူ၏။
၃။	**اقْرَأْ وَرَبُّكَ الْأَكْرَمُ۞** ကျက်သရေအရှိဆုံးသော ကံကြမ္မာရှင်အားဖြင့် ရွတ်ဖတ်လော့။
၄။	**الَّذِي عَلَّمَ بِالْقَلَمِ۞** အရှင်သည် ကလောင်တံအားဖြင့် သင်ကြားပေး၏။
၅။	**عَلَّمَ الْإِنسَانَ مَا لَمْ يَعْلَمْ۞** လူသားအား မသိခဲ့ရာမှ သင်ကြားပေး၏။[၁၁၇၉]
၆။	**كَلَّا إِنَّ الْإِنسَانَ لَيَطْغَى۞** အမှန်မှာ– လူသားသည် စည်းဖျက်လေ့ရှိသည်မှာ–
၇။	**أَن رَّآهُ اسْتَغْنَى۞** သူ့ကိုယ်သူ ကုံလုံပြည့်စုံသည်ဟု မြင်သောကြောင့် ဖြစ်၏။
၈။	**إِنَّ إِلَى رَبِّكَ الرُّجْعَى۞** ဇကေန်ပင် အပြန်ခရီးမှာ ကံကြမ္မာရှင်၏ ထံသို့ပင်။

(၁၁၇၈) သမိုင်းအရ ဤသုတ်တော်သည် ကိုယ်တော်မုဟမ္မဒ်၏ ပထမဦးဆုံး ရရှိသော ဥာဏ်စဉ်သိ ပညတ်တော် ဖြစ်၏။ ကိုယ်တော်သည် စာပေသမား မဟုတ်ချေ (၇း၁၅၇)။ သို့ဖြစ်၍ မည်သည့် စာရေးဆရာတို့၏ အာဘော်လောင်းရိပ်မှ မိခဲ့ခြင်း မရှိချေ။ သို့ဖြစ်၍ ကိုယ်တော့်ထံသို့ ကိန်းဝပ်သော ဥာဏ်စဉ် ပညတ်များမှာ– ကိုယ်တော့်နှလုံးသား၌ တံဆိပ်ရိုက်ပေး သကဲ့သို့ စွဲထင်သွားသော အသိပညတ်များ ဖြစ်၍– ထိုဥာဏ်စဉ်အား ပြန်လည် ရွတ်အံခြင်းသာ ဖြစ်ပေသည်။ ကိုယ်တော်မှ တစ်ဆင့် ကြားနာရသူများ အတွက် စာအံပေးခြင်း ဖြစ်ပေသည်။ သို့ဖြစ်၍ ဤကျမ်းကိုလည်း စာအံကျမ်း သို့မဟုတ် ကုရ်အာန်ကျမ်းတော်ဟု ခေါ်ဆိုခြင်း ဖြစ်ပေသည်။ ကိုယ်တော်သည် လူသားတို့၏ အကူအညီဖြင့်သော်လည်းကောင်း– ဆရာတော်ကြီးများ ပြောဆိုသကဲ့သို့ ကောင်းကင်တမန်တော်၏ အကူအညီဖြင့် သော်လည်းကောင်း ဤပညတ်များကို ရွတ်အံခြင်း မဟုတ်ဘဲ– ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်၏ တိုက်ရိုက် ကူညီစောင့်မခြင်းအားဖြင့်သာ ရွတ်အံခြင်း ဖြစ်ကြောင်း– သုတ်တော် (၃)ပါ ကျက်သရေမင်္ဂလာ အရှိဆုံးသော ကံကြမ္မာရှင်**အားဖြင့်** ရွတ်အံလော့– ဟူသော စကားက သက်သေပင် ဖြစ်ပေသည်။

(၁၁၇၉) ဤ ကုရ်အာန်အား စတင်ချမှတ်ပေးသည့် အချိန်မှပင် ပညာသည် အရေးကြီးကြောင်း လူသားအား သွန်သင်ချက် ဖြစ်သည့် "လူသားအား ကလောင်တံအားဖြင့် သင်ကြားပေး၏၊ မသိခဲ့ရာမှ သင်ကြားပေး၏။"ဟု ဆိုထားပေသည်။

၉။	**أَرَأَيْتَ الَّذِي يَنْهَى۞** သင် မြင်တွေ့ပြီလော–သူ ဟန့်တားနေသည်မှာ–
၁၀။ ☆၂း၃	**عَبْدًا إِذَا صَلَّى۞** အမှုတော်ဆောင်က မေတ္တာဓိဌာန်ပြုသောအခါ☆–။
၁၁။	**أَرَأَيْتَ إِن كَانَ عَلَى الْهُدَى۞** သင် မြင်တွေ့သလော– သူသည် လမ်းညွှန်၌ ရှိသည်ဟု–
၁၂။	**أَوْ أَمَرَ بِالتَّقْوَى۞** သို့မဟုတ် စည်းစောင့်ရန် ညွှန်ကြားနေသည်ဟု။
၁၃။	**أَرَأَيْتَ إِن كَذَّبَ وَتَوَلَّى۞** သင် မြင်တွေ့ပြီလော–သူသည် ငြင်းဆန်၏၊ ထို့နောက် လှည့်သွား၏၊–
၁၄။	**أَلَمْ يَعْلَمْ بِأَنَّ اللَّهَ يَرَى۞** ပရမတ်ဘုရားရှင်သည် မြင်တွေ့နေသည်ဟု သူ မသိခဲ့သလော။
၁၅။	**كَلَّا لَئِن لَّمْ يَنتَهِ لَنَسْفَعًا بِالنَّاصِيَةِ۞** အမှန်မှာ– သူသည် မရပ်စဲလျှင်၊ ငါသည် သူ၏ ငယ်ထိပ်ကို ဆွဲဆောင့်လတ္တံ့။[၁၁၈၀]
၁၆။	**نَاصِيَةٍ كَاذِبَةٍ خَاطِئَةٍ۞** ငြင်းဆန်သူ၊ မှားပြစ်ရှိသူ၏ ငယ်ထိပ်ပင် ဖြစ်၏။
၁၇။	**فَلْيَدْعُ نَادِيَه۞** ထိုအခါ၊ သူ့အား ဖိတ်ကြားခံများကို ဖိတ်စေလော့။[၁၁၈၁]
၁၈။	**سَنَدْعُ الزَّبَانِيَةَ۞** ငါသည် သူရဲကောင်းတပ်ကို ဖိတ်ခေါ်လတ္တံ့။[၁၁၈၂]
၁၉။	**كَلَّا لَا تُطِعْهُ وَاسْجُدْ وَاقْتَرِبْ۞** အမှန်မှာ– သူ့အား မနာခံလင့်။[၁၁၈၃] ဦးချလျက် အပါးတော်သို့ ချဉ်းကပ်လော့။

(၁၁၈၀) **နားဆွဲယတ်ဟ်** ဆိုသည်မှာ ငယ်ထိပ်၏ ရှေ့ပိုင်းကို ခေါ်ပေသည်။ လူသားတို့၏ မကောင်းသော အကြံအစည်များကို ထုတ်လုပ်ပေးသည့် အစိတ်အပိုင်း ဖြစ်သည်ဟု ဆိုပေသည်။ ထိုအချက်ကို ယခုခေတ် ဆေးသိပ္ပံပညာရှင်များက အကြွင်းမဲ့ လက်ခံရလေပြီ။

(၁၁၈၁) **နားဒီယာတ်** ဆိုသည်မှာ တိုင်းပြည်၏ အရေးအကြီးဆုံး ညီလာခံဟု ဖြစ်သော **ဒါရိုလ် နဒ္ဝ်ဝါ** ဆိုသည့် စကားလုံး **နဒ္ဝ်ဝါ** နှင့် ရင်းမြစ်တူ စကားလုံး ဖြစ်သည်– ထို့ကြောင့် အရေးပေါ်ညီလာခံဟု ပြန်ဆိုခြင်း ဖြစ်ပါသည်။

(၁၁၈၂) **ဇဘာနီးယတ်** ဆိုသည်မှာ သွက်လက်ဖျတ်လတ်သော လူငယ်လူရွယ်များ စုပေါင်းထားသော တပ်အင်အားစုဟု ဖြစ်သည်။ တနည်းအားဖြင့် မျိုးဆက်သစ် အင်အားစုများ ဖြစ်ပေသည်။

(၁၁၈၃) သုတ်တော်တွင် သူ့အား မနာခံလင့်၊ ဆိုသော ဝါကျနှင့် ဦးချလျက် အပါးတော်သို့ ချဉ်းကပ်လော့ ဟူသော ဝါကျမှာ သီးခြားဝါကျ ဖြစ်သည်။ သူအား မနာခံလင့် ဆိုသည်မှာ မိမိကိုယ်မိမိ မာန်တက်ထောင်လွှားနေသော သူအား မနာခံလင့်ဟု ဖြစ်၍၊ ဦးချလျက် အပါးတော်သို့ ချဉ်းကပ်လော့ ဆိုသည်မှာ ပရမတ်ဘုရားရှင်အား ဦးချလျက် အရှင့်ဥပဒေများအား အတတ်နိုင်ဆုံး နီးကပ်သည်ထက် နီးကပ်ရန် ကြိုးပန်းလေ့ဟု ဖြစ်ပေသည်။

ဓမ္မခန္ဓာ (၉၇) ဖွဲ့စည်းပုံ (အလံ–ကာ့ဒ်ရှိ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၅)၊ သုတ်ဒေသနာ (၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂုဏ် အကြင်နာဂုဏ် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**إِنَّا أَنزَلْنَاهُ فِي لَيْلَةِ الْقَدْرِ ۞**
ကုရ်အာန်	ငါအရှင်သည် **ရှင်း**ကို ဖွဲ့စည်းပုံပြဋ္ဌာန်းသည့် ညဉ့်[၁၁၈၄] ချမှတ်ပေးတော်မူ၏။
၂။	**وَمَا أَدْرَاكَ مَا لَيْلَةُ الْقَدْرِ ۞**
	ဖွဲ့စည်းပုံပြဋ္ဌန်းသည့် ညဟူသည် အဘယ်နည်းဟု သင် မည်သို့ မှန်းဆနိုင်မည်နည်း။
၃။	**لَيْلَةُ الْقَدْرِ خَيْرٌ مِّنْ أَلْفِ شَهْرٍ ۞**
	ဖွဲ့စည်းပုံပြဋ္ဌာန်းသည့် ညသည် လပေါင်း တစ်ထောင်ထက် ပို၍ ကောင်းမြတ်၏။[၁၁၈၅]
၄။	**تَنَزَّلُ الْمَلَائِكَةُ وَالرُّوحُ فِيهَا بِإِذْنِ رَبِّهِم مِّن كُلِّ أَمْرٍ ۞**
	ကံကြမ္မာရှင်၏ ခွင့်ပြုချက်ဖြင့် ညှနကြားချက် ကိုယ်စီအတွက် နိမိတ်ဆောင်များနှင့် ဉာဏ်စဉ်တော်အား ထိုဦ ချမှတ်ပေးတော်မူ၏။[၁၁၈၆]

(၁၁၈၄) **လိုင်းယ်လာတီလ် ကာ့ဒ်ရှိ** ဆိုသည်ကို ဆရာတော်ကြီးများက ညထူးညမြတ်ဟု ပြန်ဆိုကြပေသည်။ ဥပဒေမဲ့နေသော မိရိုးဖလာ အမှောင်ထုကြီးအထဲမှ လူသားများအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာသော ည ဖြစ်သောကြောင့် တင်စားခေါ်ဆိုခြင်းဖြစ်၍– မှားသည်ဟု မဆိုနိုင်သော်လည်း– တင်စားမှုများ၏ နောက်သို့လိုက်လျှက် မူရင်း အဓိပ္ပါယ် ပျောက်ဆုံးနေခြင်းမှာ ဝမ်းနည်းစရာပင် ဖြစ်တော့သည်။ ဤစကားလုံးတွဲမှ **ကာ့ဒ်ရှိ** ဆိုသည်မှာ **ကဒရ** (**ကဒရ်**) မှ ဆင့်ပွားခြင်း ဖြစ်၍ စည်းချိန်၊ အတိုင်းအဆ၊ အတိုင်းအတာ၊ စည်းချိန်ချမှတ်သည်၊ စသည်ဖြင့် စည်းကမ်းနည်းလမ်း ဥပဒေများကို ခေါ်ဆိုခြင်း ဖြစ်ကြောင်း ကျမ်းတော်တစ်အုပ်လုံးတွင် မြောက်များစွာ တွေ့နိုင်ပေသည်။ ဤနေရာတွင်လည်း လူသားတို့အတွက် ကျမ်းမြတ်ကုရ်အာန်တည်းဟူသော လူ့စည်းကမ်း ဥပဒေကြီးအား စတင်ချမှတ်ပေးသော ည၊ သို့မဟုတ် ကိုယ်တော်မုဟမ္မဒ်ထံ၌ ပထမဦးဆုံး ဉာဏ်စဉ်တော် စတင်ကိန်းဝပ်ပေးသည့် ညကို ခေါ်ဆိုပေသည်။ ထိုအကြောင်းကို ဤသုတ်တော်ကပင် ဖေါ်ပြနေပေသည်။ သို့ဖြစ်၍– ဤနေရာ၌ ဖွဲ့စည်းပုံ ပြဋ္ဌာန်းသည့်ညဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

(၁၁၈၅) ထိုညသည် လပေါင်းတစ်ထောင်ထက် ပို၍ ကောင်းမြတ်သည် ဆိုခြင်းမှာ– လပေါင်းတစ်ထောင်ဟူသည် နှစ်ပေါင်း ၈၀ ကျော် သို့မဟုတ် လူ့သက်တမ်းတစ်ခု အတိုင်းအတာ ဖြစ်၍– ထိုလူ့သက်တမ်းတစ်လျှောက်တွင် လွတ်လပ်ခြင်း မရှိဘူးသော– တနည်းအားဖြင့် လွတ်လပ်ရေး မရဘူးသော လူသားတစ်ဦးအတွက် လွတ်လပ်ရေး ရခြင်း ဟူသည့် ဖွဲ့စည်းပုံ ပြန္လှင့်ရသည့် ညသည် ထိုသူ၏ တစ်သက်တာ၌ အခြားနေ့များထက် ပိုမို မြင့်မြတ်သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

(၁၁၈၆) ဤသုတ်တော်ပါ ဆိုလိုချက်မှာ ထိုညတွင် နတ်ဒေဝတာ ကောင်းကန်တမန်တော်များသည် ကောင်းကင်မှ ဆင်းလာသည်ဟု မဟုတ်ပေ။ နိမိတ်ဆောင် **မလာအီကာဟ်** ဆိုသည်မှာ လူသားများ ဖြစ်ကြောင်း ၂း၃၀ တွင်၊ ဉာဏ်စဉ်တော် **ရူးဟ်** ဆိုသည်မှာလည်း လူသားပင် ဖြစ်ကြောင်း ၂း၈၇ တွင် ရှင်းပြပြီး ဖြစ်သည်။ ထို့ပြင် **နဇ္ဇလ** ချမှတ်ပေးသည် ဆိုခြင်းမှာ ကောင်းကင်မှ အောက်သို့ ချပေးသည်ဟု မခံစားသင့်ပေ၊ ၅၇း၂၅ တွင် သံဝဏ္ဏုအား ချမှတ်ပေးခြင်းကိုလည်း **နဇ္ဇလ**ပင် သုံးပေသည်။ ဤသုတ်တော်မှ ဆိုလိုသည်မှာ ပရမတ်ဘုရားရှင်၏ အမိန့်တော်အားဖြင့် အရေးကိစ္စအဝဝ၌ ဉာဏ်စဉ်တော်ဟု ရည်ညွှန်းသော ကိုယ်တော်မုဟမ္မဒ်နှင့် နိမိတ်ဆောင်များဟု ရည်ညွှန်းသော ရိုးသားဖြူစင်သည့် တတ်သိပညာရှင်များသည် ထိုချမှတ်ပြဋ္ဌာန်းပေးသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပေါ်၌ တစ်စိုက်မတ်မတ် လိုက်နာ ကျင့်ဆောင်ရန် အဆင်သင့် ရှိနေသည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုဖွဲ့စည်းပုံတည်းဟူသော ကျမ်းမြတ်ကုရ်အာန်သည် လူသားအားလုံးအတွက် သွန်သင်သုခ ငြိမ်းချမ်းခြင်းသို့ လမ်းပြ ဦးဆောင်လျှက် လူသားတို့၏ ဘဝအား အလင်းရောင်ရစေမည့် ကျမ်းတော် ဖြစ်သည့် အတွက် မိရိုးဖလာ ညအမှောင်များက မည်သို့ ဖိနှိပ် ကြဉ်ဖယ် မလိုတမာ

၅။	**سَلَامٌ هِيَ حَتَّى مَطْلَعِ الْفَجْرِ۞** လင်းရောင်ဖေါက်ထွက် အာရုံတက်တိုင် ထိုအပေါ်၌ ငြိမ်းချမ်းသာယာခြင်း ရှိစေလတ္တံ့။

မှန်းထား စေကာမူ အေးအေးချမ်းချမ်းဖြင့် လောကကြီးအပေါ်၌ အောင်မြင် လွှမ်းမိုးသွားရမည် ဖြစ်သည်ဟု ဆက်လက် ဖေါ်ပြပါသုတ်တော် ၅ က "လင်းရောင်ဖေါက်ထွက် အာရုံတက်တိုင် ထိုအပေါ်၌ ငြိမ်းချမ်းသာယာခြင်း ရှိလတ္တံ့ဟု ပရမတ်ဘုရားရှင်က အာမဘန္တေပြုပေးထားခြင်း ဖြစ်သည်။

ဓမ္မခန္ဓာ (၉၈) ရှင်းလင်းချက်များ (အလ်–ဘိုင်းယိနားတိ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၀)၊ သုတ်ဒေသနာ (၈)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။ ဒီမုတ္တိ မဖြစ်	**لَمْ يَكُنِ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ وَالْمُشْرِكِينَ مُنفَكِّينَ حَتَّى تَأْتِيَهُمُ الْبَيِّنَةُ۝** ကျမ်းစာ ဝိုင်းသားများမှ ဖုံးကွယ်သော သူများနှင့် ရောပြွန်းကိုးကွယ်သူများသည် သူတို့ထံသို့ ရှင်းလင်းချက်များ ပေးရောက်လာသည်ထိ **လွတ်မြောက်ခြင်း မရှိခဲ့**ချေ။
၂။	**رَسُولٌ مِّنَ اللهِ يَتْلُو صُحُفًا مُّطَهَّرَةً۝** ပရမတ်ဘုရားရှင်ထံမှ ဉာဏ်စဉ်ဆောင်သည် သန့်စင်သော ပရိုက်များကို ဖတ်ပြပြီ။
၃။	**فِيهَا كُتُبٌ قَيِّمَةٌ۝** ထိုဌ် တည်တံ့ခိုင်မြဲသော ကျမ်းစာများ ရှိ၏။ [၁း၉း၁]
၄။	**وَمَا تَفَرَّقَ الَّذِينَ أُوتُوا الْكِتَابَ إِلَّا مِن بَعْدِ مَا جَاءتْهُمُ الْبَيِّنَةُ۝** ကျမ်း ပေးခံရသော သူများအတွင်း သူတို့ထံသို့ ရှင်းလင်းချက်များ ရောက်လာပြီးမှသာ ဂိုဏ်းခွဲကြကုန်၏။
၅။	**وَمَا أُمِرُوا إِلَّا لِيَعْبُدُوا اللَّهَ مُخْلِصِينَ لَهُ الدِّينَ حُنَفَاء وَيُقِيمُوا الصَّلَاةَ وَيُؤْتُوا الزَّكَاةَ وَذَلِكَ دِينُ الْقَيِّمَةِ۝** သူတို့အား– ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ရန်၊ သာသနာရေး၌ သရဏဂုံတည်ရာတွင် အရှင့်ကိုသာ သန့်သန့်ဖြစ်စေရန်၊ ဝတ်ပြု မြဲကြရန်၊ အခွန်ငွေဖြူ ပေးကြရန်၊ ဤသာသနာသည်သာ တည်တံ့ခိုင်မြဲကြောင်း ညွှန်ကြား၏။

(၁၀၉၁) ကုရ်အာန်ကျမ်းစာ၌ ပါသော ဓမ္မခန္ဓာခေါ် **စူရာဟ်** တစ်ခုချင်းစီသည် ကျမ်းတစ်စောင်စီ ဖြစ်ပေသည်။ ထို့ကြောင့် ဤသုတ်တော်တွင် ထို (ကုရ်အာန်) ထဲ၌ ကျမ်းစားများ ရှိသည်ဟု ပြောဆိုထားခြင်း ဖြစ်ပေသည်။ ကုရ်အာန် ကျမ်းတော်နှင့် ကျမ်းတော်အား ဆောင်ကြဉ်းလာသော ကိုယ်တော်မုဟမ္မဒ်သည် ရှင်းလင်းထင်ရှားသော သက်သေ ဖြစ်သည်ဟု ဤ သုတ်တော်များက ဆိုပေသည်။ ကျမ်းတော် မရောက်မီ အထိ ရှေးကျမ်းရ များနှင့် ကျမ်းစာ မရှိသေးသော တိုင်းရင်းသားများသည် ဘဝ၏ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း လမ်းညွှန်ဟူ၍ တိတိကျကျ သေသေချာချာ မရှိခဲ့ကြောင်းကို သုတ်တော် (၁) တွင် ပြောဆိုထားပေသည်။

၆။ ★ ၂:၂၄ ☆ ၂:၃၉	**إِنَّ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ وَالْمُشْرِكِينَ فِي نَارِ جَهَنَّمَ خَالِدِينَ فِيهَا أُوْلَئِكَ هُمْ شَرُّ الْبَرِيَّةِ۞** ဇကေန်ပင် ကျမ်းစာ ဝိုင်းသားများမှာ ဖုံးကွယ်သော သူများနှင့် ရောပြွန်းကိုးကွယ်သူများသည် အပူမီး★ ငရဲဘုံ ထိုအတွင်း၌ အစဉ်စံစားရလတ္တံ့။☆ ထိုသူတို့သည် အဆိုးဝါးဆုံး ပစ်ပယ်ခံများ ဖြစ်၏။
၇။	**إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ أُوْلَئِكَ هُمْ خَيْرُ الْبَرِيَّةِ۞** ဇကေန်ပင် ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသောသူ၊ ထိုသူတို့သည် အကောင်းဆုံးသော ကင်းသန့်သူများ ဖြစ်၏။
၈။	**جَزَاؤُهُمْ عِندَ رَبِّهِمْ جَنَّاتُ عَدْنٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا أَبَدًا رَّضِيَ اللَّهُ عَنْهُمْ وَرَضُوا عَنْهُ ذَلِكَ لِمَنْ خَشِيَ رَبَّهُ۞** သူတို့အတွက် အစားပေးမှုမှာ ကံကြမ္မာရှင်၏ ထံပါး၌ ရှိ၍၊ အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော တည်မြဲသည့် ဥယျာဉ်များပင် ဖြစ်၏။ ထို၌ ကာလပိုင်းခြားမဲ့ အစဉ်စံစားရလတ္တံ့။ ပရမတ်ဘုရားရှင်သည် သူတို့အား ကျေနပ်နှစ်သက်တော်မူ၏။ သူတို့ကလည်း ၎င်းနှင့် စပ်လျဉ်း၍[၁၁၉၂] ကျေနပ်နှစ်သက်မှု ရှိ၏။ ယင်းသည် ကံကြမ္မာရှင်အား ကြောက်ရွံ့ရိုကျိုးတတ်သူ အဘို့ ဖြစ်၏။

(၁၁၉၂) ၎င်းနှင့် စပ်လျဉ်း၍ ဆိုသည်မှာ ပရမတ်ဘုရားရှင်က သူ့အား ကျေနပ်နှစ်သက်ခြင်းနှင့် စပ်လျဉ်း၍– ဟု ဆိုလိုပေသည်။ ကာလပိုင်းခြားမဲ့ ဟူသော စကားလုံးကို ၂:၃၉ တွင် ကြည့်ပါ။

ဓမ္မခန္ဓာ (၉၉) ငလျင် (အလ်–ဇိလ်ဇားလိ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၉၃)၊ သုတ်ဒေသနာ (၈)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂျင် အကြင်နာဂျင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**إِذَا زُلْزِلَتِ الْأَرْضُ زِلْزَالَهَا۞** မြေကမ္ဘာ၊ သူမအား လှုပ်ခါခြင်းဖြင့် လှုပ်ခံရသော အခါ။[၁၀၉၃]
၂။	**وَأَخْرَجَتِ الْأَرْضُ أَثْقَالَهَا۞** မြေကမ္ဘာသည် သူမ၏ ဝန်ထုပ်အား ထုတ်ပစ်သော အခါ။
၃။	**وَقَالَ الْإِنسَانُ مَا لَهَا۞** “အဘယ်အရာ ဖြစ်သနည်း၊”ဟု လူသားက ပြောဆိုသော အခါ။
၄။	**يَوْمَئِذٍ تُحَدِّثُ أَخْبَارَهَا۞** ထိုနေ့ကာလ၌ သူမ ဆင့်ပြန်ရမည့် သူမ၏ ထုတ်ပြန်ချက်မှာ–
၅။	**بِأَنَّ رَبَّكَ أَوْحَى لَهَا۞** ကံကြမ္မာရှင်က သူမအား အာဂုံဖြစ်စေသောကြောင့်ပင် ဖြစ်၏။[၁၀၉၄]
၆။	**يَوْمَئِذٍ يَصْدُرُ النَّاسُ أَشْتَاتًا لِّيُرَوْا أَعْمَالَهُمْ۞** ထိုနေ့ကာလ၌ လူသားတို့သည် သူတို့၏ ကျင့်ကြံမှုများကို မြင်တွေ့ရအံ့ငှာ သီးခြားခွဲ၍ ရင်ဘောင်တန်းရလတ္တံ့။
၇။	**فَمَن يَعْمَلْ مِثْقَالَ ذَرَّةٍ خَيْرًا يَرَهُ۞** ပရမံနုမြူ အလေးချိန်မျှ ကောင်းမှု ကျင့်ကြံခဲ့သူသည် ၎င်းအား မြင်တွေ့ရလတ္တံ့။
၈။	**وَمَن يَعْمَلْ مِثْقَالَ ذَرَّةٍ شَرًّا يَرَهُ۞** ပရမံနုမြူ အလေးချိန်မျှ ဆိုးမှု ကျင့်ကြံခဲ့သူသည်လည်း ၎င်းအား မြင်တွေ့ရလတ္တံ့။

(၁၀၉၃) မြေကမ္ဘာအား ပြင်းထန်စွာ လှုပ်ခါခြင်း ဆိုသည်မှာ– တိုင်းပြည်၊ တိုင်းဒေသ တစ်ခု အကြီးအကျယ် သမိုင်းကြောင်း ပြောင်းလဲခြင်းကို ဆိုလိုပေသည်။ ထိုဒေသတွင် ထွန်းကားနေသော မိရိုးဖလာ ဝန်ထုပ်ကြီးအား စွန့်ပစ်ရချိန်လည်း ဖြစ်ပေသည် (၂)။ ထိုအချက်ကို သုတ်တော် (၃)ပါ သူမ သည် သူမ၏ သမိုင်းကြောင်းကို ထုတ်ပြန်ရမည်မှာ– ဟူသော ဝါကျက ထောက်ပြထားပေသည်။

(၁၀၉၄) ထိုသို့ သမိုင်းကြောင်း ပြောင်းရမည်မှာ– အလွှာဟ်အရှင်၏ ချမှတ်ပေးသော ဝဟီ ဉာဏ်စဉ်တော် ပညတ်ချက်များ ထွန်းကား လာသော ကြောင့် ဖြစ်ကြောင်း ဤသုတ်တော်က ပြောဆိုထားပေသည်။ ကိုယ်တော်မုဟမ္မဒ် ပွင့်ပေါ်လာ၍ ဉာဏ်စဉ်တော်ရ ပညတ်စစ်စစ်များ ထွန်းတောက်လာသော အခါ– အာရေဗျာကျွန်းဆွယ်ကြီး၏ သမိုင်းကြောင်း ပြောင်းလဲခဲ့ရပြီ၊ အလားတူပင် ကျမ်းမြတ် ကုရ်အာန်၏ သွန်သင်မှု လူသားများထံသို့ ရောက်ရှိလာလျှင် ထိုဒေသ၊ ထိုအရပ်၊ ထိုတိုင်းပြည်၏ သမိုင်းသည်လည်း အမှန်တရား ဆီသို့ ဦးတည် ပြောင်းလဲသွားရမည် ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်၍၊ ထိုအခါတွင်– ကောင်းမှု၊ မကောင်းမှုအား ကျင့်ဆောင် သူတို့၏ သမိုင်းသည် ဗုံးကွယ်၍ မရ– ထင်ရှားစွာ ပေါ်၍ လာမည်ပင်– (၇၊ ၈)။

ဓမ္မခန္ဓာ (၁၀၀) စစ်ဦးဘီလူး (အလ်-အာဒီယာတ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၄)၊ သုတ်ဒေသနာ (၁၁)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**وَالْعَادِيَاتِ ضَبْحًا** ۞ သက်လုံကောင်းသော စစ်ဦးဘီလူးများ –
၂။	**فَالْمُورِيَاتِ قَدْحًا** ۞ မီးပွင့်ထွက်စေသော ပြောက်ကျားတပ်များ–
၃။	**فَالْمُغِيرَاتِ صُبْحًا** ۞ နံနက်စ၌ ရှောင်တခင်ပြောင်းလဲပစ်သူများ–
၄။	**فَأَثَرْنَ بِهِ نَقْعًا** ۞ ဝင်းအားဖြင့် အမှုံအမွှားများကို ဖွထုတ်ပစ်သူများ–
၅။	**فَوَسَطْنَ بِهِ جَمْعًا** ۞ ဝင်းအားဖြင့် တပ်ပေါင်းစုကို အလယ်ဗဟိုမှခွဲပစ်သူများ–
၆။	**إِنَّ الْإِنسَانَ لِرَبِّهِ لَكَنُودٌ** ۞ ဇကေန်ပင် လူသားသည် ကံကြမ္မာရှင် အတွက် ကျေးဇူးကန်းလှချေ၏။[၁၀၉၁]
၇။	**وَإِنَّهُ عَلَى ذَلِكَ لَشَهِيدٌ** ۞ ဇကေန်ပင် သူသည် ထိုအပေါ်၌ သက်သေသက်ကန် ဖြစ်၏။
၈။	**وَإِنَّهُ لِحُبِّ الْخَيْرِ لَشَدِيدٌ** ۞ ဇကေန်ပင် သူသည် အကောင်းကြိုက်ရာ၌ ပြတ်ပြတ်သားသား ချစ်ခင်စုံမက်၏။
၉။	**أَفَلَا يَعْلَمُ إِذَا بُعْثِرَ مَا فِي الْقُبُورِ** ۞

(၁၀၉၁) ဤသုတ်တော်များ– ၁ မှ ၅ ထိ ဖေါ်ပြသူများကို အိဗ္ဗနိ အဘာ့ဆ် တစ်ဦးတည်းကသာ "ဟာ့ဂ်ခေါ် စုပေါင်းကံဆောင်ပရိဝါသ်ပြုခြိန်တွင် ထိုးသုတ် ပြေးဝင်လာသော ကုလားအုပ်များ၏ ပုံဖြင့် ခိုင်းနှိုင်းတင်ပြခြင်း ဖြစ်သည်" ဟု ဆို၍၊ အခြားများစွာသော အထအထာ ဆရာတော်များက "စစ်မြင်းများဖြင့်" ဟု ဖွင့်ဆိုကြပေသည်။ သို့သော် စစ်မြင်း ဆိုသော စကားလုံးမှာ **ခိုင်းလိ** ဟုဖြစ်၍– ထိုစကားလုံးအား ဤသုတ်တော်များတွင် ဖေါ်ပြထားခြင်း မရှိချေ။ ဤသုတ်တော်ပါ စကားလုံးများသည် လူကိုသာညွှန်းဆိုသော စကားလုံးများ ဖြစ်ပေသည်။ ထိုသူများသည် အင်အား တောင့်တင်းသော ရန်သူအား ဖြိုခွဲသော စစ်ဦးဘီးလူများ ဖြစ်သည်ဟု ဆိုထားပေသည်။ သူတို့ တိုက်ခိုက်သော ရန်သူသည် ကံကြမ္မာရှင်၏ ငြိမ်းချမ်းရေး ပညတ်တော်များအား ကျေးဇူးကန်းကြောင်း (၆)၊ ထိုသို့ ကျေးဇူးကန်းခြင်း၌ သက်သေခံလျက် ရပ်တည်ကြောင်း (၇) သူတို့သည် ဥစ္စာပစ္စည်း (အကောင်းကြိုက် ရာ)များ၌ ခုံမင်နေကြောင်း (၈) ရှင်းလင်း ပြတ်သားစွာ ဆိုထားပေသည်။

	သူ အသိ မရှိခဲ့သလော– သချိုင်းတွင်းမှ ရှိရာတို့ လှန်ခံရသောအခါ။[၁၁၉၂]
၁၀။	**وَحُصِّلَ مَا فِي الصُّدُورِ ۝** ရင်ဘတ်တွင်း ရှိသည်များကို ရုပ်လုံးပေါ်စေလတ္တံ့။
၁၁။	**إِنَّ رَبَّهُم بِهِمْ يَوْمَئِذٍ لَّخَبِيرٌ ۝** ဇကေန်ပင် ထိုနေ့ကာလ၌ ကံကြမ္မာရှင်သည် သူတို့အား မြင်သိနေတော်မူ၏။

(၁၁၉၂) ထို အရှင့်အား ကျေးဇူးကန်းသော အာဏာရှင် လူတန်းစား အနေဖြင့် လူထုအား ဘဝများ သတ်ထားသောကြောင့် ပြည်သူတို့မှာ ဘဝများ သေနေခဲ့ရ ရာမှ၊ မျိုးဆက်သစ်များ နိုးကြွရှင်သန် လာသောအခါ– ထိုမျိုးဆက်များအနေဖြင့် သူတို့ ခံစားခဲ့ရသော ခံစားချက်များကို ထုတ်ဖော်ပြသပေတော့မည်ဟု ဆိုထားခြင်း ဖြစ်ပေသည်။ မိမိုး ဖလာ မျိုးဆက်ဟောင်းတို့သည် နေရာ ဖယ်ပေးရမည်ပင် ဖြစ်သည်ဟု ပြောထားပေသည်။

ဓမ္မခန္ဓာ (၁၀၁) ကပ်ဆိုး (အလ်–ကားရီအာ့တ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၀)၊ သုတ်ဒေသနာ (၁၁)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂုဏ် အကြင်နာဂုဏ် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။	**الْقَارِعَةُ** ۞ ကပ်ဆိုးကြီး–၁၁၉၃
၂။	**مَا الْقَارِعَةُ** ۞ ကပ်ဆိုးကြီးဟူသည်–
၃။	**وَمَا أَدْرَاكَ مَا الْقَارِعَةُ** ۞ ကပ်ဆိုးကြီးဟူသည် အဘယ်နည်းဟု သင် မည်သို့ မှန်းဆနိုင်မည်နည်း။
၄။	**يَوْمَ يَكُونُ النَّاسُ كَالْفَرَاشِ الْمَبْثُوثِ** ۞ ထိုနေ့ကာလ၌ လူသားတို့သည် ပုံနှံ့လျက် ပလူကောင်များ ပမာ ဖြစ်လတ္တံ့။
၅။ ☆၁၃း၃၁	**وَتَكُونُ الْجِبَالُ كَالْعِهْنِ الْمَنفُوشِ** ۞ တောင်တန်းများသည်လည်း ဖတ်ထားသော ဝါဂွမ်းဖတ်ကဲ့သို့ ဖြစ်ရလတ္တံ့။☆
၆။	**فَأَمَّا مَن ثَقُلَتْ مَوَازِينُهُ** ۞ သို့ဖြင့် ချိန်ခွင်လျှာ အလေးစီး သူ အတွက်မူ–
၇။	**فَهُوَ فِي عِيشَةٍ رَّاضِيَةٍ** ۞ သူသည် ကျေနပ်နှစ်သက်သော ဘဝဖြင့် ဖြစ်ရလတ္တံ့။
၈။	**وَأَمَّا مَنْ خَفَّتْ مَوَازِينُهُ** ۞ သို့ဖြင့် ချိန်ခွင်လျှာ အလေးပေါ့သော သူအတွက်မူ–
၉။ ရမက်	**فَأُمُّهُ هَاوِيَةٌ** ۞ **လိုဘ**ကြီးခြင်းမှာ သူ၏ မိခင်ဖြစ်ရလတ္တံ့။

(၁၀၉၃) ကားရီအာတ်– ကပ်ဆိုးကြီး– ဆိုက်ရောက်ခြင်း ဆိုသည်မှာ တိုင်းဒေသတစ်ခု အကြီးအကျယ် ပျက်စီးရခြင်းကို ဆိုလိုပေသည်။ ထိုစကားလုံး အတိုင်းပင် သမု–ဒ်နှင့် အာ့ဒ် လူမျိုးတို့၏ ပျက်စီးတိမ်ကောခဲ့ရခြင်းကို ၆၉း၄ တွင် ဖေါ်ပြထားကြောင်း တွေ့ရပေသည်။ တရားတော်ကို ဆန့်ကျင်သော မတရားမှုများကို ခုံမင်သော တိုင်းဒေသ နိုင်ငံတိုင်းသည် ပျက်စီးသွားရမည် ဖြစ်သည်ဟု ဤသုတ်တော်က ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုအခါ ထိုတိုင်းဒေသအား အုပ်ချုပ်မင်းလုပ်ထားသော မတရားသည့် အာဏာပိုင်များ– ဘာသာရေးခေါင်းဆောင်များ– စီးပွားရေးခေါင်းဆောင်များ ပျက်စီးသွားရမည်ဟု သုတ်တော် ၅ တွင် တောင်တန်းများနှင့် ခိုင်းနှိုင်းပမာပေး၍ ဆိုထားပေသည်။ သုတ်တော် ၄ မှ "လူသားတို့သည် ပုံနှံ့လျက် ပလူကောင်များ ပမာ ဖြစ်လတ္တံ့၊" ဆိုသည်မှာ မခံမရပ်နိုင်သော လူသားထုကြီးက အုံကြွ ဆန္ဒပြခြင်းများကို ပုံဆောင်ပေသည်။

၁၀။	**وَمَا أَدْرَاكَ مَا هِيَهْ۝** ၎င်းသည် အဘယ်နည်းဟု သင် မည်သို့ မှန်းဆနိုင်မည်နည်း။
၁၁။ ★၂း၂၄	**نَارٌ حَامِيَةٌ۝** ယင်းသည် အပူဟပ်နေသော မီးဖြစ်၏။–။★၁၀၉၄

(၁၀၉၄) အထက်ပါသုတ်တော်များ ဖြ– မှစ၍ အလေးချိန်စီးသူ၊ အလေးချိန်ပေါ့သူ – ဆိုသည်မှာ တရားမမျှ လေးလေးနက်နက် တန်ဘိုးထားသူ၊ တရားမမှအား လုံးဝ မလေးစားသူများကို ဆိုလို၍– တရားပျက် စည်းကမ်းပျက်နေသော သူတို့သည် ကြီးမားသော ပြည်တွင်းစစ်၊ နန်းတွင်းစစ်၊ အာဏာလုမှု စစ်ပွဲကြီးအတွင်း၌ နေထိုင်ရမည်၊ ခံစားနေရမည်ဟု ဆိုလိုပေသည်။ ကျမ်းတော်တွင် ပုံဆောင်သော အပူမီး ဆိုသည်မှာ ပြည်တွင်းစစ်၊ စစ်ပွဲကြီးများကို ပုံဆောင်ကြောင်း ၂း၂၄ တွင် တွင်ကြည့်ပါ။

မမွခန္ဓာ (၁၀၂) လောကီစည်းဇိမ် (အလ်–တကားဆိုရ်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၆)၊ သုတ်ဒေသနာ (၈)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂုဏ် အကြင်နာဂုဏ် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**أَلْهَاكُمُ التَّكَاثُرُ** ۞ မြောက်များစွာက အူးမြူးနေစေသည်မှာ–[၁၀၉၅]
၂။	**حَتَّى زُرْتُمُ الْمَقَابِرَ** ۞ လှည့်ရင်းပတ်ရင်းဖြင့်– သချိုင်းထိတိုင် ဖြစ်၏။
၃။	**كَلَّا سَوْفَ تَعْلَمُونَ** ۞ အမှန်မှာ– မကြာမီ သင်တို့ သိကြရလတ္တံ့။
၄။	**ثُمَّ كَلَّا سَوْفَ تَعْلَمُونَ** ۞ တဖန် အမှန်ပင်– မကြာမီ သင်တို့ သိလာကြရလတ္တံ့။
၅။	**كَلَّا لَوْ تَعْلَمُونَ عِلْمَ الْيَقِينِ** ۞ အမှန်မှာ သင်တို့သည် ဒိဋ္ဌ အသိပညာဖြင့် သိကြပါလေစ။
၆။	**لَتَرَوُنَّ الْجَحِيمَ** ۞ သင်တို့သည် ငရဲမီးအား မြင်တွေ့ရလတ္တံ့။
၇။	**ثُمَّ لَتَرَوُنَّهَا عَيْنَ الْيَقِينِ** ۞ တဖန် သင်တို့သည် ၎င်းကို ဒိဋ္ဌ မျက်လုံးဖြင့် မြင်တွေ့ရလတ္တံ့။
၈။	**ثُمَّ لَتُسْأَلُنَّ يَوْمَئِذٍ عَنِ النَّعِيمِ** ۞ တဖန် ထိုနေ့ကာလ၌ ဂုဏ်တက်ခဲ့မှုများအတွက် မေးမြန်းစစ်ကြောခံရလတ္တံ့။

(၁၀၉၅) လူသားအား ကောင်းမှုဆီသို့ မရောက်နိုင်ရန် လောကီ ဥစ္စာစုဆောင်းခြင်း၊ ကြွယ်ဝသည်ထက် ကြွယ်ဝစေရန် လောဘတက်နေခြင်းတို့က အူမြူးနေစေသည်ဟု ဆိုလိုပေသည်။ အစွယ်လာမ် သာသနာက စီးပွားရေး မပြုလုပ်ရဟု တားမြစ်ထားခြင်း မရှိချေ။ သို့သော် စီးပွားရေးလုပ်ခြင်း၊ နိုင်ငံရေးလုပ်ခြင်း၊ စသည့် မည်သည့် လုပ်ငန်းစဉ်၌ မဆို တရား ဥပဒေဘောင်အတွင်းမှ ဖြစ်စေရန်၊ သမာသမတ်ကျစေရန်၊ မိမိထက် ချို့တဲ့သူများအား ပေးသင့်ပေးထိုက်သော အကျိုးခံစားခွင့်များကို ဆောင်ရွက်ဖြည့်ဆီးပေးစေရန်– သွန်သင်ပေသည်။ လောဘရမက်တက်လျက် သေတွင်းဝင်ချိန် အထိ ကောင်းမှုအား မေ့လျော့နေခြင်းများကို ရှုတ်ချပေသည်။ စည်းပွားကြောင့်– ရပိုင်ခွင့်ကြောင့်– အာဏာကြောင့် လောကီ၌ ဂုဏ်တက်မောက်မာ နေခြင်းများသည် စစ်ကြောခြင်းခံရမည်ဟု ယုံကြည်သူအပေါင်းအား နောက်ဆုံးသုတ်တော်မှ သတိပေးထားပေသည်။

ဓမ္မခန္ဓာ (၁၀၃) ကျချိန် (အလ်–အာ့ဆ်ွရိ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၃)၊ သုတ်ဒေသနာ (၃)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂုဏ် အကြင်နာဂုဏ် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။	**وَالْعَصْرِ ۞** အင်္ဂေ့ပျံခြင်းအားဖြင့်–၁၁၉ဖ
၂။	**إِنَّ الْإِنسَانَ لَفِي خُسْرٍ ۞** ဇကေန်ပင် လူသားသည် ဆုံးရှုံးနေရခြင်း၌ ရှိ၏။
၃။	**إِلَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَتَوَاصَوْا بِالْحَقِّ وَتَوَاصَوْا بِالصَّبْرِ ۞** သို့သော် ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ကျင့်ကြံ၍ အမှန်တရား၌ မှာကြားနေသူ၊ သည်းခံပါရမီကြီးရန် မှာကြားနေသော သူတို့ မပါဝင်ချေ။

(၁၁၉ဖ) **အာ့ဆ်ွရိ** ဆိုသည်မှာ ကုန်မှန်းမသိကုန်နေသော တရွေ့ရွေ့ကုန်နေသည့် အချိန်ကာလကို ဆိုလိုပေသည်။ တစ်နေ့တာ တစ်ရွေ့ရွေ့ကုန်သွားပြီး နေကျချိန်၏ နောက်ပိုင်းကိုလည်း **အာ့ဆ်ွရိ** ဟု ခေါ်ဆိုပေသည်။ ထို့ကြောင့် ဤနေရာ၌ ကျချိန်ဟု ပြန်ဆိုခြင်း ဖြစ်သည်။ ဤဓမ္မခန္ဓာမှ သတိပေးချက်မှာ လူသားသည် ကုန်မှန်းမသိ ကုန်နေသော အချိန်အတွင်း၌ ပါဝင်ပတ်သက်နေရသည့် သတ္တဝါဖြစ်သည်။ တနည်းအားဖြင့် လူသား၏ ဘဝမှာ တစ်အိအိ အရည်ပျော်နေရသော ရေခဲတုံးတစ်ခု ကဲ့သို့ ဖြစ်သည်။ ကြည့်နေလျှင် လျှော့ပါးမှန်း မသိသာသော်လည်း– တစ်ဖြေးဖြေး လုံးပါးပါးနေရပေသည်။ ထို့ကြောင့် အချိန်ရှိခိုက်တွင် လုံလပြုလျက်– ကောင်းမှုဆောင်တာများ၊ ဆောင်ရွက်ရန် သတိပေးထားခြင်း ဖြစ်ပေ၍– ကောင်းမှုဆောင်တာများ ကျင့်ကြံရန် မိမိကိုယ်မိမိ ပြုပြင်ပြောင်းလဲလျက် ရိုးဖြောင့်စွာ ကျင့်ကြံသော သူတို့သည်ကား ထိုသို့ ပျက်စီးဆုံးရှုံးခြင်း ရှိရမည် မဟုတ်ဟု ကတိပေးထားပေသည်။ ထိုသူတို့၏ လုပ်ရပ်ဂုဏ်ရည်သည် သမိုင်းတွင်ကျန်နေခဲ့ပေမည်။

ဓမ္မခန္ဓာ (၁၀၄) ပုတ်ခတ်သူများ (အလ်–ဟုမာဇ့ဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၂)၊ သုတ်ဒေသနာ (၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**وَيْلٌ لِّكُلِّ هُمَزَةٍ لُّمَزَةٍ** ۞ ဂုဏ်သရေဖျက်သူ၊ ပုတ်ခတ်တတ်သူတိုင်း ပျက်စီးရမည်သာတည်း။[၁၂၀၁]
၂။	**الَّذِي جَمَعَ مَالًا وَعَدَّدَهُ** ۞ ဥစ္စာပစ္စည်း စုဆောင်းသောသူသည်၊ ရေတွက်နေ၍[၁၂၀၂]
၃။ ☆၂း၃၉	**يَحْسَبُ أَنَّ مَالَهُ أَخْلَدَهُ** ۞ ဥစ္စာပစ္စည်းသည် ဖက်တွယ်စရာဟု☆ သူ စိတ်ကူးယဉ်၏။
၄။	**كَلَّا لَيُنبَذَنَّ فِي الْحُطَمَةِ** ۞ အမှန်မှာ–သူသည် အမှန်ကြိတ်စက်တွင်းသို့ စွန့်ပစ်ခံရလတ္တံ့။[၁၂၀၃]
၅။	**وَمَا أَدْرَاكَ مَا الْحُطَمَةُ** ۞ အမှန်ကြိတ်စက်ဟူသည် အဘယ်နည်းဟု သင် မည်သို့ မှန်းဆနိုင်မည်နည်း။
၆။	**نَارُ اللَّهِ الْمُوقَدَةُ** ۞ ပရမတ်ဘုရားရှင်က လောင်စာထည့်ထားသော အပူမီးပင် ဖြစ်၏။
၇။	**الَّتِي تَطَّلِعُ عَلَى الْأَفْئِدَةِ** ۞ ယင်းသည် စိတ်အာရုံများ အပေါ် ထိုးဖောက်တက်နေ၏။[၁၂၀၄]

(၁၂၀၁) ဤသုတ်တော်သည် အစွလာမ်သာသနာက သွန်သင်သော ကိုယ်ကျင့်တရားပေါင်း များစွာ အနက်မှ စောင့်စည်းအပ်သော ကိုယ်ကျင့်တရား တစ်ခု ဖြစ်ပေသည်။ သူတစ်ပါး၏ အကြောင်းကို မဟုတ်မတရား လိမ်ဆည်ပြောဆိုခြင်း၊ ဝါဒဖြင့်ခြင်း၊ နာမည်ဖျက်ခြင်း ပြုသူတိုင်း ပျက်စီးရမည်ဟု သတိပေးထားခြင်း ဖြစ်ပေသည်။ အချင်းချင်း ပုတ်ခတ် စော်ကားနေခြင်း– နာမည်ဖျက်နေခြင်းများမှာ အလွန် ရွံရှာဘွယ် ကောင်းသော ကိစ္စရပ်ပင်။

(၁၂၀၂) ဤသုတ်တော်မှ ဝေါဟာရ **အာဒ်ဒတ်တာဟ်** ဆိုသည်မှာ– မိမိ၏ ပိုက်ဆံ၊ မိမိ၏ ဥစ္စာပစ္စည်းအား လက်ဖြင့်ပွတ်လျက် တစ်တွတ်တွတ် ရေတွက်နေခြင်းကို ခေါ်ဆိုပေသည်။

(၁၂၀၃) **ဟုတ္တာမဇ့တ်ဟ်** ဆိုသည်မှာ ညက်ညက်ကျေအောင် ကြိတ်ခံရသော ဒုက္ခ စက်ရဟတ်ကို ခေါ်ဆိုပေသည်။

(၁၂၀၄) ထိုဒုက္ခ စက်ရဟတ်သည် မကောင်းမှုပြုသော ရာဇဝတ်ကောင်များ၊ ငွေကြေးဥစ္စာအား လောဘတက် မက်မောစွာ ရှာကြံစုဆောင်း ရမက်ဖက်နေသော လောဘသားတို့၏ ခံစားချက်များ၏ အပေါ်မှအား ထိုးဖောက်ထွက်နေသော အပူမီး ဖြစ်သည်ဟု ဆိုပေသည်။ ထိုမီးသည် ပရမတ်ဘုရားရှင်က လောင်စာထည့်ထားသော မီးဟု သုတ်တော် (၆) တွင် ပြောဆိုထားပေသည်။ ဆိုလိုသည်မှာ ပရမတ်ဘုရားရှင်သည် ဒုက္ခ၊ သုခကို လောက နိယာမအဖြစ် ပြဋ္ဌာန်းထားပြီး ဖြစ်သည်။ ထိုဒုက္ခခံရစေမည့် သောကမီး၊ စစ်မီးတို့က လူသားအား ဆွဲယူနေခြင်း မဟုတ်ချေ။ လူသားသည်

၈။	**إِنَّهَا عَلَيْهِم مُّؤْصَدَةٌ۝** ယင်းသည် သူတို့အား ပိတ်ဆို့ထားမည်မှာ–
၉။	**فِي عَمَدٍ مُّمَدَّدَةٍ۝** တိုးရွေ့နေသော မဏ္ဍိုင်များထဲ၌ ဖြစ်၏။[၁၂၅၅]

သူ၏ လောဘ၊ သူ၏ မတရားမှုဖြင့် လောဘမီး၊ စစ်မီးဆီသို့ ဦးတည်နေကြောင်းကို ပြောဆိုခြင်း ဖြစ်ပေသည်။ ထိုအချက်ကို သူ၏ အပြုအမူများ (သုတ်တော် ၁– ၂ နှင့်– ထိုအပြုအမူများက သူ့အား ဒုက္ခတွင်းသို့ ဆွဲချနေခြင်း (သုတ်တော် ၄) တို့က ထောက်ပြထားပေသည်။

(၁၂၀၅) ဤသုတ်တော်အား ဆရာတော်ကြီးများက ရှည်လျားသော တိုင်များထဲဟု ပြန်ဆိုကြပေသည်။ ဆိုလိုသည်မှာ သူ၏ အဆုံးမသတ်နိုင်သော လောဘ စိတ်က သူ့အား အချုပ်ခန်းဘားတိုင်များ သဖွယ် ဖြစ်စေ၍– ထိုအဆုံးမသတ်နိုင်သော လောဘစိတ်က သူ့အား ချုပ်နှောင်ထားသည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

မမွခန္ဓာ (၁၀၅) ဆင်တပ်ကြီး (အလ်-ဖီးလ်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၉)၊ သုတ်ဒေသနာ (၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်-[၁း၁]

၁။	**أَلَمْ تَرَ كَيْفَ فَعَلَ رَبُّكَ بِأَصْحَابِ الْفِيلِ۞** ကံကြမ္မာရှင်သည် ဆင်တပ် ပေါင်းဖေါ်တို့အား မည်သို့ စီမံလိုက်သည်ကို သင် မမြင်သလော။[၁၀၅]
၂။	**أَلَمْ يَجْعَلْ كَيْدَهُمْ فِي تَضْلِيلٍ۞** အရှင်သည် သူတို့၏ ဗျူဟာများကို လွဲမှားခြင်း၌ စီစဉ်ခဲ့သည် မဟုတ်လော။
၃။	**وَأَرْسَلَ عَلَيْهِمْ طَيْرًا أَبَابِيلَ۞** ထို့နောက် သူတို့အပေါ်သို့ ငှက်များကို အအုပ်အသင်းလိုက် စေစားခဲ့၏။[၁၀၇]
၄။	**تَرْمِيهِم بِحِجَارَةٍ مِّن سِجِّيلٍ۞** သူတို့အပေါ်သို့ လိုမ့်စေသော ကျောက်တုံးများဖြင့် ပစ်ချ၍-[၁၀၈]
၅။	**فَجَعَلَهُمْ كَعَصْفٍ مَّأْكُولٍ۞** သို့ဖြင့် သူတို့အား စားဖတ် အလွင့်များကဲ့သို့ စီစဉ်လိုက်၏။

---

(၁၀၆) ဆင်တပ်မဟာကြီးသည် အလွန်အင်အားကောင်းသော ကြည်းတပ်မဟာကြီး ဖြစ်၍ သမိုင်းအရ- ခရစ်ယာန်မင်း ဖြစ်သော အဘီဆီးနီးယား (ယခု အီသီယိုပီးယား) နိုင်ငံမှ အာဘ်ရာဟာ မင်း၏ ဆင်တပ်ကြီးသည် ယီမင်နိုင်ငံသို့ အောင်မြင်ပြီးနောက် ကာအ်ဘာကျောင်းတော်အား ဖျက်ဆီးရန် ချီတက်လာစဉ်- ကျရှုံးခဲ့ရသည့် ဖြစ်ရပ်ဟု ဆိုပေသည်။ ထိုဖြစ်ရပ်သည် အေဒီ ၅၇၀၊ ကိုယ်တော်မုဟမ္မဒ် မွေးဘွားသည့် ခုနှစ် ဖြစ်သည်ဟုလည်း ဆိုပေသည်။ သို့သော် ထိုအချက်အလက်အား အတည်ပြုသည့် ကျမ်းချက်ဟူ၍- ကုရ်အာန်ကျမ်းတော်၌ မပါဝင်ချေ။ ကျမ်းတော်က အဓိက ပြောဆိုလိုသည်မှာ- မည်မျှပင် အင်အားကြီးသော စစ်တပ်ဖြစ်စေကာမူ- မတရားမှုများကို ကျူးလွန်လာခဲ့လျှင် ထိုသို့ စစ်တပ်ကြီးများ ပျက်စီးခဲ့ရပြီ။ ကိုယ်တော်မုဟမ္မဒ်အား တိုက်ခိုက်လာမည့် ရန်သူစစ်တပ်ကြီးသည်လည်း ပျက်စီးရမည်ပင် ဟု ဆိုလိုခြင်းပင် ဖြစ်ပေသည်။ သူတို့သည် မတရားသဖြင့် လောကီရမက် ဖက်နေသော စစ်တပ်ဖြစ်ကြောင်းကို သူတို့၏ အတိုက်အခံ ငှက်များ ဆိုသည်က ထောက်ပြထားပေသည်။

(၁၂၀၇) ငှက်များ ဆိုသည်မှာ စိတ်ခါတ်ရေးရာ မြင့်မားသော၊ သူတော်ကောင်းများကို ခေါ်ဆိုကြောင်း ဒီးဒုဈ တွင် ကြည့်ပါ။ အာရ်ဗီ ကဗျာ လင်္ကာများတွင် အောင်ပွဲရ စစ်တပ်မတော်များကို ငှက်များဟု တင်စားရေးသားလေ့ ရှိပေသည်။ အလားတူပင် ၂၇း၂၀ တွင်လည်း ကိုယ်တော် စိုလိုင်မိ၏ တပ်ရင်းကို ငှက်တပ်ရင်းဟု ခေါ်ကြောင်း တွေ့နိုင်ပေသည်။ ဤသုတ်တော်မှာ သုံးသော **أَبَابِيلَ طَيْرًا طَيْرًا** မှာ **ငှက်** ဟု ဖြစ်၍ **အဘာဘီးလ်** မှာ **أَبَابِيلَ** အာဘာဘီးလ် မှာ ကုလားအုပ်များ ဟု အနက်ကို ပေးသည်၊ (ဒီးဒ၄၄၊ ဧ၈း၁၇)။ ထို့ကြောင့်- ငှက်ကဲ့သို့လျှင်မြန်သော ကုလားအုပ်တပ်မတော်- ဟူသော အနက်ကိုလည်း ပေးပေသည်။

(၁၂၀၈) ဤသုတ်တော်မှ **ဟိဂျရတ်—ဆီဂျိုးလ်** ဆိုသည်ကို ဆရာတော်များက- ရှုံ့စေးဖြင့် ပြုလုပ်ထားသော ကျောက်ခဲဟု လည်းကောင်း၊ ထိုနှင့် အဓိပ္ပါယ်တူသော လောက်စာလုံးဟု လည်းကောင်း ပြန်ဆိုကြပေသည်။ **ဆစ်ဂျိုးလ်** ဆိုသော ဝေါဟာရသည် **ဆဂျလ** မှ ဆင့်ပွားဖြစ်၍- အပေါ်မှ သွန်းလောင်းသည်၊ သေချာစွာ ရေးမှတ်ထားသည်၊ တရားရေးရာ စီမံချက်၊ ပွတ်လိုမ့်သည်၊- စသည်ဖြင့် ဖြစ်ပေသည်။ ထိုခေတ် ထိုအခါက မဂ္ဂဟ်မြို့ ပတ်လည် တောင်များပေါ်မှလည်း ကျောက်တုံးကြီးများ လိုမ့်ချလျှက် ရန်သူတို့အား ချေမှုန်းခဲ့ခြင်းလည်း ဖြစ်နိုင်ပေသည်။-

မမွခန္ဓာ (၁၀၆) ကိုရိုက်ရှ် လူမျိုး (အလ်–ကိုရိုက်ရှ်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၉)၊ သုတ်ဒေသနာ (၄)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁။]

၁။	**لِإِيلَافِ قُرَيْشٍ۞** ကိုရိုက်ရှ်တို့၏ စည်းလုံးညီညွတ်မှု–[၁၂၉]
၂။	**إِيلَافِهِمْ رِحْلَةَ الشِّتَاءِ وَالصَّيْفِ۞** ဆောင်းရာသီ နွေရာသီတွင်း ထုပ်ပိုးသွားလာသော သူတို့၏ စည်းလုံးညီညွတ်မှု–
၃။	**فَلْيَعْبُدُوا رَبَّ هَذَا الْبَيْتِ۞** သို့ဖြင့် သူတို့သည် ဤ ဝတ်ကျောင်းတော်၏ ကံကြမ္မာရှင်အား ကိုးကွယ်ခဲ့မှကြောင့်–
၄။	**الَّذِي أَطْعَمَهُم مِّن جُوعٍ وَآمَنَهُم مِّنْ خَوْفٍ۞** အရှင်သည် သူတို့အား ဝတ်မွတ်ခြင်းမှ ကျွေးမွေးထား၏၊ ပူးဆွေးကြောက်ရွံ့ရခြင်းမှ ယုံကြည်မှုအပြည့်ပေးထား၏။[၁၂၀]

(၁၂၀၉) **ကိုရိုက်ရှ်** ဆိုသည်မှာ **နီဒါ အိဗ္ဗနိ ကနန်နာ**၏ မျိုးဆက်မှ ဆင်းသက်လာသော အာရဗ် လူမျိုးနွယ်စု၏ အမည် ဖြစ်၍– မက္ကာဟ်မြို့ ဝန်းကျင်တွင် အခြေချနေထိုင်သော လူမျိုးစု ဖြစ်သည်။ ကိုရိုက်လူမျိုးသည် ထိုအရပ်ဒေသတွင် လူမျိုးကြီးအုပ်စု ဖြစ်၍ သူတို့၏ သမိုင်းကြောင်းမှ နှစ်ထောင်ချီ ရှိခဲ့ပြီ ဖြစ်သည်။ ဤကျမ်းချက်တွင် **ဣလ်**ကို အချို့ ဆရာတော်ကြီးများက အစဉ်အလာ ရိုးရာဟု ဘာသာပြန်ကြပေသည်။ အစဉ်အလာ ရိုးရာဆိုသည်မှာလည်း နှစ်ပေါင်းထောင်ချီ စွဲယူလာသော အလေ့အထ ဖြစ်၍ ထိုသို့ ဘာသာပြန်မှုမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ ကျွန်ုပ်၏ ဘာသာပြန်မှုအား ယခုကဲ့သို့ မတည်းဖြတ်မီ အလျင်က **ဣလ်**ကို ရိုးရာဟုသည် ပြန်ဆိုခဲ့ပါသည်။ **ဣလ်** သည် ရင်းမြစ် ف ل أ မှ ဆင့်ပွားဖြစ်၍ စည်းလုံးသည် ၃၁၀၃ ဟု လည်းကောင်း ပေါင်းစည်းထားမှုကြောင့် ဖြစ်လာသော ကိန်းဂဏန်း တစ်ထောင် ဟု လည်းကောင်း ၉၇၃ ဟု သုံးပေသည်။ ထို့ကြောင့် ဤကျမ်းချက်တွင် စည်းလုံးညီညွတ်မှု ဟု ဘာသာပြန်ခြင်း ဖြစ်ပါသည်။ သူတို့သည် ခရီး သွားလာ ကျက်စားနေ သော်လည်း လူသားတို့ အတွက် ဘေးမဲ့ရာမြေဟု သတ်မှတ်ထားသော ဝတ်ကျောင်းတော်အား ကာကွယ် စောင့်ရှောက် ပေးထာခြင်း၏ အကျိုးကို ခံစားခွင့် ရှိကြောင်း ဖေါ်ပြထားပေသည်။ လူမျိုးတစ်မျိုးသည် ဘာသာ သာသနာ မထွန်းကားသေးသော်လည်း ဘေးမဲ့–ဘေးကင်းရာ မြေဟူ၍ ငြိမ်းချမ်းရေး၏ အတိတ်ဆောင် နယ်မြေအား အစဉ်အလာ ထိန်းသိမ်းထားတတ်သည်ကို အတုယူနိုင်ရန် ဖြစ်ပေသည်။– ထိုစဉ်က အာရဗ်တို့သည် တိုင်းရင်းသား အချင်းချင်း စစ်ခင်းလျက် အဆုံးမသတ်နိုင်သော ပြည်တွင်းစစ်ကြီး အတွင်းတွင် ရှိခဲ့သည်။ သို့သော် ကာအ်ဘာကျောင်းတော်သို့ စုပေါင်းရောက်ရှိချိန်– ဟာ့ဂျ်ရာသီတွင် ထိုသို့ လာနေသော ခရီးသည်များအား တိုက်ခိုက်ခြင်းကို သော်လည်းကောင်း၊ ရန်သူ ဖြစ်လင့်ကစား ကာအ်ကျောင်းတော် ပတ်ဝန်းကျင်တွင် အချင်းချင်း စစ်တိုက် သတ်ဖြတ်ခွင့် မရှိခဲ့ချေ။—ငင်းသည်ပင် နောင်ပေါ်ထွန်းလာမည့် ငြိမ်းချမ်းရေး၏ နိမိတ်ပင် ဖြစ်တော့သည်။

(၁၂၀၀) ကိုရိုက်ရှ်တို့သည် ရိုးရာ နတ်ကိုးကွယ်မှု၊ လူပုဂ္ဂိုလ် ကိုးကွယ်မှုများ ရှိခဲ့သော်လည်း– ထိုကိုးကွယ်မှုများနှင့် မရောမယှက်ဘဲ ယုံကြည်မှု တစ်ခုရှိသည်မှာ ဤဘေးမဲ့ကျောင်းတော်၏ အရှင်သခင်မှာ ပရမတ်ဘုရားရှင် ဖြစ်၍– အလွန်တန်ခိုးကြီးသည်ဟူသော ရိုးရာပင် ဖြစ်သည်၊ (သုတ် တော် ၃)။ ထို့ပြင် ဘေးမဲ့ကျောင်းတော်ကိုလည်း ပရမတ်ဘုရားရှင်၏ အိမ်တော်ဟု သတ်မှတ်လျက် ကာကွယ်စောင့်ရှောက်ထားမှုများ ရှိခဲ့သည်– ထိုဘေးမဲ့ကျောင်းတော်တွင် ဟာ့ဂျ်ခေါ် ကံဆောင်ပရိဝါသ်ပြုရန် လာသူများ– ထိုဟာ့ဂျ်ရာသီ၌ အနယ်နယ်အရပ်ရပ်မှ ကုန်ကူးရန် လာသူများ ကြောင့် ထိုကျောင်းတော်အား စောင့်ရှောက်ထားသည့် ကိုရိုက်ရှ်တို့အတွက် စီးပွားဖြစ်ခဲ့သည်– စားရေရိက္ခာရရှိခဲ့ခြင်း ဖြစ်ပေသည်။ ထိုအချက်ကို ဤ သုတ်တော်က ဝတ်မွတ်ခြင်းမှ (ကင်းစေရန်) ကျေးမွေးထား၏– ဟူသော စကားဖြင့် ဖေါ်ပြထားပေသည်။

ဓမ္မခန္ဓာ (၁၀၇) ကိုယ်ချင်းစာစိတ် (အလ်–မာအ်ူးန်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၇)၊ သုတ်ဒေသနာ (၇)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**أَرَأَيْتَ الَّذِي يُكَذِّبُ بِالدِّينِ۞** သာသနာတော်အား ငြင်းဆန်သောသူကို သင် မြင်သလော။[၁၂၁]
၂။	**فَذَلِكَ الَّذِي يَدُعُّ الْيَتِيمَ۞** ယင်းသည် မိဘမဲ့တို့အား ဖိအားပေးဆက်ခံသောသူ–
၃။	**وَلَا يَحُضُّ عَلَى طَعَامِ الْمِسْكِينِ۞** နွမ်းပါးသူတို့အား ကျွေးမွေးကြဟု မတိုက်တွန်းသူ–တို့ ဖြစ်၏။
၄။ ☆၂း၃	**فَوَيْلٌ لِّلْمُصَلِّينَ۞** သို့ဖြင့်– ဝတ်ပြုသူများသည်☆ ပျက်စီးရမည်သားတည်း။
၅။	**الَّذِينَ هُمْ عَن صَلَاتِهِمْ سَاهُونَ۞** သူတို့၏ ဝတ်ပြုခြင်း၌ လေးလေးနက်နက် မရှိသောသူ–
၆။	**الَّذِينَ هُمْ يُرَاؤُونَ۞** မြင်ကောင်းစေလိုသောသူများသာ ဖြစ်ကြ၍–
၇။	**وَيَمْنَعُونَ الْمَاعُونَ۞** ကိုယ်ချင်းစာစိတ်လေးကိုပင် ဟန့်တားနေကြကုန်၏။

---

(၁၂၁) ဤသုတ်တော်သည် အာရ်ဗီဘာသာအားဖြင့် **ဆွလတ်**ဟု ခေါ်သော စိတ်ဓါတ်လေ့ကျင့်ဝတ်ပြုမှု၏ သဘောတရားကို ထိထိရောက်ရောက် သွန်သင်သော သုတ်တော် ဖြစ်ပေသည်။– မိဘမဲ့တို့၏ ဘဝများ ကောင်းစား ဖွံ့ဖြိုးရေးကို မတွေးပေးသူ၊ သူဆင်းရဲတို့အား မိမိကိုယ်တိုင် ကျွေးမွေးခြင်း မရှိသလို သူတစ်ပါး တတ်နိုင်သူအားလည်း သူဆင်းရဲတို့အား ကျွေးမွေးကြပါဟု မတိုက်တွန်း မနှိုးဆော်သူ၊ ကိုယ်ချင်းစာစိတ်– သို့မဟုတ် အသေးအဖွဲလေး တစ်ခုမျှ ကူညီရခြင်းကိုပင် ဟန့်တား ပိတ်ပင်နေသူ– ထိုသူတို့၏ ဆွလတ်ပြု စိတ်ဓါတ်လေ့ကျင့် နေခြင်းသည် သူတို့၏ ဤကျင့်ဆိုးအား ပို၍ ခိုင်မာစွဲမြဲလာစေရန် လေ့ကျင့်နေခြင်းသာ ဖြစ်သည်၊ ထိုသို့သော သူများ ပျက်စီးဆုံးရှုံးရမည်ဟု ကျမ်းတော်က ကတိပေးထားသည်။ ထို့ကြောင့် မွတ်ဆလင်များ အနေဖြင့်လည်း မိမိ ဆွတ်လာတ်ပြုနေခြင်းသည် ရုပ်ပြ အဖြစ်သာ ပြုနေသလော၊ အမှန်တကယ် စိတ်ဓါတ်များကို ပြုပြင်နေသလောဟု မိမိကိုယ်မိမိ ဆင်ခြင်ရန် လိုအပ်လှပေသည်။

နောက်ဆုံး သုတ်တော်မှ– **مَاعُون မားအူးန်** ကို ကျွန်ုပ် ပထမဦးစွာ ဘာသာပြန်တွင် ရေကြည်တစ်ပေါက်ဟု အစဉ်အလာကို လိုက်၍ ဘာသာပြန်ခဲ့မိခြင်းကို ယခုတွင် ကိုယ်ချင်းစာစိတ်ဟု တည်းဖြတ်ထားပါသည်။ ထိုစကားလုံး **مَاعُون** မှာ အစဉ်အလာ နားလည်ထားသော ရေ ه و م (مَاء) မှ ဆင့်ပွားခြင်း မဟုတ်ဘဲ မူရင်း ن ع م မှ ဆင့်ပွားခြင်းသာ ဖြစ်၍ ကုရ်အာန်တွင် ဤ တစ်နေရာထဲတွင်သာ ပါဝင်ပါသည်၊ ''အနည်းငယ်ကြင်နာမှု'' ဟု ဖြစ်သည်။

ဓမ္မခန္ဓာ (၁၀၈) အမြောက်အများ (အလ်–ကောင်ဆာရ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၅)၊ သုတ်ဒေသနာ (၃) ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂျင် အကြင်နာဂျင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**إِنَّا أَعْطَيْنَاكَ الْكَوْثَرَ۞** ဇကန်ပင် ငါသည် သင့်အား မြောက်များစွာ လက်ဆောင်ပေးပြီ။
၂။ ☆၂း၃	**فَصَلِّ لِرَبِّكَ وَانْحَرْ۞** သို့ဖြစ်၍ ကံကြမ္မာရှင်အတွက် ဝတ်ပြုလော့။☆ ပေးဆပ်လော့။[၁၂၂၂]
၃။	**إِنَّ شَانِئَكَ هُوَ الْأَبْتَرُ۞** ဇကန်ပင် သင့်အား ရန်ညှိုးထားသူတို့သည် အညွှန့်တုံးသွားရလတ္တံ့။[၁၂၂၃]

(၁၂၁၂) ဤသုတ်တော်မှ ဝေါဟာရ **أَنْحَرْ နဟာရ်** ဆိုသည့် အဓိပ္ပါယ်မှာ– ရင်ဘတ်၏ အထက်ဆုံးသော အပိုင်း ဟု ဖြစ်၍၊ လှိုက်လှိုက်လဲ့လဲ့ ခံစားချက်ကို ဆိုလိုသည်။ ဆရာတော် အများစုက ထိုစကားလုံးကို **နဟရ** "သူသည် တိရိစ္ဆာန်၏ **ရင်ဘတ် အထက်ဆုံးသော အပိုင်း** (လည်မြို) အား ဓါးကောက်ဖြင့် ခိုတ်ချ (လှီးဖြတ်)သည်" ဟူသော ဝေါဟာရမှ ဆင့်ပွားသည်ဟု ယူဆ၍– သားကောင်အား လှူလော့၊ ကုရ်ဘာနီ လုပ်လော့– ဟု ပြန်ဆိုသည် များလည်း ရှိပေသည်။ သို့သော် စကားလုံး အရ မှန်ကန်မှု မရှိချေ။ ဤစကားလုံး **နဟာရ်**၏ အနက်မှာ လှိုက်လှိုက်လဲ့လဲ့ ပေးဆပ်ခြင်းဖြင့် မိမိကိုယ် မိမိ ပေးဆပ်ရမည်ဟု ဖြစ်ပေသည်။ တနည်းအားဖြင့် ဘာသာရေး သမားမှန်လျှင် အများအကျိုးအတွက်– အမုန်းခံ၍၊ မျက်နှာ အပျက်ခံ၍၊ အနစ်နာခံ၍ ပေးဆပ်ရမည်ဟု အဓိပ္ပါယ်ကို ပေးပေသည်။

(၁၂၁၃) **أَبْتَر အာဗ်တာ်ရ်** ဆိုသည်မှာ ر ت ب **ဘတာ်ရ်** မှ ဆင့်ပွားဖြစ်၍– အပြီးအပြတ်ဖြတ်သည်၊ မျိုးဆက်ဖြတ်သည်ဟု ဖြစ်သည်။ သို့ဖြစ်၍ ဤသုတ်တော်တွင် အညွှန့်တုံးသွားရစေမည်ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။– အမှန်တရား၏ ရန်သူတို့သည် အချိန်တန်လျှင် လူညွှန့်တုံးသွား ရမည်မှာ ပရမတ်ဘုရားရှင် (အလ္လာဟ် အရှင်) ချမှတ်ပြဋ္ဌာန်းထားသော လောကဓမ္မတာပင် ဖြစ်တော့သည်။

မွန်ခန္ဓာ (၁၀၉) ဖုံးကွယ်သူများ (အလ်–ကာဖိရူးန်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၈)၊ သုတ်ဒေသနာ (၆)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**قُلْ يَا أَيُّهَا الْكَافِرُونَ** ۞ ဟောလော့ ‘‘အို ဖုံးကွယ်မှောင်ချသူတို့–[၁]
၂။	**لَا أَعْبُدُ مَا تَعْبُدُونَ** ۞ သင်တို့ ကိုးကွယ်ရာကို ကျွန်ုပ် မကိုးကွယ်ချေ။
၃။	**وَلَا أَنتُمْ عَابِدُونَ مَا أَعْبُدُ** ۞ သင်တို့သည်လည်း ကျွန်ုပ်ကိုးကွယ်ရာကို ကိုးကွယ်သူများ မဟုတ်ကြ။
၄။	**وَلَا أَنَا عَابِدٌ مَّا عَبَدتُّمْ** ۞ ထို့အပြင် ကျွန်ုပ်သည် သင်တို့ကိုးကွယ်ရာကို ကိုးကွယ်သူ မဟုတ်ချေ။
၅။	**وَلَا أَنتُمْ عَابِدُونَ مَا أَعْبُدُ** ۞ သင်တို့သည်လည်း ကျွန်ုပ်ကိုးကွယ်ရာကို ကိုးကွယ်သူများ မဟုတ်ကြချေ။
၆။	**لَكُمْ دِينُكُمْ وَلِيَ دِينِ** ۞ သင်တို့၏ သာသနာသည် သင်တို့အတွက်၊ ကျွန်ုပ်၏ သာသနာသည် ကျွန်ုပ်အတွက် ဖြစ်၏။’’[၁၂၄၄]

(၁၂၄၄) ဤမွန်ခန္ဓာသည် ဘာသာရေး လွတ်လပ်ခွင့် အပြည့်အဝ ပေးသော ဥပဒေပင် ဖြစ်ပေသည်။ အစွလာမ် သာသနာသည် ဓါးမိုး၍ သာသနာပြုသည်ဟူသော စွပ်စွဲချက်မှာ ကျိမ်းမြတ်ကုရ်အာန်အား ပြည့်စုံစွာ မလေ့ဘဲလျက် ပုတ်ခတ်စော်ကားနေခြင်း မျှသာ ဖြစ်ပေသည်။ ထို့ပြင် ဤသုတ်တော်သည် မိရိုးဖလာ ဆရာတော်ကြီးများ ဖွင့်ဆို သကဲ့သို့ **သင်တို့သည် သင်တို့၏ သာသနာနှင့် နေလော့၊ ကျွန်ုပ်သည်လည်း ကျွန်ုပ်၏ သာသနာနှင့် နေမည်**ဟု– အမှန်တရားအား မသိသေးသူများကို ပစ်ပါယ်ထားခြင်း အဓိပ္ပါယ်လည်း မသက်ရောက်ပေ။ အာရ်ဗီဝေါဟာရ **ဒီးန်** ဆိုသည့် စကားလုံးမှာ သာသနာ၊ လမ်းစဉ်၊ ထိုလမ်းစဉ်၏ တန်ပြန်အကျိုးသက်ရောက်မှုများကို ဆိုလိုပေသည်။ သင်တို့သည် အမှားကို ကိုးကွယ်နေလျှင် သင့်တို့အား အကျိုးဆက် ကောင်းမည် မဟုတ်ဟူသည့် ကရုဏာဖြင့် ဖိတ်ခေါ်နေခြင်း ရှိပေသည်။ အစွလာမ် သာသနာတွင် စေတနာ၊ မေတ္တာဖြင့် သူတစ်ပါးအား လမ်းမှန်သို့ ညွှန်ပြခွင့်သာ ရှိသည်၊ မိမိသိသော အမှန်တရားအား ဖလှယ်ဝေငှခွင့်သာ ရှိသည်– အတင်းအဓမ္မ ဖြစ်စေ၊ မလိမ့်တစ်ပါတ်နှင့် ဖြစ်စေ သာသနာပြုခွင့် မရှိပေ။ ကိုယ်တော် မုဟမ္မဒ်သည် အစဉ်မပြတ် ကရုဏာထားလျက် လူသားအပေါင်းအား အမှန်တရား သစ္စာဓမ္မဆီသို့ ဖိတ်ခေါ်နေခဲ့သည်မှာ သက်သေပင် ဖြစ်ပေသည်။ မည်သူ့ကိုမျှ ပစ်ပါယ်ထားခြင်း မရှိချေ။

ဓမ္မခန္ဓာ (၁၁၀) ထွက်ပေါက် (အလိ–နဆွံရိ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၁၄)၊ သုတ်ဒေသနာ (၃)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**إِذَا جَاء نَصْرُ اللَّهِ وَالْفَتْحُ۞** ပရမတ်ဘုရားရှင်၏ အကူအညီနှင့် ထွက်ပေါက် ရောက်လာစေသောအခါ–
၂။	**وَرَأَيْتَ النَّاسَ يَدْخُلُونَ فِي دِينِ اللَّهِ أَفْوَاجًا۞** လူသားတို့သည် ပရမတ်ဘုရားရှင်၏ သာသနာတွင်းသို့ အုပ်စုလိုက် ဝင်လာကြသည်ကို သင် မြင်ရသောအခါ။
၃။	**فَسَبِّحْ بِحَمْدِ رَبِّكَ وَاسْتَغْفِرْهُ إِنَّهُ كَانَ تَوَّابًا۞** ကံကြမ္မာရှင်အား ရည်သန်ရူးစိုက် ဦးထိပ်ထားလေ့။ လွတ်ငြိမ်းဆုများပန်ကြလေ့။ ဇကန်ပင် အရှင်သည် သင်ပုန်းချေပေးသော အရှင် ဖြစ်၏။ [၁၂၅၅]

(၁၂၅၅) ဤဓမ္မခန္ဓာသည် နောက်ဆုံး အောင်ပွဲခံချိန်တွင်ပင် အောင်ပွဲခံသူတို့ အနေဖြင့် မောက်မာ မာန်တက်ခြင်း မရှိစေဘဲ–နှိမ့်ချခြင်း သဘော ရှိရမည့် အကြောင်း၊ အရာရာသည် ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းချက်အောက်၌သာ ရှိ၍– အစွမ်းလာမ် ဟူသည့် သာသနာသည်လည်း– လူတစ်ဦး တစ်ယောက်၏ ပို့သာသနာ၊ ပို့လမ်းစဉ်ဟု ကြုံးဝါးခွင့် မရှိစေဘဲ– ပရမတ်ဘုရားရှင်၏ သာသနာသာ ဖြစ်ကြောင်း ထိုပရမတ်ဘုရားရှင်သည် သိသူရော မသိသူရော အားလုံး၏ ဘုရားရှင်ဖြစ်၍– ထိုသာသနာသို့ လူသားများ ပိုမိုဝင်ရောက်လာလေလေ ပရမတ်ဘုရားရှင်ကိုသာ ဦးထိပ်ထားရမည့် အ အကြောင်းများကို တိကျစွာ သွန်သင်ပေးသော ဓမ္မခန္ဓာ ဖြစ်ပေသည်။

ဓမ္မခန္ဓာ (၁၁၁) မီးတောက်မီးလျှံ (အလ်–လဟဗ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၆)၊ သုတ်ဒေသနာ (၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**تَبَّتْ يَدَا أَبِي لَهَبٍ وَتَبَّ** ۞ မီးတောက် ဖခင်၏ လက်များအား ပျက်စီးဆုံးရှုံးစေလတ္တံ့၊ သူသည်လည်း ပျက်စီးဆုံးရှုံးရလတ္တံ့။[၁၂၆]
၂။	**مَا أَغْنَى عَنْهُ مَالُهُ وَمَا كَسَبَ** ۞ သူ၏ ကျင့်ဆောင်ခဲ့မှုအတွက် သူ့ ဥစ္စာပစ္စည်းတို့သည် ပြည့်စုံခြင်း မရှိချေ
၃။	**سَيَصْلَى نَارًا ذَاتَ لَهَبٍ** ۞ သူသည် အပူမီး မီးတောက်မီးလျှံ၌ လောင်ကျွမ်းရလတ္တံ့။
၄။	**وَامْرَأَتُهُ حَمَّالَةَ الْحَطَبِ** ۞ မီးစ သယ်ဆောင်ထားသူ သူ့အမျိုးသမီး–[၁၂၇]
၅။	**فِي جِيدِهَا حَبْلٌ مِّن مَّسَدٍ** ۞ သူမ၏ လည်ပင်းအား လျှော် ကြိုးဖြင့် ဆိုင်းထားလတ္တံ့။

---

(၁၂၆) **အဘူလဟဗ်** မှ **ပ ဝ ဠ လဟဗ်** သည် မီးတောက်ဖြစ်၍ ဂုဏ်ဃ၁၊ ၁၁း၁၊ ၁၁း၃။ **အဘူ** မှာ **ဖခင်** ဟု ဖြစ်သည်။ ထိုစကားလုံးသည် အလွန်ဒေါသကြီးတတ်သော လူသားကို ခေါ်သည့် အသုံးဖြစ်သည်။ အာရဗ်များက ကောင်းလွန်းသော သူအား **အဘူခိုင်းရ်** ဟု ခေါ်ဆိုပေသည်။ သမိုင်းဆရာများက **အဘူလဟာဗ်** ဆိုသည်မှာ ကိုယ်တော် မုဟမ္မဒ်၏ ဦးလေးတော် **အဗ္ဒုဇ္ဇုလ် အုဇ္ဇာ** ကို ခေါ်သည်ဟု ရေးသားကြသော်လည်း ထိုအထောက်အထားကို ကျမ်းမြတ်ကုရ်အာန်တွင် မတွေ့ရပေ။ သို့ဖြစ်၍– မဆင်မခြင် ဒေါသကြီးတတ်သော လူသား၊ အာဏာမက်၍ ဒေါသဖက် နေသော လူသား မည်သူ့ကို မဆို ပုံဆောင် ခိုင်းနှိုင်းခြင်း ဖြစ်ပေသည်။ ထိုအချက်ကို သူ၏ လက်များ (လုပ်ပိုင်ခွင့် အာဏာများ) ပျက်စီးရလတ္တံ့၊ ဟူသည့် စကားလုံးက အတိအကျ ပြောဆိုလျက် ရှိပေသည်။ ကမ္ဘာ့နောက်ဆုံးနေ့အထိ တည်ရှိရှင်သန် နေမည့် ကျမ်းမြတ်ကုရ်အာန်တွင် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ နီးပါးမှ လူသား တစ်ယောက်၏ အကြောင်းကို သခိန်းစာ ယူစရာ မရှိဘဲ ပုံခိုင်းနှိုင်းမည် မဟုတ်ချေ။– ထိုသူ၏ ဥစ္စာပစ္စည်း၊ ဩဇာအာဏာတို့သည် ထိုသူ၏ ကျဆုံးချိန်သို့ ရောက်လာလျှင် သူ့အား ကာကွယ်ပေးနိုင်ရန် ပြည့်စုံခြင်း မရှိတော့ချေ–ဟု ဆက်လက်ပါ သုတ်တော်မှ ဆိုထားပေသည်။

(၁၂၇) လူတစ်ယောက်သည် မဆင်မခြင် ဒေါသကြီးနေခြင်း၊ အာဏာဂုဏ်မက်နေခြင်းမှာ– သူ့အပါးဌ် မြောက်ထိုးပင့်ကော် လုပ်နေသည့် ဇနီး မယားနှင့်လည်း ဆိုင်သည်ဟု ကျမ်းတော်က ဆိုပေသည်။ ထိုအမျိုးသမီး အတန်းအစားသည် မိမိ၏ ခင်ပွန်း ဒေါသ ဖြစ်ရစေရန် မီးထည့်ပေးနေခြင်း ဖြစ်ပေသည်။ နောက်ဆုံးတွင် ထိုအမျိုးသမီး အတန်းအစားသည်လည်း ကြိုးစင်သို့ တက်ရမည်ပင်၊ အဖြစ်ဆိုးနှင့် ကြုံရမည်ပင်ဟု– လူသားများ တရားသံဝေဂ ရစေရန် ပုံဆောင် တင်ပြထားခြင်း ဖြစ်ပေသည်။

ဓမ္မခန္ဓာ (၁၁၂) မြတ်ရတနာ (အလ်–အီခလာ့ဂ််)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၂)၊ သုတ်ဒေသနာ (၄)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။ တစ်ဆူ တည်း	**قُلْ هُوَ اللَّهُ أَحَدٌ** ۞ ဟောလော့၊ အရှင်သည် **ဧကောဒိ** ပရမတ်ဘုရားရှင် ဖြစ်၏။
၂။	**اللَّهُ الصَّمَدُ** ۞ အစွန့်လွှယ် ပရမတ်ဘုရားရှင် ဖြစ်၏။[၁၂၈]
၃။	**لَمْ يَلِدْ وَلَمْ يُولَدْ** ۞ ကိုယ်ပွားမရှိ၊ ကိုယ်ပွားမဟုတ်ချေ။[၁၂၉]
၄။	**وَلَمْ يَكُن لَّهُ كُفُوًا أَحَدٌ** ۞ အရှင်နှင့် ဂုဏ်ရည်တူဟူ၍ တစ်စုံတစ်ယောက်မျှ မရှိချေ။[၁၂၀]

---

(၁၂၈) အစွလာမ် သာသနာတွင် ရတနာ သုံးပါးဟူ၍ သွန်သင်ပေးခြင်း မရှိချေ။ ကိုးကွယ်ဆည်းကပ်ရာ ရတနာ တစ်ပါးတည်းကိုသာ ခိုင်ခိုင်မာမာ သွန်သင်ပေသည်။ ဤဓမ္မခန္ဓာ၏ အမည်မှာ **အီခလာ့ဂ််** ဟု ဖြစ်၍ တိုက်ရိုက် အဓိပ္ပါယ်အားဖြင့် ပရမတ်ဘုရားရှင်အား အခြားအရာများနှင့် ခိုင်းနှိုင်းပုံဆောင်ခြင်း မရှိဘဲ အဖြူစင် အသန့်ရှင်းဆုံး ထား၍ ကိုးကွယ်ရမည်ဟု ဖြစ်ပေသည်။ တနည်းအားဖြင့် ကိုးကွယ်ရာ ရတနာ တစ်ပါးတည်း သာ ရှိသည်ဟု ဆိုသောကြောင့် "ဧကောဒိ" ဟု စကားလုံး ဖလှယ်ထားခြင်း ဖြစ်ပေသည်။ ထိုအရှင်သည် တုန့်ပြန်ဖွယ်ရာ မရှိ၊ ဧကောဒိ တစ်ဆူတည်းသာ ဖြစ်ကြောင်းကို ပွင့်ပွင့်လင်းလင်း ကြေငြာ၍ (၁)။ ထိုအရှင်အား အခြားသော အရာများအဖြင့် တည်မှီနားလည် အထောက်အထား ပြုလျက် ပုံစံဆောင်ခြင်း မပြုနိုင် ဟူသည်ကို လေးနက်စေရန် **ဆွမတ်–** ကြံစည်စိတ်ကူးတည်မှီသည့် အရာတို့မှ ကင်း၏ဟု (၂ တွင်) ဆက်လက် ဆိုထားခြင်း ဖြစ်ပေသည်။

(၁၂၉) ဤသုတ်တော်မှ **يَلِدْ وَلَمْ** ယလီးဒ် ဆိုသည်မှာ မိမိမှ မွေးပေးသူ၊ မိမိ၏ ကိုယ်ပွားဟု အဓိပ္ပါယ်ကို ပေး၍၊ **يُولَدْ وَلَمْ** ယူးလာ့ဒ် ဆိုသည်မှာ မိမိသည် မွေးခံရသည် သို့မဟုတ် မိဘတို့၏ ကိုယ်ပွားဟု အဓိပ္ပါယ်ကို ပေးပေသည်။ ကိုယ်တော်သည် သံဘောဂ ကာယ ခေါ် ကိုယ်ပွားဘုရား မဟုတ်။ သံဘောဂ ကာယအား ပွားပေးသည့် ဓမ္မကာယလည်း မဟုတ်ဟု ထင်ရှားရန် ပြဆိုသော သုတ်တော် ဖြစ်ပေသည်။ (ကိုယ်ပွားဟူသည့် အသုံးကို ၂း၁၁၆ တွင် လည်း ကြည့်နိုင်ပေသည်။)

(၁၂၀) အရာဝတ္ထုများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များကို ဘုရားနှင့် တစ်ဂိုဏ်းတည်းထား ကိုးကွယ်သည့် အယူအား အစွလာမ်သာသနာက လက်မခံပေ။ ထိုအယူသည် အတုလံ အတုမရှိသော ဘုရားရှင်အား တုန့်ပြန်းသကဲ့သို့ ဖြစ်နေ၍– လုံး၀ ဖြစ်နိုင်ခြေ မရှိသော ထွင်လုံးသာ ဖြစ်သည် ဟု ဆိုပေသည်။ အတုမရှိသော အရာအား မည်သို့ တုန့်ပြန်အံ့နည်း ဆိုသည်ကို ပညာရှင်များ သုံးသပ်ဆင်ခြင် နိုင်အံ့ဌာ သွန်သင်ထားခြင်း ဖြစ်ပေသည်။

ဓမ္မခန္ဓာ (၁၁၃) ရောင်ခြည်ဖြာ (အလ်–ဖလက်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၀)၊ သုတ်ဒေသနာ (၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာဂျင် အကြင်နာဂျင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။	**قُلْ أَعُوذُ بِرَبِّ الْفَلَقِ۞** ဟောလော့ ‘‘ကျွန်ုပ်သည် ရောင်ခြည်ဖြာစေသော ကံကြမ္မာရှင်ထံ၌ ခိုလှုံသည်မှာ–
၂။	**مِن شَرِّ مَا خَلَقَ۞** ဖြစ်တည်ပေးခြင်းတို့အနက် ဆိုးကျိုးများမှ ကင်းရန်–[၁၂၁]
၃။	**وَمِن شَرِّ غَاسِقٍ إِذَا وَقَبَ۞** အေးစိမ့်သောမှောင်ထု–ပြန့်ဖုံးစဉ် ၎င်း၏ ဆိုးကျိုးများမှ ကင်းရန်။
၄။ ထုံးဖွဲ့ထား	**وَمِن شَرِّ النَّفَّاثَاتِ فِي الْعُقَدِ۞** **အယူသည်းမှု**၌ စိတ်ခါတ်ရိုက်သွင်းခံရသော ဆိုးကျိုးများမှ ကင်းရန်။[၁၂၂]
၅။	**وَمِن شَرِّ حَاسِدٍ إِذَا حَسَدَ۞** မနာလိုသူက မနာလိုဖြစ်စဉ် ထိုဆိုးကျိုးများမှ ကင်းရန်၊– ဖြစ်၏။

---

(၁၂၀) ‘‘ဖြစ်တည်ပေးခြင်း နိယာမများ အနက် ဆိုးကျိုးများမှ ကင်းရန် ထိုအရှင်၏ ထံ၌ ခိုလှုံပါ။’’ဟု ဆိုသည်မှာ လူသားသည် မိမိအား ချိုးမြှင့်ထားသော အသိဉာဏ် **ရူးဟ်** အား စနစ်တကျ အသုံးပြုတတ်စေရန် ထိုအရှင်၏ ထံ၌ ခိုလှုံခြင်း ဟု ဖြစ်သည်။ ဆိုလိုသည်မှာ ပရမတ်ဘုရားရှင်သည် လောက အတွက် လိုအပ်သမျှကို စတစ်တကျ ဖြစ်တည်ပေးထား၍– ထိုဖြစ်တည်ပေးထားသော အရာ တစ်ခုစီတွင် ကိုယ်ပိုင် ဂုဏ်သတ္တိများကို ထည့်ပေးထားပေသည်။ ထိုအရာများကို မှီတည်နေရသော လူသားသည် ထိုအရာ တစ်ခုစီမှ ဂုဏ်သတ္တိများကို စနစ်တကျ အသုံးပြုတတ်ရန် အရေးကြီးသည်။ ဥပမာအားဖြင့် အရှင်က ဖြစ်တည်ပေးထားသော အရာများမှ ‘‘မီး’’ တွင် အပူဓါတ်၊ လောင်ကျွမ်းစေသော သတ္တိများ ပါဝင်စေပေသည်။ ထိုမီးအား လူသားက စနစ်တကျ သုံးတတ်လျှင် အကျိုးဖြစ်စေ၍– စနစ်တကျ မသုံးတတ်လျှင် ဘေး ဖြစ်နိုင်ပေသည်။ သို့ ဘေး ဖြစ်စေခြင်းမှာ– ပရမတ်ဘုရားကြောင့် မဟုတ်ချေ။ အသုံးပြုရန် ခွင့်ပြုခြင်းခံရသော လူသား၏ ပေါ့ဆမှုကြောင့်၊ သို့မဟုတ် အလွဲသုံးစား အသုံးပြုမှု ကြောင့်ပင် ဖြစ်ပေသည်။ သို့ဖြစ်၍– ဖြစ်တည်ပေးထားသော အရာတို့၏ ဂုဏ်သတ္တိများကို အသုံးပြုတတ် စေရန်ဟု ဖြစ်ပေသည်။

(၁၂၂) **النَّفَّاثَاتِ အနှံနားဖာသွားတိ** မှာ သူသည် မှုတ်သွင်း၏ ဟု အနက်ပေးသော **နာဖတ်သိ** မှ ဆင့်ပွားခြင်း ဖြစ်၍ ကျမ်းတော်တွင် ဤတစ်နေရာတွင်သာ သုံးထားပေသည်။ **နာဖာသွား ဗီး ကာလ်ဗိဟိ–** ဆိုသည်မှာ သူ့၏ စိတ်နှလုံးတွင်းသို့ တစ်စုံတစ်ခုကို သွင်းသွင်းခြင်း ဖြစ်သည်ဟု (E. W. Lane အာရ်ဗီ အင်္ဂလိပ် ဝေါဟာရတွဲ ပကာသနိ)နှင့် အခြားသော ကျမ်းပေါင်းများစွာတွင် ဖေါ်ပြထားပေသည်။ ထို့ကြောင့် **နားဖာသွားဟိ** ဆိုသည်မှာ– မန်းမှုတ်ခြင်း မဟုတ်ချေ။ စိတ်ခါတ်ရေးရာ ပုံသွင်းလိုက်ခြင်းကို ဆိုလိုပေသည်။ **عُقَد အိုကားဒ်** ဆိုသည်မှာ ချည်နှောင်သည်၊ တစ်စုံတစ်ယောက်၏ အရေးအရာအား စဉ်းစားသုံးသပ်လျက် အခိုင်အမာ ဆုံးဖြတ်သည်—ဟူသည်၊ လှေနံဓါးထစ် ရပ်တည်ခြင်းမျိုးကို ခေါ်ပေသည်။ သို့ဖြစ်၍ ဤနေရာ၌ အယူသည်းမှု၌ ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ **နားဖာသွားဟ်** သည် အများကိန်း အစုအဝေးကို ပြောဆိုသော စကားလုံးဖြစ်၍ အမျိုးသမီးများသာ ဖြစ်ရမည်ဟု ပြောဆို၍ မရပေ၊ ရှေးဆရာတော်တစ်ချို့၏ စုန်းမ၊ ကဝေမ ဟု ဘာသာပြန်ခြင်းမျိုးမှာလည်း ခေတ်ကာလ အလျောက် သင့်လျော်မှု မရှိတော့ပေ။ သို့ဖြစ်၍ ဤဓမ္မခန္ဓာတော်က ဉာဏ်ပညာအား စနစ်တကျ သုံးတတ်ရန် (၂) မိုးဗလာ အမှောင်ထုကြီးမှ ကင်းလွတ်ရန် (၃) အယူသည်းသူတို့၏ ဝါဒ မှိုင်းတိုက်ခံရခြင်းမှ ကင်းလွတ်ရန် (၄)၊ မနာလို ဖြစ်တတ်သူတို့၏ မနာလိုဖြစ်ခံရခြင်းမှ ကင်းလွတ်ရန်(၅)– ဉာဏ်ပညာ အလင်းရောင်ကို ပေးသော ကံကြမ္မာရှင်ထံ၌ ခိုလှုံပါ၏–ဟု ဖြစ်ပေသည်။

ဓမ္မခန္ဓာ (၁၁၄) ကလျာဏပုတ္တဇဉ် (အလိ–နာ့ဆဲ)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၁)၊ သုတ်ဒေသနာ (၆)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁။

၁။	**قُلْ أَعُوذُ بِرَبِّ النَّاسِ**۞ ဟောလော့ ‘‘ကျွန်ုပ် ခိုလှုံသည်မှာ– လူသားတို့၏ ကံကြမ္မာရှင်–
၂။	**مَلِكِ النَّاسِ**۞ အရှင်သည် လူသားတို့၏ ဘုရင်–
၃။	**إِلَهِ النَّاسِ**۞ လူသားတို့၏ ဘုရားရှင်’’ ၌ ဖြစ်၏။
၄။	**مِن شَرِّ الْوَسْوَاسِ الْخَنَّاسِ**۞ တီးတိုးလှုံ့ဆော်သော ငြိုလ်ကောင်တို့၏ ဆိုးကျိုးများမှ ကင်းရန်–
၅။	**الَّذِي يُوَسْوِسُ فِي صُدُورِ النَّاسِ**۞ လူသားတို့၏ ရင်ဘတ်တွင်းသို့ တီးတိုးလှုံ့ဆော်သောသူတို့သည်–
၆။ ☆၆း၁၀၀	**مِنَ الْجِنَّةِ وَ النَّاسِ**۞ အန္ဓပုတုဇဉ်နှင့်☆ ကလျာဏပုတုဇဉ်တို့ အနက်မှ ဖြစ်၏။’’ ၁၂၃

---

(၁၂၃) ဤဓမ္မခန္ဓာသည် ရိုးရိုးရှင်းရှင်းပင်– လူသားတို့အား စိတ်ရိုင်းဝင်စေရန် တီးတိုးဝါဒဖြန့် လှုံ့ဆော်တတ်သော မကောင်းသော အကောင်များ၊ အဖျက်ကောင်များ၏ ဝါဒဖြန့်ခြင်းအား စီစစ်တတ်စေရန်– လူသားတို့၏ ဘုရင်၊ လူသားတို့၏ ဘုရားရှင်– လူသားတို့၏ ကံကြမ္မာရှင်၏ ထံ၌ ခိုလှုံရန် သွန်သင်ထားခြင်းပင်။ သို့သော် ဤနေရာ၌ ကျွန်ုပ်တို့ သတိထားမိရန်မှာ– ကျမ်းမြတ်ကုရ်အာန် တစ်အုပ်လုံးတွင် လုံးဝ ဖေါ်ပြထားခြင်း မရှိသော တဏှာ၊ သရဲ၊ မှင်ကောင်၊ နာနာဘာဝများ၏ အနှောင့်ပရောဂမှ ကင်းရန်– အလ္လာဟ်အရှင်၏ နာမတော်များကို ရွတ်ဖတ်လျက် မန်းမှုတ်နေရန်သာ သွန်သင်ထားခြင်း မဟုတ်ချေ။ ဤသုတ်တော်ပါ၊ အန္ဓပုတုဇဉ်ဟု ဘာသာပြန်သည့် ဂျင် ဆိုသည်မှာ လူသားစင်စစ်သာ ဖြစ်ကြောင်း ၆း၁၀၀ တွင် ရှင်းခဲ့ပြီ ဖြစ်ပေသည်။ အလားတူပင် **နာ့ဆဲ** ဆိုသည်မှာလည်း လူသားပင်ဖြစ်၍–ကလျာဏပုတုဇဉ်ဟု ပြန်ဆိုခြင်း ဖြစ်သည်။ ဤဓမ္မခန္ဓာမှ သွန်သင်သည်မှာ– လူသားတို့သည် မည်သူက ကောင်းရာ ကောင်းကြောင်းကို ပြောဆိုသည်၊ ဆွေးနွေးသည်၊ တင်ပြသည်၊ သွန်သင်သည်– ဟူသည်နှင့် မည်သူသည် မကောင်းမှုဆီသို့– ယုတ္တိမဲ့စွာဖြင့် မျိုးဆက်များ အညွှန့်တုံးရာသို့ ဆွဲဆောင်သည်။ ဖျားယောင်းသည် ဆိုသည်များကို ခွဲခြား သိတတ် စေရန်– အလ္လာဟ်အရှင်၏ ပြဋ္ဌာန်းပေးချက် ကျမ်းမြတ်ကုရ်အာန်အား စံအဖြစ် ဖတ်ထားလျက်၊ လေ့လာထားလျက် –တိုင်းတာနိုင်ရန် သွန်သင်ထား ခြင်း ဖြစ်ပေသည်။